
www.burmeseclassic.com



မြသန်းတင့်

# စစ်နှင့်ငြိမ်းချမ်းရေး

# WAR AND PEACE

LEV TOLSTOY

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



**ဆရာမြသန်းတင့်**
**(၁၉၂၉-၁၉၉၈)၏**
**ဘဝနှင့် စာပေမှတ်တမ်း**

၁၉၂၉။ ဦးပေါတင့်၊ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင် မြိုင်မြို့တွင် ၁၉၂၉၊ မေ၊ ၂၃ ကြာသပတေးနေ့၌ မွေးဖွားခဲ့သည်။ မွေးချင်းခုနစ်ယောက်အနက် အကြီးဆုံးဖြစ်သည်။

၁၉၄၁။ ပဋ္ဌမတန်းတွင် ပညာသင်သည်။

၁၉၄၂။ ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည်။

၁၉၄၃။ အာရှလူငယ်များအဖွဲ့၌ တက်တက်ကြွကြွ ပါဝင်သည်။

၁၉၄၄။ ဂျပန်တော်လှန်ရေး မြေအောက်ကလပ်စည်းများနှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်သည်။

၁၉၄၅။ ဂျပန်တော်လှန်ရေးကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင်ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်းစစ်တွင် ကျဆုံး)နှင့် မြိုင်မြို့ဘုန်းတော်ကြီး ဦးစရိယ (မြိုင်ဖဆပလ အမတ်ဟောင်း ဦးသက်ရှင်)တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင် လှုပ်ရှားသည်။

၁၉၄၅-၄၇။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန်ကျသည်။ မန္တလေးခရိုင် အထက်မြန်မာပြည်ဖဆပလအဖွဲ့ချုပ်၊ မန္တလေးခရိုင်ကွန်မြူနစ်ပါတီတို့တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည်။
မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင် ကော်မတီဝင်အဖြစ် ဆောင်ရွက်သည်။
ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ (ပြည် တွင်းစစ်တွင် ကျဆုံး)နှင့်အတူ 'လယ်သမားများ သီးစားခမပေးရေး တိုက်ပွဲ၊ လက်ငုတ်လယ် ပြန်ထွန်ရေးတိုက်ပွဲ၊ မြေရှင်ကြီးများ၏ လယ်များကို အတင်းဝင်ထွန်ရေး'တိုက်ပွဲများကို ဦးဆောင်သည်။ သီးစားခမပေးရေးတိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူထားသော လယ်သမားများ၏ ပစ္စည်းများကို ပြန်လည် လုယူသည့် အတွက် (ရုံးမင်းတစ်ထိုင်) ပြစ်ဒဏ်ကျခြင်းခံရသည်။
မြင်းခြံခရိုင်တွင် အခြားသောခေါင်းဆောင်များနှင့်အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ် အလိုတော်ရိနှင့် မြေရှင်များက တိတ်တဆိတ် ဆုငွေထုတ်သည်။
အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလ သင်္ဘောကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူသည်။ မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရင်း ဖြူးမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖြူးလယ်သမားကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

၁၉၄၇။ မကျန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည်။ ပခုက္ကူခရိုင် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၄၈။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ပထမဦးဆုံးရေးသည့် **'ဒုက္ခသည်'** ဝတ္ထုတိုကို တာရာမဂ္ဂဇင်း (တွဲ၃၊ မှတ်၂၁၊ ၁၉၄၉)တွင် ပုံနှိပ်ဖော်ပြသည်။

၁၉၅၀။ 'စာပေသည် ပြည်သူ့အတွက်'ဟူသော ကြွေးကြော်သံဖြင့် 'စာပေ သစ်မဂ္ဂဇင်း'ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေသည်။

၁၉၅၁။ ပထမဦးဆုံး ဘာသာပြန်လက်ရာအဖြစ် ဂေါ်ကီ၏ **'မာလ်ဗာနှင့် အခြားဝတ္ထုတိုများ'**ကို ရေးသားထုတ်ဝေသည်။

၁၉၅၂။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေး ဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအသင်းမှ ထုတ်ဝေသော 'စာပေမဂ္ဂဇင်း'တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ 'ပြည်တော်သစ်ဂျာနယ်' တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ 'တိုးတက်ရေးသတင်းစာ'တွင် နိုင်ငံခြားရေး အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ဒုတိယမြောက် ဘာသာပြန်အဖြစ် ဂေါ်ကီ၏ အတ္ထုပ္ပတ္တိ **'မက္ကဇင်ဂေါ်ကီ'** ကို ဗန်းမော်စာအုပ်တိုက်မှ ထုတ်ဝေသည်။

၁၉၅၃။ ပထမဦးဆုံး ပင်ကိုရေး လုံးချင်းဝတ္ထု **'မေတ္တာအသချေ'**ကို ရေးသည်။

၁၉၅၄။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၅၅။ သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီတွင် အတွင်းရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်သည်။

၁၉၅၆။ ဥပဒေဘွဲ့ ရရှိသည်။

၁၉၅၇။ 'ပြည်သူ့တိုးတက်ရေးပါတီ' ပေါ်လစ်ဗျူရိုတွင် ပါဝင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ) အတွင်းရေးမှူးချုပ်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ်လုပ်ထားသော 'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ'၏ ဗျူရိုအဖွဲ့ဝင်လူကြီး ဖြစ်ခဲ့သည်။

၁၉၅၈။ ပဒေသရာဇ်ဆန့်ကျင်ရေးဝတ္ထု **'လိုက်ခဲ့တော့မြနန္ဒာ'**ကို မြဝတီ မဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝနလက်ထက်)တွင် ရေးသားသည်။ အထိန်းသိမ်းခံဘဝဖြင့် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၆၀။ 'စာရေးဆရာကလပ်'တွင် အမှုဆောင်ဖြစ်သည်။

**'အမှောင်ရိပ်ဝယ်'**ဝတ္ထုကို ရေးသည်။

ဗိုလ်တထောင်သတင်းစာတွင် နေ့စဉ်အခန်းဆက်အဖြစ် **'နွံထဲကကြာ'** (နှစ်နှစ်နီးပါး)ကို သိန်းဖေမြင့်နှင့် ပူးတွဲရေးသည်။

**'နွံထဲကကြာ'** ဝတ္ထုစာအုပ်မှ အစပြု၍ မူလကလောင်နာမည် 'မြသန်း'မှ'မြသန်းတင့်'သို့ ပြောင်းခဲ့သည်။

၁၉၆၁။ အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ်မှာပင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော 'ငြိမ်းချမ်းရေးကောင်စီ' အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက်(မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းချမ်းရေး ကော်မတီများ၏ ဖိတ်ကြားချက်အရ ဒဂုန်တာရာ၊ ပါမောက္ခ ဦးအောင်လှတို့နှင့်အတူ သွားရောက်သည်။

၁၉၆၂။ 'စာရေးဆရာသမဂ္ဂ'တွင် အမှုဆောင်ဖြစ်ခဲ့သည်။

၁၉၆၃။ 'ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်' နှင့် 'ပြည်သူ့ကော်မတီဝင်တစ်ဦး' အဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယအကြိမ်မြောက် ကိုကိုးကျွန်းသို့ ရောက်ခဲ့သည်။

၁၉၇၂။ အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လ်စတွိုင်း၏ **'စစ်နှင့်ငြိမ်းချမ်းရေး'**ဝတ္ထု ဘာသာပြန် (၁၉၇၂)ခုနှစ်အတွက် 'အမျိုးသားစာပေဘာသာပြန်ဆု'ရသည်။

၁၉၇၈။ အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချယ်၏ **'လေရူးသုန်သုန်'** ဝတ္ထု ဘာသာပြန်ဖြင့် 'အမျိုးသားစာပေဘာသာပြန်ဆု'ကို ရခဲ့သည်။

၁၉၈၈။ တရုတ်စာရေးဆရာကြီး ဆောင်ဇူချင်းနှင့် ကောက်ငိုတို့၏ **'ခန်းဆောင်နီအိပ်မက်'** ဝတ္ထုဖြင့် 'အမျိုးသားစာပေဘာသာပြန် (ရသ)ဆု'ကို ရသည်။

၁၉၉၂။ ပြင်သစ်စာရေးဆရာ ဒိုမိနိလာယီယဲ၏ **'သုခမြို့တော်'**ဝတ္ထု ဘာသာပြန်ဖြင့် 'အမျိုးသားစာပေဘာသာပြန်ဆု'ကို ရသည်။

၁၉၉၅။ စာရေးဆရာ ဒိုမိနီလာပီယဲ၏ **'အချစ်မိုးကောင်းကင်'**ဝတ္ထုဖြင့် ဘာသာပြန် 'အမျိုးသားစာပေဘာသာပြန်(ရသ)ဆု' ရသည်။

၁၉၉၈။ ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉း၁၅ တွင် ကွယ်လွန်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

မြသန်းတင့်

# စစ်နှင့် ငြိမ်းချမ်းရေး

# WAR AND PEACE

## LEV TOLSTOY

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

**ပထမအကြိမ်၊** ၁၂ တွဲ (ပုဂံစာအုပ်တိုက်)
[၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ]
**ဒုတိယအကြိမ်၊** ပ+၃ ပေါင်းချုပ် (သင့်စာပေ)
[၁၉၇၄ ခုနှစ်၊ ဩဂုတ်လ၊]
**တတိယအကြိမ်၊** ပ+၃ ပေါင်းချုပ် (အမေ့ဥယျာဉ်)
[၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀]

❑

**စာမူခွင့်ပြုချက်အမှတ်** [၅၀၀၉၉၅၀၆၀၈]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** [၅၀၀၆၅၁၀၆၀၇]

❑

**စီစဉ်ထုတ်လုပ်မှု**
အောင်မြင့်နိုင်

❑

**မျက်နှာဖုံးပန်းချီ**
တင်မောင်မျင့်

❑

**အတွင်းပုံနှိပ်သူ**
ဒေါ်ရွှေ (သုခအော့ဖ်ဆက်)
၁၂၈၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

❑

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း (ကာလာခုံ အော့ဖ်ဆက်)
၁၈၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေ)
၅၈၀–ခ၊ အောင်ရတနာလမ်း၊ သက်ကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်** – ကိုမြင့်၊ ညီဝင်းမြင့်
**အတွင်းဖလင်** – ပုံရိပ်ရှင်
**ကွန်ပျူတာစာစီ** – Dream City

❑

[တန်ဖိုး - ၇၅၀၀ ကျပ်]

**စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်၏ နောက်ကျောဖုံးရေခဲပုံများကို**
**LIFE Asia, June 12, 1967, Volume 42, Number 11 မှ ကူးယူဖော်ပြပါသည်။**

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူမှ စာဖတ်သူသို့

"စစ်နှင့်ငြိမ်းချမ်းရေး" ဝတ္ထုကြီးကို မြန်မာပြန်ခဲ့ရာတွင် ရှစ်နှစ်နှင့်လေးလမျှ ကြာခဲ့ပါသည်။ ပထမအကြိမ် ပုံနှိပ်ခြင်းကို ၁၂ တွဲခွဲ၍ "ပုဂံစာအုပ်တိုက်" မှ ပုံနှိပ်ခဲ့ပါသည်။ ၁၉၆၅ ခု ဇူလိုင်လမှစတင်ပုံနှိပ်ခဲ့ရာ ၁၉၇၂ ခု အောက်တိုဘာလတွင် ပြီးဆုံးခဲ့ပါသည်။ ယခု ဒုတိယအကြိမ်ကို ၂ တွဲတည်းဖြင့် အပြီးထုတ်ရာ၌ ထပ်မံ တည်းဖြတ်ထားပါသည်။

"စစ်နှင့်ငြိမ်းချမ်းရေး" ကို ပြန်ဆိုရာတွင် အဘက်ဘက်မှ ကူညီခဲ့ကြသော မိတ်ဆွေများကိုလည်းကောင်း၊ ပထမအကြိမ် ၁၂ တွဲဖြင့် ထုတ်ဝေခဲ့သည့် "ပုဂံစာအုပ်တိုက်" ကိုလည်းကောင်း၊ ဒုတိယအကြိမ် ထုတ်ဝေရာတွင် အကြံဉာဏ်ပေးကြသော စာဖတ်ပရိသတ်များနှင့် မိတ်ဆွေများကိုလည်းကောင်း၊ ၂ တွဲဖြင့် အပြီးထုတ်ဝေသော "သင့်စာပေ" တိုက်ရှင်နှင့် ရဲဘော်အလုပ်သမားများကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

စက္ကူအခက်အခဲကြောင့် "အမှာ" များကို ဖြုတ်ပစ်ခဲ့ပါသည်။ သို့ရာတွင် မှတ်စုများနှင့် စာရေးဆရာ၏ တင်ပြချက်ကိုမူ ပြန်လည် ထည့်သွင်းထားပါသည်။

၁၃၃၆ ခု၊ ကဆုန်လဆန်း ၅ ရက်။
၁၉၇၄ ခု၊ ဧပြီလ ၂၅ ရက်။

မြသန်းတင့်

(၁၉၇၄ ခု၊ ဩဂုတ်လ ဒုတိယအကြိမ်ထုတ်ဝေသော စစ်နှင့်ငြိမ်းချမ်းရေးစာအုပ်မှ အမှာစာ)

www.burmeseclassic.com

www.burmeseclassic.com



### စစ်နှင့်ငြိမ်းချမ်းရေး အတွဲ(၁)တွင် ပါရှိသည့်
### အရေးကြီးသော
## အဖြစ်အပျက်များပြ နေ့စွဲဇယား

(နေ့စွဲများကို ၁၉ ရာစုနှစ် ပြက္ခဒိန်ဟောင်းအရ ပြထားပါသည်။ ယနေ့ မျက်မှောက်ခေတ်သုံး ၂၀ ရာစုနှစ် ပြက္ခဒိန်အရ သိလိုလျှင် ယခုနေ့စွဲများတွင် ၁၂ ရက်စီ ပေါင်းထည့်ရပါမည်။)

**၁၈၀၅-ခု**

၁၁၊ အောက်တိုဘာလ။ ဘာရောနော့ခဲတပ်အနီး၌ ရုရှားစစ်သေနာပတိချုပ်ကူတူဇော့ဗ် ရုရှားတပ်များကို စစ်ဆေးသည်။ ဩစထရီးယား ဗိုလ်ချုပ်မက် စစ်ရှုံး၍ ရုရှားစစ်ဌာနချုပ်သို့ ရောက်လာသည်။

၂၃၊ အောက်တိုဘာ။ ရုရှားစစ်တပ် အင်းမြစ်ကို ဖြတ်ကူးသည်။

၂၄၊ အောက်တိုဘာ။ ရုရှားနှင့် ပြင်သစ်စစ်တပ် အင်စတန်တင်တွင် တိုက်ပွဲဖြစ်သည်။

၂၈၊ အောက်တိုဘာ။ ရုရှားစစ်တပ် ဒင်ညုမြစ် ဖြတ်ကူးသည်။

၃၀၊ အောက်တိုဘာ။ ရုရှားတပ်က ဒါရင်စတိန်းဒေသတွင် ပြင်သစ်ဗိုလ်မော်ရှား၏တပ်ကို အောင်နိုင်သည်။

၄၊ နိုဝင်ဘာ။ နပိုလီယန်သည် ရှွန်ဘရွန်းမှနေ၍ ပြင်သစ်ဗိုလ်ချုပ်မူးရတ်ထံ စာချွန်ပို့သည်။ ရှွန်ဂရာဘန်တိုက်ပွဲ ဖြစ်ပွားသည်။

၁၉၊ နိုဝင်ဘာ။ အိုစထရားလစ်၌ ရုရှားစစ်ဌာနချုပ် အရေးပေါ်အစည်းအဝေး ကျင်းပသည်။

၂၀၊ နိုဝင်ဘာ။ ဩစတားလစ် တိုက်ပွဲဖြစ်ပွားသည်။

**၁၈၀၇-ခု**

၂၇၊ ဇန်နဝါရီ။ ပရာဆစ်-အီလော တိုက်ပွဲဖြစ်ပွားသည်။

၂၊ ဇွန်။ ဖရိလင်းတိုက်ပွဲ ဖြစ်ပွားသည်။

၁၃၊ ဇွန်။ ပြင်သစ်ဧကရာဇ် နပိုလီယန်နှင့် ရုရှားဧကရာဇ် အလက်ဇန်းဒရားတို့ တစ်လဆစ်မြို့တွင် တွေ့၍ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်။

**၁၈၁၂-ခု**

၁၇၊ မေလ။ နပိုလီယန် ဒရက်စဒင်မှ ထွက်ခွာသည်။

၁၂၊ ဇွန်။ နပိုလီယန် နီမင်မြစ်ကို ဖြတ်ကူး၍ ရုရှားနယ်ထဲသို့ ဝင်ရောက်လာသည်။

၁၄၊ ဇွန်။ ရုရှားဘုရင်က တပ်ရေးချုပ် ဘလစ်ရှက်အား နပိုလီယန်ထံ တမန်လွှတ်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com



## "စစ်နှင့်ငြိမ်းချမ်းရေး"နှင့် ပတ်သက်၍
# စာရေးဆရာ၏ တင်ပြချက်
## (၁၈၆၈–ခု "ရုရှားမော်ကွန်း"မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။)

**ကျွန်ုပ်**သည် စစ်နှင့်ငြိမ်းချမ်းရေးကို ကျန်းမာသန်စွမ်းတုန်း၊ အရွယ်ကောင်းတုန်း အချိန်၌ ငါးနှစ်ကြာမျှ အပတ်တကုတ်ဆက်တိုက်ရေးသားခဲ့ခြင်းဖြစ်သည်။ ယခု ဤစာအုပ်ကြီးကို ပုံနှိပ်ထုတ်ဝေမည် ပြုသောအခါ စာဖတ်သူတို့၏ စိတ်တွင် မရှင်းမလင်း ဖြစ်ဖွယ်ရှိသည့်အချက်များ ရှင်းလင်းသွားစေရန် ဤစာအုပ်ကြီးနှင့်ပတ်သက်၍ ကျွန်ုပ်၏ ထင်မြင်ချက်ကို ဦးစွာဖော်ပြလိုသည်။ အထူးသဖြင့် ကျွန်ုပ်ရေးသားဖော်ပြရန် ရည်ရွယ်ခြင်းလည်းမရှိ၊ ကျွန်ုပ်ရေးသားဖော်ပြခြင်းငှာလည်း မစွမ်းသော အချက်အလက်များ၊ အာဘော်များကို စာဖတ်သူတို့ တွေ့ရှိသွားကာ အဓိပ္ပာယ်အယူအဆလွဲမှားကြမည်ကို ကျွန်ုပ်စိုးရိမ်သည်။ ထို့ကြောင့် ဤစာအုပ်ကြီးထဲတွင် နေရာမဆံ့တော့၍ ကျန်ရစ်ခဲ့သော အချက်အလက်များကို ဤနေရာမှ တင်ပြလိုပေသည်။ ကျွန်ုပ်စိတ်ရှိသလောက် ဤစာအုပ်ကြီးထဲတွင် ရေးသားဖော်ပြရန်မှာလည်း ကျွန်ုပ်၏အချိန်ကလည်းကောင်း၊ ကျွန်ုပ်၏စွမ်းအားကလည်းကောင်း ခွင့်မပြုတော့ချေ။ ယခု မဂ္ဂဇင်းတာဝန်ခံများက စိတ်ဝင်စားသူများအတွက် ဤစာအုပ်ကြီးနှင့် ပတ်သက်၍ စာရေးဆရာ၏ ထင်မြင်ချက်ကို အနည်းအကျဉ်းမျှဖြစ်စေ ရေးသားဖော်ပြရန် ရက်ရောစွာ ခွင့်ပြုကြသည့်အတွက် တင်ပြလိုက်ရခြင်းဖြစ်သည်။

### (၁) စစ်နှင့်ငြိမ်းချမ်းရေး ဆိုသည်မှာ ဘာလဲ

စစ်နှင့်ငြိမ်းချမ်းရေးသည် ဝတ္ထုရှည်ကြီးတစ်ပုဒ်မဟုတ်။ မော်ကွန်းတင်လင်္ကာရှည်ကြီးတစ်ပုဒ်လည်း မဟုတ်သေး။ ရာဇဝင်မှတ်တမ်းကြီးတစ်စောင်ဟူ၍ ပြောရန်ကား ပို၍ပင်ဝေးသေးသည်။ စစ်နှင့်ငြိမ်းချမ်းရေးသည် ယခု ရှိရင်းစွဲပုံစံကဲ့သို့ စာရေးဆရာက သူရေးလိုသည့်ပုံစံ၊ သူရေးတတ်သည့်ပုံစံအတိုင်း ရေးသားထားသော အကြောင်းအရာတစ်ခုမျှသာဖြစ်သည်။ အနုပညာမြောက်အဖွဲ့အနွဲ့တစ်ခု၌ သမားရိုးကျ စည်းကမ်းများရှိလျက် ဤသို့ဆိုလိုက်ခြင်းကြောင့် အဆန်းထွင်သည်ဟု ထင်စရာရှိပါသည်။ သို့ရာတွင် တမင်အဆန်းထွင်ခြင်းမဟုတ်။ ကျွန်ုပ်၏ ရှေ့တွင် ဤသို့ပင် သမားရိုးကျစည်းကမ်း၊ သမားရိုးကျပုံစံနှင့် လမ်းခွဲခဲ့ပြီးသော ဂန္ထဝင်မြောက်စာပေများ ရှိခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ ဥရောပစာပေပုံစံများနှင့် လမ်းခွဲခဲ့သော စာပေများသည် ပွတ်ရှကင်၏ခေတ်မှစ၍ ရုရှားဂန္ထဝင်တွင် အများအပြား ရှိခဲ့ပါသည်။ သို့ရာတွင် ဥရောပစာပေပုံစံများနှင့် ကွဲလွဲခြင်းမျှသာဖြစ်၍ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည်ဟူ၍ကား မရှိခဲ့သေးပါ။ ရုရှားဂန္ထဝင်နောက်ပိုင်းခေတ်၌ ဂိုဂို၏ **သေနေသောဝိညာဉ်များ**မှအစ၊ ဒေါ့စတိုယက်စကီ၏ **သေသူ့ဂေဟာ** အဆုံးရှိသော ရသမြောက် ဂန္ထဝင်စာပေများအနက် ဝတ္ထုရှည်၊ ကဗျာလင်္ကာ၊ သို့မဟုတ် ဝတ္ထုပဟူသော သမားရိုးကျအဖွဲ့အနွဲ့များနှင့် လုံးဝ"ကွက်တိ"ဝင်နေသည့် စာပေဟူ၍ကား တစ်ခုမျှ မရှိသေးချေ။

### (၂) စစ်နှင့်ငြိမ်းချမ်းရေး နောက်ခံပြုသောခေတ်၏ သရုပ်လက္ခဏာ

စစ်နှင့်ငြိမ်းချမ်းရေးပထမပိုင်းကို ထုတ်ဝေပြီးနောက် စစ်နှင့်ငြိမ်းချမ်းရေးတွင် ထိုခေတ်၏သရုပ်လက္ခဏာများကို ပီပီပြင်ပြင် ရေးသားဖော်ပြထားခြင်း မရှိဟု စာဖတ်ပရိသတ်အချို့က ပြောဆိုကြသည်။ ၎င်းတို့၏ ပြစ်တင်ဝေဖန်ချက်ကိုမူ အောက်ပါအတိုင်း ပြန်ကြားလိုသည်။ ၎င်းတို့ပြောဆိုကြသည့် "ခေတ်၏သရုပ် လက္ခဏာ"ဆိုသည်မှာ မြေကျွန်စနစ်၏

www.burmeseclassic.com



ကြောက်စရာကောင်းပုံ၊ မိန်းမများကို နိုင့်ထက်ကလူခြယ်လှယ်ကြပုံ၊ ဖခင်များက အရွယ်ရောက်သည့် သားများကို ရာဇဝတ်ကောင်သဖွယ် ရိုက်နှက်ဆုံးမကြပုံ၊ မြေရှင်များက မြေကျွန်များအား ညှဉ်းဆဲသတ်ဖြတ်ကြပုံများကိုဆိုလိုဟန်တူသည်။ မှန်သည်။ ဤအခြင်းအရာများကိုကား ကျွန်ုပ်၏စာအုပ်တွင် တွေ့မြင်ရမည်မဟုတ်။ ယင်းတို့မှာ စာဖတ်သူတို့က "ခေတ်၏သရုပ်လက္ခဏာ"ဟု ထင်နေကြသောအရာများသာဖြစ်သည်။ ကျွန်ုပ်၏စိတ်၌မူ ထိုအခြင်းအရာများသည် ခေတ်၏ သရုပ်လက္ခဏာများဖြစ်သည်ဟု မထင်မိချေ။ ထို့ကြောင့် ထိုအခြင်းအရာများကို အကျယ်ဝိတ္ထာရချဲ့၍ မရေးခြင်းဖြစ်သည်။ ထိုခေတ်က မှတ်တမ်းများ၊ စာများ၊ ထုံးတမ်းစဉ်လာများကို ဖတ်ရှုလေ့လာလိုက်သောအခါ၌ ထိုခေတ်က မြေရှင်များက မြေကျွန်များအား ရက်စက်ရိုင်းပြစွာ ပြုမူကြပုံများမှာ ယခင့်ယခင်ခေတ်များကထက်သော်လည်းကောင်း၊ ယခုခေတ်ထက်သော်လည်းကောင်း ထူး၍ဆိုးရွားလှသည် မဟုတ်ပါ။ တစ်ခေတ်နှင့်တစ်ခေတ် ပိန်မသာ လိမ်မသာပင်ဖြစ်သည်။ ထိုခေတ်က လူများသည်လည်း ကျွန်ုပ်တို့ခေတ်လူများကဲ့သို့ ချစ်ကြ၊ မုန်းကြ၊ မနာလိုငြူစူခြင်း ဖြစ်ကြသည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့ကဲ့သို့ အမှန်တရားနှင့် မြင့်မြတ်ခြင်းကို ရှာဖွေကြသည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့ကဲ့သို့ပင် လောဘ၊ ဒေါသ၊ မောဟစသည့် တရားများနောက်သို့ လိုက်ပါခဲ့ကြသည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့ ခေတ်ကဲ့သို့ပင် အထက်တန်းလွှာများအကြား၌ ကိုယ်ချင်းစာတရားနှင့် လူ့ကျင့်ဝတ်များရှိကြသည်သာဖြစ်ပါသည်။ အချို့နေရာများ၌ကား ထိုခေတ်က အထက်တန်းလွှာများသည် ယခုခေတ် အထက်တန်းလွှာများထက်ပင် သိမ်မွေ့ယဉ်ကျေးကြပါသေးသည်။ ထိုခေတ်ကလူများသည် ဖောက်ပြန်သောသဘောရှိ၍ ကြမ်းကြုတ်ရက်စက်ကြသည်ဟု ထင်ကြလျှင် ယင်းမှာ ဖြစ်တောင့်ဖြစ်ခဲလှသော ရက်စက်ကြမ်းကြုတ်မှုမျိုး၊ နှိပ်စက်ကလူပြုခြင်းမျိုး တစ်ခုတလေကို ရွေးချယ်ရေးသားခဲ့ကြသော ဝတ္ထုများ၊ မှတ်တမ်းများကို ဖတ်ကြရခြင်းကြောင့်သာ ဖြစ်ပါသည်။ သို့ဖြစ်ရကား တစ်ရာ တစ်ခု ဆိုသကဲ့သို့ရှိခဲလှသော ခြွင်းချက်ကိစ္စမျိုးတစ်ခုကိုကြည့်၍ ထိုခေတ်၏ သရုပ်လက္ခဏာသည် လူလူချင်း နှိပ်စက်ကလူပြုခြင်းဖြစ်သည်ဟု ဆုံးဖြတ်၍မဖြစ်ပါ။ ဤသို့ဆုံးဖြတ်ခြင်းသည် တောင်ထိပ်မှ ပြူထွက်နေသော သစ်ပင်ထိပ်ဖျားများကို ကြည့်၍ ဤဒေသကား သစ်ပင်များသာ ရှိသော ဒေသပါတကားဟု ဆုံးဖြတ်ခြင်းမျိုးကဲ့သို့ တစ်ဖက်သတ် ကျမည်သာဖြစ်ပါသည်။ (ခေတ်တိုင်း ခေတ်တိုင်း၌ ၎င်း၏သရုပ်လက္ခဏာဟူ၍ ပြောဆိုနိုင်သော အခြင်းအရာများ ရှိသကဲ့သို့) ထိုခေတ်၌လည်း ထိုခေတ်၏ သရုပ်လက္ခဏာများဟု ပြောဆိုနိုင်သောအရာများ ရှိပါသည်။ ယင်းတို့မှာ အချို့သော စာဖတ်သူများ မြင်ကြသကဲ့သို့ မြေကျွန်စနစ်၏ ဆိုးရွားရက်စက်ပုံများ မဟုတ်ချေ။ အထက်တန်းလွှာများက အခြားသောလူတန်းစားများနှင့် ဆက်ဆံခြင်းမရှိဘဲ သီးသန့်ရပ်တည်နေခြင်း၊ ထိုခေတ်၏ ဘာသာရေးအယူအဆ၊ ထိုခေတ်၏ပညာသင်ကြားရေးစနစ်၊ ထိုခေတ်ကလူများ၏ ပြင်သစ်စကားကို အထင်တကြီးဖြင့် ပြောဆိုသုံးစွဲမှု စသည်တို့မှ ပေါ်ပေါက်လာသော အကျိုးတရားများ၊ ရလဒ်များသာ ဖြစ်ပေသည်။ ယင်းတို့ကိုသာလျှင် ထိုခေတ်၏သရုပ်လက္ခဏာများဟု ခေါ်သင့်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ဤသို့ ထင်သည့်အတိုင်းလည်း ယင်းတို့ကို ကျွန်ုပ်အတတ်နိုင်ဆုံး ရေးခြယ်ဖော်ပြထားပါသည်။

### (၃) စစ်နှင့် ငြိမ်းချမ်းရေးတွင် ပြင်သစ်စကားများကို ပြောဆိုသုံးစွဲခြင်း

စစ်နှင့်ငြိမ်းချမ်းရေးသည် ရုရှားဘာသာဖြင့် ရေးသားထားသော ရုရှားစာအုပ်တစ်အုပ်ဖြစ်ပါလျက် ထိုအထဲမှ ဇာတ်ကောင်များဖြစ်သော ရုရှားလူမျိုးများ၊ ပြင်သစ်လူမျိုးများ စသည်တို့ကို အဘယ်ကြောင့် ပြင်သစ်စကားတစ်ဝက်၊ ရုရှားစကားတစ်ဝက် ပြောစေသနည်းဟု အချို့က ပြစ်တင် ဝေဖန်ကြပြန်သည်။ ဤတွင်လည်း ကျွန်ုပ်နှင့်သဘောကွဲပြန်ပါပြီ။ ဤသို့ပြစ်တင် ဝေဖန်ခြင်းသည် ပုံတူရေးထားသော ရုပ်ပုံကားတစ်ချပ်တစ်ခုကို ကြည့်၍ ထိုရုပ်ပုံကားချပ်ပေါ်၌ အပြင်တွင် တကယ်မရှိသော အနက်ပြောက်များ(အမှောင်ရိပ်များ)ကို မြင်သည့်အခါ ထိုအမှောင်ရိပ်များကိုရေးခြယ်ထားရမည်လောဟု ပြစ်တင်ဝေဖန်ခြင်းနှင့်တူသည်။ ပန်းချီဆရာတစ်ယောက်သည် လူတစ်ယောက်၏ပုံတူကို ရေးဆွဲသောအခါ၌ ထိုလူ၏မျက်နှာတွင် အလင်းအမှောင်ဖော်၍ ဆေးတင်ရမြဲဖြစ်သည်။ သူရေးခြယ်ထားသော

www.burmeseclassic.com



အမှောင်ရိပ်များသည် မူလမျက်နှာပေါ်တွင် ရှိချင်မှရှိမည်။ သို့ရာတွင် ထိုမရှိသော အမှောင်ရိပ်များကို ရေးခြယ်ထားခြင်းကြောင့် ပန်းချီဆရာကို အပြစ်တင်၍ မဖြစ်ချေ။ ထိုအမှောင်ရိပ်များ ဆေးသားတင်ရာ၌ နေရာအလွဲလွဲအမှားမှားရေးခြယ်ထားမှ သို့မဟုတ် မသေမသပ် စုတ်ကြမ်းကြမ်းနှင့် ရေးခြယ်ထားမှသာလျှင် ပန်းချီဆရာကို အပြစ်တင်သင့်သည်။ ကျွန်ုပ်၏စာအုပ်၌လည်း အလားတူပင်ဖြစ်သည်။ ကျွန်ုပ်၏စာအုပ်၌ ကျွန်ုပ်သည် ဆယ့်ကိုးရာစုနှစ်အစကို နောက်ခံပြုကာ ထိုခေတ်တွင် အရေးကြီးသောနေရာမှ ပါဝင်ခဲ့ကြသော ရုရှားအထက်တန်းလွှာများ၊ နပိုလီယန်နှင့် ပြင်သစ်များအကြောင်းကို ရေးခြယ်ဖော်ပြခြင်းဖြစ်ရာ ၎င်းတို့လူသိုက်၏ပြင်သစ်ဆန်ပုံ၊ ပြင်သစ်အတွေးအခေါ်များကို အထင်ကြီးပုံတို့ကို ဖော်ပြရာ၌ ပြင်သစ်စကားဖြင့် ဖော်ပြခြင်းက ပိုမိုထိရောက်သည်၊ ပို၍အဆင်ပြေသည်ဟု ယူဆသည်။ ဤအထင်ဖြင့် ဇာတ်ကောင်များအား ပြင်သစ်စကားသုံးစွဲစေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ခြယ်မှုန်းထားသည့် အလင်းအမှောင်စသည်တို့သည် နေရာများချင်လျှင် များမည်။ စုတ်ချက်ကြမ်းသည့်နေရာတွင် ကြမ်းမည်။ ဤအတွက်ကြောင့် အပြစ်ဆိုလျှင် ဆိုထိုက်သည်။ သို့ရာတွင် အလင်းအမှောင်ကို ဖော်ပြခြင်းအတွက်ကြောင့်မူ အပြစ်တင်ထိုက်သည် မထင်ချေ။ ကျွန်ုပ်၏စာအုပ်၌ နပိုလီယန်သည် ပြင်သစ်စကားတစ်ဝက်၊ ရုရှားစကားတစ်ဝက်ပြောခြင်းကြောင့် သဘာဝမကျဟု ယူဆနေကြသူများရှိလျှင် ၎င်းတို့သည် ပုံတူကားချပ်ကို မကြည့်တတ်သေးသောသူကဲ့သို့ ထိုပုံတူကားချပ်၏ အလင်းအမှောင်တွဲစပ်ပုံကို ကြည့်ရမည့်အစား နှာခေါင်းအောက်က အမှောင်ရိပ် မှုန်းထားသော ဆေးသားလောက်ကိုသာ ကြည့်တတ်ခြင်းကြောင့် ဖြစ်ဟန်တူပါသည်။

### (၄) စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုကြီးတွင် ပါဝင်သောဇာတ်ကောင်များ၏ အမည်များ

စစ်နှင့်ငြိမ်းချမ်းရေးတွင် ပါဝင်သော ဇာတ်ကောင်များဖြစ်သည့် ဘိုလကွန်စကီ၊ ဒရူဘက်စကွိုင်၊ ဘီလီဘင်၊ကူရာဂင် စသည့်အမည်များမှာ ရုရှားလူမျိုးတို့ မှည့်လေ့မှည့်ထရှိသောအမည်များဖြစ်သည်။ ဤသို့မဟုတ်ဘဲ မင်းသားကြီး ပရွန်စကီ၊ စထရဲစကီစသော အမည်များကို မှည့်ခေါ်လျှင် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်၏စာအုပ်၌ ရာဇဝင်တွင် တကယ်ရှိသောဇာတ်ကောင်များနှင့်တကွ ကျွန်ုပ်၏စိတ်ကူးဖြင့် ဖန်တီးသော ဇာတ်ကောင်များမှာ ရောထွေးပါဝင်လျက်ရှိရာ အကယ်၍သာ မင်းသားကြီးပရွန်စကီ၊ စထရဲစကီ စသည့်စိတ်ကူးဖြင့် ဖန်တီးထားသော အမည်များကို မှည့်လိုက်ပါက ရာဇဝင်တွင် တကယ်ရှိသော မြို့စားကြီးရော့စတော့ချင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် စကားပြောခန်းမျိုးကို ရေးလျှင် ယုတ္တိမတန်ဖြစ်ကာ နားထဲတွင် "ကလော"နေလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့် ရာဇဝင်တွင် တကယ်ရှိသော ဖော်လ်ကွန်စကီ၊ ဒရူဘက်စကွိုင် စသည့်အမည်များကို မသုံးသည့်တိုင် ၎င်းတို့နှင့်နီးစပ်သော ဘိုလကွန်စကီ၊ ဒရူဘက်စကွိုင် စသည့်အမည်များကို သုံးလိုက်ခြင်းဖြစ်ပါသည်။ ဤအမည်များမှာ ရုရှားမှုမတတ်သေနာပတိအသိုင်းအဝိုင်း၌ မကြာခဏတွေ့ရသောအမည်များနှင့် ခပ်ဆင်ဆင်ဖြစ်ပါသည်။ သို့တိုင်အောင် ကျွန်ုပ်၏စာအုပ်မှာ ဇာတ်ကောင်များ များပြားလှသည့်အတွက် "နားမထောင့်"သောအမည်များကို ရှာဖွေရွေးချယ်ရသည်မှာ မလွယ်ကူလှချေ။ ဥပမာအားဖြင့် စာအုပ်ထဲတွင် အရေးကြီးသည့် ဇာတ်ကောင်များ၏အမည်ဖြစ်သော ဘီဇူးကော့ဗ်နှင့် ရော့စတော့ဗ် စသည့်အမည်များမှာ အနည်းငယ် "ထောင့်"လျက်ရှိသည်။ သို့ရာတွင် ဤအခက်အခဲကို ကျော်လွှန်ရန်မှာ ကျွန်ုပ်တွင် အခြားနည်းလမ်း မရှိတော့သည့်အတွက် ရုရှားလူမျိုးတစ်ယောက်အဖို့ "နားသက်သာ"သောအမည်များကို စာလုံးအနည်းငယ် ပြောင်း၍ ရွေးချယ်ထည့်သွင်းလိုက်ရခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် အချို့မှာ ရာဇဝင်ဇာတ်ကောင်များဖြစ်၍ အချို့မှာ ကျွန်ုပ်စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ကောင်များဖြစ်ရာ၊ အကယ်၍ ကျွန်ုပ်၏စိတ်ကူးဖြင့် ဖန်တီးထားသောဇာတ်ကောင်များသည် သက်ရှိထင်ရှားရှိခဲ့သူ သို့မဟုတ် ရှိသူတစ်ဦးဦးအား ရည်ရွယ်ရေးသားခြင်း ဖြစ်သည်ဟု အများစိတ်ထဲတွင် ထင်စရာဖြစ်လာပါက များစွာ ဝမ်းနည်းပါသည်။ ဤသို့ဆင်တူယိုးမှားရှိခဲ့ပါလျှင် ၎င်းတို့နှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိကြောင်းကို ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ရာဇဝင်ဇာတ်ကောင်များမှအပ ကျွန်ုပ်၏စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ကောင်တို့အနက် မာယာဒီမီထရိယက်ဗ်နာနှင့် ဒင်နီဆော့ဗ်တို့နှစ်ဦးသာလျှင် ထိုခေတ်က တကယ်ရှိခဲ့၍ ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ထူးထူးခြားခြား လေးစားချစ်ခင်ခြင်းခံရသူ နှစ်ဦး၏အမည်နှင့် ခပ်ဆင်ဆင်တူအောင် မှည့်ထားခဲ့သည်။ ထိုပုဂ္ဂိုလ်နှစ်ဦး၏ သရုပ်သကန်နှင့် အထူးတူအောင် ရေးခြယ်ပြထားခြင်းမှာလည်း ကျွန်ုပ်၏အမှားပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်နှစ်ဦး၏ သရုပ်သကန်ကို ဖော်ခြင်းမှာ အပေါ်ယံမျှဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ တကယ့်အဖြစ် အပျက်များမှာကား ကျွန်ုပ်၏ဝတ္ထုမှ ဇာတ်ကောင်နှစ်ဦးဖြစ်သည့် မာယာဒီမီထရိယက်ဗ်နာ၊ ဒင်နီဆော့ဗ်တို့နှင့် လုံးဝတူညီခြင်း မရှိပါ။ အခြားဇာတ်ကောင်များအားလုံးကား ကျွန်ုပ်၏စိတ်ဖြင့် လုံးဝတီထွင်ဖန်တီးထားခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုဇာတ်ကောင်နှစ်ဦး၏ အဖြစ်အပျက်များသည် ထိုခေတ်က တကယ်ရှိခဲ့သူများ၏အဖြစ်အပျက် များနှင့် တိုက်ဆိုင်ခြင်း ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

## (၅) ရာဇဝင်အဖြစ်အပျက်များကို ဖော်ပြရာ၌ ကျွန်ုပ်နှင့် ရာဇဝင်ဆရာများ ကွဲလွဲပုံ

ရာဇဝင်အဖြစ်အပျက်များကို ဖော်ပြရာ၌ ကျွန်ုပ်နှင့် ရာဇဝင်ဆရာများ ကွဲလွဲကြခြင်းမှာ မတော်တဆ ကွဲလွဲကြခြင်း မဟုတ်ချေ။ မရှောင်မလွှဲသာကွဲလွဲကြခြင်းဖြစ်ပါသည်။ "ရာဇဝင်ခေတ်တစ်ခေတ်ကို ဖော်ပြသောအခါတွင် ရာဇဝင်ဆရာနှင့် အနုပညာသည်တို့ ဖော်ပြပုံချင်း မတူကြချေ။ ရာဇဝင်ဆရာတစ်ယောက်အဖို့ ရာဇဝင်ကျော် ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ရေးခြယ်မည်ပြုလျှင် ထိုပုဂ္ဂိုလ်၏ဘဝကို အပြည့်အစုံဖော်ပြရန် မလိုချေ။ ဘဝ၏အဆစ်အပိုင်း အမျိုးမျိုးတွင် ပါဝင်ဆက်ဆံနေပုံကို လုံးဝဥဿုံဖော်ပြရန်လည်း မလိုချေ။ ထိုပုဂ္ဂိုလ်၏ရာဇဝင်ဆိုင်ရာ အခန်းကဏ္ဍကိုသာ ဖော်ပြဖို့လိုသည်။ သို့ရာတွင် အနုပညာသည်တစ်ဦးအဖို့၌ကား ထိုပုဂ္ဂိုလ်၏ရာဇဝင်ဆိုင်ရာ အခန်းကဏ္ဍတစ်ခုတည်းကို ရေးခြယ်ပြရုံဖြင့် မလုံလောက်တော့။ ထိုပုဂ္ဂိုလ်၏ဘဝရုပ်ပုံကားချပ်ကို ပြည့်ပြည့်စုံစုံ ဖော်ပြဖို့ လိုလာသည်"။ ဤသို့ပြည့်စုံစွာ မဖော်ပြနိုင်ပါက အနုပညာသည်၏ဝတ္ထုရေး ပျက်ကွက်ရာရောက်ပါလိမ့်မည်။ ဥပမာအားဖြင့် စစ်နှင့်ငြိမ်းချမ်းရေးတွင် ဖော်ပြထားသည့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ဆိုလျှင် လူအများက မြင်းဖြူကြီးစီး၍ မှန်ပြောင်းကို လက်တွင်ကိုင်ကာ ရန်သူကို လက်ညှိုးထိုးပြနေပုံကို မြင်ယောင်လာတတ်ကြသည်။ အမှန်အားဖြင့်ကား ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ မှန်ပြောင်းကိုချည်း အမြဲတမ်းကိုင်နေသည် မဟုတ်ချေ။ ရန်သူကို အခါခပ်သိမ်း ညွှန်ပြနေသည်လည်း မဟုတ်ချေ။ မြင်းဖြူကြီးကို တစ်ရံမလပ် စီးနေသည်လည်း မဟုတ်ချေ။ မော်စကို မြို့ဝန်မြို့စားကြီး ရော့စတော့ချင် ဆိုလျှင်လည်း လူအများက မြို့ဝန်ရုံးဖြစ်သည့် ဒိုရိုနိုစကီစံအိမ်ကို မီးတုတ်ကြီးဖြင့် ရှို့နေပုံ (မြို့စားကြီးကိုယ်တိုင် မော်စကိုမြို့ကို မီးရှို့ခြင်း မဟုတ်ပါ။ အမိန့်ပေးရုံမျှသာ ဖြစ်ပါသည်။)ကိုသာ မြင်ယောင်နေကြသည်။ သို့ရာတွင် မြို့စားကြီး ရော့စတော့ချင်သည် (သူကိုယ်တိုင် မော်စကိုမြို့ကို မီးတင်ရှို့ခဲ့သည် ထားဦး။) အမြဲတမ်း မီးတုတ်ကြီး ကိုင်၍ မီးရှို့နေသည်မဟုတ်ချေ။ ရွှေနန်းရှင်မယ်တော် မာယာဖီဒိုရိုဗနာဆိုလျှင်လည်း သားမင်းဝတ်ရုံကြီးကိုခြုံကာ ဓမ္မသတ်ကျမ်းစာအုပ်ကြီးတွေကို လက်ထောက်မှီ၍ ရပ်နေပုံကို လူအများက မြင်ယောင်နေကြသည်။ သို့ရာတွင် ရွှေနန်းရှင် မယ်တော်ဖုရားသည် ဤသို့ သားမင်းဝတ်ရုံကြီးကိုခြုံ၍ ဓမ္မသတ်ကျမ်း စာအုပ်ပုံကြီးပေါ် လက်ထောက်လျက် အစဉ်အမြဲ ရပ်နေသည်မဟုတ်ချေ။ ၎င်းတို့အားလုံး၌ အခြားသောလုပ်ငန်းများ၊ အခြားသောလှုပ်ရှားမှုများ၊ အခြားသော အခန်းကဏ္ဍများ ရှိကြသည်။ အနုပညာသည်၏အလုပ်မှာ ထိုအရာများအားလုံးကို ပြည့်စုံအောင် ဖော်ပြရန်ဖြစ်သည်။

ရာဇဝင်ဆရာသည် တစ်စုံတစ်ခုသော ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးကိုသာ စဉ်းစားသည့်အလျောက် လူစွမ်းကောင်းများကို ရေးခြယ်ပြလေ့ရှိသည်။ အနုပညာသည်ကား လူနှင့် ၎င်း၏ဘဝအခန်းကဏ္ဍအမျိုးမျိုးတို့၏ ဆက်စပ်ယှက်နွယ်ကြပုံကို အသားပေးသည့်အလျောက် "လူစွမ်းကောင်းများ"ကို ရေးခြယ်ပြခြင်းမပြုချေ။ ပြုလည်း မပြုသင့်ချေ။ "လူများ"အကြောင်းကိုသာ ရေးခြယ်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

အဖြစ်အပျက်များကို ဖော်ပြရာ၌ကား ရာဇဝင်ဆရာ၏ ဖော်ပြပုံနှင့် အနုပညာသည်၏ဖော်ပြပုံတို့ ကွဲပြားခြားနားချက်မှာ ပို၍ထင်ရှားလာသည်။ ပို၍လည်း အရေးကြီးလာသည်။

ရာဇဝင်ဆရာသည် ရာဇဝင်အဖြစ်အပျက်တစ်ခု၏ အကျိုးသက်ရောက်မှုများကို ရေးပြရန်ဖြစ်၍ အနုပညာသည်မှာကား ထိုအဖြစ်အပျက်၏ အကြောင်းခြင်းရာတို့ကို ခရေစေ့တွင်းကျ ဖော်ပြရန်ဖြစ်သည်။ ဥပမာအားဖြင့် စစ်ပွဲတစ်ပွဲအကြောင်းကို ရေးသားဖော်ပြရာ၌ ရာဇဝင်ဆရာတစ်ဦးအနေဖြင့် "ဤမည်သောရွာကို တိုက်ခိုက်၍ ရန်သူကို မောင်းထုတ်ရန်အတွက် ဤမည်သောတပ်၏ လက်ဝဲတောင်ပံစစ်ကြောင်းကို တိုးချဲ့ဖြန့်ထားလိုက်သည်။ သို့ရာတွင် အရေးနိမ့်၍ ဆုတ်ခွာလာခဲ့ရသည်။ ထို့နောက် မြင်းတပ်ကို ချီတက်တိုက်ခိုက်စေ၍ ရန်သူများကိုတွန်းလှန်မောင်းနှင်လိုက်သည်" စသည်ဖြင့် ရေးသားနိုင်သည်။ သို့ရာတွင် အနုပညာသည် တစ်ဦးအဖို့ကား ဤစကားများသည် ဘာမျှအဓိပ္ပာယ်မရှိချေ။ အဖြစ်အပျက်၏ "အငွေ့အသက်"ကိုလည်း ဖမ်းယူဆုပ်နိုင်ခြင်း မရှိချေ။ စစ်ပွဲတစ်ပွဲအကြောင်းကို ရေးသားဖော်ပြတော့မည်ပြုသည်နှင့် အနုပညာသည်တစ်ဦးသည် မိမိ၏အတွေ့အကြုံများကိုလည်းကောင်း၊ စာချွန်များ၊ မှတ်တမ်းများ၊ မှတ်စုများကိုလည်းကောင်း လေ့လာသုံးသပ်ဆင်ခြင်ပြီးနောက် တိုက်ပွဲ၏ "အငွေ့အသက်"ကို အမိအရ ဖမ်းဆုပ်ရသည်။ ထို့ကြောင့်လည်း (စစ်ပွဲတစ်ပွဲအကြောင်းကို ဖော်ပြသည်ဟုပင် ဆိုပါစို့။) စစ်တပ်များ၏လှုပ်ရှားပုံစသည်တို့နှင့် စပ်လျဉ်းသည့် ကိစ္စများ၌ ရာဇဝင်ဆရာ၏ ကြည့်မြင်သုံးသပ်ပုံနှင့် အနုပညာသည်၏ ကြည့်မြင်သုံးသပ်ပုံတို့သည်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွဲလွဲနေကြသည်ကို မကြာခဏ တွေ့ရတတ်သည်။

ဤသို့ ရာဇဝင်ဆရာနှင့် အနုပညာသည်တို့ ကြည့်မြင်သုံးသပ်ပုံ၊ ကောက်ချက်ချပုံမတူကြခြင်းမှာလည်း ၎င်းတို့နှစ်ဦး အချက်အလက်များ ရှာဖွေရာ၌ ရှာဖွေသော နေရာဌာနချင်း မတူကြသောကြောင့် ဖြစ်သည်။ ရာဇဝင်ဆရာသည် အချက်အလက်များကို စုဆောင်းရာ၌ (စစ်ပွဲအကြောင်းကို ရေးသားသည့် ဥပမာကိုပင် ပေးပါမည်။) စစ်သေနာပတိချုပ်၏ အစီရင်ခံစာများ၊ တပ်မှူးများ၏ အစီရင်ခံစာများကို အဓိကထား၍ အကိုးအကားပြု၏။ အနုပညာသည်အဖို့၌ကား အဆိုပါ စစ်သေနာပတိချုပ်၏ အစီရင်ခံစာများ၊ တပ်မှူးများ၏ အစီရင်ခံစာများသည် ဘာမျှ အသုံးမဝင်ချေ။ ၎င်းတို့သည် အနုပညာသည်အား မည်သည့်အရာကိုမျှ ထုတ်ဖော်ခြင်း မပြုနိုင်။ မည်သည့်အရာကိုမျှ ရှင်းလင်းခြင်း မပြုနိုင်ချေ။ ထိုမျှမက ထိုအစီရင်ခံစာများမှာ "ဖြီးလုံးဖြန်းလုံး"များမပါလျှင် မပြီးသလောက်ရှိကြသည့်အတွက် အနုပညာသည်အဖို့ ၎င်းတို့ကို ကိုးကားခြင်း မပြုမိရန်ပင် များစွာသတိထားရသေးသည်။ စစ်တိုက်ခြင်းဆိုသည်မှာ ထောင်ပေါင်းများစွာသော လူများကို မိုင်ပေါင်းများစွာ ဖြန့်ကျင်း၍ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ သေခြင်း စသည့်အန္တရာယ်များ၏ရှေ့မှောက်တွင် စိတ်တုန်လှုပ်ချောက်ချားဖွယ် အသွယ်သွယ်ကို ရင်ဆိုင်စေခြင်းဖြစ်သည်။ ထို့ကြောင့် ထိုမျှ စိတ်ချောက်ချားလျက်ရှိသော လူထောင်ပေါင်းများစွာ၏ လှုပ်ရှားမှုများကို စကားလုံးနည်းနည်းဖြင့် ခရေစေ့တွင်းကျ ဖော်ပြခြင်း မပြုနိုင်ချေ။ "ဖြီးလုံးဖြန်းလုံး"များ ပါလာပါတော့သည်။ ဤသို့ဖြင့် စစ်ပွဲအကြောင်းကိုရေးသားဖော်ပြသည့် စစ်အစီရင်ခံစာဟူသမျှတို့၌ "ဖြီးလုံးဖြန်းလုံး"များကို မလွဲမရှောင်သာ ထည့်သွင်းလာကြရသည်။ ထို့ပြင် စစ်ပွဲတစ်ပွဲပြီးသည့်အခါ၌လည်း နှစ်ဖက်စလုံးမှပင် ထိုစစ်ပွဲအကြောင်းကို သူ့အမြင်နှင့်သူ တစ်မျိုးစီ ရေးသားဖော်ပြတတ်ကြသည်။ ဤအကြောင်းများကြောင့် အနုပညာသည်အဖို့ ၎င်းတို့၏အစီရင်ခံစာများကို အားကိုး၍ မဖြစ်ချေ။

စစ်ပွဲများအကြောင်းကို ရေးသားဖော်ပြကြရာ၌လည်း "ဤမည်ဤမည်သော တပ်မများအား၊ထိုမည်ထိုမည်သော နေရာဌာနများကို ချီတက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်ကြောင်း၊ ထို့နောက် ဤမည်ဤမည်သော နေရာများမှ ဆုတ်ခွာရန် အမိန့်ပေးလိုက်ကြောင်း" စသဖြင့် ခပ်လွယ်လွယ် ရေးတတ်ကြသေးသည်။ ၎င်းတို့ ရေးသားပုံမှာ ထောင်ပေါင်းများစွာသော စစ်သားများသည် စစ်ရေးပြကွင်း တစ်ခုထဲ၌ တပ်မှူး၊ တပ်ဗိုလ်တစ်ဦးဦး၏ အမိန့်ကို စည်းကမ်းသေဝပ်စွာ လိုက်နာကြသည့်နည်းတူ သေရေးရှင်ရေးကြုံနေရသည့် စစ်မြေပြင်တွင်လည်း ငြင်းဆန်တော်လှန်ခြင်းမရှိဘဲ လွယ်လွယ်ကလေး လိုက်နာကြသည့် သဘောမျိုး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဤရေးသားချက်မျိုးသည်** မည်မျှမှားကြောင်းကို စစ်ပွဲတွင် ဝင်ရောက်တိုက်ခိုက်ဖူးသူတိုင်း သိကြသည်။ **(စစ်နှင့်ငြိမ်းချမ်းရေး ပထမပိုင်း၌** ကျွန်ုပ်သည် ရှုန်ဂရာဘန်တိုက်ပွဲတွင် တပ်သားများ မည်မျှ ထိန်းမနိုင် သိမ်းမနိုင် **ဖြစ်ပုံကို ရေးသားခဲ့ရာ ထိုတိုက်ပွဲအကြောင်းကို** ဖတ်ရသူ စစ်သေနာပတိချုပ် မူရာဒေး ကာစကီက "စစ်တိုက်ခန်းကို **ရေးသားချက်များအနက်** ထိုအခန်းလောက် တိကျမှန်ကန်သော ရေးသားချက်မျိုးကို ယခင်က မတွေ့ခဲ့ဖူးသေးပါ။ **တိုက်ပွဲဖြစ်ပွားချိန်၌** စစ်သေနာပတိချုပ်တစ်ယောက်၏ အမိန့်မှာလည်း အမိန့်မည်ကာမတ္တမျှသာဖြစ်ကြောင်း အတွေ့အကြုံ အရ သိခဲ့ရပါသည်"ဟု ထုတ်ဖော်ဝန်ခံခဲ့ဖူးသည်။ စစ်သေနာပတိချုပ်၏ ဝေဖန်ချက်ကို ကြားပြီးသည့်နောက်၌ကား စစ်သားများသည် သေရေးရှင်ရေးကိစ္စ ကြုံလာသောအခါ၌ တပ်မှူး၊ တပ်ဗိုလ်တစ်ဦးတစ်ယောက်၏ အမိန့်ကို နာခံကြသည် မဟုတ်ဟူသော ကျွန်ုပ်ယုံကြည်ချက်မှာ ပို၍ ခိုင်မာလာခဲ့သည်။) တိုက်ပွဲနှင့်ပတ်သက်သော စစ် အစီရင်ခံစာများသည် ကျွန်ုပ်အထက်က ဖော်ပြခဲ့သည့် "တောရမ်းမယ်ဘွဲ့" ထင်မြင်ချက်မျိုးပေါ်တွင် အခြေခံ၍ ရေးသားခဲ့ကြကာ တစ်ဖန် ထိုအစီရင်ခံချက်များပေါ်တွင် အခြေခံ၍ စစ်မှတ်တမ်းများကို ရေးသားခဲ့ကြခြင်း ဖြစ်လေသည်။ စစ်ပွဲတစ်ပွဲပြီးဆုံး၍ မကြာမီ သို့မဟုတ် တစ်ရက်အကြာ၊ သို့မဟုတ် အစီရင်ခံစာများ မရေးမီ တစ်ရက်အလိုလောက်တွင် တပ်ထဲသို့ လျှောက်ကြည့်ပြီး တိုက်ပွဲ အခြင်းအရာကို တပ်သားများ၊ တပ်ဗိုလ်များအား မေးမြန်းကြည့်မည်ဆိုလျှင် ၎င်းတို့မြင်တွေ့ ကြုံကြိုက်ခဲ့ကြသမျှကို တစ်ယောက်တစ်ပေါက်၊ သူတစ်မျိုး ငါတစ်ဖုံ ပြောပြကြလိမ့်မည်။ နားထောင်ရသူအဖို့လည်း အမျိုးမျိုးအဖုံဖုံ ရှုပ်ထွေးကွဲပြားကာ မပီမသ ဖြစ်နေလိမ့်မည်။ စစ်သေနာပတိချုပ်ထံ သွားမေးလျှင်လည်း မပီမသ မသဲမကွဲသာ ကြားရလိမ့်မည်။ နှစ်ရက်သုံးရက်လောက် ကြာသွားလျှင်ကား တပ်အသီးသီးမှ အစီရင်ခံစာများ ရောက်လာလေပြီ။ ထိုအခါ၌ မိမိတို့ကိုယ်တိုင် တွေ့ကြုံခြင်းမရှိသော အကြောင်းအရာများကို ပြောစပြုလာကြပြီ။ နောက်ဆုံး စစ်ဦးစီးဌာနချုပ်က အထွေထွေအစီရင်ခံချက်ကြီးကို ရေးသားပြီးစီးသွားသည့်အခါ၌ကား ထိုအစီရင်ခံစာပါ အချက်များသည် တပ်မတော်ကြီးတစ်ခုလုံး၏ ထင်မြင်ချက် ဖြစ်လာခဲ့လေပြီ။ ထိုအခါ၌ လုပ်ကြံရေးသားထားသော ထိုအစီရင်ခံစာ (လုပ်ကြံရေးသားထားခြင်း ဖြစ်သော်လည်း ရှင်းလင်းပြတ်သားလှ၍ "မစားရ ဝခမန်း"အားရဖွယ် ကောင်းလှပါသည်။) ပါ အချက်အလက်များနှင့် ပတ်သက်၍ တပ်သားတပ်ဗိုလ်အချင်းချင်း အငြင်းပွားကြ၊ မေးမြန်းကြ၊ သံသယများကို ထုတ်ဖော်ကြနှင့် ရှိကြပါသည်။ နောက်တစ်လ နှစ်လလောက်ကြာ၍ စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သူတစ်ဦးကို သွားမေးလျှင်မူကား ၎င်း၏ပြောဆိုချက် များ၌ ယခင်ကကဲ့သို့ ပင်ကိုသဘော၊ ပင်ကိုအငွေ့အသက်တို့ မပါတော့ဘဲ အစီရင်ခံစာ၏သဘော၊ အစီရင်ခံစာ၏ အငွေ့အသက်တွေ ပါလာတော့သည်။ "စစ်နှင့်ငြိမ်းချမ်းရေး"ကို ရေးစဉ် ဘိုရိုဒီနိုတိုက်ပွဲအကြောင်းကို ဖော်ပြမည်ပြုသော အခါ ထိုတိုက်ပွဲတွင် ပါဝင်ခဲ့သူများထံ သွားရောက်မေးမြန်းရာ ၎င်းတို့ကလည်း ဤနည်းအတိုင်း ပြောလိုက်ကြသည်။ ၎င်းတို့အားလုံးမှာ တစ်သံတည်း၊ တစ်လေတည်း ထွက်နေကြသည်။ ၎င်းတို့ပြောသမျှအားလုံးမှာ ရုရှားရာဇဝင်ဆရာများ ဖြစ်သည့် ဒင်နီလော့စကီ၊ ဂလင်ကာ စသူတို့ အမှားမှားအယွင်းယွင်း ရေးသားချက်များနှင့် တစ်ထပ်တည်း ဖြစ်နေသည်။ ကျွန်ုပ်သွားရောက်မေးမြန်းစုံစမ်းသော စစ်သားဟောင်းကြီးများမှာ တစ်ဦးနှင့်တစ်ဦး ဒေသတစ်ခုစီ နေထိုင်ကြလင့်ကစား အသေးစိတ်အကြောင်းအရာများကို ထုတ်ဖော်ပြောဆိုရာမှာပင် တစ်ထပ်တည်း ဖြစ်နေကြသည်။

ကျွန်ုပ်သည် ဆီဘတ်စတိုပိုလ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ဖူးရာ စစ်ပွဲပြီးသည့်အခါ၌ အမြောက်တပ်မှူး ကရိဇန်နော့စကီက စစ်မျက်နှာအသီးသီးရှိ အမြောက်တပ်ခွဲမှူးများထံမှ ရောက်ရှိလာသော အစီရင်ခံစာများ(နှစ်ဆယ် ကျော်ရှိပါသည်။)ကို ကျွန်ုပ်ထံ ပေးပို့ကာ ယင်းတို့ကို ခြုံ၍ အထွေထွေအစီရင်ခံချက်တစ်စောင် အရေးခိုင်းသည်။ ယင်းအစီရင်ခံစာများ၏ မိတ္တူများကို ကျွန်ုပ်ကူးယူ သိမ်းဆည်းမထားခဲ့သည်မှာ နစ်နာလှပါသည်။ ထိုအစီရင်ခံစာများ သာရှိခဲ့လျှင် စစ်အစီရင်ခံစာများ၏ "ဖြန်းလုံး"ထုတ်တတ်သော သဘောကိုပြရာ၌ အကောင်းဆုံးဥပမာများ ဖြစ်လိမ့် မည်ထင်သည်။ ဤအစီရင်ခံစာများကို ရေးသားပေးပို့သည့် ရဲဘော်တပ်ခွဲမှူးများသည် ယခုအချိန်တွင် ၎င်းတို့၏ အစီရင်ခံစာများကို ပြန်ဖတ်ရလျှင် "ရေးဟဲ့ ရေးဟဲ့ ဆိုလို့သာ ရေးလိုက်ရသည်။ ဘာမှန်းမသိ"ဆိုသကဲ့သို့ အထက်

www.burmeseclassic.com

www.burmeseclassic.com



လူကြီး၏အမိန့်ကြောင့် "မင်းတိုင်းကျေ" သဘောဖြင့် မိမိတို့မသိသော အချက်အလက်များကို ရေးလိုက်မိသည့် အခြင်းကို ပြန်၍အမှတ်ရကာ ရယ်မောမိကြမည် ဖြစ်သည်။ ရုရှားလူမျိုးများသည် စစ်တိုက်နေရင်း မိမိတို့တာဝန်ကို ညည်းညူမည်ပုံ ထမ်းရွက်တတ်သည်ကိုလည်းကောင်း၊ စစ်ပွဲ၏အကြောင်းအရာများကို "ကြွားလုံး ဖြန်းလုံး"များဖြင့် ရေးခြင်းအရာ၌ မည်မျှညံ့ဖျင်းပုံကိုလည်းကောင်း၊ အတွေ့အကြုံရှိသူတိုင်း သိကြလိမ့်မည်ထင်သည်။ ရုရှားများကား ဤဘက်တွင် ညံ့သူများဖြစ်သည်။ ရုရှားတပ်မများ၌ အစီရင်ခံစာများရေးခြင်း၊ စာချွန်များရေးခြင်း စသည့်တာဝန်များကို ထမ်းဆောင်ကြသူများမှာ အများအားဖြင့် နိုင်ငံခြားသား အမှုထမ်းများသာဖြစ်ကြောင်း အားလုံး သိကြသည်။

ဤအကြောင်းများကို ကျွန်ုပ်ရေးနေခြင်းမှာ စစ်သမိုင်းဆရာ၊ ရာဇဝင်ဆရာတို့ အကိုးအကားပြုသော စစ်မှတ်တမ်းများ၌ အမှားမှားအယွင်းယွင်း ရေးသားချက်များ ပါစမြဲဖြစ်ကြောင်းကို ပြလိုသောကြောင့် ဖြစ်သည်။ ဤသို့အမှားမှားအယွင်းယွင်း ရေးသားချက်များ ပါသည့်အတွက် ရာဇဝင်အဖြစ်အပျက်များကို ကြည့်မြင် သုံးသပ်ရာ၌ ရာဇဝင်ဆရာနှင့် အနုပညာသည်တို့ မကြာခဏ ကွဲလွဲနေကြခြင်း ဖြစ်ကြောင်းကို ပြလိုသောကြောင့် ဖြစ်သည်။ စစ်မှတ်တမ်းများ၊ စစ်သမိုင်းများ၌ ဤသို့အမှားများ ပါရုံတွင် မကသေးချေ။ ယခု "စစ်နှင့်ငြိမ်းချမ်းရေး" နောက်ခံပြုသည့် ခေတ်အကြောင်းကို ရေးသားဖော်ပြသော ရာဇဝင်များထဲ၌ဆိုလျှင် စကားလုံးနှုန်းဖွဲ့ပုံ ခမ်းနားကြီးကျယ်ခြင်းကြောင့် အဖြစ်အပျက်များကိုဖော်ပြရာတွင် လွဲမှားလျက်ရှိသည်။ ထိုမျှမက ၎င်းတို့အား အနက်အဓိပ္ပာယ် ဖွင့်ဆိုရာ၌လည်း ဝါစင်အောင် လွဲလျက်ရှိသည်။ (များပြားလှသော အဖြစ်အပျက်များကို အကျဉ်းချုပ်၍ ဖော်ပြရခြင်း၊ ထိုအဖြစ်အပျက်တို့အား ကရုဏာရသပေါ်အောင် ရေးရခြင်းကြောင့် ဤသို့ အလွဲလွဲအမှားမှား ဖြစ်ရလေသလောဟူ၍ကား ကျွန်ုပ်မပြောနိုင်။) သို့ရာတွင် "စစ်နှင့်ငြိမ်းချမ်းရေး" နောက်ခံပြုသော ခေတ်နှင့် စပ်လျဉ်း၍ အဓိကရ ရာဇဝင်ကျမ်းနှစ်စောင်ဖြစ်သော ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းနှင့် ရုရှားရာဇဝင်ဆရာ ဒင်နီလော့စကီ၏ ရာဇဝင်ကျမ်းများကို လေ့လာကြည့်မိသောအခါ၌ ဤလိုရာဇဝင်ကျမ်းများကို ပုံနှိပ်သူကနှိပ်၍၊ ဖတ်သူက ဖတ်ခြင်းကိုပင် များစွာအံ့ဩရသေးသည်။ ၎င်းကျမ်းနှစ်စောင်စလုံးပင် ၎င်းတို့ မှီငြမ်းပြု ကိုးကားသော ကျမ်းစာရင်း၊ လူပုဂ္ဂိုလ်စာရင်းများကို ဖော်ပြထားကြကာ ထိုစဉ်က အဖြစ်အပျက်များကို ခမ်းနားစွာ ရေးသားထားကြပုံ၌ အတူတူပင်ဖြစ်သော်လည်း အာဘော်များမှာ တစ်စောင်နှင့်တစ်စောင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိခြင်းကို တွေ့ရသည်။ ထိုကျမ်းနှစ်စောင်အနက် တစ်စောင်ကို ပြင်သစ်ရာဇဝင်ဆရာကရေး၍ အခြားတစ်စောင်ကို ရုရှားရာဇဝင်ဆရာက ရေးခြင်းကြောင့် အကြောင်းအရာချင်းတူသည့်တိုင် အာဘော်ကွဲနေသည်ကို ကျွန်ုပ်ဘာမျှမပြောလို။ သို့ရာတွင် ထိုကျမ်းနှစ်စောင်ထဲတွင် ဖော်ပြထားသောအကြောင်းအရာများကို ဖတ်ပြီးသည့်နောက် ထိုကျမ်းနှစ်စောင်မှာ ထိုခေတ်အကြောင်းကို ရေးသားဖော်ပြသော အဓိကရ ရာဇဝင်ကျမ်းကြီးများ ဖြစ်နေခြင်းနှင့် ထိုကျမ်းများကို လူသန်းပေါင်းများစွာတို့က ယုံကြည်လေးစားစွာ ဖတ်ရှုနေခြင်းကို တွေးမိသောအခါ၌ကား ဤအဖြစ်အတွက် ငိုရမည်လော၊ ရယ်ရမည်လောဟု ဝေခွဲမရအောင် ဖြစ်ရသည်။ ဤတွင် စာဖတ်သူတို့သိသာနိုင်ရန်အတွက် နာမည်ကျော် ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းမှ ဥပမာတစ်ခုကို ထုတ်၍ပြပါမည်။ နပိုလီယန်သည် ရုရှားသို့ ချီတက်လာခဲ့စဉ် ငွေစက္ကူတုများ ယူဆောင်လာခဲ့ပုံကို ဖော်ပြပြီးနောက် သိုင်းယာ့စ်က ဤသို့ ဆက်လက် ရေးသားထားပါသည်။ "နပိုလီယန်ဘုရင်မင်းမြတ်သည် မိမိကိုယ်တော်တိုင်၏ ဂုဏ်သိက္ခာနှင့်လည်းကောင်း၊ ပြင်သစ်တပ်မတော်ကြီး၏ ဂုဏ်သိက္ခာနှင့်လည်းကောင်း၊ ထိုက်တန်လျောက်ပတ်သည့် ကရုဏာစေတနာကို ပြသောအားဖြင့် ယင်းသို့ချီတက်တိုက်ခိုက်ရခြင်းကို များစွာကျေနပ်အားရတော်မူသည်ဖြစ်၍ စစ်အတွင်း မီးဘေးသင့်သူများကို ကူညီထောက်ပံ့ရန် အမိန့်ထုတ်ပြန်တော်မူ၏။ သို့ရာတွင် မီးဘေးသင့်သူများမှာ နိုင်ငံခြားသားများဖြစ်ရုံမက အများအားဖြင့် ရန်သူ့ဘက်သားများဖြစ်နေခြင်းကြောင့် ၎င်းတို့အား စားနပ်ရိက္ခာများ ကြာရှည်လေးမြင့်စွာ ထောက်ပံ့ပေးကမ်းခြင်းပြုရန်မှာ အဖိုးထိုက်တန်လွန်းရကား ပိုက်ဆံကြေးငွေထောက်ပံ့လျှင် သင့်အံ့ဟု နပိုလီယန် ဘုရင်မင်းမြတ် အကြံတော်ရှိလေသည်။ ထို့ကြောင့် ငွေစက္ကူတုများ ထုတ်လုပ်၍ မီးဘေးသင့်သူများအား ဝေငှပေးစေတော်မူ၏။"

www.burmeseclassic.com



ဤစာပုဒ်တစ်ပုဒ်တည်းကိုဖတ်လျှင် ၎င်း၏ ဟီရိုဩတ္တပ္ပ ကင်းမဲ့ပုံကို အပထား၍ မိုက်မဲပုံကို မြင်ရရုံမျှပင် အံ့သြလောက်ပါပြီ။ သို့ရာတွင် သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းတစ်စောင်လုံးကို ဖတ်လျှင်ကား ရာဇဝင်ကျမ်းတစ်စောင်လုံးပင် အဓိပ္ပာယ်မရှိ ခမ်းနားကြီးကျယ်လျက်ရှိသော စကားအသုံးအနှုန်းများဖြင့် ပြည့်နှက်လျက်ရှိသောကြောင့် ထူး၍အံ့သြစရာမကောင်းတော့ချေ။

သို့ဖြစ်ခြင်းကြောင့် အနုပညာနှင့် ရာဇဝင်ဆရာတို့၏ အလုပ်သည် များစွာ ခြားနားကြပါသည်။ ရာဇဝင်အဖြစ်အပျက်များ၊ ရာဇဝင်ကျော်ပုဂ္ဂိုလ်များကို ဖော်ပြရာ၌ ကျွန်ုပ်၏ စာအုပ်သည် ရာဇဝင်ဆရာတစ်ဦး၏ ရာဇဝင်ကျမ်းတစ်စောင်နှင့် ကွဲလွဲလျက်ရှိပါက စာဖတ်ပရိသတ်က အံ့သြခြင်း မဖြစ်သင့်ပါ။

သို့သော်လည်း ရာဇဝင်ကျော်ပုဂ္ဂိုလ်များ၊ ရာဇဝင်အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ မှန်သည်ဟု အများက ယူဆလက်ခံထားကြသော အချက်အလက်များသည် စိတ်ကူးစိတ်သန်းဖြင့် မှန်းဆ၍ လက်ခံထားခြင်း မဟုတ်ဘဲ ရာဇဝင်ဆရာများက တတ်အားသမျှ စုဆောင်းပေးခဲ့သော ရာဇဝင်မှတ်တမ်းများကို အခြေခံ၍ လက်ခံထားခြင်း ဖြစ်သည်ဆိုသည့် အချက်ကိုကား အနုပညာသည်တို့သတိမူသင့်သည်။ ထို့ကြောင့် အနုပညာသည် သည် ရာဇဝင်အဖြစ်အပျက်များကို ကြည့်မြင်ရာ၌လည်းကောင်း၊ တင်ပြရာ၌လည်းကောင်း၊ ရာဇဝင်ဆရာနှင့် ကွဲလွဲခြင်း ရှိသော်လည်း ရှာဖွေလေ့လာရာ၌ကား ရာဇဝင်ဆရာကဲ့သို့ပင် ရာဇဝင်ဆိုင်ရာ အကြောင်းအချက်များကို အမှီပြုရမည်သာဖြစ်သည်။ စစ်နှင့်ငြိမ်းချမ်းရေး၌ ရာဇဝင်ကျော် ပုဂ္ဂိုလ်များ၏ စကားပြောခန်း၊ ပြုမူလှုပ်ရှားခန်းများကို ဖော်ပြထားရာ ၎င်းတို့အားလုံးကို ရေးသားရာ၌ ကျွန်ုပ်သည် မည်သည့်အချက်ကိုမျှ တီထွင်ရေးသားထားခြင်းမရှိ။ "စစ်နှင့်ငြိမ်းချမ်းရေး" ကို ရေးသားနေသည့်အတောအတွင်း ပိဋကတ်တိုက်တစ်လုံးစာမျှ ကျွန်ုပ် ရှာဖွေ စုဆောင်းမိခဲ့သော ရာဇဝင်ဆိုင်ရာ အချက်အလက် မှတ်တမ်းများကို မှီငြမ်းပြု၍ ရေးသားထားခြင်းသာဖြစ်သည်။ ထိုမှီငြမ်းပြုသော ကျမ်းများ၏ စာရင်းကို ဤနေရာတွင် ထုတ်ဖော်ရန်မလိုဟု ကျွန်ုပ်ထင်သည်။ သို့ရာတွင် ကျွန်ုပ်၏ စကားကို မယုံကြလျှင်မူကား ထိုကျမ်းများ၏ စာရင်းကို အချိန်မရွေး ထုတ်ဖော်ပြောဆိုနိုင်ပါသည်။

## (၆) အရေးအကြီးဆုံးအချက်

ဆဋ္ဌမမြောက် အချက်လည်းဖြစ်၍ ကျွန်ုပ်အဖို့လည်း အရေးအကြီးဆုံးဟု ထင်လျက်ရှိသော အချက်တစ်ရပ်မှာ ရာဇဝင်အဖြစ်အပျက်များ၌ ကြီးကျယ်ထင်ရှားသည့် ပုဂ္ဂိုလ်ဟုဆိုသူများ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည်။ ကျွန်ုပ်၏ အမြင်၌ကား ရာဇဝင်တွင် ၎င်းတို့၏အခန်းကဏ္ဍသည် များစွာအရေးပါလှသည် မထင်ချေ။

"စစ်နှင့်ငြိမ်းချမ်းရေး" နောက်ခံပြုသည့် ခေတ်သည် ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော ရာဇဝင်ခေတ်ကြီး ဖြစ်သည်။ အရေးကြီးသော အဖြစ်အပျက်များနှင့် တင်းကျပ်ပြည့်နေသည့် ရာဇဝင်ခေတ်ကြီးဖြစ်သည်။ ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်နှင့် မဝေးလှသော ရာဇဝင်ခေတ်ကြီးဖြစ်သည်။ အထူးထူးအပြားပြားသော ထုံးတမ်းစဉ်လာများကို အမွေပေးခဲ့သည့် ရာဇဝင်ခေတ်ကြီးတစ်ခေတ်လည်း ဖြစ်သည်။ ဤသို့သော ရာဇဝင်ခေတ်ကြီးတစ်ခေတ်ကို လေ့လာပြီးသည်၏အဆုံး၌ အသိတရားတစ်ခုကို ကျွန်ုပ်ပြက်ပြက်ထင်ထင် မြင်လာခဲ့သည်။ ယင်းမှာ ရာဇဝင်အဖြစ်အပျက်များအား ဖြစ်ပေါ်စေခဲ့သော အကြောင်းတရားများကို ကျွန်ုပ်တို့၏အသိဉာဏ်ဖြင့် သိမြင်ခြင်း မရှိနိုင်ဟူသော အချက်ဖြစ်သည်။ ၁၈၁၂ ခုနှစ် စစ်ပွဲဖြစ်ပွားရခြင်း၏ အကြောင်းတရားများသည် နပိုလီယန်၏ နိုင်ထက်ကလူပြုတတ်သော သဘာဝနှင့်၊ အမျိုးထိလျှင်မချိအောင်နာတတ်သော ရုရှားဘုရင် အလက်ဇန်းဒရား၏ ဝံသာနုစိတ်ဓာတ် ပြင်းထန်မှုတို့ ဖြစ်သည်ဟု ပြော၍မရချေ။ (အချို့ကမူ ဤသို့ပင် လွယ်လွယ်ပြောတတ်ကြသည်။) ဤသို့ ပြောခြင်း မျိုးမှာ ရောမအင်ပိုင်ယာကြီး ပျက်စီးရခြင်းသည် လူရိုင်းဘုရင်တစ်ဦးက ၎င်း၏ နောက်လိုက်ငယ်သားများနှင့်အတူ အနောက်ဘက်သို့ ချီတက်တိုက်ခိုက်ခဲ့ခြင်းနှင့် ရောမဧကရာဇ်ဘုရင်တစ်ဦး၏ အုပ်ချုပ်ရေးမကျွမ်းကျင်မှုကြောင့်ဟု ပြောသကဲ့သို့ အဓိပ္ပာယ်ကင်းမဲ့လှသည်။ မြင့်မားလှစွာသော တောင်ကြီးတစ်လုံးကို ဖြိုရာ၌ နောက်ပိတ်ဆုံး အလုပ်သမားတစ်ယောက်၏ ပေါက်တူးချက်ကြောင့် ပြိုသွားခြင်းဖြစ်သည်ဟု ပြောသကဲ့သို့ အဓိပ္ပာယ်ကင်းမဲ့လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤရာဇဝင်အဖြစ်အပျက်ကြီး ဖြစ်ပွားခဲ့ရာ၌ သန်းပေါင်းများစွာသော လူများသည် တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ခြင်း ပြုခဲ့ကြ၍ သန်းတစ်ဝက်မျှသောလူများ သေကျေပျက်စီးခဲ့ကြရ၏။ ထိုမျှကြီးကျယ်သော အဖြစ်အပျက်ကြီးသည် နပိုလီယန်လို၊ ရုရှားဘုရင် အလက်ဇန်းဒရားလို လူပုဂ္ဂိုလ်တစ်ယောက်၏ စိတ်ဆန္ဒတစ်ခုတည်းဖြင့် မဖြစ်နိုင်ချေ။ လူတစ်ယောက်၏ စိတ်ဆန္ဒဖြင့် စစ်ပွဲကြီးတစ်ပွဲ ဖြစ်နိုင်သည် မဟုတ်ချေ။ တောင်တစ်လုံးကို လူတစ်ဦးတည်းဖြင့် ဖြို၍မရသကဲ့သို့ လူပေါင်းငါးသိန်း သေကျေပျက်စီးခြင်းကိုလည်း လူတစ်ယောက်တည်း၏ဆန္ဒဖြင့် လုပ်၍မရချေ။ သို့ဖြစ်လျှင် ထိုစစ်ပွဲ၏ အကြောင်းတရားများကား အဘယ်နည်း။ ပြင်သစ်တို့၏ ကျူးကျော်ရေးစိတ်ဓာတ်နှင့် ရုရှားတို့၏ ဓာတိမာန်ပြင်းထန်ခြင်းသည် ထိုစစ်ပွဲ၏ အကြောင်းတရားများ ဖြစ်သည်ဟု ရာဇဝင်ဆရာတစ်ဦးက ဆိုသည်။ အချို့ကလည်း ထိုစစ်ပွဲ၏အကြောင်းတရားများသည် နပိုလီယန်၏စစ်ချီတက်ရာတစ်လျှောက်တွင် ဆောင်ရွက်ခဲ့သော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့် ရုရှား၏ခေတ်မမီသော ဥရောပနိုင်ငံများဆိုင်ရာ ဆက်ဆံရေးဝါဒတို့ကြောင့် ဖြစ်သည် စသဖြင့် အမျိုးမျိုး ပြောဆိုကြသည်။ ၎င်းတို့ပြောသော အကြောင်းတရားများသည် မှန်သည်ထားပါဦး။ ထိုအကြောင်းတရားများရှိရုံမျှဖြင့် အဘယ်ကြောင့် သန်းပေါင်းများစွာသောလူများသည် တစ်ဦးကို တစ်ဦး သတ်ဖြတ်ကြသနည်း။ သူတို့ကို မည်သူက အသတ်ခိုင်းသနည်း။ ဤသို့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်းသည် သူတို့အားလုံးအတွက် အကျိုးမဖြစ်ထွန်းစေရုံမျှမက အကျိုးယုတ်စေမည်သာ ဖြစ်ကြောင်းကို သူတို့အားလုံးသိကြမည်သာ ဖြစ်သည်။ သို့စင်လျက် အဘယ်ကြောင့် ဤသို့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်း ပြုကြသနည်း။ အဓိပ္ပာယ်ကင်းမဲ့လှသော ဤအဖြစ်အပျက်ကြီး၏ အကြောင်းတရားများသည် အဘယ်နည်းဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အမျိုးမျိုး တွေးခေါ်နိုင်ကြပါသည်။ တွေးခေါ်လျက်လည်း ရှိကြပါသည်။ သို့ရာတွင် ဤသို့ တွေးခေါ်စဉ်းစားတိုင်း အကြောင်းတရားအမှန်ကိုရှာမရဘဲ ရှုပ်သည်ထက်ရှုပ်၍သာ လာခဲ့သည်။ ထိုအကြောင်းတရား ဆိုသည်များမှာလည်း အကြောင်းတရားဟု ခေါ်ထိုက်သော အရာတစ်ခုမျှ မပါချေ။

ကမ္ဘာကြီး စတင်ဖြစ်ပေါ်လာကတည်းက တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြခြင်းသည် ကာယကံအားဖြင့်လည်းကောင်း၊ မနောကံအားဖြင့်လည်းကောင်း မကောင်းသောအလုပ်ဟု နားလည်ပြီး ဖြစ်ကြပါလျက် သန်းပေါင်းများစွာသော လူများသည် အဘယ်ကြောင့် တစ်ဦးကိုတစ်ဦး သတ်ဖြတ်နေကြပါသနည်း။ နွေနှောင်းရာသီ၌ ပျားကောင်များသည် တစ်ကောင့်တစ်ကောင် သတ်ဖြတ်ကြခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်ထီးများသည် တစ်ကောင့်တစ်ကောင်ကိုက်သတ်ကြခြင်းဖြင့်လည်းကောင်း တိရစ္ဆာန်လောက၏ မူလနိယာမတရားများကို လိုက်နာကြရပေရာ လူများ ဤသို့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်းမှာလည်း တိရစ္ဆာန်လောက၏ မူလနိယာမများအရ ရှောင်လွှဲ၍မရသော လိုအပ်ချက်ကြောင့် ဖြစ်သည်ဟုဆိုရန်သာ ရှိတော့သည်။ ကြောက်စရာကောင်းသော ဤမေးခွန်းကြီးကို ဖြေကြားရန်မှာ ဤအဖြေမှတစ်ပါး အခြားမရှိတော့ချေ။

လူသည် တိရစ္ဆာန်လောက၏ မူလနိယာမတရားကို လိုက်နာသောအားဖြင့် တစ်ဦးကိုတစ်ဦးသတ်ဖြတ်နေကြခြင်းဖြစ်သည်ဆိုသော စကားသည် ထင်ရှားသော အမှန်တရားဖြစ်ရုံမျှမက ထိုတရားသည် လူ၏ အသိစိတ်ထဲ၌လည်း ပုန်းခိုကိန်းအောင်းလျက် ရှိသည်။ လူ၌ အမှုတစ်ခုပြုတိုင်း မိမိသည် ထိုအမှုကို မိမိတို့ စိတ်ဆန္ဒအရ လွတ်လပ်စွာ ပြုမူဆောင်ရွက်ခြင်း ဖြစ်သည်ဟူသော အခြားအသိတရားကလေးတစ်ခု ရှိခြင်းကြောင့်သာ လူက တိရစ္ဆာန်ထက် တစ်ဆင့်မြင့်နေခြင်း ဖြစ်သည်။ ဤအသိတရားကလေးသာ မရှိခဲ့လျှင်ကား ဤအကြောင်းများကို ထုတ်ဖော် ရေးသားဖို့ပင် မကောင်းတော့ချေ။

ရာဇဝင်ကို ဓမ္မဓိဋ္ဌာန်ကျသော ရှုထောင့်မှ ခြိုင့်၍ ကြည့်သောအခါ၌ အဖြစ်အပျက်ကို စိုးမိုးချုပ်ကိုင်နေသည့် ကမ္မနိယာမတရားများကို ကျွန်ုပ်တို့ ဆင်ခြင်နိုင်ကြသည်။ သို့ရာတွင် ရာဇဝင်ကို ပုဂ္ဂလဓိဋ္ဌာန်ရှုထောင့်ဖြင့် ကြည့်လျှင်ကား ထိုကမ္မနိယာမတရားကို ကျွန်ုပ်တို့ မမြင်နိုင်တော့ချေ။

ဥပမာအားဖြင့် တပ်သားမောင်ဖြူသည် ရန်သူတပ်သားမောင်မဲကို သတ်၏။ နပိုလီယန်သည် နီမင်မြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



**ဖြတ်ကူးရန်** အမိန့်ပေး၏။ သင်သည် စစ်ထဲသို့ဝင်ရန် လျှောက်လွှာတင်၏။ ကျွန်ုပ်သည် လက်ကိုမြှောက်လိုက်၏။ **ဤအပြုအမူများကို** ကျွန်ုပ်တို့ဘာကြောင့်လုပ်ကြသနည်း။ လုပ်သင့်သော အကြောင်းများရှိ၍လုပ်သည်။ ကျွန်ုပ်တို့၏ **စိတ်ဆန္ဒအလျောက်** လုပ်သည်။ ကျွန်ုပ်တို့၏စိတ်က တိုက်တွန်းစေ့ဆော်သောကြောင့် လုပ်သည်ဟုပင် မဆိုင်းမတွ **ပြောကြ**မည်ဖြစ်၏။ ဤသို့ဖြင့် "ငါပြု၍ဖြစ်သည်"ဆိုသော သဏ္ဍာယသည် ကျွန်ုပ်တို့၏ စိတ်ထဲတွင် အမြစ်တွယ်လာခဲ့ကာ **ကျွန်ုပ်တို့** လှုပ်ရှားပြုမူသမျှကို "ငါပြု၍ဖြစ်သည်၊ ငါ၏ စိတ်ဆန္ဒအလျောက် လုပ်ခြင်းဖြစ်သည်"ဟု ထင်မှတ်လာကြတော့သည်။ သို့ဖြင့်(လောကတွင် လူများစွာတို့သည် မိမိ၏စိတ်ဆန္ဒအလျောက် မဟုတ်ဘဲ မလွှဲမရှောင်သာ ပါဝင်ဆောင်ရွက်ခဲ့ရသည့် အခါမျိုးရှိသည် ဟူသောအချက်ကို ထင်ရှားစေသည့်)ရာဇဝင်အထောက်အထားများ၊ ရာဇဝင်မှတ်တမ်းစာရင်းများကိုပင် ကျွန်ုပ်တို့ သတိမထားမိကြတော့ဘဲ မိမိပြုလုပ်သမျှသည် မိမိ၏စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ပြုလုပ်ခြင်း ဖြစ်သည်ဟု ထင်မှတ်လာကြလေတော့သည်၊

ဤသို့ဖြင့် ငါပြု၍ဖြစ်သည်ဟူသော သဏ္ဍာယနှင့် ငါမပြုဘဲဖြစ်နေသော အဖြစ်အပျက်များသည် ပဋိပက္ခဖြစ်လာကြသည်။ ကျွန်ုပ်သည် အလုပ်တစ်ခုကို ပြုလုပ်စဉ်၌ ကျွန်ုပ်၏စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ပြုလုပ်ခြင်းဖြစ်သည်ဟု ယုံကြည်လျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်၏အလုပ်ကို လူ့ဘောင်ကြီးဘဝ (ရာဇဝင်အခန်းကဏ္ဍ)နှင့်ဆက်စပ်၍ စဉ်းစားလိုက်သောအခါ၌ကား ထိုအလုပ်သည် ကမ္ဘာနိယာမတရားက ဖန်တီးပေးလိုက်သည့်အတိုင်း မလွှဲမရှောင်သာ၍ လုပ်ရခြင်းဖြစ်သည်ဟု သဘောပေါက်လာရပြန်လေသည်။ သို့ဖြစ်လျှင် မည်သူမှားသနည်း။ အလုပ်တစ်ခုကို ကျွန်ုပ်တို့ဆန္ဒအရ လွတ်လပ်စွာ လုပ်နိုင်သလော။ ကမ္ဘာနိယာမတရား၏ စေခိုင်းချက်အရ ပြုလုပ်ရခြင်းလော။

လူသည် အလုပ်တစ်ခုကိုပြုလုပ်ရာ၌ ၎င်း၏ စိတ်ဆန္ဒအလျောက် မည်သည့်အတိုင်းအတာအထိ လွတ်လပ်စွာ ပြုလုပ်နိုင်သနည်းဟူသောအချက် (ဤအချက်ကို အခြားတစ်နေရာတွင် အကျယ်တဝင့် ဆွေးနွေးရန် ရည်ရွယ်ထားပါသည်။) ကို စိတ္တဗေဒနည်းဖြင့် ရှာဖွေစူးစမ်းသောအခါ လူသည် အလုပ်တစ်ခုကို မည်သည့်အခါမျှ မိမိ၏ စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ တစ်ဖန်ထိုသို့ စိတ္တဗေဒနည်းဖြင့် လေ့လာကြည့်သည့်အခါမှာပင် မိမိ၏စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း ရှိသည့်အခါများကိုလည်း တွေ့ရသည်။ ရုပ်ဝါဒသမားများက မည်သို့ဆိုကြစေ၊ ကျွန်ုပ်၏အမြင်၌ကား တစ်ဦးတည်းနှင့်ဆိုင်သော ကိစ္စမှန်သမျှကို လွတ်လပ်စွာ စဉ်းစားဆုံးဖြတ်၍ လုပ်နိုင်ကြသည်ဟု ထင်ပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏စိတ်ဆန္ဒအလျောက် ကျွန်ုပ်၏လက်ကို မြှောက်လိုက မြှောက်နိုင်သည်။ ချလိုက ချနိုင်သည်။ ကျွန်ုပ်၏စိတ်ဆန္ဒအလျောက် စာကို ဆက်မရေးလိုကမရေးဘဲ နေနိုင်သည်။ သင်သည်လည်း သင်၏စိတ်ဆန္ဒအလျောက် ဤစာကို ဆက်မဖတ်လိုက မဖတ်ဘဲ နေနိုင်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ စိတ်ဆန္ဒအလျောက် ကျွန်ုပ်၏စိတ်ကို အမေရိကတိုက်သို့ စေလွှတ်ကျက်စားစေနိုင်သည်။ သို့မဟုတ်ပါကလည်း ကျွန်ုပ်ကြိုက်နှစ်သက်သော သချ်ာတစ်ပုဒ်ကို ကျွန်ုပ်၏ ဆန္ဒအလျောက် တွက်နိုင်သည်။ ကျွန်ုပ်၏စိတ်သည် မည်မျှလွတ်လပ်သည်။ မည်မျှ အနှောင်အဖွဲ့ကင်းသည်ဆိုသည်ကို စမ်းသပ်သောအားဖြင့် ကျွန်ုပ်လက်ကို လေထဲတွင် မြှောက်လိုက မြှောက်နိုင်သည်။ ချလိုက ချနိုင်သည်။ သို့ရာတွင် အများနှင့်ပတ်သက်လာသောအခါ၌ တစ်ဦးတည်း၏စိတ်ဆန္ဒဖြင့် လွတ်လပ်စွာ ပြုလုပ်၍ မရတော့ချေ။ ဥပမာ ကျွန်ုပ်၏အနီးတွင် ကလေးတစ်ယောက် ရပ်နေစဉ်၌ ကျွန်ုပ်၏လက်ကို ကလေးငယ်ပေါ်သို့ မြှောက်လိုက်ပြီး အရှိန်ဖြင့် ကလေးငယ်ပေါ်သို့ ချလိုစိတ်ပေါ်လာသည် ဆိုကြပါစို့။ ဤသို့ ကျွန်ုပ်၏စိတ်ဆန္ဒအလျောက် လုပ်၍ မဖြစ်တော့ချေ။ ခွေးတစ်ကောင်ပြေးလာကာ ကလေးကို ကိုက်မည်ပြုလျှင် ထိုခွေးကို ရိုက်ရန် ကျွန်ုပ်လက်ကို မရွယ်ဘဲ မနေနိုင်ချေ။ ကျွန်ုပ်သည် စစ်ရေးပြကွင်းတွင် ရောက်နေလျှင် စီတန်းချီတက်သွားသော တပ်သားများကို လိုက်၍မကြည့်ဘဲ မနေနိုင်ချေ။ တိုက်ပွဲတွင် ဝင်ရောက်တိုက်ခိုက်နေလျှင် ကျွန်ုပ်၏ တပ်ရင်းနှင့်အတူ မတိုက်ဘဲ မနေနိုင်ချေ။ တိုက်ပွဲတွင် ကျွန်ုပ်ဘေးမှ တပ်သားများ ထွက်ပြေးကြလျှင် ကျွန်ုပ်လည်း မပြေးဘဲ မနေနိုင်ချေ။ တရားခံတစ်ဦး၏ ရှေ့နေအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးတော်တွင်ရောက်နေလျှင် ကျွန်ုပ်ပြောရန်ရှိသည့် စကားများကို မပြောဘဲ မနေနိုင်ချေ။ ကျွန်ုပ်၏ မျက်စိကို ထိုးမည်ပြုလျှင် မျက်တောင်မခတ်ဘဲ မနေနိုင်ချေ။

ဤသို့ကြည့်လျှင် လောက၌ အလုပ်နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ကျွန်ုပ်တို့စိတ်ဆန္ဒအရလုပ်သော အလုပ်မျိုးဖြစ်၍ နောက်တစ်မျိုးမှာ ကျွန်ုပ်တို့၏ စိတ်ဆန္ဒမပါဘဲ လုပ်ရသော အလုပ်မျိုးဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်သည် (ပတ်ဝန်းကျင်ကို တည်ခြင်း မှီခြင်းမရှိဘဲ) လွတ်လပ်စွာ တည်ရှိနေသည်ဟူသော သဘောကို (ဤသဘောမှာလည်းမိမိ၏ အတွေ့နှင့်ဆိုင်သော အလုပ်တိုင်း၌ ပေါ်လာတတ်ပါသည်။) အခြားသူများနှင့် ပူပေါင်းလုပ်ဆောင်ရသော အလုပ်များ အခြားသူများ၏ စိတ်ဆန္ဒနှင့် မိမိ၏ စိတ်ဆန္ဒကိုက်ညီခြင်းအပေါ်တွင် အမှီပြုနေရသည့် အလုပ်များတွင်ပါ ထင်ဟပ်ကျင့်သုံးခြင်းကြောင့် အရှုပ်အထွေးများ ပေါ်လာခြင်းဖြစ်သည်။ လူ၏ စိတ်သည် (ပတ်ဝန်းကျင်မှ) မည်သည့်အတိုင်းအတာအထိ လွတ်လပ်သည်။ အမှီအခိုကင်းမဲ့သည် ဟူသောအချက်ကို သတ်မှတ်ရန်မှာ များစွာ ခက်ခဲသည်။ လူ၏ စိတ်သည် မည်သည့်အတိုင်းအတာအထိ (ရုပ်ပတ်ဝန်းကျင်မှ)ကင်းလွတ်နေသည်ဟူသော အချက်ကို သတ်မှတ်ရန်မှာ စိတ်ပညာ၏ အဓိကပြဿနာ ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အတတ်နိုင်ဆုံးသော **လွတ်လပ်မှု**၊ ကျွန်ုပ်တို့၏ အတတ်နိုင်ဆုံးသော **မလွတ်လပ်မှု**တို့ကို လေ့လာပြီးနောက် ကျွန်ုပ်တို့၏အလုပ်သည် အခြားသူများနှင့် ပတ်သက်ခြင်း မရှိလျှင် လွတ်လပ်ကြောင်းကို တွေ့ရပါသည်။ ကျွန်ုပ်တို့၏အလုပ်သည် အခြားသူများနှင့် ပတ်သက်လျှင် ထိုအလုပ်၏ လွတ်လပ်မှုသည်လည်း လျော့နည်းလာကြောင်းကို တွေ့ရပါသည်။

ကျွန်ုပ်တို့၏ အခြားသူများနှင့် ဆက်စပ်လျက်ရှိသည့် အခိုင်မာဆုံးသော၊ တာဝန်အကြီးဆုံးသော၊ စိတ်ပျက်ဖွယ်အကောင်းဆုံးသော နှောင်ကြိုးမှာ အာဏာတည်းဟူသော နှောင်ကြိုးဖြစ်သည်။ အာဏာဆိုသည်မှာ အခြားမဟုတ်။ အခြားလူများအပေါ်တွင် အများဆုံး မှီခိုအားထားနေရခြင်းသည် အာဏာပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် စစ်နှင့်ငြိမ်းချမ်းရေးကို ရေးသားနေစဉ် ဤအချက်ကို (မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ) ယုံကြည်လျက်ရှိသည့်အလျောက် ကမ္ဘနိယာမတရားများ၏ လွှမ်းမိုးချုပ်ကိုင်ခြင်းကို ခံရသည့် ၁၈၀၅ ခု၊ ၁၈၀၇ ခုနှင့် အထူးသဖြင့် ၁၈၁၂ ခုနှစ် စစ်ပွဲများအကြောင်းကို ရေးသားသည့်အခါ၌ ထိုအဖြစ်အပျက်များကို စိုးမိုးချုပ်ကိုင်နေသည်ဟု ၎င်းတို့ဘာသာ ၎င်းတို့ထင်နေကြသူများအကြောင်းကို အကျယ်တဝင့် အရေးတကြီးထား၍မရေးခြင်းဖြစ်ပါသည်။ တကယ်၌ ထိုကြီးမြတ်သည့် ပုဂ္ဂိုလ်ဆိုသူများသည် အခြားအခြားသော သာမန်အညတရ ပုဂ္ဂိုလ်များလောက်မျှပင် ထိုအဖြစ်အပျက်များတွင် လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း မရှိချေ။ အရေးပါအရာရောက်ခြင်း မရှိချေ။ ထိုကြီးမြတ်သော ပုဂ္ဂိုလ်ဆိုသူများကို ကျွန်ုပ်စိတ်ဝင်စားခြင်းမှာ (ကျွန်ုပ်အမြင်အရ) ရာဇဝင်ကို ချုပ်ကိုင် စိုးမိုးနေသည့် ကမ္ဘနိယာမတရား၏ အနက်အဓိပ္ပာယ်ကို ထင်ရှားစွာပေါ်စေသော ပြယုဂ်များ၊ မိမိ၏ စိတ်ဆန္ဒမပါဘဲ မရှောင်မလွှဲသာ လုပ်ရသော လူတစ်ယောက်ကို မိမိဘာသာ လွတ်လပ်စွာ လုပ်ဆောင်သည်ဟု အထင်ရောက်ရှိအောင် လှည့်စားလေ့ရှိသည့် စိတ္တနိယာမတရား၏ ပြယုဂ်များအဖြစ် စိတ်ဝင်စားမိခြင်းသာ ဖြစ်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

"ကိုင်း၊ ကောင်းနိုင်ကြသေးရဲ့လား မင်းသားကြီးရေ။ ဂျီနိုဝါနဲ့ လတ်ကာမြို့နှစ်မြို့ကတော့ နပိုလီယန်ဆွေမျိုးသားချင်းတစ်စုရဲ့ ပိုင်စားနယ်မြေတွေ ဖြစ်ကုန်ပါပကောလား။ ဒါကိုမှ တစ်ဖက်နဲ့တစ်ဖက် စစ်ဖြစ်တဲ့အခြေအနေ မရောက်သေးဘူးလို့ ဖွတ်ခါင်ငြင်းပြီး ဒီဋ္ဌကောင်ဘိုနာပတ်ရဲ့ ရက်စက်ယုတ်မာမှုတွေ၊ မကောင်းသတင်းတွေကို ဖုံးဖိကာကွယ်နေဦးမယ်ဆိုရင် မှန်နန်းအပျိုတော်ကြီးတို့ကတော့ ကိုယ်တော်ကြီးနဲ့ပါ အဆက်ဖြတ်ရလိမ့်မယ်နော်။ သတိပေးလိုက်ပါယေရဲ့။ ကိုယ်တော်ကြီးဟာ ဒီလိုသာ ဘိုနာပတ်ဘက်ကကာကွယ်ပြောနေရင် မှန်နန်းအပျိုတော်ကြီးတို့ရဲ့ မိတ်ဆွေဆောင်းရင်းလဲ မဟုတ်တော့ဘူး။ ကိုယ်တော်ကြီး ကိုယ့်ကိုယ်ကို ကင်ပွန်းတပ်လေ့ရှိသလို မှန်နန်းအပျိုတော်ကြီးတို့ရဲ့ ကျွန်တော်မျိုးကြီးလို့လဲ အသိအမှတ် မပြုနိုင်တော့ပေဘူး။ ဒီလိုပြောလိုက်လို့ အလန့်တကြားလဲ မဖြစ်လိုက်ပါနဲ့ဦး။ ဒါထက် ကိုယ်တော်ကြီးကော ကျန်းခံ့သာလို့ မာတော်မူရဲ့လား။ ဒီမှာထိုင်ပြီး သတင်းစနည်းလေးများလဲ ပြောပြစမ်းပါဦး"

အချိန်မှာ ၁၈၀၅–ခု၊ ဇူလိုင်လဖြစ်၏။ အထက်ပါစကားများကို ပြောဆိုလိုက်သူကား ပီတာစဘတ် ရွှေမြို့တော်တွင် ထင်ရှားကျော်ကြားသော အင်နာပါဗလိုနာရှာရားဆိုသူ အမျိုးသမီးကြီးဖြစ်လျက် ရွှေနန်းရှင်မယ်တော်ဖုရား မာယာဖီဒိုရိုဗနာ၏အပါးတွင် ခစားသောမှန်နန်းအပျိုတော်ကြီးလည်း ဖြစ်ပေသည်။ မှန်နန်းအပျိုတော်ကြီးသည် မိမိ၏ဧည့်ခံပွဲသဘင်သို့ ပထမဆုံး ရောက်ရှိလာသူဖြစ်သော မင်းသားကြီး ဗာစီလီကို အထက်ပါစကားများဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ခြင်း ဖြစ်ပေသည်။

မင်းသားကြီး ဗာစီလီမှာ ရာထူးဌာနန္တရကြီးတစ်ခုတွင် အမှုတော်ထမ်းဆောင်လျက် ရှိသူဖြစ်၍ ရွှေနန်းတော်အတွင်းအပြင်ကို ဝင်ထွက်ခစားနိုင်သော အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ မှန်နန်းအပျိုတော်ကြီးမှာ ရက်များမကြာမီက ချောင်းဆိုးရင်ကျပ် ဖြစ်လျက်ရှိခဲ့၏။ မှန်နန်းအပျိုတော်ကြီးက ၎င်း၏ရောဂါကို ပီတာစဘတ်ရွှေမြို့တော်အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် သုံးစွဲနေသည့် ဝေါဟာရသစ်အရ "ဂရစ်"ဟု ပြင်သစ်စကားဖြင့် ခေါ်လျက်ရှိသည်။ မှန်နန်းအပျိုတော်ကြီး၏ ဖိတ်ကြားလွှာများမှာလည်း ပြင်သစ်ဘာသာဖြင့် ရေးသားထားလေ့ရှိကာ ဖော်ဂျီရောင်ကိုယ်ကျပ်အင်္ကျီဝတ် အဆောင်ကိုင်များဖြင့် ပေးပို့လေ့ရှိသည်။ ထိုနေ့နံနက်က ပေးပို့လိုက်သော မှန်နန်းအပျိုတော်ကြီး၏ ဖိတ်စာ၌ကား

'မြို့စားကြီး သို့မဟုတ် မင်းသားကြီး။ အကြည်တော်၌ အားလပ်၍ သနားစရာကောင်းသော ဒုက္ခိတလူမမာတစ်ဦးထံ တစ်ညနေခင်းမျှ လာရောက်လည်ပတ်ရန် တာဝန်မကြီးပါက ယနေ့ ညနေ ခုနစ်ချက်တီးမှ ဆယ်ချက်တီး အတောအတွင်း အကြည်တော်နှင့် တွေ့ဆုံရလျှင် များစွာကြည်နူးရွှင်လန်းခြင်း ရှိမည်ဖြစ်ပါကြောင်း'ဟူ၍ ပါရှိလေသည်။

မင်းသားကြီး ဗာစီလီ ရောက်လာ၍ မှန်နန်းအပျိုတော်ကြီးက အထက်ပါအတိုင်း ဆီးကြို နှုတ်ဆက်လိုက်သည်တွင် မင်းသားကြီး ဗာစီလီကလည်း ဣန္ဒြေမပျက်ဖြင့် ပြန်၍ နှုတ်ဆက်လိုက်သည်။

"အလို တယ်လို့လဲ ရန်တွေ့ကောင်းလိုက်ပါကလား မှန်နန်းအပျိုတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီး ဗာစီလီသည် ငွေချည်ထိုး ရွှေနန်းတော်ဝတ်စုံ၊ ဒူးကျပ်ဘောင်းဘီနှင့် ခြေနင်းတို့ကို ဝတ်ဆင်လျက် ရင်ဘတ်ပေါ်တွင် ဆုတံဆိပ်အဆောင်အယောင်များ ချိတ်ဆွဲထား၏။ ပါးစုန့်ကြီးများ အစ်လျက်ရှိသည့် ၎င်း၏ မျက်နှာကား လေးနက်တည်ငြိမ်သောအသွင်ကို ဆောင်လျက်ရှိသည်။ မင်းသားကြီး ဗာစီလီသည် ပြင်သစ်စကားကို ယဉ်ကျေးခန့်ညားစွာ ပြောတတ်သူဖြစ်၏။ ထိုမျှမက မင်းစိုးရာဇာ အသိုင်းအဝိုင်းနှင့် ရွှေနန်းတွင်းတွင် ကြီးပြင်းလာခဲ့သော မင်းပေါက်စိုးပေါက် ပုဂ္ဂိုလ်များ၏ ထုံးစံအတိုင်း ခပ်အေးအေးဖြင့် အပေါ်စီးယူ၍ ပြောတတ်သူလည်းဖြစ်ပေသည်။ မင်းသားကြီး ဗာစီလီသည် မှန်နန်းအပျိုတော်ကြီးထံ လျှောက်လာကာ လက်ခုံကို နမ်းရှုပ်လျက် ဆီမွှေးနံ့သင်း၍ ပြောင်လက်လျက်ရှိသော ၎င်း၏ခေါင်းပြောင်ကြီးကို ညွှတ်၍ နှုတ်ဆက်ပြီးနောက် ထိုင်ခုံတစ်ခုပေါ်တွင် ဣန္ဒြေရစွာ ဝင်ထိုင်လိုက်သည်။

"ကဲ ဒီပြင်ကိစ္စတွေ အသာထားစမ်းပါဦး မှန်နန်းအပျိုတော်ကြီးရဲ့။ ဒါတွေက သိပ်အရေးမကြီးလှပါဘူး။ အရေးကြီးတာက မှန်နန်းအပျိုတော်ကြီးရဲ့ ကျန်းမာရေးပဲ။ ကျုပ်တို့မှာဖြင့် စိုးရိမ်ပူပန်လိုက်ရတဲ့ဖြစ်ခြင်း"

မင်းသားကြီး ဘာစီလီက အိမ်ရှင်၏ ကျန်းမာရေးအတွက် လွန်စွာစိုးရိမ်သောက ဖြစ်နေရဟန်ကို တမင်ဆောင်ကာ ယဉ်ကျေးသိမ်မွေ့စွာ ဆိုလိုက်သည်။ သို့ရာတွင် ထိုဟန်ဆောင်မှု၏ နောက်ကွယ်၌ကား ဂရုမထားဟန်နှင့် လှောင်ပြောင်ဟန်တို့သည် အထင်းသားပေါ်လျက် ရှိကြ၏။

"ဩော် မေးမှမေးရက်ပလေတယ် ကိုယ်တော်ကြီးရယ်၊ အခုလို စိတ္တသုခနဲ့ ကင်းမဲ့နေတဲ့အချိန်မှာ ကာယသုခနဲ့ကော ပြည့်စုံနိုင်ပါဦးမတဲ့လား။ ထောက်ထားစာနာစိတ်ရှိတဲ့ လူတစ်ယောက်ဟာ ဒီလို ဗရုတ်ဗရက်ခေတ်မျိုးကြီးထဲမှာ ဘယ့်နှယ်လုပ်ပြီး အေးအေးဆေးဆေးနေနိုင်ပါ့မလဲ။ ဒါထက် ကိုယ်တော်ကြီး၊ ညှော်ခံပွဲသဘင်ပြီးမှ ပြန်ရမယ်နော်။ ဟုတ်စ"

"ဒီနေ့ ဗုဒ္ဓဟူးနေ့မဟုတ်လား၊ အင်္ဂလိပ် သံတော်ကြီးရဲ့ ညှော်ခံပွဲသဘင်ကိုလဲ တက်စရာရှိသေးတယ် ထင်တယ်ခင်ဗျ။ မသွားလို့ မကောင်းတော့ မျက်နှာပြဖုံလေးဖြစ်ဖြစ်တော့ သွားရလိမ့်မယ် ထင်တယ်။ ဒီမှာ ခဏတစ်ဖြုတ်နေပြီး သံတော်ကြီးရဲ့ ညှော်ခံပွဲကို ဆက်သွားမယ် စိတ်ကူးထားတယ်ခင်ဗျ။ ခဏနေရင် သမီးတော် ရောက်လာပြီး ဝင်ခေါ်လိမ့်မယ်"

မင်းသားကြီး ဗာစီလီက ပြောလိုက်သည်။

"ဒီနေ့ အင်္ဂလိပ်သံတော်ကြီးရဲ့ ညှော်ခံပွဲသဘင်ကို ရွှေ့လိုက်တယ် ထင်တယ်။ မှန်နန်းအပျိုတော်ကြီးတို့ဖြင့် ဒီပွဲလမ်းသဘင်တွေ၊ အပေါ်ယံ ထိန်ထိန်လက်လက်တွေကို ငြီးငွေ့လှပါပြီ ကိုယ်တော်ကြီးရယ်"

"မှန်နန်း အပျိုတော်ကြီးကသာ ရွှေ့စေချင်မှန်းသိရင် အင်္ဂလိပ်သံတော်ကြီးက သူ့ညှော်ခံပွဲကို ရွှေ့ပစ်ရမှာပေါ့ မှန်နန်းအပျိုတော်ကြီးရဲ့"

မင်းသားကြီး ဗာစီလီက ပြောလိုက်သည်။ မင်းသားကြီး ဗာစီလီသည် သံပတ်ပေးထားသော နာရီတစ်ခုကဲ့သို့ တစ်ဖက်သား ယုံလောက်သည်၊ မယုံလောက်သည်ကို စဉ်းစားခြင်း မရှိတော့ဘဲ မြှောက်ပင့်ပြောလေ့ရှိသည့် အကျင့်ရလျက် ရှိလေသည်။

"ဒီလိုလဲ မလှောင်ပါနဲ့ ကိုယ်တော်ကြီးရယ်။ မှန်နန်းအပျိုတော်ကြီးတို့က ဒီလောက်လဲ တန်ခိုးမကြီးသေးပါဘူး။ ဒါထက် သံတော်ကြီး နိုဗိုဆီဆက်ဇ်ရဲ့ စာချွန်တော်နဲ့ ပတ်သက်လို့ ရွှေနန်းတော်ကြီးက ဘယ်လိုများဆုံးဖြတ်တော်မူသတဲ့လဲ။ ကိုယ်တော်ကြီးကတော့ သတင်းစုံ သိမှာပေါ့နော်"

"ကျုပ်တို့တော့ ဘာမှ မသိရပါဘူးဗျာ" မင်းသားကြီး ဗာစီလီက အေးစက်စက် ပြန်၍ပြောလိုက်သည်။ "ပြီးတော့ ရွှေနန်းတော်ကြီးကလဲ ဘာကို ရှည်ရှည်ဝေးဝေး ဆုံးဖြတ်စရာရှိလို့လဲ မှန်နန်းအပျိုတော်ကြီးရဲ့။ ဘိုနာပတ်ဟာ သူ့သင်္ဘောတွေ မီးရှို့ပစ်ခဲ့ပြီး ပြတ်ပြတ်သားသား တိုက်တော့မယ်ဆိုတော့ ကျုပ်တို့ကလဲ ကျုပ်တို့ သင်္ဘောတွေ အကုန်မီးရှို့ပြီး ရင်ဆိုင်တွေ့ကြဖို့ပဲ ရှိတော့တာပေါ့"

ဓာတ်ကွက်တစ်ခုကို ထပ်ပြန်တလဲလဲ ကနေရသော ကချေသည်တစ်ဦးသည် ထိုဓာတ်ကွက်ကို ပြန်ကရာ၌ စိတ်မပါ့တပါဖြစ်လျက် ရှိသကဲ့သို့ မင်းသားကြီး ဗာစီလီသည်လည်း စကားပြောသည့်အခါတွင် အမြဲတမ်း စိတ်မပါ့တပါ ပြောလေ့ရှိသည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလို နာရှုရားကား ဤသို့မဟုတ်ချေ။ မှန်နန်းအပျိုတော်ကြီးသည် အသက် ၄၀ တွင်းသို့ချဉ်းနင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပြီ ဖြစ်သော်လည်း လူငယ်တစ်ဦးကဲ့သို့ သွက်လက်ချက်ချာသူတစ်ဦးဖြစ်၏။ မှန်နန်းအပျိုတော်ကြီးသည် ဆေါင်းသင်းဆက်ဆံရေးကိစ္စ၌ သွက်လက်ချက်ချာခြင်း ရှိစေရန် အမြဲတမ်းအားထုတ်၏။ ဖျတ်လတ်သွက်လက်ချက်ချာသူတစ်ဦး ဖြစ်ရေးသည် မှန်နန်းအပျိုတော်ကြီးအဖို့ မဟာလူမှုဝတ္တရားကြီးတစ်ခု ဖြစ်သည်။ တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးကြောင့် ဖျတ်လတ်သွက်လက် ချက်ချာခြင်းမရှိဘဲ လေးကန်ထိုင်းမှိုင်းနေတတ်သောအခါမျိုးလည်း ရှိတတ်၏။ သို့ရာတွင် ထိုအခါမျိုး၌လည်း မှန်နန်းအပျိုတော်ကြီးသည် မိမိအား သွက်လက်ချက်ချာသူတစ်ဦး အဖြစ် သိနေသူများက စိတ်ပျက်သွားခြင်း မရှိစေရန် ဘမင်ကြိုးစား အားထုတ်၍ သွက်လက်ချက်ချာဟန် ပြုတတ်သူ တစ်ယောက်ဖြစ်လေသည်။ မှန်နန်း အပျိုတော်ကြီးသည် အမြဲတမ်း ဟန်ဆောင်၍ ပြုံးနေတတ်၏။ သို့ရာတွင် ထိုအပြုံးသည် ရင့်ရော်ညှိုးနွမ်းလျက်ရှိသော ၎င်း၏ ရုပ်နှင့် လိုက်လျောခြင်း မရှိတော့ချေ။ မိဘများ၏ အလိုလိုက်ခြင်းကြောင့် နွဲ့ဆိုးဆိုးလျက်ရှိသော ကလေးတစ်ယောက်သည် မိမိနွဲ့ဆိုးဆိုးခြင်းကို မကောင်းဟု သိသော်လည်း နွဲ့ဆိုးဆိုးမြဲဆိုးလျက်ရှိသကဲ့သို့ မှန်နန်းအပျိုတော်ကြီးသည်လည်း မိမိ၏အပြုံးသည် မိမိ၏ အသက်အရွယ်နှင့် လိုက်လျောခြင်း မရှိတော့ဟု ကောင်းစွာသိ၏။ သို့သော်လည်း ထိုသို့ ဟန်ဆောင်ပြုံးတတ်သော အကျင့်ကို ဖျောက်လည်း မဖျောက်လို၊ ဖျောက်လည်း မဖျောက်နိုင်၊ ဖျောက်ဖို့လိုသည်ဟုလည်း မယူဆတော့ချေ။

မင်းသားကြီး ဗာစီလီနှင့် မှန်နန်းအပျိုတော်ကြီးတို့သည် အာလာပသလ္လာပ ပြောကြရာမှ တိုင်းရေးပြည်ရေး ကိစ္စများသို့ စကားစပ်မိသွားကြ၏။ ဤတွင် မှန်နန်းအပျိုတော်ကြီးသည် ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ ရင်ထဲရှိသမျှ ပွင့်အံလာလေတော့သည်။

"အို၊ ဩစတြီးယားပြည် အကြောင်းတော့ မှန်နန်းအပျိုတော်ကြီးကို မပြောစမ်းပါနဲ့။ အသည်းနာလွန်းလို့ပါ။ မှန်နန်းအပျိုတော်ကြီးဟာ တိုင်းရေးပြည်ရေး ပေါက်နဲ့ကျေးဆိုသလို ခက်ခဲနက်နဲလှတဲ့ နိုင်ငံရေးကိစ္စတွေကို သိပ်နားမလည်လှပါဘူး။ ဒါပေမဲ့ ဩစထရီးယားလုပ်ပုံကိုတော့ မှန်နန်းအပျိုတော်ကြီး နည်းနည်းမှမကျေနပ်ဘူး။ ဩစထရီးယားဟာ ဘိုနာပတ်ကို အရင်တုန်းကလဲ မတိုက်လိုခဲ့ဘူး။ အခုလဲ မတိုက်လိုဘူး။ စင်စစ်တော့ ဩစထရီးယားဟာ ရုရှားနိုင်ငံကို သစ္စာဖောက်နေတာနဲ့ အတူတူပဲ။ မှန်နန်းအပျိုတော်ကြီးရဲ့ စိတ်မှာတော့ ဥရောပတိုက်တစ်ခုလုံးကို ဘိုနာပတ်လက်က ကယ်တင်မယ့်သူဟာ ရုရှားတစ်ဦးတည်းပဲရှိတယ်လို့ ထင်တယ်။ မှန်နန်းအပျိုတော်ကြီးတို့ရဲ့ ဘုန်းတော်ကြီးသော ဘုရားဟာ ဘိုနာပတ်ရန် စစ်ကို တွန်းလှန်ရေးဆိုတဲ့ မိမိရဲ့ ကြီးမြတ်တဲ့အလုပ်ကို ကောင်းစွာ သိတော်မူတယ်။ သိတော်မူတဲ့အတိုင်းလဲပဲ ဥရောပတိုက်ကို ဘိုနာပတ်လက်က ကယ်တင်တော်မူမှာပဲ။ ဒီအချက်ကို မှန်နန်းအပျိုတော်ကြီး ခြွင်းချက်မရှိ ယုံတယ်။ မှန်နန်းအပျိုတော်ကြီးတို့ရဲ့ ဘုန်းတော်ကြီးသော ဘုရားဟာကမ္ဘာပေါ်မှာ ဘယ်သူမှ ထမ်းဆောင်ခြင်း မပြုနိုင်တဲ့ အကြီးမြတ်ဆုံးသော တာဝန်ကို ထမ်းဆောင်တော်မူမှာပဲ။ ဘုန်းတော်ကြီးသော ဘုရားရဲ့ ပါရမီတော်နဲ့ ကောင်းမှုကုသိုလ်တော်ကြောင့် ဘုရားသခင်ကလဲ စောင်မတော်မူမှာပဲ။ ဘုန်းတော်ကြီးသော ဘုရားဟာ ကျတဲ့တာဝန်ကို ပခုံးထက်မှာထမ်းပြီး တော်လှန်ရေးဆိုတဲ့ ဖုတ်ပြိတ္တာကြီးကို ချေမှုန်းပစ်မှာပဲ။ တော်လှန်ရေးဆိုတဲ့ ဖုတ်ပြိတ္တာကြီးဟာ ဒီပြင်လူကို ပူးတုန်းက ဒီလောက်မဆိုးဘူး။ ဟောဒီ ဘိုနာပတ်ဆိုတဲ့ အယုတ်တမာ လူသတ်ကောင်ကို ဝင်ပူးတော့မှ ပိုပြီး သရဲမရဲ စီးလာတော့တာပဲ။ ဒီတော့ သစ္စာတရားဘက်က ရပ်ပြီး အသက်သွေးကို စတေးသွားခဲ့ကြသူတွေအတွက် မှန်နန်းအပျိုတော်ကြီးတို့ ရုရှားနိုင်ငံက ဘိုနာပတ်ကို လက်စားချေရပေလိမ့်မယ်။ ကဲ၊ မှန်နန်းအပျိုတော်ကြီးကို မေးမယ်။ မှန်နန်းအပျိုတော်ကြီးတို့ ဘယ်သူ့ကို အားကိုးကြမလဲ။ အင်္ဂလိပ်ကို အားကိုးကြမလား။ အင်္ဂလိပ်ဆိုတဲ့ လူမျိုးဟာ ကိုယ်ကျိုး ကိုယ့်စီးပွားလောက်ကိုသာ ကြည့်တတ်တဲ့ လူမျိုး။ ကုန်သည်စိတ်လောက်သာ ရှိတဲ့လူမျိုး။ ဒီလိုလူမျိုးကို မဟာမိတ်အဖြစ် အားကိုးလို့ မဖြစ်ပေဘူး။ အင်္ဂလိပ်ဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ စေတနာတော်ကြီးမားပုံကို နားမလည်ဘူး။ ခုပဲကြည့်လေ အင်္ဂလိပ်တွေ မော်လတာကျွန်းက ရွှေ့ပေးပါလို့ ဘုန်းတော်ကြီးသော ဘုရားက တောင်းဆိုတာကို အင်္ဂလိပ်ဘုရင်က ငြင်းလိုက်ပြီ မဟုတ်လား။ အင်္ဂလိပ်ဟာ မှန်နန်းအပျိုတော်ကြီးတို့ရဲ့ ဆောင်ရွက်ချက်တွေအပေါ်က သူ့အတွက် အမြတ်ထုတ်ဖို့ အကွက်ကောင်းကို ချောင်းနေတာပဲ မဟုတ်လား။ နှစ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည် မဟာမိတ်အဖြစ်နဲ့ ဘိုနာပတ်ကို ခုခံတိုက်ဖို့နဲ့ ပတ်သက်လို့ သံတော်ကြီး နိုဗိုဆီဆက်ဗ်ကို လွှတ်လိုက်တာလဲ ဘာများအကျိုးထူးလို့လဲ။ ဘာမှ အကျိုးမထူးဘူး။ အင်္ဂလိပ်ဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ ပရဟိတစေတနာတော်ကို နားမလည်ခဲ့ဘူး။ နားလည်း မလည်နိုင်ဘူး။ ဘုန်းတော်ကြီးသော ဘုရားဟာ ဘိုနာပတ်ရဲ့ ကျူးကျော်မှုကို ခုခံတိုက်ခိုက်တဲ့ နေရာမှာ ကိုယ်ကျိုးကြည့်မှုဆိုလဲ မြူမှုန်လောက်တောင် မရှိခဲ့ဘူး။ သတ္တဝါဝေနေယျ အားလုံးကို ကောင်းစေလိုတဲ့ စေတနာသာ ရှိတော်မူတယ်။ လူ့လောကကြီး တစ်ခုလုံးကို ဘိုနာပတ်ရဲ့ ခြေဖဝါးအောက်က ကယ်တင်လိုတဲ့ စေတနာသာ ရှိတော်မူတယ်။ ဒီလို စေတနာထားပါလျက်ကယ်နဲ့ အင်္ဂလိပ်က အကူအညီ ပေးမယ်လို့ ကတိတစ်လုံးများ ပေးခဲ့ဖူးသလား။ ဘာမှမပေးခဲ့ဘူး။ ပေးတဲ့ မဖြစ်စလောက် ကတိကလေးကိုလဲ မစောင့်စည်းခဲ့ဘူး။ ဒီအထဲမှာ စောင်ချမ်းပင်ကမီးတကျီကျီဆိုသလို ပရပ်ရှားကလဲ ရှိသေးတယ်။ ဟောအခုတော့ ဘိုနာပတ်ဟာ ဘုန်းတန်ခိုးတေဇော် ကြီးပါပေတယ်။ ဥရောပတိုက်ကြီးဟာ ဘိုနာပတ်ရဲ့ ဘုန်းတန်ခိုးအာဏာကို တွန်းလှန်ခြင်း မပြုနိုင်တော့ဘူးလို့ ပရပ်ရှားအစိုးရက ကြေညာလိုက်ပြီ မဟုတ်လား။ မှန်နန်း အပျိုတော်ကြီးတို့ကတော့ အင်္ဂလိပ်ကိုလဲမယုံဘူး။ ဩစထရီးယားကိုလဲ မယုံဘူး။ ပရပ်ရှားကိုလဲ မယုံဘူး။ အများပြောနေကြတဲ့ ပရပ်ရှားရဲ့ ကြားနေရေးဝါဒဆိုတာကလဲ စင်စစ်တော့ မှန်နန်းအပျိုတော်ကြီးတို့ကို ထောင်ထားတဲ့ ထောင်ချောက်ပဲ။ မှန်နန်းအပျိုတော်ကြီးတို့ကတော့ ဘုရားသခင်နဲ့ ဘုန်းတော်ကြီးသော ဘုရားကိုသာ ယုံတယ်။ ဘုန်းတော်ကြီးသော အလက်ဇန်းဒရားမင်းမြတ်ဟာ ဥရောပတိုက်ကို ကယ်တင်တော်မူလိမ့်မယ်"

မှန်နန်းအပျိုတော်ကြီးသည် စကားကို ရုတ်တရက် ရပ်လိုက်ပြီးနောက် မိမိ၏စကားပြော သွက်လက်ချက်ချာမှုကို သဘောကျ၍ ပြုံးလိုက်သည်။ မင်းသားကြီး ဗာစီလီကလည်းပြုံးလျက်ဖြင့်

"အမှန်ကတော့ ပရပ်ရှားဘုရင်ထံကို ဗိုလ်ချုပ်ကြီး ဝင်ဇင်ဂျီရိုဒီကို သံတော်ကြီးအဖြစ် မလွှတ်ဘဲ မှန်နန်းအပျိုတော်ကြီးကို လွှတ်လိုက်ဖို့ကောင်းသဗျ။ မှန်နန်းအပျိုတော်ကြီးကိုသာ လွှတ်လိုက်ရင်တော့ ပရပ်ရှားဘုရင်ကို အတင်းတိုက်သိမ်းပြီး ကျုပ်တို့နဲ့အတူ စစ်ထဲဝင်လိုက်ဖို့ သဘောတူညီချက်ရအောင် လုပ်နိုင်ခဲ့မလား မသိဘူး။ အိမ်း၊ အပျိုတော်ကြီးကဖြင့် မြင်းကောင်း စိုင်းသလို စကားပြောလဲကောင်းပါပေတယ်။ သွက်လက်ချက်ချာပါပေတယ်။ ကဲ သနားသဖြင့် လက်ဖက်ရည်ကလေး တစ်ခွက်လောက်တော့ တိုက်ရင် ကောင်းမယ်ထင်တယ်ခင်ဗျ"

"သြော် ခဏ၊ ခဏ၊ စကားမစပ် ပြောလိုက်ရဦးမယ်။ ဒီနေ့ည မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံသဘင်ပွဲကို အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ လူနှစ်ယောက် လာလိမ့်မယ်။ တစ်ယောက်က ပြင်သစ်မြို့စားလေး မော်တီမာတဲ့။ ပြင်သစ်မူးမတ် ဆွေကြီးမျိုးကြီးထဲကလေ။ မြို့စားလေး မော်တီမာကတော့ နပိုလီယန်ကို ဆန့်ကျင်ပြီး နိုင်ငံခြားကို ထွက်ပြေးလာတဲ့ မူးမျိုးမတ်နွယ်တွေထဲမှာ အဓိပတိ တစ်ယောက်ပေပဲ။ နောက်တစ်ယောက်ကတော့ ပြင်သစ်မဟာဒဏ်ဝန် မိုရိယိုတဲ့။ အဓိကရုထင်ရှားတဲ့ အဘိဓမ္မာ ပညာရှင်တစ်ဦးပဲ။ ကိုယ်တော်ကြီး သိမလား မဆိုနိုင်ဘူး။ ဘုန်းတော်ကြီးသော ဘုရားကိုယ်တိုင်က ရှေ့တော်မှောက် ခစားခွင့် ပြုခဲ့တယ်လေ။ ကိုယ်တော်ကြီး မကြားမိဘူးလား"

"အိမ်း၊ ဒီလို အကျော်ဇေယျ ပုဂ္ဂိုလ်ကြီးတွေနဲ့ သိရတာ အတိုင်းထက်အလွန် ဝမ်းသာစရာပေပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်သိချင်တာ တစ်ခုရှိတယ် မှန်နန်းအပျိုတော်ကြီးရဲ့"

မင်းသားကြီး ဗာစီလီသည် ထိုကိစ္စကို သိလို၍သာ မှန်နန်းအပျိုတော်ကြီး၏ ညှော်ခံပွဲသဘင်သို့ လာရောက်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် မင်းသားကြီး ဗာစီလီသည် ယခုမှ အမှတ်ရလာသဖြင့် စကားကြုံ၍ မေးသည့်နှယ် အရေးမကြီးဟန် ပြုလျက်ရှိ၏။

"ရွှေနန်းရှင်မယ်တော်ဖုရားက အမတ်ကြီးဖွန်ကိုကို ဗီယင်နာ သံရုံးတော်မှာ ပထမအတွင်းဝန် ခန့်လိုတယ်လို့ သတင်းဖြစ်နေတယ်။ အဲဒါဟုတ်သလား။ အမတ်ကြီးကတော့ နုန့်နဲ့လွန်းသဗျာ။ ဘယ်ဘက်က ကြည့်ကြည့်အားရစရာ မရှိဘူး"

မင်းသားကြီး ဗာစီလီသည် ထိုရာထူးကို ၎င်း၏သားအတွက် ကြိုးစားလျက်ရှိ၏။ အခြားသူများကလည်း အမတ်ကြီးအတွက် ရွှေနန်းရှင် မယ်တော်ဖုရားမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



သို့ရာထူးကို ရရှိရန် အသီးသီးကြိုးစားလျက် ရှိကြလေသည်။ မင်းသားကြီးသည် ထိုကိစ္စကို စုံစမ်းရန်အတွက် ယနေ့ည ညွှန်ခံပွဲသဘင်သို့ လာရောက်ခြင်း ဖြစ်လေသည်။

မှန်နန်း အပျိုတော်ကြီးသည် ရုတ်တရက် ဖြေကြားခြင်း မပြုသေးဘဲ မျက်စိများကို ခေတ္တမျှ ပိတ်ထားလိုက်သည်။ ဤအပြုအမူမှာ နန်းမတော် မိဖုရား၏ စိတ်အလိုဆန္ဒကို မည်သူမျှ ဝေဖန်ပြောဆိုပိုင်ခွင့် မရှိကြောင်း အမူအရာဖြင့် ညွှန်ပြလိုက်ခြင်း ဖြစ်ပေသည်။

"အမတ်ကြီး ဖွန်ကီကို ခန့်ဖို့ မယ်တော်ဖုရားကို ထောက်ခံသူကတော့ မယ်တော်ဖုရားရဲ့ ညီမတော်ကိုယ်တိုင်ပဲ"

မှန်နန်းအပျိုတော်ကြီးက မပြောချင်ပြောချင် အမူအရာမျိုးဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ရွှေနန်းရှင် မယ်တော်ဖုရား၏ အမည်ကို ရွတ်ဆိုရာ၌ မှန်နန်းအပျိုတော်ကြီး၏မျက်နှာမှာ ရွှေနန်းရှင် မယ်တော်ဖုရားအားများစွာကြည်ညိုလေးစားကာ သစ္စာရှိလေဟန်ပေါ်သော မျက်နှာထားမျိုးဖြစ်လျက် မှန်နန်းအပျိုတော်ကြီးသည် ရွှေနန်းရှင် မယ်တော်ဖုရားနှင့် ပတ်သက်လာတိုင်းလည်း ဤဟန်ပန်မျိုးကို ဆောင်တတ်လေသည်။

မင်းသားကြီး ဗာစီလီက ဘာကိုမျှထူးခြား အံ့သြဟန်မပြဘဲ ခပ်မဆိတ်ပင်နေလိုက်သည်။ သို့ရာတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာရှာရားကား မိန်းမတို့၏သခ်နပွတ္တိဉာဏ်နှင့် နန်းတွင်းသူတို့၏ ပရိယာယ်တို့ကို •ပေါင်းစပ်ကာ ရွှေနန်းရှင်မယ်တော်ဖုရားကိုယ်တိုင်ထောက်ခံထားသူ အမတ်ကြီးတစ်ယောက်အား မထိလေးစား ပြောသည့်အလျောက် မင်းသားကြီး ဗာစီလီကို ချေပလိုသည့် အတွက်ကြောင့်တစ်ကြောင်း၊ တစ်ဖန်မင်းသားကြီး ဗာစီလီအား နှစ်သိမ့်အားပေးရန် အတွက်ကြောင့်တစ်ကြောင်းစကားဆက်လိုက်သည်။

"ကဲ ကိုယ်တော်ကြီးတို့ အိမ်သားများကော ကျန်းခံ့သာကြရဲ့ မဟုတ်လား။ ကိုယ်တော်ကြီးရဲ့ သမီးတော်ကိုမြင်ရတဲ့သူများကတော့ တစ်ခါတည်း စိတ်နှလုံးကို ရွှင်ပြီး လန်းဆန်းသွားတော့တာပဲ။ အင်း... သမီးတော်ကတော့ မြင်သူငေးလောက်အောင်ကို ချောပါပေတယ်"

မင်းသားကြီး ဗာစီလီက ကျေးဇူးတင် လေးစားကြောင်း ပြသည့်သဘောဖြင့် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

"အပျိုတော်ကြီးကတော့"

မှန်နန်း အပျိုတော်ကြီးသည် စကားကို ဖြတ်ထားလိုက်ပြီးနောက် မင်းသားကြီး ဗာစီလီ၏ အပါးသို့ကပ်လာကာ တိုင်းရေးပြည်ရေးကိစ္စများကို အပြီးသတ်၍ ကိုယ်ရေးကိုယ်တာကိစ္စများကို ရင်းနှီးစွာ ပြောဆိုရန်ဟူသော သဘောဖြင့် နှစ်လိုဖွယ် ပြုံးလိုက်ပြီးနောက်

"အပျိုတော်ကြီးကတော့ တစ်ခါတလေ စိတ်ကူးပေါက်မိတယ် သိလား။ လူတွေဟာ လောကီသုခ လူ့ဘဝချမ်းသာတွေကို ရကြတဲ့နေရာမှာ မညီမျှကြပါကလား။ သုခချမ်းသာမရှိတဲ့ လူကျတော့ ဘာမှမရှိကြဘဲ ရှိပြီးသားလူကျတော့လဲ ရေများရာ မိုးရွာဆိုသလို ထပ်လို့ထပ်လို့သာ တိုးနေတော့တာပဲ။ ကြည့်လေ ကံတရားများ ဘယ်လောက်မတရားသလဲဆိုရင် ကိုယ်တော်ကြီးတို့များတော့ သားသမီးရတနာက တစ်ယောက်မကဘူး၊ နှစ်ယောက်တောင်ပဲ။ ဒီအထဲမှာ ကိုယ်တော်ကြီးရဲ့ သားတော်အထွေးဆုံး အနာတိုလီတော့ မပါဘူး။ အဲသူကတော့ တစ်ဘာသာပဲ။ အပျိုတော်ကြီးကတော့ သူ့ကို သိပ်ကြည့်လို့ မရဘူး။ ကျန်တဲ့နှစ်ယောက်ကတော့ဖြင့် တကယ့်ကို ချစ်စရာကောင်းတဲ့ ကလေးတွေပါပဲ။ ဒီကလေးနှစ်ယောက်ရဲ့ ချစ်စရာကောင်းပုံကို အကဲဖြတ်တဲ့ နေရာမှာ ကိုယ်တော်ကြီးဟာ အခြားသူတွေထက် လျှော့နည်းနေရင်တော့ ကိုယ်တော်ကြီးဟာ သားသမီးရတနာနဲ့ မတန်လို့သာ ဖြစ်ရမယ် ဟဲဟဲ"

မှန်နန်းအပျိုတော်ကြီးက ကြည်နူးစွာ ပြုံးရယ်ပြီးလိုက်၏။

"ဒါတော့ ကိုယ့်အကြောင်းတရားနဲ့ ကိုယ်ပေါ့လေ။ ကျုပ်ကတော့ ဘယ်သူ့ ဘယ်သူ့ကိုမှထူးပြီး ချစ်လှတယ်လဲ မဟုတ်ဘူး။ မချစ်ဘူးလဲ မဟုတ်ပါဘူး။ ဒီလိုပြောလို့ မိဘမေတ္တာ ခေါင်းပါးလှချည်ရဲ့ ဆိုချင်လဲ ဆိုကြပေတော့"

"ဒီလိုလဲ မပြောနဲ့လေ။ တကယ်ပါ။ ကိုယ်တော်ကြီးကို အရေးကြီးတဲ့ စကားတစ်ခွန်းလောက် ပြောချင်လို့ပါ။ ကိုယ်တော်ကြီးရဲ့ သားတော်အထွေးကိုတော့ မှန်နန်းအပျိုတော်ကြီး သိပ်ကြည့်လို့ မရဘူး။ ကိုယ့်အချင်းချင်းမို့ ပြောလိုက်ရဦးမယ် (မှန်နန်းအပျိုတော်ကြီးက စိတ်မချမ်းမြေ့သောအသွင်ကို ဆောင်လိုက်ပြီးနောက်) သူ့သတင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ရွှေနန်းရှင် မယ်တော်ဖုရားရဲ့ ရွှေနားတော် အထိအောင်ပေါက်တာပဲ။ ရွှေနန်းရှင် မယ်တော်ဖုရားက ကိုယ်တော်ကြီးအတွက် စိတ်မကောင်းတောင် ဖြစ်တော်မူသေးတယ်"

မင်းသားကြီးသည် ဘာမျှမပြောဘဲ ငြိမ်နေ၏။ မှန်နန်းအပျိုတော်ကြီးကလည်း မင်းသားကြီး၏ အဖြေကို နားစွင့်လျက်ရှိ၏။ မင်းသားကြီး ဗာစီလီမှာကား မျက်မှောင်ကုတ်လျက်ရှိနေ၏။

"ကျုပ် ဘာတတ်နိုင်မှာလဲ အပျိုတော်ကြီး" မင်းသားကြီးက ပြောလိုက်သည်။ "သင်းတို့တစ်တွေ ပညာရေးအတွက် ကျုပ်ဟာ အဖေတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံးလုပ်ခဲ့ပြီးပြီ။ ဒါကို အပျိုတော်ကြီးလဲ သိသားပဲ။ ဒါပေမဲ့ ဘယ်လိုပဲလုပ်လုပ် သားနှစ်ယောက်စလုံး တစ်ယောက်မှ မကောင်းဘဲ လူရမ်းကားတွေချည်း ဖြစ်လာတယ်။ သားကြီး ဟစ်ပိုလီတီက အေးအေးကုပ်ကုပ်နဲ့ ရမ်းတယ်။ သားငယ် အနာတိုလီက ဆူဆူပူပူနဲ့ သောင်းကျန်းတယ်။ ဒါပဲ ကွာခြားတယ်"

မင်းသားကြီး ဗာစီလီက ပြောရင်း ဟန်ဆောင်ခြင်းမရှိဘဲ ပြုံး၍ပြောလိုက်သည်။ ဟန်ဆောင်ခြင်းမရှိ၊ ပကတိပြုံးလိုက်သော အပြုံးဖြစ်လေရာ ထိုအပြုံးသည် မင်းသားကြီး ဗာစီလီ၏ နှစ်လိုဖွယ် ကင်းမဲ့သော ပကတိရုပ်သဏ္ဍာန်ကို ဘွားဘွားကြီး ဖွင့်လှစ်ပြလိုက်သကဲ့သို့ပင် ရှိတော့သည်။

"အင်း၊ ကိုယ်တော်ကြီးလို အေးအေးနေတဲ့ ဖအေမျိုးမှာမှ ဘာလို့များ သားလူရမ်းကားတွေ မွေးလာသလဲ မသိဘူးနော်။ အေးလေ၊ အပျိုတော်ကြီးကတော့ သားသမီးမကောင်း မိဘခေါင်းမို့ ဝတ္တုရားအတိုင်း ဖအေလုပ်သူကို ပြောပြရတာပါ"

မှန်နန်းအပျိုတော်ကြီးက ခပ်ညည်းညည်း ပြောလိုက်သည်။

"ကျုပ်တို့ကတော့ ကျေးတော်မျိုး ကျွန်တော်မျိုးပါ အပျိုတော်ကြီး။ တိုးတိုးဖော် တိုင်ပင်စရာဆိုလို့လဲ မှန်နန်းအပျိုတော်ကြီးတို့လောက်ပဲ ရှိပါတယ်။ မှန်နန်းအပျိုတော်ကြီးကိုတော့ ခပ်ပြောင်ပြောင်ပဲ ဖွင့်ဝန်ခံရတော့မှာပဲ။ အမှန်ကတော့ ကလေးတွေဟာ ကျုပ်ကို ဒုက္ခပေးနေကြတာပဲ။ ဒီကလေးတွေဟာ ကျုပ်ဘဝရဲ့ ပျက်စီးရာပျက်စီးကြောင်းတွေပဲ။ ဒီဒဏ်ကိုတော့ ခံရဦးမှာပဲ။ ကိုယ့်ကိုယ်ကိုလဲ ဒီလိုပဲ ဖြေရတော့တာပဲ။ မတတ်နိုင်တော့ဘူး"

မင်းသားကြီး ဗာစီလီသည် နောက်ထပ် ဘာမျှမပြောတော့ဘဲ ရက်စက်လှသော ကံကြမ္မာကို စိတ်ပျက်လက်လျှော့ ဟန်ပြလိုက်၏။ မှန်နန်းအပျိုတော်ကြီးကား တစ်စုံတစ်ရာကို တွေးနေဟန် ရှိလေ၏။

"ကိုယ်တော်ကြီးရဲ့ သားဆိုးသားမိုက် အနာတိုလီကို ထိမ်းမြားလက်ထပ်ပေးဖို့ကော စိတ်မကူးဘူးလား"

မှန်နန်းအပျိုတော်ကြီးက မေးလိုက်၏။

"အပျိုကြီးများ အောင်သွယ်တော်လုပ်ပေးဖို့ သိပ်ဝါသနာပါကြတာပဲလို့ ပြောသံ ကြားဖူးတယ်။ မှန်နန်းအပျိုတော်ကြီးကတော့ ဒီကိစ္စမျိုးမှာ ဝါသနာပါလှတယ်လို့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ အဖေနဲ့ သိပ်အဆင်မပြေတဲ့ သူငယ်မကလေးတစ်ယောက်တော့ ရှိတယ်။ သူငယ်မကလေးကတော့ ကိုယ်တော်ကြီးတို့ ဆွေတော်မျိုးတော်ထဲကပဲ။ မင်းသမီး မေရီဘိုလကွန်စကားယားလေ"

မင်းသားကြီးဗာစီလီသည် လောကီကိစ္စများကို ကောင်းစွာ နားလည်သူပီပီ တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုဘဲ မှန်နန်းအပျိုတော်ကြီး၏ စကားကို အသိအမှတ် ပြုသည့်အနေဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ရှိလေ၏။ နောက်ဆုံး မိမိ၏စိတ်ကူးများကို အောင့်အည်းမထားနိုင်သည့် အခါကျတော့မှ

"အနာတိုလီကြောင့် တစ်နှစ်တစ်နှစ် ကုန်ရတဲ့ ငွေဟာ မနည်းဘူး မှန်နန်းအပျိုတော်ကြီး။ နှစ်စဉ်ငွေဒင်္ဂါး လေးသိန်းကုန်တယ်။ ဒီတော့"

မင်းသားကြီး ဗာစီလီသည် အတန်ကြာ ရပ်နေသည်။

"ဒီအတိုင်းသာ နောက်ငါးနှစ်လောက် ဆက်သွားရင် ဘယ်လိုနေမလဲဆိုတာ မှန်နန်းအပျိုတော်ကြီးသာ စဉ်းစားကြည့်ပေတော့။ အေးလေ အဖေဆိုတာ ဒီလိုဝဋ်ခံကြရစမြဲပဲမဟုတ်လား။ ဒါထက် နေစမ်းပါဦး၊ မှန်နန်းအပျိုတော်ကြီးပြောတဲ့ မင်းသမီးက ချမ်းသာရဲ့လား"

"သူ့ခမည်းတော်ကြီးကတော့ သိပ်ချမ်းသာတာပဲ။ ချမ်းသာသလောက်လဲ စစ်စီတယ်။ ခုတော့ ခမည်းတော်မင်းသားကြီးကတော့ ကျေးတောစံအိမ်မှာ စံနေတော်မူတယ်လေ။ ကိုယ်တော်ကြီး သိမှာပါ။ မင်းသမီးရဲ့ခမည်းတော်က အရင် နတ်ရွာစံကိုယ်တော်ကြီး လက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကြည်းတပ်မတော်က အငြိမ်းစားယူသွားတဲ့ မင်းသားကြီး ဘိုလကွန်စကီလေ။ 'ပရပ်ရှားဘုရင်'လို့လဲ ကျီစယ်ပြီး ခေါ်ကြတယ်။ ခမည်းတော်ကြီးက လည်လည် ဘယ်ဝယ်တော့ ရှိပါရဲ့။ ဒါပေမဲ့ လူကတော့ လူထူးလူဆန်း ကြီးပဲ။ ဒီအထဲ စကားပြောကလဲ ရှည်ပါဘိသနဲ့။ မင်းသမီး ကလေးခမျာ စိတ်ချမ်းသာရတယ်လို့ကို မရှိရှာပါဘူး။ မင်းသမီးကလေးမှာ မောင်တစ်ယောက်ရှိတယ်။ ကိုယ်တော်ကြီးများ သိမလား မဆိုနိုင်ဘူး။ အဲဒီမောင်တော်က မင်းသမီးလေး လီဇာနဲ့ မကြာခင်ကမှ စုလျားရစ်ပတ် လက်ထပ်တော်မူခဲ့တယ်လေ။ ခုတော့ ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်ရဲ့ ကိုယ်ရံတော်အဖြစ် အမှုထမ်းနေတယ်။ ဒီနေ့ည ညှော်ခံပွဲကိုလဲ လာလိမ့်မယ်"

"ဒီမှာ မှန်နန်းအပျိုတော်ကြီး"

မင်းသားကြီး ဗာစီလီသည် မှန်နန်းအပျိုတော်ကြီး၏လက်ကို ရုတ်တရက် ဆွဲကိုင်ချလိုက်ပြီးနောက် တစ်စုံတစ်ခုကို သတိရကာ လက်ကို အောက်သို့ ဆွဲချလိုက်သည်။

"ကျုပ်ဟာ မှန်နန်းအပျိုတော်ကြီးတို့ရဲ့ သစ္စာရှိသော ငယ်ကျွန်ကြီးပါ။ ဒီတော့ ဒီကိစ္စကို မှန်နန်းအပျိုတော်ကြီးသာကြည့်ပြီး စီစဉ်ပေတော့။ ကျုပ်ကတော့ ဥစ္စာပစ္စည်း ရှိပြီး မျိုးကောင်းဆွေကောင်းထဲကဆိုရင် ဘာမှ ကန့်ကွက်စရာမလိုပါဘူး"

မင်းသားကြီး ဗာစီလီသည် တည်ငြိမ်စွာဖြင့်ပင် မှန်နန်းအပျိုတော်ကြီး၏လက်ကို ဆွဲယူလိုက်ကာ လက်ခုံကို နမ်းရှုပ်လိုက်ပြီးနောက် ထိုင်ခုံတွင်ထိုင်ရင်းက ကိုယ်ကြီးကို ယိမ်းထိုးလျက် အဝေးသို့ ငေးကြည့်နေ လေ၏။

"ကောင်းပြီလေ၊ ဒါဖြင့် မင်းသားကလေး အင်ဒရေ ဘိုလကွန်စကီရဲ့ ကြင်ရာတော်လီဇာကို ဒီနေ့ညနေပဲ အပျိုတော်ကြီး စကားထည့်လိုက်မယ်။ အားလုံးအဆင်ပြေလိမ့်မယ် ထင်ပါတယ်။ မှန်နန်းအပျိုတော်ကြီးက ကိုယ်တော်ကြီးတို့ ဆွေတော် မျိုးတော်ကိုယ်စားပေါ့။ အောင်သွယ်တော်ကြီး အလုပ်ကို အစမ်းစာမေးပွဲ ဝင်ကြည့်ရသေးတာပ ဟဲဟဲ"

# အခန်း ၂

မှန်နန်းအပျိုတော်ကြီး၏ ညှော်ခန်းဆောင်တွင် မင်းပရိသတ်တွေ တဖြည်းဖြည်း များလာလေသည်။ ပီတာစဘတ် ရွှေမြို့တော်တစ်ခုလုံး၌ မင်းစိုးရာဇာ မှူးမျိုးမတ်နွယ်ဟူသမျှသည် တဖွဲဖွဲရောက်လာလျက် ရှိကြ၏။ အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန်သာ ခြားနားကြသော်လည်း အတန်းအစားမှာ တစ်မျိုးတည်းသာ ဖြစ်ကြလေသည်။

မင်းသားကြီး ဗာစီလီ၏ လှပချောမွေ့သောသမီးတော် ဟယ်လင်သည် ခမည်းတော်အား အင်္ဂလိပ်သံတော်ကြီး၏ညှော်ခံပွဲသို့ လိုက်ပို့ရန်အတွက် ရောက်လာလေသည်။ ဟယ်လင်မင်းသမီးသည် ကပွဲတန်ဆာဝတ်စုံကို ဆင်မြန်းလျက် ရင်အုံတွင် မှန်နန်းအပျိုတော်တို့၏ အမှတ်အသားဖြစ်သော ရွှေရင်ထိုးကို ထိုးချိတ် ထားလေ၏။ ပီတာစဘတ် ရွှေမြို့တော်၏ အလှသရဖူဟု ထင်ရှားသော ငယ်ရွယ်နုမျစ်သည့် မင်းသမီးလေး လီဇာလည်း ရောက်ရှိလာလေသည်။ မင်းသမီးကလေး လီဇာသည် မင်းသားကြီး ဘိုလကွန်စကီ၏သားတော် မင်းသားကလေး အင်ဒရေနှင့် လွန်ခဲ့သည့် ဆောင်းရာသီကမှ စုလျားရစ်ပတ် လက်ထပ်ခဲ့ပြီး ပငိုသန္ဓေ စွဲကပ်ခဲ့သည်နှင့် လူစုလူဝေးကြီးမားလှသော ပွဲလမ်းသဘင်များကို သွားလေ့မရှိဘဲ ညှော်ခံပွဲကလေးများလောက်ကိုသာ တက်ရောက်လေ့ရှိ၏။ မင်းသားကြီး ဗာစီလီ၏ သားတော်ကြီး ဟစ်ပိုလီတီနှင့် ပြင်သစ်မြို့စားမော်တီမာ၊ ပြင်သစ်မဟာဒဏ်ဝန် မိုရီယို စသူတို့လည်း အသီးသီး ရောက်ရှိလာကြလေ၏။

ညှော်သည်သစ် ရောက်လာတိုင်းလည်း မှန်နန်းအပျိုတော်ကြီးမှာ "မှန်နန်းအပျိုတော်ရဲ့ ဒွေးတော်ကြီးကို မတွေ့ဖူးသေးဘူး မှတ်တယ်"ဆိုကာ အသက်အရွယ်အတော်ကြီးလှပြီဖြစ်သော အမျိုးသမီးကြီးထံသို့ ခေါ်ဆောင်သွားရသည်မှာလည်း အမောပင်ဖြစ်ပေသည်။ မှန်နန်းအပျိုတော်ကြီး၏ ဒွေးတော်ကြီးဆိုသူမှာ ညှော်သည်များ ရောက်လာသည်နှင့် ဖဲပြားကြိုးများ တပ်ဆင်ထားသည့် ဦးထုပ်ကို ဆောင်းကာ အခန်းထဲသို့ ရောက်လာလေသည်။ မှန်နန်းအပျိုတော်ကြီးသည် ဒွေးတော်ကြီးကို တစ်လှည့် ညှော်သည်ကိုတစ်လှည့်ကြည့်၍ နာမည်ကိုထုတ်ဖော်ကာ တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ပေးပြီးနောက် အပါးမှ ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ဧည့်သည်တော် မင်းပရိသတ်တို့သည် မှန်နန်းအပျိုတော်ကြီး၏ အိုမင်းလှပြီဖြစ်သော ဒွေးတော်ကြီးကို နှုတ်ဆက်ကြ၏။ နှုတ်ဆက်၍သာ ဆက်ရသော်လည်း ဒွေးတော်ကြီးကို မည်သူမျှ မသိကြချေ။ မည်သူကမျှလည်း တောင့်တောင့်တတ သိလိုကြသည်မဟုတ်ချေ။ မည်သူကမျှလည်း ဂရုတစိုက် အရာသွင်းကြသည် မဟုတ်ချေ။ မှန်နန်းအပျိုတော်ကြီးမှာ ဧည့်သည်များ၏ နှုတ်ဆက်ပုံကို တိတ်ဆိတ်စွာကြည့်ကာ ဝမ်းနည်း၍မဆုံး ဖြစ်နေမိ၏။ ဒွေးတော်ကြီးကလည်း လာရောက်နှုတ်ဆက်သမျှသော မင်းပရိသတ်တို့ကို စကားတစ်ခွန်းထက်ပို၍ ပြောတတ်ဟန် မရှိဘဲ ဧည့်သည်၏ ကျန်းမာရေး၊ မိမိ၏ ကျန်းမာရေးနှင့် ရွှေနန်းရှင်မယ်တော်ဖုရား၏ ကျန်းမာရေးတို့ကိုသာ ထပ်တလဲလဲ ပြောလျက်ရှိ၏။ လာရောက်နှုတ်ဆက်ရသည့် ဧည့်သည်မှာလည်း ယဉ်ကျေးသမှုအနေဖြင့်သာ အောင့်အည်း၍ နှုတ်ဆက်ရသော်လည်း နှုတ်ဆက်ပြီးသည်နှင့် လွန်စွာ လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျှောကျသွားသကဲ့သို့ တစ်ကိုယ်လုံး ပေါ့ပါးသွားကာ မြန်နိုင်သမျှ မြန်မြန် ထိုအဘွားကြီးအနီးမှ ထွက်လာကြပြီး တစ်ညနေလုံး ခပ်ရှောင်ရှောင် လုပ်နေကြလေသည်။

မင်းသမီးလေး လီဇာသည် ထိုးလက်စ သိုးမွေးထည်တစ်ထည် ထည့်ထားသော ရွှေချည်ထိုး ကတ္တီပါအိတ်ကို လက်မောင်းတွင် ချိတ်ထားသည်။ ရေရေးမျှ မြင်နိုင်၍ နူးညံ့မည်းမှောင်သော မွေးညင်းနုလေးတစ်ပင် ပေါက်လျက်ရှိသည့် မင်းသမီးလေး၏ အထက်နှုတ်ခမ်းမှာ လှပသော သွားများကို ဖုံးအုပ်နိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ တိုနေသယောင်ထင်ရ၏။ သို့ရာတွင် ဤသို့ အထက်နှုတ်ခမ်းကလေးနှင့် အောက်နှုတ်ခမ်းကလေး မထိတထိ ဖြစ်နေပုံကပင်လျှင် တစ်မျိုးချစ်စရာကောင်းနေလျက် အောက်နှုတ်ခမ်းကို ထိစေရန် အပေါ်နှုတ်ခမ်းကို ဖုံး၍ စုလိုက်သည့်အခါများတွင်ကား ပို၍ပင် နှစ်သက်စွဲလမ်းဖွယ် ကောင်းနေပေသေး၏။ ယောကျ်ားတို့၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်သကဲ့သို့ ရှိအောင် ညှို့ဓာတ် အားကောင်းသော မိန်းမတို့၌ တစ်နေရာရာက ချို့ယွင်းချက်ကလေးတစ်ခု ရှိကြစမြဲဖြစ်ရာ မင်းသမီးကလေးလီဇာမှာလည်း အပေါ်နှုတ်ခမ်းကလေး မဖြစ်စလောက်တိုနေ၍ ပါးစပ်တစ်ဝက်မျှ ပွင့်နေသည်၌ ထိုချို့ယွင်းချက်ကလေးသည်ပင် မင်းသမီးကလေးလီဇာ၏အလှကို ပိုမို၍ ထူးခြားအောင် တန်ဆာဆင်ပေး လိုက်သကဲ့သို့ ရှိပေသည်။ မိခင်အလောင်းအလျာဖြစ်သည့် လှပနုနယ်သော မင်းသမီးကလေးလီဇာမှာ ကျန်းမာတောင့်တင်းလျက် သန္ဓေသားကို လွယ်ထားရသည်မှာလည်း တစ်ချက်ကလေးမျှ ပင်ပန်းဟန် မရှိ။ ပကတိ ဖျတ်လတ် ပေါ့ပါးနေခြင်းကြောင့် မြင်ရသူတိုင်း စိတ်နှလုံး ကြည်အေး၍ သွားရသည်ချည်းသာ ဖြစ်လေသည်။ မင်းသမီးလေးလီဇာနှင့် မျက်နှာချင်းဆိုင်ကာ ခဏတာမျှ ဝိုင်းဖွဲ့ စကားပြောလိုက်ရသည့် နောက်တွင် အဘိုးကြီးရော လူ့ဘဝကို ငြီးငွေ့နေသည့် လူငယ်လူရွယ် လူလတ်မှန်သမျှပါ မင်းသမီးကလေးလို ကျန်းမာတောင့်တင်းကာ ပေါ့ပါးဖျတ်လတ်လာသည်ဟု ထင်မှတ်ရပေသည်။ စကားတစ်ခွန်းပြောလိုက်တိုင်း မင်းသမီးကလေး၏ တောက်ပသောအပြုံးနှင့် ဖြူဖွေးပြောင်လက်သော သွားများကို ငေးမောကြည့်ရှုမိကြကာ ယနေ့ကား အထူး ရွှင်မြူးကြည်နူးဖွယ်ကောင်းသော နေ့ပေတကားဟု စွဲမှတ်သွားရသူချည်းသာ ဖြစ်သည်။

မင်းသမီးကလေး လီဇာသည် ရွှေချည်ထိုး ကတ္တီပါအိတ်ကို လက်မောင်းတွင် ချိတ်လျက် လှပသွက်လက်သော ခြေလှမ်းစိတ်စိတ်ကလေးများဖြင့် စားပွဲကိုလှည့်ပတ်လျှောက်လာခဲ့ပြီးနောက် ဝတ်စုံကို လွှားခနဲဖြန့်ကာ ငွေလက်ဖက်ရည်ကရားအနီးရှိ ထိုင်ခုံပေါ်တွင် ဝင်၍ ထိုင်လိုက်လေသည်။ သူ၏ဟန်ပန်အမူအရာဟူသမျှသည် သူကိုယ်တိုင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ရွှင်ပြုံးကြည်နူးစေသည်ချည်းသာ ဖြစ်ပေသည်။

"ထိပ်ထားကိုယ်တိုင် သိုးမွေးထည် ထိုးနေတယ် မှန်နန်းအပျိုတော်ကြီးရဲ့"

မင်းသမီးကလေးက မှန်နန်းအပျိုတော်ကြီးကို လှမ်း၍ ပြင်သစ်လို ပြောလိုက်သည်။

"ကြည့်စမ်း၊ မှန်နန်းအပျိုတော်ကြီးတို့များ သိပ်အကျီစားသန်တာပဲ။ လီဇာထိပ်ထားကို ပြောတော့ ခပ်ကျဉ်းကျဉ်းကလေးဆို၊ ကြည့်ပါဦး။ ဧည့်ခံပွဲကလေးဆိုလို့ ထိပ်ထားက ပြီးစလွယ် ဝတ်စားလာတာ။ ခုတော့ ရှက်စရာကြီး ဖြစ်နေပြီ"

မင်းသမီးကလေး လီဇာသည် သွယ်ပျောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းနှစ်ဖက်ကို ဆန့်တန်း၍ မြှောက်ကာ ခါးကျင်ကျင်ကလေးကို တပိတစ်ပိုင်းသာ ဖုံးအုပ်ထားသည့် ဇာနားတပ် မီးခိုးရောင် ဝတ်စုံနုနုကလေးကို ပြလိုက်သည်။ အပြာကြီးကြီး ဖဲကြိုးတစ်ချောင်းကို ရင်အုံအောက်နားတွင် ကပ်၍စည်းထားသည်။

"ကျီစားတာ မဟုတ်ပါဘူး ထိပ်ထားရယ်။ ဒါပေမဲ့ ထိပ်ထားက နဂိုရှိပြီးသားဆိုတော့ ဘယ်လိုပဲ ဝတ်လာလာ သူများထက်တော့ လှတာချည်းပါပဲ"

မှန်နန်းအပျိုတော်ကြီးက ပြောလိုက်၏။ မင်းသမီးကလေး လီဇာသည် စောစောတုန်းကကဲ့သို့ပင် စိတ်ဆိုးမပြေသေးသော အသံကလေးဖြင့် အနီးရှိ ဗိုလ်ချုပ်ကြီးတစ်ဦးဘက်သို့လှည့်၍ ပြင်သစ်လို လှမ်းပြောလိုက်ပြန်သည်။

"ထိပ်ထားရဲ့ ကြင်ရာတော် မင်းသားကလေး အင်ဒရေကိုလဲ ပြောစမ်းပါဦး ဗိုလ်ချုပ်ရယ်။ ခု သူ ထိပ်ထားကို ပစ်ပြီး စစ်မြေပြင်ထွက်တော့မလို့တဲ့။ ပြီးတော့လဲ ဘာကြောင့်များ ဘုန်းတော်ကြီးဘုရားက ဒီစစ်ကို ဒီလောက်တိုက်ချင်နေရတာတဲ့လဲ ဗိုလ်ချုပ်။ ထိပ်ထားကိုလဲ ရှင်းပြစမ်းပါဦး"

မင်းသမီးကလေး လီဇာသည် ဗိုလ်ချုပ်ကြီး၏ အဖြေကို မစောင့်တော့ဘဲ မင်းသားကြီးဗာစီလီကို လှမ်းနှုတ်ဆက်လိုက်ပြီး တစ်ဆက်တည်းမှာပင် မင်းသားကြီး၏ သမီးတော် အချောအလှ ဟယ်လင်မင်းသမီးနှင့် စကားပြောနေလေသည်။

"ဒီမင်းသမီးကလေး လီဇာကဖြင့် တော်တော့်ကို ကျက်သရေရှိတဲ့ မိန်းကလေးပါပဲဗျာ"

မင်းသားကြီး ဗာစီလီက မှန်နန်းအပျိုတော်ကြီးကို လှမ်းပြောလိုက်သည်။

နောက်ထပ်ရောက်လာသည့် ဧည့်သည်များ အနက်တစ်ဦးမှာ အရပ်အမောင်း ဖွံ့ထွား၍ ကျန်းမာသန်စွမ်းသော လူရွယ်တစ်ယောက်ဖြစ်လေသည်။ ထိုလူရွယ်၏ ဆံပင်များသည် နက်မှောင်သန်စွမ်းကာ အလိပ်လိပ်ခွေလျက် ရှိသည်။ မျက်မှန်ကို တပ်ထားကာ ထိုခေတ်က ခေတ်စားသော ဒူးကျပ်ဘောင်းဘီကို ဝတ်ဆင်လျက် ဇာနားတပ်အင်္ကျီပေါ်တွင် အညိုရောင်ဝတ်စုံအင်္ကျီရှည်ကို ဝတ်ထားလေသည်။ ထိုလူရွယ်ကား မြို့စားကြီး ဘီဇူးကော့ဗ်၏ တရားမဝင်သော သားတစ်ယောက်ဖြစ်၏။ မြို့စားကြီး ဘီဇူးကော့ဗ်မှာ ကက်သရင်းဘုရင်မကြီး လက်ထက်တွင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ယခု မော်စကိုမြို့တွင် မကျန်းမမာ ဖြစ်လျက်ရှိနေသည်။ ထိုလူရွယ်သည် ယခုထက်ထိ စစ်မှုထမ်းအဖြစ်သော်လည်းကောင်း၊ မင်းမှုထမ်းအဖြစ်သော်လည်းကောင်း ဝင်ရောက်ဆောင်ရွက်ခြင်း မရှိသေးဘဲ မကြာမီကမှ နိုင်ငံခြားမှ ပညာသင်ပြန်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ ပီတာစဘတ် ရွှေမြို့တော် မင်းပွဲသဘင်များသို့ ပထမဆုံးအကြိမ် တက်ရောက်လာခြင်းလည်း ဖြစ်လေသည်။ မှန်နန်းအပျိုတော်ကြီးသည် မိမိထက်နိမ့်ကျသူများကို နှုတ်ဆက်သည့်အခါတွင် ပြုမူလေ့ရှိသောဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်၍ လူရွယ်ကို နှုတ်ဆက်လိုက်သည်။ သို့ရာတွင် ဤသို့မဖွယ်မရာ နှုတ်ဆက်ခြင်းပြုလိုက်သော်လည်း ထိုလူရွယ်ကိုမြင်လိုက်သည်နှင့် ဧည့်ခန်းထဲသို့ သရဲသဘက်ကြီးတစ်ကောင် ဝင်ရောက်လာသည်ကို မြင်လိုက်ရသကဲ့သို့ မှန်နန်းအပျိုတော်ကြီး၏ မျက်နှာတွင် ထိတ်လန့်သည့် လက္ခဏာများ ပေါ်ပေါက်လာကြလေသည်။

ဧည့်ခန်းထဲတွင် အခြား မင်းပျိုမင်းလွင်များနှင့် စာလျှင် ထိုလူရွယ်၏ ကိုယ်ခန္ဓာမှာ တကယ်ပင် ကြီးထွားဖွံ့ဖြိုးသည်မှန်သော်လည်း မှန်နန်းအပျိုတော်ကြီးမှာ ထိုလူရွယ်၏ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ကြောင့် စိုးရိမ်ထိတ်လန့်သည်မဟုတ်ဘဲ ရှက်ကြောက်ဟန်ရှိသော်လည်း ထူထူထိုင်းထိုင်းမရှိဘဲ သူမတူအောင် ကျွမ်းကျင်ထက်မြက်ဟန်ရှိသော လက္ခဏာ၊ စူးစမ်းလေ့လာဟန်ရှိသော်လည်း ကျီးကန်းတောင်းမှောက်သဏ္ဌာန်မျိုးမဟုတ်ဘဲ အလွန်တည်ကြည် လေးနက်သည့် အသွင်အပြင်တို့ကြောင့်သာ ဖြစ်လေသည်။ ဤလက္ခဏာ၊ ဤအသွင်အပြင်များကြောင့်ပင် လူရွယ်သည် ဧည့်ခန်းထဲတွင် အခြား မင်းပျိုမင်းလွင်များနှင့်မတူ တစ်မူထူးခြားနေခြင်း ဖြစ်လေသည်။

"မှန်နန်းအပျိုတော်ကြီးတို့လို သနားစရာ ဒုက္ခိတလူမမာဆီကို ခုလိုလာတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် မွန်စီယာ ပီယာ"

မှန်နန်းအပျိုတော်ကြီးသည် သူ၏ ဒွေးတော်ကြီးနှင့် အလန့်တကြား မျက်လုံးချင်းဆိုင်လိုက်ကြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ပီယာဆိုသူ ထိုလူရွယ်အား ဒွေးတော်ကြီးနှင့် မိတ်ဆက်ပေးရန် ခေါ်သွားလေ၏။

ပီယာသည် ပါးစပ်မှ တစ်စုံတစ်ရာကို ခပ်တိုးတိုးညည်းကာ တစ်ယောက်ယောက်ကို ရှာသကဲ့သို့ ပတ်ဝန်းကျင်ကို သိမ်းကျုံးကြည့်ရင်း လိုက်ပါသွားလေသည်။ ဒွေးတော်ကြီးထံသို့ လိုက်သွားရင်း မင်းသမီးကလေးလီဇာကို မြင်လိုက်သောအခါတွင် ရင်းနှီးသူတစ်ယောက်ကို နှုတ် ဆက်သကဲ့သို့ ကျေနပ်သောအပြုံးဖြင့် ဦးညွှတ်၍ နှုတ်ဆက် လိုက်သည်။

ပီယာကိုမြင်လိုက်သည်နှင့် မှန်နန်းအပျိုတော်ကြီး စိုးရိမ်ထိတ်လန့်ဖြစ်မည်ဆိုကလည်း ဖြစ်လောက်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် ဒွေးတော်ကြီးက ရွှေနန်းရှင်မယ်တော်ဖုရား၏ ကျန်းမာရေးကို မေးမြန်းလျက်ရှိစဉ်တွင် ပီယာသည် ကောင်းစွာပင် နားမထောင်နိုင်တော့ဘဲ တစ်နေရာသို့ လှည့်ကြည့်လှည့်ကြည့် လုပ်နေသောကြောင့် ဖြစ်လေသည်။ မှန်နန်းအပျိုတော်ကြီးက ပီယာ၏အာရုံကို ဆွဲဆောင်သောအားဖြင့်

“မဟာဒဏ်ဝန် မိုရီယိုကို သိသလား မဆိုနိုင်ဘူး။ မဟာဒဏ်ဝန်ဟာ မှန်နန်းအပျိုတော်ကြီး သိသမျှထဲမှာတော့ စိတ်ဝင်စားစရာအကောင်းဆုံး လူတစ်ယောက်ပဲ”

“ဟုတ်ကဲ့၊ မဟာဒဏ်ဝန်ရဲ့ ငြိမ်းချမ်းရေး စီမံကိန်းကြီးအကြောင်းကိုတော့ ကြားမိဖူးပါတယ်။ ငြိမ်းချမ်းရေးစီမံကိန်းကြီးကဖြင့် အလွန်အဖိုးတန်ပြီး အလွန် စိတ်ဝင်စားစရာကောင်းတာပဲခင်ဗျ။ တကယ်လက်တွေ့ လုပ်မဖြစ်နိုင်တာကလေးတစ်ခုပဲ ဆိုစရာရှိပါတယ်”

“ဩော် တူတော်မောင်က ဒီလို ထင်သကိုး”

မှန်နန်း အပျိုတော်ကြီးက တစ်ချက်မျှ ပြောလိုက်ကာ ဆက်လက်ချေပပြောဆိုမည် လုပ်ပြီးမှ ဧည့်သည်များကို ဧည့်ခံရန်အတွက် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ဒွေးတော်ကြီးပြောနေသော စကားမဆုံးမီ တစ်ဖက်သို့ လှည့်နေမိခဲ့သည်က တစ်ချက်၊ အခြားဧည့်သည်များကို ဧည့်ခံရန်အတွက် ဟန်တပြင်ပြင်ဖြစ်နေသော မှန်နန်းအပျိုတော်ကြီးအား လေရှည်ဆွဲ၍ ပြောနေမိသည်က တစ်ချက် စသည်တို့ကြောင့် မိမိ၏အပြုအမူမှာ ဘောအမြင်တွင် ရိုင်းစိုင်းသောအပြုအမူဟု ထင်မှတ်စရာဖြစ်နေပြီကို ပီယာ သတိထားမိလေသည်။ ပီယာသည် ခြေထောက်များကို ချဲ၍ မတ်တတ်ရပ်ကာ ခေါင်းကိုငုံ့ထားရင်း မဟာဒဏ်ဝန်၏ ငြိမ်းချမ်းရေးစီမံကိန်းကြီး လက်တွေ့ဖြစ်နိုင်ဖွယ်မရှိကြောင်းကို အကိုးအကားများဖြင့် ရှင်းလင်းလျက်ရှိလေသည်။

“ကဲကဲ၊ နောက်မှဆက်ပြီး ဆွေးနွေးကြသေးတာပေါ့လေ”ဟု မှန်နန်းအပျိုတော်ကြီးက ပြုံး၍ပြောလိုက်သည်။

မှန်နန်းအပျိုတော်ကြီးသည် ယဉ်ကျေးသောအထက်တန်းလွှာ အသိုင်းအဝိုင်း၌ မည်သို့ ပြုမူဆက်ဆံရမည်ကို နားလည်ခြင်း မရှိသော ပီယာကို ဖဲကြဉ်ကာ ဝိုင်းဖွဲ့၍ စကားပြောနေကြသည်ကို နားထောင်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ စကားစပြတ်သွားသည့်အခါ ဝင်၍ အစပျိုးပေးခြင်းစသဖြင့် အိမ်ရှင်တစ်ယောက်၏ ဝတ္တရားများကို ဆက်လက်ဆောင်ရွက်လျက်ရှိလေသည်။ ရက်ကန်းစက် တစ်စက်၌ ဖိုမင်လူကြီးတစ်ဦးသည် ရက်ကန်းစက်များ လည်ပတ် လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် ထိုမှ ဤမှ သွားလာလှည့်ပတ် ကြည့်ရှုကာ ရပ်တန့်သွားသော လွန်းကို ပြင်ဆင်ခြင်း၊ အသံမြည်လွန်းသော လွန်းကို မမြည်အောင်လုပ်ခြင်း၊ ရပ်တန့်၍ ရက်ကန်းစက်များကို စစ်ဆေးခြင်း၊ ပြတ်သွားသော ချည်များကို ပြန်ဆက်ပေးခြင်းဖြင့်ရက်ကန်းစက်ကို ပကတိအတိုင်း လည်ပတ်စေခြင်း စသည့် အမှုများကို ပြုလုပ်သကဲ့သို့ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည်လည်း ဧည့်ခန်းထဲတွင် ထိုမှ ဤမှ သွားလာလှုပ်ရှားကာ စကားစပြတ်၍ တိတ်သွားသောဝိုင်းများ၌ စကားစဆက်ပေးခြင်း၊ အုတ်အုတ်ကျက်ကျက် ဆူပွက်နေအောင် စကားပြောနေသော ဝိုင်းများ၌ တိုးတိုးသက်သာငြင်းခုံနိုင်မည့် ပြဿနာများဆီသို့ရောက်အောင် တိမ်းလွှဲပေးခြင်း၊ အချို့စကားဝိုင်းများ၌ လိုအပ်သည့် စကားတစ်ခွန်းကို ဝင်ထောက်ပေးလိုက်ခြင်း စသည်တို့ဖြင့် ‘စကားဝိုင်း စက်ယန္တရားကြီး’ကို ပုံမှန်လည်ပတ် လှုပ်ရှားအောင် ပြုလုပ်လျက် ရှိလေသည်။

ဤသို့ မအားလပ်ရအောင် ဧည့်ခံရသည့် ကိစ္စဝိစ္စတွေကြားထဲမှာပင် မှန်နန်းအပျိုတော်ကြီးမှာ ပီယာအား စိုးရိမ်ကြောက်လန့်နေသော စိတ်ကို ဖုံးဖိမရအောင်ဖြစ်လျက်ရှိသည်။ ပြင်သစ်မြို့စားကလေး မော်တီမာတို့လူစုအနား ပီယာရောက်သွားလျှင်လည်း မှန်နန်းအပျိုတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ အစိုးရိမ်ကြီး စိုးရိမ်ရသည်။ မဟာဒဏ်ဝန်မိုရီယို တို့ လူစုအနားသို့ ပီယာရောက်သွားပြန်လျှင်လည်း မှန်နန်း အပျိုတော်ကြီးမှာ ရင်တဖိုဖို ဖြစ်ရပြန်သည်။

ပီယာသည် နိုင်ငံခြားတွင် ပညာသင်ကြားလာခဲ့ပြီး နောက် ရုရှားပြည်တွင် သူပထမဆုံးအကြိမ် တက်ရောက်ဖူးသော မင်းပွဲသဘင်မှာ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ယခုညှော်ခံပွဲသဘင်ပင် ဖြစ်လေသည်။ ပီတာဘာတ်ရွှေမြို့တော်ရှိ ပညာရှိ သုခမိန်ဟူသမျှတို့သည် မှန်နန်းအပျိုတော်ကြီး၏ ညှော်ခံပွဲသို့ လာရောက်စုဝေးကြသည်ကို ပီယာ သတိထားမိသည်။ အရုပ်ဆိုင်ထဲသို့ ဆောက်လာသော ကလေးငယ်တစ်ယောက်သည် များပြားလှသော အရုပ်များအနက် မည်သည့်အရုပ်ကို ကြည့်ရမည်သိအောင်ဖြစ်လျက်ရှိသကဲ့သို့ ဤမင်းပရိသတ်ကြားထဲသို့ ရောက်လာသော ပီယာမှာလည်း အထက်တန်းလွှာ ပညာရှိ သုခမိန်တို့၏ တတ်ပွန်လိမ္မာသော စကားများကို မကြားလိုက်ရမည်ကို စိုးရိမ်ကာ မည်သည့်စကားဝိုင်းသို့ ချဉ်းကပ်၍ မည်သူ့စကားကို နားထောင်ရမှန်းမသိအောင် ဖြစ်လျက်ရှိ၏။ ကြွရောက်လာသော မင်းပရိသတ်တို့၏ မျက်နှာများတွင် အထင်းသားပေါ်နေကြသော ယဉ်ကျေးသိမ်မွေ့သည့် အမူအရာ၊ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချသည့် ဟန်ပန်တို့ကို မြင်ရခြင်းအားဖြင့် ပီယာသည် ၎င်းတို့ထံမှ လေးနက်သော စကားများကို ကြားရလိမ့်မည်ဟု မျှော်လင့်လျက် ရှိလေသည်။

သို့နှင့် နောက်ဆုံးတွင် ပီယာသည် မဟာဒဏ်ဝန်မိုရီယိုတို့ စကားဝိုင်းနားသို့ ရောက်လာ၏။ ၎င်းတို့စကားဝိုင်းမှာ သိက်မြိုက်စည်ကားလှသဖြင့် ပီယာသည် ရှေ့သို့ဆက်မသွားသေးဘဲ ၎င်းတို့ ပြောသမျှကို နားထောင်ကာ မိမိ၏ ထင်မြင်ချက်ကို ဟောဟောဒိုင်းဒိုင်း ဖွင့်ဟပြောဆိုရန် ခုံမင်တတ်သည့် လူငယ်တို့ သဘာဝအတိုင်း ဝင်ရောက်ပြောဆိုရန် အခွင့်အရေးကို စောင့်လျက် ရှိလေသည်။

## အခန်း ၃

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ညှော်ခံပွဲမှာ အုတ်အုတ်ကျက်ကျက် စည်ကားလျက် ရှိလေသည်။ လွှန်းများသည် တဝီဝီမြည်ကာ တစ်ရံမလပ် လှုပ်ရှားလှည့်ပတ်လျက်ရှိကြ၏။ ဒွေးတော်ကြီးတစ်ယောက်သာလျှင် အသက်ကြီးကြီး အဘွားအိုကြီးတစ်ယောက်နှင့်အတူ မလှုပ်မရှား ထိုင်လျက်ရှိ၏။ ဒွေးတော်ကြီး၏ မျက်နှာသည် သေးသွယ်ပိန်ချုံးလျက်ရှိကာ ဇရာ၏ လက္ခဏာသွင်ပြင်တို့ ထင်ရှားပေါ်လွင်လျက်ရှိပြီ ဖြစ်လေသည်။ ယင်းသို့ဖြင့် ဒွေးတော်ကြီးသည် တောက်ပထိန်လက်သော မင်းပွဲသဘင်တွင် နေရာမရှိတော့သကဲ့သို့ ထီးတည်းကြီး ဖြစ်လျက်ရှိကာ ကျန်ပရိသတ်မှာ ကိုယ့်အစုနှင့်ကိုယ် သုံးစုကွဲလျက် စကားလက်ဆုံကျနေကြလေသည်။ ယောကျ်ားတစ်သိုက်မှာ မဟာဒဏ်ဝန်၏ ဘေးတွင် ဝိုင်းလျက်ရှိကြပြီး လူငယ်များမှာကား မင်းသားကြီး ဗာစီလီ၏သမီးချော ဟယ်လင်မင်းသမီးနှင့် နုဖတ်စိုပြည်၍ ယောကျ်ားတကာတို့၏ စိတ်ကို ယိုဖိတ်စေအောင် ညှို့အားကောင်းလှသော မင်းသမီးလေး လီဇာတို့ အနီးတွင် အုံလျက်ရှိကြသည်။ တတိယအစုကား ပြင်သစ်မြို့စား ကလေးမော်တီမာနှင့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ပတ်လည်တွင် စုရုံးလျက် ရှိကြလေသည်။

ပြင်သစ်မြို့စားကလေးမှာ နူးညံ့သိမ်မွေ့သော အသွင်၊ ယဉ်ကျေးပျူငှာသော လက္ခဏာတို့ဖြင့် ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက်ဖြစ်လျက် မိမိကိုယ်ကို မိမိများစွာ အထင်ကြီးလှသူတစ်ဦးဖြစ်သော်လည်း မှန်နန်းအပျိုတော်ကြီး၏ ညှော်ခံပွဲတွင်မူ ယဉ်ကျေးသမှုအားဖြင့် များစွာ ဝင့်ကြွားခြင်းမရှိလှဘဲ ခပ်ကုပ်ကုပ်ပင် ရှိလေသည်။ မှန်နန်းအပျိုတော်ကြီးမှာကား မိမိ၏ ညှော်ခံပွဲသို့ ရောက်ရှိလာသော ပြင်သစ်မြို့စားကလေးကို ညှော်သည်များရှေ့မှောက်သို့ ခေါ်သွားကာ မိတ်ဆက်ပေးခြင်းဖြင့် ဂုဏ်ယူလျက်ရှိလေသည်။ ကျွမ်းကျင်သော စားတော်ကဲသည် မည်သူမျှစားသုံးဖူးခြင်း မရှိသေးသော စားမြိန်ခဲဖွယ်ကို တည်ခင်းကျွေးမွေး၍ ဂုဏ်ယူသကဲ့သို့ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည်လည်း လူစိမ်းနှစ်ဦးဖြစ်သော ပြင်သစ်မြို့စားကလေးနှင့် မဟာဒဏ်ဝန်ကိုညှော်သည်များရှေ့မှောက်သို့ ပွဲထုတ်မိတ်ဆက်ပေးကာ ဂုဏ်ယူ၍မဆုံးဖြစ်နေလေသည်။ ထိုအချိန်၌ ပြင်သစ်မြို့စားကလေးမော်တီမာတို့ဝိုင်းမှာ ဘိုနာပတ်က မြို့စားကြီး ဒီအင်ဂဟိန်းအား သတ်ဖြတ်ခဲ့သည့်အကြောင်းကို ပြောဆိုလျက်ရှိကြ၏။ ပြင်သစ်မြို့စားကလေးက မြို့စားကြီး ဒီအင်ဂဟိန်း



www.burmeseclassic.com

www.burmeseclassic.com



သည် များစွာစိတ်နှလုံးကောင်းသူ ဖြစ်ကြောင်း၊ စိတ်နှလုံး ကောင်းလွန်းသဖြင့် ဘိုနာပတ်က မနာလိုမုန်းတီးကာ ယခုလို အဖြစ်ဆိုးကို ကြုံတွေ့ရခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုလျက် ရှိလေသည်။

"အို ဟုတ်လား။ ဖြစ်မှဖြစ်ရပလေ မြို့စားကလေး ရယ်။ ကျွတ် ကျွတ် ကျွတ် ဒီအကြောင်း မှန်နန်းအပျို တော်ကြီးတို့ကို ပြောပြပါလားဟင် မြို့စားလေး"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက ပြော လိုက်သည်။ ပြင်သစ်မြို့စားကလေးကလည်း မှန်နန်းအပျို တော်ကြီး၏ တိုက်တွန်းချက်ကို လက်ခံသည့်သဘောဖြင့် ယဉ်ကျေးသိမ်မွေ့စွာပြုံးကာ ကိုယ်ကိုကိုင်းညွတ်ပြလိုက် သည်။ မှန်နန်းအပျိုတော်ကြီးသည် မင်းပရိသတ်အား ပြင်သစ်မြို့စားကလေး၏ ပတ်ပတ်လည်တွင် ဝိုင်းဖွဲ့စေကာ ပြင်သစ်မြို့စားကလေး၏ ပုံပြင်ကို နားထောင်ရန် အခြား သူများကိုလည်း လှမ်း၍ ဖိတ်ခေါ်လိုက်သည်။

"မြို့စားကလေး မော်တီမာက ဘိုနာပတ်ရဲ့ လက် ချက်နဲ့ ကံတော်ကုန်ရရှာတဲ့ မြို့စားကြီးရဲ့ မိတ်ဆွေကလား"

မှန်နန်းအပျိုတော်ကြီးက အနီးရှိ ဧည့်သည်တစ်ဦး ကို ခပ်တိုးတိုးပြောလိုက်သည်။ ပြီးတော့"မြို့စားကလေး ဟာ အံ့သြလောက်အောင်လဲ ပုံပြောကောင်းတယ်"ဟု အခြားတစ်ယောက်ကို လှည့်ပြောပြန်သည်။ "ကြည့်စမ်း၊ မြို့စားကလေးတို့ကမှ တကယ့် မင်းစိုးရာဇာ အသိုင်းအဝိုင်း ထဲဝင်ပြီး မင်းပေါက်စိုးပေါက်ဖြစ်တာ"ဟုလည်း တစ် ယောက်ကိုလှည့်၍ ပြောလိုက်သေးသည်။ သို့ဖြင့် ပူဇွေး သော ပန်းကန်ပြားပေါ်တွင် သေသပ်ကျနစွာ ကင်ထား သောအမဲကင်ကို ပြင်ဆင်တည်ခင်း ကျွေးမွေးသကဲ့သို့ မှန်နန်းအပျိုတော်ကြီးသည်လည်း ပြင်သစ်မြို့စားကလေး အား ထူးခြားစွာ သိုင်းဝိုင်း ချီးမြှောက်၍ မင်းပရိသတ် အလယ်သို့ တင်ဆက်ခြင်း ပြုလေသည်။

ပြင်သစ်မြို့စားကလေး မော်တီမာသည် မြို့စားကြီး ဒီအင်ဂဟိန်း အသတ်ခံရပုံကို ပြောတော့မည်ပြုပြီးမှ နူးညံ့ ချိုသာစွာ ပြုံးလိုက်သည်။

"တူမတော် ဟယ်လင်ထိပ်ထား၊ ဒီဘက်ကို ကူးခဲ့ပါလားကွယ်"

မှန်နန်းအပျိုတော်ကြီးက ခပ်လှမ်းလှမ်း စကားဝိုင်း အလယ်ကောင်တွင်ထိုင်နေသည့် လှပချောမွေ့သော ဟယ်လင် မင်းသမီးကို လှမ်း၍ ဖိတ်မန္တက ပြုလိုက်သည်။

မင်းသမီးဟယ်လင်သည် မှန်နန်းအပျိုတော်ကြီးကို ပြုံး၍ပြလိုက်သည်။ ဧည့်ခန်းထဲသို့ ဝင်လာခဲ့စဉ်ကကဲ့သို့ပင် မင်းသမီးဟယ်လင်သည် ခြောက်ပြစ်ကင်းသောမိန်းမလှ တစ်ဦး၏ ထာဝစဉ်အပြုံးကို ပြုံးလျက် မှန်နန်းအပျိုတော် ကြီး၏ စကားဝိုင်းဘက်သို့ ကူးလာခဲ့လေသည်။ မင်းသမီး ဟယ်လင်သည် ဆံပင်ကို သေသပ်စွာ ထုံးဖွဲ့ကာ တလက် လက်တောက်ပသော စိန်ဆံထိုးတို့ကို လှပအောင် စိုက်ထား လျက် မရန်းနရောင်နှင့် ရွှေညိုရောင် ဇာနားတပ်ထားသော အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေရာ နုနယ်ဖြူဖွေး သောပခုံးသားများသည် မီးရောင်တွင် ဝင်းလက်လျက် ရှိလေသည်။ မင်းသမီးဟယ်လင်သည် ဝတ်စုံကို မသိမသာ မကာတရွှမ်းရွှမ်း မြည်စေလျက် မင်းရိုသတ်တွေကြားထဲက ဖြတ်လျှောက်လာခဲ့လေသည်။ မင်းပျိုမင်းလွင်များကလည်း မင်းသမီးဟယ်လင်ကလေးအတွက် လမ်းဖယ်ပေးကြ သည်။ မင်းသမီးကလေးဟယ်လင်သည် ဤသို့ မင်း ပရိသတ်ကြားထဲက ဖြတ်လျှောက်လာရာတွင် မည်သူ့ကိုမျှ စောင်းငဲ့ကြည့်ရှုခြင်း မရှိသော်လည်း အာလုံးကိုပင် ချိုသာသော အပြုံးကိုပြုံး၍ နှုတ်ဆက်ကာ မိမိ၏ လှပ၍ အချိုးအစားကျသော ကိုယ်ခန္ဓာကိုလည်းကောင်း၊ ဝိုင်းစက် အိထွေး၍ ပုံပန်းကျသော ပခုံးကိုလည်းကောင်း၊ ရွှေအဆင်း ကဲ့သို့ ဝင်းဝါသော ကျောပြင်ကိုလည်းကောင်း၊ ညွှတ်ပြို လုဖွယ် နုနယ်ဝန်းမို့သော ရွှေရင်အုံကိုလည်းကောင်း မင်းပျိုမင်းလွင်တို့အား ရက်ရောစွာ ကြည့်ရှုမြတ်နိုးခွင့် ပေးထားသကဲ့သို့ လုပ်လီလုပ်လဲ့ လျှောက်လာခဲ့ခြင်း ဖြစ်လေရာ ၎င်းနှင့်အတူမင်္ဂလာရှိသော ဧည့်ခံပွဲသဘင် တစ်ခုစ၏ တောက်ပထိန်လက်ခြင်း၊ ကျက်သရေရှိခြင်း တို့သည် အရိပ်သဖွယ် ကပ်ပါလာသည်ဟုထင်ရ၏။ ဟယ်လင်မင်းသမီးကလေးမှာ ပြီတီတီဟန်မျိုး မရှိရုံမျှမက လူတိုင်းက ငေးမောကြည့်ရှုရလောက်အောင် ဝန်းဝန်း စက်စက်ကြီး ပေါ်လွင်လျက်ရှိသည့် အလှမျိုးကို ပိုင်ဆိုင် ရခြင်းအတွက် ရှက်စနိုး ဖြစ်ဟန်ပေါက်လျက် ရှိသည့် အလား ပို၍ပင် ချစ်စရာကောင်းလျက်ရှိ၏။ ဟယ်လင် မင်းသမီးကလေး၏ ဟန်အမူအရာမှာ ဝန်းဝန်းစက်စက်ကြီး ပေါ်လွင်လျက်ရှိသည့် မိမိ၏အလှကြောင့် မိမိအား လူတိုင်း က ငေးမောကြည့်ရှုရသည့် အဖြစ်မျိုးရောက်ရခြင်းကိုပင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာ ဖြစ်လျက် ရှိပုံမျိုး ဖြစ်လေသည်။

"တော်တော်ချောတဲ့ မိန်းမပဲ"ဟု ဟယ်လင်မင်းသမီးကို မြင်ရသူတိုင်းမှာ ရင်သပ်ရှုမောအံ့သြ၍မဆုံး ဖြစ်ကြရသည်။ ဟယ်လင်မင်းသမီးသည် ပြင်သစ်မြို့စားကလေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး ၎င်း၏ထာဝစဉ် အပြုံးဖြင့် အပြုံးရောင်ခြည်များကို လွှတ်လိုက်သည့်အခါတွင်မူကား ပြင်သစ်မြို့စားကလေးမှာ တစ်စုံတစ်ရာ အံ့ဖွယ်ဘနန်းကို မြင်လိုက်ရသကဲ့သို့ မျက်လွှာကိုချလိုက်ပြီး ပခုံးကို မြှင့်လိုက်မိသည်။

"ခုလို အကြားအမြင်နဲ့ ပြည့်စုံတဲ့ ပရိသတ်ရှေ့မှာ နားထောင်ကောင်းအောင် ပြောမှပြောနိုင်ပါ့မလားလို့ ကျွန်တော့်ကိုယ်ကျွန်တော် သံသယ ဖြစ်နေပါတယ်"ဟု ပြင်သစ်မြို့စားကလေးက ဟယ်လင်မင်းသမီးဘက်သို့ ခေါင်းငဲ့၍ ပြောလိုက်လေသည်။

မင်းသမီးဟယ်လင်သည် ၎င်း၏ပြည့်ဖြိုးအိစက်သော လက်မောင်းတစ်ဖက်ကို စားပွဲကလေးတစ်ခုပေါ်တွင် မှီ၍ တင်ထားလိုက်ပြီးနောက် မည်သို့မျှမပြောဘဲ ပြုံးလျက်ရှိလေသည်။ ပြင်သစ်မြို့စားကလေးက အဖြစ်အပျက်ကို ဆက်လက်ပြောနေသည့် အတောအတွင်းကား မင်းသမီးဟယ်လင်သည် ကိုယ်ကို မတ်မတ်ကလေးထား၍ စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိလေသည်။ ပြင်သစ်မြို့စားကလေးကလည်း စကားပြောရင်း စားပွဲပေါ်တွင် ဖိထားသဖြင့် ပုံသဏ္ဌာန်တစ်မျိုးဖြစ်နေသည့် မင်းသမီးဟယ်လင်၏ ဖြူဖွေးအိစက်သော လက်မောင်းသားကိုလည်းကောင်း၊ မကြာခဏ နေရာပြောင်းနေသော စိန်ဘယက်အောက်မှ ရှေ့ရင်အုံကိုလည်းကောင်း မသိမသာ စောင်းငဲ့ကြည့်ရှုလျက်ရှိ၏။ မင်းသမီးဟယ်လင်သည် တွန့်ကျေသော ဝတ်စုံကို မကြာခဏ ပွတ်သပ်လျက်ရှိရင်း ပုံပြင်တွင် ဝမ်းနည်းစရာပေါ်လာလျှင် ဝမ်းနည်းသည့်အလျောက် ဝမ်းသာစရာပေါ်လာလျှင် ဝမ်းသာသည့်အလျောက် မျက်နှာထားအမျိုးမျိုးပြောင်းလဲလျက်ရှိသော မှန်နန်းအပျိုတော်ကြီးကို စောင်းငဲ့ကြည့်ရှုကာ မိမိကိုယ်တိုင်လည်း မှန်နန်းအပျိုတော်ကြီး၏ မျက်နှာအမူအရာနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်လျက် ၎င်း၏ပင်ကိုဟန်ဖြစ်သော တောက်ပသည့် အပြုံးကလေးဖြင့် နားထောင်လျက် ရှိလေသည်။

မကြာမီပင် မင်းသမီးကလေး လီဇာသည်လည်း လက်ဖက်ရည်ပွဲမှ ထလာကာ ဟယ်လင်မင်းသမီး ကလေးအနီးသို့ ရောက်လာလေသည်။

"ကျေးဇူးပြုပြီး ခဏလေးရပ်ထားပါဦးနော် မြို့စားကလေး။ လီဇာထိပ်ထားရဲ့ ထိုးလက်စ သိုးမွေးထည်ဟိုဘက်စားပွဲမှာ ကျန်နေရစ်ခဲ့လို့။ ဒီမှာ လီဇာထိပ်ထားရဲ့ သိုးမွေးထည်ကို ယူပေးပါလားဟင်"ဟု မင်းသမီးကလေးလီဇာက ဟစ်ပိုလီတီကို လှည့်၍ ပြောလိုက်သည်။

သို့ဖြင့် မင်းသမီးလေးလီဇာ ရောက်လာကာ စကားဝိုင်းထဲ၌ လူများကို နှုတ်ဆက်နေသည့်အတွက် ပြင်သစ်မြို့စားကလေး၏ ပုံပြောခန်းမှာ ပြတ်သွားလေသည်။ မင်းသမီးကလေးလီဇာသည် နေရာတွင် ဝင်ထိုင်ပြီးနေသားတကျဖြစ်တော့မှ

"ကဲ ပြီးပါပြီ။ မြို့စားကလေးရဲ့ ဝတ္ထုကို ဆက်ပါဦး"ဟု ဆိုကာ သိုးမွေးကို ဆက်၍ ထိုးလျက်ရှိသည်။

မင်းသားဟစ်ပိုလီတီသည် မင်းသမီးကလေး လီဇာ၏သိုးမွေးထည်ကို ယူလာပြီးနောက် ကုလားထိုင် တစ်လုံးကို မင်းသမီးကလေး လီဇာ၏အနီးသို့ နီးကပ်စွာ ရွှေ့လာပြီး ဝင်၍ထိုင်ကာ ပြင်သစ်မြို့စားကလေး၏ စကားကို နားထောင်နေသည်။

မင်းသားဟစ်ပိုလီတီမှာ ၎င်း၏နှမတော် မင်းသမီးချောဟယ်လင်နှင့် အံ့သြစရာကောင်းလောက်အောင် မျက်နှာပုံပန်း အဆက်အပေါက် တူလွန်းသူတစ်ယောက် ဖြစ်လေသည်။ သို့ရာတွင် ထို့ထက်ပို၍ အံ့သြစရာကောင်းသည့်အချက်ကား မင်းသားဟစ်ပိုလီတီသည် နှမတော် မင်းသမီးချောနှင့် တူပါလျက်နှင့် နှမတော်ကဲ့သို့ လှပခြင်း မရှိဘဲ အရုပ်ဆိုး အကျည်းတန်လျက် ရှိခြင်းပင် ဖြစ်လေသည်။ ဟစ်ပိုလီတီ၏ အချိုးအဆက် ပုံပန်းသဏ္ဌာန်မှာ နှမတော် မင်းသမီးချော ဟယ်လင်ကဲ့သို့ပင် ဖြစ်သော်လည်း ဟယ်လင်မင်းသမီးမှာ ငယ်မျစ်နုနယ်သောအရွယ်၊ ထာဝစဉ် ချိုလွင်သောအပြုံး၊ ရှေးစာဆိုနှင့်ညီအောင် အချိုးအစားကျသည့် ကိုယ်ခန္ဓာစသည်တို့ကြောင့် မြင်ရသူတို့၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေနိုင်သလောက်၊ ဟစ်ပိုလီတီမှာ ၎င်း၏သေးကွေးပိန်ချုံးသော ကိုယ်ခန္ဓာ၊ သုန်မှုန်လျက်ရှိသော မျက်နှာထားနှင့် ထုံထိုင်းနုံနဲ့သော ဟန်ပန်တို့ကြောင့် မြင်သူတို့၏ စိတ်နှလုံးကို နောက်ကျု ညစ်ညျူးစေပေသည်။ ဟစ်ပိုလီတီ၏ မျက်လုံး၊ နှာတံ၊ ပါးစပ် စသည်တို့



www.burmeseclassic.com

www.burmeseclassic.com



တည်နေပုံကလည်း အဓိပ္ပာယ်မရှိ ပင်ပန်းနွမ်းနယ်နေသည့် အသွင် လက္ခဏာကိုပေါ်စေကာ လက်များနှင့် ခြေများ ကလည်း စာခြောက်ရုပ်ကဲ့သို့ ကိုးရိုးကားရား အချိုးအစား နည်း နည်းကလေးမျှမကျသော ပုံပန်းသဏ္ဌာန်ကို ဆောင် လျက် ရှိကြ၏။

"ခုပြောနေတာ တစ္ဆေပုံပြင်လားဗျ"ဟု မင်းသမီး လေး လီဇာအနီးတွင် ထိုင်ချလိုက်ရင်း မေးလိုက်သည်။ မေးရင်းလည်း ပွဲကြည့်မျက်မှန်ကို ပြင်၍တပ်လိုက်သည်။ ဟစ်ပိုလီတီကို ကြည့်ရသည်မှာ ပွဲကြည့်မျက်မှန်ကို ပြင်၍ တပ်ခြင်းမပြုရလျှင် စကားတစ်ခွန်းမှ မထွက်တတ် တော့သည့် အသွင်မျိုးဖြစ်၏။

"ဟင့်အင်း မဟုတ်ပါဘူး"ဟု ပြင်သစ်မြို့စား ကလေးက ပခုံးကို တွန့်၍ တအံ့တသြဆိုသည်။

"ကျွန်တော်တော့ တစ္ဆေပုံပြင်ဆိုရင် သိပ်မုန်း တာပဲ"

ဟစ်ပိုလီတီ ပြောပုံမှာ ၎င်းပြောသည့်စကား အဓိပ္ပာယ်ကို ၎င်းတစ်ဦးတည်းသာ နားလည်သည့်လေသံ မျိုးဖြစ်လေသည်။ ဟစ်ပိုလီတီသည် စကားပြောတိုင်း မိမိပြောသည့် စကားမှာ အတည်ပြောသလော၊ နောက် ပြောင်၍ ပြောသလောဟု နားထောင်သူက မဝေခွဲတတ် အောင် ဟန်ကောင်းသူ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို အထင်ရောက်တတ်သူ ဖြစ်၏။ ဟစ်ပိုလီတီသည် အစိမ်း ပုပ်ရောင် ဝတ်စုံအင်္ကျီရှည်၊ ဒူးကျပ်ဘောင်းဘီ၊ ပိုးခြေစွပ် နှင့် ခြေနင်းတို့ကို ဝတ်ဆင်ထားလျက် ရှိလေသည်။

ပြင်သစ်မြို့စားကလေး မော်တီမာက ၎င်း၏ပုံဝတ္ထု ကို အထစ်အငေါ့မရှိ ပြောပြလျက် ရှိသည်။ မြို့စားကြီး ဒီအင်ဂဟိန်းသည် ထိုခေတ်က နာမည်ကြီး ကချေသည် တစ်ဦးဖြစ်သော မတ်မွိုင်ဇယ်ဂျော့ရှိရာ ပါရီမြို့သို့ တိတ်တ ဆိတ် ထွက်သွားပုံ၊ ကချေသည်၏အိမ်တွင် ဘိုနာပတ်နှင့် ပက်ပင်းသွားတိုးနေပုံ၊ ကချေသည်ကလည်း ဘိုနာပတ်ကို မျက်နှာသာပေးပုံ၊ မြို့စားကြီး ရှိနေတုန်းမှာပင် နပိုလီယန် ဘိုနာပတ်သည် ဝက်ရူးပြန်ရောဂါဟောင်းထကာ လဲကျ၍ သတိမေ့သွားပုံ၊ ဤနေရာတွင် မြို့စားကြီးက နပိုလီယန် ဘိုနာပတ်၏ အသက်ကို ကယ်ဆယ်လိုက်ပုံ၊ သို့ကယ်ဆယ် ခဲ့သော်လည်း ကျေးဇူးကန်းသော နပိုလီယံ ဘိုနာပတ်က နောက်ဆုံး၌ မြို့စားကြီးကို သတ်ပစ်လိုက်ပုံ စသည်တို့ကို ပြင်သစ်မြို့စားကလေးက ပြောပြလျက်ရှိ၏။

ပြင်သစ်မြို့စားကလေး ပြောပြသည့် နပိုလီယံဘိုနာ ပတ်နှင့် မြို့စားကြီးတို့၏ ဇာတ်လမ်းမှာ များစွာ စိတ်ဝင်စား စရာကောင်းသော ဇာတ်လမ်းတစ်ခုဖြစ်၏။ ကချေသည် အိမ်တွင် ပြိုင်ဘက်ဖြစ်သော မြို့စားကြီးနှင့် နပိုလီယန်ဘိုနာ ပတ်တို့ ပက်ပင်းသွားတွေ့သည့် အခန်းကား ပို၍ စိတ်ဝင် စားစရာဖြစ်လေသည်။ ဤအခန်းကို ပြောပြသောအခါတွင် အမျိုးသမီးပိုင်းမှာ ရင်တဖိုဖိုနှင့် ဖြစ်လျက် ရှိကြလေသည်။

"သိပ်နားထောင်လို့ ကောင်းတာပဲနော်"ဟု မှန်နန်း အပျိုတော်ကြီးက စူးစမ်းသောအကြည့်ဖြင့် မင်းသမီး ကလေး လီဇာကို ကြည့်၍ ပြောလိုက်သည်။

"ဟုတ်တယ်။ သိပ်နားထောင်ကောင်းတာပဲ"

မင်းသမီးကလေး လီဇာကလည်း တက်တင်းဇာ အပ်ကို ကျင်လည်စွာ ထိုးသွင်းလိုက်ရင်း ပြောလိုက်သည်။ မင်းသမီးကလေး လီဇာမှာ ပုံပြောရပ်သွားမှပင် သိုးမွေး ထည်ကို ဆက်၍ ထိုးနိုင်တော့သည်။

ခဏကြာလျှင် ၎င်းတို့စကားဝိုင်းမှာ တိတ်ဆိတ် သွား၏။ ပြင်သစ်မြို့စားကလေးသည် တိတ်ဆိတ်စွာ သြဘာပေးနေကြပုံကို သဘောကျလျက်ရှိကာ ပြုံး၍ အကဲခတ်လိုက်ပြီး ဇာတ်လမ်းကို ဆက်ပြောရန် ဟန်ပြင် လိုက်သည်။ ထိုအခိုက်တွင် ရောက်လာကတည်းက မိမိ အား စိုးရိမ်ကြောက်လန့်စိတ် ဖြစ်ပေါ်စေခဲ့သည့် ပီယာကို အမြဲတစေ အကဲခတ်လျက်ရှိသည့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် အော်ကြီးဟစ်ကျယ် ငြင်းခုံလျက်ရှိ သော ပီယာ၏အသံကို မဟာဒဏ်ဝန်တို့ဝိုင်းဘက်ဆီမှ ကြားလိုက်ရလေသည်။ ထို့ကြောင့် မှန်နန်းအပျိုတော်ကြီး သည် ဆူညံစွာ ငြင်းခုံနေကြသော မဟာဒဏ်ဝန်တို့ စကားဝိုင်း ဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

မဟာဒဏ်ဝန် မိုရီယိုတို့ စကားဝိုင်း၌ ပီယာသည် ဥရောပနိုင်ငံရေးအုပ်စုများ တစ်ဖက်နှင့်တစ်ဖက် အင်အား မသာအောင် မဲညှိနေကြသည့် "တန်ခိုးအာဏာ ချိန်ခွင် ညှာ"ပြဿနာကို မဟာဒဏ်ဝန်နှင့် စတင်ငြင်းခုံလျက် ရှိလေသည်။ မဟာဒဏ်ဝန်ကမူ ပီယာ၏ စိတ်ပါလက်ပါ ရိုးသားစွာ ငြင်းခုံနေဟန်ကို စိတ်ဝင်စားကာ ၎င်း၏ငြိမ်း ချမ်းရေး စီမံကိန်းကြီးအကြောင်းကို ရှင်းလင်းပြောဆို လျက်ရှိလေသည်။ သို့ဖြင့် တဖြည်းဖြည်း နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်နိုင်ကြတော့ဘဲ အကျိတ်အနယ် ငြင်းခုံလျက် ရှိသရာ အသိမ်အမွေ့ အယဉ်အကျေးကို ခံမင်လွန်းလှသော မှန်နန်းအပျိုတော်ကြီးမှာ ရင်တမမဖြစ်လျက် ရှိလေသည်။

မဟာဒဏ်ဝန်က

"စစ်ကို တားဖို့နည်းလမ်းကတော့ ဥရောပတိုက်မှာ ရှိတဲ့အင်အားစုတွေကို တစ်ဖက်နှင့်တစ်ဖက် အင်အားမသာအောင် မဲတင်းပြီး ညှိပေးဖို့နဲ့ လူတွေကို လွတ်လပ်ခွင့်ပေးဖို့ပဲရှိတယ်။ ဒီနည်းတွေကသာ ခုစတင်လာတဲ့ စစ်မီးကြီးကို တားနိုင်မယ်။ တခြားနည်းလမ်း မရှိဘူး။ ကျုပ်အမြင်ကတော့ ရုရှားလို အင်မတန်အင်အားကောင်းတဲ့ တိုင်းပြည်ကြီးတစ်ပြည်က ဒီတစ်ချိမှာကိုယ်ကျိုးကို မငဲ့ဘဲ မဟာမိတ်အဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ပြီး ဖွဲ့ရမယ်။ အဲဒီမဟာမိတ်အဖွဲ့ရဲ့ ရည်ရွက်ချက်ဟာလဲ ဥရောပနိုင်ငံတွေရဲ့အင်အားကို တစ်ဖက်တစ်ဖက်မသာအောင် ညှိပေးမယ်ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ရမယ်။ ဒီနည်းသာလျှင် ကမ္ဘာကြီးကို ကယ်တင်နိုင်ပေလိမ့်မယ်"

"ဒါပေမဲ့ ဥရောပအင်အားစုတွေကို တစ်ဖက်နဲ့ တစ်ဖက် ချိန်ခွင်ညှာလို ညီအောင် ဘယ်လိုလုပ်မလဲဆိုတာက အခက်ဆုံးပဲလို့ ကျွန်တော်ထင်တယ်။ ဒီလို ချိန်ခွင်ညှာ ညီအောင် ဝန်မင်းက ဘယ်လိုများ လုပ်မှာပါလဲ"

ပီယာက စတင်၍ ဆင်ခြေတက်လိုက်သည်။ ထိုအခိုက်တွင် ၎င်းတို့စကားဝိုင်းနားသို့ မှန်နန်းအပျိုတော်ကြီးရောက်ရှိလာကာ ပီယာအား မနှစ်မြို့ဟန်ဖြင့် စိမ်းစိမ်းကြီးတစ်ချက်မျှ ကြည့်လိုက်ပြီးနောက် စကားစပြတ်သွားစေရန် ရည်ရွယ်လျက် အနီးရှိ အီတလီအရာရှိတစ်ဦးအား ရုရှားရာသီဥတုအကြောင်းကို စတင် မေးမြန်းလိုက်လေသည်။

အီတလီအရာရှိသည် မိန်းမများနှင့်တွေ့လျှင် မျက်နှာကို သကာလူးထားသလို ချိုနေအောင် ပြုံးတတ်သော ၎င်း၏ ထုံးစံအတိုင်း ရုတ်ခြည်းမျက်နှာထား ပြောင်း၍ ပြုံးလိုက်ပြီးနောက်

"မှန်နန်းအပျိုတော်ကြီးရဲ့ မင်းပွဲသဘင်ကို ကြွရောက်လာကြတဲ့ မင်းပရိသတ်များ အထူးသဖြင့်အမျိုးသမီးပရိသတ်များရဲ့ အလယ်မှာ ခုလိုဖိတ်ကြား ချီးမြှင့်ခြင်းခံရပြီး မင်းပရိသတ်များရဲ့ ယဉ်ကျေးသိမ်မွေ့ပုံ၊ ဉာဏ်အမြော်အမြင်ကြီးမားပုံတွေကို မြင်ရတဲ့အတွက် ကျွန်တော်ဖြင့် ရာသီဥတုအကြောင်းကို စဉ်းစားဖို့ အချိန်တောင် မရပါဘူး ခင်ဗျာ"ဟု ဖြေလိုက်သည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ယင်းသို့ပြောဆိုပြီးနောက် အငြင်းပွားနေကြသော ပီယာနှင့် မဟာဒဏ်ဝန်တို့အား မျက်နှာလွှဲထား၍ မဖြစ်တော့ဘဲ၊ မိမိ၏ မျက်စိအောက်တွင် ရှိစေခြင်းက ပို၍ ကောင်းမွန်သည်ဟု ယူဆကာ ၎င်းတို့နှစ်ယောက်ကို တစ်ဖက်ရှိ ပရိသတ်များဆီသို့ ဖိတ်ခေါ်ခဲ့လေသည်။

## အခန်း ၄

ထိုအခိုက် ဧည့်ခန်းထဲသို့ နောက်ထပ်ဧည့်သည် တစ်ယောက် ဝင်ရောက်လာပြန်သည်။ ထိုသူမှာ မင်းသမီးကလေး လီဇာ၏ကြင်ရာတော် မင်းသားကလေး အင်ဒရေဘိုလကွန်စကီ ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေမှာ နုနယ်သောအရွယ်၊ တောင့်တင်းကြံ့ခိုင်သော အရပ်အမောင်း၊ ကြည်လင်ပြတ် သားသော ရုပ်လက္ခဏာတို့ဖြင့် ယောကျ်ားပီသသော လူချောတစ်ယောက်ဖြစ်၏။ မင်းသားကလေးအင်ဒရေ၏ ပင်ပန်းနွမ်းနယ်သော မျက်နှာ အမူအရာမှအစ သတိထား၍ လှမ်းပုံရသော ခြေလှမ်းလှမ်းပုံ အဆုံးရှိသော အသွင်အပြင်အားလုံးမှာ သွက်လက်ချက်ချာလှသော ကြင်ရာတော် မင်းသမီးကလေးလီဇာနှင့် အကြီးအကျယ် ဆန့်ကျင်ခြားနားလျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေမှာ ကြွရောက်လာသော မင်းပရိသတ်အားလုံးနှင့် ရင်းနှီးပုံရသော်လည်း ထိုပရိသတ်နှင့် စကားစမြည် ပြောဆိုရမည်ကို စက်ဆုပ်ငြီးငွေ့နေဟန်ရှိ၏။ ယင်းသို့ ၎င်းအား ငြီးငွေ့စေ သည့် မျက်နှာများအနက် ၎င်း၏ ချောမောလှပသော ကြင်ရာမင်းသမီးကလေး လီဇာ၏မျက်နှာမှာ ငြီးငွေ့စရာ အကောင်းဆုံးဟု ထင်လျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ကြင်ရာတော်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာကိုငုံ့၍ တစ်ဖက်သို့ လှည့်လိုက်ကာ မှန်နန်းအပျိုတော်ကြီး၏လက်ခုံကို နမ်းရှုပ်နှုတ်ဆက်ပြီးနောက် မျက်လုံးများကို မှေးလျက် မင်းပရိသတ်ကို ငေးကြည့်နေလေသည်။

"ကိုယ်တော်ကလေးလဲ စစ်မြေပြင်ကို တပ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ကြားတယ် ဟုတ်သလား”ဟု မှန်နန်း အပျိုတော်ကြီးက မေးလိုက်သည်။

“ဟုတ်ကဲ့။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က သူ့ကိုယ်ရံတော်အဖြစ် လိုက်ရမယ်လို့ ပြောပါတယ်”

မင်းသားကလေး အင်ဒရေက ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ဟူသော နာမည်ကို ရွတ်ဆိုရာ၌ ‘ဇော့ဗ်’ဆိုသော နောက်ဆုံးစကားလုံးကို ပြင်သစ်သံပီပီဖြင့် ရွတ်လိုက်ရင်း ပြင်သစ်လို ပြန်၍ ပြောဆိုလိုက်သည်။

“ကြင်ရာတော် လီဇာတော့ကော”

“သူကတော့ ကျေးတော စံအိမ်မှာ သွားနေပါလိမ့်မယ်”

“ဒါဖြင့် မှန်နန်းအပျိုတော်ကြီးတို့တော့ ကြင်ရာတော်မင်းသမီးလေးနဲ့ ခဏခဏတွေ့နိုင်တော့မှာ မဟုတ်တော့ဘူးပေါ့နော်”

“မောင်မောင်” မင်းသမီးကလေး လီဇာက ကြင်ရာတော်ကို လှမ်းခေါ်လိုက်သည်။

“ပြင်သစ်မြို့စားကလေးကလေ မတ်မွှိုင်ဇယ်ဂျော့နဲ့ ဘိုနာပတ်တို့ရဲ့ အချစ်ဇာတ်လမ်းကလေးကို ပြောပြတာ သိပ်နားထောင်လို့ကောင်းတာပဲကွယ်”ဟုအခြားယောက်ျားများကို ပြောသကဲ့သို့ တမင်လုပ်ထားသော နွဲ့သံကလေးဖြင့် ပြောလိုက်သည်။

မင်းသားကလေး အင်ဒရေသည် မျက်ခုံးကြီးများကို တွန့်လိုက်ပြီး တစ်ဖက်သို့ လှည့်ထွက်သွားလေသည်။ ပီယာကား ဧည့်ခန်းထဲသို့ မင်းသားလေး အင်ဒရေ ဝင်ရောက်လာကတည်းက နှစ်သက်ရွှင်လန်းစွာ ကြည့်နေရာမှ ထလာကာ မင်းသားကလေးအင်ဒရေ၏ လက်မောင်းကို နောက်မှ ဖမ်းကိုင်၍ နှုတ်ဆက်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် မင်းပရိသတ်ထဲမှ တစ်ဦးတစ်ယောက်က မိမိအား လာရောက်တို့ထိခြင်းအတွက် များစွာ စိတ် အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် နောက်တစ်ဖန် မျက် မှောင်ကုတ်လိုက်ပြန်သည်။ သို့ရာတွင် ပြုံးရွှင်နေသော ပီယာမြင်လိုက်သည်နှင့် စောစောကမနှစ်မြို့သော အမူအရာတွေ လွင့်စဉ်ပျောက်ကွယ်သွားကာ မျက်နှာတွင်ချိုသာသော အပြုံး ယှက်သန်းလာသည်။

“ဘယ့်နှယ်၊ လက်စသတ်တော့ ရောင်းရင်းလဲ အထက်တန်းလွှာတွေရဲ့ လောကနိဗ္ဗာန်ကြီးထဲ ရောက်နေပေါ့ကိုး” ပီယာဘက်သို့ လှည့်၍ ပြောလိုက်သည်။

“ခင်ဗျား လာမယ်ဆိုတာသိလို့ ကျွန်တော်လာတာ။ ဒီနေ့ည ခင်ဗျားနဲ့အတူ ညစာလိုက်စားမယ်ဗျာ။ ဘယ့်နှယ်လဲ ဖြစ်မလား”

ပီယာက ဘိုနာပတ်၏ ဇာတ်လမ်းကို ပြောပြနေသည့် ပြင်သစ်မြို့စားကလေးအား အနှောင့်အယှက်မဖြစ်စေရန် ခပ်တိုးတိုးပြောလိုက်သည်။

“ဟာ ဘယ်ဖြစ်မလဲဗျ”

မင်းသားကလေး အင်ဒရေက တဟားဟား ရယ်ရင်းပီယာ၏ လက်များကို ဆွဲယူ၍ ညှစ်နေသည်။ ဤအပြုအမူကား ပီယာနှင့် မိမိတို့မှာ ရင်းနှီးသော မိတ်ဆွေများဖြစ်၍ ခွင့်ပန်ရန် မလိုကြောင်းကို ပြလိုက်ခြင်း ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေက စကား ဆက်ပြောမည် အပြုတွင် မင်းသားကြီး ဗာစီလီနှင့် သမီးချော ဟယ်လင်မင်းသမီးတို့ ပြန်ရန် ထလိုက်ကြပြီး မင်းပျိုမင်းလွင်နှစ်ဦးကလည်း မင်းသားကြီးတို့ သွားအဖ ဖြတ်သန်းသွားရန် ထ၍နေရာ ဖယ်ပေးလိုက်ကြသဖြင့် စကားဆက်မပြောနိုင်ဘဲ ရပ်သွားကြသည်။

“ကဲ မြို့စားကလေး၊ ကျုပ်တို့ကို ခွင့်ပြုပေဦးတော့”

မင်းသားကြီးဗာစီလီက ပြင်သစ်မြို့စားကလေးကို လှမ်း၍ နှုတ်ဆက်လိုက်လေသည်။ နှုတ်ဆက်ရင်းလည်း မတ်တတ်ရပ်၍ အရှိအသေပေး နှုတ်ဆက်ရန် ထဟန်ပြင်နေသော ပြင်သစ်မြို့စားကလေးကို ရင်းနှီးစွာ ဆွဲ၍ အထိုင်းခိုင်း နေသည်။

“အင်္ဂလိပ်သံတော်ကြီးရဲ့ ဧည့်ခံပွဲကို သိပ်တောင် မသွားချင်လှဘူးခင်ဗျ။ ဒါပေမဲ့ မလွဲသာတော့ သွားရဦးမှာပဲ မှန်နန်းအပျိုတော်ကြီးရေ၊ မတတ်နိုင်ဘူး။ ခုလိုပြီးဆုံးအောင် မနေနိုင်ဘဲ ခပ်စောစောပြန်ရတာကိုသာ ခွင့်လွှတ်တော်မူပေတော့”

မင်းသားကြီးဗာစီလီက မှန်နန်းအပျိုတော်ကြီးကို နှုတ်ဆက်လိုက်သည်။ သမီးတော် ဟယ်လင်မင်းသမီးသည် ဝတ်စုံကို ခပ်ရှရှကလေး မလာကာ ထိုင်ခုံများကြားထဲမှ ဖြတ်လျှောက်လာသည်။ ဟယ်လင်မင်းသမီး၏ လှပသော မျက်နှာပေါ်တွင်ကား ချိုသာသောအပြုံးသည် ခါတိုင်းထက် တောက်ပရွှန်းလက်နေသည်ဟု ထင်မှတ်ရ၏။ ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



အခါးသို့ ဟယ်လင်မင်းသမီး ဖြစ်လျှောက်သွားသော အခါတွင်မှ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏ အလှကို ကြက်သေသေ၍ ငေးကြည့်နေမိလေသည်။

"တော်တော်ချစ်စရာ ကောင်းတယ်နော်"

မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။

"အစစ်ပဲ"

မင်းသားကြီး ဗာစီလီ ၎င်း၏အနီးသို့ ရောက်လာသောအခါ ပီယာ၏လက်ကို ဆုပ်ကိုင်ကာ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ ဘက်သို့ လှည့်လိုက်ပြီး

"ဒီလူရိုင်းကိုတော့ ယဉ်ကျေးလာအောင် လုပ်ပေးဦးမှ မှန်နန်းအပျိုတော်ကြီးရေ။ ကျုပ်နဲ့လာနေတာ တစ်လ ဆလာက်ရှိပြီ။ မင်းပွဲသဘင်ကို ဒီတစ်ခါပဲ တက်ဖူးသေးဘယ်။ ကျုပ်အထင်ကတော့ လိမ္မာယဉ်ကျေးတဲ့ မိန်းမများနဲ့ ဝင်ဆံ့အောင် ပေါင်းသင်းခြင်းဟာ လူပျိုလူရွယ်တစ်ဦးအဖို့ လောကမှာ အလိုအပ်ဆုံးအရာပဲ ထင်တယ်ခင်ဗျ ဘုတ်စ"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ပြုံးလျက် ပီယာအား ယဉ်ကျေးသိမ်မွေ့လာအောင် လက်ထပ်သင်ပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ပီယာ၏ ခင်ပွန်းမြို့စားကြီး ဘိဖူးကော့ဗ်မှာ မင်းသားကြီး ဗာစီလီတို့၏ ဆွေမျိုးဆက်ထဲက ဖြစ်သည်ကို မှန်နန်းအပျိုတော်ကြီး သိပြီးဖြစ်သည်။ ထိုအခိုက်တွင် ဒွေးတော်ကြီး၏ အနားတွင် တစ်ချိန်လုံး ထိုင်လျက်ရှိသော အဘွားကြီးသည် ဧည့်ခန်းပေါက်ဝနားသို့ ရောက်နေပြီဖြစ်သော မင်းသားကြီးဗာစီလီ နောက်သို့ ခပ်သုတ်သုတ်လိုက်လာလေသည်။ ၎င်း၏မျက်နှာမှာ စိုးရိမ်လျက်ရှိသော အသွင်ကို ဆောင်လျက်ရှိ၏။

"အစ်မတော်ကြီးရဲ့ သားတော်မောင် ဘိုးရစ်စ်ကိစ္စလေးကော ဘယ်အခြေရောက်နေပါပြီလဲ မောင်တော်ကြီး။ အစ်မတော်လဲ ပီတာစဘတ် ရွှေမြို့တော်မှာစောင့်နေရတာ ကြာလှပါပြီ မောင်တော်ကြီးရယ်။ ဒီတော့ သူ့ကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ် ဘာများထူးသလဲဆိုတာ သိပါရစေ"

မင်းသားကြီး ဗာစီလီသည် စိတ်မပါဟန်ဖြင့် ထိုအဘွားကြီး၏ စကားကို နားထောင်လျက်ရှိ၏။ ၎င်း၏ မျက်နှာတွင် မနှစ်မြို့သည့် အမူအရာသည်လည်းပေါ်ပေါက်လျက်ရှိလေသည်။ ထိုအဘွားကြီးသည် မင်းသားကြီးဗာစီလီ ရုတ်တရက် ထွက်မသွားစေရန် လက်ဆွဲထားကာ တောင်းပန်တိုးလျှိုးသော အပြုံးမျိုးကို ကြိုးစား၍ ပြုံးလျက်ရှိ၏။

"မောင်တော်ကြီးတို့အဖို့တော့ ဘုန်းတော်ကြီးသော ဘုရားကို တစ်ခွန်းနှစ်ခွန်း လျှောက်တင်ရတာ အပန်းမကြီးလှဘူးလို့ထင်ပါတယ်။ ဒီတော့ အစ်မတော်ရဲ့ သားတော်မောင်ကိုသာ ကိုယ်ရံတော်တပ်မှာ ပြောင်းရွှေ့ပေးဖို့ တဆိတ်ကလေး"

"စိတ်ချပါ အစ်မတော်၊ ကျွန်တော်အတတ်နိုင်ဆုံးလုပ်ပေးပါ့မယ်။ ဒါပေမဲ့ ဒီကိစ္စလောက်ကို ဘုန်းတော်ကြီးသော ဘုရားရွှေနားတော်အထိ တက်လျှောက်ဖို့ဆိုတာတော့ ခပ်ခက်ခက်ပဲဗျ။ ဒီတော့ ဒီလိုလုပ်ပါ၊ အစ်မတော်ကိုယ်တိုင်မင်းသားကြီးဂိုလစ်ဆင်က တစ်ဆင့် စစ်ဝန်ကြီးဌာနဆီကို တက်ပြီး အသနားခံပါ။ ဒါဟာ အကောင်းဆုံးနဲ့ အလွယ်ဆုံးနည်းလမ်းပဲ"

ထိုအဘွားကြီးမှာ မင်းသမီးကြီး ဒရူဘက်စကားယားဆိုသူဖြစ်၍ ရုရှားနိုင်ငံတွင် အထင်ရှားဆုံးသော ဆွေမျိုးဆက်မှ ဆင်းသက်လာခဲ့သူ တစ်ဦးဖြစ်လေသည်။ သို့ရာတွင် ယခုအချိန်၌ကား ဆင်းရဲနွမ်းပါးလျက်ရှိကာ မင်းပွဲသဘင်များတွင်လည်း အရာမဝင်နိုင်၊ ဩဇာတိက္ကမလည်း မရှိရှာတော့ဘဲ အပယ်ခံဘဝသို့ ရောက်နေရှာသူဖြစ်လေသည်။ ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်လာခြင်းမှာ ၎င်း၏ တစ်ဦးတည်းသော သားဖြစ်သူ ဘိုးရစ်စ်အား ကိုယ်ရံတော်တပ်တွင် ခန့်ထားခြင်းပြုရေးအတွက် အကြံအဖန်ပြုလုပ်ရန် ရောက်လာခြင်း ဖြစ်လေသည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏မင်းပွဲသဘင်သို့ ရောက်ရှိလာကာ ပြင်သစ်မြို့စားကလေး၏ ဘိုနာပတ်ဇာတ်လမ်းကို နားထောင်နေရခြင်းမှာလည်း မင်းပေါက်စိုးပေါက်ဖြစ်သော မင်းသားကြီး ဗာစီလီကို တွေ့ဆုံစကားပြောခွင့်ရရန် ဖြစ်လေသည်။

ဤကဲ့သို့ မင်းသားကြီး ဗာစီလီက ခပ်ဖယ်ဖယ်ပြောလိုက်သောအခါတွင်မူကား မင်းသမီးကြီး ဒရူဘက်စကားယားမှာ အားကိုးရာမဲ့ဖြစ်လျက် ငယ်ငယ်က ကျက်သရေ ရှိဟန်တူသော မျက်နှာပေါ်တွင်လည်း စိတ်မချမ်းမြေ့သည့် အရိပ်အရောင်များ ယှက်သန်းလာလေသည်။ သို့ရာတွင် ဣန္ဒြေဆည်ကာ ချက်ချင်းပြုံးလိုက်ပြီး မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကြီးဗာစီလီ ၏လက်မောင်းကို ဖိ၍ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်လျက်

"တဆိတ်ကလေး တောင်းပန်ပါရစေ မောင်တော်ကြီးရယ်။ အစ်မတော်ဟာ မောင်တော်ကြီးကို အရင်တုန်းကတော့ ဘာမှ အပူမကပ်ခဲ့ပါဘူး။ နောင်လဲ ဘယ်တော့မှ အပူမကပ်ပါဘူး။ အစ်မတော်ကြီးရဲ့ ခမည်းတော်လက်ထက်တုန်းက မောင်တော်ကြီးကို ဘယ်လောက် ကူညီစောင်မခဲ့တယ် ဆိုတာတွေကိုလဲ အစ်မတော် ဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ ခုတစ်ခါမှာတော့ အစ်မတော်ရဲ့ သားအတွက် တဆိတ်ဆောင်ကြဉ်းပေးပါ မောင်တော်ကြီးရယ်။ မောင်တော်ကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။ တောင်းပန်ပါရစေ"

မင်းသမီးကြီး ဒရူဘက်စကားယားသည် တတွတ်တွတ် တောင်းပန်လျက် ရှိလေသည်။

"စိတ်မရှိပါနဲ့ မောင်တော်ကြီးရယ်နော်၊ ကတိလေး တစ်လုံးလောက်သာ ပေးလိုက်ပါ။ မင်းသားကြီး ဂိုလစ်ဆင်ဆီကိုလဲ အစ်မတော် ပြောပြီးပါပြီ။ ဒါပေမဲ့ သူမတတ်နိုင်ဘူးလို့ ပြောလိုက်ပါတယ်။ ဒီတော့ အစ်မတော်ရဲ့ မောင်တော်ကြီးဟာ တစ်ဖက်သားကို ကြင်နာသနားတတ်သူပီပီ အစ်မတော်ကို ကူညီပါနော် ဟုတ်လား"

မင်းသမီးကြီးသည် မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝဲလျက်ရှိရင်းက ကြိုးစား၍ ပြုံးနေပြန်သည်။

"ကဲ ဖေဖျား၊ သမီးတော်တို့ သိပ်နောက်ကျနေလိမ့်မယ်၊ သွားကြစို့"

ဟယ်လင်မင်းသမီးက တံခါးဝတွင် ရပ်စောင့်နေရာက ကျမ်းထွက်နှင့်ညီအောင် ပုံပန်းကျ၍ အချိုးအဆစ်ပြေပြစ်ချောမောလှသော ပခုံးပေါ်မှ ကျော်ကာ လှပသော ခေါင်းကလေးကို ငဲ့စောင်း ပြောလိုက်သည်။

လူတစ်ယောက်၏ သြဇာတိက္ကမ ဟူသည် နှစ်ရှည်လများ စုဆောင်းသိမ်းထားသော ဓနကြေးငွေနှင့် တူလေသည်။ ဓနကြေးငွေကို ကြာရှည်ခံစေလိုလျှင် အသုံးအစွဲချွေတာရန် လိုသကဲ့သို့ မိမိ၏သြဇာတိက္ကမ အရှည်တည်စေလိုလျှင်လည်း ထိုသြဇာ တိက္ကမကို နေရာတကာ သုံးစွဲခြင်းမပြုဘဲ ကျစ်လျစ်သိပ် သည်းစွာ သုံးစွဲဖို့ လိုပေသည်။ မင်းသားကြီး ဗာစီလီမှာ ဤအချက်ကို ကောင်းစွာ သဘောပေါက်သူ ဖြစ်ဟန်တူ၏။ မိမိထံလာ၍ တောင်းပန်တိုးလျှိုးသူတိုင်းအတွက် မိမိက ၎င်းတို့ကိုယ်စား တောင်းဆိုပေးရမည်ဆိုလျှင် မကြာမီတစ် နေ့၌ မိမိအတွက် တောင်းစရာအခွင့်အလမ်းဟူ၍ ရှိတော့ မည်မဟုတ်ချေ။ မင်းသားကြီး ဗာစီလီသည် ဤအချက်ကို သဘောပေါက်ပြီး ဖြစ်သည့်အတိုင်း မိမိ၏သြဇာတိက္ကမကိုသုံးစွဲရာတွင် နေရာတကာလိုက်၍ သုံးစွဲခြင်းမပြုဘဲ သတိ ကြီးစွာထား၍ သုံးစွဲတတ်သူ ဖြစ်လေသည်။

သို့ရာတွင် မင်းသမီးကြီး ဒရူဘက်စကားယား၏ ဒုတိယမြို့ တောင်းပန် တိုးလျှိုးချက်ကို ကြားပြီးနောက်တွင်ကား မင်းသားကြီး ဗာစီလီသည် မိမိ၌ ကူညီစောင်မရမည့် ဝတ္တရားရှိသည်ကို နားလည်ခဲ့လေပြီ။ မင်းသမီးကြီး ဒရူဘက်စကားယားသည် သွေးထွက်အောင်မှန်သော အချက်တစ်ရပ်ကို သက်သေပြကာ မိမိကို သတိပေးသွားခဲ့လေပြီ။ ထိုအချက်မှာ မင်းသမီးကြီး၏ ခမည်းတော်က မိမိအား ကူညီစောင်မခဲ့ဖူးသည်ဆိုသော အချက်ဖြစ်လေသည်။ အမှန်အားဖြင့်လည်း မင်းသားကြီး ဗာစီလီ ဤအခြေသို့ ရောက်လာခဲ့ရခြင်းမှာ မင်းသမီးကြီး ဒရူဘက်စကားယား၏ ခမည်းတော်က ကူညီစောင်မလိုက်သောကြောင့်ဖြစ်လေသည်။ ထို့မှုမက အမူအရာကို ကြည့်ခြင်းအားဖြင့်လည်း မင်းသမီးကြီး ဒရူးဘတ်စကားယားမှာ တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသည်နှင့် မိမိ၏ ရည်ရွယ်ချက်မအောင်မြင်မခြင်း နောက်ဆုတ်မည့် မိန်းမမျိုးထဲက မဟုတ်ဘဲ လိုအပ်ပါက နေ့နှင့်အမျှ နာရီနှင့်အမျှ လူနာအမဲခြောက်တောင်းသည့် ပမာတကျီကျီ ပူဆာရုံမျှမက မိမိ၏ တောင်းဆိုချက်မရလျှင် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ဖော်ကာ အော်ကြီးဟစ်ကျယ်လုပ်ဖို့ ဝန်မလေးတတ်သော မိန်းမမျိုး ဖြစ်ခြင်းကိုလည်း မင်းသားကြီး ဗာစီလီ စဉ်းစားမိပြန်သည်။ ဤစဉ်းစားချက်ကြောင့်ပင် မင်းသားကြီး ဗာစီလီသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ရလေသည်။

"ကဲ အစ်မတော်၊ အစ်မတော် တောင်းပန်တဲ့ ကိစ္စကတော့ ကျုပ်မတတ်နိုင်လောက်အောင် ခက်ခဲတဲ့ ကိစ္စတစ်ရပ်ပဲ၊ ဒါပေမဲ့ အစ်မတော်ကို ချစ်ခင်တဲ့အတွက်ကြောင့်ရော၊ အစ်မတော်ရဲ့ ခမည်းတော်ကြီးကို လေးစားတဲ့ အနေနဲ့ရော ကျုပ်မတတ်နိုင်တဲ့ကိစ္စကို တတ်နိုင်အောင် လုပ်ပေးမယ်။ အစ်မတော်ရဲ့သား ကိုယ်ရံတော်တပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပေးစေရမယ်။ စိတ်အေးအေးသာ နေပေတော့။ ထဲ ကျေနပ်ပြီ မဟုတ်လား"

"အမလေး ဝမ်းသာလိုက်တာ မောင်တော်ကြီးရယ်။ ကျေးဇူးကြီးပါပေတယ်။ မောင်မင်းကြီးသား စိတ်ကောင်းနှလုံးကောင်း ရှိပါပေတယ်"

မင်းသားကြီး ဗာစီလီသည် မင်းသမီးကြီးဒရူဘက်စကားယား၏ စကားကိုပင် ဆုံးအောင် နားမထောင်တော့ဘဲ ထွက်လာခဲ့လေသည်။

"မောင်တော်ကြီး၊ စကားလေးတစ်ခွန်းလောက် ကျန်သေးလို့ခဏနေပါဦး။ တကယ်လို့ အစ်မတော်ရဲ့ သားတော်မောင် ကိုယ်ရံတော်တပ်ကို ရောက်ပြီးရင်လဲ"

မင်းသမီးကြီးသည် စကားကို ဆက်မပြောသေးဘဲ ပြောသင့်မပြောသင့် ချိန်ဆနေသည်။ အတန်ကြာမှ

"မောင်တော်ကြီးကတော့ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နဲ့ ရင်းနှီးပါတယ်။ ဒီတော့ အစ်မတော်ရဲ့ သားတော်မောင် ဘိုးရစ်စ်ကို ဗိုလ်မှူးကလေးရအောင် ထောက်ခံပေးပါလားဟင် မောင်တော်ကြီး၊ အစ်မတော်လဲ ဒီတော့မှ ဒီသားအတွက် စိတ်အေးရမှာ။ ပြီးတော့"

မင်းသားကြီး ဗာစီလီက ပြုံးလိုက်သည်။

"မလုပ်ပါနဲ့ အစ်မတော်။ ဒါတော့ ကတိမပေးပါရစေနဲ့။ ကူတူဇော့ဗ်မှာ စစ်သေနာပတိချုပ် ဖြစ်ကတည်းက ဘယ်လောက် စိတ်ညစ်နေရတယ်ဆိုတာ အစ်မတော် မသိဘူး။ မော်စကို တစ်မြို့လုံးမှာရှိတဲ့ မိန်းမတွေ အားလုံးက သူတို့သားတွေ အကုန်လုံး ဗိုလ်မှူးလလေးတွေချည်း ဖြစ်စေချင်လို့ ကျုပ်လဲ စိတ်ညစ်လှပြီလို့ တစ်နေ့ကတင်ပဲ ညည်းလိုက်သေးတယ်"

"မလုပ်ပါနဲ့ မောင်တော်ကြီးရယ်။ ဒါကလေးတော့ ရအောင် ပြောပေးစမ်းပါဦး။ မောင်တော်ကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး"

"ဖေဖျာ၊ သမီးတော်တို့ သိပ်နောက်ကျနေ လိမ့်မယ်။ သွားကြစို့"

သမီးချော ဟယ်လင်မင်းသမီးလေး၏ အသံသည် စောစောကအတိုင်း ပေါ်လာပြန်သည်။

"ကဲ သွားမယ်အစ်မတော်။ သမီးတော်က ခေါ်လှပြီ"

"ဒါဖြင့် ဒီကိစ္စကို ဘုန်းတော်ကြီးသော ဘုရားဆီ မနက်ဖြန် လျှောက်မယ်ပေါ့"

"ဟုတ်တယ်။ ဒါပေမဲ့ စစ်သေနာပတိဆီ ပြောဖို့ ကိစ္စကိုတော့ ကတိမပေးပါရစေနဲ့ အစ်မတော်"

"ကူညီပါ မောင်တော်ကြီးရယ်၊ တဆိတ် အစ်မတော်ကို ကူညီပါ"

မင်းသမီးကြီး ဒရူဘက်စကားယားသည် ငယ်ငယ်က ထုံးစံအတိုင်း မာယာများသော မိန်းမငယ်တစ်ယောက်ကဲ့သို့ ပြုံးကာ တံခါးပေါက်ဆီသို့ ထွက်ခွာသွားနေသော မင်းသားကြီး ဗာစီလီကို လှမ်း၍ ကြည့်လိုက်သည်။ သို့ရာတွင် မင်းသမီးကြီး၏ မာယာပြုံးမှာ အိုမင်းလှပြီဖြစ်သော မျက်နှာနှင့် လိုက်လျောခြင်း မရှိတော့ချေ။

မင်းသမီးကြီး ဒရူဘက်စကားယားသည် မိမိ၏ အရွယ်ကိုပင် ရုတ်တရက် မေ့လျော့သွားကာ ၎င်း၏ဝသီအတိုင်း မိန်းမတို့၏ မာယာသဲကိုးဖြာကို အစွမ်းကုန် အသုံးချလျက် ရှိလေသည်။ သို့ရာတွင် မင်းသားကြီးက မိမိကို ပြန်စောင်းမျှမခတ်ဘဲ ထွက်သွားသည့်နောက်တွင်မူကား မင်းသမီးကြီး ဒရူဘက်စကားယား၏ မျက်နှာမှာ နဂိုနေအတိုင်း သုန်မှုန်အေးစက်သော မျက်နှာထားသို့ တစ်မုဟုတ်ချင်း ပြောင်း၍ သွားလေသည်။ မင်းသမီးကြီးသည် ပြင်သစ်မြို့စားကလေး စကားပြောနေရာသို့ ပြန်လာကာ အိမ်သို့ ပြန်ချင်လျက်နှင့် အောင့်အည်း၍ နားထောင်နေရလေသည်။ အမှန်အားဖြင့်ကား မင်းသားကြီး ဗာစီလီနှင့် တွေ့ပြီးသည်နှင့် မင်းသမီးကြီး ဒရူဘက်စကားယားအဖို့ ယနေ့ည မင်းပွဲသဘင်သို့ တက်ရောက်ခဲ့ရသည့် ရည်ရွယ်ချက်မှာ ပြီးမြောက်ခဲ့လေပြီ။

## အခန်း ၅

"ကောင်းကြသေးရဲ့လားကွယ်ရို၊ ဘိုနာပတ်က မီလန်မှာ ရာဇဘိသေက ခံသတဲ့။ ကြည့်စမ်းပါဦး။ ဂျီနိုဝါနှင့် လတ်ကာက လူတွေကလဲ ဘိုနာပတ်ဆီကို အသနားခံလွှာတွေ တင်ကြသတဲ့။ ဘိုနာပတ်ကလဲ သလွန်ကြီးပေါ်ထိုင်ပြီး အတိုင်းတိုင်းအပြည်ပြည်က အသနားခံလွှာတွေကို စိမ်ပြေနပြေဖတ်လို့တဲ့။ ကောင်းကြပါလေ့တော်၊ ကောင်းကြပါလေ့။ မုန်နန်းအပျိုတော်ကြီးဖြင့် ဒီသတင်းတွေကြားရတာနဲ့ အသည်းတုန်အူတုန် ရှိလိုက်ပါဘိ။ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံးလဲ ပျက်စီးချိန်ရောက်ပြီလား မသိပါဘူး”

မုန်နန်းအပျိုတော်ကြီးက လေရှည်ကြီးဖြင့် ညည်းသလို ပြောလိုက်သဖြင့် မင်းသားကလေး အင်ဒရေသည် လှောင်ပြုံးပြုံးကာ မုန်နန်းအပျိုတော်ကြီး၏မျက်နှာကို တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။

“ရာဇဘိသိက်ပွဲမှာလဲ ဘုရားသခင်သည် ငါ့အား ကေရာဇ်အဖြစ်ကို ပေးသနားတော်မူ၏။ ငါ၏ ကေရာဇ်အဖြစ်ကို ဘုရားသခင် စောင့်ရှောက်စေသတည်း”လို့ ဘိုနာပတ်က မိန့်ခွန်းတော်ခြွေသတဲ့။ “အံမယ် ဒီလို ဘိုနာပတ်က ဆုတောင်းတဲ့အသံဟာ တယ်ပြီး နားဝင်ချိုတယ် ဆိုသကိုး”

မုန်နန်းအပျိုတော်ကြီးသည် ဘိုနာပတ်၏ ဆုတောင်းစကားကို အီတလီဘာသာဖြင့် ထပ်၍ ရွတ်ဆိုပြလိုက်သေးသည်။

“ကိုယ်နဲ့ မတန်မရာကိုသာ ဒီလို လျှောက်လုပ်နေရင် ဘိုနာပတ်တော့ ငါးပါးမှောက်တော့မှာပါ။ သိပ်မကြာတော့ပါဘူး။ လူတိုင်းကို အန္တရာယ်ပေးနေတဲ့ ဒီသတ္တဝါကို ဘယ်ပြည့်ရှင် ကေရာဇ်မင်းတွေကမှ ကြာရှည်သည်းခံမှာ မဟုတ်ဘူး။ စောင့်သာကြည့်နေကြ”

“ပြည့်ရှင်ကေရာဇ်မင်းတွေက သည်းမခံဘူးဟုတ်စ။ သူတို့အကြောင်းကို ထည့်မပြောစမ်းပါနဲ့ မုန်နန်းအပျိုတော်ကြီးရယ်။ သူတို့လဲ ဘာတတ်နိုင်လို့လဲ။ သူတို့ဘာမှ မတတ်နိုင်လို့ဘဲ ၁၇ ကြိမ်မြောက် လူဝီဘုရင်ကြီးနဲ့ မိဖုရားခေါင်ကြီးကိုတောင် ဘိုနာပတ်က သတ်ပစ်ခဲ့ပြီပဲ။ ဒီပြည့်ရှင်ကေရာဇ်တွေအကြောင်း ထည့်ပြောမနေစမ်းပါနဲ့။ ဘာမှ မတတ်နိုင်ပါဘူး။ ဒီပြည့်ရှင် ကေရာဇ်တွေဟာ အချင်းချင်း သစ္စာဖောက်ပြီး ကိုယ့်ကျိုးကိုယ့်စီးပွားလောက်ကိုသာ ကြည့်နေကြတာပဲ။ ကြည့်လေ၊ ခုပဲ ဒီပြည့်ရှင် ကေရာဇ်တွေဟာ သံတမန်တွေ လွှတ်ပြီး သူပုန်သူကန် အာဏာရူး ဘိုနာပတ်ကို မျက်နှာချိုသွေးနေကြပြီ မဟုတ်လား။ အဲဒီအထဲမှာ ရုရှားရွှေနန်းရှင် ကေရာဇ်တော့ မပါပေဘူး”

ပြင်သစ်မြို့စားကလေး မော်တီမာက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်ပြီး သက်ပြင်းချလိုက်သည်။

တစ်ချိန်လုံး ပွဲကြည့်မျက်မှန်ကို တပ်ထားပြီး ပြင်သစ်မြို့စားကလေးကို ကြည့်နေသည့် မင်းသားလေး ဟစ်ပိုလီတီသည် မိမိဘေးတွင် ထိုင်နေသည့် မင်းသမီးကလေး လီဇာဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီးနောက် သိုးမွေးထိုး ဇာထိုးအပ်တစ်ချောင်းကိုတောင်းကာ စားပွဲပေါ်တွင် ဘိုနာပတ်၏ ပြင်သစ်နိုင်ငံတံဆိပ်ကို ရေးခြစ်လျက်ရှိလေသည်။ ထို့နောက် ဟစ်ပိုလီတီသည် မိမိအား လာရောက် မေးမြန်းသည့်အတွက် ရှင်းလင်းပြရသကဲ့သို့ ထိုတံဆိပ်အကြောင်းကို မင်းသမီးကလေး လီဇာအား ရှင်းပြလျက်ရှိသည်။

ပြင်သစ်မြို့စားကလေး မော်တီမာက နိုင်ငံရေးကို သူမတူအောင် ကျွမ်းကျင်နားလည်သည့် ပုဂ္ဂိုလ်တစ်ဦးဟန်ဖြင့် စကားဆက်လိုက်ပြန်သည်။

“ဘိုနာပတ်သာ ပြင်သစ်ဘုရင်ရဲ့ ရာဇပလ္လင်ပေါ်မှာ နောက်ထပ်တစ်နှစ်လောက် ဆက်ပြီးရှိနေရင် အခြေအနေတွေ တစ်မျိုး ပြောင်းသွားလိမ့်မယ် ခင်ဗျ။ ခုလို လူတွေကို နှိပ်စက်ညှဉ်းပန်းပုံ၊ သတ်ဖြတ်ပစ်နေပုံ၊ နယ်ခြားပို့နေပုံတွေနဲ့သာဆိုရင်တော့ ပြင်သစ်ပြည်ရဲ့ မင်းမျိုးမင်းနွယ်ဟာ ပြုတ်ပြုတ်ပြုန်းပြီး အစတုံးရချည်ရဲ့ဗျာတို့”

ပြင်သစ်မြို့စားကလေးက ပခုံးကိုတွန့်ကာ လက်နှစ်ဖက်ကိုဖြန့်၍ စိတ်ပျက်သလို ပြောလိုက်သည်။ ပီယာ သည် ထိုစကားကို စိတ်ဝင်စားလိုသည့်အလျောက် တစ်စုံတစ်ရာဝင်၍ ပြောရန်ဟန်ပြင်လိုက်သည်။ သို့ရာတွင် ပီယာ၏အကဲကို အမြဲတစေ စောင့်ကြည့်နေသည့် မုန်နန်းအပျိုတော်ကြီးက ကြားဖြတ်ကာ “မုန်နန်းအပျိုတော်ကြီးတို့ရဲ့ ဘုန်းတော်ကြီးသောဘုရားကတော့ ပြင်သစ်နိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြင်သစ်ပြည်သူပြည်သားတွေ ကိုယ်တိုင် ကြိုက်ရာကို ရွေးကြပေစေ။ သူက ဘာမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘူးလို့အတိအလင်း ကြေညာတော်မူထားတာကပဲ။ အမှန်ကတော့ ပြင်သစ်ပြည်သူပြည်သားတွေဟာ ဒီသူပုန်သူကန် ဘိုနာပတ်ရဲ့ လက်အောက်က လွတ်တာနဲ့ တစ်ပြိုင်နက် တရားမင်းရဲ့ ခြေဖဝါးတော်အောက်ကို လာရောက်ခိုလှုံကြလိမ့်မယ်လို့ မုန်နန်းအပျိုတော်ကြီးယုံတယ်”

မုန်နန်းအပျိုတော်ကြီးက ရုရှားနိုင်ငံသို့ထွက်ပြေးခိုလှုံလာသော ဘုရင့်ဘက်တော်သား ပြင်သစ်မြို့စားကလေးကို ထောက်ကူ၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ ဒီလိုမထင်ဘူး" မင်းသားကလေး အင်ဒရေကာ ဝင်၍ ပြောလိုက်သည်။ "အခြေအနေတွေ တစ်မျိုးပြောင်းကုန်လိမ့်မယ်လို့ ပြင်သစ်မြို့စားကလေး ပြောတာအမှန်ပဲ။ ကျွန်တော့်အထင်တော့ ပြင်သစ်ပြည်မှာ အရင်တုန်းက အုပ်ချုပ်ရေးစနစ်မျိုးကို ပြန်ပြီးထောင်ဖို့ဟာ မလွယ်တော့ဘူး"

"ဟုတ်တယ်။ ကျွန်တော်ကြားရသလောက်ဆိုရင် ခုကတည်းကိုက မှူးကြီးမတ်ကြီးတွေကအစ၊ ဘိုနာပတ်ရဲ့ ဘက်ကို ပါကုန်ကြပြီလို့ ကြားတယ်"

ပီယာက မရဲတရဲဖြင့် ဝင်၍ ပြောလိုက်သည်။

"ဒါကတော့ဗျာ ဘိုနာပတ်ရဲ့ နောက်လိုက်တွေက ပြောတဲ့စကားပါ။ ဒီလို တားမိုးပြီး အုပ်စိုးနေတဲ့ ကာလကြီးမှာ ပြင်သစ်ပြည်သူပြည်သားတွေရဲ့ ဆန္ဒအစစ်အမှန်ကို သိဖို့ဆိုတာ သိပ်မလွယ်ပါဘူး"

ပြင်သစ်မြို့စားကလေးက ပီယာဘက်သို့ လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ဘိုနာပတ်ဘက်ကလဲ ဒီလိုပဲ ပြောတာပဲလေ"

မင်းသားကလေး အင်ဒရေကာ လှောင်ပြုံးပြုံး၍ ပြောလိုက်သည်။ မင်းသားကလေးအင်ဒရေမှာ ပြင်သစ်မြို့စားကလေး မော်တီမာကို များစွာကြိုက်နှစ်သက်ပုံမရချေ။ ထို့ကြောင့် စောင်းငဲ့ကြည့်ရှုခြင်းမရှိဘဲ ပြင်သစ်မြို့စားကလေးကို စောင်းမြောင်း၍ ပြောလိုက်ခြင်းဖြစ်လေသည်။

"ငါသည် သင်တို့အား ဘုန်းတန်ခိုးရှိရာ လမ်းသို့ ညွှန်၏။ သင်တို့မလိုက်ကြလေ။ ငါ၏ ခြေဖဝါးအောက်သို့သာ အလုအယက် တိုးဝင်ကြကုန်၏"လို့ ဘိုနာပတ်ကလဲ ပြောသားပဲ။ ဘယ်လောက်မှန်မမှန်တော့ မသိဘူး"

မင်းသားလေး အင်ဒရေကာ ဘိုနာပတ်၏ စကားကိုပင် ကိုးကား၍ ပြောလိုက်ချေသေး၏။

"ဒါက အလကား စကားပါဗျာ။ မြို့စားကြီး ဒီအင်ဂဟိန်းကို သတ်ပစ်လိုက်ကတည်းက သူ့နောက်ပါချင်ချင်ရှိနေတဲ့ လူတွေကိုယ်တိုင် ဘိုနာပတ်ကို အကြည်ညိုပျက်ကုန်ကြတာပဲ။ အစက သူ့ကို သူရဲကောင်းလို့ ထင်သူက ထင်ကြသေးတယ်။ မြို့စားကြီးကိုလဲ သတ်ပစ်လိုက်ရော ဘိုနာပတ်လဲ သူရဲကောင်းလို့ အထင်ခံရတဲ့ ဘဝက ခွေးကျကျတော့တာပဲ"

ပြင်သစ်မြို့စားကလေးက မှန်နန်းအပျိုတော်ကြီးဘက်သို့ လှည့်၍ ပြောလိုက်သည်။ မှန်နန်းအပျိုတော်ကြီးမှာ ချက်ကျလှသော ပြင်သစ်မြို့စားကလေး မော်တီမာ၏ စကားများကြောင့် ပီတိဖုံးကာ တပြုံးပြုံးဖြစ်လျက်ရှိ၏။ ပီယာသည် စကားဝိုင်းထဲသို့ ဝင်ပြောရန် ဟန်ပြင်လိုက်သည်။ ဤသည်ကို မှန်နန်းအပျိုတော်ကြီးကလည်း မြင်လိုက်ကာ မအပ်မရာကို ပြောတော့မည်ဟု ရိပ်မိလိုက်သဖြင့် ဝင်၍တားရန် ကြိုးစားလိုက်သော်လည်း မမီလိုက်တော့ချေ။ နောက်ဆုံးတွင် ပီယာက–

"ဘာလဲ။ မြို့စားကြီး ဒီအင်ဂဟိန်းကို သတ်ပစ်တဲ့ ကိစ္စလား။ ဒါကတော့ နိုင်ငံရေးအရ မလုပ်ရင်မဖြစ်တဲ့ ကိစ္စကြီး တစ်ရပ်ပဲခင်ဗျ။ ကျွန်တော့်အမြင်မှာတော့ သူကိုယ်တိုင် ဒီကိစ္စကြီးကို တာဝန်ယူပြီး ရဲရဲဝံ့ဝံ့ လုပ်လိုက်တဲ့အတွက် နပိုလီယံရဲ့ သူရသတ္တိကြီးမားမှု၊ အမြော်အမြင်ကြီးမားမှုဟာ ပိုပြီး ထင်ရှားလာတယ်လို့တောင် ထင်မိသေးတယ်"

"ဘုရားဘုရား" မှန်နန်းအပျိုတော်ကြီးက ထိတ်လန့်တကြား ရွတ်ဆိုလိုက်သည်။

"ဘယ်လို။ မြို့စားကြီးကို သတ်ပစ်တာဟာ သူရသတ္တိရှိတယ်၊ အမြော်အမြင်ကြီးတယ်လို့ ဆိုချင်သလား။ ဟုတ်လား"

မင်းသမီးကလေးလီဇာက သိုးမွေးထိုးရင်း ပြုံးလျက် မေးလိုက်သည်။ အချို့က အာမေဍိတ်သံ ပြုကြသည်။

"ရက်စက်လိုက်တာဗျာ"ဟု မင်းသားကလေး ဟစ်ပိုလီတီက ဒူးကို လက်နှစ်ဖက်ဖြင့် ဖျတ်ခနဲပုတ်ရင်း ပြောလိုက်လေသည်။ ပြင်သစ်မြို့စားကလေးမှာ မနှစ်မြို့သောအမူအရာဖြင့် ပခုံးကို တွန့်ပြလိုက်သည်။ ပီယာသည် နားထောင်နေသော ပရိသတ်ကို မျက်မှန်ပေါ်မှကျော်ကာ စိုက်၍ ကြည့်လိုက်ပြီးနောက်–

"မှန်ပါတယ်။ ကျွန်တော်ပြောတာ ဒီအတိုင်းပါပဲ။ တော်လှန်ရေးကြီးလဲ ဖြစ်လာရော၊ ပြင်သစ်ဘာဘွန်မှူးမျိုးမတ်နွယ်တွေဟာ တိုင်းသူပြည်သားတွေကို တရားမဲ့ ဥပဒေမဲ့ အခြေအနေကြီးထဲမှာ စွန့်ပစ်ခဲ့ပြီး ထွက်ပြေးခဲ့ကြတယ်။ နပိုလီယန်တစ်ဦးတည်းသာ တော်လှန်ရေးကြီးဖြစ်ရတဲ့အကြောင်းရင်းတွေကို နားလည်သဘောပေါက်ပြီး ပရမ်းပတာဖြစ်နေတဲ့ အခြေအနေတွေကို ထိန်းသိမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ဒီတော့ အများရဲ့ကောင်းကျိုးချမ်းသာအတွက် လူတစ်ယောက်ရဲ့ အသက်ဆုံးရှုံးရတာကလေးလောက်ကို စဉ်းစားမနေနိုင်ဘူးခင်ဗျ"

"သူငယ်၊ ဒီဘက်စားပွဲကို ခဏ"

မှန်နန်းအပျိုတော်ကြီးက မနေနိုင်တော့ဘဲ လှမ်းခေါ်လိုက်သည်။ ပီယာမှာ စိတ်ထက်သန်နေပြီ ဖြစ်သည့်အလျောက် မှန်နန်းအပျိုတော်ကြီးကို ဂရုမစိုက်ဘဲဆက်၍ ပြောမြဲပြောနေလေသည်။

"ဟုတ်တယ်။ နပိုလီယန်ဟာ သူရသတ္တိရှိတယ်။ အမြော်အမြင်ကြီးတယ်။ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နပိုလီယံဟာ ပရမ်းပတာဖြစ်နေတဲ့ တော်လှန်ရေးကြီးကို ထိန်းသိမ်းနိုင်ခဲ့တယ်။ တော်လှန်ရေးကြီးရဲ့ မကောင်းတဲ့အခြင်းအရာတွေ၊ မကောင်းတဲ့ လက္ခဏာတွေကို တိုက်ဖျက်ပြီး တော်လှန်ရေးကြီးရဲ့ ကောင်းတဲ့အခြင်းအရာတွေ၊ ကောင်းတဲ့ လက္ခဏာတွေကို ထိန်းသိမ်းနိုင်ခဲ့တယ်။ လူတွေရဲ့ တန်းတူညီမျှခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့် စတဲ့ ပိုင်ခွင့်တွေကို ရအောင် လုပ်နိုင်ခဲ့တယ်။ ဒါကြောင့် နပိုလီယန်ဟာ အာဏာကို သိမ်းနိုင်ခြင်း ဖြစ်တယ်ခင်ဗျ"

"မှန်ပါတယ်၊ ပျက်စီးယိုယွင်းနေတဲ့ အခြေအနေကိုထိန်း၊ အာဏာကို သိမ်းပိုက်ပြီးတဲ့နောက် လူတွေကို သတ်မပစ်ဘဲ ရတဲ့အာဏာကို အစဉ်အလာအရ ဆက်ခံပိုင်ခွင့်ရှိတဲ့ အိမ်ရှေ့ဥပရာဇာကို သဘောထားကြီးကြီးနဲ့ ပြန်ပြီး အပ်နှင်းခဲ့ရင်တော့ နပိုလီယန်ဟာ ခင်ဗျားပြောသလို အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ထူးကြီးလို့ ခေါ်ထိုက်ပါပေတယ်။ ဒါပေမဲ့"

ပြင်သစ်မြို့စားကလေး မော်တီမာက မှတ်ချက်ချလိုက်သည်။

"ဒီလိုတော့ ဘယ်လုပ်နိုင်မလဲ မြို့စားလေးရဲ့။ နပိုလီယန်ဟာ တိုင်းပြည်ကြီးတစ်ခုလုံးကို ဝိုင်းပြီး နှိပ်စက်ညှဉ်းဆဲနေတဲ့ ပြင်သစ်မှူးမျိုးမတ်နွယ်တွေကို ခုခံတားဆီးပေးနိုင်တဲ့သူ၊ ကြီးကျယ်မြင့်မြတ်တဲ့သူလို့ တိုင်းသူပြည်သားတွေက ယုံကြည်တဲ့အတွက် သူ့ကို အာဏာအပ်နှင်းလိုက်တဲ့ ကိစ္စပဲ။ အမှန်ကတော့ တော်လှန်ရေးဆိုတာဟာ အင်မတန် ကြီးကျယ်မွန်မြတ်တဲ့ ကိစ္စကြီးတစ်ခုပဲခင်ဗျ"

ပီယာသည် စိတ်ပါလက်ပါဖြင့် ရင်ထဲတွင် ရှိသမျှကို မခြွင်းမချန် ထုတ်ပြောချလိုက်လေသည်။

"ဘာကွယ်၊ တော်လှန်ပြီး ဘုရင်ကို သတ်ပစ်တဲ့ကိစ္စဟာ ကြီးကျယ်မွန်မြတ်တဲ့ ကိစ္စကြီးတစ်ခု၊ ဟုတ်စ။ ကဲ ကဲ တော်ပါတော့ မောင်မင်းကြီးသား။ ဒီဘက်စားပွဲကို ကြွမှာသာ ကြွစမ်းပါ"

မှန်နန်းအပျိုတော်ကြီးက ဝင်၍ ပြောလိုက်သည်။

"ပြောပါစေခင်ဗျာ၊ ပြောပါစေ။ ရှူးရဲ့ 'လူမှုပဋိညာဉ်' ကျမ်းကြီးကို ဖတ်ရသလို နားထောင်ကောင်းလှပါတယ်"

ပြင်သစ်မြို့စားကလေးက ခပ်လျောင်လျောင် ပြုံး၍ ပြောလိုက်သည်။

"ကျွန်တော်က ရှင်ဘုရင်သတ်တဲ့ကိစ္စကို ကောင်းတယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ သဘောတရားကို ပြောတာပါ"

"ကောင်းပါပေ့ဗျာ။ လူသတ်တဲ့သဘောတရား၊ ဓားပြတိုက်တဲ့ သဘောတရား၊ ဘုရင်ကို သတ်တဲ့သဘောတရား၊ တယ်ကောင်း"

အသံတစ်သံ ထွက်လာသည်။

"မှန်ပါတယ်၊ ပြင်သစ်တော်လှန်ရေးက အဖြစ်အပျက်တွေဟာ အချို့အလွန်အကျွံ ဖြစ်တာတွေ ရှိပါတယ်။ မဖြစ်သင့်တာတွေ ရှိပါတယ်။ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ ဒါပေမဲ့ ဒါတွေက သိပ်အရေးကြီးတဲ့ ကိစ္စတွေ မဟုတ်ဘူးခင်ဗျ။ အရေးကြီးတာက လူတွေရဲ့ လွတ်လပ်ရေး၊ အဆင့်အတန်း ခွဲခြားမှုက လွတ်မြောက်ရေး၊ တိုင်းသူပြည်သားတွေရဲ့ တန်းတူညီမျှရေးစတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ ဒီ သဘောတရားတွေ အားလုံးကို နပိုလီယန်ဟာ လက်တွေ့ အကောင်အထည် ဖော်ခဲ့ပါတယ်"

"လွတ်လပ်ရေးနဲ့ တန်းတူညီမျှရေးတဲ့"

ပြင်သစ်မြို့ကလေးမှာ မခံမရပ်နိုင် ဖြစ်လာကာ မလိမ်မိုး မလိမ္မာသူငယ်ကလေးကို ဆုံးမမှ ဖြစ်တော့မည်ဟူသော ဟန်မျိုးဖြင့် ခပ်လျောင်လျောင် ပြောလိုက်သည်။

"လွတ်လပ်ရေးနဲ့ တန်းတူညီမျှရေးဆိုတဲ့ စကားလုံးတွေက တယ်ပြီး ကြီးကျယ်လွန်းလှသဗျာ။ ပြီးတော့ ဒီစကားလုံးတွေဟာလဲ ဆိသည်မ လက်သုတ်ဖတ်လို



www.burmeseclassic.com

www.burmeseclassic.com



ညစ်ထေးနေပါပြီ။ ဒီမှာ မိတ်ဆွေ၊ ခင်ဗျားပြောတဲ့ လွတ်လပ်ခွင့်နဲ့ တန်းတူညီမျှခွင့်တို့ ဆိုတာတွေကို မနှစ်သက်တဲ့ လူရယ်လို့ မရှိပါဘူး။ အားလုံးက နှစ်သက်ကြတာချည်းပါပဲ။ ဘုရားသခင် ကိုယ်တော်တိုင်ကလဲ ဒီစကားတွေကို တဖွဖွ မိန့်တော်မူခဲ့တာပဲ။ ဒါပေမဲ့ ခင်ဗျားစဉ်းစားကြည့်ပါ။ တော်လှန်ရေးပြီးကတည်းက ဘယ်သူများ ပျော်တယ်ရှိလို့လဲ။ ဘယ်သူ စိတ်ချမ်းသာတယ်ရှိလို့လဲ။ အားလုံးစိတ်ညစ်နေကြတယ်။ စိတ်မချမ်းမသာဖြစ်နေကြတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်ခွင့်ကို နှစ်သက်တယ်။ မြတ်နိုးတယ်။ လိုချင်တယ်။ ဒါပေမဲ့ ဘယ်မှာလဲ လွတ်လပ်ခွင့်။ မရှိတော့ဘူး။ ရှိတဲ့လွတ်လပ်ခွင့်ကို ဘိုနာပတ်က ဖျက်ဆီးပစ်လိုက်ပြီ”

မင်းသားကလေး အင်ဒရေကားပီယာကိုတစ်လှည့်၊ ပြင်သစ်မြို့စားကလေးကို တစ်လှည့်၊တစ်ဖန် မှန်နန်းအပျိုတော်ကြီးကိုတစ်လှည့် ရွှင်ပြုံးစွာ ကြည့်လျက်ရှိလေသည်။ မှန်နန်းအပျိုတော်ကြီးမှာ ပေါင်းသင်းဆက်ဆံရေးကိစ္စ၌ အတွေ့အကြုံများလှပြီ ဖြစ်သော်လည်း မကွယ်မထောင့် ဖြောင့်ဖြောင့် ဘွင်းဘွင်းကြီး ပြောချလိုက်သော ပီယာ၏ စကားများကြောင့် အစပထမ၌ ထိတ်ခနဲ ဖြစ်သွားမိလေသည်။ သို့ရာတွင် ပီယာ၏ သရော်စော်ကားနိုင်လှသော စကားလုံးများမှာ ပြင်သစ်မြို့စား ကလေးအား နည်းနည်းကလေးမျှ တုန်လှုပ်နိုင်စွမ်း မရှိသည်ကို သိရပြီး ပီယာအားလည်း မိမိတားမြစ်ခြင်းငှာ မတတ်နိုင်တော့သည်ကို သဘောပေါက်သွားသည့် နောက်တွင်ကား အားတက်လာကာ ပြင်သစ်မြို့စားကလေးဘက်မှ ဝင်၍ ပီယာအား ချေပပြောဆိုလေတော့သည်။

“ဒီမှာ တူတော်မောင်။ တူတော်မောင်ပြောတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီး ဘိုနာပတ်က အပြစ်မဲ့တဲ့ မြို့စားကြီးတစ်ယောက်ကို အစစ်အဆေးမရှိ သတ်ပစ်လိုက်တာကိုကော ဘာပြောဦးမလဲ။ ဒီလိုမြို့စားကြီးကိုသတ်ဖြတ်တာမျိုး မပြောနဲ့။ သာမန်လူတစ်ယောက်ကို သတ်တယ်ဆိုရင်တောင် လွန်လှပြီ။ ဒါကိုကော တူတော်မောင် ဘာပြောဦးမှာလဲ”

“ဟုတ်တယ် ကျွန်တော်လဲ မေးချင်ပါသေးတယ်။ ဒုတိယလ ၁၈ ရက်နေ့မှာကျင်းပတဲ့ ဘိုနာပတ်ရဲ့ဘိသိက်မင်္ဂလာပွဲဆိုတာကိုကော ခင်ဗျားဘယ်လို ပြောမလဲ။ဒါဟာ ဘိုနာပတ်က ဘုရင်ရှူး ရှူးပြီး သက်သက် အတုအယောင်လုပ်တာ မဟုတ်ဘူးလား။ လိမ်တာ မဟုတ်ဘူးလား။ ဒီလိုလုပ်နည်းမျိုးကတော့ဗျာ ကြီးကျယ်မြင့်မြတ်တဲ့ လုပ်နည်းမျိုး မဟုတ်ပါဘူး။ သက်သက်လိမ်တာပါ”

ပြင်သစ်မြို့စားကလေးက ဝင်၍ မေးသည်။

“အာဖရိကတိုက်မှာ အကျဉ်းသားတွေကို သတ်ပစ်တာကကော ဘယ်လောက်ဆိုးသလဲ”

မင်းသမီး လီဇာက ပခုံးကိုတွန့်၍ မေးလိုက်ပြန်သည်။

“အို ခင်ဗျား ဘာတွေပြောနေနေ ဘိုနာပတ်ဆိုတဲ့ လူကတော့ ဂျပိုးသူခိုးအစားထဲကပဲ”

“မင်းသားကလေး ဟစ်ပိုလီတီကလည်း ဝင်၍စွက်ပြန်သည်။ ပီယာသည် ဘာကိုဖြေရမည် မသိဘဲ ၎င်းတို့အားလုံးကိုကြည့်၍ ပြုံးလိုက်၏။ ၎င်း၏အပြုံးမှာ အခြားသူများ၏ အပြုံးကဲ့သို့ မပွင့်တပွင့်ပြုံးသော တစ်ဝက်အပြုံးမဟုတ်ချေ။ ပြုံးလိုက်သည်နှင့် လေးနက်တည်ငြိမ်သော သွင်ပြင်လက္ခဏာတွေ ပျောက်ကွယ်သွားပြီး ကလေးသူငယ်လို ရွှင်မြူးသော အသွင်လက္ခဏာတွေ ပေါ်ပေါက်လာကာ အားနာရှက်ကြောက်သည့် အပြုံးမျိုး ဖြစ်လေသည်။

“ခင်ဗျားတို့ တစ်ယောက်တစ်ပေါက် ဝိုင်းမေးနေတာကို တစ်ခွန်းတည်း ဘယ့်နှယ်လုပ်ပြီး ဖြေလို့ ဖြစ်မှာလဲဗျ” မင်းသားလေး အင်ဒရေက ဝင်ပြောလိုက်သည်။

“ကျွန်တော့် အမြင်မှာတော့ တိုင်းပြည်ခေါင်းဆောင်တစ်ယောက်ရဲ့ အပြုအမူတွေကို ကြည့်တဲ့နေရာမှာ လူပုဂ္ဂိုလ် တစ်ယောက်အနေနဲ့လဲ ကြည့်ရမယ်။ စစ်ဗိုလ်ချုပ်ကြီး အနေနဲ့လဲ ကြည့်ရမယ်။ ဘုရင်ဧကရာဇ်တစ်ပါး အနေနဲ့လဲ တစ်ကန့်စီ၊ တစ်ကန့်စီ ခွဲခြားပြီး ကြည့်ရမယ်လို့ ယူဆတယ်”

“ဟုတ်တယ်၊ ဟုတ်တယ်”

ပီယာမှာ မိမိဘက်က စစ်ကူရောက်လာသည့်အတွက် အားရဝမ်းသာ ဝင်ပြောလိုက်သည်။ မင်းသားကလေးအင်ဒရေက

“ဘာပဲဖြစ်ဖြစ် နပိုလီယန်ဟာ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ အင်မတန် ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲဆိုတာတော့ လူတိုင်း ဝန်ခံရလိမ့်မယ်။ ဂျဖာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ လူတွေပလိပ်ရောဂါဖြစ်ပြီး အတုံးအရုံး လဲနေတဲ့ကြားထဲမှာ သက်စွန့်ဆံဖျားသွားပြီး အကူအညီပေးခဲ့တာတွေ၊ အာကိုလာတံတားမှာ လူတွေရဲ့ အသက်ပေါင်းများစွာကို ကယ်ခဲ့တာတွေကတော့ အင်မတန် မြင့်မြတ်တဲ့အလုပ်တွေပဲ ခင်ဗျ။ ဒါပေမဲ့ သူ့မှာ တခြားချို့ယွင်းချက်တွေလဲ ရှိချင်တော့ ရှိပေမှာပေါ့လေ”

တစ်ယောက်တစ်ပေါက် ဝိုင်းမေးသည့်ကြား၌ အခက်ကြုံနေသော ပီယာအစား ဝင်ရောက် ပြောကြားပြီးနောက်၊ မင်းသားကလေး အင်ဒရေသည် ရုတ်တရက်ထလိုက်ကာ ပြန်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း ကြင်ရာတော်မင်းသမီးကလေး လီဇာကို လှမ်း၍ ပြောလိုက်သည်။

မင်းသားကလေး ဟစ်ပိုလီတီသည် ရုတ်တရက်မတ်တတ်ထကာ ပြန်ရန် ပြင်နေသော ပရိသတ်ကို ခေတ္တစောင့်ဆိုင်းနေရန် လက်ဟန်ခြေဟန်ဖြင့် ပြရင်း

“ဒီနေ့ အင်မတန် ရယ်စရာကောင်းတဲ့ ပုံပြင်ကလေးတစ်ခု ကျွန်တော် ကြားခဲ့ရတဲ့အတွက် ဒီပုံပြင်ကလေးကို ကျွန်တော်ပြန်ပြီး ဖောက်သည်ချချင်ပါတယ် မြို့စားကလေးခင်ဗျာ။ ပုံပြင်ကလေးကို အရေလည်လည်ပြောနိုင်အောင် ကျွန်တော့်ကို ရုရှားလို ပြောခွင့်ပြုပါ”

မင်းသားကလေး ဟစ်ပိုလီတီသည် ရုရှားလူမျိုးပင်ဖြစ်သော်လည်း ရုရှားပြည်တွင် တစ်နှစ်လောက်မျှသာ နေဖူးသေးသည့် ပြင်သစ်လူမျိုးတစ်ယောက်၏ လေသံဖြင့် ပုံပြင်ကလေးကို ပြောလျက် ရှိလေသည်။

“တစ်ခါတုန်းက မော်စကိုမှာ အင်မတန် စေးနှဲတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ယောက် ရှိသတဲ့ခင်ဗျ။ အမျိုးသမီးကြီးဟာ ခရီးထွက်တဲ့အခါတိုင်း ချပ်ဝတ်တန်ဆာဝတ်တဲ့ ထောင်ထောင်မောင်းမောင်း အဆောင်ကိုင်နှစ် ယောက်က သူ့ရထားနောက်က လိုက်ပြီး အခမ်းအနားနဲ့ ထွက်ရတာကို တယ်သဘောကျသတဲ့။ ဒါပေမဲ့ အမျိုးသမီးကြီးက စေးနှဲလေတော့ အဆောင်ကိုင်များကို လစာပေးပြီး ခန့်မထားဘူး။ သူ့မှာ ထောင်ထောင်မောင်းမောင်း အပျိုတော်တစ်ယောက်လဲ ရှိသတဲ့”

မင်းသား ဟစ်ပိုလီတီက ခေတ္တရပ်ကာ စဉ်းစားနေသည်။

“အဲ၊ ဒါနဲ့ အမျိုးသမီးကြီးက သူ့အပျိုတော်ကို ခေါ်ပြီး ‘ဟဲ့ ညည်းပဲ ချပ်ဝတ်တန်ဆာဝတ်ပြီး ငါ့ မြင်းရထားနောက်က လိုက်ခဲ့စမ်း။ အဆောင်ကိုင်အဖြစ်နဲ့ တစ်လှည့်၊ အပျိုတော်အဖြစ်နဲ့ တစ်လှည့် ငါ့ကို ခစားပေါ့ အေ’လို့ ပြောသတဲ့”

မင်းသားလေး ဟစ်ပိုလီတီသည် မိမိဘာသာ သဘောကျကာ တဟားဟားရယ်နေသည်။ ကျန်ပရိသတ်ကား အဓိပ္ပာယ်ကို နားမလည်ဘဲ ငြိမ်နေကြလေသည်။ အချို့ကမူ ရောယောင်၍ ပြုံးလိုက်ကြသည်။

“ဒါနဲ့ အဲဒီအပျိုတော်လဲ ချပ်ဝတ်တန်ဆာတွေဝတ်ပြီး အဆောင်ကိုင်လို တစ်လှည့်၊ အပျိုတော်လို တစ်လှည့် ခစားရတာပေါ့။ အဲဒီတုန်းမှာ လေကြီးမိုးကြီးကျလာသတဲ့။ အဆောင်ကိုင်ဟန်ဆောင်ထားတဲ့ အပျိုတော်ရဲ့ ခေါင်းပေါ်က မောက်လူတွေ ဘာတွေလဲ အကုန်လွင့်စဉ်ကုန်သတဲ့”

ဤနေရာတွင် မင်းသားလေး ဟစ်ပိုလီတီသည် မအောင့်အည်းနိုင်တော့ဘဲ တဟားဟား ရယ်နေလေသည်။

“အဲဒီတော့မှ မိန်းမကို ယောကျ်ားယောင် ဆောင်ထားမှန်း အားလုံးက သိကုန်ကြပြီး အရှက်တကွဲ ဖြစ်သွားရသတဲ့ ခင်ဗျ။ ဟား ဟား ဟား”

မင်းသားလေး ဟစ်ပိုလီတီသည် သူ့ရယ်စရာပုံပြင်ကလေးကို အဆုံးသတ်လိုက်လေသည်။ မင်းသားကလေး ဟစ်ပိုလီတီသည် ဤပုံပြင်ကလေးကို မည်သည့် ရည်ရွယ်ချက်ဖြင့် ပြောသည်ကိုလည်းကောင်း၊ အဘယ့်ကြောင့် ရုရှာဘာသာဖြင့် ပြောသည်ကိုလည်းကောင်း မည်သူမျှ ကောင်းစွာ နားမလည်ကြချေ။ သို့သော်လည်း မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာနှင့် အချို့သော ပရိသတ်တို့ကမူ တဖွတ်ထိုး ပြောနေသည့် ပီယာ၏ မနှစ်မြို့စရာ စက်ဆုပ်စရာ စကားများကို ရပ်တန့်သွားအောင် လိမ္မာကျွမ်းကျင်စွာ လုပ်နိုင်ပါပေသည်ဟု ကျိတ်၍ ချီးမွမ်းလျက် ရှိကြလေသည်။ ထိုနောက်တွင်ကား ပြောလက်စ စကားစ ပြတ်သွားကြပြီး ကပွဲအကြောင်း၊ ဇာတ်သဘင်အကြောင်း၊ မည်သူက မည်သူ့ကို မည်သည့်နေရာတွင် ဧည့်ခံမင်္ဂလာပွဲကျင်းပမည့်အကြောင်း စသည့် အသေးအဖွဲ့ပြဿနာကလေးများကို ပြောဆိုလျက် ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၆

ရွှင်မြူးကြည်နူးဖွယ်ကောင်းသော ညှော်ခံမင်္ဂလာပွဲ ကျင်းပသည့်အတွက် မှန်နန်းအပျိုတော်ကြီးအား ကျေးဇူး ဥပကာရစကားဆိုပြီးနောက် မင်းပရိသတ်အသီးသီးသည် တဖြည်းဖြည်း ပြန်လည် ထွက်ခွာစပြုလျက်ရှိကြလေသည်။

ပီယာမှာ လူပုံပန်း ခွကျကျဖြစ်၏။ သန်မာတောင့်တင်း၍ အလုံးအရပ် အနေတော်ဖြစ်၏။ ၎င်း၏ကျယ်ပြန့်ကြီးမား၍ နီမြန်းသောလက်များသည် ယောကျ်ားပီသသောလက္ခဏာကို ဖော်ပြလျက်ရှိကြလေသည်။ ပီယာသည် ကိုယ့်ကိုယ်ကို လူရာဝင်အောင် မည်သို့ ပြုမူရမည်ကို နည်းနည်းလေးမျှ နားမလည်သူတစ်ယောက်လည်း ဖြစ်လေသည်။ လူတောထဲ ဝင်လျှင် မည်သည့်စကားဖြင့်ဝင်၍ လူတောထဲမှထွက်လျှင် မည်သည့် ပဋိသန္ဓာရစကားဖြင့် ထွက်ရမည်ကိုလည်း နားမလည်သူတစ်ယောက်ဖြစ်လေသည်။ ထိုမျှမက သတိမေ့တတ်သူ တစ်ယောက်လည်း ဖြစ်ပေသေးသည်။ အိမ်သို့ ပြန်ခါနီးတွင် ပီယာသည် ဗိုလ်ချုပ်ကြီးတစ်ဦး၏ ဦးထုပ်ကို မိမိဦးထုပ်အမှတ်ဖြင့် ကောက်ကိုင်ကာ ဦးထုပ်တွင် တပ်ထားသည့် ငှက်တောင်ကို ဆွဲဖြုတ်နေတတ်သည်။ ထိုဦးထုပ်မှာ မိမိဦးထုပ်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောတော့မှ ရှက်ကိုးရှက်ကန်းဖြင့် ပြန်ထားရသည့် အဖြစ်မျိုးလည်း မကြာခဏကြုံခဲ့ရတတ်သည်။ ပီယာမှာ ယင်းသို့ မကြာခဏ သတိမေ့တတ်လျက် မင်းစိုးရာဇာတို့၏ ညှော်ခန်းဆောင်၌ မည်သို့မည်ပုံ ယဉ်ကျေးသိမ်မွေ့စွာ ပြုမူပြောဆိုရမည်ကို မသိသော်လည်း ၎င်း၏ ကြင်နာဟန်ရှိ၍ ရိုးသားတည်ကြည်သော အမူအရာကြောင့် အားလုံးကပင် ခွင့်လွှတ်ကြ၏။

မှန်နန်းအပျိုတော်ကြီးသည် ပီယာဘက်သို့ လှည့်လိုက်ပြီး ရှိင်းပြသူတစ်ယောက်အား ခွင့်လွှတ်သောဟန်ဖြင့် ခေါင်းကို တစ်ချက်ညိတ်လိုက်လျက်

"နောက်များမှာ တွေ့ကြသေးတာပေါ့နော်။ အဲဒီအခါမှာ တူတော်မောင်ရဲ့ ထင်မြင်ချက်တွေနဲ့ အယူအဆတွေလဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေလိမ့်မယ်လို့ မှန်နန်းအပျိုတော်ကြီး ယူဆပါတယ်"

မှန်နန်းအပျိုတော်ကြီးက ဤသို့ပြောလိုက်သည့်အခါတွင်ပီယာသည် ဘာမျှမပြောဘဲ ဦးညွှတ် နှုတ်ဆက်လိုက်သည်။ သို့ရာတွင် ပီယာမှာ ပြုံးလျက်ရှိလေသည်။ ထိုအပြုံးသည် 'ထင်မြင်ချက်က ထင်မြင်ချက်ပဲ ခင်ဗျ။ မပြောင်းနိုင်ပေဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ လူကောင်းတစ်ယောက်ပါခင်ဗျာ"ဟု ထုတ်ဖော်ပြောနေသကဲ့သို့ ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် ခန်းမဆောင်ကြီးထဲသို့ ထွက်လာကာ အဆောင်ကိုင်တစ်ယောက်က အပေါ်ရုံ အင်္ကျီဝတ်ပေးသည်ကို အလိုက်သင့်နေရင်း ခန်းမဆောင် ထဲသို့ ရောက်လာသော မင်းသားလေး ဟစ်ပိုလီတီသို့ တတွတ်တွတ်ပြောနေသည့် မိမိကြင်ရာတော် မင်းသမီး လေးလီဇာ၏ စကားများကို အမှတ်မထင် နားထောင် နေမိလေသည်။ ပဋိသန္ဓေ လွယ်ခါစဖြစ်၍ တင်းရွှမ်းစိုပြည်ကာ အလှကျက်သရေ ဖြိုးလျက်ရှိသော မင်းသမီးကလေး လီဇာအပါးတွင် မင်းသားလေး ဟစ်ပိုလီတီသည် နီးကပ်စွာ ရပ်လျက် မျက်မှန်ထဲမှနေ၍ မင်းသမီးလေးကို စူးစိုက်ကြည့်နေသည်။

"မှန်နန်းအပျိုတော်ကြီး အထဲဝင်တော့လေ။ တော်တော်ကြာ အအေးမိလို့ နေထိုင်မကောင်း ဖြစ်နေပါဦးမယ်။ ဟိုကိစ္စတော့စိတ်ချပါ။ ထိပ်ထား ကြည့်စီစဉ်လိုက်ပါ့မယ်"

မင်းသမီးလေး လီဇာက မှန်နန်းအပျိုတော်ကြီးကို လှမ်း၍ ခပ်အုပ်အုပ်ပြောလိုက်သည်။

မှန်နန်းအပျိုတော်ကြီးသည် အနာတိုလီနှင့် မင်းသမီးကလေး လီဇာ၏ယောက်မတော် (မင်းသားကလေး အင်ဒရေ၏အစ်မတော်)တို့ စေ့စပ်ကြောင်းလမ်းရေးကိစ္စကို မင်းသမီးလေး လီဇာအား စောစောကတည်းက စကားထည့်ထားပြီး ဖြစ်လေသည်။ မှန်နန်းအပျိုတော်ကြီးလည်း လေသံကလေးဖြင့် "မှန်နန်းအပျိုတော်ကြီးတော့ တူမတော်ကိုပဲ အားကိုးရတော့မှာပဲ။ ဒီကိစ္စကို သတို့သမီးလောင်းဆီလ စာရေးလိုက်ပေါ့။ ပြီးတော့ သူ့ခမည်းတော်ကြီးရဲ့ သဘောကိုလဲ မှန်နန်းအပျိုတော်ကြီးတို့ သိပါရစေဦးနော် ဟုတ်လား။ ကဲ ကဲ ကြွကြွပေတော့"

မှန်နန်းအပျိုတော်ကြီးသည် နှုတ်ဆက်ကာ ခန်းမဆောင်ထဲမှ ထွက်သွားလေသည်။

မင်းသားလေး ဟစ်ပိုလီတီသည် မင်းသမီးကလေး လီဇာအပါးသို့ကပ်ပြီး မျက်နှာချင်းဆိုင် အပ်လုမတတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းညွှတ်လိုက်ကာ တစ်စုံတစ်ရာကို နားနားသို့ကပ်၍ ပြောလိုက်လေသည်။

မင်းသားကလေးဟစ်ပိုလီတီ၏ အဆောင်ကိုင်နှင့် မင်းသမီးကလေးလီဇာ၏ အဆောင်ကိုင်တို့သည် ဝတ်ရုံနှင့်ခြုံလွှာတို့ကို အဆင်သင့်ကိုင်ကာ ၎င်းတို့နှစ်ယောက် စကားပြောပြီးသည်အထိ စောင့်ဆိုင်းနေကြလေသည်။ အဆောင်ကိုင် နှစ်ဦးသည် မင်းသားလေးနှင့် မင်းသမီးလေး ပြောနေကြသည့် ပြင်သစ်စကားများကို တစ်လုံးတစ်ပါဒမျှ နားလည် ခြင်းမရှိကြသော်လည်း နားလည်လျက်သားနှင့် နားမလည် ဟန်ဆောင်သည့် သဏ္ဌာန်မျိုးကို ပြုထားကြ၏။ မင်းသမီးကလေးလီဇာမှာ ထုံးစံအတိုင်း ခပ်ပြုံးပြုံး ပြောလျက်ရှိပြီး တစ်ချက်တစ်ချက်တွင် အသံကလေးထွက်အောင် တခစ်ခစ်ရယ်မောလျက်ရှိသည်။

"ဒီနေ့ည အင်္ဂလိပ်သံတော်ကြီးရဲ့ ညှော်ခံပွဲကို မသွားမိတာ သိပ်ကံကောင်းတာပဲ။ သံတော်ကြီးရဲ့ ညှော်ခံပွဲသွားရမှာ တယ်ပြီး ငြီးငွေ့စရာကောင်းလှတယ်။ ဟောဒီ ညှော်ခံပွဲလာရတော့မှ စိတ်နှလုံး ရွှင်ပြုံးလာပေတော့တယ်။ ထိပ်ထားကလေးကော မကြည်နူးဘူးလား"

"ကပွဲက ဒီထက် စိတ်ကြည်နူးစရာကောင်းလိမ့်ဦးမယ်။ ရွှေမြို့တော်တစ်ခုလုံးမှာရှိတဲ့ မိန်းမချော မိန်းမလှတွေ အားလုံးလာကြလိမ့်မယ်တဲ့"

မင်းသမီးလေးလီဇာက ရှေ့သို့ ခေါင်းထွက်နေသော ဖြူဖွေးသည့် သွားကလေးများကို ဖုံးဖိရုံ အပေါ်နှုတ်ခမ်းကို အောက်နှုတ်ခမ်းနှင့် စေ့အောင်ဆွဲ၍ စုလိုက်ရင်း ပြောလေသည်။

"ဘယ်ကလာပြီး မိန်းမချော မိန်းမလှ အားလုံးလာရမှာလဲ ထိပ်ထားရဲ့၊ ရွှေမြို့တော်တစ်ခုလုံးမှာရှိတဲ့ မိန်းမလှ အားလုံးဆိုတဲ့ စကားဟာ ထိပ်ထားလေးမပါဘဲနဲ့ ဘယ်မှာ ပြည့်စုံပါ့မလဲ"

မင်းသားကလေး၊ ဟစ်ပိုလီတီက ရွှင်မြူးသံဖြင့် ပြောလိုက်ရင်း အနီးတွင် ရပ်နေသော အဆောင်ကိုင်ထံမှ ခြုံလွှာကို ယူလိုက်ပြီး မင်းသမီးလေးကို လွှမ်းခြုံပေးနေသည်။ ခြုံမပေးတတ်၍ပင်လော၊ တမင်သက်သက်ပင်လော မပြောတတ်။ မင်းသားကလေး ဟစ်ပိုလီတီသည် ခြုံလွှာကို မင်းသမီးကလေးလီဇာ၏ ကိုယ်ပေါ်တွင် ဟိုရွှေ့သည်ရွှေ့လုပ်ပြီးနောက် လက်တစ်ဖက်ဖြင့် မင်းသမီးကလေး၏ ကိုယ်လုံးကို ရစ်ပတ်ထားလိုက်သည်မှာ တမင်ဖွေ့ပိုက်ထားသကဲ့သို့ ဖြစ်နေလေသည်။

မင်းသမီးကလေး လီဇာသည် ယခုထက်တိုင် ပြုံးလျက်ရှိနေရင်းက ဣန္ဒြေရစွာ အသာအယာရုန်းထွက်လိုက်ပြီး နောက် ကြင်ရာတော်မင်းသားကလေး အင်ဒရေကို လှည့်ကြည့်လိုက်သည်။ မင်းသားကလေး အင်ဒရေမှာ မျက်လုံးကို မှိတ်ထားလျက် ပင်ပန်းနွမ်းနယ်၍ အိပ်ချင်နေပုံရလေသည်။

"ကဲ အဆင်သင့် ဖြစ်ပလား"

မင်းသားကလေး အင်ဒရေက ကြင်ရာတော် မင်းသမီးကလေးကို ကျော်ကြည့်ပြီး မေးလိုက်သည်။

မင်းသားကလေး ဟစ်ပိုလီတီသည် ဖနောင့်များ ထိအောင် ဖားလျားကျနေသော နောက်ဆုံးပေါ်ပုံစံ ဝတ်ရုံအင်္ကျီရှည်ကြီးကို ကပျာကယာဝတ်လိုက်ပြီးနောက် အဆောင်ကိုင်တစ်ယောက်၏ အကူအညီဖြင့်ကရထားပေါ်သို့တက်နေပြီဖြစ်သော မင်းသမီးကလေး လီဇာရှိရာ ဆင်ဝင်အောက်သို့ ပြေးထွက်လိုက်လာခဲ့လေသည်။

"သွားတော့နော် ထိပ်ထားလေး"

မင်းသားကလေး ဟစ်ပိုလီတီသည် ခြေထောက်ဖြင့် တစ်စုံတစ်ခုကို ခလုတ်တိုက်ရင်းက လျှာကိုလည်း ခလုတ်တိုက်လုမတတ် ကသောကမျော နှုတ်ဆက်လိုက်သည်။

မင်းသမီးကလေး လီဇာသည် ဝတ်စုံကို နေသားတကျပြင်ကာ ကရထားထဲတွင် ထိုင်ရန် ဟန်ပြင်နေသည်။ ကြင်ရာတော် မင်းသားကလေး အင်ဒရေမှာ သူ့ငွေဓားလွယ်ကို ပြင်၍နေသည်။ မင်းသားလေး ဟစ်ပိုလီတီမှာ က ရထား တံခါးဝတွင် ပိတ်၍ရပ်နေသဖြင့် မင်းသားကလေးအင်ဒရေမှာက ရထားပေါ်သို့ တက်၍မရဘဲ ဖြစ်နေသည်။

"ဒီမှာ မိတ်ဆွေ၊တစ်ဆိတ်ခင်ဗျာ။ က ရထားပေါ် တက်ပါရစေ" မင်းသားကလေး အင်ဒရေက မနှစ်မြို့သောလေသံဖြင့် ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

"ဟေး ပီယာ၊ လာ လာ၊ ခင်ဗျားကို မျှော်နေတာ"

မင်းသားလေး အင်ဒရေ၏လေသံမှာ ပီယာကို နှုတ်ဆက်သည့်အခါတွင် ရင်းနှီး၍ လိုက်လှဲချိုသာသောအသံဖြစ်လေသည်။ သို့ဖြင့် မြင်းဖြူကြီးများကို တို့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် က ရထားဘီးများသည် တရွေ့ရွေ့လိမ့်ကာ ထွက်ခွာသွားလေသည်။

မင်းသားကလေး ဟစ်ပိုလီတီသည် မိမိနှင့် အတူ လိုက်မည့် ပြင်သစ်မြို့စားကလေး မော်တီမာကို ဆင်ဝင် အောက်မှ ရပ်စောင့်ရင်း ခွက်ထိုးခွက်လန်ရယ်မော ကျန်ရစ် ခဲ့လေ၏။

"ဘယ့်နှယ်လဲ နောင်တော်"ပြင်သစ်မြို့စားကလေး မော်တီမာက က ရထားထဲတွင် မင်းသားကလေး ဟစ်ပို လီတီနှင့်အတူ ယှဉ်တွဲထိုင်ရင်း ပြောလိုက်သည်။

"နောင်တော်တို့များတော့ တယ်စန်းပွင့် သကိုးဗျ ဟဲ ဟဲ။ နောင်တော့် ရွှေမင်းသမီးကလေက ချောလဲချော၊ လှလဲလှ။ ယဉ်လဲယဉ်၊ ဟီ းဟီး။ ပြင်သစ်ရွှေမြို့တော် သူကလေးတွေကျောင် ရှုံးလောက်ပါပေတယ်"

ပြင်သစ်မြို့စားကလေးက ၎င်း၏ လက်ဖျားများကို ခွတ်ခနဲမြည်အောင် နမ်းရှုပ်ဟန်လုပ်ပြလိုက်သည်။ ဟစ်ပို လီတီမှာ သဘောခွေ့သွားကာ တဟားဟား ရယ်လျက် ရှိလေသည်။

"ဒါပေမဲ့ နောင်တော်က လင်ကြီးငုတ်တုတ်အနား မှာထားပြီး ခပ်တည်တည် ရစ်နေတာကတော့ အသည်း ထိတ်စရာ ကောင်းလှသဗျာ။ ကျုပ်ကတော့ သူ့လင် လူအကလေးကို သနားလှတယ်။ အံမယ် သူကလဲ ဝိုက်ကတော့ အဖမ်းသားဗျို့သိလား။ တကယ့်ပြည့်ရှင် ဇကရာဇ်ကြီးရဲ့ ဂုက်အပြည့်ပဲ"

ဟစ်ပိုလီတီမှာ သဘောကျလွန်း၍ တဟားဟား ရယ်လျက်ရှိလေသည်။ ပြီးမှ

"ဘယ်နှယ်ရှိစ မြို့စားမင်း၊ ကျုပ်တို့ ရုရှားရွှေနန်း သူတွေဟာ ခင်ဗျားတို့ ပြင်သစ် ရွှေနန်းသူတွေကိုမမီဘူး ဆို။ ဒါပေမဲ့ မိန်းမတွေရဲ့ အကြောင်ကိုတော့ ကောင်းကောင်း ကြီး သိထားဖို့ လိုပေသဗျ"

*

ပီယာသည် ဦးစွာရောက်ရှိသူ ဖြစ်သည့်အတိုင်း မင်းသား ကလေး အင်ဒရေ၏ စံအိမ်စာကြည့်ဆောင်ထဲသို့ ဝင်သွား ပြီးနောက် ထိုင်ခုံတွင် လှဲချလိုက်လျက် စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဆွဲယူကာ (စာအုပ်မှာ ဂျူလီယက် ဆီဇာ၏ မိန့်ခွန်းများဖြစ်သည်။) တံတောင်ဆစ်ဖြင့် အားပြု၍ မှီလျောင်းရင်း စာအုပ်ကို အလယ်မှဖြတ်၍ ဖတ်နေလေသည်။

"ဗျို့ ပီယာ၊ မှန်နန်းအပျိုတော်ကြီးကို ခင်ဗျား ဘာတွေ လုပ်ပစ်ခဲ့သလဲ။ ဒီအချိန်လောက်ဆိုရင် အဘွား ကြီးတော့ အိပ်ရာထဲ လဲနေရော့မယ်"

မင်းသားလေးအင်ဒရေက စာကြည့်ဆောင်ထဲသို့ ဝင်လာရင်း လက်နှစ်ဖက်ကို ပွတ်၍ မေးလိုက်သည်။ ပီယာသည် တစ်ကိုယ်လုံး စောင်းလိုက်သဖြင့် ထိုင်ခုံမှာ တကျွိကျွိမြည်သွားလေသည်။ ပီယာသည် စိတ်အား ထက်သန်လျက်ရှိသော မျက်နှာဖြင့် မင်းသားကလေး အင်ဒရေကိုပြုံး၍ မော်ကြည့်လိုက်ရင်း လက်ကို ဝှေ့ယမ်း လိုက်ပြီး

"အလကားပါဗျာ။ မဟာဒဏ်ဝန်ဆိုတဲ့ လူကတော့ စိတ်ဝင်စားစရာ အကောင်းသားဗျ။ ဒါပေမဲ့ ဒီလူက ပြဿနာတွေကို မှန်မှန်ကန်ကန် မကြည့်တတ်တာက ခက်တယ်။ ကျွန်တော့်အထင်တော့ ထာဝစဉ် ငြိမ်းချမ်းရေး ဟာ ဖြစ်နိုင်တယ်လို့ ထင်တာပဲ။ ဒါပေမဲ့ ဥရောပနိုင်ငံ တွေရဲ့ အင်အားကို ချိန်ခွင်ညှာ ညီအောင်လုပ်ပေးနည်းနဲ့ တော့ မဟုတ်ပေဘူးဗျ"

မင်းသားကလေး အင်ဒရေမှာ ဤသို့လေးနက်လှ သော ပြဿနာကြီးများကို စိတ်ဝင်စားတတ်သူတစ်ယောက် မဟုတ်ချေ။

"နေရာတကာမှာ ကိုယ့်ထင်မြင်ချက်ကိုချည်း ဖွတ်ပြောနေလို့တော့ မကောင်းဘူးဗျ။ ဒါထက် နေစမ်း ပါဦး။ ခင်ဗျားကော ဘာလုပ်မယ် စိတ်ကူးထားသလဲ။ စစ်မှုတော် ထမ်းမလား။ ဒါမှမဟုတ် သံတမန်ဝန်ထမ်း ဘက် သွားမလား"

အတန်ကြာတိတ်ဆိတ်နေကြပြီးနောက် မင်းသား ကလေးအင်ဒရေက ပီယာကို မေးလိုက်သည်။ ပီယာသည် ရုတ်ခြည်းထ၍ ထိုင်ခုံပေါ်တွင် တင်ပျဉ်ခွေ ထိုင်လိုက်ကာ

"ဟင့်အင်း၊ ဘာမှ မစဉ်းစားရသေးဘူး။ ဘယ် သင်းကိုမှလဲ မကြိုက်ဘူး"

"တစ်ခုခုကိုတော့ ဆုံးဖြတ်ရမှာပေါ့ဗျ။ ခင်ဗျား ခမည်းတော်ကြီးကလဲ လုပ်စေချင်ရောပေါ့"

ပီယာသည် ဆယ်နှစ်သားကတည်းက မင်းဆရာ တစ်ယောက်နှင့် နိုင်ငံခြားသို့ ထွက်ခွာသွားကာ ပညာရင်နို့ သောက်စို့ခဲ့ပြီးနောက် ယခု အသက်နှစ်ဆယ်ပြည့်မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ မော်စကိုသို့ ပီယာပြန်ရောက်သောအခါတွင် ပီယာ၏ဖခင် မြို့စားကြီး ဘီဇူးကော့ဗ်သည် ပီယာနှင့်အတူ နိုင်ငံခြားသို့ လွှတ်လိုက်သည့် ပီယာ၏ မင်းဆရာကို အလုပ်မှထွက်စေကာ "ကဲ ပီတာ စဘတ်ရွှေမြို့တော်ကို သွားပေတော့။ ဟိုမှာ မင်းဘာသာမင်း လေ့လာပြီး သင့်တော်တဲ့ အလုပ်တစ်ခုကို ရွေးပြီးလုပ် ငါ့အနေနဲ့ကတော့ ဘာပဲလုပ်လုပ် သဘောကျတာချည်းပဲ။ ဟောဒီမှာ မင်းသားကြီးဗာစီလီကို ပေးဖို့ စာတစ်စောင်ရယ်၊ ငွေရယ် ယူသွား။ မင်းအလုပ်ကိစ္စကို ငါ့ဆီ မကြာမကြာ စာရေး။ ငါကတော့ မိဘဝတ္တရားနဲ့အညီ အတတ်နိုင်ဆုံး ထောက်ပံ့မှာပဲ"ဟု ဆိုကာ ပီယာကို ပီတာစဘတ်ရွှေမြို့တော်သို့ လွှတ်ခဲ့ခြင်း ဖြစ်လေသည်။

ပီယာသည် ရွှေမြို့တော်တွင် အလုပ်ရှာခဲ့သည်မှာ သုံးလခန့် ရှိခဲ့ပြီဖြစ်သော်လည်း ဘာကိုမျှ မည်မည်ရရ မဆုံးဖြတ်ရသေးချေ။ မင်းသားကလေး အင်ဒရေက ဤသည်ကို ရည်ရွယ်၍ ပီယာကို မေးမြန်းစုံစမ်းနေခြင်း ဖြစ်လေသည်။

ပီယာက နဖူးကို ပွတ်လိုက်သည်။

"ကေန္တ ဒီမဟာဒဏ်ဝန်ဟာ ဖရီးမေဆင်ဂိုဏ်းသားနဲ့တူတယ်"ဟု ညနေက တွေ့လာသော မဟာဒဏ်ဝန်ကို ရည်ရွယ်၍ ပီယာက ပြောလိုက်သည်။

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေစမ်းပါနဲ့ဗျာ။ သူ့ဘာသာသူ ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး။ အရေးကြီးတာက ကိုယ့်အလုပ်ကိစ္စပဲ မဟုတ်လား။ အလုပ်ကိစ္စအကြောင်း ပြောကြရအောင်ပါ။ နေစမ်းပါဦး၊ ခင်ဗျား ကိုယ်ရုံတော် မြင်းတပ်ကို ရောက်ပလား"

"ဟင့်အင်း မရောက်သေးပါဘူး။ အဲဒီကိစ္စကို ကျွန်တော် စဉ်းစားနေတာပဲ။ ခင်ဗျားကိုလဲ ဒီကိစ္စနဲ့ ပတ်သက်လို့ ပြောချင်နေတာ ကြာလှပြီ။ ကြည့်၊ ခု နပိုလီယန်ကို အားလုံးက စစ်ကြေညာပြီး ဝိုင်းတိုက်နေကြပြီ။ နပိုလီယန်ကိုတိုက်တဲ့စစ်ဟာ လွတ်လပ်ရေးအတွက် တိုက်တဲ့စစ်ပွဲဆိုရင် ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်ဟာလဲ စစ်တပ်ထဲကို နံပါတ်တစ် စာရင်းသွင်းတဲ့လူ ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ နပိုလီယန်ကို ကမ္ဘာမှာအကြီးကျယ် အမြင့်မြတ်ဆုံး လူတစ်ယောက်ကို တိုက်နေတဲ့ အင်္ဂလန်နဲ့ ဩစတြီးယားကို ကျွန်တော်တို့က ဝင်ကူတိုက်ပေးရခြင်းမျိုးကတော့ မမှန်ဘူးထင်တယ်ဗျ"

မင်းသားကလေး အင်ဒရေသည် ပီယာ၏ စကားများကြောင့် ပခုံးကိုတွန့်လိုက်သည်။ မင်းသားကလေး အင်ဒရေ၏ဟန်မှာ ဤမျှအဓိပ္ပာယ်မရှိသော စကားမျိုးကို ပြန်၍ချေပ စရာမလိုဟူသော ဟန်မျိုးဖြစ်၏။ သို့ရာတွင် တစ်ခုခုမှ မပြောလျှင်လည်း မဖြစ်တော့သည့် အခြေကို ရိပ်စားမိသည့် ဟန်ဖြင့်

"ဒါတော့ဗျာ မဟာမိတ် ဝတ္တရားအရ တစ်ဦးကို တစ်ဦး ကူညီတဲ့သဘောနဲ့ ဝင်တိုက်ရတာ ဖြစ်မှာပေါ့။ လူတွေဟာ ယုံကြည်ချက် မရှိဘဲနဲ့လဲ ဝင်တိုက်ကြရတာပဲ။ ယုံကြည်ချက်ရှိမှသာ စစ်တိုက်ကြစတမ်းဆိုရင် လောကမှာ စစ်ပွဲဆိုတာ ဘယ်မှာရှိနိုင်တော့မှာလဲ"

"အေးဗျာ၊ ယုံကြည်ချက်ရှိမှ စစ်တိုက်ကြစတမ်းဆိုရင် သိပ်ကောင်းမှာပဲ"ဟု ပီယာက စိတ်အားထက်သန်စွာ ပြောလိုက်သည်။ မင်းသားလေး အင်ဒရေမှာ သရော်ပြုံးပြုံးလျက် ရှိသည်။

"ဟုတ်တယ်။ ကိုယ့်မှာ ယုံကြည်ချက်ရှိမှ စစ်တိုက်တမ်းသာဆိုရင် သိပ်ကောင်းမှာပဲ၊ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ် တိုက်ရတာကိုးဗျ။ ခုတော့ ယုံကြည်ချက်မရှိလဲ တိုက်ရတာပဲ၊ ကိုယ်ရေးမကြုံလဲ တိုက်ရတာပဲ"

"နေစမ်းပါဦးဗျ။ ရောင်းရင်းဟာ ဒီသဘောကို မြင်လျက်နဲ့ ဘာ့ကြောင့်များ စစ်တိုက်ထွက်ချင်ရတာလဲ"

ပီယာက မေးလိုက်သည်။

"ဘာဖြစ်လို့ စစ်တိုက်ထွက်တယ် ဟုတ်လား။ ဟုတ်တယ်၊ ခင်ဗျား မေးတာမှန်တယ်။ ဘာဖြစ်လို့စစ်တိုက်ထွက်ရသလဲလို့ ကျုပ်လဲ ကျုပ်ဘာသာကျုပ် ပြန်မေးကြည့်တယ်။ ဒါပေမဲ့ ကျုပ်လဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် စစ်ကတော့တိုက်ရမှာပဲ။ အေးလေ တစ်နည်းအားဖြင့်တော့ ကျုပ်အဖို့ ခပ်ကောင်းကောင်းပါပဲ"

မင်းသားကလေး အင်ဒရေသည် ခေတ္တမျှ ရပ်နေလိုက်သည်။

"ကျုပ် ဒီမှာ နေရတာ မပျော်ဘူး ရောင်းရင်း။ စိတ်မချမ်းသာဘူး၊ ရွှေမြို့တော်နဲ့ ကျုပ်ဘဝဟာ မစပ်ဟပ်ဖူး။ ဒီတော့ စစ်မြေပြင်ကိုထွက်တာ အကောင်းဆုံးပဲလို့ ကျုပ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၇

တစ်ဖက်ခန်းဆီးမှ မိန်းမတစ်ယောက်၏ ဝတ်စုံ တရှမ်းရှမ်း မြည်သံကို ကြားရလေသည်။ မင်းသားကလေး အင်ဒရေသည် အိပ်ရာမှ နိုးလာသူကဲ့သို့ ကိုယ်ကိုဆန့်ထုတ်လိုက်သည်။ ၎င်း၏မျက်နှာသည် မှန်နန်းအပျိုတော်ကြီး၏ မင်းပွဲသဘင်တုန်းကကဲ့သို့ မရွှင်လန်း မချမ်းမြေ့သော အသွင်ကို ဆောင်လျက်ရှိ၏။ ပီယာက ဆိုဖာပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်နေရာမှ ခြေထောက်များကို အောက်သို့ ချကာ ပြင်၍ ထိုင်လိုက်သည်။

မင်းသားကလေး အင်ဒရေ၏ကြင်ရာတော် မင်းသမီးကလေးလီဇာသည် စာကြည့်ဆောင်ထဲသို့ ဝင်လာလေသည်။ မင်းသမီးကလေး လီဇာသည် စောစောက ပွဲတက်ဝတ်စုံကို ချွတ်ခဲ့၍ အိမ်တွင်းဝတ်စုံကို လဲခဲ့ပြီး ဖြစ်သော်လည်း အိမ်တွင်းဝတ်စုံမှာ ပွဲတက်ဝတ်စုံ ကဲ့သို့ပင် သစ်လွင်တောက်ပလျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေက မတ်တတ်ရပ်ကာ မင်းသမီးကလေး လီဇာအတွက် ကုလားထိုင်တစ်လုံးကို ရွှေ့ပေးလိုက်သည်။

"မောင်မောင်" မင်းသမီးကလေး လီဇာက ထုံးစံအတိုင်းပြင်သစ်လိုခေါ်ကာ ခပ်သွက်သွက်လျှောက်လာပြီး ကုလားထိုင်တွင် ခပ်ရွရွကလေးထိုင်ချလိုက်သည်။ "မှန်နန်းအပျိုတော်ကြီးဟာ ဘာလို့များ ခုထက်ထိ အပျိုကြီးလုပ်နေသလဲမသိဘူးနော်။ သူ့လို ဩဇာတိက္ကမရှိတဲ့ အပျိုတော်ကြီးတွေကို လက်မထပ်တဲ့ ယောကျ်ားများလဲ အံ့ပါရဲ့။ ယောကျ်ားတွေကို သိမ်းကျုံးပြောလို့တော့ စိတ်မရှိနဲ့နော်။ ထိပ်ထားက အမှန်ကို ပြောတာ။ ယောကျ်ားတွေဟာ မိန်းမတွေအကြောင်းကို ဘာမှ နားမလည်ကြဘူး။ ပီယာတို့လို လူမျိုးက သာပြီးဆိုးသေး။ အငြင်းအခုံထူလိုက်တာကလဲ လွန်ပါရော တကတည်း"

"အငြင်းအခုံထူတာတော့ မပြောနဲ့။ ခုတင် ထိပ်ထားရဲ့ မောင်တော်နဲ့ ငြင်းခုံနေကြသေးတယ်။ ကျွန်တော်ဖြင့် သူဘာလို့ စစ်မြေပြင်ကို ထွက်ချင်နေသလဲဆိုတာ နားကို မလည်နိုင်ဘူး"

ပီယာက မင်းသမီးလေးကို ရင်းနှီးစွာ ပြောလိုက်သည်။ ဤတစ်ကြိမ်တွင်မူ မိန်းမငယ်တို့နှင့် ဆက်ဆံရာ၌ တွေ့ရတတ်သော လူငယ်တို့၏ ရှက်ရွံ့ကြောက်လန့်ဟန်မျိုး ပီယာတွင် မရှိတော့ချေ။

မင်းသမီးကလေး လီဇာမှာ အကြိုက်တွေ့သွားကာ စိတ်အားထက်သန်လာသည်။

"ဟုတ်တယ်။ ထိပ်ထားကလဲ ဒီအကြောင်း မောင်မောင့်ကို ပြောချင်နေတာ ကြာလှပြီ။ သူ စစ်မြေထွက်တဲ့သဘော ထိပ်ထားလဲ နားမလည်ဘူး။ တစ်ခါတလေများ ယောကျ်ားတွေဟာ စစ်မတိုက်ဘဲ မနေနိုင်ဘူး ထင်တယ်လို့တောင် အောက်မေ့မိသေးတယ်။ မိန်းမသားတွေ ကျပြန်တော့လဲ ဒါမျိုးကို ကြားတောင် မကြားချင်ဘူး။ ကဲ မောင်တော်နဲ့ ထိပ်ထား ဘယ်လောက် ကွာခြားနေသလဲဆိုတာ အဲဒါသာ ကြည့်ပေတော့။ ထိပ်ထားလဲ မောင်မောင့်ကို ခဏခဏပြောပါတယ်။ ရွှေမြို့တော်မှာဆိုရင် မောင်မောင်ဟာ ဦးရီးတော်ရဲ့ ကိုယ်ရံတော် တပ်မှူးအနေနဲ့ အေးအေးဆေးဆေး နေလို့ရတယ်။ ရှေ့တက်လမ်းလဲ ရှိတယ်။ မောင်မောင် ကိုယ်တိုင်ကလဲ ထင်ရှားကျော်ကြားပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ လူတိုင်းက ချစ်ခင်နှစ်သက်ကြတယ်။ ရွှေမြို့တော်မှာသာ ဆက်အမှုထမ်းရင် ဘုန်းတော်ကြီးသော ဘုရားရဲ့ ကိုယ်ရံတော် လွယ်လွယ်ကလေး ဖြစ်နိုင်တယ်။ ဘုန်းတော်ကြီးသော ဘုရားကလဲ မောင်မောင့်ကို သိပ်မြတ်နိုးတော်မူတယ်။ ဒါကြောင့်မို့ ထိပ်ထားကတော့ မှန်နန်းအပျိုတော်ကြီးနဲ့ တိုင်ပင်ပြီး မောင်မောင်ရာထူးတက်ရေးကို တိတ်တိတ်ကလေး ကျိတ်ကြံနေတာ။ မကောင်းဘူးလားဟင် ပီယာ။ ဘယ်လိုများ သဘောရပါသလဲ"

ပီယာသည် သူ့မိတ်ဆွေ မင်းသားကလေး အင်ဒရေကို လှမ်းကြည့်လိုက်ရင်း ဤလိုစကားမျိုးကို မင်းသားကလေး အင်ဒရေ မနှစ်သက်ကြောင်း ရိပ်စားမိသည့်အတွက် မည်သို့မျှ ပြန်မပြောဘဲ ခပ်မဆိတ်နေလိုက်သည်။

"ဘယ်တော့ စစ်ချီရမလဲ"

"အို မမေးစမ်းပါနဲ့ ပီယာ။ ဒီစစ်စကားတွေကို ကြားရတာ ထိပ်ထားနား ခါးလှပါတယ်"ဟု မင်းသမီးလေး လီဇာသည် မှန်နန်းအပျိုတော်ကြီး၏ မင်းပွဲသဘင်တုန်းက ဟစ်ပိုလီတီကိုပြောသည့် လေသံမျိုးဖြင့် ခပ်မှုမှု ခပ်နွဲ့နွဲ့ ပြောလိုက်သည်။ စင်စစ်၌ကား ဤသို့ ကနွဲ့ကလျ ပြောပုံမျိုးမှာ ပီယာကဲ့သို့ ရင်းနှီးသည့် မိတ်ဆွေ အသိုင်းအဝိုင်းတွင် လားလားမျှ သင့်လျော်သော ဟန်ပန်အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာမျိုး မဟုတ်ချေ။

"ထိပ်ထားဖြင့် မောင်မောင်နဲ့ ပျော်ပျော်ရွှင်ရွှင် နေရာက ခွဲရတော့မှာပါလားလို့ တွေးမိလိုက်တိုင်း ရင်ထဲမှာ ဖို့ပြီးအလိုလို စိုးရွံ့နေတော့တာပဲ"

မင်းသမီးကလေး လီဇာက ကြင်ရာတော် မင်းသားကလေး အင်ဒရေကို ရွှန်းရွှန်းစားစားကြည့်၍ ပြောလိုက်၏။ မင်းသားကလေး အင်ဒရေသည် ထိုအခါကျတော့မှ ခန်းဆောင်ထဲတွင် မိမိနှင့် ပီယာအပြင် ကြင်ရာတော်ရှိပါသေးကလားဟု သတိရဟန်ဖြင့် မင်းသမီးကလေးလီဇာကို လှမ်းကြည့်လိုက်ပြီး လေသံအေးအေးဖြင့် ပြောလိုက်သည်။

"ဘာကြောင့်များ စိုးရွံ့ရပြန်တာလဲ ထိပ်ထား။ မောင်မောင်တော့ နားမလည်ဘူး"

"မေးရက်လိုက်တာ မောင်မောင်ရယ်။ တကယ်တော့ မောင်မောင်တို့ ယောကျ်ားတွေဟာ ကိုယ်စိတ်ချမ်းသာဖို့လောက်ပဲ ကြည့်တတ်ကြတယ်လို့ ထိပ်ထားဆိုချင်တော့တာပဲ။ မောင်မောင်ပဲ စဉ်းစားကြည့်ပါ။ မောင်မောင်က မောင်မောင့် ဝါသနာအတိုင်း စစ်မြေပြင်ထွက်ပြီး ထိပ်ထားကလေးကိုတော့ ကျေးတောစံအိမ်တော်မှာ တစ်ယောက်တည်း ထားပစ်ခဲ့မယ်ဆိုတော့"

"အိုဗျာ၊ ဘယ်ကလာ ထိပ်ထားတစ်ယောက်တည်း ထားခဲ့ရမှာလဲ။ မောင်မောင်ရဲ့ ခမည်းတော် ရှိတယ်။ အစ်မတော်လဲရှိသေးတယ်"

မင်းသားကလေး အင်ဒရေက သွက်လက်စွာ ပြန်ပြောလိုက်သည်။

"တကယ်တော့ တစ်ယောက်တည်း ထားခဲ့တာနဲ့ အတူတူပါပဲ မောင်မောင်။ ထိပ်ထားလေးမှာ ချစ်သူမရှိ၊ မိတ်ဆွေသင်္ဂဟမရှိ၊ အပေါင်းအသင်းမရှိနဲ့ တစ်ကောင်ကြွက်အဖြစ် ကျန်ရစ်ခဲ့မှာပါ။ ဒါကိုများ ဘာကြောင့် စိုးရွံ့သလဲလို့ မောင်မောင်က မေးရက်တာကိုဖြင့် ထိပ်ထား ဝမ်းနည်းလို့ မဆုံးဘူး"

မင်းသမီးကလေး လီဇာ၏ လေသံမှာ ဤအချိန်၌ ပို၍ နွဲ့သံတာသံ ပါလာလေသည်။ မင်းသမီးကလေးသည် ပဋိသန္ဓေဆောင်ထားရသည့်ကိစ္စကို အကြောင်းပြုကာ ကြင်ရာတော်ကို စစ်မြေသို့ မသွားရန် ဆွဲဆောင်လိုသော်လည်း ပီယာ၏ရှေ့တွင် ပြောသင့် မပြောသင့် အတန်ကြာမျှ ချိန်ဆလျက် ရှိလေသည်။

"မောင်မောင်တော့ ထိပ်ထားဘာကို စိုးရွံ့နေတယ်ဆိုတာ ခုထက်ထိ နားမလည်နိုင်ဘူး"

မင်းသားကလေး အင်ဒရေက ကြင်ရာတော် မင်းသမီးကလေး၏ မျက်နှာကို စူးစိုက်ကြည့်ရင်း ပြန်ပြောလိုက်ပြန်သည်။ မင်းသမီးကလေးလီဇာ၏ မျက်နှာမှာ ရက်သွေးဖြာပြီး စိတ်ပျက်လက်လျှော့ဟန်ဖြင့် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ကာ–

"အို တော်ပါတော့ မောင်မောင်။ ထိပ်ထား သိပါတယ်။ မောင်မောင်ဟာ ထိပ်ထားကို ဆက်ဆံရာမှာ အရင်နဲ့ နည်းနည်းမှ မတူတော့ဘူး။ မူပြောင်းနေပြီ"

"ထိပ်ထားကို စောစောအိပ်ရာဝင်ဖို့ သမားတော်ကြီးများက ပြောထားတယ် မဟုတ်လား။ အိပ်ဖို့ကောင်းပြီထင်တယ်"

ကြင်ရာတော် မင်းသမီးလေး လီဇာကား နောက်ထပ်ဘာမျှမပြောတော့ချေ။ သို့ရာတွင် အထက်နှုတ်ခမ်းကလေးမှာ တုန်ယင်လျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ပခုံးကိုတွန့်လိုက်ပြီး ထလိုက်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ပီယာသည် ၎င်းတို့နှစ်ဦး ဖြစ်နေပုံကို တအံ့တသြဖြစ်ကာ မင်းသားကလေးကို တစ်လှည့်၊ မင်းသမီးကလေးကိုတစ်လှည့် ကြည့်နေရာက ထရန်ပြင်လိုက်ပြီးမှ စိတ်ကူးတစ်မျိုး ပြောင်းသွားကာ ထိုင်နေလိုက်ပြန်သည်။

"ဒီမှာ မောင်မောင်၊ ခုမှတော့ မထူးတော့ပါဘူး။ ပီယာ့ရှေ့မှာပဲ ပြောရတော့မှာပဲ"

မင်းသမီးကလေး၏ လှပသော မျက်နှာမှာ မျက်ရည်စတွေ စွတ်စိုကာ ရှုံ့မဲ့လျက် ရှိလေသည်။

"မောင်မောင်ဟာ အရင်နဲ့မတူဘူး။ ထိပ်ထားအပေါ်မှာ မောင်မောင် ဘာဖြစ်လို့ မူပြောင်းသွားတာလဲဟင်။ မောင်မောင်မကြိုက်တာ ထိပ်ထား ဘာများလုပ်မိလို့လဲ။ ထိပ်ထားကိုပစ်ပြီး ဘာဖြစ်လို့ စစ်မြေပြင်ကို ထွက်သွားချင်ရတာလဲဟင်။ ထိပ်ထားကို မသနားတော့ဘူးလား"

"ထိပ်ထား"

မင်းသားကလေး အင်ဒရေက တစ်ခွန်းမျှသာ ပြောလိုက်သည်။ ထိုတစ်ခွန်းသည် တောင်းပန်ခြင်းလည်းဖြစ်နိုင်သည်။ ခြိမ်းခြောက်လိုက်ခြင်းလည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိပ်ထားစကားကို မြဲမြဲမှတ်ထားပါဆိုသည့် သဘောကိုလည်း ဆောင်သည်။ မင်းသမီးလေးကလည်း ချက်ချင်းပင်

"ဒီမှာ မောင်မောင်၊ မောင်မောင်ဟာ ထိပ်ထားကို ကလေးလေးလို သဘောထားတယ်။ ဒုက္ခတလူမမာလို သဘောထားတယ်။ ထိပ်ထားသိပါတယ် မောင်မောင်။ အရင်တုန်းကဆိုရင် မောင်မောင်ဟာ ထိပ်ထားကို အလို လိုက်တယ်။ ယုယတယ်။ ထိပ်ထားကို စကားတောင် မာမာမပြောဖူးခဲ့ဘူး"

"ထိပ်ထား၊ မောင်မောင် တောင်းပန်ပါတယ်၊ မပြောပါနဲ့တော့"

မင်းသားကလေး အင်ဒရေက တစ်လုံးချင်း လေးလေး ကြီးပြောလိုက်သည်။ ပီယာသည် ၎င်းတို့နှစ်ဦး ကြားတွင် အနေရခက်လာကာ ထ၍ မင်းသမီးကလေး လီဇာအပါးသို့ ကပ်လာခဲ့လေသည်။ ပီယာသည် မင်းသမီး ကလေးလီဇာ၏ မျက်ရည်စများကို မြင်ရသောအခါ မကြည့်ရက်နိုင်တော့ဘဲ မိမိကိုယ်တိုင်ပင် ငိုချင်သလို ဖြစ်လာ၏။

"ကဲ ဒီလောက်လဲ စိတ်ထိခိုက်မနေပါနဲ့တော့ ထိပ်ထားရယ်။ ထိပ်ထားကိုကြည့်ရတာ အဲ အဲ ကျွန်တော် လဲ ဒါမျိုးတွေ တွေ့ခဲ့ဖူးပါပြီ။ အို မဟုတ်သေးပါဘူး။ ကဲ ကျွန်တော့်ကို ခွင့်ပြုကြပါ။ အိမ်တွင်းရေးကိစ္စကို ပြောတဲ့ နေရာမှာ အပြင်လူရှိဖို့ မကောင်းပါဘူး။ ကဲ ထိပ်ထား ဒီလောက်လဲ စိတ်ထိခိုက်မနေပါနဲ့တော့။ ကဲ ကျွန်တော့်ကိုလဲ သွားခွင့်ပြုပါ"

မင်းသားကလေး အင်ဒရေက ပီယာ၏လက်ကို လှမ်းဆွဲထားလိုက်သည်။

"ခဏနေပါဦးဗျ။ ဒီနေ့ည အေးအေးဆေးဆေး စကားပြောကြရအောင်ပါ။ ထိပ်ထားကလဲ ခွင့်ပြုပါတယ်။ ကိစ္စမရှိပါဘူး"

"သူကတော့ သူ့အတွက်လောက်ပဲ သူ ကြည့်နေတာပဲ"ဟု မင်းသမီးကလေးက ရေရွတ်လျက် ရှိလေသည်။

"ထိပ်ထား၊ စကားကို သတိထားပြောပါ"

မင်းသားကလေး အင်ဒရေက ခပ်ဆတ်ဆတ် အော် လိုက်သည်။ မင်းသမီးကလေးလီဇာ၏ မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်လျက် သနားစဖွယ်အသွင်သို့ ပြောင်း သွားလေသည်။ မင်းသမီးကလေး၏ မျက်လုံးများသည် ကြင်ရာတော် မင်းသားကလေး အင်ဒရေ၏ မျက်နှာကို စူးစိုက်ကြည့်ကာ သခင်အား ကြောက်ရွံ့၍ အမြီးကုပ်လျက် ရှိသော ခွေးကလေးတစ်ကောင်၏ အသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းသွားလေသည်။

"ထိပ်ထားသွားပါ့မယ်"

မင်းသမီးကလေးသည် ဝတ်စုံကို လက်တစ်ဖက် ဖြင့် စွန်တောင်ဆွဲလိုက်ကာ ကြင်ရာတော်အနီးသို့ လျှောက် သွားပြီး နဖူးကို နမ်းရှုပ်နှုတ်ဆက်လိုက်သည်။

"မင်္ဂလာညပါ ထိပ်ထား"

မင်းသားကလေး အင်ဒရေကလည်း သူစိမ်းတစ်စ်ရံ စာတစ်ယောက်ကို နှုတ်ဆက်သလို ရှိသေစွာ မတ်တတ် ရပ်ကာ မင်းသမီးကလေးလီဇာ၏လက်ကို ယုယစွာ နမ်းရှုပ်၍ နှုတ်ဆက်လိုက်လေသည်။

## အခန်း ၈

မင်းသားကလေး အင်ဒရေနှင့် ပီယာတို့သည် တိတ်ဆိတ် လျက်ရှိကြ၏။ နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် ငိုင်နေ ကြလေသည်။ ပီယာသည် မင်းသားကလေး အင်ဒရေ၏ အရိပ်အကဲကို ကြည့်လျက်ရှိသည်။ မင်းသားကလေး အင်ဒရေကား ၎င်း၏ သေးငယ်သော လက်ဖဝါးများဖြင့် နဖူးကို ပွတ်လျက်ရှိ၏။

"ကဲ လာဗျာ၊ ညစာ စားကြရအောင်" မင်းသား ကလေး အင်ဒရေက သက်ပြင်းချ၍ ပြောလိုက်ရင်း ထလိုက်သည်။

၎င်းတို့နှစ်ယောက်သည် ကြီးကျယ်ခမ်းနား၍ အဆန်းတကြယ် မွမ်းမံပြင်ဆင်ထားသော ပွဲတော်ဆောင် ဘက်သို့ ကူးလာခဲ့ကြ၏။ စားပွဲတွင် လက်သုတ်ပဝါမှအစ ငွေခွက်၊ ငွေအစ်၊ ကြွေခွက်၊ ကြွေပန်းကန်၊ ဖန်ခွက်၊ ဖန်ကရားအထိ ရှိရှိသမျှသော အရာတိုင်းမှာ လက်ထပ် ပြီးခါစ မောင်နှံစုံတို့၏ အိမ်ထောင်စုများတွင် တွေ့ရတတ် သော သစ်လွင်ခြင်းကို ဆောင်လျက်ရှိ၏။ ညစာစားကြရင်း မင်းသားကလေး အင်ဒရေသည် စားပွဲတွင် တံတောင်ဆစ် ထောက်၍ ကိုယ်ကို ရှေ့သို့ညွတ်လျက် များစွာ စိတ်ရှုပ် လျက်ရှိသော အမူအရာဖြင့် ကြည့်နေသည့်အတွက် ပီယာ



www.burmeseclassic.com

www.burmeseclassic.com



မှာ မင်းသားကလေး အင်ဒရေ ဤသို့ကြည့်ပုံကို တစ်ခါမျှ မမြင်ဖူးသည့်အလျောက် အံ့အားသင့်နေမိသည်။ မင်းသားကလေး အင်ဒရေသည် အနှစ်နှစ် အလလ မျိုသိပ်ထားခဲ့ရသော စကားများကို ပြောသင့်မပြောသင့် ချိန်ဆနေဟန်တူသည်။ ခဏကြာလျှင် မျိုသိပ် ထားနိုင်ဟန်မတူတော့ဘဲ ပွင့်အန်ထွက်လာလေသည်။

"ဒီမှာ ရောင်းရင်း၊ ကျုပ် အကြံတစ်ခုတော့ ပေးချင်တယ်ဗျာ။ အဲဒီအကြံကတော့ မိန်းမမယူဘဲ နေဖို့ပဲ။ တကယ်လို့ ယူတော့မယ်ကြံရင်လဲ ခင်ဗျား လုပ်ချင်တာတွေအားရအောင် လုပ်ပြီးတဲ့အချိန်၊ ခင်ဗျားယူမယ့် မိန်းမကို ခင်ဗျား မချစ်တော့တဲ့အချိန်၊ သူ့ကို သူ့ပင်ကို ဇာတိရုပ်အတိုင်း မြင်လာတဲ့အချိန်ကျမှ ယူပါလို့ တိုက်တွန်းချင်တယ်။ ဒီလိုမှမဟုတ်ဘဲ ခင်ဗျားရည်ရွယ်ချက်တွေ အထမမြောက်ချိန်၊ အဲဒီမိန်းမကို သိပ်ပြီး အသည်းနစ်အောင် ချစ်နေတဲ့အချိန်၊ သူ့ပင်ကိုဇာတိရုပ်ကိုလဲ မမြင်နိုင်သေးတဲ့အချိန်မှ သွားယူလိုက်ရင်တော့ ခင်ဗျားဟာ ပြင်မရလောက်အောင် ဆိုးရွားတဲ့ အမှားကြီးနဲ့ တွေ့ရလိမ့်မယ်။ အမှန်ကတော့ အသက်ကြီးပြီး သုံးစားမရတော့တဲ့ အရွယ်ကျမှ မိန်းမယူတာ အကောင်းဆုံးပဲ။ ငယ်ငယ်ရွယ်ရွယ် လူစွမ်းလူစ ကောင်းတုန်းမှာ မိန်းမသွားယူလိုက်မိရင် လူစွမ်းလူစတုံးပြီး ပန်းကောင်းအညွန့်ကျိုးဘ၀ ရောက်ရမှာပဲ။ ဘာမဟုတ်တဲ့ အသေးအဖွဲလေးထဲမှာ စုံးစုံးမြုပ်ပြီး နစ်မွန်းရတော့မှာပဲ။ တကယ်ပြောတာ ရောင်းရင်း။ ဘာလဲ ရောင်းရင်းက ကျုပ် စကားတွေကို အံ့သြနေသလား။ မအံ့သြနဲ့ ရောင်းရင်း။ တကယ်ပြောတာ။ ငါ့ဘ၀ဟာ ပိုမိုကောင်းမွန်လာလိမ့်မယ်၊ သာယာလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကြီးနဲ့ မိန်းမယူရင်တော့ ခင်ဗျားအမှားကြီး မှားမှာပဲ။ ဒီလိုထင်ပြီး ယူလိုက်တော့ ယူပြီးတဲ့အခါကျမှ ငါတော့ ဘ၀ဆုံးပြီလို့ တသက်သက်ဖြစ်နေရလိမ့်မယ်။ ခင်ဗျားဘ၀ဟာ ဧည့်ခန်းဆောင်ထဲမှာတင် နစ်မွန်းသွားလိမ့်မယ်။ တကယ်တော့ ဒါတွေဟာ အလကားပါပဲဗျာ"

မင်းသားကလေး အင်ဒရေက စိတ်ပျက်လက်ပျက်ဖြင့် လက်ကိုဝှေ့ယမ်း၍ ပြောလိုက်သည်။

ပီယာသည် မျက်မှန်ကို ချွတ်လိုက်၏။ မျက်မှန်ချွတ်လိုက်သဖြင့် ၎င်း၏မျက်နှာသည် တစ်မျိုးဖြစ်သွားကာ သဘောကောင်းသည့် ရုပ်လက္ခဏာသည် ပို၍ ပေါ်လွင်လာသည်ဟု ထင်ရ၏။ ပီယာသည် ၎င်း၏ရောင်းရင်းကို အံ့သြခြင်းကြီးစွာဖြင့် ကြည့်လျက် ရှိလေသည်။

မင်းသားလေး အင်ဒရေက စကားကို ဆက်လိုက်ပြန်သည်။

"မိန်းမတွေဟာ လင်ရဲ့ ဂုဏ်သိက္ခာကို မထိခိုက်အောင် ဘယ်လို ပြုမူနေထိုင် ပြောဆိုကြရမယ်ဆိုတာကို မသိကြဘူး။ သိကြတဲ့ မိန်းမ ခပ်ရှားရှားပဲ။ ကျုပ်ကြင်ရာတော်ဟာ မိန်းမကောင်း တစ်ယောက်ပါပဲ။ လင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို မထိခိုက်အောင် ပိပိရိရိ နေတတ်တဲ့ ရှားပါးတဲ့ မိန်းမမျိုးတွေထဲက မိန်းမတစ်ယောက်ပါပဲ။ မဆိုးလှပါဘူး။ ဒါပေမဲ့ ကျုပ် စိတ်ပျက်တယ် ရောင်းရင်း။ ဖြစ်နိုင်လို့ရှိရင် ကျုပ်ဟာ လွတ်လွတ်လပ်လပ် လူတစ်ယောက် ပြန်ဖြစ် ချင်တယ်။ လွတ်လွတ်လပ်လပ် လူတစ်ယောက် ပြန်ဖြစ်မယ်ဆိုရင် ကျုပ် ဘာကိုပဲ ပေးရပေးရ ပေးပါတယ်။ တကယ်ပါပဲ။ ဒီစကားကိုလဲ ကျုပ် ဘယ်သူ့ကိုမှ မပြောဖူးသေးပါဘူး။ ခင်ဗျားကို ပထမဆုံး ပြောခြင်းပဲ။ ခင်ဗျားကို ကျုပ် ခင်တယ်။ ယုံကြည်တယ်"

ဤစကားများကို ပြောနေစဉ်၌ မင်းသားကလေး အင်ဒရေမှာ မှန်နန်းအပို့တော်ကြီး၏ မင်းပွဲသဘင်၌ မျက်လုံးများကို မှေးကား ပြင်သစ်စကားကို သွားကြားလေသံဖြင့် စိတ်အေးလက်အေးပြောနေသော မင်းသားကလေး အင်ဒရေနှင့် လားလားမျှမတူတော့ဘဲ မူတစ်မျိုးပြောင်းလျက် ရှိလေပြီ။ ခပ်သွယ်သွယ် မျက်နှာပေါ်၌ အသားဆိုင်များသည် စိတ်တုန်လှုပ်ချောက်ချားခြင်းကြောင့် တဆတ်ဆတ် တုန်လျက် ရှိကြ၏။ ထက်သန်ခြင်းကင်း၍ အရောင်အဆင်း ကင်းမဲ့နေသောမျက်လုံးများသည် တဖျတ်ဖျတ် တောက်ပလာကြ၏။ မင်းသားလေး အင်ဒရေသည် သာမန်အချိန်များတွင် အသက်ကင်းမဲ့သူကဲ့သို့ ငြိမ်သက်လျက် ရှိသလောက် စိတ်ထိခိုက်ဖွယ် တစ်စုံတစ်ရာကို တွေ့လာလျှင် လှုပ်ရှားအသက်ဝင်လာမြဲ ဖြစ်လေသည်။

"ကျုပ် ဘာကြောင့် ဒီစကားတွေကို ပြောသလဲဆိုတာ ရောင်းရင်း နားမလည်သေးဘူး။ ဒါပေမဲ့ ကျုပ် ပြောနေတဲ့ အကြောင်းဟာ လူ့ဘ၀ရဲ့ အဖြစ်အပျက်ပဲ။ စောစောက ဘိုနာပတ်ရဲ့အကြောင်းနဲ့ ဘိုနာပတ်ရဲ့ ဘ၀ခရီးကို ခင်ဗျားပြောသွားတယ်။ မှတ်မိသေးရဲ့လား။ (ပီယာ



www.burmeseclassic.com

www.burmeseclassic.com



ဆည် ဘိုနာပတ်၏အကြောင်းကို ဤအိမ်ရောက်မှ မပြောဖူး သေးချေ။) ဘိုနာပတ်ဟာ သူ့ခရီးပန်းတိုင်ကို အရောက် သွားတဲ့နေရာမှာ တစ်လှမ်းချင်း တစ်လှမ်းချင်း မှန်မှန်ကြီး လှမ်းသွားခဲ့တယ်။ ဘိုနာပတ်မှာ လွတ်လပ်တယ်။ ကျုပ် ဆိုလို တွယ်တာစရာ ငဲ့ညှာစရာတွေ တစ်ခုမှ မရှိဘူး။ သူ့မှာ သူ့ရည်မှန်းချက် အောင်မြင်ရေးကလွဲလို့ တခြား ဘာကိုမှ မစဉ်းစားဘူး။ သူ့ရည်ရွယ်ချက်ကို အဓိကထား တယ်။ ဒါကြောင့် ဘိုနာပတ်ဟာ သူမျှော်မှန်းတဲ့ ပန်းတိုင် ဆီ ရောက်ခဲ့တယ်။ ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့အတုပ် အနှောင်ကို ခံကြည့်စမ်းပါလား။ လွတ်လပ်ခွင့် အကုန် ဆုံးရှုံးပြီး သံခြေချင်း အခတ်ခံရတဲ့ အကျဉ်းသားတစ် ယောက်နဲ့ ဘာမှ ခြားတော့မှာ မဟုတ်ဘူး။ စိတ်ကူးမျှော် မှန်းထားတဲ့ မျှော်လင့်ချက်တွေ၊ ကြိုးစားလိုက်မဟဲ့ဆိုတဲ့ ဆန္ဒတွေအကုန်လုံးပျောက်ပြီး မိန်းမယူမိတာမှားပြီဆိုတဲ့ နောင်တ တရားရဲ့ဒဏ်ကို တရိရိခံရမှာပဲ။ ညှော်ခန်းဆောင် တွေ၊ အတင်းအဖျင်း စကားတွေ၊ ကပွဲတွေ၊ ပလွားမှုတွေ၊ အသေးအဖွဲကိစ္စတွေကြားထဲမှာ ရုန်းမထွက်နိုင်အောင်ဖြစ်ပြီး နစ်မွန်းရတော့မှာပဲ။ ဒီတော့ ကျုပ် ဒီအထဲမှာ အနစ်မွန်း ခံနိုင်ဘူးရောင်းရင်း။ ဒါကြောင့် ကျုပ် စစ်မြေပြင်ကို သွားမယ်။ ကျုပ်ဟာ ဒီပတ်ဝန်းကျင်၊ ဒီအသိုင်းအဝိုင်း မှာ ဘာမှသုံးမရဘူး။ ကျုပ်ကလဲ ရေလိုက်ငါးလိုက် လိုက်တတ်တဲ့ လူစားမျိုးမဟုတ်ဘူး"

မင်းသားကလေး အင်ဒရေက ရပ်လိုက်သည်။ အတန်ကြာမှ

"ကြည့်လေ၊ မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံပွဲမှာ အားလုံးက ကျုပ်ကို အကဲခတ်နေကြတယ်။ သူတို့အဖို့ ကျုပ်ဟာ သိုးမည်းတစ်ကောင်ပဲ။ ကျုပ်ကလဲ သူတို့ကို တန်ဖိုးမထားပါဘူး။ အနှစ်မရှိတဲ့ လူ့ဖွားတောင်းတွေလိုပဲ ယူဆတယ်။ ဒါပေမဲ့ ခက်တာက ကျုပ်ကြင်ရာတော်ဟာ ဒီလူ့ဖွားတောင်း အသိုင်းအဝိုင်း၊ ဒီလူ့ဖွားတောင်းပတ်ဝန်း ကျင်နဲ့ ကင်းပြီး မနေနိုင်ဘူး။ ခက်တယ်ဗျာ။ မိန်းမဆိုတဲ့ သတ္တဝါတွေဟာ တော်တော်ခက်တယ်။ မိန်းမဆိုတဲ့ သတ္တဝါရဲ့ အကြောင်းကိုသိရင် ခင်ဗျားလဲ စိတ်ပျက်မှာပဲ။ ကျုပ်ခမည်းတော်ကြီးဟာ မိန်းမနဲ့ ပတ်သက်လာရင် တော်တော်ခါးသီးတယ်။ အစတုန်းက ကျုပ် နားမလည် ဘူး။ ခုတော့ ခမည်းတော်ကြီးရဲ့ အယူအဆဟာမှန်သလိုလို ဖြစ်နေပြီ။ တစ်ကိုယ်ကောင်းဆန်မှု၊ ပလွားမှု၊ မိုက်မဲမှု၊ စိတ်သဘောထားသေးမှု၊ ဒါတွေ အားလုံးကို ပေါင်းလိုက်လို့ ရတဲ့ရလဒ်ဟာမိန်းမပဲ။ မင်းပွဲသဘင်တွေမှာ ခဏတစ်ဖြုတ် တွေ့လိုက်၊ မြင်လိုက်ရတုန်းတော့ မိန်းမတွေမှာ တစ်ခုခု ရှိသလိုပဲ။ စွဲလမ်းစရာကောင်းတယ်ထင်ရတယ်။ ဒါပေမဲ့ တကယ့်ဇာတိရုပ်အတိုင်း တွေ့လိုက်ရတဲ့အခါကျတော့ သူတို့မှာ ဘာမှမရှိဘူး။ ဘာမှ စွဲလမ်းစရာမရှိဘူး။ဘာဆို ဘာမှ မရှိဘူး။ ဒီတော့ မိန်းမ မယူပါနဲ့လို့ ရောင်းရင်းကို ကျုပ်ပြောချင်တယ်ဗျာ။ ဖြစ်နိုင်ရင် မယူပါနဲ့"

မင်းသားကလေး အင်ဒရေက စကားကို အဆုံး သတ်လိုက်၏။

"မဟုတ်သေးပါဘူးဗျာ၊ ရောင်းရင်းလို လူတစ် ယောက်က ကိုယ့်ကိုယ်ကို လောကကြီးမှာ ဘာမှ အသုံး မကျတော့ဘူး၊ အသွန့်တုံးပြီလို့ ထင်တာကို ကျွန်တော် နားမလည်ဘူး။ ခင်ဗျားမှာ ဘာလိုလေသေးရှိလို့လဲ။ အစစအရာရာ ပြည့်စုံတယ်။ ပြီးတော့"

ပီယာက စကားကို အဆုံးသတ်အောင် မပြောဘဲ ရပ်ထားလိုက်သည်။ သို့ရာတွင် ပီယာ၏လေသံမှာ မင်းသားကလေး အင်ဒရေအား များစွာအထင်ကြီး လေးစား ကြောင်းကို ဖော်ပြလျက်ရှိ၏။

မင်းသားကလေး အင်ဒရေသည် ဤမျှစိတ်ပျက် နာကြည်းစကားမျိုးကို အဘယ်ကြောင့် ပြောနေသနည်း ဟူ၍လည်း ပီယာစဉ်းစား၍ မရနိုင်အောင် ဖြစ်လျက်ရှိ၏။ ပီယာ့စိတ်၌ မင်းသားကလေး အင်ဒရေသည် မိမိတွင် မရှိသော အရည်အချင်းများကို ပိုင်ဆိုင်လျက်ရှိသည့် အလျောက် စံပြယောကျ်ားကောင်းတစ်ဦး၊ အစစအရာရာ ပြည့်စုံသူတစ်ဦး၊ အထူးသဖြင့် စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦး ဟု ယူဆထားခဲ့၏။ ပေါင်းသင်းဆက်ဆံရေးတွင် ကြီးသူကို မြှောက်ပင့်၍ ငယ်သူကို နှိပ်နယ်ခြင်းမရှိဘဲ တည်ကြည် မှန်ကန်စွာ ဆက်ဆံခြင်း၊ သူမတူအောင် စူးရှထက်မြက် သောဉာဏ်ရှိခြင်း၊ စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်ခြင်း၊ (မင်းသားကလေး အင်ဒရေသည် ပညာရပ်တိုင်း လေ့လာ ဖူးသည်။ ပညာရပ်တိုင်း၌ ကျွမ်းကျင်နှံ့စပ်သည်။ အရာရာ တွင်ဆင်ခြင်တွေးခေါ်နိုင်သူဖြစ်သည်။) လုံ့လဝီရိယရှိခြင်း စသည်တို့ကိုကြည့်၍ ပီယာ အံ့ဩခဲ့ဖူးသည်။ မင်းသား ကလေးအင်ဒရေသည် (မိမိ အထူးဝါသနာပါသော)



www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မာတွေးခေါ်မှုများကို ပြုလုပ်ရန် ဝါသနာပါသူတစ်ဦး မဟုတ်ခြင်းကို တွေ့ရသည့်အခါ၌ပင် ပီယာသည် ထိုအရာကို ချွတ်ယွင်းချက်ဟူ၍ မယူဆဘဲ စိတ်ဓာတ် ကြံ့ခိုင်ပြတ်သားခြင်း၏ လက္ခဏာဟု အကောင်းဘက်မှ ဖွေးယူကာ ကြည်ညိုလေးစားခဲ့သည်။

ဘီးများကို ချောမွေ့ညင်သာစွာ လည်ပတ်စေရန် အမဲဆီထိုးဖို့ လိုအပ်သကဲ့သို့ လောက၌ အကောင်းဆုံး၊ အရင်းနှီးဆုံး၊ အပွင့်လင်းဆုံး၊ အရိုးသားဆုံး ဆက်ဆံကြသူများ အချင်းချင်းကြား၌လည်း တစ်ဦးကိုတစ်ဦး ချီးမွမ်း အားပေးစကားပြောကြားရန် လိုအပ်သည်သာဖြစ်ပေသည်။

"ကဲ၊ ကျုပ် ဘဝစခန်းကတော့ ပြီးပြီဆိုပါတော့လေ။ ဒီတော့ ကျုပ်အကြောင်းကို ပြောနေလို့လဲ အကျိုးမထူးတော့ပါဘူး။ ခင်ဗျားအကြောင်း ပြောစမ်းပါဦး"

မင်းသားကလေး အင်ဒရေက အတန်ကြာ တိတ်ဆိတ်နေရာမှ ပြုံး၍ပြောလိုက်သည်။ ပီယာကလည်း ပြန်၍ ပြုံးလိုက်၏။

"ကျွန်တော့်အကြောင်း ဘာပြောစရာရှိသလဲ။ အထူးအထွေမှ မရှိဘဲ"

ပီယာက ခပ်ရွှင်ရွှင်ပြုံး၍ ပြောလိုက်သည်။

"ကျွန်တော်က တစ်ကောင်ကြွက်၊ တရားမဝင်တဲ့ သားတစ်ယောက်"

ပီယာ၏မျက်နှာသည် ရဲလာ၏။ ပီယာသည် ဤစကားများကို မနည်းကြီးအားတင်း၍ ပြောလိုက်ရဟန် တူပေသည်။

"ကျွန်တော့်မှာ ကျော်ကြားမှုလဲမရှိ။ ကြီးပွားဖို့လမ်းလဲမရှိ။ အညတရပဲ၊ တကယ်တော့"

ပီယာက ရပ်ထားလိုက်၏။ ထို 'တကယ်တော့' သည်မည်သည့် တကယ်မျိုး ဖြစ်သည်ကိုမူ ဆက်မပြောတော့ချေ။

"ခုလောလောဆယ်တော့ အေးအေးဆေးဆေး ပါပဲ။ ဘာမှ ပြဿနာမရှိပါဘူး။ အားလုံး အဆင်ပြေတယ်ပဲ ဆိုပါတော့။ ဘာအလုပ်လုပ်ရမယ်ဆိုတာ စိတ်ကူးလို့ မရသေးတာ တစ်ခုပါပဲ။ ခင်ဗျားကိုတော့ တိုင်ပင်ချင်တယ်ဗျာ"

မင်းသားကလေး အင်ဒရေသည် ပီယာကို ကြင်နာစွာကြည့်လိုက်၏။ ၎င်း၏အကြည့်သည် ရင်းနှီးခင်မင်သော အကြည့်ဖြစ်သော်လည်း မိမိထက် နိမ့်ကျသူတစ်ဦးကို အပေါ်မှ စီးကြည့်သောအကြည့်မျိုး ဖြစ်၏။

"ကျုပ် ရောင်းရင်းကို ခင်တယ်ဗျာ။ အထူးသဖြင့် ပုပ်သိုးဆွေးမြည့်နေတဲ့ ကျုပ်တို့ရွှေမြို့တော် အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ လန်းဆန်းရှင်သန်နေတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် ပိုပြီး ခင်တယ်။ ခင်ဗျားဘဝဟာ အစစအရာရာ အဆင်ပြေနေသားပဲ။ ဒီတော့ ခင်ဗျားကြိုက်ရာကို ရွေးပေါ့။ ခင်ဗျားအဖို့ ဘယ်အလုပ်ကိုပဲ ရွေးရွေး ကြီးပွားမှာပါပဲ။ အဲတစ်ခုတော့ သတိပေးလိုက်မယ်ဗျို့။ မင်းသားကြီး ဗာစီလီတို့ ဆွေမျိုးတစ်သိုက်နဲ့တော့ ဖက်လဲတကင်း သိပ်မလုပ်ဘဲ အနေအထိုင် ဆင်ခြင်ဖို့တော့ ပြောချင်တယ်။ တကယ်တော့ ဒီလို အကျင့်စာရိတ္တ ဖောက်ပြန်ပြီး ညစ်ညမ်းတဲ့ ပတ်ဝန်းကျင်နဲ့ ခင်ဗျားနဲ့ မတော်ပါဘူးဗျာ"

ပီယာက ပခုံးတွန့်၍ ပြုံးလိုက်ပြီးနောက်

"မိန်းမနဲ့ ပတ်သက်လို့ကော သတိပေးစရာ မရှိဘူးလားဗျ"

"ဒါတော့ ကျွန်တော် မသိဘူးဗျ၊ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ မိန်းမမျိုး တွေ့ရင်တော့ ပြောစရာ မလိုပါဘူး။ ဒါပေမဲ့ မင်းသားကြီး ဗာစီလီရဲ့ သမီးတော် ဟယ်လင် မင်းသမီးလို မိန်းမမျိုးကတော့ 'မိန်းမဟူသည်၊ ယစ်မျိုးရည်သို့၊ မကြည်ယုတ်မာ၊ လွန်ဆိုးစွာသား' ဆိုတဲ့ အစားမျိုးထဲက ပဲဗျ။ သတိသာ ထားပေတော့"

ပီယာသည် မင်းသားကြီးဗာစီလီ၏ သားငယ် အနာတိုလီနှင့်အတူ တပူးတွဲတွဲ သောက်စားပျော်ပါးလျက်ရှိ၏။ အနာတိုလီကို မင်းသားကလေး အင်ဒရေ၏ အစ်မတော်နှင့် စုလျားရစ်ပတ်ရန် မှန်နန်းအပို့တော်ကြီးနှင့် မင်းသားကလေး အင်ဒရေ၏ ကြင်ရာတော် မင်းသမီးကလေး လီဇာတို့က ကျိတ်၍ စီမံနေလေသည်။

"ဟုတ်တယ်။ ကျွန်တော်လဲ ဒါကို စဉ်းစားနေတာကြာပြီ။ ဒီအတိုင်း သောက်သောက်စားစား နေသွားလို့တော့ မဖြစ်ဘူး။ ငွေဆိုရင်လဲ သုံးလိုက်တာ သောက်သောက်လဲပဲ။ ဒီနေ့ညတောင် ကျွန်တော့်ကို ဖိတ်ထားသေးတယ်။ မသွားတော့ဘူးဗျာ"

"ခင်ဗျား တကယ်မသွားဘဲ နေနိုင်ပါ့မလား"

"အို စိမ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၉

မင်းသားကလေးအင်ဒရေထံမှ ပီယာပြန်လာသောအချိန်တွင် ညဦးတစ်ချက်တီးပေပြီ။ ထိုညမှာ ဆီးနှင်းမြူတိမ်တို့ကင်းစင်သော ညဖြစ်၏။ ပီယာသည် မိမိအိမ်ပြန်မည်ဟု စိတ်ကူးကာ အမိုးချထားသော ကရထားတစ်စီးကို စီးလာခဲ့သည်။ သို့ရာတွင် အိမ်နှင့် နီးလာသည်နှင့်အမျှ ဤမျှလှပသော ညကိုကျောခိုင်းကာ အိပ်စက်ခြင်း မပြုလိုသေးဘဲ မျက်လုံးများ ကျယ်လာသည်ဟု ထင်မှတ်ရ၏။ အလင်းရောင် ခပ်ဖျော့ဖျော့ ကျန်နေသေးသဖြင့် တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသော လမ်းမကြီးကို မျက်စိတစ်ဆုံး မြင်နေရလေသည်။ ရှုခင်းကို ကြည့်ရသည်မှာ ညရှုခင်းနှင့်ပင် မတူတော့ဘဲ နံနက်ဆည်းဆာလိုလို ညနေဆည်းဆာ ယောင်ယောင် မှတ်ထင်ရလေသည်။

လမ်းတစ်ဝက်သို့ အရောက်တွင် အနာတိုလီသည် ခါတိုင်းကဲ့သို့ ဖဲကစားရန် မိမိအား စောင့်မျှော်လျက်ရှိမည်ကို ပီယာ သတိရလာလေသည်။ ၎င်းတို့ တစ်သိုက်သည် ဖဲကစားပြီးသည်နှင့် မူးယစ်သောက်စားပြီး လူစုခွဲကြမြဲဖြစ်၏။ ဤသို့ အသောက်အစားကလေးဖြင့် အဆုံးသတ်၍ လူစုခွဲကြပုံကို ပီယာကလည်း သဘောကျလေသည်။

အနာတိုလီထံ ဝင်ရလျှင် ကောင်းလေမည်လောဟု ပီယာ့စိတ်ထဲတွင် စိတ်ကူးပေါ်လေသည်။ သို့ရာတွင် အနာတိုလီထံ မသွားတော့ပါဟု မင်းသားကလေး အင်ဒရေအား ကတိပေးခဲ့သည်ကိုလည်း ချက်ချင်းပင် အမှတ်ရပြန်လေသည်။ ထိုနောက်တွင်ကား စိတ်ဓာတ်ပျော့ညံ့သူတို့၏ သဘာဝအတိုင်း ရတ်ရတ်သဲသဲ လုပ်နေကျဖြစ်သော သောက်ပွဲစားပွဲသို့ သွားလိုသော ဆန္ဒမှာ တားမနိုင်ဆီးမရ ဖြစ်လာသည့်အတွက် ပီယာသည် အနာတိုလီထံ သွားရန် ဆုံးဖြတ်လိုက်လေသည်။ ပီယာ စိတ်ပြောင်းပုံမှာ လျင်မြန်လွန်းရကား မင်းသားကလေး အင်ဒရေအား ပေးခဲ့သည့် ကတိကိုပင် နောက်ထပ်မစဉ်းစားတော့ချေ။ အမှန်ကလည်း ကိုယ်တိုင် မပျက်မကွက် လာရောက်ပါမည်ဟု စောစောကတည်းကပင်လျှင် အနာတိုလီအား ကတိပေးခဲ့ပြီ မဟုတ်ပါလော။

"ပြီးတော့ ကတိစကားဆိုတာတွေဟာလဲ ဘာမှ အဓိပ္ပာယ်ရှိတာ မဟုတ်ပါဘူး။ အမှန်တော့ ကတိဆိုတာဟာ လောကဝတ်အရ လွယ်လွယ်ပြောလိုက်ကြတဲ့ စကားတွေပဲ မဟုတ်လား။ အရှိန်ရှိတုန်း ပျော်ရပါးရတာပဲ။ တကယ်လို့ မနက်ဖြန်သေသွားရင် လူ့ဘဝမှာ ဒီကတိတွေ စောင့်ထိန်းနေရတာနဲ့ ဘယ်မှာ ပျော်ချိန် ရှိတော့မှာလဲ"

ပီယာသည် ၎င်း၏ဆုံးဖြတ်ချက်ကို ခိုင်မာအောင် ဤသို့တွေးပြီးနောက် အနာတိုလီတို့ အိမ်ဘက်သို့ဦးလှည့်ခဲ့လေသည်။

ကိုယ်ရံတော် မြင်းတပ်ဝင်းအနီးရှိ အနာတိုလီတို့၏ စံအိမ်ကြီးသို့ ရောက်သည်နှင့် ပီယာသည် မီးတွေထိန်နေသော ဆင်ဝင်ခန်းမဆောင်ကြီးထဲသို့ ဝင်လာခဲ့ကာ ပွဲတက်ဆောင်လှေကားမှ တက်လာခဲ့သည်။ ပွဲတက်ဆောင်နှင့် ကပ်လျက် အခန်းတွင် မည်သူ့ကိုမျှ မတွေ့ရဘဲ ပုလင်းခွံများ၊ ဝတ်ရုံများနှင့် အပေါ်စွပ် ဖိနပ်များ ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရ၏။ အရက်နံ့သည် ထောင်းထလျက်ရှိကာ ဆူညံစွာ အော်ဟစ်သံများကို အဝေးမှကြားရလေသည်။

ဖဲဝိုင်းနှင့် ထမင်းဝိုင်း ပြီးသွားပြီ ဖြစ်သော်လည်း ဧည့်သည်များမှာ လူစုမကွဲကြသေးချေ။ ပီယာသည် ဝတ်ရုံကိုချွတ်၍ လွှားခနဲ ပစ်လိုက်ပြီး ပထမ ခန်းဆောင်တစ်ခုထဲသို့ ဝင်လိုက်သည်တွင် သိမ်းလက်စ ထမင်းဝိုင်းကို တွေ့ရသည်။ အဆောင်ကိုင်တစ်ယောက်သည် အခန်းထဲ၌ မည်သူမျှ မရှိဟု ထင်မှတ်ကာ ဖန်ခွက်များထဲမှ အရက်အကြွင်းအကျန်များကို တစ်ခွက်ပြီး တစ်ခွက် မော့လျက်ရှိ၏။ ပွဲတက်ဆောင်၏ တတိယအခန်းဘက်ဆီမှ ဆူညံစွာ ရယ်မောသံ၊ စကားပြောသံ၊ ဝက်ဝံတစ်ကောင်၏ အော်သံ စသည်ဖြင့် အုတ်အုတ်ကျက်ကျက် အသံများကို ကြားရလေသည်။ မင်းပျိုမင်းလွင် ရှစ်ယောက် ကိုးယောက်ခန့်သည် ပြတင်းပေါက်အနီးတွင် စုဝေးလျက် တစ်စုံတစ်ခုအား စိုးရိမ်ထိတ်လန့်စွာ ကြည့်နေကြခြင်းကို မြင်ရသည်။ အခြား မင်းပျိုမင်းလွင်သုံးဦးတို့ကား ဝက်ဝံပေါက်ကလေး တစ်ကောင်ကို ကြိုးဖြင့်ဆွဲကာ လှောင်ပြောင်သော သဘောဖြင့် အခြားသူများအား လိုက်လံ အကုတ်ခိုင်းနေသည်ကို တွေ့ရလေသည်။

"ကျုပ်က စတီဗင်ရဲ့ဘက်က ငွေတစ်ရာလောင်းမယ်ဗျို့" ဟု တစ်ယောက်က အော်လိုက်သည်။

"ကဲ ကဲ လက်ရှောင်။ ဘယ်သူ လောင်းဦးမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလောင်းဦးမလဲ” တစ်ယောက်က အော်သည်။

“ကျုပ်က ဒိုလိုကော့ဗ်ဘက်က လောင်းတယ်။ ဒိုလိုကော့ဗ်ဘက်က။ ဗျို့ အနာတိုလီ၊ လာ လာ၊ ခင်ဗျားက ဒိုင်လုပ်”

“စိန်လိုက်ခင်ဗျာ။ မဆိုင်သူ မရှုပ်ကြနဲ့။ ဟောဒီမှာ နောက်ထပ်လောင်းကြေး တိုးလိုက်ကြဦးစို့”

“နောက်ထပ် တစ်ကြိုးတည်း သောက်ဦးမယ် ဆိုရင် လောင်းကြေးထပ်ဦးမယ် ခင်ဗျား။ ဘယ့်နှယ်လဲ”ဟု တစ်ယောက်က အော်ပြန်သည်။

“အို စိန်လိုက်ခင်ဗျ။ ဟေ့ နောက်တစ်ပုလင်း ယူခဲ့ဦးဟေ့”

အပေါ်ရုံအင်္ကျီမပါဘဲ မင်းပျိုမင်းလွင်များ၏ အလယ်တွင် ရပ်လျက်ရှိသည့် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ရည်ချောမောသော အိမ်သည် အနာတိုလီက လှမ်း၍ အမိန့်ပေးလိုက်သည်။

“အလို လက်စသတ်တော့ ပီယာပါလား။ လာဗျို့၊ လာဗျို့။ ဗျို့ရောင်းရင်းတို့ ခဏလေးဗျ၊ ခဏလေးနေကြပါဦး”

အနာတိုလီက ပွဲတက်ဆောင်ထဲသို့ ဝင်လာသော ပီယာကို မြင်သဖြင့် လှမ်းနှုတ်ဆက်လိုက်သည်။

“ဗျို့ ရောင်းရင်းတို့ လာကြလေဗျာ။ လောင်းကြေးကို လာသိမ်းထားကြဦးမှပေါ့”

ပြတင်းပေါက် ပေါင်ပေါ်တွင် ရပ်လျက်ရှိသည့် အလုံးအဖန်ထွားထွား၊ မျက်လုံးပြာပြာနှင့် လူရွယ်တစ်ယောက်က လှမ်း၍ အော်လိုက်သည်။ ၎င်း၏ အသံမှာ အခြားသူများကဲ့သို့ မူးသံမပေါက်ဘဲ ပကတိအသံဖြစ်၏။ ၎င်းကား အနာတိုလီနှင့် အတူနေထိုင်လျက်ရှိပြီး၊ ဆီမီနော့ဗ်တပ်ရင်းမှ အရာရှိတစ်ဦးဖြစ်၍ လောင်းတမ်းကစားခြင်း အရာတွင် နာမည်ကြီးသူ၊ နှစ်ယောက်ချင်း ချိန်းသတ်ပွဲများ၌ လက်ဖြောင့်သည်ဟု နာမည်ကြီးသူ ဒိုလိုကော့ဗ် ဆိုသူ ဖြစ်လေသည်။

“နေကြစမ်းပါဦးဗျ။ ဘယ်လိုဖြစ်နေကြတာလဲ” ပီယာက ပြုံး၍ မေးလိုက်သည်။

“ခဏလေးနေကြပါဦး။ ဟောဒီ ကျုပ်တို့ ရောင်းရင်းကြီး ပီယာကတော့ မမူးသေးဘူးခင်ဗျ။ ရော တစ်လုံးလောက် သောက်လိုက်စမ်းပါဦး”

အနာတိုလီက ပြောပြောဆိုဆို အရက်တစ်ပုလင်းနှင့် ဖန်ခွက်တစ်လုံးကို ယူကာ ပီယာကို လှမ်းပေးလိုက်သည်။

“ကဲ ခင်ဗျား အရင်သောက်လိုက်စမ်း”

ပီယာသည် ပြတင်းပေါက်အနီးတွင် စုရုံးလျက်ရှိသော ဧည့်သည်များကို လှမ်းကြည့်ကာ ၎င်းတို့ စကားပြောသံကို နားထောင်ရင်း တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်ချလိုက်သည်။ အနာတိုလီသည် ပီယာ၏ ဖန်ခွက်ထဲသို့ တစ်လှည့်ပြီးတစ်လှည့် လောင်းထည့်ပေးရင်းဒိုလိုကော့ဗ်က စံအိမ်တတိယထပ်ရှိ ပြတင်းပေါက်မှထွက်နေသော အပြင်ဘက်ပေါင်ပေါ်တွင် အောက်သို့ ခြေတွဲလောင်းချ၍ ထိုင်လျက် ရမ်အရက်တစ်ပုလင်းကုန်အောင် သောက်ပြမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ရေတပ်အရာရှိလေး စတီဗင်နှင့် အလောင်းအစားလုပ်ထားကြောင်းကို ပြောပြလျက် ရှိလေသည်။

“ကဲ ကုန်အောင်သောက်ဗျာ။ တစ်ပုလင်း မကုန်ရင်တော့ ပြန်ခွင့် မပြုနိုင်ပေဘူးဗျ” အနာတိုလီက ပီယာအား နောက်ဆုံးငှဲ့ပေးရင်း ပြောလိုက်သည်။

“တော်ပြီဗျာ” ပီယာသည် အကြောက်အကန်ငြင်းကာ အနာတိုလီကို တွန်းဖယ်ပြီးနောက် ပြတင်းဝဆီသို့ လျှောက်လာခဲ့၏။

ဒိုလိုကော့ဗ်သည် အင်္ဂလိပ်ရေတပ်ဗိုလ်ကလေး၏ လက်ကိုကိုင်ထားရာမှ အလောင်းအစားပြုသည့် စည်းမျဉ်းများကို ပီယာနှင့် အနာတိုလီတို့အား တစ်လုံးချင်းပြန်၍ ပြောလျက်ရှိ၏။

ဒိုလိုကော့ဗ်မှာ ဆံပင်ကောက်ကောက်၊ မျက်လုံးပြာလဲ့လဲ့နှင့် အရပ်အမောင်းကောင်းသူဖြစ်၍ အသက်နှစ်ဆယ့်ငါးနှစ်ခန့်လောက်မျှသာ ရှိသေး၏။ အခြားခြေလျင်တပ် အရာရှိများကဲ့သို့ပင် ဒိုလိုကော့ဗ်တွင် မုတ်ဆိတ်ကျင်စွယ်တို့ မရှိရကား မျက်နှာတွင် အထင်ရှားဆုံးသဏ္ဌာန်ဖြစ်သည့် ၎င်း၏ပါးစပ်မှာ ထင်းထင်းကြီး ပေါ်နေလေသည်။ ၎င်း၏ ပါးစပ်တည်နေပုံမှာ ထူးထူးခြားခြား လှပ၏။ အပေါ်နှုတ်ခမ်း အလယ်သားမှာ ချွန်ထွက်ကာ ပြည့်ဖြိုးသော အောက်နှုတ်ခမ်းနှင့် တင်းကျပ်စွာ စေ့လျက်ရှိသည်။ နှုတ်ခမ်းအစွန်နှစ်ဖက်သည် အပြုံးနှစ်ခုကို တစ်ပြိုင်တည်း ပြုံးနေသကဲ့သို့ ထင်ရ၏။ စူးရှထက်မြက်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်သားကို ထိုးဖောက်ကြည့်နိုင်စွမ်းရှိသည်ဟု ထင်လောက်အောင် စွမ်းအားကောင်းလှသော မျက်လုံးများကလည်း သတိမမူဘဲ မနေနိုင်လောက်အောင် မျက်နှာကို တစ်မျိုးတစ်ဖုံ ကျက်သရေဆောင်လျက် ရှိသည်။ ဒိုလိုကော့ဗ်မှာ မင်းစိုးရာဇာ အသိုင်းအဝိုင်းထဲတွင် မျက်နှာကြီးတစ်ယောက်မဟုတ်ဘဲ အလယ်အလတ်တန်းစားထဲလောက်ကသာ ဖြစ်လေသည်။ သို့တိုင်အောင် ဒိုလိုကော့ဗ်သည် လက်ဖွာခြင်း အရာ၌ တစ်လလျှင် ဒင်္ဂါးတစ်သောင်းလောက်ကို လွယ်လွယ်သုံးနေသည့် အနာတိုလီတို့ကဲ့သို့ မင်းညီမင်းသားမျိုးနှင့် အပြိုင်သုံးနေသူမျိုးဖြစ်သည့်အတွက် အနာတိုလီအပါအဝင် မိတ်ဆွေအားလုံး၏ အထင်ကြီးခြင်းကို ခံရသူတစ်ယောက်ဖြစ်လေသည်။ ဒိုလိုကော့ဗ်သည် လောင်းတမ်းကစားခြင်းအမျိုးမျိုးကို ကျွမ်းကျင်စွာ ကစားနိုင်၍ အမြဲတမ်းလိုလိုလည်း အနိုင်ရသူတစ်ယောက်ဖြစ်သည်။ သူ၏ထူးခြားသော အရည်အချင်းကား အရက်ကို သည်မျှ သောက်စေကာမူ မူးယစ်ခြင်း အလျဉ်းမရှိသည့် အချက်ဖြစ်လေသည်။ ဒိုလိုကော့ဗ်နှင့် အနာတိုလီသည် ပီတာစဘတ် ရွှေမြို့တော်တွင် ဟော့ရမ်းကြော့ကြမ်းခြင်း၊ ရှုပ်ပွေခြင်းတို့ကြောင့် နာမည်ကြီးသူများစာရင်းတွင် ထိပ်ဆုံးကပါသူများ ဖြစ်လေသည်။

ခဏကြာလျှင် ရမ်အရက်ပုလင်းတစ်လုံး ရောက်လာလေသည်။ အဆောင်ကိုင်နှစ်ယောက်သည် ပြတင်း၏ အစွန်ဘက်ပေါင်ပေါ် ကြက်ခြေခတ်စွဲထားသော ယက်မနှစ်ချောင်းကို ဖြုတ်နေကြ၏။ သို့ရာတွင် ပတ်ပတ်လည် ဝိုင်းလျက်ရှိသော မင်းပျိုမင်းလွင်များက ဆူညံစွာအော်ဟစ်ကာ တစ်ယောက်တစ်ပေါက် ညွှန်ကြားပေးနေကြသဖြင့် ဘာကို လုပ်ရမည် မသိဘဲ အကြောက်ကြောက် အလန့်လန့် ဖြစ်လျက်ရှိကြ၏။

အနာတိုလီသည် သိုင်းကွက်နင်းသည့်နှယ် ဒယီးဒယိုင်လျှောက်သွားကာ အဆောင်ကိုင်နှစ်ယောက်ကို ဘေးသို့ တွန်းဖယ်လိုက်ပြီး ပြတင်းတွင် ကြက်ခြေခတ်ကာထားသည့် ယက်မနှစ်ချောင်းကို ဆွဲနုတ်လိုက်သည်။ သို့ရာတွင် ယက်မနှစ်ချောင်းမှာ တုတ်တုတ်မျှ လှုပ်ချေ။ အနာတိုလီသည် ပြတင်းမှန်တစ်ချက်ကို ရိုက်ခွဲလိုက်၏။

“ကဲ ခင်ဗျားကတော့ အားခွန်ဗလအရာမှာ ဟာကြူလီပဲ။ လုပ်စမ်းပါဦး” အနာတိုလီက ပီယာကို လှမ်းပြောလိုက်သည်။

ပီယာသည် ကြက်ခြေခတ်ယက်မကို မိမိရရ ဆုပ်ကိုင်ကာ ဆွဲနုတ်လိုက်လေရာ ဝက်သစ်ချသား ပြတင်းပေါင်သည် ဂျွမ်းဂျွမ်းမြည်အောင် ကျိုး၍ ပြုတ်သွားလေသည်။

“ကဲ အဲဒီပေါင်ကြီးကို ဆွဲယူပစ်လိုက်စမ်းဗျာ။ တော်တော်ကြာ ကျုပ်က ဒီပေါင်ကို ကိုင်ထားတယ်လို့ ပြောနေကြဦးမယ်” ဒိုလိုကော့ဗ်က ပြောလိုက်သည်။

“ကဲ အင်္ဂလိပ်ဗိုလ်မှူးကလေး၊ သိပ်တော့မကြွား နဲ့ခင်ဗျ။ ကျေနပ်ပြီ မဟုတ်လား” အနာတိုလီက မေးလိုက်သည်။

“လူတွေကတော့ ဟုတ်ပေ့ကွာ” ပီယာက ဒိုလိုကော့ဗ်ကို ကြည့်၍ ပြောလိုက်သည်။ ဒိုလိုကော့ဗ်သည် ရမ်အရက် ပုလင်းကို ကိုင်လျက် ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ အရှေ့ဘက်ကောင်းကင်ကား ရောင်နီသန်းစ ပြုလေပြီ။

ဒိုလိုကော့ဗ်သည် ရမ်အရက်ပုလင်းကို လက်တွင်ကိုင်ကာ ပြတင်းပေါက်ပေါင်ပေါ်သို့ ခုန်တက် လိုက်၏။

“ရောင်းရင်းတို့”

ဒိုလိုကော့ဗ်က ပြတင်းပေါက်ပေါင်ပေါ်တွင် ရပ်၍ အော်လိုက်သည်။ အားလုံး တိတ်ဆိတ်လျက်ရှိကြ၏။

“နောက်ထပ် ဒင်္ဂါးငါးရာ တိုးချင်သေးတယ်ခင်ဗျ။ အဲဒါမှ မကျေနပ်သေးရင် ငွေသားတစ်ထောင်ခင်ဗျာ”ဟု အင်္ဂလိပ် ဗိုလ်ကလေး နားလည်စေရန် ပြင်သစ်စကားဖြင့် ပြောလိုက်သည်။ သို့ရာတွင် ဒိုလိုကော့ဗ်မှာ ပြင်သစ်စကားကို ကောင်းစွာ မပြောတတ်ချေ။

“ငါးရာတိုးမယ်”ဟု တစ်ယောက်က အော်သည်။

“ကောင်းပြီခင်ဗျာ၊ ငါးရာထပ်တိုးပါ။ ကျွန်တော်က ပြတင်းပေါက် အစွန်ဆုံးပေါင်ပေါ်က ဟောဒီနေရာမှာ (ဤနေရာ၌ ဒိုလိုကော့ဗ်က အပြင်ဘက်သို့ ခပ်လျှောလျှော နေသော ပြတင်းပေါင်အစွန်းကိုပြသည်။) ဘာမှ မကိုင်ဘဲ ထိုင်ပြီး ရမ်အရက်တစ်ပုလင်းကို ပါးစပ်က မချွတ်ဘဲ ဆက်တိုက်သောက်ပြမယ်။ ဟုတ်စ”

“စိန်လိုက်ခင်ဗျာ” အင်္ဂလိပ်ဗိုလ်လေးက ပြောလိုက်သည်။

အနာတိုလီက အင်္ဂလိပ်ဗိုလ်လေးဘက်သို့ လှည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် အပေါ်ရုံအင်္ကျီမှ ကြယ်သီးကို လှမ်း၍ ဆုပ်ကိုင်ကာ မိမိထက်အရပ်နိမ့်သော အင်္ဂလိပ်ဗိုလ်ကလေးကို ငုံ့ကြည့်လျက် လောင်းကြေးနှင့်တကွ စည်းကမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ပြောပြနေသည်။

"ဗျို့ အနာတိုလီ၊ ခဏနေဦးဗျို့"ဒိုလိုကော့ဗ်က ပြတင်းပေါင်ပေါ်တွင် ရပ်လျက် အရက်ပုလင်းကို ကိုင်ရင်း ပြောလိုက်သည်။ "အားလုံး တစ်ဆိတ်ကလေးခင်ဗျာ။ တကယ်လို့ ဟောဒီပရိသတ်ထဲက ကျွန်တော့်လို လုပ်ပြနိုင်ရင် ကျွန်တော်က တစ်ထောင်ပြန်ပေးပါ့မယ် ဆိုတာလဲ ပြောပါရစေ"

အင်္ဂလိပ် ဗိုလ်ကလေးက ခေါင်းကို ညိတ်ပြလိုက်သည်။ သို့ရာတွင် ဒိုလိုကော့ဗ်၏ နောက်ထပ်လောင်းကြေးနှင့် ပတ်သက်၍မူ မည်သို့မျှ မပြောတော့ချေ။ အင်္ဂလိပ်ဗိုလ်ကလေးက ဒိုလိုကော့ဗ်၏ ပြင်သစ်စကားကို နားလည်သည့်လက္ခဏာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လျက် ရှိသော်လည်း အနာတိုလီသည် အင်္ဂလိပ်ဗိုလ်ကလေးကို မလွှတ်သေးဘဲ အင်္ဂလိပ်စကားဖြင့် ရှင်းပြနေသည်။ တစ်ညလုံး ဖဲရှုံးထားသည့် ကိုယ်ရံတော်မြင်းတပ်မှ ပိန်ပိန်ပါးပါး ဗိုလ်ကလေးတစ်ယောက်သည် ရင်းစားပြန်ရလိုရငြား လောင်းရန်စိတ်ကူးရကာ အစမ်းသဘောဖြင့် ပြတင်းပေါင်ပေါ်သို့တက်၍ မတ်တတ်ရပ်လိုက်ပြီး အောက်သို့ငုံ့ကြည့်လိုက်လေသည်။

"အလိုလေး လေး လေး။ အမြင့်ကြီးဗျ"

ကိုယ်ရံတော်ဗိုလ်ကလေးသည် အောက်လမ်းမကို ငုံ့ကြည့်ပြီး ကြောက်ကြောက်လန့်လန့်ဖြင့် အော်လိုက်သည်။

"ဗျို့လူ တိတ်စမ်း။ ကိုယ်နဲ့ မတန်မရာ လာမလုပ်ချင်စမ်းနဲ့"ဟု ဒိုလိုကော့ဗ်က ပြောပြောဆိုဆို ပြတင်းပေါက်မှ တွန်းဖယ်လိုက်သည်နှင့် ကိုယ်ရံတော်မြင်းတပ်ဗိုလ်ကလေးမှာ ဒယီးဒယိုင်ဖြင့် အခန်းထဲက ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသွားလေသည်။

ဒိုလိုကော့ဗ်သည် အရက်ပုလင်းကို ပြတင်းပေါက်ပေါင်ပေါ်၌ လက်လှမ်းမီသော တစ်နေရာတွင် ထောင်ထားလိုက်၏။ ထိုနောက် ပြတင်းပေါက်ပေါင်ပေါ်မှ အစွန်းဘက်သို့ သတိကြီးစွာဖြင့် တဖြည်းဖြည်း လျှောက်သွားကာ ခြေထောက်များကို အောက်သို့ တွဲလဲချ၍ထိုင်လိုက်သည်။ ဒိုလိုကော့ဗ်သည် ပြတင်းပေါက်ပေါင်နှစ်ဖက်ကို မေး၍ ထိုင်လိုက်ပြီး ပေါင်အစွန်းတဲတဲကလေးပေါ်၌နေသားတကျဖြစ်အောင် ပြုပြင်ပြီးမှ အရက်ပုလင်းကို လှမ်းယူလိုက်သည်။ အနာတိုလီသည် ဖယောင်းတိုင်နှစ်ချောင်းကို ထွန်းကာ ပြတင်းပေါင်ပေါ်တွင် စိုက်ထားလိုက်သည်။ ဒိုလိုကော့ဗ်၏ နောက်ကျောနှင့်တကွ ဆံပင်အခွေအလိပ်များကို မီးရောင်တွင် မြင်ရလေသည်။ ပရိသတ်အားလုံးပင် ပြတင်းပေါက်အနီးတွင် စုရုံးလာကြရာ အင်္ဂလိပ်ဗိုလ်ကလေးမှာ ရှေ့ဆုံးမှ ဖြစ်လေသည်။ ပီယာကားခပ်မဆိတ်ပင် ပြုံး၍ ကြည့်နေလေသည်။ ပရိသတ်ထဲက အသက်ကြီးကြီး လူတစ်ယောက်သည် ရုတ်တရက် ရှေ့သို့တိုးလာကာ စိတ်ဆိုးသောအမူအရာဖြင့် ဒိုလိုကော့ဗ်၏ အင်္ကျီကို လှမ်းဆွဲလိုက်မည် ပြုလိုက်သည်။

"မိုက်တီးမိုက်ကန်း အလောင်းအစားမျိုးတော့ မလုပ်ကြနဲ့ဗျာ။ တော်တော်ကြာမူးပြီး အောက်ထိုးကျသွားလို့ သေနေလိမ့်မယ်"

အနာတိုလီက သူ့ကို လှမ်းဆွဲလိုက်ရင်း

"ဗျို့ သူ့ကို သွားမထိလိုက်နဲ့လေ။ ခင်ဗျား လုပ်လိုက်တာနဲ့ ရုတ်တရက်လန့်ပြီး လိမ့်ကျသွားလိမ့်မယ်။ ကိုယ့်ဘာသာကိုယ် နေစမ်းပါ။ အနေသာကြီးပဲ"

ဒိုလိုကော့ဗ်မှာ လက်နှစ်ဖက်ဖြင့် ထိန်း၍ နေရာတကျဖြစ်အောင် ပြင်ထိုင်ရင်း နောက်သို့ သမင်လည်ပြန်ပင် လှည့်၍ ကြည့်လိုက်ချေသေးသည်။

"ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်ကြနဲ့ဗျနော်။ ဝင်ရှုပ်တဲ့လူကို ဟောဒီ ပြတင်းပေါက်ကနေ အောက်ပစ်ချလိုက်ရလိမ့်မယ်။ ကဲ စသောက်ပြီ ခင်ဗျာ။ စသောက်ပြီ"

ဤသို့ပြောပြီးနောက် ဒိုလိုကော့ဗ်သည် ရှေ့သို့ပြန်လှည့်သွားကာ လက်ကိုလွှတ်လိုက်လျက် ခေါင်းကိုမော့၍ ပုလင်းကို ပါးစပ်တွင် တေ့လိုက်ပြီးနောက် ကျန်လက်တစ်ဖက်ကို မြှောက်ရင်း ကိုယ်ကို ယိမ်းယိုင်ခြင်း မရှိအောင် ထိန်းထားလေသည်။ ခန်းမဆောင်ထဲတွင် ပြန့်ကျဲနေသော မှန်ကွဲမှန်စများကို ကောက်သိမ်းနေသည့် အဆောင်ကိုင်တစ်ယောက်သည် ကြက်သေသေ၍ ငေးကြည့်လျက်ရှိ၏။ အနာတိုလီသည်လည်း မတ်မတ်ကြီး ရပ်ကာ ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ အင်္ဂလိပ်ဗိုလ်ကလေးကား နှုတ်ခမ်းများကိုလျက်ရင်း



www.burmeseclassic.com

ကြည့်ရသဖြင့် မျက်နှာကိုတစ်ဖက်သို့ လွှဲထားလိုက်သည်။ ဆာဆာက ဒိုလိုကော့ဗ်၏ အင်္ကျီကို သွားဆွဲမည်ပြုသည့် ဗျူတ်တား အခန်းထောင့်သို့သွားကာ ဆိုဖာတစ်လုံးပေါ် ချောင် ဝင်ထိုင်လိုက်ပြီး နံရံဘက်သို့ မျက်နှာမူထားလေသည်။ ပီယာသည်ပင် ကြောက်လန့်တကြားဖြင့် မျက်နှာကို လက်ဖြင့် အုပ်ထားလိုက်မိသည်။ ခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ပီယာသည် လက်ကို ချောင်းမှ ခွာ၍ ကြည့်လိုက်ပြန်သည်။ ဒိုလိုကော့ဗ်ကား ထောင် အနေအထားအတိုင်း ထိုင်လျက်ရှိ၏။ ခေါင်းကို နောက်သို့ လှန်ထားသဖြင့် ဆံပင်များသည် အင်္ကျီလည် ဆောင်နှင့် ထိလျက်ရှိ၏။ ပုလင်းကိုကိုင်ထားသည့် လက်များသည် အထက်သို့ မြောက်သည်ထက် မြောက်လာကာ အားစိုက်ရလွန်းသဖြင့် တဆတ်ဆတ်တုန်လျက်ရှိ၏။ ဤသို့ဖြင့် ပုလင်းထဲမှ အရက်များ တဖြည်းဖြည်းလျော့၍ သာခဲ့လေပြီ။ ပုလင်းထဲတွင် အရက်လျော့၍ လာသည်နှင့် အမျှ ဒိုလိုကော့ဗ်၏ ခေါင်းမှာလည်း နောက်သို့လန်သည် ထက် လန်လာခဲ့လေပြီ။ ပီယာ၏စိတ်ထဲ၌ ကြာလှချည့်ဟု ဆောက်မေ့မိသည်။ ဤသို့ဖြင့် ဒိုလိုကော့ဗ် အရက်သောက် နေသည်မှာ နာရီဝက်ခန့်ကြာသည်ဟု ထင်မိ၏။ တစ်ချို့၌ ဒိုလိုကော့ဗ်သည် ကျောကို ဆတ်ခနဲ တွန့်လိုက်၏။ လက်မောင်းများမှာလည်း တဆတ်ဆတ်တုန်လျက် ရှိလေသည်။ ဒိုလိုကော့ဗ်မှာ ပြတင်းပေါင် ဆင်ခြေလျှောတွင် ထိုင်လျက်ရှိခြင်းကြောင့် ဤသို့ လှုပ်လိုက်ရုံမျှဖြင့် အသာ ထလေး ချော်ကျသွားနိုင်ပေသည်။ ဒိုလိုကော့ဗ်မှာ ပုလင်းထဲတွင် အရက်ကုန်ခါနီးလေလေ၊ ခေါင်းနှင့် လက်မောင်းများကလည်း အားစိုက်ထားရသဖြင့် တုန်သည်ထက် တုန်လာလေလေဖြစ်၏။ တစ်ခါ၌ ဒိုလိုကော့ဗ်သည် ယောင်ယမ်းကာ ပြတင်းပေါင်ကို လှမ်းကိုင်လိုက်မည် မှုလိုက်သေး၏။ သို့ရာတွင် ချက်ချင်း သတိရကာ လက်ကို ပြန်ရုပ်လိုက်သည်။ ပီယာသည် မျက်လုံးများကို ပြန်မှိတ်ထားကာ ဖွင့်၍ မကြည့်တော့ဟူ၍ပင် ဆုံးဖြတ်လိုက်သည်။ ခဏကြာလျှင် မိမိဘေးမှာ လှုပ်လှုပ်ရွရွ အသံများကိုကြားရ၏။ ပီယာသည် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ဒိုလိုကော့ဗ်သည် ပြတင်းပေါင်ပေါ်တွင် ရပ်လျက်ရှိလေသည်။ ၎င်း၏ မျက်နှာမှာ ဖြူရော်လျက် ရှိသော်လည်း တောက်ပဝင်းထိန်လျက် ရှိ၏။

"ကဲ တစ်ပုလင်းကုန်ပြီ မဟုတ်လားခင်ဗျာ"

ဒိုလိုကော့ဗ်က ပုလင်းခွံကို အင်္ဂလိပ်ဗိုလ်မှူး ကလေးထံသို့ ပစ်ပေးလိုက်သည်တွင် အင်္ဂလိပ်ဗိုလ်ကလေး က သေသပ်စွာ ဖမ်းယူလိုက်သည်။

"ဟုတ်လိုက်လေဗျာ၊ တကယ် ရဲလဲရဲတဲ့လူပါပဲ။ ဒီလောက် မိုက်မိုက်ကန်းကန်းလုပ်မှတော့ လောင်းကြေး ကိုလဲ ရထိုက်ပါပေတယ်"

အားလုံးကပင် တီးတိုး၍ချီးမွမ်း ဩဘာပေးကြ လေသည်။ အင်္ဂလိပ်ဗိုလ်ကလေးကား သားရေအိတ်ကို ထုတ်၍ ငွေများကိုရေတွက်လျက် ရှိ၏။ ဒိုလိုကော့ဗ်မှာ စကားမပြောဘဲ မျက်မှောင်ကုတ်၍ကြည့်လျက် ရှိလေ သည်။ ပီယာသည် ပြတင်းပေါက်ပေါင်ပေါ်သို့ ခုန်တက် လိုက်ကာ

"ရောင်းရင်းများ ခင်ဗျား။ ကျွန်တော်နဲ့ အလောင်း အစားလုပ်ချင်တဲ့လူရှိရင်လဲ ထွက်နိုင်ပါတယ်။ ကျွန်တော် လဲ ဒီလိုလုပ်ပြပါ့မယ်။ ကဲ ဗျာ ကြာတယ်။ မလောင်းချင် ဘူးဆိုရင် အလောင်းအစားမလုပ်ဘဲနဲ့ ကျွန်တော်သောက် ပြမယ်။ အရက်ပုလင်းသာယူလာခဲ့"

"ကြိုက်ပြီဗျ၊ ဒီလို သတ္တိမျိုးမှပေါ့"

ဒိုလိုကော့ဗ်က ပြုံး၍ ပြောလိုက်သည်။

"ဘာ နောက်တစ်ယောက် လာပြန်မလား။ ကိုရင် စိတ်မှ နှံ့သေးရဲ့လား။ လှေကားတက်တာတောင် ဒယီး ဒယိုင်ဖြစ်တဲ့လူက ဒါမျိုးကို လုပ်ဦးမယ်။ ဟုတ်စ။ ကျော်မကောင်းကြားမကောင်းတော့ မလုပ်ပါနဲ့ဗျာ ဟား ဟား. ဟား"

အားလုံးကပင် ပီယာကို ဝိုင်း၍ လှောင်ကြလေ သည်။

"အရက်ပုလင်းသာ ယူခဲ့ပါဗျ။ ကျွန်တော် သောက် ပြပါမယ်" ပီယာသည် အရက်ကလည်း အနည်းငယ်ထွေ နေပြီဖြစ်သည့်အလျောက် လက်သီးဖြင့် စားပွဲကို ထု၍ အော်လိုက်သည်။ ထိုမျှမက ပြတင်းပေါက်သို့တက်၍ အစွန်းသို့ သွားထိုင်မည် တကဲကဲလုပ်နေသဖြင့် ဝိုင်း၍ ဆွဲထားကြရသည်။ သို့ရာတွင် ပီယာမှာ သန်စွမ်းသူ တစ်ယောက်ဖြစ်သည့်အတွက် ရုန်းထွက်လိုက်သည်နှင့် ဆွဲသူများမှ တလိမ့်ခေါက်ကွေး လဲကုန်ကြလေသည်။

"မလုပ်နဲ့၊ မလုပ်နဲ့။ သူ့ကို ဒီလို လုပ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အနာတိုလီက အားလုံးကို ပြောလိုက်ပြီး ပီယာသို့ လှည့်၍

"ဒီမှာ ပီယာ၊ ခင်ဗျား ဒီလောက်တောင် လောင်းချင်ရင် မနက်ဖြန်ကျတော့ ကျုပ်လောင်းမယ်။ ခုတော့ ကျုပ်တို့ မြာအိမ်သွားလိုက်ကြဦးစို့"

"လာ၊ ဒါဖြင့် ခုသွားမယ်။ ဝက်ဝံကလေးကိုလဲ ခေါ်ခဲ့မယ်"

ပီယာသည် ဝက်ဝံကလေးကို မ၍ ပွေ့ယူလိုက်ပြီးနောက် အခန်းထဲ၌ ပတ်ချာလှည့်၍ ကနေလေသတည်း။

## အခန်း ၁၀

မင်းသားကြီးဗာစီလီသည် မှန်နန်းအပျိုတော်ကြီး၏ မင်းပွဲသဘင်တုန်းက ဘိုးရစ်စ်အား ရာထူးခန့်ထားခြင်းခံရအောင် ဆောင်ရွက်ပေးမည်ဟု မင်းသမီးကြီး ဒရူဘက်စကားယားကို ကတိကဝတ်ပြုခဲ့၏။ ကတိအတိုင်းလည်း ဆောင်ရွက်ပေးခဲ့သည်။ ထိုကိစ္စကို မင်းသားကြီး ဗာစီလီသည် ဘုန်းတော်ကြီးသော ဘုရားထံ တိုက်ရိုက်လျှောက်တင်ခြင်း ပြုခဲ့သဖြင့် ဘိုးရစ်စ်မှာ ဆင်မီနော့ဗ် ကိုယ်ရံတော်မြင်းတပ်၌ အလံကိုင်ဗိုလ်ကလေး၏ ရာထူးတွင် ခန့်ထားခြင်း ခံရလေသည်။ မင်းသမီးကြီး ဒရူဘတ်စကားယားသည် သားဖြစ်သူအား စစ်သေနာပတိ ကူတူဇော့ဗ်၏ ကိုယ်ရံတော် ဗိုလ်ရာထူးကို ရအောင် ကြိုးစားခဲ့သေးသော်လည်း မအောင်မြင်ခဲ့ချေ။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ မင်းပွဲသဘင်ပြီးသည့်နောက်တွင် မင်းသမီးကြီးဒရူဘက စကားယားလည်း ရွှေမြို့တော်မှ မော်စကိုသို့ ပြန်လာခဲ့ပြီး နောက် မျက်နှာကြီး ဆွေမျိုးများဖြစ်သော မြို့စားကြီး ရော့စတော့ဗ် မိသားစုနှင့်အတူတကွ နေထိုင်လျက်ရှိလေသည်။ တပ်ထဲသို့ဝင်ပြီးနောက် အလံတော်ကိုင်ဗိုလ်လေးအဖြစ် ချက်ချင်းတန်း၍ ခန့်အပ်ခြင်းခံရသည့် သား ဘိုးရစ်စ်မှာ ငယ်စဉ်က မြို့စားကြီး ရော့စတော့ဗ် မိသားစုနှင့်အတူ ပညာသင်ကြား၍ ကြီးပြင်းလာခဲ့ရခြင်း ဖြစ်လေသည်။ ကိုယ်ရံတော်မြင်းတပ်မှာ ဩဂုတ်လ ၁၀ ရက်နေ့ကပင် ရွှေမြို့တော်မှ ရုရှားပြည်နှင့် ဩစထရီးယားပြည် နယ်စပ်မြို့တစ်မြို့ဖြစ်သည့် ရာဇီဘီလော့မြို့သို့ ပြောင်းရွှေ့ သွားရလေရာ မော်စကိုမြို့တွင် ကိစ္စအဝဝကို ဆောင်ရွက် လျက်ရှိသော သားတော်မောင်ဘိုးရစ်စ်မှာ တပ်စခန်း ပြောင်းရွှေ့ရာသို့ ကသုတ်ကရက်ဖြင့် အမီလိုက်သွားရလေသည်။

ထိုနေ့မှာ ရှင်တော်နာတာလီယာ၏ နေ့ဖြစ်လေသည်။ တိုက်ဆိုင်ပုံကား ထိုနေ့သည် ရော့စတော့ဗ် မိသားစုထဲမှ မိခင်နှင့် သမီးအထွေးဆုံး နှစ်ယောက်စလုံး၏ နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာပြုလုပ်ခဲ့သည့်နေ့နှင့် တိုက်ဆိုင်လျက် ရှိပြီး သားအမိနှစ်ယောက်စလုံးမှာလည်း နာတာလီဟု အမည်တူဖြစ်၍ နေခြင်းပင်ဖြစ်လေသည်။ နံနက်မိုးသောက် အရုဏ်ရောက်ကတည်းက မြင်းခြောက်ကောင်ကသော ရထားကြီးသည် ပေါ့ဗာစကားယား မြစ်ကမ်းနဖူးရှိ မော်စကိုတစ်မြို့လုံး သိပြီးဖြစ်သော မြို့စားကတော်ကြီး ရော့စတော့ဗ်၏ စံအိမ်တော်ကြီးသို့ ဧည့်သည်များကို တင်ဆောင်လာကာ ဥဒဟို ဝင်ထွက သွားလာလျက်ရှိကြ၏။ မြို့စားကတော်ကြီးနှင့် လှပချောမွေ့သော သမီးကြီးဗီရာသည် ဧည့်ခန်းဆောင်မှနေ၍ကြွလာသမျှသောမင်းပရိသတ်ကို ဆီးကြိုနှုတ်ဆက်ဧည့်ခံလျက် ရှိကြလေသည်။

မြို့စားကတော်ကြီးမှာ အရှေ့တိုင်းဆန်သော သေးသွယ်ရှည်လျားသည့် မျက်နှာရှိ၍ အသက်လေးဆယ့်ငါးနှစ်ခန့်မျှ ရှိပြီဖြစ်၏။ သို့ရာတွင် သားသမီး တစ်ကျိပ်နှစ်ယောက်ကို မွေးထုတ်ခဲ့ရပြီးဖြစ်သည့်အလျောက်ငင်း၏ မျက်နှာမှာ အိုစာရင့်ရော်ခဲ့လေပြီ။ များစွာ အားနည်းလှသဖြင့် မြို့စားကတော်ကြီး၏ အသံနှင့် လှုပ်ရှားမှုတို့သည် တုန်ယင်စပြုလျက် ရှိကြလေပြီ။ ထိုအချက်ကြောင့်ပင်လျှင် မြို့စားကတော်ကြီးသည် အခြားသူများထက် ထူးခြားပေါ်လွင်လျက်ရှိကာ လေးစားခြင်းကို ခံရလျက်ရှိ၏။ မြို့စားကတော်ကြီးတို့ အိမ်သားတစ်ဦးဖြစ်သည့် မင်းသမီးကြီး ဒရူးဘက်စကားယားမှာလည်း ဧည့်ခန်းဆောင်၌ထိုင်ကာ ဧည့်သည်များကို ဧည့်ခံလျက် ရှိလေသည်။ လူငယ်များမှာကား ဧည့်သည်များကို ဧည့်ခံကြိုဆိုရန် မလိုသည့် အလျောက် အတွင်းဆောင်များထဲတွင် စကားစမြည်ပြောလျက်ရှိကြ၏။ မြို့စားကြီး ရော့စတော့ဗ်မှာ ဧည့်သည်များကို ကြိုဆိုရ၊ ပြန်နှုတ်ဆက်ရနှင့် အလုပ်ရှုပ်လျက်ရှိပြီး မင်းပရိသတ်အားလုံးကို ညစာသုံးဆောင်ရန် ဖိတ်ကြားလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို ကြွလာတဲ့အတွက် သိပ်ပြီးကျေးဇူးတင် အများ ကြင်ရာတော်ကြီးအတွက်ရော၊ သမီးထွေးအတွက်ပါ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ပြီးတော့ ညစာထမင်း စားပွဲကိုလဲ ကြွရောက် ချီးမြှင့်ရမယ် ခင်ဗျာ။ မချီးမြှင့်ဘူး ဆိုရင်တော့ စိတ်ဆိုးရလိမ့်မယ်နော်"

မြို့စားကြီး ရော့စတော့ဗ်သည် မိမိထက် ဂုဏ်အဆင့်အတန်းမြင့်သူ နိမ့်သူမရွေး လာသမျှ ဧည့်သည်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်လျက်ရှိ၏။ ဤသို့ကြိုဆို နှုတ်ခွန်းဆက်စဉ်၌ မြို့စားကြီး ရော့စတော့ဗ်၏ အသံမှာ အဆင့်အတန်း ခွဲခြားခြင်း မရှိ။ တစ်သံတည်းဖြစ်၏။ မုတ်ဆိတ်ကို စင်ကြယ်စွာ ရိတ်ထားသည့် ပြည့်ဖြိုးရှင်ပျသော မျက်နှာအမူအရာကလည်း အဆင့်အတန်း ခွဲခြားခြင်း မရှိ တစ်မျိုးတည်းဖြစ်၏။ လက်ဆွဲနှုတ်ဆက်ပုံနှင့် ခါးကို ဆတ်ခနဲညွတ်၍ အရိုအသေပြုပုံကလည်း အဆင့်အတန်း ခွဲခြားခြင်းမရှိ။ တစ်မူတည်းဖြစ်၏။ ဧည့်သည်များကို လိုက်ပို့နှုတ်ဆက်ပြီးသည့်နောက် မြို့စားကြီးရော့စတော့ဗ်သည် ဧည့်ခန်းဆောင်တွင် ကျန်ရှိနေသေးသော ဧည့်သည်များထံ ပြန်လှည့်လာခဲ့ကာ အနီးရှိထိုင်ခုံတစ်လုံးကို ဆွဲယူပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်၏။ ထို့နောက် ဒူးကို ဆန့်နေရာမှ လက်ကို ဒူးနှစ်ဖက်ပေါ်သို့ တင်ထားကာ ကိုယ်ကို လှုပ်ရမ်းရင်း ရာသီဥတုအကြောင်း၊ ကျန်းမာရေး အကြောင်း စသည့်ထွေရာလေးပါးတို့ကို ရုရှားစကား တစ်ဝက်၊ မိမိဘာသာဖြင့် အနက်ထင်လျက် ရှိသော်လည်း ချွန်စွာ ညံ့ဖျင်းသည့် ပြင်သစ်စကားတစ်ဝက်ဖြင့် ပြောဆို လျက်ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ ဒူးနှန့်ပုံ၊ စကားပြောပုံ စသည့်အမူအရာများအားလုံးက ၎င်းသည် သောက လူ့ဘဝကြီးကို များစွာ ကျေနပ်ရောင့်ရဲလျက် ထိုသို့ ကျေနပ်ရောင့်ရဲမှုရအောင် လူ့ဘဝကြီး၌ မည်သို့ နေထိုင်ပြုမူရမည်ကိုလည်း ကောင်းစွာနားလည်သူတစ်ဦး ဖြစ်ကြောင်းကို ဖော်ပြနေသကဲ့သို့ ရှိလေသည်။ တစ်ခါ တစ်ခါ၌လည်း မြို့စားကြီး ရော့စတော့ဗ်သည် ပင်ပန်းနွမ်းနယ်လျက် ရှိသည့်တိုင်အောင် အိမ်သည်၏ ဝတ္တရားကို လိုလေသေးမရှိ ပြုစုရန် စိတ်ထက်သန်လျက် ရှိဟန်ဖြင့် ပြန်သည့် ဧည့်သည်များကို လိုက်ပို့နှုတ်ဆက်ခြင်း၊ ခေါင်းပြောင်ကြီးကို ပွတ်၍ လည်းကောင်း၊ ဖြူဖွေးသော နှုတ်ခမ်းမွေးများကို ပွတ်၍လည်းကောင်း ဧည့်သည်များအား ညစာစားပွဲသို့ ဖိတ်ကြားခြင်း စသည်တို့ကို ပြုလုပ်နေပြန်သည်။ တစ်ခါတစ်ရံ၌လည်း ဧည့်သည်များကို ဆင်ဝင်အထိ လိုက်ပို့နှုတ်ဆက်ခဲ့ပြီးနောက် လူ့ရှစ်ဆယ်စာ အတွက် ညစာစားပွဲများ ခင်းကျင်းထားရာ ကျောက်ဖြူ သားတိုင်ကြီးများဖြင့် ဖိတ်ဖိတ်လက်လျက်ရှိသည့် ထမင်းစားခန်းဆောင်ထဲသို့ ဝင်လာခဲ့လျက် ငွေပန်းကန်များ၊ ကြွေပန်းကန်များ၊ စားပွဲများ၊ အရောင်တလက်လက် ဖြစ်နေသော ပါရှားပြည်ဖြစ်စားပွဲခင်းများကို ဖြန့်ခင်းလျက် ရှိသော အဆောင်ကိုင်များကို စီစဉ်ညွှန်ကြားခြင်း၊ မိမိ၏ အိမ်တော်သုံးဘဏ္ဍာစိုးကြီး ဒီမိထရီခေါ်၍ "ဒီမိထရီရေ၊ အစစအရာရာ လိုလေသေးမရှိအောင်စီစဉ်နော်၊ ဟုတ်စ။ အရေးအကြီးဆုံးကတော့ ဧည့်ခံကျွေးမွေးတဲ့ ကိစ္စကွ၊ ဟုတ်စ" ဟု ညွှန်ကြားခြင်းဖြင့် အလုပ်ရှုပ်နေတတ်ပြန် သည်။ ထိုနောက် ကျေနပ်သွားသည့် လက္ခဏာဖြင့် သက်ပြင်းကို မှုတ်ထုတ်လျက် ဧည့်ခန်းဆောင်ဘက်သို့ ပြန်လာခဲ့လေသည်။

"မြို့စားကတော်ကြီး မာယာကရာဂျီနာနဲ့ သမီး တော်တို့ ကြွရောက်လာပါတယ်"

မြို့စားကတော်ကြီး၏ လက်သပ်မွေး ကျွန်တစ်ဦး ဖြစ်သူ အလုံးအဖန် ထွားကျိုင်းသည့် အဆောင်ကိုင် တစ်ဦးက လာရောက်ပြောဆိုပြန်သည်။ မြို့စားကတော် ကြီးသည် ကြင်ရာတော် မြို့စားကြီး၏ ရုပ်ပုံခပ်သေးသေး ထွင်းလုပ်ထားသည့် ရှူဆေးဘူးထဲမှ ရှူဆေးကို တစ်တို့ တို့လိုက်၏။

"ငါဖြင့် ဧည့်သည်တွေ များလွန်းလို့ ပင်ပန်းလှပြီ ဟေ့။ ကဲကဲ၊ မြို့စားကတော်ကြီးတို့ သားအမိကို ဧည့်ခံပြီး ရင်တော့ ငါ ဘယ်သူ့ကိုမှ ဧည့်မခံတော့ဘူး။ ကြည့်သာ ဧည့်ခံကြပေတော့။ ကဲ မြို့စားကတော်ကြီးတို့ သားအမိကို အထဲဖိတ်ခဲ့၊ ဖိတ်ခဲ့။ မြို့စားကတော်ကြီးက ဟန်ကများပါ သိသနဲ့"

မြို့စားကတော်ကြီးက အဆောင်ကိုင်အား လှမ်း၍ ပြောလိုက်သည်။ ခဏကြာလျှင် အရပ်မြင့်မြင့် ထောင် ထောင်မောင်းမောင်း မာနကြီးဟန်ရှိသည့် အမျိုးသမီးကြီး တစ်ယောက်နှင့် ချိုပြုံးပြည့်ဝန်းသော မျက်နှာရှိသည့် သမီးပျိုတို့သည် ပိုးဖဲသံတရှင်းရှင်းဖြင့် ခန်းမဆောင်ထဲသို့ ဝင်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သော်လျှက် ရှိ၏။

"မရယ်နဲ့ မြို့စားကြီးရေ။ ရဲအမှုထမ်းခများ အကောင်းလို့ ရေနစ်မသေရှာတာ။ ကျွန်မဖြင့် ဒီလောက် ရှင်းကားတဲ့ သူငယ်မျိုး ကြားပဲ မကြားဖူးပါဘူး"

အမျိုးသမီးများကိုယ်တိုင်လည်း နောက်ဆုံး၌ မရယ်ဘဲ မနေနိုင်တော့ချေ။

"တာဝန်ကျနေတဲ့ မင်းမှုထမ်း တစ်ယောက်ကို ဒီလိုပဲ ကျိစားရသတဲ့လား မြို့စားကတော်ရယ်။ ကျွန်မဖြင့် အံ့တယ်။ ပြီးတော့ ကျိစားတဲ့သူကလဲ မြို့စားကြီး ဘီရူး ကောဇ်ရဲ့သားဆိုတော့ ပိုဆိုးတာပေါ့။ အရပ်ရပ်နေပြည် တော် ကြားလို့မှမလျော်ဘူး။ အဲဒါ နိုင်ငံခြားက ပညာတော် သင်ပြီး ပြန်လာတဲ့သူငယ်တဲ့ မြို့စားကတော်ကြီးရေ။ သူတို့နိုင်ငံခြားမှာ ဒီလိုပညာတွေ သူ့ကို သင်ပေးလိုက် ဟန် တူပါရဲ့။ ခုကြည့်လေ၊ သူလဲ မော်စကိုလာမယ် ကြားရော၊ သူဌေးသား ဖြစ်တာတောင် ဒီသတင်းကြား ကာနဲ့ သူ့ကိုဖက်လှဲတကင်း လုပ်ချင်တဲ့သူတောင် သိပ် မရှိတော့ဘူး။ ကျွန်မကို မိတ်ဆက်ပေးမယ် လာပြော လို့တောင်၊ 'မလုပ်ပါနဲ့၊ ဒါမျိုးနဲ့ အသိအကျွမ်း မဖြစ်ပါရ စေနဲ့'လို့ တောင်းပန်လွှတ်လိုက်ရတယ်။ ကိုယ့်မှာသမီးပျို တွေနဲ့ဆိုတော့ စဉ်းစားရတယ် မြို့စားကတော်ကြီးရဲ့"

"ဒီသူငယ်က တော်တော်ချမ်းသာသတဲ့လား" အိမ်သည်မြို့စားကတော်ကြီးက စိတ်မဝင်စားသယောင် ပြုနေကြသည့် မိန်းမပျိုများကို မကြည့်ဘဲ မေးလိုက်သည်။ "ကျွန်မ ကြားတာကတော့ မြို့စားကြီး ဘီရူးကောဇ်မှာ တရားဝင် သားတစ်ယောက်မှ မရှိဘူးတဲ့။ အားလုံးဟာ ကစားမြူးထူးရာကရတဲ့ ကိဋ္ဌိတသားတွေချည်းဆိုပဲ။ အဲဒီ ပီယာဆိုတဲ့ သူငယ်ကလဲ မြို့စားကြီးရဲ့ ကိဋ္ဌိတသားပဲတဲ့"

ဧည့်သည် မြို့စားကတော်ကြီးက လက်ကို ဇော့ယမ်းလိုက်ပြီး

"အို ကိဋ္ဌိတသားတွေကတော့ မြို့စားကြီးမှာ နှစ်ကျိပ်လောက် ရှိသတဲ့"

အထည်ကြီးပျက် ဖြစ်နေသူ မင်းသမီးကြီး ဒရူ ဘက်စကားယားသည် စကားဝိုင်းထဲသို့ ဝင်ကာ မင်းစိုး ရာဇာ အသိုင်းအဝိုင်းနှင့် အကျွမ်းဝင်လျက် ရှိသေးကြောင်း ကို ပြလိုသေးသည့်အတွက်

"ဒါကတော့ မြို့စားကြီး ဘီရူးကောဇ်ရဲ့အကြောင်း လဲသိကြသားပဲ။ တစ်ခါတလေ သားတွေများလွန်းလို့ မရေတောင် မရေနိုင်ဘူးဆိုပဲ။ ဒီအထဲမှာ ပီယာကိုတော့ မြို့စားကြီးက အချစ်ဆုံးတဲ့"ဟု ဝင်၍ ပြောလိုက်သည်။

"မြို့စားကြီး ဘီရူးကောဇ်တို့များ မနှစ်ကအထိ အရွယ်က တင်တုန်းပဲ။ ကျွန်မဖြင့် မြို့စားကြီးလောက် ကျက်သရေရှိတဲ့ ယောကျာ်းမျိုး မမြင်ဖူးသေးဘူး"

အိမ်သည် မြို့စားကြီးကတော်က ပြောလိုက်သည်။

"ခုတော့ အရင်ရုပ်မျိုး မဟုတ်တော့ပါဘူး။ တော်တော်ကျသွားပြီ။ ရုပ်တစ်မျိုး ပြောင်းနေပါပြီ"ဟု မင်းသမီးကြီး ဒရူဘက်စကားယားက ပြောလိုက်လေ သည်။

"မြို့စားကြီး ဇနီးဘက်က အနီးစပ်ဆုံးက မင်းသား ကြီး ဗာစီလီဖြစ်လေတော့ ထုံးစံအတိုင်းဆိုရင် မင်းသားကြီး ဗာစီလီပဲ အမွေဆက်ခံရမှာပဲ။ ဒါပေမဲ့ မြို့စားကြီးက ပီယာကို သိပ်ချစ်တော့ ဒီပြင်လူအတွက်ကို သိပ်မစဉ်းစား တော့ဘူး။ ပီယာကို နိုင်ငံခြားပညာသင် လွှတ်လိုလွှတ်၊ ရာထူးခန့်ထားရေးနဲ့ ပတ်သက်လို့လဲ ဘုန်းတော်ကြီးဘုရား ထံ စာချွန်တော် တင်လို တင်နဲ့၊ ပီယာကိုပဲ ဂရုစိုက်နေ တာပဲ။ တကယ်လို့များ မြို့စားကြီးသာ ကံတော်ကုန်ရင် မင်းသားကြီး ဗာစီလီနဲ့ ပီယာတို့ နှစ်ယောက်အနက် အမွေတွေကို ဘယ်သူများ ရမလဲမသိဘူး။ အမွေကလဲ နည်းတဲ့အမွေ မဟုတ်ဘူး။ မြေကျွန်ပေါင်းလေးသောင်းနဲ့ ဒင်္ဂါးဆိုရင်လဲ သန်းချီပြီး ကြွယ်ဝတာပဲ။ ပြီးတော့ မြို့စားကြီးကလဲ နေ့လား၊ ညလားဆိုတဲ့ အခြေအနေမျိုး ရောက်နေသတဲ့။ ရွှေမြို့တော်က သမားတော်ကြီး လော်ရိန်း ကိုတောင် ပင့်လို့ရောက်လာပြီဆိုပဲ။ ဒီအကြောင်းတွေကို မင်းသားကြီး ဗာစီလီကိုယ်တိုင် အစ်မတော်ကို ပြောသွား တာပဲ။ ပြီးတော့ မြို့စားကြီးကလဲ အစ်မတော် မယ်တော် ဖုရားရဲ့ မောင်နှမဝမ်းကွဲလေ။ ထိပ်ထားရဲ့သားတော် ဘိုးရစ်စ်ကို ခရစ်ယာန်သာသနာ့ဘောင်သွင်းပေးတဲ့သူပေါ့"

မင်းသမီးကြီး ဒရူဘက်စကားယားက အရေး မကြီးသော အချက်တစ်ခုကို ပြောနေသယောင်ဖြင့် ထုတ် ဖော်ကြွားဝါလျက် ရှိလေသည်။

"သြော်၊ ဒါထက် မင်းသားကြီး ဗာစီလီလဲ မော်စကိုကို မနေ့က ရောက်လာတယ် ဆိုပါလား။ ကိစ္စ ကတော့ သူ့လယ်ယာတွေကို စစ်ဆေးကြည့်ရှုဖို့တဲ့"

www.burmeseclassic.com



ညှိသည် မြို့စားကတော်ကြီးက ပြောလိုက်သည်။

"အချင်းချင်းမို့လို့ ပြောလိုက်ရဦးမယ်။ လယ်တွေကြည့်ဖို့ကိစ္စဆိုတာက ဟန်ပြပါ။ တကယ်ကတော့ မြို့စားကြီးဘိုးကော့ဗ် ဘယ်ကလောက် အခြေအနေဆိုးနေပြီလဲ ဆိုတာ တစေ့တစောင်းလာပြီး အကဲခတ်တာပါ" မင်းသမီးကြီးဒရူဘက်စကားယားက ပြောလိုက်၏။

"တကယ်ပါပဲကွယ်၊ ကျုပ်တော့ ကျုံးထဲကိုဝက်ဝံနဲ့ ပူးချည်ပြီး ပစ်ချခံရတဲ့ ရဲအမှုထမ်းရဲ့ပုံကို မြင်နေတယ်။ တော်တော် အကျီစားသန်တဲ့ သူငယ်တွေပဲ" အိမ်သည် မြို့စားကြီး ရော့စတော့ဗ်က သူ့စကားကို နားထောင်လိုဟန် မရှိဘဲ စကားလက်ဆုံကျနေကြသော အမျိုးသမီးကြီးများဘက်မှလှည့်၍ မိန်းမပျိုများဘက်သို့ ပြောလိုက်လေသည်။

အိမ်သည်မြို့စားကြီး ရော့စတော့ဗ်သည် တစိမ့်စိမ့်တွေး၍သဘောကျကာ စည်ပိုင်းကြီးလို ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကိုလှုပ်ယမ်းရင်း အစားအစာကို ဝလင်စွာ စားသောက်ရသူ အထူးသဖြင့် သောက်ဖွယ်တို့ကို ဝလင်စွာ သောက်ရသူတို့၏ ရယ်ခြင်းမျိုးဖြင့် ခွက်ထိုးခွက်လန် ရယ်မောလျက် ရှိလေသည်။ ပြီးမှ

"ကဲ အားလုံး ညစာသုံးဆောင်ရအောင် ကြွကြပါ" ဟု ဖိတ်မန္တက ပြုလိုက်လေသည်။

## အခန်း ၁၁

အားလုံးတိတ်ဆိတ်လျက်ရှိကြ၏။ အိမ်သည် မြို့စားကတော်ကြီးသည် ကြွလာကြသော မင်းပရိသတ်များကို ပြုံးရွှင်စွာ ကြည့်လျက်ရှိသော်လည်း ညှိပရိသတ်များ မြန်မြန်ပြန်စေလိုသော လက္ခဏာများမှာ ဖုံးကွယ်၍မရဘဲ အထင်းသားပေါ်လျက် ရှိလေသည်။ ညှိသည် မြို့စားကတော်ကြီး၏ သမီးသည် အမေ့မျက်နှာကို လှမ်းကြည့်ရင်း တွန့်ကြေနေသော ၎င်း၏ အဝတ်အစားများကို လက်ဖြင့် ပွတ်၍ ဖြန့်နေသည်။ ထိုအခိုက်တွင် တစ်ဖက် ခန်းမဆောင်ဘက်ဆီမှ တံခါးမဆီသို့ ပြေးလာသော ခြေသံများနှင့်အတူ ကုလားထိုင်တစ်လုံး လဲကျသွားသံကို ကြားရပြီးနောက် ဝတ်စုံထဲတွင် တစ်စုံတစ်ခုကို ဝှက်၍ ပြေးထွက်လာသော ရွှေရင်သိမ်းသစ် တစ်ဆယ့်သုံးနှစ်ရွယ် မိန်းကလေး တစ်ယောက် ပြေးထွက်လာကာ ခန်းမဆောင် အလယ်တွင် ရပ်နေသည်ကို မြင်ရလေသည်။ မိန်းကလေးမှာ ပြေးမိပြေးရာ ပြေးလာရာက ခန်းမဆောင်ထဲသို့ ရောက်လာခြင်း ဖြစ်ဟန်တူသည်။မိန်းကလေး၏နောက်မှ ကြက်သွေးရောင် လည်စည်းကို စီးထားသည့် ကျောင်းသားငယ်တစ်ဦး၊ ကိုယ်ရံတော် ဗိုလ်ကလေးတစ်ဦး၊ အသက်ဆယ့်ငါးနှစ်ခန့် မိန်းကလေးတစ်ဦးနှင့် ဝတ်စုံအင်္ကျီတို့ကို ဝတ်ထားလျက် နှင်းဆီသွေးရောင် နီမြန်းသောအသားအရေနှင့် ခပ်သွယ်သွယ် သူငယ်တစ်ဦးလည်း ထက်ကြပ်လိုက်လာကြသည်။

အိမ်သည် မြို့စားကြီးရော့စတော့ဗ်သည် ရုတ်တရက်ထကာ ပထမဆုံးဝင်လာသော ဆယ့်သုံးနှစ်အရွယ် မိန်းကလေးကို ဆီးကြို၍ ပွေ့လိုက်သည်။

"သမီးထွေး၊ တစ်ချိန်လုံး ဘယ်ပျောက်နေတာလဲ ဟင်။ ဒီနေ့ သမီးထွေးရဲ့ ကင်ပွန်းတပ် မင်္ဂလာ အထိမ်းအမှတ်နေ့ မဟုတ်လား သမီးထွေးရဲ့"

"မြို့စားကြီးနော် သမီးထွေးကို သိပ်အလို လိုက်မနေနဲ့။ ကလေးကို သူပဲ ဖျက်ဆီးနေတာပဲ"

အိမ်သည် မြို့စားကတော်ကြီးက တမင် မျက်နှာထားတင်း၍ ခင်ပွန်းသည်အား ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

"တူမတော်က တစ်ချိန်လုံး ပျောက်နေတာ ကိုးကွယ့်။ နေကောင်းရဲ့နော်"

ညှိသည် မြို့စားကတော်ကြီးက မိန်းကလေးကို နှုတ်ဆက်လိုက်ပြီးနောက်

"သိပ်ချစ်စရာကောင်းတဲ့ ကလေးမပဲနော်" ဟု အိမ်သည် မြို့စားကတော်ကြီးကို လှမ်းပြော လိုက်ပြန်သည်။

မိန်းကလေးမှာ များစွာ ချောမောလှပသည်ဟု မဆိုနိုင်သော်လည်း မှောင်မင်ရောင် စွဲသကဲ့သို့သော မျက်လုံးရွဲကြီးများ၊ ကြာပဒုံလို လှပစွာ ဖူးငုံနေသော နှုတ်ခမ်း၊ အပြေးအလွှား လာခဲ့သည့်အလျောက် ရင်သိမ်းပန်းပျော့အောက်မှ လှိုင်းကြက်ခွပ်ခုန်သကဲ့သို့ လှုပ်ရှားနေကြသော ရင်နုအစုံ၊ ဖြူဖွေးဝင်းဝါသော ပခုံးသား၊ ပခုံးထက်တွင် အလိပ်လိပ် ဝဲကျလျက်ရှိ၍ လှိုင်းထနေသော ဆံပင်များ၊ ရိုးတံရိုးဆစ် ပြေပြစ်ချောမောလျက် ကညွတ်ရိုးသဖွယ် သေးသွယ် ပြေပြစ်သော လက်မောင်း၊ ဇာပြောက်တို့ ခြယ်လှယ်သော ပိုးခြေစွပ်အတွင်းမှ သေးသွယ်ဖြောင့်စင်းသော ခြေတံများနှင့်တကွ ဖိနပ်ထဲရှိ လှပသော



www.burmeseclassic.com

www.burmeseclassic.com



ခြံသောက်များ စသည်တို့ကြောင့် နုနယ်ရွှန်းသစ်ခြင်း ရှက်သရေကို ဆောင်လျက်ရှိ၏။ ထိုမိန်းကလေးအရွယ် မှာ ကလေးမကလေးလည်းမက အပျိုကြီးဖားဖားအဖြစ်သို့ လည်းမရောက်သေးဘဲ မိန်းကလေးများအဖို့ နှစ်လိုဖွယ် အကောင်းဆုံးသောအရွယ်ဖြစ်သည့် သွေးစုန်းအရွယ် ဖြစ်၏။ ထိုမိန်းကလေးသည် ဖခင်မြို့စားကြီးထံမှ ရုန်းထွက် ဘာ ၎င်း၏ ရှက်စနိုးဟန် ဖြစ်နေသော မျက်နှာကလေးကို မိခင်မြို့စားကတော်ကြီး၏ ဝတ်ရုံထဲ၌ တိုးဝှေ့ဖုံးကွယ်ထား လိုက်သည်။ နောက် မိခင်မြို့စားကတော်ကြီး မာန်မဲနေ ခြင်းကို ဂရုမထားနိုင်ဘဲ အသံများထွက်အောင်ပင် တသော သောရယ်မောလျက်ရှိရင်းက ဝတ်စုံထဲတွင်ဝှက်ယူလာသော ယမင်းရုပ်ကလေးကို ထုတ်ပြကာ

"နာတာရှာရဲ့ ယမင်းရုပ်ကလေးနော် မေဖျား။ ယမင်းရုပ်ကလေး နာမည်က မိမိတဲ့"ဟု တွတ်တီးတွတ် တာ ပြောလျက်ရှိလေသည်။

"ဧည့်သည်တွေနဲ့ စကားပြောနေတယ် နာတာရှာ။ ခင်မရှုပ်ရဘူးလို့ ပြောထားတယ် မဟုတ်လား" မြို့စား ကတော်ကြီးက မျက်နှာထားကို တမင်တင်းထားလိုက်ပြီး သမီးငယ်နာတာရှာကို တွန်းဖယ်ပစ်လိုက်ရင်း ဧည့်သည် မြို့စားကတော်ကြီးဘက်သို့ လှည့်လျက်–

"အဲထွေးဆုံး သမီးဆိုတော့ သိပ်ဆိုးတာ"

နာတာရှာသည် မိခင်၏ဝတ်ရုံထဲမှနေ၍ ရယ်ရ လွန်းသဖြင့် မျက်ရည်စို့နေသော မျက်လုံးများဖြင့် မိခင်ကို မော့ကြည့်လိုက်ပြီးနောက် မျက်နှာကို ပြန်၍ ဝှက်ထားလိုက် ပြန်သည်။

ဧည့်သည် မြို့စားကတော်ကြီးသည် မိသားစု တသောသောဖြစ်နေကြပုံကို ကြည့်လျက် ဝင်ရောက် ရောနှောမှ သင့်မည်ဟု သဘောရကာ

"နေပါဦးနာတာရှာ။ မိမိလေးက နာတာရှာနဲ့ အမျိုးတော်သလား၊ ဟုတ်လား။ မီးမီးလေးလား၊ ဟုတ်လား"

နာတာရှာသည် ဧည့်သည်မြို့စားကတော်ကြီးက ဤသို့ ကလေးတွေကိစ္စ ဝင်စွက်သည်ကို သဘောမကျ သော်လည်း မည်သို့မျှ ပြန်မပြောဘဲ ဧည့်သည်၏ မျက်နှာကို ခပ်စိမ်းစိမ်းကြည့်လျက် ရှိလေသည်။

ထိုအခိုက်တွင် အတွင်းဆောင်ဘက်ဆီမှ လူငယ် လူရွယ်များ ဝင်ရောက်လာကြပြန်သည်။ ၎င်းတို့မှာ မင်းသမီးကြီး ဒရူဘက်စကားယား၏သား ဘိုးရစ်စ်၊ မြို့စားကြီး၏သား အကြီးဆုံးတက္ကသိုလ်တွင် ပညာသင် လျက်ရှိသူ နီကိုလေ၊ မြို့စားကြီး၏ တူမတော် အသက်တစ် ဆယ့်ငါးနှစ်အရွယ်ရှိ ဆွန်ယာနှင့် မြို့စားကြီး၏သားအငယ် ပီတာတို့ဖြစ်လေသည်။ ၎င်းတို့ကို ကြည့်ရသည်မှာ လူကြီး များရှေ့သို့ ရောက်နေသည့်အတွက် မြူးထူးပျော်ရွှင်နေ သောစိတ်ကို မနည်းကြီး ချုပ်တည်းထားရပုံ ရလေသည်။ စောစောပိုင်းက အတွင်းဆောင်၌ မိမိတို့ချည်း ရှိနေစဉ် ကမူကား ရာသီဥတုအကြောင်း၊ အထက်တန်းလွှာ အသိုင်း အဝိုင်းအကြောင်း စသည်တို့ကို ပြောဆိုနေကြသည့်ဧည့်ခန်း ဆောင်မှ စကားဝိုင်းထက် စိုပြည်လျက်ရှိခဲ့သည်။ ၎င်းတို့ အားလုံးသည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ရယ်ချင်စိတ်ကို မနည်းချုပ်တည်း ထားကြရဟန် ရှိ၏။

အလံကိုင်ဗိုလ်ကလေး ဘိုးရစ်စ်နှင့် တက္ကသိုလ် ကျောင်းသား နီကိုလေတို့မှာ ငယ်ရွယ်စဉ်ကတည်းက အတူတူနေထိုင်ခဲ့ကြပြီး အသက်အရွယ်ကလည်း မတိမ်း မယိမ်းဖြစ်လျက် တစ်ယောက်တစ်မျိုးစီ ချောမောသူများ ဖြစ်ကြလေသည်။ ဘိုးတစ်စ်မှာ အရပ်အမောင်းကောင်း ကောင်း၊ အသားလတ်လတ်နှင့်ဖြစ်ပြီး၊ တည်ကြည်ချောမွေ့ သည့် သူ့မျက်နှာတွင် သိမ်မွေ့သော အသွင်လက္ခဏာကို ဆောင်လျက်ရှိ၏။ နီကိုလေမှာ အရပ်ပုပု၊ ဆံပင်ကောက် ကောက်နှင့် ပွင့်လင်းရိုးသားသော လက္ခဏာရှိသူ ဖြစ်ပေ သည်။ ၎င်း၏နှုတ်ခမ်းမွေးရေးရေး ထင်နေသော နှုတ်ခမ်း နှင့်မျက်နှာထားမှာ အလုပ်တစ်ခုကို လုပ်မိလျှင် နောက် မဆုတ်တမ်း လုပ်မည့်အသွင်ကို ဖော်ပြလျက်ရှိ၏။

ဧည့်ခန်းဆောင်ထဲသို့ ဝင်လာသည့်အချိန်၌ နီကို လေမှာ မျက်နှာမထားတတ်သကဲ့သို့ ရှက်အမ်းအမ်း ဖြစ်လျက်ရှိ၏။ နီကိုလေသည် တစ်စုံတစ်ရာကို ပြောတော့ မည်ပြုပြီးမှ မပြောနိုင်ဘဲ ဆွံ့အ သကဲ့သို့ ဖြစ်လျက်ရှိ သလောက် ဘိုးရစ်စ်ကမူကား ဧည့်ခန်းဆောင်ထဲသို့ ရောက်လာခြင်းကို အနေရခက်ဟန်မရှိဘဲ မိမိသည် ယမင်း ရုပ်ကလေးမိမိကို ထိုယမင်းရုပ်ကလေးငယ်စဉ်တောင်ကျေး ကတည်းက သိလာခဲ့ကြောင်း၊ ယခု နှာခေါင်းကျိုးသွား သည့်အချိန်ထိ ရင်းနှီးခင်မင်လျက်ပင်ရှိကြောင်း၊ မိမိနှင့် သိကျွမ်းခဲ့သည့် သက်တမ်းငါးနှစ်တစ်လျှောက်တွင်

www.burmeseclassic.com



ယမင်းရုပ်ကလေးမိမိသည် မည်မျှ ဖွံ့ထွားလာခဲ့ကြောင်း၊ ယမင်းရုပ်ကလေး မိမိမှာ မည်သို့ ခေါင်းကွဲသွားခဲ့ရကြောင်းဖြင့် ခပ်ရွှင်ရွှင်ကလေး ပြောလျက်ရှိလေသည်။ ထိုသို့ပြောပြီးနောက် ဘိုးရစ်စ်သည် နာတာရှာအား လှမ်း၍ကြည့်လိုက်သည်။ နာတာရှာက ဘိုးရစ်စ်ကို မကြည့်ဘဲ မျက်ပေါက်များ ပိတ်မတတ် ကျိတ်၍ ရယ်နေသော မောင်အငယ် ပီတာကို လှမ်းကြည့်ပြီးနောက် အခန်းထဲမှ ရုတ်တရက် ပြေးထွက်သွားလေသည်။ ဘိုးရစ်စ်ကား အရယ်ရပ်၍ သွားလေပြီ။

"မေမေ အပြင်သွားမလို့ဆို၊ က ရထား ယူသွားပါလား"ဟု မင်းသမီးကြီး ဒရူဘက်စကားယားအား ပြုံး၍ ပြောလိုက်သည်။

"အေး၊ မေမေယူသွားမလို့။ မြင်းရထား အဆင်သင့် လုပ်ထားဖို့ ပြောလိုက်ပါကွယ်" မင်းသမီးကြီးကလည်း ပြုံး၍ ပြန်ပြောလိုက်သည်။

ဘိုးရစ်စ်သည် ခန်းဆောင်ထဲမှ ဖြည်းညင်းစွာ ထွက်သွားကာ နာတာရှာကို လိုက်လံရှာဖွေနေသည်။ ပီတာမှာလည်း ဘိုးရစ်စ်၏နောက်မှ ပြေးလိုက်သွားလေသည်။

## အခန်း ၁၂

ဧည့်သည် မြို့စားကတော်ကြီး၏သမီးနှင့် အိမ်သည်မြို့စားကတော်ကြီး၏သမီးအကြီးဆုံးဗီရာမှအပ(ဗီရာမှာ နာတာရှာထက် လေးနှစ်မျှသာကြီးသော်လည်း လူကြီးတစ်ယောက်ကဲ့သို့ ဣန္ဒြေသိက္ခာနှင့် နေလေ့ရှိသည်။) ဧည့်ခန်းဆောင်ထဲတွင် လူငယ်ဆို၍ မြို့စားကြီး၏သားကြီး နီကိုလေနှင့် တူမတော် ဆွန်ယာတို့သာ ကျန်တော့လေသည်။ ဆွန်ယာမှာ ပိတုန်းရောင် နက်မှောင်သော ဆံပင်များနှင့် ခပ်သွယ်သွယ်ကလေး ဖြစ်၏။ ရှည်လျားသော မျက်တောင်ကော့ကြီးများအောက်၌ လှပသော မျက်လုံးများသည် ရီဝေလျက်ရှိကြ၏။ ရှည်လျားထူထဲသော ဆံပင်ကို ကျစ်ဆံမြီးထိုး၍ ခေါင်းပေါ်တွင် နှစ်ပတ်ခွေထားသည်။ သေးသွယ်၍ ကျက်သရေရှိလှသော လည်တံနှင့် လက်မောင်းသားများမှာ ခပ်ညိုညိုအရောင်သန်းလျက်ရှိ၏။ တည်ငြိမ်သော အမူအရာတို့ကြောင့်လည်းကောင်း၊ ခြေလက်များ၏ ပျော့ပျောင်းနူးညံ့ပုံတို့ကြောင့်လည်းကောင်း၊ ရုက်ရွံ့ဟန်နှင့် တစ်ကိုယ်ထီးတည်း တစ်သီးတခြားနေလိုသည့် လက္ခဏာများကြောင့်လည်းကောင်း ဆွန်ယာမှာ လှပသော ကြောင်မတစ်ကောင်အသွင်သို့ ကူးပြောင်းလျက်ရှိသည့် ကြီးကောင်ဝင်စ ကြောင်မကလေးတစ်ကောင်၏ သဏ္ဌာန်ကို ဆောင်လျက်ရှိလေသည်။ ဆွန်ယာသည် လူကြီးများ ပြောဆိုလျက်ရှိသည့် စကားဝိုင်းတွင် ပြုံး၍ နားထောင်ချင်ဟန်သာပြုနေရသော်လည်း ရှည်လျားထူထဲသော မျက်တောင်ကော့ကြီးများအောက်မှ မျက်လုံးများဖြင့် မကြာမီ စစ်ထဲသို့ဝင်ရောက် အမှုထမ်းတော့မည့် ဝမ်းကွဲအစ်ကို နီကိုလေ ကိုသာ စူးစိုက်ကြည့်လျက် ရှိလေသည်။ ထိုသို့ နီကိုလေ ကို မြတ်နိုးစွာ ကြည့်ရင်း ပြုံးလျက်ရှိသော ဆွန်ယာ၏ အပြုံးမှာ ရုတ်တရက် ကြည့်လျှင် မည်သူမျှ မသိသာသော်လည်း သေချာစွာ အကဲခတ်လျှင်မူကား ကြီးကောင်ဝင်စ ကြောင်မကလေးတစ်ကောင်သည် အချက်ပေါ်သည်နှင့် အားယူခုန်ထွက်ပြေးရန် ငြိမ်သက်စွာဝပ်၍ ချောင်းနေသကဲ့သို့ မိမိသည်လည်း ဘိုးရစ်စ်နှင့် နာတာရှာကဲ့သို့ နီကိုလေနှင့်အတူ ဧည့်ခန်းထဲမှ ရှောင်ထွက်သွားကာ မြူးထူးရန် အခွင့်ကောင်းကို ချောင်းလျက်ရှိသည့် အပြုံးမျိုးဖြစ်လေသည်။

"အမှတ်ရလို့ မြို့စားကတော်ကြီးကို ပြောလိုက်ရဦးမယ်"

အိမ်သည် မြို့စားကြီး ရော့စတော့ဗ်က ဧည့်သည်မြို့စားကတော်ကြီးသို့ လှမ်း၍ ပြောလိုက်၏။

"ဟောဒီ ကျုပ်သား နီကိုလေရဲ့ သူငယ်ချင်း ဘိုးရစ်စ်က အလံကိုင်ဗိုလ်လေး ဖြစ်သွားပြီလေ။ ခု သူငယ်ချင်းနဲ့ မခွဲနိုင်လို့ အဖေအို အမေအိုကြီးတွေကိုရော၊ ကျောင်းစာကိုရောပစ်ပြီး စစ်ထဲဝင်တော့မလို့တဲ့ဗျာ။ မော်ကွန်းတိုက်မှာ ရမယ့်အလုပ်ရော ရှေ့အခွင့်အလမ်းတွေကိုရော အားလုံးစွန့်လွှတ်တော့မလို့တဲ့။သူငယ်ချင်းချင်း မခွဲနိုင်လို့တဲ့ဗျာ။ သူငယ်ချင်းချင်း မခွဲနိုင်လို့တဲ့"

မြို့စားကြီး ရော့စတော့ဗ်ကလည်း သူ့ဟန်ဖြင့်ဆိုသည်။

"ဒါထက် ဘုန်းတော်ကြီးသော ဘုရားက ဘိုနာပတ်ကို စစ်ကြေညာလိုက်ပြီဆို" ဧည့်သည်မြို့စားကတော်ကြီးက မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စစ်ကြေညာတယ်လို့ ပြောတာကတော့ ကြာလှ ပါပြီ။ ဒီလိုပါးစပ်ကပြောနေရင်း စစ်ကပြီးသွားမှာပါ။ သည်လိုဆိုလဲဟော့ နီကိုလေ၊ မင်းသူငယ်ချင်းကစောင်မတော့ ဘူးလေ၊ ဟုတ်စ ခု သားတော်မောင်က မြင်းတပ်ကို သင်းတော့မလို့တဲ့လေ"

မြို့စားကြီး ရော့စတော့ဗ်သည် ကျေနပ်ဟန် မရှိလေဘဲ ၎င်း၏ သားကိစ္စကို ထပ်၍ ပြောလိုက်ပြန် သည်။ ညှဲ့သည် မြို့စားကတော်ကြီးမှာ သားအဖနှစ် ယောက်ကြားတွင် မည်သို့ ပြောရမည်ကို မသိဘဲ ခေါင်းကို သာ ယမ်းလျက်ရှိလေသည်။

"သူငယ်ချင်းနဲ့ မခွဲနိုင်လို့ စစ်ထဲဝင်တာ မဟုတ်ပါ ဘူး ဖေဖျား။ ကျွန်တော့်အလုပ်ဟာ စစ်တိုက်ရမယ့် အလုပ်လို့ ကျွန်တော် ယူဆလို့ပါ"

နီကိုလေသည် ဒေါသလည်းထွက်၊ ရှက်လည်းရှက် သဖြင့် ပြောချလိုက်သည်။ နောက် မိမိအား ထောက်ခံသည့် အနေဖြင့် ပြုံးလျက်ရှိနေကြသော ဝမ်းကွဲနှစ်မဆွန်ယာနှင့် ညှဲ့သည်တော် မြို့စားကတော်ကြီး၏ သမီးပျိုကို ငေးကြည့် သည်။

"ဒီနေ့ညပဲ ပါဗလိုဂရက် မြင်းတပ်က ခွင့်နဲ့ပြန် လာတဲ့ ဗိုလ်မှူးကြီးရှုးဘတ် ညစာစားပွဲကို လာလိမ့်မယ်။ ခွင့်ရက်ကုန်လို့ပြန်ရင် မင်းကိုခေါ်သွားမှာပဲ။ အေးလေ၊ မင်း ဒီလောက်တောင် စစ်မှုထမ်းချင်သပဆိုရင် ဖေဖျားက ဘာမှမပြောလိုပါဘူး"

မြို့စားကြီး ရော့စတော့ဗ်က စိတ်ပျက်ဟန်ကို ကြိုးစား၍ ဖုံးလိုက်ပြီး ပခုံးကို တွန့်လျက် ပြောလိုက် သည်။

"ဖေဖျားက ဒီလောက်တောင် စစ်ထဲမဝင်စေချင် ရင် ကျွန်တော် မဝင်တော့ပါဘူးလို့ ဖေဖျားကို ပြောပြီးပါပြီ ဖေဖျား။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဖေဖျား။ ကျွန်တော် ဟာ စစ်မှုကိုမှ မထမ်းရင် တခြားဘယ်နေရာမှာမှ အသုံး ကျမယ့် ကောင်မျိုးတော့ မဟုတ်ဘူး။ ကျွန်တော် သံတမန် ဘက်မှာလဲ မလုပ်ချင်ဘူး။ စာရေးစာချီလဲ မလုပ်ချင်ဘူး။ ကျွန်တော့်စိတ်ထဲမှာရှိတာကိုတော့ ဖေဖျားသိအောင် ပွင့်ပွင့်ပဲ ပြောထားပါတယ်"

ထိုသို့ပြောရင်း နီကိုလေသည် လူရွယ်တို့၏ စိတ်ကစားတတ်သော သဘာဝအတိုင်း ဆွန်ယာနှင့် ညှဲ့သည် မြို့စားကတော်ကြီး၏ သမီးပျိုကလေးကို မျက်စိ ကစားလျက် ရှိလေသည်။

ကြီးကောင်ဝင်စ ကြောင်မကလေးတစ်ကောင် ကဲ့သို့ အခွင့်ကောင်းကို ချောင်းလျက်ရှိသော ဆွန်ယာကား နီကိုလေကို မျက်စိစားပွဲထိုင်ရင်း ကြောင်တို့သဘာဝအတိုင်း ခုန်၍ အုပ်လိုက်မည်လားဟု ထင်ရလောက်အောင် ငြိမ်လျက် ရှိလေသည်။

"မောင်မင်းကြီးသား သဘောအတိုင်းပါပဲဗျာ။ မောင်မင်းကြီးသား သဘောအတိုင်းပါပဲ။ ခင်ဗျားတို့ ပြော လိုက်ရင် စိတ်ကလေးတွေနဲ့ချည်းပဲ။ ဒီ ဘိုနာပတ်ကြောင့် မင်းတို့တစ်တွေတော့ ခက်ကုန်ကြတော့မှာပဲ။ မင်းတို့တစ် တွေဟာ ဘိုနာပတ် အရာခံဗိုလ်ကလေးကနေ ဘုရင် ဧကရာဇ်ဖြစ်တာကို သဘောကျပြီး အတုခိုးချင်နေကြပေ သကိုး။ ကဲ မောင်မင်းကြီးသား ဆန္ဒအတိုင်း ရှိတော်မူပါ စေတော့"

မြို့စားကြီး ရော့စတော့ဗ်က သား နီကိုလေကို ခပ်ထေ့ထေ့ကလေး ပြောလိုက်၏။ ညှဲ့သည် မြို့စား ကတော်ကြီးကလည်း မြို့စားကြီး ရော့စတော့ဗ်ကို ခပ်ထေ့ ထေ့ပြုံး၍ ကြည့်လျက်ရှိလေသည်။

ထိုနောက် လူကြီးဝိုင်းသည် ဘိုနာပတ်အကြောင်း ကို ပြောဆိုနေကြပြန်သည်။ ညှဲ့သည် မြို့စားကတော်ကြီး ၏သမီးပျို ဂျူလီကရာဂီနာက နီကိုလေဘက်သို့လှည့်ကာ

"ကြာသပတေးနေ့က အာကာရော့ဗ်ရဲ့ ညှဲ့ခံပွဲ ကို ဘာဖြစ်လို့ မလာတာလဲ။ ဂျူလီဖြင့် အစ်ကိုမလာလို့ ပျင်းနေတာပဲ"ဟု ခပ်ပြုံးပြုံးကလေးလှမ်း၍ ပြောလိုက် သည်။

နီကိုလေသည် မိန်းမပျိုကလေးတစ်ယောက်ထံမှ ဤစကားမျိုးကို ကြားလိုက်ရသည့်အတွက် ဘဝင်ခိုက်သွား ကာ မပွင့်တပွင့်ပြုံးလျက် ဂျူလီ၏အနီးသို့တိုးထိုင်လိုက်၏။ ထိုနောက် နှစ်ယောက်သား တီးတိုးတီးတိုးဖြင့် စကား လက်ဆုံကျနေကြသည်။ ဤသို့ဖြင့် မလှမ်းမကမ်းမှ အနေရခက်ခက်နှင့် မချိပြုံး ပြုံးနေရသော ဆွန်ယာ၏ အသည်းနှလုံးကို သင်တုန်းဓားနှင့် မွှန်းသကဲ့သို့ ဖြစ်နေ သည်ကိုပင် နီကိုလေ သတိမထားမိတော့ချေ။ ဆွန်ယာ သည် ဝမ်းထဲတွင် မခံချင်ဒေါသဖြစ်လျက်နှင့် နီကိုလေကို အကဲခတ်လျက်ရှိရင်း ဟန်ဆောင်ထားရသည့် အပြုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လုထွက်ချင်ဖြစ်နေသော မျက်ရည်စများကို ကြာရှည် မချုပ်တည်းနိုင်တော့သဖြင့် ဧည့်ခန်းဆောင်ထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။ ဤအခြင်းအရာကို သတိထားလိုက်မိသော နီကိုလေမှာ စောစောက သာယာကြည်နူးမှုကလေးတွေ ပျောက်ကွယ်သွားလျက် တစ်ခဏမျှ ဟန်မပျက်ထိုင်၍ ပြောနေပြီးနောက် မျက်နှာမသာမယာဖြင့် ထွက်လာခဲ့ကာ ဆွန်ယာကို လိုက်လံရှာဖွေလျက်ရှိလေသည်။

"လူငယ်များဟာ တယ်ပြီး အသည်းငယ်တတ်ကြတာပဲ" မင်းသမီးကြီး ဒရူဘက်စကားယားက အပြင်သို့ထွက်သွားသည့် နီကိုလေကို ကြည့်၍ ပြောလိုက်သည်။ "ဝမ်းကွဲဆွေမျိုး ဆိုတာမျိုးကလဲ မကောင်းတဲ့ အိမ်နီးချင်းလို အန္တရာယ်အများသားနော်"ဟု ပြင်သစ်လို ဆက်၍ ပြောလိုက်သည်။

"အင်း"

အိမ်သည်မြို့စားကတော်ကြီးက တစ်ခွန်းမျှသာ ပြောလိုက်သည်။ စောစောက လူငယ်တစ်သိုက် ရောက်လာသဖြင့် ညံစီလျက်ရှိသော ဧည့်ခန်းဆောင်မှာ တိတ်ဆိတ်လျက်ကျန်ရစ်ခဲ့လေသည်။ ဤတွင် မမေးဘဲ ပြောချင်နေသော စကားများသည် အိမ်သည် မြို့စားကတော်ကြီး၏ ပါးစပ်မှ အစီအရီ ထွက်လာကြလေသည်။

"သူတို့အလို သူတို့အကြိုက်ကို လိုက်ရတဲ့အတွက် လူကြီးတွေမှာ ဘယ်လောက်စိတ်သောက ရောက်ရသလဲ ဆိုတာ မသိကြဘူး။ သူတို့အကြိုက်ကို လိုက်လျောရလို့ တစ်နည်းတော့လဲ စိတ်ချမ်းသာပါရဲ့။ ဒါပေမဲ့ စိတ်ချမ်းသာတာက တော်တော်၊ စိတ်ဆင်းရဲရတာကဖြင့် တစ်သက်လုံးပဲ။ သူတို့အတွက် စိုးရိမ်ကြောင့်ကြ ဖြစ်လိုက်ရတဲ့ဖြစ်ခြင်း။ အထူးသဖြင့် ဒီအရွယ်ဟာ မိန်းကလေးအဖို့ရော၊ ယောကျာ်းလေးအဖို့ရော အန္တရာယ် အများဆုံးပဲ"

"ဒါတော့ မိဘက အဆုံးအမတတ်တယ် မတတ်ဘူးအပေါ်မှာလဲ တည်သပေါ့လေ" ဧည့်သည် မြို့စားကတော်ကြီးက ဝင်၍ ထောက်လိုက်၏။

"ဟုတ်တယ်၊ ဟုတ်တယ်။ သိပ်မှန်တာပဲ။ ဒါကြောင့် ကျွန်မဖြင့်လေ ခုအရွယ်အထိ ကလေးတွေကို မိတ်ဆွေသူငယ်ချင်းလို နေတယ်။ သူတို့ရဲ့ ယုံကြည်ကိုးစားမှုကိုလဲ ခံရတယ်"

အိမ်သည် မြို့စားကတော်ကြီးက အချို့သောမိဘများသည် သားသမီးများကို ချုပ်ချယ်လွန်းကြောင်း၊ ချုပ်ချယ်လွန်းသည့်အတွက် သားသမီးများမှာ မိဘကွယ်ရာတွင်ဖြစ်ချင်ရာ ဖြစ်ကုန်တတ်ကြကြောင်း၊ မိဘများမှာ မိမိတို့၏ ချုပ်ချယ်မှုကို အဟုတ်ထင်ကာ မိမိတို့ မသိဘဲ သားသမီးများ ဘာမျှမလုပ်ခဲ့ဟု ထင်တတ်ကြကြောင်း ပြောပြလျက် ရှိ၏။

"ကျွန်မ သမီးတွေဟာ ကျွန်မကို အယုံကြည်ဆုံး နေလိမ့်မယ်လို့ ကျွန်မထင်ပါတယ်။ နီကိုလေကတော့ နဂိုကမှ စိတ်လိုက်မာန်ပါလုပ်တတ်တဲ့ အထဲမှာ၊ ရှုပ်ရှုပ်ပွေပွေ ရမ်းရမ်းကားကား လုပ်ရင်တော့ ပီတာစဘတ်ရွှေမြို့တော်က မင်းပျိုမင်းလွင်တွေလို ကြီးပွားမှာ မဟုတ်ပါဘူး"

လေးနက်စွာ တွေးတောရမည့် ပြဿနာပေါ်လာလျှင် လွယ်လွယ်ပြော၍ ဖြေရှင်းတတ်သည့် မြို့စားကြီးရော့စတော့ဗ်က ထိုအခါ ဝင်၍ ပြောလိုက်သည်။

"အို ရွှေမြို့တော်က မင်းပျိုမင်းလွင်တွေတော့ မပြောပါနဲ့။ သူတို့ကတော့ ရမ်းကားတဲ့နေရာမှာ အတန်းကုန်နေပါပြီ။ သူတို့လောက်တော့ မဆိုးနိုင်ပါဘူး"

"မြို့စားကြီးရဲ့ သမီးအထွေးဆုံးကလေးကတော့ တကယ့်ကို ချောပါပေတယ်ရှင်။ စိတ်ကလဲ ဆတ်ဆတ်ကြကလေးနဲ့ တူတယ်။ ကြည့်ရတာကတော့ မီးတောင်ကလေးပဲ"

ဧည့်သည် မြို့စားကတော်ကြီးက ပြောလိုက်သည်။

"ဟုတ်လိုက်လေဗျာ။ မီးတောင်ကလေးမှ တစ်ခါတစ်ရံသာ ပေါက်ကွဲတတ်တဲ့ မီးတောင်ကလေး မဟုတ်ဘူးခင်ဗျ။ အစဉ်အမြဲပေါက်ကွဲနေတဲ့ မီးတောင်ကလေး။ ကျုပ်များ တူသလား မပြောတတ်ပါဘူးဗျာ ဟဲဟဲ။ သမီးထွေးက အသံလဲ ကောင်းတယ်ခင်ဗျာ။ ကိုယ့်သမီးကိုယ်မို့လို့ပြောတာ မဟုတ်ပါဘူး။ ကျုပ်ကတော့ အဆိုကျော် ဖြစ်လိမ့်မယ်လို့ ထင်တာပဲ။ ဒုတိယ ဆလိုမိုနီ* ပေါ့ဗျာ ဟဲဟဲ။ ဒါကြောင့် သမီးထွေးကို အီတလီ

* ဆလိုမိုနီမှာ ၁၈၀၅ ခု၊ တစ်ဝိုက်၌ လူကြိုက်များသော မော်စကိုဂျာမန်ဇာတ်အဖွဲ့မှ အဆိုကျော်တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုကျော်တစ်ယောက်နဲ့ အဆို သင်ခိုင်းနေတယ် ခင်ဗျ”

“မငယ်လွန်းဘူးလား မြို့စားကြီးရဲ့။ ကျွန်မကြားဖူးတာကတော့ ဒီအရွယ်မှာ သီချင်းဆိုကျင့်ရင် အသံပျက်တယ်လို့ ကြားဖူးတာပဲ”

“မငယ်တော့ပါဘူး ဗျ။ ကျုပ်တို့ အစ်မများဆိုရင် ဆယ့်သုံးနှစ်လောက်မှာ အိမ်ထောင်တောင် ကျနေပြီ”

“ကိုယ့်အချင်းချင်းမို့လို့ ပြောလိုက်ဦးမယ်။ သမီးတွေးက ဘိုးရစ်စ်နဲ့ လူငယ်ချင်း ရည်ငံပုံရတယ် မြို့စားကတော်ကြီးရဲ့။ ဒါသာကြည့်ပေတော့”

အိမ်သည် မြို့စားကတော်ကြီးက ဘိုးရစ်စ်၏မိခင်ခင်းသမီးကြီး ဒရူဘက်စကားယားကို လှမ်းကြည့်၍ ပြောလိုက်သည်။ ထိုမှုမက သူ့စိတ်ထဲတွင် ထိုကိစ္စနှင့်ပတ်သက်၍ လိပ်ခဲတည်းလည်း ဖြစ်လျက်ရှိရင်းက

“သူတို့ လူငယ်ချင်း ဒီလို ရည်ငံနေကြတဲ့အတွက် ကျွန်မက သမီးတွေးကို ကြိမ်းလား မောင်းလား လုပ်ပြီးသင်္ချက်လိုက်ရင် လူကြီးတွေအသိမပေးဘဲ သူတို့လုပ်ချင်ရာလျှောက်လုပ်မှာလဲ စိုးရိမ်ရသေးတယ်။ ဒါကြောင့် ခုလိုအသာတကြည် ခွင့်ပေးထားတာ။ ဒီလိုကြားထဲကမှသူတို့ လုပ်ချင်ရာ လုပ်ကြရင်တော့ သူတို့အဆိုးဖြစ်မှာမြန်းသိလို့ မလုပ်ရဲကြပါဘူး။ ဒါကြောင့် ကျွန်မတော့ခုလို အသာတကြည်ပဲ ခွင့်ပြုထားလိုက်တယ်။ သမီးတွေးကလဲ ပြောစရာရှိရင် ဘာမှမခြွင်းချန်ဘူး။ အဲ ညအိပ်ရာဝင်ပြီဆိုရင်တော့ အနားလာပြီး အကုန်ပြောတာပဲ။ မြို့စားကတော်ကြီးတို့ကတော့ ကျွန်မက သမီးတွေးကို အလိုလိုက်လွန်းတယ်များ ထင်မလား မသိဘူး။ မတတ်နိုင်ဘူးမြို့စားကတော်ကြီးရေ၊ ကျွန်မအဖို့ကတော့ သမီးတွေးကိုထိန်းတဲ့နေရာမှာ ဒီနည်းက အကောင်းဆုံးပဲ။ အဲ ဟောဒီအကြီးမကျတော့ အငယ်မလို သိပ်လွှတ်မထားဘူး။ ခပ်ကျပ်ကျပ်ကလေး အုပ်ပေးရတယ်”

“ဟုတ်ပါတယ် မေဖျားက ဗီရာကျတော့ သိပ်ချုပ်ချယ်တာပဲ”ဟု တစ်မျိုးတစ်ဖုံ လှပချောမွေ့သော သမီးကြီးဗီရာက ပြုံး၍ ပြောလိုက်သည်။

အပြုံးတို့မည်သည် အလှကို ပို၍ လင်းထိန်စေမြဲဖြစ်၏။ သို့သော်လည်း ဤအကြိမ် ဗီရာ၏အပြုံးမှာ ဗီရာ၏အလှကို လင်းထိန်စေခြင်းငှာ မတတ်နိုင်တော့ချေ။ ဗီရာ၏အပြုံးမှာ ဟန်ဆောင်ပြုံးမှုသာ ဖြစ်သည့်အတွက် မချိတင်ကဲဖြစ်သည့် အသွင်သာ ပေါ်လျက်ရှိလေသည်။ ဗီရာသည် ရုပ်ရည်ချောမောလှပ၏။ ဉာဏ်ထက်မြက်၏။ အသံကောင်း၏။ ထိုမျှသာမက မိဘ၏ကြပ်မတ်ထိန်းသိမ်းမှုအောက်တွင် ကြီးပြင်းလာရသူပီပီ ဗိုင်းကောင်းကျောက်ဖိအစားထဲက ဖြစ်လေသည်။ စကားပြောလိုက်လျှင်လည်း ခံရသူ တစ်ဖက်သား အနေခက်အောင် ဒိုးခနဲ ဒေါက်ခနဲချက်ပိုင်ပိုင် ပြောတတ်သူ ဖြစ်လေသည်။

“မိဘများက သားဦး သမီးဦးများကျရင် သိပ်ကြပ်မတ်ကြတာပဲနော်။ ပြီးတော့လဲ သားဦး သမီးဦးများကို သိပ်ထူးချွန်စေချင်ကြတာပဲ”

ဧည့်သည်တော် မြို့စားကတော်ကြီးက ပြောလိုက်သည်။

“ကဲ ဒေါ်ရွှေစာ၊ ခင်ဗျား ငြင်းဦးမလား။ ကျုပ်တို့ မြို့စားကတော်ကြီး ကတော့လေ သမီးကြီး ဗီရာကို သိပ်ကြပ်မတ်တာပဲဗျ။ ဒါကြောင့်လို့လဲ ကျုပ်သမီးကြီး ဗီရာက တခြားကလေးတွေထက် ထူးချွန်တယ် ထင်တာပဲ”

မြို့စားကြီး ရော့စတော့ဗ်က သမီးကြီး ဗီရာကို မျက်စိမှိတ်ပြ၍ ပြောလိုက်သည်။

ခဏကြာလျှင် ဧည့်သည်သားအမိသည် ညစာထမင်းစားပွဲကျမှ ပြန်လာဦးမည်ဟု ဆိုကာ နှုတ်ဆက်ပြန်သွားကြလေသည်။

“ကြို ကြိုဖူးပေါင်တော်။ ဘယ်လိုဟာတွေများပါလိမ့်။ ကျွန်မဖြင့် သင်းတို့သားအမိပြန်မှ ပြန်ပါဦးမလားလို့တောင် အောက်မေ့မိတယ်”

ဧည့်သည်များ အပြင်ရောက်သွားသည်၌ မြို့စားကြီးကတော်က မဲ့ရွဲ့ ပြောလိုက်လေသတည်း။

## အခန်း ၁၃

နာတာရှာသည် ဧည့်ခန်းဆောင်မှ ထွက်လာခဲ့ပြီးနောက် ပန်းပင်လေးများ ပျိုးထားသည့် မှန်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့၏။ မှန်ခန်းဆောင်အနီး ခေတ္တရပ်တန့်ကာ ဧည့်ခန်းဆောင်ဘက်ဆီမှ စကားသံများကို နားစွင့်ရင်း ဘိုးရစ်စ်ထွက်အလာကို စောင့်ဆိုင်းလျက် ရှိသည်။ ကြာသော် သည်းမခံနိုင်တော့ဘဲ ခြေကိုဆောင့်ကာ ချက်ချင်း လိုက်မလာသည့်အတွက် စိတ်ကောက်၍ ငိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်အပြုတွင် လူရွယ်တစ်ယောက်၏ တိတ်တဆိတ် ဖော့နင်းလာသော ခြေသံကို ကြားလိုက်ရသဖြင့် ပန်းအိုးကြီးများကြားသို့ ပြေးသွားကာ ပုန်းကွယ်နေလိုက်လေသည်။

ဘိုးရစ်စ်သည် မှန်ခန်းဆောင် အလယ်တွင်ရပ်လျက် ဘေးပတ်ပတ်လည်ကို လှမ်းကြည့်ပြီး အင်္ကျီလက်ပေါ်တွင် တင်နေသည့် ဖုန်မှုန့်များကို လက်ဖြင့် တောက်ခါပစ်လိုက်ကာ မှန်ရှေ့တွင် ရပ်၍ ၎င်း၏ ချောမောသော မျက်နှာကို ကြည့်နေ၏။ နာတာရှာသည် ပန်းအိုးကြီးများကြားမှ အသံမကြားရအောင် ခေါင်းပြူထွက်ကာ ဘိုးရစ်စ်၏ အမူအရာကို စောင့်ကြည့်နေသည်။ ဘိုးရစ်စ်သည် မှန်ရှေ့တွင် ပြုံးလျက် ခေတ္တရပ်ပြီးနောက် မှန်ခန်းဆောင်တံခါးဝဆီသို့ လျှောက်သွားလေသည်။ နာတာရှာသည် လှမ်းခေါ်လိုက်မည်ပြုပြီးမှ စိတ်ပြောင်းသွားကာ "တွေ့အောင်ရှာပစေ"ဟူသော သဘောဖြင့် ငြိမ်နေလိုက်သည်။ ဘိုးရစ်စ်ထွက်သွား၍ မကြာမီမှာပင် ဆွန်ယာသည် မျက်ရည်လည်ရွဲဖြင့် ပါးစပ်ကလည်း တတွတ်တွတ် ရေရွတ်လျက် တစ်ဖက်တံခါးပေါက်မှ ဝင်ရောက်လာပြန်သည်။ ပထမသော် နာတာရှာသည် ဆွန်ယာ့ထံသွားဦးမည်ပြုပြီးမှ ပန်းအိုးကြားတွင် ခေါင်းပြန်၍ ကွယ်လိုက်ပြီး စောင့်ကြည့်နေလိုက်ပြန်သည်။ ဤသို့ တိတ်တဆိတ်ကြည့်ရသည့်အတွက်လည်း နာတာရှာ၏ စိတ်ထဲတွင် မြူးလျက်ရှိ၏။ ဆွန်ယာက ပါးစပ်မှ တတွတ်တွတ် ရွတ်ရင်းက ဧည့်ခန်းဆောင်ဘက်ဆီသို့ မျှော်ကြည့်နေပြန်သည်။ ခဏကြာလျှင် ခန်းမဆောင်တံခါးပွင့်လာကာ နီကိုလေ ရောက်လာလေသည်။

"ဘာဖြစ်လို့လဲ ဆွန်ယာ၊ ဟင်"

နီကိုလေက ဆွန်ယာ့ထံ ခပ်သုတ်သုတ် လျှောက်လာရင်း မေးလိုက်၏။

"ဘာမှ မဖြစ်ပါဘူး။ ဆွန်ယာ့ဘာသာ တစ်ယောက်တည်းနေပါရစေ"

"ဪ ကိုကိုသိပြီ"

"သိရင် ကိုကို့ဟာမဆီကို သွားပါ။ ဆွန်ယာ့ဆီ မလာပါနဲ့"

"ဒီမှာ ဆွန်ယာ။ ဘာဖြစ်လို့ ကိုကို့ရော၊ ဆွန်ယာရောစိတ်ဆင်းရဲအောင် ဒီလိုလုပ်နေရတာလဲဟင်" နီကိုလေက ဆွန်ယာ၏ လက်ကို ဆွဲယူ၍ မေးလိုက်သည်။

ဆွန်ယာသည် လက်ကို ရုပ်သိမ်းခြင်း မပြုတော့ဘဲ ငိုချင်သည့်စိတ်ကို ချုပ်တည်းထားရာမှ လွှတ်ပေးလိုက်လေသည်။ နာတာရှာကား တုတ်တုတ်မျှ မလှုပ်ရဲဘဲ အသက်ကိုပင် အနိုင်နိုင်ရှူလျက် ဘာများ ဖြစ်လာကြတာပါလိမ့်ဟု တွေးနေမိသည်။

"ဆွန်ယာ၊ ကိုကို့အဖို့ ကမ္ဘာလောကကြီးမှာရှိတဲ့ ဒီပြင် မိန်းမတွေဟာ ဖွဲနဲ့ဆန်ကွဲချည်းပါကွာ။ ဆွန်ယာတစ်ယောက်သာ ကိုကို့ အချစ်ပါ။ ဆွန်ယာသာ ကိုကို့အဖို့ ကမ္ဘာလောကကြီးပါ။ မယုံရင် ကိုကို သက်သေထူပါ့မယ်"

"တော်ပါတော့။ ခုမှ ဒီစကားမျိုးတွေ ပြောမနေစမ်းပါနဲ့"

"ကဲ ဒါဖြင့် ယုံတယ်ဆိုရင် ဆွန်ယာကလဲ တော်တော့။ ဆွန်ယာ မကြိုက်တာ ကိုကို နောက်မလုပ်တော့ဘူး။ ဒီတစ်ခါတော့ ကိုကို့ကို ခွင့်လွှတ်နော်။ ဟုတ်လား"

နီကိုလေသည် ဆွန်ယာကို ပွေ့လိုက်ပြီး နမ်းလိုက်၏။

နာတာရှာသည် သူ့အစ်ကို နီကိုလေနှင့် ဆွန်ယာတို့နှစ်ယောက်ကို ကြည့်ရင်း အားကျလာလေသည်။ နီကိုလေနှင့် ဆွန်ယာတို့နှစ်ယောက် မှန်ခန်းဆောင်ထဲမှ ထွက်သွားသည့်အခါ၌ကား နာတာရှာသည် ဘိုးရစ်စ်နောက်သို့ လိုက်သွားပြီး လှမ်းခေါ်လိုက်လေသည်။

"အစ်ကို၊ ဒီနား ခဏလာစမ်း" နာတာရှာက ပြောင်သလို ပြက်သလိုဖြင့် လှမ်း၍ ခေါ်လိုက်သည်။ "အစ်ကို့ကို နာတာရှာ ပြောစရာတစ်ခုရှိတယ်။ ဒီကို လာပါ"ဟု နာတာရှာက သူပုန်းကွယ်နေသည့် ပန်းအိုးကြီးများကြားသို့ လှမ်းခေါ်လိုက်သည်။ ဘိုးရစ်စ်က ပြုံးလျက် နောက်က လိုက်လာသည်။

"ဘာပြောစရာ ရှိလို့လဲ"

နာတာရှာသည် မည်သို့ ပြန်ဖြေရမည် မသိဘဲ ဘေး ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည့်၌ စောစောက ပန်းအိုးများကြားတွင် သူပစ်ချခဲ့သော ယမင်းရုပ်ကလေးကို သွား၍ မြင်လိုက်သဖြင့် ကောက်ယူလိုက်ပြီး

"ရော့ ဟောဒီယမင်းရုပ်ကလေးကို နမ်းစမ်း"

ဘိုးရစ်စ်သည် ဘာမျှ ပြန်မပြောဘဲ နာတာရှာ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို စူးစိုက်ကြည့်နေ၏။

"ဘာလဲ အစ်ကိုက မနမ်းချင်ဘူးလား။ ကဲ, ဒါဖြင့် ဒီနားလာစမ်း"

နာတာရှာက ပန်းအိုးများ ကြားထဲသို့ တိုး၍ သွားကာ ယမင်းရုပ်ကလေးကို ပစ်ချလိုက်သည်။

"လာလေ၊ လာပါ"

နာတာရှာက လေသံကလေးဖြင့် ထပ်၍ ခေါ်လိုက်ပြန်သည်။ နာတာရှာသည် ဘိုးရစ်စ်၏လက်ကောက်ဝတ်ကို လှမ်းဆွဲလိုက်သည်။ နာတာရှာ၏ နီရဲလျက်ရှိသော မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်ခြင်း၊ လေးနက်တည်ငြိမ်ခြင်း စသည့်အသွင် သဏ္ဌာန်များသည် အထင်းသား ပေါ်လာကြ၏။

"အစ်ကို၊ နာတာရှာကို မနမ်းချင်ဘူးလား ဟင်"

နာတာရှာက ဘိုးရစ်စ်ကို မော့်ကြည့်လိုက်ရင်း လေသံကလေးဖြင့် မေးလိုက်သည်။ ၎င်း၏မျက်နှာသည် ပြုံးလျက်ရှိရင်းက စိတ်တုန်လှုပ် ချောက်ချားလွန်းသဖြင့် ငိုတော့မည်ကဲ့သို့ ဖြစ်လျက်ရှိ၏။

ဘိုးရစ်စ်မှာ မျက်နှာတွေ ထူပူသွားသည်ဟု ထင်လိုက်ရသည်။

"နာတာရှာ၊ ခုထိ အရူးထတုန်းပဲလားဟင်"

ဘိုးရစ်စ်က ပို၍ ရက်သွေးဖြာလာကာ နာတာရှာကို ငုံ့ကြည့်၍ ပြောလိုက်ပြီး ကျောက်ရုပ်သဖွယ် မတုန်မလှုပ် ရပ်နေသည်။

နာတာရှာသည် ဘိုးရစ်စ်ကို မမီသောကြောင့် ပန်းအိုးကြီးတစ်လုံးပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ကာ သေးသွယ်ညွှတ်ပျောင်းသော လက်မောင်းများဖြင့် ဘိုးရစ်စ်၏လည်ပင်းကို သိုင်းဖက်လိုက်ပြီး နဖူးပေါ်တွင် ဝဲကျနေသည့်ဆံပင်များကို ဖယ်ရှား၍ ဘိုးရစ်စ်၏ နှုတ်ခမ်းများကို အားရပါးရ နမ်းစုပ်ပစ်လိုက်လေသည်။ အတန်ကြာတော့မှ ပန်းအိုးပေါ်မှ ခုန်ဆင်း၍ ပန်းအိုး၏တစ်ဖက်တွင် သွားကာ ခေါင်းငုံ့လျက် ရပ်နေလေသည်။

"နာတာရှာ၊ နာတာရှာ့ကို အစ်ကိုချစ်တယ်ဆိုတာ မင်းသိတယ်နော်။ ဒါပေမဲ့"

နာတာရှာက ကြားဖြတ်၍

"နာတာရှာ့ကို အစ်ကိုချစ်တယ်၊ ဟုတ်လား"

"ဟုတ်တယ်။ နာတာရှာ့ကို အစ်ကိုချစ်တယ်။ ဒါပေမဲ့ နောက် အစ်ကိုတို့ဒီလို မတွေ့ဘဲ နေကြရအောင်နော်။ နောက် လေးနှစ်ကြာတဲ့အခါကျတော့မှ အစ်ကို နာတာရှာ့ကို လက်ထပ်ယူမယ်နော် ဟုတ်လား"

နာတာရှာသည် အတန်ကြာမျှ တွေးနေလေသည်။

"ဆယ့်သုံး၊ ဆယ့်လေး၊ ဆယ့်ငါး၊ ဆယ့်ခြောက်"

နာတာရှာက ပျားဖယောင်းတိုင်လို သေးသွယ်သော လက်ချောင်းကလေးများကို ချိုး၍ ရေတွက်နေသည်။

"ဟုတ်တယ် အစ်ကို။ အဲဒီအခါကျမှ အတူတူနေကြရအောင်နော်"

နာတာရှာ၏ ထက်သန်လျက်ရှိသော မျက်နှာပေါ်၌ အပြုံးရိပ်ကလေး သန်းလာလေသည်။

"ဟုတ်တယ်။ အဲဒီအခါကျမှ အတူတူနေကြမယ်"

"တစ်သက်လုံးနော်။ သေသည်အထိ မခွဲတမ်းနော်။ ဟုတ်လား"

နာတာရှာသည် ဘိုးရစ်စ်၏လက်ကိုဆွဲလျက် ရွှင်ပျသော မျက်နှာဖြင့်အနီးရှိ ဧည့်ခန်းဘက်သို့ ဘိုးရစ်စ်နှင့် အတူ ထွက်လာခဲ့လေသည်။

## အခန်း ၁၄

မြို့စားကတော်ကြီးမှာ ဧည့်သည်များကို ဧည့်ဝတ်ပြုရသည့်အတွက် အတော်ပင်ပန်းသွားပြီ ဖြစ်သည့်အလျောက် ကြွလာသည့် ဧည့်သည်များအား ညစာစားပွဲသို့ မပျက်မကွက် ပြန်လည်တက်ရောက်ရန် ထပ်မံ ဖိတ်မန္တကပြုဖို့ အကြောင်း ဘဏ္ဍာစိုးအား ပြောကြားကာ နောက်ထပ် မည်သူ့ကိုမျှ တွေ့ဆုံခွင့် မပေးဖို့အကြောင်းကိုလည်း ပြောကြားလိုက်လေသည်။ မြို့စားကတော်ကြီးသည် မိမိနှင့်အတူ ငယ်စဉ်တောင်ကျေး ကလေးတည်းက နေလာခဲ့သည့် မင်းသမီးကြီး ဒရူဘက် စကားယားနှင့် ရှေးဟောင်းနှောင်းဖြစ်ကလေးများကို ပြောလိုပေသေးသည်။ မင်းသမီးကြီး ဒရူးဘက် စကားယားကို ရွှေမြို့တော်မှ ပြန်လည်ရောက်လာကတည်းက ကောင်းစွာ မတွေ့ရသေးချေ။ မင်းသမီးကြီး ဒရူဘက်စကားယားသည် ထိုင်နေသော ထိုင်ဖုံကို မြို့စားကတော်ကြီးအနီးသို့ရွှေ့ယူ ထိုင်လိုက်၏။

"အချင်းချင်းနဲ့ စကားပြောရမှာပဲ စိတ်ထဲမှာ လွတ် လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ရှိပေတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကြီး ဒရူဘက်စကားယားက ပြောလိုက်၏။

"ငယ်ငယ်က ပေါင်းဟောင်း သင်းဟောင်း ဆိုလို့လဲ သိပ်မရှိတော့ဘူး မဟုတ်လား။ ဒါကြောင့် အစ်မတော်ဖြင့်လေ ညီမတော်တို့လို မိတ်ဟောင်း ဆွေဟောင်းများဆိုရင် သိပ်ပြီး တောင့်တောင့်တတ ရှိမိတာပဲ"

မင်းသမီးကြီး ဒရူဘက်စကားယားသည် မြို့စားကတော်ကြီး၏ သမီးအကြီးဆုံး ဗီရာကိုလှမ်း၍ ကြည့်လိုက်၏။ မြို့စားကတော်ကြီးက မင်းသမီးကြီး လက်ကိုဖမ်း၍ ဆုပ်ထားလိုက်သည်။

"ဗီရာ၊ မေမေတို့ လူကြီးတွေ စကားပြောကြမလို့။ ဗီရာသွားချင်ရင် သွားနိုင်ပြီ။ ဒီ့ပြင် မိတ်ဆွေတွေနဲ့များ စကားစမြည် သွားပြောပါဦးလား"

မြို့စားကတော်ကြီးက အချစ်ဆုံးသမီး မဟုတ်သည့်အတိုင်း မိမိ၏သမီးကြီး ဗီရာကို လှမ်းပြောလိုက်သည်။ ဗီရာက မဲ့ပြုံး ပြုံးလိုက်ပြီးနောက်

"ဗီရာလဲ စောစောကတည်းက သွားချင်နေတာပါ၊ မေဖျားက ဘာမှ မပြောတာနဲ့ ထိုင်နေတာ"

ဗီရာသည် ၎င်းတို့အနားမှ ထလာကာ မိမိခန်းဆောင်သို့ ပြန်လာခဲ့လေသည်။ သို့ရာတွင် တစ်ဖက်ဧည့်ခန်းဆောင်ကို ဖြတ်လာသည်နှင့် ပြတင်းဝတစ်ခုစီနားတွင်ထိုင်နေကြသော အတွဲနှစ်တွဲကို ရိပ်ခနဲ မြင်လိုက်၏။ ဗီရာသည် ခေတ္တမျှရပ်တန့်ကာ လှောင်ပြုံးကလေး ပြုံးလိုက်သည်။ ဆွန်ယာသည် မိမိအတွက် တေးသီချင်းများကို ရေးကူးပေးနေသည့် နီကိုလေအနီး၌ ကပ်ထိုင်လျက်ရှိ၏။ အခြား ပြတင်းဝတစ်ခုတွင် ထိုင်လျက်ရှိကာ တတွတ်တွတ်စကားပြောနေကြသည့် ဘိုးရစ်စ်နှင့် နာတာရှာတို့ကား ဗီရာဝင်လာသည်ကို မြင်သည်နှင့် စကားပြော ရပ်သွားကြလေသည်။ ဆွန်ယာနှင့် နာတာရှာတို့ နှစ်ယောက်စလုံးသည် မလုံမလဲ မျက်နှာထားဖြင့် ဗီရာကို လှမ်းကြည့်နေကြ၏။ အမူအရာကသာ မလုံမလဲဖြစ်နေသော်လည်း အကြည်နူးကြီး ကြည်နူးနေကြပုံ ရလေသည်။

ချစ်သူရှိသော မိန်းမငယ်ကို မြင်ရခြင်းသည် များစွာ စိတ်ကြည်နူးဖွယ် ကောင်းပေသည်။ သို့ရာတွင် ဗီရာအဖို့ရာကား ၎င်းတို့ကိုကြည့်၍ စိတ်ကြည်နူးခြင်း မဖြစ်မိချေ။

"ကြည့်စမ်း၊ ကိုယ့်ပစ္စည်းရှိရက်နဲ့ သူများပစ္စည်းကို ယူကိုင်တာ မကြိုက်ပါဘူးလို့ ခဏခဏပြောထားတယ် မဟုတ်လား"

ဗီရာက နီကိုလေ၏ရှေ့မှ မင်အိုးတင်ခုံကို ကောက်၍ ယူလိုက်သည်။

"ပြီးပါတော့မယ်။ ခဏလေး၊ ခဏလေး"

နီကိုလေက မင်တံကို စိုက်၍ မင်ကို တို့နေသည်။

"ဒီအချိန်က သီချင်းကူးတဲ့ အချိန်လား။ သူ့အချိန်နဲ့သူ အလုပ်လုပ်ပါလား။ စောစောကလဲ ဧည့်ခန်းဆောင်ထဲကို ဒရောသောပါး ပြေးလာလိုက်ကြတာ။ ငါဖြင့် နင့်အစားရှက်လွန်းလို့"

ဗီရာပြောသည့် စကားမှာ မငြင်းသာတော့ ရကားလေးယောက်စလုံး ဘာမျှ ပြန်မပြောကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက် အပြန်ပြန်အလှန်လှန် ကြည့်နေကြသည်။ ဗီရာသည် မင်အိုးတင်ခုံကို ကောက်ယူကာ မိမိခန်းဆောင်ဘက်ဆီသို့ လျှောက်လာခဲ့လေသည်။

"နေစမ်းပါဦး၊ နင်တို့ နှစ်ယောက်စလုံးရော၊ နာတာရှာနဲ့ ဘိုးရစ်စ်ရော ငါမေးမယ်။ ဒီအသက်အရွယ်ကလေးတွေမှာ နင်တို့အချင်းချင်း ဘယ်လို ခိုးကြောင်ခိုးဝှက်ကိစ္စကလေးတွေများရှိနေကြပြီလား ဟင်။ အဓိပ္ပာယ်မရှိတာတွေတော့ မလုပ်ကြနဲ့နော်"

"မမ ဘာဖြစ်တာလာလဲ ဟင်။ ခိုးကြောင် ခိုးဝှက်ကိစ္စရှိတော့ကော မမကို ဘာများ ထိခိုက်လို့လဲ မမရယ်" နာတာရှာက လေသံခပ်ပျော့ပျော့ဖြင့် 'ဖြောင့်ကွယ်'ကွယ်၍ ပြောလိုက်သည်။ နာတာရှာသည် ယနေ့တွင် ခါတိုင်းထက်ချိုသာနူးညံ့လျက် ရှိလေသည်။

"ငါတော့ နင်တို့အစား ရှက်လွန်းလို့။ ဒီအရွယ်ကလေးတွေမှာ ခိုးကြောင်ခိုးဝှက်ကိစ္စကလေးတွေနဲ့တဲ့ ဟင်း ဟင်း"

"ဒါတော့ မမရယ်။ လူတိုင်းလူတိုင်းမှာ ကိုယ့်လျှို့ဝှက်ချက်နဲ့ကိုယ် ရှိကြတာပဲ မဟုတ်လား။ မမနဲ့ ဘာ့ဂ်တို့ ကိစ္စကျတော့လဲ နာတာရှာတို့က ဘာများဝင်စွက်ခဲ့လို့လဲ" နာတာရှာမှာ တဖြည်းဖြည်း စိတ်တိုလာပြီဖြစ်သည့်အတိုင်း သွက်သွက်ကလေး ချေပလိုက်၏။

"အံမယ်၊ ဝင်စွက်ရအောင် ငါက ဘယ်နေရာမှာများ အနေအထိုင် တစ်ချက်ကလေး မှားဖူးလို့လဲ။ ဒါပဲနော်။ နင် ဒီလို ဘိုးရစ်စ်နဲ့ နေပုံထိုင်ပုံကိုတော့

www.burmeseclassic.com



မေဖျားကို တိုင်ပြောရလိမ့်မယ်"

"ကျွန်တော်နဲ့ ဆက်ဆံတဲ့နေရာမှာ နာတာရှာမယ် အပြစ်မရှိပါဘူး။ ဘာမှ ပြောစရာ မရှိပါဘူး"

"အို အစ်ကိုကလဲ အသာနေစမ်းပါ။ သံတော်ဆင့် မင်းများစကား ပြောသလို သိပ်စကားကြော ရှည်တာပဲ။ (သံတော်ဆင့် မင်းများသည် ပျင်းစရာ ကောင်းလောက် အောင် စကားကြော ရှည်တတ်သည်ဟု နာတာရှာ နားလည်သည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်) သူ့ဘာ သာသူ ပြောချင်တာ ပြောစမ်းပါစေ။ အရေးလုပ်လို့" နာတာရှာက ဘိုးရစ်စ်သို့ လှမ်းပြောလိုက်သည်။

ပြီးမှ ဗီရာဘက်သို့ လှည့်ကာ

"မမဟာ ဒီကိစ္စမျိုးမှာ ကိုယ်ချင်းစာနာစိတ် နည်းနည်းမှ မရှိဘူး။ ဘယ်မှာ ကိုယ်ချင်းစာစိတ် ရှိမလဲ။ မမမှာ ချစ်သူမရှိဘူး။ အသည်းနှလုံး မရှိဘူး။ အဘွားကြီး များလိုပဲ။ ဘာမှ မကြင်နာ တတ်ဘူး။ လူတွေ အနေရ အထိုင်ရခက်အောင် ပြုံးစုစောင်း မြောင်းဖို့ပဲ တတ်တယ်။ သွားလေ၊ မမလဲ မမရဲ့ လူဘာ့ဂ်နဲ့ သွားပြီး ပလူးချည်ပေါ့။ ဘာလို့ သူများကို ဩဇာ လာပေးနေရတာလဲ"

နာတာရှာက ခပ်သွက်သွက်ကလေး ပြောချ လိုက်သည်။

"ဟဲ့ ငါက နင့်လို လူရှေ့သူရှေ့မရှောင် ယောကျ်ား လေးတွေနဲ့ ပရောပရည်လုပ်နေတဲ့ မိန်းမမျိုး မဟုတ်ဘူး။ သိပလား"

"ကဲ မမပြောချင်တာလဲ ပြောပြီးပြီဗျာ။ ဒီလောက် ဆို ကျေနပ်လောက်ဖို့ ကောင်းပါပြီ။ သူများတွေကို ဒီလောက် စိတ်ညစ်အောင် ပြောရရင် တော်ရောပေါ့။ လာ၊ လာ၊ တစ်ဖက်ဆောင်ထဲ သွားကြမယ်"

နီကိုလေက ဝင်၍ ပြောလိုက်သည်။

"သူများ စိတ်ညစ်အောင်ပြောတာ ငါမဟုတ်ဘူး။ နင်တို့ နင်တို့"

နီကိုလေတို့အသိုက်သည် ဗီရာအား ကြောက်ရွံ့ သွက်ရှိသော ငှက်ကလေး တစ်အုပ်သဖွယ် တစ်ဖက်ဆောင် ဆီသို့ ဝင်သွားကြလေသည်။ အတန်ကြာမှ တံခါးဝမှ ပြုံတစ်ပြုံတစ် လုပ်ကာ "အဘွားကြီး။ အဘွားကြီး"ဟု အော်ဟစ်လှောင်ပြောင်လျက် ရှိလေသည်။

လုပချော့မွေ့သလောက် တစ်ဖက်သားအား စိတ် အနှောင့်အယှက်ဖြစ်အောင် လုပ်တတ်သည့် ဗီရာသည် တစ်ယောက်တည်း ပြုံးကာ ၎င်းတို့လှောင်ပြောင် ရယ်မောကြခြင်းကို လုံးဝ အရေးထားဟန် မရှိဘဲ မှန်တင်ခုံရှေ့တွင် သွားရပ်လိုက်ပြီးနောက် ဆံပင်နှင့်ပဝါကို ပြုပြင်နေလေသည်။ ထို့နောက် မိမိ၏ လှပချောမွေ့သော မျက်နှာကို မှန်ထဲတွင် အပြန်ပြန်အလှန်လှန် ကြည့်ရှုနေသည်။ ထိုနောက်၌ကား ဗီရာသည် မိမိ၏အလှကို ကြည့်၍ ကျေနပ်နှစ်သိမ့်သွားဟန်ရှိလေသည်။

*

ဧည့်ခန်းဆောင်ထဲ၌ မြို့စားကတော်ကြီးနှင့် မင်းသမီးကြီး ဒရူဘက်စကားယားတို့မှာ စကားကောင်း လျက်ရှိကြ၏။

"ကျွန်မဘဝမှာ အဘက်ဘက်က အဆင်ပြေ တယ်လို့တော့ မဟုတ်ပါဘူး အစ်မတော်ရယ်" မြို့စား ကတော်ကြီးက ညည်းညည်းညူညူဖြင့် ပြောလိုက်သည်။

"ဒီအချိုးအတိုင်း နေသွားလို့တော့ ဘယ်နှယ်လုပ် ကြာရှည်ခံနိုင်တော့မလဲ အစ်မတော်။ အစ်မတော်ပဲစဉ်းစား ကြည့်လေ။ ရသမျှငွေကလဲ မြို့စားကြီး ကလပ်တက်ပြီး ဖြုန်းတာနဲ့ ကုန်တာပဲ။ မြို့မှာမနေဘဲ တောကစံအိမ်သွား နေလို့ အကုန်သက်သာသလား ဆိုတော့လဲ မသက်သာ ပြန်ဘူး။ ပွဲလမ်းသဘင်တွေ၊ တောကစားထွက်တာတွေ၊ အို တောအလိုက်လုပ်ရတဲ့ ကိစ္စတွေ ပေါ်လာပြီး ငွေကြေး အကုန်အကျ များလာပြန်တယ်။ ကဲပါလေ၊ ကျွန်မကိစ္စတွေ အသာထားပြီး အစ်မတော်ကြီးကော ဘယ်လိုများ နေသလဲ။ နေထိုင်ရတာ အဆင်ပြေရဲ့လား။ အစ်မတော် ကြီးရဲ့ အသက်အရွယ်နဲ့ ပီတာစဘတ် ရွှေမြို့တော်နဲ့ မော်စကို ကို ကူးချည်သန်းချည်သွားလာပြီး ရွှေမြို့တော်က ဝန်ကြီးတွေ၊ သံတော်ကြီးတွေ၊ မှူးမတ်ကြီးတွေနဲ့ အကျွမ်း တဝင် ဆက်ဆံနေနိုင်သေးတာကို အံ့ဩလို့ မဆုံးဘူး။ အစ်မတော်ကြီးရဲ့ ကိစ္စတွေကော အားလုံး အဆင်ပြေ တယ်မို့လား။ ကျွန်မသာ အစ်မတော်ကြီးတို့လို မုဆိုးမ ဖြစ်ရင်တော့ ဒုက္ခပဲ။ ဘာမှ လုပ်တတ်ကိုင်တတ်မှာ မဟုတ်ဘူး"

"ဒီလိုပေါ့ ညီမတော်ရယ်။ ကံစီမံတဲ့အတိုင်း ဖြစ်ကြရတာကိုး။ ညီမတော်ကြီးတို့က ဘဝအကျိုးပေး ကောင်းလေတော့ အစ်မတော်တို့လို သားတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေမဲ့အနေမဲ့ ဖြစ်ကျန်ရစ်ခဲ့တဲ့ မုဆိုးမဘဝမျိုးကို မကြုံတွေ့ပေဘူးပေါ့" မင်းသမီးကြီး ဒရှုဘက်စကားယားက ပြောလိုက်သည်။ အတန်ကြာမှ ဂုဏ်ယူသောလေသံဖြင့်

"တစ်နည်းတော့လဲ ကောင်းပါတယ်လေ။ ဒီလိုချို့ချို့ငဲ့ငဲ့နေရတော့ လောကကြီးအကြောင်းကို ကောင်းကောင်းသိလာတာပေါ့။ ဒီအထဲ တရားတဘောင်ကလဲ ဖြစ်လိုက်ကြသေးတော့ အစ်မတော်ဖြင့် သင်ခန်းစာတွေ အများကြီး ရလိုက်တာပဲ။ ပုဂ္ဂိုလ်ကြီးတွေနဲ့ တွေ့စရာရှိရင်လဲ 'မင်းသမီးကြီး ဘယ်သူက ဘယ်ပုဂ္ဂိုလ်ကို တွေ့လိုပါသည်'လို့ စာကလေး တစ်စောင်လောက် ရေးတင်ပြီး ကရထားတစ်စီးနဲ့ တချောက်ချောက် သွားရတာပဲ။ တစ်ခါတလေများ ကိစ္စမပြတ်လို့ သုံးလေးခါ သွားရတဲ့ အခါလဲရှိတယ်။ အစ်မတော်ကြီးတော့ ကိုယ့်ကိစ္စ မပြီးမချင်း နားပူနားဆာ သွားလုပ်နေရတော့တာပဲ။ ဘယ်သူက ဘယ်လိုထင်ထင် ရှက်လဲမရှက်နိုင်တော့ပါဘူး"

"ဒါထက် ဘိုးရစ်စ်ကိစ္စကိုကော အစ်မတော်ကြီး ဘယ်သူ့ဆီသွားပြီး တင်လျှာသွင်းပါသလဲ။ အစ်မတော်ကြီးရဲ့ သားတော်က ကိုယ်ရံတော်တပ်မှာ ဗိုလ်ကလေးအဖြစ် အရွေးခံရတယ်မို့လား။ ကျွန်မသား နီကိုလေကတော့ ခုမှ ဗိုလ်လောင်းပဲ ရှိသေးတယ်။ သူ့ကိစ္စကို ဘယ်သူကမှလဲ ခေါင်းထဲထည့် စဉ်းစားဟန်မတူပါဘူး။ ဒါကြောင့်ဘယ်သူ့ဆီကို သွားပြီး လျှောက်တင်ရင် ကိစ္စမြန်မြန်ပြီးမလဲလို့ အစ်မတော်ကြီးကို မေးကြည့်ရတာပါ"

"မင်းသားကြီး ဗာစီလီဆီကို တင်လိုက်တယ်လေ။ ကိုယ်တော်ကြီးက တစ်ဖက်သားကို သနားတတ်ပါတယ်။ အစ်မတော်ကြီးလဲ သွားရော ချက်ချင်း အရေးတယူလုပ်ပြီး ဘုန်းတော်ကြီးလှသော ဘုရားရွှေနားတော်ကို တက်လျှောက်တာပဲ"

မင်းသမီးကြီး ဒရှုဘက်စကားယားသည် ထိုကိစ္စအတွက် မင်းသားကြီး ဗာစီလီထံတွင် ရှိခိုးဦးတင်လုပ်ရတော့မတတ် အောက်ကျခံ၍ ပြောခဲ့သည့် အဖြစ်ကိုပင် မေ့လျော့သွားကာ စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"ကိုယ်တော်ကြီး ဗာစီလီဟာ ရုပ်တော်တော်ကျသွားပြီလား အစ်မတော်ကြီး။ ခပ်ငယ်ငယ်တုန်းကတော့ နိုင်ငံခြားရေးဝန်ကြီး ရွှန်ယန်ဆက်ဗ်ရဲ့ ပွဲသဘင်မှာ ကျွန်မနဲ့ ကိုယ်တော်ကြီး အတူကခဲ့ကြဖူးသေးတယ်။ အဲဒီကတည်းက ကွဲသွားလိုက်ကြတာ၊ နောက် တစ်ခါမှ မတွေ့ကြတော့ဘူး။ ခုတော့ ကိုယ်တော်ကြီးက ကျွန်မကို မှတ်မှ မှတ်မိပါဦးမလား မသိဘူး။ အဲဒီတုန်းကများတော့လဲ ကျွန်မကို အရေးပေးလိုက်တဲ့ ဖြစ်ခြင်း"

မြို့စားကတော်ကြီးက ပြုံး၍ ပြောလိုက်သည်။

"ကိုယ်တော်ကြီးက အရင်လို ဖော်ဖော်ရွေရွေ ရှိတုန်းပါပဲ။ ဘယ်လောက် ရာထူးကြီးတက်ပေမယ့် မပြောင်းလဲပါဘူး။ 'အစ်မတော်ကြီးအတွက် ဒီလောက်ကလေး လုပ်ပေးရလို့ စိတ်မကောင်းပါဘူးဗျာ။ အစ်မတော်ကြီး ကိစ္စရှိရင် ခိုင်းချင်ရာခိုင်းပါ'နဲ့ ပြောလိုက်တာ တဖွဖွပဲ။ ကိုယ်တော်ကြီးက သဘောကောင်းရှာပါတယ်။ ဆွေမျိုးသားချင်းကိုလဲ ကူညီစောင်မတတ်ပါတယ်။ ဒါပေမဲ့ ပြောလိုက်ရဦးမယ် ညီမတော်ရေ။ အစ်မတော်ကြီးက သားသံယောဇဉ် သိပ်ကြီးတယ်။ သား စိတ်ချမ်းသာရေးအတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ အစ်မတော်ကြီးလုပ်မှာပဲ။ ခုတလောတော့ အစ်မတော်ကြီးမှာ အခြေအနေ ဘယ်လောက်တောင် ဆိုးနေသလဲဆိုရင် သိက္ခာလေး မပျက်အောင် မနည်းကြီး ကြိုးစားနေရတယ်"

မင်းသမီးကြီး ဒရှုဘက်စကားယား၏ အသံမှာ ကြေကွဲဝမ်းနည်းသံ ပေါက်လျက် တိမ်ဝင်သွားသည်။

"တရားဖြစ်လိုက်တဲ့အတွက်လဲ အကျိုးမထူးတဲ့ အပြင် ရှိသမျှကလေးတွေ ပြုတ်ပြုတ်ပြုန်းတော့တာပဲ။ သားကို အဝတ်အစားကလေး ဝယ်ပေးဖို့တောင် မတတ်နိုင်ဘူးဆိုရင် မြို့စားကတော်ကြီးက ယုံမှ ယုံပါ့မလားမသိဘူး။ အခြေအနေကတော့ ဒီလောက်အထိ ဖြစ်နေတာပဲ" မင်းသမီးကြီး ဒရှုဘက်စကားယားသည် လက်ကိုင်ပဝါကို ထုတ်ပြီးနောက် ငိုလျက်ရှိသည်။

"လောလောဆယ် ငွေဒင်္ဂါး ငါးရာလောက် လိုပေမယ့် လက်ထဲမှာ ငွေအစိတ်ပဲရှိတယ်။ အခြေအနေက ဒီလောက်အထိပဲ။ ခုတော့ မြို့စားကြီး ဘီဇူးကော့ဗ်ကိုပဲ အားထားနေရတော့တာပဲ။ မြို့စားကြီးဟာ သားတော်မောင်ရဲ့ ပဌွင်းဒါယကာ ဆိုတော့ နည်းနည်းပါးပါးတော့ ထောက်ပံ့လိမ့်မယ် ထင်ပါရဲ့လို့ အောက်မေ့ရတာပဲ။ သူက ထောက်ပံ့ရင်တော့ အစ်မတော်ကြီးမှာ အသက်ရှူ

www.burmeseclassic.com



ချောင်သွားတာပေါ့လေ။ သူမှ မထောက်ပံ့ဘူးဆိုရင်တော့ အစ်မတော်ကြီးမှာလဲ ဒုက္ခပဲ”

မြို့စားကတော်ကြီးသည် မင်းသမီးကြီး ဒရူဘက် စကားယား၏ စကားများကို နားထောင်ရင်း မျက်ရည် လည်လာကာ အတန်ကြာ တိတ်ဆိတ်လျက်ရှိ၏။

“ပြောတော့လဲ မပြောကောင်းဘူးပေါ့လေ။ ဒါပေမဲ့ ပြောရဦးမှာပဲ။ မြို့စားကြီး ဘီဇူးကော့ဗ်မှာ ဒီအသက် ဒီအရွယ်နဲ့ တစ်ယောက်တည်းရှိတော့တာ ဒီလောက်ပစ္စည်း ချမ်းသာနေလို့ကော ဘာထူးတော့မှာတဲ့လဲ ညီမတော်ကြီး ရဲ့။ ပက်လက်ဖြစ်နေတဲ့ လူမမာတစ်ယောက်အဖို့ ဒီပစ္စည်း တွေကြောင့် အတားအဆီးဖြစ်ပြီး ဖြောင့်ဖြောင့် ဘဝမကူး နိုင်ဘဲတောင် ဖြစ်နေဦးမယ်။ ဒီပစ္စည်းတွေဟာ ဘဝဆုံးလု နီးပါး ဖြစ်နေတဲ့ သူ့အဖို့ အရာမထင်တော့ပါဘူး။ အစ်မတော်ကြီးရဲ့ သားတော်မောင်ဆိုရင် ခုမှ လူရာဝင်စပဲ ရှိပါသေးတယ်”

“အစ်မတော်ကြီး သားတော်မောင်ကို နည်းနည်း ပါးပါးတော့ ပေးခဲ့မယ် ထင်ပါတယ်”

မြို့စားကတော်ကြီးက ပြောလိုက်သည်။

“ဒါတော့ မပြောနိုင်ဘူးလေ၊ ဘုရားသခင်မှ သိတော်မူမှာပါပဲ။ ဥစ္စာပစ္စည်းရှိတဲ့လူများ သိပ်ပြီး ကိုယ့်ဖို့ ကြည့်တတ်ကြတာပါပဲနော်။ အစ်မတော်ကြီးကတော့ သားတော်မောင်နဲ့အတူ မြို့စားကြီးဆီသွားပြီး အကျိုး အကြောင်းတော့ ပြောပြရမှာပဲ။ ဘယ်သူ ဘာပြောပြော မတတ်နိုင်တော့ဘူး။ ကိုယ့်သားမှာ ဒီအခြေအနေ ရောက်နေ တော့ မိခင်လုပ်တဲ့သူကလဲ ဘယ်ကြည့်နေနိုင်မလဲ ညီမတော်” မင်းသမီးကြီးသည် ထိုင်ရာမှ ထလိုက်သည်။

“ကဲ နှစ်ချက်လဲတီးပြီ။ ညီမတော်ကြီးတို့က ဆေးနာရီမှာ ထမင်းသုံးဆောင်ကြတယ် မဟုတ်လား။ အတော်ပဲ”

မင်းသမီးကြီး ဒရူဘက်စကားယားသည် အချက် ကြသည်နှင့် မိမိ၏အခွင့်အရေးကို မည်သို့မည်ပုံယူရမည်ကို ကောင်းစွာ နားလည်ကျွမ်းကျင်သော ရွှေမြို့တော်သူတစ်ဦး ဖြစ်သည့်အတိုင်း သားတော်မောင် ဘိုးရစ်စ်အား အခေါ်ခိုင်း လိုက်ပြီးနောက်ညှော့ခန်းဆောင်မှ ထွက်လာခဲ့သည်။

“သွားခွင့်ပြုပါဦး ညီမတော်”မင်းသမီးကြီး ဒရူး ဘက်စကားယားက တံခါးအပေါက်ဝအထိ လိုက်ပို့သော မြို့စားကတော်ကြီးကို နှုတ်ဆက်ပြီး သားတော်မောင် မကြားစေရန်အတွက် အနီးသို့ကပ်ကာ လေသံဖြင့် “အစ်မ တော်ကြီးရဲ့ကိစ္စသာ ချောချောမောမော ဖြစ်အောင် ဆုတောင်းပေးတော့” ဟု ပြောလိုက်သည်။

“အစ်မတော်၊ မြို့စားကြီး ဘီဇူးကော့ဗ် စံအိမ်တော် ဘက် ရောက်ဦးမလား”

မြို့စားကြီး ရော့စတော့ဗ်က ထမင်းစားခန်းမ ဆောင်မှ ထွက်လာကာ မင်းသမီးကြီး ဒရူးဘက်စကားယား ကို မေးလိုက်သည်။

“မြို့စားကြီး သက်သာလို့ရှိရင် ကျုပ်ဆီ ညစာသုံး ဆောင်လှည့်ပါလို့ ပီယာကို ပြောလိုက်ပါဗျာ။ ပီယာက ကျုပ်တို့အိမ်ဆိုရင် ကလေးတွေနဲ့ ကလိုက် ခုန်လိုက်လုပ် ရလို့ သိပ်ပျော်တာ။ ကျုပ်က ဖိတ်ပါတယ်လို့ ဆက်ဆက် ပြောလိုက်ပါနော် အစ်မတော်ကြီး။ နာမည်ကျော် စားတော် ကဲကြီး အထူးချက်ထားတဲ့ ဟင်းလျာများကို စားရတာ ပဗျာ။ ကျုပ်စားတော်ကဲရဲ့ အဆိုကတော့ ရှေးတုန်းက မြို့စားကြီး ဩလော့ဗ်တောင် ဒီလောက်ကောင်းတဲ့ ညစာ စားပွဲမျိုးကို မတည်ခင်းဖူးသေးဘူးလို့ ဆိုသဗျ”

## အခန်း ၁၅

“သား၊ လူလေး”

မင်းသမီးကြီးဒရူဘက်စကားယားသည် မြို့စား ကတော်ကြီး ရော့စတော့ဗ်၏ ကရထားကြီးထဲတွင် မျက်နှာ ချင်းဆိုင်၍ ထိုင်လိုက်လာသော သားဖြစ်သူ ဘိုးရစ်စ်ကို ခေါ်လိုက်သည်။ ကရထားကြီးသည် ကောက်ရိုးခင်းထား သော လမ်းမတစ်လျှောက် မောင်းလာခဲ့ပြီး မင်းသားကြီး ဘီဇူးကော့ဗ်၏ ကျယ်ပြန့်သော စံအိမ်တော်ဝင်းထဲသို့ ချိုးဝင်လိုက်သည်။

“သားရေ၊ ဟိုကျရင် မြို့စားကြီးကို အရေးယူဂရု စိုက်ကြောင်းပြနော်။ မြို့စားကြီးက သားရဲ့ ခရစ်ယာန် သာသနာ့ဒါယကာဆိုလဲ ဟုတ်တာပဲ။ သားရဲ့ နောင် ရေးဟာ မြို့စားကြီးအပေါ်မှာ တည်တယ်။ အေးလေ ဒါတွေ သားကို အထူးသွန်သင်နေဖို့ မလိုပါဘူး။ ဟိုကျ ရင်သာ ကျိုးကျိုးနွံနွံ ဆက်ဆံနော်။ ဟုတ်လား”

မင်းသမီးကြီးသည် လက်ကို အင်္ကျီဝတ်ရုံထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်လိုက်ပြီးနောက် သား၏လက်ကို ယုယစွာ ကိုင်တွယ်၍ ပြောလိုက်၏။

"ကျိုးနွံလို့ အကျိုးရှိရင်လဲ အထိုက်အလျောက် ကျိုးနွံရတာပေါ့ မေမေ" ဘိုးရစ်စ်က စိတ်မပါတပါ ပြောလိုက်သည်။ "မေမေ့အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်ဆိုတာ ကတိပေးပါတယ်"

အိမ်တော်စေသူငယ်တစ်ဦးသည် ဆင်ဝင်ဝတွင် ရပ်လျက်ရှိသော ကရထားကို မြင်သော်လည်း (တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ ဆင်ဝင်မှန်ခန်းဆောင်ထဲသို့ ဝင်လာသော) သားနှင့်အမိကို သေချာစွာကြည့်ရှု အကဲခတ်လျက် မင်းသမီးကြီး ဒရူဘက်စကားယား၏ ဟောင်းနွမ်းလုပြီဖြစ်သော ဝတ်ရုံကြီးကို အထူးအာရုံစိုက်ကာ မည်သည့်ကိစ္စဖြင့် လာရောက်ကြောင်းကို မေးမြန်းလျက်ရှိ၏။ မင်းသမီးကြီး ဒရူဘက်စကားယားက မြို့စားကြီး ဘီဇူးကော့ဗ်အား တွေ့လိုကြောင်း ပြောလိုက်သည်တွင် မြို့စားကြီး၏ ရောဂါမှာ အခြေအနေဆိုးသဖြင့် မည်သူ့ကိုမျှ တွေ့ခွင့်ပြုမည် မဟုတ်ကြောင်းဖြင့် ပြန်လည်ပြောဆိုလျက် ရှိလေသည်။

"ဒီလိုဆိုရင်လဲ ပြန်ကြရုံပေါ့"ဟု ဘိုးရစ်စ်က ပြင်သစ်လို လှမ်းပြောလိုက်သည်။

"ခဏနေပါဦးကွယ်"

မင်းသမီးကြီး ဒရူဘက်စကားယားက ဘိုးရစ်စ်ကို စိတ်ဆိုးပြေအောင် ပြုသည့်အနေဖြင့် ဘိုးရစ်စ်၏ လက်မောင်းကို ဖမ်းဆုပ်၍ ပြောလိုက်သည်။ ဘိုးရစ်စ်ကား နောက်ထပ်မည်သို့မျှ မပြောတော့ချေ။ သို့ရာတွင် ဝတ်ရုံကို မချွတ်သေးဘဲ မိခင်မင်းသမီးကြီး ဒရူဘက်စကားယား၏ အရိပ်အကဲကိုသာ စောင့်ကြည့်နေသည်။

"ဟုတ်ပါတယ် သူငယ်။ မြို့စားကြီးတော်တော် မကျန်းမမာ ဖြစ်နေတယ်ဆိုတာ သိပါတယ်။ ဒါကြောင့်မို့ လာမေးတာပါ။ ပြီးတော့ ဒေါ်ဒေါ်ကြီးတို့က မြို့စားကြီးရဲ့ ဆွေမျိုးထဲကပါ။ မြို့စားကြီးကို ဘာမှ အနှောင့်အယှက် မဖြစ်စေရပါဘူး။ မင်းသားကြီး ဗာစီလီကိုလဲ တွေ့ချင်ပါတယ်။ ကိုယ်တော်ကြီးက ဒီမှာပဲ စံနေတော်မူတယ် မဟုတ်လား။ တစ်ဆိတ်အကြောင်းကြားပေးပါကွယ်၊ ဟုတ်လား"

မင်းသမီးကြီး၏အသံမှာ အလွန်အမင်း ချိုသာနူးညံ့နေသည်။ အိမ်တော်စေသူငယ်သည် ခေါင်းလောင်းကို ဆွဲလိုက်ပြီး လှည့်၍ ဝင်သွားလေသည်။

"မင်းသမီးကြီး ဒရူဘက်စကားယားက ဗာစီလီ ကိုယ်တော်ကြီးကို တွေ့ခွင့်တောင်းနေပါတယ်"

အိမ်တော်စေသူငယ်က အပေါ်ထပ်မှ အပြေးဆင်းလာပြီး ခုလတ်တွင် ရပ်နေသည့် ဒူးကျပ်ဘောင်းဘီ၊ ပျံလွှားတောင်ဝတ်ရုံနှင့် ခြေနင်းစီးထားသည့် အဆောင်ကိုင်တစ်ဦးကို လှမ်းပြောလိုက်သည်။

မင်းသမီးကြီး ဒရူဘက်စကားယားသည် ခန်းမဆောင်ထဲရှိ အီတလီပြည်လုပ် မှန်ရှေ့တွင် ရပ်၍ တွန့်ကြေနေသော ဆေးဆိုးပြီးဖြစ်သည့် ဝတ်စုံကို ပြင်ဆင်လိုက်ကာ ပါးနေပြီဖြစ်သော ဖိနပ်ကိုစီးလျက် ကော်ဇာခင်းထားသော လှေကားများအတိုင်း ခပ်သုတ်သုတ် တက်သွားလေသည်။

"မေမေ ပြောတဲ့အတိုင်း ကျိုးနွံဟန် ပြနော်"

မင်းသမီးကြီး ဒရူးဘက်စကားယားက သားကို လှမ်းပြောလိုက်သည်။ ဘိုးရစ်စ်သည် မျက်လွှာကို အောက်သို့ချကာ တိတ်ဆိတ်ငြိမ်သက်စွာ နောက်မှ လိုက်သွား၏။ ၎င်းတို့နှစ်ဦးသည် ခန်းမဆောင်ကြီးတစ်ခုထဲသို့ဝင်ခဲ့ကြသည်။ မင်းသားကြီး ဗာစီလီနေသောအခန်းသို့ ထိုခန်းမဆောင်ကြီးထဲမှ ဖြတ်၍ သွားရလေသည်။

သားအမိနှစ်ယောက်သည် အခန်းအသွယ်သွယ်ဆီသို့ သွားသောတံခါးပေါက်များအနက် မည်သည့်တံခါးမှ ထွက်၍ မင်းသားကြီးဗာစီလီနေသော အခန်းသို့ သွားရမည် မသိဘဲ၊ ခန်းမကြီးအလယ်ကောင်တွင် ယောင်လည်လည် ဖြစ်ကာရှိနေကြလျက် ရုတ်တရက် ဘွားခနဲပေါ်လာသော သူငယ်တော် တစ်ယောက်အား မေးမြန်းမည် ပြုစဉ်မှာပင် တံခါးတစ်ခုမှ ကြေးလက်ကိုင်ဘုကလေးတစ်ခု လည်သွားကာ အခန်းထဲမှ ထွက်လာသော မင်းသားကြီး ဗာစီလီကို တွေ့မြင် လိုက်ရလေသည်။ မင်းသားကြီး ဗာစီလီသည် အိမ်တွင် နေ့စဉ်ဝတ်လေ့ရှိသည့်အတိုင်း ရင်ဘတ်ပေါ်တွင် ကြယ်တစ်လုံးတပ်ထားသော ကတ္တီပါဝတ်စုံကို ဝတ်ထားပြီးဆံပင်နက်နက်နှင့် ရုပ်ရည်ကြည်လင်သန့်ရှင်းသည့် လူတစ်ယောက်ကို နှုတ်ဆက်လျက် ရှိပေသည်။ ထိုသူမှာ ပီတာစဘတ် ရွှေမြို့တော်မှ နာမည်ကျော်ကြားသော သမားတော်ကြီး လောရိန်းဖြစ်လေသည်။

"ဒါဖြင့် စိတ်ချရပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မှားသော ရှေ့နေ၊ မသေသော ဆေးသမားလို့ စကားပုံရှိတာပဲ ကိုယ်တော်ကြီးရဲ့။ ဒါပေမဲ့"

သမားတော်ကြီးက လက်တင်စကားလုံးများကို သံဝဲဝဲဖြင့် ပြောလိုက်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျုပ် နားလည်ပြီ"

မင်းသမီးကြီး ဒရှုဘက်စကားယားနှင့် သား ကို မြင်လိုက်သည့်အခါတွင် မင်းသားကြီး ဗာစီလီ သမားတော်ကြီးကို ဦးညွှတ်၍ နှုတ်ဆက်ပြီးနောက် သောအကြည့်ဖြင့် ကြည့်ကာ ၎င်းတို့ အနားသို့ ရှာ လျှောက်လာ၏။ သားဖြစ်သူ ဘိုးရစ်စ်သည် မင်းသမီးကြီး ဒရှုဘက်စကားယား၏ မျက်နှာပေါ် အလွန်အမင်း ဝမ်းနည်းသည့် အရိပ်အယောင်များ ယှက်သန်းသွားသည်ကို သတိထားလိုက် သည့်အတွက် မသိမသာ ပြုံးလိုက်မိသည်။

"ခုလို ဝမ်းနည်းစရာကောင်းတဲ့ အချိန်မျိုးမှာ ကြီးနဲ့လာပြီး ဆုံရပြန်ပြီနော်မောင်တော်ကြီး။ ရောဂါကော ဘယ်နှယ့်နေပါသေးသလဲ" မင်း ဒရှုဘက်စကားယားက မိမိအား မနှစ်သက်သကဲ့ စိမ်း ကြည့်နေသော မင်းသားကြီး ဗာစီလီ၏ တို့ သတိမထားမိဟန်ဖြင့် မေးလိုက်သည်။

မင်းသားကြီး ဗာစီလီသည် မင်းသမီးကြီး ဒရှုဘက် ကို စိုက်ကြည့်လျက်ရှိပြီး ဘိုးရစ်စ်အားလည်း လို ကြည့်နေသည်။ ဘိုးရစ်စ်က ရိုသေစွာ နှုတ်ဆက်လိုက်၏။ မင်းသားကြီး ဗာစီလီသည် ရိုသေစွာဦးညွှတ်နှုတ်ဆက်လိုက်ခြင်းကို မမြင် ပြီးနောက် မင်းသမီးကြီး ဒရှုဘက်စကားယား ည်ကာ လူနာမှာ များစွာမျှော်လင့်ချက် မရှိ ကို သက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။

"ဒီ ဖြစ်မှဖြစ်ရလေ၊ မတော်တဆများ ကတိမ်း ဖြစ်သွားရင် မတွေးဝံ့စရာကြီးပါကလား။ သြော် အစ်မတော်ကြီးရဲ့သားလေ။ မောင်တော်ကြီး လိုက်တဲ့အတွက် မောင်တော်ကြီးကို သူကိုယ်တိုင် ကြောင်း ပြောချင်လို့ပါတဲ့"

မင်းသမီးကြီး ဒရှုဘက်စကားယားက ဘိုးရစ်စ် ထည်းထိုးပြ၍ ပြောလိုက်သည်။ ဘိုးရစ်စ်ကလည်း သိမ်မွေ့စွာပင် ကိုယ်ကို ညွှတ်၍ အရိုအသေ ပြုလိုက်သည်။

"အမေတစ်ယောက်အနေနဲ့ မောင်တော်ကြီး ပြုခဲ့တဲ့ ကျေးဇူးကိုတော့ အစ်မတော်ကြီးဖြင့် ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး"

"အစ်မတော်ကြီးရဲ့ အကျိုးကို ဆောင်ပေးရတဲ့ အတွက် ဝမ်းသာပါတယ် အစ်မတော်ကြီး" မင်းသားကြီး ဗာစီလီက အင်္ကျီဇာနားကို ဆွဲဆန့်ရင်း ပြောလိုက်၏။ မင်းသားကြီး ဗာစီလီ၏အမြင်၌ မိမိသည် မင်းသမီးကြီး ဒရှုဘက်စကားယားကို ကျေးဇူးပြုခဲ့ဖူးသည့်အလျောက် မှန်နန်းအပျိုတော်ကြီး၏ ညှော်ခံပွဲမှာတုန်းကထက်ပင် အသံအားဖြင့် လည်းကောင်း၊ အမူအရာအားဖြင့်လည်းကောင်း လွန်စွာအရေးကြီးသည့် ဟန်ကို ပြလျက်ရှိလေသည်။

"အမှုတော်ကို ကောင်းကောင်းမွန်မွန် ထမ်းရွက်ပြီး အစစအရာရာ ဆင်ခြင်လကွယ်"ဟု မင်းသားကြီး ဗာစီလီက သံပြတ်ဖြင့် ပြောလိုက်၏။

"ခုလို ရသွားတော့လဲ ဝမ်းသာစရာပေါ့။ နေပါဦး၊ မင်းခု မော်စကို ကို ခွင့်နဲ့လာတာလား"ဟု ထုံးစံအတိုင်း အသံပြတ်ပြတ်ဖြင့် မေးလိုက်ပြန်သည်။

"တပ်ရင်းသစ်ကို ပြောင်းဖို့ အမိန့်ကို စောင့်နေပါတယ် ဦးရီးတော်"

မင်းသားကြီး ဗာစီလီက ခပ်ထန်ထန်ပြောသည့်တိုင်ဘိုးရစ်စ်က ရိုသေလေးစားစွာ ပြန်ပြောလိုက်သည်။ ဘိုးရစ်စ်၏ အမူအရာမှာ နူးညံ့သိမ်မွေ့လွန်းသဖြင့် မင်းသားကြီး ဗာစီလီသည် ဘိုးရစ်စ်ကို အကဲခတ်လျက်ရှိသည်။

"ခုကော မယ်တော်ကြီးနဲ့ အတူနေသလား"

"မြို့စားကြီး ရော့စတော့ဗ်ရဲ့ အိမ်တော်မှာ နေပါတယ် ဦးရီးတော်"

"နာတာလီ ရှင်ရှာနာခဲ့ လက်ထပ်တဲ့ မြို့စားကြီး အီလျာရော့စတော့ဗ်ပါ"

မင်းသမီးကြီး ဒရှုဘက်စကားယားက ဝင်၍ ပြောလိုက်၏။

"သိပါတယ်၊ သိပါတယ်"မင်းသားကြီး ဗာစီလီက အနိမ့်အမြင့်မရှိသော ငြီးငွေ့ဖွယ်လေသံဖြင့် ဆိုသည်။ "နာတာလီယာ ဘာကြောင့်များ ဒီဝက်ဝံရိုင်းကြီးကို ယူလိုက်သလဲ မသိဘူး။ လူကတော့ တော်တော်နတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူပဲ။ ဘာမှ သုံးစားလို့ ရမယ့်လူမျိုး မဟုတ်ဘူး။ ဒီထဲ အလောင်းအစားလဲ သိပ်ဝါသနာပါတယ်ဆိုပဲ"

"စိတ်သဘောတော့ မဆိုးရှာပါဘူး မောင်တော်ကြီး"

မင်းသမီးကြီး ဒုရှုဘက်စကားယားက မရဲတရဲ ပြုံး၍ ပြောလိုက်သည်။ သို့ဖြင့် ခဏကြာ တိတ်ဆိတ်နေကြပြီးနောက် မင်းသမီးကြီး ဒုရှုဘက်စကားယားသည်လွှန်မင်းစွာ ဝမ်းနည်းကြေကွဲဟန်ဖြင့် "သမားတော်ကြီးက ဘာများပြောပါသလဲ မောင်တော်ကြီး"

"သူတို့ကတော့ သိပ်မျှော်လင့်ချက် မရှိဘူးလို့ ပြောတာပဲဗျ"

မင်းသားကြီး ဗာစီလီက ပြန်ဖြေလိုက်သည်။

"အစ်မတော်ကြီးတော့ အစ်မတော်ကြီးကိုရော ဟောဒီ ဘိုးရစ်စ်ကိုရော ကူညီစောင်မခဲ့တဲ့အတွက် ဦးရီးတော်မြို့စားကြီးကို ကျေးဇူးတင်လို့ပဲ မဆုံးနိုင်တော့ပါဘူး။ ဟောဒီဘိုးရစ်စ်ကို မြို့စားကြီးကိုယ်တိုင် ပဌင်းဒါယကာ ခံခဲ့တာလေ"

မင်းသမီးကြီး ဒရှုဘက်စကားယားက မင်းသားကြီး ဗာစီလီ အထင်ကြီး၍ သွားစေရန် ပြောလိုက်သည်။

မင်းသားကြီး ဗာစီလီသည် မျက်မှောင်ကုတ်၍ စဉ်းစားလျက်ရှိသည်။ ယင်းသို့ မျက်မှောင်ကုတ်နေသည့်အတွက် မင်းသားကြီး ဗာစီလီက မိမိတို့အား မြို့စားကြီး ဘီဇူးကော့ဗ်၏ ပစ္စည်းကို ဆက်ခံမည့် အမွေလုဖက်ဟု ထင်သွားမည် စိုးသည့်အတွက် မင်းသားကြီး ဗာစီလီ သံသယ ကင်းသွားစေရန် ချက်ချင်းဆက်၍ ပြောပြန်သည်။

"အစ်မတော်ကတော့ ဦးရီးတော်ကို တကယ်နှစ်နှစ်ကာကာ ချစ်လို့ လေးစားလို့ လာတာပါ" မင်းသမီးကြီး ဒရှုဘက်စကားယားက ပစ္စည်းကို လိုချင်၍ လာခြင်း မဟုတ်ကြောင်းကို ရှင်းလင်းသည့် အနေဖြင့် ပြောလိုက်၏။ "ဦးရီးတော်ရဲ့ စိတ်သဘောထားကို အစ်မတော် ကောင်းကောင်းကြီး သိပါတယ်။ ဦးရီးတော်ဟာ စိတ်နေစိတ်ထားလဲ မြင့်မြတ်ပါတယ်။ စိတ်သဘောလဲ ဖြောင့်ပါတယ်။ ဒါပေမဲ့ သူ့အနားမှာ တူမတော်တွေကလွဲလို့ တခြားဘက်သူမှ ထောက်ထောက်ခံခံ မရှိဘူး မဟုတ်လား။ တူမတော်တွေကလဲ ငယ်ငယ်ကလေးတွေပဲ ရှိသေးတယ်" မင်းသမီးကြီးက ရှေ့နားသို့တိုး၍ လေသံကလေးဖြင့် "နောက်ဆုံးလုပ်စရာရှိတဲ့ကိစ္စတွေ* အားလုံးပြီးစီးပါပြီလား မောင်တော်ကြီး။ ဒီအချိန်ဟာ သိပ်အဖိုးတန်ပါတယ် မောင်တော်ကြီး၊ ဒီလိုပြုဖွယ်ကိစ္စလေးတွေ ပြီးရင် ဘဝကူးကောင်းတာပေါ့လေ။ ရောဂါအခြေအနေ ဆိုးလွန်းရင်တော့ လုပ်တန်တာကို စောစောစီးစီး လုပ်ထားတာ ကောင်းမယ်လို့ ထင်ပါတယ်။ ဒီကိစ္စမျိုးတွေမှာ အစ်မတော်တို့လို မိန်းမကြီးတွေကမှ ရွတ်ဖတ်သရဇ္ဈာယ်တတ်တာဆိုတော့ ဦးရီးတော် ဝေဒနာခံစားနေရတာကို မကြည့်ရက်ပေမယ့် အစ်မတော် ဦးရီးတော်ကို နောက်ဆုံး ပြုစုလိုက်ချင်ပါတယ်။ အစ်မတော်ကတော့ သောကတွေကို ကြုံဖူးလို့ မထူးတော့ပါဘူး"

"ဒီလိုဝင်တွေ့ရင် သူ့အဖို့ သိပ်ပြီး စိတ်ထိခိုက်သွားလိမ့်မယ် ထင်တယ် အစ်မတော်။ ဒီတော့ အခြေအနေကို ညနေထိအောင် စောင့်ကြည့်ပါဦး။ သမားတော်ကြီးတွေကလဲ အခြေအနေ ဆိုးလိမ့်ဦးမယ်လို့ တွက်ထားကြတယ်"

"ဒီလောက် အရေးကြီးတဲ့ အချိန်မှာ စောင့်မနေပါရစေနဲ့ မောင်တော်ကြီးရယ်။ ခုပဲ ဝင်တွေ့လိုက်ပါရစေ။ ဦးရီးတော် ဘဝကူးကောင်းဖို့ အရေးကြီးပါတယ်။ ခရစ်ယာန် တစ်ယောက်အနေနဲ့ အစ်မတော်မှာလဲ တာဝန်ရှိပါတယ်"

ထိုအခိုက် အတွင်းဆောင် တံခါးတစ်ချပ် ရုတ်တရက်ပွင့်လာကာ မြို့စားကြီး၏ တူမတော်ဖြစ်သော မင်းသမီးကလေးတစ်ဦးသည် မသာယာသော မျက်နှာဖြင့် ထွက်လာလေသည်။ မင်းသမီးကလေး၏ တိုတောင်းသော ခြေတံများမှာ ရှည်လျားသော ခန္ဓာကိုယ်နှင့် မလိုက်အောင်ဖြစ်နေသည်။ မင်းသားကြီး ဗာစီလီသည် မင်းသမီးကလေးဘက်သို့ လှည့်လိုက်ပြီး

"ဘယ့်နှယ်နေသေးသလဲ"

"သိပ်မထူးလှပါဘူး ဦးရီးတော်။ ဒီအခြေရောက်မှတော့လဲ သိပ်မျှော်လင့်စရာ မရှိတော့ပါဘူး။ ဆူဆူညံညံ အသံတွေကလဲ"

မင်းသမီးကလေးက သူစိမ်းတစ်ရံစာကဲ့သို့ မင်းသမီးကြီး ဒရှုဘက်စကားယားကို လှမ်းကြည့်လိုက်သည်။

---

* ခရစ်ယာန်ဘာသာအရ မင်းညီမင်းသားများ နတ်ရွာစံခါနီးတွင် ဆီသုတ်လိမ်း၍ ရွတ်ဖတ်သရဇ္ဈာယ်ရသည့် ထုံးစံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တူမတော်ကို ကောင်းကောင်း မမြင်ဖူးပါဘူး" မင်းသမီးကြီး ဒရူဘက်စကားယားက မြို့စားကြီး ဘီဇူးခိုကော့ဗ်၏ တူမတော်ကို ပြုံး၍ကြည့်ရင်း ပြောလိုက်သည်။ "ဦးရီးတော်ကို ပြုစုကြတဲ့ တူမတော်တို့တစ်တွေကို ကူဖို့ သာတာကွယ်။ တူမတော်တို့လဲ တော်တော်ပင်ပန်းကြပြီ ဆင်ပါရဲ့နော်"

မင်းသမီးကလေးသည် မည်သို့မျှ ပြန်လည် ပြောဆိုခြင်းမပြု။ ပြုံးရယ်ခြင်းလည်း အလျှဉ်းမရှိဘဲ အခန်းထဲမှ သုတ်မြန်စွာ ထွက်သွားလေသည်။ မင်းသမီးကြီး ဒရူဘက်စကားယားသည် အနိုင်ရသောစစ်သူကြီးဟန်မျိုးဖြင့် လက်အိတ်များကို ချွတ်၍ ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်လိုက်ကာ မင်းသားကြီး ဗာစီလီကို ၎င်း၏ဘေးတွင် လာရောက်ထိုင် ရန်ပင် ဖိတ်မန္တကပြုနေပြန်သည်။ အတန်ကြာမှ ဘိုးရစ်စ် ဘက်သို့လှည့်လျက်

"ကဲ–သားရေ။ မေမေတော့ ဦးရီးတော် မြို့စားကြီး ကို ဝင်ကြည့်လိုက်ဦးမယ်။ သားက ပီယာနဲ့ သွားတွေ့ချေ ကွယ်။ မြို့စားကြီး ရော့စတော့ဗ်က ထမင်းသုံးဆောင်ဖို့ ဖိတ်လိုက်တဲ့အကြောင်းကိုလဲ ဆက်ဆက်ပြောခဲ့နော်။ ပီယာကတော့ သွားမှာမဟုတ်ဘူး ထင်ပါတယ်"ဟု မင်းသားကြီး ဗာစီလီကို လှည့်၍ ပြောလိုက်သည်။

"အို ဒီသူငယ်က သွားချင်သွားမှာပါ။ လုပ်ချင်ရာ လုပ်နေတဲ့သူငယ်ပဲ။ ဒီသူငယ်ကြောင့် ကျုပ်မလဲ တစ်မှောင့် ပဲ။ ကြည့်လေ ခုအိမ်မှာသာ နေတယ်၊ အဖေမြို့စားကြီး ဆီကို တစ်ခေါက်လာမေးဖော်မရဘူး။ ဖအေမြို့စားကြီး ကလဲ သူ့အကြောင်းကို တစ်ခွင်းတစ်ဖါဒမှ မဟဘူး"

မင်းသားကြီး ဗာစီလီက ပခုံးကို တွန့်လိုက်သည်။ အဆောင်ကိုင်တစ်ယောက်သည် ဘိုးရစ်စ်အား လှေကား တစ်ခုအတိုင်း ဆင်းစေ၍ ထိုမှတစ်ဖန် နောက် လှေကား တစ်ခုအတိုင်း ပီယာ၏ ခန်းမဆောင်ဆီသို့ ခေါ်သွားလေသည်။

## အခန်း ၁၆

ပီယာသည် မိမိ၏ကြီးပွားလမ်းကို ရွေးချယ်ရန် ပီတာစဘတ် မြို့တော်သို့ ရောက်လာခဲ့ခြင်းဖြစ်သော်လည်း ပီတာစဘတ် ရွှေမြို့တော်တွင် သောင်းကျန်း ရမ်းကားလွန်းလှ သောကြောင့် နယ်နှင်ခံရကာ မော်စကိုမြို့သို့ ပြန်ရောက် လာခဲ့လေသည်။ မြို့စားကြီး ရော့စတော့ဗ်၏အိမ်၌ ပြောဆို လျက်ရှိသည့် ပီယာတို့ လူသိုက်၏အကြောင်းမှာ တကယ် အမှန်ပင် ဖြစ်လေသည်။ ရွှေမြို့တော် ရဲအမှုထမ်းတစ်ဦး ကို ဝက်ဝံနှင့်ပူး၍ချည်ကာ ကျုံးထဲသို့ပစ်ချခဲ့ရာ၌ ပီယာ လည်း အပါအဝင်ဖြစ်လေသည်။ ဤသို့ဖြင့် ပီယာသည် မော်စကို မြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် ဖခင်မြို့စားကြီး ဘီဇူးကော့ဗ်၏ စံအိမ်တော်တွင် နေထိုင်လျက်ရှိလေသည်။ ယခုအချိန်၌ မိမိ၏ သတင်းဆိုးများမှာ မော်စကိုမြို့တွင် ဟိုးလေး တကျော်ဖြစ်လျက် ရှိလိမ့်မည်ဟုလည်းကောင်း၊ ဖခင်မြို့စားကြီး ဘီဇူးကော့ဗ်နှင့် အမြဲနေထိုင်၍ မိမိအား မည်သည့်အခါမျှ မျက်နှာသာမပေးခဲ့သော ဝမ်းကွဲအစ်မ တော်များသည် ထိုသတင်းဆိုးများကို အကျယ်ချဲ့ကာ ဖခင်မြို့စားကြီး ဘီဇူးကော့ဗ်နားသို့ရောက်အောင် လုပ်ပြီး သား ဖြစ်လိမ့်မည်ဟုလည်းကောင်း သိထားသော်လည်း ပီယာသည် ရောက်သည့်နေ့မှာပင် စံအိမ်တော်ရှိ ဖခင်မြို့စား ကြီး ဘီဇူးကော့ဗ် နေထိုင်လျက်ရှိသည့် အဆောင်ဘက်သို့ ကူးလာခဲ့လေသည်။ ဝမ်းကွဲအစ်မတော်များ ရှိတတ်သော ဧည့်ခန်းဆောင်ထဲသို့ ဝင်လိုက်မိသည်နှင့် ပီယာသည် ဝမ်းကွဲအစ်မတော်များကို နှုတ်ဆက်လိုက်သည်။ ၎င်းတို့ အနက် နှစ်ယောက်မှာ ကတ္တီပါ မှီအုံးစွပ်များကို ငွေချည် ထိုးလျက်ရှိကာ တတိယတစ်ယောက်မှာ အသံထွက်၍ စာဖတ်လျက်ရှိ၏။ စာဖတ်နေသူကား ခပ်စောစောက မင်းသမီးကြီး ဒရူဘက်စကားယားကို ထွက်၍ စကားပြော သည့်ပထမမင်းသမီးကြီး ဖြစ်လေသည်။ ငွေချည်ထိုးနေကြ သူများမှာအငယ်မ နှစ်ယောက်ဖြစ်သည်။ အငယ်မနှစ် ယောက်စလုံးမှာ နှင်းဆီသွေးစို့၍ လှပချောမောကြသည် ချည်းပင် ဖြစ်လေသည်။ ၎င်းတို့နှစ်ယောက်အနက် တစ်ယောက်မှာ စံပယ်တင်မဲ့ကလေးရှိ၍ ပို၍ လှပသည် ဟုပင် ထင်ရသေးသည်။ ပီယာကို မြင်သည့်အခါ၌ ၎င်းတို့အားလုံးသည် ပီယာအား အလောင်းကောင်တစ် ကောင်ကဲ့သို့လည်းကောင်း၊ အနာအရွဲတစ်ကောင်ကဲ့သို့ လည်းကောင်း ခပ်ဖယ်ဖယ်လုပ်နေကြသည်။ ပထမ မင်းသမီးကြီးသည် စာဖတ်ခြင်းကို ရပ်၍ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပီယာကို လှမ်းကြည့်လိုက်သည်။ ဒုတိယ မင်းသမီးကလည်း ခပ်စိမ်းစိမ်း ကြည့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့အနက် အသွက်ဆုံးဖြစ်သည့် စံပယ်တင်မဲ့ကလေး ပါသော တတိယမင်းသမီးကမူ ပီယာရောက်လာလျှင် အချိုးမကျသည့်အရာတွေကို တွေ့ရတော့မည်ဟူသော သဘောဖြင့် ထိုးလက်စ ငွေချည် ပန်းထိုးခွေကိုကွယ်၍ ပြုံးလိုက်လေသည်။ ထိုနောက် ပန်းထိုးခွေတွင် ကြက်ထား သောကတ္တီပါစပေါ်၌ ငွေချည်ထိုးဟန်ပြုလုပ်၍ ရယ်လျက် ရှိလေသည်။

"အစ်မတော်တို့ နေကောင်းကြရဲ့နော်။ ကျွန်တော့်ကို မှတ်မိကြသေးရဲ့ မဟုတ်လား"

"မှတ်မိပါသရှင်၊ မှတ်မိပါတယ်"

"မြို့စားကြီး ရောဂါ ဘယ့်နှယ်နေသေးသလဲဗျ။ ကျွန်တော် ဝင်တွေ့နိုင်မလား" ပီယာက ထုံးစံအတိုင်း ခွကျကျ မေးလိုက်သည်။ မျက်နှာထားကား ခပ်တည်တည် ပင်။

"ဦးရီးတော်တော့ စိတ်ထောင်းကိုယ်ကြေပဲ ဆိုပါတော့။ ဒီလောက်စိတ်ထိခိုက်အောင် ညှဉ်းဆဲရရင်လဲ တော်လောက်ရောပေါ့"

"ကျွန်တော် မြို့စားကြီးကို တွေ့နိုင်မလား ဆိုတာသာ သိချင်ပါတယ်"

"သဘောပဲလေ။ ဦးရီးတော် မြန်မြန်ကံတော်ကုန် စေချင်တယ်ဆိုရင် သွားပေါ့။ အော်လဂါ၊ ဦးရီးတော် အတွက် အမဲပြုတ်ရည် အဆင်သင့် ဖြစ်ပလား။ သွားကြည့်ချည်စမ်း"

ပထမ မင်းသမီးကြီးက မိမိတို့မှာ မြို့စားကြီးအား ပြုစုခြင်းဖြင့် အလုပ်များနေသလောက် ပီယာမှာ မြို့စားကြီး အား စိတ်အနှောင့်အယှက် ပေးခြင်းဖြင့် အချိန်ကုန်လျက် ရှိသည်ဟူသော သဘောပေါက်အောင် ပီယာရှေ့တွင် ခိုင်းလိုက်၏။

အော်လဂါသည် စားဖိုဆောင်ဘက်သို့ ထွက်သွားလေသည်။ ပီယာသည် ဝမ်းကွဲအစ်မတော်များကို စိုက်ကြည့် လိုက်ပြီးနောက် ဦးညွတ်လိုက်ပြီး

"သြော် ဒီလိုလား၊ ဒီလိုဆိုလဲ နေပါစေလေ။ ကျွန်တော် အဆောင်မှာပဲ ကျွန်တော်နေပါ့မယ်။ တွေ့ရမယ် ဆိုရင်သာ ကျွန်တော့်ကို အကြောင်းကြားပါ"

ပီယာသည် ဧည့်ခန်းဆောင်ထဲမှ ထွက်လာခဲ့လေ သည်။ စံပယ်တင်မဲ့နှင့် အစ်မတော်သည် ခပ်အုပ်အုပ်ရယ်၍ ကျန်ရစ်ခဲ့လေသည်။

နောက်တစ်နေ့၌ကား မင်းသားကြီးဗာစီလီ ရောက်ရှိလာကာ မြို့စားကြီး ဘီဇူးကော့ဗ်၏စံအိမ်တွင် နေထိုင်လေသည်။ မင်းသားကြီး ဗာစီလီသည် ပီယာကို အခေါ်လွှတ်လိုက်ပြီးနောက်

"ကဲ တူတော်မောင်၊ ပီတာစဘတ်ရွှေမြို့တော်မှာ နေတဲ့ အချိုးမျိုး အတိုင်းသာ ဒီမှာနေရင်တော့ တူတော် မောင် အဆိုးနဲ့ အဆုံးသတ်ရလိမ့်မယ်။ ကျုပ်ကတော့ ဒါပဲပြောချင်တယ်။ မြို့စားကြီးဟာ အလွန့်အလွန်ကို နာမကျန်းဖြစ်နေတယ်။ ဒါကြောင့်မို့ တူတော်မောင် တွေ့လို့တော့ မဖြစ်ပေဘူး"

ထိုအခါကျမှ ပီယာမှာ အေးအေးဆေးဆေး နေရ တော့ကာ အပေါ်ထပ်ရှိ မိမိအဆောင်ထဲတွင်သာ အောင်း နေခဲ့လေသည်။

မိမိ၏ခန်းဆောင်အဝသို့ ဘိုးရစ်စ် ရောက်လာသည့် အချိန်၌ ပီယာမှာ ခန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် တစ်ချီတစ်ချီ၌ ခန်းဆောင်ထောင့်တွင် ရပ်ကာ နံရံကြီးကို မျက်မှန်ပေါ်မှ ကျော်၍ စိမ်းစိမ်းဝါးဝါး ကြည့်ပြီး ရန်သူကို ထိုးခုတ်တော့မည့်ဟန်မျိုးဖြင့် တအား ရွယ်လိုက်သည်။ တစ်ဖန် ပြန်လျှောက်လာကာ ပခုံးကို တွန့်ရင်း လက်ဟန်ခြေဟန်ဖြင့် တစ်ယောက်တည်း စကားပြောလျက် ရှိလေသည်။

"သွားပြီ။ အင်္ဂလိပ်ရဲ့ ခေတ်ဟာ ကုန်ပြီ" ပီယာ သည် မျက်မှောင်ကြီးကုတ်ကာ လက်ညှိုးကို တန်းနေအောင် ထိုးလိုက်သည်။ "အမျိုးနဲ့ လူ၏လွတ်လပ်ခွင့်ကို သစ္စာ ဖောက်သော အင်္ဂလိပ်နန်းရင်းဝန်ကြီး မစ္စတာပစ်ကို ပြစ်ဒဏ်စီရင်တဲ့ အနေနဲ့"

ဤသို့ဖြင့် ပီယာသည် မိမိကိုယ်ကို မိမိ နပိုလီယန် သဏ္ဌာန်လုပ်ကာ စိတ်ကူးဖြင့် ဒိုဗာရေလက်ကြားကို သက်စွန့်ဆံဖျား ဖြတ်ကူးပြီးနောက် လန်ဒန်ရွှေမြို့တော်ကို သိမ်းပိုက်၍ အင်္ဂလိပ်နန်းရင်းဝန်ကြီး ဝီလျံပစ်ကို ပြစ်ဒဏ် ပေးလျက် ရှိသည်။ ဤသို့ အင်္ဂလိပ်နန်းရင်းဝန်ကြီး ဝီလျံပစ်ကို ပြစ်ဒဏ်ပေး၍ မပြီးစီးသေးမီ မိမိ၏ ခန်းမ ဆောင်ထဲသို့ အရပ်ထောင်ထောင်မောင်းမောင်း ရုပ်ရည် သန့်ရှင်းသည့် စစ်ဗိုလ်ကလေးတစ်ဦး ဝင်ရောက်လာသည် ကို မြင်လိုက်သည့်အတွက် ရပ်တန့်သွားသည်။ မော်စကိုမှ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသို့ ပီယာ ပညာသင်ထွက်သွားချိန်၌ ဘိုးရစ်စ်မှာ အသက်ဆယ့်လေးနှစ်မျှသာ ရှိသေးသဖြင့် ပီယာမှာဘိုးရစ်စ်ကို မေ့နေလေပြီ။ သို့ရာတွင် ရင်းနှီး လှိုက်လှဲစွာဆက်ဆံလေ့ရှိသော ၎င်း၏စရိုက်အတိုင်း ပီယာသည် ရင်းနှီးစွာပြုံးကာ ဘိုးရစ်စ်၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"ကျွန်တော့်ကို မှတ်မိပါသေးသလား နောင်တော်" ဘိုးရစ်စ်က ချိုသာသော အပြုံးဖြင့် ခပ်အေးအေး မေးလိုက်သည်။ "ဦးရီးတော် မြို့စားကြီးကိုတွေ့ဖို့ မေမေနဲ့ လိုက်လာတာပါ။ ဒါပေမဲ့ ဦးရီးတော် မြို့စားကြီး အတော်နာမကျန်းဖြစ်နေပုံ ရပါတယ်"

"ဩော် ဟုတ်တယ်ဗျ။ တော်တော်လေးနာမကျန်းဖြစ်နေပုံရတယ်။ အဘိုးကြီးလဲ လူတွေ ဝိုင်းနှိပ်စက်ကြတာနဲ့ လဲပြီ ထင်ပါရဲ့" ပီယာက မည်သူမည်ဝါဖြစ်လေမည်နည်းဟု စဉ်းစားရာမှ ပြန်၍ ဖြေလိုက်သည်။

ဘိုးရစ်စ်သည် မိမိအား ပီယာက ကောင်းစွာ မှတ်မိခြင်း မရှိသည်ကို သတိပြုမိသော်လည်း မိမိမည်သူမည်ဝါဖြစ်ကြောင်းကို ထုတ်ဖော်ရန် မသင့်ဟု ယူဆကာ ဘာမျှမပြောဘဲ ပီယာကိုသာ ကြည့်နေလေသည်။

"မြို့စားကြီး ရော့စတော့ဗ်က ဒီနေ့ညနေ ညစာလာစားဖို့နောင်တော်ကို ဖိတ်ကြားလိုက်ပါတယ်" ဘိုးရစ်စ်က အတန်ကြာ တိတ်ဆိတ်နေရာမှ ပြောလိုက်သည်။

"ဩော် ဦးရီးတော် မြို့စားကြီးရော့စတော့ဗ်က ဖိတ်လိုက်သလား။ အေးဗျာ ကျေးဇူးတင်ပါတယ်" ပီယာက ဝမ်းသာအားရ ပြောလိုက်သည်။ "လက်စသတ်တော့ ကျုပ်ညီက မြို့စားကြီး ရော့စတော့ဗ်ရဲ့သား အီလျာကိုးဗျ။ ကြည့်စမ်း၊ ကျွန်တော် ရုတ်တရက်မမှတ်မိဘူးဗျာ။ ခင်ဗျား မှတ်မိသေးလား။ ငယ်ငယ်တုန်းက ကျွန်တော်တို့တစ်တွေ မဒမ်ဂျက်ကော့နဲ့ "စာကလေး တောင်"ကို အလည်သွားကြတာလေ။ အဲဒီတုန်းကတော့ တယ်ပျော်စရာ ကောင်းတာကိုး"

"နောင်တော် လူမှားနေပြီ ထင်ပါတယ်" ဘိုးရစ်စ်က ခပ်ပြုံးပြုံးပြောလိုက်၏။ "ကျွန်တော်က မင်းသမီးကြီး ဒရူဘက်စကားယားရဲ့သား ဘိုးရစ်စ်ပါ။ မြို့စားကြီး ရော့စတော့ဗ်ရဲ့ သားကလဲ အီလျာရော့စတော့ဗ် မဟုတ်ပါဘူး။ နီကိုလေရော့စတော့ဗ်ပါ။ အီလျာရော့စတော့ဗ်ဆိုတာက မြို့စားကြီးရဲ့ နာမည်ပါ။ မဒမ်ဂျက်ကော့ဆိုတာကိုလဲ ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါဘူး"

ပီယာ၏ ကိုယ်သည် ပျားတုတ်ခံလိုက်ရသကဲ့သို့ ဆတ်ခနဲ တွန့်သွား၏။

"အို ကြည့်စမ်းဗျာ။ ကျွန်တော်ပြောတာတွေ တစ်လွဲချည်းပါပဲလား။ အေးဗျာ မော်စကိုတစ်မြို့လုံး ဆွေမျိုးသားချင်းတွေ များလွန်းတော့ ကျွန်တော်လဲ ထွေးကုန်ပြီ။ လက်စသတ်တော့ ခင်ဗျားက ဘိုးရစ်စ်ကိုး။ ဟုတ်ပြီ၊ဟုတ်ပြီ။ ကျွန်တော်မှတ်မိပြီ။ ဒါထက် နေစမ်းပါဦးဗျ။ ဘိုလုံးတိုက်ပွဲနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လိုသဘောရသလဲ။ ကျွန်တော့်အထင်တော့ နပိုလီယန်က အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကူးရင် အင်္ဂလိပ်တော့ လှလှကြီး ခံရလိမ့်မယ် ထင်တယ်ဗျ။ ဘိုလုံးတိုက်ပွဲမှာလဲ နပိုလီယန်ပဲ အောင်ပွဲခံလိမ့်မယ် ထင်တယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ၊ ပြင်သစ်ရေတပ်ဗိုလ်ချုပ်ကြီး ဗီလီနယူဗီကြောင့် အကြာကြီး တိုက်နေရရင်တော့ အင်္ဂလိပ်အဖို့ နည်းနည်းအသက်ရှူချောင် သွားတာပေါ့"

ဘိုးရစ်စ်သည် ဘိုလုံးတိုက်ပွဲအကြောင်းကို ဘာမှ မသိချေ၊ စစ်ရေးစစ်ရာ ပြန်တမ်းတော်များကိုလည်း ဖတ်မိသူ မဟုတ်ချေ။ ဗီလီနယူဗီဆိုသည့် အမည်ကိုပင် ယခုမှ ကြားဖူးခြင်း ဖြစ်လေသည်။

"ကျွန်တော်တို့ မော်စကိုမှာတော့ တိုင်ရေးပြည်ရေးထက် မင်းပွဲသဘင်တွေ၊ ပုဂ္ဂိုလ်ရေးရာတွေ လောက်ကိုသာ အရေးထားကြပါတယ်" ဘိုးရစ်စ်က ခပ်လျှောင်လျှောင်ကလေးပြောလိုက်၏။ "ဒီတော့ ကျွန်တော် ဒီကိစ္စတွေကို ဘာမှ မသိပါဘူး။ မစဉ်းလဲ မစဉ်းစားမိခဲ့ပါဘူး။ မော်စကိုတစ်မြို့လုံးဟာ အတင်းအဖျင်းပြောတဲ့ ကိစ္စနဲ့ပဲ အချိန်ကုန်နေတယ်လို့ ထင်ပါတယ်။ ခုတော့ နောင်တော်နဲ့ နောင်တော့်ဖခင် မြို့စားကြီးတို့အကြောင်းကိုပဲ ပြောနေသံကြားရပါတယ်"

ပီယာသည် ၎င်း၏စရိုက်အတိုင်း ရိုးသားစွာ ပြုံးလိုက်သည်။ ဘိုးရစ်စ် စကားမှားသွားမည်ကိုလည်း ကြားထဲက စိုးရိမ်နေလေသည်။ ဘိုးရစ်စ်ကမူကား ပီယာအား စူးစိုက်ကြည့်ကာ တစ်လုံးချင်း လေးလေးကြီး ပြောလျက်ရှိလေသည်။

"မော်စကိုမြို့သူမြို့သားတွေမှာ အတင်းအဖျင်း ပြောစရာ အလုပ်ကလွဲလို့ တခြားဘာအလုပ်မှ မရှိကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ခုပဲကြည့်လေ၊ မြို့စားကြီးမှ ကံတော်မကုန်သေးဘူး။ မြို့စားကြီးရဲ့ အမွေတွေကို ဘယ်သူ ဆက်ခံမလဲဆိုတာကို တဖွဖွ ပြောနေကြပြီ။ တကယ်တော့ ကျွန်တော်တို့က တောင် မြို့စားကြီးထက် အရင် သေချင်သေမှာ”

“ဟုတ်တယ်ဗျာ၊ သိပ်စိတ်ပျက်စရာ ကောင်းတာပဲ” ပီယာက ကြားဖြတ်ပြောလိုက်၏။

ပီယာသည် ဘိုးရစ်စ် စကားများ၍ ပြောမိမည်ကို ကြားထဲက စိုးရိမ်လျက်ပင် ရှိသေး၏။

“နောင်တော့်ဘက်ကနေ ကြည့်ရင် မြို့စားကြီးရဲ့ အမွေတွေကို လိုချင်တဲ့ လူတွေဟာ ဝိုင်းဝိုင်းလည်နေကြတာပဲလို့ ထင်စရာပဲ ခင်ဗျ။ မဟုတ်ဘူးလား ခင်ဗျ” ဘိုးရစ်စ်က မျက်နှာတွင် ရက်သေးဖြာလျက် ရှိရာမှ ပြောလိုက်၏။ ၎င်း၏အသံနှင့် အမူအရာကား ခပ်တည်တည်ပင်။

‘ဟုတ်ပေသားပဲ’ဟု ပီယာတွေးမိ၏။

“ဒီတော့ နောင်တော် အထင်မလွဲအောင် ကျွန်တော်တစ်ခုတော့ ပြောချင်တယ် ခင်ဗျ။ ကျွန်တော်နဲ့ ကျွန်တော့်မယ်တော်ကြီးဟာ အဲဒီလို အမွေလိုချင်တဲ့ လူတွေထဲကလို့ နောင်တော်ယူဆရင်တော့ နောင်တော် အမှားကြီး မှားလိမ့်မယ်ခင်ဗျ။ ကျွန်တော်တို့ဟာ ဆင်းရဲနွမ်းပါးပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ကို ဦးရီးတော် မြို့စားကြီးနဲ့ ဆွေမျိုးတော်တယ်လို့တောင် မယူဆဘူးခင်ဗျ။ အထူးသဖြင့် ဦးရီးတော် မြို့စားကြီးက ကြီးကြီးတက် ချမ်းသာနေတဲ့အတွက် ပိုပြီး ဆွေမျိုးမတော်ချင်သေးတယ် ခင်ဗျ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ရော၊ ကျွန်တော့်မယ်တော်ကြီး အနေနဲ့ရော ဦးရီးတော် မြို့စားကြီးထံက ဘာမှ မမျှော်လင့်ဘူး ဆိုတာကိုတော့ နောင်တော် သိစေလိုတယ်ခင်ဗျ”

ပီယာသည် အတန်ကြာမျှ စဉ်းစားနေ၏။ ဘိုးရစ်စ်သည် မည်သည့်အဓိပ္ပာယ်ဖြင့် ဤစကားများကို ပြောဆိုနေသနည်းဟုလည်း ဝေခွဲမရ ဖြစ်လျက်ရှိ၏။ ဘိုးရစ်စ်၏ စကားများကို ကောင်းစွာ နားလည်လိုက်သည့်အခါ ပီယာသည်ထိုင်ခုံမှ ဆတ်ခနဲထကာ ဘိုးရစ်စ်၏ လက်မောင်းကို ဆွဲကိုင်လိုက်သည်။ ပီယာ၏ မျက်နှာမှာ ဘိုးရစ်စ်ထက်ပင် ရက်သေးလှုမ်းလျက်ရှိ၏။

“ဆန်းလိုက်လေဗျာ။ နေစမ်းပါဦး၊ ခင်ဗျား ကကော ကျုပ်ကို ဒီလို ထင်တတ်တဲ့ လူစားမျိုးလို့ ယူဆသလား။ ကျွန်တော်လဲ”

ဘိုးရစ်စ်က ကြားဖြတ်လျက်

“ခုလို ပွင့်ပွင့်လင်းလင်း ပြောလိုက်ရတဲ့အတွက် ကျွန်တော် ကျေနပ်ပါပြီနောင်တော်။ ကျွန်တော် ထင်ပါတယ်။ နောင်တော်ဟာလဲ ဒီလိုလူစားမျိုး မဟုတ်ဘူးလို့။ ကျွန်တော်စကားမှားရင် ခွင့်လွှတ်ပါနော် နောင်တော်” ဘိုးရစ်စ်က ပြန်၍ တောင်းပန်နေသည်။

“ဒါပေမဲ့ ကျွန်တော်စကားထဲမှာ နောင်တော့်ကို ထိခိုက်တဲ့စကား တစ်ခွန်းမှ မပါဘူးလို့ ထင်ပါတယ်။ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ပါ။ ဒါထက် မြို့စားကြီး ရောစတော့ဗ်ကို ဘယ်လိုအကြောင်းပြန်လိုက်ရမလဲ နောင်တော်။ ညစာစားပွဲကို နောင်တော် လာနိုင်ပါ့မလား”

ဘိုးရစ်စ်သည် မိမိပြောလိုရာကို ပြောလိုက်ရသဖြင့် ရင်ပေါ့သွားဟန်ရှိ၏။

“ခင်ဗျားဟာ တော်တော်တော့ အံ့သြစရာကောင်းတဲ့လူတစ်ယောက်ပဲခင်ဗျ။ ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ သိပ်မှန်တယ်။ ခင်ဗျား ကျွန်တော့်အကြောင်း မသိသေးဘူးထင်တယ်။ အေးလေ မသိဆို ကွဲသွားကြတာ ကြာလှပြီကိုး။ ငယ်ငယ်ကတည်းကပဲ။ ကျွန်တော့် ကျွန်တော်ဟာ အေးလေ ခင်ဗျားပြောတဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါတယ်။ အမှန်တော့ ပွင့်ပွင့်လင်းလင်း ပြောတတ် ပြောရဲတဲ့ အရည်အချင်းဟာ အင်မတန်ကောင်းတဲ့ အရည်အချင်းပဲဗျ။ ကျွန်တော်တောင် ဒီလောက် ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ သတ္တိမျိုး မရှိသေးဘူး။ အေးဗျာ ခင်ဗျားနဲ့ သိကျွမ်းရတာ ဝမ်းသာတယ်”

ပီယာက ခေတ္တရပ်လိုက်၏။

“ကျွန်တော်ကလဲ ဒီလို ယုံထင်ကြောင်ထင် ထင်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ နောက်တော့ ကျွန်တော့်အကြောင်းကို သိလာပါလိမ့်မယ်။ အေးဗျာ ဘာပဲဖြစ်ဖြစ် ခင်ခင်မင်မင် ပွင့်ပွင့်လင်းလင်း ဆက်ဆံပါ”

ပီယာသည် ရယ်၍ ဘိုးရစ်စ်၏ လက်ကို ဆွဲဖျစ်ညှစ်နေသည်။

“ကျွန်တော်လဲ မြို့စားကြီးကို တစ်ခါမှ ဝင်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရသေးဘူးဗျ။ သူကလဲ ကျွန်တော့်ကို အခေါ်မလွှတ်ဘူး။ ကျွန်တော်ကလည်း သွားမတွေ့ဘူး။ လူတစ်ယောက်အနေနဲ့တော့ သူ့အတွက် စိတ်မကောင်းပါဘူးဗျာ။ ဒီထက်တော့ ကျွန်တော် ဘာတတ်နိုင်ဦးမှာလဲ"

"နေစမ်းပါဦး။ နပိုလီယန်ဟာ အင်္ဂလိပ် ရေလက်ကြားကို ဖြတ်ကူးနိုင်လိမ့်မယ်လို့ နောင်တော် ထင်သလား" ဘိုးရစ်စ်က မေးလိုက်၏။

ဘိုးရစ်စ်သည် စကားလွှဲလိုက်ကြောင်းကို ပီယာ ရိပ်မိလိုက်၏။ ပီယာကလည်း ဤအကြောင်းကို နောက်ထပ်ဆက်လက်ပြောဆိုခြင်း မပြုလိုတော့သည့်အတွက် နပိုလီယန်၏ ဘိုလုံးတိုက်ပွဲကို ဝေဖန်ပြောဆိုလျက် ရှိပေသည်။

ထိုအခိုက် အဆောင်ကိုင်တစ်ဦး ရောက်လာကာ မင်းသမီးကြီး ဒရူဘက်စကားယား ပြန်တော့မည်ဖြစ်၍ အခေါ်လွှတ်လိုက်ကြောင်းဖြင့် လာရောက် ပြောဆို၏။ ပီယာသည် ဘိုးရစ်စ်အား ခင်မင်ရင်းနှီးကြောင်း ပြလိုဟန်ဖြင့် ဘိုးရစ်စ်၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ မျက်မှန်ပေါ်မှ ကျော်၍ ဘိုးရစ်စ်အား နှစ်သက်စွာ ကြည့်လိုက်ပြီးနောက် မိမိသည် မြို့စားကြီးရော့စတော့ဗ်၏ ညစာစားပွဲသို့ လာ ရောက်မည်ဖြစ်ကြောင်းဖြင့် ကတိပေးလိုက်လေသည်။ ဘိုးရစ်စ် ပြန်သွားသောအခါ၌ ပီယာသည် အတန်ကြာမျှ ခန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ သို့ရာတွင် စောစောကကဲ့သို့ စိတ်ကူးထဲတွင်ရှိသော ရန်သူကို စိတ်ကူးဖြင့် ထိုးခုတ်ခြင်း မပြုတော့ဘဲ မဟုတ်မခံ ပွင့်လင်းသည့် ဘိုးရစ်စ်အကြောင်းကို တွေး၍ ပြုံးလျက် ရှိလေသည်။

လူငယ်များ အထူးသဖြင့် အပေါင်းအဖော်ကင်းမဲ့၍ အထီးကျန်နေသော လူငယ်များသည် ခင်မင်ဖွယ်ကောင်းသော အပေါင်းအဖော်ကို တွေ့လျှင် အလွန်အကြူးခင်မင်တတ်လေ့ ရှိသည့်အတိုင်း ပီယာသည်လည်း ဘိုးရစ်စ်ကို အထူးခင်မင်သွားကာ ရင်းနှီးစွာ ဆက်ဆံတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

မင်းသားကြီး ဗာစီလီသည် မင်းသမီးကြီး ဒရူဘက်စကားယားတို့ သားအမိကို တံခါးဝအထိ လိုက်ပို့နှုတ်ဆက်၏။ မင်းသမီးကြီး ဒရူဘက်စကားယားသည် မျက်လုံးကို လက်ကိုင်ပဝါဖြင့် မကြာခဏဖွတ်လျက်ရှိသည်။ ၎င်း၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲလျက်ရှိလေသည်။

"ရောဂါကတော့ တော်တော် ကျွမ်းနေပါပြီ။ ဒါပေမဲ့လေ ဘာပဲဖြစ်ဖြစ်ပြုစုဖို့ အစ်မတော်မှာ တာဝန်ရှိတယ်။ ဒီနေ့ည အစ်မတော်ကိုယ်တိုင်လာပြီး တစ်ညလုံးစောင့်ကြည့်ပေးမယ်။ ဒီအတိုင်း ကြည့်နေလို့တော့မဖြစ်ဘူး။ ပြီးတော့ ကျန်တဲ့အချိန်ကလေး ဆိုတာကလဲ သိပ်အဖိုးတန်တယ်။ တူမတော်တွေက ဘာလုပ်နေကြမှန်း မသိဘူး။ တယ်လဲနေနိုင်တဲ့ သူငယ်မတွေပဲ။ ကဲ သွားမယ် ကိုယ်တော်ကြီး"

"ကြွပါ အစ်မတော်"

မင်းသားကြီး ဗာစီလီက မင်းသမီးကြီး ဒရူဘက်စကားယားကို မကြည့်ဘဲ ပြောလိုက်သည်။

"အဘိုးကြီးရဲ့ အခြေအနေကတော့ တော်တော်ဆိုးနေပြီ။ သတိတောင် ကောင်းကောင်း မရတော့ဘူး" ရထားထဲတွင် မင်းသမီးကြီး ဒရူဘက်စကားယားက ဘိုးရစ်စ်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"မြို့စားကြီးက သူ့သား ပီယာကို ဘယ်လိုသဘောထားသလဲ မသိဘူးနော် မေမေ" ဘိုးရစ်စ်က မေးလိုက်၏။

"အို ဘယ်လို သဘောထားသလဲဆိုတာ သေတမ်းစာ ဖွင့်ကြည့်တော့ သိမှာပေါ့သားရဲ့။ မေမေတို့ ကံကြမ္မာကလဲ ဒီသေတမ်းစာအပေါ်မှာ တည်နေတာပဲ"

"ဘယ်လို ပြောလိုက်တာလဲ မေမေ။ မြို့စားကြီးက ကျွန်တော်တို့ကို အမွေ ခွဲပေးမယ်လို့ မေမေက မျှော်လင့်ထားလို့လား"

"မမျှော်လင့်ဘဲ နေပါ့မလား သားရယ်။ အဘိုးကြီးက ဒီလောက်ချမ်းသာပြီး မေမေတို့က ဒီလောက် ဆင်းရဲနွမ်းပါးနေတော့ နည်းနည်းပါးပါးတော့ မျှော်လင့်ရတာပေါ့"

"သူက ချမ်းသာပြီး ကျွန်တော်တို့က ဆင်းရဲတာကြောင့် အမွေပေးမယ်လို့ မျှော်လင့်တာကတော့ မဟုတ်သေးဘူး ထင်တယ် မေမေ"

မင်းသမီးကြီး ဒရူဘက်စကားယားသည် မည်သို့မျှ ပြန်မပြောတော့ဘဲ ပါးစပ်မှ တတွတ်တွတ် ရွတ်နေလေသည်။

"ဘုရား ဘုရား။ မြို့စားကြီးများ ဒီတောင်က ကျော်မှ ကျော်နိုင်ပါဦးမလား။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၇

မင်းသမီးကြီး ဒရှုဘက်စကားယားသည် ၎င်း၏သား ဘိုးရစ်စ်နှင့်အတူ မြို့စားကြီး ဘိဗ္ဗူးကော့ဗ်ထံသို့ ထွက်သွားပြီးသည့်နောက်တွင် မြို့စားကြီးရော့စတော့ဗ်၏ ကြင်ရာ မြို့စားကတော်ကြီးသည် တစ်ယောက်တည်း ထိုင်ကာ မျက်စိကို လက်ကိုင်ပဝါဖြင့် ပွတ်လျက်ရှိသည်။ ခဏကြာလျှင် ခေါင်းလောင်းကို တီးလိုက်သည်။

"ဟဲ့ မိန်းကလေး၊ ဘာများ ဖြစ်နေတာလဲဟင်" မြို့စားကတော်ကြီးသည် မလှမ်းမကမ်းမှ ရပ်နေသော အိမ်တော်စေ သူငယ်မတစ်ဦးကို လှမ်းပြောလိုက်သည်။ "ဘာလဲ၊ အစေအပါး မလုပ်ချင်တော့ဘူးလား။ မလုပ်ချင်ရင်လဲ စောစောကပြောပါကွယ်။ နောက်တစ်ယောက် ရှာတန်ရှာရအောင်"

မြို့စားကတော်ကြီးသည် မင်းသမီးကြီး ဒရှုဘက်စကားယား၏ ဆင်းရဲနွမ်းပါးသည့် အဖြစ်ကို သိရသည့်အတွက် စိတ်လက်မအီမသာ ဖြစ်လျက်ရှိပေသည်။ ဤသို့ စိတ်လက်မအီမသာ ဖြစ်သည့်အခါများ၌ မြို့စား ကတော်ကြီးသည် အိမ်တော်စေ သူငယ်မများကို 'မိန်းကလေး' ဟု ခေါ်ကာ စကားချိုချိုသာသာပြောလေ့ရှိသည်။

"မဟုတ်ပါဘူး မေဖျား"

"မြို့စားကြီးကို ခဏလောက် ခေါ်ပေးပါ ကွယ်နော်"

ခဏကြာလျှင် မြို့စားကြီး ရော့စတော့ဗ်သည် မြို့စားကတော်ကြီးအနီးသို့ ရောက်လာလေသည်။

"ကဲ ဆိုစမ်းပါဦး မြို့စားကတော်။ ညစာစားပွဲအတွက် ချက်တဲ့ဟင်းလျာများကတော့ ကောင်းပါပေ့မျာ။ ခုပဲ ကျုပ် မြည်းကြည့်ခဲ့တယ်။ စားတော်ကဲကြီးကို ငွေဒင်္ဂါး တစ်ထောင်ပေးပြီး ငှားရကျိုး နပ်ပါပေတယ်။ တန်ပါပေ တယ်"

မြို့စားကြီး ရော့စတော့ဗ်က မြို့စားကတော်ကြီး၏ ဘေးတွင်ထိုင်လိုက်၍ ဒူးပေါ်တွင် တံတောင်ဆစ် တင်ထားပြီး ဆံပင်များကို ဖွနေလေသည်။

"ဆိုစမ်းပါဦး မြို့စားကတော်ကြီးရဲ့။ ဘာများ အမိန့်တော်ရှိမလို့ပါလဲ"

"မြို့စားကြီးရဲ့ ဝတ်ရုံဖြစ်နေပုံကို ကြည့်စမ်းပါဦး မြို့စားကြီးရယ်။ လူမြင်လို့မှ ကောင်းသေးရဲ့လား" မြို့စားကတော်ကြီးက မြို့စားကြီး၏ဝတ်ရုံကို လက်ဖြင့် တောက်လိုက်သည်။ "ဒီနေ့ ညစာ ထမင်းစားပွဲကလဲ လူစုံမဟုတ်လား။ ဒီတော့ ကျွန်မ ငွေအသုံးလိုလို့"

မြို့စားကတော်ကြီး၏ မျက်နှာမှာ ဝမ်းနည်းသည့် အရိပ်အယောင် ပေါ်နေသည်။

"အံမာလေး လေး၊ ဖြစ်မှဖြစ်ရပလေ မြို့စားကတော်ကြီးရယ်"

မြို့စားကြီး ရော့စတော့ဗ်က ရယ်လိုက်၍ အိတ်ထဲမှ စာအုပ်ကို ထုတ်ယူနေသည်။

"ငွေက ခပ်များများကလေးလိုတယ် မြို့စားကြီးရဲ့။ ခပ်များများဆို ငါးရာလောက်ဆိုပါတော့" မြို့စားကတော်ကြီးက ပိုးလက်ကိုင်ပဝါကို ထုတ်ကာ မြို့စားကြီး ရော့စတော့ဗ်၏ အင်္ကျီတွင်တင်နေသော ဖုန်မှုန့်များကို ခါပေးနေသည်။

"အို ပြောစရာလိုသေးလား။ ရစေ့မယ်။ ခုချက်ချင်း ရစေ့မယ်။ ဟေ့ သူငယ်တစ်ယောက်လောက် လာပါဦးဟေ့။ ဒီမိထရီကို ငါက ခေါ်နေတယ်လို့ ပြောလိုက်စမ်း"

မိမိခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း မနှေးအမြန် ရောက်လာရတော့မည်ဟု ထင်မှတ်နေသူတို့၏ လေသံဖြင့် မြို့စားကြီး ရော့စတော့ဗ်က ခေါ်လိုက်သည်။

ဒီမိထရီမှာ မျိုးကောင်းရိုးကောင်းမှဆင်းသက်လာသူဖြစ်ပြီး မြို့စားကြီး ရော့စတော့ဗ်၏အိမ်တွင် ကြီးပြင်းလာသူဖြစ်လျက် မြို့စားကြီး ရော့စတော့ဗ်၏ ကိစ္စအဝဝကို စီမံခန့်ခွဲရသူ ကျွန်ယုံကြီး ဖြစ်လေသည်။ ဒီမိထရီသည် ခန်းမဆောင်ထဲသို့ ခြေဖော့၍ ဝင်လာလေသည်။

"ခေါ်လိုက်ရင် ဒီလို ချက်ချင်း ရောက်လာမှပေါ့ကွယ်" မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်သည်။ "ငါ့ စာရင်းထဲက ငွေခုနစ်ရာထုတ်ခဲ့ပါကွာ။ အရင်တစ်ခါတုန်းကလို ငွေစက္ကူ အစုတ်အပြတ်တွေတော့ ထုတ်မလာခဲ့နဲ့ ကွာ။ မြို့စားကတော်ကြီးအတွက် အသစ်ကျပ်ချွတ် ကလေးတွေ ထုတ်ခဲ့ဟေ့"

"အေးကွယ်၊ ခပ်သစ်သစ်ကလေးတွေ ထုတ်ခဲ့ပါ" မြို့စားကတော်ကြီးက သက်ပြင်းချ၍ ပြောလိုက်သည်။

"ဘယ်တော့လောက် လိုချင်ပါသလဲခင်ဗျာ" ဒီမိထရီက လှမ်းမေးလိုက်သည်။ "တစ်ခုတော့ ပြောခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ပါတယ်ခင်ဗျာ။ စိတ်လဲ မကောင်းမဖြစ်ပါနဲ့" ဒီမိထရီသည် စကားပြောရင်း တဖြည်းဖြည်း မျက်နှာကြီး နီရဲကာ တရှုံးရှုံးဖြစ်စ ပြုလာပြီ ဖြစ်သော မြို့စားကြီး ရော့စတော့ဗ်ကို ကြည့်လိုက်မိသည်၌ အခြေမလှတော့သည့် အဖြစ်ကို ရိပ်မိလျက် "ကျွန်တော်မေ့သွားပါတယ် ခင်ဗျာ။ ငွေကို ခု ယူလာခဲ့ရမလား ခင်ဗျာ"

"အေး ဟုတ်တယ်။ ခုယူလာခဲ့ဖို့ မင်းကို ပြောနေ ဘာ။ ခုယူလာပြီး မြို့စားကတော်ကြီးကို ပေးလိုက်"

ဒီမိထရီ ထွက်သွားသည့်အခါတွင် မြို့စားကြီး ရော့စတော့ဗ်က ပြုံးလျက်–

"ဒီကောင် အစစအရာရာတော့ စိတ်ချရတယ်။ ပြောလိုက်ရင် မဖြစ်တာရယ်လို့ မရှိဘူး။ မဖြစ်ဖြစ်အောင် လုပ်ပေးတာချည်းပဲ။ ကျုပ်ကလဲ မဖြစ်နိုင်ဘူးဆိုတဲ့စကား ကို သိပ်မုန်းတာပဲ။ လောကမှာ မဖြစ်နိုင်သော အရာရယ်လို့ မရှိပါဘူး။ အားလုံး ဖြစ်နိုင်တာချည်းပဲ"

"အင်း ငွေ၊ ငွေ။ လောကမှာ ငွေဟာ အရေးကြီး ဆုံးပဲ။ ကမ္ဘာလောကကြီးမှာ ဒီငွေကြောင့် ဒုက္ခ သုက္ခတွေ အမျိုးမျိုး တွေ့နေကြရပေတာပဲ" ဟု မြို့စားကတော်ကြီးက ပြောလိုက်သည်။

"ကျွန်မကလဲ သိပ်အသုံးလိုနေလို့ တောင်းတာပါ"

"ကျုပ် မိန်းမကတော့ အသုံးစွဲကလေး နည်းနည်း ကြီးချင်တယ် ထင်တယ်ဗျ" မြို့စားကြီး ရော့စတော့ဗ်သည် မြို့စားကတော်၏ လက်ကို နမ်းရှုပ်နှုတ်ဆက်ပြီးနောက် စာကြည့်ဆောင်သို့ ထွက်သွားလေသည်။

မြို့စားကြီး ဘီဇူးကော့ဗ်ထံမှ မင်းသမီးကြီးဒရူဘက် စကားယား ပြန်ရောက်လာသည့်အခါတွင် ငွေစက္ကူအသစ် ကျပ်ချွတ်များသည် မြို့စားကတော်ကြီး၏ စားပွဲပေါ်ရှိ လက်ကိုင်ပဝါအောက်တွင် အဆင်သင့်ရောက်နေကြပြီ ဖြစ်လေသည်။ မြို့စားကတော်ကြီးသည် တစ်စုံတစ်ခု ကြောင့် စိတ်မချမ်းမသာ ဖြစ်လျက်ရှိကြောင်းကို မင်းသမီး ကြီး ဒရူဘက်စကားယား သတိထားမိပေသည်။

"ဘယ့်နှယ်လဲ အစ်မတော်ကြီး"

"အို မြို့စားကြီး ဘီဇူးကော့ဗ် အခြေအနေကတော့ တော်တော်ဆိုးနေပြီ ညီမတော်ရဲ့။ လူကလဲ ချုံးကျသွား လိုက်တာ ရုပ်တောင်မနည်းကြီး ဖမ်းယူရတယ်။ အစ်မ တော်ကြီး ရောက်သွားတော့ စကားတောင် သိပ်မပြော နိုင်တော့ဘူး"

"ကဲ အစ်မတော်ကြီး။ တစ်ဆိတ်ဒါလေးကိုလက်ခံ ပါနော်" သေးသွယ်ပိန်ချုံး၍ ရင့်ကျက်တည်ကြည်သော မြို့စားကတော်ကြီး၏ မျက်နှာပေါ်တွင် ထူးထူးခြားခြား ရှက်သွေးရောင်ဖြန်းလျက် ရှိပေသည်။ မြို့စားကတော်ကြီး သည် လက်ကိုင်ပဝါနှင့် ဖုံးထားသော ငွေစက္ကူထပ်ကို ယူလိုက်သည်။

မင်းသမီးကြီးဒရူဘက်စကားယားသည် ဘာများ ဖြစ်လေမည်လဲဟု ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်လျက် ရှိရင်းက ငွေစက္ကူများကို မြင်လိုက်သည်၌ မြို့စားကတော် ကြီးကို ထ၍ပင် ပွေ့ဖက်ပစ်လိုက်ချင်စိတ် ပေါက်သွား လေသည်။

"ဒါ ဘိုးရစ်စ်အတွက် ကျွန်မက ပေးတာပါ။ သူ ဝတ်စုံချုပ်ဖို့"

မင်းသမီးကြီး ဒရူဘက်စကားယားသည် မြို့စား ကတော်ကြီးကို ဖက်လိုက်ရင်း မျက်ရည်တွေ စီးကျလာ လေသည်။ မြို့စားကတော်ကြီး၏ မျက်လုံးမှလည်း မျက် ရည်တွေ စီးကျလာသည်။ ၎င်းတို့နှစ်ယောက် ငိုကြခြင်း မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်၍တစ်ကြောင်း၊ စိတ်ထိခိုက်သောကြောင့်တစ်ကြောင်း၊ ငယ်ပေါင်းကြီးဖော် အချင်းချင်းကြားတွင် ပိုက်ဆံစကား ပြောနေကြရသော ကြောင့်တစ်ကြောင်း၊ ငယ်ရွယ်ပျိုမျစ်ခြင်းတို့ မရှိကြတော့ သည့် အတွက်ကြောင့် တစ်ကြောင်း စသည်ဖြင့် အကြောင်း အမျိုးမျိုးကြောင့်ပင် ဖြစ်လေသည်။ သို့သော်လည်း မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေကာမူ ၎င်းတို့၏ မျက်ရည်များသည် သူတို့နှစ်ယောက်စလုံး၏ စိတ်ကို သက်သာစေသည်သာ ဖြစ်လေသည်။

## အခန်း ၁၈

မြို့စားကြီး ရော့စတော့ဗ်၏ ကြင်ရာ မြို့စားကတော်ကြီး သည် သမီးများ၊ ဧည့်ပရိသတ်များနှင့်အတူ ဧည့်ခန်းဆောင် တွင်ထိုင်လျက်ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်ကား ကြွရောက်လာသည့် မင်းပရိသတ်တို့အား စာကြည့်ဆောင် သို့ ခေါ်ကာ မိမိစုဆောင်းထားသည့် တူရကီ ဆေးတံ အမျိုးမျိုးကို ပြသလျက်ရှိ၏။ မကြာခဏလည်း "ဘယ့်နှယ်

www.burmeseclassic.com



လဲ မလာသေးဘူးလား”ဟု လှမ်း၍ မေးတတ်ပေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် မိမိ၏ညစာ စားပွဲသို့ လာရောက်မည့် မာယာဒီမိထရိယက်ဗ်နာအာကရို ဆိမိုဗား အား စောင့်မျှော်လျက်ရှိပေသည်။ မာယာဒီမိထရိယက်ဗ် နာမှာ ဥစ္စာပစ္စည်းကြောင့်လည်း မဟုတ်၊ ရာထူးဂုဏ်အဆင့် အတန်းကြောင့်လည်း မဟုတ်ဘဲ စိတ်ထဲတွင်ရှိလျှင် ရှိသလို ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ် သည့်အတွက် ထင်ရှားသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်လေသည်။ မာယာဒီမိထရိယက်ဗ်နာသည် ရွှေနန်းတော် ကြီးတွင် ပေါက်ရောက်သူဖြစ်လျက် ဘုရင့်ဆွေတော် မျိုးတော်များနှင့် သိကျွမ်းသူဖြစ်ပြီး၊ မော်စကိုနှင့် ပီတာ စဘတ် ရွှေမြို့တော်တွင် လူသိများသော အမျိုးသမီးကြီး တစ်ဦးလည်း ဖြစ်လေသည်။ ၎င်း၏ နှုတ်လျှာကြမ်း တမ်းခြင်း၊ ခပ်ဘွင်းဘွင်းပြောတတ်ခြင်းတို့ကြောင့် အများ ကပင် သူ့ကွယ်ရာတွင် ကဲ့ရဲ့သဂြိုဟ်စကား တင်းဆိုကြ လေ့ရှိသော်လည်း ကြောက်ရွံ့လေးစားကြရသည်သာ ဖြစ်ပေသည်။

ဆေးလိပ် မီးခိုးများ မွှန်လျက်ရှိသည့် မြို့စားကြီး ရော့စတော့ဗ်၏ ခန်းဆောင်တွင်း၌မူ ရွှေနန်းတော်ကြီး၏ စစ်ကြေညာချက်နှင့် စစ်သားစုဆောင်းရေး ကိစ္စများကို ပြောဆိုလျက် ရှိကြလေသည်။ ယခုအထိ မည်သူမျှ စစ် ကြေညာချက်ကို မဖတ်ကြရသေးသော်လည်း ရွှေနန်းတော် ကြီးမှ စစ်ကြေညာချက် ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်းကို ကား ကြားကြပြီး ဖြစ်ပေသည်။ ဆေးလိပ်သောက်ရင်း စကား ဖောင်လောက်အောင်ပြောနေကြသော ဧည့်သည် နှစ်ဦးကြား ထိုင်ဖုံပေါ်တွင် ထိုင်လျက်ရှိသည့် မြို့စားကြီး ရော့စတော့ဗ်သည် စကားပြောခြင်းလည်း မရှိ။ ဆေးလိပ် သောက်ခြင်းလည်း မပြုဘဲ ဘေးတစ်ဖက်တစ်ချက်ကိုသာ စောင်းငဲ့ နားထောင်ရင်း ဆေးလိပ်သောက်နေကြသော ဧည့်သည် များကို ကြည့်၍ အကြည်နူးကြီး ကြည်နူးလျက် ရှိပေသည်။ တစ်ခါတစ်ခါ၌လည်း မြို့စားကြီး ရော့စတော့ဗ် သည် မိမိဘေးက လူနှစ်ယောက် အငြင်းအခုန် ဖြစ်စေရန် ဝင်၍ ထောက်ပေးတတ်သေးသည်။

တစ်ယောက်မှာ ပိန်ပိန်ပါးပါး၊ မျက်နှာသွယ်သွယ် နှင့် မုတ်ဆိတ်ကို ကျနစွာ သုတ်သင်ထားသော မြို့မျက်နှာဖုံး တစ်ယောက်ဖြစ်၏။ ၎င်းမှာ အသက်အတန်ကြီးလှပြီ ဖြစ်သော်လည်း ခေတ်ဆန်လှသော လူငယ်တစ်ယောက်ကဲ့ သို့ အချိုးကျကျ ဝတ်ဆင်ထားပေသည်။ ထိုပုဂ္ဂိုလ်သည် မိမိအိမ်တွင်နေသကဲ့သို့ ခြေနှစ်ဖက်ကို ထိုင်ခုံပေါ်သို့ တင်ထားပြီး ဆေးလိပ်စွပ်သော ပယင်းစွပ်တံကို တအားခဲ ထားကာ မျက်လုံးများကို မှေးထားရင်း ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်လျက်ရှိ၏။ ထိုပုဂ္ဂိုလ်မှာ မြို့စားကတော် ကြီး၏ မောင်တစ်ဝမ်းကွဲတော်သူ လူပျိုကြီး ရှင်ရှင်ဆိုသူ ဖြစ်လျက် မော်စကို အထက်တန်းလွှာ အသိုင်းအဝိုင်း၌ “လျှာစောင်းထက်သူ”ဟု နာမည်ကြီးသူ ဖြစ်လေသည်။ ရှင်ရှင်သည် ထိုနေ့ညဌ် စကားနည်းလျက် ရှိပေသည်။ အခြားတစ်ယောက်ကား ငယ်ရွယ် ဖျတ်လတ်သော ကိုယ်ရံ တော်ဗိုလ်ကလေးတစ်ယောက်ဖြစ်လျက် ပြောစရာမရှိအောင် သန့်ရှင်းစင်ကြယ်ကာ ဆံပင်ကို သေသပ်စွာ ဖြီးထားပြီး အင်္ကျီကြယ်သီးကိုလည်း စေ့စပ်သေချာစွာ တပ်ထား၏။ ကိုယ်ရံတော် တပ်ဗိုလ်ကလေးသည် ဆေးတံကိုအကျခဲထား ပြီး နီရဲသော နှုတ်ခမ်းများဖြင့် မီးခိုးများကို ရှုရှိုက်လျက် ရှိကာ မီးခိုးများကို အကွင်းလိုက် အကွင်းလိုက် ဖြစ်နေ အောင် လုပသော ပါးစပ်ဖြင့် မှုတ်ထုတ်လျက် ရှိပေသည်။ ထိုသူမှာ ဆင်မီနော့ဗ်တပ်ရင်းမှ ဗိုလ်ကလေးဘာ့ဂ်ဆိုသူ ဖြစ်၍ ဂျာမန်သွေးပါသူ တစ်ဦးဖြစ်လျက် ဘိုးရစ်စ်နှင့်အတူ တပ်ရင်းသစ်သို့ ဝင်ရောက်မည့်သူ ဖြစ်ပေသည်။ နာတာရှာ က သူ့အစ်မဗီရာအား နောက်ပြောင်ကျီစယ်ရာတွင် ဗီရာ၏ “ကြင်ရာလောင်း”အဖြစ် ရည်ညွှန်းပြောဆိုခြင်း ခံရသူမှာ ဤစစ်ဗိုလ်ကလေးပင် ဖြစ်လေသည်။

မြို့စားကြီး ရော့စတော့ဗ်သည် ထိုနှစ်ယောက် ကြားတွင် ထိုင်ကာ-ရင်းတို့၏ စကားများကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိ၏။ မြို့စားကြီး ရော့စတော့ဗ်သည် မိမိ အလွန် နှစ်သက်လှသော ဘော့စတွန်ခေါ် ဖဲကစားနည်း တစ်မျိုးကို ကစားခြင်း မပြုရလျှင် စကားသိပ်မပြောလှဘဲ နားထောင်သူသက်သက်သာ ဖြစ်ပေသည်။ အထူးသဖြင့် ရှင်ရှင်နှင့် စစ်ဗိုလ်ကလေး ဘာ့ဂ်တို့ကဲ့သို့ ‘လေအိုး’များကို တွေ့ဆိုင်ပေးကာ ကြားကထိုင်၍ နားထောင်ကြည်နူးနေ တတ်သူ ဖြစ်ပေသည်။

“ဩော်၊ ဩော် လက်စသတ်တော့ ဗိုလ်ကလေးက လခတိုးအောင်လို့ ကိုယ်ရံတော်တပ်ကို ဝင်တာကိုး ဟဲဟဲ”

ရှင်ရှင်က ၎င်း၏ ထုံးစံအတိုင်း ရုရှားစကားတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝက်၊ ပြင်သစ်စကားတစ်ဝက်ဖြင့် ပြောဆို၍ လှောင်ပြောင်ရယ်မောလိုက်သည်။

"မဟုတ်ပါဘူးဦး။ ကျွန်တော်ကိုယ်ရံတော်တပ်ကို ဝင်ရတဲ့အကြောင်းရင်းက ကျွန်တော့်ကိုယ်ကျိုးအတွက် ဒီလောက်မဟုတ်ပါဘူး။ မြင်းတပ်က အမှုထမ်း အရာထမ်းတွေဟာ ခြေလျင်တပ်က အမှုထမ်းတွေလောက် အခွင့်အရေး မရဘူးဆိုတာ ရွှေနန်းတော်ကြီးက သိစေချင်လို့ပါ။ ကျွန်တော့် နေရာကလဲ စဉ်းစားကြည့်ပါဦး။"

ဂျာမန်စစ်တပ် ဗိုလ်ကလေးသည် စကားပြောလျှင် တိုးတိတ်ညင်သာစွာ ပြောကာ ချက်ပိုင်ပိုင် ပြောတတ်သူ တစ်ဦးဖြစ်သည်။ မိမိနှင့် မပတ်သက်သော ပြဿနာဖြစ်လျှင် တိတ်ဆိတ် ငြိမ်သက်စွာ နားထောင်နေတတ်ပြီး မိမိနှင့် ပတ်သက်လာမှ ဝင်ရောက်ပြောဆိုတတ်သူ ဖြစ်သည်။ စစ်ဗိုလ်ကလေးသည် 'စကားရောဖောရော' နည်းနည်းကလေးမျှ လုပ်လေ့ရှိသူ မဟုတ်ဘဲ နာရီပေါင်းကြာမြင့်စွာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေတတ်သူဖြစ်ပြီး၊ မိမိနှင့် သက်ဆိုင်လာသည်နှင့် တစ်ပြိုင်နက် ကရားရေသွန် ပြောတတ်သူ တစ်ယောက်လည်း ဖြစ်ပေသည်။

"ကျွန်တော့်အခြေအနေကိုလဲ စဉ်းစားပါဦး။ ကျွန်တော်သာ မြင်းတပ်ထဲဝင်ခဲ့ရင် ဗိုလ်ကလေးဖြစ်တောင်မှ လေးလအတွက် လခဟာ နှစ်ရာထက်ပိုရမှာ မဟုတ်ဘူး။ ခုဆိုရင် ကျွန်တော် နှစ်ရာ့သုံးဆယ် ရတယ်"

စစ်ဗိုလ်ကလေးက ရှင်ရှင်နှင့် မြို့စားကြီးကို လှမ်းကြည့်လိုက်ပြီး ပြုံးလိုက်သည်။

"ပြီးတော့ ခုလို ကိုယ်ရံတော်တပ်ထဲ ဝင်လိုက်တော့ ရှေ့တက်လမ်းလဲ အများကြီးရှိတယ် မဟုတ်လား။ ခြေလျင်ကိုယ်ရံတော်တပ်မှာဆိုရင် လစ်လပ်တဲ့နေရာတွေ မကြာခဏပေါ်တတ်တာပဲ။ ပြီးတော့ ခုလို လခလေး နှစ်ရာ့သုံးဆယ်လောက် ရတော့မှ ငွေလေး နည်းနည်းစုနိုင်ပြီး ဖေဖေ့ဆီ ပို့နိုင်တော့တယ်"

"ဟဲဟဲ ဟုတ်လိုက်လေဗျာ။ ဂျာမန်များဟာ မီးခတ်ကျောက်တောင် အရေခွာတယ်ဆိုတဲ့ စကားပုံဟာ တယ်မှန်ပေတာပဲ" ရှင်ရှင်က ပယင်းစွပ်တံကို တစ်ဖက်အာခေါင်ထဲသို့ ပြောင်းတပ်လိုက်ပြီး မြို့စားကြီး ရော့စတော့ဗ်ကို မျက်စိတစ်ဖက် မှိတ်၍ ပြလိုက်သည်။

မြို့စားကြီး ရော့စတော့ဗ်ကား တဟားဟား ရယ်မောလျက်ရှိ၏။ ရှင်ရှင် စကားပြောနေသည်ကို မြင်သဖြင့် အခြားပရိသတ်များလည်း အနီးသို့ စုရုံးရောက်ရှိလာကြလေသည်။ ဂျာမန်စစ်ဗိုလ်ကလေးကမူ မိမိအား လှောင်ပြောင်သည်ကို ဂရုမစိုက်ဘဲ ယခုကဲ့သို့ ကိုယ်ရံတော်တပ်သို့ ပြောင်းရွှေ့ရခြင်းအားဖြင့် ဗိုလ်လောင်းတပ်ဖွဲ့မှ မိမိမိတ်ဆွေများထက် တစ်ကြောသာသွားပြီ ဖြစ်ကြောင်း၊ စစ်ဖြစ်၍ တိုက်ပွဲတွင် တပ်ရင်းမှူး ကျဆုံးသွားခဲ့သော် မိမိမှာ စစ်မှုထမ်းသက် အရင့်ဆုံးဖြစ်၍ ထိုရာထူးကို ဆက်ခံနိုင်ရန် အလားအလာရှိကြောင်း၊ တပ်ရင်းထဲတွင် မိမိမှာ လူချစ်လူခင် ပေါများသူ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိုယ်ရံတော်တပ်သို့ ဝင်ရောက်အမှုထမ်းသဖြင့် မိမိဖခင်ကလည်း များစွာကျေနပ်လျက်ရှိကြောင်း စသဖြင့် အမျှင်မပြတ်အောင် ပြောလျက် ရှိပေသည်။ စစ်ဗိုလ်ကလေးမှာ မိမိအကြောင်းကို ပြောနေလျက် ရှိခြင်းကြောင့် အခြားသူများ ပျင်းရိငြီးငွေ့နေမည်ကိုပင် မစဉ်းစားမိတော့ချေ။

"ကဲ တူတော်မောင်၊ တူတော်မောင်ကတော့ ရောက်လေရာရာမှာ ကြီးပွားမယ့် ပုဂ္ဂိုလ်ပါ။ ခြေလျင်ပဲ သွားရသွားရ၊ မြင်းပဲစီးရ စီးရ၊ ကောင်းစားမယ့်ရုပ်ရည်ပါ။ ခုထဲက နိမိတ် ဖတ်လိုက်ပါရဲ့"

ရှင်ရှင်က စစ်ဗိုလ်ကလေး၏ ပခုံးကို ပုတ်လိုက်ပြီး ထိုင်ဖုံမှထလိုက်သည်။ စစ်ဗိုလ်ကလေးမှာ ကျေနပ်စွာ ပြုံးကျန်ရစ်ခဲ့လေသည်။ ခဏကြာလျှင် မြို့စားကြီး ရော့စတော့ဗ်နှင့် ယောကျ်ားပရိသတ်များသည် ဧည့်ခန်းဆောင်ထဲသို့ ထွက်လာခဲ့ကြလေသည်။

*

ညစာစားပွဲကြီး မစမီတွင် ဧည့်သည်များ အားလုံးသည် ဇာကူစကာခေါ် သောက်ပွဲ စားပွဲကလေးကို မျှော်လှပြီဖြစ်ရကား စကားကြောသိပ် မရှည်ကြတော့ဘဲ ဆာလောင်လှပြီဟူသောသဘောဖြင့် ထိုမှ၍မှ လူးလာကူးလူးကာ စကားတစ်ခွန်းစနှစ်ခွန်းစ ပြောဆိုလျက် ရှိကြလေသည်။ မြို့စားကြီး ရော့စတော့ဗ်နှင့် မြို့စားကတော်ကြီးတို့သည်လည်း တံခါးဝဆီသို့ တမျှော်မျှော်နှင့်ရှိကြပြီး တစ်ယောက်မျက်နှာကိုတစ်ယောက် မကြာခဏ ကြည့်လျက် ရှိကြပေသည်။ ဧည့်သည်များကလည်း ထိုအပြုအမူကို ကြည့်ကြခြင်းအားဖြင့် အရေးကြီးသော ဆွေမျိုးသားချင်းတစ်ယောက်ကို စောင့်နေခြင်းသော် လည်းကောင်း၊ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ တစ်စုံတစ်ခု မပြီးသေး၍သော်လည်းကောင်း ဖြစ်တန်ရာသည်ဟု တွေးမိလိုက်ကြသည်။)

ပီယာသည် အချိန်မီပင် ညစာစားပွဲသို့ ရောက်လာခဲ့လေသည်။ ဧည့်ခန်းဆောင်ထဲသို့ ဝင်လျှင်ဝင်ချင်း ခန်းဆောင်အလယ်ကောင်တည့်တည့်ရှိ တွေ့ရာထိုင်ဖုံ့တွင် ဝင်ထိုင်လိုက်ခြင်း ဖြစ်သဖြင့် ၎င်း၏ နေရာမှာ လမ်းမ အလယ်ကောင်တွင် ကန့်လန့်ကြီး ဖြစ်နေသည်။ မြို့စားကတော်ကြီးက ၎င်း၏ အနားလာ၍ စကားပြောသော်လည်း ပီယာမှာ ဂရုမစိုက်အားဘဲ မျက်မှန်ထဲမှ မျက်လုံးများဖြင့် တစ်စုံတစ်ယောက် ရှာဖွေနေဟန်ရှိကာ ပြောသမျှကို တအင်းအင်း လိုက်လျက် ရှိလေသည်။ ဧည့်ပရိသတ်များအနက် လမ်းလယ်ကောင်တွင် ငုတ်တုတ်ကြီးထိုင်လျက်ရှိသူမှာ ပီယာ တစ်ယောက်တည်းသာဖြစ်လျက် ယင်းသို့ထိုင်နေသည်ကို သတိမထားမိသူမှာလည်း ၎င်းတစ်ဦးတည်းသာ ဖြစ်လေသည်။ ဧည့်သည်များ အားလုံးလောက်သည် ပီတာစဘတ်ရွှေမြို့တော်တွင် ပီယာတစ်ယောက် ဝက်ဝံနှင့် အကျီစားသန်ခဲ့သည့် အဖြစ်ကို သိရှိကြပြီး ဖြစ်ကြပေသည်။ သို့သိပြီး ဖြစ်သည့်အလျောက် ပီယာလို သန်မာထွားကျိုင်း၍ ငြိမ်သက်စွာ နေတတ်သူတစ်ယောက်သည် ရွှေမြို့တော် ရဲ့အမှုထမ်းကို မည်သည့်စိတ်ကူးဖြင့်သွား၍ ကျီစားလေသနည်းဟု တွေး၍ မရလောက်အောင် ဖြစ်ကာ ၎င်းကို အထူးအဆန်းသဖွယ် ဝိုင်း၍ အကဲခတ်နေကြ လေသည်။

"ရွှေမြို့တော်က ပြန်ရောက်လာတာ မကြာသေးဘူးနော်"

မြို့စားကတော်ကြီးက မေးလိုက်သည်။

"မှန်ပါတယ် အကြီးတော်"

"အကြီးတော်ရဲ့ ခင်ပွန်းနဲ့ကော တွေ့ပြီးပလား"

"မတွေ့ရသေးပါဘူး အကြီးတော်"

ပီယာက မဆီမဆိုင် ပြုံးလိုက်မိသည်။

"ပါရီမှာလဲ နေခဲ့ဖူးသေးတယ်နော်။ ပါရီက သိပ်ပျော်စရာ ကောင်းမှာပဲ ဟုတ်လား"

"ပျော်စရာ ကောင်းပါတယ် အကြီးတော်"

မြို့စားကတော်ကြီးသည် မင်းသမီးကြီး ဒရူဘက်စကားယားနှင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ယင်းမှာ မိမိအား ပီယာ့အနီးသို့ လာရောက်ဧည့်ခံစေလိုကြောင်း၊ မျက်နှာရိပ် မျက်နှာကဲ ပြလိုက်ခြင်းဖြစ်သည်ဟု မင်းသမီးကြီး ဒရူဘက်စကားယား သဘောပေါက်သွားကာ ပီယာ့အနီးသို့ သွားထိုင်ပြီး ပီယာ၏ ဖခင်မြို့စားကြီး ဘီဇူးကော့ဗ်အကြောင်းကို ပြောဆိုနေလေသည်။ ဤအကြိမ်တွင်လည်း ပီယာသည် စောစောကကဲ့သို့ပင် တစ်လုံးချင်း ဖြေကြားလျက်ရှိသည်။ အခြားဧည့်သည်များမှာလည်း အချင်းချင်း စကားမပြတ် ပြောလျက် ရှိကြလေသည်။ ထိုအခိုက် အပြင်ဘက်မှ နှုတ်ဆက်သံများ ကြားရသဖြင့် မြို့စားကတော်ကြီးသည် အနီးမှထကာ ကပွဲဆောင်ထဲသို့ ဝင်သွားလေသည်။

"မာယာ ဒီမိထရီယက်ဗ်နာ ရောက်လာပြီကိုး"

ဟူသော မြို့စားကတော်ကြီး၏အသံ ထွက်ပေါ်လာ လေသည်။ ခဏကြာလျှင် ဧည့်ခန်းထဲသို့ မာယာ ဒီမိထရီယက်ဗ်နာ ဝင်လာလေသည်။

သက်ကြီးရွယ်ကြီးများမှအပ အခန်းထဲရှိ ပရိသတ် အားလုံးက မတ်တတ်ထလိုက်ကြသည်။ မာယာဒီမိထရီယက်ဗ်နာသည် တံခါးဝတွင် ရပ်နေလေသည်။ မာယာဒီမိထရီယက်ဗ်နာမှာ အရပ်ထွားထွားကျိုင်းကျိုင်းနှင့် ဖြစ်ပြီး ဖြူဖွေးသော ဆံပင်များမှာ အလိပ်လိပ် လှိုင်းထလျက်ရှိသည်။ အမျိုးသမီးကြီးမှာ အသက်ငါးဆယ်ခန့် ရှိပေပြီ။ ၎င်းသည် ဆံပင်ဖြူများ အလိပ်လိပ်ထနေသော ငါးဆယ်ကျော်အဘွားကြီး၏ ခေါင်းအတိုင်း ခပ်မော့မော့ ထားလိုက်ပြီး ဧည့်ပရိသတ်ကို လှမ်းကြည့်နေသည်။

"မင်းပွဲသဘင် ကျင်းပတဲ့ မြို့စားကတော်ကြီးနှင့် တကွ သားသမီးများမှာ စိတ္တသုခ ကာယသုခနဲ့ပြည့်စုံကြပါစေ"ဟု အသံသြကြီးဖြင့် ဆုတောင်းလိုက်သည်။ ၎င်း၏ အသံသည် တစ်ခန်းလုံးကို ဖုံးသွားပေသည်။ ပြီးမှ မိမိလက်ကို နမ်းရှုပ်နှုတ်ဆက်နေသော မြို့စားကြီး ရော့စတော့ဗ်ဘက် လှည့်ကာ

"မြို့စားကြီးကတော့ ယေ်ယေ်ကလိုပဲ မကောင်းမှုမှာ ပျော်မွေ့တုန်းပဲ ထင်တယ်။ မော်စကိုမှာ တော်တော်ပျင်းနေမှာပေါ့ ဟုတ်စ။ ရှင့်အမဲလိုက် ခွေးတွေ တစ်မြို့ကြီးနဲ့တောကစားမထွက်တော့ဘူး ထင်တယ်။ ကလေးတွေကလဲကြီးလှပြီနော်။ ဟောဒီ သမီးတွေအတွက် ယောကျ်ားလေးဘာလေးလဲ ရှာပေးဖို့ မမေ့နဲ့ဦး"

မာယာဒီမိထရီယက်ဗ်နာက မိန်းကလေးများဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လက်ညှိုးထိုး၍ ပြောလိုက်သည်။

"နေစမ်းပါဦး။ ဟို ကော့ဆက်မလေး နာတာ ရှာကော့"

နာတာရှာသည် ကြောက်ရွံ့ခြင်းဟူ၍ နည်းနည်း ကလေးမျှမရှိဘဲ ရဲရဲတင်းတင်းထလာကာ အမျိုးသမီးကြီး ၏လက်ကို နမ်းရှုပ် နှုတ်ဆက်နေသည်။ အမျိုးသမီးကြီးက နာတာရှာ၏ လက်မောင်းကို ပွတ်သပ်ကာ

"ဒီကလေးမလေးတော့ ခပ်ရမ်းရမ်း ဟာလေးပဲ။ ဒါပေမဲ့ ကျုပ်ကတော့ သဘောကျတယ်"

အမျိုးသမီးကြီးက တွဲလောင်းကျနေသော ၎င်း၏ နားပေါက်မှ သစ်သော့သီးပုံ ပတ္တမြားနားဆွဲကို ဖြုတ်၍ နာတာရှာအား ပေးလိုက်သည်။ နာတာရှာသည် မွေးနေ့ လက်ဆောင်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ချက်ချင်း ထွက်လာခဲ့သည်။ အမျိုးသမီးကြီးသည် ပီယာဘက်သို့ လှည့်လိုက်ရင်း

"ဟော သူငယ်လေး လာစမ်း၊ လာစမ်း"ဟု ပီယာကို လှမ်းခေါ်လိုက်သည်။

"ဟော့ သူငယ်၊ ခဏလာပါဦးကွယ့်"

အမျိုးသမီးကြီးက အင်္ကျီလက်ကို မ တင်ကာ ဆက်၍ ခေါ်လိုက်သည်။ ပီယာသည် မျက်မှန်ထဲမှ မျက်လုံးများဖြင့် ဘုမသိ ဘမသိ ကြည့်ရင်း အမျိုးသမီးကြီး အနီးသို့ လျှောက်လာခဲ့ပေသည်။

"လာပါကွယ့် သူငယ်ရဲ့၊ ဒီနားထိအောင် လာစမ်း ပါ။ မင်းဖအေကြီး ကောင်းစားစဉ်တုန်းကတော့ မင်းအဖေ ကို ငါတစ်ယောက်ပဲ မှန်တဲ့အတိုင်းဖွင့်ပြောရဲတဲ့ လူရှိတယ်။ မင်းကိစ္စနဲ့ပတ်သက်ရင် အမြဲတမ်း ငါအမှန်ကိုပဲ ပြောခဲ့ တယ်"

အမျိုးသမီးကြီးက ခေတ္တရပ်လိုက်၏။ အားလုံး တိတ်ဆိတ်လျက်ရှိသည်။ ဤစကားမှာ နိဒါန်းပျိုးခြင်းမျှ သာ ရှိသေးရာ နောက်ထပ် မည်သို့ ပြောဦးမည်နည်းဟု အားလုံးကပင် နားစွင့်နေကြသည်။

"တော်တော်ချီးကျူးဖို့ ကောင်းတဲ့သူငယ်ပေပဲ။ ဖအေက အိပ်ရာပေါ် ပက်လက်နဲ့ သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ အချိန်မှာ၊ သူက ရွှေမြို့တော် ရဲအမှုထမ်းကို ဝက်ဝံနဲ့ ကြိုးပူးချည်ပြီး ကြဲဖန်ပျော်စရာရှာတယ်။ ရှက်စရာ ကောင်းလွန်းလှတယ်ကွယ်။ ယောကျာ်းပီပီ စစ်တိုက် ထွက်တယ်ဆို တော်သေးရဲ့"

အမျိုးသမီးကြီးသည် မြို့စားကြီး ရော့စတော့ဗ် ဘက်သို့ လှမ်း၍ လက်ကမ်းလိုက်သည်။ မြို့စားကြီး ရော့စတော့ဗ်မှာ ရယ်မောလျက် ရှိပေသည်။

"ကဲ ညစာသုံးဆောင်ကြဖို့ အချိန်တော်ပြီ ထင်တယ်"ဟု အမျိုးသမီးကြီးက ပြောလိုက်၏။

မြို့စားကြီးရော့စတော့ဗ်နှင့် အမျိုးသမီးကြီးက ထမင်းစားခန်းအဆောင်ထဲသို့ ရှေ့ဆုံးမှ ဝင်သွားကြသည်။ မြို့စားကတော်ကြီးက မြင်းတပ်ဗိုလ်မှူးကြီးတစ်ဦးနှင့် လက် မောင်းချင်းချိတ်၍ နောက်က လိုက်လာသည်။ မြင်းတပ် ဗိုလ်မှူးကြီးမှာ နီကိုလေတို့တပ်မှ ဗိုလ်မှူးကြီး ဖြစ်သည့် အတွက် မြို့စားကြီး ရော့စတော့ဗ်တို့ အိမ်သားများအဖို့ အရေးကြီးသော ဧည့်သည်တစ်ယောက် ဖြစ်လေသည်။ ၎င်းတို့ အတွဲနောက်တွင် မင်းသမီးကြီး ဒရူဘက်စကား ယားနှင့် ရှင်ရှင်တို့ အတွဲလိုက်ပါလာကြသည်။ ဂျာမန်စပ် စစ်ဗိုလ်ကလေး ဘာ့ဂ်သည် ဗီရာအား လက်တွဲ၍ ချိတ်စေရန် ၎င်း၏ လက်မောင်းကို ကမ်းပေးလိုက်သည်။ ဧည့်သည် မြို့စားကတော်ကြီး၏ သမီးဂျူလီကူရာဂင်သည် နီကိုလေ နှင့် တွဲ၍ ဝင်လာသည်။ ထိုနောက်တွင်ကား အတွဲအသီးသီး ဝင်ရောက်လာကြလေရာ ခန်းမဆောင်ကြီး တစ်ခုလုံး ပြည့်လျှံသွားလေသည်။ နောက်ဆုံးတွင် ကလေး များနှင့် စာပြဆရာမများ၊ အထိန်းတော်များ တစ်ယောက် ချင်းတန်းစီ၍ ဝင်လာကြလေသည်။ ခန်းမဆောင်ထဲတွင် အဆောင်ကိုင်များသည် ပျားပန်းခပ်မျှ အလုပ်ရှုပ်စ ပြုလာ ကြ၏။ ကုလားထိုင်ဆွဲသံများကို ကြားရ၏။ နေရာတွင် မင်းပရိသတ် အသီးသီးထိုင်မိသည်နှင့် စင်တော်ရှိ ဝိုင်းတော် မှ မင်္ဂလာတေးသံပေါ်ထွက်လာလေသည်။ ဝိုင်းတော်တေး သံစုံများကြားမှဖွန်းသံ၊ ခက်ရင်းသံများကိုလည်းကောင်း၊ မင်းပရိသတ်များ၏ စကားပြောဆိုသံများကိုလည်းကောင်း၊ အဆောင်ကိုင်များ၏ ခြေသံများကိုလည်းကောင်း ကြားနေ ရပေသည်။ ထမင်းစားပွဲ၏ ထိပ်ဘက်၌ မြို့စားကတော် ကြီးထိုင်လျက်ရှိပြီး မိမိ၏လက်ယာဘက်တွင် မာယာဒီမိ ထရီယက်ဗ်နာသည် လည်းကောင်း၊ လက်ဝဲဘက်တွင် မင်းသမီးကြီး ဒရူဘက်စကားယားသည် လည်းကောင်း အသီးသီး ထိုင်လျက်ရှိ၏။ ထိုနောက်မှ အမျိုးသမီး ပရိသတ်များ ထိုင်ကြပေ၏။ စားပွဲ၏ အခြားထိပ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တွင် မြို့စားကြီး ရောစတော့ဗ်သည် အလယ်မှ ထိုင်လျက်ရှိပြီး ၎င်း၏ လက်ယာဘက်တွင် ရှင်ရှင်သည် လည်းကောင်း၊ လက်ဝဲဘက်တွင် မြင်းတပ်ဗိုလ်မှူးကြီး သည်လည်းကောင်း ထိုင်လျက်ရှိကြကာ၊ ၎င်းတို့၏အောက် တစ်ဖက်တစ်ချက်မှ ယောက်ျား ပရိသတ်များစီ၍ ထိုင်နေကြသည်။ ရှည်လျားသော စားပွဲကြီး၏ အလယ်လောက်တွင်မှ လူငယ်လူရွယ်များ ထိုင်လျက်ရှိသည်။ ထိုအထဲတွင် ဗီရာ၊ စစ်ဗိုလ်ကလေးဘောဂ်၊ ပီယာနှင့်ဘိုးရစ်စ်တို့ ပါဝင်ကြသည်။ ၎င်းတို့၏ မျက်နှာချင်းဆိုင်တွင် ကလေးများ၊ စာပြဆရာမများ၊ အထိန်းတော်များ ထိုင်နေကြသည်။

မြို့စားကြီး ရောစတော့ဗ်သည် စားပွဲပေါ်ရှိ ဖန်အရက်အိုးများ၊သစ်သီးပန်းကန်များကြားမှ ကြင်ရာတော် မြို့စားကတော်ကြီးနှင့်တကွ အပြာနုရောင် ဖဲကြိုးများ ဆင်ယင်ထားသော မြို့စားကတော်ကြီး၏ ဦးထုပ်ကို စိုက်ကြည့်လျက်ရှိရင်း မိမိ၏ ဖန်ခွက်ထဲသို့လည်းကောင်း၊ ဧည့်သည်များ၏ ဖန်ခွက်များထဲသို့လည်းကောင်း အရက်များကိုလိုက်၍ ငှဲ့ပေးနေသည်။ အလားတူပင် မြို့စားကတော်ကြီးသည်လည်း စားပွဲပေါ်တွင် ပန်းကန်များဖြင့် တည်ခင်းထားသည့် နာနတ်သီးများအကြားမှ ကြင်ရာတော် မြို့စားကြီး ရောစတော့ဗ်ကို လှမ်း၍ ကြည့်လျက်ရှိပေသည်။ မြို့စားကြီး ရောစတော့ဗ်၏ မျက်နှာမှာ နီမြန်းလျက်ရှိလေရာ ၎င်း၏ မျက်နှာသည် ဖြူဖွေးနေသော ဆံပင်များနှင့် ခါတိုင်းထက်ပင် အရောင်အသွေးအားဖြင့် ခြားနားနေသည်ဟု ထင်မှတ်ရသည်။ စားပွဲထိပ်တစ်ဖက်ရှိ မိန်းမပိုင်းမှ တတွတ် တွတ်စကားပြောနေသံသည် တိုးလည်းမတိုး၊ ကျယ်လည်းမကျယ် အသံမှန်မှန်ဖြင့် ထွက်ပေါ်လျက်ရှိသော်လည်း ယောက်ျားဝိုင်းဘက်ဆီမှ စကားသံမှာ တဖြည်းဖြည်း ကျယ်လောင်စ ပြုလာပေသည်။ အထူးသဖြင့် အရက်ရှိန်ကြောင့် တဖြည်းဖြည်း မျက်နှာနီလာစ ပြုပြီဖြစ်သော မြင်းတပ်ဗိုလ်မှူးကြီး၏ အသံမှာပို၍ပို၍ ကျယ်လောင်လာသည်ဟု ထင်မှတ်ရ၏။ မြို့စားကြီး ရောစတော့ဗ်သည် အိမ်သည်ပီပီ ဧည့်သည်များအား စံနမူနာပြသည့်အနေဖြင့် လွန်ခြေဆည်ကာ ကိုယ်ကိုမတ်မတ်ထား၍ ထိုင်နေသည်။ ဂျာမန်စစ်ဗိုလ်ကလေး ဘောဂ်က အချစ်ဟူသည် မြေကြီးမှ ပေါက်ဖွားလာသော အရာမဟုတ်ဘဲ ကောင်းကင်ဘုံမှ ဆင်းသက်ရောက်ရှိလာသော ခံစားချက်တစ်မျိုးဖြစ်ကြောင်း ဖြင့် ဗီရာအား ပြုံးရွှင်စွာ ပြောလျက်ရှိသည်။ ဘိုးရစ်စ်သည် မိတ်ဆွေသစ် ပီယာအား ဧည့်သည်များ မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလျက်ရှိရင်း မျက်နှာချင်းဆိုင် ထိုင်နေသည့် နာတာရှာနှင့် မျက်လုံးချင်း ကစားလျက်ရှိလေ၏။ ပီယာသည် စကားမှာမှာမပြောလှဘဲ အစားကိုသာတွင်တွင်ဖိစားရင်း မျက်နှာစိမ်းများကို လှမ်း၍ ကြည့်ရှုနေ၏။ ဟင်းချိုနှစ်ပွဲလာချရာတွင် ပီယာသည် လိပ်သား ဟင်းချို ရည်ကိုသာ သောက်သော်လည်း အရက်ကိုလည်းကောင်း၊ အစားကိုလည်းကောင်း ချလာသမျှကိုကား အလွတ်မပေးဘဲ အဝစားလျက်ရှိသည်။ အရက်ကို လာချရာတွင် စားပွဲထိုးသည် အရက်ပုလင်းကို လက်သုတ်ပဝါတစ်ထည်ဖြင့် ရစ်ပတ်ကာ ရှေ့သို့တိုးလာပြီး "မဒီရာစပျစ်ရည်လား ခင်ဗျာ"ဟု လည်းကောင်း၊ "ဟန်ဂေရီ အရက်သုံးဆောင်မလား ခင်ဗျာ"ဟု လည်းကောင်း၊ "ရိုင်း အရက်ချိုလား ခင်ဗျာ"ဟုလည်းကောင်း ခပ်တိုးတိုးကလေးမေးကာ လိုသောအရက်ကို လာငှဲ့ပေးသွားသည်။ မိမိရှေ့ စားပွဲပေါ်တွင် မြို့စားကြီး ရောစတော့ဗ်၏ ရုပ်ပုံထုထားသည့် ဖန်အရက်အိုးကြီး လေးအိုးရှိသည့်အနက် ပီယာသည် ထိုအိုးများထဲမှ တစ်ခွက်ပြီးတစ်ခွက် လက်လှမ်းမီသရွေ့ ခပ်သောက်ရင်း အခြားဧည့်သည်များကို ငေးကြည့်လျက်ရှိပေသည်။ နာတာရှာကား ရွှေရင်သိမ်းသစ် ဆယ့်သုံးနှစ်အရွယ် မိန်းကလေးများသည် မိမိတို့ ပထမဆုံးအကြိမ်တွေ့ဖူးသောချစ်သူကို ကြည့်ရာတွင် ဖြစ်ပေါ်တတ်သော ရွှင်လန်းကြည်နူးခြင်းမျိုးဖြင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ဘိုးရစ်စ်အား ရွှန်းရွှန်းစားစားကြည့်လျက် ရှိလေသည်။ တစ်ခါတစ်ရံတွင် ရွှန်းရွှန်းစားစားကြီးရှိသော နာတာရှာ၏ မျက်လုံးများသည် ပီယာဘက်သို့ လှည့်လာတတ်သည်။ ပီယာသည် အကြောင်းရှာမရဘဲ နာတာရှာကို ကြည့်၍ ရယ်ချင်နေလေသည်။

နီကိုလေမှာ ညစာစားပွဲတွင် ၎င်း၏ချစ်သူ ဆွန်ယာနှင့် တစ်နေရာစီ ရောက်လျက်ရှိပြီ ဂျူလီကူရာဂင်နှင့် စကားလက်ဆုံကျလျက်ရှိ၏။ ဆွန်ယာသည် မချိပြုံးပြုံး၍နေရသော်လည်း ရင်ထဲတွင်ကား မနာလိုဝန်တိုစိတ်တဖွားဖွားပေါ်လျက်ရှိလေပြီ။ တစ်ချက်တစ်ချက်တွင် ဆွန်ယာ၏ မျက်နှာမှာ သွေးမရှိတော့သလို ဖြူရော်သွားကာ တစ်ခါတစ်ခါတွင်လည်း နီကိုလေနှင့် ဂျူလီတို့၏



www.burmeseclassic.com

www.burmeseclassic.com



းကားများကို နားစွင့်၍ ထောင်နေမိသည်။ အထိန်းတော်တစ်ဦးမှာ လူကြီးများကြားတွင် ရောက်နေသည့် ကလေးများအတွက် စိတ်မသက်မသာဖြင့် ကြည့်နေသည်။ ဂျာမန်စာပြုဆရာကား ထမင်းစားပွဲအကြောင်းကို ဂျာမနီရှိ မိမိ၏မိတ်ဆွေများထံ စာရေးရန် ဟင်းလျာအမျိုးအမည်များ၊ အရက်အမျိုးအမည်များ၊ ဟင်းရံအမျိုးအမည်များကို စိတ်ထဲတွင်တေး၍ မှတ်နေသည်။ စားပွဲထိုးတစ်ယောက်က ပုလင်းတစ်လုံးကို လက်သုတ်ပဝါဖြင့် ပတ်လျက် ၎င်း၏ ခွက်ထဲသို့ ထည့်မပေးဘဲ အနားမှာဖြတ်လျှောက်သွားသည့် အခါ၌ ဂျာမန်စာပြုဆရာသည် ထောင်းခနဲဒေါသထွက်သွားမိသည်။ ထို့ကြောင့် ဤလိုအရက်မျိုးကို မသောက်လိုဟူသောသဘောဖြင့် မျက်မှောင်ကုတ်လိုက်သည်။ သို့ရာတွင် ဤလိုအရက်ပွဲ၌ မိမိအရက်သောက်ခြင်းမှာ သောက်ချင်၍ သောက်ရခြင်း မဟုတ်ဘဲ ဗဟုသုတသဘောဖြင့် မြည်းစမ်းခြင်းဖြစ်ကြောင်းကို မည်မျှဟန်လုပ်၍ ပြစေကာမူ မည်သူကမျှ ယုံကြည်ဟန် မပြကြသောအခါတွင် ဂျာမန်စာပြုဆရာမှာ ပို၍ ဒေါသထွက်လျက် ရှိလေသည်။

## အခန်း ၁၉

ယောကျ်ားဝိုင်းဘက်ဆီမှ စကားသံများမှာ ပို၍ ဆူညံလာလေသည်။ မြင်းတပ်ဗိုလ်မှူးကြီးက ရွှေမြို့တော်တွင် စစ်ကြေညာချက်ကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း၊ ထိုစစ်ကြေညာချက်ကို မိမိကိုယ်တိုင် ဖတ်ခဲ့ပြီဖြစ်ကြောင်း၊ ယမန်နေ့ကပင် ရွှေနန်းတော်ကြီးမှ စစ်ကြေညာချက်ကို စေတမန်တစ်ဦးဖြင့် စစ်သေနာပတိချုပ်ထံ ပို့လိုက်ပြီဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိ၏။

"နေစမ်းပါဦး။ ကျုပ်တို့က ဘာဖြစ်လို့ ဘိုနာပတ်ကို တိုက်ရမှာလဲ။ ခုဆိုရင် ဘိုနာပတ်က စွာကျယ်စွာကျယ်လုပ်နေတဲ့ ဩစထရီးယားရဲ့ ပါးစပ်ကို ပိတ်ပစ်လိုက်ပြီ။ ကျုပ်တို့က ဒီကိစ္စထဲမှာ ဝင်ရှုပ်ရင် မကြာခင် ကျုပ်တို့ အလှည့်ရောက်မှာပဲ"

ရှင်ရှင်က ဝင်ပြောလိုက်သည်။ ဗိုလ်မှူးကြီးမှာ အရပ်မြင့်မြင့် ထွားထွားကျိုင်းကျိုင်း ဂျာမန်ကြီးတစ်ယောက်ဖြစ်သည်။ သစ္စာတော်ကို ရိုသေကျိုးနွံ၍ ရုရှားပြည်ကို ချစ်သူတစ်ယောက်လည်း ဖြစ်သည်။ ထို့ကြောင့် ရှင်ရှင်၏ စကားကို မခံမရပ်နိုင်ဖြစ်လျက်ရှိ၏။

"အဲဒါကြောင့် စစ်ကြေညာတာပေါ့ဗျ" ဟု ဂျာမန် သံဝဲဝဲဖြင့် ပြောလိုက်၏။ "တစ်နေ့မှာ ကျုပ်တို့ဘက်ကို လှည့်လာလိမ့်မယ်ဆိုတာ ဘုန်းတော်ကြီးသော ဘုရားသိတော်မူတယ်။ ဒါကြောင့် ရုရှားနိုင်ငံကြီးကိုလည်းကောင်း၊ နယ်ပယ်နိုင်ငံတော်၏ လုံခြုံရေးနှင့်ဂုဏ်သိက္ခာကိုလည်းကောင်း၊ မဟာမိတ်များ၏ သန့်ရှင်းမွန်မြတ်စင်ကြယ်မှုကိုလည်းကောင်း ခြိမ်းခြောက်ထိပါးတဲ့ အန္တရာယ်ကြီးကို လက်ပိုက်ကြည့်နေတော်မမူနိုင်ဘူးလို့ စစ်ကြေညာချက်ထဲမှာ အတိအလင်း ဖော်ပြထားတော်မူတာပဲ"

စစ်ဗိုလ်မှူးကြီးက 'မဟာမိတ်' ဆိုသော စကားလုံးကို အလေးအနက်ထား၍ ပီပီသသကြီး တစ်လုံးချင်း ပြောဆိုလိုက်သည်။ ထို့နောက် အရာရှိကြီးတို့၏ အလေ့အကျင့်ရှိပြီးသား ထုံးစံအတိုင်း ရွှေနန်းတော်ကြီး၏ စစ်ကြေညာချက် ပထမစာပိုဒ်များကို ရွတ်ပြနေလိုက်သေးသည်။

"ဥရောပတိုက်၏ငြိမ်းချမ်းရေးကို ခိုင်မာသော အခြေခံပေါ်တွင် တည်ဆောက်ရန်ဟူသော ဘုန်းတော်ကြီး သော ဘုရား၏ တစ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်သည့် အလိုတော်နှင့်အညီ မိမိ၏ စစ်တပ်များကို တိုင်းတစ်ပါးသို့ စေလွှတ်လျက် အဆိုပါ ရည်ရွယ်ချက်ဖြစ်မြောက် အောင်မြင်ရေး အတွက် အခြေအနေသစ်များကို ဖန်တီးရန်ပြဋ္ဌာန်းဆုံးဖြတ်တော် မူလိုက်ပြီဖြစ်ကြောင်း။"

"အဲဒါကတော့ စစ်ကြေညာချက်ပဲခင်ဗျ" စစ်ဗိုလ်မှူးကြီးက စကားကို အဆုံးသတ်လိုက်ပြီး အရက်တစ်ခွက်ကို သောက်လိုက်ကာ မြို့စားကြီးအား ထောက်ခံချက်တောင်းသည့်အနေဖြင့် လှမ်းကြည့်လိုက်သည်။

"ထိုင်နေ အကောင်းသား ထသွားမှ ကျိုးမှန်းသိဆိုတဲ့ စကားပုံလို ဖြစ်နေပါ့မယ်ဗျာ" ဟု ရှင်ရှင်က မျက်ခုံးကို ပင့်၍ ပြုံးရင်းပြောလိုက်၏။ "နဂိုကမှ မကောင်းရတဲ့အထဲမှာ ခုလိုစစ်ထဲဝင်လိုက်ရင် တိုင်းပြည်မှာ ယောက်ယက်ခတ် မသွားပေဘူးလား။ ဆူဗိုရော့ဗ်* လို စစ်ဗိုလ်ကြီးတွေတောင် မရှုမလှ ဆုတ်လာခဲ့ရသေးတာပဲ။ ကဲ ကျုပ်

* ဆူဗိုရော့ဗ်မှာ ၁၈၀၀ ခုနှစ်မတိုင်မီလောက်က အီတလီပြည်ထဲမှ ပြင်သစ်များကို မောင်းထုတ်ခဲ့သော ရုရှားစစ်ဗိုလ်ကြီး ဖြစ်သည်။ နောက်ဆုံးတွင် ရှုံး၍ ပြန်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေးမယ်။ ခု ဆူဗိုရော့ဗ်လို လက်ရုံးရည်ရော နှလုံးရည်ရော ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးတွေ ကျုပ်တို့မှာ ရှိသလား"

"ကျုပ်တို့ နောက်ဆုံး သွေးစက်အထိ တိုက်ရမယ် ဗျ။ နောက်ဆုံး သွေးစက်အထိ တိုက်ရမယ်" ဗိုလ်မှူးကြီးက စားပွဲကိုထု၍ အော်ပြောလိုက်သည်။ "ဘုန်းတော်ကြီးသော ဘုရားအတွက် ကျုပ်တို့အသက်ကို အသေခံရမယ်။ စွန့်လွှတ်ရမယ်။ ဒါမှ အရှည်ကောင်းမယ်။ တော်ပါဗျာ၊ ဒီအကြောင်း မပြောကြတာ ကောင်းပါတယ်"

ဂျာမန်ဗိုလ်မှူးကြီးက စကားကို အဆုံးသတ်ကာ မြို့စားကြီး ရော့စတော့ဗ်ဘက်သို့ လှည့်ကြည့်နေသည်။

"ကျုပ်တို့လို စစ်သားဟောင်းကြီးတွေကတော့ ဒီလိုပဲ မြင်တယ်။ မောင်ရင်တို့ စစ်ဗိုလ်ကလေးတွေ၊ လူငယ်ကလေးတွေကကော ဘယ်လိုများ သဘောရသလဲ"

စစ်အကြောင်းပြောဆိုနေသံကြားသဖြင့် ဂျူလီနှင့် စကားပြောရာမှ နားစွင့်နေသော နီကိုလေဘက်သို့ ဗိုလ်မှူးကြီးကလှည့်၍ မေးလိုက်ပြန်သည်။

"ကျွန်တော်လဲ ဗိုလ်မှူးကြီးနဲ့ တစ်သဘောတည်း ပါပဲ ဗိုလ်မှူးကြီး" နီကိုလေက ကြီးမားလှသော အန္တရာယ်ကြီးတစ်ခုကို ရင်ဆိုင်နေရသည့်ဟန်ဖြင့် ရှေ့စားပွဲပေါ်တွင် ရှိသော အရက်ခွက်ကို တခြားသို့ ရွှေ့လိုက်ပြီး ပန်းကန်ပြားကို ပတ်ပတ်လည်အောင် လှည့်ရင်း ပြောလိုက်သည်။ "ကျွန်တော်တို့ ရုရှားလူမျိုးများအဖို့တော့ သေမြေကြီး ရှင်ရွှေထီး ဆိုသလို ရွေးစရာ နှစ်လမ်းပဲရှိတာပဲ"

နီကိုလေက စကားအစ သတ်လိုက်ပြီးမှ မိမိစကားများမှာ ညစာစားပွဲတွင် မပြောအပ်သော စကားများဖြစ်ကြောင်း သတိထားလိုက်မိသည့်နောက် ဗိုလ်မှူးကြီးမှာ အနေရခက်သလို ဖြစ်နေပေသည်။

"အစ်ကိုပြောလိုက်ပုံက နှစ်ထောင်းအားရစရာ ကောင်းလိုက်ပါဘိတော့"

ဂျူလီက ကပ်၍ ပြောလိုက်သည်။ နီကိုလေနှင့် ဂျူလီတို့ ရင်းနှီးစွာ ပြောဆိုနေကြသည်ကို မြင်ရသော အခါ၌ ဆွန်ယာမှာ တစ်ကိုယ်လုံး တုန်ယင်လျက်ရှိလေပြီ။ နားရွက်များပင် နီရဲလာပေသည်။ ပီယာကား ဗိုလ်မှူးကြီး၏ စကားကို နားထောင်ကာ ခေါင်းတဆတ်ဆတ် ညိတ်လျက်ရှိ၏။

"ဟုတ်ပြီ။ ဒီလိုမှပေါ့၊ ဒါမှတကယ့်စစ်သားဗျ"

ဗိုလ်မှူးကြီးက စားပွဲကို ထု၍အော်လိုက်ပြန်သည်။

"ဘာဖြစ်လို့ ဒီလောက်တောင်များ အော်ကြီးဟစ်ကျယ် ဖြစ်နေရတာလဲ ဗိုလ်မှူးကြီးရဲ့။ စားပွဲကို လက်သီးနဲ့ ထုလိုထုနဲ့။ ဘာဖြစ်လို့ဒီလောက်တောင် ဒေါသကြီးနေရတာလဲ။ ထမင်းစားပွဲကို ပြင်သစ်တွေများ ရောက်နေကြပြီ ထင်လို့လား"

စားပွဲထိပ်မှ မာယာဒီမိထရိယက်ဗ်နာက လှမ်းမေးလိုက်သည်။

"ကျုပ်က အမှန်တရားကို ပြောတာပါ"

ဗိုလ်မှူးကြီးက ပြုံး၍ ဖြေလိုက်၏။

"စစ်အကြောင်းကို ပြောနေကြတာလေ။ ကျုပ်သားတော်မောင်ကလဲ စစ်မြေပြင်ကို ထွက်တော့မလို့ဗျ"ဟု မြို့စားကြီး ရော့စတော့ဗ်က ဝင်ပြောလိုက်သည်။

"ကျွန်မမှာလဲ သားလေးယောက်စလုံး စစ်တပ်ထဲမှာ အမှုတော်ထမ်းနေတာပါပဲ။ ဒါပေမဲ့ ကျွန်မက ရှင်တို့လောက်တော့ စိုးရိမ်ကြောင့်ကြ မရှိလှပါဘူးရှင်။ ကံစီမံတဲ့အတိုင်း ဖြစ်ကြရတဲ့ကိစ္စပဲ။ လူဆိုတာ အိပ်ရာထဲမှာ နေရင်းလဲ သေချင်သေပြီး၊ စစ်မြေပြင်ထွက်တိုက်ပေမယ့် လဲ သေချင်မှသေတာပါ"မာယာဒီမိထရိယက်ဗ်နာက စားပွဲကြီး တစ်ခုလုံး လွှမ်းသွားလောက်အောင် အသံသြကြီး ဖြင့် ပြောလိုက်၏။

"ဟုတ်လိုက်လေဗျာ"

သို့ဖြင့် ခဏကြာပြန်လျှင် ယောကျ်ားဝိုင်းနှင့် မိန်းမဝိုင်းသည် ကိုယ့်ဝိုင်းနှင့်ကိုယ် အသီးသီး စကားပြောနေကြပြန်လေသည်။

"မမက မမေးရဲပါဘူး"

နာတာရှာ၏ မောင်ငယ်က နာတာရှာကို လှမ်းပြောလိုက်သည်။

"အံ့မယ် ဘာလို့ မမေးရဲရမှာလဲ"

နာတာရှာက ပြန်ပြောလိုက်သည်။ နာတာရှာ၏ မျက်နှာကလေးမှာ အထူးရွှင်ပျလျက် ရှိပေသည်။ နာတာရှာသည် ကိုယ်ကို အသာကြွလိုက်ပြီးနောက် မိမိနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်ကာ စကားပြောသည်ကို နားထောင်နေသော ပီယာကို ကြည့်လျက် မိခင်မြို့စားကတော်ကြီးသို့ လှည့်ကာ

"မေဖျား"ဟုခပ်ကျယ်ကျယ်ကလေးခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲသမီး"

မြို့စားကတော်ကြီးမှာ နာတာရှာ၏ ခေါ်သံကြောင့် လန့်ဖျပ်၍ ပြန်ထူးလိုက်သည်။ သို့ရာတွင် နာတာရှာ၏ မျက်နှာမှ ပြောင်ချော်ချော်အမူအရာကို မြင်လိုက်သော အခါ လက်ညှိုးထောင်၍ သတိပေးလိုက်သည်။ စကားသံများမှာလည်း တိတ်ဆိတ် သွားလေသည်။

"နောက်ထပ် အချိုပွဲက ဘာလာဦးမလဲ"

နာတာရှာက မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ခပ်တည်တည်မေးလိုက်သည်။ မြို့စားကတော်ကြီးက မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"ကော့ဆက်မလေးနော်၊ တော်တော် ကဲ"

မာယာဒီမိထရိယက်ဗ်နာကလည်း ၎င်း၏ တုတ်ခိုင်သော လက်ညှိုးကို ထောင်၍ သတိပေးလိုက်၏။ ဧည့်သည်များမှာလည်း အနေရခက်သွားကြကာ လူကြီးများကို အကဲခတ်နေကြပေသည်။

"နာတာရှာနော်၊ သတိသာကြပ်ကြပ်ထားနေ"

မြို့စားကတော်ကြီးက ကြိမ်းလိုက်ပြန်သည်။

"ဟင် မေဖျားကလဲ နောက်ထပ်ဘာအချိုပွဲလာမှာလဲလို့မေးနေတာ" နာတာရှာက ပို၍ပင် ကဲလာကာ ခပ်စူးစူးကလေး ပြောလိုက်သည်။ ဆွန်ယာနှင့် နာတာရှာ၏ မောင်ငယ်ပီတာသည် ကျိတ်၍ ရယ်နေကြပေသည်။

"ကဲ မြင်တယ်မဟုတ်လား။ မေးပြီးပြီ" နာတာရှာက သူ့မောင်ငယ်ကို လှမ်းပြောပြီး ပီယာကို ကြည့်နေသည်။

"ပူတင်းကျွေးမယ်။ ဒါပေမဲ့ နင်တို့နောက်ထပ် မရတော့ဘူး။ တော်လောက်ပြီ"

မာယာ ဒီမိထရိယက်ဗ်နာက ပြောလိုက်၏။

နာတာရှာသည် မာယာ ဒီမိထရိယက်ဗ်နာကိုလည်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိချေ။

"ဘာပူတင်းလဲ ဒေါ်ဒေါ်ကြီး။ နာတာရှာတော့ ဒါမျိုး မကြိုက်ပေါင်"

"နို့သဖူး ပူတင်းအေ၊ ကဲ"

"ဘာပူတင်းရယ် ဒေါ်ဒေါ်ကြီး။ နာတာရှာ နားမလည်လို့ထပ်ပြောပါဦး"

မာယာဒီမိထရိယက်ဗ်နာနှင့် မြို့စားကတော်ကြီးသည် ခွက်ထိုးခွက်လန် ရယ်လိုက်သဖြင့် အခြားဧည့်သည်များကလည်း ရောနှောရယ်လိုက်ကြသည်။ ဧည့်သည်များသည် မာယာဒီမိထရိယက်ဗ်နာလို အမျိုးသမီးကြီးအားရဲတင်းစွာ ဆက်ဆံပြောဆိုနေသော နာတာရှာကို သဘောကျနေကြသည်။

နာတာရှာသည် နာနတ်သီးရေခဲစိမ် ကျွေးမည်ဟု ပြောသည့်အခါတွင်လည်း သဘောမကျ၍ တဆူဆူလုပ်လျက်ရှိသည်။ နာနတ်သီးရေခဲစိမ် မကျွေးမီတွင် ရှန်ပိန်များရောက်လာသည်။ မြို့စားကြီး ရော့စတော့ဗ်နှင့် မြို့စားကတော်ကြီးတို့သည် နမ်းရှုပ်လိုက်ကြသည်။ ဧည့်သည်များသည် နေရာမှထကာ မြို့စားကတော်ကြီးကို သွား၍ နှုတ်ဆက်ကြပြီး စားပွဲအလယ်ဆီသို့ ပြန်လာကာ မြို့စားကြီးရော့စတော့ဗ်နှင့် ဖန်ခွက်နှုတ်ခမ်းချင်းထိ၍ ဆုတောင်းနေကြလေသည်။ ခဏကြာလျှင် အဆောင်ကိုင်များ ဝင်ရောက်လာကာ ကုလားထိုင်များကို ရွှေ့ပေးလိုက်သည်တွင် ထမင်းစားခန်းထဲသို့ ဝင်ရောက်လာသည့် ပုံစံအတိုင်း ဧည့်ခန်း ဆောင်ဘက်သို့လည်းကောင်း၊ မြို့စားကြီး၏ စာကြည့်ဆောင်ဘက်သို့လည်းကောင်း ထွက်လာခဲ့ကြလေသည်။ ထမင်းစားခန်းမှ ပြန်ထွက်လာသည့် အခါတွင်မူကား၊ အရက်ရှိန်ကြောင့် ၎င်းတို့၏မျက်နှာများသည် ပို၍ နီမြန်း နေကြလေပြီ။

## အခန်း ၂၀

ဘောစတွန်ခေါ် ဖဲကစားရန် စားပွဲများကို ပြင်ဆင်ပြီးနောက်တွင် မြို့စားကြီးရော့စတော့ဗ်၏ ဧည့်သည်တို့သည် ဧည့်ခန်းဆောင်တွင် တချို့၊ ဆေးလိပ်သောက်ခန်းတွင် တချို့၊ စာကြည့်ဆောင်တွင် တချို့ အသီးသီးဝိုင်းဖွဲ့မိကြလေသည်။

မြို့စားကြီးရော့စတော့ဗ်သည် ယပ်တောင်ဖြန့်သည်နှယ် လက်ထဲကဖဲများကို ဖြန့်လိုက်ရင်း၊ ညစာစားပြီး တစ်ရေးတမောအိပ်တတ်သည့်အတိုင်း အိပ်ချင်စိတ်ကို အနိုင်နိုင်ဖြေဖျောက်ကာ တဟားဟား ရယ်လျက်ရှိသည်။ လူငယ်များမှာကား မြို့စားကတော်ကြီး၏ တိုက်တွန်းချက်အရ ရှေးစန္ဒရားကြီးတစ်လုံးနှင့် စောင်းကြီးတစ်လက် အနီးတွင် ဝိုင်းထိုင်နေကြသည်။ အားလုံးက တိုက်တွန်းသည့်အတွက် ဂျူလီကရာဂီနာက စ၍ စောင်းတီးသည်။ ဂျူလီသည် စောင်းကြိုးများကို ခပ်သွက်သွက်ကလေးတို့ထိ



www.burmeseclassic.com

www.burmeseclassic.com



အသံစမ်းလိုက်ပြီးသည့်နောက်တွင်အခြားမိန်းမငယ်များက တောင်းဆိုကြသည့်နည်းတူ ဂီတဘက်တွင် ကျွမ်းကျင်သော နီကိုလေနှင့် နာတာရှာတို့ကိုလည်း သီချင်းတစ်ပုဒ်လောက် ဆိုရန် တိုက်တွန်းလေသည်။ နာတာရှာသည် ယခုကဲ့သို့ မိမိအား လူကြီးတစ်ယောက်ပမာ 'ပွဲတောင်းခြင်း' ခံရသည်ကိုတွေ့ရသဖြင့် များစွာ သွေးနားထင်ရောက်လျက်ရှိ၏။ သို့ရာတွင် ဗိုလ်ပုံပရိသတ်အလယ်၌ သီချင်းဆိုရမည် ဖြစ်သည့်အတွက်လည်း ခပ်ရှုံ့ရှုံ့ဖြစ်လျက်ရှိသည်။

"ကဲ ဘာဆိုကြမလဲ"

"စမ်းရေယဉ် သီချင်းခံကြီးကို ဆိုပါလား"

နီကိုလေက ဝင်၍ အကြံပေးလိုက်သည်။

"ကဲ ဆိုကြရအောင်။ ဘိုးရစ်စ်ဝင်ဆိုပါလား" နာတာရှာက လှမ်းခေါ်လိုက်သည်။ "ဆွန်ယာကော"

နာတာရှာသည် ဆွန်ယာကို လှမ်းကြည့်သော်လည်းအခန်းထဲတွင် မရှိတော့သဖြင့် ဆွန်ယာကို ပြေး၍ ရှာရပြန်သည်။

ခန်းဆောင်ထဲသို့ဝင်၍ ဆွန်ယာကို ရှာသော်လည်း မတွေ့သဖြင့် သူငယ်ဆောင်ထဲသို့ လိုက်ရှာပြန်သည်။ ထိုနေရာ၌လည်း ဆွန်ယာမရှိပြန်သည့်အတွက် အဆောင်နှစ်ဆောင်ကြားရှိ သေတ္တာကြီးနားတွင် ရှိလိမ့်မည်ဟု ယူဆလိုက်သည်။ အဆောင်နှစ်ဆောင်ကြားရှိ သေတ္တာကြီးသည် မြို့စားကြီးရော့စတော့ဗ်အိမ်ရှိ မိန်းကလေးတို့ လာရောက်တိုင်တည်ရာဖြစ်သည်။ တကယ်ပင် ဆွန်ယာသည် သေတ္တာကြီးပေါ်၌ အိမ်စေကြီး၏ ညစ်ပတ်လှသော ငှက်မွေးမွေ့ရာကြီးပေါ်တွင် မှောက်လျက် မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုလျက်ရှိလေသည်။ ပန်းနုထွေးရုံ ဝတ်စုံအသစ်ကြီးမှာ တွန့်ကြေလျက်ရှိလေသည်။ မိမိ၏ ကင်ပွန်းတပ်မင်္ဂလာ နှစ်ပတ်လည်တွင် ကြည်သာ ရွှင်ပြုံးလျက်ရှိသော နာတာရှာ၏ မျက်နှာမှာ ရုတ်ခြည်းပြောင်း၍ သွားလေသည်။ မျက်လုံးများသည် ဆွန်ယာကို စူးစိုက်လျက်ရှိကာ ခေါင်းနပန်းကြီးသလို ဖြစ်သွားပြီးနောက် မျက်နှာကလေးမှာလည်း ရှုံ့မဲ့၍ သွားလေသည်။

"ဟင် ဆွန်ယာ၊ ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့လဲ"

နာတာရှာသည် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကာ ဘုမသိ ဘမသိဖြင့် ရော၍ ငိုလိုက်၏။ ဆွန်ယာသည် ခေါင်းဖော်ကာ ပြန်ဖြေမည်ပြုသော်လည်း မဖြေနိုင်ဘဲ မျက်နှာကိုသာ ခေါင်းအုံးထဲမြှုပ်၍ ငိုလျက်ရှိလေသည်။ နာတာရှာသည် အပြာခင်းများ ဖော်ထားသော ငှက်မွေးမွေ့ရာပေါ်တွင် ထိုင်လျက် ဆွန်ယာကို ဖက်ငိုနေလေသည်။ အတန်ကြာလျှင် ဆွန်ယာသည် ထထိုင်ကာ မျက်ရည်သုတ်ရင်း အကျိုးအကြောင်းကို ပြောပြလေသည်။

"နောက်တစ်ပတ်လောက်ရှိရင် နီကိုလေ စစ်မြေပြင် ထွက်ရတော့မယ်လို့ အမိန့်ရောက်ပြီတဲ့ နာတာရှာ။ နီကိုလေကိုယ်တိုင်က ပြောပြတယ်။ ဒါပေမဲ့ ဒါလဲ ကိုယ်ဒီလောက် ဝမ်းမနည်းပါဘူးကွယ်"

ဆွန်ယာက နီကိုလေ ကဗျာအတို အစကလေးများ ခြစ်ထားသောစာရွက်ကို ထုတ်ပြသည်။

"ဒါကြောင့် ကိုယ်ဒီလောက် ဝမ်းနည်းတာ မဟုတ်ပါဘူး။ ဒါပေမဲ့ နာတာရှာ၊ နာတာရှာ နားမလည်ဘူး။ ဘယ်သူမှလဲ နားလည်မှာ မဟုတ်ဘူး။ နီကိုလေဟာ တစ်မျိုးပဲ နာတာရှာ"

ဆွန်ယာသည် ဆက်မပြောနိုင်သေးဘဲ ငိုနေပြန်သည်။ အတန်ကြာမှ

"နာတာရှာရဲ့ ဘဝကတော့ အစစအရာရာ အဆင်ပြေပါတယ် နာတာရှာ။ ဆွန်ယာ မနာလို ဝန်တိုမရှိပါဘူး။ နာတာရှာ့အတွက် ဝမ်းသာပါတယ်။ ဆွန်ယာဟာ နာတာရှာနဲ့ ဘိုးရစ်စ်တို့ နှစ်ယောက်စလုံးကို ခင်ပါတယ်။ ဘိုးရစ်စ်ကလည်း လူကောင်းတစ်ယောက်ပါ။ ဒီတော့ နာတာရှာတို့ကိစ္စမှာ ဘာမှ အခက်အခဲမရှိပါဘူး။ ဒါပေမဲ့ ဆွန်ယာနဲ့နီကိုလေတို့ ကိစ္စကျတော့ တစ်ဝမ်းကွဲ ဖြစ်နေတဲ့အတွက် သာသနာပိုင်ဆီမှာ ခွင့်တောင်းရဦးမယ်။* ခွင့်တောင်းလို့ရပြန်တော့လဲ မပြီးသေးဘူး။ ဆွန်ယာဟာ နီကိုလေရဲ့ တက်လမ်းကို ဖျက်ဆီးတဲ့သူ၊ ကြင်နာခြင်းမရှိတဲ့သူ၊ ကျေးဇူးမသိတတ်တဲ့သူလို့ ဗီရာက မေဖျားကို သွားပြောရင် ဒုက္ခပဲ။ (ဆွန်ယာက မြို့စားကတော်ကြီးအား မိခင်ရင်းသဖွယ် သဘောထားကာ မေဖျားဟု ခေါ်သည်။) တကယ်တော့ နီကိုလေကို ဆွန်ယာဘယ်လောက် ချစ်တယ်

* ရုရှား ခရစ်ယာန်သာသနာအရ မောင်နှမဝမ်းကွဲလက်ထပ်လိုလျှင် သာသနာပိုင်ထံ ခွင့်တောင်းရသည်။

www.burmeseclassic.com



ဆိုတာ ဘုရားသိပါတယ် နာတာရှာ။ နီကိုလေတင် မဟုတ်ဘူး။ ဗီရာကလွဲလို့ မေဖျားကိုရော၊ နာတာရှာကိုရော တစ်အိမ်သားလုံးကို ကိုယ်ချစ်ပါတယ်။ ဗီရာဟာ ဆွန်ယာကို သိပ်မရှုဆိတ်ဖြစ်နေတယ် နာတာရှာ။ ဆွန်ယာ သူ့ကို ဘာမှနာနာကြည်းကြည်း မလုပ်ခဲ့ပါဘူး။ နာတာရှာတို့ကျေးဇူးတွေဟာ ဆွန်ယာ့အပေါ်မှာ အများကြီး ရှိပါတယ်။ ဆွန်ယာ့မှာ ဒီပြင်နည်းနဲ့ ဆပ်စရာမရှိလေတော့ နာတာရှာ့အတွက် ဘာကိုပဲ စွန့်ရ စွန့်ရ စွန့်လွှတ်ပြီး ဆပ်ပါ့မယ်"

ဆွန်ယာသည် စကားဆက်မပြောနိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ခေါင်းအုံးတွင်အပ်၍ ငိုနေပြန်သည်။ နာတာရှာသည် ဆွန်ယာကို စိတ်အားမငယ်ရန် ချော့၍သာ နေရသော်လည်း စင်စစ်၌မူ ဆွန်ယာ၏ ဒုက္ခသည် မည်မျှကြီးမားသည်ကို သူကိုယ်တိုင် ကောင်းကောင်းကြီး သိပေသည်။

"ဆွန်ယာ"

နာတာရှာသည် တစ်စုံတစ်ခုကို အမှတ်ရလာကာ ရုတ်တရက် ခေါ်လိုက်သည်။

"နာတာရှာ့ကို မှန်မှန်ပြောစမ်း။ ညနေတုန်းက ဗီရာက ဆွန်ယာ့ကို ဘာတွေ ပြောလွှတ်လိုက်သလဲဟင်"

"ကိုယ့်ကို ရစရာမရှိအောင် ပြောလိုက်တယ် နာတာရှာ။ နီကိုလေ သူ့ဘာသာသူ စပ်ထားတဲ့ ကဗျာအတိုအစကလေးတွေကို ဆွန်ယာက မှတ်စုစာအုပ်ထဲမှာကူးထားတယ်။ ညနေကျတော့ အဲဒီစာအုပ်ကို ဆွန်ယာ့စားပွဲပေါ်မှာ ဗီရာတွေ့သွားတယ်။ တွေ့လဲတွေ့ရော မေဖျားကိုတိုင်ပြောမယ်တဲ့။ ဆွန်ယာဟာ သားရေပေါ်အိပ် သားရေနားစားတဲ့ မိန်းကလေးတဲ့။ မေဖျားက နီကိုလေကို ဆွန်ယာနဲ့ ဘယ်တော့မှ လက်ထပ်ခွင့် မပြုဘူးတဲ့။ နီကိုလေဟာ ဂျူလီနဲ့ လက်ထပ်တော့မယ်တဲ့။ အို ပြောလိုက်တာ ရစရာ မရှိပါဘူး နာတာရှာ။ ဒီအထဲမှာ နီကိုလေကလဲ တစ်နေ့လုံး ဂျူလီနဲ့တတွဲတွဲပဲ။ ဆွန်ယာ ဘယ်လိုလုပ်ရမလဲ နာတာရှာ"

ဆွန်ယာသည် ဝမ်းနည်းလာကာ ပို၍ သည်းထန်စွာ ငိုရှိုက်နေပြန်သည်။ နာတာရှာသည် ဆွန်ယာကို ပွေ့ထူ၍ဖက်ထားလိုက်ကာ မျက်ရည်များကြားမှပြုံးရင်း ဆွန်ယာကို ဖျောင်းဖျလျက် ရှိလေသည်။

"ဆွန်ယာရယ် သူ့စကားကို မယုံစမ်းပါနဲ့။ သူပြောတာကို ထည့်စဉ်းစားမနေစမ်းပါနဲ့။ နီကိုလေရယ် ဆွန်ယာရယ် နာတာရှာရယ်၊ သုံးယောက်သား နေ့လယ်စာစားပြီး ဧည့်ခန်းထဲမှာ ထိုင်တိုင်ပင်ခဲ့ကြတာကို မှတ်မိသေးတယ်မဟုတ်လား။ ဒီလောက်လဲ အားမငယ်စမ်းပါနဲ့။ နာတာရှာတို့ ကိစ္စတုန်းကလဲ ဒီလိုပဲ။ အခြေအနေကို ကြည့်ပြီး ဖြေရှင်းခဲ့ကြတာပဲ မဟုတ်လား။ ဒီလိုပဲဖြေရှင်းခဲ့လို့ ပြေလည်တန်သလောက် ပြေလည်ခဲ့ပြီ မဟုတ်လား။ ကဲ ဦးလေးရှင်ရှင်ရဲ့ညီဟာ နှမတစ်ဝမ်းကွဲကို လက်ထပ်ခဲ့တာပဲမဟုတ်လား။ နာတာရှာနဲ့ ဘိုးရစ်စ်ဆိုရင် နှစ်ဝမ်းတောင်ကွဲပါသေးတယ်။ ဘိုးရစ်စ်ကတော့ လက်ထပ်လို့ ဖြစ်တယ်ပြောတာပဲ။ နာတာရှာလဲ ခုတော့ သူ့ကို အကုန်ပြောလိုက်ပြီ။ မငိုပါနဲ့ ဆွန်ယာရယ်။ ဗီရာက မကောင်းဘူး။ သိပ်ပြီး ရန်ရှာတတ်တယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို ဂရုစိုက် မနေစမ်းပါနဲ့။ အချိန်တန်တော့ အားလုံး အဆင်ပြေသွားမှာပါ။ သူလဲ မေဖျားကို ပြောရဲမှာမဟုတ်ပါဘူး။ နီကိုလေက သူ့ဘာသာသူပြောမှာပေါ့။ နီကိုလေကလဲ ဂျူလီကို တကယ် မချစ်ပါဘူး"

နာတာရှာသည် ဆွန်ယာ၏ဆံပင်များကို နမ်းလိုက်၏။

ဆွန်ယာသည် ထထိုင်လိုက်သည်။ ကြောင်မကလေး မြူးကြွလာနေပြီ။ ကြောင်မကလေး၏ မျက်လုံးများသည် တဖျတ်ဖျတ် တောက်လာကြလေပြီ။ ဆွန်ယာ၏ သဏ္ဌာန်မှာ ရှည်လျားသော အမြီးဖားဖားကို မြှောက်၍ ခုန်ချလိုက်ပြီး နောက် သိုးမွေးလုံးလေးများနှင့် ကစားလျက်ရှိသော ကြောင်မကလေးတစ်ကောင်ကဲ့သို့ တက်ကြွသော အသွင်ကို ဆောင်လျက်ရှိပေသည်။

"တကယ်လား နာတာရှာ ဟင်။ တကယ်ပြောတာလား"

ဆွန်ယာက ဖရိုဖရဲဖြစ်နေသော ဆံပင်နှင့် အဝတ်အစားများကို ပြင်လိုက်ရင်း မေး၏။

"အို တကယ်ပေါ့"

နာတာရှာက ဆွန်ယာ၏ နဖူးပေါ်တွင် ဝဲကျနေသော ဆံယဉ်စလေးများကို သပ်၍ ပြောလိုက်သည်။ သူငယ်ချင်း နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်၍ ရယ်လိုက်ကြ၏။

www.burmeseclassic.com



"ကဲလာ၊ စမ်းရေယဉ်သီချင်းခံကြီး တစ်ခေါက်လောက် ဆိုလိုက်ကြရအောင်"

"သွားလေ"

"နာတာရှာနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ပီယာဆိုတဲ့ ခပ်ဝဝလူကြီးကို ဆွန်ယာသိသလား။ အဲဒီလူကြီးက ရယ်စရာကြီးနော်" နာတာရှာက ပြောလိုက်သည်။ ပြီးမှ ရုတ်တရက် "နာတာရှာတော့ ဒီနေ့ သိပ်ပျော်တာပဲ"

နာတာရှာသည် အဆောင်နှစ်ဆောင်ကြား လမ်းမြောင်ကလေးအတိုင်း ပြေးထွက်သွားလေသည်။ ဆွန်ယာသည် ရင်ထဲတွင် တစ်စုံတစ်ခု ဟာတာတာကြီး ဖြစ်နေသည်ကို ကြိုးစား၍ ဖျောက်လိုက်ပြီး နီကိုလေ၏ ကဗျာစာရွက်အတိုအစကလေးများကို ပန်းပျော့ ရင်သိမ်း အင်္ကျီကြားထဲသို့ ထိုးထည့်၍ နာတာရှာ၏ နောက်မှ ပြေးလိုက်သွားကာ ရှက်သွေးဖြာ၍ နီရဲနေသော မျက်နှာကလေးဖြင့် ဧည့်ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ်ကလေး ဝင်လာခဲ့လေသည်။ ပရိသတ်အားလုံး၏ တောင်းဆိုချက်အရ စုံတွဲဆိုရသော 'စမ်းရေယဉ်' သီချင်းကြီးကို သီဆိုကြသည်တွင်ပရိသတ်များက ကောင်းချီးသြဘာပေးကြ၏။ နီကိုလေက မကြာခင်ကမှ တက်ထားသည့် သီချင်းတစ်ပုဒ်ကို ဆိုလေသည်။

"လမင်းဝင်းဝင်းပပ သာတဲ့ခါ ညချမ်းမှာ၊
ချို့သာသော စိတ်ကူးများဟာ၊ လွတ်လပ်စွာ
မြူးထူးကာ၊ ဤကမ္ဘာလောကတစ်ခုလုံးမှာ မောင်
တစ်ယောက်တည်းသာ၊ ချစ်သူလေးရဲ့မျက်နှာ၊
တရေးရေးတွေးလို့ နေမိတာ၊ ချစ်သူရဲ့လက်သွယ်
ပျောင်းဟာ စောင်းကြိုးကိုထိသောအခါ၊ သာယာ
သော ဂီတသံဟာ ကမ္ဘာမြေအနှံ့ ပျံ့လွင့်ရှာ၊
ဤတေးသံသာ ချစ်သူရဲ့သဝဏ်လွှာ၊ ချစ်သူ
အသည်းနှလုံးမှာ ဝင်ရောက်ရိုက်ခတ်ကာ၊ မနက်
ဖြန် သို့မဟုတ် သန်ဘက်ခါ၊ ထာဝရ နိဗ္ဗာန်ဘုံကို
လှမ်းကြတော့မှာ၊ သည်အထိတောင် မစောင့်
နိုင်ပါ"

နောက်ဆုံးအပိုဒ်ကို ဆို၍ မပြီးခင်မှာပင် လူငယ်များသည် ခန်းမဆောင်ကြီးထဲတွင် ထ၍ ကနေကြပြီဖြစ်လျက် ခြေထောက်များ ရွေလျားသံများနှင့် ဝိုင်းတော်မှ ဝိုင်းတော်တီးတို့၏ ချောင်းဆိုးသံများကို ကြားရလေသည်၊

*

ပီယာသည် ဧည့်ခန်းဆောင်ထဲတွင် ထိုင်လျက်ရှိစဉ် အနားသို့ ရှင်ရှင်ရောက်လာကာ မကြာမီက နိုင်ငံခြားမှ ပြန်ရောက်လာသူ ဖြစ်သည့်အတိုင်း နိုင်ငံရေး အခြေအနေများကို လာရောက်မေးမြန်းနေသည့်အတွက် စကားပြောနေရလေသည်။ အခြားပရိသတ်များလည်း ၎င်းတို့ စကားဝိုင်းအနီးသို့စုရုံးရောက်ရှိလာကြပြန်သည့်အတွက် ပီယာမှာ ငြီးစီစီဖြစ်လျက်ရှိ၏။ ဝိုင်းတော်မှ တေးဂီတသံ ထွက်ပေါ်လာသည်တွင် နာတာရှာသည် ရှက်စနိုးပြုံးကာ ပီယာထံသို့ လျှောက်လာခဲ့သည်။

"အစ်ကို့ကို ဝင်ကဖို့ မေဖျားက နာတာရှာကို အခေါ်ခိုင်းလိုက်ပါတယ်"

"အလို၊ အစ်ကိုက ဟုတ်တိပတ်တိမှ ကတတ်တဲ့လူမဟုတ်ဘဲ၊ အိုးနင်းခွက်နင်း ဖြစ်ကုန်မှာပေါ့။ ဒါပေမဲ့ နာတာရှာက သင်ပေးမယ်ဆိုရင်တော့"

ပီယာသည် ၎င်း၏ ပြည့်ဖြိုးသန်မာသော လက်မောင်းအိုးကြီးကို သေးသေးသွယ်သွယ် မိန်းမငယ်ကလေး နာတာရှာသို့ တွဲရန် ကမ်းလိုက်သည်။

နှစ်ယောက်တွဲကကြမည့် စုံတွဲအသီးသီးသည် နေသားတကျ ပြင်ဆင်လျက် ရှိကြ၏။ ဝိုင်းတော်တီးများက အသံစမ်းနေကြသည်။ ပီယာသည် မိမိနှင့်တွဲကမည့် ကလေးမ နာတာရှာနှင့်အတူ ထိုင်လျက်ရှိလေသည်။ နာတာရှာမှာ နိုင်ငံခြားမှ ပြန်လာသည့် လုလင်ကြီးတစ်ယောက်နှင့် တွဲကရတော့မည် ဖြစ်သည့်အတွက် ကြည်နူးနေဟန်ရှိ၏။ နာတာရှာသည် ခပ်ကြွားကြွားကလေး ထိုင်ကာ ရွယ်တူတန်းတူ တစ်ယောက်နှင့် စကားပြောသကဲ့သို့ ပြောဆိုလျက် ရှိလေသည်။ မည်သူက ပေးလိုက်မှန်းမသိသော ယပ်တောင်တစ်ချောင်းကိုလည်း လက်ထဲတွင် ဖြန့်၍ကိုင်ထားသည်။ နာတာရှာသည် တကယ့်အတွေ့အကြုံရှိပြီးဖြစ်သော မင်းစိုးရာဇာ အသိုင်းအဝိုင်းတွင် ကျက်စားသည့် အမျိုးသမီးကြီးတစ်ဦး၏ ဟန်အပြည့်ဖြင့် (ထိုဟန်မျိုးကို နာတာရှာသည် မည်သည့်နေရာတွင် မည်သည့်အချိန်က အတုခိုးခဲ့သည် မသိပေ။) ပီယာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်သွားလျက်ရှိပြီး ယပ်တောင်ကို ခတ်လိုက်၊ ယပ်တောင်ပေါ်မှ ပြုံးလိုက် လုပ်လျက်ရှိ၏။

"အလိုမရှေစာ။ ဘယ်လိုဖြစ်နေတာလဲ၊ ကြည့်စမ်း၊ ကြည့်စမ်း"

မြို့စားကတော်ကြီးက ကပွဲခန်းမဆောင်ထဲသို့ ဝင်လာရင်း နာတာရှာကို လက်ညှိုးထိုး၍ ပြောလိုက်၏။ နာတာရှာက မျက်နှာကလေး နီရဲသွားရင်း ရယ်လိုက်သည်။

"အို နာတာရှာ ဘာဖြစ်နေလို့လဲ။ မေဖျားကလဲ အလန့်တကြားချည်းပဲ"

'အိကိုဆေဆီ' သီချင်းခံကြီး တတိယအကျော့ကို တီးမှုတ်နေစဉ်တွင် မြို့စားကြီး ရော့စတော့ဗ်နှင့် မာယာဒီမိထရီယက်ဗ်နာတို့အပြင် လူကြီးများ ဖဲကစားလျက်ရှိသော တစ်ဖက်ခန်းဆောင်ဆီမှ ကုလားထိုင်ရွှေ့သံများ ပေါ်ထွက်လာလေသည်။ လူကြီးများ ဖဲဝိုင်းတွင် ထိုင်ကြသည်မှာ အချိန်အတော်ညောင်းသွားပြီ ဖြစ်ရကား ခိုင်းသိမ်းကာ ခြေဆန့်လက်ဆန့်သဘောဖြင့် ကပွဲခန်းမဆောင်ထဲသို့ ဝင်လာကြသည်။ မြို့စားကြီး ရော့စတော့ဗ်နှင့် မာယာဒီမိထရီယက်ဗ်နာတို့သည် ရွှင်ပျသော မျက်နှာထားဖြင့် ရှေ့ဆုံးမှ ဝင်လာကြ၏။ မြို့စားကြီး ရော့စတော့ဗ်ကား အထူးပျော်ရွှင်မြူးထူးလျက်ရှိကာ ဘဲလေးအကများတွင် တွေ့ရတတ်သည့် ဟန်မျိုးဖြင့် မိမိ၏ လက်မောင်းတစ်ဖက်ကို တွဲ၍ ချိတ်ရန် မာယာဒီမိထရီယက်ဗ်နာသို့ ကမ်းပေးလိုက်လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ရင်ကိုကော့လျက် ခပ်ပြောင်ပြောင်ပြုံးလိုက်ကာ တီးလုံးဆုံးသည်နှင့် တစ်ပြိုင်နက် စင်ပေါ်ရှိ တီးဝိုင်းခေါင်းဆောင်ကို လက်ခုပ်တီး၍ ခေါ်လိုက်ပြီး

"ဟော့ ဆိမီယွန်။ 'ဒင်နီယယ် ကူးပါး' သီချင်းကို ရသလား"ဟု လှမ်းမေးလိုက်သည်။ ထိုသီချင်းမှာ မြို့စားကြီးရော့စတော့ဗ် အလွန်နှစ်သက်သော သီချင်းဖြစ်ပြီး ငယ်စဉ်က မကြာခဏကခဲ့ရသော သီချင်းဖြစ်၏။ (အမှန်အားဖြင့်ကား ထိုသီချင်းမှာ 'အင်ဂလေဆီ' သီချင်းခံကြီးထဲမှ အပုဒ်တစ်ပုဒ်သာ ဖြစ်ပေသည်။)

"ဖေဖျားကိုလဲ ကြည့်စမ်းပါဦး"

နာတာရှာက ပရိသတ်များကို လှမ်းပြောလိုက်သည်။ နာတာရှာသည် လုလင်ကြီးတစ်ယောက်နှင့် ကနေသည့်အဖြစ်ကို မေ့သွားကာ ဖခင်ဖြစ်နေပုံကို မကြည့်ရဲဟန်ဖြင့် ဆံနွယ်ကလေးများဖွာကျနေသည့် ခေါင်းကို ဒူးထိအောင်ငုံ့ထားလိုက်သည့်အတွက် တစ်ခန်းလုံး ဝါးခနဲ ပွဲကျသွားလေသည်။

အမှန်စင်စစ်အားဖြင့်လည်း ခန်းဆောင်ထဲရှိ မင်းပရိသတ်အပေါင်းသည် သန်မာထွားကျိုင်းလှသော မာယာဒီမိထရီယက်ဗ်နာ၏ ဘေးနားတွင် ရပ်လျက် လက်မောင်းကို ကွေးချည့်ဆန့်ချည် ပြု၍လည်းကောင်း၊ စည်းလိုက်၍လည်းကောင်း၊ ရင်ကိုကော့၍လည်းကောင်း၊ ခြေဖျားထောက်ကာ ချာချာလှည့်၍လည်းကောင်း၊ ခြေကက၍လည်းကောင်း အမျိုးမျိုးပြုလုပ်လျက်ရှိသော မြို့စားကြီးရော့စတော့ဗ်ကို ကြည့်၍ သဘောကျလျက်ရှိကြပေသည်။ ဒင်နီယယ်ကူးပါးတေးသီချင်းမှာ (ကျေးလက်သီချင်းများကဲ့သို့) အလွန်မြူးသော တေးသီချင်းမျိုးဖြစ်ရကား သီချင်းစ၍ တီးလိုက်သည်နှင့် အပြင်ဘက်တွင် ရှိနေကြသော အိမ်တော်စေများ၊ အဆောင်ကိုင်များလည်း အခန်းဝသို့ စုပြုရောက်ရှိလာကြကာ အမြူးကြီးလျက်ရှိသော မြို့စားကြီးရော့စတော့ဗ်ကို ငေးကြည့်လျက် ရှိကြ၏။

"သခင်ကြီးဘုရားကို ကြည့်ကြစမ်းပါဦး။ လင်းယုန်ငှက်ကြီးများ ဝဲပျံကျလာသလား အောက်မေ့ရတယ်"

အထိန်းတော်တစ်ဦးက ပြောလိုက်သည်။

မြို့စားကြီးရော့စတော့ဗ်သည် ငယ်ရွယ်စဉ်က ကောင်းစွာ ကခဲ့ဖူးသူဖြစ်သည့်အတိုင်း အချိုးအဆစ်ကျကျ ကလျက်ရှိသည်။ သို့ရာတွင် မြို့စားကြီး ရော့စတော့ဗ်နှင့် တွဲကသူ အမျိုးသမီးကြီး မာယာဒီမိထရီယက်ဗ်နာကား ကောင်းစွာလည်းမကတတ်၊ ကလိုသည့်ဆန္ဒလည်း မရှိသည့်အတွက် လက်ကြီးတွဲလောင်းချလျက် တောင့်တောင့်ကြီး ဖြစ်လျက်ရှိ၏။ တင်းမာဟန်ရှိသော်လည်း လှပချောမောသော မျက်နှာတစ်ခုသာလျှင် ကပွဲကို စိတ်ပါဝင်စားဟန် ပြလျက်ရှိပေသည်။ မြို့စားကြီး ရော့စတော့ဗ်က လက်ဟန်ခြေဟန်ဖြင့် လှုပ်ရှားကပြသည်ကို လိုက်၍ မာယာဒီမိထရီယက်ဗ်နာကလည်း မျက်နှာဟန်အမူအရာဖြင့် လိုက်၍ ကပြနေသကဲ့သို့ ရှိတော့သည်။ သို့ရာတွင် မြို့စားကြီး ရော့စတော့ဗ်က ချာခနဲ ချာခနဲ လှည့်ကာ မြင်ရသူ အံ့သြလောက်စေသည့် လျင်မြန်သွက်လက်ခြင်းဖြင့် ကပြသွားသည့်အခါများတွင်ကား အမျိုးသမီးကြီး မာယာဒီမိထရီယက်ဗ်နာမှာလည်း မနေသာတော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အလျောက် ပခုံးကိုလှုပ်၍လည်းကောင်း၊ လက်ကို ကွေးချည် ဆန့်ချည်ပြု၍ လည်းကောင်း၊ ချာချာလှည့်၍လည်းကောင်း၊ ခြေကိုဆောင့်၍လည်းကောင်း တတ်သမျှမှတ်သမျှ ကပြသွားပုံမှာ ၎င်း၏ ခန္ဓာကိုယ်ကြီးနှင့်တကွ အမြဲရှုတင်းလျက်ရှိသော မျက်နှာထားနှင့်ပါ မလိုက်အောင် သွက်လက်ချက်ချာလှပေရာ မြင်ရသူ အပေါင်းက အံ့သြချီးမွမ်းမဆုံးဖြစ်နေကြပေသည်။ သို့ဖြင့် ကပွဲမှာ ရှင်ပြုံးစရာကောင်းသည်ထက် ကောင်းလာလေသည်။ အခြားစုံတွဲများမှာ မိမိတို့ ကနေကြသည့်အဖြစ်ကိုပင် သတိမထားမိကြတော့ဘဲ မြို့စားကြီးရော့စတော့ဗ်နှင့် မာယာဒီမိထရိယက်ဗ်နာကိုသာ ငေးကြည့်နေမိကြသည်။ နာတာရှာသည် အနားသို့ ရောက်လာသူတိုင်း၏ အင်္ကျီကို လှမ်းဆွဲပြီး "ဖေဖျားကို ကြည့်စမ်းပါဦး"ဟု မကြာခဏ လှမ်းပြောတတ်သည်။ တေးဂီတအသံ ရပ်သွားသည့်အခါတွင်လည်း မြို့စားကြီးရော့စတော့ဗ်သည် ဝိုင်းတော်ဘက်သို့လှည့်ကာ စည်းချက်ကို ခပ်သွက်သွက်တီးရန် မောကြီးပန်းကြီးဖြင့် အော်ပြောလိုက်သေးသည်။ သို့ဖြင့် စည်းချက် သွက်သည်ထက်သွက်လာပြန်သည်။ မြို့စားကြီး ရော့စတော့ဗ်ကလည်း မာယာဒီမိထရိယက်ဗ်နာ၏ ဆားပတ်ပတ်လည်တွင် ခြေဖျားကို မြှောက်ချည်ချချည်ဖြင့် တဖြည်းဖြည်းသွက်၍လာသည်။ နောက်ဆုံး မာယာဒီမိထရိယက်ဗ်နာက မောလွန်းမက မော၍ ၎င်း၏ နေရာသို့ ပြန်သွားသည့်အခါကျမှ မြို့စားကြီး ရော့စတော့ဗ်သည် ၎င်း၏ခြေတစ်ဖက်ကို ပေါ့ပါးစွာ နောက်သို့ဆန့်၍ ပစ်လိုက်ပြီး လက်တံရှည်ကြီးများကိုဆန့်၍ အထက်အောက် လွှဲလိုက်ကာချွေးသံတွေဖုံးသည့် ကြားထဲက ပြုံးပြုံးကြီးဖြစ်နေသော မျက်နှာအမူအရာဖြင့် ဦးညွတ်၍ နှုတ်ဆက်လိုက်လေသည်။ ဤတွင် နာတာရှာက လက်ခုပ်စတီးလိုက်သည့်အတွက် ဩဘာသံကြီးမှာ ခန်းမဆောင်တစ်ခုလုံး သောသောညံ၍ သွားလေသည်။ မြို့စားကြီး ရော့စတော့ဗ်နှင့် မာယာဒီမိထရိယက်ဗ်နာတို့သည် ဟောဟဲလိုက်အောင် အသက်ရှူရင်း ရပ်လျက်ရှိကာ မျက်နှာကို ပိုးလက်ကိုင်ပဝါများဖြင့် သုတ်လျက် ရှိကြလေသည်။

"ကျုပ်တို့ ငယ်ငယ်တုန်းကတော့ ဒီလိုပဲ ကကြတာပဲ" ဟု မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်သည်။

"တကယ်ပါပဲတော်၊ မြို့စားကြီးတို့ ကလိုက်တာများ ဒင်နီယက်ကူးပါး ကျနေတာပဲ"

မာယာဒီမိထရိယက်ဗ်နာက အင်္ကျီလက်ကို မတင်ကာ ပြင်းစွာအသက်ရှူရင်း ပြောလိုက်လေသတည်း။

## အခန်း ၂၁

မြို့စားကြီးရော့စတော့ဗ်၏ ပွဲတက်ဆောင်တွင် အင်္ဂလေစီသီချင်းခံကြီး ဆဋ္ဌမပိုဒ်ကို ပင်ပန်းနွမ်းနယ်လျက်ရှိသော ဝိုင်းတော်သားများက တီးမှုတ်လျက်ရှိကြပြီး မင်းပရိသတ်များက ကခုန်မြူးထူးလျက် ရှိစဉ်တွင် အဆောင်ကိုင်များနှင့် စားတော်ကဲများမှာလည်း ညလယ်စာ စားပွဲအတွက် များစွာ အလုပ်ရှုပ်လျက် ရှိကြလေသည်။ ဤသို့ မြို့စားကြီးရော့စတော့ဗ်၏ အိမ်တွင် ခြိမ့်ခြိမ့်သဲမျှ ကပွဲကြီး ကျင်းပနေချိန်၌ မြို့စားကြီးဘီဇူးကော့ဗ်မှာ ဆဋ္ဌမအကြိမ် ရောဂါဖောက် လာလေသည်။ သမားတော်ကြီးများ ကိုယ်တိုင်က သတိပြန်၍ လည်လာဖို့ဆိုသည်မှာ လုံးဝမျှော်လင့်ချက် မရှိတော့ ကြောင်းဖြင့် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလိုက် ကြပြီဖြစ်၏။ သတိမေ့လျက်ရှိသည့် မြို့စားကြီးဘီဇူးကော့ဗ်အား 'စတိ'သဘောဖြင့် သီလဆေး စေပြီးနောက် သေလုမြောပါး ဖြစ်လျက်ရှိသည့် လူမမာအား အမိန့်ပြန်တမ်း ထုတ်ပြန်ခြင်း၊ ဆီသုတ်လိမ်းခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိပေရာ ထိုအခါကာလမျိုးတွင် ဖြစ်တတ်သည့်အတိုင်း မြို့စားကြီး ဘီဇူးကော့ဗ်အိမ်တွင် တစ်အိမ်လုံး ယောက်ယက်ခတ်ကာ ရင်တထိတ်ထိတ်ဖြင့် ရှိနေကြလေသည်။ အိမ်တော်ဝင်း၏ ပြင်ပ၌ကား ကရထားတစ်စီး ဆိုက်လာတိုင်း လူမမြင်အောင် ရှောင်တိမ်းပုန်းအောင်း နေကြသည့် သုဘရာဇာတစ်စုသည် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည့် အသုဘတစ်ခုအတွက် မြိုးမြိုးမြက်မြက်ကလေးရမည့် 'အော်ဒါ'ကို စောင့်ဆိုင်းလျက် ရှိကြလေသည်။ မြို့စားကြီး ဘီဇူးကော့ဗ်နာမကျန်းဖြစ်ကတည်းက ကိုယ်ရံတော်များကို မကြာခဏ စေလွှတ်၍ သတင်းမေးလေ့ရှိသော မော်စကိုမြို့ စစ်ဘုရင်ခံသည် ကက်သရင်းဘုရင်မကြီး၏ လက်ထက်က ရွှေနန်းတော်တွင် ထင်ပေါ်ကျော်ကြားခဲ့သော မြို့စားကြီး ဘီဇူးကော့ဗ်ကို နောက်ဆုံးနှုတ်ဆက်ရန် ကိုယ်တိုင်ကြွရောက်လာလေသည်။

ကြီးကျယ် ခမ်းနားလှသော ဧည့်ခန်းဆောင်ကြီး



www.burmeseclassic.com

တော်ရှုထိုး လူမမာမေး လာရောက်သူများဖြင့် တင်းကြမ်း ပြည့်လျှက်ရှိ၏။ စစ်ဘုရင်ခံသည် သတိမေ့လျက်ရှိသည့် ဖခင်ကြီး ဘီဇူးကော့ဗ်၏ ခန်းဆောင်ထဲတွင် နာရီဝက်မျှ စောင့်ရှောက်ကြည့်ရှုပြီးနောက် ပြန်ထွက်လာသောအခါတွင် အလည်းအ မတ်တတ်ရပ်၍ အရိုအသေ ပြုလိုက်ကြသည်။ စစ်ဘုရင်ခံသည် မိမိအား အရိုအသေပြုသူများကို အသိ အမှတ်ပြုသည့်ဟန် ပြလိုက်ပြီး မိမိအား ဝိုင်းဝန်းကြည့်နေ ကြသော သမားတော်များ၊ ဘုန်းကြီးများ၊ ဆွေတော်မျိုး တော်များအနီးမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။ ထိုခဏလောအတွင်း သိသိသာသာကြီး ချုံးကျသွားသည့် မင်းသားကြီး ဗာစီလီသည် စစ်ဘုရင်ခံအား တံခါးပေါက် အထိ လိုက်ပို့ရင်း တစ်စုံတစ်ခုအကြောင်းကို တတွတ်တွတ် ပြောလာသည်။

စစ်ဘုရင်ခံ ထွက်သွားသောအခါတွင် မင်းသား ကြီး ဗာစီလီသည် ပွဲတက်ဆောင်ထဲရှိ ထိုင်ဖုံတစ်လုံးပေါ် ဘွင်တင်ပျဉ်ချိတ်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ထိုင်နေသည်။ အတော်ကြာမျှ ဤသို့ ထိုင်နေပြီးနောက် သကာ မိမိ၏ ပတ်ဝန်းကျင်ကို ကြောက်ရွံ့ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်လိုက်လျက် မြို့စားကြီး ဘီဇူး ကော့ဗ်၏တူမတော် မိမိ၏ဝမ်းကွဲနှမဖြစ်သူ ပထမမင်းသမီး ကြီးစံရာ အနောက်ဆောင်ဘက်ဆီသို့ စကြံအတိုင်း ခပ်သုတ်သုတ် ထွက်သွားလေသည်။

မီးရောင်ခပ်မှိန်မှိန် ထွန်းထားသည့် ဧည့်ခန်းဆောင် ထဲ၌မူ ဧည့်သည်များသည် လေသံကလေးမျှဖြင့်သာ အသီးသီးစကားပြောဆိုလျက် ရှိကြပြီး လူမမာ၏ အခန်း ထဲသို့ တစ်စုံတစ်ယောက် ဝင်သွားတိုင်းသော်လည်းကောင်း၊ ပြန်ထွက်လာသည့်အခါတိုင်းသော်လည်းကောင်း မီးကို ရေနှင့် သတ်လိုက်သလို တိတ်သွားကြပြန်လျက် တံခါး ဆီသို့သာ မျှော်လင့်ခြင်းကြီးစွာဖြင့် မျှော်ကြည့်နေကြသည်။

"အိမ်း၊ မနုဿတ္တ လူ့ဘဝဆိုတာ ကံရှိသလောက် ပဲ နေကြရတာပေပဲ။ ကံကုန်ပြန်တော့လဲ ရွှေ့လျောကြ ရပေတာပေါ့"

ဘုန်းတော်ကြီးတစ်ပါးက မိမိရှေ့မှောက်တွင် လာထိုင်သည့် အမျိုးသမီးတစ်ဦးကို လှမ်း၍ မိန့်လိုက်သည်။

"တရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ဖို့နောက်များ ကျသွားပြီလား ဘုရား"

အမျိုးသမီးက ဘုန်းတော်ကြီးကို လျှောက်လိုက် သည်။

"ဒီတစ်ခါတော့ နောက်ဆုံးရွတ်ဖတ်သရဇ္ဈာယ် ခြင်းပဲ ဒကာမကြီး"

ဘုန်းတော်ကြီးက ဦးပြည်းကို ပွတ်၍ မိန့်လိုက် သည်။ ထိုအခိုက် အခန်းထိပ်မှ စကားသံတစ်ခု ပေါ်လာ လေသည်။

"ခုနက ထွက်သွားတာ ဘယ်သူလဲ။ စစ်ဘုရင်ခံ မင်းကြီးလား၊ မင်းကြီးဟာ အတော်နုသေးတာပဲနော်"

"ဟုတ်တယ်၊ နုတုန်းပဲ။ အသက်ကတော့ ခြောက် ဆယ်ကျော်ပါပြီ။ မြို့စားကြီး ဘီဇူးကော့ဗ်ကတော့ လာမေး တဲ့လူတွေကို ဘယ်သူဘယ်ဝါ ခွဲခြားမသိတော့ပါဘူး"

"တချို့များတော့လဲ ခုနစ်ကြိမ် ရွတ်ဖတ်သရဇ္ဈာယ် သည်အထိ ကံမကုန်သေးဘူးဆိုပဲ"

မြို့စားကြီး ဘီဇူးကော့ဗ်၏ တူမတော် ဒုတိယမင်း သမီးသည် ငိုရလွန်းသဖြင့် နီရဲလျက်ရှိသော မျက်လုံးများ ဖြင့် လူမမာခန်းထဲမှ ထွက်လာကာ သမားတော်ကြီး လောရီန်း၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ သမားတော် ကြီးသည် ကက်သရင်း ဘုရင်မကြီး၏ ပုံအောက်တွင် ထိုင်လျက် စားပွဲပေါ်တွင် တံတောင်ဆစ်ကို ထောက်ထား သည်။

"ရာသီဥတုကတော့ တော်တော် သာယာတာပဲနော် ထိပ်ထားလေး။ မြို့ထဲမှာနေရတာတောင် ဒီလောက် သာယာနေရင် မြို့ပြင်ဥယျာဉ်တွေထဲမှာတော့ တော်တော့်ကို သာယာမှာပဲ"

သမားတော်ကြီးက ရာသီဥတုသာယာကြောင်းကို ဒုတိယမင်းသမီးလေးအား ပြောလိုက်လေသည်။

"ဩော်... ဟုတ်ကဲ့" ဒုတိယမင်းသမီးလေးက သက်ပြင်းချလိုက်သည်။ "ဒါထက် ဦးရီးတော်ကို တစ်ခုခု တိုက်ရဦးမလား သမားတော်ကြီး" သမားတော်ကြီးသည် အတန်ကြာမျှ စဉ်းစားနေသည်။

"ဆေးတိုက်သေးသလား"

"တိုက်ပါတယ်"

သမားတော်ကြီးသည် နာရီကို ကြည့်လိုက်ပြန် သည်။

"ဒါဖြင့် ရေနွေးပူပူတစ်ခွက်ထဲမှာ ထုံးကျောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



စိမ်ပြီး တိုက်လိုက်ပါ”

သမားတော်ကြီးက ထည့်ရမည့် ဆေးအရွယ် ပမာဏကို လက်ချောင်းထောင်၍ တိုင်းပြလိုက်သည်။

“အမှန်ကတော့ တတိယအကြိမ် ရောဂါဖောက်လာပြီးတဲ့နောက် ဒီလောက်ထိ ခံနိုင်တဲ့ လူနာရယ်လို့ ကျုပ်တော့ သိပ်မတွေ့ဖူးသေးဘူးဗျ”

ဂျာမန်သမားတော်တစ်ဦးက ကိုယ်ရံတော်တစ်ဦးကို လှမ်းပြောလိုက်၏။

“အဘိုးကြီးက တော်တော်တော့ ခံနိုင်ရည်ရှိသားပဲ”ဟု ကိုယ်ရံတော်က ပြန်ပြောလိုက်သည်။ “အင်း သူ့ပစ္စည်းတွေ ဘယ်သူများ အမွေဆက်ခံမလဲ မသိဘူးနော်”ဟု မသိမသာ ခပ်တိုးတိုးပြောလိုက်သည်။

“စွန့်ကြဲပစ်မှာတော့ မဟုတ်ပေဘူး ထင်သဗျ”

ဂျာမန်သမားတော်က ခပ်ပြုံးပြုံး ပြောလိုက်သည်။ ထိုအခိုက်တွင် ကျွဲခနဲမြည်ကာ တံခါးပွင့်သွားလေသည်။ ဒုတိယမင်းသမီးသည် သမားတော်ကြီးလောရိန်း၏ ညွှန်ကြားချက်အတိုင်း ဖျော်စပ်ထားသော ဆေးခွက်ကို ကိုင်၍ အခန်းထဲသို့ ဝင်သွားလေသည်။ ဂျာမန်သမားတော်သည် သမားတော်ကြီး လောရိန်းထံသို့ ထလာခဲ့သည်။

“မနက်ဖြန် မနက်အထိ ခံပါ့မလား သမားတော်ကြီး”

ဂျာမန်သမားတော်က သမားတော်ကြီး လောရိန်းကို ပြင်သစ်ဘာသာဖြင့် လှမ်းမေးလိုက်သည်။ သမားတော်ကြီးလောရိန်းသည် နှုတ်ခမ်းကို လျက်လိုက်ပြီး နှာခေါင်းရှေ့ လက်ညှိုးထောင်၍ ယမ်းလိုက်သည်။

“အလွန်ဆုံး ဒီနေ့ညပဲ”ဟု သမားတော်ကြီး လောရိန်းက ခပ်တိုးတိုးပြောလိုက်ပြီး လူမမာ၏အခြေအနေကို ကောင်းစွာသိ၍ နားလည်သည့်အတွက် ကိုယ့်ကိုယ်ကို ကျေနပ်စွာ ပြုံးလိုက်သည်။

ထိုအချိန်၌ မင်းသားကြီး ဗာစီလီသည် ပထမမင်းသမီးကြီး၏ အနောက်ဆောင်အတွင်းသို့ ရောက်ရှိနေလေသည်။

အနောက်ဆောင်ထဲတွင် မှောင်လျက်ရှိ၏။ ဆင်းတုများရှေ့တွင် မီးခွက်ကလေးနှစ်လုံးသည် ခပ်မှိန်မှိန် လင်းလျက်ရှိပြီး အမွေးတိုင်နံ့နှင့် ပန်းနံ့သည် အဆောင်ထဲတွင် သင်းပျံ့လျက်ရှိပေသည်။ အဆောင်ထဲ၌ ဗီရိုများ၊ စားပွဲများစသည်ဖြင့် ပရိဘောဂတွေ ပြည့်နှက်လျက်ရှိသည်။ ဖြူဖွေးသောငှက်မွေး မွေ့ရာခင်းထားသည့် အိပ်ရာကို ပိုးကန့်လန့်ကာနောက်တွင် မြင်ရလေသည်။ ခွေးကလေးတစ်ကောင်သည် အနောက်ဆောင်ထဲသို့ ဝင်လာသော မင်းသားကြီးဗာစီလီကို ဆီး၍ ဟောင်လိုက်သည်။

“မောင်တော်ကြီးလား”

ပထမမင်းသမီးကြီးသည် အိပ်ရာမှထ၍ ပြေကျနေသော ဆံပင်ကို ပြင်လိုက်သည်။ မင်းသမီးကြီး၏ဆံပင်သည် ခေါင်းနှင့်တစ်သားတည်း စပ်နေသည်ဟု ထင်ရအောင် ပိပြားလျက်ရှိကာ အရောင်တင်ထားသဖြင့် ပို၍ တောက်ပြောင်လျက်ရှိ၏။

“ဘာများထူးလို့လဲ မောင်တော်ကြီး။ မထိတ်သာမလန့်သာ ရှိလိုက်ပါဘိ”

“မထူးသေးပါဘူး။ ကိစ္စဝိစ္စလေးတွေ ပြောစရာရှိလို့ လာခဲ့တာပဲ ကတာချီ”

မင်းသားကြီးက ပထမမင်းသမီးကြီး ဖယ်ပေးသော ထိုင်ဖုံတွင် နွမ်းနယ်စွာ ဝင်ထိုင်ရင်း ပြောလိုက်သည်။ “နှမတော်ကြီးရဲ့ အဆောင်ထဲက တော်တော်နွေးတာပဲနော်။ ကဲ ထိုင်စမ်းပါဦး၊ စကားပြောစရာလေးရှိလို့”

“နှမတော်ဖြင့် တစ်ခုခုတော့ ဖြစ်ပြီ ထင်နေတာ”

ပထမမင်းသမီးကြီးက ပြောင်းလဲခြင်းမရှိ ကျောက်ခဲလိုမာကျောသော မျက်နှာထားဖြင့် ပြောလိုက်ပြီးနောက် မင်းသားကြီး၏အနီးတွင် ဝင်၍ ထိုင်လိုက်၏။

“နှမတော်ဖြင့် တစ်ရေးတမော အိပ်ချင်တာတောင် အိပ်လို့ မပျော်ပါဘူး မောင်တော်ကြီးရယ်”

“ဘယ့်နှယ်လဲ နှမတော်ကြီး”

မင်းသားကြီးသည် ၎င်း၏ထုံးစံအတိုင်း ပထမမင်းသမီးကြီး၏ လက်ကိုဆွဲ၍ အောက်သို့ ပြန်ချရင်း ပြောလိုက်သည်။ “ဘယ့်နှယ်လဲ”ဆိုသော စကားလုံးကို ပြောလိုက်ကြားလိုက်ရခြင်းအားဖြင့် ၎င်းတို့နှစ်ယောက်စလုံးသည် အဓိပ္ပာယ်ကို နားလည်ပြီးသား ဖြစ်ကြပေသည်။

ခြေတံနှင့်စာလျှင်အနည်းငယ် ရှည်သယောင်ထင်ရသော သေးသေးမျှောင်မျှောင် ခန္ဓာကိုယ်ရှိသည့် ပထမမင်းသမီးကြီးသည် မည်သို့မျှ ထူးခြားဟန်ကို မပြဘဲ၊ မင်းသားကြီး ဗာစီလီကို ငေးကြည့်နေသည်။ ထိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုဖြည်းညင်းစွာ ယမ်းလိုက်လျက် သက်ပြင်းတစ်ချက်ကိုချကာ ဆင်းတုများကို ငေးကြည့်နေပြန်သည်။ ဤအခြင်းအရာသည် ဝမ်းနည်းလွမ်းဆွတ်သည့် လက္ခဏာလော။ သို့တည်းမဟုတ် စိတ်ပင်ပန်းနွမ်းနယ်ကာ မြို့စားကြီး ဘိုးကော့ဇ်အား ဝဋ်ဒုက္ခမှ မြန်မြန်လွတ်စေချင်သည့် လက္ခဏာလော။ တစ်ခုခု ဖြစ်ရမည်သာ ဖြစ်ပေသည်။ မင်းသားကြီးကမူ ဤအခြင်းအရာမှာစိတ်ပင်ပန်း နွမ်းနယ်ခြင်းကိုပြသည့် လက္ခဏာဟု ယူဆလိုက်၏။

"ကျုပ်တော့ အကျပ်အတည်းတွေ့နေပြီ နမတော်ကြီး။ လူလဲပဲ ရထားမြင်းလို ပင်ပန်းလှပြီ။ ဒါပေမဲ့ နမတော်ကြီးကို အရေးကြီးတဲ့ စကားတစ်ခွန်းတော့ ပြောရပေဦးမယ်"

မင်းသားကြီး ဗာစီလီက စကားကို ရပ်ထားလိုက်၏။ တစ်ချက်တစ်ချက်တွင် ပါးစပ်သည် ဘယ်ညာစောင်းငဲ့သွားတတ်လေရာ မင်းသားကြီး၏ မျက်နှာအမူအရာမှာ ညှော်ခန်းဆောင်တွင် မြင်၍မှ မကောင်းသော အမူအရာမျိုး ဖြစ်ပေသည်။ ၎င်း၏မျက်လုံးများသည်လည်း ပြူးကြောင်ကြောင် ဖြစ်နေကြ၏။ တစ်ခါတစ်ခါတွင် ကောက်ကျစ်စဉ်းလဲသော အသွင်ကို ဆောင်လျက်ရှိပြီး တစ်ခါတစ်ခါတွင်လည်း ထိတ်လန့်သည့်အသွင်ပေါက်လျက် ရှိပေသည်။

ပထမ မင်းသမီးကြီးသည် အရိုးငေါငေါထွက်နေသော လက်များဖြင့် ခွေးကလေးကို ပေါင်ပေါ်တွင် တင်ထားလျက် မင်းသားကြီးဗာစီလီကို စိုက်ကြည့်နေသည်။ ၎င်း၏ကြည့်ပုံမှာ မင်းသားကြီး ဗာစီလီက စတင် စကားပြော ခြင်းမပြုလျှင် မိမိကလည်း စကားဆို၍ တစ်ခွန်းမျှ ပြောမည်မဟုတ်ဟု သန္နိဋ္ဌာန်ချထားသော ကြည့်ပုံမျိုး ဖြစ်ပေသည်။

"ကဲ မပြောမပြီး မတိုးမပြည်ဆိုသလို နမတော်ကြီးကိုတော့ ပြောရတော့မှာပဲ" မင်းသားကြီး ဗာစီလီက ပြောသင့်မပြောသင့် အတန်ကြာ ချိန်ဆနေပြီးမှ စကားကို ပြန်ဆက်လိုက်သည်။ "ဒီလို သေရေးရှင်ရေး အချိန်ကြီးမှာ စဉ်းစားသင့်တဲ့ ကိစ္စတွေကိုတော့ မဖြင်းမချန် အကုန်စဉ်းစားကြရလိမ့်မယ်ထင်တယ်။ ရှေ့အနာဂတ်အတွက်ရော၊ နမတော်တို့ အားလုံးအတွက်ရော အစစအရာရာ ဆိုပါတော့လေ။ ကျုပ်ဟာ နမတော်တို့ကို ကိုယ့်သွေးရင်းသားရင်း တွေလို ချစ်တယ်ဆိုတာတော့ အထူးပြောနေဖို့ မလိုပါဘူး။ နမတော်တို့ အားလုံးသိကြသားပဲ"

ပထမမင်းသမီးကြီးသည် စောစောကကဲ့သို့ပင် စူးစိုက်ကြည့်လျက် ရှိ၏။

"နမတော်တို့ရဲ့ နောင်ရေးတွေကို စဉ်းစားသလို ကျုပ်အိမ်ထောင်ရဲ့ နောင်ရေးကိုလဲ ထည့်သွင်းစဉ်းစားရပေလိမ့်မယ်ဗျ" မင်းသားကြီးက စားပွဲခုံငယ်ကလေးကို အဝေးသို့ ရွှေ့လိုက်ရင်း ပြောလိုက်၏။ "နမတော်ကြီးရယ်၊ ဒုတိယမင်းသမီး မာမွန်တော့ဗ်ရယ်၊ ကျုပ်ကြင်ရာတော်ကြီးရယ်၊ ဒီညီအစ်မသုံးယောက်ဟာ မြို့စားကြီးရဲ့တိုက်ရိုက် အမွေစား အမွေခံတွေ ဖြစ်တယ်ဆိုတာ နမတော်ကြီးလဲ အသိပဲ။ နမတော်ကြီးမှာ ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး စဉ်းစားဖို့၊ စကားပြောဖို့ အခက်အခဲရှိတယ်ဆိုတာ ကျုပ်သိပါတယ်။ အလားတူ ကျုပ်မှာလဲ အခက်အခဲရှိပါတယ်။ ဒါပေမဲ့ နမတော်ကြီးရေ၊ ကျုပ်တို့ဆိုတာ အသက်ခြောက်ဆယ် နားကပ်လာပြီဖြစ်လေတော့ ဒီကိစ္စတွေကို မပြောချင်၊ မစဉ်းစားချင်လို့ မရတော့ဘူး။ ပြောရစဉ်းစားရတော့မှာပဲ။ ဒါကြောင့် ကျုပ်ပီယာကို အခေါ်လွှတ်လိုက်ပြီ။ မြို့စားကြီး ကလဲ"

မင်းသားကြီးက မြို့စားကြီး ဘိုးကော့ဇ်၏ ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်သည်။

"မြို့စားကြီးကလဲ ပီယာကို အခေါ်လွှတ်စေချင်ပုံရတယ်"

မင်းသားကြီးဗာစီလီသည် ပထမမင်းသမီးကြီးအား လှမ်း၍ အကဲခတ်လိုက်၏။ သို့ရာတွင် ပထမမင်းသမီးကြီးသည် မိမိပြောသည့်ကိစ္စကို ခေါင်းထဲတွင် ထည့်သွင်းစဉ်းစား၍ နေလေသလော။ သို့တည်းမဟုတ် မိမိအား အဓိပ္ပာယ်မရှိ စူးစိုက်ကြည့်ရုံမျှသာ ကြည့်ရှုနေလေသလောဟူ၍ကား မင်းသားကြီး ဗာစီလီ ဝေခွဲ၍ မရချေ။

"ဦးရီးတော် မြို့စားကြီးဟာ ဒီကိစ္စတွေကို နောက်ဆံတင်းခြင်းမရှိဘဲ အေးအေးချမ်းချမ်းနဲ့ ကံတော်ကုန်ပါစေလို့တော့ ဘုရားသခင်ထံမှာ နမတော်အမြဲပဲ ဆုတောင်းပါတယ် မောင်တော်ကြီး"

"အိမ်း၊ နမတော်ကြီးရဲ့ စကားဟာ သင့်မြတ်ပါပေတယ်။ သင့်မြတ်ပါပေတယ်" မင်းသားကြီး ဗာစီလီက ၎င်း၏ပြောင်တင်းနေသော ဦးခေါင်းကို ပွတ်လိုက်ပြီး

www.burmeseclassic.com



စောစောက ဖယ်ရှားထားသည့် စားပွဲခုံကလေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြန်သည်။ "ဒါပေမဲ့ ပြဿနာက ဒီလိုရှိတယ် နမတော်ကြီးရဲ့။ မနှစ် ဆောင်းတွန်းက မြို့စားကြီးဟာ သေတမ်းစာတစ်စောင် ရေးခဲ့တယ်။ အဲဒီသေတမ်းစာအရ သူရဲ့ ရှိသမျှ ပစ္စည်းဥစ္စာတွေကို တိုက်ရိုက်အမွေစားအမွေခံ ဖြစ်တဲ့ ကျုပ်တို့ ခင်ဗျားတို့တစ်တွေကို လွှဲမပေးခဲ့ဘူး။ ပီယာကို လွှဲပေးခဲ့တယ်"

"အလို သေတမ်းစာရေးခဲ့ပြီးပြီ ဟုတ်စ" ပထမ မင်းသမီးကြီးက ခပ်တိုးတိုး ပြောလိုက်သည်။ "ပီယာဟာ တရားဝင် သြရသသားမှ မဟုတ်ဘဲ။ ဘယ့်နယ်လုပ် အမွေပေးခဲ့လို့ ရမလဲ မောင်တော်ကြီး"

"ဟုတ်တယ်။ အမှန်အတိုင်း ဆိုရင်တော့ နမတော်ကြီး ပြောသလိုပဲ ဖြစ်ရမှာပဲ" မင်းသားကြီး ဗာစီလီသည် စားပွဲခုံကလေးကို ဆုပ်ကိုင်လိုက်သည်။ မင်းသားကြီး ဗာစီလီမှာ စိတ်အားထက်သန်စ ပြုလာသည်။ "ဒါပေမဲ့ မြို့စားကြီးက ပီယာကို တရားဝင်သြရသသားအဖြစ် အသိအမှတ်ပြုတဲ့အကြောင်းကို ဘုန်းတော်ကြီးလှသော ဘုရားထံမှ စာချွန်တင်ခဲ့သလားမှ မသိဘဲ။ ဘုန်းတော်ကြီး လှသောဘုရားကလဲ မြို့စားကြီး သက်စွန့်ကြိုးပမ်း အမှုတော် ထမ်းခဲ့တာတွေကို ထောက်ထားပြီး မြို့စားကြီးရဲ့ လျှောက် တင်ချက်ကို ခွင့်ပြုတော်မူလိုက်ရင်ကော"

ပထမမင်းသမီးကြီးက မင်းသားကြီး ဗာစီလီထက် ပို၍သိသည်ဟူသော အပြုံးမျိုးကို ပြုံးလိုက်သည်။

"တစ်ခုတော့ရှိတယ်" မင်းသားကြီးဗာစီလီက ပထမမင်းသမီးကြီး၏လက်ကို ဆုပ်၍ ပြောလိုက်၏။ "ဒီစာချွန်ကို မြို့စားကြီးရေးရုံသာရေးခဲ့တာ။ ဘုန်းတော်ကြီး လှသော ဘုရားထံကို မပို့ရသေးဘူး။ ဘုန်းတော်ကြီးလှ သော ဘုရားကလဲ ဒီအကြောင်းကို ရွှေနားတော်ကြားပဲ ရှိသေးတယ်။ ဒီတော့ အရေးကြီးတာက ဒီစာချွန်ဟာ ခုထက်ထိရှိသေးသလား၊ မရှိတော့ဘူးလားဆိုတဲ့ ပြဿနာ ပဲ။ အကယ်၍ ဒီစာချွန်ကို ဖျောက်ဖျက်မပစ်ရသေးဘူးဆိုရင် တော့ ကိစ္စဝိစ္စ အားလုံးပြီးတာနဲ့ တစ်ပြိုင်နက် မြို့စားကြီးရဲ့ စာရွက်စာတမ်း မှန်သမျှကို ဖွင့်ကြည့်ပြီး သေတမ်းစာနဲ့ စာချွန်ကို ဘုန်းတော်ကြီးသော ဘုရားထံ ပို့ကြတော့မှာပဲ။ ဘုန်းတော်ကြီးလှသော ဘုရားကလဲ စာချွန် ရောက်လာ တာနဲ့ တစ်ပြိုင်နက် ခွင့်ပြုတော်မူလိုက်မှာပဲ။ ဒီအခါမှာ ပီယာဟာ တရားဝင်သြရသသားဖြစ်ပြီး ရှိတဲ့ အမွေတွေကို အကုန်ရမှာပဲ"

"နမတော်တို့အတွက် အစုကကော" ပထမ မင်းသမီးကြီးက မည်သို့ပင်ဖြစ်စေ မိမိတို့မှာ အစုရမြဲရမည် ဟု ယူဆကာ လှောင်ပြုံးပြုံး၍ မေးလိုက်၏။

"ဒါကတော့ လယ်ပြင်ဆင်သွားသလို ရှင်းပါတယ် နမတော်။ ဘာမေးနေစရာလိုသေးသလဲ။ ဘုန်းတော်ကြီး လှသောဘုရားက စာချွန်ကို ခွင့်ပြုလိုက်တာနဲ့ တစ်ပြိုင်နက် ပီယာဟာ တရားဝင်သားကြီး သြရသဖြစ်ပြီး ရှိသမျှ စည်းစိမ်ဥစ္စာကို သူပဲ ဆက်ခံရမှာပေါ့။ အခြားဘယ်သူမှ ဆက်ခံပိုင်ခွင့် မရှိတော့ပေဘူးဗျ။ ဒီတော့ ကျုပ်ကြားတဲ့ အတိုင်း သေတမ်းစာနဲ့စာချွန်ကို မြို့စားကြီး တကယ်ရေး ခဲ့သလား၊ မရေးသေးဘူးလား။ သို့တည်းမဟုတ် ဒီစာရွက် စာတမ်းတွေကို ဖျောက်ဖျက်ပစ်ပြီလား၊ ဖျောက်ဖျက်မပစ်ရ သေးဘူးလား။ အဲဒါ ကျုပ်သိချင်တယ်။ နောက်တစ်ချက် က အကယ်၍ ဖျက်ဆီးမပစ်ရသေးဘူးဆိုရင်လဲ ဒါတွေကို ဘယ်မှာထားသလဲဆိုတာ နမတော်ကြီး သိဖို့ လိုလိမ့်မယ်။ ပြီးတော့လဲ ကိုယ့်လက်ထဲရောက်အောင် လုပ်ရပေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့"

"ဩော်၊ မောင်တော်ကြီး ပြောချင်တာ ဒါပဲဆိုပါ တော့" ပထမမင်းသမီးကြီးက လှောင်ပြုံးပြုံး၍ ပြောလိုက် ၏။ "နမတော်ကြီးဟာ မိန်းမသားပေမယ့် မောင်တော် ကြီးထင်သလောက်တော့ မန့်သေးပါဘူး။ နမတော်ကြီးလဲ သိပါတယ်။ တရားမဝင်တဲ့ ကိဋ္ဌိတမသားတစ်ယောက်ဟာ အမွေဆက်ခံခွင့် မရှိဘူး မဟုတ်လား မောင်တော်ကြီး။ ပီယာဆိုတဲ့ သူငယ်က ကစားမြူးထူးရာက ရတဲ့ ကိဋ္ဌိတ သားပဲ မောင်တော်ကြီးရဲ့"

ပထမမင်းသမီးကြီးက မင်းသားကြီး ပြောနေသည့် စကားများမှာ အရာမရောက်ကြောင်း ပြလိုသည့် သဘော ဖြင့် ပြောလိုက်သည်။

"ဩော်၊ ခက်လိုက်ပါဘိတော့ နမတော်ကြီးရယ်။ အရိပ်ပြလို့မှ အကောင်မထင်သေးဘဲကိုး။ နမတော်ကြီးဟာ ထက်ထက်မြက်မြက် ရှိပါလျက်ကနဲ့ မြို့စားကြီးက ပီယာ ကို တရားဝင်သြရသသားကြီးအဖြစ် မွေးခွင့်တောင်းတဲ့ စာချွန် ဘုန်းတော်ကြီးလှသော ဘုရားထံတင်တဲ့ အခိပ္ပာယ် မသိသေးတာကိုတော့ ကျုပ်ဖြင့် အံ့သြလို့ မဆုံးဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



**အဲဒီစာချွန်**ကိုသာ ဘုန်းတော်ကြီးလှသော ဘုရားက ခွင့်ပြု**တော်မူ**လိုက်လို့ရှိရင် ပီယာဟာ အညတရ ပီယာမဟုတ်**တော့ပေဘူး**ခင်ဗျ။ မြို့စားကြီး ဘီဇူးကော့ဗ်ရဲ့ ရင်၌ဖြစ်သော **သားမြို့**စားကလေး ဘီဇူးကော့ဗ် ဖြစ်လာပြီး၊ သေတမ်းစာ**အရရှိသမျှ** စည်းစိမ်ဥစ္စာတွေကို အမွေဆက်ခံခွင့် ရရှိသွား**တော့မယ်**။ စာချွန်နဲ့သေတမ်းစာကို ဖျောက်ဖျက်မပစ်ဘူး**ဆိုရင်** နှမတော်ကြီးလဲ ဘာမှရမှာ မဟုတ်ဘူး။ နောင်**တော့သာ** မအိပ်မနေ ပြုစုရပါလျက်နဲ့ တစ်ပြားတစ်ချပ်မှ **ခံစား**လိုက်ရဘူးဆိုတဲ့ စကားမျိုး မကြားပါရစေနဲ့လို့ **ပြော**လိုက်ပါပေရဲ့"

"ဦးရီးတော်မြို့စားကြီးဟာ သေတမ်းစာ တစ်**စောင် ရေး**ခဲ့တယ်ဆိုတာ နှမတော် သိပါတယ်။ အမှန်ကတော့ **ဒီသေတမ်း**စာဟာ တရားမဝင်ပါဘူး မောင်တော်**ကြီး**။ **နှမတော်**ကြီးကို ဒီလောက်နံ့တယ်၊ အတယ်များ ထင်လို့ **လား**"

ပထမမင်းသမီးကြီးက မိမိပြောလိုက်သည့်စကား**မှာ ချက်ပိုင်လှပြီဟူသော ဟန်မျိုးဖြင့် ပြောလိုက်သည်**။

"ရှိစေတော့ နှမတော်။ ကျုပ် ဒီကိုလာတာ နှမတော်ကြီးနဲ့ စကားအချေအတင် ငြင်းခုံဖို့ လာတာ မဟုတ်ဘူး။ နှမတော်ကြီးရဲ့ နောင်ရေးကိုတွေးပြီး စိတ်မအေးလို့ ကူညီချင်တဲ့စေတနာနဲ့ လာပြောတာ။ နောက်ဆုံး ပြောခြင်းအနေနဲ့တော့ ကျုပ် ပြောလိုက်ဦးမယ်၊ မြို့စားကြီးရဲ့ စာရွက်စာတမ်းတွေထဲမှာ ကျုပ်ပြောတဲ့ စာချွန်နဲ့ ပီယာကို အမွေဆက်ခံခွင့်ပေးခဲ့တဲ့ သေတမ်းစာသာ တကယ်ပါရိုး မှန်ရင်တော့ နှမတော်ကြီးနဲ့တကွ ညီမတော်များဟာ အမွေစားအမွေခံတွေ မဟုတ်တော့ပေဘူး။ ကျုပ်ပြောတာကို မယုံချင်သေးဘူးဆိုရင်လဲ အမိန့်တော်ရ ရှေ့နေတော် မင်းများကို မေးမြန်းကြည့်ဦးပေါ့။ ကျုပ်ကတော့ ဒီမိထရိအိုနုဖရစ်ချ် (မြို့စားကြီးလက်သုံး အမိန့်တော်ရ ရှေ့နေတော်ကြီး)ကို မေးခဲ့ပြီ။ ရှေ့နေတော်ကြီးကလဲ ဒီအတိုင်းပဲ ပြောလိုက်တာပဲ"

ဤတစ်ချိန်၌မူ ပထမ မင်းသမီးကြီး၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။ ပါးလျားသော နှုတ်ခမ်းများသည် သွေးမရှိတော့သကဲ့သို့ ဖြူရော်ရော်ဖြစ်သွားကြသည်။ ၎င်းကိုယ်တိုင် မရည်ရွယ်သော စကားလုံးများသည် ပါးစပ်မှ အလိုအလျောက် ထွက်လာကြသည်။ အသံမှာလည်း မသိမသာ တုန်လျက်ရှိပေသည်။

"သြော် ဒီလောက်အထိတောင် ဖြစ်နေပြီကိုး။ ကောင်းပါလေ့တော်၊ ကောင်းပါလေ့။ နှမတော်ကတော့ ဘယ်တုန်းကမှ လိုချင်မျက်စိ မရှိပါဘူး။ အခုလဲ မရှိခဲ့ပါဘူး"

ပထမမင်းသမီးကြီးသည် ပေါင်ပေါ်မှ ခွေးကလေးကို အောက်သို့ချလိုက်ပြီး တွန့်ကြေနေသော အဝတ်ကို ဖြန့်နေ သည်။

"သူ့အနားမှာ နေ့မအိပ် ညမအိပ် အအိပ်ပျက်အစားပျက်ခံပြီး ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးပြန်ဆပ်တာပေါ့။ အင်း ကောင်းကြပါပေရဲ့။ ကောင်းကြပါပေရဲ့။ ကိုယ်နဲ့မထိုက်တဲ့ ပစ္စည်းကိုလဲ မလိုချင်ပါဘူး မောင်တော်ကြီးရယ်"

ပထမမင်းသမီးကြီးက ပြောလိုက်၏။

"အိမ်း၊ နှမတော်ကြီး တစ်ယောက်တည်းဆိုရင်တော့ ကိစ္စမရှိဘူးပေါ့။ ဒါပေမဲ့ ညီမတော်တွေ ရှိပေသေးတယ်ဗျ"

မင်းသားကြီး ဗာစီလီက ပြောလိုက်၏။ ပထမမင်းသမီးကြီးမှာ တိတ်ဆိတ်လျက် ရှိလေသည်။ အတန်ကြာမှ

"အင်း ဒီလိုဖြစ်လိမ့်မယ်ဆိုတာ အစကတည်းက သိခဲ့သားပဲ။ ဒါပေမဲ့ နှမတော်ကိုယ်တိုင်က ခပ်ပေါ့ပေါ့နေခဲ့မိပေသကိုး။ နှမတော်တို့ ဆွေတော် မျိုးတော်တွေထဲမှာ ဟောဒီစံအိမ်ကြီးထဲမှာ အကြင်နာတရား၊ မေတ္တာတရား ရယ်လို့မရှိဘူးဆိုတာ အစကတည်းက သိခဲ့ပါတယ်။ တစ်ဦးကို တစ်ဦး လိမ်ကြ၊ ကောက်ကြ၊ စဉ်းလဲကြ၊ ယုတ်မာကြ၊ မနာလို ဝန်တိုဖြစ်ကြ၊ ကျေးဇူးကန်းကြ၊ တစ်ယောက်လည်ကို တစ်ယောက်ညှစ်ကြ၊ ဒါတွေပဲ ရှိတာပဲ"

"အဲဒီ သေတမ်းစာ ဘယ်မှာထားသလဲဆိုတာ နှမတော်ကြီး သိသလားဟင်"

မင်းသားကြီး ဗာစီလီက ဖွတ်အတင်း မေးနေသည်။ မင်းသားကြီး ဗာစီလီ၏ ပါးစပ်မှာ ရွဲ့လျက်ရှိ၏။

"ဟုတ်တယ်။ မောင်တော်ကြီးပြောသလို နှမတော်ဟာ အနုံ အအ သက်သက်ပဲ။ နှမတော်ဟာ လူတွေကို ယုံလွယ်တယ်။ မေတ္တာတရား ရှေ့ထားလွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖို့ကိုမကြည့်ဘဲ သူ့ဖို့ကို ကြည့်တတ်တယ်။ ဒါပေမဲ့ ကိုယ်က ဘယ်လောက် စိတ်ကောင်းစေတနာပဲ ထားထား၊ နောက်ဆုံးတော့ စိတ်ယုတ်စိတ်မာ မွေးတဲ့လူကသာ အနိုင်ရကြတတ်တာပဲ။ ခုကိစ္စမှာလဲ ဘယ်သူ့လက်ချက်တွေဆိုတာ နမတော်သိပါတယ်”

ပထမမင်းသမီးကြီးသည် ထရန်ပြင်လိုက်သည်။ သို့ရာတွင် မင်းသားကြီးဗာစီလီက လက်ကိုဆွဲ၍ အထိုင်ခိုင်းလိုက်သည်။ ပထမ မင်းသမီးကြီးကို ကြည့်ရသည်မှာ လောကီ လူ့ဘောင်ကြီးကို ရုတ်ခြည်းစက်ဆုပ် မုန်းတီးသွားဟန်ပေါ်နေသည်။ ပထမမင်းသမီးကြီးသည် မင်းသားကြီးဗာစီလီကို ဒေါသဖြင့် လှမ်းကြည့်လိုက်၏။

“အချိန်ရှိပါသေးတယ် နမတော်။ ဒေါသအမျက်ထွက်တုန်းမှာ ဖြစ်စေ၊ နာမကျန်းတုန်းမှာဖြစ်စေ ပြုမိတဲ့အလုပ်တစ်ခုဟာ အောင်မြင်ခြင်း မရှိပါဘူး။ ဒီတော့ နမတော်ကြီးတို့ ကျုပ်တို့အလုပ်က နာမကျန်းဖြစ်စဉ် ပြုမိတဲ့ မြို့စားကြီးရဲ့ ဒီအမှားကြီးကို ပြန်ပြင်ဖို့၊ ဒီလို မတရားသဖြင့် လုပ်တဲ့ကိစ္စကြီးကို တားဆီးခြင်းအားဖြင့် မြို့စားကြီး ဘဝကူးကောင်းစေဖို့၊ မြို့စားကြီး ကံတော်ကုန်တဲ့ နေရာမှာ ငါ့ကို ကရိကထခံပြီး ပြုနေကြတဲ့သူများ စိတ်မချမ်းမသာ ဖြစ်ကြရပါကာလားဆိုတဲ့ အသိနဲ့ ကံတော်မကုန်စေဖို့ပဲ”

“သူ့အတွက် ကရိကထ ခံရုံတင် မဟုတ်ပါဘူး မောင်တော်ကြီး။ သူ့အတွက် အခါခပ်သိမ်း စွန့်လွှတ်ခဲ့ကြရတာပါ” ပထမမင်းသမီးကြီးက မတ်တတ်ထ၍ ပြောလိုက်သဖြင့် မင်းသားကြီးကလက်ကို ဆွဲကာ အထိုင်ခိုင်းရပြန်သည်။ ပြီးမှ

“တကယ်တော့ နမတော်တို့က ဦးရီးတော်အတွက် ဘယ်မျှလောက် စွန့်လွှတ်ကြရပေမယ့် ဒါတွေကို ဦးရီးတော် မသိဘူး မောင်တော်ကြီး။ ဦးရီးတော်ကမသိဘူး။ နမတော်ကြီးတော့ ခုကိစ္စမှာ သင်ခန်းစာ အများကြီး ယူပါတယ်။ နောက်ဆိုရင် သေတပန်သက်ဆုံး ဘယ်သူ့ဆီကမှ ကျေးဇူးခံ ကျေးဇူးစားအဖြစ်ကို မမျှော်လင့်တော့ဘူး။ ဒီလောကကြီးမှာ ဂုဏ်သိက္ခာတို့၊ တရားမျှတမှုတို့ ဆိုတာတွေလဲမရှိတော့ဘူး။ ဒီလောကကြီးဟာ ကောက်ကျစ်စဉ်းလဲနိုင်မှ ရက်စက်ကြမ်းကြုတ်နိုင်မှ တော်ရုံကျတဲ့ လောကကြီး ပါကလားဆိုတာ နမတော်အမြဲ နှလုံးသွင်းထားတော့မယ်”

“ကဲ ဒီလောက်လဲ စိတ်မထိခိုက်ပါနဲ့ နမတော်ကြီးရယ်။ ဖြည်းဖြည်းစဉ်းစားကြသေးတာပေါ့။ နမတော်ကြီးလဲ စိတ်ကောင်းနှလုံးကောင်း ရှိသူတစ်ယောက်ပေပဲ”

“ခုတော့ မရှိတော့ဘူး မောင်တော်ကြီး။ မာရင်စိန်စောင်း၊ ပျော့လျှင် ဖယောင်းဆိုတဲ့ စကားလို သူများက ဆိုးပြီကပဲ။ ကိုယ်ကကောင်းနေတော့ ဘာထူးအုံးမှာလဲ”

“မဟုတ်သေးပါဘူးလေ။ နမတော်ကြီးကလဲ ခေါင်းအေးအေးနဲ့ စဉ်းစားစမ်းပါ” မင်းသားကြီးက ထပ်မံ၍ ဖျောင်းဖျပြန်သည်။

“ကျုပ်ဟာ နမတော်ကြီးကို လေးစားတယ်။ တန်ဖိုးထားတယ်။ ဒီတော့ နမတော်ကြီးကလဲ ကျုပ်ကို အထင်မလွဲစေချင်ဘူးဗျ။ ဒီလောက်လဲ စိတ်မထိခိုက်စေချင်ဘူး။ တစ်နေ့ပဲဖြစ်ဖြစ်၊ တစ်နာရီပဲဖြစ်ဖြစ် အချိန်ရှိခိုက်မှာ ဒီအကြောင်းကို အေးအေးဆေးဆေး တိုင်ပင်ကြရင် ကောင်းမယ်လို့ ကျုပ်ထင်တယ်။ ဒီတော့ သေတမ်းစာနဲ့ ပတ်သက်လို့ နမတော်ကြီးသိသမျှ ပြောပြစေချင်တယ်ဗျ။ ပြီးတော့ ဒီသေတမ်းစာဟာ ခု ဘယ်မှာထားသလဲဆိုတာလဲ သိချင်တယ်။ နမတော်ကြီး သိလိမ့်မယ်လို့လဲ ယုံကြည်တယ်။ ကျုပ်သဘောကတော့ ဒီသေတမ်းစာကိုယူပြီး ခုချက်ချင်းပဲ မြို့စားကြီးကို သွားပြချင်တာပဲ။ ဒီအချိန်ဆို သူ့ဘာသာ သူလဲ မေ့လျော့ပြီး ပြန်ဖျက်ဆီးပစ်ချင် ဖျက်ဆီးပစ်မှာပဲ။ ကျုပ် ရည်ရွယ်ချက်ကတော့ ဘယ်သူ့ကိုပဲပေးပေး မြို့စားကြီးရဲ့ ဆန္ဒအစစ်အမှန်အတိုင်း ဖြစ်စေချင်တာ တစ်ခုပါပဲ။ ဒါကြောင့်လဲ နမတော်ကြီးဆီကို လာတိုင်ပင်တာပဲ။ တစ်နည်းအားဖြင့် မြို့စားကြီးနဲ့တကွ နမတော်တို့ ညီမတော်တစ်သိုက်ကို ကူညီဖို့ ဆိုပါတော့လေ”

“နမတော်သိတယ် မောင်တော်ကြီး။ ဒီကိစ္စဟာ ဘယ်သူ့လက်ချက်လဲဆိုတာ နမတော်သိတယ်”

ပထမမင်းသမီးကြီးက ခပ်ကျယ်ကျယ်လေး ပြောလိုက်၏။

“ဒါက အရေးမဟုတ်ပါဘူး နမတော်ကြီးရဲ့။ ဘယ်သူ့လက်ချက်ပဲ ဖြစ်ဖြစ်”

“အို ဟုတ်တယ် မောင်တော်ကြီး။ ဒါပေမဲ့ တခြားလူ့လက်ချက်တော့ မဟုတ်ဘူး မောင်တော်ကြီးရေ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်ကြီးရဲ့ ရောင်းရင်းမိတ်ဆွေကြီးတွေဖြစ်တဲ့ မင်းသမီးကြီး ဒရှုဘက်စကားယားရဲ့ လက်ချက်ပဲ သိလား။ ပြောလိုက်ရင်တော့ စကားကလေးတွေက ချိုပ့်။ နှမတော် အလိုသာဆိုရင် သင်းကို အိမ်စေတော်အဖြစ် တောင်မထားဘူး သိလား။ အမျိုးယုတ်မ၊ ဟင်း”

“ကဲ နှမတော်ကြီး။ အချိန်သိပ်မရှိဘူးဗျ”

“တော်ပါတော့ မောင်တော်ကြီး။ ဒီအကြောင်း ပြောရင် နှမတော် အသည်းနာလွန်းလို့။ မနှစ်ဆောင်းတုန်းက မောင်တော်ကြီးရဲ့ မိတ်ဆွေ မင်းသမီးကြီးဟာ ရထားကြီးနဲ့ ရေးကြီးသုတ်ပျာ ရောက်လာပြီး မြို့စားကြီးကို နှမတော် တို့အကြောင်း ပြောသွားလိုက်တာ ရစရာမရှိဘူး။ အထူး သဖြင့် ညီမတော်အကြောင်းကို အကောင်းတစ်စက်မှ မရှိအောင်ပြောသွားတာပဲ။ ဒီအကြောင်းတွေတော့ ပြန်မပြောပရစေနဲ့တော့။ သူ ဒီလိုပြောလို့လဲ ဦးရီးတော် မြို့စားကြီး ရောဂါပိုဆိုးလာတာပဲ။ နှမတော်တို့ကို တစ်လလောက်စကားတောင် မပြောဘူး။ သူ ဒီလိုလဲ လာပြောပြီးရော မောင်တော်ကြီးပြောတဲ့ စာချွန်နဲ့ သေတမ်းစာကို ကောက်ရေးတော့တာပဲ။ ဒါပေမဲ့ ဒီစာရွက်စာတမ်းတွေဟာ တရားဝင်တယ်လို့တော့ နှမတော် မယူဆမိဘူး”

“ဒီအကြောင်းကို စောစောက မသိရပါလား နှမတော်ကြီးရယ်။ အရေးအကြီးဆုံးကတော့ ဒီစာရွက်တွေကျုပ်တို့ လက်ထဲရောက်ဖို့ပဲ”

“ဦးရီးတော်က ဒီစာရွက်တွေကို စာပုလွေထဲ ထည့်ပြီး ခေါင်းအုံးအောက်မှာ ထားအိပ်တယ်” ပထမ မင်းသမီးကြီးက မင်းသားကြီး ဗာစီလီ၏စကားကို ဂရုမထားနိုင်ဘဲ ဆက်ပြောနေသည်။

“လက်စသတ်တော့ သင်းဉာဏ်ပါ မောင်တော်ကြီးရဲ့။ နှမတော်ကြီးတော့ အပယ်ငရဲလားချင်လဲ လားပစေတော့။ သင်းကိုတော့ သံသရာထိတောင် မကျေဘူး။ သင်းခုလို ရေးကြီးသုတ်ပျာလာရအောင် ဒီကိစ္စမဟုတ်ရင် ဘယ်ကိစ္စ ဖြစ်ရဦးမလဲ မောင်တော်ကြီးရဲ့။ အေးလေ အကြောင်း သိအောင်တော့ ပြလိုက်ရဦးမှာပေါ့။ သူ့အလှည့်ကိုယ့် အလှည့်ဆိုတာ ရှိကြစမြဲပါ”

## အခန်း ၂၂

ပထမမင်းသမီးကြီး၏ အနောက်ဆောင်တွင်း၌ ဤသို့စကားပြောနေချိန်တွင် ပီယာနှင့် မင်းသမီးကြီး ဒရှုဘက်စကားယားကို တင်ဆောင်လာသည့် ကရထားကြီးသည် မြို့စားကြီး ဘီဇူးကော့ဗ်၏ စံအိမ်ဝင်းထဲသို့ ဝင်ရောက်လာလေသည်။ ပီယာမှာ အရေးတကြီးအခေါ်လွှတ်သည့်အတွက် ပြန်လာရခြင်းဖြစ်ပြီး မင်းသမီးကြီး ဒရှုဘက်စကားယားမှာ ပီယာနှင့်အတူ လိုက်ပါလာရန် လိုအပ်သည်ဟု ယူဆသည့်အတွက် လိုက်ပါလာခြင်းဖြစ်၏။ စံအိမ်က ပြတင်းပေါက်အောက်ရှိ ကောက်ရိုးခင်းထားသော လမ်းကလေးပေါ်သို့ ရောက်သည်နှင့် တစ်လမ်းလုံး ဖျောင်းဖျနှစ်သိမ့်လာခဲ့သည့် မင်းသမီးကြီး ဒရှုဘက်စကားယား၏ စကားကို နားထောင်လာသူ ပီယာမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသည်ကို တွေ့ရသဖြင့် မင်းသမီးကြီး ဒရှုဘက်စကားယားမှာ ပီယာကို မနည်းကြီး နှိုးယူရသည်။ ပီယာသည် အိပ်မှုန်စုံမွှားဖြင့် နိုးလာကာ ရထားပေါ်မှဆင်းပြီး မင်းသမီးကြီး ဒရှုဘက်စကားယားမှာ ပီယာကို မနည်းကြီး နှိုးယူရသည်။ ပီယာသည် အိပ်မှုန်စုံမွှားဖြင့်နိုးလာကာ ရထားပေါ်မှ ဆင်းပြီး မင်းသမီးကြီး ဒရှုဘက် စကားယား၏ နောက်သို့ လိုက်လာခဲ့သည်။ ထိုအခါကျတော့မှ ပီယာသည် အိပ်ရာထက်တွင် သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည့် ခမည်းတော် လူမမာကြီးအား တွေ့ရန်လာခြင်းဖြစ်ကြောင်းကို သတိရပေတော့သည်။ မိမိတို့လာခဲ့သည်မှာ စံအိမ်ရှေ့ပေါက်မှ မဟုတ်ဘဲ နောက်ဖေးပေါက်မှဖြစ်သည်ကိုလည်း ပီယာ သတိထားလိုက်မိသည်။ မိမိကရထားပေါ်မှ ဆင်းလိုက်စဉ်တွင်လည်း အလုပ်ကြမ်းသမားနှင့် တူသည့် လူနှစ်ယောက်သည် စံအိမ်ဝင်းတံခါးမှ ပြေးထွက်သွားကာ စံအိမ်ဝင်း တံတိုင်းနောက်ကွယ်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြခြင်းကို ပီယာ သတိထားလိုက်မိသည်။ ပီယာသည် ခေတ္တမျှရပ်နေရင်း စောစောက မြင်လိုက်ရသည့် လူနှစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုးရှိသော လူတစ်စု စံအိမ်မှောင်ရိပ ထဲတွင် ပုန်းကွယ်နေကြသည်ကို မြင်လိုက်မိပြန်သည်။ သို့ရာတွင် မင်းသမီးကြီး ဒရှုဘက် စကားယားသည်လည်းကောင်း၊ အဆောင်ကိုင်သည်လည်းကောင်း၊ ကရထား မောင်းသူသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ၎င်းတို့ အားအလျှင်း ဂရုထားဟန်မရှိသည်ကို မြင်ရသည့်အခါတွင် “ဘာမှ ထူးထူးထွေထွေ ဖြစ်ဟန်မတူပါဘူးလေ” ဟု ပီယာ၏စိတ်ထဲတွင် အောက်မေ့လိုက်မိကာ မင်းသမီးကြီး ဒရှုဘက်စကားယား၏ နောက်သို့သာ လိုက်လာခဲ့လေသည်။ မင်းသမီးကြီး ဒရှုဘက်စကားယားသည် မီးရောင်မှိန်မှိန်သာ လင်းလျက်ရှိသည့် ကျောက်ဆစ်လှေကား ကျဉ်းကျဉ်းကလေးကို ခပ်သုတ်သုတ် တက်သွားရင်း နောက်က တုံ့နှေးနှေးလုပ်နေသော ပီယာကို ခပ်မြန်မြန် တက်လာခဲ့ရန် ခေါ်လိုက်သည်။ ပီယာသည် မိမိအနေဖြင့် ဖခင်မြို့စားကြီး ဘီဖူးကော့ဗ်ထံ အဘယ်ကြောင့် ယခုလို ရေးကြီးသုတ်ပျာ သွားတွေ့ရသည်ကို နားမလည် နိုင်အောင်ဖြစ်နေသည်။ ထို့ထက် အဘယ့်ကြောင့် အိမ်တော်နောက်ဖေးလှေကားမှ ဝင်ရသည်ကိုလည်း ပို၍နားမလည်နိုင်အောင် ဖြစ်နေသည်။ သို့သော်လည်း မင်းသမီးကြီး ဒရှုဘက်စကားယား၏ ရေးကြီးသုတ်ပျာနိုင်ပုံကိုထောက်၍ တစ်ခုခုတော့ တစ်ခုခုပဲဟုသာ ယူဆလိုက်သည်။ လှေကားတစ်ဝက်လောက်အရောက်တွင် ရေပုံးများကို ဆွဲကာ ခြေသံတရှပ်ရှပ်ပေးလျက် အပေါ်မှ ဆင်းလာသူ အချို့နှင့် တိုက်မိမည်ပြုသေးသည်။ ပီယာနှင့် မင်းသမီးကြီး ဒရှုဘက်စကားယားတို့ကို မြင်သောအခါတွင် ရေပုံးများကို ဆွဲဆင်းလာသူများသည် ယခုကဲ့သို့ ပီယာတို့ နှစ်ဦးနောက် ဖေးလှေကားမှ တက်လာသည်ကို အနည်းငယ်မျှပင် အံ့ဩဟန်မပြဘဲ ဘေးသို့ကပ်၍ ရှောင်ပေးလိုက်ကြသည်။

“ဟေ့ ဒါ တူမတော် မင်းသမီးတွေရဲ့ အနောက်ဆောင်ကိုတက်တဲ့လှေကားလား”

မင်းသမီးကြီး ဒရှုဘက်စကားယားက တစ်ယောက်ကို မေးလိုက်၏။

“မှန်ပါ၊ လက်ဝဲဘက်က အပေါက်ပါ”

အဆောင်ကိုင်တစ်ဦးက ယခုအချိန်တွင် အေးအေးဆေးဆေးဖြစ်သွားဟန်ဖြင့် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

“မြို့စားကြီးက ကျွန်တော့်ကို ခေါ်တာမှ ဟုတ်ရဲ့လားအကြီးတော်ရဲ့။ ကျွန်တော့်အဆောင်ကိုပဲ ကျွန်တော်ပြန်မှထင်ပါရဲ့”

ပီယာက လှေကားရင်းသို့ အရောက်တွင် လှမ်းပြောလိုက်၏။ မင်းသမီးကြီး ဒရှုဘက်စကားယားက မည်သို့မျှ ပြန်မပြောသေးဘဲ လှေကားထိပ်မှရပ်၍ စောင့်နေသည်။

“ခက်လိုက်ပါဘိ တူတော်မောင်ရယ်” မင်းသမီးကြီး ဒရှုဘက်စကားယားက ပီယာ၏ လက်မောင်းကို ကိုင်၍ ပြောလိုက်သည်။

“လိုက်မှာသာ လိုက်ခဲ့စမ်းပါ။ အကြီးတော်လဲ စိတ်ထိခိုက်တဲ့ နေရာမှာ တူတော်မောင်ထက် မလျော့ပါဘူး။ ယောကျ်ားပီသစမ်းပါ”

“မဟုတ်ဘူး အကြီးတော်။ ကျွန်တော်လိုက်လို့ မဖြစ်ဘူးထင်တယ်”

ပီယာက မျက်မှန်ထဲမှ နေ၍ မင်းသမီးကြီး ဒရှုဘက်စကားယားကို ကြင်နာစွာကြည့်ကာ ပြောလိုက်သည်။

“ဩော် တူတော်မောင်ဟာ တော်တော့်ကို ခက်သေးတာပဲ။ မြို့စားကြီးဟာ တူတော်မောင့်အပေါ်မှာ ဘယ်လိုပဲ စိမ်းကားခဲ့၊ စိမ်းကားခဲ့၊ ဒါတွေကို အမှတ်ထားမနေစမ်းပါနဲ့။ တကယ်တော့ တူတော်မောင်ရဲ့ ဖခင်ပဲ။ ကဲ လာလာ ခုလောက်ဆို ဇောများ ပြန်နေပြီလား မသိဘူး”

မင်းသမီးကြီး ဒရှုဘက်စကားယားက သက်ပြင်းချလိုက်သည်။

“အကြီးတော်ဟာ တူတော်မောင့်ကို အစကတည်းက ကိုယ့်သားအရင်းလိုချစ်တယ်။ ဘာပဲဖြစ်ဖြစ် အကြီးတော်ကို အားကိုးစမ်းပါ။ တူတော်မောင့်ဘက်မှာ အကြီးတော်ရှိပါတယ်”

ပီယာသည် မင်းသမီးကြီး ဒရှုဘက်စကားယား၏ စကားများကို တစ်လုံးမျှ နားမလည်ချေ။ သို့ရာတွင် လွန်ဆန်ခြင်းငှာ မစွမ်းသည့်အလျောက် တံခါးကို ဆွဲဖွင့်နေသော မင်းသမီးကြီး ဒရှုဘက်စကားယား၏ နောက်သို့သာ လိုက်ပါလာခဲ့လေသည်။

တံခါးပေါက်မှာ အနောက်ဆောင် ဧည့်ခန်းဆောင်ဘက်သို့ ကူးသောတံခါးဖြစ်၏။ တူမတော် မင်းသမီးများ၏ ကျွန်ယုံတော်ကြီးတစ်ဦးဖြစ်သည့် အဘိုးကြီးတစ်ယောက်သည် တောင့်တစ်ထောင့်တွင် ထိုင်လျက် ခြေအိတ်တစ်ဖက်ကို ထိုးနေသည်။ ပီယာသည် ဤအနောက်ဆောင်ဘက်သို့ တစ်ခေါက်မျှ မရောက်ဖူးသေးရုံမျှမက စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



တွင် အနောက်ဆောင် ရှိသည်ကိုပင် မသိခဲ့ချေ။

မင်းသမီးကြီး ဒရူဘက်စကားယားသည် လင်ပန်းတစ်ချပ်ပေါ်တွင် ရေတကောင်းတစ်ခုကိုတင်၍ အနားမှ ဖြတ်လျှောက်သွားသော အစေတော် မိန်းကလေးတစ်ယောက်အား "မိန်းကလေး"ဟု ချိုသာစွာ လှမ်းနှုတ်ဆက်ကာ မြို့စားကြီး၏ တူမတော် မင်းသမီးများ၏ ကျန်းမာရေးကို မေးမြန်းပြီး ကျောက်ဖြူနံရံကြား စင်္ကြံလမ်းမြောင်ကလေးအတိုင်း ခေါ်သွားပြန်သည်။ လက်ဝဲဘက်တွင် ပထမဆုံးတွေ့ရသည့်တံခါးမှာ တူမတော် မင်းသမီးများ၏အနောက် ဆောင်ဘက်သို့ကူးသောတံခါးဖြစ်၏။ စောစောကလင်ပန်းတွင် ရေတကောင်းတင်၍ ကိုင်လာသော အစေတော် မိန်းကလေးမှာ သုတ်သီးသုတ်ပျာဖြင့် ထွက်လာခဲ့သည့်အတွက် (ဤအချိန်၌ တစ်အိမ်လုံး သုတ်သီးသုတ်ပျာ ဖြစ်နေကြသည်။) တံခါးကို ပြန်၍ပိတ်ထားခဲ့ခြင်း မရှိရကား မင်းသမီးကြီး ဒရူဘက်စကားယားနှင့် ပီယာသည် ဖြတ်လာရင်း ခန်းဆောင်ထဲသို့ မသိမသာ စောင်းငဲ့ကြည့်လိုက်မိကြသည်။ ခန်းဆောင်ထဲ၌ ခေါင်းချင်းရိုက်တော့မတတ် စကားပြောနေကြသော မင်းသားကြီး ဗာစီလီနှင့် ပထမ မင်းသမီးကြီးကို မြင်လိုက်မိကြသည်။ အခန်းရှေ့မှ ၎င်းတို့ နှစ်ယောက် ဖြတ်သွားကြသည်ကို မြင်လိုက်မိသည်နှင့် မင်းသားကြီး ဗာစီလီသည် ခေါင်းချင်းဆိုင် စကားပြော နေရာမှ ကိုယ်ကိုပြန်မတ်၍ မနည်းကြီး ဣန္ဒြေဆည်လိုက်သည်။ ပထမမင်းသမီးကြီးမှာမူကား စိတ်ဆိုးသော အမူအရာဖြင့် ရုတ်တရက်ထလာကာ တံခါးကို အားကုန် ဆောင့်၍ ပိတ်ပစ်လိုက်သည်။

ပထမမင်းသမီးကြီး၏ တစ်မျိုးတစ်ဖုံ ထူးခြားနေသော အမူအရာနှင့် ဣန္ဒြေမဆည်နိုင်လောက်အောင် ဖြစ်နေသော မင်းသားကြီး ဗာစီလီတို့၏ မျက်နှာများကို မြင်လိုက်ရသည့်အတွက် ပီယာသည် ခေတ္တရပ်လိုက်ပြီး မျက်မှန်ထဲမှနေ၍ မျက်လုံးပေကလပ် ပေကလပ်ဖြင့် မင်းသမီးကြီး ဒရူဘက်စကားယားကို ကြည့်နေမိသည်။ မင်းသမီးကြီး ဒရူဘက်စကားယားမှာကား အံ့ဩဟန် အလျဉ်းမပြဘဲ မိမိထင်သည့်အတိုင်း သက်ပြင်းတစ်ချက်ကို ချလိုက်သည်။

"ကြောက်ဆုတ် ကြောက်ဆုတ် မလုပ်စမ်းပါနဲ့ တူတော်မောင်ရဲ့။ ယောကျာ်းပီသစမ်းပါ။ တူတော်မောင့်ဘက်မှာ အကြီးတော် ရှိပါတယ်"

မင်းသမီးကြီး ဒရူဘက်စကားယားက မျက်လုံးပေကလပ် ပေကလပ်နှင့်ကြည့်နေသော ပီယာကို ပြန်ပြောလိုက်ပြီးနောက် ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားပြန်သည်။ ပီယာသည် ဘာကိုမျှ နားမလည်နိုင်အောင်ဖြစ်နေသည်။ ထို့ထက် "တူတော်မောင်ရဲ့ ဘက်မှာရှိပါတယ်" ဟူသော စကား၏အဓိပ္ပာယ်ကိုလည်း စဉ်းစားမရအောင် ဖြစ်နေသည်။ တစ်ခုခုတော့ တစ်ခုခုပဲဟုသာ စိတ်ထဲတွင် ယူဆလိုက်မိသည်။ ၎င်းတို့နှစ်ဦးသည် စင်္ကြံတလျှောက် လျှောက်လာခဲ့ကြပြီး၊ မြို့စားကြီး၏ ဧည့်ခန်းဆောင်နှင့် ကပ်လျက်ရှိသော မီးရောင်မှိန်မှိန်လင်းနေသည့် ခန်းမဆောင်ကြီးတစ်ခုထဲသို့ ဝင်လာခဲ့ကြ၏။ ခမ်းနားကြီးကျယ်လှသော ထိုခန်းမဆောင်ကြီးကို ပီယာသည် ရှေ့ဘက်ကသာ ဝင်ခဲ့ဖူးသေးသည်။ ခန်းမဆောင်ကြီးထဲတွင် ရေမရှိသော ရေချိုးဇလုံကြီးတစ်ခုရှိပြီး ကော်ဇောပေါ်၌ ရေများ ဖိတ်စဉ်လျက်ရှိသည်ကို တွေ့ရ၏။ အမွှေးတိုင်တစ်တိုင်ကိုင်ထားသော ဘုန်းတော်ကြီးတစ်ပါးနှင့် မိမိတို့အား ဂရုမျှမစိုက်အားဘဲ၊ ခြေဖျားထောက်ကာ ခန်းမဆောင်အပြင်သို့ ထွက်သွားသော အစေတော်သူငယ်တစ်ဦးကိုလည်း တွေ့လိုက်ရသည်။ ပီယာနှင့် မင်းသမီးကြီး ဒရူဘက်စကားယားတို့သည် ဧည့်ခန်းဆောင်ထဲသို့ပင် လာခဲ့ကြ၏။ ပီယာသည် ထိုဧည့်ခန်းဆောင်ကြီးသို့ မကြာခဏ ရောက်ဖူးပေသည်။ ဧည့်ခန်းဆောင်နှင့် ကပ်လျက်တွင် ပန်းပင်များပျိုးထားသော မှန်ခန်းဆောင်ရှိပေရာ မှန်ခန်းဆောင်ထဲရှိ ကက်သရင်း ဘုရင်မကြီး၏ ကြီးမားသော ရုပ်တုကြီးကို ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ စောစောက ဧည့်ခန်းဆောင်ထဲတွင် ရှိနေသူများသည် ယခင်ကကဲ့သို့ပင် ထိုင်လျှက်ရှိကာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုလျက် ရှိကြ၏။ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာသော ဖြူဖပ်ဖြူရောင်မျက်နှာတွင် မျက်ရည်တစမ်းစမ်းနှင့်ရှိသည့် မင်းသမီးကြီး စရူဘက်စကားယားနှင့် ၎င်း၏နောက်တွင် ခေါင်းငိုက်စိုက်ချလျက် ခပ်ကုပ်ကုပ်လိုက်ပါလာသော ပီယာ၏ထွားထွား ကျိုင်းကျိုင်းသဏ္ဍာန်ကို အားလုံးကပင် လှည့်ကြည့်လိုက်ကြသည်။

မင်းသမီးကြီး ဒရူဘက်စကားယား၏ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



သေရေးရှင်ရေးအချိန်ကြီး တစ်ခုသို့ ရောက်ပြီဟူသော သဘောကို ဖော်ပြလျက် ရှိသည်။ မင်းသမီးကြီး ဒရှုဘက်စကားယားသည် လောကီရေးရာများကို ကျွမ်းကျင်ပြီးသား ရွှေမြို့တော်ပေါက် အမျိုးသမီးကြီးတစ်ဦး၏ဟန်ဖြင့် ပီယာကို အပါးတွင်လိုက်ပါစေကာ အခန်းထဲသို့ ရဲဝံ့စွာဝင်ရောက်လာလေသည်။ ဖောပြန်စပြုနေသော မြို့စားကြီးက များစွာတွေ့လိုသူကို ခေါ်လာခဲ့သည့်အတွက်လည်း မြို့စားကြီး၏ လူမမာညှော်ခန်းထဲသို့ မိမိကိုယ်တိုင် ဝင်ခွင့်ရလိမ့်မည်ဟု မင်းသမီးကြီး ဒရှုဘက်စကားယားမှာ စိတ်ချယုံကြည်လျက် ရှိလေသည်။ မင်းသမီးကြီး ဒရှုဘက်စကားယားသည် ညှော်ခန်းဆောင်ထဲတွင် ထိုင်နေကြသူများအားလုံးကို တစ်ချက်မျှ သိမ်းကျုံးကြည့်လိုက်ပြီးနောက် မြို့စားကြီးအား သီလဆေးပေးရသည့် ဘုန်းတော်ကြီးကို မြင်လိုက်သည်တွင် ထိုဘုန်းတော်ကြီး အနားသို့ခပ်သုတ်သုတ်လျှောက်သွားကာ ဦးချခြင်းမပြုဘဲ ကိုယ်နေခပ်ကျုံ့ကျုံ့ဖြင့် ဘုန်းတော်ကြီးများက ဆုတောင်းနှုတ်ဆက်သည်ကို တုံ့ပြန်လျက်ရှိသည်။

"ကိုယ်တော်တို့ အချိန်မီကြွလာကြတာကတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ"ဟု မင်းသမီးကြီး ဒရှုဘက်စကားယားက ဘုန်းတော်ကြီးတစ်ပါးအား လျှောက်တင်လိုက်သည်။ "တပည့်တော်မတို့ ဆွေတော်မျိုးတော်အားလုံးတော့ ရင်တထိတ်ထိတ်နဲ့ပဲ ဘုရား။ ဟောဒီသူငယ်ကတော့ မြို့စားကြီးရဲ့သားပါ ဘုရား။ တပည့်တော်မဖြင့် ဘယ်လို နေရ ထိုင်ရမှန်းတောင် မသိပါဘူး ဘုရား"

မင်းသမီးကြီးက နောက်ဆုံးစကားများကို တစ်ယောက်တည်း ညည်းသလို ခပ်တိုးတိုး ပြောလိုက်သည်။ ထို့နောက် သမားတော်ကြီးဆီသို့ထသွားကာ

"ဟောဒီ သူငယ်က မြို့စားကြီးရဲ့သားပဲ သမားတော်ကြီး။ ဘယ့်နှယ်လဲ၊ မျှော်လင့်ချက် ရှိပါသေးရဲ့လား"

သမားတော်ကြီးသည် မျက်လုံးကို အထက်သို့ လှန်ကြည့်လိုက်ပြီးနောက် ပခုံးကို တွန့်၍ ပြလိုက်သည်။ မင်းသမီးကြီး ဒရှုဘက်စကားယားကလည်း ခေါင်းကို မော့၍ မျက်လုံးကို ခေတ္တမှိတ်လျက် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးနောက် ပီယာ၏အနီးသို့ လျှောက်လာခဲ့ကာ ပီယာအား အထူးညင်သာလေးစားသော အသံဖြင့် ပြောလိုက်သည်။

"ဘုရားသခင်ရဲ့ အလိုတော်ပဲလို့သာ အောက်မေ့ပါတူတော်မောင်"

မင်းသမီးကြီး ဒရှုဘက်စကားယားက ပီယာအား ထိုင်ဖုံတစ်လုံးပေါ်သို့ ထိုင်ရန် ညွှန်ပြပြီးနောက် အားလုံးက လှမ်းကြည့်နေကြသည့် အခန်းဝဆီသို့ ခြေကို အသာကြွ၍ လျှောက်သွားကာ တအီအီ မြည်နေသော တံခါးနောက်ကွယ်တွင် ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ပီယာသည် မင်းသမီးကြီး ဒရှုဘက်စကားယား၏ စီစဉ်ညွှန်ကြားမှုကို လိုက်နာရန် စိတ်နှလုံး ဒုန်းဒုန်းချပြီးဖြစ်သည့်အလျောက် စောစောက ညွှန်ပြခဲ့သော ထိုင်ဖုံပေါ်သို့သွား၍ ထိုင်နေလိုက်သည်။ မင်းသမီးကြီး ဒရှုဘက်စကားယား တံခါးနောက်ကွယ်တွင် ဝင်ရောက် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ညှော်ခန်းဆောင်ထဲရှိ မျက်လုံးပေါင်းများစွာတို့သည်လည်း မိမိအား ကြင်နာသနားဟန်၊ စူးစမ်းဟန်တို့ဖြင့် ဝိုင်းကြည့်၍ ကျန်ရစ်ခဲ့ကြသည်။ ထို့မှုမက မိမိကို ကြောက်ရွံ့လေးစားဟန်ဖြင့် ကြည့်ပြီး တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုနေကြသည်ကိုလည်း ပီယာသတိထားလိုက်မိပြန်သည်။ ယခင်က မိမိတစ်ခါဖူးမျှ ရရှိခဲ့ခြင်းမရှိသည့် လေးစားမှုကိုလည်း တွေ့နေရပြန်သည်။ ဘုန်းတော်ကြီးတစ်ပါးနှင့် စကားပြောလျက်ရှိသည့် အမျိုးသမီးကြီးတစ်ဦးကဆိုလျှင် နေရာမှထ၍ ပီယာအား နေရာဖယ်ပေးနေသည်ကို တွေ့ရသည်။ ကိုယ်ရံတော်ဗိုလ်ကလေးသည် ပီယာကျကျန်ခဲ့သော လက်အိတ်ကို ကောက်ယူကာ လာ၍ ပေးလာသည်။ သမားတော်ကြီးကဆိုလျှင် အနားသို့ ပီယာဖြတ်လျှောက်သွားစဉ် စကားပြောရပ်ကာ ကိုယ်ကိုယို့၍ ရှောင်ပေးလိုက်သည်။ ပထမသော် ပီယာသည် အမျိုးသမီးကြီးအား အနှောင့်အယှက် မဖြစ်စေလိုသည့်အတွက် တခြားတစ်နေရာတွင် သွားထိုင်မည်ဟု စိတ်ကူးမိသေးသည်။ လက်အိတ်ကို မိမိဘာသာ မိမိသွားကောက်မည်ဟုလည်း တွေးမိသေးသည်။ သမားတော်ကြီးကိုလည်း ခပ်ဝေးဝေးမှ ရှောင်သွားမည်ဟု အောက်မေ့ မိသေးသည်။ သို့ရာတွင် ဤသို့ပြုလုပ်လျှင် ရိုင်းစိုင်းရာ ရောက်မည်စိုးသည့်အတွက်ကြောင့် တစ်ကြောင်း၊ ယနေ့ည၌ မိမိသည် အားလုံးက မျှော်လင့်ထားသည့်အတိုင်း စိတ်နှလုံး မချမ်းမြေ့စရာကောင်းသော ထုံးစံကြီးတစ်ခုကို ပြုမှုဆောင်ရွက်ရမည့်သူ ဖြစ်သည်ဟု ယူဆသည့်အတွက်ကြောင့်တစ်ကြောင်း၊ ညှော်ခန်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထိုရှိ ဟုန်ကိုလ်များ၏ အကူအညီစောင့်မှုကို ရယူသင့်သည်ဟု ယူဆသည့်အတွက်ကြောင့် တစ်ကြောင်း၊ပီယာသည် ကိုယ်ရံတော်ဗိုလ်ကလေးလာပေးသည့် လက်အိတ်တစ်ဖက်ကို တိတ်ဆိတ်စွာ လှမ်းယူလိုက်ပြီးနောက် အမျိုးသမီးကြီး အယ်ပေးသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ဒူးနှစ်ဖက်ပေါ်သို့ ကြီးမားကျယ်ပြန့်သော လက်ဝါးနှစ်ဖက်ကို အုပ်တင်ထားလေရာ ၎င်း၏သဏ္ဌာန်မှာ ရှေးအီဂျစ်ကျောက်ရုပ်ကြီး တစ်ရုပ်နှင့်ပင် တူသေးတော့သည်။ စိတ်ထဲတွင်လည်း ယနေ့ညအဖို့ရာတွင် မိမိလုပ်ချင်ရာကို လုပ်လိုရာကို မလုပ်တော့ဘဲ အားလုံးစိတ်ကျေနပ်စေရန် ၎င်းတို့ ညွှန်ကြားသည့်အတိုင်း လုပ်တော့မည်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

ခဏအကြာတွင် မင်းသားကြီး ဗာစီလီသည် ခေါင်းကို မော့ကာ ညှော်ခန်းဆောင်ထဲသို့ ခပ်ကြွားကြွား ဝင်ရောက်လာလေသည်။ မင်းသားကြီး ဗာစီလီသည် ရင်ဘတ်တွင် ကြယ်ပွင့်သုံးပွင့် တပ်ဆင်ထားသော ဝတ်ရုံအကျီရှည်ကြီးကိုဝတ်ထားလျက် နံနက်ကထက်ပင် ရင့်ရော်ချုံးကျသွားသည်ဟု ထင်မှတ်ရသည်။ ညှော်ခန်းဆောင်တစ်ခုလုံးကို သိမ်းကျုံးကြည့်လိုက်ပြီးနောက် ပီယာကို သွား၍ မြင်လိုက်သည်နှင့် ၎င်း၏မျက်လုံးများသည် ပြူးကျယ်သွားကြလေသည်။ မင်းသားကြီးဗာစီလီသည် ပီယာထံသို့ လျှောက်လာကာ ပီယာ၏လက်ကို ကိုင်လိုက်ပြီး (ယခင်က ဤသို့တစ်ခါမျှ မလုပ်ဖူးခဲ့ပေ။) အရိုးအဆစ်ခိုင်မခိုင် စမ်းသပ်သကဲ့သို့ လက်ကို အောက်သို့ ချထားလိုက်သည်။

"စိတ်ခိုင်ခိုင်ထားဖို့ အရေးကြီးတယ် တူတော်မောင်၊ စိတ်ခိုင်ခိုင်ထားဖို့ အရေးကြီးတယ်။ မြို့စားကြီးက တူတော်မောင်ကို တဖွဖွမေးနေလေရဲ့"

မင်းသားကြီး ဗာစီလီသည် ဤသို့ ပြောပြီးနောက် ပြန်လှည့်ထွက်သွားလေသည်။

"ခု ဘယ်လိုနေသေးသလဲ"

ပီယာက မေးလိုက်သည်။ ပီယာသည် သေခါနီးလူမမာတစ်ယောက်အား မြို့စားကြီးဟု ခေါ်ရမည်ကိုလည်း ရှင့်သီးသည်ဟု ယူဆမိသည်။ ဖေဖျားဟု ခေါ်ရမည်ကိုလည်း ခေါ်နေမကျသဖြင့် ခပ်ရှက်ရှက် ဖြစ်နေသည်။ ထို့ကြောင့် မည်သည့် နာမ်စားကိုမျှ မသုံးဘဲ ရှောင်ကွင်း၍ မေးလိုက်သည်။

"လွန်ခဲ့တဲ့ နာရီတစ်ဝက်လောက်ကစပြီး ဖောက်လာပြန်ပြီ။ စိတ်ခိုင်ခိုင်ထားပေါ့ တူတော်မောင်"

ပီယာ့စိတ်ထဲ၌ 'ဖောက်သည်'ဆိုသော စကားလုံးမှာ တစ်စုံတစ်ရာကို ချွန်ထက်သောအရာတစ်ခုဖြင့် ဖောက်လိုက်သည့် အဓိပ္ပာယ်မျိုးဟုထင်လိုက်သည်။ ထို့ကြောင့် ပီယာသည် မင်းသားကြီး ဗာစီလီကို ခပ်ကြောင်ကြောင် ငေးကြည့်နေမိပေသည်။ အတန်ကြာမှ 'ဖောက်သည်'ဟူသောစကားမှာ ရောဂါဖောက်သည်ကို ပြောခြင်းဖြစ်ကြောင်း သဘောပေါက်သွားလေသည်။ မင်းသားကြီး ဗာစီလီသည် သမားတော်ကြီး လောရိန်အား တစ်စုံတစ်ရာ တိုးတိုးပြောဆိုကာ ခြေဖျားထောက်လျက် အခန်းဘက်ဆီသို့ ပြန်သွားပြန်သည်။ သို့ရာတွင် ခြေဖျားထောက်၍ ကောင်းစွာမသွားနိုင်သဖြင့် ၎င်း၏ခန္ဓာကိုယ်ကြီးသည် ယိမ်းထိုးလျက်ရှိ၏။ ပထမမင်းသမီးကြီးသည် ၎င်းနောက်က လိုက်သွားလေသည်။ ဘုန်းတော်ကြီးများနှင့် အစေတော်သူငယ်အချို့လည်း နောက်က လိုက်သွားကြသည်။ အခန်းထဲမှ တစ်စုံတစ်ရာကိုရွှေ့သံကြားရပြီးနောက် ခဏကြာလျှင် မင်းသမီးကြီး ဒရူဘက်စကားယားသည် မျက်နှာမသာမယာဖြင့် ခပ်သုတ်သုတ်ထွက်လာကာ ပီယာ၏ လက်မောင်းကို တို့လျက်

"ဘုရားသခင်ရဲ့ ကရုဏာတော်ကြောင့် အသက်တော့မီသေးတယ် တူတော်မောင်။ ခုနောက်ဆုံး ရွတ်ဖတ်သရဇ္ဈာယ်တော့မယ်။ လာ၊ လာ"

ပီယာသည် နူးညံ့သည့်ကော်ဇောပေါ်မှ နင်းကာ မင်းသမီးကြီး ဒရူဘက်စကားယား ခေါ်ဆောင်ရာအခန်းထဲသို့ လိုက်လာခဲ့၏။ နေရာဖယ်ပေးသော အမျိုးသမီးကြီးသည်လည်းကောင်း၊ ကိုယ်ရံတော် ဗိုလ်ကလေးသည်လည်းကောင်း၊ အစေတော်သူငယ်များသည်လည်းကောင်း အခန်းထဲသို့ ဝင်ခွင့်တောင်းစရာ မလိုတော့သကဲ့သို့ မိမိတို့နောက်မှ စုပြုံလိုက်လာကြသည်ကို ပီယာသတိထားလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၃

ကြီးမားသောတိုင်လုံးကြီးများ၊ ပါရှန်ပြည်ဖြစ် ကန့်လန့်ကာများ ဖုံးထားသည့် နံရံများနှင့်တကွ မုခ်ဦးသဏ္ဌာန်တို့ဖြင့် ခမ်းနားကြီးကျယ်လှသော ဤခန်းမဆောင်ကြီးကို ပီယာ ရောက်ဖူးပြီးဖြစ်၏။ တိုင်လုံးကြီးများကွယ်နေသော ခန်းမဆောင်အတွင်းဘက်ဆီ၌မူ ပိုးကန့်လန့်ကာ ကာထားသော မဲယော်ဂနီရောင် ညောင်စောင်းကြီးတစ်ခုရှိ၍ တစ်ဖက်တွင်မူ ဆင်းတုများတင်၍ ကိုးကွယ်ထားသော အဆောင်ကြီးတစ်ဆောင်ရှိလျက် ရုရှားဘုရားရှိခိုးကျောင်းတစ်ခု၌ ညပိုင်းဝတ်တက်သကဲ့သို့ မီးနီများ ထွန်းညှိထားလေသည်။ ဆင်းတုတွင် ထွန်းညှိပူဇော်ထားသောသော မီးရောင်အောက်၌ ပက်လက်ထိုင်ဖုံကြီးတစ်လုံးရှိပြီး၊ ထိုပက်လက်ထိုင်ဖုံကြီးပေါ်တွင် မကြာခင်ကအသစ်လဲဟန်ရှိ၍ သစ်လွင်ဖြူဖွေးနူးညံ့သည့် မှီအုံးကို မှီလျက် အစိမ်းရောင်စောင်ကြီးကို ကိုယ်တစ်ပိုင်းထိခြုံကာ လဲလျောင်းနေသည့် တည်ကြည်ရင့်ကျက်သော ၎င်း၏ဖခင် မြို့စားကြီး ဘီဇူးကော့ဗ်ကို ပီယာမြင်လိုက်ရသည်။ ကျယ်ပြန့်သော နဖူးပြင်ကြီးပေါ်သို့ ဖြူဖွေးသော ဆံပင်များ ဖွာကျနေပုံမှာ လည်ဆံဖွားဖွားနှင့် သားမင်းတို့၏ ဘုရင်ခြေသေ့ကဲ့သို့ တင့်တယ်လျက် ယောကျ်ားပီပီတည်ကြည်ခံ့ညားသော မျက်နှာပေါ်မှ အရေးအတွန့်များကလည်း ကျက်သရေတစ်မျိုးကို ဆောင်လျက်ရှိပေသည်။ မြို့စားကြီး ဘီဇူးကော့ဗ်သည် ကြီးမားကျယ်ပြန့်သော လက်နှစ်ဖက်ကို စောင်အပြင်သို့ ထုတ်ထားကာ ဆင်းတုအောက်တွင် လဲလျောင်းလျက်ရှိသည်။ လက်ဝါးကို မှောက်ထားလျက်ရှိသော လက်ယာဘက်လက် လက်ညှိုးနှင့် လက်မအကြား၌မူ ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ထားလျက်ရှိပြီး အစေတော် အဘိုးကြီး တစ်ဦးက ခါးကိုင်း၍ ဖယောင်းတိုင် ကိုင်ထားသော လက်များကို ထိန်းပေးထားသည်။ ထိုင်ဖုံအနီးတွင်မူ မုတ်ဆိတ်ကြီးဖားဖားနှင့် ဘုန်းတော်ကြီးများက မတ်တတ်ရပ်လျက် လက်ထဲတွင် ထွန်းညှိထားသော ဖယောင်းတိုင်များကို ကိုင်ထားကာ သံလေးသံရှည်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိ၏။ ဘုန်းတော်ကြီးများ၏ နောက်ဘက်ခပ်ကျကျ၌ တူမတော် မင်းသမီးနှစ်ယောက်သည် လက်ကိုင်ပဝါကိုယ်စီဖြင့် မျက်ရည်သုတ်လျက်ရှိကြ၏။ ၎င်းတို့၏ ရှေ့နားတွင်မူကား ပထမမင်းသမီးကြီး ကတာချီသည် တစ်စုံတစ်ခုကို ပိုင်းဖြတ်ပြီးခဲ့ဟန်ဖြင့် ဆင်းတုများကို စူးစိုက်လျက် ရှိပေသည်။ ပထမမင်းသမီးကြီး၏ ဟန်မှာ ပတ်ဝန်းကျင်ကိုသော်မျှ လှမ်း၍ မကြည့်အားဟန် ဖြစ်လေသည်။ မင်းသမီးကြီး ဒရူဘက်စကားယားသည် အလွန်တရာ စိတ်ထိခိုက်လျက် အားလုံးကို ခွင့်လွှတ်သော ဟန်မျိုးဖြင့် တံခါးဝအနီးတွင် ရပ်လျက်ရှိသည်။ မင်းသားကြီး ဗာစီလီကား လက်ဝဲဘက်လက်မောင်းကို အနီးရှိ ကတ္တီပါ ထိုင်ဖုံနောက်မှီတွင် တင်ထားကာ ဖယောင်းတိုင် တစ်တိုင်ကို ကိုင်ထားလျက် မျက်လုံးကို အပေါ်သို့ လှန်၍ လက်ယာဘက် လက်ဖြင့် နဖူး၊ ပခုံး စသည်တို့ကိုတို့ထိပြီး ဆုတောင်းရင်း လူမမာ၏ ထိုင်ဖုံ အနီးတွင် ရပ်နေလေသည်။ မင်းသားကြီး ဗာစီလီ၏ မျက်နှာမှာ များစွာတည်ငြိမ်လျက်ရှိကာ ကမ္ဘာဋ္ဌာန်းဘာဝနာ ပွားများနေသော မျက်နှာမျိုးဖြစ်လျက် မြင်မြင်သမျှသခင်ါရ တွေချည်းပေပဲဟု ပြောနေသယောင် ရှိလေသည်။

၎င်းတို့နောက်၌ ကိုယ်ရံတော်ဗိုလ်ကလေး၊ သမားတော်များနှင့် အိမ်စေတော်သူငယ်များ ရပ်လျက်ရှိကြသည်။ ဘုရားရှိခိုးကျောင်းမှာကဲ့သို့ပင် မိန်းမနှင့် ယောကျ်ား တစ်တန်းစီ ရပ်နေကြလေသည်။ အားလုံးတိတ်ဆိတ်ငြိမ်သက်လျက် လက်ယှက်ဆုတောင်းနေကြကာ ရွတ်ဖတ်သရဇ္ဈာယ်သံ၊ လေးနက်တည်ငြိမ်သောရွတ်ဆိုသံ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ခေတ္တရပ်နားသည့်အခါ၌ သက်ပြင်းချသံ၊ ခြေထောက်ရွှေ့သံများမှတစ်ပါး အခြားမည်သည့် အသံကိုမျှ မကြားရချေ။ မင်းသမီးကြီး ဒရူဘက်စကားယားသည် မိမိကိုယ်မိမိ ယုံကြည်သောဟန်ဖြင့် ရေးကြီးသုတ်ပျာ လျှောက်သွားကာ ဖယောင်းတိုင်တစ်တိုင်ကို ပီယာ့လက်ထဲသို့ ထည့်လိုက်သည်။ ပီယာသည် မိမိအား အကဲခတ်လျက်ရှိသည်ကို သတိထားလိုက်မိသဖြင့် ဖယောင်းတိုင်ကို မီးကူး၍ ညှိလိုက်ပြီး ဖယောင်းတိုင်ကိုင်သောလက်ဖြင့်ပင် လက်ယှက်ဆုတောင်းနေသည်။

မြို့စားကြီး ဘီဇူးကော့ဗ်၏ တူမတော်များအနက် အထွေးဆုံးဖြစ်လျက် အရယ်သန်သူဖြစ်ပြီး စံပယ်တင်မှည့်လေးရှိသော တတိယမင်းသမီးဆိုဖီမှာ ပီယာကိုသာစောင့်၍ အကဲခတ်နေသည်။ တတိယမင်းသမီးလည်း ပါးစပ်ကို လက်ကိုင်ပဝါဖြင့်ပိတ်၍ အတန်ကြာပြုံးနေသည်။ ထိုနောက် ပီယာကို လှမ်းကြည့်လိုက်ပြီး မချုပ်တီးနိုင်တော့ဘဲ ရယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ တတိယမင်းသမီးလေးသည် ပီယာကို မြင်တိုင်း မရယ်ဘဲ နေနိုင်ဟန်မတူချေ။ ပီယာကိုမကြည့်ဘဲလည်း မနေနိုင်ချေ။ ထို့ကြောင့် တတိယ မင်းသမီးလေးမှာ ရယ်ချင်စိတ်ကို ကြာရှည်ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဗဲ တိုင်လုံးကြီးများကို ကွယ်ကာ ခန်းမဆောင်အပြင်ဘက်သို့ တိတ်တဆိတ် ထွက်လာခဲ့လေသည်။ ယင်းသို့ ရွတ်ဖတ်သရဇ္ဈာယ်နေစဉ် ဘုန်းတော်ကြီးများမှ ရွတ်ဖတ်သံ ရုတ်တရက် ရပ်သွားကာတစ်ပါးနှင့်တစ်ပါး တီးတိုးပြောလျက်ရှိကြပြီး မြို့စားကြီးဘီဇူးကော့ဗ်လက်ထဲမှ ဖယောင်းတိုင်ကို ထိန်းကိုင်ပေးထားသည့် အိမ်စေတော်အဘိုးကြီးက အမျိုးသမီးများအား တစ်စုံတစ်ရာလှမ်းပြောလိုက်သည်။ မင်းသမီးကြီး ဒရူဘက်စကားယားသည် ရှေ့သို့တိုးလာကာ မြို့စားကြီး ဘီဇူးကော့ဗ်ကိုငုံ့၍ ကြည့်လိုက်ပြီးနောက် သမားတော်ကြီး လောရိန်းကို လက်ပြ၍ ခေါ်လိုက်၏။ ပြင်သစ်သမားတော်ကြီး လောရိန်းမှာ မိမိနှင့်ဘာသာအယူဝါဒ မတူသည့်အတွက် ဖယောင်းတိုင်ကို ကိုင်ထားခြင်းမရှိသော်လည်း ၎င်းတို့လူမျိုး၏ ထုံးစံစဉ်လာအရ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကို နားလည်သဘောပေါက်သည့်ဟန်ဖြင့် တိုင်လုံးကြီးတစ်လုံးကို မှီ၍ ရပ်လျက်ရှိသည်။ မင်းသမီးကြီး ဒရူဘက်စကားယားက လှမ်းခေါ်လိုက်သည်တွင် သမားတော်ကြီး လောရိန်းသည် ကျန်းမာသန်စွမ်းသော လူတစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် ခြေကို အသာကြွ၍ လှမ်းကာ လူမမာအနားသို့ ရောက်လာပြီးနောက် ၎င်း၏ဖြူဖွေးသော လက်များဖြင့် ခြုံစောင်ကို လှပ်ကာ လူမမာ၏လက်တွင် သွေးစမ်းရင်း အတန်ကြာမျှ စဉ်းစားနေသည်။ လူမမာအား အဖျော်ယမကာတစ်ခုကို တိုက်လိုက်သည့်အတွက် ဘေးပတ်ဝန်းကျင်တွင် လှုပ်လှုပ်ရှရှ ဖြစ်သွားကြပြီး ရွတ်ဖတ်သရဇ္ဈာယ်သည့် အသံများ တစ်ဖန် ပေါ်ထွက်လာကြပြန်သည်။

ယင်းသို့ ဖြစ်နေသည့်အချိန်၌ မင်းသားကြီး ဗာစီလီသည် ငြိမ်ရပ်နေသော ကတ္တီပါထိုင်ဖုံအနီးမှ ခွာလာကာ အခြားသူများက မည်သို့ထင်ကြစေ၊ မိမိကား မိမိ၏ ပြုဖွယ်ဝတ္တရားများကို ဆောင်ရွက်တော့မည်ဟူသော ဟန်မျိုးဖြင့် လူမမာအနီးမှ ဖြတ်သန်းကာ ပထမ မင်းသမီးကြီးထံသို့ လျှောက်သွားပြီး ပထမမင်းသမီးကြီးနှင့်အတူ ပိုးကန့်လန့်ကာ ကာထားသော ညောင်စောင်းရှိရာ အခန်းထောင့်ဆီသို့ ထွက်သွားကြသည်။ ထိုနေရာမှတစ်ဖန် အနောက်ဘက် တံခါးဝမှ အပြင်သို့ ထွက်သွားကြပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိစ္စ မပြီးမီမှာပင် နဂိုနေရာများသို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြန်ရောက်လာကြပြန်သည်။ ပီယာအဖို့ကား ယနေ့ညတွင် တွေ့ကြုံနေရသော အဖြစ်အပျက်များသည် တစ်နည်းနည်း ထူးခြားလျက်ရှိသည်ဟု ယူဆပြီး ဖြစ်ရကား မင်းသားကြီး ဗာစီလီနှင့် ပထမမင်းသမီးကြီးတို့ ယောက်ယက်ခတ်ပုံကိုသာ အထူးအာရုံစိုက်မိခြင်း မဟုတ်ဘဲ သူ မြင်တွေ့နေရသည့် အခြင်းအရာအားလုံးကို သိမ်းကျုံးအကဲခတ်လျက်သာ ရှိလေသည်။

အတန်ကြာသော်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကိစ္စပြီးလေသည်။ ရွတ်ဖတ်သရဇ္ဈာယ်မှုကို ခံယူသည့်အတွက် လူမမာအား ချီးကျူးထောမနာပြု၍ နှုတ်ဆက်နေကြသော ဘုန်းတော်ကြီးများ၏အသံများကို ကြားရလေသည်။ လူမမာကား ယခင်ကကဲ့သို့ပင် မလှုပ်မရှား ငြိမ်သက်လျက်ရှိသည်။ ဘေးပတ်ဝန်းကျင်တွင်မူ လှုပ်လှုပ်ရှရှ ဖြစ်နေကြသည်။ ခြေသံများ စကားသံများကို ကြားရသည့်အနက်တွင် မင်းသမီးကြီး ဒရူဘက်စကားယား၏ အသံမှာ အကျယ်ဆုံးဖြစ်ပေ၏။

"အိပ်ရာပေါ် ရွှေ့ထားလိုက်ရင် မကောင်းဘူးလား။ တော်တော်ကြာရင်"

မင်းသမီးကြီး ဒရူဘက်စကားယား၏ စကားကို ပီယာကြားလိုက်ရသည်။ လူမမာ၏ ဘေးပတ်ပတ်လည်တွင် သမားတော်များ၊ မင်းသမီးများ၊ အစေတော်သူငယ်များ ဝိုင်းအုံလျက် ရှိကြသည်မှာ ပီယာပင်လျှင် မိမိခမည်းတော် မြို့စားကြီးကို မမြင်ရတော့ချေ။ သို့ရာတွင် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း အမှုပြုစဉ်က တစ်လျှောက်လုံး မြင်ခဲ့ရသည့်အတွက် စိတ်ဖြေနိုင်သေးသည်။ လူမမာအနီးတွင် ဝိုင်းရံလျက် ရှိကြသူများ သတိကြီးစွာဖြင့် လှုပ်ရှားနေကြပုံကို ထောက်၍ လူမမာအားဖေးမ၍ ရွှေ့နေခြင်းဖြစ်ရမည်ဟု ယူဆလိုက်မိသည်။

"ကျုပ် လက်မောင်းကို ကိုင်ထားမှ ပေါ့ဗျ။ တော်တော်ကြာ အောက်လွတ်ကျသွားလိမ့်မယ်"

အစေတော် သူငယ်တစ်ယောက်က အလန့်တကြားဖြင့် ခပ်တိုးတိုးပြောသံကို ပီယာ ကြားလိုက်ရသည်။ "ဗျို့၊ အောက်က ပွေ့ကိုင်မှပေါ့ဗျ။ ခက်တော့တာပဲ"ဟု



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပြောလိုက်သံကိုလည်း ကြားလိုက်ရပြန်သည်။ ထို့နောက်တွင်ကား မနိုင်မနင်း လေးလံသော အရာကြီးတစ်ခုကို မ ရသကဲ့သို့ အစောတော်သူငယ်များ၏ မောပန်းစွာ သက်ပြင်းရှူသံ၊ ခြေထောက်များ ရှပ်တိုက်၍ ရွေ့သံများကို ကြားရလေသည်။

လူမမာကို ချီမလာသူများထဲ၌ မင်းသမီးကြီး ဒရှုဘက်စကားယားလည်း ပါဝင်သည်ကို တွေ့ရ၏။ ချီမသူများအနားသို့ ရောက်လာသဖြင့် ၎င်းတို့ကြားထဲမှ ပီယာ လှမ်းကြည့်သည်တွင် လူမမာ၏ နဖူးပြင်ကျယ်ကြီးနှင့်တကွ ရင်ဘတ်နှင့် တောင့်တင်းသော ပခုံးများကိုလည်းကောင်း၊ ဆံပင်တွေ ဖွေးဖွေးဖြူလျက်ရှိကာ ကေသရာစာခြင်္သေ့မင်း၏ ဦးခေါင်းကဲ့သို့သော ဦးခေါင်းကိုလည်းကောင်း ရိပ်ခနဲ မြင်လိုက်ရသည်။ ထူထဲသော မျက်ခုံးမွေးများ၊ ကြံ့ခိုင်သော မေးရိုး၊ လုပ၍ စွဲမက်ဖွယ်ကောင်းသောပါးစပ်၊ အေးစက်တည်ငြိမ်သော မျက်နှာဟန်အမူအရာ စသည်တို့စုပေါင်းထားသည့် မြို့စားကြီး ဘီဇူးကော့ဗ်၏ ဦးခေါင်းမှာ သေမင်းခံတွင်းဝသို့ ရောက်နေသည့်အချိန်ထိ နည်းနည်းကလေးမျှ တုန်လှုပ်ချောက်ချားဟန်မရှိသည်ကို တွေ့ရ၏။ မြို့စားကြီးဘီဇူးကော့ဗ်၏ အမူအရာသည် လွန်ခဲ့သော သုံးလလောက်က မိမိအား ပီတာစဘတ်ရွှေမြို့တော်သို့ လွှတ်စဉ်ကကဲ့သို့ပင် တင့်တယ်ခန့်ညားလျက်တည်ကြည်သောအသွင်ကို ဆောင်နေသည်ဟု ပီယာထင်မိ၏။ ချီမသူများက လှုပ်ရှားနေကြသည့်အတွက် မြို့စားကြီး၏ခေါင်းသည် ဘယ်ညာယမ်းလျက်ရှိ၏။ မျက်လုံးကြီးများမှာ အထက်သို့ လန်နေကြသည်။

ပိုးကန့်လန့်ကာ ကာထားသော ညောင်စောင်းအနီးတွင် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးနောက် မြို့စားကြီး ဘီဇူးကော့ဗ်ကို ချီမလာသူများသည် မိမိနေရာများသို့ အသီးသီး ပြန်လာကြလေသည်။ မင်းသမီးကြီး ဒရှုဘက်စကားယားသည် ပီယာ၏လက်မောင်းကို တို့လိုက်ပြီး "လာ တူတော်မောင်"ဟု ခေါ်သွားလေသည်။ ပီယာသည် မြို့စားကြီး ဘီဇူးကော့ဗ် ခန့်ညားစွာ လဲလျောင်းလျက်ရှိရာ ညောင်စောင်းအနီးသို့ မင်းသမီးကြီး ဒရှုဘက်စကားယားနှင့်အတူ လိုက်လာခဲ့သည်။ မြို့စားကြီး၏ ခေါင်းသည် ခေါင်းအုံးပေါ်၌ ငြိမ်သက်စွာ တည်လျက်ရှိပြီး လက်များမှာ ကတ္တီပါခြုံစောင်စိမ်းကြီးပေါ်သို့ ယှက်တင်လျက်သားရှိနေလေသည်။ အနားသို့ ပီယာရောက်လာသောအခါတွင် မြို့စားကြီး ဘီဇူးကော့ဗ်သည် ပီယာကို စူးစိုက်ကြည့်လျက်ရှိ၏။ သို့ရာတွင် ထိုအကြည့်၏ နောက်ကွယ်၌ မည်သည့်အဓိပ္ပာယ်ရှိသည်ကိုကား မည်သည့်ပုထုဇဉ်လူသားမှ နားလည်နိုင်မည်မဟုတ်ပေ။ မျက်စိရှိသဖြင့် တစ်နေရာရာကို ကြည့်ရမည်ဖြစ်သည့်အလျောက် အဓိပ္ပာယ်မရှိ စူးစိုက်ကြည့်ခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် အဓိပ္ပာယ်များစွာ ဆောင်သောအကြည့်မျိုးလည်း ဖြစ်နိုင်ပေသည်။ ပီယာသည် မည်သို့လုပ်ရမည်မသိဘဲ အတန်ကြာ ငေးနေပြီးမှ မင်းသမီးကြီး ဒရှုဘက်စကားယားကို မျက်လုံး ပေကလပ် ပေကလပ်ဖြင့် ကြည့်လိုက်၏။ မင်းသမီးကြီး ဒရှုဘက်စကားယားက လူမမာ၏လက်ကို လှမ်းကြည့်ပြ ကာ နှုတ်ခမ်းများကို လှုပ်ပြလိုက်ခြင်းဖြင့် မြို့စားကြီး ဘီဇူးကော့ဗ်၏ လက်အားနမ်းရှုပ်စေလိုသောသဘောကို မျက်နှာကဲပြလိုက်သည်။ ပီယာသည် ကတ္တီပါခြုံစောင်ကြီးကို မထိစေရန် လည်ပင်းကို သတိကြီးစွာ ဆန့်တန်းလျက် အသားပြည့်ပြည့် ရိုးကြီးဂေါ်င်ဂင်ရှိသော မြို့စားကြီး ဘီဇူးကော့ဗ်၏လက်ကို နမ်းရှုပ်လိုက်၏။ မြို့စားကြီး ဘီဇူးကော့ဗ် လက်သည်လည်းကောင်း၊ မျက်နှာသည်လည်း ကောင်း ဘာကိုမျှ ခံစားသိရှိဟန် မပြတော့ချေ။ ပီယာသည် နောက်ထပ်ဘာလုပ်ရဦးမလဲဟူသော သဘောဖြင့် မင်းသမီးကြီး ဒရှုဘက်စကားယားကို မျက်လုံး ပေကလပ် ပေကလပ်လုပ်၍ ကြည့်ပြန်သည်။ မင်းသမီးကြီး ဒရှုဘက် စကားယားက လူမမာ၏ ညောင်စောင်းဘေး ထိုင်ခုံတွင်ထိုင်ရန် မျက်ရိပ်ပြလိုက်ပြန်သည့်အတွက် ပီယာမှာ ကျိုးနွံစွာ ဝင်ထိုင်လိုက်ပြီး သူလုပ်တာဟုတ်ရဲ့လား ဆိုသည့်သဘောဖြင့် မင်းသမီးကြီးဒရှုဘက် စကားယားကို လှမ်းကြည့်လိုက်မိပြန်သည်။ မင်းသမီးကြီး ဒရှုဘက်စကားယားက ခေါင်းညိတ်ပြလိုက်၏။ ဤအခါတွင်လည်း ပီယာသည် အီဂျစ်ကျောက်ရုပ်ကြီး တစ်ရုပ်သဖွယ် ငူငူကြီးထိုင်နေရခြင်း ဖြစ်လေရာ ၎င်း၏ ပျင်းတွဲလေးလံသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင် ကျုံ့ယို့နေရခြင်းအတွက် စိတ်ထဲ၌ မသက်မသာ ဖြစ်လျက်ရှိလေသည်။ ပီယာက မြို့စားကြီး ဘီဇူးကော့ဗ်ကို ကြည့်လိုက်၏။ မြို့စားကြီး ဘီဇူးကော့ဗ်မှာ ပီယာမတ်တတ်ရပ်နေတုန်းက ပီယာ၏ မျက်နှာရှိခဲ့သော နေရာဆီလောက်ကို ရွှေ့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



**ငြိမ်း မရှိ** စူးစိုက်ကြည့်လျက်ရှိပေသည်။ မင်းသမီးကြီး **ဒရှူဘက်** စကားယားသည် ယခုကဲ့သို့ သားနှင့်အဖ **နောက်ဆုံးအကြိမ်** တွေ့ရခြင်းကို များစွာအရေးကြီးလှပေါန် **အမှုအရာဖြင့်** ပြလျက်ရှိလေသည်။ သို့ဖြင့် မလှုပ်မယှက် **ထိုင်နေရသည်မှာ** နှစ်မိနစ်ခန့်မျှသာ ကြာသော်လည်း **ပီယာအဖို့သော်ကား** တစ်နာရီလောက်ကြာသည်ဟု **ထင်မှတ်မိသည်။** ထိုအတောအတွင်း မြို့စားကြီး ဘီဇူး **ကော့ဗ်၏** မျက်နှာမှာ ရှုံ့တွကာ အကြောဆွဲစပြုလာ လေသည်။ အကြောဆွဲသည့် ဝေဒနာမှာ တဖြည်းဖြည်း ပြင်းထန်လာပြီး လှပခန့်ညား သောပါးစပ်မှာ တစ်ဖက်သို့ရွဲ့စောင်းသွားကာ (ထိုအခါကျမှ ခမည်းတော် မြို့စားကြီး ကံတော်ကုန်ချိန် နီးကပ်လာပြီကို ပီယာသဘောပေါက် မိသည်။) ထိုသို့ ပုံပျက်ပန်းပျက် ဖြစ်နေသော ပါးစပ်မှ အသံနက်ကြီးဖြင့် ညည်းညူသံသည် ဗလုံးဗထွေးထွက်ပေါ် လာသည်။ မင်းသမီးကြီးဒရှူဘက် စကားယားမှာ လူမမာ မြို့စားကြီး ဘီဇူးကော့ဗ်၏မျက်လုံးများကိုသာ စူးစိုက် ကြည့်လျက်ရှိပြီး မည်သည့်အရာကို မြို့စားကြီး ဘီဇူးကော့ဗ် စိတ်စွဲနေသနည်းဟု တွေးတောလျက်ရှိသည်။ မင်းသမီးကြီး ဒရှူဘက်စကားယားသည် ပီယာကို လက်ညှိုးထိုးပြီးနောက် အဖျော်ယမကာကို ထပ်မံညွှန်ပြ ပြန်ကာ မင်းသားကြီး ဗာစီလီ၏အမည်ကိုလည်းခပ်တိုးတိုးရွတ်ပြလျက်နောက်ဆုံး ကျမှ ကတ္တီပါခြုံစောင်ကြီးကို လက်ညှိုးထိုးပြနေပြန်သည်။ ထိုအချိန်၌ မြို့စားကြီးဘီဇူး ကော့ဗ်မှာ မခံမရပ်နိုင်လောက် အောင် ဝေဒနာကို ခံစားနေရလေပြီ။ မြို့စားကြီးဘီဇူးကော့ဗ် သည် ညောင်စောင်း၏ ခေါင်းရင်းတွင် အမြဲရပ်နေသည့် အိမ်တော်စေကို လှမ်းကြည့်ရန် ကြိုးစားသေးသည်။

"စောင်းချင်လို့ ထင်တယ်"

အိမ်တော်စေက တီးတိုးပြောဆိုကာ မြို့စားကြီး ဘီဇူးကော့ဗ်၏ လေးလံလှသော ခန္ဓာကိုယ်ကြီးကို နံရံဘက်သို့ စောင်းပေးနေသည်။

ပီယာက အိမ်တော်စေကို ထ၍ ကူလုပ်ပေးသည်။

မြို့စားကြီး ဘီဇူးကော့ဗ်အား တစ်ဖက်သို့ စောင်းပေးနေစဉ် ၎င်း၏လက်တစ်ဖက်မှာ နောက်ဘက်သို့ အရုပ်ကြိုးဖြတ်ချလိုက်သလို ကျလာသည်။ မြို့စားကြီး ဘီဇူးကော့ဗ်သည် နောက်သို့ကျနေသော လက်တစ်ဖက်ကို ရှေ့သို့ယူရန်ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်ပေသည်။ ပီယာသည် အကြောများ လှုပ်ရှားခြင်းမရှိတော့သော လက်တစ်ဖက်ကို ကြောက်လန့်တကြား ကြည့်နေမိသည်။ မြို့စားကြီးဘီဇူးကော့ဗ်သည် ယင်းသို့ ထိတ်လန့်တကြား ဖြစ်နေသော ပီယာ၏ မျက်နှာကိုလည်းကောင်း၊ ချုပ်ငြိမ်းလုဆဲ ဦးနှောက်ထဲ၌ ပေါ်လာသည့် မပီမသ စိတ်ကူးများကိုလည်းကောင်း သတိမမူနိုင်တော့ဘဲ ၎င်း၏အကြောသေသွားသော လက်တစ်ဖက်ကိုတစ်လှည့်၊ ပီယာ၏ထိတ်လန့်လျက်ရှိသော မျက်နှာကိုတစ်လှည့် ကြည့်လျက်ရှိရင်းက မျက်နှာပေါ်တွင် ဖျော့တော့သနားဖွယ်ပြုံးရိပ်ကလေး ယှက်သန်းလာလေသည်။ ထိုအပြုံးကား မည်မျှဝေဒနာ ခံစားနေရသည်ဖြစ်စေ ဝေဒနာကို မမှုသောလှောင်ပြောင်သည့် အပြုံးဖြစ်ဟန်ရှိပေသည်။ မြို့စားကြီး ဘီဇူးကော့ဗ်၏ အပြုံးကို မြင်လိုက်သည်၌ ပီယာမှာလည်း ရင်ထဲတွင် အလုံးကြီးတက်ဆောင့်လိုက်သကဲ့သို့ ဆို့သွားကာ မျက်ရည် တွေ ဝဲလာလေတော့သည်။ ထို့ကြောင့် လူမမာမြို့စားကြီး ဘီဇူးကော့ဗ်အား နံရံကို မျက်နှာမူ၍ စောင်းပေးလိုက်လေသည်။ လူမမာ မြို့စားကြီးသည် အသက်ပြင်းစွာ ရှူလျက်ရှိသည်။

"မှိန်းနေတယ် ထင်တယ်"

မင်းသမီးကြီး ဒရှူဘက်စကားယားက ကပ်၍ လာသည့် တူမတော် မင်းသမီးတစ်ဦးကို အကဲခတ်ရင်း ပြောလိုက်ပြီး ပီယာအား လှမ်း၍ ခေါ်လိုက်သည်။

"သွားကြစို့ တူတော်မောင်"

ပီယာသည် ခန်းမဆောင်အပြင်သို့ ထွက်လာခဲ့လေသည်။

## အခန်း ၂၄

ညှိခန်းဆောင်ထဲ၌ကား ကက်သရင်း ဘုရင်မကြီး၏ ရုပ်ပုံအောက်တွင် ထိုင်ကာ ခေါင်းချင်းဆိုင်၍ စိတ်အားထက်သန်စွာ တိုင်ပင်နီးနှောနေကြသည့် မင်းသားကြီး ဗာစီလီနှင့် ပထမမင်းသမီးကြီးမှအပ လူသူကင်းရှင်းလျက်ရှိသည်။ ၎င်းတို့နှစ်ဦးသည် လူမမာခန်းထဲမှ ထွက်လာသော ပီယာနှင့် မင်းသမီးကြီး ဒရှူဘက်စကားယားကို မြင်သည်တွင် ချက်ချင်းစကားစ ဖြတ်လိုက်ကြ၏။

"နမတော်ဖြင့် ဒီမိန်းမကြီးကို မြင်ရတာ စက်ဆုပ်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



ပထမမင်းသမီးကြီး၏ ခပ်တိုးတိုးပြောသံနှင့်အတူ ပထမမင်းသမီးကြီးသည် တစ်စုံတစ်ရာ ဝှက်လိုက်သည်ကို ပီယာ သတိထားလိုက်မိသည်။

"လက်ဖက်ရည်များ သုံးဆောင်ချင်ရင် ဟိုဘက် ဧည့်ခန်းဆောင်လေးထဲကို ကြွကြပါတဲ့"

မင်းသားကြီး ဗာစီလီက မင်းသမီးကြီး ဒရူဘက် စကားယားသို့ လှမ်းပြောလိုက်၏။ ပီယာကိုကား မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ ဖျောင်းဖျသည့်အနေဖြင့် လက်မောင်း ရင်းကိုသာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ပီယာသည် မင်းသမီးကြီး ဒရူဘက်စကားယားနှင့်အတူ ဧည့်ခန်းဆောင် လေးထဲသို့ ဝင်လာခဲ့လေသည်။

"တစ်ညလောက် အိပ်ရေးပျက်ပြီး ရုရှားလက်ဖက် ရည်တစ်ခွက်သောက်လိုက်ရခြင်းလောက် တစ်ကိုယ်လုံး လန်းဆန်းသွားစေတဲ့ အရာကတော့ လောကမယ် ရှိမယ် မထင်ဘူးခင်ဗျ"

အအေးခံတတ်ရိုက်ထားသည့် ညစာစားပွဲရှေ့တွင် ရပ်၍ လက်ကိုင်ကိုင်းမပါသော လက်ဖက်ရည်ခွက်ထဲမှ လက်ဖက်ရည်ကို တကျိုက်ကျိုက်သောက်ရင်း သမားတော် ကြီးလောရိန်းက ပြောလိုက်သည်။ ထိုနေ့၌ မြို့စားကြီး ဘီဇူးကော့ဗ်၏အိမ်တွင် ရှိရှိသမျှသောသူတို့သည် လက် ဖက်ရည်စားပွဲသို့ ရောက်၍လာကြ၏။ မုန့်များ၊ စားပွဲငယ် များဖြင့် ပြည့်နှက်နေသော စက်ဝိုင်းသဏ္ဌာန် ဤအခန်းကို ပီယာကောင်းကောင်း မှတ်မိနေသည်။ မြို့စားကြီး ဘီဇူး ကော့ဗ်၏ စံအိမ်တော်တွင် ကပွဲကျင်းပသည့်အခါများ၌ ကောင်းစွာမကတတ်သော ပီယာသည် ဤအခန်းထဲတွင် ထိုင်ရင်း ဖြူဖွေးဝင်းဝါသော လည်တံတွင် ပုလဲသွယ်များ စီန်လည်တုန်များကို ဝတ်ဆင်လျက် သစ်လွင်သော ကပွဲ ဝတ်စုံများဖြင့် ပွဲတက်ဆောင်ဆီသို့ ဖြတ်သန်းသွားရင်း တစ်အောင့်တစ်ခဏ ရပ်နားကာ မီးရောင်ဖြင့် ဝင်းထိန် လျက်ရှိသော မှန်ကြီးများရှေ့၌ မိမိတို့ကိုယ်ကို မိမိတို့ အပြန်ပြန်အလှန်လှန်ကြည့်ရှုကြသော အပျိုများကို ငေး ကြည့်နေခဲ့ဖူးသည်။ ယခုသော် ထိုအခန်းသည် ဖယောင်း တိုင်နှစ်တိုင်၏အရောင်ဖြင့် ခပ်မှိန်မှိန်သာ လင်းလျက်ရှိ၏။ စားပွဲငယ်ကလေး တစ်ခုပေါ်တွင် လက်ဖက်ရည်ပန်းကန် များ၊ ထမင်းပန်းကန်များသည် ဖရိုဖရဲ ပြန့်ကြဲလျက် ရှိ၏။ အခါမဲ့ ဖြစ်သော ညကြီးသန်းခေါင်တွင် ဝိုင်းဖွဲ့ ထိုင်ကြကာ ပျော်ရွှင်ခြင်း အလျဉ်းမရှိကြဘဲ လေးနက် သောမျက်နှာထားများဖြင့် တစ်ဦးကိုတစ်ဦးတိုးတိုးပြောဆို လျက်ရှိ၏။ အားလုံး၏ အမူအရာများနှင့် လေသံများသည် မြို့စားကြီးဘီဇူးကော့ဗ်၏ အခြေအနေကိုသာ စိုးရိမ်လျက် ရှိကြောင်း ဖော်ပြလျက်ရှိကြ၏။ ပီယာသည်များစွာ ဆာလောင်မွတ်သိပ်လျက်ရှိသော်လည်း ဘာကိုမျှ စား သောက်ခြင်း မပြုဘဲ ၎င်းအား စိစဉ်ညွှန်ကြားသူ မင်းသမီး ကြီး ဒရူဘက်စကားယားကိုသာ အကဲခတ်လျက်ရှိ၏။ မင်းသမီးကြီး ဒရူဘက်စကားယားသည် မင်းသားကြီး ဗာစီလီနှင့် ပထမမင်းသမီးကြီးတို့ရှိရာ ဧည့်ခန်းဆောင် ဘက်သို့ ခြေဖျားထောက်၍ ထွက်သွားသည်ကို မြင်လိုက် ရသည်။ ပီယာသည် မိမိပါလိုက်ပါသွားရန် လိုအပ်သည်ဟု ယူဆမိသည့်အတွက် ထ၍ လိုက်လာခဲ့သည်။ မင်းသမီး ကြီး ဒရူဘက်စကားယားသည် ပထမမင်းသမီးကြီး၏ အနားတွင် ရပ်လျက်ရှိ၏။ ၎င်းတို့နှစ်ယောက်သည် စိတ်အား ထက်သန်စွာဖြင့် ခပ်တိုးတိုးပြောလျက် ရှိကြပေသည်။

"ဘယ်အရာက လိုအပ်တယ်။ ဘယ်အရာက မလိုအပ်ဘူးဆိုတာ ညီမတော်သိပါရစေ အစ်မတော်ကြီး"

ပထမမင်းသမီးကြီးက အနောက်ဆောင်တံခါးကို ဆောင့်ပိတ်လိုက်စဉ် တုန်လှုပ်ခြင်းမျိုးဖြင့် တုန်လှုပ်စွာ ပြောလိုက်သည်။

"ဒီမှာညီမတော်" မင်းသမီးကြီးဒရူဘက်စကား ယားက လူမမာမြို့စားကြီး၏ ခန်းဆောင်ဘက်သို့ သွားရန် ဟန်ပြင်နေသည့် ပထမ မင်းသမီးကြီးကို ရှေ့မှ တားလိုက် ပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ခုလို ကံတော်ကုန်မယ့်ဆဲဆဲ ဦးရီးတော် မြို့စား ကြီးကို ဒီစကားတွေ သွားပြောတာဟာ မသင့်လျော်ပေ ဘူး ညီမတော်။ ဒီအချိန်မှာ ဒီလို လောကီကိစ္စတွေကို ဦးရီးတော်ထံ သွားပြောလို့ရှိရင်"

မင်းသားကြီး ဗာစီလီသည် ပေါင်တစ်လုံးပေါ်တွင် တစ်လုံးထပ်တင်ကာ ပက်လက်ထိုင်ဖုံ တစ်ခုပေါ်တွင် ထိုင်နေလေသည်။ ၎င်း၏ ပြည့်ဖောင်းသော ပါးစုန့်ကြီးများ သည် ခါတိုင်းထက် အောက်သို့တွဲကျနေသည်ဟု ထင်ရ ကာ တရှုံ့ရှုံ့တုန်လျက် ရှိကြ၏။ သို့ရာတွင် ၎င်း၏အမူအရာ ကား မင်းသမီးကြီးနှစ်ဦး ပြောဆိုသည့် စကားများကို စိတ်ဝင်စားခြင်း မရှိသည့်အမူအရာမျိုး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ အစ်မတော်ကြီး။ နှမတော် ကတာချီကို သွားခွင့်ပြုလိုက်ပါလေ။ မြို့စားကြီးက တူမတော် ကတာချီကို ဘယ်လောက်ချစ်ခင်တယ်ဆိုတာ အစ်မတော်ကြီးလဲ အသိသားပဲ"

"နှမတော်တော့ ဒီစာတမ်းထဲမှာ ဘာတွေရေးထားတယ်ဆိုတာ လုံးဝမသိပါဘူး" ပထမမင်းသမီးကြီးက မင်းသားကြီး ဗာစီလီသို့ လှမ်းပြောပြီး လက်ထဲတွင် ကိုင်ထားသည့် စာပုလွေကို လက်ညှိုးထိုး၍ ပြလိုက်သည်။ "နှမတော် သိသလောက်ကတော့ ဦးရီးတော် မြို့စားကြီးရဲ့ သေတမ်းစာအစစ်ဟာ စားပွဲအံဆွဲထဲမှာ ရှိတယ်လို့ သိတာပဲ။ ဒီစာပုလွေထဲက စာရွက်စာတမ်းကိုတော့ ဦးရီးတော်ကိုယ်တိုင် သတိမေ့နေပြီ ထင်တယ်"

ပထမ မင်းသမီးကြီးသည် မင်းသမီးကြီး ဒရူဘက်စကားယားကို ရှောင်ထွက်မည်ပြုသော်လည်း မင်းသမီးကြီး ဒရူဘက်စကားယားက လမ်းကို ပိတ်၍ ရပ်နေလိုက်ပြန်သည်။

"ဒီစာပုလွေထဲမှာ ဘာစာရွက်စာတမ်း ရှိတယ်ဆိုတာ အစ်မတော်ကြီး သိပါတယ် ညီမတော်" မင်းသမီးကြီး ဒရူဘက်စကားယားက မည်သည့်နည်းနှင့်မျှ အလွယ်တကူ ခွင့်မပြုနိုင်သော ဟန်မျိုးပြင် စာပုလွေကို ဆွဲယူလိုက်သည်။ "အစ်မတော်ကြီး တောင်းပန်ပါတယ် ညီမငယ်။ ဦးရီးတော်ကို သနားပါ။ ငဲ့ညှာပါ"

နောက်ထပ်စကားပြောသံများ မကြားရတော့ဘဲ စာပုလွေကို သူ့ရ ကိုယ့်ရ ဆွဲလွဲလုယူနေသော အသံများကိုသာ ကြားရသည်။ အကယ်၍ ၎င်းတို့နှစ်ဦးသည် ထိုအချိန်တွင် စကားပြောနေကြသည်ဆိုလျှင်လည်း ထိုစကားသည် မည်သည့်နည်းနှင့်မျှ သာယာနာပျော်ဖွယ်သော စကားဖြစ်နိုင်မည်မဟုတ်ချေ။ မင်းသမီး ဒရူဘက်စကားယားသည် စာပုလွေကို ဆုပ်ထားရင်း ပီယာကို လှမ်းကြည့်လိုက်၏။

"ခဏလာပါဦး တူတော်မောင်။ အိမ်တွင်းရေးကိစ္စကို ပြောတဲ့နေရာမှာ တူတော်မောင်လဲ ပါဝင်သင့်တယ်လို့ အကြီးတော်ထင်တယ်။ မဟုတ်ဘူးလား မောင်တော်ကြီး"

"မောင်တော်လေး၊ ဒီလိုပဲ ကြည့်နေတော့မှာလားဟင်" ပထမမင်းသမီးကြီးက ရုတ်တရက် အော်လိုက်သဖြင့် ဧည့်ခန်းဆောင်ထဲမှ ဧည့်သည်များပင် ကြားသွားကာ အလန့်တကြား ဖြစ်ကုန်ကြသည်။ "ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ပြီး သေကောင်ပေါင်းလဲဖြစ်နေတဲ့ လူမမာအခန်းဝမှာ ဒီလိုဝရုန်းသုန်းကား လုပ်နေတာကို မောင်တော်လေး ဝင်မပြောတော့ဘူးလားဟင်။ အကြံရိုင်းလှချည်လား အစ်မတော်ကြီး"

ပထမမင်းသမီးကြီးသည် အံကြိတ်၍ ပြောလိုက်ကာ စာပုလွေကို မင်းသမီးကြီး ဒရူဘက်စကားယားလက်ထဲမှဆွဲလုယူပြန်သည်။ သို့ရာတွင် မင်းသမီးကြီး ဒရူဘက်စကားယားကလည်း မလွှတ်ဘဲ အတင်းဆုပ်ထားသည်။ မင်းသားကြီး ဗာစီလီသည် ထိုင်ရာမှထကာ

"လူမမြင်ကောင်းပါဘူး ဗျာတို့။ ကဲ နှစ်ယောက်စလုံး ဒီစာပုလွေကို ဘယ်သူမှ မယူကြနဲ့။ လွှတ်လိုက်ကြ"

ပထမမင်းသမီးကြီးက စာပုလွေကို လက်က လွှတ်ပေးလိုက်သည်။

"အစ်မတော်ကြီးကော လွှတ်လိုက်"

မင်းသမီးကြီး ဒရူဘက်စကားယားသည် စာပုလွေကို မပေးဘဲ ဆုပ်မြဲဆုပ်ထားသည်။

"ကျုပ်ကိုပေးပါလို့ ကျုပ်ပြောနေပါတယ် အစ်မတော်ကြီး။ ဒီကိစ္စအားလုံးကို ကျုပ်တာဝန်ယူတယ်။ ကျုပ်ကိုယ်တိုင်သွားပြီး မြို့စားကြီးထံသွားမေးမယ်။ ဘယ့်နှယ်လဲ၊ ကျေနပ်ပလား"

"သတိထားပါမောင်တော်ကြီး။ မြို့စားကြီးကို ဒီအချိန်ကျမှ သွားပြီး ဒုက္ခရှာမနေပါနဲ့တော့။ ဘဝကူးကောင်းအောင်သာ တရားကို နှလုံးသွင်းပါစေ။ တူတော်မောင်၊ တူတော်မောင်ရဲ့ သဘောကို ပြောလိုက်လေ"

ဣန္ဒြေမဆောင်နိုင်လောက်အောင် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက်ရှိကာ ပါးစုန့်ကြီးများတရှုရှုလှုပ်လျက်ရှိသည့် မင်းသားကြီး ဗာစီလီ၏မျက်နှာကို ကြည့်ကာ အံ့အားသင့်နေသည့် ပီယာဘက်လှည့်၍ မင်းသမီးကြီး ဒရူဘက်စကားယားက ပြောလိုက်၏။

"စာပုလွေကို ပေးပါလို့ ကျုပ် တောင်းတယ်နော်။ မပေးလို့ တစ်စုံတစ်ခု ဖြစ်လာရင်တော့ အစ်မတော်ကြီးရဲ့ တာဝန်ပဲဆိုတာ မြဲမြဲမှတ်ထားပါ။ အစ်မတော်ကြီး ဘာလုပ်နေတယ်ဆိုတာ အစ်မတော်ကြီး ကိုယ်တိုင်သိရဲ့လား"

မင်းသားကြီး ဗာစီလီက မျက်နှာထားတင်းတင်းဖြင့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်အကြံပက်စက်တဲ့ မိန်းမပါလားဟင်"

ပထမမင်းသမီးကြီးက အော်၍ မင်းသမီးကြီး ဒရွှာဘက်စကားယားဆီသို့ တစ်ဟုန်ထိုးပြေးသွားကာ စာပုလွေကို လုယူလိုက်သည်။ မင်းသားကြီး ဗာစီလီသည် ခေါင်းငုံ့လိုက်ကာ လက်ကို ခါပြလိုက်သည်။

ထိုအခိုက်တွင် ပီယာ မကြာခဏ အကဲခတ်လျက် ရှိသည့် လူမမာမြို့စားကြီး ဘီဇူးကော့ဗ်၏ ဧည့်ခန်းဆောင်သည် ဝုန်းခနဲပွင့်လာကာ ဒုတိယမင်းသမီး ပြေးထွက်လာလေသည်။

"ဘာဖြစ်နေကြတာလဲဟင် အစ်မတော်။ ဦးရီးတော်ဖြင့် မြောနေပြီ။ အစ်မတော်တို့က ညီမတော်တစ်ယောက်တည်း လူမမာနား ပစ်ထားခဲ့ကြတယ်"

ပထမမင်းသမီးကြီးသည် စာပုလွေကို ပစ်ချလိုက်၏။ မင်းသမီးကြီး ဒရွှာဘက်စကားယားသည် စာပုလွေကို ဆတ်ခနဲကုန်းကောက်လိုက်ပြီး လူမမာမြို့စားကြီး ဘီဇူးကော့ဗ်၏ အခန်းထဲသို့ ပြေးဝင်ခဲ့လေသည်။ ထိုအခါကျမှ မင်းသားကြီး ဗာစီလီနှင့် ပထမမင်းသမီးကြီးတို့သည် သတိရလာကာ မင်းသမီးကြီး ဒရွှာဘက်စကားယားနောက်သို့ လိုက်ခဲ့ကြသည်။ အတန်ကြာသောအခါ၌ကား ပထမမင်းသမီးကြီးသည် အောက်နှုတ်ခမ်းကို ကိုက်၍ ထွက်လာလေသည်။ ၎င်း၏မျက်နှာသည် တင်းမာခက်ထရော်ကာ ဖြူရော်လျက်ရှိသည်။ ပီယာကိုမြင်လိုက်သည့်အခါတွင်မူကား ၎င်း၏မျက်နှာတွင် မုန်းတီးစက်ဆုပ်သော အမူအရာမှာ ဖုံးဖိမရအောင် ပေါ်လျက်ရှိလေသည်။

"သိပ်ဝမ်းသာနေကြသပေါ့လေ။ ဒီအချက်ကို စောင့်နေကြတာပေါ့၊ ဟုတ်လား"

ပထမမင်းသမီးကြီးသည် ပီယာကို လှမ်းပြောကာ မျက်နှာကို လက်ကိုင်ပဝါဖြင့် အုပ်၍ ငိုလိုက်ပြီး အခန်းထဲမှ ထွက်သွားလေသည်။

ထို့နောက် မင်းသားကြီး ဗာစီလီ ထွက်လာပြန်သည်။ မင်းသားကြီးသည် ပီယာရှိရာ ထိုင်ဖုံအနီးသို့ ဒယီးဒယိုင် လျှောက်လာပြီးနောက် ပစ်၍ ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့်အုပ်နေသည်။ ၎င်း၏ မျက်နှာသည်လည်း ဖြူရော်လျက်ရှိ၍ တစ်စုံတစ်ခုကို ပြောလိုသည့်အလား မေးရိုးကြီးများ လှုပ်နေကြသည်ကို ပီယာ သတိထားလိုက်မိသည်။

"တူတော်မောင်"ဟု မင်းသားကြီး ဗာစီလီက ပီယာ၏ လက်မောင်းကိုကိုင်၍ ခေါ်လိုက်သည်။ ၎င်း၏ အသံသည် တိမ်လျက်ရှိပြီး ယခင်က တစ်ခါမျှ မကြားဖူးသေးသော ပကတိရိုးသားသည့် အသံဖြစ်သည်။

"ကျုပ်တို့တစ်တွေဟာ ဘာမဟုတ်တဲ့ အရာတွေအတွက် ဒုစရိုက်တွေကို ကျူးလွန်နေကြတယ်။ တစ်ယောက်ကိုတစ်ယောက် လိမ်နေကြတယ်။ ကျုပ်လဲအသက်ခြောက်ဆယ်နား ရောက်နေပါပြီ တူတော်မောင်။ တစ်နေ့တော့ ကျုပ်လဲ သေခြင်းတရားနဲ့ပဲ တွေ့ရမှာပါပဲ။ အင်း၊ သေခြင်းတရားဟာ တယ်ကြောက်စရာကောင်းပေတာပဲ"

မင်းသားကြီး ဗာစီလီ၏ မျက်လုံးများမှ မျက်ရည်တွေစီးကျလာသည်။ နောက်ဆုံးထွက်လာသူမှာ မင်းသမီးကြီး ဒရွှာဘက်စကားယား ဖြစ်လေသည်။ မင်းသမီးကြီး ဒရွှာဘက်စကားယားသည် နှေးကန်စွာ ထွက်လာသည်။

"တူတော်မောင်" ပီယာသည် မင်းသမီးကြီး ဒရွှာဘက်စကားယားကို မျက်လုံး ပေကလပ် ပေကလပ်ဖြင့် ကြည့်လိုက်၏။ မင်းသမီးကြီး ဒရွှာဘက်စကားယားသည် ပီယာ၏နဖူးကို နမ်းလိုက်လေရာ ပီယာ၏နဖူးတွင် မျက်ရည်တွေ စိုလျက်ရှိလေသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ

"မြို့စားကြီး မရှိတော့ဘူး"

ပီယာသည် မျက်မှန်ပေါ်မှ ကျော်ကာ မင်းသမီးကြီး ဒရွှာဘက်စကားယားကို ကြည့်နေမိသည်။

"ကဲ သွားကြစို့တူတော်မောင်။ အကြီးတော်လဲ တူတော်မောင်နဲ့ အတူလိုက်ခဲ့မယ်။ တူတော်မောင် ငိုလိုက်လေ၊ ငိုလိုက်။ ငိုလိုက်တော့ စိတ်သက်သာမှု ရတာပေါ့"

မင်းသမီးကြီး ဒရွှာဘက်စကားယားသည် ပီယာကို မှောင်မည်းလျက်ရှိသော ဧည့်ခန်းဆောင်ဘက်သို့ ခေါ်သွားသည်။ ပီယာသည် သူ့မျက်နှာကို ဘယ်သူမှ မမြင်နိုင်သည့်အတွက် ဝမ်းသာသွားသည်။ မင်းသမီးကြီး ဒရွှာဘက်စကားယားသည် မိမိအား ဧည့်ခန်းဆောင်တွင် ထားပစ်ခဲ့ပြီးနောက် ပြန်ထွက်သွားသည်။ မင်းသမီးကြီး ဒရွှာဘက်စကားယား ပြန်ဝင်လာသည့်အခါတွင် ပီယာမှာ လက်မောင်းပေါ် ခေါင်းတင်၍ အိပ်ပျော်နေပေပြီ။

နောက်တစ်နေ့ နံနက်တွင်ကား မင်းသမီးကြီး ဒရွှာဘက်စကားယားက ပီယာအား



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တူတော်မောင်၊ အကြီးတော်တို့ အားလုံးမှာတော့ ရေနည်းငါးလိုဖြစ်ကြပြီ။ အဖမဲ့သားဖြစ်ရတဲ့ တူတော်မောင်အဖို့တော့ ဆိုစရာမရှိတော့ဘူးပေါ့။ ဒါပေမဲ့ ဘုရားသခင်ဟာ တူတော်မောင်ကို စောင်မတော်မူပါလိမ့်မယ်။ တူတော်မောင်ဟာ အရွယ်အားဖြင့်လဲ ငယ်တယ်။ စည်းစိမ်ဥစ္စာဆိုရင်လဲ တူတော်မောင့်မှာ လိုလေသေးမရှိတဲ့ အဖြစ်ကို ရောက်လိမ့်မယ်လို့ အကြီးတော် မျှော်လင့်တယ်။ မြို့စားကြီးရဲ့ သေတမ်းစာကိုတော့ ခုထိမဖွင့်ရသေးဘူး။ ဒီလိုဖြစ်လာတဲ့အတွက် ဘာမှလဲ ခေါင်းရှောင်မနေနဲ့တော့။ အစစအရာရာ တူတော်မောင့်မှာ တာဝန်တွေပိုလာပြီ။ ဒီတော့ တူတော်မောင် ယောကျ်ားပီသရပေလိမ့်မယ်"

ပိယာက ဘာမျှပြန်မပြောဘဲ နားထောင်နေသည်။

"ပြီးတော့လဲ ဒီမှာ အကြီးတော် မရှိခဲ့လို့ ရှိရင်လဲ အစစအရာရာ သတိထားနေပါ တူတော်မောင်။ သတိဆိုတာ လိုတယ် မရှိပေဘူး။ နောက်တစ်ခုလဲ ပြောရဦးမယ်။ အဲဒါကတော့ အစ်မတော်ကြီးရဲ့ သားတော် ဘိုးရစ်စ်ကိစ္စပဲ။ ဘိုးရစ်စ်ကို ပစ်မထားပါဘူးလို့ တစ်မြန်နေ့တုန်းက မြို့စားကြီးဘိဇူးကော့ဗ်က ပြောသွားတယ်။ အချိန်မရှိတော့ ဘာကိုမှတော့ မစီမံနိုင်ခဲ့ပေဘူးပေါ့။ ဒီတော့ တူတော်မောင်ကလဲ မြို့စားကြီးရဲ့ ဆန္ဒအတိုင်း ဘိုးရစ်စ်ကို ကူညီလိမ့်မယ်လို့ အကြီးတော် ယူဆပါတယ်"

ပိယာသည် ဘာကိုမျှ နားမလည်ဘဲ အလိုလို ရှက်ရွံ့လျက် မင်းသမီးကြီး ဒရူဘက်စကားယားကိုသာ တိတ်တဆိတ် ကြည့်နေမိလေသည်။ မင်းသမီးကြီးဒရူဘက်စကားယားသည် ပိယာနှင့် ဤသို့စကားပြောဆိုပြီးနောက် မြို့စားကြီးရော့စတော့ဗ်၏ စံအိမ်တော်သို့ ပြန်ကာ စောစောစီးစီး အိပ်ရာသို့ဝင်လေသည်။ နောက်တစ်နေ့ နံနက်သို့ ရောက်သည်တွင် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများနှင့် အသိမိတ်ဆွေများအား မြို့စားကြီး ဘိဇူးကော့ဗ်ကံတော်ကုန်ပုံကို ပြောပြလေသည်။ မိမိသည်လည်း မြို့စားကြီး ဘိဇူကော့ဗ်ကဲ့သို့ အေးအေးချမ်းချမ်း အနိစ္စရောက်ပါစေဟု ဆုတောင်းကြောင်း၊ မြို့စားကြီး ကံတော်ကုန်ရခြင်းမှာ စိတ်ထိခိုက်ဖွယ်ကောင်းသော်ငြား တစ်နည်းအားဖြင့်ကြည့်လျှင် ကောင်းရာသုဂတိသို့ လားသည့်အတွက် စိတ်ချမ်းမြေ့ဖွယ် ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။ မြို့စားကြီးနှင့် သား ပိယာတို့ နောက်ဆုံးတွေ့ကြပုံမှာကား ပြန်၍ တွေးလိုက်လျှင်ပင် မျက်ရည်လည်မိလောက်အောင် စိတ်ထိခိုက်စရာ ကောင်းကြောင်း၊ မြို့စားကြီးမှာလည်း သတိတစ်ချက်ကလေးမျှမလွတ်ဘဲ မချိမဆံ့ဝေဒနာခံစားရင်းက သားအားနှစ်သိမ့်စကား ပြောကြားသွားသေးကြောင်း၊ သားဖြစ်သူ ပိယာမှာလည်း ခမည်းတော် မြို့စားကြီး စိတ်မကောင်းမည်စိုးသဖြင့် မချိတင်ကဲ ဖြစ်ရသည်ကို အနိုင်နိုင်ကြိတ်မှိတ်ထားရပုံမှာ ကြည့်ရက်စရာပင် မရှိကြောင်း၊ ၎င်းတို့သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ခွဲခွာခါနီး ငှဲ့ညှာသွားကြပုံမှာ ရင်ထဲတွင် ဆို့လာကြောင်း စသည်ဖြင့် စီကာပတ်လုံး ပြောပြလျက်ရှိလေသည်။

"ကြည့်ရတာ ရင်ဆို့စရာကြီးလဲကောင်းရဲ့၊ တရားကျစရာလဲ ကောင်းရဲ့။ ဒါပေမဲ့ ခုလို သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ မြို့စားကြီးနဲ့ သူ့သားလို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေတောင် အချိန်တန်တော့ ကွေကွင်းကြရတာပဲလို့ ကြည့်ပြီး တစ်နည်းတော့လဲ တရားရစရာပေပေါ့လေ"

မင်းသမီးကြီး ဒရူဘက်စကားယားက ပြောလိုက်သည်။ မင်းသားကြီး ဗာစီလီနှင့် ပထမမင်းသမီးကြီးတို့၏ အပြုအမူများနှင့် ပတ်သက်၍ကား မင်းသမီးကြီး ဒရူဘက်စကားယားက သဘောမကျဟန်ဖြင့် ခပ်ဖယ်ဖယ်ကလေး ပြောလိုက်သည်။ သို့ရာတွင် လျှို့ဝှက်ကြီးတစ်ခုကို ပြောပြသကဲ့သို့ လေသံကလေးဖြင့်သာ ပြောခြင်း ဖြစ်ပေသတည်း။

## အခန်း ၂၅

မင်းသားကြီး ဘိုလကွန်စကီ၏ စံအိမ်တော်သည် 'တောင်ကတုံး'ပိုင်စားနယ်မြေကြီးပေါ်၌ တည်ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီ၏ စံအိမ်၌ကား အိမ်သူအိမ်သားများသည် ပီတာစဘတ်ရွှေမြို့တော်မှ ရောက်ရှိလာမည့် မင်းသားကလေးအင်ဒရေနှင့် ၎င်း၏ကြင်ရာတော် မင်းသမီးကလေး လီဇာတို့ကို စောင့်မျှော်လျက်ရှိကြ၏။ သို့ရာတွင် ၎င်းတို့အား စောင့်မျှော်လျက်ရှိခြင်းကြောင့် မင်းသားကြီး ဘိုလကွန်စကီ၏ စံအိမ်ရှိ ပြုဖွယ်ကိစ္စဟူသမျှသည်ပြောင်းလဲခြင်း မရှိချေ။ ဇယားမပျက် လုပ်ဆောင်လျက်သာ ရှိလေသည်။ စစ်သေနာပတိချုပ်ဟောင်းဖြစ်သည့် မင်းသားကြီး ဘိုလကွန်စကီသည် နတ်ရွာစံပေါလ်ဘုရင်မင်းမြတ် လက်ထက်တော်က နယ်နှင်ဒဏ်ပေးခြင်းခံရသည်၌ သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



မေရီမင်းသမီးလေးနှင့် ၎င်း၏ရုံရွှေတော် ပြင်သစ်သူဘုရင်းတို့ကို ခေါ်ဆောင်ကာ 'တောင်ကတုံး' ပိုင်စား နယ်မြေသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ပေါလ်ဘုရင် နတ်ရွာစံ၍ အလက်ဇန်းဒရားဘုရင် နန်းတက်လာသောအခါ၌ ရွှေမြို့တော်သို့ ပြန်လည်နေထိုင်ခွင့်ရရှိသော်လည်း မင်းသားကြီး ဘိုလကွန်စကီသည်ရွှေမြို့တော်သို့ ပြန်လည်ပြောင်းရွှေ့ခြင်း မပြုတော့ချေ။ မိမိအား တွေ့လိုလျှင် 'တောင်ကတုံး'သို့ လာရောက်တွေ့နိုင်သည်။ မိမိကမူကား မည်သူ့ကိုမျှ မတွေ့လိုသည့်အလျောက် သွားရောက်တွေ့ဆုံခြင်း ပြုမည်မဟုတ်ကြောင်းဖြင့်လည်း မင်းသားကြီး ဘိုလကွန်စကီက မကြာမကြာ ပြောဆိုတတ်၏။ မင်းသားကြီး ဘိုလကွန်စကီ၏ အမြင်၌ လောကတွင် ဒုစရိုက်ကို မွေးဖွားပေးလိုက်သည့်အရာ နှစ်ခု ရှိသည်ဟု ယူဆ၏။ ၎င်းတို့မှာ ပျင်းရိခြင်းနှင့် ဥပါဒါန် အစွဲအလမ်းကြီးခြင်းတို့ဖြစ်၏။ အလားတူပင် လောကတွင် ကောင်းမြတ်သည့် အရည်အချင်းဆို၍လည်း နှစ်မျိုးသာရှိ၏။ ၎င်းတို့ကား အလုပ်လုပ်ခြင်းနှင့် စဉ်းစားဝေဖန်နိုင်သော ဉာဏ်ရှိခြင်းတို့ဖြစ်လေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော် မင်းသမီးလေးမေရီကို ကိုယ်တိုင် ပညာသင်ကြားပေး၏။ ကောင်းမြတ်သည့် အရည်အချင်းနှစ်ခုရှိရေးအတွက်လည်း သမီးတော်မင်းသမီးကလေး မေရီအား အသက်နှစ်ဆယ်အရွယ် ရောက်သည်အထိ ဂဲဩမေထရီနှင့် အက္ခရာသင်္ချာကို သင်ကြားပေး၏။ မင်းသမီးကလေး မေရီကို အလဟဿ အချိန်ဖြုန်းတီးခြင်း မရှိစေရန်လည်း အလုပ်ကို စနစ်ဇယား ဆွဲပေးထား၏။ ၎င်းကိုယ်တိုင်မှာလည်း အချိန်အားမထားဘဲ မိမိ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကျမ်းကြီး တစ်စောင်ကို ပြုစုခြင်း၊ အထက်တန်း သင်္ချာပုစ္ဆာများကို တွက်ချက်ခြင်း၊ တွင်ခုံတစ်လုံးဖြင့် နှာဘူးများပြုလုပ်ခြင်း၊ ပန်းခုံတော်ထဲတွင် သစ်ပင်ပန်းပင်များကို ပြုစုခြင်း၊ မိမိ၏မြေပေါ်တွင် ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကို ကြီးကြပ်ခြင်း စသဖြင့် အမြဲတမ်း အလုပ်နှင့်လက် မပြတ်အောင် လုပ်နေသူဖြစ်၏။ စနစ်တကျ ပြုလုပ်ခြင်းသည် အလုပ်ကို လွယ်ကူစေသော အဓိက အချက်တစ်ရပ်ဖြစ်သည့်အတိုင်း တစ်အိမ်လုံးတွင် အရာရာကို စနစ်ဇယားဖြင့် တိကျစွာ ပြုလုပ်စေ၏။ ထမင်းစားပွဲသို့ လာလျှင် စားနေကျအချိန်၌ တစ်မိနစ် မလွဲစေရဘဲ ရောက်လာလေ့ရှိ၏။ မင်းသားကြီးက ဤသို့အားဖြင့် ၎င်းကိုယ်နှိုက်က တိကျစွာ ပြုလုပ်သကဲ့သို့ သမီးတော်အားလည်းကောင်း၊ ကျွန်များအားလည်းကောင်း တစ်ချက်ကလေးမျှ အတိမ်းမခံဘဲ တိကျအောင် ပြုလုပ်စေသူ ဖြစ်လေရာ၊ စိတ်သဘောထားမာကျောသူတစ်ယောက် မဟုတ်သော်ငြားစိတ်သဘောထားမာကျောသူ တစ်ယောက်ကဲ့သို့ ကြောက်ချစ်ရိုသေခြင်းခံရသူတစ်ယောက်ဖြစ်ပေသည်။ မင်းသားကြီးဘိုလကွန်စကီသည် စစ်သေနာပတိချုပ်မှ အငြိမ်းစားယူပြီးဖြစ်သည့်အတွက် ယခုအချိန်တွင် နိုင်ငံရေးကိစ္စများတွင် ဩဇာမညောင်းတော့သော်လည်း ထိုနယ်သို့ ပြောင်းရွှေ့လာကြသော အရာရှိကြီး ငယ်ဟူသမျှတို့မှာ မဟာဝတ္တရားကြီးတစ်ခုအနေဖြင့် မင်းသားကြီး ဘိုလကွန်စကီထံသို့ လာရောက်လည်ပတ်ကြရလျက် ချိန်းဆိုထားသည့်အချိန်တွင် အတိအကျ ရောက်လာမည့် မင်းသားကြီး ဘိုလကွန်စကီကို ၎င်း၏ဗိသုကာကြီးနှင့် သမီးတော် မင်းသမီးကလေးမေရီတို့နည်းတူ ထိုင်၍ စောင့်နေကြရပေသည်။ ဧည့်ခန်းဆောင်ထဲတွင် ထိုင်စောင့်နေရင်း စာကြည့်ဆောင်တံခါးကြီး ပွင့်လာကာ သေသပ်စွာ ဖြီးထားသောဆံပင်တို၊ သေးငယ်၍အကြောပြိုင်းပြိုင်းထနေသော လက်များ၊ မျက်မှောင်ကုတ် လိုက်လျှင် သေးငယ်တောက်ပသောမျက်လုံးများကို ဖုံးအုပ် လုမတတ် ထူထဲ၍ ဖြူဖွေးသောမျက်ခုံးများရှိသည့် အဘိုးကြီးတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်လိုက်သည်နှင့် ရိုသေလေးစားချင်စိတ်များသာမက ကြောက်စိတ်များပါ ပေါ်ပေါက်လာတတ်ကြပေသည်။

မင်းသားကလေး အင်ဒရေနှင့် ကြင်ရာတော် လီဇာတို့ ရောက်လာမည့်နေ့ နံနက်၌ မင်းသမီးကလေး မေရီသည် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီအား နံနက်ခင်း နှုတ်ခွန်းဆက်ရန်အတွက် ထုံးစံအတိုင်း အချိန်တိကျစွာဖြင့် ဧည့်ခန်းဆောင်ထဲသို့ ဝင်လာပြီးနောက် လက်ယှက်ကာ တိတ်ဆိတ်စွာရှိခိုး၍ နေလေသည်။ မင်းသမီးကလေး မေရီသည် နံနက်တိုင်း ဤသို့အချိန်မှန် ရောက်လာလေ့ရှိကာ ထိုနေ့အဖို့ ခမည်းတော်ကြီး၏ဆူပူကြိမ်းမောင်းခံရခြင်းမှ လွတ်ကင်းရန် ဆုတောင်းလေ့ရှိပေသည်။

ဧည့်ခန်းဆောင်ထဲ၌ ထိုင်လျက်ရှိသည့် အစေတော် အဘိုးကြီးတစ်ယောက်သည် တိတ်ဆိတ်စွာ ထလာကာ

www.burmeseclassic.com



"အထဲကို ကြွပါ ထိတ်ထား"ဟု ခပ်တိုးတိုးပြောလိုက်လေသည်။

တစ်ဖက်ခန်းထဲမှ တွင်ခုံနှင်းနေသံကို ကြားနေရလေသည်။ မင်းသမီးကလေးမေရီသည်အကြောက်ကြောက်အရွံ့ရွံ့ဖြင့် တံခါးကိုဖွင့်လိုက်ရာ တံခါးသည် အသာပွင့်၍သွားလေသည်။ မင်းသမီးကလေး မေရီသည် အခန်း၀တွင် အတန်ကြာမျှ ရပ်နေမိသည်။ မင်းသားကြီး ဘိုလကွန်စကီသည် တွင်ခုံကို လှည့်လျက်ရှိရင်း တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

ကျယ်ပြန့်လှသော စာကြည့်ဆောင်ကြီး တစ်ခုလုံးအမြဲတစေ သုံးစွဲထားဟန်ရှိသည့် ပစ္စည်းများဖြင့် ပြည့်နှက်လျက်ရှိ၏။ စာအုပ်များ ဇယားကွက်များဖြင့် ပြည့်နှက်လျက်ရှိသော ကြီးမားသည့် စားပွဲကြီးတစ်လုံး၊ ပွင့်နေသော လေ့ကျင့်ခန်းစာအုပ်တစ်အုပ် တင်ထားသည့် မတ်တတ်နေ စာရေးခုံမြင့်ကြီးတစ်လုံး၊ ဘေးပတ်လည်တွင် သစ်သားများ ပြန့်ကြဲပြီး ကိရိယာတန်ဆာပလာတွေ အဆင်သင့်ဘပ်ထားသည့် တွင်ခုံတစ်လုံး စသဖြင့် တစ်ခန်းလုံးပြည့်လျက်ရှိ၏။ သို့သော်လည်း အားလုံး သူ့နေရာနှင့်သူ စနစ်တကျ ရှိပေ၏။ ငွေချည်ထိုးဖိနပ်ကို စီးထားသည့် သေးကွေးလှသော ခြေထောက်များ ချက်ကျကျ လှုပ်ရှားနေပုံသည်လည်းကောင်း၊ သေးကွေး၍ အရိုးပြိုင်းပြိုင်းထသောလက်များဖြင့် တွင်ခုံဘီးကို မြဲမြံစွာ ကိုင်ထားပုံသည်လည်းကောင်း၊ မင်းသားကြီး ဘိုလကွန်စကီမှာ ဤအသက် ဤအရွယ်တိုင် ပင်ပန်းစွာ အလုပ်လုပ်နိုင်သေးကြောင်းကို ပြသလျက်ရှိပေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် တွင်ခုံကို လေးငါးပတ်လည်အောင် နင်းလိုက်ပြီးနောက် ခြေထောက်များကို နင်းခုံမှ ကြွလိုက်ကာ ဆောက်ကို သုတ်လိုက်ပြီး တွင်ခုံဘေးတွင်ရှိသည့် သားရေအိတ်ထဲသို့ထည့်လိုက်သည်။ ထို့နောက် စားပွဲဆီသို့ လျှောက်လာရင်း သမီးတော် မင်းသမီးလေး မေရီကို နှုတ်ဆက်လိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် သားတော် သမီးတော်များအား မျက်နှာသာပေးလေ့ရှိသူ မဟုတ်သည့်အတိုင်း ပါးမြိုင်းမွေးများထိုးထိုးထောင်ထောင်ဖြစ်လျက် ရှိသည့် ပါးတစ်ဖက်ကို ထိုးပေးလိုက်ပြီး သမီးတော် မင်းသမီးမေရီလေးအား

"နေကောင်းရဲ့လား။ နေကောင်းရင် ဒီမှာထိုင်"ဟု ခပ်မာမာပင်ပြောလိုက်သည်။ သို့ရာတွင် စိတ်ထဲမှာကား သမီးတော်ကို ကြည့်၍ကြည်နူးလျက်ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိကိုယ်တိုင် ဂျဩမေထရီသင်ခန်းစာများ ရေးသားသည့် လေ့ကျင့်ခန်းစာအုပ်ကို ယူကာ ခြေထောက်ဖြင့် ထိုင်ခုံတစ်လုံးလကို လှမ်းဆွဲလိုက်သည်။

"ရော့၊ မနက်ဖြန် တွက်ဖို့"

မင်းသားကြီးသည် စာမျက်နှာကို ချက်ချင်းကောက်လှန်လိုက်ကာ တွက်ရန်ပုစ္ဆာများကို လက်သည်းများဖြင့် ခြစ်ပေးလိုက်သည်။ မင်းသမီးကလေးမေရီသည် လေ့ကျင့်ခန်းစာအုပ်ကို စားပွဲပေါ်ချလှန်ပြီး ငုံ့ကြည့်နေလေသည်။

"ခြော် ခဏနေဦး။ သမီးတော်ဖို့ စာတစ်စောင်ရှိတယ်"

မင်းသားကြီးသည် စားပွဲပေါ်တွင် ချိတ်ဆွဲထားသည့် အိတ်တစ်အိတ်ထဲမှ မိန်းမလက်ရေးဖြင့် လိပ်တင်ထားသော စာတစ်စောင်ကို ရုတ်တရက် ဆွဲယူကာ ပစ်ပေး လိုက်သည်။ စာကိုမြင်လိုက်သည်နှင့် မင်းသမီးကလေးမေရီ၏မျက်နှာမှာ ရဲတက်သွားလေသည်။ မင်းသမီးကလေး မေရီသည် စာကို လျင်မြန်စွာ ကောက်ယူငုံ့၍ကြည့်နေ လေသည်။

"ဂျူလီ ဆီကလား"

မင်းသားကြီး ဘိုလကွန်စကီက မပွင့်တပွင့် ပြုံး၍မေးလိုက်လေရာ ဝါကျင့်သောသွားများသည် ပေါ်လာကြ၏။

"မှန်ပါ။ ဂျူလီဆီကစာပါ"

မင်းသမီးလေးမေရီက မရဲတရဲကြည့်ကာ ပြုံး၍ပြောလိုက်၏။

"ကောင်းပြီ။ နောက်ထပ် စာနှစ်စောင်ပဲ ခွင့်ပြုမယ်။ တတိယစာကျရင်တော့ ဖေဖျားဖွင့်ဖတ်ရလိမ့်မယ်။ သမီးတော်ဟာ စာတွေထဲမှာ အဓိပ္ပာယ်မရှိတာတွေ ရေးနေမှာ ဖေဖျား စိုးရိမ်တယ်။ ဒါကြောင့် တတိယစာကိုတော့ ဖွင့် ဖတ်ရလိမ့်မယ်"

မင်းသားကြီးက သံပြတ်နှင့် ပြောလိုက်သည်။

"ဖေဖျား ဖတ်ချင်ရင် ဒီစာကိုလဲ ဖတ်ပါ"

မင်းသမီးကလေးမေရီက မျက်နှာနီရဲလျက် ရှိရင်း စာကို လှမ်းပေးလိုက်သည်။

"တတိယစာကို ပြောတာ။ တတိယစာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီး ဘိုလကွန်စကီက စာအိတ်ကို အဝေးသို့ လွှင့်ပစ်လိုက်ပြီး အော်၍ ပြောလိုက်သည်။ ထို့နောက် စားပွဲပေါ်တွင် တံတောင်ဆစ်ဖြင့် ထောက်လိုက်ပြီး ဂဲသြမေထရီ လေ့ကျင့်ခန်းစာအုပ်ကို ဆွဲယူလိုက်သည်။

"ကဲ အမျိုးသမီးကြီးခင်ဗျာ"

မင်းသားကြီး ဘိုလကွန်စကီက မင်းသမီးကလေး မေရီတွင်ရှိသော လေ့ကျင့်ခန်း စာအုပ်ကို ငုံ့၍ ကြည့်ပြီး မင်းသမီးလေးမေရီ၏ ထိုင်ဖုံနောက်မှီကို လက်တင်ထားလိုက်လေရာ အဘိုးကြီးအိုနံ့နှင့် ဆေးလိပ်နံ့ကြီးသည် ပတ်ဝန်းကျင်တွင် ထောင်းထောင်းထလျက် ရှိလေသည်။

"ကဲ အမျိုးသမီးကြီးခင်ဗျာ၊ ဟောဒီတြိဂံတွေဟာ အရွယ်အစား ညီမျှတဲ့ တြိဂံတွေဖြစ်တယ်ခင်ဗျ။ တြိဂံ အေဘီစီဟာ"

မင်းသမီးကလေးမေရီသည် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၏ စူးရှတောက်ပြောင်သော မျက်လုံးများကို ကြောက်ရွံ့စွာ ကြည့်နေမိသည်။ မျက်နှာပေါ်တွင် သွေးရောင်လွှမ်းလာပြီးနောက် တဖြည်းဖြည်း ဖြူရော်သွားသည်ကို ကြည့်ခြင်းအားဖြင့် မင်းသမီးကလေးမေရီမှာ ခမည်းတော် သင်ပြနေသမျှကို စိုးစဉ်းမျှ နားလည်ခြင်း မရှိဘဲ အလွန်အမင်း ထိတ်လန့် တုန်လှုပ်လျက်သာရှိနေရကား နောက်ထပ်မည်မျှပင် ရှင်းလင်းသင်ပြပေးနေစေကာမူကြောက်လွန်းသဖြင့် ဘာကိုမျှ နားလည်တော့မည် မဟုတ်ကြောင်းကို သိနိုင်ပေသည်။ ဤအခြင်းအရာမှာ ဆရာ၏အပြစ်လော၊ တပည့်၏အပြစ်လောဟု မပြောနိုင်သော်လည်း နေ့စဉ်နှင့်အမျှ တွေ့နေရသော အခြင်းအရာဖြစ်ပေသည်။ မင်းသမီးကလေး မေရီ၏ မျက်လုံးများမှာ မျက်ရည်တွေ ဝဲလာကာ ဘာကိုမျှလည်း မမြင်၊ ဘာကိုမျှလည်း မကြားတော့ဘဲ အနီးတွင်ရှိသည့် ခမည်းတော်၏ အသက်ရှူသံ အနံ့အသက်တို့နှင့်တကွ ရှုံ့တွနေသော တင်းမာသည့် မျက်နှာထားကြီးကို တွေးနေမိပြီး မိမိအခန်းဆောင်သို့ ပြန်၍ တစ်ယောက်တည်း အေးအေးဆေးဆေး တွက်ချက်ရအောင် မည်သို့ ပြုရပါမည်နည်းဟုသာ ကြံဆနေမိတော့သည်။ မင်းသားကြီး ဘိုလကွန်စကီကား ဘာကိုမျှ ဂရုပြုမိပုံမရ။ ထိုင်နေသောထိုင်ဖုံကိုသာ ရှေ့တိုးနောက်ငင် လှုပ်ရှားလျက် ရှိပြီး မင်းသမီးကလေးမေရီ၏ ထုံထိုင်းနုံနဲ့လှသော အဖြစ်ကိုကြည့်၍ ဒေါသမထွက်မိအောင် အနိုင်နိုင်ချုပ်တည်းလျက် ရှိပေသည်။ သို့သော်လည်း ဤသို့စိတ်က သတိထား၍ ချုပ်တည်းလိုက်မှပင် ပိုမို၍ ဒေါသထွက်လာပြန်ကာ ကြိမ်းမောင်းရေရွတ်လျက် ရှိပြီး တစ်ခါတစ်ရံတွင် လေ့ကျင့်ခန်းစာအုပ်ကို အဝေးသို့ လွှင့်ပစ်လိုက်တတ်သေးသည်။ ခမည်းတော်ကြီး ဒေါသထွက်သည်ကို မြင်လေလေ၊ မင်းသမီးကလေး မေရီမှာလည်း ပုစ္ဆာတွက်ရာတွင် အမှားမှားဖြစ်လေလေ ဖြစ်နေသည်။

"ဒီလောက်တောင်ပဲ နုံဖျင်းရသလားဟင် သမီးတော်"

ခမည်းတော်ကြီးက လေ့ကျင့်ခန်းစာအုပ်ကိုဘေးသို့ ဖယ်၍ အော်လိုက်သည်။ ထို့နောက် ချက်ချင်း မတ်တတ်ရပ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေပြီးမှ မင်းသမီးကလေး မေရီ၏ဆံပင်များကို အသာအယာပွတ်သပ်ကာ ပြန်၍ ထိုင်လိုက်ပြန်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် ထိုင်ဖုံကို ရှေ့သို့ ဆွဲကာ

"ဒီအတိုင်းတော့ မဖြစ်ဘူး သမီးတော်၊ ဒီအတိုင်းတော့မဖြစ်ဘူး"

ယနေ့အဖို့ သင်ခန်းစာပြီးသဖြင့် နောက်တစ်နေ့ တွက်ချက်ရန် ရေးမှတ်ထားသည့် လေ့ကျင့်ခန်း စာအုပ်ကို ပိတ်ပြီး ထိုင်ရာမှ ထမည်ပြုနေသော မင်းသမီးကလေး မေရီအား မင်းသားကြီးက လှမ်းပြောလိုက်သည်။ ပြီးမှ ဆက်၍

"သင်္ချာဟာအရေးအကြီးဆုံးပဲ သမီးတော်။ သမီးတော်ကို အခြားမိန်းမတွေလို အဖြစ်မခံနိုင်ဘူး။ ဒီတော့ သင်္ချာကိုလေ့လာပါ။ လေ့လာရင်း သမီးတော်လဲ သဘောကျလာပါလိမ့်မယ်။ သင်္ချာဟာ သမီးတော်ရဲ့ ခေါင်းထဲမှာ စွဲနေတဲ့ အဓိပ္ပာယ်မရှိတဲ့ အတွေးအခေါ်တွေကို ဖျောက်ဖျက်ပစ်လိမ့်မယ်"

မင်းသမီးကလေး မေရီသည် လှည့်ထွက်လာခဲ့လေသည်။ သို့ရာတွင် ခမည်းတော်က လက်ပြ၍ တားလိုက်ကာ မတ်တတ်ခုံမြင့်ကြီးပေါ်မှ စာအုပ်တစ်အုပ်ကို ကောက်ယူလိုက်ပြီး

"ရော့၊ ဟောဒီမှာ ဂျူလီကပေးလိုက်တဲ့ 'သဘာဝ၏ လျှို့ဝှက်ချက်များကို လေ့လာခြင်း' ဆိုတဲ့စာအုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးစာအုပ်လား၊ ဟုတ်စ။ အိမ်း ဖေဖျားဟာ ဘယ်သူ့ ယုံကြည်ချက်ကိုမှ ဝင်ရောက် မစွက်ဖက်လိုဘူး။ ဖေဖျားကြည့်ပြီးပြီ။ ရော့၊ ယူသွား၊ သွားတော့၊ သွား"

မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော် မင်းသမီးကလေးမေရီ၏ ပခုံးကိုပုတ်လိုက်ပြီးနောက် မင်းသမီးကလေးမေရီထွက်သွားသည်နှင့် တံခါးကို ပိတ်လိုက်လေသည်။

မင်းသမီးကလေးမေရီသည် မိမိခန်းဆောင်သို့ ပြန်လာခဲ့သည်။မင်းသမီးလေးမေရီ၏မျက်နှာသည် ခါတိုင်းကဲ့သို့ ပင် ဝမ်းနည်းကြောက်ရွံ့လျက်ရှိသော အမူအရာကို ဆောင် လျက်ရှိပေရာ ညှိုးငယ်၍ အသက်ကင်းမဲ့ဟန်ရှိသည့် မျက်နှာသည် ပို၍အသက်ကင်းမဲ့သော အသွင်ကို ဆောင်လျက်ရှိ၏။ မင်းသမီးကလေးမေရီသည် ၎င်း၏ စာရေးစားပွဲတွင် ထိုင်းလိုက်သည်။ စားပွဲပေါ်တွင်ကား ရုပ်ပုံကလေးများ ထောင်ထားပြီး စာရွက်များ၊ စာအုပ်များ ပြန့်ကြဲလျက်ရှိ၏။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် သပ်ရပ်သန့်ရှင်းသလောက် မေရီမင်းသမီးကလေးမှာ ဖရိုဖရဲ နေတတ်သူဖြစ်သည်။ မင်းသမီးကလေးမေရီသည် ဂဲသြ မေထရီလေ့ကျင့်ခန်းစာအုပ်ကို ချလိုက်ပြီး၊ စာအိတ်ပေါ်မှ ချိတ်ကို အလောသုံးဆယ် ခွာလိုက်သည်။ စာကား မင်းသမီးကလေးမေရီ၏ ငယ်သူငယ်ချင်းဖြစ်လျက် မြို့စားကြီး ရော့စတော့ဗ်၏ နာမည်ပေးမင်္ဂလာနစ်ပတ်လည်သို့ လာရောက်ခဲ့သော ဂျူလီကရာဂျိနာထံမှ စာဖြစ်လေသည်။

ဂျူလီ၏စာမှာ ပြင်သစ်ဘာသာဖြင့် ရေးထားလေသည်။

**ချစ်ခင်လေးစားအပ်ပါသော ထိပ်ထားလေး**

ကွေကွင်းရခြင်း ဆင်းရဲဟာတယ်ပြီး ကြောက်စရာ ကောင်းပါကလားနော်။ ဂျူလီရဲ့ ဘဝတစ်စိတ်တစ်ဒေသ၊ ချမ်းမြေ့သာယာမှု တစ်စိတ်တစ်ဒေသဟာ ထိပ်ထားလေး ရဲ့ဘဝ၊ ထိပ်ထားလေးရဲ့ ချမ်းမြေ့သာယာမှုနဲ့ ခွဲမရဘူးလို့ ကိုယ့်စိတ်ကိုဖြေပါတယ်။ ထိပ်ထားလေးနဲ့ ဂျူလီတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရေမြေခြားပြီးအဝေးကြီး ဝေးနေကြရပေမယ့် နှလုံးသားများဟာ ဖြတ်တောက်လို့ မရနိုင်တဲ့ သံယောဇဉ်ကြိုးများနဲ့ ချည်နှောင်လျက်သားဖြစ်ပြီး၊ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိကြတယ်လို့ပဲ ကိုယ့်ကိုယ်ကို ဖြေပါတယ် ထိပ်ထားလေး။ ဒါပေမဲ့ ဂျူလီရဲ့ နှလုံးသားဟာ ဒီလို ဖြေသိမ့်မှုတွေကို လက်မခံလေဘူး။ ဂျူလီရဲ့ ပတ်ဝန်းကျင်မှာ ပျော်ရွှင်စရာတွေ ဣန္ဒာရုံတွေ ဘယ်လိုပဲ ဝိုင်းဝိုင်းလည်နေပေမယ့် ဂျူလီမပျော် နိုင်ပါဘူး။ ထိပ်ထားလေးနဲ့ ခွဲခွာခဲ့ရတဲ့အချိန်ကစပြီး ဂျူလီရဲ့ နှလုံးသားထဲမှာ ကိန်းဝပ်နေခဲ့တဲ့ အမည်မဖော်နိုင်တဲ့ လွမ်းစိတ် ဆွေးစိတ်တွေကို ဂျူလီတွန်းလှန်လို့ မရဘူး။ မနှစ်နွေရာသီတုန်းက ထိပ်ထားလေးရဲ့ စာကြည့်ဆောင်ထဲက ထိုင်ဖုံပြာကြီးပေါ်မှာ နှစ်ယောက်သားထိုင်ပြီးစကားပြောခဲ့ကြတာတွေကို အောက်မေ့မိပါတယ် ထိပ်ထားလေး။ လွန်ခဲ့တဲ့ သုံးလလောက်က နှစ်ယောက်သား ထိုင်စကားပြောကြရင်း ထိပ်ထားလေးရဲ့ သိမ်မွေ့တည်ကြည်တဲ့အကြည့်ကြောင့် ဂျူလီမှာ တစ်ကိုယ်လုံး ပီတိတွေ ဖုံးပြီး ကြည်နူးမဆုံး ဖြစ်ခဲ့ရတာတွေကို အောက်မေ့လိုက် ပါဘိတော့တယ်။ ထိပ်ထားလေး ကြည့်ပုံကို ခုစာရေး နေတုန်း မြင်ယောင်လာပြီး မြတ်နိုးလို့ မဆုံးတော့ပါဘူး ထိပ်ထားလေး။

မင်းသမီးလေး မေရီသည် ဂျူလီ၏ စာကိုဖတ်၍ ခေတ္တရပ်နားကာ လက်ယာဘက်ရှိ မှန်ကြီးထဲသို့ လှမ်းကြည့်လိုက်၏။ သေးကွေးကြုံလှီ၍ ကျက်သရေမရှိသောခန္ဓာ ကိုယ်နှင့် ပိန်ချုံးညှိုးနွမ်းသော မျက်နှာသည် မှန်ထဲတွင် ထင်းထင်းကြီးပေါ်လာလေသည်။ အမြဲတမ်း ဝမ်းနည်း ပူဆွေးသည့် အရိပ်အရောင်ယှက်သန်းလျက်ရှိသည့် မိမိ၏ မျက်လုံးများသည် မှန်ထဲတွင် ထင်လာသော မိမိရုပ်သွင်ကို မြင်လိုက်ရသည့်အခါ၌ကား စိတ်ပျက်အားလျော့သည့် အရိပ်အရောင်များ ယှက်သန်းလာလေတော့သည်။ 'တယ်လဲဆိုတဲ့ စာပါလား'ဟု မေရီမင်းသမီးလေးက တွေးလိုက်ရင်း စာကို ဆက်၍ ဖတ်ပြန်သည်။ အမှန်အားဖြင့်ကား ဂျူလီသည် မေရီမင်းသမီးကလေးအား



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပင့် ပြောဆိုခြင်း မဟုတ်ချေ။ ကြီးမား နက်မှောင်၍တဖျတ်ဖျတ် တောက်လျက်ရှိသော မေရီမင်းသမီးကလေး၏ မျက်လုံးရွဲ ကြီးများမှာ (တစ်ခါတစ်ရံတွင် ထိုမျက်လုံးရွဲကြီးများသည် ပူဆွေးသည့်ရောင်ခြည်မြားတံများကို ပစ်လွှတ်နေသလို ထင်ရသည်။) များစွာ လှပကျက်သရေရှိ ရကား အသက် ကင်းမဲ့သော မျက်နှာထားမျိုးပင် ရှိသော်လည်း ထိုမျက်လုံးများကြောင့်ပင် မေရီမင်းသမီးကလေး၏ မျက်နှာမှာ လှပချောမွေ့ခြင်းထက် ပို၍ စွမ်းအားထက်မြက်သော ညှို့ဓာတ်တစ်မျိုးကိုဆောင်လျက်ရှိပေသည်။ သို့သော်လည်း မင်းသမီးကလေးမေရီသည် မိမိမျက်လုံးများ၏ လှပစွဲမက်ဖွယ်ကောင်းပုံ၊ ထိုမျက်လုံးများ၏ ပကတိ လှပတင့်ရှန်းပုံတို့ကို ကိုယ်တိုင် တစ်ခါမျှ မမြင်ဘူးချေ။ မင်းသမီးကလေးမေရီသည် လူပြောများလှသော မိမိ မျက်လုံးများ၏ နဂိုပကတိ လှပပုံကို မှန်ထဲတွင် ကြည့်မိ၏။ သို့ရာတွင် မိမိကိုယ်ကိုမိမိ မှန်ထဲတွင် ပြန်ကြည့်သူတိုင်းသည် မှန်ရှေ့သို့ရောက်သည်နှင့် နဂိုမျက်နှာထား ပျောက်ကွယ်ကာ၊ သဘာဝမကျသော မျက်နှာအမူအရာမျိုး ပေါ်လာမြဲဖြစ်သည့်အတိုင်း မင်းသမီးကလေးမေရီအဖို့၌လည်း မိမိ၏မျက်လုံးများ လှပပုံကိုကြည့်မည်ဟု မှန်ရှေ့တွင် ရပ်လိုက်သည်နှင့် နဂိုပကတိမျက်နှာထား၊ နဂိုပကတိဖြစ်သော မျက်လုံးများ၏အလှသည် ပျောက်ကွယ်သွားသွားခဲ့လေပြီ။ သို့ဖြင့် မင်းသမီးကလေးမေရီသည် မှန်ကြည့်လိုက်တိုင်း နဂိုပကတိလှသော မိမိ၏မျက်လုံး များကို မမြင်ရတော့ဘဲ သဘာဝမကျသော မျက်လုံးများကိုသာ မြင်ရတတ်သည်ချည်းသာ ဖြစ်လေသည်။

မင်းသမီးကလေး မေရီသည် စာကိုဆက်၍ ဖတ်ပြန်သည်။

မော်စကိုမှာတော့ စစ်အကြောင်းပဲ ပြောနေကြတာပဲ။ ဂျူလီရဲ့မောင် နှစ်ယောက်အနက် တစ်ယောက်ကတော့ နိုင်ငံခြားကို ရောက်နေပြီး တစ်ယောက်ကတော့ ကိုယ်ရံတော် တပ်ထဲမှာ ရောက်သွားပြီ။ ခုဆိုရင် နယ်စပ် ကို ချီသွားကြပြီ။ ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တော်တိုင်လဲ ရွှေမြို့တော်က ထွက်ခွာတော်မူသွားပြီ။ ဘုန်းတော်ကြီးလှသောဘုရားဟာ အဖိုးအနဂ္ဃထိုက်တန်လှတဲ့ အသက်ခန္ဓာကိုတောင် ပဓာနမထားတော့ဘဲ စစ်ပွဲမှာ ကိုယ်တော်တိုင်ကြီးကြပ်ကွပ်ကဲ တိုက်လေမလားလို့ အားလုံးက တွေးတောနေကြတယ်။ ဥရောပရဲ့ ငြိမ်းချမ်းရေးကို ဖျက်ဆီးနေတဲ့ ဒီကော်ဆီကန် ဖုတ်ပြိတ္တာ (နပိုလီယန် ဘိုနာပတ်ကို ဆိုလိုသည်။)ကို တမန်တော် ဘုန်းတော်ကြီးလှသော ဘုရား ကိုယ်တော်တိုင် အောင်မြင်စွာ ချေမှုန်းသုတ်သင်နိုင်ရေးအတွက် ဘုရားသခင်က စောင်မတော်မူပါလိမ့်မယ်။ နိုင်ငံတော်ကြီးရဲ့ အချုပ်အချာအာဏာကို ထိန်းသိမ်းထားခြင်းအားဖြင့် ဘုန်းတော်ကြီးလှသော ဘုရား ဟာလဲ ဘုရားသခင်ရဲ့ အလိုတော်ကို ဆောင်နိုင်ပါလိမ့်မယ်။ ဒီစစ်ကြီးဟာ ဂျူလီတို့ မောင်နှမတွေကိုသာ တကွဲတပြားဖြစ်စေရုံမကဘူး။ ဂျူလီရဲ့ နှလုံးသားနဲ့ အနီးစပ်ဆုံးထဲက တစ်ယောက်ကိုလဲ ခွဲထုတ်သွားခဲ့တယ်။ အဲဒါကတော့ အခြားသူမဟုတ်ဘူး။ မြို့စားလေး နီကိုလေ ရော့စတော့ဗ်ပဲ။ နီကိုလေဟာ အရေးတော်အတွက် မနေနိုင်လို့ တက္ကသိုလ်ကို စွန့်ခွာပြီး တပ်မတော်ထဲ ဝင်သွားပါပကောလား ထိပ်ထားလေး။ နီကိုလေဟာ အရွယ်ကောင်းတုန်းမို့ အရေးတော်ပေါ်လာရင် အရှင့်အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ရမယ်ဆိုတာကို ဂျူလီ မငြင်းလိုပါဘူး။ ဒါပေမဲ့ ခုလိုဖြုန်းစားကြီး ခွဲသွားရတဲ့အတွက် ဂျူလီ့အဖို့ ကြီးစွာသော သောကဖြစ်ရမယ် ဆိုတာကိုတော့ ထိပ်ထားလေးကို ဂျူလီ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုပါတယ်။ နီကိုလေရဲ့အကြောင်းကို ဂျူလီ မနှစ်ကွေ တုန်းကတောင် ထိပ်ထားလေးကို ပြောပြခဲ့သေးတယ် မဟုတ်လား။ နီကိုလေရဲ့ စိတ်နေသဘောထားဟာ မြင့်မြတ်တယ်။ ခုခေတ် မင်းမျိုးမင်းနွယ်တွေမှာ မရှိတတ်တဲ့ ဖြူစင်နှနယ်ခြင်းနဲ့လဲ ပြည့်စုံတယ်။ အထူးသဖြင့် ရိုးသားပွင့်လင်းမှုနဲ့ စိတ်သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားကြီးမြင့်မှုစတဲ့ အရည်အချင်း တွေကတော့ အင်မတန် နှစ်သက်မြတ်နိုးစရာကောင်းတဲ့ အရည်အချင်းတွေပါပဲ။ ဒါတင်မကဘူး။ နီကိုလေရဲ့ စိတ်နေသဘောထားဟာ သန့်ရှင်းဖြူစင်တယ်။ အနုပညာ၊ ကဗျာရတု အစုစုကိုလဲ ကျွမ်းကျင်တယ်။ ဒါကြောင့် နီကိုလေနဲ့တွေ့ရင် အင်မတန်ဝေဒနာခံစားခဲ့ရပြီး အစစ ခေါင်းပါးတဲ့ ဂျူလီရဲ့ နှလုံးသားဟာ ကြည်မွေ့ချမ်းမြေ့လာ ရတော့တာပဲ။ ဂျူလီနဲ့ နီကိုလေတို့ တစ်ယောက်နဲ့တစ်ယောက် ခွဲကြရပုံတွေ၊ ခွဲခါနီး ပြောလိုက်ကြတဲ့ စကား တွေကိုတော့ အခွင့်ကြုံတဲ့ တစ်နေ့ကျမှ ထိပ်ထားလေးကို ပြောပြရပေဦးမယ်။ ဂျူလို့ စိတ်ထဲမှာတော့ ဒီအဖြစ်၊ ဒီစကားတွေဟာ ယနေ့ထက်တိုင် သစ်လွင်လန်းဆန်းလို့ နေပါသေးတယ်။ ဩော် ထိပ်ထားလေး၊ ထိပ်ထားလေး။ အချစ်ကြောင့် ဖြစ်ရတဲ့ သုခတွေ၊ အချစ်ကြောင့် ခံစားရတဲ့ ဒုက္ခက ပိုပြီး ပြင်းထန်ကြီးမားလို့ပဲ။ နီကိုလေဟာ ဂျူလီနဲ့စာရင် အင်မတန် ငယ်ပါသေးတယ်။ မိတ်ဆွေ သူငယ်ချင်းအရွယ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဒီလို နှစ်လိုဖွယ်ကောင်းတဲ့ မိတ်ဆွေသူငယ်ချင်းအဖြစ်၊ ဒီလို ဖြူစင်သန့်ရှင်းပြီး စိတ်ကူးယဉ်စရာကောင်းတဲ့ ရင်းနှီးမှု တွေကိုပဲ ဂျူလို့နှလုံးသားက တောင့်တနေပါတယ်။ ကဲ ဒါတွေထားပါတော့လေ။ မော်စကို တစ်မြို့လုံးမှာ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ သတင်းကတော့ မြို့စားကြီး ဘီဇူးကော့ဗ် ကံတော်ကုန်တဲ့ အကြောင်းနဲ့ မြို့စားကြီးက သူ့ပစ္စည်းတွေကို အမွေခွဲပေးခဲ့ပုံအကြောင်းပဲ။ ကြည့်စမ်းပါဦး ထိပ်ထားလေးရယ်။ တူမတော်မင်းသမီး သုံးယောက်မှာ အမွေနည်းနည်းကလေးပဲ ရလိုက်ကြသတဲ့။ မင်းသားကြီး ဗာစီလီဆိုရင် တစ်ပြားတစ်ချပ်မှ မရလိုက်ရှာဘူးတဲ့။ ရှိရှိသမျှ စည်းစိမ်ဥစ္စာတွေကို အမွေဆက်ခံလိုက်ရ သူကတော့ တခြားလူမဟုတ်ဘူး ထိပ်ထားလေးရေ၊ ပီယာပဲ။ ဒါတင်မကဘူး။ တရားဝင် သြရသသားအဖြစ်လဲ အသိအမှတ် ပြုခံလိုက်ရသေးသတဲ့။ ဒါကြောင့် ခုတော့ ပီယာဟာ မြို့စားကလေး ဘီဇူးကော့ဗ် ဖြစ်ပြီး ရုရှားတစ်ပြည်လုံးမှာ အချမ်းသာဆုံးရတနာ စည်းစိမ်ဥစ္စာတွေကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်သွားပါပေါ့လား။ ဒီကိစ္စမှာ မင်းသားကြီး ဗာစီလီခမျာ အမွေရလိုရငြား ဝင်စွက်ပုံကဖြင့် တော်တောလေး အရုပ်ဆိုးတယ်လို့လဲ ကောလာဟလ ဖြစ်နေတယ်။ နောက်ဆုံးတော့ အရေးမလှဘဲ ရွှေမြို့တော်ကို ပြန်သွားပြီလို့လဲ သတင်းကြားရတယ်။

သေတမ်းစာတွေ၊ အမွေဆက်ခံမှုတွေနဲ့ ပတ်သက်ပြီး ဂျူလီ ကောင်းကောင်းနားမလည်ပါဘူး။ ဒါပေမဲ့ ဂျူလီတို့သိနေကြတဲ့ ပီယာလို သာမန်အညတရ လူရွယ်တစ်ယောက်ဟာ ခုလို နေ့ချင်းညချင်း မြို့စားကလေး ဘီဇူး ကော့ဗ်ရယ်လို့ဖြစ်လာပြီး ရုရှားပြည်မှာ အချမ်းသာ အကြွယ်ဝဆုံး သူကြွယ်တစ်ယောက် ဖြစ်သွားလေတော့ သမီးရှင်တွေ ရွှေမြို့တော်သူတွေ ကိုယ်တိုင်က သူနဲ့ပတ်သက်လို့ လေသံတစ်မျိုး၊ ဆက်ဆံရေးတစ်မျိုး ပြောင်းလာတာကိုကြည့်ရင်း ဂျူလီဖြင့် ရယ်လို့မဆုံးနိုင်ဘူး။ ထိပ်ထား လေးတို့ ဂျူလီတို့ မျက်စိထဲမှာတော့ သူဟာ အင်မတန် သနားစရာကောင်းတဲ့ လူတစ်ယောက်ပဲ မဟုတ်လား။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကဆိုရင် အားအားယားယားရှိတိုင်း၊ ဂျူလို့အတွက် ကြင်ဖက်ရှာပေးတဲ့ လူတွေဟာ မနည်းပါဘူး။ (အချို့များ ဂျူလီကိုယ်တိုင်တောင် ဘယ်သူ ဘယ်ဝါတွေမှန်း မသိဘူး။) ခုတော့လဲ ဂျူလီဟာ မြို့စား ကတော်လောင်းကလေးလို့ မော်စကို အောင်သွယ်တော်ရပ်ကွက်က ပြောနေကြပြန်ပြီ။ ဒါပေမဲ့ ဂျူလီတော့ ဒီရာထူးကို မယူချင်ပါဘူး။ ဒါကို ထိပ်ထားလေးလဲ သဘောပေါက်ပါလိမ့်မယ်။ ထိမ်းမြားမင်္ဂလာ သတင်းတွေအကြောင်း ပြောရဦးမယ်။ တလောလေးက အကြီးတော်မင်းသမီးကြီး ဒရူဘက်စကားယားက ဂျူလို့ကို တိုးတိုးတိတ်တိတ် ပြောသွားတယ်။ ထိပ်ထားလေးကို စုလျားရစ်ပတ်လက်ထပ်ပေးတော့မယ်တဲ့။ အဲဒါ ထိပ်ထားလေး



www.burmeseclassic.com

www.burmeseclassic.com



သိပြီးပါပြီလား။ သတို့လောင်းကတော့ မင်းသားကြီးဗာစီလီရဲ့ သားတော်လေး အနာတိုလီတဲ့။ အနာတိုလီကို ဥစ္စာရှိ ဂုဏ်အသရေရှိထဲက အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ရင် ငြိမ်သွားမှာပါပဲလို့ ယူဆကြတယ်။ ခုအထိတော့ အနာတိုလီရဲ့ မိဘများဘက်က ထိပ်ထား လေးကို မျက်စိကျနေကြပြီ။ ထိပ်ထားလေးသဘောတော့ ဘယ်လိုရှိမယ်လို့ ဂျူလီမသိဘူး။ ဒါပေမဲ့ ထိပ်ထားလေး သိအောင်ပြောဖို့တော့ ဂျူလီ့မှာ ဝတ္တရားရှိတယ် ထင်ပါတယ်။ အနာတိုလီဟာ သိပ်ပြီးချောသတဲ့။ ပြီးတော့ သိပ်လဲ သောင်းကျန်းသတဲ့။ အနာတိုလီနဲ့ ပတ်သက်လို့ ဂျူလီသိရသလောက်ကတော့ ဒီလောက်ပါပဲ။

ကဲ အတင်းအဖျင်းတွေ ရေးလိုက်တာပဲ တော်တော်ရှည်သွားပြီ။ စာရွက်တောင် နောက်တစ်ရွက် ကုန်တော့မယ်။ အပရာစကင်တို့အိမ်က ညစာစားဖိတ်ထားလို့ သွားရဦးမယ်။ မေမေဖုရားက အခေါ်လွှတ်နေပြီ။ ဂျူလီ ပို့လိုက်တဲ့ ဘာသာရေးကျမ်းကိုလဲ ဖတ်ကြည့်ပါဦး။ နှနယ်တဲ့ ပုထုဇဉ်တွေအဖို့ ခက်ခဲနက်နဲတဲ့ တရားသဘောတွေပါပေမယ့် စိတ်ကို ဆောက်တည်ရာရစေပြီး စိတ်တန် ခိုးသတ္တိကိုလဲ မြင့်မားစေနိုင်တဲ့ စာအုပ်ကောင်းတစ်အုပ်ပါပဲ။ ကဲ တော်သေးပြီး ထိပ်ထားလေး။ ထိပ်ထားလေးရဲ့ ခမည်းတော်ကြီးနဲ့တကွ မက်မွှိုင်ဇယ်ဘူရင်းကို နှုတ်ဆက် ကြောင်းပြောပြပါနော်။ ထိပ်ထားလေးကို ချစ်ခင်ပြီးဖြစ်တဲ့ အတိုင်း အဝေးကပဲ ပွေ့ဖက်နှုတ်ဆက်လိုက်ပါတယ်။

ဂျူလီ

**အထူး။ ။ထိပ်ထားလေးရဲ့မောင်တော် အင်ဒရေနဲ့ ကြင်ရာတော်လီဇာတို့သတင်းကိုလဲ သိပါရစေ။**

မင်းသမီးကလေး မေရီသည် တစိမ့်စိမ့်တွေး၍ ပြုံးနေမိသည်။ တောက်ပသောမျက်လုံးကြီးမှာ တဖျတ်ဖျတ် တောက်လျက်ရှိသဖြင့် ၎င်း၏မျက်နှာသည် ဝင်းထိန်လျက်ရှိ၏။ ထို့နောက် မင်းသမီးကလေး မေရီသည် ရုတ်တရက်ထကာ စားပွဲဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး စာရွက်တစ်ရွက်ကို ကောက်ယူကာ စာတစ်စောင်ကို ရေးလျက်ရှိလေသည်။ စာမှာ ဂျူလီ့ထံသို့ ပြန်သောစာဖြစ်၍ ပြင်သစ်ဘာသာဖြင့် ရေးထားလေသည်။

**ချစ်ခင်လေးစားအပ်ပါသော ဂျူလီ**

၁၃ ရက်နေ့က ပေးလိုက်သောစာကြောင့် ထိပ်ထားလေးမှာ လွန်စွာဝမ်းမြောက်ခြင်း ဖြစ်ရပါတယ်။ ဂျူလီဟာ ထိပ်ထားလေးကို ခုထိ ချစ်ခင်မြတ်နိုးသေးတယ်နော်။ စိတ်ကူးယဉ်လိုက်ပါဘိ ဂျူလီရယ်။ ကွေကွင်းရခြင်း ဆင်းရဲဟာ သိပ်ပြီး ပြင်းထန် ဆိုးရွားလှပါကလားလို့ ဂျူလီက ပြောပေမယ့် ဂျူလီခံစားရတဲ့ ကွေကွင်းရခြင်း ဆင်းရဲဟာ ဒီလောက်မကြီးမားလှပါဘူး ဂျူလီရယ်။ ဂျူလီကမှ ကွေကွင်းခြင်းဆင်းရဲကို ထုတ်ဖော်ညည်းညူလို့ ရသေးတယ်။ ထိပ်ထားလေးမှာဖြင့် ဒီလိုဆင်းရဲဒုက္ခကို လေသံတောင် ဟလို့ မညည်းရဲပါဘူး။ ချစ်တဲ့၊ ခင်တဲ့၊ မြတ်နိုးတဲ့သူဟူသမျှနဲ့ အဝေးကြီးဝေးနေတဲ့ ထိပ်ထားလေးတစ်ယောက် ညည်းဖို့လဲ ချန်ပါဦး။ အင်း၊ စိတ်ပျက်အား ငယ်နေရမယ့်လူတွေအဖို့ ကိုယ့်ကိုယ်ကို နှစ်သိမ့်အားပေးဖို့ ဘာသာတရားဆိုတဲ့ အရာတစ်ခု ရှိနေကြလို့ တော်ပေသေးတယ် အောက်မေ့ရတာပဲ။ ဘာသာတရားရယ်လို့များ မရှိရင် လူ့ဘဝကြီးဟာ ကြေကွဲဝမ်းနည်းစရာတွေချည်းပဲ ရှိနေတော့မှာပဲ။ မြို့စားကလေး နီကိုလေကို ဂျူလီချစ်ခင် မြတ်နိုးတာနဲ့ ပတ်သက်လို့ ထိပ်ထားလေး ဘယ်လို သဘောရသလဲလို့ ဘာဖြစ်လို့ မေးရတာလဲ ဂျူလီရယ်။ ဒီလိုကိစ္စမျိုးမှာ ထိပ်ထားလေးဟာ ကိုယ့်ကိုယ်ကိုသာ အလိုမလိုက်ဘဲ ရက်ရက်စက်စက်တွေးတတ် လုပ်တတ်တာပါ။ သည့်ပြင်လူတွေရဲ့ ခံစားချက်တွေကိုတော့ ထိပ်ထားလေး ကိုယ်ချင်းစာတတ်ပါတယ်။ ထိပ်ထားလေးကတော့ ခုတိုင် မခံစားရဖူးသေးလို့ အချစ်ဆိုတဲ့ ဝေဒနာဟာ ဘယ်လောက်ပြင်းထန်တယ်ဆိုတာကိုတော့ မသိသေးဘူးပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဒုက္ခကို ခံစားရကောင်းလားလို့ သူတစ်ပါးလဲ အပြစ်မဆိုရက်ပါဘူး။ ယောကျ်ားကလေးတစ်ယောက်ရဲ့ လှပတဲ့မျက်လုံးကြောင့် ဂျူလီလို ချစ်တတ်စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ပေါ်လာတဲ့ အချစ်မျိုးထက် မိမိ၏အိမ်နီးချင်းကို ချစ်ခင်ခြင်း၊ မိမိ၏ရန်သူကို ချစ်ခင်ခြင်းစတဲ့ ခရစ်ယာန်သာသနာတော် အဆုံးအမနဲ့ညီတဲ့ ချစ်မေတ္တာမျိုးသာလျှင် အမြင့်မြတ်ဆုံး၊ နှစ်လိုဖွယ် အကောင်းဆုံး၊ အဖိုးထိုက်တန်ဆုံးလို့ ထိပ်ထားလေး ယူဆမိတယ်။

မြို့စားကြီးဘိဖူးကော့ဖ် ကံတော်ကုန်ရှာပြီဆိုတဲ့ သတင်းကို ဂျူလီ့ဆီကစာမရခင်ကတည်းက ကြားသိပြီး ဖြစ်ပါတယ်။ ဖေဖျားဖြင့် ဒီသတင်းကြောင့် တော်တော်စိတ်ထိခိုက်ပုံရပါတယ်။ မြို့စားကြီးဘိဖူးကော့ဗ်က ရာစုနှစ်ကြီးတစ်ခုလုံးမှာ ရှိကြတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေအနက် တစ်ယောက်ဖြစ်တဲ့အကြောင်း၊ သူ့အလှည့်လဲ မကြာခင်ရောက်တော့မယ့်အကြောင်း၊ ဒါပေမဲ့သူ့အလှည့်ကို မြန်မြန် မရောက်အောင်တော့ တတ်နိုင်သမျှ ကျန်းမာအောင် နေထိုင်မယ့်အကြောင်းတွေကို ဖေဖျားက ပြောပြပါတယ်။ ဒီကြောက်စရာကောင်းတဲ့ သေခြင်းတရားဆိုတဲ့ ကြမ္မာကောင်ကြီးလက်က လွတ်ကင်းအောင် ဘုရားသခင်ကာကွယ် စောင့်ရှောက်ပါစေလို့ ထိပ်ထားလေး ဆုတောင်း မိတယ်။

ပီယာနဲ့ ပတ်သက်လို့ထိပ်ထားလေးတော့ ဂျူလီနဲ့ သဘောမတူဘူး။ ပီယာ့ကို ထိပ်ထားလေး ငယ်ငယ်ကတည်းက သိခဲ့ပါတယ်။ ထိပ်ထားလေး အမြင်မှာတော့ ပီယာဟာ စိတ်နှလုံးကောင်းရှိသူတစ်ယောက်ပဲ။ လူမှာ စိတ်ကောင်းနှလုံးကောင်း ရှိခြင်းဟာ အဖိုးအတန်ဆုံး အရည်အချင်းပဲလို့ ထိပ်ထားလေး ယူဆတယ်။ ဒါတွေကို သူ့အားလုံး ဆက်ခံခွင့်ရလိုက်တဲ့ အချက်ရယ်၊ မင်းသားကြီး ဗာစီလီက အမွေကိစ္စမှာ ဝင်စွက်တဲ့ အချက်ရယ်ကတော့ နှစ်ဖက်စလုံးအတွက် စိတ်မကောင်းစရာပေပဲ။ အင်း သူကြွယ်တစ်ယောက်

နိဗ္ဗာန်ရောက်ရေးထက် ကုလားအုပ် တစ်ကောင် အပ်နဖားပေါက်ထဲ ဝင်နိုင်ရေးက ပို၍ လွယ်တယ် ဆိုတဲ့ ကယ်တင်ရှင်ဘုရားသခင်ရဲ့နှုတ်ထွက်စကားဟာ ကြောက်စရာကောင်းလောက်အောင် မှန်ပေတာပဲ။ ထိပ်ထားလေးတော့ မင်းသားကြီး ဗာစီလီကို သနားပါတယ်။ ဒါပေမဲ့ ပီယာ့အတွက် ပိုပြီး စိတ်မကောင်းဘူး။ ဒီလောက် ငယ်ငယ်ရွယ်ရွယ်မှာ ဒီလောက်များပြားတဲ့ စည်းစိမ်ဥစ္စာတွေကို ခံစားစံစားနေတော့မယ် ဆိုရင်တော့ အပါယ်ငရဲကို တန်းတန်းကြီး သွားရရှာတော့မှာပဲ။ ထိပ်ထားတော့ စည်းစိမ်ချမ်းသာ ကြွယ်ဝတာတွေကို လုံးဝ အားမကျမိဘူး။ ကြည့်ပြီးသံဝေဂရမိတယ်။ လောကကြီးမှာ ဘာကိုလိုချင် တောင့်တအရှိဆုံးလဲလို့ မေးရင် အဆင်းရဲဆုံး အနွမ်းပါးဆုံး ဖုန်းတောင်းယာစကာထက် ဆင်းရဲနွမ်းပါးတဲ့အဖြစ်ကို အလိုချင်ဆုံးပဲ။ မော်စကိုမှာ နာမည်ကြီးနေတဲ့ ကျမ်းစာအုပ် ကို ပေးပို့လိုက်တဲ့အတွက် များစွာ ကျေးဇူးတင်ပါတယ် ဂျူလီ။ ဒါပေမဲ့ နနယ်တဲ့ ပုထုဇဉ်တွေရဲ့ ဉာဏ်နဲ့မမီဘူးလို့ ဂျူလီက ပြောလိုက်တဲ့အတွက် ကိုယ်ဉာဏ်မမီတဲ့ စာအုပ်ကို ဖတ်နေရင် အချိန်ကုန် လူပန်းဖြစ်ရုံပဲ အဖတ်တင်မှာပဲလို့ ထိပ်ထားလေး ယူဆမိတယ်။ အချို့လူတွေဟာ ဒီလိုခက်ခဲ နက်နဲတဲ့ ကျမ်းစာအုပ်တွေကို ဖတ်ရင်း ကိုယ့်ဘာသာကိုယ် စိတ်အရှုပ်ခံရတာကိုပဲ အရသာတွေ့နေကြပုံရတယ်။ ထိပ်ထားလေးဖြင့် ဒီလိုစိတ်ရှုပ်ရတဲ့ အရသာကို ခံစားလို့ မရဘူး။ နားလဲမလည်ဘူး။ ဒီလို စာအုပ်တွေကို ဖတ်ခြင်းအားဖြင့် သံသယတွေ ပွားလိုပွား၊ စိတ်ကူးနယ်ချဲ့လိုချဲ့ ဖြစ်ကုန်ကြပြီး ခရစ်ယာန်အဆုံးအမရဲ့ ရိုးသားဖြောင့်မတ် ခြင်းနဲ့ ဆန့်ကျင်တဲ့ အရာတွေကို တွေးတောစဉ်းစားလာကြတော့တာပဲ။ တကယ်ဆိုရင် သာဝကကြီးတွေရဲ့ ထေရုပ္ပတ္တိတွေကို ဖတ်ပါတော့လား။ ဒီထေရုပ္ပတ္တိတွေထဲမှာ ဘယ်လို လျှို့ဝှက်နက်နဲဆန်းကြယ်တဲ့ အရာတွေ ပါဝင်သလဲဆိုတာ ကိုကြံဆ စိတ်ကူး မနေပါနဲ့တော့။ ထိပ်ထားလေးတို့ ဂျူလီတို့

www.burmeseclassic.com



ဆိုတာဟာ မိုက်မလင်းနိုင်တဲ့ လောကီဘုံသားတွေ ဖြစ်တယ်။ နိဗ္ဗာန်ဘုံနဲ့ လောကီဘုံကြီးအကြားမှာ ဖောက် ထွင်းလို့မရအောင် ပိတ်ဖုံးနေတဲ့ ကန့်လန့်ကာကြီးနဲ့တူတဲ့ သွေးသားအလိုဆန္ဒရဲ့နောက် လိုက်မှားနေကြရင် မီးတောင်ကို ရွှေရောင်ထင်နေတဲ့ ထိပ်ထားလေးတို့ ဂျူလီတို့ တစ်တွေဟာ ထာဝရဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ မြင့်မြတ်တော်မူသော လျှို့ဝှက်ချက်တွေကို ဘယ်လိုလုပ်ပြီး နားလည်နိုင်ကြပါ့မလဲ။ ဒီတော့ ထိပ်ထားလေးတို့ရဲ့ ဝတ္တရားက လောကီဘုံမှာ ကျင်လည်နေကြတဲ့ လူသားတွေအတွက် ထာဝရဘုရားသခင်ကိုယ်တော်မြတ်ကြီးက လမ်းညွှန်အဖြစ် ချမှတ်ပေးတော်မူခဲ့တဲ့ မြင့်မြတ်တဲ့ တရားတော်ကို လေ့လာပြီး ဒီအရာတွေကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးကြဖို့ပဲ ရှိတယ်မဟုတ်လား။ ဒီတရားတော် တွေနဲ့အညီကျင့်ဖို့ ဒီတရားတော်တွေကို လိုက်နာဖို့ပဲရှိပါတယ်။ နုနယ်တဲ့ ပုထုဇဉ်စိတ်ဟာ ပျံ့လွင့်ခြင်းကင်းသည်နှင့်အမျှ သမာဓိကို ရသည်နှင့်အမျှ ဘုရားသခင်ရဲ့ အလိုတော်ကို ဖြည့်စွမ်းခြင်း ဖြစ်လေတော့ ဒီအတိုင်း ဖြည့်စွမ်းနိုင်အောင်သာ ကြိုးစားကြပါစို့။ ထာဝရဘုရားသခင်ဟာ သူကိုယ်တော်တိုင်က ဆင်းသက်လာခြင်းမပြုတဲ့ အသိဉာဏ်ပညာကို အသိအမှတ်ပြုတော်မမူလေဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်လူသားတွေနဲ့ မအပ်စပ်လို့ ပုထုဇဉ်လူသားတွေ မသိအောင် လျှို့ဝှက်ထားခဲ့ပါလျက်ဘာဖြစ်လို့ အလိုတော်ကို ဆန့်ကျင်ပြီး၊ ထိပ်ထားတို့က ဒီလျှို့ဝှက်ချက်တွေကို လိုက်ရှာနေဦးမှာလဲ။ ဒီလိုမရှာမှသာလျှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာသူ့ရဲ့ တန်ခိုးတော်နဲ့ ဉာဏ်အလင်းရောင်ကိုပြပြီး ကယ်တင်တော်မူတော့မှာပေါ့။

ဖေဖျားကတော့ ထိပ်ထားလေးရဲ့ကြင်ဖက်ကိစ္စနဲ့ ပတ်သက်လို့ တစ်ခွန်းမှ မဟသေးဘူး။ ဒါပေမဲ့ မင်းသားကြီး ဗာစီလီထံက စာတစ်စောင်ရတယ်လို့တော့ ပြောပြီး မင်းသားကြီးကိုယ်တော်တိုင် အလည်အပတ် ကြွရောက်လာ လိမ့်မယ်လို့ မျှော်လင့်နေတယ်။ ထိပ်ထားလေးကို စုလျားရစ်ပတ်လက်ထပ်ရေးနဲ့ ပတ်သက်လို့ ထိပ်ထားလေး အင်မတန်မြတ်နိုးတဲ့ ဂျူလီကို တစ်ခုတော့ ပြောချင်ပါတယ်။ ဃရာဝါသဆိုတဲ့ ကိစ္စဟာ ဘုရားသခင် ဖန်ဆင်းပေးတော်မူခဲ့တဲ့ စနစ်တစ်ရပ်ပေပဲ။ လူ့ရယ်လို့ ဖြစ်လာရင် ဒီစနစ်အတိုင်း လိုက်နာကျင့်သုံးရလိမ့်မယ်လို့ ထိပ်ထားလေး ယူဆတယ်။ ထိပ်ထားလေးဟာ ဘယ်လောက်ပဲ ဃရာဝါသ အမှုတွေကို စက်ဆုပ်ပါတယ်လို့ ဆိုပေမယ့် မယားတစ်ယောက်နဲ့ မိခင်တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေကို ဘုရားသခင်က ထိပ်ထားလေးအပေါ်မှာ အပ်နှင်း ပေးသနားတော်မူလိုက်ရင် ဒီတာဝန်ဝတ္တရားတွေကို အတတ်နိုင်ဆုံး သစ္စာရှိစွာ ထမ်းဆောင်ရပေလိမ့်မယ်။ ဘုရားသခင်က ကြင်ရာ ခင်ပွန်းအဖြစ် ပေးအပ်လိုက်တဲ့ သူ့အပေါ်မှာလဲ ချစ်သည်၊ မုန်းသည် အပထားပြီး မငြိုငြင်မိအောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းရပေလိမ့်မယ်။

ထိပ်ထားလေးရဲ့ မောင်တော်လေး အင်ဒရေဆီကလဲ စာရတယ်။ မကြာခင်ပဲ မောင်တော်လေးနဲ့ ကြင်ရာတော်လဲ 'တောင်ကတုံး' ကို လာကြမယ်လို့ စာထဲ မှာပါတယ်။ ဒါပေမဲ့ ဒီလိုတွေ့ကြဆုံကြရလို့ ဖြစ်ရတဲ့ သုခချမ်းသာဟာ ရေပွက်သလို ခဏပါပဲ။ မောင်တော် လေးဟာ စိတ်မချမ်းမသာစရာကောင်းတဲ့ စစ်ထဲမှာ ဝင်ရောက်တိုက်ခိုက်ရတော့မှာမို့ ရောက်ပြီး မကြာခင်ပဲ ထိပ်ထားလေးတို့ကို ခွဲခွာသွားရပေဦးတော့မယ်။ ဒီစစ်ကြီးထဲကို ဘယ်ဝင့်ကြွေး ဘယ်အကြောင်းတရားကြောင့်များ ပါရသလဲ မသိဘူးနော်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးမှ သိတော်မူမှာပဲ ထင်ပါရဲ့။ ကိစ္စပေါင်းစုံ၊ ပြဿနာပေါင်းစုံတို့ဆုံစည်းရာဖြစ်တဲ့ ဂျူလီတို့ဆီမှာတင် မက ပါဘူး။ ကျေးလက်တောင်သူ မိလက္ခုတွေနဲ့ သြကာသ လောကကြီးရဲ့ အလှအပတွေစုဝေးရာလို့ ရွှေမြို့တော်သူတွေပြောကြတဲ့ ကျေးတောမှာလဲပဲ လူတွေဟာ စစ်အကြောင်းကိုပဲ ပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ စစ်နဲ့ပတ်သက်တဲ့ ကောလာဟလတွေကို ကြားပြီး အလွန်တရာ စိတ်မချမ်းသာဖြစ်နေကြတယ်။ ဖေဖျားဆိုရင် စစ်ချီစစ် တက်သတင်းတွေကိုပဲ ပြောနေပါတယ်။ ထိပ်ထားလေးတော့ ဒါတွေကို နားမလည်ပါဘူး။ တစ်နေ့ကပဲ နေ့စဉ်လမ်းလျှောက်နေကျအတိုင်း ရွာထဲဖြတ်လျှောက်သွားရင်း တော်တော်စိတ်နှလုံး မချမ်းမြေ့စရာအဖြစ်တစ်ခု ကြုံခဲ့ရသေးတယ်။ ရွာထဲက လူတွေ ရွှေနန်းတော်ကြီးရဲ့ အမိန့် အရ စစ်ထဲဆင့်ခေါ်လို့ စစ်ထွက်ဖို့ ပြင်ကြရတာလေ။ အမေအိုကြီးတွေ၊ သားမယားတွေ၊ ကလေးတွေနဲ့တကွ ဆင့်ဆိုရာကို လိုက်ပါရတဲ့ စစ်ထွက်ယောကျ်ားတွေ ဖြစ်ပျက်နေပုံ၊ ငိုကြွေးမြည်တမ်းနေကြပုံတွေကို မြင်စေ၊ ကြားစေချင်ပါဘိတော့တယ်။ ဒီအဖြစ်ကိုကြည့်ရင်း ဩော် လောကီဘုံသားတွေဟာ မေတ္တာတရားနဲ့ မုဒိတာတရားကို ဟောကြားတော်မူခဲ့တဲ့ မြတ်သောကယ်တင်ရှင်ရဲ့ တရားတော်များကို မေ့လျော့ကုန်ကြပါပကောလား။ တစ်ယောက်ကိုတစ်ယောက်ကျွမ်းကျင်စွာ သတ်ဖြတ်ခြင်းဆိုတဲ့ စစ်ထိုး ခြင်းအတတ်ကို အထူးမြတ်ဆုံးသော အရည်အချင်းကြီးလို့ ထင်မှတ် မှားကုန်ကြပါပကောလားလို့ တွေးပြီး စိတ်မကောင်းဖြစ်ရတယ်။

တော်သေးပြီ ဂျူလီရေ၊ မြတ်သောကယ်တင်ရှင် နှင့်တကွ မြတ်သောမယ်တော်သည် သင့်အား တန်ခိုးတော် အနန္တ ရှိ၍ မြတ်သောစောင့်ရှောက်ခြင်းကို ပေးပါစေသတည်း။

မေရီ

"အလို လက်စသတ်တော့ ထိပ်ထားလေးက စာရေးနေတာကိုး။ ကျွန်မလဲ ခုတင် စာတစ်စောင်ပို့လိုက်တယ်။ အမေအိုကြီးဆီ ရေးနေတာ ထိပ်ထားလေးရေ"

ပြင်သစ်သူဘုရင်က ချိုသာသောအသံဖြင့် ပြုံး၍ ပြောလိုက်၏။ ပြင်သစ်သူဘုရင်သည် ဝမ်းနည်း ညည်းညူဖွယ်ကောင်းလှသော မင်းသမီးကလေးမေရီ၏ ပတ်ဝန်းကျင်၌ ပျော်ပျော်နေ၊ ပျော်ပျော်စားဆိုသည့်ဟန်ဖြင့် တစ်ဘာ သာထူးခြားလျက် ရှိလေသည်။

"ထိပ်ထားလေးကို တစ်ခုတော့ သတိပေးရဦးမယ်နော်"

ပြင်သစ်သူ ဘုရင်းက လေသံနိမ့်၍ မိမိလေသံကို မိမိသဘောကျဟန်ဖြင့် ပြောလိုက်သည်။

"ကိုယ်တော်ကြီးက မိုက်ကယ်အီဗန်နိုဗစ်ချ်ကို ကြိမ်းမောင်းနေတယ်။ ကိုယ်တော်ကြီး ကြည့်ရတာ ဒီနေ့ စိတ်လက်ကြည်သာပုံ မရဘူး။ သတိထားနော်"

"အို ဘုရင်းကလဲ ဖေဖျားစိတ် အလိုမကျတဲ့ အကြောင်းကို ဘယ်တော့မှ လာမပြောပါနဲ့လို့ ပြောထားရက်နဲ့။ ထိပ်ထားလေးတော့ ဖေဖျားရဲ့စိတ်သဘောထားကို အကောင်းအဆိုး ဝေဖန်ပိုင်းခြားဖို့ ကိုယ့်ကိုယ်ကို ဘယ်တော့မှ ခွင့်မပြုဘူး။ သူများကိုလဲ ဒီလိုဝေဖန်ပိုင်းခြားခြင်း မပြုစေချင်ဘူး"

မင်းသမီးကလေးမေရီသည် သူ၏လက်မှ နာရီကို ကြည့်လိုက်သည်တွင် ငါးမိနစ်မျှလွန်လျက် ရှိသည်ကို တွေ့ရသဖြင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်လျက် ဧည့်ခန်းဆောင်ဘက်သို့ ထွက်သွားလေသည်။ အကြောင်းမူကား ထိုအချိန်မှာ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ ဇယားဆွဲပေးထားသည့်အတိုင်း ရှေးစန္ဒရားတီးလုံးများ လေ့ကျင့်ရန် အချိန်ရောက်နေသောကြောင့် ဖြစ်ပေသတည်း။

## အခန်း ၂၆

ခေါင်းဖွေးဖွေးဖြူလျက်ရှိသော အိပ်ဖန်စောင့်တစ်ဦးသည် စာကြည့်ဆောင်ထဲမှ မင်းသားကြီး ဘိုလကွန်စကီ၏ ဟောက်သံကို နားထောင်ရင်း ထိုင်လျက် အိပ်ငိုက်နေသည်။ စံအိမ်၏ တစ်ဖက်စွန်းဆီမှ ဒူးဆက်၏ တေးသီချင်းကြီးတစ်ပုဒ်ကို အကြိမ်ပေါင်းများစွာ ထပ်ပြန်တလဲလဲ တီးသံ ပေါ်ထွက်လာသည်။

ထိုအတောအတွင်း အလုံပိတ်ထားသည့် ကရထားတစ်စင်းနှင့် နစ်ထပ်ပေါင်းမိုးတပ် ရထားတစ်စင်းသည် စံအိမ်တော် ဆင်ဝင်အောက်တွင် ဆိုက်လာကြ၏။ မင်းသားကလေးအင်ဒရေသည် ကရထားပေါ်မှ ဆင်းလိုက်ပြီး ကြင်ရာ တော်မင်းသမီးကလေး လီဇာအား လက်တွဲ၍ အောက်သို့ ဆင်းစေကာ မိမိထက်အရင် စံအိမ်တော်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်စေသည်။ မင်းသားကြီး၏ ဘိုလကွန်စကီ၏ လက်စွဲတော်ကြီး တီကွန်သည် ဆံပင်တုကြီးတပ်ထားသော ခေါင်းကို ဧည့်ခန်းဆောင်တံခါးကြားမှ ပြူထွက်လိုက်ရင်း မင်းသား ကြီး ဘိုလကွန်စကီ အိပ်စက်လျက်ရှိကြောင်း လေသံမျှ ပြောဆိုကာတံခါးကို လျင်မြန်စွာ ပြန်ပိတ်သွားလေသည်။ သားတော်ရောက်လာသည်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်စုံတစ်ရာ အရေးကိစ္စ ပေါ်ပေါက်သည်ဖြစ်စေ မင်းသား ကြီး ဘိုလကွန်စကီသည် မိမိ၏ဇယားအတိုင်း မပျက်မကွက် လုပ်လေ့ရှိသူဖြစ်ကြောင်းကို လက်စွဲတော်ကြီး ကောင်းစွာသိရှိပြီး ဖြစ်ပေသည်။ လက်စွဲတော်ကြီး တီကွန်ကဲ့သို့ပင် မင်းသားကလေး အင်ဒရေးသည်လည်း ခမည်းတော်ကြီး၏ စနစ်ဇယားကြီးပုံကို ကောင်းစွာ သိပေသည်။ ခမည်းတော်ကြီး၏ ဇယားပြောင်းလဲခြင်း ရှိမရှိ သေချာစွာ သိရှိရန်အတွက် မင်းသားကလေး အင်ဒရေးသည် ၎င်း၏ နာရီကို ကြည့်လိုက်သည်။ ယခင်ကကဲ့သို့ပင် နားနေ အိပ်စက်ချိန်မှာ ဤအချိန်ဖြစ်လျက် တစ်စုံတစ်ရာ ဇယားပြောင်းလဲခြင်း မရှိကြောင်းကို တွေ့ရသည့်အခါ၌ မင်းသားကလေးအင်ဒရေးသည် ကြင်ရာတော် လီဇာဘက်သို့ လှည့်လိုက်သည်။

"ဖေဖျားတော့ နောက် မိနစ်နှစ်ဆယ်အတွင်း အိပ်ရာက နိုးလာမှာပဲ။ ဒီအတွင်း အစ်မတော်မေရီရဲ့ အခန်းကို ခဏသွား နှုတ်ဆက်လိုက်ကြရအောင်"

ကြင်ရာတော် မင်းသမီးကလေး လီဇာမှာ အနည်းငယ်ဝဖြိုးလာသည်ဟု ထင်မှတ်ရသည်။ သို့ရာတွင် မင်းသမီးလေးလီဇာ၏ မျက်လုံးများနှင့် မွေးညင်းနုကလေး တစ်ပင်ပေါက်လျက်ရှိသည့် အပေါ်နှုတ်ခမ်းမှာ စကားပြောလိုက်လျှင် အနည်းငယ် ဟသွားကာ ခါတိုင်းကဲ့သို့ပင် ပြုံးချို လှပလျက်ရှိလေသည်။

"အို တကယ့်နန်းတော်ကြီး ကျနေတာပဲနော် မောင်မောင်"

မင်းသမီးကလေးလီဇာက ခန်းဆောင်ပတ်ဝန်းကျင်ကို တအံ့တသြ လှည့်ကြည့်၍ ပြောလိုက်၏။

"ကဲ သွားမှာဖြင့် သွားကြစို့လေ"

မင်းသမီးကလေး လီဇာသည် လက်စွဲတော်ကြီး တီကွန်ကိုလည်းကောင်း၊ မိမိ၏ကြင်ရာတော် မင်းသားကလေးအင်ဒရေကိုလည်းကောင်း၊ မိမိတို့နောက်ကပါလာသည့် အဆောင်ကိုင်ကိုလည်းကောင်း ပြုံးကြည့်၍ ပြောလိုက်သည်။

"ခု စန္ဒရားတီးကျင့်နေတာဟာ အစ်မတော် မေရီ မဟုတ်လား။ တိတ်တိတ်ကလေးသွားပြီး မမျှော်လင့်ဘဲ ကိုယ်ရောင်ပြလိုက်ကြရအောင်"

မင်းသားကလေးအင်ဒရေသည် ကြင်ရာတော် မင်းသမီးကလေး လီဇာ၏နောက်သို့ မငြင်းသာ၍ လိုက်လာခဲ့ရသော်လည်း မျက်နှာမကောင်းလှချေ။

"အင်း လက်စွဲတော်ကြီးလဲ တော်တော်ကျသွားတယ်နော်"

မင်းသားကလေး အင်ဒရေက မိမိ၏လက်ကို နမ်းရှုပ် နှုတ်ဆက်သည့် လက်စွဲတော်ကြီး တီကွန်၏ အနားမှ ဖြတ်သွားရင်း ပြောလိုက်သည်။

စန္ဒရားသံထွက်လာသည့် ခန်းဆောင်နားသို့ မင်းသားကလေး အင်ဒရေနှင့် ကြင်ရာတော်တို့ မရောက်မီကလေးတွင် မင်းသမီးကလေးမေရီ၏ အဖော်ပြင်သစ်သူဘုရင်း ဝမ်းမြောက်ဝမ်းသာ ပြေးထွက်လာသည်ကို မြင်ရသည်။

"ထိပ်ထားလေးတော့ သိပ်ဝမ်းသာမှာပဲ။ ထိပ်ထားလေးကို သွားပြောချည်ဦးမယ်"

"အို အို မပြောပါနဲ့၊ နေပါစေ။ ဒီက မတ်မွိုင်ဇယ်ဘူရင်းနော် ဟုတ်လား"

မင်းသမီးကလေးလီဇာက မတ်မွိုင်ဇယ်ဘူရင်းကို နမ်းရှုပ်နှုတ်ဆက်ရင်း မေးလိုက်၏။

"ယောက်မတော်ရဲ့ အဖော်လို့ ယောက်မတော် ခဏ ခဏပြောတဲ့အတွက် ကြားဖူးပါတယ်။ ထိပ်ထားတို့ ရောက်မယ်ဆိုတာ ယောက်မတော် မသိသေးဘူးနော်"

၎င်းတို့သည် တေးသီချင်းကြီးတစ်ပုဒ်ကို အထပ်ထပ်ကျော့၍ တီးလျက်ရှိသော ရှေးစန္ဒရားသံပေါ်ထွက်ရာ ဧည့်ခန်းဆောင်တံခါးဆီသို့ လာခဲ့ကြသည်။ မင်းသားကလေးအင်ဒရေသည် တစ်စုံတစ်ရာစိတ်မချမ်းမြေ့စရာကို မြင်ရတော့မည်ဟု ယူဆသည့်အလား ခေတ္တရပ်ကာ မျက်နှာကို ရှုံ့လိုက်သည်။

ကြင်ရာတော်မင်းသမီးလေး လီဇာသည် ဧည့်ခန်းဆောင်ထဲသို့ ရှေ့ဆုံးမှ ဝင်သွားလေသည်။ ရှေးစန္ဒရားသံသည် တီးလျက်က ရပ်သွားကာ အော်ဟစ်နှုတ်ဆက်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



တကွ မင်းသမီးလေး မေရီ၏ခြေသံ၊ ပွေ့ဖက်နမ်းရှုပ်သံတို့ကို ကြားလိုက်ရ၏။ မင်းသားလေးအင်ဒရေ ဝင်သွားသည့် အခါ၌ကား မိမိတို့လက်ထပ်မင်္ဂလာပွဲတွင် ခဏတစ်ဖြုတ်သာ တွေ့ဖူးကြသည့် သမီးယောက်မနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ကာ တွေ့ထိ၍ ရနိုင်သမျှ နေရာတိုင်းကို နမ်းရှုပ်လျက်ရှိကြလေ သည်။ မတ်မွိုင်ဇယ်ဘူရင်းသည် ၎င်းတို့အနီးတွင် ရပ်လျက် ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိ၍ ငိုတော့မလိုရယ်တော့ မယောင်ပြုံးလျက် ရှိလေသည်။ ဂီတကို ကောင်းစွာ ကျွမ်းကျင်သူများသည် သံကြောင်တစ်ခုကို ကြားလိုက်ရ သည့်အခါ၌ ပခုံးတွန့်လေ့ရှိသကဲ့သို့ မင်းသားကလေး အင်ဒရေသည် သမီးယောက်မနှစ်ယောက်ကို ကြည့်၍ ပခုံးတွန့်လိုက်ပြီးနောက် မျက်မှောင်ကုတ်လိုက်သည်။ သမီးယောက်မ နှစ်ယောက်သည် ပွေ့ဖက်ရာမှ လွှတ်လိုက် ကြကာ ချက်ချင်းပင် အားကျမခံ တစ်ဦး၏လက်ကို တစ်ဦးဆွဲလိုက်ကြပြန်လျက် နမ်းရှုပ်လိုက်ကြပြန်သည်။ တစ်ဖန် လက်ကိုလွှတ်ချ၍ တစ်ယောက်ပါးပြင်ကို တစ်ယောက် နမ်းရှုပ်ကြပြန်သည်။ နောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ငိုလိုက်ကြပြီး နမ်းရှုပ်နေပြန်သော အခါတွင်မူကား မင်းသားလေး အင်ဒရေမှာ အံ့အားသင့်၍ မဆုံးဖြစ်လျက်ရှိ၏။ မတ်မွိုက်ဇယ်ဘူရင်းကလည်း ရော၍ ငိုလေသည်။ မင်းသားကလေးအင်ဒရေမှာ စိတ်မသက်မသာ ဖြစ်လျက်ရှိသော်လည်း သမီးယောက်မနှစ်ယောက်မှာကား ယခုလိုငိုမှ သဘာဝကျမည်ဟု ထင်မှတ်ကြကာ အခြားနှုတ်ဆက်နည်းကိုပင် စဉ်းစားတတ်ကြတော့ဟန်မတူဘဲ အတောမသတ်နိုင်အောင် ငိုလျက် ရှိကြလေသည်။

"ယောက်မတော်"ဟူသောအသံ၊ "ညီမတော်"ဟု ပြန်လှန်နှုတ်ဆက်သံကို ကြားရပြီးနောက် ငိုရင်းက ရယ်လိုက်ကြပြန်သည်။ "မနေ့ညကတောင် အိပ်မက်မက်သေးတယ်"ဟု မင်းသမီးကလေး မေရီကပြောသံ။ "ယောက်မတော်တို့ ရောက်လာမယ် မထင်သေးဘူး မဟုတ်လား"ဟု မင်းသမီးလေး လီဇာက ပြန်ပြောသံ။ "အစ်မတော် ဝလာတယ်"ဟူသော အသံနှင့် "ညီမတော် ပိန်သွားတယ်"ဟူသော အသံများကို မဆုံးနိုင်အောင် ကြားနေရပြန် သည်။

"ကျွန်မကတော့ ထိပ်ထားမှန်း ချက်ချင်းသိလိုက်တယ်"ဟု မတ်မွိုင်ဇယ်ဘူရင်းက ပြောလိုက်၏။

"ယောက်မတော် ရောက်မယ်ကို မထင်သေးဘူး။ သြော် မောင်တော်လေးကိုတောင် နှုတ်မဆက်ရသေးဘူး" မင်းသမီးကလေးမေရီက ပြောလိုက်သည်။

မင်းသားကလေးအင်ဒရေနှင့် အစ်မတော် မင်းသမီးကလေးမေရီသည် တစ်ယောက်ကိုတစ်ယောက် လက်ဆွဲ နှုတ်ဆက်လိုက်ကြပြီးနောက် ဖက်ရမ်း နမ်းရှုပ်လိုက်ကြ၏။ မင်းသမီးလေးမေရီမှာ ငယ်ငယ်ကကဲ့သို့ပင် အငိုသန်လျက် ရှိသေးကြောင်းကို မင်းသားလေး အင်ဒရေက ပြောလိုက်သည်။ မင်းသမီးကလေးမေရီသည် မောင်တော်မင်းသားလေး အင်ဒရေဘက်သို့ လှည့်လိုက်ကာ မျက်ရည်များဖုံး၍ အထူးလှပလျက်ရှိသော တောက်ပရွှန်းစိုသည့် မျက်လုံးကြီး များဖြင့် မင်းသားကလေးအင်ဒရေ၏ မျက်နှာကို ချစ်ခင်ယုယစွာ စိုက်ကြည့်လိုက်၏။

ကြင်ရာတော် မင်းသမီးကလေးလီဇာကား စကားကို အမျှင်မပြတ် ပြောလျက်ရှိ၏။ မွေးညင်းနုတစ်ပင်ပေါက်လျက်ရှိသည့် တိုနံ့နံ့အပေါ် နှုတ်ခမ်းသည် နှင်းဆီသွေးရောင် အောက်နှုတ်ခမ်းနှင့် ဒလစပ်ထိလျက်ရှိပြီး မျက်လုံးလေးကြည်ကြည် သွားကလေးစီရရီပေါ်အောင် ရယ်လိုက်သည့် အခါတွင်ကား ဟသွားကြပြန်လေသည်။

ကြင်ရာတော် မင်းသမီးကလေးလီဇာသည် စပါစကီ တောင်ကုန်းပေါ်တွင် ကရထားမှောက်လုဆဲဆဲ ဖြစ်ခဲ့သည့်အကြောင်း၊ မိမိ၏ ကျန်းမာရေးအခြေအနေနှင့် ဆိုလျှင် ကံမကောင်းပါက ဒုက္ခရောက်သွားနိုင်ကြောင်း၊ ဝတ်စုံများကို ရွှေမြို့တော်တွင် ထားပစ်ခဲ့သဖြင့် 'တောင်ကတုံး' တွင် ဖုံညသည့်ဝတ်စုံကို ဝတ်ရမည်ဟုပင် မသိသေး ကြောင်း၊ မင်းသားလေးအင်ဒရေမှာ ယခင်ကဲ့သို့မဟုတ်တော့ဘဲ များစွာပြောင်းလဲသွားကြောင်း၊ မိမိ၏ မိတ်ဆွေ ကစ်တီအိုဒင်ဆိုဗာမှာ အဘိုးကြီးတစ်ယောက်နှင့် လက်ထပ်သွားကြောင်း၊ ယောက်မတော်မေရီအတွက်လည်း သင့် လျော်သူတစ်ယောက်ကိုတွေ့ထားကြောင်း၊ ထိုအကြောင်းကို နောက်မှ ပြောပြဦးမည် ဖြစ်ကြောင်းဖြင့် ကရားရေသွန်သည့်ပမာ ပြောပြလျက်ရှိလေသည်။ မင်းသမီးကလေးမေရီမှာကား မောင်တော်မင်းသားကလေး အင်ဒရေကိုသာ စူးစိုက်ကြည့်လျက် ရှိလေသည်။ မင်းသမီး

www.burmeseclassic.com



ကလေး မေရီ၏ လှပသော မျက်လုံးများတွင် ချစ်ခင်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းစသည့် အရိပ်အရောင်တို့ ယှက်သန်းလျက်ရှိ၏။ မင်းသမီးကလေး မေရီသည် ယောက်မတော် မင်းသမီးလေး လီဇာ၏ စကားများကိုသာ ကြားဟန်မရှိဘဲ တွေးမိတွေးရာကို တွေးနေပုံရပေသည်။ ကြင်ရာတော် မင်းသမီးကလေး လီဇာက မိမိနောက်ဆုံးရောက်ရှိခဲ့သော ရွှေမြို့တော် ညှော်ခံမင်္ဂလာပွဲသဘင်တစ်ခုအကြောင်းကို ပြောဆိုနေစဉ်၌ မင်းသမီးကလေးမေရီသည် မောင်တော် မင်းသားကလေး အင်ဒရေဘက်သို့ လှည့်၍ စကားပြောလိုက်သည်။

"မောင်တော် တကယ်စစ်မြေပြင်ထွက်တော့မလို့နော်"

မင်းသမီးကလေး မေရီက သက်ပြင်းချ၍ မေးလိုက်၏။ ကြင်ရာတော် မင်းသမီးကလေး လီဇာကလည်း သက်ပြင်း ချလိုက်သည်။

"ဟုတ်တယ်။ ထွက်ဆို မနက်ဖြန် ထွက်ရမှာပဲ" မင်းသားလေး အင်ဒရေက ဖြေလိုက်သည်။

"မောင်မောင်ကတော့ ယောက်မတော်ကို ဒီမှာထားခဲ့တော့မယ်။ အင်း မောင်မောင်မှာလဲ ဘယ်အချိန်ဘယ်ခါများမှ ရာထူးတက်ပါ့မလဲ မသိဘူးနော်"

မင်းသမီးလေးမေရီသည် ယောက်မတော်၏ စကားများကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့်ပင် ၎င်း၏ အတွေးကိုဆက်၍တွေးရင်း ယောက်မတော်ဘက်သို့ လှည့်လိုက်ပြီးနောက် ယောက်မတော်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"တကယ်သွားတော့မှာတဲ့လား ယောက်မတော်"

ကြင်ရာတော် မင်းသမီးလေးလီဇာ၏ မျက်နှာထားမှာ ပြောင်းသွားသည်။ မင်းသမီးလေးလီဇာသည် သက်ပြင်း ချလိုက်ရင်း

"ဟုတ်တယ် ယောက်မတော်၊ တကယ်ပဲ။ ယောက်မတော်လဲ စိတ်ထဲက ခပ်လေးလေးပဲ"

မင်းသမီးလေး လီဇာ၏ အပေါ်နှုတ်ခမ်းသည် အောက်နှုတ်ခမ်းနှင့် တဖြည်းဖြည်းထိလာသည်။ မင်းသမီးကလေးလီဇာသည် ယောက်မတော် မင်းသမီးကလေး မေရီနှင့် ပါးချင်းအပ်လိုက်ပြီးနောက် ငိုလိုက်လေသည်။

"ခဏတစ်ဖြုတ် နားပါစေဦး" မင်းသားကလေး အင်ဒရေက မျက်မှောင်ကုတ်၍ ပြောလိုက်၏။ "ခဏနားပါလားလီဇာ။ ကဲ အစ်မတော် ထိပ်ထား၊ ယောက်မတော်ကို အစ်မတော်ထိပ်ထားရဲ့ ခန်းဆောင်ကို ခေါ်သွားလိုက်ပါ။ ကျွန်တော်တော့ ဖေဖျားနဲ့တွေ့လိုက်ဦးမယ်။ ဖေဖျားကော နေကောင်းရဲ့လား။ အရင်တုန်းကလိုပဲလား"

"မောင်တော်လေးအဖို့တော့ ဘယ်လိုနေမလဲ မသိဘူး။ အစ်မတော်အမြင်မှာတော့ ဖေဖျားဟာ အရင်တုန်းကလိုပါပဲ" မင်းသမီးလေး မေရီက ခပ်သွက်သွက်ကလေး ဖြေလိုက်သည်။

"ဖယားတွေကကော အရင်တုန်းကလိုပဲလား။ ပန်းခုံတော်ထဲမှာ လမ်းလျှောက်ချိန်၊ တွင်ခုံလှည့်ချိန်တွေကကော မပြောင်းဘူးလား။ အရင်တုန်းကလိုပဲလား"

မင်းသားကလေး အင်ဒရေက မသိမသာပြုံး၍ မေးလိုက်သည်။ ၎င်း၏ပြုံးပုံမှာခမည်းတော်ကို ချစ်ကြောက်ရိုသေသည် မှန်သော်လည်း ခမည်းတော်၏ ဇီဇာကြောင်ပုံကို သိ၍ ပြုံးသောအပြုံးမျိုး ဖြစ်လေသည်။

"အို အရင်တုန်းက ဖယားအတိုင်းပဲ။ အချိန်ကလဲ အရင်တုန်းက အချိန်တွေအတိုင်းပဲ။ တွင်ခုံလှည့်တယ်ဆိုရင် လဲနာရီနဲ့အတိအကျ။ သင်္ချာတွက်ချိန်ဆိုရင်လဲ တစ်မိနစ်မလွဲဘူး။ အစ်မတော်ရဲ့ ဂျဩမေထရီ သင်ခန်းစာဆိုရင်လဲ အတိအကျ"

မင်းသမီးကလေး မေရီက ဂျဩမေထရီ တွက်ရသည်မှာ ပျော်စရာ အကောင်းဆုံး အလုပ်ကြီးတစ်ခုကို လုပ်ရသကဲ့သို့ ရွှင်လန်းစွာ ပြောလိုက်သည်။

မိနစ်နှစ်ဆယ်ကြာသောအခါ၌ကား မင်းသားကြီး ဘိုလကွန်စကီ အိပ်ရာမှ နိုးချိန်ရောက်ပြီဖြစ်သည့်အတွက် လက်စွဲတော်ကြီး တီကွန်သည် မင်းသားကလေး အင်ဒရေအား ခမည်းတော်ထံသို့ခေါ်ခေါ်ရန် ရောက်ရှိလာလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် သားတော် မင်းသားကလေးအင်ဒရေ ရောက်ရှိလာသည်ကို ဂုဏ်ပြုသည့်အနေဖြင့် ပြုမြဲထုံးစံကို ဖျက်လိုက်ကာ ညစာကို မိမိ၏ဝတ်လဲတော်ဆောင် အတွင်းသို့ ယူဆောင်ခဲ့ရန် အမိန့်ပေးလိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် အမြဲသဖြင့် ရှေးဝတ်ရုံ အင်္ကျီကိုဝတ်၍ ဆံပင်ကို နံ့သာမှုန့်ဖြူးကာ ရှေးမူရှေးဟန်အတိုင်း ဝတ်ဆင်လေ့ရှိသည်။ ဝတ်လဲတော်ဆောင်ထံသို့ မင်းသားလေးအင်ဒရေဝင်ရောက်

www.burmeseclassic.com



သွားသည့်အခါ၌ (ညှော်ခန်းဆောင်တွင် တွေ့မြင်ရတတ်သော တစ်ဖက်သားအား ရှုတ်ချသရော်လိုသည့် မျက်နှာထားမျိုး ဟန်အမူအရာမျိုးမရှိဘဲ ရင်းနှီးရွှင်ပျသော မျက်နှာဖြင့်) မင်းသားကြီး ဘိုလကွန်စကီသည် သားရေဖုံးထားသော ထိုင်ခုံကြီးတစ်ခုပေါ်တွင် ထိုင်ကာ နံ့သာမှုန့်လိမ်းစဉ် ဝတ်လေ့ရှိသော ဝတ်ရုံအင်္ကျီရှည်ကြီးကိုဝတ်လျက် လက်စွဲတော်ကြီး တီကွန်ကခေါင်းကို နံ့သာမှုန့် ဖြူးပေးလျက်ရှိသည်ကို အမြိန့်သား ခံလျက်ရှိပေသည်။

"အလို စစ်သည်တော်ကြီးပါလား။ ဘိုနာပတ်ကို ချေမှုန်းနှိမ်နင်းလိုတယ် ဆိုပါတော့ ဟုတ်စ" မင်းသားကြီးက နံ့သာမှုန့်ဖြူးထားသည့် ခေါင်းနှင့် လက်စွဲတော်ကြီး တီကွန်က ကျစ်ပေးရန် ကိုင်ထားသော ကျစ်ဆံမြီးကို ခါယမ်းရင်း မေးလိုက်၏။

"ဘိုနာပတ်ကိုတော့ အထင်သေးလို့မရဘူး သားတော်။ လုံ့လဝီရိယနဲ့ တိုက်ရလိမ့်မယ်။ ဘိုနာပတ်ဟာ ခုအတိုင်းသာ စစ်ပွဲတွေကို တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲခံနေရင်တော့ ခမည်းတော်တို့လဲ မကြာခင် ဘိုနာပတ်ရဲ့ ကျွန်သဘောက်တွေ ဖြစ်ကုန်ကြလိမ့်မယ်။ သားတော်ကော ကျန်းခံ့သာလို့ မာစ" မင်းသားကြီးက ၎င်း၏ပါးတစ်ဖက်ကို ထိုးပေးလိုက်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် ညစာမသုံးဆောင်မီ တစ်ရေးတစ်မောအိပ်ပြီးသည့် အချိန်များတွင် ရွှင်ပျလျက် ရှိတတ်၏။ (ညစာ မစားမီအိပ်ခြင်းသည် ရွှေ၊ ညစာစားပြီး အိပ်ခြင်းသည် ငွေဟုမင်းသားကြီး မကြာခဏ ပြောလေ့ ရှိသည်။) မင်းသားကြီးသည်ထူထဲ၍ အဖြိုင်းဖြိုင်းရှိသော မျက်ခုံးမွေးအောက်မှ မျက်လုံးများဖြင့် မင်းသားကလေးအင်ဒရေကို ရွှင်ပျစွာလှမ်း၍ ကြည့်နေသည်။ မင်းသားကလေး အင်ဒရေသည် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီထံ လျှောက်သွားကာ ပါးတစ်ဖက်ကို နမ်းရှုပ် နှုတ်ဆက် လိုက်၏။ မင်းသားကလေး အင်ဒရေသည် ယခုခေတ်စစ် သည်တော်များကိုလည်း ကောင်း၊ ဘိုနာပတ်ကိုလည်း ကောင်း ရယ်စရာဖြစ်အောင် လှောင်ပြောင်တတ်သည့် ဝါသနာအတိုင်း တတွတ်တွတ် ပြောနေသည့် ခမည်းတော် ကြီးကို မည်သို့မျှပြန်မပြောဘဲ တိတ်ဆိတ်စွာ နားထောင် လျက်သာ ရှိလေသည်။

"ဖေဖျားကို နှုတ်ဆက်ရအောင် လာပါတယ်။ ကြင်ရာတော်လဲ ပါတယ်။ ကြင်ရာတော်ကတော့ ကိုယ်လေးလက်ဝန် ရှိနေပါတယ်။ ဖေဖျားကော ကျန်းခံ့သာလို့ မာပါရဲ့လား"

မင်းသားကလေး အင်ဒရေက ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၏ မျက်နှာအမူအရာကို ရိုသေလေးစားစွာ ကြည့်လျက်မေးလိုက်သည်။

"နာမကျန်းဖြစ်တယ်ဆိုတာ လူ့ဘာလတွေ လူပေါ့လူသွမ်းတွေမှ နာမကျန်းဖြစ်တာတွေ။ ဖေဖျားကိုကြည့်စမ်း၊ မနက်နေထွက်က ညနေ နေဝင်အထိ အလုပ်လုပ်တယ်။ ကိုယ့်ကိုယ်ကို ခြိုးခြံစွာနေတယ်။ ဒါကြောင့် ကိုးဆယ့်ခြောက်ပါး ကင်းတယ်"

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ပေါ့ဖေဖျား" မင်းသားကလေး အင်ဒရေက ပြုံး၍ ပြောလိုက်သည်။

"အိုး၊ မဆိုင်ပါဘူးကွယ်။ ငါ့ကျန်းမာရေးအတွက် ဘုရားသခင်ဆိုတာ ဘာတတ်နိုင်တာမှတ်လို့။ ကဲ ဒါတွေ အသာထားစမ်းပါဦး" မင်းသားကြီးက ၎င်း၏ ဝါသနာဖြစ်သော စစ်ပညာအကြောင်းကို မေးမြန်းနေပြန်သည်။ "သားတော်တို့ကို ဂျာမန်တွေက 'သေနင်္ဂဗျူဟာ'လို့ ခေါ်တဲ့ စစ်မှုသိပ္ပံပညာသစ်တစ်ရပ်ကို သင်ကြားပေးလိုက်တယ် မဟုတ်လား။ ဒီစစ်ပညာနဲ့ ဘိုနာပတ်ကို သားတော်တို့က ဘယ်လိုများ တိုက်မှာလဲ"

မင်းသားကလေး အင်ဒရေက ပြုံးလိုက်၏။

"သားတော် စဉ်းစားပါရစေဦး ဖေဖျား" မင်းသားကလေးအင်ဒရေသည် ပြုံးရယ်ရင်း ပြောလိုက်လေသည်။ မင်းသားကလေး အင်ဒရေ၏အပြုံးမှာ ခမည်းတော်၏ ပျော့ကွက်ကို သိပင်သိငြားသော်လည်း ခမည်းတော်အား လေးစားချစ်ခင်မှု မလျော့ကြောင်း အဓိပ္ပာယ်ဆောင်သည့် အပြုံးမျိုးဖြစ်လေသည်။ "နောက်တော့ အေးအေးဆေးဆေး ပြောတာပေါ့ ဖေဖျား။ ခုတော့ သားတော်တို့ ပစ္စည်းတွေ ဘာတွေ နေရာမချရသေးဘူး"

"အို ဒါတွေ အသာထားစမ်းပါ သားတော်ရဲ့။ အေးချော့ပြီး ပြောမနေစမ်းပါနဲ့" မင်းသားကြီး ဘိုလကွန်စကီက အော်၍ ပြောလိုက်ရင်း ကျစ်ဆံမြီး ခိုင်မခိုင်ကို စမ်း၍ ဆွဲကြည့်လိုက်ပြီးနောက် မင်းသားကလေး အင်ဒရေကို လှမ်း၍ ဖက်လိုက်သည်။ "သားတော် ကြင်ရာတော်အတွက်အားလုံး အဆင်သင့်ရှိတယ်။ သမီးတော် မေရီက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နေရာချပေးထားပြီး သူတို့အချင်းချင်း စကားအတင်းအဖျင်း ပြောနေကြဦးမှာ။ မိန်းမဆိုတာ အတင်းအဖျင်းလေး ပြောရမှ နေသာထိုင်သာ ရှိတတ်တာပဲ။ ဖေဖျေားလဲ ချွေးမတော်ကို တွေ့ရလို့ ဝမ်းသာတယ် သားတော်။ ကဲ ထိုင်ပြီး စကားစမြည် ပြောစမ်းပါဦး။ ပိုလန်ပြည်ကို ချီမယ့်ဗိုလ်ချုပ်ကြီး မိုက်ကယ်ဆင်ရဲ့ တပ်မတော်ကြီး အကြောင်းတော့ ကြားပြီးပါပြီ။ ဗိုလ်ချုပ်ကြီး တော်စတွိုင်းကိုလဲ တပ်တော်ကြီးတစ်တပ်နဲ့ ချီစေတော်မူတဲ့အကြောင်းလဲ ကြားပြီးပြီဆိုပါတော့။ အဲဒါပေမဲ့ ဖေဖျား နားမလည်တာက တောင်ဘက်ကြောင်းချီတဲ့ တပ်တော်ကြီး အကြောင်းပဲ။ ပရပ်ရှားက ကြားနိုင်ငံဆိုတာ ဖေဖျား သိတယ်။ ဒါပေမဲ့ ဩစထရီးယားက ဘယ်လိုတဲ့လဲ။ ဆွီဒင်ကကော ဘယ်လိုလဲ။ ပိုမာရင်းနီးယား ရေလက်ကြားကို ဘယ်လိုကူးကြမှာတဲ့လဲ”

မင်းသားကြီး ဘိုလကွန်စကီသည် ထထိုင်ကာ ခန်းဆောင်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိ၏။ လက်စွဲတော်မြဲကြီးတီကွန်သည် နောက်ကပြေးလိုက်ရင်း ဝတ်လဲတော်များကို တစ်ခုစီ လိုက်၍ ပေးနေသည်။

မင်းသားကြီး ဘိုလကွန်စကီက တိုက်တွန်းဖန်များလာသောအခါတွင် မင်းသားကလေးအင်ဒရေသည် မပြောချင့် ပြောချင့်ဖြင့် ပြောနေရသော်လည်း တဖြည်းဖြည်းနှင့် စိတ်အား ထက်သန်စပြုလာ၏။ ထို့နောက် လာမည့် စစ်ပွဲကြီးအတွက် စစ်သေနင်္ဗျူဟာ အခင်းအကျင်းများကို ရုရှားဘာသာဖြင့် ပြောနေရင်းက အားမရတော့သကဲ့သို့ ပြင်သစ်ဘာသာဖြင့် ပြောဆိုလျက် ရှိလေသည်။ စစ်သည်တော်ပေါင်းကိုးသောင်း ပါဝင်သည့် ရုရှားတပ်တော်ကြီးတစ်တပ်သည် ပရပ်ရှားအား စစ်ထဲသို့ ဆွဲသွင်းရန်အတွက် ပရပ်ရှား၏ ကြားနေရေးကို ခြိမ်းခြောက်ရန် ကြံရွယ်လျက်ရှိကြောင်း၊ ထိုတပ်တော်ကြီးမှ အချို့သော တပ်ကြီးများမှာ စထရတ်စ်လန်း ဒေသတွင် ဆွီဒီတပ်များနှင့် ပေါင်းမည်ဖြစ်ကြောင်း၊ ရုရှားစစ်သည် တစ်သိန်းပါဝင်၍ စစ်သည်အင်အား နှစ်သိန်းနှစ်သောင်းပါဝင်သော ဩစထရီးယားတပ်ကြီး တစ်တပ်သည် အီတလီပြည်ထဲတွင် ဝင်ရောက်ထိုးဖောက်ကာ ရိုင်းမြစ်ရိုးတစ်လျှောက် ချီတက်မည်ဖြစ်ကြောင်း၊ ရုရှားစစ်သည် ငါးသောင်းနှင့် ထိုအရေအတွက်လောက်ရှိသည့် အင်္ဂလိပ်တပ်ကြီးများသည် အီတလီပြည်နေပဲကမ်းခြေကို တက်ရောက်မည်ဖြစ်ကြောင်း၊ စုစုပေါင်း စစ်သည် ငါးသိန်းပါဝင်သည့် တပ်ကြီးများသည် ပြင်သစ်ပြည်ကို ဤနည်းအားဖြင့် အဘက်ဘက်မှ ညှပ်ပိတ်၍ တိုက်မည်ဖြစ်ကြောင်း စသည်ဖြင့် ရှည်လျားစွာ ရှင်းပြလျက်ရှိလေသည်။ ထိုသို့ မင်းသားကလေး အင်ဒရေက ရှင်းပြနေသည့်အချိန်၌ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် စိတ်ဝင်စားဟန်ကို နည်းနည်းကလေးမျှ မပြသည်သာမက နားထောင်ခြင်းပင် မပြုသကဲ့သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဝတ်လဲတော်များကို လဲလျက်ရှိကာ သုံးကြိမ်ထက်မနည်း ကြားကဖြတ်၍ ပြောသည့်အခါ ပြောလိုက်ပေသေးသည်။ တစ်ချိတွင်မူ “ကျုပ်ပြောတာက အဖြူရောင်ဗျ၊ အဖြူရောင်” ဟု ဝတ်လဲတော်ပေးနေသည့် လက်စွဲတော်ကြီးကို ဒေါသတကြီး အော်လိုက်သေးသည်။

ဤသို့ အော်ရခြင်းမှာ လက်စွဲတော်ကြီး တီကွန်က ၎င်းကိုချင်သော ဝတ်ရုံအင်္ကျီကို မပေးမိသောကြောင့် ဖြစ်၏။ တစ်ချိတွင်လည်း မင်းသားကလေး အင်ဒရေ စကားပြောနေသည်ကို ဖြတ်ကာ

“နေစမ်းပါဦး။ ချွေးမတော်က ကိုယ်လေးလက်ဝန်နဲ့လား၊ အင်း အဲဒါမှ ဒုက္ခပဲ။ ကဲ ကဲ ဆက်ပြောဆက်ပြော”ဟု အပြစ်တင်သည့်ဟန်ဖြင့် ခေါင်းကိုယမ်းခါလျက် ရှိသည်။

မင်းသားကလေးအင်ဒရေ စကားဆုံးခါနီးတွင်မူကား မင်းသားကြီး ဘိုလကွန်စကီသည် အဘိုးကြီးအိုအသံမျိုးဖြင့် ‘မြို့စားကလေး စစ်ချီထွက်တော့မည်။ ဘယ်အချိန်တွင် ပြန်လာမည်ကို ဘုရားသခင်သာ သိနိုင်သည်’ဟူသော ပြင်သစ်သီချင်းတစ်ပုဒ်ကို ဆိုလျက်ရှိလေသည်။

မင်းသားကလေး အင်ဒရေကား ခမည်းတော်ကို ကြည့်၍ ပြုံးရုံသာ ပြုံး၏။

“ဒီစစ်ဆင်ရေး စီမံကိန်းကို သားတော် သဘောကျတယ်လို့တော့ မပြောလိုပါဘူး။ အဖြစ်အပျက်ကိုသာ ခမည်းတော် နားလည်အောင် ပြောတာပါ။ ခုအချိန်ဆိုရင် နပိုလီယန်ကလည်း သူ့စစ်ဆင်ရေး စီမံကိန်းကို ရေးဆွဲပြီးလောက်ရောပေါ့။ သူ့စီမံကိန်းဟာလဲ သားတော်တို့ရဲ့ စီမံကိန်းထက်တော့ညံ့မယ်မထင်ဘူး”

“သားတော် ပြောတဲ့အတိုင်းဆိုရင်တော့ သားတော်



www.burmeseclassic.com

www.burmeseclassic.com



ချို့ရဲ့စစ်ဆင်ရေး စိမ်ကိန်းဟာ သိပ်အသစ်အဆန်း မဟုတ်လှပါဘူး”

မင်းသားကြီးဘိုလကွန်စကီသည် တွေးတောစဉ်းစားရင်း ဤစကားကို ထပ်ပြန်တလဲလဲ ပြောနေလေသည်။ အတန်ကြာမှ

“ကဲ ထမင်းစားခန်းဆောင်ကို သွားနှင့်သားတော်”

## အခန်း ၂၇

ချိန်းဆိုထားသောအချိန်၌ မင်းသားကြီး ဘိုလကွန်စကီသည် မုတ်ဆိတ်ကို စင်ကြယ်စွာရိတ်လျက် ဆံပင်ကို နံ့သာမှုန့်ဖြူးကာ ထမင်းစားခန်းဆောင်ထဲသို့ ရောက်ရှိလာလေသည်။ချွေးမတော်မင်းသမီးကလေးလီဇာ၊သမီးတော် မင်းသမီးကလေး မေရီနှင့် ပြင်သစ်သူ ဘူရင်းတို့သည် မင်းသားကြီး ဘိုလကွန်စကီ၏ လက်စွဲတော် ဗိသုကာကြီးနှင့်အတူ မင်းသားကြီးကို စောင့်လျက် ရှိကြလေသည်။ အမှန်အားဖြင့် ဗိသုကာကြီးကဲ့သို့ မထင်ရှားသော အညတရတစ်ဦးသည် မိမိ၏အဆင့်အတန်းအရ ဤသို့သော ထမင်းစားခန်းဆောင်သို့ လာရောက်ရန် နည်းနည်းလေးမျှ စိတ်ကူးမထည့်အပ်သော အရာဖြစ်သော်လည်း ခပ်ဆန်းဆန်း လုပ်လေ့ရှိသော မင်းသားကြီး ဘိုလကွန်စကီ၏ ချီးမြှင့်မြှောက်စားခြင်းကို ခံရသည့်အတွက် ယခုကဲ့သို့ လာရောက်ခွင့်ရခြင်း ဖြစ်လေသည်။ ဂုဏ်အဆင့်အတန်း ခွဲခြားခြင်းအရာတွင် လွန်စွာ တင်းကျပ်ပြီး အရေးကြီးသော ရွှေနန်းတော်အမှုထမ်းများကိုပင် မိမိ၏ ညစာစားပွဲသို့ ခွင့်ပြုခဲလှသည့် မင်းသားကြီးက အညတရတစ်ဦးဖြစ်သူ ဗိသုကာအီဗန်နိုဗစ်ချ်အား (အီဗန်နိုဗစ်ချ်မှာ ထောင့်တစ်ထောင့်တွင် သွားကာ လက်ကိုင်ပဝါဖြင့် ပိတ်၍ မကြာခဏ ချေဆတ်တတ်သူဖြစ်သည်။)ညစာစားခန်းမဆောင်သို့ မမျှော်လင့်ဘဲ ဖိတ်ကြားလိုက်ခြင်းမှာ လူအားလုံးသည် တန်းတူညီမျှ ဖြစ်ကြသည်ဟူသော ခေတ်စားလျက်ရှိသည့် အယူအဆတစ်ခုကို လက်တွေ့ပြရန်ဖိတ်ခေါ်လိုက်ခြင်း ဖြစ်၏။ ထို့ပြင်လည်း အီဗန်နိုဗစ်ချ်သည် မိမိတို့ထက် နိမ့်ကျနေသော လူတစ်ယောက် မဟုတ်ဟူသော သဘောကို သမီးတော် မင်းသမီးကလေးမေရီ၏ စိတ်တွင်စွဲသွားစေရန် ဖြစ်လေသည်။ ညစာစားရင်လည်း မင်းသားကြီး ဘိုလကွန်စကီသည် တုဏှိဘာဝေပြုသော ဗိသုကာ အီဗန်နိုဗစ်ချ်ကို အခြားသူများထက် အရေးတယူ စကားပြောလျက် ရှိလေသည်။

စံအိမ်တော်၌အခြားခန်းဆောင်များကဲ့သို့ပင် ခမ်းနား ကြီးကျယ်စွာ ပြင်ဆင်ထားသည့် ထမင်းစားခန်းမဆောင်တွင်း၌ကား စံအိမ်သားအားလုံးသည် မတ်တတ်ရပ်လျက်မင်းသားကြီး ဘိုလကွန်စကီကို စောင့်ဆိုင်းလျက် ရှိကြ၏။ ထိုင်ဖုံတစ်လုံးစီ တစ်လုံးစီ၏ နောက်တွင်လည်း အဆောင်ကိုင် တစ်ယောက်စီ မတ်တတ်ရပ်လျက် ရှိကြလေသည်။ လက်သုက်ပဝါကို လက်မောင်းပေါ်တွင် တင်ထားသည့် စားတော်ကဲသည် စားပွဲကို နေထားတကျ ပြင်လျက်လည်းကောင်း၊ အဆောင်ကိုင်များအား လက်ဟန်ခြေဟန်ဖြင့် အချက်ပြလျက်လည်းကောင်း အလုပ်ရှုပ်လျက် ရှိရင်းက နာရီကို ကြည့်နေရာမှ မင်းသားကြီး ဘိုလကွန်စကီ ဝင်ရောက်လာမည့် တံခါးဆီသို့ စိုးရိမ်တကြီးဖြင့် လှမ်း၍ ကြည့်ရှုနေသည်။ မင်းသားကလေး အင်ဒရေကား ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ ဆွေစဉ်မျိုးဆက်ဇယားချပ်ထည့်ထားသည့် ရွှေပေါင်ကြီးကို ယခုအကါ ပထမအကြိမ် မြင်ရခြင်းဖြစ်သည့် အလျောက် ငေးကြည့်လျက်ရှိလေသည်။ ဆွေစဉ်မျိုးဆက်ဇယားချပ်ထည့်သည့် ရွှေပေါင်နှင့် မျက်နှာချင်းဆိုင်၌ အလားတူ ရွှေပေါင်မျိုးဖြင့် ထည့်ထားသော လက်ရာမသေမသပ်ဖြင့် ဆွဲထားသည့် (မင်းသားကြီး ဘိုလကွန်စကီ ပိုင်နယ်မြေမှ တောပန်းချီဆရာတစ်ဦး၏ လက်ရာဖြစ်ဟန်ရှိသည်။ ) သရဖူဆောင်း ဥပရာဇာ မင်းတစ်ပါး၏ပုံကို ချိတ်ထားလျက်ရှိသည်။ ထိုပုံကား ရူးရစ်မင်း၏ အဆက်အနွယ်ဖြစ်ပြီး မင်းသားကြီးဘိုလကွန်စကီး၏ဘိုးဟု အဆိုရှိလေသည်။ မင်းသားလေးအင်ဒရေသည် ဆွေစဉ်မျိုးဆက်ဇယားကို တစ်ဖန် လှမ်းကြည့်လိုက်ပြန်ကာ ခေါင်းကိုယမ်းရင်း ပင်ကိုရုပ်နှင့် ရယ်စရာကောင်းလောက်အောင် တူလွန်းသော ပုံတူတစ်ခုကိုကြည့်၍ ရယ်သောလူတစ်ယောက်၏ ရယ်ခြင်းမျိုးဖြင့် ရယ်မောလိုက်မိသည်။

“အပြင်အဆင်ကတော့ ဖေဖျားရဲ့ စိတ်သဘောထားနဲ့ တစ်ထေရာတည်းပဲ”

မင်းသားကလေး အင်ဒရေက မိမိအနီးသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာသော အစ်မတော် မင်းသမီးကလေးမေရီကို လှမ်းပြော လိုက်သည်။

မင်းသမီးကလေး မေရီမှာ မောင်တော်မင်းသား ကလေး အင်ဒရေ၏ စကားကြောင့် များစွာ အံ့အားသင့် သွား၏။ မောင်တော်မင်းသားကလေး အင်ဒရေသည် မည်သည်ကို သဘောကျ၍ ရယ်သနည်း။ မိမိအဖို့ကား ခမည်းတော် မင်းသားကြီးဘိုလကွန်စကီ ပြုမူပြောဆို သမျှသည် လေးစားကြောက်ရွံ့သောစိတ်ကို ဖြစ်ပေါ်စေ သည်သာဖြစ်၏။ ၎င်းပြုလုပ်သမျှသည် အမှန်ဟု ယူဆသည်သာ ဖြစ်၏။

"လူတိုင်း လူတိုင်းမှာတော့ ပျော့ကွက်ကလေးတွေ ရှိတာပဲနော်" မင်းသားကလေး အင်ဒရေက ဆက်ပြော လိုက်၏။ "ကြည့်စမ်း ဖေဖျားဟာ ထက်မြက်တယ်၊ စိတ်တန်ခိုး သတ္တိကြီးမားတယ်ဆိုပြီး ဒီလို အဓိပ္ပာယ်မရှိတဲ့ အရာတွေ ကျတော့လဲ လိုက်လုပ်နေသေးတယ်"

မင်းသမီးကလေး မေရီသည် မင်းသားကလေး အင်ဒရေက ယခုကဲ့သို့ ခမည်းတော်နှင့် စပ်လျဉ်း၍ ဝံ့ဝံ့စားစား ဝေဖန်ပြောလိုက်သည်ကို နားမလည်နိုင်အောင် ဖြစ်လျက်ရှိ၏။ ထို့ကြောင့် တစ်စုံတစ်ရာ ပြန်လည်ပြော ဆိုလိုက် မည်အပြုတွင်ခမည်းတော် မင်းသားကြီး ဘိုလကွန် စကီ၏ခြေသံများကို စာကြည့်ဆောင်ဘက်ဆီမှ ကြားလိုက် ရ လေသည်။ မင်းသားကြီးဘိုလကွန်စကီသည် ၎င်း၏နဂို အတိုင်း ခြေလှမ်းကြဲကြီးဖြင့် ခပ်သုတ်သုတ် လျှောက် လာ၏။ စံအိမ်ကြီးက ကြီးကျယ်ခမ်းနား၍ အဆောင် အယောင်စည်းကမ်းများသလောက် မင်းသားကြီး ဘိုလ ကွန်စကီ၏ လမ်းလျှောက်ပုံမှာ ပုံမကျ ပန်းမကျဖြစ်လျက် ရှိလေရာ မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့ ဆန့်ကျင်ဘက် ပုံသဏ္ဌာန်မျိုးပေါ်အောင် တမင်ပြုလုပ်နေ ခြင်းပေလောဟု ထင်မှတ်ရ၏။ ထိုအခိုက်တွင် ထမင်းစား ခန်းဆောင်ထဲမှ နာရီကြီးက နှစ်ချက်တီးလိုက်ပြီး ဧည့်ခန်း ဆောင်ထဲမှ နာရီကလည်း အသံသေးသေးမျှင်မျှင်ကလေး ဖြင့် နှစ်ချက်မြည်လိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီ သည် တံ့ခနဲရပ်လိုက်ပြီး နောက်ထူထဲသော မျက်ခုံးများ အောက်မှ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ထမင်းစားခန်းဆောင်ထဲတွင် ရှိနေသူ အားလုံးကို ခပ်စိမ်း စိမ်းတစ်ချက်မျှ ကြည့်လိုက်ရာမှ ၎င်း၏မျက်လုံးများသည်

မင်းသမီးကလေး လီဇာထံသို့ ရောက်သွားကြ၏။ မင်းသမီး ကလေး လီဇာမှာလည်း ရွှေနန်းတော်တွင်းသို့ ဘုန်းတော် ကြီးလှသော ဘုရားကြွရောက်လာသည့်အခါတွင် ရွှေနန်းတွင်းသူများ ခံစားလိုက်ရသကဲ့သို့ ကြောက်ရွံ့ လေးစားစိတ်များ ရင်ထဲတွင် တဖွားဖွား ပေါ်ပေါက်လာ လေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် ချွေးမတော် မင်းသမီးကလေး လီဇာ၏ ခေါင်းကို ပွတ်လိုက်ပြီးနောက် မင်းသမီးကလေး လီဇာ၏လည်ကုပ်ကို ပွတ်သပ်လျက် ရှိ၏။

"အိမ်း ချွေးမတော်ကို တွေ့ရလို့ ဝမ်းသာတယ်" မင်းသားကြီးသည် ချွေးမတော် မင်းသမီးကလေး လီဇာ၏ မျက်လုံးကို ရွှန်းရွှန်းစားစားကြည့်၍ ပြောကာ မိမိနေရာသို့ ခပ်သုတ်သုတ် လျှောက်သွားပြီး ထိုင်လိုက်၏။ "ကဲ ထိုင်ကြ ထိုင်ကြ၊ အီဗန်နိုဗစ်ချ်လဲ ထိုင်"

မင်းသားကြီး ဘိုလကွန်စကီသည် ချွေးမတော် မင်းသမီးလေးလီဇာကို ၎င်း၏ဘေးတွင် ဝင်ရောက်ထိုင်ရန် ညွှန်ပြလိုက်သည်။ အဆောင်ကိုင်တစ်ယောက်က ထိုင်ဖုံ တစ်လုံးကို ရွှေ့ပေးလိုက်၏။

"အိမ်း ချွေးမတော်လဲ သုတ်သီးသုတ်ပျာ လာခဲ့ ရလို့ ခရီးပန်းပုံ ရတယ်"

မင်းသားကြီး ဘိုလကွန်စကီက ချွေးမတော်၏ ပဋိသန္ဓေကိုကြည့်၍ ပြောလိုက်ပြီးနောက် ထုံးစံအတိုင်း မျက်လုံးများ၏ ပြုံးရွှင်ခြင်း အမူအရာမပါဘဲ နှုတ်ခမ်းလှုပ်ရုံ ခြောက်ကပ်ကပ်အသံဖြင့် မနှစ်မြို့ဖွယ် ရယ်လိုက်၏။

"လမ်းများများ လျှောက်ပေး။ များနိုင်သလောက် များများ လျှောက်ပေး၊ ကြားလား ချွေးမတော်"

မင်းသမီးကလေးလီဇာသည် မင်းသားကြီး ဘိုလကွန်စကီ၏ စကားများကို ကြားလည်းမကြား၊ ကြားလိုစိတ်လည်းမရှိချေ။ စိတ်ထဲတွင် နောက်ကျူရှုပ်ထွေး လာသဖြင့် ခပ်မဆိတ်သာ နေလိုက်၏။ မင်းသားကြီး ဘိုလကွန်စကီကမူ အတောမသတ်သေးဘဲ ချွေးမတော်၏ ခမည်းတော်အကြောင်းကို ဆက်လက်မေးမြန်းနေပြန် သည်။ ဤတွင် မင်းသမီးကလေး လီဇာမှာလည်း မနေ သာတော့ဘဲပြုံးလျက် ပြန်လှန်ပြောဆိုနေရပြန်သည်။ အသိမိတ်ဆွေကြောင်းများကို စပ်၍ မေးမြန်းသောအခါ ၌ကား မင်းသမီးကလေးလီဇာမှာ တဖြည်းဖြည်း အာစရှင်



www.burmeseclassic.com

www.burmeseclassic.com



လာကာ မင်းသားကြီးဘိုလကွန်စကီအား မည်သူမည်ဝါက နှုတ်ဆက်သည်ကအစ၊ ရွှေမြို့တော်၏သတင်းစုံကို ဖောက်သည်ချနေလျက် ရှိလေသည်။

"မြို့စားကတော်ကြီး အပရာစီနာ တစ်ယောက်ကတော့ ခင်ပွန်းဆုံးလို့ မျက်ရည်နဲ့ မျက်ခွက်ပဲ။ ခမျာ သနားစရာ ကောင်းလှပါတယ်ဖေဖျား"

မင်းသမီးကလေး လီဇာမှာ အာစလျှာစ သွက်သည်ထက်သွက်လာလေသည်။ သို့ရာတွင် မင်းသမီးကလေး လီဇာ၏ အာစလျှာစသွက်လာသည်နှင့် တစ်ပြိုင်နက် မင်းသားကြီး ဘိုလကွန်စကီမှာ တဖြည်းဖြည်း မျက်နှာထားတင်းသည့်ထက် တင်းလာခဲ့လေပြီ။ မင်းသားကြီး ဘိုလကွန်စကီ သည် တင်းမာလျက်ရှိသော မျက်နှာထားဖြင့် ချွေးမတော် မင်းသမီးကလေးလီဇာကို မကြာမကြာလှမ်းကြည့်လျက် ရှိ၏။ ထိုနောက်တွင် ချွေးမတော်အား အကဲခတ်ရန် နောက်ထပ် မလိုတော့သကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ရာ စိတ်ကူး ပေါက်လာသကဲ့သို့လည်းကောင်း ချွေးမတော် မင်းသမီးလေး လီဇာ့ဘက်မှ ဗိသုကာကြီး အီဗန်နိုဗစ်ချ် ဘက်သို့ လှည့်လိုက်ပြီး

"ဘယ့်နှယ် ဗိသုကာကြီး၊ ကျုပ်တို့ ဘိုနာပတ်တော့ ဒုက္ခလှလှကြီး တွေ့မယ့်ကိန်းဆိုက်နေပြီဗျ။ စောစောကတင် သားတော်မင်းသားကလေး အင်ဒရေ (မင်းသားကြီးသည် သူ့သားတော်ကို ဤသို့ အပြည့်အစုံနာမည်တပ်၍ ခေါ်လေ့ရှိသည်။)က ဘိုနာပတ်ကို ဘယ်လိုဝိုင်းကြမယ် ဆိုတဲ့အစီအစဉ်တွေ ကျုပ်ကိုပြောပြပြီးပြီ။ ခင်ဗျားတို့ ကျုပ်တို့ ကသာ ဒင်းကို အထင်သေးကြတာ"

ဗိသုကာကြီး အီဗန်နိုဗစ်ချ်သည် မိမိနှင့် မင်းသားကြီးဘိုလကွန်စကီတို့ ဘိုနာပတ်အကြောင်းကို မည်သည့်အခါက ပြောခဲ့ဖူးလေသနည်းဟု စဉ်းစား၍မရချေ။ သို့သော်လည်း မင်းသားကြီး ဘိုလကွန်စကီသည် ၎င်းဝါသနာပါသည့် ကိစ္စကိုပြောဆိုရာတွင် မိမိအား အဖော်ညှိခြင်း ဖြစ်ကြောင်းကို နားလည်သည့်အလျောက် မည်သို့ပြန်ပြောရမည်ကို စဉ်းစားရင်း မင်းသားကလေး အင်ဒရေကို အကဲ ခတ်ကြည့်နေလေသည်။

"အိမ်း၊ ဘိုနာပတ်ကတော့ စစ်ဆုတ်စစ်တက်ကို နားလည်တဲ့ တကယ့်စစ်ပါရဂူကြီးပေပဲ" မင်းသားကြီး ဘိုလကွန်စကီက ဗိသုကာကြီးကို ညွှန်ပြလျက် သားတော်မင်းသားကလေး အင်ဒရေကို ပြောလိုက်သည်။

သို့ဖြင့် စစ်အကြောင်း၊ ဘိုနာပတ်အကြောင်း၊ ယခုခေတ်တိုင်းပြည် ခေါင်းဆောင်ကြီးများနှင့် စစ်သေနာပတိအကြောင်းများကိုလည်းကောင်း ရောက်သွားကြပြန်သည်။ ယခုခေတ်လူများမှာ စစ်နှင့်နိုင်ငံရေး အကြောင်းကို က ကြီး၊ ခ ခွေးလောက်မျှ သိကြသူများ မဟုတ်ဟုလည်းကောင်း၊ ဘိုနာပတ်ဆိုသူမှာ မမှုလောက်သည့် ပြင်သစ်ပါမွှားကလေးတစ်ယောက်မျှ ဖြစ်သည်ဟုလည်းကောင်း၊ ဘိုနာပတ် ယခုကဲ့သို့ ဥရောပတွင် အောင်ပွဲများရနေခြင်းမှာလည်း ရုရှားပြည်တွင် ဗိုလ်ချုပ်ကြီး ပိုတင်ကင်၊ ဗိုလ်ချုပ်ကြီးဆူဗိုရော့ စသူတို့ကဲ့သို့ လက်ရုံးရည်ဖြင့် ပြည့်စုံသူများ မရှိသောကြောင့် ဖြစ်သည်ဟုလည်းကောင်း မင်းသားကြီး ဘိုလကွန်စကီ၏စိတ်တွင် ယူဆထားဟန် ရှိလေသည်။ ထို့မျှမက လက်ရှိအချိန်တွင် ဥရောပ၌ ဖြစ်ပေါ်နေသောအခြေအနေမှာ နိုင်ငံရေး အကျပ်အတည်းများ၊ စစ်ပွဲများဟူ၍ ပြောပလောက်အောင် မရှိသေးဘဲ၊ ယခုခေတ် တိုင်းပြည်ခေါင်းဆောင်များနှင့် စစ်သေနာပတိများက တကယ့်နိုင်ငံရေး အကျပ်အတည်း ဖြစ်လေဟန်၊ တကယ့်စစ်ပွဲကြီးဖြစ်လေဟန် ပုံဆောင်ကာ ရုပ်သေးရုပ်များသဖွယ် ဟန်ဆောင် ကပြနေခြင်းသာ ဖြစ်ကြောင်းဖြင့်လည်း ယူဆလေသည်။ မင်းသားကလေး အင်ဒရေသည် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက ဤသို့ ယခုခေတ် ခေါင်းဆောင်များအား နှိမ့်ချပြောဆိုလျက်ရှိခြင်းကို ငြိမ်သက်စွာ နားထောင်လျက်ရှိ၏။ ခမည်းတော်ကြီး၏ စကားဆုံးသွားသည့်အခါ၌ မင်းသားကလေး အင်ဒရေက

"ဟိုတုန်းကလူတွေ တော်တယ်ဆိုတာတော့ ဟုတ်ပါတယ်ဖေဖျား။ ဒါပေမဲ့ ဖေဖျားတို့ ဗိုလ်ချုပ်ကြီး ဆူဗိုရော့ဟာလဲ အရင်စစ်ပွဲတုန်းက ပြင်သစ်ဗိုလ်ချုပ် မော်ရေးရဲ့ ကျော့ကွင်းထဲ အစင်းသားမိခဲ့တာပဲ မဟုတ်ဘူးလား။ ပြင်သစ်ဗိုလ်ချုပ် မော်ရေးရဲ့ ကျော့ကွင်းထဲက ရုန်းမထွက်နိုင်ခဲ့ဘူး မဟုတ်လား"

"သားတော်ကို ဘယ်သူပြောသလဲဟင်။ ဘယ်သူက ပြောသလဲ" မင်းသားကြီးကအော်၍ ပြောလိုက်ပြီး ပန်းကန်ပြားကို တွန်းပစ်လိုက်ရာ လက်စွဲတော်ကြီးတီခွန် လက်မြန်စွာ ဆီးဖမ်းလိုက်သဖြင့် မကွဲခြင်းဖြစ်လေသည်။ "ဗိုလ်ချုပ်ကြီး ဆူဗိုရော့က ပြင်သစ်ဗိုလ်မော်ရေးထံမှာ



www.burmeseclassic.com

www.burmeseclassic.com



အညံ့ခံရတယ် ဟုတ်စ။ သားတော်ကို ဘယ်သူကများ ပြောလိုက်လို့လဲလဲ ဟင်။ ဗိုလ်ချုပ်ကြီး ဆူဗိုရော့ကိုသာ စိတ်ရှိလက်ရှိ လွှတ်ပေးပြီး အတိုက်ခိုင်းရင် ပြင်သစ်ဗိုလ်မော်ရေးကို သုံ့ပန်းအဖြစ် လက်ရတောင် ဖမ်းမိလိမ့်ဦးမယ်။ ခုတော့ ဗိုလ်ချုပ်ကြီးဆူဗိုရော့ကို ဩစတြီးယား ဘုရင်ရဲ့ စစ်ဦးစီးဌာနချုပ် ညွှန်ကြားချက်ကို လိုက်နာရမယ်လို့ ရွှေနန်းတော်ကြီးက အမိန့်ထုတ်ခဲ့တာကိုတော့ သားတော်က ထည့်မပြောဘဲကိုး။ စစ်သေနာပတိချုပ် တစ်ယောက်ကို တခြားနိုင်ငံတစ်နိုင်ငံရဲ့ စစ်ဦးစီးချုပ်အောက်မှာထားရင် ဒီစစ်သေနာပတိချုပ်လဲ ဘာလုပ်နိုင်တော့မှာလဲ။ သားတော် စစ်ထွက်လို့ရှိရင် ဩစတြီးယား စစ်ဦးစီးဌာနချုပ်ရဲ့ အကြောင်းကို သေသေချာချာ သိရလိမ့်မယ်။ ပြင်သစ်တွေကို ဆူဗိုရော့လို လက်ရုံးရည် ပြည့်ဝတဲ့ ဗိုလ်ချုပ်ကြီးတွေမှ နိုင်အောင်မတိုက်နိုင်ရင် သားတော်တို့ သေနာပတိ ဗိုလ်ချုပ်ကူတူဇော့ဗ်ကော ဘာတတ်နိုင်မှာလဲ။ အဲေးကြီး"

မင်းသားကြီး ဘိုလကွန်စကီက ခေတ္တနား၍ စကားကို ဆက်ပြန်သည်။

"ဒီမှာ သားတော်။ ဘိုနာပတ်ကို သားတော်ရော သားတော်တို့ ဗိုလ်ချုပ်တွေကော နိုင်အောင်မတိုက်နိုင်ဘူးမှတ်ထား။ နောက်ဆုံးသားတော်တို့ တိုက်တိုင်း ရှုံးဖန်များလာတဲ့ အခါကျတော့ ပြင်သစ်အချင်းချင်း သွေးခွဲ၊ ဘိုနာပတ်ကို ပြန်အတိုက်ခိုင်း၊ အိမ်ကြက်ချင်း အိုးမည်းသုတ် အခွပ်ခိုင်းတဲ့အဖြစ်ကို ရောက်အောင် လုပ်ရမှာပဲ မဟုတ်လား။ နယူးယောက်မှာရှိတဲ့ ပြင်သစ်ဗိုလ်မော်ရေးကို ဘိုနာပတ် အတိုက်ခိုင်းဖို့ ခုပဲ ရွှေမြို့တော် ဘုရင်ခံချုပ် ဂျာမန်ကောင် ပါလင်းကို စေလွှတ်ပြီး ခေါ်ခိုင်းနေရပြီ မဟုတ်လား"

မင်းသားကြီး ဘိုလကွန်စကီက ပြင်သစ်ဗိုလ်ချုပ်ဟောင်း မော်ရေးအား ဘိုနာပတ်ကို အတိုက်ခိုင်းရန်အတွက် ရုရှားစစ်မှုထမ်းရန် အခေါ်လွှတ်သည့်ကိစ္စကို ထောက်ပြ၍ ပြောလိုက်၏။

"အံ့ပါ့ဗျာ။ ကိုယ့်စစ်ဗိုလ်ချုပ်ကို ဂျာမန်သွေးထဲကလူ ခန့်သတဲ့။ ဒီမှာ သားတော်၊ ဖေဖျားတို့ တိုင်းပြည်ရဲ့ ရာဇဝင်မှာထွန်းပြောင်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးတွေဟာ ဩစတြီးယန်းသွေးတစ်စက်မှ မပါဘူး သိရဲ့လား။ ဗိုလ်ချုပ်ကြီး ပိုတင်ကင်း၊ ဗိုလ်ချုပ်ကြီးဆူဗိုရော့၊ ဗိုလ်ချုပ်ကြီး ဩလော့ဗ် တို့တစ်တွေဟာ ဂျာမန်သွေးတစ်စက်မှမပါဘူး။ သားတော်တို့ ခုခေတ်လူတွေပဲ ရှူးကုန်ကြပလား။ ဖေဖျားပဲ ခေတ်နောက်ကျကျန်ခဲ့သလားတော့ မသိဘူး။ နောင်တစ်နေ့တော့ ဘယ်သူမှန်တယ် မှားတယ်ဆိုတာ သိလိမ့်မပေါ့လေ။ ခု အတိုင်းဆိုရင်တော့ ဘိုနာပတ်ကို တကယ့်အဓိပတိ စစ်ဗိုလ်ချုပ်ကြီး ထင်နေသပေါ့"

"ခု ကျွန်တော်တို့ရဲ့ စစ်ဆင်ရေး စီမံကိန်းတွေ အားလုံးဟာ ခြောက်ပြစ်ကင်းလို့တော့ မပြောလိုပါဘူး ဖေဖျား" မင်းသားကလေး အင်ဒရေက ပြောလိုက်၏။ "ဒါပေမဲ့ ကျွန်တော်ကတော့ ဘိုနာပတ်နဲ့ ပတ်သက်တဲ့ ဖေဖျားရဲ့ အမြင်ကိုသာ အံ့ဩမိပါတယ်။ ဖေဖျားရယ်ရင်လဲ ခံရပါ့မယ်။ ကျွန်တော့်အဖို့ကတော့ ဘိုနာပတ်ဟာ တကယ်လက်ရုံးရည်နဲ့ ပြည့်စုံတဲ့ စစ်သေနာပတိကြီး တစ်ဦးလို့ မြင်ပါတယ်"

"မီသုကာကြီးရေ" မင်းသားကြီး ဘိုလကွန်စကီက လှမ်း၍ခေါ်လိုက်သည်။ မီသုကာကြီးမှာ မိမိအဖို့ မင်းသားကြီး ပြောသမျှ ခေါင်းညိတ်ရသည့် ဝင့်မှ ကျွတ်လေပြီဟု ယူဆကာ အမဲကင်တုံးကို ဝါးလျက်ရှိ၏။ "ကဲ ဘိုနာပတ်ဟာ စစ်ပါရဂူကြီးပါလို့ ခင်ဗျားကို ကျုပ်မပြောလားဗျ။ ဟော ခု သားတော်လေးကလဲ ဒီအတိုင်း ပြောနေပြန်ပြီဗျ"

"ဟုတ်ပါတယ် ကိုယ်တော်ကြီး"

မင်းသားကြီးက လှောင်ရယ် ရယ်လိုက်သည်။

"ဘိုနာပတ်ဆိုတဲ့လူဟာ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးလာတဲ့ လူပါ သားတော်ရဲ့။ သူ့မှာ စစ်သားကောင်းတွေရှိတယ်။ ပြီးတော့ စစ်တိုက်တိုက်ချင်း ဂျာမန်တွေနဲ့သာ တိုက်ခဲ့ရတယ်။ ဂျာမန်ဆိုတဲ့ ကောင်တွေဟာ လူဖျင်းလူနတွေ။ ဒီကောင်တွေကိုတော့ အလောင်းကောင်က ထတိုက်လဲနိုင်မှာပဲ။ ကမ္ဘာကြီးဖြစ်လာကတည်းက ဂျာမန်ရာဇဝင်မှာ ရှုံးခဲ့တာချည်း မဟုတ်လား။ ဘယ်သူ့ကို နိုင်ဖူးလို့လဲ။ ဂျာမန်ကောင်တွေဟာ အချင်းချင်း သတ်ဖို့က လွဲလို့ ဘယ်သူ့ကိုမှ နိုင်အောင် မတိုက်နိုင်ခဲ့ဘူး။ ဘိုနာပတ်ဟာ ဒီလိုဖျင်းတဲ့၊ အတဲ့ဂျာမန်တွေကို တိုက်နိုင်ခဲ့လို့ နာမည်ကြီး လာတာပါကွယ်။ အစွမ်းထက်လှလို့ မဟုတ်ပါဘူး"

ထိုနောက်တွင်ကား မင်းသားကြီး ဘိုလကွန်စကီသည် စစ်ရေးတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်း

www.burmeseclassic.com



ကောင်း ကျူးလွန်ခဲ့သည်ဟုဆိုသော ဘိုနာပတ်၏ အမှားတော်ပုံများကို ပြောပြနေပေသည်။ မင်းသားကလေး အင်ဒရေသည် ဝင်ရောက်ပြောဆိုခြင်း မပြုတော့ချေ။ ဝင်ရောက်ပြောဆိုလျှင်လည်း ခမည်းတော် မင်းသားကြီး၏ ထင်မြင်ချက်ကို ပြောင်းလဲအောင် တတ်နိုင်မည်မဟုတ်ဘဲ အချည်းနှီးသာ ဖြစ်နေလိမ့်မည်ဖြစ်ပေသည်။ မင်းသားကလေးအင်ဒရေသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုမိရန် စိတ်ကို ချုပ်တည်း၍ နားထောင်လျက် ရှိရင်း ကျေးတောတွင် နှစ်ပေါင်းများစွာ အထီးကျန် နေထိုင်လျက်ရှိသည့် ဤအဘိုးကြီးသည် လက်ရှိဥရောပတိုက် နိုင်ငံရေးနှင့် စစ်ရေးစစ်ရာများကို အဘယ်ကြောင့် တိကျစွာ သိရှိနားလည်ကာ အသေးစိတ် ဆွေးနွေးနိုင်ပေသနည်းဟု စဉ်းစားနေမိသည်။

"သားတော်ကတော့ ဖေဖျားတို့လို ရှေးအဘိုးကြီးတွေဟာ လက်ရှိအခြေအနေတွေကို မလိုက်နိုင်တော့ဘူးလို့ ထင်မှာပေါ့ဟုတ်စ" မင်းသားကြီးက မေးလိုက်၏။

"မထင်နဲ့သားတော်၊ ဖေဖျားဟာ ဒီကိစ္စတွေချည်းပဲ တွေးနေမိတယ်။ ညဆိုရင် အိပ်လို့တောင် မပျော်ဘူး။ ကဲ ဆိုစမ်းပါဦး။ သားတော်မောင်တို့အထင်ကြီးတဲ့ စစ်ပါရဂူကြီးဘိုနာပတ်ရဲ့ အောင်မြင်မှုတွေ ပြောစမ်းပါဦး"

"ဒါကို ပြောရရင် အရှည်ကြီး ပြောရပါလိမ့်မယ် ဖေဖျား" မင်းသားကလေး အင်ဒရေက ဖြေလိုက်သည်။

"လာပြန်ပလား။ ကဲ ဒီလောက်တောင် ရှိလှတာ ဘိုနာပတ်ဆိုရင်လဲ ဝင်အမှုထမ်းလေကွာ။ မတ်မွိုင်းဇယ် ဘူရင်းရေ့၊ ဟောဒီမှာ မင်းတို့ရဲ့ သနပ်ခါးလိမ်းတဲ့ မျောက်ဘုရင်ကို ကြည်ညိုတဲ့ လူတစ်ယောက်တော့ လာပြန်ပြီကွယ့်"ဟု ပြင်သစ်စကားဖြင့် လှမ်းပြောလိုက်သည်။

"ကျွန်မက ဘိုနာပတ်ရဲ့ နောက်လိုက်မဟုတ်ပါဘူး ကိုယ်တော်ကြီး"

မင်းသားကြီး ဘိုလကွန်စကီသည် ပြင်သစ်သီချင်း တစ်ပုဒ်ကို အသံကြောင့်ဖြင့်ဆိုကာ ခပ်သောသောကလေး ရယ်လိုက်ပြီး စားပွဲမှ ထလိုက်သည်။

မင်းသမီးလေးလီဇာသည် သားအဖ စကားပြောနေစဉ်နှင့် ညစာစားချိန်များတွင် လုံးဝတိတ်ဆိတ်လျက်ရှိကာ ယောက္ခမနှင့် ယောက်မမင်းသမီးမေရီ၏ မျက်နှာကို ကြောက်ကြောက်လန့်လန့် ကြည့်နေမိသည်။ စားပွဲမှ ထကြသည့်အခါတွင်ကား မင်းသမီးကလေး လီဇာသည် ယောက်မတော်မင်းသမီးကလေးမေရီအား လက်မောင်းမှ ကိုင်၍ ခန်းဆောင်တစ်ခုထဲသို့ ခေါ်သွားသည်။

"ဖေဖျားကဖြင့် ဉာဏ်ပညာ ကြီးမားပါပေတယ် နော်။ ဒါကြောင့် ယောက်မတော်ဖြင့် ကြောက်လဲကြောက်၊ ရိုလဲရိုသေ"

"အို ဖေဖျားဟာ တစ်ဖက်သားကိုလဲ သနားညှာတာတတ်ပါတယ် ညီမတော်"

မင်းသမီးကလေးမေရီက ဖြေလိုက်လေသည်။

## အခန်း ၂၈

မင်းသားကလေး အင်ဒရေမှာ နောက်တစ်နေ့ညနေတွင် စစ်ထွက်ရမည်ဖြစ်၏။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိဇယားကို အပျက်မခံဘဲ ညစာစားပြီးသည်နှင့် ထုံးစံအတိုင်း အနားယူလေသည်။ မင်းသမီးကလေး လီဇာကား ယောက်မတော် မင်းသမီးကလေးမေရီ၏ ခန်းဆောင်ထဲတွင် ရောက်နေပေသည်။ မင်းသားကလေး အင်ဒရေသည် ခရီးသွား ဝတ်စုံကို ဝတ်ထားကာ မိမိ၏သီးသန့်အခန်းထဲ၌ လက်စွဲတော်တစ်ဦးနှင့်အတူ အထုပ်အပိုးများကို ပြင်ဆင်လျက်ရှိ၏။ ကရထားကို မိမိကိုယ်တိုင် ကြည့်ရှုကာ သေတ္တာများ နေရာချထားသည်ကို စစ်ဆေးပြီးနောက် ရထားကို မြင်းက၍ အဆင်သင့်ဖြစ်စေရန် အမိန့်ပေးလိုက်လေသည်။ သေတ္တာငယ်တစ်လုံး၊ ငွေကိုင်းတပ် ခရီးဆောင် ရေဗူးကြီးတစ်လုံး၊ ပြောင်းတိုသေနတ်နှစ်လက်၊ အိုချာကော့တိုက်ပွဲတွင် သိမ်းဆည်းရမိခဲ့ရာမှ ခမည်းတော် မင်းသားကြီးက မိမိအား လက်ဆောင်အဖြစ်ပေးသော ဓားလွယ်တစ်စင်း စသည့် မိမိနှင့် တစ်ပါတည်းယူသွားမည့် ပစ္စည်းများလောက်သာ အခန်းထဲတွင် ကျန်တော့သည်။ မင်းသားကလေး အင်ဒရေ၏ ပစ္စည်းများမှာ သစ်လွင်သန့်ရှင်းကာ အဝတ်ဖုံး၍ ကြိုးစည်းထားပြီး အဆင်သင့်ဖြစ်နေပေပြီ။

စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်များသည် ခရီးတစ်ခုထွက်ခါနီးသော်လည်းကောင်း၊ အနေအထိုင် အသစ်တစ်မျိုး ပြောင်းခါနီး၌သော်လည်းကောင်း လေးနက်စွာ စဉ်းစားတွေးတောလေ့ ရှိတတ်ကြ၏။ ထိုအချိန်အခါ



www.burmeseclassic.com

www.burmeseclassic.com



များ၌ရှေးအတိတ်ကို ပြန်လည်ဆင်ခြင်သုံးသပ်၍ အနာဂတ်ကိုလည်း မြော်တွေးတတ်ကြ၏။ မင်းသားကလေး အင်ဒရေ၏ မျက်နှာသည် ချို့သာရွှင်ပျလျက်ရှိကာ တစ်စုံတစ်ရာကို လေးနက်စွာတွေးတောနေပုံရပေသည်။ မင်းသားကလေးအင်ဒရေသည် လက်နှစ်ဖက်ကို နောက်ပစ်လျက် အခန်းကို ထောင့်တန်းဖြတ် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ရှေ့တည့်တည့်ကိုသာ ကြည့်ကာ တစ်စုံတစ်ရာကို တွေးတောမိဟန်ဖြင့် ခေါင်းကိုယမ်းလျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် စစ်ထွက်ရမည်ကို ကြောက်ရွံ့စိုးရိမ်ခြင်းဖြစ်လေသလော။ သို့မဟုတ် သက်ထားကြင်ရာနှင့် ခွဲခွာရမည်ကို ဝမ်းနည်းခြင်းဖြင့် ဖြစ်လေသလော။ နှစ်ခုစလုံးအတွက်ကြောင့်ပင် ဖြစ်တန်ရာသည်။ ထိုအခိုက် စင်္ကြံဘက်ဆီမှ ခြေသံကြားလိုက်ရ၏။ မင်းသားကလေးအင်ဒရေသည် ခြေသံကြားလိုက်သည်နှင့်တစ်ပြိုင်နက် လက်နှစ်ဖက်ကို ဆက်ထားရာမှ ဖြုတ်လိုက်ပြီးနောက် စားပွဲတစ်လုံးတွင်ရပ်ကာ စားပွဲပေါ်ရှိ သေတ္တာငယ်လေးတစ်လုံးကို ပိတ်ဟန်ပြုနေလိုက်သည်။ မင်းသားကလေးအင်ဒရေသည် စိတ်လှုပ်ရှားလျက် ရှိခြင်းကို အခြားသူများ မြင်သွားမှာကို ရှက်ဟန်ရှိပေသည်။ စင်္ကြံဘက်မှခြေသံမှာ မင်းသမီးကလေးမေရီ၏ ခပ်ပြင်းပြင်းနင်းသော ခြေသံပေတည်း။

"မြင်းတွေကို အဆင်သင့်ကထားဖို့ အမိန့်ပေးပြီးပြီထင်တယ် ဟုတ်လား" မင်းသမီးလေး မေရီက မောကြီးပန်းကြီး မေးလိုက်၏။ (မင်းသမီးကလေးမေရီမှာ ပြေးလာဟန် တူပေသည်။)

"အင်ဒရေနဲ့ နှစ်ယောက်ချင်း စကားပြောချင်နေတာကြာလှပြီ အင်ဒရေ။ ဒီတစ်ခါလဲ မောင်နှမနှစ်ယောက် ဘယ်လောက်ကြာကြာကြီး ခွဲခွာနေရဦးမယ် မသိသေးဘူးနော်။ အစ်မတော်လာလို့ အင်ဒရေမှာ အနှောင့်အယှက်ဖြစ်မလားဟင်။ အင်ဒရေ ဟာ အရင်ကနဲ့ မတူတော့ဘူးနော်"

မင်းသမီးကလေး မေရီက မိမိလာရသည်ကို ပြောပြ လျက်ရှိ၏။ မင်းသားလလေး အင်ဒရေ၏အမည်ကို ခေါ်ရာက မင်းသမီးကလေးမေရီသည် ပြုံးလိုက်၏။ ငယ်စဉ်က မိမိနှင့် ကစားဖော်ဖြစ်၍ အမြဲတမ်း အကျီစားသန်တတ်သည့် ပိန်ပိန်ပါးပါး သူငယ်ကလေး အင်ဒရေသည် ယခုအချိန်၌ တည်ကြည်ရင့်ကျက်သော ယောကျ်ားရင့်မကြီး တစ်ယောက်ဖြစ်နေခြင်းကို မင်းသမီးကလေးမေရီ မယုံနိုင် အောင်ဖြစ်လျက်ရှိသည်။

"လီဇာကော"

မင်းသားကလေး အင်ဒရေက ပြုံး၍ မေးလိုက်၏။

"ခရီးပန်းလာလို့ ထင်ပါရဲ့။ အစ်မတော်ရဲ့ ခန်းဆောင်ထဲက ထိုင်ဖုံပေါ်မှာတင် အိပ်ပျော်သွားတယ်။ အင်ဒရေတို့များ ဒီလိုကြင်ရာတော်မျိုးရတာ သိပ်ကံကောင်းပေတာပဲနော်" မင်းသမီးကလေးမေရီက မျက်နှာချင်းဆိုင် ထိုင်ဖုံတွင် ဝင်ထိုင်၍ ပြောလိုက်သည်။ "ယောက်မတော်ဟာ တကယ့်ကလေးလေးလို ချစ်စရာကောင်းတာပဲ။ အစ်မတော်ဖြင့် ယောက်မတော်ကို တစ်ခါတဲနဲ့ ခင်သွားတာပဲ"

မင်းသားကလေး အင်ဒရေကား ခပ်မဆိတ်သာ နေ၏။ သို့ရာတွင် ၎င်း၏မျက်နှာပေါ်၌ကား၊ ရွတ်ချလှောင်ပြောင်သော အမူအရာပေါ်လျက် ရှိခြင်းကို မင်းသမီးကလေး မေရီ သတိထားမိလိုက်သည်။

"မပြောပလောက်တဲ့ ချွတ်ယွင်းချက်ကလေးတွေကိုတော့ သည်းခံရတာပေါ့ အင်ဒရေ။ လောကမှာ ချွတ်ယွင်းချက်နဲ့ ကင်းတဲ့လူရယ်လို့ ဘယ်မှာရှိနိုင်ပါ့မလဲ။ ယောက်မတော်ဟာ ရွှေမြို့တော် အသိုင်းအဝိုင်းမှာ ကြီးပြင်းလူလားမြောက်လာလေတော့ ခုလို ကျေးတောမှာ နေရတာဟာ သူ့အဖို့ အင်မတန် ဆင်းရဲရှာပေမှာပဲ။ တစ်ယောက်သဘောကို တစ်ယောက်နားလည်ဖို့ လိုပါတယ် အင်ဒရေ။ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်နိုင်ကြရင် တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်ကြတာပဲ။ ယောက်မတော်ခမျာ သနားစရာကောင်းလှပါတယ်။ ရွှေမြို့တော် အသိုင်းအဝိုင်းနဲ့လဲ ဝေးခဲ့ရတယ်။ လင်နဲ့သားနဲ့ခွဲပြီး ကျေးတောမှာ တစ်ယောက်တည်းနေခဲ့ရဦးမယ်ဆိုတော့ သူ့ခမျာလဲ ဘယ်မှာ စိတ်လက်ကြည်သာနိုင်ပေမလဲ"

မင်းသားလေးအင်ဒရေသည် အစ်မတော် မင်းသမီးလေးမေရီကို ကြည့်၍ ပြုံးလိုက်၏။ ၎င်း၏အပြုံးမှာ ကိုယ့်ဝမ်းနာ ကိုယ်သာသိဟူသော သဘောမျိုးဆောင်သည့် အပြုံးမျိုး ဖြစ်ပေသည်။

"အစ်မတော်လဲ ကျေးတောမှာ နေတာပဲ မဟုတ်လား။ အစ်မတော်ကျတော့ ဘာဖြစ်လို့ စိတ်ဆင်းရဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သလဲ”

“ဩော် ဒါကတော့ တခြားစီကိုး။ အစ်မတော် အကြောင်းကို ဘာပြောစရာလိုသလဲ။ အစ်မတော်ကတော့ ကျေးတောမှာပဲမွေး၊ ကျေးတောမှာပဲ ကြီးပြင်းလာတော့ ဒီပြင်နေရာလဲ မနေတတ်တော့ဘူး။ သိလဲမသိဘူး။ နေလဲ နေနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ စဉ်းစားပါ အင်ဒရေ။ ယောက်မတော်လို ရွှေမြို့တော်မှာ ကြီးပြင်းလာခဲ့ရတဲ့ မိန်းမရွယ်တစ်ယောက်ဟာ ခုလိုအရွယ်ကောင်းမှာ ကျေးတောလာပြီး ကိုယ့်ဘဝတစ်ခုလုံးကို မြုပ်နှံထားရမယ်ဆိုတော့ ဘယ်လောက်စိတ်ဆင်းရဲရှာပေမလဲ။ ပြီးတော့လဲ ခမျာမှာ တစ်ယောက်တည်း အချိန်ကုန်ရရှာမှာ။ ဖေဖျားဆိုတာကလဲ သူ့အလုပ်နဲ့သူအားတယ်မရှိဘူး။ အစ်မတော်ရှိပေမယ့် အစ်မတော်ကလဲ ရွှေမြို့တော်မှာ ကြီးပြင်းလာတဲ့ ရွှေမြို့တော်သူတစ်ယောက်ကို အပျင်းပြေအောင် ဘယ်လို ဖြေဖျော်ရမှန်း မသိလောက်အောင် ခေါင်းပါးတဲ့လူ။ ပြင်သစ်သူ ဘူရင်းတစ်ယောက်တော့ ရှိပါရဲ့”

“ဒီမှာ အစ်မတော်၊ ပြင်သစ်သူဘူရင်းကို ကျွန်တော် သဘောမကျဘူး” မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။

“အို ဘာဖြစ်လို့လဲ။ ပြင်သစ်သူဘူရင်းဟာသဘောလဲ ကောင်းတယ်။ တစ်ဖက်သားကိုလဲ ခင်တတ်တယ်။ ပြီးတော့ သနားစရာလဲ ကောင်းတယ်။ သူ့ခမျာ တစ်ကောင်ကြွက်ပါ အင်ဒရေ။ အမှန်ပြောရရင်တော့ အစ်မတော်ဟာ ပြင်သစ်သူဘူရင်းကို မလိုပါဘူး။ သူရှိတဲ့အတွက် အစ်မတော်မှာ အနှောင့်အယှက်တောင် ဖြစ်သေးတယ်။ အစ်မတော်သဘောဆိုရင် တစ်ယောက်တည်း ခပ်အေးအေးပဲ နေချင်ပါတယ်။ ဒါပေမဲ့ ဖေဖျားက ဘူရင်းကို သိပ်သဘောကျနေတယ်။ ဖေဖျား အရောတဝင် ဆက်ဆံတဲ့လူဆိုလို့ ဘူရင်းနဲ့ ဗိသုကာကြီး အီဗန်နိုဗစ်ချ်ပဲ ရှိသေးတယ်။ ဒါကြောင့်မို့လဲ သူတို့နှစ်ယောက်ကို အစစအရာရာ ကျေးဇူးပြုခဲ့ပေတာပဲ။ ရှေးက ဆိုရိုးစကားလိုပေါ့ ‘မိမိအား ပြုခဲ့ဖူးသော ကျေးဇူးကြောင့် သူတစ်ပါးကို ချစ်ခင်ခြင်း မဟုတ်ဘဲ မိမိက တစ်ပါးသူကို ပြုခဲ့သော ကျေးဇူးကြောင့် သူတစ်ပါးကို ချစ်ခင်ခြင်းသည် သာလျှင် မှန်မြတ်ပေ၏’ လို့ ဆိုထားခဲ့တယ် မဟုတ်လား။ ဖေဖျားဟာ ဘူရင်းမှာ ဖအေဆုံးလို့ နေစရာမရှိ ဖြစ်နေတာနဲ့ ခေါ်ထားလိုက်တာ။ သူ့ခမျာ စိတ်ရင်းကောင်းရှာပါတယ် အင်ဒရေရယ်။ ဖေဖျားဆိုရင် သူစာဖတ်ပြတာကို သဘောကျလွန်းလို့ ညနေတိုင်းရင် သူ့ကိုခေါ်ပြီး စာဖတ်ပြခိုင်းတော့တာပဲ”

“ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ဖေဖျားရဲ့အပြုအမူတွေ စိတ်နေစိတ်ထားတွေဟာ အစ်မတော်အဖို့ တော်တော်စိတ်ဆင်းရဲစရာ ကောင်းမှာပဲနော်၊ မဟုတ်ဘူးလား”

မင်းသားကလေး အင်ဒရေက ရုတ်တရက် ဖြတ်၍ မေးလိုက်သည်။

မင်းသမီးကလေး မေရီသည် မမျှော်လင့်သော စကားကြောင့် အံ့အားသင့်သွားကာ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

“အစ်မတော်အဖို့ စိတ်ဆင်းရဲစရာတွေ၊ ဟုတ်လား”

“ဟုတ်တယ်၊ ဖေဖျားဟာ အမြဲတမ်း ခက်ထန်လွန်းတယ်။ ဒါကြောင့် ဖေဖျားဟာ သည်းမခံနိုင်စရာ ကောင်းလောက်အောင် ဖြစ်လာပြီလို့ ကျွန်တော် ယူဆတယ်”

မင်းသားကလေး အင်ဒရေက မိမိအစ်မတော် မင်းသမီးကလေးမေရီကို အကဲစမ်းသည့်အနေဖြင့် ခမည်းတော်ကြီးနှင့် စပ်လျဉ်း၍ ပြောလိုက်သည်။

“အင်ဒရေဟာ အစစအရာရာမှာ တော်ပါတယ်။ ဒါပေမဲ့ အင်ဒရေမှာ ပညာမာန်စောင်ကြီးလွန်းလှတယ်” မေရီမင်းသမီးလေးက မိမိဘာသာ တွေးတော၍ ပြောလိုက်သည်။ “ဒီအချက်ဟာ အင်ဒရေရဲ့ အကြီးဆုံး ချွတ်ယွင်းချက်ကြီးပဲ။ ကိုယ့်ခမည်းတော်ကို ဒီလိုပဲ ပြောရသလား အင်ဒရေ။ ဖေဖျားက အင်ဒရေပြောသလို ခက်ထန်တယ်ပဲ ထားပါဦး။ ဘယ်လောက်ချစ်ကြောက်ရိုသေစရာ ကောင်းသလဲဟင်။ အစ်မတော်တော့ ဖေဖျားနဲ့ ဒီလိုနေရတာကိုပဲ ပျော်တယ်။ ကျေနပ်တယ်။ အင်ဒရေလဲ အစ်မတော်လို ပျော်ပါစေလို့ပဲ ဆုတောင်းပါတယ်”

မင်းသားကလေး အင်ဒရေသည် ခေါင်းကို ယမ်းနေလေသည်။

“အစ်မတော် အမှန်ကိုပြောမယ်။ ဖေဖျားဟာ အစ်မတော်အပေါ်မှာ ဘယ်လိုပဲ ခက်ထန်စေတော့ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



တော်ခံနိုင်ပါတယ်။ ဒါပေမဲ့ ဘာသာရေး ကိစ္စတွေနဲ့ ပတ်သက်တဲ့ ဖေဖျားရဲ့ သဘောထားကြောင့်တော့ အစ်မတော် စိတ်မကောင်းဖြစ်မိတယ်။ ဖေဖျားလို ဉာဏ်အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘာဖြစ်လို့ ဘာသာတရားအပေါ်မှာ ဒီလောက်ခါးသီးရသလဲဆိုတာ အစ်မတော် နားမလည်နိုင်ပါဘူး။ အစ်မတော်အနေနဲ့ ကတော့ ဒီကိစ္စကြောင့် စိတ်မချမ်းမသာဖြစ်တာ တစ်ခုပဲ ရှိပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာတောင် ဖေဖျားဟာ အရင်တုန်းကလောက် မဆိုးတော့ပါဘူး။ တော်တော်လေး ပြောင်းလာပါပြီ။ အရင်တုန်းကလောက် ဘာသာရေးကို သရော်စော်ကားမလုပ်တော့ပါဘူး။ ဘုန်းတော်ကြီးတွေ ဘာတွေကိုလဲ လက်ခံစကားပြောလာပါပြီ"

"တော်တော့ အစ်မတော်။ အစ်မတော်တို့ ဘုန်းကြီးတွေအကြောင်း ထည့်မပြောစမ်းနဲ့"

မင်းသားကလေး အင်ဒရေက အသံကို ချိုး၍ထားသော် လည်း ခပ်ဆတ်ဆတ်ကလေးပြောလိုက်၏။

"ဘုရား၊ ဘုရား၊ ဘယ်လိုပြောလိုက်တာလဲ အင်ဒရေ"ဟု မင်းသမီးကလေး မေရီက အလန့်တကြား ပြောလိုက်ပြီးနောက် "အင်ဒရေကို အစ်မတော် ပေးစရာ တစ်ခု ရှိတယ်သိလား"

"ဘာများလဲ အစ်မတော် ထိပ်ထားရဲ့"

"ဟင့်အင်း အင်ဒရေက လက်ခံမယ်လို့ ကတိပေးရမယ်။ အစ်မတော် ပေးတာကို လက်ခံတဲ့အတွက် အင်ဒရေ့မှာ ဘာမှလဲ အပန်းမကြီးပါဘူး။ ဂုဏ်သိက္ခာလဲ မပျက်ဘူး။ အစ်မတော်လဲ စိတ်ချမ်းသာမယ်။ ဒီတော့ လက်ခံပါ့မယ်လို့ အစ်မတော်ကို ကတိပေးပါ"

မင်းသမီးကလေးမေရီက ဝတ်ရုံကြားထဲသို့ လက်ကို ဝှက်ထားလိုက်ပြီး ဝှက်ထားသော လက်ထဲတွင် တစ်စုံတစ်ခု ရှိသည့်အလား ပြန်မထုတ်သေးဘဲ အဖြေကို စောင့်နေရင်း မင်းသားကလေး အင်ဒရေကို စိုးရိမ်စွာ ကြည့်နေသည်။

"ကျွန်တော့်မှာ အနှောင့်အယှက်ဖြစ်တာ မဖြစ်တာက အရေးမကြီးပါဘူး အစ်မတော်" မင်းသားကလေး အင်ဒရေက ဘာကိုများ တောင်းဆိုလေမည်နည်းဟု စဉ်းစားရင်း ပြောလိုက်သည်။

"အစ်မတော် ဘာကိုပေးမယ်ဆိုတာတော့ အင်ဒရေ ဘာသာ စဉ်းစားယူလေ။ အင်ဒရေလဲ ဖေဖျားလို ဉာဏ်ပညာကြီးကျယ်တဲ့လူပဲ။ ဒီတော့ အင်ဒရေဘာသာစဉ်းစားယူပေါ့။ တစ်ခုတော့ရှိတယ်။ အစ်မတော်ကို ချစ်ရင် ဒါကိုတော့လက်ခံရမယ်။ ဒီအရာဟာဖေဖျားရဲ့ခမည်းတော် အစ်မတော်တို့ရဲ့ ဘိုးတော်စစ်ထွက်ရင် ဝတ်ဆင်တဲ့ အရာတစ်ခုပဲ။ (မင်းသမီးကလေး မေရီသည်ဝတ်ရုံကြားထဲတွင် ဝှက်ထားသည့်အရာကို ထုတ်၍မပြသေးဘဲ) ကဲ - အင်ဒရေက လက်ခံရမယ်လို့ ကတိပေးလေ"

"ကဲ ပေးပါတယ်ဗျာ၊ မှန်းစမ်း၊ ဘာလဲ"

"ရုပ်ပွားတော်ကလေးလေ။ ဒါပေမဲ့ ဒီရုပ်ပွားတော်လေးကို ကိုယ်နဲ့မကွာ လည်မှာ ဆွဲထားပါ့မယ်လို့တော့ ကတိပေးရလိမ့်မယ်။ ပေးမလားဟင်"

"အချိန် ပိဿာတစ်ရာလောက်လဲ မလေးဘူး။ ဒီ ရုပ်ပွားတော်ကလေးကို ဆွဲရလို့ ကျွန်တော့်ရဲ့ လည်ပင်းလဲ မကျိုးဘူးဆိုရင်တော့ အစ်မတော် စိတ်ကျေနပ်အောင် အမြဲဆွဲပါ့မယ်လို့ ကတိပေးပါတယ်"

မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။ သို့ရာတွင် ဤသို့ မင်းသားလေး အင်ဒရေက ခပ်ပေါ့ပေါ့ ပြောလိုက်သည်၌ မင်းသမီးကလေးမေရီမှာ မျက်စိမျက်နှာ ပျက်သွား၏။ ဤသည်ကို မင်းသားကလေးအင်ဒရေက လည်း သတိပြုလိုက်မိသည်။ ထို့ကြောင့် စိတ်မကောင်းဖြစ်သွားရာက

"အလကား နောက်တာပါ အစ်မတော်၊ ခုလို အစ်မတော်က လက်ဆောင်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ သိပ်ဝမ်းသာပါတယ်"

"ဘုရားသခင်က အင်ဒရေကို ကယ်မလိမ့်မယ်။ ကရုဏာတော်ကို ပေးသနားတော်မူပါလိမ့်မယ်။ ကိုယ်နဲ့ ထက်ကြပ်မကွာ စောင့်ရှောက်လိမ့်မယ်။ သစ္စာတရားနဲ့ ငြိမ်းချမ်းခြင်းဟာ ဘုရားသခင်ရဲ့ ကိုယ်တွင်းမှာသာ ရှိပါတယ် အင်ဒရေ"

မင်းသမီးကလေး မေရီက အသံတုန်တုန်ဖြင့် ပြောကာ ရွှေကြုတ်ကလေးဖြင့် ထည့်ထား၍ ငွေကြိုးဆိုင်းထားသည့် ဘုရားသခင်၏ ရှေးဟောင်းရုပ်ပွားတော်ကလေးကို မင်းသားကလေးအင်ဒရေ၏ မျက်နှာရှေ့တွင် လက်နှစ်ဖက် ဖြင့် ကိုင်၍ ပြလိုက်သည်။

မင်းသမီးကလေး မေရီသည် လက်နှစ်ဖက်ယှက်၍



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြီး ရုပ်ပွားတော်ကို နမ်းရှုပ်ကာ မင်းသားလေး အင်ဒရေသို့ လှမ်းပေးလိုက်သည်။

"အစ်မတော်ကို ငဲ့ညှာသောအားဖြင့် ယူသွားပါနော်"

မင်းသမီးကလေး မေရီ၏ စိုးရိမ်ထိတ်လန့်ဟန်ရှိသော မျက်လုံးကြီးများမှာ အရောင်တဖျတ်ဖျတ် လက်လျက်ရှိလေသည်။ ဤသို့ တဖျတ်ဖျတ်လက်လျက်ရှိသော မျက်လုံးများကြောင့် ညှိုးရော်ပိန်ချုံးလျက်ရှိသည့် မင်းသမီးကလေးမေရီ၏မျက်နှာမှာ ဝင်းထိန်လာကာ လှပတင့်ရှန်းလာသည်ဟု ထင်ရ၏။ မင်းသားကလေး အင်ဒရေက ရုပ်ပွားတော်ကို လှမ်းယူလိုက်မည် ပြုစဉ်တွင် မင်းသမီးကလေးမေရီက လက်ကိုရုပ်လိုက်သည်။ ထိုအခါကျမှ မင်းသားကလေးအင်ဒရေမှာ သဘောပေါက်သွားကာ လက်ယုက် ဆုတောင်းလိုက်ပြီး ရုပ်ပွားတော်လေးကို နမ်းရှုပ်လိုက်သည်။ မင်းသားကလေးအင်ဒရေ၏ မျက်နှာတွင် နူးညံ့သိမ်မွေ့သော အရိပ်အရောင်နှင့် တစ်ပြိုင်တည်း လှောင်ပြောင်သရော်သော အရိပ်အရောင်များ ပေါ်ထွက်လာလေသည်။

"ကျေးဇူးတင်လိုက်တာ အင်ဒရေရယ်" မင်းသမီးကလေး မေရီက မင်းသားကလေး အင်ဒရေ၏နဖူးပြင်ကို နမ်းရှုပ်လိုက်ပြီး ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။ ၎င်းတို့နှစ်ဦးစလုံး အတန်ကြာမျှ တိတ်ဆိတ်နေကြလေသည်။

"အစ်မတော်ပြောတဲ့အတိုင်း အင်ဒရေဟာ ခါတိုင်းလို တစ်ဖက်သားကို သနားညှာတာပြီး စိတ်သဘောထားကြီးကြီးထားပါ အင်ဒရေ။ လီဇာ့အပေါ်မှာလဲ ဒီလောက် စိမ်းစိမ်းကားကား မပြောပါနဲ့။ တကယ်တော့ ယောက်မတော်ဟာ နူးညံ့သိမ်မွေ့ပါတယ်။ စိတ်သဘောလဲ ကောင်းရှာပါတယ်။ ခုလောက်ဆိုရင်ကို ယောက်မတော်မှာ တော်တော်ပင်ပန်းလှရှာပါပြီ"

"ဒီမှာ အစ်မတော်၊ ကျွန်တော်ဟာ ကြင်ရာတော်နဲ့ ပတ်သက်လို့ အစ်မတော်ကို ဘာမှ မပြောဘူးသေးဘူး ထင်တယ်။ အစ်မတော်ရှေ့မှာ ကဲ့ရဲ့ပြစ်တင်ခြင်းလဲ မလုပ်မိခဲ့သေးဘူးထင်တယ်။ ဘာကြောင့် ဒီစကားတွေကို ဒီလောက် ပြောနေရတာလဲ"

မင်းသမီးကလေးမေရီ၏ မျက်နှာသည် နီရဲသွားကာ မိမိ၌ အပြစ်တစ်စုံတစ်ရာ ရှိသလို တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"ကျွန်တော်တို့ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ အစ်မတော်ကို ကျွန်တော်ဘာမှ မပြောဖူးသေးဘူးလို့ ကျွန်တော်ထင်တယ် အစ်မတော်။ ကျွန်တော်က ဘာမှ မပြောဖူးဘဲနဲ့ အစ်မတော်က ဒီကိစ္စကိုချည်း ပြောနေတော့ ကျွန်တော် စိတ်မကောင်းဘူး"

မင်းသမီးကလေးမေရီ၏ နဖူး၊ ပါးပြင်၊ လည်ပင်း စသည်တို့မှာ ပို၍ နီရဲသွားလေသည်။ မင်းသမီးကလေး မေရီသည် တစ်စုံတစ်ရာ ပြန်ပြောမည်ပြုသော်လည်း အသံထွက်မလာတော့ချေ။ မင်းသားကလေး အင်ဒရေသည် မိမိ၏ နှုတ်ကိုပိတ်လိုက်လေပြီ။ ကြင်ရာတော် မင်းသမီးကလေး လီဇာသည် ညစာစားပြီးကတည်းက တရှုပ်ရှုပ် ငိုလျက်ရှိကာ ပဋိသန္ဓေလွယ်ရသည့် ကိစ္စကိုကြောက်ရွံ့ကြောင်း၊ မိမိကံကြမ္မာ ဆိုးဝါးလှကြောင်း စသည်များနှင့်တကွ ယောက္ခမ မင်းသားကြီး ဘိုလကွန်စကီနှင့် ကြင်ရာတော်မင်းသားလေးအင်ဒရေတို့ အကြောင်းများကို တိုင်တန်း ပြောဆိုပြီးနောက် အိပ်ပျော်သွားခဲ့ခြင်းဖြစ်၏။ မင်းသားကလေး အင်ဒရေသည် ကြားထဲက စိတ်မကောင်း ဖြစ်နေရှာသည့် အစ်မတော် မင်းသမီးကလေးမေရီကို သနားမိသည်။

"ဒီမှာ အစ်မတော်၊ ကျွန်တော်ဟာ ဘယ်အကြောင်းကိစ္စနဲ့ပဲ ပတ်သက်သည်ဖြစ်စေ ကျွန်တော့်ကြင်ရာတော်ကို ပြစ်တင်မောင်းမဲခြင်း မပြုဘူး။ ဘယ်တုန်းကမှလဲမပြုခဲ့ဘူး။ နောင်လဲ မပြုဘူးဆိုတာကိုတော့ အစ်မတော် သိထားစေချင်ပါတယ်။ ကြင်ရာတော်နဲ့ ပတ်သက်လာလို့ ရှိရင် ကျွန်တော့်ကိုယ်ကိုလဲ ကျွန်တော် အပြစ်တမ်းခွင့်လွှတ်တယ်။ ဘယ်လိုအခြေအနေမျိုးမှာ ရောက်နေနေ ကျွန်တော်ဟာ ဒီအတိုင်းပဲပြုမူသွားမှာပဲ။ ကျွန်တော် ဘာကြောင့် ဒီလောက် စိတ်မချမ်းမသာ ဖြစ်နေရသလဲဆိုတာကို သိချင်ရင် အို မပြောတော့ပါဘူးလေ။ သူကော ပျော်သလားဆိုတော့ သူလဲ မပျော်ဘူး။ ဘာဖြစ်လို့ ဒီလူနှစ်ယောက်စလုံး စိတ်မချမ်းမသာ ဖြစ်ကြရသလဲဆိုတာ ကျွန်တော်လဲ မသိဘူး"

မင်းသားကလေး အင်ဒရေသည် ထိုသို့ပြော၍ ထိုင်ရာမှထကာ အစ်မတော်ထံ လျှောက်သွားပြီး ငုံ့လျက် နဖူး ကို နမ်းရှုပ်လိုက်သည်။ မင်းသားကလေး အင်ဒရေ၏



www.burmeseclassic.com

www.burmeseclassic.com



လှပသောမျက်လုံးများသည် သနားကြင်နာခြင်း၊ ဆင်ခြင်ဉာဏ်တရားပြည့်ခြင်း စသည်တို့ဖြင့် ထူးခြားစွာတောက်ပလျက်ရှိကြ၏။ ၎င်း၏မျက်လုံးများသည် အစ်မတော်မင်းသမီးကလေးမေရီ၏ မျက်နှာကိုမကြည့်ဘဲ အစ်မတော်၏ ခေါင်းပေါ်မှကျော်ကာ အပြင်စကြံသို့ ထွက်သောတံခါးဝဆီသို့ ငေးကြည့်နေလေသည်။

"ကဲ လာ၊ ကျွန်တော်တို့ သူ့ဆီကို သွားကြမယ်။ ကျွန်တော်လဲ သူ့ကို နှုတ်ဆက်ရဦးမယ်။ နေဦး၊ ဒီလိုမှ မလုပ်ချင်ရင်လဲ အစ်မတော် အရင်သွားပြီး သူ့ကိုနိုးထားလိုက်။ ကျွန်တော် မကြာခင်ပဲ လာခဲ့မယ်။ ဟော့ ပီထရူရှကာ" မင်းသားကလေး အင်ဒရေက ၎င်း၏လက်စွဲတော်ကျွန်ယုံကို လှမ်းခေါ်လိုက်သည်။ "ဒီကို လာပြီး ပစ္စည်းတွေ သိမ်းလှည့်ဦးဟေ့။ ဒီပစ္စည်းကို ထိုင်ခုံပေါ်မှာ ပဲထား။ ဒါကိုတော့ ညာဘက်မှာတင်"

မင်းသမီးကလေး မေရီသည် ထိုင်ရာမှထ၍ တံခါးဝဆီသို့ လာခဲ့သည်။ ထို့နောက် လမ်းခုလတ်၌ ရပ်လိုက်ပြီး

"အင်ဒရေ၊ ဘုရားသခင်ကိုတော့ ဆည်းကပ်ပြီး ဘုရားသခင်ရဲ့ မေတ္တာရေစင်ကို ရအောင် ဆုတောင်းနော်။ ဘုရားသခင်ဟာ တောင်းတဲ့ဆုကို ပေးလိမ့်မယ်"

"အင်း၊ အစ်မတော်ရဲ့ ဘုရားသခင်က ကျွန်တော်တောင်းတဲ့ဆုကို ပေးနိုင်မပေးနိုင် ကြည့်ရသေးတာပေါ့။ ကဲ အစ်မတော်၊ ကျွန်တော် ခဏနေလာခဲ့မယ် သွားနှင့်ပေတော့"

မင်းသားကလေး အင်ဒရေသည် အစ်မတော်ခန်းဆောင်သို့အကူး၌ စံအိမ်တော် တစ်ဆောင်နှင့်တစ်ဆောင် ကူးသည့် စင်္ကြံလမ်းကြားလေးထဲတွင် အစ်မတော်၏ လက်စွဲတော်ကြီး ပြင်သစ်သူ ဘူရင်းနှင့် ပက်ပင်းသွားတိုးနေလေသည်။ ပြင်သစ်သူ ဘူရင်းသည် ချိုသာစွာပြုံးလျက်ရှိ၏။ ပီတိလွှမ်းသောအပြုံးကို ပြုံးလျက်ရှိသည့် ပြင်သစ်သူ ဘူရင်းနှင့် မင်းသားကလေးအင်ဒရေတို့ လူသူကင်းရှင်းသည့် စင်္ကြံလမ်းကြား၌ တွေ့ကြသည်မှာ ထိုနေ့အဖို့ သုံးကြိမ်ရှိသွားပြီ ဖြစ်ပေသည်။

"အို ကိုယ်တော်လေးကိုး။ ကျွန်မက ကိုယ်တော်လေးရဲ့ ခန်းဆောင်ထဲမှာ ရှိလိမ့်မယ်ထင်နေတာ" ပြင်သစ်သူဘူရင်းက မည်သည့်အတွက်ကြောင့် မသိ မျက်နှာနီရဲကာ မျက်လွှာကိုချ၍ ပြောလိုက်၏။ မင်းသားကလေး အင်ဒရေသည် ဘူရင်းကို မျက်နှာထားဖြင့် ကြည့်လိုက်သည်။ ၎င်း၏မျက်နှာသည် ချက်ချင်းဒေါသရောင် လွှမ်းလာသည်။ မင်းသားကလေး အင်ဒရေသည် မည်သို့မျှ ပြန်မရေဟာဘဲ မျက်လုံးချင်း လွှဲလိုက်ပြီး၊ ပြင်သစ်သူ ဘူရင်း၏ နဖူးပြင်နှင့် ဆံပင်ကိုစက်ဆုပ်ဟန်ဖြင့် လှမ်းကြည့်လိုက်လေရာ ပြင်သစ်သူ ဘူရင်းမှာ မျက်နှာကြီး နီရဲလာကာ စကားတစ်ခွန်းမှ ပြန်မပြောနိုင်တော့ဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။ အစ်မတော် မင်းသမီးကလေးမေရီ၏ ခန်းဆောင်သို့ မင်းသားကလေး အင်ဒရေ ရောက်သွားသည့်အခါ၌ ကြင်ရာတော် မင်းသမီးကလေး လီဇာမှာ အိပ်ရာကနိုးခါစ ဖြစ်လေသည်။ ကြင်ရာတော်၏ ညံ့ညံ့စာစာရှိလှသော စကားပြောသံသည် ပွင့်နေသော လေသာပြတင်းမှ ပျံ့လွင့်လာ၏။ ကြင်ရာတော် မင်းသမီးကလေးလီဇာသည် စောစောက မပြောခဲ့ဘဲ အောင့်အည်းနေခဲ့သမျှကို အတိုးချ သည့်အနေဖြင့် ပြင်သစ်ဘာသာနှင့် ကရားရေလွှတ်ပမာ တတွတ်တွတ်ပြောလျက် ရှိလေသည်။

"မြို့စားကတော်ကြီး ဇူဘိုဗာကတော့ အတုချည်းပဲ။ ဆံပင်ကလဲ အတု၊ သွားကလဲအတု၊ သူ့ခမျာ ပြန်ပြီးငယ်ချင်တယ် ထင်ပါရဲ့ ယောက်မတော်ရဲ့"

ကြင်ရာတော်မင်းသမီးကလေး လီဇာက မြို့စားကတော်ကြီး ဇူဘိုဗာအား ဤသို့ မျက်ကွယ်တွင် လှောင်ပြောင်ရယ်မောနေသံကို မင်းသားကလေး အင်ဒရေကြားရသည်မှာ ဤအကြိမ်ပါနှင့်ဆိုလျှင် ငါးကြိမ်ခန့်ရှိလေပြီ။ မင်းသားလေးအင်ဒရေသည် ခန်းဆောင်ထဲသို့ အသာဝင်ခဲ့သည်။ ရွှေနှင်းဆီအသွေးနှင့် ရွှေမရအောင် နုနယ်လှသော ကြင်ရာတော်မင်းသမီးလေးလီဇာသည် နောက်မှီထိုင်ခုံကြီးတစ်ခုပေါ်တွင် ခပ်လျော့လျော့ထိုင်၍ တက်တင်းထိုးရင်းရွှေမြို့တော်မှ သတင်းမျိုးစုံကို ဖောက်သည်ချလျက် ရှိပေသည်။ မင်းသားကလေး အင်ဒရေသည် လျှောက်လာကာ ကြင်ရာတော် မင်းသမီးကလေးလီဇာ၏ဆံပင်ကို ပွတ်သပ်၍ ခရီးပန်းသဖြင့် နွမ်းနယ်သည့်ဒဏ် ပျောက်မပျောက် မေးမြန်းနေသည်။ ကြင်ရာတော်မင်းသမီးကလေး လီဇာက ပြန်၍ဖြေပြီး စကားကို ဆက်ပြောနေလေသည်။

မြင်းခြောက်ကောင် ကသည့် ရထားကြီးမှာ ဆင်ဝင်ရှေ့တွင် အဆင်သင့် ဖြစ်လျက်ရှိလေပြီ။ ထိုညမှာ



www.burmeseclassic.com

www.burmeseclassic.com



**ရွှေရောင်**ညတစ်ညဖြစ်၏။ ညသည် ပိန်းပိတ်အောင် **မှောင်လျက်ရှိ**၏။ ရထားသမားအဖို့ ရထားလှည်းစည်းကုံး **ကိုင်**မမြင်ရချေ။ အိမ်စေတော်များသည် မီးအိမ်တလှုပ်လှုပ်ဖြင့် ဆင်ဝင်ရှေ့တွင် အလုပ်များလျက် ရှိကြသည်။ စံအိမ်ကြီးထဲတွင်ကား လင်းထိန်လျက်ရှိကာ မီးရောင်များသည် လေသာ ပြတင်းများမှဖြာထွက်နေကြ၏။ အိမ်စေတော်များ အားလုံး သည် ခန်းမကြီးထဲတွင် စုဝေးကာ ၎င်းတို့၏သခင် မင်းသားကလေး အင်ဒရေအား နှုတ်ဆက်ရန် စောင့်လျက်ရှိကြ၏။ အိမ်သားအားလုံးသည်လည်း ဧည့်ခန်းဆောင်တွင် စုရုံးလျက်ရှိကြလေသည်။ ၎င်းတို့ကား မိသုကာကြီး အီဗန်နိုဗစ်ချ်၊ ပြင်သစ်သူဘူရင်း၊ မင်းသမီးကလေး မေရီနှင့် ကြင်ရာတော် မင်းသမီးကလေးလီဇာတို့ ဖြစ်ကြ၏။ မင်းသား ကလေး အင်ဒရေသည် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက သီးခြားနှုတ်ဆက်စကား ပြောလိုသည်ဆိုသဖြင့် ခမည်းတော်ရှိရာ စာကြည့်ဆောင်သို့သွား၍ နှုတ်ဆက်လျက်ရှိရာ အိမ်တော်သားများကအစ အိမ်စေတော်များ အားလုံး မင်းသားကြီး ဘိုလကွန်စကီနှင့် မင်းသားကလေး အင်ဒရေထွက်အလာကို စောင့်မျှော်နေကြပေသည်။

စာကြည့်ဆောင်ထဲသို့ မင်းသားကလေးအင်ဒရေ ရောက်လာသည့်အချိန်တွင် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် သားတော်နှင့် တွေ့စဉ်မှအပ အခြားမည်သည့် အချိန်တွင်မှ ဝတ်လေ့မရှိသော ဝတ်ရုံဖြူကြီးကို ဝတ်၍ အမြတ်တနိုးထားသော မျက်မှန်ဟောင်းကြီးကို တပ်ထား ကာစားပွဲတွင် စာရေးလျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် စာကြည့်ဆောင် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။

"သွားတော့မလား"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက လှမ်းမေးပြီး စာကို ဆက်ရေးနေသည်။

"ဖေဖျားကို ကန်တော့မလို့ လာပါတယ်"

"ဒီကို နမ်းစမ်း" ခမည်းတော်မင်းသားကြီးက ပါးကို ညွှန်ပြ၏။ "အိမ်း၊ ကျေးဇူးပဲ၊ ကျေးဇူးပဲ"

"ဘာကို ကျေးဇူးတင်တာပါလဲ ဖေဖျား"

"ခုလိုစစ်ထွက်ဖို့ နှောင့်နှေးခြင်း မရှိတဲ့အတွက် တစ်ကြောင်း၊ မိန်းမတစ်ယောက်ရဲ့ထဘီနားကို ဆွဲမနေတော့တဲ့အတွက်ကြောင့် တစ်ကြောင်းပေါ့။ အားလုံးပြင်ဆင်ပြီးပြီလား။ ကောင်းတယ်၊ ကောင်းတယ်"ဟုဆိုကာ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် စာကို ဆက်ရေးနေပြန်လေရာ ငှက်မွေးတံ ကလောင်တံသည် စက္ကူပေါ်တွင်တဂျစ်ဂျစ်မြည်လျက်ရှိ၏။ "ပြောစရာ ရှိရင်ပြောလေ၊ စာရေးရင်လဲ နားထောင်လို့ရပါတယ်"

"သားတော်ရဲ့ ကြင်ရာတော်အတွက်ပါ။ ကြင်ရာတော်ကို ဒီမှာထားပစ်ခဲ့မယ်ဆိုရင် ဖေဖျားကို ဒုက္ခပေးသလို ဖြစ်နေတဲ့အတွက် အားနာလှပါတယ်"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေပါနဲ့။ သားတော်ရဲ့သဘောကိုသာပြောပါ။ သားတော်က ဘယ်လိုစီမံခဲ့ချင်သလဲ"

"ပဋိသန္ဓေ နေ့စေ့လစေ့ရောက်တဲ့ အချိန်ရောက်ရင် သူ့ကို မော်စကိုလွှတ်ပြီး တတ်ကျွမ်းတဲ့ သမားများနဲ့ မျက်နှာမြင်စေဖို့၊ ဒါမှမဟုတ်ရင်လဲ သမားတော်ကို ဒီမှာ ပင့်ထားဖို့" ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် စာရေးနေရာမှ ရပ်၍ သားတော်မင်းသားကလေး အင်ဒရေကို ဆုတ်ခနဲမော့ကြည့်လိုက်၏။

"သူ့ဓမ္မတာအလျောက် ချောချောမောမောမဟုတ်ဘူးဆိုရင် ဘယ်သူမှ မတတ်နိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်ဖေဖျား" မင်းသားကလေး အင်ဒရေက မရဲတရဲဖြင့် ပြော၏။ "တစ်ရာမှာ တစ်ယောက်ဆိုသလို ခြေချော်လက်ချော်ဖြစ်ခဲတယ်ဆိုတာလဲ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ မဖြစ်သော်ရှိ၊ ဖြစ်သော်ရှိ လိုလိုမယ်မယ် ပြောထားရတာပါ ဖေဖျား။ ကြောက်စရာ လန့်စရာတွေ ပြောထားကြတော့ ကြင်ရာတော်လဲ အိပ်မက်ဆိုးများမက်ပြီး စိုးရိမ်ကြောက်လန့်နေပါတယ်"

"အဟမ်း" ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက ချွဲဟပ်လိုက်ပြီ စာကို အပြီးသတ်ရေးကာ "စိတ်ချသွား၊ စိတ်ချသွား"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် အတိုကောက်လက်မှတ်ထိုးလိုက်ပြီး သားတော် မင်းသားကလေးအင်ဒရေဘက်သို့ လှည့်ကာ ရယ်လိုက်၏။

"တော်တော်တော့ ဆိုးတဲ့ကိစ္စပဲကွ"

"ဘာဆိုးတာလဲ ဖေဖျား"

"မိန်းမယူရတဲ့ ကိစ္စကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက ခပ်ပြတ်ပြတ်ပြောလိုက်၏။

"သားတော် နားမရှင်းပါဘူး ဖေဖျား"

"အေး ဒီလိုပေါ့ကွာ။ ဘယ်တတ်နိုင်မလဲ။ မိန်းမယူရင် ဒီလို ဒုက္ခသုက္ခတော့ တွေ့ကြရတာချည်းပဲ။ မယူဘဲလဲ မနေနိုင်ကြဘူး။ ကဲ ဘာမှ စိုးရိမ်မနေနဲ့။ ဖေဖျားက သားတော် သိအောင်သာ ပြောတာပါ"

ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် သူ၏ အရိုးပြိုင်းပြိုင်းထနေသောလက်ဖြင့် မင်းသားကလေး အင်ဒရေ၏လက်ကို ဆုပ်ကိုင်ကာ လှုပ်ယမ်းလိုက်ပြီး သားတော်မင်းသားကလေး အင်ဒရေ၏ တစ်ကိုယ်လုံးကို ထွင်းဖောက်ကြည့်သကဲ့သို့ မျက်နှာကို စိုက်ကြည့်ပြီးနောက် ထုံးစံအတိုင်း ခြောက်ကပ်စွာ ရယ်လိုက်ပြန်သည်။

သားတော် မင်းသားကလေး အင်ဒရေသည် သက်ပြင်းကိုချလိုက်၏။ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် မိမိဆိုလိုသည့် သဘောကို နားလည်လောက်ပြီဟု မင်းသားကလေး အင်ဒရေထင်မိ၏။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် စာရွက်ကို ခေါက်ကာ စာအိတ်ကို ချိပ်ပိတ်ပြီးနောက် ချိပ်ကိုလည်းကောင်း၊ တံဆိပ်တုံးကိုလည်းကောင်း၊ စာအိတ်ကိုလည်းကောင်း တစ်ခုစီ ကောက်ယူလိုက်၊ ပြန်ချလိုက်ဖြင့် အလုပ်ရှုပ်နေသည်။

"ဒီလိုပေါ့လေ ဘယ်တတ်နိုင်မလဲ။ ချွေးမတော်က ချောပေသကိုး။ သူ့အတွက်တော့ စိတ်ချသာသွား။ အစစအရာရာ ဖေဖျားစီမံပေးမယ်၊ ဟုတ်စ"

ခမည်းတော် မင်းသားကြီးသည် ချိပ်ပိတ်ရင်း ဝါကျများကို သံပြတ်ဖြင့် ပြောနေသည်။

မင်းသားကလေး အင်ဒရေကား စကားတစ်ခွန်းမျှ မဟတော့ချေ။ မိမိဆိုလိုသည့် သဘောကို ခမည်းတော်ကြီး နားလည်သွားသည့်အတွက် ကျေနပ်သလိုလည်း ဖြစ်မိသည်။ မကျေနပ်သလိုလည်း ဖြစ်မိလေသည်။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက ထလာကာ စာကို သားတော် မင်းသားကလေး အင်ဒရေသို့ လှမ်းပေးသည်။

"သားတော်ရဲ့ ကြင်ရာတော်အတွက် ဘာမှစိုးရိမ်ကြောင့်ကြဖြစ်မနေနဲ့။ လုပ်လို့ ဖြစ်နိုင်တာမှန်သမျှ ဖေဖျားအကုန်လုပ်ပေးမယ်။ ဖေဖျားပြောတာကို နားထောင်စမ်း။ ဟောဒီစာကို ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကိုပေး၊ ကြားလား။ သားတော်ကို သင့်တော်တဲ့ နေရာမှာ အသုံးချပါ။ ဒီလို ဘာမဟုတ်တဲ့ တပ်ရေးဗိုလ်ကလေး ရာထူးမှာ ကြာရှည်မထားပါနဲ့လို့ စာထဲမှာ ရေးထားတယ်။ ဖေဖျားက အမှတ်ရကြောင်းလဲ ပြောပြလိုက်၊ ဟုတ်စ။ သူက ဘာပြောသလဲ ဆိုတာလဲ စာပြန်ရေးလိုက်ဦး။ ဗိုလ်ချုပ်ကြီးက ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်ဆိုရင် ကိုယ်ကလဲ သူ့အမှုတော်ကို ကျေပွန်ရပေလိမ့်မယ်။ ဒါပေမဲ့ မင်းသားကြီး ဘိုလကွန်စကီရဲ့ သားတော်ဟာ ကိုယ့်ကိုနှိမ်တဲ့လူတစ်ယောက်ရဲ့ လက်အောက်မှာတော့ အမှုထမ်းဖို့ မလိုဘူး။ အဲဒါ မြဲမြဲမှတ်ထား။ ကဲ ဒီကိုလာဦး"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် စကားလုံးများကို ပီသအောင်ပင် မပြောတော့ဘဲ ခပ်မြန်မြန် ပြောလိုက်၏။ သို့ရာတွင် သားတော် မင်းသားလေး အင်ဒရေ အဖို့ကား နားယဉ်နေပေပြီ။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် မတ်တတ်ခုံကြီးရှိရာသို့ ခေါ်သွားကာ အဖုံးကိုမ၍ အံဆွဲတစ်ခုဖွင့်လိုက်ပြီးနောက် ၎င်းကိုယ်တိုင် လက်ရေးသေးသေးဖြင့် ရေးထားသည့် လေ့ကျင့်ခန်းစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

"ဖေဖျားဟာ သားတော်ထက် အရင်သေချင်လဲ သေမယ်၊ မပြောနိုင်ဘူး။ ရော့ ဟောဒါတွေက ဖေဖျားရဲ့ မှတ်တမ်းတွေပဲ။ ဖေဖျားသေရင် ဒီမှတ်တမ်းတွေကို ဘုန်းတော်ကြီးလှသော ဘုရားထံ ဆက်ပါ။ ဟောဒါက ငွေစု စာချုပ်တွေနဲ့ စာတစ်စောင်။ ဗိုလ်ချုပ်ကြီး ဆူဗိုရော့ တိုက်တဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်လို့ ရာဇဝင်ကျမ်းပြုတဲ့ သူကို ဒီငွေချေးစာချုပ်တွေ ပူဇော်ပါ။ ဒါကို စစ်တက္ကသိုလ်မှာ အပ်ထားပါ။ ဒီစာတွေကတော့ ဖေဖျားမရှိတဲ့နောက် သားတော်ဖတ်ဖို့ ရေးခဲ့တဲ့ စာတွေပဲ။ သားတော်အတွက် အသုံးဝင်ပါလိမ့်မယ်"

မင်းသားကလေး အင်ဒရေက ဤအတိုင်းဆိုလျှင် ခမည်းတော်ကြီးသည် အသက်ရှည်စွာ နေရလိမ့်ဦးမည်ဟု ပြောလိုက်ချင်သော်လည်း မပြောဘဲ တိတ်တိတ်ပင် နေလိုက်သည်။

"မှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ် ဖေဖျား"

"ကဲ သွားပေတော့" မင်းသားကြီး ဘိုလကွန်စကီသည် နမ်းရှုပ်ရန်အတွက် မိမိ၏လက်ကို လှမ်းပေးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သားတော် မင်းသားကလေး အင်ဒရေးကို ဖက်လိုက်သည်။ "သားတော်တိုက်ပွဲမှာ ကျတယ်ဆိုရင်တော့ ခမည်းတော်ကြီးမှာ ရင်ကွဲပက်လက်ဖြစ်ရမှာပဲ သားတော်" မင်းသားကြီး ဘိုလကွန်စကီသည် ခေတ္တရပ်လိုက်ပြီးနောက်မှ အသံခပ်ကျယ်ကျယ်ဖြင့် ပြောလိုက်လေသည်။ "ဒါပေမဲ့ သားတော်ဟာ မင်းသားကြီး ဘိုလကွန်စကီရဲ့ သားတစ်ယောက်မပီသဘူးဆိုရင်လဲ ခမည်းတော် အရှက်ကွဲရလိမ့်မယ်။ အဲဒါ မြဲမြဲ မှတ်ထားပေတော့"

"ဒီလို ကိစ္စမျိုးမှာ သားတော်ကိုပြောဖို့တောင် မလိုပါဘူးဖေဖျား"

မင်းသားကလေး အင်ဒရေးက ပြုံး၍ ပြောလိုက်၏။ ခမည်းတော် မင်းသားကြီး ဘိုးကွန်စကီကား ဆိတ်ဆိတ်ပင် နေသည်။

"ဖေဖျားကို တောင်းပန်ချင်တာ ရှိပါသေးတယ် ဖေဖျား" မင်းသားလေး အင်ဒရေးက ဆက်ပြောလိုက်သည်။ "တကယ်လို့ သားတော်ဟာ စစ်မြေမှာကျဆုံးခဲ့ပြီး သားတော်မှာ သားငယ်တစ်ယောက်မွေးဖွားလာခဲ့ရင် သားတော်ရဲ့ သားငယ်ကို ဖေဖျားထံမှာပဲ ရင်အုပ်မကွာ ကြီးပြင်းစေလိုပါတယ်။ ကျေးဇူးပြုပြီး"

"အို ချွေးမတော်က သူ့သားကို ဘယ်ခွဲနိုင်မလဲ သားတော်ရဲ့"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက ရယ်၍ ပြောလိုက်၏။ ၎င်းတို့သားအဖနှစ်ဦးသည် မျက်နှာချင်းဆိုင်လျက် တိတ်ဆိတ်စွာ ရပ်နေကြ၏။ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၏ စူးရှသောမျက်လုံးများသည် မင်းသားကလေးအင်ဒရေး၏ မျက်နှာကို စိုက်ကြည့်လျက်ရှိ၏။ ၎င်း၏မျက်နှာအောက်ပိုင်းသည် ရှုံ့နေသယောင် ထင်ရသည်။

"ကဲ နှုတ်ဆက်ပြီးပြီ။ သွားတော့၊ သွား"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် ရုတ်တရက် စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

"ဘာဖြစ်တာလဲ ဟင်၊ ဘာဖြစ်တာလဲ"

တံခါးဝတွင် ရပ်လျက်ရှိသော မင်းသားကလေး အင်ဒရေးနှင့် ဝတ်ရုံဖြူကြီးကို ဝတ်လျက် ဆံပင်တုမပါဘဲ မျက်မှန်တပ်ထားသည့် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီတို့ကို မြင်လိုက်သည်တွင် မင်းသမီးကလေး မေရီနှင့် ကြင်ရာတော် မင်းသမီးကလေးလီဇာတို့က ပြိုင်တူမေးလိုက်ကြသည်။ မင်းသားကလေး အင်ဒရေးသည် ဘာကိုမျှ ပြန် မဖြေတော့ဘဲ သက်ပြင်းကိုသာ ချလိုက်သည်။

"ကဲ"

မင်းသားကလေး အင်ဒရေက ကြင်ရာတော် မင်းသမီးကလေး လီဇာဘက်သို့ လှည့်၍ ပြောလိုက်သည်။ ဤ 'ကဲ' ဆိုသော စကားလုံးသည် 'မင်းတို့ မိန်းမတွေ ဘာပလီဦး ချွဲဦးမလဲ'ဟု ဆိုသကဲ့သို့ အေးစက်လှောင်ပြောင်သော သဘောရှိလှချေ၏။

"မောင်မောင်"

ကြင်ရာတော် မင်းသမီးကလေး မျက်နှာမှာ ဖြူရော်သွားကာ မင်းသားလေးအင်ဒရေကို ညှိုးငယ်စွာ ကြည့်နေသည်။

မင်းသားကလေး အင်ဒရေးသည် ကြင်ရာတော်ကို သွား၍ ပွေ့ဖက်လိုက်သည်။ ထိုအခိုက် ကြင်ရာတော်မင်းသမီးကလေးလီဇာသည် ညည်းညူကာ သူ့ပခုံးပေါ်သို့ သတိလစ်၍ သွားလေသည်။ မင်းသားကလေး အင်ဒရေးသည် ကြင်ရာတော် မင်းသမီးလေးမှီထားသည့် ပခုံးကို အသာရွှေ့ကာ ကြင်ရာတော် မင်းသမီးလေး လီဇာ၏ မျက်နှာကို သေချာစွာ ကြည့်လိုက်ပြီးနောက် နောက်မှီထိုင်ခုံကြီး တစ်လုံးပေါ်သို့ ဖြည်းညင်းစွာပွေ့၍ ရွှေ့လိုက်သည်။

"သွားတော့မယ် အစ်မတော်"

မင်းသားကလေးအင်ဒရေးသည် အစ်မတော် မင်းသမီးကလေးမေရီ၏ လက်ကိုဆွဲ၍ နမ်းရှုပ် နှုတ်ဆက်လိုက်ပြီး ခန်းဆောင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

ကြင်ရာတော် မင်းသမီးကလေး လီဇာကား ထိုင်ဖုံပေါ်တွင် ခွေလဲလျက်ရှိကာ ပြင်သစ်သူဘုရင်းက နားထင်ကို နှိပ်နယ်ပေးလျက်ရှိ၏။ မင်းသမီးကလေး မေရီသည် ယောက်မတော်ကိုပွေ့ထူရင်း လှပသော မျက်လုံးတွင် မျက်ရည်တို့ စို့ရွှဲလျက်ဖြင့် မင်းသားကလေး အင်ဒရေ ထွက်သွားရာသို့ လှမ်းမျှော်ကြည့်ကာ လက်ယှက်၍ ဆုတောင်းလျက် ရှိပေသည်။ စာကြည့်ဆောင်ဘက်ဆီမှ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၏ စိတ်ဆိုးဆိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချေဆတ်နေသောအသံသည် သေနတ်ပစ်သံကဲ့သို့ ဆက်တိုက် ပေါ်ထွက်လာ၏။ မင်းသားကလေး အင်ဒရေ ထွက်သွား၍ မကြာမီပင် စာကြည့်ဆောင်တံခါးသည် ပြုန်းခနဲပွင့်လာကာ ဝတ်ရုံဖြူဝတ်ထားသည့် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် တံခါးဝ၌ မားမားကြီး ရပ်လျက်ရှိ လေသည်။

"သွားပလား။ အေး ကောင်းတယ်"

ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက ခပ်ပြတ်ပြတ်ပြောကာ သတိလစ်နေသည့် ချွေးမတော် မင်းသမီးကလေးလီဇာကို ဒေါသဖြင့် ကြည့်ပြီးနောက် ခေါင်းကို သွက်သွက်ခါအောင် ယမ်းလျက် တံခါးကို ဂျိမ်းခနဲ မြည်အောင် ပိတ်ပစ်လိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

၁၈၀၅ ခု၊ အောက်တိုဘာလ၌ ရုရှားစစ်တပ်ကြီး တစ်တပ်သည် ဩစတြီးယားပြည်ရှိ မြို့ရွာများကို သိမ်းပိုက်တပ်စွဲထားလျက်ရှိ၏။ ရုရှားနိုင်ငံမှ နောက်ထပ်ရောက်ရှိလာကြသော တပ်ရင်းများသည်လည်း ဘရောနောခံတပ်အနီးတွင်တပ်စွဲထားကြ၏။ သို့ဖြင့် ထိုဒေသရှိ အရပ်သူအရပ်သားများမှာ အတိဒုက္ခရောက်လျက် ရှိကြလေသည်။ ဘရောနောခံတပ်ကား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့်၏ဌာနချုပ် ဖြစ်လေသည်။

၁၈၀၅ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့၌ဘရောနောသို့ ရောက်ရှိလာသည့် ခြေလျင်တပ်ရင်းများအနက် တပ်ရင်းတစ်ခုသည် မြို့နှင့်မိုင်ဝက်အကွာတွင် ရပ်တန့်ကာ စစ်သေနာပတိချုပ်၏ တပ်စစ်ဆေးခြင်းကိုခံရန် စောင့်ဆိုင်းလျက်ရှိ၏။ ထိုဒေသရှိ ရှုခင်းမှာ ရုရှားနိုင်ငံရှုခင်းနှင့် ခြားနားလျက်ရှိ၏။ သစ်သီးခြံများ၊ ကျောက်တုံးစီခြံစည်းရိုးများ၊ အုတ်ကြွပ်မိုးများနှင့် အဝေးတွင် မှုန်မှုန်ပျပျ မြင်ရသော တောင်တန်းများသည် ရုရှားနိုင်ငံရှုခင်းနှင့် ခြားနားလျက်ရှိ၏။ ရှုခင်းသာ ခြားနားရုံမျှမက လူတွေကလည်း ခြားနားနေကြသည်။ (ထိုဒေသ၌ ဂျာမန်အရပ်သူ အရပ်သားများသည် ရုရှားတပ်သားများကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုတတ်ကြသည်။) ဤသို့ လူလည်းတစ်တွေ မြေလည်းတခြားဖြစ်လျက်ရှိသော်လည်း ထိုဒေသတွင် စခန်းချလျက်ရှိသော ရုရှားတပ်ရင်းသည် ရုရှားနိုင်ငံတစ်နေရာတွင် စခန်းချလျက်ရှိ၍ တပ်စစ်ခြင်းခံရန် ပြင်ဆင်လျက်ရှိသော အခြားတပ်ရင်းတစ်ရင်းကဲ့သို့ အေးအေးလူလူပင် ရှိနေသည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့်သည် တပ်ရင်းကို 'စစ်ချီအနေအထား'အတိုင်း စစ်ဆေးကြည့်ရှုမည်ဖြစ်ကြောင်းဖြင့် အမိန့်စာတစ်စောင် ယမန်နေ့ ညနေက ရောက်ရှိလာခဲ့၏။ အမိန့်ပါ စာသားများမှာ ကွဲပြားခြင်း မရှိချေ။ တပ်ရင်းမှူးသည် တပ်များကို 'စစ်ချီအနေအထား' အတိုင်း စစ်ဆေးခြင်း ခံရမည်လော၊ သို့တည်းမဟုတ် 'စစ်ရေးပြ အနေအထား'အတိုင်း စစ်ဆေးခြင်းခံရမည်လောဟု ဆုံးခွဲမရအောင် ဖြစ်လျက်ရှိ၏။ နောက်ဆုံး၌ တပ်ရင်းမှူးများအားလုံး ညှိနှိုင်းတိုင်ပင်ပြီးနောက် စစ်ရေးပြ အနေအထားအတိုင်း စစ်ဆေးခြင်းခံရန် ဆုံးဖြတ်လိုက်ကြသည်။ ဤသို့ ဆုံးဖြတ်ခြင်းမှာလည်း 'ဖြစ်ကတတ်ဆန်း လုပ်ခြင်းထက် အပိုအလိုမရှိ ပိပိရိရိလုပ်ခြင်းက သာ၍ကောင်းသည်'ဟူသောမူအရ စေတနာပို၍ ဆုံးဖြတ်ကြခြင်းဖြစ်၏။ တပ်သားများမှာ ယမန်နေ့က မိုင် ၂၀ ခန့် ချီတက်လာခဲ့ရပြီး ဖြစ်၍ ပင်ပန်းနွမ်းနယ်လျက် ရှိနေပြီ။ သို့ရာတွင် တပ်ရင်းမှူးက စစ်ရေးပြအနေအထားဖြင့် စစ်ဆေးခြင်းခံရမည်ဟု အမိန့်ထုတ်သောကြောင့် တစ်ညလုံး တစ်မှေးမျှ အိပ်စက်နားနေခြင်းမပြုရဘဲ လက်နက်များကို တိုက်ချွတ်ဆေးကြောပြင်ဆင်လျက်ရှိကြ၏။ တပ်ရေးဗိုလ်များနှင့် တပ်ခွဲမှူးများသည်လည်း မိမိတို့တပ်များကို အမှတ်စဉ်ခေါ်ခြင်း၊ ရေတွက်ခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိလေသည်။ ဤသို့ဖြင့် ယမန်နေ့ စစ်ချီခဲ့ရစဉ်က နွမ်းနယ်ဖိတ်ပျက်၍ ပရိပရဲဖြစ်နေသော လူအုပ်ကြီးသည် နောက်တစ်နေ့နံနက်အလင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် တဖိတ်ဖိတ်လက်လျက်ရှိသော ကြယ်သီးများ၊ စလွယ်များနှင့်တကွ မိမိတို့၏

www.burmeseclassic.com



တာဝန်ဝတ္တရားများကို ကောင်းစွာနားလည်သော၊ လွန်စွာလည်း စည်းကမ်းသေဝပ်သည့် တပ်သားနှစ်ထောင်ပါဝင်သော စစ်တပ်ကြီးတစ်တပ်ဖြစ်လာခဲ့လေပြီ။ ဤသို့ဖြင့် ထိုတပ်ရင်းသည် အပြင်ပန်းအားဖြင့်သာ စည်းကမ်းသေဝပ်သည် မဟုတ်သေး။ တပ်သားတိုင်း၏ စစ်ဝတ်စုံအောက်တွင်လည်း သန့်ရှင်းဖြူဖွေးသည့် ရှပ်အင်္ကျီ၊ ကျောပိုးအိတ်ထဲ၌လည်း သတ်မှတ်ထားသည့် ပစ္စည်းများဖြစ်သော 'ဆောက်တို၊ ဆပ်ပြာနှင့် တောက်တိုမယ်ရ ပစ္စည်းများ' စသည့် စစ်သား အသုံးအဆောင်တို့ အပြည့်အစုံပါရှိရကား စစ်ဝတ်စုံကို လှန်၍ စစ်ဆေးလျှင်ပင် သေနာပတိချုပ် ကျေနပ်သွားရမည်သာ ဖြစ်လေသည်။ အားလုံး စိုးရိမ်ကြောင့်ကြသည့်အချက်မှာ တစ်ချက်သာရှိ၏။ ယင်းမှာ တပ်သားများ၏ ဖိနပ်များပင် ဖြစ်ပေသည်။ တပ်သားတစ်ဝက်ကျော်ကျော်လောက်၏ ဖိနပ်များမှာ ပေါက်ပြဲစုတ်ပြတ်လျက်ရှိကြ၏။ သို့ရာတွင် ဤချွတ်ယွင်းချက်သည်လည်း တပ်ရင်းမှူး၏အပြစ် မဟုတ်ချေ။ တပ်ရင်းမှူးသည် ဖိနပ်သစ်များ ထုတ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဩစတြီးယား စစ်ဦးစီးဌာနချုပ်မှ ထုတ်ပေးခြင်း မပြုခဲ့ချေ။ ထို့ပြင်မက ယခုအချိန်၌ တပ်ရင်းကြီးသည်လည်း မိုင်ပေါင်းခုနစ်ရာခန့်မျှ ချီတက်ခဲ့ရပြီ မဟုတ်လော။ မိုင်ပေါင်း ခုနစ်ရာခန့်မျှ ချီတက်ခဲ့သော တပ်သားများ၏ ဖိနပ်များသည် စုတ်ပြတ်ခြင်းမရှိဘဲ နေနိုင်ပါဦးမည်လော။

တပ်ရင်းမှူးမှာ အသက်အတန်ငယ်ကြီး၍ အရပ်ပုပု၊ ကိုယ်လုံးတောင့်တောင့်နှင့် စိတ်တိုတတ်သော ဗိုလ်ချုပ်ကြီး တစ်ယောက်ဖြစ်၏။ ၎င်း၏ မျက်ခုံးမွေးများနှင့် မုတ်ဆိတ်ကျင်စွယ်များပါ ဖြူဖွေးစပြုလေပြီ။ ၎င်း၏ကိုယ်လုံးကိုယ်ထည်မှာ ရင်အုပ်နှင့်ကျောပြင်တို့ ကျယ်ပြန့်ခြင်းထက် ရင်နှင့်ကျောကြားရှိ နံဘေးက ပို၍ကျယ်ပြန့်သည့် ကိုယ်လုံးကိုယ်ထည်မျိုးရှိသူဖြစ်၏။ ၎င်း၏စစ်ဝတ်စုံ အသစ်ကျပ်ချွတ်မှာ ခေါက်ရိုးများ ထင်လျက်ရှိ၏။ ပခုံးပန်းပွားများမှာ ၎င်း၏တုတ်ခိုင်သော ပခုံးထက်တွင် ထိုးထိုးထောင်ထောင်ဖြစ်လျက်ရှိကြ၏။ ၎င်း၏အမူအရာကား မိမိ၏ဘဝ၌ အကြီးအကျယ်ဆုံးသော တာဝန်ကြီးတစ်ခုကို ရှင်ပျစွာ ထမ်းဆောင်နေသူတစ်ဦး၏ဟန်ကို ဖော်ပြလျက်ရှိ၏။ တပ်ရင်းမှူးဗိုလ်ချုပ်ကြီးသည် တန်းစီလျက်ရပ်နေသော တပ်သားများရှေ့တွင် လမ်းလျှောက်လျက်ရှိအံ့။ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ရင်ကို ဆတ်ခနဲ ကော့လိုက်၏။ ဤအမူအရာကို ကြည့်ခြင်းဖြင့် တပ်ရင်းမှူးဗိုလ်ချုပ်ကြီးမှာ မိမိ၏တပ်ရင်းကို ကြည့်၍ ကျေနပ်နှစ်သိမ့်လျက်ရှိကာ လောကကြီးတစ်ခုလုံးတွင် မိမိ၏တပ်ရင်းမှအပ အခြားမည်သည့်အရာကိုမျှ စိတ်ဝင်စားခြင်း မရှိသယောင် ထင်ရ၏။ သို့ရာတွင်၎င်း၏အမူအရာကို သေချာစွာ လေ့လာကြည့်ရှုလျှင်ကား ထိုဗိုလ်ချုပ်ကြီးသည် စစ်ရေးကိစ္စများကိုသာမက လူမှုကိစ္စများနှင့် မိန်းမကိစ္စများတွင်လည်း ဝါသနာမသေးလှကြောင်းကို ဖော်ပြလျက်ရှိလေသည်။

"တယ်လဲ လုပ်လိုက်ပါလား ဗိုလ်မှူးမိုက်ကယ်မိထရစ်ချ်" တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက ခပ်ပြုံးပြုံးဖြင့် ရှေ့သို့တက်လာသော တပ်ခွဲမှူးကို နှုတ်ဆက်လိုက်၏။ (နှစ်ယောက်စလုံး ကျေနပ်နှစ်သိမ့်နေကြဟန် ရှိပေသည်။) "မနေ့ညကတော့ တော်တော်အလုပ်များကြမှာပဲဗျို့။ ဒါပေမဲ့ များရကျိုးနပ်ပါတယ်လေ။ ကျွန်ုပ်တို့ တပ်ရင်းက မဆိုးပါဘူးဗျ"

တပ်ခွဲမှူးက တပ်ရင်းမှူး ဗိုလ်ချုပ်ကြီး၏ စကားကို သဘောကျကာ ရယ်လိုက်၏။

"ပီတာစဘတ် မြို့ရှေ့တော်က ဇာရစ်ဆင် စစ်ရေးပြကွင်းကြီးထဲမှာ စစ်ရေးပြသဘင် ကြည့်ရခြင်းလို အင်မတန်ကျက်သရေ ရှိလှပါတယ် ဗိုလ်ချုပ်"

"အလို၊ နားထောင်စမ်းဗျို့၊ ဘာလဲ"

တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက ဆိုသည်။

ထိုအခိုက် အချက်ပြကင်းများချထားသည့် မြို့ဘက်သို့ သွားသောလမ်းဆီမှ မြင်းစီးလျက် လူနှစ်ယောက်ပေါ်လာလေသည်။ တစ်ယောက်မှာ ကိုယ်ရံတော် ဗိုလ်ကလေးတစ်ဦးဖြစ်၍ တစ်ယောက်ကား ကော့ဆက် မြင်းတပ်သားတစ်ဦးဖြစ်၏။

ကိုယ်ရံတော် ဗိုလ်ကလေးသည် ယမန်နေ့က ပေးပို့သော အမိန့်စာတွင် ရှင်းလင်းခြင်း မရှိသည့်အချက်ကို ရှင်းလင်းအတည်ပြုရန် ရောက်ရှိလာခြင်းဖြစ်လေသည်။ ရှင်းလင်းချက်မှာ စစ်သေနာပတိ ဗိုလ်ချုပ်ကြီးသည် တပ်ရင်းကြီးအား နှင်းကာအင်္ကျီရှည်ကြီးများ၊ ကျောပိုးအိတ်များနှင့်တကွ တစ်စုံတစ်ရာပြင်ဆင်ထားခြင်းမရှိဘဲ စစ်ချီတက်နေသည့် အနေအထားအတိုင်း စစ်ဆေးကြည့်ရှုလိုသည်ဟူ၍ ဖြစ်လေသည်။

www.burmeseclassic.com



ယမန်နေ့က ဗိယင်နာမြို့ရှိ မဟာမိတ် ဩစတြီးယား စစ်ဦးစီးဌာနချုပ်မှ အရာရှိတစ်ဦး စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကုတုဇော့ဗ်ထံသို့ ရောက်ရှိလာခဲ့လေသည်။ ၎င်းက စစ်သေနာပတိချုပ်၏ တပ်များသည် မြို့စားကြီး ဟာဒီနန်နှင့် မြို့စားကြီးမက်တို့၏ မဟာမိတ် ဩစတြီးယား တပ်များနှင့် ပူးပေါင်းရမည်ဟု တိုက်တွန်းတောင်းဆိုခြင်း ပြုလေသည်။ စစ်သေနာပတိချုပ် ကုတုဇော့ဗ်မှာ ဤသို့ မိမိတပ်များအား ဩစတြီးယား တပ်များနှင့် ပူးပေါင်းခြင်းကို လက်မခံနိုင်သည့်အတွက် အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆိုလိုက်၏။ ထိုနောက် အကြောင်းပြချက်တစ်ခုမှာ မိမိ၏တပ်များသည် ရုရှားနိုင်ငံမှ ချီတက်လာရသည့် အတွက်များစွာ ပင်ပန်းနွမ်းနယ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဩစတြီးယားတပ်များနှင့် ပေါင်းရန်မဖြစ်နိုင်ကြောင်းဖြင့် ပြောဆိုလိုက်၏။ ဤသို့ မိမိ၏တပ်များ ပင်ပန်းနွမ်းနယ် လျက်ရှိကြောင်းကို သက်သေပြရန်အတွက်လည်းမိမိ၏ တပ်များကို များစွာပင်ပန်းကာ ဖရိုဖရဲဖြစ်လျက်ရှိသည့် စစ်ချီတက်စဉ် အနေအထားအတိုင်း စစ်ဆေးမည်။ ဤသို့ စစ်ဆေးရာ၌ ဩစတြီးယား ဗိုလ်ချုပ်လည်း ပါမည်ဟု အမိန့်ထုတ်လိုက်ခြင်းဖြစ်၏။ စစ်သေနာပတိချုပ် ကုတုဇော့ဗ်အဖို့ မိမိ၏တပ်များ စုတ်ပြတ်နွမ်းနယ်လျက်ရှိပုံကို ပြနိုင်မှ အကြောင်းပြချက်ခိုင်လုံမည် မဟုတ်လော။ အမိန့်ရှင်းလင်းရန် ရောက်လာသည့် ကိုယ်ရံတော်ဗိုလ်သည် အခြင်းအရာကိုလုံးဝမစဉ်းစားဘဲ အမိန့်အတိုင်းပင် တပ်သားများအားလုံး နှင်းကာ အင်္ကျီရှည်ကြီးများ ဝတ်ဆင်လျက် စစ်ချီလာသည့် ပုံစံအတိုင်း နွမ်းနယ်စုတ်ပြတ်လျက်ရှိစေရမည်ဖြစ်ကြောင်း၊ သို့မဟုတ်က စစ်သေနာပတိချုပ် စိတ်ဆိုးလိမ့်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းသွားလေသည်။ ဤစကားကို ကြားလိုက်ရသည်တွင် တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးမှာ ခေါင်းငိုက်စိုက်ကျသွားကာ စကားတစ်ခွန်းမျှ မပြောနိုင်တော့ချေ။ တပ်ရင်းမှူးသည် ပခုံးကို တွန့်လိုက်ပြီးနောက် စိတ်ဆိုးသော အမူအရာဖြင့် လက်ကိုဆန့်လိုက်သည်။

"ဟာ ဒုက္ခပါပဲ။ အကုန်ပြင်ဆင်ပြီးကုန်ပြီ"တပ်ရင်းမှူးဗိုလ်ချုပ်ကြီးက ပြောလိုက်သည်။ "ကဲ ဘယ့်နှယ်ရှိစ ဗိုလ်မှူးမိထရစ်ချ်၊ အစက ကျုပ်မပြောလား ဟင်။ အမိန့်ထဲမှာ ချီတက်တဲ့ အနေအထားအတိုင်းလို့ပါရင် နှင်းကာအင်္ကျီရှည်ကြီးတွေ ဝတ်ထားရမယ်လို့ ဆိုလိုတာပဲလို့ ကျုပ် မပြောလား။ ဒုက္ခပါပဲဗျာ"

တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက တပ်ခွဲမှူးကို အပြစ်တင်လိုက်သည်။ နောက်ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်ပြီး "တပ်ခွဲမှူး အားလုံးသတိ"ဟု အမိန့်ပေးသံဖြင့် အော်လိုက်သည်။ "တပ်ကြပ်ကြီး အားလုံးသတိ"ဟု ထပ်၍ အော်လိုက် ပြန်သည်။

"စစ်သေနာပတိချုပ် ဘယ်တော့ ရောက်မလဲ"

တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက 'စစ်သေနာပတိချုပ်' ဆိုသော စကားလုံးကို အလေးအမြတ်ထား၍ ရွတ်လိုက်ပြီး ကိုယ်ရံတော် ဗိုလ်ကလေးကို လှမ်းမေးလိုက်သည်။

"တစ်နာရီအတွင်း ရောက်ပါလိမ့်မယ် ဗိုလ်ချုပ်"

"ငါ့တပ်သားတွေ အဝတ်အစားလဲဖို့မှ အချိန်ရရဲ့လားကွ"

"ကျွန်တော် မသိပါဘူး ဗိုလ်ချုပ်"

တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးသည် တန်းစီထားသည့် တပ်သားများရှေ့၌ ရပ်လိုက်ပြီး တပ်သားများအား နှင်းကာ အင်္ကျီများ ပြောင်းလွဲဝတ်ဆင်ရန် အမိန့်ပေးလိုက်သည်။ တပ်ခွဲမှူးများသည် မိမိတို့ တပ်ခွဲများဆီသို့ အပြေးအလွှား ပြန်သွားကြ၏။ တပ်ကြပ်ကြီးများသည်လည်း ပျားပန်းခပ်မျှ အလုပ်ရှုပ်သွားကြသည်။ (နှင်းကာ အင်္ကျီရှည်ကြီးများမှာ အတန်ဟောင်းနွမ်းလျက် ရှိကြသေပြီ။) စောစောက ကိုယ့်တပ်ခွဲနှင့်ကိုယ် စနစ်တကျ စုစည်း၍ တိတ်ဆိတ်လျက်ရှိနေခဲ့သော တပ်ခွဲများသည် ဖရိုဖရဲဖြစ်သွားကာ အသံဗလံများဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်လာကြလေသည်။ တပ်သားများသည် ထိုမှဤမှ ပြေးလွှားလျက်ရှိ၍ ပခုံးများကို ဆတ်ခနဲမြှောက်ကာ ကျောပိုးအိတ်များကို လွယ်လိုက်ကြသည်။ ထို့နောက် မေးသိုင်းကြိုးများကိုလည်း တင်းနေအောင် ဆွဲလိုက်ကြလျက် နှင်းကာအင်္ကျီရှည်ကြီးများကို ပြန်ရင်း လက်မြှောက်ခြေမြှောက်ဖြင့် ဒရောသောပါး ဝတ်နေကြလေသည်။

ဤသို့ဖြင့် စစ်ရေးပြအနေအထားအတိုင်း သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထားသည့်တပ်များသည် နာရီဝက်အတွင်း စစ်ချီအနေအထားအတိုင်း စုတ်ပြတ် ဟောင်းနွမ်းသော ဝတ်စုံများကို ပြန်၍ ဝတ်ပြီးသား ဖြစ်သွားကြ၏။ စောစောက မည်းနက်နေသော စတုရန်းပုံ တပ်စုတပ်ဖွဲ့

www.burmeseclassic.com



များမှာ ယခု ပြာနှမ်းနှမ်းအရောင်သို့ ပြောင်းသွားလေပြီ။ တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးသည် ဖြောက်ဆွဖြောက်ဆွဖြင့် တပ်ရင်းကြီးရှေ့တွင်လမ်းသလားကာ ခပ်လှမ်းလှမ်းမှနေ၍ စစ်ဆေးနေပြန်သည်။

"ဟေ့ ဒါက ဘာဖြစ်တာလဲဟင်" တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးသည် တုံ့ခနဲရပ်၍ အော်လိုက်သည်။ "အမှတ်သုံးတပ်ခွဲ တပ်ခွဲမှူး"

"အမှတ်သုံးတပ်ခွဲ တပ်ခွဲမှူး ဗိုလ်ချုပ်ခေါ်တယ်။ တပ်ခွဲမှူး ဗိုလ်ချုပ်ခေါ်တယ်။ အမှတ်သုံးတပ်ခွဲ တပ်ခွဲမှူး ဗိုလ်ချုပ်ခေါ်တယ်"

တပ်ဖွဲ့တစ်ဖွဲ့မှ တစ်ဖွဲ့သို့ အော်၍ သတင်းပို့လိုက်ကြ၏။ တပ်ရေးတစ်ယောက်သည် တန်းထဲမှထွက်လာကာ တပ်ခွဲမှူးကို လိုက်ရှာနေသည်။ ယင်းသို့ ဆက်တိုက် သတင်းပို့သံများ တိတ်ဆိတ်သွားသည့်နောက်တွင် တပ်ခွဲမှူးသည် မိမိ၏တပ်ခွဲနောက်မှ ထွက်လာကာ လှုလတ်ပိုင်းတွင်သာ ရှိသေးသော်လည်း ပြေးစမရှိသည့်အလျောက် ဗိုလ်ချုပ်ကြီးထံသို့ ခုန်ဆွ ခုန်ဆွနှင့် ပြေးလာလေသည်။ ဗိုလ်ကြီးရာထူးအဆင့်ရှိသော တပ်ခွဲမှူး၏မျက်နှာမှာ မိမိမရသောသင်ခန်းစာကို ပြန်၍ အံရသည့် ကျောင်းသားငယ်ကလေး တစ်ယောက်၏မျက်နှာမျိုးဖြင့် ကြောက်ရွံ့ထိတ်လန့်သောအသွင်ကို ဆောင်လျက်ရှိလေသည်။ ၎င်း၏မျက်နှာသည် နီရဲလျက် နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်လျက် ရှိ၏။ ဗိုလ်ချုပ်ကြီးသည် မောကြီးပန်းကြီးဖြင့် ရောက်လာသော တပ်ခွဲမှူးကို ခြေပြန်ခေါင်းပြန် ကြည့်လိုက်သည်။

"ဘာလဲ၊ မင်းက မင်းတပ်သားတွေကို မကြာခင် ထဘီအဝတ်ခိုင်းဦးမလို့လား၊ ဟုတ်လား။ ဒါက ဘာလုပ်တာလဲ" တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက မေးငေါ့၍ တတိယတပ်ခွဲအတွင်း၌ အများနှင့်မတူ တစ်မူထူးခြားလျက် အပြာနရောင်နှင်းကာ အင်္ကျီရှည်ကြီး ဝတ်ထားသည့် တပ်သားတစ်ယောက်ကို ညွှန်ပြလိုက်သည်။ "ဒီလောက် သတင်းပို့နေတဲ့ကြားထဲက မင်းကို ဖတ်ဖတ်မောအောင် လိုက်ရှာရသေးတယ်။ မင်းအဘ စစ်သေနာပတိက ရောက်တော့မယ်။ မင်းတပ်ဖွဲ့ထဲမှာ မရှိဘူး။ တပ်သားတွေကို အလှဝတ်ပြီး ပြရအောင် မင်းအဘက ခိုင်းထားသလားဟင်"

တပ်ခွဲမှူးသည် လက်ချောင်းနှစ်ချောင်း တောင့်နေအောင် ဦးထုပ်ကိုကပ်၍ အရိုအသေပြုထားလေရာ ၎င်း၏အမူအရာမှာ ၎င်း၏ဘဝလွတ်မြောက်ရေး တစ်ခုလုံးသည် အရိုအသေပြုလျက်ရှိသော ထိုလက်ချောင်းကလေးများပေါ်တွင် တည်နေသကဲ့သို့ ထင်မှတ်ရပေသည်။

"ပြောလေကွာ၊ မေးနေတာ မကြားဘူးလား။ ဟန်ဂေရီစစ်သားလို ဝတ်ထားတဲ့ မင်းတပ်ခွဲက ကောင်ဟာ ဘယ်ကကောင်လဲဟင်"

ဗိုလ်ချုပ်ကြီးက ခပ်ဆတ်ဆတ်မေးလိုက်သည်။

"ဗိုလ်ချုပ်"

"ဘာ ဗိုလ်ချုပ်လဲကွ။ မင်းအမေ့လင် ဗိုလ်ချုပ်လား။ ဘာဗိုလ်ချုပ်လဲဟင်"

"ဗိုလ်ချုပ်ခင်ဗျား၊ ရာထူးအချခံရတဲ့ ဗိုလ်လေးဒိုလိုကော့ဗ် ဖြစ်ပါတယ်" တပ်ခွဲမှူးက လေချိုကလေးဖြင့် ပြော၏။

"ဟေ၊ ဘယ်ရာထူးကို အလျှော့ခံရတာလဲကွ။ စစ်သေနာပတိရာထူးကို ချတာလား၊ တပ်သားအဖြစ် ချတာလားလဲ ပြောဦးမှပေါ့"

"လမ်းမှာတုန်းက ဗိုလ်ချုပ်ကိုယ်တိုင် ရာထူးကချပြီး ခွင့်ပေးထားခဲ့တာပါ ဗိုလ်ချုပ်"

"မင်းတို့ကောင်တွေ ပြောလိုက်ရင် ဒီလိုချည်းပဲ။ ဆင်ခြေဆင်လက်ကလေးတွေနဲ့" တပ်ရင်းမှူး ဗိုလ်ချုပ်ကြီး၏အသံမှာ ပျော့၍သွားသည်။ ခဏအကြာတွင် ပြန်၍ တင်းမာလာပြန်ကာ

"မင်းတပ်သားတွေ ကောင်းကောင်းမွန်မွန် ဝတ်ပါစေ။ ဒါပဲ"

ထိုနောက် တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးသည် တပ်ရေးကို လှမ်းကြည့်ပြီး ခြေလှမ်းကို ဘောက်ဆွဘောက်ဆွလှမ်းကာ တန်းစီထားသည်ကို ဆက်၍ စစ်ဆေးနေပြန်သည်။ ဒေါသထွက်ထွက်ဖြင့် ဟိန်းဟောက်လိုက်ရသဖြင့် ကျေနပ်သွားပြီဖြစ်သော်လည်း ဆက်၍ စစ်ဆေးပြန်သောအခါ ကြိမ်းမောင်းစရာအချက်ကို လိုက်ရှာနေမိပြန်သည်။ တံဆိပ်ကို မတိုက်ဘဲ တပ်ထားသည့် တပ်သားတစ်ယောက်ကိုလည်းကောင်း၊ ဖြောင့်ဖြောင့်တန်းစီခြင်း မပြုသည့် တပ်သားတစ်ယောက်ကို လည်းကောင်း ကြိမ်းမောင်းဆဲဆိုခဲ့ပြီးနောက် တပ်ရင်းမှူး ဗိုလ်ချုပ်သည် အမှတ်သုံး



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲနားသို့ ရောက်လာ၏။

"ဟေ့ကောင်၊ ဘယ်လိုရပ်နေတာလဲ။ ထမင်း မစားရဘူးလားဟင်။ ခြေထောက်ကြီးက၊ ခြေထောက်ကြီးက" တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးက အပြာနုရောင် စစ်ဝတ်စုံ ဝတ်ထားသည့် ဒိုလိုကော့ဗ်နှင့် တပ်သားငါး ယောက်သာ ခြားနေပါလျက် အသံကုန်ဟစ်၍ အော်လိုက်သည်။

ဒိုလိုကော့ဗ်သည် ကွေးနေသောဒူးကို ဆန့်လိုက်ပြီး နောက် စူးရှထက်မြက်သည့် မျက်လုံးများဖြင့် မခံချင်စရာ ကောင်းအောင် ဗိုလ်ချုပ်ကြီးကို လှမ်းကြည့်လိုက်သည်။

"ဘာဖြစ်လို့ အပြာရောင်နှင်းကာဝတ်ရုံကို ဝတ်လာရသလဲဟင်။ တပ်ကြပ်ကြီး ဒီအင်္ကျီကို ချွတ်ပစ်လိုက်။ ပြီးတော့ နောက်တစ်ထည်ဝတ်ပေး ခွေးမ…" ဗိုလ်ချုပ်ကြီး သည် ဆုံးအောင် မဆဲနိုင်ဘဲ ရပ်သွား၏။

"ဗိုလ်ချုပ်ကြီးခင်ဗျာ၊ ကျွန်တော်ဟာ အမိန့်ကို နာခံဖို့ အသင့်ပါ။ ဒါပေမဲ့" ဒိုလိုကော့ဗ် စကားမဆုံးမီ

"ဟေ့၊ တန်းစီရင်း စကားမပြောနဲ့။ စကား မပြောနဲ့၊ စကားမပြောနဲ့"

"စော်ကားတာကိုတော့ သည်းခံနိုင်မယ် မဟုတ် ပါဘူးခင်ဗျာ"

ဒိုလိုကော့ဗ်သည် ပီပီသသကြီး ပြောချလိုက်၏။ ဗိုလ်ချုပ်ကြီးနှင့်တပ်သားတို့ မျက်လုံးချင်း ဆိုင်ကြလေပြီ။ ဗိုလ်ချုပ်ကြီးသည် ရုတ်တရက် အမ်းသွားကာ စိတ်ဆိုး မာန်ဆိုးဖြင့် ကျပ်နေသော လည်စည်းကို ဆွဲချလိုက်သည်။

"ဪ၊ သည်းမခံနိုင်ဘူးလား။ ကဲဗျာ ဒီလိုဆို ကျွန်တော် ချိုချိုသာသာ ပြောပါ့မယ်။ ဒီမှာခင်ဗျာ၊ ခင်ဗျားရဲ့ နှင်းကာဝတ်ရုံကြီးကို လဲဖို့ကိစ္စမှာ ရှေ့စိတ်တော် မငြိုပါနဲ့လို့ ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ"

ဗိုလ်ချုပ်ကြီးသည် ရွဲ့၍ပြောကာ လှည့်ထွက်လာ ခဲ့လေသည်။

## အခန်း ၂

"ဟော လာနေပြီ၊ လာနေပြီ"

အချက်ပြ ကင်းတပ်သားက လှမ်း၍အော်လိုက် သည်။ တပ်ရင်းမှူးသည် မျက်နှာပျက်လျက် မြင်းဆီသို့ ပြေးကာ တုန်ရင်လျက်ရှိသော လက်များဖြင့် ခြေနင်းကွင်း ကိုကိုင်၍ ကုန်းပေါ်သို့ လွှားခနဲတက်လိုက်သည်။ ထို့နောက် ကုန်းနှီးပေါ်တွင် မိမိကိုယ်ကို နေသားတကျ ရှိစေပြီး ဓားအိမ်မှ ဓားကိုဆွဲထုတ်လိုက်ကာ ရွှင်ပျခဲ့ညားသော မျက်နှာထားကို ဆောင်လျက် ပါးစပ်ကိုဟ၍ အော်ဟစ် အမိန့်ပေးရန် ပြင်နေလေသည်။ တပ်ရင်းကြီး တစ်ခုလုံး သည် အတောင်ခါလိုက်သော ငှက်တစ်ကောင်သဖွယ် ဖျိုးဖျိုးဖျတ်ဖျတ် မြည်၍ လှုပ်ရှားသွားပြီးနောက် ချက်ချင်း ငြိမ်သွားသည်။

"သတိ"

တပ်ရင်းမှူးက လိပ်ပြာလွင့်သွားမတတ် အော်၍ အမိန့်ပေးလိုက်၏။ ၎င်းအသံမှာ ၎င်းအဖို့ ရွှင် မြူးသော သသော၊ တပ်ရင်းကြီးအဖို့ ခက်ထန်သောသသော၊ တပ် စစ်လာမည့် ဗိုလ်ချုပ်ကြီးအတွက် ကြိုဆိုသော သသော ကို ဆောင်လျက် ရှိပေသည်။

တစ်ဖက်တစ်ချက်တွင် သစ်ပင်တို့ စီတန်းပေါက် လျက်ရှိသည့် တောလမ်းပုံပုံတစ်လျှောက်မှ မြင်းခြောက် ကောင်က အပြာနုရောင် ဗီယင်နာလုပ် ကရထားတစ်စင်း သည် ဝင်ရိုးသံတညည်ပေးလျက် ခပ်သုတ်သုတ် လာနေ သည်ကို တွေ့ရပေသည်။ ကရထား၏ နောက်မှ ကိုယ်ရံ တော်နှင့် အစောင့်များက မြင်းကိုယ်စီဖြင့် လိုက်ပါလာကြ သည်။ ရထားပေါ်တွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ဘေး၌ ဩစတြီးယား ဗိုလ်ချုပ်ကြီး လိုက်ပါ လာ၏။ ဩစတြီးယား ဗိုလ်ချုပ်ကြီးသည် ဖြူဖွေးနေသော စစ်ဝတ်စုံကို ဝတ်ထားလေရာ အနက်ရောင် စစ်ဝတ်စုံများ ကြားထဲတွင် ထင်းထင်းကြီး ပေါ်လျက်ရှိလေသည်။ ကရထားကြီးသည် တပ်ရင်းရှေ့သို့ရောက်သည်နှင့် ရပ်တန့်သွားပြီး စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် ဩစတြီးယား ဗိုလ်ချုပ်ကြီးတို့သည် တိုးတိုးတိုးတိုးဖြင့် စကားပြောနေကြသည်။ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ခပ်ပြုံးပြုံးဖြင့် ကရထားပေါ်မှ လေးလံစွာ ဆင်းလာလေရာ တပ်သားပေါင်းနှစ်ထောင်သည် တပ်ရင်း မှူးကိုပင် မေ့လျော့ကာ စစ်သေနာပတိ ဗိုလ်ချုပ်ကြီးကို အသက်ပင်မရှူတော့သလို တုတ်တုတ်မျှ မလှုပ်ဘဲ ငေးစိုက်နေကြလေသည်။

အမိန့်ပေးသံ ဟိန်း၍ ထွက်ပေါ်လာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းကြီးတစ်ခုလုံးသည် လှုပ်ရှားသွားကာ လက်နက်များကိုမြှောက်၍ အရိုအသေ ပေးလိုက်သည်တွင် တချွင်ချွင် မြည်သံများဖြင့် ဆူညံသွားသည်။ ထို့နောက် စစ်သေနာပတိ မိုလ်ချုပ်ကြီး၏ အသံသဲ့သဲ့သည် သုသာန်တစပြင်ကဲ့သို့သော တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍ ပေါ်ထွက်လာလေသည်။ "မိုလ်ချုပ်ကြီးကျန်းမာပါစေ" ဟူသော တပ်ရင်းကြီးတစ်ခုလုံး၏ ဆုတောင်းသံသည် ဟိန်း၍ ထွက်ပေါ်လာကာ ခဏကြာလျှင် ပြန်၍ တိတ်ဆိတ်သွားပြန်သည်။ တပ်ရင်းကြီးက ချီတက်အလေးပြုသွားစဉ်တွင် စစ်သေနာပတိ မိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ငြိမ်သက်စွာရပ်၍ အရိုအသေပြုခြင်းကို ခံလေသည်။ ထို့နောက်မှ စစ်သေနာပတိမိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် အဖြူရောင် စစ်ဝတ်စုံဝတ် ဩစတြီးယား မိုလ်ချုပ်သည် ကိုယ်ရံတော်တပ် ခြံရံကာ တပ်များကို စစ်ဆေးလေသည်။

စစ်သေနာပတိချုပ် မိုလ်ချုပ်ကြီးအား အရိုအသေပြုပုံနှင့် အားကျသည့် မျက်လုံးများဖြင့်စားတော့ဝါးတော့ မတတ် ကြည့်နေပုံကို ထောက်၍လည်းကောင်း၊ မိုလ်ချုပ်ကြီးနှစ်ဦးနောက်တွင် ခြေထောက်ကို ဆောက်ဆွဆောက်ဆွ မနင်းမိစေရန် သတိထားလျက် ခပ်ယို့ယို့လျှောက်နေပုံကို ထောက်၍လည်းကောင်း၊ စစ်သေနာပတိမိုလ်ချုပ်ကြီးက စကားတစ်ခွန်း သို့မဟုတ် လက်ဟန်တစ်ချက် ပြုလိုက်ရုံဖြင့် နောက်မှရှေ့သို့ ခပ်သုတ်သုတ် ပြေးလာရပ်ပုံကို ထောက်၍လည်းကောင်း၊ တပ်ရင်းမှူး လုပ်နေပုံမှာ တပ်ရင်းမှူးတစ်ယောက်နှင့်ပင် မတူတော့ဘဲ ဝတ္တရားကျေပွန်အောင် ကြိုးစားထမ်းဆောင်နေသော လက်ပါးစေတစ်ယောက်နှင့်ပင် တူနေတော့သည်။ တပ်ရင်းမှူး၏ စည်းကမ်းတင်းကျပ်မှုနှင့် ကြိုးစားမှုတို့ကြောင့် တပ်ရင်းကြီးတစ်ခုလုံးမှာ ဘရောနောသို့ တစ်ချိန်တည်းရောက်သော အခြားတပ်များနှင့်စာလျှင် များစွာ အခြေအနေ ကောင်းနေပေသည်။ တပ်ရင်းကြီး တစ်ခုလုံးတွင် မမိဘဲ ကျန်ရစ်သူနှင့် လူနာနှစ်မျိုးပေါင်းမှ ၂၁၇ ယောက်သာရှိသည်။ ဖိနပ်များ စုတ်ပြတ်နေသည်က လွဲလျှင် အားလုံးကောင်းမွန်နေပေသည်။

စစ်သေနာပတိ မိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် တန်းစီ၍ ရပ်နေကြသော တပ်ဖွဲ့များကြားတွင် လျှောက်၍ ကြည့်ရှုပြီး တစ်ခါတစ်ရံ၌ ရုရှား-တူရကီစစ်ပွဲတွင် သိကျွမ်းခဲ့ဖူးသော တပ်မိုလ်များကို နှုတ်ဆက်၍၊ တစ်ခါတစ်ရံ၌ တပ်သားများကိုလည်း နှုတ်ဆက်တတ်လေသည်။ စစ်သေနာပတိ မိုလ်ချုပ်ကြီးသည် တပ်သားရဲဘော်များ၏ ဖိနပ်များကို မကြာခဏကြည့်၍ စိတ်မချမ်းမြေ့ဟန်ဖြင့် ခေါင်းယမ်းပြီး ဖိနပ်များကို လက်ညှိုးထိုးပြကာ ဩစတြီးယား မိုလ်ချုပ်ကြီးအား ထိုကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမျှ အပြစ်မပြောလိုကြောင်း၊ သို့ရာတွင် ဖိနပ်များမှာ မြင်သည့်အတိုင်း အခြေအနေဆိုးနေပြီဖြစ်ကြောင်း စသဖြင့် တိုင်တန်းပြောဆိုနေဟန် ရှိလေသည်။ ဤအခါမျိုး၌ တပ်ရင်းမှူးမှာလည်း မိမိ၏တပ်ရင်းကြီးနှင့် ပတ်သက်၍ စစ်သေနာပတိချုပ် မိုလ်ချုပ်ကြီးက မည်သို့မှတ်ချက်ချသွားလေမည်နည်းဟု သိလိုဇောဖြင့် စကားတစ်လုံးတလေ မကြားဘဲ ဖြစ်လိုက်မည်ကိုပင် စိုးရိမ်ကာ ရှေ့ကို ပြေး၍ ပြေး၍ တက်လာတတ်သည်။ စစ်သေနာပတိချုပ် မိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ နောက် နှစ်ကိုယ်ကြား ပြော၍ကြားနိုင်လောက်သည့် အကွာအဝေးမှ ကိုယ်ရံတော် တပ်သားနှစ်ဆယ်ခန့်လည်း လိုက်ပါလာကြပေသည်။ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များသည် အချင်းချင်းစကားပြောလာကြကာ တစ်ခါတစ်ရံ ရယ်လိုက်ကြသေးသည်။ စစ်သေနာပတိ မိုလ်ချုပ်ကြီးနှင့် အနီးဆုံး လိုက်ပါလာသူမှာ ရုပ်ရည်ချောမောသော တပ်ရေးမိုလ်တစ်ယောက်ဖြစ်လေသည်။ ထိုတပ်ရေးမိုလ်ကား မင်းသားကလေး အင်ဒရေယေတည်း။ တပ်ရေးမိုလ် အင်ဒရေဘေးတွင် ထောင်ထောင်မောင်းမောင်းနှင့် ပြုံးရို့သောမျက်နှာထား၊ တောက်ပသော မျက်လုံးများဖြင့် စစ်ဦးစီးဌာနချုပ် အရာရှိကလေး တစ်ဦးဖြစ်သူရင်း၏ ရဲဘော် နက်ဗစ်စကီ လိုက်ပါလာလေသည်။ နက်ဗစ်စကီ၏ဘေးမှ လိုက်ပါလာသော အသားညိုညို မြင်းတပ်မိုလ်ကလေး၏ဟန်ကြောင့် နက်ဗစ်စကီမှာ မအောင့်နိုင်တော့ဘဲ ကျိတ်၍ ရယ်လျက်ရှိလေသည်။ မျက်လုံးကြီးစိုက်၍ ကြည့်တတ်ပြီး ပြုံးရယ်ခြင်း မရှိ တည်တည်ကြီးနေတတ်သည့် ထိုမြင်းတပ်မိုလ်ကလေးသည် တပ်ရင်းမှူးကို နောက်မှကြည့်ကာ တပ်ရင်းမှူး၏ဟန်အတိုင်း ပြော၍ လုပ်ပြနေသည်။ ရှေ့က တပ်ရင်းမှူးက ခပ်ယို့ယို့ကလေး လုပ်လိုက်လျှင် မြင်းတပ်မိုလ်ကလေးကလည်း ခပ်ယို့ယို့ လိုက်၍ လုပ်ပြတတ်သည်။ နက်ဗစ်စကီသည် တခွိခွိရယ်ရင်း ၎င်း၏ရဲဘော်များကို လက်တို့၍ မြင်းတပ်မိုလ်ကလေး

www.burmeseclassic.com



အလှောင်သန်ပုံကို ပြနေသည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ကျွတ်ထွက်တော့မတတ် ပြူးကြည့်နေသော မျက်လုံးထောင်ပေါင်းများစွာရှေ့တွင် တစ်လှမ်းချင်း ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။ အမှတ်သုံးတပ်ခွဲရှေ့သို့ အရောက်တွင်ကား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်သွားကြ၏။ ကိုယ်ရံတော်ဗိုလ်လေးသည် စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ အမူအရာကြောင့် အံ့အားသင့်သွားကာ အနားသို့ ပြေးကပ်လာလေသည်။

"ဟော့ တီမိုခင်"

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က စောစောက တပ်ရင်းမှူး၏ အမာန်အမဲကို ခံရသော အမှတ်သုံး တပ်ခွဲမှူး နှာခေါင်းနီနီနှင့် တီမိုခင်ကို မှတ်မိသဖြင့် လှမ်း၍ နှုတ်ဆက်လိုက်သည်။

တပ်ရင်းမှူး၏ အကြိမ်းအမောင်းကို ခံရသဖြင့် ဖိမ့်ဖိမ့်တုန်လောက်အောင် ကြောက်သူများထဲတွင် လောက၌ တီမိုခင်လောက် ကြောက်သူရှိမည် မထင်ချေ။ ယခု စစ်သေနာပတိ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က အရေးတယူ နှုတ်ဆက်ခြင်းခံရသည့်အခါတွင်လည်း တီမိုခင်သည် ရင်ကော့၍ ခေါင်းမော့လိုက်ပြီး စစ်သေနာပတိချုပ်ကြီးက ဂရုတစိုက်ကြည့်ခြင်းကို ခံရလျှင်ပင် စောစောကကဲ့သို့ အကြိမ်းအမောင်း ခံရမည် မဟုတ်ဟူသောဟန်မျိုး လုပ်ပြလိုက်သည်တွင် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် တီမိုခင်၏အကြောင်းကို သိသူပီပီ တစ်စုံတစ်ရာ မပြောလိုတော့သည့်အတွက် ချက်ချင်း ပြန်လှည့်ထွက်လာခဲ့လေသည်။ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး၏ အမာရွတ်ထင်လျက်ရှိသော မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး ယှက်သန်းလျက် ရှိပေသည်။

"ဒီကောင်လဲ အစ်စ်မေလီယ တိုက်ပွဲစဉ်မှာ ပါခဲ့တဲ့ ရဲဘော်တစ်ယောက်ပဲ။ တော်တော် သတ္တိ ကောင်းတယ်။ ဒီကောင် ဘယ်နှယ်နေသလဲ။ သဘော ကျရဲ့လား"

စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က တပ်ရင်းမှူးကိုလှည့်၍ မေးလိုက်သည်။ တပ်ရင်းမှူးသည် မိမိဟန်အတိုင်း နောက်မှ မြင်းတပ်ဗိုလ်ကလေးက လိုက်၍ ပြောင်ပြနေခြင်းကို လုံးဝသတိမထားမိဘဲ ခပ်ယို့ယို့ကလေး ကုန်းလိုက်ပြီး

"မှန်ပါ။ အင်မတန် ကျေနပ်စရာ ကောင်းပါတယ် ဗိုလ်ချုပ်ကြီး"

"အေးလေ၊ လူဆိုတာ ချွတ်ယွင်းချက်တော့ ရှိကြစမြဲပေါ့။ ခက်တာက ဒီကောင်က သိပ်သောက်လွန်းတယ်"

စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပြုံး၍ ပြောကာ ဆက်လျှောက်လာခဲ့သည်။

တပ်ရင်းမှူးသည် တပ်ဗိုလ် တပ်သားများ အရက်အလွန်အကျွံ သောက်သည့်ကိစ္စကြောင့် မိမိအား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးက ပြစ်တင်မောင်းမဲခြင်း ပြုမည်စိုးသဖြင့် မည်သို့မျှ မပြောဘဲ အသာငြိမ်နေလိုက်သည်။ ထိုအတွင်း မြင်းတပ်ဗိုလ်ကလေးသည် နှာခေါင်းနီနီ ရင်ကော့ကော့ တပ်ခွဲမှူးတီမိုခင်ကို မြင်လိုက်သဖြင့် တီမိုခင်၏ မျက်နှာထားမျိုး အနေအထားမျိုးလုပ်၍ ပြောင်ပြလိုက်သည်တွင် နက်ဗစ်စကီမှာ မအောင့်နိုင်တော့ဘဲ ရယ်လိုက်ရာ အသံထွက်သွားလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးသည် လှည့်၍ ကြည့်လိုက်သည်။ ထိုအခါကျမှ နက်ဗစ်စကီသည် ရယ်ရာမှရပ်၍ မျက်နှာထားကို ခပ်တည်တည်လုပ်ထားလိုက်ရပြီး ဗိုလ်ချုပ်ကြီး ပြန်လှည့် သွားပြန်သောအခါ ရှုံ့၍ ပြလိုက်ပြီး နောက်တစ်ဖန် ဘာမျှမလုပ်သလို ပြန်၍ ဣန္ဒြေဆည်နေလိုက်ပြန်သည်။

တပ်စစ်ရာတွင် အမှတ်သုံးတပ်ခွဲမှာ နောက်ဆုံးဖြစ်လေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးသည် တစ်စုံ တစ်ရာကို ပြန်၍စဉ်းစားတွေးတောနေဟန် ရှိသည်။ တပ်ရေးဗိုလ် မင်းသားကလေး အင်ဒရေသည် ကိုယ်ရံတော်တပ်ဖွဲ့ထဲမှ ရှေ့သို့တိုးလာကာ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်အား ပြင်သစ်ဘာသာဖြင့် ခပ်တိုးတိုး လှမ်းပြောလိုက်၏။

"တပ်စစ်ရောက်ရင် ဒီတပ်ရင်းမှာ ရာထူးအချခံရတဲ့ ဗိုလ်ကလေး ဒိုလိုကော့ဗ်ကိစ္စကို သတိပေးစမ်းလို့ ပြောထားပါတယ် ဗိုလ်ချုပ်ကြီး"

"ဘယ်မလဲ ဒိုလိုကော့ဗ်"

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က မေးလိုက်သည်။ တပ်သားများ ဝတ်လေ့ရှိသည့် ပြာနှမ်းနှမ်း

www.burmeseclassic.com



နင်းကာ အင်္ကျီကြီးကို လဲ၍ ဝတ်ထားသည့် ဒိုလိုကော့ဗ်သည် အခေါ်ပင်မစောင့်တော့ဘဲ ရှေ့သို့ထွက်လာကာ သေနတ်ကိုမြှောက်၍ အရိုအသေပြုလိုက်သည်။ ဒိုလိုကော့ဗ်မှာ ဆံပင်ကောင်းကောင်း၊ မျက်လုံးမျက်ဖန်လှလှ၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်ကျသူဖြစ်၏။

"ဆိုစမ်း။ ဘာပြောချင်သလဲ"

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးက အနည်းငယ် မျက်မှောင်ကုတ်၍ မေးလိုက်၏။

"ဗိုလ်ကလေး ဒိုလိုကော့ဗ်ပါ ဗိုလ်ချုပ်ကြီး"ဟု မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။

"ဩော်၊ သူလား" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပြောလိုက်၏။

"ဒီတစ်ခါ သင်ခန်းစာကောင်းကောင်းကြီး ရသွားပြီပေါ့၊ ဟုတ်စ။ အေး၊ ကိုယ့်တာဝန်ကို ကျေပွန်အောင် လုပ်။ ဒါပဲ။ ဘုန်းတော်ကြီးသော ဘုရားဟာ အားလုံးကို ရင်ဝယ်သားလို ချစ်တော်မူတယ်။ ကောင်းပြီ၊ မင်းတာဝန်ကို မင်း ကျေပွန်ရင် မင်းနဲ့ထိုက်တန်တဲ့ နေရာကို ပေးဖို့ စဉ်းစားမယ်"

ဒိုလိုကော့ဗ်၏ပြာလဲ့သောမျက်လုံးများသည် တပ်ရင်းမှူးကို ကြည့်တုန်းကကဲ့သို့ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား စူးစူးရဲရဲကြည့်လျက် ရှိလေရာ ၎င်းကြည့်ပုံမှာ စစ်သေနာပတိချုပ်နှင့် တပ်သားတစ်ယောက်ကြားတွင် တားဆီးလျက်ရှိသည့် ထုံးတမ်းစဉ်လာ အဆောင်အယောင်များကို ချေဖျက်ပစ်လိုက်သကဲ့သို့ရှိလေသည်။

"ဗိုလ်ချုပ်ကြီးဆီက တစ်ခု တောင်းဆိုချင်တာ ရှိပါတယ် ဗိုလ်ချုပ်ကြီး" ဒိုလိုကော့ဗ်က ပြတ်သားသော အသံဖြင့် ပြောလိုက်၏။ "ကျွန်တော့်အပြစ်ကို ကျွန်တော် ကျေအောင် လုပ်ဖို့နဲ့ ဘုန်းတော်ကြီးသော ဘုရားနဲ့တကွ ရုရှားနိုင်ငံတော်ကြီးကို သစ္စာကျိုးနွံကြောင်းပြသဖို့ အခွင့်အရေးတစ်ခု ပေးသနားတော်မူပါ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် လှည့်ထွက်လာခဲ့လေသည်။ ၎င်း၏မျက်နှာပေါ်တွင် စောစောက တပ်ခွဲမှူး တီမိုခင်အား ကြည့်ပြီး ပြန်လှည့်ထွက်လာခဲ့တုန်းကကဲ့သို့ အပြုံးရိပ်သန်းလျက် ရှိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ မျက်နှာ၌ ဒိုလိုကော့ဗ်ပါးစပ်မှ ထွက်လာသည့်စကားများနှင့် နောက်ထပ်ထွက်လာမည့် စကားများမှာ ဘာမှုထူးခြားဆန်းပြားခြင်း မရှိသောစကားမျိုးများဖြစ်၍ ဤလိုစကားမျိုးများကို အငြီးငွေ့ခံကာ နားထောင်လိုခြင်း မရှိဟူသော အဓိပ္ပာယ်ပါသည့် အမူအရာမျိုးဖြစ်၏။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ပြန်လှည့်ကာ ရထားဆီသို့ လျှောက်လာလေသည်။

တပ်ရင်းကြီးတစ်ခုလုံးကို တပ်ခွဲများအဖြစ် စုလိုက်ပြီး ဘရောနောခံတပ်အနီးရှိ တပ်စခန်းများသို့ ပြန်လာခဲ့ကြလေသည်။ တပ်စခန်းရောက်လျှင် ဖိနပ်သစ်များနှင့် ယူနီဖောင်းအသစ်များ ရရှိကြ၏။ ကြမ်းတမ်းလှသော ခရီးကြီးကို ချီတက်ပြီးနောက် အနားရပေတော့မည်ဟု ယူဆကာ အားလုံး ဝမ်းသာလျက်ရှိ၏။

"ဟေ့ ရဲဘော်၊ ငါ့ကို စိတ်ဆိုးသလားကွ ဟင်" တပ်စခန်းသို့ ပြန်ခဲ့ကြစဉ် တပ်ရင်းမှူးက အမှတ်သုံးတပ်ခွဲရှေ့မှ လျှောက်သွားနေသော တပ်ခွဲမှူးတီမိုခင့်ထံ မြင်းစီး၍ အမီလိုက်လာပြီး မေးလိုက်သည်။ (တပ်ရင်းမှူး၏ မျက်နှာမှာ တပ်စစ်ခြင်း ချောချောမောမောပြီးသွားသည့်အတွက် ဣန္ဒြေမဆည်နိုင်အောင် ပြုံးရွှင်လျက် ရှိလေသည်။) "ဘုရင့်အမှုတော် ထမ်းရတယ်ဆိုတော့ ဒီလို လုပ်ရတာပဲကွာ။ ငါလဲမတတ်နိုင်ဘူး။ သူ့ဆန်စား ရဲမှုလို့ဆိုတယ် မဟုတ်လား။ ငါ တောင်းပန်ပါတယ်ကွာ။ မင်းလဲ ငါ့ အကြောင်း သိသားပဲ။ ခုတော့ ဗိုလ်ချုပ်ကြီးကလဲ သဘောကျသွားပါပြီ"

တပ်ရင်းမှူးက လက်ဆွဲနှုတ်ဆက်ရန် လက်ကို ကမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး ဗိုလ်ချုပ်။ ကျွန်တော် ကျေနပ်ပါတယ်"

တပ်ခွဲမှူး ဗိုလ်ကြီးတီမိုခင်၏နှာခေါင်းသည် ပိုမိုနီရဲလာကာ ပြုံး၍ ပြောလိုက်သည်တွင် အစ်စ်မေလိယ တိုက်ပွဲတုန်းက သေနတ်ဒင်နှင့် ဆောင့်မိ၍ ကျွတ်ထွက်သွားသော ရှေ့သွားနှစ်ချောင်းနေရာသည် ဟောင်းလောင်းပေါ်လာ၏။

"ပြီးတော့ ဒိုလိုကော့ဗ်ကိုလဲ ပြောလိုက်ပါကွာ။ ငါ သူ့ကို ပစ်မထားပါဘူးလို့။ ခုလောက်ဆိုရင် သူလဲ စိတ်ပြေလောက်ရောပေါ့။ နေစမ်းပါဦး၊ ခုကော ဒိုလိုကော့ဗ် ကောင်းကောင်းမွန်မွန် နေရဲ့လား။ ပြီးတော့"

"တာဝန် ဝတ္တရားနဲ့ပတ်သက်လို့ကတော့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ရှောမကိုပါဘူး ဗိုလ်ချုပ်။ ဒါပေမဲ့ အကျင့်စာရိတ္တကတော့"

"သူ့အကျင့်စာရိတ္တက ဘယ်လိုဖြစ်နေလို့လဲ" ဘယ်ရင်းမှူးက ဖြတ်၍ မေးလိုက်၏။

"အကျင့်ကတော့ တစ်နေ့တစ်မျိုး ပြောင်းနေတာပဲ ဗိုလ်ချုပ်" တပ်ခွဲမှူးဗိုလ်ကြီး တီမိုခင်က ဖြေလိုက်သည်။ "ဒီနေ့ သိမ်သိမ်မွေ့မွေ့ကလေးနေပြီး ကောင်းချင်ကောင်းနေလေမယ့် မနက်ဖြန်ကျတော့ ဆိုးချင်ဆိုးလာတာ။ ဗိုလ်နဲ့ကြည့်ထဲ ဖြတ်ချိခဲ့တုန်းကဆိုရင် ရေဝတီတစ်ယောက်ကို သတ်ပါမယ် တကဲကဲလုပ်နေလို့"

"တော်တော်ခက်တဲ့ ကောင်ပဲ" တပ်ရင်းမှူးက ပြောလိုက်၏။

"အေးကွာ၊ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကကြည့်တော့လဲ ကျားနာလို ဖြစ်နေတော့ သည်းခံရမှာပေါ့။ ပြီးတော့ ဒီကောင်က မင်းပေါက်စိုးပေါက် ရွှေနားတော်ရောက် အောင် တက်လှမ်းနိုင်တဲ့ကောင်။ ဒီတော့ ကြည့်ပြီးသာ"

"ကောင်းပါပြီ ဗိုလ်ချုပ်"

တပ်ခွဲမှူး ဗိုလ်ကြီးတီမိုခင်က တပ်ရင်းမှူး ပြောလိုသည့် စကားကို နားလည်ပါသည်ဟူသော သဘောဖြင့် ပြုံး၍ ပြလိုက်သည်။

"အေး အေး၊ အဲဒါပဲ"

တပ်ရင်းမှူးသည် တပ်သားများ ကြားထဲတွင် ဒိုလိုကော့ဗ်ကို လိုက်ရှာပြီးနောက် မြင်းဇက်ကို သတ်၍ ရပ်လိုက်ပြီး

"ဟေ့ ဒိုလိုကော့ဗ်၊ နောက်တစ်မှ တိုးချင်ပြန် ပလား။ ဘယ်မလဲ ပခုံးက ပန်းပွား"

ဒိုလိုကော့ဗ်သည် တပ်ရင်းမှူးကို လှမ်းကြည့်လိုက် သည်။ မည်သို့မျှကား မပြောချေ။ နှုတ်ခမ်းပေါ်ရှိလှောင် ပြောင်သော အပြုံးမှာလည်း နဂိုအတိုင်းပင် ရှိနေသေးသည်။

"အေး သတိထားနေနော်၊ ဒါပဲ" တပ်ရင်းမှူးက ဆက်ပြောလိုက်၏။ "တပ်သားအားလုံးကို ငါ အရက်တစ် ခွက်စီ တိုက်မယ်"ဟု တပ်သားတွေကြားအောင် ပြောလိုက် သည်။ "ဒီနေ့ ငါတပ်သားများအားလုံးကို ကျေးဇူးတင် တယ်"

တပ်ရင်းမှူးသည် အမှတ်သုံးတပ်ခွဲကို ဖြတ်၍ ရှေ့တပ်ခွဲ တစ်ခုဆီသို့ မြင်းကို ကဆုန်ချ စီးသွားလေသည်။

"ငနဲကြီးက စိတ်သဘောထား မဆိုးလှဘူးဗျ။ ဒီလိုဆိုတော့လဲ သူ့လက်အောက်မှာ နေပျော်ပေသားပဲ"

တပ်ခွဲမှူး တီမိုခင်က ဘေးမှလျှောက်နေသည့် ဗိုလ်တစ်ယောက်ကို ပြောလိုက်၏။

"အသည်းဖူးကလေး ဆိုပါတော့"

ဘေးမှ ဗိုလ်က ရယ်၍ ပြောလိုက်သည်။ (တပ်ရင်း မှူးမှာ မိန်းမဝါသနာကြီးသူဖြစ်၍ ၎င်းကို တပ်သားများက 'ဖူးဘုရင်'ဟု လှောင်ပြောင်ခေါ်လေ့ ရှိကြသည်။)

တပ်စစ်ခံပြီးနောက် အကြပ်များ၊ ဗိုလ်များမှာ ပေါ့ပါး ရွှင်လန်းသွားကာ တဝါးဝါး တဟားဟားဖြင့် ပျော်မြူးလျက်ရှိကြ၏။ နောက်ဆုံးတွင် ၎င်းတို့၏ ဓာတ် သည် တပ်သားများကိုလည်း ကူးစက်သွားလေတော့ သည်။ သို့ဖြင့် တပ်ခွဲသည် ပျော်ရွှင်ကခုန်လျက် ချီတက်လာ ကြလေသည်။ တပ်သားများ၏ အသံများကို အဝေးကြီးမှ ကြားနေရပေသည်။

"ဟေ့ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ဧရမန်ကန်း ဆိုပဲကွ"

"အေး၊ ဟုတ်တယ်။ တစ်ဖက်ကန်းကြီးတဲ့"

"အဲမယ် တစ်ဖက်ကန်းဆိုပြီး အထင်တော့ မသေး လိုက်နဲ့ဗျို့။ ကိုရင်တို့ထက် မျက်စိရှင်သေးတယ် ဖိနပ်စုတ် တာရော၊ ခြေပတ်စုတ်တာရော အကုန်လုံး မြင်တယ်"

"ဟေ့ ငါ့ခြေထောက်က နယ်နယ်ရရ ခြေထောက် မဟုတ်ဘူးကွ။ စစ်သေနာပတိကတောင် ငုံ့ကြည့်ရတဲ့ ခြေထောက်။ သိရဲ့လား"

"ဩစတြီးယား ဗိုလ်ချုပ်ကဖြင့်ကွာ ဂျူအိတ်ထဲ လိမ့်ကျလာတဲ့အတိုင်း တစ်ကိုယ်လုံး ဖွေးလို့။ ဩစတြီးယန်း ကောင်တွေက သေနတ်တိုက်သလို သူတို့ဗိုလ်ချုပ်ကိုလဲ ပွတ်တိုက်ပေးလိုက်တယ် ထင်တယ်"

"ဟေ့ ဖိဒိရှ်န်၊ တိုက်ပွဲ ဘယ်တော့ တိုက်ရမလဲကွ။ ဗိုလ်ချုပ်ကြီးက မင်းအနားမှာ ရပ်သွားတယ် မဟုတ်လား။ ဘိုနာပတ်ကတော့ ဘရောနောမှာ ရောက်နေပြီတဲ့ မောင်"

"ဘယ်ကလာပြီး ဘိုနာပတ်ကိုယ်တိုင် ဘရော နောကို ရောက်ရမှာလဲ၊ သောက်ရူးလားကွ။ ဩစတြီးယား မှာဖြင့် ဘိုနာပတ်ကို တိုက်ဖို့ထားလို့ ပရပ်ရှင်းတွေကိုတောင် မနှိမ်နိုင်သေးဘူး။ ပရပ်ရှင်း သူပုန်ကို နှိမ်ပြီးမှ ဘိုနာပတ် ကို စစ်ကြေညာမှာပေါ့။ စစ်ဖြင့် မကြေညာရသေးဘူး။ ဘိုနာပတ်က ဘရောနော ရောက်နေပြီလို့ ပြောတဲ့ကောင်က



www.burmeseclassic.com

www.burmeseclassic.com



ပြောသေးတယ်။ နားမလည်ရင် လေ့လာပြီးမှ ပြောဟေ့"

"ဟော့ မအေပေးတပ်ထောက်တွေ၊ ဘာလုပ်နေတာလဲကွ။ အမှတ်ငါး တပ်ခွဲတောင် ရွာထဲရောက်နေပြီ။ ခုထက်ထိ ထမင်းမချက်ရသေးဘူးလား။ စခန်းရောက်လို့မှ ထမင်းမစားရရင်တော့"

"ဟေ့ ခွေးသား။ ငါ့ကို မုန့်တစ်ယုက်ပေးစမ်း"

"အေး၊ မင်းက မနေ့က ဆေးလိပ်ပေးတယ်။ ဒီနေ့ ငါ့အလှည့်ဆိုတော့ ပြန်ပေးရမှာပေါ့ကွာ။ သူငယ်ချင်းချင်းပဲ။ ဟဲဟဲ"

"ဟော့ ခုထက်ထိ မနားရသေးဘူးလားကွ။ ထမင်းတစ်ဇွန်းမှ မစားရဘဲ နောက်ထပ် လေးမိုင် ထပ်လျှောက်ရဦးမှာလား"

"မအေပေးဂျာမန်ကောင်တွေ။ တို့ကို ရထားပေါ် တင်ခေါ်သွားတာ မဟုတ်ဘူး။ ခုနေ ရထားပေါ် စီးလိုက်သွားရရင်တော့ ဇိမ်ပဲကွာ။ တောက်"

"ဒီကလူတွေက သိပ်ဆင်းရဲတာပဲနော် ရဲဘော်ကြီး။ အကုန်လုံး ပိုလန်လူမျိုးတွေချည်း ထင်တယ်။ ဒါပေမဲ့ ရုပ်ကတော့ ဂျာမန်ရုပ်တွေပဲဗျ။ ဘုန်းတော်ကြီးသော ဘုရားရဲ့ သစ္စာတော်ခံတွေချည်းပေါ့"

"စစ်တက်သီချင်းဆိုမယ့် ရဲဘော်တွေ ရှေ့တက်ခဲ့ဟေ့"

တပ်ခွဲမှူး၏အသံ ထွက်ပေါ်လာသည်။ တန်းထဲမှ တပ်သားနှစ်ဆယ်ခန့်သည် တပ်ဦးသို့ ပြေးတက်လာကြ၏။ တီးဝိုင်းခေါင်းဆောင် ဘင်ခရာသမားသည် ချာချာလှည့်၍ စစ်တက်သီချင်းဆိုမည့်သူများကို ပြန်ကြည့်လိုက်ပြီး လက်ကို ကျင်လည်စွာ ဝှေ့ယမ်းကာ ဘင်ကို စတီးလိုက်သည်နှင့် တပ်သားများ၏ စစ်တက်သီချင်းသံသည် ဟိန်း၍ ထွက်ပေါ်လာလေသည်။ ထိုသီချင်းမှာ 'နေအရဏ်ကျင်းပြီ။ အရှေ့လောကစာတ်ကြီး ထိန်လင်းသည်'ဟု အစချီကာ 'ဘုန်းတန်ခိုးထွန်းတောက်သည်။ ရှေ့သို့ ချီတက်မည်။ ဖခင်ကြီး ဗိုလ်ချုပ် ကာမင်စကီ ခေါင်းဆောင်လို့ချီ'ဟူသော အပိုဒ်ဖြင့် အဆုံးသတ်ထားလေသည်။ ထိုသီချင်းမှာ ရုရှား တူရကီစစ်ပွဲကြီးတုန်းက တူရကီသို့ တပ်ချီစဉ်သီဆိုသော စစ်တက်သီချင်းဖြစ်၍ ယခု ဩစတြီးယားပြည်တွင်းတွင် ဖြတ်ချီရင်း သီဆိုလိုက်သောအခါ၌မူကား 'ဖခင်ကြီး ဗိုလ်ချုပ်ကာမင်စကီ ခေါင်းဆောင်လို့ချီ'ဆိုသော စာသားများအစား 'ဖခင်ကြီး ဗိုလ်ချုပ်ကူတုဇော့ဗ်ခေါင်းဆောင်လို့ချီ'ဟူ၍ ဖြစ်သွားလေသည်။

တပ်သားများက ဤအပိုဒ်ကိုထပ်ပြန်ကျော့၍ ဟန်ပါပါသီဆိုလျက် မြေကြီးကို တစ်စုံတစ်ခုဖြင့် ရိုက်နေသည့်နှယ် လက်သီးဆုပ်ကာ လက်မောင်းကို ခါယမ်းကာဖြင့် စည်းလိုက်နေသည့် အချိန်တွင် အသက် လေးဆယ်ခန့်ရှိ ပိန်ပိန်ပါးပါး ရုပ်ရည်သနားကမားနှင့် ဘင်တီးသမားသည် သီချင်းဆိုသူများအား သုန်မှုန်စွာကြည့်ပြီး မျက်မှောင်ကြီးကုတ်လိုက်သည်။ ထို့နောက် သီချင်းဆိုသူ တပ်သားအားလုံးက ၎င်းကို လှမ်း၍ ကြည့်လိုက်ကြသည့်အခါ၌ကား လွန်စွာအားရကျေနပ်သွားလျက် များစွာ အဖိုးတန်သည့် အရာတစ်ခုကို သတိကြီးစွာဖြင့် မ လိုက်သကဲ့သို့ လက်နှစ်ဖက်ကို အထက်သို့မြှောက်၍ အတန်ကြာရပ်ထားပြီးမှ အောက်သို့ရုတ်ခြည်းချလိုက်ပြီး 'အိုအရှင်၊ မြတ်သောအရှင်'ဟူသော သီချင်းတစ်ပုဒ်ကိုစ၍ တိုင်ပေးလိုက်ပြန်သည်။

"အို အရှင်၊ မြတ်သောအရှင်"

သီချင်းဆိုသူ တပ်သား နှစ်ဆယ်ခန့်က လိုက်၍ ဆိုလိုက်သည်၌ ဘင်တီးသမားသည် လေးလံလှသော ကိရိယာကြီး လွယ်ထားသည်ကိုပင် မမှုနိုင်တော့ဘဲ တပ်ခွဲရှေ့တွင် နောက်ပြန်လျှောက်၍ တီးပြရင်း ပခုံးတစ်ဖက်ကို နိမ့်လိုက် မြင့်လိုက်လုပ်ပြီး ဘင်ကြီးကိုလည်း ဒိုင်းခနဲ၊ ဒိုင်းခနဲနေအောင် အကွက်ကျကျ တီးလျက်ရှိလေသည်။ တပ်သားများသည်လည်း အကွက်ကျကျလက်လွဲကာ ခြေလှမ်းကျဲကြီးများဖြင့် ချီတက်လာကြလေသည်။ တပ်ခွဲ၏ နောက်ဘက်ဆီမှ ဘီးများလိမ့်သံ၊ ဝင်ရိုးများ တကျွိကျွိမြည်သံ၊ မြင်းခွာသံများကို ကြားရလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတုဇော့ဗ်နှင့် ကိုယ်ရံတော်တပ်ဖွဲ့ မြို့ဘက်သို့ ပြန်သွားခြင်းဖြစ်လေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးသည် တပ်သားများအား 'သက်သာ'အနေအထားဖြင့် ချီတက်သင့်ကြောင်း လက်ဟန်ဖြင့် ပြလိုက်၏။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနှင့် ကိုယ်ရံတော်တပ်ဖွဲ့သည် ပျော်ရွှင်မြူးထူးစွာ ကခုန်သီဆိုရင်း ချီတက်နေကြသောတပ်သားများကို ကြည့်၍ ကြည်နူးနေဟန်ရှိ၏။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး၏က ရထားသည် လက်ယာဘက်စစ်ကြောင်း ဒုတိယတန်းနားသို့ ရောက်သည်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့သော မျက်လုံးများရှိသည့် တပ်သားတစ်ဦးကို စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးရိပ်ခနဲမြင်လိုက်မိသည်။ ထိုသူမှာ တီးချက်ကို လိုက်၍ ရဲရင့်ခဲ့ညားစွာ ချီတက်လျက်ရှိရာမှ မိမိတို့ကဲ့သို့ ခြေလှမ်းမလျှောက်ဘဲ မြင်းဖြင့်လည်းကောင်း၊ က ရထားဖြင့်လည်းကောင်း ချီတက်သွားသူတို့အား သနားစရာဒုက္ခိတ သတ္တဝါများပေတကားဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်နေသည့် ဒိုလိုကော့ဗ်ပင် ဖြစ်ပေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့ထဲမှ စောစောကတပ်ရင်းမှူး၏ဟန်ကို အတုယူပြောင်လှောင်ခဲ့သူ မြင်းတပ်အလဲကိုင် ဗိုလ်ကလေးသည် ဗိုလ်ချုပ်ကြီး၏ က ရထားအနီးမှ ခွာကာ မြင်းကို နောက်တို့စေ၍ ဒိုလိုကော့ဗ်ထံ စီးလာခဲ့လေသည်။

မြင်းတပ်အလဲကိုင် ဗိုလ်ကလေးဇာကော့ဗ်မှာ တစ်ချိန်က ပီတာစဘတ်မြို့တော်တွင်ရှိစဉ် ဒိုလိုကော့ဗ် ခေါင်းဆောင်သည့် လူရမ်းကားအုပ်စုထဲတွင် ပါဝင်ခဲ့ဖူးသူ ဖြစ်လေသည်။ ယခု ရေခြားမြေခြား ဩစတြီးယားပြည်တွင် ဒိုလိုကော့ဗ်အား သာမန်တပ်သားတစ်ယောက်အဖြစ် လာတွေ့လိုက်သောအခါ ဇာကော့ဗ်မှာ ရုတ်တရက်မမှတ်မိနိုင်အောင် ဖြစ်လျက်ရှိသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်ကိုယ်တိုင်က 'လူကြီးလူကောင်း တပ်သား' ဒိုလိုကော့ဗ်အား နှုတ်ဆက်ခြင်းကို တွေ့လိုက်ရတော့မှ ဇာကော့ဗ်သည် ၎င်း၏ရောင်းရင်းဟောင်းကြီးကို လာရောက်၍ နှုတ်ဆက်ခြင်း ဖြစ်လေသည်။

"ဘယ့်နှယ်လဲဗျို့ ရောင်းရင်းကြီး"

ဇာကော့ဗ်က တပ်ခွဲနားသို့ အရောက်တွင် မြင်းကို ဇက်သတ်ရင်း ခပ်သွက်သွက်ကလေး မေးလိုက်သည်။

"ဘာ ဘယ့်နှယ်ရမှာလဲဗျ။ မြင်တဲ့အတိုင်းပေါ့"

ဒိုလိုကော့ဗ်က ခပ်အင်အင်ဖြေလိုက်သည်။ တပ်ဦးဆီမှ ဟိန်း၍ ထွက်လာသော စစ်တက်သီချင်းသံသည် ဇာကော့ဗ်၏ ခပ်သွက်သွက်အမေးနှင့် ဒိုလိုကော့ဗ်၏ ခပ်အင်အင်အဖြေတို့ကို တစ်မျိုးစီ လေးနက်စေလေသည်။

"ဗိုလ်တွေနဲ့ ဆက်ဆံရတာ ဟန်ကျရဲ့လား"

ဇာကော့ဗ်က မေးလိုက်သည်။

"မဆိုးပါဘူး၊ တော်ကြသားပဲ။ နေစမ်းပါဦး။ ခင်ဗျားက ဘယ်လိုလုပ်ပြီး စစ်ဦးစီးဌာနချုပ်ကို ရောက်သွားတာလဲ"

"ခေတ္တ တွဲပေးလိုက်တာပါ။ တာဝန်ကျလို့ပါ"

နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။ တပ်ဦးမှ စိတ်အားတက်ကြွဖွယ်ရာ သီချင်းသံသည် ပေါ်ထွက်လာပြန်သည်။ ဤသီချင်းသံကိုသာ မကြားလျှင် ၎င်းတို့နှစ်ယောက်သည် အခြားစကားကို ပြောမိကြကောင်း ပြောမိကြမည်ဖြစ်သော်လည်း စစ်တက်သီချင်းကို ကြားလိုက်ရသည်အတွက် စစ်အကြောင်းသို့ ရောက်သွားကြလေသည်။

"ဩစတြီးယန်းတွေ အရေးနိမ့်နေတယ်ဆိုတာ ဟုတ်သလားဗျ"

ဒိုလိုကော့ဗ်က မေးလိုက်၏။

"မသိဘူးဗျ။ ပြောတော့ ပြောနေကြတာပဲ"

"ကောင်းသဗျာ၊ ဝမ်းသာလိုက်လေ"

ဒိုလိုကော့ဗ်က အားတက်ဖွယ် သီချင်းသံနှင့် လိုက်အောင်ပြောလိုက်၏။

"ရောင်းရင်း၊ ညနေကျရင် ကျုပ်တို့ဘက် လာခဲ့ပါလားဗျ။ ဖဲကလေး ဘာကလေး ကစားရအောင်" ဇာကော့ဗ်က ပြောလိုက်သည်။

"ဘာလဲ၊ ရောင်းရင်းတို့မှာ ငွေစရွှင်နေပြီထင်တယ်"

"လာသာ လာခဲ့ပါလေ"

"လာလို့ မဖြစ်ဘူးဗျ။ ကျုပ် အဓိဋ္ဌာန်ထားတယ်။ ရာထူးပြန်မတက်မချင်း အသောက်အစား အလောင်းအစား မလုပ်တော့ဘူး"

"ကျုပ်တို့မတော့ ဒါပဲပျော်စရာရှိတယ် ရောင်းရင်းရေ"

"ကောင်းပါဗျာ၊ ကောင်းပါ"

နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

"လိုတာရှိလဲ ပြောပေါ့ဗျာ။ စစ်ဦးစီး ဌာနချုပ်မှာ ကျုပ်တို့ရှိတော့ အကူအညီ ပေးနိုင်တာပေါ့"

ဒိုလိုကော့ဗ်က ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဒုက္ခမရှာပါနဲ့။ လိုချင်တာ ရှိရင်လဲ ကျုပ်က ဘယ်သူ့ဆီမှ တောင်းနေမယ့်လူစားမျိုး မဟုတ်ပါဘူး။ မရအရ ယူမှာပါ"

"အေးလေ၊ ဒီလိုဆိုလဲ ပြီးရောပေါ့၊ ကျုပ်ကတော့"

"ဟုတ်ပါတယ်၊ ကျုပ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားမယ်ဗျာ"

"အား၊ ကြွပါဗျာ၊ ကြွပါ"

"အမိတိုင်းပြည်၊ အမိတိုင်းပြည်

ချီတက်ရာ ခရီး မနီးပါသည်"

တပ်ဦးဆီမှ သီချင်းသံသည် ဝေလာပြန်၏။ ဓာကော့ဗ်သည် ဖိနပ်မှ သံဆူးဖြင့် မြင်းကို တို့လိုက်သည်။ မြင်းသည် မည်သို့စဉ်း ပြေးရမည်မသိဘဲ ရှေ့ခြေနောက်ခြေ ကြွ၍ ခုန်လိုက်ပြီး လေးဘက်ပြန်အကျ၌ တပ်ခွဲကို ကျော်ဖြတ်၍ ကဆုန်ပေါက် ချသွားကာ က ရထား နောက်သို့ လိုက်သွားလေသတည်း။

## အခန်း ၃

တပ်စစ်ရာမှ ပြန်လာပြီးသည့်နောက် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မိမိ၏သီးသန့် ခန်းဆောင် ထဲသို့ ဩစတြီးယား စစ်ဦးစီးဌာနချုပ် ဗိုလ်ချုပ်ကြီးကို ဖိတ်ခေါ်လျက် တပ်စခန်းသို့ ဆိုက်ရောက်လာသည့်အချိန် တွင် ဖြစ်ပျက်နေသော မိမိတို့တပ်များ၏ အခြေအနေနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ စစ်လျှင်စစ်ဖျား တပ်များ၏ဩစတြီးယား ဗိုလ်ချုပ်ကြီးဖြစ် သော နယ်စားကြီးဟာဒီနန်၏ အမှာစာချွန်ကိုလည်း ကောင်း တပ်ရေးအားအယူခိုင်းလိုက်သည်။ တပ်ရေးဖြစ်သူ မင်းသားကလေးအင်ဒရေးသည် သက်ဆိုင်ရာ စာရွက် စာတမ်းများကိုယူ၍ ခန်းဆောင်ထဲသို့ ဝင်လာခဲ့လေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် ဩစတြီးယား စစ်ဦးစီးချုပ် တို့သည် မြေပုံတစ်ချပ် ဖြန့်ခင်းထားသည့် စားပွဲတွင် ထိုင်လျက် ရှိကြ၏။

"ဟင်" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က အာမေဍိတ်သံ ပြုလိုက်ပြီး တပ်ရေးမင်းသားကလေး အင်ဒရေးကို လှမ်း ကြည့်လိုက်သည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ဤသို့ ဖြင့် တပ်ရေးမင်းသားကလေး အင်ဒရေးအား စောင့်စေ လိုသောသဘောကို ပြလိုက်ကာ ဩစတြီးယား ဗိုလ်ချုပ် ကြီးအား ပြင်သစ်ဘာသာဖြင့် ဆက်၍ ပြောနေသည်။

"ကျွန်တော် အာမခံနိုင်တဲ့ အချက်တစ်ချက်တော့ ရှိပါတယ် ဗိုလ်ချုပ်ကြီး"ဟု ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က တစ်ဖက်သား အားနာရလောက်အောင် ရွှင်ပျသောမျက်နှာ၊ ချိုသာသောအသံဖြင့် ပြောလိုက်သည်။ ကိုယ်တိုင်မှာလည်း မိမိ၏စကားများကို ပြန်နားထောင်၍ ကျေနပ်ဟန်ရှိ၏။

"ဒီအရေးကို ကျွန်တော့်စိတ်သဘောနဲ့ ကျွန်တော် လွတ်လပ်စွာ စီမံခန့်ခွဲရမယ်ဆိုရင် ဩစတြီးယားပြည့်ရှင် ဘုရင်မင်းမြတ်ဟာ အခုအချိန်မှာ အလိုတော်ပြည့်ပြီး ဖြစ်နေပါပြီ။ ကျွန်တော့်သဘောမှာ ရှေ့ကချီနှင့်တဲ့ ဗိုလ်ချုပ်ကြီး နယ်စားကြီးဟာဒီနန်ရဲ့တပ်များနဲ့ ပူးပေါင်းလို ပါတယ်။ ဩစတြီးယားပြည်ဟာ အကြားအမြင် စစ်ဆင် စစ်တက် ကျွမ်းကျင်သော လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်ဝတဲ့ ဗိုလ်ချုပ်ကြီးများ ပေါများတဲ့တိုင်းပြည် ဖြစ်ပါ တယ်။ ကျွန်တော့်တပ်များကို ယခုလို ကျွန်တော့်ထက် အကြားအမြင် စစ်ဆင်စစ်တက် ကျွမ်းကျင်တဲ့ ဗိုလ်ချုပ်ကြီး နယ်စားကြီး ဟာဒီနန်ရဲ့အောက်မှာ ထားရမယ်ဆိုရင် ဝန်လေးနောင့်နှေးခြင်း မရှိတဲ့အပြင် ဝမ်းမြောက်စွာ လွှဲပြောင်းပေးဖို့အဆင်သင့် ရှိပါတယ်။ ကျွန်တော့်မှာလဲ တာဝန်ပေါ့သွားပါတယ်။ သို့သော် အခြေအနေက ခွင့်မပြုသေးဘူး ဗိုလ်ချုပ်ကြီး"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ပြုံးလိုက်၏။ ၎င်း၏အပြုံးမှာ 'ကျုပ်ပြောတာကို ယုံချင်ယုံ မယုံချင်နေ၊ ယုံလဲအရေးမဟုတ်၊ မယုံလဲ အရေးမဟုတ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ခင်ဗျား ကျုပ်စကားကို ချေပနိုင်သေးသလား'ဟု ပြောနေသကဲ့သို့ ရှိလေသည်။

ဩစတြီးယား ဗိုလ်ချုပ်ကြီးကား ရုရှားစစ်သေနာ ပတိချုပ် ကူတူဇော့ဗ်၏ စကားကို ကျေနပ်သေးဟန် မတူချေ။ သို့ရာတွင် မပြောမပြီး မတီးမမြည်ဆိုသည့် အတိုင်း အနည်းငယ် မကျေချမ်းသည့်အသံဖြင့် ပြောလိုက် သည်။

"မှန်ပါတယ်။ ခုလို ဗိုလ်ချုပ်ကြီးက မဟာမိတ် ပီသစွာ ပူးပေါင်းတိုက်ခိုက်မယ်ဆိုတာဟာ ကျွန်တော့်တို့ အဖို့ အဖိုးအနဂ္ဃ ထိုက်တန်လှပါတယ်။ သို့သော် စစ်လျှင် စစ်ဖျားရှိ နယ်စားကြီး ဟာဒီနန်ရဲ့တပ်တွေနဲ့ မပေါင်း သေးဘဲ ဒီမှာ ကြာရှည်လေးမြင့်စွာ တပ်နားနေမယ် ဆိုရင်ဖြင့် ဗိုလ်ချုပ်ကြီးနဲ့တကွ အင်မတန် လက်ရုံးရည်နဲ့ ပြည့်ဝတဲ့ ရုရှားတပ်များဟာ တိုက်ပွဲတိုင်းမှာ ရလေ့ရှိတဲ့ အောင်ပွဲကို လက်လွတ်သွားမှာ ကျွန်တော် စိုးရိမ်တယ်·

www.burmeseclassic.com



ခင်ဗျ"

ဩစတြီးယား ဗိုလ်ချုပ်က စိတ်ကူးထဲတွင် ကြိုတင်စီစဉ်ထားသည့် ဝါကျများကို ပြော၍ နိဂုံးချုပ်လိုက်သည်။ ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်သည် ပြုံး၍ ဦးညွှတ်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော် ယုံကြည်တာတစ်ခုရှိပါတယ် ဗိုလ်ချုပ်ကြီး။ နယ်စားကြီး ဖာဒီနန်က ကျွန်တော့်ထံကို ချီးမြှင့်လိုက်တဲ့ နောက်ဆုံးအမှာစာချွန်အရ ဆိုလို့ရှိရင် လက်ရုံးရည်နဲ့ ပြည့်ဝပြီး သေနင်္ဂဗျူဟာမှာ ကျွမ်းကျင်တဲ့ ဗိုလ်ချုပ်ကြီးမက်လို ပုဂ္ဂိုလ်ကြီးရဲ့ ကွပ်ကဲမှုအောက်မှာ တိုက်ခိုက်နေကြတဲ့ ဩစတြီးယန်းတပ်များဟာ ယခုအချိန်လောက်မှာ ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံနေလောက်ပြီဖြစ်တဲ့ အတွက် ကျွန်တော်တို့ရဲ့ စစ်ကူကို လိုတော့မယ် မဟုတ်ပါဘူး"

ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်က ပြောလိုက်၏။ ဩစတြီးယန်း ဗိုလ်ချုပ်ကြီးက မျက်မှောင်ကုတ်လိုက်သည်။ ဩစတြီးယန်းတပ်များ ကစဉ့်ကရဲနှင့် ဆုတ်ခွာလာရသည်ဟု သတင်းအတိအကျ မရသေးသော်လည်း နိုင်လုံသော သတင်းများအရ ဩစတြီးယန်းတပ်များ၏ အခြေအနေမှာ များစွာ ဆိုးရွားနေပြီ ဖြစ်ရကား ဩစတြီးယန်းတပ်များက ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံလောက်ပြီ ဟူသော ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်၏ စကားမှာ လှောင်သကဲ့သို့ ဖြစ်နေ၏။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်ကမူ မိမိ၌လည်း ဤသို့ ထင်မြင်ယူဆနိုင်ပါကြောင်းဖြင့် ပြောသကဲ့သို့ မျက်နှာပြုံးပြုံးဖြင့် ဣန္ဒြေမပျက် ရှိနေလေသည်။ အမှန်အားဖြင့်လည်း ဩစတြီးယားနယ်စားကြီး ဖာဒီနန်ထံမှ ပေးပို့လိုက်သည့် နောက်ဆုံးစာချွန်တွင် ဗိုလ်ချုပ်ကြီးမက်၏ တပ်များသည် အောင်ပွဲရလျက်ရှိကြောင်း၊ စစ်သေနင်္ဂဗျူဟာအရ ဗိုလ်ချုပ်ကြီးမက်၏ တပ်မတော်ကြီးမှာ ရန်သူဘိုနာပတ်၏ တပ်များထက် အရေးသာလျက် ရှိကြောင်း ဖော်ပြထားသည် မဟုတ်ပါလော။

"တပ်ရေးကြီး၊ အဲဒီ အမှာစာချွန်ပေးစမ်း"ဟု ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်က မင်းသားကလေး အင်ဒရေသို့လှည့်၍ ပြောလိုက်သည်။ "ဒီအမှာစာချွန်ပဲ ဗိုလ်ချုပ်ကြီး။ ဖတ်ကြည့်ပါဦး"

ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်က ခပ်မြိန့်မြိန့် ပြုံးလိုက်ပြီးနောက် နယ်စားကြီး ဖာဒီနန်ထံမှ ဂျာမန်ဘာသာဖြင့် ပေးပို့လိုက်သော အမှာစာချွန်မှ စာတစ်ပိုဒ်ကို ဩစတြီးယား ဗိုလ်ချုပ်ကြီးအား ဖတ်ပြနေသည်။

'ရန်သူများ လက်ချ်မြစ်ကိုဖြတ်၍ ချီလာပါက တွန်းလှန်ချေမှုန်းပစ်ရန်အတွက် စစ်သည်ခုနစ်သောင်းခန့်ပါသော ကျွန်ုပ်တို့၏ တပ်များကို အဆင်သင့်စုရုံးပြီး ဖြစ်ပါသည်။ အန်းနယ်ကိုလည်း ကျွန်ုပ်တို့တပ်များက သိမ်းပိုက်ထားပြီး ဖြစ်ပါသည်။ ဒင်ညုမြစ်ရိုးတစ်လျှောက်တွင် အပေါ်စီးရယူထားရန် အခွင့်အရေးကိုလည်း ကျွန်ုပ်တို့ လက်ဝယ်ရောက်ရှိနေပါပြီ။ ဤသို့ ဒင်ညုမြစ်ရိုးတစ်လျှောက်တွင် ကျွန်ုပ်တို့ အပေါ်စီးရထားခြင်းဖြင့် လက်ချ်မြစ်ကို ရန်သူတို့ဖြတ်ကူးနိုင်တော့မည် မဟုတ်ပါ။ ထို့ပြင်မက ကျွန်ုပ်တို့ကပင် ဒင်ညုမြစ်ကို ဖြတ်ကူးပြီး ရန်သူ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဝင်ရောက်၍ ဖြတ်တောက်ပစ်နိုင်သော အခွင့်အရေးကို ရရှိနေပါသေးသည်။ ကျွန်ုပ်တို့၏ အစီအမံမှာ ရန်သူ၏လမ်းပန်းအဆက်အသွယ်များကို ဖြတ်တောက်ပြီး ဒင်ညုမြစ်အကြောအရပ်မှ တစ်ဖက် သို့ပြန်ကူးကာ ကျွန်ုပ်တို့၏ သစ္စာရှိသော မဟာမိတ် (ရုရှားကို ဆိုလိုသည်။) ကို တိုက်ခိုက်ရန် ရန်သူက ၎င်း၏အင်အားမှန်သမျှကို စုလိုက်သည်နှင့်တစ်ပြိုင်နက် နောက်ကျောမှဝင်၍ တိုက်ခိုက်ကာ ရန်သူ၏ အကြံအစည်ကို ဖျက်ဆီးပစ်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ရုရှားဘုရင်ကေရာဇ်မင်းမြတ်၏ တပ်မတော်များ အဆင်သင့်ဖြစ်မည့်အချိန်ကို ကျွန်ုပ်တို့ ယုံကြည်စိတ်ချစွာ စောင့်မျှော်လျက် ရှိကြပါသည်။ ရုရှားဘုရင်ကေရာဇ်မင်းမြတ်၏ တပ်မတော်များ အဆင်သင့်ဖြစ်သည်နှင့် ၎င်းတို့နှင့်ပူးပေါင်းကာ ရန်သူအား ၎င်းတို့နှင့် ထိုက်တန်သော ကံကြမ္မာကို အလွယ်တကူပေးလိုက်ရန် ဖြစ်ပါသည်။'

ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်က စာပိုဒ်ဆုံးသွားသည်နှင့် သက်ပြင်းချလိုက်ကာ ဩစတြီးယား စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးကို ခပ်ပြုံးပြုံး စိုက်ကြည့်လိုက်လေသည်။

"ကျုပ်သဘောကတော့ ဗိုလ်ချုပ်ကြီးရဲ့ တပ်တွေကို ကျုပ်တို့ ဩစတြီးယားတပ်တွေနဲ့ ပေါင်းစေချင်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲရနေတယ်ဆိုပေမယ့် လိုလိုမယ်မယ် ကိုယ့်ဘက်က ပြင်ဆင်ထားရတာပဲဗျာ။ ဒူးလောက်တင်မှ ရင်လောက်ကျဆိုတဲ့ စကားပုံကိုလဲ မိုလ်ချုပ်ကြီး အသိသားပဲ”

ဩစတြီးယား မိုလ်ချုပ်ကြီးက မိမိအား ခနိုးခနဲ့ ပြောနေသည်ကို အဆုံးသတ်ကာ အလုပ်ကိစ္စကိုပြောရန် စိတ်စောလျက် ပြောလိုက်၏။ ဩစတြီးယား မိုလ်ချုပ်ကြီးသည် ကိုယ်ရံတော် မိုလ်ကလေးကို မသိမသာ လှမ်းကြည့်လိုက်သည်။

“ခဏကလေးနော် မိုလ်ချုပ်ကြီး” မိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပြောလိုက်ပြီး မင်းသားကလေး အင်ဒရေဘက်သို့ လှည့်ကာ

“ဒီမှာတပ်ရေးကြီး၊ ဒို့ထောက်လှမ်းရေး ကင်းစခန်းတွေက ပို့တဲ့ အစီရင်ခံစာတွေ ကော်စလော့စကီးဆီမှာ ရှိတယ်။ အဲဒါ သွားယူချည်စမ်း။ ရော့ ဟောဒီ စာချွန်နှစ်စောင်က မြို့စားကြီးနော့စတစ်ဆီက စာချွန်တွေ။ ဟောဒီ တစ်စောင်က နယ်စားကြီး ဖာဒီနန်ဆီကစာချွန်။ အဲဒါတွေ ယူသွား”

မိုလ်ချုပ်ကြီး ကူတူဇော့ဗ်က စာရွက်ထပ်ကြီး တစ်ထပ်ကို လှမ်းပေးလိုက်လေသည်။

“ဒီစာရွက်စာတမ်းတွေ ဖတ်ပြီးတော့ ပြင်သစ်ဘာသာနဲ့ ကောက်နုတ်ချက်တစ်စောင် ကောင်းကောင်း ရေးခဲ့။ ကောက်နုတ်ချက်ထဲမှာ ဩစတြီးယန်းတွေ လှုပ်ရှားမှုနဲ့ပတ်သက်လို့ ဒို့ရထားတဲ့ သတင်းတွေ အကုန်ပါပစေ၊ ဟုတ်လား။ ပြီးတော့ ဒီကောက်နုတ်ချက်စာတမ်းကို ဟောဒီ မိုလ်ချုပ်ကြီးကို ပေးလိုက်”

တပ်ရေးမိုလ် မင်းသားကလေး အင်ဒရေသည် မိုလ်ချုပ်ကြီး ကူတူဇော့ဗ်ပြောသမျှကို သာမက မပြောဘဲချန်ထားသောစကားများကိုပါ နားလည်ဟန်ဖြင့် ဦးညွှတ်ပြလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ စာရွက်များကို ကောက်ယူ၍ မိုလ်ချုပ်ကြီးနှစ်ဦးစလုံးကို ဦးညွှတ်အရိအသေ ပြုပြီးနောက် ကော်ဇောပေါ်မှ ညင်သာစွာ ဖြတ်လျှောက်ကာ အပြင်ဘက် ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေ ရုရှားပြည်မှ ထွက်ခွာလာသည်မှာ မကြာလှသေးသော်လည်း ယခုအချိန်တွင် များစွာ ပြောင်းလဲလျက်ရှိပေပြီ။ မျက်နှာအမူအရာတွင်လည်းကောင်း၊ ကိုယ်နေဟန်ထားတွင်လည်းကောင်း လမ်းလျှောက်ရာတွင်လည်းကောင်း ယခင်ကကဲ့သို့ အရိုးစွဲနေသော ပျင်းတွဲတွဲ ပျော့ဖတ်ဖတ်အမူအရာ မရှိတော့ချေ။ ယခုအချိန်တွင် မင်းသားကလေး အင်ဒရေသည် မိမိကိုယ်ကို သူတစ်ပါးအမြင်ကောင်းအောင် မည်သို့ဟန်သရုပါမည်နည်းဟု စဉ်းစားရန် အချိန်ကလေးပင် မရတော့သည့် ယောကျာ်းရင့်မကြီးတစ်ယောက် ဖြစ်နေပေပြီ။ ၎င်း၏ မျက်နှာထားသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိပတ်ဝန်းကျင်ကိုလည်းကောင်း ကျေနပ်လျက်ရှိသော မျက်နှာထားမျိုးဖြစ်၍ ၎င်း၏အပြုံးနှင့် ၎င်း၏အကြည့်သည် ပို၍တောက်ပလာကာ ပို၍စွဲလမ်းနှစ်သက်ဖွယ်ကောင်းလာပေသည်။

မင်းသားကလေး အင်ဒရေတို့တပ်သည် ပိုလန်ပြည်၌ မိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား မှီလာခဲ့လေသည်။ မိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မင်းသားကလေး အင်ဒရေအား အားရဝမ်းသာ လက်ခံ၏။ ထို့နောက် ၎င်းအား ကြည့်ရှုစောင်မမည်ဖြစ်ကြောင်း ကတိပေးပြီး အခြားတပ်ရေးများထက် အခွင့်အရေးပေးလျက် ဗီယင်နာရွှေမြို့တော်သို့ ခေါ်သွားပြီးလျှင် အရေးကြီးသော အလုပ်တာဝန်များကို ထမ်းရွက်စေခဲ့လေသည်။ မိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ဗီယင်နာရွှေမြို့တော်မှ မင်းသားကလေး အင်ဒရေ၏ ခမည်းတော် မိမိ၏ သွေးသောက်ဟောင်းကြီးဖြစ်သူ မင်းသားကြီး ဘိုလကွန်စကီထံ စာတစ်စောင် ရေးလိုက်လေသည်။

‘အဆွေတော်မင်းသားကြီး၏သားတော်မှာ လုံ့လဝီရိယကောင်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ စွန့်စားခြင်းစသည့် အရည်အချင်းတို့ကြောင့် မကြာမီ ထူးချွန်ကျော်ကြားသော တပ်မိုလ်တစ်ဦး ဖြစ်လာရန် များစွာ အလားအလာရှိပါသည်။ မင်းသားကြီး၏ သားတော်ကဲ့သို့သော အမှုထမ်းတစ်ဦး ကျွန်ုပ်၏လက်အောက်သို့ ရောက်ရှိလာသည့်အတွက် များစွာကံကောင်းသည်ဟု မိမိကိုယ်ကိုမိမိ ယူဆမိပါသည်’ဟု စာထဲ၌ ဖော်ပြထားလေသည်။

ပီတာစဘတ်ရွှေမြို့တော်မှာ ရှိစဉ်ကကဲ့သို့ပင် စစ်ဦးစီးဌာနချုပ်နှင့် တပ်မတော်ထဲသို့ ရောက်သောအခါ၌လည်း မင်းသားကလေး အင်ဒရေနှင့် ပတ်သက်၍ အမြင်နှစ်မျိုးကွဲလွဲလျက်ရှိကြ၏။ အနည်းစုဖြစ်သော အချို့က မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကလေးအင်ဒရေသည် မိမိတို့နှင့်မတူ ထူးခြားသည့် လူတစ်ယောက်ဖြစ်သည်ဟု အသိအမှတ်ပြုကြလျက်၊ ၎င်း ပြုလုပ်သမျှ ပြောသမျှ ကြီးကျယ်မှန်မြတ်သည်ဟု ယူဆကြကာ ၎င်း၏စကားကို နားထောင်ကြသည်။ မြတ်နိုးကြသည်။ အတုခိုးကြသည်။ ဤသို့သော ပတ်ဝန်းကျင်သို့ ရောက်လျှင် မင်းသားကလေး အင်ဒရေသည် ၎င်း၏ပင်ကို ဟန်အတိုင်း ကြည်လင်ရွှင်ပျလျက် ရှိတတ်၏။ အများစုဖြစ်သော အချို့ကမူ မင်းသားကလေးအင်ဒရေသည် မာနကြီးသည်။ ဖော်ရွေမှုကင်းသည်။ ပေါင်းသင်း ဆက်ဆံရေး ညံ့ဖျင်းသည်ဟု ယူဆကာ ၎င်းအား မနှစ်သက်ဟန်ပြကြသည်။ သို့ရာတွင် ဤအသိုင်းအဝိုင်း၌လည်း မင်းသားကလေးအင်ဒရေသည် မည်သို့ဆက်ဆံနေထိုင်ရမည်ကို သိရှိသူ ဖြစ်သည့်အလျောက် အလိုက်အထိုက် နေတတ်သူ ဖြစ်သည့်အတွက် လေးစားခြင်း ခံရရုံမျှမက ကြောက်ရွံ့ခြင်းပင် ခံရသေး၏။

မင်းသားကလေး အင်ဒရေသည် စာရွက်စာတမ်းများကိုကိုင်ကာ ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်၏ ခန်းဆောင်မှ အပြင်ဘက် ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့သည်တွင် ပြတင်းဝ၌ထိုင်ကာ စာအုပ်တစ်အုပ် ဖတ်နေသည့် ၎င်း၏ သွေးသောက်တာဝန်ကျ ကိုယ်ရံတော် ဗိုလ်တစ်ဦးဖြစ်သူ ကော်စလော့စကီးနှင့် ပက်ပင်း သွားတိုးနေလေသည်။

"ဆိုပါဦး ကိုယ်တော်လေး"

ကော်စလော့စကီးက ပြောလိုက်၏။

"ကျုပ်တို့တပ်တွေ ဘာလို့ရှေ့ကိုဆက်ပြီး မချီသေးတဲ့ အကြောင်း ဩစတြီးယား စစ်ဌာနချုပ်ကို ရှင်းလင်းပြတဲ့ ကောက်နုတ်ချက် စာတမ်းတစ်စောင် အရေးခိုင်းလိုက်လို့ဗျို့"

"ဘာရေးစရာလိုလို့လဲ"

မင်းသားကလေး အင်ဒရေက ပခုံးတွန့်၍ ပြလိုက်၏။

"ဗိုလ်ချုပ်ကြီးမက်ဆိက ဘာသတင်းထူးသေးသလဲ"

"မထူးပါဘူး"

"သူ့တပ်တွေ ဆုတ်လာရပြီဆိုရင်သတင်းတော့ ရောက်လောက်ပြီဗျ"

"ရောက်နိုင်လောက်ပါပြီ"

မင်းသားကလေး အင်ဒရေသည် အပြင်သို့ထွက်ရန် တံခါးဝဆီသို့ လျှောက်လာခဲ့လေသည်။ ထိုအခိုက် ဝတ်ရုံအင်္ကျီကြီး ဝတ်ထားလျက် ခေါင်းတွင် ပတ်တီးအနက် စည်းထား၍ လည်ပင်းတွင် ဩစတြီးယား ဘုရင်မကြီး မာရီယာ သီရီဇာ၏တံဆိပ်တော် ရွှေစလွယ်ကို လွယ်ထားကာ စစ်မြေပြင်မှ လောလောလတ်လတ် ရောက်လာဟန်ရှိသည့် အရပ်ကောင်းကောင်း ဩစတြီးယား ဗိုလ်ချုပ်တစ်ယောက် ဧည့်ခန်းတွင်းသို့ ခပ်သုတ်သုတ် ဝင်လာကာ တံခါးကို ဂျိမ်းခနဲမြည်အောင် ပိတ်လိုက်သည့်အတွက် မင်းသားကလေး အင်ဒရေမှာ ရပ်၍ ဖယ်ပေးလိုက်ရသည်။

"ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်ရှိသလား"

နောက်ထပ်ရောက်လာသော ဩစတြီးယား ဗိုလ်ချုပ်က ခန်းဆောင်ပတ်ပတ်လည်ကို လှည့်ကြည့်ပြီး အတွင်းတံခါးဝဆီသို့ တန်း၍ဝင်လျှောက်သွားရင်း ဂျာမန်သံဝဲဝဲဖြင့် မေးလိုက်၏၊

"ဗိုလ်ချုပ်ကြီး မအားပါဘူး"

ကော်စလော့စကီးက ခပ်သုတ်သုတ်ထသွားကာ အမည်မသိ ဩစတြီးယား ဗိုလ်ချုပ်၏အရှေ့မှဝင်၍ တားရင်း ပြောလိုက်သည်။

"ဘယ်သူက တွေ့ချင်တယ်လို့ ပြောရပါ့မလဲ ခင်ဗျာ"

အမည်မသိ ဩစတြီးယား ဗိုလ်ချုပ်သည် ၎င်းကဲ့သို့သော ဗိုလ်ချုပ်ကြီးတစ်ယောက်လုံးကို မသိကောင်းလားဟူသောသဘောဖြင့် အရပ်ခပ်ပြတ်ပြတ် ကော်စလော့စကီးကို နှိမ့်ချသည့်အကြည့်နှင့် ကြည့်လုက်သည်။

"ဗိုလ်ချုပ်ကြီး မအားပါဘူးခင်ဗျာ"

ကော်စလော့စကီက ခပ်အေးအေးဖြင့် ထပ်၍ ပြောလိုက်ပြန်သည်။ အမည်မသိ ဩစတြီးယား ဗိုလ်ချုပ်၏ မျက်နှာမှာ မည်းသွားကာ နှုတ်ခမ်းများလည်း တဆတ်ဆတ် တုန်လာလေသည်။ အမည်မသိ ဩစတြီးယား ဗိုလ်ချုပ်ကြီးသည် မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်ကာ ခဲတံဖြင့် ခပ်သော့သော့ခြစ်ပြီး ဆုတ်ဖြဲ၍ ကော်စလော့စကီးကို လှမ်းပေးလိုက်သည်။ ထိုနောက် ပြတင်းနားသို့ ခပ်သုတ်သုတ် လျှောက်သွားကာ ထိုင်ခုံပေါ်တွင် ပစ်ထိုင်လိုက်ပြီးလျှင် 'ငါ့ကို ဘာလို့များ ဝိုင်းကြည့်နေကြတာပါလိမ့်' ဟူသော သဘောဖြင့် ခန်းဆောင်ထဲရှိ လူများကို

www.burmeseclassic.com



စိုက်ကြည့်နေလေသည်။ တစ်ဖန် တစ်စုံတစ်ခုကို ပြောမည့်ဟန်ဖြင့် ခေါင်းကို မော့၍ လည်ကိုဆန့်လိုက်ပြန်သည်။ သို့ရာတွင် ချက်ချင်း မည်သူ့ကိုမျှ အရေးမစိုက်ဟန်ဖြင့် သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းလေရာ ခပ်ကြောင်ကြောင်အသံထွက်လာပြီး ခဏကြာလျှင် ရပ်သွားလေသည်။ သီးသန့်ခန်းဆောင်တံခါးပွင့်လာပြီး ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်သည် အခန်းဝတွင် ပေါ်လာလေသည်။ ခေါင်းတွင် ပတ်တီးစည်းထားသည့် ဗိုလ်ချုပ်သည် အနှ ရာယ်ကြီးတစ်ခုကို ရှောင်ပြေးလာသကဲ့သို့ ရှေ့သို့ ခပ်ကိုင်းကိုင်း ရပ်လိုက်ပြီး ကြုံလှီသေးကွေးလှသော ခြေထောက်များဖြင့် ခပ်သွက်သွက် ကျဲကျဲလှမ်းကာ ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်ထံသို့ လျှောက်သွားလေသည်။

"အလို၊ ဗိုလ်ချုပ်ကြီး မက်ပါလား" ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်က အက်ကွဲသောအသံဖြင့် တစ်ခွန်းချင်း ပြောလိုက်၏။ တံခါးဝတွင် ရပ်လျက်ရှိသော ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်သည် အတန်ကြာမျှ မလှုပ်မရှား ကြက်သေသေနေမိသည်။ ၎င်း၏မျက်နှာပေါ်၌ အတွန့်အစင်းများသည် ဂယက်ပြေးသကဲ့သို့ ပေါ်လာကြပြီးနောက် ခဏအကြာ၌ ပျောက်ကွယ်သွားကြ၏။ ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်သည် မျက်လုံးများကိုမှိတ်၍ ဦးညွှတ် အရိုအသေပေးကာ ဗိုလ်ချုပ်ကြီးမက်အား ခန်းဆောင်အတွင်းသို့ ရှေ့မှဝင်စေပြီး သူကိုယ်တိုင် တံခါးကို ပိတ်လိုက်လေသည်။

သြစတြီးယားတပ်များ အကျအဆုံးများစွာနှင့် အရေးနိမ့်ခဲ့ပြီး သြစတြီးယား တပ်မတော်ကြီးတစ်ခုလုံး အန်းနယ်တွင် လက်နက်ချ အညံ့ခံလိုက်ရပြီဟူသော ကောလာဟလ သတင်းမှာ သွေးထွက်အောင် မှန်လျက်ရှိလေပြီ။ နာရီဝက်အကြာ၌ကား တပ်ရေးများသည် တပ်ဦးစီးဌာနချုပ်မှ အမိန့်များကို ဆောင်ကာ စစ်စခန်းအသီးသီးသို့ ထွက်ခွာသွားကြလေသည်။ ဤသည်မှာ စခန်းချ ရပ်နားလျက်ရှိသော ရုရှားစစ်တပ်များသည် မကြာမီအတွင်း ရန်သူများနှင့် တွေ့ဆုံတိုက်ပွဲဝင်ရတော့မည်ဖြစ်ကြောင်းကို ဖော်ပြသော လက္ခဏာများပေတည်း။

မင်းသားကလေး အင်ဒရေမှာ စစ်ပွဲ၏ အခြေအနေကို အမြဲတစေ လေ့လာရသည့် အရေးကြီးသော စစ်ဦးစီးဌာနချုပ် တပ်ဗိုလ်တစ်ယောက်ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး မက်ကို မြင်လိုက်ရပြီးနောက် အရေးမလှသော အဖြစ်သနစ်ကို အသေးစိတ်ကြားရသည့်အခါတွင် မိမိတို့ထိုးစစ်မှာ မတိုက်ရခင်က တစ်ဝက်ရှုံးလျက်ရှိကာ ရုရှားတပ်မတော်တွေ့ကြုံရမည့် အခက်အခဲများမှာလည်း မသေးငယ်လှကြောင်းကို မင်းသားကလေးအင်ဒရေ ချက်ချင်း သဘောပေါက်လာလေသည်။ ရှေ့တွင် ရင်ဆိုင်ကြုံတွေ့ရတော့မည့် အန္တရာယ်နှင့်တကွ မိမိကိုယ်တိုင် အရိုးကျေကျေ အရေခန်းခန်း မဆုတ်တမ်း တိုက်ရတော့မည့်အဖြစ်ကိုလည်း တွေးလိုက်မိပြီး ဖြစ်လေသည်။ မောက်မာဝင့်ကြွားလှသော သြစတြီးယား ဗိုလ်ချုပ်ကြီးမက် ယခုကဲ့သို့ ဒရောသောပါး ပြေးလာရသည့်အဖြစ်ကို တွေးမိသည့်အတွက်ကြောင့်တစ်ကြောင်း၊ ကံကောင်းထောက်မလျှင် ရက်သတ္တတစ်ပတ်အတွင်းမှာပင် ရာဇဝင်သွင်ရဲကောင်း ရုရှား ဗိုလ်ချုပ်ကြီး ဆူဗရောကဲ့သို့ မိမိသည်လည်း ပြင်သစ်ဘိုနာပတ်အား ရုရှားတို့က ဆင်နွှဲသော ထိုးစစ်ကြီးတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲကာ ဒိဋ္ဌမျက်မြင် တွေ့ကြုံရတော့မည်ဟု တွေးမိသည့်အတွက်ကြောင့် တစ်ကြောင်း မင်းသားကလေး အင်ဒရေမှာ တသိမ့်သိမ့် ကြည်နူးလျက်ရှိ၏။ မိမိတို့ရုရှားတပ်များက သတ္တိဗျတ္တိ အရာတွင်သာစေကာမူ ဘိုနာပတ်မှာ စစ်ပရိယာယ်တွင် ထူးချွန်သူဖြစ်ပေရာ မိမိ၏သတ္တိသည် ဘိုနာပတ်၏စစ်ပရိယာယ်ထက် သာလွန်မည်လောဟု တွေးတော၍လည်း စိုးရိမ်မိသေးသည်။ တစ်ဖန် သူရဲကောင်းသဖွယ် မိမိလေးစားကြည်ညိုသော ဘိုနာပတ် မရှုံးမလှ ရှုံးသွားရမည့်အဖြစ်ကိုလည်း မတွေးရက်အောင် ရှိနေပေသည်။

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးတောမိကာ စိတ်ဂနာမငြိမ်ဖြစ်လျက်နှင့်ပင် နေ့စဉ်ရေးနေကျဖြစ်သည့်အတိုင်း ခမည်းတော်ထံ စာတစ်စောင်ရေးရန် မိမိတို့ အခန်းဘက်ဆီသို့ လျှောက်လာခဲ့လေသည်။ စင်္ကြံတွင် မိမိနှင့်အခန်းဖော် နက်ဗစ်စကီနှင့်တကွ လူရွှင်လူပြောင် တစ်ဦးဖြစ်သူ ဇာကော့ဗ်ကို တွေ့ရလေသည်။ ၎င်းတို့ နှစ်ယောက်မှာ ထုံးစံအတိုင်း နောက်ပြောင်ရယ်မောလျက် ရှိကြလေသည်။

"ဗိုင်တိဗိုင်တိုင်နဲ့ ဘာဖြစ်လာတာလဲ တပ်ရေးကြီး"

မင်းသားကလေး အင်ဒရေ၏ မသာယာသော မျက်လုံးများကို သတိထားမိသဖြင့် နက်ဗစ်စကီက မေးလိုက်သည်။

"ဘာများ ရွှင်လန်းစရာ ရှိလို့လဲ နက်ဗစ်စကီ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကလေး အင်ဒရေက ပြန်ပြောလိုက်သည်။ ဤသို့စကြံတွင်ရပ်ကာ ၎င်းတို့သုံးယောက် စကားပြောနေချိန်တွင် စင်္ကြံထောင့်စွန်းမှ စထရောက်ချ်ဆိုသူ ဩစတြီးယား ဗိုလ်ချုပ်တစ်ဦးနှင့် မနေ့ညက ရောက်ရှိလာသော ဩစတြီးယား စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်တစ်ဦးတို့ ပေါ်လာကြကာ မိမိတို့ဘက်သို့ လျှောက်လာခြင်းကို မြင်လိုက်ရ၏။ စထရောက်ချ်မှာ ရုရှား တပ်မတော်ထောက်ပံ့ရေးဌာနကို ကွပ်ကဲရန် ဗိုလ်ချုပ်ကူတူဇော့ဗ်၏ စစ်ဦးစီးဌာနချုပ်တွင် အမှုထမ်းနေသူဖြစ်လေသည်။ စင်္ကြံတစ်လျှောက်တွင် မင်းသားကလေး အင်ဒရေတို့ အရာရှိကလေးသုံးဦး အဝေးမှ လွတ်လွတ်ကင်းကင်းကြီး ဖြတ်လျှောက်သွားနိုင်လောက်အောင် နေရာအကျယ်ကြီး ရှိသော်လည်း ဇာကော့ဗ်က နက်ဗစ်စကီကို တံတောင်ဖြင့် တွတ်၍ ဆားသို့ အဖယ်ခိုင်းကာ လေသံကလေးဖြင့်

"ဝေးရာကို ရှားကြဗျနော်၊ ဝေးရာကိုရှားကြ။ ထွက်တော်မူလာပြီ"

ဗိုလ်ချုပ်ကြီးနှစ်ဦးသည် ရှိုးတိုးရှန့်တန့် အမူအရာများဖြင့် ၎င်းတို့အနားမှ ဖြတ်လျှောက်သွားကြလေသည်။ လှုပ်လှုပ်ပြောင် ဇာကော့ဗ်မှာ ချုပ်တည်းနိုင်ဟန် မရှိတော့ဘဲ မျက်နှာတွင် အူကြောင်ကြောင် အပြုံးတစ်ခု တစ်မုဟုတ်ချင်း ပေါ်လာလေသည်။

"ဗိုလ်ချုပ်ကြီးခင်ဗျား" ဇာကော့ဗ်က ရှေ့သို့ ထွက်လာကာ ဩစတြီးယား ဗိုလ်ချုပ်အား ဂျာမန်ဘာသာဖြင့် နှုတ်ဆက်လိုက်သည်။ "ဗိုလ်ချုပ်ကြီးကို ချီးကျူးနှုတ်ဆက်ရတဲ့အတွက် အများကြီး ဂုဏ်ယူပါတယ်"

ဇာကော့ဗ်သည် ဦးညွတ်လိုက်ပြီး အကသင်နေသော ကလေးငယ်တစ်ယောက်ကဲ့သို့ ပုံမကျပန်းမကျဖြင့် ခြေတစ်ဖက်ကို နောက်သို့ ဆုတ်လိုက်ပြီးနောက် ခြေတစ်ဖက်ကို တစ်ဖန်ထပ်၍ဆုတ်ကာ စုံရပ်လျက် များစွာလေးစားသည့်ဟန် အရိုအသေ ပေးလိုက်သည်။

ဩစတြီးယား စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးသည် ဇာကော့ဗ်ကို တင်းမာသော မျက်နှာထားဖြင့် ကြည့်လိုက်၏။ သို့ရာတွင် ဇာကော့ဗ်၏အပြုံးမှာ လေးနက်သည့်အသွင်ဆောင်နေသည်ကို သတိထားလိုက်မိလေရာ မနေသာတော့ဘဲ 'သတိ' အနေအထားဖြင့် အတန်ကြာရပ်ကာ ပြန်၍ အရိုအသေပေးလိုက်ရတော့သည်။ ဩစတြီးယားစစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးသည် မျက်လုံးများကိုမှေးကာ နားထောင်နေသည်။

"ဗိုလ်ချုပ်ကြီးကို နှုတ်ဆက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ် ဗိုလ်ချုပ်ကြီး။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးမက်လဲ ကျန်းမာချမ်းသာစွာ ပြန်ရောက်လာပါပြီ။ ဒါပေမဲ့ ဒီနားလေးမှာတော့ နည်းနည်းပွန်းပဲ့ စုတ်ပြတ်သွားပါတယ် ဗိုလ်ချုပ်ကြီး"

ဇာကော့ဗ်က ပြုံးစိစိဖြင့် ၎င်း၏ခေါင်းကို လက်ညှိုးထိုး၍ ပြလိုက်သည်။

ဗိုလ်ချုပ်ကြီးသည် မျက်မှောင်ကုတ်ကာ တစ်ဖက်သို့လှည့်ပြီး ထွက်သွားလေသည်။

"ဘယ်လိုကောင်လဲ။ အူကြောင်ကြောင်နဲ့" ဗိုလ်ချုပ်ကြီးက ခပ်လှမ်းလှမ်းအရောက်တွင် စိတ်ဆိုးဆိုးဖြင့် ပြောလိုက်သည်။

နက်ဗစ်စကီသည် ခွီခနဲ တစ်ချက်ရယ်ကာ မင်းသားကလေး အင်ဒရေကို လှမ်းဖက်လိုက်သည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေမှာ သာ၍ မျက်နှာပျက်သွားကာ စိတ်ဆိုးဆိုးဖြင့် ကြည့်လျက် နက်ဗစ်စကီ၏ လက်ကို ဖယ်ပစ်လိုက်ပြီး ဇာကော့ဗ်ဘက်သို့ လှည့်လိုက်သည်။ ဗိုလ်ချုပ်ကြီးမက်အား မြင်လိုက်ရသည့်အတွက်ကြောင့်လည်းကောင်း၊ အရေးမလှသည့် သတင်းများကို ကြားရသည့်အတွက်ကြောင့်လည်းကောင်း၊ ရှေ့တွင် ရုရှားတပ်မတော်ကြီး ကြုံတွေ့ရမည့် အန္တရာယ်များကို တွေးမိသည့်အတွက်ကြောင့်လည်းကောင်း စိတ်ဂနာမငြိမ်ဖြစ်နေသည့်အထဲတွင် ယခုကဲ့သို့ ဇာကော့ဗ်က အချိန်အခါမဟုတ် နောက်ပြောင်လိုက်သည့်အခါတွင်မူကား မင်းသားကလေး အင်ဒရေမှာ ထောင်းခနဲ ဒေါသထွက်လာလေသည်။

"ဒီမှာ ရောင်းရင်းခင်ဗျား" မင်းသားကလေး အင်ဒရေသည် အောက်နှုတ်ခမ်းများ တဆတ်ဆတ်တုန်လျက်ရှိရာက ဇာကော့ဗ်အား ဆတ်ဆတ်ကလေး ခေါ်လိုက်သည်။ "ခင်ဗျားကိုယ် ခင်ဗျား အဟုတ် အောက်မေ့ပြီး လူပြက်လုပ်နေတာကို ကျုပ် ဘာမှ ပြောပိုင်ခွင့်မရှိဘူးဗျ။ ဒါပေမဲ့ နောက်တစ်ခါ ကျုပ်ရှေ့မှာ ဒီလိုရူးကြောင်ကြောင်လုပ်တာတွေ့ရင်တော့ ခင်ဗျားကို ကျုပ်ခပ်စပ်စပ်ကလေး ဆုံးမရလိမ့်မယ်။ ဒါပဲ"

နက်ဗစ်စကီနှင့် ဇာကော့ဗ်သည် မမျှော်လင့်သော

www.burmeseclassic.com



စကားကို ကြားလိုက်ရသည့်အတွက် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မင်းသားကလေး အင်ဒရေကို ကြက်သေသေ၍ ကြည့်နေမိကြသည်။

"ကျုပ် ဘာလုပ်လို့လဲ။ နှုတ်ဆက်ရုံ နှုတ်ဆက်တာပဲ"

ဇာကော့ဗ်က ပြန်ပြောလိုက်သည်။

"ဟော့လူ၊ တိတ်။ ကျုပ် အတည်ပြောနေတာ" အင်ဒရေက အော်လိုက်ပြီး နက်ဗစ်စကီ၏ လက်ကိုဆွဲကာ ထွက်လာခဲ့လေရာ ဇာကော့ဗ်မှာ မည်သို့ ပြန်ပြောရမည် မသိဘဲ ကြောင်၍ ကျန်ရစ်ခဲ့လေသည်။

"ကဲ လာပါဗျာ၊ ဘာဖြစ်တာလဲ။ ပြောစမ်းပါဦး"

နက်ဗစ်စကီက မင်းသားကလေး အင်ဒရေကို နှစ်သိမ့်ရင်း မေး၏။

"ဘာဖြစ်ရမလဲဗျ" မင်းသားကလေး အင်ဒရေမှာ ယခုထက်တိုင် ဒေါသအရှိန်ပြေသေးဟန်မတူပေ။ "ခင်ဗျား မမြင်ဘူးလား၊ ကျုပ်တို့ဟာ ဘုရင်ကေရာဇ် မင်းမြတ်နဲ့ တကွ အမျိုးနဲ့ တိုင်းပြည်အတွက် အမှုထမ်းနေကြတဲ့ အရာရှိတွေဗျ။ အရေးတော်လှရင် ကျုပ်တို့ ပျော်တယ်။ ဝမ်းသာတယ်။ အရေးနိမ့်ရင် ကျုပ်တို့ စိတ်ညစ်တယ်။ ဝမ်းနည်းရတယ်။ ကျုပ်တို့ဟာ ဒီလိုအသိနဲ့ ကိုယ့်အသက်ကို ပုံအပ်ထားတဲ့လူတွေ။ အရှင်သခင်နဲ့ တာဝန်ကျေရင် ပြီးရောလို့ ပြီးစလွယ်သဘောထားတဲ့ ကြေးစားစစ်သားတွေ မဟုတ်ဘူး။ ခင်ဗျားစဉ်းစားကြည့်စမ်း။ ကျုပ်တို့ မဟာမိတ်တွေရဲ့ တပ်သားလေးသောင်းစလုံး ပြုတ်ပြုတ်ပြန်းပြီး မဟာမိတ်တွေရဲ့ တပ်မတော်ကြီးတစ်ခုလုံး စိစိညက်ညက် ကြေအောင် အချေမှုန်းခံနေရတဲ့ အချိန်မှာ ဒီလို ကျီစားရမလား။ ခင်ဗျား ရောင်းရင်းလို သုံးစားမရတဲ့လူမျိုးသာ ဒီအချိန်မှာ ဝမ်းသာမယ်။ ခင်ဗျား ဝမ်းသာနိုင်မလားဟင်။ ဒီအချိန်မှာ ယဉ်ကျေးမှုကို နားမလည်တဲ့လူမျိုးသာ ဒီလို ကျီစားတာဗျ"

မင်းသားကလေး အင်ဒရေက ဇာကော့ဗ်ကြားအောင် ပြင်သစ်လိုညှပ်၍ ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

မင်းသားကလေး အင်ဒရေသည် မြင်းတပ်ဗိုလ်ကလေး ဇာကော့ဗ်က မည်သို့ ပြန်ဖြေလေမည်နည်းဟု စောင့်ကြည့်နေသေးသည်။ သို့ရာတွင် ဇာကော့ဗ်သည် မည်သို့မျှ မပြောတော့ဘဲ ချာခနဲလှည့်ကာ စင်္ကြံတစ်ဖက်သို့ချိုး၍ ပျောက်သွားလေသည်။

## အခန်း ၄

ပါဗလိုဂရက် မြင်းတပ်များသည် ဘရောနောမြို့နှင့် နှစ်မိုင်အကွာတွင် စခန်းချလျက်ရှိကြ၏။ မြို့စားကလေး နီကိုလေ ရော့စတော့ဗ် ဗိုလ်လောင်းအဖြစ် အမှုထမ်းရသည့် မြင်းတပ်ခွဲမှာ ဆာလ်ဇိနက် အမည်ရှိ ဂျာမန်ရွာလေး တစ်ရွာတွင် တပ်စွဲထားလျက်ရှိလေသည်။ ရွာထဲရှိ အကောင်းဆုံးအိမ်များကိုမူ မြင်းတပ် တပ်ခွဲမှူး ဗိုလ်ကြီးဒင်နီဆော့ဗ်အတွက် သိမ်းပိုက်ထားလိုက်သည်။ ဗိုလ်လောင်း နီကိုလေသည် ပိုလန်ပြည်သို့ အရောက်တွင် မြင်းတပ်ရင်းကို မီလာခဲ့လျက် ထိုအချိန်မှစ၍လည်း တစ်လျှောက်လုံး တပ်ခွဲမှူးဗိုလ်ကြီး ဒင်နီဆော့ဗ်နှင့်အတူ နေထိုင်ခဲ့လေသည်။

ဩစတြီးယား ဗိုလ်ချုပ်ကြီးမက်၏တပ်များ မရှုမလှ အရေးနိမ့်ပြီဆိုသည့် သတင်းကြောင့် စစ်ဦးစီးဌာနချုပ်တစ်ခုလုံး ယောက်ယက်ခတ်လျက်ရှိသည့် အောက်တိုဘာ ၁၁ ရက်နေ့၌ကား စခန်းချလျက်ရှိသော ပါဗလိုဂရက် မြင်းတပ်ခွဲအရာရှိများမှာ ခါတိုင်းကဲ့သို့ပင် မြူးထူးသောက်စားလျက်ရှိကြလေသည်။ တပ်ခွဲမှူး ဗိုလ်ကြီးဒင်နီဆော့ဗ်မှာ တစ်ညလုံး ဖဲရှုံးရကား မိုးထိန်ထိန်လင်း၍ ရွာနီးချုပ်စပ် တစ်ဝိုက်မှ နီကိုလေ မြင်းစာ ဆင့်ပြန်လာသည့်တိုင်အောင် အိမ်သို့ပြန်မရောက်သေးချေ။ ဗိုလ်လောင်းဝတ်စုံကို ဝတ်ထားသည့် နီကိုလေသည် စီးလာသည့်မြင်းကို ဖိနပ်မှ သံဆူးဖြင့် တစ်ချက်မျှ ပေါက်လိုက်လျက် ဆင်ဝင်အောက် အထိ စီးသွားကာ နုပျိုဖျတ်လတ်လှုပ်ရှားခြင်းဖြင့် ကုန်းနှီး ပေါ်မှ လွှားခနဲကျော်၍ မိမိ၏မြင်းပေါ်မှ ဆင်းရမည်ကိုပင် မဆင်းချင်တော့သကဲ့သို့ ခြေနင်းကွင်းပေါ်တွင် ခေတ္တမျှ မတ်တတ်ရပ်လိုက်ပြီးမှ ခုန်ဆင်းလိုက်ကာ မိမိ၏တပ် လုလင်ကို လှမ်းခေါ်လိုက်၏။

"ဟော့ ဘွန်ဒါရင်ကို၊ ငါ့ကောင်ကြီးကို ဟိုနား ဒီနား လျှောက်ပြီး အညောင်းဖြေပေးလိုက်စမ်းပါကွာ"

နီကိုလေက မြင်းဆီသို့ ပြေးလာသော မြင်းတပ်သား တစ်ယောက်အား စိတ်သဘောကောင်းသည့် လူငယ်တို့ စိတ်လက်ကြည်နူးနေစဉ်တွင် ဖြစ်တတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအတိုင်း ရင်းနှီးချစ်ခင်စွာ ပြောလိုက်၏။

"ဟုတ်ကဲ့ ဗိုလ်လေး"

ယူကရိန်းနယ်သား မြင်းတပ်သားကလည်း ဇက်ကို ဆတ်ခနဲချိုးရင်း ခပ်ရှင်ရှင်ကလေး ပြောလိုက်သည်။

"ဟော့ကောင်၊ ဟိုနား ဒီနားတင် လျှောက်မပေးနော်"

ထိုအခိုက် အခြားမြင်းတပ်သားတစ်ယောက်လည်း မြင်းဆီသို့ ပြေးလာလေသည်။ သို့ရာတွင် ဘွန်ဒါရင်ကို ကဇက်ကြိုးကို မြင်း၏ခေါင်းပေါ်မှ ကျော်၍ ပစ်ပြီးသားဖြစ်နေပေပြီ။ ဗိုလ်လောင်းနီကိုလေမှာ မိမိ၏လက်အောက်ငယ်သားများအား ဆုလာဘ်များ ရက်ရက်ရောရော ပေးလေ့ရှိသဖြင့် ယခုကဲ့သို့ အလုအယက် လုပ်လိုကြခြင်း ဖြစ်လေသည်။ နီကိုလေသည် မြင်း၏လည်ပင်းနှင့် တင်ပါးတို့ကို ပွတ်သပ်လိုက်ပြီး အတန်ကြာမျှ ရပ်၍နေသည်။

'တော်တော်လှတဲ့ ကောင်ကြီးပဲ'ဟု သူ့ဘာသာသူ ပြုံး၍တွေးပြီးနောက် ဓားလွယ်ကို မြောက်ကိုင်ကာ သံဆူးကို ထိန်းသည့် ဖိနပ်နောက်မှ ဘီးကလေးများကို တချွင်ချွင်မြည်စေလျက် ဆင်ဝင်လှေကားထစ်များကို ပြေးတက်လာခဲ့လေသည်။ ခါးတို အင်္ကျီကိုဝတ်၍ ဦးထုပ်ချွန်တစ်လုံးကို ဆောင်းကာ လက်တွင်ခက်ရင်းခွတစ်ခုကို ကိုင်ထားသည့် အိမ်ရှင်ဂျာမန်အဘိုးကြီးသည် နွားတင်းကုပ်ထဲရှိ နွားချေးများကို ရှင်းလင်းသုတ်သင်နေရာမှ ထွက်ကြည့်လိုက်သည်တွင် နီကိုလေကို မြင်လိုက်သည့်အတွက် တစ်မျက်နှာလုံး ဝင်းထိန်သွားလေသည်။

"မင်္ဂလာ နံနက်ခင်းပဲ ဗိုလ်ကလေးရေ့။ မင်္ဂလာ နံနက်ခင်းပဲ"

အိမ်ရှင်အဘိုးကြီးက ရက်ရက်ရောရောပြုံးကာ မျက်လုံး ပေကလပ် ပေကလပ်နှင့် နှုတ်ဆက်လိုက်၏။ အဘိုးကြီးမှာ နီကိုလေကို နှုတ်ဆက်လိုက်ရသည့်အတွက် ကျေနပ်ဟန် ရှိလေသည်။

"အလုပ်များတုန်းပဲလား အဘိုးကြီး"

နီကိုလေက ခေါစောကလိုပင် ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။ ပြီးမှ

"ဩစတြီးယား နိုင်ငံတော်ကြီး အဓွန့်ရှည်ပါစေ။ ရုရှားနိုင်ငံတော်ကြီး အဓွန့်ရှည်ပါစေ။ အလက်ဇန်းဒရားဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"ဟု ဂျာမန်အိမ်ရှင်အဘိုးကြီး သင်ပေးသည့် ဂျာမန်စကားဖြင့် အော်လိုက်သည်။

ဂျာမန်ကြီးသည် တဟားဟားရယ်ကာ နွားတင်းကုပ်ထဲမှာ ထွက်လာပြီး ဦးထုပ်ကိုချွတ်၍ ဇော့ယမ်းပြလိုက်ရင်း

"ကမ္ဘာကြီး အဓွန့်ရှည်ပါစေ"ဟု ထပ်၍အော်လိုက်သည်။

နီကိုလေကလည်း ဂျာမန်ကြီးကဲ့သို့ ဦးထုပ်ကိုချွတ်၍ ဇော့ယမ်းပြကာ"ကမ္ဘာကြီးတစ်ခုလုံး အဓွန့်ရှည်ပါစေ"ဟု ပြန်၍ အော်လိုက်သည်။ နွားတင်းကုပ်ကို ရှင်းလင်းနေသော ဂျာမန်အဘိုးကြီးအတွက်လည်းကောင်း၊ မိမိ၏တပ်စုနှင့်အတူ မြင်းစာဆင့်၍ ပြန်လာသော နီကိုလေအတွက်လည်းကောင်း၊ အထူးတလည် ဝမ်းပန်းတသာဖြစ်စရာအကြောင်းဆို၍ ဘာမျှမရှိသော်လည်း ၎င်းတို့နှစ်ယောက်သည် ညီရင်းအစ်ကိုတို့ထားအပ်သော မေတ္တာ၊ တသိမ့်သိမ့်ခံစားရသော ကြည်နူးဝမ်းမြောက်ခြင်းတို့ဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး တစ်ဦးကို တစ်ဦး ချစ်ခင်သောအားဖြင့် ခေါင်းကို ခါယမ်းပြလိုက်ကြသည်။ ထို့နောက် တစ်ဦးကိုတစ်ဦး ပြုံးကြည့်နေမိကြသည်။ ဂျာမန်အဘိုးကြီးသည် နွားတင်းကုပ်သို့ ပြန်ဝင်သွားတော့မှ နီကိုလေလည်း ဗိုလ်ကြီး ဒင်နီဆော့ဗ်နှင့် အတူနေထိုင်ရာ မိမိ၏အိမ်သို့ လျှောက်လာခဲ့လေသည်။

"မင်းဆရာကောဟေ့"

နီကိုလေက ဗိုလ်ကြီးဒင်နီဆော့ဗ်၏ တပ်လုလင်ဖြစ်သူ လာဗရူရှကာကို မေးလိုက်သည်။ လာဗရူရှကာမှာ တပ်ရင်းတစ်ခုလုံးတွင် 'လူလိမ်'ဟု နာမည်ကျော်ကြားသူဖြစ်ပေသည်။

"မနေ့ညနေကတည်းက ပြန်မလာသေးဘူး ဗိုလ်ကလေး။ ဖဲရှုံးနေပြီ ထင်တာပဲ"လာဗရူရှကာက ပြောလိုက်၏။ "ကျွန်တော်တော့ ခု သူ့အကြောင်းကို သိနေပြီ ဗိုလ်လေး၊ သူ ဖဲနိုင်ရင် အစောကြီး ပြန်လာပြီး လေထွားတော့တာပဲ။ အဲ မနက် မိုးစင်စင်လင်းတဲ့အထိ ပြန်မလာရင်တော့ ရှုံးလို့ပဲလို့သာ မှတ်ပေတော့ ဗိုလ်လေးရေ့။ တစ်ခါတည်း ရှူးရှူးရှားရှား ဖြစ်လာတာပဲ။ ကော်ဖီသောက်မလား ဗိုလ်လေး"

"အေးကွာ၊ တစ်ခွက်လောက် ယူခဲ့စမ်းပါ"

ဆယ်မိနစ်ခန့်အကြာတွင် လာဗရူရှကာသည်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကို ကိုင်၍ ရောက်လာလေသည်။

"ဆရာတော့ ပြန်လာပြီ ဗိုလ်လေး။ ကိုကျဉ်းတော့ မှာပဲ"

လာဗရှုရှကာက ပြောလိုက်၏။ နီကိုလေသည် ပြတင်းဝမှရပ်၍ ကြည့်လိုက်သည်တွင် အိမ်ဘက်သို့ လျှောက်လာသော ဗိုလ်ကြီး ဒင်နီဆော့ဗ်ကို မြင်ရ၏။ ဒင်နီဆော့ဗ်မှာ တောက်ပသောမျက်လုံးများရှိ၍ နက်မှောင်သောဆံပင်၊ မှတ်ဆိတ်နှင့်တကွမျက်နှာနီနီ၊ သေးသေးညှက်ညှက် လူဗလံကလေးတစ်ယောက်ဖြစ်၏။ ဝတ်ရုံကြီး ဗိုသီဖတ်သီနှင့် ခေါက်ရိုးကျိုး၍ တွဲကျနေသော ဒူးကျပ်ဘောင်းဘီတို့ကို ဝတ်ထားပြီး တွန့်ကျေနေသော သံပရာခွံအဝတ်ဦးထုပ် တစ်လုံးကို ခပ်လန်လန်ဆောင်းထားသည်။ ဒင်နီဆော့ဗ်သည် မျက်နှာမသာမယာဖြင့် ခေါင်းငိုက်စိုက်ကျလျက် ဆင်ဝင်အောက်သို့ ရောက်လာလေသည်။

"လာဗရှုရှကာ၊ ဟေ့ကောင်၊ တံခါးဖွင့်စမ်း"

ဒင်နီဆော့ဗ်က စိတ်ဆိုးမာန်ဆိုးဖြင့် ကျယ်လောင်စွာ အော်လိုက်၏။

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ လာပါပြီ"

"သြော် ခင်ဗျားတောင် အိပ်ရာက နိုးနေမှကိုး" အခန်းထဲသို့ ဝင်လာရင်း ဒင်နီဆော့ဗ်က ပြောလိုက်သည်။

"ဟုတ်တယ်၊ ကြာပါပြီ။ ကျွန်တော် မြင်းစာလိုက်ဆင့်နေတာ"

နီကိုလေက ပြေလိုက်၏။

"ကျုပ်တော့ ရှုံးတယ်ဗျာ။ မနေ့က ရှုံးလိုက်ပုံကတော့ ခွက်ခွက်ကို လန်ရောပဲ" ဒင်နီဆော့ဗ်က စကားကောင်းစွာ မပီဘဲ ပြောနေ၏။ "ဆိုးလိုက်တဲ့ဖဲ၊ ကြုံပဲမကြုံဖူးဘူး။ ခင်ဗျား ထွက်သွားကတည်းက တစ်ချက်ကလေးပြန်ကောင်းမလာဘူး။ ဟေ့ လက်ဖက်ရည် ယူခဲ့ပါကွ"

ဒင်နီဆော့ဗ်သည် ပြုံးလိုက်သကဲ့သို့ မျက်နှာမှ အကြောအခြင်တွေကို တင်းအောင် လုပ်လိုက်လေရာ တုတ်ခိုင်သော သွားများသည် အဖွေးသား ပေါ်လာကြသည်။ နောက် ပုတိုတိုဖြစ်နေသော လက်ချောင်းများဖြင့် နက်မှောင်ပွယောင်းသော ဆံပင်များကို စုံသပ်ချနေလေသည်။

"ဒီကြွက်စုတ်ဆီသွားသွား ကစားရတာကို မကောင်းပါဘူး" (ကြွက်စုတ်မှာ စစ်ဗိုလ်တစ်ဦးအား လှောင်ပြောင်ခေါ်သည့် နာမည်ဖြစ်သည်။) ဒင်နီဆော့ဗ်က နဖူးနှင့် မျက်နှာတစ်ခုလုံးကို လက်နှစ်ဖက်ဖြင့် ပွတ်၍ ပြောလိုက်သည်။ "ကြည့်စမ်းပါဦးဗျာ၊ ဒီကောင့် လက်အောက်က နေရတာ တဲ့ဖဲဆို တစ်ချပ်မှမရဘူး။ တစ်ချပ်ကလေး မပေးဘူး"

ဒင်နီဆော့ဗ်သည် လာပေးသော မီးညှိပြီးသား ဆေးတံကို လက်ဝါးထဲတွင် ဆုပ်ကိုင်လိုက်ပြီးနောက် ကြမ်းပြင်ကို ခေါက်လိုက်လေရာ ဆေးအိုးထဲမှ မီးပွားကလေးများ လွင့်၍ ကျလာကြလေသည်။

"ဒီကောင်ဟာ ညစ်ကို ညစ်တယ်။ ဒိုပြင်လူအောက်နေရရင် ဘယ် ဒီလောက် ဖဲဆိုးမလဲ။ ခုတော့ ငနဲက နောက်တစ်လက် မဒေါင်းအောင်ဖဲတွေကို အတွဲတွေ ဖျက်ပြီး အတင်းဆုပ်ထားတာပဲ ဟင်း"

ဒင်နီဆော့ဗ်သည် ဆေးအိုးထဲမှ လောင်ကျွမ်းနေသော ဆေးမှုန့်များကို ခါချလိုက်ကာ ဆေးတံကို ရိုက်ချိုးလိုက်ပြီး လွှင့်ပစ်လိုက်လေသည်။ သို့ဖြင့် အတန်ကြာတိတ်ဆိတ်နေပြီးမှ တောက်ပြောင်မည်းနက်သော မျက်လုံးများဖြင့် နီကိုလေကို လှမ်းကြည့်လိုက်လေသည်။

"ပျင်းစရာ သိပ်ကောင်းတာပဲ။ မိန်းမကလေးဘာကလေး ထုတ်လို့ ရရင်လဲ အကောင်းသား။ ဒါပေမဲ့ ရှိမှာ မဟုတ်ပါဘူး။ အလကားပါ။ အရက်သောက်ဖို့ကလွဲလို့ တခြားဘာမှ အပျင်းပြေစရာ မရှိဘူး။ တိုက်ပွဲတိုက်ရရင်လဲ မြန်မြန်တိုက်ပစ်လိုက်ချင်ပြီ။ ဟေ့ ဘယ်သူလဲကွ"

အပြင်ဘက်မှ ပြည်းပြည်းမှန်မှန် နင်းလာသော ဖိနပ်သံနှင့်တကွ သံဆူးဘိနပ်များ မြည်သံတို့အပြင် မရဲတရဲ ချောင်းဟန့်သံကို ကြားလိုက်ရသဖြင့် ဒင်နီဆော့ဗ်က တံခါးပေါက်ဘက်သို့ လှည့်၍ အော်လိုက်သည်။

"တပ်ခွဲက တပ်ထောက်ကြီးပါ" လာဗရှုရှကာက ပြေလိုက်၏။ ဒင်နီဆော့ဗ်သည် ပါးစုန့်ကြီးတွေ ကားတက်သွားအောင် မျက်နှာမှ အကြောအခြင်များကို တင်းလိုက်ပြန်သည်။

"ခွေးမသားက ဘာလုပ်ဖို့တဲ့လဲ" ဒင်နီဆော့ဗ်သည် ရွှေဒင်္ဂါးအနည်းငယ်ပါသော သားရေအိတ်ကို ပစ်ချရင်း ရေရွတ်လိုက်သည်။ "ဗျို့ သွေးသောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နီကိုလေး၊ အိတ်ထဲမှာ ဘယ်လောက်ကျန်သေးလဲဆိုတာ ကြည့်ပြီး ခေါင်းအုံးအောက် ထိုးထားလိုက်စမ်းပါဗျာ" ဒင်နီဆော့ဗ်သည် ဤသို့ပြောကာ တပ်ထောက်ကြီးကို တွေ့ရန် အပြင်သို့ထွက်သွားလေသည်။

နီကိုလေသည် ရွှေဒင်္ဂါးများကို ယူကာ ဒင်္ဂါးသစ်နှင့် ဒင်္ဂါးဟောင်းကို သတ်သတ်ခွဲ၍ စီလိုက်ပြီး ရေတွက်လျက် ရှိလေသည်။

"ဟော့ တီလျာညင်၊ ဘာလဲကွ။ ငါတော့ မနေ့ညက ရှုံးလာပြန်ပြီဟော့"

တစ်ဖက်ခန်းမှ ဒင်နီဆော့ဗ်၏အသံကို ကြားရသည်။

"ဘယ်မှာလဲ။ ကြွက်စုတ်ဘီးကော့စ်ရဲ့ အိမ်မှာလား။ အဲဒီသွားကစားရင် ရှုံးမယ်ဆိုတာ ကျွန်တော်သိသားပဲ ဗိုလ်ကြီး"ဟု ဆေးတံခဲထားရင်း ပြောလိုက်သည့် အသံတစ်သံကို ကြားရပြီးနောက် တပ်ခွဲမှ အရာရှိကလေးတစ်ဦးဖြစ်သူ ဗိုလ်တီလျာညင်သည် အခန်းထဲသို့ ဝင်လာခဲ့လေသည်။

နီကိုလေသည် သားရေအိတ်ကို ခေါင်းအုံးအောက်သို့ ထိုးထည့်လိုက်ကာ မိမိသို့ ကမ်းပေးလိုက်သည့် အေးစက်သေးငယ်သော လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်၏။

မည်သည့်အကြောင်းကြောင့်ဟု မသိရသော်လည်း တီလျာညင်မှာ ရုရှားတပ်မတော်ကြီး စစ်မချီလာမီကလေးတွင်ပင် ကိုယ်ရံတော်တပ်မှ ပြောင်းရွှေ့လာခဲ့ရသူဖြစ်သည်။ တီလျာညင်သည် တပ်ရင်းထဲ၌ ဣန္ဒြေသိက္ခာနှင့် နေလေ့ရှိသည့်အတိုင်း တပ်ဗိုလ်တပ်သား ခပ်များများက သူ့ကို မျက်နှာကြောမတည့်ကြချေ။ အထူးသဖြင့် နီကိုလေမှာ တီလျာညင်အား အလိုလိုမုန်းတီးလျက်ရှိ၏။ ထိုသို့ အကြောင်းမဲ့ မုန်းတီးနေခြင်းကိုလည်း ဖျောက်ဖျက်ပုံးကွယ်၍ မရနိုင်အောင် ဖြစ်လျက်ရှိလေသည်။

"ဘယ့်နယ် မြင်းတပ် ဗိုလ်ကလေး၊ ကျွန်တော့်ကောင်(ရွှေကျိုး)ကြီး ဘယ့်နယ်နေသေးသလဲ"ဟု နီကိုလေကို မေးလိုက်၏။ (ရွှေကျိုးမှာ တီလျာညင်က နီကိုလေထံသို့ ရောင်းလိုက်သောမြင်းကြီး၏ အမည်ဖြစ်သည်။) ဗိုလ်တီလျာညင်သည် စကားပြောလျက်ရှိသော်လည်း မိမိနှင့် စကားပြောနေသူ၏ မျက်နှာကို တည့်တည့်ကြည့်လေ့မရှိဘဲ အခန်းထဲရှိ ပစ္စည်းများကိုသာ တစေ့တစောင်း လှမ်း၍ ကြည့်လျက် ရှိပေသည်။

"ဗိုလ်လေး မနက်ကစီးသွားတာ မြင်လိုက်တယ် မှတ်ပါတယ်"

"အို ကောင်းပါတယ်။ ဒီကောင်ကြီး သိပ်သဘောကောင်းတဲ့ကောင်ပဲ" နီကိုလေက ပြန်ပြောလိုက်သည်။ အမှန်အားဖြင့်ကား ဒင်္ဂါးခုနစ်ရာ ပေးဝယ်လိုက်ရသောမြင်းမှာ တစ်ဝက်လောက်မျှပင် မတန်ချေ။ "ဒါပေမဲ့ ဘယ်ဘက်ရှေ့လက်က သိပ်မကောင်းချင်ဘူးဗျ။ ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်"

"ဟာ ဒါက ကိစ္စမရှိပါဘူးဗျ။ ခွာလိပ်သွားလို့ ဖြစ်ပါလိမ့်မယ်။ ခွာမလိပ်အောင် ဘယ်လိုလုပ်ရတယ် ဆိုတာ ကျွန်တော်ပြမယ်။ ပြီးတော့ ဘယ်လိုသံခွာမျိုး ရိုက်ရသလဲ ဆိုတာလဲ ကျွန်တော်ပြပါ့မယ်"

"အေးဗျာ၊ လုပ်စမ်းပါဦး" နီကိုလေက ပြောလိုက်၏။

"လာ လာ၊ ကျွန်တော်ပြမယ်။ သိပ်ခက်တဲ့ ကိစ္စမဟုတ်ပါဘူး။ ပြီးတော့သာ ကျေးဇူးမမေ့နဲ့။ ဟဲဟဲ"

"ဒါဖြင့် ကျုပ်မြင်းကို အထုတ်ခိုင်းလိုက်ဦးမယ်" နီကိုလေသည် တီလျာညင်နှင့် ကြာကြာလည်း စကားမပြောချင်လှသဖြင့် မြင်းထုတ်ခိုင်းရန် အပြင်သို့ ထွက်လာခဲ့လေသည်။

အိမ်ပြင်ဘက် အဖီအောက်၌ ဗိုလ်ကြီး ဒင်နီဆော့ဗ်သည် ကြမ်းပြင်တွင် ဆောင့်ကြောင့်ထိုင်ကာတပ်ထောက်ကြီး သတင်းပို့သည်ကို ဆေးတံအမြှင့်သားခဲလျက် နားထောင်နေလေသည်။ နီကိုလေကို မြင်သောအခါ၌ ဒင်နီဆော့ဗ်သည် မျက်နှာကို ရှုံ့လျက် တီလျာညင် တစ်ယောက်တည်း ကျန်နေရစ်ခဲ့သော အခန်းဘက်ဆီသို့ ပခုံးပေါ်မှကျော်၍ လက်မဖြင့် ညွှန်ပြလိုက်ပြီး မျက်မှောင်ကုတ်ကာ ပခုံးကို တွန့်လိုက်သည်။

"ဒီကောင် သိပ်မနိုပ်ဘူးနော် ဗိုလ်လေး"

ဒင်နီဆော့ဗ်က တပ်ထောက်ကြီးရှေ့မှာပင် လှမ်းပြောလိုက်သည်။ နီကိုလေကလည်း ပခုံးကို တွန့်ပြလိုက်သည်။ "ကျုပ်လဲသိတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး"ဆိုသည့် ဟန်မျိုးဖြစ်လေသည်။ သို့ဖြင့် နီကိုလေသည် မြင်းထုတ်လာရန် အမိန့်ပေးလိုက်ပြီး တီလျာညင် ထိုင်နေသော အခန်းထဲသို့ ပြန်ဝင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တီလျာညင်မှာ စောစောကကဲ့သို့ပင် ပျင်းတွဲတွဲ ထိုင်လျက်ရှိပြီး လက်ချင်းပွတ်နေသည်။ နီကိုလေသည် အခန်းထဲသို့ ဝင်လာရင်း "ဩော် လောကမှာ စက်ဆုပ်စရာ ကောင်းတဲ့ လူရယ်လို့ ရှိရသေးသကိုး"ဟု တွေးလိုက်မိသည်။

"မြင်းထုတ်ခိုင်းလိုက်ပလား" တီလျာညင်က မတ်တတ်ထလိုက်ကာ အေးပတ်ဝန်းကျင်ကို မသိမသာ ကြည့်လိုက်သည်။

"အင်း ထုတ်ခိုင်းလိုက်ပြီ"

"လာပါဗျာ။ ကျုပ်တို့ဘာသာ သွားကြည့်လိုက်တာပေါ့။ ဗိုလ်ကြီးဒင်နီဆော့ဗ်ဆီကို မနေ့က ရောက်တဲ့အမိန့် တစ်ခုကိုစွ လာမေးတာပါ။ ဒီပြင်ကိစ္စ အထူးအထွေ မရှိပါဘူး။ မနေ့ကအမိန့်ရပလား ဗိုလ်ကြီး"

"မရသေးဘူးကွာ။ နေပါဦး၊ မင်းက ဘယ်သွားဦးမလို့လဲ"

"ယောဒီဗိုလ်ကလေးကို မြင်းခွာသဲ ဘယ်လို ရိုက်ရသလဲဆိုတာ လိုက်ပြပေးမလို့" တီလျာညင်က ပြောလိုက်သည်။

နီကိုလေနှင့် တီလျာညင်သည် ဆင်ဝင်အောက်မှ မြင်းဇောင်းဆီသို့ ထွက်လာခဲ့ကြသည်။ တီလျာညင်သည် မြင်းခွာသဲကို မည်သို့သံစွဲရကြောင်း ရှင်းပြီးနောက် ၎င်း၏ တန်းလျားသို့ ပြန်သွားလေသည်။

နီကိုလေ အခန်းသို့ ပြန်ရောက်သွားသောအခါတွင် အရက်တစ်ပုလင်းနှင့် ဝက်အူချောင်း တစ်ပန်းကန်ကို စားပွဲပေါ်တွင် တွေ့ရ၏။ ဒင်နီဆော့ဗ်သည် စားပွဲတွင် ထိုင်ကာ စာရွက်တစ်ရွက်ပေါ်တွင် ကလောင်တံဖြင့် ခြစ်လျက်ရှိ၏။ ထို့နောက် နီကိုလေကို ခပ်မှုန်မှုန် ကြည့်လိုက်ပြီး

"ရည်းစားဆီကို စာရေးနေတာဗျ"ဟု ပြောလိုက်သည်။

ဒင်နီဆော့ဗ်သည် တံတောင်ဆစ်ကို စားပွဲတွင် ကျွေးတင်ထားပြီး ကလောင်ကို ကိုင်ထားရင်းက စာရေးရသည်ထက် ပြောရသည်ကို အရသာတွေ့ဟန်ဖြင့် နီကိုလေအား စာပါအကြောင်းအရာများကို မြိန်ရည်ရှက်ရည် ပြောပြနေလေသည်။

"ဒီမှာ သေးသောက်ကြီး။ လူဟာ အိပ်ပျော်နေချိန် တစ်ချိန်ကလွဲရင် ကျန်တဲ့အချိန်မှာ အမြဲတမ်း ချစ်နေချင်တဲ့ သတ္တဝါ ဖြစ်တယ်ဗျ။ ကျုပ်တို့ဟာ မြေကြီးရဲ့ သားသမီးတွေဖြစ်ပေမယ့် ချစ်တတ်လာတာနဲ့ တစ်ပြိုင်နက် မြေကြီးရဲ့ သားသမီးတွေ မဟုတ်တော့ဘူးဗျ။ ကောင်းကင်ဘုံက နတ်သမီးနတ်သားတွေ ဖြစ်လာကြပြီ။ ချစ်တတ်လာရင် အဲဒီလူဟာ နိဗ္ဗာန်ရောက်တာပဲ။ ချစ်တတ်တဲ့ လူဟာ ဘုရားသခင်က ဖန်ဆင်းလိုက်လို့ ပေါ်လာတဲ့ သတ္တလောကကြီးရဲ့ ပထမဆုံးနေ့လိုပဲ မွန်မြတ်ဖြူစင်သဗျ။ ဟော ဘယ်သူလဲကွ။ ငါ အလုပ်များနေတယ်။ မတွေ့နိုင်ဘူးလို့ ပြောလိုက်"

ဗိုလ်ကြီး ဒင်နီဆော့ဗ်က မိမိအနားသို့ ကပ်လာသည့် တပ်လုလင် လာဗရွှကာကို အော်ထုတ်လိုက်သည်။

"ဗိုလ်ကြီး ခေါ်ထားတာခင်ဗျ။ ပိုက်ဆံထုတ်ဖို့ တပ်ထောက်ကြီး စောင့်နေတယ်"

ဒင်နီဆော့ဗ်သည် မျက်မှောင်ကုတ်လိုက်ပြီး ပြန်အော်လိုက်တော့မည်ပြုပြီးမှ အရှိန်သတ်လိုက်သည်။

"အလုပ်ပိုတွေက သိပ်ရှုပ်တာပဲ"ဟု တစ်ယောက်တည်း ရေရွတ်လိုက်ပြီး "ကျုပ်သားရေအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက် ကျန်သေးသလဲဗျို့"ဟု နီကိုလေသို့ လှမ်းမေးလိုက်၏။

"ဒင်္ဂါးအသစ် ခုနစ်ပြား၊ ဒင်္ဂါးအဟောင်း သုံးပြား"

"ဒုက္ခပဲ။ ဟေ့ စာခြောက်ရုပ်။ ဘာရပ်နေတာလဲ။ သွား၊ တပ်ထောက်ကို ခေါ်လိုက်"ဟု လာဗရွှကာကို အော်လိုက်သည်။

"ခင်ဗျားမှာ မလောက်ရင် ကျွန်တော့်ဆီက ယူပါလား။ ကျွန်တော့်မှာ နည်းနည်းရှိပါသေးတယ်" နီကိုလေက အားနာဟန်ဖြင့် မရဲတရဲ ပြောလိုက်သည်။ "အို၊ ကျုပ်က ဘယ်တော့မှ အချင်းချင်းဆီက မချေး ချင်ဘူး။ ဘယ်တော့မှ မချေးဘူး" ဒင်နီဆော့ဗ်က အော် လိုက်ပြန်သည်။

"မလောက်ရင် ယူပါ ဗိုလ်ကြီး။ ကျွန်တော် ချေးပါ့မယ်။ ကျွန်တော့်ပိုက်ဆံကို သေးသောက်တစ်ယောက်လို သဘောထားပြီး လက်မခံဘူးဆိုရင် ကျွန်တော် ဘယ်စိတ်ကောင်းမလဲ။ ယူပါ။ ကျွန်တော့်မှာ နည်းနည်း ရှိပါသေးတယ်"

"တော်ပြီဗျာ။ မယူချင်ဘူးလို့ ပြောပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီဆောဗ်သည် ခေါင်းအုံးအောက်မှ သားရေအိတ်ကို ယူရန် အိပ်ရာဆီသို့ထသွားလေသည်။

"ဘယ်နားမှာ ထားလိုက်သလဲ ဗိုလ်ကလေး"

"အောက်က ခေါင်းအုံးအောက်မှာလေ"

"မရှိဘူးဗျ"

ဒင်နီဆောဗ်သည် ခေါင်းအုံးနှစ်လုံးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ သားရေအိတ်မှာ မည်သည့်ခေါင်းအုံးအောက်တွင်မျှ မရှိတော့ချေ။

"တော်တော်တော့ ဆန်းတာပဲ"

"နေစမ်းပါဦးဗျာ။ ခေါင်းအုံးကြားထဲများ ညပ်နေသလား" နီကိုလေက ခေါင်းအုံးများကို ကောက်ယူပြီးနောက် ခါ၍ရှာနေသည်။ ခေါင်းအုံးစွပ်ကို ချွတ်၍ခါကြည့်ပြန်သည်။ သားရေအိတ်ကား မရှိတော့ချေ။

"ဒုက္ခပါပဲ။ ကျွန်တော်လဲ အထားမမှားပါဘူး။ ပိုက်ဆံအိတ်ကို ခေါင်းအုံးအောက်မှာ ခင်ဗျားထားအိပ်တတ်မှန်းသိလို့ သေသေချာချာ အဲဒီအောက် သွင်းလိုက်တာပဲ။ ဘယ်ရောက်ရမှာလဲ"

နီကိုလေက လာဗရူရှကာဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကျွန်တော်တော့ အခန်းထဲတောင် မရောက်ဘူး။ ရှိမှာပေါ့ ဗိုလ်လေး။ ရှာစမ်းပါဦး"

"မရှိဘူးကွ"

"ခင်ဗျားလုပ်လိုက်ရင် ဒီလိုချည်းပဲ။ ပြီးစလွယ်ထားလိုက်ပြီး မေ့ချင်မေ့နေတာ။ ခင်ဗျား အိတ်ထဲမှာ စမ်းကြည့် စမ်းပါဦး"

"မရှိဘူးဗျ။ ကျွန်တော်မသိဘဲ နေပါ့မလား။ ဒီခေါင်းအုံးအောက်မှာ သေသေချာချာ ထားလိုက်တဲ့ဥစ္စာပဲ"

လာဗရူရှကာသည် အိပ်ရာခင်းကို လှန်၍ အိပ်ရာအောက်တွင်လည်းကောင်း၊ စားပွဲအောက်တွင်လည်းကောင်း၊ နေရာအနှံ့အပြားရှာပြီးနောက် အခန်းအလယ်ကောင်တွင် မလှုပ်မယှက်ရပ်နေလေသည်။ ဒင်နီဆောဗ်သည် လာဗရူရှကာ လုပ်ကိုင်နေပုံကို တိတ်ဆိတ်စွာ အကဲခတ်လျက်ရှိကာ လာဗရူရှကာက ဘယ်မှာမှ ရှာမတွေ့တော့ကြောင်းဖြင့် လက်နှစ်ဖက်ကို မြှောက်ပြ၍ ပြောလိုက်သည့်အခါတွင်မှ နီကိုလေဘက်သို့ လှည့်ကာ

"ဗိုလ်လေး၊ နောက်နေတာလား။ တကယ်လား ဗျ"

နီကိုလေသည် မိမိအား ဒင်နီဆောဗ်က ကြည့်နေမှန်းကိုသိသဖြင့် တစ်ချက်မျှ မျက်လုံးကိုလှန်၍ ကြည့်လိုက်ပြီးနောက် မျက်လွှာကို ပြန်ချလိုက်သည်။ လည်ပင်းတစ်နေရာတွင် စုခဲနေသည့် သွေးများသည် မျက်နှာနှင့် မျက်လုံးထဲသို့ ပန်းတက်လာသည်ဟု ထင်လိုက်ရသည်။ နီကိုလေသည် အသက်ပင် မှန်မှန် မရှူနိုင်တော့ချေ။

"အခန်းထဲမှာ ဗိုလ်ကြီးတို့ နှစ်ယောက်နဲ့ ဗိုလ်လေးကိုယ်တိုင်ပဲ ရှိတာပဲ။ တစ်နေရာရာမှာ ရှိမှာပေါ့" လာဗရူရှကာက ပြောလိုက်သည်။

"သွား၊ ခွေးမသား လိုက်ရှာစမ်း" ဒင်နီဆောဗ်က ဟောက်လိုက်ပြီး လာဗရူရှကာထံသို့ ထိုးတော့ ကြိတ်တော့မည့်ဟန်ဖြင့် ပြေးဝင်သွားလေသည်။ "သားရေအိတ် မတွေ့ရင်တော့ မင်းအသေပဲ၊ သိလား။ ရိုက်သတ်ပစ်မယ်"

နီကိုလေသည် ဒင်နီဆောဗ်အား မကြည့်တော့ဘဲ အင်္ကျီ ကြယ်သီးကို တပ်ကာ ခါးက ဓားရှည်ကို ပြင်၍ ချိတ်လိုက်ပြီး ဦးထုပ်ကိုကောက်၍ ဆောင်းလိုက်သည်။

"သားရေအိတ် သွားရှာချေလို့ ပြောနေတယ်ကွ" ဒင်နီဆောဗ်သည် တပ်လုလင်ကို ပခုံးမှကိုင်ကာ နံရံဖြင့် ဆောင့်နေသည်။

"မလုပ်ပါနဲ့ ဗိုလ်ကြီး။ ဒီသားရေအိတ် ဘယ်သူယူသွားတယ်ဆိုတာ ကျွန်တော် သိပါတယ်" နီကိုလေသည် မျက်လွှာချလျက်က တံခါးဝဆီသို့ ထွက်လာခဲ့၏။ ဒင်နီဆောဗ်သည် ခေတ္တမျှတွေသွားပြီးနောက် နီကိုလေပြောသည့် အဓိပ္ပာယ်ကို ရိပ်စားမိလိုက်ကာ နီကိုလေ၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

"အဓိပ္ပာယ် မရှိတာပဲ" ဒင်နီဆောဗ်၏ နဖူးကြောကြီးများနှင့် လည်ပင်းကြောကြီးများသည် ကြိုးစကြီးများလို ထောင်လာကြလေသည်။ "ခင်ဗျား ရူးနေသလား။ ကျုပ် သားရေအိတ်တော့ အပျောက်မခံနိုင်ဘူး၊ ဒီအခန်းထဲမှာပဲ ရှိရမယ်။ ဒီကောင်ကို ရိုက်စစ်ရင် ပေါ်လာမှာပဲ"

"ဘယ်သူ ယူသလဲဆိုတာ ကျွန်တော် သိပါတယ် ဗိုလ်ကြီး" နီကိုလေက မူမမှန်သောအသံဖြင့် ပြောကာ တံခါးပေါက်သို့ ထွက်လာခဲ့သည်။

"ဟေ့လူ၊ သိရင်လဲ ပြောလေဗျာ။ ဘယ်သူယူသလဲ" ဒင်နီဆောဗ်ကအော်၍ နီကိုလေကို နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဆွဲနေသည်။ သို့ရာတွင် နီကိုလေသည် အဆွဲမခံဘဲ လက်ကို ရုန်းလိုက်ပြီး ဒင်နီဆော့ဗ်အား ဒေါသထွက်လျက် ငြိုးသူရန်ဘက်ကြီးပမာ သူ့မျက်နှာကို တည့်တည့်ကြီး စိုက်ကြည့်လိုက်သည်။

"ခင်ဗျားပြောတဲ့စကားက ဘယ်အဓိပ္ပာယ် ရောက်သလဲဆိုတာ သိရဲ့လား" နီကိုလေက အသံတုန်တုန်ဖြင့် ပြောလိုက်သည်။ "ဒီအခန်းထဲမှာ ကျုပ် တစ်ယောက်ပဲ ရှိတယ်ဗျ။ တခြား ဘယ်သူမှ မရှိဘူး။ ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် ကျုပ် မယူရင် ဘယ်သူ"

နီကိုလေသည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ပြေးထွက်လာခဲ့လေသည်။

"မအေပေးတွေ၊ အကုန်သေကုန်တာ ကောင်းတယ်"ဟူသော ကျိန်ဆဲရေရွတ်နေသံကို နီကိုလေ ကြားနေရပေသည်။

နီကိုလေသည် ထွက်လာပြီးနောက် တီလျာညင်၏ တန်းလျားဆီသို့ တန်း၍ လာခဲ့လေသည်။

"ဗိုလ်လေး မရှိဘူးခင်ဗျ။ တပ်ရုံးကို သွားတယ်" တီလျာညင်၏ တပ်လုလင် ပြောလိုက်၏။ "ကိစ္စရှိလို့လားဗိုလ်လေး" တပ်လုလင်က မျက်နှာ မသာမယာ ဖြစ်နေသည့် နီကိုလေကို ကြည့်၍ မေးလိုက်သည်။

"မရှိပါဘူး"

"ခုလေးတင် ထွက်သွားတာပဲ ဗိုလ်လေး"

တပ်စခန်းရုံးမှာ ဆာလ်ဇိနက်ရွာမှ နှစ်မိုင်ခန့် ဝေးလေရာ နီကိုလေသည် အိမ်သို့ မပြန်တော့ဘဲ မြင်းတစ်ကောင်ကို ကောက်စီးကာ တပ်စခန်းရုံးသို့ ထွက်လာခဲ့၏။ ရွာထဲ၌ တပ်မှ ဗိုလ်ကလေးများလာတတ်သော ထမင်းဆိုင်တစ်ဆိုင်ရှိသည်ကို သတိရသဖြင့် နီကိုလေသည် ထမင်းဆိုင်ဘက်သို့ စီးလာခဲ့သည်တွင်ဆိုင်ရှေ့၌ ရပ်ထားသော တီလျာညင်၏ မြင်းကို မြင်လိုက်ရလေသည်။

ထမင်းဆိုင်ထဲ၌ကား တီလျာညင်သည် အရက်တစ်ပုလင်းနှင့် ဝက်အူချောင်း တစ်ပန်းကန်ကိုရှေ့တွင်ချကာ စားပွဲထိုင်လျက်ရှိသည်။

"ဩော်၊ လက်စသတ်တော့ ဗိုလ်လေးလဲ ဒီကို လာတတ်သကိုး"

တီလျာညင်က မျက်ခုံးကိုပင့်၍ ခပ်ပြုံးပြုံး ပြောလိုက်သည်။

"ဟုတ်ကဲ့" နီကိုလေက ထိုစကားတစ်ခွန်းကို ပင်ပန်းကြီးစွာဖြင့် ပြန်ပြောလိုက်ပြီး အနီးရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

နှစ်ယောက်စလုံး တိတ်ဆိတ်နေကြလေသည်။ ထမင်းဆိုင်ထဲ၌ ဂျာမန်နှစ်ယောက်နှင့် ရုရှားစစ်ဗိုလ် တစ်ယောက်လည်းရှိသည်။ အားလုံး တိတ်ဆိတ်လျက်ရှိ ကြကာ ဇွန်းသံခက်ရင်းသံနှင့် တီလျာညင်၏ တဖျတ်ဖျတ် မြည်အောင်စားနေသည့် အသံများကိုသာ ကြားနေရသည်။

စားသောက်ပြီးသည့်အခါတွင်ကား တီလျာညင်သည် အိတ်ထဲမှ နှစ်ထပ်သားရေအိတ်ကလေးတစ်လုံးကို ဆွဲထုတ်လိုက်ပြီးနောက် သေးငယ်ဖြူဖွေးကာ ကော့လန်နေသည့် လက်ချောင်းများဖြင့် ကွင်းကလေးကို ဘေးသို့ ဆွဲဖွင့်လိုက်၍ ရွှေဒင်္ဂါးတစ်ပြားကို ထုတ်လျက် မျက်ခုံးပင့်ကြည့်ပြီး ဆိုင်ရှင်ကို လှမ်းပေးလိုက်သည်။

"ဟေ့ မြန်မြန်လုပ်စမ်းကွာ"

တီလျာညင်က ပြောလိုက်သည်။

ဒင်္ဂါးမှာ အသစ်ကျပ်ချွတ်ဖြစ်သည်။ နီကိုလေသည် ရုတ်ခြည်းထိုင်ရာမှ ထကာ တီလျာညင်ထံသို့ လျှောက်လာခဲ့လေသည်။

"ဗိုလ်လေးရဲ့ သားရေအိတ်ကို ကျွန်တော့်ကြည့်ခွင့်ပြုပါ ခင်ဗျာ"

နီကိုလေက လေသံကလေးဖြင့် ခပ်တိုးတိုးပြောလိုက်သည်။ တီလျာညင်သည် မျက်ခုံးပင့်ထားရင်းက ဂနာမငြိမ်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး သားရေအိတ်ကို လှမ်းပေးလိုက်သည်။

"သားရေအိတ်က တော်တော်လှတယ်ဗျ။ ကြည့်စမ်း"

တီလျာညင်မှာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိနေသည်။

နီကိုလေသည် သားရေအိတ်ကို လှမ်းယူလိုက်၍ သားရေအိတ်ကိုလည်းကောင်း၊ အထဲမှ ပိုက်ဆံများကိုလည်းကောင်း သေသေချာချာကြည့်ကာ တီလျာညင်ကို လှမ်းကြည့်လိုက်သည်။ တီလျာညင်သည် ၎င်း၏ထုံးစံအတိုင်း ကျိုးကန်းတောင်းမှောက် ကြည့်လိုက်ပြီး ချက်ချင်းဆိုသလိုပင် ရွှင်မြူးသောဟန်ကို ဆောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိယင်နာရောက်မှ ရှိသမျှ ပိုက်ဆံကလေးတွေ ဖိမ်နဲ့ သုံးပစ်လိုက်ဦးမယ်။ ဒီတော့မြို့လေးတွေမှာတော့ အလကားပဲ။ ဘာမှ သုံးစရာမရှိဘူး။ ကဲ ဗိုလ်လေး ကျုပ် သွားမယ်။ သားရေအိတ်ကလေး တစ်ဆိတ်"

နီကိုလေက ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ဗိုလ်လေးလဲ ထမင်းစားမလို့လား။ ဒီဆိုင်က မဆိုးဘူးဗျ။ အစားအစာ ကောင်းသားပဲ။ ကဲကျုပ် သွားဦးမယ်ဗျာ။ သားရေအိတ်ကလေး ယူတော့မယ် နော်"

တီလျာညင်သည် လက်လှမ်း၍ သားရေအိတ်ကို ယူလိုက်သည်။ နီကိုလေသည် တီလျာညင် လှမ်းယူနေသည်ကို ကြည့်နေသည်။ တီလျာညင်သည် သားရေအိတ်ကို ကောက်ကာ မြင်းစီး ဘူးကျပ်ဘောင်းဘီအိတ်ထဲသို့ အမှတ်မထင် ထည့်လိုက်ပြီး မျက်ခုံးပင့်၍ ပြုံးပြလိုက်လေသည်။ ၎င်း၏အပြုံးမှာ 'ကဲ ငါ့သားရေအိတ်ကို ငါ့အိတ်ထဲကို ပြန်ထည့်တာ ဘာဖြစ်သလဲ။ မင်းအပူလား' ဆိုသည့် အပြုံးမျိုးဖြစ်လေသည်။

"ကဲ ဗိုလ်လေး"

တီလျာညင်က သက်ပြင်းတစ်ချက်ချ၍ ဆိုလိုက်ပြီး ပင့်ထားသော မျက်ခုံးများအောက်မှနေ၍ နီကိုလေ၏ မျက်လုံးများကို စိုက်ကြည့်လိုက်လေသည်။ တီလျာညင်၏ မျက်လုံးမှ လျှပ်စစ်မီးပွား၏ အရောင်များကဲ့သို့ ပြိုးပြိုး ပြက်ပြက် အရောင်များသည် နီကိုလေ၏ မျက်လုံးများပေါ်သို့ ရောက်လာကြသည်။ နီကိုလေ၏ မျက်လုံးမှ အရောင်သည်လည်း တီလျာညင်၏ မျက်လုံးများပေါ်သို့ ရောက်လာကြသည်။ သို့ဖြင့် တစ်ခဏချင်းအတွင်းတွင် ၎င်းတို့နှစ်ယောက်၏ မျက်လုံးများသည် အပြန်အလှန် အရောင်လွှတ်လျက် ရှိကြလေသည်။

"ဟောလူ၊ နေဦး"

နီကိုလေသည် တီလျာညင်၏ လက်မောင်းကို ဖမ်းဆွဲလိုက်ပြီးနောက် ပြတင်းပေါက်နားသို့ ဆွဲခေါ်လာခဲ့လေသည်။ ပြီးမှ နား နားသို့ကပ်၍ လေသံဖြင့်

"ဒီပိုက်ဆံဟာ ဒင်နီဆော့ဗ်ပိုက်ဆံ။ ခင်ဗျား ယူသွားတာ မဟုတ်လားဟင်"

"ဘာ ဘာပြောတယ်။ မလုပ်ပါနဲ့ဗျာ။ မဟုတ်တာ"

တီလျာညင်က ပြောလိုက်၏။ သို့ရာတွင် တီလျာညင်၏ စကားများသည် ခွင့်လွှတ်ရန် တောင်းပန်တိုးလျှိုးသောစကားများနှင့် တူနေလေသည်။ နီကိုလေသည် ဤစကားများကို ကြားလိုက်ရသည်နှင့် သူ့အပေါ်တွင် ဗိုလ်သံသယကြီးစွာ ဝင်လာလေသည်။ နီကိုလေသည် လက်သည်ကို တွေ့ပြီဖြစ်သည့်အတွက် ဝမ်းသာသွားသလောက် တီလျာညင်ကိုလည်း သနားကရုဏာသက်၍ သွားလေသည်။ သို့ရာတွင် စမိသည့်နောက်မှတော့ ဆုံးအောင်လုပ်ရတော့မည် မဟုတ်ပါလော။

"ထမင်းဆိုင်ထဲက လူတွေကတော့ တစ်မျိုးထင်ကုန်ကြတော့မှာပဲ" တီလျာညင်က ရေရွတ်လိုက်ပြီး ဦးထုပ်ကို ကောက်လျက် အခန်းလွတ်ကလေးတစ်ခုဆီသို့ ခြေလှမ်းပြင်လိုက်သည်။ "ကျုပ်ကို ဒီလိုတော့ မထင်နဲ့ဗျာ။ ကျုပ် ရှင်းပြမယ်"

"မရှင်းနဲ့။ ကျုပ်သိတယ်။ ကျုပ်က အထောက်အထားနဲ့"

"ဗျာ"

ထိတ်လန့် တုန်လှုပ်လျက် သွေးမရှိတော့သလို ဖြူရော်နေသော တီလျာညင်၏ မျက်နှာပေါ်မှ အကြောအခြင်ဟူသမျှတို့သည် လှုပ်ရှားလာကြကာ မျက်လုံးများသည်လည်း ဟိုသည်ရွေ့ရှားလျက် ဂနာမငြိမ် ဖြစ်နေကြ၏။ တီလျာညင်သည် နီကိုလေကို မော့၍ပင် မကြည့်ရဲတော့ဘဲ မျက်လွှာကို ချထားလေသည်။ တီလျာညင်၏ ကျိတ်၍ ရှိုက်လိုက်သောအသံသည် ပေါ်ထွက်လာလေသည်။

"မြို့စားလေး၊ ကျွန်တော့်တက်လမ်းကိုတော့ မဖျက် ဆီးပါနဲ့ဗျာ။ ကျွန်တော့်မှာ ပအေအို မအေအိုကြီးကို လုပ်ကျွေးနေရတာပါ။ ရော့၊ ဒီပိုက်ဆံလဲ မလိုချင်တော့ပါဘူး"

တီလျာညင်သည် သားရေအိတ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ နီကိုလေသည် သားရေအိတ်ကို ကောက်ယူ၍ တီလျာညင်ကိုလည်း မကြည့်၊ စကားတစ်ခွန်းမျှလည်းမပြောဘဲ အပြင်သို့ ထွက်လာခဲ့လေသည်။ သို့ရာတွင် တံခါးဝသို့ အရောက်၌ တုံ့၍ သွားလေသည်။

"တော်တော်မိုက်တဲ့လူပဲဗျာ။ ခင်ဗျား လုပ်ရက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နီကိုလေ၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာကာ အသံတွေ တုန်လာလေသည်။

တီလျာညင်သည် သူ့အနားသို့ ကပ်လာပြီး

"မြို့စားလေး"

"တော်ပြီဗျာ။ ခင်ဗျား ကျုပ်ကို မထိနဲ့" နီကိုလေက နောက်သို့ဆုတ်၍ ပြောလိုက်သည်။ "ခင်ဗျား ဒီလောက်တောင် လိုချင်ရင်လဲရော့၊ ယူလိုက်တော့"

နီကိုလေသည် သားရေအိတ်ကို ပစ်ပေးလိုက်ပြီး ထမင်းဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

## အခန်း ၅

ထိုနေ့ညနေ၌ တပ်ခွဲမှူး ဗိုလ်ကြီးဒင်နီဆောဗ်၏အိမ်တွင် အရာရှိကလေးများ ဗိုင်းဖွဲ့စကားကောင်းလျက် ရှိကြလေသည်။

"ဗိုလ်လေးနီကိုလေ၊ ဗိုလ်မှူးကြီးကိုတော့ ခင်ဗျား ဝန်ချ တောင်းပန်ဖို့ ကောင်းသဗျ"

အရပ်မြင့်မြင့်၊ ဆံပင်ကောင်းကောင်း၊ မှတ်ဆိတ်ထူလပျစ်နှင့် ရိုးကြီးဂေါင်ဂင်၊ မျက်နှာတွင် အရေးအတွန့်တို့ထင်လျက်ရှိသော စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ကြီးက နီကိုလေကို လှမ်းပြောလိုက်သည်။ နီကိုလေ၏ မျက်နှာကား ဒေါသကြောင့် နီမြန်းလျက်ရှိ၏။

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးကာစတင်သည် အကျင့်စာရိတ္တနှင့်ပတ်သက်၍ တပ်သားအဖြစ် နှစ်ခါရာထူးအချခံခဲ့ရဖူးသူဖြစ်ပြီး နှစ်ခါစလုံးပင် ဗိုလ်ရာထူးတွင် ပြန်ခန့်ခံခဲ့ရသူ ဖြစ်သည်။

"ဟင့်အင်း၊ ကျွန်တော့်ကို လူလိမ်လုကောက်လို့ ပြောတာ ဘယ်ခံနိုင်မလဲ။ သူက ကျွန်တော့်ကို လိမ်တယ်လို့ စွပ်စွဲတယ်။ ကျွန်တော်ကလဲ လူလိမ်တယ်ထင်တာပဲ။ ဒါ ကျွန်တော့်အဖို့ အရေးကြီးတယ်။ သူမကျေနပ်ရင် ကျွန်တော့်ကို နေ့တိုင်း တာဝန်ချချင်ရင် ချ၊ ဖမ်းချင်လဲ ဖမ်းပေါ့။ ဒါပေမဲ့ ကျွန်တော်ကတော့ ဝန်ချ မတောင်းပန်နိုင်ဘူး။ တပ်ရင်းမှူးတစ်ယောက်အနေနဲ့ ကျွန်တော်ပြေရာပြေကြောင်း ပြောရတာကို ဂုဏ်သိက္ခာပျက်တယ်လို့ ထင်ရင်လဲ"

"နေစမ်းပါဦးဗျ၊ ကျုပ်ပြောတာ နားထောင်စမ်းပါဦး" စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးက မှတ်ဆိတ်မွေးများကို ဆွဲရင်း ကြားဖြတ်၍ ပြောလိုက်သည်။ "ဗိုလ်တစ်ယောက်ကို သူများပစ္စည်း ခိုးတယ်လို့ တခြားဗိုလ်တွေရှေ့မှာ ခင်ဗျားက ဗိုလ်မှူးကြီးကို တိုင်တယ်ဆိုတော့"

"အို ဒီ့ပြင် အရာရှိတွေရှေ့မှာရော ကျွန်တော်က မပြောရတော့ဘူးလား။ ပြောတော့ကော ကျွန်တော့်မှာ အပြစ်ရှိသလား။ သူတို့ရှေ့မှာ မပြောဘဲ နေနိုင်ရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ ကျွန်တော်ကတော့ ပြောစရာရှိရင် ဘွင်းဘွင်းပဲ၊ ထိမ်ချန်မထားချင်ဘူး။ သံတမန်လိုစကားပရိယာယ်လဲ မကျွမ်းကျင်ဘူး။ ဒါကြောင့်လဲ မြင်းတပ်ထဲ ရောက်တာပေါ့။ အဲဒါကို ကျွန်တော်က လိမ်ပြောတယ်လို့ စွပ်စွဲတယ်။ ကျွန်တော် မကျေနပ်နိုင်ဘူး။ ကျွန်တော့်ကို တောင်းပန်ရမယ်"

"ဟုတ်ပါပြီ၊ ကျုပ် နားလည်ပါတယ်။ ခင်ဗျားကိုလဲ ဘယ်သူကမှ လုကြောက်လို့ မပြောပါဘူး။ ဒီကိစ္စက အရေးမဟုတ်ပါဘူး။ ဒါပေမဲ့ ဗိုလ်လောင်းတစ်ယောက်ကို တပ်ရင်းမှူးက တောင်းပန်ရမယ်ဆိုတာ သဘာဝကျသလား၊ မကျသလားဆိုတာ ဗိုလ်ကြီး ဒင်နီဆောဗ်ကိုပဲ မေးကြည့်ပါဦး"

ဒင်နီဆောဗ်သည် နှုတ်ခမ်းမွေးကို ကိုင်လျက် မလှုပ်မယှက်ထိုင်ရင်း ၎င်းတို့အထဲတွင် မပါလိုဟန်ဖြင့် ပြောသမျှကို နားထောင်နေသည်။ ဒင်နီဆောဗ်က စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီး မေးသည့်ကိစ္စများကို မဖြစ်နိုင်ကြောင်း ပြသည့် သဘောဖြင့် ခေါင်းယမ်းပြလိုက်သည်။

"ခင်ဗျား စဉ်းစားကြည့်လေ။ ဒီကိစ္စကို ခင်ဗျားက တခြားဗိုလ်တွေရှေ့မှာတွင် ဗိုလ်မှူးကြီးကို သွားပြောတယ်။ ဒီတော့ ဗိုလ်မှူးကြီးက မပြောနဲ့လို့ အော်တယ်ဆိုတော့"

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးက ပြောလိုက်သည်။

"ဟင့်အင်း၊ မပြောနဲ့လို့ မပြောပါဘူး။ ဒါပေမဲ့ ကျွန်တော်က မဟုတ်မတရား ပြောနေတယ်လို့ပြောတာ ဘယ်ကောင်းမလဲဗျ"

"ဘာပဲဖြစ်ဖြစ်လေဗျာ၊ ခင်ဗျားက သူ့ကိုအဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောတော့ ခင်ဗျားကပဲ တောင်းပန်ရမှာပဲ"

"ဟင်း အဲဒေါကြီး။ ဘယ်တော့မှ မတောင်းပန်ဘူး ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



နီကိုလေက အော်လိုက်သည်။ စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးသည် နီကိုလေကို ရှုတင်းတင်းဖြင့် ကြည့်လိုက်သည်။

"ကျုပ် ခင်ဗျားကို အစက ဒီလိုလူစားမျိုး ဖြစ်လိမ့်မယ်လို့ လုံးလုံးမမျှော်လင့်ခဲ့ဘူး။ ကောင်းပြီ၊ ခင်ဗျား သူ့ကို မတောင်းပန်ချင်ဘူးဆိုပါတော့၊ ဟုတ်လား။ ဒီမှာ ကိုယ့်လူ၊ သူ့ကို တောင်းပန်တယ်ဆိုတာဟာ သူတစ်ယောက်တည်းကို တောင်းပန်တာ မဟုတ်ဘူးဗျ။ တပ်ရင်းကြီးတစ်ခုလုံးကို တောင်းပန်တာ။ ကျုပ်တို့ အားလုံးကို တောင်းပန်တာ။ ခင်ဗျားပြောတဲ့စကားဟာ တပ်ရင်းတစ်ခုလုံးကို ထိခိုက်တယ်။ ကျုပ် ရှင်းပြမယ်။ ဒီကိစ္စ ဖြစ်လာတယ်ဆိုရင် သေသေချာချာ စဉ်းစားပြီး ဘာလုပ်သင့်တယ်ဆိုတာ အကြံဉာဏ်တောင်းဖို့ ကောင်းတယ်။ ခုတော့ ဒီလို မဟုတ်ဘူး။ တစ်ခါတည်းသွားပြီး ဒီပြင် ဗိုလ်တွေရှေ့မှာ အကုန်ဖွင့်ပြောပြတယ်။ ဒီတော့ ဗိုလ်မှူးကြီးအနေနဲ့ ဘာလုပ်ရမလဲ။ တိလျာညင်ကို ခုံရုံးပို့ပြီး တပ်ရင်းကြီး တစ်ခုလုံး နာမည်အပျက်ခံမလား၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး အပုပ်ခံရတော့မလား။ ခင်ဗျားကကော ဒီလို ဖြစ်စေချင်သလား။ ကျုပ်တို့ကတော့ ကျုပ်တို့တပ်ရင်းကို ဒီလို အဖြစ်မခံနိုင်ဘူး ဗိုလ်လေး။ အမှန်ကတော့ ဗိုလ်မှူးကြီးဆိုတာ အရုပ်သက်သက်ပဲ။ ခင်ဗျားပြောတာ မမှန်ဘူးလို့ဘဲ ပြောလိုက်တာပဲ မဟုတ်လား။ သူ့အနေနဲ့ ဒီလိုပဲ ပြောရမှာပဲ ဗိုလ်လေး။ ဘာမှ မတတ်နိုင်ဘူး။ ဒီကိစ္စကို ခင်ဗျားက စပေတာကိုး။ ခု အေးအေးဆေးဆေးဖြစ်အောင် ကျုပ်တို့က ဘေးကဝိုင်းဝန်းပြီး ကြိုးစားပြန်တဲ့အခါကျတော့ ခင်ဗျားက မာနလေး ထိပ်တက်ပြီး မတောင်းပန်နိုင်ဘူး ဖြစ်ပြန်ပြီ။ ဒီလိုသာ လုပ်နေရင် တပ်ထဲမှာ ဟိုးလေးတကျော် အကုန်ဖြစ်ကုန်တော့မှာပဲ။ ဒီလောက်တော့ တာဝန်သိတတ်မှပေါ့ ကိုယ့်လူ။ ဗိုလ်မှူးကြီးလို ကိုယ့်ထက် ဝယဝုဍ္ဎိရော၊ ဂုဏဝုဍ္ဎိရော ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဝန်ချ တောင်းပန်ရလို့ ကိုယ့်မှာ ဘာမှ ထိခိုက်မသွားပါဘူး။ ခင်ဗျား တပ်ရင်းတစ်ခုလုံးရဲ့ မျက်နှာကိုတောင် မထောက်ဘဲ ဗိုလ်မှူးကြီးကို အခံရက်တယ်ဗျာ"

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီး၏အသံသည် တပြည်းပြည်း တုန်စပြုလာ၏။

"ခင်ဗျားကတော့ တပ်ပြောင်းသွားရလဲ ဘာအရေးကြီးသလဲ။ တပ်ရေးတော့ ဖြစ်မှာပဲ။ 'ပါဗလိုဂရက်တပ်ရင်းက ဗိုလ်တွေထဲမှာ သူခိုးတွေရှိတယ်'ဆိုတဲ့ စကားကိုကြားတိုင်း ခင်ဗျားကတော့ ဒူးနန့်ပြီး ဝမ်းသာနေမှာပေါ့။ ကျုပ်တို့ကတော့ ဒီလိုမနေနိုင်ဘူး ဗိုလ်လေး၊ ကိုယ့်တပ်ရင်းထိတော့ နာတယ်။ ဟုတ်တယ် မဟုတ်လား ဗိုလ်ကြီး ဒင်နီဆော့ဗ်"

တပ်ခွဲမှူး ဗိုလ်ကြီးဒင်နီဆော့ဗ်သည် မည်သို့မျှ မပြောဘဲ မလှုပ်မယှက် ထိုင်နေရင်း မည်းနက်တောက်ပြောင်သော မျက်လုံးများဖြင့် နီကိုလေအား မကြာခဏ ကြည့်လျက်ရှိလေသည်။

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးက စကားကို ဆက်ပြန်သည်။

"ခင်ဗျားကတော့ တပ်ရင်းတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာထက် ခင်ဗျားဂုဏ်သိက္ခာကို တန်ဖိုးထားတာကိုး။ ဗိုလ်မှူးကြီးကို ဘယ်တောင်းပန်နိုင်မလဲ။ ဒါပေမဲ့ ကျုပ်တို့လို တပ်ရင်းကြီး စဖွဲ့ကတည်းက ပါလာပြီး၊ ဒီတပ်ရင်းထဲမှာ သေရမယ့် သွေးသောက်ဟောင်းတွေကတော့ ကိုယ့်ဂုဏ်သိက္ခာထက် တပ်ရင်းရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားတယ် ဗိုလ်လေး။ ဒါကို ဗိုလ်မှူးကြီးလဲ သိတယ်။ ဟုတ်တယ်။ ကျုပ်တို့တစ်တွေဟာ ကျုပ်တို့ တပ်ရင်းဂုဏ်သိက္ခာကို တန်ဖိုးထားတယ်။ ဒီလိုထားတာဟာလဲ မှန်တယ်လို့ ကျုပ်ထင်တယ်။ ခင်ဗျားနာချင်လဲ နာလေ။ ကျုပ်ကတော့ အမှန်ကို ပြောတာပဲ။ ခင်ဗျားလုပ်ပုံကတော့ နည်းလမ်းမကျဘူး"

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးသည် မတ်တတ်ရပ်လိုက်ပြီး နီကိုလေ၏အနီးမှ ထသွားလေသည်။

"ဟုတ်တယ်ဗျာ။ ကိုင်း ဗိုလ်လေး နီကိုလေ၊ စကား သိပ်ရှည်မနေပါနဲ့တော့"

နီကိုလေ၏ မျက်နှာသည် နီမြန်းချည်တစ်လှည့် ဖြူရော်ချည်တစ်ခါ ဖြစ်လျက်ရှိ၏။ သူသည် ဗိုလ်များကို တစ်ယောက်စီလှမ်း၍ ကြည့်နေလေသည်။

"ကဲ ဒီလောက်တောင်ဖြစ်လှတာဗျာ၊ ခင်ဗျားတို့လဲ ခေါင်းရှုပ်ခံ မနေနဲ့တော့။ ခင်ဗျားတို့ ပြောတာ ကျွန်တော် နားလည်ပြီ။ ဒါပေမဲ့ ခင်ဗျားတို့ ကျွန်တော်ဆိုလိုချင်တဲ့ သဘောကို နားမလည်ကြသေးဘူး။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်၊ ကျွန်တော်က တပ်ရင်းရဲ့ ဂုဏ်သိက္ခာအတွက် ပြောနေတာ။ ခုတော့ တပ်ရင်းရဲ့ ဂုဏ်သိက္ခာ၊ ကျုပ်တို့ တပ်ရင်း အလံတော်ရဲ့ ဂုဏ်သိက္ခာအတွက် ခင်ဗျားတို့ နိုင်းတာကို ဘာဖြစ်ဖြစ် ကျွန်တော်လုပ်မယ်။ အမှန်ကတော့ ကျွန်တော့်အပြစ်လဲ ပါတာပဲ။ ကဲ ခင်ဗျားတို့ ဘာလုပ်စေချင်ကြသလဲ"

"ဒီလိုမှပေါ့ဗျ မြို့စားလေးရ"

စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးကလှည့်လာကာ ၎င်း၏ ကြီးမားသော လက်ဝါးကြီးဖြင့် နီကိုလေ၏ပခုံးကို ပုတ်လိုက်သည်။

"ကျုပ် အစက မပြောဘူးလား။ ဒီလူဟာ မဆိုးပါဘူးလို့" ဒင်နီဆော့ဗ်က ပြောလိုက်၏။

"ကောင်းပါတယ် မြို့စားလေးရာ" စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးက စိတ်ကျေနပ်သွားဟန်ဖြင့် နီကိုလေ၏ ဘွဲ့ထူးကို တပ်ခေါ်၍ ပြောလိုက်သည်။ "သွားသာ တောင်းပန်လိုက်ပါ။ ဟုတ်လား မြို့စားလေး"

"ရောင်းရင်းများ ခင်ဗျား။ ကျွန်တော်ဟာ တပ်ရင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့အတွက် ဘာမဆိုလုပ်ဖို့ အဆင်သင့်ရှိပါတယ်။ အပြင်ကို မပေါက်ကြားအောင် ကျွန်တော့်ဘက်က အတတ်နိုင်ဆုံးထိန်းပါ့မယ်" နီကိုလေက တောင်းပန်တိုးလျှိုးသံဖြင့် ပြောလိုက်၏။ "ဒါပေမဲ့ ကျွန်တော် တောင်းတော့ မတောင်းပန်နိုင်ပါဘူး။ ဘယ်နည်းနဲ့မှ မတောင်းပန်နိုင်ပါဘူး။ အဲဒါကို မကျေနပ်ရင်လဲ ခင်ဗျားတို့ ကြိုက်သလိုလုပ်ကြပါ။ ကလေးလေး တစ်ယောက်လို သွားပြီး ဝန်ချတောင်းပန်တာမျိုးတော့ ကျွန်တော် မလုပ်နိုင်ပါဘူး"

ဒင်နီဆော့ဗ်က ရယ်လိုက်၏။

"ခင်ဗျားအတွက် ပိုဆိုးမှာပေါ့။ ဗိုလ်မှူးကြီးက သူ့ထိရင် လက်စားချေရမှအေးမယ့် လူမျိုးနော်။ ခင်ဗျား ဒီလောက် ခေါင်းမာရင် ခင်ဗျားနာလိမ့်မယ်"

"ဟင့်အင်း၊ ကျွန်တော် ခေါင်းမာတာ မဟုတ်ပါဘူး။ ခေါင်းမာတာ မဟုတ်ရင် ဘာလဲလို့တော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ဒါပေမဲ့ တောင်းတော့ မတောင်းပန်နိုင်ဘူး"

"ဒါတော့ ကိုရင့် သဘောပေါ့လေ" စစ်ဦးစီးဌာနချုပ်ဗိုလ်ကြီးက ပြောလိုက်သည်။ "နေစမ်းပါဦး။ ခွေးမသား တီလျာညင် ဘာဖြစ်နေသလဲ"

"နေမကောင်းဘူးဆိုပြီး ခွင့်တောင်းထားတယ်။ မနက်ဖြန် တာဝန်စာရင်းထဲက ဖျက်ပစ်ရမယ်" ဒင်နီဆော့ဗ်က ပြေလိုက်သည်။

"အကြောင်းပြစရာကလဲဗျာ ဒီပြင့် မရှိတော့ဘူးတဲ့လား" စစ်ဦးစီးဌာနချုပ်ဗိုလ်ကြီးက ပြော၏။

"သူ့ဘာသာသူ ဘာပဲအကြောင်းပြပြ ဒီကောင် ကျုပ်မျက်စိရှေ့တော့ မဖြတ်ပါစေနဲ့။ ကျုပ် သတ်မိလိမ့်မယ်"

ဒင်နီဆော့ဗ်က သွေးဆာသောအသံဖြင့် ပြောလိုက်သည်။ ထိုအခိုက် မြင်းတပ်အလံကိုင် ဗိုလ်ကလေး ဇာကော့ဗ်သည် အခန်းတွင်းသို့ ရေးကြီးသုတ်ပျာ ဝင်လာလေသည်။

"ဘာလဲ ဟေ့၊ ဘာသတင်းထူးသလဲ"

ဗိုလ်အားလုံးက သူ့ကို ဝိုင်း၍ မေးလိုက်သည်။

"ကျွန်တော်တို့ တိုက်ပွဲသွားရတော့မယ်ဗျ။ ဩစတြီးယား ဗိုလ်ချုပ်ကြီး မက်ကတော့ သူ့ တပ်မတော်ကြီးတစ်ခုလုံးနဲ့အတူ လက်နက်ချ အညံ့ခံလိုက်ပြီတဲ့"

"အို မဖြစ်နိုင်တာ"

"ကျုပ် ကိုယ်တိုင် ဗိုလ်ချုပ်ကြီး မက်ကို တွေ့ခဲ့သေးတာပဲ"

"ဘာ၊ ဗိုလ်ချုပ်ကြီးမက်ကို တွေ့ခဲ့တယ် ဟုတ်လား။ ဟုတ်မှလဲလုပ်ပါ ကိုယ့်လူရာ"

"တိုက်ရတော့မယ်ကွ။ တိုက်ရတော့မယ်။ ဟေ့၊ ဒီမင်္ဂလာရှိတဲ့သတင်း ယူလာတဲ့လူကို တိုက်ရအောင် အရက်ပုလင်းထုတ်ခဲ့ဟေ့။ နေစမ်းပါဦးကိုယ့်လူ။ စစ်ဦးစီးဌာနချုပ်ကနေပြီး ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ"

"အို ဒီဗိုလ်ချုပ်ကြီးမက်ဆိုတဲ့ ငနဲကြောင့် ပေါ့ဗျာ။ ကျုပ်က နောက်ရှုတ်ရှုတ်သွားပြီး ချီးကျူးထောမနာ ပြုမိလို့ ဒါနဲ့ ငနဲကြီးက ဗိုလ်ချုပ်ကြီးကို တိုင်တော့ ကျွန်တော့်တပ်ရင်း ပြန်ပို့လိုက်တာပေါ့။ ဗျို့ ဗိုလ်လေး နီကိုလေ၊ ဘယ်လို ဖြစ်နေတာလဲဗျ။ ဘာတွေ ဒေါပွနေတာလဲ"

"အို ခု တစ်ရက်နှစ်ရက်အတွင်း ကျုပ်တို့ဆီမှာလဲ ပြဿနာတွေ ပေါ်နေလို့ဗျို့။ ပြဿနာတွေ ပေါ်နေလို့"

တပ်ရင်းမှ တပ်ရေးကြီး ပေါက်လာကာ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဇာကော့ဗ် ယူလာသည့် သတင်းအတိုင်း လာ၍ အစီရင်ခံလေသည်။ နက်ဖြန်တွင် တပ်ရင်းချီတက်ရတော့မည် ဖြစ်ကြောင်းဖြင့်လည်း အမိန့် ရောက်လာလေသည်။

"တိုက်ရတော့မယ်ကွ။ ဟေ့ တိုက်ရတော့မယ်ကွ"

"ကျေးဇူးပါပဲဗျာ။ တပ်နားရလို့ ပျင်းနေတာနဲ့ အတော်ပဲ"

## အခန်း ၆

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏တပ်များသည် ဘရောနော အနီးရှိ အန်းမြစ်ကို ဖြတ်ကူးထားသည့် တံတားများနှင့် လင့်ဇ်အနီးရှိ ထရွန်းမြစ်ကို ဖြတ်ကူးသည့် တံတားများကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ပြီးနောက် ဗီယင်နာ မြို့တော်ဘက်သို့ အပြင်း ဆုတ်လာခဲ့ကြ၏။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏ တပ်များသည် အန်းမြစ်ကို ဖြတ်ကူးလျက်ရှိကြ၏။ မွန်းတည့်အချိန်လောက်တွင်ကား ရိက္ခာတင်လှည်းများ၊ အမြောက်တင်ရထားများနှင့် တပ်သားများသည် အန်းမြို့လယ်တံတား တစ်ဖက်တစ်ချက်တွင် တပ်စွဲမိကာ တစ်မြို့လုံးမှာ စစ်တပ်များဖြင့် ပြည့်နှက်လျက် ရှိနေလေပြီ။

ထိုနေ့ကား မိုးတဖွဲဖွဲကျလျက်ရှိသော ပူနွေးသည့် နွေနှောင်းရာသီနေ့တစ်နေ့ဖြစ်၏။ တံတားကို စောင့်ကြပ်လျက်ရှိသည့် ရုရှားအမြောက်တပ်များ စခန်းချထားရာ ကုန်းမြင့်မှ လှမ်းမျှော်ကြည့်လိုက်လျှင် အရပ်ရှစ်မျက်နှာတွင် မိုးစက်မိုးပေါက်များ စောင်းစောင်းရွှေရွှေ သွန်ချနေပုံမှာ ပုလဲကန့်လန့်ကားကြီး ဖုံးလွှမ်းထားသကဲ့သို့ ရှိလေသည်။ မိုးစဲသွားပြီးနောက် ရုတ်တရက် နေရောင်ပွင့်လာသောအခါတွင်ကား အဝေးရှိ အရာဝတ္ထုဟူသမျှသည် ဆေးသစ်သုတ်ထားပြီးခါစကဲ့သို့ ပြောင်လက်တောက်ပလျက် ရှိကြပေ၏။ ကုန်းမြင့်အောက်တွင် အမိုးပြူ၊ အမိုးနီများဖြင့် လှပသောအိမ်များ၊ မြို့လယ်ဘုရားရှိခိုးကျောင်း၊ မြို့လယ်တံတားစသည်ဖြင့် တန်ဆာဆင်အပ်သော အန်းမြို့ကလေးကို မြင်ရ၏။ တံတားထိပ်တစ်ဖက်တစ်ချက်၌ ရုရှားတပ်များသည် တလှုပ်လှုပ်သွားလျက်ရှိလေရာ မြစ်ကြီးသဖွယ် စီးဆင်းနေသကဲ့သို့ ရှိလေသည်။

ဒင်ညုမြစ်ကွေ့တွင် သင်္ဘောတစ်စင်းကို လည်းကောင်း၊ ကျွန်းတစ်ကျွန်းကိုလည်းကောင်း၊ အန်းမြစ်နှင့် ဒင်ညုမြစ်နှစ်သွယ်တို့ ပေါင်းဆုံရာတွင် ရေပတ်လည်ဝိုင်းလျက်ရှိသည့် ရဲတိုက်တစ်ခုနှင့် ပန်းဥယျာဉ်ကလေးကိုလည်းကောင်း၊ စိမ်းစိုသောသစ်ပင်ထိပ်ဖျားများနှင့် ပြာမှိုင်းသောတောင်များ နောက်ခံလျက်ရှိ၍ ထင်းရှူးတောများ ဖုံးအုပ်လျက်ရှိသော ကျောက်ဆောင်ထူထပ်သည့် ဒင်ညုမြစ်၏ လက်ဝဲဘက်ကမ်းကိုလည်းကောင်း လှမ်း၍ မြင်နေရလေသည်။ ထင်းရှူးပင်ပို့များ ပေါက်လျက်ရှိသည့် ခင်တန်းကလေး၏ တစ်ဖက်တွင် မိုးသို့ထိုးထွက်နေသော သီလရှင် ကျောင်းတစ်ကျောင်း၏ စုလစ်မွန်းချွန်များကို မြင်ရပြီး အန်းမြစ်၏ တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင်မူ ရန်သူမြင်းစီးရှေ့ပြေးကင်းများကို မြင်နေရလေသည်။

တောင်စောင်းကလေးပေါ်ရှိ မြေပြင်ပစ်အမြောက်များကြားတွင် ရုရှားနောက်ဖျား တပ်များ၏ ဗိုလ်ချုပ်ကြီးသည် စစ်ဦးစီးဌာနအရာရှိ တစ်ဦးနှင့်အတူ မှန်ပြောင်းတစ်လက်ဖြင့် ပတ်ဝန်းကျင် တောတောင်ရေမြေကို ကြည့်ရှုလျက်ရှိလေသည်။ ၎င်းတို့၏နောက် ခပ်လှမ်းလှမ်းတွင် စစ်သေနာပတိချုပ်၏ အမိန့်ဖြင့် နောက်ဖျားတပ်သို့ ပြောင်းလာခဲ့ရသည့် နက်ဗစ်စကီသည် အမြောက်တင်ရထားနောက်မြီးတွင် ထိုင်လျက်ရှိ၏။ ၎င်းနှင့်အတူပါလာသည့် ကော့ဆက်မြင်းတပ်သားတစ်ယောက်က သူ့အား ကျောပိုးအိတ်နှင့် ရေဘူးတစ်လုံးကို လှမ်းပေးလိုက်သည်။ နက်ဗစ်စကီမှာ အခြားအရာရှိများအား ဂျုံနှင့် မံ၍ထားသော အမဲကင်များကို ချကျွေးလျက်ရှိသည်။ ဗိုလ်များသည် သူ့အနား၌ ဝမ်းသာအားရ ဝိုင်းလာကြကာ အချို့က ဒူးထောက်လျက်၊ အချို့က စိုစွတ်နေသော မြက်ခင်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် ရှိကြလေသည်။

"ကြည့်စမ်းဗျာ၊ ဒီရဲတိုက်ကို ဆောက်သွားတဲ့ ဩစတြီးယား မင်းသားဟာ တော်တော်တော့ စိတ်ကူးယဉ်တဲ့ မင်းသားပဲ။ တကယ်လှတဲ့နေရာကိုမှ ရွေးပြီး ဆောက်ခဲ့တာ။ ဖို့လူတွေ၊ စားကြလေဗျာ"

နက်ဗစ်စကီသည် စကားကိုအမျှင်မပြတ် ပြောလျက်ရှိ၏။

"ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ကလေး"ဟု

www.burmeseclassic.com



တစ်ယောက်က နက်ဗစ်စကီလို အရေးပါ အရာရောက်သည့် စစ်ဦးစီးဌာနချုပ်ဗိုလ်တစ်ယောက်နှင့် စကားပြောရသည်ကို ဂုဏ်ယူကျေနပ်လျက် ပြောလိုက်သည်။

"ဟုတ်တယ်ခင်ဗျ။ တော်တော်လှတဲ့နေရာကလေးပဲ။ ကျွန်တော်တို့ ရဲတိုက်နား ဖြတ်လျှောက်လာတော့ ပန်းဥယျာဉ်ထဲမှာ သမင်နှစ်ကောင်လဲ တွေ့ခဲ့တယ်။ ရဲတိုက်က တော်တော်ကလေးကို လှတယ်"

"ကြည့်စမ်း ကိုယ်တော်ကလေး" အခြားတစ်ယောက်က အမဲကင်တစ်တုံးကို နောက်ထပ် စားချင်သေးသော်လည်း နှိုက်ရမည်ကို လက်မရဲသဖြင့် စကားဖာကာ ရှခင်းကို ကြည့်၍ ပြောလိုက်သည်။

"ဟောဟိုမှာ ကျွန်တော်တို့ ခြေလျင်တပ်သားတွေတောင် ရောက်နေကြပြီ။ မြင်ရဲ့လား ကိုယ်တော်ကလေး။ ရွာလေးရဲ့နောက်ဖေး ဟိုတော်တော်လှမ်းလှမ်းက ကွင်းပြင်ထဲမှာလေ။ တပ်သားသုံးယောက် ဘာကို ဒရွတ်တိုက်ဆွဲလာမှန်းမသိဘူး။ ရဲတိုက်ထဲဝင်ပြီး ပစ္စည်းကလေးဘာကလေး ယူမလို့ ထင်တယ်"

ထိုတပ်ဗိုလ်က ကျေနပ်အားရစွာ ပြောလိုက်သည်။

"ဟုတ်ဟန်တူတယ်ဗျို့" နက်ဗစ်စကီက အမဲကင်ကို ဝါးရင်းဆို၏။ နက်ဗစ်စကီ၏ နှုတ်ခမ်းများသည် အရည်လဲ့ကာ တောက်ပလျက်ရှိ၏။

"ဒါပေမဲ့ ဘာလုပ်မလဲဗျာ။ ကျွန်တော်ကတော့ အဲဒီထဲ တိတ်တိတ်ကလေး ဝင်ကြည့်ချင်တယ်"

နက်ဗစ်စကီက ပြုံးလျက် စုလစ်မွှန်းချွန်တို့ဖြင့် တင့်တယ်နေသော သီလရှင်ကျောင်းကို လက်ညှိုးထိုးလိုက်သည်။ ၎င်း၏မျက်လုံးများသည် မေးသွားကြကာ တဖိတ်ဖိတ် တောက်လျက်ရှိလေသည်။

"ဒီအကြံလဲ မရှိုင်းဘူး သွေးသောက်ကြီးတို့"

တပ်ဗိုလ်များသည် ဝါးခနဲ ရယ်လိုက်ကြသည်။

"သီလရှင်တွေ နည်းနည်းကယောင်ချောက်ချားဖြစ်သွားရုံကလေးပေါ့ဗျာ။ အံမယ် သီလရှင်တွေထဲမှာ အီတလီမ ချောချောကလေးတွေလဲ ရှိသတဲ့ဗျ။ မဆိုးဘူးဗျ။ အဲဒီအထဲ ငါးနှစ်လောက် သွားနေချင်စမ်းပါဘိ"

"သူတို့လဲ သိပ်ငြီးငွေ့နေကြမယ် မဟုတ်လားဗျ။ အပျင်းပြေပေါ့"

ခပ်သွက်သွက် တပ်ဗိုလ်တစ်ယောက်က ဝင်ပြောလိုက်သဖြင့် ဝါးခနဲ ပွဲကျသွားကြပြန်သည်။

ထိုအခိုက် ရှေ့တွင်ရပ်လျက်ရှိသော စစ်ဦးစီးဌာနချုပ်မှ ဗိုလ်သည် မှန်ပြောင်းဖြင့် ကြည့်လျက်ရှိသည့် ဗိုလ်ချုပ်ကြီးအား တစ်စုံတစ်ရာကို ညွှန်ပြလိုက်သည်။

"ကြည့်စမ်းကြည့်စမ်း။ ဒီကောင်တွေ မဟုတ်လား။ ခွေးသားတွေ မြစ်ကို ဖြတ်အကူးမှာ အမြောက်နဲ့ အထုခံရပြီး အကုန်သေကုန်မယ်။ ခုထက်ထိ ဒီဘက်ကမ်းကို မကူးသေးဘဲ ဘာလို့ ချန်နေရစ်ကြတာလဲဟင်"

ဗိုလ်ချုပ်ကြီးသည် ဒေါသတကြီးဖြင့်အော်ကာ မှန်ပြောင်းကို မျက်လုံးမှခွာ၍ ပခုံးတွန့်လိုက်သည်။

မြစ်၏တစ်ဖက်ကမ်း၌ ရန်သူများကို သာမန်မျက်စိဖြင့်ပင် မြင်နေရပေသည်။ ရန်သူ့အမြောက်ဆီမှ မီးခိုးလုံးကြီးတစ်လုံး ထွက်လာကာ အမြောက်သံ တစ်ချက်ထွက်ပေါ်လာလေသည်။ ထိုအခါကျမှ ရုရှားတပ်များသည် မြစ်ကို ဖြတ်ကူးမည့်နေရာသို့ ဒရောသောပါး ပြေးလာကြသည်ကို မြင်ရလေသည်။

နက်ဗစ်စကီသည် သက်ပြင်းကို မှုတ်ထုတ်၍ ထကာ ဗိုလ်ချုပ်ကြီးဆီသို့ လျှောက်လာခဲ့လေသည်။

"အဖျော် ယမကာကလေးများ သုံးဆောင်ပါဦးလားဗိုလ်ချုပ်" နက်ဗစ်စကီက ပြောလိုက်၏။ ဗိုလ်ချုပ်ကြီးမှာ နက်ဗစ်စကီအား ပြန်မပြောသေးဘဲ

"ဒီလို အချိန်ဆွဲနေလို့ ဘယ်ဖြစ်မလဲကွ။ ရန်သူကို ဘာများအောက်မေ့နေသလဲ မသိဘူး။ဟင်း ခွေးမသားတွေ"

"ကျွန်တော် မြင်းနဲ့ဖြတ်ကူးပြီး အကြောင်းသွားကြားရမလား ဗိုလ်ချုပ်"

နက်ဗစ်စကီက မေးလိုက်သည်။

"အေး၊ သွားချည်စမ်း"ဟု ဗိုလ်ချုပ်ကြီးက ပြောလိုက်ပြီး တပ်များသို့ ထုတ်ပြီးသားအမိန့်ကို အသေးစိတ်ပြန်၍ ပြောနေသည်။ "မြင်းတပ်က မြစ်ကို နောက်ဆုံးဖြတ်ကူးပြီး ဆုတ်ခဲ့ရမယ်။ ကူးပြီးရင် တံတားတွေကို အမိန့်အတိုင်း မီးရှို့ပစ်ခဲ့ရမယ်လို့ သတင်းပို့။ တံတားပေါ်မှာရှိတဲ့ မီးလောင်လွယ်တဲ့ပစ္စည်းတွေကို သေသေချာချာ ထပ်စစ်"

"ကောင်းပါပြီ ဗိုလ်ချုပ်"

နက်ဗစ်စကီသည် ကော့ဆက်မြင်းတပ်သားအား

www.burmeseclassic.com



မြင်းကို အပြင်နိုင်းလိုက်ပြီးနောက် ကျောပိုးအိတ်နှင့် ရေဘူးကို အဖြုတ်ခိုင်းကာ ၎င်း၏လေးလံသော ခန္ဓာကိုယ်ကြီးဖြင့် ကုန်းနီးပေါ်သို့ ပေါ့ပါးစွာ ခုန်၍ တက်ထိုင်လိုက်သည်။

"ကျုပ် သီလရှင်ကလေးတွေဆီကို တကယ်သွားမလို့ဗျ"

နက်ဗစ်စကီသည် သူ့အား ပြုံး၍ကြည့်နေသော ဗိုလ်များကို လှမ်း၍ ပြောလိုက်ပြီးနောက် တောင်ကုန်းကို ကွေ့ပတ်နေသော လမ်းဆင်းကလေးအတိုင်း ကဆုန်စိုင်း၍ စီးသွားလေသည်။

"ကဲ၊ မင်းအမြောက်တွေ ဘယ့်လောက် ပြေးသလဲဆိုတာ စမ်းကြည့်စမ်းကွာ။ အပျင်းပြေ အချိန်ဖြုန်းကြည့်တာပေါ့။ ဟုတ်စ"

ဗိုလ်ချုပ်ကြီးက အမြောက်တပ်ဗိုလ်တစ်ယောက်ကို လှမ်းပြောလိုက်သည်။

"အမြောက်တပ်စု အသင့်ပြင်"

အမြောက်တပ်ဗိုလ်က အမိန့်ပေးလိုက်သည်။ ချက်ချင်းဆိုသလိုပင် အမြောက်တပ်သားများသည် မီးပုံဘေးတွင် ကခုန်နေကြရာမှ ဝမ်းမြောက်ဝမ်းသာ ပြေးလာကြကာ အမြောက်ဆန်များကို ထည့်နေကြသည်။

"ပစ်"ဟုသောအမိန့်သံ ထွက်ပေါ်လာသည်။

နားကွဲလုမတတ် မြည်ဟည်းသော အသံကြီးထွက်ပေါ်လာကာ တရှဲရှဲမြည်သော အမြောက်ဆန်များ တောင်ကုန်းအောက်ရှိ ရှုရှားတပ်များပေါ်မှ ဖြတ်လျက် ရန်သူ့စစ် ကြောင်းဘက်သို့ကျသွားပြီး အမြောက်ဆန်ကျသောနေရာတွင် မီးခိုးလုံးများ ထလာလေသည်။

အမြောက်သံကို ကြားရသည်နှင့် ဗိုလ်များနှင့် တပ်သားများ၏ မျက်နှာများမှာ ဝင်းထိန်လာကြလေသည်။ တောင်ကုန်းပေါ်မှ အမြောက်တပ်သားများသည် မတ်တတ်ထကာ တောင်ကုန်းအောက်ရှိ ရှုရှားတပ်သားများ၏ လှုပ်ရှားမှုများကိုလည်းကောင်း၊ ထိုတပ်များနှင့် ခဲတစ်ပစ်သာသာ အကွာလောက်တွင်ရှိသော ရှေ့သို့တက်လာနေကြသည့် ရန်သူတပ်များ၏ လှုပ်ရှားမှုများကိုလည်းကောင်း ကြည့်နေကြလေသည်။ ထိုအခိုက်တွင် နေဝန်းသည် တိမ်တိုက်များကြားမှ ထွက်လာလေရာ စောစောက ပစ်ဖောက်လိုက်သော အမြောက်သံတစ်ချက်၏အသံနှင့် တောက်ပရှန်းလင်းသော နေခြည်တို့သည် တပ်သားများ၏ ရွှင်မြူးတက်ကြွလျက်ရှိသော စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သကဲ့သို့ ရှိပေသတည်း။

## အခန်း ၇

ရန်သူ့စစ်ကြောင်းဘက်ဆီမှ အမြောက်သံနှစ်ချက်ကို ကြားလိုက်ရပြီးနောက် ကျည်ဆန်များသည် တံတား၏ တစ်ဖက်သို့ ကျရောက်လာကာ ဝုန်းခနဲ ပေါက်ကွဲသွားကြသည်။ နက်ဗစ်စကီသည် တံတားအလယ်ကောင်တွင် ပိတ်မိနေကာ ရှေ့သို့ မသွားတော့ဘဲ မြင်းပေါ်မှ ဆင်းလိုက်ရသည်။ ၎င်း၏တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးသည် တံတားပေါင်နှင့် ညပ်လုမတတ်ဖြစ်လျက်ရှိ၏။ နက်ဗစ်စကီသည် မိမိနောက် မလှမ်းမကမ်းတွင် မြင်းနှစ်ကောင်ကို လက်မှဆွဲ၍ ရပ်နေသော ကော့ဆက်မြင်းတပ်သားကို ကြည့်၍ ရယ်လိုက်မိသည်။ နက်ဗစ်စကီသည် ရှေ့သို့ အတင်းတိုးသော်လည်း ဘေးတွင် တပ်သားများ၊ အမြောက်ရထားများ၊ ရိက္ခာတင်လှည်းများဖြင့် ပြည့်ကျပ်လျက်ရှိခြင်းကြောင့် မတိုးသာတော့ဘဲ တံတားပေါင်ကိုကပ်၍ နေလိုက်ရလေသည်။ နက်ဗစ်စကီသည် မည်သို့မျှ မတတ်နိုင်ဘဲ ပြုံးရုံသာ ပြုံးနိုင်တော့သည်။

"ဘာဖြစ်လို့ ဒီလောက်များ လောနေရတာလဲကွ"

ကော့ဆက်မြင်းတပ်သားက အမြောက်တင် ရထားပေါ်တွင် ထိုင်လိုက်လာသည့် တပ်သားတစ်ယောက်ကို အော်လိုက်သည်။ အမြောက်တင်ရထားပေါ်မှ တပ်သားသည် စုပြုံဖြတ်နေသည့် ခြေလျင်တပ်သားများကြားထဲသို့ ရထားကို အတင်းဖြတ်မောင်းလျက် ရှိ၏။

"ဘယ်လို ကောင်လဲကွ။ ခဏကလေးမှ မစောင့်နိုင်တော့ဘူးလား။ မင်းအဘ ဗိုလ်ချုပ်ကြီး ဖြတ်လာမယ်ဆိုတာ မသိဘူးလား"

သို့ရာတွင် အမြောက်တင် ရထားပေါ်မှ တပ်သားကား ကော့ဆက်မြင်းတပ်သား အော်နေသည်ကို ဂရုမစိုက်နိုင်ဘဲ ရှေ့ကတပ်များကို တွင်တွင်သာ ဖယ်ခိုင်းနေသည်။

"သွေးသောက်တို့။ ဘေးကို၊ ဘေးကို။ ရထားတက်မယ်။ ဘေးကို" ဟု အော်နေသည်။ သို့သော်လည်း တပ်သားထုကြီးမှာ ပခုံးချင်းထပ်၍ လုံ့ခွပ်ချင်း ယှက်တော့

www.burmeseclassic.com



မတတ် ပြည့်ကျပ်နေအောင် တံတားပေါ်တွင် စုပြုံတိုးဝှေ့ မြဲတိုးဝှေ့ကာ ရှေ့သို့သာ တရကြမ်းဆက်လျှောက်ကြ၏။ နက်ဗစ်စကီသည် တံတားပေါင်ပေါ်မှနေ၍ တဖျပ်ဖျပ် လှုပ်ရှားလျက် ရှိကြသော အန်းမြစ်ပြင်မှ လှိုင်းလုံးကလေး များကို ငုံ့ကြည့်မိသည်။ လှိုင်းကလေးများသည် တံတား အုတ်တိုင်များ ပတ်လည်တွင် ဝဲဂယက်ကလေးများ ဖြစ်လာ ပြီးနောက် အောက်သို့ စုန်သွားကြကာ နောက်ထပ်လှိုင်းလုံး ကလေးများလည်း ထိုနေရာသို့အရောက်တွင် ဝဲဂယက် ကလေးများထပ်မံဖြစ်ပေါ်လာလျက် ပြေးတမ်း လိုက်တမ်း ကစားသည့်နယ် ရှေ့က စုန်သွားသော ဂယက်ကလေး များနောက်သို့ စီးဆင်းလိုက်ပါ သွားကြပြန်လေသည်။ တံတားပေါ်သို့ ပြန်ကြည့်လိုက်သည့်အခါတွင်လည်း အလိပ်လိပ် တက်လာသော လှိုင်းလုံးကြီးများကဲ့သို့ သားရေ စလွယ်သိုင်းလျက် သစ်ခက် ဦးထုပ်များ ဆောင်းထားလျက် ကျောပိုးအိတ်လုံ့စွပ်နှင့် တစ်လုံးထိုး သေနတ်တို့ကို ကိုင်လျက် ဝတ်စုံဝတ်ထားသော တပ်သားလှိုင်းလုံးကြီး များ တရိပ်ရိပ် ဖြတ်ကျော်တက်သွားကြခြင်းကို မြင်ရ လေသည်။ ဦးထုပ်အောက်၌ ကြံ့ခိုင်သော မေးရိုးကြီးများ၊ ယောက်ပက်လျက်ရှိသည့် နှာထင်နှာရင်းများ၊ ပင်ပန်းနွမ်း နယ်လျက်ရှိသည့် မျက်နှာများဖြင့် တပ်သားထုကြီးသည် တံတားပေါ်တွင် ပုံးအုပ်လျက်ရှိသည့် ချောက်ကြိုကြို ရွံ့များထဲ တွင် ဖြတ်၍ ချီတက်သွားကြလေသည်။ အန်းမြစ်ထဲမှ လှိုင်းလုံးများကြားတွင် ပြူးဖွေးသော ရေမြှုပ်များ မျောပါလာ တတ်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း ငြိုးငွေ့ဖွယ်ကောင်း လှအောင် များပြားလှသော တပ်သားလှိုင်းလုံးများအလယ်၌ နပျိုသစ်လွင်သော မျက်နှာရှိလျက် ဝတ်ရုံကြီးများကို ခြုံထားသည့် တပ်မိုလ်တစ်ယောက်တလေကို လှမ်း၍ မြင်လိုက်ရ၏။ တစ်ခါတစ်ရံ၌လည်း မြစ်ပြင်၌ သစ်သားစ ကလေးများ မျောပါလာတတ်သကဲ့သို့ ခြေလျင်တပ်သား လှိုင်းလုံးများ၏ အလယ်၌ ခြေကျင်လျှောက်၍ ပါလာသော မြင်းတပ်သားတစ်ယောက်တလေကိုသော်လည်းကောင်း၊ တပ်လုလင် တစ်ယောက်တလေကိုသော်လည်းကောင်း၊ အရပ်သားတစ်ယောက်တလေကိုသော်လည်းကောင်း မြင်လိုက်ရတတ်သည်။ တစ်ခါတစ်ရံတွင် မှုကား မြစ်လယ် ၌ သစ်တုံးတစ်တုံး မျောလာသကဲ့သို့ တပ်မိုလ်၏ပစ္စည်းများ အပြည့်တင်ထားပြီး သားရေဖြင့် ပုံးအုပ်ထားသည့်ဝန်တင် လှည်း၊ သို့မဟုတ် တပ်ခွဲပစ္စည်းတင်လှည်း တစ်စီးတလေ ကို တံတားပေါ်ရှိ တပ်သားများကြားမှ ဖြတ်မောင်းသွား သည်ကို တွေ့လိုက်ရပြန်သည်။

"သောက်ကျိုးနည်းဗျာ။ ဆည်ကြီးကျိုးပေါက်လာ သလိုပဲ။ ဆုံးပဲ မဆုံးနိုင်ဘူး။ နောက်ထပ် ဘယ်လောက်များ လာနေဦးမလဲ မသိပါဘူး" ကော့ဆက်မြင်းတပ်သားက ညည်းလိုက်သည်။

"မများပါဘူးဗျ။ တစ်သန်းမှာ တစ်ယောက်တည်း လျော့ပါတယ်" စုတ်ပြတ်လျက်ရှိသည့် ဝတ်စုံကို ဝတ်ထား သည့် တပ်သားတစ်ယောက်က မျက်စိတစ်ဖက်မှိတ်၍ ပြောသွား၏။ တပ်သားသည် ပြောရင်း ရှေ့သို့တက်သွား လေသည်။ ၎င်း၏နောက်မှ အသက်ခပ်ကြီးကြီးတပ်သား တစ်ယောက် လိုက်လာလေသည်။

"ခုနေသာ ရန်သူက တံတားကို ဖောက်ခွဲပစ်လိုက် ရင်တော့ ယားလို့တောင် ကုတ်ချိန် ရလိုက်မှာ မဟုတ်ဘူး လေ"

ထိုတပ်သားကြီး လွန်သွားလျှင် တပ်သားတစ် ယောက်ထိုင်လိုက်လာသော လှည်းတစ်စီး ပေါ်လာပြန် သည်။

"ခွေးသားတွေ။ ငါ့ခြေပတ်ကို ဘယ်ကြားထိုး ပစ်ခဲ့မှန်း မသိဘူး"

တပ်လုလင်တစ်ယောက်သည် လှည်းနောက်မှ ပြေးလိုက်လာကာ လှည်းနောက်မြီး ပစ္စည်းတွေ ကြားထဲ တွင် သူ့ခြေပတ်ကို လိုက်ရှာနေသည်။

သို့ဖြင့် လှည်းနှင့်တပ်သားလည်း ဖြတ်ကျော်၍ သွားကြပြန်သည်။ ထိုနောက်၌ကား အရက်မူးလာဟန် ရှိသော တပ်သားတစ်သိုက် ပျော်ပျော်ပါးပါးနှင့် ပါလာ ကြလေသည်။

"ဗို့ သွေးသောက်ကြီး။ ဘာပြောကောင်းမလဲဗျာ။ သေနတ်ဒင်နဲ့ သွားကို ရိုက်ချိုးချလိုက်တာ" နှင်းကာဝတ်ရုံ ကြီးကို ခြုံလာသည့် တပ်သားတစ်ယောက်က လက်ဖြင့် ဟန်အမူအရာ လုပ်ပြရင်း ပြောလိုက်သည်။

"ဒီတော့ ဝက်ပေါင်ခြောက်ကလေးက တော်တော် အရသာရှိမှာပေါ့"ဟု တစ်ယောက်က ဝင်ပြောကာ အားရ ပါးရ ရယ်လိုက်သည်။ ၎င်းတို့တစ်သိုက်လည်း ဖြတ်ကျော် ၍ သွားကြပြန်လေသည်။ မည်သူက မည်သူ့သွားကို

www.burmeseclassic.com



သေနတ်ဒင်နှင့် ရိုက်ချိုးသနည်း။ ထိုကိစ္စသည် ဝက်ပေါင်ခြောက်နှင့် မည်သို့သက်ဆိုင်သနည်း။ ဤသည်ကို နက်ဖစ်စကီ နားမလည်ချေ။

"ဘာလဲကွ။ ဘာလို့ ဒီလောက် ရှေ့ကကောင်တွေက အတင်းသွားနေကြတာလဲ။ သူတို့အဘတွေက တစ်ချက်လှမ်းထုရုံကလေးနဲ့ အကုန်သေကုန်မှာ ကြောက်လို့လား" တပ်ကြပ်တစ်ယောက်သည် ရှေ့ကတပ်သားများကို လှမ်း၍ ပြစ်တင်မောင်းမဲလျက်ရှိသည်။

"အဘရေ၊ မပြောနဲ့ဗျ။ ကျုပ်တော့ တစ်ချက်လှမ်းထုတာနဲ့လန့်ပြီး သေလိမ့်မယ်ထင်တယ်။ ကျောချမ်းလွန်းလို့ အဘရေ။ ကျောချမ်းလွန်းလို့" ပါးစပ်ပြဲပြဲတပ်သားကလေးတစ်ယောက်က ရယ်၍ပြောလိုက်ပြီး လန့်သွားဟန် လုပ်ပြလိုက်သည်။

၎င်းတို့တစ်သိုက်လည်း လွန်သွားကြပြန်သည်။ ထို့နောက် ယခင်လှည်းများနှင့် မတူသော လှည်းတစ်စီးပါလာလေသည်။ ထိုလှည်းကား မြင်းနှစ်ကောင်တပ်ထား၏။ ဂျာမန်ကြီးတစ်ဦးသည် ရှေ့က ခြေလျင်ဆင်း၍ မြင်းကိုဆွဲလာ၏။ လှည်းပေါ်၌ အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို အပြည့်တင်လာလေသည်။ နို့အုံ တွဲလောင်းကျလျက်ရှိသည့် လှပဆူဖြိုးသော နွားကြားမတစ်ကောင်ကိုလည်း လှည်းနောက်မြီးတွင် ဆွဲလာ၏။ သေးကွေးချည့်နဲ့သောကလေးငယ်တစ်ယောက်ကို ပိုက်ထားသည့် မိန်းမတစ်ယောက်၊ အဘွားကြီးတစ်ဦးနှင့် ပါးပြင်နီရဲလျက် ကျန်းမာဆောင့်တင်းသော ဂျာမန်မကလေးတစ်ဦးတို့သည် အိပ်ရာလိပ်များပေါ်တွင်ထိုင်၍ လိုက်ပါလာကြ၏။ ဤစစ်ပြေးဒုက္ခသည်များမှာ အထူးခွင့်ပြုချက်ဖြင့် စစ်တပ်များနှင့်အတူ လိုက်ပါလာခြင်း ဖြစ်ဟန်တူပေသည်။ တပ်သားများ၏ မျက်လုံးများသည် မိန်းမများဆီသို့သာ စူးစိုက်လျက်ရှိကြ၏။ လှည်းခပ်နှေးနှေးမောင်းနေသည့် အခါများ၌ တပ်သားများသည် သားသည်အမေနှင့် အပျိုမကလေးအကြောင်းကို ပြောနေကြသည်။ တပ်သားများ၏ မျက်နှာအားလုံးသည် ပြုံးရွှင်လျက် ရှိကြ၍ ထိုမိန်းမနှစ်ဦးအားမဖွယ်မရာ စိတ်ကူးနေကြကြောင်းကို ဖော်ပြနေသကဲ့သို့ရှိကြပေ၏။

"ကြည့်စမ်းဟေ့။ ဂျာမန်ဝက်အူချောင်းကြီးကရှေ့က အတင်းသုတ်နေတာပဲ"

"အဘိုးကြီး၊ ကောင်မလေးကို ရောင်းခဲ့ပါလားဗျ" တပ်သားတစ်ယောက်က ဂျာမန်အဘိုးကြီးကို လှမ်း၍ နောက်လိုက်သည်။ ဂျာမန်ကြီးမှာ ကြောက်လည်းကြောက်၊ ဒေါသလည်း ထွက်လျက်ရှိရကား မျက်လွှာကို အောက်ချကာ ရှေ့သို့သာ ခပ်သုတ်သုတ် သွားနေသည်။

"ကောင်မက ဝတ်စားထားတာတော့ အဖြောင့်ပဲ ဆရာ။ တောက်"

"ဟေ့ ဖိဒေါတော့ဗ်။ လှည်းပေါ်တက်လိုက်သွားပါလားကွ"

"ဒီရုပ်မျိုးကတော့ ရှိးနေပြီမောင့်"

"ဘယ်သွားမလို့လဲ ဟင်" သစ်သော်သီးတစ်လုံးကို ကိုက်လာသည့် ခြေလျင်တပ်မိုလ်တစ်ယောက်က ခပ်ပြုံးပြုံးဖြင့် လှည်းပေါ်က သူငယ်မ ချောချောကလေးကို လှမ်းမေးလိုက်သည်။

ဂျာမန်အဘိုးကြီးကား နားမလည်ဟန်ဖြင့် မျက်စိများကို မှိတ်ထားလေသည်။

"စားမလားဟင်" ခြေလျင်တပ်မိုလ်က သူငယ်မကလေးအား သစ်သော်သီးတစ်လုံးကို လှမ်းပေးလိုက်သည်။

ဂျာမန်မကလေးသည် ပြုံး၍ သစ်သော်သီးကို လှမ်းယူလိုက်သည်။ အခြားတပ်သားများကဲ့သို့ပင် နက်ဖစ်စကီသည်လည်း လွန်သွားသည်အထိ မိန်းမနှစ်ယောက်ကို မျက်စိတဆုံး စိုက်ကြည့်နေမိသည်။ ၎င်းတို့လွန်သွားသည့်နောက် ရေစီးကြောင်းကြီး ပေါက်လာသကဲ့သို့ တပ်သားများ ဆက်လက်ချီတက်လာကြပြန်သည်။ တပ်သားများသည် စောစောကကဲ့သို့ပင် ရောက်တတ်ရာရာ ပြောဆိုလျက် လိုက်ပါလာကြ၏။ ခဏအကြာ၌ တံတားကို ဖြတ်၍ ကူးနေသော စစ်သားတန်းကြီးသည် တုံ့ခနဲရပ်သွားလေသည်။ တံတားအစွန်တစ်ဖက်တွင် ရိက္ခာတင်လှည်းများမှ မြင်းများရပ်သွားသောကြောင့် ရှေ့သို့မတိုးနိုင်ဘဲ ရပ်စောင့်နေကြရခြင်း ဖြစ်ပေသည်။

"ဟေ့ ရှေ့က ဘာလို့ ရပ်နေရတာလဲကွ။ ဘယ်သူက အမိန့်ပေးလို့လဲ"ဟု အချို့က အော်ကြသည်။

"ဟေ့ ရှေ့ကကောင်တွေ၊ ဘာလုပ်နေကြတာလဲကွ။ မအေပေးတွေ။ မင်းတို့အဘတွေက တံတားမီးရှို့ရင် အကုန်သေကုန်လိမ့်မယ်ဟ။ ဟိုနားက မိုလ်က ယောင်ပေယောင်ပေနဲ့ ဘာလုပ်နေတာလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



တပ်သားတွေသည် တစ်ယောက်တစ်ပေါက်နှင့် အော်နေကြပြီ တံတားထိပ်ဆီသို့ ဖိ၍ တိုးနေကြလေသည်။

နက်ဗစ်စကီသည် တံတားပေါင်တွင် ကပ်၍ ရပ်နေရင်း တံတားအောက်ရှိ အန်းမြစ်ကို ငုံ့၍ကြည့်နေမိသည်။ ထိုအခိုက် ကြီးမားသော အရာကြီးတစ်ခု ရေထဲသို့ ကျသွားသကဲ့သို့ ထူးဆန်းသော မြည်သံတစ်ခုကိုကြားလိုက်ရလေသည်။

"ဘယ်နားကျသွားသလဲ။ ကြည့်စမ်း၊ ကြည့်စမ်း"

အနီးရှိ တပ်သားတစ်ယောက်က အသံလာရာဆီသို့ ကြည့်၍ ပြောလိုက်သည်။

"အဲဒါ တံတားကို မြန်မြန်အကူးနိုင်းနေတာ ခင်ဗျ" တခြားတစ်ယောက်က မသက်မသာဖြင့် ပြောလိုက်၏။

တပ်သားထုကြီးသည် ဆက်၍ပြွတ်နေသည်။ စောစောကမြည်သံမှာ ရန်သူအမြောက်သံဖြစ်ကြောင်းကို နက်ဗစ်စကီ သိရလေသည်။

"ဟေ့ သွေးသောက်၊ ငါ့မြင်းကော။ သွား သွား။ လူအုပ်ထဲကို အတင်းပြွတ်စီးသွား"

နက်ဗစ်စကီသည် ကော့ဆက်မြင်းတပ်သားကို လှမ်းပြောလိုက်ပြီး မိမိကိုယ်တိုင်လည်း မြင်းဆီသို့ရောက်အောင် တိုးဝှေ့သွားရင်း ပါးစပ်က တကြော်ကြော်အော်က ရှေ့လူအုပ်ထဲ အတင်းတိုးဝင်လာခဲ့လေသည်။ တပ်သားများသည် ဖိတိုး၍ ဝင်လာသော နက်ဗစ်စကီအား နေရာကျဉ်း၍ ဖယ်ပေးလိုက်ကြသော်လည်း ချက်ချင်းပြန်၍ စုလာကြပြန်ကာ ခြေချင်းလိမ်နေကြလေသည်။ မိမိအားက တပ်သားများမှာလည်း နောက်မှ ဖိတိုးလိုက်တိုင်း မခုခံနိုင်တော့ဘဲ သူ့အပေါ်သို့သာ ဖိ၍ ကျလေသည်။

"နက်ဗစ်စကီ၊ နက်ဗစ်စကီ"

နောက်မှ အသံကွဲဖြင့် အော်ခေါ်လိုက်သံ ကြားလိုက်ရသည်။ နက်ဗစ်စကီသည် လှည့်ကြည့်လိုက်သည်။ မိမိနှင့် ခြေလှမ်းဆယ့်ငါးလှမ်းခန့်အကွာ လူအုပ်ကြီးကြားထဲ၌ ဒင်နီဆော့ဗ်ကို လှမ်းမြင်ရ၏။ ဒင်နီဆော့ဗ်၏ မျက်နှာသည် ရဲလျက်ရှိ၏။ ဦးထုပ်ကို နောက်သို့လှန်၍ ဆောင်းထားပြီး ဝတ်ရုံကို ပခုံးပေါ်တွင် တင်ထားလေသည်။

"ဒီခွေးမသားတွေကို ကျုပ်လာနိုင်အောင် အပယ်ခိုင်းပေးစမ်းပါဦး"

ဒင်နီဆော့ဗ်က ဒေါသထွက်ထွက်ဖြင့် ပြောလိုက်သည်။ ဒင်နီဆော့ဗ်၏ မျက်လုံးများကလည်း နီလျက်ရှိ၏။ သူငယ်အိမ်များကား မည်းနက်တောက်ပြောင်လျက် ရှိကြလေသည်။ ဒင်နီဆော့ဗ်သည် လှမ်းအော်ပြောရင်း ဓားလွယ်ကို ဝှေ့ယမ်းပြနေသည်။

"ဟေ့ ဗိုလ်ကြီးဒင်နီဆော့ဗ်၊ ဘယ့်နှယ်လုပ်ပါလာတာလဲ"

နက်ဗစ်စကီက အော်၍ မေးလိုက်၏။

"ကျုပ်တို့ မြင်းတပ်ခွဲ မကူးနိုင်တော့ဘူးဗျ" ဟု ဒင်နီဆော့ဗ်က ဖြူဖွေးတောက်ပြောင်သော သွားများကို ဖေ့၍ ပြောလိုက်ပြီး အမွေးအမှင်ကောင်းသည့် ၎င်း၏ အာရပ်မြင်းကြီးကို သံဆူးဖြင့်တို့လိုက်သည်။ အာရပ်မြင်းကြီးမှာ သူ့အားကို လှံစွပ်များဖြင့် ပွတ်တိုက်သွားကြသည့်အတွက် နားရွက်တပေပေလုပ်ကာ တရှူးရှူးမှုတ်ထုတ်လျက်ရှိပြီး ပါးစပ်မှ အမြှုပ်တစီစီ ထွက်လျက် တံတားကြမ်းခင်းကို ခွာဖြင့် ရုပ်လျက်ရှိသည်။ သခင်ကသာ ခွင့်ပြုလျှင် တံတားပေါင်ကိုခုန်ကာ မြစ်ထဲသို့ ခုန်ဆင်းလိုက်တော့မည့် ဟန်တည်း။

"ဟေ့ ဘားကို၊ ဘားကို။ နင့်မေကလွှားတဲ့၊ သိုးအုပ်တွေ ကျနေတာပဲ။ ဟေ့ ဘားကိုကွ၊ ပြောနေတာ မကြားဘူးလား။ ဟေ့ ဟိုလူညး်က ဘာလို့ အတင်းတက်လာတာလဲ။ ဒီမှာ ပြွတ်နေတာ မမြင်ဘူးလား။ ငါ ဓားနဲ့ ခုတ်လိုက်ပြန်ရောမယ်"

ဒင်နီဆော့ဗ်သည် တကယ်ပင် ဓားလွယ်ကို ဓားအိမ်မှ ချွတ်၍ ယမ်းလိုက်သည်။ တပ်သားများသည် ဒင်နီဆော့ဗ်ကို ဖယ်ပေးပြီး ပြန်စုသွားကြကာ ပြုံတိုးနေကြပြန်သည်။ အတန်ကြာမှ ဒင်နီဆော့ဗ်သည် နက်ဗစ်စကီ၏ အနားသို့ ရောက်လာလေတော့သည်။

"ဘယ့်နှယ်ဗိုလ်ကြီး။ ဒီနေ့ မသောက်ရသေးဘူး ထင်တယ်" နက်ဗစ်စကီက လှမ်း၍ မေးလိုက်၏။

"ဘယ်ကလာ သောက်ရမှာလဲ။ ခွေးမသား ပြင်သစ်ကောင်တွေ တက်လာလို့ သောက်ချိန်တောင် မရခဲ့ဘူး။ ခွေးမသား ပြင်သစ်ကောင်တွေ၊ ကျုပ်တို့တပ်ကို တစ်နေ့လုံးလိုက်ပြီး အနှောင့်အယှက် ပေးနေတယ်ဗျ။ တိုက်ရမယ်ဆိုရင်လဲ ဂုန်းဒိုင်းဆို တိုက်ပစ်လိုက်ချင်ပြီ။ ခုတော့ ဘာလုပ်မှန်းလဲ မသိဘူး။ ထွီ"

www.burmeseclassic.com



"ဒီနေ့ မိုလ်ကြီးကြည့်ရတာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ပါလားဗျ" နက်ဗစ်စကီက ဒင်နီဆော့ဗ်၏ ဝတ်ရုံနှင့် ကုန်းနှီးသစ်ကို ကြည့်၍ ပြောဏ်။

ဒင်နီဆော့ဗ်သည် ပြုံးလိုက်ပြီး ရေမွှေးနံ့သင်းနေသော ပဝါကို တေးလွယ်အိတ်မှ ထုတ်လိုက်ကာ နက်ဗစ်စကီ၏ မျက်နှာသို့ တော့ပေးလိုက်သည်။

"ဒီနေ့ တိုက်ပွဲတွေ့ရမယ် မဟုတ်လားဗျ။ ဒါကြောင့် မုတ်ဆိတ်ကျင်စွယ်တွေပယ်၊ သွားတိုက်ပြီး အမွှေးနံ့သာရည် ဖျန်းလာတာ။ ဟဲ ဟဲ"

နောက်က ကောဆက်မြင်းတပ်သား တစ်ယောက်ဖြင့် ခပ်ထွားထွားဖြစ်နေသော နက်ဗစ်စကီ၏ဟိတ်ဟန်ကြောင့်လည်းကောင်း၊ ဒင်နီဆော့ဗ်က ပါးစပ်မှ တဖွဖွ အော်ကာ တေးရှည်ကိုယမ်း၍ အတင်းထိုးထွက်လာခဲ့သည့် အတွက်ကြောင့်လည်းကောင်း တပ်သားများက ဘေးသို့ ကျဲ့ပေးကြလေရာ မကြာမီပင် ၎င်းတို့နှစ်ယောက်သည် တံတားတစ်ဖက်ထိပ်သို့ ရောက်လာခဲ့ကြ၏။ နက်ဗစ်စကီသည် တံတားတစ်ဖက်ထိပ်၌ ခြေလျင်တပ်ကို ရပ်စေပြီး မိမိသတင်းပို့ရမည့် ဗိုလ်မှူးကြီးကို အဆင်သင့်တွေ့သဖြင့် ဗိုလ်ချုပ်၏ အမိန့်ကို နှုတ်ဖြင့်ပေးခဲ့ကာ မိမိလာခဲ့သည့် ဘက်သို့ မြင်းဖြင့် ပြန်၍လာခဲ့လေသည်။

ဒင်နီဆော့ဗ်သည် ခြေလျင်တပ် ဖြတ်ကူး၍ အပြီးတွင် လမ်းရှင်းလိုက်ပြီးနောက် တံတားထိပ်၌ ရပ်လိုက်သည်။ ဒင်နီဆော့ဗ်၏ အာရပ်မြင်းကြီးသည် တံတားကို ဖြတ်တော့မည့် မြင်းတပ်မှ မြင်းများကို မြင်သည့်အတွက် ဟီသံပေးကာ ခွာဖြင့် ရပ်လျက်ရှိသည်။ ဒင်နီဆော့ဗ်သည် စစ်မြင်းကြီးပေါ်တွင် အကျထိုင်ရင်း အနီးသို့ တပြည်းပြည်း ရောက်လာသော မြင်းတပ်ဦးကို ကြည့်နေသည်။ ထိုနောက် မြင်းကောင်ရေများစွာ ကဆုန်စိုင်း၍ လာသကဲ့သို့ မြည်ဟည်းလှသော ခွာသံများဖြင့် မြင်းတပ်များသည် တံတားကြမ်းခင်းပေါ်တွင် ဖြိုးဖြိုးဖြောက်ဖြောက် မြည်သံပေးကာ ဖြတ်ကူးလာခဲ့ကြလေသည်။ တပ်ဦးတွင် ဗိုလ်များ လိုက်ပါလာလျက် လေးယောက်တစ်တွဲ တန်းစီ ဖြတ်ကူးလာခဲ့ကြသည့် မြင်းတပ်ခွဲမှ ရှေ့ဆုံးတန်းသည် ဒင်နီဆော့ဗ်ရပ်စောင့်နေသည့် တစ်ဖက်သော တံတားထိပ်နားသို့ ကပ်လာလေသည်။

ဒင်နီဆော့ဗ် ရပ်နေရာ တံတားထိပ်တွင် ရပ်နားနေသော ခြေလျင်တပ်သားများသည် ရွှံ့ဗွက်ထဲတွင် တစိစိနှင်းကာ ဝိုင်းအုံလာကြပြန်၏။ သဘာဝချင်း မတူသော တပ်အချင်းချင်း ဆုံလေ့ရှိသည့် အခါတွင် ဖြစ်တတ်ကြသည့် ဓမ္မတာအတိုင်း ခြေလျင်တပ်သားများ၏ စိတ်၌ မနှာလိုခြင်း၊ မကျေနပ်ခြင်းတို့သည် တဖွားဖွား ပေါ်ပေါက်လာကြ၏။ ခြေလျင်တပ်သားများသည် မိမိတို့ရှေ့မှ သားနားသပ်ရပ်စွာ ဝတ်ဆင်၍ ချီတက်သွားကြသော မြင်းတပ်သားများကို လှောင်ပြောင်နေကြပြန်သည်။

"လုပုံတွေကတော့ ဟန်ပါ့ဗျာ။ စစ်တိုက်ဖို့တော့င် မကောင်းဘူး။ ရုပ်ပွဲသွင်းဖို့ပဲ ကောင်းသဗျ" ခြေလျင်တပ်သားတစ်ယောက်က ခနဲ့လိုက်၏။

"သူတို့ကို တခြားဘယ်နေရာမှ သုံးဖို့မကောင်းဘူး။ အလှပြဖို့ သက်သက်ပဲ ကောင်းတယ်" တစ်ယောက်က ဆိုသည်။

"ဟဲ့ ခြေလျင်တပ်သားကြီး။ သိပ်ခွာ မရှုပ်နဲ့ကွယ်။ ငြိမ်ငြိမ်ကလေး နေစမ်း"

မြင်းတပ်သားတစ်ယောက်က မတ်တတ်ရပ်ကာ ခွာရှုပ်ပြလိုက်သော မိမိမြင်းကြီးကို ပြောလိုက်သည်။ မြင်းကြီးက ခွာပေါက်လိုက်သဖြင့် ဘေးတွင်ရပ်ကြည့်နေသော ခြေလျင်တပ်သားများမှာ ရွှံ့စက်များ စင်ကုန်ကြ၏။

"ဒီကောင်တွေကို ကျောပိုးအိတ် လွယ်ပြီး နှစ်ရက်လောက် ခြေလျင်အလျှောက်ခိုင်းချင်တယ်။ ဒါမှ ကျောမှာ ကုန်းပေါက်ကုန်အောင်"

ခြေလျင်တပ်သားတစ်ယောက်က မျက်နှာတွင် ပေနေသော ရွှံ့များကို အင်္ကျီလက်ဖြင့် သုတ်ရင်း ပြောလိုက်သည်။

"ဟေ့ ဒီးကင်း၊ မင်းလဲ မြင်းပေါ်ရောက်ရင် ဟိတ်ကောင်းသွားမှာပါကွ" တပ်ကြပ်တစ်ယောက်က ကျောပိုးအိတ်အောက်တွင် ပုနေသော ပိန်ပိန်သေးသေး ခြေလျင်တပ်သားကလေးတစ်ယောက်ကို လှမ်း၍ နောက်လိုက်ပြန်သည်။

"ဟေ့ မြင်းစီးချင်ရင် တုတ်တစ်ချောင်းကို ခွစီးဟေ့။ တုတ်တစ်ချောင်းကို မြင်းလုပ်စီး" မြင်းတပ်သားက ပြန်၍ အော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၈

ခြေလျင်တပ်၏ နောက်ဖျားတပ်များသည် တံတားထိပ်နားသို့ရောက်သည်နှင့် ကတော့ဝထဲသို့ သူထက်ငါ အရင်ရောက်အောင် ဝင်ကြသကဲ့သို့ စုပြုံတိုးဖေ့ကာ တံတားကို ဖြတ်ကူးကြလေသည်။ နောက်ဆုံး၌ကား ရိက္ခာတင်ရထားများ၊ ဝန်တင်လှည်းများပါ တံတားကိုဖြတ်ကူးပြီးကြပေပြီ။ ရန်သူဘက်မှ အမြောက်ဆန်များမှာလည်း တဖြည်းဖြည်း ကျဲသွားလေပြီ။ နောက်ဆုံး တပ်ရင်းတစ်ခုသာလျှင်တံတားကို ဖြတ်ကျော်ရန် ကျန်လေတော့သည်။ တံတား၏ တစ်ဖက်ထိပ်၌မှ ဒင်နီဆော့ဗ်၏မြင်းတပ်ခွဲသာလျှင် ရန်သူများနှင့် ရင်ဆိုင်ရန် ကျန်ရစ်ခဲ့၏။ တောင်ကမူပေါ်မှ စီးကြည့်လျှင် ရန်သူများကို အတိုင်းသား မြင်နေရပြီဖြစ်၏။ သို့ရာတွင် တံတားမှာ ကမူကလေးနှစ်ခုကြားတွင် စီးဆင်းလျက်ရှိသည့် အန်းမြစ်ကို ဖြတ်ကူးထားသည်ဖြစ်၍ မိုင်ဝက်ခန့်အကွာတွင် တောင်ကမူကလေးတစ်ခုကွယ်နေသဖြင့် တံထားထိပ်မှကြည့်လျှင် ရန်သူတပ်များကို မမြင်ရသေးချေ။ တောင်ကမူကလေး ခြေရင်း၌ကား တောပုတ်ကလေးတစ်ခုရှိလျက် ရုရှားကော့ဆက်ထောက်လှမ်းရေးကင်းတပ်ဖွဲ့မှ မြင်းတပ်သားများ လှုပ်ရှားနေကြခြင်းကို မြင်ရ၏။ ထိုအခိုက် တောင်ကမူကလေးထိပ်လမ်းမပေါ်တွင် အမြောက်များနှင့် အပြာရောင်ဝတ်စုံဝတ်ထားသော တပ်သားများ ဘွားခနဲ ပေါ်လာကြလေသည်။ ၎င်းတို့ကား ရန်သူပြင်သစ်တပ်များပေတည်း။ ကော့ဆက်ထောက်လှမ်းရေးကင်းတပ်ဖွဲ့ မြင်းတပ်သားများသည် အသားကျ စီးကာ တောင်ကမူခြေရင်းမှ ဆုတ်လာခဲ့ကြလေသည်။ ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲမှ ဗိုလ်များနှင့် တပ်သားများသည် အခြားစကားကို ပြောဆိုကာ အခြားအရပ်ဒေသဘက်သို့ ကြည့်၍သာနေကြသော်လည်း တောင်ကမူထိပ်ကလေးပေါ်တွင် ဘွားခနဲ ပေါ်လာသည့်တပ်များမှာ ရန်သူတပ်များဖြစ်သည်ကို အတပ်သိလိုက်ကြပြီဖြစ်လျက် ကောင်းကင်ကို နောက်ခံထားသော တောင်ကမူလေးပေါ်၌ ပေါ်လာသည့် မည်းမည်း မည်းမည်း အစုကလေးများကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ ရာသီဥတုကလည်း မွန်းတည့်ချိန်လောက်မှစ၍ သာယာလျက်ရှိ၏။ နေရောင်ခြည်များသည် ဒင်ညုမြစ်ပေါ်သို့လည်းကောင်း၊ ဒင်ညုကမ်းဘေးရှိ စိမ်းညို့သော တောအုပ်များပေါ်သို့လည်းကောင်း ဖြာကျလျက် ရှိပေသည်။ ပတ်ဝန်းကျင် ဩကာသလောကသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၍ တစ်ချက်တစ်ချက်တွင် တောင်ကမူဘက်ဆီမှ ခရာမှုတ်သံများနှင့် ရန်သူတပ်များ၏ အော်ဟစ်ပြောဆိုသံများကို ကြားရပေသည်။ ယခုအချိန်၌ အစုစုအကွဲကွဲပြန့်၍ ချထားသည့် စစ်မြှူနေသော တပ်စုကလေးများမှအပ ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲနှင့် ရန်သူ့တပ်များကြားတွင် လူသူအရိပ်အယောင်ဟူ၍ လုံးဝမရှိတော့ချေ။ ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲနှင့် ရန်သူ့တပ်ဦးမှာ ကိုက်ခုနစ်ရာခန့်လောက်သာ ဝေးတော့သည်။ ဤအတောအတွင်း၌ ရန်သူ့တပ်များဘက်မှ ပစ်သံခတ်သံတိတ်၍သွားလေသည်။ အကြိတ်အနယ်တိုက်ကြတော့မည့် တပ်ကြီးနှစ်တပ်ကြား၌ မြေကွက်လပ်ကလေး တစ်ခုသာလျှင် စည်းသဖွယ် ခြားလျက်ရှိလေသည်။

'ဒီစည်းဟာ ဘီလူးနဲ့လူကို ခြားထားတဲ့စည်းဖြစ်တယ်။ ဒီစည်း ဟိုဘက်ကို ခြေတစ်လှမ်း လှမ်းလိုက်တာဟာ မရေရာတဲ့ဘဝကို ကူးလိုက်တာလို့လဲ ဆိုနိုင်တယ်။ ဒုက္ခတွင်းကို ဆင်းလိုက်တယ်ဆိုရင်လဲ မှန်တယ်။ သေမင်းခံတွင်းဝကို သွားထိုင်လိုက်တယ်လို့လဲ ပြောနိုင်တယ်။ ဒီစည်းရဲ့ ဟိုဘက်မှာ ဘာတွေရှိပါလိမ့်။ ဒီကွင်းပြင်ကြီး၊ ဒီသစ်ပင်၊ နေရောင်ကြောင့် တောက်နေတဲ့ ဒီအမိုးရဲ့နောက်မှာ ဘယ်သူတွေ ရှိပါလိမ့်။ သိချင်စမ်းပါဘိ။ မင်းကြောက်နေတယ်။ ကြောက်ပေမယ့် မင်းဒီစည်းကို ဖြတ်ကူးချင်နေတယ်။ ဘာပဲဖြစ်ဖြစ် ဒီစည်းကိုတော့ အနေးနဲ့အမြန်ဖြတ်ကူးရတော့မယ်။ သေခြင်းတရားရဲ့ဟိုဘက်မှာဘာတွေရှိသလဲဆိုတာ မင်းမရှောင်မလွှဲ တွေ့ရတော့မှာ ဖြစ်သလိုဒီစည်းရဲ့ ဟိုဘက်မှာ ဘာတွေရှိသလဲဆိုတာ မင်းတွေ့ရတော့မယ်။ မကြောက်နဲ့။ ဘာလို့ ကြောက်ရမှာလဲ။ မင်းဟာ သန်စွမ်းတယ်။ ကျန်းမာတယ်။ စိတ်ဓာတ်ကြံ့ခိုင်တယ်။ မင်းရဲ့ဘေးမှာလဲ မင်းလို ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်ကြံ့ခိုင်တဲ့လူတွေ ရှိသားပဲ။ ဘာကြောက်စရာရှိသလဲ"

ရန်သူကို မြင်လိုက်သည်နှင့် ဤသို့သော အတွေး၊ ဤသို့သော ခံစားချက်များသည် တပ်သားများ၏ စိတ်ထဲ၌ ပေါ်လာကြ၏။ ဤသည်နှင့်တစ်ပြိုင်နက် တပ်သားများ၏



www.burmeseclassic.com

www.burmeseclassic.com



ဇိတ်သည် တက်ကြွလာကြကာ ထိုခဏ၌ မြင်တွေ့သမျှ အရာတိုင်းသည် ကြည်နူးချမ်းမြေ့စရာတွေ ဖြစ်လာကြ လေသည်။

ရန်သူစစ်လျှင်စစ်ဖျား တပ်ဖွဲ့ထားလျက်ရှိသည့် ကမူထိပ်မှ မီးခိုးလုံးတစ်လုံး ထလာပြီးနောက် အမြောက် ဆန်တစ်ခုသည် မြင်းတပ်ခွဲပေါ်မှ ရှီခနဲ ဖြတ်သန်းသွား၏။ ဝိုင်းဖွဲ့၍ ရပ်နေကြသော မြင်းတပ်ဗိုလ်များသည် အသီးသီး နေရာယူလိုက်သည်။ မြင်းတပ်သားများသည်လည်း မိမိတို့ မြင်းများကို နှာတစ်ဖျားပင် ရှေ့သို့ထွက်မနေရအောင် ကျကျနနတန်းစီ၍ နေရာယူလိုက်ကြသည်။ တစ်ခွဲတစ်ခု လုံးမှာ တိတ်ဆိတ်လျက်ရှိလေသည်။ မြင်းတပ်သားများ အားလုံးသည် မိမိတို့ရှေ့၌ရပ်နေသော တပ်ခွဲမှူးနှင့် အဆေးမှ ရန်သူကို လှမ်း၍ ကြည့်နေကြပြီး အမိန့်သံကို နားစွင့်လျက် ရှိကြပေသည်။ ဒုတိယအမြောက်ဆန်တစ်ခုနှင့် တတိယ အမြောက်ဆန်တစ်ခုသည် ခေါင်းပေါ်မှ ဖြတ်သန်း၍ သွားပြန်သည်။ ရန်သူများသည် မြင်းတပ်ကို လှမ်း၍ ပစ်ခတ်နေခြင်းဖြစ်သော်လည်း အမြောက်ဆန်များသည် လျင်မြန်သော အဟုန်ဖြင့် ရှီခနဲ ရှီခနဲ မြည်ကာ ၎င်းတို့ ခေါင်းပေါ်မှ ကျော်လျက် နောက်ဘက်သို့ ကျ၍ သွားကြလေသည်။ မြင်းတပ်သားများသည် မည်သည့်ဘက် ကိုမျှ လှည့်၍ကြည့်ရှုခြင်း မပြုဘဲ ရှေ့တည့်တည့်သို့သာ စူးစိုက်လျက် ရှိကြ၏။ သို့ရာတွင် အမြောက်သံ တစ်ချက် ကြားလိုက်ရတိုင်း ရင်ပေါင်တန်းစီ၍ ရပ်လျက်ရှိသော မြင်းတပ်ခွဲ တစ်ခုလုံးသည် အသက်ကိုပင် ကောင်းစွာ မရှုနိုင်ကြဘဲ ခြေနင်းကွင်းပေါ်၌ မတ်တတ်ရပ်လိုက်ပြီး ပြန်၍ ထိုင်သွားတတ်ကြလေရာ အမိန့်အရ လေ့ကျင့်ခန်း တစ်ခု ပြုလုပ်နေခြင်းနှင့်ပင် တူတော့သည်။ တပ်သား များသည် မိမိတို့သွေးသောက်များ အချင်းချင်း၏ အခြေ အနေကို သိလိုလှသဖြင့် ခေါင်းကို စောင်းငဲ့ခြင်းမပြုဘဲ မျက်လုံးများဖြင့်သာ လှမ်းကြည့်နေကြသည်။ တပ်ခွဲမှူး ဗိုလ်ကြီး ဒင်နီဆော့ဗ်မှအစ ခရာကိုင်တပ်သား အဆုံးရှိသော တပ်သားတိုင်း၏ မျက်နှာအမူအရာများသည် တမင်ဇာတ် တိုက်ထားသကဲ့သို့ ရင်တွင်း၌ဖြစ်နေကြသော ပဋိပက္ခ၊ စိတ်လှုပ်ရှားမှု စသည်တို့ကို ဖော်ပြလျက် ရှိလေသည်။ တပ်ထောက်ကြီးသည် တပ်သားများအား အပြစ်ပေးမည် ဟု ကြိမ်းမောင်းနေသကဲ့သို့ မျက်မှောင်ကုတ်၍ ကြည့်နေ သည်။ ဗိုလ်လောင်းကလေး မီရောနော့ဗ်မှာ ခေါင်းပေါ်၌ ကျည်ဆန်ဖြတ်၍သွားတိုင်း ဖက်ပုံ၍ သွားတတ်လေသည်။ "ရွှေကျီး"အမည်ရှိ လှပသောမြင်းကြီးကို စီးလျက် လက်ယာဘက် တောင်ပံတွင် ရပ်နေသည့် နီကိုလေကား လူကြီးမိဘများက ဧည့်သည်များရှေ့တွင် စာအံရန် ခိုင်း သည့်အခါမျိုး၌ မြင်းကောင်းခိုင်းသကဲ့သို့ အံပြနိုင်မည်ဟု ကိုယ့်ကိုယ်ကိုစိတ်ချ ယုံကြည်လျက်ရှိသော ကျောင်းသား သူငယ် ကလေးတစ်ယောက်၏ ဟန်မျိုးဖြင့် ရွှင်ပျမြူးထူး လျက် ရှိလေသည်။ နီကိုလေသည် ကြည်လင်ဝင်းထိန်သော မျက်နှာထားဖြင့် သွေးသောက်များကို လှမ်းကြည့်နေခြင်း ဖြစ်လေရာ သူကြည့်ပုံမှာ 'ကြည့်စမ်း ကိုယ့်လူတို့။ အမြောက်ဆန်တွေ တဖွဲဖွဲကြားမှာ ကျုပ်ထိုင်နေပုံဟာ ဘယ်ကလောက် အေးအေးဆေးဆေး ရှိသလဲ။ ကြည့်ကြ စမ်း"ဟု ပြောနေသကဲ့သို့ ရှိ၏။ သို့တိုင်အောင် နီကိုလေ၏ မျက်နှာပေါ်၌လည်း အခြားတပ်သားများကဲ့သို့ ထူးခြား သော အမူအရာတစ်မျိုးကို ဆောင်လျက် ရှိသည်သာ ဖြစ်ပေသည်။

"ဟိုခါးကြီးက ရှေ့ကုန်းနေတာ ဘယ်သူလဲ ဟင်။ ဗိုလ်လောင်း မီရောနော့ဗ်လား။ ဒီလို မဟုတ်ပါ ဘူးကွ။ ငါ့ကို ကြည့်ထားစမ်းပါ" ဒင်နီဆော့ဗ်သည် တစ်နေရာတည်း၌ အငြိမ်မနေနိုင်ဘဲ တပ်ခွဲရှေ့တွင် မြင်းဖြင့် လူးလာခတ်နေ၏။

ဒင်နီဆော့ဗ်၏ အမွေးထူထူ နှာခေါင်းပြားပြား မျက်နှာသည်လည်းကောင်း၊ ခပ်ပုပ်ပုပ် ကိုယ်လုံးကိုယ် ပေါက်သည်လည်းကောင်း၊ ဓားလွတ်ကို ကိုင်ထားသည့် အမွေးအမှင်ထူထဲလှသောလက်ဖဝါးများနှင့် လက်ချောင်း တုတ်တိုတို ကလေးများသည်လည်းကောင်း ခါတိုင်း ကဲ့သို့ (အထူးသဖြင့်ညနေရောက်၍ ထုံးစံအတိုင်း အရက် နှစ်ပုလင်း ဝင်ပြီးခါစကဲ့သို့) ဟန်မပျက် ဣန္ဒြေမပျက် ရှိနေသည်။ သို့ရာတွင် မျက်နှာမှာ ခါတိုင်းထက် နီမြန်း လျက်ရှိသည်ဟုထင်ရ၏။ ဆံပင်ဖရိုဖရဲ ဖြစ်လျက်ရှိသော ဒင်နီဆော့ဗ်၏ ခေါင်းသည် ရေသောက်နေသည့် ငှက် ကလေးများ၏ခေါင်းသဖွယ် နောက်သို့ အနည်းငယ် လန်လျက်ရှိ၏။ ဒင်နီဆော့ဗ်သည် သဘောကောင်းလှ သော မိမိ၏မြင်းကြီး'ဗေဒွင်'၏ နံဘေးကို ဖိနပ်သံဆူးဖြင့် ဆောင့်ထိုးလိုက်၍ ကုန်းနှီးပေါ်၌ နောက်ပြန်လဲ ကျတော့

www.burmeseclassic.com



မည် ထင်ရလောက်အောင် ခပ်လန်လန်ထိုင်ရင်း တပ်ခွဲတောင်ပံအစွန်းတစ်ဖက်ဆီသို့ စီးလာခဲ့ပြီးနောက် တပ်သားများအား ပြောင်းတိုမြင်းစီးသေနတ်များကို ထုတ်ရန် အသံကျယ်ကြီးဖြင့် အော်ဟစ် အမိန့်ပေးလိုက်သည်။ ထို့နောက် သူသည် ကာစတင်ထံသို့ စီး၍ သွားလေသည်။ စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီး ကာစတင်သည်လည်း ကျောကုန်းကျယ်ကျယ် မြင်းမကြီးကို သူ့ထံ စီးလာ၏။ ခါတိုင်းကဲ့သို့ပင် ရှည်လျားသော မုတ်ဆိတ်များကြောင့် ကာစတင့်မျက်နှာသည် လေးနက်သည့် အသွင်ကို ဆောင်လျက်ရှိ၍ မျက်လုံးများကမူ ခါတိုင်းထက် တောက်ပြောင်လျက် ရှိကြလေသည်။

"ဘယ့်နှယ်ဗိုလ်ကြီး၊ ဘာတွေလုပ်နေတာလဲ။ ခံပြီး တိုက်မလို့လား။ မတိုက်ရဘူးလို့ အမိန့်ထုတ်ထားတယ်လေဗျာ။ အားလုံး ဆုတ်ကြရမယ်လို့ အမိန့်ထုတ်ထားသားပဲ"

"ဘယ်သိမလဲဗျ။ သူတို့က တိုက်ရင်လဲ ခံချတန်ချရမှာပေါ့။ ဗျို့ နီကိုလေ၊ ခင်ဗျားတော့ ကံကောင်းသွားပြီဗျို့"

ဒင်နီဆော့ဗ်က ဗိုလ်လောင်း နီကိုလေကို လှမ်း၍ ပြောလိုက်၏။ နီကိုလေ၏ မျက်နှာမှာ တောက်ပလျက်ပင် ရှိလေသည်။ တိုက်ပွဲမတိုက်ရသဖြင့် နီကိုလေသည် များစွာ စိတ်သက်သာရာ ရသွားလေသည်။ ထိုအခိုက် မြင်းတပ်ဗိုလ်မှူးကြီးသည် တံတားပေါ်မှဖြတ်လာလေသည်။ ဒင်နီဆော့ဗ်သည် ဗိုလ်မှူးကြီးထံသို့ ကဆုန်စိုင်း၍ စီးသွားကာ

"ကျွန်တော်တို့ တိုက်ပရစေဗိုလ်မှူး။ ဒီပြင်သစ်ကောင်တွေကို ကျွန်တော် မောင်းထုတ်ပါ့မယ်"

"တိုက်မယ် ဟုတ်စ" ဗိုလ်မှူးကြီးသည် မျက်နှာပေါ်တွင် တဝီဝီပျံဝဲနေသည့် ယင်ကို ခြောက်သလို မျက်နှာမှ အကြောများကို ရှုံ့လိုက်သည်။ "နေစမ်းပါဦး။ မင်းက ဘာဖြစ်လို့ ဒီမှာရပ်နေရတာလဲဟင်။ ရှေ့က ထောက်လှမ်းရေးကင်းတွေ ဆုတ်လာတာ မမြင်ဘူးလား။ သွား၊ မင်းမြင်းတပ်ခွဲကို ပြန်ဆုတ်ခဲ့"

ဤသို့ဖြင့် ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲသည် တံတားကို ဖြတ်ကူးခဲ့ကာ အကျအဆုံးမရှိဘဲ ရန်သူ အမြောက်များ၏ ပစ်ကွင်းမှ ဆုတ်ခွာလာခဲ့လေသည်။ ရှေ့တန်းစစ်မျက်နှာတွင် ရောက်နေသော ဒုတိယ မြင်းတပ်ခွဲသည်လည်း ဆက်တိုက် တံတားကို ဖြတ်ကူး၍ ဆုတ်လာခဲ့၏။ နောက်ဆုံး ကျန်နေသော ကော့ဆက်မြင်းတပ်များသည်လည်း မြစ်တဖက်ကမ်းကို အပြီးသတ် စွန့်ခွာခဲ့ကြလေသည်။

ပါဗလိုဂရက် မြင်းတပ်ခွဲနှစ်တပ်သည် တံတားကို ဖြတ်ကူးခဲ့ပြီးနောက် တောင်ကမူထိပ်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့်ဆုတ်ခွာလာခဲ့ကြ၏။ တပ်မှူးဗိုလ်မှူးကြီး ဘော့ဂဒါနစ်သည် နီကိုလေ အနီးမှဖြတ်၍ မြင်းကို တစ်လှမ်းချင်း စီးလာလေသည်။ ထိုဗိုလ်မှူးကြီးကား တီလျာညင်၏ ကိစ္စနှင့်ပတ်သက်၍ နီကိုလေနှင့် အချင်းများခဲ့သော ဗိုလ်မှူးကြီးပေတည်း။ ဗိုလ်မှူးကြီးသည် အချင်းများပြီးနောက် နီကိုလေနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သော်လည်း မမြင်ချင်ဟန်ပြုလျက်ရှိ၏။ ယခုအချိန်၌ မိမိသည် ရှေ့တန်း စစ်မျက်နှာသို့ ရောက်လျက်ရှိလေပြီ။ မိမိသည် ထိုဗိုလ်မှူးကြီး၏ လက်ထဲ၌ ရောက်ရှိနေလေပြီဆိုသည့်အချက်ကို နီကိုလေ သတိပြုမိ၏။ နီကိုလေသည် ဗိုလ်မှူးကြီး၏ ကျောပြင်ကျယ်ကြီးကို လည်းကောင်း၊ ဆံပင်ကျဲကျဲဖုံးနေသည့် ကုပ်ကိုလည်းကောင်း၊ နီရဲလျက်ရှိသည့်လည်ပင်းကို လည်းကောင်း စိုက်၍ ကြည့်နေမိသည်။ ဗိုလ်မှူးကြီးသည် မိမိအား တမင်မမြင်ဟန်ပြုကာ အကဲစမ်းနေသည် ထင်သဖြင့် နီကိုလေသည် ရင်ကော့လိုက်ပြီးနောက် ဗိုလ်မှူးကြီးကို အရေးမစိုက်ဟန်ဖြင့် ကြည့်လိုက်သည်။ ဗိုလ်မှူးကြီး သည် သူ့သတ္တိကိုပြရန် မိမိဘက်သို့စီး၍ လာလေမည်လော၊ မိမိတစ်ယောက်တည်းကို အပြစ်ပေးလိုသည့်အတွက် တပ်ခွဲတစ်ခုလုံးကို ရန်သူအား အတင်းဝင်၍ အတိုက်ခိုင်း လေမည်လော၊ ထိုအခါ၌ မိမိသည် တိုက်ပွဲတွင် ဒဏ်ရာရကာလဲနေစဉ် ဗိုလ်မှူးကြီးသည် မိမိအား လာ၍လက်ဆွဲ နှုတ်ဆက်လေမည်လော စသဖြင့် တွေးနေမိလေသည်။

ထိုအခိုက် မိမိတို့တပ်ရင်းမှ မကြာမီကမှ ပြောင်းရွှေ့သွားသဖြင့် ပါဗလိုဂရက် မြင်းတပ်ခွဲတစ်ခုလုံးက မှတ်မိနေသော ပခုံးမြင့်မြင့်နှင့် အလံကိုင်ဗိုလ်ကလေး ဇာကော့ဗ်သည် ဗိုလ်မှူးကြီးထံသို့ စီးလာနေသည်ကို မြင်ရလေသည်။ ဇာကော့ဗ်မှာ စစ်ဦးစီးဌာနချုပ်မှ အထုတ်ခံလိုက်ရပြီးသည့်နောက်၌ တပ်ရင်းတွင် အမှုမထမ်းတော့ချေ။ စစ်ဦးစီးဌာနချုပ်တွင် မယ်မယ်ရရ မလုပ်ရဘဲ ဆုတ်ခံအိပ်

www.burmeseclassic.com



တော်များရရန် အခွင့်အလမ်းများရှိလျက် အမိုက်ခံ၍ စစ်မြေပြင် မသွားတော့ဟုဆိုကာ မင်းသားကြီး ဘာဂရေးရှင်း၏ တပ်လှုလင်ဗိုလ်ကလေး ရာထူးကို မရရအောင် ယူခဲ့ခြင်းဖြစ်လေသည်။ ဇာကော့ဗ်သည် နောက်ဖျားတပ်များ၏ တပ်မှူးဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းထံမှ အမိန့်ကို ယူဆောင်လျက် ၎င်း၏ဆရာဟောင်း မြင်းတပ်ဗိုလ်မှူးကြီးထံသို့ ရောက်လာခြင်း ဖြစ်လေသည်။

'ဗိုလ်မှူး' ဇာကော့ဗ်သည် နီကိုလေ၏ 'ရန်သူတော်' ဗိုလ်မှူးကြီး ဘော့ဂ်ဒါနစ်အား တည်ငြိမ်သောမျက်နှာထားဖြင့် လှမ်း၍နှုတ်ဆက်လိုက်ပြီး သူ၏သွေးသောက်ဟောင်းများကို တစ်ချက်မျှစောင်း၍ ကြည့်လိုက်သည်။ "တပ်တွေကို ဆုတ်ပြီး တဲတားကို မီးတင်ရှို့ရမယ်လို့ အမိန့်ပါပါတယ်"

"ဘယ်သူ့ကို ပေးတဲ့ အမိန့်လဲကွ" ဗိုလ်မှူးကြီးက ခပ်မှန်မှန် မေးလိုက်၏။

"ဘယ်သူ့ဆီကို ပေးသလဲဆိုတာတော့ ကျွန်တော်ကိုယ်တိုင်လဲ မသိပါဘူး ဗိုလ်မှူး။ ဗိုလ်ချုပ်က မြင်းတပ်တွေကို အမြန်ဆုံးဆုတ်ခွာပြီး တဲတားကို မီးတင်ရှို့ပစ်ခဲ့ဖို့ ဗိုလ်မှူးကြီးကို သွားပြောချည်ဆိုလို့ လာရတာပါ" ဇာကော့ဗ်က တည်ငြိမ်လေးနက်သောအသံဖြင့် ပြန်ပြောသည်။

များမကြာမီ အလားတူအမိန့်ကို ယူဆောင်လာသည့် ကိုယ်ရံတော်တပ်ဗိုလ်ကလေးတစ်ယောက် မြင်းစီး၍ ရောက်လာပြန်လေသည်။ ထိုနောက်၌ကား နက်ဗစ်စကီသည် ကော့ဆက်မြင်းကြီးကို ကဆုန်ပေါက်၍ စီးလာလေသည်။ ကော့ဆက်မြင်းကြီးသည် လေးလံလှသော နက်ဗစ်စကီ၏ ခန္ဓာကိုယ်ကြီးကို အနိုင်နိုင် သယ်ပိုးလာရဟန်ရှိ၏။

"ဘယ်လိုဖြစ်တာလဲ ဗိုလ်မှူး"အနီးသို့ ရောက်သည်နှင့် နက်ဗစ်စကီက အော်၍ပြောလိုက်၏။ "တဲတားကို မီးရှို့ခဲ့လို့ ဗိုလ်မှူးကို ကျွန်တော် သတင်းပို့ခဲ့တယ် မဟုတ်လား။ ခုထက်ထိ ဘာဖြစ်လို့ မရှို့သေးတာလဲ။ တပ်တွေအားလုံး ကူးပြီးပြီပဲ။ ဘာဖြစ်လို့ ဆိုင်းထားရတာလဲ"

ဗိုလ်မှူးကြီးသည် မိမိ၏တပ်ရင်းကို ရပ်တန့်ပြီးနောက် နက်ဗစ်စကီဘက်သို့ လှည့်လိုက်သည်။

"မင်းပြောတာက တဲတားပေါ်မှာ မြန်မြန် လောင်ကျွမ်းစေနိုင်သော အရာဝတ္ထုတွေကို စစ်ဆေးရမယ်လို့တင် ပြောတာ မဟုတ်လား။ တဲတားကို မီးရှို့ပစ်ခဲ့လို့မှ မပြောဘဲ"

"နောင်တော်ကြီးခင်ဗျား" နက်ဗစ်စကီသည် မြင်းကို ရှေ့နားသို့ရောက်အောင် တိုး၍စီးလာကာ ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် ချွေးစိုရွှဲလျက်ရှိသော ဆံပင်ကို သေးသွယ်သောလက်ဖြင့် သပ်လိုက်ရင်း "မီးလောင်စေတဲ့ အရာတွေကို စစ်ဆေးပြီး အားလုံးအဆင်သင့်ဖြစ်ရင် တဲတားကို မီးတင်ရှို့ပါလို့ ကျွန်တော် မပြောဘူးလား ဗိုလ်မှူး"

"ငါဟာ မင်းရဲ့ 'နောင်တော်' မဟုတ်ပါဘူးကွ။ ဒီမှာ ဗိုလ်ကလေး။ တဲတားကို မီးရှို့ဖို့ မင်း ငါ့ကို မပြောဘူး။ ငါဟာ ငါ့တာဝန်ကို ငါကျေပွန်အောင် ထမ်းဆောင်တဲ့ လူတစ်ယောက်။ အမိန့်ကို အတိအကျ လိုက်နာတဲ့ လူတစ်ယောက်။ မင်းပြောတာက တဲတားကို မီးလောင်ကျွမ်းစေရမယ်လို့တင် ပြောတာပဲ။ ဒီတော့ ဘယ်သူက ရှို့လို့လောင်မလဲဆိုတာ ငါလဲ ဘယ်သိမလဲ"

"ဟာ အရေးထဲကျ ဒီလိုချည်းပဲ" နက်ဗစ်စကီသည် လက်ခါ၍ ပြောလိုက်သည်။ နောက်မှ ဇာကော့ဗ်ဘက်လှည့်ကာ

"ခင်ဗျားကကော ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ကျုပ်လဲ ဒီကိစ္စနဲ့လာတာပဲ။ ကဲ ခင်ဗျားပြောလို့ မရှင်းရင် ကျွန်တော်ပြောမယ်ဗိုလ်လေး"

"စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးက" ဗိုလ်မှူးကြီးက ဒေါသက တက်လိုက်ပြန်သည်။ ဤတွင် ဇာကော့ဗ်က

"ကျွန်တော် တစ်ခုပြောချင်ပါတယ် ဗိုလ်မှူး။ ဗိုလ်မှူးရဲ့ တပ်တွေကို ဒီနေရာက အမြန်ဆုတ်မှ သင့်ပါလိမ့်မယ်။ မဆုတ်ရင် ရန်သူရဲ့ ကိုးလုံးကျည် အမြောက်စာ ဖြစ်ကုန်ပါလိမ့်မယ်"

ဗိုလ်မှူးသည် ကိုယ်ရံတော်တပ်မှ ဗိုလ်ကလေးကိုလည်းကောင်း၊ စစ်ဦးစီးဌာနချုပ်မှ သန်မာတောင့်တင်းသော ဗိုလ်ကလေးနက်ဗစ်စကီကိုလည်းကောင်း၊ ဇာကော့ဗ်ကိုလည်းကောင်း တိတ်ဆိတ်စွာကြည့်၍ မျက်မှောင်ကုတ်လိုက်သည်။

"ကောင်းပြီ။ ဒီလိုဆို ရှို့မယ်" ဗိုလ်မှူးကြီးသည် ယင်းသို့ အရှုပ်ရှုပ်အထွေးထွေးဖြစ်နေသော်လည်း မိမိကား

www.burmeseclassic.com



သာ အမှန်ဟု ပြောလိုဟန်ဖြင့် လေးနက်စွာ ပြောလိုက်သည်။

ဗိုလ်မှူးကြီးသည် ကုလားမနိုင်ရနိုင်မဲဆိုသကဲ့သို့ မိမိ၏မြင်းကြီးကို ရှည်လျားတောင့်တင်းသည့် ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်ပြီးနောက် ရှေ့သို့တိုးလာကာ နီကိုလေ အမှုထမ်းနေသည့် ဒင်နီဆော့ဗ်၏ ဒုတိယမြင်းတပ်ခွဲကို တံတားဆီ ပြန်လှည့်ရန် အမိန့်ပေးလိုက်သည်။

နီကိုလေသည် "ငါထင်တဲ့အတိုင်း ငါ့သတ္တိကိုတော့ စမ်းပြီ"ဟု တွေးလိုက်မိကာ ရင်ထဲတွင် အသက်ရှူ၍ မဝသကဲ့သို့ တင်းကျပ်သော ဝေဒနာကို ခံစားလိုက်ရပြီး မျက်နှာနီရဲစ ပြုလာ၏။ 'ငါ့အကြောင်း ပြရသေးတာပေါ့ကွာ'ဟု စိတ်ထဲတွင် တွေးလိုက်မိသည်။

ဝင်းထိန်လျက်ရှိသော မြင်းတပ်သားများ၏မျက်နှာများသည် စောစောက ရန်သူအမြောက်ဆန်များ တဖွဲဖွဲ ကျရောက်နေစဉ်ကကဲ့သို့ လေးနက်တင်းမာသော အသွင်ကို ဆောင်သွားကြပြန်လေသည်။ နီကိုလေသည် မိမိထင်သည့်အတိုင်း ဟုတ်မဟုတ်သိနိုင်ရန်အတွက် မိမိ၏ "ရန်သူတော်" ဗိုလ်မှူးကြီးကို အကဲခတ်လျက် ရှိလေသည်။ ဗိုလ်မှူးကြီးကမူ မိမိအား တစ်ချက်ကလေးမျှ လှည့်ကြည့်ခြင်းမရှိဘဲ ခါတိုင်းကဲ့သို့ပင် တင်းမာခက်ထရော်သော မျက်နှာထားဖြင့် တူရူသို့ စိုက်ကြည့်လျက်ရှိလေသည်။ ထို့နောက် အမိန့်သံ ထွက်ပေါ် လာလေသည်။

"သေသေချာချာကြည့်၊ သေသေချာချာကြည့်" ဟူသော အသံများသည် သူ့ဘေးပတ်ပတ်လည်မှ ထွက်ပေါ်လာကြသည်။

မြင်းတပ်သားများသည် ဓားရှည်များကို အဆင်သင့်ဆွဲထုတ်ကာ ဖိနပ်သံ ဆူးသံ တချွင်ချွင်ပေးလျက် မြင်းပေါ်မှ ဝုန်းခနဲ ဆင်းလိုက်ကြသည်။ လုပ်ရမည့် အလုပ်ကိုကား မသိကြသေးချေ။ ထို့နောက် လက်ယက်၍ ဆုတောင်းနေကြသည်။ နီကိုလေသည် သူ၏ ရန်သူတော် ဗိုလ်မှူးကြီးကို ကြည့်ချိန်မရတော့ချေ။ မြင်းတပ်သားတွေ နောက်က ကျန်ရစ်ခဲ့မည်ကို စိုးရိမ်ကာ ဘာလုပ်ရမည် မသိဘဲ တွေ၍ ရပ်နေသည်။ မြင်းကို တပ်လုလင်တစ်ယောက်၏လက်ထဲသို့ လှမ်းပေးလိုက်သောအခါ၌ သူ့လက်မှာ တုန်ယင်လျက်ရှိပြီး ရင်ဝတွင် အလုံးကြီးတက်ဆောင့် လိုက်သလို ခံစားလိုက်ရသည်။ တပ်ခွဲမှူးဗိုလ်ကြီး ဒင်နီ ဆော့ဗ်သည် အော်ဟစ်လျက် သူ့အနားမှ ဖြတ်စီးသွားသည်။ နီကိုလေသည် မိမိ၏ ဘေးပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ပြေးလွှားလျက် ရှိကြသော မြင်းတပ်သားများကိုလည်းကောင်း၊ တချွင်ချွင်မြည်သော ဖိနပ်သံ ဆူးသံများနှင့် ဓားချင်းယှက်သံများမှအပ အခြားဘာကိုမျှ မမြင်ရ မကြားရတော့ချေ။

"ထမ်းစင်တွေ ထုတ်ခဲ့ဟေ့" သူ့နောက်မှ တစ်ယောက်က အော်လိုက်သည်။

နီကိုလေသည် မည်သည့်အတွက်ကြောင့် ထမ်းစင်ထုတ်ခိုင်းသည်ကိုလည်း မစဉ်းစားသေးချေ။ သူသည် သူများရှေ့က ရောက်ချင်ဇောဖြင့် အတင်းပြေးတက်လာခဲ့၏။ သို့ရာတွင် အောက်ကိုမကြည့်ဘဲ ပြေးလာခဲ့သည့် အလျောက် တံတားထိပ်သို့အရောက်တွင် ချော်၍ မှောက်လျားထိုးလဲကျသွားကာ နောက်ကျန်နေရစ်ခဲ့လေသည်။

"နှစ်ဖက်စလုံးဟေ့၊ နှစ်ဖက်စလုံးကို"

ဗိုလ်မှူးကြီး၏အော်သံကို ကြားရ၏။ ဗိုလ်မှူးကြီးသည် တံတားပေါ်၌ မှောက်လျက်လဲနေသော နီကိုလေအနီးမှ မြင်းဖြတ်၍ စီးသွားကာ တံတားထိပ်အရောက်တွင် မြင်းဇက်ကိုသတ်၍ အော်လိုက်ခြင်းဖြစ်၏။

နီကိုလေသည် ရွံ့ပေနေသော လက်များကို မြင်းစီးဘောင်းဘီတင်ပါးတွင် သုတ်လိုက်ရင်း သူ့ရန်သူတော် ဗိုလ်မှူးကြီးကို ကြည့်၍ ရှေ့ဆုံးရောက်အောင် ပြေးတက်လိုက်ရန် အားယူလိုက်သည်။ သို့ရာတွင် ဗိုလ်မှူးကြီးက နီကိုလေကို မကြည့်ဘဲ (မမှတ်မိဘဲလည်း ဖြစ်နိုင်သည်။) သူ့ကို လှမ်း၍ မာန်လိုက်သည်။

"ဟေ့ တံတားအလယ်ကောင်ကြီးမှာ စွပ်ပြီး ပြေးတက်သွားတာ ဘယ်သူလဲဟင်။ တံတားရဲ့ ညာဘက်ကိုကွ၊ ညာဘက်။ ဟေ့ ပြန်ခဲ့"ဟု စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်ပြီးနောက် တံတားအလယ်ကောင်၌ မြင်းကြီးနှင့် လမ်းသလားရင်း အစွမ်းပြနေသော တပ်ခွဲမှူး ဗိုလ်ကြီး ဒင်နီဆော့ဗ်သို့ လှမ်းကာ

"ဟေ့ ဗိုလ်ကြီး၊ ဘာဖြစ်လို့ ဒီလောက် အတင့်ရဲရတာလဲကွ။ မြင်းပေါ်က ဆင်းပါလား"ဟု အော်လိုက်ပြန်သည်။

"အို သေတစ်နေ့ မွေးတစ်နေ့ပါ ဗိုလ်မှူး"

ဒင်နီဆော့ဗ်က နောက်သို့ လှည့်၍ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအတောအတွင်း၌ နက်ဗစ်စကီ၊ ဖာကော့ဗ်နှင့် ကိုယ်ရံတော် တပ်ဗိုလ်ကလေးတို့သည် ရန်သူအမြောက်ပစ် ကွင်းမှ ဝေးရာတွင် ရပ်လျက် သံပရာခွံ ဦးထုပ်အဝါ၊ ဖဲကြိုးသီအစိမ်းပုပ်ရောင်အင်္ကျီ၊ ဒူးကျပ် မြင်းစီးဘောင်းဘီဖြူ တို့ဝတ်လျက် တံတားအနီးတွင် စုဝေးနေကြသော မိမိတို့ ဘက်မှ မြင်းတပ်သားများကိုလည်းကောင်း၊ ဝတ်စုံအပြာ ဝတ်လျက် မြင်းများဖြင့် မျက်နှာချင်းဆိုင်မှ တက်လာကြ သော ရန်သူအမြောက်တပ်သားများကိုလည်းကောင်း တစ်လှည့်စီ ကြည့်နေမိကြသည်။

"ဒို့လူတွေ တံတားကို ဖောက်ခွဲပစ်ချိန်မှ ရပါ့ မလား။ ဒို့တပ်တွေနဲ့ ရန်သူပြင်သစ်တပ်တွေ ဘယ်သူ တံတားကို အရင်စီးမိမလဲ။ ဒို့လူတွေက အရင်ရောက်ပြီး တံတားကို မီးတင်ရှို့နိုင်မလား။ ရန်သူပြင်သစ်တွေက အရင်ရောက်လာပြီး ဒို့လူတွေကို ချေမှုန်းပစ်လိုက်လေ မလား"

တောင်ကမူကလေးထိပ်မှ တံတားကို စီး၍ လှမ်း မျှော်ကြည့်နေသောတပ်သားများသည် ဤမေးခွန်းများကို ၎င်းတို့ဘာသာ ၎င်းတို့ မေးမြန်းကာ တထိတ်ထိတ် ဖြစ်နေကြ၏။ တံတားဆီသို့လည်းကောင်း၊ ညနေရီနေ ရောင် အောက်တွင် လှုပ်ရှားနေကြသော မြင်းတပ်သား များကို လည်းကောင်း၊ သေနတ်များ၊ လှံစွပ်များ ဆွဲကိုင် လျက် အပြေး ချီတက်လာကြသည့် ဝတ်စုံအပြာဝတ် ပြင်သစ်တပ်သားများကိုလည်းကောင်း ရပ်ကြည့်လျက် ရှိကြ၏။

"ဟော ကျုပ်တို့မြင်းတပ်တွေက အရင်ရောက် လိမ့်မဗျို့။ ကြည့် ကိုးလုံးကျည် အမြောက်ပစ်ကွင်းထဲ ထိအောင် ဝင်သွားကြပြီ"

နက်ဗစ်စကီက ပြောလိုက်၏။

"ဒီတံတားကလေး မီးရှို့တာ လူတွေ ဒီလောက် များများသွားဖို့ မလိုပါဘူးဗျာ" ကိုယ်ရံတော်တပ်ဗိုလ် ကလေးက ပြောလိုက်သည်။

"အစစ်ပေါ့။ ခပ်ရဲရဲသွေးသောက် နှစ်ယောက် သောက် လွှတ်လိုက်ရင် ကိစ္စပြီးနေတဲ့ဥစ္စာ" နက်ဗစ်စကီက ထောက်ခံလိုက်သည်။

"မဟုတ်တာ ကိုယ်တော်လေးကလဲ" ဖာကော့ဗ်က မြင်းတပ်သားများကို ငေးမောကြည့်ရင်း သူ့ထုံးစံ အတိုင်း အတည်လိုလို အဖျက်လိုလိုဖြင့် ပြောလိုက်သည်။ "ကိုယ်တော်လေးမှာ အဲဒါတွေ ခက်နေတာပဲ။ သွေး သောက်နှစ်ယောက် လွှတ်ရုံနဲ့ပြီးမလား ကိုယ်တော်လေးရဲ့။ ခုလို လူခပ်များများလေး လွှတ်လိုက်မှ ကျုပ်တို့တပ်ခွဲက ဗလာဒီမာ ရွှေတံဆိပ်ဆုနဲ့ စလွယ်ကြိုးရမယ် မဟုတ်လား ဗျ။ ကြည့်လေ၊ ခု ကျုပ်တို့ တပ်ကကောင်တွေ အကုန် သေသွားရင် တပ်ခွဲလဲ သိပ်နာမည် ကြီးလာမယ်။ ဗလာဒီမာ ရွှေတံဆိပ်တော်ကြီးကိုလဲ ရမယ်။ ရွှေစလွယ်ကြိုး ကိုလဲ ရဦးမယ်ဆိုပါလား။ ကျုပ်တို့တပ်မှူး ဗိုလ်မှူးကြီး ကတော့ အကွက်မြင်ပါပေတယ်"

"ကြည့်စမ်းဗျို့၊ ဟိုဟာ ကိုးလုံးကျည် အမြောက် မဟုတ်လား" ကိုယ်ရံတော် ဗိုလ်ကလေးက ပြင်သစ်ကိုး လုံးကျည် အမြောက်များကို ညွှန်ပြလိုက်သည်။ အမြောက် ခင်တိတ်များမှာ ရှေ့တိုးနောက်ငင် ရွေ့ရှားနေကြသည်။

ပြင်သစ်တို့ဘက်မှ အမြောက်မြတပူကြီး တစ်လက် ဝိုင်း၍ တွန်းလာသည်ကို မြင်လိုက်ရပြီးနောက် မီးခိုးလုံးကြီး ထွက်ပေါ်လာလေသည်။ မရှေးမနှောင်းမှာပင် မီးခိုးလုံး ကြီးများသည် ဒုတိယနှင့် တတိယအကြိမ် ပေါ်လာကြ၏။ ပထမအချက်ပစ်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် စတုတ္ထအကြိမ် မီးခိုးလုံးကြီး ပေါ်လာလေသည်။ ထိုနောက် မြည်ဟည်းသံနှစ်ချက် ပေါ်လာပြီး နောက်ဆုံးအချက် ပစ်သံဆက်တိုက်ပေါ်ထွက်လာလေသည်။

"ဟာ" နက်ဗစ်စကီသည် ကိုယ်ရံတော် ဗိုလ် ကလေး၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးနောက် အလန့်တကြား အော်လိုက်သည်။

"ကြည့်စမ်းဗျို့။ တစ်ယောက်ကျသွားပြီ၊ ကျကုန် ပြီ၊ ကျကုန်ပြီ"

"နှစ်ယောက်ထင်တယ်ဗျ"

"ကျုပ်သာ ဇာဘုရင်ဆိုရင်တော့ ဘယ်တော့မှ စစ်မတိုက်ဖူးဗျာ" နက်ဗစ်စကီက မျက်နှာလွှဲ၍ ဆိုသည်။

ပြင်သစ် အမြောက်မြတပူကြီးများကို ချက်ချင်း ပြန်၍ ကျည်သွင်းကြ၏။ စစ်ဝတ်စုံအပြာဝတ်ထားသော ပြင်သစ်ခြေလျင်တပ်များသည် တံတားထိပ်ဆီသို့ ပြေး၍ တက်လာကြသည်။ မီးခိုးလုံးကြီးများသည် အလိပ်လိုက် ထွက်ပေါ်လာကြပြန်ကာ ကိုးလုံးကျည် အမြောက်ဆန်



www.burmeseclassic.com

www.burmeseclassic.com



များသည် တဝုန်းဝုန်း ပေါက်ကွဲလျက် တံတားပေါ်သို့ တဖြောက်ဖြောက် ကျလာကြလေသည်။ ဤတစ်ကြိမ်၌မူ မီးခိုးကြီးများ မှောင်မည်းလျက်ရှိသဖြင့် နက်ဗစ်စကီမှာ တိုက်ပွဲ၏ရှုခင်းကို အသေးစိတ် မမြင်ရတော့ချေ။ ရုရှားမြင်းတပ်များသည် တံတားကို အောင်မြင်စွာ မီးရှို့ဖျက်ဆီးလိုက်ကြသည်။ ထိုအတွင်း ပြင်သစ်အမြောက်မြတပ်များကလည်း ဒလကြမ်း ပစ်ခတ်လျက် ရှိလေသည်။ သို့ရာတွင် ယခုတစ်ကြိမ် ပစ်ခတ်ခြင်းမှာ တံတားကို မီးတင်ရှို့ကြသော ရုရှားတပ်သားများအား ခြောက်လှန့်ရုံပစ်ခတ်ခြင်း မဟုတ်တော့ချေ။ ပြင်သစ်အမြောက်မြတပ်များသည် ကျင့်သားရပြီးသော အမြောက်မြတပ်များ ဖြစ်ခြင်း၊ ၎င်းတို့၏ ရှေ့တွင်လည်း ပစ်ခတ်စရာ သားကောင်ရှိခြင်း စသည့် အကြောင်းများကြောင့် ပစ်ကွင်းကို ချိန်လျက် ပစ်ခတ်နေခြင်းမျိုး ဖြစ်လေသည်။

ရုရှားမြင်းတပ်များသည် တံတားကို မီးတင်ရှို့ပြီးနောက် မိမိတို့မြင်းများရှိရာသို့ ပြန်ရောက်လာကြ၏။ ထိုအချိန်အခါ၌ ရန်သူပြင်သစ်များမှာ ကိုးလုံးကျည် အမြောက်ကျည်ဆန်သုံးလုံးလောက်သာ ပစ်ချိန်ရလိုက်သည်။ ထိုအနက် နှစ်လုံးမှာ ချိန်သားလွဲလျက် အထက်သို့ ကျော်၍သွားပြီး နောက်ဆုံး တစ်လုံးသာလျှင် မြင်းတပ်သားများထဲသို့ ကျရောက်ပေါက်ကွဲသွားပြီး သုံးယောက်ကို ထိမှန်ခဲ့လေသည်။

နီကိုလေသည် မိမိနှင့် ဗိုလ်မှူးကြီး ဘောက်ဒါနစ်တို့ စကားများခဲ့သည့် ကိစ္စကို တွေးမိရာက တက်ရအုံ့လော၊ ဆုတ်ရအုံ့လောဟု ဝေခွဲမရဘဲ တံတားပေါ်၌ ရပ်နေမိသည်။ သူ့ရှေ့၌ တိုက်ရမည့်ရန်သူ တစ်ယောက်မျှ မရှိချေ။ (စောစောက စိတ်ကူးထားသကဲ့သို့ ဖြစ်မလာပါ။) မိမိလက်၌လည်း အခြားတပ်သားများကဲ့သို့ မီးတုတ်ပါမလာသဖြင့် တံတားကို မီးရှို့ခြင်း မပြုနိုင်ချေ။ ထို့ကြောင့် မိမိ၏ ဘေးပတ်ပတ်လည်ကိုသာ လှမ်းကြည့်နေမိသည်။ ထိုအခိုက် သစ်သီးတောင်းများကို သွန်ချလိုက်သကဲ့သို့ တံတားဘက်ဆီမှ တဒက်ဒက်မြည်သော အသံများကို ကြားလိုက်ရပြီး မိမိဘေးမှ တပ်သားမှာ တံတားပေါင်ကို ကိုင်၍ ညည်းတွားလျက် လဲကျသွားလေသည်။ နီကိုလေသည် အခြားတပ်သားများနှင့်အတူ လဲကျသွားသော တပ်သားအနီးသို့ ရောက်သွားလေသည်။

"ထမ်းစင် ထုတ်ခဲ့ဟေ့၊ ထမ်းစင်"ဟူသော အော်သံကိုကြားရပြီးနောက် မြင်းတပ်သား လေးယောက်သည် ဒဏ်ရာရသူ မြင်းတပ်သားကို မချီလာကြလေသည်။

"အမယ်လေးဗျ။ ကျုပ်ကို ထားခဲ့ကြပါဗျာ။ နာလှချည်ရဲ့ဗျ"

ဒဏ်ရာရသူ တပ်သားသည် အော်ဟစ် ညည်းညူလျက်ရှိသည်။ နောက် သူ့အား မချီကာ ထမ်းစင်ပေါ်သို့ တင်လိုက်ကြလေသည်။

နီကိုလေသည် မျက်နှာလွှဲလိုက်ပြီး တစ်စုံတစ်ရာကို လိုက်ရှာနေသကဲ့သို့ အဝေးသို့လည်းကောင်း၊ ဒင်ညုမြစ်ရေပြင်ကိုလည်းကောင်း၊ ကောင်းကင်ကြီးကိုလည်းကောင်း၊ နေရောင်ကိုလည်းကောင်း လှမ်းကြည့်နေသည်။ ကောင်းကင်သည် မည်မျှ လှပပေသနည်း။ ပြာလွင်လျက်၊ တည်ငြိမ်လျက်၊ နက်ရှိုင်းသော ဟန်ကို ဆောင်လျက် မည်မျှတင့်တယ်ပေသနည်း။ ဝင်လုဆဲ နေမင်းကြီးသည်လည်း မည်မျှတောက်ပတင့်ရှုန်းပေသနည်း။ အဝေး၌ ဒင်ညုမြစ်ရေပြင်သည် တဖျတ်ဖျတ် တောက်ပလျက်ရှိ၏။ မြစ်တစ်ဖက်ကမ်းရှိ မှိုင်းပြာသော တောင်တန်းများ၊ ရှေးဟောင်းခံတပ် ပျက်ကြီးများ၊ မယ်သီလရှင်ကျောင်းနှင့်တကွ နှင်းမြူများထဲတွင် မှိုင်းနေသော ထင်းရှူးတောတန်းတို့ကား ပို၍ပင် လှပတင့်တယ်ပေသေးသည်။ ဤအရာတို့ကား ငြိမ်းချမ်းခြင်းနှင့် စိတ်ချမ်းမြေ့ခြင်းတို့ ပေတည်း။

'ငါသာ အဲဒီနေရာတွေမှာ ရောက်နေရင် လောကကြီးမှာ ဘယ်လို အရာတွေကိုမှ လိုချင်မက်မောမှာ မဟုတ်တော့ဘူး။ စိတ်၏ငြိမ်းချမ်းခြင်း ဆိုတာ ဒီရောင်ခြည်ထဲနဲ့ ငါ့ရဲ့ကိုယ်တွင်းမှာသာ ရှိပေတာပဲ။ ဒါပေမဲ့ ဒီနားတစ်ဝိုက်မှာတော့ ညည်းတွားကြ၊ ဝေဒနာခံစားကြ၊ ကြောက်၍ထိတ်လန့်ကြနဲ့ ရတ်ရတ်ရက်ရက် အခြေအနေတွေချည်း တွေ့နေရတာပဲ။ ဟော ဟော၊ ဟိုမှာ အော်ဟစ်ပြီး ပြန်ပြေးတဲ့ လူက ပြန်ပြေးကုန်ကြပြီ။ ငါ သူတို့နဲ့ လိုက်ပြေးရမှာလား။ သေခြင်းတရားဟာ ငါ့အပေါ်မှာ ငါ့ဘေးမှာ ငါ့အနားမှာပင် ရှိပါကလား။ ခဏနေရင် ငါဟာ နေမင်းကြီးကိုရော ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်တော့ပါကလား။"

နီကိုလေသည် ဤသို့ တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် နေဝန်းသည် တိမ်တိုက်များနောက်သို့ ကွယ်၍ သွားလေသည်။ နောက်ထပ်ထမ်းစင်များသည် နီကိုလေ၏ မြင်ကွင်းထဲတွင် ပေါ်လာကြပြန်သည်။ သို့ဖြင့် နီကိုလေ၏ စိတ်ထဲတွင် ထမ်းစင်ကြီးနှင့်တကွ သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်ခြင်း၊ နေမင်းကြီးနှင့်တကွ လူ့ဘဝကို ခွဲလမ်းချစ်ခင်ခြင်းတို့သည် စုပေါင်းရောယှက်လျက်ရှိကာ တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။

"အရှင်ဘုရား၊ ကောင်းကင်ဘုံတွင်ရှိသော အရှင်ဘုရား။ တပည့်တော်အား ကယ်မတော်မူပါ။ ခွင့်လွှတ်တော်မူပါ။ ကာကွယ်ပေးတော်မူပါ"

နီကိုလေသည် ခပ်တိုးတိုး ရွတ်ဆိုလိုက်မိ လေသည်။

မြင်းတပ်သားများသည် မိမိတို့မြင်းများကို ကိုင်ထားသည့် တပ်လုလင်များထံသို့ ပြန်ပြေးကြလေသည်။ သူတို့အသံများသည် ကျယ်ရာမှ တဖြည်းဖြည်း ငြိမ်သွားကြကာ ထမ်းစင်များသည် မျက်စိရှေ့မှ ပျောက်ကွယ်သွားကြလေသည်။

"ဘယ့်နှယ်ကိုယ့်လူ၊ ယမ်းနံ့ရှူနေတာလား"ဒင်နီဆော့ဗ်က အနားတွင် ကပ်၍ အော်လိုက်သည်။

"အင်း၊ တစ်ပွဲပြီးသွားပြီ။ ငါဟာ သူရဲဘောကြောင်တဲ့လူပဲ။ ဟုတ်တယ်။ ငါဟာ သူရဲဘောကြောင်တဲ့ လူတစ်ယောက်"

နီကိုလေသည် ကိုယ့်ဘာသာကိုယ်တွေးကာ သက်ပြင်း ချလိုက်ပြီး ခြေတစ်ချောင်းထောက်၍ ရပ်နေသော မိမိ၏မြင်းကြီး 'ရှေကျီး'ကို တပ်လုလင်ထံမှ ယူလိုက်ပြီး မြင်းပေါ်သို့ တက်လိုက်သည်။

"ဒါ ကိုးလုံးကျည်အမြောက်လားဗျ"

နီကိုလေက ဒင်နီဆော့ဗ်သို့ မေးလိုက်သည်။

"ဟုတ်ပါသဗျား။ ရေမရောပါဘူး။ ခင်ဗျားကတော့ တကယ်ကို ထုံပေပေနိုင်တဲ့ လူတစ်ယောက်ပါပဲဗျာ။ ကျုပ်တို့ကတော့ ဒီလိုများ တိုက်ရမယ်ဆိုရင် မြူးနေတာပဲဗျို့။ ဒီပြင်သစ် ခွေးကောင်တွေကိုသာ လိုက်ခုတ်နေရင်တော့ ဖိမ်ပဲ။ ဒီမယ် ကိုရင်၊ ပြောလိုက်ရဦးမယ်။ နောက်တစ်ခါ တိုက်ပွဲကျရင်တော့ ဒီလို ထုံပေပေသွားလုပ်မနေလေနဲ့နော်။ ဒီလိုသာနေလို့ကတော့ ပစ်လို သိပ်ကောင်းတာပေါ့ဗျာ။ အားရပါးရကြီး"

ဒင်နီဆော့ဗ်သည် မလှမ်းမကမ်းတွင် ရပ်နေသော မြင်းတပ်ဖွဲ့ တစ်ခုဆီသို့ စီးသွားပြီး ဗိုလ်မှူးကြီး ဘောက်ဒါနစ်၊ နက်ဗစ်စကီ၊ ဇာကော့ဗ်နှင့် ကိုယ်ရံတော်တပ်ဗိုလ်ကလေး တစ်ဦးအနီးတွင် ရပ်နေလေသည်။

'ငါ သူရဲဘောကြောင်တာဘယ်သူမှ သတိထားမိဟန် မတူသေးဘူး။ ဟုတ်ပါတယ်။ ဘယ်သူမှ သတိမထားမိကြ သေးပါဘူး။ ပထမဆုံး တိုက်ပွဲမှာတော့ လူတိုင်း ဒီလိုဖြစ်တတ်တယ်ဆိုတာ သိကြပေသားပဲ'ဟု နီကိုလေ တွေးမိလိုက်သည်။

"ဗိုလ်ချုပ်ဆီကို ဘာသတင်းသွားပို့ရမလဲ ဗိုလ်မှူး။ ကျွန်တော့်ကိုတော့ မမေ့ပါနဲ့နော်" အလဲကိုင် ဗိုလ်ကလေး ဇာကော့ဗ်က ပြောလိုက်သည်။

"သွား၊ ဗိုလ်ချုပ်ဆီ သွားသတင်းပို့။ တံတားကို ငါမီးတင်လိုက်ပြီလို့"

ဗိုလ်မှူးကြီးက ခပ်ကြွားကြွား ပြောလိုက်သည်။

"အကျအဆုံးကို မေးရင်ကော ဗိုလ်မှူး"

"အို မဖြစ်လောက်တဲ့ ကိစ္စပါကွာ။ တစ်ယောက်ကျဆုံး၊ နှစ်ယောက်ထိ"

ဗိုလ်မှူးကြီးက တစ်ယောက်ကျဆုံးဆိုသော စကားလုံးကို အားရပါးရ ရွတ်ဆိုလိုက်ပြီး ပြုံးပြုံးကြီး ပြောလိုက်လေသည်။

## အခန်း ၉

ဘိုနာပတ်ကိုယ်တိုင် ကွပ်ကဲလျက် စစ်သည်ပေါင်းတစ်သိန်းရှိသော ပြင်သစ်စစ်တပ်ကြီးက ဒလကြမ်းဖိ၍ လိုက်လံတိုက်ခိုက်လျက်ရှိခြင်း၊ ထိုဒေသရှိ အရပ်သူအရပ်သားများထံမှ အကူအညီမရခြင်း၊ မိမိ၏မဟာမိတ်ကို ယုံကြည်မှုကင်းမဲ့လာခြင်း၊ ရိက္ခာပြတ်လတ်ခြင်း၊ ကြိုတင်သိမြင်နိုင်စွမ်း မရှိသော စစ်အခြေအနေများအောက်၌ တိုက်ခိုက်နေရခြင်း စသည့်အကြောင်းများကြောင့် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ် ဦးစီးသော စစ်သည်သုံးသောင်းငါးထောင်ရှိ ရုရှားစစ်တပ်ကြီးသည် ဒင်ညုမြစ်တစ်လျှောက်၌ အပြင်းဆုတ်ခွာလျက် ရှိလေသည်။ ရှေ့ပြောင်း သယ်ဆောင်ရန် ခက်ခဲသော လက်နက်ခဲယမ်းမီးကျောက်များ၊ အဆုံးအရှုံးမရှိ ဆုတ်ခွာနိုင်ရန်အတွက် နောက်ဖျားတပ်တိုက်ပွဲများလောက်ကိုသာ ဆင်နွှဲခြင်းပြုတော့သည်။ ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ခွာရာလမ်းတစ်လျှောက်၌ လင်းဘက်တွင်လည်းကောင်း၊ အမ်စတန်တင်တွင်လည်းကောင်း၊ မဲ့တွင် လည်းကောင်း ရန်သူပြင်သစ်များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ရုရှားတပ်များသည် သူရသတ္တိနှင့် ဇွဲနပဲအရာ၌ ရန်သူကပင် ချီးကျူးရလောက်အောင် ပြောင်မြောက်စွာ ခုခံတိုက်ခိုက်ခဲ့ကြသော်လည်း ထိုခံစစ်များမှာ ဘာမှ အရာမထင်ခဲ့ကြချေ။ ဆုတ်စစ်ကိုသာ လျင်မြန်စေခဲ့ပေသည်။ အန်းမြို့၌ ရန်သူ၏ အဝိုင်းခံရမည့်ဘေးမှ သိသိကလေး လွတ်ထွက်လာကြသည့် ဩစတြီးယား တပ်များသည် ဘရောနော ဒေသအရောက်တွင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ တပ်များနှင့်ပေါင်း၍ ခံခဲ့ကြသေး၏။ သို့ရာတွင် ယခုအချိန်၌မူကား ရုရှားစစ်တပ်များနှင့် ခွဲထွက်သွားကြပြီး ဖြစ်ရကား ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ ပင်ပန်းနွမ်းနယ်ကာ အားအင်ကုန်ခန်းလျက်ရှိသော ရုရှားစစ်တပ်များချည်းသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။ ဗီယင်နာမြို့တော်ကို ကာကွယ်ရန်ကိစ္စကိုကား စိတ်ကူးပင် မထည့်နိုင်တော့ချေ။ ဩစတြီးယားစစ်ဦးစီးဌာနချုပ်သည် ခေတ်သစ်သေနင်္ဂဗျူဟာနှင့်အညီ စနစ်တကျ ရေးဆွဲထားသော ထိုးစစ်စီမံကိန်းကြီးတစ်ရပ်ကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် ဗီယင်နာမြို့တော်၌ ရှိစဉ်က ပေးခဲ့သော်လည်း ယခုအချိန်၌ကား ထိုးစစ်ဆင်ဖို့မပြောနှင့် အန်းမြို့တွင် ဩစတြီးယား ဗိုလ်ချုပ်ကြီးမက်ကဲ့သို့ မိမိတပ်များအဆုံးအရှုံးမရှိဘဲ ရုရှားပြည်မနောက်ထပ်ပို့လိုက်သော စစ်ကူများနှင့် အမြန်ဆုံး ပေါင်းမိရေးလောက်ကိုသာ စိတ်ကူးနိုင်ပေတော့သည်။

အောက်တိုဘာလ ၂၈ ရက်နေ့၌ စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ တပ်များသည် ဒင်ညုမြစ်လက်ဝဲဘက်ကမ်းသို့ ဖြတ်ကူးခဲ့ပြီးနောက် ကမ်းနဖူး၌ တပ်စွဲလျက်ရှိ၏။ ဤအကြိမ်ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ တပ်များနှင့် ရန်သူပြင်သစ်တပ်များကြား၌ မြစ်မျှသာ ခြားသည်ဟု ဆိုရလောက်အောင် ပထမဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့ကြခြင်း ဖြစ်လေသည်။ အောက်တိုဘာ ၃၀ ရက်နေ့၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ တပ်များသည် လက်ဝဲဘက်ကမ်းသို့ ဖြတ်ကူးလာသော ပြင်သစ်ဗိုလ်မော်ရှား၏ တပ်များကို ဝင်ရောက်တိုက်ခိုက်ကာ တပ်ဦးကို ချိုးပစ်လိုက်၏။ ထိုတိုက်ပွဲ၌ ရန်သူ့ပစ္စည်းများကို ပထမဆုံး သိမ်းပိုက်နိုင်ခဲ့လေသည်။ ရန်သူ့ဗိုလ်ချုပ်နှစ်ဦးနှင့်တကွ စစ်တံခွန်များ၊ အမြောက်မြတပ်များကိုလည်း လက်ရသိမ်းပိုက်နိုင်ခဲ့၏။ ထိုအကြိမ်သည် သီတင်းနှစ်ပတ်မျှ အပြင်းဆုတ်ခွာခဲ့ရသည့် ရုရှားစစ်တပ်ကြီးအဖို့ ပထမဆုံးအကြိမ် တပ်နားခွင့်ရခြင်းဖြစ်၏။ တိုက်ပွဲအပြီး၌ နယ်မြေများကို ပထမဆုံးအကြိမ် လက်ရသိမ်းပိုက်နိုင်ခဲ့ခြင်းလည်းဖြစ်၏။ ရန်သူပြင်သစ်များကို ပထမဆုံးအကြိမ် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။ ထိုအချိန်၌ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ တပ်များမှာ အဝတ်အစားပင် ပြည့်စုံခြင်းမရှိတော့ဘဲ တိုက်ပွဲတွင် ကျဆုံးသူ၊ ဒဏ်ရာရသူ၊ နာမကျန်းဖြစ်သူ၊ လမ်း၌ကျန်နေရစ်ခဲ့သူ စုစုပေါင်းမှာ သုံးပုံတစ်ပုံလောက်ရှိနေလျက် အကြီးအကျယ် စစ်ပန်းလျက် ရှိနေလေပြီ။ ရန်သူ၏ သနားညှာတာမှုမှတစ်ပါး အခြားဘာမျှ အားကိုးဖွယ်မရှိဟူသော သဘောမျိုးပါသည့် စစ်သေနာပတိ၏ စာချွန်နှင့်အတူ ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်သူများကို ဒင်ညုမြစ်တစ်ဖက်ကမ်း၌ စွန့်ပစ်ခဲ့ရပြီးပေပြီ။ ဆေးရုံများနှင့် မလောက်၍ ကရင်ဒေသရှိ အိမ်များကို သိမ်းကာ စစ်ဆေးရုံများအဖြစ်သို့ ပြောင်းလွှဲဖွင့်လှစ်ခဲ့သော်လည်း ဒဏ်ရာရသူနှင့် နာမကျန်းဖြစ်သူဦးရေမှာ ဆေးရုံနှင့် မမျှအောင်ဖြစ်နေလေပြီ။ သို့သော်လည်း ကရင်ဒေသ၌ ပြင်သစ်ဗိုလ်မော်ရှား၏ တပ်များကို ချေမှုန်းလိုက်နိုင်သည့် အခါ၌ကား ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏တပ်များမှာ အတော်အတန် စိတ်ဓာတ်တက်ကြွလာကြလေသည်။ တပ်မတော်တစ်ခုလုံးနှင့်တကွ စစ်ဦးစီးဌာနချုပ်၌လည်း ရုရှားတပ်ကူများ ချီတက်လာပြီဟုလည်းကောင်း၊ ဩစတြီးယားတပ်များက အောင်ပွဲခံလျက်ရှိသည်ဟုလည်းကောင်း၊ ဘိုနာပတ်မှာ ကြောက်လန့်တကြား ဆုတ်ခွာလျက် ရှိပြီဟုလည်းကောင်း ဝမ်းသာစရာ သတင်းကောင်းများကို ကြားနေရလေသည်။ (အမှန်၌ကား မဟုတ်မမှန် ကောလာဟလ သတင်းများသာ ဖြစ်ပါသည်။)

တိုက်ပွဲအတွင်း၌ မင်းသားကလေး အင်ဒရေမှာ ကျဆုံးသွားသော ဩစတြီးယား ဗိုလ်ချုပ်ရှမစ်၏ ကိုယ်ရံတော်အဖြစ် အမှုထမ်းလျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေ၏ မြင်းမှာလည်း ရန်သူ့ကျည်သင့်၍ ဒဏ်ရာရခဲ့လေသည်။ ၎င်းကိုယ်တိုင်ကား ကျည်ဆန်ရှပ်မှန်သွားသဖြင့် လက်မောင်းတွင်ဒဏ်ရာရခဲ့လေသည်။ စစ်သေ



www.burmeseclassic.com

www.burmeseclassic.com



နာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် အထူးအခွင့်အရေးပေးသည့်အနေဖြင့် မိမိတို့အောင်ပွဲခံနေသည့် သတင်းကို ဩစတြီးယား ဧကရာဇ် ဧကရာဇ်ထံ သတင်းပေးပို့ အစီရင်ခံရန် မင်းသားကလေးအင်ဒရေကို လွှတ်လိုက်လေသည်။

ဩစတြီးယား ဧကရာဇ်ကား (ရုရှားပြင်သစ်တပ်များ၏ ခြိမ်းခြောက်မှုကို ခံနေရသည့်) ဗီယင်နာမြို့တော်၌ မဟုတ်တော့ဘဲ ဘရွန်းမြို့၌ ပြောင်းရွှေ့နန်းစံလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် လူပုံကသာ နွဲ့နွဲ့နှောင်းနှောင်းကလေးဖြစ်သော်လည်း အခြားသန်သန်မာမာ ယောက်ျားကြီးထက် များစွာအပင်ပန်းခံနိုင်သည်ကို တွေ့ရလေသည်။ ကရင်ဒေသတွင် တိုက်ပွဲဖြစ်ပွားသည့် ညဉ့်၌ မင်းသားကလေးအင်ဒရေသည် ဗိုလ်ချုပ်ဒိုတူရော့ဗ်ထံမှ အမှာစာချွန်တစ်စောင်ကို ယူဆောင်လျက် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံ ရောက်လာခဲ့၏။ ထိုအချိန်၌ မင်းသားကလေးအင်ဒရေမှာ ခရီးကြောင့် မောပန်းနွမ်းနယ်ခြင်း မရှိသော်လည်း တိုက်ပွဲဖြစ်သည့်နေရာသို့ ရောက်လာသည့်အတွက် စိတ်လှုပ်ရှားလျက်ရှိလေသည်။ ဤတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်က ဩစတြီးယား ဧကရာဇ်ထံ စာချွန်တော် ချက်ချင်းပို့စေနိုင်းပြန်သဖြင့် မင်းသားကလေး အင်ဒရေသည် နားချိန်ပင် မရတော့ဘဲ အထူးစာချွန်ကို ယူဆောင်ကာ ဩစတြီးယား ဧကရာဇ် ယာယီစံရာ ဘရွန်းမြို့သို့ ထွက်လာခဲ့ရပြန်လေသည်။

ဤသို့ အရေးကြီးသော စာချွန်နှင့်အတူစေလွှတ်ခံရခြင်းကား ဆုတော်လာဘ်တော် ချီးမြှင့်ခြင်း ခံရသည်နှင့် မခြားရုံမျှမက ရှေ့တွင် အရာတိုးဖို့ ရှေ့ပြေးနိမိတ်လည်း ဖြစ်လေသည်။

ညသည် မှောင်မည်းလျက်ရှိသော်လည်း ကြယ်ရောင်တို့ဖြင့် လင်းလျက်ရှိ၏။ မနေ့က (တိုက်ပွဲ ဖြစ်သည့်နေ့က) ကျခဲ့သော နှင်းခဲများထဲ၌ လမ်းကလေးသည် မည်းနက်လျက် ထင်ရှားစွာ ပေါ်နေလေသည်။ မနေ့က တိုက်ပွဲ ဖြစ်ခဲ့ကြပုံ၊ မိမိယူဆောင်လာသည့် အောင်ပွဲသတင်းကြောင့် ဩစတြီးယားဧကရာဇ်တော်တွင် မည်သို့ ဂယက်ရိုက်သွားမည့်ပုံ၊ စစ်သေနာပတိချုပ်နှင့်တကွ စစ်ဦးစီးဌာနချုပ် အရာရှိများက မိမိအား ယခုကဲ့သို့ အရေးကြီးသော သတင်းကိုပို့ရန်စေလွှတ်ပုံ စသည်တို့ကို တွေးရင်း မင်းသားကလေးအင်ဒရေသည် နှစ်ရှည်လများ စောင့်စားမျှော်လင့်ခဲ့ရသည့် စိတ်၏ချမ်းမြေ့ခြင်းကို ရရှိသူတစ်ယောက်ကဲ့သို့ တစိမ့်စိမ့်ကြည်နူးလျက် ချောပို့မြင်းထောက် ရထားထဲတွင် လိုက်ပါလာလေသည်။ မျက်လုံးများကို မှိတ်လိုက်သည်နှင့် တစ်ပြိုင်နက် မင်းသားကလေး အင်ဒရေသည် တဂျက်ဂျက်မြည်သော ရထားဘီးသံများကို တစ်ရံမလတ် ကြားလျက်ရှိကာ အောင်ပွဲ၏အရသာကို ခံစားနေရသကဲ့သို့ မှတ်ထင်နေလေ၏။ ရုရှားတပ်များ မရှုမလှဆုတ်ခွာထွက်ပြေးကြရ၍ မိမိကျဆုံးခဲ့လျှင်ဟူသော အတွေးမျိုးသည်လည်း တစ်ခါတစ်ရံ ဝင်ရောက်လာ၏။ ထိုအခါ၌ မင်းသားကလေးအင်ဒရေသည် သတိပြန်ရလာကာ အကွဲကွဲဆုတ်ခွာပြေးကြရသူများမှာ မိမိတို့တပ်များ မဟုတ်ဘဲ ရန်သူပြင်သစ်တပ်များသာ ဖြစ်ကြောင်းကို သတိထားမိလာရာက ထိုအခါကျမှ ထိုသတင်းကို အသစ်တစ်ဖန် ကြားရသည့်ပမာ ရွှင်လန်းကြည်နူးရခြင်း ဖြစ်ရပြန်သည်။ ဤသို့ဖြင့် မင်းသားကလေး အင်ဒရေသည် အောင်ပွဲရသည့် တိုက်ပွဲအခြင်းအရာ အသေးစိတ်များကိုလည်းကောင်း၊ တိုက်ပွဲအတွင်း၌ တည်ကြည်ရဲရင့်စွာ ရှိခဲ့သော မိမိ၏သူရသတ္တိကိုလည်းကောင်း တွေးတောရင်း ကြည်နူးကာ အိပ်ပျော်လျက်ပါသွားလေသည်။ ကြယ်လင်းသည့် လမိုက်ညကုန်ဆုံးလျှင် တောက်ပရွှင်မြူးဖွယ်ကောင်းသော နံနက်ခင်းသို့ ရောက်လာလေသည်။ နှင်းခဲများသည် နေရောင်ထဲတွင် အရည်ပျော်လျက်ရှိကြ၏။ မြင်းကြီးများမှာလည်း ဒုန်းစိုင်း၍ပြေးနေကြလေရာ လမ်းဘေးတစ်ဖက်တစ်ချက်မှ သစ်တောများ၊ လယ်ကွင်းများ၊ ရွာကလေးများသည် အဝေးတွင် ကျန်နေရစ်ခဲ့ကြလေသည်။

ချောပို့ မြင်းထောက်စခန်းတစ်နေရာ၌ မင်းသားကလေး အင်ဒရေသည် ဒဏ်ရာရသော ရုရှားစစ်သားလူနာများကို လိုက်ပို့သည့် အစောင့်တပ်ဖွဲ့ကလေးတစ်ဖွဲ့ကို မီလာလေသည်။ အစောင့်တပ်ဖွဲ့ကို ဦးစီးလာသည့် ရုရှားစစ်ဗိုလ်ကလေးသည် ရှေ့ဆုံးမြင်းလှည်းပေါ်တွင် ပက်လက်လှန်၍ လိုက်ပါလာရင်း တပ်သားတစ်ယောက်အား ကြမ်းတမ်းရုန့်ရင်းစွာ ဆဲဆိုလျက်ရှိ၏။ ရှည်မျောမျော ဂျာမန်မြင်းလှည်းခြောက်စင်းခန့်စလုံး၌ ပတ်တီးများ စည်းလျက်ညစ်ပတ်စုတ်ပြတ် ပျော့တော့လျက်ရှိသော လူနာများလိုက်ပါလာကြ၏။ လမ်းမှာ ကျောက်ခဲထုထပ်သည့်အလျောက် တဂျုန်းဂျုန်းဆောင့်နေသဖြင့် အထဲ၌ ထည့်၍

www.burmeseclassic.com



ခလောက်သလို ဖြစ်နေကြလေသည်။ အချို့လူနာများမှာ စကားပြောလျက် ရှိကြပြီး (မင်းသားကလေးအင်ဒရေသည် လှည်းထဲမှ ရုရှားစကားပြောသံများကို ကြားရသည်။) အချို့ကား ပေါင်မုန့်များကို ဝါးလျက်ရှိကြလေသည်။ ဒဏ်ရာပြင်းထန်သူများမှာကား နာမကျန်းဖြစ်သော ကလေးငယ်၏ ပန်းလျှခြင်းမျိုးဖြင့် မိမိတို့လှည်းဘေးမှ ကျော်တက်သွားကြသော အစောင့်တပ်သားများကို ငေးမော လျက် ငြိမ်သက်စွာ လိုက်ပါလာကြလေသည်။

မင်းသားကလေး အင်ဒရေသည် မိမိ၏မြင်း ထောက်ရထားသမားအား ရပ်စေကာ မည်သည့်တိုက်ပွဲ၌ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်းကို တပ်သားတစ်ယောက်ထံ စုံစမ်းမေးမြန်းနေသည်။

"တမြန်နေ့က ဒင်ညုမြစ်တိုက်ပွဲမှာ"

တပ်သားက ပြောလိုက်သည်။ မင်းသားကလေး အင်ဒရေသည် မိမိ၏ပိုက်ဆံအိတ်ကို ထုတ်လိုက်ပြီး တပ်သားအား ရွှေဒင်္ဂါးသုံးပြားကို လှမ်းပေးလိုက်သည်။

"ရော့၊ ဒီလူနာတွေအားလုံးအတွက်"

မိမိဆီသို့ လျှောက်လာသည့် တပ်ဖွဲ့ဗိုလ်ကလေးကို ပြောလိုက်၏။

"မကြာခင် ကောင်းသွားမှာပါကွာ။ ကဲ သွားမယ် ဟေ့။ တာဝန်တွေရှိသေးတယ်" မင်းသားကလေး အင်ဒရေ က တပ်သားများဘက်သို့လှည့်ကာ နှုတ်ဆက်လိုက်သည်။

"ဘာ သတင်းထူးသေးသလဲ ဗိုလ်လေး"

တပ်ဖွဲ့ဗိုလ်ကလေးက စကားမရှိ စကားရှာ၍ မေးလိုက်၏။

"သတင်းကောင်းဟေ့၊ သတင်းကောင်း။ ဟေ့ မောင်းလေကွာ" မင်းသားကလေး အင်ဒရေက မြင်း ထောက်ရထားမောင်းသူကို ပြောလိုက်သဖြင့် ရထားသည် ကဆုန်စိုင်းခရီးဆက်ခဲ့ပြန်သည်။

ဘရွန်းမြို့ထဲသို့ ရောက်သောအချိန်၌ မှောင်လျက် ရှိလေပြီ။ လမ်းတစ်လျှောက်၌ မြင့်မားသောတိုက်တာ အဆောက်အအုံကြီးများသည် အစီအရီရှိနေကြ၏။ အိမ်များ၊ ဈေးဆိုင်များမှ မီးရောင်များနှင့် လမ်းမီးရောင်များသည် ထိန်ထိန်လင်းလျက်၊ လှပခံ့ညားသော ကရထားကြီးများ သည် ဥဒဟို သွားလာလျက်ရှိကြ၏။ ဤသို့ဖြင့် ဘရွန်းမြို့ သည် မြို့ကြီးတစ်မြို့၏ ထုံးစံအတိုင်း စည်ကားလျက်

ရှိလေရာ ရှေ့တန်းစစ်စခန်းမှ ပြန်လာရသည့် စစ်သားတစ် ယောက်အဖို့ကား လှပတင့်တယ် ရှုချင့်စဖွယ်တွေချည်း ဖြစ်လျက် ရှိပေသည်။ မင်းသားကလေး အင်ဒရေသည် တစ်ညလုံး အိပ်ရေးပျက်ခဲ့ကာ ခရီးပြင်းနှင်လာခဲ့ရသော် လည်း ရွှေနန်းတော်နားသို့ ရောက်သည်နှင့် မနေ့က ထက်ပင် ပို၍ ခွန်အားတွေ ပြည့်လာကာ လန်းဆန်းလာ သည်ဟု မှတ်ထင်လိုက်ရ၏။ မျက်ဝိများကား ကျိန်းစပ် လျက် ရှိလေပြီ။ အတွေးများသည် တစ်ခုပြီးတစ်ခု ပို၍ ကြည်လင်ပြတ်သားသောသဏ္ဌာန်ဖြင့် အစီအရီ ပေါ်လာ ကြ၏။ ဩစတြီးယား ရွှေနန်းရှင်ပရန်စစ် ကေရာဇ် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ အခစားဝင်နေသည် ဟု အမှတ်ပြုလျက် တိုက်ပွဲရှုခင်းများကို စေ့စေ့ပြန်၍ တွေးနေမိပြန်သည်။ ရွှေနန်းရှင် ဘုရားက မေးမည့်မေးခွန်း များနှင့် မိမိက ပြန်၍ လျှောက်တင်ရမည့် အချက်များ ကိုလည်း အဆင်သင့်ပင် စိတ်ကူးထားလိုက်လေသည်။ မိမိအား ရွှေနန်းရှင်ဘုရား၏ ရှေ့တော်မှောက်သို့ ချက်ချင်း အခစားဝင်ခွင့် ပေးလိမ့်မည်ဟုလည်း မျှော်လင့်လျက် ရှိလေသည်။ သို့ရာတွင် ရွှေနန်းတော် ဗဟိုတံခါးမကြီး အဝသို့ အရောက်၌ နန်းတွင်းအရာထမ်း တစ်ယောက် ပြေးလာလေသည်။ အထူးစေတမန်မှန်း သိသည်နှင့် တစ်ပြိုင်နက် အခြားတံခါး တစ်ခုသို့ ခေါ်ဆောင်သွား ကာ "ဒီစင်္ကြံရဲ့ ညာဘက်အတိုင်း လျှောက်သွားပါ ဗိုလ်မင်း။ တာဝန်ကျနေတဲ့ တပ်ရေးဗိုလ်မင်းနဲ့ တွေ့ပါလိမ့် မယ်။ သူက ဗိုလ်မင်းကို စစ်ဝန်ကြီးဆီ ခေါ်သွားပါလိမ့် မယ်"ဟု နန်းတွင်းအရာထမ်းက လမ်းညွှန်လိုက်သည်။

တာဝန်ကျ တပ်ရေးဗိုလ်မင်းသည် မင်းသား ကလေး အင်ဒရေနှင့် တွေ့ပြီးနောက် ခေတ္တအစောင့်ခိုင်း ထားကာ စစ်ဝန်ကြီး၏ ခန်းမဆောင်ထဲသို့ဝင်သွားလေ သည်။ ငါးမိနစ်ခန့်အကြာတွင် တပ်ရေးဗိုလ်မင်း ပြန်ထွက် လာကာ အထူးယဉ်ကျေး သိမ်မွေ့သော အမူအရာဖြင့် ဦးညွှတ်နှုတ်ဆက်ပြီးနောက် မင်းသားကလေး အင်ဒရေ အား ရှေ့မှသွားစေကာ စစ်ဝန်ကြီး၏ခန်းမဆောင်သို့ လိုက်ပို့လေသည်။ ဩစတြီးယား တပ်ရေးမင်း၏ အထူး တလည် ယဉ်ကျေးသိမ်မွေ့ခြင်းသည် စေတမန်ရုရှား ဗိုလ်ကလေး မင်းသားကလေး အင်ဒရေအား စိတ်ပျက်သွား လျှော့အောင် ပြုနေသကဲ့သို့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဝန်ကြီး၏ ခန်းမဆောင်နားသို့ ရောက်လာသည်နှင့်အမျှ မင်းသားကလေး အင်ဒရေ၏ ပျော်ရွှင်ကြည်နူးမှုဟူသမျှမှာ တပြည်းပြည်း လွင့်စဉ်သွားကြလေပြီ။ မင်းသားကလေး အင်ဒရေ၏ စိတ်တွင် မခံချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်။ ထိုနောက် ထိုမခံချင်စိတ်မှ ပမာမခန့်ပြုလိုစိတ်များသည် ရုတ်တရက် ပေါ်ပေါက်လာကြပြန်သည်။ မင်းသားကလေး အင်ဒရေ၏ မဟုတ်မခံစိတ်သည် စစ်ဝန်ကြီးနှင့် တပ်ရေးမင်းအား ပမာမခန့်ပြုရန် တိုက်တွန်းနေသကဲ့သို့ ထင်မှတ်ရ၏။ 'ဒီလူတွေဟာ နန်းတွင်းမှာ ဖိမ်နဲ့နေပြီးတော့ ကိုယ့်ကိုယ်ကို အထင်ကြီးနေကြတာပဲ'ဟုလည်း တွေးလိုက်မိသည်။ မင်းသားကလေး အင်ဒရေသည် မထိမဲ့မြင် မျက်နှာထားဖြင့် ခြေလှမ်းကျဲကျဲလှမ်းကာ စစ်ဝန်ကြီး၏ ခန်းမဆောင်ထဲသို့ ဝင်လာခဲ့သည်။ စစ်ဝန်ကြီးသည် မင်းသားကလေး အင်ဒရေ ရောက်လာခြင်းကို ဂရုမှုခြင်းမရှိဘဲ ကြီးမားလှသော စားပွဲကြီးတွင် ထိုင်ကာ စာရွက်စာတမ်းများကို ဖတ်လိုက်၊ ခဲတံတစ်ချောင်းဖြင့် ခြစ်လိုက်ဖြင့် အလုပ်များနေသည်။ မင်းသားကလေး အင်ဒရေ၏ မခံချင်စိတ်များမှာ ပို၍ပင် ပြင်းထန်လာခဲ့လေပြီ။ နှစ်မိနစ် သုံးမိနစ်ခန့် ကြာသည့်တိုင်အောင် စစ်ဝန်ကြီးက ဂရုမစိုက်သေးချေ။ စစ်ဝန်ကြီး၏ ဘေးတစ်ဖက်တစ်ချက်၌ ပျားဖယောင်းတိုင် တစ်တိုင်စီ မီးထွန်းထားလေရာ အဖြူရောင်သန်းသော နားပန်းဆံများနှင့် ငုံ၍နေသည့် ခေါင်းပြောင်ကြီးကို မြင်ရ၏။ စစ်ဝန်ကြီးသည် တံခါးဘက်ဆီသို့လည်းကောင်း၊ ခြေသံကြားရာဘက်သို့လည်းကောင်း လှည့်၍မျှမကြည့်ဘဲ စာရွက်စာတမ်းများကိုသာ ဆုံးအောင်ဖတ်လျက်ရှိသည်။

"ရော့ဒီဟာတွေကိုယူသွားပြီး ပေးလိုက်" စစ်ဝန်ကြီးက တပ်ရေးဗိုလ်မင်းကို လှမ်းပြောလိုက်ပြီး စာရွက်စာတမ်းများကို လှမ်းပေးလိုက်သည်။ အထူး ခေတာမန်မင်းသားကလေး အင်ဒရေကိုကား လှည့်၍မျှ မကြည့်သေးချေ။

ဩစတြီးယား စစ်ဝန်ကြီးသည် ရုရှားစစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် တပ်မတော်များ၏ စစ်ဆင်စစ်တက် ကိစ္စများထက် အရေးကြီးသောကိစ္စများ ရှိနေသလော၊ သို့တည်းမဟုတ် ဤအထင်မျိုးရောက်အောင် ဟန်ဆောင်နေသလောဟုလည်း မင်းသားကလေး အင်ဒရေ တွေးမိသည်။ 'ဘာပဲဖြစ်ဖြစ် ငါ့ကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင် မအောက်မေ့တဲ့ သဘောပဲ'ဟု တွေးလိုက်မိပြန်သည်။ စစ်ဝန်ကြီးသည် ကျန်စာရွက်စာတမ်းများကို ဆွဲယူကာ တစ်ရွက်စီ ညီညီညာညာထပ်လိုက်ပြီးနောက် ခေါင်းကိုမော့လိုက်သည်။ စစ်ဝန်ကြီး၏ခေါင်းမှာ ထူးခြား၍ အသိဉာဏ်ပညာ ထက်မြက်သောခေါင်းမျိုး ဖြစ်၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေဘက်သို့ လှည့်လိုက်သည်နှင့် တည်ကြည်၍ ထက်မြက်သည့်မျက်နှာထားမှာ တစ်မုဟုတ်ချင်း ပြောင်းသွားကာ တင်လွှာတင်သူပေါင်းများစွာကို အမြဲတစေ လက်ခံတွေ့ဆုံနေရသည့် လူတစ်ယောက်၏ ငြီးငွေ့ဖွယ်ကောင်းလှသော ဟန်ဆောင်ပြုံးကို ပြုံးလိုက်လေသည်။ (ဤအပြုံးသည် ဟန်ဆောင်တတ်သော အပြုံးမျိုး၏ သဘာဝကိုပင် ဖုံးပိခြင်း မပြုနိုင်ရှာချေ။)

"စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ဆီကလား။ မင်္ဂလာသတင်းလားဟေ့။ ပြင်သစ်ဗိုလ် မော်ရှားရဲ့ တပ်တွေနဲ့ တိုက်ပွဲဖြစ်တယ်ဆို။ အောင်ပွဲရလိုက်တယ် မဟုတ်လားကွ။ အိမ်း၊ ဟန်လိုက်လေကွယ်"

ဩစတြီးယား စစ်ဝန်ကြီးသည် မိမိထံသို့ လိပ်တပ်ပေးပို့လိုက်သော စာချွန်ကိုယူကာ မသာယာသော မျက်နှာထားနှင့် ဖတ်ရှုလျက် ရှိလေသည်။

"ဘုရား ဘုရား။ ရှမစ်တစ်ယောက်လဲ ကျသွားရှာပြီနော်။ အင်း၊ စိတ်မချမ်းမြေ့စရာပါလား ကွယ်ရို့"

စစ်ဝန်ကြီးသည် စာချွန်တော်ကို ဖတ်ရှုပြီးနောက် စားပွဲပေါ်သို့ တင်ထားလိုက်ကာ မင်းသားကလေး အင်ဒရေကိုကြည့်လျက် တစ်စုံတစ်ရာကို စဉ်းစားနေဟန် ရှိလေသည်။

"အိမ်း၊ သတင်းကတော့ မလှဘူးဟေ့။ ကိုရင်တို့ဗိုလ်ချုပ်ကြီးရဲ့ စာချွန်ထဲမှာ အရေးကြီးတဲ့ အောင်ပွဲများကို ရတယ်လို့သာ ဆိုတယ်။ ပြင်သစ်ဗိုလ်ကိုတော့ လက်ရမဖမ်းနိုင်ပါကလားကွယ်၊ ဟေ"

စစ်ဝန်ကြီးသည် အတန်ကြာ တွေးနေသည်။

"အိမ်း၊ ကိုရင်တို့ကသာ အောင်ပွဲလို့ဆိုပေမယ့် အမှန်ကတော့ ဩစတြီးယား ဗိုလ်ချုပ်ရှမစ်ရဲ့ အသက်ကို ပေးပြီး ရလိုက်တဲ့ အောင်ပွဲပဲဗျနော်။ ကဲ၊ ဘာပဲဖြစ်ဖြစ်လေ ဒီသတင်းကို လာပို့တဲ့အတွက် ကျေးဇူးတင်တယ် ဗိုလ်မင်း။ ရွှေနန်းရှင် ဘုရားကလဲ ဗိုလ်မင်းကို တွေ့ချင်တော်မူမှာပဲ။ ဒါပေမဲ့ ဒီနေ့တော့ တွေ့ချိန်ရပေမယ် မဟုတ်ဘူး။ ဒီနေ့

www.burmeseclassic.com



တော့ မိုလ်မင်းလဲ ခရီးပန်းလာတော့ နားဦးပေါ့။ မနက်ဖြန် မနက် မိုလ်ရှခံ သဘင်ပြီးလို့ ညီလာခံဝင်တဲ့အခါကျမှ အခစားဝင်တာပေါ့။ အိမ်း၊ ထပ်ပြီး အကြောင်းကြားမယ်လေ"

စကားဆုံးသည်နှင့် စစ်ဝန်ကြီး၏ မျက်နှာပေါ်တွင် ငြီးငွေ့ဖွယ်ကောင်းသော အပြုံးသည် ပေါ်၍ လာပြန်၏။

"ကဲ၊ သွားနိုင်ပြီမိုလ်မင်း။ ကျေးဇူးတင်တယ်။ ရွှေနန်းရှင်ကလဲ အခစားဝင်စေလို့ မှာပါတယ်"စစ်ဝန်ကြီးသည် ဦးညွတ်၍ နှုတ်ဆက်လိုက်၏။

ရွှေနန်းတော်မှ ပြန်လာသောအခါတွင်ကား အောင်ပွဲခံခဲ့ရသဖြင့် ဖြစ်ပေါ်လာခဲ့သော ထက်သန်ရှင်လန်းခြင်းဟူသရွေ့သည် အေးတိအေးစက်နိုင်လှသော စစ်ဝန်ကြီးနှင့် ယဉ်ကျေးဖွယ်ရာခြင်းကိုပြရန် အထူးတလည် ထီးဟန်နန်းဟန် ဖမ်းနေသော တပ်ရေးမင်းတို့ထံတွင် ကျန်ရစ်ခဲ့ကာ မိမိရင်ထဲမှ ပျောက်ကွယ် လွင့်စဉ်သွားကြလေပြီဟု မင်းသားကလေးအင်ဒရေ ထင်မိလေသည်။ မင်းသားကလေးအင်ဒရေ၏ စိတ်ကူးအလျဉ်သည် လမ်းကြောင်းပြောင်း၍ သွားခဲ့လေပြီ။ မိမိတို့ အောင်ပွဲခံခဲ့ရသည့် တိုက်ပွဲကြီးသည် အတိတ်ကာလမှ အဖြစ်အပျက်တစ်ခုကဲ့သို့ မှုန်ဝါး၍ သွားခဲ့လေပြီ။

## အခန်း ၁၀

ဘလွန်းမြို့၌ မင်းသားကလေး အင်ဒရေသည် သံတမန်ဘက်တွင် အမှုထမ်းလျက်ရှိသည့် ရုရှားလူမျိုးတစ်ဦးဖြစ်သူ မိမိ၏မိတ်ဆွေ ဘီလီဘင်၏အိမ်၌ တည်းခိုလျက် ရှိလေသည်။

"ဟော ရောင်းရင်းပါလား။ အိမ်း၊ ကျွပ်အဖို့ကတော့ ရောင်းရင်းထက် ဝမ်းပန်းတသာ ကြိုဆိုရမယ့် ဧည့်သည်တော့ ရှိနိုင်တော့မှာ မဟုတ်ဘူးဗျို့။ လာပါ၊ ကြွပါ။ ဟော့ ဖရန့်၊ ကိုယ်တော်လေးရဲ့ ပစ္စည်းတွေကို ငါ့အိပ်ခန်းထဲ သွားထား" ဘီလီဘင်က ဝမ်းပန်းတသာဖြင့် ဆီးကြိုနှုတ်ဆက်သည်။ "ရောင်းရင်းကတော့ မင်္ဂလာအောင်ပွဲကြီးရဲ့ သတင်းကို လာပို့တဲ့ စေတမန်တော်ပေါ့၊ ဟုတ်စ။ ကျွန်တော်တို့ဖြင့်ဗျာ ဒီမှာထိုင်ပြီး အလုပ်မရှိ အချိန်ကုန်နေကြရတာပါပဲ"

မင်းသားကလေး အင်ဒရေသည် ကိုယ်လက်သန့်စင်၍ အဝတ်အစားလဲခဲ့ပြီးနောက် သံတော်ဆင့် ဝန်ထောက် ဘီလီဘင်၏ ခမ်းနားလှသော စာကြည့်ဆောင်ထဲသို့ ဝင်လာကာ မိမိအတွက် အသင့်ပြင်ထားသော ညစာစားပွဲ၌ ထိုင်လိုက်သည်။ ဘီလီဘင်ကား မီးလင်းဖိုအနီး၌ ဇိမ်ဖြင့် ထိုင်လျက်ရှိလေသည်။

စစ်ထွက်ခဲ့ရစဉ် အတွင်း၌ ယခုကဲ့သို့ သက်သောင့်သက်သာနေရသည့် ဘဝမျိုးနှင့် သန့်ရှင်းစင်ကြယ်စွာ ဝတ်ဆင်ရခြင်းကြောင့် ဖြစ်ပေါ်သော ဇိမ်ရှိလှသော အတွေ့မျိုးတို့မှကင်းဝေးခဲ့ရသည်ဖြစ်ရာ မင်းသားကလေး အင်ဒရေမှာ မိမိငယ်စဉ်တောင်ကျေး အရွယ်ကစ၍ ထိတွေ့ခဲ့ရသည့် ယခုကဲ့သို့ စည်းစိမ်ရှိလှသော ပတ်ဝန်းကျင်နှင့် တွေ့လိုက်သည်တွင်အေးအေးလူလူ နားနေရခြင်း၏ အရသာကို သာယာသွားမိလေသည်။ ထို့ပြင်လည်း သြစတြီးယားများနှင့် တွေ့ခဲ့ရပြီးနောက် ရုရှားဘာသာဖြင့် မပြောရသည့်တိုင် (သူတို့နှစ်ယောက်သည် ပြင်သစ်ဘာသာဖြင့် စကားပြောနေကြခြင်းဖြစ်သည်။) ရုရှားလူမျိုးတစ်ယောက်နှင့် စကားပြောရသည့်အတွက်ကြောင့်တစ်ကြောင်း၊ ထိုအချိန်၌ ရုရှားများမှာ သြစတြီးယားများကို လွန်စွာမနှစ်မြို့ဖြစ်လျက် ရှိသည်နှင့်အညီ ဘီလီဘင်သည်လည်း သြစတြီးယားများကို မုန်းတီးသူတစ်ယောက် ဖြစ်လိမ့်မည်ဟု ယူဆသည့်အတွက်ကြောင့်တစ်ကြောင်း၊ မင်းသားကလေးအင်ဒရေမှာ များစွာကြည်နူးလျက် ရှိလေသည်။

ဘီလီဘင်မှာ အသက်သုံးဆယ့်ငါးနှစ်ရှိ လူပျိုကြီးတစ်ယောက်ဖြစ်လျက် မင်းသားကလေး အင်ဒရေကဲ့သို့ပင် အထက်တန်းမူးမျိုးမတ်နွယ်မှ ဆင်းသက်လာသူတစ်ယောက်ဖြစ်ပေသည်။ ၎င်းတို့နှစ်ယောက်သည် ပီတာစဘတ်ရွှေမြို့တော်မှာကတည်းက သိကျွမ်းလာခဲ့ကြခြင်းဖြစ်သော်လည်း ဗိုလ်ချုပ်ကြီး ကုတူဇော့ဗ်နှင့်အတူ မင်းသားကလေးအင်ဒရေ ဗီယင်နာမြို့တော်သို့ ရောက်လာသည့်အခါတွင်မှ ပို၍ ရင်းနှီးခင်မင်လာခဲ့ကြခြင်း ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေသည် စစ်မှုထမ်းဘက်၌ ရာထူးရာခံကြီးသို့ ရောက်ရှိရန် အလားအလာရှိသော လူရွယ်တစ်ယောက်ဖြစ်သကဲ့သို့ ဘီလီဘင်သည်လည်း သံတမန်ဘက်တွင် ရှေ့သို့တက်ရန် ပို၍ပင် အလားအလာကောင်းသော လူရွယ်တစ်ယောက်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလီဘင်သည် အသက်ဆယ့်ခြောက်နှစ်သားကတည်းက စ၍ သံတမန်ဘက်တွင် အမှုထမ်းခဲ့လျက် ပါရီနှင့် ကိုပင်ဟေဂင် မြို့တော်များတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကာ ယခု ဩစတြီးယား နန်းတော်သို့ စေလွှတ်ခြင်း ခံရသူဖြစ်ပေရာ လူငယ်တစ်ယောက်မှုပင် ဖြစ်သော်လည်း လုပ်သက်နုသော သံတမန် အမှုထမ်းကလေးတစ်ယောက် မဟုတ်တော့ချေ။ ရုရှားနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးနှင့် ဗီယင်နာရှိ ရုရှားသံတော်ကြီးတို့၏ အရေးယူ မြှောက်စားခြင်းကိုလည်း ခံရသူ ဖြစ်ပေသည်။ သံတမန်ဆိုသည် လူစားမျိုးသည် များသောအားဖြင့် သူတစ်ပါး၏ လျှို့ဝှက်အပ်ရာကို ထောက်လှမ်းမှု၊ စကားပရိယာယ် ကြွယ်ဝစွာဖြင့် မုသားပြောဆိုမှု စသည့် လူ့ကျင့်ဝတ်အရ မလုပ်သင့်သော အလုပ်များကို ထူးချွန်စွာ လုပ်နိုင်ခြင်း၊ တိုင်းခြားပြင်သစ်စကားကို ကောင်းစွာ တတ်ကျွမ်းခြင်းစသော အင်္ဂါရပ်များမှအပ အခြားမည်သည့် အရည်အချင်းမျှမရှိသည့် လူစားမျိုးဖြစ်သည့်တိုင် လူအထင်ကြီး ခံရတတ်ကြ၏။ ဘီလီဘင်ကား ထိုသို့သော သံတမန်မျိုး မဟုတ်ချေ။ မိမိ၏အလုပ်ကို ကျွမ်းကျင်ခြင်း၊ ရိုသေလေးစားခြင်း၊ ပျင်းရိတတ်သော်လည်း တစ်ခါတစ်ရံတွင် အလုပ်စားပွဲ၌ ညလုံးပေါက်ထိုင်ကာ အားသွန်ခွန်စိုက် အလုပ်လုပ်တတ်ခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံသော သံတမန်မျိုးဖြစ်၏။ ဘီလီဘင်သည် မည်မျှကြီးမားသော အလုပ်ကိုဖြစ်စေ၊ မည်သည်းမည်မျှထမ်းရွက်လေ့ရှိ၏။ မည်သည့်အလုပ်ကိုဖြစ်စေ မည်သို့ပြီးအောင်လုပ်မလဲ ဟူသော စိတ်စောသူဖြစ်သည်။ မည်မျှကြီးလေးသော သံတမန်ဆိုင်ရာ ပြဿနာကြီးများပင် ဖြစ်စေကာမူ တွန့်ဆုတ်ခြင်းမရှိ ဆောင်ရွက်လျက်ရှိရုံမျှမက ညွှန်ကြားချက်များ၊ ပဋိညာဉ်စာချုပ်စာတမ်းများ၊ အစီရင်ခံစာများကို ထိထိမိမိ သေသေသပ်သပ် ရေးရလျှင် များစွာ ကျေနပ်နေတတ်သူ ဖြစ်သည်။ ဘီလီဘင်သည် ဤသို့အရေးအသားကျွမ်းကျင်ချောမွေ့ခြင်းကြောင့် သာမက မင်းစိုးရာဇာများနှင့် ဆက်ဆံပြောဆိုရာ၌လည်း လိမ္မာရေးခြားရှိသည့်အတွက် ယခုကဲ့သို့ မြှောက်စားခံရခြင်း ဖြစ်လေသည်။

ဘီလီဘင်သည် အလုပ်ကို ခုံမင်သကဲ့သို့ အာစလျှာစရှင်ရှင်ကလေးဖြင့် စကားပြောရခြင်းကိုလည်း ခုံမင်နှစ်သက်လေသည်။ မင်းစိုးရာဇာ အထက်တန်းလွှာ အသိုင်းအဝိုင်းများ၌ ဘီလီဘင်သည် ဒိုးခနဲဒေါက်ခနဲ ပြောနိုင်မည့် 'အကွက်ကောင်း'ကိုသာ စောင့်လျက်ရှိတတ်ပြီး ထို 'အကွက်ကောင်း'ဆိုက်မှသာလျှင် စကားဝိုင်းထဲသို့ ဝင်လာသူတစ်ယောက်ဖြစ်၏။ ဘီလီဘင် ပြောသမျှစကားများမှာ ၎င်း၏ပင်ကို တခဲနက်ပွတ်တိုက်ညာဏ်နှင့်တကွ ဗဟုသုတ ဖြစ်ပွယ်ရာတို့ဖြင့် မွမ်းမံခြယ်လှယ်ထားလျက်ရှိသဖြင့် နားထောင်၍ မငြီးနိုင်စရာပင် ဖြစ်ပေသည်။ ဘီလီဘင်၏ စကားများသည် တတ်ခွဲခန်းတည်းဟူသော ၎င်း၏စိတ်သဏ္ဌာန်အတွင်း၌ စနစ်တကျ စိစစ်ရွေးထုတ်ပြီးမှ ထွက်ပေါ်လာသည့်အလား၊ ရှင်းလင်းပြတ်သားလှသည် ဖြစ်ရာ ၎င်း၏စကားများသည် မင်းစိုးရာဇာ အထက်တန်းလွှာအသိုင်းအဝိုင်း ဧည့်ခန်းဆောင်များတွင် 'ရေပန်းစား' လျက် ရှိပေသည်။ ဘီလီဘင်၏ တခဲနက်ပွတ်တိုက်ညာဏ်သည် ဗီယင်နာမြို့တော် ဧည့်ခန်းမဆောင်များတွင်လည်း သတင်းမွှေးလျက်ရှိကာ အရေးကြီးသော ကိစ္စများ၌ပင် မကြာခဏ ၎င်း၏အကူအညီကို ယူရစမြဲ ဖြစ်လေသည်။

ဘီလီဘင်၏ ပါးလျားပိန်ချုံးလျက် ဝါဖန့်ဖန့်ရှိသော မျက်နှာတွင် ပါးရေတွန့်များ နက်ရှိုင်းစွာ ထင်လျက်ရှိ၏။ ပါးရေအစင်းများသည် ရေနွေးဖြင့် ရေချိုးသန့်စင်ထားသူတစ်ယောက်၏ လက်ဖျားထိပ်များကဲ့သို့ အမြဲတမ်းသန့်ရှင်းစင်ကြယ်လျက်ရှိလေသည်။ ပါးရေအတွန့်အစင်းများ လှုပ်ရှားပုံသည် ၎င်း၏စိတ်ခံစားချက်များကို ဖော်ပြသော အရာများ ဖြစ်ကြလေသည်။ တစ်ချို့တစ်ချို့တွင် ဘီလီဘင်၏နဖူးသည် နက်ရှိုင်းသော အတွန့်များ ဖြစ်သွားအောင် ရှုံ့သွားလျက် မျက်ခုံးများက အထက်သို့ ချီလာကြပြီး မျက်ခုံးများသည် နဂိုအတိုင်း ပုံမှန်ပြန်ဖြစ်သွားသည့်အခါတွင်မူကား ပါးပြင်ပေါ်တွင် အရေးအစင်းများသည် ခေါက်ရိုးများကဲ့သို့ ထင်လာကြပေသည်။ သေးငယ်စူးရှသော မျက်လုံးများသည် အမြဲတမ်းတဖိတ်ဖိတ်လက်လျက်ရှိကာ တစ်နေရာသို့ စူးစိုက်နေတတ်ကြလေသည်။

"ကဲ၊ ရောင်းရင်းရဲ့ အတွေ့အကြုံတွေကို ဆိုစမ်းပါဦး"

ဘီလီဘင်က မေး၏။ မင်းသားကလေး အင်ဒရေသည် နှိမ့်ချသောအားဖြင့် မိမိ၏အကြောင်းကို တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်းမပြုဘဲ ကရင်ဒေသ တိုက်ပွဲဖြစ်ပုံနှင့် စစ်ဝန်ကြီးက မိမိအားလက်ခံတွေ့ဆုံပုံတို့ကို အမြွက်



www.burmeseclassic.com

www.burmeseclassic.com



မျှသာပြောပြသည်။

"ကျွန်တော်နဲ့ ကျွန်တော့် သတင်းပို့ချက်တွေကို သူတို့လက်ခံပုံကတော့ ကစားကွင်းထဲရောက်လာတဲ့ ခွေးကလေး တစ်ကောင်ကို လက်ခံပုံအတိုင်းပဲဗျ"ဟု နိဂုံးချုပ်၍ ပြောလိုက်သည်။

ဘီလီဘင်က ပြုံးလိုက်၏။ ၎င်း၏မျက်နှာပေါ်မှ အရေတွန့်များသည် ပျောက်ကွယ်သွားကြလေသည်။

"ဒီမှာရောင်းရင်းကြီး "ဘီလီဘင်သည် လက်ဝဲဘက်မျက်လုံးကို မှိတ်၍ မိမိ၏လက်သည်းများကို အဝေးမှထောင်ကြည့်ရင်း ပြောလိုက်သည်၊ "ရုရှားနိုင်ငံ တပ်မတော်ကြီးရဲ့ ဂုဏ်သိက္ခာကို ကျုပ် လေးစားပါတယ်။ ရှိသေပါတယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ ရောင်းရင်းကြီးတို့ ရရှိခဲ့တဲ့ အောင်ပွဲဟာ အောင်ပွဲမည်ကာမတ္တပဲခင်ဗျ။ မပြောပလောက်ပေဘူး"

ဘီလီဘင်သည် ပြင်သစ်ဘာသာဖြင့် ပြောဆိုလျက်ရှိပြီး လှောင်ပြောင်ရွတ်ချလိုသော သဘောကို ဖော်ပြလိုသည့်နေရာများ၌သာ ရုရှားစကားလုံးများကို ညှပ်၍ သုံးစွဲသွားလေသည်။

"ကဲ ဆိုစမ်းပါဦး။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ ရောင်းရင်းတို့ရဲ့ ရှိသမျှအားတွေ အကုန်သုံးပြီး ပြင်သစ်ဗိုလ်မောရှားနဲ့ တပ်မတစ်ခုလောက်ကို မီးကုန်ယမ်းကုန်တိုက်ကြတယ် မဟုတ်လား။ ဒီလောက်အားနဲ့ တပ်မတစ်ခုကို တိုက်တာတောင်မှ ပြင်သစ်ဗိုလ်မောရှားဟာ လက်ကြားထဲက လွတ်ထွက်သွားသေးတယ်။ ဘယ်မှာလဲ ရောင်းရင်းတို့ရဲ့ အောင်ပွဲ"

"အမှန်ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့အခြေအနေဟာ အမ်းတုန်းက အခြေအနေနဲ့စာရင် အများကြီးကောင်းလာတယ်လို့ ရဲရဲကြီး ပြောနိုင်ပါတယ် ရောင်းရင်း"

"ကောင်းပြီ။ ဒါဖြင့်ရင် စစ်သူကြီး တစ်ယောက်ယောက်ကို ခင်ဗျားတို့ ဘာလို့ လက်ရမဖမ်းနိုင်ခဲ့ကြသလဲ"

"စစ်တိုက်ရတယ်ဆိုတာဟာ ရောင်းရင်းကြီးထင်သလောက် မလွယ်ပေဘူးခင်ဗျ။ ဗိုလ်ရှခံသဘင်ကျင်းပသလို အေးအေးဆေးဆေး လုပ်ရတာမျိုးလဲ မဟုတ်ပေဘူး။ ကျုပ်ပြောပြီးသားပဲ။ ကျုပ်တို့ဟာ ရန်သူစစ်ကြောင်းနောက်ပိုင်းကို မနက်ခုနစ်ချက်တီး အရောက်ချီပြီး ဗိုလ်တစ်ယောက်ယောက်တော့ လက်ရဖမ်းမယ်လို့ တွက်ကိန်းချ တိုက်ခဲ့ကြတာပဲ။ ဒါပေမဲ့ ရန်သူစစ်ကြောင်းနောက်ပိုင်းကို ညနေ ငါးချက်တီး အထိ မရောက်သေးဘူးဗျ"

"ဘာဖြစ်လို့ မနက်ခုနစ်ချက်တီးမှာ မရောက်ရမလဲဗျ။ ရောင်းရင်းကြီးတို့ တပ်တွေဟာ မနက်ခုနစ်ချက်တီးတာနဲ့ ရန်သူ့စစ်ကြောင်း နောက်ပိုင်းကို ရောက်နေရမယ်။ မနက်ခုနစ်ချက်တီးတာနဲ့ ရန်သူ့စစ်ကြောင်းနောက်ပိုင်းကို ရောက်ရမယ်" ဘီလီဘင်က ပြုံး၍ပြောလိုက်သည်။

"နေပါဦး။ ဒါဖြင့်ရင် ခင်ဗျားကော ခင်ဗျားရဲ့ သံတမန်နည်းပရိယာယ်တွေနဲ့ ဘိုနာပတ်ကို ဂျီနိုဝါက ထွက်သွားအောင် ဘာဖြစ်လို့ မလုပ်နိုင်ရသလဲ" မင်းသားကလေး အင်ဒရေက ပြန်၍ ချေပလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော်သိပါတယ်။ မီးလင်းဖိုဘေးထိုင်ပုံပေါ်မှာ ထိုင်ရင်း ရန်သူဗိုလ်ချုပ်တွေကို လက်ရဖမ်းဖို့ဆိုတာ မလွယ်ဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ရန်သူဗိုလ်ချုပ်တစ်ယောက်ယောက်ကို သုံ့ပန်းအဖြစ် မဖမ်းနိုင်ခဲ့တာကတော့ဖြင့် နာသဗျ။ ဒီတော့ရောင်းရင်းကြီး၊ ခင်ဗျားတို့ အောင်ပွဲရတဲ့အတွက် ဩစတြီးယား စစ်ဝန်ကြီးက အထူးတလည် ဝမ်းသာအယ်လဲ မဖြစ်တာကိုလဲ သိပ်အံ့ဩမနေနဲ့။ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်နှိက်ကရော၊ ဩစတြီးယားဘုရင်ကရော ဒီလိုပဲနေမှာပဲ။ ထူးပြီး ဝမ်းသာတော်မူကြမယ် မဟုတ်ပေဘူး။ ဒီပြင် မကြည့်နဲ့လေ။ ကျုပ်လို ရုရှားသံတမန်အဖွဲ့မှာ အမှုထမ်းနေတဲ့ အနုတ်စုတ်ဂုတ်စုတ် သံတော်ဆင့် ဝန်ထောက်ကလေးတစ်ယောက်ကတောင် ဒီကိစ္စလေးလောက်ကို ဩစတြီးယား ရွှေနန်းရှင်ထံသွားပြီး ဝမ်းမြောက်ဝမ်းသာ သံတော်ဦးတင်ဖို့ လိုတယ်လို့မှ မယူဆဘဲကလား"

ဘီလီဘင်သည် မင်းသားကလေး အင်ဒရေကို စူးစိုက်ကြည့်၍ ပြောလိုက်၏။ မျက်ခုံးကို အောက်သို့ ပြန်ချလိုက်သဖြင့် နဖူးမှအရေးအတွန့်များသည် ရုတ်တရက်ပျောက်ကွယ်သွားကြပြန်သည်။

"ကဲ၊ ကျွန်တော်က မေးရမယ့် အလှည့်ရောက်ပြီ ရောင်းရင်းကြီး" မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။ "ရောင်းရင်းကြီးတို့ရဲ့ သံတမန်ရေးရာတွေကို ကျွန်တော်နားမလည်ဘူးဆိုတာ ဝန်ခံပါတယ်။ သံတမန်ရေးရာကိစ္စများဟာ အင်မတန်နူးညံ့သိမ်မွေ့လွန်းတဲ့အတွက်

www.burmeseclassic.com



ကျွန်တော်တို့လို လူများ ဉာဏ်မမီပါဘူးဆိုတာလဲ ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော် နားမလည်တာတစ်ခုတော့ ရှိသဗျ။ ဩစတြီးယား ဗိုလ်ချုပ်ကြီး မက်ဟာ တပ်မတော်ကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းအောင် အရေးနိမ့်ခဲ့ပြီး တခြားဩစတြီးယား ဗိုလ်ချုပ်တွေဖြစ်တဲ့ ဟာဒီနန့်တို့၊ မြို့စားကြီးကားလ်တို့ဆိုတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အမှားတွေ တစ်ခုပြီးတစ်ခု ကျူးလွန်ခဲ့ရုံမကဘူး။ အသက်တောင် ဆုံးခဲ့ကြရတယ်။ နောက်ဆုံး ကျုပ်တို့ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်တစ်ယောက်သာ အင်မတန် အင်အားကြီးမားတဲ့ ပြင်သစ်တပ်တွေကို ချေမှုန်းပြီး တကယ့်အောင်ပွဲကို ရအောင် တိုက်နိုင်ခဲ့တယ်။ ဒါကို ဩစတြီးယားစစ်ဝန်ကြီးက ပမာမခန့်ပြုပြီး နားထောင်ဖော်လေးမှ မရတာကတော့ ကျွန်တော်ဖြင့် နားကို မလည်နိုင်ဘူးဗျ"

"ရွှေ့၊ ဟန်လိုက်လေဗျာ။ ကျွန်တော်ကလဲ ဒီအကြောင်းကို ပြောချင်နေတာပဲ။ အမှန်ကတော့ ရောင်းရင်းကြီးတို့ရဲ့ အောင်ပွဲဟာ ရွှေနန်းရှင်ဇာဘုရင်နဲ့တကွ ရုရှားနိုင်ငံတော်ကြီးအတွက်ရော၊ ခေါမခရစ်ယာန်သာသနာတော်အတွက်ပါ အင်မတန် နှစ်ထောင်းအားရစရာ အောင်ပွဲကြီးတစ်ရပ်ဖြစ်တယ်ဆိုတာတော့ အမှန်ပဲဗျ။ အင်မတန်ဂုဏ်ယူစရာကောင်းတာလဲ မှန်တယ်ဗျ၊ ဒါပေမဲ့ ကျုပ်တို့အဖို့ ဆိုလိုတာက ဩစတြီးယား ရွှေနန်းတော်ကြီးအဖို့တော့ ရောင်းရင်းကြီးတို့ရဲ့အောင်ပွဲဟာ မှုလောက်စရာ မဟုတ်ပေဘူးဗျ။ တကယ်လို့သာ မြို့စားကြီးကားလ်၊ သို့မဟုတ် ဗိုလ်ချုပ်ကြီးဟာဒီနန်စတဲ့ သူတို့ ဩစတြီးယား ဗိုလ်ချုပ်တစ်ဦးရဲ့ အောင်ပွဲသတင်းကို ယူလာခဲ့တယ်ဆိုရင်ဖြင့် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပဲခင်ဗျ။ ဒီပြင်အောင်ပွဲမျိုးမပြော ပါနဲ့လေ။ ဘိုနာပတ်ရဲ့ မီးသတ်အဖွဲ့လောက်ကိုနိုင်မယ်ဆိုရင်ပဲ တကယ့် မင်္ဂလာသတင်းကြီးပဲဗျ။ အမြောက်မြတပုများနဲ့ ပစ်ဖောက်ပြီးတောင် ကြိုဆိုပေလိမ့်မယ်။ ခုတော့ ရောင်းရင်းကြီးတို့တစ်တွေက အောင်ပွဲရလေလေ၊ ဩစတြီးယားနန်းတွင်းမှာ အရေးတော်ရှုပ်လေလေပဲဗျ။ ကြည့်လေ၊ မြို့စားကြီး ကားလ်ဆိုတာလဲ တစ်ရှူးတည်းရှူး၊ ဟာဒီနန့်ဆိုရင်လဲ အရှက်လုံးလုံးကွဲဖြစ်ခဲ့ရပြီ မဟုတ်လား။ ရောင်းရင်းကြီးတို့ ဆိုရင်လဲ ကမ္ဘာသကာပေါ့ဆိုပြီး ဗီယင်နာရွှေမြို့တော်က ခံဖို့ အစီအစဉ်ကိုပျက်ပြီး ဆုတ်ခဲ့ရပြီ မဟုတ်လား။ ဒီအထဲမှာ ဩစတြီးယားရွှေနန်းရှင်က အင်မတန်အားထားတော်မူတဲ့ ဗိုလ်ချုပ်ကြီးရှမစ်ဆိုရင်လဲ ရောင်းရင်းတို့ အဆုတ်မဟန်လို့ ကျည်သင့်ခဲ့ပြီ မဟုတ်လား။ ဒီလို အရေးမလှတဲ့ အချိန်မှာ ရောင်းရင်းကြီးတို့က အောင်ပွဲရပဟဲ့ဆိုပြီး ရေးကြီးခွင်ကျယ်လုပ်လေတော့ ဩစတြီးယား ရွှေနန်းတော်ကြီးမှာ အခက်ကြုံတော့တာပေါ့။ အရှက်ရစရာ ဖြစ်တော့တာပေါ့။ အမှန်ပြောရမယ် ဆိုရင်တော့ ဩစတြီးယား ရွှေနန်းတော်ကြီးဘက်ကကြည့်ရင် ရောင်းရင်းကြီးယူလာတဲ့ သတင်းဟာ မင်္ဂလာ သတင်းမဟုတ်ဘူးခင်ဗျ။ အမင်္ဂလာသတင်း။ အမင်္ဂလာသတင်း။ သိပလား။ သူတို့ဩစတြီးယားတပ်တွေ ခွက်ခွက်လန်အောင် အရေးနိမ့်နေတဲ့အချိန်မှာ ရောင်းရင်းတို့တပ်က အောင်ပွဲခံမရတာယ်ဆိုတဲ့ သတင်းကို လာပို့တော့ သူတို့ကို တမင်သိက္ခာကျအောင် လုပ်သလို ဖြစ်နေတာပေါ့ဗျ။ ပြီးတော့ ရောင်းရင်းတို့က နောက်ထပ် အောင်ပွဲရသည့်တိုင်၊ ဩစတြီးယား ဗိုလ်ချုပ်မြို့စားကြီး ကားလ်ကိုယ်တိုင် အောင်ပွဲတွေရသည့်တိုင် ခုမှတော့ အကြောင်းမထူးတော့ဘူး။ နှောင်းသွားပြီဗျ။ ရန်သူပြင်သစ်တွေဟာ ဗီယင်နာမြို့တော် ကိုတောင် သိမ်းပြီးနေပြီ"

"ဘာ၊ သိမ်းပြီးပြီ။ ဗီယင်နာကို သိမ်းလိုက်ပြီ။ ဟုတ်စ"

"သိမ်းပြီးရုံတင် မကဘူးခင်ဗျ။ ဘိုနာပတ် ကိုယ်တိုင် ရှန်းဘရွန်း (ဩစတြီးယားဘုရင်၏ နွေရာသီနန်းတော်)မှာတက်ပြီး စံနေပါပလောကား။ ဒါတင် မကဘူး။ ဗီယင်နာမြို့ဝန်၊ ကျွန်တော်တို့ရဲ့ ချစ်လှစွာသော ဩစတြီးယား မြို့စားကြီး ဗရတ်နာတောင် သစ္စာတော် ခံလိုက်ရပြီတဲ့ဗျ"

ခရီးကြမ်းကြီးကို အပြင်းနှင်ခဲ့ရခြင်း၊ စစ်ဝန်ကြီးနှင့်တွေ့ဆုံရခြင်းတို့ကြောင့် မင်းသားကလေး အင်ဒရေမှာ စိတ်လက်မအီမသာ ဖြစ်လျက်ရှိ၏။ ညစာစားပြီးသည့်နောက်၌ကား မင်းသားကလေး အင်ဒရေမှာ ဘီလီဘင်၏ အရေးကြီးသော စကားများကိုပင် နားမထောင်လိုတော့ချေ။

"ဒီနေ့မနက်ပဲ ဩစတြီးယား မြို့စားကြီး လစ်တင်ပဲ ကျုပ်ဆီရောက်လာတယ်" ဘီလီဘင်က စကားဆက်ပြန်၏။ "ဗီယင်နာမှာ ပြင်သစ်တပ်တွေ စစ်ရေးပြတဲ့ သဘင်ကို အသေးစိတ်ရေးထားတဲ့ စာချွန်တစ်စောင်ကိုတောင် ကျုပ်ကို ပြသွားသေးတယ်။ ပြင်သစ်မင်းသားကြီး

www.burmeseclassic.com



မှုးရတ်လဲပါသတဲ့။ ဒီတော့ ခုလို အချိန်ကြီးမှာ ရောင်းရင်းတို့ရဲ့ အောင်ပွဲဟာ နှစ်ထောင်းအားရစရာ မဟုတ်လေတော့ ရောင်းရင်းကြီးကိုလဲ ကယ်တင်ရှင်ကြီးအဖြစ် ခရီးဦးကြို မပြုနိုင်သေဘူး ခင်ဗျ"

"ကျုပ်တော့ ဒါတွေ အရေးမထားနိုင်ဘူးဗျာ၊ ဒါတွေကို အရေးမထားနိုင်ဘူး" မင်းသားကလေး အင်ဒရေက ပြောလိုက်၏။ မိမိတို့တပ်များ ကရင် အရပ်ဒေသတွင် အောင်ပွဲရခဲ့ခြင်းမှာ ဩစတြီးယားနိုင်ငံ ဗီယင်နာရွှေမြို့တော် ကျဆုံးသည့် သတင်းနှင့်စာလျှင် ဘာမျှမဟုတ်သောကိစ္စကလေးမျှသာဖြစ်ကြောင်း မင်းသားကလေး အင်ဒရေ သဘောပေါက်စ ပြုလာလေသည်။

"နို့ နေစမ်းပါဦးဗျ။ ဒီပြင်သစ်ကောင်တွေ ဗီယင်နာ ရွှေမြို့တော်ကို ဘယ်လိုလုပ် သိမ်းပိုက်ကြသတဲ့လဲ။ ဗီယင်နာတံတားကို ဘယ်လိုလုပ် ကူးကြသတဲ့လဲ။ အင်မတန် နာမည်ကျော်ကြားတဲ့ တံတားဦးခံတပ်က မခံဘူးလား။ ဩစတြီးယားမင်းသားကြီး အောစပတ်ကကော။ ကျွန်တော်တို့ ကြားတာကတော့ မင်းသားကြီး အောစပတ်ကိုယ်တိုင် ကွပ်ကဲပြီး ဗီယင်နာရွှေမြို့တော်ကို ကာကွယ်နေတယ်လို့ ကြားတာပဲ"

"မင်းသားကြီး အောစပတ်က ဒီဘက်မှာဗျ။ မြစ်တစ်ဖက်ကမ်းမှာ။ ကျုပ်တို့အတွက် ကာကွယ်ပေးနေတယ်။ ကာကွယ်တယ်ဆိုပေမယ့် သိပ်တော့ ဟန်ပုံမရပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံးတော့ အကာအကွယ် ပေးနေပေတာပဲ။ ဗီယင်နာက မြစ်ရဲ့ ဟိုဘက်ကမ်းမှာ မဟုတ်လား။ တံတားကိုတော့ ရန်သူသိမ်းနိုင်သေးဟန်မတူပါဘူး။ တံတားမှာ ယမ်းအိုးတွေမြှုပ်ထားတာပဲ။ ပြီးတော့ တံတားကိုလဲ ဖောက်ခွဲဖျက်ဆီးပစ်လိုက်ဖို့ အမိန့်ထုတ်ထားပြီပဲ။ ဒီတံတားကိုသာ ဖြတ်ကူးပြီးရင်တော့ ကျုပ်တို့တစ်တွေ ဘိုးဟီးမီးယားတောင်တွေပေါ် ဆုတ်ပြေးရတာ ကြာလှပြီ။ ခင်ဗျားနဲ့ ခင်ဗျားတို့တပ်တွေဟာလဲ ဒီလောက်ဆို မီးနှစ်မီးကြား ညပ်နေတာ ကြာလှရော့မယ်"

"ဗီယင်နာရွှေမြို့တော် ကျသွားပေမယ့် ကျုပ်တို့ မဟာမိတ်တိုက်ပွဲစဉ်ကြီးကတော့ အဆုံးသတ်ပြီလို့ မဆိုနိုင်သေးပါဘူး"

မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။

"ကျုပ်အထင်ကတော့ ကျုပ်တို့တိုက်ပွဲစဉ်ဟာ ဗီယင်နာကျတာနဲ့ တစ်ပြိုင်နက် လမ်းဆုံးပြီလို့ထင်တယ်။ ဩစတြီးယား ရွှေနန်းတော်ကြီးက ဝန်ကြီးတွေ အမတ်တွေကလဲ ဒီအတိုင်းပဲ ယူဆကြတာပဲ။ မပြောရဲလို့သာ ထုတ်မပြောကြတာပဲရှိမယ်။ စစ်ထွက်ကတည်းက ကျုပ်တို့ အရေးတော်လှမယ် မထင်ဘူးလို့ ကျုပ်ပြောခဲ့သားပဲ။ ခုတော့ ပြောတဲ့အတိုင်းပဲဖြစ်မှာပဲ။ အမှန်ကတော့ ခင်ဗျားတို့တစ်တွေ ဒါရင်စတိန်းမှာ ဘယ်လောက်ပဲခံခံ၊ လက်နက်အင်အား ဘယ်လောက်ကောင်းကောင်း အချည်းနှီးပဲ။ ခုကိစ္စမှာ အဆုံးအဖြတ်ပေးတာက လက်နက်အင်အား မဟုတ်ဘူး ခင်ဗျာ။ အစီအမံနဲ့ ကြံရည်ဖန်ရည်ပဲ"

ဘီလီဘင်က နဖူးပြင်ကို ရှုံ့လိုက်ပြီး ခေတ္တစဉ်းစားနေ၏။

"ဒီတော့ ခုအချိန်မှာ ဘာလင်ရွှေမြို့တော်မှာ ကျုပ်တို့ ဘုန်းတော်ကြီးသော ဘုရားနဲ့ပရပ်ရှားဘုရင်တို့ရဲ့ မင်းနှစ်ပါးဆုံ စည်းဝေးပွဲက ဘယ်လိုအစီအမံတွေထွက်လာမလဲဆိုတာကိုပဲ အားထားရပေတော့မှာပဲ။ ပရပ်ရှားကသာ ခုလို ကြားမနေဘဲ မဟာမိတ်အဖွဲ့ထဲ ဝင်လာလို့ ရှိရင်တော့ ဩစတြီးယားလဲ နေနိုင်မှာ မဟုတ်တော့ဘူး။ ဘိုနာပတ်ကို ဝိုင်းဝန်းခံတဲ့ စစ်ပွဲကြီးတော့ ဖြစ်တော့မှာပဲ။ ပရပ်ရှား မပါလာဘူးဆိုရင်တော့ သူ့ကြားနေရေးကို ခိုင်သထက် ခိုင်အောင်လုပ်ဖို့ပဲ ရှိတော့တယ်"

"အင်း ထူးလဲထူးတဲ့ ဉာဏ်ရည်ပါပဲဗျာ။ ဒီလူဟာ ကံဇာတာကလဲ ကောင်းတယ်ထင်ပါရဲ့" မင်းသားကလေး အင်ဒရေက လက်သီးဆုပ်လျက် စားပွဲကိုထု၍ ပြောလိုက်သည်။

"ဘယ်သူလဲ ဘူအိုနာပတ်လား" ဘီလီဘင်က မေးလိုက်ပြီး တစ်စုံတစ်ရာ ရယ်ပွယ်ပြောတော့မည့်ဟန်ဖြင့် မျက်ခုံးချီကာ နဖူးကို ရှုံ့လိုက်သည်။ ဘီလီဘင်သည် 'ဘူ'ဟူသော အသံကို တမင်ပီသအောင် ရွတ်၍ ပြောလိုက်သည်။

"ကျုပ်အထင်တော့ ခုအချိန်ဆိုရင် ဘူအိုနာပတ်ဟာ ဩစတြီးယားပြည် အုပ်ချုပ်ရေးအတွက် ရှွန်းဘရွန်းနန်းတော်မှာထိုင်ပြီး ဥပဒေတွေတောင် ပြဋ္ဌာန်းနေမလားမသိဘူး။ အေးဗျာ ကျုပ်တို့လဲ သူ့ကို ဘူအိုနာပတ်လို့ မခေါ်ဘဲ ဘိုနာပတ်လို့ပဲ ရိုးရိုးခေါ်ကြပါစို့။ ဟုတ်စ"

"ကဲ၊ ရယ်စရာတွေ အသာထားစမ်းပါဦး။ ကျုပ်တို့

www.burmeseclassic.com



တိုက်ပွဲစဉ်ကြီး ပြီးဆုံးပြီလို့ ခင်ဗျားထင်သလား၊ ဘယ်လိုလဲ"

"ကျွန်တော်ကတော့ ကိစ္စကုန်ပြီလို့ ထင်တာပဲလေ။ ဩစတြီးယားကို ကျွန်တော်တို့က ကူမယ်ဆိုပြီး လာပေမယ့် ဘာမှမတတ်နိုင်ဘဲ ဆုတ်လာခဲ့ရတော့ သူတို့ကိုအရူးလုပ်သလို ဖြစ်နေပြီ။ ဩစတြီးယားဟာ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့အပေါ်မှာ တော်တော်လေး မကျေမနပ်ဖြစ်နေတယ်။ ပထမအချက်က ကျွန်တော်တို့ တပ်တွေက သူ့နယ်တွေကို အတင်းဝင်တဲ့အတွက် သူတို့ တော်တော်စိတ်ဆိုးနေကြတယ်။ သူတို့ အဆိုကတော့ မြင့်မြတ်သော ရုရှားတပ်မတော်ကြီးဟာ ရွာတွေမှာ တော်တော်သောင်းကျန်းလုယက်ကြတယ်လို့ ဆိုတယ်။ နောက်တစ်ချက်က ဩစတြီးယား တပ်မတော်ဟာ လုံးလုံးချေမှုန်းခံလိုက်ရတယ်။ ရွှေမြို့တော်ကိုလဲ ရန်သူအသိမ်းခံလိုက်ရတယ်။ အဆုံးမတော့ ဒီလိုဆုံးရှုံးရသမျှဟာ ဆာဒီနီးယားဘုရင်အတွက် လုပ်ပေးနေတာချည်းပဲ။ ဇာဘုရင်နှင့် ပရပ်ရှားဘုရင်တို့၏ မင်းနှစ်းပါး စည်းဝေးပွဲတွင် ဆာဒီနီးယားဘုရင်ကို နပိုလီယန်က လျော်ကြေးပေးရမည်ဟု ပရပ်ရှားဘုရင်က တောင်းဆိုချက်တစ်ခု တင်ခဲ့သည်။ ကိုယ့်အချင်းချင်းမို့ ပြောလိုက်ဦးမယ်။ ကျွန်တော့်သဘောကတော့ ကျွန်တော် တို့ဟာ ပြင်သစ်ဘိုနာပတ်နဲ့ ဈေးစပ်ရေးဆွေးနွေးပြီး ငြိမ်းချမ်းရေးလုပ်၊ ပြင်သစ်နဲ့သီးခြား လျှို့ဝှက်စာချုပ်တစ်ခု ချုပ် လိုက်တာ အကောင်းဆုံးပဲ ထင်တယ်။ ကျုပ် ပကတိဉာဏ်ကတော့ ဒီအတိုင်း ပြောနေပြီဗျ"

"အို မဖြစ်နိုင်တာဗျာ။ ရောင်းရင်းကလဲ သိက္ခာပျက်လွန်းလှတယ်"

"အေးဗျာ။ မသေသေးလို့ရှိရင်တော့ ဘယ်အခြေဆိုက်မလဲဆိုတာ မြင်ရဦးမှာပေါ့"

ဘီလီဘင်သည် မိမိ၏စကားကို နိဂုံးချုပ်သည့် အနေဖြင့် နဖူးပြင်ကို ရှုံ့ထားရာမှ ရပ်လိုက်သည်။

မိမိအတွက် ပြင်ဆင်ထားသည့် ခန်းမဆောင်သို့ ရောက်သည်တွင် မင်းသားကလေးအင်ဒရေသည် ဖြူစင်သန့်ရှင်းသော အင်္ကျီတစ်ထည်ကို လဲလိုက်ပြီး နွေးထွေး၍ မွေးပျံ့သင်းကြိုင်လျက်ရှိသည့် ခေါင်းအုံး၌ ခေါင်းတင်ကာ ငှက်မွေး မွေ့ရာပေါ်တွင် လှဲချလိုက်မိသည်။ ထိုသည်နှင့်တစ်ပြိုင်နက် မိမိသတင်းယူဆောင်လာခဲ့သောတိုက်ပွဲ၏ အခြင်းအရာများသည် တပြည်းပြည်း ဝေး၍ဝေး၍ သွားသည်ဟု ထင်လိုက်ရသည်။ ပရပ်ရှားနှင့် မဟာမိတ်ဖွဲ့ရေးကိစ္စ၊ ဩစတြီးယား၏ သစ္စာမစောင့်စည်းမှု၊ ဘိုနာပတ်၏ အောင်ပွဲ၊ မနက်ဖြန် ဗိုလ်ရှုခံသဘင်နှင့် ညီလာခံကိစ္စ၊ ဩစတြီးယား ရွှေနန်းရှင်အား အခစားဝင်ရမည့်အရေး စသည်တို့ကိုသာ တွေးတောနေမိလေသည်။

မင်းသားကလေး အင်ဒရေသည် မျက်လုံးများကို မှိတ်လိုက်သည်။ မကြာမီမှာပင် အမြောက်မြတာမှ ပစ်ခတ်သံများ၊ ကျည်တစ်လုံးထိုး သေနတ်သံများ၊ ရထားဘီးသံများသည် သူ့နားထဲတွင် ဆူညံလာသည်။ ကျည်တစ်လုံးထိုးသေနတ်ကိုင် တပ်သားများသည် ရန်သူပြင်သစ်များ၏ အမြောက်ဆန်များကြားထဲ၌ တောင်ကုန်းပေါ်မှ ပြေးဆင်းလာကြပုံတို့ကို သူ့မျက်စိထဲတွင် မြင်ယောင်လာသည်။ ကျည်ဆန်များ တရှိန်ရှိန်ပြတ်သန်းလျက် ရှိသည့်ကြား၌ သူသည် ဩစတြီးယား ဗိုလ်ချုပ်ကြီးရှမစ်၏ ဘေးမှ ရင်တထိတ်ထိတ်ဖြင့် မြင်းချင်းယှဉ်၍ စီးလာခဲ့ပုံကိုလည်း အမှတ်ရမိပြန်သည်။ ကံကောင်းထောက်မ၍မသေမပျောက် ဖြစ်ခဲ့သည်ကို ဝမ်းသာ၍မဆုံး ဖြစ်နေမိသည်။

မင်းသားကလေး အင်ဒရေသည် ရုတ်ခနဲ ထထိုင်လိုက်၏။

"ဟုတ်ပါတယ်။ ဒါတွေအားလုံး တကယ်ဖြစ်ခဲ့တာတွေပဲ"ဟု တစ်ယောက်တည်း ရေရွတ်ကာ ကလေးငယ်တစ်ယောက်သဖွယ် ရွှင်လန်းစွာ ပြုံးလိုက်သည်။ ထိုနောက် ငယ်ရွယ်သူတို့၏နှစ်ခြိုက်စွာ အိပ်မောကျခြင်းမျိုးဖြင့် အိပ်ပျော်သွားလေသတည်း။

## အခန်း ၁၁

နောက်တစ်နေ့နံနက်တွင် မင်းသားကလေး အင်ဒရေသည် နေမြင့်မှ အိပ်ရာက နိုးလာလေတော့သည်။ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားနိုက် ဩစတြီးယား ရွှေနန်းရှင်ထံ ယနေ့ အခစားဝင်ရဦးမည်ဟူသော အတွေးသည် စိတ်ထဲတွင် ပထမဆုံး ပေါ်လာလေ၏။ မင်းသားကလေးအင်ဒရေသည် ဩစတြီးယား စစ်ဝန်ကြီးကိုလည်းကောင်း၊ ထိုမှ နန်းဟန်တွေ ကြွယ်လှသော ဩစတြီးယား ရွှေနန်းတော်မှ



www.burmeseclassic.com

www.burmeseclassic.com



တပ်ရေးမင်းကိုလည်းကောင်း၊ ဘီလီဘင်ကိုလည်းကောင်း၊ မနေ့ညက စကားများကိုလည်းကောင်း အမှတ်ရမိပြန်သည်။ မင်းသားကလေး အင်ဒရေသည် နန်းတော်သို့ အခစားဝင်ရန်အတွက် မဝတ်သည်မှာ ကြာပြီဖြစ်သော ဗိုလ်ရှသဘင်တက် ဝတ်စုံကို အပြည့်အစုံ ဆင်ယင်ကာ လက်တွင် ပတ်တီးစည်းလျက် ရွှင်လန်းကြည်မွေ့စွာဖြင့် ဘီလီဘင်၏ စာကြည့်ဆောင်ဘက်သို့ ကူးလာခဲ့လေသည်။ စာကြည့်ဆောင်ထဲတွင်သံတမန်အဖွဲ့ဝင်အရာရှိ လေးဦးကို တွေ့ရလေသည်။ သူတို့အနက် ဩစတြီးယား ရွှေနန်းတော်သို့ ရောက်ရှိနေသော ရုရှားသံတမန်အဖွဲ့၏ အတွင်းဝန်ဖြစ်သည့် မင်းသားကလေး ဟစ်ပိုလီတိ ကုရာဂင်မှာကား မင်းသားကလေး အင်ဒရေနှင့် သိကျွမ်းပြီး ဖြစ်လေသည်။ ဘီလီဘင်သည် မင်းသားကလေး အင်ဒရေကို ကျန်သံတမန်အဖွဲ့ဝင် သုံးဦးနှင့် မိတ်ဆက်ပေးလေသည်။

ဘီလီဘင်၏အိမ်သို့ရောက်လာကြသည့် အရာရှိများမှာ ချမ်းသာကြွယ်ဝ၍ သောက်စားပျော်ပါးနေကြသော မင်းစိုးရာဇာအသိုင်းအဝိုင်းမှ လူငယ်များ ဖြစ်ရာ ၎င်းတို့သည် ဗီယင်နာရွှေမြို့တော်မှာတုန်းကကဲ့သို့ပင် အများနှင့် ရောနှောခြင်းမရှိဘဲ သီးသန့် အသိုက်အဝန်းကလေးဖြင့် နေကြသူများဖြစ်၏။ ဘီလီဘင်ကား ၎င်းတို့အထဲတွင် ခေါင်းဆောင်ဖြစ်လေသည်။ သံတမန်အဖွဲ့ဝင်များချည်းသာ ပါဝင်သည့် အသိုက်အဝန်းကလေးသည် စစ်ရေးကိစ္စကိုလည်းကောင်း၊ တိုင်းရေးပြည်ရေးကိစ္စများကိုလည်းကောင်း လုံးဝစိတ်ဝင်စားခြင်းမရှိဘဲ အထက်တန်း မင်းစိုးရာဇာ အသိုင်းအဝိုင်းအကြောင်း၊ မိန်းမများအကြောင်းနှင့် ရာထူးရာခံကိစ္စများလောက်ကိုသာ စိတ်ဝင်စားလျက် ရှိကြလေသည်။ သံတမန်အဖွဲ့ဝင် အရာရှိများသည် လူတိုင်းအား ဂုဏ်ပြုလေ့မရှိသည့် အထူးတလည် ဂုဏ်ပြုဧည့်ခံခြင်းမျိုးဖြင့် မင်းသားကလေး အင်ဒရေအားမိတ်ဆွေရင်းချာပမာဆီးကြိုကြ၏။ ထို့နောက် ယဉ်ကျေးသမှုအရလည်းကောင်း၊ စကားစသည့် အနေဖြင့်လည်းကောင်း ရုရှားတပ်မတော်နှင့် တိုက်ပွဲအကြောင်းကို ဝတ်ကျေတမ်းကျေမျှသာ မေးပြီးနောက် ထုံးစံအတိုင်း အသိမ်အဖျင်းများ ပြောကာ နောက်ပြောင်ရယ်မောလျက် ရှိကြလေသည်။

တစ်ယောက်က လုပ်ဖော်ကိုင်ဘက် သံတမန်အရာရှိ တစ်ယောက်အကြောင်းကို စတင်ပြောလိုက်၏။

"သူ့ကို ဘီလပ်ရွှေမြို့တော်ကို ပြောင်းပေးလိုက်တာဟာ ရာထူးတိုးပေးလိုက်တာ ဖြစ်ကြောင်း၊ ဒါကြောင့် တာဝန်ကျေပွန်ဖို့ လိုကြောင်းစသဖြင့် သံတော်ကြီးမှူးကလဲပြောလိုက်ရော၊ အို လူပုံ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မြင်စမ်းချေချင်သဗျာ။ အဲဒါလေးကတော့ ကြည့်လို့ အကောင်းဆုံးပဲ"

"ရောင်းရင်းတို့က ကောင်းတာလောက်ကို ပြောနေတာကိုးဗျ။ ဆိုးတာကလေးတွေကိုတော့ မမြင်သေးဘဲကိုး။ ခင်ဗျားတို့လူ ဘီလပ်ရွှေမြို့တော်ကို ရာထူးတက်ပြီး သွားပေမယ့် ဝမ်းမသာနိုင်ရှာပါဘူးဗျ။ သူ့မိန်းမက ကျန်ရစ်ခဲ့လေတော့ ဟောဒီဒွန်ဝှန်း ပွသွားတာပေါ့ဗျ။ မင်းသားကလေး ဟစ်ပိုလီတိတို့ကတော့ စွံလဲစွံပါပေ့ဗျာ။

မင်းသားကလေး ဟစ်ပိုလီတိသည် ပက်လက်ထိုင်ဖုံ လက်တန်းပေါ်တွင် ခြေနှစ်ချောင်းတင်ကာ နောက်မှီကို လှဲနေရင်း ရယ်လျက်ရှိသည်။

"အင်း၊ ပြောစမ်းပါဦးဗျ။ ဒီအကြောင်းလေး"

ဟစ်ပိုလီတိက ပြောလိုက်သည်။

"ဘာပြောရမှာလဲဗျ။ ခင်ဗျားတကယ်ပဲ၊ တော်တော် စန်းပွင့်တဲ့လူပဲ။ တကယ့်ဒွန်ဝှန်းပဲ"

အားလုံးက ဝိုင်း၍ အော်လိုက်ကြသည်။ ဘီလီဘင်က မင်းသားကလေး အင်ဒရေဘက်သို့ လှည့်လိုက်ပြီး

"ခင်ဗျား မသိသေးဘူးထင်တယ် အင်ဒရေ။ ပြင်သစ်စစ်သားက (အင်း၊ ကံကောင်းလို့ဗျို့။ ရုရှားစစ်သားလို့ ပြောမိတော့မလို့။) တွေရဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ ဟောဒီကျွန်တော်တို့ရဲ့ မင်းသားကလေး ဟစ်ပိုလီတိ မိန်းမတွေအပေါ်မှာ ရက်စက်ကြမ်းကြုတ်တာနဲ့စာရင် ဘာမှ မပြောပလောက်ပေဘူးဗျ။ သိလား"

"မိန်းမဆိုတာ ယောက်ျားရဲ့ အပေါင်းအဖော်ပေပဲဗျ" မင်းသားကလေး ဟစ်ပိုလီတိက လက်တန်းပေါ်၌ တင်ထားသည့် ခြေထောက်များကို ပွဲကြည့်မှန်ပြောင်းဖြင့် ကြည့်ရင်းပြောလိုက်၏။

ဘီလီဘင်နှင့် ကျန် 'ဒို့လူ'တစ်သိုက်သည် ဟစ်ပိုလီတိကို ကြည့်၍ တသောသောဖြင့် အတောမသတ်နိုင်အောင် ရယ်လိုက်လျက် ရှိကြလေသည်။ မိမိ၏ကြင်ယာတော် မင်းသမီးကလေးလီဇာနှင့် ၎င်းနီးစွာ ဆက်ဆံခဲ့သည့်အတွက် မိမိမနာလို မရှုဆိတ်ဖြစ်ခဲ့သော ဟစ်ပိုလီတိ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဤအသိုင်းအဝိုင်း၌လည်း မိန်းမနှင့်ပတ်သက်၍ နာမည်ကြီးသူ တစ်ယောက်ဖြစ်ခြင်းကို မင်းသားကလေး အင်ဒရေ သတိထားလိုက်မိလေသည်။

"ဩော်၊ ခင်ဗျားကိုပြောရဦးမယ်။ ဟစ်ပိုလီတီဟာ တိုင်းရေးပြည်ရေး ကိစ္စတွေကို တော်တော်ဆွေးနွေး နိုင်တယ်။ ခင်ဗျား အကဲခတ်ကြည့်စမ်း"

ဘီလီဘင်ကပြောကာ ဟစ်ပိုလီတီ၏ အနားတွင် ထိုင်လိုက်ပြီးနောက် နဖူးရေတွန့်လျက် တိုင်းရေး ပြည်ရေး ကိစ္စများကို စကားစလိုက်သည်။ မင်းသားကလေး အင်ဒရေနှင့် အခြားသူများသည်လည်း သူတို့အနီးသို့ ဝိုင်းအုံလာကြလေသည်။ ဟစ်ပိုလီတီသည် များစွာအရေး ကြီးဟန်ဖြင့် အခြားသူများကို ကြည့်လိုက်သည်။

"ဘာလင်အစိုးရအဖွဲ့ဟာ ကျွန်တော်တို့နဲ့ မဟာ မိတ် ဖွဲ့လို့မရဘူးဗျ။ ခင်ဗျားတို့လဲ သိသားပဲ။ နောက်ဆုံး ပေးတဲ့ စာချွန်ထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှ ဖော်ပြ မထားဘူး။ အကယ်၍ ကျွန်တော်တို့ရဲ့ ဇာဘုရင်တော်ကြီး ဘုရားကိုယ်တော်တိုင် မဟာမိတ်အဖွဲ့မှာ ဆက်လက်ပါဝင် နေမယ်ဆိုရင်တော့ နေပါဦးလေဗျာ။ ကျွန်တော်ဆုံးအောင် ပြောပါရစေဦး"

ဟစ်ပိုလီတီက မင်းသားကလေးအင်ဒရေ၏ လက် မောင်းကို ဖမ်းဆုပ်လိုက်၏။

"တော်ကြီးဘုရားသာ မဟာမိတ်အဖွဲ့ထဲမှာ ဆက် လက်ပါဝင်ဦးမယ်ဆိုတဲ့ သဘောထားရှိနေသေးရင်တော့ ခုကိစ္စမှာ ကြားဝင်စွက်ဖက်တာက ကြားမဝင်ဘဲနေတာထက် အများကြီး အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ နောက်ဆုံးပြောရရင်ဗျာ နိုဝင်ဘာလ ၁၈ ရက်နေ့စွဲနဲ့ ပို့လိုက်တဲ့ ကျွန်တော်တို့ရဲ့ စာချွန်ကိုလဲ မရဘူးလို့ ဘယ်သူမှ မငြင်းနိုင်ပေဘူး။ ပြဿနာကတော့ ဒါပဲ"

ဟစ်ပိုလီတီသည် စကားပြောပြီးပြီဆိုသည့် လက္ခဏာဖြင့် မင်းသားကလေး အင်ဒရေ၏လက်မောင်း ကို လွှတ်လိုက်သည်။

"လူစွမ်းကောင်းကြီး ဒီမိုစသင်းခင်ဗျာ။ အသင်၏ ရွှေနှုတ်ခံတွင်းမှ လှို့ဝှက်ချက်ဟူသမျှကို ကျောက်စရစ်ခဲ မြင်ရုံမျှဖြင့် ကျွန်ုပ်သိပါသည်"

ဘီလီဘင်က မိမိ၏ခေါင်းမှ ဦးစွန်းပုတ်ကလေး ကို လှုပ်ယမ်း၍ ပြောလိုက်၏။ အားလုံး တဝါးဝါးရယ် လိုက်ကြ၏။ ဟစ်ပိုလီတီ၏ ရယ်သံကား အကျယ်လောင် ဆုံး ပေတည်း။ ဟစ်ပိုလီတီသည် အသက်ကိုပင် မရှူနိုင် ဘဲ တစ်ကိုယ်လုံး လှုပ်ယမ်းရင်း ရယ်လျက်ရှိလေသည်။

"ရောင်းရင်းများခင်ဗျာ၊"

ဘီလီဘင်က ပြောလိုက်၏။

"မင်းသားကလေး အင်ဒရေဟာ ကျွန်တော့်ဧည့် သည် ဖြစ်ပါတယ်။ ဘရွန်းမြို့ရဲ့ ဧည့်သည်ဆိုလဲ ဟုတ်ပါ တယ်။ ဒီတော့ ဒီမြို့က ပျော်ရွှင်စရာတွေအစုံနဲ့ ကျွန်တော် တတ်နိုင်သမျှ ဧည့်ဝတ်ပြုလိုပါတယ်။ ဗီယင်နာ ရွှေမြို့ တော်မှာ ဆိုရင်တော့ ဧည့်ဝတ်ကျေအောင် ဧည့်ခံရတာဟာ သိပ်အပန်းမကြီးလှပါဘူး။ ဒါပေမဲ့ ဟောဒီချောင်ကျတဲ့ မော်ရေဗီယန် ကျင်းထဲရောက်နေတုန်းမှာတော့ အစစ အရာရာ ရှားပါးလှပါတယ်။ ဒါကြောင့်မို့ ဧည့်သည်ကို ဧည့်ဝတ်ပြုမယ့်နေရာမှာ ရောင်းရင်းတို့ကလဲ ကူညီပါလို့ ကျွန်တော် တောင်းပန်ပါတယ်။ ဘရွန်းမြို့ရဲ့ စွဲလမ်းစရာ တွေကို ပြရပါလိမ့်မယ်။ ရောင်းရင်းက ဇာတ်ပွဲကို လိုက်ပို့ပါ။ ကျွန်တော်က မြို့မျက်နှာဖုံး ပုဂ္ဂိုလ်များဆီကို ပို့ပေးပါမယ်။ ဟောဒီက ရောင်းရင်းကြီး ဟစ်ပိုလီတီက တော့ သူကျွမ်းကျင်တဲ့ မိန်းမအသိုင်းအဝိုင်းကို ပို့ပါ လိမ့်မယ်"

"ရွှေ၊ နိပ်လိုက်လေဗျာ။ ကျွန်တော်တို့ သူ့ကို အေမီလီနဲ့ တွေ့ပေးရ မကောင်းဘူးလား။ အေမီလီက ချောလဲချော၊ လှလဲလှ၊ စကားလဲချို" တစ်ယောက်သော 'ဒိုလူ'က လက်ဖျားများများကိုနှုတ်ခမ်းဖြင့် စုပ်၍ ပြောလိုက်၏။

"အေးဗျာ။ သွေးဆာနေတဲ့ ဒီစစ်သားကို လူဆန်တဲ့ ကိစ္စတွေဘက် စိတ်ဝင်စားလာအောင် လုပ်ကြရမှာပေါ့" ဘီလီဘင်က ပြောလိုက်သည်။

"ရောင်းရင်းတို့သည်းခံကြပါ။ ကျွန်တော့်မှာ ရောင်းရင်းတို့ရဲ့ ဧည့်ဝတ်ကျေပွန်မှုကို လက်ခံဖို့ အချိန် မရပါဘူး။ ခုပဲ သွားရပါတော့မယ်" မင်းသားကလေး အင်ဒရေက လက်ပတ်နာရီကိုကြည့်၍ ပြောလိုက်သည်။

"ဘယ်ကိုလဲဗျ"

"ဩစတြီးယား ရွှေနန်းတော်ကြီးကို အခစား ဝင်ရလိမ့်မယ်"

"အို"

"ကဲ၊ သွားပေတော့ဗျို့။ ညစာ သုံးဆောင်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သာ စောစောလေး ပြန်လာခဲ့ပေတော့။ ခင်ဗျားကိုတော့ ဒီနေ့ည အမိဖမ်းရလိမ့်မယ်"

အားလုံးက ဝိုင်းပြောလိုက်ကြသည်။

"ရွှေနန်းရှင်ဆီ အစားဝင်ရင် ဩစတြီးယား တပ်များက ရိက္ခာတွေ လုံလုံလောက်လောက် ထောက်ပံ့ကြောင်း၊ စစ်ချီလမ်းကြောင်းတွေကိုလဲ ညွှန်ပြပေးကြောင်း ကို သာသာထိုးထိုးကလေး လျှောက်တင်ခဲ့ပါဗျာ"

ဘီလီဘင်က တံခါးဝသို့ လိုက်ပို့ရင်း ပြောသည်။

"ကျုပ်လဲ သူတို့ ကောင်းကြောင်းကို ပြောချင်ပါတယ် ရောင်းရင်း။ ဒါပေမဲ့ ကျုပ်သိသလောက်အဖြစ်အပျက်တွေကို ကြည့်ရရင်တော့ ဒီလိုပြောဖို့ မဖြစ်နိုင်ပေဘူးဗျ"

"ကောင်းပါပြီဗျာ။ ဒါဖြင့်လဲ ရောင်းရင်းကြီးတို့ ကြိုက်သလိုသာ လျှောက်တင်ပါ။ ဩစတြီးယား ရွှေနန်းရှင်ဟာ ဘယ်သူ့ကိုမဆို အစားဝင်ခွင့် ပြုတော်မူတာ ချည်းပဲခင်ဗျ။ ဝါသနာလိုဖြစ်နေပြီ။ ဒါပေမဲ့ သိပ်တော့ စကားများများပြောလေ့ မရှိဘူး။ ပြောလဲ မပြောတတ်ဘူး။ ခင်ဗျားလဲ တိုတိုပဲ လျှောက်ခဲ့ဗျာ"

## အခန်း ၁၂

ညီလာခံတွင် မင်းသားကလေး အင်ဒရေသည် စိစဉ်ထားသည့်အတိုင်း ဩစတြီးယား မှူးမတ်များနှင့်အတူရပ်၍ ခစားလျက်ရှိလေသည်။ ဩစတြီးယား ရွှေနန်းရှင် ဖရန့်စစ် ဘုရင်သည် မင်းသားကလေး အင်ဒရေ၏ မျက်နှာကို တစ်ချက်မျှ ရှုစားလိုက်ပြီးနောက် ရှည်လျားသော ခေါင်းကို ညိတ်၍ပြလိုက်သည်။ ထိုသို့ ဖူးမြော်ပြီးသည့်နောက်တွင် မင်းသားကလေး အင်ဒရေအား ရွှေနန်းရှင် ဩစတြီးယား ဘုရင်မင်းမြတ်က ရှေ့တော်ဝင်ခွင့်ပြုလိုတော်မူကြောင်းဖြင့် မနေ့က တွေ့ခဲ့ရသည့် တပ်ရေးမင်းက ထီးမှူးနန်းရာဖြင့် ပြောလာလေသည်။ ဘုရင်ကေရာဇ်မင်းမြတ် ဖရန့်စစ်သည် နန်းတွင်း ခန်းမဆောင်အလယ်၌ မတ်တတ်ရပ်၍ မင်းသားကလေး အင်ဒရေကို ဆီးကြိုတော်မူ၏။ ရွှေနန်းရှင်သည် မည်သည့်စကားဆိုရမည် မသိသကဲ့သို့ ခပ်အမ်းအမ်းဖြစ်ကာ မျက်နှာနီရဲလျက် ရှိခြင်းကို မင်းသားကလေး အင်ဒရေ သတိထားမိလိုက်သည်။

"ဘယ်အချိန်က တိုက်ပွဲစသလဲဆိုတာ လျှောက်တင်စမ်းပါဦး"

ဩစတြီးယား ရွှေနန်းရှင်က ခပ်မြန်မြန် မိန့်တော်မူသည်။ မင်းသားကလေး အင်ဒရေက အမေးကို ဖြေ၏။ ထို့နောက်တွင်ကား 'ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် ကျန်းခဲ့သာလို့ မာရဲ့လား' စသည့် မေးရိုးမေးစဉ် မေးခွန်းများကိုသာ မေးမြန်းလျက်ရှိလေသည်။ ဩစတြီးယား ရွှေနန်းရှင်သည် မေးခွန်းများကို မေးမြန်းရာတွင် သတ်မှတ်ထားသည့် မေးခွန်းအရေအတွက်ပြည့်အောင် မေးမြန်းခြင်း ပြုသကဲ့သို့ ဖြစ်နေပြီး ပြန်လည် ဖြေကြားချက်ကိုလည်း များစွာစိတ်ဝင်စားခြင်း ရှိပုံမရချေ။

"တစ်ချက်တီးမှာ တိုက်ပွဲစဖြစ်တယ်ဆိုပါတော့"

ဩစတြီးယား ရွှေနန်းရှင်က မေးတော်မူ၏။

"ရှေ့တန်းစစ်မျက်နှာမှာ ဖြစ်တဲ့တိုက်ပွဲကတော့ ဘယ်အချိန်က စတင်ဖြစ်ပွားတယ်လို့ မသိကြောင်းပါ။ သို့သော် ကျွန်တော်မျိုး တာဝန်ကျနေတဲ့ ဒါရင်စတိန်း စစ်မျက်နှာမှာတော့ ကျွန်တော်မျိုးကြီးတို့ တပ်များက ရန်သူတပ်များကို ညနေငါးချက်တီး အချိန်လောက်မှ စတိုက်ကြကြောင်းပါဘုရား"

မင်းသားကလေး အင်ဒရေမှာ မိမိ၏စိတ်ထဲတွင် စိစဉ်ပြီးဖြစ်သည့် တိုက်ပွဲအသေးစိတ်အကြောင်းအရာများကို ပြောရတော့မည်ဟု အားတက်လာကာ ခပ်သွက်သွက် လျှောက်တင်လိုက်သည်။ သို့ရာတွင် ဩစတြီးယား ဘုရင်မင်းမြတ်က ပြုံးလိုက်ပြီးနောက် သူ့စကားကို ဖြတ်၍

"ဘယ်နှစ်မိုင်လောက် ဝေးသလဲ"

"ဘယ်ဒေသက ဘယ်ဒေသကို ဆိုလိုတော်မူတာပါလဲဘုရား"

"ဒါရင်စတိန်းနဲ့ ကရင် ဘယ်လောက်ဝေးသလဲ"

"သုံးမိုင်ခွဲဝေးကြောင်းပါ ဘုရား"

"ရန်သူ ပြင်သစ်တွေ လက်ဝဲဘက်ကမ်းကို စွန့်သွား ကြပြီလား"

"အထောက်တော်များရဲ့ အစီရင်ခံချက်အရ ဆိုရင် ရန်သူတပ်များဟာ ညအချိန်မှာ ဖောင်များနဲ့ ဖြတ်ကူးသွားတယ်လို့သိရကြောင်းပါ"

"ကရင်တစ်ဝိုက်မှာ မြင်းစာရေစာ လုံလောက်လောက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခုထိတော့ မြင်းစာရေစာများ အထောက်အပံ့ မရောက်သေးကြောင်းပါ"

ဩစတြီးယား ဘုရင်မင်းမြတ်က စကားဖြတ်လိုက်ပြီး

"ဗိုလ်ချုပ်ကြီးရှမစ် ဘယ်အချိန်လောက်မှ ကျသလဲ"

"မွန်းပါ၊ ခုနစ်ချက်တီးလောက်မှာ ကျကြောင်းပါ"

"ခုနစ်ချက်တီး၊ ဟုတ်စ။ အိမ်း၊ စိတ်မကောင်းစရာပေပဲ၊ စိတ်မကောင်းစရာပေပဲ"

ဩစတြီးယား ဘုရင်မင်းမြတ်သည် မင်းသားကလေးအင်ဒရေအား ကျေးဇူးတင်စကားဆိုကာ ဦးညွှတ်လိုက်သည်။ မင်းသားကလေး အင်ဒရေ ရှေ့တော်မှောက်မှ ထွက်လာသည်နှင့် သူ့အားပတ်လည်တွင် နန်းတော်သားများ ဝိုင်းအုံလျက်ရှိသည်ကို တွေ့ရလေသည်။ အားလုံးကပင် ချစ်ခင်သောအကြည့်များဖြင့် ဝိုင်းကြည့်ကြပြီး ကြင်နာသော စကားများကို ဆိုကြသည်။ မနေ့က တပ်ရေးမင်းမှာ နန်းတော်တွင် တည်းခိုခြင်း မပြုသည့်အတွက် မင်းသားကလေး အင်ဒရေအား အပြစ်ဆိုကာ မိမိ၏အိမ်တွင် လာရောက်တည်းခိုပါမည့်အကြောင်း ဖိတ်မန္တက ပြုလေသည်။ စစ်ဝန်ကြီးလည်း သူ့အနားသို့ ရောက်လာကာ ဩစတြီးယား ဘုရင်မင်းမြတ်က မာရီယသရီစ္စ တတိယရွှေတံဆိပ်တော် ချီးမြှင့်လိုက်တော်မူသည့်အတွက် ချီးကျူးနှုတ်ဆက်သည်။ မိဖုရားခေါင်ကြီး၏ လက်စွဲတော်ကလည်း မိဖုရားခေါင်ကြီးကို ဝင်ရောက်ဖူးမြော်ခစားရန် ဖိတ်မန္တက ပြုသည်။ အမတ်ချုပ်ကတော်ကြီးကလည်း သူ့အား တွေ့လိုသည်ဟုဆိုသည်။ မင်းသားကလေးအင်ဒရေသည် ဤသို့ တစ်ယောက်တစ်ပေါက် ပြောနေသည့်ကြား၌ မည်သို့ ပြန်ပြောရမည် မသိဘဲ အတန်ကြာမျှ ငိုင်နေမိသည်။ ထိုအခိုက် ရုရှားသံတော်ကြီး ရောက်လာကာ သူ့ပခုံးကိုကိုင်၍ လေသာပြတင်းဝသို့ ခေါ်သွားပြီး စကားပြောနေသည်။

ဘီလီဘင် ပြောသကဲ့သို့ မဟုတ်ဘဲ မိမိယူဆောင်လာသည့်သတင်းကြောင့် ဩစတြီးယား ရွှေနန်းတော်ကြီးမှာ ဝမ်းသာအားရလျက်ရှိကြောင်း သိရလေသည်။ ကျေးဇူးတော်အထိမ်းအမှတ်အဖြစ် ဝတ်ရွတ်ရန် အစီအစဉ်ကိုပင် ပြုလုပ်ပြီး ဖြစ်လျက် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အားလည်း မာရီယသရီစ္စ မဟာကြက်ခြေတံဆိပ်တော်ကို ချီးမြှင့်၍ အောင်ပွဲရ ရုရှားတပ်သားများကိုလည်း ဆုလာဘ်များ ပေးသနားတော် မူလိုက်ပြီဟု ဆိုလေသည်။ မင်းသားကလေး အင်ဒရေမှာ သွားလေရာတွင် မျက်နှာပွင့်လန်းလျက် တစ်မနက်လုံး ဩစတြီးယား နန်းတော်မှူးကြီး၊ မတ်ကြီးများနှင့် တွေ့ဆုံနေရလေသည်။ တွေ့သင့်တွေ့ထိုက်သော ပုဂ္ဂိုလ်များကို တွေ့ဆုံပြီး ညနေလေးချက်တီးနှင့် ငါးချက်တီးကြားတွင် မင်းသားကလေး အင်ဒရေသည် တည်းခိုရာ ဘီလီဘင်အိမ်သို့ ပြန်လာခဲ့ရင်း တိုက်ပွဲအကြောင်းနှင့်တကွ ဘရွန်းမြို့သို့ လာရောက်ရပုံများကို ခမည်းတော်မင်းသားကြီးထံ စာရေးမည်ဟု စိတ်ကူးလာလေသည်။ တည်းခိုရာအိမ်ဝတွင် အထုပ်အပိုးများ တစ်ဝက်တစ်ပျက်တင်ထားသည့် ယာဉ်တစ်စီး ရပ်နေသည်ကို တွေ့ရသည်။ ဘီလီဘင်၏ တပည့်ဖရန့်သည် ရှေ့တံခါးပေါက်မှနေ၍ ခရီးဆောင်သားရေသေတ္တာကြီး တစ်လုံးကို မနိုင်မနင်း ဆွဲထုတ်လာလေသည်။

ဘီလီဘင် အိမ်သို့ ပြန်မလာမီ မင်းသားကလေး အင်ဒရေသည် စစ်မြေပြင်တွင် ဖတ်ရန်အတွက် စာအုပ်ဝယ်လိုသဖြင့် စာအုပ်ဆိုင်တစ်ဆိုင်သို့သွားခဲ့ကာ စာအုပ်ဆိုင်တွင် အချိန်နည်းငယ် ဖြုန်းခဲ့သေးသည်။

"ဘာလဲဟေ့"

"ပြန်လာပလား ကိုယ်တော်လေး" ဖရန့်က ခရီးဆောင်သားရေသေတ္တာကြီးကို ရထားပေါ်သို့ တင်ရင်း ပြောလိုက်သည်။ "ကျွန်တော်တို့ ထပ်ပြီး ရွှေ့ရဦးမယ် ကိုယ်တော်လေး။ ဟို တိရစ္ဆာန်နောက်က လိုက်လာပြန်ပြီ"

"ဘာကွ" မင်းသားကလေး အင်ဒရေက မေးလိုက်သည်။

ဘီလီဘင်သည် အိမ်ထဲမှ ထွက်လာလေသည်။ အမြဲတမ်း တည်ငြိမ်လျက်ရှိသည့် မျက်နှာသည် တုန်လှုပ်ချောက်ချားနေဟန် ရှိသည်။

"ကဲ ကျုပ်မပြောလား ရောင်းရင်း။ ခုတော့ ပျော်စရာကြီးဖျို့။ ဗီယင်နာက သာဘောတံတား ကိစ္စလေဗျာ။ ခု သေနတ်တစ်ချက်မှ မဖောက်ရဘဲ ဖြတ်ကူးလာကြပြီခင်ဗျ"

မင်းသားကလေး အင်ဒရေသည် နားမလည်နိုင်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ မြို့တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ပြီး ရထားသမားတွေတောင် သိနေတဲ့ ကိစ္စကြီးကို မသိရလောက်အောင် ခင်ဗျားက ဘယ်ကိုများ သွားနေလို့လဲ"

"ဟင့်အင်း၊ ကျုပ် အမတ်ချုပ်ကတော်ကြီးဆီက ပြန်လာတာ။ ဘာသတင်းမှ မကြားခဲ့ပါလား"

"လူတွေ အထုပ်အပိုးတွေပြင်ပြီး လှုပ်လှုပ်ရှရှ ဖြစ်နေတာကော မတွေ့ခဲ့ဘူးလား"

"ဗျာ၊ မတွေ့ပါဘူး။ ဘာဖြစ်လို့လဲ" မင်းသားကလေး အင်ဒရေက မနေနိုင်တော့ဘဲ မေးလိုက်သည်။

"ဘာဖြစ်ရမလဲ ရောင်းရင်းကြီးရ။ မင်းသားကြီး အောစပတ် ခုခံကာကွယ်ပေးနေတဲ့ တံတားကို ရန်သူ ပြင်သစ်ကောင်တွေ ဖြတ်ကူးပြီးကြပြီဗျ။ တံတားကိုတောင် ဖောက်ခွဲပစ်ချိန် မရလိုက်ဘူး။ ခု ပြင်သစ်မိုလ်မှူးရတ်ဟာ ဘရွန်းဘက်ကို အပြင်းချီလာနေပြီ။ တစ်ရက်နှစ်ရက် အတွင်းရောက်လာတော့မယ်"

"ဘာ၊ ဒီကိုရောက်လာတော့မယ် ဟုတ်စ။ နေစမ်းပါဦး။ ယမ်းအိုးတွေ အဆင်သင့် မြှုပ်ထားပါရက်နဲ့ တံတားကိုဘာလို့ ဖောက်ခွဲမပစ်ခဲ့တာတဲ့လဲ"

"အဲ အဲဒါ ခင်ဗျားကို ကျွန်တော်မေးနေတာပေါ့။ ကျွန်တော်လဲ မသိဘူး။ ဘိုနာပတ်မှ သိပေမှာပဲ"

မင်းသားကလေး အင်ဒရေသည် ပခုံးတွန့်လိုက်၏။

"ဒါဖြင့်ရန်သူတွေ တံတားဖြတ်ကူးမိပြီဆိုတော့ ကျွန်တော်တို့တပ်တွေလဲ တစ်တပ်လုံး ပြတ်သွားတယ်ဆိုတဲ့ သဘောပေါ့။ အဆက်ပြတ်နေပြီပေါ့"

"ဒါပေါ့ဗျာ။ ဒီမှာ ရောင်းရင်းကြီး။ ကျွန်တော် ပြောသလိုပဲ ရန်သူပြင်သစ်တွေ ဗီယင်နာမြို့တော်ထဲကို ရောက်ကုန်ကြပြီ။ ဒီတော့ မနေ့ကဆိုရင် ပြင်သစ်မိုလ်တွေ ဖြစ်တဲ့ မူးရတ်တို့၊ လင်းတို့၊ ဘဲလီယတ်တို့ဟာ မြင်းကိုယ်စီနဲ့ တံတားကိုသိမ်းဖို့ တက်လာကြပြီ။ (အဲ၊ သူတို့ သုံးယောက်စလုံးဟာ ဂန်စကွန်နယ်သားတွေ ခင်ဗျ။ နယ်နယ်ရရ မအောက်မေ့လိုက်နဲ့။) သူတို့အထဲက တစ်ယောက်က ပြောသတဲ့။ 'သွေးသောက်ကြီးတို့ သာဘောတံတားမှာ ယမ်းအိုးတွေ ဒင်းကြမ်းမြှုပ်ထားကြတယ်။ တံတားဦး ခံတပ်ဟာလဲ နာမည်ကျော်တယ်။ သောင်းငါးထောင်ရှိတဲ့ ရန်သူ့ဩစတြီးယား တပ်ကြီးကလဲ ကျုပ်တို့ကို အကူးမခံဘဲ တံတားကို ဖောက်ခွဲဖို့ အဆင်သင့် စောင့်နေတယ်။ ဒါပေမဲ့ ဒီတံတားကို သိမ်းနိုင်ရင်တော့ ကျုပ်တို့ရဲ့အရှင် ဧကရာဇ်ဘုရင် နပိုလီယန်ဟာ များစွာ နှစ်ထောင်းအားရတော်မူမှာပဲ။ ဒါကြောင့် ကျုပ်တို့သုံးဦး သွားပြီး တံတားကို သိမ်းကြစို့'လို့ ပြောသတဲ့။ ဒါကို အားလုံးကလဲ သဘောတူသတဲ့။ ဒါနဲ့ ပြောပြောဆိုဆို သူတို့သုံးယောက်ကိုယ်တိုင် တံတားကို တက်သိမ်းပြီး ရှေ့ဆုံးက ဖြတ်ကူးလာကြသတဲ့။ ဟော ခုတော့ သူတို့ တပ်ကြီးတစ်တပ်လုံး ဒင်ညုမြစ် ဒီဘက်ကမ်းကို ရောက်လာပြီး ကျွန်တော်တို့ ခင်ဗျားတို့ဆီကို အပြင်း ချီလာနေပြီ။ ခင်ဗျားတို့ထောက်ပံ့ရေး လမ်းကြောင်းတွေနား ရောက်နေပြီဗျ"

"ရောင်းရင်းတော်ဗျာ။ အပြောင်အပြက်တွေ ပြောမနေနဲ့"မင်းသားကလေး အင်ဒရေက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ မင်းသားကလေး အင်ဒရေသည် ဤသတင်းကို ကြားရသဖြင့် စိတ်မကောင်းဖြစ်မိသော်လည်း မိမိ၏သူရသတ္တိကိုပြဖို့ အချက်တွေ့လေပြီဟု အားရပါးရ ကျေနပ်မိသည်။

ရုရှားတပ်မတော်ကြီးသည် ယခုကဲ့သို့ မျှော်လင့်ချက်မရှိသော အခြေအနေကို ရောက်နေပြီဟု ကြားလိုက်ရသည်နှင့် ဤအခြေအနေမှ ကယ်တင်လွတ်မြောက်စေရန် အတွက် မိမိကိုယ်တိုင် ခေါင်းဆောင်ရမည်ဟု သဘောပေါက်လာလေသည်။ ၁၇၉၃ ခုနှစ်တွင် နပိုလီယန်သည် သမ္မတနိုင်ငံ ဘက်သားများကို တူလွန်းတိုက်ပွဲ၌ နှိမ်နင်းပြီးနောက် ထင်ပေါ်ကျော်ကြားလာသကဲ့သို့ ဤတစ်ကြွေ့၌ မိမိအဖို့လည်း သာမန်အညတရ တပ်ရေးကလေးဘဝမှ ကျော်ကြားသော စစ်သူကြီးအဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးမည့် နောက်ထပ် တူလွန်းတိုက်ပွဲကို တွေ့ရလေပြီ။

မင်းသားကလေး အင်ဒရေသည် ဘီလီဘင်၏ စကားများကို နားထောင်ရင်း မိမိ၏တပ်စခန်းသို့ ပြန်ရောက်လျှင် စစ်ဦးစီးဌာနချုပ် အစည်းအဝေးတွင် တပ်မတော်ကြီးကို ထွက်ပေါက်ပေးနိုင်မည့် အကြံဉာဏ်များကို မည်သို့တင်ပြလိုက်မည်၊ ထိုအစီအမံကို မိမိတစ်ယောက် တည်းအား မည်သို့မည်ပုံ ကွပ်ကဲစေလိမ့်မည် စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွေးတောနေမိလေသည်။

"ကဲ၊ အပြောင်အပြက်စကားတွေ ရပ်တော့ဗျာ"

"အို၊ အပြောင်အပြက်ပြောတာ မဟုတ်ဘူး ရောင်းရင်းကြီး၊ တကယ်ပြောနေတာ။ ဒီထက်မှန်တဲ့ စကားလဲ မရှိတော့ဘူး။ ဒီထက်ဝမ်းနည်းစရာ ကောင်းတဲ့ သတင်းလဲမရှိတော့ဘူး။ ဒီဗိုလ်သုံးယောက်ဟာ သူတို့ချည်း တံတားပေါ်ကို မြင်းဖြတ်စီးလာပြီး ပဝါဖြူကို ဝှေ့ယမ်းပြကြသတဲ့။ ပြီးတော့ တံတားမှာ တာဝန်ကျနေတဲ့ ဩစတြီးယား ဗိုလ်လေးကို သူတို့ဟာ ပြင်သစ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြောင်း၊ ဩစတြီးယားဗိုလ်ချုပ်မင်းသားကြီး အောစပတ်နဲ့ စေ့စပ်ရေးစကား သွားပြောဖို့ ထွက်လာကြောင်း ပြောပြသတဲ့။ ဗိုလ်လေးကလဲ အဟုတ်မှတ်ပြီး တံတားဦးခံတပ်ထဲကို ဖြတ်ခွင့်ပြုလိုက်တာပေါ့။ သူတို့ကလဲ စစ်ပွဲပြီးဆုံးပြီဖြစ်တဲ့ အကြောင်း၊ ဩစတြီးယား ဧကရာဇ်ဘုရင်ဟာ ဘိုနာပတ်နဲ့ တွေ့ဆုံစည်းဝေးဖို့ စီစဉ်နေတဲ့အကြောင်း၊ ဒါကြောင့် မင်းသားကြီးအောစပတ်နဲ့ တွေ့လိုတဲ့အကြောင်း စသဖြင့် ဂါစကွန်နယ်သားတွေပီပီ အမျိုးမျိုး ထွင်လုံးတွေ လုပ်တာပေါ့လေ။ ဒါနဲ့ တာဝန်ကျ ဗိုလ်လေးကလဲ မင်းသားကြီး အောစပတ်ကို အခေါ်လွှတ်လိုက်သတဲ့။ အမယ် အဲဒီဂါစကွန်နယ်သား ပြင်သစ်ဗိုလ်ချုပ် သုံးယောက်ဟာ ဗိုလ်လေးကို ပွေ့ဖက်နှုတ်ဆက်ရယ်စရာ မောစရာ ဆွဲပြောပြီး အမြောက်ပေါ်တောင် တက်ထိုင်နေလိုက်သေးသတဲ့ ခင်ဗျ။ အဲဒီအတောအတွင်း ပြင်သစ်တပ်ရင်းတစ်ရင်းက တိတ်တိတ်ကလေး တံတားနားရောက်လာပြီး တံတားမှာ မြှုပ်ထားတဲ့ ယမ်းအိုးတွေ ရေထဲလွှင့်ပစ်ပြီး တံတားဦးခံတပ် ခြေရင်းနားကို ကပ်လာသတဲ့။ အဲဒီလို နေတုန်း ဗိုလ်ချုပ်မင်းသားကြီး အောစပတ် ရောက်လာပါ ရောတဲ့ဗျို့။ အဲဒီတော့ သူတို့က 'အကြည်တော် ဩစတြီးယားဗိုလ်ချုပ် တုရကီစစ်ပွဲသူရဲကောင်းကြီးခင်ဗျား၊ စစ်ပွဲပြီးပြီဖြစ်တဲ့အတွက် လက်ဆွဲနှုတ်ဆက်ပါတယ်။ ဘုရင်ဧကရာဇ် နပိုလီယန်ဟာ မင်းသားကြီး အောစပတ်ကို အလွန်အမင်း တွေ့ချင်နေပါတယ်'လို့ ပြောသတဲ့။ တိုတိုပြောရမယ်ဆိုရင် အဲဒီပြင်သစ် ဗိုလ်ချုပ် သုံးယောက်က မြှောက်ပင့်ပြောလိုက်တော့ ကျွန်တော်တို့ မင်းသားကြီး အောစပတ်လဲ ဘဝင်ခိုက်သွားတော့တာပေါ့ဗျာ။ (အင်း တတ်လဲ တတ်နိုင်တဲ့ ဂါစကွန်နယ်သားတွေ ပါပဲ။) ကျွန်တော်တို့ မင်းသားကြီး အောစပတ်ကလဲ ဘယ်လောက်များ ဘဝင်ခိုက်သွားသလဲဆိုရင် အဲဒီ ပြင်သစ် ဗိုလ်ချုပ်တွေနဲ့ ချက်ချင်းမိတ်ဆွေဖြစ်သွားကြပြီး ပြင်သစ် ဗိုလ်ချုပ် မူးရတ်ခြုံထားတဲ့ ဖဲဝတ်ရုံကြီးနဲ့ ခေါင်းက ကြက်ဆင်ငှက်တောင်တွေကို ငေးပြီး ကြည့်နေလိုက်တာ ရန်သူ့သေနတ်တွေကစပစ်လို့ မီးတွေတဝင်းဝင်း ထွက်လာတာတောင် ရန်သူကို ပြန်ပစ်ဖို့ သတိမရဘူးတဲ့"

ဘီလီဘင်သည် စိတ်ပါလက်ပါ ပြောလျက်ရှိသည့်ကြားထဲကပင် သူ့စကားကို ဘယ်မျှစိတ်ဝင်စားစွာ နားထောင်သနည်းဟု အကဲခတ်ရန်ကိုလည်း မမေ့ဘဲ ခေတ္တရပ်လိုက်၏။

"အဲဒီလို ရတ်ရတ်သဲသဲလဲဖြစ်ရော၊ ပြင်သစ်တပ်တွေလဲ သေနတ်ကို လှံစွပ်တွေတပ်ပြီး တံတားဦးခံတပ်ကို အတင်းပြေးဝင်လာကြတော့တာပဲတဲ့။ ဒါပေမဲ့"

ဘီလီဘင်သည် စိတ်အားထက်သန်စွာ ပြောနေရာမှ ဝမ်းသာစရာအလှည့်သို့ ရောက်လာသည့်အတွက် အားရရွှင်လန်းစွာဖြင့်

"ဒါပေမဲ့ တော်သေးတယ်ဗျို့။ အမြောက်မြတပူပစ်တဲ့ တပ်ကြပ်ကြီးဟာ ယမ်းအိုးတွေခွဲပြီး တံတားကို ဖောက်ခွဲပစ်ဖို့ အချက်ပေးရမှာ ဖြစ်တဲ့အတိုင်း ပြင်သစ်တပ်တွေလဲ တံတားဘက်ဆီ ပြေးဝင်ရော မြတပူနဲ့ ပစ်တော့မယ်အလုပ်မှာ ပြင်သစ်ဗိုလ်ချုပ်လင်းက လက်ကို ဖမ်းဆွဲထားလိုက်သတဲ့။ တပ်ကြပ်ကြီးက မင်းသားကြီး အောစပတ်အနားသွားပြီး 'ကိုယ်တော်ကြီး၊ ဒီကောင်တွေ အကောက်ကြံပြီ၊ အနားရောက်ကုန်ပြီ'လို့ အော်လိုက်သတဲ့။ အဲဒီတပ်ကြပ်ကြီးကတော့ ဗိုလ်ချုပ်ကြီး အောစပတ်ထက် အမြော်အမြင်ရှိတယ်လို့ ဆိုရပေမဗျ။ ဒီတင် ပြင်သစ် ဗိုလ်ချုပ်မူးရတ်ကလဲ မင်းသားကြီး အောစပတ်အနား တပ်ကြပ်ကြီးရောက်သွားရင် ခက်ရချည်ရဲ့ဆိုပြီး အင်မတန် အံ့အားသင့်တဲ့ဟန်နဲ့ (အင်း၊ တတ်လဲတတ်နိုင်တဲ့ တကယ့် ဂါစကွန်နယ်သားပါပဲဗျာ။) ဩစတြီးယားဗိုလ်ချုပ်ကြီး အောစပတ်ဘက်လှည့်ပြီး ဩစတြီးယား တပ်မတော်ကြီးဟာ စည်းကမ်းကြီးခြင်းအရာမှာ ကမ္ဘာကျော်လျက် ဗိုလ်ချုပ်ကြီးကို တပ်ကြပ်တစ်ယောက်က ဒီလိုပြောတာမျိုး ကိုတော့ ခွင့်မပြုသင့်ပါဘူး ဗိုလ်ချုပ်ကြီး'လို့ ပြောလိုက်သတဲ့။ ကြည့်စမ်း၊ ကြားဝင်လိုက်ပုံကတော့ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာပါပဲဗျာ။ ချီးကျူးလောက်ပါပေတယ်။ ဒီလိုလဲ ပြောလိုက်ရော၊ ကျွန်တော်တို့ မင်းသားကြီးအောစပတ်လဲ ငါတော့ပြင်သစ်ဗိုလ်ချုပ်တွေရှေ့မှာ ငါ့ဂုဏ်သိက္ခာကို ငါထိန်းမှပဲဆိုပြီး တပ်ကြပ်ကြီးကို ဖမ်းစေ အမိန့်ပေးလိုက်သတဲ့ဗျ။ ကဲ သာဘောတံတားရဲ့ အဖြစ်ကလေးက ရယ်စရာမကောင်းလားဗျာ ရောင်းရင်းကြီး။ အမှန်ကတော့ နုံတာလဲ မခေါ်နိုင်၊ မိုက်တာလို့လဲ မခေါ်နိုင်"

"ဒါပြင့် သစ္စာဖောက်တာ ဖြစ်ချင်ဖြစ်မှာပေါ့ဗျ" မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။ သူ့မျက်စိထဲတွင် ရုရှားတပ်သားများ၏ အပြာရောင် နှင်းကာဝတ်ရုံအင်္ကျီများ၊ ဒဏ်ရာများ၊ အမြောက်မှ မီးခိုးလုံးများ၊ ပစ်ခတ်သံများနှင့်တကွ ရှေ့လက်တစ်ကမ်းတွင်ရှိသော မိမိ၏ဂုဏ်သတင်းကျော်စောမှုတို့ကို မြင်ယောင်လာလေသည်။

"ဒီလိုလဲ မဟုတ်သေးဘူးဗျ။ ခုတော့ ရွှေနန်းတော်မှာ ဒီအရေးကို မစဉ်းစားတတ်အောင်ဖြစ်နေပြီ။ သစ္စာဖောက်တာလဲမဟုတ်၊ နုံတာလဲ မဟုတ်ဘူး။ မိုက်မဲတာလဲ မဟုတ်ဘူး။ အမ်းတိုက်ပွဲတုန်းကလို"

ဘီလီဘင်သည် သင့်လျော်မည့် စကားလုံးကို ရွေးနေဟန်ဖြင့် စဉ်းစားနေသည်။

"အမ်းတိုက်ပွဲတုန်းက ဗိုလ်ချုပ်ကြီးမက် လိုပေါ့ဗျာ။ ခုတော့ ကျွန်တော်တို့လဲ ဒုတိယဗိုလ်ချုပ်ကြီးမက်ဘဝမျိုး ရောက်သွားကြရတာပေါ့"

ဘီလီဘင်သည် နောက်ထပ် စကားသစ်စကားဆန်း တစ်ခုကို သုံးလိုက်ရသည်အတွက် ကျေနပ်သွားဟန်ဖြင့် ရပ်လိုက်သည်။ ရှုံ့နေသော မျက်နှာသည် ပြေပြစ်သွားကာ ကြည်လင်လာ၏။ နောက် ခပ်ပြုံးပြုံးဖြင့် လက်သည်းများကို စိုက်ကြည့်နေလေသည်။

"ခု ဘယ်သွားဦးမလဲ" ဘီလီဘင်က အိပ်ခန်းဆီသို့ထရန် ဟန်ပြင်လိုက်သော မင်းသားကလေး အင်ဒရေကို လှမ်းမေးလိုက်သည်။

"ကျုပ်သွားတော့မယ်"

"ဘယ်ကိုလဲဗျ"

"တပ်စခန်းကို ပြန်မယ်"

"ဟင်၊ တစ်ရက် နှစ်ရက်လောက် နေဦးမလို့ဆို"

"ဟုတ်တယ်။ ဒါပေမဲ့ ခုတော့ ချက်ချင်းပြန်မှ ဖြစ်မယ်"

မင်းသားကလေး အင်ဒရေသည် မိမိပြန်ရန်အတွက် အစီအစဉ်များ လုပ်ရန်မှာကြားပြီး အိပ်ခန်းဆောင်ထဲသို့ဝင်လာခဲ့လေသည်။

"ကျုပ်က ရောင်းရင်းကို ညွှန်ခံဖို့ စိတ်ဉ်နေတာ အသိသားနဲ့ဗျာ။ ဘာဖြစ်လို့ ဖြုန်းစားကြီး ထပြန်ရတာလဲ" ဘီလီဘင်သည် သူ့နောက်မှ လိုက်လာလေသည်။ စကားပြောပြီးပြီးဖြစ်၍ သူ့နဖူးမှ အတွန့်များသည် ပျောက်သွားကြပြန်သည်။

"ဘာဖြစ်လို့ ချက်ချင်းပြန်တာလဲ ရောင်းရင်း။ ဒီအချိန်လောက်ဆိုရင် ခင်ဗျားတို့တပ်မှာလဲ အန္တရာယ်တွေ ဝိုင်းနေလောက်ပြီ။ ဒီကြားထဲက ခင်ဗျားပြန်မယ်ဆိုရင်တော့ သူရဲကောင်းဆန်ဆန် လုပ်ရာ ရောက်လိမ့်မယ် ထင်တယ်"

"ကိစ္စမရှိပါဘူးရောင်းရင်း" မင်းသားကလေး အင်ဒရေက ပြန်ပြောလိုက်၏။

"ခင်ဗျားလဲ ယထာဘူတကျတဲ့ အတွေးအခေါ်သမားတစ်ယောက်ပဲလေ။ အဘက်ဘက်က စဉ်းစားပေါ့။ တစ်ဖက်ကနေ ကြည့်ရင် ခင်ဗျားအဖို့ အရေးကြီးဆုံးက ခင်ဗျားကိုယ်ကို ခင်ဗျားထိန်းသိမ်းစောင့်ရှောက်ဖို့ပဲဗျ။ ဒီတော့ ဒီလောက် အန္တရာယ်တွေကြားထဲမှာ ဘာကြောင့် ခင်ဗျားသွားမလဲ။ ခင်ဗျားလောက် တန်ဖိုးမရှိတဲ့လူတွေ သွားပါလိမ့်မယ်။ ပြီးတော့ ခင်ဗျားကိုလဲ ပြန်လာရမယ်လို့ အမိန့်ရောက်သေးတာ မဟုတ်ဘူး။ ဒီကလဲပြန်ရမယ်လို့ အမိန့်တော်စာချွန် မထုတ်သေးဘူး။ ဒီတော့ ကျွန်တော်တို့နဲ့ ပျော်ပျော်ပါးပါး လျှောက်လည်ကြသေးတာပေါ့ဗျာ။ ခု ကျွန်တော်တို့ အိုလမွတ်ကို သွားလည်ဖို့ စိတ်ဉ်ထားကြတယ်။ တော်တော်လှတဲ့ မြို့ကလေးပဲ။ ကျွန်တော်ရဲ့ ကရထားနဲ့ သွားဖို့ ပြင်ထားတယ်"

"နောက်မနေစမ်းနဲ့ဗျာ၊ အရေးထဲ"

"တကယ်ပြောနေတာ။ ခင်ဗျားကို ရောင်းရင်းတစ်ယောက်အနေနဲ့ ပြောနေတာ။ ကဲ ခင်ဗျားဘာသာ စဉ်းစားကြည့်စမ်း။ ခင်ဗျား ဒီမှာ နေနိုင်သေးရက်နဲ့ ဘယ်ကို ဘာကိစ္စနဲ့ သွားမှာလဲ။ ဒီကြားထဲ သွားရင်တော့ ခင်ဗျားဟာ ငြိမ်းချမ်းရေး မရမချင်း ခင်ဗျားတပ်ကို ခင်ဗျား ပြန်ရောက်တော့မှာ မဟုတ်ဘူး။ ဒါမှ မဟုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရင်လဲ ကုတုဇော့ဗ်ရဲ့ စစ်တပ်ကြီးနဲ့အတူ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ဆုတ်လာခဲ့ရမှာပဲ။ ကျွန်တော်ပြောတာ နားမထောင်ရင် ဒီနှစ်လမ်းအနက် တစ်လမ်းလမ်းကို ရွေးချယ်ရမှာ သေချာတယ်ဗျ"

ဘီလီဘင်သည် သူပြောသည့် အကျပ်အတည်း နှစ်ခုမှာ ရှောင်ကွင်း၍ မရသော အကျပ်အတည်း နှစ်ခု ဖြစ်ကြောင်း လေးနက်စွာ ပြောလိုဟန်ဖြင့် နဖူးရှုံ့ခြင်းကို ရပ်လိုက်သည်။

"ကျွန်တော်မငြင်းလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ တပ်မတော်ကြီးကို ကယ်တင်ဖို့ ကျွန်တော် သွားရလိမ့်မယ် ရှောင်းရင်း"

မင်းသားကလေး အင်ဒရေက တည်ငြိမ်စွာ ပြောလိုက်သည်။

"အိမ်း၊ ခင်ဗျားကတော့ တကယ့် သူရဲကောင်းကြီး ပီသပါပေတယ်ဗျာ။ တကယ့်သူရဲကောင်း ပီသပါပေတယ်"ဟု ဘီလီဘင်က ခပ်ငေါ်ငေါ် ပြောလိုက်လေသည်။

## အခန်း ၁၃

ဩစတြီးယား စစ်ဝန်ကြီးထံမှ ပြန်လာခဲ့ပြီးနောက် ထိုနေ့ညမှာပင် မင်းသားကလေး အင်ဒရေသည် တပ်စခန်းသို့ ပြန်လာခဲ့လေသည်။ ပြန်၍သာလာရသော်လည်း မိမိတို့ တပ်မတော်သည် ယခုအချိန်လောက်၌ မူလတပ်စခန်းတွင် ရှိမရှိကိုလည်းကောင်း၊ မည်သည့်ဒေသသို့ ရောက်နေပြီကို လည်းကောင်း သေချာစွာသိသည် မဟုတ်ချေ။ မူလတပ်စခန်းတွင်ရှိသည့်တိုင် လမ်းတွင် ပြင်သစ်တို့ ဖမ်းဆီးခြင်း ခံရမည်ကိုလည်း စိုးရိမ်ရပေသေးသည်။

ဘရွန်မြို့၌ကား နန်းတော်သူ နန်းတော်သားမှန်သမျှတို့သည် အထုပ်တပြင်ပြင်နှင့် ရှိကြလျက် ထုထည်ကြီးသော ပစ္စည်းများကိုမူ ခပ်စောစောကပင် အိုလမွတ်သို့ ပို့ထားပြီး ဖြစ်လေသည်။ ဟက်ဇယ်ဒေါ့ဖ အနီးသို့ ရောက်သောအခါ မင်းသားကလေး အင်ဒရေ၏ ကရထားသည် ပေတစ်ရာလမ်းမကြီးပေါ်သို့ ရောက်လာခဲ့၏။ ပေတစ်ရာလမ်းမကြီးပေါ်၌ ပရိဖရဲနှင့် အပြင်းဆုတ်ခွာနေသောရုရှားတပ်မတော်ကြီးနှင့် ပက်ပင်းတိုးနေလေသည်။ လမ်းတစ်လျှောက်လုံးတွင် လှည်းများဖြင့် ပြည့်နှက်နေရကား မင်းသားကလေး အင်ဒရေ၏ ချောပို့မြင်းထောက်ရထားမှာ ရှေ့သို့ မတိုးနိုင်ဘဲ ကြားညပ်လျက် ရှိ၏။ မင်းသားကလေး အင်ဒရေသည် ကော့ဆက်မြင်းတပ်ဗိုလ် တစ်ယောက်ထံမှ ကော့ဆက်မြင်းတပ်သား တစ်ယောက်နှင့် မြင်းတစ်ကောင်ကို တောင်းယူခဲ့ပြီး ဗိုလ်ချုပ်ကြီး ကုတုဇော့ဗ်နှင့် မိမိပစ္စည်းများကို ရှာဖွေရန်အတွက် ရိက္ခာတင်လှည်းများကြားမှ ဖြတ်သန်း၍ စီးလာခဲ့ပြန်သည်။ လမ်းတစ်လျှောက်၌ တပ်မတော်ကြီးနှင့် ပတ်သက်၍ ကြားရသည့် သတင်းများမှာ စိတ်မချမ်းသာစရာတွေ ချည်းသာ ဖြစ်လေသည်။ ပရိဖရဲဆုတ်ခွာနေကြသော တပ်များကို ကြည့်ခြင်းအားဖြင့်လည်း သူကြားရသည့် သတင်းများမှာ မှန်လောက် ပေသည်။

"အင်္ဂလိပ်၏ ရွှေတိုရွှေစ ထောက်ပံ့ပေးကမ်းမှုကြောင့် ကမ္ဘာမြေကြီး၏ တစ်ဖက်အစွန်းမှ ထလာသော ရုရှားစစ်တပ်ကြီးသည်လည်းအမ်းမြို့တွင် ဩစတြီးယား စစ်တပ်ကြီး ကြုံတွေ့ခဲ့ရသော ကံကြမ္မာမျိုးနှင့် ကြုံတွေ့စေရအံ့"

မင်းသားကလေး အင်ဒရေသည် စစ်ထွက်ခါနီး ကြုံးဝါးလိုက်သော ဘိုနာပတ်၏ ကြုံးဝါးသံကို ကြားယောင်လာပေသည်။ ဤစကားများကို ကြားယောင်ရင်း မင်းသားကလေး အင်ဒရေသည် မိမိလေးစားနေသော သူရဲကောင်းကြီး ဘိုနာပတ်၏ ထူးချွန်ထက်မြက်ပုံကိုတွေး၍ အံ့ဩလာလေသည်။ မိမိကိုထိလိုက်သဖြင့် မာန်မာနသည်လည်း ဟုန်းခနဲ တောက်လာလေသည်။ ကျော်စောကိတ္တိရရှိရေးအတွက် မျှော်လင့်ချက်လည်း ထက်သန်လာပေသည်။ 'သေ မြေကြီး၊ ရှင် ရွှေထီးပေါ်လေ။ ဒီပြင်လူတွေတောင် သေနေကြတာပဲ' ဟူသော အတွေးသည်လည်း ပေါ်ပေါက်လာလေတော့သည်။

မင်းသားကလေး အင်ဒရေသည် မဆုံးနိုင်အောင် ရှည်လျားလှသည့် တပ်သားထုကြီးကိုလည်းကောင်း၊ လှည်းများ၊ အမြောက်မြတပ်မှူများ၊ အမြောက်တပ်များ၊ ရိက္ခာတင်လှည်းများကိုလည်းကောင်း၊ ဗွက်ထလျက်ရှိသော လမ်းတစ်လျှောက်၌ တစ်စီးကိုတစ်စီး အလုအယက် ကျော်တက်ကာ တစ်ခါတစ်ခါ၌ လမ်းပေါ်တွင် သုံးလေးစီးမျှပြိုင်၍ မောင်းနေကြသော ယာဉ်ရထားအမျိုးမျိုးကို လည်းကောင်း စက်ဆုပ်စွာ လှမ်းကြည့်လိုက်မိသည်။ ရှေ့မှလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်မှလည်းကောင်း အဘက်ဘက်ဆီမှ ရထားဘီးများလိမ့်သံ၊ လှည်းများနှင့် အမြောက်တင်ရထားများ၏ တကျွီကျွီမြည်သံ၊ မြင်းခွာသံ၊ ကြာပွတ်ရိုက်သံ၊ အော်ဟစ်သံ၊ မြင်းဟီသံ၊ ဗိုလ်များ တပ်သားများ၏ ဆဲရေးကြိမ်းမောင်းသံစသည်ဖြင့် အသံမျိုးစုံကို မကြားချင်အဆုံး ဖြစ်နေရသည်။ လမ်း၏ ဘေးတစ်ဖက်တစ်ချက်၌ အချို့အရေများ စုတ်ပြတ်လျက်၊ အချို့အရေမစုတ်ဘဲ လဲကျနေသော မြင်းသေကောင်များ၊ လှည်းကျိုးများ၊ လှည်းကျိုးဘေးတွင် ငုငုကြီး ထိုင်ကာ တစ်စုံတစ်ရာကို စောင့်နေဟန်ရှိသော တပ်သားများ၊ လမ်းဘေးတွင် ဒယီးဒယိုင်ဖြင့် လဲကျကျန်ရစ်ခဲ့သော တပ်သားများ၊ တပ်မှဖဲ့ကာ နီးရာရွာဘက်ဆီသို့ ထွက်ပြေးနေသော တပ်သားအုပ်စုများ၊ သိုး၊ ကြက်၊ မြက်ခြောက်နှင့်တကွ ဖောင်းလျက်ရှိသော အိတ်များကိုယူ၍ ရွာဘက်မှ ပြန်လာကြသည့် စစ်သားအုပ်များကိုလည်း မြင်လေသည်။ လမ်းဆင်း၌လည်းကောင်း၊ လမ်းတက်၌လည်းကောင်း လူအုပ်ကြီးသည် ပို၍ ထူထပ်သိပ်သည်းလာတတ်၏။ အော်သံ၊ ဆူသံ၊ ပူသံများသည်လည်း ပို၍ ဆူညံလာတတ်လေသည်။ ဒူးဆစ်ထိ ကျွံနေသော ဗွက်များထဲ၌ စစ်သားများသည် အမြောက်ကြီးများကိုလည်းကောင်း၊ ရိက္ခာလှည်းများကိုလည်းကောင်း ဝိုင်း၍တွန်းနေကြသည်။ ကြာပွတ်၏ တရွှမ်းရွှမ်းမြည်သံ၊ မြင်းခွာများ၏ တဖြောက်ဖြောက်မြည်သံ၊ ကကြိုးတန်ဆာများ တထောက်ထောက် ပြတ်ထွက်သံတို့ကိုလည်း ကြားရသည်။ အော်ရဟစ်ရလွန်းသဖြင့် အဆုတ်များမှာ ပင်ပန်းနွမ်းနယ်လှပေပြီ။ တပ်ဗိုလ်များသည် လူတန်းကြီးတစ်လျှောက် လှည်းများကြား၌ ရှေ့ပြန် နောက်ပြန်ကူးကာ အော်ဟစ်၍ အမိန့်ပေးနေကြသည်။ သံကုန်ဟစ်အော်ခြင်းဖြစ်သော်လည်း အုန်းအုန်းညံလျက်ရှိသော အသံများကြား၌ ၎င်းတို့အသံသည် ပျောက်ကွယ်သွားကြသည်။ ရှမကောင်း မြင်မကောင်းအောင် ဖရိုဖရဲဖြစ်နေခြင်းကို မဟန့်တားနိုင်တော့သည့်အတွက် ၎င်းတို့မျက်နှာများတွင် စိတ်ပျက်လက်လျှော့သော အရိပ်အရောင်များ ယှက်သန်းလျက် ရှိလေသည်။

"အင်း ခရစ်ယာန် သာသနာတော်ကို စောင့်ရှောက်မယ့် ကျွန်တော်တို့ ရုရှားတပ်မတော်ကြီး" မင်းသားကလေး အင်ဒရေသည် ဘီလီဘင်၏စကားများကို ကြားယောင်လာလေသည်။

မင်းသားကလေး အင်ဒရေသည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား ရှာမတွေ့နိုင်တော့သည့်အတွက် တာဝန်ကျ အစောင့်တပ်သားတစ်ယောက်ထံ မြင်းကို စီးလာခဲ့လေသည်။ မိမိနှင့် မျက်နှာချင်းဆိုင်အရပ်၌ကား မြင်းတစ်ကောင်ကသည့် ထူးဆန်းသော ယာဉ်တစ်စီးသည် မျက်နှာချင်းဆိုင် မောင်းလာလျက် ရှိခြင်းကို မြင်ရ၏။ ထိုယာဉ်မှာ ရတတ်သမျှ ပစ္စည်းများကို စုစည်းကာ တပ်သားများကိုယ်တိုင် ဖြစ်ကတတ်ဆန်း ဆောက်လုပ်ပေးလိုက်သော ယာဉ်ဖြစ်ဟန်တူလျက် လှည်းလည်း မဟုတ်၊ နှစ်ယောက်စီးပက်လက်ရထားလည်း မမည်၊ ကရထားလည်း မခေါ်သာသော ပုံတစ်မျိုးဖြစ်သည်။ ထိုယာဉ်ကို စစ်သားတစ်ယောက်က ဦးမှမောင်းလျက် ယာဉ်ရထား၏ ရှေ့သားရေပေါင်းမိုးအောက် လှည်းရုံတိုင်၏ နောက်ကွယ် ခပ်ကျကျ၌မှ မိန်းမတစ်ယောက် တဘက်တစ်ထည် ခြုံလျက် လိုက်ပါလာလေသည်။ မင်းသားကလေး အင်ဒရေသည် အကျိုးအကြောင်းကို မေးမြန်းစုံစမ်းရန်အတွက် လှည်းဆီသို့ စီးလာခဲ့စဉ် လှည်းပေါ်မှ မိန်းမ၏ စူးစူးဝါးဝါး အော်ဟစ်သံကို ကြားလိုက်ရလေသည်။ သယ်ယူပို့ဆောင်ရေးတပ်မှူး ဗိုလ်တစ်ယောက်သည် ထိုမိန်းမ၏ လှည်းကို ရှေ့ဆုံးသို့ ရောက်အောင် ကူမောင်းပေးသည့် စစ်သားကို ရိုက်နှက်လျက်ရှိသည်။ သူ့ ကြာပွတ်များသည် တရွှမ်းရွှမ်းကျရောက်လျက်ရှိ၏။ မိန်းမသည် ငယ်သံပါအောင် အော်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေကို မြင်သည် နှင့် မိန်းမသည် လှည်းရုံတိုင်ကို ကွယ်ထားရာမှ ခေါင်းပြူ၍ ထွက်လာကာ သေးကွေးနသာလက်များကို တဘက် အောက်မှ ဇော့ယမ်းမြှောက်ပြရင်း–

"ကိုယ်ရံတော် ဗိုလ်လေး၊ ကိုယ်ရံတော် ဗိုလ်လေး။ ကျွန်မကို ကယ်တော်မူပါ။ ဘုရားသိကြားမလို့ ကျွန်မကို ကယ်ပါ။ ဒုက္ခသည်ပါ ဗိုလ်ကလေးရယ်။ ကျွန်မယောကျ်ားက အမှတ် ၇–ခြေလျင်တပ်ရင်းက ဆရာဝန်ပါ။ မပြတ်ရဘူးဆိုလို့ ကျွန်မတို့နောက်ကျန်နေရစ်ခဲ့ပါတယ်။ ခုတော့ ကျွန်မ အိမ်သားတွေလဲ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး ဗိုလ်လေး။ ကယ်တော်မူပါ"

"ဟေ့ကောင်၊ ပေးယ်တော တေပစ်လိုက်မယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတ်နေသလဲ၊ သွား။ မင်းဟာသည်မကို မင်းပြန်ခေါ်သွား။ ရှေ့မတက်ခဲ့နဲ့" စိတ်ဆိုးလျက်ရှိသည် သယ်ယူပို့ဆောင်ရေး တပ်မိုလ်ကလေးက တပ်သားကို အော်လိုက်၏။

"မိုလ်လေး၊ ကျွန်မကို မကယ်နိုင်တော့ဘူးလားဟင်။ မိုလ်လေး မကယ်နိုင်တော့ဘူးလား" ဆရာဝန်၏ မိန်းမသည် အော်လျက်ရှိလေသည်။

"ဒီမှာ သွေးသောက်၊ သနားပါတယ်ဗျာ။ ဒီတစ်စီးတော့ ကျော်တက်ခွင့် ပေးလိုက်ပါ။ မိန်းမသားပဲ ဥစ္စာ"

မင်းသားကလေး အင်ဒရေက တပ်မိုလ်ကလေးထံ စီးသွား၍ ပြောလိုက်၏။ တပ်မိုလ်ကလေးသည် မင်းသားကလေး အင်ဒရေကို တစ်ချက်မျှကြည့်လိုက်ပြီး မည်သို့မျှ ပြန်မပြောဘဲ တပ်သားဘက်သို့ လှည့်လိုက်ပြန်က

"ဟေ့ကောင်၊ ဒီလောက်ဆုံးမတာ မမှတ်သေးဘူးလားဟင်။ သွား။ ပြန်မောင်း"

"ဒီမှာ မိုလ်လေး၊ သွားခွင့်ပေးလိုက်ပါဗျ" မင်းသားကလေး အင်ဒရေက နှုတ်ခမ်းစေ့၍ ပြောလိုက်သည်။

"ဘာလဲ။ ခင်ဗျားက ဘာဆိုင်လို့လဲ" တပ်မိုလ်ကလေးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် သူ့ဘက်သို့ လှည့်လိုက်သည်။ "ခင်ဗျားက ဘယ်ကလဲ။ ဒီတပ်မှာ ခင်ဗျားက တပ်မှူးလားဟင်။ ဒီတပ်မှာ ကျုပ် တပ်မှူးဗျ။ မဆိုင်ရင် ဝင်မရှုပ်ပါနဲ့။ ခင်ဗျားပါ ဖေယ်တော အတောခံချင် ပြန်ပလား"

တပ်မိုလ်ကလေးသည် ဤစကားကို ပြောလိုက်ရသဖြင့် များစွာ ကျေနပ်သွားဟန် ရှိသည်။

"မဆိုင်ဘဲနဲ့ ဝင်ရှုပ်တဲ့လူတော့ မှတ်ကရောကွာ"

နောက်ဘက်မှ အသံတစ်သံကို ကြားလိုက်ရသည်။

သယ်ယူပို့ဆောင်ရေး တပ်မိုလ်ကလေးမှာ သင့်မသင့် တော်မတော် တွေးခေါ်စဉ်းစားခြင်း မပြုနိုင်တော့လောက်အောင် အကြီးအကျယ်ဒေါသထွက်လျက် ရှိလေပြီ။ မင်းသားကလေး အင်ဒရေသည် စစ်သားတွေကြားထဲတွင် ရောက်နေသည့် ဆရာဝန်၏မိန်းမဘက်မှ 'လူစွမ်းကောင်း' လုပ်၍ ကာကွယ်ပေးလိုက်ပါက လောကကြီးတွင် မိမိ အကြောက်ဆုံးဖြစ်သည့် 'မြာရှူး'ဟု လှောင်ပြောင် ဘွဲ့ထူးပေးခြင်း ခံရမည့်အဖြစ်ကို မြင်လိုက်မိသည်။ သို့ရာတွင် အမြင်မတော်လျှင် မနေတတ်သည့် ၎င်း၏ ပင်ကိုစိတ်သည် ၎င်းကို စေ့ဆော်လျက်ရှိလေပြီ။ တပ်မိုလ်ကလေး၏ စကားမဆုံးမီမှာပင် မင်းသားကလေး အင်ဒရေသည် ဒေါသကြောင့် မျက်နှာရှုံ့မဲ့လျက်ဖြင့် တပ်မိုလ်ကလေးအနီးသို့ မြင်းကို စီးသွားကာ လက်က ကြာပွတ်ကို မြှောက်လိုက်သည်။

"ဟေ့ သွေးသောက်၊ သွားခွင့်ပြုလိုက်ပါကွ"

သယ်ယူပို့ဆောင်ရေး တပ်မိုလ်ကလေးသည် လက်တစ်ဖက်ကို ဝင့်ပြကာ လျင်မြန်စွာ စီး၍ ပြေးလေသည်။

"ဒီလိုကောင်တွေကြောင့် ခုလို အကုန် ဖရိုဖရဲ ဖြစ်ကုန်တာပဲ။ ကဲ သွားတော့"

မင်းသားကလေး အင်ဒရေသည် ဆရာဝန်၏ မိန်းမကို ကြည့်ပင်မကြည့်ဘဲ ဆက်၍ စီးလာခဲ့လေသည်။ ဆရာဝန်၏ မိန်းမသည် မင်းသားကလေး အင်ဒရေအား သာဓုခေါ်ရင်း ကျန်ရစ်ခဲ့လေသည်။ မင်းသားကလေး အင်ဒရေသည် စောစောက မြင်ခဲ့ရသည့် ရက်စက်ယုတ်မာလှသော အပြုအမူများကို စက်ဆုပ်စွာတွေးရင်း မိုလ်ချုပ်ကြီး ကူတူဇော့ဗ် စခန်းချ ရပ်နားနေသည်ဟု ကြားသိရသော ရွာကလေးဆီသို့ မြင်းကို ဒုန်းစိုင်း၍ စီးလာခဲ့လေသည်။

ရွာထဲသို့ရောက်သည်နှင့် မင်းသားကလေး အင်ဒရေသည် မြင်းပေါ်မှဆင်းကာ ခေတ္တနားရန်အတွက်လည်းကောင်း၊ စားသောက်ရန်အတွက်လည်းကောင်း၊ မိမိ၏ စိတ်ထဲတွင် ရှုပ်ထွေးလျက်ရှိသော အတွေးများကို ရှင်းလင်းသွားစေရန်အတွက်လည်းကောင်း နီးရာအိမ်တစ်အိမ်ထဲသို့ဝင်လာခဲ့လေသည်။ 'လုပ်ပုံက စစ်တပ်တစ်တပ်နဲ့ မတူဘဲ လူသောင်းကျန်းတစ်အုပ်နဲ့ တူနေပြီ'ဟုလည်း တွေးလိုက်မိသည်။ မင်းသားကလေး အင်ဒရေသည် ဤသို့တွေးလျက် ပြတင်းပေါက်နားသို့ ကပ်လာခဲ့စဉ် မိမိနာမည်ကို ခေါ်လိုက်သည် ကြားနေကျအသံတစ်သံကို ကြားလိုက်ရ၏။

မင်းသားကလေး အင်ဒရေသည် နောက်သို့လှည့်လိုက်သည်။ နက်ဗစ်စကီ၏ ယောကျ်ားပီသသော မျက်နှာသည် ပြတင်းဝမှ ပေါ်လာလေသည်။ နက်ဗစ်စကီသည် အရည်ရွှန်း၍ တောက်ပနေသော နှုတ်ခမ်းများကိုလှုပ်ကာ တစ်စုံတစ်ရာကိုစားရင်း လက်ယပ်၍ ခေါ်လိုက်၏။

"မင်းသားကလေး အင်ဒရေ ဝင်ခဲ့လေဗျာ"

အိမ်ထဲ၌ နက်ဗစ်စကီနှင့် အခြားတပ်ရေးကာဗ်

www.burmeseclassic.com



ယောက်သည် အစာစားနေကြသည်။ ၎င်းတို့နှစ်ယောက်စလုံး ပြိုင်တူလှည့်လိုက်ကြကာ သတင်းကို ဝိုင်း၍မေးကြသည်။ ၎င်းတို့၏မျက်နှာများပေါ်တွင် စိုးရိမ်ထိတ်လန့်ခြင်းနှင့် တုန်လှုပ်ချောက်ချားခြင်း အရိပ်အယောင်များယှက်သန်းနေသည်ကို မြင်ရပေ၏။ အထူးသဖြင့် နက်ဗစ်စကီ၏ အစဉ်ရွှင်ပြုံးနေသော မျက်နှာမှာ ပို၍ သိသာပေသည်။

"စစ်သေနာပတိချုပ်ကော" အင်ဒရေက မေးလိုက်သည်။

"ဟောဟိုအိမ်ထဲမှာရှိတယ်" တပ်ရေးကဖြေ၏။

"ဘယ့်နှယ်။ အညံ့ခံပြီး ငြိမ်းချမ်းရေးလုပ်လိုက်ပြီဆို။ ဟုတ်သလား' နက်ဗစ်စကီက မေးလိုက်သည်။

"ဒါက ကျွန်တော်က မေးရမှာပါ။ ကျွန်တော်တော့ ဘာမှ မသိသေးဘူး။ ဒီကို အရောက် စိုင်းချလာတာပဲ"

"အင်း၊ ရောင်းရင်းရေ။ အခြေအနေကတော့ဆိုးနေပြီဗျ။ ဩစတြီးယား ဗိုလ်ချုပ်မက်ကို ကျွန်တော်လှောင်ခဲ့တာတွေဟာ ခုတော့ မှားပြီဗျို့။ ကိုယ့်အလှည့်ကျတော့ ဒို့ထက် အထိနာနေပြီ။ ကဲ ထိုင်လေဗျာ။ တစ်ခုခု စားဦးပေါ့" နက်ဗစ်စကီက ပြောလိုက်၏။

"ကိုယ်တော်လေး ခုအချိန်ကျမှ ကိုယ်တော်လေးရဲ့ ပစ္စည်းတွေ ဘာတွေ လိုက်ရှာနေလို့လဲ အလကားပဲ။ ဘာမှ တွေ့တော့မှာ မဟုတ်တော့ဘူး။ ကိုယ်တော်လေးရဲ့ တပည့်ပီတာလဲ ဒီအချိန်ဘယ်ဆီ ဘယ်စခန်းရောက်နေပလဲ မသိဘူး။ ဘုရားသခင်မှ သိတော့မှာပဲ" တပ်ရေးက ပြောလိုက်သည်။

"ခု စစ်ဦးစီးဌာနချုပ်ရုံးက ဘယ်မှာလဲ"

"ဒီနေ့ညတော့ ဇနိမ်ကို အရောက်ဆုတ်ပြီး အဲဒီမှာ နားကြမယ်"

"ဗျို့ လူတို့။ ကျွန်တော်တော့ ကျွန်တော်လိုသမျှ ပစ္စည်းတွေကို မြင်းနှစ်ကောင်နဲ့ တင်ပေးလိုက်ပြီ" နက်ဗစ်စကီက ပြောလိုက်၏။ "ဘိုးဟီးမီးယန်း တောင်တန်းကို ကျော်ပြီး ဆုတ်ချင်လဲ ဆုတ်ပေတော့။ ပစ္စည်းကတော့ မှုလုံနေပြီ။ အခြေအနေကလဲ မလှဘူး။ နေစမ်းပါဦး။ ရောင်းရင်း ဘာဖြစ်နေတာလဲ။ တစ်ကိုယ်လုံး တုန်လို့ပါလား။ ဖျားချင်လို့ထင်တယ်" လျှပ်စစ်ဓာတ်နှင့် တို့ဘိသို့ တုန်၍တုန်၍ သွားသော မင်းသားကလေးအင်ဒရေကို ကြည့်၍ နက်ဗစ်စကီက မေးလိုက်၏။

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး" မင်းသားကလေး အင်ဒရေက ဖြေလိုက်သည်။ မင်းသားကလေး အင်ဒရေသည် ဆရာဝန်၏ ဇနီးနှင့် တပ်ဗိုလ်ကလေးကို မြင်ယောင်လျက်ရှိ၏။

"စစ်သေနာပတိချုပ်က ဒီမှာ ဘာလုပ်နေသလဲ"

"သိနိုင်ဘူးလေဗျာ" နက်ဗစ်စကီက ဖြေ၏။

"အိမ်း၊ ခင်ဗျားကသာ မသိနိုင်ပေမယ့် ကျွန်တော် သိရသလောက်တော့ အကုန်လုံး စက်ဆုပ်စရာ ကောင်းနေပြီ။ သိပ်စက်ဆုပ်စရာကောင်းနေပြီ။ သိပ်စက်ဆုပ်စရာ ကောင်းနေပြီ" မင်းသားကလေး အင်ဒရေသည် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ရှိရာ အိမ်ဘက်သို့ ကူးလာခဲ့လေသည်။

မင်းသားကလေး အင်ဒရေသည် ကူတူဇော့ဗ်၏ စစ်ရထား၊ ကိုယ်ရံတော်၏ ပင်ပန်းနွမ်းနယ်လျက် ရှိသည့် ကကြိုးတပ် မြင်းများနှင့်တကွ ကျယ်လောင်စွာ စကားပြောလျက်ရှိကြသည့် ကော့ဆက်မြင်းတပ်သား တစ်သိုက်အနီးမှ ဖြတ်လျှောက်လာခဲ့ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။ ကြားသည့်အတိုင်းပင် အိမ်ထဲ၌ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား မင်းသားကြီး ဘာဂရေးရှင်း၊ ဗိုလ်ချုပ်ဝေရိုသာတို့နှင့်အတူ တွေ့ရလေသည်။ ဗိုလ်ချုပ်ဝေရိုသာမှာ ကျဆုံးသွားသော ဩစတြီးယား ဗိုလ်ချုပ်ရှမစ်နေရာသို့ ရောက်လာသော ဩစတြီးယား ဗိုလ်ချုပ်တစ်ယောက်ဖြစ်၏။ စင်္ကြံလမ်းကြား၌ ပိန်ပိန်ညှက်ညှက် ကိုစလော့စကီးသည် အမှာတော်ရေး တပ်ဗိုလ်ကလေး၏ ရှေ့တွင် ဆောင့်ကြောင့်ထိုင်လျက်ရှိပြီး အမှာတော်ရေး တပ်ဗိုလ်ကလေးမှာကား စည်ပိုင်းတစ်လုံးကို မှောက်၍ စားပွဲအဖြစ်သုံးကာ စာရေးလျက်ရှိ၏။ ကိုစလော့စကီး၏ မျက်နှာမှာ ညှိုးငယ်လျက်ရှိလေရာ ယမန်နေ့ညက ကောင်းစွာအိပ်စက်ခြင်း မပြုခဲ့ကြောင်း ထင်ရှားပေသည်။ ကိုစလော့စကီးသည် မင်းသားကလေး အင်ဒရေကို ကြည့်ရုံသာ ကြည့်လိုက်သည်။ ခေါင်းညိတ် နှုတ်ဆက်ခြင်းပင် မပြုနိုင်ချေ။

"ပြီးပလား၊ နောက်စာကြောင်းဆက်ရေး"ကိုစလော့စကီးသည် အမှာတော်ရေး တပ်ဗိုလ်ကလေးကို နှုတ်တိုက်ချပေးလျက် ရှိသည်။

"ကီယက်လက်ပစ်ဗုံးကိုင် ရဲမက်တပ်များက"

www.burmeseclassic.com



"ဒီလောက်မြန်တော့ ဘယ်နှယ်လုပ် လိုက်ရေးမလဲ ဗိုလ်ကလေးရ" အမှာတော်ရေး ဗိုလ်ကလေးက ကိုစလော့စကီးအား မထိမဲ့မြင်အကြည့်မျိုးဖြင့် ကြည့်၍ ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်၏ ဒေါသတကြီး အော်ဟစ် ပြောဆိုသံ၊ ကြားဖြတ်ပြောသံနှင့် လူစိမ်းတစ်ယောက်၏ အသံတို့ကို အပြင်ဘက်မှ ကြားနေရသည်။ ဤသို့ ဆူညံစွာ ငြင်းခုံနေကြသည့်အသံများ၊ ကိုစလော့စကီး၏ မသာယာသောမျက်နှာ၊ ပင်ပန်းနွမ်းနယ်လျက်ရှိသည့် အမှာတော်ရေး တပ်ဗိုလ်ကလေး၏ မထိမဲ့မြင်ကြည့်ပုံ၊ ဗိုလ်ချုပ်ကြီးနှင့် မလှမ်းမကမ်းတွင် စည်ပိုင်းတစ်လုံးကို မှောက်၍ စာရေးနေပုံ၊ ကော့ဆက်တပ်သားများ မြင်းများကို အဆင်သင့်ကိုင်၍ ရပ်နေကြပုံ စသည်တို့ကို ထောက်ခြင်းအားဖြင့် အရေးမလှသည့် အခင်းတစ်စုံတစ်ခု ဖြစ်ပွားတော့မည်ဟု မင်းသားကလေးအင်ဒရေ တွေးလိုက်မိသည်။

မင်းသားကလေး အင်ဒရေသည် မအောင့်နိုင်တော့ဘဲ ကိုစလော့စကီးထံသို့ လျှောက်လာကာ အရေးတကြီး မေးမြန်းနေမိသည်။

"ခဏနေဦးဗျို့ ရောင်းရင်း ခဏ။ ဗိုလ်ချုပ် ဘာဂရေးရှင်းအတွက် စစ်အင်္ဂါစဉ် ရေးပေးနေတုန်းမို့လို့" ကိုစလော့စကီးက ဆို၏။

"အညံ့ခံရေးဆိုတဲ့ ကိစ္စကကောဗျ"

"ဟင့်အင်း မဟုတ်ပါဘူး။ ခံတိုက်ဖို့ အမိန့်တောင် ထုတ်လိုက်ပြီ"

မင်းသားကလေး အင်ဒရေသည် အသံများထွက်ပေါ်လာရာ တံခါးအနီးသို့ လျှောက်လာခဲ့၏။ တံခါးကို ဆွဲဖွင့်လိုက်တော့မည် အပြုတွင် အထဲမှအသံများတိတ်ဆိတ်သွားကာ တံခါးပွင့်လာပြီး သိမ်းငှက်နှာခေါင်း၊ ပြောင်ချောသောမျက်နှာဖြင့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်ထွက်လာသဖြင့် မင်းသားကလေး အင်ဒရေသည် မျက်နှာချင်းဆိုင်တွင် ရပ်နေလိုက်သည်။ သို့ရာတွင် စစ်သေနာပတိဗိုလ်ချုပ်ကူတူဇော့ဖ်၏ အကောင်း ပကတိရှိသော မျက်လုံးတစ်ဖက်၌ စိုးရိမ်မှုအရိပ်အယောင်များ၊ လေးနက်စွာ စဉ်းစားလျက်ရှိသည့် အရိပ်အယောင်များ ယှက်သန်းလျက်ရှိခြင်းကို သတိပြုလိုက်မိသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဖ်ကမူကား မင်းသားကလေး အင်ဒရေကို လုံးဝပင် ဂရုထားမိဟန်မတူချေ။ စစ်သေနာပတိချုပ် ကူတူဇော့ဖ်သည် မိမိ၏ တပ်ရေးကြီး မင်းသားကလေး အင်ဒရေကို မှတ်မိဟန်ပင် မရှိတော့ဘဲ စိုးရိမ်တကြီး ကြည့်လိုက်သည်။

"ဟော ပြီးပလားဟေ့"ဟု ကိုစလော့စကီးကို လှမ်းမေးလိုက်၏။

"ပြီးပါတော့မယ် ဗိုလ်ချုပ်"

မင်းသားကြီး ဘာဂရေးရှင်းမှာပိန်ပိန်ပါးပါး အရပ်အမောင်းသင့်သင့် လူလတ်တစ်ယောက်ဖြစ်၍ ကြံ့ခိုင်သော အရှေ့တိုင်း မျက်နှာရှိသူ တစ်ဦးဖြစ်၏။ ၎င်းသည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်နောက်မှ ထက်ကြပ်လိုက်လာလေသည်။

"ကျွန်တော် တပ်ရေးအင်ဒရေပါ ဗိုလ်ချုပ်" မင်းသားကလေး အင်ဒရေသည် ခပ်ကျယ်ကျယ်ကလေး ပြောကာ လက်ထဲမှ စာအိတ်တစ်အိတ်ကို လှမ်းပေးလိုက်၏။

"ဟော၊ မင်း ဗီယင်နာက ပြန်လာပလား။ အိမ်း၊ ကောင်းတယ်။ ခဏနေဦး၊ ခဏနေဦး"

ဗိုလ်ချုပ်ကူတူဇော့ဖ်သည် မင်းသားကြီး ဘာဂရေးရှင်းနှင့် ဆင်ဝင်ဘက်သို့ ထွက်သွားလေသည်။

"ကဲ ကိုယ်တော်ကြီး၊ ကြွပေဦးတော့။ ကိုယ်တော်ကြီးရဲ့ ကြိုးပမ်းမှုများ အောင်မြင်အောင် ဘုရားသခင် စောင်မပါစေလို့ဆုတောင်းပါတယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဖ်၏ မျက်နှာသည် ညှိုးကျသွားကာ မျက်ရည်တွေလည်လာလေသည်။ နောက် ဝဲဘက်လက်ဖြင့် မင်းသားကြီး ဘာဂရေးရှင်းကို ဖက်လိုက်ပြီး လက်စွပ်တစ်ကွင်း ဝတ်ထားသည့် ယာဘက်လက်ဖြင့် သူ၏ထုံးစံအတိုင်း လက်ဝါးကပ်တော် အထိမ်းအမှတ် သင်္ကေတန်ပြု၍ လက်ယှက် ဆုတောင်းလိုက်ပြီးနောက် ပြောင်ချောနေသော ပါးပြင်ကို ထိုးပေးလိုက်၏။ မင်းသားကြီး ဘာဂရေးရှင်းသည် ပါးကို မနမ်းဘဲ လည်ကုပ်ကို နမ်းလိုက်လေသည်။

"ခရစ်တော် စောင်မပါစေ"ဟုဆိုကာ စစ်ရထားဆီသို့ လျှောက်သွားပြီး "လာ၊ မင်း ငါနဲ့လိုက်ခဲ့"ဟု မင်းသားကလေး အင်ဒရေကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာပိုပြီး အသုံးဝင်လိမ့်မယ်လို့ ထင်ပါတယ် ဗိုလ်ချုပ်။ မင်းသားကြီး ဘာဂရေးရှင်းရဲ့ တပ်ခွဲနဲ့ အတူနေခဲ့ပါရစေ"

"လာစမ်းပါကွာ" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ခေါ်လိုက်သည်။ မင်းသားကလေး အင်ဒရေ နောင့်နှေး နေသည်ကို မြင်သဖြင့် ထပ်၍

"ငါ့အနားမှာလဲ အမှုထမ်းကောင်းရှိဖို့ လိုသေးတယ်ကွာ။ ငါ့အနားမှာလဲ ရှိဦးမှ ဖြစ်မှာ"

၎င်းတို့သည် စစ်ရထားပေါ်သို့ တက်ခဲ့ကြကာ အတန်ကြာမျှ တိတ်ဆိတ်စွာ လိုက်ပါလာကြလေသည်။

"ရှေ့မှာ အများကြီး ရင်ဆိုင်စရာတွေ ရှိသေးတယ်။ အများကြီးပဲ" မင်းသားကလေး အင်ဒရေ၏ စိတ်သန္တာန် ထဲတွင် ဖြစ်ပျက်နေသည်ကို အဘိုးအိုကြီးများ၏ ထက်သန် စူးရှသော အတွေးဖြင့် တွေး၍ နားလည်သည့်နှယ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပြောလိုက်သည်။ "အိမ်း၊ မင်းသားကြီး ဘာဂရေးရှင်းရဲ့ တပ်ခွဲရဲ့ ဆယ်ပုံတစ်ပုံ ပြန်ရောက်လာရင်တော့ ဘုရားကိုပဲ ကျေးဇူးတင်ရမှာပဲ"ဟု တစ်ယောက်တည်း ပြောသလို ပြောနေပြန်သည်။

မင်းသားကလေး အင်ဒရေသည် စစ်ရထားပေါ်တွင် မျက်နှာချင်းဆိုင် လိုက်ပါလာသော စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ မျက်နှာကို ကြည့်နေမိသည်။ အစ်စ်မေလိယ တိုက်ပွဲတုန်းက ခေါင်းခွံကို ရုပ်မှန်သဖြင့် ပြန်ချုပ်ထားရသော နားထင်နားက အမာရွတ်ကိုလည်းကောင်း၊ ဟောက်တောက်ဖြစ်လျက်ရှိသော မျက်လုံးတစ်ဖက်ကို လည်းကောင်း ကြည့်နေမိသည်။ 'သြော် လူတွေ သေကျေပျက်စီးကြရတဲ့ အကြောင်းကိုများ ဒီလောက် အေးအေးဆေးဆေး ပြောနိုင်သေးတယ်'ဟု လည်း မင်းသားကလေး အင်ဒရေ တွေးနေမိသည်။

"ဒါကြောင့် ကျွန်တော် မင်းသားကြီး ဘာဂရေးရှင်းရဲ့ တပ်ခွဲနဲ့ လိုက်သွားပါရစေလို့ တောင်းပန်တာပါ ဗိုလ်ချုပ်" မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က မည်သို့မျှ ပြန်မပြောချေ။ ပြောခဲ့သည့်စကားကို မေ့သွားဟန်တူကာ အတွေးထဲတွင် နစ်မျောလျက်ရှိသည်။ ငါးမိနစ်ခန့် ကြာသောအခါ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စစ်ရထား ထိုင်ဖုံတွင် တအိအိ ထိုင်လိုက်လာရင်း မင်းသားကလေး အင်ဒရေဘက်သို့ လှည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင် တုန်လှုပ်ချောက်ချားသော အရိပ်အယောင်ကို မတွေ့ရတော့ချေ။ ဩစတြီးယား ရှေနန်းရှင်ထံ အစစားဝင်ပုံ၊ ကရင် တိုက်ပွဲနှင့် စပ်လျဉ်း၍ ဩစတြီးယား ရှေနန်းတော်ကြီးက မည်သို့ထင်မြင်ယူဆပုံ စသည်များနှင့်တကွ ၎င်းတို့နှစ်ယောက်စလုံးသိသော မိန်းမများအကြောင်းကို မသိမသာ နောက်ပြောင် ကျီစယ်သော လေသံမျိုးဖြင့် မင်းသားကလေး အင်ဒရေအား မေးမြန်းပြောဆိုလျက် ရှိပေသတည်း။

•

## အခန်း ၁၄

နိုဝင်ဘာလ ၁–ရက်နေ့၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ် ထံသို့ အတွင်းသူလျှိုတစ်ဦးထံမှ သတင်းတစ်ခု ရောက်ရှိလာလေသည်။ ထိုသတင်းကား အခြားမဟုတ်။ မိမိ ကွပ်ကဲလျက်ရှိသော ရုရှားတပ်မတော်ကြီး၏ အခြေအနေမှာ လုံးဝမျှော်လင့်ဖွယ်မရှိတော့သော အခြေအနေသို့ ဆိုက်ရောက်နေပြီ ဆိုသည့်သတင်း ဖြစ်လေသည်။ ထိုသတင်းအရ သာဘောတံတားကို ဖြတ်ကူးဖို့ ဗီယင်နာ ရွှေမြို့တော်တွင်းသို့ ဝင်လာခဲ့ကြသော ပြင်သစ်တပ်များသည် ရုရှားနိုင်ငံမှ နောက်ထပ် စစ်ကူများ ချီတက်လာမည့်ထောက်ပံ့ရေးလမ်းကြောင်းများဘက်သို့ အလုံးအရင်းနှင့်ဖိ၍ ချီတက်နေကြပြီဟု သိရလေသည်။ ဤတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အဖို့ ရွေးချယ်စရာ လမ်းသုံးလမ်းပေါ်လာသည်။ မိမိသည် ကရင်ဒေသမှ တစ်လက်မမျှ ဆုတ်ခွာခြင်း မပြုဘဲ ခံမည်လော။ အကယ်၍ ကရင်မှဆုတ်ခွာခြင်းမပြုဘဲ ခံခဲ့လျှင် စစ်သည် တစ်သိန်းငါးသောင်း ရှိသော နပိုလီယန်၏ စစ်တပ်ကြီးသည် မိမိအား လုံးဝ အဆက်အသွယ် ဖြတ်တောက်ပြီးနောက် စစ်ဝှမ်းလျက်ရှိပြီ ဖြစ်သော မိမိ၏ စစ်သည်လေးသောင်းကို ဝိုင်းဝန်းပိတ်ဆို့ ထားချေတော့မည်။ ထိုအခါ၌ မိမိကိုယ်တိုင်မှာလည်း အမ်းမြို့တွင် ဖရိုဖရဲ ထွက်ပြေးခဲ့ရသော ဩစတြီးယား ဗိုလ်ချုပ် မက်ကဲသို့ မရှုမလှ ဖြစ်ရတော့မည့် အခြေသို့ ဆိုက်ရောက်ရတော့မည်သာ ဖြစ်သည်။ တစ်ဖန် ဤနည်း လမ်းကိုမကြိုက်လျှင် ကရင်ဒေသမှ ခုခံခြင်း မပြုဘဲ ယေတစ်ရာ လမ်းမကြီးကို စွန့်ခွာမည်လော။ ဤနည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ဟန်မကျသေးချေ။ ရုရှားနိုင်ငံမှ စစ်ကူများ ရောက်လျှင် ဤပေတစ်ရာလမ်းမှသာ ရောက်လာကြမည် မဟုတ်လော။ ဤသို့ မိမိထံရောက်လာမည့် စစ်ကူများနှင့် အဆက်အသွယ်ရစေမည့် တစ်ခုတည်းသော လမ်းမကြီးကို စွန့်ခွာခြင်းသည် ကိုယ့်သေတွင်း ကိုယ်တူးသကဲ့သို့ရှိချေမည်။ ထိုမျှမက ထိုပေတစ်ရာလမ်းမကြီးကိုသာ စွန့်ခွာခဲ့ရလျှင် မိမိအဖို့ နောက်ထပ်ဆုတ်စရာ လမ်းရှိတော့မည် မဟုတ်ဘဲ မိမိကျွမ်းကျင်ခြင်းမရှိသည့် ဘိုးဟီးမီးယန်း တောင်တန်းများဘက်ဆီသို့ တောတောင်များကိုဖြတ်၍ ဆုတ်ခွာရတော့မည်သာ ဖြစ်လေသည်။ ထိုအခါ၌ မိမိထက် အဆမတန်သာလွန် အင်အားကြီးမားသော ရန်သူ၏ တိုက်နိုက်မှုကို ခုခံရင်းဖြင့်ပင် ဗိုလ်ချုပ်ဘတ်ဟိုဒင်၏ စစ်ကူတပ်များနှင့် ပေါင်းမိရေးအတွက် မျှော်လင့်ချက်ကို လုံးဝစွန့်လွှတ်လိုက်ရတော့မည့် အခြေသို့ ရောက်ရှိတော့မည်သာဖြစ်လေသည်။ တစ်ဖန် ဤနည်းလမ်းကို မကြိုက်သေးလျှင် နောက်ထပ်ရောက်လာမည့် စစ်ကူများနှင့် ပေါင်းမိစေရန်အတွက် ကရင်ဒေသမှ ဇနိမ်ကိုဖြတ်၍ အိုလမွတ်သို့ လမ်းမကြီးအတိုင်း ဆုတ်ခွာမည်လော။ ဤသို့ ဆုံးဖြတ်ပြန်လျှင်လည်း ဗီယင်နာတံတားကို ဖြတ်ကူး၍ အပြင်းချီလာကြသည့် ပြင်သစ်တပ်များနှင့် လမ်းမပေါ်တွင် ပက်ပင်းတိုးမည့် အန္တရာယ်က ရှိနေပေသေးသည်။ ထိုမျှမက များပြားလှသော ရိက္ခာများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် မရန်းသာ မထွက်သာ ဖြစ်ကာ မိမိထက် သုံးဆမျှအင်အားကြီးမားသော ရန်သူနှင့် မလွဲမရှောင်သာ ရင်ဆိုင်တွေ့ကြရတော့မည် ဖြစ်လျက် ဝဲယာ နှစ်ဖက်စလုံးမှ ရန်သူ၏ ညှပ်မူးညှပ်ပိတ် ထားခြင်းကို ခံရတော့မည် ဖြစ်ပေသည်။

နောက်ဆုံး၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အသက်သာဆုံးဖြစ်သော တတိယလမ်းကို ရွေးချယ်လိုက်လေသည်။

သူလျှိုသတင်းအရ ရန်သူပြင်သစ်တပ်များသည် ဗီယင်နာတံတားကို ဖြတ်ကူးလာကြပြီးနောက် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ စစ်ဆုတ်လမ်းကြောင်းပေါ်ရှိ မိုင် ၁၀၀ ခန့်ဝေးသည့် ဇနိမ်သို့ တရကြမ်း ချီတက်လာနေကြပြီဟု ဆိုလေသည်။ အကယ်၍ မိမိတပ်များသည် ပြင်သစ်တို့ မရောက်မီစော၍ ဇနိမ်သို့ရောက်ပါက ရုရှားတပ်မတော်ကြီးအား ကယ်တင်ရန် များစွာ မျှော်လင့်ချက်ရှိပေသေးသည်။ ရန်သူပြင်သစ်တို့အား ဇနိမ်သို့ မိမိထက် အရင်ရောက်ခွင့် ပေးလိုက်လျှင်ကား မိမိ၏ တပ်မတော်ကြီးအား အမ်းမြို့၌ ဩစတြီးယားတပ်များ အရေးမလှဖြစ်ခဲ့ရသည့် အခြေမျိုးသို့ တွန်းပို့လိုက်သည်နှင့် အတူတူပင်ဖြစ်ပြီး အဆင်မသင့်လျှင် လုံးဝတပ်ပျက်မည့် အခြေအနေ ရှိနေပေသည်။ တစ်ဖန် ရန်သူပြင်သစ်တို့အား ဇနိမ်သို့ စောစောမရောက်အောင် ဟန့်တားရန်ကိစ္စမှာလည်း မိမိရှိသမျှ အင်အားဖြင့် ရနိုင်ဖွယ် မရှိချေ။ ရန်သူပြင်သစ်တို့၏ စစ်ကြောင်းဖြစ်သည့် ဗီယင်နာမှ ဇနိမ်သို့ သွားရာလမ်းမှာ မိမိတို့တပ်များ၏ စစ်ကြောင်းဖြစ်သည့် ကရင်ဒေသမှ ဇနိမ်သို့သွားရာလမ်းထက် တိုလည်းတို၍ ချောမွေ့ဖြောင့်ဖြူးခြင်းလည်း ရှိပေသည်။

သူလျှိုထံမှ သတင်းရသည့်ညနေ၌ပင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် စစ်သည်လေးထောင်မျှရှိသော မင်းသားကြီး ဘာဂရေးရှင်း၏ရှေ့ကြောင်းချီတပ်ဦးကို ကရင်–ဇနိမ်လမ်း၏ လက်ယာဘက်ရှိ တောတောင်များကို ဖြတ်ကာ ဗီယင်နာ– ဇနိမ်လမ်းဘက်သို့ ဖောက်ထွက်ရန် တပ်ဖြန့် လွှတ်လိုက်လေသည်။ ဤစီမံကိန်းအရ မင်းသားကြီး ဘာဂရေးရှင်းမှာ ဤခရီးကို တစ်ထောက်မျှ မနားဘဲ ချီကာ ဇနိမ်ကို ကျောပေးလျက် ဗီယင်နာလမ်းဘက်သို့ မျက်နှာမူ၍ တပ်စွဲထားရမည် ဖြစ်လေသည်။ အကယ်၍ မင်းသားကြီး ဘာဂရေးရှင်းသည် ရန်သူပြင်သစ်များထက် ထိုဒေသကို စောစီး၍ သိမ်းထားခဲ့ပါလျှင် ပြင်သစ်တပ်များ ရှေ့သို့ ချီတက်မှုကို နှေးနိုင်သမျှနှေးအောင် လုပ်ရန် ဖြစ်လေသည်။ ထိုအတွင်း၌ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကိုယ်တိုင်လည်း ရတတ်သမျှသော သယ်ယူပို့ဆောင်ရေးယာဉ် အားလုံးဖြင့် ဇနိမ်သို့ အမြန်ချီတက်ရန် ဖြစ်ပေသည်။

မင်းသားကြီး ဘာဂရေးရှင်းသည် မုန်တိုင်း ပြင်းစွာ တိုက်ခတ်လျက်ရှိသော ထိုနေ့ညဥ့် လမ်းမရှိသော တောတောင်များကို ကျော်ဖြတ်လျက် ဆာလောင်မွတ်သိပ်၍ ပင်ပန်းနွမ်းနယ်လျက်ရှိသည့် တပ်သားများကို ခေါင်းဆောင်ကာ မိုင်သုံးဆယ်ခရီးမျှ ချီခဲ့လေရာ လမ်းတစ်ဝက်၌ပင် သုံးပုံတစ်ပုံမျှသော သူ့တပ်သားများမှာ တပ်မကြီးနှင့် ကွဲသွားပြီး ပျောက်ဆုံးကျန်ရစ်ခဲ့လေသည်။ ဟိုလာဘရွန်းရွာသို့ ရောက်သည်နှင့် မင်းသားကြီး ဘာဂရေးရှင်း

www.burmeseclassic.com



၏ တပ်များသည် ဗီယင်နာ–ဇနိမ် လမ်းမပေါ်ကြီးသို့ ပြင်သစ်တပ်များထက်စော၍ ရောက်ရှိသွားလေသည်။ ထိုအချိန်၌ ရန်သူပြင်သစ်တပ်များကလည်း ဗီယင်နာဘက်မှ ဟိုလာဘရွန်းရွာဘက်သို့ ချဉ်းကပ်လာနေကြပြီ ဖြစ်လေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှာကား ရိက္ခာဝန်တင်လှည်းများ ပါနေသည့်အတွက် ဇနိမ်သို့ ရောက်အောင် ရက်အနည်းငယ်ကြာမျှ ချီတက်ရဦးမည် ဖြစ်လေသည်။ သို့ဖြစ်ရကား မင်းသားကြီး ဘာဂရေးရှင်း အဖို့ အစာရေစာပြတ်ကာ စစ်ပန်းလျက်ရှိသည့် တပ်သားလေးထောင်ဖြင့် ဟိုလာဘရွန်းသို့ ရောက်လာမည့် ရန်သူစစ်တပ်ကြီး တစ်ခုလုံးကို ရက်အနည်းငယ်ကြာမျှ ဟန့်တားထားရမည် ဖြစ်လေသည်။ စင်စစ် ဤကိစ္စမှာ ဖြစ်နိုင်စရာအကြောင်းလုံးလုံး မရှိချေ။ ကြွေတစ်လက် ကြက်တစ်ခုန် ဆိုသကဲ့သို့ ရုတ်တရက် အခြေအနေပြောင်းသွားမှသာ ဖြစ်နိုင်စရာရှိပေသည်။ ထိုအတွင်း ပြင်သစ်ဗိုလ်ချုပ် မူးရတ်သည် ဗီယင်နာတံတား၌ မင်းသားကြီး အောစပတ်ကို သေနတ်တစ်ချက် မဖောက်ရဘဲ အနိုင်ယူခဲ့သကဲ့သို့ စစ်သေနာပတိချုပ်ကူတူဇော့ဗ်ကိုလည်း အလားတူဥပါယ်တံမျဉ်ဖြင့် အနိုင်ယူမည်ဟု အားခဲလျက် ရှိလေသည်။ ဇနိမ်လမ်းပေါ်၌ မင်းသားကြီး ဘာဂရေးရှင်း၏ အင်အားချည့်နဲ့လှသော တပ်ခွဲကို တွေ့လိုက်သည်နှင့် ဤသည်မှာ ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ တပ်မတော်ကြီး တစ်ခုလုံးဟု ပြင်သစ်ဗိုလ် မူးရတ်ထင်လိုက်လေသည်။ ပြင်သစ်ဗိုလ် မူးရတ်သည် ရုရှားတပ်များကို အပြီးအပိုင် သုတ်သင်ရှင်းလင်းရန်အကြံဖြင့် ဗီယင်နာမှ နောက်ထပ်ချီလာနေကြသည့် ပြင်သစ်တပ်များကို စောင့်ဆိုင်းလျက်ရှိသည်။ ဤအကြံဖြင့် ပြင်သစ်ဗိုလ်မူးရတ်သည် မိမိတပ်များရော၊ ရုရှားတပ်များပါ သုံးရက်မျှ လှုပ်ရှားခြင်းမရှိဘဲ ခေတ္တအပစ်အခတ်ရပ်စဲရန် စကားကမ်းလှမ်းလိုက်လေသည်။ နှစ်နိုင်ငံ ဘုရင်ဧကရာဇ်နှစ်ပါးတို့ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးပွဲ ကျင်းပနေချိန်ဖြစ်သည့် အလျောက် မလိုလားအပ်သော သွေးထွက်သံယိုမှုများ မဖြစ်ပေါ်ရန် ဤအပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်ကို ပြုလုပ်ရခြင်း ဖြစ်ပါသည်ဟုလည်း ပြင်သစ်ဗိုလ် မူးရတ်က စကားဆိုလာလေသည်။ ဤတွင် ရှေ့တန်းစစ်မျက်နှာကင်းစခန်းများတွင် တပ်စွဲထားသည့် မဟာမိတ် ဩစတြီးယားဗိုလ်ချုပ် မြို့စားကြီး နော့စတစ်သည် ပြင်သစ်ဗိုလ်မူးရတ် စေလွှတ်သည့် စေတမန်တို့၏ စကားကို ယုံကြည်လျက် မိမိတပ်များကို ပြန်၍ ရုပ်သိမ်းသွားလေရာ ဇနိမ်လမ်းမပေါ်၌ ဘာဂရေးရှင်း၏ တပ်တစ်တပ်တည်းသာ ထီးတည်းကြီး ကျန်ရစ်ခဲ့လေသည်။ ပြင်သစ်ဗိုလ် မူးရတ်ထံမှ နောက်ထပ်စေတမန်တစ်ဦး ရုရှားစစ်ကြောင်းထဲသို့ မြင်းဖြင့် ဝင်ရောက်လာပြန်ကာ နှစ်နိုင်ငံအစိုးရတို့ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် သုံးရက်အတွင်း နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲ ထားသင့်ကြောင်းဖြင့် စကားကမ်းလှမ်းပြန်သည်။ မင်းသားကြီး ဘာဂရေးရှင်းက မိမိမှာ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်ကို လက်ခံရန်သော်လည်းကောင်း၊ ငြင်းပယ်ရန်သော်လည်းကောင်း အခွင့်အာဏာမရှိကြောင်းဖြင့် အကြောင်းပြန်ကြားလိုက်ပြီး မိမိ၏တပ်ရေးကို စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ စေလွှတ်လိုက်၍ ပြင်သစ်ဗိုလ်မူးရတ်က အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းလာကြောင်း အစီရင်ခံလိုက်လေသည်။

ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်ဘက်က ကြည့်လျှင် အပစ်အခတ်ရပ်စဲခြင်းမှာ အချိန်ဆွဲရန် တစ်ခုတည်းသော အခွင့်အရေးဖြစ်သည် မဟုတ်ပါလော။ မင်းသားကြီးဘာဂရေးရှင်း၏ စစ်ပန်းလျက်ရှိသော တပ်များကိုလည်း အနားရစေသည် မဟုတ်ပါလော။ (ပြင်သစ်တပ်များ မသိအောင် တိတ်တဆိတ် လှုပ်ရှားနေသော) မိမိ၏ ရိက္ခာတင်လှည်းများနှင့် များပြားလှသော ရိက္ခာတင်လှည်းစောင့်တပ်များအားလည်း ဇနိမ်အနီးသို့ အရောက် မောင်းလွှတ်ရန် အခွင့်သာစေသည် မဟုတ်ပါလော။ ယင်းသို့ ပြင်သစ်ဗိုလ်မူးရတ်က အဆိုပြုလာသော အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်မှာ မိမိ၏တပ်မတော်ကြီးအား ကယ်တင်နိုင်ရေးအတွက် တစ်ခုတည်းသော မိုးပေါ်က ကျလာသော အခွင့်ထူးကြီး မဟုတ်ပါလော။ ဤသို့ တွေးမိကာ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မိမိ၏လက်အောက်တွင် အမှုထမ်းလျက်ရှိသည့် တပ်ရေးဗိုလ်ချုပ်ကြီး ဝင်ဇင်ဂျီရိုဒီအား ရန်သူ့တပ်စခန်းသို့ စေလွှတ်လိုက်လေသည်။ တပ်ရေးဗိုလ်ချုပ်ကြီး ဝင်ဇင်ဂျီရိုဒီအားလည်း အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်ကို သဘောတူ လက်ခံရုံမျှမက ခြွင်းချက်ဖြင့် အညှိခံရေး

www.burmeseclassic.com



စည်းကမ်းချက်များကိုပါ ကမ်းလှမ်းရန် အာဏာကုန်လွှဲအပ်လိုက်လေသည်။ ထိုအတောအတွင်း၌ စစ်သေနာပတိချုပ် ကုတုဇော့ဗ်သည် တပ်မတော်ကြီးတစ်ခုလုံး၏ ရိက္ခာတင်လှည်းများ၊ ဝန်တင်လှည်းများအားလုံးကို ကရင်–ဒနိမ်လမ်းမကြီး တစ်လျှောက်တွင် အမြန်ဆုံးလှုပ်ရှားချီတက်ကြရန် မိမိ၏တပ်ရေးအသီးသီးကိုလည်း နောက်ကြောင်းသို့ ပြန်လွှတ်လိုက်လေသည်။ ဤသို့ဖြင့် အစာရေစာပြတ်၍ စစ်ပန်းလျက်ရှိသည့် ဘာဂရေးရှင်း၏တပ်ခွဲတစ်ခုတည်းသာလျှင် တပ်မတော်ကြီးတစ်ခုလုံးနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ၏လှုပ်ရှားမှုကို အကာအကွယ်ပေးလျက်ရှိပြီး မိမိထက် ရှစ်ဆမျှ အင်အားကြီးမားသောရန်သူတပ်ကြီးနှင့် ရင်ဆိုင်တပ်ဖွဲ့လျက် ရှိနေလေသည်။

စစ်သေနာပတိချုပ် ကုတုဇော့ဗ်က အပစ်အခတ်ရပ်စဲရေးအဆိုပြုချက် (အမှန်အားဖြင့် ဖောက်ဖျက်လိုကဖောက်ဖျက်မည်သာ ဖြစ်သည်။)ကို ကမ်းလှမ်းခြင်းမှာ မိမိ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းချိန်ရသည်ဟု မျှော်လင့်ထားသောကြောင့်ဖြစ်၏။ ပြင်သစ်ဗိုလ်မှူးရတ်အဖို့ ဤအဆိုပြုချက်ကို လက်ခံခြင်းသည် ကိုယ့်သေတွင်းကို ကိုယ်တူးရာရောက်မည်ဖြစ်ကြောင်းကို စစ်သေနာပတိချုပ် ကုတုဇော့ဗ်တွက်ပြီးသား ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ကုတုဇော့ဗ် တွက်ထားသကဲ့သို့ပင် မှူးရတ်သည် ကမ်းလှမ်းချက်ကို လက်ခံရန် စိတ်ထက်သန်လျက် ရှိလေသည်။ သို့ရာတွင် (ဟိုလာဘရွန်းနှင့်ဆယ့်ခြောက်မိုင်အကွာရှိ ရွှန်ဘရွန်း၌ စခန်းချနေသော) ဘိုနာပတ်သည် ပြင်သစ်ဗိုလ်မှူးရတ်၏ စာချွန်နှင့်တကွ စစ်သေနာပတိချုပ် ကုတုဇော့ဗ်၏ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်နှင့် ခြွင်းချက်ဖြင့် အညံ့ခံရေးအဆိုပြုချက်ကို ရသည်နှင့်တစ်ပြိုင်နက် ၎င်းမှာ ဗိုလ်ချုပ်ကြီး ကုတုဇော့ဗ်၏ ဥပါယ်တမျဉ် ဖြစ်ကြောင်း ရိပ်မိလိုက်ကာ ပြင်သစ်ဗိုလ် မှူးရတ်ထံ အမိန့်စာချွန်တစ်စောင် ပေးပို့လိုက်သည်။

ရွှန်ဘရွန်း။

၂၅ ရက်၊ ဒုတိယလ၊ ၁၈၀၅ ခု၊

နံနက် ရှစ်ချက်တီးအချိန်။

*ကြားရောက်လိုက်သည် မင်းသားကြီး မှူးရတ်။*

*ငါ၏စိတ်မချမ်းမြေ့မှုကို သင်နားလည်အောင် ထုတ်ဖော်ပြောဆိုရန် စကားလုံးပင် ရှာမရပြီ။ သင်သည် ငါ၏ စစ်လျင်စစ်ဖျားကိုသာ ကွပ်ကဲရသူဖြစ်သည့်အတွက် ငါ့အမိန့်တစ်စုံတစ်ရာမရှိဘဲ မည်သည့်စစ်ပြေငြိမ်းမှုမျိုးကိုမျှ ပြုလုပ်ပိုင်ခွင့်မရှိ။ သင်သည် ငါတိုက်ခဲ့သော တိုက်ပွဲများ၏ အသီးအပွင့်များ ဆုံးရှုံးရန် အကြောင်းများကိုသာ ဖန်တီးလျက်ရှိသည်။ ယခုချက်ချင်း စစ်ပြေငြိမ်းရေးစာချုပ်ကို ဖျက်၍ ရန်သူအား ချီတက်တိုက်ခိုက်လေ။ ရုရှားစစ်သေနာပတိချုပ်သည် ဤခြွင်းချက်ဖြင့် အညံ့ခံရေးစာချုပ်ကို လက်မှတ်ထိုးခွင့် အာဏာမရှိကြောင်း၊ စာချုပ်ကို လက်မှတ်ရေးထိုးပိုင်ခွင့် ရှိသူမှာ ရုရှားဘုရင် ဧကရာဇ် သာဖြစ်ကြောင်းကိုလည်း ရုရှားစစ်သေနာပတိချုပ်ထံ အကြောင်းကြားလေ။*

*ဤစာချုပ်ကို ရုရှားဘုရင် ဧကရာဇ်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း ပြုမှသာလျှင် ငါလည်း လက်မှတ် ထိုးနိုင်မည်။ ငါ့အထင်၌ ဤကိစ္စသည် ရန်သူ၏ ဥပါယ်တံမျဉ်သာ ဖြစ်သည်။ ရှေ့သို့ ချီတက်၍ ရုရှားတပ်တို့ကို ချေမှုန်းလေ။ သင့်တွင် ရုရှားတပ်များ၏ ရိက္ခာများနှင့်တကွ လက်နက်ခဲယမ်းမီးကျောက်များကို သိမ်းနိုင်သည့်အင်အား ရှိသည်မဟုတ်တုံလော။*

*ရုရှားဘုရင်၏ သက်တော်စောင့် ကုတုဇော့ဗ်သည်လှုလိမ်မှုသာဖြစ်လျက်မင်းခယောက်ျားတို့မည်သည် မှာလည်း အာဏာမရှိသည့် အချိန်၌ ရုပ်သေးရုပ်မျှသာ ဖြစ်သည်ကို သင်မသိသလော။ ကုတုဇော့ဗ်သည် ရုပ်သေး ရုပ်မျှသာဖြစ်ရာ ၎င်းက သင့်အား ကမ်းလှမ်းသော ဤ ကမ်းလှမ်းချက်သည် ဘယ်မှာ အဓိပ္ပာယ်ရှိအံ့နည်း။ ဗီယင်နာတံတားကို ဖြတ်စဉ်က ဥပါယ်တံမျဉ်ဖြင့် လှည့်စားခြင်း ခံရသူမှာ ဩစတြီးယားဗိုလ်ချုပ်များ ဖြစ်သော်လည်း ယခုမူ သင်ကိုယ်တိုင် ရုရှားဘုရင်သက်တော်စောင့်၏ အလိမ်ခံရချေပြီ။*

နပိုလီယန်

ဘိုနာပတ်၏ တပ်ရေးမင်းသည် ဤရာဇမာန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းလှသော အမိန့်စာချွန်ကိုယူကာ ပြင်သစ်ဗိုလ် မူးရတ်ထံသို့ မြင်းကို ဒုန်းစိုင်း၍ စီးလာခဲ့လေသည်။ ဘိုနာပတ်သည် မိမိ၏ဗိုလ်ချုပ်များကို ယုံကြည်စိတ်ချခြင်း မရှိသည့်အလျောက် ရန်သူတစ်ယောက် လွတ်ထွက်သွားမည်ကို စိုးရိမ်ကာ စစ်မြေပြင်သို့ ကိုယ်တိုင်ချီတက်ခြင်းပြုလေသည်။ ထိုအချိန်၌ကား မင်းသားကြီး ဘာဂရေးရှင်း၏ စစ်သည်လေးထောင်တို့သည် စခန်းမီးပုံများ ဖိုကာ မိမိတို့ကိုယ်ကို နွေးထွေးစေကြပြီး ကျရောက်အံ့ဆဲဆဲ အန္တရာယ်ကြီးကို မသိကြသေးဘဲ သုံးရက်အတွင်း ပထမဆုံးအကြိမ် ယာဂုထမနဲကျိုချက် စားသောက်ရန် ပြင်ဆင်လျက် ရှိကြလေသတည်း။

## အခန်း ၁၅

ရှေ့တန်းစစ်မျက်နှာသို့ သွားခွင့်ပြုရန် စစ်သေနာပတိချုပ် ကုတူဇော့ဖ်အား အတန်တန်တောင်းပန်၍ ထွက်လာခဲ့သော မင်းသားကလေး အင်ဒရေသည် ညနေသုံးချက်တီးနှင့် လေးချက်တီး အချိန်ကြားတွင် ရှေ့တန်းစစ်မျက်နှာရှိ ဂရွန့်ဒေသသို့ ရောက်လာကာ မင်းသားကြီး ဘာဂရေးရှင်းထံ မိမိရောက်ရှိလာကြောင်း အစီရင်ခံလိုက်လေသည်။ ယခု အချိန်အထိ ဘိုနာပတ်၏ အမိန့်စာချွန်တော်ကို ယူလာသည့် တပ်ရေးဗိုလ်မင်းသည် ပြင်သစ်ဗိုလ်မူးရတ်ထံသို့ ရောက်ရှိမလာသေးသည့်အတွက် နှစ်ဖက်စလုံး စစ်နားလျက်ပင် ရှိကြ၏။ မင်းသားကြီး ဘာဂရေးရှင်း၏ တပ်သားများကား ဤသို့ဖြစ်ပျက်နေသော အခြင်းအရာများကို မသိကြသေးချေ။ တပ်သားများသည် ငြိမ်းချမ်းရေးရရှိရေးကိစ္စများကို ပြောဆိုလျက် ရှိကြသော်လည်း ဖြစ်နိုင်မည်ဟုကား ယုံကြည်ခြင်း မရှိကြချေ။ တချို့လည်း ရှေ့တွင်ဆက်၍ တိုက်ကြရလိမ့်ဦးမည်ဟု ပြောဆိုလျက်ရှိလေသည်။ သို့ရာတွင် ရတ်တရက် ချက်ချင်း တိုက်ကြရလိမ့်ဦးမည်ဟု မမျှော်လင့်ကြချေ။ မင်းသားကလေး အင်ဒရေမှာ စစ်သေနာပတိချုပ် ကုတူဇော့ဖ်၏ ယုံကြည်စိတ်ချရသော လက်စွဲတော် တပ်ရေးဗိုလ်ကလေးမှန်း သိသည့်အလျောက် မင်းသားကြီး ဘာဂရေးရှင်းသည် အထူးတလည် ဂုဏ်ပြုဧည့်ခံ ကြိုဆိုခြင်း ပြုကာ တစ်ရက် နှစ်ရက်အတွင်း တိုက်ပွဲဖြစ်နိုင်ကြောင်းဖြင့် ပြောပြပြီး တိုက်ပွဲအတွင်း၌ မိမိနှင့်နေလိုက နေနိုင်ကြောင်း၊ သို့မဟုတ်ကလည်း နောက်ဖျားတပ်များနှင့် နေလိုကနေနိုင်ကြောင်းဖြင့် သဘောကျ ရွေးချယ်စေ၍ 'များစွာ အရေးကြီးလှသော' ဆုတ်ခွာရန်အမိန့်ကို နားစွင့်နေရန် လိုကြောင်းဖြင့် ပြောပြလိုက်လေသည်။

"ဒါပေမဲ့ ဒီနေ့တော့ တိုက်ပွဲဖြစ်စရာအကြောင်း မရှိပါဘူး" မင်းသားကြီး ဘာဂရေးရှင်းက မင်းသားကလေး အင်ဒရေကို နှစ်သိမ့်လိုက်သည်။

'အိမ်း၊ မင်းသားလေးဟာ ဆုတံဆိပ်တော်များ ချီးမြှင့်ခြင်း ခံချင်လို့ ဒီကိုလာတဲ့ သာမန်ဗိုလ်လေးတစ်ယောက်ဆိုရင်တော့ ရန်သူနဲ့နီးတဲ့ နောက်ဖျားတပ်ကို ပို့လိုက်ရမှာပဲ။ ဒါပေမဲ့ ငါနဲ့အတူနေချင်သပဆိုရင်လဲ နေပစေပေါ့။ တကယ့် သူရသတ္တိနဲ့ ပြည့်စုံတဲ့ ဗိုလ်ဆိုရင်တော့ အသုံးကျပေမှာပဲ'ဟု မင်းသားကြီးဘာဂရေးရှင်း၏ စိတ်တွင် တွေးတောလျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ဆုတ်မည့်တပ်ဦးတွင် ပါဝင်မည့်တပ်များနှင့်အတူလိုက်ပါမည်ဟု ကတိမပေးသေးဘဲ အကယ်၍ မိမိအား ဦးစီးကွပ်ကဲပြီး တိုက်ခိုက်စေက တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် တပ်စခန်းတွင်းသို့ လှည့်၍ တပ်များ၏အခြေအနေကို လေ့လာခွင့် ပြုပါမည့်အကြောင်း မင်းသားကြီးဘာဂရေးရှင်းအား တောင်းပန်ခြင်း ပြုသည်။ ဤတွင် တာဝန်ကျ တပ်ဗိုလ်ကလေးတစ်ဦးက တပ်စခန်းကို လိုက်၍ပြ၏။ ထိုတပ်ဗိုလ်ကလေးမှာ လက်ညှိုးတွင် စိန်လက်စွပ်တစ်ကွင်းကို ဝတ်ထားလျက် မိမိမကျွမ်းကျင်သော ပြင်သစ်စကားကို ပြောရမှ အပ်ဟုတ်ထင်ဟန်ရှိ၏။ ယောက်ျားပီသသော ရုပ်လက္ခဏာရှိ၍ ကျကျနန ဝတ်စားထားပေသည်။

နေရာတိုင်းတွင် စိတ်ပျက်သောမျက်နှာထားများဖြင့် တစ်စုံတစ်ရာကို ငံ့လင့်နေဟန်တူသော တပ်ဗိုလ်များကို တွေ့ရ၏။ ၎င်းတို့အားလုံး မီးရေတွေ စိုရွှဲလျက်ရှိ၏။ ရွာထဲမှ တံခါးရွက်များ၊ ခုံတန်းလျားများ၊ ခြံတိုင်များကို ဆွဲလာကြသည့် တပ်သားများကိုလည်း မြင်ရပေသည်။

"အဲဒါသာကြည့်တော့ ကိုယ်တော်လေးရေ။ တပ်သားတွေကို ဒီအတိုင်းပဲ ကြည့်နေရတော့တာပဲ။ ဗိုလ်တွေလဲ ထိန်းလို့မရနိုင်တော့ဘူး။ ဟော ဟော" တပ်ဗိုလ်

www.burmeseclassic.com



ကလေးက တပ်သားများကို ကြည့်၍ပြောနေရာမှ ရိက္ခာရောင်းသည့် တဲတစ်တဲကို လက်ညှိုးထိုး၍ ပြလိုက်သည်။ "ကြည့်စမ်း၊ ရိက္ခာရောင်းတဲ့ တဲထဲဝင်ပြီး ထိုင်နေကြတယ်၊ မနက်ကတင် ဒီအထဲ စုထိုင်နေလို့ မောင်းထုတ်ပစ်ခဲ့သေးတယ်။ ခု လာထိုင်နေကြပြန်ပြီ။ ကျွန်တော်သွားပြီး မောင်းလိုက်ဦးမယ်။ ကိုယ်တော်လေး၊ ခဏနော်"

"သွားလေ၊ ကျွန်တော်လဲလိုက်တာပေါ့။ မုန့်နဲ့ ဒိန်ခဲလေး တစ်ခဲလောက်တော့ ဝါးချင်သွားဗျ" အစာမစားခဲ့ရသေးသည့် မင်းသားကလေး အင်ဒရေကပြောလိုက်သည်။

"အို စောစောက ပြောပါတော့ ကိုယ်တော်လေးရာ။ ကျွန်တော် ယူမပေးရပါလား"

သို့ဖြင့် ၎င်းတို့နှစ်ယောက်သည် မြင်းပေါ်မှ ဆင်းကာ ရိက္ခာတဲထဲသို့ ဝင်လာခဲ့ကြ၏။ တပ်ဗိုလ်များသည် ပင်ပန်းနွမ်းနယ်လျက် နီရဲသောမျက်နှာများဖြင့် စားပွဲတွင် ထိုင်ကာ စားသောက်လျက် ရှိကြလေသည်။

"ဘယ်လို ဖြစ်ကြပြန်တာလဲ ရောင်းရင်းတို့" တပ်ဗိုလ်ကလေးက အထပ်ထပ် သွန်သင်ဆုံးမရသဖြင့် စိတ်မရှည်နိုင်သော ဟန်မျိုးဖြင့် ပြောလိုက်သည်။ "ကိုယ့် ကင်းဘုတ်တွေက မခွာရဘူးဆိုတာ ခင်ဗျားတို့လဲ သိရက်သားနဲ့ဗျာ။ သိပ်ခက်တာပဲ။ ဘယ်သူမှ ကင်းဘုတ်က မခွာရဘူးလို့ မင်းသားကြီးက အမိန့်ထုတ်ထားတယ်ဗျ။ ဘယ်လိုလဲ ဗိုလ်ကြီး"

ဗိုလ်ကလေးသည် အမြောက်တပ်မှ လူပလဲဗိုလ်ကြီးတစ်ဦးကို လှမ်းပြောလိုက်သည်။ ထိုအမြောက်တပ်ဗိုလ်သည် ပိန်ပိန်ပါးပါးဖြစ်လျက် ညစ်ပတ်ပေရေကာ ဖိနပ်မပါဘဲ (ဖိနပ်ကို မီးကင်ရန် ရိက္ခာတဲ တာဝန်ကျအား ပေးထားသည်။) ခြေစွပ်ချည်းသာ ဝတ်ထားရင်း မိမိတို့ ဝင်လာသည်တွင် မတ်တတ်ရပ်ကာ မသက်မသာ ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ကိုယ့်ကိုယ်ကို မရှက်ဖူးလား ဗိုလ်ကြီးတူရှင်" တပ်ဗိုလ်ကလေးက ဆက်၍ပြောပြန်သည်။ "ခင်ဗျားတို့လို ဗိုလ်တွေကတပ်သားတွေကို စံနမူနာပြရမယ့်အစား ဖိနပ်မပါဘဲ လျှောက်နေတယ်။ ခဏနေလို့ အချက်ပေးလိုက်ရင် ခင်ဗျားမှာ ဖိနပ်မရှိဘာမရှိနဲ့ ခွကျတော့မယ်။ (ဗိုလ်ကလေးက ပြုံးလိုက်ပြီး)ကဲ၊ ရောင်းရင်းတို့၊ ကျေးဇူးပြုပြီး ကိုယ့်ကင်းဘုတ်ထဲ ကိုယ်ပြန်နေကြပါဗျာ။ အားလုံးပဲ" ဗိုလ်ကလေးသည် နောက်ဆုံးစကားလုံးများကို အမိန့်သံဖြင့် ပြောလိုက်၏။

အမြောက်တပ်ဗိုလ်ကြီး တူရှင်ဆိုသူသည် ခပ်မဆိတ်ပြုံးလျက် ခြေစွပ်ကို တစ်ဖက်နှင့်တစ်ဖက် လဲဝတ်နေသည်။ ကြင်နာသနားတတ်၍ ပါးနပ်ဟန်ရှိသော မျက်လုံးကြီးများဖြင့်လည်း မင်းသားကလေးအင်ဒရေကို တစ်လှည့်၊ ဗိုလ်ကလေးကို တစ်လှည့် ကြည့်နေပြန်သည်။ မင်းသားကလေး အင်ဒရေသည် တူရှင်ကို မသိမသာ ကြည့်၍ ပြုံးလိုက်၏။

"ဖိနပ်မပါဘဲနေရတာ အရသာသိပ်ရှိတာပဲလို့ တပ်သားတွေက ပြောလို့ဗျ" အမြောက်တပ်ဗိုလ် တူရှင်က ထိုင်၍ ခြေစွပ်လဲဝတ်နေရင်းက ရှက်အမ်းအမ်းပြုံးကာ ခပ်နောက်နောက်ကလေး ပြောလိုက်သည်။ သို့ရာတွင် စကားမဆုံးမီမှာပင် ဤကိစ္စမှာ နောက်ရမည့်ကိစ္စ မဟုတ်ကြောင်း သိသွားဟန်ဖြင့် အိုးတိုးအမ်းတမ်း ဖြစ်နေသည်။

"ကဲ ကျေးဇူးပြုပြီး ကိုယ့်ကင်းဘုတ် ကိုယ်ပြန်ကြပါဗျာ" ဗိုလ်ကလေးက ခပ်တည်တည်ဖြင့် ထပ်ပြောလိုက်ပြန်သည်။

မင်းသားကလေး အင်ဒရေသည် အမြောက်တပ်ဗိုလ်၏ ခန္ဓာကိုယ်ကလေးကို ကြည့်မိပြန်သည်။ အမြောက်တပ်ဗိုလ်ကလေး၏ ခန္ဓာကိုယ်မှာ စစ်သားတို့၏ ကိုယ်လုံးကိုယ်ပေါက်မျိုး မဟုတ်ဘဲ သေးသေးကွေးကွေး ရယ်စရာကလေးဖြစ်၏။ သို့ရာတွင် သူ့အလုံးအရပ်နှင့်မှ ကြည့်၍ကောင်းပေသည်။

မင်းသားကလေး အင်ဒရေနှင့် ဗိုလ်ကလေးသည် မြင်းများပေါ်သို့တက်ပြီး တပ်စခန်းတစ်လျှောက်ဆက်၍ စီးခဲ့ကြပြန်သည်။

ရွာကိုဖြတ်၍ စီးလာခဲ့ကြပြီးနောက် လမ်းတစ်လျှောက်တွင် တပ်အသီးသီးမှ ဗိုလ်များ၊ တပ်သားများကို ကျော်လာခဲ့ကြသည်။ ရွာအလွန်၌ လမ်း၏လက်ဝဲဘက်တွင် တူးဖော်ဆဲ ကတုတ်ကျင်းများကို နီရဲသော ရွှံ့စေးမြေစာများရှိလျက်တွေ့ရ၏။ လေတဟူးဟူး တိုက်သည့်ကြားထဲက တပ်သားများသည် အောက်ခံအင်္ကျီများချည်းဝတ်ကာ ခြများကဲ့သို့ တလှုပ်လှုပ် မြေတူးလျက်ရှိကြ၏။ ကတုတ်ကျင်းထဲမှ ကော်၍ကော်၍ ပစ်လိုက်သော နီရဲသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွံ့စေးများသည် ဘောပတ်ပတ်လည်တွင် ပြန့်ကျဲလျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေနှင့် တပ်ဗိုလ်ကလေးသည် ကတုတ်ကျင်းများဆီသို့စီးလာကာ လှော်ကြည့်ကြပြီး ဆက်၍ စီးလာခဲ့ကြပြန်သည်။ အတန်ငယ်စီးမိလျှင် ကတုတ်ကျင်းဟောင်းများဘက်ဆီမှ ပြေးလာသော တပ်သားအချို့ကို တွေ့ရပြန်သည်။ တပ်သားများမှာ နှာခေါင်းကိုပိတ်ကာ မြင်းများကို အသားကျစီး၍ လာကြ၏။ အိမ်သာကျင်းများဆီမှ အနံ့များကြောင့် ပြေးလာကြခြင်းပေတည်း။

"စစ်မြေပြင်မှာသာ တွေ့နိုင်တဲ့ အရသာလေးတွေပေါ့ ကိုယ်တော်လေး" ဗိုလ်ကလေးက ပြောလိုက်သည်။

၎င်းတို့နှစ်ယောက်သား မျက်နှာချင်းဆိုင်တောင်ကမူကလေးဆီသို့ စီးလာကြလေသည်။ ထိုတောင်ကမူပေါ်မှ မျှော်ကြည့်လျှင် ပြင်သစ်တပ်များကို လှမ်းမြင်ရ၏။ မင်းသားကလေးအင်ဒရေသည် မြင်းကို ဇက်သတ်၍ရပ်ကာ မြေပြင်အနေအထားကို ကြည့်လိုက်၏။

"အဲဒါက ကျွန်တော်တို့ အမြောက်တပ်တွေပေါ့ ကိုယ်တော်လေး" ဗိုလ်ကလေးက အမြင့်ဆုံးနေရာကို ညွှန်ပြလိုက်သည်။ "စောစောက တွေ့ခဲ့တဲ့ ဖိနပ်မပါတဲ့ ဗိုလ်က ဒီအမြောက်တပ်ဗိုလ်ပေါ့။ အဲဒီကနေကြည့်ရင် အားလုံးမြင်ရတယ်။ လာ၊ သွားကြည့်ရအောင် ကိုယ်တော်လေး"

"ဟုတ်ကဲ့၊ ကိစ္စမရှိပါဘူး။ ကျွန်တော် တစ်ယောက်တည်း သွားကြည့်ပါ့မယ်။ ဒုက္ခမရှာပါနဲ့" မင်းသားကလေး အင်ဒရေက ဗိုလ်ကလေးနှင့် ခွဲလိုလှပြီဖြစ်သဖြင့် ပြောလိုက်၏။ ဗိုလ်ကလေးက နောက်ချန်နေရစ်ခဲ့သဖြင့် မင်းသားကလေးအင်ဒရေသည် တစ်ယောက်တည်း စီးလာခဲ့လေသည်။

စစ်ကြောင်းရှေ့သို့ တိုးလာလေလေ ရန်သူနှင့် နီးလာလေလေဖြစ်လျက် တပ်သားများမှာလည်း ပို၍ စည်းကမ်းသေဝပ်ကာ ရွှင်မြူးလျက် ရှိကြလေသည်။ နံနက်က ပြင်သစ်တပ်ဦးနှင့် ခုနစ်မိုင်ဝေးသော ဇနိမ်လမ်းတွင်တွေ့ခဲ့ရသည့် ရိက္ခာတင်လှည်းတပ်များကား စည်းကမ်းအပျက်ဆုံး ဖရိုဖရဲအနိုင်ဆုံး ဖြစ်လေသည်။ ဂရွန့်သို့ ရောက်သော် တပ်သားများမှာ အနည်းငယ် စိတ်ဓာတ်ချောက်ချားဆဲ ရှိသေး၏။ သို့ရာတွင် ပြင်သစ်စစ်ကြောင်းနှင့် တပြည်းပြည်း နီးကပ်လာသော အခါတွင်မူကား တပ်သားများ၏ အမူအရာများမှာ စိတ်ဓာတ်ကြံ့ခိုင်လျက် ရှိသောအမူအရာကို ဆောင်လျက်ရှိခြင်းကို တွေ့ရ၏။ ဝတ်ရုံအင်္ကျီရှည်ကြီးများကို ဝတ်ထားသည့် တပ်သားများသည် အတန်းလိုက် အတန်းလိုက်စီ၍ ရပ်နေကြပြီး တပ်ကြပ်ကြီးများနှင့် တပ်ခွဲမှူးများက အမှတ်စဉ်ခေါ်လျက် ရှိကာ အတန်းတိုင်း၌ နောက်ဆုံးလူ၏ဘေးကို ပုတ်လိုက်ပြီး လက်ထောင်ရန် အမိန့်ပေးနေကြ၏။ ပြန့်ကျဲလျက်ရှိသော တပ်သားများသည် သစ်တုံးများ၊ ချုံနွယ်များ၊ သစ်ကိုင်းများကိုဆွဲလာကြပြီး သောသောညံ စကားပြောလိုက် ရယ်မောလိုက်ဖြင့် ကတုတ်ကျင်းများကို တူးလျက် ရှိကြ၏။ အချို့ကား မီးဖိုဘေးတွင်ထိုင်ကာ အင်္ကျီများ၊ ခြေစွပ်များကို မီးကင်နေကြ၏။ ၎င်းတို့အထဲ၌ အဝတ်ဝတ်ထားသူလည်း ပါ၍ မပါသူလည်း ရှိလေသည်။ အချို့ကလည်း ယာဂုအိုးများအနီးတွင်ထိုင်ကာ အင်္ကျီများ၊ ဖိနပ်များကို ချုပ်လျက်ရှိကြ၏။ တပ်ခွဲတစ်ခုတွင်ကား ညစာ ကျွေးတော့မည်ဖြစ်သဖြင့် တပ်သားများသည် ယာဂုအိုးနားတွင် အဆင်သင့်ထိုင်ကာ တပ်ကြပ်တပ်ထောက်ကြီးက သစ်သားခွက်တစ်ခုထဲတွင် ယာဂုထည့်လျက် ကတုတ်ကျင်းအနီး သစ်တုံးပေါ်တွင်ထိုင်နေသည့် ဗိုလ်တစ်ယောက်အား ပုံစံသွားပြပြီးအောင် စောင့်နေကြသည်။

အခြားတပ်ခွဲတစ်ခုတွင်ကား တပ်သားများသည် ပခုံးကျယ်ကျယ် ကျောက်ဖြုန်းတပ်ကြပ်ကြီးတစ်ဦးက အရက်ငှဲ့ပေးနေသည်ကို ခွက်အဖုံးဖြင့် ထိုးခံနေကြ လေသည်။ တပ်ခွဲတိုင်း အရက်ရသည်မဟုတ်ရာ ဤ တပ်ခွဲကား ကံကောင်းသည့် တပ်ခွဲတစ်ခွဲဖြစ်လေသည်။ တပ်သားများသည် မိမိတို့ရသော အရက်ဝေစုကို ပါးစပ်နားတွင် တေ့ကာ တစ်ခါတည်း မော့ချလိုက်ကြ၏။ ထို့နောက် အရက်ကုန် သည်နှင့် နှုတ်ခမ်းကို တပျတ်ပျတ် လျက်၍ အင်္ကျီလက်ဖြင့် သုတ်လျက် ရွှင်လန်းသောမျက်နှာများဖြင့် အရက်ငှဲ့ပေးသူ တပ်ကြပ်ကြီးအနီးမှ ထွက်ခွာသွားကြသည်။ ၎င်းတို့၏ မျက်နှာများကား တစ်ဝက်လောက်ပြွတ်ပြွတ်ပြန်းမည့် စစ်ပွဲတစ်ပွဲကို တိုက်ရတော့မည့်သူများ၏ မျက်နှာများနှင့်မတူဘဲ အိမ်တွင် နေသကဲ့သို့ အေးအေးလူလူရှိလှသည်။ မင်းသားကလေး အင်ဒရေသည် ခြေလျင်တပ်ရင်းတစ်ခုနှင့် ကီယက်လက်ပစ်ဖိုးကိုင် ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



တပ်သားများ၏ စခန်းကို ကျော်လာခဲ့လေသည်။ ကိယက်လက်ပစ်ဖုံးကိုင် ရဲမက်တပ်သားများမှာ တောင့်တင်းသန်မာကြသူများဖြစ်၏။ ၎င်းတို့လည်း အေးအေးလူလူပင် စားသောက်လျက် ရှိကြသည်။ ထိုမှလွန်လျှင်ကား အခြားကတုတ်ကျင်းများနှင့် မတူ၊ ပို၍မြင့်သည့် ထူးခြားသောကတုတ်ကျင်းတစ်ခုကို တွေ့ရလေသည်။ ထိုကတုတ်ကျင်းကား တပ်ရင်းမှူး၏ ကတုတ်ကျင်းပေတည်း။ မင်းသားကလေး အင်ဒရေသည် ထိုကတုတ်ကျင်း နားမှဖြတ်ကာ လက်ပစ်ဖုံးကိုင် ရဲမက် တပ်စုတစ်စု အနားသို့ရောက်လာလေသည်။ ထိုတပ်စုရှေ့၌ တပ်သား တစ်ယောက်သည် ကိုယ်လုံးတီးဖြင့် လဲလျက်ရှိ၏။ တပ်သားနှစ်ယောက်က သူ့ကို ကိုင်ထားကာ အခြား နှစ်ယောက်ကကြိမ်ကို ဖေ့ယမ်းလျက် ကျောပြင်ကို တရှမ်းရှမ်းရိုက်နက်နေလေသည်။ တပ်သားသည် စူးစူး ဝါးဝါး အော်လျက်ရှိ၏။ ထောင်ထောင်မောင်းမောင်း ဗိုလ်မှူးတစ်ယောက်သည် အော်သံကို ဂရုမစိုက်ဘဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ တတွတ်တွတ် ရွတ်လျက် ရှိသည်။

"စစ်သားက ခိုးတယ်ဆိုတာ ဘယ်လောက် ရှက်စရာ ကောင်းသလဲဟင်။ စစ်သားတစ်ယောက်ဟာ ရိုးသားရမယ်။ ဂုဏ်ရှိရမယ်။ ရဲရင့်ရမယ်။ ခုတော့ ကိုယ့်အချင်းချင်းပစ္စည်းတောင် ပြန်ခိုးတယ်။ ဘယ့်နှယ်လုပ်ယုံကြည်ရတော့မှာလဲ။ ရိုက်။ ရိုက်သာရိုက်"

ကြိမ်သံများ ပေါ်လာပြန်ကာ စူးစူးဝါးဝါး အော်သံသည် ဆက်တိုက်ထွက်လာပြန်၏။

'ရိုက် ရိုက်' ဗိုလ်မှူးက အော်ပြန်သည်။

တပ်ဗိုလ်ကလေး တစ်ယောက်သည် မချမ်းမြေ့သော မျက်နှာထားဖြင့် ကြိမ်ဒဏ်ပေးခံရသော တပ်သားအနီးမှထွက်လာကာ မြင်းပေါ်သို့ တက်လိုက်ပြီး ဗိုလ်မှူးကိုလှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်သွားလေသည်။

မင်းသားကလေး အင်ဒရေသည် ရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိသွားကာ စစ်ကြောင်းတစ်လျှောက်ကို လျှောက်ကြည့်လေသည်။ ရုရှား ရှေ့တန်းစစ်ကြောင်းနှင့် ရန်သူရှေ့တန်းစစ်ကြောင်းမှာ လက်ယာနှင့်လက်ဝဲတောင်ပံများ၌ အလှမ်းဝေးသော်လည်း ဗဟိုချက်မတွင်မူ တစ်ယောက်ကိုတစ်ယောက် သဲကွဲစွာ မြင်ရ၍ စကားပြောလျှင်ကြားရလောက်အောင် နီးကပ်လျက်ရှိကြ၏။ နံနက်ကပင်စစ်ဆိုင်းအလံဖြူကိုင်ထားသည့် ရန်သူ တပ်သားတစ်သိုက်သည် ရှေ့တန်းစစ်ကြောင်းနားမှ ဖြတ်သွားကြပေသေးသည်။ နှစ်ဖက်လုံး၏ ရှေ့တန်းကင်းဦး မျဉ်းကြောင်းများကိုစောင့်သည့် နှစ်ဖက်တပ်သားများအပြင်ဖိုင်းအုံကြည့်နေကြသော အရပ်သူ အရပ်သားများလည်းရှိသေးသည်။ အရပ်သူ အရပ်သားများအနက် အချို့ကား ရန်သူတပ်သားများကိုကြည့်လျက်၊ အချို့ကား လှောင်ပြောင်လျက်၊ အချို့ကားရယ်လျက် ရှိကြပေသည်။

ရှေ့တန်းကင်းဦးမျဉ်းကြောင်းများ အနီးသို့ မည်သူမျှလာရောက်ခြင်း မပြုရန် အမိန့်ထုတ်ထားသော်လည်း အရပ်သူ အရပ်သားများမှာ နံနက်ကတည်းကစုပြုံရောက်ရှိနေကြသဖြင့် တပ်ဗိုလ်များလည်း မတတ်နိုင်တော့ဘဲ လက်ပိုက်ကြည့်နေကြရလေသည်။ အထူးအဆန်းကို ပြလျက်ရှိသည့် မျက်လှည့်ဆရာကဲ့သို့ ရှေ့တန်းကင်းဦးမျဉ်းကြောင်းတွင် တန်းစီရပ်နေကြသည့် တပ်သားများသည် ရန်သူပြင်သစ်တို့ကိုပင် မကြည့်တော့ဘဲ အရပ်သူအရပ်သားများကို ငေးမောကြည့်ကာ တပိန်ပိန်တလိမ်လိမ်ဖြင့် တာဝန်လဲမည့် အချိန်ကို စောင့်နေကြလေသည်။

မင်းသားကလေး အင်ဒရေသည် ပြင်သစ် ရှေ့တန်းစစ်ကြောင်းကို ကြည့်ရန် မြင်းဇက်ကို သတ်၍ ရပ်လိုက်၏။

"ဟော့၊ ကြည့်စမ်း ကြည့်စမ်း" တပ်သားများက အချင်းချင်း လက်တို့ကာ တပ်ဗိုလ်တစ်ဦးနှင့်အတူ ရှေ့တန်းကင်းဦးမျဉ်းကြောင်း ထိပ်သို့သွားပြီး ပြင်သစ်လက်ပစ်ဖုံးကိုင် ရဲမက်တပ်သားတစ်ယောက်နှင့် စကားပြောနေသော တစ်လုံးထိုး သေနတ်ကိုင် ရုရှားတပ်သားတစ်ယောက်ကို လက်ညှိုးထိုး၍ ပြလိုက်၏။

"ဟော့၊ ဟိုမှာ လေလုံးထွားနေတာကို နားထောင်စမ်း။ ဟန် ဟန် သေးတော့ကွာ။ ပြင်သစ်ကောင်တွေကလဲဒီကောင်နဲ့ကျ လေးပေးပြောင့်လို့ခင်ဗျ။ ဟော ဆီဒိုရော့ဗ်၊ ကြည့်စမ်း"

"နားထောင်စမ်းပါကွ။ အံမာ တယ်လဲ ဟုတ်နေပါလား" ပြင်သစ်စကားကို အနည်းငယ် တတ်ကျွမ်းသော ဆီဒိုရော့ဗ်က ပြောလိုက်၏။

တပ်သားများ ညွှန်ပြသည့်အတိုင်း ပြင်သစ်တပ်သားနှင့် စကားပြောနေသူကား အခြားသူမဟုတ်၊ ဒိုလိုကော့ဗ်ပေတည်း။ မင်းသားကလေးအင်ဒရေသည် မြင်လျှင်

www.burmeseclassic.com



မြင်ချင်း ဒိုလိုကော့ဗ်ကို မှတ်မိလိုက်သဖြင့် ရပ်၍နားစွင့်နေမိသည်။ ဒိုလိုကော့ဗ်သည် စစ်ကြောင်းလက်ဝဲတောင်ပံရှိ သူ့တပ်ရင်းမှ ဗိုလ်ကြီးတစ်ယောက်နှင့် တပ်ထိပ်ကင်းဦးမျှဉ်းကြောင်းသို့ လိုက်ခဲ့ခြင်း ဖြစ်လေသည်။

"မေးပါကွ၊ ဆက်မေးပါ" ဗိုလ်ကြီးက ရှေ့သို့တိုးကာ သူနားမလည်သော ပြင်သစ်စကားကို မကြားမိမည်စိုးဟန်ဖြင့် ဒိုလိုကော့ဗ်အား ပြောနေသည်။ "ဆက်မေးစမ်းပါ၊ ဘာပြောတာလဲ"

ဒိုလိုကော့ဗ်က ဗိုလ်ကြီးမေးသည်ကို မဖြေချေ။ ဒိုလိုကော့ဗ်သည် ပြင်သစ်လက်ပစ်ဗုံးကိုင် ရဲမက်နှင့် အကျောက်အကန်ငြင်းနေကြသည်။ ဒိုလိုကော့ဗ်နှင့် ပြင်သစ်တပ်သားသည် တိုက်ပွဲအကြောင်းကို ပြောနေကြခြင်းဖြစ်၏။ ပြင်သစ်တပ်သားသည် ဩစတြီးယားတပ်နှင့် ရုရှားတပ်ကို အမှတ်မှားကာ ရုရှားတပ်များသည် အမ်းမြို့တွင် လက်နက်ချ အညံ့ခံကာ ထွက်ပြေးကြပြီဖြစ်ကြောင်းဖြင့် ပြောလျက်ရှိပြီး၊ ဒိုလိုကော့ဗ်ကလည်း ရုရှားတပ်များမှာ လက်နက်ချခြင်းမဟုတ်ဘဲ ပြင်သစ်များကို အောင်ပွဲရလျက်ရှိကြောင်း ငြင်းဆိုလျက် ရှိလေသည်။

"မင်းတို့ကို ဒီကနေ မောင်းထုတ်ဖို့ အမိန့်ရပြီးပြီကွ။ မကြာခင် မောင်းထုတ်မယ်၊ သိလား"ဒိုလိုကော့ဗ်က ပြောလိုက်သည်။

"ဟေ့၊ မင်းနဲ့မင်းတို့ ကော့ဆက်မြင်းတပ်သားတွေ အကုန်လုံး အမိဖမ်းပြမယ်။ သတိသာ ကြပ်ကြပ်ထားကြ" ပြင်သစ်လက်ပစ်ဗုံးကိုင် ရဲမက်က ဆိုသည်။ ပြင်သစ်များက ဝိုင်း၍ ရယ်လိုက်ကြသည်။

"ရှေးတုန်းက ရုရှားဗိုလ်ချုပ် ဆူဗိုရော့က မင်းတို့ ပြင်သစ်တွေကိုဖမ်းပြီး အကခိုင်းသလို မင်းတို့ကိုလဲ ဖမ်းပြီး အကခိုင်းပြမယ်ကွ"

"ဒီကောင် ဘာတွေ ပြောနေတာလဲ"ဟု ပြင်သစ်တပ်သားက အော်၏။

"ဟေ့ ရှေးတုန်းက ရှေ့ထီးဆောင်းရတာတွေ ပြောမနေနဲ့ကွ။ ဒို့ ပြင်သစ် ဘုရင်မင်းမြတ်က မင်းတို့ကို ဆုံးမလိမ့်မယ်" ပြင်သစ်တပ်သားတစ်ယောက်က ကြားဝင်၍ အော်ပြန်သည်။

"ဘယ်သူလဲ၊ ဘိုနာပတ်လား"

"ဟော့ ဘိုနာပတ် မဟုတ်တော့ဘူးကွ။ ခု ဧကရာဇ် ဖြစ်နေပြီ။ ဘိသိက်ခံပြီးပြီ။ နားလည်ရဲ့လား" ပြင်သစ်တပ်သားတစ်ယောက်က ဝင်အော်ပြန်သည်။

"ဟေ့ မင်းတို့ဧကရာဇ်ကို အရေခွာပစ်မယ်ကွ။ ဟောဒါထင်တယ်။ သိလား"

ဒိုလိုကော့ဗ်သည် ပြင်သစ်တပ်သားအား ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာလိုက်ပြီးနောက် သေနတ်ကိုထမ်းကာ လှည့်ထွက်လာခဲ့လေသည်။

"သွားစို့ ဗိုလ်ကြီး" ဒိုလိုကော့ဗ်သည် ဗိုလ်ကြီးကို လှမ်း၍ခေါ်လိုက်၏။

"ပြင်သစ်လိုပြောချင်ရင် ဒီလိုပြောရကာကိုး။ ဟော့ ဆိဒိုရော့ဗ်၊ မင်းလဲ သွားပြောချည်လေကွာ" ကင်းဦးမျှဉ်းထိပ်မှ စစ်သားများက ပြောလိုက်၏။

ဆိဒိုရော့ဗ်သည် ပြင်သစ်တပ်သားများကို မျက်လုံးမှိတ်ပြလိုက်ပြီး အဓိပ္ပာယ်မရှိသော ပြင်သစ်အသံထွက်များကို အမြန်ရေရွတ်ကာ ခပ်တည်တည် ပြောနေလေသည်။

ရုရှားတပ်သားများသည် တဟားဟားဖြင့် ကျယ်လောင်စွာ ရယ်မောလှောင်ပြောင်လျက်ရှိကြလေရာ ၎င်းတို့ရယ်သံသည် ပြင်သစ်တပ်သားများသို့ တတ်ကူးသွားသကဲ့သို့ ရှိ၏။ ၎င်းတို့ အားလုံးကို ကြည့်ရသည်မှာ သေနတ်များမှ ကျည်ဆန်တွေထုတ်၊ ခဲယမ်းမီးကျောက်တွေ ဖောက်ခွဲပစ်ခဲ့ပြီး စစ်မတိုက်ကြတော့ဘဲ ချက်ချင်း အိမ်ပြန်သွားကြတော့မည်ကဲ့သို့ပင် ထင်ရပေသည်။

သို့ရာတွင် တကယ်၌ကား သေနတ်များတွင် ကျည် အပြည့်ထိုးထားလျက် ကတုတ်ကျင်းများမှ လက်နက်ပေါက်ကြီးများကလည်း ပြူးပြူးကြီးကြည့်လျက် ခင်တိတ် ဖြုတ်ထားသော အမြောက် မြတပူကြီးများကလည်း မျက်နှာချင်းဆိုင်လျက် ရှိနေကြပေသတည်း။

## အခန်း ၁၆

မင်းသားကလေး အင်ဒရေသည် ရှေ့တန်းစစ်ကြောင်းကို လက်ယာတောင်ပံမှ လက်ဝဲတောင်ပံအဆုံးထိ လျှောက်ကြည့်ပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံးကို စီး၍ မြင်ရသည်ဟု တပ်ဗိုလ်ကလေး ညွှန်ပြပြောဆိုသွားသော အမြောက်မြတပူကြီးများ ဆင်ထားရာ တောင်ကမူကလေး



www.burmeseclassic.com

www.burmeseclassic.com


ပေါ်သို့ တက်လာခဲ့လေသည်။ တောင်ကမူပေါ် အရောက်တွင် မြင်းပေါ်မှ ဆင်းလိုက်ပြီး အစွန်းဆုံးရှိ အမြောက်မြတပ္ပကြီး လေးလက်အနီးတွင် ရပ်လိုက်၏။ အမြောက်မြတပ္ပကြီး လေးလက်၏ရှေ့၌ အမြောက်တပ်မှ အစောင့်တပ်သားတစ်ဦးသည် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေကို မြင်လိုက်သောအခါ သတိအနေအထားဖြင့် ရပ်၍ အရိုအသေပေးလိုက်ပြီးနောက် စောစောကကဲ့သို့ ခြေလှမ်းမှန်မှန်ဖြင့် ငြီးငွေ့ဖွယ်ကောင်းလောက်အောင် လျှောက်ပြန်လေသည်။ အမြောက်မြတပ္ပများ အနီး၌ အမြောက်ခင်တိတ်များ အရန်သင့် ရှိနေပြီး ခပ်ဆေးဆေးတွင် ရှေ့တန်း ကင်းဦးမျဉ်းပြကြိုးများနှင့်တကွ အမြောက်တပ်သားများ၏ စခန်းမီးပုံကလေးများကို တွေ့ရလေသည်။ အစွန်ဆုံး အမြောက်၏လက်ဝဲဘက်မှ မလှမ်းမကမ်း၌ သစ်ခက်တဲကလေးတစ်ခုရှိလျက် ထိုသစ်ခက်တဲထဲမှ တပ်မိုလ်တစ်သိုက် စိတ်အားထက်သန်စွာ စကားပြောဆိုလျက် ရှိကြသည်ကို ကြားနေရလေသည်။

အမြောက်တပ် စခန်းချထားရာ တောင်ကမူကလေးပေါ်မှစီး၍ ကြည့်လိုက်ပါမူ ရုရှားတပ်စခန်းတစ်ခုလုံးနှင့် ရန်သူတပ်စခန်း တစ်စိတ်တစ်ဒေသကို မြင်နေရပေသည်။ မျက်နှာချင်းဆိုင် တောင်ခါးပန်း၌ကား ရွှန်ဂရာဘန် ရွာကြီးကို မြင်ရ၏။ ရွာ၏လက်ဝဲဘက်နှင့် လက်ယာဘက်သုံးနေရာလောက်၌ မီးခိုးတလူလူဖြင့် ပြင်သစ်တပ်စုများကို မြင်ရလျက် ကျန်ပြင်သစ်တပ်မကြီးများမှာ ရွာထဲ၌လည်းကောင်း၊ တောင်၏နောက်ကွယ်၌ လည်းကောင်း စခန်းချနေကြဟန် ရှိလေသည်။ ရွာ၏လက်ဝဲဘက် မီးခိုးတလူလူထွက်နေသောနေရာမှာ ပြင်သစ်အမြောက်တပ် ဖြစ်ဟန်တူသော်လည်း မှန်ပြောင်းမပါသည့်အတွက် သဲကွဲစွာ မမြင်ရချေ။ ရုရှားတပ်များ၏ လက်ယာတောင်ပံမှာ တောင်စောင်းတစ်ခုပေါ်၌ နေရာယူထားခြင်းဖြစ်လေရာ ပြင်သစ်တပ်စခန်းများကို အပေါ်စီးရလျက် ရှိလေသည်။ ရုရှားခြေလျင်တပ်မှာ လက်ယာတောင်ပံစစ်ကြောင်းတွင်ရှိ၍ ခြေလျင်သူရဲလည်းဟုတ်၊ မြင်းစီးသူရဲလည်းဟုတ်သော တပ်များသည် ထိုနေရာ၌ပင် စခန်းချလျက်ရှိကြ၏။ မင်းသားကလေး အင်ဒရေ လှမ်းမျှော်ကြည့်လျက် ရှိသည့်နေရာကား တူရှင်၏ အမြောက်တပ် တပ်စွဲထားရာဖြစ်ပြီး အလယ်ဗဟို တည့်တည့်ဖြစ်နေလျက် ရွှန်ဂရာဘန်ရွာကြီးနှင့် ရုရှားတပ်များကြားရှိ စမ်းချောင်း ကလေးဆီသို့ သွားရလာရ အလွယ်ကူဆုံး အပြောင့်ဆုံး နေရာလည်း ဖြစ်လေသည်။ လက်ဝဲဘက်တောင်ပံ၌မူ ရုရှားတပ်များသည် ချုံတောကလေးများအနီးထိ ဖြန့်ထားလျက် သစ်ခုတ်နေကြသော ခြေလျင်တပ်သားများ၏ မီးပုံများမှ မီးခိုးများ တလူလူထွက်နေသည်ကို မြင်ရလေသည်။ ပြင်သစ်စစ်ကြောင်းမှာ ရုရှားစစ်ကြောင်းထက် ရှည်လျားကျယ်ပြန့်ပေရာ ရုရှားတပ်များကို ဝဲယာတောင်ပံ နှစ်ဖက်စလုံး၌ ညှပ်ပိတ်၍ တိုက်နိုင်သော အနေအထားတွင် ရှိလေသည်။ ရုရှားစစ်ကြောင်း၏နောက်၌ ဘေးကမ်းမတ်နက်ရှိုင်းသော ကမ်းပါးပြတ်ကြီးများ ရှိနေသည့်အတွက် အရေးကြုံ၍ ဆုတ်ခွာရလျှင် ရုရှားအမြောက်တပ်များနှင့် မြင်းတပ်များအဖို့ အခက်အခဲတွေ့နိုင်ပေသည်။ မင်းသားကလေး အင်ဒရေသည် အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်၍ အမြောက်ကို မှီလိုက်ပြီး စစ်ကြောင်းအနေအထားကို ပုံစံကြမ်း ဆွဲကြည့်လိုက်၏။ မင်းသားကြီးဘာဂရေးရှင်းအား အစီရင်ခံရန်အတွက် စိတ်ကူးရသည့် အချက်နှစ်ချက်ကိုလည်း တေး၍ထားလိုက်သည်။ မိမိ၏သဘောမှာ ပထမအားဖြင့် အမြောက်တပ်များကို အလယ်တွင် စုပြုံတပ်စွဲထားစေလိုသည်။ ဒုတိယ အချက်အားဖြင့်ကား မြင်းတပ်များကို ကမ်းပါးပြတ်တစ်ဖက် တောင်ဆောင်းတွင် ဆုတ်၍ ရွှေ့ထားလိုပေသည်။ မင်းသားကလေး အင်ဒရေမှာ စစ်သေနာပတိချုပ်၏အပါးတွင် အမြဲနေရသူ ဖြစ်လျက်တပ်များ အပြောင်းအရွှေ့ကိုလည်း ကောင်းစွာ သိထားသူဖြစ်ကာ ရာဇဝင်ကျမ်းများမှ စစ်ပွဲများအကြောင်းကိုလည်း အပတ်တကုတ် လေ့လာထားသူ ဖြစ်သည့်အလျောက် တိုက်ပွဲဖြစ်ပါက မည်သို့ အခြေအနေရှိမည်ကို အကြမ်းဖျင်းတွက်ချက်ထားလိုက်ပြီး ဖြစ်လေသည်။ ဖြစ်နိုင်ဖွယ်ရှိသော အလားအလာများကိုလည်း တွေးလိုက်မိပြီး ဖြစ်လေသည်။

"ကိုယ်လက်ပစ်ဗုံးကိုင် ရဲမက်တွေနဲ့ ရှိုဒေါ် ခြေလျင်တပ်တွေကတော့ စစ်ကြောင်းအလယ်က အရန်တပ်ကူတွေ ရောက်မလာမချင်း မဆုတ်ဘဲ ခံတိုက်ရမှာပဲ။ အဲဒီအချိန်မှာ ခြေလျင်မြင်းစီးတပ်တွေက တောင်ပံဖျားကနေ တန်ပြန်တိုက်စစ်ဆင်ရမယ်။ ရန်သူက စစ်ကြောင်း

www.burmeseclassic.com



အလယ်တည့်တည့်ကို ဝင်တိုက်ရင်တော့ သိပ်စိုးရိမ်စရာ မရှိသေးဘူး။ စစ်ကြောင်းအလယ်က အမြောက်တပ်က ကမူပေါ်မှာ စွဲထားတော့ အပေါ်စီး ရနေတယ်။ ရန်သူက တရကြမ်းဖိရင် လက်ဝဲတောင်ပံဟာ အမြောက်တပ်က ပစ်ပေးနေတုန်းမှာ အေးအေးဆေးဆေး ဆုတ်လာနိုင်တယ်။ ပြီးတော့မှ တပ်တွေကို မျဉ်းပြိုင်ထားပြီး တောင်ကြားဘက်ကို ဆုတ်မယ်"

မင်းသားကလေး အင်ဒရေသည် ဤသို့ တွေးမိသည်။ အမြောက်မြတပူအေားတွင် ရပ်နေသည့် တစ်ချိန်လုံး မင်းသားကလေး အင်ဒရေသည် သစ်ခက်တဲထဲမှ တပ်ဗိုလ်များပြောနေသံကို သဲကွဲစွာ ကြားနေရသော်လည်း ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ နားထဲသို့ ကောင်းစွာ မဝင်ချေ။ ထိုအတွင်းတဲထဲမှ အသံဩဇာနှင့် ပြည့်စုံသော အသံတစ်သံ ထွက်ပေါ်လာသဖြင့် မင်းသားကလေး အင်ဒရေသည် မနေနိုင်တော့ဘဲ နားစွင့်လိုက်မိသည်။

"ဒီမှာ ရောင်းရင်း" ဟူသော ခံ့ညားသည့် အသံတစ်သံ ထွက်ပေါ်လာသည်။ မင်းသားကလေး အင်ဒရေသည် ထိုအသံကို ကြားဖူးသည်ဟု အောက်မေ့မိ၏။ "ကျွန်တော်ပြောတဲ့ သဘောက ကျွန်တော်တို့ဟာ သေခြင်းတရားရဲ့ ဟိုဘက်မှာ ဘာဖြစ်မယ်ဆိုတာကို သိကြရင် ဘယ်သူမှ သေခြင်းတရားကို ကြောက်ကြမှာ မဟုတ်ဘူးလို့ ဆိုလိုတဲ့ သဘောပါ။ မဟုတ်ဘူးလား ရောင်းရင်း"

လူရွယ်တစ်ယောက်၏အသံက ကြားဖြတ်၍ ထွက်လာသည်။

"ဒါတော့ ကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ သေခြင်းတရားကို ရှောင်ကွင်းလို့ မရပေဘူးခင်ဗျ"

"မထူးပါဘူးဗျာ။ ကြောက်ကြတာချည်းပါပဲ။ ရောင်းရင်းတို့ ကျမ်းတတ်စာတတ် ပုဂ္ဂိုလ်တွေဟာ တော်တော်အငြင်းသန်တယ်" တတိယအသံတစ်ခု ထွက်ပေါ်လာသည်။

"ကြည့်လေ၊ ရောင်းရင်းတို့ အမြောက်တပ်သားတွေဟာ ဘယ်လောက်ဉာဏ်အမြော်အမြင်ရှိသလဲဆိုရင် စစ်ထွက်တာတောင် အရက်ပုလင်းတွေ၊ အဖျော်ယမကာပုလင်းတွေ မမေ့မလျော့ ယူလာကြတယ်။ တော်တော်လဲ အမြော်အမြင်ရှိတဲ့လူတွေပဲ"

ထိုအသံမှာ ခြေလျင်တပ်ဗိုလ်ကလေးတစ်ယောက်၏အသံဖြစ်ဟန်တူ၏။ သူ့စကားကို သူ သဘောကျ၍ ရယ်သံကိုလည်း ကြားလိုက်ရသည်။

"ဟုတ်ပါတယ်။ လူတိုင်းဟာ ကြောက်ကြတာချည်းပါပဲ။ ကျွန်တော် မငြင်းလိုပါဘူး" မင်းသားကလေး အင်ဒရေ ကြားဖူးသလိုရှိသည့် ပထမအသံဖြစ်၏။ "လူတွေဟာ ကိုယ်မသိနားမလည်တဲ့ အရာကို ကြောက်ကြတာချည်းပဲဗျာ။ သိရင် နားလည်ရင် မကြောက်ပါဘူး။ ဒီမှာ ရောင်းရင်း၊ သေပြီးရင် လူရဲ့ ဝိညာဉ်ဟာ ကောင်းကင်ဘုံကို သွားတယ်လို့ ပြောကြပေမယ့် ဘယ်မှာလဲ ကောင်းကင်ဘုံ။ ကောင်းကင်ဘုံရယ်လို့ မရှိဘူး။ ကျွန်တော်တို့ အထက်မှာ လေထုပဲ ရှိတာပဲ"

တတိယအသံ ပေါ်လာပြန်သည်။

"ကဲ သွေးသောက်ကြီး တူရှင်ရေ့၊ ခင်ဗျားဆေးအရက်ကလေးတော့ တိုက်ဦးဗျ"

"ဟော၊ လက်စသတ်တော့ ရိက္ခာတဲထဲမှာ ဖိနပ်မပါဘဲ တွေ့ခဲ့တဲ့ အမြောက်တပ်ဗိုလ်ကလေးပါလား"ဟု မင်းသားကလေး အင်ဒရေ တွေးလိုက်မိသည်။ မင်းသားကလေး အင်ဒရေသည် သာယာညင်းပျောင်း၍ တည်ငြိမ်ခံ့ညားလှသောအသံကို မှတ်မိကာ ကျေနပ်လျက် ရှိပေသည်။

"ဆေးအရက်လား၊ ရပါတယ်ဗျာ၊ ရပါတယ်။ ဒါပေမဲ့ သေပြီး နောက်ဘဝရှိရမယ်ဆိုတာကတော့"

တူရှင်၏စကားမှာ ပြတ်သွား၏။ ရှီခနဲ မြည်သံတစ်ခုသည် လေထဲမှ ထွက်ပေါ်လာ၏။ အသံသည် တပြည်းပြည်း နီး၍နီး၍၊ မြန်၍ကျယ်၍၊ ကျယ်၍မြန်၍လာကာ အမြောက်ကျည်တစ်လုံးသည် သစ်ခက်တဲအနီးတွင် အရှိန်ပြင်းစွာကျပြီး ဝုန်းခနဲပေါက်ကွဲသွားလေရာ မြေကြီးများ ပွာထွက်သွားလေသည်။ မြေကြီးသည်ပုံးပေါက်ကွဲခြင်းဒဏ်ကြောင့် ညည်းညူသကဲ့သို့ ရှိပေ၏။

ချက်ချင်းပင် ဖြူရော်သော မျက်နှာထားဖြင့် ဆေးတံတိုကို ပါးစောင်တွင် ခဲလျက် ဗိုလ်ကြီးတူရှင်သည် သစ်ခက် တဲထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာလေသည်။ ၎င်းနောက်မှလည်း ဩဇာနှင့်ပြည့်စုံသည့်အသံရှင်၊ ထို့ပြင် ကျန်ခြေလျင်တပ်ဗိုလ်တစ်ယောက်တို့သည် အင်္ကျီကြယ်သီးများကိုတပ်ရင်း မိမိတို့၏ တပ်ခွဲများဆီသို့ ပြေးထွက်သွားသည်ကို မြင်လိုက်ရသည်။

www.burmeseclassic.com



## အခန်း ၁၇

မင်းသားကလေး အင်ဒရေသည် မြင်းပေါ်သို့ တက်လိုက်ပြီးနောက် အမြောက်မြတပ္ပအနီးတွင် ပတ်လျက် မိမိတို့ စစ်ကြောင်းဘက်သို့ လှမ်းထုလိုက်သော ရန်သူပြင်သစ် အမြောက်ပြောင်းဝမှ တလူလူထွက်လျက်ရှိသည့် ယမ်းခိုးယမ်းငွေ့များကို လှမ်းမျှော်ကြည့်နေမိသည်။ ၎င်း၏မျက်လုံးများသည် တစ်မျှော်တစ်ခေါ်ကြီး ရှိနေသော ရန်သူစစ်ကြောင်းဆီသို့ ရောက်သွားကြ၏။ စောစောက မလှုပ်မရှားငြိမ်သက်လျက်ရှိသော ပြင်သစ်တပ်များမှာ ပတ္တအုံတုတ်နှင့်ဆွလိုက်သကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်လာကြပေပြီ။ ထိုတပ်များ၏ လက်ဝဲဘက်ဆီ၌လည်း အမြောက်တပ်စုတစ်စုကို မြင်ရသည်။ အမြောက်တပ်စုပေါ်တွင် မီးခိုးလုံးများ မကွဲသေးချေ။ တပ်ရေးဗိုလ်ဖြစ်ဟန်ရှိသော ပြင်သစ်မြင်းစီးရဲမက်နှစ်ယောက်သည် တောင်ကမူတစ်ခုပေါ်သို့ မြင်းကို ဒုန်းစိုင်း၍ တက်သွားကြ၏။ ရန်သူစစ်ကြောင်းကလေးတစ်ခုသည် ရှေ့တန်းစစ်ကြောင်းကို အားဖြည့်ရန်အတွက် ယင်းတောင်ခြေဆီ၌ တရွေ့ရွေ့လှုပ်ရှား ချီတက်လျက်ရှိပေသည်။ ပထမအမြောက်မြတပ္ပမှ မီးခိုးလုံး မစဲသေးမီ ဒုတိယမီးခိုးတစ်လုံး ထွက်လာပြီး အမြောက်သံတစ်ချက်ကို ကြားလိုက်ပြန်သည်။ တိုက်ပွဲ စချေပြီ။ မင်းသားကလေး အင်ဒရေသည် မြင်းကို ပြန်လှည့်ကာ မင်းသားကြီး ဘာဂရေးရှင်းရှိရာ ဂရွန့်ရွာဘက်သို့ ဒုန်းစိုင်း၍ စီးလာခဲ့သည်။ မိမိနောက်၌ အမြောက်မြတပ္ပ ပစ်ခတ်သံများ ပို၍ စိပ်လာကာ ပို၍ကျယ်လောင်လာကြ၏။ ရုရှားတပ်များကလည်း ပြန်၍ ပစ်ခတ်ကြဟန် ရှိပေသည်။ တောင်ကမူခြေရင်း စေ့စပ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည့်နေရာတစ်ဝိုက်ဆီမှ ကျည်တစ်လုံးထိုး သေနတ်ပစ်ခတ်သံများသည် ထပ်မံထွက်ပေါ်လာကြပြန်လေသည်။

ဤအတောအတွင်း၌ ပြင်သစ်မြင်းသည်တော် လီမာရွိုင်းသည် နပိုလီယန်၏ ရာဇမာန်ပြင်းလှသော စာချွန်ကို ယူဆောင်၍ ရှေ့တန်းစစ်မျက်နှာသို့ ရောက်လာပြီဖြစ်လေရာ ပြင်သစ်ဗိုလ် မူးရတ်သည်လည်း ပြင်းစွာ ထိတ်လန့် တုန်လှုပ်လျက် အပြစ်မှ မိမိလွတ်စေရန်အတွက် ယနေ့ညနေ ရှေ့တန်းစစ်မျက်နှာသို့ ဧကရာဇ်ဘုရင် နပိုလီယန်မရောက်မီ မိမိရှေ့ရှိ ရုရှားတပ်ခွဲများကို အပြီး ချေမှုန်းအံ့ ရည်ရွယ်ချက်ဖြင့် ချက်ချင်းပင် မိမိတပ်များကို ချီတက်စေကာ ရုရှားစစ်ကြောင်း၏ ဗဟိုချက်မနှင့်တောင်ပံနှစ်ဖက်ကို ပြန့်၍ တိုက်စစ်ပြုလေသည်။ ဤသို့ဖြင့် တိုက်ပွဲစတင်ဖြစ်ပွားလာခြင်း ဖြစ်လေသည်။

"ကဲ၊ တိုက်ပွဲတော့စပြီ" မင်းသားကလေး အင်ဒရေက ဤသို့ ရေရွတ်လိုက်၏။ ၎င်း၏ရင်သည် တထိတ်ထိတ် ခုန်လျက်ရှိ၏။

လွန်ခဲ့သည့် နာရီတစ်မတ်ခန့်က ယာဂုသောက်လိုက်၊ အရက်သောက်လိုက်ဖြင့် ပျော်ပျော်ပါးပါး ရှိနေခဲ့ကြသော တပ်ခွဲများအကြားတွင် မြင်းကိုဖြတ်၍ စီးလာရာ မိမိတို့ဘက်မှ တပ်သားများသည်လည်း ဖျတ်လတ်လျင်မြန်စွာဖြင့် တန်းစီ၍ သေနတ်များကို ယမ်းထိုးကာ အဆင်သင့် ပြင်ဆင်လျက် ရှိကြသည်ကို တွေ့ရလေသည်။ မိမိကဲ့သို့ပင် အသည်းနှလုံးတွင်းသို့ ဝင်ရောက်ရိုက်ခတ်လာသည့် စိတ်အားထက်သန်မှုများသည် ၎င်းတို့ မျက်နှာများပေါ်တွင် အထင်းသားပေါ်လျက်ရှိလေသည်။ တပ်သားတိုင်း၊ တပ် ဗိုလ်တိုင်း၏ မျက်နှာသည် 'အင်း တိုက်ပွဲတော့ စပြီ။ ကြောက်စရာလဲကောင်းရဲ့။ ပျော်စရာလဲကောင်းရဲ့'ဟု ပြောဆိုနေသကဲ့သို့ ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် အသစ်တူးထားသော ကတုတ်ကျင်းများအနားသို့ ရောက်လာခဲ့၏။ နွေနှောင်းရက်ကျန် ဆည်းဆာ၏ မှုန်ပျပျအလင်းရောင်ထဲ၌ မိမိထံသို့ လာနေသော မြင်းစီးရဲမက်အချို့ကို မင်းသားကလေးအင်ဒရေ မြင်ရလေသည်။ ရှေ့ဆုံးတပ်မှ ကော့ဆက်တပ်သားဝတ်ရုံကိုခြုံ၍ သိုးရေဦးထုပ်ကို ဆောင်းလျက် မြင်းဖြူကြီးကို စီးလာသူမှာကား တပ်မှူးမင်းသားကြီး ဗိုလ်ချုပ်ဘာဂရေးရှင်းပေတည်း။ မင်းသားကလေးအင်ဒရေသည် မြင်းဇက်ကို သတ်၍ ရပ်ပြီး အနီးသို့ ရောက်လာအောင်စောင့်နေလိုက်သည်။ မြင်းကို အသားကျကလေးစီးလာသော မင်းသားကြီး ဘာဂရေးရှင်းသည် မင်းသားကလေးအင်ဒရေမှန်း သိသည်နှင့် ခေါင်းညိတ်ကာ မိမိထံသို့ ခေါ်လိုက်သည်။ မင်းသားကလေး အင်ဒရေက မိမိတွေ့မြင်ခဲ့ရသည်များကို အစီရင်ခံနေချိန်တွင် မင်းသားကြီးဘာဂရေးရှင်းသည် ရှေ့တူရူသို့ကြည့်လျက်ရှိလေသည်။

တိုက်ပွဲစပြီဟူသော ခံစားချက်သည် လေးလံထိုင်းမှိုင်းသော မျက်လုံးများနှင့်တကွ တင်းမာညိုမှောင်သော



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီး ဘာဂရေးရှင်း၏ မျက်နှာပေါ်တွင်လည်း ထင်းထင်းကြီး ပေါ်လျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် မင်းသားကြီး ဘာဂရေးရှင်း၏ ထိုင်းမှိုင်းလေးလံသော မျက်နှာ အမူအရာကိုကြည့်ရင်း ဤအချိန်ဤအခါ၌ ၎င်း၏စိတ်ထဲတွင် မည်သို့များ ခံစားနေရမည်နည်းဟု သိလိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်လျက်ရှိလေသည်။ ဤမျက်နှာထား၏နောက်ကွယ်တွင် မည်သည့်အကြံအစည်များ ရှိလေသနည်းဟုလည်း မင်းသားကလေးအင်ဒရေသည် ပြန်လှန်မေးခွန်းထုတ်မိ၏။ မင်းသားကြီး ဘာဂရေးရှင်းသည် မင်းသားကလေးအင်ဒရေ အစီရင်ခံသမျှကို သဘောတူသည့် လက္ခဏာဖြင့် ခေါင်းညိတ်ပြီးနောက် "အိမ်း၊ အိမ်း"ဟု ဆိုလိုက်သည်။ ၎င်း၏ အမူအရာမှာ မင်းသားကလေး အင်ဒရေ အစီရင်ခံသမျှ မိမိမြင်တွေ့နေသမျှတို့သည် စောစောက မိမိတွေးထင်ထားသည့်နည်းအတိုင်း ဖြစ်နေပြီဟု ပြောသကဲ့သို့ ရှိလေသည်။ မင်းသားကလေး အင်ဒရေမှာလည်း မြင်းကို ဒုန်းရိုက်၍ စီးလာသဖြင့် အသက်ကိုပင် မှန်မှန် မရှူနိုင်ဘဲ ခပ်မြန်မြန်ပြောလျက်ရှိသလောက် မင်းသားကြီး ဘာဂရေးရှင်းမှာမူကား ဤမျှရေးကြီးသုတ်ပျာ ဖြစ်စရာမလိုဟူသော ဟန်ဖြင့် အေးဆေးစွာ ပြောလျက်ရှိ၏။ ၎င်း၏အသံမှာ အရှေ့တိုင်းသံ အနည်းငယ်ဝဲလျက် ရှိလေသည်။ သို့ပြောပြီးနောက် မင်းသားကြီးဘာဂရေးရှင်းသည် တူရှင်၏ အမြောက်တပ် တပ်စွဲထားရာ တောင်ကမူထိပ်ဆီသို့ မြင်းကို အသားကျစီး၍ ထွက်သွားလေရာ မင်းသားကလေး အင်ဒရေနှင့် ကိုယ်ရံတော်တပ်ဖွဲ့တို့သည်လည်း နောက်မှ လိုက်လာခဲ့ကြလေသည်။ မင်းသားကြီး ဘာဂရေးရှင်း၏ နောက်၌ ကိုယ်ရံတော် ဗိုလ်မှူးတစ်ယောက်၊ မင်းသားကြီး၏တပ်ရေးဗိုလ်ဇာကော့ဗ်၊ တပ်လုလင် ဗိုလ်ကလေးတစ်ဦး မြီးဆံ ဖားဖားဖြင့် လှပသော မြင်းကြီးကိုစီး၍ လိုက်ပါလာသည့် တာဝန်ကျ စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးနှင့် တကွ တိုက်ပွဲကို ကြည့်လိုသဖြင့် ခွင့်တောင်း၍ လိုက်ပါလာသော ရွှေတိုက်တော်အရာရှိ အရပ်သားတစ်ဦးတို့ လိုက်ပါလာကြလေသည်။ ပုပုအိုင်အိုင့် မျက်နှာပြုံပြုံနှင့် ရွှေတိုက်တော် အရာရှိသည် စပ်ပြီးဖြီးလုပ်လျက် မိမိ ပတ်ဝန်းကျင်ကို ကျေနပ်စွာ ကြည့်၍ လိုက်ပါလာ၏။ ၎င်းမှာ သိုရင်းအင်္ကျီဖြင့် မြင်းကုန်းနှီးပေါ်၌ ထိုင်လိုက်လာခြင်းဖြစ်လေရာ မြင်းတပ်သားများကြားတွင် တစ်မျိုးတစ်ဖုံ ထူးခြားလျက် ရှိလေသည်။

"တိုက်ပွဲတိုက်တာ ကြည့်ချင်လို့ပဲဗျ။ ဒါပေမဲ့ လူကတော့ ကျောချမ်းလှပြီ ထင်ပါရဲ့" ဇာကော့ဗ်က ရွှေတိုက်တော် အရာရှိကို ညွှန်ပြ၍ မင်းသားကလေး အင်ဒရေကို ပြောလိုက်သည်။

"အို တိတ်တိတ်နေစမ်းပါဗျာ" ရွှေတိုက်တော် အရာရှိက မဲ့မဲ့ပြုံး၍ ပြောလိုက်၏။ သို့ရာတွင် ယခုကဲ့သို့ လှုရာသွင်း၍ နောက်ပြောင်ခြင်းခံရသည်ကိုပင် ဘဝင်ခွေ့သွားဟန်ရှိကာ စောစောကထက်ပင် အပိုးမသေလှဘဲ စပ်ပြီးပြီးဟန်မျိုး ဆောင်လျက်ရှိ၏။

"တော်တော် ကြံကြီးစည်ရာနိုင်တဲ့လူဗျ။ သိရဲ့လား ကိုယ်တော်လေး"ဟု စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးက ပြောလိုက်သည်။ (စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးသည် ပြင်သစ်စကားကို တစ်လုံးစနစ်လုံးစ ညှပ်ပြောတတ်သော်လည်း မှန်မှန်မပြောတတ်ရှာချေ။)

ထိုအချိန်တွင် ၎င်းတို့သည် တူရှင်၏ အမြောက် တပ်တပ်စွဲထားရာသို့ နီးကပ်လာပြီ ဖြစ်သည်အလျောက် ရှေ့နားတွင် အမြောက်ကျည်ဆန်တစ်လုံး ကျလာသည်ကို မြင်လိုက်ရသည်။

"ခုနက ကျသွားတာ ဘာကြီးလဲဗျ" ရွှေတိုက်တော် အရာရှိက စပ်ပြီးပြီးဖြင့်မေး၏။

"အဲဒါ ပြင်သစ်မုန့်လုံးရေပေါ်ဗျ" ဇာကော့ဗ်က ဆို၏။

"ကြံကြံဖန်ဖန်ဗျာ၊ ဒီ ပြင်သစ်ကောင်တွေနယ်။ မုန့်လုံးရေပေါ်နဲ့ လှမ်းထုရတယ်ရယ်လို့ပဲ"

ရွှေတိုက်တော်အရာရှိသည် လှုရာသွင်း ခံရသဖြင့် များစွာကျေနပ်ဟန်ရှိ၏။ သူပြော၍မှ စကားမဆုံးမီ ရွှီခနဲမြည်သံကြီးတစ်ခု ရုတ်တရက် ပေါ်ပေါက်လာပြန်ကာ မြေပျော့ပေါ်၌ ကျသွားသကဲ့သို့ ဘုတ်ခနဲမြည်၍ ကျသွားသံကို ကြားလိုက်ရသည်။ သူတို့၏လက်ယာဘက် ရွှေတိုက်တော်အရာရှိ၏ နောက်နားတွင် မြင်းစီးလာသည့် ကော့ဆက်မြင်းတပ်သား တစ်ယောက်မှာ လူရောမြင်းပါ လဲသွားသည်ကို မြင်လိုက်ရလေသည်။ ဇာကော့ဗ်နှင့် စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးသည် မြင်းပေါ်တွင် ပြားနေအောင် ရှေ့သို့ ဝပ်လိုက်ပြီး ပြန်လှည့်၍ စီးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုက်တော်အရာရှိကား ကော့ဆက်မြင်းတပ်သားဘက်သို့ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ကော့ဆက်တပ်သားမှာ ကျည်သင့်၍ ကျသွားလေပြီ။ မြင်းကြီးကား ရုန်းကန်လျက် ရှိပေသေးသည်။

မင်းသားကြီး ဘာဂရေးရှင်းသည် မျက်လုံးများကို မှေး၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီးနောက် ဖြစ်ပျက်နေသော အခြင်းအရာကို မြင်သည်တွင် 'ဒါများ အရေးလုပ်လို့ကြည့်နေရသေးလား'ဟု ပြောသည့်ဟန်ဖြင့် တစ်ဖက်သို့ လှည့်သွားလေသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် မြင်းစီးကျွမ်းကျင်သူတစ်ယောက်၏ ဟန်မျိုးဖြင့် မြင်းဇက်ဆွဲလိုက်ပြီး ရှေ့သို့ အနည်းငယ်ကုန်းကာ ဝတ်ရုံထဲတွင် ညှပ်နေသည့် ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ဓားရှည်မှာ ယခု အသုံးပြုခြင်း မရှိတော့သော ရှေ့သုံးဓားလွယ်ကြီးကို မြင်သည်၌ အီတလီတိုက်ပွဲတုန်းက စစ်သေနာပတိကြီး ဆူဗိုရော့က ဘာဂရေးရှင်းအား ဓားလွတ်တစ်လက်ချီးမြှင့်ခဲ့ဖူးသည်ဟူသော စကားကို အမှတ်ရသွားမိကာ ကြည်နူးအားတက်၍ သွားလေသည်။ သို့ဖြင့် ၎င်းတို့ လူသိုက်သည် စောစောက မင်းသားကလေး အင်ဒရေ ရပ်နေခဲ့သည့် အမြောက်မြေတပ်ပူများ အနီးသို့ ရောက်လာကြလေသည်။

"ဘယ်သူ့တပ်ခွဲလဲဟ" မင်းသားကြီး ဘာဂရေးရှင်းက အမြောက်ကျည်တင်လှည်း အနီးတွင် ရပ်နေသည့် တပ်သားတစ်ယောက်ကို မေးလိုက်၏။ ဘယ်သူ့ တပ်ခွဲလဲဟု မေးခြင်းဖြစ်သော်လည်း အမှန်အားဖြင့် မင်းသားကြီး ဘာဂရေးရှင်း ဆိုလိုသည်မှာ 'ကြောက်သလား'ဟု မေးခြင်းဖြစ်လေသည်။ ဤသည်ကို အမြောက်တပ်သားကလည်း ရိပ်မိ လိုက်ဟန် ရှိ၏။

"ဗိုလ်ကြီး တူရှင်ရဲ့တပ်ခွဲပါ ဗိုလ်ချုပ်" ဆံပင်နီနီ မျက်နှာတွင် မှဲ့ခြောက်တွေ ပြည့်လျက်ရှိသည့် အမြောက်တပ်သားက သတိအနေအထားနှင့်ရပ်ရင်း အော်၍ ပြောလိုက်သည်။

"အိမ်း၊ အိမ်း" မင်းသားကြီး ဘာဂရေးရှင်းသည် ဤသို့ ပြောဆိုပြီးနောက် တစ်စုံတစ်ရာကို အမှတ်ရလာဟန်ဖြင့် အမြောက်ခင်တိတ်များအနီးမှဖြတ်ကာ အစွန်းဆုံးရှိ အမြောက်မြေတပ်ပူနားဆီသို့ စီးသွားလေသည်။

ထိုအခိုက် နားကွဲမတတ် ပစ်ခတ်လိုက်သော အမြောက်သံက ထွက်ပေါ်လာပြီးနောက် အသံထွက်လာရာအမြောက်အနီးမှ မီးခိုးလုံးများထွက်လာသည်ကို မြင်လိုက် ရသည်။ သို့ပစ်လိုက်သဖြင့် ရှေ့သို့ ရွေ့သွားသော အမြောက်မြေတပ်ပူကြီးကို မီးခိုးလုံးများကြားထဲ၌ အမြောက်တပ်သားများက နဂိုနေရာသို့ရောက်အောင် တွန်းနေကြခြင်းကိုလည်းမြင်ရလေသည်။ ပခုံးကျယ်ကျယ်နှင့် တပ်သား နံပါတ်တစ်သည် လက်တွင် လက်သုတ်ပတ်ကိုကိုင်၍ အမြောက်တင်လှည်းဘီးပေါ်သို့ လှားခနဲ ခုန်တက်လိုက်ပြီး တပ်သားနံပါတ်နှစ်မှာ အမြောက်ပြောင်းဝထဲသို့ ကျည်တစ်လုံးကို တုန်တုန်ယင်ယင် ထည့်နေသည်။ အရပ်ပုပု၊ ပခုံးကျယ်ကျယ် အမြောက်တပ်ဗိုလ်ကြီးတူရှင်သည် အမြောက်ခင်တိတ်၏ နောက်မြီးမှ ခုန်ဆင်းကာ ရှေ့သို့ လျှောက်လာခဲ့ပြီး မျက်လုံးကို လက်ဖြင့်ကာမိုး၍ ကြည့်နေသည်။ မင်းသားကြီး ဘာဂရေးရှင်းကိုကား မမြင်သေးချေ။

"ဟေ့ နှစ်ရစ်လောက် မော့လိုက်ဦးကွ။ အဲဒီတော့ ချိန်သားကိုက်မယ်"ဟု ခန္ဓာကိုယ်သေးကလေးနှင့် မလိုက်အောင် အမိန့်သံဖြင့်ပြောလိုက်၏။ သို့ရာတွင် ၎င်း၏အသံမှာ ညောင်နာနာ ဖြစ်နေ၏။

"နံပါတ်နှစ်၊ သတိ၊ ပစ်"

မင်းသားကြီး ဘာဂရေးရှင်းသည် အမြောက်တပ်ဗိုလ်ကြီးတူရှင်ကို လှမ်း၍ ခေါ်လိုက်၏။ တူရှင်သည် လက်ကို ဦးထုပ်ဆီသို့ မြှောက်၍ အရိုအသေပြုလိုက်ပြီး မင်းသားကြီး ဘာဂရေးရှင်းထံသို့ လျှောက်လာသည်။ သို့သော်လည်း ၎င်း၏အရိုအသေပြုပုံမှာ ရက်ရွဲ့ရွဲ့ဖြစ်နေရကား စစ်သားတစ်ယောက် အရိုအသေပြုပုံနှင့် မတူဘဲ ဘုန်းတော်ကြီး တစ်ယောက်၏ မေတ္တာပို့ဟန်နှင့် တူနေလေသည်။ အမြောက်တပ်ဗိုလ်ကြီး တူရှင်၏ အမြောက်သည် ရန်သူ ပြင်သစ်တပ်များရှိရာ လျှိုကြားဆီသို့ ပစ်ရမည်ဖြစ်သော်လည်း ရှေ့တွင် ချီတက်လှုပ်ရှားနေကြသော ပြင်သစ်တပ်များကို ကျော်ကာ ရှုန်ဂရာဘန်ရွာထဲသို့သာ မီးကျည်လုံးများ တဖြောက်ဖြောက် ကျလျက်ရှိလေသည်။

အမှန်အားဖြင့် မည်သည့်နေရာ၊ မည်သည့်ရန်သူတပ်စုကို ပစ်ရမည်ဟု မည်သူကမျှ တူရှင်အား အမိန့်ပေးခြင်း မရှိသေးချေ။ တူရှင်သည် ၎င်း၏ လက်ရုံးတပ်ကြပ်ကြီး ဇကာချင်ကိုနှင့် တိုင်ပင်ပြီးနောက် ရွာကို မီးကျည်ဖြင့်ပစ်၍ မီးရှို့ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ယူဆကာ ရွာထဲသို့ ပစ်နေခြင်းသာဖြစ်၏။ မင်းသားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာဂရေးရှင်းသည် အမြောက်တပ်ဗိုလ်တူရှင်၏ သတင်းပို့ချက်ကို ကြားနေပြီးနောက် "အိမ်း"ဟု တစ်ခွန်းမျှသာဆိုလျက် မိမိရှေ့တွင် စီး၍မြင်နေရသော စစ်မြေပြင်ကို လှမ်းမျှော်ကြည့်ရှုနေလေသည်။ ရန်သူပြင်သစ်တပ်များမှာ ရုရှားတပ်များ၏ ယာဘက်တောင်ပံကို ဖိတိုက်ကာ အနားသို့ ကပ်လာကြပေပြီ။ ကိုယ်ရံတော်ဗိုလ်ကလေး ညွှန်ပြသဖြင့် ကြည့်လိုက်သောအခါ တောင်ကမူခြေရင်း ကီယက်လက်ပစ်ဗိုးကိုင် ရဲမက်တပ် တပ်စွဲထားရာ ချောင်းကလေးတစ်ချောင်းဖြတ်၍ စီးဆင်းလျက်ရှိသည့် မြေပြန့်၌ စိတ်ချောက်ချားဖွယ် တအုန်းအုန်း ပြေးလွှား ချီတက်နေသံနှင့် ကျည်တစ်လုံးထိုး သေနတ်များ၏ ပစ်ဖောက်သံများ ဆူညံလျက် ရှိလေသည်။

ခြေလျင်မြင်းစီးရဲမက်တပ်၏အလွန် လက်ယာတောင်ပံကို ပြင်သစ်စစ်ကြောင်းတစ်ကြောင်းက ဝိုင်းဝန်းပိတ်ဆို့ရန် ကြိုးစားလျက် ရှိခြင်းကိုလည်းတွေ့ရ၏။ လက်ဝဲဘက်၌ကား မိုးကုပ်စက်ဝိုင်းကို ကျောပေးလျက်ရှိသော သစ်ပင်အုပ်တစ်အုပ်ကို မြင်ရသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မမှ တပ်ရင်းနှစ်ရင်းကို လက်ယာဘက်တောင်ပံသို့ အားဖြည့်ရန် အမိန့်ပေးလိုက်၏။ ကိုယ်ရံတော် တပ်ဗိုလ်ကလေးသည် အရဲစွန့်ကာ အကယ်၍ ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မမှ တပ်ရင်းနှစ်ရင်းကိုလက်ယာတောင်ပံသို့ အားဖြည့်ပေးလိုက်ပါက အမြောက်မြတပ်မှုများမှာ ဘေးက ဝင်ပစ်ပေးသည့် အထောက်အကူ ကင်းမဲ့သွားတော့မည်ဖြစ်ကြောင်း မင်းသားကြီး ဘာဂရေးရှင်းကို ပြောလိုက်သည်။ မင်းသားကြီး ဘာဂရေးရှင်းသည် ကိုယ်ရံတော်ဗိုလ်ကလေးဘက်သို့ လှည့်လိုက်ပြီး မည်သို့မျှပြန်မပြောဘဲ သုန်မှုန်စွာ ကြည့်လိုက်၏။ ကိုယ်ရံတော်ဗိုလ်ကလေး ပြောသည့်အတိုင်း မှန်သည်ဟုလည်း မင်းသားကလေး အင်ဒရေ ယူဆလေသည်။ ထိုအတောအတွင်း တပ်ရေးတစ်ယောက်သည် မြင်းကို ဒုန်းစိုင်းကာ မြေပြန့်တွင် ရှိနေသော တပ်ရင်းမှူးထံမှ ပေးပို့လိုက်သည့်သတင်းကို လာ၍ ပို့လေသည်။ သတင်းတွင် အင်အားကြီးမားလှသည့် ပြင်သစ်တပ်များသည် မိမိတို့အား ဖိ၍ တရကြမ်း တိုက်ခိုက်လျက်ရှိကြောင်း၊ မိမိတို့တပ်မှာ ဖရိုဖရဲဖြစ်သွားကာ ဆုတ်ခွာလာရပြီး ကီယက်လက်ပစ်ဗိုးကိုင် ရဲမက်တပ်နှင့် ပေါင်းကာ ခုခံလျက်ရှိကြောင်းဖြင့် ပါရှိလေသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် သဘောတူသည့် လက္ခဏာဖြင့် ခေါင်းကို ညိတ်ပြလိုက်၏။ ထို့နောက် လက်ယာဘက် ခပ်ကျကျဆီသို့ ခပ်မှန်မှန်စီးသွားပြီး ခြေလျင်မြင်းစီး ရဲမက်များအား ပြင်သစ်တပ်များကို ဝင်ရောက်တိုက်ခိုက်ရန် တပ်ရေးတစ်ယောက်မှ တစ်ဆင့် အမိန့်ပေးလိုက်ပြန်သည်။ နာရီဝက်အတွင်းတွင် လွှတ်လိုက်သော တပ်ရေးပြန်ရောက်လာကာ ခြေလျင်မြင်းစီး ရဲမက် တပ်မှူးများ လျှို့တစ်ဖက်သို့ ဆုတ်ခွာသွားပြီဖြစ်ကြောင်း၊ ပြင်သစ်အမြောက်မြတပ်မှုများ အပစ်အခတ် ထူထပ်လှသည် ဖြစ်၍ မိမိတို့တပ်များ အထိအရှများလှကြောင်း၊ ထို့ကြောင့် လက်ဖြောင့်တပ်သားများကို တောအုပ်ထဲသို့ လွှတ်ထားကြောင်းဖြင့် သတင်းပို့လေသည်။

"အိမ်း" မင်းသားကြီး ဘာဂရေးရှင်းက ဆို၏။

မင်းသားကြီး ဘာဂရေးရှင်းသည် တောင်ကမူပေါ်ရှိ အမြောက်တပ်စုနားမှ ထွက်ခွာမည် အပြုတွင် လက်ဝဲဘက်ဆီမှ ပစ်ခတ်သံများကို ကြားလိုက်ရပြန်သည်။ လက်ဝဲတောင်ပံမှာ အတော်အလှမ်းဝေးသည် ဖြစ်ရာ မိမိကိုယ်တိုင် မသွားတော့ဘဲ ဇာကော့ဗ်အား တပ်မှူးဗိုလ်ချုပ်ထံစေလွှတ်၍ (ထိုဗိုလ်ချုပ်မှာ ဘရောနောတွင် တပ်စခန်းချစဉ်က စစ်သေနာပတိချုပ်ကြီး ကူတူဇော့ဗ် လာရောက် စစ်ဆေးသည့် တပ်၏ဗိုလ်ချုပ်ဖြစ်သည်။) လက်ယာတောင်ပံမှာ ရန်သူတို့၏ တိုက်စစ်ကို ကြာရှည်ခံနိုင်တော့မည့် လက္ခဏာ မရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတပ်ကို နောက်ဘက်လျှိုကြားသို့ အမြန်ဆုံး ဆုတ်ရန်လိုကြောင်း အမိန့်ပေးလိုက်လေသည်။ မင်းသားကြီး ဘာဂရေးရှင်းမှာ တူရှင်၏ အမြောက်တပ်စုနှင့် အမြောက်တပ်စုကို ကူ၍ပစ်ပေးနေသော တပ်ရင်းနှစ်ရင်းအကြောင်းကို မေ့သွားလေပြီ။ မင်းသားကလေး အင်ဒရေသည် မင်းသားကြီး ဘာဂရေးရှင်း ပြောနေသော စကားများကိုလည်းကောင်း၊ ညွှန်ကြားနေသော အမိန့်များကိုလည်းကောင်း နားစိုက်ထောင်လျက်ရှိသည်။ စင်စစ်ကား မင်းသားကြီး ဘာဂရေးရှင်းသည် မည်သည့် အရာကိုမျှ ဟုတ္တိပတ္တိ အမိန့်ပေးခြင်း မရှိသေးချေ။ ယခုအချိန်ထိ ဖြစ်ပေါ်လာသော အခြေအနေများမှာ မရှောင်မလွှဲသာသောကြောင့်လည်းကောင်း၊ တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ လက်အောက်တပ်မှူး၏ စီမံခန့်ခွဲမှု



www.burmeseclassic.com

www.burmeseclassic.com



များကြောင့်လည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်၏။ သို့ရာတွင် မင်းသားကြီး ဘာဂရေးရှင်း၏ အမူအရာကား ထိုအခြေအနေများသည် မိမိ၏အမိန့်၊ သို့မဟုတ် မိမိ၏ ကြံရွယ်ချက်ကြောင့် ဖြစ်ပေါ်လာခဲ့သည့်နှယ် မှင်သေသေဖြင့် ဦးစီးကွပ်ကဲဟန် ပြုလျက်ရှိခြင်းကို မင်းသားကလေး အင်ဒရေ သတိပြုမိသည်။ မည်သို့ဖြစ်စေ မင်းသားကြီး ဘာဂရေးရှင်းမှာ ပိပိရိရိ ဟန်ဆောင်ကောင်းသူတစ်ဦး ဖြစ်ရကား တိုက်ပွဲအနီးတွင် ၎င်းတို့ရှိနေခြင်းသည်ပင် လက်အောက်တပ်မိုလ်တပ်သားများအဖို့ အားတက်စရာ ဖြစ်လျက်ရှိလေသည်။ ထို့ကြောင့်ပင် မျက်စိမျက်နှာပျက်၍ ရောက်လာကြသည့် တပ်မိုလ်များသည် သူ့အနားရောက်သည်နှင့် တည်ငြိမ်သွားကြသည် မဟုတ်ပါလော။ တပ်မိုလ်များ၊ တပ်သားများသည် သူ့ကို အားရဝမ်းသာ နှုတ်ဆက်ကြကာ သူ အနားရောက်လာသည်နှင့် အားတက်သွားကြသည် မဟုတ်ပါလော။ သူ့ရှေ့တွင် သတ္တိပြလိုက်မည်ဟု အားတင်းမိလိုက်ကြသည်သာ မဟုတ်ပါလော။

## အခန်း ၁၈

ရှရှားရှေ့တန်းစစ်ကြောင်း လက်ယာတောင်ပံ တပ်ဖွဲ့ထားသည့် အမြင့်ဆုံးနေရာသို့ရောက်သည်နှင့် မင်းသားကြီး ဘာဂရေးရှင်းသည် ကျည်တစ်လုံးထိုး သေနတ်များ ဖြော်ဖြော်ပစ်ခတ်လျက်ရှိသည့် တောင်ကမူခြေရင်း မြေပြန့်ဆီသို့ ဆင်းသွားလေသည်။ သို့ရာတွင် ထိုနေရာတစ်ဝိုက်မှာ မီးခိုးလုံးများ မည်းမှောင်နေရကား မည်သည့်နေရာမျှ သဲကွဲစွာ မမြင်ရချေ။ ကောင်းကမူခြေရင်းသို့ ရောက်လာသည်နှင့်အမျှ မီးခိုးလုံးများကလည်း ပို၍ မည်းမှောင်လာကြ၏။ တကယ့်စစ်မြေပြင်နှင့်နီးကပ်လာချေပြီဟူသော အသိကိုလည်း ပို၍ ထိတွေ့ ခံစားလာရ၏။ အောက်သို့ ဆင်းလာသည်နှင့် ကျည်သင့်ထားသော လူနာများကို တွေ့မြင်ရစ ပြုပေပြီ။ တပ်သားနှစ်ယောက်သည် ဦးထုပ်မပါ ခေါင်းတွင် သွေးသံရဲရဲနှင့် လူနာတစ်ယောက်ကို ချိုင်းမှမ၍ တွဲခေါ်လာသည်ကို မြင်ရ၏။ ထိုလူနာသည် လည်ချောင်းထဲမှ တဂွိဂွိမြည်ကာ ပါးစပ်မှသွေးများ အံထွက်လျက်ရှိလေသည်။ ပါးစပ်တွင်သော်လည်းကောင်း၊ လည်ချောင်းတွင်သော်လည်းကောင်း ကျည်သင့်ခြင်း ဖြစ်တန်ရာ၏။ ၎င်း၏နောက်မှ အခြားတစ်ယောက်ကား လက်၌ သေနတ်ပင်မရှိတော့ဘဲ ဒယီးဒယိုင် လျှောက်လာကာ ကျည်သင့်ထားသဖြင့် သွေးများဒလဟော ပန်းထွက်နေသော လက်မောင်းကို လှုပ်ယမ်းရင်း ကျယ်လောင်စွာ ညည်းတွားလျက်ရှိ၏။ ဤအတောအတွင်း၌ပင် နောက်ထပ် ကျည်သင့်ပြန်လေရာ ၎င်း၏ မျက်နှာသည် နာကျင်ခြင်းထက် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြလျက်ရှိ၏။ မင်းသားကြီး ဘာဂရေးရှင်းနှင့် အဖွဲ့သည် လမ်းတစ်လမ်းကို ဖြတ်ကူးခဲ့ပြီးနောက် ခပ်စောက်စောက် အဆင်းတစ်ခုကို ဆင်းလာခဲ့ကြပြန်သည်။ ဤနေရာတွင်လည်း မြေပြင်တွင် လဲကျလျက်ရှိသော တပ်သားများကိုလည်းကောင်း၊ အချို့ ဒဏ်ရာမရဘဲ ရှိနေသေးသည့် တပ်သားအစုအအုပ်များကိုသော်လည်းကောင်း မြင်ရလေသည်။ တပ်သားများသည် အသက်ပြင်းစွာ ရှူရှိုက်လျက် တောင်ကမူပေါ်သို့ တက်နေကြကာ မိမိတို့အနီး၌ ဗိုလ်ချုပ်မင်းသားကြီး ဘာဂရေးရှင်း ရှိသည်ကိုပင် ဂရုမထားနိုင်တော့ဘဲ တစ်ယောက်တစ်ပေါက် ဆူညံစွာ စကားပြောလျက် ရှိကြလေသည်။ ၎င်းတို့ကို လွန်လျှင် မှောင်မည်းနေသော မီးခိုးလုံးများကြား၌ ပြာနှမ်းနှမ်း နှင်းကာဝတ်ရုံအင်္ကျီကြီးများ ဖြင့်ထားကြသူ တစ်စုကို မြင်ရ၏။ မင်းသားကြီး ဘာဂရေးရှင်းကို မြင်လိုက်သည်တွင် တပ်မိုလ်တစ်ယောက်သည် ဆုတ်လာကြသော စစ်သားများဆီသို့ ပြေးကာ အော်ဟစ်မာန်မဲလျက် ရှေ့သို့ ပြန်အတက်ခိုင်းနေသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် တပ်ဦးရှိတပ်သားများထံသို့ မြင်းကိုစီး၍ လာခဲ့၏။ ထိုနေရာ၌ကား ကျည်ဆန်များသည် မိုးစက်မိုးပေါက်များပမာ တဖွဲဖွဲကျလျက်ရှိကာ အော်သံဟစ်သံများသည် ပစ်ခတ်သံများကြားတွင် နစ်မြုပ်ပျောက်ကွယ်သွားကြလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ယမ်းငွေ့တွေ ဖုံးလျက်ရှိပေသည်။ တုန်လှုပ်ချောက်ချားလျက်ရှိသော တပ်သားများ၏ မျက်နှာများမှာလည်း ယမ်းခိုးယမ်းငွေ့များရိုက်ထားသဖြင့် မည်းမှောင်လျက်ရှိကြလေသည်။ အချို့ကား ယမ်းထိုးတံများကို ကိုင်လျက်၊ အချို့ကား ယမ်းမှုန့်များကို နားခွက်၌ထည့်လျက်၊ အချို့ကား ယမ်းအိတ်မှ ယမ်းမှုန့်များကို ထုတ်လျက်၊ အချို့ကား ပစ်ခတ်လျက်ရှိ ကြသည်။ လေတိုက်လျက်ရှိသည့်အလျောက် မီးခိုးလုံးများမှာ မည်းမှောင်လျက်ရှိပေရာ ပစ်၍သော



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရသော်လည်း ရန်သူကို မြင်ရသည် မဟုတ်ဘဲ မှန်း၍ ပစ်နေကြရခြင်း ဖြစ်ပေသည်။ ကျန်ဆန်များကလည်း ခေါင်းပေါ်တွင် တရှိုန်ရှိုန်မြည်၍ ဖြတ်သန်းလျက် ရှိကြလေသည်။ 'ဤတပ်သားတို့ စစ်တိုက်ပုံကား ထူးဆန်းလှသည်တကား။ ၎င်းတို့ ရှေ့သို့ တက်ခြင်းကိုလည်း မမြင်ရ။ ထို့ကြောင့် တိုက်စစ်ပြုခြင်း မဟုတ်တန်ရာ၊ ၎င်းတို့သည် တစ်ညီတည်းစု၍ နေခြင်းလည်းမရှိ။ ထို့ကြောင့် နဒီစရဖျူဟာခေါ် ရင်ပေါင်တန်းငှက်ကဲ့သို့ စစ်ခံခြင်းလည်း မဟုတ်တန်ရာ'ဟု မင်းသားကလေး အင်ဒရေ တွေးမိသည်။

တပ်ရင်းမှူးသည် မင်းသားကြီး ဘာဂရေးရှင်းထံ မြင်းစီး၍ရောက်လာကာ တည်ငြိမ်၍ ဂုဏ်သရေရှိ ဧည့်သည် ကို ကြိုဆိုသည့်ဟန်မျိုးဖြင့် ကြိုဆိုနှုတ်ဆက်ခြင်း ပြုလေသည်။

ထိုတပ်ရင်းမှူးမှာ ပိန်ပိန်ပါးပါး ချိုပြုံးသော မျက်နှာရှိလျက် မျက်ခွံတွဲတွဲနှင့် အသက်အတန်ငယ် ကြီးပြီဖြစ်၏။ တပ်ရင်းမှူးက မိမိတပ်ကို ပြင်သစ်မြင်းတပ်များက ဝင်ရောက် တိုက်ခိုက်ကြကြောင်း၊ ပြင်သစ်မြင်းတပ်တို့ကို တွန်းလှန်မောင်းထုတ်လိုက်နိုင်သော်လည်း မိမိ၏တပ်သား တစ်ဝက်ကျော်မှာ ကျဆုံးခဲ့ကြောင်းဖြင့် အစီရင်ခံလျက် ရှိလေသည်။ ရန်သူ မြင်းတပ်၏ တိုက်စစ်ကို တွန်းလှန်လိုက်သည်ဟူသော အသုံးအနှုန်းဖြင့် မိမိတပ်၏ အခြေအနေကို ဖုံးဖုံးဖိဖိကလေးပြော၍သာ ပြောရသော်လည်း အမှန်အားဖြင့်ကား လွန်ခဲ့သည့် နာရီဝက်အတွင်းတွင် မိမိ၏တပ်များကပင် ရန်သူကို တွန်းလှန်လိုက်သလော၊ သို့တည်းမဟုတ် မိမိတပ်ပင်လျှင် ပျက်သွားပြီလောဆိုသည့် အချက်ကိုမူကား ၎င်းကိုယ်တိုင်လည်း ကောင်းစွာသိသည်မဟုတ်ချေ။ ၎င်းသိသောအချက်မှာ တိုက်ပွဲစ၍ မကြာမီ ကျည်များ၊ အမြောက်ဆန်များ မိုးသီးမိုးပေါက်ပမာ ကျရောက်လာခြင်း၊ မိမိ၏တပ်သားများ အထိနာကြခြင်း၊ "မြင်းတပ်ဟေ့"ဟု အော်သံကြားရပြီးနောက် သဲသဲမဲမဲ ပြန်လှန်ပစ်ခတ်နေကြခြင်းမျှသာ ဖြစ်လေသည်။ ၎င်း၏ တပ်များသည် ယခုတိုင်လည်း ပစ်ခတ်လျက်ပင် ရှိနေကြသေး၏။ သို့ရာတွင် ၎င်းတို့ ပစ်နေသည့်တပ်မှာ ပြင်သစ်မြင်းတပ် မဟုတ်တော့ဘဲ ချေပြန့်လွင်ပြင်သို့ လိမ့်ဆင်းလာကာ မိမိတို့အား သဲသဲမဲမဲ ပစ်နေသော ပြင်သစ်ခြေလျင် တပ်သားဖြစ်လေသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် မိမိထင်သည့်အတိုင်း ဖြစ်လေပြီဟူသော သဘောဖြင့် ခေါင်းကို ညိတ်ပြလိုက်ပြန်၏။ ထို့နောက် တပ်ရေးဗိုလ်ဘက်သို့လှည့်ကာ စောစောက မိမိတို့တွေ့ခဲ့သည့် အမှတ်ခြောက်ခြေလျင်တပ်မှ တပ်ရင်းနှစ်ရင်းကို ခေါ်ယူရန် အမိန့်ပေးလိုက်သည်။ မင်းသားကလေး အင်ဒရေသည် မင်းသားကြီး ဘာဂရေးရှင်း၏ မျက်နှာထား ရုတ်ခြည်း ပြောင်းသွားပုံကိုကြည့်ကာ အံ့ဩသွားမိလေသည်။ မင်းသားကြီး ဘာဂရေးရှင်း၏ မျက်နှာအမူအရာမှာ အလွန်ပူအိုက်သောတစ်နေ့၌ ရေထဲသို့ခုန်ဆင်း၍ အားပါးတရ ရေချိုးရတော့မည့် လူတစ်ယောက်၏မျက်နှာကဲ့သို့ လောကကြီးကို မေ့ကာ စိတ်နှလုံး ဒုန်းဒုန်းချ၍ ပျော်ရွှင်ကြည်နူးနေသော အမူအရာမျိုး ဖြစ်လေသည်။ စောစောကကဲ့သို့ ထိုင်းမှိုင်းလေးလံသောအမူအရာများ မရှိတော့ချေ။ လေးနက်စွာ တွေးတောနေဟန်လည်း မရှိတော့ချေ။ လင်းယုန်ငှက်သည် ဝိုင်းစက်တည်ငြိမ်သည့် မျက်လုံးများဖြင့် စိတ်အားထက်သန်စွာ၊ တစ်နည်းအားဖြင့် စက်ဆုပ်စွာဖြင့် ရှေ့တူရူ ဟိုမှာ သည်မှာကို လှမ်းမျှော်ကြည့်နေသကဲ့သို့ ရှိလေသည်။ ခန္ဓာကိုယ်လှုပ်ရှားမှုကား လေးလံနှေးကွေးဆဲပင်။

တပ်ရင်းမှူးသည် ဤနေရာတစ်ဝိုက်၌ နေရသည်မှာ အန္တရာယ်များလှသဖြင့် ပြန်ပါမည့်အကြောင်း မင်းသားကြီး ဘာဂရေးရှင်းအား တောင်းပန်လျက် ရှိလေသည်။

"တဆိတ်ပြန်ကြွပါ ကိုယ်တော်ကြီး" တပ်ရင်းမှူးက အကူအညီတောင်းသည့်အနေဖြင့် ကိုယ်ရံတော် ဗိုလ်ကလေးဘက်သို့ စောင်းကြည့်လိုက်သည်။ ကိုယ်ရံတော်ဗိုလ်ကလေးက မျက်နှာလွှဲထားလိုက်၏။

"ဟော ဟော၊ တွေ့လား ကိုယ်တော်ကြီး" တပ်ရင်းမှူးသည် မိမိအနီးတွင် တရှိုန်ရှိုန်မြည်လျက်၊ တစီစီအော်လျက်၊ တဒီဒီအသံပြုလျက် ဖြတ်သန်းသွားသော ကျည်ဆန်များကို ရည်ညွှန်း၍ ပြောလိုက်၏။ လက်သမားတစ်ယောက်သည် ပုဆိန်တစ်လက်ကို ကိုင်ထားသော မှူးကြီးမတ်ကြီး တစ်ဦးအား ကျွန်တော်မျိုးကြီးကတော့ လုပ်နေကျ ကိုင်နေကျပါဘုရား။ အရှင်ဘုရားရဲ့ လက်တွေ ပေါက်ပြဲကုန်ပါလိမ့်မယ် ဘုရား၊ မလုပ်ပါနဲ့"ဟု ကရုဏာဒေါသဖြင့် ဆိုသကဲ့သို့ တပ်ရင်းမှူးသည်လည်း တောင်းပန် တိုးလျှိုးရင်းက အပြစ်ဆိုသံဖြင့် မင်းသားကြီး ဘာဂရေး



www.burmeseclassic.com

www.burmeseclassic.com



ရှင်းအား ဤနေရာမှ အမြန်ဆုံး ပြန်သွားရန်ပြောလျက် ရှိလေသည်။ တပ်ရင်းမှူးသည် ၎င်း၏ကိုယ်တိုင်မှာကား ကျန်ဆန်ပြီးလျက်ရှိသူကဲ့သို့ အရေးထားပုံ မရချေ။ ၎င်း၏ မှေးနေသော မျက်လုံးများကလည်း ၎င်း၏စကားများကိုလေးနက်အောင် ထောက်ခံနေသကဲ့သို့ရှိ၏။ စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးကိုယ်တိုင် တပ်ရင်းမှူးဘက်က ဝင်ကာ ပြန်သွားရန် မင်းသားကြီး ဘာဂရေးရှင်းအား ပြောဆိုလျက် ရှိသော်လည်း မင်းသားကြီး ဘာဂရေးရှင်းကား မည်သို့မျှ ပြန်မပြောချေ။ နောက်ထပ်စစ်ကူရောက်လာမည့် တပ်ရင်းနှစ်ရင်း နေရာယူနိုင်ရေးအတွက် ပစ်ခတ်ခြင်းကို ခေတ္တဆိုင်းငံ့ကာ တပ်အနေအထား ပြန်ပြင်ရန် အမိန့်ပေးနေချေသေး၏။ ဤသို့ ပြောဆိုနေစဉ်၌ လေတေ့လိုက်သဖြင့် မြေပြန့်ကလေးတစ်ဝိုက်တွင် ဖုံးအုပ်နေသည့် မီးခိုးလုံးများသည် မမြင်နိုင်သည့် လက်တစ်ဖက်ဖြင့် ဆွဲယူသွားခြင်း ခံရသည့်နှယ် လက်ယာဘက်မှ လက်ဝဲဘက်ဆီသို့ လွင့်သွားကြလေရာ ပြင်သစ်တပ်များ လှုပ်ရှားနေကြသည့် မျက်နှာချင်းဆိုင် တောင်ကုန်းကလေးကို ထင်ရှားစွာ မြင်ရစ ပြုလာလေသည်။ မျက်လုံးများအားလုံးသည် ချိုင့်ဝှမ်းထူထပ်လှသော မြေပြင်တွင် ကွေ့ပတ်ကာ မိမိတို့ဆီသို့ ချီတက်လာကြသည့် ပြင်သစ်စစ်ကြောင်းဆီသို့ စူးစိုက်လျက်ရှိကြ၏။ ပြင်သစ် တပ်သားများ၏ အမွေးဖွားဖွား ဦးထုပ်များကိုလည်းကောင်း၊ ဗိုလ်နှင့်တပ်သားခွဲခြား၍လည်းကောင်း၊ တိုင်တွင် တဖျပ်ဖျပ်လူးလွင့်နေသော စစ်တံခွန်ကိုလည်းကောင်း မြင်ရလေပြီ။

"စစ်ချီ စစ်တက်တာကတော့ သေသပ်ပါပေတယ်" မင်းသားကြီး ဘာဂရေးရှင်း၏ ကိုယ်ရံတော်တပ်ဖွဲ့ထဲမှ တစ်ယောက်က ပြောလိုက်၏။ ပြင်သစ်စစ်ကြောင်းတပ်ဦးသည် လျှိုထဲသို့ ဆင်းစပြုလေပြီ။ လျှိုနှုတ်ခမ်းပေါ်သို့ တက်လိုက်သည်နှင့် တိုက်ပွဲဖြစ်ပွားတော့မည်သာ ဖြစ်ပေသည်။

အနိုင်အမာခံလျက်ရှိသော ရုရှားတပ်ရင်းမှ တပ်ကြွင်းများသည် လျင်မြန်စွာ နေရာယူကာ လက်ယာဘက်သို့တက်သွားကြ၏။ ထိုတပ်များနောက်မှ အမှတ်ခြောက် ခြေလျင်တပ်ရင်း နှစ်တပ်သည် နောက်ကျ ကျန်နေရစ်သော ရှေ့တပ်မှ တပ်သားများကို ဖယ်ရှားစေကာ စနစ်တကျ တက်သွားကြ၏။ မင်းသားကြီးဘာဂရေးရှင်းအနီးသို့ မရောက်မီကပင် တပ်သားများ၏ ခပ်မှန်မှန်ကျလာသော ခြေသံများကို ကြားနေရပေသည်။ မင်းသားကြီး ဘာဂရေးရှင်းနှင့် အနီးဆုံးဘက်၊ ၎င်းတို့၏ လက်ယာဘက်ခပ်ကျကျဆီ၌မှ တပ်ခွဲမှူး လိုက်ပါလာ၏။ ထိုတပ်ခွဲမှူး၏ မျက်နှာမှာ ခပ်ဝိုင်းဝိုင်းဖြစ်လျက် မည်သူ့ကိုမျှ မထီဟူသော မျက်နှာထားကိုဆောင်ထား၏။ ထိုတပ်ခွဲမှူးကား စောစောက သစ်ခက်တဲထဲမှ ဆောင်းဘီမနိုင် အင်္ကျီမနိုင် ထွက်ပြေးသွားသော တပ်ခွဲမှူးပေတည်း။ ယခုအချိန်၌ကား ထိုတပ်ခွဲမှူးသည် မင်းသားကြီး ဘာဂရေးရှင်း၏ ရှေ့၌ သူရသတ္တိ ပြောင်မြောက်သော ရဲမက်တစ်ယောက်ဟန် ပေါက်အောင် မည်သို့ ပုံထုတ်ရမည်ဟူသာ စဉ်းစားလျက် ရှိလေသည်။

ထိုတပ်ခွဲမှူးသည် စစ်ရေးပြရခြင်းကို ကျေနပ်လျက်ရှိသည့် လူတစ်ယောက်၏ ဟန်မျိုးဖြင့် ၎င်း၏ သန်မာတောင့်တင်းသော ခြေထောက်များကို ရှက်တိုက်လာသကဲ့သို့ ထင်ရလောက်အောင် ပေါ့ပါးသွက်လက်စွာ လှမ်းလာခဲ့ပြီး နည်းနည်းကလေးမျှ အားထုတ်ခြင်းမပြုဘဲ ကိုယ်ကို မတ်မတ်ထားကာ လျှောက်လာလေရာ ဤသို့ လျှောက်လာခြင်း၌ ထိုသူ သက်သောင့်သက်သာ ဖြစ်နေပုံမှာ ခြေလှမ်းကို တဝုန်းဝုန်းကျအောင် အားစိုက် လှမ်းလာရင်း ၎င်းကို အမီလိုက်၍ ချီတက်လာရသည့် တပ်သားများနှင့် ကွာချင် တိုင်းကွာနေတော့သည်။ တပ်ခွဲမှူးသည် ခါးတွင် ဓားလွယ်တစ်ချောင်းကို အလွတ်ချပ်လျက်ရှိပြီး (ခပ်သေးသေး ခပ်ကောက်ကောက်ဖြစ်၍ တကယ့် ဓားလွယ်ဟုတ်ဟန် မတူချေ။) ခြေလှမ်းမပျက် စေရဘဲ အထက်အရာရှိများကို ကြည့်လိုက် ယှဉ်၍ လျှောက်နေသော မိမိတပ်သားများကို ကြည့်လိုက်ဖြင့် မိမိ၏ တောင့်တင်းသောခန္ဓာကိုယ်ကြီးကို ပျော့ပျောင်းစွာ ထား၍ လျှောက်လာလေသည်။ ထိုအချိန်၌ ဝိညာဉ်၏ တန်ခိုးသတ္တိဟူသမျှသည် မင်းသားကြီး ဘာဂရေးရှင်းရှေ့၌ အချိုးအစား အကျဆုံးဖြစ်စေရန် စုပြု၍ အားစိုက်နေ သကဲ့သို့ပင် ထင်ရပေ၏။ ထိုနောက်၌ကား မိမိ၏အနေအထားသည် များစွာ အချိုးအစားကျလှပြီဟု ယူဆသည့်ပမာ ကြည်နူးနေဟန် ရှိလေသည်။ တပ်ခွဲမှူးသည် ဘယ်ခြေလှမ်းကျ၍ သွားတိုင်း 'ဘယ်၊ ဘယ်၊ ဘယ်'ဟု စိတ်ထဲက လိုက်၍လည်း ရွတ်လျက်ရှိ၏။ တပ်သားများ၏ မျက်နှာများသည် ပုံ



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကွဲပြားလျက် ရှိသော်လည်း တင်းမာ ခက်တရော် လျက် ရှိကြ၏။ ဤသို့ဖြင့် ၎င်းတို့သည် ကျောပိုးအိတ်များ၊ တစ်လုံးထိုး သေနတ်များကို သယ်ပိုးကိုင်ဆောင်လျက် ချီတက်သွားကြလေရာ စစ်သားနံရုံကြီးတစ်ခု ဒေါင်လိုက် ရွေ့သကဲ့သို့ပင် ထင်မှတ်ရပေ၏။ တပ်သားတိုင်းလည်း တစ်လှမ်း ကျော်တိုင်း တစ်လှမ်းကျော် တိုင်း၌ 'ဘယ်၊ ဘယ် ဘယ်' ဟု စိတ်ထဲက ရွတ်သွားကြဟန် ရှိလေသည်။ ခပ်ဖိုင့်ဖိုင့် ဗိုလ်မှူးတစ်ယောက်သည် ချုံနှင့် ငြိသွားသဖြင့် ခြေလှမ်းမှားသွားသည်ကို မြင်လိုက်ရ၏။ နောက်ကျ ကျန်နေရစ်ခဲ့သော တပ်သားတစ်ယောက်မှာကား မိမိ အပြစ်အတွက် ထိတ်လန့်ကြောက်ရွံ့လျက်ရှိသော မျက်နှာ ဖြင့် ဟောဟဲလိုက်အောင် မောနေရင်းက မိမိ တပ်ခွဲကို မှီအောင် အပြေးကလေး လိုက်လာလေသည်။ ထိုအခိုက် ရန်သူ့ အမြောက်ကျည်တစ်လုံးသည် လေကို ခွင်း၍ မင်းသားကြီး ဘာဂရေးရှင်းနှင့် ကိုယ်ရံတော်တပ်ဖွဲ့ ခေါင်းပေါ်မှ ကျော်ဖြတ်ကာ "ဘယ်၊ဘယ်"ဟု အော်၍ ချီတက်သွားသော စစ်ကြောင်းထဲသို့ ကျ၍ သွားလေသည်။ "အမြန်လျှောက်"ဟူသော တပ်ခွဲမှူး၏ အော်သံကြီး ထွက် ပေါ်လာသည်။ တပ်သားများသည် ကျည်လုံးကျသွားသည့် နေရာကို ကွင်းကာ ဖြတ်ကျော်သွားကြလေသည်။ စောစော က ကျဆုံးသူများအနီးတွင် ရပ်နေခဲ့သည့် တပ်သားဟောင်း ကြီးတစ်ဦးဖြစ်သူ အရာခံဗိုလ်ကလေးတစ်ဦးသည် သူ့တပ် ကို အမှီပြေးလိုက်သွားကာ ခြေလှမ်းမှန်မှန် လှမ်းနေသည့် လူတန်းထဲသို့ ခြေလှမ်းအချက်ကျကျမိအောင် ခုန်ဝင်၍ လျှောက်သွားပြီးနောက်သို့ ဒေါသတကြီးဖြင့် လှည့်ကြည့် လိုက်သည်။ "ဘယ်၊ ဘယ်၊ ဘယ်"ဟူသော အသံများကား ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့လေသည်။

"အိမ်း၊ ငါ့တပ်သားများ တော်ပေတယ်" မင်းသား ကြီး ဘာဂရေးရှင်းက ဆို၏။

"ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ဗိုလ်ချုပ်"ဟု တပ်သားများကအော်သွားကြသည်။ ဝဲဘက်မှ ချီလာသည့်တပ်သားတစ်ယောက်ကား ဤသို့ အော်ရင်း မင်းသားကြီး ဘာဂရေးရှင်းဘက်သို့ လှည့်ကာ 'ခင်ဗျား ပြောမှလားဗျ'ဟူသော အချိုးမျိုးဖြင့် ကြည့်သွားလိုက် သေးသည်။ အခြားတစ်ယောက်ကား မည်သည်ကိုမျှ မကြည့်ဘဲ တင်းထားသည့် မျက်နှာမှ အကြောများကို ပြေလို၍လော မသိ၊ ပါးစပ်ကို ပြဲနိုင်သမျှ ပြဲ၍ အော်သွား လေသည်။

ခဏကြာလျှင် ရပ်၍ ကျောပိုးအိတ်များကို ချရန် အမိန့်သံ ထွက်ပေါ်လာလေသည်။ မင်းသားကြီး ဘာဂရေး ရှင်းသည် မိမိအားကျော်ဖြတ်ချီတက်သွားကြသော တပ် များကို တစ်ပတ်လှည့်၍ ကြည့်ပြီး မြင်းပေါ်မှ ဆင်း လိုက်သည်။ ထိုနောက် မြင်းဇက်ကို ကော့ဆက်တပ်သား တစ်ယောက်အား လှမ်းပေးလိုက်ပြီး မိမိ၏ သားရေခံအင်္ကျီ ကိုလည်း ချွတ်၍ပေးကာ ခြေကိုဆန့်၍ ဦးထုပ်ကို ပြင်ဆောင်းလိုက်၏။ ရှေ့ဆုံးမှ ဗိုလ်များခေါင်းဆောင်က ချီတက်လာသော ပြင်သစ်စစ်ကြောင်းတပ်ဦးသည် တောင် ကမူခြေရင်းမှ ဘွားခနဲ ပေါ်လာလေသည်။

"တက်"

မင်းသားကြီး ဘာဂရေးရှင်က အောင်မြင်ပြတ်သား သော အသံဖြင့် အော်လိုက်ပြီး ရှေ့တန်းစစ်ကြောင်းကို ခေတ္တမျှ လှည့်ကြည့်လိုက်ကာ လက်များကို လွှဲလျက် ခလုတ်ကန်သင်းထူထပ်လှသော မြေပြင်ပေါ်တွင်လျှောက် ၍ ရှေ့သို့ တက်သွားလေသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းမှာ မြင်းစီးဗိုလ်ချုပ် ဖြစ်သည့်အလျောက် မြေပြင်တွင် ဆင်း၍ လျှောက်သောအခါ၌ ပြင်းတပ်သား၏ ထုံးစံအတိုင်း ပုံပန်းမကျ ကြည့်၍မလှဘဲ ဖြစ်လျက်ရှိ၏။ မြင်နိုင်စွမ်းမရှိသော တန်ခိုးရှင်တစ်ဦးသည် မင်းသားကြီး ဘာဂရေးရှင်းအား ရှေ့မှ ခေါင်းဆောင်သွားလေသလောဟု မင်းသားကလေးအင်ဒရေ ထင်လိုက်မိရင်း ရင်ထဲတွင် ကြည်နူးခြင်းမက ကြည်နူးသွားမိလေသည်။

ပြင်သစ်တပ်များမှာ တစ်ခတစ်ခ နီးကပ်၍ လာပေ ပြီ။ မင်းသားကြီး ဘာဂရေးရှင်းနှင့်ယှဉ်၍ တက်သွားသော မင်းသားကလေးအင်ဒရေသည် ပြင်သစ်တပ်များ၏ ဦးထုပ် ပန်းပွားများ၊ ပခုံးရစ်ပန်းပွားများကိုသာမက မျက်နှာများ ကိုပါ သဲကွဲစွာ မြင်နေရလေပြီ။ (ခြေပတ်စွပ် ထားသည့် အသက်ခပ်ကြီးကြီး ပြင်သစ်ဗိုလ်တစ်ယောက်သည် တောင် ကုန်းသို့ ခဲခဲယဉ်းယဉ်း တက်နေသည်ကိုပင် မင်းသား ကလေး အင်ဒရေမြင်ရ၏။) မင်းသားကြီး ဘာဂရေးရှင်း သည် နောက်ထပ် အမိန့်တစ်စုံတစ်ရာ မပေးတော့ဘဲ တပ်သားများရှေ့မှ တိတ်ဆိတ်စွာ ချီတက်သွား လေသည်။ ထိုအခိုက် ပြင်သစ်တို့ဘက်မှ တစ်ချက်ပြီး တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တရစပ်ပစ်လိုက်သော အသံများကို ကြားလိုက်ရပြီး နေရာ အနှံ့အပြားမှ မီးခိုးလုံးများထွက်လာသည်နှင့် တစ်ပြိုင်နက် တစ်လုံးထိုး သေနတ်သံများကိုပါ ကြားရလေသည်။ ရုရှားတပ်သားများသည် အတုံးအရုံး လဲကျ ကုန်လေသည်။ ထိုအထဲ၌ စောစောက ဟန်ပါပါဖြင့် လျှောက်၍ ဟန်ရေးပြသွားသော မျက်နှာဝိုင်းဝိုင်းနှင့် ဗိုလ်မှူးလည်း ပါလေသည်။ ပထမပစ်ခတ်သံကို ကြားလိုက် ရသည်နှင့် တစ်ပြိုင်နက် မင်းသားကြီး ဘာဂရေးရှင်းသည် သူ့နောက်က တပ်သားများကို လှည့်ကြည့်လိုက်ပြီး စစ်ချီသံ ပေးလိုက်လေသည်။

"ယား၊ ယား၊ ယား"ဟူသော စစ်ကြွေးသံများသည် ရုရှားတပ်များဆီမှ ထွက်ပေါ်လာလေ၏။ အချို့ကား မင်းသားကြီး ဘာဂရေးရှင်းနှင့်ယှဉ်လျက်၊ အချို့ကား ကျော်ဖြတ်လျက် တက်သွားကြပြီးနောက် အော်ဟစ်မြူးထူးကာ စုပြုံလျက် ဆင်းပြေးကြပြီး ပရိုဖရဲ ဖြစ်နေသော ရန်သူကို အငိုက်တွင် ဝင်၍ တိုက်ကြလေ၏။

## အခန်း ၁၉

အမှတ်ခြောက် ခြေလျင်တပ်က ရန်သူကို ဝင်ရောက်တိုက်ခိုက်ပေးလိုက်သည့်အတွက် ရှေ့တန်းစစ်ကြောင်း လက်ယာတောင်ပံမှ ရုရှားတပ်များမှာ စနစ်တကျ ဆုတ်ခွာလာနိုင်ခဲ့ကြလေသည်။ ရှေ့တန်းစစ်ကြောင်း အလယ်ဗဟိုတွင် ထိးတည်းကြီးကျန်ရစ်ခဲ့ကာ ရှုန်ဂရာဘန်ကို မီးကျည်ဖြင့် လုပ်းထုနေသော တူရှင်၏ အမြောက်တပ်စုကလည်း ပြင်သစ်တပ်များ၏ ချီတက်မှုကို နှောင့်နှေးစေခဲ့လေသည်။ ရှုန်ဂရာဘန်ရွာကြီးကား တူရှင်၏ အမြောက်တပ်များလက်ချက်ဖြင့် မီးလောင်လျက်ရှိလေရာ ယင်းအခိုက် လေပင့်လာပြန်သည်၌ ပြင်သစ်တပ်များမှာ မီးကို ငြိမ်းသတ်နေကြရပြန်သည့်အတွက် ရုရှားတပ်များ အဖို့ ဆုတ်ခွာချိန်ရသွားကြလေသည်။ ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မရှိတပ်များမှာ နောက်ဖျားရှိ လျှိုတစ်ဖက်ကမ်း မြေပြင်သို့ ဆုတ်လာကြသည်တွင် အုန်းအုန်းကျွက်ကျွက် ညံလျက်ရှိလေသည်။ သို့သော်လည်း သူ့တပ်ခွဲနှင့်သူကား စနစ်တကျ ရှိပေသည်။ အာဇော့ဗ်ခြေလျင်တပ်၊ ပိုဒေါ့ ခြေလျင်တပ်နှင့် ပါဗလိုဂရက် မြင်းတပ်များ ပါဝင်သည့် လက်ဝဲတောင်ပံကိုမူ ပြင်သစ်ဗိုလ်လင်း ကွပ်ကဲသော အင်အားကြီးမားလှသည့် ရန်သူတပ်မများက အတင်းဖိတိုက်ကာ ဝိုင်းပိတ်ရန် ခြိမ်းခြောက်လျက်ရှိလေရာ မင်းသားကြီး ဘာဂရေးရှင်းသည် ဇာကော့ဗ်ကို လွှတ်လျက် လက်ဝဲတောင်ပံ တပ်မှူးအား ချက်ချင်းဆုတ်ရန် အမိန့်ပေးလိုက်လေသည်။

ဇာကော့ဗ်သည် လက်မြှောက်၍ အရိုအသေပြုလျက် ချာခနဲလှည့်ကာ မြင်းကို ခုန်းစိုင်း၍ လာခဲ့လေသည်။ သို့ရာတွင် မင်းသားကြီး ဘာဂရေးရှင်းအနီးမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် သူ့ရသတ္တိများသည် ပျောက်ကွယ်လွင့်စဉ်သွားကြလေပြီ။ ဇာကော့ဗ်သည် တွေး၍ လန့်လာကာ အန္တရာယ်များလှသော နေရာသို့ သွားရမည်ကို ဆုတ်ဆိုင်းဆိုင်း ဖြစ်လာလေသည်။

ထို့ကြောင့် စစ်ကြောင်း လက်ဝဲတောင်ပံသို့ ရောက်သည်တွင် ဇာကော့ဗ်သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်လျက်ရှိသည့် ရှေ့တန်းသို့မသွားဘဲ နောက်နားခပ်ကျကျမှနေကာ လက်ဝဲတောင်ပံတပ်မှူး ဗိုလ်ချုပ်နှင့် ၎င်း၏စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင်တို့ကို ထိုနေရာတွင် ရှိမည် မဟုတ်မှန်းသိလျက်နှင့် ရှာနေသည်။ ထို့ကြောင့် မင်းသားကြီး ဘာဂရေးရှင်း၏အမိန့်ကို မပေးခဲ့ရတော့ချေ။

စစ်ကြောင်း၏ လက်ဝဲတောင်ပံကို ကွပ်ကဲအမိန့်ပေးသူကား ဘာရောနောတွင် ကူတူဇော့ဗ် စစ်ဆေးခဲ့ပြီး ဒိုလိုကော့ဗ်တပ်သားအဖြစ် အမှုထမ်းလျက်ရှိသည့် တပ်ရင်း၏ဝါအကြီးဆုံးသော တပ်မှူးဖြစ်၏။ သို့ရာတွင် ဤတိုက်ပွဲ၌ သူကိုယ်တိုင် ကွပ်ကဲခြင်းမပြုဘဲ နီကိုလေ အမှုထမ်းလျက်ရှိသည့် ပါဗလိုဂရက်တပ်ရင်းမှူးကို လွှဲထားလေရာ တစ်ဦးကိုတစ်ဦး အထင်လွဲမှုများ ပေါ်ပေါက်လာလေတော့သည်။ လက်ယာတောင်ပံ ကျိုး၍ သွားပြီးနောက် ပြင်သစ်တပ်များ တက်လာနေသည့်အချိန်တွင် လက်ဝဲတောင်ပံရှိ တပ်ရင်းမှူးနှစ်ဦးသည် တစ်ဦးကိုတစ်ဦး အပြစ်ဖို့ကာ စကားများလျက် ရှိကြလေသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး၏တပ်များဖြစ်သော မြင်းတပ်ရင်းနှင့် ခြေလျင် တပ်ရင်း နှစ်တပ်သည်လည်း တိုက်ပွဲအတွက် အဆင်သင့် မဖြစ်ကြသေးချေ။ ထိုတပ်ရင်းနှစ်ခုစလုံးတွင် တပ်သားမှအစ ဗိုလ်ချုပ်အဆုံးရှိသော တပ်သားများသည် တိုက်ပွဲ မဖြစ်သေးဟု ယူဆကာ အေးအေးလူလူစကားပြောလျက် ရှိကြ၏။ မြင်းတပ်သည် မြင်းများကိုဖြုတ်၍ အစာကျွေးကာ



www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်တပ်မှာလည်း ထင်းခုတ်လျက် ရှိလေသည်။

"သူက ငါ့ထက် ရာထူးကြီးတာပဲကွ။ ဒါကြောင့် သူ့ဘာသာ သူလုပ်ချင်ရာ လုပ်ပေစေ။ ငါကတော့ ငါ့မြင်းတပ်သားတွေ အဆုံးမခံနိုင်ဘူး။ ဟေ့ ခရာသမား၊ စစ်ဆုတ်ခရာမှုတ်စမ်း" ဂျာမန်လူမျိုး မြင်းတပ်ဗိုလ်မှူးကြီးသည် မိမိထံသို့ရောက်လာသော တပ်ရေးဗိုလ်မင်းတစ်ယောက်အား မျက်နှာနီရဲလျက် ရှိရင်းက ပြောလိုက်သည်။

သို့ရာတွင် အချိန်သည် တဖြည်းဖြည်း နီးလာခဲ့လေပြီ။ အမြောက်မြတပုပစ်ခတ်သံများနှင့် သေနတ်ပစ်ဖောက်သံများသည် ရောထွေးသွားကာ လက်ယာဘက်တောင်ပံနှင့် ဗဟိုချက်မတွင် တော်လဲသကဲ့သို့ အုန်းအုန်းကျွက်ကျွက် မြည်လျက်ရှိလေသည်။ ထိုအတွင်း၌ကား လက်ဝဲတောင်ပံ၌ ပြင်သစ်ဗိုလ်လင်း၏ လက်ဖြောင့်တပ်သားများသည် ရေရဟတ်စက်တာတမံကို ကျော်ကာ သေနတ်နှစ်ပြန်ပစ် အကွာအထိ ချဉ်းနင်းဝင်ရောက်လာခဲ့ကြပြီးနောက် နေရာယူလျက် ရှေ့သို့ တက်လာကြပြီ ဖြစ်လေသည်။ ခြေလျင်တပ်ကို ကွပ်ကဲလျက်ရှိသည့် ဗိုလ်ချုပ်သည် ခြေလှမ်းခပ်ကျဲကျဲဖြင့် မိမိမြင်းဆီသို့ လျှောက်သွားကာ လွှားခနဲ တက်လိုက်လျက် ကိုယ်ကို မတ်မတ်ဖြစ်စေပြီးနောက် ပါဗလိုဂရက် မြင်းတပ်မှူးထံသို့ စီးလာခဲ့သည်။ တပ်မှူးနှစ်ဦးသည် ယဉ်ကျေးသမှုအားဖြင့် ဦးညွတ်၍ နှုတ်ဆက်လိုက်ကြသော်လည်း ရင်ထဲမှာကား တစ်ဦးကိုတစ်ဦး ရန်ငြိုးဖွဲ့လျက် ရှိကြပေ၏။

"ကဲ၊ ဗိုလ်မှူးကြီး။ ကျုပ် နောက်တစ်ခါ ထပ်ပြီး အမိန့်ပေးမယ်" ဗိုလ်ချုပ်ကြီးက ပြောလိုက်၏။ "ကျုပ်ခြေလျင်တပ်သားတစ်ဝက်လောက်ကို တောထဲမှာ ဒီအတိုင်း ထားမပစ်ခဲ့နိုင်ဘူး ဗိုလ်မှူးကြီး။ ဒီတော့ ကျုပ်တပ်တွေ ဆုတ်သာအောင် ခင်ဗျားမြင်းတပ်က နေရာယူပြီးတိုက်ဖို့ အဆင်သင့်ပြင်ပါ"

"ဗိုလ်ချုပ်နဲ့ မဆိုင်တဲ့ကိစ္စကို ဝင်မစွက်ပါနဲ့ ဗိုလ်ချုပ်။ ဗိုလ်ချုပ်သာ မြင်းတပ်ထဲမှာဆိုရင်" စိတ်တိုနေသော ဂျာမန်လူမျိုး မြင်းတပ်ဗိုလ်မှူးကြီးက ပြန်ပြော၏။

"ကျုပ်က ခင်ဗျားမြင်းတပ်သား မဟုတ်ဘူး ဗိုလ်မှူး။ ကျုပ်ဟာ ရုရှားဗိုလ်ချုပ်ကြီး တစ်ယောက်။ ခင်ဗျား မသိသေးဘူးဆိုရင်"

"ကျွန်တော် သိတယ် ဗိုလ်ချုပ်" ဂျာမန် မြင်းတပ်ဗိုလ်မှူးကြီး မျက်နှာနီရဲသွားလျက်မြင်းကို တို့လိုက်ရင်း ပြန်အော်လိုက်သည်။ "အရေးမလှဘူးဆိုတာ ဗိုလ်ချုပ်ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာကို လိုက်ကြည့်ပါ။ ဗိုလ်ချုပ်က စိတ်ဆာနေတိုင်း ကျွန်တော့်လူတွေ အသေခံရမှာလား။ ကျွန်တော့်လူတွေ အသေမခံနိုင်ဘူး"

"ဖို့လူ၊ ခင်ဗျားဘာပြောတာလဲ။ ကျုပ် စိတ်အဆာပြေအောင် လုပ်နေတာ မဟုတ်ဘူး"

ဗိုလ်မှူးကြီးက ဤသို့ပြောလိုက်ခြင်းမှာ မိမိ၏ သူရသတ္တိကို 'စမ်း'ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး ယူဆ၏။ ထို့ကြောင့် ဗိုလ်ချုပ်သည် ရင်ကော့ကာ မျက်မှောင်ကုတ်ကြည့်လိုက်ပြီး ဗိုလ်မှူးကြီးနှင့်ယှဉ်၍ ရှေ့တန်းစစ်မျက်နှာဘက်ဆီသို့ စီး၍ သွားလေသည်။ ဗိုလ်ချုပ်၏ အမှုအရာကား ၎င်းတို့၏ သဘောကွဲလွဲမှုများကို ကျည်ဆန်များကြားထဲတွင် ဖြေရှင်းတော့မည်ဟူသော အမှုအရာမျိုး ဖြစ်၏။ ၎င်းတို့နှစ်ဦး ရှေ့တန်းစစ်ကြောင်းသို့ ရောက်သွားသည့်အခါတွင် ကျည်ဆန်များမှာ အနားမှ တဝီဝီဖြတ်သန်းနေကြသဖြင့် တိတ်ဆိတ်စွာ ရပ်လိုက်ကြသည်။ ဤနေရာမှ ရပ်၍ကြည့်ရုံဖြင့်ကား နောက်ထပ် ဘာမျှ ထူးထူးခြားခြား မတွေ့ရသေးချေ။ စောစောကနေရာမှ ကြည့်သကဲ့သို့ပင် ရှေ့တန်းစစ်မျက်နှာမှာ ချုံပုတ်များ၊ ခလုတ်ကန်သင်းများဖြင့် ပြည့်နှက်နေသဖြင့် မြင်းတပ်များ လှုပ်ရှားရန် အခွင့်မသာသေးချေ။ ပြင်သစ်တပ်များကလည်း လက်ဝဲတောင်ပံကိုဝိုင်းလျက် ရှိနေကြပြီ ဖြစ်လေသည်။ ဗိုလ်ချုပ်နှင့် ဗိုလ်မှူးကြီးသည် ခွပ်ကြတော့မည့်တိုက်ကြက်ကြီး နှစ်ကောင်ကဲ့သို့ တစ်ယောက်ကို တစ်ယောက် ခပ်မှုန်မှုန်ကြည့်လိုက်ကြရင်း မည်သူ သူရဲဘောကြောင်သနည်းဟု တစ်ယောက်ကိုတစ်ယောက် အကွက်ရှာလျက် ရှိကြသော်လည်း ရှာ၍မရဘဲ ဖြစ်နေကြသည်။ ဤသို့ဖြင့် နှစ်ယောက်စလုံး စာမေးပွဲအောင်သွားကြသည်။ တစ်ယောက်ကို တစ်ယောက် ပြောစရာစကားလည်း နောက်ထပ်မရှိ၊ ပစ်ကွင်းမှ အလျင်ရှောင်ထွက်သွားသည်ဟုလည်း တစ်ယောက်ကိုတစ်ယောက် အစွပ်စွဲမခံလိုကြသည့်အတွက် သတ္တိအကောင်းပြိုင်နေကြသည့်နှယ် ထိုနေရာတွင် အကြာကြီး ရပ်နေကြသည်။ ဤသို့ မလှုပ်မယှက် ရပ်နေကြသည်မှာ မည်မျှကြာသည်မသိ။ ၎င်းတို့နောက် တောအုပ်ထဲမှ အော်သံ ဟစ်သံများနှင့်တကွ သေနတ်ပစ်ဖောက်သံများကြားတော့မှ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လှုပ်လှုပ်ရှရှ ဖြစ်လာကြလေသည်။ ထိုသေနတ်သံများကား တောအုပ်ထဲ၌ ထင်းခုတ်လျက်ရှိသည့် ရုရှားခြေလျင်တပ်သားများကို ပြင်သစ်တို့ဝင်တိုက်ရာမှ ပေါ်ထွက်လာသောအသံများ ဖြစ်လေသည်။ ပြင်သစ်တပ်များကြောင့် လက်ဝဲဘက် စစ်ဆုတ်လမ်းကြောင်းလည်း ပိတ်မိလျက်သား ဖြစ်နေလေပြီ။ သို့ရာတွင် မည်မျှပင် အခြေမလှ ဖြစ်စေကာမူ ရန်သူစစ်ကြောင်းကို ဖောက်ထွက်ရန်အတွက် တတ်အားသမျှ ခုခံတော့မည်သာ ဖြစ်လေသည်။

နီကိုလေ အမှုထမ်းလျက်ရှိသည့် မြင်းတပ်ခွဲမှာကား ရန်သူနှင့် မမျှော်လင့်ဘဲ ပက်ပင်းဝင်တိုးလိုက်သဖြင့် တပ်သားများမှာ မြင်းပေါ်သို့ တက်ချိန်ပင် မရလိုက်ကြချေ။ အန်းတံတားတိုက်ပွဲမှာ တုန်းကကဲ့သို့ပင် ၎င်းတို့မှာ ရန်သူနှင့် နဖူးတေ့ဒူးတေ့ တွေ့နေရလျက် သေခြင်းနှင့် ရှင်ခြင်းကို ခွဲခြားထားသည့် မျဉ်းကြောင်းမှတစ်ပါး ၎င်းတို့နှင့်ရန်သူအကြား၌ ဘာမျှ အတားအဆီး မရှိတော့ချေ။ တပ်သားအားလုံးသည် မမြင်ရသော ဤမျဉ်းကြောင်း ခြားနေသည်ကိုလည်း ခံစားသိရှိကြပုံရ၏။ ထိုမျဉ်းကြောင်းကိုဖြတ်ကျော်အံ့လော၊ မဖြတ်ကျော်ဘဲ နေမည်လော။ ဖြတ်လျှင် မည်သို့ ဖြတ်မည်နည်းဟူသော မေးခွန်းကို မေးရင်း တုန်လှုပ်ချောက်ချားလျက် ရှိကြလေသည်။

ဗိုလ်မှူးကြီးသည် လက်အောက်တပ်ဗိုလ်များ မေးသည့် မေးခွန်းများကို ဒေါသတကြီးဖြင့် ဖြေဆိုပြီးနောက် ရှေ့တန်းစစ်ကြောင်းဆီသို့ စီးသွားကာ ဖြစ်လိုရာဖြစ်စေ တိုက်တော့မည်ဟူသော ဟန်မျိုးဖြင့် အမိန့်ပေးလိုက်သည်။ ထိုအချိန်တွင် ရန်သူကို တိုက်တော့မည်ဟူသော ကောလာဟလသည်လည်း မြင်းတပ်ခွဲထဲ၌ ပျံ့နှံ့လျက်ရှိ၏။ နေရာယူရန် အမိန့်သံ ထွက်ပေါ်လာပြီးနောက် ဓားလွယ်ကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သံများ ပေါ်လာလေသည်။ မည်သူမျှ မလှုပ်ကြသေး။ တပ်ရင်းမှူးသည် ရှေ့ဆက်၍ မည်သို့ ပြုရမည်မသိဘဲ တွေနေပြန်သည်။ ဤသည်ကို လက်ဝဲတောင်ပံရှိ ခြေလျင်တပ်သားများနှင့် မြင်းတပ်သားများအားလုံး ရိပ်မိလိုက်ကြ၏။ ကြာသော် တပ်မှူး၏ ပြတ်သားခြင်း မရှိသော စိတ်ဓာတ်သည် ၎င်းတို့ဆီသို့ပါ ကူးစက်လာလေတော့သည်။

"တိုက်ရင်လဲ မြန်မြန် တိုက်ပေါ့" နီကိုလေသည် တိုက်ပွဲတိုးရတော့မည်ဟူသော အတွေးဖြင့် အူမြူးလျက်ရှိ၏။ ဤတိုက်ပွဲသည် မိမိအဖို့ ပထမဆုံးတိုက်ပွဲ မဟုတ်ပါလော။ မိမိ၏သွေးသောက်များ မကြာခဏ ပြောဆိုလျက်ရှိသည့်တိုက်ပွဲမျိုး မဟုတ်လော။

"တက်"ဟူသော ဒင်နီဆော့ဗ်၏ အမိန့်သံ ပေါ်ထွက်လာသည်။

ရှေ့တန်းစစ်ကြောင်းဆီ၌ လှုပ်ယမ်းလျက်ရှိသော မြင်းများ၏ နောက်ပိုင်းများကို မြင်ရ၏။ ဇက်ကိုဆွဲလိုက်သည်တွင် နီကိုလေ၏မြင်းကြီး 'ရွှေကျိုး'သည် သခင်၏သဘောကို သိသကဲ့သို့ ရှေ့သို့ ပြေးတက်လာလေသည်။

မိမိ၏လက်ယာဘက်၌ ရှေ့တန်းစစ်ကြောင်းတွင် ထိပ်ဆုံးမှ ရောက်နေကြသော မိမိတို့ မြင်းတပ်သားများကို မြင်ရလေသည်။ ၎င်းတို့ရှေ့တွင်ကား မဲမဲမဲမဲနှင့် ရှိနေသော စစ်ကြောင်းတစ်ကြောင်းကို မြင်ရသည်။ သို့ရာတွင် သဲသဲကွဲကွဲ မြင်ရခြင်း မဟုတ်သဖြင့် ရန်သူ စစ်ကြောင်းဟုပင် ယူဆလိုက်၏။ အဝေးဆီမှ ပစ်ခတ်သံများကို ကြားရသည်။ သို့ရာတွင် အသံမှာ အနည်းငယ် ဝေးသေးသည်ဟု ထင်ရ၏။

"အမြန်တက်"ဟူသော အမိန့်သံ ထွက်ပေါ်လာပြန်သည်။ နီကိုလေသည် မြင်းကို ကဆုန်ချ၍ စီးလိုက်လေရာ မိမိမြင်းကြီး 'ရွှေကျိုး'၏ နံဘေးနှစ်ဖက်သည် ခုန်းထလာသည်ဟု ထင်ရလေသည်။

နီကိုလေသည် မိမိမြင်းကြီးကို သဘောကျလျက်ရှိလေသည်။ ယင်းသို့စီးလာရင်း ရှေ့၌ တစ်ပင်ထီးတည်းရှိသော သစ်ပင်တစ်ပင်ကို မြင်ရသည်။ ဤသစ်ပင်ကား မိမိ၏စိတ်၌ ကြောက်လန့်စဖွယ်ကောင်းသည်ဟု ထင်ရသော မျဉ်းကြောင်း၏အလယ်တည့်တည့်တွင် ရှိသည့် သစ်ပင်ပေတည်း။ နီကိုလေသည် ထိုမျဉ်းကြောင်းကို ကျော်ဖြတ်၍ စီးလာခဲ့လေ၏။ သို့ရာတွင် ကြောက်စရာ၊ စိုးရိမ်ထိတ်လန့်စရာဟူ၍ ဘာမျှမတွေ့ရသေးဘဲ ပို၍ပင် ပျော်လာသေးသည်။ နီကိုလေသည် ရန်သူကို တအားခုတ်အံ့ဟု တွေးရင်း ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ လိုက်လာခဲ့သည်။

"ဟေး၊ ဟေး"ဟူသော စစ်ကြွေးသံများကို ကြားရ၏။ နီကိုလေသည် အနားလာရဲတဲ့ကောင် လာစမ်းပစေဟု အားခဲကာ မြင်းကြီး 'ရွှေကျိုး' ကို သံဆူးဖြင့်တို့၍



www.burmeseclassic.com

www.burmeseclassic.com



ကဆုန်စိုင်းလာခဲ့ပြီး အခြားတပ်သားများကို ကျော်တက်၍ လာခဲ့လေသည်။ ရှေ့တွင်ကား ရန်သူကို မြင်ရပေပြီ။ ထိုအခိုက် ကျည်ဆန်များသည် တံမြက်စည်းဖြင့် လှည်းချလိုက်သကဲ့သို့ မိမိတို့တပ်ခွဲပေါ်သို့ တဖြောက်ဖြောက် ကျလာလေသည်။ နီကိုလေသည် ရန်သူကိုခုတ်အံ့ဟု မိမိဓားလွယ်ကို မြှောက်လိုက်၏။ ထိုအခိုက် မိမိရှေ့မှ တက်နေသော တပ်သား နီကီတင်ကိုသည် ရန်သူကျည်သင့်ကာ လွင့်စဉ်ကျသွားလေသည်။ နီကိုလေသည် မြင်းကို ဒုန်းစိုင်းလျက်စီးနေသည်ဟု ကိုယ့်ကိုယ်ကို ထင်မိသော်လည်း အကယ်တွင်ကား နဂိုနေရာ၌ ရပ်လျက်ရှိခြင်းကို တွေ့ရသည်တွင် အံ့အားသင့်လျက် ရှိလေသည်။ ၎င်းနောက်မှ မြင်းတပ်သား ဘွန်ဒါချူသည် ကျော်တက်သွားပြီး သူ့ကို စိတ်ဆိုးဟန်ဖြင့် လှည့်ကြည့်သွားလေသည်။ ဘွန်ဒါချူ၏ မြင်းသည် ခေတ္တမျှယိုင်သွားပြီးနောက် ဒုန်းစိုင်း၍ တက်သွားလေသည်။

'ဟင် ငါဘာလို့ ရပ်နေမိပါလိမ့်။ ငါ ရန်သူ့ကျည်သင့်ပလား။ ငါကျဆုံးသွားပလား' နီကိုလေသည် ချက်ချင်း သတိရကာ သူ့ကိုယ်သူပြန်၍ မေးခွန်းထုတ်မိသည်။ ကွင်းထဲ၌ သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။ မိမိ ရှေ့၌ မြင်းများ၊ မြင်းတပ်သားများကို မမြင်ရတော့ဘဲ လှုပ်ရှားခြင်းမရှိသော ပထဝီမြေကြီးနှင့် ရိုးပြတ်များကိုသာ မြင်ရတော့သည်။ လက်မောင်းမှ ပူနွေးသောသွေးများ ယိုဆင်းလျက် ရှိသည်ဟုလည်း ထင်လိုက်မိ၏။ ဤတွင်မှ မိမိကျည်သင့်ပြီဖြစ်ကြောင်းကို နီကိုလေ သတိရလာလေသည်။ မိမိမြင်းမှာလည်း ဒဏ်ရာရလျက်ရှိ၏။ 'ရွှေကျိုး' သည် ရှေ့ခြေနှစ်ချောင်းကိုထောက်၍ မတ်တတ်ရပ်ရန် ကြိုးစားသော်လည်း ပြန်လဲကျသွားလေရာ နီကိုလေ၏ ခြေနှစ်ချောင်းမှာ သူ့အောက်၌ ပိနေလေသည်။ 'ရွှေကျိုး' ၏ခေါင်းမှ သွေးများသည် ဒလဟော ယိုစီးကျလာကြ၏။ 'ရွှေကျိုး' သည် ရုန်းထသေးသော်လည်း ထ၍မရတော့ချေ။ နီကိုလေသည်လည်း ထရန်ကြိုးစားသေးသည်။ သို့ရာတွင် ပက်လက်လန်၍ လဲကျသွားကာ ဓားအိမ်သည် ကုန်းနှီးကြားထဲတွင် ညပ်နေသည်။ ရန်သူပြင်သစ်များနှင့် မိမိတို့တပ်သားများ မည်သည့်နေရာသို့ ရောက်ကုန်ကြပြီကိုလည်း မသိတော့ချေ။ မိမိအနားတွင် မည်သူမျှ မရှိတော့ချေ။

နီကိုလေသည် ခြေထောက်ကို ဆွဲထုတ်ပြီးနောက် ထိုင်လိုက်၏။ မိမိတို့တပ်များနှင့် ရန်သူတပ်များကို ခြားထားသည့် မျဉ်းကြောင်းသည် မည်သည့်နေရာတွင် ရှိသည်ကိုလည်း မသိတော့ချေ။ ဆိုးဆိုးဝါးဝါး ဖြစ်လေဦးမည်လောဟုလည်း တွေးမိ၏။ နီကိုလေသည် မတ်တတ်ထလိုက်သည်။ ထိုအခိုက် ထုံကျင်နေသော သူ၏လက်ဝဲဘက်လက်မောင်းတွင် အရာတစ်ခု တွဲလောင်းကြီး ချိတ်လျက်ရှိခြင်းကို သတိထားလိုက်မိသည်။ လက်ကောက်ဝတ်ကလည်း သူ့လက်ကောက်ဝတ် မဟုတ်တော့သကဲ့သို့ ထင်ရ၏။ နီကိုလေသည် လက်ကိုသေချာစွာ ငုံ့ကြည့်ကာ သွေးရှိ မရှိကြည့်၏။ သွေးတစ်စက်မျှ မရှိချေ။ ထိုအခိုက် လူအချို့ မိမိဆီသို့ ပြေးလာနေသည်ကို မြင်ရသည့်အတွက် နီကိုလေသည် အားတက်သွားလေသည်။ မိမိကို ကူညီရန် ရောက်လာကြသည်ဟုလည်း ထင်မိသည်။ ရှေ့ဆုံးမှ ပြေးလာသူကား နှာယောင်ကောက်ကောက် အသားညိုညိုဖြစ်လျက် သံပရာခွံ ဦးထုပ်တစ်မျိုးနှင့် အပြာရောင်ဝတ်ရုံကို ခြုံထား၏။ ၎င်း၏နောက်မှလည်း လူနှစ်ယောက် ပြေးလာကြကာ ထိုနောက်မှလည်း လူများပြေးလာကြ၏။ ၎င်းတို့အနက် တစ်ယောက်သည် ရုရှားစကားမဟုတ်သော စကားကို အော်ဟစ်ပြောဆိုလျက် ရှိလေသည်။ ထိုလူများ၏ နောက်ဆုံး၌ အလားတူသံပုရာခွံဦးထုပ်တစ်မျိုးကို ဆောင်းထားသည့် ရုရှားမြင်းတပ်သားတစ်ယောက် ပါလာလေသည်။ ထိုရုရှားတပ်သားကို လက်မောင်းမှ တွဲခေါ်လာကြပြီး မြင်းတစ်ကောင်ကိုလည်း သူ့နောက်မှ ဆွဲလာလေသည်။

'အင်း ဒို့တပ်သားတစ်ယောက်ကို သုံ့ပန်းအဖြစ် ဖမ်းလာတာနဲ့ တူတယ်။ ဟုတ်ပါတယ်။ သူတို့ ငါ့ကိုလဲ သုံ့ပန်းအဖြစ် ဖမ်းသွားကြတော့မှာပဲ။ သူတို့က ဘာတွေလဲ။ ပြင်သစ်တွေလား'ဟု တွေးကာ နီကိုလေသည် မိမိမျက်လုံးများကိုပင် မယုံနိုင်အောင် ဖြစ်နေမိသည်။ နီကိုလေသည် မိမိအနီးသို့လာနေကြသော ပြင်သစ်တပ်သားများကိုကြည့်နေမိသည်။ နီကိုလေသည် မြင်းကိုကဆုန်စိုင်းကာ ၎င်းတို့တစ်သိုက်ကို ဓားနှင့် ခုတ်ပိုင်းပစ်လိုက်ချင်သည်။ သို့ရာတွင် စိတ်ကူး၍မျှ မဆုံးသေးမီ ပြင်သစ်တပ်သားများသည် အနားသို့ ရောက်လာကြပေပြီ။

"သူတို့တစ်တွေဟာ ဘယ်သူတွေလဲ။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေကြတာလဲ။ ငါ့ဆီ လာနေကြတာလား။ ဘာဖြစ်လို့ လာတာလဲ။ ငါ့ကို သတ်ကြတော့မယ်ထင်တယ်။ ငါ ဟာ လူတိုင်းရဲ့ ခင်မင်မှုကို ခံရရက်သားနဲ့ ငါအသတ်ခံရ တော့မယ်’။

နီကိုလေသည် မိမိအား နှစ်နှစ်ကာကာချစ်သော မိခင်မြို့စားကတော်ကို သတိရမိသည်။ သူ့အိမ်သားများ ကို သတိရမိသည်။ ရောင်းရင်းများကိုလည်း သတိရမိ လေသည်။ ရန်သူများမှာ သူ့အားသတ်ရန် ရည်ရွယ်ချက် ရှိဟန် မတူချေ။ ‘အေးလေ၊ သတ်ချင်လဲသတ်မှာပါပဲ’ဟု တွေးလိုက်မိပြန်သည်။ သို့ဖြင့် နီကိုလေသည် လှုပ်ရှားခြင်း မရှိ၊ အခြေအနေကိုလည်း သိမြင်ခြင်း မရှိဘဲ ဆယ်စက္ကန့်မျှ ထိုနေရာတွင် ရပ်နေမိလေသည်။ နှာယောင်ကောက် ကောက်နှင့် ပြင်သစ်တပ်သားမှာ နီးသည်ထက် နီးလာပြီ ဖြစ်ရကား ၎င်း၏မျက်နှာအမူအရာကိုပင် မြင်နေရပြီ ဖြစ်လေသည်။ ပြင်းစွာ အသက်ရှူကာ မိမိထံသို့ ပြေးလာ လျက်ရှိသည့် ထိုလူစိမ်း၏ချောက်ချားနေသော-မျက်နှာ အမူအရာသည်လည်းကောင်း၊ အောက်စိုက်လျက်ရှိသော လှံစွပ်သည်လည်းကောင်း၊ နီကိုလေ၏စိတ်ကို ခြောက်လှန့် လျက်ရှိပေသည်။ နီကိုလေသည် သတိရလာကာ ခါးမှ ပြောင်းတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။ သို့ရာတွင် ပြင်သစ်တပ်သားကို သေနတ်ဖြင့် ပစ်ရမည့်ကိစ္စကိုမေ့ကာ သေနတ်ဖြင့် လှမ်း၍ပေါက်လိုက်ပြီး ချုံပုတ်တောများဆီသို့ တအားခွပ်၍ ပြေးခဲ့လေသည်။ ဤအခါ၌ကား အန်းတံတား တိုက်ပွဲမှာတုန်းကကဲ့သို့ သံသယဖြင့်လည်းကောင်း၊ ဒွိဟ ဖြင့်လည်းကောင်း ပြေးခြင်းမဟုတ်ဘဲ အမဲလိုက်ခွေး၏ ရန်မှ ထွက်ပြေးသည့် ယုန်သူငယ်၏ ပြေးခြင်းဖြင့် ခြေကုန်သုတ် လျက်ရှိလေသည်။ ထိုအချိန်၌ မိမိ၏ငယ်ရွယ်ကြည်နူး ဖွယ်ကောင်းလှသော ဘဝကို ခုံမင်ခြင်းတည်းဟူသော စိတ်တစ်ခုတည်းသာလျှင် နီကိုလေကို ဖုံးလွှမ်းလျက် ရှိလေသည်။ နီကိုလေသည် ထွန်ရေးကြောင်းများ၊ ကန် သင်းရိုးများကို ဇွေ့ခနဲဇွေ့ခနဲနေအောင် ခုန်လွှားခဲ့ပြီး ပြေးပွဲတွင် ပြေးခဲ့ဖူးသည့် အဟုန်မျိုးဖြင့် ကွင်းပြင်ကို ဖြတ်၍ ပြေးလာခဲ့လေသည်။ တစ်ချီတစ်ချီ၌လည်း ဖျော့တော့လျက်ရှိ၍ ရိုးသားနုနယ်သည့်အသွင်ကို ဆောင် သောမျက်နှာဖြင့် နောက်သို့ မကြာမကြာလှည့်၍ ရန်သူကို လှမ်းကြည့်မိသည်။ ကြောက်စိတ်များသည် နီကိုလေ၏ ရင်ထဲ၌ တဖွားဖွား ပေါ်လာကြလေသည်။ ပြန်လှည့်မကြည့် မိရန် ကိုယ့်ကိုယ်ကို အားပေးမိသော်လည်း ချုံပုတ် တွေကြားထဲသို့ ရောက်သွားသည်နှင့် တစ်ခါပြန်၍ လှည့် ကြည့်မိပြန်သည်။ ပြင်သစ်တပ်သားများကား နောက်တွင် ပြတ်ကျန်နေရစ်ခဲ့လေပြီ။ ပြန်လှည့်ကြည့်လိုက်သောအခါ တွင် ရှေ့ဆုံးက လိုက်လာသော ပြင်သစ်တပ်သားများမှာ မပြေးတော့ဘဲ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လျက်ရှိပြီး မိမိနောက်မှ တပ်သားများအား လှည့်၍ တစ်စုံတစ်ရာ ပြောဆိုနေခြင်းကို မြင်ရ၏။ နီကိုလေသည် ခေတ္တနားလိုက် သည်။ ‘ငါ့ကိုသတ်ဖို့လိုက်တာ ဟုတ်ချင်မှလဲ ဟုတ်မှာပါ’ ဟုလည်း ပြန်တွေးမိပြန်သည်။ ထိုအခိုက် မိမိလက်ဝဲလက် မောင်းမှာ ခွက်တစ်ဆယ် အလေးကြီးကို ချည်ထားသည့် နယ် လေးလံလာသည်ကို သတိထားမိသည်။ နောက်ထပ် လည်း မပြေးနိုင်တော့ချေ။ ပြင်သစ်တပ်သားသည် ရပ်ကာ မိမိဆီသို့ သေနတ်ဖြင့် ချိန်လိုက်၏။ နီကိုလေသည် မျက်လုံးကိုမှိတ်ကာ မြေကြီးတွင် ဝပ်လိုက်သည်။ ကျည် ဆန်များသည် သူ့အနားမှ တရွှီရွှီ ဖြတ်သန်းသွားကြ လေသည်။ နီကိုလေသည် ရှိစုမဲ့စုအားကို ညှစ်ထုတ်ပြီး မိမိ၏လက်ဝဲဘက်လက်မောင်းကို လက်ယာလက်ဖြင့် ဆုပ်ကိုင်ကာ ချုံပုတ်များနောက်သို့ ပြေးလာခဲ့ပြန်သည်။ ချုံပုတ်များနောက်တွင်ကား ရုရှားလက်ဖြောင့်တပ်များရှိ လေသည်။

## အခန်း ၂၀

ရုရှားခြေလျင်တပ်များသည် တောအုပ်ထဲအစွန်တွင် အငိုက်ဝင်တိုက်ခြင်း ခံလိုက်ရသည့်၌ ပြေးမိပြေးရာထွက် ပြေးကြလေသည်။ ဤတွင် တပ်ခွဲအချင်းချင်း ရောထွေး ကုန်လျက် အကွပ်မဲ့သော လူအုပ်ကြီးအဖြစ် ဖရိုဖရဲဆုတ်ခွာ လျက်ရှိကြလေသည်။ တပ်သားတစ်ယောက်က ကြောက် ကြောက်ဖြင့် “ရန်သူတွေ ဝိုင်းကုန်ပြီ။ ရန်သူတွေ ဝိုင်း ကုန်ပြီ”ဟု အော်လျက်ရှိ၏။ ထိုအော်သံကား တိုက်ပွဲ၌ လွန်စွာကြောက်ဖွယ်ကောင်းသော အော်သံဖြစ်၏။ ထို အော်သံသည် အခြားတပ်သားများအား ကြောက်သွေးထိုး ပေးလိုက်သကဲ့သို့ ရှိလေသည်။

“ဝိုင်းကုန်ပြီဟေ့။ အကုန် ကျကုန်ပြီကွ”ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အော်သံများသည် အကွဲကွဲထွက်ပြေးလျက်ရှိသော ရုရှားခြေလျင်တပ်သားများ၏ နှုတ်ဖျားမှ ပေါ်လာကြ၏။

ခြေလျင်တပ်ရင်းမှူး ဗိုလ်ချုပ်သည် နောက်မှ သေနတ်သံများနှင့် အော်ဟစ်သံများကို ကြားရသည်နှင့် မိမိတပ်ရင်းသည် ကြောက်မက်ဖွယ်ကောင်းသော အခြေအနေနှင့် ရင်ဆိုင်နေရပြီဟု သိလိုက်လေပြီ။ တပ်ရင်းမှူး ဗိုလ်ချုပ်သည် ဤကိစ္စမျိုးတွင် တစ်ခါမျှ နာမည်ပျက်ရှိသူ မဟုတ်ဘဲ နှစ်သမနိရှည်ကြာစွာ အမှုတော် ထမ်းခဲ့သည့် စံပြဗိုလ်ချုပ် တစ်ဦးဖြစ်၏။ သို့သော်လည်း ဤတစ်ပွဲ၌ကား မိမိ၏ပေါ့လျော့မှု၊ မစေ့စပ်မှုအတွက် စစ်ဦးစီးဌာနချုပ်မှ အပြစ်ဆိုတော့မည်ကို တွေးမိကာ များစွာတုန်လှုပ်ချောက်ချားလျက် ရှိလေသည်။ ဤသည်နှင့် တစ်ပြိုင်နက် ပြန်လှန်ပြောဆိုနေသော မြင်းတပ်ဗိုလ်မှူးကြီးကိုလည်းကောင်း၊ ဗိုလ်ချုပ်တစ်ယောက်၏ ဂုဏ်သိက္ခာကိုလည်းကောင်း၊ မိမိ၏လုံခြုံရေးနှင့်တကွ အန္တရာယ်ကိုလည်းကောင်း လုံးဝထည့်သွင်း မစဉ်းစားမိတော့ဘဲ ကုန်းနီးမှ မြင်းသိုင်းကြိုးကို တင်းကျပ်စွာ ဆုတ်ကိုင်ရင်း မိမိပတ်ဝန်းကျင်တွင် မိုးသီးများပမာ တဖြောက်ဖြောက်ကျနေသည့် ကျည်ဆန်များကြားမှ မြင်းကို တပ်ရင်းဆီသို့ ဒုန်းစိုင်း၍ စီးလာခဲ့လေသည်။ ကံအားလျော်စွာ ကျည်ဆန်များမှာ တပ်ရင်းမှူး ဗိုလ်ချုပ်ကို ထိမှန်ခြင်းမရှိချေ။ ၎င်း၏စိတ်ထဲတွင် မိမိတပ်ရင်း မည်သည့်အခြေသို့ ဆိုက်ရောက်နေပြီနည်းဆိုသည့်ဇောနှင့် အကယ်၍ မိမိ၌ အမှားအယွင်းရှိခဲ့ပါက ထိုအမှားကိုမည်သို့ပြင်ရမည်နည်းဆိုသော ဇောတို့သာ ဖုံးလွှမ်းလျက်ရှိလေသည်။ သို့မှသာ စစ်မှုထမ်းသက် နှစ်ဆယ့်နှစ်နှစ်အတွင်း တစ်ခါဖူးမျှ ပြစ်တင်ဝေဖန်ခြင်းမခံခဲ့ရသည့် စံပြစစ်ဗိုလ်ချုပ်ကြီး တစ်ယောက်ဖြစ်သော မိမိအဖို့ ဤအချိန်တွင်လည်း ပြစ်တင် မောင်းမဲခံရခြင်းမှ လွတ်ကင်းမည် မဟုတ်ပါလော။

ခြေလျင်တပ်ရင်းမှူး ဗိုလ်ချုပ်ကြီးသည် ပြင်သစ်တပ်များကြားမှ အထိအခိုက်မရှိ မြင်းကို ဒုန်းစိုင်းစီး၍ ဖြတ်သန်းလာခဲ့ပြီးနောက် တောအုပ်ကလေး နောက်ဘက်ရှိ ကွင်းပြင်တစ်ခုသို့ ရောက်လာသည်။ ကွင်းပြင်ထဲတွင်ကား ရုရှားတပ်များသည် အမိန့်ကို နာခံခြင်း မရှိကြတော့ဘဲ ချိုင့်ထဲသို့ ဆုတ်ခွာထွက်ပြေးလျက် ရှိကြလေသည်။ စစ်ပွဲတစ်ပွဲ၌ အနိုင်အရှုံးကို အဆုံးအဖြတ်ပြုသည့် စိတ်ဓာတ်ပျော့ညံ့ ဆုတ်ဆိုင်းခြင်းသည် ဘွားခနဲ ပေါ်လာခဲ့လေပြီ။ ဤဖရိုဖရဲ ထွက်ပြေးနေကြသော တပ်သားအုပ်ကြီးသည် မိမိတို့တပ်မှူး၏ အမိန့်ကို နာခံကြမည်လော။ သို့တည်းမဟုတ် တပ်မှူး၏အမိန့်ကို နာခံခြင်းမရှိဘဲ ဆက်လက်ထွက်ပြေးကြမည်လော။ တပ်ရင်းမှူးသည် ထိတ်လန့်စဖွယ်အသံနက်ကြီးဖြင့် အော်ဟစ်၍ တပ်သားများကို ရပ်တန့်ရန် အမိန့်ပေး၏။ မူလမျက်နှာထား ပျောက်သည်အထိ မျက်နှာကြီးခက်ထန်နီရဲလျက်ရှိရာက တပ်သားများကို အုပ်စည်း မပျက်ရှိရန် အော်ဟစ်၏။ ဓားလွယ်ကြီးကို ဝင့်လျက် ဆုပ္ပကြိမ်းမောင်း၏။ ခါတိုင်း ဤသို့ အော်ဟစ်ကြိမ်းမောင်း ခြင်းပြုလျှင် တပ်သားများသည် ဒူးတဆတ်ဆတ်တုန်လျက် ရှိကြလေပြီ။ ယခုသော်ကား မည်မျှအော်ဟစ်သည်ဖြစ်စေ၊ မည်မျှ မျက်နှာထား ခက်ထန်သည်ဖြစ်စေ၊ ဓားလွယ်ကြီး ဝင့်၍ မည်မျှကြိမ်းမောင်းသည်ဖြစ်စေ တပ်သားများသည် ဂရုမထားတော့ပြီ။ ဆူညံစွာ အော်လျက်၊ ပြေးလျက်၊ သေနတ်ကိုထောင်၍ ပစ်လျက်၊ အမိန့်ကို ဖီဆန်လျက်ရှိကြလေသည်။ စစ်ပွဲတစ်ပွဲ၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုသော စိတ်ဓာတ်ပျော့ညံ့ ဆုတ်ဆိုင်းခြင်းသည် အထွတ်အထိပ်သို့ ရောက်လာခဲ့ကာ လိပ်ပြာလွင့်မတတ် ထိတ်လန့်ကြောက်ရွံ့ခြင်း အဖြစ်သို့ ကူးပြောင်းခဲ့လေပြီ။

ဗိုလ်ချုပ်ကြီးသည် အော်ဟစ်ကြိမ်းမောင်းရခြင်းကြောင့်လည်းကောင်း ယမ်းငွေ့များကို ရှူရှိုက်ရခြင်းကြောင့်လည်းကောင်း ချောင်းတဟွတ်ဟွတ်ဆိုးလာလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးသည် အားလျှော့လိုက်ကာ အော်ဟစ်ခြင်းကို ရပ်လိုက်၏။ မိမိတို့ဘက်မှ အရှုံးကြီးရှုံးပြီဟု ထင်လိုက်၏။ သို့ရာတွင် ထိုအတောအတွင်း၌ တိုက်စစ်ပြုလျက်ရှိသော ပြင်သစ်တပ်များသည် မည်သည့်အကြောင်းကြောင့်မသိ၊ ရုတ်တရက် ဆုတ်ခွာပြေးကြကာ တောစပ်တွင် ပျောက်ကွယ်သွားကြလေသည်။ မရှေးမနှောင်းပင် တောအုပ်ထဲမှ ရုရှားလက်ဖြောင့်တပ်များ ထွက်ပေါ်လာလေသည်။ တီမိုခင်၏ တပ်ခွဲတစ်ခုတည်းသာ တောအုပ်ထဲမှ စနစ်တကျရပ်၍ ခုခံခဲ့ပေသည်။ တီမိုခင်၏တပ်သည် တောအုပ်ထဲရှိ လမ်းတစ်ခုထဲတွင် တပ်ဖျောက်ထားခဲ့ပြီး ပြင်သစ်တပ်များကို ရုတ်ခြည်းတွေ့ချုံခိုတိုက်ခိုက်ခြင်း ဖြစ်၏။ တီမိုခင်သည် ဓားလွတ်တစ်စင်း

www.burmeseclassic.com



ကိုင်လျက် ညာသံပေးကာ ရန်သူများထဲသို့ အတင်းဝင်ထိုးခုတ်သည်တွင် ပြင်သစ်တပ်များလည်း အငိုက်မိသွားကြကာ ကျည်တစ်လုံးထိုး သေနတ်များကို ပစ်ချလျက် လက်လွတ်ထွက်ပြေးကြလေသည်။ ဒိုလိုကော့ဗ်သည် တိမိုခင်နှင့် အတူဝင်၍ ပြင်သစ်တစ်ယောက်ကို ခုတ်သတ်လိုက်ပြီး ပြင်သစ်ဗိုလ်တစ်ယောက်ကို အင်္ကျီလည်ပင်းစမှ ကိုင်၍ ပထမဆုံးသုံ့ပန်းအဖြစ် ဖမ်းဆီးခဲ့လေသည်။ ထိုအခါကျမှ ထွက်ပြေးနေသော ရုရှားတပ်များလည်း ပြန်လှည့်လာကြကာ တပ်ရင်းတစ်ရင်းကို ပြန်ဖွဲ့လိုက်ကြပြီး ရုရှားတပ်များ၏ လက်ဝဲတောင်ပံကို တစ်ဝက်ချိုးပြီး ဖြစ်နေသည့် ပြင်သစ်တပ်များကို တွန်းလှန်နိုင်ခဲ့ကြလေသည်။ နောက်ထပ် တပ်ကူများလည်း ရောက်လာသဖြင့် မကြာမီတိုက်ပွဲမှာ ပြီးဆုံးသွားလေတော့သည်။ တပ်ရင်းမှူးနှင့် ဗိုလ်မှူးအီကိုနိုမော့ဗ်သည် တံတားကလေးတစ်ခုထိပ်တွင် ရပ်လျက် ဆုတ်ခွာသွားကြသော မိမိတို့တပ်ခွဲများကို ကြည့်နေကြသည်။ ထိုအခိုက် တပ်သားတစ်ယောက်သည် တပ်သားအုပ်ထဲမှ ထွက်လာကာ တပ်ရင်းမှူး၏ မြင်းခြေနင်းကွင်းကြိုးကို လှမ်းဆွဲလိုက်ရာက ယိုင်လဲကျတော့မတတ်ဖြစ်သွား၏။ ထိုတပ်သားမှာ အပြာရောင် ဖျင်ကြမ်းဝတ်ရုံကြီးကို ဝတ်ထား၏။ ဦးထုပ်နှင့်ကျောပိုးအိတ်ကား မရှိတော့ချေ။ ၎င်း၏ ခေါင်းမှာ ပတ်တီးစည်းထားပြီး ပခုံးတွင် ပြင်သစ် ယမ်းအိတ်တစ်အိတ်ကို လွယ်ထားကာ လက်ထဲတွင် ပြင်သစ်ဗိုလ်များကိုင်သည့် ဓားလွယ်တစ်ချောင်းကို ကိုင်ထား၏။ ၎င်း၏မျက်နှာမှာ ပြုံးရော်လျက်ရှိလေသည်။ ထိုတပ်သားသည် ပြုံးလိုက်ပြီးနောက် တပ်ရင်းမှူးဗိုလ်ချုပ်၏မျက်နှာကို တည့်တည့်ကြီး စိုက်ကြည့်လျက်ရှိ၏။ တပ်ရင်းမှူး ဗိုလ်ချုပ်သည် ဗိုလ်မှူးအီကိုနိုမော့ဗ်အား ညွှန်ကြားချက်များကို ပေးလျက်ရှိသဖြင့် ထိုတပ်သားကို သတိမထားလိုက်မိသေးချေ။

"ဗိုလ်ချုပ်ခင်ဗျား၊ ရန်သူဆီကရမိလိုက်တဲ့ ပစ္စည်းနှစ်ခုကို အပ်ပါတယ်"ဒိုလိုကော့ဗ်သည် ယမ်းအိတ်နှင့် ဓားလွယ်ကို ပြလိုက်သည်။ "ပြင်သစ်ဗိုလ်တစ်ယောက်ကိုလဲ လက်ရဖမ်းခဲ့ပါတယ်ခင်ဗျာ။ ရန်သူတပ်ခွဲကို ကျွန်တော်တစ်ယောက်တည်း ခံတိုက်ခဲ့ပါတယ်"

ဒိုလိုကော့ဗ်သည် စိတ်ဓောနေသဖြင့် အသက်ကို မြင်းစွာရှူလျက်ရှိ၏။ ထိုနောက် ပြတ်တောင်းပြတ်တောင်းဖြင့် ဆက်၍ ပြောပြန်သည်။

"ဒါကို တပ်ခွဲတစ်ခုလုံးကလဲ သက်သေခံနိုင်ပါတယ်ခင်ဗျာ။ ဒီအချက်ကိုလဲ သတိရပါလို့ ဗိုလ်ချုပ်ကို ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ"

"ကောင်းပြီ၊ ကောင်းပြီ" ဗိုလ်ချုပ်ကပြောကာ ဗိုလ်မှူးအီကိုနိုမော့ဗ်ဘက်သို့ လှည့်လိုက်သည်။

ဒိုလိုကော့ဗ်ကား မသွားသေးချေ။ ၎င်း၏ခေါင်းတွင် စည်းထားသည့် ပဝါကိုဖြေ၍ပြလိုက်သည်။ ဆံပင်များသည် သွေးများဖြင့် ကြပ်ခဲကြီးဖြစ်လျက် ရှိလေသည်။

"လှံစွပ်ရာ တစ်ချက်ထဲပါ ခင်ဗျာ။ ကျွန်တော်ဟာ တစ်ချိန်လုံး တပ်ဦးက တိုက်ခဲ့ပါတယ်ခင်ဗျာ။ ဒါလေးကို ဗိုလ်ချုပ်ကြီးမမေ့ဘူးဆိုရင် ကျွန်တော် ကျေနပ်ပါပြီ ခင်ဗျာ"

•

ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မရှိ တူရှင်၏အမြောက်တပ်စုကိုကား အားလုံးကပင် မေ့လျော့နေကြ၏။ တိုက်ပွဲပြီးသွားသည့်တိုင်အောင် ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မဆီမှ အမြောက်မြည်သံများ ပစ်ခတ်နေသံကို ကြားနေရသေးသည်။ ထိုအခါကျတော့မှ မင်းသားကြီး ဘာဂရေးရှင်းသည် စစ်ဦးစီးဌာနချုပ် တဲပ်လုလင် ဗိုလ်တစ်ယောက်ကို ပထမစေလွှတ်လျက် ထိုနောက်မှ မင်းသားကလေး အင်ဒရေကို ထပ်မံစေလွှတ်လိုက်ပြန်ကာ အမြောက်တပ်စုကို အမြန်နိုင်ဆုံးမြန်နိုင်သမျှ ဆုတ်လာခဲ့ရန် အမိန့်ပေးလိုက်လေသည်။ တူရှင်၏ အမြောက်တပ်စုကို ကူ၍ ပစ်ပေးနေသည့် ခြေလျင်တပ်များသည် တိုက်ပွဲဖြစ်ပွားလျက်ရှိစဉ် အတောအတွင်း တစ်စုံတစ်ယောက်၏ အမိန့်ဖြင့် ဆုတ်ခွာသွားကြသည့်တိုင်အောင်တူရှင်၏ အမြောက်တပ်စုသည် သဲသဲမဲမဲ ပစ်ခတ်လျက် ရှိဆဲပင်ဖြစ်၏။ တူရှင်၏ အမြောက်တပ်စုကို ရန်သူက မသိမ်းပိုက်နိုင်ခဲ့ခြင်းမှာကား အကာအကွယ်မဲ့သည့် အမြောက်မြတပ္ပ လေးလက်ဖြင့် ဤမျှလောက် ရဲတင်းစွာ ပစ်ခတ်နေခြင်းမှာ ဥပါယ်တံမျဉ်တစ်စုံတစ်ရာ ရှိ၍သာဟု ရန်သူက အထင်ကြီးစိတ်ဖြင့် တွက်ဆထားသောကြောင့် ဖြစ်သေသည်။ ထိုမျှမက ဤသို့ အမြောက်မြတပ္ပလေးလက်ဖြင့် တရစပ် ပစ်ခတ်နေခြင်းမှာ ဤနေရာသည် ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မှ

www.burmeseclassic.com



ဖြစ်သည့်အတိုင်း ရုရှားတပ်မကြီးများ စုရုံးလျက် ရှိသည်ဟုလည်း ရန်သူက တွက်ထားသောကြောင့် ဖြစ်ပေသည်။ ရန်သူများသည် ဤအမြောက်တပ်စုစခန်းကို တိုက်ခိုက်ရန် နှစ်ကြိမ်မျှ ကြိုးစားကြသေးသော်လည်း တောင်ကမူပေါ်တွင် အထီးတည်း ကျန်ရစ်ခဲ့သည့် တူရှင်၏ အမြောက်မြတပ္ပလေးလက်က ကိုးလုံးကျည်များဖြင့် တရကြမ်း ပစ်ခတ်သဖြင့် နှစ်ကြိမ်စလုံး ဆုတ်ခွာသွားခဲ့ကြရလေသည်။

မိမိတို့ အမြောက်တပ်စုအနီးမှ မင်းသားကြီး ဘာဂရေးရှင်း ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် တူရှင်၏ အမြောက်မြတပ္ပများသည် မီးကျည်များပစ်လွှတ်ကာ ရွှန်ဂရာဘန်ရွာကြီးကို မီးတင်ရှို့လိုက်လေသည်။

"ဟော၊ ပြင်သစ်ကောင်တွေ ပြေးကုန်ကြပြီဟေ့။ မီးလောင်ကုန်ပြီဟ။ ဟော၊ ဟော၊ မီးခိုးလုံးကြီးတွေ တက်လာပြီကွ။ မီးခိုးလုံးကြီးတွေ တက်လာပြီ" အမြောက်တပ်သားများသည် အော်ဟစ်မြူးထူးလျက် ရှိကြ၏။ ၎င်းတို့၏ မျက်နှာများသည်လည်း ဝင်းထိန်လျက် ရှိကြလေသည်။

တူရှင်၏အမြောက်မြတပ္ပများသည် နောက်ထပ်အမိန့်ကိုပင် မစောင့်တော့ဘဲ မီးလောင်နေသည့်ရွာကိုသာ သဲသဲမဲမဲ ပစ်ခတ်လျက်ရှိကြလေသည်။ "ကောင်းတယ်ကွ။ ဟုတ်ပြီကွ။ လောင်ကုန်ပြီကွ"ဟု အော်ဟစ်ကြွေးကြော်လျက်လည်း ရှိကြသည်။ လေပင့်လိုက်သဖြင့် မီးတောက်သည် တဖြည်းဖြည်း ကြီးလာလေသည်။ ရွာကိုလွန်၍ ချီတက်လာကြသော ပြင်သစ်စစ်ကြောင်းသည် နောက်သို့ ဆုတ်သွားကာ လက်စားချေသည့်အလား ရွာ၏ လက်ယာဘက်တွင် အမြောက်မြတပ္ပ ဆယ်လက်ဆင်လိုက်ပြီး တူရှင်၏ အမြောက်တပ်စုကို လှမ်း၍ ပစ်ခတ်လေတော့သည်။

တူရှင်၏ အရှေ့မြောက်တပ်သားများမှာ ရွာကို မီးလောင်သည့်အတွက်တစ်ကြောင်း၊ မိမိတို့က ပြင်သစ်များအား အောင်မြင်စွာ အမြောက်မြတပ္ပများဖြင့် ပစ်လွှတ်နိုင်သည့်အတွက်တစ်ကြောင်း၊ ကလေးငယ်ပမာ ဝမ်းသာမြူးထူးလျက်ရှိနေကြရာ ရန်သူ၏ကျည်နှစ်လုံး၊ နောက်ထပ်ကျည်လေးလုံး မိမိတို့အမြောက်မြတပ္ပများအနီးသို့ ကျရောက်လာလျက် တစ်လုံးက မြင်းနှစ်ကောင်ကို ထိမှန်ပြီး၊ တစ်လုံးက ခဲယမ်းမီးကျောက်တင်လှည်းမောင်းတပ်သားကို ထိသွားတော့မှ ရန်သူများက ပြန်လည်ပစ်ခတ်နေသည်ကို သတိပြုမိကြတော့သည်။ သို့တိုင်အောင် တူရှင်၏ တပ်သားများသည် စိတ်တတ်တက်ကြွလျက် ရှိကြပေသေးသည်။ ချက်ချင်းပင် ရန်သူကျည်သင့်သွားသော မြင်းနှစ်ကောင်နေရာတွင် အရန်အမြောက်တင်ရထားမှ မြင်းနှစ်ကောင်ကို အစားသွင်းပြီးနောက် တူရှင်၏အမြောက်မြတပ္ပ လေးလက်သည် ရန်သူအမြောက်မြတပ္ပ ဆယ်လက်တပ်စုကို ခံ၍ ပစ်နေပြန်လေသည်။ တူရှင်၏ လက်ထောက်ဗိုလ်ကလေးတစ်ဦး တိုက်ပွဲအစတွင် ကျဆုံးသွားပြီး တစ်နာရီအတွင်းတွင် အမြောက်တပ်သားလေးဆယ်အနက် ဆယ့်ခုနစ်ယောက် ကျည်သင့်၍ သွားကြသော်လည်း တူရှင်၏ အမြောက်တပ်သားများကား ခါတိုင်းကဲ့သို့ပင် ပျော်ရွှင်မြူးထူးလျက်သာရှိကြသည်။ ရန်သူပြင်သစ်တပ်များ တောင်ကမူခြေရင်းသို့ နှစ်ကြိမ်တိုင်ချဉ်းကပ်လာကြသော်လည်း နှစ်ကြိမ်စလုံး လက်ဦးမှု ယူလိုက်လျက် ကိုးလုံးကျည်များဖြင့် တွန်းလှန်တိုက်ကြသည်သာ ဖြစ်လေသည်။

သေးသေးညှက်ညှက် လူဖလံကလေး တူရှင်သည် ထိုမှ ဤမှ လျှောက်၍ တပ်လုလင်အား "ငါ့ ဆေးအိုးထဲ ဆေးထည့်ပေးပါဦးကွ"ဟု ခဏခဏပြောကာ မီးတဖွားဖွားဖြင့် ရှေ့မှသွား၍ ရပ်လျက် မျက်လုံးကိုကာရင်း ပြင်သစ်များကို လှမ်းကြည့်နေတတ်ပေသည်။

"ကဲသွေးသောက်တို့၊ ကြိတ်လိုက်ကြစမ်းကွ"ဟု ဆိုကာ တူရှင်သည် အမြောက်တင်ရထားဘီးကို ကိုင်၍ သူကိုယ်တိုင် အမြောက်မြတပ္ပချိန်သီးကို လှည့်နေတတ်သည်။

အမြောက်မြတပ္ပများက နားကွဲလုမတတ် ပစ်လွှတ်လိုက်တိုင်း တူရှင်သည် ထ၍ခုန်ကာ ပါးစပ်တွင် ဆေးတံကို ခဲလျက်က မီးခိုးလုံးများကြား၌ အမြောက်မြတပ္ပတစ်လက်မှ တစ်လက်သို့ ကူးလူးနေ၏။ တစ်ခါတစ်ခါ၌လည်း ကိုယ်တိုင်ဝင်၍ချိန်၏။ တစ်ခါတစ်ခါ၌လည်း ယမ်းချိန်ကို ကိုယ်တိုင်ရေတွက်ခြင်းပြု၏။ တစ်ခါတစ်ခါ၌လည်း ကျည်သင့်သည့် တပ်သားများ၊ မြင်းများကို ရွှေ့နိုင်းကာ နောက်ထပ်မြင်းသစ်များ အစားထိုးရန် အမိန့်ပေး၏။ တစ်ခါတစ်ခါ၌လည်း စူးရှလှသော အသံသေး ကလေးဖြင့် အော်ဟစ်လျက်ရှိလေသည်။ သူ့မျက်နှာသည် ရွှင်လန်းသည်ထက် ရွှင်လန်းလာလေသည်။ တပ်သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရမှသာ တူရှင်သည် မျက်မှောင်ကုတ်လိုက်ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားကာ ဒဏ်ရာရသူ၊ သို့မဟုတ် ကျဆုံးသူကိုသယ်ယူရန် ထုံးစံအတိုင်း တွန့်ဆုတ် တွန့်ဆုတ် လုပ်နေကြသူများကို အော်ဟစ်နေတတ်လေသည်။ တပ်သားများမှာ အများအားဖြင့် ယောကျ်ားပီသ သူများ ဖြစ်ကြ၏။ အမြောက်တပ်ခွဲမှ တပ်သားသည် ၎င်းတို့၏ တပ်မှူးများထက် အမြဲတမ်း သန်မာထွားကျိုင်းလျက် ခေါင်းတစ်လုံး မြင့်နေတတ်ကြသလို တူရှင်၏ အမြောက်တပ်စုမှ တပ်သားများသည်လည်း ၎င်းတို့၏ တပ်မှူးထက် ထွားကျိုင်းမြင့်မားလျက် ရှိကြ၏။ ၎င်းတို့သည်တပ်မှူး တူရှင်က အော်ငေါက်ကြိမ်းမောင်းသည့် အခါ၌ ဆုပ်ခွင်းခံရသော ကလေးငယ်များသဖွယ် ၎င်းတို့၏ တပ်မှူးကို မျက်လုံးအကြောင်သားဖြင့် ငေးကြည့်နေတတ် ကြသည်။ ၎င်းတို့၏ မျက်နှာထားများမှာလည်း တပ်မှူးဖြစ်သူ တူရှင်၏မျက်နှာထားကိုလိုက်၍ ပြောင်းလဲလျက် ရှိကြလေသည်။

မိမိ၏အမြောက်မြတပ်ငူများက တကျိမ့်ကျိမ့်မြည် ဟည်း ပစ်လွှတ်လျက် ရှိခြင်းကြောင့် တစ်ကြောင်း၊ ယခုအချိန်၌ ရန်သူကို ရှိသမျှအားဖြင့် ပြုတိုက်ရန် စိတ်အားထက်သန်လျက်ရှိခြင်းကြောင့်တစ်ကြောင်း၊ တူရှင်သည် ကြောက်စိတ်ဆို၍ မြူမျှပင် မရှိရုံမျှမက မိမိကျဆုံးလိမ့်မည်ဟုလည်းကောင်း၊ ဒဏ်ရာရလိမ့်မည်ဟုလည်းကောင်း နည်းနည်းကလေးမျှ မတွေးမိချေ။ ထိုမျှမက ပို၍ပင် ရွှင်လန်းဖျတ်လတ်၍ လာပေသေးသည်။ ရန်သူစစ်လျှင်စစ်ဖျားကို စ၍ မြင်ရသည်မှာ တစ်နေ့မျှရှိသေးသော်လည်း တူရှင်၏ စိတ်ထဲတွင်ကား တစ်ကမ္ဘာလောက်ကြာပြီ အောက်မေ့လျက် မိမိရပ်လျက်ရှိသော နေရာမှာလည်း မိမိနှင့်ရင်းနှီးပြီးသား ပတ်ဝန်းကျင်ဟု ထင်မှတ်နေလေသည်။ တူရှင်သည် မိမိရင်ဆိုင်လျက်ရှိသော အခြေအနေမျိုး၌ စစ်အတတ်ပညာတွင် အတော်ဆုံးသော ဗိုလ်များတွေးတောသမျှ၊ စဉ်းစားသမျှ၊ ပြုလုပ်သမျှကို တတ်နိုင်သမျှ ကြိုးစား၍ ပြုလုပ်သော်လည်း ၎င်း၏အခြေအနေမှာ ငိုက်ပျမ်းနေသူကဲ့သို့လည်းကောင်း၊ သူရာယစ်နေသူကဲ့သို့လည်းကောင်း အထူးလှုပ်ရှားလျက်ရှိလေသည်။

မိမိပတ်ဝန်းကျင်၌ အမြောက်မြတပ်ငူများ၏ နားကွဲလုမတတ် မြည်ဟိန်းသံများ၊ ရန်သူအမြောက်ကျည်များ၏ ရှီခနဲမြည်သံနှင့် ဝုန်းခနဲကျသံများ၊ အမြောက်မြတပ်ငူများ အနီးရှိ တပ်သားများ၏ ချွေးသံစိုရွှဲကာ နီရဲလျက်ရှိသော မျက်နှာများ၊ တပ်သားများ၊ မြင်းများ၏ သွေးကွက်ကြီးများ၊ ရန်သူဘက်ဆီမှ မီးခိုးလုံးလေးများ (ထိုမီးခိုးလုံးလေးများ ထွက်ပြီး မကြာမီ အမြောက်ကျည်များကျလာကာ မြေကြီးကိုလည်းကောင်း၊ တပ်သားကိုလည်းကောင်း၊ အမြောက်မြတပ်ငူကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း ထိမှန်တတ်သည်။) စသည်တို့ကို မြင်တွေ့နေရသောအခါ၌ တူရှင်၏ ဦးနှောက်ထဲတွင် ထူးထွေဆန်းကြယ်သော စိတ်ကူးကမ္ဘာကလေးတစ်ခုသည် ပေါ်ပေါက်လာကာ ထိုသည်နှင့် တစ်ပြိုင်နက် လူမှာလည်း မြူးကြွလာလေတော့သည်။ သူ့စိတ်တွင် ရန်သူ၏အမြောက်မြတပ်ငူများသည် အမြောက်မြတပ်ငူများ မဟုတ်ကြဘဲ ဆေးတံများဟု ထင်မှတ်ကာ အမြောက်မြတပ်ငူများမှ ထွက်လာသော မီးခိုးများသည်လည်း ရှိမ်းဆာယာပိုမောက်၍ ကိုယ်ပျောက်နိုင်စွမ်းရှိသူ တစ်ယောက်က ဆေးအိုးကို ရှူရှိုက်လိုက်သည့်အတွက် ထွက်လာသည့် မီးခိုးများဟု ထင်မှတ်လျက်ရှိလေသည်။

"အံမာ ချွေးမသား၊ ဆေးတံရှူနေပြန်ပြီ"

တောင်ခါးပန်းရှိ ရန်သူစစ်ကြောင်းဆီမှ မီးခိုးလေး တစ်တန်းထွက်လာကာ လေတိုက်ရာတွင် လွင့်နေသည်ကို မြင်သဖြင့် တူရှင်က ပြောလိုက်သည်။

"ချွေးမသားတော့ ဆေးတံရှူပြန်ပြီဟေ့၊ ကျည်တစ်လုံးလာလိမ့်မယ်၊ သတိထားနေကြ။ ပြီးတော့ တို့ဘက်ကလဲ တစ်အိုးလောက် ပြန်ရှူပြလိုက်ဟေ့"

"ဗိုလ်ကြီး ဘာလိုချင်လို့လဲ"

တူရှင်ပြောနေသည်ကို နားမလည်သည့် တပ်သား တစ်ယောက်က လှမ်းမေးလိုက်၏။

"ဟင့်အင်း၊ ဘာမှမလိုပါဘူး။ ဟိုကောင်တွေဆီ တစ်လုံးလောက် ထုလိုက်စမ်းပါဦး"

"ကဲ၊ အချစ်တော်ကြီး မာဗီနာရေ၊ တစ်လုံးလောက်"ဟု တူရှင်က တစ်ယောက်တည်း ပြောလိုက်၏။ မာဗီနာ (မိန်းကလေးတစ်ယောက်နာမည်)မှာ ၎င်း၏ အမြောက်တပ်စု အစွန်ဆုံးရှိ အကောင်းဆုံး အကြီးဆုံး အမြောက်မြတပ်ငူကြီးကို တူရှင်ကပေးထားသည့် နာမည် ဖြစ်၏။ ပြင်သစ်တပ်သားများ ၎င်းတို့အမြောက်မြတပ်ငူများ အနီးတွင် စုပြုံနေကြပုံမှာ တူရှင်၏မျက်စိထဲတွင် ပိုးပုရွက်များနှင့်ပင် တူသေးတော့သည်ဟု ထင်မိ၏။ တူရှင်၏



www.burmeseclassic.com

www.burmeseclassic.com



အမြောက်တပ်စု၌ ဒုတိယအမြောက်တပ်ဖွဲ့မှ နံပါတ်တစ်လူမှာ ထောင်ထောင်မောင်းမောင်း အရက်အိုးတစ်ယောက်ဖြစ်လျက် သူ့ကို 'အဘ'ဟု ချစ်စနိုးခေါ်လေ့ရှိကြ၏။ တူရှင်သည် 'အဘ'ကို မကြာမကြာ လှမ်းကြည့်ကာ 'အဘ'လုပ်ကိုင်နေပုံကိုကြည့်၍ ပီတိဖြစ်လျက်ရှိ၏။ တောင်ခါးပန်းခြေရင်းမှ တိုးသွားချည်၊ ကျယ်လာချည်ဖြစ်နေသော ကျည်တစ်လုံးထိုးသေနတ် ပစ်ဖောက်သံများသည် တူရှင်၏စိတ်ထဲတွင် တစ်ယောက်ယောက် အသက်ရှူနေသော အသံများဖြစ်သည်ဟုထင်မိလေသည်။ တူရှင်သည် နိမ့်လိုက် တက်လိုက်ဖြစ်နေသော တစ်လုံးထိုးသေနတ်ပစ်ဖောက်သံများကို နားထောင်နေပြန်သည်။

"ဟော၊ ရှူပြန်ပြီ၊ ရှူပြန်ပြီ"တူရှင်သည် တစ်ယောက်တည်း ရေရွတ်လျက်ရှိ၏။ နောက် မိမိကိုယ်တိုင်လည်း ပြင်သစ်များအား အမြောက်ကျည်ကြီးများကို လက်နှင့် ကိုင်၍ကိုင်၍ပစ်နေသော ရောမ လူကြီး တစ်ယောက်ဟု ထင်လျက် ရှိလေသည်။

"ကဲ၊ အချစ်တော်ကြီး မာဗီနာရေ့၊ တစ်လုံးလောက် လုပ်စမ်းပါဦး"

တူရှင်သည် ရှေးအမြောက် မြတာပူကြီး အနီးမှ ထွက်လာကာ တစ်ယောက်တည်း ရေရွတ်လာ၏။ ထိုအခိုက် မိမိအထက်ဆီမှ ခေါ်သံကြားရလေသည်။

"ဗိုလ်ကြီးတူရှင်၊ ဗိုလ်ကြီးတူရှင်"

တူရှင်သည် အသံလာရာဆီသို့ မော့ကြည့်လိုက်ပြီး စိတ်ပျက်သွား၏။ အသံရှင်မှာ ဂရွန့်ရွာတွင် စခန်းချတုန်းက မိမိအား ရိက္ခာတဲထဲမှ မောင်းထုတ်ခဲ့သော စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ကလေးဖြစ်၏။ စစ်ဦးစီးဌာနချုပ်ဗိုလ်ကလေးသည် တကြော်ကြော် ခေါ်လျက်ရှိသည်။

"ဗိုလ်ကြီးတူရှင်၊ ခင်ဗျားရူးနေသလားဟင်။ ဆုတ်ခဲ့ဖို့ အမိန့်ပေးတာ နှစ်ကြိမ်တောင် ရှိနေပြီ"

တူရှင်သည် အလန့်တကြားဖြင့် စစ်ဦးစီးဌာနချုပ်ဗိုလ်ကလေးကို မော့ကြည့်၏။

"ကျုပ်၊ ကျုပ်"

ဗိုလ်ကလေးက လက်ချောင်းနှစ်ချောင်းကို ပူးပြီး ဦးထုပ်နားသို့ မြှောက်၍ ပြောလိုက်၏။ သို့ရာတွင် စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးသည် စကားကိုဆုံးအောင် မပြောနိုင်တော့ချေ။ ရန်သူအမြောက်ကျည်တစ်လုံးသည် ဝီခနဲမြည်ကာ ဖြတ်လာလေရာ ခေါင်းကိုငုံ၍ မြင်းပေါ်တွင် ဝပ်နေလိုက်ရသည်။ နောက်တစ်ခွန်းပြောရန် ပြန်အထလိုက်တွင် အမြောက်ကျည်နောက်တစ်လုံး ကျလာပြန်သည်။ ဧကကြာသော် စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးသည် စကားကို ဆက်မပြောတော့ဘဲ ပြန်လှည့်ကာ ကဆုန်စိုင်းပြေးတော့သည်။

"ဆုတ်ခဲ့၊ အားလုံးဆုတ်ခဲ့" စစ်ဦးစီးဌာနချုပ်ဗိုလ်ကလေးသည် အဝေးမှလှမ်း၍ အော်နေပြန်သည်။

တူရှင်၏ တပ်သားများသည် တဝါးဝါးရယ်ကာ ပွဲကျလျက်ရှိကြ၏။ နောက်တစ်ခဏအကြာ၌ ဆုတ်ရန်အမိန့်နှင့်အတူ တပ်ရေးဗိုလ်မင်းတစ်ယောက် ရောက်လာပြန်လေသည်။

ထိုတပ်ရေးဗိုလ်မင်းကား မင်းသားကလေးအင်ဒရေဖြစ်၏။ တူရှင်၏ အမြောက်တပ်စုရှိရာ တောင်ကမူကလေးပေါ်သို့ မြင်းစီး၍ တက်လာခဲ့ရာတွင် ကကြိုးပြတ်လျက်ခြေကျိုးနေသော မြင်းတစ်ကောင် လူးလိမ့်၍ သနားစဖွယ်ညည်းညူလျက် ရှိသည်ကို မင်းသားကလေး အင်ဒရေပထမဆုံး မြင်လိုက်ရ၏။ ခြေထောက်မှ သွေးများသည် ရေကရားမှ ရေပန်းထွက်သကဲ့သို့ ဒလဟော ပန်းထွက်နေကြလေသည်။ အမြောက်ခင်တီတ်များကြားတွင်ကား တပ်သားများသည် မြင်မကောင်းအောင် အတုံးအရုံးလဲကျ သေဆုံးနေကြသည်။ တူရှင်၏ အမြောက်တပ်စုနားသို့ နီးလာသည်နှင့်အမျှ အမြောက်ကျည်လုံးများသည် တစ်လုံးပြီးတစ်လုံး သူ့ခေါင်းပေါ်မှ ဖြတ်သန်းသွားကြလေရာ မင်းသားကလေး အင်ဒရေသည် ကြက်သီးတွေတဖြန်းဖြန်း ထလာကာ ကြောက်စိတ်များသည် ထိန်းမနိုင်သိမ်းမရအောင် တဖွားဖွား ပေါ်ပေါက်လာကြလေသည်။ 'အို ဘာဖြစ်လို့ ကြောက်ရမှာလဲ။ ငါမကြောက်ဘူး' ဟု အားတင်းကာ အမြောက်ပစ်သူများ ကြားထဲသို့ မြင်းပေါ်မှ ဆင်းလိုက်သည်။ မင်းသားကလေးအင်ဒရေသည် တပ်မှူးဗိုလ်ချုပ်ကြီးဘာဂရေးရှင်းပေးလိုက်သော အမိန့်ကို ပေးပြီးနောက် အမြောက်တပ်စုနားမှ မခွာသေးဘဲ ရပ်နေသည်။ အမြောက်ပစ်သူများကို မိမိရှေ့တွင်ပင် ရွှေ့ပြောင်း၍ ဆုတ်စေချင်သည်။ ထို့ကြောင့် မင်းသားကလေးအင်ဒရေသည် တူရှင်နှင့်အတူ ပြင်သစ်အမြောက်မြတာပူကျည်ထန်စွာ ပစ်လွှတ်နေသည့်ကြားတွင် လူသေကောင်

www.burmeseclassic.com



များကို ကျော်ဖြတ်ကာ အမြောက်မြတပ်မှူးများ ရွှေ့ပြောင်း ဆုတ်ခွာနေသည်ကို ကြည့်ရှုလျက် ရှိလေသည်။

"စောစောကလာတဲ့ စစ်ဦးစီးဌာနချုပ်က ဗိုလ်ကလေးတော့ တစ်ချီးတည်း ပြန်လှည့်ပြေးတာပဲခင်ဗျ။ ကိုယ်တော်လေးလို မဟုတ်ဘူး"ဟု အမြောက်တပ်သားတစ်ယောက်က မင်းသားကလေးအင်ဒရေကိုပြောလိုက်၏။

မင်းသားကလေး အင်ဒရေသည် တူရှင်အား မည်သို့မျှ ပြောဆိုခြင်းမပြုချေ။ တစ်ယောက်ကိုတစ်ယောက် သတိမထားနိုင်ကြဘဲ နှစ်ယောက်စလုံး အလုပ်များလျက်ရှိကြလေသည်။ အမြောက်မြတပ်မှူး လေးလက်အနက် လုံးဝအထိအခိုက်မရှိသော အမြောက်မြတပ်မှူးနှစ်လက်ကို ခင်တိတ်များတွင် တပ်ဆင်ပြီးနောက် တောင်ကမူအောက်သို့ရွှေ့လာကြစဉ် (ပျက်စီးသွားသည့် 'နတ်မြင်းပျံ' အမည်ရှိ အမြောက်ကို စွန့်ပစ်ခဲ့သည်။) မင်းသားကလေးအင်ဒရေသည် တူရှင်ထံသို့ စီး၍လာခဲ့လေသည်။

"ကဲ၊ နောက် တွေ့ကြသေးတာပေါ့ဗျာ" မင်းသားကလေးအင်ဒရေသည် လက်ကိုတူရှင်သို့ ကမ်းပေးလိုက်၏။

"သွားတော့ ရောင်းရင်းရေ၊ သွားပေဦးတော့" တူရှင်က ပြန်၍ နှုတ်ဆက်လိုက်၏။ မည်သည့်အတွက်ကြောင့် မသိ။ တူရှင်၏ မျက်လုံး၌ကား မျက်ရည်တွေဝဲလျက်ရှိလေသည်။

## အခန်း ၂၁

လေငြိမ်စ ပြုလာသည့်အတွက် မည်းမှောင်သော တိမ်တိုက်များသည် ယမ်းငွေ့များနှင့် ရောယှက်သွားကြကာ စစ်တလင်းပြင် အထက်ကောင်းကင်တစ်ခိုတွင် ပန်းဆိုင်းဆွဲသကဲ့သို့ တွဲလွဲချိတ်ဆွဲလျက် ရှိလေသည်။ မှောင်လာပြီဖြစ်သဖြင့်လည်း ရွှန်ဂရာဘန် ရွာကြီးဆီမှ မီးတောက်များသည် ပို၍ ထင်ရှားလာကြလေသည်။ အမြောက်မြတပ်မှူး ပစ်လွှတ်သံများ စဲသွားပြီဖြစ်သော်လည်း နောက်ကျောဘက်နှင့် လက်ယာဘက်ဆီတွင်ကား သေနတ်ပစ်ဖောက်သံများသည်စိပ်လာကာ တဖြည်းဖြည်း နီးလာသည်ဟု ထင်ရ၏။ တူရှင်သည် မိမိ၏အမြောက်မြတပ်မှူးများနှင့်အတူ ဒဏ်ရာရနေသော လူနာများကြားမှလည်းကောင်း၊ ၎င်းတို့ကို ရှောင်ကွင်း၍လည်းကောင်း ဆုတ်ခွာလာခဲ့သည်တွင် ရန်သူအမြောက်ပစ်ကွင်းထဲမှ လွတ်ထွက်လာကာ လျှိုကလေးထဲသို့ ဆင်းစပြုနေသောအချိန်၌ စစ်ဦးစီးဌာနချုပ် ဗိုလ်တစ်သိုက်နှင့် သွားတွေ့လေသည်။ ၎င်းတို့ အထဲတွင် စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးနှင့် ဇာကော့ဇ်တို့လည်း ပါ၏။ ၎င်းတို့နှစ်ယောက်အား တူရှင်၏ အမြောက်တပ်စုဆီသို့ နှစ်ကြိမ်တိုင်စေလွှတ်ကာ ဆုတ်ခွာရန် အမိန့်ပေးခိုင်းခဲ့သော်လည်း နှစ်ယောက်စလုံး တစ်ယောက်မျှ ရောက်မလာခဲ့ကြချေ။ တူရှင်ကို တွေ့သည်နှင့် နှစ်ယောက်စလုံး တပ်မှူး၏ ဆုတ်မိန့်ကို သူ့ထက်ငါဦးအောင် အလုအယက်ပေးနေကြလျက် တူရှင်ကို ကြိမ်းမောင်းမာန်မဲကာ အပြစ်တင်နေကြလေသည်။ တူရှင်သည် သူတို့ပေးသော အမိန့်ကို မိမိ၏ တပ်သားများအား ပြန်လည်၍ ပေးခြင်းလည်း မပြု၊ သူတို့အားလည်း တစ်ခွန်းမျှ ပြန်မပြောဘဲ ငြိမ်နေသည်။ စကားပြန်မပေးခြင်းမှာကား စကားတစ်လုံးပြောလိုက်သည်နှင့် မည်သည့်အတွက်ကြောင့်မသိ၊ မျက်ရည်လည်ရွှဲဖြင့် ချုံးပွဲချ၍ ငိုမိမည်ဖြစ်သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် တူရှင်သည် တိတ်ဆိတ်စွာပင် မိမိ၏ အမြောက်တင်ရထားဆွဲ မြင်းပုကလေးနောက်မှ မြင်းစီး၍ လိုက်ပါလာခဲ့သည်။ ဒဏ်ရာရသူများအား စွန့်ပစ်ခဲ့ရန် အမိန့်ထုတ်ထားသော်လည်း လူနာများသည် တပ်များနောက်က ဒရွတ်ဆွဲ၍ လိုက်ပါလာကြကာ မိမိတို့အား အမြောက်ခင်တိတ်ပေါ်တွင် လိုက်ပါခွင့်ပြုပါမည့်အကြောင်း တစာစာ တောင်းပန်လျက် ရှိကြလေသည်။ တိုက်ပွဲမစမီက တူရှင်၏ သစ်ခက်တဲထဲမှ ပြေးထွက်လာခဲ့သည့် ခပ်ကြွားကြွား ခြေလျင်တပ်ဗိုလ်မှာ ဗိုက်တွင် ကျည်စူးလျက် 'မာဗီနာ' အမြောက်တင် ရထားပေါ်တွင် ပက်လက်ကြီးပါလာလေသည်။ တောင်ကမူခြေရင်းသို့ အရောက်တွင်ကား ဖြူရော်လျက်ရှိသော မြင်းတပ်ဗိုလ်လောင်းတစ်ယောက်သည် လက်မောင်းတစ်ဖက်ကို အခြားလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အမြောက်တင် ရထားပေါ်တွင် လိုက်ပါခွင့် ပြုပါမည့်အကြောင်း တူရှင်ကို တောင်းပန်လျက်ရှိလေသည်။

"ဗိုလ်ကြီး၊ ကျွန်တော့်ကယ်ပါဗျာ။ လက်မောင်းကို ထိသွားလို့ပါ။ ကျွန်တော် လမ်းမလျှောက်နိုင်လို့ပါဗျာ။ နော်၊ ဗိုလ်ကြီး။ ကယ်ပါဗျာ နော်"



www.burmeseclassic.com

www.burmeseclassic.com



မြင်းတပ် ဗိုလ်လောင်းကလေးမှာ လမ်းတွင် ဖြတ်သွားသမျှသော ယာဉ်များကို တစာစာ တောင်းပန်ခဲ့ပြီ ဖြစ်သော်လည်း မည်သူကမျှ တင်မသွား၍ ကျန်ရစ်ခဲ့ခြင်းဖြစ်လေသည်။ ထိုမြင်းတပ်ဗိုလ်ကလေးသည် မရဲတရဲနှင့် သနားစဖွယ် တောင်းပန်လျက်ရှိ၏။

"လုပ်ပါဗျာ ဗိုလ်ကြီး။ တစ်နေရာလောက်ပေးဖို့ ဗိုလ်ကြီးရဲ့ တပ်သားတွေကို ပြောပေးပါနော် ဗိုလ်ကြီး"

"ဟော့ သွေးသောက်တွေ ၊ သူ့ကို တစ်နေရာ ပေးလိုက်စမ်းကွာ။ ဝတ်ရုံတစ်ထည်လဲ အောက်က ခင်းပေးလိုက်ကြစမ်း"တူရှင်က မိမိ၏ တပ်လုလင် နှစ်ယောက်ကို ပြောလိုက်၏။

"ဟော့ စောစောက ဗိုက်ကို သေနတ်မှန်လို့ တင်လာတဲ့ ဗိုလ်လေးကော"

"သေသွားပြီ ဗိုလ်ကြီး။ ချပစ်ခဲ့ပြီ"

"ကဲ၊ ကဲ၊ ခု တစ်ယောက်ကို တင်လိုက်စမ်းပါဦးကွာ။ ကဲ၊ ရောင်းရင်း ထိုင်ဗျာ၊ ထိုင်ထိုင်။ ဟော့ အန်တိုနော့၊ ဝတ်ရုံကို ခင်းပေးလိုက်စမ်းပါကွ"

ထိုဗိုလ်လောင်းကလေးမှာ နီကိုလေ ဖြစ်လေသည်။ နီကိုလေသည် လက်တစ်ဖက်ကို အခြားတစ်ဖက်ဖြင့်ဆုပ်ထား၏။ သူ့မျက်နှာသည် ဖြူရော်ကာ မေးဖျားသည် တဆတ်ဆတ်တုန်လျက် ရှိကြ၏။ တစ်ကိုယ်လုံးလည်း အဖျားတက်သကဲ့သို့ တုန်လျက်ရှိလေသည်။ နီကိုလေအား စောစောက သေသွားသည့် ခြေလျင်တပ်ဗိုလ်ကို တင်လာခဲ့သည့် 'မာဗီနာ' အမြောက်ကြီးပေါ်သို့ တင်လိုက်လေသည်။ အောက်က ခင်းပေးထားသော ဝတ်ရုံမှာ သွေးတွေ ရွှဲရွှဲစိုလျက်ရှိလေရာ သူ့လက်ဖမောင်းနှင့် ဒူးကျပ်မြင်းစီးဘောင်းဘီတွင် ပေကျံလျက် ရှိလေသည်။

"ဒဏ်ရာရလာလို့လား ရောင်းရင်း" တူရှင်က နီကိုလေ ထိုင်လိုက်၍လာသည့် အမြောက်တင်ရထားအနီးသို့ ကပ်၍ စီးလာရင်း မေးလိုက်၏။

"မဟုတ်ဘူးဗျ။ အဆစ်ပြုတ်သွားလို့"

"နို့ အမြောက်ခင်တိတ်ပေါ်က သွေးတွေကကော" တူရှင်က ထပ်၍ မေးလိုက်၏။

"စောစောက ခြေလျင်တပ်ဗိုလ်ရဲ့ သွေးတွေ ဗိုလ်ကြီး" အမြောက်တပ်သားက မိမိအမြောက်ဖြစ်ပျက်နေပုံကို တောင်းပန်သကဲ့သို့ အမြောက်မှ သွေးများကို ဝတ်ရုံအင်္ကျီလက်ဖြင့် သုတ်ရင်း ပြောလိုက်၏။

သို့ဖြင့် တူရှင်၏ အမြောက်မြတပ္ပမျာကို ခြေလျင်တပ်ရင်းများ၏ အကူအညီဖြင့် ဆွဲလာခဲ့ကြကာ ဂရွန်တာ ဒေါ်ရွာသို့ ရောက်သည်နှင့် စခန်းချကြလေသည်။ ဂရွန်တာ ဒေါ်ရွာသို့ ရောက်သည့်အခါတွင် အတော်မှောင်နေလေပြီ။ ရှေ့ဆယ်လှမ်းလောက်ကွာလျှင်ပင် ရန်သူ မိတ်ဆွေခွဲခြား မရတော့ချေ။ အမြောက်သံများလည်း တပြည်းပြည်း စဲသွားကြပြီ ဖြစ်လေသည်။ ထိုအခိုက်တွင် လက်ယာဘက်ဆီမှ ပစ်သံခတ်သံများနှင့် အော်သံဟစ်သံများ ရုတ်တရက် ကြားလိုက်ရပြန်သည်။ သေနတ်ပြောင်းဝမှ မီးပွင့်များသည် မှောင်ထုကြီးထဲ၌ လက်ခနဲလက်ခနဲ ပွင့်သွားကြ၏။

ဤကား ရန်သူပြင်သစ်တို့၏ နောက်ဆုံးထိုးစစ်ဖြစ်လေရာ အိမ်များထဲတွင် ရောက်နေသော ရုရှားစစ်တပ်များကလည်း အပြင်းအထန် ခုခံကြလေသည်။ ထို့နောက် အိမ်များထဲမှ ပြေးထွက်လာကြပြန်သည်။ တူရှင်၏ အမြောက်မြတပ္ပများကား မလှုပ်နိုင်တော့ပြီ။

တူရှင်နှင့်တကွ သူ၏အမြောက်တပ်သားများသည်လည်းကောင်း၊ နီကိုလေသည်လည်းကောင်း ဘာမျှမတတ်နိုင်ကြတော့ဘဲ ကမ္ဘာသကာဟု သဘောထားကာ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်နေမိလေသည်။ ခဏကြာလျှင်ပစ်ခတ်သံများ ရပ်စဲသွားပြီးနောက် ရွာလမ်းမြောင်ဘက်ဆီမှ တပ်သားများ၏ စကားပြောသံများကို ကြားရလေသည်။

"ဘယ်ထိသွားသလဲဟေ့ ပီထရော့"

"ခွေးမသားတွေတော့ ခပ်စပ်စပ်ကလေး အုပ်ထည့်လိုက်တာ နောက်တစ်ခါ တိုက်ရဲတော့မှာတော့ မဟုတ်ဘူး" တစ်ယောက်က ပြန်ပြော၏။

"မှောင်မည်းနေတာပဲ။ ဘာမှမမြင်ရဘူး။ ခွေးမသားတွေအချင်းချင်း များပစ်ကုန်ကြပြီ။ ဗျို့သွေးသောက်၊ အရက်ကလေး ဘာကလေး ရှိသေးလားဗျ"

သို့ဖြင့် ပြင်သစ်တပ်များ၏ ထိုးစစ်ကို နောက်ဆုံးအကြိမ် တွန်းလှန်လိုက်ကြလေသည်။ ပိန်းပိတ်နေသော အမှောင်ထုကြီးထဲ၌ တူရှင်၏ အမြောက်တပ်သားများသည် ဆက်၍ ဆုတ်ခွာခဲ့ကြ၏။ အမြောက်မြတပ္ပများဘေးတွင်ကား ခြေလျင်တပ်သားများသည် ဆူညံစွာ စကားပြောလျက် လိုက်ပါလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသံများ၊ တီးတိုးပြောသံများ၊ မြင်းခွာသံများ၊ ရထားဘီးသံများ စသည်တို့ဖြင့် ဆူညံလျက်ရှိလေရာ ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုကြီးထဲ၌ မမြင်ရသော မြစ်ကြီးတစ်သွယ်သည် အဟုန်ပြင်းစွာစီးဆင်းနေသကဲ့သို့ရှိလေ၏။ တဝုန်းဝုန်း ဆူညံလျက် ရှိသည့်ကြားထဲ၌ ဒဏ်ရာရသူများ၏အော်ဟစ် ညည်းညူသံများကား ညအမှောင်ထုထဲတွင် အခြားအသံများထက် ထင်ရှားစွာထွက်ပေါ်လျက်ရှိလေ၏။ ရှုရှားတပ်မတော်ကြီး တစ်ခုလုံးအား ဖုံးအုပ်လျက်ရှိသော ညှို့နွမ်းအားငယ်ခြင်း ဟူသမျှသည် ထိုအော်ဟစ်ညည်းညူသံများကြောင့် ပို၍ ထုထည်ကြီးမားလာကာ စိတ်နှလုံး ချောက်ချားဖွယ် ဖန်တီးလျက်ရှိလေသည်။ ယင်းသို့ဖြင့် စိတ်ပျက်အားငယ်ခြင်းနှင့် ညည်းညူသံများသည်သာ အမှောင်ထုကြီးနှင့်အတူ ပေါင်းစပ်သွားကြ၏။ ခဏကြာလျှင် တလှုပ်လှုပ်သွားနေသော လူထုကြီးထဲ၌ အနည်းငယ် လှုပ်လှုပ်ရှရှ ဖြစ်သွားပြီးနောက် ကိုယ်ရံတော်တပ်မှ ခြံရံလျက် မြင်းဖြူကြီးတစ်ကောင်စီး၍ တစ်စုံတစ်ရာ ပြောကြားသွားသူ တစ်ယောက်ကို မြင်လိုက်ရသည်။ "ဘာ၊ ဘာပြောသွားတာလဲ။ ခု ဘယ်ကိုဆုတ်ရမှာလဲ။ ဒီမှာ စခန်းချရမတဲ့လား"ဟူသော အလွန်အမင်းသိလိုဇောဖြင့် မေးမြန်းလိုက်သော မေးသံများ ပေါ်ထွက်လာကြ၏။ ထိုနောက် တစ်လှုပ်လှုပ်သွားနေသော လူထုကြီးသည် တစ်ဦးနှင့်တစ်ဦး ပူးကပ်သွားကာ ဤနေရာတွင် ရပ်နားရန် အမိန့်ပေးသွားသည်ဟူသော သတင်းသည် တစ်ယောက်မှတစ်ယောက်သို့ ကူးစက်ပျံ့နှံ့သွားလေသည်။ တပ်ဦးမှာကား ရပ်လျက်ပင် ရှိနေပြီဖြစ်၏။ တပ်သားအားလုံးသည် ရွှံ့ဗွက်ထလျက်ရှိသော လမ်းမကြီးပေါ်တွင် ရပ်မိရပ်ရာ ရပ်လိုက်ကြ၏။

စခန်းမီးပုံများ ဖိုကြပြီးနောက် စကားပြောသံများသည် ဆူညံလာကြပြန်သည်။ အမြောက်တပ်ဗိုလ်ဗိုလ်ကြီးတူရှင်သည် မိမိ၏တပ်ခွဲကို ရပ်နားရန် အမိန့်ပေးလိုက်ပြီးနောက် နီကိုလေအတွက် ဆရာဝန်ကိုသော်လည်းကောင်း၊ သူနာပြု စခန်းကိုသော်လည်းကောင်း တပ်သားတစ်ယောက်အား အရှာလွှတ်လိုက်ကာ လမ်းမပေါ်၌ စစ်သားများ ဖိုထားသည့် မီးပုံဘေးတွင်ဝင်၍ ထိုင်လိုက်၏။ နီကိုလေသည်လည်း ကိုယ့်ကိုယ်ကို အနိုင်နိုင်သယ်ကာ မီးပုံနားသို့ ရောက်လာခဲ့လေသည်။ အနာကြောင့်လည်းကောင်း၊ အေးမြသော ဥတုကြောင့်လည်းကောင်း၊ တစ်ကိုယ်လုံး စိုရွှဲလျက်ရှိသည့် အတွက်ကြောင့်လည်းကောင်း၊ နီကိုလေသည် အဖျားတက်လာသကဲ့သို့ တစ်ကိုယ်လုံး တုန်ဟီးလာလေသည်။ ထိုအချိန်တွင် နီကိုလေမှာ အလွန်အမင်း အိပ်ငိုက်လျက်လည်း ရှိပေပြီ။ သို့ရာတွင် လက်မောင်းမှာ ပြင်းစွာနာကျင်ရကား နေသားတကျမဖြစ်နိုင်ဘဲ အိပ်မရအောင် ဖြစ်နေသည်။ နီကိုလေသည် မျက်စိမှိတ်လိုက်ပြီးနောက် မကြာမီ ပြန်ဖွင့်ကာ မီးရဲရဲနီလျက်ရှိသော မီးပုံကိုလည်းကောင်း၊ တင်ပလ္လင်ခွေ၍ ထိုင်နေသော ပခုံးဝိုင်းဝိုင်းနှင့် လူပလံကလေးတူရှင်ကိုလည်းကောင်း ငေးစိုက်ကြည့်နေမိသည်။ တူရှင်၏ ကြီးမားပြူးကျယ်၍ သနားကြင်နာတတ်ဟန်ရှိသော မျက်လုံးကြီးများသည် ကြေကွဲဝမ်းနည်းသည့် အသွင်ဖြင့် နီကိုလေကို စိုက်ကြည့်လျက်ရှိလေသည်။ တူရှင်သည် နီကိုလေအား ကူညီချင်သော်လည်း မတတ်နိုင်ဘဲ လက်မှိုင်ချလျက်ရှိ၏။

ပတ်ဝန်းကျင်တွင်ကား လမ်းလျှောက်လျက်၊ လှည်းမောင်းလျက်၊ နေရာယူလျက် ရှိနေကြသော ခြေလျင်တပ်သားများ၏ စကားပြောသံ၊ ခြေသံတို့ဖြင့် ဆူညံလျက်ရှိလေသည်။ ညည်းညူသံများ၊ ဆဲသံများ၊ ဘီးလှိမ့်သံများ၊ အော်သံဟစ်သံများ၊ ရုပ်တိုက်သွားသံများ၊ ရွှံ့ဗွက်ထဲတွင် တဗွက်ဗွက် ဖြတ်သန်းသွားနေသံများ၊ မီးပုံများထဲမှ ထင်းစများ၏ တဖျွတ်ဖျွတ်မြည်၍ လောင်ကျွမ်းသံများတို့သည် စုပေါင်းကာ ရုတ်ရုတ်သဲသဲ အသံကိုပြုလျက် ရှိလေသည်။

တပ်သားထုကြီးသည် စောစောကကဲ့သို့ မမြင်ရသော မြစ်ကြီးတစ်သွယ် အဟုန်ပြင်းစွာ စီးဆင်းနေသည်နှင့်မတူတော့ဘဲ မုန်တိုင်းတိုက်ပြီး တဖြည်းဖြည်း ငြိမ်သက်စပြုလာသည့် မည်းမှောင်သော ပင်လယ်သမုဒ္ဒရာကြီးတစ်စင်းနှင့် တူလာလေတော့သည်။ နီကိုလေသည် မိမိပတ်ဝန်းကျင်နှင့် ရှေ့တွင် ဖြတ်သန်းသွားလာနေကြသည့် အရာဟူသမျှတို့ကို အမှတ်မထင် စူးစိုက်ကြည့်ရှုမိသည်။ ခြေလျင်တပ်သား တစ်ယောက်သည် မီးပုံအနီးသို့ လာ၍ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီးနောက် မျက်နှာကို ဘေးသို့လွှဲကာ လက်များကို မီးကင်လျက် ရှိလေသည်။

"ကျွန်တော့်တပ်ခွဲနဲ့ ကွဲသွားတယ် ဗိုလ်ကြီးရာ။ ကျွန်တော့်တပ်ခွဲ ဘယ်နားရောက်နေမှန်း မသိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ခွကျတာပဲ ဗိုလ်ကြီး" တပ်သားက တူရင်ကို လှမ်းပြောလိုက်၏။

မကြာမီ ပတ်တီးစည်းထားသည့် ခြေလျင်တပ်ဗိုလ်တစ်ယောက်လည်း မီးပုံနားသို့ ရောက်လာကာ လှည်းတစ်စီးဖြတ်သန်းသွားနိုင်ရန်အတွက် အမြောက်တင်ရထားများကို ရွှေ့ပေးရန် တူရင်ကို လှမ်းပြောနေသည်။ ၎င်းထွက်သွားပြီးသည့်နောက်တွင် တပ်သားနှစ်ယောက် ဝုန်းခနဲသူတို့အနားသို့ ရောက်လာကြပြန်သည်။ တပ်သားနှစ်ယောက်သည် ဖိနပ်တစ်ရံကို တစ်ယောက်တစ်ပြန်လုယူကာ ဆဲဆို ရန်ဖြစ်ကြလေသည်။

"ဟေ့ ကောင် မင်းအတင်း လုသွားတာကွ။ ငါကောက်ရတဲ့ ဖိနပ်။ ငါ အရင်တွေ့တာ။ မင်း လုပါးဝလို့" တစ်ယောက်က အသံဆိုးကြီးဖြင့် အော်ဟစ်ဆဲရေးလျက်ရှိသည်။

ထို့နောက် ခြေစွပ်တွင် သွေးတွေ စွန်းပေလျက်ရှိပြီး လည်ပင်းတွင် ပတ်တီးစည်းထားသည့် ပိန်ပိန်ပါးပါး ခပ်ပျော့ပျော့ တပ်သားတစ်ယောက် ရောက်လာပြန်ကာ စိတ်ဆိုးမာန်ဆိုးအသံဖြင့် အမြောက်တပ်သားများထံ ရေတောင်းနေသည်။

"ဒီလိုပဲ ခွေးသေ သေရမှာလားဗျ"ဟု အော်လိုက်သည်။

တူရင်သည် သူ့ကို ရေပေးရန် တပ်သားအား ပြောလိုက်၏။ ထိုအခိုက် တပ်သားတစ်ယောက် ပြုံးပြုံးရွှင်ရွှင်နှင့် ရောက်လာပြန်ကာ ခြေလျင်တပ်များ အတွက် မီးကူးခွင့် လာတောင်းပြန်သည်။

"လုပ်စမ်းပါဦးဗျ။ ကျုပ်တို့ခြေလျင်တပ်တွေ အတွက် မီးစကလေး တစ်စလောက်၊ ကျေးဇူးပါပဲဗျာ။ ပြီးတော့ ဒီမီးစကို အတိုးနဲ့ ပြန်ပေးမယ်ဗျို့။ ဟုတ်စ" တပ်သားသည် မီးစတစ်စကို ကောက်ယူကာ ပြန်အော်သွားသည်။

ထို့နောက် တပ်သားလေးယောက်သည် ဝတ်ရုံအင်္ကျီကြီးဖြင့် ရစ်ပတ်၍ လေးလံသည့် အရာတစ်ခုကို ထမ်းလျက် သူတို့အနီးမှ ဖြတ်သန်းသွားကြပြန်သည်။ တစ်ယောက်မှာ ခလုတ်တိုက်၍ လဲကျသွားလေသည်။

"ဟေ့၊ လမ်းပေါ်မှာ သစ်တုံးကြီးချထားတာ ဘယ်မအေပေးလဲကွ"

"သေနေမှပဲ ယူမနေပါနဲ့ကွာ၊ ပစ်ချထားခဲ့ရအောင်ပါ"ဟု တစ်ယောက်က ဆိုသည်။

"စောက်စကား မများနဲ့ဟေ့၊ ထမ်းမှာထမ်း"

သို့ဖြင့် သူတို့လေးယောက်လည်း အလောင်းကြီးကိုထမ်းလျက်မှောင်ထဲတွင် ပျောက်ကွယ်သွားကြပြန်သည်။

"နာသေးသလား" တူရင်က နီကိုလေအား လေသံကလေးဖြင့် မေးလိုက်သည်။

"အင်း"

"ဗိုလ်ကြီး၊ ဗိုလ်ကြီးကို ဗိုလ်ချုပ်က တွေ့ချင်လို့တဲ့။ ဟောဟိုနားက တဲထဲမှာ ရှိတယ်" အမြောက်တပ်သားတစ်ယောက်က တူရင်ကို လာ၍ ပြော၏။

"အေး'အေး' လာခဲ့မယ်"

တူရင်သည် ထိုင်ရာမှထကာ သူ၏ ဝတ်ရုံအင်္ကျီကြီးကို ကြယ်သီးတပ်၍ ဆွဲဆန့်ပြီးနောက် မီးပုံအနီးမှ ထသွားလေသည်။

အမြောက်တပ်သားများ၏ မီးပုံနှင့် မနီးမဝေးရှိ အသင့်ထိုးထားသော တဲအတွင်း၌ကား ' မင်းသားကြီး ဘာဂရေးရှင်းသည် တပ်မှူးအချို့နှင့်အတူထိုင်ကာ ညစာစားလျက် ရှိလေသည်။ မျက်လုံးမှေးမှေးနှင့် စစ်ဗိုလ်လည်း တဲထဲတွင် ရောက်လျက်ရှိသော အမဲရိုးတစ်ရိုးကို ကိုက်လျက်ရှိ၏။ အနှစ်နှစ်ဆယ်လုံးလုံး နာမည်ပျက်မရှိခဲ့သူ ဗိုလ်ချုပ်ကြီးဘာဂရေးရှင်းကား အရက်တစ်ခွက်၏ တန်ခိုးဖြင့်မျက်နှာနီရဲလျက် ရှိလေသည်။ ထို့ပြင် စိန်လက်စွပ်ဝတ်ထားသည့် စစ်ဦးစီးဌာနချုပ် အဖွဲ့ဝင် ဗိုလ်ကလေးနှင့် ဇာကော့ဖ်သည် မသာယာသောမျက်နှာထားဖြင့် ၎င်းတို့ကို ကြည့်နေကြသည်။ မင်းသားကလေး အင်ဒရေကား နှုတ်ခမ်းကို ကိုက်ထားသည်။ ၎င်း၏မျက်လုံးများသည် တဖျတ်ဖျတ်တောက်လျက်ရှိပြီး မျက်နှာမှာ ပျော့တော့လျက်ရှိလေသည်။

တဲ၏ ထောင့်တစ်ခု၌ ပြင်သစ်တို့ထံမှ သိမ်းဆည်းရရှိလာသော ပြင်သစ်စစ်တံခွန်တစ်လက် ထောင်ထားလျက်ရှိ၏။ ရှေ့တိုက်တော်ဌာန အရာရှိသည် စပ်ဖြီးဖြီး မျက်နှာထားဖြင့် စစ်တံခွန်ပေါ်မှ ပြင်သစ်စာများကို ဖတ်လျက်ရှိ၏။ အတန်ကြာသော် စိတ်ရှုပ်သည့် လက္ခဏာဖြင့် ခေါင်းကို ယမ်းလျက်ရှိလေရာ အကယ်ပင် စစ်တံခွန်

www.burmeseclassic.com



ကို စိတ်ဝင်စားနေ၍လော၊ သို့မဟုတ် လွန်စွာ ဆာလောင်မွတ်သိပ်လျက် ရှိနေပြီဖြစ်သည့်အတိုင်း ထမင်းဝိုင်းတွင် နေရာမရှိသဖြင့် စိတ်ပျက်နေ၍လောဟု ဝေခွဲမရနိုင်အောင် ရှိနေလေသည်။ အနီးရှိ တဲတစ်လုံးအတွင်း၌မူ ရုရှားမြင်းစီးခြေလျင်ရဲမက်များ လက်ရပမ်းဆီးရမိခဲ့သော ပြင်သစ်ဗိုလ်မှူးကြီးတစ်ယောက်ရှိလေသည်။ ရုရှားတပ်ဗိုလ်များသည် ထိုပြင်သစ်ဗိုလ်မှူးကြီးကို ဝိုင်းအုံကြည့်လျက် ရှိကြ၏။ မင်းသားကြီး ဘာဂရေးရှင်းသည် တပ်မှူးများအား တစ်ဦးစီ ကျေးဇူးတင် စကားပြောပြီးနောက် တိုက်ပွဲ အခြင်းအရာ အသေးစိတ်နှင့်တကွ အကျအဆုံးကို မေးမြန်းစုံစမ်းလျက် ရှိလေသည်။ ဘရောနောတွင် စစ်သေနာပတိချုပ် ကုတုဇော့ဗ်၏ စစ်ဆေးခြင်းကို ခံခဲ့ရသည့်တပ်မှ ဗိုလ်ချုပ်ကြီးကားတိုက်ပွဲစသည်နှင့် မိမိတပ်များကို တောအုပ်ထဲမှ ဆုတ်ခွာစေခဲ့ကြောင်း၊ ထင်းခုတ်နေသော တပ်သားများကို ပြန်စုကာ ပြင်သစ်တပ်များအား ဖြတ်သန်းခွင့်ပေးလိုက်ကြောင်း၊ ထိုနောက်မှပြင်သစ်တပ်များကို တပ်ရင်းနှစ်တပ်ဖြင့် လုံ့စွပ်တိုက်ပွဲဆင်နွှဲစေရာ ပြင်သစ်တို့ ဖရိုဖရဲဖြစ်သွားကြောင်း စသည်ဖြင့် မင်းသားကြီး ဘာဂရေးရှင်းထံ အစီရင်ခံလျက် ရှိလေသည်။

"ရန်သူပထမတပ်ရင်း ဖရိုဖရဲ ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော်လဲ ဒီကောင်တွေ နောက်ထပ် အားဖြည့်လာပစေဦးဆိုပြီး နားထားပြီးမှ ပြန်ပြီး ညှပ်တိုက်လိုက်ပါတယ် ဗိုလ်ချုပ်"

စင်စစ်၌ကား ဗိုလ်ချုပ်သည် ၎င်းကဲ့သို့ပင် ရန်သူအား ညှပ်ပိတ်၍ တိုက်ရန်ကြံစည်ခဲ့သော်လည်း တကယ်တိုက်နိုင်ခဲ့သည်ကား မဟုတ်ချေ။ တကယ် တိုက်နိုင်ခဲ့လေဟန် 'ဟိတ်' ထုတ်လိုက်ခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် သူ၏ 'ကြွားလုံး'ကို မည်သူသိမည်နည်း။ ဤမျှယောက်ယက်ခတ်နေသော တိုက်ပွဲအတွင်းတွင် သူ၏စကား မှန်မမှန်ကို မည်သူ သိနိုင်မည်နည်း။

"ပြီးတော့ ဗိုလ်ချုပ်ကို အစီရင်ခံစရာ တစ်ခုလဲ ရှိပါသေးတယ်ဗိုလ်ချုပ်" ထိုဗိုလ်ချုပ်က ဒိုလိုကော့ဗ်နှင့် စစ်သေနာပတိချုပ် ကုတုဇော့ဗ် ပြောခဲ့သည့်စကားများကိုလည်းကောင်း၊ မိမိနှင့် ဒိုလိုကော့ဗ်တို့ တွေ့ခဲ့ကြသည်ကိုလည်းကောင်း အမှတ်ရလာကာ ဆက်၍ပြောလိုက်သည်။ "ရာထူးအချခံထားရတဲ့ တပ်သား ဒိုလိုကော့ဗ်ဟာ ရန်သူဗိုလ်တစ်ယောက်ကို ကျွန်တော့်ရှေ့တွင် လက်ရဖမ်းနိုင်ခဲ့ခြင်းဖြင့် သူ့ရဲ့ သူရသတ္တိကို ပြခဲ့ပါတယ်"

"ပါဗလိုဂရက် မြင်းတပ်တွေဟာလဲ စွမ်းစွမ်းတမံ တိုက်ခဲ့ကြပါတယ် ဗိုလ်ချုပ်" ဇာကော့ဗ်က ပတ်ဝန်းကျင်ကို မလုံမလဲဖြင့် လှမ်းကြည့်ရင်း ပြော၏။ အမှန်အားဖြင့် ဇာကော့ဗ်သည် တစ်နေ့လုံး ပါဗလိုဂရက် မြင်းတပ်ကို မြင်ခဲ့ရသည် မဟုတ်ချေ။ ခြေလျင်တပ်ဗိုလ်တစ်ယောက်ပြောသံကို ကြားခဲ့ရခြင်းသာ ဖြစ်လေသည်။ "ပါဗလိုဂရက် မြင်းတပ်ဟာ ရန်သူ တပ်ဖွဲ့နှစ်ဖွဲ့ကို သုတ်သင်ရှင်းလင်းခဲ့ပါတယ် ဗိုလ်ချုပ်"

အားလုံးကပင် ဇာကော့ဗ် အပြောင်အပြက်ပြောတော့မည်ဟုထင်ကာ ပြုံးနေကြသော်လည်း ရုရှားတပ်သားများ၏ သူရသတ္တိကို ဖော်ထုတ်ပြောဆိုလိုက်သည့်အခါတွင်ကား အားလုံးမျက်နှာထား တည်တည်ဖြင့် ပြန်ဖြစ်သွားကြသည်။ သို့ရာတွင် အချို့ကား ဇာကော့ဗ်၏စကားသည် အခြေအမြစ်မရှိသော ကြွားလုံးသက်သက်မျှ ဖြစ်သည်ကို သိလိုက်ကြပေသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် အသက်ကြီးကြီး ဗိုလ်မှူးကြီးဘက်သို့ လှည့်လိုက်ပြီး

"ကဲ ရောင်းရင်းတို့။ ရောင်းရင်းတို့ အားလုံးကို ကျေးဇူးတင်တယ်။ ခြေလျင်တပ်၊ မြင်းတပ်၊ အမြောက်တပ်စတဲ့ တပ်အားလုံးဟာလဲ သူရသတ္တိအရာမှာ ပြောင်မြောက်ကြပါပေတယ်။ နေစမ်းပါဦး။ ရှေ့တန်းစစ်ကြောင်း ဗဟိုချက်မက အမြောက်မြတပ္ပနှစ်လက်ကို ဘာဖြစ်လို့ စွန့်ပစ်ခဲ့ကြတာလဲ" မင်းသားကြီး ဘာဂရေးရှင်းသည် တစ်စုံတစ်ယောက်ကို ရှာဖွေဟန်ဖြင့် ပတ်ဝန်းကျင်ကို လှည့်၍ကြည့်လိုက်၏။ (ဤနေရာ၌ မင်းသားကြီး ဘာဂရေးရှင်းသည် စစ်ကြောင်းလက်ဝဲတောင်ပံမှ အမြောက်မြတပ္ပများ အားလုံး တိုက်ပွဲစကတည်းက စွန့်ပစ်ခဲ့သည့် အချက်ကိုမူကား သူကိုယ်တိုင် သိလျက်နှင့် တစ်စုံတစ်ရာမေးမြန်းခြင်း မပြုချေ။) "ကျုပ် သူ့ကို လွှတ်ပြီး အမြန်ဆုံးဆုတ်ခဲ့ပါလို့ အမိန့်ပေးတယ် မဟုတ်လား" မင်းသားကြီး ဘာဂရေးရှင်းက စစ်ဦးစီးဌာနချုပ် အဖွဲ့ဝင် ဗိုလ်ကလေးကို ညွှန်ပြ၍ ပြောဆိုလိုက်၏။

"အမြောက်မြတပ္ပတစ်လက်က ပျက်စီးသွားပါတယ် ဗိုလ်ချုပ်။ နောက်တစ်လက်ကိုတော့ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ခဲ့သလဲဆိုတာ ကျွန်တော်မသိပါဘူး။ အဲဒီအနားမှာ ကျွန်တော် တစ်ချိန်လုံး ရှိနေပြီး အမိန့်ပေးနေပါတယ်။ အဲဒီနားမှာ ရန်သူ့တိုက်စစ်က တော်တော်ကလေး ပြင်းထန်ပါတယ်" စစ်ဦးစီးဌာနချုပ် အဖွဲ့ဝင် ဗိုလ်ကလေးက ဝင်ပြောလိုက်သည်။

ဤတွင် တစ်ယောက်က အမြောက်တပ်ဗိုလ် တူရှင်သည် ရွာအနီးတွင် စခန်းချလျက်ရှိကြောင်း၊ ထို့ကြောင့် အခေါ်လွှတ်လိုက်ကြောင်းဖြင့် ဝင်၍ ပြောလိုက်သည်။

"သြော်၊ တပ်ရေးဗိုလ်လေးလဲ ရောက်နေသကိုး" မင်းသားကြီး ဘာဂရေးရှင်းက မင်းသားကလေး အင်ဒရေသို့ လှမ်း၍ နှုတ်ဆက်လိုက်သည်။

"သြော်–ဟုတ်ပေသားပဲ။ ရောင်းရင်းနဲ့ကျွန်တော် သီသီကလေး လွဲသွားတယ်"စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင် ဗိုလ်ကလေးက မင်းသားကလေးအင်ဒရေကို ပြုံး၍ ပြောလိုက်၏။

"ဟုတ်ကဲ့၊ လွဲသွားတာလဲ ခပ်ကောင်းကောင်းပဲ ခင်ဗျ"ဟု မင်းသားကလေး အင်ဒရေသည် စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင် ဗိုလ်ကလေးကို ခပ်ပြတ်ပြတ် ပြောချလိုက်သည်။

အားလုံးတိတ်ဆိတ်လျက် ရှိလေသည်။ တူရှင်သည် တဲဝမှ ဝင်၍လာပြီးနောက် ဗိုလ်ချုပ်ကြီးများ၏ နောက်ဘက်မှ မရဲတရဲဖြင့် ဝင်လာလေသည်။ ပြည့်ကျပ်နေသော တဲထဲတွင် အကြီးအကဲများ ရှိနေသည့်အလျောက် မရဲတရဲဖြင့် ဗိုလ်ချုပ်ကြီးများနောက်မှ လျှောက်လာရင်း တူရှင်သည် တဲထောင့်တွင် ထောင်ထားသည့် ပြင်သစ်စစ်တံခွန်ကို မမြင်မိဘဲ ခလုတ်တိုက်၍ လဲသွားလေရာ အားလုံးက သူ့ကို ဝိုင်းရယ်လိုက်ကြသည်။

"နေစမ်းပါဦး။ အမြောက်မြတပ္ပတစ်လက်ကို ဘာဖြစ်လို့ မင်းစွန့်ပစ်ထားခဲ့ရတာလဲ" မင်းသားကြီး ဘာဂရေးရှင်းက အမြောက်တပ်ဗိုလ် တူရှင်ကို လှမ်းမေးလိုက်ရင်း ရယ်မောနေသူများကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ ရယ်သံများထဲ၌ ဇာကောဗ်၏ ရယ်သံကား အကျယ်လောင်ဆုံး ဖြစ်ပေသည်။

ထိုအခါကျမှ ကျန်တပ်ဗိုလ်များအားလုံးသည် အမြောက်မြတပ္ပနှစ်လက်ကို စွန့်ပစ်ခဲ့ခြင်းကြောင့် သုန်မှုန်လျက်ရှိသော အကြီးအကဲများရှေ့သို့ ရောက်နေသည့် အမြောက်တပ်ဗိုလ်တူရှင်ကို အလန့်တကြား လှည့်ကြည့်လိုက်မိကြသည်။ တူရှင်မှာလည်း မိမိ၏အပြစ် ဖြစ်နေကြောင်းကို ယခုမှ သတိထားမိတော့ကာ မည်သို့ပြန်ဖြေရမည်ကို မသိဘဲ တဆတ်ဆတ်တုန်လျက် ရှိလေသည်။ ဤအထဲတွင် တပ်ဗိုလ်များက ဝိုင်းရယ်ကြသောအခါ၌ကား တူရှင်မှာ မှုန်ထူလျက် ရှိလေသည်။ တူရှင်သည် အောက်နှုတ်ခမ်း တဆတ်ဆတ်တုန်လျက် မင်းသားကြီး ဘာဂရေးရှင်း၏ရှေ့တွင် ရပ်ကာ မည်သို့ ပြောရမည် မသိဘဲ ဖြစ်နေလေသည်။

"မ မသိဘူး ဗိုလ်ချုပ်။ ကျွန်တော့်မှာ တပ်တပ်သားလဲ သိပ်မရှိတော့ဘူး"

"တပ်သားတွေ မရှိတော့ရင် ကူပစ်ပေးနေတဲ့ တပ်က တပ်သားတွေကို ခေါ်ပါလားကွ"

အမှန်အားဖြင့် တူရှင်ဆုတ်ခွာလာသည့် အချိန်တွင် သူ့အမြောက်တပ်ကို ကူပစ်ပေးနေသည့် တပ်များမှာလည်း မရှိတော့ချေ။ သို့ရာတွင် တူရှင်သည် အခြားတပ်ဗိုလ်များကို ငဲ့ညှာသည့် အနေဖြင့် ဘာမျှ ပြန်မပြောတော့ဘဲ ကျောင်းဆရာရှေ့တွင် ရောက်သော တပည့်ငယ်ကဲ့သို့ မင်းသားကြီး ဘာဂရေးရှင်းကိုသာ တိတ်ဆိတ်စွာ စူးစိုက်ကြည့်လျက် ရှိလေသည်။

သို့ဖြင့် အတော်ကြာအောင် တိတ်ဆိတ်နေကြသည်။ မင်းသားကြီး ဘာဂရေးရှင်းသည် လက်အောက်ငယ်သားများအပေါ်တွင်ခက်ထန်စွာ မဆက်ဆံလိုသည့်အလျောက် မည်သို့မျှ ပြောစရာမရှိဘဲ တိတ်ဆိတ်လျက်ရှိစဉ် အခြားသူများမှာလည်း ဝင်ရောက်စွက်ဖက်ခြင်း မပြုရဲရကား အတိတ်ကြီးတိတ်လျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေသည် တူရှင်ကိုကြည့်လျက်ရှိရင်းက သူ၏လက်ချောင်းကလေးများကို ကွေးချည်ဆန့်ချည် ပြုနေလေသည်။

"တူရှင်ရဲ့ အမြောက်တပ်စုဆီသို့သွားပြီး အမိန့်ပေးဖို့ ကျွန်တော့်ကို လွှတ်ပါတယ်ဗိုလ်ချုပ်။ ကျွန်တော် ရောက်သွားတော့ တပ်သားရော၊ မြင်းရော သုံးပုံနှစ်ပုံလောက်မရှိတော့ပါဘူး။ ကျကုန်ပါပြီ။ အမြောက်မြတပ္ပနှစ်လက်လဲ ရန်သူ့လက်ချက်နဲ့ ပျက်စီးသွားပြီး ကူပစ်ပေးတဲ့တပ်တွေလဲ မရှိတော့ပါဘူး ဗိုလ်ချုပ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီးဘာဂရေးရှင်းနှင့် တူရှင်သည် ဒေါသကို ထိန်းချုပ်၍ စကားပြောလျက်ရှိသော မင်းသားကလေးအင်ဒရေကို ပြုံး၍လှည့်ကြည့်လိုက်ကြ၏။ မင်းသားကလေးအင်ဒရေက ဆက်၍

"ကျွန်တော့်ထင်မြင်ချက်ကို ပြောခွင့်ပြုမယ်ဆိုရင်တော့ ဒီနေ့ ကျွန်တော်တို့တိုက်ပွဲတွေ အောင်မြင်ရတဲ့အကြောင်းရင်းဟာ ဗိုလ်ကြီးတူရှင်နဲ့ သူ့တပ်စုရဲ့ သူရသတ္တိနဲ့တကွ ဗိုလ်ကြီးတူရှင်ရဲ့ အမြောက်တပ်စုက ရန်သူကို သက်စွန့်ဆံဖျား တွန်းလှန်ခဲ့ကြတဲ့အတွက် ဖြစ်ပါတယ် ဗိုလ်ချုပ်"

မင်းသားကလေး အင်ဒရေသည် စကားပြန်ကို ပင် မစောင့်တော့ဘဲ ချက်ချင်း လှည့်ထွက်လာခဲ့လေသည်။

မင်းသားကြီး ဘာဂရေးရှင်းသည် တူရှင်ကို ကြည့်လိုက်သည်။ မင်းသားကြီး ဘာဂရေးရှင်း၏စိတ်၌ မင်းသားကလေး အင်ဒရေ၏ ထင်မြင်ချက်ကိုလည်း ငြင်းဆန်ရန် မတတ်နိုင်၊ ၎င်းပြောသမျှကို အားလုံး လက်ခံရမည်ကလည်း အခက်ဖြစ်လျက် မဝေခွဲနိုင်အောင် ဖြစ်နေရင်းက ခေါင်းကို ငုံ့လိုက်ပြီး တူရှင်ကို ပြန်၍ လွှတ်လိုက်လေသည်။ မင်းသားကလေးအင်ဒရေသည် တူရှင်နှင့်အတူ တဲပြင်သို့ ထွက်လာခဲ့လေသည်။

"ကျေးဇူးပဲတပ်ရေးဗိုလ်မင်း။ ကျွန်တော့်ကို တပ်ရေးဗိုလ်မင်း ကယ်လိုက်တာပါ"ဟု တူရှင်က ပြောလိုက်သည်။

မင်းသားကလေး အင်ဒရေသည် တူရှင်ကို ကြည့်လိုက်ပြီးနောက် မည်သို့မျှ မပြောဘဲ ထွက်လာခဲ့လေသည်။ မင်းသားကလေး အင်ဒရေသည် စိတ်ပျက်ညှိုးငယ်လျက် ရှိသည်။ ၎င်းမျှော်လင့်ခဲ့သမျှတို့သည် ပါစင်အောင် လွဲလျက် ရှိချေပြီတကား။

•

"သူတို့တစ်တွေဟာ ဘယ်သူတွေလဲ။ ဘာဖြစ်လို့ ဒီနေရာကို ရောက်နေကြရတာလဲ။ ဘာလိုချင်ကြလို့လဲ။ ဒီကိစ္စကြီးဟာ ဘယ်တော့များမှ အဆုံးသတ်ပါ့မလဲ"

နီကိုလေသည် သူ့ရှေ့တွင် လှုပ်ရှားပြောင်းလဲလျက် ရှိကြသော အရိပ်များကိုကြည့်၍ တွေးနေမိသည်။ လက်မောင်းက ဝေဒနာကား တစ်စတစ်စတိုး၍ နာကျင်လာခဲ့လေပြီ။ ဣန္ဒြေဆည်၍ မရအောင်လည်း အိပ်ငိုက်လျက်ရှိလေပြီ။ ၎င်း၏မျက်လုံးထဲ၌ နီနီရဲရဲအဝိုင်းကလေးများသည် ကခုန်လှုပ်ရှားလျက် ရှိကြပေ၏။ အသံများကိုကြားလျက် မျက်နှာများကို မြင်နေလျက်က တစ်ယောက်ထီးတည်းကြီး ဖြစ်သလို ခံစားရကာ ထိုခံစားချက်သည် လက်မောင်းမှ ဝေဒနာနှင့်အတူ စုပေါင်းဖိစီးလျက် ရှိကြလေသည်။ ဒဏ်ရာရသော တပ်သားများ၊ ဒဏ်ရာမရသော တပ်သားများသည် မိမိခွန်အားများကို ချေမှုဖျက်ဆီးပစ်ကာ နာကျင်လျက်ရှိသော မိမိလက်မောင်းများကို မီးစနှင့်ထိုးလိုက်သကဲ့သို့ ပူလောင်ပြင်းပြစေသည်ဟု ထင်မိလေသည်။ နီကိုလေသည် ၎င်းတို့ကို မမြင်ချင်တော့သည့်အတွက် မျက်လုံးများကို မှိတ်ထားလိုက်သည်။

နီကိုလေသည် ခဏကြာမျှ အိပ်ပျော်သွားလေသည်။ ထိုအတွင်း အိပ်မက်ထဲ၌ များစွာသော အဖြစ်အပျက်များသည် ပေါ်၍လာကြကုန်သည်။ မိခင်မြို့စားကတော်နှင့် မိခင်ကြီး၏ ဖြူဖွေးကြီးမားသော လက်များသည်လည်းကောင်း၊ ဆွန်ယာ၏ ပခုံးသွယ်သွယ်ကလေးသည်လည်းကောင်း၊ နာတာရှာ၏ မျက်လုံးများနှင့် ရယ်သံသည်လည်းကောင်း၊ ဒင်နီဆောဗ်၏ အသံနှင့် မုတ်ဆိတ်မွေးများသည်လည်းကောင်း၊ တီလျာညင်နှင့် တီလျာညင်အတွက် ရန်ဖြစ်ခဲ့ရသော ဗိုလ်မှူးကြီး ဘော့ဂ်ဒါနစ်တို့သည်လည်းကောင်း အထင်းသား ပေါ်လာကြကုန်သည်။ နီကိုလေသည် တီလျာညင်၏ ခပ်ပြဲပြဲ အသံကြီးနှင့်တကွ ပိုက်ဆံအိတ်ခိုးသည့် ကိစ္စကိုပါ အိပ်မက်ထဲတွင်ပြန်၍ ကြားနေမြင်နေရပြန်သည်။ ထိုအခါတွင် လက်မောင်းက ဝေဒနာသည် ပို၍ နာကျင်လာသည်ဟု ထင်မှတ်ရ၏။ ထို့ကြောင့် နီကိုလေသည် ဤပတ်ဝန်းကျင်မှ ရုန်းထွက်ရန် ကြိုးစားကြည့်သည်။ သို့ရာတွင် ဆံခြည်တစ်မျှင်လေးလောက်မျှ ရွေ့၍မရတော့ပြီ။ ၎င်းတို့၏ ပတ်ဝန်းကျင်မှ ရုန်းထွက်၍မရတော့ပြီ။

နီကိုလေသည် မျက်လုံးကိုဖွင့်ကာ ထိုသို့ဤသို့ ကြည့်လိုက်၏။ မီးပုံအထက်၌ ည၏နက်မှောင်သော ကမ္ဘာကြီးသည် နိမ့်စွာ ဖုံးအုပ်လျက်ရှိလေ၏။ တဖွဲဖွဲကျလျက်ရှိသော နှင်းပွင့်ကလေးများသည် မီးရောင်ထဲတွင် ခုန်ပျံလျက်ရှိကြ၏။ ယခုတိုင် တူရှင်လည်း ပြန်မလာသေး။ ဆရာဝန်လည်း ရောက်မလာသေးချေ။ မီးပုံနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ငှင်းနှင့်အတူ သေးညှက် ဖျော့တော့သော ခန္ဓာကိုယ်ကို မီးကင်လျက်ရှိသည့် တပ်သားတစ်ယောက်သာ ရှိတော့သည်။

'ငါ့ကို စွန့်ပစ်သွားကြပြီ ထင်တယ်။ ငါ့ကိုကူညီမယ့်လူ သနားမယ်လူဆိုလို့ မရှိတော့ဘူး။ အရင်တုန်းကတော့ အိမ်မှာ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေခဲ့ရတယ်။ ခုတော့' နီကိုလေသည် တွေး၍ တစ်ချက်တည်း အားငယ်သွားကာ သက်ပြင်းချလိုက်ရင်း အသံထွက်အောင် ညည်းလိုက်မိသည်။

"ဘယ်ထိလို့လဲ ဗိုလ်လေး" မီးလှုံနေသော တပ်သားက အင်္ကျီကို မီးပုံပေါ်တွင် ဖြန့်၍ခါရင်း မေးလိုက်ပြီး စကားပြန်ကို မစောင့်တော့ဘဲ ချောင်းတစ်ချက်ဟန့်၍ စကားဆက်လိုက်သည်။

"အင်း၊ ဒီနေ့တော့ ဒဏ်ရာရတဲ့လူတွေ တစ်ပုံကြီးပဲ ဗိုလ်လေးရေ့။ တယ်လဲ ကြောက်စရာကောင်းတာပဲ"


နီကိုလေသည် တပ်သား၏စကားများကို နားမထောင်ဘဲနေလိုက်သည်။ မီးပုံပေါ်တွင် ခုန်ပျံလျက်ရှိသော နှင်းပွင့်များကို ငေးကြည့်မိရင်း တစ်ဆောင်းတုန်းက အိမ်တွင် သိုးမွေးအင်္ကျီအကျဝတ်လျက် စွပ်ဖားစီးကာ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရပုံများကို အမှတ်ရလာလေသည်။ ဒီကို ဘာကြောင့်များ လိုက်လာရပါလိမ့်မလဲဟုလည်း စဉ်းစားမိသည်။

နောက်တစ်နေ့၌ကား ပြင်သစ်တပ်များက ထိုးစစ်ဆင်နွှဲခြင်း မပြုကြတော့ချေ။ မင်းသားကြီး ဘာဂရေးရှင်း၏ တပ်ကြွင်းများကိုလည်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏တပ်များနှင့် ပေါင်းလိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ စာအုပ်များ

Admin

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း–၁

မင်းသားကြီး ဗာစီလီသည် အလုပ်တစ်ခုကို မည်သည့်အခါမျှ ကြိုတင်စဉ်းစား၍ လုပ်တတ်သူတစ်ယောက် မဟုတ်ချေ။ မိမိအကျိုးအတွက် သူတစ်ပါး ထိခိုက်စေမည့် အလုပ်မျိုးကိုကား သာ၍ပင် ကြိုတင်စဉ်းစားတတ်ခြင်း မရှိသော လူတစ်ယောက် ဖြစ်၏။ မင်းသားကြီး ဗာစီလီသည် လောကတွင် လူတိုင်းနှင့် သင့်တင့်အောင် ရေလိုက်ငါးလိုက် ပေါင်းသင်းနေထိုင်တတ်သူဖြစ်ရာ ဤသို့ရေလိုက်ငါးလိုက် နေထိုင်ခြင်းသည် ၎င်း၏ အကျင့်ကြီးဖြစ်လျက် ရှိလေပြီ။ မင်းသားကြီး ဗာစီလီသည် ဤကိစ္စတွင် ဤသို့ပြုမည် စသဖြင့် မှန်မှန်ကန်ကန် ကြိုတင်စဉ်းစားနိုင်စွမ်း မရှိဘဲ အရေးကြုံလာမှ မီးစင်ကြည့်၍ ကသွားတတ်သူ ဖြစ်လေသည်။ သို့ရာတွင် မိမိဘဝ၌ သေရေးရှင်ရေးကို ဆုံးဖြတ်မည့်ကိစ္စမျိုးနှင့် ပတ်သက်လာလျှင်မူကား အကြံအစည်များ၊ စိတ်ကူးများသည် ခေါင်းထဲတွင် ၎င်းတို့ အလိုအလျောက် အလျှိုအလျှို ပေါ်လာတတ်ကြလေသည်။

ဤသို့ ပေါ်လာသောအခါတွင်လည်း အကြံအစည်များမှာ တစ်ခုနှစ်ခုမျှမက ဒါဇင်ပေါင်းများစွာ ပေါ်လာတတ်၏။ ရေရာခြင်း မရှိသော အကြံအစည်များလည်း ပါ၏။ ဖြစ်နိုင်သော အကြံအစည်များလည်းပါ၏။ မဖြစ်နိုင်သော အကြံအစည်များလည်း များစွာပါရှိလေသည်။ ဥပမာအားဖြင့် ဤသူကား ဩဇာတိက္ကမ ရှိသူ ဖြစ်သည်။ ထို့ကြောင့် ဤသူနှင့် ရင်းနှီးအောင်ပြု၍ အခွင့်အရေးယူမည်ဟူသော စိတ်ကူးမျိုး၊ ပီယာကား သူကြွယ်တစ်ဦး ဖြစ်သည်။ ထို့ကြောင့် ပီယာကို ငါ့သမီးနှင့် ညားအောင် မြူ၍ သင်းထံ၌ ငွေလေးသောင်းလောက် ချေးဦးမည်ဟူသော စိတ်ကူးမျိုးသည် ၎င်း၏ ခေါင်းထဲ၌ မည်သည့်အခါမျှ ကြိုတင်ပေါ်ပေါက်လာခြင်းမရှိချေ။ သို့ရာတွင် ဂုဏ်ထူးရာထူးကြီးသူတစ်ဦးကို တွေ့လိုက်သည်နှင့် ဤသူကား မိမိအတွက် အသုံးကျနိုင်သည်ဟူသော အသိမျိုးသည် ပကတိဉာဏ်၏ စေ့ဆော်မှုဖြင့် ဖျတ်ခနဲ ပေါ်လာကာ ဤသို့ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကြိုတင်ကြံဆရခြင်း ဆုတ်ဆိုင်းခြင်းမရှိဘဲ ထိုသူ၏ ယုံကြည်မှုကို ရအောင်ယူခြင်း၊ ထိုသူကို မြှောက်ပင့်ခြင်း၊ ထိုသူနှင့် ရင်းနှီးအောင် ပြုခြင်းတို့ကို ပြုလုပ်ပြီးသည့်အဆုံး၌ မိမိလိုသောအရာကို ရအောင်ယူတတ်သည့် လူစားမျိုး ဖြစ်လေသည်။

မင်းသားကြီး ဗာစီလီသည် ပီယာနှင့် မော်စကိုတွင် တွေ့ပြီးနောက်၌ ပီယာအား လူပျိုတော်သားအဖြစ် (၎င်းမှာ နိုင်ငံတော် အတိုင်ပင်ခံကောင်စီလူကြီး အဆင့်အတန်းနှင့် တူညီသည်။) ရအောင် ဆောင်ကြဉ်းပေးခဲ့၍ ပီတာစဘတ် မြို့တော်သို့ မိမိနှင့်လိုက်ပါကာ စံအိမ်တော်တွင် တည်းခိုနေထိုင်ရန် မရမနေ တိုက်တွန်းခဲ့လေသည်။ မင်းသားကြီး ဗာစီလီသည် ချက်ရပြီဟူသော အတွေးဖြင့် အနည်းငယ်မျှ ဆုတ်ဆိုင်းလေးဖင့်ခြင်းမရှိဘဲ ပီယာအား မိမိ၏ သမီး ဟယ်လင် မင်းသမီးကလေးနှင့် စုလျားရစ်ပတ်မိစေရန် အစွမ်းကုန် ကြိုးပမ်းလျက် ရှိလေသည်။ အကယ်၍သာ မင်းသားကြီး ဗာစီလီသည် အကြံအစည်များကို ရှေးဦး မဆွကပင် စိတ်ကူးခဲ့မိပါက မိမိထက် ဂုဏ်အားဖြင့် နိမ့်ကျသူ၊ ကြီးမြင့်သူ အသီးသီးတို့ကိုသဘာဝကျကျ ရင်းရင်းနှီးနှီး ဆက်ဆံနိုင်ခဲ့မည် မဟုတ်ချေ။ မင်းသားကြီး ဗာစီလီသည် မိမိထက်ကြွယ်ဝသူ၊ မိမိထက် တန်ခိုးအာဏာရှိသူတို့ကိုသာ



www.burmeseclassic.com

ပေါင်းသင်းလိုသူ ဖြစ်သော်လည်း ထိုသူများကို မိမိအကျိုးအတွက် အသုံးချရန် အခွင့်ကောင်းကို ဆုပ်ကိုင်သည့်နေရာတွင်ကား ကျွမ်းကျင်ခြင်းရှိသူ တစ်ယောက် မဟုတ်ပေ။

စိုင်ကော်၍ ချုပေါ်ရောက်ဆိုသကဲ့သို့ မမျှော်လင့်ဘဲ မြို့စားကလေး ဘီဇူးကော့ဗ်ဖြစ်ကာ သူကြွယ်တစ်ယောက် ဖြစ်လာသည့် ပီယာမှာလည်း ယခင်ကကဲ့သို့ တစ်ယောက်တည်း အစိုးရိမ် အကြောင့်ကြကင်းမဲ့စွာ လွတ်လွတ်လပ်လပ် မနေနိုင်တော့ချေ။ တွေးစရာ စိုးရိမ်စရာတွေ ဝိုင်းရံလျက်ရှိလေပြီ။ အိပ်ချိန်ကလေး တစ်ချိန်သာလျှင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေနိုင်လေတော့သည်။ ပီယာသည် စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း၊ မည်သည့်အတွက်ကြောင့်ဟု ကောင်းကောင်းမသိဘဲနှင့် ဘုရင်မင်းမြတ်၏ လွှတ်ရုံးသို့ သွားရောက်ခြင်း၊ မိမိ၏ ဘဏ္ဍာစိုးအား မေးမြန်းစုံစမ်းစရာရှိသည်ကို စုံစမ်းခြင်း၊ မော်စကိုအနီးရှိ မိမိပိုင် လယ်မြေများကို သွားရောက်ကြည့်ရှုခြင်း၊ ယခင်က မိမိကို အသိမလုပ်ချင်ခဲ့ကြသော်လည်း ယခု မိမိကမှ အတွေ့မခံလျှင် ဝမ်းပန်းတနည်းဖြစ်ကြမည့်လူများကို ဧည့်ခံတွေ့ဆုံခြင်း စသည့်ကိစ္စများကို ပြုလုပ်ရ၏။ ထိုအထဲ၌ ကုန်သည်များ၊ ဆွေမျိုးများ၊ အသိမိတ်ဆွေများပါဝင်၍ ၎င်းတို့အားလုံးသည် မြို့စားကလေး ဘီဇူးကော့ဗ် ဖြစ်လာသော ပီယာအား သူ့ထက်ငါဦးအောင် မြှောက်ပင့်လျက် ရင်းနှီးဟန်ပြုကြ၏။ ၎င်းကို အားလုံးဝိုင်း၍ မြှောက်ပင့်ကြလွန်းရကား အခြားသူများအတွက် မြှောက်ပင့်စရာစကားမှ ကျန်ပါလေစဟုပင် ထင်ရပေသည်။ 'မြို့စားလေးရဲ့ အံ့သြလောက်တဲ့ သနားကရုဏာ' စသော အသုံးအနှုန်းမျိုး၊ 'မြို့စားလေးရဲ့ မြင့်မြတ်တဲ့ စိတ်ထား' စသော စကားလုံးမျိုး၊ 'မြို့စားလေးရဲ့ မူလစိတ်ထားကိုက မြင့်မြတ်ပါပေတယ်'ဆိုသော ချီးမွမ်းသံမျိုး၊ 'ဘယ်သူသာ မြို့စားလေးလို ဉာဏ်အမြော်အမြင်ရှိရင်' စသော မြှောက်လုံးမျိုးကို အမြဲတမ်း ကြားနေရလေသည်။ ၎င်းတို့ မြှောက်လုံးများကို ကြားရဖန်များလတ်သော် ပီယာသည်ပင်လျှင် သွေးမြှောက်သလိုလို ဖြစ်လာမိလေသည်။ ယခင်က မိမိအား ရန်ငြိုးသိကာ ခပ်ဖယ်ဖယ်ဆက်ဆံကြသောသူများပင် ယခုအချိန်၌ ချိုသာကြင်နာစွာ ဆက်ဆံလာကြခြင်းကို တွေ့ရ၏။ ယမင်းရုပ်ဆံပင်လို ကျစ်ထားတတ်ကာ ခေါသကြီးတတ်သည့် ခါးရှည်ရှည်နှင့် ပထမမင်းသမီးကြီးသည် မြို့စားကြီး၏ အသုဘကိစ္စပြီးလျှင် ပီယာ့ခန်းဆောင်ထဲသို့ ဝင်လာကာ မျက်လွှာကလေးချလျက် ယခင်က မိမိတို့ တစ်ဦးကိုတစ်ဦး အထင်မှားကြသဖြင့် စိတ်မကောင်းဖြစ်မိကြောင်း၊ မြို့စားကြီးထံမှ ရလိုက်သော အမွေများကို မိမိပါခွဲဝေခံစားသင့်သည်ဟု မယူဆတော့ကြောင်း၊ မိမိမှာ မြို့စားကြီးအတွက် စိတ်လက်မအီမသာ ဖြစ်လွန်းသဖြင့် အနှံ့အတာခံကာ နှစ်ရှည်လများနေခဲ့ပြီဖြစ်၍ ခင်တွယ်မိနေပြီဖြစ်သော ဤစံအိမ်ကြီးတွင်သာ နောက်ထပ် အတန်ကြာမျှ ဆက်လက်နေထိုင်ခွင့်ပြုပါမည့်အကြောင်း စသဖြင့် လာရောက်ပြောဆိုခြင်း ပြု၏။ ဤသို့ပြောရင်းလည်း ပထမမင်းသမီးကြီးသည် တရှုတ်ရှုတ်ငိုလျက် ရှိလေသည်။ ဤမျှ ကျောက်ရုပ်လို မာရေကျောရေရှိလှသော ပထမမင်းသမီးကြီး အပြောင်းလွဲကြီး ပြောင်းလွဲသွားသည်ကိုမြင်သည်တွင် ပီယာသည် များစွာ စိတ်ထိခိုက်သွားကာ ပထမမင်းသမီးကြီး၏ လက်ကိုဆွဲလိုက်ပြီး မည်သည့် အကြောင်းကြောင့်မှန်းမသိဘဲ ပြန်၍ပင် တောင်းပန်နေမိသေးသည်။ ထိုနေ့မှစ၍ ပထမမင်းသမီးကြီးသည် ပီယာ့အပေါ်တွင် မူပြောင်းသွားကာ ပီယာ့အတွက် သိုးမွေးစင်းလည်စည်းတစ်ထည်ကိုပင် ထိုးပေးလျက် ရှိလေသည်။

"ကဲ တူတော်မောင်၊ ဟောဒီစာချုပ်ကလေးကိုသာ လက်မှတ်ထိုးပေးပါ၊ တကယ်တော့ သူ့ခမျာလဲ မြို့စားကြီးရဲ့ အနှံ့အတာကို တော်တော်ခံလိုက်ရှာပါတယ် တူတော်မောင်ရယ်"

မင်းသားကြီး ဗာစီလီသည် ပထမမင်းသမီးကြီးအတွက် စာချုပ်တစ်စောင်ကို လက်မှတ်ထိုးပေးရန် ကမ်းပေးလိုက်ရင်း ပီယာကို ပြောလိုက်၏။

ထိုစာချုပ်မှာ ပထမမင်းသမီးကြီးအား ငွေဒင်္ဂါး သုံးသောင်းပေးရန် စာချုပ်ဖြစ်လေသည်။ ဤကား မင်းသားကြီး ဗာစီလီက ပထမမင်းသမီးကြီးကို ပစ်ပေးလိုက်သော စားကြွင်းစားကျန် အရိုးအရင်းမျှသာ ဖြစ်လေသည်။ ကျောက်စီ သားရေအိတ်ထဲတွင် ထည့်ထားသော စာချုပ်စာတမ်းဝင် အမွေပစ္စည်းများကို မင်းသမီးကြီးက တောင်းခံခြင်း မပြုရန် စိမ်လိုက်သော မင်းသားကြီး ဗာစီလီ၏ အစီအမံပေတည်း။

ပီယာသည် စာချုပ်ကို အလွယ်တကူပင် လက်မှတ်ထိုးပေးလိုက်၏။ ထိုအချိန်မှစ၍ ပထမမင်းသမီးကြီးသည်



www.burmeseclassic.com

 www.burmeseclassic.com 

ပီယာ့အပေါ်တွင် တိုး၍ ကြင်နာဟန်ကို ပြလာခဲ့သည်။ ဒုတိယ မင်းသမီးကလေးမှာလည်း ပီယာအား ယခင်က ထက် ချစ်ခင်လိုလားဟန် ပြစပြုလာ၏။ အထူးသဖြင့် အထွေးဆုံး အလှဆုံးဖြစ်သော စံပယ်တင်မဲ့ကလေးနှင့် မင်းသမီးကလေးကား ပီယာအား တွေ့တိုင်း တပြုံးပြုံးနှင့် ရှက်သယောင် ရွံ့သယောင် ဖြစ်နေလေရာ ပီယာကိုယ်တိုင် ၎င်းနှင့်မျက်နှာချင်းဆိုင်မိသောအခါ ရှက်အမ်းအမ်း ဖြစ်နေတတ်လေသည်။

ဤအချိန်၌ မိမိအား ချစ်ခင်လိုလားကြသည်မှာ သဘာဝကျလျက်၊ ချစ်ခင်လိုလားမှု မရှိခြင်းသာလျှင် သဘာဝမကျကြောင်းကို ပီယာ တွေးမိသည်။ ထို့ကြောင့် ပီယာသည် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ လူများ၏ ရိုးသားမှုကို မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိလေသည်။

ထို့ပြင် ဤသူများမှာ အကယ်ရိုးသားမှု ရှိမရှိကို သူကိုယ်တိုင် တွေးတောစဉ်းစားရန်လည်း အချိန်မရချေ။ ပီယာသည် အမြဲအလုပ်များလျက်ရှိကာ မိမိအခြေအနေကို မိမိနှစ်သိမ့်ကြည်နူးလျက် ရှိလေသည်။ ပီယာသည် လှုပ်ရှားလည့်ပတ်နေသော အရာကြီးတစ်ခု၏ အလယ်ဗဟိုတွင် ဝင်ရောက်နေကာ ဘေးပတ်ဝန်းကျင်မှ လူများသည် မိမိထံမှ တစ်စုံတစ်ရာကို ငံ့လင့်လျက်ရှိကြသည်ဟု ထင်မိသည်။ ၎င်းတို့ ငံ့လင့်သည့်အတိုင်း ဆောင်ရွက်ခြင်းမပြုလျှင် ထိုသူများသည် စိတ်ပျက်အားငယ်သွားမည်ဖြစ်ပြီး မိမိက ပြုလုပ်ပေးလိုက်လျှင် အားလုံး ကျေနပ်သွားကြလိမ့်မည်ဟု ထင်လျက် ရှိလေသည်။ ထို့ကြောင့် ပီယာသည် မိမိအား တောင်းခံလာလျှင် ပေးလိုက်သည်ချည်းသာ ဖြစ်ပေသည်။

မင်းသားကြီး ဗာစီလီသည်ကား အခြားသူများ ထက် ထူး၍ ပီယာ၏ ကိစ္စအဝဝကို အပိုင်စီး၍ အုပ်ချုပ်ထားလေသည်။ မြို့စားကြီး ဘီဇူးကော့ဗ် ကံတော်ကုန်သည့် အချိန်မှစ၍ မင်းသားကြီးဗာစီလီသည် ပီယာအား မျက်ခြည် အပြတ်မခံဘဲ အရိပ်ကြည့်သကဲ့သို့ တကြည့်ကြည့်နှင့် ရှိနေလေသည်။ မင်းသားကြီး ဗာစီလီသည် အလုပ်ကိစ္စများကြောင့် ပင်ပန်းနွမ်းနယ်ဟန်ကို အမြဲဆောင်လျက် ရှိ၏။ ယခုကဲ့သို့ အဆင်းရဲအပင်ပန်းခံ၍ နေရသည်မှာလည်း မိမိ၏ ကိုယ်ကျိုးအတွက် တစ်ရွေးသားမျှမပါဘဲ မိမိ မိတ်ဆွေကြီး၏ သားဖြစ်သူ မလိမ်မိုး မလိမ္မာအရွယ် သူကြွယ်ကလေး ပီယာအား သနားသဖြင့် ကူညီစောင့် ရှောက်နေရသူတစ်ယောက်၏ ဟန်အမူအရာမျိုးကို ဆောင်ထားလျက် ရှိနေသည်။ မြို့စားကြီးဘီဇူးကော့ဗ် ကံတော်ကုန်ပြီးနောက် မော်စကိုမြို့၌ ခေတ္တမျှနေထိုင်လျက် ရှိစဉ်အတွင်း၌ မင်းသားကြီး ဗာစီလီသည် ပီယာကိုခေါ်၍ ဖြစ်စေ သူကိုယ်တိုင် ပီယာ့ထံသွား၍ ဖြစ်စေ များစွာ ပင်ပန်းနွမ်းနယ်ကာ နှစ်သိမ့်အားပေးသော လေသံမျိုးဖြင့် မည်သည့်ကိစ္စကို မည်သို့ ဆောင်ရွက်သင့်ကြောင်း စသဖြင့် အကြံဉာဏ်များ ပေးတတ်ပေသည်။ "အင်း၊ ဦးရီးတော်မှာတော့ အလုပ်တွေများရတဲ့အထဲက တူတော်မောင့်အတွက်လဲ နောက်ဆံတငင်ငင်ပဲ၊ စိတ်မချဘူး။ ဦးရီးတော်ပြောတဲ့ နည်းလမ်းကတော့ အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးနည်းလမ်းပေပဲ"ဟူသော လေသံမျိုးကို မကြာခဏ ပြောတတ်သည်။

"ကဲ တူတော်မောင်ရေ၊ ဦးရီးတော်တို့ မနက်ဖြန်ပဲ သွားကြစို့"

တစ်နေ့သ၌ မင်းသားကြီး ဗာစီလီက ပြောလိုက်၏။ မင်းသားကြီး ဗာစီလီသည် မျက်လုံးကိုမှိတ်ထားပြီး ပီယာ၏ တံတောင်ဆစ်ကို လက်ဖြင့်တို့ကာ နှစ်ဦးသဘော တူပြီးသား ကိစ္စကြီးတစ်ခုကို ပြောင်းလဲပြင်ဆင်ခြင်း မပြုနိုင်သည့်ဟန်မျိုးဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီး ပြောလိုက်သည်။ "ဦးရီးတော်တို့ မနက်ဖြန်ထွက်ကြတာပေါ့၊ တူတော်မောင်လဲ ဦးရီးတော်ရဲ့ ရထားနဲ့လိုက်ခဲ့ပေတော့၊ တူတော်မောင် လိုက်မယ်ဆိုရင်တော့ ဦးရီးတော် ဝမ်းသာလို့မဆုံးဘူး၊ ဒီမှာလုပ်စရာရှိတဲ့ကိစ္စတွေလဲ အားလုံး လုပ်ပြီးကုန်ပြီ၊ ဦးရီးတော်တစ်ယောက်တည်းဆိုရင် ပြန်တာကြာလှပြီ၊ တူတော်မောင့်ကိုလဲ သံတော်ဆင့် ဝန်ထောက်မင်းဆီက စာတစ်စောင် ပေးစရာရှိတယ်၊ ဦးရီးတော်က ပြောလိုက်လို့ တူတော်မောင်ကို သံတမန်ဘက်မှာ ချီးမြှင့်လိုက်ပြီး လူပျိုတော်သားအဖြစ် ခန့်အပ်လိုက်ပြီ။ အဲ ခုအချိန်ကစပြီး တူတော်မောင်တော့ သံတမန်ဘက်ဆိုင်ရာမှာ အမှုထမ်းပေတော့"

မင်းသားကြီး ဗာစီလီသည် ပီယာ့အတွက် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ပြောလျက်ရှိ၏။ မိမိ၏ ရှေ့ရေးကို တွေးလျက်ရှိသော ပီယာသည် တစ်စုံတစ်ရာကို ပြန်၍ ပြောလိုက်ချင်သည်။ သို့ရာတွင် မင်းသားကြီး ဗာစီလီသည် အထူးတလည် ဆွယ်တရားဟောရမည့် ကိစ္စများ၌ သုံးလေ့ရှိသည့်အတိုင်း အထူးချိုသာသောအသံဖြင့် ကြားဖြတ်၍



www.burmeseclassic.com

ပြောလိုက်သည်။

"ဒီမှာ တူတော်မောင်၊ ဦးရီးတော် ဝတ္တရားရှိတဲ့ အတိုင်း ဆောင်ရွက်ပေးတာဖြစ်လေတော့ ဦးရီးတော်ကို အထူးတလည် ကျေးဇူးတင်ဖို့မလိုပါဘူး တူတော်မောင်၊ ဦးရီးတော်က ခုလို ဂရုတစိုက်လုပ်ပေးတဲ့အတွက်လဲ တူတော်မောင် စိတ်မညစ်စေချင်ဘူး။ ဒီကိစ္စကို တူတော်မောင့် ဘာသာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပေတယ်၊ တူတော်မောင် လက်မခံချင်ဘူးဆိုရင်လဲ ငြင်းပယ်လိုက်ရုံပဲ၊ ဒါပေမဲ့ ပီတာစဘတ် ရွှေမြို့တော်ရောက်ရင်တော့ တူတော်မောင့် အတွက် အစစအရာရာ အဆင်သင့် ဖြစ်နေလိမ့်မယ်ဆိုတာ တွေ့ရလိမ့်မယ်၊ စိတ်ညစ်စရာတွေကို မေ့ပျောက်ဖို့ အချိန် ရောက်ပြီ တူတော်မောင်"

မင်းသားကြီး ဗာစီလီက သက်ပြင်းချလိုက်၏။

"ကဲ တူတော်မောင် သွားကြစို့၊ ဦးရီးတော်ရဲ့ အစေတော်ကတော့ တူတော်မောင့်ရထားနဲ့ လိုက်လိမ့်မယ်၊ သြော် မေ့နေလိုက်တာ"

မင်းသားကြီးသည် တစ်စုံတစ်ရာကို အမှတ်ရလာ ဟန်ဖြင့် ဆက်၍ ပြောလိုက်သည်။

"တူတော်မောင်ရဲ့ ခမည်းတော်ကြီးနဲ့ ဦးရီးတော်တို့ ရှင်းစရာကိစ္စတစ်ခု ကျန်နေသေးတယ်သိလား တူတော် မောင်၊ မြို့စားကြီးလက်ထက်ကစပြီး ခုထိ ရာဇန်ပိုင်စား နယ်မြေထဲက အခွန်အကောက်တွေကို ဦးရီးတော် ယူခဲ့ တယ်၊ အဲဒါကို ယူလက်စနဲ့ ဦးရီးတော်ပဲ ဆက်ယူထား လိုက်မယ်၊ တူတော်မောင်လဲမလိုဘူး မဟုတ်လား၊ နောက် ကျမှ စာရင်းရှင်းကြတာပေါ့"

မင်းသားကြီး ဗာစီလီပြောသည့် ရာဇန်ပိုင်စား နယ်မြေမှ အခွန်အကောက်များကား လယ်သမားများထံမှ ရသည့်ငွေဒင်္ဂါး ထောင်ပေါင်းများစွာသော မြေထောက်ခ များ ဖြစ်လေသည်။ ဤမြေထောက်ခများကို မင်းသားကြီး ယူ၍ သုံးစွဲထားခြင်း ဖြစ်လေသည်။

မော်စကိုမှာကဲ့သို့ပင် ပီတာစဘတ် ရွှေမြို့တော်တွင် လည်း ပီယာသည် မိမိအား အရေးတယူ ဆက်ဆံကြခြင်း ကို တွေ့ရ၏။ ပီယာသည် မိမိအတွက် မင်းသားကြီး ဗာစီလီက ဆောင်ကြဉ်းပေးထားသော ရာထူး(မိမိမှာ ဘာမျှ မလုပ်ရသည့်အတွက် ရာခံဟုပြောလျှင် ပို၍ မှန်လိမ့်မည် ထင်သည်။)ကို မငြင်းသာတော့ချေ။ ပီတာစဘတ် ရွှေမြို့ တော်တွင် အသိမိတ်ဆွေများ၊ ညှော်ခံပွဲများ၊ ပေါင်းသင်း ဆက်ဆံရေး ကိစ္စများမှာ များပြားလှရကား ပီယာသည် မော်စကိုမှာထက်ပင် စိတ်ရှုပ်စရာ၊ နောက်ကျုစရာ များ လျက်ရှိခြင်းကို တွေ့ရ၏။

ယခင်က မိတ်ဆွေရောင်းရင်းဟောင်းများမှာလည်း အများအားဖြင့် ပီတာစဘတ်ရွှေမြို့တော်တွင် မရှိကြတော့ ချေ။ ကိုယ်ရံတော်တပ်ဗိုလ်များမှာ စစ်မြေပြင်သို့ ထွက်ခွာ သွားကြလေပြီ။ ဒိုလိုကော့ဗ်မှာလည်း ရာထူးအချခံရလျက် ရှိလေပြီ။ အနာတိုလီမှာ တပ်မတော်ထဲတွင် ရောက်လျက် အနယ်နယ် အရပ်ရပ်သို့ ထွက်နေလေပြီ။ မင်းသားကလေး အင်ဒရေမှာလည်း တိုင်းတစ်ပါးသို့ ရောက်နေလေပြီ။ ထို့ကြောင့် ပီယာမှာ ညအချိန်များတွင် ရွှေမြို့တော်၌ ယခင်ကကဲ့သို့ သောက်စား ပျော်ပါးနေရန်သော်လည်း ကောင်း၊ အတွင်းရေး ကိစ္စများကို ဖွင့်ဟတိုင်ပင်ရန်သော် လည်းကောင်း အဖော်မရှိတော့ဘဲ အထီးတည်း ဖြစ်လျက် ရှိ၏။ ရွှေမြို့တော်တွင်ရှိသမျှ အချိန်ကလေးမှာ ညစာစား ပွဲများ၊ ကပွဲများနှင့် အချိန်ကုန်လျက် မင်းသားကြီးဗာစီလီ ၏ စံအိမ်တော်တွင် မင်းသားကြီး၏ ကြင်ရာတော်နှင့်တကွ မင်းသားကြီး၏ လှပသော သမီးတော် ဟယ်လင်မင်းသမီး တို့တစ်တွေနှင့်သာ အချိန်ဖြုန်းရလေတော့သည်။

အခြားသူများကဲ့သို့ပင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည်လည်း မင်းစိုးရာဇာ အသိုင်းအဝိုင်း၌ မျက်နှာပွင့်နေသော ပီယာ့အပေါ်တွင်သဘောထား ပြောင်း လာသည်ကို တွေ့ရလေသည်။

ယခင်ကမူကား မှန်နန်းအပျိုတော်ကြီး အင်နာပါ ဗလိုနာရှေ့၌ မိမိပြောသမျှစကားသည် အရာမဝင်ဟုလည်း ကောင်း၊ ပြောင်ကျလွန်းသည်ဟု လည်းကောင်း၊ တင့်တယ် လျောက်ပတ်ခြင်း မရှိဟု လည်းကောင်း ပီယာထင်ခဲ့သည်။ မိမိ၏ စကားများသည် ယဉ်ကျေးသိမ်မွေ့ခြင်း မရှိသော် လည်း ၎င်းတို့၏ ပတ်ဝန်းကျင်၌ ရိုင်းစိုင်းကြမ်းတမ်းသည့် အဖြစ်သို့ ရောက်ခဲ့ကြ၏။ ဟစ်ပိုလီတီ၏ ရိုင်းစိုင်းမိုက်မဲ သော စကားများသည် ယဉ်ကျေးသိမ်မွေ့ခြင်းအဖြစ် ရောက်ခဲ့ကြ၏။ ယခုသော်ကား ပီယာပြောသမျှ တင့်တယ် လျောက်ပတ်သော စကားချည်း ဖြစ်လျက်ရှိပေပြီ။ ဤသည် ကို မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက ဖွင့်ပြောခြင်း မပြုသည့်တိုင် ဣန္ဒြေကြီးလှသော ပီယာကို မပြောဝံ့၍သာ



www.burmeseclassic.com

 www.burmeseclassic.com 

မပြောဘဲ ထားကြောင်းကို ပီယာ သတိထားမိပေသည်။

၁၈၀၅-၆ ခု ဆောင်းဦးပေါက်စ၌ ပီယာသည် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာထံမှ ရမြဲဖြစ်သော ပန်းရောင်စက္ကူဖြင့်ရေးထားသည့် ဖိတ်ကြားစာ တစ်စောင်ကို ရရှိလေသည်။ ထိုဖိတ်ကြားစာတွင် 'မင်းသမီးချော ကလေး ဟယ်လင်ကိုလဲတွေ့ရမယ် တူတော်မောင်၊ ဟယ်လင်မင်းသမီးကလေးကို မြင်လိုက်သူများတော့ဖြင့် ကြည်နူးရွှင်ပြုံးသွားကြတာချည်းပေပဲ'ဟု ဆက်လက် ရေးသားထားသည်ကို တွေ့ရလေသည်။

ပီယာသည် ဤအကြောင်းများကို ဖတ်ရင်း မိမိနှင့် ဟယ်လင်မင်းသမီးကလေးအကြားတွင် လူတိုင်းသိလောက်သည့် ဆက်သွယ်မှုတစ်မျိုး ပေါ်လာချေပြီဟုလည်းကောင်း၊ ထိုဆက်သွယ်မှုသည် မိမိနှင့် ဟယ်လင်မင်းသမီးကြားတွင် ကြီးပွားလျက်ရှိနေလေပြီဟုလည်းကောင်း ပထမဆုံးအကြိမ် ရိပ်စားမိလိုက်ကာ မိမိမတတ်နိုင်သည့် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခု ကျရောက်လာသကဲ့သို့ အထိတ်တလန့် ဖြစ်သွားရှာလေသည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ညစ်ခံပွဲသဘင်ကား ခါတိုင်းကဲ့သို့ပင် စည်ကားလျက်ရှိလေသည်။ ယခုတစ်ကြိမ်၌ ကြွရောက်လာကြသော မင်းပရိသတ်များအနက် အသစ်အဆန်းအဖြစ် ပွဲထုတ်ခဲ့ခြင်းခံရသောသူကား ခါတိုင်းကဲ့သို့ ပြင်သစ်မြို့စားကလေး မော်တီမာ မဟုတ်ချေ။ ဘာလင်ရွှေမြို့တော်မှ မကြာခင်က ရောက်ရှိလာသည့် သံတော်အရာရှိတစ်ဦးဖြစ်လေသည်။ သံတော်အရာရှိသည် အလက်ဇန်းဒရားဘုရင်မင်းမြတ် ပေါ့စဒမ်မြို့သို့ ရောက်လာတော်မူသည့် သတင်းစုံနှင့်တကွ ကြီးမြတ်တော်မူသော အရှင်နှစ်ပါးသည် လူ့လောကကြီး၏ ရန်သူ (ဘိုနာပတ်) အား သုတ်သင်ချေမှုန်းရေးတည်း ဟူသော မြင့်မြတ်သော မှန်ကန်သည့် အရေးတော်ကြီး အောင်မြင်ရေးအတွက် နှစ်နိုင်ငံမဟာမိတ်ဖွဲ့ရန် သဘောကိုက်ညီတော်မူကြကြောင်း သတင်းစုံကို ပြောပြ၏။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ပီယာ့ခမည်းတော် မြို့စားကြီး ဘီဇူးကော့ဗ် မကြာမီက ကံတော်ကုန်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ဟန်ဖြင့် ပီယာအား ညှိုးငယ်စွာ ကြိုဆိုခြင်း ပြုလေသည်။ (ကြွလာသည့် ပရိသတ်အားလုံးကလည်း မိမိတို့ သိကျွမ်းခြင်း မရှိသော မြို့စားကြီး ဘီဇူးကော့ဗ် ကံတော်ကုန်ခြင်းကြောင့် စိတ်မချမ်းမသာဖြစ်ရကြောင်း ပီယာသိရှိစေဖို့ ဟန်အမူအရာအားဖြင့်ပြရန် ဝတ္တရားရှိသည်ဟု ယူဆကြပုံရသည်။) မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ၎င်း၏ ဝမ်းနည်းကြေကွဲခြင်းကို ဖော်ပြရာ၌ မိမိ၏ သခင်မကြီးဖြစ်သူ ရွှေနန်းရှင်မယ်တော် မိဖုရားအကြောင်းကို ပြောသည့်အခါမျိုးတွင်သာ ဖော်ပြလေ့ရှိသော လွန်စွာအလေးတမြတ်ပြုသည့် အမူအရာမျိုးဖြင့် ဖော်ပြခြင်းပြု၏။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက ဤသို့ပြောလိုက်သည့်အတွက် ပီယာသည် စိတ်ကြီးဝင်သလိုပင် ဖြစ်သွားမိသေးသည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် မိမိ၏ အလေ့အကျင့်ဖြစ်နေသော ကျွမ်းကျင်မှုဖြင့် မင်းပရိသတ်အသီးသီးအား အစုကလေးများဖွဲ့ကာ ညစ်ခန်းဆောင်ကြီးထဲတွင် နေရာချပေးလေသည်။ မင်းသားကြီး ဗာစီလီနှင့် ဗိုလ်ချုပ်ကြီးများပါဝင်သော လူအုပ်ကြီးကို သံတမန်များသဖွယ် တခမ်းတနား နေရာချပေးထား၏။ ပီယာသည် ဤအစုထဲသို့သွားမည်ဟု စိတ်ကူးမိသေးသည်။ သို့ရာတွင် ထိုအခြင်းအရာကို တွေ့မြင်လိုက်ရသည့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက စစ်တလင်း၌ အကြံသစ် ဉာဏ်သစ်များ တစ်မုဟုတ်ချင်းရလာရာက ထိုအကြံဉာဏ်များကို လက်တွေ့အကောင်အထည်ဖော်ချိန်မရလိုက်ဘဲ ဖြစ်သွားမည်ကို စိုးရိမ်လျက်ရှိသည့် တပ်မှူးတစ်ယောက်၏ ဟန်မျိုးဖြင့် ပီယာ၏ အင်္ကျီလက်မောင်းကို ဆွဲလိုက်ကာ

"ခဏနေဦး တူတော်မောင်၊ ဒီနေ့ည တူတော်မောင့်အတွက် အကြံတော်မြင်ထားတာ တစ်ခုရှိတယ်"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ဟယ်လင်မင်းသမီးကလေးကို ကြည့်၍ ပြုံးလိုက်သည်။

"တူမတော်ထိပ်ထား၊ တူမတော်ကို အင်မတန်မြတ်နိုးတဲ့ အကြီးတော်ရဲ့ ဒွေးတော်ကြီးကို သနားပါကွယ်၊ ဒွေးတော်ကြီးမှာ အဖော်မရှိတဲ့အတွက် ခဏလောက်သွားပြီး စကားပြောလိုက်ပါလား တကယ်လို့ သိပ်အပန်းမကြီးဘူးဆိုရင်လဲ ဟောဒီက မြို့စားလေး(ပီယာ)က တူမတော်နဲ့ အတူလိုက်ပါဖို့ ငြင်းမယ် မဟုတ်ပါဘူး"

အလှဘုရင်မလေး ဟယ်လင်မင်းသမီးကလေးသည် ဒွေးတော်ကြီးဆီသို့ ထွက်သွားလေသည်။ မှန်နန်း



www.burmeseclassic.com

အပျိုတော်ကြီး အင်နာပါဗလိုနာသည် ဟယ်လင်မင်းသမီးကလေးနှင့် အတူလိုက်သွားရန် ဟန်ပြင်လိုက်သော ပီယာကို လိုအပ်သည့် နောက်ဆုံးညွှန်ကြားချက်ပေးရန် ရှိသကဲ့သို့ ခေတ္တဆိုင်းငံ့ထားလိုက်သည်။

"ကဲ တူတော်မောင်၊ ဘယ့်နှယ်ရှိစ၊ မချောဘူးလား"မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက အဝေးသို့ လှုပ်လဲ့လှုပ်လီ လျှောက်သွားသော အလှဘုရင်မကလေးအား လက်ညှိုးထိုးပြ၍ ပီယာကိုမေးလိုက်သည်။ "ကြည့်စမ်း၊ လမ်းလျှောက်ပုံကစ ဘယ်လောက် ကျက်သရေရှိသလဲ၊ ဒီလောက်နုနယ်တဲ့ အရွယ်ကလေးနဲ့ မလိုက်အောင် ကိုယ်အမူအရာရော၊ စိတ်နှလုံးရော ယဉ်ကျေးသိမ်မွေ့လှပါပေတယ်၊ ထိပ်ထားကလေးကို ရတဲ့လူများတော့ အင်မတန် ကံကောင်းပေမှာပဲ၊ ထိပ်ထားကလေးကိုသာ ပိုင်ဆိုင်ရမယ်ဆိုရင်တော့ တော်ရုံတန်ရုံလူတောင်မှ ပွဲလယ်တင့်ပေမှာပဲ၊ တူတော်မောင့်သဘောကိုသာ သိထားပါရစေနော် ဟုတ်စ"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ပြောပြောဆိုဆို ပီယာအား ဟယ်လင်မင်းသမီးကလေး၏ နောက်သို့ တွန်း၍ လွှတ်လိုက်လေသည်။

ပီယာက ဟယ်လင်မင်းသမီးကလေးမှာ တကယ်ပင် သိမ်မွေ့ယဉ်ကျေးလှကြောင်းဖြင့် ရိုးသားစွာ ပြန်ပြောလိုက်သည်။ မှန်ပါသည်။ ဟယ်လင်မင်းသမီးကလေး၏ အကြောင်းကို တွေးလျှင် ဟယ်လင်မင်းသမီးကလေး၏ လှပတင့်တယ်ခြင်း၊ တိမ်ပုံစွန်းမှ လဝန်းကြီး ရှန်းလင်းစွာ ထွက်ပေါ်လာသကဲ့သို့ ဂုဏ်သရေရှိ မင်းစိုးရာဇာ အသိုင်းအဝိုင်းတွင် မြင်ရသူတို့ အံ့သြငေးမောရလောက်အောင် ထီးမူနန်းဟန်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံတတ်ခြင်းတို့ မပါက ပြည့်စုံမည်မဟုတ်ချေ။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဒွေးတော်ကြီးသည် ထိုင်နေကျဖြစ်သော ချောင်ကလေးထဲတွင် ပီယာနှင့် ဟယ်လင်မင်းသမီးကလေးကို ဆီးကြိုဧည့်ခံလေသည်။ သို့ရာတွင် ဒွေးတော်ကြီးသည် ဟယ်လင်မင်းသမီးကလေးအား ချစ်ခင်မြတ်နိုးသည်ထက် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာကို ကြောက်ရွံ့နေဟန် ရှိနေ၏။ ဒွေးတော်ကြီးသည် ဤလူငယ်နှစ်ဦးအား မည်သည့်စကားပြော၍ မည်သို့ ပြုမူဆက်ဆံရမည်ကို မေးမြန်းသည့်အနေဖြင့် တူမတော်ဖြစ်သူ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာကို လှမ်းကြည့်လိုက်သည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် အနီးမှ သူတို့ထွက်ခွာသွားခါနီးတွင်လည်း ပီယာအား လက်တို့လျက်

"ဒီတစ်ခါတော့ အကြီးတော်ရဲ့ အိမ်မှာ တူတော်မောင်အဖို့ ငြီးငွေ့စရာ မကောင်းတန်ပါဘူးနော်" ဟုပြောကာ ဟယ်လင်မင်းသမီးကလေးကို လှမ်းကြည့်လိုက်လေသည်။

ဟယ်လင်မင်းသမီးကလေးသည် ပြုံးလိုက်ရာက မိမိအား တွေ့မြင်သမျှ စွဲလမ်းနှစ်သက်ခြင်း မဖြစ်ဘဲ မနေနိုင်ဟူသော သဘောပါသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ ဒွေးတော်ကြီးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် ယခုကဲ့သို့ ဟယ်လင်မင်းသမီးကလေးနှင့် တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်းကို ပြင်သစ်ဘာသာဖြင့်ပြော၍ ပီယာဘက်သို့လှည့်ကာ ထိုနည်းအတိုင်း ကြိုဆိုနှုတ်ဆက်ခြင်း ပြုပြန်လေသည်။ ပြတ်တောင်းပြတ်တောင်းဖြင့် ခြောက်ကပ်ကပ်နိုင်လှသော စကားဝိုင်းအလယ်တွင် ဟယ်လင်မင်းသမီးကလေးသည် လူတွေ့တိုင်း ပြုံးတတ်သည့် တောက်ပသော အပြုံးကလေးဖြင့် ပီယာကို လှမ်းကြည့်လိုက်သည်။ ပီယာအဖို့ကား ထိုအပြုံးမျိုးသည် ရိုးနေပြီဖြစ်ရကား မည်သို့မျှ ထူးခြားဟန်မပြဘဲ မသိမသာပင် ထိုင်နေလိုက်သည်။ ဒွေးတော်ကြီးသည် ပီယာ၏ ခမည်းတော် မြို့စားကြီး ဘီဇူးကော့ဗ် သုံးစွဲသည့် ရွှေဆေးဘူးများကို စုဆောင်းနေကြောင်း ပြောပြလျက်ရှိ၍ မိမိ၏ ရွှေဆေးဘူးကိုလည်း ၎င်းတို့နှစ်ဦးအား ပြသလျက်ရှိ၏။ ဟယ်လင်မင်းသမီးကလေးက ရွှေဆေးဘူးပေါ်တွင် ထွင်းထားသည့် ဒွေးတော်ကြီး၏ ခင်ပွန်းရုပ်ပုံကို ကြည့်လိုကြောင်း ပြောလျက် ရှိလေသည်။

"ဗိနက်ဆီရဲ့ လက်ရာနဲ့တူတယ်နော်"ဟု ပီယာက နာမည်ကျော် ပန်းပုဆရာတစ်ဦး၏ အမည်ကို ထုတ်ဖော်ပြောလိုက်ပြီးနောက် တစ်ဖက်စားပွဲတွင် ပြောနေသည့် စကားများကို နားစွင့်ထားရင်း စားပွဲပေါ်မှ ရွှေဆေးဘူးကလေးကို လှမ်းလိုက်သည်။

ပီယာသည် ကိုယ်ကိုကြွကာ စားပွဲတစ်ဖက်မှကွေ့၍ သွားယူမည်အပြုတွင် ဒွေးတော်ကြီးက ဟယ်လင်မင်းသမီးကလေး၏ နောက်ကျောမှ ကျော်၍ ရွှေဆေးဘူးကို



www.burmeseclassic.com

လှမ်းပေးလိုက်၏။ ဟယ်လင်မင်းသမီးကလေးသည် ကိုယ်ကို ဘေးသို့ညွတ်၍ ဖယ်ပေးလိုက်ပြီး သမင်လည်ပြန်လှည့်ကာ ပြုံးပြုံးကလေး ကြည့်လိုက်သည်။ ဟယ်လင်မင်းသမီးကလေးသည် ညနေခင်းဧည့်ခံပွဲသဘင်များ၌ ဝတ်စားဆင်ယင်လေ့ရှိသည့်အတိုင်း ထိုခေတ်က ခေတ်စားလျက်ရှိသော ရင်နိမ့်ကျောနိမ့် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ ကျောက်ဖြူသားပမာ ဖွေးနုလျက်ရှိသော ဟယ်လင် မင်းသမီးကလေး၏ ကိုယ်အထက်ပိုင်းသည် ပီယာနှင့် ကပ်လျက်ရှိလေရာ ပီယာ၏ မှုန်မွဲသော မျက်လုံးများသည်ပင် ဟယ်လင်မင်းသမီးကလေး၏ ဖြူဖွေးနုနယ်သော ပခုံးသားများနှင့် လည်တိုင်တို့၏ တဖျပ်ဖျပ် လှုပ်ရှားလျက်ရှိသော အလှကို ခံစားနေရသည်။ ပီယာ၏ နှုတ်ခမ်းများနှင့် ဟယ်လင်မင်းသမီးကလေး၏ လည်တံမှာလည်း ပူးကပ်လျက်ရှိလေရာ ခေါင်းကို အနည်းငယ် ညွတ်လိုက်လျှင်ပင် ဟယ်လင်မင်းသမီးကလေး၏ ပခုံးသားများနှင့် လည်တိုင်ကို နမ်းရှုပ်မိလျက်သား ဖြစ်သွားတော့မလောက် ရှိပေသည်။ ဟယ်လင်မင်းသမီးကလေး၏ ကိုယ်မှ လွှတ်လိုက်သော အနွေးဓာတ်ကို လည်းကောင်း၊ သင်းပျံ့ရီဝေသော ရေမွှေးနံ့ကိုလည်းကောင်း၊ လှုပ်ရှားလိုက်တိုင်း တရွမ်းရွမ်းမြည်သော ရင်သိမ်းအင်္ကျီ၏ ထိပွတ်သံကို လည်းကောင်း ပီယာ သတိထားလိုက်မိသည်။ ဝတ်စုံအင်္ကျီနှင့် တစ်သားတည်းဟု ထင်ရလောက်အောင် ရှိုးတံရှိုးဆစ် ပြေပြစ်ချောမောသော ကျောက်ဖြူသားသဖွယ် ချောမွေ့ဝင်းလက်သည့် ကိုယ်ခန္ဓာကို မမြင်ရသော်လည်း ဝတ်ရုံလွှာမျှသာ လွှမ်းထားခြင်းကြောင့် ခန္ဓာကိုယ်၏ အနိမ့်အမြင့်၊ အသွယ်အလျ၊ အလုံးအဝန်း၊ အဆင်းအတက်၊ အမို့အမောက် စသည့် စွဲလမ်းနှစ်သက်ဖွယ်ဟူသမျှကိုကား မြင်နေရပေသည်။ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏ အလှကို တစ်ကြိမ်မြင်လိုက်ရပြီးသည့်နောက်တွင် မျက်လုံးများကို ဟယ်လင်မင်းသမီးကလေးထံမှ ခွာမသွားနိုင်တော့ချေ။ ဟယ်လင်မင်းသမီးကလေးကိုသာ စူးစိုက်ကြည့်နေမိလေသည်။

"ဘယ့်နှယ်၊ အကြည့်တော်ရဲ့လှချည့် မောင်မောင်၊ ထိပ်ထားလေးရဲ့ အလှအပကို ခုမှပဲ သတိထားတော်မူမိလို့လား။ ထိပ်ထားလေးဟာ မိန်းမသားတစ်ယောက်ဆိုတာ ခုမှပဲ ကောင်းကောင်း သတိထားတော်မူမိဟန် တူပါရဲ့၊ ထိပ်ထားတို့ မိန်းမသားဆိုတာမျိုးဟာ ပိုင်ဆိုင်သူကို စောင့်ရစမြဲပါ မောင်မောင်။ မောင်မောင်ကော မပိုင်ဆိုင်ချင်ပေဘူးလား"

ဟယ်လင်မင်းသမီးကလေး၏ အကြည့်သည် ဤသို့ ပြောလျက်ရှိသည်ဟု ထင်မှတ်ရ၏။ ထိုခဏ၌ ဟယ်လင်သည် မိမိ၏ ကြင်ရာတော် ဖြစ်နိုင်ရုံမျှမက ဖြစ်လည်းဖြစ်ရမည်။ ဟယ်လင်မင်းသမီးကလေးအား မိမိမှ တစ်ပါး အခြားသူ ပိုင်ဆိုင်စေခြင်း မရှိရဟု ပီယာ၏ စိတ်ထဲတွင် ထင်လိုက်မိလေသည်။

ထိုအခါတွင် မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့ နှစ်ဦးသည် မင်္ဂလာပွဲကြီး ဆင်နွှဲနေသည်ဟု ပီယာထင်မိ၏။ သို့ရာတွင် မည်သည့်အချိန် မည်သည့်အခါ၌ တကယ့် မင်္ဂလာပွဲကြီး ဆင်နွှဲရမည်ကိုကား ပီယာမသိချေ။ ဟယ်လင် မင်းသမီးကလေးနှင့် စုလျားရစ်ပတ်ရသော် ကောင်း၏၊ မကောင်း၏ကိုလည်း ပီယာမသိချေ။ (မည်သည့်အတွက်ကြောင့်မသိ၊ မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့ စုလျားရစ်ပတ်ရမည်ဆိုလျှင် မသင့်လျော်ဟု ပီယာ့စိတ်ထဲ၌ ထင်မိသည်။) သို့ရာတွင် တစ်နေ့၌ကား မိမိနှင့် ဟယ်လင်မင်းသမီးတို့သည် ကြင်ဖက်အဖြစ် ရောက်ရချေတော့မည်ဟုလည်း ထင်လျက် ရှိလေသည်။

ပီယာသည် မျက်လွှာကို ချလိုက်သည်။ ထို့နောက် မျက်လွှာကို ပင့်ပြန်၏။ မိမိသည် ယခင်ကကဲ့သို့ ဟယ်လင်မင်းသမီးကလေး၏ အလှကို အဝေးမှသာ ငေးမောကြည့်ရှုတော့မည်။ ဟယ်လင်မင်းသမီးကလေးနှင့် စုလျားရစ်ပတ်ခြင်း မပြုတော့ပြီဟု အားတင်း၍ ကြည့်၏။ သို့ရာတွင် မရတော့ပြီ။ နှင်းမြူများကြား၌ ပေါင်းမြက်တောကို သစ်ပင် အမှတ်မှား၍ ကြည့်မိသူတစ်ယောက်သည် ပေါင်းမြက်တောမှန်း သိပြီးနောက်၌လည်း သစ်ပင်ဟုပင် ထင်မှတ်၍ ထပ်ကြည့်မိပြန်သကဲ့သို့ ပီယာသည်လည်း ဟယ်လင်မင်းသမီးကလေး၏ အလှကို အဝေးမှသာ ကြည့်ရှုငေးမောလိုသော်လည်း အပါးမှ မခွာနိုင်အောင် ဖြစ်လျက်ရှိလေပြီ။ ဟယ်လင်မင်းသမီးကလေးသည် ပီယာ၏ စိတ်နှလုံးကို သိမ်းကျုံးရစ်ပတ်ဆွဲငင်လျက် ရှိလေပြီ။ ဟယ်လင်မင်းသမီးကလေးသည် မိမိကို စိုးမိုးဆွဲဆောင်နိုင်သွားခဲ့လေပြီ။ ပီယာသည် မိမိ၏စိတ်ကို မိမိ ထိန်းသိမ်းနိုင်စွမ်း ရှိပါဦးမည်လော။ ဤသည်ကိုလည်း ပီယာ မတွေး



www.burmeseclassic.com

www.burmeseclassic.com


တတ်တော့ပြီ။

"ကဲ အားလုံးပဲ ခဏနေရစ်ကြဦးနော်"ဟူသော မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏အသံ ပေါ်ထွက်လာလေသည်။

ထိုအခါကျမှ ပီယာသည် မိမိကိုယ်ကို မိမိမလုံမလဲ ဖြစ်ကာ ရှက်ကိုးရှက်ကန်းဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်မိသည်။ မိမိ၏အဖြစ်ကို မိမိသတိထားမိသကဲ့သို့ အခြားသူများကလည်း ရိပ်စားမိလိုက်ကြလိမ့်မည်ဟု ထင်မိလေသည်။

ခဏကြာ၍ လူကြီးဝိုင်းသို့ ပီယာရောက်သွားသော အခါ၌ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက

"ပီတာစဘတ် ရွှေမြို့တော်က စံအိမ်ကြီးကိုပြန်ပြီး ပြင်ဆင်နေတယ် ကြားတယ်၊ ဟုတ်လား တူတော်မောင်"

ပီယာသည် ရွှေမြို့တော်ရှိ စံအိမ်ကြီးကို မွမ်းမံပြင်ဆင်လျက် ရှိလေသည်။ ဗိသုကာကြီးက ပြင်ဆင်ရန် လိုသည်ဟုဆိုသဖြင့် ပီယာလည်း ဘုမသိဘမသိဖြင့် ပီတာစဘတ်ရှိ စံအိမ်ကြီးကို ပြင်ဆင်ခွင့်ပြုလိုက်ခြင်း ဖြစ်၏။

"စံအိမ်ကြီးကို ပြင်တာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ မင်းသားကြီး ဗာစီလီရဲ့စံအိမ်မှာပဲ ဆက်နေပါဦးလား တူတော်မောင်ရဲ့ မင်းသားကြီးလို မိတ်ဆွေမျိုးနဲ့ နေရတော့ အစစအရာရာ အဆင်ပြေတာပေါ့"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက မင်းသားကြီး ဗာစီလီကို ပြုံးကြည့်ရာက ပြောလိုက်၏။

"စိတ်ကူးမလွဲနဲ့ တူတော်မောင် အကြီးတော်တို့ကတော့ လူကြီးဆိုတော့ အစစအရာရာ စဉ်းစားပြီး ပြောတာပါ၊ တူတော်မောင်ကတော့ ငယ်သေးတယ် မဟုတ်လား၊ ဒီတော့ တူတော်မောင့်မှာ အကြံဉာဏ်ပေးဖို့ လူလိုတယ်၊ ခုလိုပြောလို့ အဘွားကြီး လျှာရှည်ရန်ကောလို့လဲ စိတ်မတိုနဲ့ဦးနော်၊ အဘွားကြီးဆိုတော့ အဘွားကြီးစကားမျိုးပဲ ပြောရမှာပဲ"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက ခေတ္တရပ်လိုက်ကာ မိမိတို့ အသက်ကို ထုတ်ဖော်ပြောပြီးနောက် အခြားသူများက မည်သို့ထင်ကြလေမည်နည်းဟု အကဲခတ်လေ့ရှိသော မိန်းမတို့ထုံးစံအတိုင်း ပတ်ဝန်းကျင်ကို လှမ်း၍ ကြည့်လိုက်သည်။

"တူတော်မောင်လဲ အိမ်ထောင်ရေးကို စိတ်ကူးဖို့ အချိန်တော်ပြီနော်"ဟု ဆက်ပြောပြီး တစ်ဖန်လှမ်းကြည့်လိုက်ပြန်သည်။ ထိုအချိန်၌ ပီယာသည် ဟယ်လင်မင်းသမီးကလေးကို မကြည့်၊ ဟယ်လင်မင်းသမီးကလေးကလည်း ပီယာကို မကြည့်ဘဲ မျက်လွှာကို ချထားကြလေသည်။ သို့ရာတွင် ပီယာ့အနား၌ ပူးကပ်စွာထိုင်လျက်ပင် ရှိလေသည်။ ပီယာမှာ တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောလိုက်ရင်း မျက်နှာနီရဲလျက် ရှိလေသည်။

စံအိမ်သို့ ပြန်ရောက်လာသည့်အခါတွင်ကား ပီယာသည် အတွေးနယ်ချဲ့လျက်ရှိသဖြင့် ရတ်တရက် အိပ်၍ မပျော်တော့ချေ။ မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့သည် မည်သို့ ဖြစ်ခဲ့ကြပေသနည်း။ စင်စစ် ယခုအထိကား မည်သို့မျှ မဖြစ်ခဲ့သေးချေ။ သို့ရာတွင် ကလေးဘဝကစ၍ သိခဲ့သော ဟယ်လင်မင်းသမီးကလေး၊ သူ၏ အလှအပကို ပြောတိုင်း 'ကြည့်ကောင်းသားပဲ'ဟု အမှတ်မထင် ရည်ညွှန်းပြောခြင်း ခံခဲ့ရသည့် ဟယ်လင်မင်းသမီးကလေးကို ပီယာသည် တိမ်းညွှတ်ခဲ့လေပြီ။ တစ်နေ့တွင် ပိုင်ဆိုင်ရတော့မည်ဟု ထင်မှတ်လျက် ရှိလေပြီ။

"ဒါပေမဲ့ ဟယ်လင်မင်းသမီးဟာ လိမ္မာရေးခြားမရှိဘူး၊ ဒါကို ငါကိုယ်တိုင်လဲ ပြောခဲ့ဖူးတယ်၊ ဟယ်လင်မင်းသမီးကလေးရဲ့ အလှဟာ အများကို သွေးထိုးပေးတဲ့ အလှမျိုး၊ မကောင်းမှုကိုလှုံ့ဆော်ပေးတဲ့ အလှမျိုး၊ ပြီးတော့ သူနဲ့ သူ့မောင်တော် အနာတိုလီတို့နှစ်ဦးဟာ မောင်နှမအရင်းချင်း တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်နေကြတယ်လို့ ပြောတဲ့ စကားတွေလဲ နားမဆံ့အောင် ကြားနေရတယ်၊ ဟုတ်မှာပါပဲ၊ ဒါကြောင့် အနာတိုလီကို တခြားပို့လိုက်တာ ဖြစ်မှာပဲ၊ ဟစ်ပိုလီတီကလဲ သူ့မောင်၊ မင်းသားကြီး ဗာစီလီက ခမည်းတော်၊ အို မဖြစ်သေးပါဘူး"ဟု ပီယာသည် တသီတတန်းကြီး တွေးနေမိသည်။ သို့ရာတွင် ထိုသို့ တွေးလျက်ရှိရင်းကလည်း (ပီယာ၏ အတွေးမှာ ပြည့်စုံခြင်း မရှိပါ။) ပီယာသည် ပြုံးလိုက်မိပြန်ကာ တစ်ဖက်လှည့်တွေးနေမိပြန်သည်။ ဟယ်လင်မင်းသမီးကလေးအား မကောင်းဘက်ကတွေးနေချိန်တွင် 'ဟယ်လင်မင်းသမီးကလေးသည် မိမိ၏ ကြင်ရာတော်ဖြစ်လျှင် ကောင်းလေစွ၊ မိမိအား မည်မျှ ချစ်ခင်လေမည်နည်း၊ မိမိကြားရသော သတင်းများသည် မမှန်သတင်းများသာ ဖြစ်သည်'ဟု အကောင်းဘက်ကို လှည့်၍ တွေးမိပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


တစ်ဖန် ပီယာသည် ဟယ်လင်မင်းသမီးကလေးအား မင်းသားကြီး ဗာစီလီ၏ သမီးတော်အဖြစ်မဟုတ်ဘဲ အပြာရောင်ဝတ်ရုံထဲမှ စွဲမက်ဖွယ်ကောင်းသော ကိုယ်ခန္ဓာအလှပိုင်ရှင် မိန်းမတစ်ယောက်အနေဖြင့် ကြည့်မိပြန်သည်။ 'အို မဟုတ်သေးပါဘူး'ဟု ပီယာသည် စိတ်ထဲက ရေရွတ်မိပြန်သည်။ ဟယ်လင်မင်းသမီးကလေးနှင့် စုလျားရစ်ပတ်ရန်အရေးကား သဘာဝလည်း မကျ၊ ဂုဏ်သိက္ခာလည်း ပျက်လှသည်ဟု ယူဆလိုက်ပြန်သည်။ ဟယ်လင်မင်းသမီးကလေး၏ ကြည့်ပုံနှင့် စကားပြောပုံများကို လည်းကောင်း၊ သူတို့နှစ်ယောက် အတူယှဉ်တွဲထိုင်နေသည်ကို မြင်သွားကြသော မင်းပရိသတ်များ၏ ကြည့်ပုံနှင့် စကားပြောပုံများကိုလည်းကောင်း တွေးမိပြန်သည်။ မိမိ၏ စံအိမ်အကြောင်းပြောစဉ်က မှန်နန်းအပျိုတော်ကြီး၏ ကြည့်ပုံများ၊ စကားပြောပုံများ၊ မင်းသားကြီး ဗာစီလီနှင့်တကွ အခြားသူများကပါ စကားရိပ်သန်းလာပုံများကို ပြန်၍ စဉ်းစားမိပြန်သည်။ ဤသည်နှင့် တစ်ပြိုင်တည်း မိမိအား မကောင်းမှုကြီးတစ်ခုကို ပြုလုပ်ရန်အတွက် ဝိုင်းဝန်းချုပ်နှောင်ထားခြင်း ခံရသကဲ့သို့ လန့်ဖျပ်သွားမိပြန်သည်။ သို့ရာတွင် ထိုသို့တွေးရင်းကလည်း ဟယ်လင်မင်းသမီးကလေး၏ ကျက်သရေရှိသော အလှသည် စိတ်မျက်စိထဲတွင် တရေးရေးထင်လျက် ရှိနေပေသတည်း။

## အခန်း ၂

၁၈၀၅–ခု၊ နိုဝင်ဘာလ၌ မင်းသားကြီး ဗာစီလီသည် ဘုရင့်အစိုးရကိစ္စဖြင့် နယ်လေးနယ်သို့ လှည့်ပတ်စစ်ဆေးကြည့်ရှုရန်ဟု အကြောင်းပြကာ ခရီးထွက်မည်ဖြစ်လေသည်။ သို့ရာတွင် တကယ့် ရည်ရွယ်ချက်မှာ နှစ်ချက်ရှိ၏။ တစ်ကြောင်းမှာ အတန်ကြာမျှ စစ်ဆေးခြင်းမပြုခဲ့သော မိမိလယ်မြေများကို ကြည့်ရှုရန်ဖြစ်၍ အခြားတစ်ကြောင်းမှာကား သားတော်မင်းသားကလေး အနာတိုလီနှင့် မင်းသားကြီး ဘိုလကွန်စကီ၏ သမီးတော်တို့ စုလျားရစ်ပတ် ထိမ်းမြားရေးအတွက် ထိုနယ်များတွင် တပ်စခန်းများချလျက်ရှိသော သားတော် အနာတိုလီအား မင်းသားကြီး ဘိုလကွန်စကီထံသို့ ခေါ်သွားရန် ဖြစ်လေသည်။ သို့ရာတွင် ထိုပြဿနာသစ်များကို ဆောင်ရွက်ခြင်း မပြုမီ မင်းသားကြီး ဗာစီလီသည် ပီယာ၏ ပြဿနာကို ဦးစွာရှင်းလင်းရလိမ့်မည် ဖြစ်လေသည်။ ပီယာသည် ယခုတလော၌ အပြင်အပသို့ လည်ပတ်ခြင်းမရှိဘဲ တည်းခိုရာ မင်းသားကြီး ဗာစီလီ၏ စံအိမ်တော်တွင်သာ နေကုန်နေခမ်း နေထိုင်လျက်ရှိသော်လည်း (ချစ်မိသူတို့ ထုံးစံအတိုင်း) ဟယ်လင်မင်းသမီးကလေးနှင့် တွေ့လျှင် ရှက်ကိုးရှက်ကန်းဖြင့် မနေတတ် မထိုင်တတ်ဖြစ်လျက် ယခုထက်တိုင် ဟယ်လင်မင်းသမီးကလေးအား ချစ်ရေးဆိုခြင်း မပြုသေးချေ။

"အိမ်း၊ ဒီအတိုင်းဆိုရင်တော့ ချောချောမောမောပါပဲ၊ ဒါပေမဲ့ ဒီကိစ္စ မြန်မြန်နေရာကျမှ ဖြစ်မယ်"

မင်းသားကြီး ဗာစီလီသည် တစ်နံနက်၌ ဝမ်းပန်းတနည်းဖြင့် သက်ပြင်းချလိုက်ရင်း တစ်ယောက်တည်း ညည်းမိသည်။ ပီယာ၏ အိမ်ထောင်ရေးကိစ္စကို မိမိက ဖြေရှင်းပေးရန် ဝတ္တရားရှိသော်လည်း (မြင်းကမလှုပ်ဘဲ ခုန်ကချည်း လှုပ်နေ၍ မဖြစ်။) ပီယာမှာ ဤလိုကိစ္စမျိုးတွင် ကျွမ်းကျင်သူမဟုတ်သည့်အတွက် မင်းသားကြီး ဗာစီလီအဖို့ အခက်ကြုံလျက် ရှိလေသည်။ "အိမ်း၊ လူကလဲ ယေစည်းစိမ်ဥစ္စာကလဲ လိုလေသေးမရှိဆိုတော့ ပိုပြီး ခက်တာပေါ့လေ၊ ဘုရားသခင် စောင့်မတော်မူလေမှပဲ၊ သန်ဘက်ခါဆိုတော့ သမီးတော် ဟယ်လင်ရဲ့ ကင်ပွန်းတပ်မင်္ဂလာ အထိမ်းအမှတ်နေ့ပဲ၊ အဲဒီနေ့ကျရင် နှစ်ယောက်သုံးယောက်လောက်ကို ဖိတ်မယ်၊ ဒီလောက် အရိပ်ပေးလို့မှ သူနားမလည်သေးရင် ငါပဲကြည့်ပြီး စီမံပေးရတော့မှာပဲ၊ အိမ်း၊ ကိုယ့်သမီးကိစ္စပေကိုး'ဟု တွေးလျက် ရှိလေသည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ညေ့ခံပွဲသဘင် ကျင်းပပြီးခဲ့သည်မှာ တစ်လနှင့်နှစ်သီတင်းမျှ ကြာခဲ့လေပြီ။ ထိုအတွင်း၌ ပီယာသည် ညစဉ်လိုလိုပင် အိပ်၍ မပျော်နိုင်ဘဲ မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့၏ ရေ့ရေးကိုသာ စဉ်းစားမိသည်။ ဟယ်လင်မင်းသမီးကလေးနှင့်သာ စုလျားရစ်ပတ်ခြင်းပြုပါက ဒုက္ခလှလှကြီးတွေ့လိမ့်မည်ဟုလည်း သဘောပေါက်သည်။ ထို့ကြောင့် ပီယာသည် အားတင်းကာ ဟယ်လင်မင်းသမီးကလေးကို လက်ထပ်ခြင်း မပြုတော့ပြီ၊ ဤစံအိမ်ကြီးမှ အမြန်ဆုံးထွက်ခွာသွားတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ သို့ရာတွင် ဆုံးဖြတ်ချက်သာ ချထားသော်လည်း ပီယာသည်


www.burmeseclassic.com

ယခုထက်တိုင် မင်းသားကြီး ဗာစီလီ၏စံအိမ်မှ ထွက်ခွာသွားခြင်း မပြုသေးချေ။ တစ်ဖက်ကလည်း ဤစံအိမ်ကြီးတွင် မိမိဆက်လက်နေထိုင်ခြင်းပြုနေသမျှ မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့သည် ရင်းနှီးရည်ငံလျက်ရှိကြမည်ဟု ဘေးပရိသတ်က ထင်မှတ်ကြချေတော့မည်လောဟု စိုးရိမ်မိပြန်သည်။ သို့ဖြင့် ဟယ်လင်မင်းသမီးကလေးအပေါ်တွင် ယခင်ကကဲ့သို့ မူမပျက် ဆက်ဆံရန် ကြိုးစားပြန်သည်။ သို့ရာတွင် မရတော့ပြီ။ မိမိသည် ဟယ်လင်မင်းသမီးလေး၏အပါးမှ မခွာနိုင်တော့ပြီ။ ဟယ်လင်မင်းသမီးလေးနှင့် လက်ထပ်ရခြင်းသည် ကြောက်စရာကောင်းသည် မှန်သော်လည်း မိမိတို့နှစ်ဦးသည် နဖူးစာဆုံကြရလေပြီဟု ပီယာ တွေးလျက်ရှိသည်။ မိမိအလိုအတိုင်းသာဆိုလျှင် ဤညွှတ်ကွင်းမှ ရုန်းထွက်နိုင်ကောင်း ရုန်းထွက်နိုင်မည် ဖြစ်သော်လည်း (ယခင်က ညေ့ခံပွဲများကို ကျင်းပလေ့မရှိသည့်) မင်းသားကြီး ဗာစီလီသည် ညေ့ခံပွဲများကို တစ်နေ့မျှ အလွတ်မရှိရအောင် နေ့စဉ်ကျင်းပကာ ပီယာအား ထိုညေ့ခံပွဲများသို့ တက်စေလျက်ရှိခြင်းကြောင့် ပီယာမှာ မငြင်းသာတော့ဘဲ ၎င်း၏အလိုသို့လိုက်လျောနေရလေသည်။ တစ်ခါတစ်ရံ၌ အပြင်သို့မထွက်ဘဲ စံအိမ်တွင် ရှိစဉ်၌လည်း မင်းသားကြီး ဗာစီလီသည် ပီယာ၏ လက်ကိုဆွဲ၍ဖြစ်စေ၊ အရေရှုံ့တွလျက်ရှိ၍ မှတ်ဆိတ်များ သန့်ရှင်းစင်ကြယ်စွာ ရိတ်ပယ်ထားသော ပါးကိုဖြစ်စေ ထိုးပေးကာ နမ်းရှုပ်ခိုင်းရင်း “မနက်ဖြန်ကျရင် ဆက်ဆက်နော်”ဟု လည်းကောင်း၊ “ဒီနေ့ ညနေညစာစားပွဲကို လာဖြစ်အောင် လာနော်”ဟု လည်းကောင်း၊ “ဦးရီးတော်တစ်ယောက်လဲ တူတော်မောင့်အတွက် ဘယ်မှခရီးမထွက်တာ”ဟု လည်းကောင်း ပြောတတ်သေးသည်။ မင်းသားကြီး ဗာစီလီသည် (၎င်း၏အဆိုအရ) ပီယာကြောင့် အပြင်သို့ မထွက်ဟု ဆိုသော်လည်း တစ်နေ့လုံးနေ၍မှ ပီယာနှင့် စကားတစ်ခွန်း မပြောမိကြချေ။ သို့အတွက် ပီယာမှာလည်း မင်းသားကြီး ဗာစီလီစိတ်ပျက်သွားအောင် မလုပ်ရက်ဘဲ ဖြစ်လျက်ရှိလေသည်။ နေ့တိုင်းလည်း ပီယာသည် ထိုကိစ္စတွေကိုသာ ထပ်တလဲလဲ တွေးတောကာ တစ်ယောက်တည်း တီးတိုး ရွတ်ဆိုနေမိလေသည်။ ‘ငါဟာ ဟယ်လင့်အကြောင်းကို ဒီလောက်ဆိုရင် နားလည်လောက်ပြီ၊ ဟယ်လင်ဟာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ဆုံးဖြတ်ဖို့ကောင်းပြီ၊ ဟယ်လင်နဲ့ ပတ်သက်တဲ့ အရင်တုန်းက ထင်မြင်ချက်တွေဟာ မှန်သလား၊ ခုထင်မြင်ချက်တွေက မှားသလား၊ ဟယ်လင်ဟာ ငါထင်သလို မိုက်မဲတဲ့ မိန်းမတစ်ယောက် မဟုတ်ရှာပါဘူး၊ တော်ရှာပေသားပဲ’ဟု တွေးမိသည်။ တစ်ခါတလေ၌လည်း ‘ဟယ်လင်ဟာ ဘယ်တုန်းကမှ အမှားအယွင်း ရှိခဲ့ဖူးတဲ့ မိန်းကလေး မဟုတ်ဘူး၊ စကားအရာမှာလဲ လိမ္မာတယ်၊ စကားလဲ နည်းတယ်၊ ပြောလိုက်ရင်လဲ ရိုးရိုးကလေးနဲ့ သိမ်မွေ့တယ်၊ တကယ်တော့ ဟယ်လင်ဟာ မိုက်မဲတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး၊ ဟီရိသြတ္တပ္ပတရားနဲ့လဲပြည့်စုံတယ်၊ ဒါကြောင့်မို့ မိန်းမဆိုးတစ်ယောက်တော့ မဖြစ်နိုင်ဘူး’ဟု တွေးမိတတ်သည်။ ပီယာသည် ဟယ်လင်မင်းသမီးကလေးနှင့် တွေ့တိုင်း ဤသို့ စဉ်းစားမိသည်။ အသံထွက်၍ တွေးတတ်သည်။ ဟယ်လင်မင်းသမီးကလေးကမူကား ဤစကားများကြောင့် ဘဝင်မြင့်သွားဟန် မရှိဘဲ ခပ်တိုးတိုးသာ ပြန်ဖြေတတ်၏။ တစ်ခါတစ်ရံတွင် ရီဝေသော မျက်လုံးကြီးများဖြင့် ကြည့်၍ ပြုံးနေတတ်သည်။ ထိုအပြုံးနှင့် ထိုမျက်လုံးရွှဲကြီးများကား ဟယ်လင်မင်းသမီးကလေး၏ တန်ခိုးသြဇာ ကြီးမားပုံကို ပြရာ၌ အထက်မြက်ဆုံးသော လက်နက်များပေတည်း။ ဟယ်လင်မင်းသမီးကလေး၏ စိတ်၌ ထိုမျက်လုံးရွှဲကြီးများနှင့် ထိုအပြုံးသည် စကားလုံးပေါင်း ထောင်သောင်းပြောသည်ထက် ထိရောက်သည်ဟု ထင်လေရာ ထင်သည့်အတိုင်းလည်း ထိရောက်သည်သာ ဖြစ်လေသည်။

ဟယ်လင်မင်းသမီးကလေးသည် ရင်ထဲတွင် အေးခနဲ ဖြစ်သွားစေသည့် တောက်ပသောအပြုံးဖြင့် ပီယာကို နှုတ်ဆက်တတ်၏။ ထိုအပြုံးကား ပီယာတစ်ယောက်အတွက်သာ ရည်စူးသော သီးသန့်အပြုံးပေတည်း။ ပြုံးရုံးပြုံးစဉ် မျက်နှာကို ဝင်းထိန်စေသော သာမန်အပြုံးထက် အဓိပ္ပာယ်ရှိသော အပြုံးပေတည်း။ ဟယ်လင်မင်းသမီးကလေးသည် မိမိထံမှ ချစ်ရေးဆိုသောစကားကို မျှော်လင့်လျက်ရှိကြောင်း ပီယာသိ၏။ မိမိတို့နှစ်ဦးကြား၌ စည်းကြောင်းကို ကျော်ဖြတ်လာလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း ပီယာသိ၏။ မိမိသည်လည်း အနေးနှင့်အမြန် ထိုစည်းကြောင်းကို ကျော်ဖြတ်မိတော့မည်ဟု ပီယာ သိပေသည်။ သို့ရာတွင် ဤစည်းကြောင်းကို ကျော်ဖြတ်တော့မည်ဟု စိတ်ကူးလိုက်တိုင်း ကြက်သီးတွေ တဖြန်းဖြန်း



www.burmeseclassic.com

 www.burmeseclassic.com 

ထကာ ခေါင်းနားပန်းများပင် ကြီးလာတတ်သည်။ တစ်လခွဲမျှသော ကာလအတောအတွင်း၌ ဤကြောက်စရာကောင်းလှသော ချောက်ကမ်းပါးကြီးနှင့် တဖြည်းဖြည်းနီးကပ်လာပြီဟု ပီယာ့စိတ်တွင် မကြာခဏ ထင်မိ၏။ သို့ထင်မိတိုင်း 'ငါ ဘာတွေလုပ်နေတာလဲ၊ ငါတစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ်၊ မပြတ်မသား လုပ်လို့တော့ မဖြစ်ဘူး'ဟု ကိုယ့်ကိုယ်ကို သတိပေးမိသည်။

ပီယာသည် ဤကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်လိုသည်။ သို့ရာတွင် ပီယာ၏ စိတ်တန်ခိုးသတ္တိတို့သည် ပျက်ပြယ်ခဲ့လေပြီ။ ပျောက်လွင့်ခဲ့လေပြီ။ ထိုအခါ၌ ပီယာသည် စိတ်အပျက်ကြီး ပျက်ရပြန်သည်။ အချို့သော လူများသည် မိမိ၌ အပြစ်ရှိသည်ဟု ယူဆသော အခါများတွင် စိတ်တန်ခိုးသတ္တိ သိမ်ငယ်တတ်ကြ၍ မိမိဘက်က ရိုးသားမှန်ကန်သည်ဟု ယုံကြည်သောအခါများ၌ကား အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်ဓာတ်ခိုင်မာတတ်ကြ၏။ ပီယာသည် ထိုကဲ့သို့သော လူစားမျိုးတစ်ယောက် ဖြစ်လေသည်။ ပီယာသည် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ညှော်ခံပွဲသဘင်တွင် ရှုဆေးဘူးကို ကောက်ယူမည်ပြုစဉ်က ဟယ်လင်မင်းသမီးအား စွဲလမ်းနှစ်သက်သော စိတ်စတင်၍ ဖြစ်ပေါ်ခဲ့လေရာ ထိုအချိန်မှစ၍ မိမိ၏ စွဲလမ်းတပ်မက်မှုသည် ရိုးဖြောင့်ခြင်း မရှိဟု မလုံမလဲ ဖြစ်လျက်ရှိလေသည်။ ဤသို့ဖြင့် မသိမသာ ပေါ်ပေါက်လျက်ရှိသော မလုံမလဲစိတ်ဓာတ်သည် ပီယာ၏ ရဲရင့်စွာ ဆုံးဖြတ်တတ်သော စိတ်တန်ခိုးသတ္တိကို ချုပ်နှောင်ထားသကဲ့သို့ ရှိလေသည်။

ဟယ်လင်မင်းသမီးကလေး၏ ကင်ပွန်းတပ်မင်္ဂလာ နှစ်ပတ်လည်နေ့၌ ပွဲသဘင်ကလေးတစ်ခုကို မင်းသားကြီး ဗာစီလီ၏ စံအိမ်တော်တွင် ကျင်းပလေသည်။ ထိုပွဲသဘင်သို့ (မင်းသားကြီး ဗာစီလီ၏ ကြင်ရာတော် ပြောသကဲ့သို့) ရင်းနှီးသူတစ်သိုက်ကိုသာ ဖိတ်ကြားခြင်း ပြုလေသည်။ ထိုနေ့ညနေသည် ဟယ်လင်မင်းသမီးကလေး၏ အနာဂတ်ကို ဆုံးဖြတ်မည့်အချိန်ပင် ဖြစ်ကြောင်းဖြင့်လည်း မိတ်ဆွေရောင်းရင်းနှင့် ဆွေမျိုးဉာတိများကို လက်သိပ်ထိုး အသိပေးထားပြီး ဖြစ်၏။ ညှော်သည်များအားလုံး စားပွဲတွင် ထိုင်မိကြပေပြီ။ မင်းသားကြီး၏ ကြင်ရာတော်မှာ စားပွဲထိပ်တွင် ထိုင်လျက်ရှိ၏။ ကြင်ရာတော်မှာ ငယ်ငယ်က လှပချောမောခဲ့ဟန်ရှိ၍ ခံ့ညားသော အမျိုးသမီးကြီးတစ်ဦး ဖြစ်ပေသည်။ ကြင်ရာတော်၏ တစ်ဖက်တစ်ချက်စီ၌ကား အရေးကြီးသည့် ညှော်သည်များဖြစ်သော ဗိုလ်ချုပ်ကြီးတစ်ဦး၊ ၎င်း၏ဇနီးနှင့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာတို့ ထိုင်လျက်ရှိကြ၏။ စားပွဲ၏ အခြားအစွန်းတစ်ဖက်တွင်ကား လူငယ်လူရွယ်များနှင့် ဆွေမျိုးများအပြင် ပီယာနှင့်ဟယ်လင်မင်းသမီးကလေးတို့ပါ ကပ်၍ထိုင်လျက်ရှိကြသည်။ မင်းသားကြီး ဗာစီလီကား ညစာသုံးဆောင်ခြင်း မပြုဘဲ ရွှင်ပျသောမျက်နှာထားဖြင့် ညှော်သည်တော် မင်းပရိသတ်များကြားတွင် ထိုမှဤမှ လူးလာခေါက် သွားလာလျက်ရှိ၏။ ညှော်သည်တော်များ၏ အနီးသို့ ရောက်လာတိုင်းလည်း မင်းသားကြီးဗာစီလီသည် ပီယာနှင့် ဟယ်လင်မင်းသမီးကလေးတို့ကို ဂရုမပြုမိဘဲ ရယ်မောစရာများကို တသောသော ပြောလျက်ရှိပေရာ ညှော်ခံပွဲကလေးမှာ မင်းသားကြီး ဗာစီလီကြောင့် စိုပြည်လျက် ရှိလေသည်။ ပျားဖယောင်းတိုင်များမှ မီးရောင်များသည် ခန်းမဆောင်တစ်ခုလုံးတွင် ထိန်လင်းလျက်ရှိသည်။ ငွေထည်ပစ္စည်းများနှင့် ကရကမာထည်များသည်လည်း ဖိတ်ဖိတ်တောက်လျက် ရှိ၏။ မိန်းမများ၏ အဝတ်အစားများ၊ ဘယက်တန်ဆာများ၊ ယောကျ်ားများ၏ ပခုံးရစ် ပန်းပွားများကလည်း ပြိုးပြိုးပြက်လျက် ရှိကြ၏။ ကြက်သွေးရောင် ကိုယ်ကျပ်အင်္ကျီရှည် ဝတ်ထားကြသည့် အစေတော်များသည် ဟိုမှသည်မှ သွားလာလှုပ်ရှားလျက် ရှိကြ၏။ ပန်းကန်ပြားသံ၊ ဓားသံ၊ ဇွန်းသံ၊ ခက်ရင်းသံ၊ ဖန်ခွက်သံတို့မှာလည်း စကားပြောသံ တသောသောနှင့် ရောယှက်သွားကြလေသည်။ စားပွဲတစ်ဖက်ထိပ်တွင်မူ သက်တော်ရှည်ဝန်ကြီးတစ်ဦးက မိမိသည် အမတ်ကတော်ကြီးအား နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့ကြောင်း၊ ခက်ခဲစွာ ပိုးပန်းယူခဲ့ရကြောင်း ပြောလျက်ရှိလေရာ အမတ်ကတော်ကြီးမှာ သဘောကျလွန်းသဖြင့် ရယ်မောလျက် ရှိလေသည်။ အခြားတစ်နေရာတွင်ကား ညှော်သည်တော်များသည် ၎င်းတို့၏ မိတ်ဆွေရောင်းရင်းတစ်ဦး စီးပွားပျက်သွားသည့် အကြောင်းကို ပြောဆိုလျက်ရှိကြလေသည်။ စားပွဲအလယ်၌မူ မင်းသားကြီးဗာစီလီသည် မင်းပရိသတ်ကို စကားဖောင်လောက်အောင်ပြော၍ ညှော်ခံလျက်ရှိ၏။ မင်းသားကြီးဗာစီလီသည် လွန်ခဲ့သည့်နေ့က ကျင်းပခဲ့သော ဘုရင့်



www.burmeseclassic.com

အတိုင်ပင်ခံ ကောင်စီလူကြီးများ၏ ညီလာခံသဘင် အကြောင်း၊ ထိုညီလာခံသဘင်၌ ပီတာစဘတ် ရွှေမြို့တော် ၏ စစ်ဘုရင်ခံချုပ်သစ် ကုဇမစ်ဗျာဇမီတီနော့က အလက် ဇန်းဒရား ဘုရင်မင်းမြတ်၏ အမိန့်တော်ပြန်တမ်းကို ဖတ်ကြားပြသကြောင်း၊ ထိုအမိန့်တော် ပြန်တမ်း၌ ဘုရင် မင်းမြတ်အား တိုင်းသူပြည်သားများက သစ္စာစောင့်သိရှိသေ ကြသဖြင့် ဝမ်းမြောက်တော်မူကြောင်း၊ ပီတာစဘတ် ရွှေမြို့တော်သားများ၏ သစ္စာတော် စောင့်သိရှိသေမှုကြောင့် များစွာအားတက်ရွှင်လန်းတော်မူမိကြောင်း၊ ဤသို့ သစ္စာ ရှိသော နိုင်ငံသူနိုင်ငံသားများ မိုတင်းရာ နိုင်ငံတော်ကြီး၏ မှန်ကူသနင်းဖြစ်ရခြင်းအတွက် ဂုဏ်ယူမိကြောင်း၊ ဘုရင် မင်းမြတ်သည် မိမိအား တိုင်းပြည်က သစ္စာစောင့်သိသည် နှင့်အညီ ထိုက်တန်အောင် သယ်ပိုးဆောင်ရွက်တော်မူမည် ဖြစ်ကြောင်း၊ ထိုအမိန့်ပြန်တမ်း၌ 'ဘုန်းတော်ကြီးသော ဘုရားအမိန့်တော်ရှိလိုက်သည်၊ စစ်ဘုရင်ခံချုပ်ကြီး' စသဖြင့် ပါရှိကြောင်း မင်းမိန်းမ ပရိသတ်အား ပြုံးရွှင်သောမျက်နှာ ထားဖြင့် ပြောဆိုလျက်ရှိ၏။

"စစ်ဘုရင်ခံချုပ်ကြီးကလဲ 'ဆာဂျီ–ကုဇမစ်' ဆိုတဲ့ စကားလုံးကနေပြီး ရှေ့ဆက်မဖတ်တတ်တော့ဘူးထင် တယ်" ဟု အမျိုးသမီးတစ်ယောက်က မေးလိုက်သည်။

"ဟဲဟဲ၊ ရှေ့တော့ ဆံခြည်တစ်မျှင်လေးလောက် တောင် ဆက်မရတော့ပေဘူးဗျ၊ 'ဆာဂျီကုဇမစ်၊ မင်း နေပြည်အရပ်ရပ်မှ၊ မင်းနေပြည်အရပ်ရပ်မှ' ဆိုပြီး ရှေ့ဆက် မဖတ်နိုင်တော့ဘူး၊ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော် တိုင်က နာမည်တပ်ပြီး ခေါ်လိုက်တော့ ဝမ်းသာလုံးဆို့နေ ပေတာကိုးဗျ၊ အမိန့်တော်ပြန်တမ်းကို ပြန်ဖတ်လိုက် ထစ်နေလိုက်နဲ့ တော်တော်နဲ့ကို ရှေ့မတက်ဘူး၊ 'ဆာဂျီ' လို့လဲ စဖတ်လိုက်ရော ရှိုက်သံပါလာပြီး 'ကုဇမစ်' ဆိုတဲ့ စာလုံးရောက်တော့ မျက်ရည်တွေဝဲလာရော၊ အဲ 'မင်း နေပြည်တော်အရပ်ရပ်မှ' လို့လဲ ဖတ်လိုက်ရော ရှိုက်ချလိုက် ပြီး နောက်ဆက်မဖတ်နိုင်တော့ဘူးဗျို့၊ ဒါနဲ့ အိတ်ထဲက ပဝါထုတ်၊ မျက်လုံးသုတ်ပြီး နောက်တစ်ခါ ဖတ်ပြန်ရော၊ 'ဆာဂျီကုဇမစ်၊ မင်းနေပြည်အရပ်ရပ်မှ' ဆိုတဲ့ နေရာလဲ ရောက်ရော မျက်ရည်တွေ ထပ်ဝဲလာပြီး နောက်ဆုံးတော့ အခြားတစ်ယောက်က ထဖတ်ပေးမှ ကိစ္စပြီးပေတော့ တယ်"

မင်းပရိသတ်ကား သဘောကျ၍ ရယ်မောလျက် ရှိကြပေသည်။

"ဒီလိုလဲမပြောကြပါနဲ့လေ၊ တကယ်တော့ မှန်နန်း အပျိုတော်ကြီးတို့ရဲ့ စစ်ဘုရင်ခံချုပ်ကြီးဟာ သဘောတော့ ကောင်းရှာပါတယ်၊ ကိုယ်တော်ကြီး ဒီလိုမပြောနဲ့နော် ဟင်း" မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက လက် ညှိုး တငေါက်ငေါက်ဖြင့် သူ့စားပွဲမှ လှမ်းပြောလိုက်သည်။

ပရိသတ်အားလုံးသည် တသောသော ရယ်မော လျက် ရှိကြ၏။ စားပွဲထိပ်၌ ထိုင်လျက်ရှိသော ဂုဏ်သရေရှိ ဧည့်သည်တော်များကား အားလုံးရွှင်မြူးလျက်ရှိကာ စိတ် ပါဝင်စားစွာ စကားစမြည်ပြောလျက် ရှိကြလေသည်။ ပီယာနှင့် ဟယ်လင်မင်းသမီးကလေးသာလျှင် စားပွဲထိပ်၌ တိတ်ဆိတ်စွာ ပူးကပ်ထိုင်လျက်ရှိကြသည်။ မပွင့်တပွင့် အပြုံးများကြောင့် နှစ်ယောက်စလုံး၏ မျက်နှာများသည် ဝင်းထိန်တောက်ပလျက် ရှိကြ၏။ သို့ရာတွင် ၎င်းတို့၏ အပြုံးကား အခြားသူများ ရယ်စရာပြောသဖြင့် ပြုံးသော အပြုံးမျိုး မဟုတ်ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေကြသော အပြုံးမျိုး ဖြစ်လေသည်။ ကျန်ပရိသတ်များသည် ရယ်မော ခြင်း၊ စကားပြောခြင်း၊ နောက်ပြောင်ကျီစယ်ခြင်း၊ ရိုင်းမြစ် ကမ်းမှထွက်သော ဝိုင်အရက်ကိုသုံးဆောင်ခြင်း စသဖြင့် အသီးသီး လှုပ်ရှားလျက်ရှိရာက ပီယာနှင့် ဟယ်လင်မင်း သမီးကလေးကို မကြည့်ကြဘဲ ဂရုမစိုက်ဟန်ပြုလျက်ရှိ ကြလေသည်။ သို့ရာတွင် တစ်ချက်တစ်ချက်၌ကား ၎င်းတို့နှစ်ဦးဘက်သို့ လှမ်း၍ မသိမသာ အကဲခတ်လျက် ရှိကြလေရာ ၎င်းတို့၏ ရယ်စရာမောစရာပြောခြင်း၊ အစား အစာများကို သုံးဆောင်နေကြခြင်းမှာ အပေါ်ယံဟန် ဆောင် နေကြခြင်းများသာဖြစ်လျက် အကယ်၌မူ ပီယာနှင့် ဟယ်လင်မင်းသမီးကလေးအား အာရုံစိုက်လျက်ရှိခြင်း ကို သိနိုင်ပေသည်။ မင်းသားကြီး ဗာစီလီသည် စစ်ဘုရင် ခံချုပ်ကြီး၏ ဟန်ကို အတုခိုးလုပ်ပြကာ နောက်ပြောင် လျက်ရှိသော်လည်း မျက်လုံးများကမူ သမီးတော် ဟယ်လင် မင်းသမီးကလေးဆီသို့ မကြာခဏ လှမ်းကြည့်လျက်ရှိ ၏။ ရယ်လိုက်သည့်အခါတွင်လည်း မင်းသားကြီး ဗာစီလီ၏ မျက်နှာတွင်ပေါ်နေသော မျက်နှာထားကား 'အိမ်း၊ ဒီအတိုင်းဆိုရင်တော့ အားလုံး ချောချောမောမောပဲ၊ ဒီကိစ္စ ဒီနေ့ညတော့ အဆင်ပြေကောင်းပါရဲ့' ဟု ပြောနေ



www.burmeseclassic.com

သကဲ့သို့ ရှိလေ၏။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာမှာလည်း 'မှန်နန်းအပျိုတော်ကြီးတို့၏ စစ်ဘုရင်ခံချုပ်ကြီး'ကို ကာကွယ်သည့်အနေဖြင့် လက်ညှိုးတငေါက်ငေါက် ထိုး၍ပြောရင်း ပီယာတို့ဘက်သို့ လှမ်းကြည့်လျက်ရှိသော်လည်း ၎င်း၏မျက်စိထဲ၌ကား သမက်လောင်းနှင့် သမီးကိုကြည့်၍ ပီတိဖြစ်လျက်ရှိသော မင်းသားကြီးဗာစီလီကိုသာ မြင်လျက်ရှိလေသည်။ ကြင်ရာတော် မင်းသမီးကြီးကား မိမိအနီးမှ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးအား ဝိုင်အရက်ချိုခွက်ကို လှမ်းပေးလိုက်ရင်းက သမီးတော် ဟယ်လင်မင်းသမီးကလေးကို ကြည့်၍ သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ကြင်ရာတော်မင်းသမီးကြီး၏ သက်ပြင်းချသံမှာ 'ကဲ ထိပ်ထားကြီးတို့ ညီမတော်တို့လို လူကြီးတွေကတော့ စားလို့သောက်လို့လဲ ပြီးကြပြီ၊ အရက်ချိုလေး တစ်ကျိုက်နှစ်ကျိုက်လောက် မှီဝဲဖို့ပဲ ကျန်တော့တယ်၊ ကျန်လူငယ်တွေကိုတော့ သူတို့ဘာသာ ရဲရဲတင်းတင်း လွတ်လွတ်လပ်လပ် နေပါစေတော့'ဟူ၍ ပြောသကဲ့သို့ ရှိလေသည်။ သံတော်အရာရှိတစ်ယောက်ကား ပီယာနှင့် ဟယ်လင်မင်းသမီးကလေးတို့ ချစ်သူနှစ်ဦး၏ ရွှင်ပျသော မျက်နှာများကိုကြည့်လျက် 'အိမ်း၊ ငယ်ငယ်ရွယ်ရွယ်ဆိုတော့ ပျော်ကြပေသကိုး၊ ငါသာ အလိုက်မသိဘဲ စကားတွေ ဖောင်နေတာ'ဟု တွေးလျက်ရှိလေသည်။

နောက်ဆုံး၌ မင်းပရိသတ်သည် ဧည့်ခံပွဲသဘင်ကို လွှမ်းထားသည့် အပေါယံအသေးအဖွဲ့ကိစ္စများကို အာရုံပြတ်သွားကြကာ ကျန်းမာသန်စွမ်း၍ ယောကျ်ားပီသသော လူငယ်တစ်ဦးနှင့် ချောမောလှပသော မိန်းမရွယ်တစ်ဦးတို့၏ အရိပ်အကဲကိုသာ စိတ်ဝင်စားလျက် ရှိကြလေသည်။ ဤစိတ်ဝင်စားမှုသည် အရာအားလုံးကို လွှမ်းခြုံသွားလေတော့သည်။ ဧည့်ခံပွဲ၌ ပြောဆိုလျက်ရှိသော 'ပြက်လုံး'များသည်လည်း ပွဲမကျတော့ချေ။ သတင်းစကားများသည်လည်း စိတ်ဝင်စားစရာ မကောင်းတော့ချေ။ ၎င်းတို့သည် စကားပြောဆိုလျက် ရှိကြသော်လည်း စိတ်ပါလက်ပါ ပြောဆိုခြင်း မဟုတ်ဘဲ မတတ်သာ၍ ပြောဆိုနေကြခြင်းမျိုးသာဖြစ်ပေသည်။ ဧည့်သည်များကိုမဆိုထားဘိ၊ အဆောင်ကိုင်များပင်လျှင် မိမိတို့ တာဝန်ဝတ္တရားများကို မေ့လျော့နေကြကာ တောက်ပကြည်လင်သော မျက်နှာထားဖြင့် လှပလျက်ရှိသော ဟယ်လင်မင်းသမီးကလေးနှင့် ရွှင်ပျဟန်ရှိသော်လည်း ရှက်ကိုးရှက်ကန်း မသက်မသာ မျက်နှာထားဖြင့် ရှိနေသော ပီယာတို့ကိုသာ ငေးကြည့်နေမိလေသည်။ ပျားဖယောင်းတိုင်များမှ အလင်းရောင်သည်ပင် ၎င်းတို့နှစ်ဦး၏ ပျော်ရွှင်ကြည်နူးလျက်ရှိသော မျက်နှာများပေါ်သို့ စုပြုံ၍ ဖြာကျနေသကဲ့သို့ ရှိပေ၏။

ပီယာသည် မိမိအား အားလုံးက ဝိုင်း၍ အကဲခတ်နေကြခြင်းကို သတိထားမိသည့်အတွက် ကျေနပ်သလိုလည်း ဖြစ်မိ၏။ ရှက်စနိုးလည်း ဖြစ်မိလေသည်။ ပီယာသည် အလုပ်တစ်ခုတွင် ဝင်စားနစ်မြုပ်လျက်ရှိသူ တစ်ယောက်ကဲ့သို့ မည်သည့်အရာကိုမျှလည်း ကောင်းစွာမမြင်၊ မည်သည့်အရာကိုမျှလည်း ကောင်းစွာမကြားဘဲ ဖြစ်လျက်ရှိနေလေသည်။ မကြာခဏပင် ပီယာသည် မိမိ၏ ပတ်ဝန်းကျင်ကို မေ့လျော့ကာ သူတစ်ယောက်တည်း တွေးချင်ရာကို တွေးနေမိသည်။

'အင်း ငါလဲ ဒါနဲ့ ကိစ္စပြီးတော့မယ် ထင်တယ်၊ တယ်လဲ မြန်ဆန်လိုက်ပါကလား၊ ဘယ်လိုများ ဖြစ်တာပါလိမ့်၊ သူနဲ့ငါက တော်တော်၊ ဒေါ့ပတ်ဝန်းကျင်ကြောင့် တို့နှစ်ယောက်တော့ ညားကြတော့မယ် ထင်တယ်၊ အားလုံးကလဲ တို့နှစ်ယောက်ကို ညားစေချင်ကြဟန် တူပါရဲ့၊ သူတို့က ဒီလောက်လိုလားနေကြတော့ သူတို့ကို အားနာစရာ ကောင်းလာပြီ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာ ငါလဲ မသိဘူး၊ ငါတော့ ယူရတော့မယ်၊ ယူရတော့မယ် ထင်တယ်' ပီယာသည် မိမိအနီးရှိ ဟယ်လင်မင်းသမီးကလေး၏ နုညက်ဖြူဖွေးသော ပခုံးသားများကို ငေးကြည့်ရင်း တွေးနေမိသည်။

တစ်ချီတစ်ချီတွင်လည်း ပီယာသည် မည်သည့်အတွက်ကြောင့် မသိဘဲ မျက်နှာထူပူဖိန်းရှိန်းလာသည်။ မင်းပရိသတ်အားလုံးက မိမိကို အာရုံစိုက်လျက်ရှိကြခြင်း၊ ကံကောင်းသူတစ်ယောက်ဟု ထင်လျက်ရှိကြခြင်း၊ ရိုးအလှသော မျက်နှာထားကို ဆောင်လျက်ရှိသည့် မိမိအား ဟယ်လင်မင်းသမီးကလေးကဲ့သို့သော အလှဘုရင်မတစ်ပါးကို ပိုင်ဆိုင်မည်ဖြစ်သည့်အတွက် ပါရီ ရွှေမြို့တော်ကို အထူးအဆန်းသဖွယ် ကြည့်လျက်ရှိသကဲ့သို့ မိမိကို ဝိုင်းအုံကြည့်ရှုနေကြခြင်းကြောင့် မိမိမှာ အနေရခက်လျက်ရှိလေသည်။

'ဟယ် တတ်နိုင်ပါဘူး၊ ဒီကိစ္စမျိုးမှာ ဒီလိုပဲ ဖြစ်ရ



www.burmeseclassic.com

တော့မှာပေါ့၊ ကံအတိုင်း ဖြစ်ကြရတာပေပဲ၊ အစတုန်းကတော့ မင်းသားကြီးဗာစီလီနဲ့ ရိုးရိုးလိုက်လာတာပဲ၊ ဒီစံအိမ်တော်မှာ ငါဘာကြောင့် မတည်းခိုနိုင်စရာရှိသလဲ၊ ငါကလဲ ဟယ်လင်နဲ့ ဖဲကစားတယ်၊ ပြီးတော့ သူ့ခေါင်းအုပ်တဲ့ပိုက်ကို ကောက်ပေးတယ်၊ သူနဲ့ အပြင်ထွက်လည်တယ်၊ ခုတော့ မတတ်နိုင်ဘူးလေ၊ ကမ္ဘာသကာပေပဲပေါ့'ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ပြန်သည်။ ပီယာသည် သတို့သားလောင်းအဖြစ် မင်းသမီးကလေး၏ ဘေးတွင် ထိုင်လျက်၊ ဟယ်လင်မင်းသမီးကလေးအား ကြည့်လျက်၊ ဟယ်လင်မင်းသမီးကလေး စကားပြောသံကို နားထောင်လျက်၊ ဟယ်လင်မင်းသမီးကလေး၏ ကိုယ်မှ သင်းပျံ့သောရနံ့ကို ရှူရှိုက်လျက်၊ ဟယ်လင်မင်းသမီးကလေး၏ အလှကို ငေးမောလျက် ရှိနေပြီ မဟုတ်ပါလော။ တစ်ဖန် မိမိသည် ခါတိုင်းထက် ခံ့ညားချောမွေ့သောအသွင်ကို ဆောင်နေလေသလောဟုလည်း တွေးမိပြန်သည်။ မင်းပရိသတ်များကလည်း ဟယ်လင်မင်းသမီးကလေးကို မကြည့်ဘဲ မိမိ၏ ခံ့ညားချောမွေ့သော ရုပ်လက္ခဏာကိုသာ ကြည့်နေခြင်းဖြစ်သည်ဟု ပီယာထင်မှတ်မိသည်။ ပီယာသည် ဤသို့ထင်မိရာက ရင်ကိုကော့လိုက်ပြီး ခေါင်းကိုမော့ကာ ကံထူးသူပေတကားဟု ကြည်နူးသွားမိလျက် ရှိလေသည်။ ထိုအခိုက်တွင် မိမိနားနားသို့ကပ်၍ ဒုတိယအကြိမ် ပြောလိုက်သော အသံတစ်သံကိုကြားလိုက်ရသည်။ သို့ရာတွင် ပီယာမှာ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်နေ၍ သဲကွဲစွာ မကြားလိုက်မိချေ။

"စဉ်းစားလှချည်လား တူတော်မောင်ရဲ့၊ တူတော်မောင်ရဲ့ရောင်းရင်း မင်းသားကလေးအင်ဒရေဆီက နောက်ဆုံး သတင်းလေးဘာလေးများ မကြားဘူးလားလို့ ဦးရီးတော်က မေးနေတာပါ"

မင်းသားကြီး ဗာစီလီက တတိယအကြိမ် ထပ်ပြော၍ ပြုံးလိုက်သည်။ မင်းပရိသတ်များသည် မိမိနှင့် ဟယ်လင်မင်းသမီးကလေးတို့အား ပြုံးလျက်ရှိကြခြင်းကို ပီယာ သတိထားလိုက်မိပြန်သည်။ 'ဘာကို စဉ်းစားရမှာလဲ ဦးရီးတော်ရဲ့၊ ဦးရီးတော် သိသားပဲ'ဟု ပီယာ ပြောလိုသည်။ သို့ရာတွင် မပြောရဲ။ ထို့ကြောင့် ပီယာက ကလေးငယ်တစ်ယောက်၏ အပြုံးမျိုးဖြင့် ပြုံးပြလိုက်၏။ ဟယ်လင်မင်းသမီးကလေးကလည်း ပြုံးပြလိုက်သည်။

"မင်းသားကလေး အင်ဒရေ့ဆီကစာကို ဘယ်တုန်းကရသလဲ၊ အိုလမွတ်က ပေးလိုက်တဲ့စာကို ရရဲ့လား" မင်းသားကြီး ဗာစီလီက ထပ်၍ မေးလိုက်သည်။ မင်းသားကြီး ဗာစီလီသည် စိန်ကောင်းကျောက်ကောင်းရောင်းသည့်နေရာ၌ ဆေးရိုးသည်က ကန့်လန့်ဆိုသကဲ့သို့ ဤအချိန်တွင် မည်သည့်အတွက်ကြောင့် ဘာမဟုတ်သည့် အသေးအဖွဲကိစ္စများကို ပြောဆိုနေလေသနည်းဟုပင် ပီယာ တွေးလိုက်မိသေးသည်။

"ဟုတ်ကဲ့ ဦးရီးတော်၊ အိုလမွတ်က ပေးလိုက်တဲ့စာ ရပါတယ်"ဟု ပီယာက သက်ပြင်းချ၍ ဖြေလိုက်သည်။

ညစာစားပြီးနောက်တွင် ပီယာသည် မိမိ၏ မိတ်ဆွေရောင်းရင်းများနှင့်အတူ ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့လေသည်။ ဧည့်သည်များကား ပြန်သွားကြပေပြီ။ အချို့ကား ဟယ်လင်မင်းသမီးကလေးကို နှုတ်ဆက်ခြင်းမပြုဘဲ ပြန်သွားကြ၏။ အချို့ကား ဟယ်လင်မင်းသမီးကလေးအား လွန်စွာအရေးကြီးသည့် ကိစ္စတစ်ခုကို ဆောင်ရွက်နေသည့်အတွက် နှောင့်ယှက်ခြင်း မပြုလိုသည့်ဟန်မျိုးဖြင့် ခပ်သုတ်သုတ် လာ၍နှုတ်ဆက်ကြကာ ဟယ်လင်မင်းသမီးကလေးကိုယ်တိုင် ဆင်ဝင်သို့ လိုက်အပို့မခံတော့ဘဲ ခပ်သုတ်သုတ် ပြန်သွားကြလေသည်။ သံတော်အရာရှိကား နှမြောတသသော အမူအရာဖြင့် တိတ်တဆိတ်ပင် ထွက်ခွာသွားလေသည်။ သံတော်အရာရှိသည် ပီယာကို အားကျလျက်ရှိသော်လည်း 'အို ငါလဲ သံတမန်အရာရှိတစ်ဦးပေပဲ၊ ဘာအားကျစရာ ရှိသလဲ'ဟု သံတမန်ဖြစ်ရခြင်းက မိန်းမချောတစ်ယောက်ကို ပိုင်ဆိုင်ရခြင်းထက် သာလွန်ကြောင်း မဆီမဆိုင် တစ်ဖက်မှလှည့်၍ အားတင်းကာ ထွက်ခွာသွားလေသည်။ စစ်ဗိုလ်ချုပ်ကြီးကား မိမိ၏ ခြေနာကိုလာမေးသည့် ဇနီးသည်အား ဒေါပွလျက်ရှိရင်း 'ဟယ်လင်မင်းသမီးကလေးကတော့ အသက်ငါးဆယ်လောက်အထိ ချောနေဦးမှာပဲ၊ အိမ်က ကြက်မအိုကြီးနဲ့ ကွာလိုက်လေခြင်း'ဟု တွေးလျက်ရှိသည်။

"ကဲ ဒီနေ့ညတော့ ဟောဒီက အစ်မတော်ထိပ်ထားကြီးကို ချီးကျူးရပေတော့မှာပဲနော်၊ ခေါင်းနည်းနည်းအုံနေလို့ စောစောပြန်ခွင့် ပြုပါဦးနော်" မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ကြင်ရာတော် မင်းသမီးကြီးအား နှုတ်ဆက်၍ လက်ကို နမ်းရှုပ်လိုက်သည်။ ကြင်ရာတော်



www.burmeseclassic.com

မင်းသမီးကြီးက မည်သို့မျှ ပြန်မပြောချေ။ ပျော်ရွှင်လျက်ရှိသော သမီးတော် ဟယ်လင်မင်းသမီးကလေးကို မနာလိုဝန်တိုဖြစ်လျက် ရှိလေသည်။

ဧည့်သည်များ တဖွဲဖွဲပြန်သွားလျက် ရှိစဉ်တွင် ပီယာနှင့် ဟယ်လင်မင်းသမီးကလေးတို့ နှစ်ဦးသာ ဧည့်ခန်းဆောင်ကလေးထဲတွင် ကျန်ရစ်ခဲ့ကြလေသည်။ ပီယာသည် ယခင်ကလည်း ယခုကဲ့သို့ ဟယ်လင်မင်းသမီးကလေးနှင့် အတူ နှစ်ယောက်တည်းနေခဲ့ဖူးသည်။ သို့ရာတွင် အချစ်ကိစ္စနှင့် ပတ်သက်၍ကား ဟယ်လင်မင်းသမီးကလေးအား ကစ်ခွန်းတစ်ပါဒမျှ မပြောခဲ့ဖူးသေးချေ။ ယခုမူကား ပြောဖို့ အချိန်ရောက်ပြီဟု ပီယာယူဆလေသည်။ သို့ရာတွင် ပီယာသည် ဤနောက်ဆုံး ခြေလှမ်းကိုလှမ်းရန် ချီတုံချတုံဖြစ်လျက် ရှိလေသည်။ ရှက်လည်း ရှက်နေမိသည်။ ဟယ်လင်မင်းသမီးကလေး၏ ဘေးတွင် မိမိသည် အခြားသူတစ်ယောက်အစား ဝင်ထိုင်နေရသလို ထင်မိလေသည်။ 'မင်းအတွက် မဟုတ်ဘူး ပီယာ၊ မင်းအတွက် မဟုတ်ဘူး'ဟု သူ၏ အစ္ဈတ္တသန္တာန်မှ အသံတစ်သံက ပြောလျက်ရှိသည်ဟုလည်း ထင်မိသည်။ "ဟယ်လင်ဟာ မင်းလောက် အရည်အချင်းမျိုး မရှိတဲ့သူတွေအတွက်ပဲ၊ မင်းအတွက် မဟုတ်ဘူး၊ ဒီထက်သာတာတွေ ရနိုင်ပါတယ်ကွာ"ဟု ပြောနေသံကို ကြားယောင်မိလေသည်။

သို့ဖြင့် အတန်ကြာမျှ တိတ်ဆိတ်နေကြလေသည်။ နောက်ဆုံးတွင် တစ်ခုခုကို ပြောရတော့မည် ဖြစ်ရကား ပီယာသည် ဧည့်ခံပွဲသဘင်တွင် ပျော်ရွှင်ခြင်းရှိမရှိ ဟယ်လင်မင်းသမီးကလေးကို မေးလိုက်၏။ ဟယ်လင်မင်းသမီးကလေးကလည်း မိမိ၏ ကင်ပွန်းတပ်မင်္ဂလာနှစ်ပတ်လည်နေ့မှာ အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ကြောင်းဖြင့် ထုံးစံအတိုင်း ရိုးသားသောအမူအရာဖြင့် ဖြေလိုက်လေသည်။

အချို့သော ဆွေမျိုးအရင်းအချာများကား မပြန်ကြသေးဘဲ ဗဟိုဧည့်ခန်းဆောင်ကြီးထဲတွင် ဝိုင်းဖွဲ့ထိုင်လျက် ရှိကြ၏။ မင်းသားကြီး ဗာစီလီသည် လေးကန်သော ခြေလှမ်းများဖြင့် ပီယာ့ထံသို့ လျှောက်လာလေသည်။ ပီယာသည် မတ်တတ်ထလိုက်ပြီး ညဉ့်နက်သွားပြီ ဖြစ်ကြောင်းဖြင့် ပြောလိုက်သည်။ မင်းသားကြီး ဗာစီလီသည် လောကတွင် မည်သူတစ်ဦးတစ်ယောက်မျှ နားလည်နိုင်ခြင်း မရှိသော လွန်စွာ ထူးဆန်းသည့် စကားတစ်ခွန်းကို ကြားလိုက်ရသကဲ့သို့ စူးစမ်းသောအားဖြင့် တင်းမာစွာ ကြည့်လိုက်သည်။ ထို့နောက် ချက်ချင်းပင် မျက်နှာထားပြင်ကာ ပီယာ၏လက်ကို အောက်သို့ နှိမ့်ဆွဲ၍ အထိုင်ခိုင်းလိုက်ပြီး ကြင်နာစွာ ပြုံးလိုက်သည်။

"ဟယ်လင်"မင်းသားကြီး ဗာစီလီသည် ဟယ်လင်မင်းသမီးကလေးဘက်သို့ ရုတ်တရက်လှည့်၍ မိမိတို့၏ သားသမီးများအား ကလေးဘဝကတည်းက ယုယမြတ်နိုးခဲ့သော မိဘတို့၏ ရင်ထဲတွင် အလိုအလျောက်ပေါ်လာသည့် ယုယကြင်နာသံဖြင့် အမှတ်မထင်ခေါ်လိုက်သည်။ သို့သော် မင်းသားကြီးဗာစီလီသည် ဤသို့သော ခေါ်သံမျိုးကို အခြားမိဘများထံမှ အတုခိုးခဲ့ခြင်းဖြစ်၏။

ထို့နောက် မင်းသားကြီး ဗာစီလီသည် ပီယာကို လှည့်ကြည့်လိုက်ပြန်သည်။

"ဆာဂျီကုဇမစ် အရပ်ရပ်နေပြည်တော်က ကြားရသည့်အတိုင်းဆိုလျှင်"ဟု ခပ်နောက်နောက် ပြောလိုက်ပြီး အင်္ကျီအပေါ်ဆုံး ကြယ်သီးကို ဖြုတ်လျက်ရှိလေသည်။

ပီယာက ပြုံးလိုက်၏။ ဤအချိန်၌ မင်းသားကြီး ဗာစီလီသည် စစ်ဘုရင်ခံချုပ်အကြောင်းကို စိတ်ဝင်စားလျက်ရှိသည် မဟုတ်ကြောင်းကို ပီယာသိသဖြင့် ပြုံးလိုက်ခြင်း ဖြစ်လေသည်။ မင်းသားကြီး ဗာစီလီကလည်း သူဆိုလိုသော အဓိပ္ပာယ်ကို ပီယာ ကောင်းကောင်းသိသည်ဟု နားလည်လိုက်လေသည်။ ထို့နောက် မင်းသားကြီး ဗာစီလီသည် တစ်စုံတစ်ရာကို ရေရွတ်ကာ ပြန်ထွက်သွားလေသည်။ မင်းသားကြီးဗာစီလီမှာ ဣန္ဒြေဆယ်၍ မရလောက်အောင် မျက်နှာပျက်လျက် ရှိလေပြီ။ ပီယာသည် မင်းသားကြီး ဗာစီလီ၏အဖြစ်ကိုကြည့်၍ စိတ်မကောင်း ဖြစ်သွားရာက ဟယ်လင်မင်းသမီးကလေးကို လှမ်းကြည့်လိုက်မိသည်။ ဟယ်လင်မင်းသမီးကလေး၏ အကြည့်သည် 'ကဲ၊ မောင်မောင့်ဘက်ကပဲ ကျန်တော့တယ်။ ဒါမှ မရဲရင် တော့ မောင်မောင့်အပြစ်နဲ့ မောင်မောင် ခံပေတော့'ဟု ပြောနေသကဲ့သို့ ရှိလေသည်။

"အင်း၊ ငါတော့ ပြောရတော့မယ်၊ အို ပြောလို့မဖြစ်သေးဘူး၊ မဖြစ်သေးဘူး'ဟု ပီယာတွေးမိပြန်သည်။ သို့ဖြင့် ပီယာသည် စကားမပြောဘဲ နေရခြင်းကြောင့် အနေရကျပ်လာကာ မင်းသားကြီး ဗာစီလီပြောသည့် စစ်ဘုရင်ခံချုပ်အကြောင်းကို စောစောက မကြားလိုက်မိသည့်အတွက်



www.burmeseclassic.com

မည်သည်ကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း ဟယ်လင်မင်းသမီးကလေးကို မေးလိုက်လေသည်။ ဟယ်လင်မင်းသမီးကလေးက မိမိလည်း မကြားလိုက်မိကြောင်းဖြင့် ပြုံး၍ ဖြေလိုက်သည်။

သို့ဖြင့် ၎င်းတို့နှစ်ယောက်သည် လိုရင်းစကားသို့ မရောက်နိုင်ကြဘဲ တိတ်ဆိတ်သွားကြပြန်သည်။

မင်းသားကြီးဗာစီလီ ဧည့်ခန်းဆောင်ထဲသို့ ပြန်ရောက်လာသောအခါ၌ ကြင်ရာတော် မင်းသမီးကြီးသည် ပီယာ့အကြောင်းကို အမျိုးသမီးကြီးတစ်ယောက်အား ခပ်တိုးတိုး ပြောပြလျက်ရှိ၏။

"အင်း၊ ရှေ့သွားနောက်လိုက်လဲ ညီပါပေတယ်၊ ခုတော့ စိတ်အေးသွားရတာပေါ့လေ"

"ဃရာဝါသကိစ္စဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျ ဖြစ်ရတာပဲလေ"ဟု အမျိုးသမီးကြီးက ပြောလိုက်၏။

မင်းသားကြီး ဗာစီလီသည် ၎င်းတို့နှစ်ယောက်ပြောနေသည်ကို ကြားဟန်မတူဘဲ အနားမှ ဖြတ်လျှောက်သွားကာ ဧည့်ခန်းဆောင်ထောင့်တစ်ထောင့်ရှိ ထိုင်ခုံတစ်ခုပေါ်တွင်ဝင်၍ ထိုင်လိုက်သည်။ မင်းသားကြီး ဗာစီလီသည် မျက်လုံးများကို မှိတ်လိုက်ပြီး အိပ်ငိုက်နေသကဲ့သို့ ရှိသည်။ သူ၏ ခေါင်းသည် ငိုက်စိုက်ကျလျက် ရှိ၏။ ထို့နောက် ပြန်၍ ခေါင်းထောင်လိုက်ပြီး–

"ကြင်ရာတော်ကြီး သမီးတော်တို့ အခြေအနေကိုလဲ သွားအကဲခတ်ချည်စမ်းပါဦး"

ကြင်ရာတော်မင်းသမီးကြီးသည် တံခါးမကြီးဆီသို့ လျှောက်သွားပြီး ခံ့ညားသော ဟန်အမူအရာဖြင့် တံခါးဝမှ ထွက်ကာ ဧည့်ခန်းဆောင်ကလေးထဲသို့ လှမ်းကြည့်လိုက်၏။ ပီယာနှင့် ဟယ်လင်မင်းသမီးကလေးသည် စောစောက ကဲ့သို့ပင် ထိုင်၍ စကားပြောနေကြသည်။

"အခြေအနေမထူးသေးဘူး မောင်တော်ရဲ့"ဟု ကြင်ရာတော် မင်းသားကြီး ဗာစီလီကို ပြောလိုက်သည်။ ဗာစီလီသည် မျက်မှောင်ကုတ်၍ ပါးစပ်ကိုရွဲ့လိုက်သည်။ သူ့ပါးကြီးများသည် ပိန်ချည်ဖောင်းချည်ဖြစ်လျက် ရှိကြ၏။ ၎င်း၏ မျက်နှာကား ထုံးစံအတိုင်း မချမ်းမြေ့သော အသွင်ကို ဆောင်လျက် ရှိသည်။ ထို့နောက် ကိုယ်ကို တွန့်လိမ်၍ ထလိုက်ပြီး ခေါင်းကိုမော့ကာ မိန်းမပိုင်းအနီးမှ ဖြတ်၍ ဧည့်ခန်းဆောင်ကလေးထဲသို့ ဝင်သွားပြန်သည်။ မင်းသားကြီး ဗာစီလီသည် ဖျတ်လတ်သွက်လက်သော ခြေလှမ်းများဖြင့် ပီယာ့ထံသို့ လျှောက်လာခဲ့လေသည်။ မင်းသားကြီး ဗာစီလီမှာ လွန်စွာဝမ်းမြောက်သော မျက်နှာထားကိုဆောင်လျက်ရှိလေရာ ပီယာပင် လန့်ဖျပ်၍ ထလိုက်မိလေသည်။

"အိမ်း၊ ဝမ်းသာလိုက်တာ တူတော်မောင်ရာ၊ ကြင်ရာတော်ကြီးက ဦးရီးတော်ကို အားလုံး ပြောပြပြီးပြီ" မင်းသားကြီး ဗာစီလီသည် ပီယာကိုလည်းကောင်း၊ သမီးတော် ဟယ်လင်မင်းသမီးကို လည်းကောင်း လက်တစ်ဖက်စီဖြင့် လှမ်းဖက်လိုက်သည်။ "တူတော်မောင်နဲ့ သမီးတော်တို့ နေနဲ့လ ရွှေနဲ့မြလို အင်မတန် လိုက်ဖက်တဲ့အတွက် ဖေဖျားဖြင့် ဝမ်းသာလို့ မဆုံးဘူး၊ (မင်းသားကြီး ဗာစီလီ၏ အသံမှာ တုန်လျက်ရှိ၏။) တူတော်မောင်ရဲ့ ခမည်းတော်ကြီးကို ဦးရီးတော် သိပ်လေးစားတာကလား၊ အဲ သမီးတော်ဟာ တူတော်မောင်ရဲ့ ဇနီးခင်ပွန်းကောင်း ဖြစ်ပါလိမ့်မယ်၊ အိမ်း၊ ဘုရားသခင် စောင့်မပါစေကွယ်"

မင်းသားကြီး ဗာစီလီသည် သမီးတော် ဟယ်လင်မင်းသမီးကလေးကို ပွေ့ဖက်ပြီးနောက် ပီယာကိုလည်း ပွေ့ဖက်ကာ အာပုပ်နံ့ထွက်နေသော ပါးစပ်ဖြင့် နမ်းလိုက်၏။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြလေသည်။

"ကြင်ရာတော်ကြီး ခဏလာစမ်းပါဦး" မင်းသားကြီး ဗာစီလီက အော်လိုက်သည်။

ကြင်ရာတော်မင်းသမီးကြီး ဝင်လာလေသည်။ ၎င်းမှာလည်း လက်ကိုင်ပဝါဖြင့် တို့ကာ ငိုနေလေသည်။ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏ နမ်းရှုပ်ခြင်းကို ခံလိုက်ရပြီးနောက် ကိုယ်တိုင်ကလည်း ဟယ်လင်မင်းသမီးကလေး၏ လက်ကို ကြိမ်ဖန်များစွာ နမ်းရှုပ်နေမိလေသည်။ ခဏကြာသောအခါ၌ကား ဧည့်ခန်းဆောင်ကလေးထဲ၌ သူတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပြန်သည်။

'အင်း၊ ဒီအတိုင်းပဲ ဖြစ်ရမှာပဲလေ၊ တခြား ဘယ်လိုများ ဖြစ်နိုင်ဦးမှာလဲ၊ ဒီတော့ ကောင်းသလား၊ မကောင်းဘူးလား စဉ်းစားနေလို့လဲ အပိုပဲဖြစ်နေမှာပဲ၊ ဒီလို မြန်မြန်ဆန်ဆန် ကိစ္စပြီးသွားတော့လဲ အေးသွားတာပဲ၊ ချီတုံချတုံ မဖြစ်ရတော့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com


ပီယာသည် ဤသို့တွေးကာ သတို့သမီးလောင်း၏ လက်ကို ဆုပ်ကိုင်လျက်ရှိရင်း ဟယ်လင်မင်းသမီးလေး၏ နိမ့်တုံမြင့်တုံ ဖြစ်လျက်ရှိသော လှပမို့မောက်သည့် ရင်အုံကို စိုက်ကြည့်နေမိသည်။

"ဟယ်လင်ထိပ်ထား"

ပီယာသည် ပါးစပ်မှ လွတ်ခနဲခေါ်လိုက်မိပြီး တန့်သွားသည်။ 'ဒီလိုနေရာမျိုးမှာ လူပျိုစကားတော့ ပြောကြရတာပဲ'ဟု ပီယာတွေးမိသည်။ သို့ရာတွင် မည်သို့ ပြောရမည်ကို ပီယာမသိချေ။ အခြားသူများ မည်သို့ ပြောကြသည်ကိုလည်း စဉ်းစားမရအောင် ဖြစ်နေသည်။ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏ မျက်နှာကို ကြည့်နေမိသည်။ ဟယ်လင်မင်းသမီးကလေးသည် ပီယာ့ အနားသို့ တိုးလာလေသည်။ ၎င်း၏ မျက်နှာကား နီရဲလျက်ရှိ၏။

"ဟင့်အင်း မောင်မောင်၊ မောင့်မောင့် မျက်မှန်ကြီး ချွတ်လိုက်ဦး" ဟယ်လင်မင်းသမီးကလေးက ပီယာ၏ မျက်မှန်ကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

ပီယာသည် မျက်မှန်ကိုချွတ်လိုက်၏။ မျက်မှန်ချွတ်လိုက်ခြင်းကြောင့် မျက်မှန်တပ်သူတို့၌ မျက်မှန်ချွတ်လိုက်သည့်အခါတွင်တွေ့ရမြဲဖြစ်သည့်အတိုင်း ကြောင်စီစီ ဖြစ်လျက်ရှိသော မျက်လုံးများသည် မရွှံ့မရဲ ကြောက်လန့်သော အသွင်ဖြင့် ပြူးတူးပြဲတဲ ဖြစ်လျက်ရှိ၏။ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏လက်ကို နမ်းရှုပ်ရန် ကိုယ်ကို ညွတ်လိုက်သည်။ သို့ရာတွင် ဟယ်လင်မင်းသမီးကလေးသည် သူ့လက်ဆီသို့ ယိမ်းလာသော ပီယာ၏ ခေါင်းကို ဆတ်ခနဲ ဆွဲမော့ကာ ပီယာ၏ နှုတ်ခမ်းများကို တရကြမ်း စုပ်ယူနမ်းရှုပ်လျက် ရှိလေသည်။ ပီယာသည် ဟယ်လင်မင်းသမီးကလေး၏ ပြင်းထန်အားကြီးသော ရမ္မက်ဇောအဟုန်ကြောင့် ရှုံ့မဲ့လျက်ရှိသော မျက်နှာကို ကြည့်ကာ အံ့အားသင့်လျက် ရှိလေသည်။

'အင်း အချိန်နှောင်းပြီ၊ နောက်ဆုတ်လို့ မရတော့ဘူး၊ လွန်ကုန်ပြီ၊ အို တကယ်တော့ ငါကလဲ ချစ်နေပြီ မဟုတ်လား'ဟု ပီယာတွေးမိသည်။

"ချစ်တယ်၊ ထိပ်ထားကို ချစ်တယ်" ဤအချိန် ဤအခါမျိုး၌ ပြောရမည့်စကားကို ယခုမှ ပီယာအမှတ်ရသဖြင့် ပြောလိုက်၏။ သို့ရာတွင် ရဲရဲမထွက်ရဲရကား ပီယာ၏အသံသည် ခပ်သဲ့သဲ့သာ ထွက်လာလေသည်။

နောက်တစ်လနှင့် နှစ်သီတင်းကြာသည့်အချိန်၌ကား ပီယာနှင့် ဟယ်လင်မင်းသမီးကလေးတို့၏ လက်ထပ်မင်္ဂလာပွဲကို ကျင်းပလိုက်ကာ ဇနီးမောင်နှံနှစ်ဦးတို့သည် မြို့စားကြီးဘိဇူးကော့ဗ်၏ အသစ်ပြင်ဆင်ထားသော ပီတာစဘတ်စံအိမ်ကြီးသို့ ပြောင်းရွှေ့လာခဲ့ကြလေသည်။ အများကမူ ပီယာသည် အလှကေရီတစ်ဦးဖြစ်သူ ဇနီးတစ်ယောက်နှင့် သန်းပေါင်းများစွာသော ခနဥစ္စာများကို ပိုင်ဆိုင်သည့် ကံထူးသူတစ်ဦးဟု ဆိုစမှတ်ပြုကြလေသတည်း။

## အခန်း ၃

၁၈၀၅ – ခု၊ နိုဝင်ဘာလထဲ၌ မင်းသားကြီး ဘိုလကွန်စကီသည် မင်းသားကြီး ဗာစီလီထံမှ စာတစ်စောင်ကို ရရှိခဲ့၏။ စာ၌ မင်းသားကြီးဗာစီလီနှင့် သားတော်တို့ အလည်အပတ် ရောက်ရှိမည် ဖြစ်ကြောင်းဖြင့်ပါရှိ၏။ 'ကျွန်ုပ်လည်း ဘုရင်မင်းမြတ်၏အမှုကို ထမ်းရွက်၍ အနယ်နယ်အရပ်ရပ်ကို စစ်ဆေးလျက်ရှိပါသည်။ လေးစားအပ်သော နောင်တော်နှင့် တွေ့ဆုံရမည်ဆိုလျှင် မိုင်ခုနစ်ဆယ်မျှ လောက်သော ခရီးသည် ကျွန်ုပ်အဖို့ အပန်းကြီးလှသည် မဟုတ်ပါ။ ကျွန်ုပ်၏သားတော် အနာတိုလီသည်လည်း တပ်စခန်းသို့ အပြန်ခရီးကြုံသဖြင့် ကျွန်ုပ်နှင့်အတူ လိုက်ပါလာမည်ဖြစ်ပါသည်။ သားတော် အနာတိုလီက နောင်တော်ကြီးအား ကြည်ညိုလေးစားသည်နှင့်အညီ လာရောက်နှုတ်ခွန်းဆက်သသည်ကို နောင်တော်ကြီးက ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ပါကြောင်း' စသဖြင့် စာတွင် ပါရှိလေသည်။

"ပိုးတဲ့ပန်းတဲ့လူက သူ့ဘာသာသူ ပိုးချင်ပန်းချင်လို့ လာတာပဲ၊ မေရီကိုထွက်ပြီး ဧည့်ခံခိုင်းဖို့တော့ လိုမယ်မထင်ပါဘူး"

မင်းသားကြီး ဗာစီလီနှင့် သားတော် အနာတိုလီတို့ အလည်လာကြမည်ဟု ကြားသည်၌ မင်းသမီးကလေး လီဇာဘိုလကွန်စကားယား (မင်းသားကလေး အင်ဒရေ၏ ကြင်ရာတော်)က အမှတ်မထင် ပြောလိုက်သည်။

မင်းသားကြီး ဘိုလကွန်စကီက မျက်မှောင်ကုတ်လိုက်သည်။ သို့ရာတွင် မည်သို့မျှ မပြောချေ။



www.burmeseclassic.com

ယင်းသို့ဖြင့် စာရောက်ပြီး သီတင်းနှစ်ပတ်ကြာသော တစ်နေ့ညနေ၌ မင်းသားကြီး ဗာစီလီ၏ အစေတော်များသည် ရှေ့ပြေးရောက်လာကြလေသည်။ မင်းသားကြီး ဗာစီလီနှင့် သားတော် အနာတိုလီတို့ကား နောက်တစ်နေ့တွင် ဆိုက်ရောက်လာကြ၏။

မင်းသားကြီး ဘိုလကွန်စကီသည် စိတ်နေသဘောထားနှင့် ပတ်သက်၍ မင်းသားကြီး ဗာစီလီကို များစွာအထင်မကြီးလှချေ။ ပေါလ်ဘုရင်နှင့် အလက်ဇန်းဒရားဘုရင်မင်းမြတ်တို့ နန်းတက်ပြီး မကြာမီ မင်းသားကြီးဗာစီလီ ရာထူးအဆောင်အယောင် တက်သွားသည့် နောက်မှစ၍ မင်းသားကြီး ဘိုလကွန်စကီသည် မင်းသားကြီးဗာစီလီကို အထင်သေးလျက် ရှိနေခဲ့လေသည်။ ယခုအချိန်၌ကား မင်းသားကြီးဗာစီလီ၏စာ၌ အရိပ်အမြွက်ပြထားသည့် အတွက်ကြောင့်လည်းကောင်း၊ ချွေးမတော် မင်းသမီးကလေး လီဇာဘိုလကွန်စကာယားက အရိပ်အမြွက်ပြောလိုက်ပြီး ဖြစ်သည့်အတွက်ကြောင့် လည်းကောင်း မင်းသားကြီး ဗာစီလီတို့သားအဖ အလည်လာရောက်သည့် ရည်ရွယ်ချက်ကို မင်းသားကြီး ဘိုလကွန်စကီ သိလေပြီ။ ထိုသည်နှင့်တစ်ပြိုင်နက် မင်းသားကြီး ဘိုလကွန်စကီမှာ မင်းသားကြီး ဗာစီလီကို အထင်သေးရုံမျှမကတော့ဘဲ စက်ဆုပ်ရွံရှာ၍ပင် လာလေတော့သည်။ မင်းသားကြီး ဗာစီလီအကြောင်းကို ပြောတိုင်းလည်း မင်းသားကြီးဘိုလကွန်စကီမှာ ရှူးရှူးရှားရှား ဒေါသထွက်လျက် ရှိတတ်လေ၏။ မင်းသားကြီး ဗာစီလီတို့သားအဖ ရောက်လာသည့်နေ့တွင်မူ မင်းသားကြီး ဘိုလကွန်စကီမှာ အထူးတလည် မကျေမနပ်ဖြစ်ကာ စိတ်တိုလျက် ရှိလေသည်။ မင်းသားကြီးဗာစီလီ အလည်ရောက်ရှိလာသည့်အတွက်ကြောင့် စိတ်တိုခြင်းလော၊ သို့မဟုတ် နဂိုက စိတ်တိုလျက်ရှိစဉ် မင်းသားကြီး ဗာစီလီ အလည်ရောက်လာသည့်အတွက်ကြောင့်လော၊ မည်သည့်အတွက်ဟု ဧကန်ဧက မပြောနိုင်သော်လည်း မင်းသားကြီး ဘိုလကွန်စကီ စိတ်တိုလျက်ရှိသည်ကား အမှန်ပင် ဖြစ်လေသည်။ ထိုနေ့နံနက်ပိုင်းတွင် မင်းသားကြီး ဘိုလကွန်စကီ၏ ဗိသုကာကြီးက ပြုမြဲထုံးစံအတိုင်း အဆောက်အအုံများနှင့် စပ်လျဉ်း၍ အစီရင်ခံရန် ရောက်လာသောအခါ၌ မင်းသားကြီး၏ အပါးတော်မြဲ တီကွန်သည် ဗိသုကာကြီးအား မသွားရန် တားလျက်ရှိလေသည်။

"ကြားလား ဗိသုကာကြီး၊ လမ်းလျှောက်တာကိုက ခြေသံ တော်တော်ပြင်းနေပြီဗျ၊ ဖနောင့်နဲ့ ဆောင့်နင်းပြီး လျှောက်တဲ့ခြေသံ၊ ကျုပ်တို့ကတော့ အဲဒီခြေသံရဲ့ အဓိပ္ပာယ်ကို သိနေပြီဗျ"

အပါးတော်မြဲကြီး တီကွန်က မင်းသားကြီးဘိုလကွန်စကီ၏ ခြေသံကို ဗိသုကာကြီးအား နားထောင်ခိုင်းနေသည်။

နံနက်ကိုးချက်တီးအချိန်၌ကား မင်းသားကြီး ဘိုလကွန်စကီသည် မြွေပါမွေးနက် ကော်လာတပ် ကတ္တီပါအင်္ကျီနှင့် ဦးထုပ်တို့ကို ဝတ်ဆင်ကာ ထုံးစံအတိုင်း လမ်းလျှောက်ထွက်သွားလေသည်။ ယမန်နေ့က နှင်းများကျထားသဖြင့် မင်းသားကြီး ဘိုလကွန်စကီ လမ်းလျှောက်နေကျဖြစ်သည့် သစ်ပင်များ စိုက်ပျိုးထားရာ ဖန်အိမ်ဘက်ဆီ သို့သွားသော လမ်းကလေးပေါ်ရှိ နှင်းပွင့်များကို ရှင်းထားရလေသည်။ တံမြက်စည်းရာများသည် နှင်းခဲများပေါ်တွင် အစင်းအစင်း ထင်လျက်ရှိကြ၏။ လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ပုံထားသော နှင်းခဲများပေါ်၌ တူရွင်းတစ်ချောင်းသည် တန်းလန်းစိုက်လျက် ရှိလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် မျက်မှောင်ကုတ်လျက် ပန်းပင်စိုက်သည့် ဖန်အိမ်များနှင့် ငွေဝယ်ကျွန်များနေရာ တန်းလျားများကို ကျော်ဖြတ်ကာ တိတ်ဆိတ်စွာ လျှောက်လာလေသည်။

"စွတ်ဖားသွားလို့ ရမလားဟေ့" မင်းသားကြီး ဘိုလကွန်စကီက မိမိပိုင်နယ်မြေအတွင်း၌ အလုပ်လုပ်သော လမ်းကြပ်ကို မေးလိုက်သည်။ လမ်းကြပ်ကား အမူအရာ၌ လည်းကောင်း၊ အသွင်အပြင်၌လည်းကောင်း သခင်မင်းသားကြီး ဘိုလကွန်စကီနှင့် ခပ်ဆင်ဆင်ရှိသည်။ သူသည် စံအိမ်တော်ဘက်သို့ ပြန်လျှောက်လာသော မင်းသားကြီး ဘိုလကွန်စကီ၏နောက်မှ လိုက်ပါလာလေသည်။

"မှန်ပါ၊ နှင်းခဲသိပ်ထူပါတယ် ကိုယ်တော်ကြီး၊ လမ်းပေါ်က နှင်းခဲတွေကိုတော့ လှည်းကျင်းပြီးပါပြီ"

မင်းသားကြီးဘိုလကွန်စကီသည် ခေါင်းကို ငုံ့ကာ ဆင်ဝင်ပေါက်သို့ တက်သွားလေသည်။ လမ်းကြပ်၏စိတ်၌ ယနေ့နံနက်အဖို့ ဆူပူကြိမ်းမောင်းခြင်း မုန်တိုင်းကြီး၏ အန္တရာယ်မှ လွတ်သွားလေပြီဟု စိတ်အေးသွားဟန်ရှိ၏။

"စွတ်ဖားမောင်းဖို့တော့ သိပ်မလွယ်သေးပါဘူး

ကိုယ်တော်ကြီး၊ ကိုယ်တော်ကြီးဆီကို ဝန်ကြီးတစ်ပါး ကြွလာလိမ့်မယ်လို့ ကြားပါတယ် ကိုယ်တော်ကြီး"

"ဘာ၊ ဝန်ကြီးတစ်ပါး ဟုတ်စ၊ ဘယ်ကဝန်ကြီးလဲ၊ မင်းကို ဘယ်သူပြောလို့လဲ၊ လမ်းကို အရှင်းခိုင်းတာက သမီးတော်လာမှာမို့ အရှင်းခိုင်းတာ၊ ဘယ်ဝန်ကြီး လာရမှာလဲ၊ ငါ ဘယ်ဝန်ကြီးကိုမှ သောက်ဂရုစိုက်တဲ့ကောင် မဟုတ်ဘူးကွ၊ ထွီ"

မင်းသားကြီး ဘိုလကွန်စကီသည် အသံသေးသေးကလေးဖြင့် အော်၍ ပြောလိုက်၏။

"ထင်လို့ မေးကြည့်တာပါ ကိုယ်တော်ကြီး"

"ဘာထင်ရမှာလဲ၊ ခွေးမသား လာစမ်း၊ ထင်တဲ့အကောင်"

မင်းသားကြီး ဘိုလကွန်စကီ၏စကားသံမှာ ပို၍ မြန်လာကာ မပီမသဖြစ်လာသည်။ မင်းသားကြီး ဘိုလကွန်စကီသည် လက်ထဲကကြိမ်ကို မြှောက်လိုက်ပြီး လမ်းကြပ်အယ်ပါတစ်ကို တစ်ချက်ရိုက်လိုက်၏။ လမ်းကြပ်က လျင်မြန်စွာ တိမ်းလိုက်သဖြင့် မရိုက်မိခြင်း ဖြစ်ပေ၏။

"ဘာထင်ရမှာလဲ၊ မင်းကများ ထင်ရတယ် ရှိသေးလား၊ ခွေးမသား"

မင်းသားကြီး ဘိုလကွန်စကီသည် ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းလျက် ရှိလေ၏။

လမ်းကြပ်အယ်ပါတစ်သည် ယခုကဲ့သို့ ဝံ့စားစား တိမ်းရှောင်လိုက်မိခြင်းကို တွေးပြီး ကြောက်လန့်လျက်ရှိရာ သူ၏ ပြောင်တင်းနေသော ခေါင်းကိုငုံ့လျှိုးလျက် မင်းသားကြီး ဘိုလကွန်စကီ၏ ရှေ့မှောက်သို့လာ၍ ရပ်ပေးလိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် ထပ်မံရိုက်နှက်ခြင်းမပြုတော့ချေ။ မိမိရှေ့တွင် လာရပ်လာသော လမ်းကြပ်ကို သနားသွားဟန်ရှိ၏။ သို့ရာတွင် ပါးစပ်မှကား ဆဲဆိုကြိမ်းမောင်းလျက် ရှိသေး၏။

"ခွေးမသား၊ သွား၊ စွတ်ဖားတွေတစ်စီးမှ မမောင်းနိုင်အောင် လမ်းကို နှင်းခဲတွေပြန်ဖုံးချေ" မင်းသားကြီး ဘိုလကွန်စကီသည် ဆူပူကြိမ်းမောင်းကာ စံအိမ်ခန်းမဆောင်သို့ ဝင်သွားလေသည်။

ညစာစားခါနီး၌ သမီးတော်မင်းသမီးကလေး မေရီနှင့် ရဲရှေတော်ကြီး မတ်မွိုင်ဇယ်ဘူရင်းသည် မင်းသားကြီး ဘိုလကွန်စကီ စိတ်တိုလျက်ရှိခြင်းကို သိသဖြင့် ညစာစားပွဲတွင် မထိုင်ရဲသေးဘဲ ရပ်၍ စောင့်နေကြသည်။ မတ်မွိုင်ဇယ်ဘူရင်း၏ မျက်နှာထားကား အခြေအနေအရပ်ရပ်ကို မသိသေးသကဲ့သို့ ခပ်ပြုံးပြုံးပင် ရှိသော်လည်း မင်းသမီးကလေးမေရီမှာမူ ကြောက်လန့်သည့်ဟန်ဖြင့် မျက်နှာဖျော့တော့လျက် မျက်လွှာကို ချထားလေသည်။ ဤအချိန်အခါမျိုး၌ မိမိသည် ရဲရှေတော်ကြီးဘူရင်းကဲ့သို့ မျက်နှာထားချိုချိုထားရန် ဖြစ်သည်ကို သိသော်လည်း မင်းသမီးကလေးမေရီမှာ မရွှင်သည့်နှလုံး၊ မပြုံးသည့်မျက်နှာဖြင့် ခပ်ညှိုးညှိုးရှိလေသည်။

'ငါက ရဲရှေတော်ဘူရင်းလို မသိလိုက်မသိဘာသာနေလိုက်ရင် ဖေဖျားက သူ့ကို ဂရုမစိုက်ဘူးလို့ အပြစ်ဆိုပြန်ဦးမယ်၊ မျက်နှာညှိုးနေပြန်ရင်လဲ ငါဟာ အမြဲတမ်းပုပ်နေတတ်တာပဲလို့ ပြောပြန်ဦးတော့မယ်၊ အင်း၊ ဖေဖျားရှေ့မှာ နေရတာ အနေကျပ်လှပါတကားနော်'ဟု မင်းသမီးကလေး မေရီ၏စိတ်၌ တွေးနေမိသည်။

မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော်မင်းသမီးကလေး မေရီ၏ ထိတ်လန့်စိုးရွံ့လျက်ရှိသော မျက်နှာကိုကြည့်ကာ နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

'ဟင်း မျက်နှာကိုက ကျက်သရေရှိအောင် မနေတတ်ဘူး၊ ဟိုတစ်ယောက်ကတော့ အတင်းပြောလို့ အားမရသေးဘူး ထင်တယ်'ဟု မင်းသားကြီး ဘိုလကွန်စကီ တွေးလိုက်မိသည်။ မင်းသားကြီး ဘိုလကွန်စကီသည် ချွေးမတော်မင်းသမီးကလေး လီဇာဘိုလကွန်စကားယားကို ဆိုလိုခြင်း ဖြစ်ပေသည်။ ချွေးမတော်ကား ယခုထက်တိုင် ထမင်းစားခန်းဆောင်သို့ မရောက်လာသေးချေ။

"ချွေးမတော်က ဘယ်သွားနေပြန်သလဲ၊ ပုန်းနေတာလား"

"သိပ်နေထိုင်မကောင်းပါဘူး ကိုယ်တော်ကြီး၊ ဒါကြောင့် အောက်ထပ်ကို ဆင်းတော့မယ်မထင်တော့ပါဘူး၊ ဒီအချိန်မှာ ကိုယ်လက်မအီမသာ ဖြစ်ဟန်တူပါတယ် ကိုယ်တော်ကြီး"

ရဲရှေတော်ကြီးဘူရင်းက ခပ်ပြုံးပြုံး ဖြေလိုက်၏။

"ဟင်း"မင်းသားကြီး ဘိုလကွန်စကီသည် နှာခေါင်းရှုံ့၍ ဝင်ထိုင်လိုက်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် ၎င်း၏ရှေ့မှ ပန်းကန်ပြားမှာ သန့်ရှင်းခြင်းမရှိဟု ထင်ဟန်ရှိသည်။



www.burmeseclassic.com

ထို့ကြောင့် ပန်းကန်ပြားမှ အကွက်ကလေးတစ်ကွက်ကို လက်ညှိုးဖြင့် ထိုးပြပြီး ပန်းကန်ပြားကို လွှင့်ပစ်လိုက်သည်။ အပါးတော်မြဲကြီး တီကွန်သည် သူလွှင့်ပစ်လိုက်သည့် ပန်ကန်ပြားကို အမိအရလိုက်ဖမ်းကာ အဆောင်ကိုင်တစ်ယောက်ကို ပေးလိုက်သည်။ ချွေးမတော် မင်းသမီးကလေး လီဇာဘိုလကွန်စကားယားမှာ ပဋိသန္ဓေရင့်မာလာပြီဖြစ်သည့်အတွက် ကောင်းစွာ ကျန်းမာလှသည် မဟုတ်ချေ။ နဂိုကမှ ယောက္ခမဖြစ်သူ မင်းသားကြီး ဘိုလကွန်စကီကို ကြောက်ရသည့်အထဲတွင် စိတ်တိုလျက်ရှိသည်ဟု ကြားရသောအခါ၌ကား မင်းသမီးကလေး လီဇာသည် ထမင်းစားပွဲသို့ ဆင်းမလာရဲတော့ချေ။

"ထိပ်ထားကတော့ ဗိုက်ထဲက ကလေးအတွက် စိုးရိမ်တာပါပဲ၊ တော်တော်ကြာ အော်လားဟစ်လားနဲ့ဆိုရင် ဗိုက်ထဲက ကလေးပဲ ထိခိုက်မှာပဲ" ချွေးမတော် မင်းသမီးကလေး လီဇာက ရှံရွှေတော်ကြီးဘူရင်းကို ပြောပြသည်။

ယောက္ခမဖြစ်သူ မင်းသားကြီးဘိုလကွန်စကီ၏ 'တောင်ကတုံး'စံအိမ်တော်၌ ချွေးမတော်မင်းသမီးကလေး လီဇာသည် အထိတ်ထိတ်အလန့်လန့်နှင့် နေရခြင်းဖြစ်၏။ အကြောင်း ရှာ၍မရသော်လည်း ချွေးမတော် မင်းသမီးကလေး လီဇာသည် ယောက္ခမမင်းသားကြီး ဘိုလကွန်စကီအား မုန်းတီးလျက်ရှိသည်။ ကြောက်စိတ်တိုးလာသည်နှင့် အမျှ မုန်းတီးစိတ်တွေကလည်း တိုး၍တိုး၍သာလာတော့သည်။ ယောက္ခမဖြစ်သူ မင်းသားကြီးဘိုလကွန်စကီကလည်း အလားတူပင် ချွေးမတော်မင်းသမီးကလေး လီဇာကို မုန်းတီးလျက်ရှိ၏။ သို့ရာတွင် အထင်သေးခြင်းက ပိုလေသည်။ ယောက္ခမ၏စံအိမ်တော်တွင် အနည်းငယ် နေသားကျလာသောအခါ၌ မင်းသမီးကလေးလီဇာသည် ရှံရွှေတော်ကြီး ဘူရင်းနှင့် အလွမ်းသင့်လျက်ရှိကာ နှစ်ယောက်သား နေကုန်နေခန်း စကားပြောလျက်ရှိပြီး သူ့အိပ်ခန်းတွင်းသို့ လာအိပ်ရန်ပင် ခေါ်လိုက်သေးသည်။ တစ်ခါတစ်ရံ၌လည်း ယောက္ခမဖြစ်သူ မင်းသားကြီးဘိုလကွန်စကီ၏ အကြောင်းကို ပြောဆိုနေတတ်ကြသည်။

"ဧည့်သည်တွေရောက်မယ်လို့ ကြားပါတယ် ကိုယ်တော်ကြီး" ရှံရွှေတော်ကြီးဘူရင်းက ပန်းနုရောင်လက်ချောင်းများဖြင့် လက်သုတ်ပဝါခေါက်ကို ဖြန့်ရင်း ပြောလိုက်သည်။ "မင်းသားကြီးဗာစီလီနဲ့ သားတော်တို့ ရောက်မယ်ဆို"

ရှံရွှေတော်ကြီးက မရဲတရဲမေးလိုက်သည်။

"ဟင် ဘာမင်းသားကြီးလဲ၊ မလောက်လေး မလောက်စား ခွေးသူငယ်သာသာအကောင်ကို မင်းသားကြီးတဲ့၊ ငါ ကူညီစောင်မလိုက်လို့ ဒီအခြေရောက်လာတဲ့ အကောင်က ခုမှကြီးကြီးကျယ်ကျယ်" မင်းသားကြီး ဘိုလကွန်စကီက ရှုံ့မဲ့၍ပြောလိုက်၏။ "သင်းသားက ဘာကိစ္စလိုက်လာမှာတဲ့လဲ၊ နင်တို့ မသိဘူးလား၊ သူ့သားကို ဘာကိစ္စ ခေါ်လာတာတဲ့လဲ၊ ထွီ၊ ငါ သူ့သားကိုကြည့်လို့ မရဘူး၊ (မင်းသားကြီးဘိုလကွန်စကီသည် မျက်နှာနီရဲလျက်ရှိသည့် သမီးတော်မင်းသမီးကလေး မေရီကို ကြည့်လိုက်သည်။) ဘာလဲ၊ သမီးတော် နေမကောင်းပြန်ဘူးလား၊ မနက်က ခွေးသားအယ်ပါတစ် ပြောသလို 'ဝန်ကြီး'လာမှာမို့လို့ ကြောက်နေသလား"

"မဟုတ်ပါဘူး ဖေဖျား"

ရှံရွှေတော်ကြီး ဘူရင်းသည် မင်းသားကြီးဘိုလကွန်စကီနှင့် ဤကိစ္စကို စကားပြတ်သွားစေရန် အခြားစကားကို လိုးလွဲပြောဆိုလျက်ရှိသော်လည်း အချည်းနှီးသာ ဖြစ်ပေသည်။ ရှံရွှေတော်ကြီးသည် ပန်းပင်ပျိုးသော ဖန်အိမ်များအကြောင်း၊ ရာသီလိုက်ပွင့်သောပန်းများအကြောင်း စသည်တို့ကို တသွင်သွင်ပြောကာ မင်းသားကြီး ဘိုလကွန်စကီ အာရုံပြောင်းသွားရန် ကြိုးစားလျက် ရှိလေသည်။ ဟင်းချိုရည် သောက်ပြီးသည့်အခါ၌ကား မင်းသားကြီး ဘိုလကွန်စကီ၏လေသံမှာ တဖြည်းဖြည်း ပျော့လာလေသည်။

ညစာသုံးဆောင်ပြီးသော် မင်းသားကြီး ဘိုလကွန်စကီသည် ချွေးမတော်မင်းသမီးကလေးလီဇာ၏ ခန်းဆောင်သို့ သတင်းမေးရန် တက်လာခဲ့၏။ မင်းသမီးကလေး လီဇာသည် စားပွဲတွင်ထိုင်ကာ သူ၏ အစေတော်မာရှာနှင့် စကားပြောလျက်ရှိ၏။ ယောက္ခမမင်းသားကြီး ဘိုလကွန်စကီကို မြင်လိုက်သည်၌ ချွေးမတော်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ချွေးမတော်မင်းသမီးကလေး လီဇာမှာ ယခုအချိန်၌ အပြောင်းလွဲကြီး ပြောင်းလွဲလျက်ရှိပေပြီ။ အလှအပပြင်ဆင်ထားခြင်း မရှိဘဲ မပြုမပြင် နဂိုအသွင်ဖြင့် ကပိုကရိုဖြစ်လျက်ရှိလေသည်။ ပါးပြင်မှာ ယခင်ကလို ပြည့်ဖြိုးခြင်းမရှိတော့ဘဲ ချောင်လျက်ရှိကာ နှုတ်ခမ်းကလေးများ လန်လျက်



www.burmeseclassic.com

မျက်တွင်းအနည်းငယ် ကျနေလေသည်။

"မှန်ပါ၊ စိတ်လက်မအီမသာ ဖြစ်မိပါတယ် ဖေဖျား"မင်းသားကြီး ဘိုလကွန်စကီက ကျန်းမာရေးအခြေအနေကိုမေးမြန်းသဖြင့် ချွေးမတော်မင်းသမီးကလေး လီဇာက ပြန်ဖြေလိုက်ခြင်း ဖြစ်၏။

"ဘာများလိုတာရှိသလဲ ချွေးမတော်"

"မရှိပါဘူး ဖေဖျား"

"အိမ်း၊ ဒါဖြင့် ပြီးရော"

မင်းသားကြီး ဘိုလကွန်စကီသည် ချွေးမတော်၏ ခန်းဆောင်မှထွက်ကာ ဧည့်ခန်းဆောင်ဘက်သို့ လာခဲ့၏။ လမ်းကြပ်အယ်ပါတစ်သည် ခေါင်းငုံ့လျက် ရပ်နေလေသည်။

"လမ်းကို နှင်းခဲတွေ ပြန်ဖုံးပြီးခဲ့ပြီလား"

"ပြီးပါပြီ ကိုယ်တော်ကြီး၊ မသိလို့ လမ်းသွားရှင်းမိတာပါ ကိုယ်တော်ကြီး၊ ကျွန်တော်မျိုးကို ခွင့်လွှတ်တော်မူပါ"

"အိမ်း၊ ဒါဖြင့်ပြီးရော"မင်းသားကြီး ဘိုလကွန်စကီသည် အရွဲ့တိုက်၍ ရယ်လိုက်ပြီးနောက် မိမိလက်ကို ကမ်းပေးကာ အယ်ပါတစ်အား နမ်းရှုပ်စေပြီး စာကြည့်ဆောင်ဘက်သို့ ထွက်လာခဲ့ပြန်သည်။

မင်းသားကြီးဗာစီလီသည် ထိုနေ့ညနေတွင် ရောက်လာလေသည်။ ရထားမောင်းသမားများနှင့် အဆောင်ကိုင်များက မင်းသားကြီး ဗာစီလီအား စံအိမ်တော်သို့ ချိုးဝင်သော လမ်းမထိပ်မှ ဆီးကြိုကြကာ မင်းသားကြီးဗာစီလီ၏ စွတ်ဖားများကို နှင်းခဲများတမင်ဖုံးထားသည့် လမ်းအတိုင်း ဧည့်သည်တော် တည်းခိုဂေဟာများဆီသို့ ဆွဲသွားကြသည်။

မင်းသားကြီးဗာစီလီနှင့် အနာတိုလီတို့အား တစ်ယောက်တစ်ခန်းစီ နေရာချပေးထားလေသည်။

အနာတိုလီသည် အပေါ်ရုံအင်္ကျီကို ချွတ်ပြီးနောက် စားပွဲတစ်လုံးတွင်ခါးထောက်၍ ဝင်ထိုင်လိုက်ကာ စားပွဲထောင့်စွန်းတစ်နေရာကို လှပပြုံးကျယ်သော မျက်လုံးကြီးများနှင့် ကြည့်လျက် ပြုံးနေလေသည်။ အနာတိုလီသည် လောက၌ ပျော်မှုပါးမှုလောက်ကိုသာ အဓိကထားသူဖြစ်၏။ မိမိ၏ဘဝသည် ပျော်ပါးမြူးထူးဖွယ်တို့ဖြင့် ပြည့်နှက်လျက်ရှိသည်ဟုလည်း ယူဆ၏။ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိအတွက် ပျော်ပါးမြူးထူးစရာများကို ဖန်တီးပေးသည်ဟုလည်း ထင်၏။ ထို့ကြောင့် အနာတိုလီသည် စေးနှဲ၍ ဇီဇာကြောင်သော မင်းသားကြီး ဘိုလကွန်စကီနှင့် ဥစ္စာပစ္စည်းရှိ၍ အရုပ်ဆိုးလှသော ၎င်း၏ သမီးတော်မေရီတို့ကို လည်း ထိုအတိုင်းကြည့်မြင်လျက် ရှိလေသည်။ ၎င်းတို့ကိစ္စသည် ချောချောမောမောဖြင့် အဆင်ပြေလိမ့်မည်။ အနည်းဆုံး အပျင်းတော့ ပြေလိမ့်မည်ဟူ၍လည်း ယူဆထားလေသည်။

'ဒီလောက် ချမ်းသာတယ်ဆိုရင်လဲ ယူလိုက်ရုံပေါ့ ငါ့အတွက် ဘာအရှုံးရှိတာမှတ်လို့'ဟုလည်း အနာတိုလီ တွေးမိ၏။

အနာတိုလီသည် မိမိကိုယ်ကိုမိမိ အမြဲသကာ သန့်ပြန့်ကောင်းမွန်စွာ ဝတ်ဆင်တတ်သည့် လူတစ်ယောက်ဖြစ်သည့်အတိုင်း မုတ်ဆိတ်ကို စင်ကြယ်စွာရိတ်၍ တစ်ကိုယ်လုံးကို အမွှေးနံ့သာရည် ပက်ဖျန်းပြီးနောက် ခေါင်းမော့လျက် မိမိ၏ နဂိုဟန်ဖြစ်သော အောင်မြင်ရွှင်ပျသည့် ဟန်မျိုးဖြင့် ခမည်းတော်မင်းသားကြီးဗာစီလီ၏ ခန်းဆောင်ထဲသို့ ဝင်လာခဲ့လေသည်။ မင်းသားကြီးဗာစီလီ၏ အစေတော်နှစ်ဦးမှာ မင်းသားကြီးဗာစီလီအား အဝတ်အစားလဲပေးခြင်းဖြင့် အလုပ်များလျက်ရှိကြလေသည်။ သားတော်အနာတိုလီ ဝင်လာသောအခါ၌ မင်းသားကြီးဗာစီလီသည် ရွှင်ပျသော မျက်နှာထားဖြင့် လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ အနာတိုလီ သပ်ရပ်စွာ ဝတ်စားထားသည်ကို မြင်သဖြင့် သဘောကျသွားဟန် ရှိပေ၏။

"နေပါဦးဖေဖျားရဲ့၊ အတည်မေးတာပါ၊ သတို့သမီးလောင်းက တော်တော် အရုပ်ဆိုးသလား" အနာတိုလီက တစ်လမ်းလုံး ပြောလာသည့်စကားကို မေးလိုက်သည်။

"သိပ်မေးမနေစမ်းပါနဲ့ကွယ်၊ ကြွေးရရှမျိုးနေစမ်းပါဦး၊ အဘိုးကြီးနဲ့ စကားပြောရင်လဲ သတိထားပြော"

"အဘိုးကြီးက ဘုပြောရင်တော့ ကျွန်တော် ပြန်သွားမှာဗျ၊ အဘိုးကြီးတွေနဲ့ စကားပြောလို့ အပေါက်အလမ်း သိပ်တည့်တာ မဟုတ်ဘူး"ဟု အနာတိုလီက ဆိုသည်။

"ဒီမှာ သားတော်၊ သားတော်ရဲ့ နောင်ရေးဟာ ဒီကိစ္စအပေါ်မှာ တည်တယ်၊ အဲဒါ မြဲမြဲမှတ်ထား"

ထိုအချိန်၌ မိန်းမအစေတော်များ၏ အခန်း၌



www.burmeseclassic.com

'ဝန်ကြီး'တို့ သားအဖရောက်လာသည့်သတင်းသည် ပျံ့နှံ့သွားကာ သားအဖနှစ်ယောက်၏ပုံပန်းသဏ္ဌာန်ကို အမျိုးမျိုး ဝေဖန်ပြောဆိုလျက်ရှိကြလေသည်။ မင်းသမီးကလေးမေရီကား မိမိခန်းဆောင်ထဲ၌ တစ်ယောက်တည်း ထိုင်ကာ ဂနာမငြိမ်ဖြစ်နေသော စိတ်ကို အနိုင်နိုင် ထိန်းချုပ်လျက်ရှိပေ၏။

"ဘာဖြစ်လို့ သူတို့က စာပါးလိုက်တာတဲ့လဲ၊ ယောက်မတော်ကတော့ ငါ့ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောနေရတာလဲ၊ အို ဟုတ်မယ်မထင်ပါဘူး"မင်းသမီးကလေးမေရီသည် ကိုယ့်ကိုယ်ကို မှန်ထဲတွင် ကြည့်ရင်း တစ်ယောက်တည်း ပြောနေမိသည်။ 'ငါ့နှယ်နော်၊ ဧည့်ခန်းဆောင်ထဲကို ဘယ်လိုမျက်နှာထားပြီး ဝင်ရပါ့မလဲ မသိဘူး၊ ငါကိုယ်တိုင်က သူ့ကို မေတ္တာသက်ဝင်တယ်ထားဦး၊ ခုလို ဖြူးစားကြီးဆိုတော့ ဖြစ်မှဖြစ်ပါ့မလား'ဟု တွေးကာ ခမည်းတော်ကြီး၏ မျက်နှာကို ကွက်ခနဲမြင်လိုက်သည်တွင် ကြောက်စိတ်တွေ ဝင်လာပြန်သည်။ မင်းသမီးကလေး လီဇာနှင့် ရံရွေတော်ကြီး ဘူရင်းတို့ကား 'ဝန်ကြီး'၏သားသည် နှင်းဆီရောင်သန်းသောပါးများနှင့် နက်မှောင်သော မျက်ခုံးများဖြင့် မည်မျှ ခံ့ညားချောမောလှကြောင်း၊ အဖေက လှေကားကို ဒရွတ်ဆွဲ၍တက်နေချိန်တွင် သားက ခြေလှမ်း သုံးလှမ်းဖြင့် လင်းယုန်ငှက်ကဲ့သို့ လျင်မြန်စွာ တက်သွားကြောင်း စသည့်သတင်းစုံကို အစေတော်သူငယ်မ မာရှာထံမှ ကြားသိပြီး ဖြစ်လေသည်။ ဤသတင်းကို ကြားရသည်နှင့် မင်းသမီးကလေး လီဇာနှင့် ရံရွေတော်ကြီး ဘူရင်းတို့သည် မင်းသမီးကလေးမေရီ၏ ခန်းဆောင်ထဲသို့ ဝင်လာခဲ့ကြလေသည်။

"ဧည့်သည်တွေတော့ ရောက်ကုန်ပြီတဲ့ ယောက်မတော်ရေ" မင်းသမီးကလေးလီဇာက ခန်းဆောင်ထဲသို့ ပြည်းညင်းစွာ ဝင်လာကာ ထိုင်ခုံပေါ်သို့ထိုင်ရင်း ပြောလိုက်၏။

မင်းသမီးလီဇာသည် ခါတိုင်းဝတ်နေကျ ဝတ်ရုံပွကြီးကို မဝတ်တော့ဘဲ တောက်ပသစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ထားပေ၏။ ဆံပင်ကိုလည်း သပ်ရပ်စွာ ပြင်ဆင်ထုံးဖွဲ့ထားလျက် မျက်နှာကိုလည်း ခြယ်သထားလေသည်။ သို့ရာတွင် ညှိုးနွမ်းခြင်းမှုကား ဖုံးဖိ၍မရချေ။ မင်းသမီးကလေး လီဇာသည် ပီတာစဘတ်ရွှေမြို့တော် မင်းပွဲစိုးပွဲများတက်စဉ် ဝတ်စားထားသကဲ့သို့ ဝတ်စားထားလေရာ မင်းသမီးကလေး မေရီ၏ ရိုးအသော အသွင်သည် ထင်းထင်းကြီး ပေါ်လျက်ရှိ၏။ ရံရွေတော်ကြီး ဘူရင်းမှာလည်း ပြင်ဆင်ဝတ်စားထားလေသည်။

"အို၊ ဒီလိုငုတ်တုတ်ကြီးထိုင်နေလို့ ဖြစ်မလား ယောက်မတော်ရဲ့၊ ဧည့်သည်တွေ ဧည့်ခန်းဆောင်ထဲ ရောက် လာကြတော့မယ်၊ ထိပ်ထားတို့က အရင်ရောက်နှင့် နေမှပေါ့၊ ကြည့်စမ်း ခုထက်ထိ ဘာမှ မပြင်ရသေးဘူး"

မင်းသမီးကလေးလီဇာသည် ခေါင်းလောင်းတီး၍ အစေတော်သူငယ်မတစ်ယောက်ကို ခေါ်လိုက်ပြီးနောက် မင်းသမီးကလေးမေရီအား မည်သို့ ဝတ်စားဆင်ယင်ပေး ရမည်ဖြစ်ကြောင်း ခပ်သွက်သွက်ပြောနေလေသည်။ မေရီ မင်းသမီးကလေးမှာကား မိမိအား ပိုးပန်းသူလာရောက် သည့်အတွက် ကတုန်ကယင်ဖြစ်ရပါမည်လောဟု ကိုယ့် ကိုယ်ကို မကျေမချမ်းဖြစ်လျက်ရှိကာ ယောက်မတော် မင်းသမီးကလေး လီဇာနှင့် ရံရွေတော်ကြီး ဘူရင်းတို့က အားပေးခြင်းမပြုသည့်အတွက် သည်အခါတွင် ပို၍ မကျေ မချမ်းဖြစ်လျက် ရှိပေသည်။ မိမိ၏စိတ်ထဲ၌ ရှက်ရွံ့ရွံ့ ဖြစ်နေခြင်းကို ၎င်းတို့အားလည်း ဖွင့်၍မပြောလို။ ၎င်းတို့က အဝတ်အစားလဲ၍ အလှပြင်ခိုင်းခြင်းကိုလည်း ငြင်း၍မဖြစ်။ နောက်ထပ် အတင်းပြင်ဆင်ခိုင်းနေ၍ ဒုက္ခဟုတွေးကာ စိတ်ထဲတွင် ဝေခွဲမရအောင် ဖြစ်လျက်ရှိ၏။ မင်းသမီး ကလေးမေရီ၏ မျက်နှာသည် နီရဲလာကာ လှပသော မျက်လုံးများမှာလည်း မှုန်မှိုင်းသွားကြ၏။ သို့ဖြင့် နောက် ဆုံးတွင် မတတ်သာတော့ဘဲ ၎င်းတို့ဝတ်စားဆင်ယင်ပေး သမျှကို အရုပ်သဖွယ် ငြိမ်ခံနေရလေတော့သည်။ မင်းသမီး ကလေး လီဇာနှင့် ရံရွေတော်ကြီးဘူရင်းတို့ကား မင်းသမီး ကလေးမေရီအား လှသည်ထက်လှအောင် အတတ်နိုင်ဆုံး ကြိုးစားပြင်ဆင်ပေးနေကြသည်။ မင်းသမီးလေးမေရီကား ရိုးအသူဖြစ်သည့်အလျောက် ၎င်းတို့နှစ်ယောက်သည် မိမိ အား ပြိုင်ဘက်ဟု မည်သည့်နည်းမျှ သဘောမထားတန် ရာ။ အတတ်နိုင်ဆုံး ကြိုးစားပြင်ဆင်ပေးနေခြင်းသာ ဖြစ်သည်ဟု အောက်မေ့လျက် ရှိလေသည်။ အဝတ်အစား သည် မျက်နှာကို လှစေနိုင်သည်ဟု မိန်းမများမိုက်မိုက်မဲမဲ စွဲစွဲလမ်းလမ်း ယုံကြည်တတ်ကြလေရာ ရံရွေတော်ဘူရင်း နှင့် ယောက်မတော် မင်းသမီးကလေး လီဇာတို့သည်လည်း


www.burmeseclassic.com

 www.burmeseclassic.com 

မိန်းမတို့၏ ထိုယုံကြည်ချက်အတိုင်း စေတနာရှိဖြင့် ပြင်ဆင်ပေးခြင်းဖြစ်သည်ဟု မင်းသမီးကလေးမေရီ ယူဆလျက်ရှိလေသည်။

"အို ယောက်မတော်ကလဲ ဒီအဝတ်က မလှသေးပါဘူး"မင်းသမီးကလေးလီဇာက ခပ်ဝေးဝေးမှနေ၍ မင်းသမီးကလေး မေရီကို ဘေးစောင်းကြည့်ရင်း ပြောလိုက်သည်။ "ယောက်မတော်မှာ ကြက်သွေးရောင်ဝတ်စုံ ရှိတယ်မဟုတ်လား၊ အဲဒါလေးကို ဝတ်ပါလား ယောက်မတော်ရဲ့၊ ဒီအချိန်ဟာ ကိုယ့်ဘဝအတွက် အင်မတန်အရေးကြီးတဲ့ အချိန်နော်၊ ဒီအချိန်မှာ ဒီအဝတ်အစားကြီး မဝတ်စမ်းပါနဲ့၊ အရောင်ကလဲ ဖျော့သေးတယ်၊ ကြည့်လို့လဲ မလှဘူး"

အမှန်အားဖြင့် အဝတ်အစားက မကောင်းသည် မဟုတ်ချေ။ မင်းသမီးကလေး မေရီမှာ မျက်နှာကလည်း မလှ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း မလှ၊ နဂိုမရှိသူဖြစ်သည့်အတွက် မည်သည့်အဝတ်အစားကို ဝတ်သည်ဖြစ်စေ နဂိုးမထွက်ဘဲ ဖြစ်လျက်ရှိလေသည်။ မင်းသမီးကလေး လီဇာနှင့် ရုံရွှေတော်ကြီးဘူရင်းသည် ဤအချက်ကို သတိမမူမိကြဘဲ အဝတ်အစားကိုသာ အပြစ်ဖို့လျက်ရှိကာ ဆံပင်ကို မည်သို့ပြင်ရမည်၊ ဖဲကြိုးကိုမည်သည့်နေရာ၌ စည်းရမည်၊ ခေါင်းစည်းပဝါကို မည်သည့်အရောင်ရွေးရမည်၊ ဝတ်စုံကို မည်သည့်အသွေးဆင်ရမည် စသည်ဖြင့် မွမ်းမံခြယ်လှယ်ပေးလျက်ရှိကြ၏။ ၎င်းတို့တစ်တွေ မည်မျှပြင်ဆင်လိမ်းခြယ်ပေးစေကာမူ မင်းသမီးကလေးမေရီ၏ ကြောက်ရွံ့ထိတ်လန့်လျက်ရှိသော မျက်နှာထားနှင့် အချိုးအစားမကျသော ကိုယ်လုံးကိုယ်ပေါက်အား ပြောင်းလဲ၍ မရကြောင်းကိုကား ၎င်းတို့ သတိမေ့လျော့လျက် ရှိကြလေသည်။

မင်းသမီးကလေး လီဇာနှင့် ရုံရွှေတော်ကြီး ဘူရင်းတို့သည် စိတ်တိုင်းမကျတိုင်း နှစ်ခါသုံးခါမျှ အဝတ်အစားကို ပြန်လဲပေးသည်။ မင်းသမီးကလေးမေရီကလည်း ငြိမ်သက်စွာ ခံရှာလေသည်။ နောက်ဆုံးတစ်ကြိမ်၌ကား မင်းသမီးကလေးမေရီ၏ ဆံပင်ကို ထိပ်တွင်စု၍ ထုံးပေးပြီး (ဤသို့ ပြင်လိုက်မှ ပို၍အကြည့်ရဆိုးနေသည်။) ကြက်သွေးရောင်ဝတ်စုံ၊ အပြာနုရောင်ခေါင်းစည်းပဝါ စသည်ဖြင့် ၎င်းတို့စိတ်တိုင်းကျ ဝတ်ဆင်၍ပေးလိုက်ကြ၏။ ယောက်မတော် မင်းသမီးကလေး လီဇာသည် မင်းသမီးကလေးမေရီ၏ ဘေး၌ နှစ်ခေါက် သုံးခေါက်မျှလှည့်ပတ်၍ အကဲခတ်ကာ သေးသွယ်သော လက်ချောင်းကလေးများဖြင့် အဝတ်အစားကို ပြင်ပေးလိုက်၊ ခေါင်းစည်းပဝါစကို ဆွဲပေးလိုက် စသည်ဖြင့် အပြီးသတ် မွမ်းမံခြယ်လှယ်ပေးပြီး နောက်မှ ခေါင်းကို ထိုမှ ဤမှ စောင်းငဲ့၍ ကြည့်နေ ပြန်သည်။

"အို ဒါလဲ မကောင်းသေးပါဘူး"မင်းသမီးကလေး လီဇာက လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ ပြောလိုက်သည်။ "ယောက်မတော်က ဒီအဝတ်အစားနဲ့ မလိုက်သေးဘူး ယောက်မတော်၊ နေ့တိုင်းဝတ်တဲ့ မီးခိုးရောင် ဝတ်စုံကလေးကမှ သူနဲ့စာရင် တော်လိမ့်ဦးမယ်၊ ကဲ ထပ်ပြီး လဲလိုက်စမ်းပါဦး ယောက်မတော်ရယ်" ဟုဆိုကာ အစေတော်သူငယ်မတစ်ယောက်သို့ လှည့်၍ "ကေတီရေ၊ ထိပ်ထားလေးဝတ်တဲ့ မီးခိုးရောင်ဝတ်စုံကလေး ထုတ်ခဲ့ပါကွယ်၊ ထိပ်ထား ဘယ်လို အလှပြင်ပေးလိုက်တယ်ဆိုတာ ရုံရွှေတော်ကြီးကြည့်နေ"

မင်းသမီးကလေးလီဇာက အဆင်အပြင်၌ ကျွမ်းကျင်သူတစ်ဦးကဲ့သို့ပြုံးလျက် ရုံရွှေတော်ကြီး ဘူရင်းသို့ ပြောလိုက်၏။

ယူခိုင်းလိုက်သည့် ဝတ်စုံကို အစေတော်သူငယ်မက ယူလာသောအခါ၌မူ မင်းသမီးကလေးမေရီသည် မလှုပ်မရှက်ထိုင်ကာ ၎င်း၏မျက်နှာကို မှန်ထဲတွင် ကြည့်နေလေသည်။ မျက်လုံးများ၌ မျက်ရည်တွေဝဲလျက်ရှိ၍ နှုတ်ခမ်းများသည် တရွရွလှုပ်လျက် ရှိကြလေရာ ငိုတော့မည့်ဟန် ပေါက်နေလေသည်။

"ကဲ လာလေ ထိပ်ထားလေး၊ ဒီအဆင်လေး ဝတ်ကြည့်စမ်းပါဦး"

ရုံရွှေတော်ကြီးဘူရင်းက ခေါ်လိုက်သည်။ မင်းသမီးကလေး လီဇာသည် ဝတ်စုံကို အစေတော်သူငယ်မထံမှ ယူကာ မင်းသမီးကလေး မေရီထံသို့လျှောက်လာခဲ့သည်။

"ဒီတစ်ခါတော့ ရိုးရိုးကလေးနဲ့ ကျက်သရေရှိတဲ့ အသွေးကလေးပဲ"

"မင်းသမီးကလေး လီဇာ၊ ရုံရွှေတော်ကြီးဘူရင်းနှင့် အစေတော်ကေတီတို့သည် တစ်စုံတစ်ရာကို သဘောကျသဖြင့် တခစ်ခစ်ရယ်မောလျက် ရှိကြပေရာ သူတို့၏ ရယ်သံများသည် ရွှင်မြူးလျက်ရှိသော ငှက်ကလေးများ၏



www.burmeseclassic.com

မြည်ကျူးသံများနှင့်ပင် တူတော့သည်။

"ဟင့်အင်း ထိပ်ထားမဝတ်ချင်တော့ဘူး၊ ထားပစ်ခဲ့ ထားပစ်ခဲ့" မင်းသမီးကလေးမေရီက ပြောလိုက်သည်။ မင်းသမီးကလေးမေရီ၏အသံမှာ တကယ်ပင် လှိုက်လှဲကာ မချိတင်ကဲ ထွက်လာခြင်းဖြစ်လေရာ ငှက်ကလေးများ၏ မြည်ကျူးသံများသည် ချက်ချင်း တိတ်သွားကြ၏။ ၎င်းတို့ သုံးယောက်သားသည် မျက်ရည်များဖြင့် စိုရွှဲလာလျက် လှပဝိုင်းစက်၍ မှုန်ငေးလျက် မိမိတို့အား တောင်းပန် တိုးလျှိုး အသနားခံသကဲ့သို့ ကြည့်နေသော မျက်လုံးရွှဲကြီး များကို မြင်ရသည့်အခါ နောက်ထပ်အဝတ်အစားလဲရန် မတိုက်တွန်းရဲက်နိုင်အောင် ဖြစ်သွားကြလေသည်။

"အဝတ်အစားမလဲချင်တော့ရင်လဲ ဆံပင်ကိုတော့ ပြင်ထုံးလိုက်ပါဦး ယောက်မတော်"ဟု မင်းသမီးလေးလီဇာ က ပြောလိုက်၏။ ပြီးမှ ရုံရွှေတော်ကြီးဘုရင်ဘက်သို့ လှည့်ကာ အပြစ်တင်သောလေသံဖြင့်

"ဒါကြောင့် အစက ထိပ်ထားလေး မပြောဘူးလား ရုံရွှေတော်ကြီးရဲ့၊ ယောက်မတော်ရဲ့မျက်နှာက ဒီဆံပင် ထုံးဖွဲ့မှုနဲ့ မလိုက်ပါဘူးလို့ပြောသားပဲ၊ ဒီဆံပင်ထုံးဖွဲ့မှု နဲ့တော့ လုံးလုံးကို မလိုက်ဘူး၊ ကဲ ယောက်မတော် ဒါ လေးတော့ ပြင်လိုက်ပါဦး"

"သွားကြပါ၊ ထိပ်ထားတောင်းပန်ပါတယ်၊ ထိပ်ထား တစ်ယောက်တည်း အေးအေးဆေးဆေးနေပရစေ၊ ဘယ် လိုပဲပြင်ပြင် မထူးပါဘူး၊ နဂိုရှိမှ နဂိုင်းထွက်တာပါ" မင်းသမီးကလေးမေရီက ရှန်းကန်ကာ မျက်ရည်တွေလည် လျက် ပြောလိုက်သည်။

မင်းသမီးကလေးလီဇာနှင့် ရုံရွှေတော်ကြီး ဘုရင် တို့က မင်းသမီးကလေးမေရီမှာ ဤအဆင်အပြင်ဖြင့်သာ၍ ပင် အကျည်းတန်လျက်ရှိကြောင်းကို သိကြသော်လည်း နောက်ထပ်ပြင်ဆင်ရန်လည်း အချိန်မရှိတော့ချေ။ မင်းသမီး ကလေး မေရီသည် ဝမ်းနည်းပက်လက်ဖြစ်လျက်ရှိသည့် အသွင်ဖြင့် ၎င်းတို့နှစ်ယောက်ကို ကြည့်နေသည်။ မင်းသမီး ကလေး မေရီ၏ ဤကဲ့သို့သော ထုံပေပေအမူအရာကို မြင်ရသည့်အတွက် သူတို့နှစ်ယောက်အဖို့ ကြောက်ရွံ့ ထိတ်လန့်ခြင်းကား မဖြစ်ကြချေ။ (မင်းသမီးကလေးမေရီ ကို မည်သူကမျှလည်း ကြောက်ကြသည် မဟုတ်ချေ။) သို့ရာတွင် ဤသို့ ထုံပေပေဖြစ်လာသည်နှင့် တစ်ပြိုင်နက် မင်းသမီးကလေးမေရီမှာ မထုံတက်သေးဖြင့် လုပ်ချင်ရာ တစ်ခွတ်ထိုး လုပ်တတ်သည်ကိုကား နှစ်ယောက်စလုံးသိပြီး ဖြစ်လေသည်။

"ကဲ ယောက်မတော်၊ မလဲတော့ဘူးလား"ဟု မင်း သမီးကလေးလီဇာက မေးလိုက်၏။ မင်းသမီးကလေး မေရီက ဘာမျှမပြောဘဲ မတုန်မလှုပ်ထိုင်နေသောအခါ၌ မင်းသမီးကလေး လီဇာသည် ခန်းဆောင်ထဲမှ ထွက်သွား လေသည်။

ခန်းဆောင်ထဲ၌ မင်းသမီးကလေးမေရီ တစ်ဦး တည်းသာ ကျန်ရစ်ခဲ့လေသည်။ မင်းသမီးကလေးမေရီ သည် ယောက်မတော်ပြောသည့်အတိုင်း ဆံပင်ထုံးဖွဲ့မှုကို ပြန်၍ပြင်ဆင်ခြင်းမပြုတော့ရုံမျှမက မှန်ကိုပင် မကြည့်တော့ ချေ။ မင်းသမီးကလေးမေရီသည် ထိုင်ဖုံပေါ်၌ ခြေပစ်လက် ပစ်ထိုင်ကာတွေးနေမိသည်။ ၎င်း၏စိတ်ထဲ၌ ယောကျ်ား ပီသ၍ ချောမောလှပသော လူတစ်ယောက်သည် မိမိ၏ ကြင်ရာတော်အဖြစ် ပေါ်လာကာ မိမိအား တစ်မူထူးခြား၍ ပျော်ရွှင်စရာကောင်းလှသော ကမ္ဘာသစ်တစ်ခုဆီသို့ ခေါ် ဆောင်သွားသည်။ တစ်နေ့က မိမိ၏ အထိန်းတော်ကြီး လက်တွင် ပွေ့ထားသော ကလေးငယ်ကလေးကဲ့သို့ မိမိ၌ လည်း ကလေးငယ်တစ်ယောက်မွေးဖွားလာခဲ့ကာ နို့ချို တိုက်လျက်ရှိသည်။ ကြင်ရာတော်သည် အပါးတွင်ရပ်ကာ မိမိတို့သားအမိကို ကြင်နာချိုပြုံးစွာ ကြည့်လျက်ရှိသည်ဟု ထင်မြင်လာလေသည်။

'အင်း မဖြစ်နိုင်တော့ပါဘူးလေ၊ ငါ့လိုအရုပ်ဆိုး အကျည်းတန်ကို ဘယ်သူယူချင်မလဲ'တွေးမိပြန်သည်။

"ထိပ်ထားလေး လက်ဖက်ရည်သောက် ကြွပါ၊ ကိုယ်တော်ကြီးလဲ ကြွလာတော့မယ်"အစေတော် သူငယ်မ တစ်ဦး၏အသံ ထွက်ပေါ်လာ၏။

ထိုအခါကျမှ မင်းသမီးကလေးမေရီသည် အတွေးမှ လန့်နိုးလာကာ ထိုင်ရာမှထလိုက်သည်။ ထို့နောက် အောက် ထပ်သို့ မဆင်းမီ ခန်းဆောင်ထောင့်ရှိ ဆင်းတုတော်များ ရှေ့၌ သွားရပ်လိုက်ပြီး မီးပူဖော်ထားသည့် ဆင်းတုတော်ကို အတန်ကြာမျှ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ မိမိသည် အချစ်၏ ကြည်နူးချမ်းမြေ့ခြင်းကို ရနိုင်ပါဦးမည် လော၊ မိမိ၌ ယောကျ်ားပျိုတစ်ယောက်အား ချစ်တတ်သော ချစ်ခြင်းမျိုးသည် ရှိနိုင်ပါဦးမည်လောဟူသော သံသယ



www.burmeseclassic.com

တစ်ခု ပေါ်ပေါက်လာလေသည်။ ထိုသံသယသည် တံကျင်ထိုးသကဲ့သို့ မိမိရင်ကို နာကျင်စေပေသည်။ အိမ်ထောင်ရေးကို စဉ်းစားစဉ်က မင်းသမီးကလေးမေရီသည် အိမ်ထောင်ရေး သုခနှင့် သားသမီးများအကြောင်းကို စဉ်းစားမိသည်။ သို့ရာတွင် ရင်ထဲ၌ ပုန်းကွယ်ခိုအောင်းနေသည့် အပြင်းပြဆုံးသော ဝေဒနာကား ချစ်ခြင်းတဏှာ ဖြစ်ပေသည်။ မင်းသမီးကလေး မေရီသည် တပ်မက်စွဲငြိတတ်သော ချစ်ခြင်းတဏှာကို ကြိုးစား၍ ဖျောက်ဖျက်ပါ၏။ သို့ရာတွင် ထိုစိတ်သည် ချိုးနှိမ်ကာမှပင် ပို၍ ပြင်းထန်လာပေသေးသည်တကား။

"မြတ်စွာဘုရား ကယ်တော်မူပါဘုရား၊ ဤကိလေသာ အညစ်အကြေးများကို တပည့်တော်မ၏ နှလုံးသားအတွင်းမှ ဖယ်ရှားပေးတော်မူပါ ဘုရား၊ ဤကိလေသာ အနှောင်အဖွဲ့မှ ရုန်းထွက်လွတ်မြောက်၍ အရှင်ဘုရား၏ အလိုကျ စိတ်နှလုံးချမ်းမြေ့စွာ နေနိုင်သောကိုယ် ဖြစ်ရပါလို၏ ဘုရား"

မင်းသမီးကလေးမေရီသည် ဤသို့ ဆုတောင်းမိ၏။ သို့ရာတွင် ဆုတောင်း၍မှ မဆုံးမီ ဘုရားသခင်၏ အဆုံးအမကို သူ့နားထဲတွင် ကြားယောင်သကဲ့သို့ ရှိပြန်သည်။

'သင်၏ အတ္တအကျိုးအတွက် မည်သည့်အရာကိုမျှ စွဲလမ်းခြင်း မဖြစ်လေနှင့်၊ မည်သည့်အရာကိုမျှ တပ်မက်ခြင်း မဖြစ်လေနှင့်၊ မနာလိုဝန်တိုခြင်း မဖြစ်လေနှင့်၊ သင်၏ ကံကြမ္မာနှင့် သင်၏ခင်ပွန်း၏ အနာဂတ်တို့ကိုလည်း မတွေးတောလေနှင့်၊ သင်သည် သင်၏ကိုယ်ကို စွန့်လွှတ်ရန် အဆင်သင့် ရှိရာ၏၊ ဃရာဝါသကိစ္စသည် ဘုရား၏ အလိုတော်ကျဖြစ်၍ ထိုအလိုတော်ကို ဖြည့်စွမ်းရန် အဆင်သင့် ဖြစ်ရာ၏'

ဤသို့လျှင် မင်းသမီးကလေးမေရီသည် တစ်ဖက်မှ ကိုယ့်စိတ်ကို ဖြေကြည့်မိပြန်သည်။ (သို့ရာတွင် မိမိရမ္မက်အလိုကို ဖြည့်စွမ်းရန် မျှော်လင့်လျက် ဆုတောင်းခြင်းသာ ဖြစ်၏။) မင်းသမီးကလေးမေရီသည် သက်ပြင်းချ၍ ရှိခိုးဆုတောင်းပြီးနောက် ဆံပင်ထုံးဖွဲ့မှုကို လည်းကောင်း၊ အဝတ်အစားဆင်ယင်မှုကို လည်းကောင်း၊ ဧည့်ခန်းဆောင်ထဲသို့ မည်သို့ဝင်၍ မည်သို့စကားပြောရမည်ကို လည်းကောင်း လုံးဝ စဉ်းစားခြင်းမပြုတော့ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ အမှန်အားဖြင့်လည်း ဤအခြင်းအရာများသည် ဘုရားသခင်၏ အလိုတော်နှင့် စာလျှင် ဘာမျှ မပြောပလောက်သော အသေးအဖွဲကလေးများသာ မဟုတ်လော။ လူ၏ခေါင်းမှဆံတစ်ချောင်းပင်လျှင် ၎င်း၏ အလိုအလျောက် ကျွတ်ထွက်နိုင်ပါသလော။ ဘုရားသခင်၏ ကူညီစောင်မခြင်းဖြင့်သာ ဖြစ်ကြပျက်ကြရသည် မဟုတ်လော။ ဘုရားသခင်က ကူညီစောင်မတော်မမူလျှင် လောက၌ မဖြစ်နိုင်သောအရာဟူသည် အဘယ်မှာ ရှိသနည်း။

## အခန်း ၄

မင်းသမီးကလေးမေရီ အောက်ထပ်သို့ ဆင်းလာသောအခါ၌ မင်းသားကြီးဗာစီလီတို့သားအဖသည် ဧည့်ခန်းဆောင်ထဲ၌ မင်းသမီးကလေးလီဇာ၊ ရဲရှေတော်ကြီးဘူရင်းတို့နှင့် စကားလက်ဆုံကျလျက် ရှိလေသည်။ ဖနောင့်ဖြင့်နင်းကာ ခြေသံပြင်းပြင်းဖြင့် မင်းသမီးကလေးမေရီ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာသောအခါ၌ကား မင်းသားကြီးဗာစီလီတို့သားအဖနှင့် ရဲရှေတော်ကြီးဘူရင်းတို့က မတ်တတ်ထလိုက်ကြပြီး ယောက်မတော်မင်းသမီးကလေးလီဇာကမူ မေရီကို ညွှန်ပြကာ "မေရီထိပ်ထားပါ"ဟု ပြောလိုက်၏။ မင်းသမီးကလေးမေရီသည် သူတို့အားလုံးကိုမြင်ကာ အသေးစိတ် အကဲခတ်လိုက်မိ၏။ မင်းသားကြီးဗာစီလီ၏မျက်နှာသည် မင်းသမီးကလေးမေရီကို မြင်လိုက်သည့်ခဏ၌ မျက်နှာတည်သွားကာ နောက်ပြန်ပြုံးလိုက်၏။

မိမိဝင်လာစဉ်က ယောက်မတော်မင်းသမီးကလေးလီဇာက ဧည့်သည်တော်များအား အကဲခတ်လိုက်သည်ကိုလည်း သတိထားမိ၏။ ဖဲပြားကြီးကိုစည်း၍ လုပ်ရွှင်လန်းသော မျက်နှာဖြင့် အနာတိုလီကို ငေးစိုက်ကြည့်နေသော ရဲရှေတော်ကြီးဘူရင်း၏ ဖြစ်ပျက်နေပုံကိုလည်း သတိထားလိုက်မိ၏။ အနာတိုလီကိုကား မင်းသမီးကလေးမေရီ ကောင်းကောင်းမမြင်ရသေးချေ။ ဧည့်ခန်းဆောင်ထဲသို့ မိမိဝင်လာသည့်အချိန်၌ ယောကျ်ားပီသ၍ ချောမောခံ့ညားသော လူတစ်ယောက် မိမိထံသို့ ရှေ့ရှုလာနေခြင်းကိုသာ သိလိုက်၏။ ပထမဆုံး မင်းသားကြီး ဗာစီလီလာကာ မိမိလက်ကို နမ်းရှုပ်၍ နှုတ်ဆက်သဖြင့် မိမိကလည်း



www.burmeseclassic.com

မင်းသားကြီး ဗာစီလီ၏ နဖူးပြောင်ကြီးကို နမ်းရှုပ်လိုက်၏။ ထို့နောက် မင်းသားကြီးဗာစီလီကို အမှတ်ရပါကြောင်းဖြင့် မင်းသားကြီး ဗာစီလီမေးသည့် အမေးကို တလွဲလှည့်ပြောလိုက်၏။ ထို့နောက် အနာတိုလီ ရောက်လာ၏။ မင်းသမီးကလေးမေရီသည် ထိုအချိန်ထိ အနာတိုလီကို သဲကွဲစွာ မမြင်မိသေးချေ။ နူးညံ့ပျော့ပျောင်းသော လက်တစ်ဖက်သည် သူ့လက်တစ် ဖက်ကို တင်းကျပ်စွာ လာ၍ဆုပ်ကိုင်သည်ကို သိလိုက်ပြီး စံပယ်ဆီမွှေးနံ့သင်းသော လှပညိုမောင်းသည့်ဆံပင်များ အောက်မှ ဖြူဖွေးသော နဖူးပြင်ကို နှုတ်ခမ်းများနှင့် နမ်းလိုက်မိသည်။ မော့၍ ကြည့်လိုက်သောအခါ၌ကား မင်းသမီးကလေးမေရီမှာ အနာတိုလီ၏ လှပချောမွေ့သော ဥပဓိရုပ်ကို ကြည့်နေမိသည်။ အနာတိုလီသည် ဝတ်ရုံကြယ်သီးအောက်၌ ညာလက်မကို ထိုးသွင်းထား၏။ ရင်ကော့ကာ ခြေတစ်ဖက်ကို လှုပ်ယမ်းလျက် ခေါင်းကို မမော့တမော့ထား၍ မေရီမင်းသမီးကလေးအား ပြုံးပြုံးကြီးကြည့်လျက်ရှိလေသည်။ စကားတစ်ခွန်းမျှလည်း မဟ။ မင်းသမီးကလေးမေရီအား 'ဖုတ်လေသည့်ငါးပိ ရှိသည်'ဟူ၍မျှလည်း အောက်မေ့ဟန်မပြချေ။ အနာတိုလီသည် ဇဝနဉာဏ်ရွှင်သူတစ်ဦးလည်း မဟုတ်။ စကားအရာ၌ သွက်လက် ချက်ချာသူတစ်ယောက်လည်း မဟုတ်ချေ။ သို့ရာတွင် တည်ကြည်ခံ့ညားသော အမူအရာနှင့် မည်သူ့ကိုမျှ ထီမထင်ဆိုသော အမူအရာမျိုးကို ဆောင်ရာ၌ကား နှစ်ယောက် မရှိသူဖြစ်၏။ ထိုအရည်အချင်းမျိုးသည် မင်းစိုးရာဇာ အသိုင်းအဝိုင်း၌ များစွာအဖိုးတန်သည်သာ ဖြစ်လေသည်။ မိမိကိုယ်ကို မိမိယုံကြည်မှုကင်းမဲ့သည့် လူတစ်ယောက်သည် သူစိမ်းတစ်ရံဆံတစ်ယောက်နှင့် မိတ်ဆက်ပေးခြင်းခံရပြီးနောက် မတုန်မလှုပ်ဖြင့် ခပ်မဆိတ်နေတတ်သေးလျှင် ဘာမျှမဟုတ်သည့်တိုင် အထင်ကြီးဖွယ်ဖြစ်သေး၏။ သို့ရာတွင် ထိုမျှနှင့်မရပ်ဘဲ ဤသို့တိတ်ဆိတ်နေခြင်းသည် မသင့်လျော်ဟု ယူဆကာ ထိုစကားပြောရကောင်းနိုးနိုး၊ ဤစကားပြော ရကောင်းနိုးနိုးဖြင့် ယောက်ယက်ခတ်လာလျှင်ကား ၎င်း၌ ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိကြောင်း ဘွားဘွားကြီး ပေါ်လာကာ အထင်သေးစရာ ဖြစ်လာခဲ့လေပြီ။ သို့ရာတွင် အနာတိုလီမှာ ဤသို့သော လူစားမျိုး မဟုတ်ချေ။ အနာတိုလီသည် ခပ်မဆိတ်နေရာက ဒူးနံ့လျက် မင်းသမီးကလေးမေရီ၏ ဆံပင်ထုံးဖွဲ့မှုကို ပြုံး၍ပင်ကြည့်နေသေး၏။ အနာတိုလီသည် ဤသို့စကားမပြောဘဲ အချိန်အတော်ကြာအောင် နေနိုင်ဟန်ရှိ၏။ ၎င်း၏အမူအရာကား 'ဒီလို တစ်ယောက်နဲ့ တစ်ယောက် စကားမပြောဘဲ တုဏှိဘောလုပ်နေကြတာကို မနေတတ်ရင်လဲ မနေတတ်တဲ့လူက စပြောပေါ့။ ကျုပ်က တော့ စမပြောဘူး'ဟု ဆိုသကဲ့သို့ရှိ၏။ ထို့မှုမက မိန်းမများနှင့် ဆက်ဆံရာ၌လည်း အနာတိုလီသည် မိန်းမများ၏စိတ်၌ မိမိအား လူထူးလူဆန်းတစ်ယောက်သဖွယ် စိတ်ဝင်စားခြင်း၊ ကြောက်ရွံ့ခြင်း၊ ထို့မှုမက မိမိအပေါ် တိမ်းညွှတ်ခြင်း စသည်တို့ဖြစ်ပေါ်လာအောင် နှိုးဆွပေးသော အမူအရာမျိုးကိုလည်း ပြတတ်သူတစ်ယောက်ဖြစ်၏။ ထိုအမူအရာကား မိမိသည် ကမ္ဘာလောကကြီးရှိ မည်သည့်မိန်းမမျိုးကိုမျှ ဂရုမစိုက်ဟူသော အမူအရာမျိုးဖြစ်လေသည်။ ထိုအမူအရာမျိုးသည် မိမိအား စိတ်ဝင်စားအောင်၊ ကြောက်ရွံ့အောင်၊ တိမ်းညွှတ်အောင် မိန်းမများကို နှိုးဆွပေးရာ၌ လွန်စွာ တန်ခိုးထက်လေသည်။ အနာတိုလီ၏ အမူအရာမှာ 'ဩော် မင်းလား။ ဒါပေမဲ့ မင်းဟာ ကျုပ်အဖို့ စိတ်ဝင်စားလောက်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ စိတ်ဝင်စားချင်း စိတ်ဝင်စားရင် မင်းကသာ ကျုပ်ကိုစိတ်ဝင်စားရမှာပါ' ဟူသော အချိုးမျိုးဖြစ်၏။ အနာတိုလီသည် မိန်းမများနှင့် တွေ့သည့်အခါတိုင်း ဤသို့ စိတ်ကူးတွေးတောခြင်း ပြုချင်မှပြုပေလိမ့်မည်။ များစွာ တွေးခေါ်စဉ်းစားလေ့ရှိသူ တစ်ယောက် မဟုတ်သည့်အတိုင်း ဤသို့အမှတ်တရ စိတ်ကူးတွေးတောခြင်းမပြုသည့်အခါကပင် များပေလိမ့်ဦးမည်။ သို့ရာတွင် ၎င်း၏ အမူအရာကား မိန်းမများကို ဂရုမစိုက်ဟု အမြဲတမ်း စိတ်ကူးတွေးတောလျက်ရှိသည့် အမူအရာမျိုးဖြစ်လေသည်။ မင်းသမီးကလေးမေရီသည် ဤသဘောကို ချက်ချင်းရိပ်စားမိလိုက်၏။ ထို့ကြောင့် မိမိကလည်း အနာတိုလီလိုလူမျိုးကို ယောင်၍ပင် စိတ်ကူးထဲမထည့်ဟူသော သဘောကိုပြသကဲ့သို့ မင်းသားကြီးဗာစီလီဘက်သို့ လှည့်နေလိုက်သည်။ မင်းသမီးကလေးလီဇာက ပုလဲသွယ်ကဲ့သို့ လှပသော သွားကလေးများ တဖွေးဖွေး၊ မွှေးညင်းနုကလေးများ ရေးရေးထင်သည့်နှုတ်ခမ်းကလေး တလှုပ်တလှုပ်ဖြင့် စကားပြောလျက်ရှိခြင်းကြောင့်သာ စကားဝိုင်းမှာ အဆင်



www.burmeseclassic.com

ပြောလျက်ရှိ၏။ အာဝဇ္ဇန်းကောင်းသူများသည် လူတစ်ယောက်ကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် မိမိနှင့် ထိုလူသည် လွန်စွာရင်းနှီးသူ ငယ်ပေါင်းကြီးဖော်များသဖွယ် ဖက်လဲတကင်း ပြုမူပြောဆိုတတ်ပေရာ မင်းသမီးကလေးလီဇာသည်လည်း ထိုသို့အာဝဇ္ဇန်းကောင်းသူတို့၏ သွက်လက်ချက်ချာခြင်းမျိုးဖြင့် မင်းသားကြီးဗာစီလီနှင့် စကားလက်ဆုံကျလျက်ရှိလေသည်။ ဤတွင် မင်းသားကြီးဗာစီလီကလည်း မင်းသမီးကလေးလီဇာနည်းတူ ရွှန်းရွှန်းဝေအောင် ပြောဆိုလျက်ရှိလေသည်။ ထို့နောက် မင်းသမီးကလေးလီဇာသည် မိမိနှင့် ကောင်းစွာသိကျွမ်းခြင်းမရှိသည့် အနာတိုလီကိုလည်း 'စကားရောဖောရော' လုပ်ကာ တကယ်ဖြစ်ပျက်ခဲ့ခြင်းမရှိသော ရယ်စရာ ရှေးဟောင်းနှောင်းဖြစ်များကို တကယ်ဖြစ်ခဲ့သည့်ပမာ လုပ်ကြံပြောဆိုလျက်ရှိလေသည်။ ဤအထဲတွင် ရုံရွှေတော်ဘုရင်ကလည်းဝင်၍ ရောပြန်တော့ရာ မင်းသမီးကလေးမေရီပင်လျှင် ၎င်းတို့၏ စည်ကားလှသော စကားဝိုင်းထဲသို့ ဝင်၍ရောလိုစိတ် ပေါ်လာလေတော့သည်။

"ဦးရီးတော် ခုလိုရောက်လာတဲ့အတွက် တူမတော်တို့တော့ အင်မတန် ဝမ်းသာနေကြပါတယ်"ဟု မင်းသမီးကလေးလီဇာက မင်းသားကြီးဗာစီလီဘက်သို့လှည့်၍ ပြောလိုက်သည်။ (ဤစကားဝိုင်းမျိုး၌ မင်းသမီးကလေးလီဇာက ပြင်သစ်စကားဖြင့် ပြောသည်ဆိုခြင်းကိုကား ရေးစရာမလိုတော့ပါ။) "ဒီမှာတော့ မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံပွဲသဘင်မှာလို ထွက်ပြေးစရာမလိုပါဘူး ဦးရီးတော်၊ မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံပွဲသဘင်ကို မှတ်မိပါသေးလား ဦးရီးတော်"

"တူမတော်ကကော မှန်နန်း အပျိုတော်ကြီးလိုတိုင်းရေးပြည်ရေး စကားတွေများ ပြောဦးမှာလား"

"တူမတော်တို့ လက်ဖက်ရည်ပွဲလေးကိုကော မှတ်မိပါသေးရဲ့လား"

"အို မှတ်မိပါသကောဗျာ"

"ဒီက မောင်တော်ကတော့ မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံပွဲသဘင်ကို မရောက်ဖူးသေးဘူး ထင်ပါရဲ့နော်" မင်းသမီးကလေးလီဇာက အနာတိုလီဘက်သို့လှည့်၍ ပြောလိုက်၏။ နောက်မှ မျက်နက်ကလေးကို မူပါပါဖြင့် ထောင့်ကပ်ကြည့်လိုက်ပြီး

"ဩော် သိပြီ သိပြီ၊ မောင်တော် နိုင်ငံခြားသွားနေတယ်ဆိုတာ နောင်တော်ကြီး ဟစ်ပိုလီတီကပြောသွားပဲ၊ ဒါပဲနော် မောင်တော်၊ ပါရီရွှေမြို့တော်မှာ မောင်တော် ဘာတွေလုပ်တယ်ဆိုတာ ထိပ်ထား အကုန်ကြားပြီးပြီ"

မင်းသမီးကလေးလီဇာက လက်ညှိုးကလေး ထောင်၍ ပြောလိုက်၏။

"သားတော် ဟစ်ပိုလီတီက ပြောမပြဘူးလား" မင်းသားကြီးဗာစီလီက မင်းသမီးကလေးလီဇာ၏ လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး အနာတိုလီသို့ လှည့်၍မေးလိုက်၏။ "သားတော်ကြီး ဟစ်ပိုလီတီကတော့ ဟောဒီတူမတော်ဆိုရင် အသည်းစွဲခင်ပေတာပဲ၊ အင်း၊ တူမတော်ကြီးကတော့ မိန်းမတွေထဲမှာ တကယ့်ကို ရှားမှရှားပါပေတယ်၊ ဟုတ်လား၊ ဒီကတူမတော်ကြီး" မင်းသားကြီးဗာစီလီက မင်းသမီးကလေးမေရီကို လှည့်၍ မေးလိုက်ပြန်သည်။

ပါရီမြို့တော်ဟူသော စကားလုံးပါလာတိုင်း ရုံရွှေတော်ဘုရင်ကလည်း စကားဝိုင်းသို့ ဝင်ရောက်ရန် အခွင့်အရေးကို လက်မလွှတ်ဘဲ အမိအရယူကာ ဝင်ရောက်ပြောဆိုနေပြန်သည်။

ရုံရွှေတော်ဘုရင်သည် ပါရီရွှေမြို့တော်မှ မည်သည့်အချိန်က ထွက်ခွာလာခဲ့ကြောင်းနှင့်တကွ ပါရီရွှေမြို့တော်တွင် နေရသည်မှာပျော်ပိုက်ခြင်းရှိ မရှိစသည်တို့ကို အခွင့်ရတိုင်း အနာတိုလီအား မေးမြန်းလျက် ရှိလေသည်။ အနာတိုလီကလည်း ပြင်သစ်သူဘုရင်းအား လိုလိုချင်ချင် ပြောကြားကာ ပြုံး၍ကြည့်ရင်း ပြင်သစ်ပြည်အကြောင်းကို ပြောဆိုလျက် ရှိလေသည်။ လှပချောမွေ့သည့် ပြင်သစ်သူဘုရင်းကို မြင်လိုက်ရသောအခါ 'တောင်ကတုံး'မှာ ထင်သလောက် ပျင်းစရာမကောင်းဟု အနာတိုလီ ယူဆလိုက်သည်။ အနာတိုလီသည် ဘုရင်းကို တစိမ့်စိမ့်ကြည့်ရင်း 'အင်း ပြင်သစ်မလေးလဲ သိပ်တော့မဆိုးဘူး၊ တို့လက်ထပ်အပြီးမှာ သူ့ကိုပါ ခေါ်ခဲ့ရရင် အကောင်းသား၊ ရုပ်ကလေးကလဲချော၊ အပြောကလေးကလဲကောင်း' စသည်ဖြင့် တွေးနေမိလေ၏။

မင်းသားကြီးဘိုလကွန်စကီကား စာကြည့်ဆောင်တွင် စိမ်ပြေနပြေ အဝတ်အစားလဲလျက်ရှိပြီး ညှော်သည်များနှင့်တွေ့လျှင် မည်သို့ပြောရမည်နည်းဟု မျက်မှောင်ကုတ်၍



www.burmeseclassic.com

မင်းသားကြီး ဘိုလကွန်စကီသည် အဝတ်အစားလဲရင်း ဤသို့တွေးတောလျက်ရှိ၏။ သို့ရာတွင် ရှေ့တွင် ရောက်ရှိလျက်ရှိသည့် ပြဿနာများမှာ ချက်ချင်းလက်ငင်း ဖြေရှင်းရမည့်ပြဿနာများ ဖြစ်ပေသည်။ မင်းသားကြီး ဗာစီလီတို့သားအဖမှာ စေ့စပ်ကြောင်းလမ်းရန် ရည်ရွယ်ချက်ဖြင့် အလည်လာရောက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပေရာ ယနေ့နက်ဖြန်ဆိုသလို စကားပြန်တောင်းတော့မည်သာ ဖြစ်ပေသည်။ အနာတိုလီ၏ မျိုးရိုးနှင့်တကွ ရာထူးဂုဏ်မှာ ပြောစရာရှိသည် မဟုတ်ချေ။ 'အေးလေ ငါ့အနေနဲ့တော့ ဘာမှငြင်းစရာ မရှိပါဘူး၊ သမီးတော်သဘောကျဖို့သာ လိုရင်းပဲ၊ အရိပ်အခြည် ကြည့်သေးတာပေါ့'ဟု တွေးနေမိကာ ပါးစပ်မှပင် ရုတ်တရက် ထွက်သွားလေသည်။

မင်းသားကြီးဘိုလကွန်စကီသည် ထုံးစံအတိုင်း ခြေလှမ်းခပ်သွက်သွက်လှမ်းကာ ဧည့်ခန်းဆောင်ထဲရှိသူအားလုံးကို တစ်ချက်မျှလှမ်းကြည့်ရင်း ဧည့်ခန်းဆောင်ထဲသို့ ဝင်လာခဲ့လေသည်။ ချွေးမတော် မင်းသမီးကလေး လီဇာမှာ အဝတ်အစားသစ်လွင်တောက်ပစွာ ဝတ်ဆင်ထားသည်ကို လည်းကောင်း၊ ရုံရွှေတော်ဘူရင်း၏ ခေါင်းမှဖဲကြိုးကို လည်းကောင်း၊ သမီးတော်မင်းသမီးကလေးမေရီ၏ အချိုးအစားမတည့်လှသော ဆံပင်ထုံးဖွဲ့မှုကို လည်းကောင်း၊ ရုံရွှေတော်ဘူရင်းနှင့် အနာတိုလီတို့ တစ်ယောက်ကိုတစ်ယောက် တစိမ့်စိမ့်ပြုံးကြည့်နေကြပုံကို လည်းကောင်း၊ စကားဝိုင်းထဲတွင် ရောနှောခြင်းမရှိဘဲ အထီးတည်း ကြောင်တက်တက်ဖြစ်နေသည့် သမီးတော်မင်းသမီးကလေးမေရီကို လည်းကောင်း မင်းသားကြီးဘိုလကွန်စကီ သတိထားမိလိုက်၏။ 'ဟင်း ပြင်ဆင်တာကလဲ အချိုးမကျဘူး၊ ပြီးတော့ ဟိုက သူ့ကို အဖက်လုပ်ပြီး စကားမပြောတာကိုလဲ မရှက်တတ်ဘူး'ဟု တွေးလိုက်မိသည်။

မင်းသားကြီးဘိုလကွန်စကီသည် မင်းသားကြီးဗာစီလီထံသို့ တန်းတန်းမတ်မတ် လျှောက်လာလေသည်။

"ကျန်းခံ့သာရဲ့နော် နောင်တော်ကြီး၊ တွေ့ရတာ ဝမ်းသာလိုက်လေဗျာ"

"လူနေဝေးပေမဲ့ စိတ်နေမဝေးပါဘူး နောင်တော်ကြီး"မင်းသားကြီးဗာစီလီက သူ့ထုံးစံအတိုင်း မိမိကိုယ်ကို စဉ်းစားနေသည်။ မင်းသားကြီးဘိုလကွန်စကီသည် ဧည့်သည်သားအဖနှစ်ယောက် ရောက်လာခြင်းကို စိတ်မချမ်းမြေ့ဖြစ်လျက်ရှိသည်။ "သင်းတို့သားအဖနှစ်ယောက်က ငါ့ကို ဘာအောက်မေ့လို့တုံး၊ ဗာစီလီဆိုတဲ့လူက ဆန်ကောလောက်မှ ဓောက်မနက်တဲ့လူကြွား၊ အင်း သားကတော့ သိပ်ဆိုးပုံမရပါဘူး"တစ်ယောက်တည်း ရေရွတ်လျက်ရှိ၏။ မိမိ မကြာခဏစဉ်းစားခြင်းမပြုဘဲ ဘေးဖယ်ရန် ကြိုးစားခဲ့သော်လည်း ဘေးဖယ်၍မရဘဲ ခေါင်းထဲတွင် အမြဲရှုပ်နေသည့် ပြဿနာတစ်ရပ်သည် မင်းသားကြီးဗာစီလီတို့သားအဖရောက်လာသည့်အတွက် အသစ်အသစ်ပြန်ဖြစ်လာပြန်သည်။ မင်းသားကြီးဘိုလကွန်စကီသည် ဤသည်ကို မခံမရပ်နိုင်ဖြစ်နေလေသည်။ ထိုပြဿနာကား မိမိ၏ သမီးတော် မင်းသမီးကလေးမေရီအား ကြင်ရာတော်တစ်ယောက် ရှာပေးကာ အိမ်တစ်ဆောင်မီးတစ်ပြောင် ထူထောင်ပေးမည်လောဟူသော ပြဿနာပင်ဖြစ်၏။ မင်းသားကြီးဘိုလကွန်စကီသည် ဤပြဿနာခေါင်းထဲဝင်လာတိုင်း ဖျောက်ဖျက်ပစ်ခဲ့သည်။ ဤပြဿနာကို ဖြေရှင်းလျှင် မျှတစွာ ဖြေရှင်းရမည်ကို မင်းသားကြီးဘိုလကွန်စကီ သိပေသည်။ သို့ရာတွင် ဤကိစ္စ၌ တရားမျှတမှုသည် မိမိ၏ခံစားချက်များနှင့် လည်းကောင်း၊ တကယ့်ဘဝနှင့် လည်းကောင်း စပ်ဟပ်၍မရအောင် ရှိနေသည်။ မိမိဘဝ၌ သမီးတော်မင်းသမီးကလေး မေရီမရှိ၍မဖြစ်။ သမီးတော်ကို များစွာ ချစ်မြတ်နိုးသည်ဟုလည်း ကိုယ့်ကိုယ်ကို ထင်နေသည်။

'ငါ့သမီးတော်ကို ဘာဖြစ်လို့ လက်ထပ်ပေးရမှာလဲ၊ လက်ထပ်ရင် သမီးတော်လေး စိတ်ဆင်းရဲရုံရှိမှာပဲ၊ သားတော် အင်ဒရေဆိုရင် လီဇာနဲ့လက်ထပ်ပြီးကြပြီ၊ သားတော် အင်ဒရေလို ယောကျ်ားမျိုးကို ခုခေတ်မှာ ထမင်းထုပ်နဲ့ လိုက်ရှာတောင် မတွေ့ဘူး၊ ဒါပေမဲ့ ငါ့ချွေးမလီဇာကို ကြည့်ရတာ အိမ်ထောင်ရေးမှာ သိပ်ကျေနပ်မှုရှိဟန် မတူဘူး၊ ငါ့သမီးတော်မေရီဟာ ရိုးတယ်၊ အတယ်၊ နုံတယ်၊ လူမှုဆက်ဆံရေးကို နားမလည်ဘူး၊ ဒီလိုမိန်းကလေးမျိုးကို ဘယ်သူက မေတ္တာစစ်နဲ့ လက်ထပ်မလဲ၊ ပစ္စည်းဂုဏ်နဲ့ အဆင့်အတန်းမက်လို့သာ လက်ထပ်ကြမှာပဲ၊ ယောကျ်ားမယူဘဲ အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့ နေသွားတဲ့ မိန်းမတွေ မရှိတော့ဘူးလား'



www.burmeseclassic.com

မိမိ ယုံကြည်စွာဖြင့် ခပ်မြန်မြန် ပြောလိုက်၏။

"ဟောဒါက ကျုပ်သားအငယ်ပဲ၊ သားတော်အငယ်ကိုလဲ တူသားအရင်းလို သဘောထားပါ နော်တော်ကြီး"

မင်းသားကြီးဘိုလကွန်စကီသည် အနာတိုလီကို အကဲခတ်လိုက်၏။

"အိမ်း၊ သားတော်အငယ်ကဖြင့် ယောက်ျားပီသပါပေတယ်ဗျာ၊ ယောက်ျားပီသပါပေတယ်၊ ကဲ ဦးရီးတော်ကို နှုတ်ဆက်စမ်းပါဦး"မင်းသားကြီးဘိုလကွန်စကီက ပါးတစ်ဖက်ကို ထိုးပေးလိုက်၏။

အနာတိုလီသည် မင်းသားကြီးဘိုလကွန်စကီကို နမ်းရှုပ်နှုတ်ဆက်လိုက်ပြီးနောက် ဠမြွေဆောင်လျက် ခမည်းတော်ကြီးပြောထားသည့်အတိုင်း မင်းသားကြီး ဘိုလကွန်စကီ၏ 'ဗီဇကြောင်ကွက်'ကလေးများကို တွေ့ရလေမည်အထင်ဖြင့် စောင့်ကြည့်လျက် ရှိလေသည်။

မင်းသားကြီးဘိုလကွန်စကီသည် ထိုင်ဖုံအစွန်းသူထိုင်နေကျနေရာတွင် ဝင်ထိုင်လိုက်၍ မင်းသားကြီးဗာစီလီအတွက် လက်တင်ထိုင်ဖုံတစ်လုံးကိုဆွဲယူပြီး ထိုင်စေကာ နိုင်ငံရေးကိစ္စများနှင့် သတင်းများကို မေးမြန်းလျက်ရှိ၏။ မင်းသားကြီးဘိုလကွန်စကီသည် မင်းသားကြီးဗာစီလီ ပြောသမျှကို အာရုံစိုက်နေဟန်ရှိသော်လည်း သမီးတော်မင်းသမီးကလေးမေရီကို စိုက်ကြည့်နေပေသည်။

"ဩော် ဒါဖြင့် ပေါ့စဒမ်ကနေပြီး စာချွန်တော်ပို့လိုက်တာကိုး"မင်းသားကြီးဘိုလကွန်စကီက မင်းသားကြီးဗာစီလီ၏စကားလုံးများကို ပဲ့တင်ထပ်၍ ပြောလိုက်၏။ ထို့နောက် ထကာ သမီးတော်မင်းသမီးကလေးမေရီဆီသို့ ရုတ်ခြည်းလျှောက်သွားလေသည်။

"ဧည့်သည်တွေလာတုန်း ဒီလိုပဲ ဝတ်စားလာရသလားဟင်၊ တော်တယ်၊ သိပ်တော်တယ်၊ ဧည့်သည်တွေလာတုန်းမို့လို့ ဆံပင်ကိုလဲ ပြင်ဆင်လာတာပေါ့၊ ဟုတ်စ၊ ဧည့်သည်တွေရှေ့မှာပဲ ပြောလိုက်မယ်၊ နောက်ကို အဝတ်အစား ပြောင်းဝတ်ချင်ရင် ဖေဖျားသဘောမတူဘဲနဲ့ ဘယ်တော့မှ မဝတ်ရဘူး၊ မှတ်ထား"

မင်းသားကြီး ဘိုလကွန်စကီက ပြောလိုက်၏။

"ဒါ ချွေးမတော်အပြစ်ပါ ဖေဖျား"ချွေးမတော်မင်းသမီးကလေးလီဇာက မျက်နှာရဲလျက် ဝင်ပြောလိုက်၏။ မင်းသားကြီးဘိုလကွန်စကီသည် ချွေးမတော်ကို ခေါင်းညွှတ်ပြလိုက်ပြီး

"ချွေးမတော်အနေနဲ့ ချွေးမတော်ကြိုက်သလိုပြင်နိုင်တယ်၊ ဒါပေမဲ့ သမီးတော်ကို ဒီလိုပြင်ပေးဖို့မလိုဘူးထင်တယ်၊ မပြင်မဆင်ဘဲနဲ့တောင် ကြောင်တောင်တောင်ဖြစ်နေတာ ပြင်လိုက်တော့"

မင်းသားကြီးဘိုလကွန်စကီသည် မျက်ရည်တွေဝဲကျလာသော သမီးတော်မင်းသမီးကလေး မေရီကိုမကြည့်တော့ဘဲ ထိုင်ချလိုက်သည်။

"ဒီလိုလဲမဟုတ်သေးပါဘူးလေ၊ ဆံပင်ထုံးဖွဲ့ထားပုံက တူမတော်နဲ့ လိုက်ပေသားပဲ"မင်းသားကြီးဗာစီလီက ပြောလိုက်သည်။

"ကဲ၊ တူတော်မောင့်နာမည်က ဘယ်လိုခေါ်သလဲ၊ ဆိုပါဦး၊ ဒီနားလာခဲ့ပါ၊ စကားကလေးဘာလေး ပြောရတာပေါ့"မင်းသားကြီးဘိုလကွန်စကီက အနာတိုလီဘက်သို့လှည့်၍ ပြောလိုက်၏။

'အင်း၊ ခုမှပဲ စကားအေးအေးဆေးဆေး ပြောရတော့မှာပဲ ထင်ပါရဲ့'ဟု အနာတိုလီက တွေးလိုက်ပြီး ခပ်ပြုံးပြုံးဖြင့် မင်းသားကြီး ဘိုလကွန်စကီ၏အနီးတွင် ထိုင်လိုက်သည်။

"တူတော်မောင်က ကျုပ်တို့လို တူတော်မောင်ရဲ့ခမည်းတော်ကြီးတို့လို ဘုန်းကြီးကျောင်းမဟုတ်ဘဲ နိုင်ငံခြားက ပညာသင်ပြန်လာတယ်လို့ ကြားတယ်၊ ခုတော့ ကိုယ်ရံတော်မြင်းတပ်မှာ အမှုထမ်းနေတာပေါ့၊ ဟုတ်စ" မင်းသားကြီး ဘိုလကွန်စကီသည် အနာတိုလီကို အနီးကပ်၍ အကဲခတ်နေသည်။

"မဟုတ်ပါဘူး ဦးရီးတော်၊ ခု တပ်မတော်မှာအမှုထမ်းနေပါတယ်"အနာတိုလီက ရယ်ချင်စိတ်ကို မနည်းချုပ်တည်း၍ ဖြေလိုက်၏။

"အိမ်း၊ ကောင်းတယ်၊ ဒီလိုဆိုတော့ တူတော်မောင်က တော်ကြီးဘုရားနဲ့ နိုင်ငံတော်ကြီးရဲ့ အကျိုးအတွက် သယ်ပိုးလိုတဲ့ဆန္ဒရှိတယ်လို့ ယူဆရမှာပေါ့၊ ဟုတ်စ၊ ခုအချိန်ဟာ စစ်ဖြစ်နေတဲ့အချိန်ကြီး မဟုတ်လား၊ ဒီတော့ တူတော်မောင်တို့လို သူရသတ္တိနဲ့ပြည့်စုံသူတွေက အမှုတော် ထမ်းရပေမပေါ့၊ စစ်မြေပြင်ကိုကော ရောက်ခဲ့ပြီလား"

"မရောက်သေးပါဘူး ဦးရီးတော်၊ ကျွန်တော်တို့



www.burmeseclassic.com

တပ်ရင်းကတော့ စစ်မြေကို ထွက်သွားပါပြီ၊ ကျွန်တော့်ကို တခြားဌာနမှာ တွဲပေးထားပါတယ်၊ ကျွန်တော့်ကို တွဲပေးထားတာ ဘယ်ဌာနပါလဲ ဖေဖျား" အနာတိုလီက ခမည်းတော်မင်းသားကြီး ဗာစီလီကို ရယ်၍ မေးလိုက်၏။

"ဟား ဟား အမယ်လေးဟဲ့လေး၊ တကယ့်စစ်သားကောင်း ပီသပါပေတယ်ဗျာ၊ စစ်သားကောင်းပီသပါပေတယ်၊ ကိုယ့်ကိုယ်ကို ဘယ်ဌာနရောက်နေမှန်းတောင်မသိဘူး ဟားဟား"မင်းသားကြီးဘိုလကွန်စကီသည် ရယ်မောလျက်ရှိ၏။ အနာတိုလီသည် သူ့ထက်ပို၍ ကျယ်လောင်စွာ ရယ်လိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် ရယ်ရာမှ ရုတ်တရက်ရပ်၍ မျက်မှောင်ကုတ်လိုက်ပြန်သည်။

"ကဲ၊ သွားနိုင်ပြီ တူတော်မောင်"မင်းသားကြီးဘိုလကွန်စကီက အနာတိုလီကို ပြောလိုက်သည်။ အနာတိုလီသည် ပြုံးလျက် မိန်းမပိုင်းဘက်ဆီသို့ ပြန်လာခဲ့လေ၏။

"ဘယ့်နှယ်လဲ နောင်တော်ကြီး၊ သားတော်မောင်ကို နိုင်ငံခြားပညာသင် ပို့ခဲ့တယ်နော် ဟုတ်စ"မင်းသားကြီးဘိုလကွန်စကီက မင်းသားကြီးဗာစီလီကို မေးလိုက်၏။

"အတတ်နိုင်ဆုံးတော့ သင်ပေးတာပဲ နောင်တော်ကြီးရေ့၊ နိုင်ငံခြားက ပညာသင်ကြားရေးကတော့ ကျုပ်တို့ဆီမှာထက် ကောင်းပါလိမ့်မယ် ထင်ပါရဲ့"

"အေးလေ၊ ခုခေတ်က အရင်ခေတ်နဲ့ မတူပေတော့ပဲကိုး၊ အစစအရာရာ ပြောင်းလဲနေပြီပဲ၊ သားတော်မောင်ကတော့ တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်၊ ကဲ လာ ကျုပ်နဲ့လိုက်ခဲ့"မင်းသားကြီးဘိုလကွန်စကီသည် မင်းသားကြီးဗာစီလီ၏ လက်မောင်းကိုဆွဲကာ စာကြည့်ဆောင်ထဲသို့ ခေါ်သွားလေ၏။ နှစ်ယောက်တည်းရှိသောအခါ၌ကား မင်းသားကြီးဗာစီလီသည် မိမိလာရသည့်ကိစ္စကို မင်းသားကြီး ဘိုလကွန်စကီအား ပြောပြလေသည်။

"အို ကျုပ်အနေနဲ့က ဘာမှ ငြင်းစရာမရှိပါဘူး၊ ကျုပ်ကလဲ မခွဲနိုင်စရာ မရှိပါဘူး၊ အဲ တစ်ခုတော့ရှိတယ်၊ ကျုပ်သမက်လောင်းရဲ့အကြောင်းကိုတော့ နည်းနည်းသိချင်သေးသဗျ၊ နောင်တော်ကြီးလဲ ကျုပ်အကြောင်း သိသားပဲ၊ ကျုပ်က ဘွင်းဘွင်းသမားဆိုတော့ ခပ်ရှင်းရှင်းပဲ ပြောတတ်တယ်၊ မနက်ဖြန်ကျတော့ နောင်တော်ကြီးရှေ့တွင် မေးကြည့်မယ်၊ သမီးတော် သဘောကျတယ်ဆိုရင်တော့ သူနေရစ်ခဲ့တာပေါ့၊ ကျုပ်လဲ နီးနီးကပ်ကပ် အကဲခတ်နိုင်တာပေါ့၊ ကျုပ်အဖို့ကတော့ သူမြန်မြန် အိမ်ထောင်ကျရင်လဲ စိတ်အေးရတာပေါ့"မင်းသားကြီးဘိုလကွန်စကီက ခပ်စူးစူးအသံဖြင့် ပြောလိုက်သည်။

"နောင်တော်ကြီးရေ့ ခပ်ဘွင်းဘွင်းပဲ ပြောရမှာပဲ" မင်းသားကြီးဗာစီလီက တစ်ထွာပြု၍ တစ်တောင်မြင်တတ်သည့် လူစားမျိုးရှေ့တွင် ပရိယာယ်ဝေ့စုစ်တွေနှော၍ ပြောနေလျှင်လည်း အချည်းနှီး ဖြစ်တော့မည်ကို နားလည်သည့် အတွေ့အကြုံရင့်ပြီးသား လူတစ်ယောက်၏ လေသံမျိုးဖြင့် ပြောလိုက်၏။ "ရှင်းရှင်းပြောရမယ်ဆိုရင်တော့ နောင်တော်ကြီးလဲ လူ့အကြောင်း ကောင်းကောင်း သိပေသားပဲ၊ ကျုပ်သား အနာတိုလီဟာ လူတော်တစ်ယောက် မဟုတ်ဘူး၊ ဒါပေမဲ့ ရိုးသားတယ်၊ စိတ်သဘော ကောင်းတယ်၊ သားကောင်းတစ်ယောက် ဖြစ်တယ်၊ ဆွေမျိုးဉာတိကောင်းတစ်ယောက် ဖြစ်တယ်"

"အိမ်း အိမ်း ကြည့်သေးတာပဗျာ"

ယောက်ျားအပေါင်းအသင်းမရှိဘဲ မိန်းမများချည်း အထီးကျန်နေရသောအခါတွင် ဖြစ်တတ်သည့် ဓမ္မတာအတိုင်း မင်းသားကြီး ဘိုလကွန်စကီ၏ အိမ်တွင်ရှိသော မင်းသမီးကလေးလီဇာ၊ မင်းသမီးကလေးမေရီနှင့် ရဲရွှေတော်ဘူရင်းတို့ မိန်းမသုံးဦးသားသည် ငြီးငွေ့ခြောက်ကပ်နေကြရာမှ အနာတိုလီရောက်လာသည်နှင့် တစ်ပြိုင်နက်ငင်းတို့၏ဘဝသည် စိုပြည်လာသည်ဟု ထင်မိကြလေသည်။ ငင်းတို့သုံးယောက်၏ တွေးခေါ်တတ်သောစွမ်းအား၊ ခံစားတတ်သောစွမ်းအား၊ စူးစမ်းတတ်သောစွမ်းအားဟူသမျှတို့သည် ဆယ်ဆတိုးလာသည်ဟု မှတ်ထင်ရလေ၏။ အမှောင်တိုက်ကြီးထဲတွင် ကုန်လွန်ခဲ့ရသော ငင်းတို့၏ဘဝသည် အနာတိုလီရောက်လာသည်တွင် ဝင်းထိန်တောက်ပလာသည်ဟု ထင်ရလေသည်။

မင်းသမီးကလေးမေရီသည် မျက်နှာနှင့်ဆံပင်ထုံးဖွဲ့မှုကိုလည်း သတိမထားမိတော့ချေ။ မိမိ၏ ကြင်ရာလောင်း အနာတိုလီ၏ လှပချောမွေ့သောမျက်နှာကို ကြည့်နေရလျှင် မင်းသမီးကလေးမေရီသည် အားလုံးကို မေ့လျော့၍နေမိလေသည်။ မင်းသမီးကလေးမေရီ၏စိတ်တွင် အနာတိုလီသည် ကြင်နာတတ်သူ၊ ရဲရင့်သူ၊ ပြတ်သားသူ၊ ယောက်ျားပီသသူ၊ စိတ်သဘောထားကြီးသူဟု ထင်နေသည်။ မိမိတို့



www.burmeseclassic.com

၏ အနာဂတ် အိမ်ထောင်ရေးဘဝ ရုပ်ပုံကားချပ် ထောင်ဆသင်းများစွာတို့သည် မင်းသမီးကလေးမေရီ၏ စိတ်ကူးထဲတွင် ပေါ်လာကြကုန်သည်။ မင်းသမီးကလေးမေရီသည် ထိုစိတ်ကူးများကို မောင်းနှင်ထုတ်ကာ ဖုံးကွယ်ရန် ကြိုးစားရလေသည်။

'ငါဟာ သူ့အပေါ်မှာ သိပ်စိမ်းကားရာရောက်နေမလား၊ ငါကတော့ ငါ့စိတ်ထဲမှာ သူနဲ့ သိပ်ရင်းနှီးပြီးသား ဖြစ်နေလို့ ဣန္ဒြေမပျက်အောင် ခပ်မှန်မှန်နေတာပဲ၊ ဒါပေမဲ့ ဒါကို သူက တစ်မျိုးထင်ပြီး သူ့ကိုမချစ်လို့ ဒီလိုနေတာပဲလို့ အဓိပ္ပာယ်များ ကောက်သွားလေမလား'

မင်းသမီးကလေးမေရီသည် ထိုသို့တွေးနေမိလေသည်။ ထို့ကြောင့် မင်းသမီးကလေးမေရီသည် အနာတိုလီကို စေတနာဗရုပ္ပပြရန် ကြိုးစားကြည့်သည်။ သို့ရာတွင် ရှက်ရွံ့ရွံ့ဖြစ်လျက်ရှိလေသည်။ အနာတိုလီ၏ စိတ်၌မူကား 'တော်တော်အရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်'ဟု တွေးတောနေမိလေသည်။

ရဲရွှေတော်ဘုရင်းမှာလည်း အနာတိုလီရောက်လာသဖြင့် စိတ်တုန်လှုပ်ချောက်ချားလျက်ရှိကာ သူ့အတွေးနှင့်သူ ကြည်နူးနေမိလေသည်။ ဘုရင်းမှာ တစ်ကောင်ကြွက် ဖြစ်၍ ဂုဏ်အဆင့်အတန်းမရှိ၊ တိုင်းပြည်မရှိ၊ ဆွေမရှိမျိုးမရှိနှင့် လှပနုနယ်ယဉ်ရွယ်သော မိန်းမငယ်တစ်ယောက်ဖြစ်သော်လည်း မင်းသားကြီးဘိုလကွန်စကီ၏ စံအိမ်တွင် မင်းသားကြီးအား စာဖတ်ပြခြင်း၊ မင်းသမီးကလေးမေရီ၏ တိုးတိုးဖော်အဖြစ် ဆောင်ရွက်ခြင်းဖြင့်သေတစ်ပန်သက်ဆုံး နေထိုင်သွားရန် မရည်ရွယ်ချေ။ ရဲရွှေတော်ဘုရင်းသည် အဝတ်အစားဖရိုဖရဲ၊ ပုံမကျပန်းမကျ ရုရှားမင်းသမီးနှင့် ယှဉ်လျှင် အကွာကြီးကွာလှသော မိမိ၏အလှ၌ စွဲငြိ၍ မိမိအား ချစ်ခင်နှစ်သက် စွဲလမ်းစွာဖြင့် လက်ထပ်ယူမည့် ရုရှားမင်းသားတစ်ပါးကို စောင့်မျှော်လျက် ရှိခဲ့လေသည်။ ယခုမူ မိမိစောင့်မျှော်ခဲ့ရသည့် ရုရှားမင်းသားကလေးတစ်ပါးရောက်လာပြီ မဟုတ်လော။ ရဲရွှေတော်ဘုရင်း၌ သူ၏ ကြီးတော်ပြောပြ၍ သူ့စိတ်ကြိုက်အဆုံးသတ်ကာ စိတ်ထဲ၌ စွဲနေသော ပုံပြင်ကလေးတစ်ခုရှိသည်။ ထိုပုံပြင်ကလေးမှာ ယောက်ျားတစ်ယောက်၏ ဖျက်ဆီးခြင်းကိုခံရသောမိန်းကလေးတစ်ယောက်၏ပုံပြင်ဖြစ်သည်။ ထိုပုံပြင်ထဲ၌ လက်ထပ်ခြင်းမပြုသေးဘဲ အညှာလွယ်ရမည်လောဟု မအေက သမီးကို ပြစ်တင်စကားဆိုခန်းလည်း ပါသည်။ ရဲရွှေတော်ဘုရင်းသည် ထိုပုံပြင်ကလေးကို သူ့အပေါ်တွင် စိမ်းကားရက်သည့် လူစိမ်းကားကြီး အနာတိုလီကို စိတ်ကူးထဲ၌ ပြောပြရင်း မျက်ရည်လည်ရသေး၏။ ယခု လူစိမ်းကားကြီး ရုရှားမင်းသားကလေး ရောက်လာလေပြီ။ ရုရှားမင်းသားကလေးသည် သူ့ကို လက်ထပ်ကာ ကမ္ဘာသစ်သို့ ခေါ်သွားလိမ့်မည်ဟု စိတ်ကူးယဉ်လျက် ရှိလေသည်။ ဤသို့ဖြင့် ရဲရွှေတော်ဘုရင်းသည် အနာတိုလီနှင့် စကားပြောရင်း သူ့ခေါင်းထဲတွင် သူ့ဘာသာသူ ဇာတ်လမ်းဆင်လျက် ရှိပေ၏။ ဤစိတ်ကူးမှာ တမင်လုပ်ယူရသော စိတ်ကူးမဟုတ်ချေ။ (ယခုအချိန်ထိ ရဲရွှေတော်ဘုရင်းသည် မိမိနှင့်နီးအောင် မည်သို့ပြုလုပ်ရမည်ဟု မစဉ်းစားရသေး။)ရှေးပဝေသဏီကတည်းက ကိန်းဝပ်တည်ရှိနေခဲ့သော စိတ်ကူးဖြစ်လေ၏။ ယခု အနာတိုလီကို တွေ့လိုက်ရသောအခါတွင်ကား ငုပ်နေသော ထိုစိတ်ကူးသည် ဘွားခနဲပေါ်လာလေရာ ရဲရွှေတော်ဘုရင်းသည် အနာတိုလီစွဲ၍သွားအောင် မည်သို့လုပ်ရပါမည်နည်းဟုသာ ကြံဆလျက် ရှိလေသည်။

မင်းသမီးကလေးလီဇာသည်လည်း အနာတိုလီ ရောက်လာသည်နှင့်တစ်ပြိုင်နက် မိမိ၏ဘဝနှင့် အခြေအနေကို လုံးဝမေ့လျော့သွားကာ ခရာတုတ်သံကို ကြားရသဖြင့် မြူးကြွလာသော စစ်မြင်းတစ်ကောင်ကဲ့သို့ ရည်ရွယ်ချက် တစ်စုံတစ်ရာမရှိဘဲ ခပ်ပေါ့ပေါ့ဖြင့်ပင် ပြုနေကျဟန်ဖြစ်သော ပြီတီတီ ညုတုတုဟန်ကို ချီလျက် ရှိလေသည်။

အနာတိုလီမှာ မိန်းမများနှင့်တွေ့တိုင်း မိန်းမတွေဝိုင်းဝိုင်းလည်နေသဖြင့် ငြီးငွေ့စက်ဆုပ်သောဟန်မျိုးကို ဆောင်လေ့ရှိသော်လည်း သူ့အတွက်ကြောင့် မိန်းမသုံးယောက်လုံး ဣန္ဒြေမဆည်နိုင်အောင်ဖြစ်နေသည်ကို မြင်ရသောအခါ၌ စိတ်ကြီးဝင်သွားကာ တစ်ပွဲတစ်လမ်းလောက်တော့ စမ်းလိုက်ဦးမှပဲဟု စိတ်ကူးပေါက်မိလေသည်။ ထိုပြင်လည်း လှပ၍စွဲမက်စရာကောင်းသော ရဲရွှေတော်ဘုရင်းကို စွဲလမ်းတပ်မက်စ ပြုနေလေပြီ။ အရမ်းကားဆုံး အပြုအမူမျိုးကိုပြုလုပ်ရန် စေ့ဆော်လျက်ရှိသော တိရစ္ဆာန်၏ ပြင်းပြသောတပ်မက်ခြင်းမျိုး ပေါ်ပေါက်လျက်ရှိလေပြီ။

လက်ဖက်ရည်သောက်ပြီးသည့်နောက်၌ အားလုံးဧည့်ခန်းဆောင်ထဲသို့ ထွက်လာခဲ့ကြကာ မင်းသမီးကလေး



www.burmeseclassic.com

မေရီအား ရှေးစန္ဒရားအတီးခိုင်းကြလေသည်။ အနာတိုလီသည် ရှင်မြူးရယ်မောလျက်ရှိရာက တံတောင်ဆစ်ဖြင့် ထောက်၍ မိုရင်း မင်းသမီးကလေးမေရီနှင့် ရုရှေတော်ဘုရင်းတို့ရှေ့တွင် ရပ်နေလေသည်။ ၎င်း၏အကြည့်ကြောင့် မင်းသမီးကလေးမေရီမှာ ရင်ထဲတွင် ပျော်သလိုလို ဝမ်းနည်းသလိုလို ရင်ဖို၍လာလေသည်။ မိမိအနှစ်သက်ဆုံး သီချင်းကြီးကို တီးနေရသည့်အတွက် လှပသော ကမ္ဘာသစ်ကြီး တစ်ခုထဲသို့ ရောက်နေသကဲ့သို့ရှိကာ အနာတိုလီက ကြည့်နေသည့်အတွက်လည်း ထိုကမ္ဘာသစ်သည် ပို၍ လှပလာသည်ဟု ထင်နေမိလေသည်။ အမှန်အားဖြင့် အနာတိုလီ၏ မျက်လုံးများသည် သူ့ကို စိုက်ကြည့်လျက်ရှိသော်လည်း အနာတိုလီ၏ စိတ်ကား ရှေးဟောင်းစန္ဒရားကြီး၏ အောက်တွင် မိမိခြေထောက်များနှင့် ထိနေသော ရုရှေတော်ဘုရင်း၏ ခြေထောက်များဆီသို့ ရောက်နေလေသည်။ ရုရှေတော် ဘုရင်းမှာလည်း မင်းသမီးကလေးမေရီကိုကြည့်လျက် ရှိသည်။ သူ၏ ချစ်စရာမျက်လုံးများထဲတွင်ကား မျှော်လင့်ခြင်း၊ ပျော်ရွှင်ခြင်းတို့သည် အရိပ်ထင်နေကြလေရာ မင်းသမီးကလေးမေရီမှာ ထူးခြားနေသော ရုရှေတော်ဘုရင်းကို သတိထားလိုက်မိလေသည်။

'အင်း၊ ရုရှေတော်ဘုရင်းဟာ ငါ့ကို ချစ်ရှာပေသားပဲ၊ ဒီနေ့ ငါသိပ်ပျော်တာပဲ၊ ငါ့အနားမှာ ဒီလို ကြင်ရာတော်တစ်ယောက်နဲ့ အဖော်တစ်ယောက်ရှိရင် ဘယ်လောက်ပျော်စရာကောင်းမလဲ၊ သူဟာ ငါ့ကြင်ရာတော်ဖြစ်မှဖြစ်ပါ့မလား'

မင်းသမီးကလေးမေရီသည် ဤသို့ တွေးနေရင်း အနာတိုလီ၏ မျက်နှာကို မကြည့်ရဲဘဲ ဖြစ်နေလေသည်။ သို့ရာတွင် အနာတိုလီ၏မျက်လုံးများက မိမိအား စူးစိုက်ကြည့်နေခြင်းကိုကား ခံစားမိလေသည်။

ညလယ်စာစားပြီးသည့်နောက် လူစုခွဲခါနီး၌ကား အနာတိုလီသည် မင်းသမီးကလေးမေရီ၏လက်ကို နမ်းရှုပ်လိုက်လေသည်။ မင်းသမီးကလေးမေရီသည် မည်သည့်အတွက်ကြောင့်မသိ၊ ပို၍ သတ္တိကောင်းလာကာ သူ၏ မှုန်မွဲသော မျက်လုံးများဖြင့် အနာတိုလီ၏ ချောမောခံ့ညားသော မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။ အနာတိုလီသည် မင်းသမီးကလေးမေရီထံမှ တစ်ဖန်လှည့်၍ ရုရှေတော်ဘုရင်း၏လက်ကို နမ်းရှုပ်နှုတ်ဆက်လိုက်ပြန်သည်။ (ရုရှေတော်ဘုရင်း၏လက်ကို နမ်းခြင်းမှာ ယဉ်ကျေးမှုအရမဟုတ်ဘဲ တပ်မက်စွာ နမ်းခြင်းဖြစ်၏။ သို့ရာတွင် အနာတိုလီ၏အမူအရာကား ပကတိရိုးသားသောအမူအရာမျိုးဖြစ်လျက် ပိရိသပ်ရပ်လှပေသည်။) ရုရှေတော်ဘုရင်းသည် လန့်ဖျပ်သွားကာ မင်းသမီးကလေးမေရီကို အထိတ်တလန့် ကြည့်လိုက်မိသည်။

'အင်း၊ ရုရှေတော်ဘုရင်းကတော့ တကယ့်ကိုနူးညံ့သိမ်မွေ့ပါပေတယ်၊ သူ့ကိုနမ်းလို့ ငါက မနာလိုဝန်တိုဖြစ်မလားလို့ စိုးရိမ်ရှာဟန်တူတယ်'ဟု မင်းသမီးကလေးမေရီသည် တွေးတောရင်း ရုရှေတော်ဘုရင်းကို ကြင်နာလှိုက်လှဲစွာ နမ်းရှုပ်လိုက်သည်။ အနာတိုလီသည် မင်းသမီးလီဇာ၏ လက်ကို နမ်းရှုပ်ရန် အနီးသို့ ရောက်လာပြန်သည်။

"ဟင့်အင်း၊ ဟင့်အင်း မောင်တော့် ခမည်းတော်ကိုယ်တိုင်က မောင်တော်ဟာ ရမ်းရမ်းကားကားမလုပ်ပါဘူးလို့ စာရေးပြီး ကတိပေးမှ ထိပ်ထားရဲ့ လက်တော်ကို အနမ်းခံမယ်၊ ခုတော့ မရဘူး၊ မပေးဘူး"

မင်းသမီးကလေးလီဇာက ကူချွဲသံဖြင့်ပြောလိုက်သည်။ ထို့နောက် ပြုံး၍ အနာတိုလီကို ယိုယိုထိုးကာ ခန်းမဆောင်ထဲမှ ထွက်သွားလေသည်။

## အခန်း ၅

အားလုံးလူစုခွဲကာ မိမိတို့၏ အိပ်ခန်းဆောင်သို့ အသီးသီးပြန်လာခဲ့ကြ၏။ ထိုည၌ အားလုံး ရုတ်တရက် အိပ်၍မပျော်နိုင်ကြချေ။ အနာတိုလီတစ်ယောက်သာလျှင် အိပ်ရာထဲခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

'သြော်၊ သူဟာ တကယ်ပဲ ငါ့ကြင်ရာတော်ဖြစ်တော့မှာလား၊ သူ့အကြောင်းတော့ ကောင်းကောင်းမသိရသေးဘူး၊ သနားကြင်နာတတ်ပုံတော့ ရပါတယ်လေ၊ သနားကြင်နာတတ်တာဟာ အရေးအကြီးဆုံးပဲ မဟုတ်လား'ဟုတွေးကာ မင်းသမီးကလေးမေရီသည် တစ်ခါမျှ မကြုံဖူးသည့်အလျှောက် ရင်တလှိုက်လှိုက်ဖိုလျက်ရှိလေသည်။ မင်းသမီးကလေး မေရီသည် ပတ်ဝန်းကျင်ကိုပင် ရဲရဲမကြည့်ရဲပေ။ အိပ်ခန်းဆောင်ထောင့် ပိုးဇာလိုက်ကာနောက်ကွယ် အမှောင်ထဲ၌ တစ်ယောက်ယောက် ရပ်နေသည်ဟု ထင်မိသည်။ ထိုတစ်ယောက်ကား လူစိမ်းကား



www.burmeseclassic.com

ကြီး အနာတိုလီ။ လှပပြေပြန့်ပြူးသော နဖူး၊ နက်မှောင်စိမ်းဖန့်သော မျက်ခုံး၊ နီရဲသော နှုတ်ခမ်းများနှင့် လူချောကြီး အနာတိုလီ ဖြစ်သည်ဟု ထင်မိသည်။

မင်းသမီးကလေးမေရီသည် ၎င်း၏ အစေတော်သူငယ်မကို ခေါင်းလောင်းတီး၍ခေါ်ကာ အိပ်ခန်းဆောင်အတွင်းမှာ အိပ်စေသည်။

ထိုနေ့၌ ပြင်သစ်သူဘူရင်းမှာလည်း ယောက်ယက်ခတ်လျက်ရှိကာ မအိပ်နိုင်ဘဲ ပန်းပင်များပျိုးထားရာ ဖန်အိမ်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် တစ်ယောက်ယောက် ပေါ်လာနိုးဖြင့် စောင့်မျှော်လျက်ရှိ၏။ တစ်ချက်တစ်ချက်၌ ပြင်သစ်သူဘူရင်းသည် ပြုံးလိုက်၏။ တစ်ခါတစ်ခါ၌လည်း စိတ်ကူးယဉ်အိပ်မက်မက်ကာ အရေးရှုံးနိမ့်မည်ကို တွေးမိပြီး မျက်ရည်ဝဲလျက်ရှိလေသည်။

မင်းသမီးကလေးလီဇာမှာကား အိပ်၍မပျော်နိုင်သည့်အတွက် မိမိ၏စက်ရာကို ကျနစွာခင်းကျင်းမထားရကောင်းလားဟု အစေတော်သူငယ်မအား မြည်တွန်တောက်တီးလျက် ရှိ၏။ မှောက်အိပ်၍လည်း မပျော်၊ စောင်းအိပ်လည်း မရ၊ မည်သို့ပင်အိပ်အိပ် သက်သောင့်သက်သာမရှိဘဲ အနေရခက်လျက်ရှိလေသည်။ အနာတိုလီရောက်လာသည့်အတွက် လွတ်လွတ်လပ်လပ်နေခဲ့ရသည့် အပျိုစင်ဘဝကို ပြန်၍တမ်းတလျက်ရှိကာ ရင်အုံပေါ်တွင် အလေးကြီးတင်ထားသကဲ့သို့ အနေရကျပ်လျက် ရှိလေသည်။ မင်းသမီးကလေးလီဇာသည် ညအိပ်ဝတ်စုံကို လျော့ရိလျော့ရဲဝတ်၍ လက်တင်ထိုင်ဖုံတွင် ထိုင်လျက်ရှိပြီး၊ ၎င်း၏အစေတော်သူငယ်မကေတီကား ဖရိုဖရဲဝတ်စားကာ အိပ်ချင်မူးတူးဖြင့်ထ၍ လေးလံလှသော ၄က်မွေးမွေ့ရာကြီးကို တတိယအကြိမ် ပြင်ခင်းရင်း ဆီမန်းမန်းသကဲ့သို့ တတွတ်တွတ်ရွတ်လျက်ရှိပေသည်။

"မွေ့ရာက အဖုအထစ်တွေနဲ့ချည်းပဲ၊ ဘယ်လိုအိပ်လို့ရမလဲ ကေတီရဲ့၊ ထိပ်ထားက သာပြီးအိပ်ပျော်ချင်သေးတယ်"ဟု မင်းသမီးကလေးလီဇာ ပြောလိုက်၏။ မင်းသမီးကလေးလီဇာ၏အသံမှာ ငိုတော့မည့်ကလေးအသံကဲ့သို့ တုန်ယင်လျက် ရှိလေသည်။

မင်းသားကြီးဘိုလကွန်စကီသည်လည်း အိပ်၍မပျော်ချေ။ အိပ်ချင်မူးတူးဖြစ်နေသော အပါးတော်မြဲတီကွန်သည် မင်းသားကြီးဘိုလကွန်စကီ၏ တရှူးရှူးအသံနှင့် အသံပြင်းပြင်းဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသောအသံကို ကြားနေရ၏။ မင်းသားကြီးဘိုလကွန်စကီသည် သမီးတော်မှတစ်ဆင့် အစော်ကားခံရသကဲ့သို့ စိတ်ထဲတွင် အခံရခက်နေသည်။ မိမိအချစ်ဆုံး သမီးတော်နှင့် ပတ်သက်နေသဖြင့်လည်း မိမိကို တိုက်ရိုက်စော်ကားသည်ထက် ခံပြင်းလျက်ရှိ၏။ သမီးတော်၏ကိစ္စကို စဉ်းစားဆုံးဖြတ်ပြီးနောက် မည်သို့စကားပြန်ရမည်ဖြစ်ကြောင်းကို ပါးစပ်မှ တဖွဖွရွတ်လျက်ရှိသော်လည်း မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချနိုင်ဘဲ ပို၍သာ ဒေါပွလာလေသည်။

'ဟင်း၊ ဒီကောင်ရောက်လာတာ အားလုံး ဂြိုဟ်ကျကုန်တာပဲ၊ သမီးတော်ကလဲ ဖအေရောဘာရော အကုန်လုံးမေ့ပြီး ဆံပင်တွေပြင်ထားလိုက်တာကလဲ ရှုပ်ပွလို့၊ အမြီးတနှန့်နှန့်နဲ့ ဣန္ဒြေကိုမရဘူး၊ ယောက်ျားလာစပ်ခါစရှိသေး အဖေကိုတောင် သတိမရချင်တော့ဘူး။ အနည်းဆုံး ဖအေရှေ့မှာတော့ ဣန္ဒြေဆည်ဖို့ကောင်းတယ် ထွီ၊ ဟိုကောင်ကလဲ ပြင်သစ်သူမ ဘူရင်းကို မျက်စိကျနေဟန်တူပါရဲ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး ဒီပြင်သစ်သူမကို မြန်မြန်နှင်ထုတ်မှပဲ၊ ဒါကို ငါ့သမီးကလဲ ဘာမှန်းမသိဘူး၊ မာနလဲ မထားတတ်ဘူး၊ သူ့အတွက် မာနမထားတတ်တောင်မှ ဖအေ့အတွက် မာနထားတတ်မှပေါ့၊ အင်း ဟိုကောင်က သူ့ကို မျက်စိမကျဘဲ ပြင်သစ်သူဘူရင်းကို မျက်စိကျနေတဲ့အကြောင်းတော့ သင်းသိအောင် ပြလိုက်ရဦးမယ်၊ ဘာမာနမှမရှိဘူး၊ သင်းသိသွားအောင်တော့ ဟိုကောင်နဲ့ ပြင်သစ်မဖြစ်နေပုံကို ပြလိုက်ရဦးမယ်'

အကယ်၍သာ ဤအကြောင်းကို သမီးတော်အား ပြောပြလိုက်ပါက မင်းသမီးကလေးမေရီသည် မိမိအထင်နှင့် အမြင်လွဲနေကြောင်းကို သိသွားကာ နောက်ဆုတ်သွားလိမ့်မည်ဟု မင်းသားကြီးဘိုလကွန်စကီ ထင်သည်။ အနာတိုလီသည် ပြင်သစ်သူဘူရင်းကိုသာ ပြီတီတီလုပ်နေကြောင်း သမီးတော်သိသွားလျှင် စိတ်နာမည်။ သို့စိတ်နာလျှင် မိမိရည်ရွယ်ချက် (သမီးတော်နှင့် မခွဲရန် ရည်ရွယ်ချက်) အောင်မြင်မည်ဟုတွေးမိသည်။ မင်းသားကြီးဘိုလကွန်စကီသည် ဤသို့တွေး၍ စိတ်ဖြေလိုက်ပြီး တီကွန်ကို လှမ်းခေါ်ကာ အဝတ်အစားလဲလျက် ရှိလေသည်။

'ဒီဂြိုဟ်ကောင်ရောက်လာတာနဲ့ အကုန်ရှုပ်ပွေကုန်



www.burmeseclassic.com

တာပဲ’အပါးတော်မြဲကြီးတီကွန်က မိမိ၏ကြုံလှီဖျော့တော့သော ခန္ဓာကိုယ်နှင့် ဖြူဖွေးသောရင်ဘတ်မွေးများ ပေါက်နေသည့် ကိုယ်အထက်ပိုင်းကို အင်္ကျီဝတ်ပေးနေရင်းတွေးမိပြန်သည်။ “ငါကလဲ ဖိတ်တာမဟုတ်ဘူး၊ ငါ့ဘာသာငါ အေးအေးဆေးဆေးနေတာကို သက်သက်မဲ့လာပြီး အနှောင့်အယှက်ပေးနေကြတယ်၊ ထွီ”မင်းသားကြီးဘိုလကွန်စကီသည်ရှပ်အင်္ကျီကို ခေါင်းတွင်စွပ်ရင်း ရေရွတ်နေလေသည်။

အပါးတော်မြဲတီကွန်ကား ၎င်း၏သခင်အကြောင်းကို သိပြီးဖြစ်၏။ သခင်မင်းသားကြီး ဘိုလကွန်စကီသည် တစ်ခါတစ်ရံ၌ စိတ်ထဲတွင်တွေးရုံမျှမကဘဲ ပါးစပ်ကပါ ရွတ်တတ်သေးသည်။ ထို့ကြောင့် ရှပ်အင်္ကျီလည်ပင်းပေါက်ထဲမှ ဒေါသထွက်လျက်ရှိသော မင်းသားကြီးဘိုလကွန်စကီ၏ မျက်နှာပေါ်လာသောအခါတွင် ဘာမျှ အံ့သြခြင်းမရှိတော့ချေ။

“အိပ်ကုန်ကြပလား”

ကျွန်ယုံတော်ကြီး ပီသလှသည့်တီကွန်သည် သခင်မင်းသားကြီးဘိုလကွန်စကီ မည်သည်ကို ရည်ရွယ်၍ မေးသည်ကို ချက်ချင်းသိလိုက်၏။ မင်းသားကြီးဗာစီလီတို့သားအဖကို မေးခြင်းဖြစ်ကြောင်း အလိုလိုသိလိုက်လေသည်။

“အိပ်ခန်းဆောင်ထဲဝင်သွားပြီးလို့ မီးတွေငြိမ်းသွားပါပြီ ကိုယ်တော်ကြီး”

“ခွကျတာပဲ၊ သိပ်ခွကျတာပဲ”မင်းသားကြီး ဘိုလကွန်စကီသည် လျင်မြန်စွာပြောကာ ညှပ်ဖိနပ်ကို ကောက်စီး၍ ဝတ်ရုံအင်္ကျီထဲသို့ လက်လျှိုရင်း ပြောလိုက်ပြီး သူအိပ်သည့် သလွန်ညောင်စောင်းဆီသို့ သွားပြန်သည်။

အနာတိုလီနှင့် ရုံရွေတော်ဘုရင်းတို့သည် စကားတစ်ခွန်းမျှ မပြောရသေးသော်လည်း တစ်ယောက်နှင့်တစ်ယောက် နားလည်ပြီးကြပြီ ဖြစ်ပေသည်။ ၎င်းတို့နှစ်ယောက်စလုံး၏ရင်ထဲတွင် နှစ်ကိုယ်ကြား ပြောစရာစကား ရင်နှင့်မဆံ့အောင် ရှိနေကြသည်ဟုလည်း နားလည်ထားကြကာ နံနက်ကတည်းက နှစ်ယောက်ချင်း တွေ့နိုင်ရန် အခွင့်ကောင်းကို ချောင်းလျက်ရှိကြလေသည်။ နံနက်လင်း၍ မင်းသမီးကလေးမေရီသည် ထုံးစံအတိုင်း ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ ခန်းဆောင်သို့သွားသောအခါတွင်ကား ရုံရွေတော်ဘုရင်းနှင့် အနာတိုလီတို့သည် ပန်းပင်များပျိုးသည့် ဖန်အိမ်ထဲတွင် တွေ့ကြလေသည်။

မင်းသမီးကလေးမေရီသည် ယနေ့တွင် အထူးထိတ်လန့် ကြောက်ရွံ့စွာဖြင့် ခမည်းတော်မင်းသားကြီးဘိုလကွန်စကီ၏ ခန်းဆောင်သို့ လာခဲ့လေသည်။ ယနေ့ကား မိမိ၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုမည့်နေ့ဖြစ်ကြောင်း လူတိုင်းသိနေသည်ဟုအထင်ရှိကာ မိမိက ထိုသို့ထင်နေကြောင်းကိုလည်း လူတိုင်းကပင် သိရှိနေသည်ဟု ထင်မိလျက် ရှိလေသည်။ ဤအကြောင်းကို အပါးတော်မြဲတီကွန်လည်း သိသည်ဟု ထင်သည်။ စင်္ကြံတွင် ရေနွေးပုံးကို မ လာရင်း သူ့အား ခေါင်းညိတ်နှုတ်ဆက်သည့် မင်းသားကြီး၏ အစေတော်သူငယ်လည်း သိသည်ဟု ထင်သည်။

ထိုနေ့နံနက်၌ မင်းသားကြီးဘိုလကွန်စကီသည် သမီးတော် မင်းသမီးကလေးမေရီအား ခါတိုင်းထက် ချစ်ခင်မြတ်နိုးဟန်ကိုပြကာ ဆက်ဆံရာ၌လည်း အထူးသတိထား၍ ဆက်ဆံခြင်းကို တွေ့ရလေသည်။ ခမည်းတော်ကြီးသည် မျက်နှာထားကို တမင်ကြိုးစားလုပ်ထားရမှန်း မင်းသမီးကလေး မေရီကောင်းစွာသိပေသည်။ ဂဏန်းသင်္ချာတစ်ပုဒ်ကို မင်းသမီးကလေးမေရီ တွက်၍မရသောအခါတွင်ကား ခမည်းတော် မင်းသားကြီးမှာ ဒေါသကို မနည်းချုပ်တည်းထားရကြောင်း ဘွားဘွားကြီး ပေါ်လာလေသည်။ ခမည်းတော် မင်းသားကြီးသည် ခြောက်သွေ့လျက်ရှိသော လက်များကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ပါးစပ်မှ တစ်စုံတစ်ရာကို တတွတ်တွတ်ရွတ်ဆိုရင်း ကုလားထိုင်မှ ထသွားလေသည်။

ထို့နောက်၌ကား မင်းသားကြီးသည် လိုရင်းကို ဆိုင်းမဆင့်ဗုံမပါ ပြောချလိုက်လေသည်။

“သမီးတော်နဲ့ပတ်သက်လို့ ဖေဖျားဆီကို စကားကမ်းလှမ်းချက်တစ်ခု ရောက်လာတယ်” မင်းသားကြီးဘိုလကွန်စကီက မပြုံးချင့်ပြုံးချင် ပြုံးလိုက်သည်။ “မင်းသားကြီးဗာစီလီနဲ့ သူ့တပည့် (မည်သည့်အတွက်ကြောင့်မသိ။ မင်းသားကြီးဘိုလကွန်စကီသည် အနာတိုလီအား ‘တပည့်’ဟု ကွယ်ရာတွင်ခေါ်သည်။) ဒီကိုလာတာဟာ ဖေဖျားဆီကို အဓိပ္ပာယ်မရှိလာတာ မဟုတ်ဘူး၊ ဒါကို သမီးတော်လဲ ရိပ်မိလိမ့်မယ်လို့ ဖေဖျားထင်တယ်၊ ဒီကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com


ဘတ်သက်လို့ မနေညကပဲ ဖေဖျားကိုဖွင့်ပြောတယ်၊ ဖေဖျား နဲ့ အကြောင်းလဲ သမီးတော် အသိသားပဲ၊ ဖေဖျားကတော့ ဒီကိစ္စကို သမီးတော်ကိုပဲ လွှဲရမှာပဲ"

"ဖေဖျားပြောတဲ့အဓိပ္ပာယ်ကို သမီးတော် နား မလည်ပါဘူး ဖေဖျား"မင်းသမီးကလေးမေရီ၏ မျက်နှာမှာ ပြုံးရော်သွားပြီးနောက် ချက်ချင်းရဲတက်လာသည်။

"ဘာနားမလည်ရမှာလဲ၊ ဒီလောက်မှ စဉ်းစား ဉာဏ်မရှိဘူးလား"မင်းသားကြီးဘိုလကွန်စကီက စိတ်ဆိုး သဖြင့် အော်လိုက်သည်။ "မင်းသားကြီးဗာစီလီက သမီး ဆော်ကို ချွေးမတော်အဖြစ် သဘောကျလို့တဲ့ သိပလား၊ ဒါကြောင့်မို့ သူ့တပည့်ကိုယ်စား သမီးတော်ကို စေ့စပ် ကြောင်းလမ်းဖို့လာတာ၊ ကဲ နားလည်ပလား၊ ဒီလောက် ပြောလို့တောင် နားမလည်သေးဘူးလား"

"ဖေဖျားသဘောကိုမှ သမီးတော် မသိသေးဘဲ" မင်းသမီးကလေးမေရီက ခပ်တိုးတိုး ပြောလိုက်၏။

"ဘာ ဖေဖျားသဘောဟုတ်စ၊ ဒီကိစ္စထဲမှာ ကျုပ်ကို ပါ ထည့်မစဉ်းစားနဲ့၊ လက်ထပ်မယ့်လူက ကျုပ်မဟုတ် ဘူးဗျ၊ ခင်ဗျား၊ ခင်ဗျား၊ ခင်ဗျားကိစ္စ၊ ဒီတော့ သမီးတော်ရဲ့ သဘောအတိုင်း ဆုံးဖြတ်ပါ၊ သမီးတော်ရဲ့ သဘောကို သိချင်တယ်"

ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ များစွာ သဘောကျဟန်မရှိကြောင်းကို မင်းသမီးကလေးမေရီ သတိ ထားလိုက်မိသည်။ သို့ရာတွင် မိမိ၏ ဘဝနောင်ရေးမှာ ယခုအချိန်တွင်မှ ဆုံးဖြတ်ခြင်းမပြုလျှင် နောင်တွင် ဘယ် တော့မှ သေချာတော့မည် မဟုတ်ဟုလည်း ချက်ချင်း သတိရလိုက်မိသည်။ မင်းသမီးကလေးမေရီသည် ခမည်း တော်ကြီးနှင့် မျက်လုံးချင်းဆိုင်မိလျှင် မိမိကသာ အလျှော့ ပေးရတော့မည်ကို သိသဖြင့် မျက်လုံးချင်းမဆိုင်မိစေရန် မျက်လွှာကို ချထားလိုက်သည်။

"သမီးတော်က ဖေဖျားအလိုတော်အတိုင်းသာ ဖြစ် စေချင်ပါတယ်၊ ဒါပေမဲ့ သမီးတော်သဘောကို ပြောရမယ် ဆိုရင်တော့"မင်းသမီးကလေးမေရီ စကားမဆုံးခင် မင်း သားကြီး ဘိုလကွန်စကီက ကြားဖြတ်ပြောလိုက်သည်။

"အိမ်း အဲဒါအကောင်းဆုံးပဲ"မင်းသားကြီးဘိုလ ကွန်စကီက အလန့်တကြား ပြောလိုက်၏။ "သူ့အကြိက အမွေတွေအခွဲခိုင်းပြီး သမီးတော်ကို ခေါ်သွားမယ်၊ ပြင်သစ် သူ ဘူရင်းကိုလဲ အဆစ်ခေါ်သွားမယ်၊ ဟိုကျတော့ ပြင်သစ် သူ ဘူရင်းကို မယားအရာမြှောက်၊ သမီးတော်ကိုတော့"

မင်းသားကြီးဘိုလကွန်စကီက ရပ်လိုက်၏။ မိမိ၏ စကားများမှာ ရင့်သီးသွားကာ သမီးတော်စိတ်ထိခိုက်သွား သည်ကို သတိထားလိုက်မိသည်။ မင်းသမီးကလေးမေရီ ကား ခေါင်းငုံ့ထားလေသည်။ ချုံးပွဲချ၍မငိုမိရန် မနည်းကြီး ချုပ်တည်းထားရပေသည်။

"ကဲ ဖေဖျားကကျိစားတာပါ သမီးတော်၊ ဖေဖျား ကတော့ အချိန်တန်အရွယ်ရောက်လာတဲ့ မိန်းကလေးတစ် ယောက်ဟာ သူ့စိတ်ကြိုက်ကို သူ့ဘာသာသူ ရွေးချယ်ပိုင် ခွင့်ရှိတယ်လို့ ယူဆတယ်၊ ဒါကြောင့် ဒီကိစ္စမှာလဲ သမီး တော်ကို လွတ်လပ်ခွင့်ပေးထားပါတယ်၊ အဲ သမီးတော်ရဲ့ ဘဝ ချမ်းမြေ့သာယာရေးဟာ သမီးတော်ရဲ့ ဆုံးဖြတ်ချက် အပေါ်မှာ တည်တယ်ဆိုတာတော့ သတိထားစေချင်တယ်၊ ဖေဖျားကို ထည့်မစဉ်းစားပါနဲ့"

"သမီးတော် မစဉ်းစားတတ်ပါဘူး ဖေဖျား"

"ကဲ သိပ်စကားရှည်မနေနဲ့ သမီးတော်၊ အချိန်တန် တော့ ဒီသူငယ်လဲရာထူးရာခံတက်ပြီး သမီးတော်ကို ဖြစ်စေ၊ အခြားတစ်ယောက်ယောက်ကိုဖြစ်စေ လက်ထပ် မှာပဲ၊ ဒီတော့ သမီးတော်ဘာသာ သမီးတော် လွတ်လွတ် လပ်လပ် ရွေးချယ်ပေတော့၊ သမီးတော် အခန်းပြန်ပြီး အေးအေးဆေးဆေး စဉ်းစားပါ၊ နောက်တစ်နာရီအတွင်း ကျရင် သမီးတော်ရဲ့ဆုံးဖြတ်ချက်ကို သူ့ရှေ့မှာပဲ ဖေဖျားဆီ လာပြောလှည့်၊ သမီးတော်ကတော့ ဘုရားရှေ့ဆုတောင်း မှာပဲဆိုတာ ဖေဖျားသိတယ်၊ သမီးတော် ဆုတောင်းချင်သပ ဆိုရင်လဲ တောင်းပေါ့၊ ဒါပေမဲ့ ဘုရားရှေ့မှာ ဆုတောင်းခြင်း ထက် ကိုယ့်ဘာသာကိုယ် သေသေချာချာ စဉ်းစားခြင်းက အကောင်းဆုံးပဲ၊ ကဲ သွားတော့၊ ယူမလား မယူဘူးလား၊ ယူမလား မယူဘူးလား၊ ယူမလား မယူဘူးလား"

မင်းသားကြီးဘိုလကွန်စကီသည် သမီးတော်တစ် ယောက် နှင်းထဲတွင် ပျောက်ကွယ်သွားသကဲ့သို့ စာကြည့် ဆောင်အဝတွင် ပျောက်ကွယ်သွားသည်အထိ အော်၍ ကျန်ရစ်ခဲ့လေ၏။

မင်းသမီးကလေးမေရီသည် ၎င်း၏ကံကြမ္မာကို ဆုံးဖြတ်လိုက်လေပြီ။ ဝမ်းသာဖွယ်ကောင်းသော ဆုံးဖြတ် ချက်ကို ချလိုက်လေပြီ။ သို့ရာတွင် ပြင်သစ်သူ ရဲရွှေတော်


www.burmeseclassic.com

ဘုရင်းနှင့်ပတ်သက်၍ ခမည်းတော်ကြီး၏ စကားကိုမှ ဝေခွဲမရအောင် ဖြစ်လျက်ရှိ၏။ ခမည်းတော်ပြောသည့် အတိုင်းကား လားလားမျှ ဖြစ်နိုင်ဖွယ်မရှိချေ။ သို့ရာတွင် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာဆိုသကဲ့သို့ ဖြစ်လာလျှင် ကား အကျိုးနည်းရချည့်ဟုတွေးကာ စိတ်ထဲတွင် မသက် မသာဖြစ်လျက်ရှိလေသည်။ မင်းသမီးကလေးမေရီသည် မည်သည့်အရာကိုမျှလည်းမကြား မည်သည့်အရာကိုမျှ လည်း မမြင်ဘဲ ပန်းပင်များပျိုးထားရာ ဖန်အိမ်ဆီသို့ လျှောက်လာခဲ့လေသည်။

ထိုအခိုက် ကြားနေကျအသံဖြစ်သော ရုံရွှေတော် ဘုရင်း၏ တတွတ်တွတ် စကားပြောသံကို ကြားလိုက်ရ သဖြင့် လန့်ဖျပ်သွားကာ မျက်လုံးများကို လှန်၍ ကြည့် လိုက်မိ၏။ ရေ့ခြေနှစ်လှမ်းလောက်အကွာတွင် အနာတိုလီ သည် ပြင်သစ်သူဘုရင်းကို ပွေ့ထားရင်း တတွတ်တွတ် စကားပြောနေသည်ကို မြင်လိုက်ရ၏။ မင်းသမီးကလေး မေရီကို မြင်လိုက်သည်တွင် အနာတိုလီ၏ ချောမောခဲ့ညား သောမျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သော အရိပ်ရောင် များ ယှက်သန်းလာလေသည်။ သို့တိုင်အောင် အနာတိုလီ သည် ပြင်သစ်သူဘုရင်း၏ခါးကို ဖက်ထားမြဲ၊ ဖက်ထား ဆဲဖြစ်၏။ ပြင်သစ်သူဘုရင်းကား မင်းသမီးကလေးမေရီ ကို မမြင်သေးချေ။

အနာတိုလီ၏ မျက်နှာထားကား'ဘယ်သူလဲ၊ ဘာ ကိစ္စလာသလဲ၊ စကားမပြောအားသေးဘူး'ဟု ဆိုသကဲ့သို့ ရှိ၏။ မင်းသမီးကလေးမေရီသည် ၎င်းတို့နှစ်ဦးကို တိတ် ဆိတ်စွာ ကြည့်နေမိ၏။ အခြင်းအရာကိုလည်း နားမလည် နိုင်အောင် ဖြစ်လျက်ရှိ၏။ နောက်ဆုံးတွင် ပြင်သစ်သူ ဘုရင်းသည် အလန့်တကြားအော်၍ ထွက်ပြေးလေ၏။ အနာတိုလီကမူ ခပ်ပြုံးပြုံးဖြင့်ပင် မင်းသမီးကလေးမေရီကို ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။ ၎င်း၏ အမူအရာကား မင်းသမီးကလေးမေရီပါ ရောရှုပြုံးအောင် သိမ်းသွင်းသော အမူအရာမျိုး ဖြစ်၏။ ထို့နောက် ပခုံးများကို တွန့်လိုက်ပြီး သူ့အတွက် သီးသန့်ပေးထားသော အိပ်ခန်းဆီသို့ လျှောက် သွားလေသည်။

တစ်နာရီခန့်ကြာလျှင် အပါးတော်မြဲတီကွန်သည် မင်းသမီးကလေးမေရီအား ခမည်းတော်မင်းသားကြီးထံသို့ သွားရန် လာ၍ခေါ်လေသည်။ မင်းသားကြီးဗာစီလီလည်း ခမည်းတော်ထံရောက်နေကြောင်း တီကွန်က ပြောပြ၏။ တီကွန်ရောက်လာသည့်အချိန်၌ မင်းသမီးကလေးမေရီ သည် ထိုင်ဖုံပေါ်တွင်ထိုင်လျက် တရှုပ်ရှုပ်ငိုနေသော ရုံရွှေတော်ဘုရင်းအား ပွေ့ဖက်ကာ ဆံပင်များကို ပွတ်သပ် ပေးနေသည်။ မင်းသမီးကလေးမေရီ၏ ငြိမ်သက်ရှုန်းလှဲ လျက်ရှိသည့် လှပသော မျက်လုံးကြီးများသည်ရုံရွှေတော် ဘုရင်း၏ လှပသော မျက်နှာကို သနားကြင်နာဟန်ဖြင့် စိုက်ကြည့်လျက် ရှိကြပေသည်။

"ကျွန်မမှားပြီ ထိပ်ထားလေး ကျွန်မမှားပြီ၊ နောင် ထိပ်ထားလေးရဲ့ ချစ်ခင်မြတ်နိုးမှုကို ဘယ်တော့မှ ခံရ တော့မှာ မဟုတ်တော့ဘူးနော်"

"မဟုတ်ပါဘူး ဘုရင်းရယ်၊ ထိပ်ထားလေးက ပိုလို့တောင် မြတ်နိုးမိပါသေးတယ်၊ ရုံရွှေတော်တစ်ယောက် စိတ်ချမ်းသာမယ်ဆိုရင် ထိပ်ထားလေးတတ်နိုင်တာ မှန် သမျှ လုပ်ပေးပါ့မယ်"

"ထိပ်ထားလေး ကျွန်မကိုမုန်းသွားပြီနော်၊ ရွံသွားပြီ နော်၊ ထိပ်ထားလေး ရိုးလွန်းတယ်၊ အတွေ့ကို မလွန်ဆန် နိုင်ဘူးဆိုတာ ထိပ်ထားလေး နားလည်နိုင်မှာ မဟုတ်ဘူး၊ ကျွန်မကတော့ ကျွန်မရဲ့အမေအိုကြီးကို သနားတာပါပဲ ထိပ်ထားရယ်"

မင်းသမီးကလေးမေရီက မချိလှဟန်ဖြင့် ပြုံးလိုက် ၏။

"ဒါတွေကို ထိပ်ထားနားလည်ပါတယ်၊ ကဲ တိတ် တိတ် ငိုမနေနဲ့တော့၊ ထိပ်ထားလေးကိုလဲ ခမည်းတော်ကြီး ခေါ်နေပြီ"

မင်းသမီးကလေးမေရီသည် ခန်းဆောင်ထဲမှထွက် လာခဲ့လေသည်။ မင်းသားကြီးဗာစီလီသည် တင်ပျဉ်ချိတ် ၍ထိုင်ရင်း လက်က ရှုဆေးဘူးကိုကိုင်ထားကာ နှစ်ခြိုက် စွာ ပြုံးလျက်ရှိ၏။ နောက်ရှုဆေးတစ်တို့ကို တို့၍ ရှူ လိုက်သည်။

"လာ လာ တူမတော်"မင်းသားကြီးဗာစီလီသည် မတ်တတ်ထကာ လက်နှစ်ဖက်ဖြင့် ဆီးကြိုပွေ့လိုက်ပြီး သက်ပြင်းချလျက်

"သားတော်ရဲ့ ကံကြမ္မာကတော့ တူမတော်လက် ထဲမှာ ရှိပေတာပဲ၊ ဦးရီးတော်ကတော့ တူမတော်ကို သမီးအရင်းလို ချစ်လဲချစ်တယ်၊ မြတ်နိုးလဲမြတ်နိုးတယ်၊



www.burmeseclassic.com

www.burmeseclassic.com


တူမတော်ကသာ ဆုံးဖြတ်ပေတော့"

မင်းသားကြီးဗာစီလီသည် ပြန်၍ ထိုင်လိုက်၏။ ၎င်း၏မျက်လုံး၌ မျက်ရည်ဝဲလျက်ရှိပေသည်။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက်

"ယောဒိဦးရီးတော်က သူ့ရဲ့တပည့် အဲ သူ့ရဲ့သားဆော်ကိုယ်စား စေ့စပ်ကြောင်းလမ်းစကား ပြောနေတယ်၊ အဲဒါ သမီးတော် ဘယ်လိုသဘောရသလဲဆိုတာ ပြောစမ်း၊ ပြောလေ" ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက အော်လိုက်သည်။ "သူပြောပြီးတော့မှ ကျုပ်ရဲ့ သဘောထားကိုလဲ ပြောမယ်၊ ကျုပ်ရဲ့ ကိုယ်ပိုင်သဘောထား၊ ကျုပ်ရဲ့ ကိုယ်ပိုင်သဘောထား" မင်းသားကြီး ဘိုလကွန်စကီက မင်းသားကြီးဗာစီလီ ဘက်သို့ လှည့်၍ ပြောလိုက်၏။

"သမီးတော်သဘောကတော့ ဖေဖျားကို ဘယ်တော့မှ မခွဲပါဘူး၊ သမီးတော်ရဲ့ ဘဝကို ဖေဖျားရဲ့ဘဝနဲ့ မခွဲနိုင်ပါဘူး၊ သမီးတော် အိမ်ထောင်ပြုဖို့လဲ စိတ်မကူးမိပါဘူး"

မင်းသမီးကလေးမေရီက ခမည်းတော် မင်းသားကြီးနှင့် မင်းသားကြီးဗာစီလီကို ကြည့်၍ ပြောလိုက်၏။

"ညာမပြောနဲ့ ညာမပြောနဲ့ အမှန်အတိုင်းပြော" မင်းသားကြီးဘိုလကွန်စကီက မျက်မှောင်ကုတ်၍ ပြောလိုက်ပြီး သမီးတော် မင်းသမီးကလေး မေရီ၏လက်ကို ဆွဲယူလိုက်၏။ နမ်းရှုပ်ခြင်း မပြုချေ။ သို့ရာတွင် သူ၏ နဖူးကို သမီးတော်မေရီ၏ နဖူးနှင့် ထိလိုက်ပြီးနောက် လက်ကို အားရပါးရ ဖျစ်ညှစ်လိုက်ရာ မင်းသမီးကလေး မေရီမှာ နာကျင်လွန်းသဖြင့် မျက်တောင်တဖျတ်ဖျတ် ခတ်ကာ မျက်ရည်များပင် လည်လာလေသည်။

မင်းသားကြီးဗာစီလီသည် ထိုင်ရာမှ ထလိုက်၏။

"တူမတော်၊ ဦးရီးတော် တစ်သက်မှာတော့ ဒီနေ့ကို မေ့နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခုလို ယတိပြတ်ကြီးတော့ မဆုံးဖြတ်စေချင်ပါဘူး တူမတော်၊ စဉ်းစားပါဦး၊ အနာဂတ်ဆိုတာ ရှည်လျားလှပါတယ်၊ ဒီတော့ ယတိပြတ်ကြီးတော့ မလုပ်ပါနဲ့"

"မှန်ပါတယ် ဦးရီးတော်၊ တူမတော်ပြောတဲ့ စကားဟာ နှလုံးသည်းပွတ်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလိုက်တဲ့ စကား ဖြစ်ပါတယ်၊ ခုလိုလာပြီး ကြောင်းလမ်းစကားပြောတဲ့အတွက်လဲ ကျေးဇူးတင်လှပါတယ်၊ ဒါပေမဲ့ ဦးရီးတော်ရဲ့ သားတော်ကိုတော့ တူမတော် ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး၊ ဝမ်းနည်းပါတယ်"

"ကဲ၊ ကိစ္စပြတ်ပြီမဟုတ်လား နောင်တော်ကြီး၊ အေးဗျာ ဘာပဲဖြစ်ဖြစ် နောင်တော်ကြီးနဲ့ တွေ့ရတာတော့ ဝမ်းသာတယ်၊ တကယ်ပဲ ကဲ သမီးတော် ပြန်နိုင်ပြီ" မင်းသားကြီး ဘိုလကွန်စကီက ပြောလိုက်သည်။ မင်းသားကြီးဘိုလကွန်စကီသည် "တွေ့ရတာ ဝမ်းသာသဗျာ"ဆိုသော စကားကို ထပ်တလဲလဲရွတ်ကာ မင်းသားကြီး ဗာစီလီကို ဖက်ယမ်းနမ်းရှုပ်လျက် ရှိလေသည်။

"အင်း၊ ငါ့ဘဝက သူတစ်ပါးစိတ်ချမ်းသာတာကို ကြည့်ပြီး ဝမ်းသာဖို့ပေပဲ၊ သူတစ်ပါးအကျိုးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းကြောင့်ဖြစ်ရတဲ့ ပျော်ရွှင်မှုကို ခံစားဖို့ပေပဲ၊ ဘာပဲဖြစ်ဖြစ် ငါဟာ ရုံရွှေတော်ဘူရင်းရဲ့ စိတ်ချမ်းသာရေးအတွက် အတတ်နိုင်ဆုံးကြိုးစားမယ်၊ တကယ်တော့ ဘူရင်းဟာ သူ့ကို တော်တော် စွဲစွဲလမ်းလမ်း ချစ်နေပုံရတယ်၊ ပြီးတော့ နောင်တလဲရနေဟန်တူတယ်၊ သူတို့နှစ်ယောက်ပေါင်းရအောင် ငါအတတ်နိုင်ဆုံး ကြိုးစားမယ်၊ တကယ်လို့ သူက သိပ်မချမ်းသာရင် ငါက ဘူရင်းကို ရှိတဲ့ပစ္စည်း တချို့တစ်ဝက် ခွဲပေးလိုက်မယ်၊ ဖေဖျားနဲ့ မောင်တော်အင်ဒရေကိုလဲ ဒီအကြောင်း ဖွင့်ပြောလိုက်မယ်၊ ဘူရင်းတစ်ယောက် သူ့ချစ်သူနဲ့ရသွားရင် ငါစိတ်ချမ်းသာပါပြီ၊ သူ့ခမျာ တစ်ကောင်ကြွက်ဆိုတော့ မျက်နှာငယ်ရှာပါတယ်၊ ဩော်၊ ဘူရင်း ဘူရင်း၊ သူ့ခမျာ တော်တော် စွဲစွဲလမ်းလမ်း ဖြစ်နေရှာတာကလား၊ အေးလေ ငါဆိုရင်လဲ သူ့လိုပဲ နေပေမှာပဲ"

မင်းသမီးကလေးမေရီသည် ဤသို့ တွေးလျက်ရှိလေသည်။

## အခန်း ၆

မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစုထံသို့ နီကိုလေထံမှ စာမရောက်သည်မှာ ကြာခဲ့လေပြီ။ ဆောင်းလယ်လောက်၌ကား မိမိ၏သား နီကိုလေ၏လက်ရေးဖြင့် လိပ်တပ်ထားသော စာတစ်စောင် မြို့စားကြီး ရော့စတော့ဗ်လက်သို့ ရောက်လာလေသည်။ စာကိုရသည်နှင့် မြို့စားကြီး ရော့


www.burmeseclassic.com

စတော့ဗ်သည် စာကို ဖတ်ချင်ဇောဖြင့် ခြေဖျားထောက်ကာ စာကြည့်ဆောင်ထဲသို့ ခပ်သုတ်သုတ် ဝင်လာခဲ့သည်။

မင်းသမီးကြီး ဒရူဘက်စကားယားမှာ တစ်အိမ်လုံးတွင် အပ်ကျသည်ကအစ သိသူဖြစ်သည့်အလျောက် စာရောက်သည်ဟု ကြားလျှင်ကြားချင်း စာကြည့်ဆောင်ထဲသို့ တိတ်တဆိတ် ဝင်လာသည်တွင် စာကိုဖတ်ရင်း ငိုလိုက်ရယ်လိုက်ဖြစ်နေသော မြို့စားကြီး ရော့စတော့ဗ်ကို တွေ့ရလေသည်။

မင်းသမီးကြီး ဒရူဘက်စကားယားမှာ စီးပွားရေးအခြေအနေ အနည်းငယ် ချောင်ချောင်လည်လည်ရှိလာပြီဖြစ်သော်လည်း မြို့စားကြီး ရော့စတော့ဗ်မိသားစုနှင့်အတူ ဆက်လက်နေထိုင်လျက်ပင် ရှိသေးသည်။

"မောင်တော်ကြီး ဘာအကြောင်းများ ထူးလို့လဲ" မင်းသမီးကြီး ဒရူဘက်စကားယားက ချော်လဲရောထိုင်ရန် အကြံဖြင့် ဝမ်းပန်းတနည်း မေးလိုက်သည်။ မြို့စားကြီး ရော့စတော့ဗ်ကား ငိုနေဆဲပင်။

"နီကိုလေ နီကိုလေ စာ စာ၊ နီကိုလေ တိုက်ပွဲမှာ ဒဏ်ရာရသတဲ့၊ မြို့စားကတော်ကြီးများသိရင်၊ ပြီးတော့ ရာထူးလဲတိုးတယ်၊ အင်း မြို့စားကတော်ကြီးကို ဘယ်လိုပြောရမလဲ မသိဘူးဗျ"

မင်းသမီးကြီး ဒရူဘက်စကားယားသည် ဆေးတွင်ဝင်ထိုင်လိုက်ကာ မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်လျက် စာကိုဖတ်၏။ ထို့နောက် မြို့စားကြီး ရော့စတော့ဗ်ကို အားပေးနှစ်သိမ့်စကား ပြောပြန်သည်။ မင်းသမီးကြီး ဒရူဘက်စကားယားက မိမိသည် ဤသတင်းကို ညစာစားပြီးချိန်နှင့် ညလက်ဖက်ရည်သောက်ချိန်တွင် မြို့စားကတော်ကြီးအား တစ်လုံးချင်း နှစ်လုံးချင်း ပြောထားမည်ဖြစ်ကြောင်း၊ သတင်းစုံကိုမူ လက်ဖက်ရည်သောက်ပြီးမှ ပြောသင့်ကြောင်းဖြင့် အကြံပေးခြင်း ပြုလေသည်။

ညစာစားချိန်၌ကား မင်းသမီးကြီး ဒရူဘက်စကားယားသည် စစ်သတင်းများနှင့် နီကိုလေ၏အကြောင်းကို အမျှင်မပြတ် တစ်ချိန်လုံးပြောလျက်ရှိပြီး နီကိုလေထံမှ စာမရသည်မှာ မည်မျှကြာပြီနည်းဟု သိလျက်သားနှင့် နှစ်ကြိမ်တိုင် မေးမြန်းခြင်း ပြုလေသည်။ ယနေ့လောက်ဆိုလျှင် နီကိုလေ့ထံမှ စာရောက်နိုင်ဖွယ်ရှိကြောင်းဖြင့်လည်း ပြောဆိုလျက်ရှိပေ၏။ ဤသို့ ပြောသည့်အခါတိုင်း မြို့စားကတော်ကြီးမှာ စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် မြို့စားကြီး ရော့စတော့ဗ်ကို လည်းကောင်း၊ မင်းသမီးကြီး ဒရူဘက်စကားယားကို လည်းကောင်း ကြည့်လျက်ရှိနေသဖြင့် မင်းသမီးကြီး ဒရူဘက်စကားယားမှာ လျှင်မြန်စွာ စကားလွှဲလိုက်ရလေသည်။

မျက်နှာရိပ်မျက်နှာကဲကိုကြည့်ရှု၍ စကားသွားစကားလာကို နားထောင်ရုံမျှဖြင့် တစ်အိမ်ထောင်လုံးတွင် ချက်ဆိုလျှင် နားခွက်ကမီးတောက်အောင်ပါးနပ်သည့် နာတာရှာကား စကတည်းက နားစွင့်လျက်ရှိလေရာ ခမည်းတော် မြို့စားကြီးနှင့် မင်းသမီးကြီး ဒရူဘက်စကားယားတို့သည် မိမိ၏အစ်ကို နီကိုလေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဖုံးအုပ်လျှို့ဝှက်ထားသည့် အချက်ရှိလေပြီဟုလည်းကောင်း၊ မင်းသမီးကြီး ဒရူဘက်စကားယားသည် လျှို့ဝှက်ချက်ကို ပြောရန်အတွက် နိဒါန်းပျိုးလျက်ရှိချေပြီဟု လည်းကောင်း ချက်ချင်းရိပ်မိလိုက်၏။ နာတာရှာသည် ရဲတင်းဖျတ်လတ်သူဖြစ်သော်လည်း သားနှင့်ပတ်သက်လာလျှင် မယ်တော်ကြီး အညာလွယ်ပုံကို ကောင်းကောင်းသိနေသူဖြစ်သည့်အတွက် ထမင်းဝိုင်းတွင် ဘာမျှ မမေးဝံ့ဖြစ်လျက်ရှိ၏။ ၎င်းကိုယ်တိုင်မှာလည်း စိတ်တုန်လှုပ်ချောက်ချားလျက်ရှိကာ အစာကိုလည်း ကောင်းစွာမစားနိုင်၊ စာပြဆရာမက တတွတ်တွတ် ကြိမ်းမောင်းနေသည်ကိုလည်း ဂရုမထားနိုင်ဘဲ ကုလားထိုင်ပေါ်တွင် ငနာမငြိမ်နိုင်အောင် ဖြစ်လျက်ရှိလေသည်။ ထမင်းစားပြီးသည်နှင့် နာတာရှာသည် မင်းသမီးကြီး ဒရူဘက်စကားယားနောက်သို့ ဒရောသောပါး ကပ်လိုက်သွားကာ ဧည့်ခန်းထဲသို့ရောက်၍ မီးသည်နှင့် တစ်ပြိုင်နက် မင်းသမီးကြီးဒရူဘက်စကားယား၏ လည်ပင်းကို သိုင်းဖက်လိုက်ရင်း

"ဘာဖြစ်လို့လဲအကြီးတော်၊ နာတာရှာကို ပြောပြပါလားဟင်"

"အို ဘာမှမဟုတ်ပါဘူး တူမတော်ရယ်"

"ဟင့်အင်း ဟင့်အင်း နာတာရှာကို ချစ်ရင်ပြောရမယ်၊ နာတာရှာကိုမပြောရင်တော့ ဖက်ထားမှာပဲ၊ မလွှတ်ဘူး၊ အကြီးတော် တစ်ခုခုပြောစရာရှိတယ်ဆိုတာ နာတာရှာသိတယ်"

မင်းသမီးကြီးဒရူဘက်စကားယားက ခေါင်းကိုယမ်းလိုက်ရင်း



www.burmeseclassic.com

"တော်တော်ပါးတဲ့ သူငယ်မလေး၊ ဟင်း"

"နာတာရှာသိပါတယ် အကြီးတော်ရဲ့၊ ကိုကို့ဆီက စာရတယ် မဟုတ်လား" နာတာရှာက မင်းသမီးကြီး ဒရူဘက်စကားယား၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်လိုက်၏။

"ဟဲ့ အော်ကျယ် အော်ကျယ် မလုပ်စမ်းပါနဲ့ တူမတော်ရဲ့၊ တော်တော်ကြာ မေဖျား ကြားသွားရင်"

"ကဲကဲ ကျယ်ကျယ်မပြောဘူး၊ ဘာလဲဟင်၊ နာတာရှာကို ပြောပါ၊ မပြောရင်တော့ မေဖျားကို ခုချက်ချင်း သွားပြောလိုက်မှာပဲ"

မင်းသမီးကြီးဒရူဘက်စကားယားက စာတွင်ပါသည့် အချက်အလက်အချို့ကို ချုံ၍ပြောလိုက်ပြီး မြို့စားကတော်ကြီးကို ပြန်မပြောရန် နှုတ်ပိတ်လိုက်သည်။

"မပြောပါဘူး အကြီးတော်ရဲ့၊ စိတ်ချပါ" နာတာရှာက လက်ယှက်ဆုတောင်း၍ကျိန်ပြီး ဆွန်ယာ့ဆီသို့ ပြေးထွက်သွားလေသည်။

"ကိုကိုဒဏ်ရာရလို့တဲ့၊ စာရောက်တယ်" နာတာရှာက ဝမ်းသာအားရဖြင့် အော်ပြောလိုက်သည်။

"ဟင် နီကိုလေ" ဆွန်ယာသည် ဤမျှသာ ပြောနိုင်တော့လျက် မျက်နှာမှာ တစ်မုဟုတ်ချင်း ဖြူရော်သွားလေသည်။

နီကိုလေ ဒဏ်ရာရသည်ဆိုသည့် သတင်းကြောင့် ဆွန်ယာ၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားတော့မှ မိမိကြားသည့်သတင်းမှာ အမင်္ဂလာသတင်းဖြစ်ကြောင်းကို ပထမဆုံးအကြိမ် နာတာရှာ သဘောပေါက်သွားလေတော့သည်။

နာတာရှာသည် ဆွန်ယာ့ကို ပြေးဖက်လိုက်ပြီး ငိုချလိုက်သည်။

"ဒဏ်ရာက သိပ်မကြီးဘူးလို့တော့ ပြောတာပဲ ဆွန်ယာ၊ ပြီးတော့ ရာထူးလဲတိုးတယ်တဲ့၊ ခုတော့ ကိစ္စမရှိတော့ပါဘူး ထင်ပါတယ်၊ စာက သူ့ကိုယ်တိုင် ရေးလိုက်တာပဲ"

နာတာရှာက မျက်ရည်များစိုရွှဲလျက် ပြောလိုက်၏။

"ခင်ဗျားတို့ မိန်းမတွေဟာ တစ်ဆိတ်ရှိ ငိုဖို့ချည်းပဲ" ပီတာက အခန်းထဲသို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်လာရင်း ပြောလိုက်၏။ "ကျွန်တော်တော့ ဝမ်းသာတယ်၊ တကယ်ပဲ သိပ်ဝမ်းသာတယ်၊ ကိုကိုဟာ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းတယ်ဆိုတာ ပြလိုက်တာပဲ၊ မမတို့တစ်တွေဟာ စကားများတတ်တာကလွဲပြီး ဘာမှ နားမလည်ဘူး"

နာတာရှာက မျက်ရည်များကြားမှ ပြုံးလိုက်၏။

"စာကို နာတာရှာကိုယ်တိုင် ဖတ်ခဲ့ရသလားဟင်" ဆွန်ယာက မေး၏။

"ဟင့်အင်း၊ အကြီးတော်က ပြောလိုက်တာ အခုတော့ ဒဏ်ရာပျောက်ပြီး ရာထူးတိုးတယ်လို့ ပြောတာပဲ"

"ဘုရား ဘုရား၊ အကြီးတော်က နာတာရှာကို လိမ်များပြောတာလားကွယ်၊ မေဖျားဆီ သွားမေးမယ်" ဆွန်ယာက လက်ယှက်၍ ဆုတောင်းရင်း ပြောလိုက်၏။

ပီတာကား စကားတစ်ခွန်းမျှမပြောဘဲ ခန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"ကျွန်တော်သာ ကိုကို့နေရာရောက်ရင်တော့ ဒီပြင်သစ်ကောင်တွေကို တစ်ကောင်ပြီးတစ်ကောင် ခုတ်သတ်ပစ်မှာပဲ၊ ဒီပြင်သစ်ကောင်တွေဟာ အရိုင်းအစိုင်းတွေ၊ ကျွန်တော်သာ သတ်ရရင်တော့ ဒီကောင်တွေ အလောင်းချင်း ထပ်နေမှာပဲ သိလား"

"တိတ်တိတ်နေစမ်းပီတာ၊ ဒီလောက်လဲဝါမနေနဲ့"

"ဘယ်ကဝါရမှာလဲ၊ မမတို့ကသာ ဘာမဟုတ်တာကလေးကို ငိုနေကြ" ပီတာက ပြောလိုက်၏။ အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ နာတာရှာက ရုတ်တရက်လှည့်ကာ

"ဆွန်ယာ သူ့ကို အမှတ်ရရဲ့လားဟင်"

ဆွန်ယာက ပြုံးလိုက်၏။

"နီကိုလေကိုလား"

"တကယ်အမှတ်ရရဲ့လား ဆွန်ယာ၊ ဟိုအဖြစ်အပျက်တွေအားလုံးကိုရော သတိရသေးရဲ့လား" နာတာရှာသည် မိမိပြောသည့်စကားများ၏ အဓိပ္ပာယ်ကို သဘောပေါက်စေလိုသဖြင့် ဟန်အမူအရာပါ စွက်၍ ပြောလိုက်၏။ "နာတာရှာတော့လေ ကိုကို့ကိုပဲ အမှတ်ရတယ်၊ ဘိုးရစ်စ်ကိုတော့ နည်းနည်းကလေးမှ သတိမရပေါင်"

"ဘာ၊ ဘိုးရစ်စ်ကို သတိမရဘူး ဟုတ်လား" ဆွန်ယာက အံ့အားသင့်လျက် မေးလိုက်၏။

"လုံးလုံး အမှတ်မရဘူးရယ်လို့တော့ မဟုတ်ပါဘူးလေ၊ တစ်ခါတလေတော့ သတိရတာပေါ့၊ ဒါပေမဲ့ ကိုကို့



www.burmeseclassic.com

ကို လွမ်းသလောက် မလွမ်းဘူး၊ မျက်စိမှိတ် စဉ်းစားလိုက်ရင် ကိုကို့မျက်နှာကိုပဲ မြင်ယောင်လာတာပဲ၊ ဒါပေမဲ့ ဘိုးရစ်စ်ကျတော့၊ (နာတာရှာသည် မျက်လုံးမှိတ်လိုက်သည်။) ဟင့်အင်း၊ ဘိုးရစ်စ်ကျတော့ မျက်စိထဲမှာ ပေါ်မလာဘူး"

"ဩော် နာတာရှာ နာတာရှာ"ဆွန်ယာသည် နာတာရှာ၏ မလိမ်မိုး မလိမ္မာ ပြောချင်ရာကိုပြောတတ်ပုံကို တွေးမိရင်း နာတာရှာအား သနားသလို ကြည့်လိုက်သည်။ နောက်မှ လေးနက်တည်ငြိမ်သောဟန်ဖြင့်

"ဆွန်ယာတော့လေ နီကိုလေကို အသည်းနှလုံးပါ ပုံအပ်ပြီးပြီ၊ သူရော ဆွန်ယာရော ဘယ်ဘဝရောက်ရောက် အသက်ရှင်နေသမျှ ကာလပတ်လုံးတော့ ဒီအချစ်ဟာ မပြယ်နိုင်တော့ဘူး"

နာတာရှာသည် ဆွန်ယာ့ကို အံ့အားသင့်လျက် မျက်လုံးပေကလပ် ပေကလပ်ဖြင့် ငေးကြည့်နေမိသည်။ မည်သို့မျှမှ မပြောမိချေ။ ဆွန်ယာပြောသည့် အချစ်မျိုးသည်လည်း လောကတွင် တကယ်ရှိသည်ဟု ယုံကြည်သွားသည်။ ဆွန်ယာသည် ရင်ထဲရှိသမျှ မခြွင်းမချန် ဖွင့်ပြောလျက် ရှိသည်ဟု သဘောပေါက်သွားသည်။ သို့ရာတွင် နာတာရှာမှာမူကား ထိုအချစ်မျိုးကို မခံစားဖူးသေးချေ။ ဤသို့သော အချစ်မျိုးသည် ရှိနိုင်သည်ဟု ယူဆသော်လည်း နာတာရှာသည် ထိုအချစ်မျိုးကို နားမလည်သေးချေ။

"ကိုကို့ဆီ စာပါးလိုက်ပါလား"

ဆွန်ယာသည် တွေးလျက်ရှိ၏။ နီကိုလေ့ထံ မည်သို့ ရေးရမည်နည်း။ ရေးကော ရေးသင့်ပါ၏လော စသော ပြဿနာများသည် အံလျှိုအလျှို ပေါ်လာကြ၏။ နီကိုလေကဲ့သို့ ရာထူးတက်ကာ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းလျက်ရှိသည့် သူရဲကောင်းတစ်ယောက်အား သံယောဇဉ်အမျှင်တန်းအောင် လုပ်ခြင်းသည် သင့်လျော်ပါမည်လောဟု တွေးနေမိသည်။

"ဟင့်အင်း ဆွန်ယာ မသိဘူး၊ သူက ရေးရင်တော့ ဆွန်ယာကပြန်ရေးမှာပဲ"

ဆွန်ယာက မျက်နှာနီရဲလျက် ပြောလိုက်၏။

"ဘာလဲ၊ ကိုကို့ဆီကို စာပါးရမှာ ရှက်သလားဟင် ဆွန်ယာ"

ဆွန်ယာက ပြုံးလိုက်၏။

"ဟင့်အင်း၊ မရှက်ပါဘူး"

"နာတာရှာတော့ ဘိုးရစ်စ်ဆီစာပါးရမှာ ရှက်တယ် ဆွန်ယာ၊ နာတာရှာ မရေးချင်ဘူး"

"ဘာရှက်စရာ ရှိသလဲ နာတာရှာ"

"ဟင့်အင်း၊ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ ဒါပေမဲ့ စာရေးရမှာ တစ်မျိုးကြီးပဲ၊ ရှက်စရာကြီးလို့ ထင်တယ်"

"ဘာဖြစ်လို့ ရှက်တယ်ဆိုတာတော့ ကျွန်တော် သိပါတယ်ဗျ"ပီတာက ကြားဝင်၍ပြောလိုက်သည်။ "မမက ဟိုမျက်မှန်နဲ့ခပ်ဝဝလူနဲ့ ကြိုက်နေတာကိုးဗျ။ (ပီတာ့ကို ပြောခြင်းဖြစ်သည်။)ခု ဟိုအဆိုတော်နဲ့ ကြိုက်နေပြန်ပြီ မဟုတ်လား၊ (နာတာရှာအား အဆိုသင်ပေးနေသူ အီတလီ အဆိုတော်ကို ပြောခြင်းဖြစ်သည်။) ဒါကြောင့်မို့ မမက ရှက်နေတာပါဗျ"

"ပီတာနော်၊ ရူးသလိုလို နှမ်းသလိုလိုနဲ့"

"ရူးတယ် နှမ်းတယ်ဆိုရင်လဲ ကြီးဒေါ်လောက်တော့ မဆိုးသေးဘူး ထင်ပါတယ် ကြီးဒေါ်ရဲ့" ကိုးနှစ်အရွယ်ရှိ ပီတာက အငြိမ်းစားစစ်ဗိုလ်ကြီး၏ ဟန်ဖြင့် ပြောင်၍ပြောလိုက်၏။

မြို့စားကတော်ကြီးသည် ညစာစားပွဲတွင် မင်းသမီးကြီး ဒရူဘက်စကားယားက အရိပ်အမြွက်ပြောလိုက်သော စကားများကို ကြားခဲ့ပြီး ဖြစ်၏။ မိမိ၏ ခန်းဆောင်သို့ ပြန်ရောက်သောအခါ၌ မြို့စားကတော်ကြီးသည် လက်တင် ထိုင်ဖုံတွင်ထိုင်ကာ ရှုဆေးဘူးအဖုံးပေါ်ရှိ နီကိုလေ၏ ရုပ်ပုံသေးသေးကလေးကို ငေးစိုက်ကြည့်ရင်း မျက်ရည်ဝဲလျက် ရှိလေသည်။ မင်းသမီးကြီးဒရူဘက်စကားယားသည် နီကိုလေထံမှ စာကိုကိုင်၍ အခန်းဝသို့ ခြေဖျားထောက်လျက် လျှောက်လာပြီး ရပ်နေလေသည်။

"မြို့စားကြီး မလိုက်ခဲ့ပါနဲ့"မင်းသမီးကြီး ဒရူဘက်စကားယားက ၎င်း၏နောက်မှ လိုက်လာသော မြို့စားကြီးကို တားလိုက်၏။ "နောက်မှ လိုက်လာပါ"မြို့စားကတော်ကြီးသည် တံခါးကိုထပိတ်ပြီး ပြန်လှည့်သွားလေသည်။

မြို့စားကြီးရော့စတော့ဗ်သည်သော့ပေါက်တွင် နားကပ်ကာ အထဲက စကားသံများကို နားထောင်နေသည်။

အစပထမသော် သဲကွဲစွာမကြားရဘဲ ဝိုးတိုးဝါးတားသာ ကြားရ၏။ ထို့နောက် မင်းသမီးကြီး ဒရူဘက်စကားယား၏အသံကို ဆက်တိုက်ကြားနေရသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com


ငိုသံတစ်သံကြားရပြီး တိတ်ဆိတ်သွားပြန်သည်။ ထို့နောက် ရွှင်မြူးလာသောအသံများနှင့်တကွ ခြေသံများကို ကြားရလေသည်။ မင်းသမီးကြီးဒရူဘက်စကားယားသည် တံခါးကို ဖွင့်လိုက်သည်။ မင်းသမီးကြီး ဒရူးဘက်စကားယား၏ မျက်နှာကား လူနာတစ်ယောက်အား အောင်မြင်စွာ ခွဲစိတ်ကုသခဲ့သော ခွဲစိတ်မှုဘက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦး၏ အသွင်ကိုဆောင်လျက်ရှိကာ ချီးကျူးခံလိုသည့် မျက်နှာထားမျိုး ဖြစ်လေသည်။

"ပြောပြီးပါပြီ၊ ကိစ္စမရှိတော့ဘူး" မင်းသမီးကြီး ဒရူဘက်စကားယားသည် အောင်မြင်သော မျက်နှာထားဖြင့် မြို့စားကတော်ကြီးအား လက်ညှိုးထိုးပြ၍ မြို့စားကြီးကို ပြောလိုက်သည်။ မြို့စားကတော်ကြီးကား နီကိုလေ၏ ရုပ်ပုံပါသော ရှူဆေးဘူးကို တစ်ဖက်၊ စာကို တစ်ဖက် ကိုင်ထားဖြီး တစ်လှည့်စီ နမ်းရှုပ်လျက် ရှိပေ၏။

မြို့စားကတော်ကြီးသည် မြို့စားကြီးရော့စတော့ဗ်ကို မြင်သောအခါ၌ လက်နှစ်ဖက်ကိုဆန့်တန်းကာ မြို့စားကြီး၏ ခေါင်းပြောင်ကြီးကို ပိုက်ထားလိုက်သည်။ ထိုသို့ ပိုက်ထားရင်းလည်း စာနှင့် နီကိုလေ၏ရုပ်ပုံကို ကြည့်လျက်ရှိလေသည်။ ထို့နောက် နမ်းရှုပ်လိုပြန်ရကား မြို့စားကြီး၏ ခေါင်းပြောင်ကြီးကို ဆောသို့တွန်းလိုက်ပြန်သည်။ ထိုအခိုက် ခန်းဆောင်ထဲသို့ ဗီရာ၊ နာတာရှာ၊ ဆွန်ယာနှင့် ပီတာတို့ ရောက်လာကြပြီး စာကို ဝိုင်းအုံဖတ်ကြလေသည်။ စာ၌ စစ်ချီခရီးအကြောင်းနှင့်တကွ ၎င်းပါဝင်တိုက်ခိုက်ခဲ့သော တိုက်ပွဲနှစ်ပွဲနှင့် ရာထူးတက်သည့်အကြောင်းများကို ရေးထားပြီးနောက် ဖေဖျားနှင့် မေဖျားတို့ကိုလည်း နှုတ်ဆက်ကန်တော့ကြောင်း၊ ဗီရာ၊ နာတာရှာနှင့် ပီတာတို့ကိုလည်း နှုတ်ဆက်လိုက်ပါကြောင်း၊ ထို့ပြင် မွန်စီယာရှဲလင်း၊ မဒမ်ရှော့စ်နှင့်တကွ ငယ်ငယ်က အထိန်းတော်ကြီးကိုလည်း နှုတ်ဆက်လိုက်ကြောင်း၊ ထို့နောက် 'မိမိချစ်မြတ်နိုး၍ အမြဲအမှတ်တရရှိနေသော ဆွန်ယာ'အားလည်း နှုတ်ဆက်လိုက်ကြောင်းဖြင့် ရေးထားလေသည်။ ဆွန်ယာမှာ ဤအပိုဒ်ကို နားထောင်လိုက်ရသောအခါ၌ ရှက်သွေးဖြာသွားကာ ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာလေတော့သည်။ အားလုံးက မိမိကို ဝိုင်းကြည့်နေသောအခါတွင် မူကား ဆွန်ယာသည် မျက်နှာမထားတတ်တော့သဖြင့် ပွဲတက်ဆောင်ဘက်သို့ ရှက်ပြုံးပြုံးလျက် လှည့်ထွက်ပြေးလေရာ နောက်ကဝတ်စုံသည် မှိုင်းခံမီးအုံကြီးတစ်အုံကဲ့သို့ ဖောင်းကြွ၍ ပါသွားလေသည်။ မြို့စားကတော်ကြီးကား တရှုပ်ရှုပ်ငိုလျက်ရှိပေ၏။

"ဘာဖြစ်လို့ငိုတာလဲ မေဖျား၊ နီကိုလေ့စာထဲမှာ ဝမ်းနည်းစရာတစ်ခုမှမပါဘဲ ဝမ်းသာစရာတွေချည်းပဲဥစ္စာ" ဗီရာက ပြောလိုက်၏။

ဗီရာပြောသကဲ့သို့ စာထဲ၌ ဝမ်းသာစရာသတင်းများသာ ပါပေသည်။ သို့ရာတွင် မြို့စားကြီး ရော့စတော့ဗ်၊ မြို့စားကတော်နှင့် နာတာရှာတို့သည် ဗီရာကို အပြစ်တင်သော မျက်နှာထားနှင့် ကြည့်လိုက်ကြသည်။ 'အင်း၊ ဒီသမီးကြီးဟာ မေဖျားငိုတဲ့အဓိပ္ပာယ် မသိသေးဘူး'ဟု မြို့စားကတော်ကြီးစိတ်ထဲတွင် တွေးနေမိလေသည်။

ဤသို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများသည် နီကိုလေ၏စာကို အခေါက်ခေါက်အခါခါ ဖတ်လျက်ရှိကြ၏။ နားထောင်ထိုက်သူ မှန်သမျှကိုလည်း နားထောင်စေ၏။ မြို့စားကတော်ကြီးကား စာကို မည်သူ့လက်သို့မျှမပေးဘဲ ၎င်းကိုယ်တိုင် ဖတ်ပြနေပေသည်။ စံအိမ်ရှိ စာပြဆရာများ၊ အထိန်းတော်များ၊ ကျွန်ယုံတော်ကြီး ဒီမီထရီနှင့်တကွ အသိမိတ်ဆွေများအားလုံး ရောက်လာကြလေသည်။ မြို့စားကတော်ကြီးကား စာကို အထပ်ထပ်ဖတ်ပြသည်။ တစ်ခေါက်ဖတ်ပြတိုင်း အားသစ်တိုးလာသကဲ့သို့ ရွှင်လန်းလာကာ ဖတ်တိုင်း ဖတ်တိုင်း နီကိုလေ၏ အရည်အချင်းသစ်များကို တစ်ခုပြီးတစ်ခု တွေ့လာလေသည်။ လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ခန့်က ပုလုကွေးလွေးလွန်စွာ သေးငယ်လှသော ခြေလက်ကလေးများဖြင့် မိမိဝမ်းကြာတိုက်ကိုထိထားခဲ့သော သားကလေး နီကိုလေ၊ လွန်စွာ အလိုလိုက်လွန်းသည့် ဖခင်မြို့စားကြီးနှင့် မိမိတို့အား ခဏခဏရန်ဖြစ်အောင်လုပ်ခဲ့သော နီကိုလေ၊ တောတီးတော့တာ စကားတတ်ခါစအရွယ်၌ 'သစ်သော့သီး' နှင့် 'ဘွားဘွား'ဟူသော စကားနှစ်လုံးကို ပထမဆုံး စတင်ပြောခဲ့သော နီကိုလေ၊ ထိုသို့သော နီကိုလေသည် ဝေးမြေရပ်ခြား တိုင်းတစ်ပါးတွင် ရောက်ရှိလျက် အကြောအခြင် သံချောင်းပမာ ခိုင်မာတောင့်တင်းသော စစ်ထွက်ယောက်ျားကြီးတစ်ဦးအဖြစ် မည်သူ၏ အကူအညီ၊ မည်သူ၏ အဆုံးအမမျှမပါတော့ဘဲ ယောက်ျားသားတို့၏ တာဝန်ကို ထမ်းရွက်လျက်ရှိသည်ဟု တွေးလိုက်မိသောအခါ၌ကား


www.burmeseclassic.com

မြို့စားကတော်ကြီး၏ရင်ထဲတွင်မိခင်တို့၏ မေတ္တာစေတ်သည် တစ်ကိုယ်လုံး အနှံ့တည်ကာ ပီတိဟုန်ကြွလျက်ရှိလေသည်။ လောက၌ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူဟူသရွေ့သည် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မျှဖြင့် မွေးဖွားလာခဲ့ကြပြီးနောက် ပခက်တွင်းမှသည် လူကြီးအဖြစ်သို့ တဖြည်းဖြည်း မသိမသာကြီးထွားဖွံ့ဖြိုးလာခဲ့ကြသည်သာဖြစ်၏။ ဖြူသည်မည်းသည်မဟူ အားလုံးသည် နို့စို့မှသည် နို့ညှာ၊ နို့ညှာမှသည် လူမည်စသဖြင့် အရွယ်အဆင့်ဆင့်ကို ကျော်ဖြတ်၍ လူလားမြောက်လာခဲ့ကြရသည်သာ ဖြစ်၏။ သို့ရာတွင် မြို့စားကတော်ကြီးအဖို့၌ကား ဤသို့မဟုတ်ချေ။ မိမိ၏သား နီကိုလေလူလားမြောက်ခဲ့ပုံသည် ကမ္ဘာလောကကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော အခြားသူများ ကြီးပြင်းလူလားမြောက်လာပုံနှင့်မတူဟု ထင်မှတ်လျက်ရှိလေသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က မိမိ၏ ဝမ်းကြာတိုက်အတွင်း၌ ကိန်းအောင်းနေခဲ့သော ပီဘိသေးသေး သတ္တဝါကလေးသည် လူ့လောကကြီးထဲသို့ မွေးဖွားလာခဲ့ကာ ငိုကြွေးခြင်း၊ နို့ချိုစို့ခြင်း၊ တွတ်တီးတွတ်တာ စကားဆိုခြင်းစသည့်အမှုတို့ကို ပြုလုပ်လိမ့်မည်ဟု ထင်နိုင်စရာမရှိသကဲ့သို့ ယခုလည်း ထိုသတ္တဝါကလေးသည် အကြောအခြင်သံချောင်းကဲ့သို့ မာကျောကာ သူရသတ္တိနှင့် ပြည့်စုံသောယောကျ်ားကြီးတစ်ယောက်၊ စံပြသားကြီးတစ်ဦး၊ အဖနိုင်ငံ၏အကျိုးကို သယ်ပိုးလျက်ရှိသော တပ်ဗိုလ်ကြီးတစ်ယောက်အဖြစ်သို့ ရောက်လျက်ရှိခြင်းကို မယုံကြည်နိုင်အောင်ဖြစ်လျက်ရှိလေသည်။

"ကြည့်စမ်း၊ စာရေးပုံကလဲ ဘယ်ကလောက် ပြေပြစ်သလဲ"မြို့စားကတော်ကြီးက စာကိုဖတ်၍ ပြောပြန်သည်။ "တကယ့်ကို ရှာမှရှားတဲ့ သားကြီးပေပဲ၊ သူ့အကြောင်း ဝါကြွားရေးထားတာ တစ်လုံးမှ မပါဘူး၊ ဒင်နီဆော့ဗ်တို့ဆိုတဲ့ စစ်ဗိုလ်တွေ သူရသတ္တိပြောင်မြောက်ပုံကိုပဲ ရေးထားတယ်၊ တကယ်ကတော့ ငါ့သားလောက် ဘယ်စစ်ဗိုလ်မှ သတ္တိကောင်းမှာ မဟုတ်ပါဘူး၊ အားကိုးမယ်ဆိုလဲ အားကိုးထိုက်တဲ့သားပဲ၊ အမှတ်ရလိုက်ရတာ ဘယ်သူ့မှမမေ့ရှာဘူး၊ ငါ့သားကြီးအကြောင်း ငါ ကောင်းကောင်းသိတယ်၊ ကောင်းစားလေလေ သဘောထားကြီးလေလေ"

သီတင်းတစ်ပတ်လုံး မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်တွင် နီကိုလေသို့ပေးရန် စာများရေးကူးခြင်း၊ တပ်ဗိုလ်အဝတ်အစားများဝယ်ရန် ငွေနှင့်တကွ အခြားလိုအပ်သော ပစ္စည်းပစ္စယများ စုဆောင်းခြင်းစသည်တို့ဖြင့် အလုပ်ရှုပ်လျက် ရှိလေသည်။ မင်းသမီးကြီးဒရူဘက်စကားယားမှာကား အဆက်အသွယ်နှံ့စပ်သူ ဖြစ်သည့်အလျောက် မိမိသား ဘိုးရစ်စ်နှင့် ဆက်သွယ်မှုပိုလွယ်ကူစေရန် တပ်မတော်အာဏာပိုင်များ၏ အကူအညီကိုပင် တောင်းလိုက်သေးသည်။ သားထံသို့ပေးသောစာများကို ကိုယ်ရံတော်တပ်မှူးမြို့စားကြီးကွန်စတန်တင်ပါဗလိုဗစ်မှ တစ်ဆင့်ပါးခွင့်ရအောင်ကြိုးစားကာ အခွင့်အအရေးကို အရအမိယူလိုက်သည်။ မြို့စားကြီးရော့စတော့ဗ်တို့မိသားစုကား 'စစ်စခန်းတစ်နေရာရောက် ရုရှားကိုယ်ရံတော်တပ်သို့'ဟု လိပ်တပ်ပေးလိုက်လျှင်လည်း ရောက်နိုင်သည်ဟု ယူဆလျက်ရှိသည်။ အကယ်၍ ထိုစာသည် ကိုယ်ရံတော်တစ်မှူး မြို့စားကြီးကွန်စတန်တင့်ထံသို့ ရောက်လျှင် ထိုတပ်အနီးအနားတစ်ဝိုက်၌ရှိသည့် နီကိုလေ၏ ပါဗလိုဂရက် မြင်းတပ်သို့လည်း ရောက်နိုင်သည်ဟု ယူဆသည်။ ထို့ကြောင့် စာများနှင့် ငွေများကို မြို့စားကြီးကွန်စတန်တင်၏ စေတမန်ဖြင့် ဘိုးရစ်စ်သို့ပေးရန်၊ ဘိုးရစ်စ်မှတစ်ဆင့် နီကိုလေသို့ပေးရန်စီစဉ်၍ ပို့လိုက်လေသည်။ စာများကား မြို့စားကြီးရော့စတော့ဗ်၊ မြို့စားကတော်ကြီး၊ ပီတာ၊ ဗီရာ၊ နာတာရှာနှင့် ဆွန်ယာတို့ထံမှ စာများဖြစ်လျက် ထိုစာများနှင့်အတူ အခြားပစ္စည်းများနှင့် စစ်ဝတ်စုံချုပ်ရန် ငွေဒင်္ဂါးခြောက်ထောင်ကိုလည်း မြို့စားကြီးရော့စတော့ဗ်က ၎င်း၏သား နီကိုလေထံ ပေးပို့လိုက်လေသတည်း။

## အခန်း ၇

နိုဝင်ဘာလ ၁၂ ရက်နေ့၌ အိုလမွတ်ရွာအနီးတွင် စခန်းချနေသော ရုရှားသေနာပတိချုပ် ကူတူဇော့ဗ်၏ တိုက်ပွဲဝင်တပ်မတော်ကြီးသည် ရုရှားဘုရင်ဧကရာဇ်နှင့် ဩစတြီးယားဘုရင်ဧကရာဇ်နှစ်ပါးတို့ နောက်တစ်နေ့တွင် ဗိုလ်ရှုခံသဘင် ကြွရောက်လာမည်ဖြစ်သည့်အတွက် တလှုပ်ရှားရှားဖြင့် ပြင်ဆင်လျက် ရှိလေသည်။ ရုရှားနိုင်ငံမှ နောက်ထပ်ရောက်ရှိလာသော ကိုယ်ရံတော်တပ်များသည် ထိုည၌



www.burmeseclassic.com

www.burmeseclassic.com



အိုလမွတ်ရွာမှ ဆယ်မိုင်ခန့်အကွာတွင် တပ်နားလျက်ရှိကြပြီး နောက်တစ်နေ့နံနက် ဆယ်ချက်တီးအချိန်၌ ဗိုလ်ရှုခံသဘင် ကျင်းပရာ အိုလမွတ်သို့အရောက် ချီလာကြမည်ဖြစ်လေသည်။

ထိုနေ့၌ နီကိုလေသည် ဘိုးရစ်စ်ထံမှ စာတစ်စောင် ရရှိလေသည်။ စာထဲ၌ မိမိတို့၏ အစ်စ်မြီလော့ဗ်ကိုယ်ရံတော်တပ်ဖွဲ့သည် အိုလမွတ်မှ ဆယ်မိုင်ကွာတွင် တပ်နားလျက်ရှိကြောင်း၊ နီကိုလေသို့ပေးရန်ငွေများနှင့် စာများရှိသည့်အတွက် နီကိုလေနှင့် တွေ့လိုကြောင်းဖြင့် ပါရှိလေသည်။ ဤအချိန်၌ နီကိုလေမှာလည်း ငွေပြတ်လျက်ရှိ၏။ တပ်များမှာ တိုက်ပွဲများကို ဆက်တိုက်တိုက်ခဲ့ရပြီးနောက် အိုလမွတ်ရွာအနီး၌ တပ်နားလျက်ရှိသည်တွင် တပ်စခန်းတစ်ခုလုံး ရိက္ခာဆိုင်များနှင့် လိုချင်မက်မောဖွယ် ဝတ္ထုပစ္စည်းများကိုရောင်းလျက်ရှိသည့် ရေဝတီဈေးသည်များဖြင့် ပြည့်နှက်လျက် ရှိလေသည်။ ပါဗလိုဂရက်မြင်းတပ်ကား တပ်ချီတက်ရာတွင် ဆုတံဆိပ်များရရှိခဲ့သည့်အလျောက် တစ်ပွဲပြီးတစ်ပွဲ အထိမ်းအမှတ်များ တခြိမ့်ခြိမ့်ကျင်းပလျက်ရှိ၏။ အိုလမွတ်ရွာထဲ၌ ကာရီလင်းအမည်ရှိ ဟန်ဂေရီမကြီးတစ်ယောက် ဖွင့်လှစ်ထားသော စားသောက်ဆိုင်မှာ မိန်းကလေးစားပွဲထိုးများရှိသည့်အလျောက် တပ်သားများသည် ထိုဆိုင်သို့ တရုန်းရုန်းနှင့် ရေထွက်မတတ် ကူးသန်းသွားလာလျက်ရှိလေသည်။ နီကိုလေမှာ အလံကိုင်ဗိုလ်လေးရာထူးသို့ တိုးတက်ချီးမြှင့်ခြင်း ခံရသည့်အတွက် အပေါင်းအဖော်များအား 'ဒကာခံ'ရသဖြင့် တစ်ကြောင်း၊ ဗိုလ်ကြီးဒင်နီဆော့ဗ်၏ 'ဗေဒွင်'အမည်ရှိမြင်းကြီးကို ဝယ်ယူလိုက်သည့်အတွက်ကြောင့် တစ်ကြောင်း ရိက္ခာဆိုင်များနှင့် သွေးသောက်များသို့ပေးရန် ကြွေးပတ်လည်ဝိုင်းလျက်ရှိ၏။ ဘိုးရစ်စ်၏စာကိုရသည်တွင် နီကိုလေသည် မိမိ၏ သွေးသောက်ဖြစ်သူ ဗိုလ်ကလေးတစ်ယောက်နှင့် အတူ အိုလမွတ်ရွာသို့ မြင်းကိုယ်စီဖြင့်လာခဲ့ကြ၏။ နီကိုလေသည် ထိုရွာ ပျော်ပွဲစားရုံ၌ ဝိုင်အရက်တစ်ပုလင်းဖြင့် ညစာစားခဲ့ပြီး ဘိုးရစ်စ်ကိုရှာရန် ကိုယ်ရံတော်တပ်စခန်းဆီသို့ တစ်ယောက်တည်း မြင်းစီး၍ လာခဲ့လေသည်။ ထိုအချိန်၌ နီကိုလေမှာ အလံကိုင်ဗိုလ် ကလေး၏ဝတ်စုံကို မရသေးချေ။ ကြက်ခြေခတ်တပ်သား တံဆိပ်တပ်ထားသည့် ခပ်နွမ်းနွမ်း ဗိုလ်လောင်းအင်္ကျီ၊ သားရေခပ်နွမ်းနွမ်း အနားကွပ်ထားသည့် ခပ်မှိန်မှိန် ဗိုလ်လောင်းမြင်းစီးဘောင်းဘီတို့ကို ဝတ်ဆင်ထားကာ တပ်ဗိုလ်ကိုင်ဓားရှည်တစ်ချောင်းကို ခါးတွင်ချပ်ထားလေသည်။ ယခု မိမိစီးလာသည့် ကော့ဆက်မြင်းကြီးမှာ စစ်ချီစဉ်က ကော့ဆက်တပ်သားကြီးတစ်ယောက်ထံမှ ဝယ်ခဲ့ခြင်းဖြစ်လေသည်။ နီကိုလေသည် ကြေမွနေသော မြင်းတပ်သားဦးထုပ်တစ်လုံးကိုလည်း ခပ်လန်လန်ဆောင်းထားလျက်ရှိလေရာ ၎င်း၏အသွင်မှာ တိုက်ပွဲတွင် အခြေမလှဖြစ်သဖြင့် ထွက်ပြေးလာခဲ့သည့် မြင်းတပ်သားတစ်ယောက်၏ အသွင်မျိုးဖြစ်နေသဖြင့် ဘိုးရစ်စ်နှင့် ကိုယ်ရံတော်တပ်မှ မိမိ၏ သွေးသောက်များက မည်သို့ ထင်ကြလေမည်နည်းဟု တွေးရင်း တပ်စခန်းဆီသို့ မြင်းကိုစီး၍ လာခဲ့လေသည်။

ကိုယ်ရံတော်တပ်ဖွဲ့ကား စည်းကမ်းသေဝပ်ခြင်း၊ သပ်ရပ်သန့်ရှင်းခြင်းတို့ဖြင့် ထည်ဝါသားနားလျက်ရှိလေရာ ၎င်းတို့မှာ စစ်မြေပြင်သို့ထွက်လာသည်နှင့် မတူဘဲ အပျော်ခရီးထွက်လာသကဲ့သို့ မှတ်ထင်ရလေသည်။ ၎င်းတို့ ချီတက်လာခဲ့ရသည်မှာလည်း ပင်ပန်းလှသည်မဟုတ်ချေ။ ကျောပိုးအိတ်များကို ဝန်တင်လှည်းများပေါ်၌ တင်လာကာ စခန်းထောက်တိုင်း၌လည်း ဩစတြီးယားတပ်မတော် အာဏာပိုင်များက တည်ခင်းကျွေးမွေးသော စားကောင်းသောက်ဖွယ်များကို စားသောက်လာခဲ့ရသည်သာ ဖြစ်ပေသည်။ လမ်းခရီးတစ်လျှောက် မြို့ရွာအဝင်အထွက်များတွင် ကိုယ်ရံတော်တပ်ရင်းသည် ဘင်ခရာများ တီးမှုတ်လျက် တပ်မှူး အိမ်ရှေ့ဥပရာဇာမင်းသားကြီး၏ အမိန့်အရ လမ်းတစ်လျှောက်လုံး ဘင်ခရာအချက်ဖြင့် ချီတက်လာခဲ့ကြပေသည်။ (ကိုယ်ရံတော်တပ်များသည် ဤသို့ ဘင်ခရာချက်ဖြင့် ခြေလှမ်းမှန်မှန် ချီတက်ရခြင်းကို အလေ့အကျင့်ရသူများဖြစ်သည့်အတိုင်း ဂုဏ်ယူလေ့ရှိသည်။) တပ်ဗိုလ်များကလည်း မိမိတို့၏တပ်ဖွဲ့များရှေ့၌ အစီအစဉ် အနေအထားမပျက် ခြေလျင်လျှောက်လာခဲ့ကြသည်။ ဘိုးရစ်စ်ကား တပ်ဖွဲ့ကလေးတစ်ဖွဲ့ကို ခေါင်းဆောင်လျက် ရုရှားတပ်မတော်၌ အမှုထမ်းနေသည့် ဂျာမန်အမျိုးသားတစ်ဦးဖြစ်သူ တပ်ခွဲမှူးဘာ့ဂ်နှင့် တစ်လမ်းလုံး ခြေကျင်ချီတက်လာခဲ့လေသည်။ ဘာ့ဂ်မှာ စစ်ချီသည့်အခါကျမှ ဗိုလ်ကြီးရာထူးကို ရခဲ့ခြင်းဖြစ်၏။ အမိန့်ကို တိကျစွာဆောင်ရွက်ခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်းတို့ကြောင့် အထက်လူကြီး



www.burmeseclassic.com

များ၏ ယုံကြည်ခြင်းကိုခံရသူ ဖြစ်၏။ အသုံးအစွဲ၌လည်း များစွာ စေ့စပ်သေချာသူတစ်ယောက်ဖြစ်လေသည်။ စစ်ချီသည့် တိုက်ပွဲစဉ်တစ်လျှောက်၌ ဘိုးရစ်စ်သည် မိမိအတွက် အသုံးဝင်မည့်သူများစွာအား အသိအကျွမ်းဖွဲ့ခဲ့ရာ ပီယာက စာရေးပေးလိုက်သဖြင့် မင်းသားကလေး အင်ဒရေးနှင့်လည်း အသိအကျွမ်းဖြစ်ခဲ့လေသည်။ ဘိုးရစ်စ်သည် မင်းသားကလေး အင်ဒရေးနှင့် အသိအကျွမ်းဖြစ်ရသည့်အတွက် စစ်သေနာပတိချုပ်၏ စစ်ဦးစီးဌာနချုပ်သို့ ပြောင်းရွှေ့ခြင်း ခံရလေမည်လောဟုလည်း မျှော်လင့်လျက်ရှိသည်။ ဘာ့ဂ်နှင့် ဘိုးရစ်စ်တို့သည် မနေ့ကတစ်နေ့လုံး ချီတက်လာခဲ့ကြပြီးနောက် ကိုယ်လက်သုတ်သင်ပြီး သန့်စင်စွာဝတ်စားလျက် မိမိတို့၏တန်းလျားတွင် ထိုင်၍ အေးအေးလူလူ အနားယူကာစစ်တုရင်ထိုးနေကြသည်။ ဘာ့ဂ်သည် ဆေးတံကို ပေါင်ပေါ်တွင်တင်ထားလေသည်။ ဘိုးရစ်စ်ကား မိမိ၏ သဘာဝတစ်ခုဖြစ်သော စေ့စပ်သေချာမှုကို အသုံးပြုလျက် နူးညံ့ဖြူဖွေးသောလက်များဖြင့် နယ်ရုပ်များကို တြိဂံပုံဖြစ်အောင်ရွှေ့လိုက်ပြီး ဘာ့ဂ်၏ အရွှေ့ကိုစောင့်ရင်း အကွက်များကို စဉ်းစားကာ ဘာ့ဂ်၏မျက်နှာကို အကဲခတ်လျက် ရှိသည်။

"ကဲ ဗိုလ်ကြီးဘာတက်မလဲ၊ ပိတ်မိနေပြီ မဟုတ်လား" ဘိုးရစ်စ်က မေးလိုက်၏။

"နေပါဦးလေ၊ နေပါဦး" ဘာ့ဂ်က နယ်ရုပ်တစ်ရုပ်ကို ကိုင်လိုက်ပြီးမှ လက်ကို ပြန်ရုပ်လိုက်သည်။

ထိုအခိုက် တံခါးပွင့်လာလေသည်။

"ဗျို့ ရောင်းရင်းက လက်စသတ်တော့ ဒီမှာကိုး၊ ဟောဗျ ဗိုလ်ကြီးဘာ့ဂ်ရောပါလား၊ ကဲ ကလေးတွေ အိပ်ကြတော့ အိပ်ကြတော့" နီကိုလေက နှစ်ဦးစလုံးကို နှုတ်ဆက်လိုက်ပြီးနောက် မိမိနှင့် ဘိုးရစ်စ်တို့ ငယ်စဉ်ရှရှားအထိန်းတော်ကြီးက ပြင်သစ်လို မတတ်တတတ်ပြော၍ အိပ်ရာဝင်ခိုင်းပုံကို အမှတ်ရသဖြင့် တစ်ဆက်တည်း နောက်ပြောင်ပြောလိုက်၏။

"အလို ခင်ဗျားကြည့်ရတာ ဘယ်လိုဖြစ်လာတာလဲ၊ ဆိုစမ်းပါဦး"

ဘိုးရစ်စ်သည် နီကိုလေကိုနှုတ်ဆက်ရန် ထလိုက်၏။ ထလိုက်သည်တွင် စစ်တုရင်ခုံကိုတိုက်မိသဖြင့် စစ်တုရင်အရုပ်အချို့ အောက်သို့ကျသွားလေရာ လွန်စွာ သပ်သပ်ရပ်ရပ်နေတတ်သည့် ဘိုးရစ်စ်သည် ထိုစစ်တုရင်ရုပ်များကို ကောက်၍ သိမ်းမိအောင်သိမ်းကာ ခုံပေါ်တွင် ပြန်တင်ထားလိုက်သေး၏။ ဘိုးရစ်စ်က နီကိုလေကို လှမ်းဖက်၍ နှုတ်ဆက်မည်ပြုသောအခါတွင် နီကိုလေက ရှောင်လိုက်သည်။ လူငယ်တို့မည်သည် ဟောင်းနွမ်းအိုမင်းလုပြီဖြစ်သော ထုံးတမ်းစဉ်လာများကို ရွံမုန်းလေ့ရှိကြရာ နီကိုလေသည်လည်း ဘိုးရစ်စ်က ယခုကဲ့သို့ ထုံးတမ်းစဉ်လာအတိုင်း နှုတ်ဆက်မည်ပြုသည့်အတွက် နှစ်မြို့ခြင်းမရှိသည့်အလျောက် ရှောင်ဖယ်ဆီးလိုက်ခြင်း ဖြစ်လေသည်။ နီကိုလေ၏အမြင်၌ ဤသို့ ရှေးအစဉ်အလာ ပွေ့ဖက်နမ်းရှုပ်နှုတ်ဆက်ခြင်းသည် ရိုးသားခြင်းမရှိ၊ လိုက်လဲခြင်းမရှိ၊ အပေါ်ယံလောကဝတ်မျှသာ ဖြစ်သည်ဟု ယူဆ၏။ နီကိုလေသည် မိမိ၏ ယယ်ပေါင်းကြီးဖော်ဘိုးရစ်စ်အား ဤသို့ရိုးသားခြင်းမရှိသော အပေါ်ယံလောကဝတ်မျိုးဖြင့် နှုတ်ဆက်ခြင်း မပြုလိုဘဲ တရင်းတနှီး နှုတ်ဆက်လို၏။ သူသူငါငါ နှုတ်ဆက်ကြသကဲ့သို့ နမ်းရှုပ်ခြင်းမပြုဘဲ လူငယ်ပီပီ၊ ငယ်ပေါင်းကြီးဖော်တွေပီပီ တွန်းလားထိုးလား ဆွဲလားလွဲလားဖြင့် နှုတ်ဆက်လို၏။ သို့ရာတွင် နီကိုလေက ဤသို့ ဖက်လဲတကင်း နှုတ်ဆက်လိုသော်လည်း ဘိုးရစ်စ်ကမူ လောကဝတ်အရ ပွေ့ဖက်ကာ သုံးကြိမ်နမ်းရှုပ်၍ နှုတ်ဆက်ခြင်းပြု၏။

၎င်းတို့နှစ်ဦး ကွဲကွာသွားကြသည်မှာ ခြောက်လနီးပါး ရှိလေပြီ။ ၎င်းတို့နှစ်ဦးစလုံးသည် လူ့ဘဝလမ်းခရီးကြီးပေါ်၌ ပထမဆုံးသောခြေလှမ်းကို လှမ်းစအရွယ်၊ မိမိ၏ ကိုယ်စွမ်းကိုယ်စဖြင့် ပထမဆုံးလူရာဝင်စပြုသည့် အရွယ်သို့ ရောက်ကြပြီးဖြစ်သည့်အလျောက် ထိုအရွယ်တွင် ပြန်လည်တွေ့ဆုံကြသော ငယ်ပေါင်းကြီးဖော်တို့၏ အမူအရာအတိုင်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်လိုက်မိကြသည်။ ၎င်းတို့နှစ်ဦးစလုံး၌ ငယ်စဉ်ကနှင့်မတူကြတော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲနေသည်များကိုလည်း သတိပြုလိုက်မိကြသည်။ ၎င်းတို့၏ ပထမဆုံးခြေလှမ်းဖြင့် လှမ်းဝင်ခဲ့သော ပတ်ဝန်းကျင်သစ်၊ အသိုင်းအဝိုင်းသစ်၏ အရိပ်အယောင် ထင်ဟပ်လျက်ရှိခြင်းကိုလည်း တွေ့ရ၏။ ဤခြောက်လနီးပါးမျှသော ကာလအတွင်း၌ ၎င်းတို့နှစ်ဦးစလုံး အကြီးအကျယ် ပြောင်းလဲခဲ့ကြလေပြီ။ နှစ်ဦးစလုံးကလည်း မိမိတို့၏ ပြောင်းလဲချက်များကို တစ်ဦးအားတစ်ဦး ထုတ်ဖော်ပြသရန် စိတ်စော

လျက် ရှိကြလေသည်။

"ရောင်းရင်းတို့ကတော့ တကယ့်ကို မင်းသားရုပ်ကလေးတွေ ကျနေတာပဲဗျို့၊ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ ပွဲတက်တော့မယ့်အတိုင်း ကြော့လွှင်နေတာပဲ၊ ကျွန်တော်တို့လို စစ်မြေပြင်ရောက်နေတဲ့ ငမိုက်သား လူရမ်းကားတွေနဲ့ လားလားမှ မတူတော့ဘူး" နီကိုလေက တကယ့် စစ်သားကြီးတစ်ယောက်၏ ဟန်ကိုပြလျက် ဘိုးရစ်စ်အဖို့ အထူးအဆန်းဖြစ်လျက်ရှိသည့် အသံသြကြီးဖြင့် ခွါစက်များပေကျံနေသည့် မိမိ၏ မြင်းစီးဘူးကျပ်ဘောင်းဘီကို လက်ညှိုးထိုးပြကာ ပြောလိုက်သည်။ နီကိုလေ၏ အော်ကျယ်ဟစ်ကျယ် အသံကြောင့် ဂျာမန်အိမ်ရှင်မသည် တံခါးဝမှ ခေါင်းပြူကြည့်နေသည်။

"ဂျာမန်မကြီးက လှရဲ့လားဗျ" နီကိုလေက မျက်စိတစ်ဖက်မှိတ်၍ မေးလိုက်သည်။

"ဗျို့ရောင်းရင်း၊ တိုးတိုးဗျ တိုးတိုး၊ ခင်ဗျားအသံကြောင့် လန့်ကုန်ကြလိမ့်မယ်" ဟု ဘိုးရစ်စ်က ပြောလိုက်သည်။ "ခင်ဗျား ဒီနေ့ရောက်လာလိမ့်မယ်လို့ကို မထင်ဘူး၊ ခင်ဗျားစာကို မနေ့ကမှ အင်ဒရေကတစ်ဆင့် ပေးလိုက်တာ၊ အင်ဒရေက စစ်သေနာပတိချုပ်ကူတူဇော့ဖ်ရဲ့ တပ်ရေးဗိုလ်မင်းလေဗျာ၊ ကျွန်တော့်ရောင်းရင်းကြီးပေါ့၊ ချက်ချင်းရောက်မှ ရောက်ပါ့မလားလို့စိုးရိမ်နေတာ၊ ဆိုစမ်းပါဦး၊ ရောင်းရင်းရဲ့ တပ်တွေ တော်တော်လေးခံခဲ့ရမှတ်တယ်၊ ဟုတ်စ"

နီကိုလေသည် မည်သို့မျှပြန်မပြောဘဲ မိမိစစ်ဝတ်စုံတွင် ချိတ်ထားသော စိန့်ဂျော့ကြက်ခြေခတ်ကိုလှုပ်၍ ပတ်တီးစည်းထားသည့် မိမိလက်မောင်းကို ညွှန်ပြကာ ဘာ့ဂ်ကို ခပ်ပြုံးပြုံးကြည့်နေသည်။

"မြင်တဲ့အတိုင်းပဲဗျ"

"အင်း၊ အစစ်ပဲဗျို့" ဘိုးရစ်စ်က ပြုံး၍ပြောလိုက်၏။ "ကျွန်တော်တို့တော့ ဘေးမသီရန်မခ ချီလာနိုင်ခဲ့ကြတယ်၊ အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီး ကိုယ်တိုင်ပါလာတော့ လမ်းတစ်လျှောက်မှာ တခမ်းတနားပဲဗျို့၊ ပိုလန်မှာ တပ်နားစဉ်တုန်းကတော့ ညစာစားပွဲတွေရော၊ ကပွဲတွေရော၊ အို တကယ့်ပွဲတော်ကြီးပဲ၊ အိမ်ရှေ့ကိုယ်တော်ကြီးကလဲ တပ်ဗိုလ်များကို မြှောက်စားတော်မူပေတာကိုး"

သို့ဖြင့် ရောင်းရင်းနှစ်ယောက်သည် မိမိတို့ အတွေ့အကြုံများကို အသီးသီးပြောပြလျက်ရှိကြလေသည်။ နီကိုလေက မြင်းတပ်သားဘဝ၏ ပျော်စရာကောင်းပုံများနှင့် တကွ စစ်မြေပြင်ကိုယ်တွေ့များကိုလည်းကောင်း၊ ဘိုးရစ်စ်က ဘုရင့်ဧကရာဇ်ဆွေတော်မျိုးတော်များ၏ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များ ခံစားသည့် အခွင့်အရေးများကိုလည်းကောင်း ပြောဆိုလျက် ရှိကြလေသည်။

"ကဲ၊ ကိုယ်ရံတော်ဗိုလ်မင်းတို့ အရက်ချိုကလေး တစ်ခွက်တလေ တည်ကြဦးဗျ"

ဘိုးရစ်စ်က မျက်နှာရှုံ့လိုက်သည်။

"သောက်ချင်လို့လား"

ဘိုးရစ်စ်သည် အိပ်ရာဆီသို့သွားကာ ဖြူဖွေးလျက်ရှိသည့် ခေါင်းအုံးအောက်မှ ပိုက်ဆံအိတ်ကိုထုတ်လိုက်ပြီး အရက်ချိုအဝယ်ခိုင်းလိုက်သည်။

"သြော် ရောင်းရင်းကိုပေးစရာ ငွေတွေနဲ့စာတွေလဲ ရှိသေးတယ်"

နီကိုလေသည် ငွေများကို ထိုင်ဖုံပေါ်သို့ပစ်ချလိုက်ပြီး လက်မောင်းနှစ်ဖက်ကို စားပွဲပေါ်သို့တင်၍ စာကိုဖတ်နေသည်။ စာကြောင်းအနည်းငယ်ကိုဖတ်ပြီးနောက် နီကိုလေသည် ဘာ့ဂ်အား ဒေါသဖြင့်လှမ်းကြည့်လိုက်သည်။ ဘာ့ဂ်က မိမိအား ပြန်ကြည့်နေသည်ကိုမြင်တော့မှ စာကိုဆက်၍ဖတ်ပြန်သည်။

"အိမ်ကပို့လိုက်တဲ့ ငွေကတော့ တော်တော်ကလေးများဟန်တူတယ်ဗျ" ဘာ့ဂ်က ထိုင်ဖုံထဲတွင်နစ်နေသည့် ပိုက်ဆံအိတ်ကိုကြည့်၍ ပြောလိုက်သည်။ "မြို့စားကလေးရေ ကျွန်တော်တို့ကြတော့လဲ ရတဲ့လခကလေးကို ချွေတာသုံးနေရတာပဲ"

"ဗျို့ ရောင်းရင်း၊ ခင်ဗျားအိမ်ကစာလာလို့ ခင်ဗျားတို့နှစ်ယောက်ချင်း တိုင်ပင်စရာရှိတယ်ဆိုရင် ကျွန်တော် အလိုက်သိစွာနဲ့ ထွက်သွားမှာပဲဗျ၊ ဒီတော့ တစ်ဆိတ်ခင်ဗျား တခြားသွားနေစမ်းဗျာ၊ သွား သွား အပြင်ခဏသွားနေချည်စမ်း" ဟု နီကိုလေက ပြောလိုက်သည်။

သို့ရာတွင် နီကိုလေသည် မိမိအပြောအဆိုအနည်းငယ် ရင့်သီးသွားခြင်းကို ချက်ချင်းသတိရကာ ဘာ့ဂ်၏ပခုံးကို ကိုင်၍ ပြုံးရွှင်စွာကြည့်လိုက်ရင်း

"စိတ်မဆိုးပါနဲ့ ရောင်းရင်း၊ အချင်းချင်းဆိုပြီး ရင်းရင်းနှီးနှီး ပြောတဲ့သဘောပါ"



www.burmeseclassic.com

"ကိစ္စမရှိပါဘူး ရောင်းရင်း၊ ကျွန်တော်နားလည်ပါတယ်"ဘာ့ဂ်သည် အသံကိုထိန်း၍ ပြောရင်း ထလိုက်၏။

"အိမ်ရှင် ဂျာမန်တွေနဲ့ သွားစကားပြောချည်ဗျာ၊ ခင်ဗျားကို ဖိတ်ထားတယ် မဟုတ်လား"ဟု ဘိုးရစ်စ်က ပြောလိုက်သည်။

ဘာ့ဂ်သည် ဖုန်မှုန့်ကလေးတစ်မှုန့်လောက်မျှပင် မရှိသည့် အဖြူဖွေးအသန့်ရှင်းဆုံးသော ဝတ်ရုံအင်္ကျီကို ဝတ်ပြီး မှန်ရှေ့တွင်ရပ်ကာ ခေါင်းကို ကျနစွာဖြီးနေသည်။ မိမိ၏ ဝတ်ရုံအင်္ကျီကို နီကိုလေက ဂရုစိုက်ကြည့်နေခြင်းကို သိသည့်အခါကျတော့မှ ဖြီးလျက် အခန်းထဲမှ ထွက်လာခဲ့လေသည်။

"ကျွန်တော် တော်တော်မိုက်တဲ့ကောင်ပဲဗျာ" နီကိုလေက စာကိုဖတ်ရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့"

"ကျွန်တော်ဟာ တော်တော်အလိုက်မသိတတ်တဲ့ ကောင့်ပဲ၊ ဒီအကြောင်း ထည့်မရေးလိုက်မိရင်အကောင်းသား၊ ထည့်ရေးလိုက်တော့ အကုန် အလန့်တကြားဖြစ်ကုန်တာပေါ့၊ ကျွန်တော်ကိုက မိုက်ပါတယ်လေ" နီကိုလေက မျက်နှာနီရဲလျက် ထပ်၍ပြောလိုက်၏။ "ဗျို့ရောင်းရင်း၊ ခင်ဗျားလူကို အရက်ချိုဝယ်နိုင်းလိုက်ပလား၊ ဟုတ်ပြီ၊ နည်းနည်းတော့ မော့ကြဦးစို့ဗျ"

ဖခင်မြို့စားကြီးရော့စတော့ဗ်နှင့် မိခင်မြို့စားကတော်ကြီးထံမှ ပေးစာထဲတွင် မင်းသားကြီးဘာဂရေးရှင်းထံသို့ မိမိအတွက် ထောက်ခံချက်ရေးသားပေးပို့လိုက်သည့် စာတစ်စောင်လည်း ပါလာလေသည်။ မြို့စားကတော်ကြီးသည် ထိုထောက်ခံစာကို မင်းသမီးကြီးဒရူဘက်စကားယား၏ အကြံပေးချက်အရ မင်းသားကြီး ဘာဂရေးရှင်း၏အသိမိတ်ဆွေတစ်ဦးထံမှ ခယယတောင်းခံခဲ့ခြင်းဖြစ်၏။ ထိုထောက်ခံစာကို 'မင်းသားကြီး ဘာဂရေးရှင်းထံ သွားပို့ပြီး မိမိအကျိုးအတွက် အသုံးချပါလေ'ဟုလည်း ရေးသားထားလေသည်။

"အိုး၊ အဓိပ္ပာယ်မရှိ ဒါမျိုးတွေမလိုပါဘူး"နီကိုလေက စာကို စားပွဲအောက်သို့ ပစ်ချ၍ ပြောလိုက်၏။

"အို အို စာကို ဘာဖြစ်လို့ လွှတ်ပစ်ရတာလဲ" ဘိုးရစ်စ်က မေးသည်။

"ထောက်ခံချက်ပါဗျာ၊ ကျွန်တော်က ဒီလို ထောက်ခံချက်မျိုးရမှ ရာထူးတက်ရတော့မယ်အတိုင်းပဲ"

"ဒီလိုလဲမဟုတ်သေးဘူးလေ၊ ဒီစာဟာ ရောင်းရင်းအတွက် အသုံးကျချင်ကျမှာပေါ့"ဘိုးရစ်စ်က စာရွက်ကို ကောက်ယူပြီး လိပ်စာကိုဖတ်ရင်း ပြောလိုက်သည်။

"ဟင့်အင်း မလိုပါဘူး၊ ကျွန်တော် ဘယ်ဗိုလ်ချုပ်ရဲ့ တပ်ရေးဗိုလ်မှ မလုပ်ချင်ဘူး"

"ဘာဖြစ်လို့"

"အို တပ်ရေးဗိုလ်ဆိုတာ လက်ပါးစေအလုပ်ပဲဗျ"

"အင်း၊ ရောင်းရင်းဟာ ခုထိ စိတ်ကူးယဉ်တုန်းပဲကိုး"

ဘိုးရစ်စ်က ခေါင်းကိုယမ်း၍ ပြောလိုက်သည်။

"အင်း၊ ရောင်းရင်းကကော ခုထိ သံတမန် ပရိယာယ်တွေ ကြွယ်ဝတုန်းပဲမဟုတ်လား၊ ကဲ ဒါတွေ အသာထားစမ်းပါဦး၊ ရောင်းရင်းကော ကျန်းခံ့သာလို့မာရဲ့"

နီကိုလေက မေးလိုက်၏။

"မြင်တဲ့အတိုင်းပါပဲဗျာ၊ ခုထိတော့ အားလုံး ချောချောမောမောပဲ၊ ရှင်းရှင်းပြောရရင် ကျွန်တော်တော့ စစ်မြေပြင်မထွက်ချင်ဘူးဗျို့၊ ဒါပေမဲ့ တပ်ရေးဗိုလ်တော့ ဖြစ်ချင်တယ်"

"ဘာဖြစ်လို့"

"ဩော် လူတစ်ယောက်အဖို့ စစ်မှုထမ်းမိပြန်တော့လဲ အတတ်နိုင်ဆုံး ရာထူးတိုးချင်တာပေါ့ ရောင်းရင်းရာ၊ ဘယ်နှယ့်ပြောပါလိမ့်"

"ဩော် ဒီလိုလား"နီကိုလေက တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့် ပြောလိုက်၏။

နီကိုလေသည် ၎င်း၏ ရောင်းရင်းဘိုးရစ်စ်ကို သေချာစွာ စူးစိုက်၍ကြည့်လိုက်၏။ နီကိုလေသည် တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေဟန် ရှိလေသည်။

ဘိုးရစ်စ်၏ တပ်လုလင်ကြီး ဂေဘရီယယ်သည် အရက်ချိုတစ်ပုလင်းကို ယူလာလေသည်။

"ကျွန်တော်တို့ ဘာ့ဂ်ကို ခေါ်လွှတ်လိုက်ရမကောင်းဘူးလား၊ ဒါမှ ခင်ဗျားမှာအဖော်ရမယ်၊ ကျွန်တော်က မသောက်နိုင်ဘူး"

"လွှတ်လိုက်မယ်၊ နေစမ်းပါဦး၊ ဒီဘာ့ဂ်ဆိုတဲ့ ဂျာမန်ကောင်နဲ့ကော ပေါင်းလို့သင်းလို့ရရဲ့လား ရောင်းရင်းရဲ့" နီကိုလေက ရွှတ်ချသရော်သည့်အပြုံးဖြင့် မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com


၏။

"မဆိုးပါဘူး၊ တော်ရှာသားပဲ၊ ရိုးတယ်၊ စိတ်သဘောလဲကောင်းတယ်၊ ပျော်လဲပျော်တတ်တယ်"ဘိုးရစ်စ်က ဖြေလိုက်သည်။

နီကိုလေသည် ဘိုးရစ်စ်၏ မျက်လုံးကို စူးစိုက်ကြည့်မိပြန်ကာ သက်ပြင်းချလိုက်သည်။ ဘာ့ဂ်ရောက်လာသောအခါတွင် တပ်ဖိုလ်သုံးယောက်သည် အရက်ချိုပုလင်းရှေ့ချကာ စကားကောင်းလျက်ရှိကြ၏။ ကိုယ်ရံတော်တပ်သားများဖြစ်ကြသော ဘာ့ဂ်နှင့် ဘိုးရစ်စ်တို့က ကိုယ်ရံတော်ထပ်ချီတက်လာခဲ့ပုံ၊ ရုရှားနိုင်ငံ၊ ပိုလန်နိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များ၌ ကိုယ်ရံတော်တပ်ကို များစွာအရေးတယူ မြှောက်စားကြပုံတို့ကို နီကိုလေအား ပြောပြလျက်ရှိ၏။ ကိုယ်ရံတော်တပ်မှူး အိမ်ရှေ့ဥပရာဇာမင်းသားကြီး သနား ကြင်နာတတ်ပုံ၊ စိတ်တိုတတ်ပုံ၊ စကားပြောပုံ၊ အလုပ်လုပ်ပုံ စသည်တို့ကိုလည်း ပြောပြလျက်ရှိ၏။ ဘာ့ဂ်ကား ၎င်း၏ထုံးစံအတိုင်း မဆိုင်လျှင် ခပ်မဆိတ်နေတတ်သော်လည်း ကိုယ်ရံတော်တပ်မှူး အိမ်ရှေ့ဥပရာဇာမင်းသားကြီး စိတ်တိုတတ်ပုံအကြောင်းသို့ ရောက်လာသောအခါတွင်ကား ဂါလီစီယာ၌ တပ်စခန်းချ၍ တပ်မှူး အိမ်ရှေ့ဥပရာဇာမင်းသားကြီး တပ်စစ်လာခိုက် ခြေလှမ်းတစ်လှမ်း မညီသည့်အတွက် ဒေါပွပုံ၊ မိမိထံသို့ တပ်မှူး အိမ်ရှေ့ဥပရာဇာမင်းသားကြီး မြင်းစီးလာကာ ဆဲရေးတိုင်းထွာပြီးနောက် မိမိအား ခေါ်တွေ့ပုံတို့ကို ခပ်ပြုံးပြုံး ပြောလျက်ရှိလေသည်။

"အဲဒီတုန်းကများ ကျွန်တော်ဖြင့် နည်းနည်းလေးမှ မကြောက်ဘူး မြို့စားလေး၊ သိလား၊ ကျွန်တော့်ဘက်က မှန်နေတာကိုး၊ ဘာကြောက်စရာရှိသလဲ၊ ကျွန်တော်က တပ်မတော်ပြန်တမ်းကို အလွတ်ရနေတာကလား၊ စစ်ဥပဒေတွေဆိုလဲ ဘုရားရှိခိုးရသလို ရတာပဲ၊ ကျွန်တော် ကြွားပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်တပ်ခွဲမှာ ဘယ်တော့မှ ဥပဒေလွတ်တာမျိုး မရှိဘူး၊ ဒါကြောင့် ကျွန်တော်တော့ နည်းနည်းလေးမှ မကြောက်ဘူး၊ သူခေါ်တော့ ကျွန်တော်လဲ တပ်ရှေ့ထွက်လာရတာပေါ့ဗျ" (ဤနေရာ၌ ဘာ့ဂ်သည် မတ်တတ်ထကာ ဦးထုပ်နားသို့ လက်မြှောက်၍ အရိုအသေပေးပြီး တပ်မှူးအိမ်ရှေ့ဥပရာဇာမင်းသားကြီး ရှေ့တွင် ရပ်ဟန်လုပ်ပြလေရာ ရိုသေကျိုးနွံခြင်း၊ မိမိကိုယ်ကို မိမိ ကျေနပ်အားရလျက်ရှိခြင်း စသည့် အမူအရာများကို ထင်ရှားအောင် ပြရာ၌ သူ၏မျက်နှာအမူအရာကို မည်သူမျှ မီအောင် လိုက်နိုင်မည်မဟုတ်ချေ။ ဤအမူအရာမျိုးကို ဘာ့ဂ်တစ်ယောက်သာလျှင် လုပ်တတ်ပါပေသည်။) "အဲ ကျွန်တော်လဲ အတန်းထဲက ရှေ့ထွက်လာရော ဆူလိုက်တာ ဘာပြောကောင်းမလဲ၊ ပွက်လောကိုရိုက်သွားတာပဲ၊ အဲဒီတုန်းကများ ကျွန်တော်ဖြင့် သေချင်စော်နံသွားတာပဲဗျို့၊ ဆဲလိုက်တာကလဲ စုံလို့ပဲ"

ဘာ့ဂ်က ပြုံးလိုက်၏။

"ကျွန်တော်ကလဲ ဘာဖြစ်မလဲ၊ ကျွန်တော့်ဘက်က ဘာမှားတာလိုက်လို့၊ အဲ နောက်တစ်နေ့တော့ဗျာ ကျွန်တော့် တပ်ဘက်ကိုလှည့်တောင် မလာတော့ဘူး၊ အင်း ခံရတာပဲ ရောင်းရင်းရေ၊ ခံရတာပဲ"

ဘာ့ဂ်က ဆေးတံကို မီးညှိ၍ဖွာပြီး မီးခိုးကွင်းကလေးများ ဖြစ်လာအောင် မှုတ်ထုတ်လိုက်၏။

"အင်း ဒါလဲ တစ်မျိုးကောင်းတာပေါ့ဗျ"နီကိုလေက ပြုံး၍ပြောလိုက်၏။ ဤသို့ပြောလိုက်သည်နှင့် နီကိုလေသည် ဘာ့ဂ်အား ရယ်စရာလုပ်တော့မည်ကို ဘိုးရစ်စ် ရိပ်မိလိုက်လေပြီ။ ထို့ကြောင့် ဘိုးရစ်စ်သည် ကျွမ်းကျင်စွာ စကားကို လှီးလွှဲလိုက်ကာ နီကိုလေ ဒဏ်ရာမည်သို့မည်ပုံ ရလာကြောင်းကို မေးမြန်းလိုက်၏။ ဤတွင် နီကိုလေလည်း အငိုက်မိလျက် သဘောကျသွားကာ မိမိဒဏ်ရာရလာပုံကိုပြောရင်းပြောရင်း အာစရှင်လာလေသည်။ တိုက်ပွဲပြန်တို့ ထုံးစံမှာ တကယ်ကြုံတွေ့ခဲ့ရသည်တို့တွင် ကိုယ့်စိတ်ကူးကွက်ကလေးများနှင့် ကြားဖူးနားဝကလေးတွေ ထပ်ထည့်ကာ အဟုတ်မှတ်အောင် သာသာထိုးထိုး ချဲ့ကား ပြောတတ်ကြလေရာ နီကိုလေသည်လည်း ရှုန်ဂရာဘန်တိုက်ပွဲအကြောင်းကို 'အပိုဆာဒါ'ကလေးများ စွက်၍ ပြောလျက်ရှိပေ၏။ သို့ရာတွင် နီကိုလေမှာ လူဖြောင့်တစ်ယောက် ဖြစ်သည့်အတိုင်း တမင်လီဆယ်၍ ပြောနေခြင်းမျိုး မဟုတ်ချေ။ အစပထမ၌ တကယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို အမှန်အတိုင်း ပြောလျက်ရှိသော်လည်း အရှိန်ရလာသောအခါတွင်မူ လုပ်ဇာတ်ကလေးများကို မလွှဲမရှောင်သာ ပြောမှန်းမသိ ပြောလျက်သားဖြစ်လျက် ရှိလေသည်။ ဘိုးရစ်စ်နှင့် ဘာ့ဂ်တို့သည် နီကိုလေကဲ့သို့ပင် မြင်းတပ်တိုက်ပွဲမှ စွန့်စားခန်းကလေးများကို မကြာခဏ


www.burmeseclassic.com

ကြားဖူးသူများ ဖြစ်ကြသည့်အလျောက် မြင်းတပ်တိုက်ပွဲ ဟူသည် သည်းထိတ်စဖွယ် စွန့်စားခန်းကလေးများပါမှ မြင်းတပ် တိုက်ပွဲအင်္ဂါမြောက်သည်ဟု ယူဆထားကြသူများ ပီပီ ထိုသို့ သော စွန့်စားခန်းကလေးများကို နီကိုလေ့ထံမှ ကြားရချေတော့မည်ဟု မျှော်လင့်လျက်ရှိကြ၏။ သို့ဖြစ်ရကား ဤသို့ သည်းထိတ်ရင်ဖို စွန့်စားခန်းကလေးကို ကြားလိုကြသူနှစ်ဦးအား အမှန်အတိုင်း ရိုးရိုးစင်းစင်းမျှသာ ပြောဆိုခြင်းပြုပါမူ ၎င်းတို့နှစ်ဦးသည် မိမိ၏စကားကို ယုံသော်မှလည်း ယုံကြမည်။ သို့မဟုတ်လျှင်လည်း မိမိသည် အခြားသောမြင်းတပ်တိုက်ပွဲဝင် တပ်သား တပ်ဗိုလ်များလောက်မျှ စွန့်စွန့်စားစား အမှုတော်ထမ်းခြင်း မရှိဟု အထင်သေးခြင်းသော်လည်း ဖြစ်ကြတော့မည်။ ဤသို့ကား ပြော၍မဖြစ်တော့ပြီဟု နီကိုလေ၏ ပကတိစိတ်၌ အလိုလိုဖြစ်ပေါ်လာ လေသည်။ စင်စစ်၌ နီကိုလေ၏ မြင်းတပ်တိုက်ပွဲ အတွေ့အကြုံမှာ မိမိတို့ မြင်းတပ်သား အသားကျစီး၍ ရှေ့သို့တက်သွားကြခြင်း၊ မြင်းပေါ်မှ မိမိလိမ့်ကျခြင်း၊ လက်ဆစ်ပြုတ်သွားခြင်း၊ ထို့နောက် နောက်မှ ပြင်သစ်တပ်သားတစ်ဦး လိုက်လာသဖြင့် တောထဲသို့ ခြေကုန်သုတ်ပြေးရခြင်း စသည်တို့မျှလောက်သာ ဖြစ်လေရာ အမှန်အတိုင်းပြောလျှင် 'လွမ်းလောက်စရာ' မရှိသည့်အတွက် နီကိုလေသည် ထုံးစံအတိုင်း မပြောနိုင်ချေ။ ထိုမျှသာမကသေး၊ အဖြစ်အပျက်တစ်ခုကို 'အပိုဆာဒါ'ကလေးများဖြည့်၍ ပြောတတ်သည်မှာ လူတို့၏ ဓမ္မတာသာဖြစ်လေရာ 'အပိုဆာဒါ' ကလေးတွေ မပါဘဲ အရင်းအတိုင်းသာ ပြောကြစတမ်းဆိုလျှင် ဤသို့ ပြောနိုင်မည့်သူ လွန်စွာရှားပေလိမ့်မည်။ ပြောလိုက်မည် ကြံတိုင်း ခေါင်းပြူထွက်လာသော ဝါကြွားလိုစိတ်ကို အတင်းအဓမ္မ ကြိုးစားအားထုတ်၍ နှိမ်နင်းနိုင်သူများသာလျှင် 'အပိုဆာဒါ'ကလေးတွေမပါဘဲ ပြောနိုင်ကြမည် ဖြစ်သည်။ သို့မဟုတ်လျှင်ကား သူသူငါငါ 'ဆာဒါ' ကလေးတွေပါစမြဲသာ ဖြစ်လေသည်။ လောက၌ မှန်သော စကားကိုဆိုခြင်းသည် လွန်စွာခက်ခဲသော အလုပ်ကြီးတစ်ခု ဖြစ်လေသည်။ လူငယ်လူရွယ်များအဖို့ကား ဆိုဖွယ်မရှိတော့ချေ။ နီကိုလေ၏အနီး၌ နားထောင်လျက်ရှိသူနှစ်ဦးသည် နီကိုလေက သူရသတ္တိပြောင်မြောက်စွာ ရန်သူတပ်ကို မှန်တိုင်းတိုက်ခတ်သည့်နှယ် တရကြမ်း ဝင်ရောက်တိုက်ခိုက်ခဲ့ပုံ၊ ရန်သူများကြားထဲသို့ အတင်းထိုးဖောက်ဝင်ရောက်ခဲ့ပုံ၊ ရန်သူဟူသမျှကို ဓားလွတ်ကြီးဖြင့် ဘယ်ညာ သိမ်း၍ ခုတ်သတ်ခဲ့ပုံ၊ မိမိဓားလွတ်ကြီး ရန်သူ့ သွေးကို သောက်ခဲ့ပုံ၊ နောက်ဆုံး၌ မိမိတစ်ယောက်တည်း ရန်သူများစွာကို ခုတ်သင်ခဲ့ရခြင်းကြောင့် လက်ပန်းကျကာ အားပြတ်လဲ သွားပုံ စသည့် ရင်ဖိုစဖွယ်စွန့်စားခန်းများကို မျှော်လင့်လျက်ရှိကြရကား နီကိုလေကလည်း ၎င်းတို့မျှော်လင့်ထားသည့် အခြင်းအရာများအားလုံးကို အားပါးတရ ပြောပြသည် ဟူသတတ်။

"တိုက်စစ်ဆင်ရတာ တော်တော်သွေးကြွစရာ ကောင်းတယ်ဗျ၊ လူ့ကို မြူးကြွလာတာပဲ"

စွန့်စားခန်းအလယ်လောက်တွင် နီကိုလေကဖြတ်၍ ပြောလိုက်၏။ ထိုအခိုက် ဘိုးရစ်စ်မျှော်လင့်တောင့်တလျက်ရှိသော မင်းသားကလေး အင်ဒရေသည် အခန်းထဲသို့ ဝင်လာလေသည်။ မင်းသားကလေးအင်ဒရေမှာ လူငယ်များကို ကူညီတတ်သူတစ်ယောက်ဖြစ်သည့်အတွက် မိမိထံသို့ ဘိုးရစ်စ်ရောက်လာ၍ အကူအညီတောင်းသည့်အခါတွင် များစွာကျေနပ်လျက်ရှိကာ ဘိုးရစ်စ်ကိုလည်း များစွာ ကျေနပ်ပြီး လိုသည့်အကူအညီကိုပေးရန် စိတ်စောလျက် ရှိပေသည်။ မင်းသားကလေး အင်ဒရေသည် စစ်သေနာပတိချုပ် ကူတူဇော့ဖ်၏ စေခိုင်းချက်အရ အိမ်ရှေ့ဥပရာဇာ ကိုယ်တော်ကြီးထံသို့ စာချွန်တော်များ ဆက်သရေးအတွက် ရှေ့တန်းစစ်မြေပြင်မှ ရောက်ရှိလာခဲ့ပြီးနောက် ဘိုးရစ်စ်အား တွေ့ရန်လာခဲ့ခြင်း ဖြစ်လေသည်။ အခန်းထဲဝင်ရောက်လာသည့်တွင် စွန့်စားခန်းများကို ဖောင်လောက်အောင် ပြောနေသော ရှေ့တန်းစစ်မျက်နှာရောက် မြင်းတပ်ဗိုလ်တစ်ဦးကို မြင်သည်၌ (မင်းသားကလေးအင်ဒရေမှာ ဤသို့ စကားဖောင်သူများကို မနှစ်သက်လှချေ။) ဘိုးရစ်စ်ကို ပြုံးပြလိုက်ပြီးနောက် နီကိုလေအား မျက်မှောင်ကုတ်ကြည့်လိုက်ကာ ဦးညွှတ်နှုတ်ဆက်၍ ထိုင်ဖုံပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဤအသိုင်းအဝိုင်းသို့ ရောက်လာရခြင်းကိုလည်း စိတ်မချမ်းမသာဖြစ်နေဟန် ရှိလေသည်။ နီကိုလေသည် ဤအခြင်းအရာကိုရိပ်မိကာ မျက်နှာကွက်ခနဲ ပျက်သွား၏။ သို့ရာတွင် လူစိမ်းတစ်ယောက်မျှသာဖြစ်၍ မသိလိုက်မသိဘာသာပင် နေလိုက်သည်။ ဘိုးရစ်စ်ကို လှမ်းကြည့်လိုက်သည့်အခါ၌ ဘိုးရစ်စ်မှာလည်း


www.burmeseclassic.com

မိမိကဲ့သို့ စကားဖောင်သော မြင်းတပ်ဗိုလ်တစ်ယောက်အတွက် အရှက်ရနေဟန်ရှိသည်ဟု နီကိုလေ သတိထားလိုက်မိသည်။

မင်းသားကလေး အင်ဒရေက မချေမငံပြောင်လှောင်သည့်လေသံဖြင့် ပြောသည့်နည်းတူ နီကိုလေကလည်း ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသည့် တပ်သားတို့ ထုံးစံအတိုင်း စစ်ဦးစီးဌာနချုပ် တပ်ဗိုလ်ကလေးများကို အထင်သေးဟန်ဖြင့် ကြည့်လျက်ရှိ၏။ သို့ရာတွင် နီကိုလေသည် မည်သို့မျှမပြောဘဲ ခပ်မဆိတ် ထိုင်လျက်ရှိလေသည်။ မျက်နှာကား ရဲလျက်ရှိ၏။ ဘိုးရစ်စ်ကား စစ်ဦးစီးဌာနချုပ်၏သတင်းများ၊ စစ်ရေးစီမံကိန်းများအကြောင်းကို မင်းသားကလေး အင်ဒရေထံ မေးမြန်းစုံစမ်းလျက် ရှိလေသည်။

"ကျွန်တော်တို့တပ်တွေ ရှေ့ကို ဆက်ချီရလိမ့်မယ်ထင်တယ်"မင်းသားကလေးအင်ဒရေက လူစိမ်းတစ်ယောက်ရှေ့တွင် စီမံကိန်းများအကြောင်းကို မပြောလိုသည့်ဟန်ဖြင့် ခပ်အင်အင်ပြော၏။

ဘာ့ဂ်ကမူကား တပ်ခွဲမှူးများအား မြင်းစာစရိတ်နှစ်ဆတိုး၍ ထုတ်ပေးမည်ဟု သတင်းကြားရသည့်အလျောက် ထိုသတင်းမှန်မမှန်ကို ယဉ်ကျေးသိမ်မွေ့စွာ မေးမြန်းလျက်ရှိသည်။ ဤကိစ္စတွင်လည်း ရွှေနန်းတော်ကြီးမှ ထုတ်ပြန်သည့် အရေးကြီးသော အမိန့်ဖြစ်သည့်အလျောက် မိမိဘာမျှထင်မြင်ချက်မပေးလိုကြောင်း မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။ ဘာ့ဂ်သည် သဘောကျ၍ ရယ်လျက်ရှိသည်။

"ရောင်းရင်းကိစ္စကိုတော့"မင်းသားကလေး အင်ဒရေက ဘိုးရစ်စ်ကို ပြောလိုက်သည်။ "နောက်မှ ပြောကြတာပေါ့ ဟုတ်လား"(နီကိုလေကို လှမ်းကြည့်လိုက်သည်။) "ဗိုလ်ရှုခံသဘင်ပြီးသွားရင် ကျွန်တော့်ဆီ လာခဲ့ပါလား၊ အဲဒီတော့မှ ကြည့်လုပ်ကြတာပေါ့"

ထို့နောက် မင်းသားကလေးအင်ဒရေသည် အခန်းပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီး နီကိုလေဘက်သို့ လှည့်ကြည့်လိုက်သည်။ နီကိုလေမှာ စောစောက ကလေးငယ်တစ်ယောက်ကဲ့သို့ မရွှံ့မရဲဖြစ်လျက်ရှိသော်လည်း ယခုအခါ အနည်းငယ် ဒေါသထွက်လျက်ရှိပေပြီ။ မင်းသားကလေးအင်ဒရေကမူ ဂရုထားမိဟန် မရှိဘဲ

"ဒီက ရောင်းရင်းက ခုနက ရှွန်ဂရာဘန်တိုက်ပွဲအကြောင်းကို ပြောနေတယ် မှတ်တယ်၊ အဲဒီတိုက်ပွဲမှာ ရောင်းရင်းပါသလား"

"ဟုတ်တယ် ပါတယ်"နီကိုလေက တပ်ရေးဗိုလ် မင်းသားကလေး အင်ဒရေကို စော်ကားသည့်လေသံမျိုးဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

မင်းသားကလေး အင်ဒရေသည် မြင်းတပ်ဗိုလ် နီကိုလေ ဒေါပွလျက်ရှိခြင်းကိုသတိထားလိုက်မိ၏။ မိမိစကားကြောင့် ဒေါပွသွားခြင်းကို သိသဖြင့်လည်း ဝမ်းသာသွားသည်။ မင်းသားကလေး အင်ဒရေက မခိုးမခန့်ပြုံးလိုက်ရင်း-

"ဟုတ်တယ်ဗျ၊ ရှွန်ဂရာဘန်တိုက်ပွဲရဲ့ ပုံပြင်ကလေးတွေကတော့ အများကြီးပဲ၊ တစ်ယောက်တစ်မျိုးပြောနေကြတာပဲ"

"ဟုတ်တယ်၊ အများကြီးပဲ၊ တစ်ယောက်တစ်မျိုးစီပဲ"နီကိုလေက ဆက်၍ပြောလိုက်ရင်း ဝင်းဝင်းတောက်သောမျက်လုံးများဖြင့် မင်းသားကလေးအင်ဒရေကို တစ်လှည့်၊ ဘိုးရစ်စ်ကိုတစ်လှည့်ကြည့်လိုက်သည်။ "ဟုတ်တယ် ပုံပြင်တွေကအများကြီးပဲ၊ ဒါပေမဲ့ ကျုပ်ပြောတဲ့ပုံပြင်ကတော့ တေ့တေ့ဆိုင်ဆိုင် ရန်သူ့ကျည်ဆန်ကြားထဲမှာ အသက်ကို ဖက်နဲ့ထုပ်တိုက်ခဲ့ကြရတဲ့လူတွေကိုယ်တိုင်ပြောတဲ့ပုံပြင်တွေ ခင်ဗျ၊ အလကားအလုပ်မရှိ ထိုင်ပြီး အရေးရှိရင် ဆုတံဆိပ်တော်တွေကို ရှေ့က တက်ယူတတ်တဲ့ စစ်ဦးစီးဌာနချုပ်က ဗိုလ်တွေပြောတဲ့ ပုံပြင်များလို ကြွားလုံးဝါးလုံးတွေ မဟုတ်ဘူး"

"နေပါဦး၊ ရောင်းရင်းက ကျုပ်ကို ဘယ်သူများအောက်မေ့လို့လဲခင်ဗျာ" မင်းသားကလေး အင်ဒရေက မျက်နှာကို တမင်ချိုထားလိုက်ပြီး လေသံအေးအေးဖြင့် မေးလိုက်၏။

မင်းသားကလေးအင်ဒရေ၏ တည်ငြိမ်သောဣန္ဒြေကြောင့် ထိုအချိန်၌ နီကိုလေ၏ရင်ထဲတွင် လေးစားခြင်း၊ ရွံမုန်းခြင်း စသည့်စိတ်ဓာတ်များသည် ရောထွေးလျက်ရှိလေပြီ။

"ကျုပ် ခင်ဗျားအကြောင်းကို ပြောနေတာ မဟုတ်ဘူး၊ ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ သိလဲမသိလိုဘူး၊ ကျုပ်က စစ်ဦးစီးဌာနချုပ်က ဗိုလ်တွေရဲ့ သဘာဝကို ခမ္ဘမိဌာန် ပြောနေတာ"



www.burmeseclassic.com

"ကျုပ်ပြောမယ်ရောင်းရင်း"မင်းသားကလေး အင်ဒရေက အထက်စီးလေသံဖြင့် ခပ်အေးအေး ပြောလိုက်သည်။ "ခင်ဗျားကိုကြည့်ရတာ ကျုပ်ကို စော်ကားချင်နေဟန် တူတယ်ဗျ၊ ဟုတ်စ ဟုတ်ပါတယ်၊ ခင်ဗျားဟာ ကိုယ့်သိက္ခာကို ရိုသေလေးစားတတ်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုလို့ရှိရင် အခြားလူတစ်ယောက်ကို စော်ကားဖို့ အင်မတန် လွယ်ကူပေလိမ့်မယ်ဗျ၊ ကျုပ်ကလဲ ရင်ဆိုင်ဖို့ အဆင်သင့်ပဲ၊ ဒါပေမဲ့ သူများကို စော်ကားရာမှာ အချိန်နဲ့ နေရာကို ရောင်းရင်းကြီးရွေးတာကတော့ သိပ်မဟုတ်ဘူးဗျ၊ အရွေးမှားနေပြီ၊ အဲဒါလေးကိုတော့ ဝန်ခံစေချင်တယ်၊ ဒီအချိန်ဒီနေရာမှာ ကျုပ်တို့နှစ်ယောက် ချိန်းသတ်လို့ ဘာမှ အဓိပ္ပာယ်မရှိဘူးဗျ၊ ကျုပ်တို့တစ်တွေဟာ တစ်ရက်နှစ်ရက်ဆိုရင် ဒီထက်ကြီးကျယ်ပြီး ဒီထက်အဓိပ္ပာယ်ရှိတဲ့ ချိန်းသတ်ပွဲကြီးကို တွေ့ကြရမှာ မဟုတ်လား၊ ဒီတော့ အဓိပ္ပာယ်မရှိတာကို မလုပ်ချင်စမ်းပါနဲ့ဗျာ ဟုတ်စ၊ ကျုပ်အနေနဲ့ကတော့ ခင်ဗျားစိတ်အနှောင့်အယှက်ဖြစ်အောင် မျက်နှာပြမိတဲ့အတွက် ဟောဒီ ခင်ဗျားရဲ့မိတ်ဆွေ ရောင်းရင်းဟောင်းကြီးလို့ပြောတဲ့ ဘိုးရစ်စ်ကို အားနာတာတစ်ခုပါပဲ၊ အေးလေ၊ ဘာပဲဖြစ်ဖြစ်"

မင်းသားကလေးအင်ဒရေသည် ထိုင်ရာမှ ထလိုက်သည်။

"ခင်ဗျားက ချိန်းသတ်ချင်တယ်ဆိုရင်တော့ ကျုပ်ဘယ်သူလဲ၊ ဘယ်မှာတွေ့နိုင်သလဲဆိုတာ ခင်ဗျားလဲ သိပြီးသားပဲ၊ အချိန်မရွေး အဆင်သင့်ရှိပါတယ်၊ ကျုပ်အနေနဲ့ကတော့ ကျုပ်ကို စော်ကားတယ်လို့ မအောက်မေ့ပါဘူး၊ ခင်ဗျားကိုလဲ ကျုပ်မစော်ကားမိဘူးလို့ ယူဆထားတယ်ဆိုတာကိုတော့ သတိချပ်စေချင်တယ်ဗျ၊ ဒီမှာ ရောင်းရင်းခင်ဗျား ငယ်ပါသေးတယ်၊ ခင်ဗျားထက် အသက်ကြီးသူတစ်ယောက်အနေနဲ့ အကြံပေးချင်တာကတော့ ဒီကိစ္စကို ကျုပ်တို့ ဒီတင်ပဲ ရပ်ကြဖို့ပဲ၊ ကဲ ဘိုးရစ်စ် သောကြာနေ့ ဗိုလ်ရှုခံသဘင်ပြီးရင် ကျွန်တော်စောင့်နေမယ်နော်၊ သွားမယ်ဗျာ အားလုံးပဲ"

မင်းသားကလေးအင်ဒရေသည် ၎င်းတို့နှစ်ယောက်စလုံးကို ဦးညွတ်နှုတ်ဆက်၍ ထွက်သွားလေသည်။

မင်းသားကလေး အင်ဒရေ ထွက်သွားပြီးနောက်၌ နီကိုလေသည် ပြန်လှန်ချေပရမည့် စကားများကို အမှတ်ရလာကာ မပြောလိုက်မိသည့်အတွက် ဒေါသထွက်လျက်ရှိလေသည်။ နီကိုလေသည် မြင်းအပြင်ခိုင်းလိုက်ပြီးနောက် ဘိုးရစ်စ်ကိုလည်း ဝတ်ကျေတမ်းကျေမျှ နှုတ်ဆက်ကာ မိမိတပ်စခန်းသို့ ပြန်လာခဲ့လေသည်။ နက်ဖြန်စစ်ဦးစီးဌာနချုပ်ကို သွား၍ တပ်ရေးဗိုလ်အင်ဒရေနှင့် နှစ်ယောက်ချင်း သတ်ရန် ချိန်းဆိုရမည်လော၊ သို့မဟုတ် မေ့မေ့ပျောက်ပျောက်ပင် နေလိုက်ရမည်လောဟု တစ်လမ်းလုံး စဉ်းစားလာမိသည်။ သွေးနားထင်ရောက်နေသည့် ဤတပ်ရေးဗိုလ်ကလေးအား မိမိ၏ပြောင်းတိုသေနတ်ဖြင့် ဆုံးမရပါက မည်မျှအရသာရှိပေမည်နည်းဟုလည်း တွေးမိသည်။ သို့ရာတွင် သေချာစွာ စဉ်းစားလိုက်သောအခါ၌ကား မိမိ အလွန်မုန်းတီးစက်ဆုပ်သည့် ထိုတပ်ရေးဗိုလ်ကလေးကဲ့သို့ ရောင်းရင်း မိတ်ဆွေတစ်ယောက်အဖြစ် ပေါင်းသင်း၍ ကောင်းမည့်သူမှာ မိမိ၏အသိများထဲ၌ တစ်ယောက်မျှ မရှိသည်ကိုလည်း အံ့ဩစွာ တွေ့ရလေသည်။

## အခန်း ၈

ဘိုးရစ်စ်ထံမှ နီကိုလေပြန်လာပြီး နောက်တစ်နေ့၌ ဩစတြီးယားတပ်များနှင့် ရုရှားတပ်များသည် ဗိုလ်ရှုခံဝင်ကြသည်။ ရုရှားတပ်များ၌ ရုရှားနိုင်ငံမှနောက်ထပ် ရောက်လာသော တပ်ကူများနှင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ကွပ်ကဲမှုအောက်တွင် တိုက်ပွဲဝင်နေသည့်တပ်များ ပူးပေါင်းစစ်ရေးပြကြလေသည်။ ရုရှားဘုရင်မင်းမြတ်နှင့်အတူ ညီတော် အိမ်ရှေ့ဥပရာဇာမင်းသားကြီး တက်ရောက်၍ ဩစတြီးယား ဘုရင်မင်းမြတ်နှင့်အတူ အမတ်ချုပ်ကြီး လိုက်ပါလာခဲ့လေသည်။ ဤသို့ဖြင့် ရုရှားနှင့် ဩစတြီးယား မဟာမိတ်ကေရာဇ်နှစ်ပါးသည် မိမိတို့ မဟာမိတ်တပ်နှစ်တပ်၏ ဗိုလ်ရှုခံသဘင်သို့ ကြွရောက်ရှုစားတော်မူကြလေသည်။

နံနက်စောစောကတည်းကပင်လျှင် သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထားသည့် တပ်များသည် ခံတပ်ရှေ့ကွက်လပ်၌ တပ်ဖွဲ့လိုက်စုရုံးကာ ဗိုလ်ရှုခံဝင်ရန် အဆင်သင့်ဖြစ်လျက် ရှိကြလေသည်။ ထောင်ပေါင်းများစွာသော ခြေထောက်များသည် တပ်မှူးများ၏ အမိန့်ကိုလိုက်၍ ပူးချည်၊

www.burmeseclassic.com


ခွာချည်၊ ရပ်ချည်၊ လှုပ်ချည် ပြုလျက်ရှိကြ၏။ စစ်တံခွန်များတပ်ထားသည့် လှံစွပ်များသည် ဝတ်စုံအမျိုးမျိုးဝတ်ထားသည့် ခြေလျင်တပ်ရင်းများ၏ပတ်ပတ်လည်၌ ကွေ့တုံ၊ ပတ်တုံ၊ ဝိုက်တုံ၊ ဝေ့တုံပြုလျက်ရှိကြ၏။ တစ်ကြိမ်တစ်ကြိမ်၌လည်း အပြာ၊ အနီ၊ အစိမ်းကွက်ဝတ်စုံများကို ဝတ်ထားလျက် အနက်ရောင်၊ မန်ကျည်းစေ့ရောင်၊ ဖောင်းဝတ်ရောင်မြင်းကြီးများပါဝင်သော ခံ့ညားလှပသည့် မြင်းတပ်များသည် ၎င်းတို့ရှေ့တွင် သပ်ရပ်စွာ ဝတ်ဆင်ထားသော ဘင်ခရာတပ်ဖွဲ့အား ချီစေ၍ စည်းချက်ကျသည့်နှယ် ခွာသံမှန်မှန် ချုသံချွင်ချွင်ဖြင့် ချီတက်သွားကြ၏။ တစ်ချီတစ်ချီ၌လည်း လှည်းခင်တိတ်ပေါ်တွင် တလှုပ်လှုပ်လိုက်ပါလာကာ အရောင်တင်ထားသဖြင့် ဖိတ်ဖိတ်လက်သည့် အမြောက်မြတပ္ပကြီးများနှင့်တကွသော အမြောက်တပ်များသည်အမြောက်ယမ်းသုတ်ဖုတ်နံ့ တထောင်းထောင်းဖြစ်စေလျက် ခြေလျင်တပ်နှင့် မြင်းတပ်ကြားမှ တအိအိချီလာကြကာ သတ်မှတ်ထားသောနေရာ၌ ရပ်လိုက်ကြ၏။ စစ်ဗိုလ်ချုပ်ကြီး အသီးသီးတို့လည်း ၎င်းတို့၏ ဗိုလ်ရှုသဘင်တက်ဝတ်စုံကို ဆင်ယင်ထားကြလျက် ၎င်းတို့၏ကုန်းသောခါး သို့မဟုတ် ဆန့်သောခါး အသီးသီးတို့ကို ဆန့်ထုတ်ထားကြကာ ၎င်းတို့၏ နီရဲသော လည်ပင်းများကို မာတောင့်သော လည်ထောင်ထဲ၌ တင်းကျပ်စွာရှိစေလျက် လည်စည်းများကို ပတ်ထားကြပြီး ရင်သိုင်းဘယက်၊ ရင်သိုင်းစလွယ် စသည့် ဆုတံဆိပ်တော် အဆောင်အယောင်များကို ချိတ်ဆွဲထားကြကုန်၏။ တပ်ဗိုလ်အသီးသီးတို့သည်လည်း သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားလျက် ခေါင်းကို ဆီမွှေးလိမ်းထားလျက် ရှိကြ၏။ ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်များသာမက တပ်သားတိုင်းသည်လည်း သန့်စင်ဆေးကြော၍ မုတ်ဆိတ်ကျင်စွယ်တို့ ပယ်ထားအပ်သော မျက်နှာ၊ အစွမ်းကုန် တိုက်ချွတ်ဆေးကြောအပ်သည့် လက်နက်အသီးသီးဖြင့် ရှိနေကြရုံမျှမက မြင်းကြီးများကိုပင်လျှင် ပိုးဖဲပမာ ပြောင်ချောနေအောင် ပွတ်တိုက်ထားသည့် အမွေးအမှင်၊ နူးညံ့နေအောင် ဖြီးသပ်ထားသည့် လည်ဆံမွေးတို့ဖြင့် အစစအရာရာ ခမ်းနားထည်ဝါလျက်ရှိလေရာ ၎င်းတို့အားလုံး၏ စိတ်၌ ဗိုလ်ရှုသဘင်ခံရမည့် ကိစ္စကား သေးနုပ်ငုံ့ဝေါင်းသော ကိစ္စမဟုတ်မူ၍ လွန်စွာ လေးနက်အရေးကြီးသော ကိစ္စကြီးတစ်ရပ်ဟု ယူဆထားကြောင်း သိထားပေသည်။ စစ်ဗိုလ်အသီးသီး၊ တပ်အသီးသီးတို့၏ စိတ်၌ မိမိတို့သည် ဤအခြင်းအရာကြီးနှင့်စာသော် ဘာမျှမဟုတ်။ သေးနုပ်သိမ်ဖျင်းသောအရာ၊ ဤလူသမုဒ္ဒရာကြီးထဲတွင် သေးငယ်လှသော ရေပေါက်ကလေးတစ်ပေါက်ပမာ သဘောထားလျက်ရှိကြ၏။ တစ်ပြိုင်နက်တည်း၌လည်း မိမိတို့ကား ကြီးမားလှသော ဤအခြင်းအရာကြီး တစ်ခုလုံးထဲတွင် ပါဝင်ဖွဲ့စည်းလျက်ရှိသည့် အစိတ်အပိုင်းတစ်ခုပေတကားဟု အားမာန်တက်ကြွနေကြပြန် ရှိလေသည်။

ဤသို့ဖြင့် နံနက်မိုးသောက်အလင်းမရောက်မီကတည်းက တပ်မတော်များကို ချီတက်ပြင်ဆင်ထားစေလေရာ နံနက်ဆယ်ချက်တီးသောအခါ၌ကား ဗိုလ်ရှုခံမည့် တပ်မတော်အားလုံးမှာ စနစ်တကျ ပြင်ဆင်ပြီးခဲ့လေပြီ၊ တပ်မတော်ကြီးတစ်ခုလုံးမှာ ကွက်လပ်ကြီးထဲ၌ ဖွေးဖွေးလှုပ်မျှ ရှိတော့သည်။ တပ်မတော်ကြီးကို ဗိုလ်ရှုသဘင်ဝင်စေရာတွင် ရှေ့ဆုံးမှ မြင်းတပ်၊ ထို့နောက် အမြောက်တပ်၊ ထို့နောက် ခြေလျင်တပ် စသဖြင့် စစ်ကြောင်းသုံးကြောင်းခွဲကာ ၎င်းတို့ကို တစ်ကြောင်းစီ တစ်တန်းစီ၊ တစ်ရစ်စီ၊ တစ်ကန့်စီထပ်၍ ထပ်၍ နေရာချထား၏။

တပ်သားတန်းနှစ်တန်းလွန်တိုင်း ပေတစ်ရာလမ်းမကြီး တစ်ခုစာမျှကျယ်သော ကွက်လပ်များချန်၍ ထားလေရာ ဗိုလ်ရှုသဘင်ခံနေသော တပ်မတော်ကြီး၏ စစ်ကြောင်းသုံးကြောင်းသည် ထင်းထင်းကြီး ပေါ်လျက်ရှိ၏။ ထိုစစ်ကြောင်းသုံးကြောင်းမှာ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကွပ်ကဲသော ရှေ့တန်းစစ်မျက်နှာရောက် တပ်မတော်ကြီးကတစ်ကြောင်း (ထိုစစ်ကြောင်း၌ ပါဗလိုဂရက်မြင်းတပ်မှာ လက်ယာတောင်ပံတွင် စွဲထားသည်။) ရုရှားနိုင်ငံမှ မကြာမီက စစ်ကူရောက်လာသည့် ကိုယ်ရံတော်တပ်ရင်းများနှင့် ရှေ့တန်းစစ်မျက်နှာရောက် တပ်ရင်းများကတစ်ကြောင်း၊ ဩစတြီးယားတပ်မတော်ကြီးက တစ်ကြောင်း စသည်ဖြင့် စစ်ကြောင်းသုံးကြောင်း ဖြစ်ကြ၏။ သို့ရာတွင် ၎င်းတို့အားလုံးမှာ စစ်ကြောင်းခွဲထားသော်လည်း စစ်သေနာပတိချုပ်တစ်ဦးတည်း၊ အမိန့်တစ်ခုတည်း၏ အောက်တွင် ထားသဖြင့် ရုရှားတပ်၊ ဩစတြီးယားတပ် စသည်ဖြင့် ခွဲထားခြင်း မရှိချေ။

"ထွက်တော်မူလာပြီ၊ ထွက်တော်မူလာပြီ"ဟူသော


www.burmeseclassic.com

တီးတိုးပြောဆိုသံများသည် သစ်ရွက်များကို လေခတ်သည့်အခါ၌ ဖြစ်ပေါ်လာသော သစ်ရွက်ချင်း ထိပွတ်သံကဲ့သို့ ဝေးရာမှ တဖြည်းဖြည်း နီးလာကြ၏။ ထိတ်လန့်အံ့သြသံ၊ ဗိုလ်ရှုခံဝင်ဖို့အတွက် နောက်ဆုံးပြင်ဆင်လှုပ်ရှားသံများသည် စစ်ကြောင်းကြီးများပေါ်၌ ကင်းခြေလိုက်လာသကဲ့သို့ တပ်ထိပ်မှ တပ်ဖျားအထိ ရွေ့လာတော့၏။

ဗိုလ်ရှုခံဝင်မည့် တပ်မတော်များသည် ၎င်းတို့မျက်နှာမူထားရာ အိုလမွတ်ရွာဘက်ဆီမှ မည်းမည်းမည်းမည်းနှင့် အစုတစ်စု မိမိတို့ထံရွေးရှုလာနေခြင်းကို မြင်ကြရလေပြီ။ ရာသီဥတုကြည်လင်ငြိမ်သက်လျက်ရှိသည့်တိုင် စစ်ကြောင်းကြီးများကို ဖြတ်သန်း၍ လေပြည်လေညင်းတစ်ချက်သုတ်ဖြူးတိုက်ခိုက်လိုက်သည်၌ လှံဖျားတွင်တပ်ထားသည့် ကုက္ကားများသည် တလူလူလွင့်ကာ စစ်တံခွန်များသည် တံခွန်တိုင်ကို တဖျပ်ဖျပ်ရိုက်လျက်ရှိကြလေရာ စဉ်းငယ်မျှသော လှုးလွန့်လှုပ်ရှားခြင်းဖြင့် ကြွလာပြီဖြစ်သော ဧကရာဇ်နှစ်ပါးတို့ကို တပ်မတော်ကြီးသည် ကောင်းချီးသြဘာပေးနေသကဲ့သို့ ရှိလေသည်။

"ရှေ့ကြည့်"ဟူသော အမိန့်သံတစ်သံပေါ်ထွက်လာ၏။ ဤသည်နှင့်တစ်ပြိုင်နက် "ရှေ့ကြည့်၊ ရှေ့ကြည့်၊ ရှေ့ကြည့်"ဟူသော အမိန့်သံများသည် တပ်မတော်စစ်ကြောင်း နေရာအနှံ့အပြားမှ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာကြလေရာ ဥပမာဆိုလျှင် အရုဏ်တက်အချိန်တွင် ကြက်ဖကြီးတစ်ကောင်က အတောင်တဖျပ်ဖျပ် ရိုက်ခတ်၍ စတင်တွန်လိုက်သည်၌ အခြားအခြားသော ကြက်ဖများကပါ ဆက်တိုက်ပြန်လှန်တွန်လိုက်ခြင်းနှင့်ပင် အလားသဏ္ဌာန်တူတော့သည်။ ဤသို့ ဆက်တိုက်အမိန့်ပေးသံများ ထွက်ပေါ်လာပြီးသည့်နောက်၌ စစ်ကြောင်းများအားလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။

သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိစဉ်၌ တဖြောက်ဖြောက်မြည်သော မြင်းခွာသံများသည် မှန်မှန်ကြီး ထွက်ပေါ်လာသည်။ ၎င်းတို့ကား မင်းဧကရာဇ်နှစ်ပါးနှင့်တကွ ၎င်းတို့၏ ကိုယ်ရံတော်သက်တော်စောင့် စသည့်အခြွေအရံများပေတည်း။ မင်းဧကရာဇ်နှစ်ပါးတို့သည် မြင်းကိုယ်စီဖြင့် စစ်ကြောင်းတောင်ပံထိပ်မှစ၍ စီးလာကြ၏။ ပထမဆုံးမြင်းတပ်ရင်းမှ စစ်ချီခရာမှုတ်သံများ ထွက်ပေါ်လာလေရာ စစ်ချီခရာသံသည် ခရာသမားများကမှုတ်လိုက်သောကြောင့် ထွက်ပေါ်လာသည့်ခရာသံ မဟုတ်ဘဲ အရှင်နှစ်ပါးကြွလာခြင်းကြောင့် တပ်မတော်ကြီးတစ်ခုလုံး၏အတွင်း၌ဖြစ်ပေါ်လာသော ပီတိအဟုန်သည် အဲအန်မိကျောင်း စောင်းညှင်း ပတ်သာစသော တူရိယာဂီတမျိုးစုံတို့၏ အသံများအဖြစ် ပကတိအလျောက် အုတ်အုတ်အာအာ ယိုစီးထွက်ပေါ်လာခြင်းနှင့် တူလှပေ၏။ ထိုအသံများကြားမှ ရွှေနန်းရှင် အလက်ဇန်းဒရားဘုရင်မင်းမြတ်၏ နုနယ်ချိုသာသောအသံကို ပီပီသသ ကြားရခြင်းမှာလည်း အံ့ဖွယ်အခြင်းအရာတစ်ခု ဖြစ်လေသည်။ ဘုရင်မင်းမြတ်က နှုတ်ခွန်းဆက်စကား မြွက်ကြားတော်မူပြီးသောအခါတွင် ထွက်ပေါ်လာသည့် "ဘုန်းတော်ကြီးသောဘုရား သက်တော်ရာကျော်ရှည်ပါစေ"ဟူသော ကောင်းချီးသြဘာပေးသံကြီးမှာလည်း မဟာပထဝီမြေကြီး ရိုက်ဟည်းချုန်းထစ်တော်လဲသည့်အဖြစ်ကဲ့သို့ နားကွဲလုခမန်း ဖြစ်ရကား ကောင်းချီးသြဘာပေးသည့် တပ်သား၊ တပ်ဗိုလ်များကိုယ်တိုင် ၎င်းတို့၏ အုပ်ထွေးရုရုကြီးမားသော အထုရှိခြင်းကိုလည်းကောင်း၊ ၎င်းတို့၏ကိုယ်တွင်းရှိ ခွန်အားသတ္တိတို့၏ ကြီးမားခြင်းကို လည်းကောင်း အံ့ဘနန်းဖြစ်ကာ ကြက်သီးတဖြန်းဖြန်းထ၍ လာကြလေတော့သည်။

နီကိုလေသည် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်တပ်မတော်များ၏ရှေ့တန်း၌ ရပ်လျက်ရှိသဖြင့် ဇာဘုရင်မင်းမြတ်ကြွချီလာခြင်းကို ဦးဦးဖျားဖျားဖူးမြော်ရလေသည်။ ထိုသို့ဖူးမြော်လိုက်ရသည်နှင့် အခြားသော တပ်မတော်သားများ၏ ရင်ထဲတွင် ဖြစ်ပေါ်လာသကဲ့သို့ နီကိုလေ၏ရင်ထဲ၌လည်း မိမိကိုယ်မိမိ မေ့လျော့သောစိတ်၊ မိမိတို့၏ခွန်အားကို အထင်ကြီးသောစိတ်၊ ဤအောင်ပွဲအခြင်းအရာကြီး၏ အကြောင်းတရား အရင်းခံဖြစ်သော ဇာဘုရင်ကို ကြည်ညိုလေးမြတ်သည့်စိတ်တို့သည် တဖွားဖွား ပေါ်ပေါက်လာခဲ့ကြလေပြီ။

ဇာဘုရင်မင်းမြတ်၏နှုတ်မှ ထွက်လာသော စကားတစ်ခွန်းကြောင့် ဤထောင်သောင်းမက များပြားလှသော စစ်သည်ဗိုလ်ပါထုကြီးသည် (ထိုအထဲ၌ မိမိမှာ မထင်ရှားသော အဏုမြူကလေးတစ်မှုန်သာလျှင် ဖြစ်သည်ဟုထင်၏။) ရေကိုဖြတ်ရန်သော် လည်းကောင်း၊ မီးကိုတိုးရန်သော်လည်းကောင်း၊ တောကိုလျှိုးရန်သော် လည်းကောင်း၊ တောင်ကိုကျော်၍ သော်လည်းကောင်း၊ အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com


အမွန်မြတ်ဆုံးဆိုသော အလုပ်ကြီးများကို ပြုလုပ်ရန်သော်လည်းကောင်း၊ အမိုက်မဲဆုံးသော ရာဇဝတ်မှုများကို ကျူးလွန်ရန်သော် လည်းကောင်း၊ မည်သည့်အမှုမျိုးကို ပြုရန်ပင်ဖြစ်စေ အဆင်သင့်ဖြစ်လျက် ကျားကို ခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးမွေ့ရာပမာထားကာ အမှုတော်ထမ်းကြလိမ့်မည်ဟု နီကိုလေ၏စိတ်တွင် ထင်မှတ်လျက်ရှိလေသည်။ ဤသို့ဖြင့် နီကိုလေသည် ကတုန်ကယင်ဖြစ်လျက် ရွှေနန်းရှင်မင်းမြတ်၏ နှုတ်မှထွက်လာမည့် စကားတစ်ခွန်းကိုသာလျှင် နားစွင့်လျက်ရှိလေသည်။

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ၊ ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ၊ ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"ဟူသော အသံများသည် မိုးကြိုးထစ်ချုန်းနေသကဲ့သို့ အဘက်ဘက်မှ ပေါ်ထွက်လျက်ရှိ၏။ တပ်ရင်းတစ်ရင်းပြီးလျှင်တစ်ရင်း စစ်ချီသီချင်းသံများနှင့်အတူ ဘုရင်မင်းမြတ်အား ကောင်းချီးပေးလျက် ရှိကြ၏။ ကောင်းချီးဩဘာသံပြီးလျှင် စစ်ချီခရာသံ၊ စစ်ချီခရာသံပြီးလျှင် ကောင်းချီးဩဘာသံ စသည်တို့သည် တစ်လှည့်စီ၊ တစ်ပြန်စီ ပို၍ကျယ်လောင်စွာ၊ ပို၍မြည်ဟည်းစွာ ထွက်ပေါ်လျက်ရှိရာက နားကွဲလုခမန်း မြည်ဟိန်းသော တစ်ခဲနက် အသံကြီးတစ်ခုအဖြစ် ပေါင်းစပ်ရောယှက်သွားလေတော့သည်။

ဓာဘုရင်မင်းမြတ်မရောက်မီ၌ တပ်ရင်းတိုင်းမှာ မလှုပ်မယှက် ငြိမ်သက်လျက်ရှိသည့်အလျောက် အသက်ဝိညာဉ်ကင်းမဲ့သော ရုပ်ခန္ဓာကြီးတစ်ခုနှင့် အလားသဏ္ဍာန်တူလျက် ရှိသော်လည်း ဓာဘုရင်မင်းမြတ်ရှေ့သို့ ကြွချီလာသည်နှင့် တစ်ပြိုင်နက် တပ်ရင်းအသီးသီးသည် အသက်ဝင်လှုပ်ရှားလာကာ ၎င်း၏ကောင်းချီး ဩဘာသံကြီးသည်လည်း ဘုရင်မင်းမြတ် ဖြတ်ကျော်ကြွချီလာသော အခြားတပ်များ၏ ကောင်းချီးဩဘာသံများနှင့် ရောနှောပေါင်းစပ်သွားလေ၏။ ရာပေါင်းများစွာသော မြင်းစီးကိုယ်ရံတော်အခြွေအရံများသည် မြေလျှင်တုန်ဟည်းသည့်နှယ်ရှိသော ကောင်းချီးဩဘာသံများ၊ ကျောက်သားတိုင်ကြီးများအဖြစ် ရုတ်ခြည်းပြောင်းသွားသည့်နှယ် မလှုပ်မယှက်ရှိသော စတုရန်းပုံတပ်ဖွဲ့များအလယ်တွင် အရှင်နှစ်ပါးကို ခစားလိုက်ပါလာကြလေရာ ၎င်းတို့၏ လှုပ်ရှားမှုမှာလည်း တစ်ဦးချင်းအနေဖြင့် လွတ်လွတ်လပ်လပ် သက်သောင့်သက်သာ ရှိသလောက် တစ်စုတည်းအနေဖြင့် စည်းစည်းအုပ်အုပ်ရှိလှသည့်အတွက် ကြည့်၍မငြီးနိုင်အောင် ဖြစ်နေပြန်သည်။ တပ်သားထုကြီးတစ်ခုလုံးကား အရှင်နှစ်ပါးကိုသာ ထွေပြားခြင်းမရှိသော အာရုံဖြင့် ဖူးမြော်ခစားလျက် ရှိလေသည်။

ပို့မျစ်နနယ်၍ ချောမောခံ့ညားသော အလက်ဇန်းဒရား ဘုရင်မင်းမြတ်သည် ကိုယ်ရံတော်ဗိုလ်ဝတ်စုံကို ဆင်မြန်း၍ ရှေ့နှင့်နောက်တွင် ကြက်လျှာစွန်းနှစ်ဖက်ချွန်သောဦးထုပ်ကို ဆောင်းထား၏။ ၎င်း၏ ကြည်လင်ခံ့ညားသော မျက်နှာတော်နှင့် ကျယ်လည်းမကျယ်၊ တိုးလည်း မတိုးသော သြဇာနှင့် ပြည့်စုံသည့်အသံသည် တပ်သားထုကြီး၏စိတ်ကို ဆွဲငင်ညို့ယူနေသကဲ့သို့ ရှိလေသည်။

နီကိုလေမှာ ခရာကိုင်တပ်ဖွဲ့နှင့် မလှမ်းမကမ်းမှရပ်၍ ခစားလျက်ရှိ၏။ နီကိုလေသည် စူးရှထက်မြက်သော အကြည့်ဖြင့် ဘုန်းတော်ကြီးသော ဘုရားကို ချက်ချင်းမှတ်မိကာ မိမိတို့ဘက်သို့ ဦးတည်လာနေကြသည်ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။ ဘုန်းတော်ကြီးသောဘုရား မိမိနှင့် အလှမ်းနှစ်ဆယ်ကွာလောက်သို့ ရောက်လာသောအခါ၌ကား ၎င်း၏ ချောမောခံ့ညားး၍ နနယ်ကြည်လင်သော မျက်နှာကို နီကိုလေ အသေးစိတ်မြင်နေရလေပြီ။ နီကိုလေ၏စိတ်၌ ယခင်တစ်ခါမျှ မဖြစ်ခဲ့ဖူးသေးသော ချစ်ခင်လေးမြတ်ခြင်းနှင့် ရွှင်လန်းနှစ်သက်ခြင်းတို့သည်လည်း ဖြစ်ပေါ်လာခဲ့ကြလေပြီ။ နီကိုလေ၏အဖို့၌ ဘုန်းတော်ကြီးသော ဘုရား၏ လှုပ်ရှားဟန်တိုင်း၊ အပြုအမူတိုင်းသည် စွဲလမ်းနှစ်သက်ဖွယ် ကောင်းလျက်ရှိလေပြီ။

ပါဗလိုဂရက်မြင်းတပ်ရှေ့သို့ ရောက်သောအခါ ဘုန်းတော်ကြီးသောဘုရားသည် ခေတ္တငံ့၍ သြစတြီးယားကေရာဇ်အား ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာ မိန့်တော်မူပြီးနောက် ပြုံးတော်မူ၏။

နီကိုလေသည် ဘုန်းတော်ကြီးသော ဘုရား၏အပြုံးကို မြင်သည်၌ ရောယောင်၍ ပြုံးလိုက်မိရာက ဘုန်းတော်ကြီးသော အရှင်ကေရာဇ်အား ချစ်ခင်နှစ်သက်သော စိတ်သည်လည်း ဆတက်ထမ်းပိုးတိုး၍ လာတော့သည်။ ဘုန်းတော်ကြီးသောဘုရားအား ချစ်ခင်နှစ်သက်သောစိတ်ကို တစ်နည်းနည်းဖြင့် ထုတ်ဖော်ပြချင်စမ်းပါဘိဟု အောက်မေ့မိသည်။ သို့ရာတွင် ဤသို့ပြရန်အခွင့်အရေးမရှိပြီဟု တွေးမိသည့်အခါ၌ကား နီကိုလေမှာ ရင်ထဲတွင် လှိုက်ဖိုကာ


www.burmeseclassic.com

မျက်ရည်တွေ လည်လာတော့သည်။ ဇာဘုရင်မင်းမြတ်သည် ပါဗလိုဂရက် မြင်းတပ်ရင်း တပ်မှူး ဗိုလ်မှူးကြီးကို ဆင့်ခေါ်ကာ တစ်စုံတစ်ရာ မိန့်တော်မူ၏။

'ဘုရား ဘုရား ဘုန်းတော်ကြီးသောဘုရားက ငါ့ကိုခေါ်ပြီး ဒီလိုမိန့်ကြားတော်မူရင် ဘယ်လောက် ကောင်းမလဲ၊ ဘုရင်မင်းမြတ်နဲ့သာ စကားပြောခွင့်ရရင် ငါတော့ ဝမ်းသာလုံးဆို့လို့ သေချင်သေသွားပါစေ၊ စကားတစ်ခွန်းလောက် ပြောလိုက်ချင်ပါရဲ့'

နီကိုလေသည် ဤသို့တွေးလျက်ရှိ၏။

ဇာဘုရင်မင်းမြတ်သည် အခြားသော တပ်ဗိုလ်များကိုလည်း နှုတ်ဆက်တော်မူလေသည်။

"အိမ်း တပ်ဗိုလ်များအားလုံးကိုလဲ အထူးကျေးဇူးတင်ပေတယ်"

နီကိုလေအဖို့၌ကား ထိုစကားလုံးများသည် ကောင်းကင်ဘုံမှကျလာသော စကားလုံးများဟုထင်မှတ်၏။ ဇာဘုရင်အတွက် ယခုချက်ချင်းသေဆိုလျှင်လည်း ဝမ်းမြောက်ဝမ်းသာသေဖို့ ဝန်မလေးပြီ။ ဤစကားကို ကြားလျှင် သေပျော်ပေပြီ။

"ပါဗလိုဂရက် မြင်းတပ်ရင်းစစ်သည်ရဲမက်တို့၊ ယခု စိန့်ဂျော့ဆုတံခွန်တော်ကြီးများကို ရကြပြီ၊ သင်တို့သည် ဤတံခွန်တော်ကြီးများနှင့် ထိုက်တန်သော စစ်သည်တော်များပီပီ အမှုတော်ကို ထမ်းရွက်ကြလိမ့်မည်ဟု ငါယုံကြည်သည်"

ဤစကားကို ကြားပြန်သောအခါ၌ နီကိုလေသည် ဇာဘုရင်အတွက် ယခုချက်ချင်းပင် အသက်စွန့်လိုစိတ်ပေါက်လာတော့သည်။ 'ဟုတ်တယ်၊ ငါအသက်စွန့်မယ်၊ ဘုန်းတော်ကြီးသော ဘုရားအတွက် အသက်ကို ရဲရဲကြီးစွန့်ပြမယ်'ဟု နီကိုလေ တွေးမိသည်။

ဇာဘုရင်သည် နောက်ထပ် တစ်စုံတစ်ရာ မြွက်ကြားပြန်သည်။ ထိုစကားများကိုကား နီကိုလေ့ မကြားလိုက်ချေ။ ထို့နောက်၌ကား "ဘုန်းတော်ကြီးသောဘုရားသက်တော်ရာကျော်ရှည်ပါစေ"ဟူသော တပ်သားများ၏ တစ်ခဲနက် သြဘာသံကြီး ထွက်ပေါ်လာလေသည်။

နီကိုလေသည် ကုန်းနှီးပေါ်တွင် ရှေ့သို့ကိုယ်ကို ညွတ်၍ ထိုင်လျက် "ဘုန်းတော်ကြီးသောဘုရား သက်တော်ရာကျော်ရှည်ပါစေ"ဟု သံကုန်အော်လိုက်သည်။ မိမိတွင် ဖြစ်နေသည့် ပီတိသောမနဿစိတ်ကို ထုတ်ဖော်ရလျှင် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲစေဟု သဘောထားဟန် ရှိလေသည်။

ပါဗလိုဂရက် မြင်းတပ်ရင်းရှေ့သို့ ရောက်သော် ဇာဘုရင်မင်းမြတ်သည် တစ်စုံတစ်ရာကို ဝေခွဲမရဖြစ်ဟန်ဖြင့် အတန်ကြာမျှ ရပ်နေ၏။

နီကိုလေသည် ဤအဖြစ်ကိုကြည့်၍ အံ့သြခြင်းမကအံ့သြမိ၏။ သံသယဖြစ်ခြင်း၊ ဝေခွဲမရဖြစ်ခြင်း စသည်တို့သည် မိမိတို့ သာမန်လူသားများ၌သာ ဖြစ်သော စိတ်၏အခြင်းအရာဖြစ်၍ ဘုရင်ဧကရာဇ်တို့၌ ဤသို့သောအခြင်းအရာမျိုးမရှိနိုင်ဟု နီကိုလေယူဆခဲ့၏။ ယခုသော် ဘုရင်မင်းမြတ်ကိုယ်တိုင် တစ်စုံတစ်ရာကို ဒွိဟဖြစ်လျက်ရှိလေပြီ။

'အလို ဘုရင်ဧကရာဇ်တစ်ပါးမှာလဲ ဝေခွဲမရတဲ့စိတ် ရှိပါကလား'ဟု နီကိုလေတွေးမိသည်။ သို့ရာတွင် ၎င်း၏အဖို့၌ကား ဤသို့ဝေခွဲမရဖြစ်နေဟန်ကပင် ကျက်သရေရှိသည်ဟု ထင်မိသည်။

ဘုရင်မင်းမြတ်၏ တွေဝေဆုတ်ဆိုင်းခြင်းသည် ခဏမျှသာ ကြာ၏။ ဘုရင်မင်းမြတ်သည် ဦးချွန်ခြေနင်းစီးထားသည့်ခြေတော်ဖြင့် မြီးဆံ၊ မှင်ဆံ၊ လည်ဆံဖားဖား၊ အနီကိုယ်မွေးဝတ်ပန်းမြင်းမကြီး၏ ဆီးစပ်ဝမ်းကြောကို တစ်ချက်တို့လိုက်လျက် လက်အိတ်ဖြူစွပ်ထားသည့်လက်ဖြင့် ဇက်ကြိုးကိုစုဆွဲလိုက်ကာ ပြန်ကြွသွားသည်တွင် ရာပေါင်းများစွာသော ကိုယ်ရံတော်များသည်လည်း ၎င်း၏နောက်မှ မြင်းကိုယ်စီဖြင့် ခစားလိုက်ပါသွားကြလေသည်။ ကိုယ်ရံတော်တပ်စုကြီးသည် ပင်လယ်လှိုင်းလုံးကြီးများသဖွယ် မြင်းများပေါ်၌ နိမ့်တုံမြင့်တုံဖြစ်လျက် ရှိကြလေသည်။ သို့နှင့် ဘုရင်မင်းမြတ်သည် တပ်ရင်းများကို တစ်ခုပြီးတစ်ခု စစ်ဆေးရင်းဖြင့် တဖြည်းဖြည်း ဝေးသွားခဲ့လေပြီ။ နောက်ဆုံး၌ ဘုရင်မင်းမြတ်၏ မောက်လူတွင် စိုက်ထားသည့် ဖြူဖွေးသောငှက်တောင်များကိုသာ ကိုယ်ရံတော်ဗိုလ်ထုကြားမှ မှုန်မှုန်ပျပျ မြင်ရတော့သည်။

ကိုယ်ရံတော်ဗိုလ်များထဲ၌ မြင်းပေါ်တွင် မထိမဲ့မြင်ပျင်းရိပျင်းတွဲ လိုက်ပါလာသော မင်းသားကလေး အင်ဒရေကို နီကိုလေ မြင်လိုက်ရ၏။ ဤသည်နှင့် တစ်ပြိုင်နက် နီကိုလေသည် မင်းသားကလေးအင်ဒရေနှင့် ယမန်နေ့က



www.burmeseclassic.com

 www.burmeseclassic.com 

စကားများခဲ့ကြပုံကို အမှတ်ရလာကာ မင်းသားကလေး အင်ဒရေးနှင့် နှစ်ယောက်ချင်း ချိန်းသတ်ဖို့ 'စိန်'ခေါ်သင့် မခေါ်သင့် အတန်ကြာ စဉ်းစားနေမိသည်။

'အို ခပ်အေးအေးနေလိုက်တာပဲ ကောင်းပါတယ်၊ ဒီအချိန်ဟာ မင်္ဂလာအချိန်ကြီးပဲ၊ မေတ္တာတရား ပွားများဖို့၊ ပီတိသောမနဿဖြစ်ဖို့၊ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းဖို့ မင်္ဂလာအခါတော်ကြီးပဲ၊ ဒီလို မင်္ဂလာကျက်သရေနဲ့ ပြည့်စုံတဲ့ အချိန်မှာ ငါတို့ ရန်ဖြစ်နေကြတာ တစ်ယောက်ကို တစ်ယောက် စော်ကားနေကြတာဟာ ဘာအကျိုးရှိမလဲ၊ ဘာမှ အကျိုးမရှိဘူး၊ တော်ပြီ၊ ဒီလိုစိတ်ထားမျိုးတွေ ငါ မထားတော့ဘူး၊ ဒီနေ့ကစပြီး ငါလူတိုင်းကို ချစ်ခင်တော့မယ်၊ ခွင့်လွှတ်တော့မယ်'

နီကိုလေသည် ဤသို့ ဆုံးဖြတ်လိုက်၏။

ဘုရင်မင်းမြတ်သည် တပ်ရင်းများအားလုံးကို တစ်ခုပြီး တစ်ခု စစ်ဆေးပြီးနောက် တပ်များအားလုံးက ဘုရင်မင်းမြတ်ရှေ့တွင် ချီတက်အလေးပြုလျက် ရှိလေသည်။ ထိုအထဲ၌ နီကိုလေလည်းအပါအဝင်ဖြစ်၏။ နီကိုလေသည် မကြာမီကမှ ဒင်နီဆော့ဗ်ထံကဝယ်ခဲ့သော မြင်းကြီး 'ဗေဒွင်'ကို စီး၍ ၎င်း၏တပ်ခွဲနောက်ဆုံးမှ လိုက်ပါလာလေရာ ၎င်း၏ မြင်ကွင်းသည် ထင်းထင်းကြီး ပေါ်လျက်ရှိ၏။

နီကိုလေသည် ကျွမ်းကျင်သော မြင်းစီးသမားတစ်ယောက်ဖြစ်သည့်အတိုင်း ဘုရင်မင်းမြတ်၏ ရှေ့တော်ကို မရောက်မီကလေးတွင် 'ဗေဒွင်'၏ နံပါးကို နှစ်ချက်မျှ မြင်းစီးဖိနပ်သံဆူးဖြင့် တို့လိုက်ပြီး 'ဗေဒွင်'ကို မြူးကြွားသည့်ဟန် ပေါ်လာအောင် သုံးချောင်းထောက် ပြေးစေ၏။ သံဆူးတို့လိုက်သည့်အခါ၌ 'ဗေဒွင်'မှာလည်း တကယ်ပင် မြူးကြွလာကာ သုံးချောင်းထောက် ပြေးတော့လေသည်။ 'ဗေဒွင်'သည် မိမိအား ဧကရာဇ်ဘုရင်က ရှုစားလျက်ရှိခြင်းကို သိသည့်အလား အမြုပ်တစီစီထလျက်ရှိသော နှာဖျားနှုတ်သီးကို ရင်ဂူဆီသို့ ဆွဲယူထားပြီး မြီးဆံကိုဆန့်လျက် ခွာမြောက်ခွာကျမှန်မှန်ဖြင့်ခံ့ညားစွာ သုံးချောင်းထောက် ပြေးလာခဲ့လေရာ ၎င်း၏သဏ္ဌာန်မှာ မြေကိုမထိဘဲ လေတွင် ပျံဝဲကျက်စားသည့် 'တိမ်တိုက်ကွန့်မြူး'၊ 'ရွှေစင်တုနှိုင်း'၊ 'ကောင်းကင်ခွဲ'စသောမြင်းပျံတိမ်ညွန့်စား အမျိုးအနွယ်ပေလောဟုပင် ထင်မှတ်ရပေသည်။

မြင်းစီးသူ နီကိုလေမှာလည်း ခါးကိုဆန့်လျက် ခြေကိုနောက်ပစ်၍ တည်ကြည်သော်လည်း ပီတိဟုန်ကြွနေသော မျက်နှာကိုဆောင်၍ မြင်းနှင့်လူ တစ်သားတည်း တစ်စပ်တည်းဟု ထင်ရလောက်အောင် ဧကရာဇ်ဘုရင်ရှေ့တွင် ခံ့ညားစွာ စီးလာခဲ့လေသည်။ ထိုစဉ်က နီကိုလေ၏ မြင်းစီးဟန်မှာ 'နတ်စစ်သည်တစ်ပါး ထင်ရပါပေသည်' ဟု နောင်တွင် ဒင်နီဆော့ဗ်က ချီးကျူးခြင်းပြုလေသည်။

"အိမ်း ပါဗလိုဂရက်မြင်းတပ်သားများကတော့ ခံ့ညားပါပေတယ်"ဟု ဘုရင်မင်းမြတ်က မိန့်၏။

ထိုအခါ၌ နီကိုလေ၏ ဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်းကား ဆိုဖွယ်မရှိတော့ပြီ။ ဘုရင်မင်းမြတ်က ယခုချက်ချင်း မီးပုံထဲခုန်ဆင်းစေခိုင်းလျှင်ပင် မဆိုင်းမတွ ခုန်ဆင်းမိလိုက်မည်သာ ဖြစ်လေသည်။

ဗိုလ်ရှုခံသဘင် ပြီးဆုံးသည့်နောက်တွင်ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏တပ်မှ တပ်ဗိုလ်များနှင့် ရုရှားနိုင်ငံမှ စစ်ကူရောက်လာသည့် တပ်ဗိုလ်များသည် ဝိုင်းဖွဲ့ကာ ဆုတော်လာဘ်တော်များအကြောင်း၊ ဩစတြီးယား တပ်များအကြောင်း၊ ဩစတြီးယားစစ်ဝတ်စုံများ အကြောင်း၊ မိမိတို့တပ်များ အကြောင်း၊ ဘိုနာပတ်အကြောင်း၊ ပရပ်ရှားနိုင်ငံပါ စစ်ထဲဝင်လာလျှင် ဘိုနာပတ်တစ်ယောက် မရှုမလှ အရေးနိမ့်တော့မည့်အကြောင်း စသည့် သောင်းပြောင်းထွေလာတို့ကို ပြောဆိုကျန်ရစ်ခဲ့ကြလေသည်။

သို့ရာတွင် အစုတိုင်းအစုတိုင်း၌ အဓိကထား၍ ပြောဆိုသောအကြောင်းမှာ ဘုန်းတော်ကြီးသော အလက်ဇန်းဒရားဘုရင်မင်းမြတ် အကြောင်းပင် ဖြစ်လေသည်။ ၎င်းတို့သည် ဘုရင်မင်းမြတ်၏ စကားလုံးများ၊ အမူအရာများကို အားပါးတရ မြိန်ရေရှက်ရေ ပြောဆိုလျက်ရှိကြလေသည်။

၎င်းတို့အားလုံး၏ဆန္ဒမှာ တစ်ခုတည်းသာဖြစ်၏။ ယင်းမှာ အခြားမဟုတ်။ ဇာဘုရင်မင်းမြတ်၏ ကွပ်ကဲမှုဖြင့် ရှေ့သို့ချီတက်ကာ ရန်သူကို အပြီးသတ် ချေမှုန်းရေးဖြစ်လေသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကွပ်ကဲပါမူ ခေါ်ဘဏီစစ်သည်တို့ပင်လျှင် ခံနိုင်မည်မဟုတ်ဟု ယုံကြည်လျက် ရှိကြလေသည်။ ဗိုလ်ရှုသဘင်ပြီးသည့်နောက်၌ နီကိုလေနှင့် တပ်ဗိုလ်များသည်လည်း ဤသို့ ယုံကြည်လျက် ရှိကြလေသည်။

ဘုရင်မင်းမြတ်ကို ဖူးမြော်လိုက်ရခြင်းသည် ၎င်းတို့



www.burmeseclassic.com

အဖို့ ပြီးခဲ့သော အောင်ပွဲနှစ်ပွဲရခဲ့ခြင်းထက်ပင် ၎င်းတို့၏ စိတ်ကို တက်ကြွစေပေတော့သည်။

## အခန်း ၉

ဗိုလ်ရှုသဘင်ပြီးသည့် နောက်တစ်နေ့၌ ဘိုးရစ်စ်သည် အကောင်းဆုံးစစ်ဝတ်စုံကိုဝတ်၍ ၎င်း၏ ရောင်းရင်းကြီး ဘာ့ဂ်က အောင်မြင်ပါစေကြောင်း အကောင်းဆုံးဆုတောင်းခြင်းကိုခံယူပြီးနောက် မင်းသားကလေးအင်ဒရေနှင့်တွေ့ရန် အိုလမွတ်ရွာဘက်သို့ မြင်းစီး၍ ထွက်လာခဲ့လေသည်။ ဘိုးရစ်စ်သည် မိမိနှင့် မင်းသားကလေးအင်ဒရေတို့၏ ရင်းနှီးခြင်းကိုအကြောင်းပြု၍ မိမိအဖို့ အရနိုင်ဆုံးသော၊ အကောင်းဆုံးသော ရာထူးကိုရအောင် အမြတ်ထုတ်မည်ဟု စိတ်ကူးလာခဲ့၏။ ထိုရာထူးကား အခြားမဟုတ်၊ အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်၏ တပ်ရေးဗိုလ်ရာထူး ဖြစ်လေသည်။ ထိုရာထူးသည် ဘိုးရစ်စ်၏အမြင်၌ စစ်တပ်ထဲတွင် 'သွားရည်ကျ'စရာ အကောင်းဆုံးရာထူးဟု ထင်မှတ်လျက် ရှိလေသည်။

'နီကိုလေတို့က ဘာအရေးလဲ၊ သူ့အဖေက တစ်ခါပို့ရင် ငွေဒင်္ဂါးတစ်သောင်းဆိုလဲပို့နိုင်ရဲ့၊ ဒီတော့ သူတို့အဖို့ သူများကို ခယဝယမလုပ်နိုင်ဘူး၊ သူများရဲ့ လက်ပါးစေ မလုပ်နိုင်ဘူးလို့ ပြောအားရှိပေမှာပေါ့၊ ဒါပေမဲ့ ငါ့မှာတော့ မုဆိုးမသား၊ ငါဦးနှောက်ကလွဲလို့ ငါ့မှာ ဘာမှ မရှိဘူး၊ ဒီတော့ ငါ့တက်လမ်းကို ငါရှာရပေလိမ့်မယ်၊ ပေါ်လာတဲ့ အခွင့်အရေးကို လက်လွတ်ခံလို့ မဖြစ်ဘူး၊ အခွင့်အရေး မရှိရင်တောင်ရှိအောင် တပင်တပန်းလိုက်ရှာရပေလိမ့်မယ်"

ဘိုးရစ်စ်သည် တစ်လမ်းလုံး ဤသို့တွေးလာ၏။

ထိုနေ့က ဘိုးရစ်စ်သည် မင်းသားကလေးအင်ဒရေကို အိုလမွတ်တွင် ရှာမတွေ့ခဲ့ချေ။ စစ်ဌာနချုပ်ရုံးစိုက်ရာ၊ သံတမန်အဖွဲ့များ စခန်းချရာ၊ ကေရာဇ်နှစ်ပါး ယာယီစံမြန်းရာ ၎င်းတို့၏ အခြွေအရံများ၊ ကိုယ်ရံတော်များ၊ ရွှေနန်းတော် အမှုထမ်းများ စတည်းချရာ အိုလမွတ်ရွာကလေး ၏အသွင်မှာ စည်ကားခမ်းနားလျက် ရှိလေသည်။ ဤအခြင်းအရာများကို မြင်ရသည်၌ အထက်တန်းလွှာထဲသို့ဝင်ဆံ့လိုသော ဘိုးရစ်စ်၏ ဆန္ဒမှာလည်း တိုးသည်ထက်တိုး၍သာ လာခဲ့လေတော့သည်။

အိုလမွတ်၌ မိမိအဖို့ အသိမိတ်ဆွေဟူ၍ တစ်ယောက်မျှ မရှိချေ။ ဘိုးရစ်စ်သည်သပ်ရပ်သန့်ရှင်းသော ကိုယ်ရံတော်မြင်းတပ်ဗိုလ်ကလေး ဝတ်စုံကို ဝတ်ဆင်ထားသော်လည်း ငှက်တောင်များ၊ ရင်သိုင်းစလွယ်များ၊ ဆုတံဆိပ်တော်များကို ဆင်ယင်ထားလျက် ခံ့ညားသော ကရထားကြီးများဖြင့် သွားလာနေကြသော တပ်မတော်ဗိုလ်ချုပ်ကြီးများ၊ ရွှေနန်းတော်အရာရှိကြီးများ စသည့် အထက်တန်းပုဂ္ဂိုလ်ကြီးများကို မြင်ရသောအခါ၌ ၎င်းတို့သည် မိမိနှင့် မိုးနှင့် မြေကြီးပမာ ကွာခြားလှသည်ဟု ထင်မိ၏။ ထိုပုဂ္ဂိုလ်ကြီးများသည် မိမိကဲ့သို့သော မထင်ရှားသည့် ကိုယ်ရံတော် မြင်းတပ်ဗိုလ်ကလေးတစ်ဦးကို ဂရုမူခြင်းလည်းမရှိ၊ ဂရုမူလိုစိတ်လည်းမရှိဟု ဘိုးရစ်စ် ထင်မိ၏။ ဘိုးရစ်စ်သည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ စစ်ဦးစီးဌာနချုပ်သို့သွားရောက်ကာ မင်းသားကလေး အင်ဒရေကို စုံစမ်းခြင်း ပြုလေသည်။ ထိုနေရာ၌ကား တပ်ရေးဗိုလ်များကသာမက တပ်လုလင်များကပင် မိမိအား အရေးမစိုက်ကြဘဲ ၎င်းတို့မှာ တစ်နေ့တစ်နေ့ ဤသို့သော တပ်ဗိုလ်ကလေးများ မကြာခဏ လာလွန်းကြသည့်အတွက် ငြီးငွေ့လှပြီဟူသော အကြည့်မျိုးဖြင့် ကြည့်လွှတ်လိုက်ကြခြင်းကိုသာ တွေ့ရ၏။ သို့ရာတွင် ဘိုးရစ်စ်ကား စိတ်မပျက်သေးချေ။ စိတ်မပျက်ရုံမျှမက (၎င်းတို့၏ ထည်ဝါခြင်းကို မြင်ရသဖြင့် တစ်နေ့တွင် မိမိလည်း ဤသို့ ဖြစ်ရမည်ဟု အားတက်သောကြောင့်လောမသိ)နောက်တစ်နေ့ဖြစ်သော နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အိုလမွတ်ရွာသို့ နောက်တစ်ခေါက် ရောက်လာပြန်ကာ စစ်သေနာပတိချုပ် ကူတူဇော့ဗ် နေထိုင်လျက်ရှိသည့်အိမ်သို့ဝင်၍ မင်းသားကလေး အင်ဒရေကို စုံစမ်းပြန်သည်။ မင်းသားကလေးအင်ဒရေရှိခိုက်နှင့်ကြုံသဖြင့် ဘိုးရစ်စ်ကို ခန်းမဆောင်ကြီးတစ်ခုထဲသို့ ခေါ်သွားလေသည်။ ထိုခန်းမဆောင်ကြီးမှာ ယခင်က ပွဲတက်ဆောင် ဖြစ်ဟန်တူလေသည်။ သို့ရာတွင် တစ်ခါက ပွဲတက်ဆောင်ကြီးဖြစ်ခဲ့သည့် ထိုခန်းမဆောင်ကြီးထဲ၌ကား အိပ်ရာ ငါးခု၊ စားပွဲကုလားထိုင်စသော ပရိဘောဂအမျိုးမျိုးနှင့် ရေးစန္ဒယားကြီးတစ်လုံး စသည့် ပစ္စည်းတို့ အမြိုင်သားရောက်လျက်ရှိကြ၏။ တံခါးဝအနီး၌ တပ်ရေးဗိုလ်တစ်ယောက်သည် ပါရှန်ဝတ်ရုံကြီးကိုဝတ်ကာ ထိုင်၍ စာရေးနေသည်။ အသားနီနီကိုယ်ကာယကြံ့ခိုင်သည့် အခြားတပ်

ရေးဗိုလ်တစ်ယောက်ဖြစ်သော နက်ဗစ်စကီမှာ ခေါင်းအောက်တွင် လက်မောင်းခု၍ အိပ်ရာထဲ၌လှဲလျက် ဘေးတွင်ထိုင်နေသော အခြား တပ်ရေးဗိုလ်တစ်ယောက်နှင့် ရယ်မောကာ စကားပြောလျက်ရှိ၏။ အခြားတပ်ရေးဗိုလ်တစ်ယောက်မှာကား ရေးစန္ဒရားကြီးတွင် ထိုင်လျက် ဩစတြီးယား ဝေါ့ဇ်သီချင်းတစ်ပုဒ်ကို တီးနေသည်။ ကျန်တပ်ရေးဗိုလ်တစ်ယောက်မှာမူ ရေးစန္ဒရားခုံကြီးပေါ်တွင် တက်အိပ်လျက် တေးတစ်ပိုဒ်ကို ညည်းလျက်ရှိ၏။ ထိုခန်းဆောင်ထဲ၌လည်း မင်းသားကလေးအင်ဒရေကို မတွေ့ရသေးချေ။ ခန်းဆောင်ကြီးထဲရှိ တပ်ရေးဗိုလ်များကား ဘိုးရစ်စ်ကို မြင်သော်လည်း ဂရုစိုက်ကြဟန်မရှိချေ။ ဘိုးရစ်စ်သည် တံခါးဝတွင် စာရေးနေသော တပ်ရေးဗိုလ်ထံ လာခဲ့ကာ မင်းသားကလေး အင်ဒရေ ရှိ မရှိကို စုံစမ်း၏။ တပ်ရေးဗိုလ်သည် မနှစ်မြို့သောမျက်နှာထားဖြင့် ကြည့်လိုက်ပြီးနောက် မင်းသားကလေးအင်ဒရေ တာဝန်ကျလျက် ရှိကြောင်း၊ တွေ့လိုက လက်ဝဲဘက်ဧည့်ခန်းဆောင်ထဲတွင် ရှိကြောင်းဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ဘိုးရစ်စ်သည် ၎င်းအား ကျေးဇူးစကား ဆိုပြီးနောက် ဧည့်ခန်းဆောင်ထဲသို့ လိုက်လာခဲ့သည်။ ဧည့်ခန်းဆောင်ထဲ၌ကား ဗိုလ်ချုပ်များ တပ်ဗိုလ်များ ဆယ်ယောက်ခန့်ထိုင်လျက် ရှိလေသည်။

ဧည့်ခန်းဆောင်ထဲသို့ ဘိုးရစ်စ်ဝင်သွားသောအချိန်၌ မင်းသားကလေးအင်ဒရေသည် အဆောင်အယောင် ဆုတံဆိပ်များဆင်ယင်ထားသော အသက်ကြီးကြီး ရုရှားဗိုလ်ချုပ်ကြီးတစ်ဦး၏ စကားများကို နားထောင်လျက်ရှိ၏။ ရုရှားဗိုလ်ချုပ်ကြီးသည် စဉ်းငယ်ခြေဖျားထောက်၍ ကိုယ်ကို မတ်မတ်ရပ်လျက် တစ်စုံတစ်ရာကို အစီရင်ခံလျက်ရှိ၏။ ၎င်း၏ ညိုမှိုင်းသော မျက်နှာကား စစ်သားတစ်ယောက်၏ ကျိုးနွံသောအမူအရာမျိုးကို ဖော်ပြလျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေမှာမူ ၎င်းကို အထင်သေးသည့်ဟန်ဖြင့် မျက်လုံးများကို မှိတ်၍ နားထောင်နေသည်။ (၎င်း၏ အမူအရာမှာ လွန်စွာပင်ပန်းငြီးငွေ့ခြင်းကို ကြိုးစားဖုံးကွယ်လျက်ရှိရာက 'တာဝန်အရ မလွှဲသာလို့ ခင်ဗျား ပြောတဲ့စကားတွေကို နားထောင်နေရတာ၊ နို့မဟုတ်ရင် ခင်ဗျားလိုလူမျိုးနဲ့ တစ်မိနစ်ကလေးတောင် အရေးလုပ်ပြီး စကာမပြောဘူးခင်ဗျ'ဟု ပြောနေသကဲ့သို့ရှိ၏။)

"ကောင်းပြီလေ၊ ဗိုလ်ချုပ်အနေနဲ့ သည်းခံပြီး စောင့်ကြည့်ပါဦး ဟုတ်စ"မင်းသားကလေးအင်ဒရေက ရုရှားဘာသာဖြင့် ပြောလိုက်၏။ မင်းသားကလေးအင်ဒရေ၏ လေမှာ နှိပ်နှိပ်နယ်နယ်ပြောလိုသည့်ကာလမျိုး၌ ပြောလေ့ရှိသည့် ပြင်သစ်လေယူလေသိမ်းမျိုး ဖြစ်၏။ ဘိုးရစ်စ်ကို မြင်လိုက်သည်၌ မင်းသားကလေးအင်ဒရေသည် မိမိနောက်က ခပ်သုတ်သုတ် လိုက်ပါလာရင်း ဆက်လက်ကြားနာရန် တတွတ်တွတ် တောင်းပန်လျက်ရှိသော ဗိုလ်ချုပ်ကြီးကို အလျှင်းဂရုမစိုက်ဘဲ ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်ပြီးနောက် ဘိုးရစ်စ်ဘက်သို့ လှည့်၍ ရွှင်လန်းစွာ ပြုံးပြလိုက်သည်။

ထိုခဏအတွင်း၌ကား ယခင်က ဝိုးတဝါးသာသိခဲ့သော အသိတရားတစ်ခုကို ဘိုးရစ်စ် ပြက်ပြက်ထင်ထင် သိမြင်လာခဲ့လေပြီ။ စစ်တပ်တစ်တပ်၌ မိမိတို့ တပ်ဗိုလ်တပ်သားအားလုံး သိပြီးသားဖြစ်၍ ဥပဒေဖြင့် ပြဋ္ဌာန်းထားသော စည်းကမ်းများသာမက ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်းလည်းမရှိ မိမိတို့လည်း မသိသေးသော အရေးကြီးသည့် စည်းကမ်းတစ်မျိုးရှိသေးကြောင်းကို ဘိုးရစ်စ် သဘောပေါက်ခဲ့လေပြီ။ ထိုစည်းကမ်းကား အခြားမဟုတ်။ ရာထူးကြီးသည်ငယ်သည်မဟူ မိမိကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်သူမှန်သမျှအား အောက်ကျို့ခစားခြင်းဟူသော စည်းကမ်းပင် ဖြစ်လေသည်။ တပ်ဗိုလ်ကလေး ဘိုးရစ်စ်နှင့် အပျင်းပြေ လာရောက်စကားပြောဆိုလျက်ရှိသော စစ်ဦးစီးဌာနချုပ် ဗိုလ်ကြီးအင်ဒရေကို ဇာနားတပ်ဗိုလ်ချုပ်ဝတ်စုံဝတ် အသားညိုညို ဗိုလ်ချုပ်ကြီးတစ်ဦးက စကားပြောခွင့်ရပါမည့်အကြောင်း မလှမ်းမကမ်းမှ ယို့ယို့ကလေးရပ်၍ စောင့်ဆိုင်းနေရခြင်းမှာ အဆိုပါစည်းကမ်းတစ်မျိုးကြောင့်ပင် မဟုတ်လော။ ဘိုးရစ်စ်သည် မိမိရာထူးတက်ရေးကို ကြိုးပမ်းရာတွင် ဤသို့ အောက်ကျို့ခစားရမည်ကို ယခင်က မရဲတရဲ ဖြစ်လျက်ရှိခဲ့သော်လည်း ဤအခြင်းအရာကိုမြင်ပြီးသည့်နောက်၌ကား ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာခြင်းထက် ရေးဆွဲပြဋ္ဌာန်းခြင်းမရှိသော ဥပဒေများကို လိုက်နာခြင်းက ထိရောက်သည်။ မိမိသည် နောင်တွင် ထိုအတိုင်း ကျင့်ကြံတော့မည်ဟု ရဲရဲကြီးဆုံးဖြတ်လိုက်လေသည်။ ထို့ပြင်မက မင်းသားကလေးအင်ဒရေက ဗိုလ်ချုပ်ကြီးကို ဂရုမပြုဘဲ မိမိအား အရေးတယူ ဆီးကြိုနှုတ်ဆက်ခြင်းကို မြင်ရသည်အခါ၌



www.burmeseclassic.com

လည်း မိမိကဲ့သို့သော တပ်ဗိုလ်ကလေးတစ်ဦးအား စစ်မြေပြင်တွင် အချိန်မရွေးပစ်သတ်နိုင်သည့် ဗိုလ်ချုပ်ကြီးတစ်ဦးထက်ပင် အဆင့်မြင့်သွားလေပြီဟု ဘဝင်ခိုက်လျက်ရှိလေသည်။

မင်းသားကလေးအင်ဒရေသည် ဘိုးရစ်စ်ထံသို့ လျှောက်လာကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

“မနေ့က တွေ့မသွားရတာ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်လဲ မနေ့ကတစ်နေ့လုံး ဂျာမန်တွေနဲ့ အလုပ်များနေလို့ဗျ၊ စစ်အင်္ဂါစဉ်ဆွဲဖို့ ဗိုလ်ချုပ်ဝေရိုသာနဲ့အတူ မြေပြင် အနေအထားတွေကို လျှောက်ကြည့်နေရတယ်၊ ဂျာမန်လူမျိုးများ တိကျပြီဆိုရင် တော်တော် စိတ်ပျက်စရာကောင်းတာပဲဗျို့၊ မဆုံးနိုင်တော့ဘူး၊ အစစအရာရာ အတိအကျ လိုက်နေတော့တာပဲ”

ဘိုးရစ်စ်က မင်းသားကလေးအင်ဒရေ ပြောနေသည့် အကြောင်းအရာများကို အချင်းချင်းသိပြီး နားလည်ပြီးသားဟန်ဖြင့် ပြုံးပြလိုက်သည်။ စင်စစ်၌ကား ဘိုးရစ်စ်သည် ဗိုလ်ချုပ်ဝေရိုသာဆိုသော အမည်နှင့် ‘စစ်အင်္ဂါစဉ်’ဆိုသော စကားလုံးကို ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်လေသည်။

“ဘယ့်နှယ်လဲ ရောင်းရင်း၊ တပ်ရေးဗိုလ်ဖြစ်ချင်တုန်းပဲလား၊ ကျွန်တော်လဲ ခင်ဗျားကိစ္စကို စဉ်းစားနေပါတယ်”

“ဟုတ် ဟုတ်ကဲ့ ကျွန်တော်”မည်သည့်အတွက်ကြောင့် မသိ ဘိုးရစ်စ်၏မျက်နှာသည် ရဲတက်လာ၏။ “ကျွန်တော်လဲ စစ်သေနာပတိချုပ်ကို တွေ့ခွင့်တောင်းရကောင်းမလားလို့ စဉ်းစားနေတယ်၊ ကျွန်တော့်ကိစ္စနဲ့ ပတ်သက်လို့ မင်းသားကြီးဗာစီလီကလဲ စစ်သေနာပတိချုပ်ဆီ စာတစ်စောင် ပေးထားတယ်၊ ခုလောက်ဆိုရင် သူ့လက်ထဲ ရောက်နေလောက်ပြီ ထင်တယ်၊ ကျွန်တော့်ကို တပ်ရေးဗိုလ်အဖြစ် ပြောင်းရွှေ့ခန့်အပ်ဖို့ ကြိုးစားနေတာက တခြားကြောင့် မဟုတ်ပါဘူး၊ ကျွန်တော်တို့ ကိုယ်ရံတော်မြင်းတပ်က တိုက်ပွဲဝင်ချင်မှ ဝင်ရမှာမို့ပါ၊ တပ်ရေးဗိုလ်အဖြစ်ခန့်ရင်တော့ တိုက်ပွဲဝင်ရဖို့ နီးစပ်လာတာပေါ့”

ဘိုးရစ်စ်က အရှက်ပြေစကားဖာသည့် အနေဖြင့် ပြောလိုက်၏။

“ကောင်းပါပြီဗျာ ကောင်းပါပြီ၊ ကဲ ဒီကိစ္စကို နောက်မှ ပြောကြသေးတာပေါ့” မင်းသားကလေးအင်ဒရေက ဆို၏။ “ခု ဒီဗိုလ်ချုပ်ကြီးကိစ္စကို စစ်သေနာပတိချုပ်ဆီသွား အစီရင်ခံလိုက်ဦးမယ်၊ ပြန်လာတော့မှ ခင်ဗျားသဘောကျ အေးအေးဆေးဆေး ပြောကြရအောင် ဟုတ်စ”

အသားညိုညို ဗိုလ်ချုပ်ကြီး၏ကိစ္စကို အစီရင်ခံရန် မင်းသားကလေး ထွက်သွားသည့်အခါ၌ ထိုဗိုလ်ချုပ်ကြီးသည် အောက်ကျို့ခစားခြင်းဟူသော ပြဋ္ဌာန်းရေးဆွဲထားခြင်းမရှိသည့် စည်းကမ်းဥပဒေကို လိုက်နာခြင်းမှာ များစွာအကျိုးထူးသည်ဟူသော ဘိုးရစ်စ်၏ အယူအဆကို လက်ခံနိုင်သည့်နှယ် ဘိုးရစ်စ်ကို လှမ်းကြည့်လျက်ရှိ၏။ ထိုဗိုလ်ချုပ်ကြီးသည် မိမိတို့ စကားပြောနေရာတွင် လာရောက်နှောင့်ယှက်သည့် ခပ်ကြွားကြွားဗိုလ်ကလေး ဘိုးရစ်စ်ကို တည့်တည့်ကြီး စိုက်ကြည့်လျက်ရှိလေရာ ကြာသော် ဘိုးရစ်စ်မှာ အနေရခက်လာတော့သည်။ ထို့နောက် ဗိုလ်ချုပ်ကြီးသည် တစ်ဖက်သို့ လှည့်ကာ မင်းသားကလေးအင်ဒရေ စစ်သေနာပတိချုပ်ရုံးခန်းမှ ထွက်အလာကိုသာ မကျေမနပ်ဖြင့် စောင့်ဆိုင်းလျက် ရှိလေသည်။

“ရောင်းရင်းရေ ကျွန်တော်လဲ ခင်ဗျားကိစ္စကို စဉ်းစားနေတာပဲဗျ” ရှေးစန္ဒရားကြီးရှိရာ ခန်းဆောင်သို့ နှစ်ယောက်သား ရောက်လာသည့်အခါတွင် မင်းသားကလေးအင်ဒရေက ပြောလိုက်၏။ “ခုအချိန်မှာ စစ်သေနာပတိချုပ်ကို သွားတွေ့ဖို့ကလဲ အချည်းနှီးပဲဗျ၊ စစ်သေနာပတိချုပ်က ခင်ဗျားကို လောကွတ်ပျူငှာနဲ့ လက်ခံစကားပြောချင်ပြောလိမ့်မယ်၊ စားကောင်းသောက်ဖွယ်များနဲ့လဲ ညစာကျွေးကောင်းကျွေးလိမ့်မယ်၊ (ရေးဆွဲပြဋ္ဌာန်းခြင်းမရှိသည့် စည်းကမ်းဥပဒေသဘောအရဆိုက ဤမျှလောက်ဆိုလျှင်လည်းမဆိုးဟု ဘိုးရစ်စ်တွေးလိုက်မိသည်။) ဒါပေမဲ့ ခင်ဗျားကိစ္စအကြောင်းကိုတော့ ဘာမှ ပြောချိန်ရမှာမဟုတ်သေးဘူးဗျ၊ ခဏကြာရင် ကျွန်တော်တို့ တပ်ရေးဗိုလ်တွေ၊ ကိုယ်ရံတော်ဗိုလ်တွေ တပ်ရင်းကြီးတစ်ရင်းစာလောက်နဲ့ အလုပ်တွေ လုပ်စရာရှိသေးတယ်၊ ဒီတော့ ရောင်းရင်းကိစ္စကို ဒီလိုလုပ်ရရင်ကောင်းမလားလို့ ကျွန်တော် စိတ်ကူးထားတယ်၊ ကျွန်တော့်မှာ မင်းသားကြီးဒိုဂိုရူးကော့ဆိုတဲ့ ရောင်းရင်းတစ်ဦး ရှိတယ်၊ တပ်ရေးဗိုလ်ချုပ်ပဲ၊ သဘောလဲ ကောင်းပါတယ်၊ ခင်ဗျားတော့ သိချင်မှသိဦးမယ်၊ စစ်သေနာပတိချုပ် ကူတူဇော့ဗ်နဲ့ စစ်ဦးစီးဌာနချုပ်က ကျုပ်



www.burmeseclassic.com

တို့တစ်တွေဆိုတာ ခုဘာမှ အရာမရောက်သလို ဖြစ်နေတယ်၊ ဒီကိစ္စအားလုံးကို ဘုန်းတော်ကြီးသောဘုရားကိုယ်တော်တိုင် ကိုင်ထားတယ်၊ ဒီတော့ တပ်ရေးဗိုလ်ချုပ်ဒိုဂိုရှူးကော့ဆီကို ကျုပ်တို့ သွားကြရအောင်၊ ဒီကိစ္စနဲ့ ပတ်သက်လို့လဲ ကျုပ်သူ့ကို ပြောပြီးပါပြီ၊ သူနဲ့အတူပဲ တပ်ရေးဗိုလ်ကလေးအဖြစ် တွဲထားပေးမလား၊ ဒါမှမဟုတ် နေမင်းကြီး (ဇာဘုရင်ကိုဆိုသည်။) နဲ့ နီးတဲ့နေရာမှာပဲ ထားပေးမလားတော့ မသိဘူး၊ ကြည့်သေးတာပေါ့ဗျာ”

မင်းသားကလေးအင်ဒရေသည် လူငယ်များအား ရှေ့ဆောင်ရှေ့ရွက်ပြုရာ၌လည်းကောင်း၊ ထိုလူငယ်များ၏ အောင်မြင်ကြီးပွားရေးအတွက် ကူညီရာ၌လည်းကောင်း စိတ်ပါလက်ပါ အားကြိုးမာန်တက် ဆောင်ရွက်ပေးလေ့ရှိ၏။ မင်းသားကလေးအင်ဒရေသည် မာနထားသူဖြစ်သည့်အလျောက် ဤသို့သော အကူအညီမျိုးကို မိမိအတွက် တောင်းခံလေ့မရှိသော်လည်း အခြားသူများအတွက် အကူအညီတောင်းခံပေးခြင်းကို အကာအကွယ်ယူကာ မိမိ၏ ကြီးပွားအောင်မြင်မှုကိုပေးနိုင်သော အသိုင်းအဝိုင်း၊ မိမိအထင်ကြီးသော အသိုင်းအဝိုင်းနှင့် အဆက်အသွယ်ရယူခြင်းမျိုးကိုကား ပြုလုပ်လေ့ရှိ၏။ ထို့ကြောင့် မင်းသားကလေးအင်ဒရေသည် ဘိုးရစ်စ်၏ကိစ္စကို လိုလိုချင်ချင် ဆောင်ရွက်ပေးကာ ဘိုးရစ်စ်နှင့်အတူ တပ်ရေးဗိုလ်ချုပ် ဒိုဂိုရှူးကော့ထံသို့ ထွက်လာခဲ့လေသည်။

မင်းဧကရာဇ်နှစ်ပါးတို့ အခြွေအရံများနှင့် စံမြန်းလျက်ရှိရာ အိုလမွတ်ရွာ ယာယီစံနန်းတွင်းသို့ ၎င်းတို့ ဝင်ရောက်လာသည့်အချိန်တွင် မိုးစုပ်စုပ်ချုပ်လျက် ရှိလေပြီ။

ထိုနေ့ကား ဩစတြီးယားစစ်ဦးစီးဌာနချုပ် အဖွဲ့ဝင်များပါ ပါဝင်သော စစ်ဦးစီးဌာနချုပ်အရေးပေါ် အစည်းအဝေး ကျင်းပသောနေ့ဖြစ်၏။ စစ်ဦးစီးဌာနချုပ် အစည်းအဝေးသို့ ရုရှားနှင့် ဩစတြီးယားဧကရာဇ်နှစ်ပါးတို့လည်း တက်ရောက်ကြလေသည်။ ထိုအစည်းအဝေး၌ ရှေ့သို့ ဆက်လက်ချီတက်၍ ဘိုနာပတ်ကို ထိုးစစ်ဆင်ရန် ဆုံးဖြတ်လိုက်လေသည်။ အတွေ့အကြုံရှိပြီးဖြစ်သော လူကြီးပိုင်း ဗိုလ်ချုပ်ကြီးများဖြစ်သည့် ကူတူဇော့ဗ်နှင့် ဩစတြီးယား ဗိုလ်ချုပ်တစ်ဦးဖြစ်သူ မင်းသားကြီး ရွာဇင်ဘတ်တို့ကမူ ထိုအစီအမံကို သဘောမတူကြချေ။ မင်းသားကလေးအင်ဒရေနှင့် ဘိုးရစ်စ်တို့ တပ်ရေးဗိုလ်ချုပ် ဒိုဂိုရှူးကော့ကို တွေ့ရန် ယာယီစံနန်းသို့ရောက်လာသောအချိန်၌ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး ကျင်းပပြီးစီးခါစပင် ရှိသေး၏။ ထိုနေ့အစည်းအဝေး၌ လူလတ်ပိုင်းစစ်ဗိုလ်ချုပ်များမှာ အရေးသာသွားကြလေရာ စစ်ဦးစီးဌာနချုပ်၌ ထိုအရေးပေါ် အစည်းအဝေးအကြောင်းကို သူတစ်မျိုးငါတစ်ဖုံ ပြောဆိုဝေဖန်လျက် ရှိကြလေသည်။ မိမိတို့ အကြံအောင်သည့် လူလတ်ပိုင်း ဗိုလ်ချုပ်များမှာ တပြုံးပြုံးနှင့် ရှိနေကြသလောက် ယခုလောလောဆယ်တွင် စစ်နားထား၍ အချိန်အတော်ကြာ ပြင်ဆင်ပြီးမှ ထိုးစစ်ပြုရန် အကြံပေးကြသော လူကြီးပိုင်းဗိုလ်ချုပ်များမှာကား လုံးဝ အသံတိတ်လျက်ရှိလေသည်။ ၎င်းတို့၏ အကြောင်းပြချက်များမှာလည်း ထိုးစစ်ပြုလျှင် နိုင်မည်မှုချဟု ယူဆထားသူတို့၏ အခိုင်အမာအဆိုပြုချက်များကြား၌ သဲထဲရေသွန်သည့်နှယ် ပျောက်ကွယ်နစ်မြုပ်သွားခဲ့ကြလေပြီ။ ထိုနေ့အရေးပေါ်အစည်းအဝေး၌ လူလတ်ပိုင်း ဗိုလ်ချုပ်အများစုက ဦးတည်ပြောဆိုသော အကြောင်းအရာမှာ ထိုးစစ်ကြီး တစ်ခု ဆင်နွှဲရေးနှင့် ၎င်းမှထွက်ပေါ်လာအံ့သော အောင်ပွဲအကြောင်းသာဖြစ်၍ ထိုသို့ ပြောဆိုကြရာ၌လည်း ၎င်းတို့၏ အကြောင်းပြချက်များမှာ လွန်စွာ တိကျခိုင်လုံရကား လာမည့် ကြုံတွေ့ရအံ့သော တိုက်ပွဲနှင့် အောင်ပွဲအကြောင်းကို ပြောခြင်းနှင့်ပင် မတူတော့ဘဲ ပြီးခဲ့သော တိုက်ပွဲတစ်ပွဲနှင့် အောင်ပွဲတစ်ပွဲအကြောင်းကို ပြောဆိုနေသလောဟုပင် ထင်မှတ်ရကာ မစားရဝခမန်း ရှိတော့သည်။ ၎င်းတို့တင်ပြသည့်အကြောင်းပြချက်အရဆိုလျှင် ရုရှားနှင့် ဩစတြီးယား မဟာမိတ်တပ်များအဖို့ လွန်စွာ အခွင့်သာလျက်ရှိသည်မှာလည်း အမှန်ပင်ဖြစ်လေသည်။ ထိုအချိန်၌ မဟာမိတ်တပ်မတော်ကြီးနှစ်ခုမှာ ယုံမှားဖွယ် မရှိလောက်အောင် နပိုလီယန်ထက် သာလွန်အင်အားကြီးမားလျက်ရှိလေပြီ။ ဤမျှအင်အားအရာတွင် ကြီးမားလှသော တပ်မတော်ကြီးနှစ်ခုသည် တစ်နေရာတည်း၊ တစ်ချိန်တည်း၌ စုပြုံပေါင်းစည်းမိသား ဖြစ်လျက်ရှိလေပြီ။ တပ်မတော်နှစ်ခုစလုံး၌ ဗိုလ်၊ အကြပ်၊ တပ်သားတို့မှာလည်း အရှင်ဧကရာဇ်နှစ်ပါးကိုယ်တိုင် ကြွရောက်လာသည့်အတွက် စစ်စိတ်စစ်မာန် တက်ကြွထက်သန်လျက်ရှိလေပြီ။ တိုက်ပွဲများဖြစ်ပွားမည့် စစ်ဖျူဟာမြောက် နယ်မြေဒေသ အခြေအနေ အသေးစိတ်သည်လည်း မဟာမိတ်တပ်မ



www.burmeseclassic.com

တော်နှစ်ခုကို ကွပ်ကဲတိုက်ခိုက်မည့် ဩစတြီးယားစစ်ဗိုလ်ချုပ်ကြီးဝေရိသာနှင့် အကျွမ်းဝင်ရင်းနှီးပြီးသားဖြစ်လျက်ရှိလေပြီ။ ထို့မျှမက ပြင်သစ်တို့ တပ်စွဲတိုက်ခိုက်မည့် စစ်တလင်းများမှာ ဩစတြီးယားတပ်မတော်ကြီးယမန်နှစ်က စစ်ကစားခဲ့သော နေရာဒေသများ ဖြစ်နေပြန်သေးသည်။ မဟာမိတ်တပ်များ အခြေစိုက်တပ်စွဲသည့် ကျောထောက်နောက်ခံ နယ်မြေဒေသများအားလုံးမှာလည်း မဟာမိတ်တပ်သားများအဖို့ အကျွမ်းဝင်ပြီးဖြစ်ရုံမက မြေပုံများပေါ်တွင် အသေးစိတ်ရေးဆွဲတေးမှတ်ထားပြီး ဖြစ်လေသည်။ သို့ဖြစ်ရကား ၎င်းတို့တင်ပြသည့် ဤအခြေအနေများအတိုင်းသာမှန်လျှင် စစ်ပန်း၍ ချည့်နဲ့လျက်ရှိသော ဘိုနာပတ်ဘက်၌ အားတက်စရာဟူ၍ တစ်ကွက်မျှ မရှိချေ။

ထိုးစစ်ကြီးတစ်ရပ် ဆင်နွဲရန်အတွက် အပြင်းထန်ဆုံး၊ စိတ်အထက်သန်ဆုံး၊ ရှေ့ဆောင်ရှေ့ရှုက် ပြုသူများအနက် တပ်ရေးဗိုလ်ချုပ် ဒိုကိုရူးကော့လည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေတို့နှစ်ဦး ရောက်သွားသည့်အချိန်၌ ဗိုလ်ချုပ်ဒိုကိုရူးကော့မှာ အရေးပေါ်အစည်းအဝေးမှ ပြန်ရောက်ခါစ ရှိသေး၏။ ဗိုလ်ချုပ်ဒိုကိုရူးကော့မှာ ပင်ပန်းနွမ်းနယ်လျက် ရှိသော်လည်း မိမိတို့ဘက်က အနိုင်ရခဲ့သည့်အတွက် စိတ်အားတက်ကြွကာ သွေးနားထင်ရောက်လျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေက ဗိုလ်ချုပ်ဒိုကိုရူးကော့အား မိမိ၏ 'တပည့်ငယ်' ဘိုးရစ်စ်နှင့် မိတ်ဆက်ပေး၏။ သို့ရာတွင် ဗိုလ်ချုပ်ဒိုကိုရူးကော့ကမူ မင်းသားကလေး အင်ဒရေ၏ လက်ကိုသာ ယဉ်ကျေးစွာဆွဲကိုင်ဖျစ်ညှစ်လိုက်ပြီး ဘိုးရစ်စ်ကိုမူ မည်သို့မျှမပြောချေ။ ဗိုလ်ချုပ်ဒိုကိုရူးကော့သည် ထိုခဏ၌ မိမိ၏စိတ်ထဲတွင် အလိပ်လိပ်တက်နေသော အတွေးများကို မျိုသိပ်ခြင်းငှာ မတတ်နိုင်တော့ရကား မင်းသားကလေး အင်ဒရေကို ပြင်သစ်ဘာသာဖြင့် လှမ်းပြောလိုက်သည်။

"တပ်ရေးဗိုလ်မင်းရေ တို့တိုက်ပွဲတော့ အောင်ခဲ့ပြီဟေ့၊ ရန်သူနဲ့တော့တော့ဆိုင်ဆိုင် တိုက်ရမယ့် နောက်တိုက်ပွဲမှာလဲ အောင်ပါစေဆိုတာ ဘုရားသခင်ဆီ ဆုတောင်းရတော့မှာပဲ၊ ဒါပေမဲ့"တပ်ရေးဗိုလ်ချုပ်ဒိုကိုရူးကော့က စိတ်အားထက်သန်စွာ ဆက်လိုက်ပြန်သည်။ "တို့တော့ ဩစတြီးယန်းဗိုလ်ချုပ်တွေ အထူးသဖြင့် ဗိုလ်ချုပ်ဝေရိသာကိုတော့ ကျွဲခိုင်း နွားခိုင်း ခိုင်းလိုက်ရပြီကွ၊ တရားတော့ မတရားဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူးဟေ့၊ သူတို့ကိုပဲ အကုန်တာဝန်ပေးရမှာပဲ၊ ဒီဩစတြီးယန်းကောင်တွေဟာ တော်တော် အလုပ်လုပ်နိုင်တဲ့ကောင်တွေကွ၊ ခုတော့ ဘာမှ ဟာကွက်မရှိတော့ဘူးဟေ့၊ တိကျမှုလဲ ပြောစရာမရှိဘူး၊ အသေးစိတ်ထားလိုက်တာဆိုရင်လဲ ကမ်းကုန်ပြီကွာ၊ နယ်မြေကျွမ်းကျင်မှုဆိုရင်လဲ ဒီ့ထက် မပြည့်စုံနိုင်တော့ဘူး၊ တိုက်ပွဲအလားအလာ ခန့်မှန်းချက်နဲ့ ဖြစ်နိုင်ချက်ဆိုရင်လဲ အကုန်လုံးတွက်ပြီးသားကွာ၊ အို တကယ့်ကို တို့ဘက်က အသေးစိတ်နိုင်သမျှစိတ်ထားတာပဲကွ၊ ဒီ့ထက်ကောင်းတဲ့ ပြည့်စုံတဲ့ စီမံကိန်းမျိုး၊ အခြေအနေမျိုးကို တို့ဘယ်တုန်းကမှ မလုပ်နိုင်ခဲ့သေးဘူး၊ ဩစတြီးယန်းလူမျိုးရဲ့ တိကျသေချာမှုနဲ့ ရုရှားလူမျိုးရဲ့ သူရသတ္တိနှစ်ခု ပေါင်းမိပြီကွ၊ ကဲ ဒီ့ထက်ပြည့်စုံတာ ဘယ်မှာ ရှိသေးသလဲ"

"ဒါဖြင့် ထိုးစစ်ဆင်ဖို့ အတိအကျဆုံးဖြတ်လိုက်ပြီပေါ့၊ ဟုတ်လား ဗိုလ်ချုပ်"မင်းသားကလေးအင်ဒရေက မေးလိုက်သည်။

"တပ်ရေးဗိုလ်မင်းရေ၊ ဒီတစ်ချီတော့ ကိုရင်တို့ ဘိုနာပတ်မဟာရာဇ်ခြွေလှလှကြီး ပွဲတော့မယ်ကွ၊ သိလား ဒီနေ့တွင်ပဲ ဘိုနာပတ်ဆီက ဘုန်းတော်ကြီးသော ဘုရားထံ စာချွန်တစ်စောင် ရောက်လာတယ်"

ဗိုလ်ချုပ်ဒိုကိုရူးကော့သည် အားရပါးရပြုံးလိုက်၏။

"ဟုတ်လား ဗိုလ်ချုပ်၊ စာချွန်ထဲမှာ ဘယ်လိုပါသလဲ"မင်းသားကလေး အင်ဒရေက မေးလိုက်သည်။

"အို ကိုရင့်ဘိုနာပတ် ဘာပြောနိုင်မှာလဲကွ၊ အချိန်ဆွဲနိုင်အောင် တောရမ်းမယ်ဘွဲ့တွေ လျှောက်ရေးတာပေါ့၊ ပြင်သစ်ကောင်တော့ တို့လက်ထဲ ကွိခနဲမိတော့မယ်ကွ၊ အရေးထဲ ရယ်စရာပေါ်လာသေးတယ်ကွ၊ သိလား" ဗိုလ်ချုပ် ဒိုကိုရူးကော့က မအောင့်နိုင်ဘဲ ခပ်မြုံးမြုံးရယ်လိုက်သည်။ "ဘိုနာပတ်ဆီ စာချွန်တော်ပြန်ဖို့ ကိစ္စမှာ သူ့ကိုဘယ်လို နာမည်တပ်မှန်းမသိလို့ ဦးနှောက်ခြောက်နေကြတယ်၊ 'ကောင်စစ်ဝန်'လို့ တပ်လို့လဲမရ၊ 'ဘုရင်ဧကရာဇ်'လို့ ခေါ်လို့လဲမဖြစ်၊ ငါ့သဘောကတော့ 'ဗိုလ်ချုပ်ကြီး ဘိုနာပတ်'လို့ တပ်ရင်ကောင်းမယ်ထင်တာပဲ"



www.burmeseclassic.com

“ဟုတ်တာပေါ့ ဗိုလ်ချုပ်၊ သူ့ကို ဗိုလ်ချုပ်ဘိုနာပတ်လို့ ခေါ်ရုံနဲ့ ဘုရင်ကေရာဇ်အဖြစ် အသိအမှတ်ပြုရာ မရောက်ပါဘူး၊ ကွာခြားပါတယ်”မင်းသားကလေး အင်ဒရေက ဆို၏။

“အိမ်း မှန်လိုက်လေကွယ်”တပ်ရေးဗိုလ်ချုပ်က ရယ်၍ ဖြတ်ပြောလိုက်သည်။ “မင်း ဘီလီဘင်ကို သိသလား၊ ဘီလီဘင့်အကြံလဲမဆိုးဘူးကွ၊ ဒီသူငယ် တော်တော်လျင်တဲ့ သူငယ်ပဲ၊ သူက ဘိုနာပတ်ကို ‘နန်းလုသူနှင့် လူ့လောက၏ ရန်သူ’လို့ခေါ်ဖို့ အကြံပေးထားတယ်”

ဗိုလ်ချုပ်ဒိုဂိုရူးကော့သည် သဘောကျကာ အားရပါးရ ရယ်လိုက်၏။

“ဒါတင်ပဲလား ဗိုလ်ချုပ်”မင်းသားကလေးအင်ဒရေက မေး၏။

“နောက်တော့ ဘီလီဘင်ပဲ သင့်တော်တဲ့နာမည်တစ်ခု ရှာပေးတာပဲ၊ ဒီသူငယ်ဟာ အတော်ဉာဏ်သွားတယ်ကွ သိလား”

“ဘယ်လိုနာမည်ပါလဲ ဗိုလ်ချုပ်”

“ပြင်သစ်အစိုးရအဖွဲ့ အကြီးအကဲတဲ့ကွာ”ဗိုလ်ချုပ် ဒိုဂိုရူးကော့က ကျေနပ်အားရဟန်ဖြင့် ပြောလိုက်သည်။ “မနိပ်လားကွ”

“ကောင်းပါတယ် ဗိုလ်ချုပ်၊ ဒါပေမဲ့ ဘိုနာပတ်ကတော့ ဘုံဆောင့်နေမှာပဲ ခင်ဗျာ့”

“အိုး အလွန်သေချာတာပေါ့ကွာ၊ ငါ့နောင်တော် မင်းသားကြီးက ဘိုနာပတ်နဲ့သိတယ်ကွ၊ ခုဧကရာဇ်ဖြစ်နေတဲ့ ကိုရင်တို့ ဘိုနာပတ်နဲ့ နောင်တော်ကြီးနဲ့ ပါရီရွှေမြို့တော်မှာ မကြာခဏညစာအတူစားခဲ့ဖူးတာပေါ့ကွ၊ တော်တာကတော့ အလွန်တော်ဆိုပဲဟေ့၊ ဘိုနာပတ်လောက် သံတမန်ပရိယာယ် ကျွမ်းကျင်လိမ္မာတဲ့ လူမျိုး မတွေ့ဘူးသေးဘူးတဲ့ကွ၊ အေးလေ၊ တော်မယ်ဆိုလဲ တော်မှာပေါ့၊ ပြင်သစ်လူမျိုးရဲ့ ကျွမ်းကျင်လိမ္မာမှုနဲ့ အီတလီလူမျိုးရဲ့ ဟန်ဆောင်ကောင်းမှု ပေါင်းထားတာကိုးကွ၊ ဘိုနာပတ်နဲ့ ပါရီရွှေမြို့တော်ရောက် တို့ရုရှားသံတော်ကြီး မြို့စားကြီး မားကော့တို့အကြောင်းကလေးကော မင်းကြားဖူးပလားဟေ့၊ ဘိုနာပတ်ကို ဘယ်လိုကိုင်တွယ်ရတယ်ဆိုတာ မြို့စားကြီး မားကော့တစ်ယောက်ပဲ သိသတဲ့ကွ၊ သူတို့နှစ်ဦးရဲ့ လက်ကိုင်ပဝါဇာတ်လမ်းကလေးလေ၊ ရယ်တော့ ရယ်ရသဟေ့ သိလား”

ဗိုလ်ချုပ်ဒိုဂိုရူးကော့သည် စကားဖောင်သူဖြစ်သည့်အတိုင်း မင်းသားကလေးအင်ဒရေနှင့် ဘိုးရစ်စ်ဘက်သို့ တစ်ပြန်စီလှည့်၍ ဘိုနာပတ်က ရုရှားသံတော်ကြီးမြို့စားကြီးမားကော့၏စိတ်သဘောကို စမ်းသောအားဖြင့် မိမိ၏လက်ကိုင်ပဝါကို မြို့စားကြီးရှေ့တွင် တမင်လွှတ်ချလိုက်ပြီး ကောက်ပေးလိမ့်နိုးနိုးဖြင့် မြို့စားကြီးကို စောင့်ကြည့်နေပုံ၊ ဤတွင် မြို့စားကြီးမားကော့ကလည်း မိမိ၏လက်ကိုင်ပဝါကို ဘိုနာပတ်၏လက်ကိုင်ပဝါအနီးသို့ ချက်ချင်းလွှတ်ချလိုက်ပြီး ဘိုနာပတ်၏ပဝါကို လက်ဖျားနှင့်မျှ မတို့ဘဲ မိမိပစ္စည်းကိုသာ ကောက်ယူလိုက်ပုံ စသည်တို့ကို ပြောပြလျက် ရှိလေသည်။

“တော်တော်ရယ်ရတဲ့လူပဲ”မင်းသားကလေး အင်ဒရေကပြောလိုက်၏။ “ဩော် ဒါထက် ဒီတစ်ခါ ဗိုလ်ချုပ်ဆီကို ကျွန်တော်လာခဲ့တာကတော့ တင်လွှာတင်သူတစ်ယောက်အနေနဲ့ လာခဲ့တာပဲ ဗိုလ်ချုပ်၊ ကျွန်တော့်အတွက်တော့ မဟုတ်ပါဘူး၊ ဟောဒီရောင်းရင်းကလေးအတွက်ပါ၊ ကိစ္စကတော့”

မင်းသားကလေးအင်ဒရေ စကားမဆုံးမီ၌ တပ်ရေးဗိုလ်ချုပ်အား ဘုရင်မင်းမြတ်က ဆင့်ခေါ်ကြောင်း ကိုယ်ရံတော်ဗိုလ်တစ်ယောက် ရောက်လာကာ အစီရင်ခံလေသည်။

“အိမ်း ဒုက္ခပါပဲကွာ”ဗိုလ်ချုပ်ဒိုဂိုရူးကော့သည် လျင်မြန်စွာထကာ မင်းသားကလေးအင်ဒရေနှင့် ဘိုးရစ်စ်တို့ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ “မင်းနဲ့ ဟောဒီကကိုရင်ကလေးနှစ်ယောက်စလုံးအတွက် ငါတတ်နိုင်သမျှ လုပ်ပေးမယ်လေ”တပ်ရေးဗိုလ်ချုပ်သည် ရိုးသားပွင့်လင်းသော အမူအရာဖြင့် ဘိုးရစ်စ်၏လက်ကို ထပ်မံဆုပ်ကိုင်လိုက်သည်။ “ဒါပေမဲ့ ခုတော့ မြင်တဲ့အတိုင်းပဲကွ၊ မအားသေးဘူး၊ နောက်များကျမှပေါ့ကွာ ဟုတ်စ”

ထိုအချိန်၌ ဘိုးရစ်စ်မှာ အထက်တန်းအာဏာပိုင်များနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံနေရပြီဟု စိတ်တွင်ယူဆထားသည့်အလျောက် ‘ငါကား နယ်နယ်ရရ လူမဟုတ်၊ အထက်အာဏာပိုင်များနှင့် ရင်းနှီးစွာ ဆက်ဆံနေပြီ’ဟုတွေးမိကာ အကြီးအကျယ်ဘဝင်ခိုက်လျက်ရှိလေပြီ။ မိမိကဲ့သို့ မထင်မရှားသော၊ အညတရဖြစ်သော သေးငယ်သော အဏုမြူမှုန်ကလေးများ ပါဝင်ဖွဲ့စည်းထား



www.burmeseclassic.com

သည့် ကြီးမားသော ဒြပ်ထုတည်းဟူသော တပ်မတော်ကြီး တစ်ခုလုံး၏ လှုပ်ရှားမှုများကို မောင်းတံများသဖွယ် မောင်းနှင်ချုပ်ကိုင်လျက်ရှိသည့် အထက်တန်း အာဏာပိုင်များနှင့် ထိတွေ့နေရခြင်းအတွက် လွန်စွာ မနောခွေ့လျက်ရှိလေပြီ။

မင်းသားကလေးအင်ဒရေနှင့် ဘိုးရစ်စ်တို့သည် တပ်ရေး ဗိုလ်ချုပ်ဒိုဂိုရူးကော့နောက်မှ လိုက်ပါလာခဲ့ကြကာ စင်္ကြံဘက်သို့ ထွက်ခဲ့ကြ၏။ ဘုရင်မင်းမြတ် ယာယီစံမြန်းသည့် ခန်းမဆောင်ထဲသို့ တပ်ရေးဗိုလ်ချုပ်ဒိုဂိုရူးကော့ ဝင်တော့မည်အပြု၌ ထိုခန်းဆောင်ထဲမှ လူတစ်ယောက် ထွက်လာလေသည်။ ထိုလူမှာ ရွှေနန်းတော်ဝတ်စုံကို ဝတ်ထားလျက် ပုပြတ်သောအရပ်အမောင်းနှင့် ပါးနပ်ထက်မြက်သောမျက်နှာမျိုး ရှိ၏။ မေးရိုးကားကြီးများသည် မျက်နှာ၌ ထင်းထင်းကြီး ပေါ်လျက်ရှိရာ ထိုမေးရိုးကားကြီးများသည် ထိုလူ၏ ပါးနပ်ထက်မြက်ဟန်ရှိသော မျက်နှာကို ဖျက်ဆီးခြင်းမရှိရုံမျှမက သူမတူအောင် လှုပ်ရှားဖျတ်လတ်ခြင်း၊ စူးရှထက်မြက်ခြင်း စသည့်သဏ္ဌာန်များကို သာ၍ ထင်ရှားအောင် ဖော်ပြလျက်ရှိကြ၏။ ထိုလူသည် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့ကို ရင်းနှီးသော ရောင်းရင်းတစ်ဦးကဲ့သို့ ခေါင်းညိတ်နှုတ်ဆက်လိုက်ပြီးနောက် မင်းသားကလေးအင်ဒရေအား စိမ်းစိမ်းကြီးလှမ်းကြည့်လျက် ရင်ဆိုင်တည့်တည့်ကြီးလျှောက်လာခဲ့လေရာ ၎င်း၏ အမူအရာမှာ 'ငါ့ကို ဦးညွှတ်နှုတ်ဆက်လျှင်ဆက်၊ နှုတ်မဆက်လျှင် ဘေးဖယ်'ဟုဆိုသကဲ့သို့ ရှိလေသည်။ မင်းသားကလေးအင်ဒရေက လမ်းဖယ်ပေးခြင်းလည်းမပြု၊ ဦးညွှတ်နှုတ်ဆက်ခြင်းလည်း မပြုသည့် အခါ၌ကား ထိုလူ၏ မျက်နှာမှာ ညှိုးပုပ်သွားကာ ရန်ငြိုးဖွဲ့သော မျက်နှာထားမျိုးသည်လည်း တစ်မုဟုတ်ချင်း ပေါ်လာလေတော့သည်။ ထိုလူသည် ချာခနဲလှည့်ကာ စင်္ကြံလမ်းပေါ်မှ ဆင်းသွားလေသည်။

"သူက ဘယ်သူလဲဗျ ရောင်းရင်း"ဘိုးရစ်စ်က မေးလိုက်၏။

"အထူးခြားဆုံး ပုဂ္ဂိုလ်တစ်ဦး၊ ကျွန်တော့်အဖို့တော့ မနှစ်မြို့စရာအကောင်းဆုံး လူတစ်ဦးခင်ဗျ၊ နယ်နယ်ရရတော့ မဟုတ်ဘူး၊ နိုင်ငံခြားရေးဝန်ကြီး မင်းသားကြီး ဇာတိုရီစကီလေဗျာ၊ တိုင်းပြည်တိုင်းမှာ ဒီလိုလူတွေပဲ တိုင်းပြည်ရဲ့ကံကြမ္မာကို ဆုံးဖြတ်နေကြတာပဲဗျ"

မင်းသားကလေးအင်ဒရေက မျိုသိပ်ခြင်းငှာ မတတ်နိုင်ဘဲ သက်ပြင်းကြီးတစ်ချက် ချလိုက်၏။ ထိုအချိန်၌ ၎င်းတို့နှစ်ဦးသည် ယာယီစံနန်း၏ အပြင်သို့ ရောက်လာခဲ့လေပြီ။

နောက်တစ်နေ့၌ကား တပ်မတော်ထိုးစစ်ကြီးကို စတင်ဆင်နွှဲခြင်းပြုလေသည်။ ဘိုးရစ်စ်သည် ဩစတားလစ်တိုက်ပွဲ ဖြစ်ပွားသည်အထိ မင်းသားကလေးအင်ဒရေကို သော်လည်းကောင်း၊ တပ်ရေးဗိုလ်ချုပ်ကြီး ဒိုဂိုရူးကော့ကို သော်လည်းကောင်း နောက်ထပ် မတွေ့တော့ချေ။ ဤသို့ဖြင့် ဘိုးရစ်စ်သည် ဆင်မြိနော့ကိုယ်ရံတော်တပ်ရင်းမှ မထင်မရှား ဗိုလ်ကလေးဘဝ၌ပင် ပိုနေမြဲကျားနေမြဲရှိနေပေသတည်း။

## အခန်း-၁၀

နိုဝင်ဘာလ ၁၆ ရက်နေ့ အရုဏ်တက်၌ မင်းသားကြီး ဘာဂရေးရှင်း၏ တပ်မှ တပ်ခွဲတစ်ခုဖြစ်သည့် ဗိုလ်ကြီး ဒင်နီဆော့ဗ်၏ တပ်ခွဲသည် ညတပ်စခန်းများ ချထားသော နေရာမှ ထက်ခွာခဲ့ပြီး စီစဉ်ထားသည့်အတိုင်း စစ်မြေပြင်သို့ ချီတက်လာခဲ့လေသည်။ နီကိုလေမှာ ထိုတပ်တွင် အမှုထမ်းလျက်ရှိ၏။ ဒင်နီဆော့ဗ်၏တပ်ခွဲသည် အခြားစစ်ကြောင်းများနောက်မှ တစ်မိုင်ခန့် ချီတက်မိပြီးနောက် လမ်းမကြီးပေါ်တွင်တန့်သွားလေသည်။ ကော့ဆက်မြင်းတပ်သည်လည်းကောင်း ပထမနှင့်ဒုတိယမြင်းတပ်ခွဲများသည်လည်းကောင်း၊ ခြေလျင်တပ်ရင်းနှင့် အမြောက်တပ်ရင်းများသည်လည်းကောင်း၊ မင်းသားကြီး ဘာဂရေးရှင်းတပ်ရေးဗိုလ်ချုပ်ဒိုဂိုရူးကော့နှင့်တကွ တပ်ရေးဗိုလ်များသည်လည်းကောင်း၊ ဒင်စီဆော့ဗ်၏တပ်ကို ဖြတ်ကျော်ချီတက်သွားကြ၏။ ယခင်ကဆိုလျှင် နီကိုလေသည် တိုက်ပွဲမစမီ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရ၏။ တုန်လှုပ်ချောက်ချားလျက်ရှိသော စိတ်ကို ချုပ်နှိမ်ရ၏။ တိုက်ပွဲတွင် သူရသတ္တိပြောင်မြောက်သော မြင်းစီးရဲမက်တစ်ယောက်အဖြစ် တိုက်ပြလိုက်မည်ဟု အားခဲခြင်းပြုရ၏။ ယခုသော်ကား ထိုခံစားချက်တို့ မရှိတော့ပြီ။ ချည်နှီးဖြစ်ရလေပြီ။ နီကိုလေတို့ မြင်းတပ်ခွဲမှာ အရံတပ်ကူအဖြစ် ချီတက်လိုက်ပါရမည် ဖြစ်သည့်အတွက် နီကိုလေသည် ထိုနေ့တစ်နေ့လုံး ဖျင်းရိ



www.burmeseclassic.com

www.burmeseclassic.com


ငြိုးငွေ့ကာ စိတ်ပျက်လက်ပျက်ဖြစ်လျက် ရှိလေသည်။ နံနက်ကိုးချက်တီး အချိန်လောက်တွင်ကား ပစ်ခတ်သံများနှင့် ညာသံများကို ရှေ့တန်းစစ်မျက်နှာဆီမှကြားရပြီးနောက် ဒဏ်ရာရသူများအား ပြန်၍ သယ်ယူလာခြင်းကို မြင်ရ၏။ (ဒဏ်ရာရသူ အရေအတွက်မှာ မများလှချေ။) နောက်ဆုံး၌ကား ကော့ဆက်မြင်းတပ်များက ပြင်သစ်မြင်းတပ်ခွဲကြီး တစ်ခုလုံး လက်ရဖမ်းလာခြင်းကို မြင်ရလေသည်။ တိုက်ပွဲမှာ ပြင်းထန်ခြင်းရှိဟန်မတူသော်လည်း မိမိတို့ဘက်မှ အရေးသာလျက် ပြီးဆုံးသွားခဲ့ဟန်ရှိ၏။ တပ်ဗိုလ်များနှင့် တပ်သားများသည် မိမိတို့ဘက်မှ အလွယ်တကူ အောင်ပွဲခံခဲ့ရခြင်း၊ ဝိရှောမြို့ကို သိမ်းနိုင်ခဲ့ခြင်း၊ ပြင်သစ်မြင်းတပ်ခွဲတစ်ခုလုံးကို လက်ရဖမ်းနိုင်ခဲ့ခြင်းအတွက် စကားဖောင်လောက်အောင်ပြောလျက် ပြန်လာကြ၏။ ညက နှင်းထူထပ်စွာ ကျခဲ့ပြီးနောက် နံနက်ခင်း၌ ကောင်းကင်သည် ကြည်လင်၍ နေရောင်ပွင့်လျက် ရှိ၏။ ထိုနွေနှောင်း၏ ကြည်နူးဖွယ်ကောင်းသော တောက်ပခြင်းသည် အောင်ပွဲရသည့် မင်္ဂလာသတင်းကို ကောင်းချီးသြဘာပေးနေသကဲ့သို့ ရှိလေသည်။ တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည့် တပ်ဗိုလ် တပ်သားများ၏ စကားများတွင်သာမက နီကိုလေတို့တပ်အနီးမှ ဖြတ်သန်းသွားလာနေကြသည့် တပ်သားတပ်ဗိုလ် ဗိုလ်ချုပ်များ၏ ရွှင်ပျသော မျက်နှာအမူအရာများပေါ်တွင်လည်း အောင်ပွဲ၏ အထိမ်းအမှတ် ပေါ်လွင်လျက်ရှိ၏။ တိုက်ပွဲကြိုခါနီး ရင်ခုန်ရခြင်းမျိုးကို ခံစားခဲ့ရပြီးနောက် တစ်နေ့လုံး အချည်းနှီးအချိန်ကုန်ခဲ့ရသည့် နီကိုလေမှာကား ၎င်းတို့ကို မြင်ရသည့်အခါ၌ ပို၍စိတ်ပျက်လျက် ရှိလေသည်။

"ဗျို့ ဗိုလ်လေးနီကိုလေ လာလေဗျာ၊ ကျုပ်တို့စိတ်ပျက်သမျှတွေကို အရက်ကလေးနဲ့ ဆေးကြောပစ်လိုက်ကြဦးစို့"လမ်းဘေးတွင် အရက်ဘူးနှင့် စားမြိန်ထုပ်ကို ရှေ့တွင်ချ၍ ထိုင်နေသည့် ဒင်နီဆော့ဗ်က လှမ်းခေါ်လိုက်၏။

တပ်ဗိုလ်များသည် ဒင်နီဆော့ဗ်၏ဝိုင်းတွင် စုပြုံလာကြကာ စားသောက်ရင်း စကားပြောနေကြသည်။

"ဟော တစ်ယောက်ဖမ်းလာပြန်ပြီ"တပ်ဗိုလ်တစ်ယောက်က ပြင်သစ်ခြေလျင်မြင်းစီးရဲမက်တစ်ဦးကို လက်ညှိုးထိုးပြ၍ ပြောလိုက်၏။ ကော့ဆက်မြင်းတပ်သားနှစ်ယောက်သည် ပြင်သစ်သုံ့ပန်းကို ခြေလျင်ခေါ်လာကြလေသည်။ ကော့ဆပ်တပ်သားတစ်ယောက်ကား သုံ့ပန်းထံမှ ရလာသော လှပသည့် ပြင်သစ်မြင်းကြီးတစ်ကောင်ကို ဇက်မှဆွဲလာ၏။

"ဟေ့ အဲဒီမြင်း တို့ကိုရောင်းမလားဟေ့"ဒင်နီဆော့ဗ်က ကော့ဆက်မြင်းသားကို အော်၍ မေးလိုက်သည်။

"ဗိုလ်ကြီးတို့ လိုချင်ယူလေ"

တပ်ဗိုလ်များသည် ထလာကြကာ ကော့ဆက်မြင်းတပ်သားနှစ်ယောက်နှင့် ပြင်သစ်သုံ့ပန်းအနီးတွင် ဝိုင်း၍ ရပ်နေကြသည်။ ပြင်သစ်ခြေလျင်မြင်းစီးရဲမက်မှာ ပြင်သစ်စကားကို ဂျာမန်အသံထွက်နှင့်ပြောသော အယ်ဇေရှင်းနယ်သား လူငယ်ကလေးတစ်ယောက်ဖြစ်၏။ ၎င်းမှာ မျက်နှာနီရဲလျက်ရှိ၏။ အသက်ရှူမှားမတတ် ကြောက်ရွံ့ထိတ်လန့်နေပုံလည်း ရပေသည်။ အချို့ရုရှားတပ်ဗိုလ်များ ပြင်သစ်ဘာသာဖြင့် ပြောသံကိုကြားသည်တွင် ပြင်သစ်သုံ့ပန်းသည် တပ်ဗိုလ်များ၏မျက်နှာကို တစ်ယောက်တစ်လှည့်စီကြည့်၏။ ဤသို့ ပြင်သစ်စကားပြောသံများကိုကြားရ၍ မျက်နှာများကို အကဲခတ်ပြီးနောက်၌ကား ပြင်သစ်သုံ့ပန်းသည် ရုရှားတပ်ဗိုလ်များကို ပြင်သစ်ဗိုလ်ဟု ထင်မှတ်လျက် စကားပြောလေတော့သည်။ ယခုကဲ့သို့ သုံ့ပန်းအဖြစ်အဖမ်းခံရခြင်းမှာ မိမိ၏အပြစ်မဟုတ်ကြောင်း မိမိ၏ တပ်ကြပ်ကလေးက မြင်းခြုံရန် စောင်အယူခိုင်းသဖြင့် ယခုကဲ့သို့ဖြစ်ရကြောင်း မိမိက ထိုနေရာတစ်ဝိုက်တွင် ရုရှားတပ်များရှိသည်ဟုပြောပါလျက် အတင်းခိုင်းသဖြင့် လုပ်ရကြောင်းဖြင့် ပြောပြလေသည်။ စကားတစ်ပိုဒ်ဆုံးတိုင်းလည်း ပြင်သစ်သုံ့ပန်းသည် "ကျွန်တော့်မြင်းကလေးကို မရိုက်ကြပါနဲ့ဗျာ"ဟု တဖွဖွပြောလျက်ရှိကာ ၎င်း၏မြင်းကို ပွတ်သပ်လျက် ရှိ၏။ ရန်သူ့လက်တွင်းသို့ ကျရောက်နေခြင်းကို ပြင်သစ်သုံ့ပန်း သတိပြုမိသေးဟန် မတူချေ။ ပြင်သစ်သုံ့ပန်းသည် သုံ့ပန်းအဖြစ် လက်ရဖမ်းမိသည်မှာ ၎င်း၏အပြစ်မဟုတ်ကြောင်းဖြင့်သာ တွင်တွင်ကြီး ထုချေလျက်ရှိပြီး ၎င်းသည် ပြင်သစ်တပ်ဗိုလ်များရှေ့တွင် ရောက်နေသကဲ့သို့ထင်မှတ်လျက် တပ်ထဲတွင် မိမိစည်းကမ်း မည်မျှသေသပ်ကြောင်း၊ မည်မျှသက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြောင်းတို့ကိုသာ ပြောလျက်ရှိလေသည်။ ပြင်သစ်တို့ကို မမြင်ဖူးသေးသည့် ရုရှားနောက်ဖျားတပ်များအဖို့ကား


www.burmeseclassic.com

ထိုပြင်သစ်သုံ့ပန်း၏သည် အထူးအဆန်းပစ္စည်းတစ်ခုသဖွယ် ဖြစ်လျက်ရှိလေသည်။

ကော့ဆက်မြင်းတပ်သားနှစ်ယောက်သည် ပြင်သစ်မြင်းကို ရွှေဒင်္ဂါးဖြင့် ရောင်းလိုက်ကြ၏။ ထိုအချိန်၌ နီကိုလေမှာ အိမ်မှ ငွေရောက်သည့်အတွက် တပ်ဗိုလ်များထဲ၌ အဆူပြိုးဆုံးဖြစ်နေသဖြင့် မြင်းကို ဝယ်လိုက်လေသည်။

"ကျွန်တော့်မြင်းကလေးကို ရိုက်တော့ မရိုက်ပါနဲ့ဗျာနော်"မြင်းကို နီကိုလေထံသို့ လွှဲပြောင်းပေးလိုက်သည်တွင် ပြင်သစ်သုံ့ပန်းက တဖွဖွတောင်းပန်နေပြန်သည်။ နီကိုလေက ပြုံးလျက် ခေါင်းညိတ်ပြလိုက်ပြီး ပြင်သစ်သုံ့ပန်းကို ငွေပေးလိုက်၏။

"လာ လာ"ကော့ဆက်မြင်းတပ်သားက ပြင်သစ်သုံ့ပန်း၏လက်ကို ဆွဲ၍ခေါ်၏။

ထိုအခိုက်"ဟေ့ဟေ့ ထွက်တော်မူလာတယ် ထွက်တော်မူလာတယ်"ဟူသော အသံများကို ကြားလိုက်ရလေသည်။

တပ်သားအားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြသဖြင့် နောက်ဘက်သို့ နီကိုလေ လှည့်ကြည့်လိုက်သောအခါတွင် ဦးတုပ်တွင် ငှက်တောင်ဖြူများစိုက်ထားသည့် ကိုယ်ရံတော်မြင်းစီးရဲမက်များကိုမြင်ရ၏။ တပ်သားများသည် တစ်ခဏအတွင်း၌ အားလုံးနေရာယူပြီးဖြစ်ကာ အသင့်ရပ်နေကြလေသည်။

နီကိုလေသည် မြင်းပေါ် မည်သို့မည်ပုံ မိမိရောက်သွားသည်ကိုပင် မသိလိုက်ချေ။ တိုက်ပွဲမတိုက်ရသည့်အတွက်ဖြစ်ရသော ဒေါမနဿစိတ်၊ တွေ့ရဖန်များသဖြင့် ငြီးငွေ့နေသော တပ်သားများအလယ်တွင် ညှိုးငယ်နွမ်းနယ်သည့် စိတ်နှင့်တကွ အတွေးစိတ်ဟူသမျှတို့သည် ချက်ချင်းလွင့်ပျောက်သွားကြ၍ ယခုကဲ့သို့ ဇာဘုရင်မင်းမြတ်ကို အနီးကပ်ဖူးမြော်ခွင့်ရသည့်အတွက် ပီတိဖြစ်လျက် ရှိလေသည်။ ရည်းစားသည်နှင့်တွေ့ဖို့အရေးအတွက် လည်ပင်းတရှည်ရှည်ဖြင့် စောင့်ခဲ့ရပြီးနောက် အချိန်ဆိုက်လာသောအခါတွင် အူမြူးလျက်ရှိသူတစ်ယောက်ကဲ့သို့ နီကိုလေမှာလည်း အူမြူးလျက် ရှိလေသည်။ နီကိုလေသည် အားပတ်ဝန်းကျင်ကို ကြည့်လည်းမကြည့် ကြည့်ရဲခြင်းလည်းမရှိဘဲ ဘုရင်မင်းမြတ်အနီးသို့ ချဉ်းကပ်လာသည်ကိုသာနှလုံးသွင်း၍ ပီတိသောမနဿဖြစ်လျက် ရှိလေသည်။ မိမိအနီးသို့ ဘုရင်မင်းမြတ်ရောက်လာပြီဟု သိခြင်းမှာ တဖျောက်ဖျောက်မြည်သော ကိုယ်ရံတော်မြင်းတပ်ဖွဲ့မှ မြင်းခွာသံများကြောင့်မျှသာမကဘဲ မိမိပတ်ဝန်းကျင်ရှိ အရာအားလုံး ပို၍ တောက်ပပြောင်လက် ရွှင်လန်းလာသည်ဟု ထင်မှတ်မိခြင်းကြောင့်လည်း ဖြစ်လေသည်။ တဖြည်းဖြည်း မိမိအနားသို့ ရောက်လာသည့်အခါ၌ သူရိယနေမင်းကြီးနှင့်တူသော ဘုရင်မင်းမြတ်၏ အထံမှ ချိုသာကြည်အေးသော ရောင်ခြည်များသည် ဖြာကျသကဲ့သို့ ထင်မှတ်ရပြီး ထိုရောင်ခြည်များသည် မိမိကို ဖုံးအုပ်လွှမ်းခြုံသွားသည်ဟု အောက်မေ့လိုက်မိသည်။ ဘုရင်မင်းမြတ်၏ အသံကို ကြားရသောအခါ၌လည်း 'ထိုအသံသည် ကြင်နာသောအသံ၊ တည်ငြိမ်သောအသံ၊ အောင်မြင်ခံ့ညားသောအသံ၊ နူးညံ့သိမ်မွေ့သောအသံပေတကား'ဟု အောက်မေ့မိပြန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိပေရာ ဘုရင်မင်းမြတ်၏အသံကို ပီသစွာကြားနေရပေ၏။

"ပါဗလိုဂရက်မြင်းတပ်လား"

"မှန်ပါ့ အရန်မြင်းတပ်ပါဘုရား"ဟုတစ်ယောက်၏ ပြောသံကို ကြားရ၏။ ထိုအသံကား ဘုရင်မင်းမြတ်၏ အသံနှင့် နှိုင်းစာလျှင် မိုးနှင့်မြေကြီးပမာ ကွာခြားပါဘိတောင်း။

ဘုရင်မင်းမြတ်သည် နီကိုလေနှင့်အားတွင် ယှဉ်၍ ရပ်တော်မူ၏။ ဘုရင်မင်းမြတ်၏ မျက်နှာတော်သည် လွန်ခဲ့သည့်သုံးရက် ဗိုလ်ရှုခံသဘင်သို့လာစဉ်ကထက်ပင် လှပတင့်တယ်တော်မူလျက်ရှိ၏။ အပြစ်ကင်းစင်သော နုငယ်ပျိုမျစ်ခြင်း၊ ရွှင်လန်းခြင်းဖြင့် တောက်ပဝင်းထိန်လျက်ရှိပေရာ မင်းကေရာဇ်၏ မျက်နှာတော်ပင် ဖြစ်သော်လည်း ဆယ့်လေးနှစ်အရွယ် သူငယ်၏ ထက်သန်ခြင်းမျိုးကို ဆောင်လျက်ရှိလေသည်။ မြင်းတပ်ခွဲကို စစ်ဆေးတော်မူစဉ် ဘုရင်မင်းမြတ်၏ မျက်လုံးသည် နီကိုလေ၏ မျက်လုံးများနှင့် အမှတ်မထင် သွား၍ဆုံမိကြပြီး နှစ်စက္ကန့်ထက်မကြာဘဲ ရပ်နေ၏။ ထိုအချိန်၌ နီကိုလေ၏စိတ်ထဲတွင် မည်သို့မည်ပုံဖြစ်နေသည်ကို ဘုရင်မင်းမြတ်သိတော်မူခြင်းရှိ မရှိ မပြောနိုင်သော်လည်း (နီကိုလေကမူ ဘုရင် မင်းမြတ်သည် အရာအားလုံးကို သိတော်မူသည်ထင်၏။) ၎င်း၏ ပြာလဲ့သော မျက်လုံးများကား နီကိုလေ၏ မျက်နှာကို နှစ်စက္ကန့်မျှ



www.burmeseclassic.com

www.burmeseclassic.com


စူးစိုက်လျက်ရှိလေရာ ထိုမျက်လုံးများမှ နူးညံ့သိမ်မွေ့သော အရောင်များသည် ပြိုးပြိုးပြက်ပြက် ထွက်လျက်ရှိသည်ဟု ထင်ရပေ၏။ ထို့နောက် ဘုရင်မင်းမြတ်သည် မျက်ခုံးကို ချီတော်မူ၍ စီးတော်မြင်းကို ဘယ်ခြေဖြင့်တို့ကာ ကဆုန်ချ၍ စီးသွားလေသည်။

ဘုရင်မင်းမြတ်သည် တိုက်ပွဲတွင် ကိုယ်တော်တိုင် ကွပ်ကဲလိုစိတ်ကို မချုပ်တည်းနိုင်အောင် ဖြစ်လျက်ရှိ၏။ အခြွေအရံများက အမျိုးမျိုးတားကြသော်လည်း မွန်းတည့် အချိန်၌ကား မိမိလိုက်ပါတော်မူလာသော တတိယစစ် ကြောင်းမှထွက်ကာ တပ်ဦးသို့ဒုန်းစိုင်း၍ ရောက်လာတော် မူခဲ့လေသည်။ တပ်ဦးသို့ မရောက်မီတွင် လမ်းမှ မြင်းတပ် များနှင့် တပ်ရေးဗိုလ်များက တိုက်ပွဲများအောင်မြင်လျက် ရှိကြောင်း ရွှေနားတော်လျှောက်ကြ၏။

ရန်သူပြင်သစ် မြင်းတပ်ခွဲတစ်ခုလုံးကို လက်ရ ဖမ်းမိခဲ့သော တိုက်ပွဲကား ပြောစမှတ်ပြုလောက်သော တိုက်ပွဲဖြစ်ပေသည်။ ထို့ကြောင့် စစ်မျက်နှာတစ်ဝိုက်တွင် မီးခိုးများဖုံးအုပ်လျက်ရှိသည်ကို မြင်သောအခါ၌ ဘုရင်မင်း မြတ်နှင့်တကွ တပ်မတော်ကြီးတစ်ခုလုံးကပါ ရပင်သစ်တို့ အရေးနိမ့်ကာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဆုတ်ခွာ လျက်ရှိပြီဟု ထင်မှတ်လျက်ရှိကြသည်။ ဘုရင်မင်းမြတ် ကြွချီသွားပြီးနောက် အတန်ကြာလျှင် ပါဗလိုဂရက်မြင်း တပ်လည်း ရှေ့သို့ဆက်၍ ချီတက်လာခဲ့လေသည်။ ဝိရှော အမည်ရှိ လှပသော ဂျာမန်မြို့ကလေးတစ်မြို့၌ နီကိုလေ သည် ဘုရင်မင်းမြတ်ကို နောက်တစ်ကြိမ် ဖူးမြော်ခွင့်ကြုံပြန် သည်။ ဘုရင်မင်းမြတ် မရောက်မီကလေး၌ မြို့လယ်ဈေး ကွက်အနီးတွင် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့လေရာ ရွှေ့ပြောင်းချိန်မရသေးသည့်အတွက် ထိခိုက်ဒဏ်ရာရသည့် တပ်သားများ ကျဆုံးသည့်တပ်သားများမှာ ထိုနေရာ၌ အတုံးအရုံး လဲကျလျက်ရှိကြ၏။

ကိုယ်ရံတော်တပ်ဖွဲ့များ နောက်တော်ပါအခြွေအရံ များ ဝိုင်းလျက်ရှိသော ဘုရင်မင်းမြတ်သည် ဗိုလ်ရှုခံသဘင် ကျင်းပသည့်နေ့က မြင်းမဟုတ်တော့ဘဲ အမြီးဖားဖားနှင့် အုန်းခွံညိုရောင် မြင်းမခြီးကို စီးတော်မူလျက် ကိုယ်ကို တစ်ဖက်သို့တိမ်းကာ ရွှေလက်ကိုင်တပ်ပွဲကြည့်မှန်ပြောင်း ဖြင့် ဦးခေါင်း၌ သွေးသံရဲရဲဖြစ်၍ လဲနေသော တပ်သား တစ်ယောက်ကို ကြည့်တော်မူ၏။ ဒဏ်ရာရသောတပ်သား မှာ သွေးအလိမ်းလိမ်းကပ်လျက် ညစ်ပတ်ပေရေကာ မြင်မကောင်းအောင်ရှိလေရာ ဤသို့သော အနိဋ္ဌာရုံရှုခင်း အနီးတွင် တင့်တယ်သော ဘုရင်မင်းမြတ်ကို မြင်ရခြင်းမှာ နီကိုလေအဖို့ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်လျက်ရှိ၏။ ဤအခြင်းအရာကြောင့် ဘုရင်မင်းမြတ်၏ ပြည့်တင်းသော ပခုံးတွန့်သွားပုံ၊ လက်ဝဲခြေတော်က စီးတော်မြင်းကို ထိ လျက်ရှိပုံ၊ လိမ္မာလှသော စီးတော်မြင်းကြီးက မလှုပ်မရှား ရပ်နေပုံတို့ကို နီကိုလေမြင်လိုက်မိသည်။ တပ်ရေးဗိုလ်တစ် ယောက်သည် မြင်းပေါ်မှဆင်းကာ လူနာကို ထမ်းစင်တစ်ခု ပေါ်သို့ တွဲ၍ တင်ပေးလိုက်၏။ လူနာကား တစာစာ ညည်းတွားလျက် ရှိလေသည်။

"အိမ်း ဖြည်းဖြည်းလုပ်ပါ၊ ဖြည်းဖြည်းလုပ်ပါ"

ဘုရင်မင်းမြတ်သည် လူနာထက်ပင် ပြင်းပြသောဝေဒနာကို ခံစားရဟန်ဖြင့် ဖြည်းညင်းစွာမရန် အမိန့်ပေးပြီးနောက် ဆက်၍ စီးသွားတော်မူ၏။ ဘုရင်မင်းမြတ်၏ မျက်လုံး၌ မျက်ရည်များ ရစ်ဝဲလျက်ရှိခြင်းကို နီကိုလေ သတိထား လိုက်မိသည်။

"အိမ်း စစ်ဆိုတာ တယ်ကြောက်စရာကောင်းတဲ့ အရာပေပဲ၊ တယ်လဲ ကြောက်စရာကောင်းတဲ့ အရာပေပဲ"

ဘုရင်မင်းမြတ်က နိုင်ငံခြားရေးဝန်ကြီး မင်းသား ကြီး ဇာတိုရီစကီသို့ မိန့်တော်မူသံကိုလည်း ကြားလိုက် ရသည်။

ရှေ့ကြောင်းချီတပ်ဦးမှတပ်များသည် ဝိရှောမြို့ အလွန်တွင် တပ်စွဲထားလေရာ ရန်သူ၏ ရှေ့တန်းစစ် ကြောင်းကို မြင်နေရ၏။ ရန်သူပြင်သစ်တို့ကား ရုရှားတပ် များဘက်က သေနတ်ဖောက်ရုံမျှကိုပင် ကြောက်လန့်ကာ ဆုတ်ခွာလျက်ရှိကြ၏။ ရှေ့ကြောင်းချီတပ်ဦးမှ တပ်များ အား ဘုရင်မင်းမြတ်က ကျေးဇူးတင်ကြောင်း ဆုတော် လာဘ်တော်များ ချီးမြှင့်ခြင်းခံရမည်ဖြစ်ကြောင်း ကြေညာ ၏။ အရက်ဝေစုကိုလည်း နှစ်ဆတိုးပေးစေ၏။ တပ်သား များမှ စခန်းမီးပုံအနီးတွင် သီချင်းတကြော်ကြော်ဖြင့် နေလိုက်ပုံမှာ ယမန်နေ့ညကထက်ပင် ပျော်စရာကောင်း သေး၏။ ဒင်နီဆော့ဗ်မှာလည်း ဗိုလ်မှူးရာထူးသို့ တိုးမြှင့် ခန့်ထားခြင်း ခံရသည့်အတွက် အထိမ်းအမှတ်ပွဲ ကျင်းပ လျက် ရှိလေသည်။ စားသောက်ပွဲပြီးသည့်အချိန်၌ နီကို လေမှာ အတော်'ထွေ'လျက်ရှိလေပြီ။ နီကိုလေက ခပ်



www.burmeseclassic.com

ထွေထွေဖြင့် ဘုရင်မင်းမြတ်၏ ကျန်းမာရေးအတွက် ခွက်မြှောက်ဆုတောင်းလေသည်။

"ကျွန်တော်ကတော့ ရွှေနန်းတော်ကြီးက မင်းပွဲသဘင်တွေမှာ ဆုတောင်းသလို 'အရှင်သခင် ဧကရာဇ် ဘုရင်မင်းမြတ်အတွက်' ဆိုပြီး ဆုတောင်းမသောက်လိုဘူးခင်ဗျ၊ 'စိတ်နှလုံးမြင့်မြတ်သော ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော၊ ဂုဏ်ကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ကျွန်ုပ်တို့ အရှင်သခင် သက်တော်ရာကျော် ရှည်ပါစေကြောင်းနှင့် တကွ ရန်သူပြင်သစ်တွေ မြေကြီးလက်ခတ်မလွဲ ရေးနိမ့်စေကြောင်း' လို့သာ ဆုတောင်းပြီး သောက်လိုတယ်ခင်ဗျ"

နီကိုလေပြော၏။ ၎င်းက ဆက်၍

"ကျွန်တော်တို့ဟာ ရှုန်ဂရာဘန်တိုက်ပွဲမှာ ရန်သူပြင်သစ်ကောင်တွေကို ရှေ့တစ်လက်မမျှ အတက်မခံ အောင်မြင်စွာ တွန်းလှန်မောင်းထုတ်ခဲ့ကြတယ်ဗျ၊ အဲဒီတုန်းကတောင် သူရသတ္တိပြောင်မြောက်စွာ တိုက်နိုင်ခဲ့ကြရင် ခုဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် ရှေ့တန်းစစ်မျက်နှာကို တိုက်နေတဲ့အချိန်မှာ ဘာဖြစ်လို့ အဲဒီတုန်းကထက် သတ္တိမကောင်းဘဲ နေရမှာလဲ၊ အဲဒီတုန်းကထက်ရဲစွမ်းသတ္တိမရှိရမှာလဲ၊ ကျွန်တော်တို့ဟာ ဘုန်းတော်ကြီးသော ဘုရားအတွက် အသက်ကို ဝမ်းမြောက်စွာ စွန့်လွှတ်ကြမယ်ဗျ၊ မဟုတ်ဘူးလား သွေးသောက်တို့ ကျွန်တော် ဒီနေ့ နည်းနည်းများသွားတယ်ဗျာ၊ ဒါကြောင့် စကားများရင်လဲ သည်းခံကြဗျာတို့၊ ဒါပေမဲ့ မူးသည်ဖြစ်စေ မမူးသည်ဖြစ်စေ ကျွန်တော့်စိတ်ထဲမှာတော့ ဒီအတိုင်းပဲဗျ၊ သွေးသောက်တို့ကော ပျော်တယ်မဟုတ်လား၊ ကဲ ဘုန်းတော်ကြီးသော ပထမအကြိမ်မြောက် အလက်ဇန်းဒရား မင်းမြတ်အတွက် ဟူးရား"

"ဟူးရား"

တပ်ဗိုလ်များက ဝိုင်း၍အော်ကြသည်။ အသက်ခပ်ကြီးကြီး မြင်းတပ်ဗိုလ်ကြီး ကာစတင်သည်လည်း အသက်နှစ်ဆယ်ရွယ် နီကိုလေကဲ့သို့ ရှင်မြူးတက်ကြွလျက်ရှိကာ သံကုန်ဟစ်အော်လျက် ရှိလေသည်။

တပ်ဗိုလ်များသည် ဖန်ခွက်ထဲရှိအရက်ကို အကုန်မော့၍ သောက်ချလိုက်ပြီးနောက် အရက်ခွက်များကို ရိုက်ခွဲပစ်လိုက်ကြ၏။ မြင်းတပ်ဗိုလ်ကြီး ကာစတင်သည် နောက်ထပ် အရက်ခွက်များကို ထပ်ဖြည့်ကာ ရှပ်အင်္ကျီနှင့် ဒူးကျပ် မြင်းစီးဘောင်းဘီကိုဝတ်လျက် လက်တွင် ဖန်ခွက်တစ်ခွက်ကိုကိုင်ရင်း တပ်သားများ၏ စခန်းမီးပုံများဆီသို့ လျှောက်သွားသည်။ ရှည်လျားဖြူဖွေးသော ရင်ဘတ်တို့ဖြင့် မြင်းတပ်ဗိုလ်ကာစတင်သည် မီးပုံမှ မီးရောင်ထဲတွင် ခံ့ညားစွာ ရပ်လိုက်သည်။

"သွေးသောက်တို့ ငါတို့၏ ဘုန်းတော်ကြီးမြတ်သော အရှင်သခင်ဧကရာဇ် ဘုရင်မင်းမြတ်အတွက်နှင့် ရန်သူတို့ကို အောင်ပွဲခံနိုင်ရေးအတွက် "ဟူးရား" မြင်းတပ်ဗိုလ်ကြီး ကာစတင်က လက်တစ်ဖက်မြှောက်လျက် အောင်မြင်ခံ့ညားသော မြင်းတပ်ဗိုလ်တို့၏ အသံဝါကြီးဖြင့် အော်လိုက်သည်။

မြင်းတပ်သားများသည် ဝိုင်းအုံလာကြကာ အသံကုန် ဟစ်အော်၍ ကြွေးကြော်ကြသည်။

ထိုည လူစုကွဲသွားပြီးသည့်နောက်တွင် ဒင်နီဆော့ဗ်သည် ၎င်း၏ ပုတိုတုတ်ခိုင်သောလက်များဖြင့် ရောင်းရင်းဖြစ်သူ နီကိုလေ၏ပခုံးကို ပုတ်လျက်

"ဟောဒီက ကျူပ်ရောင်းရင်းကြီးကတော့ ရှားသဗျ စစ်ထွက်တုန်းမှာ ချစ်ရကြိုက်ရမယ့်သူမရှိတော့ ဘယ်သူ့ကို သွားကြိုက်နေတယ်မှတ်သလဲ၊ ဘုန်းတော်ကြီးသော ဘုရားကို သွားကြိုက်နေသဗျ၊ ဗျို့လူ ယောက်ျားချင်းနော် ဟား ဟား ဟား"

"ဗိုလ်မှူး ကျွန်တော်ကို ဒီလိုမကျီစားနဲ့ဗျာ၊ ဘုန်းတော်ကြီးသော ဖုရားကို ကျွန်တော် တိမ်းညွှတ်တဲ့စိတ်မျိုးက အင်မတန်မြင့်မြတ်ပြီး အပြစ်ကင်းတဲ့"

"ကဲ ကဲ ယုံပါပြီဗျာ၊ ယုံပါပြီ၊ ကျူပ်လဲ ဒီလိုပါပဲ"

"မဟုတ်ပါဘူး ဗိုလ်မှူးဟာ ဒီစိတ်မျိုးကို နားမလည်ပါဘူး"

နီကိုလေသည် ထလာကာ စခန်းမီးပုံများကြားထဲ၌ လျှောက်လျက် ဘုရင်မင်းမြတ်၏ရှေ့တော်မှောက်၌ မိမိ၏ အသက်ကို စွန့်လွှတ်ပြရလျှင် (ဘုရင်မင်းမြတ်၏ အသက်ခန္ဓာကို ကာကွယ်ရင်း စွန့်လွှတ်ရခြင်းမျိုးမဟုတ်ပါ။ ဘုရင်မင်းမြတ်၏ အသက်အန္တရာယ်ကိုလည်း နီကိုလေ မတွေးရက်ပါ။) မည်မျှကြည်နူးစရာကောင်းလေမည်နည်းဟု တွေးမိသည်။ နီကိုလေသည် ဇာဘုရင်ကို တကယ်ပင် ချစ်မြတ်နိုးလျက်ရှိလေပြီ၊ ရုရှားတပ်မတော်၏ ဂုဏ်သိက္ခာကိုလည်း ချစ်မြတ်နိုးလျက် ရှိလေပြီ။ အောင်ပွဲခံရလိမ့်မည်



www.burmeseclassic.com

ဟူသော မျှော်လင့်ချက်သည်လည်း တွယ်တာလျက် ရှိလေပြီ။ သို့ရာတွင် ဩစတားလစ်တိုက်ပွဲမတိုင်မီ၌ ဤသို့သော စိတ်ကူးမျိုးကို တွေးမိသူမှာ နီကိုလေတစ်ယောက်တည်း မဟုတ်ချေ။ နီကိုလေကဲ့သို့ ပြင်းထန်ခြင်းမရှိသော်လည်း ဆယ်ပုံလျှင် ကိုးပုံမျှသော ရုရှားတပ်မတော်သားများသည်လည်း ဇာဘုရင်နှင့်တကွ ရုရှားတပ်မတော်၏ ဂုဏ်ကျက်သရေကို အလားတူ ချစ်ခင်မြတ်နိုးလျက်ရှိနေကြသည်သာ ဖြစ်လေသည်။

## အခန်း–၁၁

နောက်တစ်နေ့၌ ဘုရင်မင်းမြတ်သည် ဝိရှောတွင် ရပ်နားတော်မူ၏။ ဘုရင်မင်းမြတ်ကို ကြည့်ရှုရန်အတွက် နန်းတွင်း လက်သုံးတော် သမားတော်ကြီး ဝီလီယာကို အကြိမ်ကြိမ် စေလွှတ်ဆင့်ခေါ်ရလေသည်။ ဘုရင်မင်းမြတ် နာမကျန်းဖြစ်တော်မူသည်ဆိုသည့် သတင်းသည်လည်း စစ်ဦးစီးဌာနချုပ်နှင့် တပ်သားများအကြား၌ ပျံ့လွင့်လျက်ရှိ၏။ အိပ်ဖန်တော်စောင့်များ၏ အဆိုအရ ဘုရင်မင်းမြတ်သည် အစားအစာကို သုံးဆောင်တော်မူခြင်းမရှိ။ ညဥ့်လည်း ကျိန်းစက်တော်မူခြင်းမပြုဟု ဆိုလေသည်။ ကျဆုံးသူများနှင့် ဒဏ်ရာရသူများကို မြင်တော်မူသည့်အတွက် လွန်စွာ စိတ်နှလုံးထိခိုက်တော်မူရကား ဤသို့ ကိုယ်လက်မအီမကျန်း ဖြစ်တော်မူခြင်းပေတည်း။

နိုဝင်ဘာ ၁၇ ရက်နေ့ လင်းအားကြီး၌ ပြင်သစ်တပ်ဗိုလ်တစ်ဦးသည် စစ်ဆိုင်းအလံဖြူကိုလွှင့်ထူ၍ ရုရှားရှေ့ပြေးကင်းစခန်းများသို့ရောက်လာကာ ရုရှားဇာဘုရင်မင်းမြတ်အား ဖူးမြော်ခွင့်တောင်းလာ၏။ ရုရှားရှေ့ပြေးကင်းတပ်များသည် ပြင်သစ်တပ်ဗိုလ်ကို ဝိရှောမြို့သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ၎င်းကား ဆာဗရီအမည်ရှိ ပြင်သစ်တပ်ဗိုလ်တစ်ယောက် ဖြစ်လေသည်။ ဆာဗရီ ရောက်လာသည့်အချိန်၌ ဇာဘုရင်မင်းမြတ်မှာ ကျိန်းစက်ပျော်ခါစဖြစ်သဖြင့် ဆာဗရီသည် အချိန်အတန်ကြာမျှ စောင့်နေရလေသည်။ နေ့လယ်ချိန်ရောက်မှ ဆာဗရီအား ရှေ့တော်မှောက်သို့ ဝင်စေကာ နောက်တစ်နာရီခန့်အကြာ၌မှ ပြင်သစ်တပ်ဗိုလ်ဆာဗရီသည် ရုရှားတပ်ရေးဗိုလ်ချုပ်မင်းသားကြီး ဒိုဂိုရူးကော့နှင့်အတူ ပြင်သစ်ရှေ့ပြေး ကင်းတပ်စခန်းဆီသို့ မြင်းစီး၍ ထွက်သွားလေသည်။

ပြင်သစ်ဗိုလ်ဆာဗရီလာရောက်ခြင်းမှာ နပိုလီယန်နှင့် အလက်ဇန်းဒရား ဘုရင်မင်းမြတ်တို့ တွေ့ဆုံဆွေးနွေးကြရန် လာရောက်ချိန်းဆိုခြင်း ဖြစ်သည်ဟု သတင်းဖြစ်ပွားလျက် ရှိ၏။ ဇာဘုရင်မင်းမြတ်သည် နပိုလီယန်အား ကိုယ်တော်တိုင် လက်ခံတွေ့ဆုံခြင်းမပြုနိုင်ဟု တင်းတင်းမာမာငြင်းဆိုလိုက်သည့်အတွက် ရုရှားတပ်မတော်ကြီး တစ်ခုလုံးမှာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက် ရှိလေသည်။ သို့ရာတွင် ဘုရင်မင်းမြတ်သည် မိမိ၏ကိုယ်စား ဝိရှောမြို့တိုက်ပွဲကိုအောင်နိုင်ခဲ့သူ တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့အား ပြင်သစ်ဗိုလ်ဆာဗရီနှင့်အတူ စေလွှတ်လိုက်လေသည်။ သို့စေလွှတ်ခြင်းကား အကယ်၍ နပိုလီယန်၏ ဇေ့စပ်ဆွေးနွေးရေး ကမ်းလှမ်းချက်သည် ငြိမ်းချမ်းရေးအတွက် စေတနာဖြူစင်စွာ ကမ်းလှမ်းခြင်းဖြစ်ပါက နပိုလီယန်နှင့် ဇေ့စပ်ဆွေးနွေးရန် ဖြစ်လေသည်။

ညနေစောင်း၌ တပ်ရေးဗိုလ်ချုပ်ကြီး ဒိုဂိုရူးကော့ ပြန်ရောက်လာ၏။ တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့သည် ဘုရင်မင်းမြတ်ထံ ချက်ချင်းအခစားဝင်၍ အချိန်အတော်ကြာမျှ လျှောက်တင်ဆွေးနွေးခြင်း ပြုလေသည်။

နိုဝင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်များတွင်ကား ရုရှားတပ်မတော်ကြီးသည် နှစ်ရက်မျှ ဆက်တိုက်ချီလာခဲ့ကြ၏။ ရန်သူပြင်သစ်ရှေ့ပြေးကင်းတပ်များသည် အနည်းငယ်မျှသာ ခုခံကာကွယ်ဆုတ်ခွာသွားကြလေသည်။ အထက်တန်း စစ်အာဏာပိုင်များရပ်ကွက်၌မူ နိုဝင်ဘာလ ၁၉ ရက်နေ့ နေ့လယ်ပိုင်းလောက်မှစ၍ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်အရုဏ်တက်ချိန်လောက်အထိ ပျားပန်းခပ်မျှ အလုပ်များလျက်ရှိလေသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့၌ကား မမေ့နိုင်သော ဩစတားလစ်တိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။

နိုဝင်ဘာလ ၁၉ ရက်နေ့ နေ့လယ်ပိုင်းလောက်မှစ၍ ဘုရင်မင်းမြတ်၏ ယာယီစံနန်း၌ ညီလာခံများ၊ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိ၏။ တပ်ရေးဗိုလ်များသည်လည်း စာချွန်များပို့ခြင်း၊ လက်ခံခြင်း စသည်တို့ဖြင့် ဝင်လိုက်ထွက်လိုက်နှင့် လူးလားခတ်နေကြ၏။ ညနေပိုင်းလောက်တွင်ကား ဤသို့ ပျားပန်းခပ်မျှ လှုပ်လှုပ်ရှရှဖြစ်နေခြင်းသည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ စစ်ဦးစီးဌာနချုပ်နှင့်


www.burmeseclassic.com

တကွ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်များ၊ တပ်မှူးများဆီသို့ ကူးစက်လာခဲ့လေပြီ။ ၁၉ ရက်နေ့ညနှင့် ၂၀ ရက်နေ့နံနက်၌မူ စစ်သည်တပ်သားရှစ်သောင်းမျှရှိသော မဟာမိတ်တပ်များသည် ကွင်းစခန်းများထဲတွင် တပ်နားလျက်ရှိရာမှ လှုံ့လှုံ့လှုပ်ရှားစပြုလာကြကာ ခြောက်မိုင်မျှ ရှည်လျားသည့် ကြီးမားသောတပ်တောင်တာ ဗိုလ်ထုကြီးအဖြစ် ပေါင်းစည်း၍ ချီတက်လာခဲ့ကြလေသည်။

ထိုနေ့နံနက်ပိုင်းက ဘုရင်မင်းမြတ်၏ ယာယီစံနန်း၌ ပျားပန်းခပ်သည့်နှယ် တရွရွလှုပ်ရှားနေသော အခြင်းအရာများသည် တပ်မတော်ကြီးတစ်ခုလုံးကို လှုံ့လှုံ့လှုပ်ရှားလာအောင် မောင်းနှင်တွန်းပို့လိုက်သကဲ့သို့ ရှိလေသည်။ ပျားပန်းခပ်မျှ တရွရွလှုပ်ရှားနေသော ထိုအခြင်းအရာများသည် ကြီးမားလှသော နာရီကြီးတစ်ခုမှ ပင်မခွေးသွားစိပ်ကြီး၏ လှုပ်ရှားခြင်းနှင့် အလားသဏ္ဌာန်တူလေသည်။ နာရီကြီးမှ ပင်မခွေးသွားစိပ်ကြီးက စတင်လည်ပတ်သည်၌ အခြားသောခွေးသွားစိပ်တစ်ခုကလည်း လိုက်၍ စတင်လည်ပတ်၏။ တစ်ဖန် အခြားခွေးသွားစိပ်တစ်ခုကလည်း လည်ပတ်လာပြန်၏။ ဤသို့ဖြင့် ခွေးသွားစိပ်များသည် တစ်ခုကိုတစ်ခု ဆက်၍ဆက်၍ တွန်းသွားကြကာ လျှန်မြန်သည်ထက် လျင်မြန်စွာ လည်ပတ်လာကြ၏။ ဤသည်နှင့် တစ်ပြိုင်နက် များစွာသော မောင်းတံများ၊ ခွေးသွားစိပ်ငယ်များသည် တစ်ရစ်ပတ်ပတ် ထပ်ထပ်ပြန်ပြန်၊ တဖန်လဲလဲ၊ တဝဲလယ်လယ်၊ တစ်သွယ်ခါခါ၊ တချာရစ်ရစ် စတင်လည် ပတ်၍ အလုပ်လုပ်လာကြ၏။ သို့ဖြင့် ဤလှုပ်ရှားမှုများကြောင့် နာရီကြီးသည် တဒင်ဒင်မြည်စပြုလာကာ နာရီလက်တံများသည် ဂဏန်းကွက်များပေါ်တွင် မှန်မှန်ကြီး ရွေ့လျားလာခဲ့ကြလေသည်။

စစ်စက်ယန္တရားကြီး၏ ဖွဲ့စည်းမှုသည် နာရီတစ်ခု၏ဖွဲ့စည်းမှုနှင့် အလားသဏ္ဌာန်တူလေသည်။ နာရီတစ်လုံးတွင် ပင်မခွေးသွားစိပ်ကြီး စတင်လည်ပတ်သည်၌ များစွာသော အခြားခွေးသွားစိပ်ငယ်များသည် လိုက်၍ လည်ပတ်လာကြကာ နာရီလက်တံ ရွေ့လျားခြင်းတည်းဟူသော နောက်ဆုံးအကျိုးတရားတစ်ခုကို ဖြစ်ပေါ်စေသည့်နည်းတူ စစ်စက်ယန္တရားကြီးထဲ၌လည်း ဆန္ဒတစ်ခုက စတင်လှုံ့လှုံ့လှုပ်ရှားလာသည်တွင် အခြားသောဆန္ဒများသည်လည်း လှုပ်ရှားလာကြကာ စစ်တပ်ကြီးတစ်တပ်၏လှုပ်ရှားမှုတည်းဟူသော အကျိုးတရားတစ်ခုကို ဖြစ်ပေါ်စေခဲ့လေသည်။

နာရီတစ်ခု၏ စက်ယန္တရားအစိတ်အပိုင်းအသီးသီးတို့သည် ၎င်းတို့အား မောင်းနှင်တွန်းပို့ခြင်း မပြုသေးသမျှကာလပတ်လုံး ရွေ့လျားခြင်းမရှိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိကြ၏။ ထို့အတူ စစ်စက်ယန္တရားကြီး၌လည်း များလှစွာသော စိတ်ဆန္ဒများသည် ၎င်းတို့အား မောင်းနှင်ခြင်းမပြုသေးသမျှ ရွေ့လျားခြင်းမရှိ ငြိမ်သက်လျက်ရှိကြလေသည်။ သို့ရာတွင် နာရီ၌ ခွေးသွားစိပ်များတစ်ခုနှင့်တစ်ခု အံကျသွားသည်နှင့် ဘီးများသည် စတင်လည်ပတ်လာခဲ့ကြလေပြီ။ အရှိန်ရောက်မလာသေးမီ၌ မည်သည့်အခါမှ လည်ပတ်တော့မည်မဟုတ်ဟု ထင်ရသော ခွေးသွားစိပ်များသည် အရှိန်ရောက်လာသည်နှင့် တစ်ပြိုင်နက် စတင်လည်ပတ်လာခဲ့ကြလေပြီ။ ဤသို့ဖြင့် ထိုခွေးသွားစိပ်ငယ်များသည် မိမိတို့ရွေ့လျားလည်ပတ်ခြင်း၏ ရည်ရွယ်ချက်တို့မှ ထွက်ပေါ်အံ့သော အကျိုးတရားတို့ကို မသိဘဲ လည်ပတ်လာခဲ့ကြလေသည်။

နာရီတစ်ခု၌ များစွာသောဘီးများ၊ ခွေးသွားစိပ်များ လှုပ်ရှားခြင်းကြောင့် ထွက်ပေါ်လာသော အကျိုးတရားမှာ အခြားမဟုတ်။ အချိန်ကို ညွှန်ပြသော နာရီလက်တံများ၏ ရွေ့လျားမှုပင် ဖြစ်လေသည်။ ထိုနည်းတူပင် ချစ်ခြင်း၊ မုန်းခြင်း၊ ကြင်နာခြင်း၊ ရက်စက်ခြင်း၊ ကျိုးနွံခြင်း၊ ထောင်လွှားခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းစသော အထူးထူးသော ခံစားချက်များ ရင်ဝယ်ပိုက်လျက် ခွေးသွားစိပ်ကလေးများသဖွယ်ဖြစ်သော ရုရှားနှင့် ပြင်သစ်စစ်သည်တပ်သား တစ်သိန်းခြောက်သောင်းတို့၏ လှုပ်ရှားမှုကြောင့် ထွက်ပေါ်လာသော အကျိုးတရားမှာလည်း အခြားမဟုတ်။ မင်းဧကရာဇ်သုံးပါး၏ စစ်ပွဲဟုခေါ်သော ဩစတားလစ်စစ်ပွဲကြီးပင် ဖြစ်လေသည်။ တစ်နည်းဆိုရသော် ခွေးသွားစိပ်ငယ်များတည်းဟူသော စစ်သည်တပ်သားများ၏ လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာသော အကျိုးတရားမှာ နာရီဒိုင်ခွက်တည်းဟူသော လူ့လောကရာဇဝင်၏ မျက်နှာပြင်တွင် ပေါ်လာသည့် နာရီလက်တံ၏ ရွေ့လျားမှုနှင့်တူသည့် ဩစတားလစ်တိုက်ပွဲဖြစ်စဉ်ကြီးပင် ဖြစ်ပေသည်။

မင်းသားကလေး အင်ဒရေမှာ ထိုနေ့က တာဝန်ကျနေသည့်အလျောက် စစ်သေနာပတိချုပ်၏ အပါးတွင်



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့လုံး ရှိနေ၏။

ညနေ ခြောက်ချက်တီး၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ယာယီစံနန်းသို့သွားရောက်၍ ဘုရင်မင်းမြတ်ထံ အခစားဝင်၏။ အတန်ကြာအခစားဝင်ပြီးနောက် ပြန်ထွက်လာကာ ရွှေနန်းတော်စောင့်တပ်မှူးကြီး ဗိုလ်ချုပ်ကြီး တော်လစတွိုင်နှင့်သွားရောက်တွေ့ဆုံနေခြင်း ပြုပြန်သည်။

ဤတွင် အချိန်အားနေသဖြင့် မင်းသားကလေး အင်ဒရေသည်လည်း လာမည့်တိုက်ပွဲကြီးနှင့်စပ်လျဉ်း၍ အသေးစိတ်အခြင်းအရာများကို စုံစမ်းရန် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့ထံ ဝင်လာခဲ့လေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စိတ်တိုလျက်ရှိကာ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်လျက်ရှိသည်ဟု မင်းသားကလေး အင်ဒရေ ယူဆ၏။ စစ်ဦးစီးဌာနချုပ် ဌာနဗဟိုရုံး၌လည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား မကျေမနပ်ဖြစ်လျက်ရှိသည့် အရိပ်အရောင်များကို တွေ့ရလေသည်။ ထို့မှုမက ဘုရင်မင်းမြတ်၏ ယာယီစံနန်းရှိ အရာရှိများအားလုံးကလည်း မိမိတို့သာ နားလည်သည်ဟူသော 'ဆရာကြီး'လေသံမျိုး ထွက်နေခြင်းကို သတိပြုမိ၏။ ထို့ကြောင့် မင်းသားကလေး အင်ဒရေသည် အကျိုးအကြောင်းစုံစမ်းရန် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့ထံ ဝင်လာခဲ့လေသည်။

"ဟေး ကိုရင်ကလေး လာဟေ့ ကျန်းခဲ့သာစ" တပ်ရေးဗိုလ်ချုပ်ဒိုဂိုရူးကော့က သံတော်အရာရှိ ဘီလီဘင်နှင့် လက်ဖက်ရည်စားပွဲတွင် အတူထိုင်နေရာက နှုတ်ဆက်လိုက်၏။ "မနက်ဖြန်မှာ ပွဲလမ်းရမယ် မဟုတ်လားကွ၊ ဒါကြောင့် တို့များ ခုအောင်ပွဲခံနေတာ၊ ကိုရင့်အဘိုးကြီးကော ဘယ့်နှယ်လဲ၊ တော်တော်ဒေါပွနေပြီ ထင်တယ် ဟုတ်စ"

"ဒေါမပွပါဘူး ဗိုလ်ချုပ်၊ ဒါပေမဲ့ အဘိုးကြီးက သူ့ထင်မြင်ချက်ကို ကြားနာစေချင်ပုံရပါတယ်"

"အလို စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးမှာ အားလုံးကြားနာပြီးပြီကော ကိုရင်လေးရ၊ နောက်ထပ် အဓိပ္ပာယ်ရှိတဲ့စကားမျိုး ပြောဦးမယ်ဆိုရင်လဲ ကြားနာဖို့ အဆင်သင့်ပါပဲမောင်ရာ၊ ဒါပေမဲ့ ခုလို မီးကုန်ယမ်းကုန်ကျဲမယ့် ထိုးစစ်ကြီးကို ဘိုနာပတ်က ဖိန့်ဖိန့်တုန်အောင် ကြောက်နေတဲ့အချိန်မှာ အခြေအနေစောင့်ကြည့်ဖို့၊ အချိန်ဆွဲဖို့ပြောတဲ့စကားမျိုးဆိုရင်တော့ မဖြစ်ဘူး ကိုရင်လေးရ"

"ဘိုနာပတ်ကို ဗိုလ်ချုပ်တွေ့ခဲ့ရတယ်နော်" မင်းသားကလေးအင်ဒရေက မေးလိုက်၏။ "ဘိုနာပတ်က ဘယ်လိုလူလဲ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်တယ်လို သဘောရပါသလဲ"

"အိမ်း တွေ့ခဲ့ပါ့ဗျာ၊ ငါ့အထင်ကတော့ ကိုရင့် ဘိုနာပတ်ဟာ ဒီထိုးစစ်ကြီးဆင်လာမှာကို ဖိန့်ဖိန့်တုန်အောင် ကြောက်နေပြီကွ"တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့က ဘိုနာပတ်နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်က ရရှိခဲ့သော မိမိ၏ ထိုထင်မြင်ယူဆချက်ကို လွန်စွာ တန်ဖိုးထားဟန်ဖြင့် ထပ်၍ ပြောလိုက်သည်။ "ကိုရင့် ဘိုနာပတ်ဟာ ဒီထိုးစစ်ကြီးကို မကြောက်ရင် ဘာဖြစ်လို့ မျက်နှာစုံညီ တွေ့ခွင့်တောင်းမလဲကွ၊ ပြီးတော့ ဘာဖြစ်လို့ စေ့စပ်ဆွေးနွေးဖို့ တောင်းဆိုမလဲ၊ ဘာဖြစ်လို့ ခွာစစ် ပရိယာယ်ကို သုံးမလဲ၊ ဘိုနာပတ်ရဲ့ သေနင်္ဗျူဟာမှာ ဘယ်တော့မှ ခွာစစ် ပရိယာယ်ကိုသုံးတာဟာ ဘာဖြစ်လို့လဲ၊ ကိုရင့်ဘိုနာပတ် အခြေမလှလို့ပေါ့၊ ဒီမှာ ကိုရင်ကလေး၊ ကိုရင့်လူ ဘိုနာပတ်ဟာ ရင်ဆိုင်တိုက်ပွဲ တိုက်ဖို့ကို အကြောက်ကြီး ကြောက်နေပြီကွ မှတ်ထား၊ ဘိုနာပတ်ဟာ သေပန်းပွင့်ချိန် ရောက်နေပြီ၊ ဒီစကားကို မြဲမြဲမှတ်ထား"

"ဟုတ်ကဲ့ နေပါဦး ဗိုလ်ချုပ်၊ ဘိုနာပတ်က ဘယ်လိုလူလဲ"မင်းသားကလေးအင်ဒရေက ထပ်မေးလိုက်ပြန်သည်။

"ပြာနှမ်းနှမ်းဝတ်စုံအင်္ကျီကြီး ဝတ်ထားတဲ့ သာမန်လူတစ်ယောက်ပါကွာ၊ အကြီးအကျယ် မဟုတ်ပါဘူး၊ သူ့ကို 'ဘုန်းတော်ကြီးသော ဘုရား'လို့ ခေါ်စေချင်ပုံ ရတယ်ကွ၊ ဒါပေမဲ့ ဘယ်ရမလဲကွာ၊ ငါက ဘယ်ခေါ်မလဲ၊ ငါက မခေါ်တော့ ကိုရင့်လူ ရာဇမန်ရှုတော်မူတော့တာပေါ့ ဟား ဟား ဘိုနာပတ်ဆိုတဲ့လူက ဒါပါပဲကွ၊ ဒီထက် မပိုပါဘူး"

ဒိုဂိုရူးကော့ကပြုံး၍ ဘီလီဘင်ဘက်သို့ လှည့်လိုက်သည်။ ထို့နောက် ဆက်၍-

"ကိုရင့် အဘိုးကြီးကို တို့များ လေးစားတော့ လေးစားပါတယ်၊ ဒါပေမဲ့ ကိုရင့်အဘိုးကြီးပြောတဲ့အတိုင်း အခြေအနေကိုကြည့်၊ အချိန်ကို စောင့်ရမယ်ဆိုရင်တော့ ငနဲကို ထွက်ပေါက်ဖွင့်ပေးလိုက်တာနဲ့ အတူတူပဲကွ၊ ဒါမှမဟုတ်ရင် တို့များကို ဗေဒဥပါယ်နဲ့ အနိုင်ယူခွင့်ပေး


www.burmeseclassic.com

လိုက်တာနဲ့ အတူတူပဲ၊ ဒီလိုသာ ခံလိုက်ရရင်တော့ တို့များလဲ စစ်တိုက်နေဖို့ မကောင်းတော့ဘူးကွ၊ ထဘီဝတ်ရင်ဝတ်၊ သင်္ကန်းစည်းရင်စည်း ဒီနှစ်နည်းပဲ ရှိတော့တယ်၊ ဟော ခုတော့ ကိုရင့်ဘိုနာပတ် ဘာတတ်နိုင်သေးသလဲ၊ တို့လက်ထဲ ရောက်နေပြီ၊ တို့များဟာ ရှေးရာဇဝင်သူ့ရဲ့ကောင်း ဗိုလ်ချုပ်ကြီးဆူဗိုရော့ သွေးတွေကွ သိရဲ့လား၊ ဆူဗိုရော့ရဲ့ သေနင်္ဂဗျူဟာက ဘာလဲ၊ 'စစ်တို့၏သဘောဒွ ရန်သူက မိမိအား ထိုးစစ်ပြုနိုင်သော အနေအထားကို မယူရာ၊ မိမိက ရန်သူအား ထိုးစစ်ပြုနိုင်သော အနေအထားကိုသာ ယူရာ၏'လို့ ဆိုခဲ့တယ်၊ မဟုတ်လားကွ၊ ဒီသေနင်္ဂဗျူဟာကို တို့များ ကောင်းကောင်းသတိချပ်ရမယ်ကွ သိလား၊ ဒီမှာ ကိုရင်ကလေး စစ်ပွဲမှာ တအိအိသွားနေတဲ့ လှည်းအိုကြီးတွေရဲ့ အတွေ့အကြုံထက် တုံးတိုက်တိုက် ကမ်းတိုက်တိုက်လုပရဲတဲ့ လူငယ်တွေရဲ့ ဖျတ်လတ်ခြင်း၊ စွမ်းအင်သတ္တိရှိခြင်းကသာလျှင် ပွဲလမ်းရဖို့ အသေချာဆုံးသော နည်းဖြစ်တယ်ကွ၊ အဲဒါ မြဲမြဲမှတ်ထား"

"ဒါပေမဲ့ ကျွန်တော်တို့က ဘယ်လိုအနေအထား၊ ဘယ်လိုအခင်းအကျင်းမျိုးနဲ့တိုက်မှာလဲ ဗိုလ်ချုပ်၊ကျွန်တော်ဒီနေ့ ကင်းစခန်းတွေကို လျှောက်ခဲ့တော့ ရန်သူရဲ့ ပင်မစစ်အင်အားဟာ ဘယ်နေရာမှာ စုပြုံအော ထားတယ်ဆိုတာ ပြောဖို့ မလွယ်ဘူး ဖြစ်နေတယ်ခင်ဗျ"

မင်းသားကလေးအင်ဒရေသည် ရှေ့တန်းကင်းစခန်းများကို လျှောက်ကြည့်ခဲ့ပြီးနောက် ၎င်း၏ စိတ်ကူးထဲတွင် ထိုစီမံကိန်းတစ်ရပ်ကို အကြမ်းရေးဆွဲထားခဲ့ရာ ထိုစီမံကိန်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဒိုဂိုရူးကော့နှင့် ဆွေးနွေးလိုပေသည်။

"ဒီမှာ ကိုရင်ကလေ ရန်သူရဲ့ပင်မအောင်အားဟာ ဘယ်နေရာမှာ စုပြုံထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ ဒါအရေးမကြီးပါဘူးကွ"ဗိုလ်ချုပ်ဒိုဂိုရူးကော့သည် ခပ်သွက်သွက် ပြောလိုက်ပြီးနောက် ထ၍ မြေပုံတစ်ချပ်ကို စားပွဲပေါ်တွင် ဖြန့်ချလိုက်သည်။

"ဖြစ်နိုင်တဲ့အလားအလာကို အကုန်တွက်ထားပြီးပြီ၊ ကိုရင့်လူ ဘိုနာပတ်ဟာ ဘရွန်းရှေ့ကနေ ပိတ်ပြီးခံမယ်ဆိုလို့ရှိရင်"

ဗိုလ်ချုပ်ဒိုဂိုရူးကော့သည် ဩစတြီးယားဗိုလ်ချုပ်ဝေရိုသာရေးဆွဲသော ဒွိဇာဒိပဗျူဟာခေါ် ဂဋ္ဌုန်တောင်ဖြန့်သကဲ့သို့သော တောင်ပံလှုပ်ရှားမှု စစ်ဆင်ရေး စီမံကိန်းကို ခပ်သွက်သွက် ရှင်းပြနေသည်။ သို့ရာတွင် ရှင်းလင်းခြင်းမရှိလှချေ။

မင်းသားကလေးအင်ဒရေကလည်း မိမိ၏စီမံကိန်းကို အစချီ၍ တင်ပြ၏။ ၎င်း၏စီမံကိန်းမှာ ဗိုလ်ချုပ်ဝေရိုသာ၏ စီမံကိန်းထက် ညံ့ဖျင်းသည်မဟုတ်ချေ။ သို့ရာတွင် ဗိုလ်ချုပ်ဝေရိုသာ ၏စီမံကိန်းမှာ အတည်ပြုပြီးဖြစ်သည့်အတွက် မိမိအဖို့ နောက်ကျခဲ့လေပြီ။ မင်းသားကလေးအင်ဒရေက ဗိုလ်ချုပ်ဝေရိုသာ၏ စစ်ဆင်ရေးစီမံကိန်းမှ ချွတ်ယွင်းချက်များကို ထောက်ပြကာ မိမိစီမံကိန်းကိုတင်ပြသည်၌ တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့သည် ဆက်လက်နားထောင်ခြင်းမပြုတော့ဘဲ မြေပုံကိုကြည့်နေရာမှ မင်းသားကလေး အင်ဒရေ၏မျက်နှာကို သညာကင်းသည့်ပမာငေးကြည့်လျက်ရှိလေသည်။

"အေးလေ ဒီနေ့ည စစ်သေနာပတိချုပ်ဆီမှာ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးရှိတယ်၊ အဲဒီမှာ ကိုရင်ကလေးရဲ့ စီမံကိန်းကို တင်ချင်သပဆိုရင် တင်ကြည့်ပေါ့"ဗိုလ်ချုပ် ဒိုဂိုရူးကော့က ပြောလိုက်၏။

"လက်ခံတာ မခံတာတော့မသိဘူး ဗိုလ်ချုပ်ကျွန်တော်ကတော့ တင်ကြည့်မှာပဲ"မင်းသားကလေးအင်ဒရေက မျက်နှာကို မြေပုံမှခွာ၍ ပြောလိုက်သည်။

"ဘာကိစ္စ ဒီလောက်ဦးနှောက်ရှုပ်နေကြရတာလဲ ရောင်းရင်းကြီးတို့ရ"၎င်းတို့နှစ်ဦး၏ စကားများကို ခပ်ထေ့ထေ့ပြုံး၍ နားထောင်လျက်ရှိရင်း 'ပြက်လုံး'ထုတ်ရန်အကွက်ကောင်းကို စောင့်နေသည့် ဘီလီဘင်က ပြောလိုက်သည်။ "မနက်ဖြန်မှာ ကျွန်တော်တို့ပွဲလမ်းရသည် ဖြစ်စေ၊ ပွဲလမ်းမရသည်ဖြစ်စေ ကျွန်တော်တို့ ရုရှားတပ်မတော်ကြီးရဲ့ ဂုဏ်သိက္ခာညှိုးနွမ်းမှာကိုတော့ စိုးရိမ်စရာ မရှိပါဘူးဗျ၊ အရေးနိမ့်တော့ကော ဘာဖြစ်သလဲ၊ ရုရှားတပ်မတော်ကြီး တစ်ခုလုံးရဲ့အာဏာပိုင်တွေထဲမှာ ရောင်းရင်းတို့သေနာပတိကြီး ကူတူဇော့ဗ်ကလွဲရင် ရုရှားလူမျိုးဆိုလို့ တစ်ယောက်မှ မရှိဘဲ ဘာပူစရာရှိသလဲ၊ ရုရှားတပ်မတော်ရဲ့ တခြားအာဏာပိုင်တွေစာရင်းကို ကြည့်လေ၊ ဗိုလ်ချုပ်ကြီး ဝင်ဖန်းက ဂျာမန်လူမျိုးဗျာ၊ ဗိုလ်ချုပ်ကြီး လန်ဂျီရွန်က ပြင်သစ်ဗျာ၊ ဗိုလ်ချုပ်ကြီးလစ်တင်စတိန်းက ဩစတြီးယန်းဗျာ၊ ဗိုလ်ချုပ်ကြီး ဟိုပင်လိုဟေးက ဆွီဒင်လူမျိုးဗျာ၊ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ဝရာဇိဘီဇူစကီက ပိုလန်လူမျိုးဗျာ၊ အခြားနိုင်ငံခြားသား ဆွလဲ အများကြီးဗျာ၊ ဒီတော့ အရေးတော်မလှတော့ကော ကျွန်တော်တို့ ရုရှားတပ်မတော်ကြီးရဲ့ ဂုဏ်သိက္ခာအတွက် ဘာစိုးရိမ်စရာရှိသလဲ၊ ဟဲဟဲ"

"ကိုရင်ကြီး တိတ်စမ်း"တပ်ရေးဗိုလ်ချုပ် ဒိုဂိုရှူးဘော့က ပြောလိုက်သည်။ "ဒီလောက်လဲ မဟုတ်သေးပါဘူး ကိုရင်ကြီးရဲ့၊ ရုရှားထဲက ဗိုလ်ချုပ်မီလိုရာဒိုဗစ်နဲ့ ဗိုလ်ချုပ်ဒိုတူရော့ တို့နှစ်ယောက်လဲပါပါသေးတယ်၊ ဒါတွင်ကရိုးလား၊ အာရုံကြောတွေ သန်စွမ်းလာလို့ တုန်တုန်ယင်ယင် မဖြစ်တော့ဘူးဆိုရင် တို့များ စစ်ဝန်ကြီး ဗိုလ်ချုပ်အာရတ်ချေ့လဲ ပါပါသေးတယ်ကွ"

"ကဲ စစ်သေနာပတိလဲ ကိစ္စပြီးလောက်ရောမယ်၊ ကျွန်တော့်ကိုခွင့်ပြုကြပါ၊ ရောင်းရင်းများအတွက် ကျွန်တော်ဆုတောင်းပါတယ်၊ မနက်ဖြန်မှာ ဘုရားသိကြားမလို့ ပွဲလမ်းရပါ စလို့"

မင်းသားကလေးအင်ဒရေသည် ၎င်းတို့နှစ်ဦးကို လက်ဆွဲနှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

အပြန်၌ စစ်သေနာပတိချုပ်ကူတူဇော့ဗ်မှာ ငြိမ်ချက်သားကောင်းလျက် လိုက်ပါလာလေသည်။ မင်းသားကလေး အင်ဒရေသည် မနက်ဖြန် တိုက်ပွဲနှင့်ပတ်သတ်၍ စစ်သေနာပတိချုပ်၏ ထင်မြင်ချက်ကို သိလိုလှသဖြင့် မအောင့်နိုင်တော့ဘဲ ဖွင့်မေးလိုက်မိသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏ တပ်ရေး ဗိုလ်မင်းသားကလေးအင်ဒရေကို မျက်နှာထားဖြင့် ကြည့်နေပြီး အတန်ကြာမှ—

"ငါ့အထင်ကတော့ မနက်ဖြန်တိုက်ပွဲမှာ တို့ရှုံးမှာပဲကွ၊ ဗိုလ်ချုပ်တော်လစတွိုင်းကိုလဲ ဒီအတိုင်းပြောခဲ့ပြီ၊ အခွင့်သာရင် ဒီစကားကို ဘုန်းတော်ကြီးသော ဘုရားရှေ့နားတော်ရောက်အောင် လျှောက်ပါလို့လဲ ပြောခဲ့တာပဲ၊ ဗိုလ်ချုပ်တော်လစတွိုင်းက ဘာပြောတယ် ထင်သလဲ၊ 'သေနာပတိကြီးရာ ကျုပ်လဲ ရွှေနန်းတော်စောင့်တပ်မှူးဗိုလ်ချုပ်ဆိုပေမယ့် ဘုရင့်ပွဲတော်တည်ရာမှာ ဟင်း အမည်မထပ်အောင် စဉ်းစားနေတဲ့ စားတော်ကဲသာသာပဲ ရှိတော့သဗျ၊ စစ်ရေးစစ်ရာကိုတော့ သေနာပတိကြီး ကိုယ်တိုင်သာ အဆင်ပြေအောင် ကြည့်စီမံပေတော့'လို့ ပြောလိုက်သကွ၊ ကောင်းရောပေါ့ကွာ၊ ထို့"

## အခန်း—၁၂

ထိုနေ့ညနေ ကိုးချက်တီးပြီးနောက် မကြာမီ၌ ဩစတြီးယားဗိုလ်ချုပ်ကြီး ဝေရိုသာသည် မိမိ၏စစ်ဆင်ရေး စီမံကိန်းများကို ပိုက်လျက် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးကျင်းပမည့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏စခန်းသို့ ကရထားဖြင့် ရောက်လာလေသည်။ စစ်ကြောင်းများအားလုံးရှိ ရပ်မှူးများ အားလုံးကိုကို စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏စခန်းသို့ လာ ရောက်ရန် ဆင့်ထားသည့်အတိုင်း ချိန်းဆိုထားသည့် အချိန်၌ အသီးသီး ရောက်ရှိလာကြလေသည်။ မင်းသားကြီး ဘာဂရေးရှင်းကား မတက်လိုဟု ငြင်းဆိုထားပြီးဖြစ်၍ ရောက်မလာချေ။

ဩစတြီးယားဗိုလ်ချုပ် ဝေရိုသာသည် မနက်ဖြန်တိုက်ပွဲနှင့်စပ်လျဉ်း၍ အပြည့်အစုံ စီမံကိန်း စိတ်ကူးထားပြီးဖြစ်သည့်အလျောက် စိတ်အားတက်ကြွကာ ပေါ့ပါးသွက်လက်လျက်ရှိ၏။ ဝေရိုသာက သွက်လက်ပေါ့ပါးလျက်ရှိသလောက် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသည့် စစ်သေနာပတိချုပ် ကလူတူဇော့ဗ်ကား မကျေမနပ်ဖြင့် ငိုက်မျဉ်းလျက်ရှိလေသည်။ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရခြင်းကိုလည်း များစွာစိတ်ပါဟန်မရှိချေ။ ဝေရိုသာကား တားဆီးဟန့်တားခြင်းပြု၍ မရနိုင်သော လှုပ်ရှားမှုကြီးတစ်ခုကို ကြိုးကိုင်လျက်ရှိသူဟု မိမိကိုယ်ကို မိမိထင်မှတ်နေဟန်ရှိ၏။ ဝေရိုသာမှာ ဝန်တင်လှည်းကြီးတစ်စီးကို တောင်ဆင်းတွင် ဆွဲရမည့်မြင်းတစ်ကောင်နှင့် တူလှပေသည်။ မိမိကပင် ထိုဝန်တင်လှည်းကို ဆွဲလေသလော သို့တည်းမဟုတ် ထိုဝန်တင်လှည်းကပင် မိမိအား နောက်မှ တွန်းလွှတ်လိုက်လေသလောဆိုသည်ကို မသိရုံမျှမက မည်သည့်စခန်းဆိုက်မည်ကိုပင်လည်း အနည်းငယ်မျှ စဉ်းစားမိဟန်မရှိဘဲ ရှေ့သို့သာ တရကြမ်း ဖွတ်ပြေးလျက်ရှိလေသည်။ ထိုနေ့ညနေက ဝေရိုသာသည် ရန်သူကင်းစမ်းစစ်ကြောင်းဘက်သို့ နှစ်ခေါက်မျှ ကိုယ်တိုင်သွားရောက်ထောက်လှမ်းလေ့လာခဲ့ပြီး ရုရှားနှင့် ဩစတြီးယားမင်းကေရာဇ်နှစ်ပါးရှေ့တော်သို့လည်း အခြေအနေအရပ်ရပ်ကို လျှောက်တင်ရန် နှစ်ကြိမ်မျှ အဖူးအမြော်ရောက်ခဲ့၍ မိမိ၏ စစ်ဦးစီးဌာန



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

 www.burmeseclassic.com 

ပရာဒီဘီဇူစကီက ပိုလန်လူမျိုးဗျာ၊ အခြားနိုင်ငံခြားသားတွေလဲ အများကြီးဗျာ၊ ဒီတော့ အရေးတော်မလှတော့ကောကျွန်တော်တို့ ရုရှားတပ်မတော်ကြီးရဲ့ ဂုဏ်သိက္ခာအတွက် ဘာစိုးရိမ်စရာရှိသလဲ၊ ဟဲဟဲ"

"ကိုရင်ကြီး တိတ်စမ်း"တပ်ရေးဗိုလ်ချုပ် ဒိုဂိုရှူးကော့က ပြောလိုက်သည်။ "ဒီလောက်လဲ မဟုတ်သေးပါဘူး ကိုရင်ကြီးရဲ့၊ ရုရှားထဲက ဗိုလ်ချုပ်မီလိုရာဒိုဗစ်နဲ့ ဗိုလ်ချုပ်ဒိုတူရော့ တို့နှစ်ယောက်လဲပါပါသေးတယ်၊ ဒါတွင်ကရိုးလား၊ အာရုံကြောတွေ သန်စွမ်းလာလို့ တုန်တုန်ယင်ယင် မဖြစ်တော့ဘူးဆိုရင် တို့များ စစ်ဝန်ကြီး ဗိုလ်ချုပ် အာရက်ချေ့လဲ ပါပါသေးတယ်ကွ"

"ကဲ စစ်သေနာပတိလဲ ကိစ္စပြီးလောက်ရော့မယ်၊ ကျွန်တော့်ကိုခွင့်ပြုကြပါ၊ ရောင်းရင်းများအတွက် ကျွန်တော် ဆုတောင်းပါတယ်၊ မနက်ဖြန်မှာ ဘုရားသိကြားမလို့ ပွဲလမ်းရပါ စလို့"

မင်းသားကလေးအင်ဒရေသည် ၎င်းတို့နှစ်ဦးကို လက်ဆွဲနှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

အပြင်၌ စစ်သေနာပတိချုပ်ကူတူဇော့ဗ်မှာ ငြိမ်ချက်သားကောင်းလျက် လိုက်ပါလာလေသည်။ မင်းသားကလေး အင်ဒရေသည် မနက်ဖြန် တိုက်ပွဲနှင့်ပတ်သတ်၍ စစ်သေနာပတိချုပ်၏ ထင်မြင်ချက်ကို သိလိုလှသဖြင့် မအောင့်နိုင်တော့ဘဲ ဖွင့်မေးလိုက်မိသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏ တပ်ရေး ဗိုလ်မင်းသားကလေးအင်ဒရေကို မျက်နှာထားဖြင့် ကြည့်နေပြီး အတန်ကြာမှ-

"ငါ့အထင်ကတော့ မနက်ဖြန်တိုက်ပွဲမှာ တို့ရှုံးမှာပဲကွ၊ ဗိုလ်ချုပ်တော်လစတွိုင်းကိုလဲ ဒီအတိုင်းပြောခဲ့ပြီ၊ အခွင့်သာရင် ဒီစကားကို ဘုန်းတော်ကြီးသော ဘုရားရှေ့နားတော်ရောက်အောင် လျှောက်ပါလို့လဲ ပြောခဲ့တာပဲ၊ ဗိုလ်ချုပ်တော်လစတွိုင်းက ဘာပြောတယ် ထင်သလဲ၊ 'သေနာပတိကြီးရာ ကျုပ်လဲ ရွှေနန်းတော်စောင့်တပ်မှူး ဗိုလ်ချုပ်ဆိုပေမယ့် ဘုရင့်ပွဲတော်တည်ရာမှာ ဟင်း အမည်မထပ်အောင် စဉ်းစားနေတဲ့ စားတော်ကဲသာသာပဲ ရှိတော့သဗျ၊ စစ်ရေးစစ်ရာကိုတော့ သေနာပတိကြီး ကိုယ်တိုင်သာ အဆင်ပြေအောင် ကြည့်စီမံပေတော့'လို့ ပြောလိုက်သကွ၊ ကောင်းရောပေါ့ကွာ၊ ထွီ"

## အခန်း-၁၂

ထိုနေ့ညနေ ကိုးချက်တီးပြီးနောက် မကြာမီ၌ သြစတြီးယားဗိုလ်ချုပ်ကြီး ဝေရိုသာသည် မိမိ၏စစ်ဆင်ရေး စီမံကိန်းများကို ပိုက်လျက် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးကျင်းပမည့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏စခန်းသို့ ကရထားဖြင့် ရောက်လာလေသည်။ စစ်ကြောင်းများအားလုံးရှိ ရပ်မှူးများ အားလုံးကိုကို စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏စခန်းသို့ လာ ရောက်ရန် ဆင့်ထားသည့်အတိုင်း ချိန်းဆိုထားသည့် အချိန်၌ အသီးသီး ရောက်ရှိလာကြလေသည်။ မင်းသားကြီး ဘာဂရေးရှင်းကား မတက်လိုဟု ငြင်းဆိုထားပြီးဖြစ်၍ ရောက်မလာချေ။

သြစတြီးယားဗိုလ်ချုပ် ဝေရိုသာသည် မနက်ဖြန် တိုက်ပွဲနှင့်စပ်လျဉ်း၍ အပြည့်အစုံ စီမံကိန်း စိတ်ကူးထားပြီးဖြစ်သည့်အလျောက် စိတ်အားတက်ကြွကာ ပေါ့ပါးသွက်လက်လျက်ရှိ၏။ ဝေရိုသာက သွက်လက်ပေါ့ပါးလျက်ရှိသလောက် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသည့် စစ်သေနာပတိချုပ် ကလူတူဇော့ဗ်ကား မကျေမနပ်ဖြင့် ငိုက်မျဉ်းလျက်ရှိလေသည်။ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရခြင်းကိုလည်း များစွာစိတ်ပါဟန်မရှိချေ။ ဝေရိုသာကား တားဆီးဟန့်တားခြင်းပြု၍ မရနိုင်သော လှုပ်ရှားမှုကြီးတစ်ခုကို ကြိုးကိုင်လျက်ရှိသူဟု မိမိကိုယ်ကို မိမိထင်မှတ်နေဟန်ရှိ၏။ ဝေရိုသာမှာ ဝန်တင်လှည်းကြီးတစ်စီးကို တောင်ဆင်းတွင် ဆွဲရမည့်မြင်းတစ်ကောင်နှင့် တူလှပေသည်။ မိမိကပင် ထိုဝန်တင်လှည်းကို ဆွဲလေသလော သို့တည်းမဟုတ် ထိုဝန်တင်လှည်းကပင် မိမိအား နောက်မှ တွန်းလွှတ်လိုက်လေသလောဆိုသည်ကို မသိရှိမှုမက မည်သည့်စခန်းဆိုက်မည်ကိုပင်လည်း အနည်းငယ်မျှ စဉ်းစားမိဟန်မရှိဘဲ ရှေ့သို့သာ တရကြမ်း စွတ်ပြေးလျက်ရှိလေသည်။ ထိုနေ့ညနေက ဝေရိုသာသည် ရန်သူကင်းစမ်းစစ်ကြောင်းဘက်သို့ နှစ်ခေါက်မျှ ကိုယ်တိုင်သွားရောက်ထောက်လှမ်းလေ့လာခဲ့ပြီး ရုရှားနှင့် သြစတြီးယားမင်းဧကရာဇ်နှစ်ပါးရှေ့တော်သို့လည်း အခြေအနေအရပ်ရပ်ကို လျှောက်တင်ရန် နှစ်ကြိမ်မျှ အဖူးအမြော်ရောက်ခဲ့၍ မိမိ၏ စစ်ဦးစီးဌာန



www.burmeseclassic.com

ချုပ်၌လည်း စစ်အင်္ဂါစဉ်များကို ဂျာမန်ဗာသာဖြင့်ရွတ်ပြကာတပ်ရေးဗိုလ်တစ်ယောက်အား လိုက်လံရေးစေခဲ့သည်ဖြစ်ရာ စစ်သေနာပတိချုပ် ကူတူဇော့ဗ်စခန်းသို့ ရောက်သည်၌ ဝေရိုသာမှာ ပင်ပန်းနွမ်းနယ်လျက်ရှိပေပြီ။

ဝေရိုသာမှာ မိမိတွက်ကိန်းနှင့် မိမိဗျူహများနေရကား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်ကိုပင် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံဖို့ မေ့လျော့လျက်ရှိ၏။ ဝေရိုသာသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ မျက်နှာကိုလည်း မကြည့်၊ ၎င်းအား မေးမြန်းသော မေးခွန်းများကိုလည်း ဖြေဆိုခြင်းမပြုဘဲ ပြောချင်ရာကိုသာ စွပ်၍ ပြောလျက်ရှိ၏။ ဝေရိုသာ၏ အဝတ်အစားပေါ်တွင် ရွှံ့စက်များပေကျံလျက်ရှိ၏။ ဝေရိုသာမှာ ပင်ပန်းနွမ်းနယ်လျက် စိတ်ရှုပ်နေဟန်လက္ခဏာရှိသော်လည်း ကိုယ့်ကိုယ်ကို အထင်ကြီးလျက်ရှိသည့် ဆောင့်ကြွားကြွားဟန်ကား မပျောက်သေးချေ။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အိုစထရားလစ်ရွာအနီးရှိ မှူးမတ်တစ်ယောက်၏ ရဲတိုက်ငယ်တစ်ခုတွင် ရုံးစိုက်လျက်ရှိ၏။ စစ်ဦးစီးဌာနချုပ်ရုံးခန်းအဖြစ်ပြုလုပ်ထားသည့် ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီးထဲ၌ ရုရှားသေနာပတိချုပ် ကူတူဇော့ဗ် ဩစတြီးယားဗိုလ်ချုပ် ဝေရိုသာနှင့် စစ်ဦးစီးဌာနချုပ် အဖွဲ့ဝင်များသည် စုဝေးလျက် ရှိကြသည်။ အစည်းအဝေးစရန်အတွက် လက်ဖက်ရည်သောက်ရင်း မင်းသားကြီး ဘာဂရေးရှုံကို စောင့်နေကြလေသည်။ နောက်ဆုံး၌ မင်းသားကြီးဘာဂရေးရှင်း၏ တပ်လုလင် ဗိုလ်တစ်ယောက်ရောက်လာကာ မင်းသားကြီးဘာဂရေးရှင်း အစည်းအဝေးတက်နိုင်မည် မဟုတ်ကြောင်းဖြင့် အကြောင်းကြားလေသည်။ မင်းသားကလေး အင်ဒရေသည် ထိုကိစ္စကို ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်ထံ ဝင်ရောက်သတင်းပို့ပြီးနောက် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးတွင် တက်ရောက်ခွင့်ကို စောစောကတည်းကတောင်းထားပြီးဖြစ်သည့်အတိုင်း အစည်းအဝေးခန်းမဆောင်ထဲတွင် ထိုင်နေလေသည်။

"ကဲ မင်းသားကြီး ဘာဂရေးရှင်း မလာတော့ဘူးဆိုရင်လဲ အစည်းအဝေးစကြစို့လား"ဝေရိုသာသည် နေရာမှထ၍ ကြီးမားလှသော ဘစ္စန်းနယ်မြေပုံကြီးကို ဖြန့်ခင်းထားသည့် စားပွဲဆီသို့ လျှောက်သွားရင်း ပြောလိုက်၏။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှာ စစ်ဝတ်စုံအင်္ကျီကို ကြယ်သီးများဖြုတ်ထားလေရာ အဆီအစ်နေသော လည်ပင်းသည် လည်ထောင်ထဲမှာ ရုန်းထွက်နေသကဲ့သို့ ထင်ရ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည်တုတ်တိုသော လက်ချောင်းများကို လက်မောင်းတစ်ဖက်တစ်ချက်တွင် အချိုးကျကျဖြစ်အောင် လက်ပိုက်လျက် ထိုင်ဖုံနိမ့်နိမ့်ကလေးပေါ်တွင်ထိုင်ရင်း အိပ်ငိုက်လျက် ရှိလေသည်။ ဝေရိုသာ၏အသံကို ကြားသည်တွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အကောင်းပကတိကျန်နေသော မျက်လုံးတစ်ဖက်ကို အားယူ၍ ဖွင့်လိုက်၏။

"စပါလေ၊ စပါ၊ တော်တော်တောင်နောက်ကျနေပြီ"စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည်ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောလိုက်ပြီး ခေါင်းငိုက်စိုက်ချကာ မျက်စိကို ပြန်မှိတ်ထားလိုက်ပြန်သည်။

အစပထမသော် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဗိုလ်ချုပ်ဝေရိုသာ၏ စစ်အင်္ဂါစဉ်စာတမ်းကို အရေးမစိုက်ကြောင်း ပြသောအားဖြင့် အိပ်ချင်ယောင်ပြုနေခြင်းသာဖြစ်သည်ဟု ဗိုလ်ချုပ်များအားလုံးက ယူဆထားကြ၏။ သို့ရာတွင် ဤသို့မဟုတ်ချေ။ စစ်သေနာပတိချုပ်သည် ထိုထက် အဆများစွာ အရေးကြီးသော ကိစ္စကြီးတစ်ခုကို ဆောင်ရွက်နေခြင်းသာ ဖြစ်လေသည်။ ထိုကိစ္စကြီးကား အခြားမဟုတ်။ လောကတွင် ရှိရှိသမျှသော လူသတ္တဝါတို့အဖို့ မရှိမဖြစ်သောအရာ ချုပ်တည်းခြင်းငှာလည်း မစွမ်းနိုင်သောအရာဖြစ်သည့် အိပ်စက်ခြင်းအမှုကိစ္စကြီး ဖြစ်ပေသတည်း။ ဟိုသစ္စာ ထိုကစကားမှန်ကြောင်းကိုလည်း စစ်အင်္ဂါစဉ်စာတန်းကို ဖတ်ကြားနေသည့် အတောအတွင်း မှန်မှန်ကြီး ပေါ်ထွက်လျက်ရှိသော စစ်သေနာပတိချုပ်၏ ဟောက်သံက သက်သေပြလျက် ရှိချေသည်တမုံ့။

ဩစတြီးယား ဗိုလ်ချုပ် ဝေရိုသာကား တစ်စက္ကန့်မျှအချိန်ကို ဖြုန်းတီးခြင်းမပြုနိုင်လောက်အောင် များစွာအလုပ်များလျက်ရှိသူ တစ်ယောက်၏ဟန်မျိုးဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား လှမ်းကြည့်လိုက်၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ် အိပ်ပျော်လျက်ရှိကြောင်း သိသည်တွင် စာရွက်တစ်ရွက်ကို ကောက်ကိုင်ကာ မနက်ဖြန်တိုက်ပွဲအတွက် စစ်အင်္ဂါစဉ်များကို ငြီးငွေ့ဖွယ်ကောင်းသော အသံဖြင့် ကျယ်လောင်စွာ ဖတ်ပြလျက် ရှိလေသည်။

"၁၈၀၅–ခု၊ နိုဝင်ဘာလ ၃၀ ရက်ကို ဘယ်နစ်ရွာ



www.burmeseclassic.com

နှင့် ဆိုလိုနစ်ရွာအကြားရှိ ရန်သူတပ်စခန်းများအား တိုက်စစ်ဆင်ရေး စစ်အင်္ဂါစဉ်"

ဝေရိုသာ၏ စစ်အင်္ဂါစဉ်မှာ ရှုပ်ထွေးခက်ခဲလှသည်။ ဝေရိုသာသည် ၎င်း၏ စစ်အင်္ဂါစဉ်စာတမ်းကို စတင်၍ ဖတ်ကြားလေသည်။

"ရန်သူစစ်ကြောင်း၏ လက်ဝဲတောင်ပံသည် သစ်ပင်ထူထပ်သော တောင်ကုန်းများပေါ်တွင် တည်ရှိလျက် လယ်ယာတောင်ပံမှာ ကိုဘယ်နစ်ရွာနှင့် ဆိုလိုနစ်ရွာတစ်လျှောက် ရေကန်များနောက်တွင် တည်ရှိနေသည်။ တစ်ဖက်တွင် ကျွန်ုပ်တို့တပ်များ၏ အနေအထားမှာ လက်ဝဲတောင်ပံစစ်ကြောင်းက ရန်သူ၏ လယ်ယာတောင်ပံကို ဝိုင်းဝန်းထားလျက် တည်ရှိသော အနေအထားဖြစ်သဖြင့် အကယ်၍ အကျွန်ုပ်တို့တပ်များက ဆိုလိုနစ်ရွာနှင့် ကိုဘယ်နစ်ရွာတို့ကို သိမ်းပိုက်မိပါလျှင် ရန်သူစစ်ကြောင်း လယ်ယာတောင်ပံကိုတိုက်ရန် အခွင့်ကောင်းရမည်မှာ မုချဖြစ်သည်။ ဤအနေအထားကို ရောက်ရှိခြင်းအားဖြင့် ကျွန်ုပ်တို့တပ်များသည် ရန်သူစစ်ကြောင်း၏ တောင်ပံများကို ချိုးပစ်လိုက်နိုင်၍ ရန်သူအား ရှာလပ်ပနစ်နှင့် သာရစတောအကြားရှိ လွင်ပြင်ဘက်သို့ မောင်းထုတ်နိုင်သည်။ ဤသို့ မောင်းထုတ်နိုင်ခဲ့လျှင် ရန်သူရှေ့တန်းစစ်ကြောင်း အလုံးအရင်းတပ်စွဲထားရာ ရှာလပ်ပနစ်နှင့် ဘယ်လိုဝစ်တောင်ကြားများတွင် တိုက်ပွဲများဖြစ်ပွားခြင်းကို ရှောင်ကွင်းနိုင်မည် ဖြစ်ပေသည်။ ကျွန်ုပ်တို့တပ်များက ဤသို့ အခွင့်အရေးရနိုင်ရန်အတွက် ကျွန်ုပ်တို့၏ ပထမစစ်ကြောင်းသည် လည်းကောင်း၊ ကျွန်ုပ်တို့၏ ဒုတိယစစ်ကြောင်းသည် လည်းကောင်း၊ ကျွန်ုပ်တို့၏ တတိယစစ်ကြောင်းသည် လည်းကောင်း"

ဝေရိုသာသည် ၎င်း၏စစ်အင်္ဂါစဉ် စာတမ်းကို ဆက်လက်ဖတ်ကြားလျက်ရှိ၏။ ဗိုလ်ချုပ်များကား ခက်ခဲရှုပ်ထွေးလှသော စစ်အင်္ဂါစဉ်ကို စိတ်ပါဝင်စားခြင်း မရှိဘဲ မလွဲသာလွဲသာ နားထောင်နေကြဟန်ရှိလေသည်။ အရပ်မြင့်မြင့် ဆံပင်ကောင်းကောင်းနှင့် ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်သည် နံရံကိုမှီလျက် ထိုင်ရင်းနားထောင်ခြင်း မပြုရုံမျှမက နားထောင်လျက်ရှိသည်ဟုပင် အထင်မခံလိုသောအမူအရာမျိုးဖြစ်၏။ ဝေရိုသာ၏ မျက်နှာချင်းဆိုင်တွင်မူ တောက်ပသောမျက်လုံးများဖြင့် ဝေရိုသာကိုကြည့်လျက် မှတ်ဆိတ်ကို ကော့လန်နေအောင် ပြုပြင်ထားသည့် အသားနီစပ်စပ် ဗိုလ်ချုပ်ကြီး မိလိုရာဒိုဗစ်သည် လက်နှစ်ဘက်ကို ချဲ့ကား၍ ဒူးပေါ်တွင် တင်ထားပြီး ရင်ကော့ကာ သတိအနေအထားဖြင့် ထိုင်နေသည်။ မိလိုရာဒိုဗစ်သည် တုတ်တုတ်မျှမလှုပ်ဘဲ ဝေရိုသာ၏ မျက်နှာကိုသာ စိုက်ကြည့်လျက်ရှိရာ ဩစတြီးယားဦးစီးချုပ် ဝေရိုသာ စာဖတ်ပြီး၍ ဆုံးခါနီးတွင် မျက်လုံးများကို တခြားသို့ လွှဲလိုက်သည်။ ထို့နောက် မိလိုရာဒိုဗစ်သည် အခြားဗိုလ်ချုပ်များ၏ အကဲကို ကြည့်လိုက်၏။ ထိုအကြည့်ကြောင့် မိလိုရာဒိုဗစ်သည် ဝေရိုသာ၏ စစ်အင်္ဂါ စဉ်ကို သဘောတူသလော၊ မတူသလော၊ ကျေနပ်သလော၊ မကျေနပ်သလော ဆိုသည့်အချက်ကိုမူကား မည်သူမျှမပြောနိုင်ချေ။ ဝေရိုသာ၏အဘေးတွင် ထိုင်နေသူမှာကား မြို့စားကြီး ဗိုလ်ချုပ်လန်ဂျီရွန်ဖြစ်၏။ ဝေရိုသာ ဖတ်ကြားနေသည့် တစ်ချိန်လုံး၌ ပြင်သစ်တောင်ပိုင်းသား ဗိုလ်ချုပ် လန်ဂျီရွန်သည် မထေ့တထေ့ပြုံးလျက် မိမိရှပ်ပုံထုထားသော ရွှေရှူဆေးဘူးလေးကို နုးညံ့သောလက်ချောင်းများ ဖြင့် လှိမ့်ကစားရင်း စိုက်ကြည့်လျက်ရှိ၏။ ဝေရိုသာက ရှည်လျားသော ဝါကျကြီးတစ်ခုကို ဖတ်ပြနေစဉ် အလယ် နားသို့ အရောက်၌ လန်ဂျီရွန်သည် ရှူဆေးဘူးကို လှိမ့်ကစားနေရာမှ ရပ်၍ ခေါင်းကို ဆတ်ခနဲမော့လိုက်ပြီး ခပ်ထေ့ထေ့ပြုံးလျက်ကပင် တစ်စုံတစ်ရာ ဝင်ရောက်ပြောရန် ဝေရိုသာကို အရပ်ခိုင်းလိုက်၏။ သို့ရာတွင် ဩစတြီး ယားဗိုလ်ချုပ် ဝေရိုသာမှာ ဆက်၍ ဖတ်မြဲဖတ်သွားလျက် မျက်မှောင်ကုတ်၍ သုန်မှုန်စွာလှမ်းကြည့်ရင်း တံတောင်ဆစ်ကို ယမ်းပြလိုက်သည်။ အဓိပ္ပာယ်မှာ 'ခင်ဗျားပြောစရာ ရှိရင် နောက်တော့ပြောပါ။ ခုတော့ တဆိတ်သည်းခံနားထောင်ပြီး မြေပုံကိုသာ ကြည့်နေစမ်းပါ' ဟူသော အဓိပ္ပာယ်မျိုးဖြစ်၏။ ဗိုလ်ချုပ်လန်ဂျီရွန်ကလည်း စိတ်ရှုပ်သွားသည့်ဟန်ဖြင့် မျက်ခုံးကို ချီလိုက်၍ ဘယ့်နှယ်ရှိစ ဟူသောအကြည့်မျိုးဖြင့် မိလိုရာဒိုဗစ်ကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် မိလိုရာဒိုဗစ်၏ ဟန်အမူအရာမှာ လေးနက်တည်ငြိမ်သလောက် အဓိပ္ပာယ်ကင်းမဲ့လှရကား လန်ဂျီရွန်သည် မျက်လွှာကို ချကာ ရှူဆေးဘူးကလေးကို လှိမ့်၍ ကစားနေပြန်လေသည်။

"ပထဝီသင်ခန်းစာ သင်နေတာ ကျနေတာပဲဗျ"ဟု



www.burmeseclassic.com

လန်ဂျိုရှန်က မိမိဘာသာ မိမိပြောဟန်ဖြင့် ကြားလောက်အောင် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

ပိုလန်လူမျိုး ဗိုလ်ချုပ်ပရာဇီဘီစကီမှာ များစွာစိတ်ဝင်စားနေဟန် လက္ခဏာဖြင့် နားရွက်ကို လက်ဖြင့်ကာ၍ ဝေရှိသာ၏ ဖတ်ကြားချက်ကို နားစွင့်လျက်ရှိ၏။ ဝေရှိသာ၏ မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် အရုပ်ခပ်ပြတ်ပြတ် လုံ့လဝီရိယကောင်း၍ တည်ကြည်ဟန်ရှိသည့် ဗိုလ်ချုပ်ဒိုတူရော့မှာ ဖြန့်ထားသော မြေပုံကြီးကို ငုံ့ကြည့်လျက် မိမိသိကျွမ်းခြင်းမရှိသော နယ်မြေအနေအထားနှင့် စစ်အင်္ဂါစဉ်များကို စိတ်ဝင်စားစွာ လေ့လာလျက်ရှိ၏။ တစ်ချက်တစ်ချက်၌လည်း မိမိ မသဲကွဲသော စာလုံးများအခေါ်ရခက်လှသော ရွာနာမည်များကို ဝေရှိသာအား လှမ်း၍ မေးလိုက်သေးသည်။ ဝေရှိသာက ပြန်ပြောလိုက်သည်၌ ဒိုတူရော့သည် စာရွက်ပေါ်တွင် ရေးမှတ်ထားလိုက်၏။

စစ်အင်္ဂါစဉ်စာတမ်းကို တစ်နာရီကျော်ကျော်မျှဖတ်ကြား၍ ပြီးဆုံးသွားသည့်အခါ၌မူကား လန်ဂျိုရှန်သည် လက်ထဲတွင် လိုမ့်နေသော ရှုံဆေးဘူးကို အနားပေး၍ ဝေရှိသာကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း ကြည့်ရှုခြင်း မပြုဘဲ ဤစီမံကိန်းကို လက်တွေ့လုပ်ဆောင်ရန် ခက်ခဲလှကြောင်း စီမံကိန်းထဲတွင်ပါသည့် ရန်သူစစ်စခန်း တည်နေရာမှာလည်း ခန့်မှန်း၍ ဖော်ပြထားခြင်းမျှသာကြောင်း၊ ရန်သူမှာ အမြဲတမ်းလှုပ်ရှားလျက်ရှိသဖြင့် ရန်သူ့တပ်စခန်း တည်နေရာများကို အတိအကျသိရန် မလွယ်ကူကြောင်းဖြင့်တင်ပြလေသည်။ လန်ဂျိုရှန်၏ကန့်ကွက်ချက်မှာ ယုတ္တိရှိပေသည်။ သို့ရာတွင် လန်ဂျိုရှန်ကန့်ကွက်ရခြင်း၏အကြောင်းကား မိမိတို့အား သူငယ်နှပ်စား သဘောထားကာ ဟိတ်တစ်လုံးဟန်တစ်လုံးဖြင့်စစ်အင်္ဂါစဉ်စာတမ်းကို ဖတ်ပြသွားသည့် ဝေရှိသာအားမြင်ပြင်းကတ်သဖြင့် ဝေရှိသာကိုပင် ဆရာလုပ်နိုင်သူများဖြစ်ကြောင်း ပြလို၍ ကန့်ကွက်လိုက်ခြင်း ဖြစ်လေသည်။

ဝေရှိသာ၏ ငြီးငွေ့ဖွယ်ကောင်းလှသော အသံဖြင့်ဖတ်ကြားခြင်း ပြီးဆုံးသွားသောအခါ၌ စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် တဒီဒီမြည်လျက်ရှိသော ကြိတ်စက်ဘီးလည်သံရပ်သွားသဖြင့် လန့်နိုးသွားသည့် ကြိတ်စက်သမားကဲ့သို့လန့်နိုးလာကာ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ လန်ဂျိုရှန်၏ ကန့်ကွက်ချက်ကို နားထောင်ပြီးသော 'ကိုယ့် လူနှယ် လေကုန်ခံပြီး ကန့်ကွက်နေရသေးသလား' ဟူသော ဟန်မျိုးဖြင့် အကောင်းပကတိမျက်လုံးတစ်ဖက်ကို ချက်ချင်း မှိတ်လိုက်ပြီး ခေါင်းငိုက်စိုက်ချ၍ပြန်မှိန်းသွားပြန် လေသည်။

ဗိုလ်ချုပ်လန်ဂျိုရှန်သည် စီမံကိန်းကို ရေးဆွဲသူဖြစ်သော ဗိုလ်ချုပ်ဝေရှိသာ၏ မာနကို ပယားတုတ်သကဲ့သို့ရှိအောင် နာစေအံ့ကြံလျက် ယခုအချိန်မှာ မိမိတို့ကဘိုနာပတ်အား ထိုးစစ်တိုက်စစ်ပြုနိုင်သည့် အခြေမဟုတ်ကြောင်း ဘိုနာပတ်ကသာ မိမိတို့အား လွယ်လင့်တကူတိုက်စစ်ပြုနိုင်သည့် အခြေဖြစ်ကြောင်း ထို့ကြောင့် ဗိုလ်ချုပ်ဝေရှိသာ၏ စီမံကိန်းမှာ မိမိတို့အတွက် တစ်ပြားသားမျှအကျိုးရှိဖွယ်မမြင်ကြောင်းဖြင့် ပြောဆိုလျက်ရှိ၏။ ဝေရှိသာသည် မည်သို့သော ကန့်ကွက်ချက်မျိုးကိုမဆို ခုခံပြောဆိုရန် အဆင်သင့်ပြင်ဆင်လာခဲ့ပြီးသည့်ဟန်မျိုးကို ဆောင်လျက် ဗိုလ်ချုပ်လန်ဂျိုရှန်၏ ကန့်ကွက်ချက်များကိုရွတ်ချသရော်သော ခပ်မြိန်မြိန်အပြုံးဖြင့် နားထောင်လျက်ရှိလေသည်။

"ဒီမှာ သွေးသောက်ကြီး၊ ခင်ဗျား ဘိုနာပတ်မှာကျုပ်တို့ကို တိုက်စစ်ပြုနိုင်လောက်တဲ့ အားသာရှိရိုးမှန်ရင်မနက်ဖြန်ထိတောင် ဆိုင်းမနေဘူးဗျ၊ ဒီနေ့ပဲ တိုက်ပြီးပြီ" ဝေရှိသာက ပြောလိုက်၏။

"ဘိုနာပတ်မှာ တိုက်အားမရှိတော့ဘူးလို့ ဗိုလ်ချုပ်က ဆိုလိုသလား"

"အိုး အလွန်ဆုံးရှိရင် သူ့မှာ တပ်သားလေးသောင်းပဲ ရှိမှာပေါ့ဗျ" ဝေရှိသာက ပြုံး၍ဆိုသည်။ ၎င်း၏အပြုံးမှာရှေးအဘွားကြီးတစ်ယောက်က ဆေးမြီးတိုကုထုံးကို လာပြောသည့်အခါ၌ ပြုံးသည့်ဆရာဝန်တစ်ယောက်၏ ပြုံးခြင်းမျိုး ဖြစ်လေသည်။

"အင်း ကောင်းပါလေ့ဗျာ၊ ဒီအတိုင်းသာဆိုရင်တော့ ကျုပ်တို့ထိုးစစ်ကို ဘိုနာပတ်စောင့်ခြင်းဟာ သူ့သေမင်းကို သူဖိတ်ခေါ်နေတာနဲ့ အတူတူပေါ့"လန်ဂျိုရှန်က ယဉ်ကျေးစွာဖြင့် လေဟာင်ပြုံးပြုံး၍ ပြောလိုက်ပြီးနောက်ထောက်ခံချက်တောင်းသည့်အနေဖြင့် မိမိအနီးတွင် ထိုင်နေသော မီလိုရာဒိုဗစ်ကို ကြည့်လိုက်၏။

သို့ရာတွင် ထိုအချိန်၌ မီလိုရာဒိုဗစ်မှာ ဗိုလ်ချုပ်



www.burmeseclassic.com

 www.burmeseclassic.com 

နှစ်ဦး ငြင်းခုံနေကြသည့်ကိစ္စကို စိတ်ဝင်စားဟန်မရှိဘဲ အခြားကိစ္စတစ်ခုကို စဉ်းစားနေဟန် ရှိလေသည်။

"ကဲ သွေးသောက်ကြီးတို့ တော်ကြပါတော့ဗျာ မနက်ဖြန်စစ်မြေပြင်ကျရင် သိရမှာပေါ့"ဗိုလ်ချုပ် မီလိုရာ ဒိုဗစ်က ပြောလိုက်သည်။

ဗိုလ်ချုပ်ဝေရိုသာသည် ပြုံးလိုက်ပြန်၏။ ထိုအပြုံး၏ အဓိပ္ပာယ်ကား မိမိကိုယ်တိုင် အလေးအနက်ယုံကြည်ရုံမျှမက အရှင်ဧကရာဇ်နှစ်ပါး ကိုယ်တော်တိုင်ကပင် ယုံကြည်အားထားသော မိမိ၏ စစ်ဆင်ရေးစီမံကိန်းကြီးကို ဘာမဟုတ်သည့် ရုရှားဗိုလ်ချုပ်များက ကန့်ကွက်နေကြခြင်းအတွက် ဆန်းလည်းဆန်း၍ ရယ်ဖွယ်လည်း ကောင်းလှသည်ဟူသော အဓိပ္ပာယ် ဖြစ်လေသည်။

"ရန်သူစစ်ကြောင်းဘက်က စခန်းမီးပုံတွေငြိမ်းသွားပြီး တလှုပ်လှုပ်တရွရွအသံတွေ ကြားနေရပြီဗျ၊ ဒါက ဘာကို ပြသလဲဆိုရင် ရန်သူဟာ တပ်အနေအထား ပြင်တာရင်လဲ ဖြစ်ရမယ်၊ ဒါမှမဟုတ် စစ်ဆုတ်သွားတာရင်လဲ ဖြစ်ရမယ်၊ ခုအချိန်မှာ ကျုပ်တို့အဖို့ အစိုးရိမ်ဆုံးက ရန်သူတိုက်စစ် မဟုတ်ဘူးဗျ၊ ရန်သူ့ခွာစစ်ပဲ၊ ရန်သူဆုတ်သွားရင် ကျုပ်တို့ သေချာပေါက်အောင်ပွဲကြီး လွတ်သွားတာပဲ၊ (ဝေရိုသာက ခပ်လျှောင်လျှောင် ပြုံးလိုက်၏။) ဒါပေမဲ့ ရန်သူဟာ မဆုတ်သေးဘဲ အခိုင်အမာ တပ်စွဲထားဦး၊ ကျုပ်တို့အဖွဲ့ ပွဲလမ်းရစရာ အခွင့်အရေးမဆုံးသေးဘူး၊ တစ်ခုတော့ ရှိတယ်၊ နီးနီးကပ်ကပ်ထိုင်နေတုန်းမှာလိုတော့ ကျုပ်တို့မှာ အလုပ်မများရတော့ဘူးပေါ့ဗျာ၊ ကဲ ဒီတော့ ရန်သူဟာ တပ်အနေအထားပြင်သည်ဖြစ်စေ၊ တပ်စခန်းပြောင်းသည်ဖြစ်စေ ကျုပ်တို့ရဲ့အစီအစဉ်တွေကတော့ ဒီအတိုင်းပဲဗျ၊ အသေးစိတ် ကိစ္စကလေးကအစ မပြောင်းနိုင်ဘူး"

"ဘယ်လိုကြောင့်ပါလဲ ခင်ဗျာ"မိမိ၏စိတ်ထဲ၌ မရှင်းမလင်း ဖြစ်နေခြင်းကို တင်ပြရန် အခွင့်အရေးကို စောင့်နေသည့် မင်းသားကလေးအင်ဒရေက စပြောလိုက်သည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မျက်လုံးကို ဖွင့်လိုက်ပြီး ချောင်းတဟွတ်ဟွတ်ဆိုးလျက် ဗိုလ်ချုပ်ကြီးများကို ကြည့်လိုက်၏။

"ကဲ ရောင်းရင်းတို့ မနက်ဖြန်အတွက် အဲ ဒီနေ့အတွက်လို့လဲ ပြောနိုင်ပါတယ်လေ၊ ခုပဲ သန်းခေါင်ကျော်နေပြီပဲ၊ အဲ ခုတင်ပြတဲ့ စစ်အင်္ဂါစဉ်ကို ပြောင်းလဲဖို့ မဖြစ်နိုင်တော့ပေဘူးဗျ၊ ရောင်းရင်းတို့လဲ တင်ပြချက်တွေအားလုံးကို ကြားပြီးပြီပဲ၊ ဒီတော့ ကျုပ်တို့က ကျုပ်တို့တာဝန်အတိုင်း ဆောင်ရွက်ကြဖို့ပဲရှိတော့တယ်၊ အဲ တိုက်ပွဲတစ်ပွဲ မတိုက်ခင်မှာ အရေးတကာ့ အရေးကြီးဆုံးကတော့"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က ခေတ္တရပ်ထားလိုက်၏။ ပြီးမှ "အိပ်ရေးဝဝအိပ်ကြဖို့ပဲဗျ"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ထရန်ဟန်ပြင်လိုက်၏။ ဗိုလ်ချုပ်အသီးသီးလည်း ဦးညွှတ်နှုတ်ဆက်ကာ ပြန်သွားကြလေသည်။ အချိန်မှာ သန်းခေါင်ကျော်ရှိလေပြီ။ မင်းသားကလေးအင်ဒရေလည်း မိမိစခန်းသို့ ပြန်လာခဲ့လေသည်။

မင်းသားကလေးအင်ဒရေသည် မျှော်လင့်ထားခဲ့သကဲ့သို့ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးတွင် မိမိ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောခွင့် မရခဲ့ချေ။ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးတွင် တင်ပြချက် ဆွေးနွေးချက်များကို ကြားပြီးနောက် မင်းသားကလေး အင်ဒရေမှာ စိတ်လေးလျက်ရှိလေသည်။ 'ထိုးစစ်တိုက်စစ်ဆင်နွှဲရေးကို တင်ပြကြသည့် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့ဗပ်နှင့် ဝေရိုသာတို့ကပင် မှန်သလော၊ တိုက်စစ်တို့ကန့်ကွက်ကြသည့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် ဗိုလ်ချုပ်လန်ဂျီရွန် အမှူးပြုသော အခြားဗိုလ်ချုပ်များကပင် မှန်သလောဆိုသည်ကိုလည်း ဝေခွဲမရချေ။ 'စစ်သေနာပတိချုပ် ကူတူဇော့ဗ် သူ့ထင်မြင်ချက်တွေကို ဘုန်းတော်ကြီးသော ဖုရားရှေ့နန်းတော်ထမ တင်လျှောက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ တကယ်ပဲလား၊ နန်းတော်ကြီးနဲ့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကြောင့် ငါ့အပါအဝင် လူတွေ ထောင်သောင်းချီပြီး အသက်အသေခံရမယ်ဆိုတာကော တရားမှတရားရဲ့လား'ဟု မင်းသားကလေး အင်ဒရေ တွေးမိ၏။

'အင်း ဒီအတိုင်းဆိုရင် ငါလဲ မနက်ဖြန်သေချင်သေသွားမှာပဲ'မင်းသားကလေးအင်ဒရေသည် ဆက်၍တွေးမိပြန်သည်။ သေခြင်းတရားကို တွေးမိလိုက်သည်နှင့် အတိတ်မှာ အဖြစ်အပျက်များသည် ၎င်း၏ စိတ်ကူးထဲ၌ အစီအရီ



www.burmeseclassic.com

ပေါ်လာကြ၏။ စစ်ချီခါနီး၌ ခမည်းတော်နှင့် ကြင်ရာတော်အား ခွဲခွာခဲ့ပုံကို အမှတ်ရလာ၏။ ကြင်ရာတော်နှင့်စတင်၍ မေတ္တာသက်ဝင်စအချိန်ကို အမှတ်ရလာ၏။ ထိုမှတစ်ဖန် ကြင်ရာတော် ကိုယ်လေးလက်ဝန်ရှိနေခြင်းကို တွေးမိကာ ကြင်ရာတော်အတွက် လည်းကောင်း၊ မိမိအဖြစ်အတွက် လည်းကောင်း စိတ်မကောင်း ဖြစ်မိ၏။ မင်းသားကလေးအင်ဒရေးသည် ထွေပြားသောစိတ်ဖြင့် မိမိနှင့် နက်ဗစ်စကီတို့ အတူနေထိုင်လျက်ရှိသော တဲစခန်းမှ ထွက်လာကာ ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိလေသည်။

ထိုညဌ နှင်းမှုန်တို့ တဖွဲဖွဲကျလျက်ရှိ၍ လရောင်ခြည်သည် နှင်းမှုန်များကို ဖောက်ထွင်းကာ ဖျော့တော့စွာ လင်းလျက်ရှိ၏။ 'အင်း မနက်ဖြန် မနက်ဖြန် မနက်ဖြန်ကျရင် ငါသေရတော့မယ်၊ ငါ့ဘဝတော့ တစ်စခန်းသိမ်းပေတော့မယ်၊ အတိတ်အဖြစ်အပျက်တွေဆိုတာလဲ ငါ့အဖို့ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး၊ မနက်ဖြန်ဆိုရင် ငါ့အစွမ်းသတ္တိကို အတတ်နိုင်ဆုံးပြရတော့မှာပဲ ထင့်တယ်၊ ထင်တာမဟုတ်ဘူးလေ၊ တကယ်ပြရတော့မှာပါ'

မင်းသားကလေးအင်ဒရေးသည် စစ်မြေပြင်ကိုလည်းကောင်း အကျအဆုံးများကို လည်းကောင်း၊ တစ်နေရာတည်းတွင် စုပြုံတိုက်ခိုက်နေကြသည်ကို လည်းကောင်း၊ တပ်မှူးများ စိတ်မပါတပါ ဖြစ်နေကြပုံကို လည်းကောင်း စိတ်ကူးကြည့်မိသည်။ တစ်ဖန် တစ်ဖက်မှလည်း အားတက်စရာများကို တွေးကြည့်မိပြန်သည်။ ဘိုနာပတ်အား အောင်မြင်ကျော်ကြားမှုကို ပေးခဲ့သည့် တူလုံးတိုက်ပွဲကဲ့သို့ မိမိ၏ အောင်မြင်ကျော်ကြားမှုကို ပေးမည့် 'နောက်ထပ်တူလုံး'တိုက်ပွဲကြီးဖြစ်ပွားပုံ မိမိ၏ ထင်မြင် ချက်များကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် ဩစတြီး ယားဦးစီးချုပ် ဝေရိုသာနှင့် မင်းကေရာဇ်နှစ်ပါးအား တင်ပြပုံ၊ အားလုံးက မိမိ၏ တင်ပြချက်မှန်ကန်ကြောင်း တွေ့ရသဖြင့် အံ့အားသင့်သွားကြသော်လည်း အရေးမယူဘဲရှိပုံ၊ ထို့ကြောင့် မိမိ၏ အစီအမံကို မည်သူမျှဝင်ရောက် စွက်ဖက်ခြင်းမပြုရန် တောင်းဆိုကာ တပ်မကြီးတစ်တပ်ကို ကွပ်ကဲ၍ ရန်သူတို့အား အောင်မြင်လာခဲ့ပုံစသည်တို့ကို စိတ်ကူးယဉ်လျက်ရှိသည်။ သို့ရာတွင် ၎င်း၏ ကိုယ်တွင်းမှ အသိစိတ်က သေခြင်းတရားနှင့် ဒုက္ခဝေဒနာကို သတိပေးပြန်သည်။ သို့ရာတွင် မင်းသားကလေးအင်ဒရေးသည် ထိုအသိစိတ်က သတိပေးခြင်းကို ဂရုမစိုက်ဘဲ အောင်မြင်မှုများကိုသာ အိပ်မက် မက်လျက်ရှိလေသည်။ အမှန်အားဖြင့် မင်းသားလေးအင်ဒရေးသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ဦးစီးဌာနချုပ်၌ တပ်ရေးဗိုလ်ကလေးမျှသာ ဖြစ်သော်လည်း စိတ်ကူးထဲတွင် မူကား မိမိကပင် အစစအရာရာ စီစဉ်ညွှန်ကြားလျက်ရှိ သည်ဟု ထင်လျက်ရှိ၏။ နောက်တိုက်ပွဲတစ်ပွဲ၌လည်း သူပင် ကွပ်ကဲ၍ တိုက်ခိုက်ရာ အောင်မြင်ပြန်သည်။ နောက်ဆုံးတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား သေနာပတိချုပ်မှ ဖယ်ရှားလိုက်ပြီး ၎င်းနေရာတွင် မိမိအား ခန့်အပ်ခြင်း ခံရလေသည်။ ထိုစဉ်တွင် 'ဒီလိုအထွတ်အထိပ် မရောက်ခင်မှာ ကိုရင်ဟာ တိုက်ပွဲမှာမကျဆုံးဘူး၊ ဒဏ်ရာမရဘူးလို့ ပြောနိုင်မလား'ဟု မိမိကိုယ်တွင်းမှ အသိစိတ်က မေးပြန်သည်။ 'ဟင့်အင်း ဒါတွေကို ငါမသိဘူး၊ သိလဲ မသိလိုဘူး၊ သိလဲ မသိနိုင်ဘူး၊ ကျော်စောခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ လူအများက ကြည်ညိုလေးစားခြင်းတို့ကို ငါလိုချင်တယ်၊ ဒီပြင် ဘာကိုမှ အလိုမရှိဘူး၊ ဒီအရာတွေကို ငါလိုချင်တာလဲ ငါ့အပြစ်မဟုတ်ပါဘူး၊ တကယ်တော့ လူတွေဟာ ဒီအရာတွေအတွက် အသက်ရှင်နေကြတာပဲ မဟုတ်ဘူးလား၊ ဟုတ်တယ် ဒီအရာတွေအတွက် အသက်ရှင်နေကြတာပဲ၊ လူအများရဲ့ ချစ်ခင် ကြည်ညိုခြင်းနဲ့ ကျော်စောခြင်းကို ရလိုရင် ငါဘာလုပ်ရမလဲ၊ အသက်ကို စွန့်ရမယ်၊ သားမယားကို စွန့်ရမယ်၊ ကိုယ်ကျိုးကို စွန့်ရမယ်၊ ဒါတွေကို ဘာမစွန့်လွှတ်ရဲစရာ ရှိသလဲ၊ ငါ့ခမည်းတော်ရယ်၊ အစ်မတော်ရယ်၊ ကြင်ရာတော်ရယ် သူတို့သုံးယောက်ဟာ ငါအမြတ်နိုးဆုံး တန်ဖိုးအထားဆုံး လူတွေပဲ၊ ဒါပေမဲ့ တစ်ဖက်ကကြည့်ပြန်တော့ သူတို့တစ်တွေဟာ ငါ့အဖို့ ကြောက်စရာကောင်းတဲ့ သဘာဝမကျတဲ့ သံယောဇဉ်နှောင်ကြိုးတွေပဲ၊ ငါဟာ ကျော်စောမှုအတွက် အောင်မြင်မှုအတွက် ငါဘယ်တုန်းကမှလဲ မသိခဲ့ နောင်လဲ သိမှာမဟုတ်တဲ့လူတွေရဲ့ ချစ်ခင်မြတ်နိုးခြင်း ခံရရေးအတွက် ငါတန်ဖိုးအထားဆုံးအရာတွေကို စွန့်လွှတ်လိုက်တော့မယ်'

မင်းသားကလေးအင်ဒရေးသည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ တပ်ဝင်းဘက်ဆီမှ အသံပလံများကို နားထောင်ရင်း တွေးနေမိသည်။ ထိုအသံများကား ထုပ်ပိုးပြင်



www.burmeseclassic.com

ဆင်နေကြသည့် တပ်လုလင်များ၏ အသံများ ဖြစ်၏။ အသံတစ်သံကား ရထားသမားအသံဖြစ်လျက် မင်းသား ကလေးအင်ဒရေသိသော 'တစ်'အမည်ရှိ စစ်သေနာပတိ ချုပ်၏ ထမင်းချက်ကြီးကို ကျီစယ်နေသည့် အသံဖြစ်၏။

"ဖိုး အဘိုးကြီး တစ် တစ်"

"ဘာတုန်းကွ"

"သွားပါဗျာ တစ် တစ်တစ်လောက် နှစ်လိုက်စမ်း ပါ"

"တော်စမ်းပါကွာ ခွေးမသားတွေ"ဟူသော ထမင်း ချက် အဘိုးကြီး၏ အသံပေါ်လာပြီးနောက် ဝါးခနဲ ရယ် လိုက်ကြသော တပ်လုလင်များနှင့် အစေခံများ၏ ရယ် သံကို ကြားလိုက်ရ၏။

'အင် လောကမှာ အောင်မြင်ခြင်းလောက် ဘယ် အရာကိုမှ မမြတ်နိုးဘူး၊ တန်ဖိုးမထားဘူး၊ အောင်မြင်ခြင်း ဟာ ငါ့ခေါင်းပေါ်က နှင်းမှုန်တွေထဲမှာ ငါ့အတွက် အသင့်စောင့်နေပြီ၊ အင်မတန်နက်နဲ ဆန်းကြယ်တဲ့ တန်ခိုး သတ္တိရှိတဲ့ အောင်မြင်ခြင်းကို ငါတန်ဖိုးထားတယ် မြတ်နိုး တယ်"

## အခန်း–၁၃

ထိုနေ့ညဉ့် နီကိုလေသည် ရှေ့ပြေးကင်းတပ်စုကလေး တစ်စုနှင့်အတူ မင်းသားကြီးဘာဂရေးရှင်း၏ တပ်ခွဲရှေ့၌ တိုက်ကင်းတာဝန်ကျလျက် ရှိလေသည်။ ၎င်း၏ မြင်း တပ်သားများသည် ကင်းဦး မျဉ်းကြောင်းတစ်လျှောက် အတိုင်း နှစ်ယောက်တစ်တွဲ ကင်းစဉ်စောင့်လျက်ရှိကြ၍ ၎င်းကိုယ်တိုင်မှာလည်း အိပ်ချင်စိတ်ကို ပြေပျောက်ရန် အတွက် ကင်းဦးမျဉ်းကြောင်းတစ်လျှောက်အတိုင်း မြင်းကို စီးလာခဲ့လေသည်။ ၎င်း၏ နောက်ဘက်၌ ကျယ်ပြန့်သော ကွင်းပြင်ကြီးကို မြင်ရလျက် ကွင်းအနှံ့၌ ရုရှားတပ်စခန်း များမှ စခန်းမီးပုံများသည် နှင်းမှုန်များအကြားတွင် ခပ် မှိန်မှိန် တောက်နေလျက်ရှိခြင်းကို တွေ့ရ၏။ ရှေ့၌ကား နှင်းမှုန်တို့ ဖုံးအုပ်လျက်ရှိသော အမှောင်ထုကြီး ဖြစ်လေ သည်။ နီကိုလေသည် နှင်းမှုန်များကြားမှ အဝေးသို့ လှမ်းမျှော်ကြည့်သော်လည်း မည်သည့်အရာကိုမျှ မမြင် ချေ။ တစ်ခါတစ်ရံ၌ လက်ခနဲအရောင်ကို မြင်လိုက်ရသည် ဟု ထင်ရသည်။ တစ်ခါတစ်ရံ၌လည်း မည်းမည်းသဏ္ဌာန် များကို မြင်လိုက်ရသည်ဟု ထင်ရသည်။ တစ်ခါတစ်ရံ၌ လည်း ရန်သူတပ်စခန်းရှိမည်ဟု ခန့်မှန်းရသော နေရာ လောက်ဆီ မီးရောင်လက်လက်ကို မြင်ရသည်ဟု ထင်ရ ၏။ တစ်ခါတစ်ရံတွင်လည်း မိမိမျက်စိကပင် လှည့်စားလေ သလောဟု တွေးမိသည်။ အိပ်ချင်လွန်းသဖြင့် မျက်လုံး များကား ဖွင့်မရတော့ပြီ။ သို့ရာတွင် ၎င်း၏ စိတ်ထဲ၌မူ ဓာဘုရင်မင်းမြတ်ကိုလည်းကောင်း၊ ဗိုလ်ကြီး ဒင်နီဆော့ ကို လည်းကောင်း၊ မော်စကိုတွင် နေခဲ့ပုံများကိုလည် ကောင်း မြင်ယောင်လျက် ရှိ၏။ နီကိုလေသည် မျက်လုံ များကို လျင်မြန်စွာ ဖွင့်လိုက်လေရာ မိမိမြင်း၏ ခေါင် နှင့်နားရွက်များကို မြင်နေရသည်။ တစ်ခါတစ်ရံ၌လည် မိမိ၏ မြင်းတပ်သားများကို မည်းမည်းမည်းမည်းန မြင်လိုက်ရပြီး အဝေးတွင်မူကား နှင်းမှုန်တို့ ဖုံးအုပ်လျ ရှိသော အမှောင်ထုကြီး ပိတ်ဆီးလျက် ရှိခြင်းကို မြင် ပြန်သည်။

'တခြားဗိုလ်တွေကို ဓာဘုရင်မင်းမြတ်ကို ဖူးမြေ ခွင့်ရပြီး တိုက်ကင်းလှည့်ချေလို့ ကိုယ်တော်တိုင် အမိ တော်ချမှတ်ရင် ဘယ်လောက်များကောင်းမလဲနော်၊ တခြ ဗိုလ်တွေများကျတော့လဲ ကံထူးလိုက်ကြတာ၊ ဘုရင်မ မြတ်က အမှတ်တမဲ့တွေ့ ခေါ်ယူမြှောက်စားပြီး အနားပ ခစားစေသတဲ့၊ ငါများ ဒီလိုခစားခွင့်ရရင် ဘယ်လော ကောင်းမလဲ၊ ဘုရင်မင်းမြတ်ကို အသက်နဲ့လဲပြီး ကာကွ မယ်၊ မှန်ရာကို လျှောက်တင်မယ်၊ သူ့ဆားမှာ ညာဝါးဖျ သန်းနေတဲ့ ကပ်ဖားတွေကို ဖယ်ရှားပစ်မယ်'

နီကိုလေသည် ဤသို့တွေးတောလျက် ရန်သူမျ လုလိမ်လှကောက်များကိုတွေ့လျှင် ၎င်းကိုယ်တိုင် သတ် ရုံမျှမက ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်မှာပင် န သယ်ကို ခပ်စပ်ကလေး ရိုက်နှက်ဆုံးမလိုက်ဦးမည်ဟု စိတ်ကူးယဉ်လိုက်သေး၏။ ထိုအခိုက် အဝေးဆီမှ အော တစ်ခုကို ကြားလိုက်ရသည့်အတွက် နီကိုလေသည် လ ဖျပ်သွားကာ မျက်လုံးကျယ်သွားသည်။

'ဟင် ငါဘယ်နားရောက်နေပါလိမ့်၊ သြော် ငါ ကင်းဦးမျဉ်းကြောင်းပေါ် ရောက်နေပါကလား၊ ငါတို့ စကားဝှက်ကို အော်လိုက်ဦးမှ၊ မနက်ဖြန်မှာ ငါတို့တ က အရန်တပ်အဖြစ် လိုက်ရမယ်ဆိုတော့ ခက်တ



www.burmeseclassic.com

မနက်ဖြန်တော့ ရှေ့တန်းစစ်မျက်နှာကို လိုက်ခွင့်တောင်းမှာပဲ၊ ငါလဲ ဒါမှ ဘုရင်မင်းမြတ်ကို ဖူးမြော်ရမယ်၊ အင်း ငါ့တာဝန်ချိန် ကုန်တော့မယ်၊ နောက်တစ်ပတ်လောက် လှည့်ပြီးရင် ဗိုလ်ချုပ်ကြီးဘာဂရေးရှင်းဆီသွားပြီး မနက်ဖြန် ရှေ့တန်းစစ်မျက်နှာကို လိုက်ခွင့်တောင်းဦးမှပဲ'

နီကိုလေသည် ကုန်းနိုးပေါ်တွင်နေရာပြင်၍ ထိုင်လိုက်ပြီးနောက် ကင်းစမ်းထွက်နေသော မိမိ၏ မြင်းတပ်သားများကို နောက်တစ်ပတ်ကျော့၍ စစ်ဆေးရန် မြင်းကို တို့လိုက်၏။ အမှောင်ထုမှာ စောစောကလောက် ထုထည်မကြီးတော့ဘဲ အနည်းငယ် လင်းလာသည်ဟု ထင်ရ၏။ လက်ဝဲဘက်၌ကား ခပ်လင်းလင်းရှိသော ဆင်ခြေလျှောကလေးတစ်ခုကို မြင်ရလျက် ၎င်းနှင့် မျက်နှာချင်းဆိုင်တွင် နံရံကဲ့သို့ မတ်စောက်သော တောင်ခါးပြတ်တစ်ခုကိုလည်း ရေးရေးမြင်ရသည်။ ထိုတောင်ခါးပြတ်ထိပ်၌ ခပ်ဖွေးဖွေး အရာတစ်ခုကို မြင်ရသော်လည်း မည်သည့်အရာဖြစ်သည်ကို နီကိုလေ သဲကွဲစွာမမြင်ရချေ။ လရောင်ထိုးရိုက်ထားသည့် တောအုပ်ကလေးတစ်ခုပေလော၊ အရည်ပျော်နေသော နှင်းခဲများပေလော၊ သို့တည်းမဟုတ် တဲကလေးများပေလော မသဲကွဲချေ။ ထိုဖြူဖြူအရာပေါ်၌ တစ်စုံတစ်ခု ရွေ့လျားနေသည်ဟုလည်း ထင်လိုက်မိသေး၏။ 'အို နှင်းခဲတွေ ထင်ပါရဲ့ နှင်းခဲတွေ နှင်းခဲတွေ၊ အို နှင်းခဲတွေဟာလဲ ဟုတ်မထင်သေးပါဘူး၊ အင်း မျက်လုံးနက်နက်ကလေးတွေနဲ့ ငါ့ညီမကလေးနာတာရှာကို အောမေ့လိုက်ပါဘိနော်၊ နာတာရှာ နာတာရှာ၊ ဘုရင်မင်းမြတ်ကို ဖူးမြော်လိုက်ရတဲ့အကြောင်းများပြောရင် ညီမလေးနာတာရှာတော့ အံ့အားသင့်နေမှာပဲ၊ နာတာရှာ ကိုကို့ဓားလွယ်ကော'

နီကိုလေသည် အိပ်ငိုက်ရင်း မြင်းကို စီးလာ၏။

"ဗိုလ်ကလေး လက်ယာဘက်က ကပ်စီးခင်ဗျာ၊ ဒီဘက်နားမှာ ချုံပုတ်တွေနဲ့"

အိပ်ချင်မူးတူးနှင့်စီးလာသော နီကိုလေကို ကျော်တက်သွားသည့်မြင်းတပ်သားတစ်ယောက်က အော်ပြောသွား၏။ နီကိုလေသည် မြင်းလည်ဆံမွေးနားအထိ ငိုက်ကျနေသော ခေါင်းကို ဆတ်ခနဲထောင်လိုက်၍ မြင်းတပ်သားနောက်သို့ စီးလိုက်လာခဲ့သည်။ သို့ရာတွင် ချုပ်တည်း၍မရလောက်အောင် အိပ်ငိုက်လျက်ရှိလေပြီ။

'နေပါဦး ငါဘာတွေ တွေးလာခဲ့ပါလိမ့် မေ့သွားပြီ ထင်တယ်၊ အို မဟုတ်သေးပါဘူး၊ ဘာလို့ မေ့ရမှာလဲ၊ သိပြီ သိပြီ ဘုရင်မင်းမြတ်ကို ဘယ်လိုဝင်လျှောက်မယ်ဆိုတာ တွေးလာတာမဟုတ်လား၊ အို မဟုတ်သေးပါဘူး၊ ဒါက မနက်ဖြန်ကျမှပဲ၊ နှာသ် မှတ်မိပြီ ညီမလေးနာတာရှာအကြောင်း တွေးနေတာ၊ နာတာရှာ ဒီကောင်တွေကို ဓားလွယ်နဲ့ခုတ်စမ်း၊ ဘယ်သူ့ကိုခုတ်ရမှာလဲ၊ မြင်းတပ်သားတွေကို ခုတ်၊ မုတ်ဆိတ်မွေးပါတဲ့ မြင်းတပ်သားတွေကို ခုတ်၊ ဇာစကာယာလမ်းပေါ်မှာ မုတ်ဆိတ်နဲ့မြင်းတပ်သားတွေ မြင်းစီးသွားတာ မမြင်ဘူးလား၊ ဂူရီယက်ရဲ့ အိမ်ထဲမှာလဲ မုတ်ဆိတ်နဲ့ မြင်းတပ်သားတစ်ယောက် ရှိသေးတယ်၊ ဒါပေမဲ့ တို့တပ်ဗိုလ် ဒင်နီဆော့ဗ်ကတော့ လူချောပါကွာ။ အို ငါ့နှယ် ဘာတွေတွေးနေပြန်ပါလိမ့်၊ အရေးကြီးတာက ဘုရင်မင်းမြတ် စစ်မျက်နှာကို ရောက်နေတယ်၊ ဘုရင်မင်းမြတ်က ငါ့ကိုကြည့်ပြီး တစ်ခုခုပြောချင်ပုံရတယ်၊ ဒါပေမဲ့ ငါ့ကို မပြောရဲဘူး၊ မဟုတ်ပါဘူးလေ၊ မပြောရဲ့တဲ့လူက ငါပါ၊ အို ဒါတွေလဲ မဟုတ်သေးပါဘူး၊ စောစောက ငါတွေးနေတာ ဘာလဲဆိုတာ ပြန်စဉ်းစားဖို့ အရေးကြီးတယ်၊ ဟော သိပြီ သိပြီ၊ နာတာရှာ့ကို ဓားလွယ်အပ်နိုင်းနေတာ ဟုတ်ပြီဟုတ်ပြီ'

နီကိုလေ၏ခေါင်းသည် ရှေ့သို့ ငိုက်ကျသွားပြန်၏။ ထိုအခိုက် မိမိအား တစ်စုံတစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်လိုက်သည်ဟု ထင်ရ၏။

"ဟေ့ ဘာလဲ၊ ဘာလဲ၊ ဘယ်သူလဲ၊ ဓားနဲ့ဝင်ခုတ်ပါလား၊ ဘာလဲ"နီကိုလေသည် ငိုက်မျဉ်းရာမှ လန့်နိုးကာ ကယောင်ကတမ်း အော်လိုက်၏။ မျက်လုံးကို ဖွင့်လိုက်သည်တွင် ရှေ့နားသို့ ရန်သူစစ်ကြောင်းဆီမှ အောသံများကို ကြားလိုက်ရ၏။ ၎င်း၏မြင်းနှင့် အနီးရှိမြင်းတပ်သား၏ မြင်းသည် ထိုအသံကြောင့် နားရွက်ကိုစွင့်လျက်ရှိကြ၏။ အော်သံများထွက်ပေါ်လာရာတစ်ဝိုက်ဆီမှ မီးတစ်ချက်လင်းလာကာ ပြန်၍ငြိမ်းသွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် မီးတောက်များတက်လာသည်ကို မြင်ရပြန်သည်။ နောက်တစ်ခဏ၌ တောင်ကုန်းများပေါ်ရှိ ပြင်သစ်စစ်ကြောင်းဆီမှ စခန်းမီးပုံများသည် ထိန်လင်းလာကြ၏။ အော်သံများသည် တဖြည်းဖြည်းကျယ်လောင်၍လာလေသည်။ နီကိုလေသည် ပြင်သစ်စကားသံများကို ကြားနေရသော်လည်း ပီသစွာ မကြားရဘဲ ထွေးနေသည့်အသံများကား လုံးထွေးဆူညံ



www.burmeseclassic.com

 www.burmeseclassic.com 

လျက် ရှိပေ၏။

"ဟော့ ဘာသံတွေလဲကွဟင်၊ ဘာသံတွေလဲ"မိမိ၏ဘေးမှ မြင်းတပ်သားကို နီကိုလေက လှမ်းမေးလိုက်သည်။

"ရန်သူတပ်စခန်းထင်တယ်"

မြင်းတပ်သားက မည်သို့မျှမဖြေ။

"ဟော့ ဘာသံတွေလဲကွ၊ မကြားဘူးလား"နီကိုလေက တစ်စုံတစ်ရာဖြေသံမကြားရသဖြင့် ထပ်မေးလိုက်သည်။

"မပြောတတ်ဘူး ဗိုလ်လေး"မြင်းတပ်သားက စိတ်မပါ့တပါ ဖြေလိုက်သည်။

"ဒီဘက်ကဆိုရင်တော့ ရန်သူပဲဖြစ်မယ် ထင်တယ် ဟော့"နီကိုလေက ပြော၏။

"ဟုတ်မယ်ထင်တယ် ဗိုလ်လေး"မြင်းတပ်သားက ပြောလိုက်၏။ "မှောင်ရတဲ့အထဲ ဒီကောင်ကလဲ လှုပ်နေတာပဲ၊ ငြိမ်ငြိမ်နေစမ်း"မြင်းတပ်သားက တလှုပ်လှုပ်တရွရွ ဖြစ်နေသော ၎င်း၏ မြင်းကို ငေါက်လိုက်၏။

နီကိုလေ၏မြင်းမှာလည်း တလှုပ်လှုပ်ဖြစ်နေပေပြီ။ မြင်းက ဘယ်ခွာကိုရှပ်လျက် အသံများဆီသို့ နားစွင့်ကာ မီးရောင်များကိုကြည့်လျက်ရှိ၏။ အော်သံများသည် တဖြည်းဖြည်း ကျယ်လာရာက စစ်သည်ထောင်ပေါင်းများစွာ ပါဝင်သော စစ်တပ်ကြီးတစ်ခုသာလျှင် အော်နိုင်သည့် တစ်ခဲနက်အော်သံကြီးအဖြစ်သို့ ပြောင်းသွား၏။ မီးရောင်များသည် တဖြည်းဖြည်း ဘေးသို့ချဲ့၍ချဲ့၍လာလေရာ ထိုမီးတန်းမှာ ရန်သူစစ်ကြောင်းဖြစ်မည်ဟု ခန့်မှန်းရပေသည်။ နီကိုလေမှာ အိပ်ချင်စိတ်များ ပျောက်သွားလေပြီ။ ရန်သူ၏စိတ်အားတက်ကြွဖွယ် အော်ဟစ်သံကြောင့် နီကိုလေပင် ဓာတ်ကူးကာ မြူးလာတော့သည်။ "ဧကရာဇ်ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ၊ ဧကရာဇ်ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ"ဟူသော အသံများကို သဲကွဲစွာ ကြားနေရပေပြီ။

"သိပ်တော့ မဝေးဘူးကွ၊ ချောင်းကလေးဟိုဘက်မှာတွင်ပဲ"နီကိုလေက မြင်းတပ်သားကို ပြောလိုက်သည်။

မြင်းတပ်သားသည် မည်သို့မျှပြန်မပြောဘဲ သက်ပြင်းချကာ ချောင်းတဟွတ်ဟွတ်ဆိုးလျက်ရှိ၏။ တိုက်ကင်းထွက်ရာ ကင်းစမ်းစစ်ကြောင်းတစ်လျှောက်ဆီမှ အသော့စီးလာသော မြင်းခွာသံများကိုကြားရ၏။ မြင်းခွာသံများသည် တဖြည်းဖြည်း နီးလာပြီးနောက် နှင်းမှုန်တဖွဲဖွဲကျနေသည့် အမှောင်ထုထဲမှ မြင်းတပ်တပ်ကြပ်ကြီးတစ်ယောက်သည် ဆင်ကြီးတစ်ကောင်ကဲ့သို့ ဘွားခနဲ ပေါ်လာလေ၏။

"ဗိုလ်ချုပ်တွေ ကင်းစဉ်လိုက်စစ်နေတယ် ဗိုလ်လေး" တပ်ကြပ်ကြီးက နီကိုလေထံသို့စီးလာ၍ ပြောဆိုလိုက်၏။

နီကိုလေသည်မီးရောင်များနှင့် အသံများလာရာဆီသို့ လှမ်းမျှော်ကြည့်ရင်း ကင်းစမ်းစစ်ကြောင်းတစ်လျှောက် မြင်းစီး၍လာနေကြသော လူတစ်စုထံသို့ တပ်ကြပ်ကြီးနှင့်အတူ စီးလာခဲ့၏။ တစ်ယောက်မှာ မြင်းဖြူကြီးတစ်ကောင်ကိုစီးလျက် ရှိ၏။ မင်းသားကြီး ဘာဂရေးရှင်းနှင့် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့တို့သည် တပ်ရေးဗိုလ်များနှင့်အတူ ရန်သူ့စခန်းဆီမှ ထူးထူးဆန်းဆန်း ထွက်ပေါ်လာသော မီးရောင်များနှင့် သံများကို လာရောက်စုံစမ်းခြင်း ဖြစ်လေသည်။ နီကိုလေသည် မင်းသားကြီးဘာဂရေးရှင်းထံသို့ စီးလာခဲ့ပြီးနောက် မြင်သမျှကိုသတင်းပို့ပြီး အခြားတပ်ရေးဗိုလ်များနှင့်အတူ ဗိုလ်ချုပ်နှစ်ယောက် ပြောနေသော စကားများကို နားထောင်နေသည်။

"ဒီကောင်တွေ ဥပါယ်တံမျဉ်ဆင်ပြီထင်တယ်ဗျ သွေးသောက်ကြီး"တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့က ပြောလိုက်၏။ "ကေနှ တပ်တွေကိုနောက်ဆုတ်ပေးလိုက်ပြီး နောက်ဖျားတပ်တွေကို ထားခဲ့တာ ဖြစ်ရမယ်၊ နောက်ဖျားတပ်တွေကို မီးပုံတွေရှို့ ညာသံပေးပြီး ကျွန်တော်တို့ကို စစ်မြူတာ ဖြစ်ရမယ်"

"မဖြစ်နိုင်ပေဘူးဗျ" မင်းသားကြီးဘာဂရေးရှင်းက ပြော၏။ "ညနေတွင် ကျုပ်လျှောက်ပြီး ကင်းစဉ်လိုက်စစ်တော့ ဒီကောင်တွေဟာ ဟောဟိုတောင်ခါးပြတ်ပေါ်မှာ တပ်စွဲထားတယ်၊ ရန်သူဟာ တကယ်ဆုတ်ခွာရိုးမှန်ရင် တောင်ခါးပြတ်ပေါ်တပ်တွေကိုလဲ ဆုတ်သွားရပေလိမ့်မယ် ဗျ၊ ဗိုလ်လေး ဒီနားတစ်ဝိုက်မှာ ရန်သူ ထောက်လှမ်းရေးကင်းတွေ တိုက်ကင်းတွေတွေ့သေးသလား"မင်းသားကြီး ဘာဂရေးရှင်းက နီကိုလေကို လှမ်းမေးလိုက်သည်။

"ညနေတုန်းကတော့ရှိတာပဲ ဗိုလ်ချုပ်၊ ခုတော့ မသိဘူးခင်ဗျ၊ ကျွန်တော် မြင်းတပ်သားတစ်ယောက်နှစ်ယောက်ခေါ်ပြီး သွားကြည့်လိုက်ရမလား ဗိုလ်ချုပ်"

မင်းသားကြီးဘာဂရေးရှင်းသည် တိတ်ဆိတ်လျက်ရှိ၏။ တစ်စုံတစ်ရာပြန်၍မဖြေမီ မင်းသားကြီးဘာဂရေးရှင်းသည် နီကိုလေ၏မျက်နှာကို နှင်းမြူများကြားမှ



www.burmeseclassic.com

ကြည့်နေ လေသည်။

"အိမ်း သွားကြည့်ချေစမ်း"

"ကောင်းပါပြီ ဗိုလ်ချုပ်"

နီကိုလေသည် မြင်းကို ဖိနပ်သံဆူးဖြင့် တို့လိုက်ပြီးလျှင် တပ်ကြပ်ကြီးဖိဒီချင်ကိုနှင့် မြင်းတပ်သားနှစ်ယောက်ကို လှမ်းခေါ်လိုက်၍ နောက်မှလိုက်ခဲ့ရန် ပြောလျက် အော်ဟစ်သံများထွက်ပေါ်လာရာဆီသို့ ဆင်ခြေလျှောလမ်းကလေးတစ်လျှောက်အတိုင်း အပြေးစီးလာခဲ့လေသည်။ ယခုကဲ့သို့ နှင်းမှုန်တွေ တဖွဲဖွဲအောက်၌ မိမိကျွမ်းကျင်ခြင်းမရှိရုံမျှမက အန္တရာယ်များလှသော နယ်မြေထဲသို့ မြင်းတပ်သား သုံးယောက်မျှဖြင့် သူတစ်ပါးထက် အလျင်ဦးဦးဖျားဖျား သွားရောက်ရခြင်းအတွက် နီကိုလေမှာ ထိတ်လန့်ရင်ဖိုလျက်ရှိသည့်နည်းတူ ကျေနပ်ဝမ်းမြောက်ခြင်းလည်း ဖြစ်လျက်ရှိလေသည်။ မင်းသားကြီးဘာဂရေးရှင်းသည် တောင်ကမူကလေးပေါ်မှ ရပ်၍ နီကိုလေအား စမ်းချောင်းတစ်ဖက်ကမ်းသို့မကူးရန် အော်၍ပြောလိုက်သေး၏။ နီကိုလေသည် မင်းသားကြီးဘာဂရေးရှင်း၏ သတိပေးခြင်းကို မကြားဟန်ပြု၍ မြင်းကိုဆက်စီးသွားလေရာ ၎င်း၏စိတ်ထဲ၌ အချို့ချုံပုတ်များကို သစ်ပင်ကြီးများဟုထင်နေရပြီး အချို့ ချောက်ဦးတိုကလေးများကိုမှု လူများဟု ထင်မှတ်လျက်ရှိ၏။ အနားရောက်၍ ၎င်းထင်သည့်အတိုင်း မဟုတ်မှန်းသိသော အခါ၌ နီကိုလေမှာ ပြုံးမိသေး၏။ တောင်ကမူကလေးပေါ်မှ သုံးချောင်းထောက်စီး၍ဆင်းလာပြီး မြေပြန့်သို့ ရောက်သွားသည့်အခါ၌မူကား မိမိတို့တပ်များမှ မီးရောင်များသည် လည်းကောင်း၊ ရန်သူပြင်သစ်တပ်စခန်းများဆီမှ မီးရောင်များသည်လည်းကောင်း မျက်စိအောက်မှ ပျောက်ကွယ်သွားခဲ့ကြလေပြီ။ သို့ရာတွင် ရန်သူပြင်သစ်တပ်သားများ၏ အော်ဟစ်သံများမှာကား ပို၍ ကျယ်လောင်ကာ ပီပီသသကြီး ကြားရစပြုလာ၏။ မြေပြန့်သို့ဆင်းမိ၍ အနည်းငယ်စီးသွားမိသည်၌ မိမိရှေ့တွင် မြစ်နှင့်တူသော အရာတစ်ခုကို မြင်ရ၏။ သို့ရာတွင် အနီးသို့ရောက်သွားသည်တွင် မြစ်နှင့်တူသော ထိုအရာမှာ လှည်းလမ်းဖုံးတစ်ခုဖြစ်နေခြင်းကို တွေ့ရလေသည်၊ နီကိုလေသည် လှည်းလမ်းမပေါ်သို့ တက်လိုက်၍ မြင်းဇက်ကို သတ်လိုက်ပြီးလျှင် လှည်းလမ်းအတိုင်း လိုက်သွားရမည်လော၊ သို့မဟုတ် လှည်းလမ်းကို ကျော်လျက် ပိန်းပိန်းအောင် မှောင်မည်းလျက်ရှိသော ကွင်းပြင်ကြီးအတိုင်း တောင်ခါးပြတ်ခြေရင်းအရောက် စီးသွားရမည်လောဟု စဉ်းစားနေမိသည်။ လှည်းလမ်းကြောင်းများမှ နှင်းမှုန်ထဲလ ဖွေးလျက်ရှိလေရာ လူသွားလူလာကို ထင်ရှားစွာ မြင်နိုင်သဖြင့် ဤလမ်းမှသွားလျှင် အတန်ငယ်စိတ်ချရသည်ဟု ယူဆရ၏။ ထို့ကြောင့် နီကိုလေသည် နောက်သို့လှည့်၍ "လိုက်ခဲ့ပော့"ဟုဆိုကာ တောင်ကမူသို့ တက်သွားသည့်လမ်းကြောင်းအတိုင်း ညနေက မြင်လိုက်ရသော ပြင်သစ်ထောက်လှန်းရေးကင်းတပ်များ ရပ်လျက်ရှိသည့်ဘက်သို့ ဒုန်းစိုင်း၍ စီးလာခဲ့လေသည်။

"ဗိုလ်လေး၊ ရန်သူ ရန်သူ"

နောက်မှ လိုက်လာသော မြင်းတပ်သားတစ်ယောက်က အော်လိုက်၏။ တစ်ပြိုင်နက်တည်းမှာပင် နှင်းမှုန်ထဲမှ မည်းမည်းသဏ္ဌာန်တစ်ခု ဘွားခနဲပေါ်လာသည်ကို တွေ့လိုက်ရပြီးနောက် လက်ခနဲ မြင်လိုက်ရကာ သေနတ်သံတစ်ချက် ပေါ်လာလေသည်။ ကျည်ဆန်တစ်ခုသည် နှင်းမှုန်များကို ထိုးဖောက်လျက် ရှီခနဲဖြတ်၍သွားလေ၏။ နောက်တစ်ချက်မှာ ကျည်မထွက်ချေ။ သို့ရာတွင် လက်ခနဲ မီးပွင့်သွားသည်ကို မြင်လိုက်ရ၏။ နီကိုလေသည် မြင်းကို ပြန်လှည့်ကာ ဒုန်းစီး၍ပြန်လာခဲ့၏။ အနည်းငယ်ခြား၍ ပစ်လိုက်သော သေနတ်သံလေးချက် ထွက်ပေါ်လာပြန်ကာ ကျည်ဆန်များသည် တရှီရှီမြည်လျက် နှင်းမှုန်များကို ထိုးဖောက်ဖြတ်သန်းသွားကြ၏။ နီကိုလေသည် မြင်းကို ဇက်သတ်၍ ရပ်လိုက်သည်။ ၎င်း၏မြင်းမှာလည်း သခင်ကဲ့သို့ ပစ်ခတ်သံကြားရသည့်အတွက် မြူးကြွလာဟန်ဖြင့် နောက်သို့ပြန်ဆုတ်လိုက်သည်။ "ကဲ ပစ်ဦးလေကွာ၊ ပစ်ပါဦး"ဟု နီကိုလေ့စိတ်ထဲတွင် ရွတ်မိသေး၏။ သို့ရာတွင် နောက်ထပ်ပစ်ခတ်သံ ထွက်မလာတော့ချေ။

မင်းသားကြီးဘာဂရေးရှင်းနှင့် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့အနီးသို့ ရောက်ခါနီး၌ နီကိုလေသည် မြင်းကို ဒုန်းရိုက်၍စီးလာခဲ့ပြန်ကာ လက်ကို နဖူးသို့မြှောက်၍ အရိုအသေပေးလိုက်သည်။

တပ်ရေးဗိုလ်ချုပ်ဒိုဂိုရူးကော့ကား ပြင်သစ်များသည် မိမိတို့အထင်မှားစေရန် ဗေဒဉပါယ်မျဉ်ဖြင့် မီးများဖိုထားပြီး ဆုတ်ခွာသွားခြင်းဖြစ်ကြောင်းဖြင့် ငြင်းပယ်လျက်ပင် ရှိသေး၏။



www.burmeseclassic.com

"ဘယ့်နှယ်လဲဟေ့၊ ဆုတ်သွားပြီ ထောက်လှမ်းရေးကင်းတွေလောက်ပဲ ချန်ပစ်ခဲ့တာ မဟုတ်လား"တပ်ရေးဗိုလ်ချုပ်က မိမိတို့အနားသို့ရောက်လာသော နီကိုလေကိုမေးလိုက်သည်။

"တပ်တွေအကုန်လုံး ဆုတ်မသွားသေးတာတော့ သေချာတယ်ဗျ၊ အေးလေ နက်ဖြန်မနက်ထိစောင့်ကြည့်ကြသေးတာပေါ့၊ နက်ဖြန်မနက်ဆိုရင် သိရမှာပဲ"မင်းသားကြီးဘာဂရေးရှင်းက ဆို၏။

"ကင်းတွေကတော့ ညနေတုန်းကမြင်ရတဲ့အတိုင်းတောင်ကမူကလေးပေါ်မှာပဲ ရှိသေးတယ်ဗိုလ်ချုပ်"နီကိုလေက လက်ကို နဖူးသို့မြှောက်၍ အရိုအသေပေးလျက်ကကိုယ်ကိုရှေ့သို့ညွတ်၍ ပြောလိုက်၏။ ဒုန်းစိုင်းလာခဲ့ရသည့်အတွက်ကြောင့်လည်းကောင်း၊ သေနတ်သံများကိုကြားခဲ့ရသည့်အတွက်လည်းကောင်း ရွှင်မြူးလျက်ရှိသဖြင့် ပြုံးလိုက်မိသေးသည်။

"အိမ်း အိမ်း ကျေးဇူးတင်တယ် ဗိုလ်လေး"မင်းသားကြီးဘာဂရေးရှင်းက ပြောလိုက်၏။

"ဗိုလ်ချုပ်ဆီမှာ ကျွန်တော် ခွင့်ပန်ချင်တာတစ်ခုရှိပါတယ် ဗိုလ်ချုပ်"နီကိုလေက ပြောလိုက်၏။

"ဆိုစမ်း"

"မနက်ဖြန်ကျရင် ကျွန်တော်တို့တပ်ခွဲက အရန်တပ်အဖြစ် လိုက်ရမှာပါ ဗိုလ်ချုပ်၊ ဒီတော့ ကျွန်တော့်ကိုတပ်ဦးက တပ်ခွဲနဲ့စစ်မျက်နှာကို လိုက်ခွင့်ပြုဖို့"

"နာမည် ဘယ်သူလဲ"

"မြို့စားကလေး နီကိုလေပါ"

"အိမ်း ကောင်းပြီ၊ ငါနဲ့ လိုက်ချင်လိုက်ခဲ့"

"မြို့စားကြီးအီလျာရော့စတော့ဗ်ရဲ့ သားလားဟေ့"

ဗိုလ်ချုပ်ဒိုဂိုရူးကော့က မေးသည်။

နီကိုလေက ဘာမျှ မဖြေချေ။

"ဒါဖြင့် ကျွန်တော် လိုက်နိုင်ပြီပေါ့ ဗိုလ်ချုပ်"

"အိမ်း ငါအမိန့်ထုတ်လိုက်မယ်"

နီကိုလေသည် ဝမ်းသာသွား၏။ မနက်ဖြန်တွင် ဘုန်းတော်ကြီးသောဘုရားထံ ဝင်ရောက်ဖူးမြော်ကာ သတင်းပို့နိုင်ဖို့ အခွင့်အရေးသည် နီးစပ်လာပြီဟု တွေး၍ ကြည်နူးသွားလေသည်။

ရန်သူတပ်စခန်းဘက်၌ စခန်းမီးပုံများဖိုခြင်း၊ အော်ဟစ်ကြွေးကြော်ကြခြင်း၏ အကြောင်းကား တပ်များအား နပိုလီယန်၏အမိန့်တော်ပြန်တမ်းကို ဖတ်ကြားပြစဉ် နပိုလီယန်ကေရာဇ်မင်းကိုယ်တိုင် မိမိ၏ ကွင်းစခန်းတစ်ဝိုက်တွင် မြင်းနှင့်လှည့်လည်၍ ဗိုလ်ရှုခံသဘင် ကျင်းပသောကြောင့် ဖြစ်လေသည်။ ပြင်သစ်တပ်သားများသည် နပိုလီယန်ကိုမြင်သည်တွင် ကောက်ရိုးမီးတုတ်များဖြင့် နပိုလီယန်၏နောက်မှလိုက်ကာ "ကေရာဇ်ဘုရင်မင်းမြတ်သက်တော်ရှည်ပါစေ"ဟု တစ်ခဲနက် ကြွေးကြော်ကြလေသည်။ ထို့နောက်၌ကား နပိုလီယန်၏ အမိန့်တော်ပြန်တမ်းကို ဖတ်ကြားခြင်း ပြုလေသည်။ ထိုပြန်တမ်းမှာ အောက်ပါအတိုင်းဖြစ်၏။

'တပ်ပါ၊ ဗိုလ်၊ စစ်ကဲ၊ နာခံ တပ်မှူး၊ အမိန့်တော်။

'အမ်းအရပ်ဒေသ၌ဩစတြီးယားစစ်တပ်ကြီး မရှုမလှအရေးနိမ့်သွားခဲ့သည့်အလျောက် ၎င်း၏ မဟာမိတ်ဖြစ်သော ရုရှားစစ်တပ်ကြီးသည် ငါတို့တပ်တော်များရှိရာ သို့ အပြင်းချီလာလျက်ရှိချေပြီ။ ဤရုရှားတပ်ရင်းများကား ရွှန်ဂရာဘန်တိုက်ပွဲတွင် ငါတို့တပ်များက အောင်ပွဲခံလိုက်သော တပ်ရင်းများပင် ဖြစ်သည်။ ငါ၏ တပ်တော်များချရပ်သည့်စခန်း အနေအထားသည် ခိုင်မာတောင့်တင်း၍ ရန်သူထက် တစ်ပန်းသာလျက်ရှိသည်။ ရန်သူ၏အစီအမံမှာ၎င်း၏စစ်ကြောင်းတောင်ပံတစ်ခုကိုဟင်းလင်းဖွင့်ပေး ထားပြီးနောက် ငါ၏ တပ်တော်များအား ဝိုင်းဝန်းညှပ်ပိတ် တိုက်စစ်ပြုမည့်လက္ခဏာ ဖြစ်သည်။

'စစ်သည်ရဲမက်အပေါင်းတို့ သင်တို့၏ တပ်ရင်းများကို ငါကိုယ်တိုင် ကွပ်ကဲတော်မူမည်။ တိုက်ပွဲတိုင်း၌ အသက်ဦးလည် မငဲ့မကွက် ရဲရင့်စွာ အမှုတော်ထမ်းခဲ့ကြသော ငါ၏ရဲမက်များ၏သတ္တိပြောင်မြောက်ခြင်းကြောင့် ရန်သူတို့ အအုပ်အစည်းအကွပ်အညှပ်ပျက်ချေက ငါသည် ဤသံစခ်ကတဲနန်းမှပင် ကွပ်ကဲတော်မူမည်။ သို့မဟုတ်မူ၍ ငါတို့ပွဲလမ်းရရေး သံသယဖြစ်ဖွယ်ရှိက ရန်သူ မီးပေါက်အမြောက်သေနတ် မည်မျှသည်းထန်စွာ ပစ်လွှတ်သည်ဖြစ်စေ အသက်ခန္ဓာကိုပင် ပမာမထား၊



www.burmeseclassic.com

ငါကိုယ်တော်တိုင် တင်းတင်းကျပ်ကျပ်မရပ်မဆိုင်း အလျင်အဆော လုပ်ကြံ သိမ်းယူမည်။ ယနေ့ကား ငါတို့လူမျိုးနှင့် နိုင်ငံ၏ဘုန်းလက်ရုံးတေဇောကို ကြာနှယ်တင့်စေသော ပြင်သစ်ခြေလျင် တပ်တော်ကြီး၏ ဂုဏ်သိက္ခာကို အဆုံးအဖြတ်ပြုမည့်နေ့ ဖြစ်သည်။ ဤနေ့ဤရက် ငါတို့ပွဲလမ်းရရေးကိစ္စ၌ တွေဝေဆုတ်ဆိုင်းခြင်း အဖြစ်မခံနိုင်ပြီ။

'ဒဏ်ရာရသူတို့ကို ရွှေ့ပြောင်းသယ်ဆောင်ရန်အတွက် စစ်ကြောင်းရွှေ့ပေးရန် စကား ကမ်းလှမ်းလာသည့်တိုင် စစ်ကြောင်းကို ပြောင်းရွှေ့မပေးလေနှင့်။ ယနေ့ကား ငါတို့လူမျိုးအပေါ်တွင် ရန်ငြိုးသိုလျက်ရှိ၍ အင်္ဂလိပ်၏ကြေးစားကျွန်တော်မျိုးဖြစ်သား ရုရှားတပ်တို့ကို သုတ်သင် ချေမှုန်းမည့်နေ့တကားဟု စွဲမှတ်ထားကြစေ။ ဤတိုက်ပွဲ၌ ငါတို့ပွဲလမ်းရက ငါတို့သည် ရှေ့သို့ ဆက်လက်ချီတက်ခြင်း မပြုသေးမူ၍ တပ်စခန်းများတွင် ရပ်နားကာ ဆောင်းခိုမည်။ ထိုသို့ ဆောင်းခိုရင်း ပြင်သစ်နိုင်ငံတွင် အသစ်ထပ်မံ စုဆောင်းလျက်ရှိသော စစ်ထောက်စစ်ကူများနှင့် စစ်သည် ရဲမက်အင်အားဖြည့်မည်။ ငါချုပ်ဆိုအပ်သော ငြိမ်းချမ်းရေးသည် ငါ့လူမျိုး၏ဂုဏ်သိက္ခာ၊ ငါ့စစ်သည်ရဲမက်များ၏ ဂုဏ်သိက္ခာနှင့်တကွ ကိုယ်တော်တိုင်၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ငြိမ်းချမ်းရေးမျိုးသာဖြစ်ကြောင်း သိစေအပ် သည်၊ အမိန့်တော်'

**နပိုလီယန်**

## အခန်း–၁၄

နံနက်ငါးချက်တီးဖြစ်သော်လည်း ပိန်းပိတ်အောင် မှောင်လျက်ပင် ရှိသေး၏။ ဗဟိုစစ်ကြောင်းမှတပ်များ အရန်တပ်များနှင့် လယ်ယာတောင်ပံမှ မင်းသားကြီးဘာဂရေးရှင်း၏ တပ်များကား လှုပ်ရှားခြင်းမပြုကြသေးချေ။ သို့ရာတွင် စီမံကိန်းအရ ပြင်သစ်စစ်ကြောင်း လက်ယာတောင်ပံကို ဘိုးဟီးမီးယန်း တောင်တန်းများဘက်သို့ မောင်းထုတ်ရန် အလို့ငှာ မြေပြန့်သို့ပထမဆုံးဆင်းရမည့် ရုရှားလက်ဝဲတောင်ပံမှခြေလျင်တပ်၊ မြင်းတပ်၊ အမြောက်တပ်စသည့် စစ်ကြောင်းများကား လှုပ်လှုပ်ရွရွပြင်ဆင်လျက်ရှိကြလေပြီ။ ထိုတပ်များက အသုံးမလိုသော ပစ္စည်းမှန်သမျှကို စခန်းမီးပုံများထဲသို့ ပစ်ချလျက်ရှိကြခြင်းကြောင့် မီးခိုးများအူလျက်ရှိသဖြင့် မျက်လုံးများ ကျိန်းစက်လျက်ရှိကြ၏။ နံနက်ခင်းသည် ခိုက်ခိုက်တုန်အေးမြကာ မှောင်မည်းလျက်ရှိ၏။ တပ်မိုလ်များမှာ လက်ဖက်ရည် ကပျာကသီသောက်သူသောက် နံနက်စာစားသူစားဖြင့် ရှိကြ၏။ တပ်သားများက မုန့်ကြွပ်များကို ဝါးသူဝါး၊ အအေးဒဏ်ပြေပျောက်စိမ့်သောငှာ တဖုန်းဖုန်းခုန်ပေါက်လျက်ရှိသူရှိ ဖြစ်နေကြ၏။ အချို့ကလည်း မီးပုံများဘေးတွင်ဝိုင်းအုံကာ မိမိတို့ သယ်ယူနိုင်ခြင်း မပြုနိုင်သော်လည်းကောင်း၊ အသုံးမလိုတော့၍လည်းကောင်း ကျန်ရှိနေသည့် ပစ္စည်းများနှင့်တကွ တဲစခန်းများ၊ ကုလားထိုင်များ၊ စားပွဲများ၊ ဘီးများ၊ စည်ပိုင်းများ၊ အကျိုးအပဲ့အစအနများကို မီးပုံထဲသို့ ပစ်ထည့်လျက်ရှိကြ၏။ သြစတြီးယားလမ်းပြတပ်သားများကား ရုရှားတပ်သားများကြားထဲတွင် ဝင်ချည်ထွက်ချည်ပြုလျက်ရှိကြ၏။ တပ်မကြီးများ ချီတက်ခြင်းပြုရာ၌ ရှေ့ပြေးကင်းစမ်းတပ်များအဖြစ် ဆောင်ရွက်လျက်ရှိ၏။ သြစတြီးယားတပ်မိုလ်တစ်ယောက် ရုရှားတပ်မှူးတစ်ဦး၏ စခန်းနားတွင် ရောက်လာပြီးသည့်နောက် မရှေးမနှောင်းမှာပင် တပ်များသည် စတင်လှုပ်ရှားလာတတ်ကြ၏။ တပ်သားများသည် မီးပုံများအနီးမှ ပြေးလာကာ ဆေးတံများကို စစ်ဖိနပ်ကြားထဲသို့ ထိုးလိုက်ကြ၍ အိတ်များကို ဝန်တင်လှည်းများပေါ်သို့ ပစ်တင်လိုက်ကြပြီးနောက် ကျည်ထိုးသေနတ်များကို ကိုင်လျက် တန်းစီလိုက်ကြသည်။ တပ်မိုလ်များသည် အင်္ကျီ ကြယ်သီးများကိုတပ်၍ အိတ်များနှင့် ဓားလွယ်များကို ခါးပတ်တွင်ချိတ်ကာ တန်းစီလျက်ရှိသော တပ်သားများရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် အော်ဟစ်အမိန့် ပေးနေကြ၏။ ဝန်တင်လှည်းမောင်း တပ်သားများနှင့် တပ်လုလင်များသည် ထုပ်ပိုးပြင်ဆင်ကာ လှည်းများတွင် မြင်း ကပြီးနောက် ဝန်စည်စလှယ်များကို တုပ်နှောင်လျက်ရှိကြ၏။ တပ်ရေးဗိုလ်များ၊ တပ်ခွဲမှူးများ၊ တပ်ရင်းမှူးများသည်လည်း မိမိတို့မြင်းများပေါ်သို့ အသီးသီးတက်လိုက်ကြ၍ လက်ယှက်ဆုတောင်းလိုက်ကြပြီးနောက် ဝန်တင်တပ်များကို ညွှန်ကြားချက်များ အမိန့်ပေးလျက်ရှိကြ၏။ ထို့နောက်၌ကား ထောင်ပေါင်းများစွာသော



www.burmeseclassic.com

www.burmeseclassic.com


ခြေထောက်များ မြေကြီးပေါ်သို့ ကျသံများသည် ငြီးငွေ့ဖွယ် ကောင်းလောက်အောင် ပုံတင်ရိုက်ခတ်လျက် ထွက်ပေါ်လာလေသည်။ တပ်များ သည် မည်သည့်ဒေသသို့သွားမည်ဟု မသိကြဘဲ ရှေ့သို့သာ ချီတက်လာခဲ့ကြ၏။ မိမိတို့ ဘေးပတ်ဝန်းကျင်မှ တပ်သားထုများ၊ မီးခိုးများ၊ ထူထပ်စွာကျရောက်လျက်ရှိသော နှင်းမှုန်များကြောင့် ၎င်းတို့သည် မိမိတို့ထွက်ခွာလာခဲ့သည့် နေရာကိုသော်လည်းကောင်း၊ မိမိတို့ရှေ့ရှုလျက်ရှိသော နေရာကိုသော်လည်းကောင်း မမြင်ရဘဲ စမ်းတဝါးဝါး ချီတက်လာခဲ့ကြလေသည်။

စစ်ချီရာသို့ လိုက်ပါလာရသော စစ်သားတစ်ယောက်သည် သင်္ဘောသားတစ်ယောက်နှင့် တူလေသည်။ သင်္ဘောသားသည် မိမိသင်္ဘော၏ ပတ်ဝန်းကျင်မှအပ အခြားမည်သည့်နေရာကိုမျှ မမြင်ရဘဲ သင်္ဘောသယ်ဆောင်ရာသို့ လိုက်ပါလာရသကဲ့ စစ်သားသည်လည်း မိမိစစ်တပ်ကြီး၏ ပတ်ဝန်းကျင်ကိုသာ မြင်ရလျက် စစ်တပ်ကြီး သယ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရသည်သာ ဖြစ်၏။ သင်္ဘောသားတစ်ယောက်၏ ပတ်ဝန်းကျင်၌ ပြောင်းလဲခြင်းမရှိသော ကုန်းပတ်၊ ရွက်တိုင်များနှင့်တကွ ရွက်တိုင်ကြီးများသာလျှင် ရှိသကဲ့သို့ စစ်ချီရာသို့ လိုက်ပါလာရသည့် စစ်သားတစ်ယောက်၏အနီး၌လည်း ပြောင်းလဲခြင်းမရှိသော ရဲဘော်ရဲဘက်များ၊ တပ်သားတန်းကြီးများ၊ မိမိတို့အုပ်ချုပ်လိုက်ပါလာသော တပ်ကြပ်ကြီးများ၊ တပ်ခွဲတွင် မွေးထားသော ခွေးငယ်ကလေးများနှင့် တပ်မှူးများ စသည့်ပြောင်းလဲခြင်းမရှိသော ရှုခင်းကိုသာ မြင်တွေ့နေရ၏။ သင်္ဘောသားသည် မိမိ၏သင်္ဘော မည်သည့်လတ္တီကျူမျဉ်းကြောင်းတွင် ရွက်လွှင့်ခုတ်မောင်းနေခြင်းကို မသိသကဲ့သို့ စစ်တပ်ကြီးတစ်တပ်အတွင်း၌ တပ်သားများသည်လည်း မိမိတို့မည်သည့်နေရာသို့ ချီတက်၍ မည်သည့်အချိန်တွင် ဆိုက်ရောက်မည်ဆိုသည်ကို မသိကြချေ။ သို့ရာတွင် တိုက်ပွဲဖြစ်ပွားသည့်နေ့၌ကား (ဤသည်မှာလည်း မည်သည့်နေ့ မည်သည့်နေရာဆိုခြင်းကို ဘုရားသခင်မှသာ သိနိုင်ပါလိမ့်မည်။) ၎င်းတို့၏စိတ်ထဲ၌ ရင်ဖိုသည်းထိတ်စဖွယ်ကောင်းသော တိုက်စည်တိုက်မောင်းသံ၊ ပစ်ခတ်သံတို့ကို ကြားယောင်လာတတ်ကြလေသည်။ ထိုအသံတို့သည် စစ်တပ်ကြီးတစ်တပ်၏ စိတ်၌ အလိုလိုမြည်ဟည်းလာလျက် 'အို သွေးသောက်တို့ ရဲစွမ်းသတ္တိကို ပြကြကုန်လော့၊ သေရေးရှင်ရေးကို ဆုံးဖြတ်မည့်တိုက်ပွဲကြီး တစ်ပွဲကား နီးကပ်လာချေပြီ'ဟု တပ်လှန့်နှိုးဆော်နေသကဲ့သို့ရှိကာ တပ်သားတို့၏ စိတ်ထဲတွင် ကိန်းဝပ်နေသော သိလိုစိတ်၊ စူးစမ်းလိုစိတ်တို့ကို နှိုးဆွပေးနေသကဲ့သို့ ရှိလေသည်။ တိုက်ပွဲဖြစ်ပွားသည့်နေ့၌ စစ်သားများသည် တုန်လှုပ်ချောက်ချားစွာဖြင့် မိမိတို့တပ်ရင်း၏အပမှဖြစ်သော အခြင်းအရာတို့ကို လှမ်းမျှော်ကြည့်ကြ၏။ ထိုအပမှဖြစ်သောအသံတို့ကို စိတ်ဝင်စားစွာ နားထောင်ကြ၏။ ထိုအပမှဖြစ်သော ပတ်ဝန်းကျင်ကို မျှော်ကြည့်ကြ၏။ မိမိတို့ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အခြင်းအရာများနှင့် စပ်လျဉ်း၍ ထက်သန်စွာ မေးမြန်းကြ၏။ ဤကား တိုက်ပွဲမတိုက်မီ စစ်သားတို့၏ တွေ့ကြုံရမြဲ ဓမ္မတာ ဖြစ်လေသည်။

အလင်းရောင်ပျိုးလာပြီးဖြစ်သော်လည်း နှင်းမှုန်များသည် ပို၍ထူထပ်စွာ ကျရောက်လျက်ရှိလေသည်။ ရှေ့တွင် ဝါးတစ်ရိုက်ခန့်မျှသာ လှမ်းမြင်ရ၏။ ချုံပုတ်များသည် သစ်ပင်ကြီးများသဏ္ဌာန်ဖြစ်လျက်ရှိကြ၏။ မြေပြင်သည်လည်း ကမ္ဘာစောက်များ၊ ဆင်ခြေလျှောများသဖွယ် ထင်မှတ်ရ၏။ ထိုအချိန်၌ ရန်သူသည် မည်သည့်နေရာကမဆို ဘွားခနဲ ပေါ်လာနိုင်ပေသည်။ သို့ရာတွင် စစ်ကြောင်းများကား တဖွဲဖွဲကျလျက်ရှိသော နှင်းမှုန်များထဲ၌ တစ်တောဝင်၊ တစ်တောထွက်၊ တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် မိမိတို့မရောက်ဖူးသော နယ်စိမ်းထဲတွင် ဆက်လက်ချီတက် လာခဲ့ကြ၏။ ရန်သူတို့ကား မတွေ့ရသေးချေ။ ထိုမျှမက မိမိတို့၏ ရှေ့နောက်ဝဲယာတို့တွင်လည်း အလားတူ ရုရှား စစ်ကြောင်းများ ချီတက်လျက်ရှိခြင်းကို သိရလေသည်။ ဤတွင် မိမိတို့နှင့်အတူ လိုက်ပါချီတက်လာကြသော တပ်များကို မြင်သည့်အတွက် အားတက်လာကြလေသည်။

"ဟော့ ဟိုတက်ကလဲ စစ်ကြောင်းတစ်ကြောင်းကွ" ဟု တစ်ယောက်ကိုတစ်ယောက် တီးတိုးပြောမိကြသည်။

"တို့လူတွေ တော်တော်များသားကွ၊ မနေ့ညကလဲ ကွာ စခန်းမီးပုံတွေဟာ တို့တပ်စခန်းတစ်လျှောက်မှာ နည်းတာတွေ မဟုတ်ပါဘူး၊ မော်စကိုမြို့ ပွဲတော်ချိန်ကျနေတာပဲ"

တပ်မှူးများသည် မိမိတို့တပ်သားများထံ လာရောက်အားပေးခြင်းမပြုသော်လည်း (အမှန်အားဖြင့် တပ်မှူး


www.burmeseclassic.com

များမှစ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးတုန်းက ကဲ့သို့ပင် ကြည်သာရွှင်ပျခြင်းမရှိဘဲ စစ်ချီတက်သည့်ကိစ္စကို မကျေနပ်လျက်ရှိလေရာ တပ်သားများကို အားပေးခြင်း မပြုကြတော့။ မင်းတိုင်းကျေမှုသာ ဆောင်ရွက်လျက်ရှိကြသည်။) တပ်သားများကား တိုက်ပွဲသို့သွားရသည့်အထဲ၌ မိမိတို့က ထိုးစစ်ဆင်ရမည်ဖြစ်သဖြင့် မြူးလျက်ရှိကြ၏။ သို့ဖြင့် ထူထပ်စွာ ကျလျက်ရှိသည့် နှင်းတောထဲတွင် တစ်နာရီခန့်လျှောက်လာမိသောအခါ ရှေ့က တပ်များမှ မည်သည့်အကြောင်းကြောင့်ဟူ၍ မသိရဘဲ တန့်သွားကြ၏။ ထိုအခါ၌ လမ်းများလေပြီလောဟု တွေးမိကာ အားလုံးပင် ထင့်ခနဲဖြစ်သွားကြ၏။ ထိုအတွေးသည် မည်သို့မည်ပုံ တစ်ယောက်မှ တစ်ယောက်သို့ ကူးစက်သွားသည်ကို ဖော်ပြရန်မှာ ခက်ခဲလှသော်လည်း ချောင်းတစ်ခုထဲ၌ စီးဆင်းလျက်ရှိသော ရေအလျဉ်သည် တဖြည်းဖြည်း စီးဆင်းသွားသကဲ့သို့ ထိုအတွေးသည်လည်း မသိမသာ လျင်မြန်စွာ ကူးစက်သွားလေသည်။ အကယ်၍သာ ဤနေရာတွင် အခြားမဟာမိတ်တပ်ဖွဲ့များမပါဘဲ ရုရှားတပ်များချည်းသာ ဖြစ်ခဲ့ပါမူ ဤသို့မှားမည်ဟု ထင်ကောင်းမှ ထင်ကြမည်ဖြစ်သော်လည်း ယခုမူကား အမှားဟူသမျှအတွက် ဂျာမန်များအား (ထိုတိုက်ပွဲတွင် ရုရှားတပ်သားများက သြစတြီးယား၊ ပိုလန်စသည့် မဟာမိတ်တပ်များကို ဂျာမန်ဟု သိမ်းကျုံးခေါ်ကြ၏။) အပြစ်ဖို့မြဲ ထုံးစံအတိုင်း ယခုကဲ့သို့ အကြာကြီးရပ်တန့်နေရခြင်းမှာ 'ဝက်အူချောင်းစား ဂျာမန်များ' ကြောင့်ဟု လွယ်လွယ်နှင့် အပြစ်ဖို့လိုက်ကြလေသည်။

"ဟေ့ ဘာဖြစ်လို့ရပ်နေတာလဲကွ၊ လမ်းပိတ်နေလို့လား၊ ပြင်သစ်ကောင်တွေနဲ့တွေ့ပြီး တိုက်ပွဲဖြစ်နေလို့လား ဟေ့"

"ဟေ့ ဘာတွေပြောနေကြတာလဲကွ၊ မကြားရဘူး၊ ဒီလိုသာ အကြာကြီးရပ်နေရရင် မင်းတို့အဘတွေက လာပြီး ပစ်ထည့်ကုန်လိမ့်မယ်"

"မအေပေးတွေ၊ တပ်ထွက်တုန်းကတော့ ကပျာကယာထွက်ပြီး ခုတော့ ဘာမှန်းမသိညာမှန်းမသိနဲ့ တောထဲမှာ အရပ်ခိုင်းထားတယ်၊ ခွေးသား ဂျာမန်တွေကြောင့် ဒီလိုဖြစ်ကုန်တာပဲ၊ မအေပေးတွေ"

"တကယ်ပဲကွာ ဒီမအေပေးတွေကို တပ်ဦးပို့လိုက်ချင်တယ်၊ ခုတော့ သူတို့က ဘယ်ကြောက်ပါ့မလဲ၊ တပ်နောက်ဖျားမှာ အေးအေးဆေးဆေး လိုက်လာရတာကိုး၊ ချီးတဲ့ ဆာလှပြီ"

"ဟိတ် တော်တော်ကြာရင် လမ်းရှင်းတော့မယ်ကွ၊ ရှေ့ကမြင်းတပ်ကြောင့် လမ်းပိတ်နေလို့တဲ့"ဟု တပ်ဗိုလ်တစ်ယောက်က လှမ်းပြောလိုက်၏။

"မအေပေးတဲ့ဂျာမန်တွေ၊ ကိုယ့်တိုင်းပြည်ထဲမှာ ဘယ်နေရာ ဘာရှိတယ်ဆိုတာ မသိဘူးလား"ဟု တစ်ယောက်က အော်သည်။

တပ်ရေးဗိုလ်တစ်ယောက်က မြင်းစီးလာရင်း လှမ်းမေးလိုက်သည်။

"ဟေ့ ဒီတပ်မ ဘာတပ်မလဲ"

"အမှတ် ၁၈ တပ်မကြီးပါ"

"မင်းအဘလားကွ၊ အမှတ် ၁၈ တပ်မကြီးက ရှေ့တက်သွားကြတာ ကြာလှပြီ၊ မင်းက ခုမှ ဒီနားမှာပဲရှိသေးသလား၊ သွား မီအောင်လိုက်၊ ခွေးသား ညနေကျမှ ကိုယ့်တပ်ကို ပြန်ရောက်တော့မှာပဲ"

"တပ်ထွက်အမိန့်ကလဲကွာ ယမ်းပေးတာပဲ၊ ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့ ဘာလုပ်နေမှန်းကော သိမှသိကြရဲ့လား မသိဘူး"

တပ်ဗိုလ်တစ်ယောက်သည် ညည်းညူကာ မြင်းကို ဆက်၍ စီးသွားသည်။

ထို့နောက် ဗိုလ်ချုပ်တစ်ယောက်သည် ရုရှားဘာသာစကားမဟုတ်ဘဲ အခြားဘာသာတစ်ခုဖြင့် တစ်စုံတစ်ခုကို ဒေါသထွက်စွာ အော်ဟစ်လျက် မြင်းစီးသွားလေသည်။

"ဟေ့ ဘာတွေပြောသွားတာလဲကွ၊ မင်းပြောတာတွေ တို့မှ နားမလည်ဘဲ ဘာလုပ်ရမှာလဲ၊ နောက်ကနေ လှမ်းပစ်ချလိုက်ပြန်ရော့မယ်ကွ၊ ချီး"တပ်သားတစ်ယောက်က ဗိုလ်ချုပ်အော်ဟစ်သကဲ့သို့ ပြောင်း၍အော်ပြရင်း ပြောလိုက်၏။

"ဟင်း ငါ့လခွီးလိုမှပဲ၊ ကိုးချက်တီးအရောက် ချီရမယ်လို့လ ပြောသေးတယ်၊ ခုထိတစ်ဝက်တောင် မရောက်သေးဘူး၊ နိပ်ပေ့ကွာ"ဟူသော ပြောသံများ ထွက်ပေါ်လာပြန်သည်။

တပ်သားများကား စောစောက တက်ကြွမြူးထူးနေကြသလောက် ယခုအချိန်၌မူကား ညှိုးဖျင်းလှသော အစီ



www.burmeseclassic.com

www.burmeseclassic.com


အစဉ်နှင့်တကွ ဂျာမန်များကို ဒေါပွလျက်ရှိကြလေသည်။

ခြေလျင်တပ်များ ရပ်တန့်နေရသည့် အကြောင်းကား ဤသို့တည်း။ ဩစတြီးယားမြင်းတပ်သည် ရုရှားစစ်ကြောင်း၏ လက်ဝဲတောင်ပံသို့ ဖြတ်ကူးသွားသည်တွင် ရုရှားတပ်များ၏ ဗဟိုချက်မစစ်ကြောင်းနှင့် လက်ယာတောင်ပံသည် အဆက်ပြတ်ကာ တကွဲတပြား ဖြစ်သွား၏။ ဤတွင် စစ်ဗျူဟာမှူးများက ဩစတြီးယားမြင်းတပ်များကို လယ်ယာတောင်ပံသို့ ပြန်ကူးလာရန် အမိန့်ထုတ်လိုက်၏။ ဤတွင် ထောင်ပေါင်းများစွာပါသော ဩစတြီးယားမြင်း တပ်သည် ဆက်လက်ချီတက်ခြင်း မပြုနိုင်တော့ဘဲ ရပ်နေရခြင်း ဖြစ်လေသည်။

တပ်ဦး၌ကား ထိုကိစ္စကြောင့် ဩစတြီးယားလမ်းပြတပ်ဗိုလ်တစ်ဦးနှင့် ရုရှားခြေလျင်တပ်ဗိုလ်ချုပ် တစ်ယောက်တို့ စကားများလျက် ရှိကြလေပြီ။ ရုရှားဗိုလ်ချုပ်က ဩစတြီးယား မြင်းတပ်ကိုအရပ်ခိုင်း၍ ၎င်း၏ ခြေလျင်တပ်ကို အလျင်ချီတက်စေလို၏။ ဤတွင် ဩစတြီးယားလမ်းပြမြင်းတပ်ဗိုလ်ကလည်း ဤသည်မှာ မိမိတွင် တာဝန်မရှိကြောင်း စစ်ဗျူဟာဌာနချုပ်၏ အမိန့်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိ၏။ ရုရှားခြေလျင်တပ်များကား ရှေ့မှ ဩစတြီးယားမြင်းတပ်ကြီးက လမ်းပိတ်၍ ကန့်လန့်ဖြတ်ကူးလျက်ရှိသည့်အလျောက် ကြာရှည်စောင့်ဆိုင်းနေရသဖြင့် ထိန်းမနိုင်သိမ်းမရဖြစ်ကာ စိတ်ဓာတ်ကျဆင်းလျက်ရှိလေပြီ။ တောင်ထိပ်၌ နှင်းမှုန်းတို့ကွဲစပြုပြီဖြစ်သော်လည်း တပ်များလိုမ့်ဆင်းလျက်ရှိသည့် မြေပြန့်၌ကား နှင်းမှုန်များသည် ထူသည်ထက် ထူလာခဲ့လေပြီ။ ထိုအခိုက် တဝေဝေကျဆင်းလျက်ရှိသော နှင်းမှုန်များအကြားရှေ့ဆီမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ နောက်တစ်ချက် ထွက်ပေါ်လာပြန်၏။ ပထမသော် ဒက်ဒက် ဒက် ဒက်ဟူသော သေနတ်သံသည် ကြိုးကြဲထွက်ပေါ်လာ၏။ ခဏအကြာ၌ကား သေနတ်သံများသည် တရစပ်ထွက်ပေါ်လာခဲ့လေပြီ။ ရုရှားစစ်ကြောင်းတပ်ဦးနှင့် ရန်သူတို့ ဂိုးလဘတ်ချောင်းစပ်တွင် တိုက်ပွဲစတင် ဖြစ်ပွားလျက်ရှိလေပြီ။

ရန်သူသည် ချောင်းရိုးတစ်လျှောက်မှ ဆင်းလာလိမ့်မည်ဟု ရုရှားတို့မျှော်လင့်မထားခဲ့ချေ။ ရန်သူက ချောင်းရိုးကလေးတစ်လျှောက် နှင်းတောထဲမှ ဘွားခနဲ ပေါ်လာသည့်အခါ၌ကား ရုရှားစစ်ကြောင်းသည် တပ်များကို ဖြန့်ချိန်လည်မရ၊ တပ်မှူးများထံမှ အားတက်ဖွယ်စကားလည်း မကြားရ၊ ထူထပ်စွာကျရောက်လျက်ရှိသည့် နှင်းမှုန်များထဲ၌ မည်သည့်အရာကိုမျှလည်း သဲကွဲစွာမမြင်ရသည့်အလျောက် ရုရှားတပ်များသည် ကစင့်ကရဲဖြင့် ပစ်မိပစ်ရာကို ပစ်ခတ်လျက်ရှိကြ၏။ ရုရှားစစ်ကြောင်းသည် ရှေ့တက်သွားချည် ပြန်ဆုတ်လာချည် ဖြစ်လျက်ရှိကြ၏။ တပ်မှူးများ၊ တပ်ရေးများသည် ကျွမ်းကျင်ခြင်းမရှိသောနယ်မြေ မည်သည့်အရာကိုမျှ သဲကွဲစွာမမြင်ရသော နှင်းထုကြီးထဲ၌ မိမိတို့ဆိုင်ရာတပ်ရင်းကို ရှာမတွေ့နိုင်ဘဲဖြစ်လျက်ရှိကြသဖြင့် တပ်များကို အချိန်မီအမိန့်ပေးခြင်းမပြုနိုင်ကြတော့ချေ။ ဤသို့ဖြင့် မြေပြန့်သို့ရောက်သွားသော ပထမစစ်ကြောင်း၊ ဒုတိယစစ်ကြောင်း၊ နောက်တတိယစစ်ကြောင်း စသည်တို့သည် အဆင်သင့်စောင့်နေသော ရန်သူများနှင့် ပက်ပင်းတိုးကာ တိုက်ပွဲဖြစ်ပွားလျက် ရှိလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ် လိုက်ပါလာသည့် စတုတ္ထစစ်ကြောင်းကား ပရတ်ဇင်တောင်ရိုးပေါ်မှ မဆင်းရသေးချေ။

တိုက်ပွဲစတင်ဖြစ်ပွားလျက်ရှိသည့် မြေပြန့်၌ကား နှင်းမှုန်တို့သည် ထူထပ်စွာကျရောက်လျက်ရှိဆဲပင်ဖြစ်၏။ တောင်ခုလတ်၌ နှင့်မှုန်တို့ ကွဲစပြုပြီ။ ရှေ့မြေပြန့်တစ်ဝိုက်တွင်မူ မည်သည့်အရာကိုမျှ မမြင်ရသေးချေ။ ရန်သူတပ်များသည် မိမိတို့ယူဆထားသည့်အတိုင်း ခြောက်မိုင်အကွာတွင် ရှိသလော။ သို့တည်းမဟုတ် ပင်လယ်သမုဒ္ဒရာကြီးသမျှ အပြောကျယ်လှသော နှင်းထုကြီးထဲတွင် ပျောက်ကွယ်နေသလော။ မည်သူမျှ မသိရသေးချေ။

အချိန်မှာ နံနက်ကိုးချက်တီးရှိပြီဖြစ်၏။ မြေပြန့်တွင်ကား နှင်းမှုန်တို့သည် ပင်လယ်ကြီးကဲ့သို့ တစ်ပြင်တည်းရှိနေ၏။ သို့ရာတွင် ဗိုလ်ချုပ်များနှင့်အတူ နပိုလီယန်တပ်စွဲလျက်ရှိသော တောင်ရိုးပေါ်ရှိ ရှာလပ်ပနစ်ရွာတစ်ဝိုက်၌ကား နေရောင်လက်လျက်ရှိလေပြီ။ ကောင်းကင်သည် ပြာလွင်လျက်ရှိကာ ဆီးနှင်းတို့ကင်းစင်လျက်ရှိ၏။ အရှေ့ဘက်ဆီ၌ ရဲရဲနီသောနေလုံးကြီးသည် နို့နှစ်ရောင်ထနေသော နှင်းမှုန်ပင်လယ်ပြင်ကြီးပေါ်၌ တငြိမ့်ငြိမ့်မျောလျက်ရှိသည်ဟု ထင်ရ၏။ နပိုလီယန်နှင့်တကွ သူ၏စစ်ဦးစီးအဖွဲ့အပါအဝင် ပြင်သစ်စစ်တပ်ကြီးတစ်ခုလုံးမှာ ဂိုးလဘတ်ချောင်းကိုဖြတ်သွားခဲ့ကာ ရှာလပ်ပနစ်ရွာအနီး ချောင်း


www.burmeseclassic.com

ကွေ့တွင် တစ်ချက်၊ ဆိုကိုနစ်ရွာအနီးရှိ ချောင်းကွေ့တွင် တစ်ချက်၊ နှစ်ချက် တပ်စွဲထားကြ၏။ စင်စစ်၌ ထိုနေရာများမှာ ရုရှားတပ်များက ဦးအောင်သိမ်းပိုက်တပ်စွဲ၍ ခြေကပ်စခန်းပြုရန် ရည်မှန်းထားသော နေရာများဖြစ်၏။ သို့ရာတွင် ရုရှားတပ်များမရောက်မီ နပိုလီယန်၏တပ်များက အလျင်သိမ်းပိုက်၍ တပ်စွဲထားခဲ့လေပြီ။ ရုရှားတပ်သားများအနက် မည်သည့်တပ်သည် ခြေလျင်တပ်၊ မည်သည့်တပ်သည် မြင်းတပ်စသဖြင့် သာမန်မျက်စိဖြင့်ပင် ခွဲခြားသိနိုင်သော အနေအထားကို ရနေလေပြီ။ နပိုလီယန်သည် အီတလီတိုက်ပွဲတုန်းက ဝတ်ဆင်ခဲ့သော အပြာရောင်ဝတ်ရုံကြီးကိုခြုံလျက် အာရပ်မြင်းကြီးကိုစီးကာ မိမိ၏ဗိုလ်ချုပ်များရှေ့ခပ်ကျကျတွင်ရပ်လျက်ရှိ၏။ နပိုလီယန်သည် နှင်းမှုန်ပင်လယ်ကြီးထဲမှ ဘွားခနဲပေါ်ထွက်လာသော တောင်များပေါ်၌ ရုရှားတပ်များ ချီတက်လှုပ်ရှားနေကြသည်ကို တိတ်ဆိတ်စွာ ငေးကြည့်လျက်ရှိပြီး တောင်ကြားမြေပြန့်ဆီမှ ပစ်ခတ်သံများကို နားထောင်လျက်ရှိ၏။ ထိုစဉ်က နပိုလီယန်မှာ ခပ်ပိန်ပိန်ပါးပါးမျှသာ ရှိသေး၏။ ၎င်း၏မျက်နှာမှ အကြောအခြင်များသည် လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်လျက်ရှိကြ၏။ ၎င်း၏ စူးရှတောက်ပြောင်လျက်ရှိသော မျက်လုံးများသည် တစ်နေရာတည်းကိုသာ စူးစိုက်လျက်ရှိကြ၏။ နပိုလီယန်၏တွက်ကိန်းသည် သွေးထွက်အောင် မှန်ခဲ့လေပြီ။ ၎င်းတွက်ချက်ထားသည့်အတိုင်း ရုရှားတပ်အချို့သည် ကန်များ၊ အင်းအိုင်များရှိရာ မြေပြန့်သို့ လိမ့်ဆင်းလာလျက် အချို့တပ်များကား သော့ချက်အကျဆုံးနေရာဖြစ်၍ မိမိက တိုက်စစ်ဆင်မည်ဟု ရည်ရွယ်ထားသော ပရတ်ဇင်တောင်ရိုးမှ ဆင်းလျက်ရှိကြပေပြီ။ ပရတ်ဇင်ရွာအနီ တောင်နှစ်လုံးကြား ချိုင့်ဝှမ်းထဲ၌ ရုရှားတပ်များသည် လှံစွပ်ရောင်တပြောင်ပြောင်ဖြင့် မြေပြန့်ဆီသို့ အဆက်မပြတ် ဆင်းနေကြခြင်းကို နှင်းမှုန်များကြားမှ မြင်ရလေသည်။ ယမန်နေ့ညနေကရသော သတင်းများအရလည်းကောင်း၊ ယမန်နေ့ည ရုရှားရှေ့ပြေးကင်းစခန်းများဆီမှ ကြားရသော ဝန်တင်လှည်းဘီးသံများနှင့် လှုပ်ရှားသံများအရ လည်းကောင်း၊ ရုရှားစစ်ကြောင်းများ၏ ဖရိုဖရဲလှုပ်ရှားသံများအရလည်းကောင်း၊ အကြောင်းကြောင်းကို ထောက်ချင့်ခြင်းအားဖြင့် ရုရှားနှင့် ဩစတြီးယားတပ်များသည် ဤအနီးတစ်ဝိုက်သို့ မိမိတပ်ရောက်ရှိမလာနိုင်သေးဟု ယူဆထားဟန်ရှိကြခြင်း ပရတ်ဇင်ရွာအနီးတစ်ဝိုက်တွင် လှုပ်ရှားလျက်ရှိကြသည့် တပ်များမှာ ရုရှားစစ်တပ်ကြီး၏ ဗဟိုစစ်ကြောင်းမှတပ်များဖြစ်၍ ထိုတပ်များမှာလည်း မိမိက အလွယ်တကူနှင့် အောင်မြင်နိုင်လောက်အောင် အင်အားနည်းလျက်ရှိခြင်း စသည့်အခြင်းအရာတို့ကို နပိုလီယန် ကောင်းစွာသိမြင်ခဲ့လေပြီ။ သို့တိုင်အောင် နပိုလီယန်ကား ၎င်း၏ထိုးစစ်ကို စတင်ဆင်နွှဲခြင်းမပြုသေးချေ။

ယနေ့ကား နပိုလီယန်အဖို့ မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ကြီးပေတည်း။ ယနေ့သည် မင်းဧကရာဇ်အဖြစ် ရာဇာဘိသေကခံယူခဲ့သော တစ်နှစ်မြောက်နေ့ကြီး မဟုတ်ပါလော။ နပိုလီယန်သည် အရုဏ်မတက်မီကလေး၌ တစ်ရေးအိပ်စက်ခဲ့ပြီးနောက် တစ်ကိုယ်လုံး ပေါ့ပါးဖျတ်လတ်လျက်ရှိကား စိတ်သည်လည်း ကြည်လင်ရွှင်ပျလျက်ရှိ၏။ နပိုလီယန်သည် မြင်းပေါ်သို့တက်၍ လောကတွင် မဖြစ်နိုင်သောအရာသည်မရှိ၊ မအောင်မြင်နိုင်သောအရာသည်မရှိဟူသော ရွှင်လန်းသည့်စိတ်၊ တက်ကြွသည့်အားမာန်အပြည့်ဖြင့် စစ်မြေပြင်သို့ ချီတက်ခဲ့လေသည်။ နပိုလီယန်သည် တစ်နေရာ၌ မလှုပ်မရှက်ထိုင်၍ နှင်းမှုန်များကြားမှ ပြူထွက်လာသော ပရတ်ဇင်တောင်ရိုးကို ငေးစိုက်ကြည့်လျက်ရှိ၏။ ၎င်း၏ ထိတ်လန့်တုန်လှုပ်ခြင်းကင်းမဲ့သော မျက်နှာသည် ရည်းစားရှိခါစ လူပျိုပေါက်ကလေးတစ်ယောက်၏ မျက်နှာပေါ်တွင် တွေ့ရတတ်သော မိမိကိုယ်ကို ယုံကြည်ခြင်း၊ အားရကျေနပ်ခြင်း၊ ရွှင်လန်းခြင်း စသည့်အမူအရာတို့ကို ဆောင်လျက်ရှိ၏။ စစ်သူကြီးများသည် နပိုလီယန်၏အာရုံကို ပျက်ပြားစေခြင်းငှာ မဝံ့ကြရကား အနီးတွင်ရပ်လျက်ရှိ၏။ နပိုလီယန်သည် တစ်ချီတစ်ချီ၌ ပရတ်ဇင်တောင်ရိုးကို လှမ်းမျှော်ကြည့်ရှု၍ တစ်ခါတစ်ရံ၌လည်း နှင်းမှုန်ပင်လယ်ကြီးထဲတွင် တငြိမ့်ငြိမ့်မျောလျက်ရှိသော နေလုံးကြီးကို လှမ်းမျှော်ကြည့်ရှုလျက် ရှိလေသည်။

နေလုံးသည် နှင်းမှုန်များကြားမှ လွတ်လွတ်ကျွတ်ကျွတ်ထွက်ပေါ်လာပြီးနောက် တောင်အောက်ခြေရှိ မြေပြန့်လွင်ပြင်ကြီးတစ်ခုလုံးနှင့် နှင်းမှုန်များအား အလင်းရောင်ပက်ဖျန်းလိုက်လေသည်။ ထိုအခါမှုကား နပိုလီယန်သည် မိမိစောင့်ဆိုင်းလျက်ရှိသော မင်္ဂလာအချိန် ဆိုက်ရောက်လေပြီဟူသောဟန်မျိုးဖြင့် ဖြူဖွေး၍ အချိုးအစားကျသော လက်မှ လက်အိတ်ကို ချွတ်လိုက်လျက် နောက်တွင်ရပ်နေ



www.burmeseclassic.com

သည့် ဗိုလ်ချုပ်များအား ဝှေ့ယမ်းပြလိုက်ကာ စတင်ချီတက်ရန် အမိန့်ပေးလိုက်လေသည်။ ဗိုလ်ချုပ်များသည် မိမိတို့တပ်ရေးဗိုလ်များနှင့်အတူ သက်ဆိုင်ရာတပ်များဆီသို့ ထွက်ခွာသွားကြလေရာ မိနစ်အနည်းငယ်အကြာ၌ ပြင်သစ်တပ်မကြီးများသည် လက်ဝဲဘက်ရှိ မြေပြန့်သို့ တဖွဲဖွဲဆင်းလျက်ရှိသည့် ရုရှားတပ်များ စွန့်ခွာလာခဲ့ရာ အရပ်ဖြစ်သည့် ပရတ်ဇင်တောင်ရိုးဘက်သို့ အပြင်း ချီလျက်ရှိကြပေသတည်း။

## အခန်း–၁၈

နံနက်ရှစ်ချက်တီးချိန်၌ စစ်သေနာပတိချုပ် ကူတူဇော့ဖ်သည် စတုတ္ထစစ်ကြောင်း၏တပ်ဦးမှမြင်းစီးလျက် ပရတ်ဇင်ရွာသို့ရောက်လာလေသည်။ စတုတ္ထစစ်ကြောင်းကို ဗိုလ်ချုပ်မီလိုရာဒိုဗစ်ကွပ်ကဲသော စစ်ကြောင်းဖြစ်၍ မြေပြန့်သို့ဆင်းသွားကြပြီဖြစ်သော ဗိုလ်ချုပ်ပရာဇီဘီဇွစကီနှင့် ဗိုလ်ချုပ်လန်ဂျီရွန်တို့၏ စစ်ကြောင်းများနေရာ၌ အစားဝင်ရန်ရောက်ရှိလာသော စစ်ကြောင်းဖြစ်၏။ စစ်သေနာပတိချုပ်ကူတူဇော့ဖ်သည် တစ်ဦးမှတပ်များကို နှုတ်ဆက်စကားပြောကြားပြီးနောက် ချီတက်ရန် အမိန့်ပေးလိုက်လေသည်။ ထိုစစ်ကြောင်းကို မိမိကိုယ်တိုင်ကွပ်ကဲမည်ဖြစ်ကြောင်းဖြင့်လည်း ပြောလိုက်၏။ ပရတ်ဇင်ရွာသို့ရောက်သော် ခေတ္တနားလေသည်။ မင်းသားကလေးအင်ဒရေကား စစ်သေနာပတိချုပ်ကူတူဇော့ဖ်၏ အခြားသောကိုယ်ရံတော်တပ်ဖွဲ့များနှင့်အတူ နောက်တွင်ကျန်ရစ်ခဲ့၏။ မင်းသားကလေးအင်ဒရေသည် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားလျက်ရှိသော်လည်း စိတ်ကိုချုပ်တည်းကာ မိမိစောင့်မျှော်နေသော အခွင့်ကောင်းကြီးတစ်ခု ကြုံလေပြီဟူသော လူတစ်ယောက်၏ဟန်မျိုးဖြင့် တည်ငြိမ်သောအသွင်ကို ဆောင်လျက်ရှိသည်။ နပိုလီယန်သည် တူလုံးနှင့်နာကိုလာမြို့များတွင် လျှမ်းလျှမ်းတောက် အောင်ပွဲခံခဲ့သည့်နည်းတူ ယနေ့သည်လည်း မိမိ၏ 'နာကိုလာတိုက်ပွဲ'မိမိ၏ 'တူလုံးတိုက်ပွဲ' မိမိ၏ လျှမ်းလျှမ်းတောက် အောင်ပွဲကြီးရမည့်နေ့ဖြစ်သည်ဟု ခိုင်မြဲစွာယုံကြည်လျက်ရှိ၏။ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ယုံကြည်မှုရှိနေခြင်းကို မိမိမသိသော်လည်း အောင်မြင်ရမည်ဟုကား စိတ်ထဲတွင် စွဲလျက်ရှိပေသည်။ တပ်သားများအားလုံးကဲ့သို့ မိမိသည်လည်း နယ်မြေအနေအထားနှင့်တကွ မိမိတို့တပ်များ၏ အနေအထားကို ကောင်းစွာသိပြီဖြစ်၏။ မိမိ၏ စိတ်ထဲ၌ ရေးဆွဲထားခဲ့သည့် စစ်အင်္ဂါစဉ်တို့သည် အကောင်အထည်အဖြစ်သို့ ရောက်မလာတော့သည့်အလျောက် ပျောက်ကွယ်သွားကြလေပြီ။ ယခုမူ မင်းသားကလေးအင်ဒရေသည် ဝေရိုသာ၏စီမံကိန်းကို လက်ခံလိုက်၏။ မိမိ၏အတွေး မိမိ၏ဆုံးဖြတ်ချက်အရ ထိုစီမံကိန်းနှင့် ဘောင်ဝင်သော အစီအစဉ်သစ်များ အလားအလာသစ်များကို စိတ်ကူးတွက်ချက်လျက်ရှိလေသည်။

လက်ဝဲဘက်မြေပြန့်နှင်းတောထဲမှ မည်သည့်တပ်ကပစ်သည်ဟု ခွဲခြမရသော သေနတ်သံများ ပေါ်ထွက်လာလေသည်။ ထိုနေရာကား တစ်ဖက်နှင့်တစ်ဖက် စုပြုံ၍ အပြင်းအထန်တိုက်ခိုက်ကြမည့်နေရာဖြစ်သည်ဟု မင်းသားကလေးအင်ဒရေ တွေးလိုက်မိသည်။ 'အင်း တို့တစ်တွေ အပြင်းအထန်တိုက်ရမယ့်နေရာပဲ၊ ခုနေများ ငါ့ကို တပ်မဟာတစ်ခု ဒါမှမဟုတ် တပ်မကြီးတစ်တပ်လောက် ပေးပြီး အတိုက်များခိုင်းလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ စစ်တံခွန်ကိုလွှင့် ငါကိုယ်တိုင်ဦးစီးပြီး ရန်သူကို အပြုတ်ချေမှုန်းပြလိုက်ချင်စမ်းပါဘိ'ဟု တောင့်တမိသည်။

မင်းသားကလေးအင်ဒရေသည် မိမိအနီးမှ ဖြတ်၍ချီတက်သွားကြသော တပ်များမှ စစ်တံခွန်များ၊ စစ်တလေးများကိုလည်း တည်ငြိမ်စွာမကြည့်နိုင်ဘဲ 'အင်း ဒီစစ်တံခွန် စစ်တလေးတွေထဲမှာ တပ်ကြီးတစ်ခုကို ခေါင်းဆောင်ပြီး ငါကိုယ်တိုင်ကိုင်ဆွဲရမယ့် စစ်တံခွန်တစ်လက်တော့ ပါမှာပဲ'ဟု တွေးနေမိပြန်သည်။

ပရတ်ဇင်တောင်ရိုးပေါ်၌ မနေ့ညက မြူနှင်းမှုန်တို့ တဝေဝေကျလျက်ရှိသော်လည်း နံနက်လင်းသောအခါတွင် ဖွေးဖွေးဖြူလျက်ရှိသော ဆီးနှင်းခဲများသာကျန်ခဲ့ပြီ။ ယခုအချိန်၌မူ အရည်ပျော်ကာ နှင်းပေါက်နှင်းစက်များအဖြစ်သို့ ပြောင်းလဲလျက်ရှိ၏။ တောင်ခြေမြေပြန့်တွင်ကား နွားနို့နှစ်ရောင် ဖြူဖွေးသည့် နှင်းပင်လယ်ပြင်ကြီးသဖွယ် နှင်းမှုန်တို့သည် ဖွေးဖွေးလှုပ်ကျနေဆဲရှိသေး၏။ ရုရှားတပ်များဆင်းသွားသည့် လက်ဝဲတောင်ခြေ မြေပြန့်တစ်ဝိုက်မှာ ဘာမျှမမြင်ရဘဲ နှင်းတွေဖုံးလျက်ရှိကာ ပစ်ခတ်သံများသည် နှင်းထုကြီးထဲမှ ပေါ်ထွက်လာကြ၏။ တောင်ထိပ်ပေါ်၌



www.burmeseclassic.com

ကား ကောင်းကင်သည် ကြည်လင်လျက်ရှိ၍ လက်ယာဘက်တွင် နေလုံးကြီးသည် ထွန်းလင်းစွာ တောက်ပလျက်ရှိလေသည်။ ရှေ့တူရူကိုကြည့်လိုက်လျှင် နှင်းပင်လယ်ပြင်ကြီး၏တစ်ဖက်၌ သစ်ပင်တို့ဖြင့် မှိုင်းညို့လျက်ရှိသော တောင်တန်းများကို မြင်ရ၏။ ထိုတောင်တန်းများပေါ်၌ လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသော အရာများကို မြင်ရသည့်အတွက် ရန်သူများ စခန်းချလျက်ရှိသည်ဟု ယူဆရ၏။ လက်ယာဘက်၌ ကိုယ်ရံတော်မြင်းတပ်များသည် နှင်းတောထဲသို့တိုး၍ ချီတက်လျက်ရှိကြလေရာ မြင်းခွာသံများ၊ လှည်းဘီးသံများကို ကြားရရုံမျှမက လုံ့စွပ်များကိုလည်း တပြောင်ပြောင် မြင်ရလေသည်။ ရွာအလွန် လက်ဝဲဘက်၌ကား အလားတူပင် အရေအတွက်များပြားလှသော မြင်းတပ်ကြီးများသည် ပေါ်လာကြကာ နှင်းမှုန်ပင်လယ်ပြင်ထဲ၌ ဝင်ရောက် ပျောက်ကွယ်သွားကြပြန်သည်။ ရှေ့နှင့်နောက်ဘက်၌လည်း ခြေလျင်တပ်မများသည် တရွေ့ရွေ့ လှုပ်ရှားချီတက်လျက်ရှိကြ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ပရတ်ဇင်တောင်ရိုးရှိ ပရတ်ဇင်ကျေးရွာအစွန်တွင် ရပ်လျက် မိမိဘေးနှစ်ဖက်မှတပ်များ ဖြတ်ကျော်ချီတက်သွားသည်ကို လှမ်းမျှော်ကြည့်ရလျက် ရှိ၏။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည်ယနေ့နံနက်၌ အထူးစိတ်ရှုပ်နေပုံရ၏။ ထိုအခိုက် မိမိရှေ့၌ချီတက်လျက်ရှိသော ခြေလျင်တပ်များသည် အမိန့်တစ်စုံတစ်ရာမရဘဲ ရပ်လိုက်၏။ ရှေ့တွင် လမ်းပိတ်နေခြင်း ဖြစ်ဟန်တူပေသည်။

"ဗျို့ သွေးသောက်ကြီး၊ ဒီတပ်တွေကို တပ်ရင်းလိုက်စုပြီး ရွာကိုပန်းတက်သွားဖို့ အမိန့်ပေးစမ်းဗျ" ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်က မိမိထံသို့ မြင်းနှင့်ရောက်လာသည့် ဗိုလ်ချုပ်တစ်ယောက်ကို ဒေါသတကြီးပြောလိုက်၏။ "ဒီမှာဗိုလ်ချုပ် ရန်သူကိုတိုက်ဖို့ ချီတက်နေတုန်းမှာ ခင်ဗျားတပ်တွေက ဒီလောက်ကျဉ်းမြောင်းတဲ့ ရွာလမ်းကလေးပေါ် ရပ်နေရင် နောက်ကတပ်တွေ ဘယ်လိုလုပ် တက်မလဲဗျ၊ ဒီလောက်တော့ သိဖို့ကောင်းတယ်"

"ဟုတ်ကဲ့ ဗိုလ်ချုပ် ရွာပင်ရောက်တဲ့အခါ တပ်ရင်းလိုက်စုပြီး ချီတက်ခိုင်းဖို့ စီစဉ်ထားပါတယ်" ဗိုလ်ချုပ်က ပြောလိုက်၏။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က လှောင်ပြောင်၍ ရယ်လိုက်၏။

"တော်တော်လဲ ဟုတ်တဲ့လူပဲဗျာ၊ ရွာပြင်ဘက် ရန်သူရှေ့သွားပြီး တင်ပြင်ပြမလို့တဲ့၊ တယ်ဟုတ် ထို"

"ရန်သူက အဝေးကြီးရှိပါသေးတယ် ဗိုလ်ချုပ်၊ ကျွန်တော်တို့ရဲ့ စစ်အင်္ဂါစဉ်အရဆိုရင်"

"ဘာစစ်အင်္ဂါစဉ်လဲ" စစ်သေနာပတိချုပ် ကူတူဇော့ဗ်က အော်လိုက်၏။ "ခင်ဗျားကို ဘယ်သူကပြောသလဲ၊ ကျုပ်အမိန့်ပေးတာကို လုပ်ပါ"

"ဟုတ်ကဲ့ ဗိုလ်ချုပ်"

"ဗျို့ ရောင်းရင်း ကျုပ်တို့အဘိုးကြီးတော့ ဒေါ ဖောင်းနေပြီဗျို့" နက်ဗစ်စကီက မင်းသားကလေးအင်ဒရေကို လှမ်းပြောလိုက်၏။

အဖြူရောင်ဝတ်စုံကိုတ်ထား၍ ဦးထုပ်တွင် အစိမ်းရောင်ငှက်မွှေးစိုက်ထားသည့် ဩစတြီးယား တပ်ဗိုလ်တစ်ယောက်သည် စစ်သေနာပတိချုပ်ကူတူဇော့ဗ်ထံသို့ မြင်းကို ဒုန်းစိုင်း၍စီးလာကာ 'စတုတ္ထစစ်ကြောင်းမှ တပ်များ တိုက်ပွဲသို့ ချီတက်သွားပြီလော'ဟု ဘုရင်မင်းမြတ်က အမေးတော်ရှိကြောင်းဖြင့် လာရောက်ပြောကြားလေသည်။

စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ပြန်၍မဖြေဘဲ တစ်ဖက်သို့လှည့်လိုက်လေရာ ၎င်း၏မျက်လုံးများသည် မိမိအနီးတွင်ရပ်နေသည့် မင်းသားကလေးအင်ဒရေကို မြင်လိုက်သည်၌ ယခုကဲ့သို့ဖြစ်ရသည်မှာ မိမိ၏တပ်ရေးဗိုလ်မင်းသားကလေးအင်ဒရေ၏ အပြစ်မဟုတ်ကြောင်းဖြင့် ပြောပြနေသကဲ့သို့ စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ မျက်နှာမှာ ပျော့ပျောင်းသွား၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဩစတြီးယားတပ်ဗိုလ်အား ပြန်မဖြေသေးဘဲ မင်းသားကလေးအင်ဒရေဘက်သို့ လှည့်၍-

"တပ်ရေးဗိုလ်လေး တတိယစစ်ကြောင်း ရွာကို ဖြတ်တက်သွားပလား သွားကြည့်ချေစမ်း၊ ပြီးတော့ အဲဒီတပ်မကို အရပ်ခိုင်းထားပြီး နောက်ထပ် အမိန့်စောင့်ဦးလို့လဲ ပြောခဲ့"

မင်းသားကလေးအင်ဒရေ ထွက်ခွာသွားမည်အပြုတွင် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်က ပြန်ခေါ်လိုက်ပြန်သည်။

"ဩော် ပြီးတော့ လက်ဖြောင့်တပ်သားတွေကိုလဲ ကင်းချပြီးပလား မေးခဲ့"ဟု ထပ်၍ပြောလိုက်ပြီးနောက် "ဒီကောင်တွေ ဘာတွေလုပ်နေကြတာလဲဟင်၊ ဘာတွေလုပ်နေကြတာလဲ"ဟု ရေရွတ်နေပြန်သည်။ ဩစတြီးယား



www.burmeseclassic.com

တပ်ဗိုလ်ကိုကား မည်သို့မျှ ပြန်၍မပြောသေးချေ။

မင်းသားကလေးအင်ဒရေသည် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏အမိန့်ကို ဆောင်ရွက်ရန်အတွက် မြင်းကို ကဆုန်စိုင်း၍ ထွက်သွားလေသည်။

မင်းသားကလေးအင်ဒရသည် ချီတက်လျက်ရှိသော တပ်များကို ကျော်ဖြတ်လာခဲ့ပြီးနောက် တတိယစစ်ကြောင်းကိုရပ်စေသည်တွင် မိမိတို့တပ်များရှေ့၌လက်ဖြောင့်တပ်သားဟူ၍ တစ်ယောက်မျှမပါရှိခြင်းကို တွေ့ရလေ၏။ တတိယစစ်ကြောင်းရှေ့ဆုံးမှ လိုက်ပါလာသည့် ဗိုလ်မှူးကြီးကား မိမိတို့ရှေ့တွင် လက်ဖြောင့်တပ်သားများကို တိုက်ကင်းလွှတ်ရမည်ဆိုသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏အမိန့်ကို နားမလည်နိုင်အောင်ဖြစ်လျက်ရှိ၏။ မိမိ သိရသလောက်ဆိုလျှင် ရှေ့၌ မိမိတို့တပ်များရှိနေရုံမျှမက ရန်သူနှင့်တွေ့ရန် ခြောက်မိုင်ခန့် လိုသေး၏။ ရှေ့တွင် နှင်းမှုန်များဝေလျက်ရှိသော တောင်ချောက်ကမ်းပါးအဆင်းများသာ ရှိ၏။ သို့ပါလျက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် လက်ဖြောင့်တပ်သားများအား တိုက်ကင်းလွှတ်ရန် မည်သည့်အတွက် အမိန့်ပေးခြင်းပြုလေသနည်း။ ဗိုလ်မှူးကြီးသည် မစဉ်းစားတတ်အောင်ဖြစ်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ကိုယ်စား တတိယစစ်ကြောင်းကို ရပ်နားစေ၍ ရှေ့သို့ တိုက်ကင်းများ စေလွှတ်ခြင်းပြုရန် အမိန့်ပေးပြီးနောက် မြင်းကိုဒုန်းစိုင်း၍ ပြန်လှည့်လာခဲ့သည်။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်မှာ စောစောကနေရာ၌ပင် ရှိသေး၏။ ခန္ဓာကိုယ်မှာတောင့်တင်းသော်လည်း အသက်အရွယ်က စကားပြောစပြုပြီဖြစ်သည့်အလျောက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ကုန်းနှီးပေါ်၌ လေးတွဲ့စွာထိုင်လျက် မျက်လုံးများကိုမှိတ်ကာ သမ်းဝေနေလေသည်။ တပ်သားများသည် ဆက်လက်ချီတက်ခြင်း မပြုကြတော့ဘဲ သေနတ်ဒင်ဖြင့် မြေကြီးကို ထောက်လျက် ရပ်နေကြသည်။

"အိမ်း အိမ်း"ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်က သတင်းပြန်ပို့သော မင်းသားကလေးအင်ဒရေကို ပြောလိုက်၏။ ထို့နောက် လက်ဝဲတောင်ပံတပ်များ မြေပြန့်သို့ရောက်သွားပြီဖြစ်သဖြင့် မိမိတို့တပ်များ ချီတက်ရန် အချိန်ရောက်ပြီဖြစ်ကြောင်းကို ပြောဆိုလျက်ရှိသည့် ဗိုလ်ချုပ်တစ်ဦးဘက်သို့ လှည့်လိုက်သည်။

"အချိန်တွေ အများကြီးရှိပါတယ် ဗိုလ်ချုပ်၊ ဒီလောက်လဲ မလောပါနဲ့"ဟု ပြော၍ သမ်းဝေလိုက်ပြန်၏။

ထိုအခိုက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်ရပ်လျက်ရှိသည့်နေရာ နောက်ဘက်ခပ်ဝေးဝေးဆီမှ တပ်သားများ၏ အလေးပြုသံများပေါ်ထွက်လာကာ ထိုအသံသည် ရုရှားတပ်သားတန်းကြီးတစ်လျှောက်၌ ဆက်တိုက်ထွက်ပေါ်လာပြီး မိမိဘက်သို့ တဖြည်းဖြည်းနီး၍လာ၏။ တပ်သားများ၏ အလေးပြုခြင်းကို ခံယူလျက်ရှိသူသည် လျင်မြန်စွာမြင်းစီးလာဟန်တူ၏။ မိမိရပ်နေသည့် တပ်နောက်ဖျားဆီမှ တပ်သားများ၏အော်သံကို ကြားရသောအခါတွင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် မြင်းကို တစ်ဖက်သို့ကပ်၍ ရွှေ့လိုက်ပြီး မျက်မှောင်ကုတ်၍ လှမ်းကြည့်လိုက်သည်။ ပရတ်ဇင်ရွာဘက်မှ ထွက်လာသော လမ်းမတစ်လျှောက်တွင် ဝတ်စုံအမျိုးမျိုးကိုဝတ်ထားသည့် မြင်းတပ်ခွဲတပ်နှင့်တူသော တပ်တစ်တပ်ကဆုန်စိုင်းလာခြင်းကို မြင်လိုက်ရ၏။ ရှေ့ဆုံးမှနှစ်ယောက်ကား ဒေးချင်းယှဉ်လျက် မြင်းကို ကဆုန်စိုင်း၍ စီးလာကြလေသည်။ တစ်ယောက်မှာ ဝတ်စုံအနက်ကိုဝတ်၍ ဦးထုပ်တွင် ငှက်မွေးအဖြူစိုက်ထားပြီး အမြီးဖွားဖွားနှင့် ဖောင်းဝတ်ဖြူရောင် မြင်းကြီးတစ်ကောင်ကို စီးလျက် အခြားတစ်ယောက်ကား ဆွတ်ဆွတ်ဖြူနေသည့်ဝတ်စုံကိုဝတ်ကာ မြင်းနက်ကြီးတစ်ကောင်ကို စီးလာလေသည်။ ၎င်းတို့ကား ကိုယ်ရံတော်တပ်ဖွဲ့ခြံရံ၍ ထွက်လာကြသော ရုရှားနှင့် ဩစတြီးယားဘုရင် မင်းကေရာဇ်နှစ်ပါးတို့ပေတည်း။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ရှေ့တန်းစစ်မျက်နှာရောက် စစ်သားကောင်းကြီးတစ်ဦး၏ အသွင်ကို ဆောင်လိုက်ကာ တပ်များအား 'သတိ'အနေအထားတွင် ရှိနေရန် အမိန့်ပေးလိုက်ပြီးနောက် အလေးပြုသည့် အနေအထားဖြင့် မင်းကေရာဇ်နှစ်ပါးထံသို့ စီး၍ သွားလေသည်။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ အသွင်အပြင် အမူအရာအားလုံးမှ တစ်မုဟုတ်ချင်းပြောင်းလွဲသွားခဲ့လေပြီ။ ကူတူဇော့ဗ်သည် အရှင့်အကျိုးအတွက်ဆိုလျှင် ဘာကိုမျှ စဉ်းစားဆင်ခြင်ခြင်းမပြုတော့ဘဲ အမှုတော်ထမ်းတော့မည့် မင်းခယောက်ျားတစ်ယောက်၏ အသွင်မျိုးကို ဆောင်လိုက်၏။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် စိတ်ပျက်သွားလောက်အောင် ရိုသေဝပ်တွား



www.burmeseclassic.com

www.burmeseclassic.com

သော ဟန်အမူအရာမျိုးဖြင့် အရိုအသေပေးရင်း ရှေ့တော်သို့ စီးသွားလေသည်။

သို့ရာတွင် ကြည်လင်လျက်ရှိသော ကောင်းကင်ပြင်၌ မည်းမှောင်သော တိမ်တိုက်တစ်ခုသည် လျင်မြန်စွာ လွင့်စဉ်ပေယာက်ကွယ်သွားသကဲ့သို့ ဘုရင်မင်းမြတ်၏ နုငယ်ပျိုမျစ်သော မျက်နှာပေါ်မှ စိတ်ပျက်သော အမူအရာသည်လည်း တစ်မုဟုတ်ချင်း ပျောက်ကွယ်သွား၏။ နာမကျန်းဖြစ်ပြီးနောက်တွင် ဘုရင်မင်းမြတ်၏ ကိုယ်တော်မှာ အိုလမွတ်၌ မင်းသားကလေးအင်ဒရေ ပထမဆုံးမြင်ခဲ့ရစဉ်ကထက် အနည်းငယ် ပိန်ချုံးသွားသည်ဟု ထင်ရ၏ သို့ရာတွင် လှပပြာလဲ့သော မျက်လုံးများတွင်ကား တင့်တယ်ခြင်းနှင့် နူးညံ့ခြင်းတို့သည် ချစ်ခင်နှစ်လိုဖွယ် ပေါင်းယှက်လျက်ရှိကြဆဲဖြစ်လေသည်။ နူးညံ့သော နှုတ်ခမ်းများသည်လည်း စိတ်သဘောကောင်း၍ အပြစ်ကင်းစင်သော နုငယ်ပျိုမျစ်ခြင်း၏ အသွင်သဏ္ဌာန်နှင့် အထူးထူးသော အမူအရာကို ဖော်ပြနိုင်စွမ်းရှိသည့် အသွင်သဏ္ဌာန်တို့ကို ဆောင်လျက်ရှိကြ၏။

အိုလမွတ်ရွာ တပ်စခန်း၌ ဗိုလ်ရှုခံသဘင်ကျင်းပစဉ်က ဘုရင်မင်းမြတ်မှာ ယခုထက် တင့်တယ်ခံ့ညားဟန်ရှိ၏။ ယခုကား ထိုစဉ်ကထက် ရွှင်လန်းတက်ကြွဟန် ရှိပေသည်။ နှစ်မိုင်ခန့် မြင်းကိုဒုန်းရိုက်၍ စီးလာခဲ့ရသည့်အတွက်လည်း ဘုရင်မင်းမြတ်မှာ အနည်းငယ် နွမ်းနယ်လျက် ရှိ၏။ ဘုရင်မင်းမြတ်သည် ဇက်ကိုကိုင်လျက် သက်ပြင်းချတော်မူ၏။ မိမိကိုယ်တော်တိုင်ကဲ့သို့ နုနယ်ငယ်ရွယ်သော ကိုယ်ရံတော်တပ်ဖွဲ့ဝင်များကို လှမ်းကြည့်လိုက်သည်။ ဘုရင်မင်းမြတ်၏နောက်ပါး၌ နိုင်ငံခြားဝန်ဇာတိုရီစကီ၊ နိုဗိုဆီဆက်၊ တပ်ရေးချုပ်မင်းသားကြီးဗော်လ်ကွန်စကီ၊ စထရိုဂိုနော့ စသည့် မှူးကြီးမတ်ကြီးများသာမက အဆောင်အယောင်များကို သန့်ပြန့်စွာ ဝတ်စားဆယ်ယင်ထားသည့် ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ဝင် မင်းပျိုမင်းလွင်ကလေးများလည်း ခစားလိုက်ပါလာကြ၏။ ၎င်းတို့သည် ခရီးပန်း၍ အာငွေ့တထောင်းထောင်းထွက်လျက်ရှိသော ခံ့ညားချောမောသည့် မြင်းကြီးများထက်၌ထိုင်၍ တစ်ယောက်နှင့်တစ်ယောက် ပြုံးပြုံးရယ်ရယ် စကားစမြည်ပြောဆိုလာကြရာမှ ဘုရင်မင်းမြတ်က နောက်နားသို့ အရောက်၌ စကားပြတ်သွားကာ မြင်းများကို ရပ်လိုက်ကြ၏။ ဩစတြီးယားပြည့်ရှင် ဖရန်စစ်ဘုရင်မင်းမြတ်မှာ မျက်နှာသွယ်သွယ် နှင်းဆီသွေးရောင်ထလျက်ရှိသည့် မင်းပျိုမင်းလွင်ကလေးတစ်ယောက် ဖြစ်လျက် လှပသော မြင်းနက်ကြီးပေါ်တွင် ကိုယ်တိုင်မတ်မတ်ထား၍ထိုင်ရင်း ဘေးပတ်ဝန်းကျင်ကို ရွှင်ပျသောမျက်နှာထားဖြင့် လှမ်းမျှော်ကြည့်လျက်ရှိ၏။ ဩစတြီးယားဘုရင်မင်းမြတ်သည် ဆွတ်ဆွတ်ဖြူလျက်ရှိသည့် ဝတ်စုံကို ဝတ်ထားသော ကိုယ်ရံတော်တပ်ဖွဲ့ဝင်တစ်ယောက်ကို လှမ်းခေါ်ကာ တစ်စုံတစ်ရာကို မေးမြန်းလျက်ရှိလေသည်။ 'အင်း သူတို့ဘယ်ချိန်က စထွက်လာသလဲဆိုတာကို မေးဟန်တူရဲ့'ဟု မင်းသားကလေးအင်ဒရေက ဩစတြီးယား ဘုရင်မင်းမြတ်ကို ကြည့်၍ တွေးလိုက်မိရာမှ ဘရွန်းမြို့တွင် မိမိနှင့်တွေ့ခဲ့ရသည်များကို အမှတ်ရလိုက်မိသည်။ မင်းဧကရာဇ်နှစ်ပါး၏ ကိုယ်ရံတော်တပ်ဖွဲ့၌ ကိုယ်ရံတော် တပ်မကြီးနှင့် ရုရှားနှင့် ဩစတြီးယားတပ်ပေါင်းစုံမှ သီးသန့်ရွေးချယ်ထားသည့် တပ်လုလင်ဗိုလ်များလည်းပါ၏။ ဇာဘုရင်မင်းမြတ် အလဲအလှယ်စီးရန် ငွေချည်ထိုးဝတ်ရုံကြီးများကို ခြုံထားသော သီးသန့်ယူဆောင်လာသည့် မြင်းကြီးများကို မြင်းထိန်းတပ်ဗိုလ်များက ဆွဲ၍ လာကြ၏။

ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်လိုက်သောအခါ၌ ကွင်းပြင်မှ လတ်ဆတ်သန့်ရှင်းသော လေသည် မည်းမှောင်ညစ်ပတ်သောအခန်းတွင်းသို့ သုတ်ဖြူးဝင်ရောက်လာသကဲ့သို့ ဒုန်းစိုင်းရောက်လာကြသော ကိုယ်ရံတော်တပ်ဖွဲ့ဝင် မင်းပျိုမင်းလွင်ကလေးများနှင့်အတူ နုနယ်ပျိုမျစ်ခြင်း၊ အားမာန်တက်ကြွခြင်း၊ ရှေ့အလားအလာအတွက် ယုံကြည်မျှော်လင့်ခြင်း စသည်တို့သည်လည်း စစ်သေနာပတိချုပ်၏ ညှိုးငယ်စိတ်ပျက်လျက်ရှိသော စစ်ဦးစီးဌာနချုပ် တပ်ဗိုလ်ကလေးများထံသို့ ရောက်လာခဲ့လေသည်။

"ဘယ့်နှယ်စစ်သေနပတိချုပ်ကြီး ဘာဖြစ်လို့စုပြီးမချီသေးတာလဲ" ဇာဘုရင်မင်းမြတ်က စစ်သေနာပတိချုပ် ကူတူဇော့ဖ်အား မေးတော်မူ၍ မဟာမိတ်ဩစတြီးယား ဘုရင်မင်းမြတ်ဖရန်စစ်အား ယဉ်ကျေးသိမ်မွေ့စွာ လှမ်းကြည့်တော်မူ၏။

"မှန်လှပါ ဘုန်းတော်ကြီးသောဘုရားရဲ့ အမိန့်တော်ကို စောင့်ဆိုင်းလျက်ရှိကြောင်းပါ" စစ်သေနာပတိချုပ် ကူတူဇော့ဖ်က ကိုယ်ကို ညွှတ်၍ လျှောက်တင်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဇာဘုရင်မင်းမြတ်ကား မသိမသာမျက်မှောင်ကြုတ်လျက် သဲကွဲစွာမကြားရသကဲ့သို့ နားတစ်ဖက်ကိုစွင့်၍ နားထောင်လျက်ရှိတော်မူသည်။

"ဘုန်းတော်ကြီးသောဖုရားအား စောင့်ဆိုင်းလျက်ရှိကြောင်းပါ"စစ်သေနာပတိချုပ် ကူတူဇော့ဗ်က ထပ်၍ လျှောက်ရင်သည်။ (စောင့်ဆိုင်းလျက်ရှိကြောင်းပါဟူသော စကားလုံးများကိုပြောလျက်ရှိစဉ် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏အပေါ်နှုတ်ခမ်းမှာ ရှုံ့မဲ့လျက်ရှိခြင်းကို မင်းသားကလေးအင်ဒရေ သတိထားလိုက်မိ၏။) "စစ်ကြောင်းများကိုလဲ အခုထိ ပြင်ဆင်ခင်းကျင်းခြင်း မပြုသေးကြောင်းပါ"

ဇာဘုရင်မင်းမြတ်သည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ လျှောက်တင်ချက်ကို ကြားရသဖြင့် စိတ်မသက်သာဖြစ်လျက် ပြည့်ဖြိုးသောပခုံးကို တွန့်တော်မူကာ ကူတူဇော့ဗ်၏ ညံ့ဖျင်းပုံကို ပြောလိုသကဲ့သို့ မိမိ၏အနီးရှိ မှူးကြီးမတ်ကြီး တစ်ဦးဖြစ်သူ နိုဗိုဆီဆက်ကိုကြည့်တော်မူသည်။

"အိမ်း၊ ခကျုပ်တို့တပ်များဟာ ရွှေမြို့တော်က စစ်သဘင်ခင်းတဲ့ကွင်းပြင်ကြီးထဲမှာ ရောက်နေပြီ၊ တပ်ပေါင်းစုံသည်အထိစောင့်ပြီး စစ်ရေးပြနေခြင်း မဟုတ်ပေဘူး စစ်သေနာပတိကြီး"ဇာဘုရင်မင်းမြတ်က မိန့်တော်မူလျက် ဩစတြီးယား ရွှေနန်းရှင်ဖရန်စစ်ဘုရင်ကိုလှမ်း၍ အနည်းဆုံး ဝင်ရောက်ပြောဆိုခြင်း ပြုလိုသည့်တိုင် နားထောင်စေလိုသော ဟန်မျိုးဖြင့် ကြည့်တော်မူလိုက်သည်။ သို့ရာတွင် ဖရန်စစ်ဘုရင်မင်းမြတ်ကား နားထောင်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ကိုသာ မျှော်ကြည့်တော်မူလျက် ရှိလေသည်။

"မှန်လှပါ သတ်ရင်လဲသေ၊ ထားရင်လဲ ရှင်ရပါတော့မည်၊ ဤသည်အတွက်ကြောင့်ပင် ကျွန်တော်မျိုးစစ်ငံ့ လျက်ရှိခြင်းဖြစ်ပါသည်"ဟု ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်က ရဲဝံ့စွာ လျှောက်တင်လိုက်သည်။ "ကျွန်တော်မျိုးတို့ကား စစ်ရေးပြနေကြခြင်းမဟုတ်၊ ရွှေမြို့တော်မှ စစ်သဘင်ခင်းသော ကွင်းပြင်တွင် ရောက်ရှိနေကြခြင်းလည်း မဟုတ်ပါ၊ ထို့ကြောင့် အလွယ်တကူမပြုလို၍ ကျွန်တော်မျိုးစစ်ငံ့ထားခြင်း ဖြစ်ပါသည်"

ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏ ရဲတင်းလှသော လျှောက်တင်ချက်ကြောင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလျက် မကျေနပ်သည့်ဟန် အပြစ်တင်သည့်ဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်နေကြသည်။ ၎င်းတို့၏ မျက်လုံးများက 'ဤကိစ္စတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှန်သည်ထား၊ ဤသို့ လျှောက်တင်ရန် မသင့်ဟု' ပြောနေသကဲ့သို့ ရှိလေသည်။

ဇာဘုရင်မင်းမြတ်သည် ကြီးစွာသောဣန္ဒြေဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံမှ နောက်ထပ် လျှောက်တင်ချက် ပေါ်ထွက်လာဦးမည်လောဟု စောင့်ကြည့်တော်မူလျက်ရှိ၏။ သို့ရာတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကား အမိန့်ကို နာခံလျက်ရှိသကဲ့သို့ ခေါင်းကို ညွှတ်ထားလျက်ရှိလေရာ တစ်မိနစ်ခန့်မျှ တိတ်ဆိတ်လျက်ရှိလေသည်။

"မှန်လှပါ၊ အမိန့်တော်ကို နာခံရန်အသင့်ရှိကြောင်းပါ"စစ်သေနာပတိချုပ် ကူတူဇော့ဗ်က မော်ဖူးကာ စောစောကကဲ့သို့ကပင် အရှင့်အတွက် ဦးဆွေးဆမပြည့် အမှုတော်ထမ်းမည့် ကျွန်ယုံတော်ကြီးတစ်ယောက်ဟန်ဖြင့် လျှောက်တင်သည်။

ထို့နောက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် မြင်းကို ခြေဖြင့်တို့လိုက်ပြီးနောက် စတုတ္ထစစ်ကြောင်းကို ကွပ်ကဲသူ ဗိုလ်ချုပ်မိလိုရာဒိုဗစ်ကို ခေါ်ကာ ချီတက်ရန် အမိန့်ပေးလိုက်သည်။

သို့ဖြင့် တပ်များသည် ရှေ့သို့ဆက်လက်ချီတက်သွားကြလေသည်။ နိုဂိုရော့တပ်ရင်းနှစ်တပ်နှင့် အက်ရှာရွှန်တပ်ရင်းတစ်တပ်သည် ဘုရင်မင်းမြတ်အနီးမှ ဖြတ်သန်းကာ ရှေ့သို့ ချီတက်သွားကြ၏။

အက်ရှာရှာရွှန်တပ်ရင်း၏ထိပ်၌ကား မျက်နှာနီနီဖြင့် ဗိုလ်ချုပ်မိလိုရာဒိုဗစ်သည် ဝတ်ရုံအင်္ကျီကိုဝတ်ဆင်ခြင်းမပြုဘဲ ရင်ဘတ်တွင် ဆုတံဆိပ်များကို ချိတ်ထားလျက် ကြီးမားလှသော ငှက်တောင်ကြီးတစ်ချောင်း စိုက်ထားသည့် ဦးထုပ်ကို တစောင်းဆောင်းကာ မြင်းကို ကဆုန်စိုင်းရာမှ ရပ်ပြီး ဘုရင်မင်းမြတ်ရှေ့သို့အရောက်တွင် အလေးပြုလိုက်သည်။

"အိမ်း ဗိုလ်ချုပ်ကို ဘုရင်သခင်စောင်မစေ"

"မှန်လှပါ၊ ကျွန်တော်မျိုးကြီးများအစွမ်းရှိသမျှ ရန်သူတို့ကို နှိမ်နင်းပါမည်"မိလိုရာဒိုဗစ်က ပြင်သစ်စကား မတတ်တတတ်ဖြင့် ခပ်သွက်သွက်ကလေး လျှောက်တင်လိုက်သည်။ ကိုယ်ရံတော်တပ်ဖွဲ့ဝင် မင်းပျိုမင်းလွင်ကလေးများကမူကား မိလိုရာဒိုဗစ်၏ ပြင်သစ်စကားကြောင့် ခပ်လှောင်လှောင်ပြုံး၍ ကြည့်လိုက်၏။


www.burmeseclassic.com

ဗိုလ်ချုပ်မီလိုရာဒိုဗစ်သည် မိမိ၏မြင်းကို ဖနောင့်ဖြင့် တစ်ချက်ဆောင့်လိုက်ပြီး ဘုရင်မင်းမြတ်၏နောက်ပါးတွင် ရပ်လိုက်၏။ အက်ရာရွှန်တပ်ရင်းသည် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ရောက်ရှိလာသဖြင့် စိတ်လှုပ်ရှားလျက်ရှိရာမှ မင်းရောဇ်နှစ်ပါးအားအလေးပြုကာ သိသာစွာ ချီတက်သွားကြလေသည်။

"ရဲမက်အပေါင်းတို့"ဗိုလ်ချုပ်မီလိုရာဒိုဗစ်က မိမိကိုယ်ကို ယုံကြည်မှုပြင်းပြလျက် ရွှင်မြူးသောအသံဖြင့် ခပ်ကျယ်ကျယ် အော်လိုက်သည်။ ပစ်ခတ်သံများကြောင့်လည်းကောင်း၊ တိုက်ပွဲနှင့်တွေ့ရတော့မည့်အတွက်ကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးဆုဗိုရော့ လက်ထက်မှစ၍ ယနေ့အထိ မိမိနှင့်အတူတကွအမှုထမ်းခဲ့ကြဖူးသော သူရသတ္တိပြောင်မြောက်သည့် အက်ရာရွှန်တပ်သားများ မင်းကေရာဇ်နှစ်ပါးရှေ့တွင် ချီတက်သွားသည်ကို မြင်ရသည့်အတွက်ကြောင့်လည်းကောင်း ဗိုလ်ချုပ်မိုလိုရာဒိုဗစ်မှာ ရွှင်မြူးလျက်ရှိကာ မိမိအနားတွင် မင်းကေရာဇ်နှစ်ပါးရှိနေခြင်းကိုပင် မေ့လျော့လျက်ရှိလေသည်။

"ရဲမက်အပေါင်းတို့ ရန်သူကို အစွမ်းကုန်နှိမ်နင်းကြ"ဟု မိလိုရာဒိုဗစ်က အော်လိုက်၏။

"ကျွန်တော်တို့ အစွမ်းကုန်နှိမ်နင်းပါမည်"တပ်သားများက အော်ကြ၏။

ဇာဘုရင်၏စီးတော်မြင်းကြီးသည် တပ်သားများ၏ တစ်ခဲနက်အော်သံကြီးကြောင့် လှုပ်ရှားစပြုလာ၏။ ရုရှားနိုင်ငံ ဗိုလ်ရှုခံပွဲသဘင်များ၌ ဇာဘုရင်ကို ကျောထက်တွင် သယ်ဆောင်ခဲ့သည့် ဤစီးတော်မြင်းကြီးသည် ယခုလည်း ဩစတားလစ်စစ်မြေပြင်၌ ၎င်း၏အရှင်ကိုကျောထက်တွင် သယ်ပိုးလျက်ရှိလေသည်။ စီးတော်မြင်းကြီးသည် ရုရှားနိုင်ငံ 'ကေရီ'စစ်ရေးပြကွက်ကြီးတွင်ရှိစဉ်က ကြားခဲ့ရသည့်အတိုင်း ခုထပ်မံ၍ကြားရသော အမြောက်မြတပ္ပ၊ စိန်ပြောင်းမီးပေါက်တို့ ပစ်ခတ်သံကိုကြားရသည်၌ ထိုပစ်ခတ်သံများ၏ အဓိပ္ပာယ်ကိုလည်း မသိ။ ဩစတြီးယားကေရာဇ်၏ အနက်ရောင်စီးတော်မြင်းကြီးနှင့် ယှဉ်လျက် ရပ်နေခြင်းကိုလည်း သတိမမူဘဲ ပစ်ခတ်သံများကိုသာ နားစွင့်လျက်ရှိလေသည်။

ဇာဘုရင်မင်းမြတ်သည် ရဲရင့်တက်ကြွလာလျက်ရှိသော အက်ရာရွှန်တပ်ရင်းမှ တပ်သားများကို ညွှန်ပြကာ ပြုံးလျက် မိမိ၏ နောက်ပါအခြွေအရံတစ်ယောက်ဘက်သို့ လှည့်ကာ တစ်စုံတစ်ယောက်ကို မိန့်တော်မူလိုက်လေသည်။

## အခန်း–၁၆

စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် မိမိ၏တပ်ရေးဗိုလ်များခြံရံလျက် မြင်းကို ဖြည်းညင်းစွာစီး၍ ဝန်တင်လှည်းများနောက်မှ လိုက်ပါလာလေသည်။

တပ်၏နောက်ဖျား တစ်မိုင်မရှိတရှိခန့် သွားမိသောအခါတွင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် လူသူနေဟန်မရှိသည့် အထီးတည်းရှိနေသော အိမ်ကလေးရှေ့တွင် ရပ်လိုက်၏။ ထိုအိမ်ကလေးမှာ တစ်ခါက ထမင်းဆိုင်ကလေးတစ်ဆိုင် ဖြစ်ဟန်တူလျက် ထိုနေရာတွင် တစ်ဖက်သို့ ခွဲထားသော လမ်းခွဲကလေးတစ်ခုလည်းရှိ၏။ လမ်းနှစ်လမ်းစလုံးမှာ တောင်ခြေသို့ဆင်းသွားသော လမ်းများဖြစ်လေရာ တပ်များသည် ထိုလမ်းကလေးနှစ်လမ်းအတိုင်း တောင်ခြေသို့ ဆင်းလျက်ရှိကြ၏။

နှင်းများကွဲစပြုပြီဖြစ်သဖြင့် တစ်မိုင်ခွဲခန့်ဝေးသည့် မျက်နှာချင်းဆိုင်တောင်ရိုးပေါ်မှ ရန်သူတပ်များကို ခပ်ရေးရေးမြင်နေရလေပြီ။ လက်ဝဲဘက်တောင်ကြားဆီမှ ပစ်ခတ်သံများကား တဖြည်းဖြည်း ဆူညံလာစပြုပြီဖြစ်၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ရပ်တန့်ကာ ဩစတြီးယားဗိုလ်ချုပ်တစ်ဦးနှင့် စကားပြောလျက်ရှိလေသည်။ ၎င်းတို့နှစ်ဦး၏နောက်နားမှ ကပ်ကြည့်လျက်ရှိသော မင်းသားကလေးအင်ဒရေသည် တပ်ရေးဗိုလ်တစ်ယောက်ထံသို့ လှည့်၍ မှန်ပြောင်းတစ်လက်ကို တောင်းလိုက်သည်။

"ကြည့်စမ်းဗျို့ ကြည့်စမ်း"တပ်ရေးဗိုလ်က အဝေးမြေပြန့်သို့ရောက်သွားပြီဖြစ်သော မိမိတို့တပ်များကိုမကြည့်ဘဲ တောင်ခြေရင်းကိုကပ်၍ ငုံ့ကြည့်နေ၏။ "ပြင်သစ်ကောင်တွေဗျို့ ပြင်သစ်ကောင်တွေ"

ဗိုလ်ချုပ်နှစ်ယောက်နှင့် တပ်ရေးဗိုလ်တစ်ယောက်သည် မှန်ပြောင်းကို တစ်ယောက်တစ်လက်လု၍ ကြည့်နေကြသည်။ ၎င်းတို့၏ မျက်နှာထားအားလုံးမှာ ကြောက်လန့်သည့်အသွင်သို့ကူးပြောင်းသွားခဲ့လေပြီ။ ပြင်သစ်တို့တပ်များမှ တစ်မိုင်ခွဲခန့်လောက်တွင် ရှိနေဦးမည်ဟု ထင်ရသော်လည်း ယခုမူ မမျှော်လင့်ဘဲ မိမိတို့က တောင်အောက်မှ



www.burmeseclassic.com

သွားခနဲ ပေါ်လာကြလေပြီ။

"ဟာ ရန်သူတွေဗျို့၊ အစစ်ပဲ ရန်သူတွေ၊ နေစမ်းပါဦး၊ ဒီကောင်တွေ ဘယ့်နှယ် ဒီနားရောက်လာကြတာလဲ ဟင်"

စစ်သေနာပတိချုပ်ကူတူဇော့ဗ် ရပ်လျက်ရှိသည့် နေရာနှင့် ခြေလှမ်းငါးရာခန့်အကွာတွင် အက်ရဟာရှန်တပ်များကို ဝင်တိုက်ရန်ပေါ်လာသည့် ထူထပ်လှသော ပြင်သစ်စစ်ကြောင်းတစ်ကြောင်းကို မင်းသားကလေးအင်ဒရေသည် သာမန်မျက်စိဖြင့်ပင် မြင်နေရသည်။ ထိုပြင်သစ်စစ်ကြောင်းကား အခြားမဟုတ်၊ နပိုလီယန်၏အမိန့်ဖြင့် ပရတ်ဇင်တောင်ရိုးကို နောက်မှဝင်၍ ပန်းထိုက်သည့် စစ်ကြောင်းပေတည်း။

'ကဲ အရေးတော်ကြုံလာပြီ၊ ငါ့အစွမ်းကို ပြရမယ့်အချိန်ရောက်ပြီ'ဟုတွေးလျက် မင်းသားကလေးအင်ဒရေသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အနီးသို့ မြင်းကို စီးလာခဲ့လေသည်။

"ဗိုလ်ချုပ် အက်ရှာရှန်တပ်တွေကို ဒီနေရာမှာ အရပ်ခိုင်းမှပဲထင်တယ် ဗိုလ်ချုပ်" မင်းသားကလေးအင်ဒရေက အော်၍ပြောလိုက်၏။ သို့ရာတွင် နောက်ကျသွားလေပြီ။ ထိုအခိုက် ပတ်ဝန်းကျင်တစ်ဝိုက်၌ မီးခိုးလုံးကြီးများ ထောင်းခနဲထလာကာ ပစ်ခတ်သံများသည် အနီးမှကပ်လျက်ထွက် ပေါ်လာလေသည်။ မင်းသားကလေးအင်ဒရေနှင့် နှစ်လှမ်းအကွာလောက်ဆီမှ "ရောင်းရင်းတို့ရေ အကုန်ကျကုန်ပြီဗျို့၊ အကုန်ကျကုန်ပြီ"ဟူသော အသံနက်ကြီးဖြင့် ထိတ်လန့်စွာ အော်ဟစ်သံကြီးကိုလည်း ကြားလိုက်ရလေသည်။ ဤအသံ ကြောင့် တပ်သားများမှာ အမိန့်ပေးသံတစ်စုံတစ်ခုကို ကြားလိုက်ရသည့်အလား ခြေဦးတည့်ရာသို့ ဆုတ်ပြေးကြလေတော့သည်။

ဤတွင် အားလုံးရုတ်ရုတ်သဲသဲဖြစ်ကာ တပ်သားများသည် လွန်ခဲ့သည့်ငါးမိနစ်ခန့်က မင်းဧကရာဇ်နှစ်ပါး ရှေ့၌ဖြတ်၍ ချီတက်လာခဲ့သည့် နေရာဆီသို့ ဒရေသောပါး ပြေးလျက်ရှိကြလေရာ အချို့မှာ ၎င်းတို့နှင့်ရော၍ ညပ်ပါသွားလေ၏။ ရပ်တန့်အောင်လုပ်ရန်ကား စိတ်ကူးပင် မထည့်နိုင်ချေ။ မင်းသားကလေးအင်ဒရေသည် ထွက်ပြေးလျက်ရှိသော တပ်သားများနှင့် အဆက်ပြတ်မသွားရုံမျှသာ လိုက်၍ ဆုတ်လာရင်း ရုတ်တရက် မှင်တက်မိကာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်နေမိသည်။ နက်ဗစ်စကီးကား မိမိကဲ့သို့မဟုတ်ဘဲ မျက်နှာကြီးနီလာအောင် ဒေါသထွက်လျက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်အား ဤနေရာတွင်ရပ်နေပါက သုံ့ပန်းအဖြစ် အဖမ်းခံရမည်ဖြစ်သည့်အတွက် ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားဟန် အော်ဟစ်ပြောဆို လျက်ရှိ၏။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်ကား ပြန်၍ ဖြေကြားခြင်းမပြုဘဲ ထိုနေရာမှပင်ရပ်လျက်ရှိကာ အိတ်ထဲမှ ပဝါတစ်ထည်ကို ထုတ်နေသည်။ ၎င်း၏ ပါးပေါ်တွင် သွေးများစီးကျလျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ဒရေသောပါး ထွက်ပြေးလျက်ရှိသော တပ်သားများကြားမှ အတင်းတိုးထွက်လာကာ စစ်သေနာပတိချုပ်ကြီး ကူတူဇော့ဗ်ထံသို့ စီးလာခဲ့သည်။

"ဒဏ်ရာရသွားသလား ဗိုလ်ချုပ်"မင်းသားကလေး အင်ဒရေသည် တဆတ်ဆတ်တုန်နေသော မေးကို မတုန်အောင် အနိုင်နိုင်ချုပ်တည်း၍ မေးလိုက်၏။

"ဒဏ်ရာက ဒီမှာမဟုတ်ဘူးကွ၊ ဟိုမှာ"စစ်သေနာပတိချုပ်ကူတူဇော့ဗ်က ဒဏ်ရာရသော ၎င်း၏ပါးပြင်ကို လက်ကိုင်ပဝါဖြင့် ဖိထားလိုက်ပြီးနောက် ထွက်ပြေးလျက်ရှိသော တပ်သားများကို လက်ညှိုးထိုး၍ ပြလိုက်၏။ "အရပ်ခိုင်းစမ်း ထွက်မပြေးစေနဲ့"ဟု စစ်သေနာပတိချုပ်ကူတူဇော့ဗ်က အော်လိုက်သည်။ သို့ရာတွင် ဗရမ်းပတာပြေးလျက်ရှိသော တပ်သားများအား အရပ်ခိုင်း၍ ရမည်မဟုတ်ကြောင်း နားလည်သွား၍လား မသိ၊ နောက်ထပ်မည်သို့မျှ မပြောတော့ဘဲ မြင်းကိုတို့လိုက်ပြီး လက်ယာဘက်သို့ စီးလာခဲ့လေသည်။

ထိုအခိုက်တွင် နောက်ထပ်ပြု၍လာသော တပ်သားများနှင့်သွားတိုးနေပြန်သည်၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှာ နောက်သို့ ညပ်၍ပါသွားပြန်လေသည်။

တပ်သားများမှာ စုပြုံတိုးဝေ့ကာ ပြေးလျက်ရှိကြလေရာအထဲတွင် ညပ်ပါသွားသည့် လူတစ်ယောက်အဖို့ ပြန်ထွက်ရန် မလွယ်တော့ချေ။ တစ်ယောက်ကမူ "ဟော့ကောင် သွားကွ၊ ရှေ့က ဘာလို့ကန့်လန့်ကန့်လန့်လုပ်နေတာလဲ"ဟုအော်လိုက်၍ အခြားတစ်ယောက်ကမူ သေနတ်ကို အထက်သို့ထောင်၍ပင် ပစ်လိုက်သေးသည်။ အခြားတစ်ယောက်ကမူ စစ်သေနာပတိချုပ်ကူတူဇော့ဗ်စီးလာသည့် မြင်းကို နောက်မှ တဗုန်းဗုန်းဖြင့် ရိုက်လျက်ရှိ၏။



www.burmeseclassic.com

စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ရေလုံးကြီးများကဲ့သို့ ဒလကြမ်းလိမ့်ဆင်းလာသော လူအုပ်ကြီးထဲမှ လက်ဝဲဘက်သို့ အတင်းတိုးထွက်ကာ အနီးတွင် တရကြမ်းခုံခံ၍နေသော အမြောက်သံများလာရာဆီသို့ စီးလာခဲ့လေသည်။ ကိုယ်ရံတော်တပ်ဖွဲ့ဝင် တစ်ဝက်လောက်မှာ ကွဲ၍ ကျန်ရစ်ခဲ့ပေပြီ။ မင်းသားကလေးအင်ဒရေသည် စစ်သေနာပတိချုပ်နှင့် ကွဲမသွားစေရန် မြင်းကိုကပ်၍ စီးခဲ့ရင်း တောင်ကမ်းပါးယံဆင်ခြေလျှောတစ်ခုတွင် သဲသဲမည်းမည်းခုခံပစ်ခတ်နေသော ရုရှားအမြောက်တပ်စုတစ်စုကိုလည်းကောင်း၊ ထိုအမြောက်တပ်စုဆီသို့ ပြေးတက်လာနေကြသော ပြင်သစ်တပ်သားများကိုလည်းကောင်း မီးခိုးလုံးများကြားမှ မြင်လိုက်ရသည်။ ထိုအထက် တောင်ကုန်းကလေးတစ်ခုပေါ်၌ကား ရုရှားခြေလျင်တပ်အချို့သည် အမြောက်တပ်ကိုလည်း ကူပစ်ပေးခြင်းမရှိ၊ ထွက်ပြေခြင်းလည်းမရှိဘဲ ရပ်လျက်ရှိခြင်းကို မြင်ရ၏။ ဗိုလ်ချုပ်တစ်ယောက်သည် ထိုခြေလျင်တပ်မှ ထွက်ခွာလာကာ စစ်သေနပတိချုပ်ကူတူဇော့ဗ်ထံသို့ မြင်းစီးလာလေသည်။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ ကိုယ်ရံတော်တပ်ဖွဲ့ကား လေးယောက်မျှသာ ကျန်တော့သည်။ ၎င်းတို့အားလုံးမှာလည်း မျက်နှာတွင်သွေးမရှိတော့ဘဲ တစ်ယောက်ကိုတစ်ယောက် တိတ်ဆိတ်စွာ ကြည့်လျက် ရှိကြလေသည်။

"ဒီခွေးသားတွေကို အရပ်ခိုင်းစမ်းပါဗျ" စစ်သေနာပတိချုပ်က ထွက်ပြေးလျက်ရှိသော တပ်သားများကို ညွှန်ပြ၍ တပ်ရင်းမှူးကိုပြောလိုက်သည်။ ထိုအခိုက်တွင် ဤစကားများကိုပြောရမည်လောဟု စစ်သေနာပတိချုပ်ကို ဒဏ်ပေးသည့်အလား ရန်သူကျည်ဆန်များသည် ငှက်အုပ်ကြီးများကဲ့သို့ အနီးမှ ဖြတ်သန်းသွားကြလေသည်။

ပြင်သစ်တပ်များသည် အမြောက်တပ်စုကို ဝင်တိုက်ပြီးနောက် စစ်သေနာပတိချုပ်ကူတူဇော့ဗ်ကို မြင်သည်တွင် ၎င်းတို့ဘက်သို့လှည့်၍ သဲသဲမဲမဲ ပစ်နေကြပြန်သည်။ ထိုပစ်ခတ်သံများစဲသွားသည့်နောက်၌ကား တပ်ရင်းမှူးသည် ၎င်း၏ခြေထောက်ကို ဆုပ်နယ်လျက်ရှိ၏။ တပ်သားအများလည်း အတုံးအရုံး ကျဆုံးလျက်ရှိခြင်းကို တွေ့ရလေသည်။ စစ်တံခွန်ကိုကိုင်ထားသည့် ဗိုလ်ကလေးတစ်ယောက်သည် တံခွန်ကိုလွှတ်ချလိုက်ရာ စစ်တံခွန်အနီးရှိ တပ်သားများပေါ်သို့ လဲကျသွားလေ၏။ တပ်သားများကားမည်သည့် အမိန့်ကိုမျှ မစောင့်တော့ဘဲ ပစ်ခတ်လျက်ရှိကြလေသည်။

"အို အို၊ အင်ဒရေ၊ တပ်ရေးဗိုလ် အင်ဒရေ" စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် အသံတုန်တုန်ဖြင့်ခေါ်၍ မိမိပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ဖရိုဖရဲဖြစ်နေသော ရုရှားအမြောက်တပ်စုနှင့် ရန်သူများကို လက်ညှိုးထိုးပြကာ "တပ်ရေးဗိုလ်ကလေး ဟိုဟာက ဘယ်လိုဖြစ်တာလဲဟင်"

သို့ရာတွင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ စကားမဆုံးမီ၌ မင်းသားကလေးအင်ဒရေသည် ရှက်လည်းရှက် ဒေါသလည်းထွက်သဖြင့် မျက်ရည်များစီးကျလာရင်းက မိမိမြင်းပေါ်မှ ခုန်ဆင်းပြီး စစ်တံခွန်ကိုပြေး၍ ကောက်လိုက်သည်။

"သွေးသောက်တို့ တက်၊ တက်" ဟု ကလေးငယ်တစ်ယောက်ကဲ့သို့ စူးရှစွာအော်လိုက်ပြီး စစ်တံခွန်ကို ကောက်ကိုင်လိုက်သည်။ မိမိအားလှမ်းပစ်နေသည့်သေနတ်သံများကို ကြားရသည့်အတွက်လည်း မြူးကြွလျက်ရှိသည်။ တပ်သားများကား မြင်မကောင်းအောင် အတုံးအရုံးကျဆုံးကုန်ကြပေပြီ။

"တက်ဟေ့၊ တက်" မင်းသားကလေးအင်ဒရေသည် လေးလံလှသော စစ်တံခွန်ကြီးကို ကောက်ကိုင်ကာ မိမိနောက်သို့ တပ်ရင်းကြီးတစ်ရင်းလုံး လိုက်ပါလာလိမ့်မည်ဟု ယုံကြည်စိတ်ချလျက် ပြေးတက်သွားလေသည်။

မင်းသားကလေးအင်ဒရေ လေး ငါးခြောက်လှမ်းလောက် တက်သွားပြီးသည်နှင့် ၎င်းထင်သည့်အတိုင်းပင် တပ်သားများသည် နောက်မှ ပြေးလိုက်လာကြလေရာ တစ်ခဏအကြာ တပ်ရင်းကြီးတစ်ခုလုံးသည် စစ်ညာသံပေးလျက် နောက်မှတက်လာလေသည်။ တပ်ကြပ်ကြီးတစ်ယောက်သည်ပြေးတက်လာကာ မနိုင်မနင်းဖြစ်နေသော မင်းသားကလေးအင်ဒရေ၏ လက်မှ စစ်တံခွန်ကို လှမ်းယူလိုက်သည်တွင် ရန်သူကျည်သင့်ကာ လဲကျသွားလေသည်။ မင်းသားကလေးအင်ဒရေသည် စစ်တံခွန်ကို တပ်ကြပ်ကြီးလက်မှ ဆွဲယူလိုက်ပြီး ဒရွတ်ဆွဲလျက် ပြေး၍တက်လာခဲ့ပြန်သည်။ မိမိရှေ့၌ကား ပြင်သစ်တပ်များသည် ဆုတ်ခွာလာခဲ့သော ရုရှားအမြောက်တပ်မှ မြင်းများကို ဖမ်းလျက်ရှိကြပြီး အချို့ကား အမြောက်မြတပူများနှင့် ခြေလှမ်းနှစ်

 www.burmeseclassic.com 

ဆယ်ခန့်အကွာသို့ ရောက်နေလေပြီ။ ကျည်ဆန်များသည် မိမိ၏ခေါင်းပေါ်မှ တရှိန်ရှိန်မြည်ကာ အဆက်မပြတ်ဖြတ်သန်း သွားသံကို ကြားရပြီးနောက် မိမိဝဲယာ၌ တပ်သားများမှာ ညည်းညူအော်ဟစ်ရင်း လဲကျသွားကြ၏။ မင်းသားက လေး အင်ဒရေကား ၎င်းတို့ကို မကြည့်အားဘဲ ရှေ့ရှိ အမြောက်တပ်သား၏ ခေါင်းမှ သံပရာခွံဦးထုပ်မှာ လွင့်ကျ သွားပြီး အမြောက်သုတ်သည့် အဝတ်စတစ်ခုအား ပြင်သစ် တပ်သားနှင့် တစ်ယောက်တစ်ပြန်လုနေခြင်းကို မြင်ရ၏။ ထိုတပ်သားနှစ်ယောက်ကား မိမိတို့ပြုမူနေကြသည့် အပြု အမူကို သတိထားမိကြဟန် မတူဘဲ သဲသဲမဲမဲသာလုလျက် ရှိကြပေရာ ၎င်းတို့နှစ်ယောက်၏ ဒေါသအမျက် ချောင်း ချောင်းထွက်ကာ ရှုံ့မဲ့နေသော မျက်နှာများကို မင်းသား ကလေးအင်ဒရေ ပြတ်သားစွာ မြင်နေရလေသည်။

'ဘာလို့များ ဒီအဝတ်စုတ်ကို လုနေကြပါလိမ့်'ဟု လည်းတွေးမိသည်။ 'ဒီအမြောက်တပ်သားနှယ်နော် လက် ထဲမှာ လက်နက်မဲ့ဖြစ်နေရက်နဲ့ ဘာကြောင့်များ မပြေးတာ လဲ မသိဘူး၊ ပြင်သစ်တပ်သားကလဲ လက်ထဲလှံစွပ်ကြီး ကိုင်ထားရက်နဲ့ ထိုးဖို့ သတိရဟန်မတူဘူး၊ ဒီကောင့်နှယ် ပြေးပါတော့လား၊ တော်ကြာ ပြင်သစ်တပ်သားက သတိရ သွားပြီး လှံစွပ်နဲ့ထိုးရင်း သေတော့မှာပဲ'

ထိုအခိုက် အခြားပြင်သစ်တပ်သားတစ်ယောက် သည် ကျည်တစ်လုံးထိုးသေနတ်ကို ဒရွတ်တိုက်ဆွဲ၍ ၎င်းတို့ထံသို့ ပြေးလာနေသည်ကို မြင်ရ၏။ အဝတ်စုတ် ကား ဆံပင်နီနီနှင့် ရုရှားအမြောက်တပ်သားလက်ထဲသို့ ရောက်သွားလေပြီ။ အမြောက်တပ်သားကား မိမိကံကြမ္မာ ကို သိဟန်မတူသေးချေ။ သို့ရာတွင် မင်းသားကလေးအင်ဒ ရေသည် ထိုတပ်သား၏ကံကြမ္မာကို မည်သို့အဆုံးသတ် သွားသည်ကို ကြည့်ချိန်မရလိုက်တော့ချေ။ မိမိအနီးမှ တပ်သားတစ်ယောက်သည် မိမိအား တင်းပုတ်ကြီးတစ် ချောင်းဖြင့် အားကုန်လွှဲရိုက်လိုက်သည် ထင်မှတ်လိုက်ရပြီး နောက် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားကာ ဘာကိုမျှ မမြင်ရတော့ဘဲ မျက်လုံးတွေပြာသွားသည်ကိုသာ သတိရ လိုက်လေသည်။

'ဘုရား ဘုရား ဘာဖြစ်လိုက်တာပါလိမ့်၊ ငါလဲကျ တော့မယ်ထင်တယ်၊ ငါ့ခြေတွေမခိုင်တော့ဘူး'ဟု သတိထား လိုက်ရင်းကပင် မင်းသားကလေးအင်ဒရေသည် ပက်လက် လန်၍ လဲကျသွားလေသည်။ စောစောက ပြင်သစ်တပ် သားနှင့် ရုရှားအမြောက်တပ်သားတို့ ထွေးလုံးသတ်ပုတ်နေကြ ခြင်းမှာ ပြီးသွားလေပြီလော၊ မိမိတို့တပ်သားမှာ အသတ် ခံရရှာလေပြီလော မိမိတို့အမြောက်မြတပ္ပကို ရန်သူသိမ်း သွားလေပြီလောဟု မြင်ရလိုမြင်ရငြားဖြင့် မင်းသားကလေး အင်ဒရေသည် မျက်လုံးကို ဖွင့်ကြည့်လိုက်မိသေးသည်။ သို့ရာတွင် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရတော့ပြီ။ မိမိအထက်၌ တိမ်ညိုတို့ တရွေ့ရွေ့လွင့်လျက် ရှိသည်။ ကောင်းကင်ကြီးမှအပ အခြားမည်သည့်အရာမျှ မရှိတော့ ပြီ။ ထိုကောင်းကင်ကြီးသည် ခံ့ညားပေစွ၊ တင်တယ်ပေစွ။

'ကြည့်စမ်း ကောင်းကင်ကြီးဟာ ဘယ်လောက် ငြိမ်သက်သလဲ၊ ဘယ်လောက်ငြိမ်ချမ်းသလဲ၊ ဘယ်လောက် တင့်တယ်ခံ့ညားသလဲ၊ တို့တစ်တွေမှာတော့ ပြေးကြလွှား ကြ၊ အော်ကြဟစ်ကြ၊ သတ်ကြဖြတ်ကြနဲ့ ရုတ်ရုတ်သဲသဲ ဖြစ်နေလိုက်ကြတာ အမြောက်တပ်သားနဲ့ ပြင်သစ် တပ် သားဟာ ထိတ်လန့်စိတ်ဆိုးတဲ့ မျက်နှာကြီးတွေနဲ့ ယမ်း သုတ် အဝတ်ဖတ်ကလေးကို လုနေကြတယ်၊ ဒါပေမဲ့ ကောင်းကင်ကြီးပေါ်မှာရှိတဲ့ တိမ်တိုက်တွေကတော့ တအိအိ လွင့်လို့ ဆုံးစမထင်တဲ့ ကောင်းကင်ကြီးကလဲ ငြိမ်သက်လို့၊ ကြည့်စမ်း ခံ့ညားပြီး ဆုံးစမထင်တဲ့ကောင်းကင် ပြင်ကြီးနဲ့ တရွေ့ရွေ့လွင့်နေတဲ့ တိမ်တိုက်တွေဟာ တို့နဲ့ ဘယ်မျှ လောက် ကွာခြားသလဲ၊ ဒီကောင်းကင်ကြီးဟာ ဒီမျှလောက် ခံ့ညားတင့်တယ်ပြီး ဒီမျှလောက် ကျက်သရေရှိတယ်ဆိုတာ ငါမသိခဲ့ပါကလား၊ ခုတော့ ဒီကောင်းကင်ကြီးကို ငါမြင်ရ ပြီ၊ သိရပြီ၊ ဒီလို သိရမြင်ရ တွေ့ရလို့ ငါ့စိတ်ထဲမှာ ကြည်နူးလိုက်ပါဘိတော့တယ်၊ ဟုတ်တယ် ဟောဒီဆုံးစ မထင်တဲ့ ကောင်းကင်ပြင်ကြီးကလွဲရင် ကျန်အရာမှန်သမျှ တွေက အချည်းနှီးအကျိုးမဲ့သောအရာ လွဲမှားသော အရာ များသာ ဖြစ်ကြတယ်၊ ဆုံးစမထင်တဲ့ကောင်းကင်ကြီးက လွဲရင် လောကမှာ အခြားဘာမျှမရှိဘူး၊ ဘာမျှ မတည်မြဲ ဘူး၊ တကယ်တော့ ဒီကောင်းကင်ကြီးသည်ပင်လျှင် တည်မြဲ ခြင်းမရှိဘူး၊ လောကမှာ ရှိသမျှအရာတွေဟာ အားလုံး အနိစ္စချည်းပဲ၊ နိစ္စဖြစ်သော အရာဆိုလို့ ငြိမ်သက်ခြင်းနှင့် ငြိမ်းချမ်းခြင်းတို့သာလျှင် ရှိတယ်၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီး ကယ်တော်မူပါဘုရား'



www.burmeseclassic.com

## အခန်း–၁၇

မင်းသားကြီးဘာဂရေးရှင်း ကွပ်ကဲသည့် လယ်ယာတောင်ပံစစ်ကြောင်း၌ကား နံနက်ကိုးချက်တီးသည်အထိ တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးချေ။ မင်းသားကြီးဘာဂရေးရှင်းသည် တိုက်ပွဲစ၍တိုက်ရန် တောင်းဆိုသော တပ်ရေး ဗိုလ်ချုပ်ကြီး ဒိုဂိုရူးကော့၏ တောင်းဆိုချက်ကို လိုက်နာခြင်းမပြုလိုဘဲ မိမိအပေါ်၌လည်း တာဝန်မရှိစေလိုသည့်အလျောက် တိုက်ပွဲစသင့်မသင့်ကို စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ စေလွှတ်မေးမြန်းခြင်းပြုရန် တပ်ရေးဗိုလ်ချုပ်ကို အကြံပေးလိုက်သည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ရှိသည့် လက်ဝဲတောင်ပံစစ်ကြောင်းနှင့် မိမိ၏ လက်ယာတောင်ပံစစ်ကြောင်းမှာ ခြောက်မိုင်ကျော်ကျော် ကွာဝေးလေရာ မိမိအကြံပေးချက်အတိုင်း ဆက်သားတစ်ယောက်ကို စေလွှတ်မေးမြန်းပါက ဆက်သားသည် လမ်းတွင် မသေမပျောက် ချောချောမောမော ရောက်သည်ဆိုဦး (လမ်းတွင် ရန်သူကျည်သင့်သေဖို့က များသည်။) တစ်ဖန် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို အလွယ်တကူ တွေ့သည်ဆိုဦး (အလွယ်တကူ မတွေ့ဖို့က များသည်။) ထိုဆက်သားသည် ညနေကျမှ ပြန်ရောက်လာမည် ဖြစ်၏။ ဤအချက်ကို မင်းသားကြီးဘာဂရေးရှင်းသိသဖြင့် အချိန်ကြန့်ကြာစေရန် တမင်အကြံပေးလိုက်ခြင်း ဖြစ်လေသည်။

မင်းသားကြီးဘာဂရေးရှင်းသည် ၎င်း၏ အသက်ကင်းမဲ့၍ အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးကြီးများဖြင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များကို လှမ်းကြည့်လိုက်၏။ တုန်လှုပ်ချောက်ချားခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် အသက်ရှူမှားမတတ် ဖြစ်နေသော နီကိုလေ၏ နုနယ်ငယ်ရွယ်သော မျက်နှာကိုကွက်၍ မြင်လိုက်မိသည်။ ထို့ကြောင့် လက်ဝဲတောင်ပံစစ်ကြောင်းရှိ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ထံသို့ နီကိုလေအား ဆက်သားအဖြစ် လွှတ်လိုက်လေသည်။

"ဗိုလ်ချုပ်ကြီးဆီကို သွားမတွေ့ခင်တုန်း ဘုန်းတော်ကြီးသောဖုရားထံ အခစားဝင်ပြီး လျှောက်တင်ရင် မကောင်းဘူးလား ဗိုလ်ချုပ်"

နီကိုလေက လက်ကို ဦးထုပ်သို့မြှောက်၍ အလေးပြုရင်း မေးလိုက်သည်။ မင်းသားကြီးဘာဂရေးရှင်းက တစ်စုံတစ်ရာပြောမည်အပြုတွင် တပ်ရေးဗိုလ်ချုပ် ဒိုဂိုရူးကော့က ကြားဖြတ်၍

"အိမ်း ဘုန်းတော်ကြီးသော ဘုရားထံကိုလဲ လျှောက်တင်ခဲ့"

နီကိုလေသည် မနေ့ညကတစ်ညလုံး ကင်းဦး မျဉ်းကြောင်းတစ်လျှောက်၌ ကမ်းစမ်းတာဝန်ကျခဲ့ပြီးနောက် တာဝန်အပြီး၌ တစ်ရေးတမော အိပ်စက်လိုက်ရသည့်အတွက် ရွှင်လန်းရဲရင့် ထက်သန်လျက်ရှိ၏။ ဖျတ်လတ်ပေါ့ပါးနေရုံမျှမက ၎င်း၏ကံဇာတာကိုလည်း စိတ်ချယုံကြည်လျက် ရှိလေရာ အရာခပ်သိမ်းဟူသမျှကို အလွယ်တကူနှင့် အောင်မြင်ပြီးမြောက်လိမ့်မည်ဟု ၎င်း၏ စိတ်တွင် တွေးထင်လျက် ရှိလေသည်။

"ယနေ့နံနက်၌ကား ၎င်းအလိုဆန္ဒ ပြည့်ခဲ့လေပြီ၊ ယနေ့နံနက်တွင် မိမိကိုယ်တိုင်ပါဝင်လျက် ရန်သူနှင့် တွေ့တွေ့ဆိုင်ဆိုင် တိုက်ကြရလေတော့မည်။ ထိုမျှမက မိမိမှာ အရဲရင့်ဆုံး ဗိုလ်ချုပ်တစ်ဦးဖြစ်သော မင်းသားကြီးဘာဂရေးရှင်း၏ တပ်လုလင်ဗိုလ်ဖြစ်လျက်ရှိချေပြီ။ ထိုမျှသာမကသေး စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့လည်း ဆက်သားအဖြစ် သွားရချေဦးတော့မည်။ ကံကောင်းလျှင် ဘုရင်ဧကရာဇ်အား ကိုယ်တိုင်ဖူးတွေ့ရချေဦးမည်။ နံနက်ခင်းကလည်း သာယာကြည်လင်လျက် ရှိ၏။ စီးလာသည့် မြင်းကလည်း မြင်းကောင်းဖြစ်၏။ နီကိုလေမှာ မသိမသာ ရွှင်ပျမြူးထူးလျက်ရှိလေသည်။ မင်းသားကြီးဘာဂရေးရှင်းထံမှ အမိန့်ရသည်နှင့် နီကိုလေသည် မြင်းဇက်ကိုဆွဲလိုက်ပြီး မြေပြင်တစ်လျှောက် ဒုန်းစိုင်း၍ ထွက်လာခဲ့လေသည်။ ပထမတွင် နီကိုလေသည် တိုက်ပွဲမဝင်သေးဘဲ ရပ်နားလျက်ရှိသည့် မင်းသားကြီးဘာဂရေးရှင်း၏ စစ်ကြောင်းကိုဖြတ်၍ စီးလာခဲ့ပြီးလျှင် အူဗာရော့မြင်းတပ် စခန်းချထားသည့် စစ်ဗျူဟာနယ်မြေထဲသို့ ဝင်လာခဲ့၏။ ထိုနယ်မြေတစ်ဝိုက်၌ကား တိုက်ပွဲအတွက် ပြင်ဆင်မှုများ၊ အူဗာရော့မြင်းတပ်စခန်း စစ်ဗျူဟာနယ်မြေကိုလွန်လျှင် ရှေ့ဆီမှ သေနတ်သံများနှင့် အမြောက် မြတပူပစ်ခတ်သံများကို ကြားစပြုလာကာ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ပစ်ခတ်သံများမှာလည်း တဖြည်းဖြည်း ကျယ်လောင်၍ လာလေသည်။

သန့်ရှင်းလတ်ဆတ်သော နံနက်ခင်းလေပြည်ထဲတွင် ယခင်ကကဲ့သို့ ကျည်တစ်လုံးထိုး သေနတ်သံတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com


စ နှစ်ချက်စ၊ နောက်မှာ အမြောက်မြတပ္ပတံ တစ်ချက်စ နှစ်ချက်ကို ရုံဖန်ရုံခါကြားရခြင်းမျိုး မဟုတ်တော့ဘဲ ပရတ်ဇင်တောင်ရိုးမရောက်မီ တောင်ခုလတ်ကလေးဆီမှ အဆက်မပြတ် တရစပ်ပစ်ခတ်လျက်ရှိသော ကျည်တစ်လုံး ထိုး သေနတ်သံများနှင့်တကွ ထိုအသံကား တဝုန်းဝုန်း မြည်ဟည်းလျက်ရှိသော အမြောက်မြတပ္ပပစ်ခတ်သံများကို ကြားရစပြုလာလေရာ တစ်ခါတစ်ရံ၌ ထိုအသံများသည် တစ်ခုနှင့်တစ်ခု ခွဲမရတော့ဘဲ ရောထွေးသွားလျက် တစ်ခဲနက် မြည်ဟည်းသံကြီး ဖြစ်ပေါ်လာက ပဲ့တင်ထပ်မျှ ဟိန်းလျက်ရှိလေသည်။

တောင်ခါးပန်းတစ်လျှောက်၌ လိုက်လံပစ်ခတ်ဟန် ရှိနေသည့် ကျည်တစ်လုံးထိုသေနတ်များမှ မီးခိုးတန်းများကို လည်းကောင်း၊ ထိုမီးခိုးများနှင့် ရောထွေးပေါင်းစပ်သွားသော အမြောက်မြတပ္ပများမှ အလိပ်အလိပ်တက်လာသည့် မီးခိုးလုံးကြီးများကိုလည်းကောင်း မြင်ရစပြုလေပြီ။ ထို့ပြင် မီးခိုးလုံးများကြားတွင် လက်ခနဲ လက်ခနဲ ဖြစ်သွားသော လှံစွပ်များမှအရောင်ကြောင့် ဤကား တလှုပ်လှုပ် ပြေးလွှား လျက်ရှိသည့် ခြေလျင်တပ်များဖြစ်သည်။ ဤကား အစိမ်း ရောင် ခဲယမ်းမီးကျောက်သေတ္တာများကို အမြောက်ခင်တိတ် နောက်တွင် ဆွဲထားသော အမြောက်တပ်များ ဖြစ်သည် စသည်ဖြင့် သဲကွဲစွာ မြင်နေရလေပြီ။

နီကိုလေသည် မြင်းကို တောင်ပူစာကလေးတစ်ခု ပေါ်တွင်ခေတ္တရပ်တန့်စေ၍ အခြေအနေကို အကဲခတ်လိုက် သည်။ သို့ရာတွင် အခြေအနေကို သဲကွဲစွာ မသိရသည့် အတွက် ပျံ့လွင့်နေသော အာရုံများကို ချုပ်ထိန်းကာ အားစိုက်၍ မျှော်ကြည့်ပြန်သည်။ မီးခိုးလုံးများကြား၌ကား တပ်သားများသည် ထိုမှဤမှ ပြေးလွှားလျက်ရှိကြပြီး ၎င်းတို့နောက်တွင် ရင်ပေါင်တန်း၍ ချီတက်လာသော စစ်ကြောင်းများကို မြင်ရ၏။ သို့ရာတွင် မည်သူ့တပ်မှန်း မသဲကွဲချေ။ ဤရှုခင်း ဤအသံများသည် နီကိုလေအား ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်စေရုံမျှမက ၎င်း၏ သန္နိဋ္ဌာန် နှင့် ခွန်အားသမ္မာကို နှိုးဆွ၍ ပင့်ပေးလျက်ရှိချေသေး၏။

"ချကွာ ပစ်ထည့်လိုက်ဟာ"

နီကိုလေသည် အသံများကြောင့် စိတ်တက်ကြွလွန်း သဖြင့် စိတ်ထဲမှပင် ရေရွတ်လိုက်မိသေးသည်။ ထို့နောက် စစ်ကြောင်းတစ်လျှောက်တွင် ဒုန်းရိုက်၍ စီးလာခဲ့လေရာ တဖြည်းဖြည်းနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားလျက်ရှိ သည့် နယ်မြေထဲသို့ ရောက်လာခဲ့လေသည်။

'အင်း တို့လူတွေ ဘယ်လိုများ နေမလဲတော့မသိ ဘူး၊ နိုင်တော့ နိုင်တန်ကောင်းပါရဲ့'ဟု တွေးလိုက်မိသည်။

ဩစတြီးယားတပ်အချို့ကို ကျော်ဖြတ်လာခဲ့၏။ စစ်ကြောင်းတစ်နေရာသို့အရောက်တွင်ကား တိုက်ပွဲဝင် လျက်ရှိသော ကိုယ်ရံတော်မြင်းတပ်ကို မြင်ရလေသည်။

'အနားရောက်ရင်တော့ သေသေချာချာ မြင်ရမှာပဲ' ဟု တွေးလိုက်မိသည်။

ယခုအချိန်တွင်ကား နီကိုလေသည် ရှေ့တန်းစစ် မျက်နှာတစ်လျှောက်တွင် ရောက်လျက်ရှိလေပြီ။ ရှေ့တူရူမှ လူတစ်စုသည် မိမိထံသို့ မြင်းများကို ဒုန်းရိုက်၍ စီးလာကြ သည်ကိုမြင်ရ၏။ ထိုသူများကား ရုရှားတပ်မကြီးရှိ အု လန်မြင်းတပ်ဖွဲ့မှ တပ်ဖိုလ်များဖြစ်လျက် တပ်ပျက်သွား သဖြင့် ပြန်၍ ဆုတ်ခွာလာကြသူများ ဖြစ်လေသည်။ နီကိုလေသည် ၎င်းတို့ကို ရှောင်ပေးလိုက်ရင်း သွေးအလိမ်း လိမ်းဖြင့် လိုက်ပါလာသည့် လူတစ်ယောက်ကို မြင်လိုက်မိ သည်။ ပြီးမှ 'ဟယ် ဒါငါ့အလုပ်မှ မဟုတ်ဘဲ'ဟု တွေးမိ ကာ မြင်းကို ဆက်၍စီးလာခဲ့ပြန်သည်။ ဆက်စီးလာ၍ ကိုက်တစ်ရာကျော် နှစ်ရာလာက်အရောက်တွင် မိမိလက်ဝဲ ဘက်ရှိ ကျယ်ပြန့်လှသော ကွင်းပြင်ကြီးထဲမှ အနက်ရောင် မြင်းကြီးများကို စီးကာ အဖြူရောင်တစ်စုံများကို ဝတ်ဆင် ထားသည့်ကွင်းလုံးပြည့်မျှ များပြားကြီးမားလှသော မြင်း တပ်ကြီးတစ်တပ်သည် ဘွားခနဲပေါ်လာပြီး မိမိစီးလမ်းကို ကန့်လန့်ဖြတ်တက်ရန် အသားကျစီး၍ ချီတက်လာခြင်းကို မြင်လိုက်ရလေသည်။ နီကိုလေသည် ထိုတပ်ကြီးနှင့် လွတ်ရလေအောင် မိမိမြင်းကို ဇက်ကုန်လွှတ်ကာ အပြေး စီးလာခဲ့လေသည်။ ထိုမြင်းတပ်ကြီးသည် ခပ်စောစောက ကဲ့သို့ မှန်မှန်စီးလာခဲ့ပါက နီကိုလေသည် လွတ်လွတ် ကျွတ်ကျွတ်ကြီး ဖြတ်ကူးသွားနိုင်မည်ဖြစ်သော်လည်း ယခု မူ အသော့စီးလာကြပြီဖြစ်လျက် အချို့ကား ကဆုန်စိုင်း၍ ပင် လိုက်လာကြပြီ ဖြစ်လေသည်။ တဖြောင်းဖြောင်း မြည်သော မြင်းခွာသံများ တချွင်ချွင်မြည်သော ဓားသံများ ကို နီကိုလေ ကြားနေရပြီး မြင်းများ၊ ကိုယ်လုံးကိုယ်ထည် များနှင့်တကွ မျက်နှာများကိုပါ သဲသဲကွဲကွဲ မြင်နေရလေပြီ။ ၎င်းတို့ကား ရုရှားကိုယ်ရံတော်တပ်များဖြစ်လျက် မျက်နှာ


www.burmeseclassic.com

ချင်းဆိုင်မှုလာနေသော ပြင်သစ်မြင်းတပ်များကို ဝင်ဖောက်၍တိုက်ရန် တက်လာကြခြင်းဖြစ်ပေ၏။ ဤသို့ဖြင့် နီကိုလေသည် အကြိတ်အနယ်တိုက်ရန် မျက်နှာချင်းဆိုင်စီးလာကြသည့် ရုရှားမြင်းတပ်ကြီးနှင့် ပြင်သစ်မြင်းတပ်ကြားတွင် ရောက် လျက်ရှိချေပြီ။

ကိုယ်ရံတော်မြင်းတပ်သားများသည် မြင်းများပေါ်တွင် အကျထိုင်ကာ ကဆုန်စိုင်း၍စီးလာကြသည်။ မြင်းတပ်သားများ၏ မျက်နှာများကိုလည်း ပို၍ ကြည်လင်ပြတ်သားစွာ မြင်လာရပြီး 'တက်'ဟူသော အမိန့်ပေးသံနှင့်အတူ မြင်းတပ်ဗိုလ်တစ်ယောက်သည် ၎င်း၏ ချောမောလှပသော မြင်းကြီးအား ခြေကုန်စီးလာခြင်းကို မြင်လိုက်ရ၏။ နီကိုလေမှာ လမ်းကို အလျားလိုက်စီးလာသည်တွင် မြင်းတပ်ကြီးကို ကန့်လန့်ဖြတ်၍ ကူးရန် တက်လာခြင်းဖြစ်ရာ ၎င်းတို့ကိုလွတ်အောင် မစီးနိုင်ပါက မိမိအား ထိုမြင်းတပ်ကြီးက ဝင်တိုက်ကာ ရောချည်ပပ်ပါသွားမည်သာ ဖြစ်လေသည်။ ထို့ကြောင့် နီကိုလေသည် ထိုမြင်းတပ်ကြီးနှင့် ဝင်မတိုက်မိအောင် တအားကျုံး၍ စီးလာခဲ့လေသည်။

နီကိုလေသည် မြင်းတပ်ကြီးနှင့်လွတ်ရန် လမ်းအလျားလိုက် မြင်းကို ဒုန်းစီးလာခဲ့၍ လမ်းကို ကန့်လန့်ဖြတ်ကူးလျက်ရှိသော မြင်းတပ်ကြီး၏အဖျားနားသို့ ရောက်လာသည်တွင် ကျောက်ပေါက်မာခပ်သက်သက်၊ ကိုယ်လုံးထွားထွား မြင်းတပ်သားတစ်ယောက်ကလည်း လမ်းကို ကန့်လန့်ဖြတ်ကျော်ရန် ဒုန်းရိုက်၍ မြင်းစီးလာသည်ကို မြင်ရလေသည်။ တစ်ယောက်ယောက်က ရှောင်ပေးနိုင်ခြင်း မရှိခဲ့ပါလျှင် မြင်းနှစ်ကောင်သည် တည့်တည့်ကြီး ဝင်တိုက်မိကြတော့မည်သာ ဖြစ်လေသည်။ သို့ရာတွင် နောက်မှ မြင်းတပ်များ ထပ်၍တက်လာကြပြီဖြစ်သည့်အတွက် ရှောင်စရာလည်း မရှိတော့ချေ။ ကျောက်ပေါက်မာနှင့် မြင်းတပ်သားကား မိမိနှင့်တည့်တည့်ကြီးဝင်တိုက်တော့မည့် နီကိုလေကို ဒေါသတကြီးကြည့်လျက် လိုက်ပါလာလေသည်။ ထိုအခိုက်တွင်ကား မြင်းနှစ်ကောင်သည် တဖြည်းဖြည်း နီးလာကြလေပြီ။ ကိုယ်ရံတော်မြင်းတပ်သားက မိမိမြင်းအားကို ကန့်လန့်ဖြတ်ဝင်တိုက်လိုက်လျှင်ကား နီကိုလေနှင့် ၎င်း၏ မြင်းကြီး'ဗေဒွင်'တို့ ကျွမ်းထိုးမှောက်ခုံ လိမ့်ဆင်းသွားတော့မည်သာ ဖြစ်လေသည်။ (နီကိုလေမှာ ကြီးမားတုတ်ခိုင်လှသော မြင်းတပ်သားများနှင့် မြင်းကြီးများကို ကြည့်ကာ အသည်းထိတ်လျက်ရှိလေပြီ။) ဤသို့ မြင်းနှစ်ကောင် တစ်ကောင့်တစ်ကောင် ဦးနှင့်ဘေးဝင်တိုက်မည်ပြုစဉ်တွင် နီကိုလေသည် ရုတ်တရက်အကြံရကာ မိမိအနားသို့ ကပ်လာပြီဖြစ်သော ကိုယ်ရံတော်မြင်းတပ်သား၏ မြင်းကြီးမျက်လုံးရှေ့တွင် ကပ်လျက် ကြာပွတ်ကို တရှမ်းရှမ်းမြည်အောင် ယမ်းချလိုက်သည်။ ဒေါက်တစ်ဆယ့်ခြောက်လက်မရှိသည့် မြင်းနက်ကြီးသည် ရုတ်တရက် တန့်သွားပြီးနောက် နားရွက်များကို ပေထားလိုက်သည်။ သို့ရာတွင် ကျောက်ပေါက်မာနှင့် မြင်းတပ်သားက သံဆူးများဖြင့် ခပ်ပြင်းပြင်း ပေါက်လိုက်သည်တွင် မြင်းကြီးသည် အမြီးကိုဖွ၍ လည်ကိုဆန့်လိုက်ကာ ဒုန်းစိုင်းလေတော့သည်။ ကြာပွတ်သံကြောင့် မြင်းတပ်သား၏ မြင်းကြီး လန့်သွားသည့်ခဏ၌ကား နီကိုလေ၏မြင်းမှာ ကံအားလျော်စွာ ရှေ့သို့ ရောက်သွားခဲ့လေပြီ။ ကိုယ်ရံတော်မြင်းတပ်များဖြတ်သွားပြီး ချက်ချင်းပင် "ဟေး ဟေး" အော်သံများ ကြားရသဖြင့် လှည့်ကြည့်လိုက်သည်တွင် ရှေ့ဆုံးက တက်သွားသည့် မြင်းတပ်များမှာ ပခုံးပန်းပွားများချထားလျက် ပြင်သစ်မြင်းတပ်သားများ ဖြစ်ဟန်တူသည် မြင်းတပ်သားများနှင့် ရောထွေးကာ ရှုပ်ယှက်ခတ်လျက် ဖြစ်နေကြလေပြီ။ ထို့နောက်တွင်ကား အမြောက်မြတပူပစ်ခတ်သံများပေါ်လာက မီးခိုးလုံးများ ထလာသည့်အတွက် ဘာကိုမှ မမြင်ရတော့ဘဲ မည်းမှောင်သွားလေတော့သည်။

ယင်းသို့ မြင်းတပ်သားများ မိမိအနီးမှ ကျော်ဖြတ်ကာ မီးခိုးလုံးများထဲ၌ ပျောက်ကွယ်သွားသည့် အခိုက်အတန့်တွင် နီကိုလေသည် နောက်ပြန်လှည့်ကြည့်ရင်း ထိုမြင်းတပ်များနှင့်အတူ ဝင်၍တိုက်မည်လော၊ သို့မဟုတ် မိမိအား စေလွှတ်လိုက်သည့်အတိုင်း လက်ဝဲတောင်ပံစစ်ကြောင်းရှိ စစ်သေနာပတိချုပ် ကုတူဇော့ဗ်ထံသို့ သွားရောက်ရမည်လောဟု ဝေခွဲမရအောင် ဖြစ်လျက်ရှိ၏။ ပြင်သစ်တပ်များကား ရုရှားကိုယ်ရံတော် မြင်းတပ်များ၏ ရဲရင့်လှသော တိုက်ခိုက်ပုံကြောင့် အံ့အားသင့်လျက်ရှိကြ၏။ သို့ရာတွင် တိုက်ပွဲပြီးသည့်အခါ၌ကား မိမိ၏အနီးမှ ငွေဒင်္ဂါးတစ်ထောင်တန် မြင်းကြီးများကို စီး၍ တက်သွားကြသည့် သူကြွယ်သားများ၊ တပ်ဗိုလ်များ၊ ဗိုလ်လောင်းများ စသည့် လှပခံ့ညားလှသော မြင်းတပ်ဗိုလ်၊ တပ်သားများစွာ



www.burmeseclassic.com

တို့အနက် တစ်ဆယ့်ရှစ်ယောက်မျှသာ ကျန်ခဲ့သည်ဟု သိရသောအခါ ဝင်တိုက်ဖို့ စိတ်ကူးမိခဲ့သည်ကို တွေးမိကာ ကျောစိမ့်သွားမိသေး၏။

'ဟယ် သူတို့ကို အားကျနေလို့မပြီးပါဘူး၊ နောက်လဲ တိုက်ပွဲတွေ တွေ့ရဦးမှာပဲ၊ ပြီးတော့ ဘုန်းတော်ကြီးသော ဖုရားကို ဝင်ဖူးဦးမှာရှိသေး'ဟု တွေးမိကာ နီကိုလေသည် မြင်းကိုဆက်၍ စီးခဲ့လေသည်။

ကိုယ်ရံတော်ခြေလျင်တပ်အနီးသို့ ရောက်လာသည့်အခါတွင်မူ အမြောက်ဆန်များသည် မိုးသီးမိုးပေါက်များ ပမာ သည်းထန်စွာ ကျလျက်ရှိ၏။ သို့ရာတွင် နီကိုလေမှာ တပ်မိုလ်များ၏ ခက်ထန်တင်းမာသော မျက်နှာထားနှင့် တပ်သားများ၏ မသက်မသာဖြစ်လျက်ရှိသော မျက်နှာထားများကို အကဲခတ်လာရသဖြင့် ထိုအမြောက်ဆန်များစွာ ဂရုမပြုမိလိုက်ချေ။

ကိုယ်ရံတော်ခြေလျင်တပ်ရင်း၏ နောက်ဆုံးစစ်ကြောင်းကို ဖြတ်ကျော်လာခဲ့သည်နှင့် မိမိအား တစ်စုံတစ်ယောက်က လှမ်းခေါ်လိုက်သည်ကို နီကိုလေ ကြားလိုက်ရသည်။

"နီကိုလေ"

"ဗျို့"ဟု နီကိုလေက ပြန်ထူးလိုက်သည်။ မိမိကို ခေါ်လိုက်သည့် ဘိုးရစ်စ်ကို မမှတ်မိသေးချေ။

"ဗျို့ ရောင်းရင်း၊ ကျုပ်တို့လဲ ရှေ့တန်းစစ်မျက်နှာမှာ လာဆုံနေပြန်ပါပကောလား၊ ကျုပ်တို့တပ်ရင်းတော့ တိုက်ပွဲတစ်ပွဲပြီးလာပြီဗျ"ဘိုးရစ်စ်က ပထမဆုံးအကြိမ် စစ်မြေပြင်ကို ရောက်ခဲ့သော လူငယ်များ၏ မျက်နှာပေါ်၌ တွေ့ရတတ်သည့် ရွှင်ပျသောအပြုံးဖြင့် လှမ်းပြောလိုက်သည်။

နီကိုလေသည် မြင်းဇက်ကိုသတ်၍ ရပ်လိုက်၏။

"ပြီးခဲ့ပလား၊ ဘယ့်နှယ်လဲ အခြေအနေ"

"ရန်သူတွေ အရေးနိမ့်သွားပြီဗျ"ဟု ဘိုးရစ်စ်က ဝမ်းသာအားရ ပြောပြလျက်ရှိ၏။ မိမိတို့ကိုယ်ရံတော် ခြေလျင်တပ်များက မည်သို့နေရာယူကြပုံ၊ အစပထမ ရန်သူများကို မြင်ခါစတွင် မဟာမိတ်ဩစတြီးယားတပ်များဟုထင်မိကြပုံ၊ ၎င်းတို့က အမြောက်မြတပ်မှုများ ပစ်ခတ်တော့မှ မိမိတို့မှာ ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေမှန်း သိကလာ မမျှော်လင့်ဘဲ ရန်သူနှင့်တိုက်ပွဲဖြစ်ပွားပုံ စသည်တို့ကို ခပ်ရွှင်ရွှင်ပြောပြလျက်ရှိ၏။ နီကိုလေကား ဘိုးရစ်စ်၏ စကားကို အဆုံးထိအောင် နားမထောင်နိုင်တော့ဘဲ မြင်းကို သံဆူးဖြင့် ပေါက်လိုက်သည်။

"ဗျို့ ဘယ်သွားဦးမလို့လဲဗျ"ဘိုးရစ်စ်က မေးလိုက်သည်။

"ကိုယ်တော်ပုရားထံ အခစားဝင်ရဦးမယ်ဗျ"

"ဒီမှာလေဗျာ"ဘိုးရစ်စ်သည် နီကိုလေက အိမ်ရှေ့ဥပရာဇာမင်းသားကြီးကို တွေ့လိုမည်ထင်သဖြင့် ကိုယ်ရံတော် မြင်းတပ်သံချပ်အင်္ကျီ သံခမောက်တို့ကို ဝတ်ဆင်ထားသည့် အိမ်ရှေ့ဥပရာဇာမင်းသားကြီးကို လက်ညှိုးထိုးပြလိုက်သည်။ အိမ်ရှေ့ဥပရာဇာမင်းသားကြီးသည် ၎င်းတို့နှင့် ခြေအလှမ်း တစ်ရာခန့်အကွာတွင် မျက်မှောင်ကုတ်လျက် ရင်ကော့ထားရင်း မျက်နှာဖြူရော်၍ ဝတ်စုံအဖြူဝတ်ထားသော ဩစတြီးယား တပ်မိုလ်တစ်ယောက်ကို မာန်မဲလျက် ရှိ၏။

"ဒါက အိမ်ရှေ့ကိုယ်တော်ကြီးပဲဗျ၊ ကျုပ်သွားရမှာက ဘုန်းတော်ကြီးသော ဘုရား၊ ဒါမှမဟုတ် စစ်သေနာပတိချုပ် တစ်ယောက်ယောက်ကို တွေ့ရမှာ"နီကိုလေက မြင်းကို ဖိနပ်သံဆူးဖြင့် တို့လိုက်၏။

"မြို့စားကလေး မြို့စားကေလး"ဂျာမန်မိုလ် ဘာ့ဂ်သည် တစ်ဖက်မှပြေးထွက်လာကာ အော်၍ခေါ်လိုက်သည်။ "မြို့စားကလေး ကျုပ်ညာဘက်လက်တော့ ထိသွားပြီခင်ဗျ၊ (ဘာ့ဂ်သည် လက်ကိုင်ပဝါဖြင့် စည်းထားသော သွေးတစိမ့်စိမ့်ထွက်နေသည့်လက်မောင်းကို ထိုးပြလိုက်သည်၊) ကျွန်တော်ဟာ တစ်ချိန်လုံး ရှေ့တန်းစစ်မျက်နှာမှာဗျ၊ ညာလက်ကို ထိသွားတော့ ဓားကိုဘယ်လက်နဲ့ကိုင်ရတယ်၊ ကျွန်တော့်တို့အမျိုးဟာ စစ်သူရဲကောင်းမျိုးတွေဗျ သိရဲ့လား"

ဘာ့ဂ်သည် ကရားရေလွှတ်ပြောလျက်ရှိ၏။ နီကိုလေမှာ ၎င်း၏စကားကို ဆုံးအောင်စောင့်၍ နားမထောင်မနေတော့ဘဲ မြင်းကို စီး၍ ထွက်လာခဲ့လေသည်။

ကိုယ်ရံတော် ခြေလျင်တပ်နှင့် ကွင်းပြင်ကြီးတစ်ခုကို ဖြတ်ကျော်ခဲ့ပြီးနောက် နီကိုလေသည် စောစောကကဲ့သို့ တပ်ဦးနှင့် တိုးနေမည်စိုးသည့်အတွက် ကျည်တစ်လုံးထိုးသေနတ်များ၊ အမြောက်မြတပ်မှုများအပြင်းထန်ဆုံး ပစ်ခတ်နေသည့်နေရာကို ကွင်းကာ အရန်တပ်များ၏နောက်မှ လိုက်ပါလာခဲ့လေသည်။ ထိုအခိုက် မိမိရှေ့နားဆီမှ ကပ်



www.burmeseclassic.com

လျက် ကျည်တစ်လုံးထိုးသေနတ်ပစ်ခတ်သံများကို ကြားလိုက်ရလေသည်။ မိမိလိုက်ပါလသည့်နေရာကား တပ်၏နောက်ဖျားမှဖြစ်လေရာ ရန်သူသည် တပ်နောက်ပိုင်းမမျှော်လင့်သောနေရာမှ ဝင်၍ တိုက်ခြင်းဖြစ်လေသည်။

'ဟုတ်မှဟုတ်ရဲ့လား ရန်သူဟာ နောက်ကနေဝင်ပြီး တိုက်နေပါပကောလား၊ အို မဖြစ်နိုင်ပါဘူး'ဟု နီကိုလေ တွေးလိုက်မိသည်။ နီကိုလေသည် မိမိတို့တိုက်ပွဲနှင့်တကွ မိမိကံကြမ္မာကို တွေးမိကာ ကျောချမ်းသွားမိသည်။ 'အင်း ဘာပဲဖြစ်ဖြစ်လေ ရှေ့ဆက်စီးဖို့လဲ မဖြစ်တော့ဘူး၊ ရန်သူအဝိုင်းခံနေရပြီ၊ စစ်သေနာပတိချုပ် ကူတူဇော့ဗ်လဲဒီနားတစ်ဝိုက်မှာပဲ ရှိလိမ့်မယ်ထင်တယ်၊ မိုးပြိုလဲအများပေါ့၊ အားလုံး ကျဆုံးကုန်ရင် ငါလဲ အကျခံရတော့မှာပဲ'

ပရတ်ဇင်ရွာကို လွန်လာပြီးသည်တွင် တပ်မျိုးစုံကိုတွေ့မြင်လာရကာ ရှေ့သို့ဆက်၍ စီးလာခဲ့သည်နှင့်အမျှစောစောက မိမိတွေးထင်သကဲ့သို့ ကြမ္မာဆိုးတစ်ခုခုကိုတွေ့ရတော့မည်ဟူသော အတွေးမှာ နီကိုလေအဖို့ ခိုင်မာလာခဲ့လေတော့သည်။

'ဘာတွေဖြစ်နေကြတယ်တော့ မသိဘူး၊ ဘယ်သူက ဘယ်သူ့ကို ပစ်ခတ်နေမှန်းလဲ မသိဘူး'ဟု တွေးလာသည်တွင် မိမိလမ်းဘက်ဆီသို့ဖြတ်၍ ပြေးလာသော ရုရှားနှင့် ဩစတြီးယား တပ်သားအုပ်ကြီးများကို တွေ့ရပြန်သည်။

"မသွားနဲ့ဗျို့ မသွားနဲ့၊ ပြင်သစ်ကောင်တွေက တွေ့သမျှ အကုန်သတ်နေတယ်၊ မသွားနဲ့"ဟု ပြေးလာသူများက ရုရှားစကားဖြင့်လည်းကောင်း၊ ဂျာမန်စကားဖြင့်လည်းကောင်း၊ ချက်ကိုစလိုဗက်စကားဖြင့်လည်းကောင်း အော်၍ ပြောသွားကြ၏။

"ဂျာမန်တွေကို သတ်ပစ်တာ"

"ခွေးသားတွေ သစ္စာဖောက်တွေ"ဟု အော်သူက အော်ကြ၏။

"ဒီရုရှားကောင်တွေကော သတ်ပစ်တာ"ဟု ဂျာမန်တစ်ယောက်က အော်ဟစ်လျက်ရှိသည်။

ဒဏ်ရာရသော လူနာများကား လမ်းတစ်လျှောက်လုံး ရှောင်၍မလွတ်တော့ချေ။ ဆဲဆိုသံ၊ အော်ဟစ်သံ၊ ညည်းတွားသံများသည် အုတ်အုတ်သဲသဲ အသံကြီးတစ်သံအဖြစ် ရောထွေးထွက်ပေါ်လျက် ရှိပေ၏။ အတန်ကြာသောအခါ ပစ်ခတ်သံများ တိတ်ဆိတ်သွားကြလေသည်။ ရုရှားနှင့် ဩစတြီးယားတပ်များ အချင်းချင်း မှား၍ပစ်ကြခြင်းဖြစ်ကြောင်း နောက်မှ သိရလေသည်။

'ဘုရားဘုရား ဘယ်လိုဖြစ်ကုန်ကြတာလဲ၊ ဘုန်းတော်ကြီးသောဘုရား မြင်တော်မူလိုက်ရင် ဘယ်လောက်များစိတ်လက်မကြည်မသာ ဖြစ်တော်မူလိုက်မလဲ မသိဘူး၊ အင်း ဒီလူနာတွေ မြန်မြန်ကုန်ပစေတော့ မြန်မြန်လွန်သွားကြပစေတော့'

နီကိုလေသည် ဤသို့ တွေးမိ၏။ သို့တိုင်အောင် မိမိတို့တပ်များ အရေးနိမ့်ဆုတ်ခွာလာခဲ့ခြင်း ဖြစ်သည်ကို နီကိုလေ သတိမထားမိချေ။ သို့ရာတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား သွားရောက်ရှာဖွေရမည့် ပရတ်ဇင်တောင်ရိုးတစ်ဝိုက်၌ကား ပြင်သစ်အမြောက်မြတပ်များနှင့် ပြင်သစ်တပ်များကို မြင်ရလေပြီ။ နီကိုလေသည် ဤအခြင်းအရာကို ယုံလည်း မယုံလို၊ ယုံလည်းမယုံနိုင်အောင် ဖြစ်လျက်ရှိလေသည်။

## အခန်း–၁၈

ပရတ်ဇင်ရွာအနီးသို့ နီကိုလေရောက်၍ လာခဲ့ခြင်းမှာ စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် ဇာဘုရင်မင်းမြတ်ကို တွေ့ဆုံရန်ဖြစ်၏။ သို့ရာတွင် ပရတ်ဇင်ရွာအနီး တစ်ဝိုက်တွင်ကား ဇာဘုရင်မင်းမြတ်နှင့်တကွ ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်တို့ကိုသာမက မည်သည့်တပ်မှူးကိုမျှ မတွေ့ရတော့ချေ။ ဖရိုဖရဲဖြစ်လျက်ရှိနေကြသော တပ်ပေါင်းစုံမှ တပ်သားအုပ်များကိုသာ တွေ့ရလေတော့သည်။ နီကိုလေသည် များစွာ ပင်ပန်းနွမ်းနယ်လျက်ရှိပြီးဖြစ်သော မိမိမြင်းကြီးဗေဒွင်ကို တွင်တွင်စီးကာ အအုပ်အစည်း အကွပ်အညှပ်မဲ့လျက်ရှိသည့် တပ်သားများကို ဖြတ်ကျော်၍လာခဲ့၏။ သို့ရာတွင် ရှေ့သို့တိုးသည်နှင့်အမျှ တပ်သားများမှာ ဖရိုဖရဲဖြစ်ကာ ရတ်ရတ်သဲသဲဖြစ်လျက်ရှိခြင်းကို တွေ့ရလေသည်။ မိမိစီးလာခဲ့ရာ လမ်းတစ်လျှောက်လုံး၌ ရထားအမျိုးမျိုး၊ ဝန်တင်လှည်း အသွယ်သွယ်၊ တပ်အထွေထွေကို တွေ့မြင်နေရလေသည်။ အချို့ကား ဒဏ်ရာရလျက်ရှိ၍ အချို့ကား အကောင်းပကတိရှိကြသေး၏။ ပရတ်ဇင်တောင်ရိုးပေါ်မှ လှမ်း၍ ပစ်ခတ်လျက်ရှိသော ပြင်သစ်



www.burmeseclassic.com

 www.burmeseclassic.com 

အမြောက်ကျည်ဆန်များ ဘေးရန်မှလွတ်ရာသို့ ဒရော သောပါး ထွက်ပြေးနေကြသော ထိုတပ်များမှာ ရှုမြင်၍ မကောင်းအောင် ဖြစ်နေတော့သည်။

“ဘုရင်မင်းမြတ် ဘယ်မှာလဲဟင်၊ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကော ဘယ်နားမှာလဲ”နီကိုလေသည် လမ်း၌ တွေ့သမျှတပ်သားတိုင်းအား တဖွဖွ မေးလာခဲ့သည်။ မည်သူကမျှ ပြန်ဖြေဖော်မရကြချေ။

နောက်ဆုံးမတတ်သာတော့သည့်အတွက် နီကိုလေသည် တပ်သားတစ်ယောက်အား အင်္ကျီလည်ကပ်ကို ဖမ်းဆွဲ၍ ရပ်တန့်စေပြီး မရမနေ မေးရတော့သည်။

“အို ထွက်ပြေးတာ ကြာလှပြီကော ဗိုလ်လေးရ” တပ်သားသည် တစ်စုံတစ်ခုကို သဘောကျဟန်ဖြင့် ရယ်၍ ပြောလိုက်ပြီး ရုန်းထွက်လိုက်သည်။ ထိုတပ်သားကား အရက်မူးဟန်ရှိလေ၏။

နီကိုလေသည် အရက်မူးလျက်ရှိသော ထိုတပ်သားထံမှ ထွက်ခွာလာခဲ့ပြီးနောက် ဗိုလ်ချုပ်တစ်ဦး၏ မြင်းထိန်းဗိုလ်တစ်ယောက်ဖြစ်ဟန်တူသူတစ်ဦး၏ မြင်းကို အတင်းရပ်ခိုင်း၍ မေးပြန်သည်။ ၎င်းကမူ ဇာဘုရင်မင်းမြတ်မှာ လွန်ခဲ့သည့်တစ်နာရီလောက်က ဤလမ်းအတိုင်းကရထားဖြင့် အမြန်မောင်းထွက်သွားပြီဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်မှာ ဒဏ်ရာပြင်းထန်စွာ ရသွားတော်မူကြောင်းဖြင့် ပြောဆိုလေသည်။

“မဖြစ်နိုင်ပါဘူး၊ တခြားတစ်ယောက် ဖြစ်ပါလိမ့်မယ်”နီကိုလေက ပြောလိုက်၏။

“ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတာပဲဗျ”ဟု ထိုလူက ခပ်လှောင်လှောင်ပြုံး၍ ပြောလိုက်၏။ “ဘုရင်မင်းမြတ်ကို ရွှေမြို့တော်မှာကတည်းက ခဏခဏ မြင်ဖူးနေရတာ၊ ကျွန်တော် မမှတ်မိဘဲ ရှိပါ့မလား၊ ခုခင်ဗျားကိုမြင်ရသလို သေသေချာချာကြီး မြင်လိုက်ရတာပဲ၊ ကရထားပေါ်မှာ ထိုင်လို့ပါသွားတာ၊ မျက်နှာကလဲဖြူလို့၊ ကရထားကို မြင်းနက်ကြီး လေးကောင်ကပြီး တရကြမ်းမောင်းသွားတာပဲဗျ၊ ဘုန်းတော်ကြီးသောဖုရားရဲ့ ကရထားကမြင်းတွေကော ရထားမှူးကြီး အီလျာအီဗန်နစ်ကိုရော ကျွန်တော်မမှတ်မိဘဲ ရှိပါ့မလား၊ အီဗန်နစ်ဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ ကရထားကိုပဲ မောင်းတာပဲ၊ တခြား ဘယ်ရထားကိုမှ မမောင်းဘူး”

နီကိုလေသည် ထိုလူကိုသွားခွင့်ပြုလိုက်ပြီး ဆက်စီးလာတော့မည်အပြု၌ မိမိအနားမှာ ဖြတ်သွားသည့် ဒဏ်ရာရလာသော တပ်ဗိုလ်တစ်ယောက်က ၎င်းအား လှမ်းမေးသံကို ကြားလိုက်ရပြန်သည်။

“ဘယ်သူ့ကိုလိုက်ရှာနေလဲ ဗိုလ်လေး၊ ဗိုလ်ချုပ်ကြီး လား ကျွန်တော်တို့တပ်ရင်းရှေ့တွင် ရန်သူအမြောက်ဆန်မှန်လို့ ရင်ပွင့်ပြီး ကျသွားပြီဗျ”

“မကျပါဘူး ဒဏ်ရာရတာပါ”ဟု တခြားတပ်ဗိုလ်တစ်ယောက်က ပြန်၍ပြော၏။

“ဘယ်သူလဲ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်လား”ဟု နီကိုလေက မေးလိုက်သည်။

“ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်တော့ မဟုတ်ဘူးဗျ၊ သူ့နာမည်တော့ မေ့နေပြီ၊ ဘယ်သူပဲဖြစ်ဖြစ် တော်တော်များများတော့ကျကုန်ပြီ၊ သွားသွား ဒီလမ်းအတိုင်း အဲဒီရွာထဲဝင်သွား၊ ကျန်တဲ့ တပ်မှူးတွေတော့ ရွာထဲမှာ ရှိကြသေးတယ်”တယ်ဗိုလ်က ဟိုဂျာရာဒက်ရွာဆီသို့ ညွှန်ပြ၍ ထွက်သွားလေသည်။

နီကိုလေသည် မြင်းကို ဖြည်းညင်းစွာ စီးလာခဲ့၏။ မည်သူ့ဆီသွား၍ မည်သည့်အတွက်ကြောင့် သွားရသည်ကိုပင် မေ့၍နေတော့သည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဒဏ်ရာရလျက် မိမိတို့အားလုံးလည်း မရှုမလှ အရေးနိမ့်ကြပြီဆိုသည်မှာလည်း သံသယဖြစ်ဖွယ် မရှိတော့ပြီ။ သို့ဖြင့် နီကိုလေသည် တပ်ဗိုလ်ညွှန်ပြလိုက်သော ရွာဆီသို့ လာခဲ့သည်တွင် ဘုရားရှိခိုးကျောင်းတစ်ကျောင်းနှင့် ပြဿဒ်များကို မြင်ရ၏။ သို့ရာတွင် အဘယ်ကြောင့် ရေးကြီးသုတ်ပျာသွားရဦးမည်နည်း။ ဇာဘုရင်နှင့် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်တို့ ဒဏ်ရာရရှိခြင်းမပြုဘဲ အသက်ထင်ရှားရှိသေးသည့်တိုင်အောင်လည်း စစ်ပွဲကြီးတစ်ပွဲလုံး ရှုံးပြီးသည့်နောက်တွင် မည်သည့်သတင်းကို ပို့ရဦးမည်နည်း။

“ဗိုလ်လေး ဒီလမ်းကသွားဗျ၊ အဲဒီလမ်းမလိုက်နဲ့၊ ရန်သူနဲ့တွေ့ပြီး အသတ်ခံနေရလိမ့်ဦးမယ်”တပ်သားတစ်ယောက်က လှမ်း၍အော်သည်။

“ဟော့ကောင် ဘာတွေပြောနေတာလဲ၊ ဒီလမ်းက မသွားလို့ ဘယ်လမ်းကသွားရဦးမှာလဲ၊ ဒီလမ်းက အနီးဆုံးလမ်းပဲ”ဟု တပ်သားတစ်ယောက်ကအော်ပြန်သည်။

နီကိုလေသည် ခေတ္တမျှရပ်၍ စဉ်းစားလိုက်၏။



www.burmeseclassic.com

ထို့နောက် ရန်သူ အသတ်ခံရမည်ဟု ပြောသော လမ်းအတိုင်းလိုက်၍ လာခဲ့လေသည်။

'မထူးတော့ပါဘူးလေ၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဒဏ်ရာရနေမှတော့ ငါ့ဘေးလွတ်အောင် ရှောင်နေလို့လဲ အပိုပါပဲ'ဟု တွေးလိုက်မိသည်။ ရှေ့သို့ဆက်၍ စီးလာသောအခါတွင် ပရတ်ဇင်မှ ထွက်ပြေးလာရင်း လမ်း၌ ရန်သူ့ကျည်ထိသဖြင့် တစ်ယောက်ပေါ် တစ်ယောက်ထပ်လျက် လဲကျသေဆုံးနေသော တပ်သားများ၏ အလောင်းများကို တစဉ်တလျားကြီး မြင်ရလေသည်။ ဒဏ်ရာမရသော ရုရှားတပ်များ ထိုနေရာတစ်ဝိုက်မှ ဆုတ်ခွာသွားသည်မှာ ကြာပြီဖြစ်သော်လည်း ပြင်သစ်တပ်များက ဝင်ရောက်သိမ်းပိုက်ခြင်း မပြုသေးချေ။ စစ်မြေပြင်တလျှောက်ရှိ နှစ်ကေခန့် ကွင်းပြင်ကြားထဲ၌ကား အလောင်းများသည် ဆယ်လောင်းတစ်စု ဆယ့်ငါးလောင်းတစ်စု စုပုံလျက်ရှိကြလေရာ ၎င်းတို့စုပုံနေကြသည်မှာ အမြဲတမ်း ခုတ်ထွင်ရှင်းလင်းလျက်ရှိသော မြေယာကွက်တစ်ကွက်ပေါ်တွင် မြေဩဇာကြွေးရန် နွားချေးပုံများ အပုံလိုက်အပုံလိုက် ပုံထားသကဲ့သို့ပင် ရှိတော့သည်။ အချို့ကား မသေကြသေးဘဲ မြင်မကောင်းအောင် ဖြစ်နေသည့် ဒဏ်ရာကြီးများဖြင့် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲတွဲကာ တွားချနေကြရင်း အော်ဟစ်ညည်းညူကာ ပြန်၍လဲကျသွားကြသည်။ နီကိုလေသည် ဤအနိဋ္ဌာရုံကို ရှောင်ကွင်းကာ မြင်းကိုခပ်သွက်သွက်စီးလာခဲ့သည်။ နီကိုလေသည် ဤအနိဋ္ဌာရုံကို မြင်ရ၍ ကြောက်လည်းကြောက်မိ၏။ သို့ရာတွင် ကိုယ့်အသက်တစ်ချောင်း ဆုံးရှုံးရမည့်အတွက် ကြောက်ခြင်းမဟုတ်ဘဲ အကြောင်းဆိုးလှသော ဤသူများကို မကြည့်ဝံ့ မကြည့်ရဲသည့် ကြောက်ခြင်းမျိုးသာ ဖြစ်လေသည်။

ပြင်သစ်တပ်များကား အလောင်းများ ဒဏ်ရာရသူများ ပြန့်ကြဲလျက်ရှိ၏။ လူကောင်းတစ်ယောက်မျှ မကျန်တော့သော စစ်မြေပြင်ဘက်သို့ ဆက်လက်ပစ်ခတ်ခြင်းမပြုကြတော့ဘဲ ရပ်နားထားကြရာမှ မြင်းစီး၍လာသော တပ်ရေးဗိုလ်တစ်ယောက်ကို မြင်သည်တွင် အမြောက်ပြောင်းကို လှည့်၍ ချိန်ကာ အချက်ပေါင်းစွာ ပစ်ခတ်ကြပြန်၏။ ကြောက်မက်ဖွယ်ရာ တရှဲရှဲမြည်လျက်ရှိသော အသံများနှင့် မိမိဘေးပတ်ပတ်လည်တွင် ပျံ့ကြဲလျက်ရှိသော အလောင်းများကြောင့် နီကိုလေသည် ကြောက်လန့်အားငယ်သွားမိသည်။ မိခင်မြို့စားကတော်ကြီးထံမှ နောက်ဆုံးစာကိုလည်း အမှတ်ရလိုက်မိသည်။ 'စစ်မြေပြင်မှာ အမြောက်မြတပူကြီးတွေ ငါ့ဘက်လှည့်ပြီး ပစ်နေတာကိုများ မြင်လိုက်ရင် ရင်ကွဲမှာပဲ'ဟုလည်း တွေးလိုက်မိသည်။

ဟိုဂျာရာဒက်ရွာထဲမှာ စစ်မြေပြင်မှ ဆုတ်လာသော ရုရှားတပ်များကို တွေ့ရ၏။ ယောက်ယက်ခတ်လျက်ပင်ရှိသေးသော်လည်း စောစောကတပ်များလောက်ကား စည်းကမ်းမမဲ့လှချေ။ ပြင်သစ်အမြောက်မြတပူများမှာ ထိုနေရာထိ မရောက်ဘဲ ကျည်တစ်လုံးထိုးသေနတ်သံများနှင့်လည်း အနည်းငယ် ဝေးပေသည်။ ယခုကဲ့သို့ အေးအေးဆေးဆေး ရှိသည့်အခါတွင်မှ မိမိဘက်ကတပ်များမှာ မရှုမလှ ရှုံးခဲ့ကြပြီဟု ကောင်းစွာ ဆင်ခြင်စဉ်းစားမိတော့ကာ ထိုအကြောင်းကို ပြောဆိုလျက်ရှိကြလေသည်။ ဘုရင်မင်းမြတ်နှင့်တကွ စစ်သေနာပတိချုပ်ကူတူဇော့ဖ်တို့ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မေးမြန်းစုံစမ်းသော်လည်း တစ်ယောက်မျှ သေသေချာချာ မပြောနိုင်ကြချေ။ အချို့ကမူ ဘုရင်မင်းမြတ် ကျည်သင့်တော်မူသည်ဆိုသော သတင်းမှာ အမှန်ပင်ဖြစ်ကြောင်းပြောဆိုကြပြီး အချို့ကလည်း မမှန်ဟု အမျိုးမျိုးပြောဆိုလျက်ရှိကြ၏။ ဘုရင်မင်းမြတ်၏ ရွှေနန်းတော်စောင့် စစ်သူကြီး မြို့စားကြီးတော်လ်စတွိုင်းသည် ဘုရင်မင်းမြတ်၏ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များ ခြံရံလျက် ဘုရင်မင်းမြတ်၏ ကရထားကိုစီးကာ စစ်မြေပြင်မှ ထွက်ခွာသွားကြောင်း၊ ဤသည်ကို ဘုရင်မင်းမြတ်ဟု အထင်ရှိကာ ပြောဆိုနေကြခြင်းသာ ဖြစ်ကြောင်းနှင့်လည်း အချို့က ပြောဆိုကြပြန်သည်။ တပ်ဗိုလ်တစ်ယောက်ကမူ စစ်ဦးစီးဌာနချုပ်မှ အရာရှိအချို့ကို ရွာ၏နောက်ဖေးတွင် မြင်ခဲ့ရသည်ဟု ပြောလေသည်။ ထို့ကြောင့် နီကိုလေသည် ၎င်းညွှန်ပြလိုက်ရာ ရွာနောက်ဖေးသို့ မြင်းစီး၍ လာခဲ့သည်။ တွေ့ရလိမ့်မည်ဟု မမျှော်လင့်သော်လည်း စိတ်ကျေနပ်အောင် လာခဲ့ခြင်းသာ ဖြစ်၏။ သို့ဖြင့် ရွာနောက်ဖေးနှစ်မိုင်ခန့်မျှအထိ စီးလာပြီးနောက် ရုရှားနောက်ဖျားတပ်များကို ကျော်လာခဲ့သည်တွင် ဘေးပတ်ပတ်လည်၌ မြောင်းတစ်ခုပတ်လည်ဝိုင်းလျက်ရှိသော စိုက်ခင်းကလေးတစ်ခုအနီးတွင် မြင်းကိုယ်စီနှင့် လူနှစ်ယောက်သည် မြောင်းကလေးဘက်သို့ လှည့်၍ ရပ်လျက်ရှိခြင်းကို နီကိုလေ မြင်ရ၏။ တစ်ယောက်မှာ ဦးထုပ်တွင် အဖြူရောင်ငှက်တောင်စိုက်ထားလျက်

 www.burmeseclassic.com 

မြင်ဖူးသည်ဟုစိတ်တွင် အောက်မေ့မိ၏။ အခြားတစ်ယောက်ကား လှပသည့် ဖောင်းဝတ်ရောင်မြင်းကြီး (ထိုမြင်းကြီးကိုလည်း မြင်ဖူးသည်ဟု အောက်မေ့မိသေး၏။)ကိုစီးကာ မြောင်းကို လွှားခနဲခုန်လိုက်သည်ကို မြင်ရ၏။ မြင်း၏ နောက်ခြေအောက် မြောင်းပေါင်မှ မြေကြီးခဲများသည် ဖွာထွက်သွားကြ၏။ ထို့နောက် ထိုလူသည် မြင်းကိုချာခနဲ ပြန်လှည့်ကာ မြောင်းကို ပြန်၍ခုန်လာခဲ့ပြီးနောက် အဖြူရောင် ငှက်တောင်စိုက်ထားသည့် မြင်းစီးသမားအားတစ်စုံတစ်ရာကို လှမ်းပြောလိုက်သည်။ မိမိကဲ့သို့ပင် ခုန်ရန် တိုက်တွန်းနေဟန်လက္ခဏာရှိလေသည်။ နီကိုလေ မြင်ဖူးသည်ဟုထင်သော မြင်းစီးသမားသည် ခေါင်းနှင့်လက်ကိုခါယမ်းကာ ငြင်းဆန်ဟန်လက္ခဏာ ပြလျက်ရှိ၏။ ထိုအမူအရာကို မြင်လိုက်တော့မှ ထိုသူမှာ အခြားသူမဟုတ်ဘဲ မိမိလေးစားချစ်ခင် ကြည်ညိုလှသော ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဖြစ်နေကြောင်းကို တွေ့ရကာ နီကိုလေမှာများစွာ စိတ်မချမ်းမသာ ဖြစ်သွားမိလေသည်။

'မဖြစ်နိုင်ပါဘူး၊ ကွင်းကြီးခေါင်ခေါင်ထဲမှာ အခြေအရုံမပါ ဘာမပါနဲ့'ဟု နီကိုလေ တွေးမိပြန်သည်။ ထိုအခိုက် ထိုလူသည် မိမိဘက်သို့ လှည့်လိုက်လေရာ မိမိမျက်စိထဲတွင် စွဲနေသည့် ရုပ်ဆင်းသဏ္ဌာန်ကို ဘွားခနဲမြင်လိုက်ရ လေသည်။ ဇာဘုရင်မင်းမြတ်မှာ ဖြူရော်လျက်ရှိကာ ပါးများက ချိုင့်ဝင်လျက် မျက်လုံးများမှာလည်းဟောက်လျက်ရှိလေသည်။ သို့ရာတွင် ဘုရင်မင်းမြတ်မှာမျက်နှာတော်မှာ စွဲလမ်းဖွယ်ကောင်းခြင်း၊ ချိုသာနူးညံ့ခြင်းတို့ကား ပျောက်ကွယ်မသွားရုံမျှမက ပို၍ပင်ထင်ရှားလျက်ရှိသည်ဟု ထင်ရလေသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ဒဏ်ရာရသည်ဟူသော ကောလာဟလများ မဟုတ်ကြောင်းကို တွေ့မြင်လိုက်ရသည့်အတွက် နီကိုလေသည်ဘုရင်မင်းမြတ်ကို ဖူးတွေ့ရသည့်အတွက်လည်းဝမ်းမြောက်လျက် ရှိလေသည်။ တပ်ရေးဗိုလ်ချုပ်ကြီး ဒိုဂိုရူးကော့ပေးပို့လိုက် သည့် သတင်းကို သွားရောက်ပို့ရမည်ကိုလည်းချက်ချင်း သတိရလာလေသည်။

သို့ရာတွင် တစ်ဖက်သတ်ချစ်လျက်ရှိသော လူရွယ်တစ်ယောက်သည် မိမိချစ်သော မိန်းကလေးနှင့် နှစ်ယောက်ချင်း တော့တော့ဆိုင်ဆိုင် တွေ့ကြသောအခါ ညဥ့်စဉ် ညဥ့်တိုင်း မိမိစိတ်ကူးခဲ့သည့် အတွေးများကို ထုတ်ဖော်မပြောရဲဘဲ ကြောက်ဒူးတုန်ကာ ကတုန်ကယင်ဖြစ်လျက် အကူအညီ ရလိုရငြား သို့မဟုတ် နောက်ဆုတ်ကာ ထွက်ပြေးဖို့အခွင့်အရေး ရလိုရငြား ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်တတ်သကဲ့သို့ နီကိုလေမှာလည်း ကမ္ဘာပေါ်တွင် မိမိအတောင့်တဆုံးသော ဆုကြီးကို လက်တစ်ကမ်းတွင် ရရှိနေပြီဖြစ်သည့် တိုင်အောင် ဘုရင်မင်းမြတ်အနီးသို့ မည်သို့ချဉ်းကပ်သွားရ မည်ကို စဉ်းစားမရအောင်ဖြစ်ကာ ဤသို့ဖြစ်ရခြင်းကိုလည်း အကြောင်းရှာ၍မရနိုင်အောင် ဖြစ်လျက်ရှိလေသည်။

'ခုလိုအချိန်မှာ ငါရောက်သွားရင် အထိတ်တည်းခြေရုံသင်းပင်းမပါ စိတ်ဝမ်းညှိုးငယ်တော်မူနေတုန်း အခွင့်ကောင်းရပြီဟဲ့လို့ ဝမ်းပန်းတသာနဲ့ ရောက်လာတယ်လို့များထင်သွားလေမလား၊ ခုလို စိတ်လက်မကြည်မသာ ဖြစ်နေတုန်းမှာ လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရတဲ့အတွက် မဟာအရှက်တော်ရပြီး စိတ်မချမ်းမသာ ပိုဖြစ်သွားလေမလား၊ မျက်နှာတော်ဖူးရရုံနဲ့ ငါ့မှာ ဘာကိုလျှောက်တင်ရမှန်းမသိလောက်အောင် ဖြစ်နေပြီ'ဟု တွေးမိ၏။ ဘုရင်မင်းမြတ်နှင့်တွေ့လျှင် လျှောက်တင်လိုက်မည်ဟု စိတ်ထဲတွင်တွေးတောထားသည့် စကားလုံးများသည်လည်း ပျောက်ကွယ်ကုန်ကြလေပြီ။ မိမိစိတ်ကူးထားသည့် စကားလုံးများမှာလည်း ဤအခြေအနေမျိုးတွင် ပြောရမည့် စကားများဖြစ်၏။ မိမိတို့က စစ်နိုင်သည့်အချိန် အထူးသဖြင့် မိမိမှာ ဒဏ်ရာဖြင့်သေအံ့မူးမူးတွင် ဘုရင်မင်းမြတ်က မိမိ၏သက်စွန့်ကြိုးပမ်းအမှုတော်ထမ်းပုံကို ကျေးဇူးတင်စကားမြွက်ကြားတော်မူချိန်တွင်မှ မိမိက အရှင်သခင်အား မည်မျှချစ်ခင်လေးစားကြောင်း၊ ထို့ကြောင့် အရှင်၏ အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ပါကြောင်း စသောစကားမျိုးများ ဖြစ်၏။

'အင်း ညနေလေးချက်တီးနေပြီ၊ စစ်ပွဲကလဲ ရှုံးပြီ၊ ဒီအချိန်မှာ လက်ယာတောင်ပံစစ်ကြောင်းနဲ့ ပတ်သက်တဲ့ ညွှန်ကြားချက်တွေကို တောင်းနေလို့လဲ အပိုပဲနေမှာ၊ တော်ပြီ ငါလဲ ဘုရင်မင်းမြတ်အနားကို မသွားတော့ဘူး၊ သူ့ကို သွားပြီး အနှောင့်အယှက်မပေးတော့ဘူး၊ ဘုရင်မင်းမြတ်က ငါ့ကို အထင်သေးပြီး မနှစ်မြို့စွာ အကြည့်ခံရခြင်းထက် သေရတာကမှ အပြန်ပေါင်းတစ်ထောင် ကောင်းသေးတယ်'နီကိုလေသည် ဤသို့ ဆုံးဖြတ်ကာ ဝမ်းနည်း



www.burmeseclassic.com

စိတ်ပျက်စွာဖြင့် လှည့်ကြည့်လှည့်ကြည့် လုပ်၍ မြင်းကို ဆက်စီးလာခဲ့လေသည်။ ဘုရင်မင်းမြတ်ကား စောစောက ကဲ့သို့ပင် မြောင်းကို ခုန်ရမည်လောဟု ဆုံးဖြတ်၍မရနိုင်သေးဘဲ ရှိဟန်တူပေသည်။

ဤသို့ နီကိုလေသည် တစ်ယောက်တည်း စဉ်းစားတွေးတောလျက် ဝမ်းပန်းတနည်းဖြင့် ရွာသို့ ဆက်စီးလာလာချိန်တွင် ဂျာမန်လူမျိုးဗိုလ်ကြီးဗွန်တောလ်သည်မြောင်းကို ပြန်၍ခုန်ကူးလာကာ ဘုရင်မင်းမြတ်အား မြင်းပေါ်မှ တွဲချ၍ မြောင်းကို ခြေလျင်ဖြတ်ကူးရာတွင် ဖေးမကူညီလျက်ရှိသည်။ ဘုရင်မင်းမြတ်ကား ကောင်းစွာ နာမကျန်းဖြစ်လျက် ပင်ပန်းတော်မူရကား သစ်သော့ပင်တစ်ပင်အောက်တွင် ထိုင်၍ အပန်းဖြေတော်မူသည်တွင် ဗိုလ်ကြီး ဗွန်တောလ်မှာလည်း အနီးမှစောင့်ကာ လျက်ရှိလေသည်။ သစ်သော့ပင်အောက်တွင် ဗွန်တောလ်က ခစားလျက် ဘုရင်မင်းမြတ်မှာလည်း ငိုကြွေးဟန်မျက်နှာကို လက်တစ်ဖက်ဖြင့်အုပ်၍ လက်တစ်ဖက်ဖြင့်ကား ဗွန်တောလ်၏ ကိုင်ထားတော်မူလျက် ရှိခြင်းကို နီကိုလေ အဝေးမှ မြင်ရသောအခါတွင်ကား ဗွန်တောလ်ကို မနာလိုဖြစ်ကာ ဘုရင်မင်းမြတ်ကိုလည်း သနားသွားမိလေသည်။

'ဗွန်တောလ်အစား ငါပဲဖြစ်လိုက်ပါတော့နော်'နီကိုလေသည် ဤသို့တွေးရင်း ဘုရ်မင်းမြတ်ဖြစ်အင်ကိုမကြည့်ရက်သဖြင့် မျက်ရည်တွေ စီးကျလာရကား ဤနေရာတွင် ကြာရှည်ရပ်နေခြင်းငှာ မကတ်နိုင်တော့ဘဲ မြင်းကို ဦးတည့်ရာသို့ စီးထွက်လာလေတော့သည်။

ယခုကဲ့သို့ ဝမ်းနည်းကြေကွဲရခြင်းမှာ မိမိပျော့ညံ့၍ ဖြစ်ကြောင်း စဉ်းစားမိသည့်အခါ၌မူကား နီကိုလေမဟာသာ၍ပင် စိတ်ပျက်လာလေတော့သည်။

အမှန်အားဖြင့် မိမိသည် ဘုရင်မင်းမြတ်ထံ သွားရောက်ခစားခြင်း မပြုသင့်ပါသလော။ ဘုရင်မင်းမြတ်၏ သစ္စာတော်ကို မည်မျှကျိုးနွံရှိသေကြောင်းပြရန် အခွင့်ကောင်းကြီးရပါလျက် မိမိသည် လက်လွှတ်ခဲ့ရသလောဟု မကျေမချမ်း ဖြစ်မိသည်။ ထို့ကြောင့် နီကိုလေသည် မြင်းကိုပြန်လှည့်ကာ ထိုနေရာသို့ ကဆုန်ပေါက်၍ စီးလာခဲ့ပြန်သည်။ သို့ရာတွင် ထိုနေရာတစ်ဝိုက်၌ မည်သူမျှ မရှိတော့ချေ။ ဝန်တင်လှည်းအချို့နှင့် ရထားအချို့သာ မြောင်းကို ဖြတ်ကူးလျက်ရှိသည်ကို တွေ့ရလေသည်။

ဝန်တင်လှည်းမောင်းတပ်သားတစ်ယောက်၏ စကားအရ စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် စစ်ဦးစီးဌာနချုပ် အဖွဲ့ဝင်များမှာ လှည်းများသွားမည့် ရွာအနီးတွင်ရှိသည်ဟု သိရသည့်အတွက် နီကိုလေသည် ၎င်းတို့နောက်မှ လိုက်လာခဲ့လေသည်။ မိမိရှေ့တွင်ကား စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ မြင်းထိန်းတပ်သားသည် ဝတ်ရုံများကိုခြုံထားသည့် မြင်းများကို ဆွဲလျက်ရှိ၏။ ထို့နောက်တွင် လှည်းတစ်စီးလိုက်လာကာ လှည်းနောက်၌ ဦးထုပ်ချွန်ကိုဆောင်း၍ သိုးရေအင်္ကျီဝတ်ထားသည့် အသက်ကြီးကြီး ခြေခွင်ခွင်နှင့် အစေခံတစ်ယောက် လိုက်ပါလာလေသည်။

"ဗျို့ အဘိုးကြီး တစ်"

"ဘာတုန်းကွ"

"သွားပါဗျ တစ် တတစ်လောက် နှစ်လိုက်စမ်းပါ"

"တော်စမ်းပါကွာ ခွေးမသား"အဘိုးကြီးသည် တံတွေးကို ထွီခနဲထွေးလိုက်သည်။ အတန်ကြာ ငြိမ်သက်နေကြပြီးနောက် ထိုပြက်လုံးသည် နောက်တစ်ခါ ထွက်ပေါ်လာပြန်လေသည်။

*

ညနေငါးချက်မတီးမီ၌ကား စစ်မျက်နှာအားလုံးတွင် အရေးနိမ့်လျက်ရှိပေပြီ။ အမြောက်မြတပ္ပ တစ်ရာကျော်ခန့်မှာလည်း ရန်သူပြင်သစ်များလက်သို့ ကျရောက်သွားပေပြီ။

ဗိုလ်ချုပ် ပရာဇီဘီဇူစကီနှင့် ၎င်း၏ တပ်ဖွဲ့များမှာ လက်နက်ချအညံ့ခံလိုက်ကြလျက် အခြားတပ်များမှာလည်း မိမိတို့တပ်သားတစ်ဝက်ခန့် ကျဆုံးကာ အထိန်းအအုပ် အကွပ်အညှပ်မရှိတော့ဘဲ ဖရိုဖရဲ ဆုတ်ခွာလျက်ရှိကြ၏။

ဗိုလ်ချုပ်လန်ဂျီရွန်နှင့် ဗိုလ်ချုပ်ဒိုတူရော့၏ တပ်များမှ တပ်ကြွင်းများကို ပေါင်းထားသည့် တပ်များသည်လည်း ဩဂက်ရွာအနီးတစ်ဝိုက်မှ ကန်ပေါင်များ တာရိုးများအနီးတွင် စုရုံးလျက်ရှိကြလေသည်။

ငါးချက်တီးပြီးသည့်နောက်၌ကား ဩဂက်တာရိုးအနီးတွင်သာ အမြောက်မြတပ္ပပစ်ခတ်သံများကို အပြင်းထန်ဆုံးကြားရတော့သည်။ ထိုပစ်ခတ်သံများမှာလည်း တပ်သားများ ဆုတ်ခွာထွက်ပြေးလျက်ရှိသော ရုရှားတပ်သားများကို ပရတ်ဇင်တောင်ရိုးပေါ်မှ လှမ်းပစ်နေသည့်



www.burmeseclassic.com

ပြင်သစ်အမြောက်တပ်များ၏ အသံသာဖြစ်ပေသည်။ (ရုရှားတပ်များဘက်မှ အမြောက်မြတပူဖြင့် ပစ်ခတ်နိုင်ခြင်း မရှိတော့ချေ။)

တပ်နောက်ဖျားၥ္ ပစ်ခတ်နိုင်ခြင်း ဒိုတူရောနှင့် အချို့တပ်မှူးများသည် တပ်ကြွင်းများကို စုစည်း၍ နောင်က အပြင်းလိုက်လာသော ပြင်သစ်မြင်းတပ်များကို ကျည်တစ်လုံးထိုး သေနတ်များဖြင့် ခံစစ်ပြုနေကြ၏။ အချိန်မှာ နေဝင်ရီတရော ရှိပေပြီ။ ကျဉ်းမြောင်းလှသော ဩဂက်တာရိုးပေါ်၌ကား ဝန်တင်လှည်းများ၊ အမြောက်ရထားများဖြင့် တင်းကြမ်းပြည့်လျက်ရှိ၍ ထိုလှည်းဘီးများကြားနှင့် မြင်းခွာများအောက်၌ သေဘေးကို ကြောက်လန့်လျက်ရှိသော တပ်သားများသည် အပြွတ်လိုက်အခဲလိုက် စုပြုကာ တစ်ယောက်ကိုတစ်ယောက် တိုးဝှေ့လျက် အချို့ကား မြေပြင်တွင်လဲကျလျက် အချို့က မြေပြင်တွင် လဲနေသူများပေါ်သို့ တက်နင်းကျော်ဖြတ်ကာ ဒရောသောပါး ထွက်ပြေးနေပုံမှာ တာရိုးနှင့် မမျှအောင် ပွတ်သိပ်လျက်ရှိရကား လေးငါးလှမ်း လှမ်းပြီးလိုက်သည်နှင့် ၎င်းတို့ကိုယ်တိုင်မှာလည်း ဖိ၍အတိုင်းခံလိုက်ရကာ လဲကျသွားပြီး မြင်းများ၊ လှည်းများ၊ ခြေထောက်များအောက်တွင် ရောက်၍ အသက်ပျောက်သွားရသည်ချည်းသာ ဖြစ်ပေ၏။ တစ်ချိန်ကမူ ဤတာရိုးပေါ်တွင် စက်ကြိတ်သမား အဘိုးအိုကြီးသည် ဦးထုပ်စုတ်တစ်လုံးကို ဆောင်းလျက် ဩဂက်တာရိုးတွင် ထိုင်ကာ အေးချမ်းငြိမ်သက်စွာ ငါးမျှားခဲ့ပေလိမ့်မည်။ ၎င်း၏မြေးငယ်သည်လည်း လက်ကိုပင့်တင်လျက် ဖမ်းမိသဖြင့် ပုံးထဲ၌ထည့်ထားသော ငါးကလေးများကို ဆော့ကစားလျက် ရှိပေလိမ့်မည်။ ဦးထုပ်စုတ်ကိုဆောင်း၍ မွဲခြောက်ခြောက်အင်္ကျီကို ဝတ်ထားသည့် မော်ရာဗီယန်လယ်သမားကြီးများသည်လည်း ဂျုံမှုန့်များ အလိမ်းလိမ်းကပ်လျက်ရှိသော မြင်းနှစ်ကောင်တပ် ဂျုံလှည်းများကို အေးချမ်းစွာ မောင်းလာခဲ့ကြပေလိမ့်မည်။ ယခုမူကား ထိုတာရိုးပေါ်၌ အပြွတ်လိုက်အခဲလိုက် အစုလိုက်အပြုံလိုက် အထွေးလိုက် အအုပ်လိုက် ပြေးလွှားလျက် လဲကွဲလျက် သေဆုံးလျက် ပျက်စီးလျက်ရှိသော တပ်သားများ၊ မြင်းများ၊ ဝန်တင်လှည်းများ၊ အမြောက်များဖြင့် တင်းကြမ်းပြည့်ကာ အနိဋ္ဌာရုံ မြင်ကွင်းကြီးတစ်ခု ဖြစ်လျက်ရှိလေပြီ။

ရန်သူပြင်သစ်တို့၏ အမြောက်ဆန်များကလည်း ဆယ်စက္ကန့်လျှင် တစ်လုံးခန့် လူအုပ်ထဲသို့ မှန်မှန်ကြီးကျကာ တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ကွဲလျက်ရှိသည်တွင် အစုလိုက်အပြုံလိုက် ထိမှန်ကျဆုံးကုန်လျက် ထိမှန်ခြင်း မခံရသူတို့မှာလည်း ပုံးနှင့်ပက်လိုက်သကဲ့သို့ စဉ်ကျလာသော သွေးများ အလိမ်းလိမ်းကပ်ငြိလျက် ရှိကြလေသည်။

ယခုအချိန်၌ မူလတပ်ဖိုလ်ရာထူးသို့ ပြန်လည်ခန့်ထားခြင်း ခံရပြီဖြစ်သည့် ဒိုလိုကော့ဗ်မှာ လက်မောင်းတွင် ကျည်သင့်လာခဲ့လျက် မြင်းလည်း မရှိတော့သဖြင့် ခြေလျင်လိုက်ပါလာခဲ့လေသည်။ ၎င်းတို့ တပ်ရင်းတစ်ခုလုံးမှာ တစ်တပ်လုံးပြုတ်လာခဲ့လေရာ မြင်းစီးလိုက်ပါလာသည့် တပ်ရင်းမှူးနှင့် ဒိုလိုကော့ဗ်၏တပ်ခွဲမှ တပ်သားဆယ်ယောက်ခန့်သာလျှင် ကျန်လေတော့သည်။ ဒိုလိုကော့ဗ်တို့ လူသိုက်သည် နောက်ကဖိ၍ တိုးလိုက်သည်နှင့် တာရိုးထိပ်တွင် တစ်နေလေသည်။ ဆောင်းတစ်ဖက်တစ်ချက်တွင်လည်း လူအုပ်ကြီးမှာ ပြွတ်သိပ်လျက်ရှိ၍ ရှေ့၌လည်း အမြောက်ရထားဆွဲသည့်မြင်းမှာ လဲကျသွားသဖြင့် လမ်းပိတ်လျက်ရှိလေရာ အလယ်ကောင်တွင် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်လျက် ရှိကြလေသည်။ ထို့နောက် ၎င်းတို့နောက်နားသို့ အမြောက်ကျည်တစ်လုံးကျလာပြန်ကာ အတုံးအရုံး လဲကျသွားကြ၍ သွေးများ စဉ်လာသည်တွင် ဒိုလိုကော့ဗ်တစ်ကိုယ်လုံးမှာ သွေးအလိမ်းလိမ်း ပေကျံလျက် ရှိလေသည်။ ဤအထဲတွင် နောက်က လူအုပ်ကြီးက ဖိ၍ တိုးလိုက်ပြန်ရာ ထိုအနားတစ်ဝိုက်ရှိ လူများသည် ရှေ့သို့ ညပ်၍ပါသွားခဲ့ပြီးနောက် အတန်ကြာသောအခါ တစ်နေကြပြန်သည်။

'ရှေ့ကိုက်တစ်ရာလောက် ရောက်ရင်တော့ သိပ်စိုးရိမ်စရာမရှိတော့ဘူး၊ ဒီနားမှာ နောက်ထပ် နှစ်မိနစ်လောက် ရပ်နေဦးမယ်ဆိုရင်တော့ သေမှာပဲ'ဟု လူတိုင်း၏ စိတ်တွင် တွေးထင်လျက် ရှိလေသည်။

ဒိုလိုကော့ဗ်မှာ လူအုပ်ကြီးအလယ်တွင် ရှေ့မတိုးသာ နောက်မဆုတ်သာ ညပ်လျက်ရှိရကား စိတ်မရှည်နိုင်တော့ဘဲ ဆောသို့ အတင်းတိုးထွက်လာခဲ့သည်တွင် စစ်သားနှစ်ယောက်မှာ လဲကျန်ရစ်ခဲ့လေ၏။ ဒိုလိုကော့ဗ်သည် တာရိုးအစွန်သို့ ရောက်လာပြီး ကန်ထဲတွင် ခဲနေသည့် ရေခဲပြင်ပေါ်သို့ ဆင်းလိုက်သည်။

"ယော့လူတွေ ဒီကဖြတ်ကူး ဒီကဖြတ်ကူး၊ လာ လာ



www.burmeseclassic.com

ခိုင်းတယ်”ဒိုလိုကော့ဗ်သည် ကန်ရေပြင်အပေါ်လွှာရှိ ရေခဲပြင် ခိုင်မခိုင်ခုန်၍ စမ်းသပ်ကြည့်ရင်း သေနတ်ကို မြှောက်၍ အော်လိုက်သည်။ ၎င်း၏ ခြေထောက်အောက် ရေခဲပြင်သည် တကျွတ်ကျွတ်မြည်လျက်ရှိ၏။

ရေခဲပြင်မှာ ဒိုလိုကော့ဗ်တစ်ကိုယ်စာကို ခံသော်လည်း ထိုမှ ဤမှရွေ့လျားကာ တကျွတ်ကျွတ်မြည်လျက်ရှိ၏။ အမြောက်တင်ရထားတစ်စီး သို့မဟုတ် လူတစ်အုပ် ဖြတ်ကူးရန်မဆိုထားနှင့် ဒိုလိုကော့၏ တစ်ကိုယ်စာကိုပင် ကြာကြာခံနိုင်မည်မဟုတ်ဘဲ ကျွံကျသွားမည်သာ ဖြစ်လေသည်။ တာရိုးပေါ်မှ တပ်သားများသည် ဒိုလိုကော့ဗ်ကို အားကျကာ ကန်ဆီသို့ ပြုဆင်းလာကြ၏။ သို့ရာတွင် ရုတ်တရက်မဆင်းရဲကြသေးဘဲ တန့်နေကြပြန်သည်။ မြင်းပေါ်မှလိုက်လာသော ဒိုလိုကော့ဗ်၏တပ်မှူးသည် ဤအခြင်းအရာကိုမြင်၍ လက်ကိုမြှောက်လျက် တစ်စုံတစ်ရာပြောရန် ပါးစပ်ကို ဟလိုက်သည်။ ထိုအခိုက် အမြောက်ဆန်တစ်ဆန် ခပ်နိမ့်နိမ့်ကျလာသည့်အတွက် အားလုံးပြားပြားဝပ်လိုက်ကြသည်။ အမြောက်ဆန်သည် ရွှံ့ဗွက်တစ်ခုထဲသို့ ကျသွားသကဲ့သို့ ဘုတ်ခနဲမြည်၍ ကျသွားပြီးနောက် ထိုတပ်မှူးမှာ မြင်းပေါ်မှလိမ့်ကျသွားကာ သွေးအိုင်ထဲတွင် လဲကျလျက် ရှိလေသည်။ မည်သူကမှ လှည့်ကြည့်ဖော်မရကြ။ သွားထူဖို့ပင် သတိမရကြချေ။

“ဟေ့ ရေခဲပြင်ပေါ် ဖြတ်ကူးပါလားကွ၊ သွား ရေခဲပြင်ပေါ်ကိုဖြတ်၊ ပြောနေတာ မကြားဘူးလား သွားပါ” အမြောက်ဆန်ထိကာ တပ်မှူးကျသွားပြီးသည့်နောက်တွင် တစ်ယောက်တစ်ပေါက် အော်ကြတော့သည်။ မည်သည့်အတွက်ကြောင့် မည်သည်ကို အော်မှန်းလည်း သိကြဟန်မတူတော့ချေ။

တပ်နောက်ဖျားမှလိုက်လာသော အမြောက်တင်ရထားတစ်စီးသည် တာရိုးပေါ်မှ ရေခဲပြင်ပေါ်သို့ ဆင်းလာလေသည်။ ထိုအချကျတော့မှ တပ်သားများသည် အနည်းငယ်ရဲလာကြကာ တာရိုးပေါ်မှ အစုလိုက်အပြုံလိုက် ဆင်း လာ ကြပြီးနောက် ရေခဲနေသောကန်ရေပြင်ပေါ်သို့ လျှောက်လာကြ၏။ ရှေ့ဆုံးမှ ပြေးဆင်းလာသောတပ်သားတစ်ယောက်ကား ရေခဲပြင်ပေါ်သို့ နင်းလိုက်ရာ ခြေတစ်ဖက်ကျွံကျသွား လေသည်။ ပြန်တက်ရန် ကြိုးစားသော်လည်း မရတော့ဘဲ ရင်ခေါင်းလောက်အထိ ကျွံသွားလေသည်။ ၎င်း၏အနီးရှိ တပ်သားသည် ရေခဲပြင်ပေါ်သို့ နင်းတော့မည်ပြုရာမှ ခြေထောက်ကို ပြန်ရုပ်လိုက်၏။ အမြောက်တင် ရထား မောင်းတပ်သားကလည်း မြင်းကို ဇက်သတ်၍ ရပ်လိုက် သည်။ “ဟေ့ ရှေ့က မအေပေးတွေ ဘာလုပ်နေတာလဲ၊ ရေခဲပြင်ပေါ် ဖြတ်ဆင်းပါဆိုတာ မကြားဘူးလား”ဟု နောက်မှလည်း တွင်တွင်အော်နေကြသည်။ အလန့်တကြား အော်ဟစ်သံများသည် ကမ္ဘာပျက်သည့်နှယ် အုံးအုံးကျွတ် ကျွတ် ဆူပွက်လျက်ရှိလေသည်။ အမြောက်ရထားအနီးမှ မြင်းများကို တဘုန်းဘုန်းရိုက်နေကြသည်။ မြင်းများသည် တာရိုးအစပ်မှဆင်းကာ ရေခဲပြင်ပေါ်သို့ နင်းလိုက်၏။ စောစောက ခြေလျင်ဆင်းလာသည့် တပ်သားများ၏ အလေးချိန်ကို ခံနိုင်သေးသော်လည်း အမြောက်ရထားတက်လိုက် သည့်အခါတွင်မူကား ရေခဲပြင်သည် မခံနိုင်တော့ဘဲ ဝုန်းခနဲကျွံကျသွားကာ ထိုရေခဲပြင်ပေါ် တပ်သားလေးဆယ် လောက်မှာ ပြေးကြလွှားကြ၊ တိုးကြဝှေ့ကြဖြင့် ယောက်ယက်ခတ်ရင်း အချို့သာ ကမ်းပေါ်သို့ ပြန်ရောက်ကြလျက် အချို့ကား ရေထဲတွင် စုန်းစုန်းနစ်မြုပ် သွားကြလေတော့သည်။

ရန်သူအမြောက်ဆန်များကား တရှိန်ရှိန်မြည်ကာ ကန်ပေါင်ပေါ်သို့လည်းကောင်း၊ ရေခဲပြင်ပေါ်သို့လည်းကောင်း ခပ်မှန်မှန်ကျလျက်ရှိဆဲပင် ဖြစ်၏။ အထူးသဖြင့် တာရိုးပေါ်တွင် လည်းကောင်း ကန်စပ်တွင်လည်းကောင်း စုပြုံဝှေ့နေသည့် လူအုပ်ကြီးထဲသို့ ခပ်စိပ်စိပ်ကျလျက်ရှိဆဲပင် ဖြစ်လေသည်။

## အခန်း–၁၉

ပရာတ်ဇင်တောင်ရိုးတစ်နေရာ၌ကား စစ်တံခွန်ကိုကိုင်လျက် လဲကျသွားခဲ့သည့် မင်းသားကလေး အင်ဒရေသည် သွေး ဒလဟောယိုစီးကာ ကလေးငယ်တစ်ယောက်ကဲ့သို့ သနားစဖွယ် ညည်းတွားလျက်ရှိလေသည်။

ညနေစောင်းတွင်မူ မင်းသားကလေးအင်ဒရေသည် ညည်းတွားခြင်းရပ်စဲသွားကာ မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။ မည်မျှကြာအောင် သတိမေ့မျောနေခဲ့သည်ကိုလည်း မသိတော့ချေ။ မင်းသားကလေးအင်ဒရေသည် ခေါင်းထဲမှ မူးဝေနောက်ကျိလျက်ရှိသော ဝေဒနာကိုခံစားမိ



www.burmeseclassic.com

ကာ မိမိ၏ အသက်နှင့်ခန္ဓာအိုးစားမကွဲသေးကြောင်း ချက်ချင်း သတိရလာလေသည်။

'အင်း ကောင်းကင်ကြီးကို မြင်ရပြန်ပြီ၊ စောစောကတော့ တစ်ချိန်လုံး တင့်တယ်တဲ့ကောင်းကင်ကြီးကို ငါမမြင်ခဲ့ပါကလား၊ ငါ့ကို ဖိစီးနှိပ်စက်နေတဲ့ ဒီဝေဒနာတွေကိုလဲ ငါမသိခဲ့ပါတကား၊ အင်း ငါဘယ်နေရာရောက်နေပါလိမ့်'မင်းသားကလေးအင်ဒရေသည် ထိုသို့တွေးမိ၏။

နားစွင့်ထောင်လိုက်သည်တွင် တဖြည်းဖြည်းနီးလာသော မြင်းခွာသံများနှင့် ပြင်သစ်စကားသံများကို ကြားရလေသည်။ မင်းသားကလေးအင်ဒရေသည် မျက်လုံးများကို ဖွင့်၍ကြည့်လိုက်မိသည်။ အထက်၌ကား တိမ်များ တရွေ့ရွေ့လွင့်လျက်ရှိသော တင့်တယ်သည့် ကောင်းကင်ပြင်ကြီးနှင့် ထိုတိမ်တိုက်များကြားမှ ဆုံးစမထင်သော အပြာရောင် မှိုင်းမှိုင်းသည် အုပ်မိုးလျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် စောင်းငဲ့၍လည်း မကြည့်မိ၊ မြင်းခွာသံများနှင့် စကားပြောသံများ နီးလာသည်ကို ထောက်ခြင်းဖြင့် မိမိအနားသို့လာ၍ ရပ်နေဟန်ရှိသူများကိုလည်း မမြင်မိချေ။

မိမိအနီးသို့ လာရပ်သူကား အခြားသူမဟုတ်၊ ကိုယ်ရံတော်နှစ်ယောက်ခြံရံလာသည့် နပိုလီယန်ပေတည်း။ ဘိုနာပတ်သည် ဩဂက်တာရိုးကို လှမ်းပစ်နေကြသည့် အမြောက်တပ်များထံ နောက်ထပ်တပ်ကူပို့ရန် ညွှန်ကြားခဲ့ပြီးနောက် စစ်မြေပြင်တွင် လဲကျကျန်ရစ်ခဲ့သည့် ကျဆုံးသူများနှင့် ဒဏ်ရာရသူများကို လိုက်လံကြည့်ရှုနေခြင်း ဖြစ်လေသည်။

"အိမ်း ရန်သူတပ်များဟာ ရဲရင့်ကြပါတယ်၊ ရဲရင့်ကြပါပေတယ်"

နပိုလီယန်သည် လက်နှစ်ဖက်အားဆန့်ကာ လည်ကုပ်တွင် လောင်ကျွမ်း၍ မှောက်လျက်သား ကျဆုံးနေသော ရုရှား လက်ပစ်ဗုံးကိုင် ရဲမက်တစ်ယောက်ကို ကြည့်ရင်း ပြောလိုက်သည်။

"မှန်ပါ၊ အမြောက်တပ်များ ခဲယမ်းမီးကျောက်ပြတ်သွားပါပြီဖုရား"ဩဂက်ကန်ပေါင်ဘက်သို့ လှမ်းပစ်လျက်ရှိသော ပြင်သစ်အမြောက်တပ်စုများဆီမှ ပြန်လာသည့် တပ်ရေးဗိုလ်တစ်ယောက်က လျှောက်တင်လိုက်သည်။

"အရန်တပ်က ခဲယမ်းမီးကျောက်တွေ ထုတ်ယူခဲ့" နပိုလီယန်သည် ထိုသို့ပြောကာ ရှေ့သို့ စီးသွားပြီးနောက် စစ်တဲခွန်ကိုဆုပ်ကိုင်ရင်း ပက်လက်လဲလျက်ရှိသော မင်းသားကလေးအင်ဒရေရှေ့တွင် ရပ်လိုက်၏။ (စစ်တဲခွန်ကိုကား ပြင်သစ်တပ်များက ရန်သူပစ္စည်းအဖြစ် ဖြုတ်ယူသွားကြလေပြီ။)

"အိမ်း ကောင်းသောသေခြင်းပေပဲ"နပိုလီယန်က မင်းသားကလေးအင်ဒရေကို ငုံ့ကြည့်၍ ပြောလိုက်၏။

မင်းသားကလေးအင်ဒရေသည် မိမိကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်းကို သိလိုက်၏။ ထိုသို့ပြောသူမှာ နပိုလီယန်ဖြစ်ကြောင်းကိုလည်း သိလိုက်လေသည်။ နပိုလီယန်အား အရှင်ဖုရားဟု ခေါ်ဝေါ်လျှောက်တင်ကြသည်ကိုလည်း ကြားလိုက်သည်။ သို့ရာတွင် နပိုလီယန်အား ဤသို့ခေါ်သံကြားရသည်မှာ ခြင်ကောင် တဝီဝီအော်သံကို ကြားရသကဲ့သို့ နားကြားပြင်းကတ်စရာ ကောင်းလှ၏။ ၎င်းတို့ကသာ မင်းသားကလေးအင်ဒရေကို စိတ်ဝင်စားခြင်းရှိသည်မဟုတ်ဘဲ မင်းသားကလေးအင်ဒရေကလည်း ၎င်းတို့ကို ဂရုမစိုက်ဘဲ မေ့လျော့ပစ်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် ခေါင်းမှ မူးဝေနောက်ကျိသော ဝေဒနာကို ပြင်းစွာခံစားလျက်ရှိရာက မိမိသည် သွေးလွန်၍ သေရတော့မည်သာဖြစ်ကြောင်းကို သတိပြုလိုက်မိ၏။ ၎င်း၏အထက်မှ ဝေးလံလှသော၊ တင့်တယ်သော၊ ထာဝရတည်သော ကောင်းကင်ကြီးကိုလည်း မြင်မိ၏။ မိမိအနားသို့ ရောက်နေသူမှာ သူ့ရဲကောင်းကြီးဟု သူထင်ခဲ့သော နပိုလီယန် ဖြစ်သည်ကိုလည်း သတိရ၏။ သို့ရာတွင် တိမ်များ တရွေ့ရွေ့လွင့်လျက်ရှိ၍ တင့်တယ်သည့် ဆုံးစမထင်သော ကောင်းကင်ကြီးနှင့် မိမိ၏အကြားတွင် ဖြစ်ပျက်နေသော အခြင်းအရာများကို နှိုင်းစာလိုက်လျှင်ကား မိမိလေးစားသော သူ့ရဲကောင်းကြီး နပိုလီယန်သည် ဘာမျှမပြောပလောက်သည့် သတ္တဝါကလေးသာ ဖြစ်လျက်ရှိပေသည်။ မိမိ၏အနီးတွင် ရပ်၍ငုံ့ကြည့်နေသူသည် မည်မျှဘုန်းတန်ခိုးကြီးမားသူဖြစ်စေ၊ မည်မျှဉာဏ်အမြော်အမြင်ကြီးသော စကားကိုဆိုစေ မင်းသားကလေးအင်ဒရေအဖို့ အဓိပ္ပာယ်မရှိတော့ပြီ။ ထိုအချိန်၌ မင်းသားကလေးအင်ဒရေသည် အခြားမည်သည့်အရာကိုမျှ မစဉ်းစားမိတော့ဘဲ မိမိအနီးတွင် လူသတ္တဝါဟူ၍ ရှိခြင်းကိုသာတွေးပြီး ဝမ်းသာအားရလျက်ရှိ၏။ မိမိအား ကူညီဖေးမ၍ လူ့ဘဝသို့ ပြန်ရောက်အောင် လုပ်ပေးစေလိုသောဆန္ဒသာလျှင် ရှိနေသည်။ ယခု



www.burmeseclassic.com

အချိန်၌ လူ့ဘဝသည် မည်မျှလှပတင့်တယ်ကြောင်းကို မင်းသားကလေးအင်ဒရေသိခဲ့လေပြီ။ လူ့ဘဝ၏အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက်ခဲ့လေပြီ။ မင်းသားကလေးအင်ဒရေသည် ရှိသမျှခွန်အားဖြင့် ကြိုးစား၍ ကိုယ်ကိုလှုပ်ရှားကာ အသံထွက်ကြည့်၏။ ခြေထောက်မှာ လှုပ်ရှားသည်ဆိုရုံမျှသာ လှုပ်ရနိုင်တော့သည်။ အသံမှာလည်း သဲ့သဲ့မျှသာ ထွက်ပေါ်လာတော့သည်။ မင်းသားကလေးအင်ဒရေသည် တစ်ချက်တည်း အားငယ်၍ သွားလေသည်။

"အို မသေသေးပါလား၊ ဟော့ ဒီသူငယ်ကိုပွေ့ပြီး ဆေးစခန်းကိုပို့စမ်း"နပိုလီယန်က ပြောလိုက်သည်။

ထို့နောက် နပိုလီယန်သည် ပြင်သစ်စစ်သူကြီးလင်းထမသို့ မြင်းစီး၍သွားလေသည်။ စစ်သူကြီးလင်းမှာ ဦးထုပ်ကို လက်တွင်ကိုင်ကာပြုံးရင်း နပိုလီယန်ထံသို့ မြင်းစီး၍ လာလျက်ရှိသည်။

မင်းသားကလေးအင်ဒရေသည် နောက်ထပ်ဘာမှ မမှတ်မိတော့ချေ။ ထမ်းစင်ပေါ်သို့ပွေ့တင်ခံရသည့် ဒဏ်ကြောင့် တစ်ကြောင်း၊ လမ်းတွင် ဆောင့်သည့်ဒဏ်ကြောင့် တစ်ကြောင်း၊ ဆေးစခန်း၌ မိမိဒဏ်ရာကို ကိုင်တွယ်စမ်းသပ်ခြင်းခံရသည့်ဒဏ်ကြောင့် တစ်ကြောင်း နာကျင်ကာ သတိမေ့မြောသွားလေသည်။ နောက်နေ့ညနေတွင် ၎င်းအား ဒဏ်ရာရအခြားရုရှားတပ်ဗိုလ်များနှင့်အတူ ဆေးရုံသို့ရွှေ့တော့မှ မင်းသားကလေးအင်ဒရေသည် သတိပြန်၍ ရလာခဲ့လေသည်။ လမ်းတွင်ကား မိမိပတ်ဝန်းကျင်ကို ကြည့်နိုင်ရုံမျှမက စကားပင် ပြောနိုင်လာစပြုလာခဲ့လေပြီ။

သတိပြန်ရလျှင်ရချင်း သူကြားရသည့်စကားများမှာ ပြင်သစ်အစောင့်တပ်ဗိုလ်တစ်ယောက်၏အသံ ဖြစ်၏။

"ဟော့၊ တို့ဒီနားမှာ ခဏနားမယ်ဟေ့၊ ဘုရင်မင်းမြတ်လဲ ဒီနားက ကြွသွားလိမ့်မယ်၊ ရုရှားတပ်ဗိုလ်တွေကို လက်ရဖမ်းခဲ့တာမြင်ရင် ဘယ်လောက်များ ကျေနပ်တော်မူမလဲ မသိဘူး"

"ဗျာ ဒီနေ့လက်ရဖမ်းမိတဲ့သုံ့ပန်းက ရုရှားစစ်တပ်ကြီးတစ်ခုလုံးလောက် ဖမ်းမိလာတာပဲ၊ ဒီလောက်များတဲ့ သုံ့ပန်းတွေကို ဘယ်ကြည့်နေနိုင်ပါတော့မလဲ"တပ်ဗိုလ်တစ်ယောက်က ပြန်ပြောသည်။

"အမယ်ဒီငနဲကတော့ ဇာဘုရင်ကိုယ်ရံတော် တပ်ပေါင်းစုရဲ့ တပ်မှူးတဲ့ဗျာတို့"ပထမဗိုလ်က ကိုယ်ရံတော်မြင်းတပ်အဖြူရောင်ဝတ်စုံကို ဝတ်ထားသည့် ရုရှားတပ်ဗိုလ်တစ်ယောက်ကို လက်ညှိုးထိုးပြလေသည်။

ထိုသူမှာ မင်းသားကြီးရေပနင်ဖြစ်၍ ရွှေမြို့တော်တွင် ရှိစဉ်က မင်းသားကလေးအင်ဒရေ တွေ့ဖူးလေသည်။ မင်းသားကြီးရေပနင်၏အနီး၌ ဒဏ်ရာရလာသော အသက်တစ်ဆယ့်ကိုးနှစ်ခန့်ရှိ ကိုယ်ရံတော် မြင်းတပ်ဗိုလ်ကလေးတစ်ယောက် ရပ်လျက်ရှိ၏။

ဘိုနာပတ်သည် မြင်းကို ကဆုန်ပေါက်စီးလာခဲ့ရာမှ ရပ်လိုက်၏။

"ဟော့ တပ်ဗိုလ်အကြီးဆုံးဘယ်မှာလဲ"ဟု သုံ့ပန်းများကိုမေးလိုက်၏။ သုံ့ပန်းများက ဗိုလ်မှူးကြီးမင်းသားကြီးရေပနင်ဖြစ်ကြောင်း ပြန်ပြောကြသည်။ "မောင်မင်းက ဘုရင့်ကိုယ်ရံတော်မြင်းတပ်ရင်းရဲ့ တပ်မှူးလား"

"ကျွန်တော်က တပ်ခွဲမှူးပါ"

"အိမ်း မောင်မင်းတို့တပ်ရင်းဟာ တန်ဝန်ကျေပေတယ်"ဟု နပိုလီယန်က ပြောလိုက်၏။

"မှန်ပါ ကြီးမြတ်တဲ့စစ်သူကြီးတစ်ဦးရဲ့ ချီးကျူးခံရခြင်းသည် စစ်သားတစ်ယောက်အဖို့ အမြင့်ဆုံးသောဆုလာဘ်ဖြစ်ပါသည်"

"အိမ်း မောင်မင်းစကားမှန်ပေတယ်၊ ဒီဘက်က သူငယ်ကကော"

မင်းသားကြီးရေပနင်က ဗိုလ်ကလေးဆုတေလင်ဖြစ်ကြောင်းပြောလိုက်၏။ နပိုလီယန်သည် ဗိုလ်ကလေးကိုကြည့်၍ ပြုံးလိုက်သည်။

"အသက်ငယ်သေးတဲ့ ဘောက်မဲ့ကြောင့် ငါတို့နဲ့လာပတ်သက်ချင်ရသတုံး"

"မှန်ပါ အသက်ငယ်သော်လဲ သတ္တိမငယ်ပြီ၊ အသက်ငယ်ခြင်းသည် ရဲစွမ်းသတ္တိ၌ အတားအစီးမဟုတ်ပြီ"ဗိုလ်ကလေးဆုတေလင်က ဆို၏။

"အိမ်း သူငယ်ရဲရင့်ပေတယ်၊ ရှေ့မှာ ကြီးပွားမယ်" နပိုလီယန်က ပြောလိုက်သည်။

သို့ဖြင့် သုံ့ပန်းများအား နပိုလီယန်ရှေ့သို့ စီတန်းပြသည်တွင် မင်းသားကလေးအင်ဒရေ၏ အလှည့်သို့ရောက်လာလေသည်။ နပိုလီယန်သည် မင်းသားကလေးအင်ဒရေကို စိုက်ကြည့်လိုက်ရင်း စောစောက စစ်မြေပြင်၌ လဲကျနေသူဖြစ်ကြောင်း မှတ်မိသွားဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com


နပိုလီယန်သည် မင်းသားကလေးင်ဒရေကိုလည်း 'သူငယ်'ဟုပင် ခေါ်လေသည်။

"ဘယ့်နှယ်နေသေးသလဲ သူငယ်"

လွန်ခဲ့သည့်ငါးမိနစ်လောက်က မင်းသားကလေးအင်ဒရေသည် ထမ်းစင်ကိုထမ်းလာသည့် တပ်သားများအား စကားပြောနိုင်ခဲ့သော်လည်း ယခု နပိုလီယန်ရှေ့သို့ရောက်သောအခါတွင်မူ နပိုလီယန်၏မျက်နှာကို စိုက်ကြည့်ရင်းတိတ်ဆိတ်လျက်ရှိလေသည်။ မိမိမြင်ချင်ခဲ့သည့် သူရဲကောင်းနပိုလီယန်၊ စစ်သူကြီးနပိုလီယန်၊ စစ်နိုင်ခြင်းဖြင့် ယစ်မူးကာ မာနတံခွန်ထူလျက်ရှိသည့် နပိုလီယန်သည် ယခုအချိန်၌ တင့်တယ်သော ကောင်းကင်ကြီး၊ တရားမျှတမှုကိုပေးသော ကောင်းကင်ကြီး၊ ယနေ့မှ မိမိသေသေချာချာ ကြည့်ခဲ့မိ၍ ယနေ့မှ မိမိသဘောပေါက်နားလည်ခဲ့သော ကောင်းကင်ကြီးနှင့်နှိုင်းစာလျှင် ဘာမျှမဟုတ်သော အညတရသာတကားဟု စဉ်းစားမိရင်း မင်းသားကလေးအင်ဒရေသည် စကားပြန်မပေးနိုင်ဘဲ ငြိမ်၍ နေမိလေသည်။

သွေးဆုတ်ခြင်း၊ ဝေဒနာပြင်းပြစွာခံစားရခြင်း၊ သေခြင်းတရားနှင့် နီးကပ်ခြင်းတို့ကြောင့် ခွန်အားဆုတ်ယုတ်ခြင်း စသည့်အခြင်းအရာများအကြားမှ ပေါ်လာသော ကြောက်စရာအတွေးများနှင့် နှိုင်းစာသော် အရာအားလုံးသည် အချည်းနှီးမျှသာတည်း၊ အလဟဿမျှသာတည်း၊ မင်းသားကလေးအင်ဒရေသည် နပိုလီယန်၏ မျက်လုံးများကို စူးစိုက်ကြည့်ရင်း ဂုဏ်သတင်းကြီးကျယ်ကျော်စောခြင်း၏ အဓိပ္ပာယ်ကင်းမဲ့ပုံ၊ နားလည်ရခက်ခဲ့သော လူ့ဘဝ၏ အနှစ်သာရကင်းမဲ့ပုံ၊ အသက်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ နားလည်ခြင်းလည်းမရှိ၊ ရှင်းလင်းပြနိုင်ခြင်းလည်းမရှိသည့် သေခြင်းတရား၏ အဓိပ္ပာယ်ကင်းမဲ့ပုံတို့ကိုသာ တွေးနေမိသည်။

နပိုလီယန်သည် ဆက်လျှောက်သွားကာ တပ်မိုလ်တစ်ယောက်သို့ လှည့်၍-

"ဒီသုံ့ပန်းတပ်မိုလ်တွေကို ငါ့ယာယီစခန်းကိုခေါ်ပြီး စည်းကမ်းနှင့်အညီ ကောင်းစွာစောင့်ရှောက်၊ ငါ့သမားတော် လာရီကိုလည်း သေချာစွာ စစ်ဆေးကြည့်ရှုဖို့ မှာကြား၊ ကဲ သွားမယ် မင်းသားကြီး ရေပညင်"နပိုလီယန်သည် မြင်းကိုတို့ကာ ကဆုန်စိုင်းသွားလေသည်။

နပိုလီယန်၏ မျက်နှာပေါ်၌ ရွှင်ပျခြင်း၊ ကျေနပ်ခြင်းတို့သည် အထင်းသား ပေါ်နေကြကုန်သည်။

မင်းသားကလေးအင်ဒရေကို ထမ်းလာသော ပြင်သစ်တပ်သားများသည် အစ်မတော်မင်းသမီးကလေးမေရီက ဆွဲပေးလိုက်သည့်လည်ပင်းမှ ရွှေဆင်းတုကလေးကို တွေ့ကာ ဖြုတ်ယူထားလိုက်ကြ၏။ သို့ရာတွင် နပိုလီယန်က သုံ့ပန်းများအား ကောင်းစွာ ပြုစုဆက်ဆံသည်ကိုမြင်သောအခါ မယူရဲကြတော့ဘဲ ရွှေဆင်းတုတော်ကလေးကို မင်းသား ကလေးအင်ဒရေ၏လည်တွင် ပြန်ဆွဲပေးလိုက်ကြလေသည်။

မင်းသားကလေးအင်ဒရေသည် ဤဆင်းတုတော်ကလေးကို မည်သူက မည်သည့်အချိန်တွင် ပြန်ဆွဲပေးထားလိုက်သည်ကိုမသိချေ။ ရွှေကြိုးဖြင့်ဆိုင်းထားသည့် ဆင်းတုတော်ကလေးသည် စစ်ဝတ်စုံအပြင်ဘက် ရင်ဘတ်ပေါ်တွင် တွဲလွဲကျလျက်ရှိလေသည်။

မင်းသားကလေးအင်ဒရေသည် အစ်မတော် မင်းသမီးကလေး မေရီဆွဲပေးလိုက်သည့် ဆင်းတုတော်ကလေးကို ကြည့်ကာ 'အင်း လောကကြီးမှာ ငါ့အစ်မတော်လို ရိုးသားပြီး အပြစ်ကင်းစင်ကြရင် ဘယ်လောက်ကောင်းမလဲ၊ လူ့ဘဝရယ်လို့ ရောက်လာပြန်တော့လဲ ခိုကိုးရာမရှိဘူး၊ သေလွန်ပြီးတဲ့နောက်မှာလဲ ခိုကိုးရာမရှိဘူး၊ လူတွေအဖို့ အသက်ရှင်နေတုန်းမှာရော သေလွန်သည်၏ အခြားမဲ့မှာရော ခိုကိုးရာရယ်လိုများရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ခုနေမှာ ကယ်မမယ့်သူရှိရင် ဘယ်လောက်များ စိတ်ချမ်းမြေ့လိုက်မလဲ၊ ဘယ်သူများ ငါ့ကို ဒီဝေဒနာက ကယ်တင်နိုင်ပါမလဲ၊ ဘယ်သူ့ကို ကိုးကွယ်ဆည်းကပ်ရပါ့မလဲ၊ ဟင်း သိမြင်ခြင်းဉာဏ် မစွမ်းနိုင်တဲ့ ထုတ်ဖော်ပြောပြခြင်းဉာဏ် မစွမ်းနိုင်တဲ့ ဘယ်တန်ခိုးရှင်ဆီကို ဆည်းကပ်ရပါ့မလဲ၊ နိစ္စတရားကို ဆည်းကပ်ရမှာလား၊ အနိစ္စတရားကို ဆည်းကပ်ရမှာလား၊ အစ်မတော် ထိပ်ထားပေးလိုက်တဲ့ ဘုရားသခင်ရဲ့ ဆင်းတုတော်ကိုပဲ ကိုးကွယ်ဆည်းကပ်ရမှာလား၊ အင်း လောကကြီးမှာ ဘာမှ မတည်မြဲပါကလား၊ မခိုင်မာပါကလား၊ မမြဲခြင်းတည်းဟူသော အနိစ္စတရားသာလျှင် တည်မြဲ၍ ကျန်အရာဟူသမျှတို့သည် မမြဲပါကလား'

မင်းသားကလေးအင်ဒရေသည် ဤသို့တွေး၍ ထမ်းစင်ပေါ်တွင် လိုက်ပါလာလေသည်။ ထမ်းစင်လှုပ်


www.burmeseclassic.com

တိုင်း ဝေဒနာမှာလည်း မခံမရပ်နိုင်အောင် နာကျင်လှသည်။ မင်းသားကလေးအင်ဒရေသည် ဝေဒနာသည်းထန်လာကာ ကယောင်ချောက်ချား ဖြစ်လာလေတော့သည်။ ခမည်းတော်ကြီးကိုလည်းကောင်း၊ ကြင်ရာတော်ကိုလည်းကောင်း၊ အစ်မတော်ကိုလည်းကောင်း၊ မမွေးသေးသည့် သားတော်ကိုလည်းကောင်း၊ တိုက်ပွဲမဖြစ်မီ ညက ရွှင်မြူးကြည်နူးခြင်း ဖြစ်ခဲ့ရသည်ကို လည်းကောင်း၊ အညတရတစ်ယောက်မျှသာဖြစ်သော နပိုလီယန်ကို လည်းကောင်း၊ တင့်တယ်သော ကောင်းကင်ကြီးကိုလည်းကောင်း မြင်ယောင်လျက်ရှိကာ ထိုအရာအားလုံးသည် ကယောင်ချောက်ချား ဖြစ်လျက်ရှိသော ၎င်း၏ စိတ်ကူးထဲ၌ ဝဲလှည့်လျက်ရှိကြလေသည်။

စံအိမ်၌ စိတ်ချမ်းမြေ့စွာ နေခဲ့ရပုံများနှင့် တောင်ကတုံး စံအိမ်တော်ကိုလည်း မြင်ယောင်လာမိသည်။ မင်းသားကလေးအင်ဒရေသည် ဤသို့ မြင်ယောင်လျက် ကြည်နူးချမ်းမြေ့ခြင်းကို ခံစားနေစဉ်တွင် တစ်ပါးသူ ဝေဒနာခံစားရခြင်းကို အကြင်နာကင်းမဲ့စွာ ကြည့်နေသော နပိုလီယန်၏ ပုပုသေးသေးသဏ္ဌာန်ကို မြင်ယောင်လာပြန်ကာ ပူလောင်ခြင်း၊ ဒွိဟဖြစ်ခြင်းစသည့် ဝေဒနာတို့သည် ပေါ်လာကြပြန်သည်။ ထို့နောက် ကောင်းကင်ကြီးကို မြင်ယောင်လာတော့မှ ငြိမ်းချမ်းခြင်းကို ရတော့သည်။ နံနက်လင်းအားကြီး၌မူ ဤအိပ်မက်များသည် ပျောက်ကွယ်သွားပြန်၍ သတိမေ့မြောခြင်းတည်းဟူသော အမိုက်တိုက်လေဟာပြင်ကြီးထဲသို့ ကျဆင်းသွားပြန်လေသည်။ နပိုလီယန်၏ သမားတော်လာရီကမူ သတိပြန်လည်လာဖို့ထက် သေဖို့က များသည်ဟု ဆို၏။

"လူနာက သိပ်ပြီး စိတ်ချောက်ချားနေတယ်၊ သတိပြန်လည်လာဖို့ အကြောင်းမရှိတော့ဘူး"ဟု သမားတော်ကြီးက ဆိုသည်။

သို့ဖြင့် ပြင်သစ်တို့သည် ထိုဒေသတစ်ဝိုက်ရှိ အရပ်သူ အရပ်သားများထံ၌ ဒဏ်ရာပြင်းထန်စွာရသူများနှင့်တကွ မင်းသားကလေးအင်ဒရေကို စွန့်ပစ်ထားခဲ့ကြလေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

၁၈၀၆ – ခုနှစ်တွင် နီကိုလေသည် ခွင့်ဖြင့်အိမ်သို့ ပြန်လာခဲ့၏။ ဒင်နီဆော့ဗ်မှာလည်းခွင့်ရ၍ ဇာတိဖြစ်သော ဗိုရိုနက်ဇ်သို့ ပြန်မည်ဖြစ်လေရာ နီကိုလေသည် ဒင်နီဆော့ဗ်အား မော်စကိုအထိ ၎င်းနှင့်အတူ လိုက်လာစေလျက် ခေတ္တဝင်ရောက်လည်ပတ်သွားရန် အဖော်ညှိလာခဲ့လေသည်။ မော်စကိုသို့မရောက်မီ နောက်ဆုံး ချောထောက်စခန်းတစ်ခု၌ ဒင်နီဆော့ဗ်သည် ၎င်း၏ သွေးသောက်တစ်ဦးနှင့်တွေ့သဖြင့် အရက်ချိုသုံးလုံး သောက်လာခဲ့၏။ နှင်းဖုံးလျက်ရှိသော လမ်းမတစ်လျှောက်မှာ ချိုင့်များ၊ ကျင်းများ ထူထပ်လှသော်လည်း ဒင်နီဆော့ဗ်ကား မော်စကိုရောက်သည်အထိ တစ်ရေးမှုမနိုးချေ။ စွတ်ဖားပေါ်တွင် နီကိုလေ၏ ဘေးမှ တစ်လမ်းလုံး အိပ်လျက်လိုက်ပါလာလေသည်။ နီကိုလေကား မော်စကိုနားသို့နီးလာလေလေ ရောက်ချင်ဇောအားကြီးလာလေလေဖြစ်ကာ ဂနာမငြိမ်အောင် ဖြစ်လျက်ရှိ၏။

'ဘယ်လောက်များ ကြာကြာသွားနေရဦးမှာလဲ၊ ရောက်ပဲမရောက်နိုင်ဘူး၊ လမ်းတွေ၊ ဈေးဆိုင်တွေ၊ ပေါင်မုန့်ဖိုတွေ၊ လမ်းမီးတိုင်တွေ၊ စွတ်ဖားတွေတော့ မြင်ရပြီ'

မြို့တံခါးဝတွင် မိမိတို့၏ခွင့်လက်မှတ်များ ထုတ်ပြပြီး မြို့ထဲသို့ဝင်လာရင်း နီကိုလေလည်း တွေးလာခဲ့မိ၏။

"ဗျို့ ဒင်နီဆော့ဗ်၊ ထတော့လေဗျာ၊ ရောက်ပြီဗျ၊ ကိုယ့်လူကလဲ တယ်အိပ်တာကိုး"ဟုဆိုကာ နီကိုလေသည် မိမိတို့စွတ်ဖားကို ဤထက်ပို၍ လျင်မြန်လိမ့်မည် ထင်၍ လောမသိ၊ သူ့ကိုယ်လုံးကြီးကို ရှေ့သို့ ညွတ်လိုက်၏။

ဒင်နီဆော့ဗ်ကား တုတ်တုတ်မျှမလှုပ်ချေ။

"ဟော ရထားသမား ဇာကာတို့တစ်သိုက် စတည်းချတဲ့ လမ်းဆုံကရထားဆိပ်ကိုရောက်ပြီ၊ အံမယ် ကိုယ့်လူဇာကာရှိပါသေးလား၊ မြင်းကလဲ အရင်တုန်းက မြင်းကြီးပဲ၊ ဟောဒါက တို့ပေါင်မုန့်ဝယ်နေကျဆိုင်ကလေး၊ ကိုယ့်လူ ခပ်သုတ်သုတ်ကလေး မောင်းစမ်းပါကွ"

"ဘယ်အိမ်လဲ ဗိုလ်လေး"စွတ်ဖားမောင်းသမားက မေး၏။

"ဟိုရှေ့နား လက်ယာဘက်က အိမ်ကြီးလေကွာ၊ မမြင်ဘူးလား၊ အဲဒါ တို့အိမ်ပေါ့၊ ဗျို့ ဒင်နီဆော့ဗ် ဒင်နီဆော့ဗ် ထလေဗျာ"

ဒင်နီဆော့ဗ်သည် ခေါင်းထောင်လာကာ ချောင်းဆိုးလိုက်၏။ မည်သို့မျှ ပြန်မပြောသေး။

"ဟော့ ဒီမိထရိ ဟိုမီးရောင်ဟာ တို့အိမ်က မီးရောင်မဟုတ်လား"နီကိုလေက စွတ်ဖားအမိုးပေါ်တွင် ထိုင်လိုက်လာသည့် မိမိ၏လက်ပါးစေကို လှမ်းမေးလိုက်၏။

"ဟုတ်တယ် မြို့စားလေး၊ သခင်ကြီးရဲ့ စာကြည့်ဆောင်ထဲက မီးရောင်ပဲ"

"အေး မအိပ်ကြသေးဘူးထင်တယ်ကွ၊ ဘယ့်နှယ်လဲ ငါ့ဝတ်စုံအင်္ကျီသစ်ကို ထုတ်ထားဖို့ မေ့နေဦးမယ်နော်" နီကိုလေက ရိတ်ပြီးစ မုတ်ဆိတ်မွေးများကို လက်ဖြင့် ပွတ်နေ၏။ "ဟော့ မြန်မြန်မောင်းပါကွ"ဟု စွတ်ဖားမောင်းသမားကို လှမ်း၍ အော်ပြန်သည်။ နောက်ပြန်၍ အိပ်နေသည့် ဒင်နီဆော့ဗ်ဘက်သို့ လှည့်လိုက်ပြန်ကာ

"ဗျို့ ဒင်နီဆော့ဗ် ထတော့လေဗျာ၊ ထ၊ ဗော့ဒကာဖိုး ငွေဒင်္ဂါးသုံးပြားလောက် ကျန်သေးတယ် မဟုတ်လား၊ ထ ထ"နီကိုလေက မိမိတို့စံအိမ်နှင့် သုံးအိမ်ခြားလောက်



www.burmeseclassic.com

 www.burmeseclassic.com 

အရောက်တွင် အော်လိုက်သည်။ နီကိုလေ၏စိတ်တွင် မြင်းများမှာ အသွားနှေးလှသည်ဟု ထင်မိသည်။ စွတ်ဖားသည် လက်ယာဘက်သို့ကပ်၍ ဝင်းပေါက်ဝတွင် ရပ်လိုက်၏။ နီကိုလေသည် အင်္ဂတေအချို့ကွာကျနေပြီဖြစ်သော ပန်းဆွဲများကိုလည်းကောင်း၊ ဆင်ဝင်ခန်းကိုလည်းကောင်း၊ လမ်းမဘေးနားမှ တံခါးတိုင်ကိုလည်းကောင်း သိမ်းကျုံးကြည့်လိုက်ပြီးနောက် စွတ်ဖားမရပ်မီခုန်ဆင်းကာ အိမ်ထဲသို့ ပြေးဝင်လာခဲ့လေသည်။ အိမ်ကြီးမှာ မိမိအိမ်ရှင် ပြန်လာသည်ကို မသိတော့သည့်အလား မလှုပ်မယှက် တိတ်ဆိတ်လျက် ရှိလေသည်။ ဧည့်ခန်းဆောင်ထဲတွင် မည်သူမျှမရှိချေ။ နီကိုလေသည် 'နေမှကောင်းကြရဲ့လား' ဟု ထင့်ခနဲဖြစ်သွားမိသေး၏။ ထို့နောက် ခန်းမဆောင်ကိုဖြတ်ပြေးလာကာ မိမိတက်နေကျ တစ်ဆစ်ချိုးလှေကားကြီးအတိုင်း ပြေးတက်လာခဲ့သည်။ တံခါးလက်ကိုင်ဘုကလေးမှာလည်း ခါတိုင်းကဲ့သို့ ခပ်ချောင်ချောင်ပင် ရှိနေသည်။ ဤတံခါးလက်ကိုင်ကလေးအား ကောင်းစွာ ပွတ်တိုက်ထားခြင်း မရှိလျှင် အိမ်ဖော်များကို မိခင်မြို့စားကတော်ကြီးက ဆူပူကြိမ်းမောင်းတတ်သည်ကိုလည်း အမှတ်ရမိသည်။ နီကိုလေသည် တံခါးလက်ကိုင်ဘုကလေးကို လှည့်ကာ စမုတ်ဆောင်ထဲသို့ ဝင်လိုက်၏။ စမုတ်ဆောင်ထဲ၌ကား ပျားဖယောင်းတိုင်တစ်တိုင်သည် လင်းလျက်ရှိ၏။

ကျွန်ယုံကြီးမိုက်ကယ်သည် သေတ္တာပေါ်တွင် အိပ်ပျော်လျက်ရှိ၏။ ခွန်အားအရာတွင် ရထားနောက်မြီးကို အသာကလေးမနိုင်သည့် သူငယ်တော်ပရိုကိုဖိသည် ထိုင်လျက် ကတ္တီပါစများဖြင့် ခြေနင်းများကိုထိုးပေးနေသည်။ ပရိုကိုဖိသည် တံခါးဆီသို့ မော့ကြည့်လိုက်၏။ အိပ်ချင်မူးတူးဖြစ်နေသော ၎င်း၏ အမူအရာသည် ဝမ်းသာအံ့သြသောအသွင်သို့ ရုတ်ခြည်းပြောင်းသွား၏။

"ဟင် မြို့စားလေး ဘယ်တုန်းက ရောက်လာတာလဲ" ပရိုကိုဖိသည် ၎င်း၏သခင် မြို့စားကလေးကို မှတ်မိ၍ အော်ဟစ်ပြီး နှုတ်ဆက်လိုက်သည်။ ပရိုကိုဖိသည် ဝမ်းသာခြင်းကြောင့် တုန်ယင်လျက်ရှိရင်းက နီကိုလေရောက်လာကြောင်း သတင်းပေးရန် အခန်းဝဆီသို့ ပြေးသွားလိုက်ပြီးမှ ရုတ်တရက်သတိရကာ ပြန်၍ လှည့်လာလျက် နီကိုလေ၏ပခုံးကို ကုန်း၍နမ်းရှုပ်လိုက်၏။

"အားလုံး နေကောင်းကြရဲ့လားဟေ့" နီကိုလေက လက်ကို ပြန်ရုပ်၍ မေးလိုက်သည်။

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အားလုံးပဲ နေကောင်းကြပါတယ် မြို့စားကလေး၊ သခင်ကြီးတို့လဲ ခုတင် ညလယ်စာ သုံးဆောင်ပြီးကြတယ်၊ မြို့စားကလေးကို အားရပါးရ ကြည့်စမ်းပါရစေဦး မြို့စားကလေး"

"အားလုံး နေကောင်းကြတယ်နော်"

"ကောင်းပါတယ် မြို့စားကလေး၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ"

နီကိုလေကား ဒင်နီဆော့ဗ်ကို မေ့လျက်ရှိချေပြီ။ နီကိုလေသည် မိမိရောက်လာသည်ကို မည်သူမျှမသိစေလိုသေးသည့်အတွက် သားမွေးအင်္ကျီကြီးကို လွှတ်ချကာ ကြီးမားသော ပွဲတက်ဆောင်ကြီးကို ဖြတ်လျက် ခြေဖျားထောက်၍ ပြေးဝင်လာခဲ့သည်။ မိမိတို့စံအိမ်ကြီးကား ဘာမျှပြောင်းလွဲ ခြင်းမရှိချေ။ ဖဲကစားသောစားပွဲများ၊ အုပ်ဆောင်းတပ် မီးပဒေသာခိုင်များမှာ ယခင်ကအတိုင်း ပင်ရှိ၏။ သို့ရာတွင် မြို့စားကလေး နီကိုလေကို တစ်စုံတစ်ယောက်က မြင်သွားပေပြီ။ နီကိုလေ ဧည့်ခန်းဆောင်ထဲသို့မရောက်မီပင် အရာတစ်ခုသည် မုန်တိုင်းကြီးတစ်ခုကဲ့သို့ ဧည့်ခန်းဆောင်ထဲမှ အရှိန်ပြင်းစွာ ထွက်လာကာ နီကိုလေကို ပွေ့ဖက်နမ်းရှုပ်လျက် ရှိလေသည်။ ထို့နောက် အလားတူ လေမုန်တိုင်းကဲ့သို့ အရှိန်ပြင်းထန်သော အရာများသည် ဒုတိယ တံခါးပေါက်၊ တတိယ တံခါးပေါက်စသည်တို့မှ အသီးသီးထွက်လာကြကာ ပွေ့ဖက်ကြ၊ နမ်းရှုပ်ကြ၊ နှုတ်ဆက်ကြ၊ ဝမ်းသာလွန်း၍ မျက်ရည်တွေကျကြဖြင့် ရှုပ်ထွေးလျက်ရှိပေရာ နီကိုလေမှာ မည်သည်က ဖခင်မြို့စားကြီး၊ မည်သည်က နာတာရှာ၊ မည်သည်က ပီတာ စသဖြင့် ရုတ်တရက်ခွဲမရအောင် ဖြစ်လျက်ရှိ၏။ အိမ်သားအားလုံးသည် အော်ဟစ် နှုတ်ဆက်ကာ သူ့ထက်ငါဦး အောင် ပွေ့ဖက်နမ်းရှုပ်လျက်ရှိကြသည်။ မိခင်မြို့စားကတော်ကြီးတစ်ယောက်သာ ရောက်မလာသေးသည်ကို သတိထားလိုက်မိသည်။

"သားလာမယ်လို့ ကြိုမသိရပါလားကွယ်"

"ကြည့်စမ်း ကိုကိုတို့များ ရုပ်ကို လုံးလုံးပြောင်းသွားတာပဲ၊ လက်ဖက်ရည် ယူခဲ့ကြပါ၊ ဖယောင်းတိုင်တွေလဲ ထွန်းလိုက်ကြဟေ့"

"ဖေဖျားကို နမ်းစမ်းပါဦး"



www.burmeseclassic.com

"နာတာရှာကိုကော"

ဆွန်ယာ၊ နာတာရှာ၊ ပီတာ၊ မင်းသမီးကြီးဒရူဘက်စကားယား၊ ဗီရာနှင့် ခမည်းတော်မြို့စားကြီး ရော့စတော့ဗ်တို့သည် နီကိုလေကို ဖက်ရမ်းနမ်းရှုပ်လျက်ရှိကြ၍ ကျွန်များ၊ ယောက်ျားမိန်းမ အစေတော်များလည်း ဧည့်ခန်းဆောင်ထဲသို့ စုရုံးရောက်ရှိလာကြကာ အာမေဍိတ်သံများကို ပြုလျက်ရှိကြ၏။

ပီတာကမူ "ညီညီကိုလဲ နမ်းပါဦးဗျ"ဟုအော်လျက်ရှိလေသည်။

နာတာရှာမှုကား နီကိုလေ၏ ကုပ်ကို ဆွဲနိမ်၍ နမ်းရှုပ်ပြီးနောက် နီကိုလေ၏ဝတ်စုံအင်္ကျီစကို မလွှတ်ဘဲ ဆွဲထားပြီး ဆိတ်ကလေးတစ်ကောင်ကဲ့သို့ ခုန်ပေါက်ကာ မြူးထူးအော်ဟစ်လျက် ရှိလေသည်။

နီကိုလေ၏ ပတ်ဝန်းကျင်ရှိ လူအားလုံးသည်လည်း ဝမ်းသာလွန်းသဖြင့် မျက်ရည်များဝဲလျက်ရှိကာ နမ်းရှုပ်နှုတ်ဆက်ရန် စောင့်ဆိုင်းနေကြလေသည်။

နှင်းဆီသွေးရဲလျက်ရှိသော ဆွန်ယာမှာလည်း နီကိုလေ၏ လက်မောင်းကိုသိုင်းထားကာ မျက်နှာကလေးတစ်ခုလုံးဝင်းထိန်လျက် နီကိုလေကို စူးစိုက်ကြည့်နေလေသည်။ ဆွန်ယာမှာ ယခုအချိန်တွင် တစ်ဆယ့်ခြောက်နှစ်မျှရှိပြီဖြစ်လေရာ ယခုကဲ့သို့ ပီတိတွေတစိမ့်စိမ့်ဖြာနေချိန်၌မူ အတိုင်းထက်အလွန် လှပလျက်ရှိလေသည်။ ဆွန်ယာသည် နီကိုလေ၏မျက်နှာကိုသာ စိုက်ကြည့်ကာ အသက်မရှူနိုင်ဘဲ ပြုံးလျက်ရှိ၏။ နီကိုလေကလည်း ဆွန်ယာအား ကျေးဇူးတင်စွာဖြင့် လှမ်းကြည့်လျက်ရှိရာမှ တစ်စုံတစ်ယောက်ကို ရှာဖွေလျက်ရှိလေသည်။ မိခင်မြို့စားကတော်ကြီးကား မပေါ်လာသေးချေ။ ထိုအခိုက် အခန်းဝမှ ခြေသံများကို ကြားလိုက်ရ၏။ ခြေသံမှာ လျင်မြန်လွန်းသည့်အတွက် မိခင်ကြီး၏ ခြေသံမဖြစ်နိုင်ဟု နီကိုလေ တွေးလိုက်မိသည်။

သို့ရာတွင် ထိုခြေသံရှင်ကား အခြားသူမဟုတ်။ မိခင်မြို့စားကတော်ကြီးပင် ဖြစ်နေလေသည်။ မိခင်မြို့စားကတော်ကြီးသည် နီကိုလေ စစ်ချီထွက်သွားပြီးနောက်မှ ချုပ်ထားသော ဝတ်စုံအသစ်ကိုဝတ်ထားလေသည်။ အားလုံးကပင် နီကိုလေကိုလွှတ်လိုက်သဖြင့် နီကိုလေသည် မိခင်မြို့စားကတော်ကြီးထံသို့ ပြေးလာခဲ့လေသည်။ မိခင်မြို့စားကတော်ကြီးမှာ သားကိုတွေ့သည်နှင့် သား၏ရင်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုလေတော့သည်။ မိခင်မြို့စားကတော်ကြီးသည် မျက်နှာကိုမမော့ဘဲ နီကိုလေ၏ မြင်းစီးတပ်သားအင်္ကျီမှ ဖွတ်ကြိုးကြိုးများကို မျက်နှာနှင့် အပ်ထားလေသည်။ ဤသို့ မိသားစုတစ်တွေ နှုတ်ဆက်နေကြ၍ မည်သူမျှ သတိမထားလိုက်မိဘဲရှိစဉ် ဝင်ရောက်လာသည့် ဒင်နီဆော့ဗ်သည် ဧည့်ခန်းဆောင်ဝတွင်ရပ်ကာ မျက်လုံးများကို ပွတ်၍ ကြည့်လိုက်မိ၏။

"ကျွန်တော် ဗာစီလီဒင်နီဆော့ဗ်ပါခင်ဗျာ၊ မြို့စားကြီးသားရဲ့ ရောင်းရင်းပါ"ဒင်နီဆော့ဗ်က မိမိကိုကြည့်နေသော မြို့စားကြီးကိုလှမ်းပြောကာ ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်ရ၏။

"အို လာပါ၊ လာပါ၊ ကျုပ်သိပါတယ်"မြို့စားကြီးက ဒင်နီဆော့ဗ်ကို ပွေ့ဖက်နမ်းရှုပ်လိုက်သည်။ "နီကိုလေကလဲ စာရေးထားပါတယ်၊ သမီးတို့၊ နာတာရှာ၊ ဗီရာ ဟောဒီမှာကွယ် နီကိုလေရဲ့ရောင်းရင်း ဒင်နီဆော့ဗ်တဲ့"

ရွှင်ပြုံးလျက်ရှိကြသော မျက်နှာများသည် စုတ်ပြတ် ပေရေလျက်ရှိသော ဒင်နီဆော့ဗ်ဘက်သို့ လှည့်ကြည့်ကြ၏။

"အစ်ကို ဒင်နီဆော့ဗ်"နာတာရှာသည် ဝမ်းသာအားရအော်လျက် ဒင်နီဆော့ဗ်ဆီသို့ ခုန်ပေါက်ပြေးကာ လှမ်း၍ဖက်လိုက်ပြီး နမ်းရှုပ်နှုတ်ဆက်လျက်ရှိ၏။ နာတာရှာ၏ ရဲတင်းလှသော အပြုအမူကြောင့် အားလုံးမျက်နှာပျက်သွားကြသည်။ ဒင်နီဆော့ဗ်မှာလည်း မျက်နှာကြီးနီရဲသွားရာမှ ဣန္ဒြေဆည်ပြီး ပြုံးလိုက်၍ နာတာရှာ၏လက်ကို ကိုင်ကာ နမ်းရှုပ်လိုက်သည်။

ဒင်နီဆော့ဗ်အား ၎င်းအတွက် သီးသန့်ပြင်ဆင်ထားသော အခန်းသို့ ပို့လိုက်ပြီးနောက် မိသားစုတစ်တွေမှာ ဧည့်ခန်းထဲတွင် နီကိုလေအနီး၌ ဝိုင်း၍ ကျန်ရစ်ခဲ့ကြလေသည်။

မြို့စားကတော်ကြီးမှာ နီကိုလေ၏လက်ကိုမလွှတ်တမ်းကိုင်ထား၍ ဘေးတွင်ဝင်ထိုင်ရင်း တရှုပ်ရှုပ်နမ်းလျက်ရှိ၏။ ကျန်အိမ်သားများမှာ ဘေးတွင်ဝိုင်းထိုင်ကာ မိမိတို့၏ ပီတိရောင်လွှမ်းလျက်ရှိသော မျက်လုံးများကို နီကိုလေ ထံမှမခွာဘဲ လှုပ်ရှားဟန်၊ စကားပြောဟန်၊ ကြည့်ဟန် စသည့် နီကိုလေ၏ အမူအရာမှန်သမျှကို ကြည့်နေကြလေ၏။ ညီငယ်ပီတာနှင့် ညီမနာတာရှာတို့



www.burmeseclassic.com

 www.burmeseclassic.com 

ကား နီကိုလေ့အနီးတွင် နေရာလုလျက် ဆေးတံကို သူ ယူပေးမည်၊ လက်ဖက်ရည်ကို ငါယူပေးမည်၊ လက်ကိုင် ပဝါကို သူယူပေးရမည် စသဖြင့် အဝေမတည့်နိုင်ဘဲ ရန် ဖြစ်လျက်ရှိကြ၏။

နီကိုလေကား မိမိအား ချစ်မြတ်နိုးကြပုံကိုကြည့်၍ ကြည်နူးလျက်ရှိလေ၏။ ကာလရှည်ကြာစွာ ခွဲခွာပြီးနောက် ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရခြင်းမျိုးကား များစွာကြည်နူး ချမ်းမြေ့စရာ ကောင်းလှပေရာ နီကိုလေသည် မိမိရင်ထဲ၌ ခံစားနေရသော ပျော်ရွှင်ကြည်နူးမှုဖြင့်ပင် အားရတင်းတိမ် ခြင်းမရှိဘဲ ဖြစ်လျက်ရှိလေသည်။

နောက်တစ်နေ့နံနက်တွင်ကား ခရီးသည်များမှာ ခရီးပန်းလာခဲ့သည့်အလျောက် နံနက်ဆယ်ချက်တီးအချိန် ကျမှ အိပ်ရာက နိုးလေတော့သည်။

၎င်းတို့နှစ်ဦးနှင့် ကပ်လျက် အခန်းထဲတွင်ကား မြင်းစီးသူရဲကိုင် ဓားလွယ်များ၊ ကျောပိုးအိတ်များ၊ ဓားအိမ် များ၊ ဟင်းလင်းပွင့်လျက်ရှိသော ခရီးဆောင်အိတ်များ၊ ညစ်ပတ်ပေရေလျက်ရှိသော စစ်ဖိနပ်ရှည်ကြီးများဖြင့် ပြန့် ကျဲလျက်ရှိ၏။ ကျနစွာ တိုက်ချွတ်ထားသော သံဆူးတပ် ဖိနပ်နှစ်ရံမှာ နံရံအနီးတွင်ပင် အသင့်ရှိနေ၏။ အစေတော် များမှာ မုတ်ဆိတ်ရိတ်ရန်အတွက် ကရားများ၊ ခွက်ကြီးများ ဖြင့် ရေနွေးယူလာကြပြီး အချို့ကား ဝက်မှင်ဘီးဖြင့် သေချာ စွာ တိုက်ထားသော ဝတ်စုံများကိုယူလာကြ၏။ ခန်းဆောင် ထဲ၌ ဆေးတံနံ့နှင့် လူနံ့တစ်မျိုးသည် ထောင်းထောင်းထ လျက် ရှိလေသည်။

"ဟေ့ ဗာစကာ ငါ့ဆေးတံကော" ဒင်နီဆော့ဗ်၏ အသံကြကြီးပေါ်ထွက်လာ၏။ "ဗျို့ နီကိုလေ ထတော့လေ ဗျာ"

နီကိုလေသည် ကော်နှင့်ကပ်ထားသကဲ့သို့ ဖြစ်နေ သော မျက်လုံးနှစ်ဖက်ကိုပွတ်လျက် ဖရိုဖရဲ ဖြစ်နေသော ခေါင်းကို နွေးထွေးလှသော ခေါင်းအုံးပေါ်မှ ထူလိုက်သည်။

"တော်တော်နေမြင့်ပလား"

"နေမြင့်လှပြီ၊ ဆယ်ချက်တောင်တီးတော့မယ်" နာတာရှာ၏အသံဖြစ်၏။ မီးပူတိုက်ထားသည့် ဝတ်စုံများ ထိပွတ်သံနှင့် မိန်းမငယ်တစ်သိုက်၏ တီးတိုးပြောသံရယ်သံ တို့သည် တစ်ဖက်ခန်းမှ ထွက်ပေါ်လာ၏။ တံခါးသည် အနည်းငယ်ဟလျက်ရှိလေရာ အပြာရောင် ဖဲကြိုးစများ၊ နက်မှောင်သော ဆံပင်များနှင့် ရွှင်မြူးလျက်ရှိသော မျက်နှာ များကို တံခါးကြားမှမြင်ရ၏။ ၎င်းတို့ကား နီကိုလေတို့ အိပ်ရာမှ ထ,မထလာကြည့်သည့် နာတာရှာ၊ ဆွန်ယာနှင့် ပီတာတို့ပင်တည်း။

"ကိုကိုမထသေးဘူးလား" တံခါးဝမှ နာတာရှာ၏ အသံပေါ်လာပြန်သည်။

"ထပြီ ထပြီ"

ထိုအတောအတွင်း၌ ပီတာသည် အပြင်ခန်းတွင် တွေ့သည့် မြင်းစီးရဲမက်ကိုင် ဓားလွယ်များကို သဘောကျ ကာ ကောက်ကိုင်လျက် အစ်ကိုတော်စစ်သားကြီးကို မြင်ရ သည့်အခါ၌ ဖြစ်တတ်သော ညီငယ်တို့၏ အားကျခြင်းမျိုး ဖြင့် ၎င်းတို့နှစ်ဦးအိပ်သည့် အိပ်ခန်းတံခါးကိုဖွင့်၍ ဝင်လာခဲ့ လေသည်။ ယောက်ျားများ အဝတ်အစားလဲနေသည်ကို မိန်းကလေးများမြင်၍ မသင့်တော်ကြောင်းကိုပင် ပီတာ သတိမရတော့ပြီ။

"ဒါ ကိုကိုတို့ ဓားလွယ်တွေလားဟင်" ပီတာက အော်၍မေးလိုက်၏။

မိန်းကလေးများသည် တံခါးဘေးတွင် ကွယ်လိုက် ကြ၏။ ဒင်နီဆော့ဗ်သည် အမွေးအမှင်ထူလှသော မိမိ ခြေထောက်ကို စောင်ခြုံထဲသို့သွင်းလိုက်ပြီး နီကိုလေအား အကူအညီတောင်းသည့်သဘောဖြင့် အထိတ်တလန့်ကြည့် လိုက်သည်။ ပီတာဝင်သွားပြီးနောက် တံခါးသည် ပြန်ပိတ် သွားကာ တံခါးနောက်မှရယ်သံများ ပေါ်ထွက်လာသည်။

"ကိုကို လာပါ၊ ကိုကိုရဲ့ညဝတ်အင်္ကျီနဲ့ပဲ ထွက်ခဲ့ ပေါ့" နာတာရှာ၏အသံ ပေါ်လာပြန်သည်။

"ဒါ ကိုကို့ဓားလွယ်လား" ပီတာက မေးပြန်သည်။ "ဒါမှမဟုတ် ဒီကိုကိုရဲ့ဓားလွယ်လား" ပီတာက နက်မှောင် သော မုတ်ဆိတ်မွေးနှင့် ဒင်နီဆော့ဗ်ကို ရိုသေစွာ မေးလိုက် သည်။

နီကိုလေသည် ဖိနပ်တစ်ရန်ကို ခပ်သုတ်သုတ် ကောက်စွပ်၍ ညဝတ်အင်္ကျီကိုဆွဲဆန့်ကာ အပြင်သို့ထွက် လာခဲ့သည်။ နာတာရှာသည် သံဆူးတပ်ဖိနပ်ရှည်ကြီးကို ဝတ်ထားပြီး ကျန်တစ်ဖက်ကို စွပ်လျက်ရှိ၏။ ဆွန်ယာ ကား နီကိုလေဝင်လာသောအခါတွင် ကိုယ်ကို ချာချာပတ် ချာလှည့်လာလျက် ဝတ်စုံကို မီးပုံးပျံကဲ့သို့ ဖောင်းနေစေပြီး နောက် ထိုင်ချလိုက်သည်။ ဆွန်ယာနှင့် နာတာရှာသည်



www.burmeseclassic.com

www.burmeseclassic.com


အပြာနုရောင်ဝတ်စုံကို ဝတ်ထားလျက်ရှိကြပြီး နုပျိုလန်းဆန်းကာ နှင်းဆီသွေးကြွလျက် တောက်ပဝင်းထိန်နေကြသည်။ ဆွန်ယာကား နီကိုလေကိုမြင်သည်နှင့် ရှက်ရက်ဖြင့် ထွက်ပြေးသွားသော်လည်း နာတာရှာမှာ နီကိုလေ၏ လက်တစ်ဖက်ကိုဆွဲ၍ ညေ့်ခန်းဆောင်ထဲ ခေါ်လာပြီး စကားပြောနေသည်။ နီကိုလေတို့မောင်နှမတစ်သိုက်သည် ၎င်းတို့တစ်သိုက်မှအပ အခြားမည်သူမျှ စိတ်ဝင်စားမည် မဟုတ်သော အသေးအဖွဲကိစ္စကလေးပေါင်း သောင်းခြောက်ထောင်ကို တစ်ယောက်တစ်ယောက် မေးချိန်ဖြေချိန်ပင်မပေးဘဲ သူ့ထက်ငါ အလုအယက်ပြောဆိုလျက်ရှိကြ၏။ နာတာရှာကား နီကိုလေတစ်ခွန်းပြောတိုင်း ရယ်၍ သူတစ်ခွန်းပြောတိုင်းလည်း ရယ်၏။ သို့ရယ်ခြင်းကား ရယ်စရာစကားများကို ပြောကြသောကြောင့် မဟုတ်ဘဲ နာတာရှာ့စိတ်ထဲတွင် အထူးပျော်ရွှင်လျက်ရှိ၍ ထိုပျော်ရွှင်ခြင်းကို မချုပ်တည်းနိုင်တော့သောကြောင့် ရယ်ခြင်းဖြစ်လေသည်။

စစ်မြေသို့ ချီလာသည့်အချိန်မှစ၍ မိမိတို့မျက်နှာပေါ်တွင် တစ်ခါမျှ မပေါ်ဖူးခဲ့သေးသော ကလေးငယ်၏ အပြုံးမျိုးကြောင့်လည်းကောင်း၊ မေတ္တာစိတ်၏ ပူနွေးသောရောင်ခြည်များကြောင့် လည်းကောင်း၊ တစ်ဆယ့်ရှစ်လအတွင်း မိမိစိတ်၊ မိမိမျက်နှာတို့သည် ပထမဆုံးအကြိမ် ရွှင်လန်းလာသည်ဟု နီကိုလေ ထင်လိုက်ရသည်။

"ကိုကို ဒီမှာနားထောင်စမ်း" နာတာရှာက ပြောလိုက်၏။ ကိုကိုဟာ တကယ့် လူပျိုကြီးဖားဖား ဖြစ်လာပြီနော်၊ ကိုကိုရဲ့ညီမဖြစ်ရတာ နာတာရှာ သိပ်ဝမ်းသာတာပဲ" နာတာရှာသည် နီကိုလေ၏ မုတ်ဆိတ်မွေးများကို လက်ဖြင့်စမ်းကြည့်၏။ "ကိုကိုတို့ယောကျ်ားတွေဟာ ဘာနဲ့တူသလဲဆိုတာ နာတာရှာ သိချင်လိုက်တာ၊ ယောကျ်ားနဲ့မိန်းမ အတူတူပဲလားဟင်၊ ဟုတ်လား ကိုကို"

"ဆွယ်ယာက ဘာလို့ထွက်ပြေးတာလဲ ဟင်"နီကိုလေက မေး၏။

"ဩော် ဒါလား၊ ဘာလို့ထွက်ပြေးတယ်ဆိုတဲ့ အကြောင်းက အရှည်ကြီးပဲ ကိုကိုရဲ့၊ ကိုကို ဆွန်ယာ့ကို ဘယ်လိုစကားပြောသလဲဟင်၊ နင်နဲ့ ငါနဲ့ ပြောသလား၊ အစ်ကိုနဲ့ ညီမနဲ့ ပြောသလား"

"အလှည့်သင့်သလို ပြောတာပေါ့"နီကိုလေက ဖြေ၏။

"ဟင့်အင်း အစ်ကိုနဲ့ညီမပြောပါလား၊ ဒီအကြောင်းကို နောက်ကျတော့ နာတာရှာ ပြောပြမယ်၊ အို ရှုပ်ပါတယ်လေ ခုပဲပြောပါ့မယ်၊ ဆွန်ယာဟာ နာတာရှာရဲ့ သူငယ်ချင်းမဟုတ်လား ကိုကိုရဲ၊ ကိုယ့်သူငယ်ချင်းကို ချစ်လွန်းလို့ နာတာရှာလေ ကိုယ့်လက်မောင်းကိုယ် မီးရှို့ပြတယ် သိလား ကိုကိုကြည့်"

နာတာရှာသည် ပိတ်ပါးအင်္ကျီကို လိပ်တင်လိုက်၍ သွယ်ပျောင်းနူးညံ့သော လက်မောင်းတံတောင်ဆစ်အထက်နားမှ နီရဲလျက်ရှိသည့် အနာရွတ်ကို ပြလိုက်၏။

"ဆွန်ယာကို ဘယ်လောက်ချစ်သလဲဆိုတာ သက်သေပြတဲ့အနေနဲ့ နာတာရှာရဲ့ လက်မောင်းကို သံပူကပ်ပြလိုက်တာ၊ ပေတံကိုမီးဖုတ်ပြီး ဒီနေရာမှာ တစ်ခါတည်း ကပ်ချလိုက်တာပဲ"

နီကိုလေသည် မိမိငယ်ငယ် စာသင်စဉ်က ကျောင်းခန်းထဲ၌ထိုင်သည့်ဟန်အတိုင်း လက်တင်ပေါ်တွင် မှီအုံးကလေးဖြင့် ခုထားသည့်ထိုင်ဖုံပေါ်တွင်ထိုင်ရင်း နာတာရှာ၏ တဖိတ်ဖိတ်တောက်နေသော မျက်လုံးများကို စိုက်ကြည့်လျက်ရှိလေရာ အခြားသူများအတွက် ထူးခြားခြင်းမရှိလှသော်လည်း မိမိအဖို့မူ တစ်သက်တာတွင် အပျော်ဆုံးအချိန်ဖြစ်သော ငယ်စဉ်တောင်ကျေးကလေးဘဝကို ပြန်၍ရောက်သွားသကဲ့သို့ ရှိပေသည်။ မိမိ၏ချစ်ခြင်းမေတ္တာကို သက်သေထူရန်အတွက် လက်မောင်းကို သံပူကပ်၍ပြသော နာတာရှာ၏အပြုအမူသည်လည်း အဓိပ္ပာယ်ကင်းမဲ့သည်ဟု မထင်မိဘဲ လုပ်ထိုက်သော အပြုအမူတစ်ရပ်ဖြစ်သည်ဟု နားလည် သဘောပေါက်သွားမိလေသည်။

"ပြီးတော့ကော"နီကိုလေက မေးလိုက်၏။

"အို နာတာရှာနဲ့ဆွန်ယာဟာ တစ်ယောက်ကိုတစ်ယောက် တကယ့်ကို ချစ်တာကိုကိုရဲ့၊ ဒါပေမဲ့ ဒီပေတံကို မီးဖုတ်ပြီး သံပူကပ်ပြတာက အသေးအဖွဲကလေးပါ၊ နာတာရှာတို့နှစ်ယောက်ဟာ ရှင်လဲမခွဲဘူး၊ သေလဲမခွဲဘူး၊ ဆွန်ယာဟာ လူတစ်ယောက်ကို မချစ်မိရင်နေရော၊ ချစ်မိရင် စွဲစွဲမြဲမြဲ ချစ်တော့တာပဲ၊ နာတာရှာကတော့ သူ့လောက် မဟုတ်ပါဘူး၊ ခပ်လွယ်လွယ်ပဲ မေ့ပစ်လိုက်တာပဲ"

"အင်း ပြီးတော့"

"ဆွန်ယာကတော့ နာတာရှာကို သိပ်ချစ်တာပဲ၊


www.burmeseclassic.com

ဒါကို ကိုကိုကလဲ သဘောကျတယ် မဟုတ်လား"

နာတာရှာ၏မျက်နှာမှာ ရုတ်တရက် ရှက်သွေးဖြန်းသွားသည်။

"ဘာလဲ ကိုကိုမသွားခင်တုန်းက အဖြစ်အပျက်တွေကို အမှတ်မရတော့ဘူးလား၊ ဆွန်ယာကပြောတယ် ကိုကိုကတော့ သူ့ကို မေ့မေ့ပျောက်ပျောက်နေမှာပါတဲ့၊ သူ့အနေနဲ့ ကတော့ ကိုကို မိန်းမမယူသေးဘဲ လူပျိုဘဝနဲ့ ရှိနေသေးသမျှ ကိုကို့ကို ချစ်နေမှာပဲတဲ့၊ ဆွန်ယာခမျာ သနားပါတယ်နော် ကိုကို၊ ဘယ်လောက် စိတ်သဘောထားမြင့်မြတ်သလဲဟင်၊ မဟုတ်ဘူးလား ကိုကိုနော်" နာတာရှာသည် စိတ်အားထက်သန်စွာဖြင့် မေးလျက်ရှိ၏။ ထိုစကားများကို နီကိုလေ စစ်မြေပြင်သို့ မထွက်မီကလည်း နာတာရှာသည် မျက်ရည်လည်ရွဲနှင့် ပြောခဲ့ဖူးလေသည်။

နီကိုလေကား တွေးလျက်ရှိလေသည်။

"ကိုကို့စကားကို ကိုကိုမဖျက်ပါဘူး နာတာရှာရဲ့၊ ပြီးတော့ ဆွန်ယာဟာ ချောလဲချောတယ်၊ လှလဲ လှတယ်၊ ဒီလောက်ချောပြီး ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ကို စွန့်ပစ်တဲ့လူဟာ လူမိုက်ပဲဖြစ်မှာပေါ့"

"ဟင့်အင်း ကိုကိုဒီလိုလွယ်လွယ်မပြောနဲ့၊ ကိုကိုဟာ ဒီလိုလွယ်လွယ်ပြောမှာပဲလို့ ဆွန်ယာနဲ့ နာတာရှာက တွက်ပြီးသားပဲ၊ ဒီလိုလွယ်လွယ်ပြောရုံနဲ့ မပြီးဘူးကိုကို၊ ကိုကို့စကားကို မဖျက်ချင်တဲ့အတွက်ကြောင့် ဆွန်ယာ့ကို စွန့်ပစ်ခြင်းမပြုပါဘူးဆိုရင် ဆွန်ယာ့အဖို့ ဘာတန်ဖိုးရှိတော့မှာလဲ၊ ကိုကို ဆွန်ယာ့ကို လက်ထပ်မယ်ဆိုတာဟာလဲ ကတိမဖျက်ချင်လို့ လက်ထပ်ရတာနဲ့ ဘာထူးသေးသလဲ၊ ချစ်တယ်ဆိုတာ ဘယ်မှာရှိတော့မှာလဲ၊ ဒီလိုတော့ မလုပ်ပါနဲ့ ကိုကို"

ဆွန်ယာနှင့် နာတာရှာသည် ဤကိစ္စကို စည်းဝါးရိုက်ထားကြဟန်တူသည်ဟု နီကိုလေ တွေးလိုက်မိသည်။ ယမန်နေ့ကမြင်လိုက်ရသော ဆွန်ယာ၏အလှကား ရင်သပ်ရှုမောဖြစ်လောက်သည့်အလှဖြစ်၏။ ယနေ့ တစေ့တစောင်းမျှ မြင်လိုက်ရသည့်အခါတွင်လည်း ဆွန်ယာမှာ ပို၍ပင် ချစ်စရာကောင်းနေပေသည်။ ဆွန်ယာကား နုပျိုရွှန်းသစ်ဆဲ တစ်ဆယ့်ခြောက်နှစ်အရွယ်မျှသာရှိသေးလျက် မိမိကို အရူးအမူးချစ်လျက် ရှိသူဖြစ်၏။ (ဤအချက်ကိုကား နီကိုလေ သံသယမဖြစ်ချေ။) သို့ဖြစ်လျှင် မိမိက ပြန်၍ ချစ်ကာ လက်မထပ်သင့်ပါသလောဟု နီကိုလေ စဉ်းစားမိသည်။ သို့ရာတွင် ယခုအချိန်၌ မိမိ၏ရှေ့တွင် 'အခြားစိတ်ဝင်စားစရာများ၊ ပျော်စရာများကို တွေ့လျက်ရှိပေပြီ။ 'အင်း သူတို့ဘက်ကနေပြီးကြည့်တော့လဲ အင်မတန်ဉာဏ်အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်ပဲလေ၊ ငါ့အနေနဲ့ကတော့ လွတ်လွတ်လပ်လပ်နေတာပဲ ကောင်းပါတယ်' ဟု နီကိုလေ တွေးမိလေသည်။

"ညီမပြောတာလဲ မဆိုးပါဘူး၊ ကဲ ဒါတွေ နောက်မှ ပြောကြတာပေါ့၊ ကိုကိုလဲ ညီမနဲ့တွေ့ရလို့ ဝမ်းသာလိုက်တာ"

"ကဲ ညီမကော ဘိုးရစ်စ်အပေါ်မှာ သစ္စာရှိတုန်းပဲလား"

"အို ကိုကိုကတော့လုပ်ပြီ" နာတာရှာက ရယ်နေသည်။ "နာတာရှာတော့ သူ့လဲ အမှတ်မရဘူး၊ ဘယ်သူ့ကိုမှလဲ အမှတ်မရဘူး၊ ဒါမျိုးတွေ နာတာရှာ စိတ်မဝင်စားတော့ဘူး"

"အလို ညီမက ဘာတွေများ စိတ်ဝင်စားနေပြီလဲ"

"ခုလား" နာတာရှာက မေးလိုက်၏။ ၎င်း၏မျက်နှာမှာ အပြုံးကြောင့် ဝင်းထိန်လျက်ရှိ၏။ "ဂျူးပို့ကို ကိုကိုမြင်ဖူးသလား"

"ဟင့်အင်း"

"အို ဒီလောက်နာမည်ကြီးတဲ့ ကချေသည်ဂျူးပို့ကိုတောင် မမြင်ဖူးဘူးလားကိုကိုရဲ့၊ မမြင်ဖူးရင်တော့ ကိုကို့ကို ပြောလို့ နားလည်မှာမဟုတ်တော့ဘူး၊ ခု နာတာရှာ အဲဒီဘက်မှာ စိတ်ဝင်စားနေတယ်"

နာတာရှာသည် လက်မောင်းကို ကွေးညွှတ်လိုက်လျက် ကချေသည်များကဲ့သို့ ဝတ်စုံကို ဖြန့်လိုက်ပြီးနောက် နောက်သို့ အနည်းငယ်ဆုတ်သွားကာ သေးကွေးနုငယ်သော ခြေနှစ်ဖက်ကိုပူးကပ်၍ ခြေဖျားထောက် ကနေဟန်ပြနေလေသည်။

"နာတာရှာရပ်နေပုံကို မြင်တယ် မဟုတ်လားကိုကို၊ ကြည့်စမ်းပါကိုကိုရဲ့"ဟုပြောရင်းက ခြေဖျားပေါ်တွင် ကြာကြာမရပ်နိုင်တော့ဘဲ ယိုင်သွားသည်။ "အဲဒါ ခု နာတာရှာ စိတ်ဝင်စားနေတာပဲ၊ နာတာရှာ ယောက်ျား မယူတော့ဘူး၊ ကချေသည်လုပ်မယ်၊ ဘယ်သူ့မှတော့

www.burmeseclassic.com


လျှော့က်မပြောနဲ့နော် ကိုကို"

နီကိုလေသည် သဘောကျကာ အားရပါးရရယ် လျက်ရှိလေရာ အိပ်ခန်းထဲတွင် ကျန်ရစ်ခဲ့သည့် ဒင်နီဆော့ဗ် ပင်ရယ်ချင်လာ၏။ နာတာရှာကလည်း ရောၡ ရယ်လိုက်သည်။

"ဘယ့်နှယ်လဲ ကိုကို၊ နာတာရှာကတာ မလှဘူးလား"နာတာရှာသည် တတွတ်တွတ်မေးလျက်ရှိသည်။

"လှပါ့ဗျာ လှပါ့၊ ဒါဖြင့် ဘိုးရစ်စ်ကို မယူတော့ဘူးပေါ့"

နာတာရှာမှာ ဒေါပွသွားသည်။

"နာတာရှာ ဘယ်သူ့ကိုမှမယူဘူး၊ သူနဲ့တွေ့ရင်လဲ ပြောင်ပြောင်ပဲ ပြောပြလိုက်မှာပဲ"

"အလို"

"တကယ်ပြောတာ၊ အမှန်ကတော့ ဒါတွေက အလကားပါပဲ ကိုကိုရာ"နာတာရှာက ပြောလိုက်သည်။ "နေပါဦး ဒင်နီဆော့ဗ်က သဘောကောင်းရဲ့လား ကိုကို"

"ကောင်းပါတယ်"

"ကဲ ဒါဖြင့် သွား ကိုကို အဝတ်အစားလဲချည်၊ ဒင်နီဆော့ဗ်က ကြောက်စရာကောင်းသလား ကိုကို"

"ဘာဖြစ်လို့ ကြောက်စရာကောင်းရမှာလဲ"နီကိုလေက ပြောလိုက်သည်။ "ကြောက်စရာ မကောင်းပါဘူး၊ ဗာစကာက သဘောကောင်းပါတယ်"

"ဟင် ကိုကိုက သူ့ကို ဗာစကာလို့ခေါ်တယ်၊ နာမည်ကလဲ ရယ်စရာကြီး၊ သူက သဘောကောင်းရဲ့လားဟင်"

"သိပ်ကောင်းတယ်"

"ကဲ လုပ်ပါ ကိုကိုရယ်၊ အဝတ်အစားလဲချည်ပါ၊ မနက်စာ စားကြရအောင်"

နာတာရှာသည် ထိုင်ရာမှထ၍ ဘဲလေးကချေသည်ကဲ့သို့ ခြေဖျားထောက်ကကာ ပြုံးရယ်လျက် ထွက်သွားလေသည်။ ထိုအပြုံးမျိုးကို ရွှင်မြူးလျက်ရှိသော အသက်တစ်ဆယ့်ငါးနှစ်အရွယ် သူငယ်မကလေးများ၏ မျက်နှာမှအပ အခြားမည်သည့်နေရာတွင်မျှ တွေ့နိုင်သည်မဟုတ်ချေ။ နီကိုလေသည် ဆွန်ယာနှင့် ဧည့်ခန်းဆောင်၌ မျက်နှာချင်းဆိုင်မိသည့်အခါတွင် မျက်နှာတစ်ခုလုံး ရဲသွားလေ၏။ မနေ့က ပထမဆုံးတွေ့လိုက်ရသည့်အချိန်တွင် ၎င်းတို့နှစ်ယောက်သည် နမ်းရှုပ်နှုတ်ဆက်ခဲ့ကြသော်လည်း ယနေ့ကား ကြောင်အမ်းအမ်းဖြစ်လျက် ရှိကြ၏။ မိခင် မြို့စားကတော်ကြီးနှင့် ၎င်း၏ညီမများ အပါအဝင် အိမ်သားတိုင်းသည် မိမိကို စူးစိုက်ကြည့်လျက်ရှိကြကာ မိမိနှင့် ဆွန်ယာတို့ကို အကဲခတ်လျက် ရှိနေသည်ဟု နီကိုလေ ထင်မှတ်မိသည်။ နီကိုလေသည် ဆွန်ယာ၏လက်ကို နမ်းရှုပ်နှုတ်ဆက်လိုက်ပြီး 'မင်းနှင့်ငါ'ဟူ၍မသုံးစွဲဘဲ 'အစ်ကိုနဲ့ညီမ'ဟု ခေါ်ဝေါ်ကာ သုံးစွဲလိုက်သည်။ သို့ရာတွင် ၎င်းတို့နှစ်ယောက်၏ မျက်လုံးများကား ဆိုင်မိလျက်ဖြစ်ကာ 'မင်း၊ ငါ'ဟူသော အသုံးမျိုးကို သုံးစွဲလျက်ရှိကြသည်ဟု ထင်ရ၏။ ဆွန်ယာ၏ အမူအရာမှာ နာတာရှာမှတစ်ဆင့် နီကိုလေအား သူ့အပေါ် သစ္စာမပျက်ဖို့အကြောင်း ပြောမိသဖြင့် တောင်းပန်နေသကဲ့သို့ရှိ၏။ မိမိအပေါ်တွင် ချစ်ခင်လျက် ရှိသေးသည်ကိုတွေ့ရ၍ ကျေးဇူးတင်ဟန်လည်း ရှိပေသည်။ နီကိုလေ၏ဟန်မှာလည်း ဆွန်ယာက မိမိအား လွတ်လွတ်လပ်လပ် နေခွင့်ပေးသဖြင့် ကျေးဇူးတင်လျက်ရှိသည်ဟူ၍လည်းကောင်း၊ ဆွန်ယာအား တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ချစ်လျက်သာ ရှိနေမည်ဖြစ်သည်ဟူ၍လည်းကောင်း ပြောပြနေသကဲ့သို့ ရှိပေ၏။

ဗီရာကား အားလုံးစကားပြတ်သွားသည့် အချိန်ကို စောင့်ကာ စကားပြတ်သွားကြသည်နှင့် "အလိုလေးလေး၊ ဆွန်ယာနဲ့ နီကိုလေက တစ်ယောက်ကို တစ်ယောက် အစ်ကိုတွေ ညီမတွေနဲ့ ဖြစ်နေလိုက်ကြတာ"ဟု ပြောလိုက်၏။

ဗီရာကား စကားပြောလျှင် အချက်ကျကျပြောတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ယခုအချိန်တွင်လည်း ၎င်း၏ စကားမှာ နီကိုလေနှင့် ဆွန်ယာတို့၏ ချက်ကောင်းကိုထိသွား၏။ ဗီရာ၏စကားများသည် တစ်ဖက်သားကို အောင့်သက်သက် ဖြစ်စေတတ်ရာ ယခုအကြိမ်၌လည်း ၎င်း၏ စကားကြောင့် ဆွန်ယာ၊ နီကိုလေနှင့် နာတာရှာတို့သည် ခပ်ဖိန်းဖိန်း ဖြစ်သွားကြ၏။ ၎င်းတို့သာမက နီကိုလေကို 'ထိတ်ထိတ်ကြဲ'ထဲက အမျိုးသမီးတစ်ဦးနှင့် ပေးစားမည်ဟု ရည်မှန်းကာ နီကိုလေနှင့် ဆွန်ယာတို့ လူငယ်ချင်း မေတ္တာသက်ဝင်သွားမည်ကို အကြောက်ကြီးကြောက်လျက်ရှိသည့် မြို့စားကတော်ကြီးမှာလည်း အပျိုကလေးတစ်ယောက်ကဲ့သို့ မျက်နှာတွေ


www.burmeseclassic.com

 www.burmeseclassic.com 

နီမြန်းသွားလေသည်။

ဒင်နီဆော့ဗ်ကား ဆံပင်ကို စံပယ်ဆီမွှေးလိမ်း၍ အမွှေးနံ့သာရည်တို့ ပက်ဖျန်းလျက် စစ်ထွက်တော့မည်ကဲ့သို့ စစ်ဝတ်စုံအသစ်ဖြင့် သပ်ရပ်စွာဝတ်စား၍ ရောက်ရှိလာပြီး မိန်းကလေးတွေနှင့်ရော ယောကျာ်းများနှင့်ပါ အလွမ်းသင့်လျက်ရှိလေရာ ဒင်နီဆော့ဗ်၏ အကျွမ်းတဝင်ရှိပုံကို နီကိုလေပင် အံ့သြသွားမိပေသေးသည်။

## အခန်း ၂

မော်စကိုမြို့သည် တပ်မှ ခွင့်ယူပြန်လာသော နီကိုလေကို သဘောထားအမျိုးမျိုးဖြင့် ဆီးကြိုခြင်းပြုလေသည်။ အိမ်သူအိမ်သားများက ၎င်းအား ဂုဏ်ယူအပ်သော သားတစ်ယောက်၊ သူရဲကောင်းတစ်ယောက်၊ အချစ်ဆုံးအစ်ကိုတစ်ယောက်အဖြစ် ဆီးကြိုခြင်းပြုကြ၏။ ဆွေမျိုးသားချင်းများက ၎င်းအား ရည်မွန်၍ ယဉ်ကျေးသိမ်မွေ့သောလူငယ်တစ်ဦးအဖြစ် ဆီးကြိုခြင်းပြုကြ၏။ မိတ်ဆွေရောင်းရင်းများက ၎င်းအား ခံ့ညားသော မြင်းတပ်ဗိုလ်လေးတစ်ဦး၊ အကကောင်းသူတစ်ဦး၊ မော်စကိုမြို့သူလုပျိုဖြူများ 'သွားရည်ကျ'လောက်သူတစ်ဦးအဖြစ် ဆီးကြိုခြင်း ပြုကြလေသည်။

မြို့စားကြီးရော့စတော့ဗ်၏ မိသားစုသည် မော်စကိုမြို့တွင် အပေါင်းအသင်းဆုံ့သူများ ဖြစ်ကြ၏။ ထိုနှစ်၌ မြို့စားကြီး ရော့စတော့ဗ်မှာ ၎င်း၏ပိုင်စားနယ်မြေများကို ထပ်ကြေးတိုး၍ ပေါင်နှံထားသည့်အတွက် စီးပွားရေး ချောင်လည်လျက်ရှိလေရာ နီကိုလေသည် မိမိအတွက် မျိုးသန့်ပြိုင်မြင်းတစ်ကောင်ကို ဝယ်ယူကာ ထိုစဉ်က မော်စကိုမြို့တွင် မည်သူမျှ ဝတ်ဆင်ခြင်းမပြုသေးသည့် ပုံပန်းကျလှသော နောက်ဆုံးပေါ်ပုံစံ မြင်းစီးဒူးကျပ်ဘောင်းဘီ၊ ငွေဆူးပေါက်တပ်ထားသော နောက်ဆုံးပေါ် မြင်းစီးဖိနပ်ဦးချွန်တို့ ဝတ်ဆင်လျက် ပျော်ရွှင်စွာဖြင့် အချိန်ကို ကုန်လွန်စေခဲ့လေသည်။ နီကိုလေသည် တပ်မှပြန်ရောက်လာစဉ် နေသားမကျသေးသော်လည်း အတန်ကြာသော် မိမိ၏ ပတ်ဝန်းကျင်ဟောင်းတွင် နေသားကျလာခဲ့လေပြီ။ ဤအတွင်း၌ မိမိသည် ကြီးပြင်းလူလားမြောက်ကာ ရင့်ကျက်လာခဲ့ပြီဟုလည်း နီကိုလေ ယူဆ၏။ မိမိငယ်စဉ်က မင်္ဂလာစာမေးပွဲကျခဲ့ပုံ၊ စွတ်ဖားကြွေးဆပ်ရန်အတွက် သူငယ်ချင်း ဂါဗရီထံမှ ပိုက်ဆံချေးခဲ့ရပုံ၊ ဆွန်ယာနှင့် ချစ်ကြိုက်ခဲ့ပုံ စသည့်အခြင်းအရာများသည် ၎င်း၏စိတ်ထဲ၌ ကလေးဘဝက အခြင်းအရာများအဖြစ် ရေးရေးမှုန်မှုန်သာ ကျန်တော့သည်။ ယခုသော် မိမိသည် ငွေချည်ပေါက်အင်္ကျီကိုဝတ်၍ တိုက်ပွဲတွင် သူရသတ္တိပြောင်မြောက်သူများသာ ရမြဲဖြစ်သော စိန့်ဂျော့ဆုတံဆိပ်တော်ကြီးကို ဆွဲချိတ်ထားသည့် မြင်းတပ်ဗိုလ်ကြီးတစ်ဦး ဖြစ်နေပြီ မဟုတ်လော။ မော်စကိုမြို့ရှိ ပြိုင်မြင်း ဝါသနာအိုးလူကြီးလူကောင်းများနှင့် ဝင်ဆံ့ကာ မိမိ၏ ပြိုင်မြင်းကိုပင် ပြိုင်ပွဲအတွက် လေ့ကျင့်ပေးလျက်ရှိသည့် မြင်းဝါသနာအိုးကြီးတစ်ယောက် ဖြစ်နေပြီမဟုတ်လော။ လမ်းတစ်လမ်းပေါ်ရှိ အမျိုးသမီးကြီးတစ်ဦး၏ အိမ်သို့လည်း ညနေတိုင်း အလည်သွားတတ်နေပြီမဟုတ်လော။ မာဇူကာခေါ် ပိုလန်အကတစ်မျိုးကိုလည်း အများတကာ လက်ဖျားခါရလောက်အောင် ကတတ်နေပြီမဟုတ်လော။ စစ်သူကြီးကာမင်စကီ စသည့်ပုဂ္ဂိုလ်ကြီးများနှင့်လည်း စစ်ရေးစစ်ရာကိစ္စများကို ဆွေးနွေးပြောဆိုနိုင်ပြီမဟုတ်ပါလော။ လူကုံထံလူကြီးများသာ သွားလေ့ရှိသည့် 'အင်္ဂလိပ်ကလပ်' သို့လည်း နေ့တိုင်းသွားတတ်နေပြီ မဟုတ်လော။ ဒင်နီဆော့ဗ် မိတ်ဆက်ပေးသဖြင့် အသက်လေးဆယ်အရွယ် ဗိုလ်မှူးကြီးတစ်ဦးနှင့်လည်း အသိအကျွမ်းဖြစ်လျက်ရှိပြီမဟုတ်လော။

မော်စကိုသို့ ပြန်ရောက်သည့်အခါ၌ ယခင်ကကဲ့သို့ ဘုရင်မင်းမြတ်အပေါ်တွင် အလွန်အကျူးညွတ်နူးခြင်းမျိုးလည်းမရှိတော့ပြီ။ သို့ရာတွင် ဘုရင်မင်းမြတ်ထံ ယခုတိုင် အခစားဝင်ရောက်ခြင်း မပြုဘူးသေး။ ယခုတိုင် ဝင်ရောက်ခစားခွင့်မကြုံဖူးသေးသည့်အလျောက် မိမိသည် ဘုရင်မင်းမြတ်အား မည်မျှ ကြည်ညို မြတ်နိုးကြောင်းနှင့်တကွ ဘုရင်မင်းမြတ်၏ အကြောင်းကိုကား မကြာခဏပြောဆိုခြင်း ပြုလျက်ပင်ရှိသေးသည်။ ဤသို့ပြောဆိုရာ၌လည်း မိမိ၏ မြတ်နိုးမှုကို အကုန်အစင် ဖွင့်ဟပြောဆိုခြင်း မဟုတ်သေးကြောင်း၊ မိမိ၏စိတ်ထဲ၌ ထိုထက်မက ဘုရင်မင်းမြတ်အား ကြည်ညိုမြတ်နိုးကြောင်း၊ မော်စကိုတစ်မြို့လုံးက ဘုရင်မင်းမြတ်အား 'တမန်တော်ဝင်စားသည်' ဆိုကာ ချစ်ခင်မြတ်နိုးကြသည့်အလျောက် မိမိ၏



www.burmeseclassic.com

မြတ်နိုးခြင်းမှာ မော်စကို မြို့သူမြို့သားတို့ထက်မသာ သော်လည်း လျော့နည်းခြင်းမရှိကြောင်း စသည့်သဘော မျိုးပေါ်အောင် အမူအရာအားဖြင့်လည်း ပြလေ့ရှိ၏။

နီကိုလေသည်ခွင့်ရက်စေ့၍တပ်သို့မပြန်မီ မော်စကို တွင် နေထိုင်လျက်ရှိသည့် အတောအတွင်း၌ ဆွန်ယာနှင့် နီးနီးကပ်ကပ်မနေဘဲ ခပ်ဝေးဝေး ခပ်ကင်းကင်း နေလေ့ ရှိ၏။ ဆွန်ယာသည် လွန်စွာလှပချောမောသည် မှန်၏။ ချိုသာသောအသွင်ကို ဆောင်သည်မှန်၏။ မိမိအား အသည်းနှင့်မျှ ချစ်သည်လည်း မှန်၏။ သို့ရာတွင် နီကို လေအဖို့ကား ထိုသို့မဟုတ်ချေ။ လူငယ်လူရွယ်တိုင်း၏ ဘဝ၌ မိမိတို့မှာ ဤလိုကိစ္စများကို ဦးနှောက်ထဲထည့်ဖို့ အချိန်လည်းမရှိ။ ထိုကိစ္စမျိုး၌ မိမိကိုယ်ကိုမိမိလည်း အနစ်မျှောမခံနိုင်။ မိမိသည် အချည်အနှောင်မရှိဘဲ ထိုထက် အရေးကြီးသော အခြားကိစ္စများကို လုပ်ဆောင်ရဦးမည်ဟု လွန်စွာ ဘဝင်မြင့်တတ်သော အချိန်တစ်ချိန်ရှိတတ်လေရာ နီကိုလေသည်လည်း ယခုအခါ ထိုအချိန်အရွယ်သို့ ရောက်လျက်ရှိသည့်အလျောက် ဆွန်ယာ၏အကြောင်းကို တွေးလိုက်မိတိုင်း 'လောကကြီးမှာ ဒီလိုမိန်းကလေးမျိုးတွေ မရှားပါဘူး၊ ငါမသိသေးလို့သာ မတွေ့သေးတာပါ၊ ပြီး တော့ အချစ်အကြောင်း စဉ်းစားဖို့လဲ အချိန်တွေအများကြီး ရှိသေးတာပဲ၊ စဉ်းစားချင်ရင် အချိန်မရွေး စဉ်းစားလို့ ရတာပဲ၊ ခုတော့ ငါ့မှာ အချစ်အကြောင်း စဉ်းစားဖို့ အချိန်မရသေးဘူး' ဟူသော အတွေးသည် ခေါင်းထဲတွင် ပေါ်ပေါက်လာတတ်သည်။ ထို့မှုမက မိန်းမအသိုက် အဝန်းနှင့် ပေါင်းသင်းဆက်ဆံခြင်းသည် မိမိ၏ယောကျ်ား ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေသည်ဟု အထင်ရောက် လျက်ရှိ၏။ နီကိုလေသည် ကပွဲများ၊ မိန်းမအသိုက် အဝန်းများသို့ သွားသည့်အခါ၌ မလွဲသာ၍ စိတ်မပါတပါ လာရသည့် အသွင်မျိုးကို ဆောင်ထားတတ်လေသည်။ မြင်းပွဲသို့သွားခြင်း၊ ကလပ်တက်ခြင်း၊ ဒင်နီဆော့ဖ်နှင့် အတူ မူးယစ်သောက်စားခြင်း၊ မကောင်းသော အိမ်သို့ သွားခြင်း စသည်တို့မှာ တစ်ကိစ္စ ဖြစ်၏။ ထိုအရာများ ရှိမှ လူငယ်လူရွယ်ခပ်ရမ်းရမ်း မြင်းတပ်ဗိုလ်ကလေး တစ်ယောက်၏ဘဝသည် ပြည့်စုံမည် မဟုတ်ပါလော။

မတ်လဆန်းတွင် အင်္ဂလိပ်ကလပ်၌ မင်းသားကြီး ဗိုလ်ချုပ်ဘာဂရေးရှင်းအတွက် ဂုဏ်ပြုညစာစားပွဲတစ်ခု ကျင်းပမည်ဖြစ်သည့်အတွက် မြို့စားကြီးရော့စတော့ဗ်မှာ အလုပ်များလျက် ရှိလေသည်။

မြို့စားကြီး ရော့စတော့ဗ်သည် ညဝတ်အင်္ကျီကို ဝတ်လျက် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက် ရင်း ကလပ်၏ ဘဏ္ဍာစိုးနှင့် နာမည်ကျော် စားတော်ကဲ ဖြိုးတစ်တို့အား ညစာအတွက် ကညွတ်၊ သခွားသီးစိမ်း၊ စတော်ဘယ်ရီသီး၊ နွားကလေးသားနှင့် ငါးတို့ကို မည်သို့စီမံ ချက်ပြုတ်ရန် ညွှန်ကြားလျက်ရှိ၏။ မြို့စားကြီးရော့စတော့ဗ် မှာ ကလပ်စတင်တည်ထောင်ကတည်းက ကလပ်ဝင်တစ် ယောက်ဖြစ်ခဲ့လျက် ကလပ်အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦး လည်း ဖြစ်၏။ ဤသို့ ကြီးကျယ်ခမ်းနားသော ညစာစားပွဲ ကြီးကို စီစဉ်နိုင်မည့်သူမှာ လက်ချိုးရေတွက်ရမလောက် နည်းပါးရုံမျှမက ဤထမင်းပွဲကြီး အောင်မြင်ရေးအတွက် မည်သို့ ပြင်ဆင်ရမည်ကို ငွေအကုန်အကျခံ လူအပင်ပန်း ခံ၍ စဉ်းစားစီမံတတ်သူမှာလည်း သာ၍ပင် အရေအတွက် နည်းလှသည်ဆိုကာ ကလပ်ဝင်အားလုံးက ထိုညစာ စားပွဲကြီး အောင်မြင်စွာ ပြီးမြောက်ရေးအတွက် မြို့စားကြီး ရော့စတော့ဗ်ကို တာဝန်လွှဲလိုက်ကြလေသည်။ ကလပ်၏ စားတော်ကဲကြီးနှင့် ဘဏ္ဍာစိုးတို့ကား လွန်စွာ ကျေနပ် လျက်ရှိသော မျက်နှာထားများဖြင့် မြို့စားကြီးရော့စတော့ဗ် ၏ ညွှန်ကြားချက်များကို နားထောင်လျက်ရှိကြ၏။ အဘယ်ကြောင့်ဆိုသော် ငွေဒင်္ဂါး ထောင်ပေါင်းများစွာ ကုန်ကျမည့် ညစာစားပွဲကြီးတစ်ခုမှ မိမိတို့အတွက် '[illegible]:မြိုးမြက်မြက်' ကလေး အမြတ်ထုတ်ရာ၌ မြို့စားကြီး ရော့စတော့ဗ်၏ စီမံခန့်ခွဲမှုအောက်တွင် အမြတ်ထုတ်ရ ခြင်းလောက် အခြားမည်သူ၏ စီမံခန့်ခွဲမှုအောက်တွင်မှ အမြတ်ထုတ်၍ မလွယ်ကြောင်းကို သိထားကြသောကြောင့် ပေတည်း။

"သြော် ပြီးတော့ လိပ်သားဟင်းချိုထဲမှာ ကြက် မောက် ထည့်ဦးနော်"

"ဒါဖြင့် ကျွန်တော်တို့အအေးပွဲက သုံးပွဲရှိမှာပေါ့ သခင်ကြီး"စားတော်ကဲက မေးလိုက်၏။

မြို့စားကြီးရော့စတော့ဗ်သည် အတန်ကြာ စဉ်းစား လျက်ရှိ၏။

"အေး ဟုတ်တယ်၊ ဒီထက်နည်းလို့တော့ မဖြစ်ဘူး ဟေ့၊ အအေးပွဲက အနည်းဆုံး သုံးပွဲထားရမယ်၊ အအေးပွဲ



www.burmeseclassic.com

တွေ အားလုံးမှာ ကြက်ဥအကာနဲ့ခေါက်ထားတဲ့ အချဉ်ပါရမယ်နော်၊ မှတ်မိရဲ့လား”မြို့စားကြီးက လက်ချောင်းတစ်ချောင်းဖြင့် ဝေါက်ဆတ်ဝေါက်ဆတ်လုပ်၍ ပြောလိုက်၏။

“ပြီးတော့ ငါးကြီးတွေကိုကော မှာလိုက်ရတော့မလား သခင်ကြီး” ဘဏ္ဍာစိုးက မေး၏။

“အေး မှာလိုက်တော့၊ မလျှော့နိုင်တော့ဘူးဆိုရင်လဲ ဘယ်တတ်နိုင်မလဲကွာ၊ မှာရတော့မှာပေါ့၊ သြော် ကြည့်စမ်း ကြည့်စမ်း အရေးကြီးတာ တစ်ခုမေ့နေတယ်၊ ကလပ်ဝင်းထဲကို ရာဇမတ်ကာဝင်လမ်း သတ်သတ်ခင်းပေးရမယ်၊ ကံကောင်းလို့ မေ့ကျန်နေရစ်ခဲ့တော့မလို့”မြို့စားကြီး ရော့စတော့ဗ်သည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်၏။“ “ပန်းတွေ ဘယ်သူ့ကို အယူခိုင်းရမလဲမသိဘူး၊ ဟော့ ဒီမိထရိ မြို့ပြင်က ငါ့ပိုင်စားနယ်မြေထဲကို မြင်းနဲ့သွားချေစမ်း” မြို့စားကြီးရော့စတော့ဗ်က အနီးသို့ရောက်လာသည့် အစေတော်ကို ပြောလိုက်၏။ “အဲဒီကို မြန်မြန်သွားပြီး ခြံစောင့် မာဆင်ကိုပြော၊ ဖန်အိမ်ထဲက ပန်းပင်တွေကို ဒီနေ့ညနေ စံအိမ်ကိုအရောက်ပို့လှည့်လို့၊ ပန်းပင်တွေကို သက္ကလပ်စနဲ့ သေသေချာချာအုပ်ယူခဲ့လို့၊ သောကြာနေ့ညနေအရောက် ပန်းအိုးနှစ်ရာလိုချင်တယ်လို့လဲ ပြောခဲ့”

မြို့စားကြီးသည် နောက်ထပ် ညွှန်ကြားချက်ပေါင်းများစွာကို ထပ်မံပေးပြီးနောက် အနားယူရန်အတွက် ချစ်လှစွာသော မြို့စားကတော်ကြီးထံသို့ သွားတော့မည်အပြုတွင် အရေးကြီးသည့်ကိစ္စတစ်ရပ်ကို အမှတ်ရလာပြန်ကာ ပြန်၍ လှည့်လာလျက် ဘဏ္ဍာစိုးနှင့် စားတော်ကဲတို့ကိုခေါ်ပြီး ညွှန်ကြားချက်များကို ပေးနေပြန်သည်။ ထိုအခိုက် အခန်းဝဆီမှ ဖိနပ်သံဆူးဘီးသံများနှင့်တကွ ပေါ့ပါးသွက်လက်သောခြေသံနှင့်အတူ နီကိုလေ ဝင်ရောက်လာလေသည်။ နီကိုလေမှာ မော်စကိုတွင် အေးဆေးစွာနေရသည့်အတွက် ဝဖြိုးကာ နှင်းဆီသွေးတောက်အောင် အသားအရေစိုပြည်လျက် မုတ်ဆိတ်မွေးရေးရေးဖြင့် ကြည့်၍ ခံ့ညားလှသည်။

“သားရေ ဖေဖျားတော့ ခေါင်းကိုကိုက်နေတာပဲကွ”မြို့စားကြီးရော့စတော့ဗ်က သား၏ရှေ့တွင် များစွာ စိတ်ရှုပ်လျက်ရှိသည့် အမူအရာဖြင့် ပြောလိုက်သည်။

“ဖေဖျားကိုလဲ အကြံဉာဏ်ကလေးဘာလေး ကူပြီး ပေးစမ်းပါဦး၊ အဆိုတော်တွေလဲ ထည့်ရဦးမယ်၊ တီးဝိုင်းတွေကတော့ ဖေဖျားရဲ့တီးဝိုင်းရှိပြီးပြီ၊ ဂျစ်ပစီအဆိုတော် ခေါ်ရမကောင်းဘူးလားကွယ့်၊ သားတို့ စစ်မှုထမ်းတွေကလဲ ဒီလို ဆူဆူညံညံကလေးကြိုက်တော့ ဟန်မကျဘူးလား”

“ပူပန်တတ်ရန်ကော ဖေဖျားရယ်၊ ကျွန်တော်တို့ ဗိုလ်ချုပ်မင်းသားကြီး ဘာဂရေးရှင်းတောင် ရှန်ဂရာဘန်တိုက်ပွဲ တိုက်ခါနီးတုန်းက ခု ဖေဖျားအလုပ်များသလောက် အလုပ်များမယ်မထင်ဘူး”နီကိုလေက ပြုံး၍ပြောလိုက်၏။

မြို့စားကြီးရော့စတော့ဗ်က စိတ်ဆိုးချင်ယောင်ပြုလိုက်သည်။

“အိမ်း သားတို့ကတော့ ပါးစပ်က ပြောရတော့ လွယ်လွယ်ကလေးထင်မှာပေါ့၊ ကိုယ်တိုင်စီမံကြည့်မှ ဘယ်လောက် ခက်တယ်ဆိုတာ သိမယ်”

မြို့စားကြီးရော့စတော့ဗ်က စားတော်ကဲဘက်သို့ လှည့်လိုက်သည်။ စားတော်ကဲကြီးသည် များစွာ လေးစားအလိုက်သိသော မျက်နှာထားဖြင့် သားအဖနှစ်ယောက်ကို စူးစိုက်ကြည့်နေသည်။

“ခုခေတ်လူငယ်တွေဟာ ဘယ်လိုဖြစ်နေသလဲ မသိပါဘူးဗျာ၊ ဟော့ ဖြိုးတစ် တို့လိုအဘိုးကြီးတွေကို ရယ်စရာလောက်ပဲ အောက်မေ့နေကြဟန်တူတယ်”

“မှန်ပါ သူတို့အလုပ်က ကောင်းကောင်းစားဖို့လောက်ပဲသိတာ သခင်ကြီးရဲ့၊ ဘယ်လို ချက်ပြုတ်စီမံရတယ်ဆိုတာ သူတို့နားမလည်ဘူး”

“အိမ်း အိမ်း မှန်တယ် မှန်တယ်”မြို့စားကြီးရော့စတော့ဗ်က ခပ်ပြုံးပြုံးဖြင့် နီကိုလေ၏ လက်နှစ်ဖက်ကို ဆွဲလိုက်သည်။ “ကဲ လာ သားကိုလဲ အလုပ်ပေးရမယ်၊ စွတ်ဖားနဲ့ မြင်းနှစ်ကောင်ယူပြီး မြို့စားကလေး ပီယာ့ဆီ သွားချည်စမ်း၊ ညစာစားပွဲအတွက် စတော်ဘယ်ရီသီးနဲ့ နာနတ်သီး လတ်လတ်ဆတ်ဆတ် ရှာပေးပါလို့ ခမည်းတော်က လွှတ်လိုက်တယ်လို့ပြော၊ ဟုတ်စ၊ ဒီမှာတော့ ဘယ်မှာမှ ရှာလို့မရဘူး၊ မြို့စားကလေး ပီယာတော့ မရှိဘူး၊ သူ့အစ်မတော်မင်းသမီးများ ရှိတယ်၊ အဲ သူတို့ကို ပြောခဲ့၊ အဲဒီကပြီးရင် ရာစဂူယေကိုသွား၊ စွတ်ဖားမောင်းသမား အီပက်ကာ သိတယ်၊ ရာစဂူယေမှာ မြို့စားကြီး ဩလော့ဗ်ရဲ့ ညစာစားပွဲတုန်းက ကတဲ့ ဂျစ်ပစီကချေသည်



www.burmeseclassic.com

အိလျူရှကာ ရှိတယ်၊ ကော့ဆက်ဝတ်စုံ အဖြူဝတ်ပြီးကတဲ့ ကချေသည်လေ၊ အဲ သူ့ကို ဖေဖျားဆီ ခေါ်ခဲ့"

"သူနဲ့အတူ ဂျစ်ပစီကချေသည်မကလေးတွေကို ပါခေါ်ခဲ့ရဦးမလား ဖေဖျား"နီကိုလေက ရယ်၍ မေးလိုက်၏။

ထိုအခိုက် ခြေကိုဖော့၍နင်းကာ များစွာအလုပ်ရှုပ်လျက်ရှိဟန်ပြုပြီး မျက်နှာတွင် ချိုသာနူးညံ့သော အသွင်ကို အမြဲဆောင်ထားတတ်သည့် မင်းသမီးကြီးဒရူဘက်စကားယားသည် ခန်းမဆောင်ထဲသို့ ဝင်လာသည်။ မြို့စားကြီး ရော့စတော့ဗ်သည် မင်းသမီးကြီးဒရူဘက်စကားယားနှင့် တွေ့တိုင်း ညအိပ်ဝတ်စုံဝတ်လျက် တွေ့နေကျဖြစ်သော်လည်း ယနေ့မှာမူ အနည်းငယ်အိုးတိုးအမ်းတမ်း ဖြစ်လျက်ရှိကာ ယခုကဲ့သို့ ညအိပ်ဝတ်စုံဖြင့် ရှိနေသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်လိုက်သည်။

"အို ကိစ္စမရှိပါဘူး မောင်တော်ကြီး"မင်းသမီးကြီးက မျက်လုံးများကိုမှိတ်၍ ပြောလိုက်၏။ "ပီယာ့ဆီကို ထိပ်ထားကြီးကိုယ်တိုင် သွားမလို့၊ ပီယာလဲ ပြန်ရောက်လာပြီကြားတယ်၊ သူပြန်ရောက်လာတော့ ဖန်အိမ်ထဲက လိုချင်တဲ့ပန်းမျိုးကို ရတာပေါ့လေ၊ အစ်မတော်ကြီးကတော့ သွားမတွေ့လို့ မဖြစ်ဘူး၊ သားတော်မောင် ဘိုးရစ်စ်ဆီက စာလဲ ပါလာတယ်ပြောတယ်၊ ဝမ်းသာစရာ သတင်းတစ်ခုလဲ ပြောလိုက်ရဦးမယ်၊ သားတော်မောင် ဘိုးရစ်စ်လဲ စစ်ဦးစီးဌာနချုပ် ဗိုလ်ကလေးအဖြစ် ရာထူးတက်သွားပြီတဲ့ မောင်တော်ကြီးရဲ့"

မြို့စားကြီး ရော့စတော့ဗ်မှာ မိမိကိစ္စအတွက် မင်းသမီးကြီးဒရူဘက်စကားယားကိုယ်တိုင် ပီယာ့ထံသို့ သွားမည်ဆိုသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ အလုံပိတ် ကရထားတစ်စီးကိုပင် ယူသွားခွင့်ပြုလိုက်သေးသည်။

"ဟိုနေ့ည ညစာစားပွဲကို ဆက်ဆက်လာဖြစ်အောင်လာပါလို့ ပီယာ့ကိုလဲ ပြောပြပါ အစ်မတော်၊ သူ့နာမည်ကို ဧည့်စာရင်းထဲမှာ ကျုပ်ကိုယ်တိုင် သွင်းပြီးပါပြီ၊ သူ့ကြင်ရာတော်လဲ သူနဲ့အတူ ရှိတယ်နော်"

မြို့စားကြီးရော့စတော့ဗ်က မေးလိုက်၏။

မင်းသမီးကြီးဒရူဘက်စကားယားသည် မျက်လုံးကို လှန်ကြည့်လိုက်သည်။ ၎င်း၏ မျက်နှာပေါ်တွင် အလွန်အမင်း ဝမ်းနည်းသည့်ဟန် ပေါ်လာလေသည်။

"အင်း တူတော်မောင်ခမျာ ကံမကောင်းရှာဘူး"ဟု မင်းသမီးကြီး ဒရူဘက်စကားယားက ညည်းလိုက်၏။ "အစ်မတော်တို့ ကြားရတဲ့အတိုင်းသာမှန်ရင်တော့ တော်တော် စိတ်မကောင်းစရာပဲ၊ ဒီလို မင်္ဂလာရှိတဲ့အချိန်မှာ ဒီသတင်းမျိုးကြားရလိမ့်မယ်လို့ အစ်မတော်ဖြင့် နည်းနည်းလေးမှ မမျှော်လင့်ခဲ့ဘူး၊ အင်း တူတော်မောင်ခမျာ စိတ်သဘောကလဲမြင့်မြတ်ပါဘိသနဲ့၊ သနားစရာပဲနော်၊ အစ်မတော်ကတော့ အတတ်နိုင်ဆုံး အားပေးရပေမှာပဲလေ"

"ဟင် ဘာဖြစ်လို့လဲ"မြို့စားကြီး ရော့စတော့ဗ် သားအဖကား ပြိုင်တူမေးလိုက်ကြသည်။

မင်းသမီးကြီးဒရူဘက်စကားယားသည် သက်ပြင်းကြီးချလိုက်၏။ ပြီးမှ များစွာအရေးကြီးဟန် လေသံကလေးဖြင့်

"မေရီအိုင်ဗာနိုဗာရဲ့သား စစ်ဗိုလ်ကလေး ဒိုလိုကော့ဗ်ရှိတယ် မဟုတ်လား၊ အဲ အဲဒီဒိုလိုကော့ဗ်နဲ့ တူတော်မောင့်ကြင်ရာတော် ဟယ်လင်မင်းသမီးလေးနဲ့ ရှုပ်နေတယ်ဆိုပဲ မောင်တော်ကြီးရဲ့၊ ပီယာက ဒိုလိုကော့ဗ်ကို ပီတာစဘတ်ရွှေမြို့တော်က စံအိမ်တော်ကို အလည်ဖိတ်တုန်းမှာ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနဲ့ တွေ့သွားကြသတဲ့၊ ခုတော့ ဟယ်လင်မင်းသမီးကလေး မော်စကို ရောက်လာတယ်ဆိုရင်ပဲ ဒိုလိုကော့ဗ်ကလဲ ခပ်ရမ်းရမ်းဆိုတော့ တန်းတန်းစွဲဖြစ်ပြီး လိုက်လာသတဲ့" မင်းသမီးကြီး ဒရူဘက်စကားယားသည် ပီယာအတွက် များစွာ စိတ်မကောင်းဟန်ဖြစ်ကြောင်း ဖော်ပြချိန်တွင် ဒိုလိုကော့ဗ်၏ နာမည်ကို ဖော်ပြလိုက်ရခြင်းကို မနှစ်မြို့ဟန်ဖြင့် ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

"ပီယာခမျာ ဒီကိစ္စကြောင့် တော်တော် စိတ်မချမ်းမသာ ဖြစ်နေရှာတယ်ဆိုပဲ"

"အို ကျွတ် ကျွတ် ဖြစ်မှဖြစ်ရလေ၊ အေးလေ ကလပ်ညစာ စားပွဲကိုသာ လာဖြစ်အောင်လာပါလို့ ပြောခဲ့ပါ၊ ဟိုရောက်တော့ စိတ်ညစ်စရာတွေ ပျောက်သွားမှာပေါ့၊ ညစာစားပွဲကလဲ တခမ်းတနား လုပ်မှာပဲ"

နောက်တစ်နေ့ဖြစ်သည့် မတ်လ ၃ ရက်နေ့ နာရီပြန်တစ်ချက်တီးသာသာလောက်၌ကား အင်္ဂလိပ်ကလပ်ဝင် နှစ်ရာ့ငါးဆယ်နှင့် အထူးဧည့်သည်တော် ငါးဆယ်တို့သည်



www.burmeseclassic.com

ဂုဏ်သရေရှိ ဧည့်သည်တော် ဩစတြီးယားတိုက်ပွဲရ သူရဲကောင်းကြီး ဗိုလ်ချုပ်ကြီးမင်းသားကြီး ဘာဂရေးရှင်း ညစာစားပွဲသို့ ကြွရောက်လာမည်ဖြစ်သည့်အတွက် စောင့်ကြိုလျက် ရှိကြလေသည်။

ဩစတားလစ်တိုက်ပွဲ သတင်းများကို စတင်ကြားရသည့်အခါတွင် မော်စကိုတစ်မြို့လုံးမှာ အံ့ဩလျက်ရှိကြလေသည်။ ထိုအချိန်က ရုရှားတပ်များမှ အောင်ပွဲများဆက်တိုက်ခံနေချိန် ဖြစ်လေရာ ဩစတားလစ်တွင် အရေးနိမ့်ကြောင်းကို ကြားသိရသည့်အခါ၌ အချို့မှာ မယုံနိုင်အောင် ဖြစ်လျက်ရှိကြပြီး အချို့ကလည်း ဤသို့ မကြုံစဖူးအရေးနိမ့်ရခြင်းအတွက် အထူးတလည် မကျေမနပ်ဖြစ်လျက်ရှိကြလေသည်။ မော်စကိုမြို့၌ ထင်ရှား၍ ပေါက်ပေါက်ရောက်ရောက် ရှိကြသော မြို့မျက်နှာဖုံးများ စုဝေးရာ အင်္ဂလိပ်ကလပ်တွင်ကား ဒီဇင်ဘာလလောက်ကတည်းက သတင်းများကို ကြားနေရပြီဖြစ်သော်လည်း အားလုံးတိတ်တဆိတ်ညှို၍ တိုင်ပင်ထားကြသည့်နှယ် စစ်သတင်းများနှင့် နောက်ဆုံးတိုက်ပွဲသတင်းများကို မည်သူကမျှ လေသံမဟကြဘဲ ရှိကြလေသည်။ ကလပ်၌ ဩဇာရှိသော လူကြီးများဖြစ်သည့် မော်စကိုမြို့ဝန်မြို့စားကြီး ရော့စတော့ချင်၊ မင်းသားကြီး ယူရီဒိုဂိုရူးကော့၊ ဗာလူယက်၊ သံတော်ကြီး မြို့စားကြီး မာကော့နှင့် မင်းသားကြီး ဗျာဇင်စကီစသူတို့ကား ကလပ်သို့ မပေါ်လာကြတော့ဘဲ ရင်းနှီးသူအချင်းအချင်း တစ်အိမ်အိမ်တွင် ဆုံလျက် စစ်သတင်းများကို တိုးတိုးတိတ်တိတ် ကျိတ်၍သာ ဆွေးနွေးကြတော့သည်ဖြစ်ရာ သူများပြောသံကြားမှ စိတ်ကူးရတတ်သော မြို့စားကြီး ရော့စတော့ဗ်အပါအဝင် မော်စကိုမြို့သူမြို့သားများသည် စစ်ရေးစစ်ရာနှင့်ပတ်သက်၍ မည်သို့မျှ ထင်မြင်ချက်မပေးတတ်ဘဲ ဦးစီးဦးဆောင်ပြု၍ စကားပြောမည့်သူကင်းမဲ့လျက်ရှိပေသည်။ မော်စကိုမြို့သူမြို့သားများသည် မိမိတို့ဘက်မှ တစ်စုံတစ်ရာ အရေးမလှဖြစ်နေပြီကိုလည်းကောင်း၊ ဤသို့သော အမင်္ဂလာသတင်းကို အုတ်အော်သောင်းတင်းပြောရန်ကို မသင့်ဟုလည်းကောင်း တွေးမိကြသဖြင့် တိတ်ဆိတ်နေခြင်းက အကောင်းဆုံးဖြစ်သည်ဟု ယူဆထားကြလေသည်။ သို့ရာတွင် ကာလအတန်ကြာလာ၍ တရားရုံးတစ်ရုံးရှိ ဂျူရီခန်းထဲမှ ဂျူရီလူကြီးများ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသကဲ့သို့ ကလပ်၏ထင်မြင်ချက်ဟူသမျှကို ရှေ့ဆောင်ရှေ့ရွက်ပြုနေသည့်လူကြီးများ ကလပ်သို့ အလျှိုလျှိုပေါ်လာကြပြန်သောအခါတွင်မူကား စစ်သတင်းများကိုပြောဆိုလာကြပြန်ကာ မိမိတို့ထင်မြင်ချက်များကို ထုတ်ဖော်စ ပြုလာကြလေသည်။ ယုံနိုင်ဖွယ်မရှိအောင် မကြားစဖူး မဖြစ်စဖူး မိမိတို့ ရုရှားတပ်များ အရေးနိမ့်ရသည့် အကြောင်းအရင်းများကို ရှာဖွေကြပြီးနောက် မော်စကိုတစ်မြို့လုံး ထိုအကြောင်းကိုသာ တဖွဖွပြောလျက် ရှိကြလေသည်။ မော်စကိုမြို့သူမြို့သားများ အမြင်တွင် ဩစတားလစ်တိုက်ပွဲ၌ ရုရှားတပ်များ အရေးနိမ့်ရခြင်းအကြောင်းများကား မဟာမိတ် ဩစတြီးယားနိုင်ငံက သစ္စာဖောက်ခြင်း၊ တပ်မတော် ရိက္ခာထောက်ပံ့ရေးဌာန၏ ညံ့ဖျင်းခြင်း၊ ပိုလန်လူမျိုး ဗိုလ်ချုပ်တစ်ဦးဖြစ်သူ ပရာဇီဘီဇူစကီနှင့် ပြင်သစ်လူမျိုး ဗိုလ်ချုပ်တစ်ဦးဖြစ်သူ လန်ဂျီရွန်တို့ သစ္စာစောင့်သိမှု မရှိကြခြင်း၊ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အရည်အချင်းညံ့ဖျင်းခြင်း၊ ဘုရင်မင်းမြတ်မှာ အသက်အရွယ် ငယ်သေးလျက် အတွေ့အကြုံနည်းပါးရုံမျှမက စွမ်းစွမ်းတမံမရှိသော လူညံ့များကို အလွန်အမင်းကိုးစားယုံကြည်လျက်ရှိခြင်း (ဤကိစ္စကိုမူ ခပ်တိုးတိုးမျှသာ ပြောကြသည်။)စသည်တို့ကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ဤတိုက်ပွဲ၌ ဦးစီးဦးကိုင်တို့ ညံ့ဖျင်းသော်လည်း ရုရှားတပ်မတော်ကြီးမှာ မိမိဘက်မှ တာဝန်ကျေပွန်စွာ ရဲရဲရင့်ရင့် အမှုတော်ထမ်းခဲ့သည်ဟု အားလုံးကပင် အသိအမှတ်ပြုကြလေသည်။ ၎င်းတို့အမြင်တွင် တပ်သားများ၊ တပ်ဗိုလ်များနှင့် စစ်ဗိုလ်ချုပ်များသည် သူရဲကောင်းကြီးများ ဖြစ်နေကြသည်။ ထိုသူရဲကောင်းများ၏ ဘုရင်ကားမင်းသားကြီး ဘာဂရေးရှင်းပင် ဖြစ်၏။ မင်းသားကြီး ဘာဂရေးရှင်းသည် ရွှန်ဂရာဘန်တိုက်ပွဲကို အောင်မြင်စွာ တိုက်နိုင်ခဲ့သည်။ ဩစတားလစ် တိုက်ပွဲ၌လည်း သူတစ်ဦးတည်းသာလျှင် မိမိထက်နှစ်ဆမျှ အင်အားကြီးမားသော ရန်သူတပ်များကို တစ်နေ့လုံး အပြင်းခုခံကာ စစ်ကြောင်းကို ဖရိုဖရဲအဖြစ်မခံဘဲ အောင်မြင်စွာ ဆုတ်ခွာလာနိုင်ခဲ့သည်။ မော်စကိုမြို့က မင်းသားကြီး ဘာဂရေးရှင်းအား သူရဲကောင်းအဖြစ် ကြိုဆိုရခြင်း၌ အခြားအကြောင်းတစ်ရပ်မှာလည်း မင်းသားကြီး ဘာဂရေးရှင်းမှာ မော်စကိုမြို့နှင့် အဆက်အသွယ်နည်းသည့် လူစိမ်းတစ်ယောက်ဖြစ်နေခြင်း



www.burmeseclassic.com

ကြောင့် ဖြစ်ပေသည်။ မင်းသားကြီး ဘာဂရေးရှင်းကား ရှုပ်ရှုပ်ယှက်ယှက် နန်းတွင်းရေးကိစ္စများတွင် ပါဝင်ခြင်း မရှိဘဲ အမှုတော်ကို ကျေပွန်စွာ ထမ်းသည့် ရိုးသားသော သာမန်စစ်သားကြီးတစ်ယောက် ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ဆူဗိုရော့နှင့်အတူ အီတလီတိုက်ပွဲတုန်းက အမှုတော်ထမ်းခဲ့သည့် တပ်သားဟောင်းကြီးတစ်ဦးလည်း ဖြစ်ပေသေးသည်။ ထို့မှုမက မင်းသားကြီးဘာဂရေးရှင်းအား ဤသို့ ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုဧည့်ခံရခြင်းမှာ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကို မနှစ်သက်ကြောင်း ပြသရာတွင် အထိရောက်ဆုံးသော နည်းတစ်နည်း ဖြစ်ပေသည်။ ဤအကြောင်းများကြောင့် မော်စကို မြို့သူမြို့သားများက မင်းသားကြီး ဘာဂရေးရှင်းအား ဂုဏ်ပြုဧည့်ခံကြခြင်း ဖြစ်လေသည်။

"တကယ်လို့သာ ကျုပ်တို့နိုင်ငံမှာ ဒီလိုအရေးကြုံတုန်း မင်းသားကြီးဘာဂရေးရှင်းမရှိရင် ရှိအောင် 'တီထွင်' ပေးရပေလိမ့်မယ်ဗျ"ဟု ခပ်ရွှင်ရွှင်ပြောတတ်သည့် ရှင်ရှင်ဆိုသူ မြို့မျက်နှာဖုံးလူကြီးက ဖောလ်တဲယား၏ စကားလုံးကလေးများကိုပင် ညှပ်၍ ပြောလိုက်သေး၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်အကြောင်းကိုကား မည်သူကမျှ အကောင်းမပြောကြချေ။ အချင်းချင်း ကျိတ်၍ ကူတူဇော့ဗ်ကို ဆဲဆိုလျက်ရှိကြကာ လေတိုက်ရာသို့ ဦးလှည့်နေတတ်သော နန်းတွင်းလေကြောင်းပြလေတံခွန်ဟု လည်းကောင်း၊ လူတစ်ပိုင်း ဆိတ်တစ်ပိုင်း နတ်ဆိုးဟူ၍ လည်းကောင်း ခေါ်ဝေါ်လျက် ရှိကြလေသည်။

မော်စကိုတစ်မြို့လုံးကား ရုရှားတပ်မတော်ကြီးမှာ ရှေးက ဆက်တိုက် အောင်ပွဲခံခဲ့ရပြီဖြစ်သည့်အတွက် ဓာတ်ခါတလေ အရေးနိမ့်သည်ကို စိတ်ဖြေသောအားဖြင့် "အိုးထိန်းသည်များ ဒီလောက် အိုးရိုက်ရလွန်းတော့လဲ တစ်ခါတလေ ရွှံ့စဉ်တာပဗျာ"ဟူသော မင်းသားကြီးဒိုဂိုရူးကော့၏ စကားလုံးကလေးများကို သဘောကျကာ တဖွဖွ ပြောလျက်ရှိကြလေ၏။ အချို့ကလည်း ပြင်သစ်စစ်သားများကို စကားကြီးစကားကျယ်များဖြင့် သွေးထိုးပေးပြီး တိုက်ပွဲအဝင်ခိုင်း၍ရသည်။ ဂျာမန်များကိုမူ မြှောက်ပေးမှ စစ်တိုက်ခိုင်း၍ရသည်။ ရုရှားစစ်သားများကား မည်သို့မျှမပြောရဘဲ စစ်တိုက်ချင်လွန်းသဖြင့် အနိုင်နိုင် ထိန်းထားရသည်ဟူသော မြို့ဝန်မြို့စားကြီး ရော့စတော့ချင်၏ စကားကို သဘောကျလျက် ရှိကြသည်။ ဩစတားလစ်တိုက်ပွဲ၌ ရုရှားတပ်ဗိုလ် တပ်သားများ စွန့်စွန့်စားစား အမှုထမ်းကြပုံ အဖြစ်အပျက်များကိုလည်း တစ်မြို့လုံး ပြောဆိုလျက်ရှိကြလေသည်။ မည်သည့်တပ်ဗိုလ်က စစ်တံခွန်ကို အသက်စွန့်၍ ကာကွယ်သွားပုံ၊ မည်သည့်တပ်သားက ရန်သူပြင်သစ်ငါးယောက်ကို သတ်ခဲ့ပုံ၊ မည်သည့်တပ်ဗိုလ်က အမြောက်မြတပူငါးလက်ကို ပစ်ခဲ့ပုံ စသည်တို့ကို ပြောဆိုခဲ့ကြလေသည်။ ဂျာမန်ဗိုလ်ကလေး ဘာ့ဂ်ကို လည်း လက်ယာဘက်လက်မောင်းတွင် ဒဏ်ရာရသော်ငြား လက်ဝဲလက်ဖြင့် ဓားလွတ်ကိုကိုင်ကာ ရန်သူကိုတိုက်ခဲ့သော သူရဲကောင်းကြီးအဖြစ် အကြောင်းသိသူများက ဩဘာပေးလျက် ရှိကြလေသည်။ မင်းသားကလေး အင်ဒရေအကြောင်းနှင့် ပတ်သက်၍ကား လေသံမျှကြားရချေ။ ရင်းနှီးသောအသိုင်းအဝိုင်း၌မူ မင်းသားကလေးအင်ဒရေမှာ ကိုယ်လေးလက်ဝန်ရှိသော ကြင်ရာတော်အား ဖီဇာကြောင်လှသော ခမည်းတော်ကြီးထံအပ်နှံကာ ငယ်ငယ်ရွယ်ရွယ်နှင့် အသေစောရရှာသည်ဟု နှမြောရှုမဆုံးဖြစ်လျက် ရှိကြလေသည်။

## အခန်း ၃

မတ်လ ၃ ရက်နေ့၌ 'အင်္ဂလိပ်ကလပ်'ရှိ အခန်းများအားလုံးမှာ နွေဦးပေါက်၌ ပျားများမြည်သကဲ့သို့ စကားပြောသံများဖြင့် အုတ်အုတ်ကျက်ကျက် ဆူညံလျက်ရှိ၏။ ကလပ်ဝင်များနှင့် ဧည့်သည်တော်များသည် ထိုမှဤမှ သွားလာလျက်ရှိကြ၏။ အချို့ကား စစ်ဝတ်စုံကိုဝတ်၍ ရပ်လျက်၊ အချို့ကား ညစာစားပွဲဝတ်စုံကို ဆင်ယင်၍ ထိုင်လျက်၊ အချို့ကား ဆံပင်ကို နံ့သာမှုန့်ဖြူး၍ မိတ်ဆွေများဖြင့်တွေ့ဆုံလျက်၊ အချို့ကား ရုရှားအမျိုးသား ဝတ်စုံကိုဝတ်၍ မိတ်ဆွေရောင်းရင်းများထံမှ ခွဲခွာလာလျက် စသဖြင့် လူးလာခတ်နေကြလေသည်။ အဆောင်ကိုင်ကိုယ်ကျပ်အင်္ကျီရှည်ကိုဝတ်၍ နံ့သာလိမ်းထားကာ ကွင်းစွပ်ဖိနပ်နှင့် ခြေအိတ်ရှည်ဝတ်ဆင်ထားသည့် အဆောင်ကိုင်များသည် တံခါးအသီးသီးတွင် အဆင်သင့်ရပ်လျက် လိုလေသေးမရှိ ပြုစုဧည့်ခံရန် ဧည့်သည်တော်များ၏ အရိပ်အခြည်ကို စောင့်ကြည့်နေကြ၏။ ကြွရောက်လာ

သော ဧည့်သည်တော်များကား လောကကြီး၌ မည်သူ့ကိုမျှ ဂရုစိုက်စရာမရှိဟူသောအမူအရာကို ဆောင်ထားသည့် ဝဝပြိုပြို မျက်နှာကြီးများ၊ ပုအိုင့်တုတ်တိုသော လက်ချောင်းများနှင့်တကွ အထက်စီးလေသံ၊ အထက်စီး အမူအရာများကို ပြသတတ်သော မြို့မျက်နှာဖုံး ဂုဏ်သရေရှိ လူကြီးများ ဖြစ်လေသည်။ ထိုဧည့်သည်တော်များနှင့် ကလပ်ဝင်များကား မည်သူနှင့်မျှ ရောနှောခြင်းမရှိလှဘဲ ထိုင်နေကျနေရာများတွင်ထိုင်ကာ တွေ့နေကျ မိတ်ဆွေရောင်းရင်းများနှင့်သာ စကားပြောလျက်ရှိကြ၏။ ထမင်းစားပွဲသို့ ကြွရောက်လာသူများအနက် အနည်းစုသာလျှင် လူစိမ်းများဖြစ်ကြ၍ ၎င်းတို့မှာလည်း ဒင်နီဆော့ဗ်၊ နီကိုလေနှင့် ဆင်မြိနော့တပ်ရင်းတွင် တပ်ဗိုလ်ဖြစ်လျက်ရှိသည့် ဒိုလိုကော့ဗ် စသော လူငယ်လူရွယ်များသာ ဖြစ်လေသည်။ ဤလူငယ်များ အထူးသဖြင့် လူငယ်တပ်ဗိုလ်ကလေးများ၏ မျက်နှာထားကား လူကြီးများအား လေးစားဂုဏ်ပြုသည့် အသွင်ကိုဆောင်လျက်ရှိ၍ "ဦးရီးတော်တို့ကို ကျွန်တော်တို့ခေတ်လူငယ်တွေက လေးစားဂုဏ်ပြုလျက် ရှိပါတယ်၊ ဒါပေမဲ့ အနာဂတ်ကိုတော့ ကျွန်တော်တို့ပိုင်တယ်ခင်ဗျ" ဟု ပြောနေသကဲ့သို့ ရှိလေသည်။

'အင်္ဂလိပ်ကလပ်' ဝင်ဟောင်းတစ်ယောက် ဖြစ်သည့်အတွက် ထိုနေ့ည ညစာစားပွဲသို့ နက်စဗစ်စကီလည်း ရောက်ရှိလာလေသည်။ တစ်ခန်းဝင်တစ်ခန်းထွက် သွားလာလျက်ရှိသော ပီယာမှာ ခေတ်မီစွာ ဝတ်ဆင်ထားသော်လည်း မျက်နှာမကောင်းလှဘဲ သုန်မှုန်လျက်ရှိ၏။ ပီယာသည် ယခုအခါ၌ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ 'အမိန့်'အရ ဆံပင်ရှည်ထားကာ မျက်မှန်ကို ချွတ်လိုက်ရလေပြီ။ အခြားနေရာများမှာကဲ့သို့ပင် 'အင်္ဂလိပ်ကလပ်'တွင်လည်း ပီယာအား ပစ္စည်းအရှိန်ကြောင့်ခေါ်ချင်၊ ပြောချင်၊ နှုတ်ဆက်ချင်သူများမှာ ဝိုင်းဝိုင်းလည်လျက်ရှိ၏။ ပီယာကလည်း ဤလူများကို ဤလိုဆက်ဆံမှ တော်ကာကျသည်ဟူသော အတွေ့အကြုံကို ရပြီးဖြစ်သည့်အတွက် ၎င်းတို့အား ခပ်နိမ့်နိမ့်ကလေးပင် ဆက်ဆံလျှက်ရှိလေသည်။

ပီယာသည် အသက်အရွယ်အရဆိုလျှင် လူငယ်ဝိုင်းတွင်း ပါဝင်ရမည်ဖြစ်သော်လည်း ဥစ္စာပစ္စည်းဂုဏ်နှင့် ပေါင်းသင်းဆက်ဆံရေးအရ လူကြီးဝိုင်းတွင် ရောက်လျက်ရှိကာ တစ်ဝိုင်းမှတစ်ဝိုင်းသို့ ကူး၍ နှုတ်ဆက်လျက်ရှိ၏။ အရေးတကာ့ အရေးအကြီးဆုံး ပုဂ္ဂိုလ်ကြီးများမှာ အလယ်တွင် ဝိုင်းဖွဲ့ထိုင်လျက်ရှိလေရာ အချို့သော ဧည့်သည်များကား ဤသို့သော 'ထိတ်ထိတ်ကြဲ' ပုဂ္ဂိုလ်ကြီးများ၏ စကားကို နားထောင်ရန် ရိုသေစွာ ချဉ်းကပ်လာကြ၏။ မြို့ဝန် ရော့စတော့ချင်၊ ဗာလူယက်နှင့် နရီရှကင်တို့ အနီးတစ်ဝိုက်တွင်ကား စကားဝိုင်းအကောင်းဆုံး ဖြစ်၏။ မြို့ဝန် ရော့စတော့ချင်သည် ထွက်ပြေးနေသော ဩစတြီးယားတပ်များကြားမှ ရုရှားတပ်များက လှံစွပ်များဖြင့် ဖယ်ရှားကာ မည်သို့ ဆုတ်ခွာလာခဲ့ကြပုံ စသည်တို့ကို ပြောပြလျက်ရှိ၏။

ဗာလူယက်မှာ ဩစတားလစ်တိုက်ပွဲတွင် အရေးနိမ့်ခြင်းနှင့်စပ်လျဉ်း၍ မော်စကိုက မည်သို့မည်ပုံ ထင်မြင်ချက် ပေးကြကြောင်းကို စနည်းနာရန်အတွက် ပီတာစဘတ် ရွှေနန်းတော်ကြီးမှ ဗိုလ်ချုပ်အူဗာရော့ဆိုသူတစ်ဦးကို စေလွှတ်လိုက်ကြောင်းဖြင့် ရင်းနှီးသူများအား ခပ်တိုးတိုး ပြောပြလျက်ရှိ၏။

တတိယဝိုင်း၌ကား နရီရှကင်သည် ယင်းဩစတြီးယားစစ်ပွဲတုန်းက ကျင်းပသော ဩစတြီးယားစစ်ဦးစီးဌာနချုပ်၏ အရေးပေါ်အစည်းအဝေးအကြောင်း၊ ထိုအစည်းအဝေးတွင် မိမိတို့ ရုရှားဗိုလ်ချုပ်ကြီးဆူဗိုရော့က ဩစတြီးယား ဗိုလ်ချုပ်များ၏ အဓိပ္ပာယ်ကင်းမဲ့သော တင်ပြချက်များကို ပယ်ချကာ ကြက်ဖကြီး တွန်သကဲ့သို့ မြည်တွန်တောက်တီးလိုက်ကြောင်း စသည်များကို ပြောဆိုလျက်ရှိ၏။ ဤတွင် အနီး၌ရပ်နေသော ရှင်ရှင်က ပြက်လုံးထုတ်သည့် အနေဖြင့် မိမိတို့၏ ယခုလက်ရှိစစ်သေနာပတိချုပ် ကူတူဇော့ဗ်ကား ရှေးစစ်သေနာပတိချုပ်ကြီး ဆူဗိုရော့ကို စစ်အတတ်ပညာတွင် မိဖို့မပြောထားနှင့် 'ကြက်ဖကြီးကဲ့သို့ တွန်သည့်အတတ်ပညာကိုပင် မရလိုက်ကြောင်း'ဖြင့် ပြောဆိုလိုက်၏။ ဤတွင် အားလုံးကို ပြက်လုံးထုတ်နေသော ရှင်ရှင်ကို မနှစ်မြို့သော မျက်နှာထားများဖြင့် ကြည့်လိုက်ကြကာ ဤအချိန် ဤနေရာတွင် ကူတူဇော့ဗ်၏ အကြောင်းကို ကြားရသည်မှာ အမင်္ဂလာဖြစ်လှသည်ဟူသော အမူအရာကို ပြလိုက်ကြလေသည်။

မြို့စားကြီး ရော့စတော့ဗ်မှာ သားရေဖိနပ်အပျော့ကို စီးထား၍ ဧည့်ခန်းဆောင်နှင့် ထမင်းစားခန်းမဆောင်ကို



www.burmeseclassic.com

ရေထွက်မတတ် ကူးလူးလျက် အရေးကြီးသော ပုဂ္ဂိုလ် ဟုတ်သည် မဟုတ်သည်ကိုမရွေးတော့ဘဲ ၎င်းနှင့် သိကျွမ်း သမျှ ဧည့်သည်များကို နှုတ်ဆက်ရင်း တစ်ချီတစ်ချီတွင် မျက်လုံးများကလည်း သပ်ရပ်စွာဝတ်စားထားသည့် သား ဖြစ်သူ နီကိုလေထံသို့ရောက်သွားကာ စူးစိုက်ကြည့်လျက် ရှိ၏။ နီကိုလေမှာ မကြာခင်ကမှ သိကျွမ်းခဲ့၍ မိမိများစွာ အထင်ကြီးလျက်ရှိသူ ဒိုလိုကော့မ်နှင့် ပြတင်းပေါက်အနီး တွင်ရပ်၍ စကားပြောလျက်ရှိ၏။ မြို့စားကြီး ရော့စတော့ဗ် သည် ၎င်းတို့အနီးသို့ ရောက်လာကာ ဒိုလိုကော့မ်အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဦးရီးတော်တို့အိမ်ကို လာလည်ပါကွယ်၊ သား တော်နဲ့ဆိုရင်လဲ တိုက်ပွဲပြန် သူရဲကောင်းအချင်းချင်း မဟုတ်လား၊ ဗျို့ အနေတိုဗစ် နေကောင်းရဲ့နော်၊ ကြွပါ ကြွပါ"မြို့စားကြီး ရော့စတော့ဗ်သည် အနီးမှဖြတ်လျှောက် သွားသည့် အသက်ခပ်ကြီးကြီး လူတစ်ယောက်ကို နှုတ် ဆက်လိုက်ပြန်သည်။ ထိုလူကို နှုတ်ဆက်၍မှမဆုံးမီ ဧည့်ခန်းဆောင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးနောက် အဆောင်ကိုင်တစ်ယောက် ပြေးဝင်လာကာ မင်းသားကြီး ဘာဂရေးရှင်း ကြွရောက်လာပြီဖြစ်ကြောင်း ကြောက်လန့် လျက်ရှိသည့် မျက်နှာထားဖြင့် ပြောဆိုခြင်း ပြုလေသည်။

ခေါင်းလောင်းမြည်သံများကို ကြားရပြီးနောက် ဘဏ္ဍာစိုးများသည် ဧည့်ခန်းဆောင်များဆီတွင် ယောက် ယက်ခတ်မျှ အလုပ်ရှုပ်လျက်ရှိကြလေသည်။ ခန်းဆောင် အသီးသီးထဲ၌ ပြန့်ကျဲလျက်ရှိသော ဧည့်သည်တော်များ သည်လည်း ဆန်ကောထဲတွင်ထည့်၍ ပြာလိုက်သည့် ဆန်စေ့များသဖွယ် ပွဲတက်ဆောင်အနီးရှိ ဧည့်ခန်းဆောင် ကြီးထဲသို့ စုလာကြလေသည်။

မင်းသားကြီး ဘာဂရေးရှင်းသည် စမုတ်ဆောင် တံခါးဝတွင် ပေါ်လာလေသည်။ မင်းသားကြီးဘာဂရေးရှင်း ၌ ဦးထုပ်လည်းမရှိ၊ ဓားလွယ်လည်းမပါချေ။ ၎င်းတို့ကို ကလပ်၏ထုံးစံအရ တံခါးမှူးထံ အပ်နှံထားခဲ့ခြင်း ဖြစ်လေ သည်။ နီကိုလေသည် မင်းသားကြီးဘာဂရေးရှင်းကို သြ စတားလစ်တိုက်ပွဲဖြစ်ပွားခါနီးတွင် တွေ့ခဲ့ရသေးရာ ထိုစဉ် က မင်းသားကြီးဘာဂရေးရှင်းမှာ သိုးရေဦးထုပ်ကို ဆောင်း ထားပြီး ကြာပွတ်ကို ပခုံးတွင် လွယ်ထားလျက်ရှိ၏။ သို့ရာတွင် ယခုအကြိမ်၌ကား သိုးရေဦးထုပ်လည်းမပါ၊ ကြာပွတ်လည်း မပါတော့ချေ။ ခပ်ကျပ်ကျပ် စစ်ဝတ်စုံ သစ်ကိုဝတ်ထားကာ ဘုရင်မင်းမြတ်၏ ဆုတံဆိပ် အဆောင်အယောင်များ၊ နိုင်ငံခြား ရင်သိုင်းဘယက်များ နှင့်တကွ စိန့်ဂျော့ရွှေကြယ်ပွင့် တံဆိပ်တော်ကြီးကို လက် ဝဲဘက် ရင်အုံပေါ်တွင် ချိတ်ဆွဲထားလေသည်။ မင်းသား ကြီး ဘာဂရေးရှင်းသည် ညစာ စားပွဲမလာမီ ဆံပင်နှင့် မုတ်ဆိတ်ကျင်စွယ်များကို ရှင်းလင်း သုတ်သင်ခဲ့ဟန်ရှိ သည့်အတွက် ၎င်း၏မျက်နှာသည် ပြောင်ချောကာ အကြည့်ရဆိုးလျက် ရှိ၏။ ၎င်း၏အမူအရာမှာ ပွဲတက် သူတို့၏ ရွှင်လန်းသောအမူအရာမျိုးကို ဆောင်ထားသော် လည်း တည်ကြည်ရင့်ကျက်သည့် မျက်နှာထားကြောင့် ရယ်စရာရုပ် ပေါက်လျက်ရှိလေသည်။ မင်းသားကြီး ဘာဂရေးရှင်းနှင့်အတူပါလာသည့် ဗိုလ်ချုပ်ဘက်လီရက် နှင့် ဗိုလ်ချုပ်အူဗာရော့တို့သည် တံခါးဝသို့ အရောက် တွင် ခေတ္တရပ်တန့်ကာ လမ်းဖယ်ပေးလိုက်ကြပြီး အထူး ဧည့်သည်တော် မင်းသားကြီးကို ခန်းဆောင်ထဲသို့ အလျင် ဝင်စေ၏။ မင်းသားကြီး ဘာဂရေး[illegible]သည့် မိမိအား ဤသို့ အထူးတလည် အရေးယူကြ[illegible] ရှက်ကိုး ရှက်ကန်းဖြစ်လျက်ရှိကာ တံခါးဝတွင် အတန်ကြာရပ်နေ သည်။ သို့ရာတွင် မတတ်သာတော့ဘဲ ခပ်အမ်းအမ်းဖြင့်ပင် ရှေ့ဆုံးမှ ဝင်လာခဲ့ရလေသည်။ မင်းသားကြီးဘာဂရေးရှင်း သည် ခန်းလုံးပြည့် ကော်ဇောခင်းထားသည့် ကြမ်းခင်း ပေါ်တွင် ရှက်အမ်းအမ်းဖြင့် ပုံမကျပန်းမကျ လျှောက်လာ ခဲ့သည်။ ဓားကိုင်နေကျဖြစ်သည့် ၎င်း၏ လက်များကို လည်း မည်သို့ထားရမည်မသိဘဲ ဖြစ်လျက်ရှိလေသည်။ မင်းသားကြီးဘာဂရေးရှင်းသည် ရန်သူကျည်တဖွဲဖွဲအောက် ခရောင်းတောများတွင် ချီတက်တိုက်ခိုက်ခဲ့သူဖြစ်ရာ ၎င်း၏ စိတ်၌ ဤခန်းလုံးပြည့် ကော်ဇောခင်းထားသည့် ကြမ်းပြင် တွင် လျှောက်ရခြင်းထက် ခရောင်းတောထဲတွင် လျှောက် ရခြင်းက ပို၍လွယ်ကူလိမ့်မည်ဟု ထင်မိသေးသည်။ ကလပ်၏ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများသည် မင်းသား ကြီး ဘာဂရေးရှင်းအား ပထမတံခါးဝမှ ဆီးကြိုကာ ဤသို့သော အထူးဧည့်သည်တော်ကြီးကို ကြိုဆိုရခြင်း အတွက် လွန်စွာ ဝမ်းမြောက်ကြောင်းဖြင့် ရှန်းရှန်းဝေ အောင် ပြောဆိုကြကာ မင်းသားကြီး၏ စကားပြန်ကိုပင် မစောင့်တော့ဘဲ ဝိုင်းအုံစုပြုံ၍ ဧည့်ခန်းဆောင်ထဲသို့



www.burmeseclassic.com

ခေါ်ဆောင်လာခဲ့ကြလေသည်။ ပရိသတ်များမှာ တံခါး၀တွင် စုပြုံတိုးဝှေ့ကာ မင်းသားကြီးဘာဂရေးရှင်းအား အလွန် အမြိုးရှားပါးလှသော တိရစ္ဆာန်တစ်ကောင်ကို ကြည့်သည့်နှယ် ဝိုင်းအုံလျက်ရှိလေရာ ဧည့်ခန်းဆောင်ထဲ အဝတွင် တစ်ဆို့လျက်ရှိလေသည်။ မြို့စားကြီးရော့စတော့ဗ်ကား ရယ်မောလျက် "ကဲ ဖယ်ကြဦးဗျာတို့ ဖယ်ကြဦးဗျာတို့"ဟု တဖွဖွပြောရင်း ရှေ့မှလူများကို အတင်းတိုးထွက်ကာ ဧည့်သည်တော်များအား ခေါ်ဆောင်လာခဲ့ပြီးနောက် ခန်းမဆောင်အလယ်ရှိ ထိုင်ခုံများပေါ်တွင် နေရာချပေးလျက် ရှိ၏။ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်များကား ဧည့်သည်တော်များ အနီးတွင် ဝိုင်းအုံလျက် ရှိလေပြီ။ မြို့စားကြီးရော့စတော့ဗ်မှာ လူအုပ်ကြားထဲမှ တိုးထွက်လာပြန်ကာ ဧည့်ခန်းဆောင်အပြင်ဘက်သို့ ထွက်သွားပြန်သည်။ တစ်မိနစ်အကြာတွင် ကလပ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ယောက်နှင့်အတူ ပြန်ဝင်လာပြန်ကာ လက်ထဲတွင် ပါလာသည့် ငွေကလပ်ကို မင်းသားကြီး ဘာဂရေးရှင်းလက်သို့ အပ်လိုက်၏။ ငွေကလပ်ပေါ်၌ကား မင်းသားကြီးဘာဂရေးရှင်းအား ချီးကျူးဂုဏ်ပြုသည့် မင်္ဂလာဩဘာစာတမ်းတင်ထားလေသည်။ မင်းသား ကြီးဘာဂရေးရှင်းသည် ငွေကလပ်ကြီးကို မြင်လိုက်သည်နှင့် "ရောင်းရင်းကြီးတို့ ကျုပ်ကို မကယ်နိုင်တော့ဘူးလား" ဟုဆိုသကဲ့သို့ ဘေးပတ်ဝန်းကျင်ကို စိတ်ပျက်လက်ပျက်ဖြင့် လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ပရိသတ်ထဲ၌ မိမိကိုကယ်မည့်သူ တစ်ယောက်မျှ မတွေ့ရရုံမျှမက ၎င်းတို့၏ မျက်လုံးများသည် ငွေကလပ်ကို လက်ခံရန် မင်းသားကြီးဘာဂရေးရှင်းကို တိုက်တွန်းလျက်ရှိကြ၏။ ထို့ကြောင့် မင်းသားကြီးဘာဂရေးရှင်းမှာလည်း မနေသာတော့ဘဲ စိတ်နှလုံး ဒုန်းဒုန်းချလိုက်ရကာ ငွေကလပ်ကို လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်ပြီး ငွေကလပ်ဆက်သည့် မြို့စားကြီး ရော့စတော့ဗ်ကို မကျေနပ်သည့် မျက်နှာထားဖြင့် ခပ်ထန်ထန်ကြည့်လိုက်သည်။ ဤတွင် တစ်ယောက်က အလိုက်သိစွာဖြင့် ငွေကလပ်ကို လှမ်းယူပြီးနောက် (အကယ်၍ အလိုက်တသိ လှမ်းယူမည့်သူမရှိခဲ့လျှင် မင်းသားကြီး ဘာဂရေးရှင်းမှာ တစ်ညနေလုံး ငွေကလပ်ကြီးတကိုင်ကိုင်ဖြင့် ရှိနေတော့မည်ဖြစ်ပြီး ထမင်းပွဲသွားလျှင်ပင် ငွေကလပ်ကြီး ကိုင်သွားရတော့မည့်ပုံ ဖြစ်နေသည်။) ဩဘာစာတမ်းကိစ္စကို စကားလွှဲ၍ ပြောလိုက်သည်။ ဤတွင်လည်း မင်းသားကြီး ဘာဂရေးရှင်းသည် 'ဒါကြီးကို ဖတ်နေဦးမှာလားဗျ'ဟူသော စိတ်ညစ်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ကာ ပင်ပန်းနွမ်းနယ်သော မျက်လုံးများဖြင့် စာတမ်းကို အားစိုက်ဖတ်လျက်ရှိသည်။ ဤတွင် ဩဘာစာတမ်းရေးသူ ကိုယ်တိုင်က စာရွက်ကို လှမ်းယူလိုက်ပြီး ဖတ်ပြသည့်အတွက် မင်းသားကြီး ဘာဂရေးရှင်းမှာ ခေါင်းငုံ့၍ နားထောင်နေရပြန်သည်။ (ဩဘာစာမှာလည်း များစွာ ညံ့ဖျင်းလှသည်။)

"အလက်ဇန်းဒရား၊ မင်းမြတ်စွာ၏
သမ္မာရင့်ဖြိုး၊ ဘုန်းတန်ခိုးလည်း
မိုးသို့လျှံတက်၊ ထိန်ထိန်လက်၏။
ဖက်ပြိုင်လာသူ၊ တွေ့ကြုံမူတွင်
လျှံဆူထိန်ပြင်း၊ ခြင်္သေ့မင်းသို့။
ပြည်တွင်း၌ကား၊ ပြည်သူများအား
ကြည်ဖြူသနား၊ ရင်ဝယ်သားသို့
တရားအညီ၊ ကျင့်တတ်သည်တည့်။
သူပုန်သူကန်၊ နပိုလီယန်လည်း
အံတုဘက်ကင်း၊ ဘာဂရေးရှင်းနှင့်
ရှောင်ကွင်းမရှေ့၊ ရင်ဆိုင်တွေ့သော်
မူးမေ့မတတ်၊ ကြောက်လွန်းလတ်သည်
နောက်ထပ် မတွေ့ရဲတကား"

ဩဘာစာရေးသူကိုယ်တိုင် ဩဘာစာကိုဖတ်၍ မဆုံးမီတွင် အသံဩဇာနှင့် ပြည့်စုံသော စားတော်ကဲမှူးကြီးက ညစာစားပွဲအဆင်သင့် ဖြစ်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ထမင်းစားခန်းမဆောင်တံခါးသည် ပွင့်လာ၍ ပိုလိုနေဆီ သီချင်းခံကြီးတစ်ပုဒ် သီဆိုတီးမှုတ်သံသည် ဟိန်း၍ ထွက်ပေါ်လာ၏။

"တိုက်ပွဲဟူသမျှ၊ အနိုင်ရ၍
ရရှားတို့ဘုန်း၊ မိုးသို့ချွန်းသော်"

မြို့စားကြီး ရော့စတော့ဗ်သည် ဩဘာစာဆက်ဖတ်လျက်ရှိသူကို ဒေါသအမျက်ထွက်လျက် ကြည့်လိုက်ပြီးနောက် မင်းသားကြီးဘာဂရေးရှင်းအား ဦးညွှတ်၍ ဖိတ်မန္တက ပြုလိုက်၏။ ဤတွင် ကျန်ပရိသတ်များကလည်း ဩဘာစာထက် ညစာစားပွဲက အရေးကြီးသည်ဟူသောဟန်မျိုးဖြင့် ထိုင်ရာမှထလိုက်ကြလေရာ မင်းသားကြီး ဘာဂရေးရှင်းသည် ဧည့်သည်တော်များကို ခေါင်း


www.burmeseclassic.com

ခေါ်ဆောင်လာခဲ့ကြလေသည်။ ပရိသတ်များမှာ တံခါးဝတွင် စုပြုံတိုးဝှေ့ကာ မင်းသားကြီးဘာဂရေးရှင်းအား အလွန် အမျိုးရှားပါးလှသော တိရစ္ဆာန်တစ်ကောင်ကို ကြည့်သည့်နှယ် ဝိုင်းအုံလျက်ရှိလေရာ ဧည့်ခန်းဆောင်ထဲ အဝတွင် တစ်ဆို့လျက်ရှိလေသည်။ မြို့စားကြီးရော့စတော့ဗ်ကား ရယ်မောလျက် "ကဲ ဖယ်ကြဦးဗျာတို့ ဖယ်ကြဦးဗျာတို့"ဟု တဖွဖွပြောရင်း ရှေ့မှလူများကို အတင်းတိုးထွက်ကာ ဧည့်သည်တော်များအား ခေါ်ဆောင်လာခဲ့ပြီးနောက် ခန်းမဆောင်အလယ်ရှိ ထိုင်ခုံများပေါ်တွင် နေရာချပေးလျက် ရှိ၏။ ထိတ်ထိတ်ကြ ပုဂ္ဂိုလ်များကား ဧည့်သည်တော်များ အနီးတွင် ဝိုင်းအုံလျက် ရှိလေပြီ။ မြို့စားကြီးရော့စတော့ဗ်မှာ လူအုပ်ကြားထဲမှ တိုးထွက်လာပြန်ကာ ဧည့်ခန်းဆောင်အပြင်ဘက်သို့ ထွက်သွားပြန်သည်။ တစ်မိနစ်အကြာတွင် ကလပ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ယောက်နှင့်အတူ ပြန်ဝင်လာပြန်ကာ လက်ထဲတွင် ပါလာသည့် ငွေကလပ်ကို မင်းသားကြီး ဘာဂရေးရှင်းလက်သို့ အပ်လိုက်၏။ ငွေကလပ်ပေါ်၌ကား မင်းသားကြီးဘာဂရေးရှင်းအား ချီးကျူးဂုဏ်ပြုသည့် မင်္ဂလာသြဘာစာတမ်းတင်ထားလေသည်။ မင်းသား ကြီးဘာဂရေးရှင်းသည် ငွေကလပ်ကြီးကို မြင်လိုက်သည်နှင့် "ရောင်းရင်းကြီးတို့ ကျုပ်ကို မကယ်နိုင်တော့ဘူးလား" ဟုဆိုသကဲ့သို့ ဘေးပတ်ဝန်းကျင်ကို စိတ်ပျက်လက်ပျက်ဖြင့် လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ပရိသတ်ထဲ၌ မိမိကိုကယ်မည့်သူ တစ်ယောက်မျှ မတွေ့ရရုံမျှမက ၎င်းတို့၏ မျက်လုံးများသည် ငွေကလပ်ကို လက်ခံရန် မင်းသားကြီးဘာဂရေးရှင်းကို တိုက်တွန်းလျက်ရှိကြ၏။ ထို့ကြောင့် မင်းသားကြီး ဘာဂရေးရှင်းမှာလည်း မနေသာတော့ဘဲ စိတ်နှလုံး ဒုန်းဒုန်းချလိုက်ရကာ ငွေကလပ်ကို လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်ပြီး ငွေကလပ်ဆက်သည့် မြို့စားကြီး ရော့စတော့ဗ်ကို မကျေနပ်သည့် မျက်နှာထားဖြင့် ခပ်ထန်ထန်ကြည့်လိုက်သည်။ ဤတွင် တစ်ယောက်က အလိုက်သိစွာဖြင့် ငွေကလပ်ကို လှမ်းယူပြီးနောက် (အကယ်၍ အလိုက်တသိ လှမ်းယူမည့်သူမရှိခဲ့လျှင် မင်းသားကြီး ဘာဂရေးရှင်းမှာ တစ်ညနေလုံး ငွေကလပ်ကြီးတကိုင်ကိုင်ဖြင့် ရှိနေတော့မည် ဖြစ်ပြီး ထမင်းပွဲသွားလျှင်ပင် ငွေကလပ်ကြီး ကိုင်သွားရတော့မည့်ပုံ ဖြစ်နေသည်။) သြဘာစာတမ်းကိစ္စကို စကားလွှဲ၍ ပြောလိုက်သည်။ ဤတွင်လည်း မင်းသားကြီး ဘာဂရေးရှင်းသည် 'ဒါကြီးကို ဖတ်နေဦးမှာလားဗျ'ဟူသော စိတ်ညစ်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ကာ ပင်ပန်းနွမ်းနယ်သော မျက်လုံးများဖြင့် စာတမ်းကို အားစိုက်ဖတ်လျက်ရှိသည်။ ဤတွင် သြဘာစာတမ်းရေးသူ ကိုယ်တိုင်က စာရွက်ကို လှမ်းယူလိုက်ပြီး ဖတ်ပြသည့်အတွက် မင်းသားကြီး ဘာဂရေးရှင်းမှာ ခေါင်းငုံ့၍ နားထောင်နေရပြန်သည်။ (သြဘာစာမှာလည်း များစွာ ညံ့ဖျင်းလှသည်။)

"အလက်ဇန်းဒရား၊ မင်းမြတ်စွာ၏
သမ္မာရင့်ဖြိုး၊ ဘုန်းတန်ခိုးလည်း
မိုးသို့လျှံတက်၊ ထိန်ထိန်လက်၏။
ဖက်ပြိုင်လာသူ၊ တွေ့ကြုံမူတွင်
လျှံဆူထိန်ပြင်း၊ ခြင်္သေ့မင်းသို့။
ပြည်တွင်း၌ကား၊ ပြည်သူများအား
ကြည်ဖြူသနား၊ ရင်ဝယ်သားသို့
တရားအညီ၊ ကျင့်တတ်သည်တည့်။
သူပုန်သူကန်၊ နပိုလီယန်လည်း
အံ့တုဘက်ကင်း၊ ဘာဂရေးရှင်းနှင့်
ရှောင်ကွင်းမရှေ့၊ ရင်ဆိုင်တွေ့သော်
မှူးမေ့မတတ်၊ ကြောက်လွန်းလတ်သည်
နောက်ထပ် မတွေ့ရဲတကား"

သြဘာစာရေးသူကိုယ်တိုင် သြဘာစာကိုဖတ်၍ မဆုံးမီတွင် အသံသြဇာနှင့် ပြည့်စုံသော စားတော်ကဲမှူးကြီးက ညစာစားပွဲအဆင်သင့် ဖြစ်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ထမင်းစားခန်းမဆောင်တံခါးသည် ပွင့်လာ၍ ပိုလိုနေဆီ သီချင်းခံကြီးတစ်ပုဒ် သီဆိုတီးမှုတ်သံသည် ဟိန်း၍ ထွက်ပေါ်လာ၏။

"တိုက်ပွဲဟူသမျှ၊ အနိုင်ရ၍
ရှုရှားတို့ဘုန်း၊ မိုးသို့ချွန်းသော်"

မြို့စားကြီး ရော့စတော့ဗ်သည် သြဘာစာဆက်ဖတ်လျက်ရှိသူကို ဒေါသအမျက်ထွက်လျက် ကြည့်လိုက်ပြီးနောက် မင်းသားကြီးဘာဂရေးရှင်းအား ဦးညွှတ်၍ ဖိတ်မန္တက ပြုလိုက်၏။ ဤတွင် ကျန်ပရိသတ်များကလည်း သြဘာစာထက် ညစာစားပွဲက အရေးကြီးသည် ဟူသောဟန်မျိုးဖြင့် ထိုင်ရာမှထလိုက်ကြလေရာ မင်းသားကြီး ဘာဂရေးရှင်းသည် ဧည့်သည်တော်များကို ခေါင်း



www.burmeseclassic.com

ဆောင်လျက် ထမင်းစားခန်းဆောင်သို့ ဝင်ရောက်လာခဲ့လေသည်။ မင်းသားကြီး ဘာဂရေးရှင်းအား အလက်ဇန်းဒရား ဘက်လီရက်နှင့် အလက်ဇန်းဒရား နရီရှကင်တို့ကြား ရှိ အထူးသီးသန့်နေရာတွင် နေရာချထားလိုက်၏။ ကျန်ဧည့်သည်တော်သုံးရာသည်လည်း မိမိတို့ အဆင့်အတန်း၊ မိမိတို့၏ ရာထူးအလိုက် အသီးသီး နေရာယူလိုက်ကြသည်။ မြေအနိမ့်ဆုံးနေရာ၌ ရေသည်အနက်ဆုံးဖြစ်သကဲ့သို့ အထူးဧည့်သည်တော်မင်းသားကြီး ဘာဂရေးရှင်း၏ အနီး၌လည်း အရေးကြီးသော ပုဂ္ဂိုလ်များသည် စုပြုံလျက် ရှိကြလေသည်။

ညစာစားပွဲမစမီတွင် မြို့စားကြီးရော့စတော့ဗ်သည် မိမိ၏သား နီကိုလေအား မင်းသားကြီးဘာဂရေးရှင်းရှေ့မှောက်သို့ ခေါ်လာပြီး မိတ်ဆက်ပေးလိုက်သည်။ မင်းသားကြီး ဘာဂရေးရှင်းသည် နီကိုလေကို ကောင်းစွာမှတ်မိလျက် စကားတစ်ခွန်းနှစ်ခွန်း ပြောဆိုလျက်ရှိသည်။ သို့ရာတွင် ဤသို့သော အပေါ်ယံစကားမျိုးကို တစ်နေ့လုံး ပြောလာရသည့်အတွက် စိတ်ပျက်လျက်ရှိလေပြီ။ မြို့စားကြီး ရော့စတော့ဗ်ကား မင်းသားကြီးဘာဂရေးရှင်းနှင့် သားနီကိုလေတို့ စကားပြောနေချိန်တွင် များစွာပီတိဖြစ်ကာ ဂုဏ်ယူကြွားဝါလိုသော မျက်နှာထားဖြင့် ဘေးပတ်ဝန်းကျင်ကို ခပ်မော့မော့ လှမ်းမျှော်ကြည့်လျက် ရှိလေသည်။

နီကိုလေသည် ဒင်နီဆော့ဗ်၊ မိမိ၏ ရောင်းရင်းသစ် ဒိုလိုကော့ဗ်တို့နှင့်အတူ စားပွဲအလယ်လောက်တွင် ထိုင်လျက်ရှိ၏။ မျက်နှာချင်းဆိုင်တွင် ပီယာနှင့် နက်ဗစ်စကီတို့ ထိုင်နေကြလေသည်။ မြို့စားကြီးရော့စတော့ဗ်နှင့် 'အင်္ဂလိပ်ကလပ်'အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်လူကြီးများမှာ ဧည့်သည်တော်ကြီးများအား သောင်းသောင်းဖြဖြဂုဏ်ပြုသည့် မော်စကိုတစ်မြို့လုံး၏ ဧည့်ဝတ်ကျေပွန်မှုကို ဖော်ပြသော ကိုယ်စားလှယ်တော်ကြီးများအဖြစ် မင်းသားကြီး ဘာဂရေးရှင်းနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လျက်ရှိလေ၏။

မြို့စားကြီးရော့စတော့ဗ်မှာ ညစာစားပွဲကြီး ခမ်းနားသိုက်မြိုက်ရေးအတွက် ပင်ပင်ပန်းပန်း ကြိုးစားခဲ့လေရာ ပင်ပန်းရကျိုးနပ်ပါပေသည်ဟု ဆိုရမည်ဖြစ်၏။ ညစာစားပွဲမှာ အချိုပွဲ၊ အချဉ်ပွဲ၊ အပူပွဲ၊ အအေးပွဲစသည်တို့ အားလုံးဆိုစရာ မရှိလောက်အောင် ပြည့်စုံလှသော်လည်း မြို့စားကြီးရော့စတော့ဗ်မှာမူ ထမင်းစားပွဲမပြီးမချင်း စိတ်မအေးနိုင်ဘဲ ဖြစ်လျက်ရှိ၏။ မြို့စားကြီးရော့စတော့ဗ်သည် စားပွဲထိုးကို မျက်စိမှိတ်အချက်ပေးခြင်းဖြင့်လည်းကောင်း၊ အဆောင်ကိုင်များအား တီးတိုးညွှန်ကြားခြင်းဖြင့် လည်းကောင်း အလုပ်များလျက်ရှိပြီး ပွဲသစ်တစ်ပွဲလာချတိုင်းလည်း ကောင်းမှကောင်းပါ့မလားဟု စိတ်ထဲက တထင့်ထင့်ဖြစ်လျက်ရှိ၏။ ပွဲများအားလုံးပင် ကောင်းမွန်ကြပါပေသည်။ ဒုတိယပွဲမှာ ငါးချိုချဉ်ပွဲဖြစ်၏။ (နီကိုလေမှာ မြင်ရုံမျှနှင့်ပင် စားချင်လျက်ရှိလေပြီ။) အဆောင်ကိုင်များကလည်း ပုလင်းများကို ဖောက်ကာ အရက်ချိုများကို ဖန်ခွက်များတွင် လိုက်၍ထည့်ပေးနေကြ၏။ ငါးချိုချဉ်ပွဲပြီးသည့်နောက်တွင် မြို့စားကြီးရော့စတော့ဗ်သည် ကလပ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများကို လှမ်းကြည့်လိုက်သည်။ "ခွက်မြှောက်ဆုတောင်းတာတွေ ဘာတွေ လာဦးမှာနဲ့ဆိုရင် သိပ်နောက်ကျနေလိမ့်မယ်ဗျ၊ စကြစို့လား"ဟု ခပ်တိုးတိုးပြောလိုက်ပြီး ဖန်ခွက်ကိုကောက်ကိုင်လိုက်၍ မတ်တတ်ရပ်လိုက်၏။ ဧည့်သည်တော်အားလုံးမှာ မြို့စားကြီး ရော့စတော့ဗ်၏စကားကို နားစွင့်လျက် ရှိကြလေသည်။

"ကျွန်ုပ်တို့၏ အရှင်သခင်ဘုန်းတော်ကြီးသော ဧကရာဇ်ဘုရင်မင်းမြတ် ကျန်းခံ့သာတော်မူပါစေ"ဟု မြို့စားကြီး ရော့စတော့ဗ်က ဆုတောင်းလိုက်၏။ မြို့စားကြီးမှာ စိတ်အားထက်သန်ကာ ပျော်ရွှင်လျက်ရှိလေရာ မျက်လုံးတွင် မျက်ရည်များပင် ရစ်ဝဲလျက်ရှိသည်။ တီးဝိုင်းမှ တိုက်ပွဲဟူသမျှ အနိုင်ရ၍ ရုရှားတို့ဘုန်း မိုးသို့ချွန်းသော်ဟူသော တေးသွားကို တီးလိုက်သည့်အခါ၌ အားလုံးမတ်တတ်ရပ်ကာ "ဟူးရေး"ဟု ကောင်းချီးပေးကြွေးကြော်ခြင်း ပြုကြ၏။ မင်းသားကြီး ဘာဂရေးရှင်းကလည်း မတ်တတ်ရပ်ကာ ရှန်ဂရာဘန်စစ်မြေပြင်တွင် အော်စဉ်ကအသံမျိုးဖြင့် "ဟူးရေး"ဟု ကြွေးကြော်လိုက်သည်။ နီကိုလေ၏အသံကား အခြားဧည့်ပရိသတ်သုံးရာတို့၏ အသံထက် ကျယ်လောင်လျက်ရှိကာ ၎င်း၏ မျက်လုံး၌လည်း မျက်ရည်များဝဲလျက် ရှိပေသည်။ "ကျွန်ုပ်တို့၏ အရှင်သခင် ဧကရာဇ်ဘုရင်မင်းမြတ် ကျန်းခံ့သာတော်မူပါစေ" ဟု အသံကုန်အော်လိုက်ပြီးနောက် နီကိုလေသည် အရက်ချိုကို တစ်ကျိုက်တည်း မော့သောက်လိုက်ကာ ဖန်ခွက်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်၏။ အခြားဧည့်သည်များက



www.burmeseclassic.com

လည်း ၎င်းနည်းတူလိုက်၍လုပ်ကာ အတန်ကြာမျှ ကောင်းချီးသြဘာပေး ကြွေးကြော်လျက် ရှိကြလေသည်။ အသံများစဲသွား၍ အဆောင်ကိုင်များက ဖန်ခွက်ကွဲများကို ကောက်ယူသွားကြသည့်အခါကျတော့မှ အားလုံးပြန်ထိုင်ကြကာ အပြုံးကိုယ်စီဖြင့် အချင်းချင်း ဝေဖန်ပြောဆိုလျက် ရှိကြလေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် နောက်တစ်ကြိမ်ထပြန်ကာ မိမိ၏ပန်းကန်ရှေ့တွင်ရှိသော စာရွက်တစ်ရွက်ကို လှမ်းကြည့်လိုက်ပြီး ခွက်မြှောက်၍ ဆုတောင်းပြန်သည်။ "ကျွန်ုပ်တို့ နောက်ဆုံးတိုက်ပွဲ၏ သူရဲကောင်းကြီး မင်းသားကြီးအီဗန် နီဗစ်ဘာဂရေးရှင်း ကျန်းခံ့သာတော်မူပါစေ"ဟု ဆိုလိုက်သည်။ ဤတစ်ကြိမ်တွင်လည်း ၎င်း၏ပြာလဲ့သော မျက်လုံးတွင် မျက်ရည်တွေဝဲလာပြန်၏။ အသံပေါင်းသုံးရာတို့ကလည်း သံပြိုင်ကောင်းချီးသြဘာပေးကြပြန်သည်။ ဤတစ်ကြိမ်တွင်မူ တီးဝိုင်းမှ သီဆိုတီးမှုတ်ခြင်းမပြုတော့ဘဲ အဆိုကျော်များက နာမည်ကျော် တေးချင်းဆရာကူတူဇော့ဗ် (ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မဟုတ်) အထူးစပ်ဆိုထားသည့် တေးချင်းတစ်ပုဒ်ကို သီဆိုလေသည်။

"ငါတို့ ရုရှားများသည်
အတားအဆီးများကို ကျော်လွှားခဲ့သည်။
ရဲရင့်ခြင်းသည် အောင်ပွဲကိုရစေသည်။
ငါတို့တွင် ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းရှိသည်။
ရန်သူတို့က ဒူးတုပ်ဝပ်တွားကြရမည်"

သီချင်းဆုံးသွားသည့်တွင် တစ်ယောက်ပြီးတစ်ယောက် ခွက်မြှောက်ဆုတောင်းခြင်းပြု၏။ မြို့စားကြီး ရော့စတော့ဗ်မှာ တစ်စထက်တစ်စ လှုပ်ရှားတက်ကြွစပြုလာလေပြီ။ ဖန်ခွက်ကွဲများမှာလည်း ကြမ်းပြင်တွင်များသည်ထက်များခဲ့လေပြီ။ ကောင်းချီးသြဘာပေးသံများလည်း ပိုမိုကျယ်လောင်လာခဲ့ကြလေပြီ။ ဘက်လီရှက်၊ နရီရှကင်၊ အူဗာရော့၊ ဒိုဂိုရူးကော့၊ အက်ပရာဆင်၊ ဗာလူယက်နှင့်တကွ ကလပ်အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများ၊ ကလပ်ဝင်များ၊ ကလပ်၏ ဧည့်သည်တော်များကို ဆုတောင်း၍ သောက်ကြပြီး နောက်ဆုံးတွင် ညစာစားပွဲကြီးကို စီမံဆောင်ရွက်သူ မြို့စားကြီးရော့ စတော့ဗ်အတွက်လည်း သီးသန့်ဆုတောင်း၍ အရက်သောက်ကြလေသည်။ မိမိအတွက် သီးသန့်၍ ခွက်မြှောက် ဆုတောင်းသည့်အခါတွင်မူကား မြို့စားကြီး ရော့စတော့ဗ်မှာ ပီတိသောမနဿဖြစ်လွန်းသည့်အတွက် ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာကိုအုပ်ကာ ငိုကြွေးခြင်းပြုလေသတည်း။

## အခန်း ၄

ပီယာသည် ဒိုလိုကော့ဗ်နှင့် နီကိုလေတို့၏ မျက်နှာချင်းဆိုင်တွင် ထိုင်လျက်ရှိ၏။ ခါတိုင်းကဲ့သို့ပင် ပီယာသည် များများသောက်၍ များများစားလေသည်။ သို့ရာတွင် ရင်းနှီးသော မိတ်ဆွေရောင်းရင်းများကမူကား ယနေ့၌ အပြောင်းလွဲကြီး ပြောင်းလဲလျက်ရှိသော ပီယာကို သတိထားလိုက်မိကြသည်။ ပီယာသည် တစ်ချိန်လုံး စကားတစ်ခွန်းမျှမပြောဘဲ ထိုမှဤမှ ကြည့်လျက်ရှိ၏။ တစ်ခါတစ်ခါတွင် မျက်လုံး ပေကလပ်ပေကလပ် ဖြစ်လျက်၊ တစ်ခါတစ်ခါတွင်လည်း မျက်မှောင်ကုတ်လျက် တစ်ခါတစ်ခါတွင်မူကား တစ်နေရာတည်းကို ငေးစိုက်လျက် ပတ်ဝန်းကျင်လောကကြီးကို သတိမေ့လျော့ နေသူကဲ့သို့ သူ့နှာခေါင်းရိုးကို ပွတ်လျက်ရှိလေသည်။ ပီယာ၏ မျက်နှာမှာ ရွှင်လန်းခြင်းမရှိ၊ သုန်မှုန်လျက်ရှိ၏။ ပီယာသည် မိမိပတ်ဝန်းကျင်တွင်ရှိနေသော အရာများကိုလည်း မြင်ဟန်မရှိ။ ၎င်း၏အမူအရာမှာ စိတ်ပျက်ဝမ်းနည်းစရာကောင်း၍ ဖြေရှင်းခြင်းမပြုနိုင်သော ပြဿနာကြီးတစ်ရပ်ကို တွေးတောစဉ်းစားလျက် ရှိသည့်အမူအရာမျိုး ဖြစ်လေသည်။

ပီယာအား ဖိစီးနှိပ်စက်လျက်ရှိ၍ ဖြေရှင်းမရအောင် ဖြစ်လျက်ရှိသော ပြဿနာကြီးမှာ အခြားမဟုတ်ချေ။ မိမိ၏ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနှင့် ဒိုလိုကော့ဗ်တို့ ရည်ငံနေသည့်ကိစ္စကြီး ဖြစ်လေသည်။ ယနေ့နံနက်တွင် ပြောဆိုလိုက်သော ပီယာ၏ ဝမ်းကွဲအစ်မတော် ပထမမင်းသမီးကြီး၏ စကားရိပ်များနှင့် ယနေ့နံနက်ရရှိသော ပစ်စာတစ်စောင်ကလည်း ထိုအချက်ကို စောင်းပါးရိပ်ခြည် ညွှန်ပြလျက်ရှိလေသည်။ ထိုပစ်စာထဲ၌ ပီယာ၏ကြင်ရာတော် ဟယ်လင်မင်းသမီး ကလေးနှင့် ဒိုလိုကော့ဗ်တို့ကိစ္စမှာ ပီယာတစ်ဦးမှအပ အခြားသူများအတွက် လျှို့ဝှက်ချက် မဟုတ်တော့ကြောင်း၊ ပီယာမှာ မျက်မှန်ကြီးတပ်ထားခြင်းကြောင့် ဤကိစ္စကို ကောင်းစွာ



www.burmeseclassic.com

မမြင်ခြင်း ဖြစ်ဟန်တူကြောင်းဖြင့် ပစ်စာတို့ ထုံးစံအတိုင်း ခပ်လျောင်လျောင် ရေးထားလေသည်။

ပီယာသည် ပထမ မင်းသမီးကြီး၏ စကားရိပ်များနှင့်တကွ ပစ်စာကို အယုံအကြည်မရှိလှသော်လည်း မိမိနှင့် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိသော ဒိုလိုကော့ဗ်ကိုမူ မကြည့်ရဲအောင် ဖြစ်လျက်ရှိလေသည်။ ဒိုလိုကော့ဗ်၏ လှပ၍ စူးရှတောက်ပြောင်သော မျက်လုံးများနှင့် သွား၍ ဆိုင်မိတိုင်း ပီယာသည် မိမိဝိညာဉ်အတွင်းမှ ကြောက်စရာသတ္တဝါကြီးတစ်ကောင် လူးလွန့်လှုပ်ရှားလာသည်ဟု ထင်မှတ်မိကာ မျက်လုံးများကို တခြားသို့သာ လွှဲပစ်တတ်သည်။ မိမိ၏ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ အတိတ်ဇာတ်ကြောင်းနှင့်တကွ ကြင်ရာတော်နှင့် ဒိုလိုကော့ဗ်တို့ ဆက်ဆံပုံ ရင်းနှီးခြင်းကို တွေးမိပြန်သည့်အခါတွင်မူကား ပစ်စာထဲကအတိုင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု လည်းကောင်း၊ အကယ်၍ မိမိ၏ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ဘက်က မဖောက်ပြားသည့်တိုင် ဒိုလိုကော့ဗ်ဘက်ကမူ ဟုတ်လောက်သည်ဟု လည်းကောင်း တွေးလိုက်မိသည်။ ဤသို့ စဉ်းစားလိုက်မိတိုင်း၌ ဩစတားလစ်တိုက်ပွဲပြီး၍ ဒိုလိုကော့ဗ်ရာထူး ပြန်တက်ပြီး ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်လာကာ မိမိထံ အလည်ရောက်လာပုံတို့ကို အမှတ်ရလာသည်။ ရာထူးတက်လာသော ဗိုလ်ကလေးတစ်ယောက်အနေဖြင့် ပီယာနှင့် အနည်းငယ်ရင်းနှီးလာသောအခါ ဒိုလိုကော့ဗ်သည် မိမိ၏ စံအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လာရောက်တည်းခိုပုံ၊ ထိုအခါ ပီယာကလည်း ဒိုလိုကော့ဗ်အား အိမ်တွင် ကောင်းစွာဧည့်ခံပြုစုကာ ငွေကြေးလိုလျှင်လည်း ငွေကြေးကအစ ချေးငှားခဲ့ပုံတို့ကို ပီယာမြင်ယောင်လာသည်။ ထိုစဉ်က ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးက မိမိတို့စံအိမ်သို့ ဒိုလိုကော့ဗ် လာရောက် တည်းခိုခြင်းကို မကျေနပ်ကြောင်း ပြုံးပြုံးရွှင်ရွှင်နှင့် ကန့်ကွက်ခဲ့သေးပုံ၊ ဒိုလိုကော့ဗ်က ပြောင်သလို နောက်သလိုနှင့် မိမိအား ကြင်ရာတော် မင်းသမီးကလေး၏ အလှကို ချီးကျူးပြပုံ၊ ထိုအချိန်မှစ၍ မိမိတို့ မော်စကိုသို့ ထွက်ခွာလာသည်အထိ ဒိုလိုကော့ဗ်မှာ မိမိတို့ စံအိမ်မှာတွင်သာ အချိန်ကုန်တတ်ပုံတို့ကို သတိရလာလေသည်။

'အင်း လူကလဲ ချောပေသကိုး'ဟု ပီယာတွေးမိသည်။ 'ဟုတ်မှာပါ၊ ဒီလူဟာ သူများမယားလဲ ရှောင်မယ့်လူမျိုး မဟုတ်ပါဘူး၊ အထူးသဖြင့် ငါ့ကို နာမည်ဖျက်ပြီး လူရယ်စရာသတ္တဝါဖြစ်အောင် လုပ်ရတာကို တော်တော်အရသာတွေ့နေပုံရတယ်၊ အေးလေ ငါကလဲ သူ့ကို မိတ်ဆွေရောင်းရင်းလို သဘောထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံမိပေသကိုး၊ ငါ့ကိုလဲ လိမ်သေးတယ်၊ လိမ်ရုံနဲ့ အားမရဘဲ ငါ့မယားကိုလဲ ကြာခိုသေးတယ်ဆိုတော့ လွန်လွန်းပြီထင်တယ်၊ အို ကြားရတဲ့သတင်းကလဲ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ငါတော့ မယုံသေးဘူး၊ ယုံစရာလဲ အကြောင်းမရှိသေးဘူး၊ ယုံလဲ မယုံနိုင်သေးဘူး'

ပီယာသည် ဤကဲ့သို့တွေးရင်း ဒိုလိုကော့ဗ်၏ ရက်စက်ကြမ်းကြုတ်တတ်သော အမူအကျင့်များကို အမှတ်ရလာပြန်သည်။ နေပြည်တော် ရဲအမှုထမ်းတစ်ဦးအား ဝက်ဝံနှင့်ပူး၍ ချည်ကာ ကျုံးထဲသို့ပစ်ချခဲ့ပုံ၊ လူတစ်ယောက်အား အကြောင်းမဲ့သက်သက် နှစ်ယောက်ချင်း သတ်ရန် ချိန်းဆိုခဲ့ပုံ၊ မြင်းထောက်ချောပို့တပ်သားတစ်ယောက်၏ မြင်းကို သေနတ်နှင့်ပစ်သတ်ခဲ့ပုံ စသည်တို့နှင့်တကွ စိတ်ခက်ထန် ကြမ်းကြုတ်လျက်ရှိစဉ်တွင် ဒိုလိုကော့ဗ်၏ မျက်နှာပေါ်၌ ပေါ်လာလေ့ရှိသော ထိုအသွင်သဏ္ဍာန်မျိုးကို မြင်ယောင်လာလေသည်။ မိမိအား ကြည့်လျက်ရှိစဉ်တွင် အသွင်သဏ္ဍာန်တစ်မျိုးသည် ဒိုလိုကော့ဗ်၏ မျက်နှာပေါ်တွင် အထင်းသားပေါ်လျက်ရှိခြင်းကို ပီယာ သတိထားမိ၏။

'လူကတော့ တော်တော် ညစ်ကျယ်ကျယ်လုပ်မယ့်လူပဲ၊ လူတစ်ယောက်ကို သတ်ဖို့လဲ ဘာမှဝန်လေးပုံမရဘူး၊ သူ့ကို အားလုံးကကြောက်တယ်လို့ထင်ပြီး တော်တော် ကျေနပ်နေပုံရတယ်၊ ငါ့ကိုလဲ သူ့ကိုကြောက်တဲ့ လူတစ်ယောက်လို့ ထင်နေပုံရတယ်၊ ဟုတ်တယ်၊ ငါဟာ သူ့ကိုကြောက်နေတယ်'ဟု ပီယာတွေးမိသည်။ ဤသို့ တွေးရင်းကလည်း မိမိ၏ ဝိညာဉ်အတွင်းမှ ကြောက်စရာသတ္တဝါကြီးတစ်ကောင်သည် လူးလွန့်လှုပ်ရှားလာသကဲ့သို့ ခံစားလျက်ရှိသည်။ ဒိုလိုကော့ဗ်၊ ဒင်နီဆော့ဗ်နှင့် နီကိုလေတို့သည် ပီယာ၏ မျက်နှာချင်းဆိုင်တွင် ထိုင်၍ ဆူညံစွာ အော်ဟစ်ရယ်မောကာ နောက်ပြောင်လျက်ရှိကြ၏။ နီကိုလေမှာလည်း ခပ်ရမ်းရမ်း မြင်းတပ်ဗိုလ်ဒင်နီဆော့ဗ်၊ နှစ်ယောက်ချင်း ချိန်းသတ်ပွဲများ၌ ဗိုလ်စွဲသူဟု အများက



www.burmeseclassic.com

အသိအမှတ်ပြုခြင်းခံထားရသည့် ကြာသမား ဒိုလိုကော့ဗ်တို့နှင့် ရယ်မောပြောဆိုလျက်ရှိရင်း ညစာစားပွဲတွင် ကိုယ်လုံးကိုယ်ပေါက်အားဖြင့် ခပ်ထွားထွား၊ အမူအရာအားဖြင့် ဝိုင်တိုင်တိုင်ဖြစ်နေသည့်အတွက် သူတကာနှင့် မတူ တစ်မူထူးခြားနေသော ပီယာအား လှောင်ပြောင်သော အကြည့်မျိုးဖြင့် မကြာခဏ လှမ်းကြည့်လျက်ရှိလေသည်။ နီကိုလေကဲ့သို့သော မြင်းတပ်ဗိုလ်ကလေး၏ မျက်စိထဲ၌ ပီယာသည် မိန်းမချောမိန်းမလှတစ်ဦး၏ ယောကျ်ားဖြစ်ခြင်း၊ ချမ်းသာသော သူကြွယ်တစ်ဦးဖြစ်ခြင်း၊ မိမိတို့ကဲ့သို့ ဖျတ်လတ်လှုပ်ရှားခြင်းမရှိဘဲ အဘွားအိုကြီးဟန်ပေါက်နေခြင်း စသည်တို့ကြောင့်တစ်ကြောင်း၊ မိမိက နှုတ်ဆက်သည့်တိုင် ပီယာက မမှတ်မိဟန်ဖြင့် ပြန်လှန်နှုတ်ဆက်ခြင်းမပြုသည့်အတွက်ကြောင့် တစ်ကြောင်း နီကိုလေသည် ပီယာ့ကို ခပ်လှောင်လှောင် ကြည့်လျက်ရှိ၏။ ဘုန်းတော်ကြီးသောဘုရား၏ ကျန်းမာရေးအတွက် ဆုတောင်းသောက်ကြသည့်အခါ၌လည်း ပီယာသည် ကိုယ့်အတွေးနှင့်ကိုယ် ဝိုင်နေမိသဖြင့် မတ်တတ်လည်း မထမိ။ ဖန်ခွက်ကိုလည်း မကိုင်မိချေ။

"ဗျို့ လူ ဘာဖြစ်နေတာလဲဗျ"နီကိုလေက အချက်ရပြီဆိုသည့်သဘောဖြင့် ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။ "ဘုန်းတော်ကြီးသော ဘုရားရဲ့ကျန်းမာရေးအတွက် ခွက်မြှောက်ဆုတောင်းနေတာကို မကြားဘူးလား"

ပီယာသည် သက်ပြင်းချလိုက်၍ ခပ်ယိုယိုထကာ ဖန်ခွက်ထဲမှအရက်ကို မော့၍ချလိုက်ပြီး အားလုံးပြန်ထိုင်ကြသည်အထိ ရပ်လျက်ရှိရင်း နီကိုလေအား ကြင်နာစွာပြုံး၍ ကြည့်လိုက်သည်။

"အေးဗျာ ကျွန်တော် ခင်ဗျားကိုတောင် ရုတ်တရက် မမှတ်မိဘူး"ဟု ပီယာက လှမ်းပြောလိုက်သည်။ သို့ရာတွင် ထိုအချိန်၌ နီကိုလေမှာ ကောင်းချီးသြဘာပေးလျက်ရှိသဖြင့် ပီယာ၏အသံကို မကြားလိုက်ချေ။

"ဗျို့ နီကိုလေ၊ ခင်ဗျားလူက ဘာဖြစ်လို့ ပြန်ပြီး စကားမပြောတာလဲဗျ"ဒိုလိုကော့ဗ်က နီကိုလေသို့ လှမ်းပြီး ပြောလိုက်၏။

"တော်စမ်းပါ၊ ဒီလူကို စကားထဲထည့်ပြောလို့"

"အံမယ် မလုပ်နဲ့ခင်ဗျ၊ မိန်းမချောချောရတဲ့ လူများကို အလွမ်းသင့်အောင် ပေါင်းတန်ပေါင်းထားရတယ်" ဒင်နီဆော့ဗ်က ပြောလိုက်၏။

ပီယာသည် ၎င်းတို့ပြောနေသံကို မကြားရသော်လည်း မိမိအကြောင်းကို ပြောနေသည်ဟူ၍ကား သိ၏။ ပီယာသည် မျက်နှာနီရဲလာကာ တစ်ဖက်သို့ လွှဲပစ်လိုက်သည်။

"ကဲ ဒီတစ်ခါတော့ ချစ်စရာကောင်းတဲ့ မိန်းမချောမိန်းမလှများရဲ့ ကျန်းမာရေးအတွက် ဆုတောင်းပြီး သောက်ကြဦးစို့ဗျ"ဒိုလိုကော့ဗ်က ခပ်တည်တည်ဖြင့် ပြောလိုက်၏။ သို့ရာတွင် နှုတ်ခမ်းထောင့်တွင်ကား အပြုံးရိပ်ကလေးသန်းလျက်ရှိ၏။ ဒိုလိုကော့ဗ်သည် ပီယာ့ဘက်သို့လှည့်ကာ အရက်ခွက်ကိုမြှောက်လိုက်သည်။ ပီယာသည် မျက်လွှာကို ချလျက် ဒိုလိုကော့ဗ်ကိုလည်း မကြည့်မိ။ မည်သို့မျှလည်း ပြန်ပြောခြင်းမရှိဘဲ ခွက်ထဲကအရက်ကို အကုန်သောက်ချလိုက်၏။ ထိုအခိုက် စာစာက သီချင်းစာရွက်များကို လိုက်လံဝေငှလျက်ရှိသော အဆောင်ကိုင်တစ်ယောက်သည် အထူးဧည့်သည်တော်တစ်ဦးဖြစ်သော ပီယာ့ရှေ့တွင် သီချင်းစာရွက်တစ်ရွက်ကို လာချလေသည်။ ပီယာက စာရွက်ကို ကောက်ယူ၍ ဖတ်မည်အပြုတွင် ဒိုလိုကော့ဗ်သည် သီချင်းစာရွက်ကို ပီယာ့လက်မှ ဖျတ်ခနဲ လုယူလိုက်ပြီးနောက် အသံထွက်ဖတ်နေသည်။ ပီယာသည် ဒိုလိုကော့ဗ်ကို တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီး မျက်လွှာကို ချလိုက်သည်။ တစ်ချိန်လုံး ဖိစီးနှိပ်စက်လျက်ရှိသည့် ကြောက်စရာသတ္တဝါကြီးတစ်ကောင်သည် သူ့ဝိညာဉ်ထဲတွင် လှုပ်ရှားလူးလွန့်၍လာပြန်ပြီ။

"ဟေ့လူ ခင်ဗျား စော်ကားလှချည့်လား ဟင်"

ပီယာသည် ၎င်း၏ ကြီးမားတုတ်ခိုင်သည့် ကိုယ်လုံးကြီးကို စားပွဲပေါ်မှကျော်လျက် ဒိုလိုကော့ဗ်အား လှမ်းပြောလိုက်၏။ ပီယာ၏အော်သံကို ကြားရသဖြင့် ဒိုလိုကော့ဗ်ကို ပြောနေကြောင်းသိသည်တွင် နက်ဗစ်စကီနှင့် လက်ယာဘက်မှ လူတစ်ယောက်သည် ပီယာ့ကို အလန့်တကြား လှမ်းကြည့်လိုက်မိကြသည်။

"ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ"ဟု ထိတ်လန့်ကြောက်ရွံ့လျက်ရှိသော အသံများဖြင့် မေးလိုက်ကြသည်။

ဒိုလိုကော့ဗ်မှာ တောက်ပရွှင်မြူး၍ ရက်စက်ကြမ်းကြုတ်သော မျက်လုံးများဖြင့် ပီယာ့ကို ကြည့်လျက်ရှိပြီး



www.burmeseclassic.com

'စော်ကားတော့ ဘာဖြစ်သလဲ'ဟူသော သဘောဖြင့် မထီမဲ့မြင် ပြုံးလျက်ရှိလေသည်။

"ခင်ဗျားနဲ့ မဆိုင်ပါဘူး" ဟု ဒိုလိုကော့ဗ်က တစ်လုံးချင်း ပြန်ပြောလိုက်သည်။

ပီယာသည် တစ်မျက်နှာလုံး သွေးမရှိတော့သကဲ့သို့ ဖြူရော်သွားကာ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာရင်းက ဒိုလိုကော့ဗ်၏ လက်ထဲမှ စာရွက်ကို လှမ်းယူလိုက်ပြီး

"ခင်ဗျား၊ ခင်ဗျား ဘာလူပါး၀လာတာလဲဟင်လာ ပြိုင်ချကြရအောင်"ပီယာသည် ကုလားထိုင်ကို နောက်သို့တွန်းလိုက်၍ စားပွဲမှထလိုက်သည်။

ပီယာသည် ဤသို့နှစ်ယောက်ချင်းသတ်ရန် 'စိန်' ခေါ်ကာ စားပွဲမှထလိုက်သည့် တစ်ခဏ၌ ယနေ့တစ်နေ့လုံး မိမိ၏စိတ်ထဲတွင် စနိုးစနောင့်ဖြစ်လျက် ရှိသည့် ကြင်ရာတော် မင်းသမီးကလေး၏ ပြဿနာကို လွှဲရှောင်၍မရတော့ဘဲ နောက်ဆုံးဖြေရှင်းရတော့မည်ဟု သိလိုက်လေပြီ။ ပီယာသည် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးအား စက်ဆုပ်ရွံရှာသဖြင့် ခပ်ဖယ်ဖယ်လုပ်နေခဲ့သည်မှာ ကြာလေပြီ။ ဒင်နီဆော့ဗ်က ဤကိစ္စတွင် မိမိမပါဝင်လိုကြောင်း တောင်းတောင်းပန်ပန် ငြင်းသော်လည်း နီကိုလေကမူ ဒိုလိုကော့ဗ်၏ လက်ထောက်လုပ်ရန် သဘောတူလိုက်ပြီးနောက် ညစာစားပွဲအပြီး၌ ချိန်းသတ်ပွဲအတွက် အစီအစဉ်များကို ပီယာ၏လက်ထောက် နက်ဗစ်စကီနှင့် ဆွေးနွေးနေကြလေသည်။ ပီယာသည် အိမ်သို့ အစောကြီး ပြန်လာခဲ့သော်လည်း နီကိုလေ၊ ဒိုလိုကော့ဗ်နှင့် ဒင်နီဆော့ဗ်တို့ကား အင်္ဂလိပ်ကလပ်တွင် ညဉ့်နက်သည်အထိ နေရစ်ခဲ့ကြကာ ဂျစ်ပစီကချေသည်များ၏ သီချင်းများကို နားထောင်၍ ကျန်ရစ်ခဲ့ကြလေသည်။

"ကဲ မနက်ဖြန် ဆိုကိုလ်နီကီတောစပ်မှာ တွေ့ကြတာပေါ့"ဒိုလိုကော့ဗ်က ပြန်ခါနီး၌ အင်္ဂလိပ်ကလပ်၏ ဆင်ဝင်အောက်တွင်ရပ်ရင်း နီကိုလေကို ပြောလိုက်၏။

"ဗျို့ ရောင်းရင်း၊ စိတ်တည်တည်ငြိမ်ငြိမ် ထားဗျနော်" နီကိုလေက ပြောလိုက်သည်။

ဒိုလိုကော့ဗ်က ခေတ္တ တိတ်ဆိတ်နေ၏။ အတန်ကြာမှ

"ဒီမှာ ကိုယ့်လူ၊ နှစ်ယောက်ချင်းချိန်းသတ်တဲ့ပွဲမှာ သေချာပေါက်နိုင်တဲ့နည်းကို စကားလုံး နှစ်လုံးတည်းနဲ့ ပြောပြမယ် မှတ်ထား၊ ချိန်းသတ်ဖို့သွားခါနီးမှာ နံပါတ်တစ် ခင်ဗျားဟာ အဖေတို့အမေတို့ဆီကို သေတမ်းစာတစ်စောင် ရေးခဲ့တယ်ဆိုရင် သို့တည်းမဟုတ် ငါတော့ အသတ်ခံချင်ခံရမှာပဲဆိုတဲ့ စိတ်မျိုးနဲ့သွားခဲ့ရင် ကိုရင်ရှုံးပြီသာ အောက်မေ့တော့၊ အဲဒီလို သွားလို့ကတော့ ကိုရင်လောက်မိုက်တဲ့လူ လောကမှာ ရှိတော့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ရန်သူကို အမြန်နိုင်ဆုံး အသေချာနိုင်ဆုံးနည်းနဲ့ သတ်မယ်လို့ ပိုင်းဖြတ်သွားရင် ခင်ဗျား သေချာပေါက်နိုင်ပြီ၊ ဒီနေရာမှာ ကျုပ်တို့ ကော်စထရိုမာနယ်က ဝက်ဝံလိုက်တဲ့ မုဆိုးကြီးပြောတဲ့ စကားလိုပဲဗျ၊ လူဆိုတာ ဝက်ဝံကို ကြောက်တာပဲကွတဲ့၊ ဒါပေမဲ့ ဝက်ဝံကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ကြောက်စိတ်တွေ အကုန်ပျောက်ပြီး ဒီကောင်ကို ဘယ်လို အမိဖမ်းရမယ်ဆိုတဲ့ စိတ်ပဲကျန်တော့သတဲ့၊ ကျုပ်လဲ ဒီလိုပေါ့ဗျ ရောင်းရင်းရေ၊ ဟဲ ဟဲ ကဲ မနက်ကျရင်သာ ဆက်ဆက်ကလေး လာဖြစ်အောင်လာပေတော့ ရောင်းရင်းရေ့"

နောက်တစ်နေ့နံနက် ရှစ်ချက်တီးအချိန်၌ ပီယာနှင့် ၎င်း၏လက်ထောက် နက်ဗစ်စကီတို့သည် ချိန်းဆိုထားသည့်အတိုင်း ဆိုကိုလ်နီကီတောစပ်သို့ စွတ်ဖားစီး၍ လာခဲ့ကြ၏။ ဒိုလိုကော့ဗ်၊ ဒင်နီဆော့ဗ်နှင့် နီကိုလေတို့ကား ရောက်နှင့်နေပေပြီ။ ပီယာကား မိမိကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ကိစ္စနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိဟန် ဆောင်ထား၏။ မျက်တွင်းဟောက်ပက်ဖြစ်နေသော ပီယာ၏ မျက်နှာသည် ဖြူရော်လျက် ရှိ၏။ ပီယာသည် မနေ့ညက တစ်ညလုံး တစ်ရေးမျှအိပ်၍မရခဲ့ချေ။ ပီယာသည် နေရောင်ထိုးသည့်အတွက် ရှုံ့မဲ့ဟန်ဖြင့် မျက်လုံးများကို မှေး၍ ရှုံ့မဲ့လိုက်ပြီးနောက် ဂနာမငြိမ်သော အမူအရာဖြင့် လှမ်းကြည့်လိုက်၏။ ထိုအချိန်၌ ပီယာ၏ ခေါင်းထဲ၌ အတွေးနှစ်ခုသာ ရှိတော့သည်။ တစ်ခုကား ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၌ အပြစ်ရှိသည်ဟူသော အချက်ဖြစ်၏။ တစ်ညလုံး တစ်ရေးမျှ အိပ်၍မရဘဲ စဉ်းစားခဲ့ပြီးနောက်၌ ပီယာသည် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ အပြစ်ကို စိုးစဉ်းမျှ သံသယမရှိအောင် ဖြစ်ခဲ့လေပြီ။ ကျန်တစ်ခုကား ဒိုလိုကော့ဗ်၏ဘက်၌ အပြစ်ကျူးလွန်ခြင်း မရှိဆိုသည့်အချက် ဖြစ်ပေသည်။ ဒိုလိုကော့ဗ်ဘက်ကကြည့်လျှင် ယောကျ်ားသား ဖြစ်သည်နှင့်အညီ



www.burmeseclassic.com

မိန်းမကပါ အလိုတူအလိုပါ ဖြစ်နေလျှင် ၎င်းနှင့် ဘာမျှ သက်ဆိုင်ခြင်း မရှိသည့် မိမိကဲ့သို့သော လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ထောက်ထားငဲ့ညှာစရာ ရှိလိမ့်မည် မဟုတ်ချေ။

'သူ့နေရာဆိုရင် ငါလဲ ဒီလိုကျူးလွန်ကောင်း ကျူးလွန်မိမှာပဲ'ဟု ပီယာ တွေးမိသည်။ 'ဟုတ်ပါတယ်၊ သူ့နေရာမှာသာ ငါရောက်ရင် ငါလဲ အတွေ့ကို ရှောင်နိုင်မှာ မဟုတ်ပါဘူး၊ ဒါဖြင့် ဘာဖြစ်လို့ ဒီလိုချိန်းသတ်နေကြတော့ မလဲ၊ ဘာဖြစ်လို့ တစ်ယောက်ကိုတစ်ယောက် သတ်ကြမလဲ၊ ငါပဲသေသေ သူပဲသေသေ ဘာအကျိုးရှိမလဲ၊ ငါ ဒီနေရာက ထွက်မသွားနိုင်ဘူးလား၊ ထွက်မပြေးနိုင်ဘူးလား၊ တစ်နေရာရာမှာ သွားပြီး ဇာတ်မြှုပ်မနေနိုင်ဘူးလား'

ပီယာ၏ခေါင်းထဲတွင် ဤသို့ အတွေးများ ဝင်ရောက်လာကြ၏။ သို့ရာတွင် ဤသို့သော အတွေးများ ပေါ်လာတိုင်း ပီယာသည် မြင်ရသူ ရှိသေလေးစားလောက်အောင် အထူးတည်ငြိမ်အေးဆေးသော အသံဖြင့် "ပြင်လို့ ဆင်လို့ မပြီးသေးဘူးလားဗျ၊ ကြာလှချည်လား"ဟု မေးနေတတ်လေသည်။

အားလုံး ပြင်ဆင်ပြီးသည့်နောက်၌ကား စည်းတားသည့်သဘောဖြင့် မြင်းစီးရဲမက်ကိုင် ဓားလွယ်များကို နှင်းခဲပေါ်တွင် စိုက်လိုက်ကြပြီး မြင်းစီးသေနတ်များကို ယမ်းထိုးထားလိုက်ကြသည်။ နက်ဗစ်စကီသည် ပီယာ့ထံသို့ လျှောက်လာလေသည်။

"ဗျို့ မြို့စားလေး၊ ကျွန်တော့်ဘက်က စကားကျန်သွားပြီး ဝတ္တရားပျက်မှာ စိုးတယ်ဗျာ" နက်ဗစ်စကီက မရဲတရဲအသံဖြင့် ဆိုသည်။ "နောက်တစ်ချက်ကလဲ မြို့စားလေးက ကျွန်တော့်ကို ယုံကြည်စိတ်ချတဲ့အနေနဲ့ မြို့စားလေးရဲ့ လက်ထောက်အဖြစ် ရွေးထားပြန်တော့ ယုံကြည်ခြင်း၊ ဂုဏ်ပြုခြင်းခံရတဲ့အလျောက် ကျွန်တော့်ဘက်က တာဝန်ကျေချင်တယ်၊ ခုတော့ အချိန်ကလဲ သေရေးရှင်ရေး ရွေးရမယ့် အချိန်ဖြစ်တဲ့ နောက်ဆုံးအချိန်ကို ရောက်နေပြီ၊ ဒီတော့ ဒီစကားကို ဘွင်းဘွင်းပဲပြောရတော့မှာပဲ၊ မတတ်နိုင်ဘူး၊ အမှန်ကတော့ ဒီကိစ္စဟာ ခုလောက်ထိဖြစ်လာဖို့ လုံလောက်တဲ့ အကြောင်းမရှိဘူးဗျ၊ ဒီကိစ္စအတွက် သွေးထွက်သံယိုဖြစ်ကြဖို့လဲ မကောင်းဘူးထင်တယ်၊ တကယ်တော့ မြို့စားလေးဘက်က မှားတယ်၊ ကိုယ့်ဘက်က အမှားဖြစ်နေတယ်၊ မြို့စားလေးက သိပ်ဒေါသကြီးနေတယ်၊ ဒါကြောင့် ဒီအခြေကို ရောက်လာရတာ"

"ဟုတ်တယ်ဗျာ၊ ကောင်းတော့မကောင်းဘူး" ပီယာက ပြောလိုက်သည်။

"ဒီလိုဆိုရင် ဝမ်းနည်းတဲ့အကြောင်း ကျွန်တော်သွားပြောလိုက်မယ်၊ ဘယ့်နှယ်လဲ တစ်ဖက်ကလဲ လက်ခံလာလိမ့်မယ်လို့ ကျွန်တော် ထင်တယ်" နက်ဗစ်စကီက (ဤလိုကိစ္စမျိုး၌ ဤအခြေအနေတွင်ရောက်နေရသူတို့ ထုံးစံအတိုင်း တကယ်ချိန်း၍ သတ်ကြသည့်အဖြစ်ကို မယုံနိုင်သေးဘဲ)ပြောလိုက်၏။ "ပြဿနာကို ပြင်မရတဲ့အဖြစ်အထိ ရောက်ခွင့်ပေးတာစာရင်တော့ ကိုယ့်အမှားကို ဝန်ခံခြင်းက ပိုပြီး ဂုဏ်ရှိပါတယ် ရှောင်းရင်းရ၊ ပြီးတော့ ဒီကိစ္စမှာ ဘယ်သူ့ဘယ်သူမှ စော်ကားကြတာလဲ မဟုတ်ပါဘူး၊ ဒီတော့ ကျွန်တော်ကပဲ ကြားထဲက"

"အိုဗျာ မဖြစ်ပါဘူး၊ သွားပြောစရာလဲ မလိုပါဘူး" ပီယာက ပြောလိုက်၏။ "ဒီအခြေအနေရောက်မှတော့ မထူးတော့ပါဘူးဗျာ၊ ကဲ အားလုံး အဆင်သင့်ဖြစ်ပလား၊ ဘယ်ဘက်သွားရပြီး ဘယ်လိုပစ်ရမလဲသာ ပြောပါ" ပီယာက အထူးကြိုးစားလျက် နူးညံ့စွာ ပြုံး၍ပြောလိုက်၏။

ပီယာသည် သေနတ်ကို တစ်ခါမျှမကိုင်ဖူးသည့်အလျောက် သေနတ်ကိုကောက်ယူကာ မောင်းတင်ပုံ တင်နည်းကို မေးမြန်းလျက်ရှိ၏။ သေနတ်မကိုင်ဖူးကြောင်းကိုကား ဝန်မခံလိုချေ။

"သြော် သြော် သိပြီ သိပြီ၊ ကျွန်တော် မေ့သွားလို့" ပီယာက ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဝန်မချစတမ်းဗျနော်"ဒိုလိုကော့ဗ်က (မိမိဘက်မှနေ၍ ဖျန်ဖြေရေးလုပ်နေသော)ဒင်နီဆော့ဗ်ကို ပြောလိုက်ပြီးနောက် သတ်မှတ်ထားသည့် နေရာသို့ လျှောက်သွားလေသည်။

ချိန်းသတ်ပွဲအတွက် သတ်မှတ်ထားသည့် နေရာမှာ စွတ်ဖားများထားခဲ့ရာ လမ်းမကြီးနှင့် အလှမ်းရှစ်ဆယ်ခန့် ကွာဝေးလျက် တောစပ်ရှိ မြေကွက်လပ်တစ်ခု ဖြစ်၍ လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က နှင်းခဲများ အရည်ပျော်ခဲ့သည့်အတွက် ရွှံ့စပ်စပ်နှင့် ဖြစ်နေလေသည်။ ဖက်ပြိုင်သူနှစ်ဦးသည် မြေကွက်လပ်ကလေး၏ အစွန်းတစ်ဖက်



www.burmeseclassic.com

တစ်ချက်စီ၌ အလှမ်းလေးဆယ်ကွာ ရပ်လျက် ရှိကြ၏။ နှစ်ဖက်လက်ထောက်များသည် အလယ်ကောင်တွင် ဆယ်ပေချန်ကာ နက်ဗစ်စကီ၏ဓားရှည်နှင့် ဒိုလိုကော့ဗ်၏ ဓားရှည်တို့ကိုစိုက်၍ သူ့စည်းကိုယ့်စည်း ခြားပေးလိုက်ကြပြီးနောက် ထိုစည်းများနှင့် ၎င်းတို့နှစ်ယောက် စတင်ထွက်ခွာရမည့် နေရာများ၏ အကွာအဝေးကို ခြေလှမ်းများဖြင့် တိုင်းထွာမှတ်သားလျက် ရှိကြလေရာ သတ်မည့်သူနှစ်ဦးရပ်နေသည့်နေရာနှင့် စည်းကြောင်းအဖြစ် မြင်းစီးရဲမက်ကိုင် ဓားရှည်များစိုက်ထားသည့်နေရာအကြား ကွက်လပ်ပေါ်ရှိ စွတ်စိုသော နှင်းခဲပြင်ပေါ်တွင် ခြေရာတွေ ထပ်လျက်ရှိလေသည်။ နှင်းများ တဖွဲဖွဲကျဆင်းလျက် ရှိခြင်းကြောင့် ရှေ့အလှမ်းလေးဆယ်အကွာတွင် မည်သည့်အရာကိုမျှ မမြင်ရချေ။ နှစ်ယောက်စလုံး အသင့်ဖြစ်နေသည်မှာ သုံးမိနစ်မျှ ကြာသွားပြီဖြစ်သော်လည်း အားလုံး ခပ်ဆိုင်းဆိုင်းဖြစ်ကာ တိတ်ဆိတ်လျက်ရှိလေသည်။

## အခန်း ၅

"ကဲ စမယ်"ဒိုလိုကော့ဗ်က ပြောလိုက်၏။

"အချိန်မရွေးပဲ" ပီယာကလည်း ခပ်ပြုံးပြုံးပင် ပြောလိုက်သည်။

အားလုံး ရင်တတိတ်ထိတ် ဖြစ်နေကြလေသည်။ အစက ခပ်ပေါ့ပေါ့မျှသာ သဘောထားကြသော်လည်း ယခုအခါတွင်ကား အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသကဲ့သို့ နှစ်ဖက်စလုံးကိုပြော၍ မရတော့ဘဲ ရှောင်လွှဲမရတော့သည့် အခြေသို့ ဆိုက်ပေပြီ။ ဒင်နီဆော့ဗ်သည် စည်းနားသို့ လျှောက်သွားကာ

"နှစ်ဖက်သော ကာယကံရှင်များ ကိုယ်နှိုက်က စေ့စပ်ဖျန်ဖြေမှုကို ငြင်းဆိုလိုက်ကြပြီး ဖြစ်တဲ့အတွက် ထုံးစံအတိုင်း ပွဲစဖို့ပဲ ရှိတော့တယ်ဗျ၊ ဒီတော့ ရှောင်းရင်းများရဲ့ သေနတ်များကို အဆင်သင့်ထုတ်ပြီး တစ် နှစ် သုံးဆိုတာနဲ့တစ်ပြိုင်နက် ကိုယ့်စည်းနားကိုယ် အရောက်သွားကြဖို့ပဲ"ဟု ဆိုလိုက်သည်။

"ကဲ တစ် နှစ် သုံး"ဒင်နီဆော့ဗ်သည် ဟန်ပါပါ အော်လိုက်ပြီးနောက် ဘေးသို့ ရှဲပေးလိုက်သည်။

ဖက်ပြိုင်သူနှစ်ဦးသည် ဖွက်ထနေသော လမ်းအတိုင်း လျှောက်လာကြရာက တဖြည်းဖြည်း နီးကပ်လာကြ၏။ နှင်းများကြားထဲ၌ တစ်ယောက်ကိုတစ်ယောက် မြင်ရစပြုလေပြီ။ စည်းနားသို့ ရောက်သည်နှင့် မိမိအတွက် ချက်ကောင်းရလောက်သောအချိန်တွင် လှမ်းပစ်ကြရမည် ဖြစ်လေသည်။ ဒိုလိုကော့ဗ်ကား သေနတ်ကိုအောက်သို့စိုက်၍ ကိုင်ထားပြီး ဖြည်းညင်းစွာလျှောက်လာရင်း အေးစက်ပြာလဲ့၍ တောက်ပပြောင်လက်သော မျက်လုံးများဖြင့် ပီယာ၏ မျက်နှာကိုသာ စူးစိုက်၍ ကြည့်လာလေသည်။ ပါးစပ်မှာ ခါတိုင်းကဲ့သို့ ခပ်ပြုံးပြုံးပင်။

"ကျုပ်ပစ်ချင်တဲ့ အချိန်ကျမှ ပစ်နိုင်တယ်နော်" ဟု ပီယာက ပြောလိုက်ရင်း "သုံး"ဟု အော်လိုက်သည်နှင့် ပီယာသည် လျင်မြန်စွာ ရှေ့သို့တက်လာလေရာ ခြေရာတွေ ထင်နေသော လမ်းကလေးပေါ်သို့ မရောက်တော့ဘဲ ဘေးသို့ ချော်ထွက်ကာ ထူထပ်သည့် နှင်းခဲပြင်ကြီးပေါ်တွင် လျှောက်မိလျက်သား ဖြစ်နေသည်။ ပီယာသည် ကိုယ့်သေနတ်ဖြင့် ကိုယ့်ပြန်ပစ်မိမည် စိုးသည့်အတွက် သေနတ်ကို အနီးတွင် ကပ်၍မကိုင်ဘဲ လက်ကို ဆန့်၍ကိုင်လာသည်။ သေနတ်ပစ်လိုက်လျှင် လက်ယမ်းသွားမည်စိုးသဖြင့် ပစ်ချက်ကောင်းစေရန် ပီယာသည် လက်ဝဲဘက်လက်ကို နောက်သို့ပစ်၍ အားယူထားလိုက်သည်။ ပီယာသည် ခြေလှမ်းခြောက်လှမ်းမျှ လှမ်းခဲ့ပြီးနောက် လမ်းပျောက်ကာ နှင်းခဲပေါ်သို့ရောက်လာသဖြင့် မိမိခြေထောက်များကို ငုံ့၍ကြည့်လိုက်သည်။ ထို့နောက် ဒိုလိုကော့ဗ်အား လှမ်းကြည့်လိုက်ပြီး သူ့ကိုပြထားသည့်အတိုင်း လက်ညှိုးကိုကွေးကာ မောင်းကို ဖြုတ်ချလိုက်လေသည်။ သေနတ်သံသည် ဟိန်း၍ထွက်လာလေရာ ပီယာမှာ ဤမျှလောက် ကျယ်လောင်လိမ့်မည်ဟု မထင်ခဲ့သဖြင့် လန့်သွားရာမှ မိမိ၏ သတ္တိကို မိမိသဘောကျကာ ပြုံးလိုက်မိပြီး ရပ်တန့်လိုက်သည်။ နှင်းခဲများနှင့် မီးခိုးများ ရောထွေးသွားသဖြင့် ရှေ့တွင် ဘာကိုမျှမမြင်ရဘဲ အတန်ကြာ မည်းမှောင်လျက် ရှိလေသည်။ တစ်ဖက်မှ ပစ်ခတ်သံ ပေါ်လာလိမ့်မည် ထင်နေသော်လည်း မည်သည့်အသံမျှ ပေါ်မလာဘဲ ခပ်သုတ်သုတ် လျှောက်လာသော ဒိုလိုကော့ဗ်၏ ခြေသံများကိုသာ ကြားလိုက်ရပြီးနောက် ၎င်း၏ သဏ္ဌာန်သည် မီးခိုးများကြားတွင် ပေါ်လာလေသည်။ ဒိုလိုကော့ဗ်သည် လက်တစ်ဖက်ဖြင့် ဝဲဘက်ရင်အုံကိုဖိထားပြီး အခြားတစ်ဖက်ဖြင့် အောက်



www.burmeseclassic.com

သို့ စိုက်နေသော သေနတ်ကို ဆုပ်ကိုင်ထားလေသည်။ ဒိုလိုကော့ဗ်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပေပြီ။ နီကိုလေသည် ဒိုလိုကော့ဗ်ထံပြေးသွားကာ တစ်စုံတစ်ရာကို ပြောလိုက်သည်။

"ဒီလိုနဲ့ ဘယ်ရမလဲဗျ၊ ဘယ်ပြီးနိုင်မလဲ၊ မပြီးသေးဘူး"ဒိုလိုကော့ဗ်က သွားစေ့၍ တစ်လုံးချင်းပြောလိုက်သည်။ ဒိုလိုကော့ဗ်သည် သူ့စည်းဘက်တွင် စိုက်ထားသည့် ဓားရှည်အနီးသို့ ဒီယီးဒယိုင် လျှောက်လာကာ ဓားရှည်၏ အနီး နှင်းခဲပြင်ပေါ်သို့ ဗိုင်းခနဲ လဲကျသွားလေသည်။ ၎င်း၏ဘယ်လက်မှာ သွေးတွေနီရဲလျက်ရှိ၏။ ဒိုလိုကော့ဗ်သည် လက်မှ သွေးများကို အင်္ကျီတွင်ပွတ်၍ သုတ်လိုက်ပြီး ထိုလက်ဖြင့်ထောက်၍ အားယူထပြန်သည်။ သုန်မှုန်လျက်ရှိသော ၎င်း၏မျက်နှာမှာ သွေးဆုတ်ကာ ရှုံ့မဲ့လျက်ရှိလေပြီ။

"ကျေးဇူး"ဒိုလိုကော့ဗ်သည် စကားပြောသော်လည်း ကောင်းစွာ မပြောနိုင်တော့ချေ။

"ကျေးဇူးပြုပြီး ဖယ်ပေးပါဗျ"ဒိုလိုကော့ဗ်က မနည်းကြီး ကြိုးစား၍ ပြောလိုက်၏။

ပီယာသည် မချုပ်တည်းနိုင်တော့ဘဲ ငိုချလိုက်ပြီးနောက် ဒိုလိုကော့ဗ်ဆီသို့ပြေးလာကာ သူ့စည်းနှင့် ကိုယ့်စည်းကြားတွင် ခြားထားသည့် ကွက်လပ်ကို ဖြတ်ကျော်မည်ပြုလိုက်သည်။

"ဟော့လူ ကိုယ့်စည်းထဲမှာ ကိုယ်နေ"ဟု ဒိုလိုကော့ဗ်က အော်လိုက်သည်တွင် ပီယာသည် သဘောပေါက်သွားကာ ၎င်း၏စည်းပေါ်တွင် စိုက်ထားသည့် ဓားရှည်အနီး၌ ရပ်နေလိုက်သည်။ ယခုအချိန်၌ နှစ်ယောက်စလုံးမှာ ကိုယ့်စည်း အသီးသီးပေါ်တွင် ရှိနေကြလေရာ တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေမျှသာ ကွာတော့သည်။ ဒိုလိုကော့ဗ်သည် ခေါင်းကို နှင်းခဲပြင်ပေါ်သို့ ငုံ့လိုက်ပြီးနောက် နှင်းခဲများကို အငမ်းမရဝါးကာ ခေါင်းပြန်ထောင်လိုက်၏။ ထို့နောက် ကိုယ်ကို ဟန်လိုက်လျက် ခြေထောက်များကို သိမ်းယူကာ ထထိုင်လိုက်ပြီး အားယူ၍ထနေသည်။ ဒိုလိုကော့ဗ်သည် အေးစက်လှသော နှင်းခဲများကို တမြုံ့မြုံ့စုပ်၍ မျိုချလိုက်သည်။ ၎င်း၏ နှုတ်ခမ်းများမှာ တုန်လျက်ရှိသော်လည်း ကျန်သမျှ အားအင်ကလေးကို စုဆောင်း၍ ထရင်းက ၎င်း၏မျက်လုံးများသည် တောက်ပပြုံးရွှင်လျက်ရှိသည်။ နောက် ဒိုလိုကော့ဗ်သည် သေနတ်ကို မြှောက်၍ ချိန်လိုက်သည်။

"ဗျို့ ဘေးတိုက်နေလေဗျာ၊ ဘေးတိုက် ဘေးတိုက်၊ သြော် ခက်တာပဲ၊ ပစ်ကာ ကာလိုက်ပါလား"နက်ဗစ်စကီက လွတ်ခနဲအော်လိုက်သည်။

"ဗျို့လူ ပစ်တော့မယ်ဗျ၊ ရှောင်ပါတော့လား"ဒင်နီဆော့ဗ်ကလည်း မနေနိုင်တော့ဘဲ ကြားထဲက ဝင်အော်လိုက်သည်။

ပီယာသည် သနားခြင်း၊ နောင်တရခြင်းတို့ကို ဖော်ပြသည့် နူးညံ့သော အပြုံးဖြင့် လက်ကားယား ခြေကားယားရပ်ကာ ရင်အုပ်ကျယ်ကြီးကို ဒိုလိုကော့ဗ်ဘက်သို့ တည့်တည့်ကြီး ထိုးပေးထားရင်း ဒိုလိုကော့ဗ်အား ဝမ်းနည်းပက်လက်ဖြင့် ကြည့်နေသည်။ ဒင်နီဆော့ဗ်၊ နီကိုလေနှင့် နက်ဗစ်စကီတို့သည် မကြည့်ရဲတော့သဖြင့် မျက်လုံးများကို မှိတ်ထားလိုက်ကြသည်။ ချက်ချင်းလိုပင် သေနတ်သံတစ်ချက်ပေါ်ထွက်လာပြီး ဒိုလိုကော့ဗ်၏ ဒေါသတကြီးအော်လိုက်သံကို ကြားလိုက်ရသည်။

"တောက် လွဲသွားတယ်ကွာ"ဒိုလိုကော့ဗ်သည် အော်လိုက်ပြီးနောက် ဘာမှ မတတ်နိုင်တော့သည့်အနေနှင့် မျက်နှာကို နှင်းခဲပြင်ပေါ်သို့ အပ်ထားလိုက်သည်။

ပီယာသည် နားထင်နှစ်ဖက်ကို လက်ဖြင့် နှိပ်၍ ချာခနဲလှည့်ကာ ထူထပ်စွာကျနေသော နှင်းခဲများပေါ်တွင် လျှောက်၍ တောအုပ်ထဲသို့ ထွက်လာခဲ့သည်။ ပါးစပ်မှလည်း အဆီအငေါ်မတည့်သော စကားများကို ရွတ်ဆိုလာလေသည်။

"ငါမိုက်တာပဲ၊ ငါမိုက်တာပဲ၊ ခုတော့ သေပြီ၊ မြေကြီးပေါ်လဲနေပြီ"

ပီယာသည် မျက်နှာကို ရှုံ့မဲ့ကာ တတွတ်တွတ် ရွတ်လာ၏။

နက်ဗစ်စကီက နောက်မှလိုက်လာကာ အိမ်သို့ ပြန်ခေါ်သွားလေသည်။

နီကိုလေနှင့် ဒင်နီဆော့ဗ်တို့ကား ဒဏ်ရာရသော ဒိုလိုကော့ဗ်ကို စွတ်ဖားပေါ်တွင်တင်၍ ပြန်လာခဲ့ကြ၏။

ဒိုလိုကော့ဗ်သည် မျက်လုံးကိုမှိတ်လျက် စွတ်ဖားပေါ်တွင် တိတ်ဆိတ်စွာ လဲလျောင်းလိုက်ပါလာလေသည်။ မေးသမျှ စကားများကိုလည်း တစ်ခွန်းမျှ မဖြေတော့ချေ။



www.burmeseclassic.com

သို့ရာတွင် မော်စကိုမြို့ထဲသို့ ဝင်လာသည့်အခါ၌ကား ဒိုလိုကော့ဗ်သည် ရက်တရက် လူပ်ရှားစပြုလာပြီး ခေါင်းထောင်လျက် အားယူကာ အနီးတွင်ထိုင်နေသည့် နီကိုလေကို လက်ဖြင့် လှမ်းဆွဲလိုက်၏။ ဒိုလိုကော့ဗ်၏ မျက်နှာပေါ်တွင် ပီတိလျှမ်းလျက် နူးညံ့သိမ်မွေ့သောအသွင် ပေါ်နေလေရာ နီကိုလေသည် အပြောင်းလွဲကြီး ပြောင်းလဲသွားသောဒိုလိုကော့ဗ်ကို ကြည့်၍ အံ့အားသင့်လျက် ရှိလေသည်။

"ဘယ့်နှယ်နေသေးသလဲ ဟင်"နီကိုလေက မေးလိုက်၏။

"သိပ်နာနေတယ်၊ ဒါပေမဲ့ ဒါက အရေးမကြီးပါဘူးဗျာ"ဒိုလိုကော့ဗ်က မောသံကြီးဖြင့် ပြောလိုက်သည်။ "ကျွန်တော်တို့ ဘယ်ရောက်နေပလဲဟင်၊ မော်စကိုမြို့ထဲကို ရောက်နေပြီထင်တယ်၊ ကျွန်တော့်အတွက်က အရေးမကြီးပါဘူးဗျာ၊ ဒါပေမဲ့ သူတော့ ကျွန်တော့်စိတ်နဲ့ သေရတော့မယ်ထင်တယ် ရောင်းရင်း၊ သူ့ကို ကျွန်တော် သတ်သလိုဖြစ်နေပြီ၊ ဒီသတင်းကိုသာ ကြားရရင် သူသေတော့မှာပဲ၊ ရင်ကွဲပြီး သေတော့မှာပဲ"

"ဘယ်သူလဲဗျ၊ ဘယ်သူ့ကို ပြောနေတာလဲ"နီကိုလေက မေး၏။

"အမေလေဗျာ ကျွန်တော့်အမေအိုကြီး၊ ကျွန်တော့်အသက်နဲ့ ထပ်တူချစ်တဲ့ ကျွန်တော့်အမေအိုကြီး"ဒိုလိုကော့ဗ်သည် နီကိုလေ၏ လက်ကို ဖျစ်ညှစ်ကာ မျက်ရည်တွေ စီးကျလာလေသည်။

အနည်းငယ်တည်ငြိမ်သွားသောအခါ၌ မိမိမှာ အမေအိုကြီးနှင့်အတူ နေထိုင်လျက်ရှိကြောင်း၊ မိမိသေသွားလျှင် အမေအိုကြီးမှာ ရင်ကွဲပက်လက်ဖြစ်ကာ မိမိစိတ်ကြောင့်ပင် သေရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမေအိုကြီးထံ သွားရောက်နှစ်သိမ့်ပေးပါမည့် အကြောင်းနှင့် ဒိုလိုကော့ဗ်က နီကိုလေအား တောင်းပန်လျက် ရှိလေသည်။

နီကိုလေကလည်း အစစအရာရာ စိတ်ချစေလိုကြောင်း၊ မှာသည့်အတိုင်း သွားရောက်နှစ်သိမ့်မည်ဖြစ်ကြောင်းနှင့် ဖျောင်းဖျပြောဆိုလေသည်။ သို့ရာတွင် လူတိုင်းနှင့် ရန်ဖြစ်တတ်သည့် လူကျယ်လူညစ် ဒိုလိုကော့ဗ်၊ လူတိုင်းကို စော်ကားလေ့ရှိသော ဒိုလိုကော့ဗ်သည် မော်စကိုတွင် အမေအိုကြီးနှင့် ခါးကုန်းနေသော နမဒုက္ခိတကို လုပ်ကျွေးပြုစုလျက်ရှိခြင်း၊ ဝတ္တရားကျေပွန်သော သားတစ်ယောက်၊ ဝတ္တရားကျေပွန်သော အစ်ကိုတစ်ယောက်ဖြစ်ခြင်း စသည်တို့ကို ကောင်းစွာ တွေ့ရသောအခါ၌ကား နီကိုလေသည် အံ့သြခြင်းမက အံ့သြမိပေသတည်း။

## အခန်း ၆

ပီယာသည် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနှင့် နှစ်ယောက်ချင်း မျက်နှာချင်းမဆိုင်မိသည်မှာ အတန်ကြာခဲ့လေပြီ။ ပီတာစဘတ်ရှေမြို့တော်တွင် လည်းကောင်း၊ မော်စကိုတွင်လည်းကောင်း ၎င်းတို့၏ စံအိမ်မှာ ဧည့်သည်များဖြင့် ပြည့်နေတတ်၏။ ချိန်းသတ်သည့်နေ့ ညဥ္ဓ ပီယာသည် အိပ်ခန်းဆောင်သို့မသွားဘဲ မကြာခဏ သွားလေ့ရှိသော ဖခင်မြို့စားကြီး ဘီဇူးကော့ဗ်၏ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ထိုအခန်းကား အိပ်ခန်းကျယ်ကြီးဖြစ်လျက် မြို့စားကြီး ဘီဇူးကော့ဗ် ကံတော်ကုန်ခဲ့သည့် အခန်းကြီး ဖြစ်လေသည်။

ပီယာသည် ထိုင်ဖုံကြီးပေါ်သို့ ပစ်လှဲချလိုက်ကာ အိပ်ရန် ကြိုးစားလျက် ဖြစ်ပျက်သမျှကို မေ့ပျောက်ပစ်လိုက်သည်။ သို့ရာတွင် မေ့ပျောက်၍ မရချေ။ ခံစားချက်များ၊ အတွေးများ၊ အဖြစ်အပျက်များသည် မုန်တိုင်းတိုက်သကဲ့သို့ ရုတ်တရက် ပေါ်လာကြလေရာ အိပ်၍လည်းမရ၊ တစ်နေရာတည်းတွင်လည်း ရပ်တည်၍ မရလောက်အောင် ဖြစ်လျက်ရှိသဖြင့် ထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပြန်သည်။ ဖြူဖွေးဝင်းဝါသော ပခုံးများနှင့်တကွ မူနွဲ့နွဲ့ဖြင့်ယောကျ်ားတကာတို့၏ စိတ်ကို ယိုဖိတ်လာအောင် ဆွဲဆောင်မြူဆွယ်သော ရမ္မက်ဇောပြင်းထန်လျက်ရှိသည့် မျက်နှာပေးတို့ဖြင့် လက်ထပ်ပြီးခါစ ကြင်ရာတော် မင်းသမီးကလေး၏ သဏ္ဍာန်ကို မြင်ယောင်လာသည်။ ချက်ချင်းပင် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ဘေးတွင် ချောမောခံ့ညား၍ ထက်မြက်တင်းမာလျက် လှောင်ပြောင်ဟန်ရှိသော ဒိုလိုကော့ဗ်၏ ညစာစားပွဲတုန်းက တွေ့ခဲ့ရသည့် မျက်နှာနှင့်တကွ အသွင်သဏ္ဍာန်သည်လည်း တစ်မုဟုတ်ချင်း ပေါ်လာပြန်သည်။ ထိုမှတစ်ဖန် နှင်းခဲပြင်ပေါ်တွင် ဒယီးဒယိုင်လဲကျသွားစဥ်က တုန်လှုပ်ချောက်ချားလျက်ရှိကာ သွေးမရှိတော့သလို ဖြူရော်လျက်ရှိသော ဒိုလိုကော့ဗ်၏ မျက်နှာကြီးကိုပါ မြင်



www.burmeseclassic.com

ယောင်လာပြန်သည်။

'ငါ ဘာလုပ်ခဲ့ပါလိမ့်'ပီယာသည် ကိုယ့်ကိုယ်ကို ပြန်၍မေးမိသည်။ 'ငါဟာ သူ့လင်ငယ်ကို သတ်ခဲ့မိပြီ၊ ဟုတ်တယ် ငါ့မိန်းမရဲ့လင်ငယ်ကို ငါသတ်ခဲ့ပြီ၊ ဟုတ်တယ် ငါသတ်ခဲ့တယ်၊ ဘာဖြစ်လို့ သတ်မိသလဲ၊ ငါဘာဖြစ်လို့ သွားသတ်မိပါလိမ့်မလဲ'ဟု မေးကြည့်သည်။ 'မင်းက သူ့ကို လက်ထပ်မိပေသကိုး'ဟု အတွင်းမှ အသိစိတ်က ဖြေသည်။

'ဒါဘယ်သူ့အပြစ်လဲ'ပီယာသည် ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိပြန်သည်။ 'သူ့ကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့တဲ့ ငါ့အပြစ်ပဲ၊ ငါဟာ ငါ့ကိုယ်ငါလဲ လိမ်ခဲ့တယ်၊ သူ့ကိုလဲ လိမ်ခဲ့တယ်'ပီယာသည် မင်းသားကြီးဗာစီလီ၏ အိမ်တော်တွင် ညလယ်စာစားပြီးနောက် 'ချစ်တယ်'ဆိုသည့် စကားကိုပြောရန် ဝန်လေးခဲ့ပုံကို အမှတ်ရလာပြန်သည်။ 'အင်း အဲဒီကတည်းက ငါ့စိတ်ထဲမှာ ဆုတ်ဆိုင်းဆိုင်း ဖြစ်ခဲ့ရက်သားနဲ့ ငါဖွင့်ပြောခဲ့မိတာ မှားတာပဲ၊ ဖွင့်မပြောဘဲ ရှောင်မယ်လို့ ငါစိတ်ကူးခဲ့ရက်သားနဲ့ ငါက မရှောင်နိုင်ခဲ့ဘူး၊ ခုတော့ ဒုက္ခလှလှကြီး တွေ့ပြီ မဟုတ်လား'

ပီယာသည် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနှင့် မင်္ဂလာဦး ခရီးထွက်ခဲ့သည်ကို ပြန်၍တွေးမိပြန်ကာ မျက်နှာတွေ နီရဲသွားမိပြန်သည်။ လက်ထပ်ပြီးခါစ တစ်နေ့မွန်းမတည့်မီ အချိန်လောက်တွင် ပီယာသည် ပိုးသားညဝတ်အင်္ကျီရှည်ကို ဝတ်ကာ အိပ်ခန်းဆောင်မှ စာကြည့်ဆောင်ထဲသို့ ထွက်လာခဲ့သည်။ ဘဏ္ဍာစိုးသည် ပီယာ့အား ဦးညွတ်နှုတ်ဆက်လိုက်ရင်း၊ မိမိသခင်၏ ပျော်ရွှင်ကြည်နူးလျက်ရှိသည့် အဖြစ်ကို နားလည်သည့် ဟန်ဖြင့် မိမိ၏မျက်နှာနှင့် ညဝတ်အင်္ကျီရှည်ကြီးအား ပြုံး၍ကြည့်နေပုံကို မြင်ယောင်လာသည်။ ပီယာသည် သိက္ခာမဲ့လောက်အောင် ရက်စရာကောင်းလှသည့် ဤအဖြစ်ကို ကွက်ကွက်ကွင်းကွင်း မြင်ယောင်လာပြန်သည်။

'ဒါပေမဲ့ ဒီလိုမိန်းမကိုရခဲ့လို့ ငါဂုဏ်ယူခဲ့တယ် မဟုတ်လား၊ သူ့ရဲ့ ကျက်သရေရှိလှတဲ့အလှနဲ့ ပေါင်းသင်းဆက်ဆံမှုမှာ လိမ္မာရေးခြားရှိခြင်းကြောင့် ငါပဲ ဂုဏ်ယူခဲ့တယ် မဟုတ်လား၊ ပီတာစဘတ်မြို့တော်က စံအိမ်ကို ဧည့်သည်တွေလာတုန်း သူဧည့်ခံပုံကိုကြည့်ပြီး ဂုဏ်ယူခဲ့တာလဲ ငါပဲမဟုတ်လား၊ သူ့ရဲ့ထည်ဝါမောက်မာမှုနဲ့ အလှကို ကြည့်ပြီး ဂုဏ်ယူခဲ့တာလဲ ငါပဲမဟုတ်လား၊ ဒီအချက်တွေကိုကြည့်ပြီး ငါဟာ သူ့အတွက် ဂုဏ်ယူခဲ့တယ် မဟုတ်လား။ ဒါတောင် ငါဟာ သူ့ကို နားမလည်ဘူးလို့ ငါ ထင်ခဲ့သေးတယ်၊ သူ့ရဲ့စိတ်နေစိတ်ထားကို တွေးလိုက်တိုင်း ငါသူ့ကို နားမလည်တာဟာ ငါ့အပြစ်ပဲလို့ ငါ့ကိုယ်ငါဆုံးမခဲ့တယ် မဟုတ်လား၊ ငါနဲ့ဆက်ဆံတိုင်း မတုန်မလှုပ်အေးတိအေးစက်နေခဲ့တဲ့ အဖြစ်တွေကို နားမလည်တာဟာ ငါ့အပြစ်ပဲ မဟုတ်လား၊ ခုတော့ ငါသိပြီ၊ ဒီမိန်းမဟာ အကျင့်ယုတ်တဲ့ မိန်းမတစ်ယောက်ဆိုတာ ငါ သိပြီ၊ ငါဟာ သူ့ကို ဒီလိုမထင်ရက်၊ မထင်ရဲလို့ သူ့ကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရတယ်၊ ငါ့ကိုယ်ငါ လိမ်ခဲ့ရတယ်၊ ခုတော့ ဒီကြောက်စရာကောင်းတဲ့ အမှန်တရားကို ငါဖွင့်ပြောရပြီ၊ သူ့အကြောင်းကို ငါသိပြီ၊ ငါ နားလည်ပြီ'၊

'သူ့မောင် အနာတိုလီဟာ သူ့ဆီ ပိုက်ဆံခဏခဏ လာချေးတယ်၊ လာတိုင်း သူ့ရဲ့ ဖြူဖွေးဝင်းဝါတဲ့ ပခုံးတွေကို နမ်းတယ်၊ မိန်းမကလဲ ပိုက်ဆံမချေးဘဲ အနမ်းခံတယ်၊ ဒီအထဲမှာ သူ့အဖေကြီးက မတွန့်တိုဘူးလားလို့ စတဲ့အခါမှာတောင် သူက ခပ်ပြုံးပြုံးနဲ့ ဘာတွန့်တိုစရာလိုသလဲလို့ ဖြေလိုက်သေးတယ်၊ ငါ့ကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိပါရဲ့လားလို့တောင် အောက်မေ့ပုံမရဘူး၊ ငါ့ကို 'အရေးလုပ်လို့' ဆိုပြီးတောင် ပြောလိုက်သေးတယ်၊ တစ်နေ့ကျတော့ သူ့မှာ ကိုယ်လေးလက်ဝန်ရှိတဲ့ အရိပ်အရောင် ပြပလားလို့ ငါက မေးမိတယ်၊ သူက လှောင်ရယ်လိုက်ပြီး သူက ကလေးလိုချင်လောက်အောင် မိုက်မဲတဲ့မိန်းမမျိုး မဟုတ်ဘူးတဲ့၊ ငါနဲ့လဲ ကလေးမလိုချင်ဘူးတဲ့'

ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးသည် အထက်တန်းလွှာတွင် မွေးဖွားကြီးပြင်းလာသော်လည်း အတွေးအခေါ်၊ အမူအရာ၊ အပြောအဆိုမှစ၍ ရုန့်ရင်းကြမ်းတမ်းပုံများကို ပီယာ သတိရလာပြန်သည်။

"နမတော်ဟာ ဒီလောက်မနုံဘူး မောင်မောင်၊ မောင်မောင်ကိုယ်တိုင်က နမတော်လို လိုက်နေပါ၊ ဒီလို မနေချင်ရင်လဲ မောင်မောင့်ဘာသာ တစ်ယောက်တည်း နေပါ"ဟု ဟယ်လင်မင်းသမီးကလေးက သူ့အား မကြာခဏ ရန်ထောင်တတ်သည်။ ဟယ်လင်မင်းသမီးကလေး



www.burmeseclassic.com

 www.burmeseclassic.com 

သည် လူရွယ်များနှင့်လည်းကောင်း၊ လူကြီးများနှင့် လည်းကောင်း၊ အမျိုးသမီးများနှင့် လည်းကောင်း ပေါင်းသင်းဆက်ဆံရာတွင် အောင်မြင်သော်လည်း မိမိအား ချစ်လာအောင် ပီယာ့ကို ဆွဲဆောင်ရာ၌ကား မအောင်မြင်ခဲ့ချေ။

'ဟုတ်တယ် ငါသူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ သူဟာ အကျင့်စာရိတ္တမကောင်းတဲ့မိန်းမ၊ အကျင့်ယုတ်တဲ့မိန်းမ၊ ဒါပေမဲ့ ငါဟာ သူ့ကို ဒီလိုမထင်ရက်ခဲ့ဘူး၊ မထင်ရဲခဲ့ဘူး၊ အင်း ဒိုလိုကော့ဗ်နဲ့တော့ ရှေ့သွားနောက်လိုက် ညီတယ်၊ ဒိုလိုကော့ဗ်ဆိုတဲ့လူဟာ နှင်းခဲထဲမှာလဲပြီး သေခါနီးဖြစ်နေတာတောင် ပြုံးပြလိုက်သေးတယ်၊ ငါ့ကရုဏာကို ရက်ရက်စက်စက် တုံ့ပြန်တယ်၊ ရက်စက်တဲ့နေရာ၊ ရုန့်ရင်းတဲ့နေရာမှာ သူတို့နှစ်ယောက်ဟာ ရှေ့သွားနောက်လိုက် ညီတယ်'

လောက၌ အပေါ်ယံအားဖြင့်ကြည့်လျှင် စိတ်ထားပျော့ညံ့သည်ဟု ထင်ရသော်လည်း မိမိ၌ သောက၊ ဒုက္ခဆိုက်ရောက်လာသည့် အခါမျိုးတွင် အဖော်ရှာခြင်းမပြုဘဲ ကြိတ်၍ခံစားတတ်သူများ ရှိတတ်သည်တွင် ပီယာမှာ ထိုသို့သော လူစားမျိုးတစ်ယောက် ဖြစ်ပေသည်။ ထို့ကြောင့် ပီယာသည် ၎င်း၏စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရဖြစ်နေခြင်းကို ကိုယ့်ဘာသာကိုယ် ကြိတ်၍ ချေသည်။

'ဒီကိစ္စဟာ ငါ့ကြောင့်ဖြစ်ရတာမဟုတ်ဘူး၊ ငါ့မှာ ဘာမှ အပြစ်မရှိဘူး၊ သူ့အပြစ်တွေချည်းပဲ၊ ငါဘာဖြစ်လို့ သူနဲ့ဆက်ပေါင်းသင်းနေရဦးမှာလဲ၊ သူ့ညွတ်ကွင်းထဲမှာ နေရဦးမှာလဲ၊ သူ့ကို ဘာဖြစ်လို့ချစ်နေရဦးမှာလဲ၊ တကယ်ဆိုတော့ ချစ်တယ်ဆိုတာဟာ လိမ်နေတာ၊ အို လိမ်နေတာထက်တောင်ဆိုးသေးတယ်၊ ငါဟာ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင်ရမယ်၊ ရင်ဆိုင်ရမယ်၊ ငါ့ဂုဏ်သိက္ခာ ပျက်တာတို့၊ နာမည်ပျက်တာတို့ဆိုတာတွေဟာ အလကားပါ၊ ဂုဏ်သိက္ခာပျက်တော့ကော ဘာဖြစ်သလဲ၊ နာမည်ပျက်တော့ကော ဘာဖြစ်သလဲ၊ ငါ့ကြောင့် ပျက်ရတာမှ မဟုတ်ဘဲ၊ ဒါတွေကို ငါဘာဖြစ်လို့ ရင်မဆိုင်ရဲရမှာလဲ၊ တကယ်တော့ ဂုဏ်သိက္ခာတို့၊ နာမည်တို့ဆိုတာ ငါ့ရဲ့ခန္ဓာကိုယ်ကြီးမှ မဟုတ်ဘဲ၊ ပညတ်တွေပဲ၊ ဒါတွေကို ငါဂရုမစိုက်ဘူး။

'ဧကဆဋ္ဌမမြောက် လူဝီဘုရင် ဘာကြောင့်အသတ်ခံရသလဲ၊ သူ့ကို သတ်တဲ့လူတွေရဲ့ အဆိုကတော့ လူဝီဘုရင်ဟာ မင်းကျင့်တရားနဲ့အညီ မအုပ်ချုပ်ဘူး၊ ရာဇဝတ်မှုတွေကို ကျူးလွန်တယ်လို့ ဆိုကြတယ်၊ တချို့ကျတော့လဲ သူ့ကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ပြီး သူ့အတွက် အသေခံသွားကြတယ်၊ နှစ်ဖက်စလုံးဟာ ကိုယ့်အမြင်နဲ့ ကိုယ်တော့ မှန်ကြတာချည်းပဲ၊ တစ်ခါ ရုတ်စပီယာဟာ ကြမ်းကြုတ်တဲ့ဘုရင်ဆိုပြီး ခေါင်းဖြတ်အသတ်ခံရတယ်၊ သတ်တဲ့လူနဲ့ အသတ်ခံရတဲ့လူဟာ ဘယ်သူက မှားသလဲ၊ ဘယ်သူမှ မမှားဘူး၊ ကိုယ့်ရှုထောင့်ကနေကြည့်ရင် မှန်ကြတာချည်းပဲ၊ အရေးကြီးတာက အသက်ရှင်နေတုန်းမှာ ပျော်ပျော်နေဖို့ပဲ၊ မနက်ဖြန် သေသွားရင် ဘယ့်နှယ်လုပ်မလဲ၊ လူ့ဘဝဆိုတာဟာ သံသရာကြီးနဲ့ နှိုင်းယှဉ်ရင် ရေပွက်ပမာ ခဏကလေးတည်တာပဲ၊ ဒီလောက် တိုတောင်းတဲ့ တဒင်္ဂကလေးမှာ ငါဘာလို့ စိတ်အဆင်းရဲခံနေမှာလဲ'

ပီယာသည် ဤသို့တွေးခြင်းဖြင့် မိမိ၏စိတ်ကို ဆောက်တည်ရာရအောင် ကြိုးစားကြည့်၏။ သို့ရာတွင် ဆောက်တည်ရာရမည်ကြံခါရှိသေး၊ ဟယ်လင်မင်းသမီးကလေး၏ သဏ္ဌာန်သည် စိတ်ထဲတွင် ပေါ်လာပြန်သည်။ ပီယာသည် ဤသို့ ကြင်ရာတော်အား မချစ်ဘူး၊ မချစ်ဘူးဟု အကြောက်အကန် တွေးတောလိုက်တိုင်း ကြင်ရာတော် မင်းသမီးကလေးဟယ်လင်၏ ရုပ်ပုံသည် ပေါ်လာမြဲဖြစ်သည်။ ဤသည်နှင့်တစ်ပြိုင်နက် သွေးလုံးကြီးသည် နှလုံးကို ဆောင့်တိုးလိုက်သကဲ့သို့ ပီယာသည် ဆောက်တည်ရာမရ ဖြစ်လာပြန်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ လက်လှမ်းမိသမျှကို ဆုပ်ဖြဲကိုင်ပေါက်ပစ်လျက် ရှိသည်။ 'ငါ သူ့ကို ဘာလို့ချစ်ရမှာလဲ ဟင်၊ မချစ်ဘူး မချစ်ဘူး'ဟု ပီယာသည် စိတ်ထဲတွင် အဖန်တလဲလဲ ရွတ်ဆိုနေမိ၏။ ဤသို့ ရွတ်ဆို၍ ဆယ်ကြိမ်မြောက်လာသောအခါတွင်ကား ပြင်သစ်စာရေးဆရာကြီး မောလျှပြောသကဲ့သို့ (ကိုယ့်ဒုက္ခကို ကိုယ်ရှာနေသော)မိမိအဖြစ်ကို သတိရကာ အားရပါးရ ရယ်လိုက်မိသည်။

ညရောက်လတ်သော် ပီယာသည် မိမိ၏လက်ပါးစေကိုခေါ်လျက် ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်ခွာသွားရန်အတွက် ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်စေသည်။ ယခုအချိန်တွင်ကား ပီယာသည် ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးနှင့်လည်း မျက်နှာချင်းဆိုင်၍ စကားမပြောချင်တော့ပြီ။ ပီယာသည် နောက်တစ်နေ့တွင် ပီတာ



www.burmeseclassic.com

စာတတ်ရှေမြို့တော်သို့ ထွက်ခွာရန်နှင့် မိမိသည် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနှင့် နောက်ဆုံးခွဲခွာရတော့မည်ဖြစ်ကြောင်း ဖော်ပြထားသည့် စာတစ်စောင်ကို ရေးထားခဲ့ရန်လည်း ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့နံနက် အစေခံက ကော်ဖီယူလာသောအချိန်တွင် ပီယာသည် ဖုံကြီးတစ်ခုပေါ်၌ စာအုပ်တစ်အုပ်ကိုင်လျက် အိပ်ပျော်နေလေသည်။

ပီယာသည် ချက်ချင်းနိုးလာပြီး မည်သည့်နေရာတွင် ရောက်နေသည်ကို စဉ်းစား၍မရနိုင်ဘဲ ဘေးပတ်ဝန်းကျင်ကို အလန့်တကြား ကြည့်လိုက်၏။

"စံအိမ်မှာ သခင်ကလေး ရှိသလားလို့ သခင်မကလေးက အကြည့်ခိုင်းလိုက်ပါတယ်"အစေခံက ပြောလိုက်၏။

ပီယာက အစေခံအား မည်သို့မျှပြန်မပြောရသေးမီ ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးသည် ကျောက်ဖြူသားလို နုညက်ဖြူဖွေးသော နဖူးပြင်၌ ဒေါသကြောင့် ရှုံ့ထားခြင်းမှအပ တစ်ချက်မျှ လှုပ်ရှားမှုမပျက်ဘဲ တည်ငြိမ်သော ကျက်သရေကိုဆောင်လျက် ခန်းဆောင်ထဲသို့ ဝင်လာလေသည်။ ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးသည် ငွေခြည်ထိုး ပိုးပျော့ညဝတ်အင်္ကျီကို ဝတ်ထားလျက် ဆံပင်ကိုလည်း ခပ်ရိုးရိုး ဆင်ယင်ထုံးဖွဲ့၍ ထားလေသည်။ (ကြီးမားလှသော ကျစ်ဆံမြီးကြီးနှစ်ချောင်းကို လှပ၍ အချိုးအစားကျသော ခေါင်းပေါ်၌ သရဖူသဖွယ် နှစ်ဆင့်ပတ်၍ ထားသည်။) ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးသည် မည်သည့်အရာကိုမျှ တုန်လှုပ်ခြင်းမရှိသော တည်ငြိမ်ခြင်းဖြင့် အစေခံရှေ့၌ မည်သို့မျှမပြောသေးဘဲ တိတ်ဆိတ်စွာ ရပ်လျက်ရှိ၏။ ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးသည် ချိန်းသတ်ကြသည်ဆိုသည့်ကိစ္စကို ကြားပြီးဖြစ်သည့်အတွက် ထိုကိစ္စအကြောင်း ပြောရန် ရောက်လာခြင်းဖြစ်လေသည်။ အစေခံက ကော်ဖီလင်ပန်းကိုချ၍ အခန်းထဲမှ ထွက်သွားသည်အထိ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးသည် ဘာမျှ မပြောသေးဘဲ ရပ်လျက်ရှိသည်။ ပီယာသည် ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးအား ကြောက်ရွံ့ထိတ်လန့်လျက်ရှိသော အမူအရာဖြင့် မျက်မှန်ပေါ်မှကျော်၍ ကြည့်နေလေရာ ၎င်း၏ အမူအရာမှာ အမဲလိုက်ခွေးများ ဝိုင်းရံခြင်းခံရသဖြင့် နားရွက်ကိုပေလျက် မလှုပ်မရှား ဆောင့်ကြောင့်ထိုင်ကာ ရန်သူ၏ အရိပ်အခြည်ကို စောင့်ကြည့်နေသော ယုန်ကလေးတစ်ကောင်နှင့်ပင် တူတော့သည်။ သို့ရာတွင် ပီယာသည် ဤသို့ ကြာရှည်ကြည့်နေခြင်းမှာ မတတ်နိုင်သည့်ပြင် အဓိပ္ပာယ်မရှိကြောင်းကိုလည်း သတိထားလိုက်မိသည့်အတွက် ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးကို တစ်ဖန် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြည့်လိုက်မိပြန်သည်။ ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးမှာ မထိုင်ဘဲ ပီယာအား လှောင်ပြောင်သောဟန်ဖြင့် မဲ့ပြုံးပြုံး၍ ကြည့်ရင်း ခန်းဆောင်ထဲမှ အစေခံလုံးဝထွက်သွားမည့် အချိန်ကိုသာ စောင့်ဆိုင်းလျက် ရှိလေသည်။

"ဘယ်လိုဖြစ်တာလဲ မောင်မောင်။ ခုကော ဘာဖြစ်နေတာလဲ၊ နမတော်ကို ပြောစမ်းပါဦး"ဟယ်လင်မင်းသမီးကလေးက ခပ်ထန်ထန်မေးလိုက်သည်။

"မောင်မောင် ဘာ ဘာမှ"ပီယာသည် အထစ်ထစ်အငေါ့ငေါ့ဖြစ်လျက် ရှိ၏။

"ဟင်း မောင်မောင်က တကယ့် သူရဲကောင်းကြီးပေါ့လေ၊ တော်ပါပေတယ်၊ ချီးကျူးလောက်ပါပေတယ်၊ အင်း ဆိုစမ်းပါဦး၊ ဘာကိစ္စချိန်းသတ်ကြရတာလဲ၊ ဘယ်လောက်များ ချီးကျူးဂုဏ်ပြုခံရမှာမို့တဲ့လဲ၊ ပြောစမ်းပါဦး မေးနေတယ်"

ပီယာသည် ဖုံပေါ်တွင်ပစ်လှဲချလိုက်မိသည်။ ပါးစပ်ကို ဟလိုက်သော်လည်း စကားတစ်လုံးမျှ ထွက်မလာချေ။

"ဒီမှာ မောင်မောင်၊ မောင်မောင်မဖြေရင် နမတော်ပြောရလိမ့်မယ်"ဟယ်လင်မင်းသမီးကလေးက ပြောလိုက်၏။ "မောင်မောင်ဟာ သူတစ်ပါးပြောစကားကို အင်မတန်ယုံလွယ်တဲ့ လူတစ်ယောက်၊ သူများပြောတိုင်းကို ယုံသင့်မယုံသင့် ချင့်ချိန်နိုင်တဲ့ဦးနှောက်မရှိသူ တစ်ယောက်သိလား"

ဟယ်လင်မင်းသမီးကလေးက ရယ်လိုက်၏။

"ဒိုလိုကော့ဗ်ဟာ နမတော်ရဲ့လင်ငယ်လို့ ပြောတာကို မောင်မောင်ယုံတာ နမတော်ဖြင့် အံ့လို့မဆုံးဘူး"

ဟယ်လင်မင်းသမီးကလေးသည် ပင်ကိုက ရှန့်ရင်းကြမ်းတမ်းစွာ ပြောဆိုတတ်သူ ဖြစ်သည့်အလျောက် 'လင်ငယ်'ဟူသောစကားလုံးကို ခပ်ပေါ့ပေါ့ဖြင့်ပင် ပြင်သစ်လို ပြောလိုက်၏။

 www.burmeseclassic.com 

"ပြောတဲ့လူကလဲပြောပြီး ယုံတဲ့လူကလဲ ယုံပါပေရဲ့၊ ကဲ ယုံရင်ဘယ်အထောက်အထားနဲ့ မောင်မောင်ယုံသလဲဟင်၊ ခုလို ချိန်းသတ်ကြတော့ကော မောင်မောင်ဘာဖြစ်သွားသလဲ တွေးကြည့်စမ်းပါ၊ မောင်မောင်ဟာလူနုံလူညံ့ဆိုတာ လူသိရုံပဲအဖတ်တင်တာပဲ၊ ဘာမှလဲအကျိုးမရှိဘူး၊ ခုဆိုရင် နှမတော်ကို မော်စကိုတစ်မြို့လုံးကဝိုင်းပြီးမေးငေါ့ကြတော့မယ်၊ ကဲ့ရဲ့ကြတော့မယ်၊ ပြီးတော့မောင်မောင်ဟာ လူမှန်းသူမှန်းမသိအောင် အရက်မူးပြီးတစ်ဖက်သားကို အကြောင်းမဲ့မနာလိုဖြစ်တာနဲ့ ချိန်းသတ်ဖို့ခေါ်တယ်လို့ ပြောကြတော့မယ်၊ မရှက်ဘူးလားဟင်" ဟယ်လင်မင်းသမီးကလေးသည် ခပ်ကျယ်ကျယ် အော်လိုက်သည်။ ပို၍လည်းဒေါသဖြစ်လာလေသည်။ "တကယ်တော့ ဟိုလူ့ကို မောင်မောင် ဘာမှမနာလိုစရာ မရှိဘူး၊ ဟိုလူက မောင်မောင့်ထက် အဘက်ဘက်ကသာတယ် သိလား"

"ဟင်" ပီယာသည်တစ်ခွန်းမျှဆိုကာ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးကို မကြည့်ဘဲ မျက်မှောင်ကုတ်လိုက်၏။ တုတ်တုတ်မျှမလှုပ်ချေ။

"နေစမ်းပါဦး၊ နှမတော်က သူနဲ့ကျူးလွန်ဖောက်ပြားနေတယ်ဆိုတာကို မောင်မောင် ဘယ်လိုလုပ်ပြီး ယုံသလဲဟင်၊ ဘာအထောက်အထားနဲ့ ယုံသလဲ၊ ဘာလဲနှမတော်က သူနဲ့အမြဲတွဲနေတာကို ကြည့်ပြီး ဖောက်ပြားတယ်လို့ဆိုချင်တာလားဟင်၊ ဟုတ်တယ် မောင်မောင့်မှာစွဲမက်စရာတွေရှိရင် မောင်မောင်လူရည်လည်ရင် မောင်မောင်နဲ့ တွဲနေမှာပဲ၊ ဘာမှ ပြောစရာမလိုဘူး"

"ကျုပ်ကိုဆွဲမထည့်ပါနဲ့၊ ကျုပ်တောင်းပန်ပါတယ်" ပီယာက ခပ်ပြတ်ပြတ် ပြောလိုက်၏။

"အို ဘာဖြစ်လို့မပြောရမှာလဲ၊ နှမတော်မှာ ပြောပိုင်ခွင့်ရှိတယ်၊ ကိုယ်ပြောချင်ပြောမှာပဲ၊ ဘယ်သူမှ တားပိုင်ခွင့်မရှိဘူး၊ ဒီမှာ မောင်မောင်၊ မောင်မောင့်လို လင်မျိုးသာ ရထားရင် တော်တော်တန်တန် မိန်းမဟာ လင်ငယ်နေမှာပဲ၊ ဒါပေမဲ့ နှမတော်ဟာ ဒီလိုမိန်းမစားထဲက မဟုတ်ဘူး မှတ်ထားပါ"

ပီယာသည် ရင်ထဲရှိသမျှကို ဖွင့်အန်၍ ပြောချလိုက်ချင်သည်။ ပီယာသည် နားလည်ရခက်လှသော ကြည့်နည်းမျိုးဖြင့် စိမ်းစိမ်းကြီး ကြည့်လိုက်ပြီးနောက် ဖုံပေါ်တွင် ပြန်၍ လှဲချလိုက်၏။ ထိုအချိန်တွင် ပီယာ၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်လျက်ရှိလေပြီ။ ရင်ထဲတွင် အလေးကြီးဆွဲထားသကဲ့သို့လေးလံကာ အသက်ရှူ၍မရဘဲ ဖြစ်နေသည်။ ဤဝေဒနာကြီးပျောက်သွားအောင် တစ်ခုခုတော့လုပ်မှဖြစ်မည်ဟု ပီယာသိလိုက်သည်။ သို့ရာတွင် ပီယာလုပ်ချင်သောတစ်ခုခုမှာ ကြောက်စရာကောင်းလှသည်။

"ကောင်းပြီ ကျုပ်တို့ ပြတ်ပြတ်စဲစဲကွာရှင်းလိုက်ကြတာပဲ ကောင်းတယ်" ပီယာက အက်ကွဲလျက်ရှိသော အသံဖြင့် ပြောလိုက်သည်။

"ဘာ ကွာရှင်းမယ် ဟုတ်လား၊ ဟင်း ဒီကလဲ ဒါကိုစောင့်နေတာ သိလား၊ ရသင့်ရထိုက်တဲ့ပစ္စည်းကို ခွဲပေးရင် ကွာဖို့အဆင်သင့်ပဲ" ဟယ်လင်မင်းသမီးကလေးက ပြောလိုက်၏။ "ကွာမယ်ဆိုပါကလား၊ ဟင်း ဒါနဲ့လှည့်ခြောက်တယ်ပေါ့လေ၊ ကြောက်လိမ့်မယ်များ ထင်နေသလား မသိပါဘူး၊ ရယ်ချင်တယ် ဟင်းဟင်း"

ပီယာသည် ထိုင်ဖုံပေါ်မှဝုန်းခနဲထကာ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးထံသို့ ဒယီးဒယိုင်ဖြင့်ပြေးဝင်လာခဲ့သည်။

"နင့်ကို ငါသတ်ပစ်မယ် သိလား" ပီယာသည် ဒေါသတကြီးဖြင့်အော်ကာ တစ်ခါဖူးမျှ မရှိခဲ့ဖူးသည့် ခွန်အားဖြင့် စားပွဲခင်းထားသည့် ကျောက်ဖြူပြားကြီးကို ကောက်မလိုက်ပြီးနောက် ဟယ်လင်မင်းသမီးကလေးရှေ့သို့ တစ်လှမ်းတက်လာလေသည်။

ဟယ်လင်မင်းသမီးကလေးသည် လွန်မင်းစွာထိတ်လန့်တုန်လှုပ်လျက် ဘေးသို့တိမ်းလိုက်သည်။ ပီယာ၏ ရင်ထဲ၌ ခမည်းတော်မြို့စားကြီး ဘီဇူးကော့ဗ်၏ ဉာဉ်သည် ဘွားခနဲပေါ်လာလေပြီ။ ပီယာသည် ဒေါသကြောင့် ကယောင်ကတမ်းဖြစ်လာသည်။ ပီယာသည် ကျောက်ဖြူပြားကြီးကိုကိုင်ပေါက်၍ ရိုက်ခွဲလိုက်ပြီးနောက် ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏အပေါ်တွင် လက်ကြီးနှင့်မိုးကာ တစ်အိမ်လုံးက ကြားရသည့် ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့် "ထွက်သွား" ဟု အော်လိုက်သည်။ ထိုအချိန်က ဟယ်လင်မင်းသမီးကလေးသာ အခန်းထဲမှ ထွက်မပြေးခဲ့လျှင်ကား ပီယာသည် မည်သို့လုပ်မိမည် မသိချေ။

*



www.burmeseclassic.com

ရက်သတ္တတစ်ပတ်အကြာ၌ ပီယာသည် မိမိပိုင် အမွေပစ္စည်းများအနက် အများဆုံးဖြစ်သော ရုရှားပြည်မဘက်မှ နယ်မြေများကို ကြင်ရာတော်ဟယ်လင်မင်းသမီးကလေးအား လုံး၀ လွှဲအပ်ပေးခဲ့ပြီးနောက် ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်သွားခဲ့လေသတည်း။

## အခန်း ၇

မင်းသားကြီးဘိုလကွန်စကီတို့မိသားစု စံမြန်းရာ 'တောင်ကတုံး'အရပ်သို့ ဩစတားလစ်တိုက်ပွဲသတင်းနှင့်တကွ မင်းသားကလေးအင်ဒရေ ပျောက်ဆုံးကြောင်း သတင်းရောက်ရှိခဲ့သည်မှာ နှစ်လမျှကြာခဲ့လေပြီ။ ဤအတောအတွင်းတွင် မင်းသားကြီးဘိုလကွန်စကီသည် သံရုံးတော်များမှတစ်ဆင့် စာအတန်တန်ပေးပို့၍ အထပ်ထပ် စုံစမ်းရှာဖွေသော်လည်း သားတော်မင်းသားကလေးအင်ဒရေ၏ အလောင်းကို မတွေ့ရ။ သုံ့ပန်းစာရင်းတွင်လည်း ရှာမရဘဲ အစပျောက်လျက်ရှိလေသည်။ ဆွေမျိုးသားချင်းများ စိတ်အထိခိုက်ဆုံးကား မင်းသားကလေးအင်ဒရေကို စစ်မြေပြင်အနီးတစ်ဝိုက်ရှိ ရွာသူရွာသားများက တွေ့ရှိနိုင်သေးသည်ဟု မျှော်လင့်လျက်ရှိနေခြင်းနှင့် ယခုအချိန်လောက်တွင် မင်းသားကလေးအင်ဒရေသည် (ဒဏ်ရာပျောက်ကင်းစပြုနေသည်ဖြစ်စေ၊ သို့မဟုတ် ဝေဒနာဆိုးရွားလျက် ရှိသည်ဖြစ်စေ)မိဘဆွေမျိုးများနှင့် ကင်းဝေးရာသူစိမ်းတစ်ရံတွေကြား ဝေးမြေရပ်ခြားတွင် စာကလေးတစ်စောင်တောင်မှ ရေးဖော်မရတော့သည့် အဖြစ်မျိုးဖြင့် ကြုံတွေ့ရှာရသည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဩစတားလစ်တိုက်ပွဲအရေးနိမ့်ပြီးစက မင်းသားကြီးဘိုလကွန်စကီ ပထမဆုံးဖတ်ရသည့် ပြန်တမ်းများအရဆိုလျှင် (သို့ရာတွင် ၎င်းတို့မှာ ထုံးစံအတိုင်း ခပ်တိုတိုခပ်ဝါးဝါးမျှသာဖြစ်သည်။) ရုရှားတပ်များသည် ရန်သူများကို ရဲရင့်ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ကြပြီးနောက် စည်းကမ်းသေဝပ်စွာ ဆုတ်ခွာလာနိုင်ကြသည်ဟု သိရသည်။ ဤပြန်တမ်းအရ ရုရှားတပ်များမှာ အရေးနိမ့်လာပြီဖြစ်ကြောင်းကို မင်းသားကြီး ဘိုလကွန်စကီ သိခဲ့ပေသည်။ ပြန်တမ်းထွက်ပြီးနောက် ရက်သတ္တတစ်ပတ်ကြာသောအခါတွင်မူ သားတော်မင်းသားကလေး အင်ဒရေ ကျဆုံးသွားပြီဖြစ်ကြောင်းနှင့် မင်းသားကြီး ဘိုလကွန်စကီထံသို့ စစ်သေနာပတိချုပ် ကူတူဇော့ဖ်ထံမှ စာတစ်စောင် ရောက်ရှိလာခဲ့လေသည်။

'နောင်တော်ကြီး၏သားတော်မှာ တပ်ဦးတွင် စစ်တံခွန်ကိုကိုင်လျက် ကျွန်ုပ်၏မျက်စိရှေ့မှာပင် လဲကျသွားခဲ့ပါသည်။ နောင်တော်ကြီး၏ သားတော်သည် အဖတိုင်းပြည်ကြီးနှင့်တကွ ခမည်းတော်ကြီး၏ သားကောင်းပီသစွာ သူရဲကောင်းတစ်ယောက်အနေဖြင့် လဲကျခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ယခုထက်တိုင် နောင်တော်ကြီး၏ သားတော်မှာ အသက်ရှင်လျက်ရှိသည် မရှိသည်ကို သေချာစွာ မသိရသေးသည့်အတွက် ကျွန်ုပ်နှင့်အတူ တပ်မတော်ကြီးတစ်ခုလုံးကပါ ဝမ်းနည်းလျက်ရှိကြပါသည်။ ရန်သူများဘက်မှ စစ်ဆိုင်းအလံဖြူလွှင့်လျက် လာရောက်ပေးပို့သော စစ်မြေပြင်မှ တွေ့ရသည့် တပ်ဗိုလ်များ၏ စာရင်း၌ နောင်တော်ကြီး၏ သားတော်နာမည်ကို ဖော်ပြထားခြင်းမရှိသည့်အတွက် နောင်တော်ကြီး၏သားတော်သည် ရှင်လျက်ရှိနေသေးသည်ဟူ၍ မျှော်လင့်နိုင်ပါသည်။ ထိုမျှော်လင့်ချက်ဖြင့်ပင် နောင်တော်ကြီးအားလည်း ဖြေသိမ့်၍ ကျွန်ုပ်ကိုယ်တိုင်ကိုလည်း ဖြေသိမ့်မိပါသည်'စသဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဖ်၏စာတွင် ပါရှိလေသည်။

မင်းသားကြီးဘိုလကွန်စကီသည် ညဦးအတော်နက်ချိန် စာကြည့်ဆောင်ထဲတွင် တစ်ယောက်တည်းထိုင်နေစဉ် ဤစာကို ရရှိခဲ့ခြင်းဖြစ်၏။ ဤစာကိုရပြီးနောက်တွင် မင်းသားကြီးဘိုလကွန်စကီသည် ထုံးစံအတိုင်း နံနက်တွင် လမ်းလျှောက်ထွက်မြဲထွက်ခဲ့သော်လည်း ဘဏ္ဍာစိုးနှင့်သော်လည်းကောင်း၊ ခြံစောင့်နှင့်သော်လည်းကောင်း၊ ဗိသုကာနှင့်သော် လည်းကောင်း စကားတစ်ခွန်းမျှမပြောမိဘဲ မျက်နှာမသာမယာဖြင့် တိတ်ဆိတ်လျက် ရှိလေသည်။

မိမိ၏အချိန်ဇယားအတိုင်း ပွတ်စင်တွင်ထိုင်၍ အလုပ်လုပ်နေစဉ် ထုံးစံအတိုင်း သမီးတော်မင်းသမီးကလေးမေရီ ပေါက်လာသည့်အခါတွင်လည်း မင်းသားကြီးဘိုလကွန်စကီသည် ခါတိုင်းကဲ့သို့လှည့်၍မကြည့်ဘဲ အလုပ်လုပ်မြဲ လုပ်လျက်ရှိ၏။

"အိမ်း သမီးတော်လား"မင်းသားကြီးဘိုလကွန်စကီက ဆောက်ကိုပစ်ချလိုက်ပြီး မူမမှန်သည့်အသံဖြင့် ရုတ်တရက် မေးလိုက်၏။ (ပွတ်စင်မှဘီးမှာ အရှိန်ဖြင့် လည်လျက်ရှိ၏။ နောင်သောအခါ၌ မင်းသမီးကလေးမေရီ

 www.burmeseclassic.com 

သည် တကျိုကျိုမြည်နေသော ပွတ်စင်မှဘီးသံနှင့် နောက်တွင်ကြားရသော သတင်းဆိုးကြီးတို့ကို အချိန်အတော်ကြာမျှ ဖျောက်ဖျက်မရဘဲ တွဲ၍ကြားယောင်နေသည်။)

မင်းသမီးမေရီသည် ခမည်းတော်မင်းသားကြီးဘိုလကွန်စကီ၏အနားသို့ မရဲတရဲကပ်လာကာ မျက်နှာကိုကြည့်လိုက်မိသည်တွင် တစ်ကိုယ်လုံးထူပူသွားကာ မျက်လုံးတွေပြာသွားသည်။ ခမည်းတော်မင်းသားကြီးဘိုလကွန်စကီ၏ မျက်နှာမှာ ဝမ်းနည်းသည့် မျက်နှာလည်းမဟုတ်၊ ကြိတ်မှိတ်ခံစားနေရသည့် မျက်နှာမျိုးလည်းမဟုတ်ဘဲ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက်ရှိသော မျက်နှာမျိုးဖြစ်လေရာ မင်းသမီးကလေးမေရီမှာ ထိုမျက်နှာနှင့်မှုမမှန်သော အလုပ်လုပ်နေပုံကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက်တစ်သက်တာတွင် အဆိုးရွားဆုံးသော၊ တစ်ခါမျှမတွေ့ကြုံဖူးသော၊ ပြင်၍မရနိုင်သော မိမိချစ်မြတ်နိုးသူတစ်ယောက်၏ သေခြင်းတည်းဟူသော ကြမ္မာဂြိုဟ်ဆိုးကြီးသည် မိမိအပေါ်တွင် အရိပ်ထိုးလျက်ရှိလေပြီဟု ချက်ချင်း သဘောပေါက်လိုက်သည်။

"ဖေဖျား အင်ဒရေတစ်ယောက်"ကျက်သရေကင်းမဲ့၍ ပုံပန်းမကျသော မင်းသမီးကလေးမေရီ၏မျက်နှာမှာ ဖော်ပြခြင်းငှာမစွမ်းနိုင်အောင် ဖွဲလမ်းနှစ်သက်ဖွယ်ဖြစ်သည့် သနားစရာအသွင်ကိုဆောင်လျက် ရှိလေရာ မင်းသားကြီးဘိုလကွန်စကီသည် သမီးတော်မင်းသမီးကလေးမေရီ၏ ဖြစ်အင်ကို မကြည့်ရက်တော့ဘဲ ငိုရှိုက်၍ မျက်နှာလွှဲပစ်လိုက်လေသည်။

"ကိုယ့်စိတ်ကိုသာ ဖြေပေတော့သမီးတော်၊ သုံ့ပန်းစာရင်းမှာလဲမပါဘူး၊ ကျဆုံးတဲ့စာရင်းမှာလဲမပါဘူး၊ ကူတူဇော့ဖ်ဆီက စာရေးလိုက်တယ်"မင်းသားကြီးဘိုလကွန်စကီသည် မင်းသမီးကလေးမေရီအား မောင်းထုတ်လိုက်သည့်နှယ် အော်၍ပြောလိုက်သည်။ "ကျသွားပြီတဲ့၊ ကျသွားပြီတဲ့"

မင်းသမီးကလေးမေရီသည် လဲကျသွားခြင်းလည်းမရှိ၊ သတိမေ့မြောသွားခြင်းလည်းမရှိ၊ မျက်နှာမှာ ဖြူရော်လျက် ရှိလေပြီ၊ သို့ရာတွင် ဤသတင်းကိုကြားလိုက်သောအခါတွင် ရုတ်ခြည်းမျက်နှာပြောင်းသွားကာ လှပတောက်ပြောင်သော မျက်လုံးများသည် တဖိတ်ဖိတ်လက်လာကြ၏။ ထိုမျက်လုံးတောက်ပပုံမှာ လောကီဘုံသားတို့၏ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့နှင့်မတူသော ပျော်ရွှင်ချမ်းမြေ့ခြင်း မျိုးကြောင့် တောက်ပပုံမျိုးဖြစ်လျက် မိမိရင်တွင်း၌ဖြစ်နေသော ပရိဒေဝသောကကို ဖုံးအုပ်သွားလောက်အောင် စွမ်းအားကြီးမားလှသည်ဟု ထင်ရပေ၏။ မင်းသမီးကလေးမေရီသည် ခမည်းတော်မင်းသားကြီးဘိုလကွန်စကီအား ကြောက်ရွံ့ခြင်းဟူသမျှတို့ အလျှင်းမရှိတော့ဘဲ ခမည်းတော်ထံသို့ လျှောက်သွားပြီး လက်ကိုဆွဲလျက် ပိန်ရှုံ့ရှုတ်တွနေသော လည်ပင်းကို သိုင်းဖက်လိုက်သည်။

"ဖေဖျား မျက်နှာလွှဲမသွားပါနဲ့ ဖေဖျား၊ ငိုလိုက်ပါ၊ သမီးတော်ပါ ငိုလိုက်ပါ့မယ်"

"အယုတ်တမာကောင်တွေ လူမိုက်တွေ"မင်းသားကြီး ဘိုလကွန်စကီသည် မျက်နှာကို တစ်ဖက်သို့လွှဲ၍ အော်လိုက်၏။ "တပ်မတော်ကြီးတစ်ခုလုံးကို ဖျက်တယ်၊ လူတွေကို သတ်ပစ်တယ်၊ အဓိပ္ပာယ်မရှိ၊ သွား လီဇာကို သွားပြောချေ"

မင်းသမီးကလေးမေရီသည် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏အနီးရှိ လက်တင်ထိုင်ဖုံပေါ်တွင် ထိုင်၍ ငိုချလိုက်သည်။ မိမိတို့နှင့်ခွဲ၍ စစ်မြေပြင်သို့ ထွက်ခါနီးတွင် ဂုဏ်ယူလျက်ရှိသော မောင်တော်မင်းသားကလေးအင်ဒရေ၏မျက်နှာကို မြင်ယောင်လာသည်။ မိမိကဆင်းတုတော်ကလေးကို လည်တွင်ဆွဲပေးလိုက်သောအခါတွင် ရွှင်ပြုံးကျေနပ်လျက်ရှိပုံကို မြင်ယောင်လာသည်။ 'အင်ဒရေဟာ ဘုရားသခင်ကို ယုံပလားမသိဘူး၊ ခုလောက်ဆိုရင် ဘုရားကို မယုံတဲ့အတွက် နောင်တရလောက်ပြီပေါ့နော်၊ ခုဆိုရင် အင်ဒရေတစ်ယောက် ကောင်းကင်ဘုံကို ရောက်နေရော့မယ်၊ ထာဝရငြိမ်းချမ်းတဲ့ဘုံမှာ ဘေးရန်ခပ်သိမ်းက ကင်းဝေးရာ နိဗ္ဗာန်ဘုံကို ရောက်နေရော့မယ်နော်'ဟု တွေးနေမိလေသည်။

"ဘယ်လိုဖြစ်တာတဲ့လဲ ဖေဖျား၊ သမီးတော်ကို ပြောပြပါဦး"မင်းသမီးကလေးမေရီက မျက်ရည်လည်ရွှဲဖြင့် မေးလိုက်၏။

"သွား သွား တိုက်ပွဲမှာကျသတဲ့ သိပလား၊ ကိုယ့်တိုင်းပြည်ရဲ့ သားကောင်တွေကိုရော ကိုယ့်တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကိုရော ဖျက်ဆီးပစ်ကြတယ်၊ သွား လီဇာ့ကို သွားပြောချေ၊ ခဏနေတော့ ဖေဖျားပါလိုက်ခဲ့မယ်"

ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီထံမှ မင်း



www.burmeseclassic.com

သမီးကလေးမေရီ ပြန်လာသောအခါ၌ မင်းသမီးကလေး လီဇာသည် ထိုင်ဖုံတွင်ထိုင်၍ တက်တင်းထိုးနေရာမှ မော့ကြည့်လိုက်၏။ မင်းသမီးကလေးလီဇာ၏ မျက်နှာသည် ကိုယ်ဝန်ဆောင်မိန်းမများတွင်သာ တွေ့ရတတ်သော အတွင်းအဇ္ဈတ္တသဏ္ဍာန်၏ ကြည်လင်ချမ်းမြေ့ခြင်း အမူအရာကို ဆောင်ထားလျက်ရှိ၏။ မျက်လုံးများသည် ကြည့်၍သာ ကြည့်ရသော်လည်း ယောက်မတော် မင်းသမီးကလေးမေရီကို မြင်ဟန်မတူဘဲ မိမိ၏ အဇ္ဈတ္တသဏ္ဍာန်အတွင်း မိမိ၏ ဝမ်းကြာတိုက်အတွင်း၌ အသိရခက်စွာ မြူးထူးလှုပ်ရှားလျက်ရှိသော အရာကိုသာ အာရုံစိုက်လျက်ရှိသည်ဟု ထင်ရ၏။

"ယောက်မတော်"မင်းသမီးကလေးလီဇာက ကတ္တီပါတက်တင်းထိုးပန်းခွေကို ဘေးသို့ချလိုက်၍ ကျောဆန့်ရင်း ခေါ်လိုက်၏။ "မှန်းစမ်း ယောက်မတော် လက်"

မင်းသမီးကလေးလီဇာသည် ယောက်မတော် မင်းသမီးကလေးမေရီ၏ လက်ကိုဆွဲယူကာ ၎င်း၏ဗိုက်ပေါ်သို့ တင်ထားလိုက်သည်။

မင်းသမီးကလေးလီဇာ၏ မျက်လုံးကလေးများသည် မျှော်လင့်ခြင်းဖြင့် ပြုံးရွှင်လျက် မွေးညင်းနုကလေးများ ယှက်သန်းနေသည့် နှုတ်ခမ်းကလေးသည်လည်း အပေါ်သို့ တက်သွားကာ ကလေးငယ်၏ ရွှင်ပျကြည်နူးခြင်းမျိုးဖြင့် ခပ်ဟဟကလေး ဖြစ်နေသည်။

မင်းသမီးကလေးမေရီသည် မင်းသမီးကလေး လီဇာရှေ့တွင် ဒူးထောက်၍ ယောက်မတော်၏ ဝတ်စုံကြားတွင် မျက်နှာကိုဝှက်ထားလိုက်သည်။

"ဟော ကြည့် ကြည့် တွေ့လား၊ အထဲက သိပ်လှုပ်တာပဲ ယောက်မတော်ရယ်၊ ထိပ်ထားလေ မောင်မောင့်ကို ခုအချိန်ကစပြီး ဆထက်ထမ်းပိုး ပိုလို့ချစ်တော့မယ်၊ ပိုလို့ ယုယတော့မယ် သိလားယောက်မတော်" လီဇာက ယောက်မတော် မင်းသမီးကလေးမေရီအား တောက်ပကြည်နူးလျက်ရှိသည့် မျက်လုံးများဖြင့် ကြည့်၍ ပြောလိုက်သည်။

မင်းသမီးကလေးမေရီသည် ခေါင်းကို မမော့ဘဲ ငိုလျက်ရှိ၏။

"ဟင် ဘာဖြစ်လို့လဲ ယောက်မတော်"

"ဘာမှမဖြစ်ပါဘူး ယောက်မတော် ဝမ်းနည်းလို့ပါ၊ အင်ဒရေအတွက် ဝမ်းနည်းတာပါပဲ"မင်းသမီးကလေး မေရီသည် ယောက်မတော်၏ ဒူးပေါ်တွင် မျက်ရည်များကို သုတ်လိုက်သည်။

မင်းသမီးကလေး မေရီသည် တစ်မနက်လုံး ယောက်မတော် မင်းသမီးကလေးလီဇာအား သတင်းကို ပြောရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မထွက်ရက်ဘဲ မျက်ရည်များသာ တွေတွေစီးကျကာ ငိုနေမိသည်။ မင်းသမီးကလေးလီဇာမှာလည်း အမှုမဲ့အမှတ်မဲ့ဖြစ်၍ ယောက်မတော် မင်းသမီးကလေးမေရီ မျက်ရည်တွေတွေ စီးကျနေသည့်အဖြစ်ကို နားမလည်နိုင်ဘဲ မျက်ရည်များကို မြင်ရရုံမျှဖြင့် တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။ မင်းသမီးကလေးလီဇာသည် မည်သို့မျှမပြောဘဲ တစ်စုံတစ်ရာကို ရှာဖွေသည့်နှယ် ဟိုဟိုသည်သည်ကို ဝေးမော့လျက် ရှိလေ၏။ ညစာမစားမီတွင်မူ မင်းသမီးကလေးလီဇာ ကြောက်ရွံ့လျက်ရှိသည့် ယောက္ခမမင်းသားကြီး ဘိုလကွန်စကီသည် အထူးဂနာမငြိမ်ဖြစ်၍ များစွာဒေါသထွက်လျက်ရှိသော မျက်နှာထားဖြင့် အခန်းထဲသို့ ဝင်ရောက်လာကာ စကားတစ်ခွန်းမျှမပြောဘဲ ပြန်၍ထွက်သွားလေသည်။ မင်းသမီးကလေးလီဇာသည် ယောက်မတော်မင်းသမီးကလေးမေရီကို ကြည့်လိုက်ပြီးနောက် ကိုယ်ဝန်ဆောင်မိန်းမများတွင် တွေ့ရတတ်သော မိမိ၏ဝမ်းကြာတိုက်အတွင်း၌ လှုပ်ရှားနေသော အရာကို အာရုံစိုက်လျက်ရှိသည့် မျက်နှာထားဖြင့် အတန်ကြာထိုင်နေပြီးမှ ရုတ်တရက် ငိုချလိုက်လေသည်။

"မောင်မောင့်ဆီက ဘာသတင်းများ ကြားလို့လဲ ယောက်မတော်"မင်းသမီးကလေးလီဇာကမေးလိုက်သည်။

"ဟင့်အင်း ဘာသတင်းမှ မကြားသေးပါဘူး ယောက်မတော်၊ စစ်မြေပြင်ကသတင်းတွေ မရောက်လာသေးဘူးမဟုတ်လား၊ ဒါပေမဲ့ ဖေဖျားကတော့ တွေးပြီး စိုးရိမ်နေတယ်၊ ယောက်မတော်လဲ စိတ်ထဲမှာတစ်မျိုးကြီးပဲ"

"ဘာသတင်းမှတော့ မကြားပါဘူးနော်"

"ဟင့်အင်း မကြားပါဘူး"မင်းသမီးကလေးမေရီက ယောက်မတော် မင်းသမီးကလေးလီဇာအား ၎င်း၏ တောက်ပသော မျက်လုံးများဖြင့် စိုက်၍ကြည့်လိုက်သည်။

မင်းသမီးကလေးမေရီသည် ဤသတင်းကို မင်းသမီးကလေးလီဇာအား မပြောရန် ဆုံးဖြတ်လိုက်ပြီးနောက် ရက်အနည်းငယ်အတောအတွင်း မီးဖွားတော့မည်ဖြစ်သည့်



www.burmeseclassic.com

 www.burmeseclassic.com 

အတိုင်း မီးဖွားပြီးမှပြောရန်ကိုလည်း ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီအား တိုးတိုးတိတ်တိတ် တိုင်ပင်ကြသည်။ မင်းသမီးကလေးမေရီနှင့် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့ဖြင့် မိမိတို့၏ သောကမီးကို မိမိတို့နည်းဖြင့် ဖုံးဖိထားကြသည်။ မင်းသားကြီးဘိုလကွန်စကီကား မျှားစွာမျှော်လင့်ချက်မထားတော့ချေ။ သားတော်မင်းသားကလေးအင်ဒရေ၏ သတင်းကို ဩစတြီးယားပြည်သို့ လူလွှတ်စုံစမ်းသော်လည်း ကျဆုံးသွားပြီဟုသာ မင်းသားကြီး ဘိုလကွန်စကီ အပြီးအပိုင် ဆုံးဖြတ်လိုက်တော့လျက် သားတော်မင်းသားကလေးအင်ဒရေကို အမှတ်တရအနေဖြင့် မိမိ၏ ဥယျာဉ်ထဲတွင်စိုက်ထူရန် ကြေးရုပ်တစ်ခုကိုပင် မော်စကိုသို့မှာထားလျက်ရှိပြီး လူတွေ့တိုင်းလည်း မိမိသားတော် ကျဆုံးသွားပြီဖြစ်ကြောင်းကိုသာ ပြောလျက် ရှိလေသည်။ မင်းသားကြီးဘိုလကွန်စကီသည် ယခင်ကကဲ့သို့ပင် အချိန်ဇယားအတိုင်း နေထိုင်သော်လည်း ခွန်အားမှာ တဖြည်းဖြည်း ဆုတ်ယုတ်စပြုခဲ့လေပြီ။ ယခင်ကလောက် လမ်းမလျှောက်တော့ဘဲ အစားအသောက် အအိပ်အနေ နည်းလာကာ နေ့စဉ်နှင့်အမျှ ခွန်အားဆုတ်ယုတ်လျက် ရှိလေသည်။ မင်းသမီးကလေးမေရီကား မျှော်လင့်ချက်ထားလျက်ပင် ရှိသေးသည်။ မင်းသမီးကလေးမေရီသည် မောင်တော်မင်းသားကလေးအင်ဒရေ အသက်ရှင်စေကြောင်း နေ့စဉ်နှင့်အမျှ ဆုတောင်းကာ ပြန်လာမည့်ရက်ကိုသာ စောင့်မျှော်လျက် ရှိလေသည်။

## အခန်း ၈

"ယောက်မတော်"

မတ်လ ၁၉ – ရက်နေ့ နံနက်စာစားအပြီးတွင် မင်းသမီးကလေးလီဇာက မင်းသမီးကလေးမေရီကို ခေါ်လိုက်၏။ မင်းသမီးကလေး လီဇာ၏ မွေးညင်းနကလေးများ ပေါက်နေသည့် နှုတ်ခမ်းသည် ဟ၍သွားလေသည်။ မင်းသားကလေးအင်ဒရေ ကျဆုံးသွားပြီဆိုသောသတင်းကို ကြားကတည်းက စံအိမ်ကြီးရှိ လူတိုင်း၏အပြုံး၊ လူတိုင်း၏ စကားသံ၊ သွားလာလှုပ်ရှားသံတို့မှာ ဝမ်းနည်းကြေကွဲသည့် အသွင်ကို ဆောင်လျက်ရှိကြသည့်အလျောက် မင်းသမီးကလေးလီဇာမှာလည်း အကြောင်းရင်းကို မသိသည့်တိုင်အောင် စိတ်ထဲတွင် တိမ်းတိမ်းပွေ့ပွေ့ဖြစ်လျက်ရှိကာ ဝမ်းနည်းကြေကွဲသည့်အပြုံးမျိုးကို ပြုံးလျက်ရှိလေရာ ၎င်း၏အပြုံးကို မြင်ရသည်ကပင် သာ၍စိတ်ထိခိုက်ဖွယ်ဖြစ်လျက်ရှိပေ၏။

"ယောက်မတော် ဒီနေ့မနက်တော့ ထိပ်ထားအစားမှားသွားပြီ ထင်တယ်"

"ဟင် ဘာဖြစ်လို့လဲ ယောက်မတော်၊ အို မျက်နှာတွေလဲ ဖြူရော်လို့ပါလား၊ ကြည့်စမ်း ကြည့်စမ်း၊ မျက်နှာက တော်တော်ကို ဖြူနေပါကလား"မင်းသမီးကလေးမေရီက အလန့်တကြားပြော၍ ယောက်မတော်မင်းသမီးကလေးလီဇာထံသို့ ခြေကိုဖော့နင်းကာ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

"ဘော်ဒါနိုဗာကို အခေါ်လွှတ်လိုက်ရင် မကောင်းဘူးလားထိပ်ထားလေး"အနီးတွင်ရှိသည့် အစေတော်တစ်ဦးက ပြောလိုက်၏။ (ဘော်ဒါနိုဗာမှာ လွန်ခဲ့သောရက်သတ္တနှစ်ပတ်ခန့်က 'တောင်ကတုံး'သို့ရောက်လာသည့် မနီးမဝေးမြို့တစ်မြို့မှ ဝမ်းဆွဲသည်တစ်ဦး ဖြစ်သည်။)

"အို ဟုတ်ပေသားပဲ"မင်းသမီးကလေးမေရီက ထောက်ခံပြောလိုက်သည်။ "လက်စသတ်တော့ ကမ္ဘာဇလေလှုပ်ရှားတာကိုး၊ နေ နေ ထိပ်ထားသွားခေါ်မယ်၊ ယောက်မတော် အားမငယ်နဲ့နော်"မင်းသမီးကလေးမေရီသည် ယောက်မတော် မင်းသမီးကလေးလီဇာကို နမ်းရှုပ်၍ ခန်းမဆောင်အပြင်သို့ ထွက်မည့်ဟန် ပြုလိုက်သည်။

"အို မဟုတ်သေးဘူး ထင်ပါတယ် ယောက်မတော်ရယ်"မင်းသမီးကလေးလီဇာ၏ မျက်နှာမှာ နာကျင်ပြင်းပြသော ဝေဒနာကြောင့် ရှုံ့မဲ့လျက်ရှိရုံမျှမက ဝေဒနာကို ကြောက်ရွံ့လျက်ရှိသည့် ကလေးငယ်တစ်ယောက်၏ အသွင်မျိုးလည်း ပေါ်ပေါက်လျက်ရှိလေသည်။

"မဟုတ်ပါဘူး ယောက်မတော်ရဲ့၊ အစာမကြေတာ ဖြစ်ပါလိမ့်မယ်၊ အစာမကြေတာလို့ပဲ ပြောလိုက်ပါတော့ ယောက်မတော်ရယ်"မင်းသမီးကလေး လီဇာသည် ဝေဒနာခံစားနေရသော ကလေးငယ်တစ်ယောက်ကဲ့သို့ ရုတ်တရက် အော်ဟစ်ညည်းညူကာ သေးသွယ်နုနယ်သော လက်ကလေးများကို ချစ်စဖွယ်ဆုပ်နယ်၍ တွန့်လိမ်လျက် ရှိလေသည်။ မင်းသမီးကလေးမေရီသည် ဝမ်းဆွဲသည် ဘော်ဒါနိုဗာကိုခေါ်ရန် ခန်းမဆောင်အပြင်သို့ ခပ်သုတ်



www.burmeseclassic.com

သုတ် ထွက်လာခဲ့လေသည်။

"အလိုလေးလေး၊ မေဖျားရေ မေဖျား နာလှချည်ရဲ့"ဟု ညည်းညူနေသံကို ခန်းဆောင်အပြင်ဘက်မှ ကြားရလေ၏။

ဝမ်းဆွဲသည်ကြီး ဘော်ဒါနိုဗာသည်လည်း များစွာအရေးကြီးလျက်ရှိနေဟန်ဖြင့် ဖြူဖွေးသေးငယ်သော လက်များကိုပွတ်ကာ မင်းသမီးကလေးမေရီထံသို့ ခပ်သုတ်သုတ် လျှောက်လာသည်ကို တွေ့ရလေသည်။

"ဝမ်းဆွဲသယ်ကြီးရေ့ ယောက်မတော် ထိပ်ထားကလေးတော့ မွေးချင်ပြီထင်တယ်"မင်းသမီးကလေး မေရီက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ဝမ်းဆွဲသည်ကြီးကို ကြောက်လန့်တကြား ကြည့်၍ ပြောလိုက်သည်။

"ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ ထိပ်ထားရေ့"ဝမ်းဆွဲသည်ကြီး ဘော်ဒါနိုဗာက ခပ်သုတ်သုတ်ဆက်လျှောက်လာရင်း ပြောလိုက်သည်။ "ထိပ်ထားလေးတို့လို အပျိုတော်များ ဒီလိုကိစ္စတွေ မသိအပ်ဘူးနော်"

"နေပါဦး ဝမ်းဆွဲသည်ကြီးရဲ့၊ မော်စကိုက သမားတော်ကြီးဆိုတာကော မရောက်သေးဘူးလား" (မင်းသမီးကလေးလီဇာနှင့် ကြင်ရာတော်မင်းသားကလေး အင်ဒရေတို့၏ ဆန္ဒအရ မော်စကိုမြို့မှ သမားတော်တစ်ယောက်ကို လူလွှတ်၍ ပင့်ဖိတ်ခိုင်းထားပြီးဖြစ်သည့်အတွက် သမားတော်ကို စောင့်မျှော်လျက် ရှိကြ၏။)

"အို ထိပ်ထားကလေးကလဲ ပူစရာမဟုတ်တာ ပူတတ်ရန်ကော၊ ဒီလောက်လဲ စိုးရိမ်မနေစမ်းပါနဲ့၊ သမားတော်ကြီးမပါဘဲ ဖျားကျွန်မတို့နဲ့ချည်းလဲ ကိစ္စပြီးပါတယ်၊ စိတ်ချပါ"

ငါးမိနစ်လောက်ကြာသောအခါ၌ လေးလံသော အရာဝတ္ထုကြီးတစ်ခုအားရွှေ့လာကြသံကို မင်းသမီးကလေး မေရီသည် အိပ်ခန်းဆောင်ထဲတွင် ထိုင်နေရာမှ ကြားရသည့်အတွက် ခန်းဆောင်ဝမှထွက်၍ ကြည့်လိုက်၏။ ယောကျ်ားအစေခံများသည် မင်းသားကလေးအင်ဒရေ၏ စာကြည့်ဆောင်ထဲမှ ထိုင်ဖုံကြီးကို အိပ်ခန်းဆောင်ဆီသို့ မ လာကြလေသည်။ ၎င်းတို့၏ မျက်နှာများကား များစွာအရေးကြီးဟန်ကို ဆောင်လျက်ရှိကြ၏။

မင်းသမီးကလေးမေရီသည် မိမိ၏ခန်းဆောင်ထဲတွင် တစ်ယောက်တည်းထိုင်လျက် စံအိမ်ထဲမှ အသံများကို နားစွင့်လျက်ရှိရင်း အခန်းဝမှဖြတ်လျှောက်သွားသည့် ခြေသံကိုကြားရတိုင်း ထ၍ကြည့်ရသည်မှာလည်း အမော ဖြစ်နေသည်။ အချို့သော မိန်းမအစေခံများသည် ခြေကို ဖော့နင်းလျက် အိပ်ခန်းဆောင်ထဲသို့ ဝင်သွားလိုက် ပြန်ထွက်လာလိုက်နှင့် အလုပ်ရှုပ်လျက်ရှိကြ၍ မင်းသမီးကလေး မေရီကို လှမ်းကြည့်ပြီး တစ်ဖက်သို့ လှည့်၍သွားကြလေ၏။ မင်းသမီးကလေးမေရီသည် ဘာကိုမျှ မေးမြန်းခြင်းမပြုရဲဘဲ အခန်းတံခါးကို ပြန်ပိတ်လိုက်လျက် ပက်လက်ထိုင်ဖုံတွင် ထိုင်ချည်၊ ဘုရားစာအုပ်ကို လှန်ချည်၊ ဆင်းတုတော်ရှေ့တွင် ဒူးတုပ်ဆုတောင်းချည်ဖြင့် ဆောက်တည်ရာမရ ဖြစ်လျက် ရှိ၏။ သို့ရာတွင် ဆင်းတုတော်ရှေ့၌ မည်သို့ဆုတောင်းသော်ငြား ဤတစ်ကြိမ်၌မူ ဆုတောင်းခြင်းသည် ၎င်းအား စိတ်၏ချမ်းမြေ့ခြင်းကို မပေးနိုင်တော့ကြောင်း အံ့သြစွာ တွေ့ရလေသည်။ ထိုအခိုက် ခန်းဆောင်တံခါးပွင့်လာကာ မိမိငယ်စဉ်က အထိန်းတော်ကြီး စဗစ်ရှနာ ဝင်လာလေသည်။ စဗစ်ရှနာမှာ မင်းသားကြီး ဘိုလကွန်စကီက တားမြစ်ထားသည့်အတွက် မင်းသမီးကလေးမေရီ၏ ခန်းဆောင်သို့ လာခဲလှသည်။ စဗစ်ရှနာသည် ခေါင်းတွင် ပဝါခြုံထားလျက် အခန်းဝတွင် ရပ်နေ၏။

"ထိပ်ထားလေးနဲ့ တွေ့ချင်လို့လာတာပါ ထိပ်ထားလေး"အထိန်းတော်ကြီးက ပြောလိုက်၏။ "ဟောဒီမှာ သခင်လေးရဲ့ မင်္ဂလာပွဲတုန်းကထွန်းတဲ့ ဖယောင်းတိုင်တွေ ယူလာခဲ့တယ်၊ ရော့ ရော့ ဆင်းတုတော်ရှေ့မှာ ဆုတောင်းပြီး ထွန်းလိုက်ဦး"

"အို ဟန်ကျလိုက်လေ အထိန်းတော်ကြီးရယ်"

"ဘုရားသခင် စောင်မတော်မူပါစေတော်"

အထိန်းတော်ကြီး စဗစ်ရှနာသည် ရွှေချထားသော ဖယောင်းတိုင်များကို ဆင်းတုတော်ရှေ့၌ထွန်း၍ တံခါးအနီးတွင်ထိုင်လျက် တက်တင်းထိုးနေလေသည်။ မင်းသမီးကလေးမေရီသည် ဘုရားစာအုပ်တစ်အုပ်ကိုကောက်၍ ရွတ်ဖတ်လျက်ရှိ၏။ ၎င်းတို့နှစ်ယောက်သည် ကျန်အချိန်၌ ကိုယ့်အာရုံနှင့်ကိုယ် ငြိမ်သက်လျက်ရှိကြ၏။ အပြင်ဘက်မှ ခြေသံများ၊ စကားပြောသံများကို ကြားရသည့်အခါကျတော့မှ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ မင်းသမီးကလေးမေရီ၏အကြည့်မှာ စိုးရိမ်ပူပန်သော

www.burmeseclassic.com


အကြည့်ဖြစ်၍ အထိန်းတော်ကြီး စဗစ်ရှနာ၏ အကြည့်မှာ အားပေးနှစ်သိမ့်သော အကြည့်ဖြစ်လေသည်။ စံအိမ်ကြီး တစ်ခုလုံးရှိလူတိုင်းသည်လည်း ခန်းဆောင်ထဲတွင် မင်းသမီး ကလေးမေရီတစ်ယောက်တည်း ထိုင်နေစဉ်ကကဲ့သို့ စိုးရိမ် ကာ တထိတ်ထိတ်ဖြစ်နေကြသည်။ သို့ရာတွင် ဤသို့သော ကိစ္စမျိုး၌ လူသိနည်းလေလေ၊ ကာယကံရှင်ကိုယ်ဝန်ဆောင် အဖို့ လွယ်ကူသက်သာလေလေဖြစ်သည်ဟု အယူရှိကြ သည့်အတွက် အားလုံးကပင် ဘာသိဘာသာဖြင့် မသိဟန် ဆောင်နေကြသည်။ ဘယ်သူမျှ ထိုကိစ္စကိုဖွင့်မပြောကြ သော်လည်း မင်းသားကြီးဘိုလကွန်စကီ၏စံအိမ်တွင် ထိုစဉ်ကဖြစ်နေသောအခြေအနေမှာ ထုံးစံအတိုင်း စည်း ကမ်းသေဝပ်၍ ရိုသေစွာပြုမူဆက်ဆံခြင်းမျိုးမျှသာမက တော့ဘဲ စိုးရိမ်ကြောင့်ကြခြင်း၊ စိတ်အားငယ်ခြင်းနှင့်တကွ ခက်ခဲနက်နဲသောကိစ္စကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိသည် ဟူသောအသိကို အားလုံးခံစားသိရှိခြင်း စသည့် အရိပ် အယောင်တို့လည်း လွှမ်းခြုံလျက် ရှိလေသည်။

ခါတိုင်း သောသောညံလျက်ရှိတတ်သည့် မိန်းမ အစေခံများ၏ ခန်းဆောင်မှာလည်း ရယ်သံတစ်ချက်မျှ မကြားရဘဲ တိတ်ဆိတ်လျက်ရှိ၏။ ယောကျ်ားအစေခံများ ၏ ခန်းမဆောင်၌လည်း အလားတူပင် တိတ်ဆိတ်လျက်ရှိ ကာ အရေးရှိကအဆင်သင့်ဖြစ်ရန် ထိုင်၍စောင့်ဆိုင်းလျက် ရှိကြ၏။ စံအိမ်ဝင်း၏ အပြင်ဘက်ဌေဝယ်ကျွန်များ၏ တဲတန်းလျားများ၌ကား မီးတုတ်များ၊ ဖယောင်းတိုင်များ သည် ထိန်ထိန်လင်းလျက်ရှိကြကာ မည်သူမျှမအိပ်ကြဘဲ ထိုင်စောင့်နေကြလေသည်။ မင်းသားကြီးဘိုလကွန်စကီမှာ မူ ဖနောင့်နှင့်ဆောင့်နင်းရင်း စာကြည့်ဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ အပါးတော်မြဲ ကြီး တီကွန်ကိုခေါ်ကာ ဝမ်းဆွဲသည် ဘော်ဒါနိဗာထဲသို့ သတင်းမေးခိုင်းလိုက်သည်။

"သွား ကိုယ်တော်ကြီးက အမေးခိုင်းလိုလို့ ပြော၊ ပြီးတော့ ငါ့ဆီကို ချက်ချင်းပြန်လာပြောလှည့်"

"မိုက်နာနေပြီလို့ ကိုယ်တော်ကြီးကိုပြောလိုက် တော်ရေ့"ဝမ်းဆွဲသည် ဘော်ဒါနိဗာက ၎င်းထံရောက်လာ သည့် တီကွန်ကို ပြန်လည်သတင်းပေးလိုက်၏။

တီကွန်သည် ပြန်လာကာ မင်းသားကြီးဘိုလကွန် စကီကို ပြောပြသည်။

"အိမ်း"မင်းသားကြီးဘိုလကွန်စကီသည် တစ်ခွန်း မျှသာပြောကာ စာကြည့်ဆောင်တံခါးကို ပိတ်လိုက်သည်။ ထို့နောက်တွင်ကား စာကြည့်ဆောင်ထဲမှ ဘာသံမျှမကြားရ တော့ချေ။

ခဏကြာလျှင် တီကွန်သည် ဖယောင်းတိုင်များကို ငြိမ်းရန်လာသကဲ့သို့ စာကြည့်ဆောင်ထဲသို့ ဝင်လာခဲ့သည်။ မင်းသားကြီးဘိုလကွန်စကီ ထိုင်ဖုံပေါ်တွင် လဲလျောင်းနေ သည်ကိုမြင်သည်တွင် တီကွန်သည် မင်းသားကြီးဘိုလကွန် စကီ၏ စိုးရိမ်ကြောင့်ကြလျက်ရှိသော မျက်နှာကို အကဲခတ် လိုက်ပြီးနောက် ခေါင်းကိုယမ်းလိုက်လျက် အနီးသို့ကပ် သွားကာ ပခုံးကိုအသာနမ်းရှုပ်ပြီး အခန်းထဲမှပြန်ထွက်လာ ခဲ့လေသည်။ ဖယောင်းတိုင်များကိုလည်း မငြိမ်းခဲ့မိ။ စာ ကြည့်ဆောင်ထဲသို့ အဘယ်ကြောင့် ဝင်လာခဲ့သည်ကိုလည်း မပြောခဲ့မိချေ။ ဤသို့ဖြင့် ကမ္ဘာလောကကြီး၌ အလျှို့ဝှက် အနက်နဲဆုံး အဆန်းကြယ်ဆုံးဖြစ်သော ကိစ္စကြီးသည် ၎င်း၏ လမ်းကြောင်းအတိုင်း ဖြစ်ပေါ်လျက်ရှိလေသည်။ ညနေစောင်း၍ ညရောက်လာသည့်တိုင်အောင် နားမလည် နိုင်သောအရာကြီးကိုတွေး၍ ထိတ်လန့်စိုးရိမ်ခြင်း၊ စိတ် အားငယ်ခြင်းတို့သည် လျော့နည်းမသွားရုံမျှမက ပို၍ပင် ကြီးမားလာလေသည်။ ထိုညတွင် စံအိမ်ကြီး၌ မည်သူမျှ မအိပ်ကြချေ။

*

ထိုညမှာ မတ်လ၏ ညတစ်ညဖြစ်၏။ ကုန်လွန်သွားသော ဆောင်းရက်များသည် လူ့ရပ်သို့ပြန်၍ ချဉ်းလိုသေးသကဲ့သို့ နှင်းကြွင်းများကို ပက်ဖျန်းကာ မုန်တိုင်းများသည်လည်း ပြင်းစွာ ကျရောက်လျက်ရှိ၏။ အားလုံးက စောင့်မျှော်လျက် ရှိသည့် မော်စကိုမြို့မှ ဂျာမန်သမားတော်ကို ကြိုဆိုရန် အတွက် လမ်းတစ်လျှောက်တွင် မြင်းထောက်များကိုလည်း စေလွှတ်ထားပြီးဖြစ်လေသည်။ တောလမ်းတစ်လျှောက် တွင် လှိုင်များ၊ ချောက်ကမ်းပါးများ၊ ရေခဲဖုံးနေသောအင်း အိုင်များဖြင့် ပြည့်နှက်လျက်ရှိသည်ဖြစ်ရာ ဂျာမန်သမား တော်၏ စွတ်ဖားကို လမ်းပြရန် မီးအိမ်များ ကိုင်ဆောင် ထားသည့် မြင်းစီးလမ်းပြများကိုလည်း လမ်းဆုံများသို့ လွှတ်ထားပြီ ဖြစ်လေသည်။


www.burmeseclassic.com

မင်းသမီးကလေးမေရီကား အချိန်အတော်ကြာက ပင် ဘုရားစာအုပ်ကို ဘေးသို့ချထားလိုက်လေပြီ။ မင်းသမီးကလေးမေရီသည် တိတ်ဆိတ်စွာထိုင်လျက် တောက်ပသော မျက်လုံးများဖြင့် အထိန်းတော်ကြီး စဗစ်ရှနာ၏ ပါးရေတွန့်လျက်ရှိပြီဖြစ်သော မျက်နှာကိုလည်းကောင်း၊ (မည်သည့်နေရာတွင် အတွန့်မည်မျှရှိသည်ကိုပင် သိနေလေပြီ။) ပဝါအောက်မှ ထိုးထွက်နေသော ဖြူဖွေးသည့် ဆံပင်များကိုလည်းကောင်း၊ မေးအောက်တွင် တွဲကျနေသည့် အရေပြားကို လည်းကောင်း စိုက်ကြည့်နေမိသည်။

အထိန်းတော်ကြီး စဗစ်ရှနာသည် တက်တင်းထိုးနေရင်းက မိမိဘာသာ ကြားနိုင်ရုံမျှလောက်သော လေသံကလေးဖြင့် မင်းသမီးကလေးမေရီ ငယ်စဉ်တောင်ကျေးကစ၍ ထပ်ပြန်တလဲလဲ ကြားဖူးခဲ့ပြီးဖြစ်သော အကြောင်းများကို ပြောပြလျက်ရှိ၏။ ထိုအကြောင်းကား ကွယ်လွန်သူမယ်တော်ထိပ်ထားကြီးသည် မင်းသမီးကလေးမေရီအား မွေးဖွားခဲ့စဉ်က ကစ်ရှ်နက်အရပ်တွင် ဝမ်းဆွဲသည်ပင်မရှိဘဲ မော်ဒါဗီယန်လယ်သူမကြီးတစ်ဦး၏ အကူအညီဖြင့် မည်သို့ မွေးဖွားခဲ့ရပုံ စသည့်အကြောင်းများ ဖြစ်လေသည်။

"သမားတော်ဆိုတာမလိုပါဘူး ထိပ်ထားလေးရယ်၊ ဘုရားသခင်ရဲ့ မဟာကရုဏာတော်အရှိသားပဲ"စဗစ်ရှနာက ပြောလိုက်၏။

ထိုအခိုက် ပြတင်းပေါက်ပေါင်ကို လေပြင်းတစ်ချက်ဆောင့်၍ တိုးလိုက်လေရာ (ပြတင်းပေါက်များမှာ ပေါင်နှစ်ထပ်တပ်ထားရမှ မိုးစွေငှက်များမြူး၍ နွေဦးပေါက်လာပြီဆိုသည်နှင့် တစ်ပြိုင်နက် မင်းသားကြီး ဘိုလကွန်စကီ၏ အမိန့်အရ တစ်ထပ်ကိုဖြုတ်၍ ပစ်လိုက်ရသည်။) ခပ်ချောင်ချောင်ထိုးထားသည့် မင်းတုပ်သည် ပြုတ်ထွက်သွားလျက် ပြတင်းပေါက်သည် ပွင့်သွား၏။ ဖဲပန်းကြွခန်းဆီးသည် တဖျပ်ဖျပ်လွင့်လာကာ လေဒဏ်ကြောင့် ဖယောင်းတိုင်မီးမှာလည်း ငြိမ်းသွားလေသည်။ မင်းသမီးကလေးမေရီမှာ လန့်၍သွားလေသည်။ အထိန်းတော်ကြီး စဗစ်ရှနာသည် တက်တင်းထိုးနေရာမှ ထ၍ ပြတင်းပေါက်ဆီသို့သွားပြီး အပြင်ဘက်သို့ ပွင့်သွားသော တံခါးရွက်ကို လှမ်းဆွဲပိတ်နေသည်။ အေးမြသောလေသည် နောက်တစ်ချက် ခပ်ပြင်းပြင်း တိုက်လိုက်ပြန်သည့်အတွက် ခေါင်းမှ ပဝါစနှင့် ဆံပင်ဖြူများသည် လွင့်နေကြလေသည်။

"ထိပ်ထားလေး အိမ်တော်ဝင်းထဲဝင်တဲ့လမ်းပေါ်မှာ စွတ်ဖားတစ်စီးတော့ မြင်ရပြီဖျာ"အထိန်းတော်ကြီး စဗစ်ရှနာက တံခါးရွက်ကိုကိုင်ထားရင်း မပိတ်သေးဘဲ ပြောလိုက်သည်။

"မီးအိမ်တွေနဲ့ပဲ ထိပ်ထားလေးရေ၊ သမားတော် ထင်တယ်"

"အို ဟုတ်လား ဝမ်းသာလိုက်တာ အထိန်းတော်ကြီးရယ်၊ ထိပ်ထားလေးကိုယ်တိုင်ဆင်းကြိုဦးမှပဲ၊ သမားတော်ကြီးက ရုရှားလို မတတ်ဘူး"

မင်းသမီးကလေးမေရီသည် ခေါင်းတွင် ပဝါစည်း၍ သမားတော်ကိုကြိုရန် အိပ်ခန်းဆောင်ထဲမှ ပြေးထွက်လာခဲ့သည်။ စမုတ်ဆောင်ထဲသို့ ဖြတ်လာခဲ့သည်၌ မီးအိမ်များထွန်းထားသည့် ကရေထားတစ်စင်း ဆင်ဝင်ပေါက်ဝတွင် ရပ်ထားသည်ကို ပြတင်းမှမြင်လိုက်ရသည်။ မင်းသမီးကလေးမေရီသည် လှေကားပေါက်သို့ပြေးဆင်းလာခဲ့သည်။ လှေကားလက်ရန်းကျောက်တိုင်တစ်ခုပေါ်တွင် ဖျားဖယောင်းတစ်တိုင်ထွန်းထား၏။ ဖယောင်းတိုင်မီးတောက်သည် လေသုတ်တိုင်း ယိမ်းလျက်ရှိ၏။ လှေကားရင်း၌ အိမ်စေတော် ဖိလစ်သည် ကြောက်ရွံ့ထိတ်လန့်သောအမူအရာဖြင့် ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ထား၏။ လှေကားအကွေ့အောက်ဘက်ဆီမှ သက္ကလပ်ဖိနပ်ရှည်ကြီးစီး၍ လျှောက်လာသော ခြေသံနှင့်အတူ မင်းသမီးကလေးမေရီ ကြားဖူးသလိုလိုရှိသော အသံတစ်သံကို ကြားလိုက်ရလေသည်။ ကြားလိုက်ရသောအသံကား

"ဘုရားသခင် ကျေးဇူးတော်ပဲဗျို့ ဖေဖျားကော"

ဟူသော အသံဖြစ်လေသည်။

"အိပ်ရာဝင်ပြီထင်တယ်"လှေကားရင်းတွင် ရောက်နေသည့် စံအိမ်တော်ဘဏ္ဍာစိုးကြီး ဒင်ယန်၏ ခြေသံကို ကြားရပြန်၏။

နောက်အသံရှင်၏ တစ်စုံတစ်ရာ မေးမြန်းသံနှင့် တကွ ဘဏ္ဍာစိုးကြီး၏ခြေသံကိုပါ ကြားရပြန်သည်။ သက္ကလပ်ဖိနပ်ရှည်ကြီးဝတ်ထားသည့် ခြေသံသည် လှေကားအချိုးနားသို့ တဖြည်းဖြည်း နီးလာခဲ့လေပြီ။

'အင်ဒရေများလား၊ အို မဖြစ်နိုင်ပါဘူး၊ ဒီလောက်တောင်တော့လဲ တိုက်ဆိုင်နိုင်မယ် မဟုတ်ပါဘူး'ဟု မင်းသမီးကလေးမေရီ တွေးနေမိသည်။ ဤသို့ တွေးတော



www.burmeseclassic.com

နေစဉ်၌ လည်ထောင်ရှည်ရှည်ချထားသည့် သားမွေးအင်္ကျီကြီးကို ဝတ်ထားလျက် တစ်ကိုယ်လုံး နှင်းတွေဖွေးနေသော မင်းသားကလေးအင်ဒရေ၏ သဏ္ဌာန်သည် ဖယောင်းတိုင်ကိုကိုင်၍ စောင့်နေသည့် အစေတော်အနီးရှိ လှေကားရင်းတွင်ပေါ်လာလေသည်။ မှန်ပါသည်။ မင်းသားကလေးအင်ဒရေပင် ဖြစ်ပါသည်။ မင်းသားကလေးအင်ဒရေ၏မျက်နှာသည် ဖျော့တော့ကာ ပိန်ချုံးလျက်ရှိသည်။ ၎င်း၏မျက်နှာကား ပျော့ပျောင်းနူးညံ့လျက်ရှိကာ လုံးဝပြောင်းလဲခဲ့လေပြီ။ သို့ရာတွင် တုန်လှုပ်လျက်ရှိသော အမူအရာကို ဆောင်လျက်ရှိပေ၏။ မင်းသားကလေးအင်ဒရေသည် လှေကားပေါ်သို့ တက်လာကာ အစ်မတော်မင်းသမီးကလေးမေရီကို ပွေ့ဖက်နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်စာကို မရဘူးလား အစ်မတော်" မင်းသားကလေးအင်ဒရေက မေးလိုက်သည်။ မင်းသမီးကလေးမေရီမှာ စကားပြန်၍မပြောနိုင်ဘဲ ဖြစ်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေသည် ကြားရမည်မဟုတ်သော အဖြေကို စောင့်မနေတော့ဘဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ခန်းမဆောင်ထဲသို့ ဝင်လာသည့် ဂျာမန်သမားတော်နှင့်အတူ (၎င်းတို့နှစ်ဦးမှာ နောက်ဆုံးစခန်းထောက်ဒေသတွင် တွေ့ခဲ့ကြပြီး ဖြစ်သည်။)အပေါ်ထပ်သို့တက်လာကာ အစ်မတော် မင်းသမီးကလေးမေရီကို ထပ်၍ပွေ့ဖက်နှုတ်ဆက်ပြန်သည်။

"ကံကြမ္မာများ သိပ်ဆန်းကြယ်တာပဲ အစ်မတော်ရေ့"မင်းသားကလေးအင်ဒရေသည် ဤသို့ပြောကာ ဝတ်ရုံအင်္ကျီနှင့် သက္ကလပ်ဖိနပ်ရှည်ကြီးကို ချွတ်ခဲ့ပြီးနောက် ကြင်ရာတော်မင်းသမီးကလေးလီဇာ၏ ခန်းဆောင်ဘက်သို့ ထွက်လာခဲ့လေသည်။

## အခန်း ၉

မင်းသမီးကလေးလီဇာသည် ခေါင်းပေါ်တွင် အဖြူရောင်ဦးထုပ်ပျော့ကလေးကို ဆောင်းထားရင်း (ထိုအချိန်၌ နာကျင်သောဝေဒနာများ ပျောက်သွားပြီဖြစ်သည်။) မှီအုံးများကိုမှီ၍ လဲလျောင်းနေလေသည်။ နက်မှောင်သောဆံပင်များသည်ချွေးစို့လျက် နီမြန်းနေသော ပါးပြင်ပေါ်သို့ ဖွာကျနေကြ၍ မွေးညင်းနုကလေးပေါက်နေသည့် နှုတ်ခမ်းများနှင့်တကွ ချစ်ခင်စွဲလမ်းဖွယ်ကောင်းသော နှင်းဆီသွေးတောက်နေသည့် ပါးစပ်မှာလည်းဟလျက်ရှိကာ ရွှင်လန်းစွာ ပြုံးလျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေသည် ခန်းဆောင်ထဲသို့ဝင်လာကာ မင်းသမီးကလေးလီဇာလဲလျောင်းနေသည့် ထိုင်ဖုံ့ခြေရင်းတွင် ရပ်လျက် ကြင်ရာတော်မင်းသမီးကလေးလီဇာကို ကြည့်လိုက်သည်။ ကြင်ရာတော် မင်းသမီးကလေးလီဇာ၏ ရွှန်းလဲ့သော မျက်လုံးများ၌လည်း ကလေးငယ်၏ ကြောက်ရွံ့တုန်လှုပ်ခြင်းမျိုး လွှမ်းလျက်ရှိကာ ကြင်ရာတော်မင်းသားကလေး အင်ဒရေကို ကြည့်လိုက်သည်။ ၎င်း၏အကြည့်ကား 'မောင်မောင့်ကို အသက်မကချစ်ပါတယ် မောင်မောင်၊ နှမတော်ဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပြုခဲ့ဖူးပါဘူး မောင်မောင်၊ နှမတော်ကို ဒီလိုမစိမ်းကားပါနဲ့၊ နှမတော်ကို သနားပါနော်'ဟု တောင်းပန်နေသကဲ့သို့ ရှိပေ၏။ မင်းသမီးကလေးလီဇာသည် ကြင်ရာတော်ကိုကြည့်လျက် ရှိသော်လည်း ယခုကဲ့သို့ မင်းသားကလေးအင်ဒရေ ဖြုန်းစားကြီး ရောက်လာသည်ကို သတိမရသကဲ့သို့ ဖြစ်နေသည်။ မင်းသားကလေး အင်ဒရေသည် ထိုင်ဖုံကိုကွေ့၍ လျှောက်လာကာ မင်းသမီးကလေးလီဇာ၏ နဖူးပြင်ကို နမ်းလိုက်၏။

"အချစ်"မင်းသားကလေးအင်ဒရေက ယခင်တစ်ခါဖူးမျှ ဤသို့မခေါ်ဖူးဘဲ ပထမဆုံးအကြိမ် ခေါ်လိုက်သည်။ "ဘုရားသခင်က ကူညီစောင်မတော်မူပါလိမ့်မယ် အချစ်ရယ်၊ ဘာမှ အားမငယ်ပါနဲ့"

မင်းသမီးကလေးလီဇာသည် မင်းသားကလေးအင်ဒရေကို စူးစိုက်၍ ကြည့်လိုက်သည်။

'ဘယ်သူ့ ကူညီစောင်မခြင်းကိုမှ နှမတော် မလိုချင်ပါဘူး မောင်မောင်၊ မောင်မောင့်အကူအညီကိုပဲ လိုချင်ပါတယ်၊ ဒါပေမဲ့ မောင်မောင့်ဆီကလဲ မရဘူးနော်၊ စိမ်းကားပါပေ့ မောင်မောင်'ဟု မျက်လုံးများက ပြောလျက်ရှိ၏။ မင်းသမီးကလေးလီဇာသည် ကြင်ရာတော်ပြန်ရောက်လာခြင်းကို အံ့သြဟန်လည်းမရှိ၊ ပြန်လာခြင်းကိုလည်း သတိရဟန်မတူချေ။ ကြင်ရာတော်မင်းသားကလေး အင်ဒရေ ပြန်ရောက်လာခြင်းသည် မင်းသမီးကလေး လီဇာ၏ရင်တွင်း၌ဖြစ်နေသော ဝေဒနာများကို ကုစား၍လည်း မပေးနိုင်ချေ။ ကမ္ဘာလေလှုပ်ရှားလာပြန်သဖြင့် ဝမ်းဆွဲသည်ကြီး ဘော်ဒါနိဗာက မင်းသားကလေး



www.burmeseclassic.com

အင်ဒရေအား အပြင်သို့ထွက်စေပြန်သည်။

ခဏကြာသော် သမားတော်ကြီး ရောက်လာလေသည်။ မင်းသားကလေးအင်ဒရေသည် အပြင်သို့ထွက်အလာ၌ မင်းသမီးကလေးမေရီနှင့် တွေ့ပြန်သဖြင့် နှစ်ယောက်သား တီးတိုးတီးတိုးစကားပြောကြပြန်သည်။ သို့ရာတွင် စကားဖြောင့်ဖြောင့် မပြောနိုင်ကြချေ။ နှစ်ယောက်စလုံး စိတ်စောကာ မီးနေခန်းဘက်ဆီသို့သာ နားစွင့်စောင့်မျှော်နေမိကြလေသည်။

"အင်ဒရေ သွားလိုက်ဦးလေ"မင်းသမီးကလေးမေရီက ပြော၏။

မင်းသားကလေးအင်ဒရေသည် ကြင်ရာတော်အားသွားကြည့်ကာ ကပ်လျက်ခန်းဆောင်ထဲတွင် ထိုင်စောင့်နေလေသည်။ အစေခံမိန်းမတစ်ယောက်သည် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသော မျက်နှာဖြင့် မီးနေခန်းထဲမှ ထွက်လာခဲ့၍ မင်းသားကလေးအင်ဒရေကို မြင်သည်တွင် မျက်နှာပျက်သွားသည်။ မင်းသားကလေးအင်ဒရေသည် အတန်ကြာအောင် မျက်နှာကိုလက်ဝါးဖြင့်အုပ်၍ နေမိသည်။ သနားဖွယ်ကောင်း၍ ခိုကိုးရာမဲ့ဖြစ်ခဲ့လျက်ရှိသော တိရစ္ဆာန်သဖွယ် ညည်းညူသံများသည် အခန်းထဲမှ ထွက်ပေါ်လာ၏။ မင်းသားကလေးအင်ဒရေသည် ထိုင်ရာမှထကာ အခန်းတံခါးကို သွား၍ဖွင့်ကြည့်မိသည်။ အထဲမှ တစ်ယောက်က တံခါးကိုတွန်း၍ ပိတ်ထားလေသည်။

"မလာခဲ့နဲ့ဦး မလာခဲ့နဲ့ဦး"အထဲမှ ချောက်ချားလျက်ရှိသော အသံတစ်သံက ပြောလိုက်သည်။

မင်းသားကလေးအင်ဒရေသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပြန်သည်။ အခန်းထဲမှ အော်[illegible]ာစ်ညည်းညူသံများမှာ တိတ်ဆိတ်သွားပြီဖြစ်၏။ သို[illegible]တော်ကြာ တိတ်ဆိတ်လျက်ရှိသည်။ ထို့နောက် [illegible]ှ ကြောက်မက်ဖွယ် စူးစူးဝါးဝါးအော်သံတစ်ချက် [illegible]:လိုက်ရသည်။ ထိုအသံကား ကြင်ရာတော်မင်းသမီးကလေးလီဇာ၏အသံ မဟုတ်နိုင်။ ကြင်ရာတော်မင်းသမီးကလေးသည် ဤသို့အော်ဟစ်ညည်းညူခြင်း မပြုတတ်သည်ကို မင်းသားကလေးအင်ဒရေသိသည်။ မင်းသားကလေးအင်ဒရေသည် တံခါးဝဆီသို့ ပြေးကပ်လိုက်မိသည်။ အော်ဟစ်ညည်းညူသံ တိတ်သွားပြီးနောက် ကလေးငယ်တစ်ယောက်၏ ငိုသံထွက်ပေါ်လာလေသည်။

'ဟင် ဒီကလေး ကလေးကို ဘာဖြစ်လို့များ ဒီအခန်းထဲ ယူသွားကြပါလိမ့်'မင်းသားကလေးအင်ဒရေက ရုတ်ခြည်း တွေးလိုက်မိသည်။ 'ကလေး ကလေး ဘယ်ကကလေးလဲ၊ ဘာဖြစ်လို့ ကလေး ကလေး ဒီအခန်းထဲ ရောက်နေတာလဲ၊ ကလေး ကလေး မွေးပြီလား'

မင်းသားကလေးအင်ဒရေသည် ထိုအခါကျမှ မိမိ၏ကြင်ရာတော်မျက်နှာမြင်နေခြင်းကို သတိရကာ ကလေးငယ်၏ငိုသံကို ကြားလိုက်ရသည်တွင် တစ်ကိုယ်လုံး ပီတိတွေ ဖုံးသွားတော့သည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့စီးလျက် ကျလာကြလေသည်။ မင်းသားကလေးအင်ဒရေသည် ပြတင်းပေါက်တွင် တံတောင်ဆစ်ထောက်လျက် ကလေးငယ်တစ်ယောက်ကဲ့သို့ ရှိုက်ကြီးတငင်ငိုချလိုက်မိသည်။ ထိုအခိုက် တံခါးသည် ပွင့်လာကာ ဝတ်စုံမပါဘဲ ရှပ်အင်္ကျီလက် ပင့်တင်ထားသော ဂျာမန်သမားတော်သည် မျက်နှာဖြူရော်ကာ မေးတဆတ်ဆတ်တုန်လျက် အခန်းထဲမှထွက်လာသည်။ မင်းသားကလေးအင်ဒရေသည် သမားတော်ဘက်သို့ လှည့်ကြည့်လိုက်၏။ သမားတော်သည် စိတ်ရှုပ်လျက်ရှိသည့် အမူအရာဖြင့် ကြည့်လိုက်ပြီး စကားတစ်ခွန်းမျှ မပြောဘဲ အပြင်ခန်းသို့ ထွက်သွားလေသည်။ မီးနေခန်းထဲမှ အစေခံမိန်းမတစ်ယောက် ခပ်သုတ်သုတ် ပြေးထွက်လာပြန်ကာ မင်းသားကလေးအင်ဒရေကိုမြင်သည်တွင် ကိုယ်ရှိန်သတ်၍ ရပ်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် မီးနေခန်းထဲသို့ ဝင်လာခဲ့လေသည်။ လွန်ခဲ့သော ငါးမိနစ်ခန့်က မင်းသားကလေးအင်ဒရေ မြင်ခဲ့ရသည့်အတိုင်း မင်းသမီးကလေးလီဇာမှာ အနေအထားမပျက် အသက်ပျောက်လျက်ရှိလေပြီ။ မျက်လုံးသည် ရွှေ့လျားခြင်းမရှိတော့ဘဲ တစ်နေရာတွင် စူးစိုက်လျက် ပါးပြင်သည် အသွေးအရောင်ဖျော့တော့လျက် ရှိပြီဖြစ်သော်လည်း မွေးညင်းနုကလေးယှက်သန်းနေသည့် နှုတ်ခမ်းနှင့်တကွ ကလေးငယ်၏ မျက်နှာကဲ့သို့ ချစ်ခင်နှစ်လိုဖွယ်ရှိသော မျက်နှာထားပြုံးပြုံးကလေး ဖြစ်နေလေသည်။

'မောင်မောင့်ကို အသက်မကချစ်ပါတယ် မောင်မောင်၊ နှမတော်ဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပြုခဲ့ဖူးပါဘူး မောင်မောင်၊ ဒါပေမဲ့ မောင်မောင်ကတော့ နှမတော်ကို



www.burmeseclassic.com

www.burmeseclassic.com


စိမ်းကားရက်ပါလား မောင်မောင်ရယ်'နှစ်လိုဖွယ်ရှိ၍ သနားဖွယ်ကောင်းသော အသက်ကင်းမဲ့လျက်ရှိသည့် မင်းသမီးကလေးလီဇာ၏ မျက်နှာသည် ဤသို့ ပြောလျက်ရှိလေသည်။

အခန်းထောင့်တစ်ခု၌ကား ပုပုသေးကွေး နီတာရဲကလေးသည် ဝမ်းဆွဲသည်ကြီးဘော်ဒါနိဗာ၏ တုန်ယင်လျက်ရှိသော လက်ထဲတွင် ညစ်၍အော်ငိုလျက်ရှိလေသည်။

နှစ်နာရီခန့်ကြာသောအခါတွင်မှ မင်းသားကလေးအင်ဒရေသည် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ ခန်းဆောင်ထဲသို့ အသာအယာဝင်လာခဲ့လေသည်။ မင်းသားကြီးဘိုလကွန်စကီမှာ အကြောင်းစုံကို သိပြီးနေလေပြီ။ မင်းသားကြီးဘိုလကွန်စကီသည် တံခါးဝနားတွင် ကပ်လျက်ရပ်နေလေရာ တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ၎င်း၏ကြုံလှီသော လက်မောင်းနှစ်ဖက်သည် သားတော်မင်းသားကလေးအင်ဒရေ၏ လည်ပင်းကို ပြုတ်တူဖြင့် ညှပ်သကဲ့သို့ဖြစ်အောင် ဖက်လိုက်ပြီးနောက် စကားတစ်ခွန်းမျှမပြောနိုင်ဘဲ ကလေးငယ်လေး တစ်ယောက်သဖွယ် ရှိုက်ကြီးငင်ငိုလျက် ရှိလေသည်။

*

သုံးရက်မြောက်သောနေ့တွင် မင်းသမီးကလေးလီဇာ၏ အလောင်းကို သင်္ဂြိုဟ်ခြင်းပြုလေသည်။ မင်းသားကလေးအင်ဒရေသည် အလောင်းစင်အနီးသို့ သွားကာ ကြင်ရာတော်အား နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ် နမ်းရှုပ်လိုက်သည်။ ခေါင်းထဲတွင်ကား ထိုမျက်နှာနှင့် ထိုမျက်လုံးများသည် မိမိကိုကြည့်ကာ 'စိမ်းကားရက်ပါပေ့ မောင်မောင်'ဟု ပြောနေသယောင် ထင်မှတ်ရ၏။ မင်းသားကလေးအင်ဒရေသည် ကြင်ရာတော်၏ ရုပ်ကလာပ်ကို မြင်လိုက်သည်နှင့် ရင်ထဲတွင် ဆို့တက်သွားကာ မိမိ၏ စိမ်းကားရက်စက်ခြင်းကို သဘောပေါက်လျက် ယူကျုံးမရ ဖြစ်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေသည် ငိုလည်းမငိုနိုင်တော့ချေ။ မင်းသားကြီးဘိုလကွန်စကီလည်း ရောက်လာကာ ရင်အုံပေါ်တွင်ယှက်၍တင်ထားသော ဖယောင်းကဲ့သို့ ဖြူဖွေးလျက်ရှိသည့် လက်ကလေးများကို နမ်းရှုပ်လိုက်သည်။ ဤအခါတွင်လည်း မင်းသမီးကလေးလီဇာ၏ မျက်နှာသည် 'ရက်စက်နိုင်ပါပေ့ ဖေဖျားရယ်'ဟု ပြောနေသကဲ့သို့ ရှိလေသည်။ မင်းသားကြီးဘိုလကွန်စကီသည် ချွေးမတော်၏ မျက်နှာကို ဆက်လက်ကြည့်မြင်ရန် မစွမ်းတော့သဖြင့် လှည့်ထွက်လာခဲ့လေသည်။

*

ငါးရက်ခန့်ကြာသောအခါ မင်းသားကလေးအင်ဒရေ၏ သားတော်ကလေး နီကိုလတ်စ်အင်ဒရေဗစ်၏ ကင်ပွန်းတပ်မင်္ဂလာကို ကျင်းပလေသည်။ နို့ထိန်းသည်က အနီးကို မေးဖြင့်ညှပ်ကာ ကလေးကို ပွေ့ထားပြီး ဘုန်းတော်ကြီးက ကလေးငယ်၏ နီထွေးရှုံ့တွနေသော လက်ဖဝါးများနှင့် ခြေဖဝါးများကို ငှန်းတောင်တစ်ချောင်းဖြင့် ဆီသုတ်လိမ်းပေးသည်။

ကလေးငယ်၏ခေါင်းကိုင်အဘဖြစ်သော ဘိုးတော်မင်းသားကြီး ဘိုလကွန်စကီသည် ရေဖျန်းမင်္ဂလာပြုလုပ်သောခွက်ကို ပတ်ချာလှည့်၍ ကလေးငယ်ကို မချိတတ်ချိတတ်ဖြင့် တုန်တုန်ယင်ယင်ပွေ့ချီကာ ခေါင်းကိုင်အမိဖြစ်သော သမီးတော်မင်းသမီးကလေးမေရီ၏ လက်သို့ လှမ်းပေးလိုက်သည်။ မင်းသားကလေးအင်ဒရေကား ရေဖျန်းမင်္ဂလာကျင်းပသော ခွက်ထဲတွင် ကလေးရေမွန်းမည်ကို စိုးရိမ်လျက်ရှိရင်း တစ်ဖက်ခန်းတွင်ထိုင်ကာ ရေဖျန်းမင်္ဂလာ ကျင်းပပြီးစီးမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိလေသည်။ နို့ထိန်းက ကလေးငယ်ကို မိမိထံသို့ပွေ့ချီလာသောအခါ၌ မင်းသားကလေးအင်ဒရေသည် ကလေးငယ်ကို ကြည်နူးရွှင်ပျစွာ ကြည့်လျက်ရှိရာက ဖယောင်းတွင် စိုက်ထားသည့် ကလေးငယ်၏ ဆံပင်မှာ ရေဖျန်းခွက်တွင် ထည့်၍ မနစ်ကြောင်း ရှုရှား ရေဖျန်းမင်္ဂလာ အစဉ်အလာအရ ဘုန်းတော်ကြီးက ကလေး၏ ဆံပင်ကို ဖြတ်၍ ဖယောင်းတွင် ကပ်လျက် ရေနှစ်ရသည်။ ဖယောင်းခဲနှစ်လျှင် ကံမကောင်းဟု အယူရှိသည်။ နို့ထိန်းက ဝမ်းသာအားရပြောသည်တွင် ခေါင်းကို အားရပါးရ ညိတ်လိုက်မိလေသတည်း။


www.burmeseclassic.com

## အခန်း ၁၀

ပီယာနှင့် ဒိုလိုကော့ဗ်တို့၏ ချိန်းသတ်ပွဲ၌ နီကိုလေသည် ဒိုလိုကော့ဗ်ဘက်မှပါဝင်ခဲ့လေရာ ထိုကိစ္စကို မြို့စားကြီး ရော့စတော့ဗ်က ဖုံးဖိထားလိုက်သည့်အတွက် နီကိုလေမှာ ရာထူးလျှော့ခြင်း မခံရတော့ချေ။ ထို့မျှမက နဂိုကမျှော်မှန်းထားသည့်အတိုင်း မော်စကိုမြို့ဝန်၏ တပ်ရေးဗိုလ်အဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရလေသည်။ ထို့ကြောင့် နီကိုလေသည် အိမ်သားများနှင့်အတူ တောကျေးလက်တွင် လိုက်မနေနိုင်တော့ဘဲ တစ်နွေလုံး မော်စကိုမြို့တွင် တာဝန်ထမ်းဆောင်နေရလေသည်။ ဒိုလိုကော့ဗ်မှာ ယခုအချိန်၌ ပြန်လည်ကျန်းမာလာစပြုလျက်ရှိ၍ နာလန်ထစ အချိန်လောက်တွင် နီကိုလေနှင့် များစွာရင်းနှီးလျက်ရှိပေပြီ။ ဒိုလိုကော့ဗ်မှာ မိမိအား များစွာချစ်မြတ်နိုးလှသည့် မိခင်ကြီး၏ အိမ်တွင် ဆေးကုလျက်ရှိ၏။ ဒိုလိုကော့ဗ်၏မိခင် အဘွားကြီးမေရီ အိုင်ဗင်နိုဝါသည် နီကိုလေအားလည်း သားနှင့်ပတ်သက်ရာမှ တစ်ဆင့် အထူးခင်မင်လျက်ရှိကာ သားအကြောင်းကို မကြာခဏ ပြောပြတတ်လေသည်။

"ဒီလောကကြီးနဲ့ ကျုပ်သားနဲ့မတန်ပါဘူး မြို့စားလေးရယ်၊ ဒီလောကကြီးက ရှုပ်ထွေးပွေလီပြီး ဒုစရိုက်တွေနဲ့ ပြည့်နေသလောက် ကျုပ်သားဟာ စိတ်သဘောထားမွန်မြတ်ပြီး ဖြူစင်သန့်ရှင်းတာကလား"ဟု အဘွားကြီး အိုင်ဗင်နိုဝါက ပြောတတ်၏။ "ခုခေတ်ကြီးမှာ ဖြောင့်မှန်ခြင်းကို လူတွေက တန်ဖိုးမထားကြတော့ဘူး မြို့စားကလေးရဲ့၊ ဖြောင့်ဖြောင့်မှန်မှန်လုပ်တဲ့လူကို လူနုံလူအလို့ အထင်သေးကြတယ်၊ နေစမ်းပါဦး မြို့စားလေးရယ်၊ မသိလို့ မေးစမ်းပါရစေဦး၊ မြို့စားလေးပီယာဆိုတဲ့လူက လူဖြောင့်လူကောင်းဆိုတာ ဟုတ်ရဲ့လား မြို့စားလေးရဲ့၊ ကျုပ်သားကဖြင့်လေ လူမြင်ရင်ခင်တတ်လေတော့ မြို့စားလေးပီယာဆိုရင် ချစ်လိုက်ခင်လိုက်ရတာ၊ ခုအထိ သူ့မကောင်းကြောင်း တစ်ခွန်းတစ်ပါဒ မပြောဖူးဘူး၊ ပီတာစဘတ်ရွှေမြို့တော်တုန်းကဆိုရင်လဲ မိတ်ဆွေရောင်းရင်းတွေ မဟုတ်လား၊ ရဲအမှုထမ်းကို ကျီစယ်ခဲ့ကြတုန်းက သူတို့တစ်တွေ အတူတူပဲကျီစယ်ခဲ့ကြတာ မဟုတ်လား၊ ကြည့်ပါဦး မြို့စားလေးရယ်၊ အဲဒီကိစ္စတုန်းကများ မြို့စားလေးပီယာက ကိုယ်လွတ်ရုန်းသွားပြီး ကျုပ်သားမှာ အားလုံးရဲ့ဒဏ်ကိုင်းခံလိုက်ရတာ၊ ရာထူးအချခံရလို့ ခံရနဲ့၊ ကြုံလိုက်ရတဲ့ ဒုက္ခသုက္ခတွေ၊ နောက်ကျတော့လဲ ရာထူးတော့ ပြန်တက်ပါတယ်၊ ဒါပေမဲ့ ဒီလို ကိုယ်လွတ်ရုန်းသွားဖို့ ကောင်းသလား မြို့စားလေးရဲ့၊ တကယ်ဆို အေးအတူပူအမျှ မခံသင့်ကြပါလား၊ ကျုပ်သားလို မိတ်ဆွေရောင်းရင်းက ချစ်တတ်တဲ့သူငယ်၊ အပေါင်းအသင်းအပေါ်မှာ အနွံအတာခံတဲ့သူငယ် ရှားပါတယ် မြို့စားလေးရယ်၊ မြို့စားလေး သိပါလိမ့်မယ်၊ ပြီးတော့ ခုချိန်းသတ်ကြတဲ့ ကိစ္စကကော မြို့စားလေးရယ်၊ ကျော်မကောင်းကြား မကောင်းကြီး၊ လုပ်မှလုပ်ရက်ကြပလေ၊ ဂုဏ်သိက္ခာတို့ သနားကြင်နာတတ်ဖို့ဆိုတာတွေ သူတို့မှာ မရှိကြတော့ဘူးတဲ့လား၊ စဉ်းစားကြည့်ပါ မြို့စားလေးရယ်၊ ကျုပ်မှာ ဒီသားလေးတစ်ယောက်ရှိတာ သိကြပါရက်ကနဲ့ ချိန်းသတ်ဖို့ ခေါ်ပြီး ရင်ဘတ်ပစ်လိုက်တာ ကံကြီးလို့ မသေတာပါလား၊ ဘာကြောင့်များ ဒီလောက် ရက်ရက်စက်စက်လုပ်ကြသလဲ မသိပါဘူး၊ ခုခေတ်ကြီးမှာ တစ်ယောက်နဲ့တစ်ယောက်လဲ မေတ္တာတရားတွေ ခေါင်းပါးကုန်ကြပြီထင်ပါရဲ့နော် မြို့စားလေး၊ တကယ်လို့ သူ့ကြင်ရာတော် ကိစ္စကြောင့် ဆိုရင်လဲ စောစောစီးစီးက ကျုပ်သားကို ခပ်ပြတ်ပြတ်ပြော လိုက်ပါလား မြို့စားလေးရယ်၊ ကိုယ့်သားဘက်ကမှားရင် ကျုပ်ရိုက်ဆုံးမပါ့မယ်၊ ခုတော့ ဘာဖြစ်လို့ နှစ်ရှည်လများ ကြည်ကြည်ဖြူဖြူဝင်ထွက်သွားလာခွင့်ပေးထားသေးသလဲ၊ သူ့ကြွေးရှိလို့ ကျုပ်သားက သူလုပ်တိုင်းခံမယ်လို့ ထင်ပုံရပါရဲ့၊ ယုတ်မာလိုက်တာ မြို့စားလေးရယ်၊ ကျုပ်သားအကြောင်း မြို့စားလေး သိပါတယ်၊ တကယ့်လူကောင်းပါ၊ ဒါကြောင့် ကျုပ်ကလဲ ဒီလောက်ချစ်တာပါ၊ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ လူတွေကတော့ သူ့အကြောင်းကို ကောင်းကောင်းမသိကြဘူး မြို့စားလေးရဲ့"

ဒိုလိုကော့ဗ်ကိုယ်တိုင်ကလည်း နာလန်ထစအချိန်တွင် နီကိုလေအား ၎င်း၏အကြောင်းကို ပြောပြတတ်၏။ ၎င်းပါးစပ်မှ ထွက်လာသောစကားများမှာ မည်သူကမျှ မမျှော်လင့်သော စကားမျိုးများ ဖြစ်လေသည်။

"ကျုပ်ကို လူတွေက လူဆိုးလို့ထင်ကြတယ်ဆိုတာ ကျုပ်သိတယ် ရောင်းရင်း"ဒိုလိုကော့ဗ်ကဆို၏။ "ထင်ပါစေ၊ ဘယ်သူက ဘယ်လိုထင်ထင် ကျုပ်ဂရုမစိုက်ဘူး၊

ကျုပ်ချစ်တဲ့ခင်တဲ့သူကလွဲရင် လောကကြီးရှိရှိသမျှလူတွေကို ကောက်ရိုးလေး တစ်ပင်လောက်တောင် ကျုပ်ဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ ကျုပ်ချစ်တဲ့ခင်တဲ့လူတွေကိုတော့ ကျုပ်တန်ဖိုးထားတယ်၊ ကျုပ်ချစ်ခင်တဲ့လူတွေအတွက် ကျုပ်အသက်စွန့်ဖို့လဲ ကျုပ်မနှမြောဘူး၊ အဲ လူတစ်ယောက်ကို ကျုပ်မုန်းပြီး အဲဒီလူဟာ ကျုပ်သွားမယ့်လမ်းမှာ အတားအဆီး ဖြစ်ပြီဆိုရင်တော့ မသက်သာဘူး ရောင်းရင်း၊ လည်ပင်းညှစ်သတ်ပြီးသားပဲ၊ လောကကြီးတစ်ခုလုံးမှာ ကျုပ်ဂရုစိုက်တဲ့လူဆိုလို့ ကျုပ်အင်မတန်ချစ်တဲ့ အမေအိုကြီးနဲ့ ကျုပ်ရောင်းရင်း နှစ်ယောက်သုံးယောက်ပဲ ရှိတယ်၊ ဒီအထဲမှာ ခင်ဗျားလဲ ပါတာပေါ့လေ၊ ကျန်တဲ့လူတွေအားလုံးကိုတော့ ကျုပ်လူစာရင်းထဲလဲ မသွင်းဘူး၊ ဂရုလဲ မစိုက်ဘူးဗျ၊ အဲ ကျုပ်အတွက် အသုံးဝင်တဲ့လူတွေနဲ့ ကျုပ်ကို အန္တရာယ်ပေးမယ့် လူမျိုးတွေကိုတော့ ခြွင်းချက်ပေါ့ဗျာ၊ လူတွေကပေးမယ့် အတော် အန္တရာယ်အပေးသားဗျ သိလား၊ အထူးသဖြင့် မိန်းမတွေကသာပြီး အန္တရာယ်ပေးသေးတယ်"

ဒိုလိုကော့ဗ်က ခေတ္တနားလိုက်သည်။

"တကယ်ပြောတာ ရောင်းရင်း၊ ယောက်ျားတွေထဲမှာ ချစ်စရာကောင်းတဲ့ယောက်ျား၊ စိတ်သဘောပြည့်တဲ့ယောက်ျား၊ မြင့်မြတ်တဲ့ယောက်ျားတွေ အများကြီး ကျုပ်တွေ့ဖူးတယ်၊ ဒါပေမဲ့ မြို့စားကြီးသမီးကအစ ထမင်းချက်မိန်းမအဆုံးရှိတဲ့ လောကမှာရှိရှိသမျှသော မိန်းမတွေထဲမှာတော့ ငွေမမက်တဲ့မိန်းမ၊ ဂုဏ်မမက်တဲ့မိန်းမ၊ အမြတ်မထုတ်ချင်တဲ့မိန်းမဆိုလို့ ကျုပ်တော့ တစ်ယောက်မှ မတွေ့ဖူးသေးဘူးဗျ၊ ကောင်းကင်က ကျလာသလို တကယ်သန့်စင်အပြစ်ကင်းပြီး သစ္စာရှိတဲ့ မိန်းမမျိုးကို ကျုပ်လိုက်ရှာနေတယ် ရောင်းရင်း၊ ဒါပေမဲ့ တစ်ယောက်မှ မတွေ့သေးဘူး၊ အဲဒီလိုမိန်းမမျိုးတစ်ယောက်တလေတွေ့ရင်တော့ သူ့အတွက် ကျုပ်အသက်ကိုပေးဆိုလဲ ပေးတယ်ဗျာ၊ တကယ်ပါ၊ ခုကျုပ်တွေ့နေရတဲ့ မိန်းမတွေကတော့ ဟင်း"

ဒိုလိုကော့ဗ်သည် ရွတ်ချသည့်ဟန်ကို ပြုလိုက်၏။

"တကယ်ပဲ ရောင်းရင်း၊ ကျုပ်ဟာ ခုအချိန်မှာ ကျုပ်ရဲ့အသက်ကို တန်ဖိုးထားသေးတယ်ဆိုရင် ခုနက ကျုပ်ပြောတဲ့ အင်မတန်သန့်စင်တဲ့မိန်းမမျိုး တစ်ယောက်တလေကို တွေ့လေဦးမလားဆိုတဲ့ မျှော်လင့်ချက်ကလေး ရှိနေသေးလို့ ဖြစ်မှာပဲ၊ အဲဒီလို မိန်းမမျိုးသာဆိုလျှင် ကျုပ်ကို လူသစ်ဖြစ်အောင် စိတ်သစ်ဖြစ်အောင် မြင့်မြတ်တဲ့ လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်မှာပဲ၊ အေးလေ ခင်ဗျားကတော့ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်ကို သဘောပေါက်မယ် မဟုတ်ပေဘူး"

"အို ကျွန်တော် နားလည်ပါတယ်"ဒိုလိုကော့ဗ်ကို အထင်ကြီးလျက်ရှိသည့် နီကိုလေက ပြောလိုက်၏။

*

ဆောင်းဦးပေါက်၌ မြို့စားကြီးရော့စတော့ဗ်တို့မိသားစုသည် တောကျေးလက်စံအိမ်မှ မော်စကိုမြို့သို့ ပြန်လာခဲ့ကြ၏။ ဆောင်းဝင်စပြုသော် ဒင်နီဆော့ဗ်လည်း ပြန်ရောက်လာကာ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်တွင် တည်းခိုလျက်ရှိလေသည်။ ထိုအချိန်မှာ ၁၈၀၆ ခု ပထမနှစ်ဝက်ပိုင်း ဖြစ်လျက် နီကိုလေမှာလည်း မော်စကိုသို့ ပြန်ရောက်နေချိန်ဖြစ်လေရာ မြို့စားကြီးရော့စတော့ဗ်တို့၏ မိသားစုတစ်စုလုံးနှင့် နီကိုလေအတွက် ပျော်စရာအကောင်းဆုံးအချိန်၊ ရွှင်မြူးစရာအကောင်းဆုံးအချိန် ဖြစ်လေသည်။ နီကိုလေရှိနေသဖြင့် စံအိမ်တော်တွင် လူရွယ်များလည်း ဝင်ရောက်လည်ပတ်ကာ စည်ကားသိုက်မြိုက်လျက်ရှိ၏။ ထိုအချိန်တွင် ဗီရာမှာ အလှကျက်သရေ ရွှန်းရွှန်းဝေဆဲဖြစ်သော အသက်နှစ်ဆယ်မျက်ဝန်းအရွယ်။ ဆွန်ယာမှာ ဖူးငုံကိုလှစ်စပြုနေသော ပန်းပွင့်တစ်ပွင့်ကဲ့သို့ နှစ်သက်ဖွယ်ကောင်းသည့် အသက်ဆယ့်ခြောက်နှစ် မျက်မည်းအရွယ်။ နာတာရှာမှာ ကလေးလည်းမက အပျိုဖြန်းလည်း မဖြစ်တတ်သေးသည့် သွေးစုန်းအရွယ်ဖြစ်၍ တစ်ခါတစ်ရံတွင် ကလေးသဖွယ် ရွှင်လန်းမြူးထူးသောအသွင်ကိုဆောင်လျက်၊ တစ်ကြိမ်တစ်ကြိမ်တွင်လည်း အပျိုဖြန်းကလေးတစ်ဦးသဖွယ် နုလည်းနုနယ်ငယ်လည်းငယ်မျစ်၊ ချစ်လည်းချစ်စရာအသွင်ကို ဆောင်လျက် ရှိချိန်ဖြစ်လေသည်။

မြို့စားကြီးရော့စတော့ဗ်၏ စံအိမ်သည် ပျိုရွယ်နုနယ်၍ ချစ်စဖွယ်ကောင်းသော မိန်းမငယ်များရှိသည့် အိမ်များ၏ ထုံးစံအတိုင်း စိတ်နှလုံးရွှင်ပြုံးကြည်နူးဖွယ်အသွင်ကို ဆောင်လျက်ရှိ၏။ စံအိမ်သို့ လာရောက်လည်ပတ်သော လူငယ်လူရွယ်များသည် စွဲလမ်းနှစ်သက်ဖွယ်



www.burmeseclassic.com

ကောင်းသည့် နုနယ်ရှင်ပြုံးသော မိန်းမပျိုတို့၏ မျက်နှာများ (ရှင်ပြုံးလျက်ရှိခြင်းမှာ ၎င်းတို့ဘာသာ ပျော်ရွှင်ချမ်းမြေ့လျက်ရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်)ကို မြင်ကြရ၏။ မိမိတို့၏ ပတ်ဝန်းကျင်၌ ရစ်ဝဲလျက်ရှိသော လှုပ်ရှားမြူးထူးခြင်းကိုလည်း ခံစားရ၏။ တေးဆိုသံ၊ တီးမှုတ်သံနှင့်တကွ မိမိတို့အား ဆွတ်လှည့်ချူလှည့်ဟု ဖိတ်ခေါ်သကဲ့သို့ရှိသော မိန်းမငယ်များ၏ ရောက်တတ်ရာရာ ကလူကျီစယ် ပြောဆိုသံများကိုလည်း ကြားရတတ်၏။ ထိုအခါမျိုး၌ကား အလည်ရောက်ရှိလာသူ လူရွယ်များသည်ပင်လျှင် ဓာတ်ကူးကာ ရွှင်လန်းမြူးထူးလာကြလေသည်။ ၎င်းတို့၏စိတ်၌ ထိုမိန်းမငယ်များနှင့် ချစ်ကြိုးရစ်သွယ်ကာ ရွှင်လန်းချမ်းမြေ့စွာ နေလိုသောဆန္ဒများသည် တဖွားဖွား ပေါ်ပေါက်လာကြသည်သာဖြစ်လေသည်။

စံအိမ်သို့ ပထမဆုံးရောက်လာသည့် နီကိုလေ၏ ရောင်းရင်းမိတ်ဆွေများအနက် တစ်ယောက်မှာ ဒိုလိုကော့ဗ် ဖြစ်လေရာ နာတာရှာမှအပ ၎င်းကိုအားလုံးကပင် ခင်မင်နှစ်သက်ကြ၏။ နာတာရှာမှာမူကား ဒိုလိုကော့ဗ်ကိစ္စနှင့် ပတ်သက်၍ သူ့အစ်ကို နီကိုလေနှင့်ပင် စကားများရသေး၏။ နာတာရှာက ဒိုလိုကော့ဗ်သည် လူဆိုးတစ်ယောက်ဖြစ်၍ ပီယာနှင့်ချိန်းသတ်ကြသည့် ကိစ္စတွင်လည်း ဒိုလိုကော့ဗ်မှာ စော်ကားသူဖြစ်ကြောင်း၊ ပီယာမှာ မိမိ၏ဂုဏ်သိက္ခာကို ကာကွယ်ရသူမျှသာဖြစ်ကြောင်း၊ ဒိုလိုကော့ဗ်မှာ အပေါင်းရအသင်းရခက်သော လူရမ်းကားတစ်ယောက်သာဖြစ်ကြောင်းဖြင့် ပြောဆိုလေသည်။

"ဟင့်အင်း နာတာရှာတော့ ဒီလူကြီးကို နည်းနည်းလေးမှ ကြည့်မရဘူး"နာတာရှာက ပြတ်ပြတ်သားသားကြီး ပြောချလိုက်၏။ "လူကယုတ်မာတဲ့အပြင် အသည်းနှလုံးလဲ ကင်းမဲ့လိုက်သေးတယ်၊ လူရမ်းကားချင်းအတူတူပေမဲ့ ဒင်နီဆော့ဗ်က သူ့ထက် အများကြီးတော်တယ်၊ အများကြီး ခင်စရာကောင်းတယ်၊ ကိုကို့လူကြီးကတော့ လူကလဲ ကတ်တီးကတ်ဖဲ့နဲ့၊ နာတာရှာတော့ ကြည့်မရပေါင်၊ ဒင်နီဆော့ဗ်တစ်ယောက်လောက်ပဲ"

"အိုး ဒင်နီဆော့ဗ်က တခြားပါကွာ"နီကိုလေက မိမိ၏လူ ဒိုလိုကော့ဗ်ကို ဒင်နီဆော့ဗ်နှင့်ယှဉ်၍ ပြောရကောင်းလောဟူသော လေသံမျိုးဖြင့် ပြောလိုက်သည်။ "ဒိုလိုကော့ဗ်ကို ညီမတို့က မပေါင်းဖူးသေးလို့ပါ၊ လူက လူကောင်းပါ၊ ဒိုလိုကော့ဗ်ကို သူ့အမေကြီးနဲ့နေတုန်းများ ညီမတို့ မြင်စေချင်တယ်"

"ဟင့်အင်း နာတာရှာတော့ ဒါတွေမသိဘူး၊ ဒီလူနဲ့တော့ နည်းနည်းလေးမှ စကားပြောလို့မရဘူး၊ ကိုကိုမသိသေးဘူး၊ ဒီလူ ဘယ်လောက်ဂြိုဟ်မွှေနေသလဲဆိုတာ ကိုကိုသိရဲ့လားဟင်၊ ခု ဆွန်ယာနဲ့ကြိုက်နေပြီ၊ အဲဒါ ကိုကိုသိရဲ့လားဟင်"

"အိုး ဘယ်ကလာ ကြိုက်ရမှာလဲ အဓိပ္ပာယ်မရှိ"

"ဟိုဘက်တောင်လွှန်သေး ကြည့်ပါ ကိုကို စောင့်ကြည့်ပါ"

နာတာရှာပြောသည့်အတိုင်းလည်း မှန်လေသည်။ မိန်းမအသိုင်းအဝိုင်းနှင့် ရောနှောလေ့မရှိသော ဒိုလိုကော့ဗ်သည် အိမ်သို့ မကြာခဏ လာရောက်လည်ပတ်လျက်ရှိလေရာ မည်သူ့ကို ချိန်နေသနည်းဆိုသည့်ပြဿနာမှာ (သို့ရာတွင် မည်သူကမျှ ဤကိစ္စကို စကားမစကြချေ။) မကြာခင် ဘွားဘွားကြီး ပေါ်လာလေတော့သည်။ ဒိုလိုကော့ဗ်သည် ဆွန်ယာကို လာရောက်ပိုးပန်းနေခြင်း ဖြစ်ပေသည်။ ဆွန်ယာမှာ ဤအချက်ကို ရိပ်မိသော်လည်း မည်သူ့ကိုမျှ မပြောရဲဘဲ ဒိုလိုကော့ဗ်ရောက်လာသည်နှင့် မျက်နှာတွင် ရှက်သွေးတွေဖြာ၍ဖြာ၍ လာတတ်လေသည်။

ဒိုလိုကော့ဗ်သည် မြို့စားကြီးရော့စတော့ဗ်၏ စံအိမ်၌ မကြာခဏဆိုသလို ညစာစားလေ့ရှိလျက် ရော့စတော့ဗ်အိမ်သားစုများတက်ရောက်သည့် ပွဲလမ်းသဘင်များဆိုလျှင်လည်း မလွတ်တမ်း တက်ရောက်လေ့ရှိကာ ရော့စတော့ဗ်ညီအစ်မတစ်သိုက်သွားလေ့ရှိသည့် အိုဂဲ၏ အကသင်ကျောင်းသို့လည်း လာလေ့ရှိ၏။ ဒိုလိုကော့ဗ်မှာ ဆွန်ယာအား အရူးအမူးဖြစ်လျက်ရှိ၍ ကြည့်လိုက်လျှင်လည်း စားတော့ဝါးတော့မတတ် ကြည့်တတ်လေ၏။ ဒိုလိုကော့ဗ်သည် ဆွန်ယာကိုတွေ့လျှင် မျက်လုံးများကျွတ်ထွက်မတတ် စူးစိုက်ကြည့်နေတတ်၏။ ထိုအခါမျိုး၌ ဆွန်ယာမှာလည်း မျက်နှာတွေ ရဲတက်လာကာ အနေရအထိုင်ရခက်လျက်ရှိလေသည်။ ဆွန်ယာသာမကပါ၊ ဒိုလိုကော့ဗ်၏အကြည့်ကို ရင်ဆိုင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မြို့စားကတော်ကြီးနှင့် နာတာရှာတို့ပင်လျှင် မျက်နှာတွေ နီရဲတတ်ပေသေးသည်။

ဤသို့ဖြင့် ဤလူထူးလူဆန်း ခပ်ရမ်းရမ်း ဒိုလို


www.burmeseclassic.com

ကော့ဗ်သည် ချစ်ဦးသူရှိနေပြီဖြစ်သော အလှကျက်သရေနှင့် ပြည့်စုံသည့် ဆွန်ယာကို အရူးအမူးဖြစ်နေခြင်းမှာ ထင်ရှား လျက် ရှိလေပြီ။

ဆွန်ယာကို ဆက်ဆံရာ၌ ဒိုလိုကော့ဗ်မှာ ယခင်နှင့် မတူ မူပြောင်းလာခြင်းကို နီကိုလေလည်း သတိထားမိ သည်။ သို့ရာတွင် နီကိုလေသည် ဒိုလိုကော့ဗ်မူပြောင်းလာ သည့်ကိစ္စကို အကျယ်အကျယ် မတွေးတော့ဘဲ 'အင်း သူတို့နှစ်ယောက်ဟာ တစ်ယောက်ယောက်နဲ့တော့ ကြိုက် နေရမှ နေတတ်ပုံရတယ်'ဟု ဆွန်ယာနှင့် နာတာရှာကိုရော မှေ့၍ တွေးလိုက်မိသည်။ သို့ရာတွင် နီကိုလေသည် ဆွန်ယာနှင့် လည်းကောင်း၊ ဒိုလိုကော့ဗ်နှင့်လည်းကောင်း ဆက်ဆံရာ၌ ယခင်ကကဲ့သို့ ရင်းရင်းနှီးနှီး မရှိတော့ဘဲ အိမ်၌လည်း အနေနည်းလာခဲ့လေသည်။

၁၈၀၆–ခု ဆောင်းဦးပေါက်တွင်ကား အားလုံးက ပင် နပိုလီယန်နှင့်ဖြစ်ပွားသော စစ်ကြီးအကြောင်းကို ယခင်နှစ်ကထက် စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိ ကြ၏။ တပ်သားသစ်များစုဆောင်းရေးနှင့် ပတ်သက်၍ လည်း ရွှေနန်းတော်ကြီးမှ အမိန့်ထုတ်ပြန်လိုက်ပြီဖြစ်လေ ရာ အမြဲတမ်း တပ်မတော်ကြီးအတွက် လူတစ်ထောင်လျှင် ဆယ်ယောက်ကျ၊ အရေးပေါ်စစ်သည်တပ်ဖွဲ့များအတွက် လူတစ်ထောင်လျှင် ကိုးယောက်ကျ စုဆောင်းသိမ်းသွင်း လျက်ရှိ၏။ နေရာတကာတွင် နပိုလီယန်အား ကျိန်ဆဲ လျက်ရှိကာ မော်စကိုတစ်မြို့လုံးမှာလည်း စစ်အကြောင်း ကိုသာ ပြောဆိုလျက်ရှိကြလေသည်။ မြို့စားကြီးရော့စ တော့ဗ်အိမ်သားစုများက စစ်ပြင်ဆင်မှုများကို စိတ်ဝင်စား နေခြင်း အကြောင်းမှာကား နီကိုလေသည် မော်စကိုတွင် ဆက်လက်အမှုထမ်းရတော့မည်မဟုတ်ဘဲ နာတာလူးပွဲ တော်ပြီး၍ ဒင်နီဆော့ဗ်၏ ခွင့်ရက်ကုန်ဆုံးသည်၌ ဒင်နီ ဆော့ဗ်နှင့်အတူ တပ်ရင်းသို့ပြန်ရတော့မည်ဖြစ်သောကြောင့် ဖြစ်လေသည်။ နီကိုလေကား တပ်သို့ ပြန်ရတော့မည် ဖြစ်ခြင်းကြောင့် ဝမ်းနည်းခြင်း မရှိရုံမျှမက အတိုးချ၍ပင် ပျော်လျက်ရှိပေ၏။ ကျန်သည့်ရက်အတောအတွင်းတွင် နီကိုလေသည် အိမ်တွင်နေသည်ဟူ၍မရှိဘဲ ညစာစားပွဲများ၊ ဧည့်ခံပွဲများ၊ ကပွဲများ၌သာအချိန်ကုန်လျက် ရှိပေသည်။

# အခန်း ၁၁

နာတာလူးပွဲတော်ပြီး၍ တတိယမြောက်နေ့၌ နီကိုလေသည် ညစာကို အိမ်တွင်စားလေသည်။ ဤကား နောက်ပိုင်းတွင် နီကိုလေပြုလုပ်ခဲ့သော အခြင်းအရာတစ်ခု ဖြစ်၏။ နီကိုလေ နှင့် ဒင်နီဆော့ဗ်တို့မှာ မိမိတို့တပ်ရင်းသို့ပြန်ရတော့မည် ဖြစ်သည့်အတွက် နှုတ်ဆက်ညစာစားပွဲ ကျင်းပခြင်းဖြစ်လေ သည်။ ထိုညစာစားပွဲသို့ ဒိုလိုကော့ဗ်နှင့် ဒင်နီဆော့ဗ်တို့အပါ အဝင် လူနှစ်ဆယ်ခန့် လာကြ၏။

ထိုနေ့ကလောက် တစ်ဦးကိုတစ်ဦး ချစ်ခင်နှစ်သက် သော အမူအရာမျိုး၊ ချစ်ခင်နှစ်လိုဖွယ် ပတ်ဝန်းကျင်မျိုးကို မြို့စားကြီးရော့စတော့ဗ်၏အိမ်တွင် ယခင်ကတစ်ခါမျှ မရှိခဲ့ချေ။ 'ပျော်ကြဗျ ပျော်ကြ၊ ဒီလိုပျော်စရာအချိန်မျိုး၊ ချစ်ရမယ့်အချိန်မျိုး၊ အချစ်ခံရမယ့်အချိန်မျိုးကို လက် မလွှတ်ကြနဲ့ဗျ၊ လောကမှာ ချစ်ခြင်းသာလျှင် တကယ်ရှိ သော ပကတိအရာဖြစ်ပြီး ကျန်အရာဟူသမျှဟာ ပဝတ္တိ အရာမျှသာဖြစ်တယ်ဗျ၊ ကျုပ်တို့အိမ်မှာတော့ အချစ်ဟာ စိတ်ဝင်စားစရာ အကောင်းဆုံးအရာပဲ ခင်ဗျ'ဟု ပတ်ဝန်း ကျင်တွင် ဖြစ်ပေါ်လျက်ရှိသော စိတ်နေသဘောထားများက တိုက်တွန်းနှိုးဆော်နေသကဲ့သို့ ရှိ၏။

ထိုနေ့၌ နီကိုလေသည် မိမိသွားစရာရှိသောနေရာ များ၊ ဖိတ်ကြားထားသောနေရာများကို သွားရောက်ခြင်းမပြု ဘဲ ထုံးစံအတိုင်း စွတ်ဖားဆွဲမြင်းနှစ်ကောင်ကို ခြေကုန် အောင် လျှောက်မောင်းပြီးနောက် ညစာစားပွဲမတိုင်မီ ကလေးတွင်မှ အိမ်သို့ပြန်လာခဲ့လေသည်။ ခန်းမဆောင်ထဲ သို့ ဝင်လိုက်သည်တွင် အိမ်ထဲရှိ ချစ်ခင်ကြည်နူးဖွယ် ကောင်းလှသော ပတ်ဝန်းကျင်သည် ၎င်း၏ လည်မျိုကို ညှစ်လိုက်သကဲ့သို့ နီကိုလေ ခံစားလိုက်ရ၏။ အချို့ ဧည့်သည်များမှာ မိမိကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခပ်အမ်းအမ်းဖြစ် သွားကြခြင်းကို နီကိုလေ သတိထား လိုက်မိသည်။ ဆွန်ယာ၊ ဒိုလိုကော့ဗ်နှင့် မိခင်မြို့စား ကတော်ကြီးမှာ အထူးဣန္ဒြေပျက်သွားကြသည်။ နာတာရှာ မှာလည်း အနည်းငယ် ဣန္ဒြေပျက်သွားသည်ကို သတိထား လိုက်မိသည်။ ဤအခြင်းအရာကိုကြည့်၍ မိမိမရောက်မီ တွင် ဒိုလိုကော့ဗ်နှင့် ဆွန်ယာတို့ တစ်စုံတစ်ရာဖြစ်နေကြ ပြီကို နီကိုလေ ရိပ်မိလိုက်သည်။ နီကိုလေသည် နဂိုက



www.burmeseclassic.com

အကင်းပါးသူပီပီ ညစာစားပွဲတွင် ၎င်းတို့ နှစ်ယောက်စလုံးနှင့် သတိထား၍ သိမ်မွေ့နူးညံ့စွာ ဆက်ဆံလေသည်။

"ကိုကို အိုဂျဲရဲ့ကပွဲကိုလိုက်မှာလားဟင်၊ လိုက်ခဲ့ပါ ကိုကိုရယ် နော်"နာတာရှာက ပြောလိုက်၏။ အားလပ်ရက်များတွင် ပြမြိုအတိုင်း (အကသင်ဆရာ)အိုဂျဲက မိမိ၏ အကသင်တပည့်များအတွက် ထိုညနေတွင် ကပွဲကြီးတစ်ခု ကျင်းပမည်ဖြစ်လေသည်။ "ဆရာက ကိုကို့ကိုလဲ ခေါ်ခဲ့ပါလို့ မှာလိုက်တယ်၊ ပြီးတော့ ဒင်နီဆော့ဗ်လဲ လာမှာပဲ၊ လိုက်ခဲ့နော် ကိုကို"

"ကျွန်တော်ကတော့ မြို့စားကြီးသမီးတော်ကလေးက အမိန့်ပေးတယ်ဆိုရင် ငရဲဖြစ်ဖြစ်သွားမှာပဲခင်ဗျ၊ ကဆိုလဲ ကရမှာပဲခင်ဗျ"မြို့စားကြီးရော့စတော့ဗ်၏ အိမ်၌ ကျီစယ်သည့်သဘောဖြင့် နာတာရှာ၏ ကိုယ်ရံတော်အဖြစ် ပုံဆောင်ထားသည့် ဒင်နီဆော့ဗ်က ပြောလိုက်သည်။

"အချိန်ရရင် လိုက်မယ်လေ"နီကိုလေက ပြောလိုက်၏။ "အာကာရော့ဗ်တို့ကလဲ သူတို့ညှော်ခံပွဲကို ဖိတ်ထားလို့ လာမယ်လို့ ကတိပေးခဲ့တယ်"

"ရောင်းရင်းကော မသွားဘူးလား"နီကိုလေက ဒိုလိုကော့ဗ်ကိုလှမ်းမေးလိုက်၏။ သို့ရာတွင် မေးပြီးသည်နှင့် တစ်ပြိုင်နက် ဤမေးခွန်းမှာ မိမိမမေးသင့်သော မေးခွန်းဖြစ်သည်ကို သတိထားလိုက်မိသည်။

"သွားဖြစ်ပါလိမ့်မယ် ထင်ပါရဲ့"ဒိုလိုကော့ဗ်က ဆွန်ယာကိုလှမ်းကြည့်၍ အေးစက်စက်ဖြင့် ဖြေလိုက်ပြီးနောက် မျက်မှောင်ကုတ်လျက် 'အင်္ဂလိပ်ကလပ်'တုန်းက ပီယာအား ကြည့်သောအကြည့်မျိုးဖြင့် နီကိုလေကို ကြည့်လိုက်သည်။

'အင်း တစ်ခုခုတော့တစ်ခုခုပဲ'ဟု နီကိုလေ တွေးလိုက်မိသည်။ ဒိုလိုကော့ဗ်မှာ ညစာစားပြီးနောက် ချက်ချင်းပြန်သွားသည်တွင် မိမိထင်သည့်အတိုင်းမှန်လေပြီဟု နီကိုလေသည် စိတ်ဒုန်းဒုန်းချလိုက်သည်။ နီကိုလေသည် နာတာရှာကိုခေါ်၍ အကျိုးအကြောင်း မေးမြန်းစုံစမ်းကြည့်၏။

"ကိုကို့ကို နာတာရှာလိုက်ရှာနေတာ"နာတာရှာက ပြေးလာရင်းပြောလိုက်သည်။ "ဘယ့်နှယ်လဲ နာတာရှာ ပြောတာ မယုံဘူးဆို၊ ခုတော့ တွေ့ပြီမဟုတ်လား" နာတာရှာက အောင်နိုင်သူ၏အသံဖြင့် ပြောလိုက်သည်။ "ခု ဆွန်ယာကို ဖွင့်ပြောလိုက်ပြီကိုကိုရေ့ သိရဲ့လား ဖွင့်ပြောလိုက်ပြီ"

ယခုတလောတွင် နီကိုလေသည် ဆွန်ယာ၏ အကြောင်းကို များစွာ စဉ်းစားခြင်းမပြုခဲ့မိသော်လည်း နီကိုလေမှာ ဤသတင်းကို ကြားလိုက်ရသည်နှင့် မိမိ အောက်က မြေကြီးသည် လဲပြိုကျသွားသည်ဟု ထင်လိုက်မိ၏။ အမှန်အားဖြင့် ဒိုလိုကော့ဗ်လို လူမျိုးကိုရမည်ဆိုလျှင် ဆွန်ယာကဲ့သို့သော မိဘမဲ့ဖဘမဲ့ တစ်ကောင်ကြွက် တစ်မျက်နှာ မိန်းကလေးမျိုးအတွက် ငြင်းစရာမရှိရုံမျှမက တစ်နည်းဆိုရလျှင် အိမ်ထောင်ဖက် ကံကောင်းသည်ဟုပင် ဆိုရမည်ဖြစ်၏။ မြို့စားကတော်ကြီးနှင့်တကွ ပတ်ဝန်းကျင် အသိုင်း အဝိုင်းအမြင်အရဆိုလျှင်ကား ဆွန်ယာလို မိန်းကလေးမျိုးက ဒိုလိုကော့ဗ်လိုလူမျိုးကိုငြင်းပယ်ရန်မှာ လားလားမျှ မတွေးအပ်သော အရာဖြစ်ချေသည်။ သို့ဖြစ်ရကား ဤသတင်းကို ကြားရသည်နှင့် နီကိုလေတွင် ဖြစ်ပေါ်လာသည့် ပထမဆုံးခံစားချက်မှာ ဆွန်ယာ့အပေါ်တွင် ယမ်းပုံမီးကျသည့်ပမာ ဝုန်းခနဲ ပေါက်ကွဲလာသော ဒေါသအမျက်ပင် ဖြစ်၏။ "အင်း ကောင်းကြပါပေ့ကွာ၊ ဟိုတုန်းကတော့ မရှူးမနှမ်းနဲ့ ကတိတွေအမျိုးမျိုးပေးပြီး ခုတော့ ဟိုကိုလက်ခံတယ်"နီကိုလေက လွှတ်ခနဲ ပြောလိုက်တော့မည်အပြု၌ နာတာရှာက စကားဆက်လိုက်သည်။

"ဒါပေမဲ့ ကိုကိုရေ ကိုကိုစဉ်းစားကြည့်စမ်း၊ ဆွန်ယာလေတစ်ခါတည်း ခါးခါးသီးသီး ငြင်းချလိုက်တာ ကိုကိုရယ်"နာတာရှာက ခေတ္တရပ်လိုက်၏။ "သူ့မှာချစ်တဲ့ သူတစ်ယောက် ရှိနေပြီလို့လဲ ပြောလိုက်သေးတယ်"

'ဟုတ်ပါတယ်၊ ဆွန်ယာဟာ သစ္စာမဲ့မယ့်မိန်းကလေးမျိုး မဟုတ်ပါဘူး'ဟု နီကိုလေ တွေးလိုက်မိ၏။

"အို မေဖျားကဆို ဆွန်ယာကို နားချလိုက်တာလေ တတွတ်တွတ်ပဲ၊ ဒါပေမဲ့ မရဘူးကိုကိုရေ့၊ ဆွန်ယာဟာ သူပြောတဲ့စကားကို သူဘယ်တော့မှ မဖျက်ဘူးနော်ကိုကို၊ ဒါတော့ နာတာရှာ ကောင်းကောင်းသိတယ်"

"မေဖျားကပါ နားချတယ်ဟုတ်လား"နီကိုလေက မကျေနပ်သံဖြင့် မေးလိုက်၏။

"ဟုတ်တယ်ကိုကိုရဲ့"နာတာရှာက ပြောလိုက်၏။ "ဒီမှာကိုကို နာတာရှာ တစ်ခုပြောမယ် စိတ်မဆိုးနဲ့နော်၊ ကိုကိုဆွန်ယာ့ကို လက်မထပ်ဘူး မဟုတ်လား၊ နာတာရှာ

 www.burmeseclassic.com 

သိပါတယ် ကိုကိုရယ်၊ ဘုရားသိချင်မှ သိပေမဲ့ ကိုကိုဟာ ဆွန်ယာ့ကို ဘယ်တော့မှ လက်မထပ်ဘူးဆိုတာ နာတာရှာ သိပါတယ်"

"ညီမ မသိပါဘူးကွာ၊ ကဲ စကားများမနေစမ်းနဲ့" နီကိုလေက ပြောလိုက်၏။ "ကိုကို ဆွန်ယာ့ကို စကားပြော ချင်တယ်၊ ခေါ်ပေးစမ်းပါ၊ ဆွန်ယာကို သနားတယ်" နီကိုလေက ပြုံး၍ပြောလိုက်၏။

"ဟုတ်တယ်နော် ကိုကို ဆွန်ယာဟာ တကယ် သနားစရာကောင်းတယ်၊ နာတာရှာ လွှတ်လိုက်မယ်"

နာတာရှာသည် နီကိုလေအား နမ်းရှုပ်၍ ထွက်ပြေးသွားလေသည်။

တစ်မိနစ်ခန့်ကြာသောအခါတွင် ဆွန်ယာသည် ကြောက်ရွံ့ထိတ်လန့်လျက် မလုံမလဲဖြစ်သည့် မျက်နှာထားဖြင့် ဝင်လာလေသည်။ နီကိုလေသည် ဆွန်ယာထံသို့သွားကာ လက်ကို နမ်းလိုက်၏။ ဤအကြိမ်ကား နီကိုလေ ပြန်လာပြီးနောက် ပထမဆုံးအကြိမ် ၎င်းတို့နှစ်ဦးတည်း တွေ့ဆုံကာ ၎င်းတို့အချစ်ရေးကို ဖွင့်ဟပြောဆိုခြင်းပေ တည်း။

"ဆွန်ယာ"နီကိုလေသည် အစတွင်ကြောက်ရွံ့လျက်ရှိသော်လည်း တဖြည်းဖြည်း ရဲတင်းလာလေသည်။ "ဒီလိုကော့ဗ်ဟာ ဆွန်ယာ့အဖို့ အင်မတန်ကောင်းတဲ့ အိမ်ထောင်ဖက်လဲဖြစ်မယ်၊ ရှေ့သွားနောက်လိုက်လဲညီ တယ်၊ လူအနေနဲ့ဆိုရင်လဲ လူဖြောင့်လူကောင်းတစ်ယောက် ဖြစ်တယ်၊ ကိုကိုရဲ့သူငယ်ချင်းလဲ ဖြစ်တယ်၊ ဒီလိုလူကို ဆွန်ယာ ငြင်းပယ်လိုက်မယ်ဆိုရင်"

"ဆွန်ယာ ငြင်းလိုက်ပြီကိုကို"ဆွန်ယာကကြား ဖြတ်၍ ပြောလိုက်သည်။

"ကိုကို့ကို မျှော်လင့်ပြီးငြင်းလိုက်တယ်ဆိုရင် ကိုကို စိုးရိမ်တာတစ်ခုတော့"

ဆွန်ယာသည် ဤတစ်ကြိမ်တွင်လည်း စကားကို ဖြတ်၍ပြောကာ တောင်းပန်တိုးလျှိုးသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"တော်ပါတော့ကိုကို၊ မပြောပါနဲ့တော့ ဆွန်ယာ နားလည်ပါပြီ"

"မဟုတ်ဘူး ဆွန်ယာ၊ မပြောလို့မဖြစ်ဘူး၊ ပြောရ လိမ့်မယ်၊ ကိုကိုပြောတဲ့စကားဟာ ကိုယ့်ကိုယ်ကို သိဒ္ဓိတင် ရာရောက်ချင်ရောက်ပေမဲ့ ပြောတာဟာ အကောင်းဆုံးပဲလို့ ကိုကိုယူဆတယ်၊ ကိုကို့အတွက်ကြောင့် သူ့ကိုငြင်းရတယ် ဆိုရင်တော့ ကိုကို ဆွန်ယာ့ကို အမှန်အတိုင်းပဲ ပြောရတော့ မယ်၊ ကိုကို ဆွန်ယာ့ကိုချစ်ပါတယ်၊ အို ရှိရှိသမျှလူတွေ အားလုံးထက် ဆွန်ယာ့ကို ချစ်တယ်လို့ ထင်မိတယ်၊ ဒါပေမဲ့"

"တော်ပါတော့ ကိုကို၊ ဒီလောက်ဆိုရင် ဆွန်ယာ့ အတွက် လုံလောက်ပါပြီကိုကို"ဆွန်ယာက ရှက်သွေးဖြာ လျက် ပြောလိုက်သည်။

"အို မလုံလောက်သေးဘူး ဆွန်ယာ၊ ကိုကိုဟာ အကြိမ်ထောင်ပေါင်းများစွာ ချစ်ခဲ့ဖူးတယ်၊ နောင်လဲ ချစ်နေဦးမှာပဲ၊ ဒါပေမဲ့ ဘယ်သူ့ကို ဘယ်လောက်ပဲ ချစ် တယ်ပြောပြော ဆွန်ယာ့ကိုချစ်သလောက် ကိုကို ဘယ်သူ့ ကိုမှ မချစ်ခဲ့ဘူး၊ ဆွန်ယာ့ကိုတွယ်တာသလောက် ဘယ်သူ့ ကိုမှ မတွယ်တာခဲ့ဘူး၊ ဆွန်ယာ့ကို ယုံကြည်သလောက် ဘယ်သူ့ကိုမှ မယုံကြည်ခဲ့ဘူး၊ ဆွန်ယာဟာ ကိုကို့ရဲ့အချစ် ဆုံး၊ အတွယ်တာဆုံး၊ အယုံကြည်ဆုံး၊ အဲဒါ ကိုကိုငယ်ငယ် တုန်းကခံစားခဲ့ရတဲ့ ခံစားချက်၊ ဒါပေမဲ့ ဒါကို မေဖျားက မကြိုက်ခဲ့ဘူး၊ သဘောမတူခဲ့ဘူး၊ တိုတိုပြောရရင်တော့ ကိုကိုကလဲ ဆွန်ယာ့ကို ဘာကတိမှမပေးခဲ့သေးဘူး၊ ဒီတော့ ဒိုလိုကော့ဗ်ကို ပြန်စဉ်းစားပါလို့ ကိုကိုတောင်းပန် ချင်တယ်"

နီကိုလေက မပြောရက်ပြောရက်ဖြင့် ပြောလိုက်သည်။

"ဆွန်ယာ့ကို ဒီစကားမပြောပါနဲ့တော့ ကိုကို၊ ဆွန်ယာဟာ ဘာကိုမှမလိုချင်ပါဘူး၊ ဆွန်ယာဟာ ကိုကို့ကို အစ်ကိုအရင်းလိုပဲ ချစ်တယ်၊ နောက်လဲ ဒီလိုပဲချစ်နေမယ်၊ ဒါကလွဲလို့ ဆွန်ယာ ဘာမှမလိုချင်ပါဘူး"

"ဆွန်ယာ ဆွန်ယာဟာ ကောင်းကင်ဘုံကကျလာ တဲ့ တမန်တော်နတ်သမီးလို စိတ်သဘောထား မြင့်မြတ်ပါ တယ် ဆွန်ယာ၊ ဒီလောက်မြင့်မြတ်တဲ့ဆွန်ယာဟာ ကိုကိုနဲ့ မထိုက်တန်ပါဘူး၊ ကိုကို ဆွန်ယာ့ကို မလှည့်စားရက်ပါဘူး၊ မမှန်တဲ့မျှော်လင့်ချက်ကို မပေးရက်ပါဘူး"

နီကိုလေသည် ဆွန်ယာ၏လက်ကို နမ်းရှုပ်လိုက် ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း ၁၂

အိုဂျဲ၏ကပွဲသည် မော်စကိုမြို့၌ ပျော်စရာအကောင်းဆုံးသော ကပွဲတစ်ခုဖြစ်၏။ ခြေလှမ်းမလှမ်းတတ် လှမ်းတတ်အက သင်ခါစသားပျိုသမီးပျိုများကို အကဲခတ်လာကြသည့် သမီးရှင်ကတော်ကြီးများက ဤသို့ပြောကြ၏။ အမောဆို့၍ လဲချင်လဲကျသွားပါစေဆိုသည့် ဖွဲဖြင့် တွဲကလျက်ရှိကြသော လုလင်ပျို လုံမပျိုတို့ကလည်း ဤသို့ပြောကြ၏။ မိမိတို့ကား အပျိုဖျန်းလူပျိုဖျန်းကလေးတွေ မဟုတ်တော့ပြီ။ သို့ရာတွင် အပျိုပြန်းလူပျိုပြန်းကလေးများနှင့် အလိုက်အထိုက် ဆက်ဆံမည်ဟူသော သဘောမျိုးဖြင့် ကပွဲသို့လာကြသည့် လူပျိုဟိုင်း အပျိုဟိုင်းများကလည်း ဤသို့ပင် ပြောကြ၏။ ထိုနှစ်တွင် အိုဂျဲ၏ကပွဲများက နဖူးစာရေးပေးလိုက်သည့်အတွက် မင်္ဂလာပွဲနှစ်ပွဲလည်း ပေါ်ပေါက်လာခဲ့လေသည်။ လှပသည့်မင်းသမီးကလေး ဂိုချာကော့ဗ်ညီအစ်မသည် ထိုကပွဲများတွင်ပင် မိမိတို့ချစ်သူများနှင့် ရေစက်ဆုံခဲ့ကြကာ လက်ထပ်ခဲ့လေရာ ထိုအချိန်မှစ၍ အိုဂျဲ၏ကပွဲ များသည် 'ဖူးစာရေးနတ်'၏ ကပွဲများအဖြစ် ကျော်စောလာခဲ့လေသည်။ အိုဂျဲ၏ကပွဲများ၌ အခြားကပွဲများနှင့်မတူသည့် အချက်ကား အားနာရမည့်အိမ်သည်ဟူ၍ မရှိခြင်းနှင့် ကြွလာသည့်ပရိသတ်ထံမှ လက်မှတ်သိမ်းရင်း ကချေသည် ဟန်ပါပါ ဦးညွှတ်နှုတ်ဆက်တတ်၍ ငှက်မွေးကလေးတစ်ခုပမာ ပေါ့ပါးစွာ ပျံသန်းလူးလာခတ်နေတတ်သော သဘောကောင်းသည့် အကသင်ဆရာ အိုဂျဲကိုယ်တိုင် ကြပ်မတ်ခြင်းတို့ပင် ဖြစ်၏။ အိုဂျဲ၏ကပွဲများ၏ အခြားထူးခြားချက် တစ်ရပ်ကား လူကြီးဝတ် ပိုးဇာဝတ်ရုံရှည်ကို ပထမဆုံးအကြိမ် ဝတ်ရသည့်အတွက် ပျော်ရွှင်သော ရွှေရင်သိမ်းသစ် ဆယ့်သုံးလေးနှစ်အရွယ် မိန်းမငယ်များ၏ ပျော်ရွှင်ခြင်းမျိုးဖြင့် လွတ်လပ်ပျော်ရွှင်စွာ ကစားလိုသူများသာ လာရောက်ခြင်းပင် ဖြစ်၏။ ကပွဲသို့ လာရောက်ကြသူများအားလုံးမှာလည်း ခြွင်းချက်ထားရမည့်သူ မရှိသလောက် အားလုံးတစ်ယောက်တစ်မျိုး လှပချောမွေ့ကြသည်သာ ဖြစ်၏။ (စိတ်ကထင်ခြင်းလည်း ဖြစ်နိုင်ပါသည်။) ၎င်းတို့၏ အပြုံးဟူသမျှသည် ရွှင်လန်းလျက် ရှိ၍ ၎င်းတို့မျက်လုံးများကလည်း တဖိတ်ဖိတ်လက်နေကြ၏။ တစ်ခါတစ်ရံတွင် အကောင်းဆုံး အကသင်တပည့်များသည် ပြင်သစ်အကတစ်မျိုးကို ကတတ်ကြသော်လည်း ယခုကဲ့သို့ အထူးကပွဲကြီးမျိုးတွင်ကား ခေတ်စားစပြုနေသော အီကိုဆေဆီအက၊ အင်္ဂလေဆီအကနှင့် မာဇူကာခေါ် ပိုလန်ရိုးရာအကတစ်မျိုးကို ကတတ်ကြပေသည်။ နာတာရှာမှာ အကောင်းဆုံး အကသင်တပည့်တစ်ဦးဖြစ်၍ ကရာတွင် သူမတူအောင်ကျက်သရေရှိကာ ပထမရသူဖြစ်၏။ အိုဂျဲသည် မြို့စားကလေးပီယာ၏စံအိမ်တွင် ကပွဲခန်းမဆောင်တစ်ခု သီးသန့်ထား၍ အကသင်တန်းပေးလျက် ရှိ၏။ ထိုသင်တန်းမှာ များစွာအောင်မြင်လှသည်ဟု ပြောကြသည်။ ကပွဲတွင် ချောမောလှပသော လုံမပျိုများ အများအပြားလာရောက်ကြရာတွင် ရော့စတော့ဗ်ညီအစ်မတစ်သိုက်မှာ အချောဆုံးအလှဆုံး ဖြစ်လေသည်။ ၎င်းတို့တစ်သိုက်သည် ယနေ့ညဉ့်၌ အထူးပျော်ရွှင်လျက်ရှိကြ၏။ ထိုနေ့ညတွင် ဒိုလိုကော့ဗ်၏ ချစ်ရေးဆိုခြင်းခံရသည့်အတွက်ကြောင့် လည်းကောင်း၊ မိမိက ပြတ်ပြတ်သားသား ငြင်းပယ်နိုင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ ရင်ထဲရှိသမျှကို နီကိုလေအား ထုတ်ဖော်ပြောဆိုလိုက်ရသည့်အတွက်ကြောင့် လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည့် ဆွန်ယာသည် အိမ်မှမထွက်မီကတည်းက ဂနာမငြိမ်အောင် ဖြစ်လျက်ရှိ၏။ ဆံပင်ကို ကျစ်ဆံမြီးကျစ်ပေးသည့် အစေခံမိန်းမပင်လျှင် ဆွန်ယာ ဂနာမငြိမ်ဖြစ်လွန်းသဖြင့် ဆံပင်ဖြောင့်ဖြောင့်တန်းတန်း ကျစ်၍မရဘဲ ဖြစ်ရသေး၏။ ဆွန်ယာ၏ မျက်နှာမှာလည်း အလွန်အကျူး ဝမ်းသာခြင်းဖြင့် ဝင်းထိန်လျက်ရှိလေသည်။

ပိုးဇာဝတ်ရုံရှည်ကို ပထမဆုံးဝတ်ရသည့်အတွက် နာတာရှာမှာလည်း ထိုနေ့ညနေ၌ ဆွန်ယာထက်လျော့နည်းခြင်းမရှိဘဲ ဂုဏ်ယူလျက်ရှိ၍ အထူးကပွဲကြီးတစ်ခုသို့ လာရောက်ရသည့်အတွက်လည်း ဆွန်ယာထက် ပျော်ရွှင်လျက်ရှိလေသည်။ ၎င်းတို့နှစ်ယောက်သည် ပန်းနုသွေးခါးစည်းကြိုးစည်း၍ အဖြူရောင်ဝတ်စုံကို ဝတ်ထားကြ၏။

နာတာရှာကား ကပွဲခန်းမဆောင်ထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ချစ်ခင်နှစ်သက်လျက် ရှိလေပြီ။ မည်သူ့ကို ချစ်ခင်နှစ်သက်သည်ဟူ၍ မဟုတ်ဘဲ အားလုံးကို ချစ်ခင်နှစ်သက်လျက်ရှိလေပြီ။ နာတာရှာသည် မျက်လုံးချင်းဆိုင်မိသူအားလုံးကို ထိုအခိုက်အတန့်တွင် ချစ်ခင်သွား


www.burmeseclassic.com

www.burmeseclassic.com


မိသည်သာ ဖြစ်လေသည်။

"သိပ်ပျော်စရာကောင်းတာပဲနော် ဆွန်ယာ"နာတာရှာသည် ဆွန်ယာ့အနီးသို့ပြေးလာရင်း တဖွဖွပြောနေသည်။

ငင်းတို့အထဲတွင် 'လူကြီး'ဖြစ်နေသည့် နီကိုလေနှင့် ဒင်နီဆော့ဗ်တို့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ တွဲကနေကြသည့် လုလင်ပျို လုံမပျိုများကို ကြီးကြပ်သည့်ဟန်ဖြင့် ကြည့်နေကြလေသည်။

"ကလေးမလေးကတော့ တကယ့်ကို နှစ်လိုဖွယ်ကောင်းတယ်ဗျ၊ ကြီးလာရင်တော့ တော်တော်ကိုချောမှာပဲ" ဒင်နီဆော့ဗ်က ပြောလိုက်၏။

"ဘယ်သူလဲဗျ"

"ဘယ်သူရမလဲဗျ၊ မြို့စားကြီးရဲ့ သမီးတော်လေး နာတာရှာလေဗျာ" ဒင်နီဆော့ဗ်က ပြောလိုက်သည်။ အတန်ကြာမှ

"ကြည့်စမ်း အကဘယ်လောက် ညက်သလဲ၊ ဘယ်လောက် ကျက်သရေရှိသလဲ"

"ဗျို့ ရောင်းရင်း၊ ခင်ဗျားဘယ်သူ့ကို ပြောနေတာလဲ"

"ရောင်းရင်းရဲ့ ညီမတော်လေ"ဒင်နီဆော့ဗ်က အကဲစမ်းသည့်သဘောဖြင့် လွတ်ခနဲ ပြောချလိုက်သည်။

နီကိုလေသည် ပြုံးနေလေ၏။

"အို မြို့စားလေးပါလား၊ မြို့စားလေးဟာ ဟိုတုန်းက ကျုပ်ရဲ့အတော်ဆုံးအကသင် တပည့်တွေထဲမှာ ထိပ်ပဲဗျ၊ လာစမ်းပါဦး တစ်ပွဲလောက် ကလိုက်စမ်းပါဦး"အိုဂျဲက နီကိုလေထံသို့ လာ၍ပြောလိုက်သည်။ "ကြည့်စမ်းပါဦး ဘယ်လောက်ချောတဲ့ သူငယ်မလေးတွေလဲ"အိုဂျဲသည် မိမိ၏အကသင် တပည့်တစ်ဦးဖြစ်ခဲ့ဖူးသူ ဒင်နီဆော့ဗ်ကိုလည်း ဝင်ရောက်ကရန် ဖိတ်ခေါ်ပြန်သည်။

"အို မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော့်ကို ဘယ်သူက တွဲကလိမ့်မလဲ၊ ဆရာက အကသင်ခန်းစာတွေ ပေးတိုင်း ကျွန်တော် ကိုးရိုးကားရားကတာတွေကို ဆရာ မေ့နေပြီထင်တယ်"ဒင်နီဆော့ဗ်က ပြောလိုက်၏။

"အို ကိစ္စမရှိပါဘူး၊ လာပါ ကိုရင်က ခပ်ပေါ့ပေါ့ လုပ်လိုပါ၊ အခြေခံကလေးရှိသားပဲ၊ လာပါကိစ္စမရှိပါဘူး" အိုဂျဲက အားပေးတိုက်တွန်းနေသည်။

တီးဝိုင်းမှ မာဇူကာခေါ် ပိုလန်ရိုးရာတေးသွားကို တီးလိုက်၏။ နီကိုလေသည် အိုဂျဲ၏တိုက်တွန်းချက်ကို မငြင်းသာတော့ဘဲ ဆွန်ယာအား သူနှင့်တွဲကရန်ပြောရတော့သည်။ ဒင်နီဆော့ဗ်ကား လုံမပျိုများ၏ အမေကြီးများအနားတွင်ထိုင်ကာ ဓားရှည်ကိုအားပြု၍မှီပြီး ခြေထောက်ဖြင့် စည်းလိုက်နေရာမှ မျက်စိက လုလင်ပျိုလုံမပျိုတို့ တွဲကနေသည်ကို ကြည့်ရင်း ပါးစပ်က ကတော်ကြီးများအား ရယ်စရာမောစရာပြောလျက်ရှိသည်။ အိုဂျဲမှာ သူ့ဂုဏ်အယူဆုံး အတော်ဆုံးဖြစ်သူ နာတာရှာနှင့် ပထမဆုံးတွဲ၍ ကလေသည်။ အိုဂျဲသည် ခုံနိမ့်ဖိနပ်ကိုစီးထားသည့်ခြေထောက်များကို အသံမကြားရအောင် သွက်လက်ကျွမ်းကျင်စွာ အကွက်ကျကျ လှမ်းလျက် ကပွဲခန်းမဆောင်သို့ ဖွေ့ခနဲ ဖွေ့ခနဲနေအောင် နာတာရှာနှင့်တွဲက၍ ထွက်လာသည်တွင် နာတာရှာမှာလည်း ရှက်သွေးပြေပြေသန်းလျက်က ခြေလှမ်းများကို သတိဖြင့် အကွက်ကျကျလှမ်း၍ လိုက်ပါလာလေသည်။ ဒင်နီဆော့ဗ်ကားမျက်လုံးများကို နာတာရှာထံမှ မခွာတမ်းကြည့်ရင်း မိမိ မကခြင်းမှာ မကတတ်၍မဟုတ်ဘဲ မကလို၍သာဖြစ်ကြောင်းကို အများက သိစေလိုသည့်ဟန် ပြလျက် ဓားရှည်ဖြင့် စည်းလိုက်လျက်ရှိ၏။ ထိုအခိုက် နီကိုလေတို့အတွဲမှာ မိမိ၏အနီးသို့ဖြတ်၍ ကသွားသည်တွင် ဒင်နီဆော့ဗ်က လက်ယပ်၍ခေါ်လိုက်ကာ

"ဗျို့ ရောင်းရင်း ခင်ဗျားတို့ ပိုလန်မာဇူကာအကကလဲ ဘယ်လိုအကမျိုးလဲဗျ၊ မဟုတ်သေးပါဘူး၊ နာတာရှာ တစ်ယောက်ပဲ ကြည့်လို့ကောင်းတယ်၊ နာတာရှာကတော့ ဘယ်လိုအကမျိုး ကရကရ ညက်နေတာပဲ"ဟု ပြောလိုက်သည်။

ဤတွင် ဒင်နီဆော့ဗ်မှာ ပိုလန်မာဇူကာအကမျိုးကို ပိုလန်ပြည်တွင်ပင် အများက ချီးကျူးခြင်းခံရလောက်အောင် ပိုင်ပိုင်ကြီးကတတ်သူဖြစ်သည်ကို သတိရလာသည့်အတွက် နီကိုလေသည် နာတာရှာထံသို့ သွားလျက်

"နာတာရှာ ဒင်နီဆော့ဗ်ကိုဖိတ်ပြီးကစမ်း၊ တကယ့်အကကောင်းတဲ့လူ"ဟု တိုက်တွန်းလိုက်မိသည်။

မိမိနှင့်တွဲကမည့်သူကိုရွေးချယ်ရန် နာတာရှာ အလှည့်သို့ ရောက်လာသည်တွင် နာတာရှာသည် မတ်တတ်ထကာ ရွှေချည်နားသတ်ထားသော ဖိနပ်ကလေးကို စီးထားသည့် ခြေထောက်ကလေးများကို ခပ်ရှုရှုကလေး လှမ်းလိုက်ပြီးနောက် ဒင်နီဆော့ဗ်ထိုင်နေရာသို့ လျှောက်


www.burmeseclassic.com

www.burmeseclassic.com


လာလေသည်။ အားလုံးက မိမိကိုကြည့်လျက်ရှိခြင်းကို နာတာရှာ သတိထားလိုက်မိသည်။ နာတာရှာရောက်သွားသည့်အခါ၌ ဒင်နီဆော့ဗ်နှင့် နာတာရှာသည် ပြုံးပြုံးရယ်ရယ်ဖြင့် ငြင်းခုံလျက်ရှိကြသည်ကို နီကိုလေ မြင်လိုက်၏။ ဒင်နီဆော့ဗ်သည် ပါး‌စပ်က ငြင်း၍သာနေရသော်လည်း စိတ်ထဲက ကျေနပ်ကာ ပြုံးလျက်ရှိပေပြီ။ နီကိုလေသည် ၎င်းတို့ထံသို့ လျှောက်လာခဲ့လေ၏။

"လာပါအစ်ကိုရဲ့ နာတာရှာနဲ့ တစ်ပွဲလောက် တွဲကရအောင်ပါ"

"အို မလုပ်ပါနဲ့ နာတာရှာကလဲ၊ အစ်ကို့ဘာသာ အေးအေးဆေးဆေး နေပါရစေ"

"ကဲ ကလိုက်ပါဗျာ ရောင်းရင်းကလဲ"နီကိုလေက ပြောလိုက်၏။

"ကျုပ်ကို ကြောင်ကလေးများခေါ်သလို ခေါ်နေပြီဗျ"ဒင်နီဆော့ဗ်က နောက်ပြောင်ပြောလိုက်၏။

"လာပါ အစ်ကိုရဲ့ နာတာရှာနဲ့ တစ်ပွဲလောက် တွဲကမယ်ဆိုရင် အစ်ကို့အတွက် တစ်ညနေလုံး နာတာရှာ သီချင်းဆိုပြပါ့မယ်"

"တော်တော်ရှုပ်တဲ့ ကလေးမပဲ"ဒင်နီဆော့ဗ်က ပြောလျက် ဓားရှည်ကို ခါးမှဖြုတ်၍ တစ်နေရာတွင် ချိတ်ထားလိုက်သည်။ ဒင်နီဆော့ဗ်သည် ကုလားထိုင်မှ ထလာခဲ့ပြီးနောက် နာတာရှာ၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ ခေါင်းကိုမော့လျက် စည်းချက်အတိုင်းဝင်ရန် ခြေလှမ်းကို အဆင်သင့် ပြင်ထားသည်။ ဒင်နီဆော့ဗ်၏ ပုပြတ်ပြတ် အရုပ်အမောင်းမှာ မြင်းပေါ်တွင် ရောက်နေသည့်အချိန်နှင့် ပိုလန်မာဇူကာအကကို ကလျက်ရှိချိန်၌ ထင်သလောက် မပုလှတဲ့ အလုံးအရုပ်ကြည့်ကောင်းရုံမျှ ရှိ၏။ စည်းချက်အတိုင်းဝင်ပြီးသည်နှင့် တစ်ပြိုင်နက် ဒင်နီဆော့ဗ်သည် နာတာရှာအား ရွှင်မြူးအောင်မြင်သော အကြည့်ဖြင့် တစ်ချက်လှမ်း၍ ကြည့်လိုက်လျက် ခြေကို တစ်ချက်ဆောင့်လိုက်ပြီး သားရေဘောလုံးတစ်လုံးကဲ့သို့ ရှိအောင် ကြမ်းပြင်ပေါ်တွင် ခုန်လိုက်ကာ နာတာရှာနှင့် အတူ ခန်းလုံးပြည့်မျှ ဝှေ့ခနဲ ဝှေ့ခနဲ ကလျက်ရှိလေသည်။ ဒင်နီဆော့ဗ်သည် ရှေ့ဆုံးတွင် တန်းချထားသော ထိုင်ခုံများကို မမြင်တော့သည့်အလား အခန်းတစ်ဝက်မျှ လောက်အထိ ခြေတစ်ဖက်တည်းဖြင့် လျှောတိုက်လာခဲ့လေရာ လေထဲတွင် လွင့်ပါလာသလောဟုပင် ထင်မှတ်ရ၏။ ရှေ့ဆုံးထိုင်ခုံတန်းနားသို့ ရောက်သည်နှင့် သံဆူးခြေကျင်းသံကို တချွင်ချွင်မြည်စေ၍ ခြေနှစ်ချောင်းကို စုံချလျက် တုံ့ခနဲ ကိုယ်ရှိန်သတ်ကာ ထိုအနေအထားအတိုင်း တစ်စက္ကန့်မျှ ရပ်နေ၏။ ထို့နောက် နေရာမရွှေ့စေရဘဲ ချာခနဲ နောက်သို့လှည့်၍ ချဲထားသော ခြေထောက်များကို စုံပြန်၍ စုလိုက်လေရာ ဖနောင့်ချင်း ရိုက်သံ ထွက်ပေါ်လာလေသည်။ ထို့နောက်တွင်ကား ဝိုင်း၍ဝိုင်း၍ လှည့်ပတ်ကခုန်လျက် ရှိလေသည်။ နာတာရှာသည် ပါးနပ်သည့် အကကောင်းသူတစ်ဦးပီပီ မိမိကိုယ်တိုင် ခြေကွက်များကို မလှမ်းတော့ဘဲ ဒင်နီဆော့ဗ်၏ ကကွက်အတိုင်း ခေါ်ဆောင်ရာသို့ မေ့၍ လိုက်ပါသွားလေသည်။ ပထမသော် ဒင်နီဆော့ဗ်သည် နာတာရှာ၏ ကိုယ်လုံးကလေးကို ကျောမှသိုင်း၍ ဖက်လိုက်လျက် ဝှေ့ခနဲပါလာ အောင်ရစ်ပတ်၍ ကသွားပြီး နောက် ဒူးတစ်ဖက်ထောက်ကာ နာတာရှာ၏ ကိုယ်လုံးကလေးကို ဖေ့ယမ်းနေပြန်သည်။ ထို့နောက် ဝုန်းခနဲထခုန်ကလိုက်ပြန်ကာ အသက်တစ်ချက်ကလေးမျှ မရှူဘဲ ခန်းမဆောင်တွေကို ထိုးဖောက်ပျံသန်းသွားတော့မည်ကဲ့သို့ တစ်ဟုန်ထိုးပြေးသွား၍ ရပ်လိုက်ပြီး မမျှော်လင့်သော ကကွက်တစ်ခုသို့ပြောင်း၍ ကလိုက်ပြန်သည်။ နောက်ဆုံး၌ကား ဒင်နီဆော့ဗ်သည် နာတာရှာအား ၎င်း၏ ထိုင်ခုံရှေ့၌ ကျွမ်းကျင်စွာ မွှေ့ယမ်းလိုက်ပြီးနောက် လက်လွှတ်၍ ခြေစုံရပ်လိုက်လျက် ဦးညွှတ်အရိုအသေပြု နှုတ်ဆက်လိုက်သည်။ နာတာရှာကား ကျေးဇူးတင်စကားပင် မပြောနိုင်တော့ချေ။ နာတာရှာသည် မျက်လုံးကလေး အကြောင်သားဖြင့် ဒင်နီဆော့ဗ်ကို မှတ်မိခြင်းမရှိတော့သကဲ့သို့ ပြုံးကြည့်နေမိသည်။ နာတာရှာ၏ ရင်ထဲ၌လည်း ဒင်နီဆော့ဗ်ကို ဖွဲ့လမ်းသောစိတ်များ ပေါ်ပေါက်လာလေသည်။

"အစ်ကို အကသိပ်ကောင်းတာပဲ"ဟု ဆိုလိုက်မိသည်။

အကသင်ဆရာအိုဂျဲက ဒင်နီဆော့ဗ်၏ကကွက်သည် ပိုလန်မာဇူကာကကွက်စစ်စစ်မဟုတ်ဟု ဆိုသော်လည်း အားလုံးကမူ ဒင်နီဆော့ဗ်၏ ကျွမ်းကျင်၍ အချိုးအစားကျလှသော ကကွက်ကို သဘောကျကာ လုံမပျိုကလေးများကလည်း တစ်ယောက်ပြီးတစ်ယောက်လာ၍


www.burmeseclassic.com

 www.burmeseclassic.com 

တွဲကပါရန် တောင်းပန်ကြလျက် လူကြီးပိုင်းကမူ မိမိတို့ ငယ်ငယ်က တွေ့ကြုံခဲ့ရသော ပိုလန်ပြည်အကြောင်းနှင့် တကွ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက် ရှိကြ လေ၏။ ဒင်နီဆော့ဗ်မှာကား ပွဲဆက်များလှပြီ ဖြစ်သည့် အတွက် နီမြန်းလျက်ရှိသော မျက်နှာမှဈွေးများကို လက် ကိုင်ပဝါဖြင့် သုတ်ရင်း နာတာရှာအနီးတွင် ဝင်၍ ထိုင် လိုက်လေသည်။ ထိုနေ့ညနေတွင် ဒင်နီဆော့ဗ်သည် တစ်ည နေလုံး နာတာရှာ့အနီးမှ မခွာတော့ချေ။

## အခန်း ၁၃

အိုဂျဲ၏ကပွဲပြီးသည့်နောက် နီကိုလေနှင့် ဒိုလိုကော့ဗ်တို့ မတွေ့သည်မှာ နှစ်ရက်ခန့်ရှိခဲ့လေပြီ။ ထိုအတွင်း၌ ဒိုလို ကော့ဗ်ကလည်း နီကိုလေထံသို့ မလာ။ နီကိုလေကလည်း ဒိုလိုကော့ဗ်ထံသို့ မရောက်ချေ။ တတိယမြောက်နေ့၌ကား ဒိုလိုကော့ဗ်ထံမှ စာတစ်စောင် ရောက်လာလေသည်။

'ရောင်းရင်းသိပြီးသားဖြစ်သော အကြောင်းများ ကြောင့် ရောင်းရင်းတို့အိမ်သို့လာရန် မရည်ရွယ်တော့သည့် အတွက်တစ်ကြောင်း၊ ကျွန်တော့်မှာ တပ်သို့ပြန်ရတော့မည် ဖြစ်သည့်အတွက်တစ်ကြောင်း ယနေ့ညတွင် ကျွန်တော်၏ ရောင်းရင်းမိတ်ဆွေများအား နှုတ်ဆက်ညလယ်စာ ကျွေး မွေးဧည့်ခံလိုပါသည်။ ထို့ကြောင့် အင်္ဂလိပ်ဟိုတယ်သို့ ကြွရောက်ပါမည့်အကြောင်း'

ဆယ်ချက်တီးအချိန်လောက်တွင် နီကိုလေသည် အိမ်သားစုများနှင့်တကွ ဒင်နီဆော့ဗ်တို့နှင့်အတူ ဇာတ်ပွဲ ကြည့်ရာမှ ခွဲလာကာ အင်္ဂလိပ်ဟိုတယ်သို့ ထွက်လာခဲ့လေ သည်။ ထိုနေ့ည၌ ဒိုလိုကော့ဗ်သည် အင်္ဂလိပ်ဟိုတယ်ရှိ အကောင်းဆုံးအခန်းကို သီးသန့်ငှားထားလေရာ၊ ဟိုတယ် တံခါးမှူးက နီကိုလေအား ထိုအခန်းသို့ ဆိုက်ဆိုက်မြိုက် မြိုက် လိုက်ပြလိုက်လေသည်။ လူနှစ်ဆယ်လောက်သည် စားပွဲတွင် ဝိုင်းထိုင်လျက်ရှိကြ၍ ဒိုလိုကော့ဗ်ကား ဖယောင်း တိုင်နှစ်တိုင်ကြားတွင် ထိုင်လျက်ရှိ၏။ စားပွဲပေါ်တွင်ကား ရွှေဒင်္ဂါးများ၊ ငွေစက္ကူများသည် ပြန့်ကျဲနေကာ ဒိုလိုကော့ဗ် က ဖဲဒိုင်ခံလျက်ရှိလေသည်။ နီကိုလေမှာ ဒိုလိုကော့ဗ်က ဆွန်ယာအား ချစ်ရေးဆိုပြီးသည့်နောက် ပထမဆုံးအကြိမ် ဒိုလိုကော့ဗ်နှင့် တွေ့ရခြင်းဖြစ်၏။ စိတ်ထဲ၌လည်း ဒိုလို ကော့ဗ်နှင့် ဆွန်ယာတို့ မည်သို့များ တွေ့ဆုံပြောဆိုကြလေ သနည်းဟု တွေးမိကာ မျက်နှာတွေ ထူပူသွားလေသည်။

အခန်းထဲသို့ နီကိုလေဝင်လာသည်နှင့် တစ်ပြိုင် နက် ဒိုလိုကော့ဗ်သည် ကြာမြင့်စွာ စောင့်စားနေရသကဲ့သို့ နီကိုလေအား ပြတ်သားအေးစက်သော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။

"မတွေ့ရတာကြာပြီနော် ရောင်းရင်း၊ ဆက်ဆက် လာလို့ ကျေးဇူးတင်သဗျာ၊ ခဏနေဦးဗျာ၊ ကျုပ် ဖဲဝေ လိုက်ဦးမယ်၊ အတန်ကြာရင် ဟူရိယာအဖွဲ့လဲ ရောက်လာ တော့မှာပါ"

"ရောင်းရင်းအိမ်ကို ကျွန်တော် နှစ်ခေါက်ရောက် သေးတယ်"နီကိုလေက မျက်နှာနီရဲလျက် ပြောလိုက်၏။

ဒိုလိုကော့ဗ်က ဘာမျှပြန်မပြော။

"တစ်အိမ်ဝင်ပါလားဗျ"ဒိုလိုကော့ဗ်က ပြောလိုက် သည်။

ဤသို့ပြောသည်နှင့် နီကိုလေသည် တစ်ခါက ဒိုလိုကော့ဗ်ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ချက်ချင်း အမှတ်ရလိုက်မိသည်။ "ဖဲကစားတဲ့နေရာမှာ လူနုံလူညံ့များ သာလျှင် ကံကို အားကိုးတယ်ခင်ဗျ"ဟု ထိုစဉ်က ဒိုလို ကော့ဗ်က ပြောဖူးသည်။

"ဘယ့်နှယ်လဲ ရောင်းရင်း ကျုပ်နဲ့ ကစားရဲပါ့ မလား"နီကိုလေ၏အတွေးကို ရိပ်မိသည့်အလား ဒိုလို ကော့ဗ်က ပြုံး၍ပြောလိုက်၏။ ထိုအပြုံး၏နောက်ကွယ်၌ တစ်ဖက်သားအား သွေးအေးအေးဖြင့် မညှာမတာလုပ်တော့ မည့်သဘောထားမျိုး ပုန်းခိုလျက်ရှိခြင်းကို နီကိုလေ သတိ ထားလိုက်မိသည်။ ဒိုလိုကော့ဗ်သည် ထိုသဘောထားမျိုးကို 'အင်္ဂလိပ်ကလပ်'ညစာစားပွဲ၌ ပီယာနှင့် ရန်ဖြစ်စဉ်က ပြခဲ့ ဖူးလေပြီ။ တစ်ခါတစ်ရံ လောကကြီးကို ငြီးငွေ့သည့်နှယ် ထိုငြီးငွေ့မှုကို ဖြေဖျောက်သည့်အနေဖြင့် ခပ်ရမ်းရမ်း ခပ်ဆန်းဆန်း အလုပ်တစ်ခုကို လုပ်တော့မည့်အခါမျိုး၌ ပြသခဲ့ဖူးလေပြီ။

နီကိုလေသည် ၎င်း၏အပြုံးကြောင့် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်သွား၏။ ဒိုလိုကော့ဗ်က ခနဲ့လိုက်သည့် အတွက် ပြန်၍အလိုက်အထိုက် နောက်ပြောင်ပြောမည် စိတ်ကူးမိသေးသော်လည်း မည်သို့ပြန်၍ပြောရမည် မသိ လောက်အောင် စိတ်နှောက်လျက်ရှိ၏။ သို့ရာတွင် နီကို



www.burmeseclassic.com

လေက တစ်စုံတစ်ရာ ပြန်မပြောမီတွင် ဒိုလိုကော့ဗ်သည် နီကိုလေ၏မျက်နှာကို တည့်တည့်ကြီးစိုက်ကြည့်၍ အားလုံး ကြားနိုင်လောက်သောအသံဖြင့် တစ်လုံးချင်း ခပ်ကျယ်ကျယ် လှမ်းပြောလိုက်သည်။

"ကျုပ်တို့ ဖဲကစားကြောင်းပြောကြတုန်းက ကျုပ်ပြောတဲ့စကားကို မှတ်မိသေးရဲ့လားဗျ ရောင်းရင်း၊ 'ဖဲကစားတဲ့နေရာမှာ ကံကိုအားကိုးတဲ့လူဟာ လူနုံလူညံ့ဗျ၊ သေချာပေါက် ကစားနိုင်မှ လူတော်ခေါ်တယ်'လို့ ကျုပ်ပြောခဲ့တာလေ၊ ဒီစကား ဘယ်လောက်မှန် မမှန်သိရအောင် ကျုပ်စမ်းကြည့်ချင်လှသဗျာ"

'ကံစမ်းချင်လို့ပဲလား၊ သေချာပေါက် အနိုင်ကစားချင်လို့ပဲလား'ဟု နီကိုလေ တွေးလိုက်မိသည်။

"အေးဗျာ ရောင်းရင်းတော့ ဝင်မကစားတာဘဲ ကောင်းပါတယ်"ဟု ဒိုလိုကော့ဗ်က ဖဲထုပ်သစ်တစ်ထုပ်ကို ကုလားဖန်ထိုး၍ ပြောလိုက်သည်။ "ကဲ ရောင်းရင်းတို့ ထိုးကြလေဗျာ"

ဒိုလိုကော့ဗ်သည် ငွေများကို ရှေ့သို့တိုးလိုက်၍ ဖဲစဝေတော့မည်ပြုလိုက်သည်။ နီကိုလေသည် မကစားဘဲ သူ့ဘေးတွင်ထိုင်၍ ကြည့်နေ၏။ ဒိုလိုကော့ဗ်ကား သူ့ကိုသာ စိုက်ကြည့်လျက် ရှိပေသည်။

"ဘာဖြစ်လို့ မကစားတာလဲဗျ ရောင်းရင်းရ"ဒိုလိုကော့ဗ်က မေးလိုက်သည်။

နီကိုလေသည် မည်သည့်အကြောင်းကြောင့်မသိ၊ ပယ်လှန်ခြင်းငှာ မစွမ်းတော့ဘဲ တစ်အိမ်ဝင်လိုက်ကာ ဖဲတစ်ချပ်ကို ကောက်ကိုင်လိုက်ပြီး ဖဲချပ်ပေါ်တွင် လောင်းကြေး ခပ်နည်းနည်း တင်ထားလိုက်သည်။

"ပိုက်ဆံသိပ်မပါဘူးဗျ၊ နည်းနည်းပဲ ထိုးနိုင်တယ်"

"ယုံကြည်ပြီးသားပါဗျာ"

နီကိုလေသည် ဖဲတစ်ချပ်ပေါ်တွင် ဒင်္ဂါးငါးပြားတင်၍ လောင်းလိုက်၏။ ရှုံးသွားသည်။ နောက်တစ်ချီလောင်းပြန်သည်။ ဒိုင်စားသွားပြန်၏။ ဤနည်းဖြင့် ဒိုလိုကော့ဗ်သည် နီကိုလေ ဖဲဆယ်ချပ်ဆွဲမိသည်အထိ ဒိုင်ကချည်း အကုန်သိမ်းသွားလေသည်။

"ရောင်းရင်းများခင်ဗျာ"ဒိုလိုကော့ဗ်က တစ်ချီဖဲဝေအပြီးတွင် လှမ်း၍ပြောလိုက်သည်။ "ကျေးဇူးပြုပြီး လောင်းကြေးများကို ဖဲချပ်ပေါ်မှာ တင်ထားစေလိုပါတယ်၊ ဒီလိုမဟုတ်ရင် မှားကုန်ပါလိမ့်မယ်"

ဤတွင် တစ်ယောက်က မိမိတို့သည် လိမ်မည့်သူများမဟုတ်ကြောင်းဖြင့် ပြောလိုက်သည်။

"အို ရောင်းရင်းများကို မယုံကြည်လို့ မဟုတ်ပါဘူး ခင်ဗျာ၊ ပိုက်ဆံရေတဲ့အခါကျတော့ ရှုပ်ကုန်မှာစိုးလို့ပါ၊ ဒါကြောင့်မို့ လောင်းကြေးများကို ဖဲချပ်ပေါ်တင်ထားပါလို့ မေတ္တာရပ်ခံရခြင်းပါ"ဒိုလိုကော့ဗ်က ပြန်ပြောလိုက်ပြီးနောက် နီကိုလေဘက်သို့ လှည့်လျက်

"ရောင်းရင်းကြီးတော့ ကြိုက်သလောက်ထိုးဗျ၊ နောက်ကျတော့မှ ကြည့်ရှင်းကြတာပေါ့ ဟုတ်စ"

ဝိုင်းမှာ ဆက်၍ကစားနေသည်။ စားပွဲထိုးတစ်ယောက်သည် အရက်ချိုများ လိုက်၍ငှဲ့ပေးလျက်ရှိ၏။

နီကိုလေမှာကား တစ်ပွဲပြီးတစ်ပွဲရှုံးလျက်ရှိကာ ငွေဒင်္ဂါးရှစ်ရာခန့်မျှ အကြွေးတင်လျက် ရှိလေပြီ။ နီကိုလေသည် ဖဲချပ်တစ်ချပ်ပေါ်တွင် 'ငွေဒင်္ဂါး၈၀၀'ဟု လောင်းကြေးကို တေးမှတ်လိုက်ပြီးမှ မိမိအရက်ခွက်ထဲသို့ အရက်လာထည့်ပေးချိန်၌ စိတ်ပြောင်းသွားကာ ရှစ်ရာကိုဖျက်ပစ်လိုက်၍ ခါတိုင်းလောင်းနေကျအတိုင်း ငွေဒင်္ဂါးနှစ်ဆယ်မျှသာ လောင်းလိုက်သည်။

"အို ဖျက်မပစ်ပါနဲ့ လောင်းပါဗျ"ဒိုလိုကော့ဗ်က ပြောလိုက်၏။ ဒိုလိုကော့ဗ်ကား နီကိုလေဘက်သို့ လှည့်၍ ပင် မကြည့်ချေ။ "ခဏနေရင် ရှုံးထားတာလေးတွေ ပြန်ရမှာပါဗျ၊ ကျုပ်ကတော့ တခြားမှာ ရှုံးသမျှလေးတွေကို ခင်ဗျားဆီက ပြန်မျှော်ရမှာပဲဗျ၊ မလောင်းရဲဘူးလားဗျ ရောင်းရင်းရ၊ ကြောက်သလား"ဒိုလိုကော့ဗ်က မေးလိုက်ပြန်သည်။

နီကိုလေသည် ဘာမျှပြန်ပြောမနေတော့ဘဲ စောစောက အကြွေးတင်နေသည့် ငွေဒင်္ဂါးရှစ်ရာကို အကျေတင်ပုံ၍ အောလိုက်ပြီး ဖဲပုံထဲမှဆွဲထားသော ထောင့်ကျိုးနေသည့် 'ဟတ်ခုနစ်'ဖဲချပ်ကို စားပွဲပေါ်သို့ ချလိုက်၏။

နီကိုလေသည် 'ဟတ်ခုနစ်'ဖဲကိုမှောက်လိုက်ပြီးနောက် မြေဖြူတစ်ချောင်းဖြင့် 'ငွေဒင်္ဂါး ၈၀၀'ဟု လောင်းကြေးကို ရေးထားလိုက်သည်။ ထို့နောက် မိမိအားကမ်းပေးလာသည့် ပူနွေးသော အရက်ချိုကို ခွက်မှောက်သောက်လျက် ဒိုလိုကော့ဗ်၏စကားများကို တွေး၍ ပြုံးမိရာက မိမိထိုးထားသည့် 'ခုနစ်'ဖဲချပ်ပေါ်လာမည်ကိုသာ ရင်တထိတ်ထိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com


စောင့်ရင်း ဖဲထုပ်ကိုင်ထားသည့် ဒိုလိုကော့ဗ်၏လက်များကို စိုက်ကြည့်နေမိလေသည်။ ဤ'ဟတ်ခုနစ်'ဖဲချပ်ကား မိမိအဖို့ အစစအရာရာကို ဆုံးဖြတ်မည့်ဖဲချပ်ကလေး ဖြစ်၏။ လွန်ခဲ့သည့် တနင်္ဂနွေနေ့၌ မြို့စားကြီးရော့စတော့ဗ်သည် သားနီကိုလေအား ငွေဒင်္ဂါးနှစ်ထောင်ပေးခဲ့၏။ မြို့စားကြီးရော့စတော့ဗ်သည်ငွေကြေးကိစ္စကို ပြောလေ့ပြောထမရှိသော်လည်း မိမိမှာ ကျပ်တည်းနေသည့်အတွက် မေလကုန်အထိ ဤငွေနှစ်ထောင်ကိုသာ ထောက်ပံ့နိုင်တော့ကြောင်း၊ ထို့ကြောင့် ဤအကြိမ်၌ ငွေကို ချွေတာသုံးစွဲပါမည့်အကြောင်း စသည်ဖြင့် ပြောလိုက်၏။ ဤတွင် နီကိုလေကလည်း ဤငွေမှာ မိမိအတွက် လုံလောက်ရုံမျှမက ပိုလျက်ပင်ရှိကြောင်း၊ နောင်နှစ်နွေဦးပေါက်အထိ ဖခင်ကြီးထံမှ နောက်ထပ် တောင်းတော့မည်မဟုတ်ကြောင်း ဖွင့်ပြောခဲ့သေး၏။ ယခုအချိန်၌မူ နီကိုလေမှာ ထိုငွေဒင်္ဂါး နှစ်ထောင်အနက် ရှစ်ရာအကြွေးတင်လျက်ရှိပြီ ဖြစ်ရာ တစ်ထောင့်နှစ်ရာသာ ကျန်တော့သည်။ ဤတွင် ယခုတစ်လက်၌ မိမိအပေါ်တွင် တင်ရှိနေသည့် ငွေရှစ်ရာကို အကျေအတင်ပုံ၍ အောထားလိုက်ပြီဖြစ်လေရာ ဤတစ်ချီတွင် 'ဟတ်ခုနစ်'သာ ပေါ်မလာပါက ငွေတစ်ထောင့်ခြောက်ရာ ရှုံးတော့မည်ဖြစ်သည့်အပြင် ဖခင်ကြီးထံမှ နောက်ထပ် မတောင်းပါဟူသော ကတိကိုလည်း စောင့်ထိန်းရဦးမည် ဖြစ်ပေသည်။ နီကိုလေသည် ဒိုလိုကော့ဗ်၏ ဖဲကိုင်လျက် ရှိသော လက်များကို ရင်တထိတ်ထိတ်ဖြင့် ကြည့်ရင်း 'ကဲဗျာ မြန်မြန်ဝေစမ်းပါ၊ ဟတ်ခုနစ်ကလေး တစ်ချပ်ကျလာစမ်းပါ၊ ဒီတစ်လှည့်ပြီးရင် အိမ်ပြန်ပြီး နာတာရှာတို့ ဆွန်ယာတို့ ဒင်နီဆော့ဗ်တို့တစ်တွေနဲ့ ညစာပြန်စားတော့မယ်၊ နောက်လဲ ဖဲကို ယောင်လို့တောင် မကိုင်တော့ဘူး'ဟု တွေးနေမိသည်။ တစ်ပြိုင်နက်တည်းမှာပင် ညီငယ်ပီတာနှင့် ဆော့ကြပုံ၊ ဆွန်ယာနှင့် စကားပြောကြပုံ၊ နာတာရှာနှင့် သီချင်းဆိုကြပုံ၊ အားလပ်သည့်အခါများ၌ မိမိဖခင်ကြီးနှင့်အတူ အညောင်းပြေအညာပြေ ခြံစည်းရိုးကာကြပုံနှင့်တကွ စံအိမ်ရှိ သက်သောင့်သက်သာရှိလှသော မိမိ၏အိပ်ရာကြီး စသည်တို့ကို မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက်ကြီး မြင်ယောင်လာလေရာ ဤတစ်ချီ ရှုံး၍တော့ နောက်နောင်တွင် ဤသို့သော စည်းစိမ်ချမ်းသာမျိုးကို ဘယ်အခါမျှ ရတော့မည်မဟုတ်သကဲ့သို့ စိတ်ထဲတွင် ထင်နေမိလေသည်။ သို့ဖြင့် ဤ'ဟတ်ခုနစ်'ကို မရလိုက်ပါက မိမိမှာ ပျော်ရွှင်မှုဟူသမျှတို့နှင့် ဝေးရတော့မည်ဟု တွေးတောကာ စိတ်ပျက်လျက်ဖော်ပြခြင်းငှာ မစွမ်းနိုင်သော စိတ်ဆင်းရဲဒုက္ခကို ခံစားလျက်ရှိလေသည်။ ဤသို့ မဖြစ်နိုင်ဟု အားတင်းထားရသော်လည်း ဒိုလိုကော့ဗ်၏ လှုပ်ရှားလျက်ရှိသာ လက်များကို ရင်တထိတ်ထိတ်ဖြင့် ကြည့်လျက် ရှိ၏။ အင်္ကျီလက်ဖျားအောက်မှ ထွက်နေသော အမွေးပြိုင်းပြိုင်းထနေသည့် လက်ကောက်ဝတ်များကို လည်းကောင်း၊ တုတ်ခိုင်နီရဲလျက် ဖဲထုပ်ကို ချကာ အရက်ခွက်နှင့် ဆေးတံကိုကောက်ကိုင်လိုက်သည့် လက်များကို လည်းကောင်း ငေးကြည့်လျက် ရှိလေသည်။

"ရောင်းရင်းလဲ သွေးတော့သိပ်မနည်းလှဘူးဗျ၊ ကျုပ်နဲ့တောင် ကစားရဲတယ်"ဟု ဒိုလိုကော့ဗ်က ပြောလိုက်လျက် ပုံဝတ္ထုကောင်းတစ်ခုကို ပြောတော့မည့်အလား ဖဲချပ်များကို ချိုး၍ ပစ်ချလိုက်ပြီး ထိုင်ဖုံကိုပစ်၍ မှီလိုက်ကာ တမင်ပြုံးသောအပြုံးမျိုးဖြင့်

"ရောင်းရင်းများကို တစ်ခုတော့ သတိပေးထားရဦးမယ်ခင်ဗျ၊ ကျွန်တော်ဟာ ဖဲလိမ်တတ်တယ်လို့ မော်စကိုမှာတော့ ပြောနေကြတယ်၊ ဒါကြောင့်မို့ သေသေချာချာ သတိထားစေချင်တယ် ခင်ဗျ"

"ကဲ ဝေဗျာ"

"မော်စကိုက ကျုပ်ကို အမနာပပြောကြတာပါဗျာ ဟဲဟဲ"ဒိုလိုကော့ဗ်က ပြောလျက် ဖဲထုပ်ကို ကောက်ကိုင်လိုက်သည်။

"ဟိုက်"နီကိုလေသည် လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်ကာ အသံထွက်မတတ် အော်လိုက်မိသည်။ မိမိလိုချင်သည့် 'ဟတ်ခုနစ်'ဖဲသည် ဖဲထုပ်အပေါ်ဆုံးတွင် ရောက်လျက်ရှိကာ ဒိုင်၏လက်အောက်လူရှေ့တွင် ကျသွားလေပြီ။ မိမိမှာ အကြွေးထောင့်ခြောက်ရာ တင်သွားခဲ့လေပြီ။

"ဟဲ ဟဲ ဒီလောက်လဲ စိတ်မပျက်ပါနဲ့ ရောင်းရင်းရာ"ဒိုလိုကော့ဗ်က ဖဲဝေရင်း နီကိုလေအား လှမ်းကြည့်၍ ပြောလိုက်သည်။



www.burmeseclassic.com

# အခန်း ၁၄

နောက်တစ်နာရီခွဲခန့်ကြာသည့်အချိန်၌ ဖဝိုင်းတွင် ကစားနေသူအားလုံးမှာ ဖဲကစားခြင်းကို များစွာ စိတ်မဝင်စားလှတော့ချေ။

၎င်းတို့အားလုံးသည် နီကိုလေကိုသာ စိတ်ဝင်စားလျက် ရှိကြ၏။ ယခုအချိန်၌ နီကိုလေထံတွင် တင်နေသည့် အကြွေးစာရင်းမှာ ငွေဒင်္ဂါးထောင့်ခြောက်ရာမျှသာ မကတော့ဘဲ ဂဏန်းတွေ တစ်သီကြီးဖြစ်လျက်ရှိ၏။ စောစောက ရေတွက်ထားစဉ်ကပင်လျှင် တစ်သောင်းတိတိရှိပြီဖြစ်ရာ ယခုအချိန်လောက်၌ သောင်းငါးထောင်ခန့်ရှိနေပြီဟု ယူဆရ၏။ အမှန်အားဖြင့်ကား နှစ်သောင်းနှစ်ထောင်ပင် ကျော်နေပေပြီ။ ဒိုလိုကော့ဗ်ကား စောစောကလောက် အာမရှင်တော့ဘဲ နီကိုလေ၏လက်များ လှုပ်ရှားနေပုံကိုသာ ကြည့်လျက်ရှိ၏။ တစ်ချက်တစ်ချက်တွင်လည်း တေးထားသည့် အကြွေးစာရင်းများကို မသိမသာလှမ်းကြည့်နေတတ်သည်။ ဒိုလိုကော့ဗ်သည် နီကိုလေအပေါ်တွင် အကြွေးလေးသောင်းသုံးထောင်တင်သည်အထိ ကစားရန် ဆုံးဖြတ်ပြီး ဖြစ်၏။ ထိုဂဏန်းကို သတ်မှတ်ထားရခြင်းမှာ လေးဆယ့်သုံးသည် မိမိနှင့် ဆွန်ယာတို့နှစ်ယောက်ပေါင်း၏ အသက်ဖြစ်သောကြောင့် ဖြစ်လေသည်။ နီကိုလေသည် တံတောင်ဆစ်နှစ်ဖက်ထောက်၍ ခေါင်းငိုက်စိုက်ချကာ ဂဏန်းများ၊ ဖဲချပ်များတို့ဖြင့် ပြန့်ကျဲလျက် ဖိတ်စဉ်ထားသော အရက်များကြောင့် စိုစွတ်လျက်ရှိသော စားပွဲကိုသာ စိုက်ကြည့် လျက်ရှိ၏။ ဤသို့ ကြည့်ရင်းလည်း ရှပ်အင်္ကျီလက်များ အောက်မှ အမွေးပြိုင်းပြိုင်းထနေသော လက်ကောက်ဝတ်များနှင့်တကွ နီမြန်းလျက် အရိုးအဆစ်ကြီးမားလှသော မိမိ တစ်ခါက ချစ်ခဲ့၍ ယခု စက်ဆုပ်ရွံရှာလျက်ရှိသော ဒိုလိုကော့ဗ်၏လက်များသည် မိမိအားလည်းမျိုမှကိုင်၍ ဖမ်းချုပ် မိလျက်သား ဖြစ်နေချေပြီတကားဟုတွေးကာ ဆောက်တည်ရာမရ ဖြစ်လျက်ရှိလေ၏။

'ငါမှားပြီ၊ အကြီးအကျယ်မှားပြီ၊ ပြန်ပြီးနိုင်ဖို့ဆိုတာ မလွယ်တော့ဘူး၊ အိမ်မှာနေရင် အကောင်းသား၊ ဆတ်ဆော့ပြီး သွားကစားတာ၊ သူဟာ ဘာဖြစ်လို့ ငါ့အပေါ်မှာ ဒီလောက် သဲသဲမဲမဲဖြစ်နေပါလိမ့်မလဲ'ဟု နီကိုလေ တွေးနေမိသည်။ တစ်ချီတွင်မူ နီကိုလေသည် တော်တော်များများ ပုံအော၍ လောင်းလိုက်သည်။ သို့ရာတွင် ဒိုလိုကော့ဗ်က လက်မခံဘဲ လောင်းကြေးကို သတ်မှတ်ပေးသည်။ နီကိုလေကား ဒိုင်၏သဘောအတိုင်း လိုက်လျောလိုက်ရကာ အန်းတံတားတိုက်ပွဲတုန်းကကဲ့သို့ ဘုရားသခင်ထံ ဆုတောင်းလိုက်မိသည်။ ၎င်း၏စိတ်၌ မိမိရှေ့သို့ကျလာသော ဖဲချပ်ကလေးသည် ၎င်းအား ကြမ္မာဆိုးမှ ကယ်တင်တော့မည့်အလား ထင်မှတ်လျက်ရှိလေသည်။ တစ်ခါတစ်ခါတွင်လည်း မိမိ၏ ဝတ်စုံအင်္ကျီပေါ်မှ အချိပ်ကြိုးများကို ရေတွက်ကာ ကံစမ်းသဘောဖြင့် အချိပ်ကြိုးအရေ အတွက်နှင့် တူသောဖဲဂဏန်းရှိသည့် ဖဲချပ်ကို အကျေအတင် အောချလိုက်ပြီးနောက် အခြားကစားသမားများအား အကူအညီတောင်းသည့်သဘောဖြင့်ကြည့်၍ တစ်ချက်တစ်ချက်၌လည်း အေးစက်တင်းမာလျက်ရှိသော ဒိုလိုကော့ဗ်၏ မျက်နှာကို အကဲခတ်လျက်ရှိလေသည်။

'ဒီလောက်ရှုံးနေရင် ငါဘယ်အခြေဆိုက်တော့မယ်ဆိုတာ သူကောင်းကောင်းသိမယ်၊ သူလဲ ငါ့အကျိုးပျက်စီးရာ ပျက်စီးကြောင်းတော့ လိုလားဟန်မထင်ပါဘူးလေ၊ မိတ်ဆွေရောင်းရင်းချင်းပဲ၊ ငါကလဲ သူ့ကို ခင်သားပဲ၊ သူ့ကိုလဲ အပြစ်မဆိုသာပေဘူး၊ ဖဲက စွတ်ကောင်းနေတော့ သူလဲ ကစားမှာပဲ၊ ဒါပေမဲ့ ငါ့အပြစ်ချည်းလဲ မဟုတ်ဘူး၊ ငါဟာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ဖူးဘူး၊ ဘယ်သူ့ကိုမှ မစော်ကားခဲ့ဖူးဘူး၊ ဒါနဲ့တောင် ဘာဖြစ်လို့ ဒီလောက်များ ကံဆိုးရသလဲမသိဘူးနော်၊ အစတုန်းကတော့ ငွေတစ်ရာလောက်နိုင်ရင် ဖေဖျားကို မွေးနေ့လက်ဆောင်အဖြစ် ရွှေကြုတ်ကလေးတစ်ခု ဝယ်ပေးမယ်လို့ စိတ်ကူးလာတာပဲ၊ အေးလေ အဲဒီတုန်းကတော့ နိုင်မယ်ထင်တာကိုး၊ မကစားမိခဲ့ရင် ငါ့မှာ ဘာမှပူပင်စရာလဲမလိုဘူး၊ ကြောင့်ကြစရာလဲမလိုဘူး၊ ခုတော့ ကြွေးလည်ပင်းခိုက်နေပြီ၊ မကစားခင်တုန်းကလဲ ဒီနေရာပဲထိုင်တာပဲ၊ ကစားတော့လဲ ဒီနေရာ ဒီစားပွဲမှာခဏကလေးထိုင်ပြီး ဒီဖဲချပ်ကလေးတွေကို ကိုင်လိုက်ရုံကလေးနဲ့ ငါ့မှာ ဘဝပြောင်းသွားပြီ၊ ပူစရာမရှိတဲ့ဘဝက ပူပန်စရာတွေ ပြည့်နေတဲ့ဘဝ၊ ကြောင့်ကြစရာမရှိတဲ့ဘဝက ကြောင့်ကြနေရတဲ့ဘဝ၊ ကြွေးတစ်ပြားမှမရှိတဲ့ဘဝက ကြွေးလည်ပင်းခိုက်နေတဲ့ဘဝ ရောက်သွားရပြီ၊ အင်း ကြွေတစ်လက် ကြက်တစ်ခုန်ဆိုတာ တယ်မှန်ပါကလား'



www.burmeseclassic.com

နီကိုလေသည် ဤသို့တွေးလျက်ရှိ၏။ အခန်းတွင်း၌ ပူအိုက်ခြင်းမရှိသော်လည်း နီကိုလေမှာ မျက်နှာနီမြန်းကာ ချွေးတွေပြန်လျက်ရှိလေသည်။ ဣန္ဒြေမပျက်အောင် ကြိုးစားသော်လည်း အချည်းနှီးမျှသာဖြစ်လေရာ နီကိုလေ၏ မျက်နှာမှာ မကြည့်ရက်အောင် သနားစရာကောင်းလျက် ဆိုးရွားခံနေမှုသာ ရှိတော့သည်။

ဤသို့ဖြင့် ကစားလာခဲ့ရာ မိမိအပေါ်တင်ရှိနေသည့် ကြွေးများမှာလည်း လေးသောင်းသုံးထောင်သို့ ရောက်လာခဲ့လေပြီ။ ဤတစ်ချိန်၌ နီကိုလေသည် ငွေသုံးထောင်ထိုးထားရာမှ အားမရသေးသဖြင့် ဖဲချပ်ကို ထောင့်မှချိုးကာ နောက်ထပ်သုံးထောင်ထပ်၍ ထိုးလိုက်သည်တွင် ဒိုလိုကော့ဗ်သည် ဖဲထုပ်ကို ဖျန်းခနဲ ပစ်ချလိုက်လျက် မြေဖြူတစ်ချောင်းကို ကောက်ကာ စုစုပေါင်းကြွေးစာရင်းကို မြေဖြူကျိုးသွားသည်အထိ အားပါးတရ ပီပီသသကြီး ရေးလိုက်ပြီးနောက်

"ကဲ ညစာလယ်စာစားဖို့ အချိန်ရောက်ပြီထင်တယ်ဗျ၊ ဂျစ်ပစီအဆိုတော်တွေလဲ ရောက်လာကြပြီ"

အသားခပ်ညိုညိုနှင့် ဂျစ်ပစီ မိန်းမယောက်ျား အဆိုတော်များသည် ဂျစ်ပစီသံဝဲဝဲဖြင့် စကားပြောရင်း အခန်းထဲသို့ ရောက်လာကြ၏။ ဒိုလိုကော့ဗ်သည် မိမိအား အနိုင်နှင့် ပိုင်းလိုက်လေပြီ။ သို့ရာတွင် နီကိုလေက အရေးမကြီးသည့်ဟန်ဖြင့်

"တော်ပလားဗျ၊ နာတယ်ဗျာ၊ ကျုပ်လက်ထဲမှာ ဖဲခဲကောင်းကောင်းဝင်လာမှ ရပ်ပစ်လိုက်တယ်"နီကိုလေက အရှုံးအနိုင် ပဓာနမထား၊ ကစားရခြင်းသာ အရေးကြီးသည်ဟူသော ဟန်မျိုးဖြင့် ပြောလိုက်၏။

သို့ရာတွင် စိတ်ထဲတွင်ကား 'သွားပြီ၊ ငါတော့ရှုံးပြီ၊ ဘာမှ မကျန်တော့ဘူး၊ ငါ့ခေါင်းထဲကို ကျည်ဆန်တစ်တောင့် ထည့်ဖို့ပဲ ကျန်တော့တယ်'ဟု တွေးလိုက်မိသည်။

နီကိုလေသည် ချက်ချင်းဣန္ဒြေဆည်၍ ရွှင်မြူးသော အသံဖြင့်

"ကဲဗျာ ဒီတစ်လက်တည်း တစ်ချပ်ချင်းလှန်ရအောင်"

"လုပ်လေ"ဒိုလိုကော့ဗ်က အကြွေးစာရင်းပေါင်းနေသည်ကို အပြီးသတ်ရင်း ပြောလိုက်သည်။

"ဒါပေမဲ့ ငွေ၁၈ါးနှစ်ဆယ့်တစ်ပြားပဲ ထိုးရမယ်ဗျ"

ဒိုလိုကော့ဗ်က လေးသောင်းသုံးထောင်မှ စွန်းထွက်နေသော နှစ်ဆယ့်တစ်ဂဏန်းကို ထောက်၍ပြရင်း ပြောလိုက်ကာ ဖဲဝေရန် ဖဲထုပ်ကိုကောက်ကိုင်လိုက်သည်။ နီကိုလေမှာလည်း မငြင်းသာတော့ဘဲ စောစောက ချိုးထားသည့်ဖဲချပ်ကလေးကို ပြန်၍ စန့်လိုက်လျက် မိမိရည်ရွယ်ထားသကဲ့သို့ ခြောက်ထောင်မထိုးရတော့ဘဲ နှစ်ဆယ့်တစ်ဂဏန်းကိုသာ ရေးချလိုက်ရလေတော့သည်။

"သဘောပါဗျာ၊ ကျုပ်က ငွေကို ဒီလောက်လိုချင်လှလို့ မဟုတ်ပါဘူး၊ ကျုပ်လက်ထဲက အောက်ခံဖဲက ဆယ်ဖဲဖြစ်နေလို့ ဒီဆယ်ဖဲကို ခင်ဗျားနိုင်မနိုင် သိချင်တာ တစ်ခုပါပဲ"

ဒိုလိုကော့ဗ်သည် ဤတစ်ကြိမ်တွင် သေချာစွာ ဖဲဝေ၏။ ဖဲဝေနေသည့်အခိုက်အတန့်တွင် နီကိုလေသည် နီရဲပုတိုသော လက်ချောင်းကလေးများနှင့် အမွေးပြိုင်းပြိုင်း ထနေသည့် လက်ကောက်ဝတ်များကို ကြည့်နေမိသည်။ စက်ဆုပ်ရွံရှာသောစိတ်သည် ရင်ထဲ၌ တဖွားဖွားပေါ်လာ၏။ ဆယ်ဖဲသည် နီကိုလေရှေ့သို့ ကျလာလေသည်။

"ကဲ ကျေနပ်ပြီမဟုတ်လား မြို့စားလေး၊ ဒင်္ဂါး နှစ်ဆယ့်တစ်ပြားကျသွားရောပေါ့ ဟုတ်စ၊ ဒီတော့ စုစုပေါင်း လေးသောင်းသုံးထောင် ကျန်တာပေါ့ဟုတ်စ" ဒိုလိုကော့ဗ်က အညောင်းဆန့်လိုက်ရင်း ထိုင်ရာမှထလိုက်သည်။ "ထိုင်ရတာ ကြာတော့ ညောင်းလာတယ်ဗျ"

"ဟုတ်တယ်၊ ကျွန်တော်လဲ တစ်ကိုယ်လုံး တောင့်နေပြီ"နီကိုလေက ပြောလိုက်သည်။

ဒိုလိုကော့ဗ်က ဤအချိန် ဤအခါတွင် ရင်းနှီးစွာ နောက်ပြောင်ရမည့်အချိန် မဟုတ်ဟူသော သဘောဖြင့် မျက်နှာတည်တည်ထားလျက် စကားဖြတ်၍

"ကဲ မြို့စားလေး ဘယ်တော့လောက် ကျွန်တော် ရနိုင်မလဲ"

နီကိုလေကား လူတွေရှေ့တွင် အမေးခံလိုက်ရသဖြင့် တစ်မျက်နှာလုံး ရဲတက်သွား၏။ နောက် ဒိုလိုကော့ဗ်အား အနီးရှိ အခန်းထဲသို့ ခေါ်လာခဲ့ပြီး

"ချက်ချင်းအကုန်လုံးတော့ မပေးနိုင်သေးဘူး ရောင်းရင်း၊ အခုတော့ ကျွန်တော် ပဋိညာဉ်စာချုပ်တစ်ခု ရေးပေးမယ်၊ ဘယ်နှယ့်လဲ"

"ဒီမှာရောင်းရင်း"ဒိုလိုကော့ဗ်က ပြုံး၍ နီကိုလေ၏



www.burmeseclassic.com

မျက်စိကို တည့်တည့်ကြည့်လျက် တစ်လုံးချင်း ပြောလိုက်သည်။ "အချစ်မှာ ကံကောင်းတဲ့လူဟာ ဖဲမှာ ကံမကောင်းဘူး"ဆိုတဲ့စကားပုံကို ခင်ဗျားကြားဖူးတယ် မဟုတ်လား၊ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ဝမ်းကွဲနမတော် ဆွန်ယာတို့ ချစ်နေကြတယ်ဆိုတာ ကျုပ်သိပါတယ်ဗျ"

နီကိုလေသည် သူနှင့်မှ ကစားမိလေခြင်းဟုဆိုကာ တစ်ကိုယ်လုံးတုန်၍သွားသည်။ မိမိဖဲရှုံးကြောင်းကို ကြားသိပါက ဖခင်ကြီးနှင့် မိခင်ကြီးတို့ မည်မျှ စိတ်ထိခိုက်ကြမည်ကိုလည်း တွေးလိုက်မိသည်။ ညီကြွေးများမှ လွတ်ကင်းပါက မည်မျှ စိတ်ချမ်းမြေ့မှု ရမည်ကိုလည်း စဉ်းစားမိသည်။ မိမိအား ဤသို့ ပူပင်သောကဖြစ်ရခြင်း၊ အရှက်တကွဲအကျိုးနည်း ဖြစ်ရခြင်းမှ ကယ်တင်နိုင်မည်သူသည် မိမိတစ်ဦးတည်းသာရှိသည်ဟု ဒိုလိုကော့ဗ် ယူဆထားကြောင်းကိုလည်း နီကိုလေ ရိပ်စားမိသည်။ သို့ရာတွင် ဒိုလိုကော့ဗ်သည် ကယ်တင်ဖို့ စိတ်ကူးရန်ဝေးစွ၊ မိမိအား ကြွက်ကိုကြောင်ကစားသကဲ့သို့ မြှောက်ချီချချီ ကစားလျက်ရှိလေပြီ။

"ရောင်းရင်းရဲ့ ဝမ်းကွဲနမတော်က"ဒိုလိုကော့ဗ်က ပြောလိုက်၏။ သို့ရာတွင် နီကိုလေက ဖြတ်၍

"ဗျို့လူ ကျုပ်ဖဲရှုံးတာနဲ့ ကျုပ်ဝမ်းကွဲနမတော်နဲ့ ဘာမှ မဆိုင်ဘူး၊ သူ့နာမည်ကို ဆွဲထည့်ဖို့လဲ မလိုဘူး"ဟု ကြောက်မက်ဖွယ် ဟိန်းသွားအောင် အော်ပြောလိုက်သည်။

"ကောင်းပြီ၊ ဒါဖြင့် ကျုပ်ပိုက်ဆံ ဘယ်တော့ရမလဲ"

"မနက်ဖြန်"နီကိုလေသည် တစ်ခွန်းမျှပြောကာ ထွက်လာခဲ့လေသည်။

## အခန်း ၁၅

'မနက်ဖြန်'ဆိုသောစကားကို ခံ့ညားသောအသံဖြင့် ပြောခဲ့ရသည်မှာ လွယ်ပါ၏။ သို့ရာတွင် အိမ်သို့ပြန်၍ ညီ၊ ညီမများ၊ မိဘများ၏မျက်နှာကို မည်သို့ကြည့်ရပါမည်နည်း။ ကစားပွဲတွင် ရှုံးလာသည်ဟုဆိုကာ ပေးပြီးသားကတိတစ်လုံးကိုဖျက်၍ နောက်ထပ်ပိုက်ဆံ မည်သို့တောင်းရပါမည်နည်း။

စံအိမ်၌ကား မည်သူမျှမအိပ်ကြသေးချေ။ ဇာတ်ရုံမှ ပြန်လာပြီးနောက်၌ နာတာရှာတို့တစ်သိုက်သည် ညလယ်စာ စားပြီးကြ၍ ရှေးစန္ဒရားကြီးအနားတွင် စုရုံးထိုင်လျက်ရှိကြ၏။ ထိုနစ်ဆောင်းတွင်း၌ မြို့စားကြီးရော့စတော့ဗ်၏ စံအိမ်သည် နှစ်လိုကြည်နူးဖွယ်ကောင်းသော မေတ္တာ၏ အငွေ့အသက်ဖြင့် လွှမ်းခြုံအုပ်ဆိုင်းထားလျက်ရှိရာ ဒိုလိုကော့ဗ်က ဆွန်ယာအား ချစ်ရေးဆိုခြင်း၊ အိုဂဲ၏ကပွဲသို့ တက်ရောက်ခြင်း စသည့်အဖြစ်အပျက်များပြီးသည့် နောက်၌ကား မေတ္တာ၏အငွေ့အသက်သည် ဆွန်ယာနှင့် နာတာရှာတို့၏ပတ်ဝန်းကျင်တွင် ပို၍ထူထပ်စွာ လွှမ်းခြုံရစ်ပတ်လျက် ရှိသည်ဖြစ်ရကား ပမာဆိုရလျှင် မုန်တိုင်းတစ်ခု၏ အနီး၌ လေထုသည် ထူထပ်သိပ်သည်းလျက်ရှိခြင်းနှင့်ပင် တူတော့သည်။ နီကိုလေသည် အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ထိုအငွေ့အသက်၏ လွှမ်းခြုံရစ်ပတ်ခြင်းကို ခံလိုက်ရသည့်အတွက် တစ်ကိုယ်လုံး ပေါ့ပါးရွှင်လန်းသွားသည်ဟု ထင်လိုက်ရ၏။ ဆွန်ယာနှင့် နာတာရှာသည် ဇာတ်ပွဲလာ တုန်းက ဝတ်ထားသည့် အပြာနုရောင်ဝတ်စုံများကို ဝတ်ဆင်ထား၍ လှပချောမွေ့လျက်ရှိကာ ရွှင်ပြုံးစွာဖြင့် ရှေးစန္ဒရားကြီးနားတွင် ရပ်နေကြ၏။ ဗီတာကား ရှင်ရှင်နှင့်အတူ ဧည့်ခန်းဆောင်ထဲတွင် စစ်တုရင်ကစားလျက် ရှိလေသည်။ မြို့စားကတော်ကြီးမှာ ကြင်ရာတော် မြို့စားကြီးနှင့်သား နီကိုလေ ပြန်အလာကိုစောင့်ရင်း မိမိတို့နှင့်အတူနေသော ကတော်ကျကြီးတစ်ဦးနှင့် ဖဲကစားနေကြသည်။ ဖွာရာကျလျက်ရှိသောဆံပင်၊ တောက်ပသောမျက်လုံးတို့ဖြင့် ဒင်နီဆော့ဗ်သည် ရှေးစန္ဒရားကြီးကို တုတ်တိုသောလက်ချောင်းများနှင့်ခေါက်လျက် မိမိကိုယ်တိုင် စပ်ဆိုအသံသွင်းထားသော 'ရှုပါရုံ'အမည်ရှိ တေးသီချင်းကို ခေါင်းမော့၍ အသံသြကြီးဖြင့် စိတ်ပါလက်ပါ သီဆိုလျက်ရှိလေသည်။

"ရှုပါရုံရှင် မြှက်ကြားတဲ့ စကားများရယ်
တေးသံကြားရင် ရင်ဝမှာ ခုန်လှုတယ်
အလှုံတောက်သောမီးလို ပူပြင်းပေမယ့်
လက်ဖျားများတောင် အေးစက်လို့တုန်ရပြန်တယ်"

ဒင်နီဆော့ဗ်သည် အံ့သြရွှင်မြူးလျက်ရှိသည့် နာတာရှာအား နက်မှောင်တောက်ပသော မျက်လုံးများဖြင့်စိုက်ကြည့်ရင်း တေးသီချင်းကို စိတ်ပါလက်ပါ ဆိုလျက်ရှိ၏။

"အို သိပ်ကောင်းတာပဲ အစ်ကို၊ နောက်တစ်ပုဒ်လောက် ဆိုပြပါဦးနော်"နာတာရှာက နီကိုလေကို မမြင်



www.burmeseclassic.com

သေးဘဲ ဩဘာပေးနေသည်။

'အင်း သူတို့မှာတော့ ဘာမှ ပြောင်းလွဲခြင်းမရှိပါကလား'နီကိုလေသည် ဧည့်ခန်းဆောင်ထဲတွင် မိခင်ကြီးနှင့်တကွ ညီမဗီရာတို့တစ်တွေကို လှမ်းကြည့်ရင်း တွေးလိုက်မိသည်။

"ဟော ကိုကိုပြန်လာပြီ"နာတာရှာက အော်၍ပြေးလာ၏။

"ဖေဖျား ပြန်ရောက်ပလား နာတာရှာ"နီကိုလေကမေးလိုက်သည်။

"ဟန်ကျတာပဲ ကိုကိုပြန်လာပြီ၊ နာတာရှာတို့ဖြင့် သိပ်ပျော်တာပဲ ကိုကိုရယ်၊ အစ်ကိုဒင်နီဆော့ဗ်ကလဲ နာတာရှာကြောင့် နောက်တစ်ရက်နေဦးမတဲ့ ကိုကိုရဲ့၊ မပြန်သေးဘူးတဲ့ သိလား"

နာတာရှာက သူ့အမေးကို မဖြေသေးဘဲ ပြောနေသည်။

"ဖေဖျား ပြန်မလာသေးဘူး ကိုကို"ဆွန်ယာကဝင်ပြောလိုက်သည်။

"သားပြန်လာပလား၊ မေဖျားဆီလာစမ်းပါဦး"ဧည့်ခန်းဆောင်မှ မိခင်မြို့စားကတော်ကြီးက ခေါ်လိုက်၏။

နီကိုလေသည်မိခင်ကြီးထံသွားကာ လက်ကိုနမ်းလိုက်လျက် အနီးတွင် တိတ်ဆိတ်စွာ ထိုင်ချလိုက်ကာ ကုလားဖန်ထိုးနေသော မိခင်ကြီး၏လက်များကို ငေးစိုက်ကြည့်နေမိသည်။ ကပွဲခန်းဆောင်ဘက်ဆီမှ ရယ်သံများနှင့်တကွ နာတာရှာအား သီချင်းဆိုရန် တိုက်တွန်းနေသံများကို ကြားရလေသည်။

"မရဘူး မရဘူး ဆိုရမယ်၊ နာတာရှာအလှည့်ရောက်ပြီ၊ အစ်ကိုအလှည့်ကျတော့ဆိုရပြီး နာတာရှာကျတော့ ဟိုအကြောင်းဒီအကြောင်း ပြနေလို့မရဘူး"

ဒင်နီဆော့ဗ်၏အသံ ဖြစ်၏။

မြို့စားကတော်ကြီးသည် ငြိမ်ချက်သားကောင်းလျက်ရှိသော သားကို လှမ်းကြည့်လိုက်သည်။

"မျက်နှာမသာပါလား သား ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး မေဖျား"နီကိုလေက ဤမေးခွန်းမျိုးကို မကြာခဏ အမေးခံရသဖြင့် ငြီးငွေ့စိတ်ပျက်လျက်ရှိသည့်ဟန်ဖြင့် ပြောလိုက်သည်။ "ဖေဖျား ပြန်မလာသေးဘူးလား"

"လာချိန်နီးပါပြီကွယ့်"

'အင်း သူတို့မှာတော့ ဘာမှ ပြောင်းလဲခြင်းမရှိဘူး၊ ငါ့မှာသာ တစ်ထိုင်တည်းမှာ အပြောင်းလဲကြီးပြောင်းလွဲခဲ့ရတာ၊ ငါ့အကြောင်း ဘာမှမသိကြသေးဘူးနော်၊ ငါသူတို့ကို ဘယ်လိုမျက်နှာပြရပါ့မလဲ၊ ဘယ်ထွက်ပြေးရပါ့မလဲ'ဟု တွေးလျက်ရှိရာက နီကိုလေသည် ရှေးစန္ဒရားကြီးရှိရာ ကပွဲခန်းမဆောင်ဘက်သို့ ထ၍ လာခဲ့မိပြန်သည်။

ဆွန်ယာသည် ရှေးစန္ဒရားကြီးတွင်ထိုင်ကာ ဒင်နီဆော့ဗ်ကြိုက်သော သီချင်းကြီးတစ်ပုဒ်၏ ခြေဆင်းကိုတီးနေ၏။ နာတာရှာသည် တေးဆိုရန် ဟန်ပြင်လျက်ရှိသည်။ ဒင်နီဆော့ဗ်မှာ နာတာရှာကို ရွှန်းရွှန်းစားစားကြည့်လျက် ရှိပေသည်။

နီကိုလေသည် ခန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

'ဘာဖြစ်လို့များ နာတာရှာ့ကို သီချင်းအဆိုခိုင်းကြတာလဲ မသိဘူးနော်၊ နာတာရှာ ဟုတ်တိပတ်တိဆိုနိုင်မှာလဲ မဟုတ်ဘဲနဲ့ အလကားအဆိုခိုင်းနေကြတယ်၊ ဘာတွေများဒီလောက်တောင် ပျော်စရာတွေ တွေ့နေကြပါလိမ့်'ဟု နီကိုလေ တွေးမိ၏။

ဆွန်ယာသည် ခြေဆင်းကိုစ၍ တီးလိုက်သည်။

'အင်း ငါတော့ ဥစ္စာလဲပြုန်း လူလုံးလဲမလှ၊ အရှက်တကွဲအကျိုးနဲ့ ဖြစ်ရပြီ၊ ငါဟာ သူတို့တေးသီချင်းသံတွေကို နားထောင်ဖို့ မကောင်းတော့ဘူး၊ ခေါင်းထဲကို ကျည်ဆန်တစ်တောင့် ထည့်လိုက်ဖို့ပဲ ကျန်တော့တယ်၊ ငါဘယ်ကိုများ ထွက်ပြေးရပါ့မလဲ'

နီကိုလေသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဒင်နီဆော့ဗ်နှင့် နာတာရှာတို့တစ်သိုက်ကို သုန်မှုန်စွာကြည့်ရင်း ၎င်းတို့နှင့် မျက်လုံးချင်းမဆိုင်မိအောင် ရှောင်နေလေသည်။

"ကိုကို ဘာဖြစ်လို့လဲဟင်"နီကိုလေကို အကဲခတ်နေသော ဆွန်ယာက မေးလိုက်သည်။ နီကိုလေ တစ်ခုခုဖြစ်လာပြီဟု ဆွန်ယာ သတိထားလိုက်မိသည်။

နီကိုလေသည် ဆွန်ယာကိုရှောင်၍ ထွက်လာခဲ့သည်။ အကင်းပါးသော နာတာရှာကလည်း နီကိုလေ၏အခြေအနေကို အကဲခတ်လိုက်မိ၏။ သို့ရာတွင် ယခုအချိန်၌ နာတာရှာမှ အလွန်ကြည်နူးလျက်ရှိရကား လူငယ်



www.burmeseclassic.com

များ၏ ထုံးစံအတိုင်း ဝမ်းနည်းစရာ စိတ်မကောင်းစရာ တို့ကို မတွေးလိုဘဲ ဖျောက်ဖျက်ပစ်လိုက်သည်။ 'အို သူများအတွက် လိုက်ပြီး စိုးရိမ်ကြောင့်ကြမနေနိုင်ပါဘူး။ အို ဒီလိုလဲဟုတ်မယ်မထင်ပါဘူးလေ၊ သူလဲ ငါ့လိုပျော်နေ ဟန်တူပါရဲ့'ဟု နာတာရှာ တွေးနေမိသည်။

"ကဲ ဆွန်ယာ၊ နာတာရှာ ဆိုမယ်နော်" နာတာရှာ သည် ခန်းဆောင်ထဲရှိ အသံအလုံဆုံးနေရာဖြစ်သော အလယ်တည့်တည့်တွင် သွား၍ရပ်လိုက်၏။

နာတာရှာသည် ဘဲလေးကချေသည်များကဲ့သို့ ခေါင်းကို မော့ထားလိုက်ပြီး လက်များကိုလျှော့၍ ညွတ်ချ ထားလိုက်လျက် ခြေဖျားထောက်ကာ တေးသီချင်းကို စ၍ဆိုလိုက်သည်။

နာတာရှာသည် မိမိအား ငေးစိုက်ကြည့်လျက်ရှိ သော ဒင်နီဆော့ဗ်အား 'ဘယ့်နှယ်လဲ အစ်ကို၊ နာတာရှာ အဆိုမကောင်းဘူးလား'ဟု မေးနေသကဲ့သို့ ရှိလေ၏။ နီကိုလေသည် ညီမနာတာရှာကို ကြည့်ကာ 'ဒီကောင် မလေး ဘာဖြစ်လို့များ ဒီလောက်ပျော်နေရပါလိမ့်၊ နည်း နည်းလေးမှကို ဣန္ဒြေမရဘူး'ဟု တွေးလိုက်မိသည်။

နာတာရှာသည် တေးသီချင်းကိုစ၍ ဆိုလိုက်သည် တွင် လည်ပင်းကြောများထောင်လာလျက် ရင်အုံများ လှိုင်းထသကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်လျက်ရှိကာ မျက်လုံးများမှာ မှုန်မှိုင်းရီဝေလာကြသည်။ နာတာရှာသည် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့လျက်ရှိ၏။ ကြည်နူး ဖွယ်ကောင်းသော တေးသံသည် ပြုံးလျက်ရှိသော နှုတ်ခမ်း ကလေးများမှ တိုးချည်တစ်ခါ၊ ကျယ်ချည်တစ်လှည့်ဖြင့် ထွက်ပေါ်လာလေရာ တစ်ခါတစ်ခါ၌ အသည်းတွင် အေး သွားကာ တစ်ခါတစ်ခါ၌လည်း ရင်ထဲတွင် ဖိုလှိုက်၍ ငို ချင်လာလေသည်။

နာတာရှာအဖို့ ဤအကြိမ်သည် ပထမအကြိမ် စိတ်ပါလက်ပါ သီဆိုခြင်းဖြစ်၏။ ဒင်နီဆော့ဗ်ရှိနေသဖြင့် လည်း ပို၍ သီချင်းအဆိုကောင်းနေလေသည်။ နာတာရှာ သည် သီချင်းဆိုသည့်အခါတွင် ကလေးဟန်မရှိတော့ချေ။ ယခင်ကကဲ့သို့ သံသေးသံကြောင် ကလေးသံလေးလည်း မဟုတ်တော့ချေ။ နာတာရှာသည် အဆိုမပိုင်သေးသော် လည်းကြားရသူတို့ကား 'အသံကတော့အသံရိုင်းပဲ၊ ဒါပေ မဲ့ အသံက သိပ်ကောင်းလေတော့ ကျကျနနသင်လိုက်ရရင် အဆိုကောင်းတစ်ယောက် ဖြစ်မှာပဲ'ဟု မှတ်ချက်ချမိမည် သာ ဖြစ်လေသည်။ သို့ရာတွင် ထိုအသံရိုင်း၏ မေးရိုက် မေးသွင်း အသံအကူးအပြောင်းမှာ များစွာ ပိုင်နိုင်ရကား နားထောင်၍ မငြီးနိုင်ဘဲ နားထောင်ပြီးရင်း နားထောင် ချင်ရင်း ဖြစ်နေလေသည်။ နာတာရှာ၏အသံမှာ အသံရိုင်း ဖြစ်သော်လည်း ကတ္တီပါကဲ့သို့ နူးညံ့ပျောပျောင်းလျက် သစ်လွင်လန်းဆတ်ခြင်းဖြင့် နာပျော်ဖွယ် ကောင်းလှပေ၏။

'နာတာရှာ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီ လောက်များ စိတ်ပါလက်ပါသီချင်းဆိုနေရတာလဲ' နီကို လေသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ငေးကြည့်နေမိ လေသည်။ နီကိုလေသည် နားထောင်ရင်း နာတာရှာ၏ တေးသံတွင် နစ်မျောနေလျက်ရှိလေသည်။ နားထောင်၍ မငြီးနိုင်အောင် ဖြစ်လျက်ရှိလေသည်။ ကမ္ဘာကြီးတစ်ခုလုံး ရှိရှိသမျှအရာတို့ကို တစ်နှစ်သုံး တစ်နှစ်သုံးဟူသော စည်း ချက်ကလေးများဖြင့် ပိုင်းခြားသတ်မှတ်ထားသကဲ့သို့ပင် ထင်ရတော့သည်။

'အို ငါ့အဖြစ်တွေကို မေ့ပစ်လိုက်တာပဲ ကောင်းပါ တယ်၊ ငွေရေးကြေးရေးကိစ္စတွေ၊ ပူပန်ကြောင့်ကြမှုတွေ၊ ဒေါသတွေ၊ ဂုဏ်သိက္ခာတွေ ဒိုလိုကော့ဗ်နဲ့ ဖြစ်ခဲ့ရတာတွေ ဒါတွေအားလုံးကို ငါမေ့ပစ်လိုက်တော့မယ်၊ နာတာရှာလို ပျော်ပျော်ပဲ နေမယ်၊ လူ့ဘဝဆိုတာ ဒီလိုမှပေါ့'

နီကိုလေသည် မသိမသာ သီချင်းလိုက်၍ ဆိုနေမိ သည်ကို ကိုယ့်ကိုယ်ကို အံ့သြစွာ တွေ့ရလေသည်။

ဤဂီတသံသည် မည်မျှသာယာဖွယ်ကောင်းပေ သနည်း။ နီကိုလေ၏ ဝိညာဉ်အတွင်း၌ သန့်ရှင်းမွန်မြတ် သောအရာတို့ကို မည်မျှလှုပ်ရှားစေပေသနည်း။ ထိုသန့်ရှင်း မွန်မြတ်သောအရာသည် ကမ္ဘာလောကကြီးရှိ အခြားအရာ များနှင့်မတူ မည်မျှခြားနားလေသနည်း။

'ငါဖဲရှုံးတာတွေကို မေ့လိုက်တော့မယ်၊ ဒိုလိုကော့ဗ် ကို မေ့လိုက်တော့မယ်၊ ကတိတွေ ဂုဏ်သိက္ခာတွေကို မေ့လိုက်တော့မယ်၊ ဒါတွေဟာ ဗျာပါဒဖြစ်ရတဲ့ အရာတွေ ပေပဲ၊ လူသတ်ပြီး သူများရဲ့ဥစ္စာပစ္စည်းကို လုယူတဲ့လူတွေ တောင်လောကကြီးမှာ ပျော်ပျော်ရွှင်ရွှင်နေနိုင်သေးရင် ငါကော ဘာဖြစ်လို့ ပျော်ပျော်ရွှင်ရွှင် မနေနိုင်ရမှာလဲ'



www.burmeseclassic.com

## အခန်း ၁၆

နီကိုလေအဖို့ ထိုနေ့ကကဲ့သို့ ဂီတ၏အရသာကို နှစ်နှစ်ခြိုက်ခြိုက် မခံစားခဲ့ရသည်မှာ ကြာခဲ့လေပြီ။ သို့ရာတွင် နာတာရှာ သီချင်းဆိုရုံပြီးသည်နှင့် နီကိုလေသည် မိမိ၏ အဖြစ်ကို သွား၍သတိရပြန်သည်။ နီကိုလေသည် စကားတစ်ခွန်းမျှ ပြောဆိုခြင်းမပြုဘဲ ထကာ စံအိမ်အောက်ထပ်ရှိ မိမိ၏ခန်းဆောင်သို့ ဆင်းလာခဲ့လေသည်။ နာရီတစ်မတ်ခန့်အကြာ၌ မြို့စားကြီးရော့စတော့ဗ်သည် ကျေနပ်ရွှင်လန်းသော မျက်နှာထားဖြင့် ကလပ်မှ ပြန်ရောက်လာလေသည်။ နီကိုလေသည် ရထားဆိုက်သံကိုကြားရသည့်အတွက် ဖခင်မြို့စားကြီးထံသို့ ထွက်၍လာခဲ့၏။

"ပျော်ရဲ့လားသား"မြို့စားကြီးရော့စတော့ဗ်က ပြုံးလျက် နီကိုလေကို ခပ်ရွှင်ရွှင်ကလေးမေးလိုက်သည်။

နီကိုလေသည် ပျော်ရွှင်ကြောင်း ပြောလိုလှသော်လည်း ပါးစပ်မှစကားတစ်လုံးမျှ ထွက်မလာချေ။ ၎င်း၏ မျက်လုံးတွင် မျက်ရည်တွေ လည်လာ၏။

မြို့စားကြီးသည် မိမိ၏သားအခြေအနေကို ရိပ်မိဟန်မရှိသေးဘဲ ဆေးတစ်ဆုံကို မီးညှို၍ ဖွာရှိုက်လျက်ရှိ၏။

'ဟယ် မထူးပါဘူး၊ ဖွင့်ပြောလိုက်တာပဲ ကောင်းပါတယ်'နီကိုလေသည် နောက်ဆုံးတွင် ဤသို့ ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့နောက် ခပ်ရှက်ရှက်ဖြင့်ပင် မိမိ၏ သိက္ခာကိုမငဲ့နိုင်တော့ဘဲ မြို့ထဲသို့သွားရန် ခမည်းတော်ထံသို့ ရထားတစ်စီးလောက် တောင်းသည့် လေသံမျိုးဖြင့်

"ဖေဖျား ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်နေလို့ ဖေဖျား၊ စောစောက ပြောမလို့ပဲ၊ မေ့သွားတာနဲ့ မပြောဖြစ်လိုက်ဘူး၊ ကျွန်တော့်မှာ အရေးတကြီး ငွေအသုံးလိုနေပါတယ်"

"အလို"ထိုနေ့ညတွင် အထူးရွှင်လန်းကာ အာသွက်လျက်ရှိသည့် မြို့စားကြီးရော့စတော့ဗ်က ပြောလိုက်သည်။ "အစကတည်းက လောက်မှာမဟုတ်ပါဘူးလို့ ဖေဖျားပြောသားပဲ၊ ဆိုစမ်းပါဦး၊ ဘယ်လောက်များလိုသလဲ"

"တော်တော်လေးတော့ လိုနေတယ် ဖေဖျား"နီကိုလေက ပြောလိုက်ရင်း မျက်နှာနီရဲသွားကာ မချိတရိ ပြုံးလိုက်သည်။ "ကျွန်တော် ဒီနေ့ည ကစားဝိုင်းမှာ နည်းနည်းရှုံးလာတယ် ဖေဖျား၊ နည်းနည်းဆို သိပ်တော့ မနည်းဘူး ပေါ့လေ၊ သိပ်မနည်းဘူးဆိုတာလဲ တော်တော်လေးတော့ များတယ် ဖေဖျား၊ ဟို ဟို လေးသောင်း သုံးထောင်"

"ဘာ လေးသောင်းသုံးထောင် ဟုတ်စ၊ ဘယ်သူ့ကို ရှုံးလာသလဲ"မြို့စားကြီးရော့စတော့ဗ်က အော်လိုက်သည်။ မြို့စားကြီးရော့စတော့ဗ်မှာ အသက်ကြီးသူများ ထုံးစံအတိုင်း မျက်နှာသာမကဘဲ ကုပ်တွေ လည်ပင်းတွေပါ နီရဲလာလေသည်။

"မနက်ဖြန် ဆပ်ပါ့မယ်လို့ ကျွန်တော်ကတိပေးခဲ့တယ် ဖေဖျား"

"ဟင်း"မြို့စားကြီးရော့စတော့ဗ်သည် သက်ပြင်းကိုချကာ ထိုင်ဖုံပေါ်တွင်ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"မတတ်နိုင်ဘူး ဖေဖျား ဒီလိုပဲ ရှုံးကြတာပါပဲ"နီကိုလေက အရဲစွန့်ကာ ခပ်လွယ်လွယ် ပြောချလိုက်သည်။ သို့ရာတွင် စိတ်ထဲ၌ကား မိမိကျူးလွန်ခဲ့သော ပြစ်မှုကြီးကို တစ်သက်လုံးချေလျှော်ပင် ကျေနိုင်ဖွယ်မရှိပြီ။ မိမိသည်လည်း တန်ဖိုးမရှိသော လူတစ်ယောက် ဖြစ်ခဲ့လေပြီဟု ထင်မှတ်လျက်ရှိလေသည်။ နီကိုလေသည် ဖခင်မြို့စားကြီး၏လက်ကို နမ်းရှုပ်ကာ ခြေရင်းတွင် ဝပ်စင်း၍ တောင်းပန်လိုသော်လည်း "ဒီလိုပဲ ရှုံးတတ်ကြတာပါပဲ"ဟု အရေးမကြီးဟန်ဖြင့် ပြောလိုက်မိလေပြီ။

မြို့စားကြီးရော့စတော့ဗ်သည် နီကိုလေ၏ စကားများကို ကြားသည်၌ မျက်လွှာကိုချ၍ တစ်စုံတစ်ရာကို ရှာဖွေလျက် ရှိလေသည်။

"အင်း လေးသောင်းသုံးထောင်၊ လေးသောင်းသုံးထောင် မလွယ်ဘူး၊ ရှာဖို့မလွယ်ဘူး၊ သင်းတို့ကသာ လူတိုင်းဒီလိုပဲ ရှုံးတတ်ကြတာပါပဲလို့ ပြောတာ၊ မိုက်ပါဘိ သားရယ်၊ မိုက်လှချည်လား၊ ဘယ်သူများ ကစားဝိုင်းမှာ ဒီလောက်ရှုံးလို့လဲ"

မြို့စားကြီးရော့စတော့ဗ်သည် မိမိသား၏ မျက်နှာကို စူးစမ်းသော အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီးနောက် ခန်းမဆောင်ထဲမှ ထွက်သွားလေသည်၊ နီကိုလေသည် ဆင်ခြေတက်ရန် အဆင်သင့် စိတ်ကူးထားသော်လည်း ဖခင်မြို့စားကြီးက တစ်ခွန်းမျှ ပြောမသွားသဖြင့် ပြောခွင့်မကြုံလိုက်တော့ချေ။

"ဖေဖျား ဖေဖျား ကျွန်တော့်ကို ခွင့်လွှတ်တော်မူ



www.burmeseclassic.com

ပါ ဖေဖျား၊ ကျွန်တော် နောက်မမိုက်တော့ပါဘူး”နိကိုလေသည် ရှိုက်လျက် ဖခင်မြို့စားကြီး၏ နောက်မှ လိုက်သွားကာ လက်ကိုဆွဲ၍ နမ်းရှုပ်လိုက်ပြီး ငိုရှိုက်လျက်ရှိလေသတည်း။

*

မြို့စားကြီးရော့စတော့ဗ်တို့ သားအဖ ဤသို့ ပြောဆိုနေကြချိန်၌ မြို့စားကတော်ကြီးနှင့် သမီးနာတာရှာတို့သည်လည်း အရေးကြီးသည့်အရာ၌ ထို့ထက် လျော့နည်းခြင်းမရှိသောကိစ္စတစ်ရပ်ကို တိုင်ပင်လျက် ရှိကြလေသည်။ နာတာရှာသည် ကတုန်ကယင်ဖြင့် မိခင် မြို့စားကတော်ကြီးထံသို့ ပြေးဝင်လာလေသည်။

“မေဖျား မေဖျား၊ သူလေ သူ နာတာရှာ့ကို”

“ဘာဖြစ်သလဲ၊ သမီးထွေးကို ဘာလုပ်လို့လဲ၊ မထိတ်သာမလန့်သာနဲ့”

“နာတာရှာ့ကိုလေ နာတာရှာ့ကို ရည်းစားစကားပြောတယ် မေဖျားရဲ့ သိလား”နာတာရှာက တအံ့တသြဖြင့် ပြောလိုက်၏။

မြို့စားကတော်ကြီးသည် မိမိ၏နားများကိုပင် မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိ၏။ ဒင်နီဆော့ဗ်သည် ချစ်ရေးဆိုလိုက်လေပြီ။ ထို့ထက် ဒင်နီဆော့ဗ် ချစ်ရေးဆိုလိုက်သူမှာ အခြားသူမဟုတ်ဘဲ မနေ့တစ်နေ့ကမှ ယမင်းရုပ်ကလေးများနှင့် ကစားဆဲ၊ သင်ခန်းစာကိုသင်ဆဲဖြစ်သည့် ဥမမည်စာမမြောက်ကလေးငယ်နာတာရှာ ဖြစ်နေသဖြင့်လည်း မြို့စားကတော်ကြီးမှာ အံ့သြလျက်ရှိလေသည်။

“တော်စမ်း နာတာရှာ မေဖျားကို ဘာတွေပြောနေတာလဲ”နာတာရှာက နောက်ပြောင်ပြောခြင်း ဖြစ်သည်ဟုထင်သဖြင့် မြို့စားကတော်ကြီးက ပြောလိုက်သည်။

“တကယ်ပြောတာ မေဖျားရဲ့၊ ဘုရားစူးရစေရဲ့၊ ဟွန်း ဒီကဖြင့် ဘာပြန်ပြောရမလဲလို့ လာလဲမေးရသေးတယ်၊ အဆူလဲခံရသေးတယ်”နာတာရှာက စိတ်ကောက်၍ပြောလိုက်သည်။

မြို့စားကတော်ကြီးသည် ပခုံးကို တွန့်လိုက်သည်။

“သမီးထွေးကို ဒင်နီဆော့ဗ်က ရည်းစားစကားလာပြောရင် အစ်ကိုဟာ လူအပဲလို့ ပြန်ပြောလိုက်ပေါ့”

“မအပါဘူး မေဖျားရဲ့၊ ဘယ်ကလာအရမှာလဲ” နာတာရှာက စိတ်မရှည်တော့သကဲ့သို့ ပြောလိုက်ပြန်သည်။

“ဘာလဲ သမီးထွေးက ဘယ်လိုပြန်ပြောချင်လို့လဲ၊ သမီးထွေးဟာ ခုတလောမှာ တွေ့ကရာ မြင်ကရာကို ချစ်ဖို့ပဲတတ်တယ်၊ သမီး သူ့ကိုတကယ်ချစ်ရင် လက်ထပ်လိုက်ပေါ့၊ လွယ်လွယ်ကလေးပဲ”မြို့စားကတော်ကြီးက စိတ်ရှုပ်လာဟန်ဖြင့် ရယ်၍ပြောလိုက်၏။

“အို မေဖျားကလဲ သူ့ကို နာတာရှာ ဘယ်ကလာ ချစ်ရမှာလဲ၊ မချစ်ပါဘူး၊ နာတာရှာတော့ မချစ်ဘူးလို့ ထင်တာပဲ”

“မချစ်ရင်လဲ မချစ်ဘူးလို့ပြောလိုက်ပေါ့ သမီးထွေးရဲ့”

“မေဖျား နာတာရှာကိုစိတ်ဆိုးသလားဟင်၊ စိတ်မဆိုးပါနဲ့ မေဖျားရယ်နော်၊ နာတာရှာ မှားသွားသလားဟင် မေဖျား”

“မမှားပါဘူး သမီးထွေးရယ် မမှားပါဘူး၊ ကဲ သမီးထွေးမပြောချင်ရင် မေဖျားကိုယ်တိုင် သွားပြောရမလား”မြို့စားကတော်ကြီးက ပြုံး၍ မေးလိုက်၏။

“ဟင့်အင်း ဟင့်အင်း နာတာရှာ့ဘာသာ နာတာရှာ ပြောမယ်၊ ဘယ်လိုပြောရမလဲဆိုတာသာ မေဖျားက ပြောလိုက်၊ မေဖျားကတော့ ပြောတတ်မှာပါ” နာတာရှာက ပြုံး၍ ပြောလိုက်သည်။ “သူပြောလိုက်တာက တစ်မျိုးကြီးပဲ မေဖျားရဲ့၊ အစကမပြောဘူးလို့ မျိုသိပ်ထားပြီးမှ လွတ်ခနဲ ပြောလိုက်ပုံပဲ”

“အေး ဒါဖြင့်လဲ သမီးထွေးက ငြင်းလိုက်ပေါ့”

“ဟင့်အင်း မေဖျားရယ်၊ နာတာရှာ မငြင်းချင်ဘူး၊ နာတာရှာ သူ့ကို သနားတယ်၊ သူက သဘောလဲကောင်းရှာသားပဲ မေဖျားရယ်နော်”

“ကဲ ကဲ ဒါဖြင့် လက်ခံပါတယ်လို့ ပြန်ပြောလိုက်၊ သမီးထွေးကလဲ အရွယ်ဟိုင်းနေပြီ မဟုတ်လား”မြို့စားကတော်ကြီးက အရွဲ့တိုက်၍ ပြောလိုက်သည်။

“ဟင့်အင်း ဒီလိုလဲမဖြစ်သေးဘူး၊ ဒါပေမဲ့ သူ့ကို နာတာရှာသနားတယ် မေဖျားရယ်၊ ဘယ်လို ပြန်ပြောရမလဲ လုပ်ပါဦး”

“သမီးထွေးဘာမှမပြောနဲ့၊ မေဖျားကိုယ်တိုင်ပြောလိုက်မယ်”မြို့စားကတော်ကြီးမှာ သမီးထွေး နာတာရှာအား ကလေးငယ်အမှတ်ထားကာ အပြောင်အပြက်ပြော၍



www.burmeseclassic.com

www.burmeseclassic.com


မဖြစ်တော့သည်ကို သိလာသဖြင့် ခပ်ထန်ထန်ကလေး ပြောလိုက်၏။

"ဟင့်အင်း ဟင့်အင်း မေဖျားမပြောရဘူး၊ နာတာရှာဘာသာပြောမယ်၊ မေဖျားက အပေါက်နားက ချောင်းနားထောင်လှည့်"နာတာရှာသည် ပွဲတက်ဆောင်ဘက်သို့ ပြေးထွက်သွားလေ၏။ ပွဲတက်ဆောင်ထဲ၌ကား ဒင်နီဆော့ဗ်သည် ရှေးစန္ဒရားကြီးအနီးရှိ ကုလားထိုင်တွင် ခေါင်းကို လက်ဖြင့်အုပ်၍ ထိုင်လျက်ရှိလေသည်။

နာတာရှာ၏ ပေါ့ပါးသွက်လက်သော ခြေသံကို ကြားလိုက်သည်တွင် ဒင်နီဆော့ဗ်သည် ထိုင်ရာမှ ထလိုက်သည်။

"နာတာရှာ"

ဒင်နီဆော့ဗ်က နာတာရှာ့ထံသို့ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

"အစ်ကို့ကံကြမ္မာကို နာတာရှာက ဆုံးဖြတ်ပါကွယ်၊ အစ်ကို့ကံကြမ္မာဟာ နာတာရှာရဲ့ လက်ထဲမှာပဲ ရှိပါတော့တယ်"

"ဝမ်းနည်းပါတယ်အစ်ကို၊ အစ်ကိုဟာ သဘောကောင်းပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး အစ်ကို၊ နောက်နာတာရှာကို ဒီလိုမပြောပါနဲ့၊ အစ်ကိုတစ်ယောက်အနေနဲ့တော့ နာတာရှာဟာ အစ်ကို့ကို အမြဲပဲချစ်နေပါ့မယ်"

ဒင်နီဆော့ဗ်သည် နာတာရှာ၏လက်ဆီသို့ ငုံ့လိုက်၏။နာတာရှာသည် ဒင်နီဆော့ဗ်ထံမှ ထူးဆန်းသောအသံတစ်မျိုးကို ကြားလိုက်ရသည်။ သို့ရာတွင်ကောင်းစွာ မသဲကွဲလှချေ။ နာတာရှာသည် ဒင်နီဆော့ဗ်၏ နက်မှောင်ကြမ်းတမ်းသော ဆံပင်များကို နမ်းလိုက်၏။ ထိုအခိုက် မြို့စားကတော်ကြီး၏ ခြေသံကို ကြားရလေသည်။

"ခုလို သမီးထွေးကို အမြတ်တနိုးရှိတယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ် တူတော်မောင်"မြို့စားကတော်ကြီးက မရဲတရဲဖြင့် ပြောလိုက်၏။ သို့ရာတွင် အသံမှာ တင်းမာလှပေသည်။ "ဒါပေမဲ့ သမီးထွေးဟာ ငယ်ပါသေးတယ် တူတော်မောင်၊ တကယ်ဆိုရင်လဲ တူတော်မောင်ဟာ သားရဲ့ ရောင်းရင်းဖြစ်နေတဲ့အတိုင်း အကြီးတော်ကို ပထမ လာပြောဖို့ကောင်းတယ်လို့ အကြီးတော် ယူဆတယ်၊ အကြီးတော်ကိုပြောလိုက်ရင် စဉ်းစားတန် စဉ်းစားရဲ့၊ ခုတော့"

"အကြီးတော်"ဒင်နီဆော့ဗ်သည် မျက်လွှာကို ချလိုက်ပြီး အပြစ်ရှိသော မျက်နှာဖြင့် ပြောလိုက်သည်။ နောက်ထပ် ပြောမည့်စကားလုံးများသည် ထွက်မလာကြတော့ဘဲ တစ်ဆို့နေကြသည်။

နာတာရှာမှာ ဒင်နီဆော့ဗ်ကိုမြင်ရသည်တွင် စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်မိလေသည်။ ဒင်နီဆော့ဗ်က အသံတုန်တုန်ဖြင့်–

"ကျွန်တော် မှားသွားပါတယ် အကြီးတော်၊ ဒါပေမဲ့ ကျွန်တော်ဟာ နာတာရှာနဲ့တကွ အကြီးတော်တို့အိမ်သားအားလုံးကို အထူးခင်မင်မြတ်နိုးတယ်၊ အကြီးတော်တို့အတွက်ဆိုရင် အသက်ကို နှစ်ပြန်စွန့်ရမယ်ဆိုရင်လဲ စွန့်ဖို့အဆင်သင့် ရှိပါတယ်ဆိုတာကိုတော့ ယုံကြည်တော်မူစေချင်ပါတယ်၊ ကဲ ကျွန်တော့်ကို ခွင့်ပြုတော်မူပါဦး အကြီးတော်"

ဒင်နီဆော့ဗ်သည် မြို့စားကတော်ကြီး၏ တင်းမာသော မျက်နှာကိုကြည့်လိုက်၍ လက်ကိုနမ်းရှုပ်နှုတ်ဆက်ပြီး နောက် နာတာရှာအား လှည့်၍မကြည့်တော့ဘဲ ခန်းမဆောင်ထဲမှ ထွက်သွားလေသည်။

*

နောက်တစ်နေ့တွင်နီကိုလေသည် ဒင်နီဆော့ဗ်ကို လိုက်ပို့လေသည်။ ဒင်နီဆော့ဗ်သည် မော်စကိုတွင်တစ်ရက်မျှ ဆိုင်းမနေလိုတော့ပြီ။ မော်စကိုတွင် ဒင်နီဆော့ဗ်၏ မိတ်ဆွေရောင်းရင်းများက ဒင်နီဆော့ဗ်အား ဂျစ်ပစီကလပ်၌ နှုတ်ဆက်ပွဲကျင်းပကြလေရာ ထိုပွဲတွင် ဒင်နီဆော့ဗ်သည် လူမှန်းမသိအောင် အရက်မူးပစ်လိုက်၏။ စွတ်ဖားပေါ် တက်လိုက်ခဲ့သည်ကိုလည်း သတိမရ။ စခန်းထောက်သုံးခုကို မည်သည့်အချိန်က ကျော်ဖြတ်ခဲ့သည်ကိုလည်း မမှတ်မိတော့ချေ။

ဒင်နီဆော့ဗ် သွားပြီးနောက် နီကိုလေသည် ရက်သတ္တနှစ်ပတ်မျှ မော်စကိုတွင် ဆက်လက်နေထိုင်ခဲ့သည်တွင် အိမ်ထဲက အိမ်ပြင်သို့ပင် မထွက်တော့ဘဲ ညီမများနှင့်သာ အချိန်ကို ကုန်လွန်စေကာ ဖခင်မြို့စားကြီး ရှော့စတော့ဗ် ခဲခဲကပ်ကပ် ရှာဖွေပေးမည့် ငွေလေးသောင်းသုံးထောင်ကိုသာ စောင့်ဆိုင်းလျက်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဆွန်ယာမှာ နီကိုလေအား ခါတိုင်းထက် အကြင်နာပိုကာ အချစ်တွေတိုးလျက်ရှိခြင်းကို တွေ့ရ၏။ ဆွန်ယာသည် နီကိုလေအား အတိဒုက္ခရောက်လျက်ရှိသည့်အတွက် ပို၍ ကြင်နာ၊ ပို၍မြတ်နိုးဟန်ပြလျက်ရှိ၏။ သို့ရာတွင် နီကိုလေ၏စိတ်၌ကား မိမိသည် အပြစ်ကင်းစင်သော ဆွန်ယာနှင့် မထိုက်တန်တော့ပြီဟု ထင်မှတ်လျက်ရှိလေသည်။

နီကိုလေသည် ညီမတော်များ၏ ဓာတ်ပုံစာအုပ်များထဲတွင်သီချင်းများ၊ ကဗျာတိုကလေးများ ရေးပေးခဲ့လျက် ဒိုလိုကော့ဗ်၏ အကြွေး လေးသောင်းသုံးထောင်စလုံးကို ပေးဆပ်ကာ ၎င်းထံမှ လက်ခံရရှိကြောင်းပြေစာကို ရယူခဲ့ပြီးနောက် နိုဝင်ဘာလကုန်၌ မည်သည့် အသိမိတ်ဆွေကိုမျှ နှုတ်ဆက်ခြင်းမပြုတော့ဘဲ မိမိတပ်စခန်းရှိရာ ပိုလန်ပြည်သို့ ထွက်ခွာလာခဲ့လေသတည်း။

*

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၅

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

ပီယာသည် ကြင်ရာတော်ဟယ်လင်မင်းသမီးနှင့် တွေ့ဆုံပြီးနောက် ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်လာခဲ့လေသည်။ တောဇော့ချောထောက်စခန်းသို့ ရောက်သည်တွင် ထိုစခန်း၌ မြင်းအဆင်သင့်မရှိသည့်အပြင် ချောထောက်စခန်းမှူးကလည်း ရှာပေးခြင်းမပြုသည့်အတွက် လှည်းကြုံကို စောင့်နေရလေသည်။ ပီယာသည် အဝတ်အစားမလဲတော့ဘဲ စားပွဲဝိုင်းကြီးအနီးရှိ သားရေထိုင်ဖုံပေါ်တွင်ပစ်ထိုင်လျက် ဖိနပ်ရှည်ကြီးများ စွပ်ထားသော ခြေထောက်ကို စားပွဲပေါ်သို့ ပစ်တင်ကာ မိမိ၏အဖြစ်ကို တွေးနေမိသည်။

"သခင်လေးရဲ့ပစ္စည်းတွေကို အထဲယူလာရမလား သခင်လေး၊ အိပ်ရာလဲ အဆင်သင့်ပြင်ပြီးပါပြီ၊ လက်ဖက်ရည်လဲ အဆင်သင့် ဖြစ်ပါပြီသခင်လေး"ပီယာ၏ အစေခံက မေးလိုက်သည်။

ပီယာသည် မည်သို့မျှပြန်မပြောချေ။ ဘာကိုမျှလည်း မကြားမိ။ ဘာကိုမျှလည်း မမြင်မိချေ။ ပီယာသည် နောက်ဆုံး ချောထောက်စခန်းမှ ထွက်လာကတည်းက ထိုပြဿနာကို အဖန်ဖန်အလဲလဲ စဉ်းစားလာခဲ့မိ၏။ ထိုပြဿနာသည် မိမိအတွက် များစွာအရေးကြီးသော ပြဿနာဖြစ်၏။ ထို့ကြောင့် မိမိ၏ပတ်ဝန်းကျင်ကိုပင် သတိမထားမိဘဲ အတွေးထဲတွင် နစ်မြုပ်လျက်ရှိခြင်း ဖြစ်လေသည်။ ပီတာစဘတ်ရွှေမြို့တော်သို့ မည်သည့်အချိန်တွင် ရောက်မည်ကို မစဉ်းစားမိ။ ချောထောက်စခန်းတွင် နေရာရမရကိုလည်း မတွေးတောမိတော့ချေ။ ဤချောထောက်စခန်းတွင် တစ်နာရီမျှသာ ရပ်နားနေမည်လော၊ သို့တည်းမဟုတ် တစ်ဘဝလုံးပင် နေတော့မည်လောဆိုသောကိစ္စသည် မိမိစဉ်းစားလျက်ရှိသော ပြဿနာကြီးနှင့် နှိုင်းစာလျှင် အသေးအဖွဲကိစ္စကလေးမျှသာ ဖြစ်သည်ဟု ထင်လျက်ရှိ လေသည်။

ချောထောက်စခန်းမှူး၊ ၎င်း၏ ဇနီးသည်နှင့်တကွ မိမိ၏အစေခံတို့အပြင် တောဇော့အရပ်ထွက် ရက်ထည်များကို ရောင်းလျက်ရှိသည့် လယ်သူမကြီးတစ်ဦးတို့သည် အခန်းထဲသို့ ဝင်လာကြကာ အလိုရှိလျှင်ခိုင်းပါဟု ပီယာအား လာရောက်ပြောဆိုကြ၏။ ပီယာသည် ၎င်း၏ နမော်နမဲ့နေတတ်သော အကျင့်ကို မဖျောက်နိုင်သေးဘဲ ၎င်းတို့တစ်တွေ ပြောနေကြသည့် စကားများကို နားမလည်သကဲ့သို့ မျက်မှန်ပေါ်မှ ကျော်ကြည့်နေသည်။ ထိုမှတစ်ဖန် ထိုသူများသည် မိမိစဉ်းစားလျက်ရှိသော ပြဿနာမျိုးများကို စဉ်းစားခြင်းမပြုဘဲ မည်သို့ အသက်ရှင်နေနိုင်ကြပေသနည်းဟု တွေးတောလျက် ရှိ၏။ ပီယာသည် ဆိုကိုနီကီတောအုပ်၌ ဒိုလိုကော့ဗ်နှင့် ချိန်းသတ်ခဲ့ပြီးနောက် စိတ်ဆင်းရဲခဲ့ရ၏။ ညပေါင်းများစွာ အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရ၏။ ထိုအတောအတွင်း၌ ထိုအတွေးများသည် ပီယာ၏ ခေါင်းထဲတွင် ရှုပ်ထွေးလျက် ရှိခဲ့သည်။ ခရီးထွက်လာခဲ့ရ၍ အထီးကျန်ဖြစ်လျက်ရှိသည့်အခါတွင်မူကား ထိုအတွေးများသည် ကြီးမားသော ထုထည်ကြီးဖြင့် ၎င်းအား ဖမ်းစားခဲ့ကြသည်။ မည်သည့်ကိစ္စကိုပင် စဉ်းစားသည်ဖြစ်စေ ပီယာသည် လိုရင်းကိစ္စကို မစဉ်းစားနိုင်တော့ဘဲ မိမိဖြေရှင်းခြင်းမပြုနိုင်၍ နောက်ထပ် မစဉ်းစားဘဲလည်း မနေနိုင်သော ပြဿနာများသို့သာ ပြန်၍ ရောက်လာတော့သည်။ ဤသို့ ထိုပြဿနာများဖြင့် မထွေးနိုင်မအန်နိုင် ပီယာဖြစ်နေပုံမှာ မိမိ၏ဘဝကို မြဲမြဲအောင်စွဲထားသည့် ဝက်အူကြီး တစ်ချောင်း၌ ဝက်အူရစ်ပြုန်းလျက်ရှိသည့်အလျောက် ဝက်အူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ချွတ်၍လည်းမရ၊ ကြပ်၍လည်းမဖြစ်ဘဲ ထိုနေရာတွင် ထပ်ပြန်တလဲလဲ လည်ပတ်လျက်ရှိပုံနှင့်ပင် အလားသဏ္ဌာန် တူတော့သည်။

ချောထောက်စခန်းမှူးသည် ပီယာ့အနီးသို့ ရောက်လာ၍ နောက်နှစ်နာရီခန့်ကြာလျှင် ချောပို့မြင်းများကို မည်သည့်ခရီးသည်ကိုမျှ မငှားတော့ဘဲ မြို့စားကလေးပီယာအား လိုက်ပို့စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နာရီမျှ သည်းခံစောင့်ဆိုင်းပါမည့်အကြောင်းဖြင့် ကျိုးနွံစွာပြောပြ၏။ အမှန်အားဖြင့်ကား ချောထောက်စခန်းမှူးသည် ဈေးပိုတောင်းလိုသဖြင့် တန်ဖိုးကြီးအောင် ပြောခြင်းဖြစ်လေသည်။

ပီယာသည် ချောထောက်စခန်းမှူး၏စကားကို နားထောင်ရင်း အတွေးနယ်ချဲ့နေမိသည်။

'အင်း သူက ဒီပြင်ဘယ်သူ့ကိုမှမငှားဘဲ ငါ့ကိုပဲ ငှားမယ်ဆိုတော့ ငါ့အတွက်ကောင်းပါရဲ့၊ ဒါပေမဲ့ ဒီပြင်ခရီးသည်အဖို့တော့ မကောင်းပေဘူး၊ ချောထောက်စခန်းမှူး ခမျာလဲ ဝမ်းတစ်ထွာအတွက် ငွေကြေးလိုချင်ရှာတော့ ငွေကြေးပိုပေးတဲ့လူကို ငှားရမှာ ဓမ္မတာပေပဲ၊ အလိုတစ်ခါတုန်းက အရပ်သားခရီးသည်တစ်ယောက်ကို ချောပို့မြင်းတွေ ငှားလိုက်မိလို့ သူ့ကို အရာရှိတစ်ယောက်က ကြိမ်ဒဏ်ပေးသွားတယ်ဆိုပဲ၊ ဒါပေမဲ့ အရာရှိဟာ သူ့ကို ဘာဖြစ်လို့ ကြိမ်နဲ့ရိုက်ရသလဲ၊ သူခရီးမတွင်တဲ့အတွက်ကြောင့် မဟုတ်ဘူးလား၊ ငါဟာ ငါဟာ'

ပီယာသည် ဆက်၍တွေးနေပြန်သည်။

'ငါဟာ ဘာဖြစ်လို့ ဒိုလိုကော့ဗ်ကို သေနတ်နဲ့ပစ်ရသလဲ၊ ငါ့ဂုဏ်သိက္ခာကို စော်ကားတယ်ထင်လို့ ငါပစ်ခဲ့တယ်၊ ၁၆ ကြိမ်မြောက် ပြင်သစ်လူဝီဘုရင်ဟာ ဘာဖြစ်လို့ အသတ်ခံရသလဲ၊ ရာဇဝတ်ကောင်လို့ ယူဆကြတဲ့အတွက် သူ့ကို သတ်ခဲ့ကြတယ်၊ နောက်တစ်နှစ်လောက်ရှိတဲ့အခါကျတော့ ၁၆ ကြိမ်မြောက် လူဝီဘုရင်ကိုသတ်တဲ့လူတွေဟာ ရာဇဝတ်ကောင်တွေ ပြန်ဖြစ်ပြီး အသတ်ခံကြရပြန်တယ်၊ အင်း လောကကြီးဟာ မုန့်လုံးစက္ကူကပ်သလို ချာချာလည်နေတာပါကလား၊ လောကကြီးမှာ ဘယ်အရာဟာ ကောင်းသလဲ၊ ဘယ်အရာဟာ ဆိုးသလဲ၊ အကောင်းဆုံးဆိုတာက ဘာလဲ၊ အဆိုးဆုံးဆိုတာကော ဘာလဲ၊ လူတွဟာ ဘယ်သူ့ကိုချစ်ပြီး ဘယ်သူ့ကို မုန်းရမလဲ၊ ဘာကြောင့်အသက်ရှင်နေကြတာလဲ၊ ငါဘာလဲ၊ ဘဝဆိုတာဘာလဲ၊ မရဏတရားဆိုတာကောဘာလဲ၊ ဒီအရာတွေအားလုံးကို ဘယ်တန်ခိုးအာဏာက စိုးမိုးချုပ်ကိုင်နေသလဲ'

ပီယာသည် ဤပြဿနာများကို အထပ်ထပ်စဉ်းစားသော်လည်း အဖြေကို ရှာ၍မတွေ့ချေ။ သို့ရာတွင် စဉ်းစားတိုင်း ယုတ္တိတန်သောအဖြေလည်းမဟုတ်၊ နည်းလမ်းကျသော ပြန်ကြားချက်လည်းမဟုတ်သည့် ကောက်ချက်တစ်ရပ်သာ ပေါ်ထွက်လာ၏။ ၎င်းကား'အို ဒါတွေတွေးနေလို့လဲ မထူးပါဘူး၊ တစ်နေ့မှာသေရမှာပဲ၊ သေတဲ့နောက် အားလုံးအဆုံးစွန်ကိုရောက်ရမှာပဲ၊ သေတော့ ဒီအရာတွေကို နားလည်လာလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ ဒီပြဿနာတွေကို အမေးရပ်လိမ့်မယ်'ဟူသောကောက်ချက်ဖြစ်၏။ သို့ရာတွင် သေခြင်းတရားသည်လည်း ကြောက်ဖွယ်ကောင်းသော ပြဿနာကြီးတစ်ရပ် ဖြစ်ပြန်သည်။

တောဖော့ရက်ထည်များကိုရောင်းသည့် လယ်သူမကြီးသည် ငြီးငွေ့ဖွယ်ကောင်းလှသော အသံဖြင့် ၎င်း၏ပစ္စည်းများကိုဝယ်ရန် ဆွယ်လျက်ရှိ၏။ အထူးသဖြင့် ဆိတ်ရေဖိနပ်တစ်ရန်ကိုထိုး၍ပြကာ မည်မျှကောင်းကြောင်း အမွှန်းတင် ပြောဆိုလျက်ရှိလေသည်။ 'အင်း ငါ့မှာတော့လဲ ပေါလိုက်တဲ့ငွေတွေ၊ ထောင်သောင်းလိုက်၊ ဒီငွေတွေကို ဘယ်လိုသုံးရမှန်းတောင် မသိဘူး၊ မရှိတဲ့လူများကျတော့လဲ အဝတ်အစားတောင် လုံအောင်မဝတ်နိုင်ရှာပေဘူး၊ ငါ့ကိုကြည့်နေပုံကလဲ အင်မတန်ကြောက်နေဟန်တူရဲ့၊ ဒီလယ်သူမကြီးဟာ ဘာကြောင့်ပိုက်ဆံကို လိုချင်နေရသလဲ၊ ဒီပိုက်ဆံကိုရရင်ပဲ သူ့မှာ နှမ်းတစ်စေ့လောက်ပိုပြီး စိတ်ချမ်းမြေ့မှုရလာတော့မယ့်အတိုင်းပဲ၊ လူတွေဟာ ငွေကြောင့်ပိုပြီး ပျော်ရွှင်မှုရလာသလား၊ ရှိရှိသမျှ လူသတ္တဝါတွေကို မရဏနဲ့ဒုက္ခရဲ့ သားကောင်မဖြစ်အောင် ကယ်တင်နိုင်တဲ့ အရာ လောကမှာမရှိတော့ဘူးလား၊ မရဏတရားဟာ ဆုံးခန်းမရှိတဲ့ ကာလအပိုင်းအခြားကြီးနဲ့နှိုင်းစာရင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာလဲ ရောက်လာနိုင်တယ်၊ ဒီသေခြင်းတရားဟာ အရာရာကို အဆုံးသတ်စေနိုင်တယ်၊ ယနေ့ဖြစ်စေ၊ မနက်ဖြန်ဖြစ်စေ အချိန်မရွေး သူရောက်ချင်တဲ့အချိန်မှာ ရောက်လာနိုင်တယ်'

ပီယာသည် ဤသို့တွေးမိ၏။ ထို့ကြောင့် ပီယာသည် ၎င်း၏အတွေးဝက်အူကို ဤအရစ်မှကျော်ရန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်သည်။ သို့ရာတွင် ဝက်အူကြီးသည် အရစ်ပြန်းကာ ထိုနေရာ၌ပင် တရစ်ပတ်ပတ် လည်လျက်ရှိပြန်သည်။

အစေခံသည် ပီယာဖတ်ရန်အတွက် မဒမ်ဒီဆူဇာ* ရေးသော ဝတ္ထုစာအုပ်တစ်အုပ်ကို လာပေး၏။ ပီယာသည် စိတ်ပြေလက်ပျောက် ဝတ္ထုကိုဖတ်ကြည့်သည်။ ဝတ္ထုထဲမှ ဇာတ်လိုက်မင်းသမီးသည် မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းကာ ဘဝကို ကြေကွဲစရာကောင်းလောက်အောင် ရင်ဆိုင်ရုန်းကန်သွားရပုံတို့ကို တွေ့ရ၏။ 'အင်း ချီးကျူးစရာကောင်းတဲ့ သူငယ်မပေပဲ၊ သူ့ကို သွေးဆောင်ဖြားယောင်းတဲ့ လူရမ်းကားကို ချစ်လျက်သားနဲ့ စိတ်အလိုလိုမလိုက်ဘဲ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခဲ့တယ်၊ ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်ပြီး မလုပ်ခဲ့ဘူး၊ ငါ့ကြင်ရာတော် ဟယ်လင်မင်းသမီးကတော့ ကိုယ့်စိတ်အလိုကို ကိုယ်လိုက်ခဲ့တယ်၊ ငါ ဘက်ကပဲမှားသလား၊ သူကပဲမှန်သလား၊ ဘာအထောက်အထားမှတော့ မတွေ့ရဘူး၊ အဆုံးမှာတော့ တို့တစ်တွေဟာ ဘာမျှမသိပါကလား၊ တို့တစ်တွေဟာ ဘာမျှမသိဘူးဆိုတဲ့ အချက်ကိုသာသိနိုင်ကြပါကလား၊ ချုပ်လိုက်တော့ လူရဲ့ အသိတရားဆိုတာဟာ မသိခြင်းကိုသိသော ဉာဏ်မျှသာ ဖြစ်ပါကလား'

ပီယာ၏ အဇ္ဈတ္တအတွင်းသန္တာန်နှင့် ပြင်ပဗဟိဒ္ဓသန္တာန်ရှိ အရာဟူသမျှတို့သည် အချည်းနှီးသောအရာများ၊ အဓိပ္ပာယ်ကင်းမဲ့သောအရာများ မနှစ်မြို့ဖွယ်သော အရာများသာဖြစ်သည်ဟု ပီယာထင်၏။ ပီယာသည် မိမိ၏ ပတ်ဝန်းကျင်ကို ဤသို့ စက်ဆုပ်ရွံရှာစပြုလာသည့်အချိန်၌ ရင်ထဲတွင်ပေါ့ပါးလန်းဆတ်လာခြင်းကို ခံစားလိုက်ရလေသည်။

"ဒီက ဧည့်သည်တစ်ယောက်အတွက် နေရာလေး နည်းနည်းဖယ်ပေးဖို့ မြို့စားကလေးကို တောင်းပန်ပါရစေခင်ဗျာ" ချောထောက်စခန်းမှူးက အခန်းထဲသို့ ဝင်လာ၍ ပြောလိုက်သည်။ ၎င်း၏နောက်၌ မိမိကဲ့သို့ပင် မြင်းမရှိ၍ ခေတ္တနားခိုရမည့်ခရီးသည်တစ်ဦး လိုက်ပါလာလေသည်။

နောက်ရောက်လာသည့်ခရီးသည်ကား အရပ်ပုပု၊ အရိုးအဆစ်ကြီးမား၍ ဖြူရော်သောမျက်နှာတွင် ပါးရေများ တွန့်လိမ်နေပြီဖြစ်သော အဘိုးကြီးတစ်ယောက် ဖြစ်၏။ ၎င်း၏ ထူထဲဖြူဖွေးသော မျက်ခုံးမွေးများသည် ပြာလဲ့သော အရောင်ဖြင့် ဖော်ပြခြင်းငှာ မစွမ်းနိုင်လောက်အောင် တောက်ပသော မျက်လုံးပေါ်တွင် ဖုံးအုပ်လျက်ရှိကြ၏။

ပီယာသည် စားပွဲပေါ်တွင် တင်ထားသော ခြေထောက်များကိုရုပ်၍ထကာ မိမိအတွက်အသင့်ပြင်ဆင်ထားသော အိပ်ရာပေါ်သို့ လဲလျောင်းလျက် နောက်ရောက်လာသည့် ခရီးသည်ကို အကဲခတ်နေမိသည်။ ထိုခရီးသည်ကြီးမှာ အလွန်ပင်ပန်းနွမ်းနယ်သည့်မျက်နှာထားကို ဆောင်လျက် ပီယာကို ကြည့်ရှုခြင်းအလျှင်းမရှိဘဲ နောက်လိုက်တစ်ယောက်၏ အကူအညီဖြင့် မိမိကိုယ်ပေါ်မှ ခြုံထည်ကို ချွတ်လျက်ရှိ၏။ ကျူရိုးကဲ့သို့ သေးသွယ်သောခြေထောက်တွင် သက္ကလပ်ဖိနပ်ရှည်ကြီးကိုဝတ်ထား၍ ကိုယ်ပေါ်တွင်မူ စုတ်ပြတ်ဟောင်းနွမ်းလျက်ရှိသော တရုတ်ဖျင်စကို ပိုး၍ ချုပ်ထားသည့် သိုးရေအင်္ကျီကိုဝတ်ထား၏။ ထိုခရီးသည်ကြီးသည် ထိုင်ဖုံပေါ်တွင် ထိုင်လိုက်ပြီးနောက် ရှည်လျားသော ဆံပင်များအောက်မှ ကျယ်ပြန့်သည့် နားထင်များရှိသည့် ကြီးမားသောခေါင်းကြီးကို နောက်သို့မှီကာ ပီယာအားလှမ်းကြည့်လိုက်သည်။ ထိုခရီးသည်ကြီး၏ တင်းမာ၍ စူးရှထက်မြက်သောအကြည့်သည် ပီယာ၏ကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည်ဟု ထင်လိုက်ရ၏။ ပီယာသည် ခရီးသည်ကြီးအားစကားစ၍ပြောလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည့်အတွက် ခရီးလမ်းပန်းအကြောင်းကို စတင်မေးမြန်းမည်ဟု ဆုံးဖြတ်လိုက်သည့်ခဏတွင် ထိုခရီးသည်ကြီးသည် မျက်စိများကို မှိတ်ထားလိုက်လေသည်။ ခရီးသည်ကြီးသည် ရှုံ့တွလျက်ရှိသောလက်များကို ပိုက်ထားလိုက်လေရာ လက်ချောင်းတစ်ချောင်းတွင် ကြီးမားသော သွန်းသံ လက်စွပ်ကြီးတစ်ကွင်း ဝတ်ထားလျက် ထိုလက်စွပ်ပေါ်၌ ဦးခေါင်းခွံတစ်ခု ထွင်းလုပ်ထားခြင်းကိုလည်း ပီယာမြင် လိုက်ရသည်။ ခရီးသည်ကြီးသည် တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်လျက်ရှိလေရာ ပီယာအထင်၌ အိပ်ပျော်နေခြင်းသော် လည်းကောင်း၊ လေးနက်တည်ငြိမ်လှသောသမာဓိကို တည်ဆောက်နေခြင်းသော် လည်းကောင်း ဖြစ်ရမည်ဟု တွေးလိုက်မိသည်။ ထိုခရီးသည်ကြီး၏နောက်မှ လိုက်ပါလာသောယောသားမှာလည်း မျက်နှ

---

* မဒမ်ဒီဆူဇာ (၁၇၆၁–၁၈၃၆) ပြင်သစ်စာရေးဆရာမ ၎င်း၏ယောကျ်ားမှာ ပြင်သစ်တော်လှန်ရေးအတွင်းက အသတ်ခံခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်ကာ ပါးရေများ တွန့်နေပြီဖြစ်သော အဘိုးကြီးတစ်ယောက်ဖြစ်လျက် မုတ်ဆိတ်မွေးများ၊ ပါးမြိုင်းမွေးများ မရှိဘဲ ပြောင်ထင်းလျက်ရှိ၏။ သို့မရှိခြင်းမှာ ရိတ်ထား၍ ဖြစ်ဟန်မတူဘဲ နဂိုကတည်းက ပေါက်ခဲ့ဟန်မရှိသော သဏ္ဌာန်ကိုဆောင်လျက်ရှိပေ၏။ အသက်အရွယ်နှင့် မလိုက်အောင် သွက်လက်လှသောအစေ အပါးအဘိုးကြီးသည် ခရီးသည်ကြီး၏ ထမင်းအိုးသေတ္တာကိုဖွင့်ကာ လက်ဖက်ရည်ဖျော်ရန် ပြင်ဆင်လျက်ရှိလေသည်။ ခဏကြာလျှင် လက်ဖက်ရည်ကိုယူလာခဲ့လေသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ၌ ခရီးသည်ကြီးသည် မျက်လုံးများကို ဖွင့်လိုက်ပြီးနောက် စားပွဲဆီသို့ ထလာခဲ့ကာ မိမိအတွက်တစ်ခွက်ငှဲ့လိုက်ပြီး ကျန်တစ်ခွက်ကို အစေခံအဘိုးကြီးအား လှမ်းပေးလိုက်သည်။ ပီယာမှာ ခရီးသည်ကြီးကိုကြည့်ကာ မျိုသိပ်၍မရလောက်အောင် စကားပြောလိုသော ဆန္ဒဖြစ်ပေါ်လာခဲ့လေပြီ။

အစေခံအဘိုးကြီးသည် သောက်ပြီးသား လက်ဖက်ရည်ခွက်ကိုမှောက်၍ထားလိုက်ကာ နောက်ထပ် လက်ဖက်ရည် ယူဦးမည်လောဟု မေးလိုက်သည်။

"တော်ပြီ ကျုပ်ကို စာအုပ်ပေးစမ်း"ခရီးသည်ကြီးက ပြောလိုက်၏။

အစေခံအဘိုးကြီးသည် စာအုပ်တစ်အုပ်ကို လှမ်းပေးလိုက်သည်။ ထိုစာအုပ်မှာ ဘာသာရေးကျမ်းတစ်စောင်ဖြစ်မည်ဟုထင်ရ၏။ ခရီးသည်ကြီးသည် စာအုပ်ကိုသဲသဲမဲမဲဖတ်လျက် ရှိလေသည်။ ပီယာသည် ခရီးသည်ကြီးကို ကြည့်လိုက်သည်။ ထိုခဏ၌ ခရီးသည်ကြီးသည် စာအုပ်ညှပ်သည့် သစ်သားစကလေးဖြင့်ညှပ်၍ စာအုပ်ကို ပိတ်လိုက်ပြီးနောက် ထိုင်ဖုံနောက်သို့မှီကာ ယခင်ကပုံစံအတိုင်းထိုင်လျက် မျက်စိများကို မှိတ်ထားလိုက်ပြန်သည်။ ပီယာသည် ခရီးသည်ကြီးကိုကြည့်နေလေရာ ခရီးသည်ကြီးသည် မျက်လုံးကိုပြန်၍ဖွင့်လိုက်ပြီး ပီယာ၏မျက်နှာကို တည့်တည့်ကြီး စိမ်းစိမ်းကြည့်လိုက်သည်၌ ပီယာမှာမျက်နှာလွှဲချိန်မရလိုက်တော့ဘဲ မျက်လုံးချင်းဆိုင်မိလျက်သားဖြစ်လျက်ရှိလေသည်။

ပီယာသည် ကျဉ်စက်နှင့်အတို့ခံလိုက်ရသကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်သွားလျက် မျက်နှာလွှဲမည် ပြုလိုက်၏။ သို့ရာတွင် ခရီးသည်ကြီး၏ တောက်ပသောမျက်လုံးများသည် ၎င်းအားညှို့ထားသည့်ပမာ ရှိနေသဖြင့် ပီယာမှာ မျက်နှာလွှဲ၍မရအောင် ဖြစ်လျက်ရှိလေသည်။

## အခန်း ၂

"မြို့စားလေးပီယာထင်ပါရဲ့နော်ဟုတ်စ၊ အိမ်း မြို့စားလေးနဲ့တွေ့ရတာ ဝမ်းသာသဗျ"ခရီးသည်ကြီးက ပြတ်သားသောအသံဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်၏။

ပီယာသည် မျက်မှန်ပေါ်မှကျော်ကာ ခရီးသည်ကြီးအား အကဲခတ်လိုက်သည်။

မြို့စားလေးအကြောင်းကိုတော့ ကြားဖူးပါတယ်၊ ဒါတွင်မကဘူး မြို့စားလေးရဲ့အဖြစ်ဆိုးကိုပါ ကြားဖူးတယ်ဆိုပါတော့"ခရီးသည်ကြီးက ပြောလိုက်သည်။ ခရီးသည်ကြီးသည် အဖြစ်ဆိုးဟူသောစကားလုံးကိုပြောရာ၌ 'ဟုတ်တယ်ဗျ၊ မြို့စားလေးက ဘယ်လိုပဲခေါ်ခေါ် ကျုပ်ကတော့ အဖြစ်ဆိုးလို့ပဲ ပြောချင်တယ်၊ မော်စကိုမှာဖြစ်ခဲ့တဲ့ အဖြစ်ကတော့ ဆိုးလှသဗျာ'ဟု ပြောလိုသကဲ့သို့ အလေးအနက်ပြု၍ ပြောလိုက်ခြင်းဖြစ်ကြောင်းကို ပီယာ သတိပြုလိုက်မိသည်။

"အိမ်း ကြားရတာကတော့ အင်မတန် စိတ်မကောင်းစရာပေပဲဗျ"

ပီယာ၏မျက်နှာသည် နီရဲလာ၏။ ပီယာသည် ခြေနှစ်ဖက်ကို ခုတင်ပေါ်မှာရုတ်ခြည်းတွဲလောင်းချ၍ ထိုင်လိုက်ကာ တမင်လုပ်၍ယူရသော ကြောက်ရွံ့သည့်အပြုံးမျိုးဖြင့် ခရီးသည်ကြီးရှေ့တွင် ငုတ်တုတ်ထထိုင်လိုက်မိသည်။

"အိမ်း အဲဒီကိစ္စကို ပြောလို့ စပ်စပ်စုစုနိုင်တယ်လို့တော့ မထင်လိုက်နဲ့နော်၊ အမှန်ကတော့ အရေးကြီးတဲ့အကြောင်းတွေရှိလို့ ဒီကိစ္စပြောရတာပဲဗျ"

ခရီးသည်ကြီးက ခေတ္တနားလိုက်ပြီး ပီယာအား စိမ်းစိမ်းကြီးကြည့်လျက်ရှိရာမှ မိမိဘေးတွင် လာရောက်ထိုင်ရန် ဖိတ်မန္တကပြုသကဲ့သို့ ထိုင်ဖုံပေါ်တွင် နေရာဖယ်ပေးလိုက်၏။

"မြို့စားလေးကိုကြည့်ရတာ စိတ်မချမ်းမသာဖြစ်နေပုံရသဗျ"ခရီးသည်ကြီးက ပြောလိုက်ပြန်သည်။ "မြို့စားလေးဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးပြီ၊ ဒီတော့ ကျုပ်တတ်နိုင်သလောက် မြို့စားကလေးကို ကူညီစောင်မချင်တယ်ဗျ”

“သြော် ဟုတ်ကဲ့ခင်ဗျာ”ပီယာက အားယူ၍ပြုံးလိုက်၏။ “ကျေးဇူးပါပဲ ခင်ဗျာ၊ ဒါထက် ဒီကအဘိုးက ဘယ်က ကြွလာပါသလဲ”

ခရီးသည်ကြီး၏ မျက်နှာမှာ ဖော်ရွေပျူငှာခြင်းမရှိရုံမျှမက အေးစက်ခက်ထန်၍ပင် နေသေး၏။ သို့ရာတွင် ၎င်း၏အသံနှင့် ၎င်း၏မျက်နှာသည် ပီယာအား ညို့ထားသကဲ့သို့ ရှိနေပေပြီ။

“အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် မြို့စားလေးက ကျုပ်နဲ့စကားမပြောချင်ဘူးဆိုရင်လဲ ပွင့်ပွင့်လင်းလင်း ပြောဗျနော်”ခရီးသည်ကြီးက ဖခင်တစ်ယောက်၏ ကြင်နာလှသော အပြုံးမျိုးဖြင့် ပြောလိုက်၏။

“အို မဟုတ်ပါဘူးခင်ဗျာ၊ ကိစ္စမရှိပါဘူး၊ အဘိုးနဲ့ ခုလို အသိအကျွမ်းဖြစ်ရတာကိုပဲ ကျွန်တော့်မှာ ဝမ်းသာလှပါပြီ”ဟု ပီယာကပြောလိုက်၏။ ပီယာသည် ခရီးသည်ကြီး၏လက်တွင် ဝတ်ထားသည့် လက်စွပ်ပေါ်မှ ဦးခေါင်းခွံကို သေချာစွာ ထပ်၍ကြည့်လိုက်ပြန်သည်။ ထိုဦးခေါင်းခွံကား ဖရီးမေဆင် ညီအစ်ကိုတော်ဂိုဏ်း၏ အမှတ်အသားပေတည်း။

“ဒါထက် ကျွန်တော် တစ်ခုမေးပါရစေနော် အဘိုး၊ အဘိုးက ညီအစ်ကိုတော်ဂိုဏ်းဝင်ထဲကလား”ပီယာက မေးလိုက်၏။

“အိမ်း ဆိုပါတော့၊ အဘိုးက ဖရီးမေဆင်ညီအစ်ကိုတော် ဂိုဏ်းသားတစ်ယောက်ပဲဗျ”ခရီးသည်ကြီးသည် ပီယာ၏ မျက်လုံးများကို ထိုးဖောက်သွားတော့မတတ် စိုက်ကြည့်နေသည်။

“ဂိုဏ်းသားများနဲ့တကွ အဘိုးရဲ့ကိုယ်စား မြို့စားလေးကို အဘိုးညီရင်းအစ်ကိုပမာ နှုတ်ဆက်ပါတယ်”

ပီယာသည် ဥပဓိရုပ်ကောင်းလှသော ညီအစ်ကိုတော် ဂိုဏ်းသားကြီးကို အထင်ကြီးခြင်းနှင့် ညီအစ်ကိုတော်ဂိုဏ်းသားများ၏ ယုံကြည်ချက်ကို ပြက်ရယ်ပြုလေ့ရှိသော မိမိ၏ သဘာထားနှစ်ခုတို့စပ်ကြား၌ ဝေခွဲမရဖြစ်လျက်ရှိရင်း ပြုံးလိုက်ပြီးနောက်

“ဝမ်းနည်းပါတယ် အဘိုး၊ အဘိုးတို့ဂိုဏ်းသားများရဲ့ယုံကြည်ချက်ကို လက်ခံနိုင်လောက်အောင် ကျွန်တော့်မှာ ဉာဏ်မရှိသေးဘူးလို့ ထင်ပါတယ်၊ တစ်နည်းပြောရရင်တော့ ကမ္ဘာလောကကြီးကို ကြည့်မြင်တဲ့နေရာမှာ အဘိုးတို့ကြည့်မြင်ပုံနဲ့ ကျွန်တော်ကြည့်မြင်ပုံဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေကြတဲ့အတွက် ကျွန်တော်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး နားလည်သဘောပေါက်နိုင်ကြလိမ့်မယ်လို့ မထင်မိပါဘူးခင်ဗျာ”

“မြို့စားလေးရဲ့ လောကအမြင်ကို ကျုပ်နားလည်ပါတယ်လေ”ညီအစ်ကိုတော်ဂိုဏ်းဝင် အဘိုးကြီးက ပြောလိုက်သည်။ “မြို့စားလေးပြောတဲ့ လောကအမြင်ဆိုတာဟာ မြို့စားလေးရဲ့ ဉာဏသမ္ဘယုတ်ကြောင့် ပေါ်ပေါက်လာတယ်လို့ မြို့စားလေးယူဆတယ် မဟုတ်လား၊ မြို့စားလေးတင် မဟုတ်ပါဘူးလေ၊ လူတော်တော် ခပ်များများကပဲ သူတို့ရဲ့ ဘဝအမြင်များဟာ သူတို့ရဲ့စိတ်တွေပေါ်မှာ မှီပြီး ဖြစ်ပေါ်လာတယ်လို့ ယူဆကြပေတာပဲ၊ အမှန်ကတော့ ဒီလိုယူဆနေကြတဲ့ ဘဝအမြင်ဟာ မာန၊ မောဟနဲ့ အဝိဇ္ဇာ ပိတ်ဖုံးရာက ပေါ်ပေါက်လာတဲ့ အမြင်များသာဖြစ်တယ်ဗျ၊ ခွင့်လွှတ်ပါနော် မြို့စားလေး၊ မြို့စားလေးရဲ့ လောကအမြင်ဟာ ဘယ်လိုလဲဆိုတာကိုသိလို့ မြို့စားလေးကို နှုတ်ဆက်စကား ပြောခြင်းဖြစ်တယ်ဗျ၊ အမှန်ကတော့ မြို့စားလေးရဲ့ ဘဝအမြင်ဟာ အမှားကို အမှန်ထင်နေတဲ့ ဘဝအမြင်မျိုး၊ တရားကွာနေတဲ့ ဘဝအမြင်မျိုး၊ တံလျှပ်ကို ရေထင်နေတဲ့ဘဝအမြင်မျိုးသာ ဖြစ်တယ်ဗျ”

“ကျွန်တော်ကကော အဘိုးတို့ကို ဒီလိုပြန်ပြီးမထင်နိုင်ပေဘူးလားအဘိုး”ပီယာက ခပ်ယဲ့ယဲ့ပြုံး၍ မေးလိုက်သည်။

“အိမ်း ကျုပ်ဟာ သစ္စာတရားကို သိတယ်လို့ ဘယ်တော့မှ ကျုပ်မပြောဝံ့ပါဘူး”ခရီးသည်ကြီးက ပြောလိုက်၏။ ခရီးသည်ကြီး၏ တိကျပြတ်သားသော စကားမျိုးကြောင့် ပီယာသည် ခရီးသည်ကြီးကို တဖြည်းဖြည်း စိတ်ဝင်စားလာလေသည်။ “လူသတ္တဝါဆိုတာ သူတစ်ယောက်တည်း ရှာဖွေလို့ သစ္စာတရားကို ဘယ်ရနိုင်မလဲ၊ ကျုပ်တို့ရဲ့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်ဖြစ်တဲ့ အာဒမ်တို့ ခေတ်ကစပြီး ကျုပ်တို့ခေတ်အထိ ဆွေအဆက်ဆက် မျိုးအစဉ်စဉ် ရှိရှိသမျှလူသတ္တဝါတွေအားလုံး စုပေါင်းပြီး ကျောက်တုံးတစ်တုံးပေါ်တစ်တုံး အဆင့်ဆင့် စီလာကြသလို ကြိုးစားရှာဖွေနိုင်မှ သစ္စာတရားတည်းဟူသောဘုံနန်း



www.burmeseclassic.com

www.burmeseclassic.com



ပြာသာဒ်ကြီးဟာ ပေါ်ပေါက်လာနိုင်ပေတယ်ဗျ၊ အဲဒီအခါ မျိုးကျတော့မှလဲ သစ္စာတရားတည်းဟူသော ဘုံနန်းပြာသာဒ်ကြီးဟာ ကြီးမြတ်သော ဘုရားသခင်ကိုယ်တော်တိုင် ကိန်းအောင်းမွေ့လျော်ဖွယ်ရာ ဘုံနန်းပြာသာဒ်ကြီးဖြစ်လာနိုင်မယ်ဗျ"

ခရီးသည်ကြီးသည် ဤသို့ပြောပြီးနောက် မျက်စိများကို မှိတ်ထားလိုက်သည်။

"အဘိုးကိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရဦးမှာပဲ၊ ခက်တာက ကျွန်တော်က ကျွန်တော်က ဘုရားသခင်ကို မယုံကြည်ဘူးခင်ဗျ"ပီယာသည် အမှန်ကိုဖွင့်မပြော၍ မဖြစ်တော့သည့်အတွက် နောက်ဆုံးတွင် ဖွင့်ပြောလိုက်သည်။

ညီအစ်ကိုတော်ဂိုဏ်းဝင် ခရီးသည်ကြီးသည် ပီယာကို စိမ်းစိမ်းကြည့်၍ ပြုံးလိုက်သည်။ ၎င်း၏ပြုံးပုံမှာ သန်းပေါင်းများစွာချမ်းသာသော သူကြွယ်တစ်ဦးက မိမိမှာ ငါးပြားမျှလောက်ပင် မရှိသဖြင့် များစွာစိတ်ဆင်းရဲ ဒုက္ခရောက်လျက်ရှိကြောင်းဖြင့် လာရောက်ပြောဆိုနေသော သူဆင်းရဲတစ်ဦးအား ကြည့်၍ ပြုံးပုံမျိုး ဖြစ်ပေသည်။

"ဟုတ်တယ် မြို့စားကလေးဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးအကြောင်းကို မသိဘူး၊ သိလဲမသိနိုင်ဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မသိနားမလည်တဲ့အတွက်လဲ ဒီလောက်ထိ သောကဗျာပါဒတွေ ရောက်နေရပေတာပဲဗျ"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော် စိတ်ညစ်နေတယ်ဆိုတာတော့ ဟုတ်တယ် အဘိုး၊ ကျွန်တော် ဘာလုပ်ရမလဲဟင် အဘိုး"

"မြို့စားလေးဟာ ဘုရားသခင်ကို မသိဘူး၊ ဒါကြောင့် မြို့စားလေးဟာ ဒီလောက်စိတ်၏ဆင်းရဲခြင်းကို တွေ့နေရတာပဲ၊ မြို့စားလေးကသာ ဘုရားသခင်ကို မသိမှုနေရော၊ ဘုရားသခင်ဟာ အဘိုးရဲ့ကိုယ်တွင်းမှာ ရှိတယ်၊ အဘိုးပြောတဲ့စကားတွေထဲမှာ ရှိတယ်၊ မြို့စားလေးရဲ့ကိုယ်တွင်းမှာ ရှိတယ်၊ မြို့စားလေးဟာ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကို ပြောသည့်တိုင်အောင် အဲဒီစကားတွေထဲမှာ ရှိတယ်"

ညီအစ်ကိုတော်ဂိုဏ်းဝင် ခရီးသည်ကြီးသည် တင်းမာသောမျက်နှာကိုဆောင်လျက် တုန်ယင်သောအသံဖြင့် ပြောလိုက်၏။ ခရီးသည်ကြီးသည် ၎င်း၏စိတ်ကို တည်ငြိမ်အောင် ကြိုးစားသည့်နှယ် စကားကို ဖြတ်လိုက်ပြီးနောက် သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။ အတန်ကြာမှ ငြိမ်သက်နူးညံ့သောအသံဖြင့်

"အကယ်၍ ဘုရားသခင်မရှိဘူးဆိုလို့ရှိရင် ကျုပ်တို့ မြို့စားလေးတို့တစ်တွေဟာ ဘုရားသခင်အကြောင်းကို ဘာလို့ ပြောနေကြဦးမှာလဲ မြို့စားလေး၊ ဘုရားသခင်ရယ်လို့မရှိခဲ့ရင် ခုကျုပ်တို့ရှိ၏မရှိ၏၊ ယုံ၏မယုံ၏လို့ ပြောစရာမလိုတော့ပေဘူးဗျ၊ အရာဝတ္ထုတစ်ခုဟာ ဖြစ်တည်ခြင်းမရှိခဲ့လို့ရှိရင် ထိုအရာဝတ္ထု ရှိ၏မရှိ၏၊ ထိုအရာဝတ္ထုကို ယုံ၏မယုံ၏ဆိုတဲ့ပြဿနာဟာလဲ မပေါ်ပေါက်နိုင်ပေဘူး၊ ဟော ခုတော့ ဘုရားသခင်ဟာ အမှန်ဧဝကန် တည်ရှိတဲ့အတွက် ရှိတယ်မရှိဘူး၊ ယုံတယ်မယုံဘူးလို့ ကျုပ်တို့ ပြောနေကြရပြီဗျ၊ ပြဿနာပေါ်နေကြရပြီ၊ ခုလို ရှိ၏မရှိ၏ ပြဿနာ၊ ယုံ၏မယုံ၏ပြဿနာ ပေါ်နေခြင်းကပင် လျှင် ဘုရားသခင်ဟာ အမှန်ဧဝကန်တည်ရှိကြောင်းကို သက်သေပြနေပြီဗျ၊ ဘုရားသခင်မရှိဘူးဆိုရင် ကျုပ်တို့ ဘာဖြစ်လို့ ခုလို ငြင်းခုံတဲ့အဖြစ်မျိုးကို ရောက်နေကြမလဲ၊ မဟုတ်ဘူးလား"

ခရီးသည်ကြီးသည် စိတ်အားထက်သန်စပြုလာကာ ၎င်း၏အယူအဆများကို ခိုင်ခိုင်မာမာ တင်ပြခြင်းပြုလေသည်။

"ကောင်းပြီ ကျုပ်မေးမယ်၊ မြို့စားကလေးပြောသလို ဘုရားသခင်ဆိုတာမရှိဘူးဆိုရင် ခုကျုပ်တို့ ယုံကြည်ကိုးကွယ်နေတဲ့ ဘုရားသခင်ဆိုတာ ဘယ်ကပေါ်လာသလဲ၊ ဘယ်သူက တီထွင်လိုက်လို့ ပေါ်လာသလဲ၊ သိမြင်နားလည်နိုင်စွမ်းရှိတဲ့ အနန္တ တန်ခိုးတော်ရှင်တစ်ပါး တည်ရှိတယ်လို့ လူတွေဟာ ဘာကြောင့် ယုံကြည်သက်ဝင်လာခဲ့ကြသလဲ၊ ကျုပ်တို့အပါအဝင် ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ရှိရှိသမျှ လူသတ္တဝါတွေဟာ ခုလို တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတော်မူတဲ့ ထာဝရတည်တော်မူတဲ့ ဘုန်းတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ တန်ခိုးတော်ရှင်ဟာ အမှန်တကယ်ရှိတယ်လို့ ဘာကြောင့် ယုံကြည်နေကြသေးသလဲ"

ခရီးသည်ကြီးသည် စကားကိုဖြတ်၍ အတန်ကြာမျှ တိတ်ဆိတ်နေ၏။ ပီယာသည် တိတ်ဆိတ်ခြင်းကို မဖျက်လိုဘဲ ခပ်မဆိတ်ပင် ထိုင်နေသည်။

"ဒီမှာမြို့စားလေး၊ ဘုရားသခင်ဟာ အမှန်ဧဝကန်



www.burmeseclassic.com

www.burmeseclassic.com


တည်ရှိတော်မူတယ်ဗျ၊ ဒါပေမဲ့ ဘုရားသခင်ရဲ့ တန်ခိုးတော် အနန္တကို ယုံကြည်နားလည်ဖို့ဆိုတာတော့ မလွယ်ပေဘူး”ခရီးသည်ကြီးက စကားကို ဆက်လိုက်ပြန်သည်။ ဤအကြိမ်၌မူ ခရီးသည်ကြီးသည် ပီယာကိုမကြည့်တော့ဘဲ ရှေ့တူရူသို့ ငေးစိုက်ကြည့်လျက်ရှိ၍ အိုမင်းမစွမ်းရှိပြီဖြစ်သောလက်များဖြင့် ကျမ်းစာအုပ်ကို လှန်လျက်ရှိလေသည်။

“တကယ်လို့ မြို့စားလေးမယုံကြည်ဘူးဆိုတဲ့အရာဟာ လူတစ်ယောက်ဖြစ်ခဲ့ရင်တော့ အလွယ်သားပဲ၊ မြို့စားလေးကို ကျုပ်ကိုယ်တိုင်ပဲ ဒီလူ့ဆီ ခေါ်သွားပြီး ဆွဲကိုင်လို့ ပြနိုင်သေးတယ်၊ ခုတော့ မြို့စားလေး မယုံကြည်ဘူးဆိုတဲ့ အရာဟာ ဘုရားသခင်ဖြစ်နေလေတော့ ကျုပ်လိုပုထုဇဉ်လူသားတစ်ယောက်က ဘုရားသခင်ရဲ့ ဣဒ္ဓိပါဒ်တန်ခိုးတော်၊ အနန္တဘုန်းတော်၊ အနန္တမဟာကရုဏာတော်တို့ကို ဘယ့်နှယ်လုပ် မြို့စားလေးယုံကြည်အောင် သက်သေပြနိုင်ပေမလဲ၊ ဒီအထဲမှာ မြို့စားလေးက ဘုရားသခင်ရဲ့ဖြစ်တည်ခြင်းကို မြင်နိုင်စွမ်းမရှိသူ၊ သို့မဟုတ် မမြင်လို၍မျက်စိပိတ်ထားသူ၊ မိမိ၏ မကောင်းမှုဒုစရိုက်များကို မမြင်ချင်ယောင်ပြုနေသူ တစ်ဦးဖြစ်နေပြန်တော့ မြို့စားလေးယုံကြည်အောင် ကျုပ်ဘယ်လိုလုပ်ပြီး သက်သေပြရမလဲ၊ ကိုယ့်ကိုယ်ကို ပြန်တွေးကြည့်စမ်း မြို့စားလေး၊ မြို့စားလေးဟာ ဘာလဲ၊ ခုလို ဘုရားသခင်ကို ရန့်ရင်းကြမ်းတမ်းစွာ ပြောတဲ့အတွက် များစွာတတ်ပွန် လိမ္မာလှပြီလို့ မြို့စားလေးကိုယ်ကို မြို့စားလေး ထင်သလား၊ ဟုတ်စ” ခရီးသည်ကြီးက လေးနက်၍ လှောင်ပြောင်သော အပြုံးမျိုးကို ပြုံးလိုက်၏။

“အင်း မြို့စားလေး မြို့စားလေး ကလေးငယ်တစ်ယောက်လောက်တောင်မှ ဉာဏ်အမြော်အမြင် မရှိရှာပါကလားဟင်၊ ကလေးငယ်တစ်ယောက်ထက်တောင်မိုက်မဲပါသေးကလား၊ ကျွမ်းကျင်စွာ စီမံပြုလုပ်ထားတဲ့စက်နာရီတစ်ခုကို ဆော့ကစားနေတဲ့ ကလေးငယ်တစ်ယောက်ဟာ စက်နာရီရဲ့ အသုံးဝင်မှုကို သိနားလည်ခြင်းမရှိတဲ့အတွက်ကြောင့် စက်နာရီပြုလုပ်တဲ့ လူကို မယုံကြည်ဘူးလို့ ပြောသလို မြို့စားလေးဟာလဲ ဘုရားသခင်ကို မယုံကြည်ဘူးလို့ပြောပုံဟာ လွယ်လှပါကလားဟင် မြို့စားလေး၊ ဘုရားသခင်ကို သိနားလည်ဖို့ဆိုတာ မလွယ်ဘူး မြို့စား လေး၊ ကျုပ်တို့ရဲ့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များဖြစ်တဲ့ အာဒမ်တို့ လက်ထပ်က ကျုပ်တို့လက်ထက်အထိ ကျုပ်တို့ တစ်တွေဟာ ဘုရားသခင်ရဲ့ ဖြစ်တည်မှုတရားကို နားလည်နိုင်တဲ့ အသိဉာဏ်ကို ရှာခဲ့ကြတယ်၊ ဖန်ဆင်းခြင်းတရားကို နားလည်နိုင်တဲ့ အသိဉာဏ်ကို ရှာခဲ့ကြတယ်၊ ဒါပေမဲ့ လိုက်လေဝေးလေဆိုသလို ခုထက်ထိ ကျုပ်တို့ ဒီအသိဉာဏ်တရားကို မရခဲ့ကြဘူးဗျ၊ အသိဉာဏ်တရားကို ရှာလေလေ၊ ကျုပ်တို့ရဲ့ချွတ်ယွင်းအားနည်းချက်တွေကိုသာ တွေ့လာရပြီး ဘုရားသခင်ရဲ့ကြီးမြတ်ခြင်းကို ပိုပြီး သဘောပေါက်လာလေလေ ပဲဗျ”

ပီယာသည် ခရီးသည်ကြီး၏ မျက်နှာကို တောက်ပသော မျက်လုံးများနှင့် စိုက်ကြည့်လျက် စိတ်ဝင်စားစွာ နားထောင်နေမိသည်။ ဝင်၍စွက်ဖက်ခြင်းလည်းမပြုမိ၊ မေးမြန်းခြင်းလည်းမပြုမိဘဲ ခရီးသည်ကြီး၏ စကားများကို ယုံကြည်သက်ဝင်စ ပြုလာလေသည်။ ခရီးသည်ကြီး၏ ယုတ္တိရှိသောတွေးခေါ်မှုကို လက်ခံသည်မခံသည်၊ ကလေးငယ်ကဲ့သို့ သူတစ်ပါးပြောတိုင်း ယုံသည်မယုံသည်ကို အပထားလျက် ယုံကြည်မှု ထက်သန်မှုတို့ဖြင့် ပြင်းပြလျက်ရှိသော ခရီးသည်ကြီး၏အသံကြောင့်လည်းကောင်း၊ အိုမင်းပြီဖြစ်သော်လည်း ယုံကြည်ချက်ဖြင့် တောက်ပလျက်ပင်ရှိသေးသော ခရီးသည်ကြီး၏ မျက်လုံးများကြောင့်လည်းကောင်း၊ မိမိ၏လုပ်ငန်းကို ယုံကြည်လျက်ရှိသော ခရီးသည်ကြီး၏ ခိုင်မာပြတ်သားမှုကြောင့်လည်းကောင်း(ဤအခြင်းအရာများကား လောကကြီးကို စိတ်ပျက်အားလျော့နေသော မိမိ၏အပြုအမူများနှင့်စာလျှင် ကွာခြားလှသည်ဟု ပီယာသတိထားမိသည်။) ပီယာသည် ခရီးသည်ကြီး၏ စကားများကို ခြွင်းချက်မရှိ ယုံကြည်လာတော့လျက် ထိုသို့ယုံကြည်လာသည့် ခဏအတွင်း၌ပင် မိမိမှာ လောကကြီးထဲသို့ အသစ်မွေးဖွားလာသူတစ်ယောက်ပမာ ရွှင်လန်းအားတက်လာကာ လှုပ်ရှားထက်သန်သော စိတ်တစ်မျိုးသည် ရင်ထဲ၌ တဖွားဖွား ပေါ်ပေါက်လာခဲ့လေသည်။

“ဘုရားသခင်ရဲ့အကြောင်းကို လူ၏စဉ်းစားဉာဏ်နဲ့ တွေးခေါ်လို့သဘောမပေါက်နိုင်ပေဘူးဗျ၊ ဘဝနဲ့ခံစားမှုဖြင့်သာလျှင် သဘောပေါက်နိုင်တယ်”ခရီးသည်ကြီးက ပြောလိုက်သည်။

“ကျွန်တော်တော့ သဘောမပေါက်သေးဘူး


www.burmeseclassic.com

အဘိုး" ပီယာ၏စိတ်ထဲတွင် သံသယတို့သည်ခေါင်းပြူ၍ လာကြပြန်ကာ စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်၏။ ခရီးသည်ကြီး၏ ပြောကြားချက်များထဲ၌ ရှင်းလင်းခြင်းမရှိမည့်ဂဲလည်းကောင်း၊ ချွတ်ယွင်းချက်များ ရှိနေမည်ကိုလည်းကောင်း ပီယာသည် ကြားထဲက စိုးရိမ်နေမိသည်။ ဤသို့ရှင်းလင်းပြတ်သားခြင်းမရှိပါက ခရီးသည်ကြီးအား ယုံကြည်သက်ဝင်မှု လျော့ပါးသွားမည်ကို ပူပန်ကြောင့်ကြဖြစ်နေမိသည်။

"လူရဲ့စိတ်ဟာ အဘိုးပြောတဲ့ အသိဉာဏ်တရားကို မရနိုင်ဘူးဆိုတဲ့အချက်ကို ကျွန်တော် နားမလည်ဘူးအဘိုး၊ လူရဲ့စိတ်ဟာ အသိဉာဏ်တရားကို ဘာကြောင့် မရနိုင်ရမှာလဲ"

ခရီးသည်ကြီးသည် ကြင်နာသော ဖခင်တစ်ယောက်၏အပြုံးကို ပြုံးလိုက်သည်။

"အမြင့်ဆုံးသော အသိဉာဏ်တရားနဲ့ သစ္စာတရားဟာ အင်မတန် သန့်ရှင်းကြည်လင်သောရေနဲ့ အလားသဏ္ဌာန်တူတယ် မြို့စားလေးရဲ့၊ အဲဒီအသိဉာဏ်တရားနဲ့ သစ္စာတရားကို လက်ခံတဲ့ပုဂ္ဂိုလ်ကတော့ အိုးစရည်းနဲ့ အလားသဏ္ဌာန်တူတယ်၊ အင်မတန် သန့်ရှင်းကြည်လင်ပါတယ်ဆိုတဲ့ရေဟာ မသန့်ရှင်းတဲ့အိုးစရည်းထဲကို ရောက်တဲ့အခါမှာ မသန့်ရှင်းတဲ့အဖြစ်ကို ရောက်ရသလို ကျုပ်တို့ကိုယ်တွင်းကိုရောက်လာတဲ့ အသိဉာဏ်တရား၊ သစ္စာတရားတို့ဆိုတဲ့အရာတွေဟာလဲ ကျုပ်တို့ကိုယ်တွင်း သန့်ရှင်းမှု မသန့်ရှင်းမှုကိုတည်ပြီး သန့်ခြင်းမသန့်ခြင်းအဖြစ်ကို ရောက်ရပေတာပဲ၊ ကျုပ်တို့ကိုယ်တွင်း အဇ္ဈတ္တသန္တာန်ဟာ သန့်ရှင်းတယ်ဆိုရင် ကျုပ်တို့လက်ခံတဲ့သစ္စာတရား အသိဉာဏ်တရားဆိုတဲ့ အရာတွေဟာလဲ သန့်ရှင်းပေတယ်ဗျ"

"ဒါဖြင့် ဟုတ်ပါတယ် အဘိုး၊ ဟုတ်ပါတယ်" ပီယာက ဝမ်းမြောက်ရွှင်လန်းစွာ ပြောလိုက်၏။

"အမြင့်ဆုံးသော အသိဉာဏ်တရားဟာ စဉ်းစားတွေးခေါ်ခြင်း တစ်ခုပေါ်မှာ တည်ရှိနေတာမဟုတ်ဘူး မြို့စားလေးရဲ့၊ အသိဉာဏ်တရားဟာ ခုခေတ်မှာ ပညာဗဟုသုတအဖြစ် အသိအမှတ်ပြုထားကြတဲ့ ရူပဗေဒ၊ ဓာတုဗေဒ၊ ရာဇဝင်စတဲ့ လောကီသိပ္ပံပညာရပ် အမျိုးမျိုးတွေထဲမှာလဲ ရှာလို့မတွေ့ဘူး၊ ဒါဖြင့် အမြင့်ဆုံးသော အသိဉာဏ်တရားဟာ ဘာလဲ၊ အမြင့်ဆုံးသော အသိဉာဏ်တရားဆိုတာ တစ်ခုပဲရှိတယ်၊ အမြင့်ဆုံးသော အသိဉာဏ်တရားမှာ တစ်ခုတည်းသော သိပ္ပံပညာရပ်ပဲ ရှိတယ်၊ အဲဒီတစ်ခုတည်းသော သိပ္ပံပညာရပ်ကတော့ စကြဝဠာအနန္တနဲ့ ပတ်သက်တဲ့ သိပ္ပံပညာ၊ တစ်နည်းပြောရရင် ဖန်ဆင်းခြင်းတရားနဲ့ တကွ အဲဒီ ဖန်ဆင်းခြင်းတရားထဲမှာ လူသတ္တဝါ ဝေနေယျတွေဟာ ဘယ်အခန်းဘယ်ကဏ္ဍက ပါဝင်ကြသလဲဆိုတာကို ရှင်းလင်းဖော်ပြခြင်းပြုတဲ့ သိပ္ပံပညာပဲ၊ ဒီသိပ္ပံပညာကို နားလည်လို့ရှိရင် မြို့စားလေးရဲ့ အဇ္ဈတ္တအတွင်းသန္တာန်ကို စင်ကြယ်အောင် လုပ်ရမယ်၊ အသစ်ဖြစ်လာအောင် လုပ်ရမယ်၊ မိမိ၏အဇ္ဈတ္တသန္တာန်ကို ယုံကြည်ရမယ်၊ ပြည့်ဝအောင် လုပ်ရမယ်၊ အတွင်းအဇ္ဈတ္တသန္တာန်ကို ဒီလိုစင်ကြယ်သန့်ရှင်းလာအောင် လုပ်နိုင်ဖို့အတွက် ကျုပ်တို့ရဲ့ ဝိညာဉ်ထဲမှာ ဘုရားသခင်က ဖန်ဆင်းတော်မူခဲ့တဲ့ ပဋိဘာန်ဉာဏ်ဟူသော အလင်းရောင် ရှိပေတယ်"

"မှန်ပါတယ် အဘိုး"

"မြို့စားလေးရဲ့ အဇ္ဈတ္တအတွင်းသန္တာန်ကို စိတ်မျက်စိနဲ့ အမြဲတစေ စောင့်ကြပ်ကြည့်ပြီး ကိုယ့်ကိုယ်ကို ကျေနပ်နှစ်သိမ့်ခြင်း ရှိ မရှိ ဆန်းစစ်ကြည့်လိုက်စမ်းပါ၊ စဉ်းစားတွေးခေါ်မှု တစ်ခုတည်းအပေါ်မှာ အခြေပြုနေလို့ မြို့စားလေးမှာ ဘာများအကျိုးထူးခဲ့ဖူးသလဲ၊ မြို့စားလေးဟာ ဘာလဲ၊ မြို့စားလေးဟာ ငယ်ရွယ်နုနယ်တယ်၊ ဥစ္စာပစ္စည်း ကြွယ်ဝတယ်၊ ဉာဏ်အမြော်အမြင် ရှိတယ်၊ ပညာတတ်တယ်၊ အဲဒီအရည်အချင်းတွေကို အသုံးချပြီး မြို့စားလေး ဘာတွေလုပ်ခဲ့ဖူးသလဲ၊ ကိုယ့်ကိုယ်ကို ကျေနပ်ရဲ့လား၊ ကိုယ့်ဘဝကိုကော ကျေနပ်ရဲ့လား၊ စဉ်းစားကြည့်စမ်း စဉ်းစားကြည့်စမ်း"

"ကျွန်တော့်ကိုယ်ကို ကျွန်တော် မကျေနပ်ဘူး အဘိုး၊ ကျွန်တော့်ဘဝကို ကျွန်တော် စက်ဆုပ်တယ်" ပီယာက ပြောလိုက်၏။

"အဲ ဟုတ်ပြီ၊ မြို့စားလေးဟာ ကိုယ့်ဘဝကို ကိုယ်စက်ဆုပ်တယ်၊ စက်ဆုပ်ရင် မြို့စားလေးဟာ ဒီစက်ဆုပ်တဲ့ ဘဝကြီးကို ပြောင်းပစ်ရလိမ့်မယ်၊ ကိုယ့်ကိုယ်ကို အကျင့်သီလ သန့်ရှင်းအောင် နေရလိမ့်မယ်၊ ကိုယ့်ကိုယ်ကို သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် မြို့စားလေးဟာ အသိဉာဏ်တရားကို ရလာလိမ့်မယ်၊ မြို့စားလေးရဲ့ဘဝကို မြို့စားလေး ပြန်ပြီးစဉ်းစားကြည့်စမ်း၊ မြို့စားလေးဟာ ကိုယ့်ဘဝ

www.burmeseclassic.com


ကို ဘယ်လိုကုန်လွန်စေခဲ့သလဲ၊ မြို့စားလေးဟာ အလွန်အကြူးသောက်စား မူးယစ်ခြင်း၊ ကာမဂုဏ်စည်းစိမ်ကို ခံစားခြင်း စသည်တို့နှင့်သာ ကိုယ့်ဘဝကို ကုန်လွန်စေခဲ့တယ်၊ လူ့လောကကြီးဆီကသာ ရသမျှ အကုန်ယူခဲ့ပြီး ကိုယ်က လူ့လောကကြီးကို ဘာမျှပြန်ပြီး ပေးဆပ်ခြင်း မပြုခဲ့ဘူး၊ ဒီလိုနဲ့ မြို့စားလေးဟာ ဆယ်သက်စားလို့ မကုန်တဲ့စည်းစိမ်ဥစ္စာတွေကို ပိုင်လာခဲ့တဲ့ သူကြွယ်ကလေး တစ်ယောက် ဖြစ်လာခဲ့တယ်၊ ဒီစည်းစိမ်ဥစ္စာတွေကို မြို့စားလေး ဘယ်လိုအသုံးချခဲ့သလဲဆိုတာကော ပြန်စဉ်းစားကြည့်စမ်း၊ ကိုယ့်အိမ်နီးနားချင်းအတွက် ဘာများ ကောင်းကျိုးပြုခဲ့ဖူးသလဲ၊ မြို့စားလေးရဲ့ ထောင်ပေါင်းများစွာသော မြေကျွန်တွေအတွက် ဘယ်လို ကောင်းကျိုးဆောင်ခဲ့ဖူးသလဲ၊ မြေကျွန်တွေကို ကာယကံအားဖြင့်လည် ကောင်း၊ မနောကံအားဖြင့်လည်းကောင်း ကူညီခဲ့ဖူးသလား၊ မကူညီခဲ့ဘူး၊ မလုပ်ခဲ့ဘူး၊ သူတို့တစ်တွေ နဖူးကချွေး ခြေမကျအောင် လုပ်ရတဲ့အလုပ်ကို အမြတ်ထုတ်ပြီး မြို့စားလေးဟာ ဟီရိဩတ္တပ္ပတရား ကွယ်ပျောက်လုမတတ် စည်းစိမ်ခံပြီးယစ်မူးခဲ့တယ်၊ မြို့စားလေးဟာ ဒါတွေကိုပဲ လုပ်ခဲ့တယ်၊ ကောင်းပြီ၊ တစ်ခါ မြို့စားလေးဟာ အိမ်နီးနားချင်းရဲ့အကျိုးကို ဆောင်ရွက်မယ်လို့များ စိတ်ကူးခဲ့ဖူးသလား၊ မကူးခဲ့ဘူး၊ ကိုယ့်ဘဝကို အချည်းနှီးပဲ ကုန်လွန်စေခဲ့တယ်၊ ထားတော့၊ တစ်ခါ မြို့စားလေးဟာ အချိန်တန် အရွယ်ရောက်လို့လက်ထပ်ခဲ့ပြီး ငယ်ရွယ်နုနယ်တဲ့ မိန်းမသားတစ်ယောက်ရဲ့ ရှေ့ဆောင်ဦးစီး လမ်းညွှန် လမ်းပြအဖြစ် တာဝန်ကြီးကို ထမ်းခဲ့တယ်၊ ဒါပေမဲ့ မြို့စားလေးဟာ ဒီတာဝန်ကို ကျေသလား၊ ဒီတာဝန်ကိုလဲ မကျေပြန်ဘူးဗျ၊ မြို့စားလေးဟာ ကိုယ့်ဇနီး ခင်ပွန်းကိုတောင် သစ္စာတရားကို ရှာဖွေတွေ့ရှိအောင် ညွှန်ပြခြင်းကို မပြုနိုင်ဘူး၊ သွန်သင်ဆုံးမခြင်း မပြုနိုင်ဘူး၊ သွန်သင်ဆုံးမခြင်း မပြုနိုင်ရုံတွင်မကဘူး၊ သူ့ကိုပါ မြို့စားလေးဟာ လိမ်လည်ခြင်းနှင့် စိတ်ဆင်းရဲခြင်းတည်းဟူသော ချောက်ကမ်းပါးကြီးထဲကို တွန်းချခဲ့တယ်၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ မြို့စားလေးဟာ မြို့စားလေးကို လာစော် ကားရပါမို့လားဆိုပြီး လူတစ်ယောက်ကို သေနတ်နဲ့ ပစ်ခဲ့သေးတယ်၊ ဒီလောက် ဒုစရိုက်တွေများနေတဲ့ မြို့စား လေးက ဘုရားသခင်ကို မယုံဘူး၊ ကိုယ့်ဘဝကို စက်ဆုပ် တယ်လို့ပြောတာဟာ ဘာမှ အံ့ဩစရာမရှိပေဘူးဗျ၊ ဘာမှ အံ့ဩစရာ မရှိပေဘူး”

ခရီးသည်ကြီးသည် ရှည်လျားစွာ ပြောလိုက်ရသည့်အတွက် မောပန်းသွားသည့်အလား လက်ကို ထိုင်ဖုံပေါ်သို့ ပစ်တင်လိုက်၍ မျက်လုံးများကို မှိတ်လိုက်ပြန်သည်။ ပီယာသည် ခရီးသည်ကြီး၏ အသက်မရှိတော့သည့်နှယ်၊ လှုပ်ရှားခြင်း အလျင်းမရှိ၊ အိုမင်းရင့်ရော်၍ တင်းမာလျက်ရှိသော မျက်နှာကို ငေးစိုက်ကြည့်ရင်း စကားတစ်လုံးမျှ မထွက်ဘဲ နှုတ်ခမ်းများကို လှုပ်နေမိသည်။ “ဟုတ်တယ် အဘိုး၊ ကျွန်တော့်ဘဝဟာ ငြီးငွေ့စရာကောင်းတဲ့ဘဝ၊ မကောင်းတဲ့ဘဝ၊ စက်ဆုပ်စရာကောင်းတဲ့ဘဝ”ဟု ပီယာ ပြောလိုက်ချင်သည်။ သို့ရာတွင် တိတ်ဆိတ်ခြင်းကို မဖျက်ရဲဘဲ ခပ်ဆိတ်ဆိတ်ပင် နေလိုက်လေသည်။

ခရီးသည်ကြီးသည် အသက်ကြီးရင့်သူတို့ ထုံးစံအတိုင်း ချွဲသံဖြင့် ချောင်းဟန့်လိုက်၍ ၎င်း၏ အစေခံကိုခေါ်လိုက်သည်။

“မြင်းတွေရောက်ပလား”ခရီးသည်ကြီးက ပီယာကို မကြည့်ဘဲ မေးလိုက်၏။

“ရောက်လာပြီခင်ဗျ၊ ဆရာကြီး ဒီမှာ မအိပ်ဘူးလား”အစေခံက မေးလိုက်၏။

“မအိပ်ပါဘူးဗျာ၊ ကဲ မြင်းတွေပြင်ဖို့ ပြောလိုက်ပေတော့”

‘သူငါ့ကို အကုန်အစင်မပြောဘဲ ဒီလို တစ်ပိုင်းတစ်စနဲ့ ထားခဲ့တော့မယ် ထင်တယ်၊ ငါ့ကို ဘယ်လိုကူညီမယ်ဆိုတာ မပြောဘဲနဲ့ တစ်ယောက်ထဲ ပစ်ထားခဲ့တော့မယ် ထင်တယ်’ဟု တွေးမိကာ ပီယာသည် မျက်လွှာကိုချ၍ မတ်တတ်ရပ်လိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ခရီးသည်အဘိုးကြီးကို လှမ်းကြည့်နေမိသည်။ ‘ဟုတ်တယ် ငါဟာ စက်ဆုပ်စရာကောင်းတဲ့ ဘဝထဲမှာ နစ်မွန်းနေခဲ့တယ်၊ ကာမဂုဏ်စည်းစိမ်ချမ်းသာတွေထဲမှာ နစ်မြုပ်နေခဲ့တယ်၊ ငါဟာ ဒီကာမဂုဏ် ဝဲဩဃထဲက ရုန်းထွက်ခြင်း မပြုနိုင်ခဲ့ပါကလား၊ ဒီခရီးသည်ကြီးကတော့ အမှန်တရားကို သိပုံရဟန် တူရဲ့၊ ငါ့ကို ကူညီနိုင်ပုံရရဲ့’ဟု ပီယာတွေးမိသည်။

ပီယာသည် ဤအကြောင်းကို ခရီးသည်ကြီးအား ဖွင့်ပြောလိုသော်လည်း မဝံ့မရဲဖြစ်လျက်ရှိ၏။ ခရီးသည်ကြီးသည် ကျင့်သားရပြီးသော လက်များဖြင့် ၎င်း၏ ပစ္စည်း


www.burmeseclassic.com

www.burmeseclassic.com


များကို သိမ်းဆည်းထုပ်ပိုးကာ ဝတ်စုံအင်္ကျီကို ဝတ်ပြီး နောက် ပီယာဘက်သို့ လှည့်လိုက်လျက်–

"မြို့စားလေးကော ဘယ်ကိုကြွမလို့ပါလဲ"ဟု ယဉ်ကျေးစွာ မေးလိုက်သည်။

"ကျွန်တော်လား၊ ကျွန်တော် ပီတာစဘတ်ရွှေမြို့တော်ကို သွားမလို့ပါ အဘိုး" ပီယာက ကလေးငယ်ကဲ့သို့ မဖြေရဲဖြေရဲဖြေလိုက်သည်။ "ကျေးဇူးတင်ပါတယ်အဘိုး၊ အဘိုးပြောတာတွေကို ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ အင်မတန်ဆိုးသွမ်းတဲ့ လူဆိုးလူသွမ်းတစ်ယောက်လို့တော့ မထင်လိုက်ပါနဲ့ အဘိုး၊ အဘိုး ကျွန်တော့်ကို ဖြစ်စေချင်သလို ကျွန်တော်ကိုယ်တိုင်လဲ ဖြစ်လိုပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ဒီလိုဖြစ်လာအောင် ကူညီစောင်မမယ့်လူ မရှိဘူးအဘိုး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အဓိကကတော့ ကျွန်တော့်အပြစ်ချည်းပါပဲ၊ အဘိုး ကျွန်တော့်ကို ကူညီပါ၊ သွန်သင်ပါ၊ ဒါမှ"

ပီယာသည် ဆက်၍မပြောနိုင်တော့ဘဲ လှည့်၍လာခဲ့လေသည်။ ခရီးသည်ကြီးသည် တိတ်ဆိတ်စွာ ရပ်ကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန် တူပေသည်။

"အိမ်း မြို့စားလေးကို ဘုရားသခင်သာလျှင် အကူအညီပေးနိုင်ပေတယ်ခင်ဗျ၊ ဒါပေမဲ့ ကျုပ်တို့ဂိုဏ်း အနေနဲ့တတ်နိုင်သလောက်တော့ ကူညီပါ့မယ်လေ၊ မြို့စားလေးလဲ ပီတာစဘတ်ရွှေမြို့တော်ကို သွားမှာပဲ၊ ရွှေမြို့တော်ရောက် ရင် ဒီစာကို ပိုလန်မြို့စားလေး ဝီလာစကီထံ ပေးလိုက်ပါ၊ (ခရီးသည်ကြီးသည် စာအုပ်တစ်အုပ်ကို ထုတ်၍ လေးခေါက်ချိုးထားသည့် စာရွက်လွတ်ကြီး တစ်ရွက်ပေါ်တွင် စာတစ် စောင်ကို ခပ်တိုတိုရေးပေးလိုက်၏။) ကြုံတုန်းမှာ အကြံ ဉာဏ်လေးလဲ ပေးခွင့်ပြုပါ မြို့စားလေး၊ ရွှေမြို့တော်ကို ရောက်လို့ရှိရင် အရင်တုန်းကလို ပေါ်ပေါ်တန်တန် သောက်စားမူးယစ်ပြီး အပျော်ကြူးမနေပါလေနဲ့၊ အေးချမ်းငြိမ်သက်တဲ့ တစ်နေရာမှာကေစာကျင့်ပြီး ကိုယ့်ကိုယ်ကို ပြန်လှန် စစ်ဆေးကြည့်ပါ၊ ကဲ ဘေးမသိရန်မခဘဲ လိုရာခရီးကို ရောက်ပါစေဗျာ"

အစေခံရောက်လာသဖြင့် ခရီးသည်ကြီးက ပီယာအား နှုတ်ဆက်လိုက်၏။

ချောထောက်စခန်းမှူး၏ ဧည့်စာရင်းတွင်တွေ့ရှိချက်အရ ထိုခရီးသည်ကြီး၏အမည်မှာ ဂျိုးဇက်ဘာဇာဒီယက်ဖြစ်၏။ ထိုခရီးသည်ကြီးကားထင်ရှားသော ညီအစ်ကိုတော် ဂိုဏ်းခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်မှန်းကို ယခုမှ ပီယာသိရလေတော့သည်။ ခရီးသည်ကြီး ထွက်ခွာသွားပြီး နောက် အချိန်အတော်ကြာသည့်တိုင်အောင် ပီယာသည် အိပ်လည်းမအိပ်၊ ခရီးထွက်ဖို့လည်း ပြင်ဆင်ခြင်းမပြုတော့ဘဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ မိမိ၏ ညစ်ညမ်းလှသော အတိတ်ဘဝကို တွေးတောလျက် အပြစ်ကင်းစင်၍ မြင့်မြတ်သာယာသောဘဝကို တွေ့ရတော့မည်ဟု စိတ်ကူးမိကာ ကြည်နူးလျက်ရှိလေသည်။ ယခင်က မိမိဆိုးသွမ်းခဲ့ခြင်းမှာ ကောင်းမွန်မြင့်မြတ်မှုကို မသိခဲ့သောကြောင့်သာ ဖြစ်သည်ဟုလည်း သဘောပေါက်၍ လာလေသည်။ ယခုအချိန်၌ကား ပီယာတွင် မည်သည့်သံသယမျှမရှိတော့ပြီ။ ကောင်းမွန်မြင့်မြတ်ခြင်းသို့ သွားရာလမ်းတစ်လျှောက်တွင် တစ်ဦးကိုတစ်ဦး ကူညီစောင်မခြင်းဖြင့် လူသားအားလုံးတို့သည် ညီရင်းအစ်ကိုသဖွယ် ပေါင်းစည်းညီညွတ်သောအဖြစ်ကို ရကြတော့မည်ဟု ခိုင်မြဲစွာ ယုံကြည်လာကာ ညီအစ်ကိုတော် ဂိုဏ်းသားဘဝကိုအားကျလျက်ရှိလေပြီ။

## အခန်း ၃

ပီတာစဘတ်ရွှေမြို့တော်သို့ရောက်သည်၌ ပီယာသည် မိမိပြန်ရောက်ခြင်းကို မည်သူ့အားမျှ အသိမပေး၊ မည်သည့်နေရာကိုမျှလည်းမထွက်ဘဲ အမည်မဖော်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပေးပို့လိုက်သည့် သောမတ်စ်ကင်းပစ်၏ စာအုပ်ကိုဖတ်ရင်း စံအိမ်၌သာ အချိန်ကုန်လေသည်။ ထိုစာအုပ်ကို ဖတ်ရင်း ပီယာသည် အချက်တစ်ချက်ကို သဘောပေါက်လာခဲ့လေသည်။ ၎င်းကား ခရီးသည်ကြီး ထုတ်ဖော်ပြောဆိုခဲ့သည့် ပြီးပြည့်စုံသောအဖြစ်နှင့် လူသတ္တဝါများအချင်းချင်း ညီရင်းအစ်ကိုပမာ ချစ်ခင်ကြင်နာခြင်းကို ရရှိနိုင်သည်ဟု ယုံကြည်လာခြင်းတို့ပင် ဖြစ်ပေသည်။ ပီတာစဘတ်ရွှေမြို့တော်သို့ ပီယာရောက်၍ ရက်သတ္တပတ်အကြာ တစ်ညနေတွင် ပီတာစဘတ်ရွှေမြို့တော်မင်းစိုးရာဇာပိုင်းတွင် ပီယာနှင့် အနည်းငယ် သိကျွမ်းခဲ့ဖူးသူ ပိုလန်မြို့စားကလေး ဝီလာစကီသည် အဆောင်အယောင်အခြွေအရံများနှင့်တကွ ပီယာ၏ စံအိမ်တော်သို့ ရောက်၍


www.burmeseclassic.com

www.burmeseclassic.com


လာခဲ့လေသည်။ ပိုလန်မြို့စားကလေးသည် ဧည့်ခန်းဆောင်ထဲသို့ဝင်လာကာ တံခါးကို ပိတ်လိုက်ပြီးနောက် ခန်းဆောင်ထဲတွင် မည်သူမျှမရှိဟု စိတ်ချရတော့မှ ပီယာသို့လှည့်၍

"မြို့စားလေးဆီကို ကိစ္စလေးတစ်ခုရှိတာနဲ့ လာခဲ့တာပဲဗျ"ဟုပြောရင်းဝင်ထိုင်လိုက်သည်။ "ကျွန်တော်တို့ ညီအစ်ကိုတော်ဂိုဏ်းဝင် အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးက မြို့စားလေးကို ကျွန်တော်တို့ဂိုဏ်းထဲဝင်ခွင့်ပြုဖို့ လျှောက်လွှာတစ်စောင် တင်လိုက်တယ်၊ ကျွန်တော့်ကိုလဲ မြို့စားလေးနဲ့ သွားရောက်ဆွေးနွေးဖို့ တိုက်တွန်းလိုက်တယ်၊ ခုလို ပုဂ္ဂိုလ်ကြီးရဲ့ဆန္ဒကို ဖြည့်စွမ်းရမယ့်အတွက် ကျွန်တော့်အတွက်လဲ ဂုဏ်ယူစရာပေပဲဗျာ၊ ဒါထက် မြို့စားလေးကကော ကျွန်တော်တို့ရဲ့ညီအစ်ကိုတော်ဂိုဏ်းထဲကို ကျွန်တော်ရဲ့ ထောက်ခံချက်နဲ့ဝင်ဖို့ လက်ခံနိုင်ပါသလား"

ပိုလန်မြို့စားကလေးဝီလာစကီသည် ယခင်ကကပွဲများတွင် အချောဆုံးအလှဆုံးဆိုသော မိန်းမများနှင့် ပလူးပလဲ နေထိုင်ခဲ့ဖူးခြင်းကို ပီယာမြင်ခဲ့ဖူး၏။ ဤသို့သော ပုဂ္ဂိုလ်မျိုး က လေးနက်တည်ငြိမ်သော လေသံမျိုးဖြင့် ဤစကားမျိုးကို ပြောဆိုလာသောအခါ၌ ပီယာသည် အံ့သြခြင်းမက အံ့သြလျက် ရှိလေသည်။

"ဟုတ်ကဲ့ ကျွန်တော် ဝင်ချင်ပါတယ်"

ဝီလာစကီက ခေါင်းညွှတ်ပြလိုက်၏။

"မြို့စားလေးကို နောက်ထပ်မေးခွန်းတစ်ခုလောက် မေးပါရစေဦးခင်ဗျာ၊ မြို့စားလေးဟာ ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက်အနေနဲ့ ဒီမေးခွန်းကို ရိုးသားစွာ ဖြေဆိုပါလို့လဲ ကျွန်တော် တောင်းပန်ပါတယ်၊ မြို့စားလေးဟာ အရင်တုန်းကလို ဘုရားသခင်ကို ယုံကြည်ခြင်းမရှိတဲ့ အယူအဆတွေကို စွန့်လွှတ်ပြီးပလား၊ ဘုရားသခင်ကို ယုံကြည်သက်ဝင်ပါပြီလား"

ပီယာသည် အတန်ကြာ စဉ်းစားနေ၏။

"ဟုတ် ဟုတ်ကဲ့ ကျွန်တော် ယုံကြည်ပါပြီ"

"ဒီလိုဆိုရင်"ဝီလာစကီက ပြောလိုက်သည်။ ပီယာသည် ကြားဖြတ်၍

"ယုံပါပြီ ကျွန်တော့်ကို ပြောနိုင်ပါတယ်"

"ကဲ ဒီလိုဆိုရင် သွားကြစို့၊ ကျွန်တော့်မှာ ကရထားပါတယ်"ဝီလာစကီက ပြောလိုက်သည်။

တစ်လမ်းလုံး ဝီလာစကီသည် ငြိမ်သက်စွာလိုက်ပါလာ၏။ ပီယာက မရှင်းလင်းသည့်အချက်များကို မေးမြန်းသောအခါ၌ ဂိုဏ်းဝင်များက ပီယာအား ဆတက်ထမ်းပိုးတိုး၍ စမ်းသပ်စစ်ဆေးကြဦးမည်ဖြစ်ကြောင်း၊ ထိုအခါ၌ ပီယာက မှန်ရာကို ဖွင့်ပြောရမည်ဖြစ်ကြောင်းဖြင့် ခပ်တိုတိုပင် ဖြေဆိုခြင်းပြုလေသည်။

ညီအစ်ကိုတော်ဂိုဏ်းချုပ်ဘုံအိမ်အဖြစ် ပြုလုပ်ထားရာ အိမ်ကြီးတစ်အိမ်၏ဝင်းထဲသို့ ဝင်လာခဲ့ပြီးနောက် မည်းမှောင်သောလှေကားအတိုင်း ဆင်းလာခဲ့ကြပြီးလျှင် ခပ်မှိန်မှိန်ထွန်းထားသည့် စမုတ်ဆောင်တစ်ခုထဲသို့ အရောက်တွင် ပီယာတို့နှစ်ဦးသည် ဝတ်ရုံကြီးများကို ကိုယ့်ဘာသာကိုယ်ချွတ်ထားခဲ့ကြ၏။ ထိုမှတစ်ဖန် အခြားခန်းဆောင်တစ်ခုထဲသို့ ဝင်လာခဲ့လေသည်။ ထူးဆန်းသော အဝတ်အစားတစ်မျိုးကို ဝတ်ထားသည့် လူတစ်ယောက်သည် တံခါးဝတွင် ပေါ်လာ၏။ ဝီလာစကီသည် ထိုသူထံသို့သွားကာ ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာကို တီးတိုးပြောဆိုလျက်ရှိပြီးနောက် ဗီရိုငယ်တစ်ခုကို သွား၍ဖွင့်လိုက်လေရာ ထိုအထဲတွင် ပီယာတစ်ခါမျှမမြင်ဖူးသော ထူးဆန်းသည့် အဝတ်အစားများကိုမြင်ရလေသည်။ ဝီလာစကီသည် ထိုဗီရိုထဲမှ ပဝါတစ်ထည်ကိုယူလာခဲ့၍ ပီယာ၏မျက်လုံးများကို စည်းပေးလိုက်ပြီး ခေါင်းနောက်တွင် ကျစ်ကျစ်ပါအောင် ချည်ထားလိုက်သည်။ ပီယာ၏ဆံပင်များမှာ အထုံးထဲတွင် ညပ်နေသဖြင့် ပြင်းပြစွာနာကျင်သော ဝေဒနာကို ခံစားလိုက်ရလေသည်။ ထို့နောက်တွင် ဝီလာစကီသည် ပီယာ၏မျက်နှာကို ဆွဲယူကာ နမ်းရှုပ်လိုက်ပြီးနောက် လက်မှဆွဲ၍ ခေါ်သွားလေသည်။ ပဝါထုံးထဲတွင် ညပ်နေသည့် ဆံပင်များကြောင့် ပီယာမှာ နာကျင်သည့်အတွက် မျက်နှာရှုံ့မဲ့လျက်ရှိရာက ကိုယ့်ဘာသာကိုယ်ပင် ပြုံးလိုက်မိသေး၏။ ပီယာသည် ရှုံ့မဲ့ရင်း မိမိ၏ လေးလံလှသော ခန္ဓာကိုယ်ကြီးကို သယ်ဆောင်လျက် ဝီလာစကီ၏နောက် မှာ စမ်းစမ်းစမ်းစမ်းဖြင့် လိုက်ပါလာခဲ့လေသည်။

ဆယ်လှမ်းလောက်သွားမိသည်တွင် ရှေ့မှ ဝီလာစကီသည်ရပ်လိုက်၏။

"ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော်ဂိုဏ်းကိုဝင်ဖို့ အခိုင်အမာ သန္နိဋ္ဌာန်ချပြီးပြီဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ရဲရဲရင့်ရင့် ရင်ဆိုင်ရလိမ့်မယ်ဗျ၊ (ပီယာက ခေါင်းညိတ်ပြ၏။) ကဲ နေရစ်ခဲ့ပေတော့၊ ခဏနေလို့ အပြင်ဘက်က


www.burmeseclassic.com

www.burmeseclassic.com


တံခါးခေါက်သံကြားရင် ခင်ဗျားမျက်နှာစည်းထားတဲ့ ပဝါကို ဖြေနိုင်ပြီ၊ အခက်အခဲတွေကို သတ္တိရှိရှိနဲ့ ကျော်နင်းလွန်မြောက်နိုင်စေဖို့ ဆုတောင်းပါတယ်ဗျာ"

ဝီလာစကီသည် ပီယာကို လက်ဆွဲနှုတ်ဆက်ပြီးနောက် ထွက်သွားလေသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ၌ ပီယာသည် စောစောကကဲ့သို့ပင် ပြုံးမိသေးသည်။ တစ်ကြိမ်နှစ်ကြိမ်မျှ ပခုံးကိုတွန့်ကာ မျက်နှာတွင်စည်းထားသည့် ပဝါစကို လုပ်မည်ဟုလည်း စိတ်ကူးမိသေးသည်။ သို့ရာတွင် စိတ်ကို အနိုင်နိုင်ချုပ်တည်းကာ လက်များကို ပြန်ချထားလိုက်သည်။ မျက်နှာကို ပဝါစည်း၍ စောင့်ရသောအချိန်သည် ငါးမိနစ်မျှသာကြာသော်လည်း ပီယာ၏စိတ်၌ တစ်နာရီခန့်ကြာသည်ဟု ထင်မိ၏။ လက်မောင်းများသည် ထုံကျဉ်လာကြလျက် ခြေထောက်များကလည်း တောင့်တင်းလာကာ ပင်ပန်းနွမ်းနယ်စ ပြုလာလေသည်။ ဤအချိန်၌ ပီယာ၏စိတ်တွင် အာရုံအမျိုးမျိုးသည် ထင်၍လာကြကုန်၏။ ရှေ့တွင် မည်သည့်အခြင်းအရာများ တွေ့ရလေမည်နည်းဟု တွေးမိကာ ကြောက်ရွံ့စပြုလာ၏။ ဤသို့ ကြောက်ရွံ့လာသည်ကို အခြားသူများ သိမြင်သွားမည်ကိုပို၍ပင် စိုးရိမ်နေမိသည်။ မည်သည့်အရာတွေကို ကြုံတွေ့၍ မည်သည့်အရာတွေကိုများ မြင်ရလေဦးမည်နည်းဟုလည်း ဆန္ဒပြင်းလျက် ရှိသည်။ သို့ရာတွင် ခရီးသည်ကြီးနှင့် တွေ့ပြီးသည့်နောက်မှစ၍ မိမိစိတ်ကူးမျှော်မှန်းခဲ့သည့် အသစ်ပြန်လည်မွေးဖွားခြင်း လမ်းမကြီးနှင့်တကွ မြင့်မြတ်သောဘဝကြီးသို့ ပြန်လည်ရောက်ရှိတော့မည်ဟူသော စိတ်ကူးဖြင့်လည်း ပီတိဖြစ်လျက်ရှိလေသည်။ ထိုအခိုက် တံခါးခေါက်သံများ ပေါ်ထွက်လာလေသည်။ ပီယာသည် မျက်နှာတွင် စည်းထားသည့်ပဝါကို ဖြုတ်လိုက်ပြီးနောက် မိမိပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ အလယ်ကောင်တွင် ဖြူဖြူအရာကလေးတစ်ခုရှိသည့် သေးငယ်သော မီးခွက်ကလေးတစ်ခွက် လင်းနေသည်မှအပ အခန်းတစ်ခုလုံးမှာ မှောင်လျက်ရှိလေသည်။ ပီယာသည် ထိုမီးခွက်ကလေးဆီသို့လျှောက်လာခဲ့ရာ မီးခွက်မှာ စားပွဲနက်တစ်လုံးပေါ်တွင် တင်ထားကြောင်းသိရပြီး ထိုစားပွဲပေါ်တွင် စာအုပ်တစ်အုပ်ဖွင့်လျက်သား ရှိနေခြင်းကို တွေ့ရလေသည်။ ထိုစာအုပ်ကား 'ခရစ်ဝင်ကျမ်း'ဖြစ်လျက် မီးခွက်ထဲမှ ဖြူဖြူအရာကား လူ၏ဦးခေါင်းခွံတစ်ခု ဖြစ်လေသည်။ ပီယာသည် 'ခရစ်ဝင်ကျမ်း'၏ ပထမစာကြောင်းများဖြစ်သော 'အစကနဦး၌ ဖြစ်တည်ခြင်းသည် နှုတ်ကပါဌ်တော်ဖြစ်၍ ထိုနှုတ်ကပါဌ်တော်သည် ဘုရားသခင်နှင့် အတူတကွ တည်ရှိတော်မူ၏'ဟူသည့် စာများကို ဖတ်ကြည့်လိုက်ပြီးနောက် စားပွဲကို ကွေ့ပတ်လျှောက်လာခဲ့သည်တွင် တစ်စုံတစ်ရာ ထည့်ထားသော သေတ္တာရှည်ရှည်တစ်လုံးကို တွေ့ရပြန်၏။ ထိုသေတ္တာကား လူသေခေါင်းဖြစ်လျက် အထဲ၌ လူ့ရိုးများဖြင့် ပြည့်နှက်လျက် ရှိ၏။ ပီယာကား တုန်လှုပ်ခြင်းမရှိတော့ချေ။ လုံးဝသစ်လွင်သောဘဝသစ်ကို တွေ့ရတော့မည်ဟု မျှော်လင့်လျက်ရှိသည့်အတွက် မိမိတွေ့ရမည့်အရာတိုင်းသည် ထိုထက်မက ဆန်းကြယ်သော အရာများ ဖြစ်လိမ့်ဦးမည်ဟု မျှော်လင့်လျက်ရှိလေသည်။ 'ခရစ်ဝင်ကျမ်း'၊ 'ဦးခေါင်းခွံ'၊ 'လူသေခေါင်း' စသည်တို့မျှသာမက ထိုထက်ဆန်းကြယ်သည့်အရာများကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားပေသည်။ ပီယာသည် ဘေးပတ်ဝန်းကျင်ကို လှည့်၍ကြည့်လိုက်မိပြန်သည်။ "ဘုရားသခင်၊ သေခြင်းတရား၊ မေတ္တာတရား၊ လူသတ္တဝါအချင်းချင်း ညီအစ်ကို ချစ်ခင်ရေးတရား"ဟု ပီယာသည် တတွတ်တွတ်ရွတ်ဆိုရင်းက ရင်ထဲတွင် ပီတိလွှမ်းလျက် ရှိပေ၏။

ထိုအခိုက် တံခါးပွင့်လာကာ လူတစ်ယောက်ဝင်လာ၏။

ယခုအချိန်၌ ပီယာ၏ မျက်လုံးများမှာ ကျင့်သားရသွားပြီဖြစ်သည့်အတွက် ခပ်မှိန်မှိန်လင်းလျက်ရှိသော မီးရောင်အောက်တွင် အရပ်ခပ်ပြတ်ပြတ် လူတစ်ယောက်ကို မြင်ရ၏။ ထိုလူသည် အလင်းရောင်မှ အမှောင်သို့ လာရသည်ဖြစ်၍ ခေတ္တမျှရပ်နားကာ စားပွဲဆီသို့မှန်းဆ၍ လျှောက်လာပြီးနောက် သားရေလက်အိတ်စွပ်ထားသော လက်များဖြင့် စားပွဲကို ကိုင်လိုက်သည်။

ထိုအရပ်ခပ်ပြတ်ပြတ်လူသည် ရင်ဘတ်ပေါ်တွင် ဆွတ်ဆွတ်ဖြူသော သားရေရင်လွှမ်းကို ဝတ်ထားလျက် လည်ပင်းတွင် ပုတီးတစ်ကုံးကို ဆွဲထားပြီး အပေါ်တွင် ကြာယပ်သဏ္ဍာန် အဝတ်တစ်ထည်တင်ထားလေရာ မီးရောင်ဟပ်နေသော ခပ်သွယ်သွယ်မျက်နှာသည် ထင်းထင်းကြီးပေါ်လျက်ရှိ၏။ ပီယာ့ထံမှ ချွတ်ခနဲ အသံကြားလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ထိုလူသည် ပီယာဘက်သို့လှည့်၍

"ဤနေရာသို့ အသင်အဘယ်ကြောင့်လာသနည်း၊ သင်သည် ဉာဏ်အလင်းတော်၏ ဖြောင့်မှန်ခြင်းကို ယုံကြည်ခြင်းလည်း မရှိ၊ ဉာဏ်အလင်းတော်ကိုလည်း မြင်ဖူးခြင်းမရှိပါဘဲလျက် အဘယ်ကြောင့် ဤအရပ်သို့ ရောက်လာခဲ့သနည်း၊ အသင်သည် ကျွန်ုပ်တို့ထံမှ မည်သည်ကို အလိုရှိ၍ လာသနည်း၊ အသိဉာဏ်တရားကိုလော၊ အကျင့်သီလ၏ ကောင်းခြင်းကိုလော၊ အလင်းရောင်ကိုလော"

တံခါးပွင့်လာပြီး၍ ထိုလူဝင်ရောက်လာပြီးကတည်းက ပီယာသည် မိမိငယ်စဉ်အခါ ဘုန်းတော်ကြီးရှေ့တွင် သီလဆေးသွားစဉ်က ကြုံဖူးသော ထိတ်လန့်ခြင်းနှင့် ကြည်ညိုလေးစားခြင်းတို့ ပြွမ်းလျက်ရှိသော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရလေသည်။ မိမိသည် ပုဂ္ဂိုလ်အရ အကျွမ်းဝင်ခြင်းမရှိသော သူစိမ်းတစ်ရံဆံတစ်ယောက်နှင့် တွေ့နေရသော်လည်း လူသတ္တဝါအချင်းချင်း ညီရင်းအစ်ကိုပမာ ချစ်ခင်ရေးဟူသော သဘောအရ ထိုလူနှင့် ရင်းနှီးအကျွမ်းဝင်လျက်ရှိသည်ဟု ထင်မှတ်လျက်ရှိ၏။ ပီယာသည် အသက်ကိုပင် ပြင်းပြင်းမရှူရဲဘဲ ရင်တထိတ်ထိတ်ဖြင့် ဥပဇ္ဈာယ်ဆရာ၏အနားသို့ ကပ်လာခဲ့လေသည်။ (ညီအစ်ကိုတော်ဂိုဏ်းသို့ အသစ်ဝင်ရောက်လာသူတစ်ဦးအား ကမကထပြု၍ သွတ်သွင်းပေးသူကို ဥပဇ္ဈာယ်ဆရာဟု ခေါ်ကြသည်။) အနားသို့ ရောက်သွားသည်တွင် ထိုလူမှာ မိမိနှင့်သိကျွမ်းသူ စမိုလျာနီနော့ဆိုသူဖြစ်နေခြင်းကို တွေ့ရ၏။ စမိုလျာနီနော့မှာလည်း ဂိုဏ်းဝင် ပုဂ္ဂိုလ်အသစ်မှာ မိမိနှင့် သိကျွမ်းသူပီယာဖြစ်နေသဖြင့် အံ့သြနေဟန်ရှိလေသည်။ ပီယာသည် စမိုလျာနီနော့အား ညီရင်းအစ်ကိုကဲ့သို့သာမက ဆရာတစ်ဦးအဖြစ်လည်း သဘောထားလိုက်မိသည်။ ပီယာသည် အတန်ကြာ မည်သို့မျှ ပြန်မဖြေနိုင်ဘဲရှိသဖြင့် ဥပဇ္ဈာယ်ဆရာက ထပ်၍ မေးလိုက်ပြန်သည်။

"မှန်ပါသည်၊ ကျွန်တော်သည် ဘဝသစ်သို့ ပြန်ရောက်လိုပါသည်"ပီယာက ကြိုးစား၍ ပြောလိုက်ရ၏။

"ကောင်းစွ၊ ကျွန်ုပ်တို့၏ ဂိုဏ်းတော်ကြီးသည် သင်၏ရည်ရွယ်ချက် အောင်မြင်ရေးအတွက် မည်သို့မည်ပုံ ကူညီနိုင်သည်ကို သင်သဘောပေါက်ပြီးပြီလော" စမိုလျာနီနော့က လျင်မြန်စွာ မေးလိုက်ပြန်သည်။

"ကျွန်တော့်ဘဝအသစ် ပြန်ဖြစ်လာရေးတွင် ဂိုဏ်းတော်ကြီး၏ အကူအညီရှေ့ဆောင်လမ်းပြမှုကို ရလိမ့်မည်ဟု မျှော်လင့်ပါသည်"ပီယာမှာ ဤသို့သောကိစ္စမျိုး၌ ရုရှားဘာသာဖြင့် ပြောလေ့ပြောထမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ စိတ်လှုပ်ရှားလျက်ရှိသည့်အတွက်ကြောင့်လည်းကောင်း တုန်တုန်ယင်ယင် ဖြစ်လျက်ရှိ၏။

"ညီအစ်ကိုတော်ဂိုဏ်းကို သင်မည်သို့ ထင်မြင်သနည်း"

"ဂိုဏ်းတော်ကြီးသည် မြင့်မြတ်သော ရည်ရွယ်ချက်ရှိသည့် လူသားအားလုံး ညီအစ်ကိုသဖွယ် ချစ်ခင်ရေး၊ တန်းတူညီမျှရေးတို့အတွက် ဖြစ်ပါသည်"မိမိ၏ စကားအသုံးအနှုန်းများသည် အချိန်အခါ၏ လေးနက်ခြင်းနှင့် ကိုက်မှကိုက်ညီပါမည်လောဟု တွေးလျက် ပီယာမှာ မရွံ့မရဲဖြစ်လျက် ရှိသည်။

"ကောင်းစွ"ဥပဇ္ဈာယ်ဆရာက ပီယာ၏အဖြေကို ကျေနပ်သည့်ဟန်ဖြင့် လျင်မြန်စွာပြောလိုက်သည်။ "သင်၏ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဘာသာတရားကို ဆည်းကပ်ကိုးကွယ်ဖူးပါသလော"

"ကိုးကွယ်ဆည်းကပ်ခြင်း မပြုဖူးပါ၊ ထိုနည်းလမ်းသည် မှားယွင်းသည်ဟု ယူဆသည့်အတွက် ကျွန်တော်လက်မခံပါ"ပီယာက ခပ်တိုးတိုးပြောသည်တွင် ဥပဇ္ဈာယ်ဆရာက မကြားသည့်အတွက် ထပ်၍မေးသဖြင့် ပြန်ဖြေရပြန်သည်။

"ကျွန်တော်သည် ဘုရား၊ တရားကို မယုံကြည်သူဖြစ်ပါသည်"

"သင်သည် သင်၏ဘဝ၌ သစ္စာတရား၏နိယာမများကို လိုက်နာကျင့်သုံးရန်အတွက် သစ္စာတရားကိုရှာဖွေလျက်ရှိသည်၊ ထို့ကြောင့် သင်သည် အသိဉာဏ်တရားနှင့် ကောင်းမြတ်ခြင်းကို လိုက်လံရှာဖွေနေသည် မဟုတ်လော"

"မှန်ပါသည်"ပီယာက ပြောလိုက်၏။

ဥပဇ္ဈာယ်ဆရာသည် ချောင်းဟန့်လိုက်၍ လက်အိတ်စွပ်ထားသော လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ယှက်ကာ ဆက်၍ ပြောပြန်သည်။

"သို့တပြီးကား ကျွန်ုပ်တို့ဂိုဏ်းတော်ကြီး၏ အဓိကရည်ရွယ်ချက်များကို သင့်အား ကျွန်ုပ် ရှင်းလင်းပြလအံ့၊ ဤရည်ရွယ်ချက်များသည် သင်၏ရည်ရွယ်ချက်များနှင့် ကိုက်ညီပါက ကျွန်ုပ်တို့ဂိုဏ်းသို့ ဝင်ရောက်နိုင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လူသားတို့၏ တည်ဆောက်ထားရာ အုတ်မြစ်ဖြစ်သော ကျွန်ုပ်တို့၏ တန်ခိုးအာဏာမှ ဖျက်ဆီးနိုင်ခြင်းမရှိ၍ ကျွန်ုပ်တို့ ဂိုဏ်းကြီးပထမလည်းဖြစ် အဓိကလည်းကျသော ရည်ရွယ်ချက်ကား အရေးကြီးသော လျှို့ဝှက်ချက်တစ်ရပ်ကို ထိန်းသိမ်းထားရန်နှင့် ထိုလျှို့ဝှက်ချက်အား နောင်လာနောက်သားတို့ထံသို့ အမွေပေးခဲ့ရန်ဖြစ်သည်။ ထို့ လျှို့ဝှက်ချက်သည် ပထမဦးလူသားဖြစ်သော အာဒမ်၏ လက်ထပ်မှစ၍ ကျွန်ုပ်တို့လက်ထပ်တိုင် ကူးပြောင်းဆင်းသက်လာခဲ့ခြင်းဖြစ်လျက် လူ့လောကကြီးတစ်ခုလုံး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနေသောအရာလည်း ဖြစ်သည်။ သို့ရာတွင် ထိုလျှို့ဝှက်ချက်သည် မိမိ၏သန့်ရှင်း စင်ကြယ်ရေးအတွက် အပတ်တကုတ်ကြိုးစားခြင်းမရှိသော လူများနားလည်သိရှိနိုင်ခြင်းမရှိသည့်အတွက် ထိုလျှို့ဝှက် ချက်ကို မည်သူမျှ လျှင်မြန်စွာရရှိနိုင်မည်မဟုတ်၊ ကျွန်ုပ်တို့ ဂိုဏ်း၏ ဒုတိယရည်ရွယ်ချက်မှာ ဤလျှို့ဝှက်ချက်ကြီးကို သိရှိနားလည်ခဲ့သော ရှေးဘိုးဘွားများ၏ အစဉ်အလာကျင့်သုံးသော နည်းများကို ကျင့်သုံးခြင်းဖြင့် ကျွန်ုပ်တို့ ဂိုဏ်းဝင်များအားလုံးအား မိမိတို့၏နှလုံးသားများကို ပြုပြင်ရန်၊ မိမိတို့၏ စိတ်များကိုစင်ကြယ်စေ၍ အလင်းရစေရန် ဖြစ်သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့ ဂိုဏ်းသားများအား ထိုလျှို့ဝှက်ချက်ကြီးကို သိရှိနားလည်စေရန် ဖြစ်သည်။

"တတိယအချက်အားဖြင့် ကျွန်ုပ်တို့ဂိုဏ်းဝင်များအား ဤသို့ သန့်ရှင်းစေခြင်းအားဖြင့်လည်းကောင်း၊ အသစ်ပြန်လည်ဖြစ်စေခြင်းအားဖြင့်လည်းကောင်း လူ့အမျိုးအနွယ်ကြီးတစ်ခုလုံးအား တိုးတက်ကောင်းမွန်စေရန်ဖြစ်သည်၊ ဤသို့ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့၏ ဂိုဏ်းဝင်များကကောင်းမြတ်ခြင်း၊ အနန္တေအနန္တ ငါးပါးကို ရိုသေခြင်း စသည့်ကိစ္စများ၌ စံနမူနာပြရမည်၊ ဤသို့အားဖြင့် ကမ္ဘာလောကကြီးအား ယိမ်းယိုင်ပြိုကွဲစေသော ဒုစရိုက်တို့ကို တိုက်ဖျက်ရမည်၊ ဤရည်ရွယ်ချက်များသည် သင်၏ရည်ရွယ်ချက်များနှင့် ကိုက်ညီ မကိုက်ညီကို သင်ဆင်ခြင်လော့၊ ကျွန်ုပ်တစ်ဖန် ပြန်၍လာမည်"

"ကမ္ဘာလောကကြီးအား ယိမ်းယိုင်ပြိုကွဲစေတဲ့ ဒုစရိုက်တွေကို တိုက်ဖျက်ပစ်ဖို့တဲ့"ပီယာသည် ပါးစပ်မှ ရေရွတ်လိုက်ရင်း ထိုလုပ်ငန်းကြီးထဲ၌ မိမိမည်သို့မည်ပုံ ပါဝင်ဆောင်ရွက်မည်နည်းဟု စိတ်ကူးလျက်ရှိလေသည်။

လူသတ္တဝါတို့သည် ဒုက္ခညွန်ကြီးထဲ၌ တပေပေ ရုန်းကန်နေရသူများသာတကားဟု သဘောပေါက်လာကာ မိမိသည် ထိုသူများအား အကျွတ်တရားရအောင်ဟောပြောအံ့၊ ကံမကောင်း အကြောင်းမလှသူများအား ကာယကံ၊ မနောကံဖြင့် ကူညီအံ့၊ ဖိနှိပ်ညှဉ်းပန်းခြင်းခံရသူတို့အား ဖိနှိပ်ညှဉ်းပန်းသူတို့လက်မှ ကယ်တင်အံ့ဟု လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကပင်လျှင် ပီယာ စိတ်ကူးပေါ်ခဲ့ဖူးသည်။ ဥပဇ္ဈာယ်ဆရာပြောသွားသည့် ညီအစ်ကိုတော်ဂိုဏ်း၏ ရည်ရွယ်ချက်သုံးချက်အနက် နောက်ဆုံးအချက်ဖြစ်သော လူ့လောကကြီး၏ အကျိုးစီးပွားကိုဆောင်ရွက်ရန်ဆိုသည့် အချက်ကို ပီယာ သဘောအကျဆုံး ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ ပြောသည့် လျှို့ဝှက်ချက်ဆိုသည့် စကားကြောင့် ပီယာသည် ထိုလျှို့ဝှက်ချက်ကို သိလိုသော်လည်း အရေး ကြီးသည်ဟု မယူဆချေ။ ဒုတိယအချက်ဖြစ်သည့် မိမိ ကိုယ်အား သန့်ရှင်းစင်ကြယ်စေခြင်း၊ အသစ်ပြန်လည်ဖြစ် စေခြင်းဆိုသည့် အချက်များကိုလည်း ပီယာများစွာ စိတ်မဝင်စားလှချေ။ ယခုအချိန်၌ မိမိသည် ယခင်ကရှိခဲ့ဖူးသောမိမိ၏ အပြစ်အနာအဆာများကို ဆေးကြောသုတ်သင်ပြီးပြီဟု လည်းကောင်း၊ ကောင်းမွန်သော အရာဟူသမျှကိုပြုလုပ်ရန် အဆင်သင့်ဖြစ်လျက်ရှိပြီဟု လည်းကောင်း ယူဆပြီး ဖြစ်ပေသည်။

နာရီတစ်ဝက်ခန့်အကြာ၌ ဥပဇ္ဈာယ်ဆရာသည် ပြန်ရောက်လာကာ ပီယာအား ညီအစ်ကိုတော်ဂိုဏ်းဝင်တို့၏ သုစရိုက်ခုနစ်ပါးနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်း ပြုပြန်လေသည်။ ဤသုစရိုက်ခုနစ်ပါးမှာ ဓမ္မဟောင်း ၃၉ ကျမ်းလာ ရှောလမုန်၏ ဘုံပြာသာဒ်၌ရှိသော လှေကားထစ် ခုနစ်ထစ်ကို အစွဲပြုထားခြင်းဖြစ်လျက် ညီအစ်ကိုတော်ဂိုဏ်းသားတိုင်း ကျင့်ကြံအပ်သောတရားများ ဖြစ်၏။ ၎င်းတို့ကား (၁) ညီအစ်ကိုတော်ဂိုဏ်းကြီး၏ လျှို့ဝှက်ချက်ဟူသမျှကို လျှို့ဝှက်ထိန်းသိမ်းခြင်း၊ (၂) ဂိုဏ်းဝင်အထက်ပုဂ္ဂိုလ်ကြီးများအား ရိုသေကျိုးနွံခြင်း၊ (၃) အကျင့်သီလစောင့်ထိန်းခြင်း၊ (၄) လူ့လောကကို ချစ်ခင်ခြင်း၊ (၅) ရဲစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ (၆) ပရိစာဂဟူသော စွန့်ကြဲမှုတို့ကိုပြုခြင်း၊ (၇) မရဏတရားကို မြတ်နိုးချစ်ခင်ခြင်း စသည်တို့ ဖြစ်၏။

"နောက်ဆုံးအချက်ဖြစ်သော'မရဏတရားကို ချစ်



www.burmeseclassic.com

www.burmeseclassic.com


ခင်ခြင်း'ဆိုတဲ့အချက်ကို သင်စဉ်းစားလော့၊ မရဏတရားအား ကြောက်မက်ဖွယ်ကောင်းသော ရန်သူကြီးအဖြစ် သဘောထားခြင်းကို ပယ်လော့၊ ပူလောင်လှသော ဤဘဝ၌ နွမ်းနယ်ပင်ပန်းလှပြီဖြစ်သော သင်၏ဝိညာဉ်ကို လွတ်မြောက်စေသည့် မိတ်ဆွေကြီးအဖြစ် မရဏတရားကို မှတ်ယူလော့၊ ကရုဏာနှင့် ငြိမ်းချမ်းခြင်းရှိရာ အရပ်သို့ ပို့ဆောင်သော ဖောင်ကူးတို့ကြီးအဖြစ် မှတ်ယူလော့"

ဥပဇ္ဈာယ်ဆရာသည် အပြင်သို့ထွက်သွားကာ တစ်ယောက်တည်း စဉ်းစားစေပြန်၏။ 'ဟုတ်တယ် ငါတို့ဟာ သေခြင်းတရားကို ကြောက်နေကြတယ်၊ ထိတ်လန့်နေကြတယ်၊ ငါ့ဘဝကို ငါတွယ်တာနေသေးတာဟာ မရင့်ကျက်သေးလို့ပဲ'ဟု ပီယာတွေးမိသည်။ ကျန်ငါးပါးကိုကား ထိန်းသိမ်းကျင့်ကြံနိုင်သည်ဟု ပီယာထင်သည်။ ရဲစွမ်းသတ္တိပြည့်စုံခြင်း၊ ပရိစာဂအမှုကိုပြုခြင်း၊ ကိုယ်ကျင့်သီလစောင့်ထိန်းခြင်း၊ လူ့လောကကို ချစ်ခင်ခြင်း စသည်တို့ကား မိမိတွင် ပြည့်စုံပြီးဖြစ်သော အရည်အချင်းတို့ဖြစ်လျက် အထူးသဖြင့် ကိုးကွယ်ရှိသေတတ်ခြင်းဟူသော အရည်အချင်းမှာ ပီယာ့အတွက် အထူးမွေးမြူနေရသော အရည်အချင်းမဟုတ်ရုံမျှမက ၎င်း၏ပင်ကိုသဘာဝပင် ဖြစ်နေချေသေးသည်။ (ယခုကဲ့သို့ မိမိ၏စိတ်ကို အမှန်တရားအား သိ သူများ၏ စကားကို နာခံရခြင်းအတွက် ယခင်ကကဲ့သို့ ဟော့ဟော့ရမ်းရမ်းနေဖြစ်တော့မည်မဟုတ်ဟု တွေးမိကာ ဝမ်းသာရသေးသည်။) ဤသို့ဖြင့် ပီယာသည် တမျှော်တခေါ်ကြီး စဉ်းစားလျက်ရှိလေရာ ဆဋ္ဌမမြောက် အရည်အချင်းကိုပင် မေ့သွားလေသည်။

ဥပဇ္ဈာယ်ဆရာသည် တတိယအကြိမ်ဝင်ရောက်လာပြန်ကာ ဤအချက်များကို လိုက်နာကျင့်ကြံနိုင်ပါမည်လောဟု လာရောက်မေးပြန်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ"

"ကျွန်ုပ်တို့၏ဂိုဏ်းတော်ကြီးသည် သင်၏ အရည်အချင်းများကို စစ်ဆေးရာ၌ စကားဖြင့်သာစစ်ဆေးသည် မဟုတ်၊ အသိဉာဏ်တရားနှင့် ကောင်းမြတ်ခြင်းကို ရိုးသားစွာ လိုက်လံရှာဖွေနေသူတစ်ဦးအတွက် ထိုထက် ထိရောက်သော အခြားနည်းလမ်းများဖြင့်လည်း စစ်ဆေးပေသည်၊ ဤအခန်းနှင့်တကွ ဤအခန်းထဲရှိပစ္စည်းများကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ စစ်ဆေးနည်းသည် စကားဖြင့် စစ်ဆေးသည်ထက် အရာရောက်သည်ကို သင်သိလိမ့်မည်၊ နောက်ထပ် စစ်ဆေးမှုများကိုလည်း သင်တွေ့ကြုံရဦးမည်၊ ကျွန်ုပ်တို့၏ ဂိုဏ်းတော်ကြီးကား ရှေးခေတ်က ဂိုဏ်းများကဲ့သို့ ကျွန်ုပ်တို့၏သင်ကြားချက်များကို ဒူးဂဏန်း ကြေးဂဏန်းများဖြင့် ဖော်ပြခြင်း ပြုပေသည်၊ ဒူးဂဏန်း ကြေးဂဏန်းများမှာ သင်၏စဉ်းစားဉာဏ်ဖြင့် ဖတ်ရသော စာမျိုးမဟုတ်ဘဲ အမှတ်အသားဖြင့်ဖတ်ရသောစာမျိုးဖြစ်သည်"

ဥပဇ္ဈာယ်ဆရာကပြောလိုက်၏။ ပီယာသည် ဒူးဂဏန်း ကြေးဂဏန်းကို နားလည်သော်လည်း မပြောရဲဘဲ အသာပင်နေလိုက်သည်။ ပီယာသည် မိမိအား မည်သို့စမ်းသပ်စစ်ဆေးလေဦးမည်နည်းဟုတွေးကာ ဥပဇ္ဈာယ်ဆရာ ပြောစကားကို နားထောင်လျက်ရှိသည်။

"ကောင်းစွ၊ သင်သည် ကျွန်ုပ်တို့၏ ဂိုဏ်းတော်ကြီးသို့ဝင်တော့မည်ဟု မိဋ္ဌာန်ပြီး၍ သင့်အား စမ်းသပ်တော့အံ့" ဥပဇ္ဈာယ်ဆရာသည် ပီယာ့အနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။

"သင်သည် ပရိစာဂဟူသော စွန့်ကြဲခြင်းအမှု၌ ပျော်မွေ့သည်ဆိုငြားအံ့၊ သင်၏ အဖိုးထိုက် အဖိုးတန်ရတနာများကို ကျွန်ုပ်အား ပေးလော့"

"ဒီမှာ ဘာမှ မပါလာဘူးခင်ဗျ"ပီယာက မိမိ၏ ပစ္စည်းများအားလုံးကို တောင်းသည်ထင်သဖြင့် ပြန်ဖြေလိုက်သည်။

"ယခု သင်၏ကိုယ်၌ မည်သည့်အဖိုးတန်ရတနာများ ပါရှိသနည်း။ နာရီ၊ လက်စွပ်၊ ငွေစ"

ပီယာသည် မိမိ၏ပိုက်ဆံအိတ်နှင့် နာရီကို ချက်ချင်းပေးလိုက်သည်။ သို့ရာတွင် လက်ထပ်လက်စွပ်မှာကား ကျပ်နေ၍ ရုတ်တရက် ချွတ်၍မရချေ။ လက်စွပ်ကို ချွတ်ပေးလိုက်ပြီးနောက် ဥပဇ္ဈာယ်ဆရာက

"သင်၌ ရိုသေကိုးကွယ်ခြင်းရှိခဲ့ငြားအံ့၊ ကျွန်ုပ်ပြောသည့်အတိုင်း သင်၏အဝတ်အစားများကို ချွတ်လော့"

ပီယာသည် ဝတ်စုံကိုချွတ်ပေးလိုက်၏။ ဖိနပ်ရှည်များကိုကား ဥပဇ္ဈာယ်ဆရာ၏ အမိန့်အရမချွတ်ဘဲ ထားရသည်။ ဥပဇ္ဈာယ်ဆရာသည် ပီယာ၏ ရှပ်အင်္ကျီကိုချွတ်လိုက်၏။ ထို့နောက် ကုန်း၍ ပီယာ၏လက်ဝဲဘက်ဘောင်းဘီကို ဒူးအထက်သို့ လိပ်တင်နေသည်။ ပီယာသည် ဥပဇ္ဈာယ်ဆရာကို အားနာသည့်အတွက် အခြားဘက်


www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီစကိုလည်း လိပ်တင်ပေးလိုက်၏။ သို့ရာတွင် ဥပဇ္ဈာယ်ဆရာက ဤဘက်မှ ဖိနပ်ကို ချွတ်ရန်မလိုကြောင်း ပြောကာ လက်ဝဲဘက်ခြေထောက်တွင် စွပ်ရန် ရှေ့ထိုးဖိနပ် တစ်ဖက်ကို ပေးလိုက်သည်။ ပီယာက ပြုံး၍ ရှက်လည်းရှက် ရယ်လည်းရယ်ချင် သံသယလည်းဖြစ်လျက်ဥပဇ္ဈာယ်ဆရာ ရှေ့တွင် ရပ်၍ နောက်ထပ်အမိန့်ကို စောင့်နေရပြန်သည်။

"ကောင်းစွ၊ သင်၏ ပွင့်လင်းရိုးသားမှုကို စစ်ဆေးသောအားဖြင့် သင်၏ ဝါသနာကို ဖွင့်ပြောလော့"

"ကျွန်တော် ဝါသနာပါတဲ့အရာတွေကတော့ အများကြီးပဲ ခင်ဗျ"

"ကောင်းမြတ်ခြင်းသို့သွားရာလမ်း၌ သင့်အား အနှောင့်အယှက်အပြုဆုံးသော စွဲလမ်းခြင်းတဏှာကို ကျွန်ုပ် ဆိုလိုသည်"

ပီယာသည် အတန်ကြာမျှ စဉ်းစားနေမိသည်။

"ကျွန်တော်လား၊ ကျွန်တော်ဟာ အရက်သေစာကို လဲ ကြိုက်တယ်၊ အစားလဲကြူးတယ်၊ အပျင်းလဲထူတယ်၊ မောဟလဲများတယ်၊ စိတ်လဲတိုလွယ်တယ်၊ ဒေါသကလဲ ကြီးတယ်၊ မိန်းမလဲဝါသနာပါတယ်"ပီယာသည် မည်သည် ကို အရေးအကြီးဆုံးထား၍ ပြောရမည်မသိဘဲ မိမိ၏ ဒုစရိုက်များကို တသီတတန်းကြီးပြောလျက်ရှိ၏။

"မိန်းမလဲ ဝါသနာပါတယ်"ပီယာက ခပ်တိုးတိုး ပြောလိုက်သည်။

ဥပဇ္ဈာယ်ဆရာသည် ဤအဖြေကို ကြားပြီးနောက် လှုပ်ရှားခြင်းလည်းမရှိ၊ ဘာမျှလည်းမပြောဘဲ အတန်ကြာ တိတ်ဆိတ်လျက်ရှိ၏။ နောက်ဆုံးတွင် ဥပဇ္ဈာယ်ဆရာ သည် ပီယာ့အနီးသို့ကပ်လာကာ စားပွဲပေါ်မှပဝါကို ကောက်ယူ၍ မျက်နှာကို စည်းလိုက်သည်။

"သင့်အား ကျွန်ုပ် နောက်ဆုံးအကြိမ်ပြောအံ့၊ သင်၏ အာရုံဟူသမျှကို သင်၏ ကိုယ်ပေါ်တွင် စူးစိုက်ထားလော့၊ သင်၏ ပျော်ရွှင်ခြင်းကို ကာမဂုဏ်စည်းစိမ်ချမ်းသာ တွင် မရှာမူ၍ သင်၏ နှလုံးသားအတွင်း၌ ရှာလော့၊ ပျော်ရွှင်ခြင်း၏ အရင်းအမြစ်သည် ကျွန်ုပ်တို့၏ ကိုယ်ပ၌ မရှိ၊ ကိုယ်တွင်း၌သာ ရှိ၏"

ပီယာသည် အချိန်အတော်ကြာကပင် တသိမ့်သိမ့် ကြည်နူးလျက်ရှိရာ ယခုအချိန်၌ကား ၎င်း၏ နှလုံးသား တွင် ပီတိဖုံးလျက်ရှိချေပြီ။

## အခန်း ၄

ခဏကြာသောအခါ၌ အခန်းထဲသို့ လူတစ်ယောက် ဝင်လာ ပြန်လေသည်။ ဤတစ်ကြိမ်၌ကား ဥပဇ္ဈာယ်ဆရာမဟုတ် တော့ချေ။ အသံကိုထောက်လျက် ထိုသူမှာ ပီယာအား ကမကထပြု၍ ဂိုဏ်းထဲသို့သွတ်သွင်းပေးသူ ဗိုလန်မြို့စား ကလေး ဝီလာစကီဖြစ်မည်ဟု ပီယာခန့်မှန်းရ၏။ ဂိုဏ်းထဲ သို့ဝင်ရန် အခိုင်အမာ ဆုံးဖြတ်ပြီးမပြီး ထပ်မံမေးမြန်းသော အခါတွင်ကား ပီယာသည် ကလေးငယ်တစ်ယောက်၏ အပြုံးမျိုးဖြင့် အခိုင်အမာ ဆုံးဖြတ်ပြီးကြောင်း ပြန်လည် ဖြေကြား၍ တစ်ဖက်က ဖိနပ်ရှည်ကြီးကိုစီးလျက် တစ်ဖက် က ရှေ့ထိုးဖိနပ်ကိုစီးကာ စမ်းတဝါးဝါးဖြင့် လျှောက်ရင်း ဝီလာစကီခေါ်ရာသို့ လိုက်လာခဲ့ရပြန်သည်။ ပီယာ၏ ကိုယ်အထက်ပိုင်းမှာ ဗလာကျင်းလျက်ရှိလေပြီ။ ဝီလာစကီ သည် ပီယာ၏ ရင်ဘတ်ကို ဓားဖြင့် ထောက်ထားလိုက် သည်။ သို့ဖြင့် ပီယာအား တစ်ခန်းပြီးတစ်ခန်းကူး၍ တစ်လမ်းပြီးတစ်လမ်းကွေ့ကာ ခေါ်လာခဲ့ရာ နောက်ဆုံး တွင် ဘုံအိမ်တံခါးဝသို့ ရောက်လာလေသည်။ ဝီလာစကီ က ချောင်းသံဖြင့် အချက်ပေးလိုက်သည်တွင် ညီအစ်ကို တော် ဂိုဏ်းဝင်တို့၏ အချက်ပေးနည်းဖြစ်သော တံခါးကို သစ်သားလက်ဖြင့် တဒေါက်ဒေါက် ထုသံပေါ်လာပြီး နောက် တံခါးပွင့်လာလေသည်။ အသံသြသြကြီးတစ်ခုက (ထိုအချိန်ထိ ပီယာမှာ ပဝါစည်းထားဆဲ ဖြစ်သည်။) ပီယာ၏ အမည်နာမ၊ မွေးရပ်၊ မွေးသက္ကရာဇ်တို့ကို မေး မြန်းပြီးနောက် မျက်နှာကို စည်းထားလျက်ပင် တစ်နေရာ သို့ ခေါ်သွားပြန်ကာ ဤဂိုဏ်းဝင်များမှာ များစွာ အဆင်းရဲခံ နိုင်ဖို့ လိုကြောင်း၊ မြင့်မြတ်သော ချစ်ကြည်မှုရှိဖို့လိုကြောင်း၊ အန္တရာယ်များ၊ ဆင်းရဲဒုက္ခများကို ခံနိုင်ရန် သူရသတ္တိရှိဖို့ လိုကြောင်းများနှင့်တကွ စကြဝဠာကြီးတစ်ခုလုံး၏ နိစ္စ ထာဝရဖြစ်သော ဗိသုကာ(ဘုရားသခင်)အကြောင်းတို့ကို ပြောပြ လျက်ရှိ၏။ ဤသို့ခေါ်သွားစဉ် လမ်းတစ်လျှောက်၌ တံခါးပေါက်အသီးသီးမှ သစ်သားလက်ရိုက်များဖြင့် တီးခေါက်အချက်ပေးတိုင်းလည်း မိမိအား 'ရှာဖွေသူ'ဟု လည်းကောင်း၊ 'ဒုက္ခသည်'ဟုလည်းကောင်း၊ 'ခွင့်တောင်း သူ'ဟုလည်းကောင်း အချက်ပေး ခေါ်ဆိုသွားကြသည်ကို ပီယာ ကြားရ၏။ နောက်ဆုံး၌ မိမိအား တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com


ခေါ်သွားမည်ပြုသောအခါတွင်ကား မိမိကို ခေါ်ဆောင်သွားသူများမှာ အနည်းငယ် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားကာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးငြင်းခုံနေကြသံကို ကြားရလေသည်။ ထို့နောက်၌ ပီယာ၏ လက်ယာလက်ကို ဆွဲကာ တစ်စုံတစ်ခုပေါ်တွင် တင်ထားစေ၍ အခြားလက်တစ်ဖက်ဖြင့် မိမိ၏ရင်ဘတ်ကို သံစူးဖြင့် ထောက်ထားစေကာ ရွတ်ဖတ်ပြသော ဂိုဏ်း၏စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း ကျမ်းကျိန်စေသည်။ ထိုအခိုက်တွင် ဖယောင်း တိုင်မီးများကို ငြိမ်းလိုက်ပြီဖြစ်ရာ အခန်းတွင်း၌ မှောင်မည်း လျက်ရှိ၏။ ခဏအကြာတွင် စူးရှသောအနံ့ တစ်ခုကိုရ၏။ အနံ့ကို ရှူရခြင်းအားဖြင့် ၎င်းမှာ အရက်ပျံ တစ်မျိုးဖြင့် မီးထွန်းညှိခြင်းဖြစ်ကြောင်း ပီယာသိရ၏။ အားနည်းသော အလင်းတစ်ခုကို မြင်ရတော့မည်ဟူသော ဝီလာစကီ၏ ပြောသံကိုလည်းကြားလိုက်ရသည်။ ခဏကြာလျှင် ပီယာ၏ မျက်နှာမှ ပဝါကို ဖြုတ်လိုက်လေရာ အရက်ပျံတွင် တောက်လောင်နေသော မှုန်တိမှုန်မွှားအလင်းရောင်ထဲ၌ ဉပဇ္ဈာယ်ဆရာဝတ်ထားသကဲ့သို့ ရင်လွှမ်းအဝတ်ဖြူများကို ဝတ်ဆင်ထားသူ တစ်ဆယ့်နှစ်ယောက်ခန့်တို့သည် မိမိရှေ့တွင်ရပ်လျက် မိမိ၏ရင်ဘတ်ကို ဓားများဖြင့် ထောက်ထားကြခြင်းကို အိပ်မက်ထဲတွင် တွေ့ရသကဲ့သို့ မြင်လိုက်ရ လေသည်။ ၎င်းတို့အထဲ၌ လူတစ်ယောက်၏ ရင်လွှမ်းတန်ဆာမှာ သွေးတို့ဖြင့် ခြင်းခြင်းနီလျက်ရှိ၏။ ပီယာသည် ရင်ကိုကော့ကာ ဓားဖျား၌ အသက်ပျောက်သွားပစေဟု သဘောထားလျက် ရှေ့သို့ တိုး၍လာခဲ့သည်။ ထိုခဏ၌ မိမိရင်ဘတ်ကို ထောက်ထားသော ဓားများသည် ဘေးသို့ ရွဲသွားကြလျက် ပဝါကိုလည်း ပြန်၍စည်းပေးလိုက်ကြပြန်သည်။

"ယခုအားနည်းသော အလင်းကို သင်မြင်ပြီးပြီ"ဟု အသံတစ်သံက ပြောလိုက်သည်။ ထို့နောက်၌ ဖယောင်းတိုင်များကို ပြန်၍ထွန်းကာ ထိန်လင်းသော အလင်းရောင်ကို မြင်ရတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြပြီး မျက်နှာတွင် စည်းထားသောပဝါကို ပြန်၍ဖြုတ်လိုက်ကြသည်။ ထိုအခါ ပီယာသည် အခန်းတွင်း အနှံ့ကြည့်လိုက်၏။ အလင်းရောင်ထဲ၌ကား ရင်လွှမ်းတန်ဆာများကို ဝတ်ဆင်ထားကြသည့် လူတစ်ဆယ့်နှစ်ယောက်သည် အဝတ်နက်ဖုံးအုပ်ထားသည့် စားပွဲတွင် ဝိုင်းထိုင်လျက်ရှိကြ၍ ၎င်းတို့အနက် အချို့မှာ ပီတာစဘတ်ရွှေမြို့တော် မင်းစိုးရာဇာပိုင်းတွင် ပီယာတွေ့ဖူးသူများ ဖြစ်၏။ သဘာပတိ၏နေရာ၌ကား ပီယာမတွေ့ဖူးသော လူခပ်ရွယ်ရွယ်တစ်ယောက် ထိုင်လျက်ရှိ၍ လည်ပင်း၌ ကြီးမားသော လက်ဝါးကပ်တိုင်ကြီးတစ်ခုကို ဆွဲချိတ်ထားလေသည်။ ထိုသူ၏ လက်ယာဘက်၌မူ လွန်ခဲ့သည့် ၂ နှစ်ခန့်က မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ မင်းပွဲသဘင်တစ်ခု၌ ပီယာတွေ့ခဲ့ဖူးသော အီတလီခင်ကြီးတစ်ပါးထိုင်လျက် ရှိ၏။ ထို့ပြင် ထင်ရှားသည့် ရွှေနန်းတွင်းအရာရှိကြီးတစ်ဦးနှင့်တကွ မင်းသားကြီး ဗာစီလီ၏စံအိမ်တွင် ကျောင်းဆရာလုပ်ဖူးသော ဆွစ်ဇာလန်လူမျိုးတစ်ယောက်ကိုလည်း တွေ့ရလေသည်။ ၎င်းတို့အားလုံးသည် လက်ထဲတွင် သစ်သားလက်ရိုက်ကိုင်ထားသော သဘာပတိ၏မိန့်ခွန်းကို တိတ်ဆိတ်စွာ နားထောင်လျက် ရှိကြ၏။ နံရံပေါ်၌ကား ကြယ်တာရာသင်္ကေတ မီးရောင်များ ထိုးကျလျက် ရှိလေသည်။ စားပွဲ၏တစ်ဖက်၌မူ အရုပ်များ ရေးထားသည့် အဝတ်ပိုင်းတစ်ခုချိတ်ဆွဲထားလျက် အခြားတစ်ဖက်တွင်မူ ဓမ္မကျမ်းတစ်စောင်နှင့် ဦးခေါင်းခွံတစ်ခုတို့ တင်ထားသည့် ပလ္လင်နှင့် ဆင်ဆင်တူသော အရာတစ်ခု ရှိ၏။ ထိုပလ္လင်၏ ပတ်ပတ်လည်၌ ဘုရားဝတ်ကျောင်းများတွင် ထွန်းညှိထားလေ့ရှိသော ဖယောင်းတိုင်ကြီးမျိုး ခုနစ်တိုင်ကို ထွန်းညှိထားလေသည်။ ဂိုဏ်းဝင်နှစ်ဦးသည် ပီယာအား ပလ္လင်ရှေ့သို့ခေါ်သွားကာ ခြေထောက်များကို ထောင့်မှန်ကျ အောင်ချဲ့၍ရပ်စေပြီး ကောင်းကင်ဘုံ၏ တံခါးဝ၌ ပျပ်ဝပ် ခြင်းပြုရမည်ဟုဆိုကာ လှဲ၍ အအိပ်ခိုင်းလေသည်။

"သန်လျက်ကို အရင်ပေးရမယ်ထင်တယ်"ဟု ဂိုဏ်း ဝင်တစ်ဦးက ပြောလိုက်သည်။

"ရှူး တိတ်တိတ်"

ပီယာသည် ၎င်းတို့ခိုင်းသည့်အတိုင်း မလုပ်သေးဘဲ မှုန်မွဲသော မျက်စိများဖြင့် ဘေးပတ်ဝန်းကျင်ကို စိတ်ရှုပ်စွာ လှည့်ကြည့်လိုက်မိသည်။ ၎င်း၏စိတ်ထဲ၌ သံသယများလည်း တဖွားဖွား ပေါ်ပေါက်လာလေသည်။ 'ငါဘယ်နေရာရောက်ပြီး ဘာတွေလုပ်နေပါလိမ့်၊ သူတို့တစ်တွေဟာ ငါ့ကိုကြည့်ပြီး ရယ်နေကြသလား၊ ဒီအလုပ်မျိုးတွေလုပ်နေတာ မင်းကိုယ်မင်း မရှက်ဘူးလား'ဟု တွေးလိုက်မိသေးသည်။ သို့ရာတွင် ဤသံသယများမှာ ခဏမျှသာကြာပေ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ပီယာသည် မိမိဘေးရှိ လေးနက်တင်းမာသော မျက်နှာများကိုကြည့်ကာ လုပ်မိမှမထူးပြီ၊ အပြီးသတ်အောင် လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ပီယာသည် ဆုတ်ဆိုင်းဆိုင်းဖြစ်နေသော မိမိ၏အဖြစ်ကို သတိရကာ စောစောကကဲ့သို့ စိတ်အားထက်သန်ခြင်းမျိုး ပြန်၍ပေါ်လာအောင် နှလုံးသွင်းကြည့်ပြီးနောက် လဲ့၍ အိပ်လိုက်သည်။ စိတ်အားထက်သန်ခြင်းမှာ စောစောကထက်ပင် ပြင်းထန်လာသည်။ အတန်ကြာမျှ လဲလျောင်းနေပြီးနောက် အထိန်းက အဖြူရောင်ရင်လွှမ်းတန်ဆာကို ဆင်ပေးလိုက်သည်။ ထို့နောက် သန်လျက်နှင့် လက်စွပ်အိတ်များကို ပေးအပ်ကာ 'ဆရာကြီး'က သူ့အား သြဝါဒပေးခြင်း ပြုလေသည်။ ဆရာကြီး သြဝါဒအရ မိမိသည် ဤအဖြူရောင်ရင်လွှမ်းတန်ဆာကို စွန်းထင်းစေသည့်အလုပ်မျိုးမှ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ ထိုအဖြူရောင်ရင်လွှမ်းတန်ဆာသည် သန့်ရှင်းခြင်းနှင့် ခွန်အားရှိခြင်း၏ အမှတ်လက္ခဏာဖြစ်ကြောင်း၊ သန်လျက်မှာ မိမိ၏ နှလုံးသားကို ကပ်ငြိမည့်ဒုစရိုက်များကို ဖယ်ရှားရန်နှင့် အိမ်နီးချင်း၏ နှလုံးသားကို ပျော့ပျောင်းနူးညံ့အောင် ပြုလုပ်ရန်ဖြစ်ကြောင်း၊ လက်အိတ်များအနက် ပထမအစုံမှာ ယောကျ်ားဝတ်လက်အိတ်ဖြစ်ကြောင်း၊ ထိုလက်အိတ်၏ အဓိပ္ပာယ်ကိုမူ ပီယာသိဦးမည်မဟုတ်သော်လည်း သိမ်းဆည်းထားရမည်ဖြစ်ကြောင်း၊ ဒုတိယအစုံမှာလည်း ယောကျ်ားဝတ်လက်အိတ်ဖြစ်၍ ဂိုဏ်းဝင်တို့၏ အစည်းအဝေးသဘင်များတွင် ပီယာကိုယ်တိုင် ဝတ်ဆင်ရန်ဖြစ်ကြောင်း၊ တတိယအစုံမှာ မိန်းမဝတ်လက်အိတ်ဖြစ်ကြောင်းများဖြင့် ရှင်းလင်းပြောပြလေသည်။

"ချစ်သောညီငယ်၊ ဤမိန်းမဝတ်လက်အိတ်များသည်လည်း သင့်အတွက် ဖြစ်၏။ ဤလက်အိတ်ကို သင်အလေးစားဆုံး၊ သင်ဂုဏ်အပြုဆုံး မိန်းမတစ်ဦးအား ပေးပါလေ၊ ညီအစ်ကိုတော်ဂိုဏ်း၏ လုပ်ငန်းတွင် သင်၏ မိတ်ဖက်အဖြစ်ရွေးချယ်မည့်မိန်းမအတွက် ဤလက်ဆောင်သည် သင့်နှလုံးသား ဖြူစင်ခြင်း၏ အထိမ်းအမှတ် ဖြစ်ပေလိမ့်မည်"

ဆရာကြီးသည် ခေတ္တမျှနားနေ၏။

"သို့ရာတွင် ညီတော်သတိထားလော့၊ ဤလက်အိတ်သည် သန့်ရှင်းစင်ကြယ်ခြင်း မရှိသော လက်များတွင် တည်လိမ့်မည်မဟုတ်"

ပီယာသည် ဤစကားကိုကြားသည်တွင် မိမိကိုယ်ကို မလုံမလဲဖြစ်လာသည်။ ပီယာသည် စိတ်နောက်လာကာ မျက်လုံးတွင် မျက်ရည်တွေဝဲလျက်ရှိရင်း မိမိ၏ ပတ်ဝန်းကျင်ကို မသက်မသာ ကြည့်မိသည်။ သို့ဖြင့် အတန်ကြာမျှ တိတ်ဆိတ်လျက်ရှိလေသည်။

ထိုအခိုက် ဂိုဏ်းဝင်တစ်ယောက်က ဂဏန်းများ ရေးခြယ်ထားသည့် အဝတ်ပိုင်းကလေးဆီသို့ ပီယာအား ခေါ်သွားကာ စာအုပ်တစ်အုပ်ကိုကောက်၍ ဖတ်လျက် အဝတ်ပိုင်းပေါ်မှ အရုပ်များအကြောင်းကို ရှင်းလင်းပြောပြနေသည်။ ၎င်းရုပ်ပုံများမှာ နေ၊ လ၊ တူ၊ ချိန်သီးကြိုး၊ သန်လျက်၊ ကျောက်ကြမ်းတစ်လုံး၊ ကျောက်ချောတစ်လုံး၊ တိုင်တစ်လုံး၊ ပြတင်းပေါက်သုံးပေါက် စသည်တို့၏ ရုပ်ပုံများဖြစ်၏။ ထို့နောက် ပီယာ့အတွက် နေရာတစ်နေရာ စီစဉ်ပေးကာ ဘုံအိမ်၏ အမှတ်အသားများ၊ စကားဝှက်များကို ရှင်းပြပြီးနောက် မိမိနေရာတွင် ထိုင်ခွင့်ပြုလေသည်။ ဆရာကြီးသည် ညီအစ်ကိုတော်ဂိုဏ်းသား၏ ဥပဒေစည်းကမ်းများကို ဖတ်ကြားပြနေသည်။ ဥပဒေစည်းကမ်းများမှာ ရှည်လျားလှသည့်ပြင် ပီယာမှာလည်း ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့ဖြင့် စိတ်လှုပ်ရှားလျက်ရှိသည့်အတွက် အချို့ ဥပဒေများကို ကောင်းစွာပင် နားမလည်လိုက်ချေ။ ဥပဒေ၏နောက်ဆုံးစာလုံးအချို့ကိုသာ မီလိုက်ကာ စိတ်ထဲတွင် မှတ်ထားလိုက်သည်။

"ကျွန်ုပ်တို့၏ ဘုံအိမ်များ၌ သုစရိုက်နှင့်ဒုစရိုက်ဟု ခွဲခြားထားခြင်းမှအပ အခြားမည်သည့်ခွဲခြားမှုမျိုးကိုမျှ အသိအမှတ်မပြု။ တန်းတူညီမျှရေးကို ပျက်ပြားစေသည့် ခွဲခြားမှုမျိုးကို ပြုလုပ်ခြင်းမရှိစေရန် သတိထားရမည်။ ငယ်သည် ကြီးသည် ဆင်းရဲသည် ချမ်းသာသည်မဟူ ဆင်းရဲ ဒုက္ခတွေ့သူကို အကူအညီပေးလေ၊ မတည်ကြည်သူကို ထိန်းသိမ်းလေ၊ လဲသူကို ထူလေ၊ ညီအစ်ကိုတော်များအား မလိုမုန်းထားခြင်း၊ ရန်ငြိုးဖွဲ့ခြင်းတို့မှ ရှောင်ကြဉ်လေ၊ ကြင်နာ၍ယဉ်ကျေးသိမ်မွေ့လေ၊ နှလုံးသားတိုင်း၌ ကောင်းမြတ်ခြင်း မီးလျှံကို ထွန်းညှိပေးလေ၊ မိမိ၏ ပျော်ရွှင်မှုကို အိမ်နီးချင်းအား ခွဲဝေပေးလေ၊ အိမ်နီးချင်းအား ခွဲဝေပေးခြင်းကြောင့်ဖြစ်ရသော သုခချမ်းသာ၏ သန့်ရှင်းစင်ကြယ်ခြင်းကို မနာလိုဝန်တိုခြင်းဖြင့် ညစ်ထေးစေခြင်း မပြုရန်


www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြဉ်လေ။ သင်၏ ရန်သူအား ခွင့်လွှတ်လေ၊ ရန်သူအား လက်စားချေခြင်းမပြုဘဲ ရန်သူ၏ ကောင်းကျိုးကို ဆောင်လေ။ ယင်းသို့သော အမြတ်ဆုံးတရားများကို လိုက်နာကျင့်ကြံခြင်းဖြင့် ဆုံးရှုံးခဲ့သော ဂုဏ်သိက္ခာတို့ကို သင်ပြန်လည်၍ ရပေအံ့"

ဆရာကြီးသည် ဩဝါဒပေးပြီး၍ ထိုင်ရာမှထကာ ပီယာကို ဖက်ယမ်းနမ်းရှုပ်ခြင်းပြုလေသည်။ ပီယာသည် ဝမ်းသာ၍ မျက်ရည်တွေလည်ရင်း ဘေးပတ်ပတ်လည်ကို ကြည့်လျက် မိမိအား ချီးကျူးကြ၊ နှုတ်ဆက်ကြသော မိတ်ဆွေရောင်းရင်းများကို မည်သို့ ပြန်ဖြေရမှန်းမသိအောင် ဖြစ်လျက်ရှိသည်။ ပီယာသည် ဤသူများအားလုံးကို သိကျွမ်းသူ မသိကျွမ်းသူဟု ခွဲခြားခြင်း မပြုနိုင်တော့ဘဲ ညီအစ်ကိုများသဖွယ် အောက်မေ့မိကာ ၎င်းတို့နှင့်အတူ လူ့လောကကြီး၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်လိုစိတ်များ ပြင်းထန်လျက် ရှိလေသည်။

ဆရာကြီးသည် သစ်သားရိုက်ဖြင့်ရိုက်၍ တိတ်ရန်အချက်ပေးလိုက်သည်။ ညီအစ်ကိုတော်ဂိုဏ်းဝင်များ အားလုံးသည် မိမိနေရာတွင် မိမိအသီးသီးထိုင်ကြကာ ၎င်းတို့အနက် တစ်ယောက်က မိမိကိုယ်ကိုမိမိနှိမ့်ချအပ်ကြောင်းဖြင့် ဩဝါဒစာတမ်းတစ်စောင်ကို ဖတ်ကြားပြပြန်သည်။

ဆရာကြီးက ဂိုဏ်းဝင်ခြင်းအခမ်းအနားပြီးဆုံးသည့် အထိမ်းအမှတ်ကို ပြုလုပ်ရန် အကြံပေးလိုက်သည်၌ အလှူခံဥပသကာဟုခေါ်သော နန်းတွင်းဆရာကြီးက ညီအစ်ကိုတော်များထံသို့လှည့်ကာ အလှူငွေကို ကောက်ခံလေသည်။ ပီယာသည် အခြားသူများထက်ပို၍ ထည့်လိုသော်လည်း ပစ္စည်းရှိသူဖြစ်၍ ဝါကြွားသည်အထင်ရောက်မည်စိုးသည့်အတွက် အခြားသူများကဲ့သို့ပင် ထည့်လိုက်၏။

သို့ဖြင့် ဂိုဏ်းဝင်ခြင်းအခမ်းအနား ပြီးဆုံးခြင်းသို့ ရောက်လေသည်။ စံအိမ်သို့ပြန်ရောက်သောအခါတွင်ကား ပီယာသည် နှစ်ပေါင်းများစွာကြာအောင် သွားရသော ဝေးလံလှသည့် ခရီးရှည်ကြီးတစ်ခုမှ ပြန်ရောက်လာသူကဲ့သို့ အပြောင်းလွဲကြီး ပြောင်းလွဲသွားကာ ယခင်က အပြုအမူ အကျင့်အကြံများသည်လည်း လုံးဝ ပျောက်ကွယ်သွားကြပေတော့သည်။

## အခန်း ၅

ညီအစ်ကိုတော်ဂိုဏ်းဝင်အဖြစ် ကျမ်းကျိန်ဆိုပြီး နောက်တစ်နေ့၌ ပီယာသည် မိမိ၏စံအိမ်တွင်ထိုင်ကာ စာအုပ်တစ်အုပ်ကိုဖတ်ရင်း ဘုရားသခင်၏ အမှတ်အသား ဖြစ်သော စတုရန်းလက္ခဏာ၏ အရေးကြီးပုံ၊ စိတ်နာမ်တရားများ၊ ရုပ်တရားများနှင့် နာမ်နှင့်ရုပ်တို့၏ ပေါင်းစည်းကြပုံတို့ကို တွေးတောလျက်ရှိလေသည်။ တစ်ခါတစ်ခါ၌လည်း ပီယာသည် စာအုပ်ကိုလည်းကောင်း၊ ရုပ်တရား နာမ်တရားများကိုလည်းကောင်း စဉ်းစားနေရာမှ မိမိ၏ အနာဂတ်ဘဝကို စိတ်ကူးလျက်ရှိလေသည်။ ယမန်နေ့ဘုံအိမ်တွင် ရောက်ခဲ့စဉ်က မိမိနှင့် ဒိုလိုကော့ဗ်တို့ ချိန်းသတ်သည့် သတင်းမှာ ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်ရွှေနားတော်သို့ ပေါက်ကြားသွားပြီဟု ကြားခဲ့ရလေရာ မိမိအဖို့ ပီတာစဘတ်ရွှေမြို့တော်မှ အမြန်ဆုံး ထွက်ခွာခြင်းသည် အကောင်းဆုံး ဖြစ်မည်ဟု ပီယာစိတ်ကူးမိသည်။ ပီယာသည် တောင်ပိုင်းဒေသရှိ မိမိ၏ပိုင်စားနယ်မြေများသို့ သွားရောက်ကာ ပိုင်စားနယ်မြေရှိ မြေကျွန်များ၏ ဘဝ အခြေအနေ ကောင်းမွန်တိုးတက်ရေးအတွက် ဆောင်ရွက်ရန် ရည်ရွယ်ထားလေသည်။ မိမိ၏ အနာဂတ်ဘဝကို ဤသို့တွေးတောစိတ်ကူးလျက်ရှိစဉ်၌ မိမိ၏ ယောက္ခမမင်းသားကြီး ဗာစီလီသည် ဧည့်ခန်းဆောင်ထဲသို့ ရုတ်တရက် ဝင်ရောက်လာလေသည်။

"ဘယ့်နှယ်လဲ တူတော်မောင်၊ မော်စကိုမှာဘာတွေ ဖြစ်ခဲ့ကြသလဲ၊ သမီးတော် ဟယ်လင်နဲ့ကော ဘာကြောင့် စိတ်အခန့်မသင့် ဖြစ်ခဲ့ကြတာလဲ ပြောစမ်းပါဦး၊ အင်း တူတော်မောင့်မှာလဲ သံသယစိတ်တွေ ပွားသည်ထက် ပွားနေပြီထင်တယ်"

မင်းသားကြီးဗာစီလီက ဝင်လာလျှင်လာချင်း ပြောလိုက်သည်။

"ဦးရီးတော်လဲ အကုန်ကြားပြီးပါပြီလေ၊ အမှန်ကတော့ ရေဝတီတွေရဲ့ရှေ့မှာ ခရစ်တော်ဟာ အပြစ်မရှိသလို တူတော်မောင်ရဲ့ရှေ့မှာလဲ သမီးတော်ဟာ အပြစ်မရှိပေဘူးလို့ ဦးရီးတော်ကတော့ ရဲရဲကြီး ပြောရဲသဗျ"

ပီယာသည် တစ်စုံတစ်ရာ ပြန်ပြောလိုက်မည်ပြု၏။ သို့ရာတွင် မင်းသားကြီးဗာစီလီက ဆက်၍—



www.burmeseclassic.com

www.burmeseclassic.com


"တကယ်ဆို စိတ်အခန့်မသင့်ကြရင်လဲ ဦးရီးတော် ဆီကိုလာပြီး ပွင့်ပွင့်လင်းလင်းပြောဖို့ ကောင်းတယ်ထင် သဗျ၊ ဦးရီးတော်လဲ ငယ်ရာက ကြီးလာသူဖြစ်လေတော့ ဒါမျိုးတွေကို နားလည်ပါတယ်၊ ခုတော့ တူတော်မောင်လုပ် ပုံက ကိုယ့်သိက္ခာကို တန်ဖိုးအထားလွန်ပြီး ကြက်ခေါင်း ဆိတ်မခံလောက်အောင် ဖြစ်နေလေတော့ ကျုပ်တို့ပါ အနေရကျပ်တဲ့အဖြစ်ကို ရောက်ကုန်ကြပြီဗျ၊ တူတော်မောင် စဉ်းစားကြည့်စမ်း၊ တူတော်မောင် ဒီလိုလုပ်လိုက်တဲ့အတွက် ကျုပ်ရော သမီးတော်ရော ပတ်ဝန်းကျင်အမြင်မှာ ဘယ်လို ဖြစ်ကုန်ပြီလဲ၊ ဒီကိစ္စဟာ ရွှေနန်းတော်ကြီးကိုလဲ ပေါက် ကြားသွားပြီ"

မင်းသားကြီးဗာစီလီသည် စကားကိုဖြတ်၍ ခေတ္တ ကြာမှ လေသံကလေးဖြင့် ဆက်၍ပြောလိုက်ပြန်သည်။

"ခု ကြည့်စမ်းပါဦး၊ သမီးတော်က မော်စကိုမှာ နေ တယ်၊ တူတော်မောင်က ပီတာစဘတ်ရွှေမြို့တော်မှာ လာနေတယ်၊ ကဲ လူမြင်လို့ ကောင်းနိုင်ဦးမလား တူတော် မောင်"

မင်းသားကြီးဗာစီလီသည် ၎င်း၏ထုံးစံအတိုင်း ပီယာ၏လက်များကိုကိုင်၍ အောက်သို့ဆွဲချလိုက်ပြီး

"စဉ်းစားပါ တူတော်မောင်၊ အမှန်ကတော့ လင်နဲ့ မယား လျှာနဲ့သွားဆိုတာလို တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်ရင် ဖြစ်တတ်တာမျိုးပေပဲ။ ခဏတစ်ဖြုတ် အထင်လွဲကြတာပေပဲ။ ဒါကို တူတော်မောင်လဲ ခုချိန် လောက်ဆိုရင် သဘောပေါက်လောက်ပြီလို့ ဦးရီးတော် ယူဆတယ်။ ကဲ တူတော်မောင် သမီးတော်ဆီကို စာ ဟစ်စောင်လောက် ရေးလိုက်ပါ၊ သမီးတော်ရောက်လာပြီး ကိစ္စတွေအားလုံး ရှင်းလင်းသွားပါလိမ့်မယ်၊ ဒီလိုမှမလုပ် ရင်တော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တဲ့ဘဝ ရောက်ပြီး နောက်ဆုံးတော့ တူတော်မောင်သာ စိတ်ဆင်း ရဲရလိမ့်ဆိုတာ ဦးရီးတော် ပြောချင်သဗျ"

မင်းသားကြီးဗာစီလီသည် ပီယာအား တစ်ချက်မျှ အကဲခတ်၍ ကြည့်လိုက်သည်။

"အင်မတန်ခိုင်လုံတဲ့ရပ်ကွက်က ဦးရီးတော်ကြားခဲ့ ရတဲ့အတိုင်းဆိုရင် ဒီကိစ္စကို ရွှေနန်းရှင်မယ်တော်ဖုရား ကိုယ်တိုင်ကလဲ သိပ်စိတ်ဝင်စားနေတယ်လို့ ကြားရတယ်။ ရွှေနန်းရှင်မယ်တော်ဖုရားက သမီးတော်ဟယ်လင်ကို ဘယ် ကလောက် မြတ်နိုးတော်မူတယ်ဆိုတာလဲ တူတော်မောင် အသိသားပဲ"

ပီယာသည် စကားပြောရန် အကြိမ်ပေါင်းများစွာ ကြိုးစားကြည့်သည်။ သို့ရာတွင် မင်းသားကြီးဗာစီလီက ကရားရေလွှတ် ပြောနေသည့်အတွက်ကြောင့်တစ်ကြောင်း၊ မိမိပြောမည့်စကားမှာလည်း ယောက္ခမမင်းသားကြီးနှင့် သဘောကွဲလွဲရမည့် ခါးခါးသီးသီးစကားမျိုး ဖြစ်နေသည့် အတွက်ကြောင့်တစ်ကြောင်း ပြောရန်မဝံ့ဘဲဖြစ်လျက် ရှိလေ သည်။ ထို့ပြင်လည်း မိမိတို့ညီအစ်ကိုတော်ဂိုဏ်း၏ စည်းကမ်းဖြစ်သော 'ကြင်နာသနား၍ ယဉ်ကျေးသိမ်မွေ့ လေ'ဆိုသည့် သိက္ခာပုဒ်ကို စောင့်ထိန်းနေရပေသေးသည်။ ပီယာသည် မျက်တောင်တဖျပ်ဖျပ်ခတ်လျက် မျက်နှာတွေ နီရဲကာ မတ်တတ်ထလိုက်ပြီး နောက်တစ်ဖန်ပြန်၍ ထိုင်လိုက်ပြန်သည်။ လူတစ်ယောက်၏ မျက်ခွက်ကို စေ့စေ့ကြည့်၍ ထိုသူမမျှော်လင့်သော ခါးခါးသီးသီးစကား မျိုးကို ပြောရခြင်းသည် ပီယာအဖို့ အခက်ခဲဆုံးအလုပ်ကြီး တစ်ခုဖြစ်သော်လည်း ပီယာသည် ထိုအခက်ခဲဆုံး အလုပ် ကို လုပ်ရန် ဖွတ်အတင်းကြိုးစားလျက်ရှိလေသည်။ ပီယာ မှာ မင်းသားကြီးဗာစီလီ၏ ဩဇာပေးခြင်းကို ခံနေကျဖြစ် သော်ငြား ဤအတိုင်းသာ ဘာမျှမပြောဘဲ ငုံ့ခံနေပါက ကြာလျှင် မိမိကိုယ်တိုင်ကပင် ပျော့သွားကာ ၎င်းဘက်ပါ တော့မည်ကို သတိပြုလိုက်မိသည်။ သို့ရာတွင် ယခုတစ် ကြိမ်၌ မိမိပါးစပ်က ထွက်လာမည့် စကားလုံးများမှာ မိမိ၏ အနာဂတ်ဘဝကြီးတစ်ခုလုံးကို ဆုံးဖြတ်မည့် စကားလုံးများဖြစ်ကြောင်းကိုလည်း တစ်ဖက်တွင် ပီယာ သတိထားမိသည်။ မိမိသည် ယခင်လမ်းဟောင်းသို့ ပြန် လိုက်မည်လော၊ သို့တည်းမဟုတ် ညီအစ်ကိုတော်ဂိုဏ်းဝင် များက ပြသခဲ့၍ မိမိကိုယ်တိုင်ကလည်း တွေ့လိမ့်မည်ဟု ရှင်းရှင်းပြတ်ပြတ်ကြီး ယုံကြည်လျက်ရှိသော ဘဝသစ်သို့ သွားရာလမ်းသစ်ကို လိုက်တော့မည်လော။ ယခုအချိန်တွင် ဤလမ်းနှစ်လမ်းအနက် တစ်လမ်းကို ရွေးချယ်ရတော့ မည်သာဖြစ်ပေသည်။

"ကဲ တူတော်မောင် တူတော်မောင်ကိုယ်တိုင် စာရေးရမှာကို ဝန်လေးနေရင်လဲ တူတော်မောင့်ပါးစပ်က သဘောတူတယ်ဆိုတာ တစ်ခွန်းတည်းပဲ ပြောလိုက်ပါ၊ ဦးရီးတော်ကိုယ်တိုင် သမီးတော်ဆီကို စာရေးလိုက်မယ်၊


www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို မြန်မြန်ပြီးပြတ်အောင်လုပ်မှ”

သို့ရာတွင် မင်းသားကြီးဗာစီလီက ဤသို့ခပ်သွက်သွက်ကလေးပြော၍ မဆုံးမီ ဒေါသကြီးသည့်နေရာတွင် ခမည်းတော် ဘီဇူးကော့ဗ်နှင့် ရိုးစွဲလိုက်သော ပီယာမှာ ဒေါသထွက်၍ လာခဲ့လေပြီ။ ပီယာသည် ယောက္ခမမင်းသားကြီးဗာစီလီကို မကြည့်ဘဲ ခပ်တိုးတိုးဖြင့်

“ဦးရီးတော်၊ ဦးရီးတော်ကို ကျွန်တော် ဖိတ်မန္တကပြုတာလဲ မဟုတ်ဘူး၊ ဒီတော့ ဦးရီးတော် ပြန်ကြွပါ၊ ကျေးဇူးပြုပြီး မြန်မြန်သွားရင် ကောင်းမယ်ထင်တယ်ခင်ဗျ” ပီယာသည် ထိုင်ရာမှ ရုတ်တရက် ထကာ မင်းသားကြီးဗာစီလီ ထွက်သွားရန် တံခါးဖွင့်ပေးလိုက်သည်။

“ခုထွက်သွားပါ ဦးရီးတော်”ပီယာသည် ကိုယ့်အဖြစ်ကိုအံ့သြလျက်ရှိရင်း အံ့သြထိတ်လန့်နေသည့် မင်းသားကြီးဗာစီလီကို မြင်ရသည့်အတွက်လည်း ဝမ်းသာလျက် ရှိလေသည်။

“ဘာဖြစ်တာလဲ တူတော်မောင်၊ တူတော်မောင် နေမကောင်းဘူးလား”

“ခုထွက်သွားပါ”ပီယာသည် အသံတုန်တုန်နှင့် အော်လိုက်သည်။ ဤသို့ဖြင့် မင်းသားကြီးဗာစီလီသည် ပီယာ့ထံမှ ရှင်းလင်းချက်တစ်စုံတစ်ရာမရတော့ဘဲ ထွက်လာခဲ့ရလေသည်။

ရက်သတ္တတစ်ပတ်အကြာတွင် ပီယာသည် မိမိ၏ ရောင်းရင်းမိတ်ဆွေများဖြစ်သော ညီအစ်ကိုတော် ဂိုဏ်းဝင်များကို နှုတ်ဆက်ကာ ညီအစ်ကိုတော်ဂိုဏ်း၏ ရန်ပုံငွေသို့ ငွေအမြောက်အမြားလှူဒါန်းခဲ့ပြီးနောက် မိမိပိုင်စားနယ်မြေများရှိရာ တောင်ပိုင်းဒေသသို့ ထွက်လာခဲ့လေသည်။ ပီတာစဘတ်ရွှေမြို့တော်ရှိ ဂိုဏ်းဝင်များက ကီယက်နှင့် အိုဒက်ဆာမြို့ရှိ ဂိုဏ်းဝင်များထံသို့ မိတ်ဆက်စာများ ရေးပေးလိုက်ကြကာ ပီယာ့ထံသို့ မကြာမကြာ စာရေးမည်ဖြစ်ကြောင်းနှင့်တကွ ပီယာ၏လုပ်ငန်းများကို နည်းပေးလမ်းပြ ပြုလုပ်မည်ဖြစ်ကြောင်းဖြင့် ကတိပေးလိုက်ကြလေသည်။

# အခန်း ၆

ပီယာနှင့်ဒိုလိုကော့ဗ်တို့ ချိန်းသတ်ကြသည့်ကိစ္စကို မိတ်ဆွေရောင်းရင်းများက ဖုံးဖုံးဖိဖိလျှို့ဝှက်ထားခဲ့ကြ၏။ ထိုအချိန်က ချိန်းသတ်ပွဲများကို ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်က ကြပ်တည်းစွာ တားမြစ်ထားသော်လည်း ပီယာနှင့် ဒိုလိုကော့ဗ်သည် လည်းကောင်း၊ ၎င်းတို့၏ လက်ထောက်များသည် လည်းကောင်း အပြစ်တစ်စုံတစ်ရာ မရခဲ့ကြချေ။ သို့ရာတွင် ပီယာနှင့် ဟယ်လင်မင်းသမီးကလေးတို့ ပြတ်ပြတ်စဲစဲ နေထိုင်လျက်ရှိခြင်းကို မြင်ရသည့်အခါ၌ကား ပီယာတို့၏ ချိန်းသတ်ပွဲမှာ မည်မျှလျှို့ဝှက်ထားသော်လည်း ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။ မြို့စားကြီး ဘီဇူးကော့ဗ်၏ ကိုဋိတံသားအဖြစ် ရှိခဲ့စဉ်က လူတကာ၏ အထင်သေးခြင်းကို ခံခဲ့ရသော ပီယာ၊ အမွေများကို ဆက်ခံရရှိပြီးနောက် သူကြွယ်တစ်ဦးဖြစ်လာ၍၊ ရုရှားနိုင်ငံတစ်ဝန်းတွင်‘မက်လုံး’ အကောင်းဆုံးသော သမက်လောင်းတစ်ယောက် ဖြစ်လာသောအခါ၌ သမီးရှင်များ၏ ဖူးဖူးမှုတ်ခြင်းကို ခံခဲ့ရသော ပီယာသည် အိမ်ထောင်ကျပြီးသည့်အခါတွင် မင်းစိုးရာဇာအသိုင်းအဝိုင်းမှ မြှောက်စားခြင်းနှင့် ကင်းဝေခဲ့ရပြန်လေသည်။ အိမ်ထောင်ကျပြီးသည့်နောက်၌ အရွယ်ရောက်ပြီး သမီးကညာများနှင့် သမီးရှင်ကတော်မယားများအဖို့ ပီယာ့ထံ၌ နောက်ထပ်မျှော်လင့်ဖွယ် မရှိရတော့ကား ဤသို့ ဝိုင်းပယ်ထားကြမည်မှာလည်း ဓမ္မတာသာ ဖြစ်ပေသည်။ ပီယာကိုယ်နှိုက်ကလည်း ၎င်းတို့၏ အရေးပေးခြင်းကို မည်သည့်အခါမျှ အလိုမရှိခဲ့။ ၎င်းတို့အရေးပေးခြင်းခံရအောင် မည်သို့လုပ်ရမည်ကိုလည်း မသိခဲ့ချေ။ ယခုမူကား အားလုံးကပင် ပီယာကိုဝိုင်း၍ အပြစ်ဖို့လျက်ရှိကြလေပြီ။ ပီယာသည် ရူးမတတ်မနာလိုတတ်သူ၊ ၎င်း၏ ဖခင်မြို့စားကြီးကဲ့သို့ တစ်ဆုံးတစ်ချက်လုပ်တတ်သူ၊ ဒေါသကြီးသူဟု ကဲ့ရဲ့လျက်ရှိကြလေပြီ။ သို့ရာတွင် ပီယာထွက်ခွာသွားပြီးနောက် ပီတာစဘတ်ရွှေမြို့တော်သို့ ပြန်ရောက်လာသော ဟယ်လင်မင်းသမီးကလေးကိုမူကား ခြောက်ပြစ်ကင်းတစ်ဦးသဖွယ် ကြိုဆိုခြင်းပြုကြရုံမျှမက ‘ခမျာကံဆိုးရှာပေသည်’ဟုပင် သနားကရုဏာသက်ခြင်း ဖြစ်ကြပေသေးသည်။ လောက၌ မာယာပရိယာယ် ကြွယ်လှသော မိန်းမများစွာတို့အနက် ထိုမာယာပရိယာယ်တို့ကို ဆောင်၍



www.burmeseclassic.com

www.burmeseclassic.com


သာနေကြသော်လည်း ၎င်းတို့၏အနက် အဓိပ္ပာယ်လေးနက်ခြင်းကို မသိသည့် မိန်းမမျိုးများရှိတတ်ကြသည်တွင် ဟယ်လင်မင်းသမီးကလေးမှာ ထိုသို့သော မိန်းမမျိုးတစ်ယောက် ဖြစ်လေသည်။ ဟယ်လင်မင်းသမီးကလေးသည် ၎င်း၏ ကြင်ရာတော်အကြောင်းကို စကားစပ်မိလာသည့်အခါတိုင်း မာယာပရိယာယ် ကြွယ်သူပီပီ 'မိမိမှာဘုရားသခင်၏ ငြိုငြင်ခြင်းကို ခံရသည့်အတွက် ပီယာလိုလင်မျိုးကို ရခြင်းဖြစ်သည်။ ထို့ကြောင့် မိမိ ဝဋ်ကြွေးကိုကြိတ်မှိတ်ခံတော့မည်'ဟူသော အသွင်မျိုးကို ဆောင်ထားလေ့ရှိပေသည်။

မင်းသားကြီးဗာစီလီကား ၎င်း၏ ထင်မြင်ချက်ကို ခပ်ဘွင်းဘွင်းပင်ပြောလေ့ရှိသည်။ ပီယာ့အကြောင်း စကားစပ်လာတိုင်း မင်းသားကြီးဗာစီလီသည် ပခုံးကိုတွန့်ကာနဖူးကို လက်ဖြင့် ထောက်လိုက်ရင်း

"စိတ်က ခပ်ကြောင်ကြောင်ပါလို့ ကျုပ်ပြောသားပဲ"ဟု ဆိုလေ့ရှိသည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာကမူ

"မှန်နန်းအပျိုတော်ကြီးတို့လဲ အစကတည်းကပြောခဲ့ပါတယ်၊ ဒီတုန်းက ဘယ်သူမှတောင် မပြောသေးပါဘူး၊ မှန်နန်းအပျိုတော်ကြီး ပထမဆုံးပြောတာပဲ၊ (မှန်နန်းအပျိုတော်ကြီးသည် ပထမဆုံးပြောကြောင်းကို အလေးအနက်ပြု၍ ပြောသည်။) ဒီသူငယ်ဟာ နဂိုကမှအစဉ်းစားဉာဏ်နည်းရတဲ့အထဲ ပျက်စီးနေတဲ့ခေတ် အယူအဆတွေ ဝင်နေပြန်တော့ ပိုဆိုးတော့တာပေါ့၊ အားလုံးကသူ့ကို အထင်ကြီးနေတဲ့ အချိန်ကတည်းက မှန်နန်းအပျိုတော်ကြီး ပြောခဲ့သားပဲ၊ မှတ်မိကြဦးမလား မသိဘူး၊ သူနိုင်ငံခြားက ပြန်ရောက်ခါစ မှန်နန်းအပျိုတော်ကြီးရဲ့ ညှော်ခံပွဲသဘင်မှာ ပြင်သစ်ဗိုလ်မှူးရတ်ရဲ့ ဂိုက်ဖမ်းနေကတည်းက သိပ်အကဲမရဘူးလို့ မှန်နန်းအပျိုတော်ကြီး ပြောခဲ့တာလေ၊ ခုတော့ ဘယ့်နှယ်ရှိစ၊ မှန်နန်းအပျိုတော်ကြီးကတော့ အဲဒီကတည်းက တူမတော် ဟယ်လင်ထိပ်ထားကလေးနဲ့ သဘောကို မတူခဲ့ဘူး၊ ဒီလို ဖြစ်လိမ့်မယ်လို့ တဖွဖွ ပြောခဲ့သားပဲ"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် အားလပ်သော ညနေများ၌ ယခင်ကကဲ့သို့ပင် ညှော်ခံပွဲများကျင်းပမြဲကျင်းပလျက်ရှိရာ (ဤသို့သော ညှော်ခံပွဲမျိုးကို စီစဉ်ကျင်းပရာတွင် မှန်နန်းအပျိုတော်ကြီးလောက် ဝါသနာကြီးသူရှိမည် မထင်ပါ။) မှန်နန်းအပျိုတော်ကြီး၏ စကားအတိုင်းဆိုရလျှင် 'အထက်တန်းကျသော မင်းစိုးရာဇာအပိုင်းမှ အဆီအနှစ်များ၊ ပီတာစဘတ်ရွှေမြို့တော်ရှိ ပညာရှိသုခမိန်တို့၏ အညွန့်အဖူး'များ လာရောက်စုဝေးတတ်ကြပေသည်။ မှန်နန်းအပျိုတော်ကြီး၏ ညှော်ခံပွဲသဘင်များမှာ ဤသို့ ဆန်ခါတင်လက်ရွေးစင်အညွန့်အဖူးများကြောင့်သာ ထင်ရှားသည် မဟုတ်သေး။ ညှော်ခံပွဲတစ်ကြိမ် ကျင်းပတိုင်း စိတ်ဝင်စားဖွယ်ကောင်း၍ အသစ်အဆန်းဖြစ်သော ညှော်သည်တစ်ယောက်ကို ပွဲထုတ်မိတ်ဆက်ပေးမြဲဖြစ်သည့်အပြင် ပီတာစဘတ် ရွှေနန်းတော်ကြီး၏ နိုင်ငံရေးပြဒါးတိုင်အတက်အကျကို ညွှန်ပြသောကြောင့်လည်း ထင်ရှားခြင်းဖြစ်ပေသည်။

၁၈၀၆–ခုနှစ်ကုန်ခါနီး၌ကား နပိုလီယန်သည် ဂျီနာနှင့် ဩစတတ်ရှိ ပရပ်ရှားတပ်များကို သုတ်သင်ချေမှုန်းလိုက်ပြီဖြစ်ကြောင်း၊ များစွာသော ပရပ်ရှားခံတပ်များသည်လည်း နပိုလီယန်လက်သို့ ကျဆုံးသွားပြီဖြစ်ကြောင်း စသည့် စိတ်မချမ်းမြေ့ဖွယ်သတင်းများသည် တောမီးပမာ ပျံ့နှံ့လျက်ရှိလေသည်။ ထိုအချိန်တွင် ရုရှားနှင့် နပိုလီယန်တို့၏ ဒုတိယစစ်ပွဲကြီးသည်လည်း စတင်ဖြစ်ပွားစပြုလာပြီဖြစ်လေသည်။ သို့ရာတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာမှာမူကား ၎င်း၏ ပြုမြဲထုံးစံအတိုင်း ညှော်ခံပွဲသဘင်တစ်ခုကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိလေသည်။ ဤတစ်ကြိမ် မင်းပွဲသဘင်သို့ ကြွရောက်လာကြသော 'မင်းစိုးရာဇာပိုင်း၏ အဆီအနှစ်များ'ထဲ၌ လင်၏ စွန့်ပစ်ခြင်းခံနေရသော ဟယ်လင်မင်းသမီးကလေး၊ ပြင်သစ်မြို့စားကလေး မော်တီမာ၊ ဗီယင်နာရွှေမြို့တော်မှ ပြန်လာသော ခပ်ပျော်ပျော်နေတတ်သည့် မင်းသားကလေးဟစ်ပိုလီတီ၊ သံတော်အရာရှိနှစ်ဦး၊ မှန်နန်းအပျိုတော်ကြီး၏ ဒွေးတော်ကြီး၊ ထိုနေ့မင်းပွဲ၌ 'သူမတူအောင် ထူးချွန်သော ပုဂ္ဂိုလ်'ဟု အသိအမှတ်ပြုခြင်းခံရသည့် လူရွယ်တစ်ဦး၊ မကြာမီကမှ ခန့်အပ်ခြင်းခံရသော မှန်နန်းအပျိုတော်တစ်ဦး၊ ၎င်း၏ မိခင်နှင့်တကွ ထိုသူများလောက်ထင်ရှားခြင်းမရှိသော အခြားပုဂ္ဂိုလ်များ ပါဝင်ကြလေသည်။

ထိုနေ့ညနေ ညှော်ခံပွဲတွင် မှန်နန်းအပျိုတော်ကြီး


www.burmeseclassic.com

www.burmeseclassic.com


အင်နာပါဗလိုနာက အသစ်အဆန်းအဖြစ် ပွဲထုတ်လာသူမှာ ပရပ်ရှားတပ်မတော်မှ ရုရှားရွှေနန်းတော်ကြီးကို အထူး စေတမန်တစ်ဦးအဖြစ် ရောက်ရှိလာ၍ အလွန်အရေးကြီး သော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ကိုယ်ရံတော်မိုလ်အဖြစ် အမှု ထမ်းလျက်ရှိသော ဘိုးရစ်စ် ဖြစ်ပေသတည်း။

ထိုနေ့ညနေ မင်းပွဲသို့ ကြွရောက်လာကြသော ရွှေ နန်းတော် အမှုထမ်းပုဂ္ဂိုလ်ကြီးများ၏ နိုင်ငံရေးပြဒါးတိုင် တွင်ပြနေသော အပူချိန်အမှတ်မှာ ဤသို့ဖြစ်၏။

"ဥရောပတိုက်မှာရှိကြတဲ့ ပြည့်ရှင်ကေရာဇ်များနှင့် တကွ စစ်သေနာပတိများက နပိုလီယန်ကို အားတက် သရော ထောက်ခံကြခြင်းအားဖြင့် ကျုပ်တို့ ခင်ဗျားတို့ တစ်တွေကို စိတ်နှလုံးမသာမယာဖြစ်ခြင်း၊ အရှက်တကွဲ အကျိုးနည်းခြင်းတို့ဖြစ်အောင် ဘယ်လိုပဲလုပ်ကြပေမဲ့ ဘိုနာပတ်အပေါ် ကျုပ်တို့ရဲ့ သဘောထားကိုတော့ ပြောင်းနိုင်မယ် မဟုတ်ပေဘူးဗျ၊ ဘိုနာပတ်နဲ့ ပတ်သက်လို့ ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ ရိုးသားသော ထင်မြင်ချက်များ ကိုတော့ ပြောမြဲ ပြောရလိမ့်မယ်။ ဘိုနာပတ်ကို ထောက်ခံ ကြတဲ့ ပရပ်ရှားပြည့်ရှင် ကေရာဇ်နှင့်တကွ အခြားသော ဥရောပပြည့်ရှင် ကေရာဇ်တွေကိုလဲ မော်လျှဲရဲ့ ပြဇာတ်ထဲက စကားလို 'တူသောအမှုကိုပြုရင် တူသောအကျိုးကို ပေးလိမ့် မယ်'လို့ပဲ ပြောပြရုံရှိတော့သဗျ။ ဘိုနာပတ်အကြောင်း ကျုပ်ပြောတဲ့ စကားကိုမယုံရင် သင်းတို့တစ်တွေ ကိုယ်တွေ့ ကြုံတော့ သိကြပေမှာပဗျာ၊ ဟုတ်တဲ့"

အသစ်အဆန်းအဖြစ် ပွဲထုတ်ခြင်းခံရမည့် ဘိုးရစ်စ် ညှို့ခန်းဆောင်ထဲသို့ ဝင်လာသည့်အခါ၌ ကြွရောက်လာ သော မင်းပရိသတ်များသည် စုဝေးလာကြကာ မှန်နန်းအပျို တော်ကြီး အင်နာပါဗလိုနာခေါင်းဆောင်သည့် စကားဝိုင်း သည်လည်း ရုရှားနှင့်ဩစတြီးယားနိုင်ငံတို့၏ သံတမန် ဆက်ဆံရေးကိစ္စ၊ ရုရှားနှင့်ဩစတြီးယားနိုင်ငံတို့၏ မဟာမိတ်အဖြစ် ရွှေလမ်းငွေလမ်းဖောက်ရေးကိစ္စများသို့ ရောက်သွား ကြလေသည်။

ဘိုးရစ်စ်မှာ ယခင်ကထက် ယောကျ်ားပီသကာ နပျိုလန်းဆတ်၍ နှင်းဆီသွေးတောက်နေသော မျက်နှာတွင် ခံ့ညားသော ဣန္ဒြေကို ဆောင်လျက်ရှိ၏။ ဘိုးရစ်စ်သည် ကိုယ်ရံတော်တပ်မိုလ်တစ်ယောက်၏ ဝတ်စုံကို ဝတ်ဆင် ကာ ညှို့ခန်းဆောင်ထဲသို့ ဣန္ဒြေရရ ဝင်ရောက်လာလေ သည်။ မှန်နန်းအပျိုတော်ကြီးသည် ဘိုးရစ်စ်အား ဒွေး တော်ကြီးထံသို့ ခေါ်သွား၍ နှုတ်ဆက်စေပြီးနောက်မှာ မင်းပရိသတ်အလယ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် အရေရှုံ့တွလျက်ရှိပြီဖြစ်သော မိမိလက်ကို ဘိုးရစ်စ်ထံသို့ ကမ်းပေး၍ နမ်းရှုပ်နှုတ်ဆက်စေပြီးနောက် ဘိုးရစ်စ် မသိသေးသူ အသီးသီး၏ ဂုဏ်ပုဒ်များကို နားနားသို့ကပ်၍ တီးတိုးပြောဆို မိတ်ဆက်ပေးလေသည်။

"သူက မင်းသားကလေး ဟစ်ပိုလီတီကူရာဂင်တဲ့၊ အင်မတန် ချစ်စရာကောင်းတဲ့ မင်းသားကလေးတစ်ပါး ပဲကွယ်၊ သူကတော့ ကိုပင်ဟောဂင်ရွှေနန်းတော်ကြီးရဲ့ သံတော်မှူးမစ္စတာကရှုန့်တဲ့၊ အင်မတန် ဉာဏ်အမြော် အမြင်ကြီးမားတဲ့ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ့။ သူကတော့ မစ္စတာ ရှတော့တဲ့၊ သူမတူအောင် ထူးချွန်တဲ့လူငယ်တစ်ဦးဆိုပါစို့ ကွယ်"

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ကူညီ စောင်မခြင်းကြောင့်လည်းကောင်း၊ မိမိကိုယ်နှိုက်က ထို အလုပ်မျိုးကို ခုံမင်အထင်ကြီးခြင်းကြောင့်လည်းကောင်း၊ မိမိ၏ ပါးနပ်လိမ္မာမှုကြောင့်လည်းကောင်း၊ ယခုအချိန်၌ ဘိုးရစ်စ်မှာ ၎င်းမျှော်လင့်တောင့်တခဲ့သော ရာထူးကို ရရှိခဲ့လေပြီ။ ထိုရာထူးမှာ အရေးကြီးသော ပုဂ္ဂိုလ်ကြီးတစ်ဦး ၏ ကိုယ်ရံတော်မိုလ်ရာထူး ဖြစ်လေသည်။ ဘိုးရစ်စ်သည် ပရပ်ရှားရွှေနန်းတော်ကြီးသို့ အရေးကြီးသော ကိစ္စတစ်ခုဖြင့် စေလွှတ်ခြင်းခံရပြီးနောက် အပြန်တွင်လည်း ဗီတာစဘတ် ရွှေမြို့တော်သို့ အထူးစေတမန်အဖြစ် စေလွှတ်ခြင်း ခံခဲ့ရပြန်သည်။ ဘိုးရစ်စ်သည် 'စာရွက်ပေါ်တွင်ရေးဆွဲ ပြဋ္ဌာန်းထားခြင်းမရှိသည့် ဥပဒေ'၏ ထိရောက်ပုံကို အို လမွတ်တွင် မြင်ခဲ့ရပြီးကတည်းက လွန်စွာ သဘောကျ လျက်ရှိလေသည်။ 'စာရွက်ပေါ်တွင် ရေးဆွဲပြဋ္ဌာန်းထား သည့် ဥပဒေ'အရ အလံကိုင်မိုလ်ကလေးတစ်ယောက်သည် မိုလ်ချုပ်ကြီးတစ်ဦးထက် တန်ခိုးကြီးသော အဖြစ်သို့ ရောက်နိုင်ပေသည်။ ရာထူးဌာနန္တရ တိုးတက်ရေးအတွက် ထို'ဥပဒေ'အရ လိုအပ်သော အရည်အချင်းမှာလည်း အလုပ်ကြိုးစားခြင်း၊ သူရသတ္တိပြည့်စုံခြင်း၊ ဖွဲ့ကောင်းခြင်း စသည့် အရည်အချင်းများ မဟုတ်ဘဲ ရာထူးတိုးပေးနိုင်မည့် အထက်လူကြီးကို 'ဖား'တတ်ခြင်းဟူသော အရည်အချင်းမျှ


www.burmeseclassic.com

www.burmeseclassic.com


သာ ဖြစ်လေသည်။ ဘိုးရစ်စ်သည် ဤ'ဥပဒေ'၏သဘောကို လွန်စွာကျေနပ်ခဲ့သည့်အလျောက် ထိုစဉ်မှစ၍ တစ်သမတ်တည်း လိုက်နာကျင့်သုံးခဲ့ရာ ယခုအချိန်၌ကား ထို'ဥပဒေ'ကို နှောကျေလျက်ရှိလေပြီ။ ဘိုးရစ်စ်သည် တစ်ခါတစ်ရံ၌ ဤမျှလျင်မြန်စွာ ရာထူးတိုးလာခြင်းကိုပင် မိမိဘာသာ မိမိအံ့အားသင့်လျက်ရှိကာ ဤ'ဥပဒေ'များကို နားမလည်ရှာသူများကိုလည်း သနားသလို ဖြစ်မိသေးသည်။ ဤသို့ 'ပညာသစ်'တိုးလျက်ရှိခြင်းကြောင့် ယခုအချိန်တွင် ဘိုးရစ်စ်၏ ပြုမူပြောဆိုပုံ၊ မိတ်ဆွေရောင်းရင်းဟောင်းများနှင့် ဆက်ဆံပုံ၊ ရှေ့ရေးအတွက် ကြံစည်စိတ်ကူးပုံတို့မှာ လုံးဝပြောင်းလွဲသွားခဲ့လေပြီ။ ဘိုးရစ်စ်သည် ကုံလုံကြွယ်ဝ သူတစ်ယောက်မဟုတ်သည့်တိုင် ရှိစုမဲ့စုငွေကလေးကို ကျစ်လျစ်သုံးစွဲကာ သားနားခံ့ထည်စွာ ဝတ်ဆင်လေ့ရှိသည်။

အခြားပျော်မှုပါးမှုများကို ခြိုးခြံကာ ပီတာစဘတ်ရွှေမြို့တော်လမ်းမများပေါ်တွင် ဝတ်စုံအဟောင်းကြီးနှင့်သော်လည်းကောင်း၊ ခပ်နွမ်းနွမ်း အဆင်အပြင်နှင့်သော်လည်းကောင်း အမြင်ခံရဖူးသည်ဟု မရှိရလေအောင် အထူးဂရု စိုက်လေ့ရှိသည်။ ပေါင်းသင်းဆက်ဆံရေး၌လည်း မိမိအတွက် အသုံးချ၍ရနိုင်မည့် မိမိထက် ဂုဏ်အဆင့်အတန်း ကြီးမြင့်သူတို့ကိုသာရွေး၍ ပေါင်းသင်းလေ့ရှိသည်။ ဘိုးရစ်စ်သည် မော်စကို ကိုစက်ဆုပ်ကာ ပီတာစဘတ်ရွှေမြို့တော်ကို နှစ်သက်လျက်ရှိလေပြီ။ မော်စကိုမှ မြို့စားကြီးရော့ စတော့ဗ်တို့ မိသားစုများနှင့်တကွ ငယ်ငယ်ရွယ်ရွယ် ရှုးတုန်းမိုက်တုန်း နာတာရှာအား ကလေးချစ် ချစ်ခဲ့မိပုံကိုလည်း တစ်ခါတစ်ရံ ယောင်၍တွေးမိသည်ကိုပင် 'သန' သည်ဟု ထင်လျက်ရှိလေပြီ။ ဘိုးရစ်စ်သည် စစ်မြေသို့ ထွက်လာသည့်အချိန်မှစ၍ ယခုအချိန်အထိ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစုများနှင့်လည်း မတွေ့တော့ချေ။ ယခုကဲ့သို့ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဧည့်ခန်း ခန်းဆောင်ထဲသို့ ရောက်ရခြင်းသည် မိမိ၏ ရာထူးရာခံ တိုးတက်ရေးအတွက် အရေးကြီးသော ခြေလှမ်းကြီးတစ်လှမ်းဖြစ်သည်ဟု ဘိုးရစ်စ်ထင်မိသည်။ ဘိုးရစ်စ်သည် မှန်နန်းအပျိုတော်ကြီး၏ မင်းပွဲသဘင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မိမိအဖို့ မည်သည့်အနေအထားမျိုး ယူရမည်ကို ချက်ချင်းသဘောပေါက်ကာ မှန်နန်းအပျိုတော်ကြီး၏ စိတ်ဝင်စားမည့် ကိစ္စမှန်သမျှကို ရွေးချယ်ပြောဆိုလျက်ရှိရာမှ တစ်ဦးစီ၏မျက်နှာကို သေချာစွာ အကဲခတ်ကြည့်ရင်း မည်သူ့အား ရင်းနှီးစွာပေါင်းသင်းရသော်ကောင်းမည်၊ မည်သူ့ကို ပေါင်းသင်းခြင်းအားဖြင့် မည်သည့်အကျိုးကျေးဇူးများကို ရနိုင်မည်စသဖြင့် ဂဏန်းတွက်လျက်ရှိပေသည်။ ဘိုးရစ်စ်သည် လှပချောမွေ့သော ဟယ်လင်မင်းသမီးကလေး၏ဘေးရှိ မိမိအား ညွှန်ပြသည့် နေရာတွင် ဝင်ထိုင်လိုက်ကာ ဧည့်သည်တော်များ၏ စကားများကို နားထောင်လျက်ရှိလေသည်။

"စစ်ပြေငြိမ်းရေးနဲ့ ပတ်သက်လို့ တင်ပြထားတဲ့ စာချုပ်ပါ အခြေခံအချက်များကို ဘိုနာပတ်က လက်ခံဖွယ်မရှိဘူးလို့ မဟာမိတ် ဗီယင်နာလွှတ်တော်ကြီးက ယူဆထားတယ်ခင်ဗျ၊ ဒါတွင်မကဘူး၊ ကျွန်တော်တို့ မဟာမိတ်များဘက်က မည်မျှပင် အရေးသာနေစေကာမူ ဘိုနာပတ်ဟာ ဒီစာချုပ်ပါ အချက်တွေကို ပယ်ချလိမ့်မယ်လို့လဲ ဗီယင်နာလွှတ်တော်ကြီးက ယူဆထားပြန်သေးတယ်၊ အဲ–ပြီးတော့ ဒီစာချုပ်ကို ဘယ်လိုအကောင်အထည် ဖော်မလဲဆိုတဲ့ နည်းလမ်းများ ဖြစ်နိုင်မဖြစ်နိုင်ကိုလဲ များစွာသံသယရှိတယ်လို့ ဆိုတယ်ခင်ဗျ၊ ဗီယင်နာလွှတ်တော်ကြီးက ထုတ်ပြန်တဲ့ အမိန့်ပြန်တမ်းမှာ ဒီလို အတိအလင်းဆိုထားတယ်" ဒင်းမတ်ရွှေနန်းရှင်၏ သံတော်မှူးက ပြောလိုက်သည်။

"သံသယရှိတယ်ဆိုတဲ့ စကားကတော့ ကြားကောင်းအောင် သုံးတာဖြစ်ပါလိမ့်မယ်ဗျာ"ဟု 'ဉာဏ်အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်ကြီး'က သိမ်မွေ့နူးညံ့စွာ ပြုံး၍ ပြောလိုက်၏။

"တစ်ခုတော့ရှိတယ်ခင်ဗျ၊ ဗီယင်နာလွှတ်တော်ကြီးနဲ့ ဗီယင်နာရွှေလွှတ်တော်ကြီးကိုတော့ ရောထွေးကြည့်လို့ မဖြစ်ပေဘူး"ပြင်သစ်မြို့စားကလေး မော်တီမာက ပြော လိုက်သည်။ "ခုသဘောထားက လွှတ်တော်ကြီးရဲ့ သဘောထားသာ ဖြစ်တယ်၊ ကျွန်တော့်အထင်တော့ ဗီယင်နာ ရွှေနန်းရှင်က ဒီသဘောထားမျိုး ထားလိမ့်မယ်လို့ မထင်မိဘူး"

"အို ထင်လိုက်လေ မြို့စားလေးရယ်"မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာကဝင်ပြောလိုက်သည်။ "ဥရောပဟာ (ဤနေရာ၌ မှန်နန်းအပျိုတော်ကြီးသည် ပြင်သစ်


www.burmeseclassic.com

www.burmeseclassic.com



လူမျိုးများနှင့် စကားပြောသည့်အခါတွင် သုံးစွဲလေ့ရှိသည့် အထက်တန်းကျသော ပြင်သစ်အသံထွက်ဖြင့် ပြောလိုက်သည်။) ဥရောပဟာ ဘယ်နည်းနဲ့မှ မှန်နန်းအပျိုတော်ကြီးတို့ရဲ့ သစ္စာရှိသော မဟာမိတ် မဖြစ်နိုင်ပေဘူး မြို့စားလေးရဲ့"

ထို့နောက်၌ကား မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ဘိုးရစ်စ်အား စကားဝိုင်းထဲသို့ ဝင်လာနိုင်စေရန် လမ်းခင်းသည့်အနေဖြင့် ပရပ်ရှားပြည့်ရှင် ဧကရာဇ်ဘုရင်မင်းမြတ်၏ ရဲစွမ်းသတ္တိရှိပုံ၊ ခိုင်မာပြတ်သားပုံတို့ကို ချီးမြှောက်ပြောဆိုလျက် ရှိလေသည်။

ဘိုးရစ်စ်သည် အသီးသီးပြောနေကြသည့် စကားများကို စူးစိုက်နားထောင်ကာ မိမိဝင်ပြောနိုင်မည့်အလှည့်ကို စောင့်လျက်ရှိသော်လည်း မိမိ၏အနီးကပ်၍ ထိုင်နေသူ လှပချောမွေ့သော ဟယ်လင်မင်းသမီးကလေးကိုသာ မကြာခဏ လှည့်ကြည့်လျက်ရှိလေသည်။ ဟယ်လင်မင်းသမီးကလေး၏ မျက်လုံးများကလည်း ချောမွေ့ခံ့ညားသော ကိုယ်ရံတော်ဗိုလ်ကလေး ဘိုးရစ်စ်၏ မျက်လုံးများကို အပြုံးဖြင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံလျက်ရှိလေသည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ပရပ်ရှားနိုင်ငံ၏ အခြေအနေကို ပြောပြလျက်ရှိရာမှ ဤအချိန်သည်ကား ဘိုးရစ်စ်ကို 'ပွဲထုတ်'ရန် အချိန်ကောင်းဖြစ်သည်ဟုယူဆကာ ပရပ်ရှားရွှေနန်းရှင်ထံသို့ ဝင်ရောက်ခစားခဲ့ပုံများနှင့်တကွ ပရပ်ရှားတပ်မတော်၏ အခြေအနေအရပ်ရပ်တို့ကို ပြောပြပါရန် ဘိုးရစ်စ်ကို လှမ်း၍ပြောလိုက်၏။ သို့ရာတွင် မှန်နန်းအပျိုတော်ကြီး၏ဟန်မှာ ဘိုးရစ်စ်အား တမင် 'ပွဲထုတ်'လိုသောကြောင့် ပြောလေဟန်မပေါက်ဘဲ စကားစပ်မိ၍ပြောသကဲ့သို့ လွန်စွာ သဘာဝကျလှပေသည်။ ဤတွင် ဘိုးရစ်စ်ကလည်း စကားလုံးတစ်လုံးတစ်လုံးကို သေချာစွာ စဉ်းစားချင့်ချိန်ပြီးမှ ပြောသည့်ပုံမျိုးဖြင့် ပရပ်ရှားရွှေနန်းတော်ကြီးနှင့်တကွ ပရပ်ရှားတပ်မတော်ကြီးနှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ် အချက်အလက်များကို မိမိ၏ ကိုယ်ပိုင်ထင်မြင်ချက်များ မပါစေရအောင် အထူးသတိထားရှောင်ကွင်းကာ ချောမွေ့သော ပြင်သစ်စကားစစ်စစ်ဖြင့် အသေးစိတ်ပြောပြလျက်ရှိလေသည်။ မင်းပရိသတ်များကလည်း ဘိုးရစ်စ်၏စကားကို အထူးအာရုံစိုက် နားထောင်လျက်ရှိကြ၏။ မှန်နန်းအပျိုတော်ကြီးမှာကား မိမိပွဲထုတ်ပေးသော 'အသစ်အဆန်း'ကို မင်းပရိသတ်များက ကျေနပ်ရွှင်လန်းစွာ လက်ခံကြပေသည်ဟု ကျေနပ်လျက်ရှိပေပြီ။ ဟယ်လင်မင်းသမီးကလေးသည် ဘိုးရစ်စ်၏စကားများကို အများတကာထက်ထူး၍ စိတ်ဝင်စားဟန်ပြလျက်ရှိ၏။ တစ်ချက်တစ်ချက်၌လည်း ခရီးလမ်းပန်းအကြောင်းကို လည်းကောင်း၊ ပရပ်ရှားတပ်မတော်ကြီး၏ အခြေအနေကို လည်းကောင်း၊ ဝင်ရောက်မေးမြန်းခြင်း ပြုတတ်၏။ ဘိုးရစ်စ်စကားဆုံးသွားသည့်အခါတွင်မူ ဟယ်လင်မင်းသမီးကလေးသည် ပြုံးနေကျအပြုံးဖြင့် ဘိုးရစ်စ်ကို လှည့်ကြည့်လိုက်သည်။

"ဒီက ဗိုလ်လေးတော့ ထိပ်ထားကို မပျက်မကွက် လာတွေ့မှဖြစ်မယ်နော်၊ ဒါပဲ"ဟယ်လင်မင်းသမီးကလေးက ပြောလိုက်၏။ ၎င်း၏ လေသံမှာ လာတွေ့ရမည့်အကြောင်းရင်းကို ယခုမပြောနိုင်သေးဟု ဆိုလိုသောအသံမျိုးဖြစ်၏။

"လာမယ့်အင်္ဂါနေ့ ရှစ်ချက်တီးနဲ့ ကိုးချက်တီးကြားမှာ လာဖြစ်အောင် လာရမယ်နော်"

ဘိုးရစ်စ်က ဟယ်လင်မင်းသမီးကလေးဆန္ဒအတိုင်း မပျက်မကွက် လာရောက်မည်ဖြစ်ကြောင်း ကတိပေးပြီးနောက် တစ်စုံတစ်ရာ ဆက်လက်ပြောဆိုရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက် မှန်နန်းအပျိုတော်ကြီးက ဒွေးတော်ကြီးက တွေ့လိုသည်ဆိုကာ ဘိုးရစ်စ်ကို လက်တို့၍ ခပ်လှမ်းလှမ်းသို့ ခေါ်လာခဲ့လေသည်။

"တူတော်မောင် သူ့ကြင်ရာတော်ကို သိသလား"

မှန်နန်းအပျိုတော်ကြီးသည် လွန်စွာစိတ်မကောင်းဟန်ဖြင့် မျက်လုံးများကို မှိတ်လျက် ဟယ်လင်မင်းသမီးကလေးကို ညွှန်ပြ၍မေးလိုက်သည်၊ "ခမျာ ရုပ်ကလေး ချောသလောက် ကံဆိုးရှာပေတယ်၊ သူ့ကြင်ရာတော်အကြောင်းကိုများ သူ့ရှေ့မှာ သွားမပြောလိုက်နဲ့နော်၊ ဒီအကြောင်းပြောတိုင်း သူ့ခမျာ စိတ်ထိခိုက်ရရှာပါတယ်ကွယ်၊ ဒီအကြောင်းကိုတော့ သွားမပြောလိုက်ပါနဲ့"

## အခန်း ၇

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာနှင့် ဘိုးရစ်စ်တို့ မင်းပရိသတ်ဝိုင်းသို့ ပြန်လာသည့်အချိန်တွင် မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဟစ်ပိုလီတီသည် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် စကားပြော လျက်ရှိလေသည်။ မင်းသားကလေး ဟစ်ပိုလီတီသည် လက်တင်ထိုင်ဖုံပေါ်တွင် ထိုင်လျက် ကိုယ်ကို ရှေ့သို့ညွတ်ရင်း "ပရပ်ရှားဘုရင်မင်းမြတ်တဲ့ဗျာတို့၊ ပရပ်ရှားဘုရင်မင်းမြတ်တဲ့"*ဟု ပြင်သစ်ဘာသာစကားဖြင့် ရွတ်ဆိုကာ ရယ်မောလိုက်သည်တွင် အားလုံးက ၎င်းကို လှမ်းကြည့်လိုက်ကြသည်။

"ပရပ်ရှားဘုရင်မင်းမြတ် ဟုတ်စ"ဟစ်ပိုလီတီက ထပ်၍မေးလိုက်ပြီး ရယ်ပြန်သည်။ ထိုနောက်မှ မျက်နှာပိုးသတ်၍ ထိုင်ဖုံကိုမှီ၍ ထိုင်လိုက်သည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာသည် ဟစ်ပိုလီတီ နောက်ထပ် ဘာပြောဦးမည်နည်းဟု စောင့်ကြည့်နေသေးသည်။ သို့ရာတွင် မင်းသားကလေး ဟစ်ပိုလီတီကား ဘာမျှမပြောတော့ဟု ဆုံးဖြတ်ထားသကဲ့သို့ ငြိမ်သွားတော့မှ မှန်နန်းအပျိုတော်ကြီးသည် ပေါ့စဒမ်တွင် ကြောင်သူတော် နပိုလီယန်က သူ့ရဲကောင်း ပရပ်ရှားဘုရင် ဖရက်ဒရစ်၏ ရွှေဓားလွယ်ကို မည်သို့ခိုးယူသွားကြောင်းကို ပြောပြလျက် ရှိလေသည်။

"မှန်နန်းအပျိုတော်ကြီးကိုယ်တိုင် အဲဒီပရပ်ရှား ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ရွှေဓားလွယ်ကို"

မှန်နန်းအပျိုတော်ကြီးက စကားပြန်၍ အဆက်လိုက်တွင် ဟစ်ပိုလီတီသည် ရုတ်တရက်ကြားဖြတ်၍ "ပရပ်ရှားဘုရင်မင်းမြတ်တဲ့ဗျာတို့၊ ပရပ်ရှားဘုရင်မင်းမြတ်တဲ့"ဟု ဝင်ဖောက်လိုက်လေရာ အားလုံး ၎င်းကို လှည့်ကြည့်လိုက် ကြပြန်သည်။ ထိုအခါ၌ ဟစ်ပိုလီတီသည် ခွင့်လွှတ်ရန် တောင်းပန်ကာ ငြိမ်သက်သွားပြန်သည်။

မှန်နန်းအပျိုတော်ကြီးကား မျက်မှောင်ကုတ်လျက် ရှိပေပြီ။ ဟစ်ပိုလီတီ၏ ရောင်းရင်း ပြင်သစ်မြို့စားကလေး မော်တီမာသည် ဟစ်ပိုလီတီ၏ဘက်သို့လှည့်၍ ခပ်ပြတ်ပြတ်ဖြင့်

"ဘာလဲဗျ ရောင်းရင်းရ 'ပရပ်ရှားဘုရင်မင်းမြတ်၊ ပရပ်ရှားဘုရင်မင်းမြတ်'နဲ့ ခင်ဗျားစကားက အရင်းမရှိ အဖျားမရှိ"

ဟစ်ပိုလီတီသည် ရယ်ရမည်ကို ရှက်လေဟန်ဖြင့် မပွင့်တပွင့် ရယ်လိုက်ကာ

"အို ဘာမှမဟုတ်ပါဘူးဗျာ၊ ပြောချင်တာလေး တစ်ခုရှိနေလို့ပါ။ (ဟစ်ပိုလီတီသည် ဗီယင်နာရွှေမြို့တော်တွင် ရှိစဉ်က ကြားခဲ့ဖူးသည့် ပြက်လုံးကလေးတစ်ခုကို ဖောက်သည်ချလိုသဖြင့် တစ်ညနေလုံး အခွင့်အရေးကိုသာ စောင့်နေခဲ့သည်။) ကျွန်တော် ပြောချင်တာကတော့ ဘာမဟုတ်တဲ့ ပရပ်ရှားဘုရင်မင်းမြတ်အတွက် စစ်ထဲ ကျွန်တော်တို့ ဝင်တိုက်ပေးရမယ်ဆိုတာဟာ မမှန်ဘူး ထင်တယ်ဗျ"

ဘိုးရစ်စ်က ဟစ်ပိုလီတီထုတ်လိုက်သော ပြက်လုံးကို နားလည်သည့်ဟန်ဖြင့် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ အခြားသူများကား ရယ်မောလျက် ရှိသည်။

"အို တူတော်မောင်၊တူတော်မောင်ရဲ့ ပြက်လုံးက ရယ်စရာကောင်းပေမဲ့ တစ်ဖက်သားကို မညှာမတာပြောရာ ရောက်လွန်းလှသကွယ်"မှန်နန်းအပျိုတော်ကြီးက ရှုံ့တွနေပြီဖြစ်သော လက်ညှိုးသေးသေးကလေးကိုထောင်၍ ပြောလိုက်သည်။

"ခု မှန်နန်းအပျိုတော်ကြီးတို့ စစ်ထဲဝင်တိုက်ရတာဟာ ပရပ်ရှားဘုရင်မင်းမြတ်အတွက် တိုက်တာမဟုတ်ဘဲ မှန်ကန်မွန်မြတ်တဲ့ အခြေခံတရားတွေအတွက် တိုက်ရတာကပဲ တူတော်မောင်ရဲ့၊ တူတော်မောင်ဟာ ကြုံကြုံဖန်ဖန် ပြောတတ်တယ်၊ သတိထားနော်"

ထိုနေ့ညနေမင်းပွဲသဘင်စကားမှာ အမျှင်ပြတ်သည်ဟူ၍မရှိဘဲ အထူးအားဖြင့် တိုင်းရေးပြည်ရေးကိစ္စများတွင် ဝဲလည်လျက်ရှိပေသည်။ မင်းပွဲသဘင်ပြီးဆုံးခါနီးတွင် ရွှေနန်းရှင်ဘုရားက ချီးမြှင့်သော ဆုတော်တံဆိပ်တော်များ အကြောင်းသို့ ရောက်သွားသည့်အခါတွင်မူကား စကားဝိုင်းသည် ပို၍ စိုပြည်အသက်ဝင်လာသည်။

"ဒီမှာ ရောင်းရင်းတို့ ...ကဖြင့် ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်ရဲ့ ရုပ်ပုံတော် ထုထားတဲ့ ရွှေရှုဆေးဘူးတစ်ဘူး ချီးမြှင့်ခြင်းခံရတယ်ဆိုပါကလားဗျ။ သူတောင်ရရင် ကျုပ်တို့ ရောင်းရင်းကြီးကော ဒီလိုဘွဲ့ထူး ဂုဏ်ထူးမျိုးကို ဘာကြောင့် မရရမှာလဲ"ဟု အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်ကြီးကပြောလိုက်သည်။

"တဆိတ်ခင်ဗျာ၊ ရွှေနန်းရှင်ဘုရားရဲ့ ရုပ်ပုံတော်

* "ပရပ်ရှားဘုရင်မင်းမြတ်"ဆိုသော စကားလုံးမှာ ပြင်သစ်ဝေလေ့သုံးစကားဖြစ်၍ "အဖိုးမတန်သော အရာအတွက် ဒုက္ခခံသည်"ဟု အဓိပ္ပာယ်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ ရွှေရုံဆေးဘူးချီးမြှင့်ခံရတဲ့ကိစ္စဟာ အမှုတော်ထမ်းကောင်းတဲ့အတွက် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရတယ်လို့တော့ မခေါ်နိုင်ဘူးထင်တယ်ဗျ၊ ဆုတော်လာဘ်တော်များ ချီးမြှင့်ခြင်းခံရတဲ့ သဘောလောက်ပဲ ရှိပါတယ်၊ လက်ဆောင်ဆိုပါတော့ဗျာ”ဟု ဒိန်းမတ်သံတော်ဈူးက ဝင်ပြောလိုက်သည်။

“အို ဆုတော်လာဘ်တော်သဘောတော့ မကဘူးခင်ဗျ။ ဟိုတစ်နှစ်က ဩစတြီးယား မိုလ်ချုပ်ကြီး ရွာဇင်ဘတ်ကို ချီးမြှင့်တာမျိုးပဲခင်ဗျ”

“အို ဒါက တခြားပဲ”

“ကဲ ရောင်းရင်းကြီး မယုံရင်လောင်းမလား၊ ရင်သိုင်းဘယက်တို့၊ ရွှေစလွယ်တို့ ချီးမြှင့်တဲ့ကိစ္စက တခြားဗျ၊ ဆုတော်လာဘ်တော်သဘောမျိုး မဟုတ်ဘူး၊ ဂုဏ် ထူးဘွဲ့ထူး ချီးမြှင့်တဲ့သဘော”

သို့ဖြင့် စကားဝိုင်းပြီး၍ မင်းပရိသတ်များ ပြန်ကြတော့မည့်ဆဲဆဲတွင် တစ်ညနေလုံး စကားနည်းလျက်ရှိခဲ့သော ဟယ်လင်မင်းသမီးကလေးသည် ဘိုးရစ်စ်ဘက်သို့ လှည့်၍ အင်္ဂါနေ့တွင် မိမိထံသို့လာရောက်ပါမည့်အကြောင်း မှန့်ကြသံလိုလို အမိန့်ပေးသံလိုလို ထူးခြားသည့် အသံတစ်မျိုးဖြင့် ထပ်မံပြောလိုက်ပြန်သည်။

“ဒါပဲနော် မလာလို့မဖြစ်ဘူး၊ ထိပ်ထားကလေးအတွက် သိပ်အရေးကြီးတယ်”ဟယ်လင်မင်းသမီးကလေးက ပြောပြီး မှန်နန်းအပျိုတော်ကြီးဘက်သို့ လှည့်၍ပြုံးပြလိုက်သည်တွင် မှန်နန်းအပျိုတော်ကြီးမှာလည်း စောစောက ဟယ်လင်ထိပ်ထားကလေး၏ အကြောင်းကို ပြောပြစဉ်ကကဲ့သို့ မချိပြုံးကလေးပြုံး၍ ဟယ်လင်မင်းသမီးကလေးကို ထောက်ခံ ပြောဆိုလိုက်လေသည်။

တစ်ညနေလုံး ဘိုးရစ်စ်သည် ပရပ်ရှားတပ်မတော်အကြောင်းကို ပြောပြခဲ့ရာ ဟယ်လင်မင်းသမီးကလေးသည် ထိုစကားများကြောင့် ဘိုးရစ်စ်အား အရေးတကြီးတွေ့လိုဟန်ရှိသည်ဟု ဘိုးရစ်စ် ထင်မိ၏။ ဟယ်လင်မင်းသမီးကလေး၏ အမူအရာမှာ ကိစ္စကို အင်္ဂါနေ့ ဘိုးရစ်စ်ရောက်လာသောအခါတွင်မှ ပြောပြမည်ဟု ပြောနေသကဲ့သို့ ရှိပေသည်။

သို့ရာတွင် အင်္ဂါနေ့ညနေရောက်၍ ဟယ်လင်မင်းသမီးကလေး၏ ခမ်းနားသော စံအိမ်တော်သို့ ဘိုးရစ်စ်ရောက်လာသောအခါ၌လည်း မိမိအား မည်သည့်အတွက်ကြောင့် တွေ့လိုကြောင်းကို ဟယ်လင်မင်းသမီးကလေးက ရှင်းလင်းစွာ ပြောပြခြင်းမရှိချေ။ စံအိမ်တွင် အခြားဧည့်သည်များလည်း ရောက်ရှိနေလေရာ ဟယ်လင်မင်းသမီးကလေးမှာ ဘိုးရစ်စ်အား ကောင်းစွာပင် စကားပြောချိန်မရချေ။ ပြန်ခါနီးတွင် ဟယ်လင်မင်းသမီးကလေး၏လက်ကို နမ်းရှုပ်နှုတ်ဆက်သောအခါတွင်မှ ဟယ်လင်မင်းသမီးကလေးက လေသံကလေးဖြင့်

“မနက်ဖြန် ညစာစားပွဲကို လာရဦးမယ်နော်၊ ညနေ စောစောလာခဲ့၊ ဒါပဲနော် လာရမယ်၊ မလာလို့ မဖြစ်ဘူး သိလား”ဟု ပြုံးရယ်ခြင်းမရှိ။ ထူးဆန်းသော မျက်နှာထားတစ်မျိုးဖြင့် ဖြန်းစားကြီး ပြောလိုက်ပြန်သည်။

သို့ဖြင့် ဘိုးရစ်စ်သည် ပီတာစဘတ်ရွှေမြို့တော်၌ ခေတ္တနေထိုင်လျက်ရှိစဉ်တွင် ဟယ်လင်မင်းသမီးကလေး၏စံအိမ်တော်သို့ တံခါးမရှိဓားမရှိ ဝင်ထွက်သွားလာနိုင်သော လူရင်းတစ်ယောက် ဖြစ်လာခဲ့လေသတည်း။

## အခန်း ၈

စစ်မီးလျှံများသည် တဖြည်းဖြည်းပျံ့နှံ့ကာ ရုရှားနယ်စပ်အနီးသို့ ချဉ်းကပ်လာခဲ့ကြလေပြီ။ ‘လူ့လောက၏ ရန်သူ’ ဘိုနာပတ်ကို ကျိန်ဆဲလျက်ရှိကြလေပြီ။ ကျေးရွာများ၌ တပ်သားသစ်များ၊ အရေးပေါ်စစ်သည်အဖွဲ့ဝင်များကို စု ဆောင်းလျက် ရှိလေပြီ။ ဤအတောအတွင်း၌ ကောလာဟလအမျိုးမျိုးတို့သည်လည်း စစ်မြေပြင်မှ ပြန့်လွင့်လျက်ရှိလေသည်။ သို့ရာတွင် ကောလာဟလသတင်းများ၏ ထုံးစံအတိုင်း ရှေ့နောက်ညီညွတ်ခြင်းမရှိ၊ အလွဲလွဲအမှားမှား ဖြစ်လျက်ရှိကြ၏။ အလွဲလွဲအမှားမှားဖြစ်ခြင်းကြောင့်လည်း အဓိပ္ပာယ်အယူအဆအမျိုးမျိုး ကွဲလွဲလျက်ရှိကြလေသည်။

၁၈၀၅–ခုနှစ်နောက်၌ မင်းသားကြီးဘိုလကွန်စကီ၊ သားတော်မင်းသားကလေး အင်ဒရေနှင့် သမီးတော်မင်းသမီးကလေး မေရီတို့၏ ဘဝသည်လည်း အကြီးအကျယ် ပြောင်းလဲခဲ့လေပြီ။

၁၈၀၆–ခုနှစ်တွင် ရုရှားနိုင်ငံတစ်ဝန်းလုံး၌ စစ်သည်စုဆောင်းရေး အမိန့်တော်ပြန်တမ်းကို ထုတ်ပြန်လိုက်လေသည်။ ဤတွင် ထိုပြန်တမ်းတော်အရ မင်းသားကြီးဘိုလကွန်စကီမှာလည်း စစ်သည်ကြီးကြပ်စုဆောင်းရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ရှစ်ဦးအနက် တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရလေသည်။ ထိုအချိန်၌ မင်းသားကြီးဘိုလကွန်စကီမှာ ဇရာ ထောင်းလာခဲ့ပြီဖြစ်၍ ချို့တဲ့အားနည်းလာခဲ့လေပြီ။ အထူးသဖြင့် သားတော် မင်းသားကလေးအင်ဒရေ ကျဆုံးပြီဟု ထင်မှတ်ခဲ့သည့်အချိန်ကစ၍ သိသိသာသာကြီး ကျန်းမာရေး ချို့တဲ့လာခြင်း ဖြစ်လေသည်။ သို့ရာတွင် ဘုန်းတော် ကြီးလှသော ဘုရားကိုယ်တော်တိုင်က စစ်သည်စုဆောင်းရေး ဗိုလ်ချုပ်ကြီးတစ်ဦးအဖြစ် ခန့်အပ်ခြင်းဖြစ်သည့်အလျောက် မငြင်းသာတော့ဘဲ ဆက်လက်အမှုထမ်းရပြန်သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရန် အခွင့်အရေးပေါ်လာခြင်းသည်တစ်နည်းအားဖြင့် မင်းသားကြီးဘိုလကွန်စကီအား ခွန်သစ်အားသစ်ဖြည့်ပေးလိုက်သကဲ့သို့ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိတာဝန်ကျသည့်နယ်သုံးနယ်တွင် အစဉ်သဖြင့် ခရီးလှည့်လည်၍ စစ်သည်စုဆောင်းရေး ကိစ္စကို အားကြိုးမာန်တက် ဆောင်ရွက်၏။ အောက်လက် ငယ်သားများအား တင်းတင်းကျပ်ကျပ် အုပ်ချုပ်၏။ အသေးအဖွဲကိစ္စကလေးများကအစ ကိုယ်တိုင်ကိုယ်ကျ စီမံဆောင်ရွက်၏။ မင်းသမီးကလေးမေရီမှာလည်း ခမည်းတော်ကြီးမရှိသဖြင့် သင်္ချာသင်ခန်းစာများကို ဆက်လက်သင်ယူခြင်း မပြုနိုင်တော့ချေ။ စံအိမ်တွင် ရှိနေသည့်အခါ၌လည်း မင်းသားကြီးဘိုလကွန်စကီသည် နို့ထိန်းသည်နှင့် ၎င်း၏မြေးငယ် 'ဘိုးအေချစ်'မင်းသားကလေး (မင်းသားကြီး ဘိုလကွန်စကီက ဤသို့ခေါ်လေ့ရှိသည်။)ကို ၎င်း၏ စာကြည့်ဆောင်သို့ခေါ်ကာ မြေးငယ်ကလေးနှင့် ကစားနေတတ်သည်။ 'ဘိုးအေချစ်'မင်းသားကလေးမှာ ၎င်း၏ အထိန်းတော် ဆဗစ်ရှနာ၊ နို့ထိန်းသည် စသူတို့နှင့်အတူ ၎င်း၏မိခင်မင်းသမီးကလေး လီဇာနေထိုင်သွားသည့် ခန်းဆောင်တွင် နေထိုင်လျက်ရှိ၏။ မိကြီးတော် မင်းသမီးကလေးမေရီကား မိတဆိုးဖြစ်ရရှာသည့် တူတော် 'ဘိုးအေချစ်'မင်းသားကလေးအား မိခင်ကိုယ်စား ပြုစုယုယခြင်းဖြင့် မအားလပ်နိုင်အောင်ဖြစ်လျက်ရှိ၏။ ရုံရွှေတော် ပြင်သစ်သူ ဘူရင်းမှာလည်း 'ဘိုးအေချစ်' မင်းသားကလေးကို လွန်စွာချစ်ခင်ဟန် ရှိပေသည်။ ထိုအခါ၌ကား မင်းသမီး ကလေးမေရီ၏ စိတ်၌ 'ဩော် ဘူရင်းခမျာလဲ တူတော်လေးကို ချစ်ရှာပေသားပဲ၊ အေးလေ သူ့ခမျာ တူတော်လေးကို ချစ်ရတဲ့အတွက် တူတော်လေးနဲ့ကစားရတဲ့အတွက် စိတ်ချမ်းသာတယ်ဆိုရင် ငါကျေနပ်ပါတယ်၊ ငါတစ်ယောက်တည်း ချစ်ချင်လို့ ဘယ်ဖြစ်မလဲ'ဟု တွေးမိလျက် မိမိတစ်ဦးတည်း စိတ်ချမ်းသာမှု ရလိုသော မိမိ၏ အတ္တစိတ်ကို ချိုးနှိမ်ပစ်ရသည်။

'တောင်ကတုံး'စံအိမ်ရှိ သုစမ္မာဇရပ်ဝင်းထဲ၌ မင်းသမီးကလေးလီဇာ၏ အုတ်ဂူရှိ၍ ထိုအုတ်ဂူကလေးပေါ်၌ ပြာသာဒ်တစ်ဆောင် ဆောက်လုပ်ထား၏။ ထိုပြာသာဒ်ထဲ၌မူ အတောင်ကိုဖြန့်၍ ပျံမည့်ဟန်ပြင်လျက်ရှိသော တမန်တော်ရုပ်တုတစ်ခု ရှိ၏။ ထိုရုပ်တုမှာ ကျောက်သားဖြူဖြင့် ပြုလုပ်၍ထားသော ရုပ်တုဖြစ်ပြီး အီတလီနိုင်ငံမှ မှာယူထားခြင်း ဖြစ်ပေသည်။ တမန်တော်ရုပ်တု၏အထက်နှုတ်ခမ်းသည် ပြုံးတော့မည့်ဟန်ဖြင့် ခပ်ဟဟပွင့်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေနှင့် မင်းသမီးကလေးမေရီတို့သည် ထိုပြာသာဒ်ကလေးထဲသို့ဝင်တိုင်း တမန်တော်ရုပ်တု၏မျက်နှာသည် ကွယ်လွန်သူ မင်းသမီးကလေးလီဇာ၏ မျက်နှာနှင့် တိုက်တိုက်ဆိုင်ဆိုင် တူလွန်းလှသည်ဟုပင် အချင်းချင်း ပြောမိကြသေးသည်။ ထို့ထက်တိုက်တိုက်ဆိုင်ဆိုင်တူသော အချက်တစ်ရပ်လည်း ရှိပေသေးသည်။ ထိုအချက်ကား ပန်းပုဆရာထုလုပ်ထားသည့် တမန်တော်၏ မျက်နှာအမူအရာသည် မင်းသမီးကလေးလီဇာ ကွယ်လွန်ပြီးခါစ မျက်နှာကဲ့သို့ 'မောင်မောင်စိမ်းကားရက်တယ်နော်'ဟု မိမိအား အပြစ်ဆိုနေသည့် အမူအရာမျိုး ဆောင်နေခြင်း ဖြစ်လေသည်။ မင်းသားကလေးအင်ဒရေသည် တိုက်တိုက်ဆိုင်ဆိုင် တူလွန်းလှသော ဤအဖြစ်ကိုမူ အစ်မတော် မင်းသမီးကလေးမေရီကို ပြောပြခြင်း မပြုချေ။

မင်းသားကလေး အင်ဒရေပြန်ရောက်၍ မကြာမီတွင် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် 'တောင်ကတုံး'မှ နှစ်ဆယ့်ငါးမိုင်ခန့်ဝေးသော ဘိုဂူချာရိုဗိုပိုင်စားနယ်မြေများကို သားတော်မင်းသားကလေး အင်ဒရေအား ကြီးကြပ်အုပ်ချုပ်ရန် လွှဲအပ်ပေးလိုက်လေသည်။ မင်းသားကလေးအင်ဒရေသည် 'တောင်ကတုံး'တွင် နေရသည်ကို များစွာပျော်ပိုက်ခြင်း မရှိသည့်အတွက်ကြောင့် တစ်ကြောင်း၊ လူ့ခွစာကြီးဖြစ်သော ခမည်းတော်ကြီးနှင့် ကြာရှည်နေရန် မဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း တစ်ကိုယ်တည်းအေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com


နေလိုသည့်အတွက်ကြောင့် တစ်ကြောင်း ခမည်းတော်ကြီး၏ အစီအမံကို လက်ခံလိုက်ကာ ဘိုဂူချာရိုဗို လယ်တောတစ်ဝိုက်တွင်သာ စီမံခန့်ခွဲစရာရှိသည်ကို ခန့်ခွဲရင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

ဩစတားလစ်တိုက်ပွဲပြီးသည့်နောက်မှစ၍ မင်းသားကလေးအင်ဒရေသည် စစ်မှုဆက်လက်ထမ်းရွက်ခြင်း မပြုရန် အခိုင်အမာဆုံးဖြတ်ခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ဘိုနာပတ်နှင့် ပြန်လည်စစ်ဖြစ်လာ၍ အရွယ်ရောက်သူတိုင်း စစ်မှုထမ်းရန် ဆင့်ခေါ်သည့် အချိန်တွင် မင်းသားကလေးအင်ဒရေသည် ရှေ့တန်းစစ်မြေပြင်တွင် စစ်မှုထမ်းခြင်းကို ရှောင်ကွင်းရန်အတွက် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏လက်အောက် စစ်သည်စုဆောင်းရေးဌာန၌ ဝင်ရောက်အမှုထမ်းလျက် ရှိလေသည်။ ၁၈၀၅-ခု စစ်ပွဲပြီးသည့်နောက်၌ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီနှင့် သားတော် မင်းသားကလေးအင်ဒရေတို့မှာ တစ်ယောက်နှင့်တစ်ယောက် စိတ်နေစိတ်ထားချင်း၊ နေရာချင်း အလဲအလှယ်ပြုထားသကဲ့သို့ ပြောင်းပြန်ဖြစ်လျက် ရှိကြ၏။ မင်းသားကြီး ဘိုလကွန်စကီသည် ၁၈၀၅-ခုနှစ် စစ်ပွဲကို ဆန့်ကျင်ခဲ့သလောက် ယခုစစ်ပွဲကိုမူကား အားတက်သရော ထောက်ခံလျက်ရှိ၏။ စစ်ပွဲသစ်မှ အကျိုးတရားများကို မျှော်လင့်လျက်ရှိ၏။ သို့ရာတွင် မင်းသားကလေးအင်ဒရေမှာမူ ၁၈၀၅-ခုနှစ်စစ်ပွဲတွင် စိတ်အားထက်သန်စွာ ပါဝင်အမှုထမ်းခဲ့သလောက် ဤစစ်ပွဲတွင်ပါဝင်ခြင်း မပြုတော့ဘဲ စစ်ကြီးဖြစ်လာခြင်းအတွက် သံဝေဂရ၍မဆုံးဖြစ်လျက်က စစ်၏ မကောင်းကျိုးများကိုသာ မြင်လျက်ရှိလေသည်။

၁၈၀၇-ခု၊ ဖေဖော်ဝါရီလ၂၆ ရက်နေ့တွင် မင်းသားကြီး ဘိုလကွန်စကီသည် စစ်သည်စုဆောင်းရေးတာဝန်ဖြင့် နယ်သို့ ထွက်ခွာသွားခဲ့လေရာ ထုံးစံအတိုင်း ခမည်းတော် မရှိသည့်အတွက် 'တောင်ကတုံး'စံအိမ်တော်တွင် မင်းသားကလေးအင်ဒရေ ကျန်နေရစ်ခဲ့ပေသည်။ မင်းသားကလေး အင်ဒရေ၏သားငယ် ဘိုးအေချစ်မင်းသားကလေး နာမကျန်းဖြစ်လျက်ရှိသည်မှာ လေးရက်ခန့်မျှ ရှိခဲ့လေပြီ။ မင်းသားကြီး ဘိုလကွန်စကီအား မြို့သို့ လိုက်လံပို့ဆောင်ခဲ့သည့် ရထားသမားသည် မင်းသားကလေး အင်ဒရေအတွက် စာများ၊ အမိန့်ပြန်တမ်းများကို ယူဆောင်၍ ပြန်ရောက်လာလေသည်။

လက်စွဲတော်သည် မင်းသားကလေးအင်ဒရေအား စာကြည့်ဆောင်ထဲတွင်ရှာမတွေ့သည့်အတွက် ပေးရန်ရှိသော စာများကို ယူဆောင်ကာ မင်းသမီးကလေးမေရီ၏ ခန်းဆောင်ဘက်သို့လာခဲ့သည်။ ထိုနေရာ၌လည်း မင်းသားကလေးအင်ဒရေကို မတွေ့ရချေ။ မင်းသားကလေးအင်ဒရေမှာ သူငယ်ဆောင်ထဲသို့ ရောက်ရှိနေသည်ဟု သိရသဖြင့် သူငယ်ဆောင်ဘက်သို့ လိုက်လာခဲ့ပြန်သည်။

"ကိုယ်တော်လေး၊ ကိုယ်တော်လေးရဲ့စာများကို လက်စွဲတော်ပီထရူရှာ လာပို့ပါတယ်" အထိန်းတော်တစ်ယောက်က ပြောလိုက်သည်။ ထိုအချိန်၌ မင်းသားကလေးအင်ဒရေသည် ကလေးထိုင် ထိုင်ဖုံကလေးတစ်ခုပေါ်တွင် ထိုင်၍ မျက်မှောင်ကုတ်ရင်း တုန်ယင်သောလက်များဖြင့် ရေတစ်ဝက်ထည့်ထားသော ဗိုင်ကလပ်ထဲသို့ ဆေးစက်များကို တစ်စက်တစ်စက်ချလျက် ရှိသည်။

"ဘယ်က စာတွေလဲ"မင်းသားကလေးအင်ဒရေက လှမ်းမေးလိုက်သည်၌ လက်လှုပ်ယမ်းသွားကာ ဆေးစက်များကို လိုသည်ထက်ပို၍ လောင်းထည့်မိလိုက်သည်။ မင်းသားကလေးအင်ဒရေသည် ဆေးနှင့်ရေ စပ်ပြီးသားကို ကြမ်းပေါ်သို့ သွန်လိုက်ပြီး ရေယူခဲ့ရန် စေခိုင်းလိုက်သည်။ အစေတော်မိန်းမတစ်ယောက်က ရေတစ်ဖန်ခွက်ကို ယူလာ၏။

သူငယ်ဆောင်ထဲ၌ ပုခက်ငယ်တစ်လုံး၊ သေတ္တာနှစ်လုံး၊ လက်တင်ထိုင်ဖုံနှစ်လုံး၊ စားပွဲတစ်လုံး၊ ကလေးသုံးခုံစောင်းတစ်လုံးနှင့် မင်းသားကလေးအင်ဒရေ ထိုင်လျက်ရှိသည့် ထိုင်ဖုံငယ်ကလေးတစ်လုံးတို့ ရှိကြ၏။ ဖဲပန်းကြိုကန့်လန့်ကာများကို ဘေးသို့ ဆွဲထား၏။ စားပွဲပေါ်တွင် ပျားဖယောင်းတိုင်တစ်တိုင် လင်းလျက်ရှိ၏။ ကလေးဘက်သို့ မီးရောင်မထိုးစေရန် ဂီတစာအုပ်တစ်အုပ်ကို ထောင်၍ ကာထားလေသည်။

"အင်ဒရေ"မင်းသမီးကလေးမေရီက ကလေးငယ်၏ ပုခက်ဘေးတွင် ရပ်နေရာမှ မင်းသားကလေးအင်ဒရေကို လှမ်း၍ ခေါ်လိုက်သည်။

"ခဏစောင့်ကြည့်ပါဦး အင်ဒရေရယ်၊ ဒီလောက်လဲ အစိုးရိမ်မကြီးပါနဲ့"

"အို အသာနေစမ်းပါ အစ်မတော် ဘာမှမသိပါဘူး၊ အစ်မတော်ဟာ ဒီလိုချည်းပဲ၊ အဓိပ္ပာယ်မရှိတဲ့စကားကို


www.burmeseclassic.com

www.burmeseclassic.com


အင်မတန်ပြောတယ်၊ မစိုးရိမ်လို့ ဖြစ်မလား၊ ကလေးက တော်တော် အခြေအနေဆိုးနေပြီပြီ" မင်းသားကလေး အင်ဒရေက ခပ်ထန်ထန်ကလေး ပြောလိုက်သည်။

"တူတော်လေး အိပ်မှာအိပ်ပါစေ အင်ဒရေရယ်၊ နှိုးပြီးမတိုက်ပါနဲ့၊ နိုးတော့မှ တိုက်တာပေါ့"မင်းသမီး ကလေးမေရီက တောင်းပန်တိုးလျှိုးသောအသံဖြင့် ပြော လိုက်သည်။

မင်းသားကလေးအင်ဒရေသည် ထလိုက်၍ လက် တွင် ဝိုင်ကလပ်ကိုကိုင်ထားရင်း ပုခက်ဆီသို့ ခြေဖျား ထောက်၍ လာခဲ့လေသည်။

"နိုးနေရင်တော့ ဟုတ်တာပေါ့၊ မနိုးမှမနိုးဘဲ ဘယ့်နှယ်လုပ်မလဲ"မင်းသားကလေးအင်ဒရေက ပြော လိုက်သည်။

"ကဲ သဘော၊ သဘော၊ သဘောအတိုင်းပဲ" မင်းသမီးကလေးမေရီက မိမိစကားကို နားမထောင်တော့ သဖြင့် စိတ်မရှည်တော့သကဲ့သို့ပြောလိုက်သည်။ မင်း သမီးကလေးမေရီသည် အနားသို့ အစေတော်မိန်းကလေး လာရောက်နေကြောင်းကိုလည်း မင်းသားကလေးအင်ဒရေ ကို ပြောလိုက်သည်။

တစ်အိမ်သားလုံး မအိပ်ရသည်မှာ နှစ်ညမျှရှိလေ ပြီ။ အားလုံးပင် အပြင်းဖျားနေသည့် 'ဘိုးအေချစ်'မင်းသား ကလေးအား စောင့်ကြည့်လျက်ရှိကြသည်။ ထိုရက်များ အတောအတွင်းတွင် မင်းသားကလေးအင်ဒရေသည် မိသားစုလက်စွဲ သမားတော်ကြီးကို အားမရသည်နှင့် မြို့သို့ သမားတော်တစ်ဦးကို အပင့်ခိုင်းလိုက်ကာ ကောင်း နိုးရာရာ ဆေးကိုလည်း တစ်ဖုံပြီးတစ်ဖုံ တိုက်ကျွေးလျက် ရှိ၏။ အိပ်ရေးကလည်းပျက်၊ ပင်ပန်းလည်း ပင်ပန်းကြလှ ပြီဖြစ်ရကား တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ကာ စကားများလျက် ရှိကြလေသည်။

"ကိုယ်တော်ကြီးထံက စာများ ရောက်လာတဲ့ အတွက် ပီထရှရှာလာပေးနေပါတယ်"အစေတော် မိန်း ကလေးက လေသံကလေးဖြင့် ပြောလိုက်၏။

မင်းသားကလေးအင်ဒရေသည် သူငယ်ဆောင် အပြင်သို့ ထွက်လာခဲ့လေသည်။

"အရေးထဲမှာ သိပ်ရှုပ်တာပဲ"မင်းသားကလေး အင်ဒရေသည် တစ်ယောက်တည်း ရွတ်ဆိုကာ ခမည်း တော်မင်းသားကြီးဘိုလကွန်စကီက နှုတ်ဖြင့်မှာကြားလိုက် သည်တို့ကို နားထောင်ပြီးနောက် ခမည်းတော်ကြီးက ပေးလိုက်သော စာများ၊ မိမိမိတ်ဆွေရောင်းရင်းများထံမှ ပေးလိုက်သော စာများကို ယူဆောင်ကာ သူငယ်ဆောင်သို့ ပြန်လာခဲ့ပြန်သည်။

"ဘယ့်နှယ်နေသေးသလဲ"

"ဒီအတိုင်းပဲ၊ သိပ်မထူးဘူး၊ စောင့်ကြည့်သေးတာ ပေါ့ အင်ဒရေ၊ သမားတော်ကြီးကတော့ အိပ်ရေးဝဝ အိပ်ပစေတဲ့။ အိပ်ခြင်းဟာ ဆေးတစ်ပါးပဲတဲ့" မင်းသမီး ကလေးမေရီက သက်ပြင်းချ၍ ပြောလိုက်၏။

မင်းသားကလေးအင်ဒရေသည် ကလေးငယ်ထံ သွားကာ ကိုယ်တိုင်စမ်းသပ်ကြည့်၏။ ကလေးငယ်မှာ ခြစ်ခြစ်တောက်ပူလျက် ရှိလေသည်။

"တော်စမ်းပါ အစ်မတော်ရာ၊ သမားတော်ရော အလကားပါပဲ"မင်းသားကလေးအင်ဒရေက ဆေးထည့် ထားသည့်ခွက်ကို ယူကာ ပုခက်ဆီသို့ ပြန်လာပြန်သည်။

"တော်ပါတော့ အင်ဒရေရယ်၊ မတိုက်ပါနဲ့တော့"

မင်းသားကလေးအင်ဒရေသည် မင်းသမီးကလေး မေရီအား စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်လိုက်လျက် ဆေး ခွက်ကို ကိုင်ကာ ကလေးပုခက်အနီးတွင် ရပ်လိုက်သည်။

"ကျွန်တော် တိုက်ချင်တယ်၊ ဘယ့်နှယ်လုပ်မလဲ၊ ရော့ပါ၊ အစ်မတော်ကိုယ်တိုင် တိုက်စမ်းပါ"

မင်းသမီးကလေးမေရီက ပခုံးကို တွန့်လိုက်၏။ သို့သော်လည်း ပယ်လှန်ခြင်းငှာ မတတ်နိုင်ဘဲ ဆေးခွက်ကို ယူလိုက်ကာ အထိန်းတော်နှင့်အတူကလေးကို ဆေးတိုက် ပေးသည်။ ကလေးငယ်သည် စူးစူးဝါးဝါး အော်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် မျက်တောင်တဖျတ်ဖျတ် ခပ်လျက် ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အပြင်သို့ ထွက်လာခဲ့ပြီး တစ်ဖက်ခန်းရှိ ထိုင်ခုံပေါ်တွင် ထိုင်နေမိလေသည်။

မင်းသားကလေးအင်ဒရေသည် စာများကို လက် ထဲတွင် ဆုပ်ကိုင်ထားဆဲပင် ဖြစ်၏။ ထို့နောက် သညာ ကင်းလျက်ရှိသူတစ်ဦးကဲ့သို့ စာများကို ဖွင့်၍ဖတ်နေမိ သည်။ ခမည်းတော် မင်းသားကြီးဘိုလကွန်စကီသည် အချို့စကားလုံးများကို မကြာမကြာ အတိုကောက်သုံးကာ ရှေးလက်ရေး ရှည်ရှည်မျောမျောကြီးများဖြင့် စာရွက်အပြာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

ဤစာကို မရေးမီကလေးတွင်ပင် အထူးစေတမန် တစ်ဦးရောက်လာ၍ များစွာဝမ်းမြောက်ဖွယ် သတင်း စကားများကို ကြားသိရသည်။ ထိုသတင်းစကားများ အတိုင်း မှန်ပါစေဟု ခမည်းတော် ဆုတောင်းမိသည်။ ထိုသတင်းစကားမှာ အခြားမဟုတ်။ ဥလောအရပ်၌ ခမည်းတော်တို့ဘက်မှ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန် ခေါင်းဆောင်သောတပ်များ ဘိုနာပတ်၏တပ် များကို အပြီးအပိုင် အောင်နိုင်လိုက်သည်ဆိုသော သတင်းပင် ဖြစ်သည်။ ထိုသတင်းစကားကြောင့် ပီတာစဘတ် ရွှေမြို့တော်တစ်ခုလုံး အုန်းအုန်းကျွက် ကျွက် တစ်ခဲနက်ဝမ်းသာလျက်ရှိကြကာ စစ်မြေပြင် သို့ အထူးထူးသော လက်ဆောင်ပဏ္ဏာများကို ပေးပို့လျက် ရှိကြသည်။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန် သည် ဂျာမန်လူမျိုးတစ်ယောက်ပင်ဖြစ်သော်လည်း ခမည်းတော်အဖို့ ၎င်း၏ စွမ်းရည်ကို ချီးကျူးရမည် ပင် ဖြစ်သည်။ ကိုချီဗိုအရပ်တွင် စစ်သည်စုဆောင်း လျက်ရှိသော ဗိုလ်ချုပ်ကြီး ခန်ဒရီကော့၏အကြောင်း ကိုကား ခမည်းတော် ဘာမျှမကြားရသေး။ ထိုအရပ် ဒေသမှ နောက်ထပ်စစ်သည်စုများနှင့် ရိက္ခာများ ယခုထက်တိုင် ရောက်ရှိမလာသေးခြင်းကို ခမည်း တော် မတွေးတတ်အောင် ဖြစ်နေသည်။ ထို့ကြောင့် ဤစာကိုရက သားတော်ကိုယ်တိုင် မြင်းဖြင့် အလျင် အမြန်သွားရောက်ပြီး နောက်ရက်သတ္တပတ်အတွင်း စစ်သည်စုများနှင့် ရိက္ခာများ ပေးပို့နိုင်ခြင်းမရှိပါက ခမည်းတော်ကိုယ်တိုင် သူ့ခေါင်းကို လာ၍ဖြတ်မည် ဖြစ်ကြောင်း အကြောင်းကြားပါ။ ပရာဆစ်ဥလော တိုက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးပီတင်ကာထံမှ လည်း စာချွန်တစ်စောင် ခမည်းတော်ထံ ရောက်၍ လာသည်။ ဗိုလ်ချုပ်ကြီး ပီတင်ကာကိုယ်တိုင် ဝင် ရောက်တိုက်ခိုက်သည်ဆိုသည်မှာ အမှန်ပင်ဖြစ် သည်။ သို့ရာတွင် ၎င်း၏တပ်များမှာ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးကြသည်ဟု ကြားရသည်။ ဘင်နစ် ဆန်ကဲ့သို့သော ဂျာမန်တစ်ယောက်ပင်လျှင် ဘိုနာ ပတ်ကို နိုင်အောင်တိုက်နိုင်ပါလျက် ခမည်းတော်တို့ ရုရှားဗိုလ်ချုပ်များက မတိုက်နိုင်သည်မှာ ရှက်ဖွယ် ကောင်းလှသည်။ ကိုချီဗိုသို့ အမြန်သွား၍ ခမည်း တော်၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက် ပါလေ၊ မမေ့ပါနှင့်။

မင်းသားကလေးအင်ဒရေသည် သက်ပြင်းချလျက် အခြားစာအိတ်တစ်အိတ်မှ တံဆိပ်ခတ်ထားသော ချိပ်ကို ခွာလိုက်ပြန်သည်။ ထိုစာကား လက်ရေးသေးသေးစိပ်စိပ် ကလေးများဖြင့် ရေးထားသော ဘီလင်ဘင်ထံမှ စာဖြစ်၏။ မင်းသားကလေးအင်ဒရေသည် ဘီလီဘင်၏စာကို မဖတ် သေးဘဲ ပြန်၍ ခေါက်ထားလိုက်လျက် ခမည်းတော် မင်းသားကြီးဘိုလကွန်စကီထံမှ စာကို နောက်တစ်ခေါက် ပြန်၍ ဖတ်လိုက်ပြန်သည်။

ကိုချီဗိုသို့ အမြန်သွား၍ ခမည်းတော်၏ ညွှန်ကြား ချက်များအတိုင်း ဆောင်ရွက်ပါလေ၊ မမေ့ပါနှင့်။

'ခွင့်လွှတ်တော့ ဖေဖျား၊ ကျွန်တော်တော့ ကလေး ငယ် နေမကောင်းမချင်း ဘယ်ကိုမှ သွားလို့ မဖြစ်သေးပေ ဘူး'မင်းသားကလေးအင်ဒရေသည် ဤသို့တွေးရာမှ ထ လာကာ သူငယ်ဆောင်ထဲသို့ လှမ်း၍ ကြည့်လိုက်မိပြန် သည်။

မင်းသမီးကလေးမေရီမှာ ပုခက်ဘေးတွင် ရပ် လျက်ရှိကာ ညင်သာစွာ လွှဲလျက်ရှိ၏။

'အင်း ဖေဖျားရဲ့စာထဲမှာ နောက်ထပ် ဘာတွေများ စိတ်မချမ်းသာစရာတွေပါသေးသလဲ'ဟု မင်းသားကလေး အင်ဒရေ တွေးနေမိသည်။ "အင်း ငါစစ်မှုမထမ်းတဲ့အခါ ကျတော့မှ တို့တပ်တွေက ဘိုနာပတ်ရဲ့တပ်တွေကို အောင်ပွဲ ရတယ်တဲ့၊ ဟုတ်ပါတယ်၊ ဒါ ငါ့ကို ဖေဖျားက သက် သက် လှောင်ရေးလိုက်တာပဲ၊ အို လှောင်ချင်လှောင်ပေါ့၊ ဘယ် တတ်နိုင်မလဲ"

မင်းသားကလေးအင်ဒရေသည် ပြင်သစ်ဘာသာ ဖြင့် ရေးထားသော ဘီလီဘင်၏စာကို ဖတ်လိုက်၏။ ဘီလီဘင်၏စာကို ဖတ်ရသော်လည်း ဖတ်ချင်လွန်းလှ၍ မဟုတ်ဘဲ သားတော်ကလေး နာမကျန်းဖြစ်နေသည့် အတွက် ဝိတက်ဝိစာရဖြစ်ရခြင်းမှ ခေတ္တခဏမျှဖြစ်စေ၊ သက်သာလို သက်သာရငြားဟူသော သဘောဖြင့် ဖတ်ခြင်း ဖြစ်လေရာ စာတစ်စောင်ဆုံးသော်လည်း တစ်ဝက်မျှ လောက်အထိ ဘာကိုမျှ နားမလည်လိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၉

ဘီလီဘင်မှာ သံတမန်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ရှေ့တန်းစစ်မျက်နှာ တပ်မတော်စစ်ဦးစီးဌာနချုပ်တွင် ရောက်ရှိနေလေသည်။ ဘီလီဘင်သည် ၎င်း၏ရောင်းရင်း မင်းသားကလေးအင်ဒရေထံ စာရေးလိုက်ရာ၌ ပြင်သစ်လူမျိုးတို့၏ 'သောလုံး'ကလေးများ၊ ပြင်သစ်စလေ့ သုံး စကားများကို သုံးစွဲကာ ပြင်သစ်ဘာသာဖြင့် ရေးသား ထား၏။ ဘီလီဘင်၏ စာတစ်စောင်လုံးမှာ ပြင်သစ်လူမျိုး တစ်ဦးက ရေးသားသည် ထင်ရလောက်အောင် ပြင်သစ် ဆန်လျက်ရှိ၏။ သို့ရာတွင် ရုရှားတပ်မတော်ကြီး၏ အခြေအနေကို ဖော်ပြသည့် အခါ၌ကား ရုရှားလူမျိုးမှအပ အခြားမည်သည့်လူမျိုးတွင်မျှမရှိသော မိမိလူမျိုးကို အထင် သေးသည့်လေသံ၊ မိမိလူမျိုးကို ပြက်ရယ်ပြုသည့် လေသံ ဖြင့် ရေးသားထားလေသည်။ ၎င်း၏ စာထဲ၌ လျှို့ဝှက် ချက်ကို စောင့်စည်းရခြင်းဟူသော သံတမန်တို့၏ ကျင့်ဝတ် ကြီးသည် မိမိကို ဖိစီးနှိပ်စက်လျက်ရှိကြောင်း ရှေ့တန်းစစ် မျက်နှာရောက် ရုရှားတပ်မတော်ကြီး၏ အခြေအနေမှာ လွန်စွာ စိတ်ပျက်ဖွယ်ကောင်းလှကြောင်း၊ လျှို့ဝှက်အပ်ရာ တို့ကို စောင့်စည်း ထိန်းသိမ်းရမည်ဟူသော သံတမန် ကျင့်ဝတ်ကြီးကြောင့် မိမိမှာ ထိုအခြင်းအရာများကိုမည်သူ့ ကိုမျှ မပြောဘဲ မျိုသိပ်ထားရကြောင်း၊ သို့ရာတွင် မင်းသားကလေးအင်ဒရေကဲ့သို့ ယုံကြည်စိတ်ချစွာ ထုတ် ဖော်ပြောဆိုရမည့်သူတစ်ဦးရှိ၍သာ စိတ်သက်သာရာရ တော့ကြောင်း စသဖြင့် ရေးသားထား၏။ ဘီလီဘင်၏စာ မှာ ပရာဆစ်–ဣလောတိုက်ပွဲမဖြစ်ပွားမီက ပေးပို့လိုက် သော စာဖြစ်လေသည်။

၎င်း၏စာမှာ အောက်ပါအတိုင်းဖြစ်၏။

ရောင်းရင်းကြီး သိတဲ့အတိုင်း ဩစတားလစ် တိုက်ပွဲမှာ ကျွန်တော်တို့တပ်မတောဝဝဘ်များ ပွဲလမ်း ရပြီးကတည်းက ကျွန်တော်လဲ တပ်မတော်ဌာနချုပ် က ခွာရတယ်လို့ မရှိတော့ဘူး။ ခုတော့ ကျွန်တော် တောင် စစ်တိုက်ရတဲ့အလုပ် ဝါသနာခပ်ပါပါ ဖြစ်လာပြီ။ ကျွန်တော်နဲ့တော့ တွေ့လဲတွေ့တတ်ပါ တယ်လေ။ တပ်မတော်ဌာနချုပ်နဲ့ ကျွန်တော်လိုက်ပါ နေရတဲ့ သုံးလအတွင်း တွေ့မြင်ရသမျှတွေကတော့ ယုံနိုင်စရာ မရှိလောက်အောင်ဘဲ ရောင်းရင်းရေ့။

ကဲ ရောင်းရင်းကြီးနားလည် သဘောပေါက် လွယ်အောင် အဖြစ်အပျက်တွေကို အစကတည်းက ဇာတ်စုံခင်းပြမယ်။ ရောင်းရင်းကြီး သိတဲ့အတိုင်း 'လူ့လောကကြီးရဲ့ ရန်သူ'ဟာ ပရပ်ရှားတပ်တွေကို ဝင်တိုက်ခဲ့တယ်ဗျ။ ပရပ်ရှားဆိုတဲ့လူမျိုးဟာ သုံး နှစ်အတွင်း ကျွန်တော်တို့ကို သုံးကြိမ်မျှသာ သစ္စာ ဖောက်ခဲ့တဲ့ 'သစ္စာရှိသော'မဟာမိတ်များ ဖြစ် တယ်ဗျ။ ကျွန်တော်တို့ဟာ ပရပ်ရှားဘက်က ဝင် ရပ်ပြီး၊ ပရပ်ရှားနိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ် ပေးခဲ့ကြတယ်။ သို့သော်လဲ 'လူ့လောကကြီးရဲ့ ရန်သူ'ဟာ ကျွန်တော်တို့ရဲ့ လှပတဲ့ စကားလုံးများ မေတ္တာရပ်ခံချက်များကို အလေးထားခြင်းမပြုဘဲ ပရပ်ရှားတွေ စစ်သဘင်ခင်းလို့မှ မပြီးသေးခင် ရိုင်းပြစော်ကား မသမာစိတ်ထားနဲ့ ဘွားခနဲ အလစ် ဝင်တိုက်ခဲ့တယ်ဗျ။ ဒီလိုနဲ့ ဘိုနာပတ်ဟာ လက်ဖျစ် တစ်ချက်တီးအတွင်း ပရပ်ရှားတပ်တွေကို အစိတ် စိတ် အမြွာမြွာဖြစ်စေခဲ့ပြီး ပေါ့စဒမ် ရွှေနန်းတော် ကြီးကို သိမ်းပိုက်စိုးစံခဲ့တယ်ဗျ။

အဲဒါကို ပရပ်ရှားတွေက ဘယ်လိုတုံ့ပြန်တယ် ထင်သလဲ၊ ပေါ့စဒမ်ရွှေနန်းတော်ကြီးကိုလဲ ဘိုနာ ပတ်ကသိမ်းလိုက်ရော ကျွန်တော်တို့ရဲ့ သဟာယ မဟာမိတ် ကြီးဖြစ်တဲ့ ပရပ်ရှားရွှေနန်းရှင်ဟာ ဘိုနာပတ်ထံ စာချွန်တစ်စောင် ပို့လိုက်တယ်ဗျ၊ အဲဒီစာချွန်တော်ထဲမှာ ရေးထားတာကတော့ (ကျွန်ုပ် ၏ ရွှေနန်းတော်ကြီး၌ အကြည်တော် မင်းမြတ်အား အကြည်တော်၏ ရွှေစိတ်တော်အတိုင်း ကြိုဆိုဧည့် ဝတ်ပြုရန် လွန်စွာ လိုလားလျက်ရှိပါသည်၊ ဤသို့ ကြိုဆိုဧည့်ခံခြင်းပြုနိုင်ရန် အတွက် အခြေအနေက ခွင့်ပြုသည့်အတိုင်းအတာအထိ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါ သည်။ ဤရည်ရွယ်ချက်ကြီး အောင်မြင်လိမ့်မည်ဟုလည်း ဆုတောင်းလျက် ရှိပါသည်။) လို့ ပါတယ်ဗျာ။ ကဲ မဟန်လားဗျာ။ တစ်ခါပရပ်ရှား စစ်ဗိုလ်ချုပ်ကြီးတွေကကော ဘာ လုပ်တယ်ထင်သလဲ။ ဘိုနာပတ်ကို တို့ရွှေနန်းတော် ကြီးထဲမှာ အဝင်မခံဘူး၊ ရင်မြေ ကတုတ်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


တားဆီးမယ်လို့ မဟုတ်မခံ ဇာတိသွေးဇာတိမာန်နဲ့ သန္နိဋ္ဌာန်ချတယ်လို့များ ထင်သလား၊ မထင်နဲ့ ရောင်းရင်းရေ မထင်နဲ့။ ပြင်သစ် တွေကို မိမိတို့က ယခုကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံနိုင်ခြင်း ကြောင့် ငါတို့ဟာဖြင့် ပြင်သစ်လူမျိုးလို နိုင်ငံကြီး သားပီသတဲ့ လူမျိုးဖြစ်ပြီပဲဆိုပြီး အင်မတန် ပီတိ သောမနဿဖြစ်နေကြတယ်ဗျ၊ ပြင်သစ်လူမျိုးကဲ့သို့ ယဉ်ကျေးတဲ့လူမျိုးတစ်မျိုးကို အံတုဖက်ပြိုင်ခြင်းဟာ မိမိ၏ရိုင်းစိုင်းမှုကို ပြသရာ ရောက်မည်လို့ ယူဆတဲ့ အတွက်ကြောင့် ဘိုနာပတ်က တစ်ကြိမ်မျှသာ တောင်းဆိုခါရှိသေး လက်နက်ချ အညံ့ခံလိုက် သတဲ့ဗျား။

ဒါတင်ကရိုးလား၊ ဂလိုဂေါမှာ စစ်သည်တစ် သောင်းကို ကွပ်ကဲတိုက်ခိုက်နေတဲ့ ပရပ်ရှားဗိုလ်ချုပ် ကြီးကလဲ ဘိုနာပတ်က လက်နက်ချအညံ့ခံဖို့ အမိန့် တော် ထုတ်ပြန်လို့ရှိရင် မည်သို့အကြောင်းပြန်ကြားရ မလဲလို့ ပရပ်ရှားရွှေနန်းရှင်ထံ လျှောက်တင် မေးမြန်းခြင်း ပြုသတဲ့ဗျ။ အဲဒီသတင်းကလဲ အမှန် ပဲဗျ။ တိုင်းပြည်အတွက် အသက်ကို ပဓာနမထားဘူး ဆိုတဲ့ သဘောတွေပဗျာ ဟဲဟဲ။

အတိုချုပ်ပြောရရင်တော့ ပြဿနာများကို စစ်ရေးနဲ့ဖြေရှင်းလိုတဲ့အတွက် ကျုပ်တို့လဲ ဓားခုတ် ရာ လက်ဝင်လျှိုမိလျက်သားဖြစ်နေပြီ ရောင်းရင်း ရေ့။ အပျက်အပျက်နဲ့ စစ်ကြီးထဲ ပါမိလျက်သား ဖြစ်နေပြီဗျ။ ဒီထက်ဆိုးတာက ကျုပ်တို့ ဝင်တိုက် မိလျက်သား ဖြစ်နေတဲ့ ဒီစစ်ကြီးဟာလဲ ဝေးဝေး လံလံမဟုတ်ဘဲ ကျုပ်တို့အမိနိုင်ငံတော်ကြီးရဲ့ နယ်စပ်နားမှာတင် ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲဗျ။ ဘာမဟုတ် တဲ့ ပရပ်ရှားဘုရင်အတွက် သူနဲ့အတူ စစ်ကြီးထဲ ဝင်တိုက်နေရတဲ့အဖြစ်ကတော့ ရှက်စရာ ကောင်းဆုံးပဲဗျ။ ရှေ့တန်းစစ်မျက်နှာရောက် ကျုပ် တို့ရုရှား တပ်မတော်ကြီးကတော့ အုပ်စည်းမပျက် ရှိပါတယ်။ အစစအရာရာ စနစ်တကျပါပဲ။ ဘာမျှ ချွတ်ယွင်း ချက်မရှိပါဘူး။ မပြောပလောက်တဲ့ ချွတ်ယွင်းချက် ကလေးတစ်ခုပဲ ရှိပါတယ်။ အဲဒီ ချွတ်ယွင်းချက် ကလေးကတော့ တခြားမဟုတ်ဘူး ရောင်းရင်းရေ့။ ကျုပ်တို့ တပ်မတော်ကြီးမှာ စစ်သေနာပတိချုပ် မရှိတဲ့အချက်ပဲဗျ သိပြီလား၊ မဟန်လားဗျာ။ စစ် တိုက်နေတဲ့ စစ်တပ်တစ်တပ်မှာ စစ်သေနာပတိချုပ် မရှိဘူးတဲ့။ ကောင်းကြရောပေါ့။ ဒီတွင် စစ်သေနာပတိချုပ်ရွေးဖို့ ပြဿနာ ပေါ်လာ တယ်ဗျ။ စစ်သေနာ ပတိချုပ်အဖြစ် ဘယ်လိုပုဂ္ဂိုလ် မျိုးကို ဘယ်လိုမှုမျိုးနဲ့ ရွေးချယ်မလဲလို့ စဉ်းစားကြ တယ်ဗျ။ ဩစတားလစ် တိုက်ပွဲကို ဦးစီးတိုက်ခိုက် ခဲ့တဲ့ ကျုပ်တို့ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ဟာ အသက်လဲငယ်၊ အတွေ့အကြုံလဲ နည်းတဲ့အတွက် ကျုပ်တို့တစ်တွေ သည့်ထက် သည်ကြီးမားသော အောင်ပွဲများကို မရခဲ့ခြင်းဖြစ်တယ်။ အဲဒီတုန်းကသာ အသက်ကြီးတဲ့ စစ်သေနာပတိချုပ် တစ်ဦးဦးကသာ ဦးစီးခဲ့ရင် ဤမျှမက အောင်မြင်ခဲ့မှာပဲလို့ ယူဆ ကြတဲ့အတွက် အသက်ကြီးကြီး အသက်ရှစ်ဆယ်နဲ့ ကိုးဆယ်ကြားမှာရှိတဲ့ သက်ကျားအို ဗိုလ်ချုပ်တွေ ထဲက တစ်ဦးဦးကို စစ်သေနာပတိ ချုပ်ခန့်လျှင် သင့်အံ့လို့ ရွှေဉာဏ်တော် ‘စူးရောက်’ ကြသတဲ့ဗျ။ ဒါနဲ့ ကျုပ်တို့ ဗိုလ်ချုပ်တွေထဲက အသက်အကြီးဆုံး ဗိုလ်ချုပ်တွေကို တစ်ယောက်ပြီးတစ်ယောက် ရွေး လာလိုက်တာ နောက်ဆုံးတော့ အသက်အကြီးဆုံး ပုဂ္ဂိုလ်နှစ်ဦးဖြစ်ကြတဲ့ ဗိုလ်ချုပ်ပရိုဇိုရော့စကီးနဲ့ ဗိုလ်ချုပ် ကာမင်စကီတို့ နှစ်ဦးပဲ ကျန်တော့သဗျ။ တစ်ခါအဲဒီနှစ်ယောက်အနက် ဗိုလ်ချုပ်ကာမင်စကီ က လပိုင်းလောက် အသက်ကြီးတာကို တွေ့ရတဲ့ အတွက် သူ့ကိုပဲ စစ်သေနာပတိချုပ် ရွေးလိုက် သဗျ။ ကျုပ်တို့ စစ်သေနာပတိချုပ် စစ်ဦးစီးဌာန ချုပ်ကို ရောက်လာပုံလဲ ကြည့်ဦးလေ။ ခေတ်မမီ တော့တဲ့ သစ်သားဘီးတပ် လှည်းအိုကြီးစီးပြီးရောက် လာသဗျ၊ ကြိုလိုက်ကြတာ ဝက်ဝက်ကွဲပေါ့ဗျာ။ သက်ကျားအိုကြီးနဲ့ လှည်းအိုကြီးတော့ တွေ့ကြပြီဗျ။

ပီတာစဘတ်နန်းတော်ကြီးက စေတမန်ဟာလဲ လဆန်း ၄ ရက်နေ့ကပဲ စစ်ဌာနချုပ်ကို ရောက်လာ တယ်ဗျ။ ကျွန်တော်တို့ စစ်သူကြီးဟာ ဘာပဲလုပ်လုပ် သူကိုယ်တိုင် လုပ်ရမှကျေနပ်လေတော့ ရွှေနန်းတော် ကြီးကလာတဲ့ ချောစာမှန်သမျှကို သူ့ဆီပို့ပေးရတယ်


www.burmeseclassic.com

www.burmeseclassic.com





ဗျ။ စာချွန်တော်တွေကို ရွေးချယ်စိစစ်ဖို့အပြင် ကျွန်တော်တို့ဌာနနဲ့ ပတ်သက်တဲ့ စာချွန်တော်များပါ ရင်လဲ လာယူဖို့ ကျွန်တော့်ကို ဆင့်ခေါ်တဲ့အတွက် စာဌာနချုပ်ကို လိုက်သွားရတယ်ဗျ။ ကျွန်တော်တို့ စစ်သူကြီးဟာ သူ့ထံ လိပ်တပ်ထားတဲ့ ရွှေနန်းတော်က စာချွန်တော်များပါမလားလို့ ကိုယ်တိုင် စောင့်ကြည့်နေသဗျ။ ကျွန်တော်တို့လဲ ဝင်ရွေးပေးရသပေါ့လေ။ ဒါပေမဲ့ ရောင်းရင်းရေ့၊ စစ်သူကြီးထံ လိပ်တပ်ထားတဲ့ စာချွန်ဆိုလို့ တစ်စောင်မှ မပါဘူးခင်ဗျ။ ဒီတွင် ကျွန်တော်တို့လုပ်တာ အားမရလို့ သူကိုယ်တိုင် ဝင်ရှာပါလေရောဗျာ။ သူကိုယ်တိုင်ဝင်ရှာတဲ့အခါကျတော့ ဘုန်းတော်ကြီးသောဘုရားက မြို့စားကြီး…ထံပေးတဲ့ စာချွန်တော်၊ မင်းသားကြီး … ထံပေးတဲ့ စာချွန်တော်တွေသာ တွေ့ရပြီး သူ့ထံပေးတဲ့ စာချွန်တော်ဆိုလို့ တစ်စောင်မှ ရှာလို့မတွေ့ဘူးဗျ။ ဒီတွင် ကျွန်တော်တို့ စစ်သူကြီး ယမ်းပုံမီးကျဖြစ်ပြီး စာချွန်တော်တွေမှန်သမျှကို အကုန်ဖောက်ဖတ်တော့တာပဲဗျ။ (ဒါ သက်သက် ငါ့ကို အရှက်ခွဲတာပဲ၊ ငါ့ကို မယုံကြည်ကြောင်း ပြတာပဲ၊ ငါ့ကို စောင့်ကြည့် ဖို့ အမိန့်ချတယ်ဆိုတာ ငါ့ကိုစော်ကားတာပဲ။ သိကြရောပေါ့ကွာ၊)နဲ့ ပါးစပ်က ဗျစ်တောက် ဗျစ်တောက် လုပ်တော့တာပဲဗျ။ နောက်ဆုံးတော့ ကျွန်တော်တို့ စစ်သူကြီးဟာ ဗိုလ်ချုပ် ဘင်နစ်ဆန်ထံ အင်မတန်ကျော်ကြားတဲ့ တပ်တွင်း အမိန့်ပြန်တမ်းကြီးတစ်စောင် ထုတ်ပြန်လိုက်တယ်ခင်ဗျ။ အဲဒီ တပ်တွင်းအမိန့်ပြန်တမ်းကိုလဲ ရောင်းရင်း နားထောင်စမ်းပါဦး။

(ကျွန်ုပ်မှာ ဒဏ်ရာရရှိခဲ့သည့်အတွက်မြင်းလဲ မစီးနိုင်၊ တပ်မတော်ကြီးကိုလဲ ကွပ်ကဲခြင်းမပြုနိုင်တော့ပြီ။ အသင် ဗိုလ်ချုပ်ကြီးသည် အသင်၏တပ်ဖွဲ့များကို ပူလ်တပ်ဒေသသို့အရောက် ဆုတ်ခွာပေးစေခဲ့သော်လဲ တပ်တော်အားလုံး အအုပ်အစည်း ပျက်ခဲ့ချေပြီ။ တပ်တော်များ၌ အကာအကွယ်ကင်းမဲ့လျက်ရှိပြီ။ စားနပ်ရိက္ခာနှင့်တကွ မြင်းစာများလည်း ပြတ်လပ်လျက် ရှိပြီ။ ထို့ကြောင့် ဤအရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာစီမံမှ သင့်အံ့ ကျွန်ုပ်ထင်သည်။ ကျွန်ုပ်၏သဘောမှာ ယမန်နေ့က ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်ထံ သင်အစီရင်ခံခဲ့သည့်အတိုင်း သင်၏ တပ်များ အားလုံးကို ကျွန်ုပ်တို့နယ်စပ်အထိ ဆုတ်ခွာသင့်သည်။ ဆုတ်ခွာရေးကို ယနေ့စတင်ရမည်။)လို့ ပါသဗျ။

ဒါတွင်မကဘူး။ ကျွန်တော်တို့ စစ်သူကြီးဟာ ဘုန်းတော်ကြီးသောဘုရားထံကိုလဲ တင်လွှာတစ်စောင် တင်လိုက်သေးတယ်ဗျ။ သူ့တင်လွှာကိုလဲ ရောင်းရင်းကြီး နားထောင်စမ်းပါဦး။ (ရွှေဘွားတော်အောက် ရှိခိုးတင်လျှောက်ဝံ့ပါသည်ဘုရား။ ကျွန်တော်မျိုးကြီးမှာ ကြမ်းတမ်းရှည်လျားသော ခရီးကြီးကို ချီတက်ခဲ့ရသည့်အတွက် ကုန်းပေါက်လျက်ရှိသဖြင့် ရှေ့သို့ဆက်လက်ချီတက်ခြင်း ပြုနိုင်တော့မည်မဟုတ်သည့်အပြင် ဤမျှ ကြီးမားသော တပ်မတော်ကြီးကိုလည်း ကွပ်ကဲအုပ်ချုပ်ရန် မတတ်နိုင်တော့ပါဘုရား။ ထို့ကြောင့် တပ်မတော် ကွပ်ကဲမှုကိစ္စအဝဝကို မှုထမ်းသက် အရင့်ဆုံးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်သို့ လွှဲပြောင်းပေး လိုက်ပြီဖြစ် ပါသည် ဘုရား။ စစ်ဦးစီးဌာနချုပ်နှင့် တကွ အမှုထမ်းများအားလုံးကိုလဲ လွှဲပြောင်းပြီး ဖြစ်ပါသည်။ ထို့မှုမက တပ်မကြီးမှူးများ၏ အစီရင်ခံချက်များအရ အချို့တပ်များမှာ အစာရေစာ တစ်ရက်စာမျှသာ ကျန်တော့၍ အချို့တပ်များမှာ လုံးဝ ပြတ်လပ်လျက်ရှိပြီဖြစ်သည့်အလျောက် စားနပ်ရိက္ခာများအလိုရှိပါက ပရုပ်ရှားပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားရန်ကိုလည်း ၎င်းအား အကြံ ပေးခြင်းပြုပြီး ဖြစ်ပါသည်ဘုရား။ ကျွန်တော်မျိုးကြီး မှာကား ပြန်လည် ကျန်းမာလာသည်အထိ ဩစထရိုလင်ကာ ဆေးစခန်းတွင် တက်ရောက်ကုသ နေမည် ဖြစ်ပါသည်ဘုရား။ ကျွန်တော်မျိုးကြီးတို့၏ တပ်တော်များအား အမိုးအကာမရှိသော ကွင်းစခန်းများထဲတွင် နောက်ထပ်ရက်သတ္တနှစ်ပတ်မျှ ဆက်လက်စခန်းချထားစေပါက နွေဦးပေါက် အရောက်တွင် တပ်မတော်ထဲ၌ ကျန်းမာသန်စွမ်းသူ ဟူ၍ တစ်ယောက်မျှ ကျန်တော့မည်မဟုတ်ကြောင်းကို လည်း ရှိခိုးသံတော်ဦး တင်ဝံ့ပါသည်ဘုရား။)လို့



www.burmeseclassic.com

www.burmeseclassic.com



ပါသဗျ။

နောက်ဆက်ရေးထားတာကိုလဲ နားထောင်ဦးဗျ။ (ကျွန်တော်မျိုးကြီးမှာ မိမိအား အပ်နှင်းထားသော ကြီးမြတ်၍ ဂုဏ်ကျက်သရေနှင့်ပြည့်စုံသည့်တာဝန် ကြီးကို ထမ်းရွက်ခြင်းငှာ မစွမ်းတော့သော သက် ကျားအိုကြီးမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏တာဝန်ကို မကျေပွန်သော သက်ကျားအိုကြီးအား ကျေးတောအရပ်တွင် အေးဆေးစွာ အနားယူနေထိုင် ခွင့် ပေးသနားတော်မူပါမည့်အကြောင်း ရှိခိုးသံတော် ဦးတင်ဝံ့ပါသည် ဘုရား။ ကျွန်တော်မျိုးကြီးသည် ဆေးရုံတွင် ဆေးဝါးကုသလျက်ရှိရင်း ဘုန်းတော်ကြီး သောဘုရား သနားချီးမြှင့်တော်မူမည့် ခွင့်ပြုချက်ကိုသာစောင့်ဆိုင်းလျက်ရှိပါသည် ဘုရား။ ကျွန်တော်မျိုးကြီးမှာ တပ်မတော်၏ သေနာပတိချုပ်ဟူသာဆို ရသော်လည်း စင်စစ်ကား တပ်စာရေးသာသာမျှသာ ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပ်စာရေးသာသာအဖြစ် အမှုထမ်းနေရသည့် ဘဝမှကင်း လွတ်ခွင့်ပေးလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်းကို ရွှေဘုံနားတော်မြတ်အောက် လျှောက်ထားဝံ့ပါသည်ဘုရား။ ဘုရားကျွန်တော်မျိုးကြီးအား ဤသို့ တပ်မတော်မှ နုတ်ပယ်လိုက်ခြင်းအတွက် မည်သို့မျှ ထိခိုက်နစ်နာခြင်းရှိမည် မဟုတ်သည့် အပြင် မျက်ကန်းတစ်ယောက်လျော့သွားပေသည်ဟု ဝမ်းမြောက် ဝမ်းသာပင် ဖြစ်ကြပါဦးမည်ဘုရား။ ကျွန်တော်မျိုးကြီး၏ အရည်အချင်းမျှလောက်သာရှိပူတို့ကား ရုရှားနိုင်ငံတော်တစ်ဝှန်းတွင် ဒုနဲ့ဒေးရှိကြောင်းကိုလဲ ရှိခိုးသံတော်ဦးတင်ဝံ့ပါသည် ဘုရား။) လို့ပါသဗျ။ ကဲ၊ အဲဒါကတော့ ကျွန်တော်တို့ စစ်သူကြီးက ဘုန်းတော်ကြီးသော ဘုရားထံ ဆက်သွင်းတဲ့ တင်လွှာပဲဗျ။ စစ်သူကြီးက ဘုရင်ကို မကျေနပ်တာနဲ့ ကျွန်တော်တို့ တစ်တွေတော့ ကြားထဲက ထွေး ခါးနာတဲ့ကိန်း ဆိုက်နေပြီဗျ။

အဲဒါက ကျုပ်တို့ တပ်မတော်အတွင်းမှာ ကပြနေတဲ့ ဇာတ်လမ်းရှည်ကြီးရဲ့ ပထမဇာတ်ကွက်ကလေးဗျ။ ဒီနောက် ဆက်လက်တင်ပြတဲ့ ဇာတ်ကွက်တွေကတော့ သည့်ထက်သည် စိတ်ဝင်စားစရာလဲကောင်း ရယ်စရာလဲကောင်းတယ်ဆိုတာ ပြောဖို့မလို တော့ဘူးပဗျာ။ ဒီလိုနဲ့ ကျုပ်တို့ စစ်သေနာပတိချုပ်ကြီးလဲ တပ်မတော်က နုတ်ထွက်သွားရော ကျုပ်တို့တစ်တွေဟာ ရန်သူနဲ့တွေ့ပြီး တော့တော့ ဆိုင်ဆိုင် နင်လားငါလား အရိုးကြေကြေ၊ အရေခန်းခန်း တိုက်ကြရပြီလို့များထင်သလား။ မထင်လိုက်လေနဲ့ ရောင်းရင်းရေ့။

မှုထမ်းသက်အရ ကြည့်ရင် ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်ဟာ ဝါအရင့်ဆုံးမို့ သူ့ကို စစ်သေနာပတိချုပ်ခန့်ဖို့ပဲ ရှိတော့တယ်ဗျ။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်က တော့ ဒီအချက်ကို မမြင်နိုင်ရှာဘူးဗျ။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်နဲ့ သူ့ရဲ့ တပ်တွေဟာ ရန်သူနဲ့ အနီးကပ်ဆုံး ဖြစ်နေလေဘော့ ဗိုလ်ချုပ် ကြီးဘင်နစ်ဆန်ဟာ ဒီအခြေအနေကို အခွင့်ကောင်းယူပြီး တိုက်ပွဲတစ်ပွဲလောက် သူ့သဘောနဲ့သူ ထတိုက်ပြီး သူစစ်သေနာပတိဖြစ်အောင် အမြတ်ထုတ် လိုက်ပုံရတယ်။ မကြာပါဘူးဗျာ။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ဟာ သူ့သဘောနဲ့သူ တိုက်ပွဲတစ်ပွဲ ထတိုက်တော့တာပါပဲ။ အဲဒီတိုက်ပွဲကတော့ ပူလ် တပ်တိုက်ပွဲပဲဗျ။ ပူလ်တပ်တိုက်ပွဲဟာ ကျွန်တော်တို့ရဲ့ မဟာအောင်ပွဲကြီးလို့ ယူဆကြပေမယ့်ကျုပ်ကတော့ အောင်ပွဲလို့ မယူဆဘူးဗျ။ ရောင်းရင်းကြီးသိတဲ့အတိုင်း တိုက်ပွဲတစ်ပွဲဟာ အနိုင်လား၊ အရှုံးလားဆိုတဲ့ ကိစ္စကို ဆုံးဖြတ်တဲ့နေရာမှာ ကျုပ်တို့ အရပ်သားများကတော့ ခပ်ရိုးရိုး ခပ်စင်းစင်းပဲ ဆုံးဖြတ်ကြတယ်ဗျ။ ကျုပ်တို့အရပ်သားတွေရဲ့ အမြင်မှာတော့ တိုက်ပွဲတစ်ပွဲအပြီး ဆုတ်ခွာလာရတဲ့ ဘက်ဟာ စစ်ရှုံးတဲ့ဘက်ပဲဗျ။ အဲဒီအရပ်သားအမြင်နဲ့ ပြောရရင်တော့ ပူလ်တပ်တိုက်ပွဲမှာ အရေးနိမ့်ခဲ့ရသူဟာ ကျုပ်တို့ တပ်မတော်ကြီးပဲဗျ။ ခပ်တိုတိုရေးရရင်တော့ ကျုပ်တို့ တပ်မတော်ကြီးဟာ တိုက်ပွဲအပြီးမှာ ဆုတ်ခွာလာခဲ့ရတယ်ဗျ။ ဒါပေမဲ့ ဗိုလ်ချုပ် ကြီး ဘင်နစ်ဆန်ကတော့ ဒီလိုမမြင်ဘူးဗျ။ ပူလ်တပ် တိုက်ပွဲမှာ ကျုပ်တို့ တစ်တွေ ပွဲလမ်းရခဲ့ပြီဆိုပြီး ပီတာစဘတ်ရွှေနန်းတော်ကြီးကို စေတမန်တစ်ဦး လွှတ်လိုက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ဟာ ဒီလိုပွဲလမ်းရတဲ့အတွက် သူ့ကို ဆုတော်လာဘ်တော်အဖြစ် စစ်သေနာပတိချုပ်အရာမှာ ခန့်ထားခြင်း ပြုမယ်လို့ မျှော်လင့်ပုံရတယ်ဗျ။ ဒါကြောင့်မို့ ဗိုလ်ချုပ်ဘင်နစ်ဆန်ဟာ ဗိုလ်ချုပ်ကြီးဘက်ဟိုဒင်ကို သေနာပတိအရာ လွှဲမပေးဘူးဗျ။ အဲဒီလို စစ်သေနာပတိချုပ်မရှိဘဲ ဖြစ်နေတုန်းမှာ ကျုပ်တို့တပ်တော်များဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပြီး အင်မတန် ကျွမ်းကျင်လိမ္မာတဲ့ စစ်ကစားမှုများကို ပြုလုပ်ခဲ့ကြတယ်ဗျ။ ဘယ်လိုစစ်ကစားမှုမျိုးလဲ၊ ရန်သူကို ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲဖို့ပြင်ဆင်တဲ့ စစ်ကစားမှုမျိုးလားလို့ ရောင်းရင်းက မေးလိမ့်မယ်။ မဟုတ်ဘူး ရောင်းရင်းရေ့၊ မဟုတ်ရေးချ မဟုတ်ဗျ။ အဲဒီစစ်ကစားမှုကတော့ တခြားမဟုတ်ဘူး ရောင်းရင်းရေ့။

မှုထမ်းသက်အရ မလွဲမရှောင်သာ စစ်သေနာပတိချုပ်ဖြစ်ရမယ့် ဗိုလ်ချုပ်ဘက်ဟိုဒင်ကို တပ်တွေနဲ့ မတွေ့အောင် ရှောင်ရေးပဲခင်ဗျ။ ကျွန်တော်တို့တပ်တွေဟာ မြစ်တစ်မြစ်ကို ဖြတ်ကူးပြီး တံတားတွေကို မီးရှို့ဖျက်ဆီးခဲ့ကြတယ်ဗျ။ ဘာကြောင့်များ မီးရှို့ဖျက်ဆီးတယ် ထင်သလဲ။ ရန်သူနောက်က လိုက်လာလို့ ရန်သူနဲ့ မတွေ့အောင် ဖျက်ဆီးခဲ့တယ်လို့ မထင်မိဘူးလား၊ မထင်လိုက်လေနဲ့ဗျို့၊ ရန်သူနောက်က လိုက်လာလို့ မဟုတ်ဘူး။ ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်နောက်ကလိုက်ပါလာလို့တဲ့ဗျ။ တပ်တွေတလုံးတစည်းတည်းဖြစ်သွားရင် ဘက်ဟိုဒင်ကို စစ်ဦးစီးချုပ်ရာထူး လွှဲပေးရတော့မယ် မဟုတ်လား။ ဒါကြောင့် ရာထူးလွှဲမပေးရအောင် ဘက်ဟိုဒင်နဲ့တပ်တွေ တခြားစီဖြစ်သွားအောင် တံတားတွေကို ဖျက်ပစ်ခဲ့သတဲ့။ ကဲ ကောင်းနိုင်သေးရဲ့လားဗျာတို့။ အဲဒီအချိန်တုန်းကများ ကျုပ်တို့တပ်တွေဟာ ဘိုနာပတ်နဲ့ တွေ့ရမှာထက် ဘက်ဟိုဒင်နဲ့တွေ့မှာကို ပိုကြောက်နေကြသဗျ။ ကျွန်တော်တို့က သူလိုက်လို့ မမီအောင် တံတားတွေဖျက်ပစ်ခဲ့တော့ တစ်ဖက်ကမ်းမှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့တပ်တွေဟာ အင်မတန် အင်အားကြီးမားတဲ့ ရန်သူတပ်တွေရဲ့ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံခဲ့ရပြီး ဒီဘက်ကမ်းကို အနိုင်နိုင်ကူးလာခဲ့ရသဗျ။ အဲ ကျွန်တော်တို့က ရှေ့ကပြေး၊ ဗိုလ်ချုပ်ဘက်ဟိုဒင်က နောက်က လိုက်နဲ့ အချင်းချင်း ပြေးတမ်းလိုက်တမ်း ကစားနေတာနဲ့ပဲ အချိန်ကုန်သဗျ။ ဘိုနာပတ်ကိုတိုက်ဖို့ဆိုတာကတော့ စိတ်တောင်ကူးမိကြပုံ မရဘူး။ ဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်တို့ရဲ့ 'ရန်သူ' ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်ဟာ ကျွန်တော်တို့ကို မီလာပါရောဗျို့။ အဲ မီလဲလာရော ဘက်ဟိုဒင်နဲ့ ဘင်နစ်ဆန်ဆိုတဲ့ ဗိုလ်ချုပ်ကြီးနှစ်ယောက် စစ်ဦးစီးချုပ်ရာထူးနဲ့ ပတ်သက်လို့ စကားများကြသဗျ။ ဗိုလ်ချုပ်ဘက်ဟိုဒင်က နှစ်ယောက်ချင်းသတ်ဖို့ 'စိန်' ခေါ်တဲ့အထိဖြစ်ပြီး ဘင်နစ်ဆန်တော့ စိတ်ထိခိုက်လွန်းအားကြီးပြီး ဝက်ရူးပြန်တဲ့ရောဂါ ပြန်ပေါ်လာသဗျ။ အဲဒီလို အငြင်းပွားနေကြတုန်းမှာ ပီတာစဘတ်ရွှေနန်းတော်ကြီးကို ပူလ်တပ်တိုက်ပွဲ အောင်မြင်ကြောင်း သတင်းသွားပို့တဲ့ ဆက်သားပြန်ရောက်လာပြီး ဗိုလ်ချုပ်ကြီးဘင်နစ်ဆန်ကို စစ်သေနာပတိချုပ်ခန့်အပ်လိုက်ကြောင်း အမိန့်ပြန်တမ်းကို ယူလာသဗျ။ ဗိုလ်ချုပ်ဘက်ဟိုဒင် ခွက်ခွက်လန်တော့တာပေါ့။ အဲဒီတော့မှ ကျွန်တော်တို့ဟာ ဒုတိယပြဿနာဖြစ်တဲ့ ဘိုနာပတ်ကို ဘယ်လိုတိုက်မလဲဆိုတာ စဉ်းစားနိုင်တော့တယ်။ ဒီလို ဗိုလ်ချုပ်ဘက်ဟိုဒင်ကိစ္စပြီးလို့ ဘိုနာပတ်ကိစ္စကို ကောက်ကိုင်မယ်ကြံကာရှိသေး တတိယကိစ္စတစ်ကိစ္စ ဖြုန်းဆိုပေါ်လာပြန်တယ်ဗျ။ အဲဒါကတော့ သမ္မာခရစ်ယာန်သာသနာတော်ကို ကိုးကွယ်ပါတယ်ဆိုတဲ့ ရုရှားတပ်သားတွေရဲ့ကိစ္စပဲဗျ။ ပေါင်မုန့်၊ အသား၊ ဘီစကွတ်နဲ့ မြင်းစာကိုတောင်းဆိုတဲ့ ကျွန်တော်တို့ရုရှားတပ်သားတွေရဲ့ တောင်းဆိုသံဟာ ကျယ်လောင်လာတော့တယ်။ ကျွန်တော်တို့ရဲ့ ရိက္ခာဌာနတွေမှာ ပြောင်သလင်းခါကုန်ပြီး လမ်းပန်းအဆက်အသွယ်ကလဲ မရှိတော့ဘူးဗျ။ ဒီတော့ ခရစ်ယာန်သမ္မာအယူတော်ကို ကိုးကွယ်ပါတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရုရှားတပ်မတော်သားတွေဟာ ဘာလုပ်သလဲသိရဲ့လား။ ရွာတွေကို ဝင်လုတယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ဟာ ဒီလိုပွဲလမ်းရတဲ့ အတွက် သူ့ကို ဆုတော်လာဘ်တော်အဖြစ် စစ်သေနာပတိချုပ်အရာမှာ ခန့်ထားခြင်း ပြုမယ်လို့ မျှော်လင့်ပုံရတယ်ဗျ။ ဒါကြောင့်မို့ ဗိုလ်ချုပ်ဘင်နစ်ဆန်ဟာ ဗိုလ်ချုပ်ကြီးဘက်ဟိုဒင်ကို သေနာပတိအရာ လွှဲမပေးဘူးဗျ။ အဲဒီလို စစ်သေနာပတိချုပ်မရှိဘဲ ဖြစ်နေတုန်းမှာ ကျုပ်တို့တပ်တော်များဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပြီး အင်မတန် ကျွမ်းကျင်လိမ္မာတဲ့ စစ်ကစားမှုများကို ပြုလုပ်ခဲ့ကြတယ်ဗျ။ ဘယ်လိုစစ်ကစားမှုမျိုးလဲ၊ ရန်သူကို ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲဖို့ပြင်ဆင်တဲ့ စစ်ကစားမှုမျိုးလားလို့ ရောင်းရင်းက မေးလိမ့်မယ်။ မဟုတ်ဘူး ရောင်းရင်းရေ့၊ မဟုတ်ရေးချ မဟုတ်ဗျ။ အဲဒီစစ်ကစားမှုကတော့ တခြားမဟုတ်ဘူး ရောင်းရင်းရေ့။

မှုထမ်းသက်အရ မလွှဲမရှောင်သာ စစ်သေနာပတိချုပ်ဖြစ်ရမယ့် ဗိုလ်ချုပ်ဘက်ဟိုဒင်ကို တပ်တွေနဲ့ မတွေ့အောင် ရှောင်ရေးပဲခင်ဗျ။ ကျွန်တော်တို့တပ်တွေဟာ မြစ်တစ်မြစ်ကို ဖြတ်ကူးပြီး တံတားတွေကို မီးရှို့ဖျက်ဆီးခဲ့ကြတယ်ဗျ။ ဘာကြောင့်များ မီးရှို့ဖျက်ဆီးတယ် ထင်သလဲ။ ရန်သူနောက်က လိုက်လာလို့ ရန်သူနဲ့ မတွေ့အောင် ဖျက်ဆီးခဲ့တယ်လို့ မထင်မိဘူးလား၊ မထင်လိုက်လေနဲ့ဗျို့၊ ရန်သူနောက်က လိုက်လာလို့ မဟုတ်ဘူး။ ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်နောက်ကလိုက်ပါလာလို့တဲ့ဗျ။ တပ်တွေတလုံးတစည်းတည်းဖြစ်သွားရင် ဘက်ဟိုဒင်ကို စစ်ဦးစီးချုပ်ရာထူး လွှဲပေးရတော့မယ် မဟုတ်လား။ ဒါကြောင့် ရာထူးလွှဲမပေးရအောင် ဘက်ဟိုဒင်နဲ့တပ်တွေ တခြားစီဖြစ်သွားအောင် တံတားတွေကို ဖျက်ပစ်ခဲ့သတဲ့။ ကဲ ကောင်းနိုင်သေးရဲ့လားဗျာတို့။ အဲဒီအချိန်တုန်းကများ ကျုပ်တို့တပ်တွေဟာ ဘိုနာပတ်နဲ့ တွေ့ရမှာထက် ဘက်ဟိုဒင်နဲ့တွေ့မှာကို ပိုကြောက်နေကြသဗျ။ ကျွန်တော်တို့က သူလိုက်လို့ မမီအောင် တံတားတွေဖျက်ပစ်ခဲ့တော့ တစ်ဖက်ကမ်းမှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့တပ်တွေဟာ အင်မတန် အင်အားကြီးမားတဲ့ ရန်သူတပ်တွေရဲ့ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံခဲ့ရပြီး ဒီဘက်ကမ်းကို အနိုင်နိုင်ကူးလာခဲ့ရသဗျ။ အဲ ကျွန်တော်တို့က ရှေ့ကပြေး၊ ဗိုလ်ချုပ်ဘက်ဟိုဒင်က နောက်က လိုက်နဲ့ အချင်းချင်း ပြေးတမ်းလိုက်တမ်း ကစားနေတာနဲ့ပဲ အချိန်ကုန်သဗျ။ ဘိုနာပတ်ကိုတိုက်ဖို့ဆိုတာကတော့ စိတ်တောင်ကူးမိကြပုံ မရဘူး။ ဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်တို့ရဲ့ 'ရန်သူ' ဗိုလ်ချုပ်ကြီး ဘက်ဟိုဒင်ဟာ ကျွန်တော်တို့ကို မိလာပါရောဗျို့။ အဲ မိလဲလာရော ဘက်ဟိုဒင်နဲ့ ဘင်နစ်ဆန်ဆိုတဲ့ ဗိုလ်ချုပ်ကြီးနှစ်ယောက် စစ်ဦးစီးချုပ်ရာထူးနဲ့ ပတ်သက်လို့ စကားများကြသဗျ။ ဗိုလ်ချုပ်ဘက်ဟိုဒင်က နှစ်ယောက်ချင်းသတ်ဖို့ 'စိန်' ခေါ်တဲ့အထိဖြစ်ပြီး ဘင်နစ်ဆန်တော့ စိတ်ထိခိုက်လွန်းအားကြီးပြီး ဝက်ရူးပြန်တဲ့ရောဂါ ပြန်ပေါ်လာသဗျ။ အဲဒီလို အငြင်းပွားနေကြတုန်းမှာ ပီတာစဘတ်ရှေနန်းတော်ကြီးကို ပူလ်တပ်တိုက်ပွဲ အောင်မြင်ကြောင်း သတင်းသွားပို့တဲ့ ဆက်သားပြန်ရောက်လာပြီး ဗိုလ်ချုပ်ကြီးဘင်နစ်ဆန်ကို စစ်သေနာပတိချုပ်ခန့်အပ်လိုက်ကြောင်း အမိန့်ပြန်တမ်းကို ယူလာသဗျ။ ဗိုလ်ချုပ်ဘက်ဟိုဒင် ခွက်ခွက်လန်တော့တာပေါ့။ အဲဒီတော့မှ ကျွန်တော်တို့ဟာ ဒုတိယပြဿနာဖြစ်တဲ့ ဘိုနာပတ်ကို ဘယ်လိုတိုက်မလဲဆိုတာ စဉ်းစားနိုင်တော့တယ်။ ဒီလို ဗိုလ်ချုပ်ဘက်ဟိုဒင်ကိစ္စပြီးလို့ ဘိုနာပတ်ကိစ္စကို ကောက်ကိုင်မယ်ကြံကာရှိသေး တတိယကိစ္စတစ်ကိစ္စ ဖြုန်းဆိုပေါ်လာပြန်တယ်ဗျ။ အဲဒါကတော့ သမ္မာခရစ်ယာန်သာသနာတော်ကို ကိုးကွယ်ပါတယ်ဆိုတဲ့ ရုရှားတပ်သားတွေရဲ့ကိစ္စပဲဗျ။ ပေါင်မုန့်၊ အသား၊ ဘီစကွတ်နဲ့ မြင်းစာကိုတောင်းဆိုတဲ့ ကျွန်တော်တို့ ရုရှားတပ်သားတွေရဲ့ တောင်းဆိုသံဟာ ကျယ်လောင်လာတော့တယ်။ ကျွန်တော်တို့ရဲ့ ရိက္ခာဌာနတွေမှာ ပြောင်သလင်းခါကုန်ပြီး လမ်းပန်းအဆက်အသွယ်ကလဲ မရှိတော့ဘူးဗျ။ ဒီတော့ ခရစ်ယာန်သမ္မာအယူတော်ကို ကိုးကွယ်ပါတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရုရှားတပ်မတော်သားတွေဟာ ဘာလုပ်သလဲသိရဲ့လား။ ရွာတွေကို ဝင်လုတယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com


တပ်မတော်ရဲ့ တပ်သားတစ်ဝက်လောက်ဟာ ဂိုဏ်းကလေးတွေဖွဲ့ပြီး ကျေးလက်တောရွာတွေ အနှံ့သွားအရပ်သူအရပ်သားတွေရဲ့ ပစ္စည်းတွေကို စားထောက်လုတော့တာပဲ။ အရပ်သားများခမျာ တပ်သားတွေရဲ့ ဒဏ်ကို ခံလိုက်ရတာ ထောင်းလမောင်း ကြေသွားတော့တာပဲ။ ဆေးရုံတွေဆိုရင်လဲ လူနာတွေဟာ တင်းကြမ်းပဲ။ အဲဒီတပ်ပြေးတွေဟာ အရပ်သူအရပ်သားတွေကို လုရုံတွင်မကဘူး။ စစ်ဦးစီးဌာနချုပ်ကို နှစ်ကြိမ်တိုင်တိုင် လာပြီးတိုက်ခိုက်လုယက်တဲ့အတွက် တပ်ရင်းကြီးတစ်ရင်းနဲ့ လူစုခွဲ နှိမ်နင်းပစ်ရတယ်ဗျ။ ကျွန်တော့်သေတ္တာလေးတွေနဲ့ အဝတ်အစားလေးတွေတောင် ပါသွားသေးသဗျ။ ဘုန်းတော်ကြီးသော ဘုရားကတော့ တပ်မကြီးမှူးများထံ လုယက်သောင်းကျန်းသူတွေကို ပစ်သတ်ရမယ်လို့ အမိန့်တော်ပြန်ထားတယ်ဗျ။ ဒါပေမဲ့ တပ်မတော်ထဲက လုယက်သောင်းကျန်းတဲ့ တပ်သားမှန်သမျှကိုသာ ပစ်သတ်ရမယ်ဆိုလို့ရှိရင် ရုရှားတပ်မတော်ကြီးရဲ့ တပ်သားအားလုံးကို ဟိုဘက်သည်ဘက် တစ်ဝက်စီခွဲတန်းစီစေပြီး တစ်ယောက်ကို တစ်ယောက် ပစ်သတ်ခိုင်းဖို့ပဲ ရှိတော့သဗျ။

အစပထမသော် မင်းသားကလေးအင်ဒရေသည် ဘီလီဘင်၏စာကို စိတ်မပါ့တပါ ဖတ်လျက်ရှိ၏။ (ဘီလီဘင်၏စကားမှာ ဆယ်ခွက်တစ်ခွက်လောက်မျှသာ အဖတ်တင်ကြောင်းကို မင်းသားကလေးအင်ဒရေ သိပြီးဖြစ်သည်။) သို့ရာတွင် စာကိုဖတ်ရင်း တဖြည်းဖြည်း စိတ်ဝင်စားလာခဲ့လေပြီ။ မင်းသားကလေးအင်ဒရေသည် စာကို ထိုနေရာအထိသာဖတ်ပြီးနောက် လုံးခြေလွှင့်ပစ်လိုက်လေသည်။ မင်းသားကလေးအင်ဒရေသည် စာပါအကြောင်းအရာများကြောင့် စိတ်ဆိုးခြင်း ဖြစ်ရသည်ထက် မိမိနှင့် ဘာမျှ ပတ်သက်ခြင်းမရှိသော ကိစ္စတစ်ရပ်က မိမိအား ဤမျှ နောက်ကျူရှုပ်ထွေးခြင်းဖြစ်အောင် ပြုနိုင်သလောဟုတွေးမိကာ စိတ်တိုလျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေသည် မျက်လုံးကို မှိတ်ကာ ၎င်းဖတ်ခဲ့ရသည့်အထဲတွင်ပါသည့်ကိစ္စများကို ခေါင်းထဲမှ ပျောက်သွားစေလိုသည့်အလား နဖူးကိုပွတ်လိုက်ပြီးနောက် သူငယ်ဆောင်ဘက်ဆီသို့ နားစွင့်လိုက်သည်။ ထိုအခိုက် သူငယ်ဆောင်ဘက်ဆီမှ ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရသည်ဟု ထင်လိုက်မိသည်။ မင်းသားကလေးအင်ဒရေသည် မိမိစာဖတ်နေချိန်တွင် ကလေးငယ်မှာ ရေတိမ်နစ်ရချေပြီလောဟု ထိတ်ခနဲ ဖြစ်သွားမိသည်။ မင်းသားကလေးအင်ဒရေသည် သူငယ်ဆောင်တံခါးဆီသို့ ခြေဖျားထောက်လာကာ တံခါးကို တွန်းဖွင့်လိုက်မိသည်။

အခန်းထဲသို့ ဝင်လိုက်သည်တွင် အထိန်းတော်သည် ကြောက်ရွံ့ထိတ်လန့်သော မျက်နှာထားဖြင့် တစ်စုံတစ်ရာကို ဝှက်လိုက်သည်။ မင်းသမီးကလေးမေရီမှာ ပုခက်အနီးတွင် မရှိချေ။

"အင်ဒရေ"

နောက်နားဆီမှ အားလျော့ညှိုးငယ်စွာ ခေါ်လိုက်သော မင်းသမီးကလေးမေရီ၏အသံကို ကြားလိုက်ရသည်ဟု ထင်လိုက်၏။

မင်းသားကလေးအင်ဒရေမှာ အိပ်ရေးကလည်း ပျက်၊ စိတ်ကလည်းပန်းလျက်ရှိရကား ဘာကိုမျှ တွေးခေါ်နိုင်ခြင်းမရှိတော့ဘဲ မိမိထင်သည့်အတိုင်း ရေတိမ်နစ်ရရှာချေပြီဟု အတပ်တွေးလိုက်မိသည်။ မြင်ရသည့်အခင်း၊ ကြားရသည့်အသံတို့ကလည်း ၎င်း၏ ကြောက်လန့်စိုးရိမ်မှုကို အထောက်အကူပေးနေသကဲ့သို့ ရှိပေသည်။

"သွားပြီ"ဟု မင်းသားကလေးအင်ဒရေ တွေးလိုက်မိကာ အေးစက်သော ချွေးသီးချွေးပေါက်ကြီးများသည် နဖူးပြင်တွင်စို့၍လာကြ၏။ မင်းသားကလေးအင်ဒရေသည် ကြီးစွာထိတ်လန့်တုန်လှုပ်ခြင်းဖြစ်လျက် ပုခက်နားသို့ ကပ်လာခဲ့သည်။ ဟာလာဟင်းလင်းဖြစ်လျက်ရှိသော ပုခက်ကို တွေ့ရချေတော့မည်ဟု လည်းကောင်း၊ အထိန်းတော်သည် ကလေးငယ်၏အလောင်းကို ဝှက်ထားလေပြီဟု လည်းကောင်း ထင်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် ကြာခြည်ကို လှစ်လိုက်၏။ ကြောက်လန့်၍ ဂနာမငြိမ်ဖြစ်လျက်ရှိသော မျက်လုံးများသည် ကလေးငယ်ကို မမြင်ရဘဲ ဖြစ်နေသည်။ အတန်ကြာတော့မှ ကလေးငယ်ကို မြင်လိုက်ရလေသည်။ နီနီထွေးထွေး ကလေးငယ်သည် ခေါင်းအုံးတခြား ခေါင်းတခြား ဖြစ်လျက်ရှိကာ နှုတ်ခမ်းများကိုလျက်၍ အသက်ရှူမှန်မှန်ဖြင့် အိပ်ပျော်လျက်ရှိလေသည်။

မင်းသားကလေးအင်ဒရေမှာ ကလေးငယ်ကို ယခု


www.burmeseclassic.com

www.burmeseclassic.com


အတိုင်း မြင်ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်သွား၏။ မင်းသားကလေးအင်ဒရေသည် အစ်မတော် မင်းသမီးကလေးမေရီ သင်ပေးသည့်အတိုင်း ခါးညွတ်ကာ ကလေး၏နဖူးပြင်ကို နှုတ်ခမ်းဖြင့်တို့ကြည့်၏။ နူးညံ့သောနဖူးပြင်သည်ချွေးစို့လျက် ရှိ၏။ တစ်ဖန် ဤမျှနှင့် အားရတင်းတိမ်ခြင်းမရှိသေးဘဲ ကလေးငယ်၏ခေါင်းကို လက်ဖြင့် စမ်းသပ်ကြည့်ပြန်သည်။ ဆံပင်များမှာလည်း ချွေးရွှဲရွှဲစိုလျက် ရှိလေသည်။ ကလေးငယ်မှာ စိုးရိမ်ရသည့်အခြေမှ လွန်မြောက်ကာ စိတ်ချရသော အခြေသို့ ရောက်လာခဲ့လေပြီ။ မင်းသားကလေးအင်ဒရေသည် အကာအကွယ်မဲ့ရှာသော ကလေးငယ်ကို ကောက်ယူကာ ဖျစ်ညှစ်ပွေ့ဖက်ပြီး ရင်ခွင်ထဲသို့ အပ်ထားလိုက်ချင်သည်။ သို့ရာတွင် ကလေးငယ်နိုးသွားမည်စိုးသည့်အတွက် စိတ်ကို မနည်းချုပ်တည်းထား လိုက်ရ၏။ မင်းသားကလေးအင်ဒရေသည် ကုန်း၍ ခြုထည်အောက်မှပေါ်နေသော ခေါင်းကလေးကိုလည်းကောင်း၊ ခြေထောက်ကလေးများနှင့် လက်ကလေးများကိုလည်းကောင်း စိုက်ကြည့်နေမိလေသည်။ ထိုစဉ်နောက်မှ ခြေသံကြားလိုက်ရပြီးနောက် ရှေ့ကြာခြည်ပေါ်တွင် အရိပ်တစ်ရိပ် လာထင်သည်ကို တွေ့လိုက်ရ၏။ မင်းသား ကလေးအင်ဒရေသည် လှည့်၍မျှမကြည့်နိုင်ဘဲ ကလေး ငယ်၏မျက်နှာကိုကြည့်ကာ မှန်မှန်ကြီးရှူနေသော အသက် ရှူသံကိုသာ နားထောင်နေမိသည်။ ကြာခြည်ပေါ်တွင် ထင်လာသောအရိပ်မှာ မင်းသမီးကလေးမေရီ ဖြစ်၏။ မင်းသမီးကလေးမေရီသည် ပုခက်အနီးသို့ ခြေဖျားထောက်၍ လျှောက်လာကာ ကြာခြည်ကိုမ ကြည့်ပြီး ပြန်ချလိုက်သည်။ မင်းသားကလေးအင်ဒရေသည် မကြည့်ဘဲနှင့် မင်းသမီးကလေးမေရီမှန်းသိကာ လက်ကို ကမ်းပေးလိုက်၏။ မင်းသမီးကလေးမေရီက လက်ကိုဖမ်း၍ ဆုပ်ကိုင်လိုက်သည်။

"ချွေးတော့ တော်တော်စို့လာပြီ"မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။

"ဟုတ်တယ်၊ အစ်မတော်လဲ အဲဒါကို လာပြောတာ"

ကလေးသည် အိပ်ပျော်နေရာမှ လူးလွန့်၍ ပြုံးကာ နဖူးကို ခေါင်းအုံးဖြင့် ပွတ်နေသည်။

မင်းသားကလေးအင်ဒရေသည် အစ်မတော်မေရီကို ကြည့်လိုက်၏။ ကြာခြည်ကြောင့် အလင်းရောင်သည် ခပ်ဖျော့ဖျော့ ဖြစ်လျက်ရှိ၏။ မင်းသမီးကလေးမေရီ၏ တောက်ပသော မျက်လုံးကြီးများ၌ ဝမ်းသာခြင်းကြောင့်ဖြစ်သော မျက်ရည်ဥများ ခိုတွဲလျက်ရှိလေရာ ထိုမျက်လုံးများသည် မှိန်ဖျော့ဖျော့ အလင်းရောင်ထဲတွင် ပို၍ တောက်ပရွန်းလက်နေသည်ဟု ထင်ရလေသည်။ မင်းသမီးကလေးမေရီသည် မင်းသားကလေးအင်ဒရေ၏ နဖူးပြင်ကို ကုန်း၍ နမ်းလိုက်သည်တွင် ကြာခြည်ကိုထိသဖြင့် လှုပ်သွားလေသည်။ နှစ်ယောက်စလုံးသည် သတိဖြင့် ပြောဆိုလုပ်ကိုင်ရန် တစ်ယောက်ကိုတစ်ယောက် အချက်ပြလိုက်ကြပြီး ကမ္ဘာလောကကြီးနှင့် မိမိတို့သုံးယောက်အား ခြားပေးထားသည့် ကြာခြည်အနီးမှ မခွာရက်ကြတော့ သကဲ့သို့ မှုန်ပျပျအလင်းရောင်ထဲတွင် အတန်ကြာမျှ ရပ်နေမိကြ သည်။ မင်းသားကလေးအင်ဒရေက ပထမဆုံး လှုပ်လှုပ်ရွရွ ဖြစ်လာကာ ထွက်တော့မည်ဟု ဟန်ပြင်လိုက်သဖြင့် ကြာခြည်သည် လှုပ်ယမ်းလျက်ရှိသည်။

"လောကကြီးမှာ ကျန်တော် တွယ်တာစရာဆိုလို့ သူတစ်ယောက်ပဲ ကျန်တော့တယ် အစ်မတော်"

မင်းသားကလေးအင်ဒရေသည် အသက်ကို ပြင်းစွာရှိုက်၍ ပြောလိုက်လေသည်။

## အခန်း ၁၀

ပီယာသည် ညီအစ်ကိုတော်ဂိုဏ်းသို့ ဝင်ရောက်ခဲ့ပြီးနောက် မိမိ၏ပိုင်စား နယ်မြေများတွင် လုပ်ဆောင်ရမည့် လုပ်ရန်ဆောင်တာများ ကို စီမံကိန်းဆွဲခဲ့သည်။ ထို့နောက်၌ မိမိပိုင်ကျေးကျွန် အမြောက်အမြားရှိရာ ဒေသဖြစ်သည့် ကိယက်ဒေသသို့ ထွက်လာခဲ့လေသည်။

ကိယက်သို့ရောက်သည်တွင် ပီယာသည် အငှားချထားသည့် စာရင်းဒိုင်များအားလုံးကို ခေါ်ယူကာ မိမိ၏အကြံအစည်များ၊ ဆန္ဒများကို ထုတ်ဖော်ပြောဆိုခြင်းပြုလေသည်။ ပီယာက မိမိသည် မိမိ၏မြေကျွန်များအား မကြာမီအတောအတွင်းတွင် မြေကျွန်အဖြစ်မှ ဘေးမဲ့လွှတ်လိုက်တော့မည်ဖြစ်ကြောင်း၊ မြေကျွန်အဖြစ်မှ မလွတ်မီ၌လည်း ယခင်ကကဲ့သို့ မြေယာလုပ်ငန်းများကို မတန်တဆ ပင်ပန်းစွာ လုပ်စေတော့မည်မဟုတ်ကြောင်း၊ သားသည်


www.burmeseclassic.com

www.burmeseclassic.com


အမေများကိုလည်း အလုပ် လုပ်ခိုင်းတော့မည်မဟုတ်ကြောင်း၊ မြေကျွန်များအား အကူအညီပေးမည်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ပေးရာ၌လည်း ကြိမ်ဒဏ်ပေးခြင်း စသည့်စနစ်တို့ကိုပယ်ဖျက်၍ သွန်သင်ဆုံးမ ပညာပေးသောသဘောမျိုးဖြင့်သာ ပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ပိုင်စားနယ်မြေများပေါ်၌ လူအိုရုံများ၊ ကျောင်းများ၊ ဆေးရုံများကိုလည်း ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းဖြင့် မိမိ၏ အကြံအစည်များကို ပြောပြလေသည်။ စာရင်းဒိုင်များအားလုံး (အချို့မှာ စာမတတ်သူများ ဖြစ်သည်။)သည် အလန့်တကြားဖြင့် နားထောင်လျက်ရှိကြကာ မိမိတို့အလုပ်တာဝန် မကျေပွန်သောကြောင့်လည်းကောင်း၊ ငွေများကို အလွဲသုံးစားလုပ်သည့်အတွက်ကြောင့် လည်းကောင်း၊ မြို့စားကလေးက မကျေနပ်၍သာ ဤလိုစကားမျိုး ပြောသည်ဟု ထင်မှတ်လျက် ရှိကြလေသည်။ အချို့ကလည်း ပီယာ၏ နှုတ်မှ ပီယဝါစာစကားများကို ကြားရသည့်အတွက်ကြောင့် လည်းကောင်း၊ မကြားဖူးသော စကားထူးစကားဆန်းများကို ကြားရသည့်အတွက်ကြောင့် လည်းကောင်း အစတွင်သာ ကြောက်ရွံ့ထိတ်လန့်ကြသော်လည်း နောက်၌ ရွှင်ပြုံးကျေနပ်လျက် ရှိကြ၏။ အချို့မှာ ၎င်းတို့သခင်ကလေးက ဤသို့ ပြောဖော်ရသဖြင့် ရွှင်လန်းအားရလျက်ရှိ၏။ ၎င်းတို့အနက် စာရင်းဒိုင်ချုပ်အချို့ အပါအဝင် တောသားလူလည်အချို့ကား မြို့စားကလေးက ဤသို့ စကားစလိုက်ကတည်းက မိမိတို့အကျိုးအတွက် မည်သို့ အမြတ်ထုတ်ရမည်ကို စိတ်ကူးလျက် ရှိကြလေသည်။

ပီယာ၏ အကြံအစည်မှာ များစွာသင့်မြတ် လျော်ကန်လှသော အကြံအစည်ဖြစ်ကြောင်းဖြင့် စာရင်းဒိုင်ချုပ်က ထုတ်ဖော်ပြောဆိုပြီးနောက် ဤသို့သော ပြောင်းလဲမှုများကို လုပ်လိုက လုပ်နိုင်ကြောင်း၊ သို့ရာတွင် ပိုင်စားနယ်မြေများတွင် အခြေအနေအရပ်ရပ်မှာ ကျေနပ်ဖွယ်မရှိသည့် အလျောက် ကြည့်ရှုစစ်ဆေးသင့်ကြောင်းဖြင့်လည်း ပြောကြားလေသည်။

ပီယာသည် မြို့စားကလေးဘီဇူးကော့ဗ်အဖြစ်သို့ ရောက်ရှိလာခဲ့၍ တစ်နှစ်လျှင်ဝင်ငွေ ဒင်္ဂါးပေါင်း ငါးသိန်းခန့် ရရှိသော်လည်း ခမည်းတော်ကြီး ရှိစဉ်လက်ထက်က မိမိအတွက် နှစ်စဉ်ငွေဒင်္ဂါး တစ်သောင်းရရှိစဉ်ကထက် ဆင်းရဲနွမ်းပါးလှသည်ဟုပင် ထင်မိသည်။ ပီယာသည် ၎င်း၏ ဝင်ငွေထွက်ငွေစာရင်းကို ကြည့်၍လည်း စိတ်ပျက်မိသည်။

ပီယာ၏ ဝင်ငွေထွက်ငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်၏။ ပိုင်စားနယ်မြေများအတွက် ဘုရင်အစိုးရလယ်ယာရွှေတိုက်တော်သို့ ပေးဆောင်ရသော အခွန်တော်ငွေ ၈၀၀၀၀၊ မော်စကိုအနီးရှိ ပိုင်စားနယ်မြေများမြို့မှ စံအိမ်တော်များကို ထိန်းသိမ်းစရိတ်နှင့် အစ်မတော်မင်းသမီးကြီးသုံးယောက်သို့ ထောက်ပံ့ငွေ ၃၀၀၀၀၊ ပိုင်စားမြေပေါ်ရှိ အမှုထမ်းများ ရိက္ခာလစာငွေ ၁၅၀၀၀၊ လူအိုရုံများသို့ ထောက်ပံ့ငွေ ၁၅၀၀၀၊ ကြင်ယာတော် ဟယ်လင်မင်းသမီးကလေးသို့ စားစရိတ်ထောက်ပံ့ငွေ ၁၅၀၀၀၀၊ ကြွေးမြီများအတွက် အတိုးငွေ ၇၀၀၀၀ ခန့်တို့ ဖြစ်၏။ လွန်ခဲ့သည့်နှစ်နှစ်လောက်ကစ၍ ပီယာသည် သုဓမ္မာဇရပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်တွင် ယခုတိုင် အပြီးမသတ်သေးဘဲရှိနေရာ ထို့အတွက်လည်း နှစ်စဉ် ငွေဒင်္ဂါး ၁၀၀၀၀ ခန့်ကုန်ကျလျက်ရှိ၏။ ကျန်ငွေဒင်္ဂါး၁၀၀၀၀၀ ခန့်မှာ မည်သို့ကုန်သွားလိုက်သည်ဟု စဉ်းစား၍ပင်မရဘဲ စာရင်းပျောက်လျက် ရှိသည့်အတွက် ပီယာမှာ နှစ်စဉ်ချေးငှားသုံးစွဲရသည်ချည်း ဖြစ်ပေသည်။ ထို့မှုမက နှစ်စဉ်နှစ်တိုင်း စာရင်းဒိုင်ချုပ်ထံမှ မီးလောင်၍ ပျက်စီးခြင်း၊ သီးနှံထွက်မကောင်းခြင်း၊ အလုပ်ရုံများ၊ ပန်းပဲဖိုများ ပျက်စီးနေသဖြင့် ပြင်ဆင်ရန်လိုခြင်း စသည့် ကိစ္စတို့ တစ်ခုပြီးတစ်ခု ပေါ်လာတတ်ပေသေးသည်။ ထို့ကြောင့် ပီယာ၏ ပထမဆုံးလုပ်ငန်းမှာ မိမိစိတ်ဝင်စားခြင်းမရှိဆုံး၊ ဝါသနာမပါဆုံးသောကိစ္စတစ်ရပ်ဖြစ်သည့် စီးပွားရေးလုပ်ငန်းကြီးကို ရင်ဆိုင်ရန် ဖြစ်ပေသည်။

ပီယာသည် မိမိပိုင်စားနယ်မြေ ပြဿနာများကို စာရင်းဒိုင်ချုပ်နှင့် နေ့စဉ်တွေ့ဆုံဆွေးနွေးခြင်းပြု၏။ သို့သော်လည်း ဤသို့ ပြုလုပ်ရုံမျှဖြင့်လည်း ပြဿနာမှာ ပြေလည်သွားသည်မဟုတ်ချေ။ စာရင်းဒိုင်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်ခြင်းမှာ တကယ်ဖြစ်ပျက်လျက်ရှိသော ပြဿနာများနှင့် ကင်းကွာလျက်ရှိကာ မည်သည်ကိုမျှ ပြေလည်အောင် မဖြေရှင်းနိုင်ဘဲ ဖြစ်လျက်ရှိ၏။ ထိုအထဲတွင် စာရင်းဒိုင်ချုပ်သည် ပြဿနာဟူသမျှကို အဆိုးဘက်မှချည်း တင်ပြလျက်ရှိရုံမျှမက ပီယာလုံးဝသဘောမတူနိုင်သော ကြွေးမြီများပြန်ဆပ်ရေးကိစ္စနှင့် ကျေးကျွန်များအား ဆဲ့မဲ့မပေးသေး



www.burmeseclassic.com

ဘဲ လုပ်ငန်းသစ်ခွဲဝေပေးရေးကိစ္စကိုသာ တင်ပြလျက်ရှိသည်။ ပီယာကမူ မြေကျွန်များအား ကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ပေးရေးအတွက် ပြင်ဆင်မှုများကို ပြုလုပ်ရမည်ဟု တွင်တွင်ပြောလျက်ရှိလေရာ ထိုအခါကျတော့မှ စာရင်းဒိုင်ချုပ်သည် ဘုရင့်အစိုးရလယ်ယာရွှေတိုက်တော်မှ ချေးငွေများကို ပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အတွက် မြေကျွန်များကို ချက်ချင်းကင်းလွတ်ခွင့်ပေးရန် မဖြစ်နိုင်သေးကြောင်း ဖွင့်ပြောလေတော့သည်။

သို့ရာတွင် စာရင်းဒိုင်ချုပ်က မြေကျွန်များအား ကင်းလွတ်ခွင့်ပေးရေးကိစ္စကို ပြောင်ပြောင်တင်းတင်း ကန့်ကွက်ခြင်းမပြုဘဲ ၎င်းတို့ကို ကင်းလွတ်ခွင့်ပေးလိုက်မည်ဆိုက ရွှေတိုက်တော်မှ ချေးငွေများကို ပြန်ဆပ်ရေးအတွက် ပီယာပိုင်သော ကော့စထရိုမာဒေသမှ သစ်တောများ၊ မြစ်အကြေအရပ်မှ လယ်မြေများနှင့်တကွ ကရိုင်းမီးယားဒေသရှိ ပိုင်စားနယ်မြေများကို ရောင်းချရတော့မည်ဖြစ်ကြောင်းဖြင့် သွယ်ဝိုက်ကန့်ကွက်ခြင်း ပြုလေသည်။ အမှန်အားဖြင့် ဤပစ္စည်းများကို ရောင်းချရေးမှာ လွယ်ကူလှသောကိစ္စ မဟုတ်ချေ။ တားဝရမ်းများကို ရုပ်သိမ်းခြင်း၊ တင်လွှာများ တင်သွင်းခြင်း၊ ရွှေနန်းတော်ကြီးမှ အမိန့်တောင်းခံခြင်း စသည့် ရှုပ်ထွေးသော လွှတ်ရုံးဆိုင်ရာ လုပ်ငန်းများကို ပြုလုပ်ရဦးမည်ဖြစ်ရာ ပီယာမှာ စိတ်ရှုပ်လာလေသည်။ သို့ဖြင့် နောက်ဆုံးတွင် "ကဲ ဖြစ်သလိုသာလုပ်၊ ကျုပ်ကတော့ မြေကျွန်တွေကို လွှတ်မယ်လို့ ဆုံးဖြတ်ပြီးပြီ" ဟု ပြောလိုက်ရလေသည်။

ပီယာမှာ စီးပွားရေးလုပ်ငန်းများကိုကြီးကြပ်ကွပ်ကဲနိုင်လောက်အောင် အတွေ့အကြုံရှိခဲ့သူမဟုတ်ချေ။ ထို့မျှမက စီးပွားရေးကိစ္စများတွင် ကြီးကြပ်ကွပ်ကဲရခြင်းကိုလည်း စက်ဆုပ်မိသည်။ သို့ရာတွင် စာရင်းဒိုင်ချုပ်ရှေ့၌မူ များစွာ စိတ်ပါဝင်စားလေဟန်ပြု၍ နေရပေသည်။ စာရင်းဒိုင်ချုပ်ကလည်း သခင့်အကျိုးအတွက်သာ လုပ်ပေးနေရသည်။ မိမိအဖို့မှာ တစ်ပြားဖိုးမျှ အကျိုးမရှိဘဲ စိတ်ပန်းလူပန်းဖြစ်ရခြင်းသာ အဖတ်တင်သည်ဟူသော ဟန်ကို ဆောင်လျက်ရှိပေသည်။

ပီယာသည် မိမိ၏ သိဟောင်းကျွမ်းဟောင်းများကိုလည်း ကီယက်တွင် တွေ့ရ၏။ မသိကျွမ်းသေးသူများကလည်း ပီယာနှင့် များစွာ အသိအကျွမ်းဖြစ်လိုကြကာ ကီယက်ဒေသတွင် အချမ်းသာဆုံး မြေပိုင်ရှင်ကြီးတစ်ဦးဖြစ်သော သူကြွယ်ကလေးပီယာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ ပီယာ၏ စရိုက်ဝါသနာကို ဆွဲဆောင်သည့် အရာများမှာလည်း များပြားလှရကား ညီအစ်ကိုတော်ဂိုဏ်းသို့ ဝင်စက ရှောင်ကြဉ်ပါမည်ဟု ကတိပေးထားခဲ့သော်လည်း ကြာသော် ပီယာမှာ မရှောင်နိုင်တော့ချေ။ ဤသို့ဖြင့် ပီယာသည် နေ့များ၊ သီတင်းပတ်များ၊ လများကို ပေါ်ဆစွာကုန်လွန်ခဲ့လျက် ပီတာစဘတ်ရွှေမြို့တော်မှာကဲ့သို့ ထုံးစံအတိုင်း မင်းပွဲသဘင်များ၊ ညစာစားပွဲများ၊ နေ့လယ်စာ စားပွဲများ၊ ကပွဲများတွင်သာ နစ်မြုပ်လျက်ရှိကာ ကိုယ့်ဘဝကို အမေ့ကြီးမေ့လျက်ရှိလေသည်။ ပီယာသည် ဘဝသစ်ကို မျှော်မှန်းခဲ့သော်လည်း ပတ်ဝန်းကျင်သာလျှင် အသစ်ဖြစ်၍ စရိုက်ဟောင်း၊ အကျင့်ဟောင်း၊ ဘဝဟောင်းတွင် ကျင်လည်မြဲကျင်လည်လျက် ရှိလေသည်။

ညီအစ်ကိုတော်ဂိုဏ်း၏ သိက္ခာပုဒ်သုံးပါးအနက် ဂိုဏ်းဝင်တိုင်း ကိုယ်ကျင့်သီလအရာ၌ စံနမူနာဖြစ်ရမည်ဆိုသည့် သိက္ခာပုဒ်ကို စောင့်ထိန်းနိုင်ခြင်း မရှိသေးကြောင်းကိုလည်း ပီယာ သဘောပေါက်မိသည်။ သုစရိုက်ခုနစ်ပါးအနက် ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် သေခြင်းတရားကို ချစ်ခင်တွယ်တာရေးဆိုသည့် တရားနှစ်ပါးကို ပြည့်စုံစွာ စောင့်ထိန်းနိုင်ခြင်း မရှိသေးသည်ကိုလည်း ပီယာသိသည်။ သို့ရာတွင် လူ့အနွယ်ကြီးအား ပြုပြင်ပြောင်းလဲရေး၊ မေတ္တာတရားပွားများရေး၊ စေတနာသဒ္ဓါတရား ထက်သန်ရေး စသည့် အခြားသိက္ခာပုဒ်များကို စောင့်ထိန်းပေးသည်ဟု ပီယာသည် မိမိဘာသာမိမိ နှစ်သိမ့်လျက်ရှိလေသည်။

၁၈၀၇–ခုနှစ် နွေဦးပေါက်၌ ပီယာသည် ပီတာစဘတ်ရွှေမြို့တော်သို့ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။ အပြန်တွင် မိမိပိုင်စားနယ်မြေများသို့ ဝင်ရောက်၍ မိမိ၏ အစီအမံများ မည်မျှခရီးရောက်နေပြီကိုလည်းကောင်း၊ မြေကျွန်များ၏ အခြေအနေကိုလည်းကောင်း စစ်ဆေးကြည့်ရှုရန်လည်း စိတ်ကူးထား၏။

စာရင်းဒိုင်ချုပ်၏ အမြင်၌ မြေကျွန်များကို ဘေးမဲ့လွှတ်ခြင်း၊ ၎င်းတို့၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးခြင်း စသည့် သခင်မြို့စားကလေးပီယာ၏ အပြုအမူများသည် ရူးသွပ်သော အလုပ်မျိုးသာ ဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆလျက်ရှိ၏။ ထိုအစီအမံများသည် မိမိကဲ့သို့သော စာရင်းဒိုင်ချုပ်တစ်ယောက်အတွက် လည်းကောင်း၊ သခင်မြို့စားကလေးပီယာအတွက် လည်းကောင်း၊ မြေကျွန်များအတွက် လည်းကောင်း မည်သို့မျှ အကျိုးမရှိဟု ယူဆလျက်ရှိလေသည်။ ထို့ကြောင့် စာရင်းဒိုင်ချုပ်သည် မြေကျွန်များဘေးမဲ့လွတ်ရေးဟူသော ပီယာ၏ အစီအမံကို လိုက်နာဆောင်ရွက်ဟန်ပြုလျက်ရှိသော်လည်း တကယ်၌ မည်သည့်အရာကိုမျှ ထိထိရောက်ရောက် မလုပ်ချေ။ သို့ရာတွင် သခင်စိတ်ကျေနပ်စေရန်အတွက် အဆောက်အအုံသစ်များဆောက်လုပ်ခြင်း၊ ကျောင်းများ၊ ဆေးရုံများ၊ လူအိုရုံများဆောက်လုပ်ခြင်း စသည့်ကိစ္စရပ်များကိုကား သခင်မြို့စားကလေး ပီယာမရောက်မီတွင် အားလုံးအပြီးသတ်ရန်ဆောင်ရွက်လျက်ရှိ၏။ စာရင်းဒိုင်ချုပ်သည် သခင်မြို့စားကလေးပီယာအား ပိုင်စားနယ်မြေတွင် ပွဲသဘင်ခံ၍ခမ်းခမ်းနားနားကြီး ကြိုဆိုလိုသော်လည်း (ဤသို့ အခမ်းအနားဖြင့် ကြိုဆိုခြင်း စသည့်ကိစ္စများကို ပီယာ သဘောမကျမှန်းသိသည့်အတွက်)ဤအစီအမံကို ဖျက်ကာဆင်းတုတော်များ လှူဒါန်းခြင်း၊ ဆားများ၊ ပေါင်မုန့်များဝေငှကမ်းလှမ်းခြင်း စသည့် စတုဒိသာ ပွဲကြီးသဘင်ဆင်ယင်ကျင်းပစေကာ ပီယာကို ကြိုဆိုရန် ပြင်ဆင်လျက်ရှိလေသည်။ သို့မှသာလျှင် မိမိအား ဘာသာရေးကိုလေးစားသူတစ်ဦးဟု သခင်မြို့စားကလေးပီယာ ထင်မှတ်သွားကာ မိမိ၏ပျက်ကွက်မှုများအတွက် ခွင့်လွှတ်လိမ့်မည်မဟုတ်ပါလော။ စာရင်းဒိုင်ချုပ်သည် ထိုသို့ စိတ်ကူးဖဲရိုက်လျက် ရှိလေသည်။

ပီယာသည် ဗီယင်နာရွှေမြို့တော်လုပ် ခုံညားသောက ရထားကြီးကိုစီးကာ ခရီးထွက်လာခဲ့လေသည်။ တောင်ပိုင်းဒေသ၏ စိမ်းလန်းသော နွေဦးရာသီကြောင့်လည်းကောင်း၊ ဓိမ်ရှိလှသော က ရထားကြီးကို စီးနင်းလိုက်ပါလာရခြင်းကြောင့် လည်းကောင်း တောလမ်း၏ သာယာဆိတ်ငြိမ်ခြင်းကြောင့် လည်းကောင်း၊ ရွှင်လန်းကြည်နူးမှုတစ်မျိုးသည် ပီယာ၏ရင်တွင်း၌ ဖြစ်ပေါ်လျက်ရှိ၏။

ယခင်က ပီယာတစ်ခါမျှ မရောက်ဖူးသော ပိုင်စားနယ်မြေများသည် ၎င်းအဖို့ အသစ်အဆန်းဖြစ်လျက်ရှိ၏။ ပိုင်စားနယ်မြေတွင် ကျေးကျွန်ဟူသမျှကလည်း သခင်မြို့စားကလေး၏ ကုသိုလ်ကောင်းမှုအစုစုအတွက် သာဓုအနုမောဒနာပြုကာ ကျေးဇူးတင်မဆုံး ဖြစ်နေကြဟန်ရှိခြင်းကို တွေ့ရ၏။ ပီယာရောက်လေရာ၌ ကျေးကျွန်များကဝမ်းသာအားရ ကြိုဆိုကြသည်။ ပီယာမှာ ဤသို့ ကြိုဆိုကြခြင်းအတွက် အနေရခက်လှသော်လည်း စိတ်ထဲတွင်လှိုက်လှဲစွာ ကြည်နူးခြင်းဖြစ်မိသည်ကား အမှန်ပင် ဖြစ်လေသည်။ တစ်နေရာတွင်မူ ကျေးကျွန်များက သခင်မြို့စားကလေးအား ရှင်ပီတာနှင့် ရှင်ပေါလု ရုပ်တုတော်များ၊ ပေါင်မုန့်များ၊ ဆားများနှင့် လာရောက်ကန်တော့ကြလျက် သခင်မြို့စားကလေးကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့ ချွေးနဲ့စာဖြင့် သုဓမ္မာဇရပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခွင့် ပြုပါဟုပင် တောင်းဆိုကြ၏။ အခြားတစ်နေရာတွင်လည်း သားသည်အမေများသည် ကလေးငယ်များကို ရင်ခွင်တွင်ပိုက်ကာ မိမိတို့အား အလုပ်ကြမ်းလုပ်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုလိုက်သည့်အတွက် ကျေးဇူးဥပကာရတင်ရှိကြောင်း လာရောက်ပြောကြားကြ၏။ တတိယအကြိမ် ရပ်နားသည့် ပိုင်စားနယ်မြေတွင်မူဘုန်းတော်ကြီးတစ်ပါးသည် လက်ဝါးကပ်တိုင်ကြီးတစ်တိုင်ကို ကိုင်ဆောင်လျက် ကလေးသူငယ်များခြံရံကာ မြို့စားကလေးကို လာရောက်ကြိုဆိုခြင်းပြုလေသည်။ ဘုန်းတော်ကြီးသည် မြို့စားကလေး၏ ခွင့်ပြုချက်အရ ကလေးသူငယ်များအား အရေး၊ အဖတ်၊ အတွက်တို့ကို သင်ကြားလျက်ရှိပေသည်။ မိမိပိုင်စားနယ်မြေများအားလုံးတွင်ပင် ကျောင်းများ၊ ဆေးရုံများ၊ ဇရပ်များ ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲတွေ့ရလေသည်။ စာရင်းဒိုင်များ၏ စာရင်းများထဲတွင်လည်း မြေကျွန်များအား ပိုင်စားနယ်မြေတွင် လုပ်ရသည့်အလုပ်အတွက် အခကြေးငွေများ ထုတ်ပေးထားခြင်းကို တွေ့ရ၏။ ကျေးကျွန်အုပ်စု ခေါင်းဆောင်ကလည်း လာ ရောက်၍ ကျေးဇူးစကား ပြောကြားကြ၏။

ဤသည်တို့ကား အပေါ်ယံတွေ့ရှိချက်များဖြစ်၏။ သို့ရာတွင် နောက်ကွယ်က အဖြစ်အပျက်များကိုကား ပီယာမသိချေ။ စင်စစ်၌ ပီယာ့ထံ ပေါင်မုန့်များ၊ ဆားများနှင့် လာရောက်ကန်တော့၍ သုဓမ္မာဇရပ်တစ်ဆောင်ဆောက်လုပ်ခွင့်တောင်းသည့်ရွာမှာ ဘုရားပွဲကို အကြောင်းပြ၍ အခြားရွာနီးချုပ်စပ်ကို သွေးစုပ်အမြတ်ထုတ်နေသည့်ဈေးသည် ရွာတစ်ရွာ ဖြစ်၏။ သုဓမ္မာဇရပ်ကို ဆောက်လုပ်လှူဒါန်းကြသူများ (မိမိအား လာရောက်ကန်တော့သူ



www.burmeseclassic.com

www.burmeseclassic.com



များ)မှာ ချွေးနဲ့စာကလေးဖြင့် အသက်ရှင်နေကြရသော မြေကျွန်များ မဟုတ်ဘဲ ချမ်းသာသော လယ်သမားများသာ ဖြစ်၏။ သုခမ္မာဇရပ်ကို ဆောက်လုပ်လှူဒါန်းခြင်းမှာလည်း ထိုဇရပ် ရေစက်ချပွဲတွင် ပွဲဈေးတည်ခင်းကာ ရှာနီးချုပ်စပ်မှာ လယ်သမားများအား သွေးစုပ်အမြတ်ထုတ်လို၍သာ ဖြစ်၏။ ထိုရွာရှိဆယ်ပုံကိုးပုံသော မြေကျွန်များမှာ ဖွတ်ကျော‌ပြာစု ခရဆံကျွတ်ဆိုရမလောက် မွဲပြာကျလျက်ရှိ၏။ ဤအချက်များကို ပီယာမသိချေ။ သားသည်အမေများသည် မိမိလယ်မြေများပေါ်တွင် အလုပ်ကြမ်းလုပ်ခြင်းမှ လွတ်ငြိမ်းခွင့်လာရောက် တောင်းဆိုကြသော်လည်း ၎င်းတို့ပိုင်လယ်မြေများပေါ် တွင်မူ ယခင်ကထက် ပင်ပန်းဆင်းရဲစွာ လောဘတကြီးဖြင့် အလုပ်လုပ်နေကြသည်သာ ဖြစ်၏။ ဤသည်ကိုလည်း ပီယာ မသိချေ။ မိမိအား လက်ဝါးကပ်တိုင်ကြီးနှင့် လာကြိုသော ဘုန်းတော်ကြီးသည် ကလေးများကို မိဘများ သဘောမတူဘဲ စာသင်ပေးမည်ဟု ဖွတ်အတင်းခေါ်သွားကာ ငွေဖြင့် ပြန်ရွေးစေခြင်း၊ ထိုမှုမက လယ်သမားများထံမှ လက်ဆောင်ပဏ္ဏာများ တောင်းခံခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိ၏။ ဤသည်ကိုလည်း ပီယာမသိချေ။ ပိုင်စားနယ်မြေပေါ်တွင် ဆောက်လုပ်နေသော အဆောက်အအုံများမှာ မြေကျွန်များအား အခကြေးငွေမပေးဘဲ စေခိုင်းခြင်းဖြစ်ပြီး စာရွက်ပေါ်တွင်မူ လုပ်ခပေးသည်ဟု စာရင်းပြထား၏။ ဤအချက်ကိုလည်း ပီယာမသိချေ။ မြေကျွန်များအား လုပ်ခပေးသည့်အခါများ၌လည်း အလုပ်နှင့်မတန်အောင် နိမ့်ကျသော လုပ်ခမျှသာ ဖြစ်၏။ ဤအချက်ကိုလည်း ပီယာမသိချေ။

သို့ဖြင့် ပီယာသည် အပေါ်ယံကိုကြည့်၍ မိမိ၏ ပိုင်စားနယ်မြေများထဲတွင် တွေ့မြင်ခဲ့ရသည်များကို များစွာအားရကျေနပ်လျက်ရှိလေသည်။ ပီတာစဘတ်ရွှေမြို့တော်က ထွက်လာခဲ့စဉ်ကကဲ့သို့ ပရဟိတစိတ်များ ထက်သန်လာပြန်ကာ ထိုအကြောင်းများကို ‘နောင်တော် ဥပဇ္ဈာယ်ဆရာများ’ဟု ပီယာခေါ်လေ့ရှိသည့် ညီအစ်ကိုတော်ကိုဏ်းဝင်များထံ စိတ်အားထက်သန်စွာ ရေးသားပေးပို့လိုက်လေသည်။

‘အင်း အများကောင်းကျိုးဆောင်ရတယ်ဆိုတာ တကယ်ကျတော့ ဘာမျှခက်ခဲတဲ့အရာ မဟုတ်ပေဘူး။ လူတွေက မလုပ်ကြလို့သာ’ဟု ပီယာ တွေးမိသေး၏။

ပီယာသည် မိမိအား မြေကျွန်များက ကျေးဇူးတင်ရှိကြခြင်းအတွက် ကျေနပ်မိသော်လည်း ၎င်းတို့၏ ကျေးဇူးတင်ခံရခြင်းကို ရှက်လျက်ရှိ၏။ ၎င်းတို့က ကျေးဇူးတင်ခြင်းသည် ရိုးသား၍ သနားဖွယ်ကောင်းသော မြေကျွန်များအတွက် ထို့ထက်ကုသိုလ်ကောင်းမှုပြုရန် ပီယာကို စေ့ဆော်ပေးသကဲ့သို့ ရှိလေသည်။

စာရင်းဒိုင်ချုပ်သည် စဉ်းစားဉာဏ်နည်းသော်လည်း ကောက်ကျစ်သော စဉ်းလဲသူဖြစ်သည့်အလျောက် စဉ်းစားဉာဏ်ရှိသော်လည်း ရိုးအသော သခင်မြို့စားကလေး၏အဖြစ်ကို ကောင်းစွာသိသူဖြစ်၏။ သခင်မြို့စားကလေးကို ကစားစရာ အရုပ်ကလေးသဖွယ် သဘောထားတတ်သူ ဖြစ်၏။ မိမိ၏ ဆောင်ရွက်ချက်များကို သခင်မြို့စားကလေး ပီယာ သဘောကျကြောင်းကို သိရသည့်အခါ၌ စာရင်းဒိုင်ချုပ်က မြေကျွန်များမှာ ယခုဘဝတွင် ပျော်ပိုက်လျက်ရှိကြကြောင်း၊ ၎င်းတို့ကို ဘေးမဲ့လွှတ်ခြင်းသည် ဖြစ်လည်းမဖြစ်နိုင်၊ အကျိုးလည်းထူးနိုင်မည် မဟုတ်ကြောင်းဖြင့် အထောက်အထားအမျိုးမျိုးပြကာ ကန့်ကွက် ပြောဆိုလေသည်။

စာရင်းဒိုင်ချုပ်က မြေကျွန်များကို ထို့ထက် ပျော်ရွှင်ချမ်းမြေ့သောဘဝသို့ ပို့ဆောင်ရေးမှာ လွယ်ကူသောကိစ္စ မဟုတ်ကြောင်း၊ ၎င်းတို့အား ဘေးမဲ့ပေးတိုင်းလည်း ပျော်ရွှင်ချမ်းမြေ့မည်ဟု မဆိုနိုင်ကြောင်းဖြင့် ပြောဆိုကန့်ကွက်၏။ ပီယာသည် စာရင်းဒိုင်ချုပ်၏စကားကို စိတ်ထဲက သဘောတူသော်လည်း မိမိမှန်သည်ဟု ယုံကြည်လျက်ရှိသော ကျွန်များအားဘေးမဲ့လွှတ်ရေးကိစ္စကို မဖြစ်မနေ ဆောင်ရွက်ရမည်ဟု ပြောဆိုခြင်း ပြုလေသည်။ သို့ရာတွင် စာရင်းဒိုင်ချုပ်စကားကြောင့် စိတ်ထက်သန်မှုကား လျော့နည်းသွားခဲ့လေပြီ။ ဤတွင် မိမိ၏သခင်မြို့စားကလေးပီယာသည် မိမိ၏ ပိုင်စားနယ်မြေများ၊ သစ်တောများကို ရောင်းချခြင်း၊ ၎င်းတို့ကို ရွှေတိုက်တော်တွင် ပေါင်နှံထားရာမှ ရွေးယူခြင်း၊ ပိုင်စားနယ်မြေပေါ်တွင် ဆောက်လုပ်လှူဒါန်းထားသည့် သုခမ္မာဇရပ်များ၊ ကျောင်းများ၊ ဆေးရုံများမှာလည်း အပေါ်ယံ ဟန်ပြဆောက်ထားခြင်းမျှသာ ဖြစ်ခြင်း၊ မြေကျွန်များကို လုပ်ခပေးသည်ဆိုသည်မှာလည်း ဟန်ဆောင်မျှသာဖြစ်ခြင်း စသည့်ကိစ္စအဝဝကို သိမည့်သူလည်း မဟုတ်။ ထပ်မံ၍ စစ်ကြော



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းမည့် လူစားမျိုးလည်း မဟုတ်ကြောင်းကို ကျွန်ပါးဝသူပီပီ ကောင်းစွာသိရှိထားသော စာရင်းဒိုင်ချုပ်သည် ပီယာ၏ ဆန္ဒအတိုင်း ပြီးမြောက်စေရန် မိမိအစွမ်းကုန်ဆောင်ရွက်ပါမည်ဟု ပြီးစလွယ် ကတိပေးလိုက်လေသတည်း။

## အခန်း ၁၁

ပီယာသည် မိမိနှင့်နှစ်နှစ်ကြာမျှ ကွဲကွာနေသော ရောင်းရင်းတစ်ဦးဖြစ်သူ မင်းသားကလေးအင်ဒရေထံ သွားရောက်လည်ပတ်ရန် ကာလအတန်ကြာကပင် ရည်ရွယ်ရင်းရှိခဲ့၏။ ထို့ကြောင့် တောင်ပိုင်းရှရှားပြည်တစ်ခွင်၌ စိတ်ကြည်လင်ရွှင်ပျစွာ ခရီးလှည့်လည်ပြီးနောက် အပြန်တွင် မင်းသားကလေးအင်ဒရေထံ ဝင်ရောက်ခဲ့လေသည်။

မင်းသားကလေးအင်ဒရေ နေထိုင်ရာ ဘိုဂူချာရိုဗိုဒေသမှာ ခုတ်လှဲစပြုနေပြီဖြစ်သော ထင်းရှူးတောများ၊ အပွေးဖြူဖြူ အခေါက်ပါးပါး သစ်ဖြူပင်တောများနှင့် လယ်ကွင်းများ အကြားရှိ ခြောက်သွေ့သောမြေပြင်တွင် တည်ရှိ၏။ မင်းသားကလေးအင်ဒရေ၏အိမ်မှာ အသစ်တူးပြီးခါစ ရေကန်တစ်ကန်၏ အစပ်တွင် ရှိလေသည်။ ကန်ထဲတွင် ရေပြည့်လျက်ရှိ၍ ကန်ပေါင်များတွင် သစ်ပင်မြက်ပင်များ မပေါက်ကြသေးချေ။ ဘိုဂူချာရိုဗိုသို့သွားသော ပေတစ်ရာလမ်းမကြီးမှာ ထင်းရှူးပင်ပျိုကလေးများ ပေါက်လျက်ရှိသည့် တောအုပ်ကလေးတစ်ခုကို ဖြတ်သွား၏။ ပေတစ်ရာလမ်းမ တစ်ဖက်တစ်ချက်၌လည်း အိမ်တန်းရှည်ရွာကလေးတစ်ရွာ တည်ရှိလေသည်။ မင်းသားကလေးအင်ဒရေ၏အိမ်မှာ ထိုအိမ်တန်းရှည်ရွာကလေး၏ အဆုံးတွင်ရှိ၏။

မင်းသားကလေးအင်ဒရေ၏အိမ်ဝင်းထဲ၌ ကောက်တလင်းတစ်ခုနှင့် တန်းလျားများကိုလည်းကောင်း၊ မြင်းစောင်းများကိုလည်းကောင်း၊ ရေချိုးအိမ်တစ်လုံးကို လည်းကောင်း၊ ဧည့်သည်များအတွက် သီးသန့်ဆောက်ထားသော အိမ်တစ်ဆောင်ကို လည်းကောင်း၊ ဆောက်လုပ်ဆဲဖြစ်၍ စက်ဝိုင်းခြမ်းသဏ္ဍာန် မျက်နှာစာဖော်ထားသော အုတ်တိုက်တစ်လုံးကိုလည်းကောင်း မြင်ရ၏။ အိမ်၏ဘေးပတ်ပတ်လည်တွင် ပျိုးပြီးခါစ ပန်းဥယျာဉ်တစ်ခုကိုလည်း တွေ့ရလေသည်။ ခြံစည်းရိုးများနှင့် ဝင်းတံခါးများမှာ အသစ်ကျပ်ချွတ်ဖြစ်၍ တောင့်တင်း၏။ အစိမ်းပုပ်ရောင် ဆေးသုတ်ထားသည့် ရေတင်လှည်းတစ်စီးနှင့် မီးသတ်ပိုက်များမှာ တင်းကုပ်ထဲတွင် သပ်ရပ်စွာ ရှိနေကြ၏။ လမ်းများမှာ ဖြောင့်တန်းလျက် တံတားများကလည်း ခိုင်မာတောင့်တင်းကာ လက်ရန်းများပင် ပါလိုက်သေးသည်။ မြင်သမျှအရာတိုင်းသည် သန့်ရှင်းသပ်ရပ်ခြင်း၊ စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်းကို ဖော်ပြလျက်ရှိကြ၏။ ပီယာက အိမ်စေကျွန်အချို့အား မင်းသားကလေးအင်ဒရေ မည်သည့်နေရာ၌နေကြောင်း မေးမြန်းသည်တွင် ကန်စပ်တွင်ရှိသော အိမ်သစ်ကလေးတစ်ဆောင်ကို ညွှန်ပြလိုက်ကြလေသည်။ မင်းသားကလေးအင်ဒရေ ငယ်စဉ်ကတည်းက လုပ်ကျွေးစောင့်ရှောက်ခဲ့သည့် လူယုံတော်ကြီး အန်တွန်သည် ပီယာအား ရထားအဆင်းတွင် လာရောက်ကြိုဆိုကာ မင်းသားကလေးအင်ဒရေ အိမ်တွင်ရှိကြောင်း ပြောဆို၍ သပ်ရပ်သန့်ရှင်းသော ဧည့်ခန်းထဲသို့ ခေါ်လာခဲ့၏။

ပီယာသည် မင်းသားကလေးအင်ဒရေအား ပီတာစဘတ်ရွှေမြို့တော်၏ တောက်ပြောင်ခမ်းနားသော ပတ်ဝန်းကျင်တွင်သာ တွေ့မြင်ဖူးခဲ့ရာ ယခုကဲ့သို့ အိမ်ငယ်ကလေးဖြင့် ရိုးရိုးကုပ်ကုပ်နေခြင်းကို မြင်ရသောအခါတွင် အံ့အားသင့်လျက် ရှိလေသည်။

ပီယာသည် ခပ်ကျဉ်းကျဉ်းဧည့်ခန်းကလေးထဲသို့ ဝင်လိုက်လာခဲ့သည်။ ဆေးမသုတ်ရသေးသော နံရံများမှာ ထင်းရှူးနံ့ သင်းပျံ့လျက်ရှိ၏။ ပီယာသည် အထဲသို့ ဝင်မည်ပြုလိုက်သည်။ သို့ရာတွင် အန်တွန်က ခြေဖျားထောက်၍ ဦးအောင်ပြေးကာ တံခါးကို ခေါက်လိုက်သည်။

"ဘာလဲဟ။" သာယာချမ်းမြေ့ခြင်း မရှိသော အသံတစ်သံ ထွက်ပေါ်လာ၏။

"ဧည့်သည်ရောက်ပါတယ် ကိုယ်တော်လေး"

"ခဏအစောင့်ခိုင်းထားဦးဗျာ"ဟူသော အသံနှင့်အတူ ထိုင်ခုံကို တွန်းရွှေ့လိုက်သံ ထွက်ပေါ်လာလေသည်။

ပီယာသည် တံခါးဝသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ထိုအခိုက် အခန်းထဲမှထွက်လာသော အင်ဒရေနှင့် ပက်ပင်းတိုးမိကြသည်။ မင်းသားကလေးအင်ဒရေသည် မျက်မှောင်ကုတ်ထား၏။ ၎င်း၏မျက်နှာမှာ များစွာအိုစာရင့်ရော်သွားခဲ့လေပြီ။ ပီယာသည် မင်းသားကလေး



www.burmeseclassic.com

www.burmeseclassic.com



အင်ဒရေကို ပွေ့ဖက်လိုက်ပြီးနောက် မျက်မှန်ကိုမကာ မင်းသားကလေးအင်ဒရေ၏ပါးကို နမ်းလိုက်၏။ ထို့နောက် ၎င်း၏ ရောင်းရင်းကြီး မင်းသားကလေးအင်ဒရေ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေမိသည်။

"အေးဗျာ ခင်ဗျားလာလိမ့်မယ်လို့ မမျှော်လင့်ဘူး။ ဝမ်းသာတယ်"မင်းသားကလေးအင်ဒရေက ဆို၏။

ပီယာသည် မည်သို့မျှ ပြန်မပြောမိချေ။ ၎င်း၏ ရောင်းရင်းကိုသာ တအံ့တသြ စူးစိုက်ကြည့်နေမိသည်။ အပြောင်းအလဲကြီး ပြောင်းလဲနေသော မင်းသားကလေး အင်ဒရေကို ကြည့်၍ကြက်သေ သေနေမိသည်။ မင်းသားကလေး အင်ဒရေ၏ လေသံသည် ချိုသာနူးညံ့သည်မှန်၏။ မျက်နှာနှင့် နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ယှက်သန်းနေသည်လည်း မှန်၏။ သို့ရာတွင် ၎င်း၏ မျက်လုံးများမှာကား မှုန်မှိုင်းကာ အသက်ကင်းမဲ့ခဲ့လေပြီ။ မင်းသားကလေး အင်ဒရေသည် ၎င်း၏မျက်လုံးများကို ဝမ်းသာခြင်းဖြင့် တောက်ပရွှင်လန်း စေလိုပုံရသော်လည်း တတ်နိုင်ဟန် မတူတော့ပြီ။ မင်းသား ကလေးအင်ဒရေမှာ ယခင်ကထက် ပိန်ချုံးဖျော့တော့ကာ ယခင်ကထက် ယောက်ျားပီသဟန် ပေါက်လာ၏။ သို့ရာတွင် ပီယာသည် မင်းသားကလေး အင်ဒရေ၏ အသက်ကင်းမဲ့သော အမူအရာနှင့် နဖူးပြင်ပေါ်မှ အရေတွန့်ကြီးကို ကြည့်၍ အံ့အားသင့်နေမိသည်။ ၎င်း၏ အမူအရာနှင့် နဖူးပြင်ပေါ်မှ အရေတွန့်များသည် တစ်စုံတစ်ခုသော အတွေးထဲ၌ ကြာရှည်နစ်မြုပ်လျက်ရှိကြောင်းကို ဖော်ပြလျက်ရှိ ကြ၏။

ကာလကြာမြင့်စွာ ကွဲကွာနေကြသူတို့ ပြန်လည်တွေ့ဆုံကြသည့်အခါတွင် ဖြစ်လေ့ရှိသည့် ဓမ္မတာအတိုင်း ပီယာနှင့် မင်းသားကလေးအင်ဒရေတို့နှစ်ဦးသည် မည်သည့်အကြောင်းအရာကိုမျှ ဦးတည်ခြင်းမပြုနိုင်ကြဘဲ တွေ့ကရာ ရှစ်သောင်းကိုသာ ပြောဆိုလျက်ရှိကြ၏။ တချို့စကားများမှာ စိတ်အေးလက်အေး ပြောရမည့်စကားများ ဖြစ်ကြောင်း နှစ်ဦးစလုံး သိကြသော်လည်း မစောင့်နိုင်ကြတော့ဘဲ တစ်ယောက်က အမောတကောမေး၍ တစ်ယောက်က ပြန်၍ဖြေ၏။ အတော်ကြာတော့မှ ရောင်းရင်းနှစ်ဦးသည် တဖြည်းဖြည်း အသားကျလာကာ အကြောင်းအရာ တစ်ခုစီတစ်ခုစီကို ဦးတည်ပြောဆိုနိုင်လေတော့သည်။ ထိုအကြောင်းအရာများမှာ ရှေးဟောင်းနှောင်းဖြစ်များ၊ အနာဂတ်စီမံကိန်းများ၊ ပီယာ၏ ခရီး၊အလုပ်အကိုင် အခြေအနေနှင့် စစ်သတင်းများ စသည်တို့ ဖြစ်လေသည်။ ပီယာစကားပြောဆိုနေချိန် အထူးသဖြင့် ပီယာက စိတ်အားထက်သန်စွာ ပြောလျက်ရှိချိန်တွင် မင်းသားကလေး အင်ဒရေသည် ပြုံး၍ နားထောင်လျက်ရှိပေရာ ထိုအပြုံးကို ပြုံးလိုက်ခါမှပင် မင်းသားကလေးအင်ဒရေ၏ မျက်နှာပေါ်၌ တစ်စုံတစ်ရာကို တွေးတောလျက်ရှိခြင်း၊ စိတ်ပျက်ညှိုးငယ်လျက်ရှိခြင်း စသည့်အရိပ်အယောင်တို့သည် ပို၍ထင်ရှားစွာပေါ်လာကြခြင်းကို ပီယာ သတိထားလိုက်မိ၏။ မင်းသားကလေးအင်ဒရေ၏ အသွင်အပြင်မှာ ပီယာပြောသမျှကို သဘောကျလက်ခံလိုဟန် ရှိသော်လည်း တစ်စုံတစ်ခုသော အကြောင်းကြောင့် သဘောမကျနိုင်ဘဲ ဖြစ်နေသကဲ့သို့ ရှိ၏။ ကြာသော် ဤမျှ အေးစက်စက်နိုင်လှသော မင်းသားကလေးအင်ဒရေ၏ရှေ့၌ မိမိ၏စိတ်အားထက်သန်မှုများ၊ စိတ်ကူးများ၊ မျှော်လင့်ချက်များ စသည်တို့ကို ဖွင့်ပြောလျှင် ရိုင်းစိုင်းရာရောက်နေလေမည်လောဟုပင် တွေးမိလာလေသည်။ ခရီးထွက်လာသည့်အချိန်မှစ၍ ပြန်လည် ရှင်သန်စပြုလာသော ညီအစ်ကိုတော်ဂိုဏ်း၏ သဘော တရားများကို ထုတ်ပြောရန်လည်း ရှက်သလိုလို ဖြစ်နေမိသည်။ ပီယာသည် ထိုအခါကျတော့မှ အလိုက်မသိတတ် ရန်ကောဟု အထင်ရောက်သွားမည်ကို စိုးရိမ်သွားမိကာ စကားကို အရှိန်သတ်ပစ်လိုက်ရ၏။ သို့သော်လည်း မိမိမှာ ပီတာစဘတ်ရွှေမြို့တော်တွင် တွေ့ခဲ့ရသော ပီယာ မဟုတ်တော့ဘဲ လူသစ်ဖြစ်နေပြီဖြစ်ကြောင်းကို မင်းသား ကလေးအင်ဒရေအား သိစေချင်သော ဆန္ဒမှာလည်း ဖုံးဖိ၍မရအောင် ဖြစ်လျက်ရှိလေသည်။

"ကျွန်တော်တို့နှစ်ယောက် ကွဲသွားကြတဲ့နောက်။ ကျွန်တော်တော့ တော်တော်ပြောင်းလဲသွားတယ်ဗျို့။ ကိုယ့်ကိုယ်ကိုတောင် အံ့သြမိသေးတယ်"

"ဟုတ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြတဲ့ အတောအတွင်း ကျွန်တော်တို့တစ်တွေဟာ ပြောင်းလဲသွားကြတာပဲ။ ပြောင်းလဲဆို တော်တော်ကြီးကို ပြောင်းသွားကြတယ်"မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။

"ကဲ ခင်ဗျားကော ဘယ်ပုံပြောင်းလဲသွားသလဲ ဆိုစမ်းပါဦး၊ ရှေ့ရေးကိုကော ဘယ်လိုများ စီမံကိန်း ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ထားသလဲ”

“စိမ်ကိန်း၊ ဟုတ်လား”မင်းသားကလေးအင်ဒရေက ခပ်လှောင်လှောင် ပြောလိုက်၏။ ၎င်းကို ကြည့်ရသည်မှာ ထိုစကားလုံး ကြားလိုက်ရခြင်းကိုပင် အံ့အားသင့်လျက်ရှိပုံမျိုး ဖြစ်၏။ “မြင်တဲ့အတိုင်းပဲ ခု ကျွန်တော် အဆောက်အအုံတွေ ဆောက်တယ်၊ နောက်နှစ်လောက်က စပြီး ဒီမှာပဲ အခြေချတော့မယ်လို့လဲ စိတ်ကူးထားတယ်”

ပီယာသည် ပိုမို၍အိုမင်းရင့်ရော်လာသော မင်းသားကလေးအင်ဒရေ၏မျက်နှာကို စူးစမ်းသောအကြည့်ဖြင့် တိတ်ဆိတ်စွာ ကြည့်နေမိသည်။

“မဟုတ်ဘူးလေ၊ ကျွန်တော်ဆိုလိုတာက” ပီယာက ပြောလိုက်သည်။ သို့ရာတွင် မင်းသားကလေးအင်ဒရေက ကြားဖြတ်လိုက်၍ “ဘာလဲ ကျွန်တော့်အကြောင်းလား၊ ဒါက သိပ်အရေးမကြီးပါဘူးဗျာ၊ ထားစမ်းပါ၊ ခင်ဗျား အကြောင်းကိုပဲ ပြောစမ်းပါဦး၊ ခင်ဗျား ခရီးထွက်တဲ့ကိစ္စ ပိုင်စားနယ်မြေတွေပေါ်မှာ ခင်ဗျားပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု”

ပီယာသည် ရေငတ်တုန်း ရေတွင်းထဲကျလေရာ မိမိကိုယ်ကိုမိမိ အမွှန်းတင်ရာကျမည့် စကားမျိုးမှအပ ပိုင်စားနယ်မြေများတွင် မိမိပြုလုပ်ခဲ့သည်များကို မြိန်ရေရှက်ရေ ပြောပြလျက်ရှိပေသည်။ မင်းသားကလေးအင်ဒရေကား ကြားဖြတ်၍ ပီယာ ယခုဘာလုပ်နေသည်ဆိုသည့် အချက်ကိုသာ မေးမြန်းလျက်ရှိကာ ကျန်အချက်များကိုမူ ပုံဝတ္ထုဟောင်းကြီးတစ်ခုကို ကြားရသကဲ့သို့ စိတ်ဝင်စားပုံမရချေ။ ကြားရသည်ကိုပင် နားရှက်နေဟန်ရှိ၏။

ပီယာသည် မင်းသားအင်ဒရေကိုကြည့်ကာ အနေရခက်လျက်ရှိရုံမျှမက ထ၍ ပြန်သွားချင်အောင် စိတ်ပျက်သွားမိကာ ဘာမျှမပြောတော့ဘဲ တိတ်ဆိတ်သွား၏။

“ကဲ ထားပါတော့လေ” မင်းသားကလေးအင်ဒရေမှာလည်း စိတ်ပျက်နေဟန်ရှိကာ ဧည့်သည်ကို စိတ်မပါ့တပါ ဧည့်ခံနေရဟန်ရှိသည်။

“ကျွန်တော် ခု ဒီကို ရောက်နေတဲ့အကြောင်းကတော့ ယာတော အဆောက်အအုံတွေ ဘယ်အခြေအနေရောက်နေပြီလဲဆိုတာ ခဏလာကြည့်တာပဲဗျ၊ ဒီနေ့ပဲ ကျွန်တော့်အစ်မတော်ဆီ ပြန်မယ်၊ ခင်ဗျားလဲ လိုက်ခဲ့ပေါ့၊ ခင်ဗျားနဲ့ မိတ်ဆက်ပေးရမယ်၊ ဒါပေမဲ့ ခင်ဗျားနဲ့သိတော့သိပြီးသားပါလေ”

မင်းသားကလေးအင်ဒရေသည် မိမိနှင့်အကြိုက်ချင်း ဝါသနာချင်း ကွဲပြားလျက်ရှိသည်ကို တွေ့နေရသော ပီယာအား ကြိုးစား၍ ဧည့်ဝတ်ကျေအောင် ဧည့်ခံရင်း ပြောလိုက်သည်။ “ပြီးတော့ ညနေစာ စားကြတာပေါ့၊ ခု ကျွန်တော့်ယာတောကို ခဏလောက် လိုက်ကြည့်ပါလား”

မင်းသားကလေးအင်ဒရေနှင့် ပီယာသည် အပြင်သို့ထွက်လာခဲ့ကြကာ ညစာစားချိန်ရောက်သည်အထိ လမ်းလျှောက်ကြရင်း နိုင်ငံရေးသတင်းများ၊ နှစ်ဦးစလုံး သိကျွမ်းသည့် ရင်းနှီးခြင်းမရှိသော အသိမိတ်ဆွေများအကြောင်းကို ပြောဆိုလျက်ရှိကြ၏။ မင်းသားကလေးအင်ဒရေမှာ ၎င်းဆောက်လုပ်လျက်ရှိသော အဆောက်အအုံများအကြောင်းသို့ ရောက်ရှိသွားသောအခါမှသာ ထက်သန်စွာ စကားပြောဆိုခြင်း ပြုသည်။ သို့တိုင်အောင် ငြိမ်းစင်ပေါ်သို့ ရောက်လာခဲ့ကြ၍ မိမိအိမ်ပြီးစီးသွားပါက မည်သို့မည်ပုံ မွမ်းမံပြင်ဆင်မည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိစဉ် မင်းသားကလေးအင်ဒရေသည် ရုတ်တရက် စကားဖြတ်လိုက်လျက်

“ကဲဗျာ ဒါတွေထားပါတော့ဗျာ၊ သိပ်စိတ်ဝင်စားစရာ မကောင်းလှပါဘူး။ လာ ညစာစားကြစို့။ ညစာစားပြီးရင် တောင်ကတုံးကို သွားကြရအောင်”

ထမင်းဝိုင်းတွင် ပီယာ၏အိမ်ထောင်ရေးနှင့် ပတ်သက်၍ စကားစပ်မိကြသည်။

“ခင်ဗျားတို့ကိစ္စကို ကြားလိုက်ရတော့ ကျွန်တော်တော်တော့ကို အံ့အားသင့်သွားတယ်”မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။

ပီယာသည် ၎င်း၏ အိမ်ထောင်ရေးကိစ္စကို စကားစပ်မိလျှင် ဖြစ်မြဲထုံးစံအတိုင်း မျက်နှာထူပူနီရဲလာသည်။ ပီယာသည် ထိုကိစ္စကို စကားပြတ်စေရန် ခပ်သွက်သွက်ဖြင့်

“အေးဗျာ၊ နောက်ကြုံတဲ့အခါကျတော့ အေးအေးဆေးဆေး ပြောကြသေးတာပေါ့၊ ဒါပေမဲ့ ကျွန်တော့်အဖို့တော့ ဒါတွေအားလုံးဟာ လွန်ခဲ့ပြီဗျ၊ ဒီဘဝမှာတော့ ဒီမျှနဲ့ပဲ ထာဝရပြီးဆုံးခြင်းကို ရောက်ပြီဆိုပါစို့လေ”

“ဘာဗျ ထာဝရပြီးဆုံးခြင်းကိုရောက်ပြီ ဟုတ်လား”မင်းသားကလေးအင်ဒရေက မေးလိုက်သည်။

“ဒီမှာရောင်းရင်း လောကမှာ ဘယ်အရာမှ ထာဝရ

www.burmeseclassic.com


မရှိဘူးဗျ”

“ကျွန်တော်တို့အိမ်ထောင်ရေးဟာ ဘယ်လိုစခန်းသိမ်းသွားပြီဆိုတာ ခင်ဗျားသိပြီးပြီ မဟုတ်လား။ နှစ်ယောက်ချင်း ချိန်းသတ်တဲ့ကိစ္စကိုတော့ ကြားမှာပေါ့”

“ဩော် ချိန်းသတ်တဲ့အထိတောင် ဖြစ်ကြတာကိုး”

“ကျွန်တော် ဒီလူကို အသေမသတ်ခဲ့မိတဲ့အတွက်တော့ ဘုရားသခင်ကို ကျေးဇူးတင်တယ်ဗျာ”ပီယာက ပြော၏။

“အို ဘာဆိုင်သလဲဗျ” မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။ “ခွေးဆိုးတစ်ကောင်ကို သတ်ခြင်းဟာ တကယ်ကောင်းတဲ့ အလုပ်တစ်ခုပဲ”

“လူတစ်ယောက်ကို သတ်ခြင်းကတော့ မကောင်းဘူးပေါ့ဗျာ။ မှားတာပေါ့”

“ဘာဖြစ်လို့ မှားရမှာလဲ”မင်းသားကလေးအင်ဒရေက မေးလိုက်သည်။ “လူဟာ အမှားအမှန်ကို ပိုင်းခြားသိမြင်နိုင်စွမ်း မရှိဘူးခင်ဗျ။ လူတွေဟာ အမြဲတမ်းအမှားတွေကို ကျူးလွန်ခဲ့ကြတာပဲ။ နောင်လဲ ကျူးလွန်နေကြဦးမှာပဲ။ မှားခြင်း၊ မှန်ခြင်းဆိုတာဟာ ခင်ဗျားတို့ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ ပညတ်ချက်တစ်ရပ်သာ ဖြစ်တယ်ဗျ”

“အခြားသူတစ်ယောက်ကို ဥပါဒ်အန္တရာယ်ဖြစ်စေခြင်းဟာ မှားတာပေါ့ဗျ”ပီယာက ပြောလိုက်၏။ မိမိရောက်ကတည်းက တုဏှိဘာဝေပြုနေခဲ့သော မင်းသားကလေးအင်ဒရေသည် စကားပြောစပြုလာခဲ့လေပြီ။ ၎င်း၏ ရင်ထဲတွင်ရှိသမျှကို ထုတ်ဖော်ပြောစပြုလာခဲ့လေပြီ။ ပီယာကား ဤအခြင်းအရာကိုကြည့်၍ ဝမ်းသာလျက်ရှိ၏။

“နေစမ်းပါဦးဗျ၊ အခြားသူတစ်ယောက်အတွက် ဘယ်အရာဟာဖြင့် မှားတယ်၊ ဘယ်အရာဟာဖြင့် ဆိုးယုတ်တယ်လို့ ခင်ဗျားကို ဘယ်သူကပြောခဲ့သလဲ” မင်းသားကလေးအင်ဒရေက မေးလိုက်သည်။

“အလို ဆိုးယုတ်တာဟာ ဆိုးယုတ်တာပေါ့ဗျ၊ ဘယ်သူက ပြောရဦးမှာလဲ”ပီယာက တအံ့တသြပြောလိုက်သည်။ “ကိုယ့်အတွက် ဘယ်အရာဟာ ဆိုးယုတ်သလဲဆိုတာ လူတိုင်းသိကြသားပဲ၊ ကိုယ်နဲ့နှိုင်းကြည့်ရမှာပေါ့”

“ဟုတ်ပါတယ်၊ ဒါလောက်ကိုတော့ လူတိုင်းသိကြပါတယ်၊ ဒါပေမဲ့ ကျွန်တော်သိနေတဲ့ ဆိုးယုတ်ခြင်းက ဒီလောက်နဲ့မပြီးဘူးဗျ၊ ကျွန်တော်ဆိုလိုတဲ့ ဆိုးယုတ်ခြင်းက ကျွန်တော်ကသော် လည်းကောင်း၊ ခင်ဗျားကသော် လည်းကောင်း မည်သူကမျှ ပြုလုပ်ခြင်းငှာ မတတ်နိုင်ဘဲ နိယာမတရားအရ ပေါ်ပေါက်လာတဲ့ ပကတိဆိုးယုတ်ခြင်းမျိုးကို ဆိုလိုခြင်း ဖြစ်တယ်”

မင်းသားကလေးအင်ဒရေမှာ တဖြည်းဖြည်း စိတ်အားထက်သန်သည်ထက် ထက်သန်လာခဲ့လေပြီ။ မင်းသားကလေးအင်ဒရေမှာ ၎င်း၏ အယူအဆသစ်များကို ပီယာအား ထုတ်ဖော်ပြောဆိုလိုဟန်ရှိလေ၏။ ၎င်းမှာ ပြင်သစ်ဘာသာဖြင့် ပြောဆိုနေခြင်း ဖြစ်လေသည်။

“ကျွန်တော့်အဖို့တော့ လူ့ဘဝမှာ အစစ်အမှန်ဆိုးယုတ်ခြင်းဟာ နှစ်မျိုးပဲရှိတယ်၊ အဲဒါတွေကတော့ မိမိပြုခဲ့ဖူးသော အမှုတစ်ခုအတွက် နောင်တသံဝေဂ ဖြစ်ရခြင်းနဲ့ နာမကျန်းဖြစ်ခြင်းပဲ၊ ဒါကြောင့် လောကမှာ တစ်ခုတည်းသော စစ်မှန်သောကောင်းမွန်ခြင်းဟာလဲ ဒီနှစ်ခု ကင်းဝေးခြင်းပဲဗျ။ ဒီနှစ်ခုကလွဲရင် လောကကြီးမှာ ရှိရှိသမျှ အရာအားလုံးဟာ ကောင်းတယ်၊ မှန်တယ်၊ ဆိုးယုတ်မှုနှစ်ခုကို ဝေးစွာရှောင်ပြီး မိမိတစ်ဦးထီးတည်း အသက်ရှင်နေထိုင်ခြင်း၊ မိမိတစ်ဦးတည်းရဲ့ စိတ်ချမ်းသာမှုကို ရှာခြင်းဟာ အကောင်းဆုံးပဲဗျ။ ဒါဟာ ခု ကျွန်တော် ယုံကြည်သက်ဝင်နေတဲ့ အဘိဓမ္မာပဲ”

“ဒါဖြင့် မိမိ၏အိမ်နီးနားချင်းကို ချစ်ခင်ခြင်း၊ ကိုယ်ကျိုးစွန့်၍ အများအကျိုးကို ဆောင်ရွက်ခြင်း၊ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ လောကတ္တစရိယအကျင့်များ ကျင့်ကြံခြင်း စတဲ့ကိစ္စတွေကကောဗျာ”ပီယာက မေးလိုက်သည်။ “ကျွန်တော်တော့ သဘောမတူနိုင်ဘူးဗျ၊ ဒီအဆိုးနှစ်ခု ကင်းဝေးရဲ့ နောင်တသံဝေဂမဖြစ်အောင် နေရုံသာဆိုရင် ကျွန်တော်တို့ အသက်ရှင်နေထိုင်ရခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဘယ်မှာ ပြည့်စုံပါတော့မလဲ၊ မပြည့်စုံတော့ဘူးဗျ၊ ကျွန်တော်လဲ ခင်ဗျားလိုပါပဲ၊ အရင်တုန်းက တစ်ဦးတည်းရဲ့ စိတ်ချမ်းသာမှုကို ရှာခဲ့တာပဲ၊ ကျွန်တော် တစ်ဦးတည်းအတွက် အသက်ရှင်နေထိုင်ခဲ့တာပဲ၊ ဒါပေမဲ့ စိတ်ချမ်းသာမှုကို ရသလား၊ မရခဲ့ဘူး၊ ကျွန်တော့်ဘဝဟာ ဆုံးရှုံးခဲ့ရတယ်၊ ပူလောင်ခဲ့ရတယ်၊ ပျက်စီးခဲ့ရတယ်၊ ခု အများရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ခြင်း၊ အများအတွက် အသက်ရှင်နေထိုင်ခြင်း ပြုတော့မှ အေးလေ၊


www.burmeseclassic.com

www.burmeseclassic.com


အနည်းဆုံး အများအတွက် အသက်ရှင်နေထိုင်ဖို့ ကြိုးစားတော့မှ (ပီယာသည် ကြွားဝါတတ်သူတစ်ယောက် မဟုတ်သည့် အတွက် စကားကို ပြင်ပြောလိုက်၏။)လူ့ဘဝရဲ့ ပျော်ရွှင်မှုကို နားလည်လာတော့တယ်၊ စိတ္တပသဒ္ဓိဆိုတဲ့ စိတ်၏ ငြိမ်းအေးခြင်းကို ရတော့တယ်၊ မဟုတ်ဘူးဗျာ၊ ကျွန်တော် သဘောမတူနိုင်ဘူး၊ ခင်ဗျားဟာလဲ ခုပြောနေတဲ့ စကားတွေကို တကယ်မယုံကြည်ပါဘူး"

မင်းသားကလေးအင်ဒရေးသည် လှောင်ပြောင်သော အပြုံးဖြင့် ပီယာကို တိတ်ဆိတ်စွာ ကြည့်နေသည်။

"ကျွန်တော့်အစ်မတော်မေရီနဲ့ တွေ့ရင်တော့ ခင်ဗျားတို့ သူတော်အချင်းချင်း သတင်းလွှေ့ကြမှာပါ" မင်းသားကလေးအင်ဒရေက ပြော၏။ "အေးလေ ခင်ဗျား အတွက်တော့လဲ မှန်ကောင်းမှန်ပေမပေါ့၊ ဒါပေမဲ့ လူတိုင်းဟာ သူ့နည်းနဲ့သူ အသက်ရှင်နေကြခြင်း ဖြစ်တယ်ဆိုတာကိုတော့ ခင်ဗျား အသိအမှတ်ပြုရလိမ့်မယ်ဗျ"

မင်းသားကလေးအင်ဒရေက ခေတ္တရပ်လိုက်၏။ ပြီးမှ ဆက်၍

"ခင်ဗျားဟာ တစ်ခါတုန်းက မိမိတစ်ဦးတည်းရဲ့ စိတ်ချမ်းသာမှုကို ရှာခဲ့တဲ့အတွက် ခင်ဗျားဘဝဟာ ပျက်စီးခြင်းမလှ ပျက်စီးခဲ့ရပြီး အများရဲ့ကောင်းကျိုးချမ်းသာကို ဆောင်တော့မှ ချမ်းသာပျော်ရွှင်ခြင်းကိုရတယ်လို့ ခင်ဗျား ပြောသွားတယ်၊ ကျွန်တော့်အတွေ့အကြုံကတော့ ပြောင်းပြန်ဗျ၊ ကျွန်တော်ဟာ တစ်ခါတုန်းက ဂုဏ်ကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းဆိုတဲ့ အရာတွေအတွက် အသက်ရှင်ခဲ့တယ်ဗျ၊ တကယ်တော့ ဂုဏ်ကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းဆိုတဲ့အရာတွေဟာ ခင်ဗျားပြောတဲ့ အများကောင်းကျိုးကို ဆောင်ရွက်လိုခြင်း၊ အများကို ချစ်ခင်ခြင်း၊ အများ၏ ကောင်းချီးသြဘာကို ခံယူလိုခြင်း၊ အများ၏ ထောက်ခံအားပေးမှုကို ခံယူလိုခြင်း စတဲ့အရာတွေနဲ့ အတူတူပဲ မဟုတ်ဘူးလား၊ ကျွန်တော်ဟာ အဲဒီအရာတွေကို ရလိုတဲ့အတွက် အများကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော် စိတ်ချမ်းသာမှုကို ရခဲ့သလား မရဘူး၊ ကျွန်တော့်ဘဝ ပျက်စီးခြင်းမလှ ပျက်စီးခဲ့ရတယ်၊ ပျက်စီးတာမှ အပျက်ကလေးမဟုတ်ဘူး၊ အဖတ်ဆယ်မရတဲ့ အပျက်ကြီးနဲ့ကြုံခဲ့ရတယ်၊ ကျွန်တော်ဟာ အဲဒီကတည်းက အများကောင်းကျိုး ဆောင်ရွက်ခြင်းက ပေးလိုက်တဲ့ ရလဒ်တွေကို ရေရေလည်လည်ကြီး သိခဲ့ပြီဗျ၊ ဒါကြောင့် ခုတော့ ကျွန်တော်တစ်ဦးတည်းရဲ့ စိတ်ချမ်းသာမှုကိုပဲ ရှာတော့တယ်၊ အဲဒီအခါကျမှပဲ ခင်ဗျားပြောတဲ့ စိတ္တပသဒ္ဓိဆိုတဲ့ စိတ်၏ ငြိမ်းအေးခြင်းကို ရတော့တယ်"

"ခင်ဗျားတစ်ဦးတည်းအတွက် အသက်ရှင်ရေး၊ တစ်ဦးတည်းရဲ့ စိတ်ချမ်းသာရေးဆိုတာ ဘာကို ဆိုလိုတာလဲ" ပီယာက စိတ်အားထက်သန်စွာ မေးလိုက်သည်။ "ခင်ဗျားသား၊ ခင်ဗျားအစ်မတော်၊ ခင်ဗျားခမည်းတော်ကြီးတို့ကိုကော ထည့်မစဉ်းစားတော့ဘူးလား"

"အဲဒါ ကျွန်တော်တစ်ဦးတည်းနဲ့ အတူတူပေါ့ဗျ၊ သူတို့က အများထဲကမှမဟုတ်ဘဲ" မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။ "ခင်ဗျားတို့ အစ်မတော်မေရီတို့တစ်တွေ ပြောလေ့ပြောထရှိတဲ့ အများတို့အိမ်နီးချင်းတို့ဆိုတဲ့ သူတွေက တခြားပဲ၊ ခင်ဗျားတို့ပြောနေတဲ့ အဲဒီအများတို့၊ အိမ်နီချင်းတို့ဆိုတဲ့ လူတွေဟာ ဆိုးယုတ်ခြင်းဟူသမျှ၊ အမှားဟူသမျှရဲ့ ရေသောက်မြစ်တွေ ဖြစ်တယ်ဗျ။ အဲဒီအများတို့ အိမ်နီးချင်းတို့ဆိုတဲ့ လူတွေဟာလဲ တခြားလူတွေ မဟုတ်ဘူး၊ ခု ခင်ဗျားကိုယ်တိုင် ဖိကုတ်ပြီး နတ်ပြည်ကိုပို့ပေးချင်နေတဲ့ တောသူတောင်သား လယ်သမားတွေဖြစ်တယ်ဗျ"

မင်းသားကလေးအင်ဒရေးသည် လှောင်ပြောင်သော အမူအရာဖြင့် ကြည့်လျက် ရှိလေသည်။ ထိုအမူအရာသည် ပီယာအား ဆွပေးသကဲ့သို့ ရှိ၏။

"ဗျို့ ရောင်းရင်း ခင်ဗျားအတည်ပြောနေတာလား" ပီယာမှာ စိတ်အားထက်သန်သည်ထက် ထက်သန်လာခဲ့လေပြီ။ "ကောင်းပြီ၊ ဒါဖြင့် ကျွန်တော်မေးမယ်။ ကျွန်တော်ဟာ အများကောင်းကျိုးကို ဆောင်ရွက်ချင်တယ်။ ကိုယ်တတ်နိုင်သလောက်ကလေးဖြစ်ဖြစ် လုပ်ချင်တယ်။ ကျွန်တော့် ဆောင်ရွက်ချက်တွေဟာ သမုဒ္ဒရာထဲက ရေစက်ကလေးတစ်စက်လောက်မျှသာ ရှိချင်မှရှိမယ်။ ကျွန်တော့် ဆောင်ရွက်ချက်ဟာလဲ ညံ့ဖျင်းချင် ညံ့ဖျင်းမယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အများရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခြင်းဟာ မှားနိုင်သလား၊ ဆိုးယုတ်ခြင်းဖြစ်နိုင်သလား။ ကောင်းပြီ၊ တစ်ခါ ကျွန်တော်တို့ ခင်ဗျားတို့တစ်တွေနဲ့တကွ ကျွန်တော့်မြေကျွန်တွေ အစရှိတဲ့ ကံမကောင်း အကြောင်းမလှလို့ မနုသတ္တလူ့ဘဝကို ရောက်


www.burmeseclassic.com

www.burmeseclassic.com


လာကြရတဲ့ လူတွေဟာ ထာဝရဘုရားသခင်နှင့် သစ္စာတရားရဲ့အနက်ကို သဘောမပေါက်ကြရှာဘဲ အပေါ်ယံ ဘာသာရေး အဆောင်အယောင် အခမ်းအနားတွေ အဓိပ္ပာယ်မရှိတဲ့ ဘုရားရှိခိုးတွေကို ရွတ်ဆိုကိုးကွယ်ပြီး မွေးဖွားလာကြ သေသွားကြရတယ်။ အဲဒီလို သံသရာစက်ရဟတ်ကြီးထဲမှာ ဆုံလည်ခွေးလို တစ်ရစ်ပတ်ပတ် လည်နေရတဲ့ လူတွေကို နောင်ဘဝ၏အကျိုးဆက်တရား၌ ယုံကြည်သက်ဝင်ခြင်း၊ မိမိ၏ အကုသိုလ်ကြွေးကို ပေးဆပ်ခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်း၊ ဝိသမလောဘကို သိမ်းဆည်းခြင်း စတဲ့ အမှုတွေကို ပြုရကောင်းမှန်းသိအောင် သွန်သင်နည်းပြခြင်း၊ ဟောပြောဆုံးမခြင်းဟာကော မှားနိုင်သလား၊ ဒုစရိုက်အလုပ်လို့ ခေါ်နိုင်သလား၊ ကောင်းပြီ၊ တစ်ခါ လူတွေဟာ ဆေးဝါးပစ္စည်းတွေ အလွယ်တကူ ရနိုင်ပါလျက် ရောဂါဝေဒနာအမျိုးမျိုး ဖိစီးနှိပ်စက်လို့ သေသွားကြရတယ်၊ ဒါကြောင့် ကျွန်တော်က ဆေးသမားတွေ ထားပေးတယ်၊ ဆေးရုံတွေ ဆောက်လုပ်လှူဒါန်းတယ်၊ သက်ကြီးရွယ်အိုတွေအတွက် လူအိုရုံတွေ ဆောက်လုပ်လှူဒါန်းတယ်၊ ဒါတွေဟာကော မှားသလား၊ ဆိုးယုတ်တဲ့ အလုပ်တွေလို့ ခေါ်နိုင်သလား၊ ဒါမှမဟုတ်သေးရင် ကျွန်တော်ဟာ လယ်သမားတွေနဲ့တကွ နေ့ညမဟူ နားချိန်ကလေးမှ မရရှာကြတဲ့ သားသည်အမေ လယ်သူမတွေအတွက် အားလပ်ခွင့်ပေးတယ်၊ နားနေချိန်ပေးတယ်၊ ပျော်ရွှင်ချိန်ပေးတယ်၊ ဒီအပြုအမူဟာကော ပြောစရာမရှိအောင် ကောင်းတဲ့အချက် မဟုတ်ဘူးလား”

ပီယာသည် အရှိန်ရလာပြီဖြစ်သဖြင့် အာသွက်လျက် ရှိ၏။

“ဒီလိုအများရဲ့ကောင်းကျိုးကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်ရဲ့ ဆောင်ရွက်ချက်တွေဟာ ညံ့ဖျင်းချင် ညံ့ဖျင်းမယ်၊ ညောင်စေ့ပမာဏမျှလောက်သာ ရှိချင်လဲ ရှိမယ်၊ ဒါပေမဲ့ ဘယ်လိုပဲရှိရှိ ဒါဟာ အများကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခြင်းပဲ မဟုတ်ဘူးလား။ ခင်ဗျားက ဘယ်လိုပဲ ပြောပြော ခင်ဗျားဟာလဲ ခင်ဗျားပြောခဲ့တဲ့အတိုင်း ယုံကြည်နေတယ်လို့ ကျွန်တော် မယူဆဘူး”

ပီယာက ခေတ္တရပ်၍ ဆက်ပြောပြန်သည်။

“ခင်ဗျားက ဘယ်လိုပဲပြောပြော ကျွန်တော်ပြောရဲတာ တစ်ခုတော့ ရှိတယ်။ အခုလို အများရဲ့ကောင်းကျိုးကို ဆောင်ရွက်ခြင်းကြောင့် ခံစားရတဲ့ အရသာဟာ လူ့ဘဝမှာ တစ်ခုတည်းသော အစစ်မှန်ဆုံးသော အမွန်မြတ်ဆုံးသော ပျော်ရွှင်မှုဖြစ်တယ်ဗျ။ ဒါကိုတော့ ကျွန်တော် ပြောရဲတယ်”

“ဒီအလုပ်ကို လုပ်လို့ အရသာတွေ့တယ်၊ ပျော်ရွှင်မှုကို ရတယ်ဆိုရင်တော့ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားပြီဗျ”

မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။

“ကျွန်တော် အိမ်တစ်လုံး ဆောက်တယ်၊ ဥယျာဉ်တစ်ခုလဲ စိုက်တယ်၊ ခင်ဗျားက ဆေးရုံတွေ၊ ကျောင်းတွေ ဆောက်တယ်၊ ဒါဟာ ကျွန်တော်တို့ ဝါသနာအလျောက် လုပ်တဲ့ အပျော်အလုပ်တွေ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါကြောင့် ပျော်ရွှင်မှုရကောင်း ရမယ်၊ ဒါပေမဲ့ မှန်တယ်၊ ကောင်းတယ်လို့တော့ မဆိုနိုင်ဘူးဗျ၊ မှန်ခြင်း၊ မှားခြင်း၊ ဆိုးခြင်း၊ ကောင်းခြင်းကို ကျွန်တော်တို့ ခင်ဗျားတို့က ဆုံးဖြတ်လို့ မရဘူး၊ အလုံးစုံသိမြင်နိုင်သော ဉာဏ်တော်ကို ရထားတဲ့ တိဟိတ်ပုဂ္ဂိုလ်များကသာလျှင် ဆုံးဖြတ်ရလိမ့်မယ်။ ဘာလဲ ခင်ဗျား ငြင်းချင်သေးသလား။ လာ ငြင်းရအောင်”

၎င်းတို့နှစ်ဦးသည် ထမင်းဝိုင်းမှထ၍ စမုတ်ဆောင်စင်္ကြံသို့ ထွက်လာခဲ့ကြသည်။

“ကဲ ငြင်းမယ်လေဗျာ”မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။ မင်းသားကလေးအင်ဒရေသည် လက်ချောင်းတစ်ချောင်းကို ချိုးလိုက်၏။

“နံပါတ်တစ် ကျောင်းတွေဖွင့်ပေးရမယ်၊ လူတွေကို ပညာတတ်အောင် လုပ်ပေးရမယ်လို့ ခင်ဗျားပြောသွားတယ်၊ဆိုလိုတာက ခင်ဗျား သူ့ကို (မင်းသားလေးအင်ဒရေက မိမိတို့အား ဦးထုပ်ချွတ်နှုတ်ဆက်၍ ဖြတ်သွားသည့် လယ်သမားတစ်ယောက်ကို ညွှန်ပြလိုက်သည်။) လက်ရှိ အဟိတ်တိရစ္ဆာန်အခြေအနေမျိုးက မြင့်ပေးချင်တယ်၊ သူ့ရဲ့ အသိဉာဏ်ဆိုင်ရာ လိုအပ်ချက်ကို ဖြည့်စွမ်းပေးချင်တယ်၊ စိတ်ဓာတ်၊ အတွေးအခေါ် မြင့်မားလာအောင် လုပ်ပေးချင်တယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီလို မမြင်ဘူးဗျ။ လောကမှာ ခင်ဗျားတို့ ကျွန်တော်တို့ လူသတ္တဝါမှန်သမျှ ရနိုင်တဲ့၊ ရလဲရချင်တဲ့ ပျော်ရွှင်မှုမျိုးဟာ အနှောင်အဖွဲ့ကင်းတဲ့ တိရစ္ဆာန် ပျော်ရွှင်မှုမျိုးသာ ဖြစ်တယ်၊ ဒီတော့ ခင်ဗျားဟာ လယ်သမားတွေကို အသိဉာဏ်တွေ မြင့်တင်ပေးခြင်းအားဖြင့် အဲဒီ ကျွန်တော်တို့တောင့်တတဲ့


www.burmeseclassic.com

www.burmeseclassic.com


ပျော်ရွှင်မှုမျိုးမရှိအောင် သူ့ကို လုပ်ပေးနေရာ မရောက်ဘူးလား။ ကျွန်တော်ကတော့ သူ့ကို အားကျတယ်။ သူ့လို အချုပ်အနှောင်မရှိတဲ့ အဟိတ်တိရစ္ဆာန် ပျော်ရွှင်မှုမျိုးကို လိုချင်တယ်။ ဒါပေမဲ့ ခင်ဗျားကတော့ ကျွန်တော်တို့ ဖြစ်တည်မှု၊ ကျွန်တော်တို့ အကြောင်းတရားမျိုးရှိအောင် ဖန်တီးမပေးဘဲ သူ့ကို အတင်းဇိကုတ် နတ်ပြည်တင်ဖို့ ကြိုးစားနေတယ်။ ဒီနည်းအားဖြင့် ခင်ဗျားဟာ သူ့ အကြောင်းတရားနဲ့သူ ရှိလာတဲ့ အဟိတ်တိစ္ဆာန်ပျော်ရွှင်မှုမျိုး လက်လွှတ်သွားအောင် သူ့ကို ဒုက္ခတွင်းထဲ တွန်းပို့နေတယ်"

မင်းသားကလေးအင်ဒရေက ဒုတိယလက်တစ်ချောင်းကို ချိုးလိုက်ပြန်သည်။

"နံပါတ်နှစ် လယ်သမားတွေဟာ နဖူးကချွေး ခြေမကျအောင် ပင်ပန်းကြီးစွာလုပ်ကြရတယ်။ ဒါကြောင့်မို့ သူ့တို့ကို 'ပင်ပန်းခြင်းဆင်းရဲက သက်သာအောင်' လုပ်ပေးချင်တယ်လို့ ခင်ဗျားကဆိုတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီလို မြင်တယ်ဗျ၊ ဉာဏအလုပ်ဟာ ကျွန်တော်တို့ ခင်ဗျားတို့အဖို့ မရှိမဖြစ်တဲ့အရာဖြစ်သလို ပင်ပန်းကြီးစွာ လုပ်ရတဲ့ ကာယအလုပ်ဟာလဲ သူတို့အဖို့ မရှိမဖြစ်တဲ့ လိုအပ်ချက်ပဲ၊ သူ့အသက်ရှင်မှု၊ သူ့ဖြစ်တည်မှုအတွက် အဓိကလိုအပ်ချက်ကြီးပဲဗျ၊ ခင်ဗျားဟာ တွေးတောစဉ်းစားခြင်းမပြုဘဲ မနေနိုင်ဘူး၊ ကျွန်တော်လဲ ဒီလိုပဲ၊ ကျွန်တော်ဟာ နာရီပြန်နှစ်ချက်တီးမှ အိပ်ရာဝင်လေ့ရှိတယ်။ အိပ်ရာထဲရောက်တာနဲ့ အတွေးတွေဟာ အစီအရီ ပေါ်လာကြပြီး အရုဏ်တက်လောက်အထိ တလူးလူး တလိမ့်လိမ့်နဲ့ အိပ်လို့မပျော်နိုင်ဘူး၊ ဒါဘာဖြစ်လို့လဲ ကျွန်တော်ဟာ စဉ်းစားတွေးတောလို့ပဲဗျ၊ စဉ်းစားတွေးတောခြင်းမပြုဘဲ ကျွန်တော် မနေနိုင်ဘူး၊ ကျွန်တော့်အသက် မရှင်နိုင်ဘူး၊ ဒီလိုပဲရောင်းရင်း လယ်သမားဟာလဲ ပေါင်းမသင်ဘဲ လယ်မထွန်ဘဲ အသက်မရှင်နိုင်ဘူး၊ သူဟာ ဒီအလုပ်တွေမှ မလုပ်ရင် ဘုံဆိုင်သွားမယ်၊ ဒါမှမဟုတ်ရင် ရောဂါရမယ်၊ ကျွန်တော်ဟာ လယ်သမားတစ်ယောက်ရဲ့ ပင်ပန်းဆင်းရဲလှတဲ့ ကာယအလုပ်ကို မလုပ်နိုင်ဘူး၊ သွားလုပ်ရင် တစ်ပတ်အတွင်း အလုပ်ပင်ပန်းပြီး သေသွားမှာပဲ၊ အလားတူပဲ လယ်သမားကလဲ ခွန်အားစိုက်ထုတ်ခြင်းမပြုဘဲ ခင်ဗျားတို့ကျွန်တော်တို့လို စိတ်နဲ့လုပ်ရတဲ့ အလုပ်မျိုးကို လာလုပ်ကြည့်စမ်းပါလား၊ တစ်နေ့တခြားဝလာပြီး အဆီပိတ်သေသွားမှာပဲ၊ ဒီတော့ ခင်ဗျားဟာ လယ်သမားတစ်ယောက်ရဲ့ ကာယအလုပ်ကို သက်သာအောင် လုပ်ပေးနေခြင်းအားဖြင့် သူ့အသက်ရှင်ရေးအတွက် မရှိမဖြစ်တဲ့ လိုအပ်ချက်ကြီးတစ်ရပ်ကို နုတ်ယူနေရာ မရောက်ပေဘူးလား၊ နံပါတ်သုံး ခင်ဗျားပြောတာ ဘာပါလိမ့်"

မင်းသားကလေးအင်ဒရေက တတိယလက်ချောင်းကို ချိုးလိုက်သည်။

"ဪ ဟုတ်ပြီ နံပါတ်သုံး၊ သူတို့အတွက် ဆေးရုံတွေ ဆောက်ပေးရမယ်။ ဆေးကုပေးရမယ်လို့ ခင်ဗျား ပြောသွားတယ်။ ကျေးလက်တောင်သူ မိလက္ခူဆိုတာ ရောဂါဘယ သိပ်ကင်းကြတာမဟုတ်ဘူး။ လယ်သမားတစ်ယောက် ဝက်ရူးပြန်တယ်၊ သို့မဟုတ် တက်တယ်ဆိုပါစို့၊ ခင်ဗျားက သွေးဖောက်ပေးမယ်၊ ဆေးကုပေးမယ်၊ ဟုတ်တယ် မဟုတ်လား၊ သူ့အတွက် ဘာများအကျိုးထူးဦးမှာလဲ၊ နောက်ထပ် ဆယ်နှစ်လောက် မစွမ်းမသန် ဒုက္ခိတကြီးဖြစ်ပြီး တခြားလူမှာ တာဝန်ပို့နေရုံပဲရှိမှာပဲ။ သူ့အဖို့ သေသွားတာက ပိုပြီးကောင်းဦးမယ်၊ သူသေသွားတော့ကော ဘာဖြစ်သလဲ၊ သဘာဝအတိုင်း လူတွေ နောက်ထပ် အနမတဂ္ဂ မွေးလာဦးမှာပဲ မဟုတ်ဘူးလား၊ တစ်ခုတော့ရှိတယ်ပေါ့ဗျာ၊ ခင်ဗျားက အလုပ်ရှင်တစ်ယောက်အနေနဲ့ ကိုယ်သွေးစုပ်ရမယ့် ကျွန်တစ်ယောက် အလျော့မခံနိုင်ဘူးဆိုရင်တော့ တစ်မျိုးစဉ်းစားပေါ့၊ ကျွန်တော်ဆိုရင် ဒီလိုပဲ စဉ်းစားမှာပဲ၊ ဒါပေမဲ့ ခင်ဗျားက မေတ္တာ၊ စေတနာ၊ သဒ္ဒါထက်သန်လို့ ဆေးကုပေးခြင်းမျိုးဆိုရင်တော့ အချည်းနှီးပဲ ခင်ဗျ၊ တကယ်ကျတော့ လယ်သမားကလဲ ဒါမျိုးတွေ မလိုချင်ပါဘူး၊ ခင်ဗျား ဆေးဝါးတွေဟာလဲ ဘယ်ရောဂါကိုမှ တကယ်ပျောက်ကင်းအောင် ကုပေးနိုင်ကြတာမဟုတ်ပါဘူး၊ မကုနိုင်တဲ့အပြင် အဲဒီဆေးဝါးတွေဟာ လူတွေကို သတ်တောင်ပစ်နေသေးတယ် မဟုတ်ဘူးလား"

မင်းသားကလေးအင်ဒရေသည် ထိုအယူအဆများကို အထပ်ထပ်အပြန်ပြန် ဆင်ခြင်သုံးသပ်ထားသည့်နှယ် ရှင်းရှင်းပြတ်ပြတ်ကြီး ထုတ်ဖော်ပြောဆိုလျက်ရှိရုံမျှမက ကာလကြာမြင့်စွာ စကားပြောဆိုခြင်း မပြုခဲ့ရသည့် လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဲ့သို့ ကရားရေလွှတ် အလျင်မပြတ် ပြောဆိုလျက် ရှိလေသည်။ လောကကြီး၌ မျှော်လင့်အားတက်စရာမရှိပုံ စိတ်ပျက်ညစ်ညူးဖွယ်ကောင်းပုံတို့ကို ပြောလာသည်နှင့် အမျှ ၎င်း၏ မျက်လုံးများမှာလည်း အရောင်တောက်သည် ထက် တောက်လာခဲ့ကြလေပြီ။

“ကျွတ်ကျွတ် ခင်ဗျားအယူအဆတွေဟာ တော်တော် ကြောက်စရာကောင်းနေပြီ ရောင်းရင်း၊ ပြင်းထန် ခါးသီးလွန်းနေပြီ”ပီယာက ဆိုသည်။

“ဒီလောက် ပြင်းထန်ခါးသီးတဲ့ အယူအဆတွေနဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး အသက်ရှင် လှုပ်ရှားနေတယ်ဆိုတာကို ကျွန်တော်ဖြင့် စဉ်းစားမရအောင် ဖြစ်နေပြီ၊ ကျွန်တော်လဲ မော်စကိုမှာ နေခဲ့တုန်းကရယ်၊ခရီးသွားနေခဲ့တုန်းကရယ် ဒီလို အယူအဆမျိုးတွေ ပေါ်လာခဲ့ဖူးတယ်ဗျ၊ ဒီလိုအယူအဆတွေ ပေါ်လာပြီဆိုရင် ကျွန်တော် နေလို့ မရတော့ဘူး၊ စိတ်ရိုင်းတွေ ဝင်လာပြီး လောကကြီးကိုရော အရာရာကိုပါ စက်ဆုပ်ရွံမုန်းလာတော့တာပဲ၊ အထူးသဖြင့် ကိုယ့်ကိုယ်ကို ပြန်ပြီး စက်ဆုပ်တယ်၊ အဲဒီလိုဖြစ်လာရင် ကျွန်တော်ဟာ ရှင်လျက်နဲ့ သေနေတဲ့ လူတစ်ယောက်လို ခံစားရတယ်၊ အစားလဲ မစားဘူး၊ ကိုယ်လက်သန့်စင်ခြင်းလဲ မပြုချင်တော့ဘူး၊ ခင်ဗျားတော့ ဘယ်လိုနေမယ် မသိဘူး”

“ဘာဖြစ်လို့ ကိုယ်လက်သန့်စင်ခြင်း မပြုရမှာလဲ ဗျ၊ ကိုယ်လက်သန့်စင်ခြင်းမပြုရင် ညစ်ပတ်နေမှာပေါ့” မင်းသားကလေးအင်ဒရေက ပြောလိုက်၏။

“ဒီမှာ ရောင်းရင်း၊ ကိုယ့်ဘဝကို တတ်နိုင်သမျှ သာယာအောင် နေရမယ်ဗျ၊ သာယာအောင် နေရမယ်၊ ကျွန်တော်ဟာ လူရယ်လို့ဖြစ်လာပြီး အသက်ရှင်နေတယ်၊ ဒါဟာ ကျွန်တော့်အပြစ် မဟုတ်ဘူး၊ သူ့အကြောင်းတရားနဲ့သူ ဖြစ်လာတာ၊ ဒါကြောင့် အသက်ရှင်နေတုန်းမှာ သူတစ်ပါးကို ထိခိုက်ခြင်းမရှိဘဲ ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် အပျော်ဆုံးဖြစ်အောင် နေသွားမယ်”

“ဒါပေမဲ့ဗျာ၊ ဒီအယူအဆတွေ ခေါင်းထဲဝင်နေရင် ခင်ဗျားမှာ ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေဦးမလဲ၊ လူ့လောကကြီးရဲ့တာဝန်ကို ထမ်းဆောင်ခြင်းလဲ မရှိ၊ ထကြွလှုပ်ရှားခြင်းလဲမရှိ”

“ဒီမှာရောင်းရင်း၊ လူ့ဘဝကြီးဟာ တော်တော်ကိစ္စပွေတယ်၊ ငြိမ်းငြိမ်းချမ်းချမ်း နေချင်ပေမဲ့ မနေရဘူး၊ ခင်ဗျားပြောသလို ကျုပ်ဟာ ဘာမှမလုပ်ဘဲနေရရင် သိပ်ဝမ်းသာမှာပဲ။ ဒါပေမဲ့ မနေရပြန်ဘူးဗျ၊ ဒီနယ်မှာရှိတဲ့ မြို့စားနယ်စားတွေက ကျုပ်ကို သူတို့ နာယကအဖြစ် တင်မြှောက်ကြပြန်ပြီ၊ ခုလို ခါးခါးသီးသီး အရွဲ့တိုက်နေပြလိုက်တော့မှပဲ ဒီဝင်္ငက ကျွတ်တော့တယ်၊ ခက်တာက ကျုပ်မှာ နာယကတို့ရဲ့ဂုဏ်နဲ့ မပြည့်စုံဘူးဆိုတာ သူတို့ မသိကြဘူး၊ နာယကဂုဏ်ဆိုတာ ဘာလဲလို့ ခင်ဗျား မေးကောင်းမေးမယ်၊ ဒီမှာ ရောင်းရင်း အကြီးအကဲနာယကတို့ရဲ့ ဂုဏ်ဆိုသည်မှာ စိတ်နှလုံးကောင်းလွန်းခြင်း၊ ဟိတ်ဟန်များခြင်း၊ ဆင်ခြင်တုံတရား ခေါင်းပါးခြင်း၊ ကိုယ်ပိုင်ဉာဏ်နည်းခြင်း စတဲ့ အရည်အချင်းတွေပဲဗျ၊ ကျုပ်မှာ ဒီလို အရည်အချင်းတွေ မရှိဘူးဆိုတာ သူတို့ နားမလည်ကြဘူး၊ တစ်ခါ ဒီဝင်္ငကကျွတ်လို့ အေးအေးနေရပြန်ပလား ဆိုတော့ မနေရပြန်ဘူး၊ ဒီအိမ်ကို ဆောက်ရပြန်ပြီ၊ ဘာဖြစ်လို့ဆောက်ရသလဲဆိုတော့ ကိုယ့်ဘာသာကိုယ် ချောင်ကလေးတစ်ချောင်ထဲမှာ အေးအေးကလေး နေချင်လို့ပဲ၊ အဲဒါသာကြည့်ပေတော့ ခုလို ငြိမ်းချမ်းစွာနေဖို့ ကြိုးစားနေရခြင်းကိုက လူ့ဘဝဟာ ငြိမ်းချမ်းစွာမနေရခြင်းကို ပြတာပဲ၊ ဒါတွင်မကဘူး၊ အရေးပေါ်စစ်သည် စုဆောင်းရေးကိစ္စကလဲ ရှိသေးတယ်”

“ခင်ဗျား ဘာဖြစ်လို့ တပ်မတော်ထဲမှာ အမှုမထမ်းတော့တာလဲ”

“ဩစတားလစ်တိုက်ပွဲပြီးကတည်းက ဆိုပါတော့” မင်းသားကလေးအင်ဒရေက သုန်မှုန်စွာ ပြောလိုက်၏။

“တော်ပြီဗျာ ကျေးဇူးတင်လှပါပြီ၊ နောင်ကို ဘယ်တော့မှ ရုရှားတပ်မတော်ထဲမှာ အမြဲတမ်း စစ်မှုထမ်းဘဝကို ဝင်ရောက်ခြင်းမပြုတော့ဘူးလို့ ကျုပ်အမိဋ္ဌာန်ထားပြီးပြီ၊ ဘယ်တော့မှ မဝင်တော့ဘူး၊ ကုန်ကုန်ပြောလိုက်မယ်၊ ဘိုနာပတ်က ‘တောင်ကတုံး’ကို ရောက်လာပြီး ကျုပ်အိမ်ခြံစည်းရိုးကို ခြိမ်းခြောက်နေပြီဆိုတောင်မှ ရုရှားတပ်မတော်ထဲကိုတော့ မဝင်တော့ဘူး၊ အေးလေ ကျုပ်ဆိုလိုတာက”

မင်းသားကလေးအင်ဒရေသည် စကားလွန်သွားသဖြင့် အရှိန်သတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


"လောကကြီးမှာ ဘာမှ တာဝန်မရှိဘဲနေချင်ပေမယ့် မရဘူး။ အရေးပေါ် စစ်သည်စုဆောင်းရေးကိစ္စမှာ ဝင်ပါ နေရပြန်ပြီ။ ကျုပ်ခမည်းတော်ကြီးဟာ စစ်သည်စုဆောင်းရေး တတိယခရိုင်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်နေတယ်။ ဒီတော့ ကျုပ်အဖို့ အမြဲတမ်းစစ်မှုထမ်းဘဝကို မဝင်ရအောင် ရှောင်တဲ့နည်းဟာ ခမည်းတော်ကြီးရဲ့ လက်အောက်မှာ ဝင်အမှုထမ်းဖို့ တစ်နည်းပဲ ရှိတော့တယ်"

"ဒါဖြင့် သူ့လက်အောက်မှာ အမှုထမ်းနေရပြီပေါ့"

"ဟုတ်တယ်"

မင်းသားကလေးအင်ဒရေးသည် အတန်ကြာ တိတ်ဆိတ်လျက်ရှိ၏။

"အများရဲ့အကျိုးကို မဆောင်ရွက်လိုတော့ဘူးဆိုရင် သူ့လက်အောက်မှာကော ဘာကြောင့် အမှုထမ်းနေရသေးသလဲ"

"အများရဲ့ကောင်းကျိုးကို မဆောင်ရွက်ချင်တော့လို့ ကိုပဲ သူ့လက်အောက်မှာ အမှုထမ်းနေတာဗျို့ သိပြီလား၊ ကျုပ်ခမည်းတော်ကြီးဟာ သူ့ခေတ်သူ့အခါတုန်းကတော့ ထက်မြက်ထင်ရှားတဲ့ လူတစ်ယောက်ပါပဲ၊ ဒါပေမဲ့ ခုတော့ အိုမင်းမစွမ်းဖြစ်ပြီး မဟုတ်လား၊ ကျုပ် သူ့အတွက် စိတ်မချဘူး၊ ကျုပ်ခမည်းတော်ကြီးဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်လို့ မခေါ်နိုင်ပေမယ့် စိတ်ကတော့ ထက်တုန်းပဲ၊ မကျသေးဘူး၊ ကျုပ်ခမည်းတော်ကြီးဟာ ရုံးတစ်လုံး စားတစ်စင်းနဲ့ အာဏာကို အကန့်အသတ်မရှိ ပိုင်ခဲ့ပြီး ဘုရင်ငယ်ကလေးတစ်ဆူလို နေနေကျဖြစ်နေတော့ အကျင့်ပါပြီး ခပ်ရမ်းရမ်း လုပ်ချင်တဲ့ စိတ်တွေကျန်တုန်းပဲ၊ ခု ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က သူ့ကို စစ်သည်စုဆောင်းရေး ဗိုလ်ချုပ်ခန့်ပြီး အရင်တုန်းကလို ရုံးတစ်လုံး စားတစ်စင်းနဲ့ အာဏာကုန် အပ်နှင်းထားပြန်တော့ ငုပ်နေတဲ့ ခပ်ရမ်းရမ်း စိတ်ကလေးတွေဟာ ပြန်ပေါ်လာပြန်ပြီ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်တော်သာ နှစ်နာရီလောက် သူ့ဆီနောက်ကျပြီးရောက်သွားခဲ့ရင် လစာတော်ထုတ် စာရေးတစ်ယောက်ဟာ လည်ပင်းကြိုးတပ်ပြီး အသတ်ခံရပြီးပြီ၊ ကျွန်တော် အချိန်မီရောက်ပေလို့"

မင်းသားကလေးအင်ဒရေက ပြုံးလိုက်၏။

"ဒါကြောင့် ကျွန်တော် ခမည်းတော်ကြီး လက်အောက်မှာ အမှုထမ်းခြင်းဖြစ်တယ်ဗျ၊ ကျွန်တော် တစ်ယောက်သာလျှင် သူ့ကိုဖျောင်းဖျပြောဆိုလို့ရမှာမို့ အမှုထမ်းခြင်း ဖြစ်တယ်၊ နောင်တစ်နေ့မှာ သူ့ဘာသာသူ ယူကျုံးမရဖြစ်ရမယ့် အလုပ်မျိုးတွေကို မလုပ်အောင် တားမြစ်တန်ရင် တားမြစ်ဖို့ အမှုထမ်းခြင်း ဖြစ်တယ်"

"ဘယ့်နှယ်ရှိစ ရှောင်းရင်း၊ ခုလိုကျတော့ ခင်ဗျား စိတ်ချမ်းသာရင်ပြီးရောဆိုပြီး နေလို့မရတော့ဘူး မဟုတ်လား"

"ဟုတ်တယ်၊အေးအေးနေလို့မရတော့ဘူး၊ ဒါပေမဲ့ ခင်ဗျားထင်သလို အများရဲ့ကောင်းကျိုးချမ်းသာအတွက်တော့ မဟုတ်ဘူးဗျ"မင်းသားကလေးအင်ဒရေက စကားဆက်လိုက်ပြန်သည်။

"ခုလို ဝင်ရောက်အမှုထမ်းရတာဟာ ခမည်းတော်ကြီး အတွက်၊ တစ်နည်းပြောရရင် ကျွန်တော့်အတွက်ပဲ။ ဒီစာရေးဟာ တပ်သားသစ်တွေကို ပေးဖို့ ဖိနပ်တွေကို ခိုးရောင်းတယ်။ ဒီလို သတ္တဝါမျိုးကို ကျွန်တော် ဘယ်တုန်းကမှ မသနားခဲ့ဘူး၊ ခုလဲ မသနားဘူး၊ ဒီကောင်ကို သတ်ပစ်လိုက်လို့ သေသွားရင် ကျွန်တော် ဝမ်းမနည်းတဲ့အပြင် ဝမ်းတောင်သာလိမ့်ဦးမယ်၊ ဒါပေမဲ့ ခမည်းတော်ကြီးဟာ စာရေးသူခိုးကို သတ်မိတဲ့အတွက် နောင်တစ်နေ့မှာ သူ့ဘာသာသူ ယူကျုံးမရ သံဝေဂဖြစ်နေမှာကို ကျွန်တော် စိုးရိမ်တယ်၊ ခမည်းတော်ကြီးကို ကျွန်တော် သနားတယ်၊ ခမည်းတော်ကြီးကို သနားခြင်းဟာ ကျွန်တော့်ကိုယ်ကိုကျွန်တော် သနားခြင်းပဲ၊ ဘယ်သူ့ကိုမှ သနားခြင်း မဟုတ်ဘူး၊ ဒါကြောင့် ခုလို ဝင်အမှုထမ်းတာဟာလဲ အများကောင်းကျိုးအတွက် မဟုတ်ဘူး၊ ခမည်းတော်ကြီးရဲ့ ကောင်းကျိုးအတွက် ကျွန်တော့်ကောင်းကျိုးအတွက်၊ သိပြီလား"

မင်းသားကလေးအင်ဒရေးမှာ ထက်သန်သည်ထက် ထက်သန်လာခဲ့လေပြီ။ မိမိ၏ လုပ်ဆောင်ချက်များသည် အခြားသူများ၏ ကောင်းကျိုးချမ်းသာကို ရည်ရွယ်သည့် လုပ်ဆောင်ချက်များ မဟုတ်ကြောင်း ရှင်းပြသည့်အခါများ၌ကား ၎င်း၏မျက်လုံးများသည် ထူးထူးခြားခြား တောက်ပလျက် ရှိကြလေသည်။

"ခင်ဗျားက ခင်ဗျား မြေကျွန်တွေကို အောမဲ့လွှတ်ချင်တယ်လို့ဆိုတယ်" မင်းသားကလေးအင်ဒရေက စကားဆက်ပြန်သည်။ "ဒါဟာ အလွန်ကောင်းတဲ့ အလုပ်တစ်ခု


www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ လူကြိုက်နတ်ကြိုက် အလုပ်တစ်ခုလို့ပဲ ဆိုပါစို့၊ ဒါပေမဲ့ ခင်ဗျားအဖို့တော့ မထူးဘူးဗျ၊ ခင်ဗျားဟာ ကျွန်တွေအပေါ်မှာ ဘယ်တုန်းကမှ နှိပ်စက်ညှဉ်းဆဲခြင်း မပြုခဲ့ဖူးဘူး၊ သူတို့ကို ကြိမ်ဒဏ် မရိုက်ခဲ့ဖူးဘူး၊ တစ်ကျွန်းကို မပို့ခဲ့ဖူးဘူး၊ ဒါကြောင့် ကျွန်တွေကို ဘေးမဲ့ပေးခြင်းဟာ ခင်ဗျားအဖို့ ထူးပြီးမကောင်းပါဘူး၊ ခင်ဗျားကျွန်တွေအဖို့လဲ ထူးပြီး မကောင်းပါဘူး၊ တကယ်လို့ သူတို့ကို ကြိမ်ခတ်တယ်၊ တစ်ကျွန်းပို့တယ်ဆိုရင်လဲပဲ သူတို့အဖို့ ဘာမှမထူးပါဘူး၊ တစ်ကျွန်းရောက်တော့လဲ သူတို့ဟာ အဟိတ်တိရစ္ဆာန်လိုနေပြီး အဟိတ်တိရစ္ဆာန်လို ပျော်ကြဦးမှာပဲ၊ သူတို့ကိုယ်ပေါ်က ကြိမ်ဒဏ်ချက်တွေ ပျောက်သွားရင် အရင်တုန်းကလိုပဲ ပျော်ကြဦးမှာပဲ၊ ဒါပေမဲ့ ကျွန်တွေကို ဘေးမဲ့လွှတ်ခြင်းဟာ ဘယ်လိုလူတွေအဖို့ ကောင်းသလဲဆိုတော့ ကျွန်တွေကို မတရားသဖြင့် ညှဉ်းပန်း၊ မတရားသဖြင့် စည်းစိမ်ခံ၊ နောင်ကျတော့ အဲဒီအပြစ်တွေအတွက် သံဝေဂဖြစ်၊ ဒီသံဝေဂတွေကို အတင်းကြိတ်ချေ၊ ကြိတ်ချေလို့မရတော့ အားလုံးကို စိတ်နာ၊ စိတ်နာဖန်များတော့ အကြင်နာတရားတွေ ကုန်ခန်းပြီး လူကြမ်းကြီးတွေ ဖြစ်သွားကြရမယ့် ကျွန်ပိုင်ရှင်တွေအတွက်တော့ ကောင်းပါတယ်၊ အဲဒီလိုဖြစ်သွားရတဲ့ လူတွေကို ကျွန်တော် သနားတယ်၊ ဒီလိုလူမျိုးတွေကို ခင်ဗျား မတွေ့ဖူးသေးဘူး၊ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးတယ်၊ ဒီလိုလူမျိုးတွေဟာ စိတ်ရင်းတော့ မဆိုးရှာကြပါဘူး၊ လူကောင်းတွေပါပဲ၊ ဒါပေမဲ့ ရုံးတစ်လုံး ဓားတစ်စင်းပိုင် အာဏာတွေကို အကန့်အသတ်မရှိ ရထားကြတော့ တဖြည်းဖြည်း စိတ်ထားကြမ်းတမ်းလာကြတယ်၊ အာဏာမာန်ယစ်ပြီး ရက်စက်ကြမ်းကြုတ်လာကြတယ်၊ သူတို့ အဖြစ်ကိုလဲ သူတို့ သိကြတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုလဲ မထိန်းသိမ်းနိုင် ကြဘူး၊ အဲဒီလို မထိန်းသိမ်းနိုင်တာမြင်ပြီး စိတ်ဆင်းရဲဒုက္ခ ရောက်နေကြရတယ်၊ ကျွန်တော် အဲဒီလိုလူမျိုးတွေကို သိပ်သနားတာပဲ၊ ကျွန်တော်သာ ကျွန်တွေကို ဘေးမဲ့ လွှတ်ရင် ဒီလို လူကြမ်းကြီးတွေ လူကောင်းပြန်ဖြစ်လာရေးကို ရည်စူးပြီး လွှတ်မှာပဲ၊ ကျွန်တွေကို သနားလို့တော့ မလွှတ်ဘူး"

မင်းသားကလေးအင်ဒရေသည် ထိုစကားများကို ကြီးစွာသော ထက်သန်မှုဖြင့် ပြောဆိုလျက်ရှိလေရာ ၎င်း၏ ခမည်းတော်ကြီးအဖြစ်ကိုကြည့်၍ ဤသို့သော အတွေးမျိုးတွေ ဝင်ရောက်လာလေသလောဟုပင် ပီယာ တွေးမိသည်။

ပီယာသည် မည်သို့မျှမပြောတော့ဘဲ ငိုင်နေသည်။

"အဲဒီလူကြမ်းကြီးတွေမှာ လူ၏ဂုဏ်သိက္ခာ၊ စိတ်၏ ငြိမ်းချမ်းခြင်း၊ ဝိညာဉ်၏သန့်စင်ခြင်းကို မရကြရှာဘူး။ ဒါကြောင့် ကျွန်တော် ဒီလိုလူမျိုးတွေကို သနားတယ်။ ခင်ဗျား ကျွန်တွေရဲ့ ကျောကုန်းနဲ့နဖူးကို ကျွန်တော် မသနားနိုင်ဘူး။ တတ်နိုင်သို့ ခင်ဗျားဟာ ကျွန်တွေရဲ့ ကျောကုန်းကို ကြိမ်ဘယ်နှစ်ချက်ပဲခတ်ခတ်၊ သူတို့နဖူးကို သံပူ ဘယ်နှစ်ကြိမ်ပဲကပ်ကပ် ဒီကျောကုန်းနဲ့ ဒီနဖူးဟာ ဒီကျောကုန်းနဲ့ ဒီနဖူးပါပဲ မထူးပါဘူး"

"မဟုတ်ဘူးဗျာ မဟုတ်ဘူး။ အကြိမ်ပေါင်း တစ်ထောင် မဟုတ်ဘူး"ပီယာသည် တတွတ်တွတ်ရွတ်လျက် ရှိလေသည်။

## အခန်း ၁၂

ညနေတွင် မင်းသားကလေးအင်ဒရေနှင့် ပီယာတို့သည် အမိုးလှန်ထားသော ကရထားတစ်စီးဖြင့် တောင်ကတုံးသို့ ထွက်လာခဲ့ကြ၏။ မင်းသားကလေးအင်ဒရေမှာ ပီယာအား ကြည့်လျက် တိတ်ဆိတ်နေရာမှ မကြာခဏ စကားပြော၍ လာသည့်အတွက် စိတ်ရွှင်လန်းပေါ့ပါးနေဟန် ရှိလေသည်။

မင်းသားကလေးအင်ဒရေသည် လယ်ကွင်းပြင်များကို ညွှန်ပြကာ ၎င်း၏ မွေးမြူရေးလုပ်ငန်း မည်မျှတိုးတက်လျက်ရှိပုံကို ပြောဆိုလာလေသည်။

ပီယာကား မျက်မှောင်ကြီးကုတ်၍ တိတ်ဆိတ်လျက် ရှိ၏။ တစ်ခါတစ်ရံမှသာ တစ်လုံးချင်း ပြန်၍ပြောဆိုခြင်း ပြုတတ်လေရာ ဤအခြင်းအရာကိုထောက်၍ ပီယာသည် တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောလိုက်ပါလာဟန် ရှိ၏။

မင်းသားကလေးအင်ဒရေသည် များစွာ စိတ်သောကရောက်နေရှာသည်။ စိတ်ကတိမ်းကပါး ဖြစ်နေရှာသည်။ အလင်းရောင်ကို မမြင်နိုင်ဘဲဖြစ်နေရှာသည်။ မိမိကသာ လျှင် မင်းသားကလေးအင်ဒရေအား ကူညီဖေးမ၍ အလင်းရောင်ကိုပြမှ ဖြစ်တော့မည်ဟု ပီယာတွေးလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိပြောမည့်စကားများမှာ မင်းသားကလေး အင်ဒရေက ဆင်ခြေတစ်ချက်တက်၍ စကားတစ်ခွန်း ပြောလိုက်ရုံဖြင့် ဖရိုဖရဲဖြစ်ကာ အမြီးအမောက်မတည့်သည့် အဖြစ်သို့ ရောက်သွားလေမည်လောဟူ၍လည်း တွေးတော စိုးရိမ်နေ မိသည်။ ထို့ကြောင့် မိမိက အထွတ်အမြတ် ထားသည့် အရာများအား ရယ်မောလှောင်ပြောင်စရာအဖြစ် ရောက် သွားမည်ကိုစိုးရိမ်ကာ ဖွင့်၍မပြောရဲအောင် ဖြစ်လျက်ရှိလေသည်။

"နေစမ်းပါဦးဗျ၊ ဒီအယူအဆတွေ ခင်ဗျားခေါင်း ထဲ ဘယ်လိုရောက်လာတာလဲ" ပီယာက ရုတ်တရက် စတင် မေးလိုက်ပြီး ခတ်တော့မည့် ကျွဲကြီးကဲ့သို့ ခေါင်းကို အောက်သို့ငုံ့ထားလိုက်သည်။ "ဘာဖြစ်လို့ ဒီလို အတွေးမျိုး တွေကို တွေးတာလဲ။ ကျွန်တော် နားမလည်ဘူး"

"ဗျာ၊ ဘယ်လိုအတွေးမျိုးကို ဆိုလိုတာလဲ" မင်း သားကလေးအင်ဒရေက အံ့အားသင့်စွာ မေးလိုက်သည်။

"ခင်ဗျားရဲ့ဘဝအမြင်တွေ၊ ခင်ဗျားရဲ့ဘဝနဲ့ ပတ် သက်တဲ့ အတွေးအခေါ်တွေ၊ လူ့ရဲ့ကံကြမ္မာနဲ့ ပတ်သက်တဲ့ အတွေးအခေါ်တွေကို ပြောတာပါ။ ခင်ဗျားအယူအဆတွေ ဟာ မဟုတ်သေးဘူး ရောင်းရင်း။ အရင်တုန်းကတော့ ကျွန်တော်လဲ ဒီလိုပဲ တွေးခဲ့ဖူးတာပဲ။ ဒါပေမဲ့ ခုတော့ ဒီအတွေးမျိုးတွေ မရှိတော့ဘူးဗျ။ ကျွန်တော့်ကို ဒီအတွေး တွေ ကျွတ်သွားအောင် ဘယ်သူက ချွတ်လိုက်တယ် ထင်သလဲ။ ကျွန်တော့်ကို အကျွတ်တရားရအောင် ညီ အစ်ကိုတော်ဂိုဏ်းကြီးက ချွတ်ပေးလိုက်တယ်ဗျ။ ညီအစ်ကို တော်ဂိုဏ်းက ချွတ်လိုက်တယ်။ တကယ်ပြောတာ ရောင်း ရင်း မရယ်နဲ့။ အစတုန်းကတော့ ညီအစ်ကိုတော်ဂိုဏ်းဟာ အင်မတန် - အယူသီးတဲ့ ဘာသာရေးဂိုဏ်းတစ်ခုလို့ ကျွန်တော်ထင်ခဲ့တယ်။ ဒါပေမဲ့ မဟုတ်ဘူး။ ညီအစ်ကို တော်ဂိုဏ်းရဲ့ အယူဝါဒဟာ လူ့ဇာတိ၊ လူ့ဘဝ၊ လူ့အနွယ် ကြီးရဲ့ အကောင်းဆုံးသော နိစ္စထာဝရအဖြစ်ဆုံးသော လက္ခဏာများကို အရှင်းလင်းဆုံး ဖော်ထုတ်ညွှန်ပြတဲ့ သမ္မာအယူတော်ပဲဗျ"

ပီယာသည် ညီအစ်ကိုတော်ဂိုဏ်း၏ အယူဝါဒကို မိမိနားလည်သလောက် မင်းသားကလေးအင်ဒရေအား ရှင်းပြ၏။ ညီအစ်ကိုတော်ဂိုဏ်း၏ အယူဝါဒသည် နိုင်ငံ အစိုးရနှင့် သာသနာပိုင်တို့၏ ချုပ်ချယ်မှုမှ ကင်းလွတ်သော ခရစ်ယာန်သာသနာအယူဖြစ်ကြောင်း၊ လူသတ္တဝါဝေနေ ယျအားလုံးအား တန်းတူညီမျှစွာ ဆက်ဆံခြင်း၊ လူသား အားလုံးကို ခေါင်းနှင်းဆင်း ညီအစ်ကိုသဖွယ် ကြင်နာခြင်း၊ မေတ္တာထားခြင်း စသည်တို့ကို သွန်သင်သော အယူဝါဒ ဖြစ်ကြောင်းဖြင့် ရှင်းပြလေသည်။

"ကျွန်တော်တို့ရဲ့ မြတ်သောညီအစ်ကိုတော်ဂိုဏ်းရဲ့ အယူတော်သာလျှင် လူ့ဘဝကြီးရဲ့ စစ်မှန်တဲ့အဓိပ္ပာယ်ကို ဆောင်ပြီး ကျန်အရာဟူသမျှဟာ တံလှပ်မျှသာဖြစ်တယ်ဗျ။ အိပ်မက်မျှသာ ဖြစ်တယ်"ပီယာက ပြောလိုက်သည်။

"ဒီမှာရောင်းရင်း ကျွန်တော်တို့ညီအစ်ကိုတော် ဂိုဏ်းကလွဲလို့ တခြားရှိရှိသမျှသောအရာတွေ ညီအစ်ကို တော်ဂိုဏ်းရဲ့ပြင်ပမှာ ဖြစ်ဖြစ်သမျှ အရာတွေဟာ လိမ် လည်ခြင်း၊ သစ္စာမဲ့ခြင်းစတဲ့ ဒုစရိုက်တွေနဲ့သာ အတိပြီးနေ တယ်ဗျ။ ဒီလို ဒုစရိုက်တွေနဲ့ တင်းကြမ်းပြည့်နေတဲ့ လောကကြီးမှာ ရောင်းရင်းတို့လို စိတ်နှလုံးကောင်းရှိတဲ့ လူတွေ၊ အမြော်အမြင်ရှိတဲ့လူတွေဟာ ကြားထဲမှာညပ်ပြီး ဒုက္ခရောက်နေကြရတယ်။ ဒီတော့ ကျွန်တော်တို့ ဂိုဏ်း တော်ကြီးရဲ့ အယူဝါဒတွေကို လက်ခံကြည့်စမ်းပါ။ ကျွန်တော်တို့ ဂိုဏ်းတော်ကြီးထဲကို ဝင်ကြည့်စမ်းပါ။ ရောင်းရင်းရဲ့ ခန္ဓာကိုယ်ကို ဂိုဏ်းတော်ကြီးဆီ လှူထား ကြည့်စမ်းပါ။ ဂိုဏ်းတော်ကြီးရဲ့ လမ်းညွှန်မှုကို ခံယူကြည့် စမ်းပါ။ အဲဒီတော့မှ ခုစိတ်၏ချမ်းမြေ့ခြင်းကို ကျွန်တော် ခံစားရသလိုရောင်းရင်းခံစား လာရလိမ့်မယ်။ ကောင်းကင် ဘုံက အစပြုလာတဲ့ မြင်နိုင် စွမ်းမရှိတဲ့ ဒီကြိုးကြီးထဲမှာ ကွင်းဆက်တစ်ဆက်ဖြစ်လာပြီး စိတ်၏ ချမ်းမြေ့ခြင်းကို ခံစားရလိမ့်မယ် ဘယ့်နှယ်လဲ"

မင်းသားကလေးအင်ဒရေသည် ရှေ့တူရူသို့ ငေး ကြည့်ကာ ပီယာ၏စကားများကို တိတ်ဆိတ်စွာ နားထောင် လျက်ရှိ၏။ ရထားဘီးသံများကြောင့် သဲကွဲစွာ ကြားရခြင်း မရှိသောအခါများတွင် မင်းသားကလေးအင်ဒရေက ထပ်၍ မေးမြန်းခြင်း၊ မျက်လုံးများ ထူးခြားစွာ တောက်ပနေခြင်း၊ တိတ်ဆိတ်စွာ နားထောင်နေခြင်းတို့ကို ထောက်သော် မင်းသားကလေးအင်ဒရေသည် ကြားဖြတ်၍ ပြောမည် မဟုတ်သည့်ပြင် မိမိ၏စကားများကိုလည်း လှောင်ပြောင် ရယ်မောခြင်းပြုတော့မည်မဟုတ်ဟု တွေးမိကာ ပီယာသည် အားတက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ၎င်းတို့နှစ်ဦးသည် ရေပြည့်လျက်ရှိသော မြစ်ကမ်းတစ်ခုသို့ ရောက်လာကြ၏။ ထိုနေရာမှ တစ်ဖက်ကမ်းသို့ ဖောင်ဖြင့် ဖြတ်ကူးရမည်ဖြစ်လေသည်။ မြင်းများနှင့် ကရထားကို ဖောင်ပေါ်သို့ တင်နေချိန်၌ ၎င်းတို့နှစ်ယောက်သည်လည်း ဖောင်ပေါ်သို့ ကူးလာခဲ့ကြ၏။

မင်းသားကလေးအင်ဒရေသည် ဖောင်လက်ရန်းပေါ်တွင် တံတောင်ဆစ်ထောက်လျက် နေခြည်ထဲတွင် ဂယက်ဖွေးဖွေးထနေသော မြစ်ပြင်ကို တိတ်ဆိတ်စွာ ငေးကြည့်လျက် ရှိသည်။

“ဘယ့်နှယ်လဲ ရောင်းရင်း ဘယ်လိုသဘောရသလဲ။ ဆိုစမ်းပါဦး ငြိမ်ချက်သားကောင်းလှချေကလား” ပီယာက မေးလိုက်သည်။

“ဘယ်လို သဘောရရမလဲဗျ၊ ခင်ဗျားပြောတော့လဲ နားထောင်ရတာပေါ့၊ ပြောသမျှကတော့ မဆိုးပါဘူး။ ‘ကျွန်တော်တို့ ညီအစ်ကိုတော်ဂိုဏ်းကိုဝင်ပါ။ ကျွန်တော်တို့ ညီအစ်ကိုတော်ဂိုဏ်းက လူ့ဘဝရဲ့ ရည်ရွယ်ချက်များကို ညွှန်ပြလိမ့်မယ်။ လူတွေရဲ့ ကံကြမ္မာကို ညွှန်ပြလိမ့်မယ်။ ကမ္ဘာလောကကြီးကို စိုးမိုးနေတဲ့ နိယာမတရားများကို ညွှန်ပြလိမ့်မယ်’လို့ ခင်ဗျားကဆိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ။ ပုထုဇဉ်တွေပဲ မဟုတ်လား။ ပုထုဇဉ်တွေဖြစ်တဲ့ ခင်ဗျားတို့တစ်တွေဟာ အလုံးစုံသော အရာ ခပ်သိမ်းသောအရာကို ဘယ်လိုလုပ်ပြီး မြင်နိုင်မလဲ ရောင်းရင်း။ ပုထုဇဉ်ချင်းအတူတူ ခင်ဗျားတို့မြင်တဲ့အရာတွေကိုကော ကျွန်တော် မမြင်နိုင်တော့ဘူးလား။ ဘာထူးသေးသလဲ။ ကောင်းမြတ်ခြင်းနဲ့ မှန်ကန်ခြင်းခြင်းဟာ မြေကြီးပေါ်မှာ တည်ရှိတယ်။ ဟောဒီလူ့ဘဝကြီးမှာ ရှိတယ်လို့ ခင်ဗျားက မြင်တယ်။ ဒါပေမဲ့ ကျွန်တော်က ဒီလိုမမြင်ဘူး။”

“ခင်ဗျား တမလွန်ဘဝဆိုတာကို ယုံသလား” ပီယာက ကြားဖြတ်၍ မေးလိုက်၏။

“တမလွန်ဘဝ ဟုတ်လား”မင်းသားကလေးအင်ဒရေက မေးလိုက်သည်။ မင်းသားကလေးအင်ဒရေမှာ ယခင်က ဇာတိဘုရား၌ ယုံကြည်ခြင်းမရှိသူတစ်ဦးဟု ပီယာ သိထားခဲ့၏။ ထို့ကြောင့် မင်းသားကလေးအင်ဒရေက မိမိ၏ စကားကို ပဲ့တင်ထပ်၍ မေးလိုက်သည့်အခါ၌ ဤသို့မေးခြင်းသည် တမလွန်ဘဝကို ယုံကြည်ခြင်းမရှိကြောင်း ဆိုလိုခြင်းဖြစ်သည်ဟု ပီယာ အဓိပ္ပာယ်ကောက်လိုက်သည်။ ထို့ကြောင့် ပီယာသည် မင်းသားကလေးအင်ဒရေ၏ စကားအဆက်ကို မစောင့်တော့ဘဲ ဆက်၍ ပြောလိုက်သည်။

“ကောင်းမြတ်ခြင်းနဲ့ မှန်ကန်ခြင်းတို့၏ ဘုံဗိမာန်ကို မြေကြီးပေါ်မှာ ရှာလို့မတွေ့နိုင်ဘူးလို့ ခင်ဗျားက ဆိုတယ်။ ဟုတ်တယ်။ ကျွန်တော်လဲ ဒီအတိုင်းပဲ ယူဆခဲ့တယ်။ ကျွန်တော်တို့ရဲ့ လူ့ဘဝကြီးဟာ အရာအားလုံးတို့ရဲ့ အဆုံးစွန်သော အရာဖြစ်ပြီး ဒီနောက်မှာ ဘာဘဝမှာ မရှိတော့ဘူးလို့ ယူဆရရင်တော့ ခင်ဗျားပြောသလို ကောင်းမြတ်ခြင်းနဲ့ မှန်ကန်ခြင်းကို ရှာလို့မတွေ့နိုင်ပေဘူး။ မြေကြီးပေါ်မှာ ဟောဒီမြေကြီးပေါ်မှာ (ပီယာက လယ်ကွင်းများကို လက်ညှိုးထိုးပြလိုက်သည်။) မှန်ကန်ခြင်းဆိုတာ မရှိဘူး။ သစ္စာတရားဆိုတာမရှိဘူး။ မြေကြီးပေါ်မှာ ရှိရှိသမျှဟာ ဒုစရိုက်တွေ ဆိုးယုတ်မှုတွေချည်းပဲ။ ဒါပေမဲ့ စကြဝဠာကြီး စကြဝဠာအနန္တကြီးထဲမှာတော့ သစ္စာတရားရဲ့ ဘုံဗိမာန်ဆိုတာ ရှိတယ်ခင်ဗျ။ ကျွန်တော်တို့ဟာ ခုအခိုက်အတန့် ခုပစ္စုပ္ပန်အားဖြင့်သာ မြေကြီးကဖွားတဲ့ မြေကြီးရဲ့သားသမီးတွေ ဖြစ်နေကြပေမယ့် ထာဝရအားဖြင့် ပရမတ်အားဖြင့်တော့ စကြဝဠာအနန္တကြီးက ပေါက်ဖွားလာကြတဲ့ စကြဝဠာကြီးရဲ့ သားသမီးများသာ ဖြစ်ကြတယ်ဗျ။ တစ်နည်းဆိုရရင် အခိုက်အတန့်အားဖြင့် မြေကြီးဆိုတဲ့ ဇရပ်ကြီးပေါ်မှာ ခေတ္တခဏနားနေကြတဲ့ ဧည့်သည်တွေမျှသာ ဖြစ်ပြီး တစ်နေ့မှာ ဒီဇရပ်ကြီးက ထွက်ခွာပြီး စကြဝဠာအနန္တကြီးထဲမှာ ခရီးဆက်ကြရဦးမယ့် ခရီးသည်များသာ ဖြစ်ကြတယ်။ ကျွန်တော်တို့ဟာ အခိုက်အတန့်အားဖြင့်သာ မနုသတ္တလူ့ဘဝကို ရောက်နေကြရပေမယ့် ဒီဘဝကိုလွန်လို့ရှိရင် စကြဝဠာအနန္တကြီးထဲက တစ်နေရာရာကို သွားပြီး ငြိတွယ်ကြရဦးမှာပဲ။ ကျွန်တော့်အမြင်မှာတော့ ကျွန်တော်တို့ရဲ့ လူ့ဘဝဟာ တစ်ခုနှင့်တစ်ခု ပေါင်းစည်းညီညွတ်ခြင်းရှိသော အပြောကျယ်သော စကြဝဠာအနန္တကြီးရဲ့ အစိတ်အပိုင်းကလေးများအနက် အစိတ်အပိုင်းကလေးတစ်ခုသာ ဖြစ်တယ်ဗျ။ ဟောဒီ စကြဝဠာကြီးထဲမှာရှိတဲ့ ယုတ်နိမ့်သော သတ္တဝါမှသည် မြင့်မြတ်သော သတ္တဝါအထိ အဆင့်ဆင့်တည်ရှိနေတဲ့ သတ္တဝါတွေရဲ့ ဖြစ်စဉ်ကြီးထဲမှာ မနုသတ္တလူ့ဘဝဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ရဲ့သတ္တဝါတွေရဲ့ ဖြစ်တည်မှု ကျွန်တော်တို့ရဲ့ ဘဝဟာ ကွင်းဆက်ကလေးတစ်ဆက် လှေကားထစ်ကလေးတစ်မျှသာ ဖြစ်တယ်ဗျ။ လူ့ဘဝဟာ စကြဝဠာကြီးထဲမှာ အဆုံးစွန်သော ဘဝမဟုတ်သေးဘူး။ စကြဝဠာကြီးမှာရှိတဲ့ ယုတ်၊ လတ်၊ မြတ်သတ္တဝါများအားလုံးမှာ ဘုရားသခင်ဟာ ထင်ရှားကိန်းဝပ်နေတယ်ဗျ။ ခင်ဗျားက ဇာတိဘုရားကို မယုံလို့ရှိရင်လဲ အနန္တတန်းခိုတော်ရှင်တစ်ပါးလို့ပဲ ဆိုပါစို့ဗျာ။ ဒီတော့ ကျွန်တော်တို့ဟာ သက်မဲ့မှသည် သက်ရှိ၊ အပင်မှသည် တိရစ္ဆာန်၊ တိရစ္ဆာန်မှသည် လူ စသည်ဖြင့် ဖန်တီးခြင်းတရားအရ အဆင့်ဆင့်ဖြစ်ပေါ် တိုးတက်လာတဲ့ ဖြစ်စဉ်တည်းဟူသော လှေကားကြီးကို မြင်တွေ့နေပါလျက်နဲ့ လူ့ဘဝဆိုတဲ့ လှေကားထစ်ကို ရောက်တော့မှ လှေကားဆုံးသွားပြီလို့ ဘာကြောင့်ယူဆရမှာလဲ။ ဘာကြောင့် ဒီအဆင့် ဒီအထစ်တွင် ရပ်နေရမှာလဲ။ လူ့အဖြစ်ရောက်မှ ဒီဖြစ်စဉ်ရဲ့ ကွင်းဆက်ကြီးကို ဘာလို့ အပြတ်ခံရမှာလဲ။ ကျွန်တော့်အမြင်မှာတော့ ကမ္ဘာလောက ကြီးမှာ ရှိရှိသမျှသော အရာများအနက် လုံး၀ အစတုံး ပျောက်ကွယ်သွားတဲ့ အရာရယ်လို့ ဘယ်အရာမှ မရှိဘူးဗျ။ ဒါကြောင့်မို့ လူဟာလဲ အစတုန်းမပျောက်ကွယ်နိုင်ဘူး။ တစ်ဘဝမဟုတ် အခြားတစ်ဘဝ။ တစ်ဖြစ်မဟုတ် အခြားတစ်ဖြစ်မှာသွားပြီး ငြိတွယ်နေဦးမှာပဲ။ ခု လူ့ဘဝမှာ ရှိတယ်ဆိုရင် သေသည်၏အခြားမဲ့၌ နောင်တစ်နေရာ နောင်တစ်ဘဝမှာ ပြန်ရောက်ပြီး စကြဝဠာကြီးထဲမှာ ရှိနေဦးမှာပဲ။ ဒါကြောင့် စကြာဝဠာကြီးထဲက အစတုံး ပျောက်ကွယ်မသွားနိုင်ဘူး။ ကျွန်တော်တို့ မနုဿတ္တ လူ့ဘဝရဲ့ ဟိုမှာဘက်မှာ ဝိညာဉ်ဆိုတာရှိတယ်။ အရူပဘုံရှိတယ်။ ဒါကြောင့် သစ္စာတရားဟာ ရူပဘုံတည်းဟူသော ကမ္ဘာမြေကြီးပေါ်မှာ မရှိပေမဲ့ အဲဒီ အရူပဘုံကြီးထဲမှာတော့ ရှိတယ်ခင်ဗျ”

“ဟုတ်ပါတယ်၊ ခင်ဗျားပြောတာက အဘိဓမ္မာပညာရှင် ဟားဒါးရဲ့ သဘောတရားပဲ”မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။ “ဒါပေမဲ့ ရောင်းရင်းရေ ခင်ဗျားရဲ့ အမြိုက်တရားရေအေးကလဲ ကျွန်တော့်ကို သဘောပေါက်အောင် မလုပ်နိုင်ဘူး။ လောကမှာ ကျွန်တော် နားလည်တာကတော့ အသက်ရှင်ခြင်းနဲ့ သေခြင်းကိုပဲ နားလည်တယ်။ ကဲ ခင်ဗျား စဉ်းစားကြည့်ပါ ရောင်းရင်း။ လူနှစ်ယောက်ဟာ တစ်ယောက်ဘဝကို တစ်ယောက် အပ်နှံထားကြတယ်။ အသက်လောက် ချစ်ခဲ့ကြတယ်။ အဲဒီ နှစ်ယောက်အနက် တစ်ယောက်ဟာ ကျန်တစ်ယောက်ကို အထင်လွဲခဲ့တယ်။ အထင်လွဲလို့ သူ့အမှားကို သူပြန်ပြီး ပြင်မယ်လုပ်ချိန်မှာ (မင်းသားကလေးအင်ဒရေသည် အသံများတုန်လာကာ မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။) အဲဒီအထင်လွဲခံလိုက်ရတဲ့ လူဟာ ဒုက္ခဝေဒနာကိုကြီးစွာ ခံစားပြီး တောင်းပန်စကားလေးကိုတောင် မကြားရရှာတော့ဘဲ လူ့ဘဝကြီးက အစတုံးပျောက်ကွယ်သွားရတော့တယ်။ ကဲ ဒီတော့ ဒီလူကို တောင်းပန်ချင်ရင် သူ့ကို ဘယ်မှာ လိုက်ရှာရမလဲ။ ပြောစမ်းပါဦး။ ဒီတော့ သူ့ကိုတွေ့နိုင်တဲ့ တစ်နေရာရာတော့ ရှိရမှာပဲ။ မရှိဘူးဆိုတာ မဖြစ်နိုင်ဘူး။ သူ့ကို တွေ့နိုင်တဲ့ နေရာဟာ ရှိတယ်လို့ ကျုပ်ယုံကြည်တယ်။ ကျုပ်ယုံကြည်ခဲ့တာ ခုလဲ ယုံကြည်နေတာက အဲဒီတစ်နေရာပဲ။ ခင်ဗျားရဲ့ တရားရေအေးအမြိုက်ဆေးတွေ မဟုတ်ဘူး”

မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။

“ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော်ပြောချင်တဲ့ အဓိပ္ပာယ်နဲ့ နီးလာပြီ”

“မနီးဘူး ရောင်းရင်း၊ မနီးဘူး။ ကျွန်တော်ဆိုလိုချင်တာက ခုလို ငြင်းခုံနေကြခြင်းအားဖြင့် ခင်ဗျားဟာ နောင်ဘဝ ရှိတယ်ဆိုတာကို ကျွန်တော် ယုံကြည်လာအောင် မလုပ်နိုင်ဘူး။ ကျွန်တော် ယုံကြည်သဘောပေါက်နေတာက ခင်ဗျားဟာ လူတစ်ယောက်နဲ့ ဘဝခရီးမှာ အေးအတူပူအမျှ လက်တွဲလျှောက်ခဲ့တယ်။ ဖြုန်းဆို မမျှော်လင့်ဘဲ ခင်ဗျားရဲ့ ဘဝခရီးဖော်ဟာ ဘယ်မှာရယ်လို့ မပြောနိုင်တဲ့ တစ်နေရာမှာ ပျောက်ကွယ်သွားတယ်။ ခင်ဗျားတစ်ယောက်တည်း အဲဒီ တစ်နေရာက ချောက်ကမ်းပါးကြီးထိပ်မှာ ယောင်တိယောင်နနဲ့ ငုံ့ကြည့်ပြီး ကျန်ရစ်ခဲ့ရတယ်။ တစ်နေ့ကျတော့ ခင်ဗျားလဲ ဒီချောက်ကမ်းပါးကြီးထဲကို ရောက်ရမှာပဲ။ ဒီလိုပဲ လူတွေဟာ တစ်နေ့မှာ ဒီချောက်ကမ်းပါးကြီးဆီကို ရောက်ကြရပြီး အစပျောက်သွားကြရတော့မှာ ပါကလားဆိုတဲ့ အချက်ကိုသာ သက်ဝင်ယုံကြည်ခြင်းဖြစ်တယ်။ ခုဆိုရင် ကျွန်တော်ဟာ ဒီချောက်ကမ်းပါးကြီး ထိပ်မှာ ရပ်ပြီး ငုံ့ကြည့်နေရပြီ”

“ဟုတ်ပြီ ခင်ဗျားဟာ လူ့ဘဝရဲ့ဟိုဘက်မှာ


www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရှိတယ်။ အဲဒီတစ်နေရာမှာ တစ်စုံတစ်ယောက် ရှိတယ်ဆိုတာကို သိပြီနော်။ အဲဒီတစ်နေရာဟာ နောင်ဘဝပဲဗျ။ အဲဒီတစ်စုံတစ်ယောက်ဟာ ထာဝရ ဘုရားသခင်ပဲ”

မင်းသားကလေးအင်ဒရေသည် မည်သို့မျှ ပြန်မပြောတော့ချေ။ ရထားနှင့် မြင်းများမှာ တစ်ဖက်ကမ်းသို့ ရောက်၍ အဆင်သင့် ဖြစ်နေလေပြီ။ နေဝန်းသည် မိုးကုတ်စက်ဝိုင်းအောက်သို့ တစ်ခြမ်းငုံ့လျှိုးသွားပြီဖြစ်လျက် ကူးတို့ဆိပ်အနီးရှိ ရွံ့အိုင်များတွင် နှင်းများခဲစပြုနေသော်လည်း ပီယာနှင့် မင်းသားကလေးအင်ဒရေတို့မှာ ကူးတို့ဖောင်ပေါ်တွင်ရပ်၍ စကားကောင်းလျက် ရှိကြလေရာ အစေတော်များ ကူးတို့သမားများနှင့် ရထားသမားများသည် အံ့အားသင့်လျက် ရှိကြပေသည်။

“အဲဒီတော့ ထာဝရဘုရားသခင်နဲ့ နောင်ဘဝဆိုတာရှိရင် ကောင်းမြတ်ခြင်းနဲ့ မှန်ကန်ခြင်းဆိုတာလဲ ရှိရမှာပဲ။ ဒါကြောင့် လူသတ္တဝါဝေနေယျတို့ရဲ့ ပြီးပြည့်စုံသော ပျော်ရွှင်ခြင်းဟာ အခြားမဟုတ်ဘူး။ အဲဒီအရာတွေကို ရအောင်ကျင့်ကြံ အားထုတ်ခြင်းသာ ဖြစ်တယ်ဗျ။ ကျွန်တော်တို့ဟာ လူ့ဘဝကြီးကို ခံမင်မြတ်နိုးရမယ်။ လူတွေကို ချစ်ခင်ရမယ်။ အသက်ရှင်နေထိုင်ခြင်းပြုရမယ်။ ကျွန်တော်တို့ဟာ ဒီမြေကြီးကွက်ကွက်ကလေးပေါ်မှာ ခုပစ္စုပ္ပန်မှာသာ အသက်ရှင်နေကြခြင်းမဟုတ်ဘဲ ဟောဒီ စကြဝဠာအနန္တကြီးထဲမှာ အရင်တုန်းကလဲ ဖြစ်တည်ခဲ့ကြတယ်။ နောင်လဲ ထာဝရ ဖြစ်တည်နေကြလိမ့်မယ်ဆိုတာကို ယုံကြည်ကြရပေလိမ့်မယ်ဗျ။ သံသရာကို ယုံကြည်ကြရလိမ့်မယ်”ပီယာက ကောင်းကင်ကြီးကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

မင်းသားကလေးအင်ဒရေသည် ဖောက်လက်ရန်းကိုမှီ၍ရပ်ရင်း ပီယာ၏စကားများကို နားထောင်လျက်ရှိရာမှ ပြာမှောင်သော ရေပြင်တွင် တလက်လက်တောက်နေသော နေဝန်း၏ နီရွှေရွှေအရောင်များကို ငုံ့ကြည့်လျက်ရှိသည်။ ထိုအချိန်မှာ ပကတိတိတ်ဆိတ်လျက်ရှိ၏။ ပီယာမှာလည်း တိတ်ဆိတ်လျက်ရှိလေသည်။ ဖောင်မှာကမ်းတွင် ကပ်ထားပြီးဖြစ်၍ လှိုင်းကလေးများသည် ဖောင်ကိုတဖျပ်ဖျပ်ရိုက်ခတ်လျက် ရှိကြ၏။ လှိုင်းသံ ကလေးများသည် ပီယာ၏စကားများကို ‘ဟုတ်တယ် မှန်တယ်’ဟု ထောက်ခံသြဘာပေးနေကြသကဲ့သို့ ရှိလေသည်။

မင်းသားကလေးအင်ဒရေသည် အသက်ကိုပြင်းစွာ ရှိုက်၍ ကလေးငယ်၏ မျက်နှာကဲ့သို့ တောက်ပရွှင်မြူးလျက် ကြင်နာခြင်း ပြည့်ဝသောမျက်နှာထားဖြင့် ပီယာ၏ မျက်နှာကို ငေးကြည့်နေမိသည်။ မင်းသားကလေးအင်ဒရေ၏ မျက်နှာသည် နီရဲကာ ပီတိလျှမ်းလျက်ရှိ၏။ မိမိထက် အတွေးအခေါ် ရင့်သန်သော ပီယာ၏ရှေ့တွင် ရှက်ရွံ့သော အမူအရာမျိုးသည် ပေါ်လျက်ရှိလေသည်။

“အေးဗျာ ဒီလိုဆိုရင်တော့လဲ လောကကြီးဟာ ကျွန်တော် ထင်သလောက်မဆိုးသေးဘူးပေါ့”မင်းသားကလေးအင်ဒရေက ပြောလိုက်၏။ “ကဲ သွားကြဦးမှပဲဗျို့” ဟုဆိုကာ ဖောင်ပေါ်မှ ကမ်းပေါ်သို့ ကူးလိုက်ပြီး ပီယာညွှန်ပြသည့် ကောင်းကင်ကြီးကို မော့ကြည့်နေမိသည်။ သြစတားလစ်တိုက်ပွဲအပြီး၌ စစ်မြေပြင်တွင် လဲကျလျက်ရှိရင်း ထာဝရနိမိတ်ဖြစ်သော ဤကောင်းကင်ကြီးကိုကြည့်ပြီးသည့်နောက် ဤအကြိမ်သည် ပထမအကြိမ်ကြည့်မိခြင်းဖြစ်လေသည်။ ကောင်းကင်ကြီးကိုကြည့်ရင်း မင်းသားကလေးအင်ဒရေ၏ ဝိညာဉ်ထဲတွင် ငုံ့လျှိုးပျောက်ကွယ်နေသော အရာတစ်ခု မင်းသားကလေးအင်ဒရေ၏ ဝိညာဉ်ထဲမှ အကောင်းဆုံး အရာတစ်ခုသည် လူးလွန့်နိုးထလာကာ စိတ်သည် လန်းဆန်းနုပျိုလာသည်ဟု ထင်လိုက်ရ၏။ မိမိ၏ပတ်ဝန်းကျင်ဟောင်းသို့ ပြန်ရောက်သွားသောအခါ၌ ထိုအရာသည် ပျောက်ကွယ်သွားပြန်လေသည်။ သို့ရာတွင် ထိုသို့သော နုပျိုရွှင်လန်းသော ခံစားချက်တစ်မျိုးသည် မိမိကိုယ်တွင်း၌ ရှိနေသေးခြင်းကိုကား မင်းသားကလေးအင်ဒရေ သိခဲ့လေပြီ။ ပီယာနှင့် တွေ့ဆုံလိုက်ခြင်းသည် မင်းသားကလေး အင်ဒရေ၏ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့လေသည်။ မင်းသားကလေးအင်ဒရေသည် အပြန်ပန်းအားဖြင့်သာ ပတ်ဝန်းကျင်ဟောင်း၌ ကျင်လည်နေရသော်လည်း အဇ္ဈတ္တ သန္တာန်၌ကား ဘဝသစ်တစ်ခုသို့ ဝင်ရောက်လျက်ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

တောင်ကတုံးအရပ်ရှိ စံအိမ်ဆင်ဝင်ရှေ့သို့ ကရထားရပ်လိုက်သည့်အချိန်တွင် မှောင်စပျိုးနေလေပြီ။ မိမိတို့ ရောက်သည်နှင့် စံအိမ်အနောက်ဆောင်ဆီ၌ လှုပ်လှုပ်ရွရွဖြစ်နေသံများကို ကြားရသည်တွင် မင်းသားကလေးအင်ဒရေသည် ပီယာကိုပြုံး၍ လှည့်ကြည့်ပြီး ထိုအသံများဆီသို့ မေးငေါ့ပြလိုက်သည်။ ကျောတွင် အိတ်ကြီးတစ်အိတ်ကို လွယ်ထားသည့် ခါးကိုင်းနေပြီဖြစ်သော မိန်းမအိုကြီးတစ်ယောက်နှင့် အဝတ်နက်ကို ဝတ်ဆင်လျက် အရပ်ပုပု၊ ဆံပင်ရှည်ရှည်နှင့် လူရွယ်တစ်ယောက်တို့သည် ပီယာနှင့် မင်းသားကလေးအင်ဒရေတို့၏ ကရထားကို မြင်လိုက်သည်တွင် စံအိမ်အနောက်ဆောင်ဘက်ဆီသို့ ပြန်လှည့်၍ ပြေးကြလေသည်။ ၎င်းတို့နောက်မှ မိန်းမနှစ်ယောက်သည်လည်း ကရထားကို လှည့်ကြည့်လှည့်ကြည့်လုပ်၍ ကြောက်လန့်တကြားဖြင့် စံအိမ်အနောက်ဆောင်ဆီသို့ ထွက်ပြေးကြပြန်သည်။

"အစ်မတော်မေရီရဲ့ 'ဖုန်းတောင်းယာစကာ'[*]တွေလေဗျာ။ ကျွန်တော်တို့ပြန်လာတာကို ခမည်းတော်ကြီးပြန်လာတယ်မှတ်လို့ ထွက်ပြေးကြတာ။ ခမည်းတော်ကြီးက ဘယ်လောက်ပဲ ကြပ်မတ်ကြပ်မတ် အစ်မတော်ဟာ ဒီကိစ္စမှာတော့ ပြောလို့မရတော့ဘူးဗျ။ ခမည်းတော်ကြီးက ဒီဘုရားဖူးအလှူခံတွေလာရင် နှင်ထုတ်ရမယ်လို့ အမိန့်ပေးထားပေမယ့် အစ်မတော်က တိတ်တိတ်လက်ခံပြီး လှူဒါန်းနေတော့တာပဲ"

"ဘာလဲဗျ 'ဖုန်းတောင်းယာစကာ'ဆိုတာ"ပီယာက မေးလိုက်သည်။

မင်းသားကလေးအင်ဒရေမှာ ပြန်ဖြေချိန်မရလိုက်ချေ။ အစေခံများထွက်လာကာ လာရောက်ကြိုဆိုကြသည်နှင့် ခမည်းတော်ကြီး မည်သည့်နယ်တွင် ရောက်နေကြောင်း၊ မည်သည့်ရက်လောက် ပြန်လာမည်ဖြစ်ကြောင်းတို့ကို မေးမြန်းစုံစမ်းလျက် ရှိလေသည်။

ခမည်းတော်ကြီးမှာ မြို့သို့ ထွက်သွားခြင်းဖြစ်ရာ ယနေ့ပင် ပြန်ရောက်မည်ဟု သိရ၏။

မင်းသားကလေးအင်ဒရေသည် စံအိမ်ရှိ မိမိအတွက် အဆင်သင့် ခမ်းနားစွာပြင်ဆင်ထားသည့် ခန်းမဆောင်ထဲ၌ ပီယာအား နေရာချပေးခဲ့ကာ သူငယ်ဆောင်သို့ ထွက်ခွာလာခဲ့လေသည်။ သူငယ်ဆောင်မှ ပြန်လာခဲ့ပြီးနောက်

"ကဲ လာဗျာ ရောင်းရင်း၊ အစ်မတော်ဆီကို သွားနှုတ်ဆက်ကြဦးစို့။ ကျွန်တော်လဲ မတွေ့ရသေးဘူး။ ခု လောက်ဆို ကျွန်တော်တို့ကိုရှောင်ပြီး သူ့ရဲ့ 'ဖုန်းတောင်းယာစကာ'တွေနဲ့ အလုပ်ရှုပ်နေလိမ့်မယ် ထင်တယ်။ ကျွန်တော်တို့ကို မြင်ရင်တော့ ရှက်သွားမှာပဲ။ ဒါပေမဲ့ လာပါလေ၊ ကိစ္စမရှိပါဘူး။ အစ်မတော်ရဲ့ 'ဖုန်းတောင်းယာစကာ'တွေကို မြင်ဖူးသွားတာပေါ့။ စိတ်ဝင်စားစရာတော့ ကောင်းတယ်ဗျ"

"နေစမ်းပါဦးဗျ 'ဖုန်းတောင်းယာစကာ'ဆိုတာ ဘာတွေလဲ"ပီယာက မေးလိုက်သည်။

"လာပါလေ ဟိုရောက်တော့ မြင်ရလိမ့်မပေါ့"

မင်းသားကလေးအင်ဒရေနှင့် ပီယာတို့ ရောက်သွားသည်နှင့် မင်းသမီးကလေးမေရီမှာ မျက်နှာတစ်ချက်ပျက်သွားကာ တစ်မျက်နှာလုံး နီရဲသွားလေသည်။ ဆင်းတုတော်ရှေ့တွင် ထွန်းထားသော မီးရောင်များဖြင့် ထိန်လင်းနေသော မင်းသမီးကလေးမေရီ၏ ခန်းမဆောင်ထဲ၌ ခင်ကြီးများဝတ်လေ့ရှိသော ဧကသီကို ဝတ်ထားသည့် နှာခေါင်းရှည်ရှည်၊ ဆံပင်ရှည်ရှည်နှင့် လူရွယ်တစ်ဦးသည် မင်းသမီးကလေးမေရီ၏ ဘေးထိုင်ဖုံပေါ်တွင် ထိုင်လျက်ရှိ၏။ ၎င်းတို့အနီးတွင် အရေးများတွန့်လိမ်နေပြီဖြစ်၍ ကလေးမျက်နှာရှိသော မိန်းမအိုကြီးတစ်ယောက် လက်တင်ထိုင်ဖုံတစ်ခုပေါ်၌ ထိုင်လျက် ရှိ၏။

"လာရင်လဲ ကြိုတင်ပြီး အကြောင်းကြားရောပေါ့ အင်ဒရေ"မင်းသမီးကလေးမေရီက ကြက်သူငယ်များအလယ်တွင် ကြက်မကြီးရပ်သကဲ့သို့ ဘုရားဖူးဖုန်းတောင်းယာစ ကာများရှေ့တွင် ရပ်၍ မင်းသားကလေးအင်ဒရေကို

* ဖုန်းတောင်းယာစကာ ဆိုသည်မှာ ခရစ်ယာန်သာသနာနှင့်ပတ်သက်၍ အထွတ်အမြတ် ထားသောနေရာများသို့ လပေါင်း၊ နှစ်ပေါင်းများစွာ (အချို့မှာ တသက်လုံး) လှည့်ပတ်သွားလာကာ အလှူခံစားနေကြသူများဖြစ်၍ အများအားဖြင့် မသန်စွမ်းသူများ၊ ကောင်းစွာစိတ်မနံ့သူများ ဖြစ်တတ်သည်။ မင်းသမီးကလေးမေရီကဲ့သို့သော ဘာသာစတရား လွန်စွာကိုင်းရှိုင်းသူတို့မှာ ထိုဖုန်းတောင်းယာစကာများကို လှူဒါန်းထောက်ပံ့လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်သံကလေးဖြင့် ပြောလိုက်သည်။

"သြော် မြို့စားလေးလဲ ပါလာသကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်"မြို့စားလေးပီယာက မင်းသမီးကလေး မေရီ၏လက်ကို နမ်းရှုပ်နှုတ်ဆက်လိုက်သည်နှင့် မင်းသမီးကလေးမေရီက ပြင်သစ်စကားဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။ မင်းသမီးမေရီသည် ပီယာအား ကလေးဘဝကပင် သိခဲ့၍ ယခုအချိန်တွင် မောင်တော်မင်းသားကလေး အင်ဒရေ၏ မိတ်ဆွေရောင်းရင်းဖြစ်နေသည့်အတွက်ကြောင့်လည်းကောင်း၊ အိမ်ထောင်ရေးကံမကောင်းသည့်အတွက်ကြောင့်လည်းကောင်း၊ ထို့ပြင်မက ပီယာ၏ ကြင်နာသနားဟန်ရှိ၍ ရိုးသားသောမျက်နှာကြောင့် လည်းကောင်း ပီယာအား ခင်မင်လျက်ရှိလေသည်။ မင်းသမီးကလေးမေရီသည် ၎င်း၏ လှပစွန်းလက်သော မျက်လုံးကြီးများဖြင့် ပီယာကို ကြည့်လိုက်လေရာ 'မြို့စားကလေးကို ခင်ပါတယ်နော်။ ဒါပေမဲ့ ထိပ်ထားရဲ့ ဖုန်းတောင်းယာစကားများကိုကြည့်ပြီး ရယ်တော့ မရယ်ပါနဲ့'ဟု ပြောနေသကဲ့သို့ ရှိလေသည်။ ပီယာနှင့် မင်းသားကလေးအင်ဒရေသည် နှုတ်ဆက်ပြီးနောက် ထိုင်လိုက်ကြသည်။

"အို လက်စသတ်တော့ အီဗန်နူရှကာကော ရောက်နေမှကိုး"မင်းသားကလေးအင်ဒရေက ခင်ကြီးလို ဝတ်ထားသည့် ခပ်ရွယ်ရွယ် ဖုန်းတောင်းယာစကာကိုပြုံး၍ မေးလိုက်သည်။

"အင်ဒရေ"မင်းသမီးကလေးမေရီက တောင်းပန်ဟန့်တားသည့်အသံမျိုးဖြင့် ခေါ်လိုက်သည်။

"ခင်ကြီးလိုဝတ်ထားတဲ့ လူရွယ်က ယောကျ်ားလေး မဟုတ်ဘူးဗျ မိန်းကလေး။ ယောကျ်ားစိတ်ပေါက်နေတဲ့ ယောကျ်ားရှာလေဗျာ"မင်းသားကလေးအင်ဒရေက ပီယာကို လှမ်းပြောလိုက်သည်။

"အင်ဒရေ ဘုရားသခင်ကို ထောက်ထားသောအားဖြင့် ဒီလိုမပြောပါနဲ့ကွယ်"မင်းသမီးကလေး မေရီက ပြောလိုက်ပြန်သည်။

ဤသည်ကိုကြည့်၍ မင်းသားကလေးအင်ဒရေသည် ဖုန်းတောင်းယာစကာများကို အမြဲနောက်ပြောင်လေ့ရှိဟန်တူလျက် မင်းသမီးကလေးမေရီကလည်း ဖုန်းတောင်းယာစကာများဘက်မှ ခုခံပြောဆိုနေကျ ဖြစ်ဟန်တူပေသည်။

"အံမာ အစ်မတော် ကျွန်တော့်ကို အပြစ်မပြောပါနဲ့ဦး၊ အစ်မတော်နဲ့ ဟောဒီယောကျ်ားရှာ ဖုန်းတောင်းယာစကာလေး ရည်ငံနေတာကို ဟောဒီက မိတ်ဆွေမြို့စားလေးကို ပြောပြတဲ့အတွက် ကျွန်တော့်ကို ကျေးဇူးတောင်တင်ရလိမ့်ဦးမယ်"

"အို တကယ်"ပီယာသည် အထူးအဆန်းဖြစ်လျက်ရှိရာမှ ရိုးသား၍ နောက်ပြောင်လိုသည့်အသွင်မရှိသော မျက်နှာဖြင့် (ဤသို့ နောက်ပြောင်လိုသည့် အသွင်လက္ခဏာမရှိသည့်အတွက်လည်း မင်းသမီးကလေးမေရီသည် ပီယာအား ကျေးဇူးတင်မိသည်။) အီဗန်နူရှကာ၏ မျက်နှာကို မျက်မှန်ထဲမှ လှမ်း၍ကြည့်နေသည်။ ခင်ကြီးကဲ့သို့ ဝတ်ထားသော အီဗန်နူရှကာသည် ၎င်းအကြောင်းပြောနေမှန်းသိသည့်အခါတွင် (ပြင်သစ်ဘာသာဖြင့် ပြောဆိုနေခြင်းကြောင့် နားမလည်ချေ။) ကောက်ကျစ်စဉ်းလဲသော မျက်လုံးများဖြင့် ၎င်းတို့ကို ကြည့်လျက်ရှိ၏။

မင်းသမီးကလေးမေရီမှာ ၎င်း၏ ပရိသတ်အတွက် ကြားထဲက ကြောင်အမ်းအမ်းဖြစ်လျက်ရှိသော်လည်း ၎င်းတို့ တစ်သိုက်မှာကား အလျင်းပင် ဂရုစိုက်ဟန်မရှိချေ။ မိန်းမအိုကြီးသည် မျက်လွှာကို ချထားသော်လည်း ပီယာတို့နှစ်ဦးအား တစ်ချက်တစ်ချက်တွင် မျက်စောင်းထိုး၍ လှမ်းကြည့်လိုက်ပြီးနောက် လက်ဖက်ရည်ခွက်ကို မှောက်လိုက်လျက် နောက်ထပ်တစ်ခွက်ကို တိုက်ဦးမည်လောဟု စောင့်ဆိုင်းရင်း ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိ၏။ အီဗန်နူရှကာသည် လက်ဖက်ရည်သောက်နေရာမှ စဉ်းလဲ၍ မိန်းမဆန်သော မျက်လုံးများဖြင့် ၎င်းတို့နှစ်ဦးကို ကြည့်နေပြန်သည်။

"အဘွားကြီး ဘုရားတွေတော်တော်ဖူးပြီးပလား၊ ကီယက်ကိုရော ရောက်ခဲ့ပလား"မင်းသားကလေး အင်ဒရေက မိန်းမအိုကြီးကို မေးလိုက်သည်။

"ရောက်ခဲ့ပါပြီ ကိုယ်တော်လေး"မိန်းမအိုကြီးက အသံတုန်တုန်ဖြင့် ပြောလိုက်သည်။ "ပြီးခဲ့တဲ့ နာတာလူးပွဲတော်မှာ ရေဖျန်းမင်္ဂလာ ကျင်းပရာကို ရောက်ခဲ့တယ် ကိုယ်တော်လေးရဲ့၊ ကျုပ်က ကိုလျာဇင်နယ်ကပါ။ ကိုလျာဇင်နယ်ဆိုတာက ပေါ်တော်မူပွင့်လို့ အကျော်အဒေးယျဖြစ်တဲ့ နယ်ပေါ့ ကိုယ်တော်လေးရဲ့"

"ခင်ဗျားနဲ့အတူ အီဗန်နူရှကာကော ပါသေး



www.burmeseclassic.com

www.burmeseclassic.com



သလား”

“ကျုပ်က ကျုပ်ဘာသာ သွားတာဗျ။ ယူနိုဗိုရောက်တော့မှ ဟောဒီက ဒကာမကြီး ပေလဂေယနဲ့ တွေ့တာ” ယောက်ျားရှာ အီဗန်နူရှကာက တမင် ယောက်ျားသံပေါက်အောင် အသံကြီးဖြင့် ပြောလိုက်သည်။

အဘွားကြီး ပေလေဂေယက အီဗန်နူရှကာကို ကြားဖြတ်၍ ပြောလိုက်၏။ ပေါ်တော်မူဘုရားအား သွားရောက်ဖူးမြော်ခဲ့ရပုံကို ပြောပြလိုဟန် ရှိလေသည်။

“ကိုလျာဇင်မှာ ပေါ်တော်မူပွင့်လို့တဲ့ ကိုယ်တော်လေးရဲ့”

“ဘာလဲဗျ ဓာတ်တော်လား”မင်းသားကလေး အင်ဒရေက မေးလိုက်သည်။

“မနောက်စမ်းပါနဲ့ အင်ဒရေ၊ သွားကြစမ်းပါ၊ အမေကြီး သူ့ကို သွားပြောမနေနဲ့”ဟု မင်းသမီးကလေး မေရီက ပြောလိုက်၏။

“အို မပြောဘဲနေလို့ ဖြစ်ရိုးလား ထိပ်ထားလေးရဲ့။ ကိုယ်တော်လေးကို ကျုပ်က သိပ်ချစ်တာကလား။ ကိုယ်တော်လေးက ကြင်နာလဲကြင်နာတတ်ပါဘိသနဲ့။ ထာဝရဘုရားသခင်က စေလွှတ်တော်မူလိုက်တဲ့ တမန်တော်လို စိတ်သဘောလဲ ပြည့်ဝတယ်။ ကျုပ်ရဲ့ ကျေးဇူးရှင်ကြီးလဲ ဖြစ်ဖူးတယ်။ တစ်ခါက ဒင်္ဂါးဆယ်ပြားလှူလိုက်တာလေ။ ကျုပ် ကီယက်ကိုရောက်တော့ စီရယ်လ်ဆိုတဲ့ အထက်ဂိုဏ်းဝင်တစ်ယောက်က ကျုပ်ကို ပြောတယ်။ အမယ် ဂိုဏ်းဝင်ဟာလေ တကယ့်သူတော်စင်တဲ့။ ဆောင်းဆောင်း၊ နွေနွေ၊ ဘယ်တော့မှ ဖိနပ်မစီးဘူးတဲ့ သူက ပြောတယ်။ ‘ဒကာမကြီး ကိုလျာဇင်ကို သွားချည်။ အဲဒီမှာ မယ်တော်မာရီရဲ့ဆင်းတုတော်တစ်ဆူ ပေါ်နေတယ်’လို့လဲပြောတယ်။ ဒါနဲ့ ကျုပ်လဲ သွားဖူးတာ”

အားလုံး တိတ်ဆိတ်လျက်ရှိကြ၏။ ဘုရားဖူး ‘ဖုန်းတောင်းယာစကာ’အဘွားကြီးသည် တစ်လုံးချင်း လေးလေးကြီး ဆက်ပြောနေသည်။

“ဒါကြောင့် ကျုပ်သွားဖူးတာ။ လမ်းမှာလဲ ပေါ်တော်မူကို သွားဖူးတဲ့လူတွေ မနည်းပါဘူးတော်။ အဲဒီ မယ်တော် မာရီရဲ့မျက်လုံးက အရောင်တွေတောက်ပြီး ပါးပြင်က အဆီတွေတောင် ထွက်တယ်ဆိုပဲ”

“ကဲ ကဲ အမေကြီး၊ နောက်မှ ထိပ်ထားတို့ကို ပြောပြတော့”မင်းသမီးကလေးမေရီက မျက်နှာနီရဲလျက် ဝင်၍ တားလိုက်သည်။

“နေစမ်းပါဦး ကျွန်တော် မေးပရစေလား”ပီယာက မေးလိုက်သည်။ “နေပါဦး အမေကြီး၊ ခင်ဗျားကိုယ်တိုင် မြင်ခဲ့ရသလား”

“အို ဖူးခဲ့ရတာပေါ့ ကိုယ်တော်လေးရယ်။ ဘယ့်နှယ် ပြောပါလိမ့်။ မျက်နှာတော်တစ်ခုလုံးကလဲ အရောင်တွေ ပြိုးပြိုးပြက်ပြက်ထွက်လို့၊ ပါးပြင်တော်ကလဲ အဆီတွေ တစ်စက်တစ်စက်၊ တစ်စက်တစ်စက် ကျလို့”

“အမေကြီးက မဟုတ်တာပြောတော့မယ်၊ အလကား လူတွေကို လိမ်တာဖြစ်မှာပေါ့”စိတ်ဝင်စားစွာ နားထောင်နေသော ပီယာက ရိုးသားစွာ ပြောလိုက်၏။

“အို ဘုရား ဘုရား၊ ဘယ်လိုများ ပြောလိုက်တာပါလိမ့်”အဘွားကြီးသည် မင်းသမီးကလေးမေရီဘက်လှည့်၍ ပြောလိုက်သည်။

“လူတွေကို အလကားလိမ်နေတာ ဖြစ်မှာပေါ့” ပီယာက ထပ်၍ပြောလိုက်သည်။

“ဘုရား ဘုရား”အဘွားကြီးက လက်ယှက်၍ ပြောလိုက်၏။ “မပြောကောင်းဘူးနော် ကိုယ်တော်လေး၊ တစ်ခါတုန်းက ဒီလိုမယုံတဲ့ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ဟာ ‘ဘုန်းကြီးတွေ ညာစားတာပဲ’လို့ ပြောလို့ မျက်စိစုံလုံးကန်းသွားပါရောလား။ ညကျတော့ မယ်တော်မာရီရောက်လာပြီး ‘အသင် မယုံဘူးလား၊ ကျွန်ုပ်ကိုသင်ယုံလျှင် သင့်ကို ကယ်မယ်’လို့ အိပ်မက်ပေးသတဲ့။ ဒါနဲ့ စစ်ဗိုလ်ကြီးကလဲ ‘မယ်တော်မာရီ့ဆီ ပို့ကြပါ။ မယ်တော်မာရီဆီ ပို့ကြပါ’လို့ ပြောတာနဲ့ ကိုလျာဇင်မှာရှိတဲ့ ပေါ်တော်မူကို သွားဖူးစေသတဲ့။ ပေါ်တော်မူရှေ့မှာထိုင်ပြီး ‘မယ်တော်မာရီဘုရား ကျွန်ုပ်ကို ကယ်မတော်မူပါ။ ဘုရင်မင်းမြတ်က ချီးမြှင့်သော စည်းစိမ်ဥစ္စာဟူသမျှကို လှူဒါန်းပါ့မယ်’လို့လဲ ပြောလိုက် ရော ဆုတော်အဖြစ်ရတဲ့ ရွှေကြယ်ပွင့်ကြီးဟာ မယ်တော် မာရီ ဆင်းတုတော်ပေါ်ကို ရောက်သွားတာပဲ။ ဟောချက်ချင်းပဲအလင်းရပြီး အကောင်းပကတိ ပြန်ဖြစ်သွားတာပဲ။ ကျွန်ုပ်ကိုယ်တိုင်မြင်ခဲ့ရတာနော် ကိုယ်တော်လေး။ ဒီလိုမပြောရဘူး။ သိပ်အပြစ်ကြီးတယ်။ ဘုရားသခင်က ဒဏ်ခတ်တော်မူလိမ့်မယ်”အဘွားကြီးသည်ဆုံးမသြဝါဒ ပေးသောဟန်ဖြင့် ပီယာဘက်သို့လှည့်၍ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်ကြီးရဲ့ ရွှေကြယ်ပွင့်ကြီးက မယ်တော်မာရီရဲ့ ဆင်းတုတော်ပေါ် ဘယ်လိုရောက်သွားတာလဲ" ပီယာက မေးလိုက်သည်။

"ဒါဖြင့် မယ်တော်မာရီက ဗိုလ်ချုပ်ကြီးရဲ့ ရာထူးကို ရသွားတာပေါ့"မင်းသားကလေးအင်ဒရေက ပြုံး၍ မေးလိုက်သည်။

ပေလဂေယသည် မျက်နှာဖြူရော်သွားရာမှ လက်ယှက်၍ ဆုတောင်းလိုက်ရင်း–

"အို ကိုယ်တော်လေး မပြောကောင်းဘူး၊ မပြောနဲ့။ ကိုယ်တော်လေးမှာလဲ သားတော်လေးရှိတယ် မဟုတ်လား" ဤနေရာ၌ အဘွားကြီး၏ ဖြူရော်သော မျက်နှာသည် ရုတ်ခြည်းရဲတက်လာသည်။ "ဘယ်လိုများ ပြောလိုက်ကြပါလိမ့်နော်။ ဘုရား ဘုရား၊ ဘုရားသခင် ခွင့်လွှတ်တော်မူပါဘုရား"အဘွားကြီးက လက်ယှက်၍ ဆုတောင်းပြန်သည်။ "ထိပ်ထားလေး မကြားဝံ့ မနာသာ တွေပါကလား ထိပ်ထားလေးရယ်"

အဘွားကြီး ပေလဂေယသည် ထလိုက်ကာ ငိုတော့မည့်ဟန်ဖြင့် အထုပ်အပိုးကို ပြင်နေသည်။ ဤလိုအိမ်များ၌ လာ၍ အလှူခံမိသည့်အတွက် ရှက်လည်းရှက်၊ ကြောက်လည်းကြောက် ဖြစ်နေသည်။ သို့ရာတွင် အလှူငွေများများရမည့် အိမ်ဖြစ်၍လည်း အလှူမခံဘဲ ထွက်သွားရမည်ကို စိတ်မကောင်းဖြစ်လျက်ရှိ၏။

"ကဲကဲ အမေကြီး ထိပ်ထားဆီလာ၊ သူတို့ကို သွားမပြောလေနဲ့ ထိပ်ထားပြောထားပေးသားပဲ"မင်းသမီးကလေးမေရီက ခေါ်လိုက်၏။

"ကဲ အမေကြီးလာပါ၊ ကျွန်တော်တို့က နောက်တာပါ"ပီယာက ပြောလိုက်သည်။ "ထိပ်ထား ကျွန်တော်တို့က သူဒီလောက် စိတ်ထိခိုက်မယ်မထင်လို့ ပြောမိတာပါ။ မပြောတော့ပါဘူး"ဟု မင်းသမီးကလေးမေရီကို ပြောလိုက်၏။ ပီယာ၏ မျက်နှာမှာ ရှက်လည်းရှက် အားလည်းနာသောအသွင်ကို ဆောင်လျက် ရှိလေသည်။ "ကျွန်တော့်အပြစ်ပါ၊ ဟောဒီက ရောင်းရင်းကလဲ ကျီစားတာပါ"

ပေလဂေယသည် မယုံကြည်သေးဘဲ ခေတ္တရပ်နေ၏။ ပီယာ၏ မျက်နှာမှာ တကယ်ရိုးသားစွာ ပြောနေသည့်ဟန်ပေါက်လျက်ရှိသည်ကိုလည်းကောင်း၊ မင်းသားကလေးအင်ဒရေကလည်း သူ့ကို တစ်လှည့်၊ ပီယာကို တစ်လှည့် မျက်နှာထားချိုချိုဖြင့် ကြည့်နေသည်ကို လည်းကောင်း၊ မြင်တော့မှ ပေလဂေယသည် ဘဝင်ကျကာ ပြန်၍ထိုင်လိုက်လေသည်။

## အခန်း ၁၄

ဖုန်းတောင်းယာစကာအဘွားကြီးပေလဂေယသည် ကျေနပ်သွားပြန်သည့်အတွက် အရည်ဝါသီသူတော်စင်အင်ဖီလိုကပ်အကြောင်းကို ရှည်လျားစွာ ဆက်၍ပြောပြန်သည်။ သူတော်စင်မှာ အကျင့်သီလနှင့် ပြည့်စုံသည့်အတွက် သူ၏လက်များသည် နံ့သာနံ့သင်းလျက်ရှိကြောင်း၊ ကီယက်ရှိ ဆရာဘုန်းတော်ကြီးများထံသွားစဉ် ဆရာဘုန်းတော်ကြီးများက မယ်တော်မာရီ၏ သင်္ချိုင်းတော်သို့ ဝင်ရန် သော့များကို ပေးဖူးကြောင်း၊ ဂူထဲတွင် သူတော်စင်များနှင့်အတူ နှစ်ရက်တရားထိုင်ဖူးကြောင်းတို့ကို ပြောဆိုလျက်ရှိလေသည်။

"ကျုပ်လေ သင်္ချိုင်းတော်ထဲမှာ တစ်နေ့တစ်နေ့ အစားအသောက်လဲ နည်းနည်းစား၊ အအိပ်အနေလဲခြိုးခြံပြီး တရားကျင့်တော့တာပဲ။ ပြီးတော့ ဆင်းတုမဟာ်တိုင်းကို မနမ်းရမရှိအောင် အကုန်နမ်းခဲ့ဖူးတယ်။ အို ဂူထဲမှာ စိတ်ချမ်းမြေ့လိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့။ အပြင်တောင် ထွက်မလာချင်တော့ဘူး"

ပီယာသည် တကယ်စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေကား အပြင်သို့ ထွက်သွားလေပြီ။ မင်းသမီးကလေးမေရီသည် ဖုန်းတောင်းယာစကာများအား လက်ဖက်ရည်ဖြင့် ဧည့်ခံစေပြီး ပီယာအား ဧည့်ခန်းဆောင်ထဲသို့ ခေါ်လာခဲ့လေသည်။

"မြို့စားကလေးကတော့ ကိုယ်ချင်းစာနာစိတ်ရှိပါပေ တယ်"ဟု ပီယာကို ပြောလိုက်သည်။

"တကယ်ပါ ထိပ်ထားလေး ကျွန်တော်က အဘွားကြီး ဒီလောက်စိတ်ထိခိုက်မယ်မထင်လို့ ပြောလိုက်တာပါ။ သူတို့သဘောကို ကျွန်တော် နားလည်ပါတယ်။ လေးလဲလေးစားပါတယ်"

မင်းသမီးကလေးမေရီသည် ပီယာကို တိတ်ဆိတ်စွာ ကြည့်ကာ နှစ်လိုဖွယ် ပြုံးနေလေသည်။

"မြို့စားလေးကို ထိပ်ထားသိတာ ကြာပြီပဲ။ သိ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက မြို့စားလေးကို မောင်တစ်ယောက်လို ခင်ပါတယ်။ အင်ဒရေးနဲ့ စကားပြောပြီးကြပလား။ ဘယ့်နှယ်လဲ”မင်းသမီးကလေးမေရီက မေးလိုက်သည်။ သို့ရာတွင် ပီယာ၏အဖြေကို မစောင့်တော့ဘဲ

“ထိပ်ထားဖြင့် သူ့အတွက် စိတ်သောက အမြဲရောက်နေရတယ်။ သူ့ကျန်းမာရေးကလဲ သိပ်မကောင်းလှဘူး။ ဆောင်းတွင်းတုန်းက နည်းနည်းသက်သာသလို ရှိပေမယ့် နွေကျတော့ ဒဏ်ရာက ပြန်ပေါ်လာတယ်။သမားတော် များကတော့ နိုင်ငံခြားသွားပြီး ကုဖို့ပြောကြတယ်။ ပြီးတော့လူရဲ့ ကျန်းမာရေးအတွက်တွင် မကဘူး၊ သူ့စိတ်ကျန်းမာ ရေးအတွက်လဲထိပ်ထားစိုးရိမ်တယ်။ ထိပ်ထားတို့မိန်းမ သားတွေကတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာ ရင် ဒီဝမ်းနည်းတဲ့ ဝေဒနာတွေကို မျက်ရည်နဲ့ ဆေးပစ်လိုက်တာပဲ။ သူ့ကျတော့ ဒီလို မဟုတ်ဘူး။ ဖြစ်ရင် ဝမ်းထဲမှာပဲမျိုသိပ်ထားတယ်။ ဒီနေ့တော့ နည်းနည်းပျော်နေပုံရပါတယ်။ ရွှင်ရွှင်လန်းလန်းပဲ။ ဒါပေမဲ့ ဒါလဲ မြို့စားလေး ရောက်လာလို့ ဒီလောက်ပျော်နေတာပါ။ ခါတိုင်းဆိုရင် ဒီလို ပျော်ပျော်ရွှင်ရွှင် အင်မတန်နေခဲတယ် မြို့စားလေး။ သူ့ကို နိုင်ငံခြားသွား ဆေးကုဖို့ တိုက်တွန်းကြည့်စမ်းပါနော်။ သူ့အဖို့ လှုပ်လှုပ်ရှားရှားနေပြီး အပြောင်းအလဲရဖို့ အရေးကြီးတယ်။ သိပ်ငြိမ်နေပြီး နေရိုးနေစဉ် အတိုင်း နေသွားရင် ကြာရင်ခက်မယ်။ ဒါကို ဘယ်သူမှ သတိ မထားမိပေမဲ့ ထိပ်ထား သတိထားမိတယ်”

ဆယ်ချက်တီးအချိန် မင်းသားကြီးဘိုလကွန်စကီ၏ရထားမှ ချူသံများကို ကြားရသည်တွင် ယောက်ျားစေတော်များသည် အိမ်ရှေ့တံခါးသို့ ပြေးထွက်၍ ကြိုကြလေသည်။ မင်းသားကလေး အင်ဒရေးနှင့် ပီယာတို့လည်း ဆင်ဝင်ရှေ့သို့ ထွက်လာကြသည်။

“သူက ဘယ်သူလဲ”ရထားပေါ်မှ အဆင်းတွင် ပီယာကို မြင်လိုက်သဖြင့် မင်းသားကြီး ဘိုလကွန်စကီက မေးလိုက်သည်။ မြို့စားကလေး ပီယာဖြစ်ကြောင်း သိသည်၌

“အိမ်း တွေ့ရတာ ဝမ်းသာသကွယ်၊ ကဲ နမ်းစမ်းပါဦး”ဟုဆိုကာ ပွေ့ဖက်နှုတ်ဆက်လေသည်။

မင်းသားကြီးဘိုလကွန်စကီမှာ ရွှင်လန်းလျက်ရှိ၍ ပီယာကိုလည်း များစွာအရေးတယူ ဂရုတစိုက် ဆက်ဆံခြင်း ပြုလေသည်။

ညလယ်စာ စားခါနီး၌ မင်းသားကလေး အင်ဒရေသည် ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ စာကြည့်ဆောင်ဘက်သို့ ကူးလာခဲ့လေရာ ပီယာနှင့် အကြိတ်အနယ် ငြင်းခုံဆွေးနွေးနေသော ခမည်းတော်ကြီး၏ အသံကိုကြားရလေသည်။ ပီယာက တစ်နေ့တွင် ကမ္ဘာ၌ စစ်ပွဲများ မရှိသည့်အချိန်တစ်ချိန် ဆိုက်ရောက်လာမည်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုလျက်ရှိသည်တွင် မင်းသားကြီး ဘိုလကွန်စကီမှာ ထိုအချက်ကို မကျေနပ်နိုင်ဘဲ အကျောက်အကန် ငြင်းခုံလျက် ရှိလေသည်။ သို့ရာတွင် ခါတိုင်းကဲ့သို့ ဒေါသဖြင့် အော်ကြီးဟစ်ကျယ် ငြင်းခုံခြင်း မရှိချေ။

“ဒီမှာ တူတော်မောင် လူတွေရဲ့ သွေးကြောတွေထဲမှာ ရှိတဲ့သွေးတွေကို တစ်စက်မကျန် ဖောက်ထုတ်ပစ်ပြီး သွေးတွေအစား ရေတွေထည့်ထားနိုင်ရင်တော့ စစ်ဆိုတာ ကမ္ဘာမြေကြီးပေါ်က ပပျောက်သွားလိမ့်မယ်ဗျ။ ဒီလိုမလုပ်နိုင်လို့ကတော့ ဘယ်တော့မှ စစ်ဟာ ပပျောက်မသွားနိုင်ဘူး။ ဘယ့်နှယ်ဗျာ ကမ္ဘာမြေပြင်ပေါ်မှာ စစ်ဆိုတာ မရှိရဘူးဆိုတာဟာ အဓိပ္ပာယ်မှမရှိဘဲ။ ဒီစကားဟာ တူတော်မောင်တို့အရွယ်တွေ ပြောရမယ့် စကားမဟုတ်ဘူးဗျ။ မိန်းမအိုကြီးတွေ ပြောရမယ့် စကား၊ မိန်းမအိုကြီးတွေ ပြောရမယ့်စကား”

မင်းသားကြီးဘိုလကွန်စကီက အထပ်ထပ်ရွတ်၍ ပြောလိုက်သည်။ သို့ရာတွင် ပီယာ၏ ပခုံးကို ချစ်ခင်ယုယစွာ ပုတ်လျက်ရှိလေသည်။ ထို့နောက် စကားဝိုင်းထဲသို့ ဝင်ရောက်ပြောဆိုခြင်း မပြုလိုသည့်အတွက် မြို့မှ ခမည်းတော်ကြီး ယူလာသည့် ပြန်တမ်းများကို စားပွဲတစ်လုံးတွင် ထိုင်၍ဖတ်နေသော သားတော် မင်းသားကလေး အင်ဒရေဆီသို့ ထသွားကာ အလုပ်ကိစ္စများကို ပြောဆိုနေပြန်သည်။

“မြို့စားကြီးရော့စတော့ဗ်ဆိုတဲ့ စစ်သည်စုဆောင်းရေး စစ်သူကြီးတစ်ဦးနဲ့ ဖေဖျားတွေ့ခဲ့တယ်။ သူကတော့ သူတာဝန်ယူထားတဲ့ စစ်သည်အစုတစ်ဝက်ကျော်တောင် ပို့ပြီးနေပြီဆိုပဲ သားတော်ရဲ့။ သူလဲ မြို့တက်ပြီး ဖေဖျားနဲ့တွေ့လို့ ဖေဖျားက ညစာနဲ့ ကောင်းကောင်းကြီး ဧည့်ခံလိုက်တယ်။ ဖေဖျားကိုလဲ ညစာစားဖိတ်ချင်တယ်လို့ ပြောတယ်။ ဒီမှာ သားတော်ရဲ့ ရောင်းရင်းကြီးကိုလဲ ကြည့်စမ်းပါဦး သားတော်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီး ဘိုလကွန်စကီက မင်းသားကလေး အင်ဒရေကို လှမ်းပြောရင်း ပီယာ၏ကျောကို သပ်လျက်

"သားတော်ရဲ့ ရောင်းရင်းကိုတော့ ဖေဖျားသဘောကျနေပြီကွယ့်။ ဖေဖျားလိုလူမျိုးရဲ့ စိတ်ကိုတောင် လှုပ်ရှားအောင် တတ်နိုင်တဲ့သူငယ်ပေပဲ။ တချို့လူများကျတော့ အနှစ်သာရပါတဲ့ စကားတွေကို ပြောတတ်ကြပေမယ့် တစ်စက်ကလေးမှ နားထောင်ချင်စရာ မကောင်းဘူး။ သားတော်ရဲ့ ရောင်းရင်းကတော့ အဆီအသားမပါပေမယ့် ဖေဖျားလို အဘိုးကြီးတစ်ယောက်ကို စိတ်ပါလာအောင် ပြောတတ်သဗျ။ ဒီပညာလေးကိုတော့ ချီးကျူးရပေမယ်၊ ဟုတ်စ တူတော်မောင်။ ကဲ ဆိုစမ်းပါဦး တူတော်မောင်ရဲ့ ငြိမ်းချမ်းရေးတရားကလေး နာကြည်းစိုဲ့လား။ မဖြစ်သေးပါဘူး။ ဦးရီးတော်ကိုယ်တိုင် တူတော်မောင်တို့ ညစာစားပွဲမှာ အတူတူဝင်စားပြီး တစ်ချီတစ်မောင်းလောက်တော့ ငြင်းဦးမှပါ။ အဲ ပြီးတော့ ဦးရီးတော်ရဲ့ သူတော်ရှူး ရှူးနေတဲ့ သမီးတော်မေရီနဲ့လဲ စကားလေးဘာလေး ပြောသွားစမ်းပါဦး"

မင်းသားကြီး ဘိုလကွန်စကီက ပီယာကို လှမ်းပြောလိုက်၏။

တောင်ကတုံးအရပ်ရှိ မင်းသားကလေးအင်ဒရေတို့၏ စံအိမ်သို့ လာရောက်လည်ပတ်ခြင်းပြုမိသည့်အခါကျမှသာ မင်းသားကလေး အင်ဒရေနှင့် မိတ်ဆွေရောင်းရင်းအဖြစ် ပေါင်းသင်းဆက်ဆံရခြင်းသည် မည်မျှ ခင်မင်တွယ်တာစရာကောင်းကြောင်းကို ပီယာ ပြည့်စုံစွာ သဘောပေါက်လာခဲ့လေသည်။ မင်းသားကလေး အင်ဒရေနှင့် သာမက ၎င်းတို့ မိသားစုနှင့်တကွ စံအိမ်ရှိ အခြွေအရံများအားလုံးနှင့်ပါ ပေါင်းသင်းဆက်ဆံရသည်မှာ ပီယာ့အဖို့ စိတ်ချမ်းမြေ့လှပါဘိသည်။ ပီယာသည် ခက်ထန်ကြမ်းကြုတ်သော မင်းသားကြီး ဘိုလကွန်စကီနှင့် အရှက်အကြောက်အားကြီးလှသော မင်းသမီးကလေးမေရီတို့ကို ယခင်က ကောင်းစွာ သိကျွမ်းခြင်းမရှိခဲ့သည် မှန်သော်လည်း တွေ့လိုက်ရသည်နှင့် မိတ်ဟောင်းဆွေဟောင်းများပမာ ခင်မင်သွားမိလေသည်။ ၎င်းတို့ကလည်း ပီယာအား ခင်မင်နှစ်သက်ကြသည်ကို တွေ့ရ၏။ မင်းသမီးကလေး မေရီမှာကား ဖုန်းတောင်းယာစကာများကို ပီယာက အရေးတယူ ဆက်ဆံပြလိုက်ကတည်းက ပီယာကို ခင်မင်လေးစားလျက် ရှိလေပြီ။ မင်းသမီးကလေးမေရီသာမက တစ်နှစ်သားအရွယ်ရှိ ဘိုးအေချစ် မင်းသားကလေး နီကိုလတ် (ဘိုးတော်ကြီး ဘိုလကွန်စကီက ခေါ်လေ့ရှိသည့် အမည်)ပင်လျှင် ပီယာကို မြင်လိုက်သည်တွင် ပြုံးကာရယ်ကာဖြင့် ပီယာလက်ထဲသို့ လိုက်ပါလာလေ့ရှိလျက် ဗိသုကာကြီး မိုက်ကယ်အီဗန်နိုဗစ်ချ်နှင့်တကွ ရုံရွေတော်ပြင်သစ်သူ ဘူရင်းတို့မှာလည်း ပီယာနှင့် မင်းသားကြီး ဘိုလကွန်စကီတို့ ငြင်းခုံနေစဉ် နှစ်လိုဖွယ်သောအပြုံးများဖြင့် ပီယာကို ကြည့်နေတတ်ကြလေသည်။

မင်းသားကြီး ဘိုလကွန်စကီသည် ညလယ်စာကို အတူလာရောက်၍ သုံးဆောင်လေသည်။ ဤကား ပီယာရောက်ရှိနေသည့်အတွက် မလာစဖူးလာခြင်းပေတည်း။ စံအိမ်တွင် နှစ်ရက်မျှ တည်းခိုနေစဉ် အတောအတွင်း၌လည်း မင်းသားကြီး ဘိုလကွန်စကီသည် ပီယာအား အထူးတလည် ကြင်နာယုယစွာ ဆက်ဆံကာ နောက်တစ်ခေါက် အလည်လာရန် ဖိတ်မန္တကပင် ပြုလိုက်ပေသေးသည်။

အသိမိတ်ဆွေတစ်ယောက် ပြန်သွားသည့်အခါ၌ ထိုလူ၏ အကြောင်းကို တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုတတ်ကြ၏။ ထိုသို့ ဝေဖန်ပြောဆိုရာ၌လည်း ထိုလူ၏ ကောင်းကွက်များကို ပြောလေ့မရှိကြဘဲ ဆိုးကွက်များကိုသာ ပြောတတ်ကြလေသည်။ ဤကား လူတို့၏ ဓမ္မတာဖြစ်၏။ ပီယာပြန်သွားသည့်အခါ၌ တောင်ကတုံး စံအိမ်သူ စံအိမ်သားများသည် ပီယာ၏ အကြောင်းကို တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆို ကျန်ရစ်ခဲ့ကြလေသည်။ သို့ပြောဆိုကြရာ၌လည်း ၎င်းတွင် ဆိုးကွက်ဟူ၍ ပြောစရာမရှိသကဲ့သို့ ကောင်းကွက်များကိုသာ ပြောဆိုလျက် ရှိကြလေသတည်း။

## အခန်း ၁၅

ခွင့်ရက်စေ့သောအခါတွင် နီကိုလေသည် တပ်ရင်းသို့ ပြန်လာခဲ့၏။ ဤတစ်ခေါက်ပြန်လာသောအခါ၌ကား မိမိသည် ဒင်နီဆော့ဗ်ကို လည်းကောင်း၊ တပ်ရင်းကိုလည်းကောင်း လွန်စွာ သံယောဇဉ်ကြီးလှကြောင်းကို နီကိုလေ ပထမဆုံးအကြိမ် သဘောပေါက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းနားသို့ နီးလာသည်နှင့်အမျှ မော်စကိုအိမ်သို့ ပြန်ရသကဲ့သို့ဖြစ်သော ဝမ်းမြောက်ကြည်နူးခြင်းသည် နီကိုလေ၏ ရင်တွင်းတွင်ပေါ်လာခဲ့လေပြီ။ ပါဗလိုဂရက် မြင်းတပ်ဝတ်စုံကို ကြယ်သီးမတပ်ဘဲ ဝတ်ထားသော မိမိတို့မြင်းတပ်မှ မြင်းတပ်သားတစ်ယောက်ကို လည်းကောင်း၊ ဆံပင်နီနီနှင့် တပ်သား ဒီမင်ယက်ကိုလည်းကောင်း၊ မန်ကျည်းစေ့ရောင်တွင် စာဥပြောက်ထနေသော မြင်းကြီးများ၊ အုန်းခွံရွှေတွင် စာဥပြောက်ထနေသော မြင်းကြီးများနှင့်တကွ မြင်းလှန်ကြိုးများကို လည်းကောင်း၊ "မြို့စားကလေး ပြန်လာပြီကွ"ဟု ဝမ်းမြောက်ဝမ်းသာ အော်လိုက်သော မိမိ၏ တပ်လုလင် လာဗရူရှကာကိုလည်းကောင်း၊ ရွှံ့တဲကလေးထဲတွင် အိပ်နေရာမှ လူးလဲထလာကာ မိမိကို ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်သော ဒင်နီဆော့ဗ်ကိုလည်းကောင်း၊ မိမိအား လာရောက်ဝိုင်းအုံနှုတ်ဆက်ကြသည့် သွေးသောက်တပ်ဗိုလ်များကိုလည်းကောင်း မြင်လိုက်ရသည့် ခဏ၌ အိမ်သို့ ခွင့်ဖြင့်ပြန်စဉ် မိခင်၊ ဖခင်နှင့် ညီမငယ်များက ပွေ့ဖက်နှုတ်ဆက်သဖြင့် ဖြစ်ပေါ်ခဲ့သော ခံစားမှုမျိုးသည် နီကိုလေ၏ ရင်ထဲတွင် ပေါ်ပေါက်လာခဲ့လေသည်။ နီကိုလေသည် ဝမ်းမြောက်ကြည်နူးလျက်ရှိရကား မျက်ရည်တွေ စီးကျလာကာ ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်လျက်ရှိလေသည်။ တပ်သားတစ်ယောက်အဖို့ မိမိ၏ တပ်ရင်းသည်လည်း သာယာချမ်းမြေ့ဖွယ်သော အိုးအိမ်ရိပ်သာပင် ဖြစ်လေသည်။ ၎င်းအဖို့တွင် မိမိ၏ တပ်ရင်းသည် မိဘသားချင်း၏ အိမ်ကဲ့သို့ စုံမက်ဖွယ်၊ တွယ်တာဖွယ်၊ မြတ်နိုးဖွယ်ကောင်းသည်သာ ဖြစ်ပေသည်။

နီကိုလေသည် တပ်ရင်းသို့ ပြန်ရောက်သည့်၌ တပ်ရင်းမှူးထံ သတင်းပို့၏။ ယခင်တပ်ခွဲတွင် ပြန်၍ တာဝန်ပေးခြင်း ခံရ၏။ တိုက်ကင်းလှည့်တာဝန်၊ မြင်းစာဆင့် တာဝန်တို့ကို ဆောင်ရွက်ရ၏။ ကျဉ်းမြောင်းသော တပ်တွင်း ကမ္ဘာလောကကလေးထဲ၌ တပ်ဗိုလ်တပ်သားတို့ဘဝ ကြဲဖန်ပျော်မြူးရ၏။ မိမိ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ဟူသမျှကို အဆုံးအရှုံးခံကာ ကြပ်တည်း၍ ပြောင်းလဲခြင်းမရှိသော စည်းကမ်းကလနား ဆောင်အတွင်း၌ နေထိုင်ခြင်းပြုရ၏။ ထိုအခါ၌လည်း မိဘ၏ အရိပ်အာဝါသအောက်၌ နေစဉ်ကကဲ့သို့ပင် ချမ်းမြေ့ကြည်နူးခြင်း၊ အားတက်ဝမ်းမြောက်ခြင်း၊ အိမ်တွင် နေရသည့်နှယ် သက်သောင့်သက်သာရှိခြင်းတို့ကို ခံစားရသည်သာ ဖြစ်လေသည်။ ထို့မှုမက တပ်ထဲ၌ အပြင်ပ ကမ္ဘာလောကမှာကဲ့သို့ စိတ်ညစ်ကျူနောက်ကျိဖွယ်ရာတို့မရှိ။ ပြင်ပကမ္ဘာတွင်ကဲ့သို့ ဤနေရာသို့သွားကာ တော်ပါမည်လော စသဖြင့် သင့်တင့်လျောက်ပတ်သောနေရာကို ရွေးချယ်ရခြင်းဒုက္ခ မရှိ၊ အမှားအမှန်ကို စဉ်းစားရခြင်း ဒုက္ခလည်းမရှိ။ ချော့မော့စရာ၊ သို့ဟုတ် စိတ်ကောက်စရာ ဆွန်ယာကဲ့သို့ ချစ်သူကြင်သူလည်း မရှိ။ ထိုနေရာသို့သွားရ အံ့လော၊ မသွားရအံ့လောဟု ဒွိဟဖြစ်စရာလည်း မရှိ။ တပ်တွင်း တစ်နေ့တာ နှစ်ဆယ့်လေးနာရီအတွင်း၌ ဤနည်းဖြင့် ပျော်ရအံ့လော၊ ထိုနည်းဖြင့် ပျော်ရအံ့လောဟု ရွေးချယ်စရာလည်းမရှိ။ ဤသူနှင့် ကွေကွင်းရအံ့လော၊ ထိုသူနှင့် ပေါင်းသင်းရအံ့လောဟု ယုံမှားစရာလည်းမရှိ။ ဖခင်ကြီးနှင့် ငွေရေးကြေးရေးကိစ္စ ကြုံလာသည့်အခါတိုင်း ဖြစ်ပေါ်လေ့ရှိသည့် မသေချာမရေရာသော ဆက်ဆံရေးမျိုး လည်းမရှိ။ ဒိုလိုကော့ဗ်ထံတွင် ဖဲရှုံးရသည့် ကိစ္စမျိုးကို လည်း စဉ်းစားစရာမရှိ။ ဤသို့ဖြင့် တပ်တွင်းဘဝကား ရှင်းလင်းလွယ်ကူ၍ စိတ်ချမ်းမြေ့ဖွယ်ကောင်းလှပေသည်။ တပ်တွင်း၌ ပြင်ပကမ္ဘာ လောကမှာကဲ့သို့ အပိုင်းလိုက် အပိုင်းလိုက် ခွဲခြားထားရသော ကဏ္ဍအမျိုးမျိုးမရှိ။ နှစ်ကဏ္ဍသာ ရှိ၏။ တစ်ကဏ္ဍမှာ မိမိတို့ ပါဗလိုဂရက် တပ်ရင်းကြီးဖြစ်၍ အခြားတစ်ကဏ္ဍကား ကျန်ကမ္ဘာ လောကကြီး ဖြစ်လေသည်။ ၎င်းတို့အဖို့ ကျန်တစ်ကဏ္ဍသည် ၎င်းတို့ကိစ္စ မဟုတ်။ ၎င်းတို့နှင့် ဘာမျှမဆိုင်ချေ။ မိမိတို့နှင့်ဆိုင်သည်မှာ မိမိတို့၏ တပ်ရင်းသာ ဖြစ်၏။ မိမိတို့တပ်ရင်းထဲ၌ အစစအရာရာတိကျ၏၊ ရှင်း၏၊ လွယ်ကူ၏။ မည်သူကဗိုလ်၊ မည်သူကဗိုလ်ကြီး၊ မည်သူက လူဆိုး၊ မည်သူက လူကောင်း၊ မည်သူက သွေးသောက် စသည်တို့ကို ချက်ချင်းခွဲခြားသိနိုင်၏။ စားရေးသောက်ရေးအတွက်လည်း ပူပန်စရာမလို။ ရိက္ခာဆိုင်၌ တပ်ဗိုလ်တပ်သားတိုင်း အကြွေးရ၏။ လေးလတစ်ကြိမ် လခရ၏။ စဉ်းစားဖွယ်၊ ဆုံးဖြတ်ဖွယ် အထွေအထူးလည်းမရှိ။ တပ်ထဲတွင် တားမြစ်ထားသော အရာကို မပြုလုပ်ရုံသာရှိ၏။ အမိန့်တစ်ခု ကျလာသည့်၌လည်း ရှင်းလင်းစွာ၊ တိကျစွာ၊ ပီသစွာ၊ ဖော်ပြထားသောအမိန့်ကို ဆောင်ရွက်ရုံမျှသာ ရှိ၏။ ထိုအတိုင်းသာ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကိစ္စပြီးလေပြီ။

နီကိုလေသည် ဤသို့ တိကျ၊ ပြတ်သား၊ ရှင်းလင်းခြင်းရှိသော တပ်သားတစ်ဦးအဖြစ်သို့ ပြန်ရောက်ခဲ့ပြီးသည့်နောက်၌ များစွာ ရွှင်လန်းပေါ့ပါးလျက်ရှိလေရာ၊ ပမာဆိုရလျှင် များစွာ ပင်ပန်းနွမ်းနယ်လျက်ရှိသူ တစ်ယောက်သည် ဝန်ထုပ်ဝန်ပိုးတို့ကို ပစ်ချပြီးနောက်၌ အိပ်စက်နားနေရတော့မည်အတွက် ဝမ်းမြောက်ပေါ့ပါးလျက်ရှိသကဲ့သို့ပင်တည်း။ နီကိုလေသည် ဒိုလိုကော့ဗ်ထံတွင် အကြီးအကျယ်ဖဲရှုံးပြီးကတည်းက (ထိုကိစ္စအတွက် တစ်အိမ်သားလုံးကစိတ်မကောင်းမဖြစ်ရန် ဖျောင်းဖျပြောဆိုခဲ့ကြသော်လည်းနီကိုလေမှာ မိမိကိုယ်ကို ခွင့်မလွှတ်နိုင်လောက်အောင်ဖြစ်လျက်ရှိလေပြီ။) မိမိ၏ အပြစ်ကို ဆေးကြောသည့်အနေဖြင့် ယခင်တစ်ကြိမ်ကကဲ့သို့ ပေါ့ပေါ့ဆဆ အမှုမထမ်းတော့ဘဲ ပြည့်ဝသော ပထမတန်း သွေးသောက်တစ်ယောက်၊ တပ်ဗိုလ်တစ်ယောက်အဖြစ် ကောင်းစွာအမှုထမ်းတော့မည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။ လူကောင်းတစ်ယောက်ဖြစ်ရေးသည် ပြင်ပကမ္ဘာလောကထဲတွင် ခက်ခဲလှသော်လည်း တပ်ထဲ၌ ဖြစ်နိုင်သည်၊ လွယ်ကူသည်ဟုလည်း နီကိုလေ ယူဆ၏။ ထိုအကြောင်းများကြောင့်ဤတိုက်ပွဲစဉ်အတွင်းတွင် မိမိ၏တပ်ရင်းကြီးထဲ၌ နေထိုင်ရခြင်းသည် ယခင်တစ်ကြိမ်ကထက် သာယာပျော် မြူးဖွယ်ကောင်းသည်ဟု နီကိုလေ ယူဆလျက် ရှိလေသည်။

*

တိုက်စစ်များ၊ ခုခံစစ်များနှင့်တကွ ပူလ်တပ်နှင့် ပရာဆစ်၊ ဩလောဒေသများတွင် တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ဆင်နွှဲခဲ့သည့် ရုရှားတပ်မတော်ကြီးသည် ဩစတြီးယားနိုင်ငံ ဘာတင်စတိန်းအရပ်တွင် စုရုံးလျက် ရှိလေသည်။ ရုရှားတပ်မတော်ကြီးသည် ဘုန်းတော်ကြီးသောဘုရားကြွချီဆိုက်ရောက်လာမည့် အချိန်နှင့် တိုက်ပွဲစဉ်သစ်တစ်ခုဆင်နွှဲမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိခြင်း ဖြစ်လေသည်။

၁၈ဝ၅–ခုစစ်ပွဲတုန်းက ဩစတြီးယားချီ တပ်မကော်ကြီး၏အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် ပါဗလိုဂရက် မြင်းတပ်ရင်းသည် ရုရှားနိုင်ငံတွင် တပ်သားသစ်များစုဆောင်းလျက်ရှိဆဲဖြစ်သဖြင့် စောစောပိုင်းတိုက်ပွဲများကိုမမီလိုက်ဘဲ နောက်ကျ၍ စစ်မြေပြင်သို့ ရောက်လာခဲ့လေသည်။ ပါဗလိုဂရက်မြင်းတပ်ရင်းသည် ပူလ်တပ်တိုက်ပွဲနှင့် ပရာဆစ်–ဩလောတိုက်ပွဲများကို မမီလိုက်ချေ။ တိုက်ပွဲစဉ်တစ်ဝက်ကျိုးပြီးမှ စစ်မြေသို့ ရောက်လာသောအခါ၌ကား ပါဗလိုဂရက် မြင်းတပ်ရင်းသည် ဗိုလ်ချုပ်ကြီး ပလာတော့ဗ်၏ တပ်မကြီးနှင့် ပူးတွဲတိုက်ပွဲဝင်ရလေသည်။

ဗိုလ်ချုပ်ကြီး ပလာတော့ဗ်၏ တပ်မကြီးသည် ထိုအချိန်က ပင်မ တပ်မတော်ကြီးနှင့်အတူ မဟုတ်ဘဲ သီးခြား လှုပ်ရှားလျက် ရှိ၏။ ပါဗလိုဂရက်မြင်းတပ်ရင်းမှ တပ်များသည် ရန်သူများနှင့် အကြိမ်ပေါင်းများစွာ တိုက်ပွဲဖြစ်ပွားကာ သုံ့ပန်းများကို လက်ရဖမ်းမိခဲ့သည်သာမက တစ်ကြိမ်တွင် ပြင်သစ်စစ်သူကြီး အိုဒီနော၏ ရထားများကိုပင် သိမ်းဆည်းရမိခဲ့ကြ၏။ ဧပြီလထဲတွင်ကား ပါဗလိုဂရက်မြင်းတပ်များသည် လူသူကင်းမဲ့၍ လုံးဝပျက်စီးနေပြီဖြစ်သော ဂျာမန်ရွာကလေးတစ်ရွာ အနီးတွင် ရက်သတ္တပေါင်း အတော်ကြာမျှ လှုပ်ရှားခြင်းမပြုနိုင်ဘဲ တပ်စွဲစခန်းချလျက် ရှိလေသည်။

ထိုအချိန်၌ နှင်းခဲများ အရည်ပျော်စပြုလာလေပြီ။ ရာသီဥတုမှာ ခိုက်ခိုက်တုန် ချမ်းအေးလှ၏။ လမ်းများမှာ ရွှံ့နွံထူထပ်၏။ မြစ်မှရေခဲများလည်း ကွဲအက်စပြုပြီဖြစ်သည့်အလျောက် လမ်းပန်းအဆက်အသွယ် ခက်ခဲလျက် ရှိလေသည်။ တပ်သားများအတွက် စားနပ်ရိက္ခာနှင့်မြင်းများအတွက် မြင်းစာများ ထုတ်ပေးခြင်း မပြုခဲ့သည်မှာလည်း ကြာမြင့်ခဲ့လေပြီ။ သယ်ယူပို့ဆောင်ရေးယာဉ်ရထားများလည်း လာရောက်နိုင်ခြင်းမရှိသည့်အတွက် တပ်သားများသည် လူစုခွဲကာ စွန့်ပစ်ထွက်ပြေးကြသဖြင့် လူသူကင်းမဲ့သော ရွာများကို ဝင်ရောက်၍ အာလူးရှာသော်လည်း အာလူးကိုပင် ရှာ၍မရနိုင်ဘဲ ဖြစ်လျက်ရှိကြသည်။

ထိုဒေသတစ်ဝိုက်၌ စားနပ်ရိက္ခာမှာ ပြတ်လပ်ရှားပါးလျက်ရှိ၏။ အရပ်သူ အရပ်သားများမှာလည်း အိုးအိမ်တို့ကို စွန့်ပစ်ထွက်ပြေးခဲ့ကြလေပြီ။ အကယ်၍ ထွက်မပြေးဘဲ ရှိနေသေးလျှင်လည်း ကျန်ရစ်သူတို့မှာ သူတောင်းစားထက်ပင် အခြေအနေဆိုးလျက်ရှိရကား ၎င်းတို့ထံမှလည်း မည်သည့်အရာကိုမျှ ရနိုင်မည်မဟုတ်ချေ။ အရပ်သူအရပ်သားများထံမှ စားနပ်ရိက္ခာရဖို့ဝေးစွ၊ ခါတိုင်း အကြင်နာကင်းမဲ့တတ်သော တပ်သားများကပင်လျှင် နောက်ဆုံးရရှိ

www.burmeseclassic.com



သော ၎င်းတို့၏ အချိုးကျ ရိက္ခာဝေစုထဲက မကြာခဏ အရပ်သူအရပ်သားများကိုဖဲ့၍ ပေးနေရ သေးသည်။

ပါဗလိုဂရက်မြင်းတပ်ရင်း၌ တိုက်ပွဲတွင် ဒဏ်ရာရခဲ့သူမှာ နှစ်ယောက်မျှသာ ရှိသော်လည်း နာမကျန်းဖြစ်ခြင်း၊ အစာရေစာငတ်မွတ်ခြင်းကြောင့် ဆုံးရှုံးခဲ့ရသော ဦးရေကား တပ်သားတစ်ဝက်ကျော်မျှရှိခဲ့လေပြီ။ ဆေးရုံများ၌လည်း အသေအပျောက်များပြားလှရကား ဖျားနာသောတပ်သားများ၊ အစာရေစာချို့ငဲ့သဖြင့် ဖောရောင်နေသော တပ်သားများသည် ဆေးရုံသို့သွားရခြင်းထက် တာဝန် ဆက်လက်ထမ်းဆောင်ရခြင်းကို ပို၍ သဘောကျကာ ခြေထောက်များကို အနိုင်နိုင် ဒရွတ်တိုက်ဆွဲလျက်နှင့်ပင် စစ်မျက်နှာသို့ ထွက်ခွာသွားကြလေသည်။ နွေဦးပေါက်အရောက်တွင် တပ်သားများသည် ကညွတ်ပင်နှင့် ခပ်ဆင်ဆင်တူသည့် မြေဝပ်ပင်တစ်မျိုးကို ရှာ၍တွေ့လာကြ၏။ ထိုအပင်ကို တပ်သားများက ‘ပဲမြစ်ချို’ဟု ၎င်းတို့ဘာသာ ၎င်းတို့ နာမည်ပေးထားကြသည်။ ထိုအမြစ်မှာ အလွန်တရာခါးလှသော်လည်း တပ်သားများသည် လယ်ကွင်းများထဲ၌ ထိုအမြစ်များကို လိုက်လံရှာဖွေ၍ ဓားရှည်များဖြင့် တူးဖော်၍ စားကြလေသည်။ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေသည့်အတွက် ထိုအမြစ်ကို မစားရန် အမိန့်ထုတ်ထားသော်လည်း အချည်းနှီးသာဖြစ်ပေ၏။ သို့ဖြင့် ထိုနှစ်နွေဦးပေါက်တွင် တပ်သားအများအပြားမှာ ခြေ၊ လက်၊ မျက်နှာများ ဖောသွတ်ရောင်အန်းကာ ဗိန်းဖြဲကိုယ်ရောင်ရောဂါကဲ့သို့ ရောဂါသစ် တစ်မျိုးစွဲကပ်လာခဲ့ကြလေပြီ။ ဆရာဝန်များကမူ ထို အမြစ်ကို စားသောက်ခြင်းကြောင့် ဖြစ်သည်ဟုဆိုကြ၏။ သို့ရာတွင် ဆရာဝန်များက မည်သို့ဆိုစေ ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲမှ တပ်သားများကား ထိုအမြစ်ကိုသာ ရှာဖွေတူးဖော်စားသောက်လျက် ရှိကြလေသည်။ မစား၍လည်း မဖြစ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် လက်ကျန်မုန့်ကြွပ်များကို တပ်သားတစ်ယောက်လျှင် ပေါင်ဝက်မျှဝေပေးပြီးသည်မှာ ဒုတိယအပတ်ထဲ ရောက်လာရုံမျှမက ဝေစုရရှိမည့်အာလူးများအားလုံးမှာလည်း အညှောက်ထွက်ကာ ပုပ်ကုန်ပြီဖြစ်သောကြောင့်ပေတည်း။

မြင်းများမှာလည်း တဲအိမ်အမိုးများမှ ကောက်ရိုးများကိုသာ ရက်သတ္တနှစ်ပတ်ခန့်မျှ စားနေကြရသည့်အတွက် ဆောင်းတွင်းအမွေးအမှင်များ လဲလာပြီဖြစ်၍ စိုစိုပြည်ပြည်ရှိသည့်တိုင်အောင် အလွန်အမင်း ကြုံလှီလျက် ရှိလေပြီ။

ဤမျှ အစစအရာရာချို့တဲ့လျက်ရှိသော်လည်း တပ်ဗိုလ်များ၊ တပ်သားများသည် ခါတိုင်းကဲ့သို့ပင် ပျော်ရွှင်မြူးထူးလျက်ရှိကြ၏။ မျက်နှာများဖျော့တော့ကာ ဖောသွပ်ရောင်အန်းလျက် ဝတ်စုံအစုတ်အပြတ်များကို ဝတ်နေရသည့်တိုင်အောင် မြင်းတပ်သားများသည် အမှတ်စဉ် စာရင်းခေါ်ရာသို့ အချိန်မှန် လာရောက်တန်းစီခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ မြင်းများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ သေနတ်များကို ပွတ်တိုက်ခြင်း၊ မြင်းစာအစား တဲအိမ်အမိုးများမှ ကောက်ရိုးမျှင်များကိုရှာဖွေခြင်း၊ ဒယ်အိုးကြီးများဘေးတွင် ဝိုင်းထိုင်၍ အဆာမပြေသောအစာကိုပင် စားကြခြင်း၊ မိမိတို့၏ ညံ့ဖျင်းလှသော အစားအသောက်နှင့် တကွ ဆာလောင်ငတ်မွတ်ခြင်းနှင့် ပတ်သက်၍ ရယ်မောနောက်ပြောင်ကြခြင်း စသည်ဖြင့် ထုံးစံအတိုင်းပင် ရှိနေကြ၏။ အားလပ်ချိန်များတွင်လည်း စခန်းမီးပုံများဖိုခြင်း၊ စခန်းမီးပုံများအနီးတွင် ကိုယ်တုံးလုံးချွတ်၍ မီးလှုံခြင်း၊ ပုပ်သိုးနေ၍ အညှောက်ထွက်နေသော အာလူးများကို ဖုတ်၍စားခြင်း၊ ရှေးတုန်းက သူရဲကောင်းကြီးများဖြစ်သော ပိုတင်ကင်နှင့် ဆူဗိုရော့တို့၏ တိုက်ပွဲစဉ်များတွင် တွေ့ကြုံခဲ့သည်တို့ကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရာမှ ပြန်လည်ပြောဆိုကြခြင်း၊ ကောက်ကျစ်သော အယ်လီရှာ၏ ပုံပြင်ဒဏ္ဍာရီများကို ပြောဆိုခြင်း စသည်ဖြင့် ခါတိုင်းကဲ့သို့ပင် ရှိကြ၏။

တပ်ဗိုလ်များမှာ ထုံးစံအတိုင်း နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စသည်ဖြင့် အမိုးမရှိဘဲ တစ်ပိုင်းတစ်စ ပျက်စီးနေပြီဖြစ်သော အိမ်များတွင် နေကြရ၏။ ထိုအထဲမှ တာဝန်ရှိသော တပ်ဗိုလ်များမှာ ကောက်ရိုးများ၊ အာလူးများကို ရှာဖွေစုဆောင်းကြ၍ မိမိတို့တပ်သားများအတွက်လည်း ရှာဖွေစုဆောင်းထားကြ၏။ တာဝန်မရှိသော တပ်ဗိုလ်ကလေးများကား ခါတိုင်းကဲ့သို့ ခပ်ပေါ့ပေါ့ နေကြလျက် အချို့က ဖဲရိုက်ကြ၍(အစာရေစာ မရှိသော်လည်း ပိုက်ဆံကား ပေါလှသည်။) အချို့က ထိုထက်အပြစ်ကင်းသော သံကွင်းပစ်ကစားနည်း၊ ကိုးတိုင်ကစားနည်း စသည်တို့ကို ကစားလျက် ရှိကြ၏။ ရှေ့တိုက်ပွဲစဉ်၏ အလားအလာမှာ ဘာမျှ ရေရေရာရာမရှိသည့်အတွက်ကြောင့် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com


ရှေ့တွင် အခြေအနေ ဆိုးရွားလိမ့်မည်ဟု အားလုံးကပင် စိတ်ထဲမှ သိသလိုလိုဖြစ်နေကြသည့်အတွက်ကြောင့်လည်း ကောင်း ရှေ့တိုက်ပွဲစဉ်၏ အလားအလာကို တစ်ခါတစ်ရံမျှသာ ပြောကြလေသည်။

နီကိုလေသည် ယခင်ကကဲ့သို့ပင် ဒင်နီဆော့ဗ်နှင့် အတူ နေထိုင်လျက်ရှိ၏။ ခွင့်အားလပ်ရက်အချိန်မှစ၍ နီကိုလေနှင့် ဒင်နီဆော့ဗ်တို့မှာ ယခင်ကထက်ပို၍ ရင်းနှီးလာခဲ့ကြလေပြီ။ ဒင်နီဆော့ဗ်သည် နီကိုလေတို့ အိမ်သားစုများအကြောင်းကို တစ်ခါဖူးမျှ ထုတ်ဖော်မပြောသော်လည်း နီကိုလေအား အထူးကြင်နာခြင်းကို ပြတတ်လေရာ မိမိ၏ညီမငယ် နာတာရှာအား တစ်ဖက်သတ်ဖြင့် ချစ်ရသော မိမိ၏တပ်ခွဲမှူး ဒင်နီဆော့ဗ်၏ ကံမကောင်းသော အချစ်သည် မိမိတို့နှစ်ဦးအား မိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင် အထောက်အကူ ပြုနေလေသလောဟုပင် နီကိုလေ တွေးမိသေး၏။ ဒင်နီဆော့ဗ်သည် နီကိုလေအား အန္တရာယ်ရှိသည့် နေရာများကို တတ်နိုင်သမျှ စေလွှတ်ခြင်းမပြုဘဲထားရုံမျှမက တိုက်ပွဲတစ်ပွဲပြီးသည့်နောက် နီကိုလေ ဘေးမသီရန်မခဘဲ ပြန်ရောက်လာလျှင်လည်း ဝမ်းသာအားရ နှုတ်ဆက်လေ့ရှိ၏။ တစ်ခါသော် နီကိုလေသည် မြင်းစာဆင့်ထွက်သွားရာမှ ပျက်စီး၍ လူသူကင်းမဲ့လျက်ရှိသော ရွာတစ်ရွာတွင် ဝင်ရောက်၍ ရိက္ခာရှာသည်တွင် ပိုလန်အဘိုးကြီးတစ်ယောက်နှင့် ကလေးငယ်တစ်ဦးကို ရင်ခွင်တွင်ပွေ့ထားသော အဘိုးကြီး၏ သမီး မိန်းမရွယ်တစ်ယောက်ကို တွေ့လာခဲ့လေသည်။ ပိုလန်မိသားစုမှာ အဝတ်အစားကိုပင် လုံအောင် ဝတ်စရာ မရှိရှာရုံမျှမက အစာရေစာ ငတ်မွတ်ကာအားနည်း လျက်ရှိသည်ဖြစ်ရာ ခြေလျင်လည်းမလျှောက်နိုင်၊ သွားစရာ ယာဉ်ရထားလည်း မရှိသဖြင့် သောင်တင်လျက် ကျန်ရစ်ခဲ့ကြခြင်း ဖြစ်၏။ နီကိုလေသည် ပိုလန်မိသားစုကို တပ်သို့ခေါ်လာကာ မိမိ၏တဲတွင်နေစေလျက် အဘိုးကြီး ကောင်းစွာ ကျန်းမာလာသည်အထိ ပြုစုစောင့်ရှောက်ထားလေသည်။ ဤအတောအတွင်း နီကိုလေ၏ သွေးသောက်တစ်ယောက်သည် စကားစပ်မိ၍ မိန်းမအကြောင်း ပြောဆိုနေရာမှ နီကိုလေမှာ မိမိတို့ထက် ဤကိစ္စမျိုးတွင် ကျွမ်းကျင်သူဖြစ်သည့်အလျောက် သူကယ်ဆယ်လာခဲ့သော ပိုလန်သူ မိန်းမချောကလေးနှင့် မိတ်ဆက်၍ ဝေစုကလေး ပေးပါက အတိုင်းထက်အလွန် ဝမ်းမြောက်မည်ဖြစ်ကြောင်းနှင့် နီကိုလေကို နောက်ပြောင်ခြင်းပြု၏။ နီကိုလေသည် ဤသို့ လှောင်ပြောင်ခြင်းမှာ မိမိအား စော်ကားခြင်းဖြစ်သည်ဟု ယူဆလျက် ဒေါပွကာ လှောင်ပြောင်သည့် တပ်မိုလ်ကို ခပ်ဆတ်ဆတ်ကလေးပြောလိုက်လေရာ ဒင်နီဆော့ဗ် ဝင်ရောက်ဖျန်ဖြေ၍သာ ချိန်းသတ်ပွဲတစ်ပွဲ မတွေ့လိုက်ကြရခြင်း ဖြစ်လေသည်။ ဒင်နီဆော့ဗ်သည် နီကိုလေနှင့် ပိုလန်သူ မိန်းကလေးအကြောင်းကို ၎င်းကိုယ်တိုင်လည်း သိရှိခြင်းမရှိချေ။ သို့ရာတွင် ထိုတပ်မိုလ်ကလေး ထွက်သွားသည့်အခါ၌ ဤမျှ စိတ်တိုရမည်လောဟု နီကိုလေကို ပြစ်တင်ပြောဆိုခြင်း ပြုလေသည်။

"ခင်ဗျား ပြောချင်သလိုပြောရောင်းရင်း၊ ကျွန်တော် ဒီကောင်မလေးကို ညီမလေးလို ချစ်တယ်၊ ဒီလိုပြောတာ ကျွန်တော် မခံနိုင်ဘူး၊ ဒီလိုပြောခြင်းဟာ"

ဒင်နီဆော့ဗ်သည် နီကိုလေ၏ပခုံးကို ပုတ်လိုက်ပြီးနောက် အလေးအနက်စဉ်းစားလျက်ရှိချိန်၌ ၎င်းပြုမူနေကျအတိုင်း ခေါင်းငိုက်စိုက်ချကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

"အင်း ခင်ဗျားတို့ မောင်နှမတစ်တွေဟာ တစ်မျိုးပဲ။ တော်တော်ဆန်းတယ်"ဒင်နီဆော့ဗ်သည် ပါးစပ်မှ ခပ်တိုး တိုးပြောလိုက်သည်။ ၎င်း၏ မျက်လုံးထဲတွင် မျက်ရည်များ ရစ်ဝဲလျက်ရှိခြင်းကို နီကိုလေ သတိထားလိုက်မိလေသည်။

## အခန်း ၁၆

ဧပြီလထဲတွင် ဘုန်းတော်ကြီးသော ဘုရင်ကေရာဇ်မင်းမြတ်ကိုယ်တော်တိုင် ကြွရောက်၍ စိုလ်ရှုခံသဘင် ကျင်းပမည်ဟူသော သတင်းကြောင့် တပ်များမှာ ရွှင်လန်းအားတက်လျက် ရှိကြလေသည်။ သို့ရာတွင် ပါဗလိုဂရက်မြင်းတပ်ရင်းမှာ ဗိုလ်ရှုခံသဘင်ကျင်းပရာ ဘာတင်စတိန်းဒေသနှင့် ဝေးကွာသော ကင်းစခန်းများတွင် တပ်စွဲလျက်ရှိနေသဖြင့် နီကိုလေသည် ဘုရင်ကေရာဇ်မင်းမြတ်၏ ဗိုလ်ရှုခံသဘင်သို့ တက်ရောက်ခွင့်မရတော့ချေ။

ပါဗလိုဂရက်မြင်းတပ်များမှာ ကွင်းပြင်ထဲတွင် အမိုးအကာမရှိ တပ်စခန်းချနေကြခြင်းဖြစ်၏။ ဒင်နီဆော့ဗ်


www.burmeseclassic.com

www.burmeseclassic.com



နှင့်နီကိုလေတို့သည်တပ်သားများတူးပေးထားသည့်ကတုတ်ကျင်းတစ်ခုထဲတွင် အပေါ်မှ သစ်ကိုင်းများ၊ ပေါင်းမြက်များ မိုးကာ၍ အတူနေကြလေသည်။ ကတုတ်ကျင်းကို ထိုခေတ်က ထုံးစံအတိုင်း ပြုလုပ်ထား၏။ အနံသုံးပေခွဲ၊ အနက်လေးပေ ရှစ်လက်မ၊ အလျားရှစ်ပေရှိသော မြေကတုတ်တစ်ခုကို ပထမတူးလိုက်၏။ ကတုတ်ကျင်းတစ်ဖက်ထိပ်တွင် လှေကားထစ်ကလေးများ ထစ်ထားကာ ထိုနေရာကို ဝင်ပေါက်နှင့် ရှေ့ခန်းအဖြစ် ပြုလုပ်ထား၏။ အတွင်းဘက် ကတုတ်ကျင်းကား အိပ်ခန်းဖြစ်လျက် တပ်ခွဲမှူးအစရှိသော ကံကောင်းသူများဆိုလျှင် အောက်ခံသစ်သားပြားကလေးတစ်ချပ် ရရှိ၍ ထိုသစ်သားပြားကို စားပွဲအဖြစ် အသုံးပြု၏။ ကတုတ်ကျင်း၏ ဘေးတစ်ဖက်တစ်ချက် နံရံများတွင်မူ ဥမင်သဖွယ်ဖြစ်အောင် မြေကြီးကို နှစ်လံခွဲခန့်မျှ တူးထုတ်လိုက်ပြီး ထိုနေရာကို အိပ်ရာအဖြစ် အသုံးပြု၏။ အမိုးကို မြင့်ထားလေရာ ကတုတ်ကျင်း၏ အလယ်လောက်တွင် လူတစ်ယောက် ကောင်းကောင်းရပ်နိုင်လျက် စားပွဲနှင့်နီးသော အစွန်းဘက်၌ဆိုလျှင် အိပ်ရာပေါ်တွင်ပင် လူတစ်ယောက် ကောင်းကောင်းကြီးလွတ်အောင် ထိုင်နိုင်ပေသည်။ ဒင်နီဆော့ဗ်ကား တပ်ခွဲတစ်ခုလုံး၏ချစ်ခင်ခြင်းကို ခံရသည့်အလျောက် အကျအနနေနိုင်လေသည်။ စားပွဲအထက် ကတုတ်ကျင်း ခပ်ခုံးခုံးအမိုး၏ တစ်ဖက်အပိတ်၌ ၎င်း၏တပ်သားများသည် သစ်သားပြားတစ်ခုကာ၍ပေးထားပြီး ထိုသစ်သားတွင် အပေါက်ဖောက်ထားကာ ထိုအပေါက်၌ မှန်တစ်ချပ် (မှန်မှာကွဲနေပြီဖြစ်သော်လည်း ပြန်၍ ဆက်ထားသည်။)ကို တပ်ပေးထားကာ ကောင်းကင်ပေါက်အဖြစ် ပြုလုပ်ပေးထားသည်။ ချမ်းအေးသော အချိန်များ၌ဆိုလျှင် တပ်သားများသည် တပ်စခန်းမီးပုံများထဲမှ မီးခဲများကို ယူလာကာ သွပ်ပြားတစ်ခုကိုကွေး၍ မီးလင်းဖိုအဖြစ်ဖိုပေးပြီး အဝင်လှေကားထစ်များအနီးတွင် ချပေးထားလေ့ရှိသည်။ ထိုနေရာကို ဒင်နီဆော့ဗ်က ဧည့်ခန်း ဟု ခေါ်လေသည်။ ထိုအခါများတွင် ကတုတ်ကျင်းတစ်ခုလုံးမှာ နွေးလျက် ရှိတတ်လေရာ တပ်ဗိုလ်အများအပြားပင် ရှပ်အင်္ကျီများဖြင့် လာရောက်၍ စုဝေး မီးလှုံလေ့ ရှိကြလေသည်။

ဧပြီလထဲတွင် နီကိုလေသည် တပ်လှုလင်ဗိုလ်တာဝန်ကို ထမ်းဆောင်လျက်ရှိ၏။ တစ်နံနက် ခုနစ်ချက်တီးနှင့် ရှစ်ချက်တီးကြားတွင် နီကိုလေသည် တာဝန်ကျ၍ တစ်ညလုံးအိပ်ပျက်ခဲ့သဖြင့် ကတုတ်သို့ပြန်လာကာ မီးဖိုရန်အတွက် တပ်သားတစ်ယောက်ကို မီးခဲအယူလွှတ်လိုက်ပြီးနောက် မိုးရေစိုရွှဲလျက်ရှိသော အဝတ်အစားများကို လဲလှယ်၍ ဘုရားဝတ်ပြု၏။ ထို့နောက် တစ်ကိုယ်လုံးနွေးသွားစေရန် လက်ဖက်ရည်ပူပူတစ်ခွက်ကို သောက်လျက်ရှိသည်။ ပြီးလျှင် စားပွဲပေါ်ရှိပစ္စည်းများကို ရှင်းလင်း၍ ရှပ်အင်္ကျီမျှသာ ဝတ်ဆင်လျက် မိမိ၏ ချောင်ကလေးထဲတွင် လက်နှစ်ဖက်ကို ခေါင်းအုံးကာ ကျောဆန့်ခင်းလိုက်မိသည်။ ၎င်း၏မျက်နှာကား တစ်ညလုံး မြင်းစီးခဲ့ရာမှ လေစိမ်းတိုးသဖြင့် နီရဲလျက်ရှိ၏။ သို့လဲလျောင်းရင်း နီကိုလေသည် မကြာသေးမီက မိမိအောင်မြင်စွာ ထမ်းဆောင်ခဲ့သော ရှေ့ပြေးတိုက်ကင်းတာဝန်ကြောင့် ရာထူးတိုးမြှင့်ပေးခြင်း ခံရလေတော့မည်ဟု ကြည်နူးစွာ တွေးတောလျက်ရှိရင်း ဒင်နီဆော့ဗ်နှင့် စကားပြောစရာရှိသဖြင့် ဒင်နီဆော့ဗ်ပြန်အလာကို စောင့်ဆိုင်းလျက် ရှိလေသည်။

ထိုအခိုက် မိုးချုန်းသကဲ့သို့ ကြောက်မက်ဖွယ်ရာ အော်လိုက်သော ဒင်နီဆော့ဗ်၏အော်သံကို ကတုတ်ကျင်းနှင့် မနီးမဝေးဆီမှ ကြားလိုက်ရလေသည်။ ဒင်နီဆော့ဗ်မှာ များစွာ စိတ်ဆိုးနေဟန်ရှိ၏။ နီကိုလေသည် မှန်ကွဲတပ်ထားသော ပြတင်းပေါက်နားသို့ကပ်ကာ မည်သူ့ကိုများ အော်ဟစ်နေသနည်းဟု လှမ်းကြည့်လိုက်ရာ တပ်ထောက်တော့ချင်ကိုအား တွေ့ရလေသည်။

"ဒီပဲမြစ်ချိုတွေကို မစားရဘူးလို့ အမိန့်ထုတ်ထားဖို့ မင်းကိုပြောထားတယ် မဟုတ်လားကွ" ဒင်နီဆော့ဗ်သည် အော်လျက်ရှိ၏။ "ခုကြည့်စမ်း လာဇာချုဆိုတဲ့ကောင်လယ်ကွင်းတွေထဲက ဒီအမြစ်တွေကို ယူလာတာ ငါကိုယ်တိုင် သေသေချာချာ မြင်ခဲ့ရတယ်"

"ကျွန်တော်လဲ အမိန့်ခဏခဏထုတ်တာပဲ ဗိုလ်ကြီး၊ ဒါပေမဲ့ သူတို့ကမနာခံဘူး ဗိုလ်ကြီး" တပ်ထောက်က ဖြေသည်။

နီကိုလေသည် ပြန်၍ လှဲလိုက်၏။

'ဒီလူ ဘာတွေများ အလုပ်များနေသလဲ မသိဘူး၊ များစမ်းစေ၊ ငါ့အဖို့က တာဝန်ပြီးပြီ။ ဇိမ်ပဲ၊ ခဏတော့ ဇိမ်နဲ့လှဲလိုက်ဦးမယ်' နီကိုလေသည် မိမိအဖြစ်ကို အားရကျေနပ်လျက်ရှိ၏။ ထိုစဉ် ဒင်နီဆော့ဗ်၏ တပ်လှုလင်



www.burmeseclassic.com

လာဗရှရှကာ၏ အသံသည်လည်း တပ်ထောက်၏ စကားပြောသံကြားထဲမှ တစ်ချီတစ်ချီ ထွက်ပေါ်လာ၏။ လာဗရှရှကာကား လွန်စွာညဏ်များ၍ လွန်စွာ လက်ရဲဇက်ရဲရှိသူတည်း။ လာဗရှရှကာသည် ၎င်းတို့ရိက္ခာရှာထွက်စဉ် ဝန်တင်လှည်းတန်းများ တွေ့ခဲ့ကြောင်း၊ ထိုလှည်းများမှာ မုန့်ကြွပ်များနှင့် အမဲခြောက်များ တင်လာသည့် ရိက္ခာလှည်းများဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိလေသည်။

ထိုနောက်၌ကား "ယော့ ငါ့မြင်းကို ကုန်းနှီးတင်စမ်းဟော့၊ ပြီးတော့ တပ်စိတ်တစ်စိတ်လဲထွက်ခဲ့၊ အမှတ် ၂ တပ်စိတ်"ဟူသော ဒင်နီဆော့ဗ်၏အသံနှင့်အတူ ဝေး၍ ဝေး၍သွားသော လှမ်းအော်အမိန့်ပေးသံများကို ကြားလိုက်ရ၏။

'အင်း ကိုယ့်လူတော့ ဘယ်များသွားဦးမလဲမသိဘူး' နီကိုလေသည် ဤသို့တွေးလျက် ကျန်ရစ်ခဲ့သည်။

နောက်ငါးမိနစ်ကြာသောအခါ၌ ဒင်နီဆော့ဗ်သည် ကတုတ်ကျင်းထဲသို့ ဆင်းလာ၏။ ၎င်း၏ မြင်းစီးဖိနပ်ရှည်ကြီးတွင် ရွှံ့တွေပေလျက်ရှိသည်။ ဒင်နီဆော့ဗ်သည် ရွှံ့တွေပေကျံနေသော ဖိနပ်ဖြင့် အိပ်ရာပေါ်တက်၍ ဆေးတံကို မီးညှိပြီးနောက် မိမိပစ္စည်းများကို ဒေါသတကြီးရှာဖွေနေသည်။ ထိုနောက် ခဲသီးခေါင်းတပ် ကြိမ်တုတ်ကို ကိုင်ကာ ဓားလွယ်ကို ခါးတွင်ချိတ်ပြီးနောက် ပြန်ထွက်သွားပြန်သည်။ နီကိုလေကအကျိုးအကြောင်းမေးသည်၌ ကိစ္စတစ်ခုရှိသည်ဟု ဝိုးတဝါးသာ ဖြေသွား၏။ လေသံကလည်း ခပ်ပြတ်ပြတ်ပင်။

"ကျုပ် ဘယ်လိုလုစားလဲဆိုတာ ဘုရားသခင်နဲ့ ဘုရင်မင်းမြတ်က ဆုံးဖြတ်ပါလိမ့်မပေါ့ဗျာ"

ဒင်နီဆော့ဗ်သည် အရင်းမရှိအဖျားမရှိ ပြော၍ ထွက်သွား၏။ မကြာမီမှာပင် ရွှံ့ဖွက်များထဲတွင်တစွက်စွက် ဖြတ်သွားသော မြင်းခွာသံများကို နီကိုလေ ကြားလိုက်ရ၏။ နီကိုလေသည် ဒင်နီဆော့ဗ် မည်သည့်နေရာသို့သွားသည်ကို ဒုက္ခခံ၍ ထကြည့်မနေတော့ဘဲ အိပ်ရာပေါ်၌သာ လှဲကျန်ရစ်ခဲ့လေသည်။ သို့ဖြင့် မိမိ၏ ချောင်ကလေးထဲတွင် ကိုယ်ကို နွေးစေပြီးနောက် နီကိုလေသည် ညနေစောင်းသည်အထိ အိပ်ပစ်လိုက်သည်။ ပြန်နိုးလာသောအခါ၌ ဒင်နီဆော့ဗ် ပြန်ရောက်မလာသေးချေ။ ရာသီဥတုမှာ သာယာကြည်လင်လျက်ရှိလေရာ မနီးမဝေး ကတုတ်ကျင်း တစ်ခုအနီး၌ တပ်ဗိုလ်နှစ်ယောက်နှင့် ဗိုလ်လောင်းတစ်ဦးတို့သည် ဆူညံစွာ အော်ဟစ်ရယ်မောကာ လုံပစ်တမ်း ကစားနေကြ၏။ လုံတံများသည် ရွှံ့ထဲတွင် စိုက်နေကြလေသည်။ နီကိုလေလည်း ၎င်းတို့နှင့်အတူ ဝင်ရောက်ကစား၏။ ဤသို့ ကစားနေကြခိုက် ဝန်တင်လှည်းအချို့သည် တပ်စခန်းဆီသို့ မောင်းလာကြကာ ထိုလှည်းများနောက်မှလည်း မြင်းတပ်သား ဆယ့်ငါးယောက်သည် အရိုးပေါ် အရေတင်လျက်ရှိသော မြင်းပိန်ကလေးများကို စီး၍ လိုက်ပါလာကြခြင်းကို တွေ့ရလေသည်။ မြင်းတပ်သားများ စောင့်ကြပ်လာသည့် ဝန်တင်လှည်းများသည် တပ်စခန်းကင်းဦးမျဉ်းပြကြိုးအနီး၌ ရပ်လာသဖြင့် မြင်းတပ်သားများသည် စုပြုံရောက်လာကြ၏။

"ကျုပ်တို့တပ်ခွဲမှူး ဒင်နီဆော့ဗ်က စိုးရိမ်လို့သာ စိုးရိမ်နေတာ၊ ရိက္ခာလှည်းတွေ ရောက်လာပါရောလားဗျ"ဟု နီကိုလေက ပြောလိုက်သည်။

"အစစ်ပဲဗျို့၊ တပ်သားတွေတော့ ဘယ်လောက်ဝမ်းသာလိုက်ကြမလဲ မသိဘူး"တပ်ဗိုလ်တစ်ဦးက ပြောလိုက်သည်။

မြင်းတပ်သားများနောက်၌ကား ဒင်နီဆော့ဗ်သည် ခြေလျင်တပ်ဗိုလ်နှစ်ဦးနှင့် စကားပြောဆို လိုက်ပါလာလေသည်။ နီကိုလေသည် ၎င်းတို့ထံသို့ လျှောက်လာခဲ့လေသည်။

"ကျွန်တော် သတိပေးနေတယ်နော် ဗိုလ်ကြီး" ခြေလျင်တပ်ဗိုလ်နှစ်ဦးအနက် ပိန်ပိန်ပါးပါး အရပ်ပုပုနှင့် ဗိုလ်တစ်ယောက်က ပြောလိုက်သည်။ တပ်ဗိုလ်မှာ အလွန်စိတ်ဆိုးနေဟန် ရှိလေသည်။

"ကျုပ်ပြောပြီးပကော ကျုပ် ပြန်မပေးနိုင်ဘူးလို့" ဒင်နီဆော့ဗ်က ပြောလိုက်သည်။

"ဒါဖြင့် ဗိုလ်ကြီး လုပ်ချင်ရာလုပ်၊ ဗိုလ်ကြီးတာဝန်ပဲ၊ တခြားတပ်တစ်တပ်ရဲ့ ရိက္ခာကိုသိမ်းတာဟာ တပ်တွင်းပုန်ကန်မှုပဲဆိုတာ ဗိုလ်ကြီးသိတယ်မဟုတ်လား၊ ကျွန်တော်တို့တပ်သားတွေ အစာမစားရတာ နှစ်ရက်ရှိနေပြီ"

"ဒီမှာကိုယ့်လူ ကျုပ်တပ်သားတွေ ဘာမှမစားရတာက နှစ်ပတ်တောင်ရှိနေပြီ"

"ဒါ ဓားပြကျင့် ဓားပြကြံ ကြံတာပဲဗျ၊ ဒီလိုလုပ်လို့ဖြစ်မလား၊ ဗိုလ်ကြီးဒုက္ခရောက်သွားမယ် ဘာမှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



တမ်း လျက်ရှိ၏။ တပ်ရင်းဆရာဝန် ရောက်လာသည့်အခါ၌ ဆရာဝန်က သွေးဖောက်ပစ်မှဖြစ်မည်ဖြစ်ကြောင်း ပြောဆိုကာ လက်မောင်းမှ ညစ်ပုပ်ညှိမည်းသောသွေး ပန်းကန်တစ်လုံးလောက် ဖောက်ပစ်လိုက်သည်။ ထိုအခါကျမှ ဒင်နီဆော့ဗ်မှာ ငြိမ်ကျသွားကာ အကျိုးအကြောင်းကို ပြောပြနိုင်တော့သည်။

"ကျွန်တော် စစ်ဦးစီးဌာနချုပ်ကို သွားတယ်ဗျ" ဒင်နီဆော့ဗ်က ပြောလိုက်၏။ "ဟိုရောက်လို့ တပ်ထောက်ချုပ်ရဲ့ရုံးခန်း ဘယ်မှာလဲလို့မေးတော့ ပြလိုက်တယ်။ ပြီးတော့ ခဏစောင့်ရမယ်တဲ့။ ကျွန်တော်က 'ကျွန်တော် မိုင်နှစ်ဆယ်လောက်က လာရတာပါ။ တာဝန်တွေလဲ ရှိသေးတယ်။ အချိန်မရလို့ ခုတွေ့ပါရစေ'လို့ ပြောတယ်။ အဲဒီလိုပြောတော့မှ သူတို့ ထောက်ပံ့ရေးဌာနက သူခိုးအဓိပတိထွက်လာပြီး ကျွန်တော့်ကို ဩဝါဒပေးတော့တာပဲ။ ကြည့်ရတာကတော့ နဂိုကတည်းက အစီအစဉ်ရှိပြီးသားနဲ့တူပါရဲ့။ 'လုယက်မှု'ပဲလို့ စွဲချက်တင်တော့တာပဲ။ ကျွန်တော်က 'ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ကျိုးအတွက် ရိက္ခာတွေကို သိမ်းတာမဟုတ်ပါဘူး။ ကျွန်တော့်တပ်သားတွေကို ကျွေးဖို့အတွက် သိမ်းရတာပါ။ ဒါကြောင့် လုယက်မှုမဟုတ်ပါဘူး'လို့ပြောတော့ ကျွန်တော့်ကို 'ဘာမှ လျှာရှည်မနေနဲ့'ဆိုပြီး အော်လိုက်သေးတယ်ဗျ။ ပြီးတော့မှ 'သွား ရိက္ခာတွေရကြောင်းကို တပ်ထောက်ဆီသွားပြီး လက်မှတ်ရေးထိုးခဲ့။ အမှုကိုတော့ စစ်ဌာနချုပ်ကို တင်ရလိမ့်'လို့ပြောတယ်။ ဒါနဲ့ ကျွန်တော် တပ်ထောက်ဆီသွားတယ်။ တပ်ထောက်အခန်းထဲကို ဝင်လိုက်တော့ လား လား ဘယ်သူထင်သလဲဟင်။ ကျွန်တော်တို့တပ်တွေကို အငတ်ထားတာ ဘယ်သူထင်သလဲ။ ဟိုခွေးမသားဗျ ဟိုခွေးမသား"

ဒင်နီဆော့ဗ်သည် သွေးဖောက်ထားသည့်ဘက်မှ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ စားပွဲခုံကို ပြင်းထန်စွာ ထုလိုက်လေရာ စားပွဲခုံကျိုးသွားပြီး အပေါ်မှ ပန်းကန်ခွက်ယောက်များသည် အောက်သို့ ကျသွားကြ၏။

"ဟိုခွေးမသား တီလျာညင်လေ၊ သူခိုးလေ ကျုပ်ရဲ့သားရေအိတ်ကို ခိုးတဲ့သူခိုး။ သူခိုးကို တိုက်စိုးအရာနှင်းထားလို့မှ ကျုပ်တို့မငတ်ရင် ဘယ်ကောင်တွေ ငတ်ဦးမှာလဲ။ ဒါနဲ့ ကျုပ်လဲ 'တို့တစ်တွေငတ်အောင်လုပ်တာ မင်းလားကွ'ဆိုပြီး နှာနကို တအားရိုက်ချိုးလိုက်တာ ခွေးမသားဘာပြောကောင်းမလဲ ပုံရက်သားကျသွားတာပေါ့ ဟီးဟီး"

ဒင်နီဆော့ဗ်သည် ဒေါသထွက်လျက်ရှိရင်းက မည်းနက်နေသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကြားမှ ဖြူဖွေးသော သွားများပေါ်လာအောင် ရွှင်မြူးစွာ ရယ်လိုက်သည်။

"တခြားလူတွေ ဆွဲထုတ်သွားလို့ပေါ့၊ နို့မို့ရင် ခွေးမသား အဲဒီနေရာတွင် ပွဲချင်းပြီးပဲ ဟင်း"

"ကဲ ရောင်းရင်း ဒီလောက်လဲ ဒေါသကြီးမနေပါနဲ့တော့၊ အေးအေးဆေးဆေးနေစမ်းပါ။ ခုတင် သွေးဖောက်ပြီးတယ် မဟုတ်လား။ နေဦး နေဦး ပတ်တီးစည်းပေးရဦးမယ်"

ဒင်နီဆော့ဗ်အား ပတ်တီးစည်းပေးပြီးနောက် အိပ်ရာတွင် သိပ်ထားလိုက်သည်။ နောက်တစ်နေ့ နံနက် အိပ်ရာမှနိုးလာသောအခါတွင်မူ ဒင်နီဆော့ဗ်မှာ ဒေါသအရှိန်ပြေကာ ရွှင်လန်းလျက် ရှိပေပြီ။

သို့ရာတွင် မွန်းတည့်လောက်၌ တပ်ရင်းမှ တပ်ရေးတစ်ယောက် မျက်နှာမသာမယာဖြင့် ၎င်းတို့နေသည့် ကတုတ်ကျင်းသို့ပေါက်လာကာ ဗိုလ်မှူးဒင်နီဆော့ဗ် လိပ်တပ်ထားသည့် တပ်ရင်းမှူးထံမှ စာတစ်စောင်ကို စိတ်မသက်မသာဖြင့် ထုတ်ပြလေသည်။ ထိုစာကား ယမန်နေ့ကဖြစ်ပျက်ခဲ့သော ကိစ္စအတွက် ထုချေလွှာ တောင်းသည့်စာ ဖြစ်လေသည်။ ထို့ပြင်မက ထိုကိစ္စမှာ အခြေအနေဆိုးနေပြီဖြစ်ကြောင်း၊ စစ်ခုံရုံးတစ်ရုံးကို ခန့်အပ်လိုက်ကြောင်း၊ ယခုအချိန်၌ အမိန့်ကို လွန်ဆန်ခြင်းနှင့် လုယက်ခြင်းကို ပြင်းထန်စွာ ကွပ်ညှပ်လျက်ရှိခြင်းကြောင့် ရာထူးမှ အချခံရခြင်းကို အသက်သာဆုံးသော ပြစ်ဒဏ်ဟု ယူဆရတော့မည်သာ ဖြစ်ကြောင်းဖြင့် ပြောပြ၏။

တစ်ဖက်ကတင်သော စွဲချက်အရဆိုလျှင် ဗိုလ်မှူးဒင်နီဆော့ဗ်သည် ရိက္ခာလှည်းများကို လုယူပြီးနောက် အရက်များ မူးယစ်လျက် တပ်ထောက်ချုပ်ထံ သွားပြီး သူခိုးဟုခေါ်ကာ အကြောင်းမဲ့ စော်ကားခြင်းပြုကြောင်း၊ ထို့နောက် ရိုက်မောင်းပုတ်မောင်းလုပ်မည် တကဲကဲလုပ်ကြောင်း၊ ထို့ကြောင့် ၎င်းအား တပ်ဗိုလ်နှစ်ဦးက တပ်ရုံးသို့ ဆွဲခေါ်လာစဉ်တွင် တပ်ဗိုလ်နှစ်ဦးကို ထိုးကြိတ်သည့်အတွက် တစ်ယောက်မှာ လက်မောင်းအဆစ်ပြုတ်ထွက်သွားကြောင်း စသည်ဖြင့်ပါရှိ၏။



www.burmeseclassic.com

 www.burmeseclassic.com


ဤတွင် နီကိုလေက စွဲချက်အတိုင်း ဟုတ်မဟုတ် မေးမြန်းသည်၌ ဒင်နီဆော့ဗ်သည် တဟားဟား ရယ်မောကာ မိမိမှတ်မိသလောက်ဆိုလျှင် လူအချို့ကဝင်၍ဆွဲသဖြင့် ရန်းရင်းဆန်ခတ်ဖြစ်ကုန်ကြောင်း၊ သို့ရာတွင် ထိုစွပ်စွဲချက်မှာ အဓိပ္ပာယ်မရှိသော စွပ်စွဲချက်မျှသာဖြစ်ကြောင်း၊ မိမိသည် မည်သည့်ခုံရုံးက လာစစ်စေကာမူ ကြောက်မည့်သူမဟုတ်ကြောင်း၊ ဤလူများက မိမိအား မတော်မတရားလုပ်လျှင် ၎င်းတို့အား တစ်သက်တာတွင် မမေ့နိုင်လောက်အောင် ဆုံးမလိုက်ရဦးမည်ဖြစ်ကြောင်းနှင့် ပြောဆိုလျက်ရှိ၏။

ဒင်နီဆော့ဗ်သည် ပြဿနာကို အရေးမကြီးဟန် ပြောလျက်ရှိသည့်တိုင် စိတ်ထဲ၌ကား (ဖုံးကွယ်ထားရန်ကြိုးစားရှာသေးသော်လည်း) စစ်ခုံရုံးတက်ရမည်ကို ကြောက်လန့်လျက်ရှိကာ အခြေအနေဆိုးစပြုလာသော ပြဿနာအတွက် စိတ်ညစ်လျက်ရှိကြောင်းကို နီကိုလေကောင်းစွာ သိပေသည်။ နေ့စဉ်နှင့်အမျှ ထုချေလွှာများ သမ္မန်စာများသည် စစ်ခုံရုံးမှ ရောက်လာကြ၏။ မေလတစ်ရက်နေ့၌မူ တပ်ထောက်၏ရုံး၌ ဖြစ်ပွားသော ကိစ္စနှင့်ပတ်သက်၍ တပ်မကြီးရှိ စစ်ဌာနချုပ်တွင် လာရောက်ထုချေရမည်ဖြစ်ကြောင်း၊ မိမိကပ်ခွဲကို လုပ်သက်အရင့်ဆုံးသော တပ်မိုလ်တစ်ယောက်ထံ လွှဲပြောင်းပေးခဲ့ရမည်ဖြစ်ကြောင်းဖြင့် အမိန့်စာရောက်ရှိလာလေသည်။ ထိုနေ့မတိုင်မီတစ်ရက်၌ မြင်းတပ်ရင်း ဗိုလ်ချုပ်ကြီး ပလာတော့ဗ်သည် ကော့ဆက်မြင်းတပ်ရင်းနှစ်ရင်း၊ ရှုရားမြင်းတပ်ခွဲနှစ်ခုနှင့်အတူ ရန်သူနယ်မြေတွင်းသို့ထိုးဖောက်၍ တိုက်ကင်းလှည့်လျက်ရှိ၏။ ဒင်နီဆော့ဗ်သည် မိမိ၏ ထုံးစံအတိုင်း အရဲစွန့်ကာ တိုက်ကင်းစစ်ကြောင်း၏ ရှေ့သို့ထွက်၍ သတ္တိပြလေသည်။ ပြင်သစ်လက်ဖြောင့်တပ်သားတစ်ဦး ပစ်လိုက်သည့် ကျည်ဆန်တစ်ဆန်သည် ဒင်နီဆော့ဗ်၏ ခြေသလုံးအသားပုံကို ထိမှန်၏။ သာမန်အချိန်ဖြစ်ဘိမူကား ဒင်နီဆော့ဗ်သည် ဤမျှသေးငယ်သော ဒဏ်ရာကလေးရရုံဖြင့် မိမိတပ်ရင်းမှ ခွာမည်မဟုတ်ချေ။ ယခုသော်ကား ခုံရုံးသို့မတက်ရန် အကြောင်းပြချက်တစ်ခု ရပြီဖြစ်သည့်အလျောက် ခွင့်ယူကာ ဆေးရုံသို့ တက်နေလိုက်လေသည်။

## အခန်း ၁၇

ဇွန်လထဲတွင် ဖရိလင်းတိုက်ပွဲဖြစ်ပွားလေသည်။ ထိုတိုက်ပွဲ၌ ပါဗလိုဂရက်မြင်းတပ်များ ပါဝင်တိုက်ခိုက်ခြင်းမပြုလိုက်ရချေ။ ထိုတိုက်ပွဲပြီးသည့်နောက် နှစ်ဦးနှစ်ဖက် စစ်ပြေငြိမ်းရေးပြန်တမ်းကို ထုတ်ပြန်လိုက်လေသည်။ နီကိုလေသည် ၎င်း၏ရောင်းရင်းကြီး ဒင်နီဆော့ဗ်ကို များစွာ အမှတ်ရသည့်အတွက် တစ်ကြောင်း၊ ဆေးရုံတက်ကတည်းက မည်သည့်သတင်းကိုမျှ မကြားရသည့်အတွက် တစ်ကြောင်း၊ ခြေထောက်မှ ဒဏ်ရာနှင့်တကွ အမှုနှင့်ပတ်သက်သော ကိစ္စများကိုလည်း သိလိုသည့်အတွက် တစ်ကြောင်း စစ်ရပ်စဲထားသည့်ကာလအတွင်း၌ ဒင်နီဆော့ဗ်ရှိရာ ဆေးရုံသို့ ထွက်လာခဲ့လေသည်။

တပ်ရင်းဆေးရုံမှာ ပရပ်ရှားမြို့ငယ်ကလေးတစ်မြို့တွင် အခြေစိုက်ထား၏။ ထိုမြို့ငယ်ကလေးမှာ ရုရှားနှင့်ပြင်သစ်တပ်များ၏ နှစ်ကြိမ်နှစ်လီ လုယက်ဖျက်ဆီးခြင်းကို ခံခဲ့ရသည့်အတွက် ကျိုးပဲ့ပျက်စီးနေသော အမိုးများ၊ ခြံစည်းရိုးများ၊ ညစ်ပတ်ပေရေသောလမ်းများ၊ စုတ်ပြတ်လျက်ရှိသော အရပ်သူအရပ်သားများ၊ လမ်းမများပေါ်တွင် ဥဒဟိုသွားလာနေကြသော တပ်သားလူမမာများနှင့် တပ်သားအရက်မူးသမားများဖြင့် ပြည့်နှက်လျက်ရှိလေရာ နွေရာသီဖြစ်သည့်အလျောက် မြို့ပြင်လယ်ကွင်းများထဲတွင် လှပလျက် ရှိသလောက် မြို့ထဲ၌ကား အနိဋ္ဌာရုံကို ဆောင်လျက်ရှိပေသည်။

ဆေးရုံအဆောက်အအုံမှာ အုတ်တိုက်တစ်တိုက်ဖြစ်၍ တံခါးပေါင်များ၊ တံခါးရွက်များ ကျိုးပဲ့ပျက်စီးလျက်ရှိလေပြီ။ ရှေ့၌ကား ခြံစည်းရိုးကို ဆွဲနုတ်ဖျက်ဆီးထားကြသောကြောင့် နော်နဲ့နဲ့သစ်သားခြံစည်းရိုးကာရုံထားသော ကွက်လပ်တစ်ခုရှိ၏။ ဖျော့တော့၍ ဖောသွပ်ရောင်အန်းလျက်ရှိသော မျက်နှာများတွင် ပတ်တီးစည်းထားလျက်ရှိသည့်စစ်သားများသည် ကွက်လပ်နေပူဆာ၌ လမ်းလျှောက်သူလျှောက်၊ ထိုင်သူထိုင်လျက် ရှိနေကြ၏။

နီကိုလေ တံခါးဝသို့ဝင်လိုက်နှင့်တစ်ပြိုင်နက် ပုပ်ဟောင်သော အနံ့ကြီးနှင့် ဆေးရုံနံ့ကြီးသည် နှာခေါင်းထဲသို့ တိုးဝင်လာ၏။ လှေကားဝ၌ ဆေးပြင်းလိပ်တစ်လိပ်ခဲထားသော စစ်ဆေးရုံ ရုရှားဆရာဝန်တစ်ယောက်ကို


www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရ၏။ ၎င်း၏နောက်မှာ ရှုရှားလက်ထောက် ဆရာဝန်တစ်ဦးလည်း လိုက်ပါလာလေသည်။

"ကျုပ်ကလဲ ဆယ်ကိုယ်လောက်ခွဲပြီး မလုပ်နိုင်တော့ ဘယ့်နှယ်လုပ်မလဲဗျ။ ညနေကျရင်သာ မာကာတို့အိမ်ကို လာခဲ့ဗျာ။ ကျုပ်ရှိမယ်"ဆရာဝန်က လက်ထောက်ကို ပြောလိုက်၏။

လက်ထောက်ဆရာဝန်က တစ်စုံတစ်ရာ ထပ်မေးပြန်သည်။

"အိုဗျာ ဝတ္တရား ကျေရုံပဲလုပ်ပေါ့၊ သိပ်လဲ အကြောင်းမထူးတော့ပါဘူး"ဆရာဝန်သည် ဤသို့ပြောဆိုရာမှ လှေကားမှတက်လာသော နီကိုလေကို မြင်လိုက်သဖြင့်–

"ဗိုလ်လေး ဘာအလိုရှိပါသလဲ ခင်ဗျား ဘာကိစ္စပါလဲ။ ကျည်ဆန်တွေက ဗိုလ်လေးရဲ့အသက်ကို ချမ်းသာပေးလိုက်တာကို မကျေနပ်သေးတာနဲ့ အူရောင်ငန်းဖျားရောဂါလေးဘာလေး လာရှာတာမှတ်တယ်ခင်ဗျ။ ဟုတ်စ ဒီနေရာက ကူးစက်တတ်တဲ့ ရောဂါပိုးမွှားထုကို မွေးထုတ်ပေးတဲ့ စက်ရုံကြီးဆိုတာ ဗိုလ်လေးမသိသေးဘူးထင်တယ်ဗျ ဟုတ်စ"

"ခင်ဗျာ"နီကိုလေက ထပ်၍ မေးလိုက်သည်။

"အူရောင်ငန်းဖျားရောဂါခင်ဗျ၊ ဒီဆေးရုံထဲ ဝင်လာခြင်းဟာ သင်္ချိုင်းထဲဝင်တာနဲ့ အတူတူပဲခင်ဗျ။ ဟောဒီကျွဲတော်တို့နှစ်ယောက်သာ (ဆရာဝန်က လက်ထောက်ဆရာဝန်ကို ထိုးပြ၏။) ဆက်ပြီးတာဝန်ယူမယ့်လူ ရှိတော့တယ်ခင်ဗျ။ ဒီဆေးရုံမှာက ဆရာဝန်ငါးယောက် သေပြီးပြီခင်ဗျ။ နောက်တစ်ယောက် အသစ်ရောက်လာရင်လဲ သိပ်မခံဘူးခင်ဗျ။ ရက်သတ္တတစ်ပတ်ပဲ"ဆရာဝန်က ကျေနပ်နှစ်သိမ့်လျက်ရှိဟန်ဖြင့် ပြောနေသည်။ "ပရပ်ရှား ဆရာဝန်တွေကို ဖိတ်ခေါ် အကူအညီတောင်းတော့လဲ ကျွန်တော်တို့ မဟာမိတ်ကြီးများက တယ်မလာချင်ကြဘူးဗျ"

နီကိုလေက မြင်းတပ်မှဒဏ်ရာရသူ ဗိုလ်မှူး ဒင်နီဆော့ဗ်ကို တွေ့လိုကြောင်း ပြောပြ၏။

"ကျွန်တော်တော့ မသိဘူးဗျ၊ မပြောနိုင်ဘူး၊ စဉ်းစားလဲကြည့်ဦးလေဗျာ။ ဆေးရုံသုံးရုံက လူနာ လေးရာကျော်ကို ကျွန်တော်တစ်ယောက်တည်း အုပ်ချုပ်နေရတာ၊ ဘယ့်နှယ်လုပ် မှတ်မိတော့မလဲ။ ဒါတောင် အင်မတန်သဒ္ဓါတရားထက်သန်တဲ့ ပရပ်ရှား အမျိုးသမီးများက စေတနာဗလဝနဲ့ ကျွန်တော်တို့ ဆေးရုံကို လစဉ်ကော်ဖီနှစ်ပေါင်နဲ့ ဂွမ်းလိပ်နည်းနည်းလှူပေလို့ တော်သေးတာပေါ့ဗျ။ နို့မို့ရင် ကျွန်တော်တို့အားလုံး ဒီလောက်ဆိုရင် သေနေလောက်ပြီ"ဆရာဝန်က ၎င်း၏စကားကို သဘောကျ၍ ရယ်လိုက်၏။ "လူနာပေါင်း လေးရာဗျာ။ ဒီအထဲ နောက်ထပ် လူနာသစ်တွေကိုလဲ ကျွန်တော့်ဆေးရုံကိုချည်း ပို့တာပဲ။ အားလုံး လေးရာမဟုတ်လားဗျ"

ဆရာဝန်က လက်ထောက်ဆရာဝန်ကို လှမ်းမေးလိုက်သည်။ လက်ထောက်ဆရာဝန်ကား စိတ်ပျက်နေဟန်ရှိ၏။ စကားများလှသော ၎င်း၏ ဆရာဝန်ကိုကြည့်ကာ စိတ်ညစ်နေဟန် တူပေသည်။

"ဗိုလ်မှူးကြီး ဒင်နီဆော့ဗ်တဲ့၊ မိုလီတင်တိုက်ပွဲမှာ ဒဏ်ရာရလာတာ"နီကိုလေက ထပ်မေးပြန်သည်။

"သေသွားပြီထင်တယ်၊ ဟုတ်တယ် မဟုတ်လား ဗျို့ မာကီယက်"ဆရာဝန်က အရေးမကြီးသောဟန်ဖြင့် လက်ထောက်ဆရာဝန်ကို မေးလိုက်သည်။

လက်ထောက်ဆရာဝန်ကမူ ဝိုးတိုးဝါးတားသာ ဖြေ၏။

"အရပ်ရှည်ရှည် ဆံပင်နီနီနဲ့လား"ဆရာဝန်က မေးသည်။ နီကိုလေက ဒင်နီဆော့ဗ်၏ ပုံပန်းသဏ္ဍာန်ကို ပြောပြ၏။ ဆရာဝန်သည် ကျေနပ်သွားသကဲ့သို့

"သြော် ဟုတ်ပြီ၊ ဟုတ်ပြီ ခင်ဗျားပြောတဲ့ ပုံပန်းသဏ္ဍာန်မျိုးနဲ့ လူတစ်ယောက်တော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလူက သေသွားပြီထင်တယ်ဗျ။ ဒါပေမဲ့ ကျွန်တော် စာရင်းထဲ ပြန်ကြည့်ဦးမယ်လေ၊ ဗျို့ မာကီယက် ခင်ဗျားဆီမှာ စာရင်းရှိသလား"

"ကျွန်တော့်ဆီမှာ မဟုတ်ဘူးဆရာ၊ မာကာ့ဆီမှာ" လက်ထောက်ဆရာဝန်က ဖြေသည်။ "ဒါပေမဲ့ စစ်ဗိုလ်တွေရဲ့အခန်းကိုဝင်သွားပြီးရှာပါ။တွေ့ပါလိမ့်မယ်"လက်ထောက်ဆရာဝန်က နီကိုလေဘက်သို့လှည့်၍ ပြောလိုက်၏။

"အို မဖြစ်ဘူးထင်တယ်၊ ဗိုလ်လေးမသွားရင်ကောင်းတယ်ခင်ဗျ။ နို့မို့ရင် ဗိုလ်လေးပါ ဆေးရုံတက်ရတဲ့ အဖြစ်ကို ရောက်သွားလိမ့်မယ်"ဆရာဝန်က ပြောလိုက်သည်။

www.burmeseclassic.com


သို့ရာတွင် နီကိုလေသည် ဆရာဝန်ကို ဦးညွတ်နှုတ်ဆက်ပြီးနောက် စစ်ဗိုလ်များ၏အခန်းကိုပြရန် လက်ထောက်ဆရာဝန်အား ပြောလိုက်သည်။

"နောက်တော့ ကျွန်တော်တို့တာဝန် မဟုတ်ဘူးနော် ဗိုလ်လေး"ဆရာဝန်က လှမ်း၍အော်လိုက်သည်။

နီကိုလေနှင့် လက်ထောက်ဆရာဝန်သည် မှောင်မည်းလျက်ရှိသော စင်္ကြံထဲသို့ ချိုးဝင်ခဲ့ကြ၏။ ထိုနေရာတွင် အနံ့မှာ လွန်စွာပြင်းထန်လှရကား နီကိုလေသည် နှာခေါင်းကို ပိတ်လိုက်ပြီးနောက် ခေတ္တရပ်၍ မနည်းကြီး အားယူပြီး မှဆက်၍လျှောက်လာနိုင်ခဲ့လေသည်။ လက်ယာဘက်မှ တံခါးတစ်ချပ် ပွင့်လာကာအသားအရေဖျော့တော့၍ ပိန်ချုံးလျက်ရှိသော လူတစ်ယောက်သည် ဖိနပ်မပါ၊ အပေါ်အင်္ကျီမဝတ်ဘဲ ချိုင်းထောက်ကြီးကို အားပြု၍ ထော့နဲ့ထော့နဲ့ဖြင့် ထွက်လာပြီးနောက် တံခါးပေါင်ကိုအားပြုလျက် မိမိရှေ့တွင် ဖြတ်သွားကြသော နီကိုလေတို့နှစ်ဦးကို အားကျသော မျက်လုံးများဖြင့် ငေးမောကြည့်နေခြင်းကို တွေ့ရ၏။ နီကိုလေသည် ပွင့်နေသောတံခါးမှ အထဲသို့ လှမ်းကြည့်လိုက်မိသည်တွင် ဒဏ်ရာရသော စစ်သားများ၊ နာမကျန်းဖြစ်နေသော စစ်သားများသည် ကြမ်းပြင်ပေါ်တွင် ကောက်ရိုးများ၊ နှင်းကာအင်္ကျီများကို ခင်းလျက် တုံးလုံးပက်လက်ဖြစ်နေကြသည်ကို မြင်လိုက်ရသည်။

"ဒီအထဲ ဝင်ကြည့်ရမလား"

"ဒီအထဲမှာ မဟုတ်သေးဘူးဗျ"လက်ထောက်ဆရာဝန်က ပြောလိုက်သည်။

သို့ရာတွင် နီကိုလေမှာ လက်ထောက်ဆရာဝန်က မဝင်စေချင်ကာမှ ပို၍ ဝင်ချင်လာသဖြင့် စစ်သားများ၏အခန်းထဲသို့ ဝင်လိုက်သည်။ စောစောက စင်္ကြံထဲတွင် ပုပ်ဟောင်နံစော်လှပြီဟု နီကိုလေ ထင်ခဲ့မိရာ အခန်းထဲတွင်ကား ထို့ထက်ပင် နံစော်လျက်ရှိခြင်းကို တွေ့ရလေသည်။ အခန်းတစ်ခုလုံး၌ အနံ့ကြီးမှာ စူးဝါးပုပ်ဟောင်လျက်ရှိ၏။ စင်္ကြံထိအောင် တထောင်းထောင်းထွက်လျက်ရှိသော အနံ့ကြီးမှာ ထိုအခန်းထဲမှထွက်လာသည့် အနံ့ကြီးပင် ဖြစ်တန်ရာသည်။

အခန်းမှာခပ်ရှည်ရှည်ဖြစ်၍ နေရောင်သည် ကြီးမားသော ပြတင်းပေါက်ကြီးများမှ ဖြာကျလျက်ရှိ၏။ စစ်သားလူနာများသည် နံရံတစ်ဖက်တစ်ချပ်ကို ခေါင်းစိုက်၍ အလယ်တွင် လူသွားလမ်းခန်းကာ ခြေချင်းဆိုင် လဲလျောင်းလျက်ရှိကြ၏။ အများအားဖြင့် လူနာများမှာ သတိလစ်လျက်ရှိကြလေသည်။ နောက်ထပ်ရောက်လာသည့် လူနာများကိုမူ ဂရုပင်မစိုက်ကြတော့ချေ။ သတိရ လျက်ရှိသူများကမူ ကိုယ်ကိုထူမလျက် အချို့ကလည်း ဝါထိန်ဟောက်ပက်လျက်ရှိသော မျက်နှာများကို မော့လိုက် ပြီးနောက် ကျန်းမာသန်စွမ်းသူတစ်ဦး၏ အဖြစ်ကိုကြည့်၍ အားကျခြင်း၊ မျှော်လင့်ခြင်း၊ မကျေနပ်ခြင်း၊ မနာလိုခြင်း စသည့် အသွင်မျိုးဖြင့် နီကိုလေအား စူးစိုက်ကြည့်လျက် ရှိကြ၏။ နီကိုလေသည် အခန်းအလယ်ထိ လျှောက်လာခဲ့ပြီးလျှင် ကပ်လျက် အခန်းနှစ်ခန်းကိုလည်း တံခါးဝမှ လှမ်းကြည့်လိုက်သည်။ ထိုအခန်းများထဲတွင်လည်း ဤနည်းနှင်သာ ဖြစ်ကြပေသည်။ နီကိုလေသည် အခန်းအလယ် ကောင်တွင် ရပ်လျက် ဘေးပတ်ဝန်းကျင်ကို တိတ်ဆိတ်စွာ လှည့်ကြည့်လိုက်မိ၏။ ဤသို့သော အနိဋ္ဌာရုံကို မြင်ရလိမ့် မည်ဟု မိမိတစ်သက်တွင် တစ်ခါဖူးမျှ မမျှော်လင့်ခဲ့မိဘူးချေ။ မိမိရှေ့နားရှိ လူသွားလမ်းကြောင်းအနီး ကြမ်းပြင်ပေါ်၌ စစ်သားလူနာတစ်ယောက်သည် လဲလျက်ရှိ၏။ ဆံပင်ကို ကြည့်ရခြင်းအားဖြင့် ကော့ဆက်မြင်းတပ်သားတစ်ယောက်ဖြစ်ဟန် ရှိလေသည်။ ထိုစစ်သားသည် ပက်လက်လန်ကာ ဆန့်ဆန့်ကြီးလဲလျက်ရှိ၍ ၎င်း၏မျက်နှာမှာလည်း ပြာနှမ်းနှမ်းအရောင်သန်းနေကာ မျက်နက်များ ပျောက်သွားသည် အထိ မျက်ဖြူလန်လျက်ရှိပြီး ကြီးမားနီရဲသော ခြေထောက်နှင့် လက်များပေါ်ရှိ အကြောကြီးများသည် အုန်းဆံကြိုးကြီးများသဖွယ် အပြိုင်းပြိုင်း ထလျက်ရှိကြ၏။ ကော့ဆက်မြင်းတပ်သား လူနာသည် ခေါင်းကို ကြမ်းပြင်နှင့် တဒိုင်းဒိုင်းဆောင့်ကာ အော်ဟစ် ညည်းညူလျက် ရှိလေသည်။ ထိုညည်းညူသံကား "ရေ ရေ ရေပေးပါ"ဟူသောအသံ ဖြစ်ပေ၏။ နီကိုလေသည် လူနာအား ရေတိုက်မည့်သူ၊ ၎င်း၏နေရာသို့ ပြန်ပို့ပေး မည့်သူကို လှမ်းမျှော်၍ ကြည့်မိသည်။

"ဒီအခန်းက လူနာတွေကို ဘယ်သူစောင့်ကြည့်သလဲဗျ" နီကိုလေက လက်ထောက်ဆရာဝန်ကို လှမ်းမေးလိုက်၏။

ထိုအတောအတွင်းတွင် ထောက်ပံ့ရေးတပ်သားတစ်ဦးဖြစ်သည့် ဆေးရုံတာဝန်ကျတပ်သားသည် ဟန်ပါ



www.burmeseclassic.com

www.burmeseclassic.com


ပါဖြင့် တစ်ဖက်ခန်းဆီမှ ထွက်လာခဲ့ပြီး နီကိုလေ့ရှေ့တွင် လာရပ်လိုက်၍ နှုတ်ဆက်လိုက်လေသည်။

"မင်္ဂလာရှိသောနေ့ပါ . ဗိုလ်လေး"ထိုတပ်သားသည် နီကိုလေအား တပ်ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးဟု ထင်မှတ်ကာ မျက်လုံးကလယ်ကလယ်ဖြင့် ကြည့်နေသည်။

"ဒီလူနာကို သူ့နေရာသူပြန်ပို့ပြီး ရေတိုက်လိုက်ပါ" နီကိုလေက ကော့ဆက်မြင်းတပ်သားကို ထိုး၍ ပြလိုက်သည်။

"ဟုတ်ကဲ့ ဗိုလ်လေး"တာဝန်ကျတပ်သားသည် ပြစ်တင်မောင်းမဲခြင်း မခံရသည့်အတွက် အလုံးကြီးကျသွားဟန်ဖြင့်ပြောလိုက်ပြီးနောက် နီကိုလေကို စိုးရွံ့စွာ ထပ်ကြည့်လိုက်ပြန်သည်။ သို့ရာတွင် နေရာမှမရွေ့သေးချေ။

'ဒီမှာ ဘာလုပ်လုပ်ထူး မှာလဲမဟုတ်တော့ပါဘူး ထင်ပါရဲ့'နီကိုလေသည် ဤသို့တွေးလိုက်မိကာ မျက်လွှာကိုချလျက် အပြင်သို့ ထွက်လာခဲ့လေသည်။ သို့ရာတွင် မိမိ၏လက်ယာဘက်အခန်းမှ လူနာတစ်ယောက်သည် မိမိအား စူးစိုက်ကြည့်နေသည်ဟု စိတ်ထဲတွင် ထင်လိုက်မိသဖြင့် ခေါင်းငဲ့၍ ကြည့်လိုက်မိသည်။ အခန်းထောင့်အနီးတွင် ဆံပင်မွေးများ မုတ်ဆိတ်မွေးများဖြူလျက် ကမ္ဘာ့ခန်းရုပ်တစ်ရုပ်နီးပါးမျှ ပိန်ချုံးလျက်ရှိ၍ တစ်ကိုယ်လုံးဝါထိန်ကာ ခပ်ဆိုးဆိုး မျက်နှာပေါက်ရှိသည့် စစ်သားအဘိုးကြီး တစ်ယောက်သည် နီကိုလေအား စိုက်ကြည့်လျက်ရှိ၏။ ထိုစစ်သားအဘိုးကြီးအနီးမှလူနာတစ်ယောက်သည်နီကိုလေအား လက်ညှိုးထိုးပြ၍ တစ်စုံတစ်ရာ ပြောနေသည်ကို မြင်ရသည့်အတွက် စစ်သားအဘိုးကြီးမှာ မိမိအား တစ်စုံတစ်ရာ ပြောလိုကြောင်း နီကိုလေ သတိထားလိုက်မိသည်။ နီကိုလေသည် ထိုစစ်သားအဘိုးကြီးအနီးသို့ လျှောက်လာခဲ့သည်တွင် ထိုစစ်သားအဘိုးကြီးတစ်ဦးမှာ ခြေတစ်ဖက်သာရှိတော့၍ ကျန်တစ်ဖက်မှာ ဒူးအထက်မှ ဖြတ်ထားရသည့်အဖြစ်ကို နီကိုလေ တွေ့ရ၏။ စစ်သားအဘိုးကြီး၏ တစ်ဖက်မှ လူနာကား ခေါင်းကိုနောက်သို့လှန်ပြီး မလှုပ်မရှားလဲလျောင်းလျက်ရှိသော နှာခေါင်းပြားပြားနှင့် လူငယ်တစ်ဦး ဖြစ်၏။ ၎င်း၏ ဖယောင်းသားကဲ့သို့ ဆွတ်ဆွတ်ဖြူနေသောမျက်နှာမှာ ယင်ကြီးဥများ ရှိနေသေးလျက် မျက်လုံးများ နောက်သို့လန်ကာ မျက်ဖြူဆိုက်နေလေပြီ။

နီကိုလေသည် လူရွယ်စစ်သားကလေးကို ကြည့်လိုက်မိကာ ကျောထဲတွင် စိမ့်၍ ကြက်သီးမွေးညင်းတွေ ဖြန်းခနဲ ထသွားမိသည်။

"သူဘာဖြစ်လို့လဲဗျ၊ သူ့ကြည့်ရတာ"နီကိုလေက လက်ထောက်ဆရာဝန်ကိုလှည့်၍ မေးလိုက်၏။

"ဗိုလ်လေးခင်ဗျား အဲဒါသာကြည့်သွားပါတော့" စစ်သားအဘိုးကြီးက အောက်မေးကြီးတုန်နေရာမှ ပြောလိုက်သည်။ "ဒီရဲဘော်လေးဟာ မနက်ကတည်းက သေနေတာပါ။ တကယ်တော့ ကျွန်တော်တို့ဟာ လူတွေပါ၊ ခွေးတွေ မဟုတ်ပါဘူး"

"ကောင်းပြီ ရဲဘော်ကြီး၊ ကျွန်တော် ခုချက်ချင်း လူတစ်ယောက်လွှတ်လိုက်ပြီး သူ့ကို ဆွဲအထုတ်ခိုင်းလိုက်မယ် ဟုတ်လား"လက်ထောက်ဆရာဝန်က ခပ်သွက်သွက်ဝင်ပြောလိုက်၏။

"ကဲ လာ ဗိုလ်လေး သွားကြစို့"

"သွားလေ သွားတာပေါ့"နီကိုလေကလည်း ချက်ချင်းပင် ပြန်ပြောလိုက်၍ မျက်လွှာကိုချလိုက်သည်။ ထို့နောက် မိမိအား စူးစိုက်၍ကြည့်နေကြသော ဘေးတစ်ဖက်တစ်ချက်ရှိ မကျေမချမ်းသောမျက်လုံးများ၊ မနာလိုဝန်တိုဖြစ်နေကြသော မျက်လုံးများကို ကြိုးစား၍ မမြင်ယောင်ပြုလာ အခန်းထဲမှ ထွက်လာခဲ့လေသည်။

## အခန်း ၁၈

စင်္ကြံတစ်လျှောက်တွင် ဆက်၍လျှောက်လာခဲ့ပြီးနောက် လက်ထောက်ဆရာဝန်သည် နီကိုလေအား စစ်ဗိုလ်များ၏ အခန်းသို့ ခေါ်သွားလေသည်။ စစ်ဗိုလ်များ၏ အခန်းမှာ သုံးခန်းရှိ၍ တံခါးများဖွင့်ထားလျက် ရှိ၏။ အခန်းထဲတွင် ခုတင်များရှိ၍ နာမကျန်းဖြစ်သူ၊ ဒဏ်ရာရသူစစ်ဗိုလ်များသည် ခုတင်များပေါ်တွင် ထိုင်လျက်တချို့၊ အိပ်လျက်တချို့ ရှိကြ၏။ အချို့ကား ဆေးရုံအဝတ်အစားများကို ဝတ်ဆင်လျက် လမ်းလျှောက်နေကြလေသည်။ စစ်ဗိုလ်ခန်းထဲတွင် နီကိုလေ ပထမဆုံးတွေ့ရသူမှာ လက်တစ်ဖက်ပြတ်လျက်ရှိသည့် ခပ်သေးသေး ညက်ညက်ဗိုလ်တစ်ယောက်ဖြစ်လျက် ဆေးရုံအင်္ကျီဦးထုပ်ပျော့တို့ကိုဆောင်း၍ ဆေးတံကိုခဲကာ ပထမဆုံးအခန်းထဲတွင် လမ်းလျှောက်လျက်ရှိ၏။ နီကိုလေ


www.burmeseclassic.com

www.burmeseclassic.com



သည် ထိုစစ်ဗိုလ်ကိုမြင်ဖူးသည်ဟု အောက်မေ့ကာ အတန်ကြာစဉ်းစားနေမိသည်။

"ဟော ရောင်းရင်းပါလား၊ တွေ့ကြပြန်ပြီ" ထို သေးသေးညက်ညက် လူနာစစ်ဗိုလ်က ပြောလိုက်သည်။ "ကျွန်တော် တူရှင်လေ၊ ဗိုလ်ကြီးတူရှင်၊ မှတ်မိသေးရဲ့လား၊ ရွှန်ဂရာဘန်တိုက်ပွဲတုန်းက ရောင်းရင်းကို အမြောက်တင်ရထားပေါ်မှာ တင်ခေါ်ခဲ့သေးတယ်လေ၊ ကျွန်တော်လဲ လက်တစ်ဖက်ဖြတ်ပစ်ရတယ်ဗျ၊ ကြည့်ပါလား"တူရှင်က လက်တစ်ဖက် ဟာလာဟင်းလင်းဖြစ်နေသည့် ဆေးရုံအင်္ကျီလက်ကို ခါ၍ပြ၏။

နီကိုလေသည် မိမိတွေ့လိုသူကို ပြောလိုက်သည်။

"ဗိုလ်မှူးဒင်နီဆော့ဗ်လား၊ ကျွန်တော်နဲ့ ခုတင်ချင်းကပ်ရပ်ပဲ၊ လာ လာ"တူရှင်သည် ရယ်သံများသောသောည် လျက်ရှိသော ဒုတိယအခန်းထဲသို့ ခေါ်သွား၏။

'အင်း သူတို့မှာ ဒီလိုနေရာလာပြီး ဘယ်လိုလုပ်နေလို့ ဘယ်လိုလုပ်ပြီးများ ရယ်ရယ်မောမော နေနိုင်ကြပါလိမ့်' ဟု နီကိုလေ တွေးလိုက်မိသည်။ စစ်သားများ၏ အခန်းထဲ တုန်းကရခဲ့သော ပုပ်ဟောင်ဟောင်အနံ့ကြီးသည် နီကိုလေ၏ နှာခေါင်းထဲတွင် စွဲနေတုန်းဖြစ်၏။ ဘေးတစ်ဖက်တစ်ချက်မှ အားကျသည့် မျက်လုံးများဖြင့် ကြည့်နေကြပုံကို မျက်လုံးထဲတွင်မြင်ယောင်လျက်ရှိ၏။ မျက်ဖြူကြီးလန်၍ သေနေသော လူငယ်စစ်သားကလေး၏ မျက်နှာသည်လည်း မျက်စိထဲတွင် စွဲလျက်ရှိ၏။

အချိန်မှာ နေမွန်းတည့်ချိန်လောက်ရှိပြီဖြစ်သော်လည်း ဒင်နီဆော့ဗ်သည် စောင်ကို ပိန်းနေအောင်ခေါင်းမြီးခြုံ၍ အိပ်ရာပေါ်တွင် အိပ်လျက်ရှိလေသည်။

"ရောင်းရင်းလား နေကောင်းရဲ့လားဟင်၊ နေကောင်းရဲ့လား"ဒင်နီဆော့ဗ်သည် တပ်ထဲတုန်းက အသံမျိုးဖြင့် နှုတ်ဆက်၏။ သို့ရာတွင် ထုံးစံအတိုင်း ခပ်ရွှင်ရွှင်ခပ်ပျော်ပျော်နေတတ်သော ဒင်နီဆော့ဗ်၏မျက်နှာ အမူအရာမှာ မကျေမချမ်းဖြစ်လျက်ရှိဟန်ကို ပြလျက်ရှိလေရာ နီကိုလေသည် ၎င်း၏ရောင်းရင်းအတွက် စိတ်မကောင်းဖြစ်မိလေသည်။

ဒင်နီဆော့ဗ်၏ဒဏ်ရာမှာ မကြီးကျယ်လှသော်လည်း ဒဏ်ရာရပြီး၍ ခြောက်သီတင်းမျှကြာသည့်တိုင်အောင် အနာမကျက်သေးချေ။ ၎င်း၏ မျက်နှာမှာလည်း အခြားသော လူနာများကဲ့သို့ ခပ်ဖော့ဖော့ ခပ်ဖျော့ဖျော့ဖြစ်လျက်ရှိ၏။ သို့ရာတွင် နီကိုလေသည် ဤအချက်ကိုလည်း မအံ့သြမိ။ နီကိုလေ အံ့သြမိသည့်အချက်ကား မိမိနှင့်တွေ့ရခြင်းကို များးစွာ လိုက်လှဲခြင်းမရှိသော ဒင်နီဆော့ဗ်၏ အမူအရာနှင့် သဘာဝမကျသော အပြုံးတို့ပင်ဖြစ်၏။ ဒင်နီဆော့ဗ်သည် တပ်ရင်းအကြောင်းကို မေးမြန်းခြင်းလည်းမပြု၊ အခြေအနေအရပ်ရပ်ကို စုံစမ်းခြင်းလည်း မရှိရုံမျှမက နီကိုလေက ပြောပြသည့်အခါ၌လည်း နားထောင်ခြင်းမပြုချေ။

ဒင်နီဆော့ဗ်သည် တပ်ရင်းအကြောင်းကိုလည်းကောင်း၊ အခြားကိစ္စများကိုလည်းကောင်း၊ ဆေးရုံ၏ ပြင်ပရှိ အကြောင်းအရာများကိုလည်းကောင်း ပြောသည်ကို ကြိုက်နှစ်သက်ဟန် မတူကြောင်း နီကိုလေ သတိထားလိုက်မိသည်။ ဒင်နီဆော့ဗ်သည် ဘဝဟောင်းကို မေ့ပျောက်ရန် ကြိုးစားလျက် တပ်ထောက်ရုံးမှ တပ်ဗိုလ်များနှင့် ဖြစ်သည့် ကိစ္စလောက်ကိုသာ စိတ်ဝင်စားနေဟန် ရှိပေသည်။ နီကိုလေက အခြေအနေကို မေးမြန်းသည်တွင် ဒင်နီဆော့ဗ်က တပ်ထောက်ချုပ်ရုံးမှ ပေးစာနှင့် မိမိရေးထားသည့် ပြန်စာအကြမ်းကို ခေါင်းအုံးအောက်မှ ချက်ချင်းဆွဲထုတ်လိုက်၏။ ထိုစာကို နီကိုလေအား ဖတ်ပြချိန်တွင် ဒင်နီဆော့ဗ်၏ မျက်နှာသည် ဝင်းထိန်လာ၏။ ဒင်နီဆော့ဗ်သည် ၎င်း၏ ပြန်ကြားချက်ကို နီကိုလေအား တစ်လုံးချင်း စိတ်ပါဝင်စားစွာ ဖတ်ပြလျက်ရှိလေသည်။ ၎င်း၏ မိတ်ဆွေဆေးရုံလူနာများသည် ပြင်ပကမ္ဘာလောကမှ ရောက်ရှိလာသော နီကိုလေအနီးတွင် ဝိုင်းအုံနေကြရာမှ ဒင်နီဆော့ဗ်က ထိုစာကို ဖတ်ပြလိုက်သည်တွင် တဖြည်းဖြည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။ လက္ခဏာမှာ ထိုမိတ်ဆွေများသည် ဤအဖြစ်အပျက်ကို အကြိမ်ပေါင်းများစွာ ကြားပြီးဖြစ်၍ ငြီးငွေ့နေကြဟန် ရှိ၏။ ခုတင်ချင်းကပ်လျက်ရှိ၍ မျက်မှောင်ကုတ်ရင်း ဆေးတံကိုဖွာနေသော ထောင်ထောင်မောင်းမောင်း အူလန်လူမျိုး စစ်ဗိုလ်တစ်ဦးနှင့် ခေါင်းကို တွင်တွင်ခါယမ်းလျက်ရှိသော လက်တစ်ဖက်ပြတ်တူရှင်တို့သာလျှင် ဆက်၍ နားထောင်ကျန်ရစ်ခဲ့ကြ၏။ စာဖတ်၍ အလယ်လောက်ရောက်သည့်၌ အူလန်စစ်ဗိုလ်က ကြားဖြတ်၍ နီကိုလေဘက်သို့လှည့်ကာ

"ဘုန်းတော်ကြီးသောဘုရားထံကို ပြစ်ဒဏ် လွတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသာခွင့် တင်လွှာတင်ပါလို့ ကျွန်တော်က တိုက်တွန်းနေတယ်ဗျ။ ခု တပ်ဗိုလ် တပ်သားတွေကို ဆုတော်များ ချီးမြှင့်မယ်လို့လဲ ကြားရတယ်။ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ရင် ရမှာ သေချာတာပေါ့ဗျ"

"အိုး၊ ကျုပ်က ဘာဖြစ်လို့ တင်လွှာတင်ရမှာလဲဗျ" ဒင်နီဆော့ဗ်က ယခင်ကကဲ့သို့ပင် အရေးမကြီးဟန်ဖြင့် ပမာမခန့် ပြောလိုက်၏။ သို့ရာတွင် ၎င်း၏အသံမှာ ခံရလေခြင်းဟု ကြိတ်မနိုင်ခဲမရဖြစ်သံပါလျက်ရှိ၏။

"ကျုပ်က ဘာဖြစ်လို့တင်လွှာတင်ရမှာလဲ၊ သူခိုးဓားပြမို့လား၊ သူခိုးဓားပြဆိုရင်လဲ လွတ်ငြိမ်းချမ်းသာခွင့် တောင်းရသေးရဲ့။ ခုတော့ သူခိုးဓားပြကို ကျုပ်က ထုတ်ဖော်ပေးမိတဲ့အတွက် ကျုပ်ကို စစ်ခုံရုံးတင်သတဲ့။ တင်ကြပေါ့ဗျ၊ လုပ်ကြပေါ့၊ လောကကြီးမှာ ဘယ်သူ့ကိုမှ ကျုပ်မကြောက်ဘူး။ ကျုပ်ဟာ ဘုရင်မင်းမြတ်နဲ့ နိုင်ငံတော်ကြီးအတွက် ဂုဏ်ရှိရှိ သစ္စာရှိရှိ အမှုတော်ထမ်းခဲ့ပြီးပြီ။ ကျုပ်ဘယ်သူ့ပစ္စည်းကိုမှ ခိုးခဲ့တာမဟုတ်ဘူး။ ဘာကြောင့် ကျုပ်ကို ရာထူးချရမှာလဲ။ ဒီမှာ ကျုပ်ရေးထားတဲ့ ထုချေလွှာကို နားထောင်ကြစမ်းပါဦး။ 'ကျွန်တော်မျိုးသည် အရှင်မင်းမြတ်၏ ဘဏ္ဍာတော်ကို ခိုးယူလုယက်ခြင်း ပြုခဲ့ ပါက"

"ခင်ဗျားရေးထားတာက ကောင်းတော့ ကောင်းပါတယ်"တူရှင်က ပြောလိုက်သည်။ "ဒါပေမဲ့ လိုရင်းကို မရောက်ဘူးဗျ ရောင်းရင်းရ"တူရှင်သည် ဒင်နီဆော့ဗ်သို့ ပြောနေရာမှ တစ်ဖန် နီကိုလေဘက်သို့ လှည့်လိုက်လျက်

"အမှန်အတိုင်းကို ဝန်ခံလိုက်ပါ၊ တပ်သားတွေ ရိက္ခာပြတ်နေတဲ့အတွက် သိမ်းလိုက်တယ်ပေါ့။ ဒီကိစ္စဟာ ကိုယ့်ဘက်ကမှားနေတယ်ဆိုတာ စာရင်းစစ်မင်းကြီး ကိုယ်တိုင်ကလဲ ပြောထားတာ ခင်ဗျားသိသားနဲ့"

"အို မှားမှားဗျာ၊ ဂရုစိုက်လို့"ဒင်နီဆော့ဗ်က ပြောလိုက်သည်။

'ဒီမှာ ရောင်းရင်း၊ စာရင်းစစ်မင်းကြီးကိုယ်တိုင် ခင်ဗျားအတွက် တင်လွှာရေးပေးထားတယ် မဟုတ်လား" တူရှင်က ဆက်၍ ပြောလိုက်ပြန်သည်။ "ဒီတော့ အဲဒီတင်လွှာကို ခင်ဗျားလက်မှတ်ထိုးပြီး ဟောဒီက ရောင်းရင်းကို ပေးလိုက် ပါ။ စစ်ဦးစီးဌာနချုပ်မှာ ဟောဒီရောင်းရင်းရဲ့ (နီကိုလေကို လက်ညှိုးထိုးပြသည်။) လူရင်းတွေရှိတယ် မဟုတ်လား။ ဒီထက်ကောင်းတဲ့ အခွင့်အရေးတော့ မရှိတော့ပေဘူးဗျ"

"အိုး၊ ကျုပ်ဘယ်သူ့ကိုမှ ဒူးထောက်မတောင်းပန်ဘူးလို့ ပြောပြီးပြီမဟုတ်လား"ဒင်နီဆော့ဗ်သည် ကြားဖြတ် ပြောလိုက်၍ ၎င်း၏ထုချေလွှာကို ဆက်ဖတ်ပြနေပြန်သည်။

အမှန်အားဖြင့် တူရှင်နှင့်တကွ အခြားမိတ်ဆွေရောင်းရင်းများ၏ အကြံပေးချက်သည် ဒင်နီဆော့ဗ်အတွက် အန္တရာယ်အကင်းဆုံး ဖြစ်၏။ ဤသည်ကို နီကိုလေသည် အလိုလိုသိပြီးဖြစ်၏။ ဒင်နီဆော့ဗ်အတွက် ဝမ်းမြောက်ဝမ်းသာဆောင်ရွက်ပေးရန်လည်း အဆင်သင့် ဖြစ်၏။ သို့ရာတွင် နီကိုလေသည် ဒင်နီဆော့ဗ်အား တိုက်တွန်းရန် မဝံ့ဘဲ ဖြစ်လျက်ရှိ၏။ နီကိုလေသည် ဒင်နီဆော့ဗ်၏ ခေါင်းမာသောစိတ်နှင့် မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်ကို သိပြီး ဖြစ်ပေသည်။

တစ်နာရီကျော်ကျော်မျှ ဖတ်ပြရသော ဒင်နီဆော့ဗ်၏ ပြင်းထန်လှသည့် ချေလွှာကို နားထောင်ပြီးနောက် နီကိုလေသည် မည်သို့မျှမပြောတော့ဘဲ မိမိအနီးတွင် လာရောက်စုဝေးနေကြသည့် ဒင်နီဆော့ဗ်၏ လူနာမိတ်ဆွေများနှင့် စကားစမြည်ပြောကာ စိတ်လက်မကြည်မသာဖြင့်ပင် အချိန်ဖြုန်းလိုက်၏။ ဒင်နီဆော့ဗ်ကား တစ်ညနေလုံး သုန်မှုန်ကာ တိတ်ဆိတ်လျက်ရှိလေသည်။

နီကိုလေသည် မိုးချုပ်၍ ပြန်မည်ပြုခါနီးတွင် မိမိအား ဘာမှာစရာရှိသေးသနည်းဟု ဒင်နီဆော့ဗ်ကို စုံစမ်းမေးမြန်းခြင်းပြု၏။

"ဩော် ခဏလေးဗျို့"ဒင်နီဆော့ဗ်သည် ဘေးမှ စစ်ဗိုလ်လူနာများကို ကြည့်လိုက်လျက် ခေါင်းအုံးအောက်မှ စာရွက်များကို ယူကာ ပြတင်းပေါက်အနီး၌ မင်အိုးတစ်လုံး ရှေ့ချ၍ စာရေးနေလေသည်။

"အင်း အုတ်နံရံကြီးကို ခေါင်းနဲ့ ဝင်ဆောင့်လို့လဲ အကျိုးမထူးဘူးထင်ပါ့ဗျာ"ဒင်နီဆော့ဗ်သည် ပြတင်းပေါက်အနီးမှ ထလာ၍ပြောကာ နီကိုလေအား စာအိတ်ရှည်ကြီးတစ်လုံးကို လှမ်းပေးလိုက်၏။ ထိုစာကား စာရင်းစစ်မင်းကြီး ရေးပေးထားသော ဘုရင်မင်းမြတ်ထံ တင်လွှာဖြစ်လျက် ထိုအထဲ၌ တပ်ထောက်ရုံးမှ တပ်ဗိုလ်များ၏ အပြစ်အနာအဆာများကို ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားကာ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူပါမည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမျှလောက်သာ ပါရှိလေသည်။

"အဲဒီဟာကိုသာ တင်လိုက်ပေတော့ဗျာ၊ ကြည့်ရတာကတော့"

ဒင်နီဆော့ဗ်သည် စကားကို ဆုံးအောင်မပြောတော့ဘဲ နားကြည်းဟန်ဖြင့် သဘာဝမကျသောအပြုံးကိုသာ ပြုံးပြလိုက်လေသတည်း။

## အခန်း ၁၉

တပ်ရင်းစခန်းသို့ ပြန်ရောက်သောအခါ၌ နီကိုလေသည် ဒင်နီဆော့ဗ်၏ အခြေအနေအဝဝကို တပ်ရင်းမှူးအား ရှင်းလင်း ပြောပြပြီးနောက် ဘုရင်မင်းမြတ်ထံ ဆက်သွင်းရမည့် အသနားခံလွှာကို ယူဆောင်ကာ တစ်လဆစ်သို့ မြင်းစီး၍ ထွက်လာခဲ့လေသည်။

ဇွန်လ ၁၃–ရက်နေ့တွင် ရုရှားဘုရင် ဧကရာဇ်မင်းမြတ်နှင့် ပြင်သစ်ဧကရာဇ်မင်းမြတ် နှစ်ပါးတို့သည်တစ်လဆစ်သို့ ကြွရောက်တော်မူကြ၏။ ဘိုးရစ်စ်သည် မိမိကိုယ်ရံတော်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ချုပ်ကြီးထံ ချဉ်းကပ်ကာ တစ်လဆစ်၌ ဘုရင်မင်းမြတ် ယာယီစံမြန်းတော်မူသည့် အတောအတွင်း မိမိအား နောက်တော်ပါ အခြွေအရံ တပ်ဗိုလ်များထဲ၌ ထည့်သွင်းပေးရန် ပြောကြားခြင်း ပြုလေသည်။

"ကျွန်တော် ဒီပုဂ္ဂိုလ်ကြီးကို မြင်ဖူးချင်လို့ပါ ဗိုလ်ချုပ်"ဟု ဘိုးရစ်စ်က နပိုလီယန်ကိုရည်ရွယ်၍ ပြောလိုက်၏။ ဘိုးရစ်စ်သည် ယခင်က အခြားသူများကဲ့သို့ပင် နပိုလီယန်အား ဘိုနာပတ်ဟု နိပ်နိပ်နယ်နယ် ခေါ်ခဲ့သူ ဖြစ်လေသည်။

"ဘာလဲ ကိုရင်က ဘိုနာပတ်ကို ပြောတာလား" ဗိုလ်ချုပ်ကြီးက ပြုံး၍ မေးလိုက်သည်။

ဘိုးရစ်စ်သည် ဗိုလ်ချုပ်ကြီးကို အကဲခတ်လိုက်ပြီးနောက် ချက်ချင်းပင် မိမိ၏ စိတ်ကို စမ်းနေခြင်းဖြစ်ကြောင်း သဘောပေါက်သွားကာ–

"ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဘုရင်ဧကရာဇ်မင်းမြတ် နပိုလီယန်ကို ပြောပြခြင်းဖြစ်ပါတယ်"ဘိုးရစ်စ်က ပြန်ပြောလိုက်သည်။ ဗိုလ်ချုပ်ကြီးသည် ပြုံးလျက် ဘိုးရစ်စ်၏ ပခုံးကို ပုတ်လိုက်သည်။

"သိပ်လဲ အမွှမ်းတင်မနေနဲ့ဦးကွယ့်"ဟုသာ ဆို၍ ဘိုးရစ်စ်အား ၎င်းနှင့်အတူ တစ်လဆစ်မြို့သို့ ခေါ်သွားလေသည်။

မင်းဧကရာဇ်နှစ်ပါးတို့ နီမင်မြစ်ထဲတွင် တွေ့ဆုံတော်မူကြသည့်နေ့၌ လူအနည်းငယ်ကိုသာ တက်ရောက်ခွင့်ပြုရာ ဘိုးရစ်စ်မှာ ထိုအထဲတွင် အပါအဝင် ဖြစ်၏။ ကရဝိတ်ဖောင်ကြီးများ၌ မင်းဧကရာဇ်နှစ်ပါးတို့၏ တံဆိပ်တော်အလံများ၊ တံခွန်ကုက္ကားများမှာ တလူလူလွင့်လျက်ရှိ၏။ ပြင်သစ်ဘုရင် နပိုလီယန်သည် တစ်ဖက်ကမ်းရှိ ပြင်သစ် ကိုယ်ရံတော်တပ်များ၏အလေးပြုခြင်းကို ခံယူနေချိန်၌ အလက်ဇန်းဒရားဘုရင်မင်းမြတ်မှာကား တစ်ဖက်ကမ်းရှိ ထမင်းဆိုင်ငယ်ကလေးတစ်ဆိုင်ထဲတွင် မသာယာသော မျက်နှာထားဖြင့် စံနေတော်မူ၏။ အချိန်စေ့သည်တွင် မင်းဧကရာဇ်နှစ်ပါးသည် မိမိတို့၏ လှေတော်များပေါ်သို့ ဆင်းသက်လာခဲ့ကြလေရာ နပိုလီယန်မှာ မြစ်လယ်တွင် ဆိုက်ထားသည့် ကရဝိတ်ဖောင်တော်သို့ ဦးစွာရောက်ရှိ၍ နောက်မှရောက်ရှိလာသော အလက်ဇန်းဒရားဘုရင်မင်းမြတ်အား လက်ဆွဲနှုတ်ဆက်ဆီးကြိုပြီးနောက် ကရဝိတ်ဖောင်တော်ပေါ်ရှိ မဏ္ဍပ်ထဲတွင် မင်းနှစ်ပါးတို့ တွေ့ဆုံစည်းဝေးကြလေသည်။ ဘိုးရစ်စ်သည် ထိုအခြင်းအရာများကို အနီးကပ်၍ လေ့လာခွင့်ရလျက်ရှိလေသည်။ ဘိုးရစ်စ်မှာ ရွှေနန်းတော်ကြီးနှင့် နီးစပ်ကာ အထက်တန်းလွှာ မင်းစိုးရာဇာ အသိုင်းအဝိုင်းထဲသို့ ရောက်ရှိကျက်စားခဲ့သည့် အချိန်မှစ၍ မိမိ၏ပတ်ဝန်းကျင်ကို စေ့ငုစွာလေ့လာ၍ ရေးမှတ်ထားသော အကျင့်ကို ရရှိခဲ့လေပြီ။ တစ်လဆစ်တွင် မင်းဧကရာဇ်နှစ်ပါး တွေ့ဆုံတော်မူသည့်အချိန်တစ်ချိန်လုံး၌ ဘိုးရစ်စ်သည် နပိုလီယန်ဘုရင်မင်းမြတ်နှင့်အတူ ပါလာသည့် ပုဂ္ဂိုလ်ကြီးများ၏ ဘွဲ့မည်ရည်များကို လည်းကောင်း၊ ထိုပုဂ္ဂိုလ်ကြီးများ ဝတ်ဆင်သည့် စစ်ဝတ်စုံများကိုလည်းကောင်း မေးမြန်းမှတ်သားကာ အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးများ၏ စကားများကို ဂရုတစိုက် နားထောင်လေ့လာခြင်းပြု၏။ မင်းဧကရာဇ်နှစ်ပါးတို့ ကရဝိတ်ဖောင်ပေါ်ရှိ မဏ္ဍပ်တော်သို့ ဝင်သွားသည့်အချိန်၌ ဘိုးရစ်စ်သည် လက်မှနာရီကိုကြည့်၍ အချိန်ကိုမှတ်ထားလိုက်ပြီး အလက်ဇန်းဒရားဘုရင်မင်းမြတ် ပြန်ထွက်လာသည့်အချိန်၌လည်း မေ့လျော့ခြင်းမရှိဘဲ လက်မှနာရီကို ထပ်၍ ကြည့်မိအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သေးသည်။ မင်းဧကရာဇ်နှစ်ပါးတို့၏ တွေ့ဆုံဆွေးနွေးပွဲမှာ တစ်နာရီနှင့်ငါးဆယ့်သုံးမိနစ် ကြာလေသည်။ ညနေ၌ ဘိုးရစ်စ်သည် ရာဇဝင်တွင် အရေးကြီးသည်ဟု ၎င်းစိတ်၌ ယူဆထားသော အခြားအကြောင်းအချက်များနှင့်အတူ မင်းနှစ်ပါးတို့၏ ဆွေးနွေးပွဲ ကြာမြင့်သည့်အချိန်ကာလကိုလည်း ရေးမှတ်ထားလိုက်၏။ အလက်ဇန်းဒရားဘုရင်မင်းမြတ်မှာ နောက်တော်ပါ အခြွေအရံ အနည်းငယ်မျှဖြင့်သာ ကြွရောက်ခြင်းဖြစ်လေရာ၊ မင်းမှုထမ်းဘဝ၌ မိမိ၏အောင်မြင်မှုနှင့် ရာထူးတက်မှုလောက်ကိုသာ ကြည့်တတ်သော ဘိုးရစ်စ်လို လူတစ်ယောက်အဖို့ မင်းဧကရာဇ်နှစ်ပါး၏ တစ်လဆစ်မြို့ တွေ့ဆုံဆွေးနွေးပွဲသို့ လိုက်ပါလာခွင့်ရရေးမှာ လွန်စွာအရေးကြီးသော ကိစ္စကြီးတစ်ရပ်ဖြစ်ပေသည်။ ဘိုးရစ်စ်မှာ ဤသို့ လိုက်ပါခစားနိုင်သောအခွင့်အရေးကို ရရှိခဲ့ပြီဖြစ်သည့်အတွက် မိမိ၏ရှေ့ရေးနှင့်တကွ ရာထူးတက်ရေးကိစ္စအဝဝသည် ဖြောင့်ဖြူးလျက်ရှိလေပြီဟု ယူဆလျက်ရှိ၏။ ယခုအချိန်၌ ဘိုးရစ်စ်မှာပေါ်ထင်သော လူတစ်ယောက်ဖြစ်ရုံမျှသာမက လူအများကပင် မိမိနှင့် အသိအကျွမ်းဖွဲ့လိုကြကာ ဝမ်းသာအယ်လဲကြိုဆိုခြင်းခံရသည့် အဖြစ်သို့ ရောက်ရှိနေလေပြီ။ ထို့မျှမကတာဝန်ဖြင့် ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့လည်း နှစ်ကြိမ်မျှ အခစားဝင်ရောက်ခဲ့ဖူးလေပြီ။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကလည်း ၎င်းအား မျက်မှန်းတန်းမိနေလေပြီ။ ရွှေနန်းတော်ကြီးသို့ ပထမဆုံးရောက်ရှိသွားစဉ်က မိမိအား လူစိမ်းအဖြစ် သဘောထားခဲ့ကြသော နန်းတော်သူနန်း တော်သားများသည် ဤအခြေအနေကိုသာ မြင်လိုက်ရပါက မိမိအား ပခုံးတွန့်၍ မထီလေးစားပြုရုံကြတော့မည်မဟုတ်ဘဲ အံ့အားသင့်၍ပင် နေကြလိမ့်မည်ဟု ဘိုးရစ်စ်တွေးမိသေးသည်။

တစ်လဆစ်၌ ဘိုးရစ်စ်သည် အခြားတပ်ရေးဗိုလ်တစ်ဦးဖြစ်သူ ပိုလန်မြို့စားကလေး ဇီလင်စကီနှင့် အတူနေထိုင်လျက်ရှိ၏။ ဇီလင်စကီမှာ ပိုလန်လူမျိုးတစ်ယောက်ဖြစ်လျက် ပါရီမြို့တွင် ကြီးပြင်းလာခဲ့ကာ ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်သည့်အပြင် ပြင်သစ်လူမျိုးများအပေါ်၌များစွာ သံယောဇဉ်ရှိသူတစ်ဦးဖြစ်၏။ ထို့ကြောင့် တစ်လဆစ်မြို့တွင်နေထိုင်သည့် အတောအတွင်း၌ ဇီလက်စကီနှင့်ဘိုးရစ်စ်တို့ထံ လာရောက်၍နေ့လယ်စာစားခြင်း၊ ညစာစားခြင်းပြုကြသော ပြင်သစ် ကိုယ်ရံတော်တပ်ဗိုလ်များ၊ ပြင်သစ်စစ်ဦးစီးဌာနချုပ်အရာရှိများမှာ နေ့စဉ်နှင့်အမျှခြေချင်းလိမ်လျက် ရှိလေသည်။

ဇွန်လ ၂၄–ရက်နေ့၌ ဇီလင်စကီသည် ၎င်း၏ပြင်သစ်မိတ်ဆွေရောင်းရင်းများအား ညလယ်စာ တည်းခင်းကျွေးမွေးလျက် ရှိ၏။ ထိုပွဲတွင် ဂုဏ်ပြုဖိတ်ကြားခြင်းခံရသော ဧည့်သည်တော်မှာ နပိုလီယန်၏ ကိုယ်ရံတော်ဗိုလ်တစ်ဦးဖြစ်လျက် ကိုယ်ရံတော်တပ်မှ အခြားပြင်သစ်တပ်ဗိုလ်များနှင့် နပိုလီယန်၏ လူပျိုတော်သားတစ်ဦးဖြစ်သူ ရှေးပြင်သစ်မှူးမတ်မျိုးနွယ်မှ ဆင်းသက်လာသည့်လူရွယ်တစ်ဦးတို့လည်း ထိုပွဲသို့ လာရောက်ကြ၏။ ထိုနေ့၌နီကိုလေသည် အရပ်ဝတ် အရပ်စားဖြင့် ရုပ်ဖျက်ဝတ်ဆင်၍နေဝင်ဖျိုးဖျအချိန်လောက်တွင် တစ်လဆစ်သို့ ထွက်လာခဲ့ပြီးနောက် ဘိုးရစ်စ်နှင့် ဇီလင်စကီ နေထိုင်လျက်ရှိသည့်အိမ်သို့ လာခဲ့လေသည်။

စစ်ဦးစီးဌာနချုပ်နှင့်တကွ ဘိုးရစ်စ်တို့လို လူမျိုးအဖို့နပိုလီယန်နှင့်ပြင်သစ်များသည် ရန်သူများအဖြစ်မှ မိတ်ဆွေများအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားပြီဖြစ်သော်လည်းတပ်ဗိုလ်၊ တပ်ကြပ်၊ တပ်သားအစရှိသော ရုရှားတပ်မတော်ကြီးတစ်ခုလုံးတကွ နီကိုလေအဖို့မှာကား ယခင်ကကဲ့သို့ပင်ရန်သူသဖွယ် သဘောထားလျက်ပင်ရှိကြသေး၏။ တပ်မတော်ကြီးတစ်ခုလုံးရှိ ဗိုလ်၊ အကြပ်၊ တပ်သားများတို့ကားဘိုနာပတ်နှင့် ပြင်သစ်တို့ကို ဒေါသထွက်လျက် ရှိကြ၏။ စက်ဆုပ်ရွံရှာလျက်လည်း ရှိကြ၏။ ကြောက်ရွံ့ခြင်းလည်းဖြစ်လျက်ရှိကြလေသည်။ အကယ်၍ နပိုလီယန်ကို ဖမ်းမိခဲ့ပါက ၎င်းအား ပြည့်ရှင်ဧကရာဇ်တစ်ပါးကဲ့သို့ မထားဘဲရာဇဝတ်ကောင်တစ်ကောင်အဖြစ် ထားရမည်ဟုပင် နီကိုလေသည် ဗိုလ်ချုပ်ကြီးပလာတော့ဗ်၏ တပ်ရင်းမှ တပ်ဗိုလ်တစ်ယောက်ကို မကြာမီက ပြောခဲ့မိသေးသည်။ လမ်း၌ဒဏ်ရာရလာသော ပြင်သစ်ဗိုလ်မှူးကြီးတစ်ယောက်နှင့်တွေ့သောအခါ၌လည်း တရားဝင် ပြည့်ရှင်ဧကရာဇ်တစ်ပါးနှင့် ရာဇဝတ်ကောင် ဘိုနာပတ်တို့၏အကြား၌ ငြိမ်းချမ်းရေးလုပ်၍ ရနိုင်မည်မဟုတ်ကြောင်းဖြင့် နီကိုလေသည်အပြင်းအထန် ပြောခဲ့သေးသည်။ သို့ဖြစ်ရကား စစ်ကြောင်းတောင်ပံ၏ ရှေ့ပြေးကင်းစခန်းမှ ရန်သူများအနေဖြင့်မိမိ မကြာခဏမြင်ရလေ့ရှိသော ပြင်သစ်များအား ဘိုးရစ်စ်



www.burmeseclassic.com

www.burmeseclassic.com


၏ အိမ်ခန်းထဲ၌ စစ်ဝတ်စုံတွေ အကျဝတ်လျက် အမြိုင့်သား စားသောက်နေခြင်းကို မြင်လိုက်ရသောအခါတွင် နီကိုလေမှာ အံ့သြခြင်း၊ စိတ်မကောင်းခြင်းဖြစ်လျက် ရှိလေသည်။ တံခါးပေါက်မှ ခေါင်းပြူထွက်လာသော ပြင်သစ်တပ်ဗိုလ်တစ်ယောက်ကို မြင်လိုက်သည်တွင်ကား ရန်သူကိုမြင်တိုင်း ပေါ်ပေါက်လာလေ့ရှိသော စစ်စိတ် စစ်သွေးတို့သည် နီကိုလေ၏ရင်ထဲတွင် ပွက်ပွက်ဆူလာခဲ့ကြလေပြီ။ နီကိုလေသည်တံခါးဝတွင်ရပ်လျက် ဘိုးရစ်စ် ဤအိမ်တွင်နေသလောဟု ရုရှားစကားဖြင့် မေးလိုက်၏။ ဤတွင် အိမ်ရှေ့ခန်းမှ လူစိမ်းတစ်ယောက်၏ အသံကိုကြားလိုက်ရသည့်အတွက် ထွက်လာသော ဘိုးရစ်စ်နှင့် သွား၍ဆုံမိကြ၏။ နီကိုလေကို မြင်လိုက်သည်တွင် ဘိုးရစ်စ်၏ မျက်နှာပေါ်၌ အဖက်မလုပ်လိုသော အမူအရာမျိုး ပေါ်ပေါက်လာလေသည်။

"သြော် ရောင်းရင်းပါလား၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"ဘိုးရစ်စ်သည် မျက်နှာကို ချက်ချင်းပြင်၍ ပြုံးလိုက်လျက် ၎င်းထံသို့ လျှောက်လာ၏။ သို့ရာတွင် နီကိုလေသည် ဘိုးရစ်စ်၏သဘောကို ရိပ်မိလိုက်လေပြီ။

"အချိန်အခါမဟုတ် လာမိပြီ ထင်တယ်ဗျ၊ လာမိတာ မှားပြီဗျာ။ ဒါပေမဲ့ ကိစ္စရှိလို့ လာခဲ့တာပဲဗျ"နီကိုလေက ခပ်ပြတ်ပြတ် ပြောလိုက်၏။

"အို အို ကိစ္စမရှိပါဘူး၊ လာသာလာပါ၊ ခင်ဗျား တပ်က ဘယ့်နှယ်လုပ် ထွက်လာသလဲဆိုပြီး ရုတ်တရက်မို့ အံ့အားသင့်သွားလို့ပါ။ ခဏလေးဗျို့ ကျွန်တော် ခုပဲလာခဲ့မယ်"ဘိုးရစ်စ်သည် နီကိုလေနှင့် စကားပြောရာမှ ခန်းဆောင်ထဲက မိမိအား လှမ်းခေါ်နေသူတစ်ဦးကို ပြင်သစ်ဘာသာဖြင့် လှမ်းပြောလိုက်သည်။

"အေးဗျာ အနှောင့်အယှက်ဖြစ်နေတဲ့အတွက် ဝမ်းနည်းပါတယ်"နီကိုလေက ထပ်ပြောလိုက်သည်။

နီကိုလေ ရောက်လာခြင်းကို နှစ်မြို့ဟန်မရှိသော အမူအရာသည် ဘိုးရစ်စ်၏မျက်နှာပေါ်မှ ပျောက်ကွယ်သွား၏။ ဘိုးရစ်စ်သည် နီကိုလေအား ဣန္ဒြေမပျက် မျက်နှာထားမပျက်အောင် မည်သို့ဆက်ဆံရမည်ကို စဉ်းစားဆုံးဖြတ်ပြီးသွားဟန်ရှိ၏။ ထို့နောက် လွန်စွာတည်ငြိမ်သော ဟန်အမူအရာဖြင့် နီကိုလေ၏လက်ကိုဆွဲ၍ ကပ်လျက် ခန်းဆောင်တစ်ခုထဲသို့ခေါ်လာခဲ့သည်။ ဘိုးရစ်စ်၏ မျက်လုံးများသည် နီကိုလေ၏ မျက်နှာကို ဣန္ဒြေမပျက် စူးစိုက်ကြည့်လျက် ရှိသော်လည်း ထိုမျက်လုံးများပေါ်၌ တစ်စုံတစ်ရာ ဖုံးအုပ်နေသကဲ့သို့ ရှိ၏။ ထိုတစ်စုံတစ်ရာကား အခြားမဟုတ်။ အပေါ်ယံ လောကွတ်တည်းဟူသော မျက်မှန်ပေတည်း။ နီကိုလေ၏ စိတ်ထဲတွင် ဤသို့ပင် ထင်မိလေသည်။

"လာပါဗျ ရောင်းရင်းကလဲ ခင်ဗျားကြည့်ရတာ မလာအပ်တဲ့နေရာကို လာရသလိုချည်းပဲ"ဟု ဘိုးရစ်စ်က ဆို၍ ညလယ်စာ စားပွဲတည်ခင်းထားသည့် အခန်းထဲသို့ ခေါ်သွားကာ ဧည့်သည်များနှင့်မိတ်ဆက်ပေးပြီး နီကိုလေမှာ အရပ်သားတစ်ယောက်မဟုတ်ဘဲ မြင်းတပ်ဗိုလ်တစ်ဦးဖြစ်ကြောင်း၊ မိမိ၏ ရောင်းရင်းမိတ်ဆွေဟောင်းကြီးတစ်ဦးဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြလျက် ရှိသည်။

"ဟောဒါက မြို့စားလေးဇီလင်စကီ၊ ဟောဒါက ပြင်သစ်မြို့စားလေး...၊ ဟောဒါကတော့ ပြင်သစ်တပ်ဗိုလ်ကြီး...ဗျ"ဟု ဧည့်သည်များကိုလည်း နီကိုလေနှင့် မိတ်ဆက် ပေး၏။ နီကိုလေသည် ပြင်သစ်တပ်ဗိုလ်များကို မျက်မှောင် ကုတ်ကြည့်၍ စိတ်မပါ့တပါဖြင့် ဦးညွှတ်နှုတ်ဆက်ပြီး ခပ်မဆိတ်သာ နေလိုက်သည်။

ပိုလန်မြို့စားကလေး ဇီလင်စကီသည် နောက်ရောက်လာသည့် ဤရုရှားဧည့်သည်ကို ၎င်း၏ အသိုင်းအဝိုင်းထဲ၌ စိတ်ပါလက်ပါ လက်ခံလိုခြင်းမရှိဟန်ဖြင့် နီကိုလေကို အဖက်လုပ်၍ စကားပြောခြင်း မပြုချေ။ ဘိုးရစ်စ်ကား နီကိုလေခပ်အင်အင်လုပ်နေသည်ကို သတိထားမိဟန်မတူဘဲ စောစောကကဲ့သို့ပင် နှစ်လိုဖွယ်ရှိသော ဣန္ဒြေသိက္ခာ၊ တစ်စုံတစ်ရာ ဖုံးအုပ်ထားသောအကြည့်မျိုးဖြင့်ပင် စကားဝိုင်းကို စိုပြည်လာအောင် ကြိုးစားလျက် ရှိ၏။ ထိုအခိုက် ပြင်သစ်တပ်ဗိုလ်တစ်ယောက်က ၎င်းတို့ ပြင်သစ်တိုင်းသားများ၏ ယဉ်ကျေးဖွယ်ရာခြင်းဖြင့် တုဏှိဘာဝလုပ်နေသော နီကိုလေကို နှုတ်ဆက်ကာ ဘုရင်ကေရာဇ်မင်းမြတ်ကို ဖူးမြော်ရန်အတွက် တစ်လဆစ်သို့ ရောက်လာခြင်း ဖြစ်ပါသလောဟု မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်ကိစ္စနဲ့ကျုပ်လာတာပါ" နီကိုလေက ခပ်ပြတ်ပြတ်ပင် ဖြေလိုက်သည်။

နီကိုလေမှာ တံခါးဝတွင် ဘိုးရစ်စ်၏ မနှစ်သက်သော အမူအရာကို မြင်လိုက်ရကတည်းက စိတ်ဆာလျက် ရှိနေလေရာ စိတ်ဆာလျက်ရှိသူတို့ ဖြစ်တတ်သည့် ဓမ္မတာ



www.burmeseclassic.com

အတိုင်း အားလုံးကပင် မိမိအား မလိုလားသော သဘောမျိုး ပြနေကြသည်ဟုလည်းကောင်း၊ မိမိသည် ၎င်းတို့လမ်း၌ ခလုတ်ကန်သင်းသဖွယ် အနှောင့်အယှက်ဖြစ်နေပြီဟု လည်းကောင်း ယူဆမိသည်။ ထွေရာလေးပါး ပြောဆိုနေကြသော စကားဝိုင်း၌ ဝင်ရောက်ပြောဆိုခြင်းမပြုသူဟူ၍ သူတစ်ယောက်တည်းသာ ရှိလေရာ အမှန်အားဖြင့်လည်း ၎င်းတို့အဖို့ နီကိုလေသည် အနှောင့်အယှက်ဖြစ်လျက် ရှိလေသည်။ ဧည့်သည်များ၏အကြည့်ကလည်း 'ဒီငနဲက ဘာကြောင့် ၎တ်တုတ်ကြီးထိုင်နေရတာလဲ၊ အူကြောင်ကြောင်နဲ့'ဟူသော အကြည့်မျိုးဖြစ်၏။ နီကိုလေသည် ထိုင်ရာမှထကာ ဘိုးရစ်စ်ထံသို့ လျှောက်လာခဲ့၏။

"ကဲ ရောင်းရင်း ခင်ဗျားတို့အတွက် သိပ်အနှောင့်အယှက်ဖြစ်နေပြီဗျ"ဟု ခပ်တိုးတိုးပြောလိုက်သည်။ "ဒီတော့ ကျုပ်ကိစ္စကလေးကို ဖြောလိုက်ကြရအောင်၊ ပြီးရင် ကျုပ်ပြန်မယ်"

"အို အို မဟုတ်ပါဘူး၊ မသွားရသေးဘူး"ဘိုးရစ်စ်က ပြော၏။

"ဒါပေမဲ့ ခင်ဗျား ခရီးပန်းလာရင် ကျွန်တော့်အခန်းထဲ သွားလှဲပြီး နားလိုက်ပါလား"

"အဲဒါ ကောင်းတယ်ဗျာ"

၎င်းတို့သည် ဘိုးရစ်စ်အိပ်သည့် အခန်းငယ်ကလေးထဲသို့ ဝင်ခဲ့ကြသည်။ နီကိုလေသည် မထိုင်တော့ဘဲ ခပ်ပြတ်ပြတ်လေသံနှင့် (ဘိုးရစ်စ်ကို အပြစ်တင်လိုက်သည့်ဟန်ဖြင့်)ဒင်နီဆော့ဗ်၏ကိစ္စကို ဖြန်းစားကြီး ဖွင့်ပြောလိုက်၏။ ထိုနောက် ဘိုးရစ်စ်အား ၎င်း၏ ဗိုလ်ချုပ်ကြီးမှတစ်ဆင့် ဘုရင်မင်းမြတ် ရှေ့နားတော်ပေါက်သည်အထိ ဒင်နီဆော့ဗ်၏ကိစ္စကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိမေးမြန်းကာ ဒင်နီဆော့ဗ်၏တင်လျှောက် လက်ထဲသို့ ထည့်လိုက်သည်။ ၎င်းတို့နှစ်ဦးတည်းရှိသောအခါကျမှ နီကိုလေသည် ဘိုးရစ်စ်ကို ကြည့်ရသည်မှာ များစွာအပိုးမသေလှကြောင်း ပထမဆုံးအကြိမ် သတိထားလိုက်မိ၏။ ဘိုးရစ်စ်သည် ခြေတစ်ချောင်း ကန့်လန့်ထိုး၍ရပ်လိုက်ကာ လက်ဝဲဘက်လက်ကို သေးသွယ်သော လက်ယာလက်ချောင်းကလေးများဖြင့် ခေါက်လျက် ဟန်ဆောင်ဖုံးကွယ်ထားသော အကြည့်မျိုးဖြင့် သေားကိုကြည့်လိုက်၊ နီကိုလေ၏ မျက်လုံးများကို တည့်တည့်ကြီးကြည့်လိုက် လုပ်ရင်းမှ ဗိုလ်ချုပ်ကြီး တစ်ဦးက လက်အောက်ငယ်သားတစ်ယောက်၏ စကားများကို နားထောင်နေသည့်နှယ် နီကိုလေ၏ စကားများကို နားထောင်လျက်ရှိပေရာ နီကိုလေမှာ ဤအမူအရာကိုကြည့်ရင်း မြင်ပြင်းကတ်လာသဖြင့် မျက်လုံးကို တခြားသို့ လွှဲပစ်လိုက်သည်။

"ဒီလိုကိစ္စမျိုးတွေကတော့ ကျွန်တော်တို့ မကြာခဏကြားနေရတာပဲ။ ခက်တာက ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင်ကလဲ ဒီကိစ္စမျိုးတွေနဲ့ ပတ်သက်ရင် အလွန်တရာ တင်းကျပ်တော်မူတယ်ဆိုတာ ကျွန်တော်တို့ သိနေရတယ်ဗျ။ အကောင်းဆုံးကတော့ ဘုရင်မင်းမြတ်ရှေ့တော်အထိ မရောက်စေဘဲ ဆိုင်ရာတပ်မှူးဆီ လျှောက်ထားရင် အကောင်းဆုံးပဲ။ ဒါပေမဲ့ ကျွန်တော့်အထင်တော့ ယေဘုယျအားဖြင့်"

"ကဲ ရောင်းရင်း၊ ခင်ဗျား ဘာမှ ဆောင်ရွက်မပေးချင်ဘူး မဟုတ်လား။ ဆောင်ရွက်မပေးချင်ရင်လဲ ရှင်းရှင်းပဲ ပြောဗျာ"နီကိုလေက ခပ်ကျယ်ကျယ်ကလေး မေးလိုက်၏။

ဘိုးရစ်စ်က ပြုံးလိုက်သည်။

"မဟုတ်ပါဘူးလေ၊ ကျွန်တော်တတ်နိုင်သလောက် ဆောင်ရွက်ပေးပါမယ်၊ တစ်ခုပဲ ကျွန်တော် တွေးတာက"

ထိုအခိုက် အပြင်ဘက်မှ ဘိုးရစ်စ်အားခေါ်နေသည့် ဇီလင်စကီ၏အသံကို ကြားလိုက်ရသည်။

"ကဲ ကောင်းပြီ၊ သွား သွား၊ ခင်ဗျားလူတွေ ဧည့်ခံချေဦး" နီကိုလေသည် ညလယ်စာစားရန် ခေါ်သည်ကို ငြင်း၍ ဘိုးရစ်စ်ကို လွှတ်လိုက်ပြီး အခန်းကျဉ်းကလေးထဲ တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရာမှ တစ်ဖက်ခန်းမှ ထွက်ပေါ်လာသော ပြင်သစ်စကားဖြင့် နောက်ပြောင်ပြောဆိုနေကြသံများကို နားထောင်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိလေသည်။

## အခန်း ၂၀

နီကိုလေသည် ဒင်နီဆော့ဗ်၏ကိုယ်စား တင်လျှာတင်ရန် တစ်လဆစ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သော်လည်း အခွင့်မသာသောနေ့တွင်မှ လာမိလျက်သား ဖြစ်နေ၏။ တစ်လဆစ်မြို့သို့ လာခဲ့ရာ၌ နီကိုလေသည် အရပ်ဝတ်အရပ်စား



www.burmeseclassic.com

www.burmeseclassic.com


ဖြင့် လာခဲ့မိသည့်အတွက်ကြောင့်တစ်ကြောင်း၊ တပ်မှ အခွင့်မရဘဲ တိတ်တဆိတ် ထွက်လာခဲ့ရခြင်းဖြစ်သည့် အတွက်ကြောင့်တစ်ကြောင်း ဘုန်းတော်ကြီးသော ဘုရား အပါးတွင် ခစားလျက်ရှိသော မိုလ်ချုပ်ကြီးထံသို့ ကိုယ် တိုင်ဝင်ရောက်တွေ့ဆုံရန် မဖြစ်နိုင်တော့ချေ။ ဘိုးရစ်စ်က လည်း လိုလိုချင်ချင် ဆောင်ရွက်ပေးလိုဟန် မရှိချေ။ လိုလိုချင်ချင် ဆောင်ရွက်ပေးလိုသည်ထားဦး၊ နောက်တစ် နေ့အထိ ဘာမျှလုပ်နိုင်ဦးမည် မဟုတ်ချေ။ ထိုနေ့မှာ ဇွန်လ ၂၇ ရက်နေ့ဖြစ်၍ ငြိမ်းချမ်းရေးပဌာမ သဘောတူ ညီချက်ကို နှစ်ဖက်လက်မှတ်ရေးထိုးကြသောနေ့ ဖြစ်၏။ အရှင် ဧကရာဇ်နှစ်ပါးသည်ဆုတံဆိပ် အဆောင်အယောင် များ အလဲအလှယ်ချီးမြှင့်ကြ၏။ ရုရှားဧကရာဇ် အလက် ဇန်းဒရားမှာ ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးသော ဘွဲ့တံဆိပ် တော်ဖြစ်သည့် 'လီဂျင်းအော့ဖ်အော်နာ'ဘွဲ့ထူးချီးမြှင့်ခြင်း ခံရ၍ နပိုလီယန်မှာ 'ပထမဆင့် စိန့်အင်ဒရူး'တံဆိပ်တော် ကြီး ချီးမြှင့်ခြင်းခံရ၏။ ထိုနေ့ညနေ၌လည်း ပြင်သစ် ကိုယ်ရံတော်တပ်ရင်းက ရုရှားပရီယိုဗရာဇင့် တပ်ရင်းကို ဂုဏ်ပြုသောအားဖြင့် ညစာစားပွဲကြီးတစ်ခု တည်ခင်း ဧည့်ခံ၏။ ထိုညစာစားပွဲကြီးသို့ အရှင်ဧကရာဇ်နှစ်ပါးတို့ ကိုယ်တော်တိုင် တက်ရောက်ချီးမြှင့်ကြမည် ဖြစ်လေသည်။

နီကိုလေသည် ဘိုးရစ်စ်နှင့် တွေ့ရခြင်းကို များစွာ စိတ်မချမ်းမသာဖြစ်လျက် ရှိရကား ညလယ်စာစားပြီး၍ ဘိုးရစ်စ်ရောက်လာသည်၌ အိပ်ချင်ယောင် ဆောင်နေလိုက် ပြီး နောက်တစ်နေ့နံနက်စောစောတွင် ဘိုးရစ်စ်ကိုပင် နှုတ်ဆက်ခြင်း မပြုတော့ဘဲ ထွက်လာခဲ့လေသည်။ နီကိုလေ သည် ဦးထုပ်အဝိုင်းကြီးကိုဆောင်း၍ အရပ်ဝတ်အရပ်စား ဖြင့်ပင် မြို့ထဲသို့ လျှောက်လည်ကာ ပြင်သစ်တပ်မိုလ် တပ်သားများနှင့် ၎င်းတို့၏ စစ်ဝတ်စုံများကိုလည်းကောင်း၊ ရုရှားဘုရင်မင်းမြတ်နှင့် ပြင်သစ်ဘုရင်မင်းမြတ်တို့ ယာယီ စံမြန်းတော်မူရာ အိမ်များကို လည်းကောင်း သွားရောက် ကြည့်ရှုနေခဲ့၏။ ပန်းခြံတစ်ခုထဲ၌ကား စားပွဲများ အစီအရီ ချကာ ညစာစားပွဲအတွက် ပြင်ဆင်လျက်ရှိကြ၍ လမ်းဆော တစ်ဖက်တစ်ချက်၌လည်း ဘုရင်ဧကရာဇ်နှစ်ပါး၏ အတို ကောက်စာလုံးကြီးများဖြင့် ရေးခြယ်ထားသည့် ပြင်သစ်နှင့် ရုရှားအလံများကို မြင်ရ၏။ အိမ်များ၌လည်း နှစ်နိုင်ငံ အလံများနှင့်တကွ အလံအမျိုးမျိုးကို လွှင့်ထူထားကြလေ သည်။

'ဘိုးရစ်စ်ဟာ ငါ့ကို မကူညီချင်ဘူး။ ငါကလဲ သူ့ဆီ အကူအညီမတောင်းချင်ဘူး။ တော်ပြီ'ဟု နီကိုလေ တွေးမိ၏။ 'တို့နှစ်ယောက်တော့ ဒီတစ်ချီမှာ အပြတ်ပဲ။ ဒါပေမဲ့ ဒင်နီဆော့ဗ်ကိစ္စကို ဘာမှ မလုပ်ရသေးဘဲနဲ့ ငါ မပြန်သေးဘူး။ သူ့တင်လွှာ ဘုရင်မင်းမြတ်ဆီကို မတင် သွင်းရသေးဘဲ ငါမပြန်ဘူး။ ဒီမှာ ဘုရင်မင်းမြတ်ကိုယ် တော်တိုင် ရောက်နေပြီ' နီကိုလေသည် အလက်ဇန်းဒရား ဘုရင်မင်းမြတ် ယာယီစံမြန်းတော်မူလျက်ရှိသည့် အိမ် တော်ဘက်သို့ အလိုလို လှည့်လာမိရင်း တွေးလာခဲ့မိသည်။

ကုန်းနီးတင်ထားသောမြင်းများ အိမ်တော်ရှေ့၌ ရပ်လျက်ရှိကြ၍ နောက်တော်ပါ အခြွေအရံများမှာ စုရုံးကာ ပျားပန်းခပ်မျှ အလုပ်များလျက် ရှိကြ၏။ ဘုရင်မင်းမြတ် ထွက်တော်မူချိန်နီး၍ ပြင်ဆင်နေကြခြင်းဖြစ်ဟန်တူသည် ဟု နီကိုလေ တွေးမိလေသည်။

'ခုနေ ငါလဲ ဝင်တွေ့လို့ရချင်ရမှာပဲ'ဟု နီကိုလေ တွေးမိပြန်သည်။ 'ငါကိုယ်တိုင် ဝင်ခစားပြီး ဒင်နီဆော့ဗ်ရဲ့ တင်လွှာကို ဆက်၊ အကျိုးအကြောင်း လျှောက်တင်ပြရရင် ဘယ့်နှယ်များနေမလဲ။ အရပ်ဝတ် အရပ်စား ဝတ်လာလို့ ငါ့ကိုများ ဖမ်းကြလေမလား။ အို ဘာဖြစ်လို့ဖမ်းရမှာလဲ။ တရားမျှတမှုဟာ ဘယ်ဘက်မှာ ရှိတယ်ဆိုတာ ဘုန်းတော် ကြီးသောဘုရား ဆုံးဖြတ်တော်မူနိုင်ပေသားပဲ။ ဘုန်းတော် ကြီးသော ဘုရားဟာ အစစအရာရာကို နားလည်တော် မူတယ်။ သိတော်မူတယ်။ ဘုန်းတော်ကြီးလှသော ဘုရား ထက် တရားမျှတသူ၊ ကြင်နာသနားတတ်သူ ရှိဦးမှာ လား။ တပ်က ခွင့်ပြုချက်မရဘဲ ထွက်လာလို့ ငါ့ကို ဖမ်းကြပါပြီတဲ့၊ ဖမ်းတော့ကော ဘာအရေးလဲ'

နီကိုလေသည် ဘုရင်မင်းစံမြန်းတော်မူရာ အိမ် တော်ထဲသို့ ဝင်ရောက်သွားသော တပ်မိုလ်တစ်ဦးကို ငေးကြည့်ရင်း တွေးနေမိသည်။ 'လူတိုင်း ဝင်ထွက်နေကြ တာပဲ။ ငါလဲဝင်သွားပြီး တင်လွှာကို ငါကိုယ်တိုင် ဘုရင်မင်း မြတ်ဆီ ဆက်မှပဲထင်ပါရဲ့။ ဘိုးရစ်စ်ဆီသွားပြီး ခယ နေရတာထက်စာရင် ကိုယ်တိုင်ဝင်ပြီး ဆက်တာကမှ ရေးတေးတေး ရှိဦးမယ်'

သို့ဖြင့် နီကိုလေသည် မိမိကိုယ်တိုင် မမျှော်လင့်ဘဲ ဆုံးဖြတ်ချက် ချမိသည်အထိ ဖြစ်သွားလျက် အိတ်ထဲမှ


www.burmeseclassic.com

www.burmeseclassic.com



တင်လွှာရေးထားသည့် စာရွက်ကိုစမ်းကာ အိမ်တော်ထဲသို့ စွတ်ဝင်လာခဲ့လေသည်။

'ဒီတစ်ခါတော့ ဩစတားလစ်တိုက်ပွဲတုန်းကလို အခွင့်အရေးကို လက်လွှတ်မခံတော့ဘူး' နီကိုလေသည် ဤသို့တွေးကာ ဘုရင်မင်းမြတ်အား ဖူးမြော်ရလိမ့်နိုး ထင်လျက် ရှိ၏။ တစ်ကိုယ်လုံးမှ သွေးများသည်လည်း နှလုံးထဲတွင် လာ၍ဆောင့်တိုးလျက်ရှိသည်ဟု ထင်ရပေသည်။ 'ဘုန်းတော်ကြီးသော ဘုရားနဲ့တွေ့ရင် ခြေတော်ရင်းမှာဖက်ပြီး ခစားမယ်။ မော်ဖူးစေအမိန့်ပေးမှ မော်ဖူးမယ်။ ငါ့လျှောက်တင်ချက်ကိုလဲ နားထောင်တော်မူမှာပဲ။ အို ငါ့ကို ကျေးဇူးတောင် တင်တော်မူဦးမယ်။ 'ငါကိုယ်တော်မြတ်ဟာ ကောင်းမှုကိုပြုလုပ်ခြင်းမှာ ပျော်မွေ့တော်မူတယ်။ မတရားမှုကို ဖယ်ရှားခြင်းဟာ ငါကိုယ်တော်မြတ်အဖို့ အပျော်မွေ့ဆုံးအရာ ဖြစ်ပေတယ်' လို့များ မိန့်တော်မူလေမလား' ဟု တွေးလျက် ရှိလေသည်။ နီကိုလေသည် သို့ဖြင့် ၎င်းအား အထူးအဆန်းသဖွယ် ကြည့်နေသူများကို ဖြတ်သန်းကာ အိမ်တော်၏ ဆင်ဝင်ဝသို့ ရောက်လာခဲ့၏။

ဆင်ဝင်မှ မျှော်ကြည့်လိုက်လျှင် ကျယ်ပြန့်လှသော လှေကားကြီးကို မြင်ရ၍ လယ်ယာဘက်၌မူ ပိတ်ထားသော တံခါးပေါက်တစ်ပေါက်ကို မြင်ရ၏။ လှေကားအောက်၌ကား အောက်ထပ်သို့ ဆင်းသွားသော တံခါးပေါက်ကြီး တစ်ခု ရှိလေသည်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ" တစ်ယောက်က လှမ်းမေးလိုက်သည်။

"ဘုန်းတော်ကြီးသော ဘုရားထံကို တင်လွှာတစ်စောင် တင်ချင်လို့ပါ။ အသနားခံလွှာတစ်စောင်" နီကိုလေသည် အသံတုန်တုန်ဖြင့် ပြောလိုက်သည်။

"တင်လွှာ ဟုတ်စ၊ ဒီဘက်သွား ဒီဘက်သွား၊ ဒီဘက်ကိုသွားရင် တာဝန်ကျအရာရှိကို တွေ့လိမ့်မယ်။ (အောက်ထပ်သို့ဆင်းသော တံခါးပေါက်ဘက်သို့ ညွှန်ပြလိုက်သည်။) ဒါပေမဲ့ လက်ခံမှာတော့ မဟုတ်ဘူး"

ဤသို့ အရေးထားဟန်မရှိသော အသံကိုကြားရသည်၌ နီကိုလေသည် ကိုယ့်အဖြစ်ကို ပြန်တွေးကာ ကြောက်လန့်စ ပြုလာလေပြီ။ ဘုရင်မင်းမြတ်နှင့် တွေ့မည်ဟု စိတ်ကူးရခြင်းကား ကြည်နူးဖွယ်ကောင်းသလောက် ကြောက်စရာလည်း ကောင်းလှပေရာ နီကိုလေသည် ရှေ့ဆက်၍သွားရန် မဝံ့တော့ဘဲ လှည့်၍ပြန်တော့မည် ပြုလိုက်သည်။ သို့ရာတွင် ၎င်းကို မေးမြန်းသောအရာရှိက တံခါးဖွင့်ပေးလိုက်သည့်အတွက် နီကိုလေသည် အခန်းထဲသို့ ရောက်သွားလေသည်။

ဒူးကျပ်မြင်းစီးဘောင်းဘီ၊ ဖိနပ်ရှည်နှင့်တကွ ပိုးသားအင်္ကျီပွကို ဝတ်ထားသည့် အသက်သုံးဆယ်ခန့်အရပ်ပြတ်ပြတ်၊ ကိုယ်လုံးထွားထွား လူတစ်ယောက်သည် အခန်းထဲ၌ ရပ်လျက်ရှိ၍ အစေခံတစ်ယောက်က ပိုးဇာပန်းဖောက်ထားသည့် လှပသော ဘောင်းဘီရင်သိုင်းစလွယ်တစ်ခုကို ပခုံးပေါ်မှကျော်ကာ ကျောဘက်ဘောင်းဘီတွင် တပ်ဆင်ပေးလျက်ရှိ၏။ နီကိုလေသည် ထိုရင်သိုင်းစလွယ်ကို အတန်ကြာမျှ ငေးစိုက်ကြည့်နေမိလေသည်။ ထိုလူသည် တစ်ဖက်ခန်းထဲရှိ လူကို လှမ်း၍ စကားပြောလျက် ရှိလေသည်။

"မိန်းမက ကိုယ်လုံးကိုယ်ပေါက်ကလဲ ဖြောင့်တယ်ဗျ၊ အရွယ်ကလဲ အရွယ်ကောင်း" ထိုလူသည် နီကိုလေကို မြင်လိုက်သည်နှင့် စကားကိုဖြတ်၍ မျက်မှောင်ကုတ်လိုက်သည်။

"ဘာလဲ တင်လွှာလား"

"ဘာလဲဗျ" တစ်ဖက်ခန်းထဲမှ လူက လှမ်းမေးပြန်သည်။

"တင်လွှာတင်တဲ့လူတစ်ယောက် လာပြန်ပြီလေဗျာ" ဟု ဘောင်းဘီစလွယ်သိုင်းနှင့်လူက ပြန်ပြောလိုက်သည်။

"နောက်မှလာလို့ ပြောလိုက်ဗျာ၊ ဘုန်းတော်ကြီးသော ဘုရားထွက်တော်မူချိန်နီးပြီ သွားကြစို့"

"နောက်မှလာခဲ့ နောက်မှလာခဲ့၊ မနက်ဖြန်လာ၊ အချိန်မရှိတော့ဘူး"

နီကိုလေသည် ပြန်လှည့်ကာ ထွက်လာခဲ့၏။ သို့ရာတွင် ဘောင်းဘီစလွယ်သိုင်းနှင့်လူက မေးနေသဖြင့် ရပ်လိုက်ပြန်သည်။

"ဘယ်သူ့ဆီကလဲ၊ ဘယ်သူလဲ"

"ဗိုလ်မှူးဒင်နီဆော့ဗ်ဆီကပါ" နီကိုလေက ဖြေသည်။

"ကိုရင်က တပ်ဗိုလ်လား"

"ဗိုလ်လေး မြို့စားနီကိုလေပါ"

www.burmeseclassic.com


"တယ်လဲဝံ့စားကြပါကလား ဟရို့ ဟော၊ တပ်ရင်းမှူးကိုပေးရင် ပြီးတဲ့ကိစ္စကလေးလောက်ကို ဒီထိအောင် ယူလာကြတယ်၊ သွား သွား ပြန်ယူသွား၊ သွား"ထိုလူသည် အစေခံလာပေးသော စစ်ဝတ်စုံကိုဝတ်၍ ကျန်ရစ်ခဲ့၏။

နီကိုလေသည် အပြင်ခန်းမထဲသို့ ထွက်လာခဲ့သည်။ ဆင်ဝင်ဝဋ္ဌကား ဗိုလ်ရှုသဘင်တက် ဝတ်စုံကို ဝတ်ဆင်ထားကြသည့် ဗိုလ်ချုပ်ကြီးများ၊ အခြားအရာရှိများ စုရုံးလျက်ရှိခြင်းကို မြင်ရလေရာ နီကိုလေမှာ ၎င်းတို့ရှေ့မှ ဖြတ်သွားရမည်ကို ကြောက်ရွံ့လျက် ရှိလေသည်။

နီကိုလေသည် မိမိ၏ ရဲတင်းလှသော အပြုအမူကြောင့် မိမိဘာသာ မိမိပြန်၍ အပြစ်တင်လျက်ရှိရင်း ယခုကဲ့သို့ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်နှင့် တော့တော့ဆိုင်ဆိုင် တွေ့ရမည့်အဖြစ်ကို လည်းကောင်း၊ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်၌ အရှက်တကွဲ အကျိုးနည်းဖြစ်ရမည့်အရေးကို လည်းကောင်း၊ ဖမ်းဆီးခြင်းခံရမည့် အဖြစ်ကို လည်းကောင်း တွေးမိကာ အားငယ်လျက်ရှိ၏။ မိမိ၏ မအပ်မရာပြုမိခြင်းကိုလည်း သတိရလာ၏။ သို့ဖြင့် နီကိုလေသည် နောင်တကြီးစွာဖြင့် မျက်လွှာကို ချလျက် သားနားစွာ ဝတ်ဆင်ထားသော နောက်တော်ပါ အခြွေအရံတို့ကြားမှ ဖြတ်၍ အိမ်တော်ဝသို့ ထွက်လိုက်သည်။ ထိုအခိုက် ကြားနေကျအသံတစ်ခု၏ ခေါ်သံကို ကြားလိုက်ရပြီးနောက် လက်တစ်ဖက်က မိမိအား ဆွဲထားသည်ကိုလည်း တွေ့လိုက်ရလေသည်။

"အလို ဗိုလ်လေးပါကလားဟေ့။ ဘယ့်နှယ် အရပ်ဝတ် အရပ်စားနဲ့ ဒီမှာလာပြီး ဘာလုပ်နေတာတုံး"ဟု ထိုအသံသြသြကြီးက မေးလိုက်၏။

အသံရှင်မှာ နောက်ဆုံးတိုက်ပွဲစဉ်အပြီး၌ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်၏ အထူးမြှောက်စားခြင်းခံရသည့် မြင်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်လျက် ယခင်က နီကိုလေ အမှုထမ်းခဲ့သောတပ်မကို ကွပ်ကဲခဲ့သူ ဖြစ်လေသည်။

နီကိုလေသည် စိတ်ပျက်အားငယ်စွာဖြင့် မိမိလာရောက်ရခြင်းကို အဆင်ပြေအောင် ပြောနေရာမှ သနားတတ်၍ ပျော်ပျော်နေတတ်ဟန်ရှိသော ဗိုလ်ချုပ်ကြီး၏ မျက်နှာကို မြင်လိုက်ရသည့်အတွက် ဘေးသို့ခေါ်ကာ အဖြစ်အပျက်ကို တုန်တုန်ယင်ယင်ပြောပြပြီးနောက် ဗိုလ်ချုပ်ကြီးကိုယ်တိုင်သိသော ဒင်နီဆော့ဗ်အတွက် ဝင်ရောက်ဆောင်ရွက်ပေးပါရန် တောင်းပန်ခြင်းပြုလေသည်။ ဗိုလ်ချုပ်ကြီးသည် နီကိုလေ၏ စကားအဆုံးတွင် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ရင်း

"အင်း ဒီလူအတွက် ငါလဲ စိတ်မကောင်းပါဘူးကွာ။ လူက လူကောင်းပဲ။ ကဲ ကဲ တင်လွှာကို ငါ့ပေးခဲ့လေ"

ဤသို့ နီကိုလေက ဗိုလ်ချုပ်ကြီးထံ တင်လွှာကို ပေးအပ်၍ ဒင်နီဆော့ဗ်၏ကိစ္စကို ပြောပြပြီးချိန်လောက်၌ပင် လှေကားပေါ်မှ ဖိနပ်သံဆူးခြူသံများနှင့် ခပ်သွက်သွက်ဆင်းလာသော ခြေသံများကို ရုတ်ရုတ်သဲသဲ ကြားလိုက်ရသည့်အတွက် ဗိုလ်ချုပ်ကြီးလည်း နီကိုလေအပါးမှ ဆင်ဝင်ဝသို့ထွက်သွားလေသည်။ ဘုရင်ဧကရာဇ်မင်းမြတ်၏ ကိုယ်ရံတော်များသည် လှေကားမှပြေးဆင်းလာကြကာ မြင်းများဆီသို့ ပြေးလာကြ၏။ သြစတားလစ်တိုက်ပွဲတွင် ပါလာခဲ့သော မြင်းထိန်းဗိုလ် ဟိန်းသည် ဘုရင်ဧကရာဇ်မင်းမြတ်၏ စီးတော်မြင်းကို ဆွဲလာလေသည်။ ထိုအခိုက် လှေကားပေါ်မှ ခပ်ဖော့ဖော့နင်းလာသော ခြေသံကိုကြားလိုက်ရသည့်အတွက် နီကိုလေသည် ဘုရင်ဧကရာဇ်မင်းမြတ်မှန်း သိသည့်အတိုင်း မိမိအားမြင်သွားမည့် အန္တရာယ်ကိုပင် မေ့လျော့သွားကာ အခြားအရပ်သူ အရပ်သားများနှင့် အတူ ဆင်ဝင်ဝနားသို့တိုး၍ ကြည့်လျက်ရှိသည်။ မိမိမြတ်နိုးသော ဘုရင်ဧကရာဇ်မင်းမြတ်ကို နှစ်နှစ်အကြာတွင် တစ်ဖန်ဖူးမြော်ရပြန်လေပြီ။ ယခင် မျက်နှာတော်၊ ယခင်က အကြည့်၊ ယခင်က ခြေလှမ်း၊ ယခင်ကကဲ့သို့ပင် တင့်တယ်လှသော ကျက်သရေနှင့် နူးညံ့သိမ်မွေ့ခြင်းတို့ ပေါင်းစပ်ထားသည့် အသွင်သဏ္ဌာန်တို့ကို မြင်လိုက်ရသည်၌ ဘုရင်ဧကရာဇ်အား မြတ်နိုးသည့်စိတ်၊ ကြည်ညိုလေးစားစိတ်တို့သည် နီကိုလေ၏ရင်ထဲသို့ အလုံးအရင်းနှင့် ဝင်ရောက်လာကြပြန်လေသည်။ ဘုရင်ဧကရာဇ်မင်းမြတ်သည် ပရီယိုဗရာဇင့် တပ်ရင်းစစ်ဝတ်စုံကို ဆင်မြန်းတော်မူလျက် ဒရယ်ရေ ဒူးကျပ်ဘောင်းဘီ၊ ဖိနပ်ရှည်တို့ကို ဝတ်ဆင်တော်မူကာ ရင်ဘတ်၌ နီကိုလေ မမြင်ဖူးသေးသော ဆုတံဆိပ်တော် (၎င်းမှာ ပြင်သစ်ဆုတံဆိပ် ဖြစ်သည်။)ကို ဆင်ယင်၍ ဆင်ဝင်ဝသို့ ထွက်တော်မူလာလေ


www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်အိတ်ကို ဝတ်ဆင်ထား၍ ဦးထုပ်ကိုမူ လက်မောင်းတွင် ညှပ်၍ ထားလေသည်။ ဘုရင်မင်းမြတ်သည် ရပ်တော်မူ၍ ပတ်ဝန်းကျင်ကို ကြည့်တော်မူလိုက်သည်တွင် ပတ်ဝန်းကျင်မှရှိရှိသမျှ အရာတိုင်းသည် ထိုအကြည့်ကြောင့် ဝင်းထိန်သွားသည်ဟု မှတ်ထင်ရ၏။ ထို့နောက် အချို့စစ်ဗိုလ်ချုပ်ကြီးများနှင့် စကားအနည်းငယ်ပြောဆိုနေရာမှ စောစောက ဗိုလ်ချုပ်ကြီးကို မြင်လိုက်သည့်အတွက် ပြုံးတော်မူလျက် လက်ယပ်၍ ခေါ်တော်မူ၏။

နောက်တော်ပါးအခြွေအရံများမှာ အဝေးသို့ ရှဲပေးလိုက်ကြလေရာ ဗိုလ်ချုပ်ကြီးသည် ဘုရင်မင်းမြတ်ထံ တစ်စုံတစ်ရာကို အတန်ကြာမျှ လျှောက်တင်ပြောဆိုလျက်ရှိလေသည်။

ဘုရင်မင်းမြတ်သည် ဗိုလ်ချုပ်ကြီးအား တစ်ခွန်းနှစ်ခွန်းမျှသာ မြွက်ဟတော်မူပြီး မြင်းဆီသို့ လှမ်းကြွတော်မူလာသည်။ နောက်တော်ပါ အခြွေအရံများနှင့် လာရောက်ကြည့်ရှုဖူးမြော်သူများ (ထိုအထဲ၌ နီကိုလေလည်းပါသည်။) သည်ရှေ့နားသို့ တိုးလာကြပြန်သည်။ ဘုရင်မင်းမြတ်သည် လက်တော်ကို ကုန်းနှီးပေါ်သို့တင်လျက် စီးတော်မြင်းကြီးအနီးတွင် ရပ်နေရာမှ စောစောက မြင်းတပ်ဗိုလ်ချုပ်ကြီးသို့ လှမ်း၍ အားလုံး ကြားနိုင်လောက်သော အသံဖြင့်–

"ကျုပ် မတတ်နိုင်ပေဘူးဗျ ဗိုလ်ချုပ်ကြီး၊ ကျုပ်မတတ်နိုင်ပေဘူး။ တရားဥပဒေက ကျုပ်ထက် ဘုန်းတန်ခိုးကြီးပေတယ်"ဟု မိန့်တော်မူ၍ ခြေနင်းကွင်းပေါ်သို့ တက်တော်မူလိုက်၏။

ဗိုလ်ချုပ်ကြီးသည် ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။ ထို့နောက်၌ကား ဘုရင်မင်းမြတ်သည် မျုးမတ်ဗိုလ်ပါတို့ ခြံရံလျက် လမ်းတစ်လျှောက် ဒုန်းစိုင်း၍ စီးသွားလေသည်။ နီကိုလေသည် စိတ်အားထက်သန်စွာဖြင့် လအုပ်ကြီးနှင့်အတူ ရောနှောကာ နောက်မှ ပြေးလိုက်သွားလေသည်။

## အခန်း ၂၁

ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်သည် လက်ယာဘက်၌ ပရိယိုဗရာဇင့်တပ်ရင်းတစ်ရင်း၊ လက်ဝဲဘက်၌ ဝက်ဝံရေဦးထုပ်ဆောင်း ပြင်သစ်ကိုယ်ရံတော် တပ်ရင်းတစ်ရင်း အသီးသီး မျက်နှာချင်းဆိုင်ရှိသည့် ဗိုလ်ရှုခံကွက်လပ်သို့ ကြွလာတော်မူလေသည်။

ဇာဘုရင်မင်းမြတ်သည် လက်နက်များမြောက်၍ အရိုအသေပြုနေသော တပ်ရင်း၏ အခြားတစ်ဖက်မှ စီးလာစဉ်၌ အခြားတစ်ဖက်မှလည်း မြင်းစီးသူရဲတစ်စုသည် တဟုန်ထိုးလာလျက်ရှိလေရာ ထိုမြင်းစီးသူရဲရှေ့၌ နပိုလီယန်ကို နီကိုလေ မြင်လိုက်ရသည်။ နပိုလီယန်သည် မြင်းကို ဒုန်းစီးလာခဲ့၍ ဦးထုပ်ခပ်သေးသေးကို ဆောင်းထားလျက် အဖြူရောင်အင်္ကျီပေါ်၌ အပြာရောင်စစ်ဝတ်စုံကို ဝတ်ထားပြီး ပခုံးတွင် ရုရှားဘုရင်မင်းမြတ်က ချီးမြှင့်တော်မူသော စိန့်အင်ဒရူး ရွှေစလွယ်ကြီးကို ဆင်ယင်ထား၏။ နပိုလီယန်၏ စီးတော်မြင်းကြီးမှာ အမျိုးသန့်သန့် အမွေးအမှင်ချောချော မောင်းဝတ်ရောင်အာရပ် မြင်းကြီးဖြစ်၍ ပန်းရည်သွေးပေါ်တွင် ရွှေခြည်ဖောက်ထားသော ခြုံထည် လွှမ်းထား၏။ ဇာဘုရင်မင်းမြတ်၏အပါးသို့ ရောက်သည်တွင် ဦးထုပ်ကို ချွတ်၍ အရိုအသေပြုလိုက်ရာ နပိုလီယန်သည် မြင်းကုန်းပေါ်တွင် ကောင်းစွာ မထိုင်တတ်သေးကြောင်းကို မြင်း[illegible]တပ်သားတစ်ယောက်၏ မျက်စိဖြင့် နီကိုလေ သတိထားလိုက်မိလေသည်။ ပြင်သစ်နှင့် ရုရှားတပ်ရင်းများသည် "အရှင်ဧကရာဇ်နှစ်ပါး သက်တော်ရာကျော်ရှည်ပါစေ"ဟု အော်ဟစ်ကောင်းချီးသြဘာပေးကြ၏။ နပိုလီယန်သည် ဇာဘုရင်မင်းမြတ်အား တစ်စုံတစ်ရာ ပြောဆိုလျှောက်တင်ပြီးနောက် မင်းနှစ်ပါးသည် မြင်းများပေါ်မှ ဆင်းသက်တော်မူကြကာ လက်ဆွဲနှုတ်ဆက်တော်မူကြ၏။ နပိုလီယန်၏ မျက်နှာတွင် နှစ်လိုဖွယ်မရှိသောဟန်ဆောင်အပြုံးကို မြင်ရလျက် ဇာဘုရင်မှာမူ နပိုလီယန်အား တစ်စုံတစ်ရာကို ချိုသာစွာ မိန့်မြွက်တော်မူလျက် ရှိလေသည်။

ပြင်သစ်ကိုယ်ရံတော်တပ်သားများ၏ မြင်းများ လှုပ်လှုပ်ရွရွဖြစ်နေခြင်းကြောင့် ပရိသတ်မှာ နောက်သို့ ရှဲပေးနေကြရသော်လည်း နီကိုလေမှာမူ မင်းနှစ်ပါးကိုသာ စိုက်၍ ကြည့်နေမိသည်။ ဘုန်းတော်ကြီးသော ဘုရားသည် နပိုလီယန်အား တန်းတူရည်တူ ဆက်ဆံ၍ နပိုလီယန်ကလည်း ဇာဘုရင်နှင့် ဆက်ဆံရာ၌ နေ့စဉ်ပြုနေကျ အလုပ်တစ်ခုကို ပြုလုပ်နေသည့်ပမာ တစ်စုံတစ်ရာ ခက်ခဲခြင်းမရှိဘဲ အလွယ်တကူ ဆက်ဆံခြင်းကို တွေ့ရသော အခါ၌ နီကိုလေမှာ အံ့အားသင့်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော်ပါ အခြွေအရံများနှင့်အတူ မင်းနှစ်ပါးသည် ပရီယိုဗရာဇင့်တပ်ရင်း လက်ယာတောင်ပံအနီးသို့ ကြွရောက်လာကာ ထိုနေရာအနီးတစ်ဝိုက်တွင် ကြည့်ရှုနေကြသည့် လူအုပ်ထဲသို့ တည့်တည့်ကြီး ကြွလာကြလေရာ လူအုပ်ကြီးမှာ မမျှော်လင့်ဘဲ မင်းနှစ်ပါးကို အနီးကပ်၍ ဖူးမြင်ရလေသည်။ ရှေ့ဆုံးတန်းတွင် ရပ်မိလျက်သား ဖြစ်နေသည့် နီကိုလေမှာ မိမိအား မှတ်မိသွားလေမည်လောဟု စိုးရိမ်လျက် ရှိပေသည်။

"အကြည်တော်မင်းမြတ် အကြည်တော်မင်းမြတ်၏ စစ်သည်ရဲမက်များအနက်မှ သူရသတ္တိအပြောင်မြောက်ဆုံးသောသူကို ပြင်သစ်ပြည်၏အမြင့်ဆုံးသော ဆုတံဆိပ်တော် ချီးမြှင့်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်"

ထိုအသံမှာ လူပုကလေးနပိုလီယန်က ဇာဘုရင်မင်းမြတ်၏ ရွှေမျက်နှာတော်ကိုကြည့်၍ လျှောက်တင်လိုက်သော အသံဖြစ်၏။ ဇာဘုရင်မင်းမြတ်သည် ဂရုစိုက်၍ နားထောင်ပြီးနောက် ခေါင်းကို ညိတ်တော်မူ၍ ချိုသာစွာ ပြုံးတော်မူလိုက်၏။

"ပြီးခဲ့သော စစ်ပွဲတွင် အရဲရင့်ဆုံးစစ်သည်ရဲမက်ကို ချီးမြှင့်လိုပါသည် အကြည်တော်မင်းမြတ်"နပိုလီယန်က နီကိုလေ၏ မျက်စိတွင် ကြည့်၍မရလောက်အောင် ဖြစ်နေသော ဣန္ဒြေသမ္မတ္တိဖြင့် တစ်လုံးချင်း လျှောက်တင်ကာ လက်နက်ကိုကိုင်လျက် ဇာဘုရင်မင်းမြတ်ကို တည့်တည့်ကြည့်၍ အလေးပြုနေသော ရုရှားတပ်သားများဘက်သို့ လှမ်းကြည့်၍ ပြောလိုက်သည်။

"ကျွန်ုပ်အား တပ်မှူးများနှင့်တိုင်ပင်ခွင့် ပြုတော်မူပါမည့်အကြောင်း သိစေအပ်ပါသည် အကြည်တော်"ဟု ဇာဘုရင်မင်းမြတ်က မိန့်တော်မူလျက် ပရီယိုဗရာဇင့် တပ်မှူးဖြစ်သူ မင်းသားကြီးကိုဇလော့စကီသို့ လှမ်း၍ တိုင်ပင်တော်မူသည်။

ထိုအခိုက်၌ ဘိုနာပတ်သည် ၎င်း၏ ဖြူဖွေးသေးငယ်သောလက်မှ လက်အိတ်ကိုချွတ်၍ ဆုပ်ပစ်လိုက်ပြီး လွှင့်ပစ်လိုက်လေသည်၊ ကိုယ်ရံတော်ဗိုလ်တစ်ယောက်သည် ပြေးတက်လာကာ လက်အိတ်ကို ကောက်ယူလိုက်၏။

"ဘယ်သူ့ကို ချီးမြှင့်ရမလဲ မင်းသားကြီးရဲ့ လျှောက်စမ်းပါဦး"ဇာဘုရင်မင်းမြတ်က ရုရှားဘာသာဖြင့် မင်းသားကြီး ကိုဇလော့စကီကို ခပ်တိုးတိုးမေးတော်မူသည်။

"မှန်လှပါ ဘုန်းတော်ကြီးလှသောဘုရား ကြိုက်နှစ်သက်သူကို ချီးမြှင့်နိုင်ကြောင်းပါဘုရား"ဇာဘုရင်မင်းမြတ်သည် အလိုတော်မကျဟန်ဖြင့် မျက်မှောင်ကုတ်တော်မူ၍ လှည့်ကြည့်တော်မူပြန်ကာ

"ငပြူ ငမည်းကိုတော့ ကျုပ်တို့က ရွေးပေးရပေလိမ့်မယ်ဗျ"

မင်းသားကြီးကိုဇလော့စကီသည် စစ်သည်ရဲမက်များကို လှမ်းမျှော်ကြည့်လိုက်လေရာ နီကိုလေကိုလည်း မြင်သွားလေသည်။ နီကိုလေမှာ ငါ့ကိုများ ချီးမြှင့်လေဦးမည်လောဟုပင် စိတ်ထဲတွင် တွေးလိုက်မိသေးသည်။

"လာဇာရက်"တပ်မှူးက မျက်နှာထား တင်းတင်းဖြင့် ခေါ်လိုက်သည်တွင် ရှေ့ဆုံးတန်း၌ ရပ်နေသော လာဇာရက်အမည်ရှိ တပ်သားသည် ရှေ့သို့ တက်လာလေသည်။

"ဟေ့လူ ဘယ်သွားဦးမလို့လဲ၊ ကိုယ့်နေရာကိုယ် ရပ်နေလေ"ဟု အချို့က ပြောကြသည်တွင် လာဇရက်မှာ မည်သည့်နေရာကို သွားရမည်မသိဘဲ ရပ်နေမိသည်။ လာဇာရက်သည် တပ်ရင်းမှူးကို ကြောက်လန့်တကြား ကြည့်နေသည်။ ၎င်း၏ မျက်နှာကား တပ်ရှေ့သို့ ခေါ်အထုတ်ခံရသော တပ်သားတို့၏ ထုံးစံအတိုင်း ရှုံ့မဲ့လျက် ရှိ၏။

နပိုလီယန်သည် နောက်သို့ငဲ့၍ကြည့်လိုက်ပြီးနောက် တစ်စုံတစ်ရာကို လှမ်းယူလိုသည့်ဟန်ဖြင့် ၎င်း၏ သေးကွေးနုနယ်သောလက်ကလေးကို နောက်သို့ကမ်းလိုက်၏။ ဤတွင် နပိုလီယန်၏ အလိုတော်ကို သိပြီးသားဖြစ်သော နောက်တော်ပါ အခြွေအရံများသည် တစ်ဦးကို တစ်ဦး တီးတိုးတိုင်ပင်လျက် ရှိကြသည်။ ခဏကြာလျှင် ယမန်နေ့က ဘိုးရစ်စ်၏အိမ်တွင် နီကိုလေတွေ့မြင်ခဲ့ရသော သက်တော်စောင့်ဗိုလ်ကလေးသည် ပြေးလာကာ နပိုလီယန်၏ ဆန့်တန်းထားသော လက်ရှေ့တွင် ဦးညွှတ်အရိုအသေပြုရင်း ရင်သိုင်းစလွယ်ကြိုးအနီတပ်ထားသော ရွှေတံဆိပ်တစ်ခုကို ဆက်လိုက်သည်။ နပိုလီယန်သည် စလွယ်နီတပ် ရွှေတံဆိပ်ကို မကြည့်ဘဲ လက်နှစ်ချောင်းဖြင့် ညှပ်၍ယူလိုက်ပြီးနောက် (ဇာဘုရင်မင်းမြတ်အား မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ဖူးမြော်နေသော) လာဇာရက်၏



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ချဉ်းကပ်လာကာ မိမိသည် အကြည်တော် မဟာမိတ်ရွှေနန်းရှင်၏ကိုယ်စား ယခုကဲ့သို့ ရွှေတံဆိပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း လျှောက်တင်ဟန်ဖြင့် ရုရှားဘုရင်၏ မျက်နှာတော်ကို လှမ်းကြည့်၏။ ထို့နောက် ရွှေတံဆိပ်ကိုင်ထားသော သေးငယ်ဖြူဖွေးသည့်လက်ဖြင့် လာဇာရက်၏ ရင်ဘတ်ပေါ်မှ ကြယ်သီးကိုထိလိုက်သည်။ ဤအပြုအမူမှာ မိမိ၏လက်တော်ဖြင့်ထိခြင်းဖြင့် ထိုတပ်သားသည် ပျော်ရွှင်ကြည်နူး၍ ဆုတံဆိပ်တော်များ ချီးမြှင့်ခြင်းခံရကာ ကမ္ဘာပေါ်တွင် အများနှင့်မတူထူးခြားသည့်တပ်သားတစ်ယောက်ဖြစ်စေဟု မန်းမှုတ်လိုက်သကဲ့သို့ ထင်ရလောက်အောင် ဟန်ပါလှပါပေသည်။ နပိုလီယန်သည် ဆုတံဆိပ်တော်ကို လက်ဖြင့်ဖိ၍ ရင်ဘတ်ပေါ်တွင် တင်ရုံသာ တင်ပေးလိုက်ပြီး၊ လက်ကို ပြန်ရုပ်၍ ရွှေတံဆိပ်တော်သည်တပ်သား၏ ရင်ဘတ်ပေါ်တွင် မိမိ၏ ဘုန်းတန်ခိုးကြောင့် ကပ်၍နေပါလိမ့်မည်ဟူသော အကြည့်မျိုးဖြင့် ဇာဘုရင်မင်းမြတ်ကို လှမ်းကြည့်လိုက်သည်။ ကံအားလျော်စွာပင် တံဆိပ်သည် တပ်သား၏ ရင်ဘတ်တွင် တကယ်ကပ်လျက် ရှိလေသည်။

ဤတွင် ပြင်သစ်နှင့်ရုရှားအမှုတော်ထမ်းများသည် ရွှေတံဆိပ်ကိုကိုင်ကာ လာဇာရက်၏စစ်ဝတ်စုံတွင် ထိုးပေးကြ၏။ လာဇာရက်သည် ဖြူဖွေးသောလက်များပိုင်ရှင် နပိုလီယန်အား ငေးစိုက်ကြည့်ရင်း လက်နက်ကိုမြှောက်၍ အရိုအသေပေးရာမှ မိမိနောက်ထပ် ဘာလုပ်ရဦးမည်နည်း ဟူသောအကြည့်ဖြင့် ဇာဘုရင်၏ မျက်နှာတော်ကို ဖူးနေပြန်၏။ သို့ရာတွင် မည်သည့်အမိန့်မျှမရရှိရကား လာဇာရက်သည် ထိုအနေအထားအတိုင်း တောင့်တောင့်ကြီး ရပ်မြဲရပ်လျက် ရှိလေသည်။

အရှင်ဧကရာဇ်နှစ်ပါးသည် မြင်းတော်များပေါ်သို့တက်၍ ပြန်ကြွသွားတော်မူကြ၏။ ပရိယိုဗရာဇင့်တပ်ရင်းသည် တန်းဖြုတ်၍ ပြင်သစ်ကိုယ်ရံတော်တပ်များနှင့် ရောနှောကာ ညစာစားပွဲအတွက် ပြင်ဆင်ထားသည့်စားပွဲများတွင် ဝင်၍ထိုင်ကြလေသည်။

လာဇာရက်ကား ဂုဏ်ပြုအပ်သောအထူးနေရာတွင် ထိုင်ရ၏။ ပြင်သစ်နှင့်ရုရှားတပ်သားများသည် လာဇာရက်ကို ပွေ့ဖက်ကြ၊ ချီးကျူးကြ၊ လက်ဆွဲနှုတ်ဆက်ကြဖြင့် အထွေထွေ ဖြစ်လျက်ရှိကြ၏။ ကွက်လပ်ထဲတစ်ဝိုက်၌ကား ပြင်သစ်စကားသံ၊ ရုရှားစကားသံ၊ ရယ်မောသံတို့ဖြင့် ဆူညံလျက် ရှိလေသည်။ များစွာ ရွှင်လန်းအားရဟန်ဖြင့် မျက်နှာနီရဲလျက်ရှိသော တပ်ဗိုလ်နှစ်ဦးသည် နီကိုလေ၏ အနီးမှ ဖြတ်သန်းသွားကြ၏။

"ညစာစားပွဲကတော့ ခမ်းနားပါပေ့ဗျာ။ အားလုံးငွေပန်းကန်ပြားတွေနဲ့ချည်း ကျွေးမှာတဲ့ဗျ။ ဒါထက်သွေးသောက်ကော လာဇာရက်ကိုမြင်ခဲ့ပလား" တစ်ယောက်က မေးလိုက်သည်။

"မြင်ခဲ့ရပြီဗျ"

"မနက်ဖြန်ကျတော့လဲ ပရိယိုဗရာဇင့်တပ်ရင်းက လာဇာရက်ကို ဂုဏ်ပြုမယ့် ညစာစားပွဲကြီး တည်ခင်းဦးမယ်လို့ ကြားရတယ်ဗျ"

"ဟုတ်တယ် ကျုပ်လဲ ကြားတယ်၊ လာဇာရက်ဆိုတဲ့လူကတော့ တကယ်ကံကောင်းတဲ့လူပေပဲဗျာ၊ ရိက္ခာလစာတော်အဖြစ် ပြင်သစ်ဒင်္ဂါးထောင့်နှစ်ရာလဲ ရဦးမယ်ဗျ"

"ဗျို့ရောင်းရင်းတို့၊သွေးသောက်တို့ ဦးထုပ်တစ်လုံးကောက်ရထားတယ်ဗျို့၊ လာယူပါ"ပရီယိုဗရာဇင့်တပ်သားတစ်ယောက်သည် အမွေးဖွားဖွားရှိသော ပြင်သစ်ဦးထုပ်တစ်လုံးကိုဆောင်း၍ အော်နေသည်။

"ဦးထုပ်ကတော့ ပထမတန်းပဲဗျို့"

"ဗျို့ သွေးသောက် စကားဝှက်ကိုသိပြီးပလား"ဟု ရုရှားကိုယ်ရံတော်တပ်သားတစ်ဦးက ပြင်သစ်ကိုယ်ရံတော်တပ်သားတစ်ဦးကို မေးနေသံ ကြားရ၏။

"တစ်မြန်နေ့တုန်းက စကားဝှက်က 'နပိုလီယန်ပြင်သစ်နိုင်ငံတော်ကြီးအောင်ပါစေ'တဲ့ဗျ။ မနေ့က စကားဝှက်ကတော့ 'အလက်ဇန်းဒရား ရုရှနိုင်ငံတော်ကြီး အစွန့်ရှည်ပါစေ'တဲ့ဗျ။ ပထမနေ့တုန်းက စကားဝှက်ကို ရုရှားဘုရင်မင်းမြတ်ကပေးပြီး ဒုတိယနေ့ စကားဝှက်ကိုတော့ နပိုလီယန်ကပေးသတဲ့။ နှစ်ပြည်တစ်ပြည် သဟာယမဟာမိတ်အဖြစ်ချစ်ကြည်မှုကို ပြတဲ့သဘောပဗျာ။ မနက်ဖြန်ကျရင်လဲ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးသော ဘုရားက ပြင်သစ်ကိုယ်ရံတော်တပ်က အရဲရင့်ဆုံး တပ်သားကို ရုရှားပထမတန်း ရွှေတံဆိပ်တော်ကြီး ချီးမြှင့်တော်မူဦးမတဲ့ဗျ။ တစ်ဦးရဲ့မေတ္တာကို တစ်ဦးကတုံ့ပြန်လို့၊ တစ်ဦးရဲ့စေတနာကို ဘစ်ဦးကလေးစားလို့ ချစ်ကြည်မှုကို ပြရတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့ညနေတွင် ဘိုးရစ်စ်သည်လည်း ၎င်း၏ ရောင်းရင်း ဗီလင်စကီနှင့်အတူ ပရီယိုဗရာဇင့်တပ်ရင်း ညစာစားပွဲ ကျင်းပရာသို့ လာရောက်ကြည့်ရှုလေသည်။ အပြန်တွင် လမ်းထောင့်၌ရပ်နေသော နီကိုလေကို မြင်လိုက်သည်တွင်

"ဗျို့ ရောင်းရင်း ဘယ့်နှယ် အစောကြီး ထွက်သွားတာလဲဗျ။ ဘာမပြော ညာမပြော"ဟု နှုတ်ဆက်ကာ မည်သည့်အတွက် ယခုကဲ့သို့ မျက်နှာမသာမယာ ဖြစ်လျက်ရှိကြောင်းကို မေးမြန်းနေသည်။

"အို ဘာမှမဖြစ်ပါဘူးဗျာ၊ ဘာမှမဖြစ်ပါဘူး"

"ခင်ဗျား လျှောက်ကြည့်ဦးမလို့လား"

"ဟုတ်တယ် လျှောက်လိုက်ဦးမယ်"

နီကိုလေသည် လမ်းထောင့်တွင် အတန်ကြာရပ်ကာ အဝေးကွက်လပ်ကြီးထဲတွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသော ညစာစားပွဲကို ငေးကြည့်နေမိသည်။ ၎င်း၏ စိတ်ထဲ၌ကား နာကြည်းသော ဝေဒနာတစ်မျိုးကို ခံစားနေရ၏။ အကြောင်းရင်းကိုကား ရှာမတွေ့ချေ။ ကြောက်ဖွယ်ကောင်းသော သံသယများသည်လည်း တဖွားဖွား ပေါ်ပေါက်လာကြ၏။ ၎င်း၏ မျက်စိထဲတွင် စိတ်အညစ်ကြီး ညစ်နေသော ဒင်နီဆော့ဗ်၊ အားမတန်၍ မာန်လျှော့လိုက်ရသော ဒင်နီဆော့ဗ်၊ ဆေးရုံတွင် ပိုးလိုးပက်လက်ဖြစ်နေသော လူနာများ၊ လက်ပြတ်ခြေပြတ်များ၊ ညစ်ပတ်ပေကျံလျက်ရှိသော မြင်ကွင်းများ၊ ရောဂါသည်များကို မြင်ယောင်လာ၏။ အသေကောင်ပုပ်အနံ့ကြီးသည် နှာခေါင်းထဲသို့ စူးဝင်လာသည် ထင်မှတ်လိုက်ရသဖြင့် ဘေးသို့ပင် လှည့်ကြည့်လိုက်မိသေး၏။ ထို့နောက် ကျေနပ်ရွှင်မြူးလျက်ရှိ၍ သေးငယ်ဖြူဖွေးသော လက်ကလေးများရှိသော ဘိုနာပတ်၊ ယခုအချိန်တွင် ဘုရင်ဧကရာဇ်တစ်ဆူ ဖြစ်နေသော ဘိုနာပတ်၊ ဇာဘုရင်ကိုယ်တိုင်ကပင် ဘုရင်ဧကရာဇ်တစ်ဆူအဖြစ် ရှိသေခဲ့ညားရသော ဘိုနာပတ်တို့ကို မြင်ယောင်လာ၏။ ဤသို့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ကြမည်ဆိုလျှင် တိုင်သူပြည်သားများအား အဘယ်ကြောင့် သေတွင်းပို့ခဲ့ကြပါသနည်း။ တိုင်းသူပြည်သားများအား အဘယ်ကြောင့် ခြေပြတ်လက်ပြတ်များ၊ ဒုက္ခိတများအဖြစ်သို့ တွန်းပို့ခဲ့ကြပါသေးသနည်း။ နီကိုလေသည် ဤသို့တွေးရင်း ဆုံးတံဆိပ်ချီးမြှင့်ခြင်းခံရသော လာဇာရက်နှင့် ပြစ်ဒဏ်ပေးခြင်းခံရသော ဒင်နီဆော့ဗ်တို့ကို အမှတ်ရလာပြန်သည်။ သို့ဖြင့် နီကိုလေသည် ထူးဆန်းလှသော ဤအတွေးများထဲတွင် နစ်မြုပ်နေမိရင်းက ကြောက်လန့်လာလေသည်။

ပရီယိုဗရာဇင့် တပ်ရင်း၏ညစာစားပွဲမှ စားသောက်ဖွယ်ရန့်များနှင့် ဆာလောင်မွတ်သိပ်ခြင်းတို့ကြောင့် နီကိုလေ၏အတွေးများသည် ပျက်ပြယ်သွားကြ၏။ တပ်သို့ မပြန်ခင် တစ်ခုခု စားသွားရချေဦးမည်။ ထို့ကြောင့် နီကိုလေသည် နံနက်ကတွေ့ခဲ့သော စားသောက်ဆိုင်တစ်ဆိုင်ဆီသို့ လျှောက်လာခဲ့သည်။ စားသောက်ဆိုင်ထဲတွင်ကား လူတွေ တင်းကြမ်းပြည့်လျက်ရှိ၏။ အချို့ကား မိမိကဲ့သို့ အရပ်ဝတ်အရပ်စားဖြင့် တပ်မှထွက်၍ လာရောက်ကြည့်ရှုကြသူများ ဖြစ်လေရာ နီကိုလေသည် ညစာကို ခက်ခက်ခဲခဲ မှာယူရလေသည်။ မိမိတို့တပ်မမှ တပ်ဗိုလ်နှစ်ဦးလည်း နီကိုလေနှင့်အတူ လာရောက်စားသောက်ကြ၏။ ထုံးစံအတိုင်း ၎င်းတို့သည် စကားဝိုင်းဖွဲ့နေကြရာမှ ငြိမ်းချမ်းရေးပြဿနာသို့ ရောက်သွားကြသည်။ တပ်မတော်ထဲ၌ တပ်ဗိုလ်၊ တပ်ကြပ်၊ တပ်သားအများစုကဲ့သို့ပင် မိမိ၏ သွေးသောက်များဖြစ်ကြသော တပ်ဗိုလ်နှစ်ဦးသည်လည်း ဖရီလင်းတိုက်ပွဲပြီးမှ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်းကို မကျေမနပ် ဖြစ်လျက် ရှိကြ၏။ အကယ်၍သာ ရုရှားတပ်မတော်သည် နောက်ထပ် အချိန်အနည်းငယ် ဆွဲထား၍ တိုက်ပါက နပိုလီယန်မှာ ရိက္ခာလည်းပြတ်၊ ခဲယမ်းမီးကျောက်လည်း ကုန်ခမ်းနေပြီဖြစ်သည့်အလျောက် အရှုံးပေးရမည်ဟု တွက်ချက်ကြ၏။ နီကိုလေမှာ စားလိုက်သောက်လိုက် (အစားထက် အသောက်က ပိုများသည်။) ဖြင့် တိတ်ဆိတ်စွာ ထိုင်လျက်ရှိ၏။ ၎င်းတို့ စကားကောင်းနေကြချိန်၌ နီကိုလေမှာ အရက်နှစ်လုံးခန့် ကုန်ခဲ့လေပြီ။ ၎င်း၏ စိတ်ထဲ၌ နာကြည်းခံပြင်းသောဝေဒနာများ အတွေးများသည် ထွက်ပေါက်မရနိုင်ဘဲ ၎င်းကို ဖိစီးနှိပ်စက်လျက်ရှိကြ၏။ နီကိုလေသည် မိမိအား အင်နှင့်အားနှင့် ဖိ၍ တိုက်စစ်ဆင်နေကြသော အတွေးများကို အရှုံးပေးလက်ခံမိမည်ကို စိုးရိမ်လျက်ရှိသော်လည်း ထိုအတွေးများထဲမှ ရုန်းထွက်၍မရအောင် ဖြစ်လျက်ရှိသည်။ ထိုအခိုက် တပ်ဗိုလ်တစ်ဦးက ပြင်သစ်တပ်ဗိုလ်တပ်သားများကို ကြည့်ရသည်မှာ မိမိတို့အဖို့ များစွာ ဂုဏ်ပျက်လှကြောင်းဖြင့် ပြောလိုက်သည်တွင် နီကိုလေသည် ဖြုန်းဖြုန်းဒိုင်းဒိုင်း


www.burmeseclassic.com

ထ၍ အော်ဟစ်တော့သဖြင့် တပ်ဗိုလ်များပင် အံ့အားသင့်သွားကြသည်။

"ဘာဖြစ်လို့ ဂုဏ်ပျက်ရမှာလဲ။ ခင်ဗျားက ဘယ်လောက် တတ်လို့လဲ"နီကိုလေသည် မျက်နှာကြီးနီရဲ၍ အော်လိုက်၏။ "ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ရဲ့ ဆောင်ရွက်တော်မူချက်တွေကို ခင်ဗျားက ဘယ်လောက် နားလည်လို့ ဝေဖန်ရတာလဲဟင်။ ကျုပ်တို့ ခင်ဗျားတို့က ဘာနားလည်လို့လဲ။ ဘာသိလို့လဲ။ ဘုရင်မင်းမြတ်ရဲ့ ဆောင်ရွက်ချက်တွေ၊ အကြံအစည်တွေကို ကျုပ်တို့ ခင်ဗျားတို့လို ပေါ်မွှားတွေက ဘာသိမှာလဲ"

"အို ကျုပ်က ဘုရင်မင်းမြတ်နဲ့ ပတ်သက်လို့ ဘာမှမပြောရပါကလား ရောင်းရင်းရ"တပ်ဗိုလ်က နီကိုလေ၏ ပေါက်ကွဲမှုကို နားမလည်နိုင်ဘဲ ရှင်းလင်းချက် ထုတ်နေသည်။ နီကိုလေမှာ အရက်မူးနေပြီဟုလည်း အောက်မေ့လိုက်မိသည်။

သို့ရာတွင် နီကိုလေကမူ ၎င်း၏ ဖြေရှင်းချက်ကို လက်မခံ။ အော်မြဲအော်လျက် ရှိ၏။

"ကျုပ်တို့ဟာ စစ်သားတွဗျ၊ သံတမန်တွေ မဟုတ်ဘူး၊ တိုင်းရေးပြည်ရေးကို ကျုပ်တို့ နားမလည်ဘူး။ အမိန့်က သေဆိုရင်သေရမှာပဲ။ အပြစ်ဒဏ်ပေးရင်လဲ ခံရမှာပဲ။ ခံသင့်လို့ ခံရတာပဲ။ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်က ဘိုနာပတ်ကို ဘုရင်ဧကရာဇ်အဖြစ် အသိအမှတ်ပြုပြီး နှစ်ပြည့်တစ်ပြည် မဟာမိတ်ဖွဲ့တော့ ကော ဘာဖြစ်သလဲ။ လုပ်သင့်လို့ လုပ်တာပဲ။ မှန်လို့လုပ်တာပဲ။ ကျုပ်တို့က ဘာပြောစရာရှိသလဲ။ ကျုပ်တို့ ခင်ဗျားတို့လို ပေါ်မွှားတွေက နေရာတကာ ဝေဖန်နေလို့ ရှိရင် ရှင်ဘုရင်လဲမထားကြနဲ့၊ ဘာမှမထားကြနဲ့။ ပေါ်မွှားတွေက နေရာတကာဝေဖန်နေရင် လောကကြီးမှာ မြတ်သောအရာ၊ ကိုးကွယ်အပ်သောအရာ၊ ဆည်းကပ်အပ်သော အရာဆိုလို့ ဘာမှရှိတော့မှာ မဟုတ်ဘူး။ ထာဝရဘုရား သခင်လဲရှိတော့မှာ မဟုတ်ဘူး၊ဒါလိုသာ ဘုရင့်အလုပ်ကို တိုင်းသူပြည်သားတွေက ဝင်ပြောနေကြရင် ကမ္ဘာကြီး ပျက်ဖို့ပဲ ရှိတော့တယ်ဗျ သိလား"

နီကိုလေသည် စားပွဲကို လက်သီးဖြင့် တဒုန်းဒုန်း ထု၍ ဒေါသတကြီး အော်နေသည်။ နီကိုလေ၏ စကားများသည် အခြားသော တပ်ဗိုလ်များအဖို့ နားလည်နိုင်စရာမရှိသော်လည်း ၎င်း၏ရင်ထဲတွင် တနုံ့နုံ့ဖြစ်နေသော အတွေးများနှင့်ကား အံကိုက်လျက် ရှိပေသည်။

"ငြိမ်းချမ်းရေးစာချုပ် ချုပ်တာကို ကောင်းသလေး၊ မကောင်းဘူးလေး ဘယ်သူမှ ပြောမနေကြနဲ့။ တိတ်ဒါတွေဟာ ကျုပ်တို့စစ်သားတွေရဲ့အလုပ် မဟုတ်ဘူး။ ကျုပ်တို့အလုပ်က စဉ်းစားဝေဖန်ဖို့ မဟုတ်ဘူး။ ကျုပ်တို့ အလုပ်က အမိန့်ကိုနာခံဖို့၊ တာဝန်ကို ထမ်းဆောင်ဖို့၊ စစ်တိုက်ဖို့ ဒါပဲ"

"သောက်ဖို့လဲ ပါပါသေးတယ်ဗျ"

တပ်ဗိုလ်တစ်ယောက်က စကားမများလိုသဖြင့် ပြက်လုံးထုတ်လိုက်သည်။

"ဟုတ်တယ် ပြီးတော့ သောက်ဖို့၊ ဘာဖြစ်သလဲ။ သောက်မယ်၊ ဟေ့ နောက်ထပ်တစ်ပုလင်း"

နီကိုလေက လှမ်းအော်လိုက်လေသတည်း။

## အခန်း ၂၂

၁၈၀၈-ခုနှစ်၌ ဘုန်းတော်ကြီးသော အလက်ဇန်းဒရားဘုရင်သည် ဧကရာဇ်ဘုရင် နပိုလီယန်နှင့် နောက်ထပ်တွေ့ဆုံစည်းဝေးရန်အတွက် အားဖတ်မြို့သို့ ကြွမြန်းတော်မူသည်တွင် ပီတာစဘတ်ရွှေမြို့တော်၌ မင်းဧကရာဇ်နှစ်ပါး၏ ထိုတွေ့ဆုံဆွေးနွေးပွဲ ကြီးကျယ်ခမ်းနားပုံကို အုတ်အော်သောင်းတင်း ပြောဆိုလျက် ရှိကြ၏။

၁၈၀၉-ခုနှစ်တွင် 'ကမ္ဘာပေါ်ရှိ ထီးဆောင်းမင်းတို့၏ အရှင်နှစ်ပါး'ဟုခေါ်ကြသော အလက်ဇန်းဒရားဘုရင်နှင့် နပိုလီယန်တို့၏ သဟာယမဟာမိတ်အဖြစ် ချစ်ကြည်ရင်းနှီးမှုမှာ များစွာ ကောင်းမွန်တိုးတက်လျက်ရှိရကား နပိုလီယန်က ဩစတြီးယားနိုင်ငံကို ချီတက်တိုက်ခိုက်သည့်အခါ၌ ရုရှားတပ်ဖွဲ့ကြီးတစ်တပ်သည် ၎င်း၏ ရန်သူဟောင်းဖြစ်သော ဘိုနာပတ်ဘက်မှနေ၍ ၎င်း၏ မဟာမိတ်ဟောင်းဖြစ်သော ဩစတြီးယားနိုင်ငံပြည့်ရှင် ဧကရာဇ်ကို တိုက်ခိုက်ရန်အတွက် နယ်စပ်ကို ဖြတ်ကျော်ချီတက်လာခဲ့ပြန်လေသည်။ နပိုလီယန်သည် အလက်ဇန်းဒရားဘုရင်၏ နှမတော်တစ်ဦးနှင့် စုလျားရစ်ပတ်ခြင်း ပြုတော့မည်ဟူ၍လည်း ရွှေနန်းတော်အသိုင်းအဝိုင်းများ၌ သတင်းဖြစ်ပွားလျက် ရှိလေသည်။ သို့ရာတွင် ထိုအချိန်၌ ရုရှားပြည်သူ



www.burmeseclassic.com

www.burmeseclassic.com


ပြည်သားများသည် ဘုရင်မင်းမြတ်၏ နိုင်ငံခြားဆက်ဆံရေးကိစ္စအဝဝကို အာရုံမပြုနိုင်ကြဘဲ ဘုရင့်ရွှေနန်းတော် အုပ်ချုပ်ပုံ ပြောင်းလဲရေးစသော ပြည်တွင်းကိစ္စများကိုသာ စိတ်ဝင်စားလျက် ရှိကြလေသည်။

ဤအတောအတွင်း၌ကား ကျန်းမာခြင်းနှင့် မကျန်းမာခြင်း၊ ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ရခြင်းနှင့် နားနေရခြင်း စသော 'ရုပ်ဘဝ၏ အခြင်းအရာများ'နှင့် တကွ အဘိဓမ္မာ၊ သိပ္ပံပညာ၊ ကဗျာ၊ ဂီတ၊ ချစ်ခြင်း၊ မုန်းခြင်း၊ မိတ်ဆွေသဖွယ်ဆက်ဆံခြင်း၊ လောဘ၊ မောဟ၊ ဒေါသ စသော ဝေဒနာများကိုခံစားရခြင်း စသည့် 'စိတ်ဘဝ၏ အခြင်းအရာများ'စသည်တို့ ပြိုးပြွမ်းပါဝင် လျက်ရှိသော ကေန်အမှန်ဖြစ်သော လူ့ဘဝကြီးသည် အလက်ဇန်းဒရားနှင့် နပိုလီယန်တို့၏ သဟာယမဟာမိတ်အဖြစ် ချစ်ကြည်ခြင်း သို့မဟုတ် ရန်စစ်ပြုကြခြင်း၊ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် စီမံဆောင်ရွက်ခြင်း စသည့် အဖြစ်အပျက်များနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိဘဲ ၎င်း၏နိယာမအတိုင်း မှန်မှန်ကြီးဖြစ်ပေါ်လျက် ရှိပေသတည်း။

*


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

မင်းသားကလေး အင်ဒရေ တောကျေးလက်တွင် နေထိုင်ခဲ့သည်မှာ နှစ်နှစ်တာမျှ ကြာခဲ့လေပြီ။

ပီယာသည် မိမိ၏ပိုင်စားနယ်မြေပေါ်တွင် စီမံကိန်းအမျိုးမျိုး ရေးဆွဲ၍ ပြုပြင်ပြောင်းလဲမှုများကို တစ်ခုပြီးတစ်ခု လုပ်ဆောင်ခဲ့သော်လည်း မည်သည့်အရာကိုမျှ အောင်မြင်ခြင်း မရှိခဲ့ချေ။ သို့ရာတွင် မင်းသားကလေး အင်ဒရေကား ပီယာကြိုးစားခဲ့သမျှတို့ကို မိမိ၏ပိုင်စားနယ်မြေတွင် အကောင်အထည်ဖော်ခဲ့ရာ၌ များစွာခက်ခဲခြင်းမရှိဘဲ အလွယ်တကူဖြင့် အောင်မြင်ခဲ့သည်ချည်း ဖြစ်ပေ၏။

မင်းသားကလေး အင်ဒရေမှာ ပီယာတွင် မရှိသော အရည်အချင်းများဖြစ်သည့် တစ်ခုခုကို မရမနေ စွဲစွဲမြဲမြဲ လုပ်ဆောင်တတ်ခြင်း၊ သို့ဆောင်ရွက်ရာတွင်လည်း အလျင်စလိုမလုပ်ဘဲ ပိပိရိရိ စေ့စေ့စပ်စပ် လုပ်ကိုင်တတ်ခြင်းတို့ကြောင့် ၎င်း၏လုပ်ငန်းများမှာ အစစအရာရာ ပြေပြစ်ချောမောလျက် ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် ၎င်း၏ပိုင်စားနယ်မြေအချို့၌ မြေကျွန်ပေါင်းသုံးရာကို ဆားမဲ့လွတ်ပေးခဲ့ကာ လွတ်လပ်သော မြေယာအလုပ်သမားအဖြစ်သို့ ထူထောင်ပေးခဲ့၏။ ဤဆောင်ရွက်ချက်မှာ ရုရှားတစ်ပြည်လုံးတွင် ပထမဆုံးဖြစ်သော စံပြဆောင်ရွက်ချက်တစ်ခု ဖြစ်လေသည်။ မင်းသားကလေးအင်ဒရေ၏ အချို့သော ပိုင်စားနယ်မြေများတွင်မူ မြေကျွန်များအား မလုပ်မနေရ အခမ့္ခိုင်းစေသော စနစ်ကို ဖျက်သိမ်း၍ လုပ်ခကြေးငွေဖြင့် စေခိုင်းခြင်းစနစ်ကို တီထွင်ခဲ့၏။ ထို့မျှမက မိမိ၏ပိုင်စားနယ်မြေဖြစ်သော ဘိုဂူချာရိုဗို၌ မိမိ၏စရိတ်ဖြင့် တတ်ကျွမ်းသော ဝမ်းဆွဲသည် တစ်ယောက်ကို ငှားရမ်းထားရှိ၍ လယ်သမားများနှင့် မြေကျွန်များ၏ သားသမီးများကို အရေး၊အတွက်၊ အဖတ် သင်ကြားခြင်းပြုရန် ဘုန်းတော်ကြီး တစ်ပါးကိုလည်း ပင့်ဖိတ်ပေးထားခဲ့လေသည်။

မင်းသားကလေးအင်ဒရေသည် တစ်လလျှင် ဆယ့်ငါးရက်ကို တောင်ကတုံးဒေသရှိ ခမည်းတော်ကြီးနှင့် အထိန်းတော်၏ လက်ထဲတွင်ပင် ရှိနေသေးသောသားတော် ဘိုးအေချစ် မင်းသားကလေးတို့နှင့်အချိန်ဖြုန်း၏။ ကျန်အချိန်များကိုမူကား မိမိ၏ပိုင်စားနယ်မြေဖြစ်သော (မိမိ၏ ခမည်းတော်ကြီး ပေးထားသည့် နာမည်အရ) ‘ဘိုဂူချာရိုဗိုတောရ’တွင် အချိန်ကုန်လေသည်။ မင်းသားကလေး အင်ဒရေသည် ပီယာအား ဖွင့်ပြောခဲ့သည့်အတိုင်း လောကီလူမှုကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့သော်လည်း ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကာ စာပေကျမ်းဂန်များကို အမြဲတစေ ဖတ်ရှုလေ့လာလျက်ရှိလေရာ ကျေးတောတွင် အချိန်ကုန်လျက်ရှိသော မင်းသားကလေး အင်ဒရေမှာ နိုင်ငံတွင်း နိုင်ငံပ ဖြစ်ပျက်နေသော အရေးအခင်းများကို သိနားလည်ခြင်း၌ အကြားအမြင်အပြည့်အစုံဆုံးနေရာဖြစ်သည့် ပီတာစဘတ်ရွှေမြို့တော်မှ တစ်ခါတစ်ရံ ရောက်လာသော ဧည့်သည်များပင် လိုက်၍ မမီအောင်ဖြစ်နေခြင်းကို အံ့သြစွာ တွေ့ရ၏။

ဤသို့ဖြင့် မင်းသားကလေး အင်ဒရေသည် မိမိပိုင်စားနယ်မြေတွင် ပြုပြင်မှုများ ပြုလုပ်ခြင်း၊ စာပေများ ဖတ်ရှုခြင်း စသည်တို့ဖြင့် အလုပ်ရှုပ်လျက် ရှိရုံဖြင့် အားမရသေးဘဲ ပြီးခဲ့သည့် စစ်ပွဲနှစ်ပွဲ၌ မိမိတို့ဘက်မှ အရေးနိမ့်ခဲ့ရသည့်အကြောင်းရင်းများကိုလည်း ရှာဖွေစူးစမ်းလျက်ရှိကာ တပ်မတော်၏ စည်းကမ်းဥပဒေများ ပြုပြင်ပြောင်း



www.burmeseclassic.com

လဲရန်အတွက် စာတမ်းတစ်စောင်ကို ရေးသားပြုစုလျက်ရှိလေသည်။

၁၈၀၉–ခုနှစ် နွေဦးပေါက်၌ မင်းသားကလေး အင်ဒရေသည် မိမိ၏သားတော်ကလေးအား အမွေပေးပြီး၍ သားတော်ကလေး၏ အုပ်ထိန်းသူအဖြစ် မိမိက စီမံခန့်ခွဲလျက်ရှိသော ရာဇန်ပိုင်စားနယ်မြေဘက်သို့ ခရီးထွက်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေသည် နွေဦးရာသီ၏ ပူနွေးသောနေခြည်ကို ခံရင်း အမိုးဖွင့်ထားသော ရထားပေါ်တွင် ထိုင်လိုက်လာခဲ့ကာ စိမ်းနုစပြုလာသော မြက်ပင်များကိုလည်းကောင်း၊ ပြူထွက်စပြုပြီဖြစ်သော ပုရစ်ဖူးကလေးများကိုလည်းကောင်း၊ ပြာလဲ့ကြည်စင်သော ကောင်းကင်ပြာကြီး၌ တအိအိလွင့်နေကြသော နွေဦးတိမ်စတိမ်မျှင်များကိုလည်းကောင်း ကြည့်ရှုလာခဲ့လေသည်။ ထိုအချိန်၌ မင်းသားကလေး အင်ဒရေသည် မည်သည့်အရာကိုမျှ တွေးတောစဉ်းစားခြင်း မပြုမိချေ။ ပီတိဖြာသောစိတ်၊ ရွှင်လန်းသောမျက်နှာတို့ဖြင့် လမ်းဘေးဝဲယာကိုသာ ကြည့်၍ လိုက်ပါလာခဲ့လေသည်။

တစ်နှစ်က ပီယာနှင့်ရပ်၍ စကားပြောခဲ့သော ကူးတို့ဆိပ်ကိုရောက်ကြ၍ ဖြတ်ကူးခဲ့ပြီး ရွှံ့စပ်စပ်ထလျက်ရှိသော ရွာထဲမှ ဖြတ်လာခဲ့ကာ ကောက်တလင်းများကိုလည်းကောင်း၊ ဆောင်းရာသီကျွဲစိုက်ထားသည့် စိမ်းစိုသော လယ်တောများကိုလည်းကောင်း၊ တံတားအစွန်တွင် နှင်းခဲများတစ်ပိုင်းတစ်စကျန်နေသေးသော ဆင်ခြေလျှော လမ်းကလေးများကိုလည်းကောင်း၊ မိုးရေကြောင့် ရွှံ့စေးထကာ ချောက်ကျိုကြိုဖြစ်နေသော ကုန်းအတက်ကလေးများကို လည်းကောင်း၊ ရိုးပြတ်လယ်တောများနှင့် စိမ်းစိုသော ချုံပုတ်ကလေးများအနှံ့ ပေါက်နေသည့် မြုတ်တောကလေးများကိုလည်းကောင်းလွန်လာခဲ့ပြီးနောက် လမ်းဘေးတစ်ဖက်တစ်ချက်၌ သစ်ဖြူပင်များ ပေါက်လျက်ရှိသည့် တောအုပ်ကလေးတစ်ခုထဲသို့ ဝင်လာခဲ့လေသည်။ တောအုပ်ထဲ၌ကား လေတိုက်လျက်ရှိသည့်အတွက် အိုက်စပ်စပ်ကြီးဖြစ်လျက်ရှိ၏။ ပုရစ်နုတို့ ဝေစပြုပြီဖြစ်သော သစ်ဖြူပင်များသည် မလှုပ်မယှက်ရပ်လျက်ရှိကြ၏။ ဖွေးဖွေးလှုပ်နေကြသော တောပန်းရိုင်းများနှင့် စိမ်းမြသော မြက်ရွက်များသည် မနှစ်က ကြွေကျခဲ့သော ရွက်ကျင် ရွက်ဟောင်းတို့ကြားမှ ခေါင်းပြူထွက်လာကြ၏။ တောထဲတွင် တစ်ခုစီတစ်ခုစီပေါက်နေကြသည့် ထင်းရှူးပင်ပေါက်များ၏ အစိမ်းပုပ်ရောင်အသွေး၌သာလျှင် နှင်းယွန်းဟောမန်၏ အငွေ့အသက်ကို မြင်ရတော့သည်။ တောစပ်သို့ဝင်လိုက်သည်နှင့် ရထားမြင်းသည် တရှူးရှူးမှုတ်စပြုလာကာ ချွေးတွေ အသီးလိုက် အပေါက်လိုက် ထွက်လာကြလေသည်။

မင်းသားကလေးအင်ဒရေ၏အစေတော်က ရထားသမားကို တစ်စုံတစ်ရာပြောလိုက်သည်တွင် ရထားသမားကလည်း ခေါင်းညိတ်၍ သဘောတူလိုက်သည်။ သို့ရာတွင် ရထားသမားမှာ ဤသို့သဘောတူကြောင်းပြရုံဖြင့် အားရကျေနပ်ခြင်း မရှိသကဲ့သို့ မင်းသားကလေး အင်ဒရေသို့ လှည့်၍

"တော်တော်သာယာတာပဲနော် ကိုယ်တော်လေး"

ဟု ရိုသေစွာ ပြုံး၍ ပြောလိုက်၏။

"ဘာ"

"သြော်၊ တော်တော်သာယာတယ်လို့ ပြောတာပါ ကိုယ်တော်လေး"

မင်းသားကလေးအင်ဒရေသည် မည်သို့မျှ ပြန်မပြောဘဲ တွေးနေ၏။ "ဘာကိုများ သာယာတယ်လို့ ပြောနေတာပါလိမ့်၊ သြော် နွေဦးရာသီမှာ စိတ်နှလုံးကြည်လင်ငြိမ်းချမ်းစရာ ကောင်းပုံကို ပြောတာထင်ပါရဲ့"

မင်းသားကလေး အင်ဒရေသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မိပြန်သည်။

'ဟုတ်သားပဲ၊ တယ်လို့လဲ သာယာပေတာပဲ၊ နွေဦးပေါက်ခါစရှိသေး၊ တစ်တောလုံးကို စိမ်းစိုလို့ ပါကလား၊ သစ်ဖြူပင်တွေ၊ သစ်နီပင်တွေ၊ ချယ်ရီပင်တွေမှာတောင် အပွင့်တွေ ပွင့်ကုန်ကြမှကိုး၊ ဒါပေမဲ့ ဝက်သစ်ချပင်ကတော့ အရွက်တွေတောင် မထွက်သေးဘူး၊ အလိုဟောဒီမှာ ဝက်သစ်ချပင်ကြီး တစ်ပင်ပါကလား'

လမ်းဘေးတစ်နေရာ၌ကား ဝက်သစ်ချပင်အိုကြီးတစ်ပင်ရှိ၏။ ထိုဝက်သစ်ချပင်ကြီးမှာ တစ်တောလုံးကို မင်းမူနေကြသော သစ်ဖြူပင်ထက် ဆယ်ပြန်မျှလောက်အသက်ကြီးဟန်တူလျက် ဆယ်ပြန်မျှလောက် တုတ်လည်းတုတ်၍ မြင့်လည်းမြင့်၏။ ဝက်သစ်ချပင်ကြီးမှာ လူနှစ်ယောက်ဖက်မျှ လုံးပတ်ရှိ၍ အချိန်အတော်ကြာကပင်လျှင်



www.burmeseclassic.com

၎င်း၏ အကိုင်းအခက်များသည် ကျိုးကျခဲ့ကြဟန်တူလျက် အပွေးအခေါက်များ ကွာကျကုန်ခဲ့ကြလေပြီ။ ဝက်သစ်ချပင်အိုကြီး၏ အကိုင်းများသည် ဘေးပတ်ပတ်လည်သို့ ဖြာထွက်လျက်ရှိကြ၍ အခက်အလက်များမှာလည်း တွန့်လိမ်ကွေ့ကောက်လျက် ရှိကြလေရာ ပျိုရွယ်သော သစ်ဖြူပင်ပေါက်များကြား၌ မှုန်မှိုင်းရင့်ကျက်သော မျက်နှာထားဖြင့် လှောင်ပြောင်၍ ရပ်နေသော အိုမင်းတွင်းဆုံးကျခါနီး သတ္တဝါကြီးတစ်ကောင်နှင့်ပင် တူတော့သည်။ အမြဲစိမ်းသော ထင်းရှူးပင်များမှာ တောအုပ်ထဲ၌ ကွက်ကြားပေါက်လျက် ရှိသော်လည်း အသီးသီးသော ဤဝက်သစ်ချပင်အိုကြီးကား နွေဦး၏ကျက်သရေကိုလည်း ဂရုမူမိဟန်မရှိ။ နွေဦးနှင့်နေခြည်ကိုလည်း သတိထားမိဟန် မတူချေ။

'ခင်ဗျားတို့ လောကမှာ နွေဦးရယ်၊ ချစ်ခြင်းမေတ္တာရယ်၊ စိတ်၏ကြည်လင်ငြိမ်းချမ်းခြင်းရယ်၊ ဒါလောက်ကို မက်မောနေကြတုန်းပဲလား ဟင်' ဝက်သစ်ချပင်အိုကြီးက ထိုသို့ မေးမြန်းနေဟန်ရှိ၏။ 'နွေဦး၊ ချစ်ခြင်းမေတ္တာ၊ စိတ်ချမ်းမြေ့ခြင်းစတဲ့ အရာတွေကို ခင်ဗျားတို့ မမုန်းကြသေးဘူးလား၊ မိုက်မဲတဲ့ အဓိပ္ပာယ်မရှိတဲ့ တစ်ရစ်ပတ်ပတ် ထပ်လို့ထပ်လို့ဖြစ်နေတဲ့ လိမ်လည်လှည့်ဖြားမှုတွေကို ခင်ဗျားတို့ မငြီးငွေ့သေးဘူးလား၊ နွေဦး၊ ချစ်ခြင်းမေတ္တာ စိတ်၏ချမ်းသာခြင်းဆိုတာတွေဟာ ပဝတ္တိတရားတွေပါဗျာ၊ ဓာတ်တရားတွေ မဟုတ်ပါဘူး၊ ဒါတွေဟာ ထပ်ပြန်တလဲလဲဖြစ်၊ ခင်ဗျားတို့လူတွေကို ထပ်ပြန်တလဲလဲ လိမ်လည် လှည့်ဖြားနေတာတွေ မဟုတ်ဘူးလား။ တကယ့်ဓာတ်တရားမှာ နွေဦးဆိုတာလဲ မရှိဘူး။ ချစ်ခြင်းမေတ္တာဆိုတာလဲ မရှိဘူး။ စိတ်၏ချမ်းသာခြင်းဆိုတာလဲ မရှိဘူး။ ဟိုအဝေးက ပြောင်းလဲခြင်းမရှိတဲ့ ထင်းရှူးပင်ပျိုလေးတွေကို ကြည့်စမ်း၊ သူတို့မှာတော့ သစ်ရွက် ကြွေတယ် မရှိဘူး၊ အမြဲတမ်း စိမ်းနေတာပဲ၊ ကျုပ်ကို ကြည့်စမ်းပါဦး၊ တစ်ခါတုန်းက ကျုပ်ရဲ့ အခက်အလက်တွေဟာ သူတို့ ပေါက်တဲ့နေရာထိ ရောက်ခဲ့ပြီး ဝေဝေစည်စည် ရှိခဲ့သပေါ့၊ ခုတော့ကြည့်ပါဦး၊ သူတို့က တရိပ်ရိပ် ကြီးထွားရှင်သန်နေတဲ့အချိန်မှာ ကျုပ်မှာတော့ ကြီးထွားခြင်းရပ်ပြီ၊ ဇရာပိုင်းကို ရောက်ပြီ၊ ဒါကြောင့်မို့ ကျုပ်ဟာ ခင်ဗျားတို့လို မျှော်လင့်ချက်တွေ မထားတော့ဘူး၊ လိမ်လည် လှည့်ဖြားမှုတွေကို မယုံတော့ဘူး'

မင်းသားကလေးအင်ဒရေးသည် တောအုပ်ထဲသို့ ဖြတ်လာခဲ့ရာတွင် ထိုဝက်သစ်ချပင်ကြီးထံမှ တစ်စုံတစ်ခုကို မျှော်လင့်စောင့်စားလျက်ရှိသကဲ့သို့ မကြာခဏ လှည့်ကြည့်မိသည်။ ထိုဝက်သစ်ချပင်အိုကြီးအောက်၌လည်း တောပန်းများနှင့် မြက်များ ပေါက်လျက်ရှိ၏။ သို့ရာတွင် ဝက်သစ်ချပင်အိုကြီးကား တောပန်းများ မည်သို့ဝိုင်းရံလျက်ရှိစေကာမူ အောက်သိုးသိုး မှုန်တေတေအသွင်ကို ဆောင်လျက်သာ ရှိပေသည်။

'အင်း ဟုတ်ပေတာပဲ၊ ဝက်သစ်ချပင်အိုကြီးရဲ့ စကားဟာ အကြိမ်ပေါင်း တစ်ထောင် မှန်ပေတာပဲ၊ ငယ်တုန်းရွယ်တုန်းမှာတော့ မုသားကို သစ္စာတရား ထင်ကြတယ်၊ ပဝတ္တိကို ဓာတ်ထင်ကြတယ်၊ အတုအယောင်ကို အစစ်အမှန် ထင်ကြတယ်။ ဒါပေမဲ့ အသက်ကြီးလာတဲ့ အခါကျတော့ လူ့ဘဝအကြောင်းကို အရင်အတိုင်း ပကတိအတိုင်း သိလာကြရတာပဲ မဟုတ်လား။ ဟုတ်တယ်။ တို့တစ်တွေဟာ တို့ဘဝကို နားလည်ခဲ့ကြပြီ။ တို့ဘဝဟာ လွန်ခဲ့ပြီ'

မင်းသားကလေး အင်ဒရေးသည် ဤသို့တွေးတော လိုက်ပါလာ၏။ ထိုဝက်သစ်ချပင်အိုကြီးကို ကြည့်ရာမှ အတွေးသစ်များသည် ၎င်း၏ခေါင်းထဲသို့ ဝင်လာကြ၏။ ထိုအတွေးသစ်များကား မျှော်လင့်ချက်ကင်းမဲ့သော အတွေးမျိုး၊ ဝမ်းနည်းဆွတ်ပျံ့ဖွယ်အတွေးမျိုး ဖြစ်ပေသည်။ မင်းသားကလေး အင်ဒရေးသည် လမ်းခရီးတစ်လျှောက်လုံး၌ စိတ်ထဲတွင် မိမိ၏ဘဝကိုပြန်၍ အသစ်ဖန်တီးတည်ဆောက်ကြည့်မိသည်။ သို့ တည်ဆောက်တိုင်းလည်း နောက်ဆုံး၌ လူ့ဘဝ၏မရေရာခြင်း၊ မျှော်လင့်ချက် ကင်းမဲ့ခြင်းဟူသော နိဂုံးသို့ ပြန်၍ ဆိုက်ရောက်သည်သာဖြစ်ပေသည်။ ဤသို့ တွေးလိုက်တိုင်း မိမိသည် မိမိအတွက် ဘာကိုမျှ အသစ်တည်ထောင်ဖန်တီးခြင်း မပြုတော့ပြီ။ မိမိ၏မောဟ၊ လောဘ၊ ဒေါသ၊ မာန စသည်တို့ကို သိမ်းဆည်း၍ မည်သူ့အားမျှ အန္တရာယ်မဖြစ်စေရအောင် ထိန်းသိမ်းနိုင်ခြင်းကို ကျေနပ်တင်းတိမ်လျက် အသက်ထက်ဆုံး အေးချမ်းစွာနေတော့မည်ဟူသော ယခင်နိဂုံးကမှတ်တွင် အဆုံးသတ်သည်သာ ဖြစ်ပေသည်။



www.burmeseclassic.com

# အခန်း ၂

မင်းသားကလေးအင်ဒရေသည် မိမိဝေါပကအဖြစ် အုပ်ချုပ်လျက်ရှိသော ရာဇန်ပိုင်စား နယ်မြေကြီးကိစ္စနှင့်ပတ်သက်၍ ထိုခရိုင်ရှိ မှူးမတ်အုပ်စု၏ နာယကနှင့် သွားရောက်တွေ့ဆုံရန်အကြောင်း ပေါ်ပေါက်လာလေသည်။ ထိုခရိုင်ရှိ မှူးမတ်အုပ်စု၏ နာယကမှာ မြို့စားကြီး အီလျာရော့စတော့ဗ်ဖြစ်လေရာ မေလအလယ်တွင် မင်းသားကလေး အင်ဒရေသည် မြို့စားကြီး ရော့စတော့ဗ်ထံသို့ ထွက်လာခဲ့လေသည်။

ထိုအချိန်မှာ ပူအိုက်လှသော နွေဦးရာသီဖြစ်၏။ တောအုပ်တစ်ခုလုံးမှာ စိမ်းစိုလျက်ရှိလေသည်။ လမ်းမှာ ဖုန်ထူ၍ နေကလည်း ပူပြင်းလှလေရာ ရေကိုမြင်ရသည်တွင် ရေချိုးချင်စိတ်ပင် ပေါက်လာလေသည်။

မင်းသားကလေးအင်ဒရေသည် မြို့စားကြီး ရော့စတော့ဗ်နှင့် ရေပြောဆိုရန်ရှိသည့် ကိစ္စတို့ကို တွေးတောလာရာမှ အိုထရာနိဒေသရှိ မြို့စားကြီး ရော့စတော့ဗ်၏စံအိမ်ဝင်းထဲ ဝင်လာခဲ့ကာ သစ်ပင်များတန်း၍ စိုက်ထားသည့်လမ်းတစ်လျှောက်၌ ရထားကို မောင်းလာခဲ့၏။ ထိုအခိုက် လမ်း၏လက်ယာဘက် သစ်ပင်များနောက်မှ မိန်းမငယ်တစ်သိုက်၏ ရွှင်လန်းမြူးထူးစွာ အော်ဟစ်ရယ်မောသံများကို ကြားလိုက်ရပြီးနောက် မိန်းမငယ်တစ်သိုက်သည် ရထားရှေ့မှလမ်းကို ဖြတ်ကျော်ရန် ပြေးလာသည်ကို မြင်ရလေသည်။ ရှေ့ဆုံးမှ ပြေးလာသူမှာ နက်မှောင်သောဆံပင်၊ သွယ်ပျောင်းသော ကိုယ်ဟန်တို့ဖြင့် လှပသော မိန်းမငယ်တစ်ဦးဖြစ်လျက် အဝါဖျော့ဖျော့ဝတ်စုံကို ဝတ်ထားပြီး ပဝါဖြူကြီးတစ်ထည်ကို ခေါင်းတွင်စည်းထား၏။ ဆံနွယ်ကလေးများသည် ထိုပဝါအောက်မှ ထိုးထွက်လျက်ရှိကြ၏။ မိန်းမငယ်သည် တစ်စုံတစ်ရာကို အော်ဟစ်ပြောဆိုလာရာမှ လူစိမ်းတစ်ဦးကို မြင်လိုက်သည်တွင် ခစ်ခနဲတစ်ချက်မျှ အသံထွက်အောင် ရယ်ကာ ရုက်စနိုးဖြင့် ပြန်လှည့်ပြေးလေသည်။

မင်းသားကလေး အင်ဒရေသည် မည်သည့်အတွက်ကြောင့်မသိ၊ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်ကို ခံစားလိုက်ရ၏။ ထိုနေ့ကား သာယာသောနေ့ဖြစ်လျက် နေမင်းကလည်း ထွန်းလင်းစွာ တောက်ပလျက်ရှိ၍ ပတ်ဝန်းကျင်မှာ ကြည်နူးစရာကောင်းလျက်ရှိ၏။ သို့ရာတွင် သွယ်သွယ်နွဲ့နွဲ့ မိန်းမချောကလေးမှာ ပတ်ဝန်းကျင်ကို ဘာမျှသတိထားမိဟန်မရှိဘဲ မိမိ၏သဘာဝအလျောက် ရွှင်မြူးလျက်ရှိလေသည်။ ၎င်းကို ကြည့်ရသည်မှာ အပူအပင် ကင်းမဲ့လွန်းသည် ထင်ရသော်လည်း ပျော်စရာပင် ကောင်းသေးတော့သည်။ 'ဒီသူငယ်မနယ် ဘာကြောင့်များ ဒီလောက်ပျော်ရွှင်နေတာပါလိမ့်၊ ဘာတွေကိုများ တွေးနေပါလိမ့်၊ ငါ့လို တပ်မတော်ရဲ့စည်းကမ်းဥပဒေကို ပြင်ဖို့ကိစ္စတွေ ရာဇန်ပိုင်စားနယ်မြေပေါ်က မြေကျွန်တွေကို ဆားမဲ့လွှတ်ဖို့ကိစ္စတွေကိုတော့ စဉ်းစားမိမှာ မဟုတ်ပေဘူး၊ ဘာတွေများ တွေးပြီး ဘာကြောင့်များ ဒီလောက်မြူးနေရတာပါလိမ့်'ဟု မင်းသားကလေး အင်ဒရေသည် မတွေးလျှင် မနေတတ်သော မိမိ၏ဗီဇအတိုင်း တွေးတောလာခဲ့မိလေသည်။

၁၈၀၉–ခုနှစ်တွင် မြို့စားကြီး ရော့စတော့ဗ်သည် ယခင်နှစ်များကကဲ့သို့ အိုထရာနိတွင် လာရောက်ကာ အမဲလိုက်ခြင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပခြင်း၊ ညစာစားပွဲများ ပြုလုပ်ခြင်းဖြင့် အေးအေးလူလူ လာရောက်နေထိုင်လျက်ရှိ၏။ မြို့စားကြီး ရော့စတော့ဗ်သည် ဧည့်သည်မလာလျှင် မနေတတ်သူဖြစ်သည့်အတိုင်း မင်းသားကလေးအင်ဒရေကို တွေ့ရသည့်အတွက် ဝမ်းမြောက်လျက်ရှိကာ ညဥ့်အိပ်တည်းခိုရန် တိုက်တွန်းခြင်းပြုလေသည်။

ထိုနေ့တစ်နေ့လုံး၌ မင်းသားကလေး အင်ဒရေသည် လူကြီးများနှင့် စကားစမြည်ပြော၍ နောက်ထပ်ရောက်လာသော ဧည့်သည်များနှင့်လည်းအာလာပသလ္လာပ ပြောဆိုနေစဉ်တွင်(ထိုအချိန်တွင် မြို့စားကြီး၏စံအိမ်မှာ နာမကရဏ နှစ်လည်မင်္ဂလာသဘင်တစ်ခု ကျင်းပအံ့ဆဲဆဲဖြစ်၍ ဧည့်သည်များ ရောက်လာမစဲဖြစ်နေသည်။) လူငယ်ပိုင်းတွင် ရွှင်ရွှင်မြူးမြူး ရယ်မောလျက် တီတီတာတာ စကားဆိုနေတတ်သော နာတာရှာကိုသာ မကြာခဏ လှမ်းကြည့်နေရာမှ 'သူငယ်မကလေး ဘာတွေများ တွေးနေပါလိမ့်၊ ဘာများ ဒီလောက် ဝမ်းသာနေတာပါလိမ့်'ဟု တွေးနေမိလေသည်။

ထိုနေ့ညတွင် မင်းသားကလေး အင်ဒရေသည် နေရာသစ် ဖြစ်သည့်အလျောက် ရုတ်တရက် အိပ်မပျော်နိုင်ဘဲဖြစ်လျက် ရှိလေသည်။ ထို့ကြောင့် အချိန်အတော်ကြာ စာဖတ်နေပြီး ဖယောင်းတိုင်မီးကို ငြိမ်းလိုက်ရာမှ



www.burmeseclassic.com

တစ်ဖန်ပြန်၍ ထွန်းလိုက်ပြန်သည်။ ခန်းဆောင် ပြတင်းပေါက် တရုတ်ကပ်များကို ဇေ့ထားသည့်အတွက် အခန်းတွင်း၌ အိုက်စပ်စပ်ကြီးဖြစ်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် မြို့မှစာရွက်စာတမ်းများ မရောက်လာသည့်အတွက် မိမိအားတစ်ညတာ စောင့်ခိုင်းသည့် နလဗိန်းတုံးအဘိုးကြီး (မင်းသားကလေး အင်ဒရေသည် မြို့စားကြီးရော့စတော့ဗ်အား ကွယ်ရာတွင် ဤသို့ခေါ်လေ့ရှိ၏။)ကို စိတ်ထဲမှ မကျေမနပ်ဖြစ်လျက်ရှိကာ တစ်ညတည်းခိုမိလျက်သား ဖြစ်နေသည့်အတွက်ကြောင့်လည်း ကိုယ့်ကိုယ်ကို မကျေမချမ်းဖြစ်လျက် ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် ပြတင်းပေါက်ကို ဖွင့်ရန်အကြံဖြင့် အိပ်ရာမှထလာခဲ့သည်။ ပြတင်းပေါက်တရုတ်ကပ်များကို ဖွင့်လိုက်သည်တွင် လရောင်သည် ကြာမြင့်စွာကပင် ပြတင်းပေါက်အဖွင့်ကို တိတ်တဆိတ်ချောင်းမြောင်းလျက် ရှိသကဲ့သို့ အခန်းထဲသို့ ဒလဟော ယိုစီးဖြာသွန်ကျလာလေသည်။ မင်းသားကလေး အင်ဒရေသည် ပြတင်းတံခါးရွက်များကို တွန်း၍ ဖွင့်လိုက်၏။ ညသည် နုပျိုလန်းဆတ်လျက်၊ တောက်ပလျက်၊ ငြိမ်သက်လျက်ရှိ၏။ ပြတင်းပေါက်ရှေ့တွင် ထိပ်ဖျားများကို ချိုင်ထားသည့် သစ်ပင်တန်းများရှိ၍ ရွှန်းလဲ့သော လရောင်သည် ထိုသစ်ပင်တန်းများပေါ်သို့ ဖြာကျလျက်ရှိသည်ဖြစ်ရာ ရှုခင်းတစ်ဖက်သည် ငွေရောင်တောက်၍ ဖြူဖွေးလျက်ရှိပြီး တစ်ဖက်သည် မည်းမှောင်လျက်ရှိ၏။ ထိုသစ်ပင်တန်းများအောက်ရှိ စိုက်ခင်းတစ်ခင်းမှ အရွက်နှင့် အဖူးအပွင့်များတွင်လည်း ငွေရောင်တို့ဖြင့် စွတ်စိုကာ လရောင်နှင့် ပန်တင့်လျက်ရှိကြ၏။ ထိုသစ်ပင်တန်းများနောက်၌ကား နှင်းပေါက်များကြောင့် အရောင်တလက်လက်တောက်လျက်ရှိသော အဆောက်အအုံ အမိုးတစ်ခုကို မြင်ရ၍ ကျောဘက်တွင်ကား အကိုင်းအခက်ဖားဖားဝေသော သစ်ပင်ကြီးတစ်ပင်ရှိလျက် ထိုသစ်ပင်အထက် ကြယ်ပွင့်တို့ကင်းမဲ့သော ပြာမှိုင်းသည့် နွေဦးကောင်းကင်တွင် လမင်းသည် ရွှန်းရွှန်းကြီးလင်းလျက် ရှိပေ၏။ မင်းသားကလေးအင်ဒရေသည် ပြတင်းပေါင်ပေါ်၌ လက်ထောက်၍ ကောင်းကင်ကြီးကို မော့ကြည့်လိုက်မိသည်။

မင်းသားကလေး အင်ဒရေ၏ ခန်းဆောင်မှာ ပထမဆုံးအထပ်တွင်ရှိ၏။ ၎င်းခန်းဆောင်၏ အထက်ရှိ ခန်းဆောင်ထဲမှ သူများမှာလည်း အိပ်ပျော်ကြသေးဟန်မတူချေ။ အပေါ်ထပ်မှ မိန်းကလေးသံများကို ကြားရသည်။

"ခဏနေပါဦးကွယ်"ဟူသော မိန်းမသံတစ်သံ ပေါ်လာ၏။ ထိုအသံကို မင်းသားကလေး အင်ဒရေ ကောင်းစွာ မှတ်မိသည်။

"ဒါဖြင့် ဘယ်တော့ အိပ်ရာဝင်မှာလဲ" အခြားအသံတစ်သံကမေးသည်။

"ဟင့်အင်း နာတာရှာ မအိပ်ချင်ဘူး၊ အိပ်လို့မရဘူး၊ လာပါ လာကြည့်လှည့်စမ်းပါ"

မိန်းကလေးနှစ်ယောက်၏သီချင်းဆိုသံ ထွက်ပေါ်လာ၏။ သီချင်းအဆုံးပိုဒ် တစ်ပိုဒ်ကို ဆိုကြခြင်းဖြစ်လေသည်။

"သိပ်သာယာတာပဲနော်၊ ကဲ ကဲ လာ၊ ဒီလောက်ကြည့်ပြီးရင် တော်ရောပေါ့၊ အိပ်ကြစို့"

"ဟင့်အင်း၊ ဆွန်ယာ အိပ်ချင်အိပ်၊ နာတာရှာတော့ မအိပ်သေးဘူး"ဟု ပထမအသံ၏ပြန်ပြောသံကို ကြားရပြီးနောက် ပြတင်းပေါက်နားသို့ ကပ်လာသံကို ကြားရ၏။ အထက်နားဆီမှ အဝတ်ချင်း ထိပွတ်သံနှင့်တကွ အသက်ရှူသံများကို ကြားရလေရာ မိန်းမငယ်သည် ပြတင်းဝမှ အပြင်သို့ ကိုယ်တစ်ပိုင်း ပြူထွက်နေဟန်ရှိ၏။ တစ်လောကလုံးမှာ ကျောက်တုံးကြီးတစ်တုံးသဖွယ် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ လဝန်းကြီးနှင့်တကွ အလင်းရောင်နှင့် အမှောင်ရိပ်များသည်လည်း ငြိမ်သက်လျက်ရှိကြသည်။ မင်းသားကလေး အင်ဒရေမှာလည်း အောက်ထပ်ပြတင်းဝ၌ မိမိမရည်ရွယ်ဘဲ ရောက်ရှိနေသည်ကို သိသွားမည် စိုးသဖြင့် တုတ်တုတ်မျှ မလှုပ်ရဲဘဲ ငြိမ်သက်လျက်ရှိလေသည်။

"ဆွန်ယာ၊ ဆွန်ယာ" ပထမအသံ၏ ခေါ်သံပေါ်လာပြန်သည်။ "အို၊ ဘယ့်နှယ်လုပ်များ ဒီလောက်အိပ်နေရပါလိမ့်နော်၊ ဆွန်ယာ လာကြည့်စမ်း၊ လာကြည့်စမ်း၊ ဘယ်လောက် သာယာသလဲ၊ ဘယ်လောက်လှသလဲ၊ ထပါ၊ ဆွန်ယာရဲ့၊ လာကြည့်စမ်းပါ၊ နာတာရှာဖြင့် တစ်သက်မှာဒီလောက်လှတဲ့ ညမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

နာတာရှာကကြည်နူးလွန်းသဖြင့် အသံကလေး



www.burmeseclassic.com

တုန်တုန်ဖြင့် ပြောလိုက်သည်။ ဆွန်ယာ၏အိပ်ချင်မူးတူးဖြင့် ပြန်ပြောသံကိုလည်း ကြားရ၏။

"လာကြည့်စမ်းပါ ဆွန်ယာရဲ့၊ ဘယ်လောက် လှတဲ့ လမင်းကြီးလဲလို့၊ ဘယ်လောက်ကျက်သရေရှိသလဲ၊ လာပါ ဆွန်ယာ၊ ဆွန်ယာ ကြည့်စမ်း၊ နာတာရှာတော့လေ ဒူးကို ပိုက်ပြီး ကွေးကွေးကလေးထိုင်ရင်း ဟိုအဝေးကြီးကို ဟောဒီလို ဟောဒီလို ပျံသွားလိုက်ချင်လိုက်တာ"

"နာတာရှာ လိမ့်ကျသွားဦးနော်"

မင်းသားကလေး အင်ဒရေသည် အပေါ်ထပ်မှ ဆွဲသံ၊ ရှန်းကန်နေသံများနှင့်တကွ ဆွန်ယာ၏ ကြိမ်းသံကို ကြားရသည်။

"တစ်ချက်တီးတော့မယ် နာတာရှာ"

"အို ဆွန်ယာကလဲ၊ အိပ်ချင် ကိုယ့်ဘာသာကိုယ် အိပ်ပါလား။ သူများကို အလကား လာနှောင့်ယှက်နေတာပဲ။ ကဲ ကဲ အိပ်နှင့်၊ လာခဲ့မယ်"

ထိုနောက်၌ကား အားလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ သို့ရာတွင် နာတာရှာမှာ ပြတင်းဝတွင် ထိုင်နေဆဲဖြစ်ကြောင်း မင်းသားကလေးအင်ဒရေ သိရ၏။ အဝတ်ချင်း ထိပွတ်သံနှင့်တကွ သက်ပြင်းချသံလေးကို မကြားမကြား ကြားရလေသည်။

"အင်း အိပ်ပျော်ရက်စရာ မရှိနိုင်အောင် လှတဲ့ ညပါလားနော်။ အင်း"ဟု ပြောသံကို ကြားလိုက်ရပြီးနောက် "ကဲ အိပ်တော့မယ်"ဟူသော အသံနှင့်အတူ တံခါးပိတ်လိုက်သံကို ကြားရလေသည်။

'အင်း၊ သူငယ်မလေးကတော့ ငါ့ကို ဖုတ်လေတဲ့ ငပိ ရှိတယ်လို့တောင် ထင်ပေမှာ မဟုတ်ဘူးနော်'ဟု မင်းသားကလေး အင်ဒရေတွေးကာ နောက်ထပ်အသံကြား ရလေဦးမည်လောဟု နားစွင့်နေမိသည်။ ၎င်း၏ အကြောင်း တစ်စုံတစ်ရာ ပြောသံများ ကြားရလေဦးမည်လော ဟူ၍ လည်းတွေးနေလိုက်မိသေးသည်။ 'ဝင်လာတုန်းက ငါ့ကို မြင်တော့ လှည့်ပြေးတဲ့သူငယ်မလေးပဲ၊ ခုတစ်ခါ ထပ်တွေ့ ပြန်ရပြီ၊ ဆုံမှဆုံစည်းတတ်ပေတယ်'ဟု တွေးမိပြန်သည်။

သို့တွေးတောရင်း မိမိ၏ခြောက်သွေ့ငြီးငွေ့ဖွယ် ကောင်းလှသော ဘဝနှင့်ဆန့်ကျင်ဘက်ဖြစ်၍ ငယ်ရွယ် နုနယ်သူတို့တွင်သာ ရှိတတ်သော စိတ်ကူးများ၊ မျှော်လင့်ချက်များသည် ခေါင်းထဲတွင် ရှန်းရင်းဆန်ခတ် ပေါ်လာကြ၏။ မင်းသားကလေးအင်ဒရေသည် မည်သည့်အတွက် ကြောင့် ဤအတွေးများ ပေါ်လာရခြင်းကို အဖြေရှာ၍ မရနိုင်ဘဲ လှဲချလိုက်လေရာ မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်လေသတည်း။

## အခန်း ၃

နောက်တစ်နေ့နံနက်၌ မင်းသားကလေး အင်ဒရေသည် စံအိမ်ရှိ မိန်းမပိုင်း ဆင်းလာသည့်အချိန်ထိ မစောင့်တော့ဘဲ မြို့စားကြီးရော့စတော့ဗ်ကိုသာ နှုတ်ဆက်ပြီးနောက် မိမိ၏ ပိုင်စားနယ်မြေသို့ ပြန်လာခဲ့လေသည်။

ထိုနေ့မှာ ဇွန်လထဲရောက်ခါစဖြစ်၍ မင်းသား ကလေးအင်ဒရေသည် တစ်ခါက မိမိစိတ်၌ထူးဆန်းသော စိတ်ကူးများကို ဖြစ်စေခဲ့သော အမြစ်စုံကြီးထွက်လျက် ရှိသည့် ဝက်သစ်ချပင်အိုကြီးရှိရာ သစ်ဖြူတောကို ဖြတ်၍ လာခဲ့ပြန်သည်။ တောထဲသို့ရောက်သောအခါ၌ကား မြင်းတွင် တပ်ဆင်ထားသည့် ချူများသည် ယခင် တစ်ခေါက်လာစဉ်ကထက် အသံမြည်သည်ဟု စိတ်တွင် ထင်မှတ်မိ၏။ ယခုအချိန်တွင် တစ်တောလုံးရှိ သစ်ပင် တို့မှာလည်း အကိုင်းချင်းယှက် အခက်ချင်းထပ်၍ ရှိန်းရှိန်း စို့စို့၊ စိမ်းညို့မှိုင်းမိုလျက်ရှိကြ၏၊ ရွယ်လူးတန်နီစို ထင်းရှူး ပင်ပျိုတို့မှာလည်း ယခင်တစ်ခေါက်ကကဲ့သို့ တော၏အလှ ကျက်သရေကို ကွက်တိကွက်ကြား ဖြစ်စေရုံမျှ စိမ်းစို ခြင်းမျိုးမဟုတ်ကြတော့ဘဲ တော၏အရေးကို ပို၍ တင့်တယ်အောင် ဖြည့်စွက်ပေးသကဲ့သို့ ရှိကာ ပုရစ်ဖူး အငုံအကိုက်တို့ဖြင့် ဝေဆာလျက် ရှိကြလေပြီ။

ထိုနေ့မှာ တစ်နေ့လုံး အိုက်စပ်စပ်ဖြစ်လျက်ရှိ၏။ ကောင်းကင်တစ်နေရာတွင်ကား ပြိုတော့မည့်နှယ် တိမ်ညို တို့မှိုင်းဆင်လျက်ရှိသော်လည်း မိုးတိမ်တိုက်များသည် ရုတ်တရက် ကျဲသွားကြ၏။ မိုးပြေးကလေးတစ်ပြိုက် လောက် ရွာချလိုက်သည့်အတွက် သစ်ရွက်များနှင့် လမ်းဖုံဖုံ တို့မှာ ခပ်သိပ်သိပ်ဖြစ်သွား၏။ လမ်း၏ဝဲဘက်ရှိ တော ကားညိုမှောင်လျက်ရှိသော်လည်း လက်ယာဘက်တောအုပ် မှာမူ နေရောင်တွင်လင်းလျက် မိုးစက်မိုးပေါက်ကလေး များမှာ လေတစ်ချက်မျှ မခသည့် သစ်ရွက်များပေါ်တွင် စိန်သီး မြသီးများပမာ တရွှဲရွှဲတောက်ပလျက် ရှိကြ၏။



www.burmeseclassic.com

 www.burmeseclassic.com 

ကြည့်လေသမျှမှာ ဖူးပွင့်ငုံအာလျက် ရှိသည်ဟု ထင်ရလျက် ရွှေပြည်စိုးငှက်ငယ်၏ တေးသီသံမှာလည်း တစ်ပင်မှ တစ်ပင် တစ်ကိုင်းမှတစ်ကိုင်း ခုန်ကူးလျက်က ဝေးချည် တစ်ခါ နီးချည်တစ်လှည့် အချက်ကျကျ ပေါ်ထွက်လျက် ရှိ၏။

'အင်း အရင်တစ်ခေါက် ငါလာတုန်းက ဝက်သစ်ချပင်အိုကြီးကို မြင်ခဲ့ရတဲ့ တောအုပ်ပေပဲ၊ ဝက်သစ်ချပင်အိုကြီးဟာ ဒီနားမှာပဲ ထင်တယ်'ဟု မင်းသားကလေးအင်ဒရေတွေးမိကာ လမ်း၏လက်ဝဲဘက်ရှိ တစ်ခါကတွေ့ခဲ့ဖူးသော ဝက်သစ်ချပင်အိုကြီးကို မမှတ်မိတော့ဘဲကြည့်လိုက်မိသည်။ ဝက်သစ်ချပင်အိုကြီးမှာ အသွင်ပြောင်းခဲ့လေပြီ။ ယခင်ကကဲ့သို့ အရိုးပြိုင်းပြိုင်း မဟုတ်တော့ဘဲ စိမ်းမြညိုမှောင်သော အရွက်အလက်များ ဖားဖားဝေမျှ ဖြန့်မိုးထားလျက်ရှိပြီး ဝင်လုဆဲနေခြည်၏ အောက်တွင် ကြီးစွာသော ဣန္ဒြေနှင့် ရပ်လျက်ရှိခြင်းကို မြင်ရ၏။ ယခင်ကကဲ့သို့ တွန့်လိမ်ကောက်ကွေ့နေသော အကိုင်းအခက်များ ကျိုးတိုးကျဲတဲမျှသာရှိသော အပွေးအခေါက်များ မရှိတော့။ ဝက်သစ်ချပင်အိုကြီးမှာ အနည်းဆုံးနှစ်ပေါင်း ငါးဆယ်ခန့်ကြာခဲ့ပြီဖြစ်သော်လည်း ထိုမျှအိုမင်းလှပြီဖြစ်သော သစ်ပင်အိုကြီးမှ အဖူးအညှောက်များ စိုပြည် ပြူထွက်လာကြသေးသည်မှာ ယုံနိုင်ဖွယ်ပင် မရှိချေ။

'အစစ်ပဲ၊ အရင်တစ်ခါ ငါတွေ့ခဲ့တဲ့ ဝက်သစ်ချပင်အိုကြီးပဲ'ဟု မင်းသားကလေး အင်ဒရေ တွေးလိုက်မိကာ ၎င်း၏စိတ်ထဲ၌ နွေဦးပေါက်တွင် ခံစားရလေ့ရှိရတတ်သော အသစ်တစ်ဖန် ရှင်သန်ခြင်းမျိုးနှင့် ပျော်ရွှင်ခြင်းမျိုးသည် တဖွားဖွားပေါ်ပေါက်လာကြသည်။ မိမိဘဝ၏ ပျော်ရွှင်ကြည်နူးစရာ အဖြစ်အပျက်တို့သည် ဘွားခနဲ ပေါ်လာကြကုန်သည်။ ဩစတားလစ်တိုက်ပွဲ၊ တင့်တယ်၍ ကျက်သရေနှင့်ပြည့်စုံသော ကောင်းကင်ကြီး၊ ကြင်ရာတော် လီဇာမင်းသမီးကလေး၏မျက်နှာ၊ ပီယာနှင့်ကူးတို့ဆိပ်တွင် စကားပြောခဲ့ခြင်း၊ လှပသောညကိုကြည့်လျက် ရင်သပ်ရှုမော ဖြစ်နေသော သူငယ်မကလေး၊ လှပသော လဝန်းကြီးနှင့် ထိုည၊ ဤအရာအားလုံးသည် စိတ်ထဲတွင် ပြန်၍ ပေါ်လာကြကုန်သည်။

'အိမ်း၊ ဟုတ်ပေသားပဲ၊ ငါ့အသက်ကလေး သုံးဆယ့်တစ်နှစ်ဟာ ဘာကြီးသေးလို့လဲ' မင်းသားကလေး အင်ဒရေသည် ဤသို့တွေးကာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ 'ဟုတ်တယ်၊ ဒီအရွယ်ဟာ အရွယ်ကောင်းတုန်း နုပျိုတုန်း အရွယ်ပေပဲ၊ ငါဟာ လောကကြီးကို ဘာလို့ အရှုံးပေးရမှာလဲ၊ ငါဟာ ခုထက်ထိ ငါ့အကြောင်းကိုတောင် ငါ မသိသေးပါလား၊ ငါ့ရဲ့အရည်အချင်းကို မသိသေးပါလား၊ ဟုတ်တယ်၊ ငါ့အရည်အချင်းကို သိအောင် လုပ်ရမယ်၊ ပီယာလဲ နားလည်အောင် လုပ်ရမယ်၊ ကောင်းကင်ကြီးထဲမှာ ပျံဝဲနေချင်တယ် ဆိုတဲ့ သူငယ်မကလေးကိုလဲ ငါ့အရည်အချင်းကို ပြရမယ်၊ လူတိုင်း ငါ့အရည်အချင်းကို သိအောင် ငါလုပ်မယ်၊ ငါဟာ ငါတစ်ဦးတည်းအတွက် အသက်ရှင်နေရုံနဲ့ မပြီးသေးဘူး၊ ငါ တစ်ဦးတည်းရဲ့ စိတ်ချမ်းသာမှုကို ရရုံနဲ့ မပြီးသေးဘူး၊ တခြားလူတွေနဲ့ ကင်းကွာပြီးနေလို့ မဖြစ်သေးပေဘူး၊ ဒီအထီးကျန်ဘဝကို ငါစွန့်တော့မယ်၊ ငါဟာ လူတွေနဲ့ ရောနှောမယ်၊ လူတွေနဲ့ တစ်သားတည်း တစ်ထပ်တည်းဖြစ်အောင် နေတော့မယ်'

*

စံအိမ်သို့ ပြန်ရောက်သည့်အခါ၌ မင်းသားကလေးအင်ဒရေသည် ဆောင်းဦးပေါက်သည်နှင့်တစ်ပြိုင်နက် ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေသည်။ ဤသို့ဆုံးဖြတ်နိုင်ရန်အတွက်လည်း အဘက်ဘက်မှ အကြောင်းများ ခိုင်လုံလျက်ရှိလေသည်။ ပီတာစဘတ်ရွှေမြို့တော်သို့ သွားရောက်ရန် အခန့်သင့်လျှင် တပ်မတော်ထဲတွင် ပြန်၍အမှုထမ်းရန် လိုအပ်သည်ဟူသော အချက်ကို အထောက်အကူပြုလျက်ရှိသော ရှေ့နောက်ညီညွတ်၍ ဆီလျော်သည့်အကြောင်းများသည် ၎င်း၏ဦးနှောက်ထဲတွင် တစ်ခုပြီးတစ်ခု ပေါ်လာကြ၏။ လွန်ခဲ့သော တစ်လလောက်က တိတ်ဆိတ်အေးချမ်းလှသော ကျေးတောကို စွန့်ခွာရန် အကြံတစ်ခု မိမိ၏ခေါင်းထဲသို့ ဝင်ရောက်လာခဲ့လျှင် ထိုသို့ဝင်ရောက်လာခြင်းကို မင်းသားကလေးအင်ဒရေ နားလည်နိုင်ခဲ့မည်မဟုတ်သကဲ့သို့ ယခုအချိန်၌လည်း မိမိသည် လူမှုကိစ္စများတွင် ထထကြွကြွ ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ မည်သည့်အတွက် ကျေးတောတွင် အချည်းနှီး



www.burmeseclassic.com

အချိန်ဖြုန်းခဲ့ရသနည်းဆိုသည်ကို တွေး၍ နားမလည်နိုင်အောင် ဖြစ်လျက်ရှိသည်။ ယခုသော်ကား လောကကြီးနှင့် ကင်းကွာနေခဲ့လျှင် မိမိ၏ ဘဝအတွေ့အကြုံများသည် အချည်းနှီး အဓိပ္ပာယ်မဲ့မျှသာ ဖြစ်တော့မည်ကို မင်းသားကလေးအင်ဒရေ ပြက်ပြက်ထင်ထင် သဘောပေါက်ခဲ့လေပြီ။ လောကလူ့ဘဝကြီးမှ သင်ခန်းစာများကို ရရှိခဲ့ပြီးဖြစ်ပါလျက် လောကတွင် မိမိသည် အသုံးမကျတော့ပြီ၊ အရာမရောက်တော့ပြီ၊ လောက၌ ပျော်ရွှင်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့သည် မရှိတော့ပြီဟူသော အဓိပ္ပာယ်မရှိသည့်အတွေးမျိုးကို မည်သို့မည်ပုံ ရရှိခဲ့သနည်း။ ဤလောက၌ မှန်ကန်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ ရှိသေးသည်ဟု မျှော်လင့်နေခြင်းသည် လူရူးတို့၏အလုပ်ဟူသော အတွေးမျိုးကို မည်သို့မည်ပုံ ရခဲ့သနည်း။ ယခုတစ်ဖန် ပြန်၍ စဉ်းစားလိုက်သောအခါ၌ ဤသို့ မျှော်လင့်ချက် ကင်းမဲ့သော အတွေးများသည် မိမိခေါင်းထဲသို့ မည်သို့မည်ပုံ ဝင်ရောက်လာကြသည်ကို မင်းသားကလေးအင်ဒရေ နားမလည်နိုင်အောင် ဖြစ်ခဲ့လေပြီ။ ယခုကား မင်းသားကလေး အင်ဒရေ၏ အတွေးအခေါ်များသည် လုံးဝပြောင်းလဲခဲ့လေပြီ။ ရာဇန်ပိုင်စားနယ်မြေကြီးမှ ပြန်လာခဲ့သည့်နောက်၌ မိမိနေထိုင်ရာ ကျေးတောဒေသကို ငြီးငွေ့စပြုလာခဲ့လေပြီ။ ဥယျာဉ်စိုက်ခြင်း၊ အိမ်ဆောက်ခြင်းစသည့် ယခင်ဝါသနာဟောင်းများသည်လည်း မိမိကိုဆွဲဆောင်ခြင်းငှာ မတတ်နိုင်ကြတော့ပြီ။ သို့ဖြင့် မင်းသားကလေးအင်ဒရေသည် စာကြည့်ဆောင်ထဲတွင် တစ်ယောက်တည်း ထိုင်နေရာမှထကာ မိမိ၏ မျက်နှာကို မှန်ထဲတွင် အသေအချာကြည့်မိသည်။ ထို့နောက် ကွယ်လွန်သူ ကြင်ရာတော် မင်းသမီးကလေးလီဇာ၏ ရုပ်ပုံကို ကြည့်မိပြန်သည်။ ခွေလိပ်သွယ်တွန့်သော ဆံယဉ်စကလေးများဖြင့် လုပကြော့ရှင်းလျက်ရှိသော ကြင်ရာတော် မင်းသမီးကလေးလီဇာသည် ရွှေချမှန်ပေါင်တွင်းမှနေ၍ ကြင်နာရွှင်ပြုံးစွာ ငုံ့ကြည့်လျက်ရှိ၏။ ကြင်ရာတော်မင်းသမီးကလေးသည် စကားနာထိုးခြင်း မရှိတော့ဘဲ မိမိအား အပြစ်ကင်းစွာ၊ ရိုးသားစွာ၊ ကြင်နာစွာ ပြုံးပြလျက်ရှိသည်ဟု ထင်ရ၏။ မင်းသားကလေး အင်ဒရေသည် လက်နှစ်ဖက်ကို နောက်ပစ်လျက် စာကြည့်ဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ပြုံးလိုက် မျက်မှောင်ချိုလိုက်ဖြင့် ရှိရာမှ မိမိ၏ဘဝတစ်ခုလုံးအား ပြောင်းလဲသွားစေသော ဖော်ပြခြင်းငှာ မစွမ်း၍ ရာဇဝတ်မှုတစ်ခုကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သည့်စိတ်၏ အခြင်းအရာများနှင့်တကွ ပီယာအကြောင်းကိုလည်းကောင်း၊ ကျော်စောခြင်းကိုလည်းကောင်း၊ ပြတင်းဝမှ သူငယ်မအကြောင်းကို လည်းကောင်း၊ ဝက်သစ်ချပင်အိုကြီးအကြောင်းကိုလည်းကောင်း၊ မိန်းမ၏ အလှနှင့် ချစ်ခြင်းမေတ္တာတို့၏သဘောကိုလည်းကောင်း စဉ်းစားနေမိသည်။ ဤအခါများ၌ မိမိအပေါ်သို့ ရောက်လာသူမှန်သမျှအား သုန်သုန်မှုန်မှုန် ဆက်ဆံလေ့ရှိကာစိတ်ပျက်စရာကောင်းလောက်အောင် တိကျလွန်းသော စကားမျိုးကို ဆိုတတ်သည်။

"အင်ဒရေ" ဤအခါမျိုးတွင် မင်းသမီးကလေးမေရီဝင်ရောက်လာတတ်သည်။ "တူတော်လေးကို ဒီနေ့ အပြင်မထွက်ခိုင်းတော့ဘူးနော်၊ ဒီနေ့ သိပ်အေးတယ် မဟုတ်လား"

"ဘာဖြစ်လို့အထွက်မခိုင်းရမှာလဲ" မင်းသားကလေးအင်ဒရေက စိတ်ပျက်လက်ပျက်ဖြင့် လှမ်းပြောလိုက်သည်။ "ပူရင် ကလေးဟာ အင်္ကျီပါးနဲ့ အပြင်ထွက်နိုင်တယ်၊ အေးရင် အနွေးထည်ဝတ်ပြီး ထွက်ရမယ်။ အနွေးထည်ချုပ်ထားတာဟာ အေးရင်ဝတ်ဖို့ ချုပ်ထားတာပဲ။ အနွေးထည်ရယ်လို့ ရှိလာခြင်းဟာ အေးတဲ့အခါမှာ ဝတ်ဖို့ရှိလာတာ အစ်မတော်။ လေကောင်းလေသန့်လိုတဲ့ ကလေးကို အိမ်တွင်းပုန်း လုပ်ခိုင်းဖို့ အနွေးထည် ရှိလာတာမဟုတ်ဘူး"

မင်းသားကလေး အင်ဒရေသည် လွန်စွာတိကျသော ဆင်ခြေယုတ္တိမျိုးဖြင့် ပြောလိုက်သည်။ မိမိအား ဤသို့ ယုတ္တိမတန်သော စကားမျိုးကို ပြောရမည်လောဟုလည်း စိတ်ဆိုးနေဟန်ရှိ၏။

ဤအခါမျိုးကား လောကတွင် စိတ်ကူးဉာဏ်ထုတ်၍ အလုပ်လုပ်ကြသူများ၌ ဝမ်းသာခြင်း ဝမ်းနည်းခြင်း၊ ချစ်ခြင်း မုန်းခြင်းစသော လူ၏ခံစားချက်များ ခေါင်းပါးကြသည်တကား။ အစစအရာရာကို အသည်းနှလုံးဖြင့် ခံစားတိုင်းထွာခြင်း မပြုဘဲ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ယုတ္တိတန်လွန်းသည့် ဆင်ခြင်တုံတရားတည်းဟူသော ဦးနှောက်ဖြင့်သာ ကြည့်ရှုတတ်ကြသည် တကားဟု မင်းသမီးကလေးမေရီ တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း ၄

၁၈၀၉–ခုနှစ်၊ ဩဂုတ်လတွင် မင်းသားကလေး အင်ဒရေသည် ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်လာခဲ့၏။ ထိုအချိန်ကား ပြည်ထဲရေးဝန် စပီရင်စကီ၏ ပြုပြင်ပြောင်းလဲရေးများကို အားသွန်ခွန်စိုက် ပြုလုပ်နေချိန်ဖြစ်လျက် စပီရင်စကီမှာလည်း အသက်ငယ်ငယ်နှင့် ကျော်ကြားမှု၏ အထွတ်အထိပ်သို့ ရောက်နေချိန် ဖြစ်လေသည်။ ထိုနှစ် ဩဂုတ်လထဲ၌ ဘုန်းတော်ကြီးသော ရွှေနန်းရှင် ဇာဘုရင်မင်းမြတ်သည် ရထားတော်မှအဆင်းတွင် ချော်လဲတော်မူ၍ ခြေထောက်တွင် ဒဏ်ရာရသည့်အလျောက် သီတင်းသုံးပတ်မျှ ပီတာဟော့ဖ်ဒေသတွင် အနားယူစံမြန်းတော်မူလျက်ရှိကာ နေ့စဉ်နေ့တိုင်း စပီရင်စကီတစ်ဦးမှအပ အခြားမည်သူ့ကိုမျှ အတွေ့ခံတော်မူခြင်း မရှိသည့်အချိန်လည်းဖြစ်၏။ ထိုအချိန်မှာပင် ရုရှားအထက်တန်းလွှာတွင် တုန်လှုပ်ချောက်ချားသွားစေသော ထင်ရှားသည့် အမိန့်ပြန်တမ်းနှစ်စောင်ကိုလည်း ထုတ်ပြန်ရန် ပြင်ဆင်လျက်ရှိသည့်အချိန် ဖြစ်လေသည်။ ထိုအမိန့်ပြန်တမ်းတော်နှစ်စောင်အနက်တစ်ခုမှာ နန်းတွင်းမည် ရည်ဘွဲ့ထူးအဆောင်အယောင်များပေးခြင်းကို ရုပ်သိမ်းရန်နှင့် မြို့ပြအုပ်ချုပ်ရေး ဆိုင်ရာဌာနများတွင် စာစစ်ပွဲများကျင်းပ၍ ရာထူးဌာနန္တရများ အပ်နှင်းတော်မူရန်ဖြစ်လျက် အခြားအမိန့်ပြန်တမ်းတော်တစ်ခုမှာကား လွှတ်တော်မှအစ ခရိုင်စုများထိ အုပ်ချုပ်မှုဆိုင်ရာ အရပ်ရပ်၊ တရားစစ်ဆေးရေးဆိုင်ရာ အရပ်ရပ်နှင့် ဘဏ္ဍာတော်ခန့်ဝေသုံးစွဲစီရင်ရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့နှင့်တကွ နိုင်ငံတော်၏ စီရင်အုပ်ချုပ်ပုံတို့ကို ပြုပြင်ပြောင်းလွဲမည့် အမိန့်တော်ပြန်တမ်းဖြစ်ပေသည်။ ဘုန်းတော်ကြီးသော ရွှေနန်းရှင် ဇာဘုရင်သည် ရာဇဘိသေက သွန်းလောင်း၍ နန်းသိမ်းပွဲခံပြီးသည့်အချိန်ကစ၍ ဤပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် အကြံရှိတော်မူခဲ့၍ ထင်ရှားသော မှူးကြီးမတ်ကြီးများဖြစ်သည့် ဇာတိုရီစကီ၊ နိုဗိုဆီဆက်၊ ကိုချူဘေး၊ စထရိဂါနော့ဗ် စသူတို့နှင့် အကောင်အထည်ဖော်ရန် ကြိုးစားခဲ့၏။ သို့ရာတွင် အရာမထင်ခဲ့သဖြင့် ယခုမှ စတင်ဆောင်ရွက်နေတော်မူခြင်း ဖြစ်ပေသည်။

ယခုအချိန်၌ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်သည် အဆိုပါ မှူးကြီးမတ်ကြီးများအား အရာမှချကာ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာတွင် စပီရင်စကီကို ဝန်ကြီးသက်တော်ရှည်ခန့်၍ လည်းကောင်း၊ စစ်မှုရေးရာ သေနင်္ဂဗျူဟာကိစ္စများ၌ အာရက်ချေ့ကို သက်တော်ရှည်ဝန် ခန့်၍လည်းကောင်း ဆောင်ရွက်လျက်ရှိချိန် ဖြစ်လေသည်။ မင်းသားကလေးအင်ဒရေသည် ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်သည်နှင့် လူပျိုတော်သားတစ်ယောက်ပီပီ ရွှေနန်းတော်ကြီးသို့လည်းကောင်း၊ ညီလာခံသို့လည်းကောင်း ဝင်ရောက်ခစားဖူးမြော်လေသည်။ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်သည် မင်းသားကလေး အင်ဒရေအား နှစ်ကြိမ်မျှတွေ့မြင်ဖူးသော်လည်း စကားတစ်ခွန်းမျှ ဟတော်မမူဘဲ တိတ်ဆိတ်စွာ နေတော်မူ၏။ ယခင်အခါက မိမိသည် ဘုရင်မင်းမြတ်အား အထူးတလည် ကြည်ညိုလေးစားခြင်း မရှိသည့်နည်းတူ ဘုရင်မင်းမြတ်ကလည်း မိမိ၏မျက်နှာနေ မျက်နှာထားနှင့်တကွ ဥပဓိရုပ်ကို များစွာ ကြိုက်နှစ်သက်တော်မူခြင်း မရှိလှဟု မင်းသားကလေး အင်ဒရေက ယူဆလျက်ရှိခဲ့လေရာ ယခုတစ်ဖန် ဘုရင်မင်းမြတ်က အေးစက်၍ မနှစ်သက်သောအကြည့်ဖြင့် ကြည့်တော်မူလိုက်သည်ကို မြင်ရသည့်အခါတွင်ကား မိမိ၏တွေးထင်ချက် မှန်လေပြီဟု ယူဆလိုက်မိသည်။ ဘုန်းတော်ကြီးသော ဘုရားက ယခုကဲ့သို့ မင်းသားကလေးအင်ဒရေအား နှုတ်ခွန်းဆက်တော်မူခြင်း မရှိဘဲ တိတ်ဆိတ်စွာ နေတော်မူခြင်းမှာ မိမိအနေဖြင့် ၁၈၀၅–ခုနှစ်မှ အစပြုလျက် တပ်မတော်တွင် အမှုတော်ထမ်းခြင်း မပြုတော့သောကြောင့် နှလုံးမကြည်ရှိတော်မူ၍ ဖြစ်သည်ဟု ရွှေနန်းတော်သားများက ဆိုကြ၏။

'အေးလေ၊ လူတစ်ယောက်ရဲ့ ကြိုက်ခြင်း မကြိုက်ခြင်း၊ ချစ်ခြင်း မုန်းခြင်းကို ငါ့ဘယ်လိုလုပ်ပြီး တားဆီးနိုင်ပါ့မလဲ ဘုန်းတော်ကြီးသော ဘုရားက ရွှေမျက်နှာတော်ညိုတော်မူရင်လဲ တပ်မတော် စည်းကမ်းဥပဒေများ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်တဲ့ စီမံကိန်းများကိုရွှေနားတော်အရောက် တိုက်ရိုက်လျှောက်တင်ခြင်း မပြုရ ရှိပေတော့တာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ့စီမံကိန်းကိုတော့ လျစ်လျူပြုတော်မူနိုင်မယ် မထင်ပါဘူး'

မင်းသားကလေး အင်ဒရေသည် တပ်မတော်စည်း


www.burmeseclassic.com

ကမ်းဥပဒေများ ပြင်ဆင်ရေးနှင့် ပတ်သက်၍ မိမိရေးဆွဲထားသော အစီအစဉ်တစ်ခုရှိကြောင်းကို ခမည်းတော်မင်းသားကြီး၏ ရောင်းရင်းတစ်ဦးဖြစ်သူ စစ်သူကြီးတစ်ဦးထံ စာရေး၍ အကြောင်းကြားလိုက်လေသည်။ စစ်သူကြီးသည် မင်းသားကလေး အင်ဒရေအား တွေ့နိုင်မည့်ရက်ကို ချိန်းဆိုကာ ကောင်းမွန်စွာ လက်ခံကြိုဆိုလျက် ထိုကိစ္စကို ဘုရင်မင်းမြတ်၏ ရှေ့နားတော်သို့ လျှောက်တင်ကြည့်မည်ဖြစ်ကြောင်းဖြင့် ကတိပေးလိုက်လေသည်။ ရက်အနည်းငယ် အကြာ၌ကား စစ်ဝန်ကြီး အာရတ်ချေ့နှင့် သွားရောက်တွေ့ဆုံရမည်ဟူသော စာတစ်စောင်ကို မင်းသားကလေးအင်ဒရေ ရရှိလေသည်။

ချိန်းဆိုထားသည့်နေ့ နံနက်ကိုးချက်တီးအချိန်တွင် မင်းသားကလေးအင်ဒရေသည် စစ်ဝန်ကြီး မြို့စားကြီး အာရတ်ချေ့၏ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေသည် အာရတ်ချေကို သိလည်းမသိ၊ မြင်လည်းမမြင်ဘူး။ သတင်းကြားရသလောက်ဖြင့်ကား စိတ်ထဲတွင် ကြည်ညိုလေးစားစိတ်များစွာ မပေါ်လာသေးချေ။

'အာရတ်ချေ့ဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ယုံကြည်အားထားတော်မူခြင်း ခံရမယ့် လက်ရုံးတစ်ဆူလဲဖြစ်တယ်၊ စစ်ဝန်ကြီးလဲဖြစ်တယ်၊ သူ့ကို ပုဂ္ဂိုလ်အရကြိုက်တယ်၊ မကြိုက်ဘူး ဆိုတာတွေကို ငါ စဉ်းစားနေလို့မဖြစ်သေးဘူး၊ သူဟာ ငါ့စီမံကိန်းကို လေ့လာစဉ်းစားဖို့ အခွင့်အာဏာရပြီး ပုဂ္ဂိုလ်ဖြစ်လေတော့ ဒီစီမံကိန်းဟာ သူ့သဘောကျမှ အကောင်အထည် ဖြစ်ပေတော့မှာပဲ။ မင်းသားကလေးအင်ဒရေသည် မြို့စားကြီး အာရတ်ချေ့၏ ဧည့်ခန်းဆောင်ထဲ၌ ရှိနေကြသော အရေးကြီးသော ပုဂ္ဂိုလ်၊ အရေးမကြီးသောပုဂ္ဂိုလ် မြောက်မြားစွာနှင့်အတူ စောင့်ဆိုင်းလျက်ရှိရာမှ ဤသို့တွေးနေမိလေသည်။

တပ်ရေးဗိုလ်ကလေး တစ်ယောက်အဖြစ် တပ်မတော်ထဲတွင် အမှုထမ်းခဲ့စဉ်က မင်းသားကလေးအင်ဒရေသည် အရေးကြီးသော ပုဂ္ဂိုလ်ကြီးများ၏ ဧည့်ခန်းဆောင်များစွာကို မြင်ခဲ့ဖူး၍ ထိုဧည့်ခန်းဆောင်များတစ်ခုနှင့်တစ်ခု မတူကွဲပြားခြားနားကြခြင်းကိုလည်း တွေ့ခဲ့ဖူး၏။ စစ်ဝန်ကြီး မြို့စားကြီး အာရတ်ချေ့၏ ဧည့်ခန်းဆောင်ကား ထူးခြားသော အသွင်သဏ္ဌာန်ကို ဆောင်လျက်ရှိပေ၏။ ဝန်ကြီးနှင့် တွေ့ဆုံခွင့်ရ မိမိတို့၏အလှည့်ကို စောင့်ဆိုင်းလျက်ရှိကြရာတွင် အရေးမကြီးသော သာမညပုဂ္ဂိုလ်များ၏ မျက်နှာများမှာ ကြောက်ရွံ့ခြင်းနှင့် ကျွန်သဖွယ် ရိုကျိုးဝပ်တွားခြင်းကို ဖော်ပြလျက်ရှိကြ၍ ရာထူးဌာနန္တရကြီးသည့် ပုဂ္ဂိုလ်များ၏ မျက်နှာများမှာ ယခုလိုလာရောက်တွေ့ဆုံရခြင်းကိုလည်းကောင်း၊ အောက်ကျို့ရသည့် မိမိတို့အဖြစ်ကိုလည်းကောင်း၊ မိမိတို့တွေ့ဆုံရမည့်သူကိုလည်းကောင်း ဂရုမထားဟန်၊ မထီမဲ့မြင်ပြုဟန် မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားလျက်က ခပ်ရှက်ရှက်ဖြင့် အနေရခက်သည့် ဟန်မျိုးကို ဖော်ပြလျက် ရှိကြ၏။ အချို့မှာ တစ်စုံတစ်ရာကို တွေးတောနေဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်၊ အချို့ကား တီးတိုးပြောဆို၍ ရယ်မောလျက် ရှိကြလေသည်။ ထိုသူများသည် မြို့စားကြီး အာရတ်ချေ့အား 'အဘိုးကြီး' ဟုလည်းကောင်း၊ 'လက်မရွံ့'ဟုလည်းကောင်း ခေါ်ဝေါ်ကြခြင်းကို မင်းသားကလေး အင်ဒရေ ကြားလိုက်ရ၏။ ဗိုလ်ချုပ်ကြီးတစ်ဦး (အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး) ကား ယခုကဲ့သို့ အချိန်ကြာမြင့်စွာ စောင့်ရသည့်အတွက် ခြေထောက်များကို တင်ပျဉ်ချိတ်ထိုင်လိုက် တင်ပျဉ်ချိတ်ရာမှ ပြန်ချလိုက်ဖြင့် မိမိ၏အဖြစ်ကို စက်ဆုပ်ရွံရှာသည့်ဟန်ဖြင့် မဲ့ပြုံးပြုံးလျက်ရှိလေသည်။

သို့ရာတွင် တံခါးပွင့်လာသည့် အချိန်၌ကား ဧည့်ခန်းဆောင်ထဲရှိ လူများအားလုံး၏ မျက်နှာများပေါ်တွင် ဇာတ်တိုက်ထားသည့်နှယ် တစ်ခုတည်းသော အမူအရာသည် ထင်ရှားစွာ ပေါ်လာ၏။ ထိုအမူအရာကား ကြောက်ရွံ့ထိတ်လန့်လျက်ရှိသော အမူအရာပေတည်း။ မင်းသားကလေး အင်ဒရေသည် တာဝန်ကျတပ်ရေးဗိုလ်ထံသွား၍ မိမိ၏အမည်ကို အထဲသို့သွားပြောပေးရန် ဒုတိယအကြိမ် ထပ်မံပြောဆိုခြင်း ပြုပြန်သည်။ သို့သော်လည်း တာဝန်ကျ တပ်ရေးဗိုလ်၏ လှောင်ပြောင်သောအကြည့်ကိုသာ ခံခဲ့ရပြီး အချိန်တန်လျှင် အလှည့်ရောက်လိမ့်မည်ဟူသော အဖြေကိုသာရခဲ့၏။ သို့ဖြင့် တာဝန်ကျ တပ်ရေးဗိုလ်၏ ခွင့်ပြုချက်အရ တစ်ယောက်ပြီးတစ်ယောက် အလှိုအလှို ဝင်သွားကြ၍ အသီးသီးပြန်ထွက်လာကြပြီးနောက် မကြာမီတွင် အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်လျက်ရှိကာ ကျိုးနွံဟန်ပေါက်နေခြင်းကြောင့် အခြားသူများ



www.burmeseclassic.com

www.burmeseclassic.com


ထက် ထူးခြားလျက်ရှိသည့် အရာရှိကြီးတစ်ဦး၏ အလှည့်သို့ ရောက်လာလေသည်။ ထိုအရာရှိကြီးသည် အခန်းထဲ၌ အချိန်အတော်ကြာမျှ စစ်ဝန်ကြီးနှင့် စကားပြောဆိုလျက်ရှိ၏။ ထို့နောက် ကြမ်းတမ်းမာကျောသော အသံကြီးတစ်သံ ထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းတွင် အရာရှိသည် မျက်နှာတစ်ခုလုံး သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ နှုတ်ခမ်းမှာ တရှုရှု တုန်လှုပ်လျက်ရှိရင်း တံခါးမှ ပြန်ထွက်လာပြီးနောက် ခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်လျက် ဧည့်ခန်းဆောင်မှဖြတ်ကာ ခပ်သုတ်သုတ်ထွက်သွားသည်ကို မြင်လိုက်ရလေသည်။

ထို့နောက်တွင်ကား တာဝန်ကျ တပ်ရေးဗိုလ်သည် မင်းသားကလေး အင်ဒရေအား တံခါးဝသို့ ခေါ်ဆောင်သွားကာ လေသံကလေးဖြင့် "ညာဘက်ပြတင်းပေါက်နားမှာ"ဟု ပြောလိုက်သည်။

မင်းသားကလေး အင်ဒရေသည် သန့်ရှင်းကျယ်ဝန်းလှသည့် အခန်းကြီးထဲသို့ ဝင်လာခဲ့သည်တွင် ခါးတံရှည်ရှည်၊ ဆံပင်ဖားဖား၊ နက်ရှိုင်းသော ပါးရေတွန့်များ၊ ခပ်စိမ်းစိမ်းရှိသော မျက်လုံးများ၊ အထက်သို့ ချိုလျက်ရှိသော မျက်ခုံးများနှင့်တကွ နီရဲ ကောက်ချိတ်သော နှာခေါင်းရှိသည့် အသက်လေးဆယ်ခန့် လူတစ်ယောက် စားပွဲတွင် ထိုင်လျက်ရှိခြင်းကို မြင်ရ၏။ အာရတ်ချေ့သည် မင်းသားကလေး အင်ဒရေကို မျက်လုံးဖြင့် ကြည့်ခြင်းမရှိဘဲ ခေါင်းကို ၎င်းဘက်သို့ စောင်းငဲ့လိုက်၏။

"ခင်ဗျားတင်လွှာက ဘာတင်လွှာလဲ" အာရတ်ချေ့က မေးလိုက်၏။

"တင်လွှာ မဟုတ်ပါဘူး ဝန်ကြီး"ဟု မင်းသားကလေးအင်ဒရေက တည်ငြိမ်စွာ ဖြေလိုက်သည်။

ထိုအခါ၌ အာရတ်ချေ့၏မျက်လုံးများသည် ၎င်း၏ဘက်သို့ ရောက်လာ၏။

"ထိုင်ပါ၊ မင်းသားကလေး အင်ဒရေ မဟုတ်လား"

"မှန်ပါ၊ တင်လွှာတင်ဖို့ မဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် တင်ပြထားတဲ့ စီမံကိန်းနဲ့ ပတ်သက်လို့ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်က ဝန်ကြီးထံ"

"အိမ်း၊ မင်းသားကလေးရဲ့ စီမံကိန်းကို ကျုပ်ကတော့ ဖတ်ပြီးပြီဗျ" အာရတ်ချေ့က ကြားဖြတ်၍ ပြောလိုက်သည်။ အာရတ်ချေ့သည် ပထမစကားတစ်လုံး နှစ်လုံးကိုသာ ချေချေငင်ငင် ပြောဆိုခြင်းပြုလိုက်ပြီးနောက် မင်းသားကလေး အင်ဒရေထံမှ မျက်လုံးများကို လွှဲလိုက်ကာ ရှုတ်ချသော လေသံဖြင့်

"မင်းသားကလေးက တပ်မတော်စည်းကမ်းဥပဒေများ ပြင်ဆင်သတ်မှတ်ဖို့ တင်ပြထားတယ်နော် ဟုတ်စ၊ ဥပဒေစည်းကမ်းတွေက ရှိပြီးသားပဲဗျ။ အများကြီးပဲ။ ဒါပေမဲ့ လူတွေက အဲဒီရှိပြီးသား ဥပဒေစည်းကမ်းတွေကို မလိုက်လို့ ခက်နေတယ်၊ ခုခေတ်ကတော့ သူသူငါငါ လူတိုင်း ဥပဒေတွေကို ရေးဆွဲနေကြတာပဲ၊ အေးလေ ဒါကလဲ မဆန်းပါဘူး၊ ဥပဒေကို လိုက်နာခြင်းထက် ဥပဒေကို ရေးဆွဲခြင်းက လွယ်နေပေသကိုး၊ သူသူငါငါ လုပ်ကြတော့တာပေါ့"

"ကျွန်တော်တင်ပြထားတဲ့ စာတမ်းများနဲ့ ပတ်သက်လို့ ဝန်ကြီးမင်းက ဘယ်လိုသဘောရှိတယ်ဆိုတာကို သိလိုတဲ့အတွက် ဘုန်းတော်ကြီးသော ဘုရား၏ ဆန္ဒတော်အတိုင်း လာရောက်ရခြင်းဖြစ်ပါတယ် ဝန်ကြီးမင်း ခင်ဗျား" မင်းသားကလေးအင်ဒရေက ယဉ်ကျေးစွာ ပြောလိုက်သည်။

"ခင်ဗျားစာတမ်းနဲ့ ပတ်သက်လို့ ထင်မြင်ချက်ရေးပြီး ကော်မတီကို ပို့လိုက်ပြီ။ ကျုပ်ကတော့ ထောက်ခံချက် မရေးလိုက်ဘူးဗျ" အာရတ်ချေ့က ထ၍ စာရေးစားပွဲမှ စာရွက်တစ်ရွက်ကို ယူလိုက်ပြီး "ရော့၊ ဒါယူသွားပါ" ဟု ဆိုကာ လှမ်းပေးလိုက်သည်။

စာရွက်ပေါ်၌ကား အောက်ပါအတိုင်း ခဲတံဖြင့် ခပ်သော့သော့ ရေးထား၏။ စာလုံးပေါင်းလည်းမမှန်၊ ပုဒ်ဖြတ်များလည်း မပါချေ။

'စီမံကိန်းမှာ ခိုင်မာခြင်းမရှိ၊ ပြင်သစ်စစ် ဥပဒေများကို အတုခိုးထားဟန် တူသည်။ စစ်အမိန့်တော်ပြန်တမ်း ဥပဒေစာပုဒ်များနှင့်လည်း မကိုက်ညီ၊ မလိုအပ်'ဟူ၍ ရေးသားထား၏။

"ကျွန်တော့်စာတမ်းကို ဘယ်ကော်မတီကို ပို့လိုက်ပါသလဲ ခင်ဗျာ" မင်းသားကလေး အင်ဒရေက မေးလိုက်၏။

"စစ်စည်းကမ်းဥပဒေ ပြဋ္ဌာန်းရေးကော်မတီကို ပို့လိုက်တယ်ဗျ၊ အဲဒီကော်မတီမှာ မင်းသားကလေးကိုလဲ


www.burmeseclassic.com

ကော်မတီဝင်တစ်ယောက်အဖြစ် ခန့်အပ်ထားဖို့ ထောက်ခံထားလိုက်တယ်၊ ဒါပေမဲ့ ရိက္ခာလစာတော့ မရပေဘူးဗျ”

မင်းသားကလေး အင်ဒရေက ပြုံးလိုက်သည်။

“ကိစ္စမရှိပါဘူးဝန်ကြီးမင်း”

“အိမ်း ရိက္ခာလစာမရတဲ့ ကော်မတီဝင်ပေါ့ဗျာ” အာရတ်ချေ့က ပြောလိုက်သည်။ “ခုလို၊ အဲ ဟော့နောက်တစ်ယောက် ခေါ်လိုက်ဟေ့၊ ဘယ်သူရှိသေးသလဲ” ဟု အော်၍ ပြောလိုက်ပြီး မင်းသားကလေးအင်ဒရေကို ဦးညွတ်၍ နှုတ်ဆက်လိုက်သည်။

## အခန်း ၅

မင်းသားကလေးအင်ဒရေသည် စစ်စည်းကမ်း ဥပဒေပြဌာန်းရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ကြောင်း အမိန့်ပြန်တမ်းကို စောင့်ဆိုင်းလျက်ရှိရင်း မိမိ၏ အသိမိတ်ဆွေများ၊အထူးသဖြင့် ဩဇာအာဏာရှိသူများ၊ မိမိအား အကူအညီပေးနိုင်မည့်သူများကို လိုက်လံတွေ့ဆုံလျက်ရှိလေသည်။ ပီတာစဘတ်ရွှေမြို့တော်တွင် ရှိစဉ်အတွင်း မင်းသားကလေးအင်ဒရေမှာ ယခင်တစ်ကြိမ် စစ်မထွက်မီ အခါများက ခံစားရသကဲ့သို့ စိတ်ထဲတွင် ခံစားရလျက်ရှိပေသည်။ ထိုစဉ်ကကဲ့သို့ အရာရာကို သိချင်နေသည်။ သန်းပေါင်းများစွာသော လူများ၏ ကံကြမ္မာကို ဆုံးဖြတ်ရာ အနာဂတ်ကို ဖန်တီးပေးရာဌာနဖြစ်သည့် အုပ်ချုပ်သူ အသိုင်းအဝိုင်းကို များစွာ စိတ်ဝင်စားလျက်ရှိသည်။ ထိုအချိန်ကား ၁၈၀၉ – ခုနှစ်ဖြစ်၍ ရွှေနန်းတော် အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲမှုများကို စတင်ချိန်ဖြစ်သည့်အလျောက် ပီတာစဘတ်ရွှေမြို့တော်တွင် လှုပ်လှုပ်ရွရွ ဖြစ်လျက်ရှိလေသည်။ ရှေးလူကြီးပိုင်းက မကျေမနပ်ဖြစ်လျက် ရှိခြင်း၊ တိုင်းသူပြည်သားများက စိတ်ဝင်စားလျက် ရှိခြင်း၊ အခွင့်ထူးခံလူနည်းစုက မနှစ်သက်ဟန် ပြလျက်ရှိခြင်း၊ နေ့စဉ်နှင့်အမျှ ကော်မတီများ၊ အဖွဲ့များ ပေါ်ပေါက်လျက်ရှိခြင်း စသည်တို့ကို ကြည့်ရှုခြင်းအားဖြင့် ထိုနှစ်၌ ပီတာစဘတ်ရွှေမြို့တော်ကြီးမှာ ရွှေနန်းတော်အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ ကြီးမားသော ပဋိပက္ခကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ကဲ့သို့ အုံကြွလျက်ရှိ၏။ ထိုပဋိပက္ခကြီး၏ ထိပ်တွင်ကား စပီရန်စကီဆိုသူ၍ ဦးဆောင်လျက်ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ပြည်ထဲရေးဝန်စပီရန်စကီကို မသိသော်လည်း များစွာထူးချွန်၍ ဉာဏ်ပညာအရာတွင် ကြီးကျယ်သူတစ်ယောက် ဖြစ်ဟန် လက္ခဏာရှိသည်ဟု အောက်မေ့လိုက်မိသည်။ ဤသို့ဖြင့် စပီရန်စကီဦးစီးခေါင်းဆောင်လျက်ရှိသော အုပ်ချုပ်ရေး ကိစ္စအရပ်ရပ်ဆိုင်ရာ ပြောင်းလဲမှုကြီးသည် စတင်လျက်ရှိလေရာ မင်းသားကလေး အင်ဒရေသည် စပီရန်စကီ၏ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကောင်းစွာနားလည်ခြင်း မရှိသေးသော်လည်း လွန်မင်းစွာ စိတ်ပါဝင်စားလျက် ရှိရကား မိမိ၏ အကြံအစည်ဖြစ်သော စစ်ဥပဒေစည်းကမ်းများ ပြုပြင်ပြောင်းလဲရေး ကိစ္စသည်ပင်လျှင် မိမိ၏ ဦးနှောက်ထဲ၌ ဒုတိယတန်းနေရာသို့ ရောက်ရှိသွားလေသည်။

မင်းသားကလေး အင်ဒရေမှာ ပီတာစဘတ်ရွှေမြို့တော်ရှိ အထက်တန်းလွှာ မင်းစိုးရာဇာအပိုင်းတွင် အထူးမျက်နှာပွင့်လျက်ရှိလေသည်။ ရွှေနန်းတော်အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲရေးကို လိုလားသော လူသိုက်ကလည်း မင်းသားကလေး အင်ဒရေအား ၎င်းတို့ဘက်သို့ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကြသည်။ ပြုပြင်ပြောင်းလဲရေးကို ရှုတ်ချပြစ်တင်ကာ မကျေမနပ်ဖြစ်နေသူ ရှေးလူကြီးသိုက်ကလည်း မင်းသားကလေးအင်ဒရေကို ကြိုဆိုမျှော်လင့်လျက်ရှိကြသည်။ မိန်းမပိုင်းကလည်း ၎င်းကို ဝမ်းသာအယ်လဲ ကြိုဆိုကြကာ 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်'ဖြစ်လျက်ရှိပေသည်။ ဤသို့ဖြင့်အစုအသီးသီး၊ အသိုင်းအဝိုင်းအသီးသီးက ကြိုဆိုကြရာတွင်လည်း ကိုယ့်အကြောင်းနှင့်ကိုယ်ဖြစ်ကြလေသည်။ ပြုပြင်ပြောင်းလဲမှုလိုလားသူ လူသိုက်က ကြိုဆိုဖိတ်ခေါ်ခြင်းမှာ မင်းသားကလေးအင်ဒရေသည် ဉာဏ်အမြော်အမြင် ကြီးမား၍ စာပေကျမ်းဂန်များကို နှံ့စပ်ကျေညက်သည်ဟုလည်းကောင်း၊ မိမိ၏မြေကျွန်များအား ဘေးမဲ့လွှတ်ခဲ့သည့်အတွက် မှုတသော အမြင်ရှိသည့် 'လစ်ဘရယ်'တစ်ဦးဖြစ်သည်ဟုလည်းကောင်း ထင်ရှားကျော်ကြားသည့်အတွက်ဖြစ်၏။ ပြုပြင်ပြောင်းလဲမှုများကို မလိုလားသူ ရှေးလူကြီးပိုင်းက မျှော်လင့်ခြင်းမှာ မင်းသားကလေးအင်ဒရေသည် များစွာရှေးကျလှသော မင်းသားကြီး ဘိုလကွန်စကီ၏ သားတော်ပီပီ မိမိတို့ကဲ့သို့ပင် ပြုပြင်



www.burmeseclassic.com

 www.burmeseclassic.com 

ပြောင်းလဲမှုများကို လိုလားထောက်ခံမည်မဟုတ်ဟု ယူဆကြသည့်အတွက်ဖြစ်၏။ ရွှေမြို့တော် မိန်းမပိုင်းက ဝမ်းသာအယ်လဲ ကြိုဆိုခြင်းမှာ မင်းသားကလေး အင်ဒရေ သည် ချမ်းသာကြွယ်ဝသူတစ်ဦး၊ ထင်ရှားကျော်ကြားသူ တစ်ဦး၊ မျှော်လင့်ချက်ရှိသော ကြင်ရာလောင်းတစ်ဦး၊ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးဖိုဖြစ်ရရှာကာ စစ်မြေပြင်တွင် ကျဆုံးပြီဟု သတင်းဖြစ်ခဲ့ရာမှ ပြန်ရောက်လာခဲ့သည့် အတွက် စိတ်ကူးယဉ် ဇာတ်လမ်းထဲမှ ဇာတ်လိုက်တစ်ဦး ကဲ့သို့ စိတ်ဝင်စားစရာကောင်းသော လူသစ်တစ်ဦးဟု ယူဆကြသည့်အတွက်ဖြစ်၏။ ထိုမှုမက ယခင်က သိဟောင်းကျွမ်းဟောင်းများ အမြင်၌လည်း မင်းသား ကလေးအင်ဒရေမှာ ယခင်က ကဲ့သို့ပညာမာနထောင် လွှားခြင်း၊ တစ်ဖက်သားကို အထင်သေးတတ်ခြင်းတို့ မရှိတော့ဘဲ နူးညံ့သိမ်မွေ့ကာ ယောကျ်ား ပီသလာလျက် အသက်နှင့်အမျှ တည်ငြိမ်ရင့်ကျက်လာသည်ဟု ယူဆ လျက် ရှိကြလေသည်။ ထို့ပြင် အထက်တန်း လွှာအသိုင်း အဝိုင်းတွင် မင်းသားကလေး အင်ဒရေအကြောင်းကို စိတ်ဝင်စားစွာ ပြောဆိုလျက်ရှိကြ၍ အသိဖွဲ့လိုသူများ ဒုနဲ့ဒေးဖြစ်လျက်ရှိလေသည်။

စစ်ဝန်ကြီး အာရက်ချေ့နှင့် တွေ့ဆုံသည့်ညနေ တွင် မင်းသားကလေးအင်ဒရေသည် မြို့စားကြီး ကိုချူဘေ ၏ စံအိမ်သို့ သွားရောက်လည်ပတ်လေသည်။ မင်းသား ကလေးအင်ဒရေသည် မြို့စားကြီးအား 'လက်မရွံ့'အာရတ် ချေ့နှင့် တွေ့ဆုံခဲ့ကြောင်းကို ပြောပြလိုက်သည်။ (အာရတ် ချေ့၏ ဧည့်ခန်းဆောင်တွင် ထိုင်စောင့်နေကြသူများ ကဲ့သို့ပင် မြို့စားကြီးကိုချူဘေးကလည်း အာရတ်ချေ့ကို 'လက်မရွံ့'ဟုခေါ်၍ ခပ်လှောင်လှောင် ပြောလေ့ရှိသည်။)

"တူတော်မောင် တင်ပြထားတဲ့ ကိစ္စကိုလဲ စပီရန် စကီမပါဘဲနဲ့ မပြီးပေဘူး ထင်တယ်ဗျ၊ ခုအချိန်မှာ စပီရန်စကီက နေရာတကာမှာ ဓားထက်နေသဗျ၊ အေးလေ ကျုပ် စပီရန်စကီကို တီးခေါက်ကြည့်ပါဦးမယ်၊ စပီရန် စကီလဲ ဒီနေ့ညနေ ကျုပ်စံအိမ်ကို လာပါလိမ့်မယ်"

"စစ်စည်းကမ်းဥပဒေ ပြဋ္ဌာန်းရေးကိစ္စတွေဟာ ပြည်ထဲရေးဝန် စပီရန်စကီနှင့် ဘယ်လိုများ သက်ဆိုင်နေ ပါသလဲ ဦးရီးတော်" မင်းသားကလေး အင်ဒရေက မေးလိုက်သည်။

ကိုချူဘေးသည် မင်းသားကလေးအင်ဒရေ၏ ရိုးအသောအဖြစ်ကို အံ့အားသင့်ဟန်ဖြင့် ပြုံးလျက် ခေါင်းကို ယမ်းလိုက်သည်။

"မကြာသေးခင်ကပဲ တူတော်မောင်ရဲ့ အကြောင်း စကားစပ်မိလို့ စပီရန်စကီကို ပြောပြရသေးတယ်ဗျ" ကိုချူဘေးကပြောလိုက်သည်။ "တူတော်မောင်က မြေကျွန် တွေ ဘေးမဲ့လွှတ်ပစ်တဲ့ ကိစ္စလဲပါသပေါ့လေ"

"အလို လက်စသတ်တော့ မြေကျွန်တွေကို ဘေးမဲ့ ပေးလိုက်တယ်ဆိုတာ မင်းသားလေးလား"အနီးတွင် ရှိသော ကက်သရင်းဘုရင်မကြီးခေတ်ကို မီလိုက်သည့် လူကြီးတစ်ဦးက မင်းသားကလေး အင်ဒရေကို စက်ဆုပ်စွာ ကြည့်၍ မေးလိုက်သည်။

"မှန်ပါတယ်၊ ကျွန်တော့်ပိုင်စားနယ်မြေက သိပ် ပြီး မကျယ်လှပါဘူးခင်ဗျာ၊ ဒီပိုင်စားမြေပေါ်မှာရှိတဲ့ မြေကျွန်တွေကို ဘေးမဲ့ပေးလိုက်တဲ့အတွက် သိပ်ပြီးတော့လဲ အကျိုးထူးလှတယ် မဟုတ်ပါဘူး၊ သိပ်ပြီးတော့လဲ ထိခိုက် လှတယ် မဟုတ်ပါဘူး" မင်းသားကလေး အင်ဒရေက လူကြီးတစ်ဦးနှင့် အကြောင်းမဲ့ငြင်းခုံခြင်း မပြုလိုသဖြင့် စကားပြတ်အောင် ပြောလိုက်သည်။

"နောက်ကျနေပြီ ရောင်းရင်းရဲ့"ဟု ထိုလူကြီးက မြို့စားကြီး ကိုချူဘေးကို ပြောလိုက်သည်။ ပြီးမှ မင်းသား ကလေးအင်ဒရေဘက်သို့လှည့်ကာ–

"အေးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တွေကို ဘေးမဲ့ ပေးတဲ့ကိစ္စမှာ ကျုပ်နားမလည်တာ တစ်ခုရှိတယ် တူတော် မောင်ရဲ့၊ တူတော်မောင်က မြေကျွန်တွေကို ဘေးမဲ့ပေး လိုက်တော့ ကိုရင်တို့ ကျုပ်တို့မြေတွေကို ဘယ်သူလာ ထွန်ယက်စိုက်ပျိုးကြမလဲ။ ဒီမှာ တူတော်မောင် ဥပဒေ ရေးဆွဲရတဲ့အလုပ်ဟာ လွယ်ပေမယ့် အုပ်ချုပ်ရတဲ့အလုပ် ဟာ အင်မတန်ခက်သကွယ့်။ ခုတွင် ဟောဒီက မြို့စားကြီး ကို ကျုပ်မေးနေသေးတယ်၊ ကြည့်လေ၊ ရာထူးဌာနန္တရ တွေကို အရင်အရင် ရှေးလက်ထက်တော်များကတည်းက မျိုးရိုးအစဉ်အဆက်ကိုလိုက်ပြီး ချီးမြှင့်မြှောက်စားရိုးထုံးစံ ကို ပယ်ဖျက်ပြီး ဌာနဆိုင်ရာ စာစစ်ပွဲတွေ ကျင်းပဦးမလို့တဲ့။ ဒီအတိုင်းသာ စာစစ်ပွဲတွေ အောင်မှဆိုရင် ဌာနအသီးသီးမှာ ဘယ်သူတွေလာပြီး အုပ်ချုပ်ကြတော့မှာလဲဟင်"

"ဒါတော့ စာစစ်ပွဲအောင်တဲ့ ပုဂ္ဂိုလ်တွေက



www.burmeseclassic.com

ကြီးကြပ်အုပ်ချုပ်ရပေမှာပေါ့ ရောင်းရင်းရဲ့" ကိုချူဘေးက တင်ပျဉ်ချိတ်ရင်း ဖြေလိုက်သည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်ရဲ့ဌာနမှာ နီချီနီကော့ဗ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရှိတယ်။ မျိုးရိုးအစဉ်အဆက်အရ အမှုတော်လဲ ထမ်းလာခဲ့တယ်။ နှလုံးရည်နဲ့လဲ ပြည့်စုံတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပဲဗျ။ အသက်ခြောက်ဆယ်ရှိပြီ။ အဲဒီလို ပုဂ္ဂိုလ်ကြီးတွေဟာ ခု တက်လာတဲ့ နောက်ပေါက်ကလေးတွေနဲ့အတူ ဌာနဆိုင်ရာ စာစစ်ပွဲတွေ ဝင်ဖြေနေရဦးမှာလား"

"ဒါတော့ဟုတ်တယ် ခုတွေ့နေရတဲ့ အခက်အခဲက အဲဒါပဲ၊ ပညာရေးဆိုတာကလဲ ယေဘုယျပြောရတာပါ။ ဒါပေမဲ့"

ကိုချူဘေးသည် စကားဆုံးအောင် မပြောတော့ချေ။ ၎င်းသည် ထိုင်ရာမှထလိုက်၍ မင်းသားကလေးအင်ဒရေအား လက်မောင်းမှဆွဲခေါ်ကာ အခန်းထဲသို့ ဝင်လာသူ တစ်ဦးထံသို့ ခေါ်သွားလေသည်။ ထိုသူမှာ အရပ်မြင့်မြင့်၊ ခေါင်းပြောင်ပြောင်ဖြင့် အသက်လေးဆယ်ခန့်ရှိသူတစ်ဦးဖြစ်လျက် ကြီးမားကျယ်ပြန့်သောနဖူးကြီးနှင့် ထူးထူးခြားခြား ဖြူဖွေးလျက်ရှိသော ခပ်ရှည်ရှည်မျက်နှာ ရှိလေသည်။ ဝင်လာသူ လူသစ်သည် အပြာရောင် နောက်မြီးနှစ်ဖက်ခွ ပျံလွှားတောင်ဝတ်စုံအင်္ကျီရှည်ကို ဝတ်လျက် လည်တွင် လက်ဝါးကပ်တိုင်တစ်ခုကို ဆွဲထားပြီး လက်ဝဲဘက်ရင်အုံတွင် ဆုတံဆိပ်ကြယ်ပွင့်တစ်ခုကို ဆွဲချိတ်ထားလေသည်။ ထိုသူကား စပီရန်စကီပေတည်း။ မင်းသားကလေးအင်ဒရေသည် စပီရန်စကီ၏ ရုပ်သဏ္ဌာန်ကို ချက်ချင်းမျက်စိထဲတွင်စွဲသွားကာ မိမိ၏ သေရေးရှင်ရေး အချိန်များတွင် ကြုံတွေ့ရတတ်သကဲ့သို့သော ရင်တထိတ်ထိတ် ဖြစ်ရသည့် ခံစားချက်မျိုးကိုလည်း ခံစားလိုက်ရလေသည်။ ဤသို့ဖြစ်ရခြင်းမှာ ကြည်ညိုလေးစားခြင်းကြောင့်လော၊ အားကျခြင်းကြောင့်လော၊ မျှော်လင့်ခြင်းကြောင့်လောဟူ၍ကား ခွဲခြားမသိချေ။ စပီရန်စကီ၏ ရုပ်သဏ္ဌာန်မှာ တစ်ခါမြင်လျှင် ချက်ချင်းမှတ်မိနိုင်လောက်အောင် ထူးခြားသည့် ရုပ်လက္ခဏာမျိုး ဖြစ်၏။ စပီရန်စကီမှာ ပုံပန်းမကျလေးကန်ဖင့်နွဲ့ပုံရသလောက် တစ်ပြိုင်နက်တည်း၌ပင် မိမိကိုယ်ကို ယုံကြည်စိတ်ချခြင်း၊ တည်ငြိမ်ခြင်းစသည့် ဟန်အမူအရာတို့လည်း ရှိလေရာ မင်းသားကလေးအင်ဒရေသည် လူအတော်များများကို တွေ့ခဲ့ဖူးသည့်တွင် ဤကဲ့သို့ ဆန့်ကျင်ဘက်အခြင်းအရာနှစ်ခုပေါင်းစပ်လျက်ရှိသည့် လူမျိုးကို တစ်ခါမျှ မမြင်ဖူးခဲ့သေးချေ။ စပီရန်စကီ၏ မှေးထားသော ခပ်မှိုင်းမှိုင်းမျက်လုံးများကဲ့သို့ နူးညံ့ခြင်းနှင့် တင်းမာပြတ်သားခြင်းတို့ ယှဉ်တွဲလျက်ရှိသော မျက်လုံးမျိုးကိုလည်း မမြင်ဖူးသေးချေ။ စပီရန်စကီ၏ အသံကဲ့သို့ နူးညံ့ညင်သာ၍ ကြည်လင်ပြတ်သားခြင်းရှိသော အသံမျိုးကိုလည်း မကြားဖူးသေးချေ။ ထို့မျှမက စပီရန်စကီ၏ လက်များလောက် ဖြူဖွေးနုညက်ပျော့ပျောင်းသော လက်ကိုလည်း မတွေ့ဖူးသေးချေ။ စပီရန်စကီ၏ လက်များမှာ ပြန့်ကားသလောက် သေးသွယ်နူးညံ့ဖြူဖွေးလျက်ရှိပေသည်။ ဤသို့သော ဖြူဖွေးခြင်းမျိုးနှင့် နူးညံ့ခြင်းမျိုးကို ဆေးရုံတွင် နှစ်ရှည်လများ တက်ခဲ့ရသော စစ်သားများ၏ မျက်နှာများပေါ်၌သာ မင်းသားကလေး အင်ဒရေ တွေ့ခဲ့ဖူးသေးသည်။ ထိုစပီရန်စကီဆိုသည့် ပုဂ္ဂိုလ်ကား ပြည်ထဲရေးဝန်ကြီး၊ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်၏ သက်တော်ရှည်ဝန်ကြီး၊ နပိုလီယန်နှင့် အားရ်ဖတ်ဒေသတွင် တွေ့ဆုံဆွေးနွေးတော်မူရာ၌ ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့၍ နပိုလီယန်နှင့် ကိုယ်တိုင်ဆွေးနွေးတွေ့ဆုံခဲ့ရသူ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

စပီရန်စကီသည် လူစုထဲသို့ ဝင်ရောက်လာသည့်အခါ၌ အများတကာ လုပ်တတ်သကဲ့သို့ ကျီးကန်းတောင်းမှောက်မျက်လုံးမျိုးဖြင့် ထိုမှ ဤမှ ကြည့်ခြင်းမျိုးမရှိဘဲ တစ်နေရာတည်းကိုသာ စိုက်ကြည့်လာလေ့ရှိပြီး စကားကို အလျင်စလို ပြောခြင်းမပြုချေ။ စကားပြောသည့် နေရာ၌လည်း မိမိပြောသည့် စကားကို တစ်ဖက်သားက ဂရုတစိုက် နားထောင်ရမည်ဟူသော ယုံကြည်စိတ်ချခြင်းမျိုးဖြင့် ဖြည်းညင်းစွာ ပြောဆိုတတ်လျက် မိမိစကားပြောနေသူ၏ မျက်နှာကိုသာ စေ့စေ့ကြည့်၍ ပြောတတ်၏။

မင်းသားကလေးအင်ဒရေသည် စပီရန်စကီ၏ စကားလုံးတိုင်း၊ လှုပ်ရှားမှုတိုင်းကို အထူးဂရုထား၍နေမိသည်။ အချို့လူများသည် မိမိနှင့်နီးစပ်သူများအား အထင်သေးတတ်ကြ၍ (အရည်အချင်း ချင်းတူသည့်တိုင်) သူစိမ်းတစ်ရံဆံကို အထင်ကြီးတတ်လေ့ ရှိကြရာ မင်းသားကလေးအင်ဒရေမှာလည်း အလားတူပင် လူစိမ်းတစ်ယောက်၊ အထူးသဖြင့် စပီရန်စကီကဲ့သို့ ကျော်ကြားထင်



www.burmeseclassic.com

www.burmeseclassic.com


ရှားလှသည့် လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရသည့် အခါတွင်မူကား လူတို့၏ အရည်အသွေးများအားလုံး ပြည့်စုံနေသည့် ခြောက်ပြစ်ကင်းသဲလဲစင် လူတစ်ယောက် ဖြစ်လိမ့်မည်ဟု ယူဆလျက် ရှိလေသည်။

စပီရန်စကီက မိမိမှာ ရွှေနန်းတော်ကြီး၌ အချိန် အနည်းငယ်ကြာသွားသဖြင့် နောက်ကျသွားကြောင်း ထို့ကြောင့် ခွင့်လွှတ်ပါမည့်အကြောင်းဖြင့် မြို့စားကြီး ကိုချူဘေးအား တောင်းပန်ခြင်း ပြုလေသည်။ ဤနေရာ၌ စပီရန်စကီမှာ ဘုန်းတော်ကြီးသောဘုရားက ဆင့်ခေါ် တော်မူသည့်အတွက် ကြန့်ကြာသွားခြင်းဖြစ်ကြောင်းကို ပြောဆိုခြင်း မပြုဘဲ ချန်လှပ်ထားလေရာ ဤသည်ကို ထောက်ခြင်းအားဖြင့် စပီရန်စကီသည် ကိုယ့်ကိုယ်ကို နှိမ့်ချတတ်သော ဣန္ဒြေသိက္ခာရှိသူ ဖြစ်လေသည်ဟု မင်းသားကလေးအင်ဒရေ ယူဆလိုက်မိပြန်သည်။ မြို့စားကြီးကိုချူဘေးက မင်းသားကလေးအင်ဒရေနှင့် မိတ်ဆက် ပေးလိုက်သည့်အခါ၌ စပီရန်စကီသည် ထုံးစံဖြစ်သော အပြုံးဖြင့် ၎င်း၏မျက်လုံးများကို မင်းသားကလေး အင်ဒရေ ဘက်သို့ လှဲလိုက်၍ တိတ်ဆိတ်စွာ ကြည့်လျက်ရှိလေသည်။

"အိမ်း မင်းသားကလေးနဲ့ အသိအကျွမ်းဖြစ်ရတာ ဝမ်းသာတယ်ဗျာ။ မင်းသားလေးအကြောင်းတော့ ကြားဖူး နေတာကြာပါပြီ" စပီရန်စကီက ခေတ္တငုံ၍ ပြောလိုက် သည်။

ကိုချူဘေးက မင်းသားကလေး အင်ဒရေအား စစ်ဝန်ကြီး အာရတ်ချေ့က မည်သို့မည်ပုံပြောဆိုလိုက်ပုံကို စပီရန်စကီအား အကျဉ်းချုပ်၍ ပြောပြ၏။ စပီရန်စကီက ပို၍ ထူးခြားစွာ ပြုံးလိုက်သည်။

"တပ်မတော် ဥပဒေစည်းကမ်းများ ပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌကတော့ ကျုပ်ရဲ့ ရောင်းရင်းကြီး မွန်စီယာ မက်ဂနစ်စကီပဲဗျ" စပီရန်စကီက တစ်လုံးချင်း ပီပီသသ ကြီး ပြောလိုက်သည်။ "မင်းသားကလေးက တွေ့ချင် တယ်ဆိုရင်တော့ ကျုပ် ဆောင်ကြဉ်းပေးနိုင်ပါတယ်"

စပီရန်စကီသည် တောက်လျှောက်ပြောလိုက်ပြီး ဝါကျအဆုံး၌ ရပ်လိုက်သည်။

"မက်ဂနစ်စကီဟာ တစ်ဖက်သားကို ကူညီတတ် တဲ့စိတ်ရှိတယ်ဆိုတာ မင်းသားကလေး တွေ့ပါလိမ့်မယ်။ ပြီးတော့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းမှန်သမျှကိုလဲ ကူညီအားပေးတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါပဲ"

ခဏကြာလျှင် စပီရန်စကီအနီး၌ ဝိုင်းအုံလျက် ရှိကြလေသည်။ မင်းသားကလေးအင်ဒရေ၏ မြေကျွန်များ ဘောမဲ့လွှတ်ခြင်းကိစ္စကို မကျေမနပ် ဖြစ်နေသည့် ရှေးအဘိုး ကြီးသည် စပီရန်စကီအား မေးခွန်းတစ်ခုကို မေးမြန်း လျက်ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် စကားဝိုင်းထဲသို့ ဝင်ရောက်ခြင်းမပြုဘဲ စပီရန်စကီ၏ လှုပ်ရှားမှုများကိုသာ စောင့်ကြည့်နေမိသည်။ စပီရန်စကီသည် မကြာသေးမီက မထင်ရှားသော သာသနာရေးတက္ကသိုလ် စာသင်သား တစ်ဦးမျှသာ ဖြစ်ခဲ့သော်လည်း ယခုမူ ၎င်း၏ဖြူဖွေးနူးညံ့ သည့်လက်ထဲ၌ ရုရှားနိုင်ငံကြီး တစ်ခုလုံး၏ ကံကြမ္မာကို ချုပ်ကိုင်ထားလျက်ရှိပေပြီ။ မင်းသားကလေးအင်ဒရေသည် စပီရန်စကီက ရှေးအဘိုးကြီးအား လွန်စွာ စက်ဆုပ်ဖွယ်ဟန် ဖြင့် ဣန္ဒြေကြီး တစ်ခွဲသားလောက်နှင့် ဆက်ဆံခြင်းကို တွေ့လိုက်ရသည့်၌ အကြီးအကျယ် အံ့အားသင့်၍ သွားမိ လေသည်။ စပီရန်စကီသည် ထိုရှေးအဘိုးကြီးနှင့် ဆက်ဆံ ရာ၌ အဆင့်အတန်းချင်း ကွာလွန်းလှသည့်အတွက် အလွန် မြင့်မားလှသော နေရာဌာနမှ ဆင်းသက်ကာ နိဝါတတရား ရှေ့ထား၍ ဆက်ဆံရပုံမျိုးဖြစ်၏။ ရှေးအဘိုးကြီးက စကားကို စိတ်ပါလက်ပါ ကျယ်လောင်စွာ ပြောဆိုနေသော အခါတွင် စပီရန်စကီသည် မပွင့်တပွင့်မျှသာပြုံးကာ ဘုန်းတော်ကြီးသော ဘုရား၏ အလိုဆန္ဒကို မိမိဆုံးဖြတ် ခြင်းမပြုနိုင်ကြောင်းဖြင့် ပြောဆိုလိုက်သည်။

သို့ဖြင့် စပီရန်စကီသည် ထိုအဝန်းအဝိုင်းတွင် အာလာပသလ္လာပစကားပြောဆိုပြီးနောက် ထလာကာ မင်းသားကလေးအင်ဒရေအား လက်မောင်းမှဆွဲ၍ပြတင်းဝ အနီးသို့ ခေါ်သွားလေသည်။ စပီရန်စကီသည် မင်းသား ကလေးအင်ဒရေအား စိတ်ဝင်စားလျက်ရှိသည်မှာ ထင်ရှားပေပြီ။

"ဟောဟိုက အဘိုးကြီး ဝင်ရှုပ်နေတာနဲ့ မင်းသား ကလေးနဲ့ အေးအေးလူလူစကားပြောဖို့အချိန်ကို မရဘူးဗျ" စပီရန်စကီက မပွင့်တပွင့်လှောင်ပြုံးကလေး ပြုံး၍ ပြောလိုက်၏။ ထိုအပြုံးကား စောစောက မိမိနှင့်စကား ပြောဆိုလျက်ရှိသည့် ပုဂ္ဂိုလ်များမှာ ဘာမျှ အရေးမစိုက် လောက်သည့် သာမညပုဂ္ဂိုလ်များဖြစ်သည်။ မိမိတို့ အချင်း


www.burmeseclassic.com

www.burmeseclassic.com


ချင်းသာလျှင် တစ်ဦးကိုတစ်ဦး နားလည်လောက်သော အခြေခံရှိသူများဖြစ်သည်ဟူသော အဓိပ္ပာယ်ကိုဆောင်သော အပြုံးမျိုးဖြစ်၏။ မင်းသားကလေးအင်ဒရေသည် စပီရန်စကီ၏ စကားကြောင့် ဘဝင်မြင့်ချင်သလိုပင် ဖြစ်သွားမိသေးသည်။

"မင်းသားလေးကို သိနေတာကတော့ ကြာပြီဗျ။ မြေကျွန်တွေကို ဘေးမဲ့ပေးလိုက်ကတည်းက ကြားဖူးနေတယ်ဆိုပါတော့လေ ခုလို မင်းသားကလေးက စံပြအဖြစ်လုပ်လိုက်တော့ အလားတူအခြားပုဂ္ဂိုလ်တွေက လိုက်ပြီးလုပ်လာကြရင် အတိုင်းထက်အလွန်ပေပဲဗျ။ နောက်တစ်ချက်ကလဲ မင်းသားကလေးဟာ လူပျိုတော်သားဖြစ်ပေမယ့် နန်းတွင်းအဆောင်အယောင် ဘွဲ့ထူးဂုဏ်ထူးများကိုဖျက်သိမ်းတဲ့ အမိန့်တော်ပြန်တမ်းနဲ့ ပတ်သက်လို့ မည်သို့မျှထိခိုက်ခြင်းမရှိတဲ့အတွက်လဲ မင်းသားလေးကို သိနေတယ်ဆိုပါတော့၊ အင်း၊ တခြား ရွှေနန်းတော်အမှုထမ်းတွေတော့ ဒီအမိန့် ပြန်တမ်းကြောင့် ရထားတဲ့ အဆောင်အယောင်လေးတွေ ဆုံးရှုံးရချည်ရဲ့ဆိုပြီး ယောက်ယက်ခတ်နေတာပဲဗျို့။"

"ဟုတ်ကဲ့၊ ကျွန်တော့်အတွက်တော့ သိပ်ပြီးမထူးလှပါဘူး ဝန်ကြီးခင်ဗျာ။ ခမည်းတော်ကြီးကလဲ ကျွန်တော့်ကို ဒီလို အဆောင်အယောင် အစီးအနင်းတွေကို ခံစားစေချင်ပုံ မရပါဘူး။ ကျွန်တော့်ကိုယ်နှိုက်ကလဲ အောက်ခြေကလာတဲ့လူဆိုတော့ သိပ်ပြီး မက်မောလှတယ်လို့ မဟုတ်ပါဘူး"

"အိမ်း၊ ခင်ဗျား ခမည်းတော်ကြီးကတော့ လွန်ခဲ့တဲ့ရာစုနှစ်ပိုင်းက မွေးလာတဲ့ ရှေးလူကြီးဖြစ်ပေမယ့် အမိန့်ပြန်တမ်းသစ်ကို မကျေမနပ်ဖြစ်နေတဲ့ ရွှေမြို့တော်က ရှေးအဘိုးကြီးတွေနဲ့တော့ မတူဘူးဗျ။ ထူးခြားပါပေတယ်။ ဝိသေသထူးတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါပေတယ်"

"ဒါပေမဲ့" မင်းသားကလေးအင်ဒရေက မိမိသည် တဖြည်းဖြည်း စပီရန်စကီ၏ သြဇာအောက်သို့ ရောက်လျက်ရှိသည်ကို သတိရကာ ချေပရန် ကြိုးစားလျက်ပြောဆိုလိုက်၏။ မင်းသားကလေး အင်ဒရေသည် စပီရန်စကီနှင့် နေရာတကာတွင် သဘောချင်း တစ်ထပ်တည်း ဖြစ်မနေလိုဘဲ အငြင်းအခုံပြုရန် စိတ်သန်လျက်ရှိ၏။ သို့ရာတွင် ခါတိုင်းစကားပြော သွက်သလောက် ယခု စပီရန်စကီနှင့်တွေ့သောအခါတွင်မူ ခပ်လေးလေးဖြစ်လျက် ရှိလေပြီ။ စပီရန်စကီ၏ ကျော်စောကိတ္တိကြီးမားခြင်းသည် ခြောက်လှန့်လျက်ရှိပေပြီ။

"ဒါပေမဲ့ အမိန့်ပြန်တမ်းတော်သစ်ကို မကျေမနပ်ဖြစ်ပြီး အတိုက်အခံပြောနေကြမယ့် ပုဂ္ဂိုလ်တွေမှာလဲ သူတို့အကြောင်းနဲ့ သူတို့တော့ ရှိပေလိမ့်မယ် ထင်ပါတယ် ဝန်ကြီး"

"ဘာအကြောင်းများလဲဗျ၊ ရှိရင်လဲ ပုဂ္ဂိုလ်အားဖြင့်ကြီးမြင့်လိုစိတ်ပဲ ရှိရမှာပေါ့" စပီရန်စကီက ခပ်အေးအေးပြောလိုက်သည်။

"ဒါတွင်တော့ မကဘူးထင်ပါတယ်ဝန်ကြီး။ နိုင်ငံတော်နဲ့ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ရဲ့ အကျိုးလဲပါသင့်သလောက် ပါပါလိမ့်မယ်"

မင်းသားလေး အင်ဒရေက ပြောလိုက်သည်။

"မင်းသားကလေး ဆိုလိုတဲ့အဓိပ္ပာယ်က ဘယ်လိုပါလိမ့်"စပီရန်စကီက မျက်လွှာကိုချ၍ ခပ်အေးအေးပြောလိုက်သည်။

"ကျွန်တော်က မွန်တက်စကျူရဲ့ သဘောတရားကို နှစ်သက်သူတစ်ဦး ဖြစ်ပါတယ်ခင်ဗျာ။ ပညာရှိကြီး မွန်တက်စကျူ ရေးသားစီရင်ခဲ့တဲ့ နိုင်ငံအုပ်ချုပ်ပုံ စာတမ်းနှင့်တကွ ရာဇဝါဒကျမ်းများမှာ 'မင်းဧကရာဇ်တို့မည်သည် ဘွဲ့ထူးဂုဏ်ထူးပေးအပ်သင့်သူကို ပေးအပ်၊ အဆောင်အယောင် ချီးမြှင့်သင့်သူကိုချီးမြှင့်၊ အစီးအနင်း ပေးသနားသင့်သူကို ပေးသနားရာသည်။ ဤသို့ချီးမြှင့် မြှောက်စားခြင်းဖြင့် မင်းဧကရာဇ်တို့၏ ဂုဏ်ကျက်သရေကို တည်စေရာသည်'လို့ ပါရှိပါတယ်။ ရှေးပညာရှိကြီးများရဲ့ ကျမ်းထွက်သြဝါဒများဟာ မှန်ကန်တယ်လို့လဲ ကျွန်တော် ယူဆပါတယ်၊ မှူးမတ်သေနာပတိများအား သင့်လျော်ရာ ဘွဲ့ထူးမည်ရည်များ ပေးသနားတော်မူခြင်း၊ အဆောင်အယောင်များချီးမြှင့် မြှောက်စားတော်မူခြင်းဟာ မင်းဧကရာဇ်တို့ ကျင့်အပ်သော တရားနဲ့လဲ ညီညွတ်တယ်လို့ ယူဆပါတယ်ခင်ဗျာ"

စပီရန်စကီ၏ ဖြူဖွေးသော မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်းပျောက်ကွယ်သွား၏။ စပီရန်စကီသည် မင်းသားကလေးအင်ဒရေ၏ အတွေးအခေါ်များကို စိတ်ပါဝင်စားလာဟန်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com


"မင်းသားကလေး ကြည့်တဲ့ရှုထောင့်က ကြည့်မယ်ဆိုရင်တော့လဲ မရိုင်းဘူးပဗျာ"ဟု ပြင်သစ်စကားဖြင့် ခပ် လေးလေးပြောလိုက်ပြီးနောက် အဆောင်အယောင် အစီးအနင်းတို့ ပေးသနားခြင်းမှာ မင်းမှုထမ်းတို့အား ချီးမြှောက်ရာမရောက်ဘဲ နစ်မွန်းစေကြောင်း၊ မျိုးရိုးအလိုက် သူကောင်းပြုခြင်း၊ အဆောင်အယောင်ပေးသနားခြင်းတို့ကြောင့် ဂုဏ်ထူးဘွဲ့ထူးတို့၏ တက်လာမည်မဟုတ်ကြောင်း၊ ဂုဏ်ထူး ဘွဲ့ထူးများ ပေးအပ် သူကောင်းပြုခြင်းဟူရာ၌ နှစ်မျိုးရှိကြောင်း၊ တစ်မျိုးမှာ လူတို့အား ရှောင်ကြဉ်သင့်သည့်အရာများကို ရှောင်ကြဉ်နိုင်ရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးသည့် စည်းကမ်းကလနားမျိုးဖြစ်ကြောင်း၊ နောက်တစ်မျိုးမှာ အမှုတော်ထမ်းရာ၌ အရှင်၏ အကျိုးကို သူ့ထက်ငါ သာအောင် ယှဉ်ပြိုင်ထမ်းဆောင်လိုစိတ်များ ပေါ်ပေါက်လာအောင် စေ့ဆော် ပေးသည့် အရာများ ဖြစ်ကြောင်းဖြင့် စပီရန်စကီက ပြောပြ၏။ စပီရန်စကီ၏ ချေပချက်မှာ တိုတိုရှင်းရှင်း ဖြစ်လေသည်။

"အိမ်း၊ အရှင်ဧကရာဇ်၏ အကျိုးကို သူ့ထက်ငါသာအောင် ထမ်းရွက်လိုစိတ်ကို စေ့ဆော်တဲ့ ဘွဲ့ထူးဂုဏ်ထူးမျိုးဆိုတာက ခဘုန်းတော်ကြီးသော နပိုလီယန် ဘုရင်မင်းမြတ်က ချီးမြှင့်တော်မူတဲ့ 'လီဂျင်းအော့ဖ်စအော်နာ' ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးမျိုးပေပဲဗျ။ ဒီလို ဂုဏ်ထူး ဘွဲ့ထူးမျိုးက မျိုးရိုးကိုလဲမကြည့်၊ ထီးရိုးနန်းရိုးကိုလဲမကြည့်ဘဲ အရှင့်အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်တဲ့ ပုဂ္ဂိုလ်မျိုးတွေ မှန်သမျှ အမျိုးမရွေးပေးတဲ့ ဂုဏ်ထူးဘွဲ့ထူးမျိုး"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ ဒါပေမဲ့ မျိုးရိုးစဉ်ဆက်ကို လိုက်ပြီးပေးတဲ့ဘွဲ့ထူး ဂုဏ်ထူးတွေဟာလဲ ဒီသဘောကို ဆောင်တာပဲလို့ ယူဆပါတယ်။ မျိုးရိုးအလိုက် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခြင်း ခံရသူ ရွှေနန်းတော် အမှုထမ်းများဟာလဲ ရမယ့်ဘွဲ့ထူးဂုဏ်ထူးကို မဆုံးရလေအောင်၊ ထိုက်တန်အောင် အမှုထမ်းကြတာပါပဲခင်ဗျာ"

"အင်း၊ ဖြစ်မှ ဖြစ်ရလေဗျာ။ မင်းသားကလေးဟာ ကိုယ့်အတွက်တော့ ဘွဲ့ထူးဂုဏ်ထူးချီးမြှောက်တာတွေကို မက်မောခြင်းမရှိဘူး။ အခြားလူအတွက် ပူပန်နေလိုက်ရတာ" စပီရန်စကီက နောက်ထပ်ငြင်းခုံခြင်း ပြုလိုသော ဆန္ဒမရှိတော့ကြောင်းကို အပြုံးဖြင့် အရိပ်ပြ၍ ပြောလိုက်သည်။

"ကဲ၊ ကျုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ လာမယ့်ဗုဒ္ဓဟူးနေ့မှာ အိမ်ကိုကြွပါလားမင်းသားလေး။ ကျုပ်မက်ဂနစ်စကီနဲ့တွေ့ပြီး အကျိုးအကြောင်း စုံစမ်းထားလိုက်မယ်လေ။ ဒီထက် ပြည့်ပြည့်စုံစုံကလေး စကားပြောရမယ်ဆိုရင်လဲ ဝမ်းသာစရာပဗျာ"

စပီရန်စကီသည် မျက်လုံးကိုမှိတ်၍ ခါးညွတ်နှုတ်ဆက်ပြီးနောက် မိမိထွက်သွားသည်ကို မည်သူကမျှ စိတ်ဝင်စားခြင်းမရှိအောင် တတ်နိုင်သမျှ ကြိုးစား၍ ရှောင်ကွင်းကာ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထွက်သွားလေသတည်း။

## အခန်း ၆

မင်းသားကလေးအင်ဒရေ ရွှေမြို့တော်သို့ ရောက်ပြီး မကြာမီ၌ ကျေးလက်တွင် အထီးကျန်ဘဝဖြင့် နေထိုင်ခဲ့စဉ်အတွင်း မိမိပြုစုပျိုးထောင်ခဲ့သော အတွေးများ၊ စိတ်ကူးများသည် အသေးအဖွဲ့ကိစ္စကလေးများအကြားတွင် တဖြည်းဖြည်း နစ်မြုပ် ပျောက်ကွယ်သွားကြသည်ကို တွေ့ရလေသည်။

ညနေစောင်း၍ အိမ်သို့ ပြန်ရောက်သည့်အခါ မင်းသားကလေးအင်ဒရေသည် ချိန်းဆိုထားသည့် ကိစ္စများကို မှတ်စုစာအုပ်များတွင် ရေးမှတ်ထားလေ့ရှိသည်။ အချို့နေ့များ၌ ချိန်းဆိုထားသည့် ကိစ္စများမှာ လေးငါးခုမျှပင် ရှိတတ်သည်။ နေ့စဉ်နှင့်အမျှ ချိန်းဆိုထားသည့် အချိန်၌ အမီရောက်ရန်အတွက် ပြုဖွယ်ကိစ္စများကို စနစ်တကျစီစဉ်ရခြင်းဟူသော ဘဝယန္တရားကြီးကို မောင်းနှင်ရသည်မှာ များစွာ ပင်ပန်းလှသော အလုပ်ဖြစ်ပေသည်။ ရွှေမြို့တော်သို့ ရောက်ကတည်းက မင်းသားကလေးအင်ဒရေမှာ ဘာကိုမျှလည်း မည်မည်ရရ မလုပ်နိုင်ဘဲ နေ့စဉ်နှင့်အမျှ လူတွေနှင့် တွေ့ဆုံဆွေးနွေးကာ စကားချည်း ပြောနေရလေသည်။ ကျေးလက်တွင်ရှိစဉ်က စဉ်းစားထားခဲ့သော ကိစ္စများကိုကား စဉ်းစားနိုင်ဖို့ဝေးစွ၊ စဉ်းစားရန် အချိန်ပင် မရချေ။

တစ်ခါတစ်ရံ၌လည်း တစ်နေ့တည်းတွင် လူအမျိုးမျိုးနှင့်တွေ့ကာ ထိုစကားများကိုချည်း ထပ်ပြန်တလဲလဲ


www.burmeseclassic.com

ပြောနေသဖြင့် မကျေမနပ် ဖြစ်မိသေးသည်။ သို့ရာတွင် မင်းသားကလေးအင်ဒရေမှာ နေ့စဉ်နှင့်အမျှ ဤသို့ဆွေးနွေးရခြင်းဖြင့် မအားလပ်အောင်ရှိနေရကား မည်သည့်အရာကိုမျှ စဉ်းစားတွေးတောနိုင်ခြင်း မရှိသော မိမိအဖြစ်ကိုပင် သတိမပြုမိအောင် ဖြစ်လျက်ရှိလေသည်။

ဗုဒ္ဓဟူးနေ့၌ မင်းသားကလေး အင်ဒရေသည် ချိန်းဆိုထားသည့်အတိုင်း စပီရန်စကီ၏အိမ်တော်သို့ ရောက်ရှိလာလေသည်။ ပထမတစ်ကြိမ် တွေ့ခဲ့စဉ်ကကဲ့သို့ပင် စပီရန်စကီသည် မင်းသားကလေး အင်ဒရေအဖို့ များစွာ အထင်ကြီးစရာဖြစ်လျက်ရှိ၏။ ထိုနေ့၌ စပီရန်စကီသည် မင်းသားကလေးအင်ဒရေအား သီးသန့်ဧည့်ခံကာ အတွင်းရေးကိစ္စများကို ဖွင့်ပြောပြခြင်းပြုလေသည်။

မင်းသားကလေး အင်ဒရေသည် မိမိတွေ့ဖူးသော လူများကို အထင်သေးလေ့ရှိ၏။ မထင်ရှားသော အညတရ သတ္တဝါများဟု ထင်မှတ်လေ့ရှိ၏။ ထို့ကြောင့် အဘက်ဘက်မှ ပြည့်စုံသော ခြောက်ပစ်ကင်း သဲလဲစင် လူတစ်ယောက်ကို တွေ့လိုစိတ် ပြင်းထန်ခဲ့သည်။ မိမိကိုယ်တိုင်လည်း ပြည့်စုံသော ခြောက်ပြစ်ကင်း သဲလဲစင် လူတစ်ယောက်ဖြစ်ရန် ကြိုးစားခဲ့သည်။ ယခုမူ မိမိတွေ့လိုသော ဉာဏ်အမြော်အမြင်ကြီးမား၍ အဘက်ဘက်မှ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးသည် စပီရန်စကီဖြစ်ကြောင်းကို တွေ့ရလေပြီ။ အကယ်၍သာ စပီရန်စကီသည် မိမိကဲ့သို့ မျိုးမြိုးမတ်နွယ်မှ ဆင်းသက်လာခဲ့သူဖြစ်ပါက မင်းသားကလေး အင်ဒရေသည် ထိုမျှလောက် အထင်ကြီးမိမည် မဟုတ်ဘဲ မကြာမီမှာပင် စပီရန်စကီ၏ ပျော့ကွက်များ၊ ဟာကွက်များကို တွေ့လာမည်ဖြစ်၏။ ယခုမူကား စပီရန်စကီ၏ ထူးခြား၍ ရှေ့နောက်ညီညွတ်သော တွေးခေါ်ပုံများကြောင့်လည်းကောင်း၊ အထူးသဖြင့် စပီရန်စကီမှာ မိမိအကျွမ်းဝင်ခြင်းမရှိသော လူတန်းစားမှ ဆင်းသက်လာသည့် လူစိမ်းတစ်ယောက် ဖြစ်နေသည့်အတွက်ကြောင့်လည်းကောင်း အထင်ကြီးကာ ကြည်ညိုလေးစားလျက်ရှိလေသည်။ စပီရန်စကီမှာလည်း မင်းသားကလေးအင်ဒရေ၏ အရည်အသွေးကို အထင်ကြီး၍ပေလော သို့တည်းမဟုတ် မိမိဘက်သို့ပါအောင် ဆွဲဆောင်လို၍လော မသိ၊ မင်းသားကလေး အင်ဒရေ၏ ရှေ့တွင်ဆိုလျှင် သမာသမတ်ရှိခြင်း၊ တည်ငြိမ်စွာ စဉ်းစားတွေးခေါ်တတ်ခြင်း စသည့် အမူအရာတို့ကို ပြလေ့ရှိလျက် မင်းသားကလေး အင်ဒရေကိုလည်း မသိမသာ မြှောက်ပင့်ပြောဆိုခြင်း ပြုတတ်သည်။ သို့ရာတွင် တစ်ဖက်သားအား ဤသို့ မြှောက်ပင့်ပြောဆိုရာတွင် စပီရန်စကီသည် အခါအခွင့်သင့်တိုင်း မိမိ၏အရည်အသွေးကိုလည်း မသိမသာ ထုတ်ဖော်ပြောဆိုသွားတတ်သည်သာ ဖြစ်၏။ ထိုမျှမက မိမိတို့ကဲ့သို့ ကျန်လောကသားများ၏ မိုက်မဲမှုတို့ကို နားလည်သူ နှစ်ဦး၊ နက်နဲ၍ ကျိုးကြောင်းညီညွတ်သော အတွေးအခေါ်များကို အချင်းချင်း နားလည်နိုင်သူ နှစ်ဦးသာလျှင် ပေါင်းဖော်၍ ရကြောင်းကိုလည်း တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်၍ ပြောဆိုလေ့ ရှိတတ်လေသည်။

ဗုဒ္ဓဟူးနေ့က နှစ်ယောက်သား တွေ့ဆုံစကားပြောကြရာ၌ စပီရန်စကီသည် အကြိမ်ပေါင်းများစွာ 'ကျုပ်တို့' ဟူသော ဗဟုဝုစ်နာမ်စားကို မကြာခဏ အသုံးပြုသည်ကို မင်းသားကလေး အင်ဒရေ သတိထားလိုက်မိ၏။ "ကျုပ်တို့နှစ်ယောက်ကတော့ အမြစ်တွယ်နေတဲ့ ထုံးတမ်းစဉ်လာတွေကို ဆန့်ကျင်တဲ့ လူချည်းပဲ ဖြစ်နေပြီဗျို့" ဟူ၍လည်းကောင်း၊ "ကျုပ်တို့လိုချင်တာက ဝံပုလွေလဲ အစာဝစေ၊ သိုးလဲလုံခြုံစေ ဆိုတဲ့ သဘောမျိုးဗျ" ဟူ၍လည်းကောင်း "သူတို့ဟာ ခုကိစ္စတွေကို နားမလည်နိုင်ကြဘူးဗျ" ဟူ၍လည်းကောင်း ပြောဆိုခြင်း ပြုလေရာ ၎င်း၏အဓိပ္ပာယ်မှာ "သူတို့ ဘယ်လိုလူတွေ၊ ကျုပ်တို့ဘယ်လိုလူတွေဆိုတာကို ခင်ဗျားနဲ့ ကျုပ်တို့နှစ်ဦးပဲ နားလည်တယ်ဗျ" ဟုဆိုသကဲ့သို့ ရှိလေသည်။

စပီရန်စကီနှင့် ယခုကဲ့သို့ ပထမဆုံးအကြိမ် အချိန်တော်ကြာကြာ စကားပြောလိုက်ခြင်းကြောင့် မင်းသားကလေးအင်ဒရေသည် စပီရန်စကီကို ယခင်ကထက် ပို၍ အထင်ကြီးလာခဲ့ပေသည်။ စပီရန်စကီသည် အသိဉာဏ် ကြီးမား၍ ပြတ်ပြတ်ရှင်းရှင်း စဉ်းစားတတ်သူတစ်ယောက်ဖြစ်ပြီး ဝီရိယရှိခြင်း၊ ဇွဲရှိခြင်းတို့ကြောင့် တန်ခိုးအာဏာ ရရှိလာခြင်းဖြစ်လျက် ထိုတန်ခိုးအာဏာကို ရုရှားနိုင်ငံကြီး၏ အကျိုးအတွက် အသုံးပြုလျက် ရှိသည် ဟုလည်း မင်းသားကလေးအင်ဒရေ စွဲမြဲစွာ ယုံကြည်လျက်ရှိ၏။ အမှန်အားဖြင့် စပီရန်စကီမှာ လူ့ဘဝ၏ အဖြစ်အပျက်များကို ကျိုးကြောင်း ညီညွတ်အောင် ရှင်းပြတတ်သူ၊ ကျိုးကြောင်းညီညွတ်သောအရာကို ယုံကြည်သူ၊ အရာရာကို



www.burmeseclassic.com

ကျိုးကြောင်းဆင်ခြင်မှုဖြင့် ကြည့်ရှုဆင်ခြင်နိုင်သူ ဖြစ်လေရာ မင်းသားကလေးအင်ဒရေဖြစ်ချင်သော ပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။ စပီရန်စကီ၏ စကားများမှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရှိလှသည့်အတွက် မင်းသားကလေးအင်ဒရေသည် ၎င်းပြောသမျှကို သဘောကျပြီး ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ မင်းသားကလေးအင်ဒရေသည် ငြင်းခုံပြောဆိုခြင်း ပြုလေ့ရှိသော်လည်း ထိုသို့ ငြင်းခုံခဲ့ခြင်းမှာ သဘောမတူခြင်းကြောင့် မဟုတ်ဘဲ မိမိ၏ လွတ်လပ်စွာ တွေးခေါ်စဉ်းစားမှုကို အလေးပေးလိုခြင်းနှင့် စပီရန်စကီ၏ အယူအဆများ နောက်သို့ လုံးဝ လိုက်ပါမသွားမိစေရန်အတွက် မိမိကိုယ်ကို မိမိထိန်းသိမ်းလိုခြင်းကြောင့်သာ ဖြစ်လေသည်။ ဤသို့ဖြင့် မင်းသားကလေးအင်ဒရေမှာ စပီရန်စကီအား သဘောကျသည်ထက် ကျလျက်ရှိလေပြီ။ သို့ရာတွင် မင်းသားကလေး အင်ဒရေ သဘောမကျသည့်အချက် တစ်ခုကားရှိ၏။ ယင်းမှာ ၎င်း၏အတွင်းဝိညာဉ်ကို ထွင်းဖောက်ကြည့်ရန် မည်သူ့ကိုမျှ ခွင့်မပြုနိုင်ဟု ဆိုသကဲ့သို့ရှိသော စပီရန်စကီ၏ အေးစက်စူးရှသည့် အကြည့်နှင့် ၎င်း၏ဖြူဖွေးနုနယ်သော လက်များဖြစ်သည်။ လူများသည် အာဏာရှိပုဂ္ဂိုလ်များ၏ လက်များကို စူးစိုက်လေ့လာ ကြည့်ရှုတတ်လေ့ရှိရာ မင်းသားကလေးအင်ဒရေသည်လည်း စပီရန်စကီ၏ လက်များကို ရည်ရွယ်ခြင်း မရှိဘဲ စူးစိုက်ကြည့်နေမိသည်။ ၎င်း၏ အေးစက်စူးရှသော အကြည့်နှင့် ဖြူဖွေးနုနယ်သော လက်များသည် မင်းသားကလေး အင်ဒရေ၏ စိတ်ကို အနှောင့်အယှက် ပြုလျက်ရှိ၏။ စပီရန်စကီ၏ တစ်ဖက်သားအပေါ် အလွန်အမင်း အထင်သေးတတ်ခြင်း၊ မိမိ၏ ထင်မြင်ချက်တစ်ခုကို အခိုင်အမာဖြစ်စေရန် အဘက်ဘက်မှ ဆင်ခြေအမျိုးမျိုးပေးကာ ကုတ်ကတ်ကတ်ကတ် ပြောဆိုတတ်ခြင်းကို ကြည့်၍လည်း မင်းသားကလေး အင်ဒရေသည် စိတ်မသက်မသာဖြစ်လျက်ရှိသည်။ စပီရန်စကီသည် လူတစ်ယောက်ကို ကြည့်ရာ၌ မိမိနှင့် မည်သည့်အချက်တွင် တူညီသည်ကို ကြည့်ခြင်းထက် မည်သည့်အချက်တွင် ကွဲလွဲသည်ကို အလေးပေးကြည့်တတ်သူ တစ်ဦးမျှသာဖြစ်ရုံမက ထိုသူနှင့် ကိုက်ညီသောအချက်ကို တွေ့ရလျှင်လည်း မိမိကိုယ်ကို ဆန့်ကျင်ဘက်အနေအထားသို့ ရောက်အောင် ရဲဝံ့စွာ ပြောင်းလဲတတ်သူဖြစ်သည်ဟု မင်းသားကလေး အင်ဒရေယူဆသည်။ စပီရန်စကီသည် တစ်ခါတစ်ရံ၌ အတွေးသမားကို ရှုတ်ချသော လက်တွေ့သမားတစ်ယောက်၏ အနေအထားကို ယူတတ်၍ လောကကြီး၏ အမြီးအမောက် မတည့်ပုံကို လှောင်ပြောင်တတ်သူ တစ်ဦးအနေဖြင့် ၎င်း၏ ဆန့်ကျင်ဘက်အတိုက်အခံသမားများ (ပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်သူများ)ကို ရယ်မောလှောင်ပြောင်တတ်သည်။ တစ်ခါတစ်ရံ၌လည်း ကျိုးကြောင်းညီညွတ်မှု၊ ယုတ္တိပြည့်စုံမှုကို လွန်မင်းစွာ အသားပေးရာမှ တက္ကဗေဒသဘောသို့ ရုတ်ခြည်း ကူးပြောင်းသွားတတ်သည်။ စပီရန်စကီသည် စဉ်းစားတွေးခေါ်ရာ၌ မကြာခဏ တက္ကဗေဒသဘောသို့ နွယ်၍ စဉ်းစားလေ့ရှိသည်။) စပီရန်စကီသည် ပြဿနာတစ်ရပ်ကို ချဉ်းကပ်စဉ်းစားသည်နှင့် ထိုပြဿနာကို စဉ်းစား တွေးခေါ်ခြင်း အရာ၌ အမြင့်ဆုံးပုံသဏ္ဍာန်ဖြစ်သော တက္ကဗေဒစဉ်းစားတွေးခေါ်ခြင်း ပုံသဏ္ဍာန်ရောက်အောင် ဆွဲယူသွားကာ လေဟာပြင်၏သဘော၊ အချိန်ကာလ၏ သဘော၊ တွေးကြံခြင်း၏သဘော စသည့် ကြီးကျယ်နက်နဲလှသော အရာများနှင့် ထိုပြဿနာကို ရောမွှေပြောဆို ကိုးကားကာ ၎င်းလိုရာကိုဆွဲ၍ ကောက်ချက်ချပြီးနောက်မှ နဂိုပြဿနာရင်းသို့ ပြန်၍လှည့်လာတတ်သူ ဖြစ်သည်။

စပီရန်စကီ၌ မင်းသားကလေး အင်ဒရေ အံ့အားအသင့်ဆုံးအချက်ကား အစစအရာရာ၌ ဆင်ခြင်တုံတရားသာလျှင် အဓိကဖြစ်သည်၊ အချုပ်ဖြစ်သည်ဟု ဆင်ခြင်တုံတရားကို လွန်မင်းစွာ ယုံကြည်ခြင်းပင် ဖြစ်လေသည်။ လူတစ်ယောက်အဖို့ မိမိ၏စိတ်ထဲတွင် ပေါ်လာသော ခပ်သိမ်းသော 'တွေးလုံး'ဟူသမျှကို တစ်ဖက်သား မကြွင်းမကျန် အပြည့်အစုံနားလည်အောင် ထုတ်ဖော်ပြောဆိုရသော ကိစ္စသည် လွယ်ကူသော ကိစ္စမဟုတ်ချေ။ လူတစ်ယောက်သည်(မည်မျှ ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်၍ မည်မျှစကားပြောကောင်းသည်ဆိုစေ) မိမိ၏ စိတ်အစဉ်တွင်တွေးသမျှ စဉ်းစားသမျှကို မိမိတွေးသည့်အတိုင်း တစ်ဖက်သားက အပြည့်အစုံအပ်ချမတ်ချ နားလည်အောင် မည်သည့်အခါမျှ ထုတ်ဖော်ပြောဆိုခြင်းငှာ မစွမ်းနိုင်ချေ။ ထိုသို့ ထုတ်ဖော် ပြောဆိုနိုင်စွမ်းရှိသူဟုလည်း တစ်ယောက်မျှ မရှိချေ။ စိတ်၏အလုပ်လုပ်ပုံသည် လွန်စွာ ဆန်းကြယ်၍ လွန်စွာရှုပ်ထွေးသည့်အလျောက် ဤသို့



www.burmeseclassic.com

တစ်ဖက်သား အပြည့်အစုံနားလည်အောင် ထုတ်ဖော်ပြော ဆို၍ မရနိုင်ခြင်းမှာလည်း သဘာဝကျသည်ဟုမင်းသား ကလေးအင်ဒရေယူဆသည်။ သို့ရာတွင် စပီရန်စကီကား ဤသို့မဟုတ်ချေ။ စပီရန်စကီသည် မိမိ 'တွေးလုံး'ဟူသမျှ ကို မိမိတွေးသည့်အတိုင်း တစ်ဖက်သားက လုံးဝဥသုံ နားလည်အောင် ထုတ်ဖော်ပြောဆိုနိုင်စွမ်း ရှိသည်ဟု ၎င်းဘာသာ၎င်း ယူဆဟန်ရှိ၏။ မိမိ၏ 'တွေးလုံး'များ သည် ဤမျှသာလော၊ ကျန်သေး၏လောဟုလည်း စိုးစဉ်းမျှ ဒွိဟဖြစ်ပုံ မရ။ ထို့ပြင် မိမိတွေးသမျှဌ် အဓိပ္ပာယ်မရှိသော အရာ၊ ကျိုးကြောင်းညီညွတ်ခြင်း မရှိသောအရာ ပါလေလော ဟုလည်း အနည်းငယ်မျှ ဒွိဟဖြစ်ပုံ မရချေ။ မင်းသား ကလေးအင်ဒရေသည်စပီရန်စကီ၏ ဤအရည်အချင်းကို များစွာ သဘောကျလျက် ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် စပီရန်စကီကို တွေ့ခါစဌ် ဘိုနာပတ်ကို ယခင်က ကြည်ညိုမြတ်နိုးခြင်း ဖြစ်ခဲ့သည့်နည်းတူ စပီရန်စကီကို အလွန်အမင်းမြတ်နိုး လျက် ရှိလေပြီ။ စပီရန်စကီမှာ တောဘုန်းကြီးတစ်ပါး၏ သားဖြစ်ခြင်း၊ မထင်ရှားသောမျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်သည့်အတွက် မသိနားမလည်သူများက အထင်သေး ဖွယ်ဖြစ်ခြင်း (တကယ်လည်း အထင်သေးကြပါသည်။) တို့ကြောင့် မင်းသားကလေးအင်ဒရေမှာ စပီရန်စကီအား ကြည်ညိုလေးစားစိတ်ကို ပို၍မွေးမြူကာ ပို၍ပင် ခိုင်မာ အောင် ပျိုးထောင်လျက် ရှိလေသည်။

ဤသို့ မင်းသားကလေး အင်ဒရေနှင့် ပထမဆုံး တွေ့ဆုံစကားပြောသည့် ညနေဌ် ပြည်ထဲရေးဝန်စပီရန်စကီ သည် ကိုဓဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး ကော်မရှင် အကြောင်းကို ရှင်းပြပြီးနောက် ထိုကော်မရှင်မှာ နှစ်ပေါင်း တစ်ရာ့ငါးဆယ် သက်တမ်းရှိပြီဖြစ်လျက် ငွေဒင်္ဂါး သန်းပေါင်းများစွာ ကုန်ကျခဲ့ပြီဖြစ်သော်လည်း ထိုကျင့်ထုံး ပုဒ်မအမျိုးမျိုးတို့ကို အမည်ပေးရုံမှအပ အခြားဘာမျှ မည်မည်ရရ မလုပ်ခဲ့သေးကြောင်းဖြင့် ခပ်လှောင်လှောင် ကလေး ပြောပြလိုက်သေး၏။

"ဒီလိုပုဒ်မလေး နာမည်တပ်ပေးဖို့ ဘုရင်မင်း မြတ်ရဲ့ ရွှေတိုက်တော်ဟာ ရွှေဒင်္ဂါး သန်းပေါင်းများစွာ ကုန်ခဲ့ရသဗျ။ ကျုပ်တို့ လုပ်ချင်တာက အထက်လွှတ်တော် ရုံးကို တရားစီရင်ဆိုင်ရာ အခွင့်အာဏာသစ်တွေ ပေးချင် တယ်၊ ဒါပေမဲ့ ခက်တာက အဲဒီလို အခွင့်ပေးနိုင်တဲ့ ဥပဒေမျိုးက အဆင်သင့် မရှိသေးဘူးဗျ၊ ဒါကြောင့်မို့ ခုလိုအချိန်မှာ မင်းသားလေးတို့လို ပုဂ္ဂိုလ်တွေ အမှုတော် ထမ်းဘဝမှာ မရှိတာ သိပ်နာသဗျာ"

မင်းသားကလေး အင်ဒရေက ယင်းသို့ တရားစီရင် ရေးဆိုင်ရာ အာဏာများကို ပေးရန်အတွက် ဥပဒေများ ရေးဆွဲရေးကိစ္စမှာ တရားဥပဒေအရာဌ် တစ်ဖက်ကမ်းခတ် မြောက်အောင် ကျွမ်းကျင်ရမည်ဖြစ်ကြောင်း၊ မိမိမှာ ဤသို့သော ကျွမ်းကျင်မှု မရှိသေးကြောင်းဖြင့် ပြန်ပြော လိုက်သည်။

"အို ကျွမ်းကျင်တယ်လို့ ဘယ်ရှိမလဲဗျ။ မကျွမ်း ကျင်တဲ့အတွက် ကျွမ်းကျင်အောင် လုပ်ရပေမှာပေါ့"

ရက်သတ္တတစ်ပတ်ခန့် အကြာဌ် မင်းသားကလေး အင်ဒရေသည် တပ်မတော်စည်းကမ်း ဥပဒေများ ပြဋ္ဌာန်း ရေးကော်မတီဝင် တစ်ယောက်အဖြစ် ခန့်အပ်ခြင်း ခံရရုံ မျှမက မိမိမျှော်လင့်ထားခဲ့ခြင်း မရှိသည့် ရာထူးဖြစ်သော ကိုဓဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး ကော်မရှင်၏ ဥက္ကဋ္ဌ အဖြစ်လည်း ခန့်အပ်ခြင်း ခံရလေသည်။ စပီရန်စကီ၏ တိုက်တွန်းချက်အရ မင်းသားကလေးအင်ဒရေသည် ကိုဓ ကျင့်ထုံးဥပဒေ ပထမပိုင်းကို စီရင်ပြုစုရလေရာ နပိုလီယန် ဓမ္မသတ်နှင့် ရောမတရားဓမ္မသတ်ဆိုင်ရာ လွှတ်ရုံးတော်၏ အကူအညီဖြင့် လူ၏ပုဂ္ဂလိက မူလပိုင်ခွင့်များနှင့် ပတ်သက် သော အခန်းများကို ရေးဆွဲရလေသည်။

## အခန်း ၇

မင်းသားကလေးအင်ဒရေသည် ထိုသို့ ဓမ္မသတ်များကို စီရင်ပြုစုခြင်းမပြုမီ နှစ်နှစ်ခန့်ဖြစ်သော ၁၈၀၈– ခုနှစ်ဌ် ပီယာသည် မိမိ၏ပိုင်စားနယ်မြေများမှ ပီတာစဘတ် ရွှေမြို့တော်သို့ ပြန်လာခဲ့လေသည်။ ရွှေမြို့တော်သို့ ရောက်လျှင် ပီယာမှာ ရွှေမြို့တော်၏ ညီအစ်ကိုတော် ဂိုဏ်းဝင်များတွင် ထိပ်တန်းခေါင်းဆောင်တစ်ဦး ဖြစ်နေ ခြင်းကို တွေ့ရလေသည်။ ပီယာသည် ဂိုဏ်းဝင်များ၏ ဘုံအိမ်အစည်းအဝေးများကို ဦးဆောင်ကျင်းပခြင်း၊ ဂိုဏ်း ဝင်သစ်များစုဆောင်းခြင်း၊ အကွဲကွဲအပြဲပြဲဖြစ်နေသော ဘုံအိမ်များကို ညီညွတ်အောင် စည်းရုံးခြင်း၊ ရှေးအစဉ်



www.burmeseclassic.com

www.burmeseclassic.com


အဆက်ဂိုဏ်းဝင်များထားခဲ့သည့် ပဋိညာဉ်စာတမ်းမှုများကို လိုက်လံရှာဖွေ သုတေသနပြုခြင်း စသည်ဖြင့် အလုပ်များလျက် ရှိလေသည်။ ထို့ပြင် ဘုံအိမ်များဆောက်လုပ်လှူဒါန်းခြင်း၊ လိုအပ်သော ရန်ပုံငွေများထည့်ဝင်ခြင်း (ဤကိစ္စများတွင် အခြားသော ဂိုဏ်းသားများက စေးနှဲကြသလောက် ပီယာက ရက်ရောသည်။) စသည်တို့ကို ပြုလုပ်လျက်ရှိသည်သာမက ရွှေမြို့တော်တွင် ညီအစ်ကိုတော်ဂိုဏ်းက တည်ထောင်ထားသော သူဆင်းရဲဂေဟာကိုလည်း သူတစ်ဦးတည်းကပင် ထောက်ပံ့ထားရလေသည်။

ထိုအတောအတွင်း၌ကား ပီယာ၏ဘဝမှာ ယခင်ကကဲ့သို့ပင်ဖြစ်လျက် အလွန်အကျူး မူးယစ်သောက်စားခြင်း၊ ကာမဂုဏ်လိုက်စားခြင်းတွင် နစ်မွန်းလျက် ရှိလေသည်။ ဤသို့နေထိုင်ခြင်းသည် ဆိုးသွမ်းညစ်ညမ်း၍ အကျင့်သိက္ခာကင်းမဲ့လှကြောင်းကို သိသော်လည်း ပီယာသည် မိမိကျင်လည်ကျက်စားသည့် ရွှေမြို့တော် မင်းပျိုမင်းလွင်အသိုင်းအဝိုင်း၏ ကာမဂုဏ်အာရုံညွှတ်ကွင်းမှ ရုန်းထွက်ခြင်းငှာ မတတ်နိုင်အောင် ဖြစ်လျက်ရှိလေသည်။

သို့ဖြင့် ပီယာသည် ဤသို့ လေလင့်တိမ်းပါးကာ အထိန်းအကွပ် မရှိနေခဲ့ရာမှ ညီအစ်ကိုတော်ဂိုဏ်းကို တဖြည်းဖြည်း အယုံအကြည်ကင်းမဲ့စ ပြုလာခဲ့လေသည်။ ညီအစ်ကိုတော်ဂိုဏ်း၏အခြေခံသည် ခိုင်မာခြင်းမရှိကြောင်း သဘောပေါက်စ ပြုလာလေသည်။ ထိုအခြေခံပေါ်တွင် စွဲစွဲမြဲမြဲရပ်ရန် ကြိုးစားလာသည်နှင့်အမျှ ထိုအခြေခံသည် တဖြည်းဖြည်း ပြိုကျတိုက်စားသွားလေလေ ဖြစ်ခြင်းကို တွေ့လာရလေသည်။ တစ်နည်းအားဖြင့်လည်း မိမိတို့ ညီအစ်ကိုတော်ဂိုဏ်း၏ မခိုင်မာပုံကို သိလာသည်နှင့်အမျှ ဂိုဏ်းတော်ကြီး၏ တရားတော် ဓမ္မစစ်များကို မယုံကြည်လာလေလေဖြစ်သည်ကိုလည်း တွေ့ရလေသည်။ ညီအစ်ကိုတော်ဂိုဏ်းထဲသို့ ဝင်ခဲ့စဉ်က ပီယာသည် မျက်နှာပြင် ညီညွတ်ချောမွေ့သော စိမ့်မြေပေါ်သို့ ခြေချလိုက်သူ တစ်ဦးကဲ့သို့ ယုံကြည်စိတ်ချစွာ ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ခြေတစ်ဖက် ချလိုက်သည်နှင့် မြေကြီးသည် ကျွံ၍သွားခဲ့လေပြီ။ ထို့ကြောင့် မြေကြီးခိုင်မခိုင်ကို စမ်းသပ်ရန်အတွက် ခြေနှစ်ဖက်စလုံး ချကြည့်လိုက်သည့် အခါတွင်မူကား ခြေထောက်များမှာ နုတ်မရနိုင်တော့လောက်အောင် ကျွံသွားခဲ့ကာ နောက်ဆုံးတွင် ရွှံ့ညွန်ဗွက်ကြီးထဲတွင် သွားလာ ကူးခတ်နေရသည့် အဖြစ်ကိုသာ တွေ့ရလေတော့သည်။

ပီယာအား ညီအစ်ကိုတော်ဂိုဏ်း၏ သဘောတရားများကို ပထမဆုံးညွှန်ပြခဲ့သည့် ခရီးသည်ကြီး ဂျိုးဇက်အလက်ဇီဗစ်မှာလည်း ပီတာစဘတ်ရွှေမြို့တော်တွင် မရှိတော့ချေ။ နောက်ပိုင်း၌ ခရီးသည်ကြီးသည် ပီတာစဘတ်ရွှေမြို့တော် ညီအစ်ကိုတော်ဂိုဏ်းနှင့် ခပ်ကင်းကင်းနေကာ မော်စကိုမြို့တွင် သွားရောက်နေထိုင်လျက် ရှိလေသည်။ ပီတာစဘတ်ရွှေမြို့တော်ရှိ ညီအစ်ကိုတော်ဂိုဏ်းဝင်များမှာလည်း ပြင်ပတွင် ပီယာသိကျွမ်းသူများသာ ဖြစ်လျက်ရှိလေရာ ပီယာသည် ၎င်းတို့ကို ညီအစ်ကိုတော်ဂိုဏ်းဝင်အဖြစ် အထင်ကြီး၍မရအောင် ဖြစ်လျက်ရှိလေသည်။ ထိုသူများ၏ ညီအစ်ကိုတော်ဂိုဏ်းဝင် ဝတ်ရုံများအောက်၌ စစ်ဝတ်စုံများ၊ ရာထူးအဆင့်အတန်းလိုက် ဝတ်ကြသောဝတ်စုံများနှင့် ဆုတံဆိပ်များကိုသာ ပီယာ မြင်ယောင်နေသည်။ ရန်ပုံငွေများ ကောက်ခံရာတွင်လည်း မည်ရွေ့မည်မျှ ထည့်ဝင်မည်ဟု နှုတ်ကတိသာပေးသွားကြသော်လည်း ကိုယ်ထိလက်ရောက်ထည့်ဝင်ခြင်း မပြုကြသည်ကသာ များလေရာ မိမိပိုင်ပစ္စည်း ဥစ္စာမှန်သမျှကို အိမ်နီးချင်းအားပေးဝေရန် အသင့်ရှိပါသည်ဆိုသော ညီအစ်ကိုတော် ဂိုဏ်းဝင်တို့၏ သစ္စာအဓိဋ္ဌာန်သည် မည်သို့ အဓိပ္ပာယ်ရှိ ဦးမည်နည်းဟု ပီယာ့စိတ်ထဲတွင် သံသယတွေ ဝင်လာခဲ့လေသည်။

ပီယာသည် ၎င်းသိသော ညီအစ်ကိုတော်ဂိုဏ်းဝင်များအား လေးမျိုးလေးစား ခွဲခြားသတ်မှတ်ထားလေသည်။ ပထမအမျိုးအစားကား ညီအစ်ကိုတော်ဂိုဏ်းများ၏ အုပ်ချုပ်မှုကိစ္စအဝဝနှင့် လောကီကိစ္စများကို အားလုံးစွန့်ပစ်ထားသော ဂိုဏ်းတော်ကြီး၏ ခက်ခဲနက်နဲသော ပညာရပ်မျိုးကိုသာ တကယ်လိုက်စားလျက်ရှိသူများဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် ဂိုဏ်းတော်ကြီး၏ လျှို့ဝှက်အယူ၊ ထာဝရဘုရား၏ ဂုဏ်တော်သုံးပါးဖြစ်သော ကန့်၊ ပြဒါး၊ ဆား စသည့် မူလဘူတဓာတ်ကြီး သုံးပါး အစုအဝေးဖွဲ့စည်းပုံကိုသာ လေ့လာလိုက်စားကြသူများ ဖြစ်၏။ ပီယာသည် ဤသို့သော ဂိုဏ်းဝင်များကို ကြည်ညိုလေးစား၏။ ဤသို့သော ပုဂ္ဂိုလ်များ၌ ၎င်းအား ပထမဆုံး လမ်းညွှန်ခဲ့သူ ခရီးသည်ကြီး ဂျိုးဇက်အလက်ဇီဗစ်စသည့်


www.burmeseclassic.com

ပုဂ္ဂိုလ်များ ပါဝင်၏။ ပီယာကိုယ်တိုင်ကား ဤလိုပညာရပ်များကို လေ့လာလိုက်စားလိုသည့် ဝါသနာမရှိချေ။

ဒုတိယအမျိုးအစားမှာ မိမိကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အလားတူပုဂ္ဂိုလ်များ ဖြစ်လေသည်။ ထိုသူများသည် ဂိုဏ်းတော်ကြီး၏ တရားသဘောများကို တကယ်သဘောမပေါက်ကြသေးဘဲ စမ်းတဝါးဝါးဖြင့် ရှာဖွေနေဆဲပင် ရှိကြသေး၏။

တတိယအမျိုးအစားမှာ ညီအစ်ကိုတော်ဂိုဏ်း၏ အဆောင်အယောင်၊ အခမ်းအနားများကို သဘောကျ၍ ဝင်ရောက်သူများဖြစ်ပြီး တရားဓမ္မစစ်ကို လုံးဝနားမလည်သူများဖြစ်၏။ (ဂိုဏ်းထဲတွင် ဤသို့သော ပုဂ္ဂိုလ်များမှာ အများဆုံးဖြစ်သည်။) ထိုပုဂ္ဂိုလ်များထဲတွင် ဝီလာစွက်ကီလိုပုဂ္ဂိုလ်မျိုးနှင့် ဘုံအိမ်မှဥပဇ္ဈာယ်ဆရာတို့လို ပုဂ္ဂိုလ်များပင် ပါဝင်ကြသည်။

စတုတ္ထအမျိုးအစားကား မကြာသေးမီကမှ ဝင်ရောက်လာသော ဂိုဏ်းဝင်သစ်များဖြစ်လေသည်။ ထိုသူတို့ကား မည်သည့်အရာကိုမျှလည်း ယုံကြည်ခြင်းမရှိ။ မည်သည့်အရာကိုမျှလည်း နားလည်ခြင်းမရှိ။ ဂိုဏ်းတော်ထဲတွင် ပါဝင်သည့် ရာထူးဂုဏ်အဆင့်အတန်း ကြီးမြင့်သော ပုဂ္ဂိုလ်များနှင့် အပေါင်းအသင်းဖြစ်ရာမှ ပြင်ပတွင် ရာထူး ဂုဏ်ရှိန် တိုးတက်ရေးအတွက် ကြိုးစားလိုသူများဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များမှာလည်း ဂိုဏ်းထဲတွင် မရေမတွက်နိုင်အောင် များပြား၍ အရေအတွက် အများဆုံးဖြစ်ပေသည်။

သို့ဖြင့် ပီယာသည် မိမိ၏အပြုအမူများကို မကျေမနပ်ဖြစ်လာလေသည်။ တစ်ခါတစ်ရံ၌လည်း ညီအစ်ကိုတော်ဂိုဏ်း၏ အခြေခံတရားများသည် အပေါ်ယံမျှသာဖြစ်သည်ဟု သံသယဝင်လာခဲ့လေသည်။ သို့ရာတွင် ဂိုဏ်းတော်ကြီး တစ်ခုလုံးကို သံသယရှိခြင်း မဟုတ်ဘဲ ရုရှားပြည်ရှိ ညီအစ်ကိုတော်ဂိုဏ်းကိုသာ သံသယရှိခြင်းဖြစ်လေသည်။ ပီယာ၏ အထင်၌ ရုရှားပြည်ရှိ ညီအစ်ကိုတော်ဂိုဏ်းသည် မူလဘူတအခြေခံတရားများမှ ချွတ်ချော်တိမ်းပါးလျက်ရှိလေပြီဟု ယူဆမိလေသည်။ ထို့ကြောင့် ထိုနှစ်အကုန်၌ ပီယာသည် နိုင်ငံခြားသို့ ထွက်သွားကာ နိုင်ငံခြားညီအစ်ကိုတော်ဂိုဏ်းများ၏ ဩဝါဒကိုသွားရောက်နာယူခဲ့လေသည်။

၁၈၀၉-ခုနှစ် နွေရာသီတွင် ပီယာသည် ပီတာစဘတ် မြို့တော်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။ မြို့တော်ရှိ ဂိုဏ်းဝင်များသည် နိုင်ငံခြား မိတ်ဆွေများထံမှစာများကို ရရှိကြရာ ထိုစာများအရ ပီယာသည် နိုင်ငံခြားရှိ ဂိုဏ်းဝင်ပုဂ္ဂိုလ်ကြီးများ၏ လေးစားယုံကြည်မှုကို ခံရသည်ဟု လည်းကောင်း၊ ဂိုဏ်းတော်ကြီး၏ ခက်ခဲနက်နဲသောသဘောတရားများကိုနာယူခဲ့သည်ဟုလည်းကောင်း၊အထက်တန်းဂိုဏ်းဝင်ပုဂ္ဂိုလ်အဖြစ် ချီးမြှင့်ခြင်း ခံရသည်ဟုလည်းကောင်း၊ ၎င်းနှင့်အတူ ရုရှားပြည်တွင် ညီအစ်ကိုတော်ဂိုဏ်းတော်ကြီးကို ပို၍ တောင့်တင်းခိုင်မာသည်ထက် ခိုင်မာစေရန် အစီအမံများ ပါလာသည်ဟုလည်းကောင်း ကြားသိရလေသည်။ မြို့တော်သို့ ပြန်ရောက်လာသည်တွင် ဂိုဏ်းဝင်များသည် ပီယာ့ထံသို့ လာရောက် တွေ့ဆုံကြကာ ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ ၎င်းတို့အထင်၌ ပီယာသည် ၎င်းတို့အား ကျေးဇူးပြုနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးဟု ယူဆလျက် ရှိကြလေသည်။

တစ်နေ့၌ ဒုတိယတန်းဂိုဏ်းဝင်များ၏ ဘုံအိမ်အစည်းအဝေးတစ်ရပ်ကို ကျင်းပလေရာ ပီယာသည် အထက်ဂိုဏ်းဝင်များနှင့် တွေ့ဆုံခဲ့ရသည့် အကြောင်းများကို လာရောက်ပြောကြားပါမည်ဟု ကတိပေးလိုက်သည်။ ထိုအစည်းအဝေးသို့ ခန်းလုံးပြည့်မျှ တက်ရောက်ကြသည်။ ထုံးတမ်းစဉ်လာ အခမ်းအနားများ ကျင်းပပြီးနောက် ပီယာက မိန့်ခွန်းပြောကြားခြင်း ပြုလေသည်။

"ချစ်ခင်လှစွာသော ညီအစ်ကိုတော်များ ခင်ဗျား"

ပီယာသည် ရေးထားသော မိန့်ခွန်းကို လက်တွင်ကိုင်ကာ အသံတုန်တုန် မျက်နှာအမ်းအမ်းဖြင့် ထ၍ဖတ်သည်။

"ကျွန်တော်တို့ဂိုဏ်းတော်ရဲ့ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်များကို ကျွန်တော်တို့ဘုံအိမ်တစ်ခုတည်းအတွင်းမှာ လေ့လာစူးစမ်းရုံနဲ့ မလုံလောက်ပါဘူး၊ ကျွန်တော်တို့ လက်တွေ့လုပ်ကြဖို့ လိုပါလိမ့်မယ်၊ ကျွန်တော်တို့ဟာ ငိုက်မျဉ်းမိန်းမောနေကြပါတယ်၊ ဒါကြောင့်ကျွန်တော်တို့ လက်တွေ့ လုပ်ကြရပါလိမ့်မယ်"ဟုဆိုကာ ပီယာသည် မှတ်စုစာအုပ်ကို ဖွင့်၍ ဖတ်လေသည်။

"ညီအစ်ကိုတော်များခင်ဗျား၊ စစ်မှန်သော သစ္စာတရားပြန့်ပွားရေးနှင့် မင်္ဂလာတရားတော်ကြီး အစွန့်



www.burmeseclassic.com

www.burmeseclassic.com


ရှည်ရေးအတွက် ကျွန်တော်တို့ဟာ လူတွေရဲ့ အာဃာတအစွဲတွေကို ချုတ်ကြရပါလိမ့်မယ်၊ ကျွန်တော်တို့ရဲ့ တရားတော်များကို ခေတ်နှင့်ညီညွတ်အောင် လိုက်လျောညီထွေဖြစ်အောင် ကျင့်သုံးရပါလိမ့်မယ်၊ ကျွန်တော်တို့ ဂိုဏ်းဝင်များဟာ ဉာဏ်အမြော်အမြင် ကြီးမားတဲ့ ကဝိပုဂ္ဂိုလ်များကို ဆည်းကပ်ရပါလိမ့်မယ်၊ လူငယ်တွေရဲ့ ပညာရေးကို အားပေးရပါလိမ့်မယ်၊ ရှေးခေတ်ဥပါဒါန်များ၊ သစ္စာမဲ့မှုများ၊ ဒုစရိုက်များကို ရဲရဲရင့်ရင့် ဉာဏ်အမြော်အမြင်ကြီးကြီးနဲ့ ကျော်လွှားရပါလိမ့်မယ်၊ ဂိုဏ်းတော်ကြီးကို ယုံကြည်ထောက်ခံအားပေးသူများကို စုစည်းသိမ်းသွင်းရပါလိမ့်မယ်။

"ဤရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ကျွန်တော်တို့ဟာ ဒုစရိုက်ကို နှိမ်နင်းပြီး သုစရိုက်ကို ပွားရပါလိမ့်မယ်။ မရိုးဖြောင့်သော ကမ္ဘာကြီးအတွင်းမှာ နေထိုင်ကြရစေကာမူ ရိုးဖြောင့်သူအား ၎င်း၏ရိုးဖြောင့်ခြင်းနှင့်အညီထိုက်တန်သော အကျိုးကျေးဇူးကို ခံစားနိုင်အောင် ကြံဆောင်ပေးကြရပါလိမ့်မယ်၊ ဒီလို ကြံဆောင်တဲ့နေရာမှာ ကျွန်တော်တို့ဟာ ယနေ့ခေတ်ရဲ့ နိုင်ငံရေး အယူအဆတွေ၊ စနစ်တွေကြောင့် အနှောင့်အယှက်တွေ တွေ့နေကြပါတယ်။ ဒါဖြင့် ဒီလို အခက်အခဲနဲ့ ကြုံနေကြရတဲ့အချိန်မှာ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ကျွန်တော်တို့ဟာ ခုခေတ်စားနေတဲ့ တော်လှန်ရေးတွေကို အားပေးရမလား၊ အရာရာကို တော်လှန်ဖျက်ဆီးပစ်ကြမလား၊ အင်အားကို အင်အားနဲ့ ပြန်ပြီး တုံ့ပြန်ရမလား၊ ဒီလိုလုပ်လို့ မဖြစ်ပါဘူး၊ ကျွန်တော်တို့ တရားတော်ဟာ ဒါတွေကို အားမပေးပါဘူး၊ အတင်းအကျပ်ပြုလုပ်သော ပြုပြင်ပြောင်းလဲခြင်းတို့ မည်သည် တစ်နေ့မှာ အမှားကို တွေ့တတ်ပါတယ်။ လူရဲ့အတွင်းစိတ်သန္တာန်ကို ပြောင်းလဲခြင်းမရှိဘဲ အတင်းအကျပ် ပြုပြင်ပြောင်းလွဲခြင်းကို ပြုလုပ်တာဟာ နောက်ဆုံးတော့ ကျဆုံးရတာပါပဲ။ ဉာဏ်ပညာဖြင့် ဆင်ခြင်ပြုပြင်ရမယ့်အရာကို အတင်းအကျပ် ပြုလုပ်ခြင်းဖြင့် မရနိုင်ပါဘူး။

"ကျွန်တော်တို့ ဂိုဏ်းတော်ကြီးရဲ့ အစီအမံ တစ်ရပ်လုံးဟာ အခြေခံရှိဖို့ လိုပါတယ်။ ဒီအခြေခံက ဘာလဲဆိုတော့ လူများအား စိတ်ဓာတ်ကြံ့ခိုင်အောင် မင်္ဂလာတရားကို လိုက်နာကျင့်သုံးအောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ဒုစရိုက်နဲ့ မိုက်မဲမှုကို နှိပ်ကွပ်ခြင်း၊ သုစရိုက်နဲ့ မင်္ဂလာတရားများကို ပြန့်ပွားစေခြင်းတို့ကိုလဲ ပြုလုပ်ရပါလိမ့်မယ်။ လူတော်လူကောင်းများကို ဖုတ်ထဲက ဆွဲထုပြီး ကျွန်တော်တို့ ဂိုဏ်းတော်ကြီးထဲကို သွတ်သွင်းရပါလိမ့်မယ်။ ဒီလိုလုပ်နိုင်မှသာလျှင် ကျွန်တော်တို့ ဂိုဏ်းတော်ကြီးဟာ အကျင့်သိက္ခာမဲ့မှု၊ မကောင်းမှုများကို တားဆီးနိုင်ပါလိမ့်မယ်။ အတိုချုပ်ပြောရရင်တော့ ကမ္ဘာကြီးတစ်ခုလုံးကို ဩဇာလွှမ်းမိုးနိုင်တဲ့ အစိုးရတစ်မျိုးကို ရှာဖွေရပါလိမ့်မယ်။ ဒီအစိုးရဟာ ကျွန်တော်တို့ ဂိုဏ်းတော်ကြီးရဲ့ တရားများကို ထိပါးနှောင့်ယှက်ခြင်း မရှိရင်အခြားသော အစိုးရများ၏ လုပ်ရိုးလုပ်စဉ်များကို လုပ်ခွင့်ပေးရပါလိမ့်မယ်။ ဒီရည်ရွယ်ချက်ဟာ ခရစ်ယာန် သာသနာတော်ရဲ့ ရည်ရွယ်ချက်ပင် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ဟာ လူများအား ဉာဏ်အမြော်အမြင်ရှိအောင်၊ ကိုယ်ကျင့်တရားကောင်းအောင် သင်ကြားပေးပါတယ်။ အတော်ဆုံး၊ ဉာဏ်ပညာအရှိဆုံး ပုဂ္ဂိုလ်များရဲ့ စံနမူနာအတိုင်း လုပ်ဆောင်ကြဖို့ သင်ကြားပေးပါတယ်။

"ဒီအချိန်ဟာ ကျွန်တော်တို့ ကမ္ဘာမှာ အမိုက်တိုက်ကြီး လွှမ်းမိုးနေတဲ့အချိန်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာ တရားဟောနေရုံနဲ့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ဟာ ကမ္ဘာကြီးကို အမိုက်တိုက်ထဲက ဆွဲထုတ်ရေးအတွက် သည့်ထက်သည် ထိရောက်တဲ့ နည်းလမ်းသစ်များကို ရှာဖွေရပါလိမ့်မယ်။ အာရုံ၏ စိုးမိုးခြင်းကို ခံရတဲ့ လူဟာ ထိုအာရုံများဖြင့် စမ်းသပ်ထိတွေ့နိုင်သော စွဲလမ်းတပ်မက်ဖွယ်အရာကို မင်္ဂလာတရားထဲမှာ ရှာရပါလိမ့်မယ်။ လူဟာ အာရုံများ၊ ဆန္ဒများနဲ့ မကင်းနိုင်ပါဘူး။ ဒါပေမဲ့ ဒီအာရုံတွေ၊ ဆန္ဒတွေကို ကျွန်တော်တို့ဟာ ကောင်းရာဘက်ကို ရောက်အောင် ဦးတည်ပေးရပါလိမ့်မယ်။ လူတိုင်းအားမိမိတို့အာရုံများ၊ ဆန္ဒများကို မင်္ဂလာတရားတော်ရဲ့ နယ်နိမိတ်အတွင်းမှာ ပြေပျောက်အောင် လုပ်ရပါလိမ့်မယ်။ ကျွန်တော်တို့ ဂိုဏ်းတော်ကြီးဟာ ဒီလိုပြေပျောက်နိုင်ရေးအတွက် နည်းလမ်းများကို ညွှန်ပြပေးပါတယ်။

"နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ လူတော်လူကောင်းတွေ ရှိလာရင် အဲဒီလူတော်လူကောင်းတွေကတစ်ဆင့် တစ်ဦးကိုနှစ်ယောက်စီ နှစ်ယောက်စီ သိမ်းသွင်းစည်းရုံးနိုင်လို့ရှိရင်


www.burmeseclassic.com

ကျွန်တော်တို့ဂိုဏ်းတော်ကြီးရဲ့ လုပ်ငန်းများဟာလဲ အောင်မြင်လာမှာပါပဲ။ ဒီနည်းအားဖြင့်သာ ကျွန်တော်တို့ဟာ လူ့လောကကြီးရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်နိုင်လိမ့်မယ် ဖြစ်ပါတယ်”

ပီယာ၏မိန့်ခွန်းကို ဂိုဏ်းဝင်များက နှစ်ခြိုက်ကြသည်။ အချို့မှာ ပီယာ၏ မိန့်ခွန်းကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဂိုဏ်းဝင်တော်တော်များများက ပီယာ၏ မိန့်ခွန်းမှာ နိုင်ငံရေး လေသံပါသည်ဟု ယူဆကာ မခံမရပ်နိုင်ဖြစ်ကြသည့်အတွက် ပီယာမှာများစွာ အံ့အားသင့်သွားမိလေသည်။ အချို့က စ၍မေးကြသဖြင့် ပီယာသည် မိန့်ခွန်းပါ အချက်များကို ထပ်မံ၍ ရှင်းလင်းပြသည်။ ဤသို့ဖြင့် ပီယာ၏မိန့်ခွန်းကို နိုင်ငံရေးလေသံပါသည်ဟု မကြိုက်သူရှိသကဲ့သို့ ကြိုက်သူလည်း ရှိလေသည်။ ထိုအစည်းအဝေးရောက်တော့မှ ပီယာသည် လူတစ်ကိုယ်စိတ်တစ်မျိုး ရှိခြင်းကို ပို၍ သဘောပေါက်လာ လေတော့သည်။ စိတ်အမျိုးမျိုး ကွဲပြားခြားနားခြင်းကြောင့် သစ္စာတရားကို ကြည့်မြင်ရာ၌ပင် အမျိုးမျိုးဖြစ်လာလေတော့သည်။ မိမိ၏မိန့်ခွန်းကို ထောက်ခံကြသူများအတွင်း၌ပင် ၎င်းတို့ အမြင်ဖြင့် တစ်ယောက်တစ်မျိုး ထောက်ခံကြခြင်းဖြစ်ကြောင်းကို တွေ့ရ၏။

အစည်းအဝေးအပြီး၌ ဥပဇ္ဈာယ်ဆရာသည် ပီယာ့အား လျောင်ပြောင်မနာလိုသည့် လေသံဖြင့် ကောင်းမြတ်ခြင်းကိုသာ တွယ်တာချစ်ခင်ရမည်မဟုတ်၊ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြခြင်းကိုလည်း ချစ်ခင်တွယ်တာရမည်ဟု ပြောဆိုခြင်း ပြုလေသည်။ ပီယာသည် ၎င်းအားမည်သို့မျှ ပြန်မပြောတော့ဘဲ မိမိ၏အဆိုပြုချက်ကို လက်ခံမည် မခံမည်ကိုသာ မေးမြန်းလေသည်။ လက်မခံနိုင်ကြောင်းပြောဆိုသည့်အခါ၌ကား ပီယာသည် အခမ်းအနားဖြင့် အစည်းအဝေးရုပ်သိမ်းသည်အထိ မစောင့်တော့ဘဲ အိမ်သို့ ပြန်လာခဲ့လေသည်။

## အခန်း ၈

ပီယာသည် မိမိအလွန်စိုးရိမ်ကြောက်လန့်ခြင်း ဖြစ်သော စိတ်ညစ်ညူးမှုမျိုးကို ကြုံရပြန်လေပြီ။ ဘုံအိမ်ဂိုဏ်းဝင်များ၏ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားပြီးသည့်နောက်တွင် ပီယာသည် သုံးရက်လုံးလုံး မည်သူ့ကိုမျှလည်း အတွေ့ခံခြင်းမရှိ၊ မည်သည့်နေရာကိုမျှလည်း သွားရောက်ခြင်းမရှိဘဲ စံအိမ်တွင် ကုတ်လျက် ထိုင်ဖုံရှည်ကြီးပေါ်တွင်သာ လဲလျောင်းနေတော့သည်။

ထိုအချိန်မှာ ပီယာသည် မိမိ၏ကြင်ရာတော် ဟယ်လင် မင်းသမီးကလေးထံမှ စာတစ်စောင်ကိုလည်း ရရှိပြီးခါစ ဖြစ်လေသည်။ စာထဲတွင် ဟယ်လင်မင်းသမီးကလေးက မိမိမှာ ကြင်ရာတော်ပီယာအား များစွာလွမ်းဆွတ်လျက်ရှိကြောင်း၊ မိမိဘဝကို သေတပန်သက်ဆုံး ကြင်ရာတော်ပီယာ့ထံတွင်ပင် ပုံအပ်ထားတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအား အမြန်ဆုံးလာတွေ့ရန် တောင်းပန်ပါကြောင်းဖြင့် ရေးသားထားလေသည်။

စာ၏အဆုံးတွင် မိမိသည် မကြာမီအတွင်း နိုင်ငံခြားမှ ပီတာစဘတ်ရွှေမြို့တော်သို့ ပြန်လာတော့မည်ဖြစ်ကြောင်းကိုလည်း ရေးသားထားလေသည်။

ထိုစာရပြီးနောက် မကြာမီတွင် ပီယာများစွာ အထင်ကြီးခြင်းမရှိသော ညီအစ်ကိုတော်ဂိုဏ်းဝင် တစ်ယောက်သည်လည်း ပီယာ့ထံသို့ ဖွတ်အတင်းရောက်လာကာ ပီယာ၏ အိမ်ထောင်ရေးကိစ္စများကို စကားမစပ်စပ်မိအောင် ပြောဆိုလျက် ယခုကဲ့သို့ ကြင်ရာတော်မင်းသမီးကလေးအပေါ်တွင် စိမ်းစိမ်းကားကား ပြုခြင်းမှာ မှားယွင်းကြောင်း၊ ဤသို့ လုပ်ခြင်းဖြင့် အပြစ်ရှိသူကို ခွင့်လွှတ်ခြင်းဟူသော ညီအစ်ကိုတော် ဂိုဏ်းဝင်တို့ လိုက်နာအပ်သည့် ကျင့်ဝတ်များကို ဖောက်ဖျက်ရာရောက်ကြောင်း စသဖြင့် ပြောဆိုခြင်း ပြုလေသည်။

ထိုအတောအတွင်း၌ပင် ယောက္ခမဖြစ်သူ မင်းသားကြီး ဗာစီလီ၏ကြင်ရာတော် မင်းသမီးကြီးထံမှလည်း အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ကို တိုင်ပင်လို၍ မိနစ်အနည်းငယ်မျှဖြစ်စေ လာရောက်ပါရန် အစေတော်ရောက်လာပြန်လေသည်။ ဤတွင် မိမိအား ဝိုင်းဝန်းလုပ်ကြံနေကြလေပြီဟု ပီယာမြင်လိုက်၏။ အားလုံးကပင် မိမိတို့နှစ်ဦးအား ပြန်လည်ပေါင်းသင်းစေလိုသော ဆန္ဒရှိကြသည်ကို နားလည်လိုက်၏။ ထိုအချိန်က ပီယာမှာ စိတ်ထွေလျက်ရှိပေရာ ဤသို့ ပြန်ပေါင်းထုပ်ရန် လာရောက်ဆောတီးကြသည့်အတွက် အထူးတလည် စိတ်မချမ်းသာခြင်းလည်းမဖြစ်မိ၊ ဝမ်းသာခြင်းလည်း မဖြစ်မိချေ။ ပီယာ့



www.burmeseclassic.com

အဖို့ လူ့ဘဝ၌ အရေးကြီးသည့်အရာဟူ၍လည်း ရှိတော့သည်မထင်။ မိမိ၏ လွတ်လပ်စွာ နေထိုင်ရခြင်းနှင့်တကွ ကြင်ရာတော်အား ပြစ်ဒဏ်ပေးသည့် ကိစ္စကိုလည်း ရေးကြီးခွင်ကျယ် ကိစ္စတစ်ရပ်ဟု မယူဆတော့ချေ။

'လောကမှာ မှန်တဲ့လူရယ်လို့ ဘယ်သူမှ မရှိဘူး။ ဘယ်သူ့ကိုမှလဲ အပြစ်ဖို့စရာ မလိုဘူး။ ဒီတော့ ကြင်ယာတော်ကိုလဲ ငါ ဘာကြောင့် အပြစ်ဖို့နေတော့မှာလဲ'ဟု ပီယာတွေးမိသည်။

အကယ်၍ ပီယာသည် ကြင်ရာတော်နှင့် ပြန်လည်ပေါင်းသင်းရေးကိစ္စကို ချက်ချင်းသဘောတူဆုံးဖြတ်ခြင်း မပြုနိုင်လျှင် ထိုသို့မပြုလုပ်နိုင်ခြင်းမှာ စိမ်းကားရက်စက်လို၍ မဟုတ်တော့ဘဲ ယခုကဲ့သို့ စိတ်တိမ်းတိမ်းပွေပွေ ဖြစ်လျက်ရှိသည့်အချိန်၌ မည်သည့်ကိစ္စကိုမျှ ပြုလုပ်လိုစိတ် မရှိသောကြောင့်သာ ဖြစ်ပေသည်။ အကယ်၍သာ ကြင်ယာတော်သည် မိမိထံသို့ ရောက်လာပါက သူစိမ်းပြင်ပြင် ပြော၍ လွှတ်တော့မည်လည်း မဟုတ်တော့ချေ။ မိမိယခု တွေ့နေရသည့် ပြဿနာများနှင့် နှိုင်းယှဉ်လျှင် မိမိကြင်ရာတော်နှင့် ပြန်လည်ပေါင်းသင်းခြင်း၊ မပေါင်းသင်းခြင်း ကိစ္စမှာ သာမန်အသေးအဖွဲ့ကလေးတစ်ခုမျှသာ ဖြစ်လျက်ရှိပေသည်။

ပီယာသည် ကြင်ရာတော်၏ စာကိုလည်းကောင်း၊ ယောက္ခမ၏ စာကိုလည်းကောင်း ပြန်ကြားခြင်း မရှိဘဲ တစ်ညတွင် ခရီးထွက်ရန် ပြင်ဆင်ကာ မိမိအား ညီအစ်ကိုတော်ဂိုဏ်းသို့သွတ်သွင်းပေးခဲ့သူ ဥပဇ္ဈာယ်ဆရာ ဂျိုးဇက်အလက်ဇီဗစ်နှင့် တွေ့ဆုံရန်အတွက် မော်စကိုသို့ ထွက်ခွာလာခဲ့သည်။ ဤသည်ကို ပီယာသည် ၎င်း၏နေ့စဉ်မှတ်တမ်း၌ အောက်ပါအတိုင်း ရေးထားလေသည်။

> မော်စကို၊ နိုဝင်ဘာလ ၁၇ ရက်။ ယနေ့ဆရာကြီးထံမှ ပြန်လာခဲ့ပြီး ဤနေ့စဉ်မှတ်တမ်းကို ရေးခြင်းဖြစ်သည်။ ဆရာကြီးသည် မော်စကိုတွင် ချို့ငဲ့စွာ နေထိုင်လျက်ရှိကာ သုံးနှစ်တာမျှဆီးရောဂါကို ခံစားနေရရှာသည်။ သို့ရာတွင် ညည်းညူခြင်း၊ မြည်တမ်းခြင်းမရှိ။ ဝေဒနာနှင့် ဆင်းရဲခြင်းကို ကြိတ်မှိတ်၍ ခံရှာသည်။ ဆရာကြီးသည် နံနက်မှ ညအထိ သိပ္ပံပညာရပ်များကို လေ့လာ လိုက်စားလျက်ရှိသည်။ နားချိန်ဟူ၍မရှိ။

များစွာဖွယ်ဖွယ်ရာရာ မရှိသည့် ထမင်းစားချိန်လောက်တွင်သာ နားသည်။ ကျွန်ုပ် ရောက်သွားသည့်အချိန်တွင် ဆရာကြီးက ဝမ်းသာအားရကြိုဆိုကာ သူလှဲနေသော အိပ်ရာထက်တွင် ထိုင်စေသည်။ ကျွန်ုပ်က ဂျေရုဆလင်မှ သူရဲကောင်းများ၏ ဟန်ဖြင့် နှုတ်ဆက်သည့် အခါတွင် သူကလည်း ထိုနည်းအတိုင်း ပြန်လှန်နှုတ်ဆက်သည်။ ထို့ပြင် ပရပ်ရှားနှင့် ဂျာမန်ညီအစ်ကိုတော်ဂိုဏ်းများမှ မည်သည့်အရာများကို လေ့လာခဲ့သနည်းဟု ပြုံး၍ မေးသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ် မြင်တွေ့လေ့လာခဲ့သမျှကို အပြည့်စုံဆုံးဖြစ်အောင် ကြိုးစား၍ ပြောပြကာ ပီတာစဘတ် ရွှေမြို့တော် ညီအစ်ကိုတော် ဂိုဏ်းသို့ တင်ပြထားသော အကြံဉာဏ်များနှင့်တကွ ထိုအကြံဉာဏ်ကို ရွှေမြို့တော်ဂိုဏ်းက ပယ်ချလိုက်ကြောင်း၊ ထို့ကြောင့် ရွှေမြို့တော်ရှိ ဂိုဏ်းသားများနှင့် များစွာ အဆင်မပြေကြောင်းတို့ကို ပြောပြလိုက်သည်။ ကျွန်ုပ်၏ဆရာသည် အတန်ကြာမျှ ငြိမ်သက်စွာ တွေးတောပြီးနောက် သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြလိုက်သည်။ ဆရာ၏ ထုတ်ဖော်ပြောဆိုချက်သည် ကျွန်ုပ်၏ အတိတ်ဘဝ တစ်ခုလုံးနှင့်တကွ အနာဂတ်လမ်းကို အလင်းရောင် ထွန်းညှိပေးလိုက်သကဲ့သို့ပင် ရှိပါဘိတော့သည်။ ထို့ပြင် ကျွန်ုပ်၏ဆရာက ဂိုဏ်းတော်ကြီး၏ ရည်ရွယ်ချက်သုံးပါးကို မှတ်မိပါသေးသလောဟု မေးမြန်းသည့်အတွက်လည်း ကျွန်ုပ်မှာ အံ့သြရသေးသည်။ (၁) လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်း၊ (၂) ထိုလျှို့ဝှက်ချက်ကို လက်ခံ နားလည်နိုင်ရန်အတွက် မိမိကိုယ်ကို သန့်စင်စေခြင်း၊ ပြုပြင်ခြင်း၊ (၃) ဤသို့သော သန့်စင်ခြင်းကိုရရှိရန် ကြိုးပမ်းခြင်းဖြင့် လူ့အဖွဲ့ကြီးတစ်ခုလုံးအား တိုးတက် ကောင်းမွန်စေခြင်း စသော ရည်ရွယ်အချက်သုံးပါးတို့ကို မေးမြန်းသည်။ ဤသုံးပါးသော ရည်ရွယ်ချက်တို့အနက် 'အဓိက' ရည်ရွယ်ချက်သည် အဘယ်နည်း။ မိမိ၏ ကိုယ်ကို ပြုပြင်ခြင်းနှင့် မိမိ၏ကိုယ်ကို



www.burmeseclassic.com

သန့်ရှင်း စင်ကြယ်စေခြင်းတို့သာတည်း။ သို့ရာတွင် ဤရည်ရွယ်ချက် အောင်မြင်ရေးအတွက်ကား များစွာ လုံ့လဥဿာဟရှိရန် လိုပေလိမ့်မည်။ ယခုမူကား ကျွန်ုပ်တို့သည် ထိုရည်ရွယ်ချက်ကို မျက်ခြည်ပြတ်ကာ မာနထောင်လွှားကြလျက် ကျွန်ုပ်တို့၏ မသန့်ရှင်းသောအဖြစ်နှင့် ထိုက်တန်ခြင်းမရှိသော လျှို့ဝှက်ချက်ကို လိုက်လံရှာဖွေနေကြသည်။ မိမိကိုယ်နှိုက်က ယုတ်ညံ့အကျင့်ပျက်ပြားသောအဖြစ်ကို နမူနာဆောင်ပြကြရင်း လူ့အနွယ်ကြီး တစ်ခုလုံးကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြသည်။ ပီတာစဘတ် ရွှေမြို့တော်တွင် ကျွန်ုပ်ပြောကြားခဲ့သော မိန့်ခွန်းမှာ တရားသဘော သက်သက်မျှသာမကဘဲ လူမှုရေးနှင့်နိုင်ငံရေးအနည်းငယ် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်၏ ဆရာက ကျွန်ုပ်အား အပြစ်တင်သည်။ ကျွန်ုပ်ဆရာ၏အပြစ်တင်ခြင်းကို ကျွန်ုပ်ခံယူထိုက်ပါပေသည်။ ကျွန်ုပ်၏ အိမ်ထောင်ရေးပြဿနာနှင့် ပတ်သက်၍ကား ကျွန်ုပ်၏ဆရာက 'စစ်မှန်သော ညီအစ်ကိုတော် ဂိုဏ်းသားတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ပြီးပြည့်စုံတဲ့ အဖြစ်ရောက်အောင် ကျင့်ကြံအားထုတ်ရမယ်။ ကျွန်ုပ်တို့၏ ဘဝအခက်အခဲများကို ပယ်ရှားပစ်ခြင်းအားဖြင့် ကျွန်ုပ်တို့ဟာ လိုအပ်သော ရည်ရွယ်ချက်ကို အလျင်အမြန် ပြီးမြောက်လိမ့်မယ်လို့ ထင်ကြမယ်။ အဲဒါဟာ မှားတယ်။ လောကီလူ့ဘောင်ကြီးရဲ့ အရှုပ်အထွေးတွေကြားထဲကသာလျှင် တရားကို ရနိုင်ပေတယ်။ (၁) မိမိကိုယ်ကို မိမိသိခြင်း၊ လူဟာ မိမိကိုယ်ကို မိမိ အခြားသူများနှင့် နှိုင်းယှဉ်ခြင်းအားဖြင့်သာလျှင် ကိုယ့်ကိုယ်ကို သိနိုင်တယ်။ (၂) မိမိကိုယ်ကို မိမိပြည့်စုံစေခြင်း၊ ထိုပြည့်စုံစေခြင်းဟာလဲပဋိပက္ခနှင့်သာလျှင် ရနိုင်တယ်။ (၃) အကြီးကျယ်ဆုံးသော ကျင့်စဉ်ကိုရခြင်း၊ ထိုကျင့်စဉ်ဟာ သေခြင်းတရားကို မြတ်နိုးခုံမင်ခြင်း ဖြစ်တယ်။ လောကခံတရားကသာလျှင် လူ့ဘဝရဲ့ အနှစ်အဓိပ္ပာယ်မရှိခြင်းကို ပြသနိုင်တယ်။ လောကခံတရားကသာလျှင် သေခြင်းတရားအား မြတ်နိုးခုံမင်ခြင်းကို ပွားများစေနိုင်တယ်။ လောကခံတရား ကသာလျှင် ဘဝသစ်ကို မွေးဖွားပေးစေတယ်' ဟု ပြောသည်။ ကျွန်ုပ်ဆရာ၏စကားများသည် မှတ်သားဖွယ်ကောင်းလေစွ။ ကျွန်ုပ်၏ဆရာသည် သေခြင်းတရားကို ခုံမင်သော်လည်း ရောဂါဝေဒနာကပ်ရောက်နေသည့်တိုင် လူ့ဘဝကို ငြီးငွေ့ခြင်းမရှိ။ အတွင်းအဇ္ဈတ္တသန္တာန်၌သန့်ရှင်းခြင်း၊ မြင့်မြတ်ခြင်းတို့ ရှိသော်လည်း ဆရာသည် ရောင့်ရဲခြင်းမရှိ။ ထိုနောက်၌ ကျွန်ုပ်၏ဆရာသည် ဖန်ဆင်းခြင်းတရား၏ အဓိပ္ပာယ်ကို ရှင်းပြသည်။ ဂိုဏ်းတော်ကြီး၏ စတုရန်းအမှတ် လက္ခဏာ အဓိပ္ပာယ်ကို ရှင်းပြသည်။ ထိုလက္ခဏာ၌ရေးထားသော သုံးဂဏန်းနှင့် ခုနစ်ဂဏန်းတို့၏ အရေးကြီးပုံကိုလည်း ရှင်းပြသည်။ ပီတာစဘတ်ရွှေမြို့တော်ရှိ ဂိုဏ်းသားများနှင့် အဆက်ဖြတ်ခြင်း မပြုရန် အကြံပေးသော်လည်း ထိုဂိုဏ်း၌ ဒုတိယတန်းဂိုဏ်းဝင်တစ်ဦးအဖြစ်သာ ပါဝင်ရန် အကြံပေးလိုက်သည်။ ထို့ပြင် ရွှေမြို့တော်ဂိုဏ်းသားများအား မာနကို ပယ်ကြရန် မိမိ၏ကိုယ်ကိုသိခြင်းနှင့် မိမိ၏ကိုယ်ကို သန့်စင်စေခြင်းတို့အတွက် နည်းပေးလမ်းပြခြင်း ပြုရန်တို့ကိုလည်း အကြံပေးလိုက်သည်။ ထို့ပြင် ကျွန်ုပ်အားလည်း ကိုယ့်ကိုယ်ကို မပြတ်အသိနှင့် စောင့်ကြည့်ရန် အကြံပေးလိုက်သည်။ ထိုရည်ရွယ်ချက်အတွက် ကျွန်ုပ်အား ရေးမှတ်ရန် စာအုပ်တစ်အုပ်လည်းပေးလိုက်သည်။ ယခု ကျွန်ုပ်ရေးနေသော စာအုပ်မှာ ထိုစာအုပ်ပင်ဖြစ်သည်။ ကျွန်ုပ်သည် နောင်၌ ကျွန်ုပ်၏ လုပ်ဆောင်ချက်များကို ဤစာအုပ်ထဲတွင် ရေးမှတ်သွားမည်။

ပီတာစဘတ်၊ နိုဝင်ဘာ ၂၃ ရက်။

ကျွန်ုပ်မှာ ကြင်ရာတော်နှင့်အတူ ပြန်လည်နေထိုင်လျက်ရှိသည်။ ယောက္ခမကြီးကိုယ်တိုင် မျက်ရည် စမ်းစမ်းဖြင့် လာရောက်ကာ ဟယ်လင်မင်းသမီးပြန်ရောက်နေပြီဖြစ်ကြောင်း၊ ကျွန်ုပ်အား သူ့ရှင်းလင်းချက်ကို ကြားနာပါရန် တောင်းပန်ကြောင်း၊ ယခုကဲ့သို့ ကျွန်ုပ်က စွန့်ပစ်သွားသဖြင့်



www.burmeseclassic.com

များစွာ ကြေကွဲမိကြောင်း၊ သူ့၌ အပြစ်မရှိကြောင်း စသဖြင့် ယောကျ္ာမကြီးက ပြောပြသွားသည်။ ကျွန်ုပ်သည် ကြင်ရာတော်နှင့် တစ်ခါတွေ့လိုက်ပါက ကြင်ရာတော်၏ အလိုကို လိုက်လျောခြင်း မပြုဘဲမနေနိုင်ဟု ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်သိပြီး ဖြစ်သည်။ ကျွန်ုပ်သည် မည်သူထံမှ အကြံဉာဏ် အကူအညီတောင်းရမည်ကို စဉ်းစား၍ မရအောင် ဖြစ်နေသည်။ ကျွန်ုပ်၏ဆရာသာ ရှိပါက ကျွန်ုပ်အား အကြံကောင်းများ ပေးနိုင်ပေလိမ့်မည်။ ကျွန်ုပ်သည် အခန်းထဲသို့ ဝင်ကာ ကျွန်ုပ်ဆရာ၏ စာများကို ပြန်ဖတ်ကြည့်မိသည်။ ကျွန်ုပ်ဆရာနှင့် တွေ့ဆုံစဉ်က ပြောခဲ့သော စကားများကို ပြန်၍ စဉ်းစားသည်။ သို့အကြိမ်ကြိမ်အဖန်ဖန် ဖတ်ရှု စဉ်းစားပြီးနောက် ရလာသော အဖြေကား မိမိအား လာရောက်တောင်းပန်နေသူတစ်ဦး၊ မိမိနှင့်ဘဝ ချင်း ပေါင်းစပ်ခဲ့သူတစ်ဦးအား လက်ကမ်းကူညီ သင့်သည်ဟူသော အဖြေပင်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်သည် ကြင်ရာတော်အား ခွင့်လွှတ်ရာ၌ မိမိ၏အမှားကို အမှန်ရောက်အောင် ပြုသော အလုပ်တစ်ခု၊ ဖြောင့်မှန်သော အလုပ်တစ်ခုကို လုပ်ခြင်းမျှသာ ဖြစ်သည်ဟု ယူဆပါက ကျွန်ုပ်တို့နှစ်ဦး၏ပြန်လည် ပေါင်းသင်းခြင်းသည် မြတ်သောရည်ရွယ်ချက်ကို ဆောင်လိမ့်မည်။ ထို့ကြောင့် ဤအတိုင်းဆုံးဖြတ်၍ ကျွန်ုပ်၏ သဘောထားကို ကျွန်ုပ်၏ဆရာထံ စာရေးလိုက်သည်။ ကျွန်ုပ်သည် ကြင်ရာတော်အား အတိတ်က အကြောင်းများကို မေ့လိုက်ရန် တောင်းပန်သည်။ သူ့အပေါ်၌ မှားခဲ့မိသမျှအတွက် ကျွန်ုပ်အား ခွင့်လွှတ်ရန်လည်း တောင်းပန်သည်။ ကျွန်ုပ်ဘက်မှကား ကြင်ရာတော်အပေါ်၌ ဘာမှ ခွင့်မလွှတ်စရာမရှိပါဟုလည်း ပြောလိုက်သည်။ ကြင်ရာတော်ကို ဤသို့ ပြောလိုက်ရသည့်အတွက်လည်း ရင်ထဲတွင် ပေါ့သွားသည်။ ကျွန်ုပ်သည် ကြင်ရာတော်အား တွေ့ချင်နေသည်မှာ ကြာပြီဖြစ်သော်လည်း ဤအချက်ကိုမူ ကြင်ရာတော် သိရန် မလိုဟု ယူဆသည်။ ကျွန်ုပ်မှာ စံအိမ်ကြီး၏ အထက်ထပ်တွင် နေထိုင်လျက်ရှိကာ အသစ်မွေးဖွားလာသကဲ့သို့ ပျော်ရွှင်လျက် ရှိသည်။

## အခန်း ၉

ထိုအချိန်၌ရွှေနန်းတော်ကြီးနှင့် ကပွဲသဘင်များတွင် တွေ့ဆုံစုဝေးလေ့ရှိသည့် အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ ထုံးစံအတိုင်း အုပ်စုကလေးများ ကွဲလျက်ရှိ၍ တစ်စုလျှင် တစ်သံစီ ထွက်နေကြ၏။ ၎င်းတို့အနက် အကြီးဆုံးအစုမှာ နပိုလီယန်နှင့် သဟာယမဟာမိတ်ဖွဲ့လိုသော အစုဖြစ်၍ ထိုအစုကို မြို့စားကြီး ရွန်ယန်းဆက်နှင့်ပြင်သစ် သံတော်ကြီး ကော်လိန်ကူးတို့ ခေါင်းဆောင်ကြ၏။ ကြင်ရာတော်နှင့် ပြန်ပေါင်းထုပ်ပြီးနောက် ပီတာစဘတ် ရွှေမြို့တော်တွင် နေထိုင်လျက်ရှိသည့် ဟယ်လင်မင်းသမီးကလေးမှာ ထိုအစုတွင် ထင်ရှားသူတစ်ဦးဖြစ်ပေသည်။ ပြင်သစ်သံရုံးတော်မှာသံအရာရှိများ ဉာဏ်ပညာအရာတွင်လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းအရာတွင်လည်းကောင်း ထင်ရှားသည့် ထိုအစုဝင် ပုဂ္ဂိုလ်များစွာတို့သည် ဟယ်လင်မင်းသမီးလေးထံ ဥဒဟို ဝင်ထွက်သွားလာလျက် ရှိကြ၏။

ရုရှားဧကရာဇ်နှင့် နပိုလီယန်တို့ အားရ်ဖတ်မြို့တွင် တွေ့ဆုံတော်မူကြစဉ်က ဟယ်လင်မင်းသမီးကလေးသည် အားရ်ဖတ်မြို့တွင် ရောက်ရှိနေခဲ့သည်။ ထိုအတောအတွင်း၌ ဟယ်လင် မင်းသမီးကလေးသည် နပိုလီယန် မင်းမှုထမ်း မှူးမတ်များစွာတို့နှင့် အသိအကျွမ်းဖြစ်ခဲ့၏။ အားရ်ဖတ်မြို့တွင် ဟယ်လင်မင်းသမီးကလေး၏ ထင်ရှားကျော်ကြားမှုကား ဆိုဖွယ်မရှိတော့ချေ။ ဇာတ်သဘင်တစ်ခုတွင် ဟယ်လင်မင်းသမီးကလေးကို ကိုယ်တိုင် မြင်တွေ့သွားရသော နပိုလီယန်ကိုယ်တိုင်ကပင်လျှင် ၎င်း၏ လုပချောမွေ့ပုံကိုကြည့်၍ ''လွန်စွာကျက်သရေရှိသော သတ္တဝါကလေးတစ်ဦး'ဟု ချီးကျူးပြောဆိုသွားခဲ့သည်။ ဟယ်လင်မင်းသမီးကလေးမှာ ယခင်ကထက် အလှကျက်သရေ တိုးလာခဲ့လေရာ အလှဘုရင်မတစ်ဦးဖြင့် ကျော်ကြားခြင်းကို ပီယာ အံ့ဩခြင်း မဖြစ်တော့ချေ။ သို့ရာတွင် ပီယာ အံ့ဩသော အချက်တစ်ချက်ကားရှိ၏။ ယင်းမှာ မိမိ၏ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးသည် ဤနှစ်နှစ် အတွင်း 'ချစ်စရာကောင်းသလောက် ဉာဏ် အမြော်အမြင်



www.burmeseclassic.com

ရှိသော နှစ်လိုဖွယ်မိန်းမတစ်ဦး'ဟူသော ဂုဏ်ထူးကို ရအောင် ယူနိုင်ခဲ့သည့်အချက် ဖြစ်လေသည်။ ထင်ရှားသော ဘယ်လ်ဂျီယန်မင်းသား ဒီလင်းသည် ဟယ်လင် မင်းသမီးကလေးထံ မကြာမကြာ စာရေးတတ်၏။ (တစ်ခါရေးလျှင်လည်း ရှစ်မျက်နှာမျှ ရှည်လျား၏။) သံတော်အရာရှိ ဘီလီဘင်သည် ၎င်း၏'သောလုံး' ကလေးများကို နေရာတကာ သုံးစွဲခြင်းမပြုတော့ဘဲ ဟယ်လင်မင်းသမီးကလေးရှေ့တွင်ကျမှ သုံးစွဲရန် တမင်ချွေတာထားသည်ဟု ဆို၏။ မြို့စားကတော်ကလေး ဟယ်လင်၏အရာတွင် ဘွဲ့လက်မှတ် ဆွတ်ခူးအောင်မြင်ခြင်း ညှော်ခန်းဆောင်သို့ ဖိတ်ကြားခံရခြင်းသည် ဉာဏ်ပညာထက်မြက်ခြင်း ဖြစ်သည်ဟု ဆိုစမှတ်ပြုကြ၏။ လူငယ်များသည် ဟယ်လင်မင်းသမီးကလေး၏ ညနေခင်း ညှော်ခံပွဲသဘင်များတွင် လူရာဝင်နိုင်ရန်အတွက် စာပေကျမ်း ဂန်များကို ကြိုတင်လေ့လာထားကြလေ့ရှိ၏။ သံရုံးတော် အတွင်းဝန်များသာမက သံတော်ကြီးများကိုယ်တိုင် သံတမန်ဆိုင်ရာ လျှို့ဝှက်ချက်များကို ဟယ်လင် မင်းသမီးကလေးအား ထုတ်ဖော်ပြောဆိုတတ်ကြ၏။ ဤသို့ဖြင့် မြို့စားကတော်လေးဟယ်လင်သည် တန်ခိုးရှင်မကလေး တစ်ပါးသဖွယ် ဖြစ်လျက်ရှိလေသည်။ ဟယ်လင် မင်းသမီးကလေး၏ ညှော်ခံပွဲသဘင်တွင် ဆွေးနွေးပြောဆိုကြသည့် အကြောင်းအရာများမှာလည်း နိုင်ငံရေး၊ ကဗျာ၊ စာပေနှင့် အဘိဓမ္မာစသည့် အကြောင်းအရာများ ဖြစ်ကြ၏။ ကြင်ရာတော်၏ အသိဉာဏ်တရား ကင်းမဲ့ပုံ၊ ပကာသန မက်မောပုံကိုသိသော ပီယာကား ကြင်ရာတော်၏ ညှော်ခံပွဲ သဘင်များသို့ တစ်ခါတစ်ရံမှာသာလျှင် တက်ရောက်လေ့ ရှိသည်။ တက်ရောက်ပြန်လျှင်လည်း စိတ်ထဲတွင် နောက်ကျကျာ အလိုလိုကြောက်ရွံ့နေတတ်သည်။ ထိုညှော်ခံပွဲများသို့ ရောက်တိုင်း ပီယာ့ရင်၌ ဖြစ်ပေါ်လာသော ခံစားချက်မှာ မိမိ၏ လှည့်ကွက်များ ပေါ်သွားလေမည်လောဟု စိုးရိမ်လျက်ရှိသော မျက်လှည့်ဆရာ၏ ခံစားမှုမျိုးသာ ဖြစ်လေသည်။ သို့ရာတွင် ဟယ်လင်မင်းသမီးကလေး၏ ပကာသနမက်ပုံ၊ အသိဉာဏ်ခေါင်းပါးပုံတို့မှာ ပေါ်လွင်ခြင်းမရှိဘဲ ချစ်စရာကောင်းသလောက် ဉာဏ်ပညာထက်မြက်သော မိန်းမတစ်ဦးသာ ဖြစ်ပေသည်ဟူသော ဂုဏ်သတင်းသာလျှင် မွှေးလျက် ရှိလေသည်။ ဟယ်လင်မင်းသမီးကလေးက မည်မျှ အနှစ်အရသာကင်းမဲ့၍ မည်မျှ မိုက်မဲသောစကားကိုဆိုစေ ပရိသတ်တို့သည် ဟယ်လင်မင်းသမီးကလေး၏ စကားလုံးတိုင်းကို ပီတိကျလျက် ရှိကြ ဟယ်လင် မင်းသမီးလေးကိုယ်တိုင် ရည်ရွယ်ပြောဆိုခြင်းမရှိသည့် လေးနက်သော အဓိပ္ပာယ်မျိုးကို ရှာဖွေစဉ်းစားနေတတ်ကြသည်။ ယင်းညှော်ခံပွဲမျိုးကို ကျင်းပရေးအတွက် လိုအပ်သည့် အရည်အချင်းမှာ ပကာသနမက်ခြင်း၊ အသိဉာဏ်ခေါင်းပါးခြင်းတို့ကြောင့် ဤသို့ ဖြစ်နေရခြင်းလော သို့တည်းမဟုတ် ပရိသတ်ကိုယ်တိုင်က လှည့်စားခံရမှန်း သိလျက် မျက်လှည့်ပွဲကို ကြည့်ရှုလိုကြသည့်အတွက် ဤသို့ ဖြစ်ရခြင်းလော ဆိုသည့်အချက်ကိုမူ ပီယာ မစဉ်းစားတတ်တော့ချေ။

ပီယာကား ဟယ်လင်မင်းသမီးကလေးကဲ့သို့သော ထင်ရှားသည့် အထက်တန်းလွှာ မိန်းမတစ်ယောက်အဖို့ အသုံးကျသည့် လင်မျိုးဖြစ်၏။ ပီယာသည် ခပ်ယောင်ယောင် စိုက်မိစိုက်ရာကို လုပ်တတ်သူတစ်ဦး၊ မည်သူ့ကိုမျှ အတားအဆီး မဖြစ်သည့် ရုပ်ပြလင်တစ်ယောက်ဖြစ်၏။ ပီယာသည် ကြင်ရာတော်၏ ညှော်ခန်းဆောင်၌ စကားကြီး စကားကျယ်များနှင့် ထင်မြင်ချက်များကိုလည်း ကန့်ကွက်ပြောဆိုခြင်းမပြု၊ လင်က ရိုးရိုးကုတ်ကုတ်နေသလောက် မယားက ပေါ်ပေါ်လွင်လွင် နေတတ်သည့်အတွက် ပီယာသည် ယဉ်ကျေးဖွယ်ရာ၍ လိမ်မာပါးနပ် သော ဟယ်လင် မင်းသမီးကလေး၏ ကျော်ကြားမှုသည် ထင်းထင်းကြီး ပေါ်လျက်ရှိသည်။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပီယာသည် အပေါ်ယံ လူမှုကိစ္စဟူသမျှကို စိတ်ဝင်စားခြင်းမရှိဘဲ လေးနက်သည့် အကြောင်းအရာများလောက်ကိုသာ စိတ်ဝင်စားလျက် ရှိခဲ့၏။ ထို့ကြောင့် မိမိအား 'ဖုတ်လေသည့် ငါးပိ'မျှလောက်ပင် အလေးမူခြင်း မရှိသော ကြင်ရာတော်၏ အသိုင်းအဝိုင်းသို့ ရောက်သည့်အခါ၌ မည်သူ့ကိုမျှ အရေးထားခြင်းလည်းမရှိ၊ မည်သူ့ကိုမျှလည်း ထူး၍ အထင်သေးခြင်းလည်း မရှိဘဲ အားလုံးကို ကြင်နာချိုသာစွာ ဆက်ဆံတတ်သော အကျင့်ကို ရခဲ့လေပြီ။ တစ်ဖက်သားအား ကြင်နာသနားမှုကိုပြခြင်းကိစ္စသည် တမင်လုပ်ယူ၍ရသော အရာမျိုး မဟုတ်ဘဲ ရင်ထဲက အလို အလျောက်ထွက်ပေါ်လာမှသာ ဖြစ်နိုင်သောကိစ္စမျိုး ဖြစ်သည့်အလျောက် ပီယာ၏ ကြင်နာစွာ ဆက်ဆံခြင်းကို



www.burmeseclassic.com

မြင်ရသည့်အခါ၌ အားလုံးကလည်း ပီယာ့ကို အလိုအလျောက် လေးစားလာခဲ့ကြသည်။ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ ဧည့်ခန်းဆောင်ထဲသို့ ပီယာ ဝင်ရောက်လာပုံမှာလည်း ဓာတ်ရုံထဲသို့ ဝင်လာသော၊ ပွဲကြည့်ပရိသတ်တစ်ယောက်၏ အမူအရာမျိုးသာဖြစ်သည်။ ပွဲကြည့်ပရိသတ်တစ်ဦးသည် ဓာတ်ရုံထဲသို့ ဝင်လာသောအခါ၌ အသိအကျွမ်းမှန်သမျှကို အလိုက်အထိုက် နှုတ်ဆက်၍ အသိအကျွမ်းကို တွေ့ရသည့်အတွက် ဝမ်းသာသည့်နည်းတူ အသိအကျွမ်းများကို မတွေ့ရသည့်အတွက် ထူး၍ ဝမ်းနည်းခြင်း မဖြစ်သကဲ့သို့ ပီယာသည်လည်း ကြင်ရာတော်၏ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာသည်နှင့် အားလုံးကို အလိုက်အထိုက် နှုတ်ဆက်တတ်သည်။ မည်သူ့ကို တွေ့ရ၍ ဝမ်းသာဟန်လည်းမပြ။ မည်သူ့ကို မတွေ့ရ၍ ဝမ်းနည်းဟန်လည်း မရှိ။ အားလုံးကို ညီတူညီမျှ ဆက်ဆံတတ်သည်သာ ဖြစ်သည်။ တစ်ခါတစ်ရံ မိမိစိတ်ဝင်စားသော ကိစ္စမျိုးကို ပြောဆိုနေသည်နှင့် ကြုံလျှင် ဝင်ရောက်ပြောဆိုတတ်သည်။ မည်သည့် 'သံရုံး တော်'က မည်သည့် ပုဂ္ဂိုလ်ကြီး ရှိသည် မရှိသည်ကို ဂရုမစိုက်။ မည်သူက ကြိုက်သည် မကြိုက်သည်ကို ဂရုမထားဘဲ မိမိ၏ထင်မြင်ချက်ကို ပြောင်ပြောင်ကြီး ပြောတတ်သည်။ သို့ရာတွင် 'ပီတာစဘတ်ရွှေမြို့တော်မှ အကျော်ကြားဆုံးသောအမျိုးသမီး၏' ကြင်ရာတော်လူထူးလူဆန်းတစ်ယောက်အဖြစ် အားလုံးကအသိအမှတ် ပြုထားပြီး ဖြစ်ရကား ပီယာ၏'ကြောင်ကွက်' ကလေးများကို ခွင့်လွှတ်ထားလိုက်ကြသည်သာဖြစ်၏။

ကြင်ရာတော် ဟယ်လင် မင်းသမီးကလေးထံ လာရောက်လည်ပတ်သည့် လူငယ်လူရွယ်များအနက် ဘိုးရစ်စ်လည်း အပါအဝင်ဖြစ်၏။ ဘိုးရစ်စ်မှာ ယခုအခါတွင် ရာထူးရာခံတိုးလျက် အောင်မြင်မှုကို ရရှိနေလေပြီ။ ဟယ်လင်မင်းသမီးကလေး အားရ်ဖတ်မြို့မှ ပြန်ရောက်ပြီးသည့်နောက်မှစ၍ ၎င်း၏ အရင်းနှီးဆုံးသောမိတ်ဆွေတစ်ဦးဖြစ်နေလေပြီ။ ဟယ်လင်မင်းသမီးကလေးသည် ဘိုးရစ်စ်အား 'မိမိ၏ အချစ်တော် ကိုယ်ရံတော်လေး'ဟု ပြောဆိုတတ်၍ ကလေးတစ်ယောက်သဖွယ် ဆက်ဆံလေ့ရှိသည်။ ဘိုးရစ်စ်အား ပြုံးပြသော ဟယ်လင်မင်းသမီးကလေး၏အပြုံးမှာ သာမန်ပြုံးရိုးပြုံးစဉ် ဖြစ်သော်လည်း ထိုအပြုံးသည် ပီယာ၏ အသည်းနှလုံးကို ချေမွပစ်သကဲ့သို့ ရှိလေသည်။ ဘိုးရစ်စ်သည် ပီယာကို ဆက်ဆံရာ၌ လူရိုးလူအေးကြီးတစ်ဦး၊ သနားစရာလူကြီးတစ်ဦးအဖြစ် လေးစားစွာ ဆက်ဆံခြင်းပြု၏။ ဤအမူအရာကလည်း ပီယာ၏ အသည်းနှလုံးကို ဆုပ်ချေသကဲ့သို့ ရှိပြန်သည်။ ပီယာသည် မိမိ၏ကြင်ရာတော်ကြောင့် သုံးနှစ်လုံးလုံး စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရပြီး ဖြစ်သည့်အတွက် ဤအဖြစ်မျိုးကို မကြုံတွေ့ရအောင် ပီယာသည် ကြီးစွာ သတိထား၏။ သူတစ်ပါးအပေါ်တွင် သံသယမရှိစေအောင် မိမိကိုယ်ကို မိမိထိန်းသိမ်း၏။

'အင်း၊ ကြင်ရာတော်ဟာ အရင်တုန်းကလို အပျော်အပါး အားကြီးမှုတွေ ရှိဟန်မတူတော့ပါဘူးလေ၊ စာပေကဗျာကို လိုက်စားတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီပဲ'ဟု ပီယာသည် ကိုယ့်ကိုယ်ကို ဆုံးမသည်။ 'တကယ်တော့လဲ စာပေကဗျာ လိုက်စားတဲ့ မိန်းမများဟာ အင်မတန်ရည်းစားများခဲ့ဖူးကြပေတာပဲ၊ နှလုံးသားရဲ့ အလိုကို မလိုက်ဖူးခဲ့ကြဘဲ စာပေကဗျာ လိုက်စားတဲ့ မိန်းမရယ်လို့ ဘယ်မှာရှိဖူးသလဲ' ဤစကားများကို မည်သည့်နေရာက ကြားခဲ့သည်ကို မမှတ်မိတော့သော်လည်း ပီယာသည် အကြွင်းမဲ့ယုံကြည်ပေသည်။ သို့သော်လည်း ကြင်ရာတော်၏ဧည့်ခန်းဆောင်တွင် ဘိုးရစ်စ်ကိုတွေ့ရတိုင်း (အမြဲလိုလိုလည်း တွေ့ရတတ်သည်။) ပီယာမှာ မခံချိဖြစ်လျက်ရှိသည်။ ဤသို့ တွေ့လိုက်ရတိုင်း ပီယာ၏ ခြေလက်များသည် တုပ်နှောင်ခြင်း ခံထားရသကဲ့သို့ရှိကာ ပီယာတွင် သံသယများပြန်၍ ပေါ်ပေါက်လာတတ်ပြန်သည်။

'အင်း၊ တော်တော်ဆန်းတဲ့စိတ်ပဲ၊ အေးလေ ငါကတော့ သူ့ကို အရင်တုန်းကလိုပဲ အခင်မပျက်ပါဘူး' ဟု ပီယာ တွေးလိုက်မိလေသည်။

အားလုံးအမြင်၌ကား ပီယာသည် စိတ်ထားမြင့်မြတ်သော လူကြီးလူကောင်းတစ်ဦး၊ ထင်ရှားကျော်ကြားသည့် ဇနီးသည်တစ်ယောက်၏ ရိုးအနုံချာသည့်လင်၊ မည်သည့်အလုပ်ကိုမျှ မလုပ်သော စိုက်မိစိုက်ရာ တစ်ဇွတ်ထိုးသမားတစ်ဦး၊ မည်သူ့ကိုမျှ အန္တရာယ်မပေးသော ပထမတန်း သဘောဖြူ အူစင်းတစ်ယောက်ဟု အသိအမှတ်ပြုထားကြလေသည်။ သို့သော်လည်း ပီယာ၏ ဝိညာဉ်အတွင်း၌ကား ရှုပ်ထွေးသောစိတ်ဖြစ်စဉ်ကြီး တစ်ခုသည်



www.burmeseclassic.com

တဖြည်းဖြည်း ပေါ်ပေါက်လျက် ရှိလေပြီ။ ထိုစိတ်ဖြစ်စဉ်ကြီးသည် ပီယာမသိသေးသော အရာများကို ဖော်ပြလျက်ရှိကာ ပီယာအား သံသယများ၊ ပျော်ရွှင်မှုများကို ပေးစပြုလျက်ရှိပေပြီ။

## အခန်း ၁၀

ပီယာသည် နေ့စဉ်မှတ်တမ်းကို ဆက်၍ ရေးသားဆဲပင်ရှိလေသည်။ ထိုအတောအတွင်း ပီယာသည် ၎င်း၏နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားလေသည်။

နိုဝင်ဘာ ၂၄ ရက်။

နံနက်ရှစ်ချက်တီး အိပ်ရာမှထသည်။ ကျမ်းစာများကို ဖတ်သည်။ ထိုနောက် အလုပ်သို့သွားသည်။ (ပီယာမှာ ၎င်း၏ဆရာ၏ အကြံပေးချက်အရ ဘုရင်မင်းမြတ်၏ အမှုတော်ကို ထမ်းရွက်လျက်ရှိကာ ကော်မတီတစ်ခုတွင် ပါဝင်လျက်ရှိ၏။) စံအိမ်တော်သို့ ပြန်လာ၍ တစ်ယောက်တည်း ညစာစားသည်။ ကြင်ရာတော်ထံသို့ ဧည့်သည်များစွာ လာသည်ကို ကျွန်ုပ်မကြိုက်။ ကျွန်ုပ်သည် အသောက်ကိုလည်း သင့်တင့်ရုံမျှသာ သောက်၍ အစားကိုလည်း သင့်တင့်ရုံမျှသာ စားသည်။ ညစာစားပြီးနောက် ဂိုဏ်းဝင်များ လေ့လာရန်အတွက် စာများ ရေးကူးသည်။ ညနေ၌ ကျွန်ုပ်သည် ကြင်ရာတော်ထံသို့ ဆင်းသွားကာ ---နှင့် ပတ်သက်သည့် ရယ်စရာအဖြစ်အပျက်ကလေးများကို ပြောပြသည်။ အားလုံးက ကျယ်လောင်စွာ ရယ်မောကြသည့်အခါကျမှ ဤအဖြစ်အပျက်ကို မပြောသင့်ဟု ကျွန်ုပ် သတိရတော့သည်။

ယနေ့ညသည် ချမ်းမြေ့ငြိမ်သက်သော စိတ်ဖြင့် အိပ်ရာသို့ ဝင်ခဲ့သည်။ ဘုန်းတော်အနန္တနှင့်ပြည့်စုံတော်မူသော အို ထာဝရဘုရားသခင် (၁) တည်ကြည်ငြိမ်သက်ခြင်း၊ နူးညံ့ချိုသာ ဝေဖန်ခြင်းတို့ဖြင့်သာ ဒေါသအမျက်ကို အောင်နိုင်ရာ၏။ (၂) မိမိကိုယ်ကို ချုပ်တည်းခြင်း၊ တွန်းလှန်ခြင်းဖြင့်သာ တဏှာကို အောင်နိုင်ရာ၏။ (၃) လောကီကိစ္စများမှ ရှောင်ကြဉ်ရာ၏။ သို့ရာတွင် (က) နိုင်ငံ၏အကျိုးကို သယ်ပိုးဆောင်ရွက်ခြင်း၊ (ခ) အိမ်ထောင်၏ တာဝန်များကို ဆောင်ရွက်ခြင်း၊ (ဂ) ဆွေမျိုးညာတကာ မိတ်သင်္ဂဟ စသည်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်း (ဃ) မိမိ၏ အမှုကိစ္စများကို ပိုင်းဝေခန့်ခွဲခြင်းတို့ကို ပြုလုပ်ရာ၏ဟူသော အရှင်ဘုရား၏ မဂ္ဂင်တရားများကို ကျင့်ကြံလိုက်နာနိုင်ရန် တပည့်တော်အား ကယ်မတော်မူပါဘုရား။

နိုဝင်ဘာလ ၂၇ ရက်။

ယနေ့ အိပ်ရာထ နောက်ကျသည်။ အိပ်ရာမှ နိုးသော်လည်း မထသေးဘဲ အပျင်းထူ၍ နေသည်။ အို ထာဝရဘုရားသခင်၊ တရားများအတိုင်း လိုက်နာကျင့်သုံးနိုင်ရန်အတွက် တပည့်တော်အား ကူညီစောင်မတော် မူပါဘုရား။ ယနေ့ ကျမ်းစာများကို ဖတ်သော်လည်း များစွာ စိတ်မဝင်စားလှ။ ဂိုဏ်းဝင်ယူရှုဆော့ ရောက်လာ၍ လောကီကိစ္စများ၊ မာနထောင်လွှားကြပုံများကို ပြောကြသည်။

ယူရှုဆော့က ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်၏ ပြုပြင်ပြောင်းလဲရေး စီမံကိန်းများအကြောင်းကို ပြောဆိုသည်။ ကျွန်ုပ်သည် ထိုစီမံကိန်းများကို ဝေဖန်ပြောဆိုမိရာမှ စစ်မှန်သော ညီအစ်ကိုတော်ဂိုဏ်းဝင် တစ်ယောက်သည် လိုအပ်လာသည့်အခါ၌ နိုင်ငံ၏အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးသူဖြစ်၍ မလိုသည့်အခါတွင် တိတ်ဆိတ်စွာ စောင့်ကြည့်နေသူ ဖြစ်ရမည်ဟူသော ကျွန်ုပ်ဆရာ၏ စကားများကို သွား၍ အမှတ်ရမိသည်။ ကျွန်ုပ်၏ပါးစပ်သည် ကျွန်ုပ်၏ ရန်သူဖြစ်သည်။ ဂိုဏ်းဝင်များဖြစ်သည့် --နှင့်-- တို့ ကျွန်ုပ်ထံ ရောက်လာကြကာ ဂိုဏ်းဝင်သစ်တစ်ယောက်၏ ပဏာမ ဂိုဏ်းဝင် အခမ်းအနားကိစ္စကို လာရောက်တိုင်ပင်ကြသည်။ ထိုအခမ်းအနား၌ ကျွန်ုပ်အား ဥပဇ္ဈာယ်ဆရာလုပ်ရန် တိုက်တွန်းကြသည်။ ကျွန်ုပ်မှာ စိတ်အားနုံ့နဲ့သူ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၍ ဥပဇ္ဈာယ်ဆရာလုပ်ရန် မထိုက်တန်ဟု ယူဆသည်။ ထို့နောက် ကျောင်းတော်၏ လေ့ကား ခုနစ်ထစ်၊ တိုင်ခုနစ်တိုင်၊ ဝိဇ္ဇာခုနစ်ပါး၊ သုစရိုက်ခုနစ်ပါး၊ ဒုစရိုက်ခုနစ်ပါး၊ လက်ဆောင်တော်ခုနစ်ပါး စသည့်အကြောင်းများကို ပြောဆိုကြသည်။ ဂိုဏ်းဝင် --သည် များစွာ စကားပြောနိုင်သူဖြစ်သည်။ ညနေပိုင်းတွင် ဂိုဏ်းဝင်သစ်သွတ်သွင်းသော အခမ်းအနားကို ကျင်းပသည်။ ဘုံအိမ်သစ်၏ အဆင်အပြင်မှာ ဂိုဏ်းဝင် အခမ်းအနားနှင့် လိုက်လျောလှသည်။ ဂိုဏ်းဝင်သစ်မှာ အခြားသူမဟုတ်။ ဘိုးရစ်စ်ဖြစ်သည်။ ကျွန်ုပ်က ဘိုးရစ်စ်အား ဂိုဏ်းဝင်အဖြစ် ချီးမြှောက်သွတ်သွင်းကာ ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်ရသည်။ ဘိုးရစ်စ်နှင့် ကျွန်ုပ် မည်းမှောင်သော အခန်းထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ၌ ကျွန်ုပ်၏ စိတ်ထဲတွင် ထူးဆန်းသော စိတ်တစ်မျိုး ပေါ်လာခြင်းကို သတိပြုမိသည်။ ကျွန်ုပ်၏ ရင်ထဲတွင် ဘိုးရစ်စ်အား မလိုမုန်းထားစိတ်များသည် တဖွားဖွား ပေါ်ပေါက်လာကြသည်။ ဤမလိုမုန်းထားသော စိတ်ကို ပြေပျောက်ရန် ကြိုးစားသော်လည်းမရ။ ကျွန်ုပ်သည် ဘိုးရစ်စ်အား မကောင်းမှုမှ ကယ်တင်၍ သစ္စာတရား၏ လမ်းမသို့ ပို့ပေးရန် ကြိုးစားသည်။ သို့ရာတွင် သူ့အပေါ်၌ မကောင်းထားသည့်စိတ်မှာ ပျောက်၍မသွား။ ညီအစ်ကိုတော်ဂိုဏ်းထဲသို့ ဘိုးစ်စ်ဝင်ခြင်းမှာ ဘုံအိမ်ဂိုဏ်းဝင်များနှင့် အကျွမ်းဝင်အောင်လုပ်ရန်၊ ဂိုဏ်းထဲရှိ ဩဇာတိက္ကမရှိသူများ ရာထူးဌာနန္တရ ကြီးသူများနှင့် ရင်းနှီးအောင်ပြု၍ ရာထူးဌာနန္တရ တိုးရေးကို ကြံစည်ရန်ဟု ကျွန်ုပ်ထင်သည်။ ထို့ပြင် ဘိုးရစ်စ်က--နှင့် --တို့သည် ဂိုဏ်းဝင်များလောဟု ကျွန်ုပ်ကိုမေးသည်။ (ကျွန်ုပ်က ဘာမျှမဖြေ။) ဘိုးရစ်စ်၌ ကျွန်ုပ်တို့ ဂိုဏ်းတော်ကြီးအား ကြည်ညိုလေးစားနိုင်လောက်သော တရားအခံမရှိဟု ယူဆသည်။ ဘိုးရစ်စ်သည် ဝိညာဉ်၏ တိုးတက်မှုထက် ရာထူးစည်းစိမ် တိုးတက်ရေးမျှလောက်ကိုသာ မျှော်ကိုးသူဟု ကျွန်ုပ်ထင်သည်။ သူ့အား သံသယ ဖြစ်စရာအကြောင်းကို ကျွန်ုပ် ခိုင်ခိုင်မာမာ ရှာဖွေတွေ့ရှိခြင်း မရှိသေးသော်လည်း ရိုးသားခြင်းမရှိဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်တို့နှစ်ဦး မည်းမှောင်သော ကျောင်းဆောင်ထဲတွင် ရပ်နေသည့် တစ်ချိန်လုံး၌ ဘိုးရစ်စ်သည် ကျွန်ုပ်ပြောသောစကားများကို လှောင်ပြောင်သည့်သဘောဖြင့် ပြုံးလျက်ရှိသည်ဟု ထင်သည်။ ဓားထောက်၍ စမ်းသပ်သော အချိန်တွင် ကျွန်ုပ်သည် လက်ထဲမှ ဓားရှည်ကို သူ့ရင်ဘတ်ထဲသို့ တကယ်ပင် စိုက်သွင်းပစ်လိုက်ချင်သည်။ ကျွန်ုပ်သည် စကားလည်း သွက်လက်ခြင်းမရှိ။ ဘိုးရစ်စ်အား သံသယရှိကြောင်းကိုလည်း မည်သူ့ကိုမျှ ထုတ်၍ မပြောရဲ။ သဘာဝကြီးကို ဖန်တီးပေးတော်မူသည့် ကြီးမြတ်တော်မူသော ဗိသုကာကြီးဘုရား၊ ကျွန်ုပ်အား ဤမုသားဝက်ပါ၊ လွတ်မြောက်ရန်အတွက်မှန်သောလမ်းကို ညွှန်ပြတော်မူပါဘုရား။

ထို့နောက်၌ နေ့စဉ်မှတ်တမ်းတွင် သုံးမျက်နှာလွတ်နေသည်။ ထို့ကြောင့် အောက်ပါအတိုင်း ဆက်ရေးထားပြန်သည်။

ဂိုဏ်းဝင်--နှင့် စကားပြောကြသည်။ သူက ကျွန်ုပ်အား အကာလဘောဇနာပုဒ်ကို ထိန်းသိမ်းရန် အကြံပေးသည်။ --သည် ကျွန်ုပ်အား နက်နဲသောတရားများကို ပြသသည်။ အက်ဒိုနေသည် ကမ္ဘာကြီးကို ဖန်ဆင်းသူဖြစ်သည်။ အယ်လိုဟင်သည် အုပ်စိုးသူဖြစ်သည်။ တတိယအမည်ကိုကား ကျွန်ုပ်မမှတ်မိ။ သို့ရာတွင် ထိုအမည်သည် 'သဗ္ဗ၊ ခပ်သိမ်းကုန်သော'ဟု အဓိပ္ပာယ်ထွက်သည်။ --နှင့် စကားပြောလိုက်ရသည့်အတွက် ကျွန်ုပ်မှာ အားတက်ရွှင်လန်းလာသည်။ သူနှင့် တွေ့စဉ်အတွင်း ကျွန်ုပ်၌ သံသယဟူ၍ ဘာမျှမရှိတော့။ ယုတ်ညံ့သော လောကီသိပ္ပံပညာရပ်များကို သင်ကြားခြင်းနှင့် မြင့်မြတ်သော တရားတော်များကို သင်ကြားခြင်းတို့၏ ကွဲပြားခြားနားပုံကို ကျွန်ုပ်သဘောပေါက်ပြီ။ လောကီသိပ္ပံ ပညာရပ်များသည် အရာဝတ္ထုများ


www.burmeseclassic.com

အားလုံးကိုလေ့လာသိရှိနိုင်ရန်အတွက် ထိုအရာဝတ္ထုများကို ခွဲခြမ်းစိတ်ဖြာခြင်း ပြုရသည်။ ဒီဝိန်ခြေပစ်ရမည်။ ကျွန်ုပ်တို့ ဂိုဏ်းတော်၏ မြင့်မြတ်သော သိပ္ပံအတတ်၌ကား အရာရာသည် တစ်ခုတည်းသာဖြစ်သည်။ အရာရာအား ၎င်းတို့၏ ထာဝရဖြစ်ခြင်းနှင့် တည်ခြင်းတို့ဖြင့် သိနိုင်သည်။ ရုပ်၏ မူလဘူတဓာတ်ကြီး သုံးပါးမှာ ကန့်၊ ပြဒါးနှင့် ဆားတို့ဖြစ်သည်။ ကန့်သည် ချောသောသဘော၊ လောင်စေသောသဘောရှိသည်။ လောင်စေသော သဘောရှိသောကန့်ကို ဆားနှင့် ရောလျှင် ပြဒါးကို ဖမ်းယူနိုင်သောသဘောရှိသည်။ ထိုအရာတို့ ပေါင်းလျှင် အခြားရုပ်ခန္ဓာများကို ထုတ်လုပ်ပေးသည်။ ပြဒါးသည် ပျော်သောသဘော၊ ပျောက်ပျက်သောသဘောရှိသည်။ ခရစ်တော်သည် မြင့်မြတ်သော ဝိညာဉ်တော် ဖြစ်သည်။

ဒီဇင်ဘာ ၃ ရက်။

ယနေ့ အိပ်ရာထနောက်ကျသည်။ ကျမ်းစာများကို ဖတ်သော်လည်း စိတ်မပါလှ။ ခဏကြာလျှင် ခန်းမဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်း မည်ဟု စိတ်ကူးသော်လည်း ကျွန်ုပ်၏စိတ်ထဲတွင် လွန်ခဲ့သော လေးနှစ်ခန့်က ဒိုလိုကော့ဗ်နှင့် နှစ်ယောက်ချိန်းသတ်ပြီးနောက် မော်စကိုတွင် ပြန်တွေ့သည့် အဖြစ်အပျက်ကိုသွား၍ အမှတ်ရသည်။ ထိုစဉ်က ဒိုလိုကော့ဗ်က ကျွန်ုပ်မှာ ကြင်ရာတော် မရှိတော့သော်လည်း စိတ်ချမ်းသာမှုကို ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောသည်။ ထိုစဉ်က ကျွန်ုပ်သည် မည်သို့မျှ အဖြေမပေးလိုက်။ ယခုမှ ထိုအဖြစ်အပျက်ကို ပြန်တွေးမိကာ သူ့အား ခါးခါးသီးသီးအဖြေများကို စိတ်ထဲကပြန်၍ ပေးမိသည်။ ကျွန်ုပ်သည် သတိကိုဖြစ်စေ၍ ဒေါသအမျက်ခြောင်းခြောင်းထွက်သည့်အခါကျမှ ဖြစ်ပေါ်လေ့ရှိသော ထိုအတွေးကို မောင်းထုတ်ပစ်သည်။ သို့ရာတွင် ကျွန်ုပ်သည် ယခုအထိ လုံလောက်သော နောင်တသံဝေဂကို မရသေး။ ခဏကြာလျှင် ဘိုးရစ်စ်ရောက်လာကာ သူတွေ့ခဲ့ရသော စွန့်စားခန်းများကို ပြောပြသည်။ ကျွန်ုပ်မှာ သူရောက်လာကတည်းက များစွာစိတ်မသက်မသာ ဖြစ်လျက်ရှိသည်နှင့် သူ မနှစ်မြို့သည့် အရာများကိုချည်း ပြောလိုက်သည်။ သူက ပြန်၍ ငြင်းသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူ့အား ခပ်ရိုင်းရိုင်းပင် ပြောပစ်လိုက်သည်။ ထိုအခါကျတော့မှ ဘိုးရစ်စ်သည် ငြိမ်သွားတော့သည်။ ဤတွင် သတိတရားကို ထိန်းရပြန်ပြီ။ သို့ရာတွင် နောက်ကျပြန်ပြီ။ ဘုရား ဘုရား။ ကျွန်ုပ်သည် သူနှင့် အဆင်မပြေတော့ပါတကား။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ကျွန်ုပ်၏ အတ္တစိတ်ကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်သည် သူ့ထက်သာသူ ဖြစ်သည်ဟု တွေးကာ ကျွန်ုပ်မှာ သူ့ထက်ဆိုးသူ တစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေပြီ။ ကျွန်ုပ်ထက်နိမ့်သော ဘိုးရစ်စ်သည် ကျွန်ုပ်ရိုင်းပြစော်ကားသည်ကို သည်းခံနိုင်ပါလျက် သူ့ထက်မြင့်သော ကျွန်ုပ်ကား သူ့အား ရှုတ်ချ အထင်သေးသည့်စိတ်ကို မွေးမြူ အားပေးလျက် ရှိပေပြီ။ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရား၊ သူ၏ရှေ့၌ တပည့်တော်၏ မကောင်းမှု ယုတ်ညံ့မှုတို့ကို တပည့်တော်ကိုယ်တွင်း၌ ပြန်၍ ထင်မြင်အောင် လမ်းညွှန်တော်မူပါဘုရား။ ညစာစားပြီးနောက် ကျွန်ုပ် အိပ်ပျော်သွားသည်။ ခဏအကြာ၌ ကျွန်ုပ်၏ဝဲဘက်နားနားသို့ ကပ်၍ 'အသင်၏နေ့ ရောက်ပြီ'ဟူသော ပြောသံတစ်ခုကို ပီသစွာ ကြားလိုက်ရသည်။

ကျွန်ုပ်သည် အမှောင်ကြီးထဲတွင် လမ်းလျှောက်နေသည်ဟု အိပ်မက်မက်သည်။ ထိုသို့ လမ်းလျှောက်နေချိန်တွင် ခွေးအုပ်တစ်အုပ် ရုတ်တရက် ဝိုင်းလာသည်။ သို့ရာတွင် စိတ်မပျက်ဘဲ ဆက်၍ လျှောက်လာခဲ့သည်။ ထိုအခါ ထိုခွေးအုပ်ထဲမှ အငယ်ဆုံးခွေးလေး တစ်ကောင်သည် ကျွန်ုပ်၏ပေါင်ကို လှမ်းဆွဲ၍ ခဲထားသည်။ ကျွန်ုပ်သည် ခွေးငယ်၏အာခေါင်ကို ဖြဲ၍ အလွတ်ရုန်းသည်။ သို့ရာတွင် ခွေးငယ်၏ပါးစပ်မှ လွတ်ခါ



www.burmeseclassic.com

နီးတွင် ခွေးကြီးတစ်ကောင်က လာ၍ ခဲပြန်သည်။ ကျွန်ုပ်သည် ထိုခွေးကြီးကို မ,လိုက်သည်။ သို့ရာတွင် အထက်သို့ရောက်လာသည်နှင့်အမျှ ခွေးကြီးသည် ကြီးသည်ထက် ကြီးလာကာ လေးသည်ထက် လေးလာသည်။ ထိုအခိုက် ဂိုဏ်းဝင်-- ရောက်လာကာ ကျွန်ုပ်အား လက်မောင်းမှဆွဲ၍ အဆောက်အအုံ တစ်ခုဆီသို့ ခေါ်သွားသည်။ ကျွန်ုပ်တို့သည် ထိုအဆောက်အအုံအား သေးငယ်သော ပျဉ်ပြားချပ်ကလေးပေါ်မှ လျှောက်၍ဝင်ရမည်ဖြစ်သည်။ ကျွန်ုပ်ရပ်တန့်ကာ ပျဉ်ပြားချပ်ပေါ်သို့ တက်လိုက်ရာ ပျဉ်ချပ်သည် ကွေးညွတ်၍ ကျိုးသွားပြီးနောက် ကျွန်ုပ်၏ လက်ခုပ်တစ်ဖောင်မျှမက မြင့်သည့် ခြံစည်းရိုးကြီးတစ်ခုပေါ်သို့ တက်မိလျက်သားဖြစ်နေသည်။ ကျွန်ုပ်သည် ကြိုးစားအားထုတ်၍ ခြံစည်းရိုးကို တွယ်တက်လာခဲ့ရာ မနည်းကြီးတက်မှ ခြံစည်းရိုးတစ်ဖက်၌ အောက်ပိုင်း၊ ခြံစည်းရိုးတစ်ဖက်၌ အထက်ပိုင်း ဖြစ်လျက် အပေါ်တွင် ကန့်လန့်ကြီးဖြစ်နေသည်။ ဂိုဏ်းဝင်--သည် ခြံစည်းရိုးပေါ်၌ ရပ်ရင်း ကျွန်ုပ်အား ဥယျာဉ်နှင့် သစ်ပင်များ တစ်ဖက်တစ်ချက် ပေါက်လျက်ရှိသည့် ကျယ်ပြန့်သောလမ်းကြီးတစ်ခုကို ညွှန်ပြသည်။ ဥယျာဉ်ထဲ၌ ကြီးမား၍ လှပသော အဆောက်အအုံကြီးတစ်ခုရှိသည်။ ဤနေရာတွင် ကျွန်ုပ်အိပ်ရာမှ လန့်နိုးတော့သည်။ မြတ်သော အရှင်ဘုရား၊ သဘာဝကို ဖန်တီးတော်မူသော ကြီးမြတ်သော ဗိသုကာဘုရား၊ ဤခွေးအုပ်များနှင့် တူလှစွာသော တပည့်တော်၏ တဏှာညွှတ်ကွင်းမှ တပည့်တော်အား ကယ်တင်တော်မူပါဘုရား။ အထူးသဖြင့် ကျန်သော ခွေးတို့၏အားများကို စုပေါင်းထားသော နောက်ဆုံးခွေးဆိုးကြီး၏ အန္တရာယ်မှ ကယ်တင်တော်မူပါဘုရား။ ကောင်းမြတ်ခြင်း ဘုံဗိမာန်သို့ ဝင်နိုင်ရန် အိပ်မက်ထဲတွင် တွေ့ခဲ့ရသော ဥယျာဉ်ဗိမာန်မျိုးသို့ ရောက်နိုင်ရန် ဖေးမတော်မူပါ အရှင်ဘုရား။

ဒီဇင်ဘာ ၇ ရက်။

ကျွန်ုပ်၏ဆရာ ကျွန်ုပ်၏အိမ်တွင် လာရောက်နေထိုင်သည်ဟု အိပ်မက်မက်သည်။ ကျွန်ုပ်မှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သူ့အား ပြုစုလိုက်ချင်ပါဘိတော့သည်။ ကျွန်ုပ်မှာ အခြားသူများနှင့် စကားတသွင်သွင် ပြောလျက်ရှိရာ ကျွန်ုပ်၏ဆရာသည် ဤအပြုအမူကို မနှစ်သက်ဟန်ရှိသဖြင့် သူ့အနားသို့ လာရောက်နှုတ်ဆက်မည်ဟု လာခဲ့သည်။ သို့ရာတွင် သူ့အနီးသို့ ရောက်သည့်အခါ၌ သူ့မျက်နှာမှာ တစ်မုဟုတ်ချင်း နုပျိုသွားကာ ကျွန်ုပ်တို့ ဂိုဏ်းတော်ကြီး၏ တရားများကို တိုးတိတ်စွာ ပြောလျက်ရှိသဖြင့် ဘာကိုမျှ သဲကွဲစွာ မကြားရ။ ထို့နောက် ကျွန်ုပ်တို့မှာ အခန်းထဲမှ ထွက်ခွာလာခဲ့ကြသကဲ့သို့ ထင်ရပြီး ကြ ်းပြင်ပေါ်တွင် ထိုင်လျက် ဖြစ်နေကြပြန်သည်ကို တွေ့ရသည်။ ကျွန်ုပ်၏ဆရာသည် ကျွန်ုပ်အား တစ်စုံတစ်ရာကို ပြောပြလျက်ရှိ၍ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ အသိဉာဏ်ထက်မြတ်သည့် သဘောကို ပြလိုသည့်အလျောက် သူပြောသည့် စကားများကို နားမထောင်ဘဲ ကျွန်ုပ်၏အရှုတ္တ အတွင်းသန္တာန်နှင့် ကျွန်ုပ်အား သန့်ရှင်းစင်ကြယ်စေသော ဘုရားသခင်၏ဂုဏ်တော်ကို အာရုံပြုလျက်ရှိသည်။ ကျွန်ုပ်၏မျက်လုံးမှ မျက်ရည်တွေ စီးကျလာသည်။ ဤအဖြစ်ကို ကျွန်ုပ်၏ဆရာမြင်သဖြင့် ကျွန်ုပ်ဝမ်းသာသည်။ သို့ရာတွင် ကျွန်ုပ်၏ဆရာသည် ကျွန်ုပ်အား နားမလည်သကဲ့သို့ ကြည့်ကာ စကားဖြတ်၍ ထလိုက်သည်။ ကျွန်ုပ်မှာ အားတုံ့အားနာကြီး ဖြစ်သွားကာ သူ့စကားများသည် ကျွန်ုပ်နှင့် သက်ဆိုင်ခြင်း ရှိမရှိမေးသည်။ သို့ရာတွင် ကျွန်ုပ်၏ဆရာသည် မည်သို့မျှမဆိုဘဲ ကြင်နာစွာကြည့်နေသည်။ ထိုအခိုက် ကျွန်ုပ်တို့ နှစ်ဦးသည် အိပ်ခန်းဆောင်တစ်ခုထဲသို့ ရောက်သွားကြသည်။ အိပ်ခန်းဆောင်ထဲတွင် နှစ်ယောက်အိပ်ခုတင်တစ်လုံးရှိသည်။ ကျွန်ုပ်၏ဆရာသည် ခုတင်စွန်းတင် ထိုင်နေလေရာ ကျွန်ုပ်မှာ သူ့အား ပွေ့ဖက်နှုတ်ဆက်၍ သူနှင့်အတူ လဲလျောင်းနေ



www.burmeseclassic.com

ချင်ပါဘိတော့သည်။ သူကပင် "တူတော်မောင်၏ အကြီးမားဆုံးသော တဏှာသည် အဘယ်နည်း။ အသင်သိပါသလော။ သင်သိသည်ဟု ကျွန်ုပ်ထင်သည်"ဟု မေးသည်။ ကျွန်ုပ်မှာ ထိုမေးခွန်းကြောင့် ရှက်အမ်းအမ်းကြီး ဖြစ်သွားသည်။ ကျွန်ုပ်က ပျင်းရိစွာနေခြင်းမှာ ကျွန်ုပ်၏အကြီးဆုံးသော တဏှာဖြစ်သည်ဟု ပြန်ပြောလိုက်သည်။ ကျွန်ုပ်၏ ဆရာသည် ခေါင်းကို တွင်တွင်ယမ်းလိုက်သည်။ ကျွန်ုပ်ကား ရှက်သည်ထက် ရှက်လာလေပြီ။ သို့နှင့် ကျွန်ုပ်က ကျွန်ုပ်မှာ ကြင်ရာတော်နှင့် အတူ နေထိုင်လျက်ရှိသော်လည်း အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်း မပြုဘဲ အဖြဟ္မစရိယာပုဒ်ကို စောင့်ထိန်းလျက် ရှိသည်ဟု ပြောလိုက်သည်။ ၎င်းကျွန်ုပ်၏ဆရာက ဇနီးသည်တို့မည်သည် လင်ယောကျ်ား၏ ပြုစုယုယမှုနှင့် ကင်းကွာမနေသင့်ကြောင်းဖြင့် ပြောပြကာ ကျွန်ုပ်အား မယားအပေါ် ပြုစုအပ်သောဝတ္တရားကို မပျက်သင့်ကြောင်းဖြင့် ဆုံးမသည်။ ကျွန်ုပ်မှာ ဤသို့ ပြုလုပ်ရန် ရှက်ကြောင်း ပြန်ပြောလိုက်သည်။ ထိုအချိန်၌ အရာအားလုံးမှာ ရုတ်တရက် ပျောက်ကွယ်သွားကြသည်။ သို့နှင့် ကျွန်ုပ်သည် အိပ်ရာမှနိုးလာပြီး ခရစ်ဝင်ကျမ်းမှ တရားတော်တစ်ပုဒ်ကို သတိရလိုက်မိသည်။ 'ဘဝကားလူတို့၏ အလင်းရောင်တည်း။ အလင်းရောင်သည် အမှောင်၌ထွန်းသတည်း။ သို့ရာတွင် အမှောင်သည် အလင်းရောင်ကို မမြင်နိုင်။' ကျွန်ုပ်ဆရာ၏ မျက်နှာမှာ နပျိုတောက်ပလာသည်။ ထို့နေ့၌ပင် ကျွန်ုပ်၏ဆရာ့ထံမှ စာရသည်။ ထိုစာထဲ၌ ကျွန်ုပ်ဘက်မှ 'အိမ်ထောင်ရေးတာဝန်'များ အကြောင်းကို ရေးသားထားသည်။

ဒီဇင်ဘာ ၉ ရက်။

အိပ်မက်မက်ရာမှ လန့်နိုးလာသည်။ ကျွန်ုပ်မှာ မော်စကိုရှိ စံအိမ်သို့ ပြန်ရောက်နေကာ ဧည့်ခန်းဆောင်ကြီးထဲတွင် ထိုင်လျက်ရှိသည်။ ကျွန်ုပ်ဆရာသည် ဧည့်ခန်းဆောင်ငယ်ထဲမှ ထွက်လာသည်။ ကျွန်ုပ်၏ဆရာမှာ အသစ်ပြန်လည်နုပျိုလျက်ရှိလေပြီ။ ကျွန်ုပ်သည် ဝမ်းသာအားရသူ့ထံပြေးလာခဲ့သည်။ သူ့အား ပွေ့ဖက် နမ်းရှုပ်နှုတ်ဆက်သည်။ "ကျွန်ုပ်၏မျက်နှာ ပြောင်းလဲနေခြင်းကို သင် သတိပြုမိပါသလော"ဟု သူက မေးသည်။ ကျွန်ုပ်သည် ပွေ့ဖက်ထားရင်းက သူ့မျက်နှာကို ကြည့်မိသည်။ သူ့မျက်နှာမှာ နုပျိုနေသည်။ သို့ရာတွင် ခေါင်းမှာဆံပင်မရှိတော့။ ရုပ်အဆင်းသဏ္ဌာန်မှာလည်း လုံးဝပြောင်းလွဲခဲ့လေပြီ။ ကျွန်ုပ်က "အမှတ်တမဲ့ တွေ့လျှင်လည်း ဆရာ့ကို ကျွန်တော် မှတ်မိပါသည်"ဟု ပြောလိုက်ကာ မိမိစကား မှန်မမှန်ပြန်၍ စစ်ဆေးကြည့်မိသည်။ ထိုအခိုက် ကျွန်ုပ်၏ဆရာသည် ရုတ်တရက် ချက်ချင်းလူသေကဲ့သို့ လဲကျသွားသည်။ ထို့နောက် တဖြည်းဖြည်း သတိရလာကာ ပုံဆွဲစာအုပ်ကြီး တစ်အုပ်ကို ပိုက်၍ ကျွန်ုပ်နှင့်အတူ ကျွန်ုပ်၏ အိပ်ခန်းဆောင်ထဲသို့ ဝင်သွားသည်။ ကျွန်ုပ်က ကျွန်ုပ် ပုံဆွဲပါသည်ဟု ပြောလိုက်သည်။ ကျွန်ုပ်က စာအုပ်ကိုဖွင့်ကာ ဆွဲထားသည့် ရုပ်ပုံများကို ပြသည်။ ထိုပုံများမှာ ဝိညာဉ်သည် ၎င်း၏ချစ်သူနှင့် ချစ်ခင်နှီးနှောနေကြပုံများဖြစ်သည်။ ထိုအထဲတွင် ပါးလွှာသော ခန္ဓာကိုယ်ပေါ်၌ ပါးလွှာသော အဝတ်များကို ဝတ်ထားသည့် မိန်းမပျိုတစ်ယောက်သည် တိမ်တိုက်ထဲသို့ ပျံသွားပုံကို တွေ့ရသည်။ ဤပုံများကို ကြည့်၍ ကျွန်ုပ်သည် မကောင်းမှုကို ပြုလုပ်လျက်ရှိကြောင်း သတိထားမိသော်လည်း ထိုအရာများထဲမှ ရုန်းမထွက်နိုင်အောင် ဖြစ်နေသည်။ တပည့်တော်အား ကယ်မတော်မူပါဘုရား။ တပည့်တော်အား ဥပေက္ခာပြုတော် မမူပါနှင့်ဘုရား။ အပြစ်ရှိပါက သွန်သင်ဆုံးမတော်မူပါဘုရား။ တပည့်တော်သည် ယနေ့မှစ၍ ကာမဂုဏ်ကြူးခြင်းမှ ရှောင်ကြဉ်ပါတော့မည်ဘုရား။



www.burmeseclassic.com

## အခန်း ၁၁

မြို့စားကြီး ရော့စတော့ဗ်၏ မိသားစုသည် ကျေးလက်ဒေသတွင် နှစ်နှစ်ကြာမျှ နေထိုင်လျက်ရှိခဲ့ရာ ထိုအတောအတွင်းတွင် စီးပွားရေးအခြေအနေမှာလည်း တိုးတက်လာခဲ့သည်ဟူ၍ မရှိဘဲ တဖြည်းဖြည်း ဆုတ်ယုတ်၍သာ လာခဲ့လေသည်။ နီကိုလေသည် မိမိ၏ ဆုံးဖြတ်ချက်ကို တိတိကျကျ လိုက်နာသောအားဖြင့် မထင်မရှားသော တပ်ရင်းတစ်ခုတွင် အမှုထမ်းရင်း ချွေချွေတာတာ သုံးစွဲလျက် ဖခင်ကြီးထံ လစဉ်ငွေမှန်မှန်ပို့၏။ သို့သော်လည်း အိုထရာနီ ဒေသရှိ ဖခင်ကြီးတို့ မိသားစုများ၏ အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာကာ နှစ်စဉ်နှစ်တိုင်း အကြွေးထူသည်ထက် ထူလာခဲ့လေသည်။ အထူးသဖြင့် ပိုင်စားနယ်မြေများ၏ ကိစ္စအဝဝမှာလည်း အဆင်မပြေဖြစ်လျက် ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်အဖို့ ဝင်ငွေရရန်အတွက် နည်းလမ်းမှာ ဘုရင့်အမှုတော်ကို ထမ်းရွက်ခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် မြို့စားကြီး ရော့စတော့ဗ်သည် အလုပ်အကိုင်လည်း ရှာဖွေရင်း၊ သမီးများအားလည်း လိုက်ပို့ရင်း ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်လာခဲ့လေသည်။

ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်ပြီး မကြာမီ၌ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ ဘာ့ဂ်က သမီးလတ် ဗီရာအား လာရောက် ကြောင်းလမ်း စေ့စပ်လေရာ ထိုစေ့စပ်ကြောင်းလမ်းချက်ကို လက်ခံလိုက်လေသည်။

မော်စကိုတွင် ရှိစဉ်ကမူ မြို့စားကြီး ရော့စတော့ဗ် မိသားစုမှာ အထက်တန်းလွှာအသိုင်းအဝိုင်းထဲတွင် ကျင်လည် ကျက်စားနိုင်ခဲ့သော်လည်း ပီတာစဘတ် ရွှေမြို့တော်တွင်မူကား၎င်းတို့၏ အသိုင်းအဝိုင်းမှာ အုတ်အရောရောကျောက်အရောရောသာ ဖြစ်လေသည်။ ပီတာစဘတ်ရွှေမြို့တော်၌ မြို့စားကြီးရော့စတော့ဗ်၏ မိသားစုမှာ နန်းမငြိမ်း ရေဝေးကျေးတောသားများ ဖြစ်လျက် မော်စကိုတွင် ရှိစဉ်က လာရောက်ခဲ့ဖူးသူများကလည်း ရွှေမြို့တော်သို့ ရောက်သည့်အခါတွင် အဖက်မလုပ်ချင်ကြတော့ဘဲ အထင်သေးသည့် ဟန်များကို ပြလျက် ရှိကြလေသည်။

မြို့စားကြီး ရော့စတော့ဗ်မိသားစုသည် မော်စကိုမှာကဲ့သို့ပင် ရွှေမြို့တော်၌လည်း လာသမျှပရိသတ်ကို ရက်ရက်ရောရော ကျွေးမွေးဧည့်ခံလေ့ရှိရာ ၎င်းတို့၏ ညလယ်စာစားပွဲသို့ မရောက်ဖူးသူဟူ၍ ခပ်ရှားရှားပင် ဖြစ်လေသည်။ အိုထရာနီအရပ်မှ ရွှေမြို့တော်သို့ လာရောက်သော ဧည့်သည်များ၊ အထည်ကြီးပျက် တောမြေပိုင်ရှင်နှင့် သမီးများ၊ မှန်နန်းအပျိုတော်တစ်ဦး၊ မြို့စားကလေး ပီယာ၊ ရွှေမြို့တော်သို့ ရောက်ရှိလာသော ခရိုင်ချောထောက် စခန်းမှူးတစ်ဦးတို့မှာ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်သို့ မကြာခဏ လာရောက်ကြသူများ ဖြစ်၏။ နောက်၌ မကြာမကြာလာသူများထဲတွင် ဘိုးရစ်စ်နှင့် ဘာ့ဂ်တို့လည်း ပါဝင်ကြလေသည်။ ဘာ့ဂ်မှာ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်တွင် တစ်နေကုန် နေလေ့ရှိကာ မိန်းမပျိုတစ်ယောက်အား ချစ်ရေးဆိုမည့်အပြုတွင် လူငယ်တစ်ယောက်က ပြလေ့ရှိသော ဂရုစိုက်ခြင်းမျိုးကို မြို့စားကြီး၏ သမီးကြီး ဗီရာအား အစွမ်းကုန် ပြသလျက်ရှိလေသည်။

ဘာ့ဂ်သည် ဩစတားလစ် တိုက်ပွဲတွင် ရရှိခဲ့သည့် လက်ယာဘက်လက်မှ ဒဏ်ရာကို ပြတတ်၍ လက်ဝဲဘက်တွင်လည်း ယခုအချိန်တွင် လုံးဝမလိုသော ဓားရှည်ကို ကိုင်ထားလေ့ရှိ၏။ ဘာ့ဂ်သည် ထိုအရာများကို အကြောင်းမဲ့ ပြုလုပ်နေခြင်း မဟုတ်ချေ။ ဘာ့ဂ်က မိမိသည် ဩစတားလစ်တိုက်ပွဲတွင် သက်စွန့်ကြိုးပမ်း အမှုတော် ထမ်းခဲ့သည့်အတွက် ဆုတံဆိပ်တော်နှစ်ခု ရရှိခဲ့ကြောင်းဖြင့် ပြောပြ၍ ထိုသို့ပြောပြရာ၌လည်း ဘာ့ဂ်သည် လွန်စွာ အလေးအနက်ထားကာ စိတ်အားထက်သန်စွာ ပြောတတ်လေရာ ကြားရသူအားလုံးကပင် ဘာ့ဂ်၏ သူရသတ္တိနှင့် အရာရောက်ပုံကို ခြွင်းချက်မရှိ ယုံကြည်သွားကြလေသည်။

ဖင်လန်စစ်ပွဲ၌လည်း ဘာ့ဂ်သည် ထင်ပေါ်ကျော်စောခြင်းကို ရအောင်လုပ်နိုင်ခဲ့သည်။ ထိုတိုက်ပွဲ၌ ဘာ့ဂ်သည် စစ်သေနာပတိချုပ်၏ အနားတွင် ရပ်နေသော ကိုယ်ရံတော်တစ်ဦးအား ထိမှန်ကျဆုံးစေခဲ့သည့် ရန်သူ လက်ပစ်ဗုံးတစ်လုံးမှ သံစတစ်ခုကို ကောက်ယူနိုင်ခဲ့ကာ မိမိ၏တပ်မှူးထံ ယူဆောင်လာခဲ့သည် မဟုတ်ပါလော။ ဖင်လန်စစ်ပွဲမှ စွန့်စားခန်းကို ပြန်၍ပြောရာ၌လည်း ဘာ့ဂ်သည် ဩစတားလစ်တိုက်ပွဲအကြောင်းကို ပြောပြစဉ်ကဲ့သို့ပင် အလေးအနက်ထားကာ အကျယ်ဝိတ္ထာရချဲ့၍ ပြောပြလေရာ အားလုံးကပင် ဘာ့ဂ်သည် လုပ်ထိုက် လုပ်သင့်သော အလုပ်ကို လုပ်ခဲ့၍ ဖင်လန်စစ်ပွဲအတွက် ဆုတံဆိပ်တော်နှစ်ခုကို ရထိုက်ပါပေသည်ဟု ယုံကြည်



www.burmeseclassic.com

သွားကြပြန်လေသည်။ ၁၈၀၉-ခုနှစ်၌ ဘာ့ဂ်သည် ကိုယ်ရံတော်တပ်တွင် ဗိုလ်ကြီးအဖြစ် အမှုထမ်းကာ ရွှေတံဆိပ်တော်များ ချီးမြှင့်ခြင်း ခံရလျက်ရှိပြီး ရွှေမြို့တော်တွင် များစွာအရေးပါ အရာရောက်သော ရာထူးတွင် အမှုထမ်းလျက် ရှိလေသည်။

ဘာ့ဂ်က ၎င်း၏သူရသတ္တိပြောင်မြောက်မှုများကို ပြောပြလျက်ရှိသည့်အခါ၌ အချို့က သံသယပြီး ပြုံးကြ၏။ သို့သော်လည်း ဘာ့ဂ်မှာ ကြိုးစား၍ ရဲရင့်သော တပ်ဗိုလ်တစ်ယောက်ဖြစ်ခြင်း၊အထက်အရာရှိများနှင့်အကြောင်းသင့်အောင် ပေါင်းတတ်သူတစ်ဦးဖြစ်ခြင်း၊ ရာထူးတက်လမ်းရှိသူဖြစ်ခြင်း၊ မင်းစိုးရာဇာပိုင်း၌ ပွဲလယ်တင့်သော လူငယ်တစ်ယောက်ဖြစ်ခြင်းဆိုသည့် အချက်များကိုမူ အသိအမှတ် ပြုကြရသည်သာ ဖြစ်ပေသည်။

လွန်ခဲ့သည့် လေးနှစ်ခန့်လောက်က ဘာ့ဂ်သည် ဂျာမန်သွေးသောက်တစ်ယောက်နှင့် မော်စကို ဇာတ်ရုံတစ်ရုံထဲ၌ တွေ့သည်တွင် ဗီရာအား လက်ညှိုးထိုးပြကာ "တစ်နေ့မှာ ကျုပ်ဇနီးဖြစ်ရမယ်ဗျ"ဟု ဂျာမန်လိုပြောခဲ့ဖူး၏။ ထိုမှစ၍ ဘာ့ဂ်သည် ဗီရာအား လက်ထပ်ရန် ဆုံးဖြတ် ချက်ချခဲ့ခြင်း ဖြစ်လေသည်။ ယခု ပီတာစဘတ် ရွှေမြို့တော်သို့ ရောက်သည့်အချိန်၌ကား ဘာ့ဂ်သည် မိမိထင်ပေါ်ကျော်ကြားသောအဖြစ်နှင့် မြို့စားကြီး ရော့စတော့ဗ်မိသားစု၏ ညှိုးငယ်သောအခြေအနေကို ချိန်ထိုး စဉ်းစားပြီးနောက် ဤအချိန်ကား ဗီရာကို စေ့စပ်ကြောင်းလမ်းခြင်းပြုရန် အချိန်ကောင်းဆိုက်ရောက်လေပြီဟု ဆုံးဖြတ်လိုက်မိ လေတော့သည်။

ဘာ့ဂ်က စေ့စပ်ကြောင်းလမ်းခြင်း ပြုသည့်အခါတွင် အစပထမ၌ မြို့စားကြီးရော့စတော့ဗ် မိသားစုသည် ခပ်အင်အင်ဖြစ်နေသဖြင့် ဘာ့ဂ်အဖို့ မျှော်လင့်ချက် မရှိသလောက်ဖြစ်လျက်ရှိ၏။ မထင်ရှားသော အညတရ ဂျာမန်တောမြေပိုင်ရှင်ကလေး၏သားက မြို့စားကြီး တစ်ဦး၏သမီးကို လာ၍ စေ့စပ်ကြောင်းလမ်းခြင်းအတွက် ဆန်းသလိုလိုရှိ၏။ သို့ရာတွင် ဘာ့ဂ်မှာ စိတ်ရင်းကောင်း သူတစ်ဦးဖြစ်ခြင်း၊ မကျော့ရ ပြန်ရုံသဘောမျိုးဖြင့် မဟုတ်ဘဲ ဗီရာကို စွဲစွဲလမ်းလမ်းဖြစ်လျက်ရှိခြင်းတို့ကို မြင်ရသည်တွင် မြို့စားကြီး ရော့စတော့ဗ် မိသားစုဘက်ကလည်း ကြည်ကြည်ဖြူဖြူ ဖြစ်လာလေတော့သည်။

ထို့မှုမက ထိုအချိန်၌ မြို့စားကြီး ရော့စတော့ဗ် မိသားစု၏ စီးပွားရေးအခြေအနေမှာလည်း ဖုံးဖိမရအောင် ဆိုးလျက်ရှိလေပြီ။ ဤအခြေကို ဘာ့ဂ်ကလည်း သိ၏။ ထို့ထက် ဗီရာမှာလည်း အသက်နှစ်ဆယ်လေးနှစ်ရှိကာ သမီးရှင်အနေဖြင့် အိမ်ထောင်ရေးကိစ္စကို စဉ်းစားရသည့်အချိန်သို့ ရောက်လာပြီ ဖြစ်လေသည်။ ဗီရာမှာ ရုပ်ရည်ချော မော၍ ပါးနပ်လိမ္မာသည့်တိုင်အောင် ယခုထိ စေ့စပ်ကြောင်းလမ်းသူဟူ၍ တစ်ဦးတစ်ယောက်မျှ မပေါ်လာသေးသော အခါ၌ သမီးရှင်တို့အနေဖြင့် 'ချိန်ဆုံးခါသင့် ပန်းနှယ်ပွင့်' ဆိုဘိသို့ သဘောတူလိုက်လေသည်။

"ကျုပ်က အစစအရာရာ စဉ်းစားပြီးမှ လက်ထပ်တာဗျ။ ပြီးလွယ်စီးလွယ်ဆုံးဖြတ်ပြီး လုပ်တာမျိုး မဟုတ်ဘူး"ဟု ဘာ့ဂ်က လူတစ်ယောက်တွင် မိတ်ဆွေရောင်းရင်းဟုရှိရမည်ယူဆသည့်အတိုင်း 'ရောင်းရင်း'ဟု သူခေါ်လေ့ရှိသော သွေးသောက်တစ်ယောက်ကိုပြောပြ၏။ "ခုတော့ အားလုံး အဆင်ပြေသွားပြီလေဗျာ၊ ကျုပ် အဘိုးကြီးနဲ့ အဘွားကြီးအတွက်လဲ မပူရတော့ဘူး။ ဆာလတစ်နယ်ဘက်မှာ အေးအေးချမ်းချမ်းနေဖို့ စီစဉ်ပေးခဲ့ပြီးပြီ။ ခုဆို ပီတာစဘတ်ရွှေမြို့တော်မှာ ကျုပ်လခကလေးနဲ့ကျုပ်နေနိုင်ပြီ။ ဒီအထဲမှာ သူ့ဘက်ကလဲ အမွေလေးဘာလေးရဦးမှာဆိုတော့ ကျုပ်တို့လင်မယားနှစ်ယောက် မပူမပင်၊ မကြောင့်မကြတော့ နေနိုင်ပါတယ်ဗျ။ ကျုပ်ခု ဗီရာကို လက်ထပ်တာဟာ ငွေမက်လို့ လက်ထပ်တာ မဟုတ်ပါဘူး၊ ငွေအတွက် လက်ထပ်ခြင်းခြင်းဟာ ဂုဏ်သိက္ခာမဲ့လွန်းရာ ရောက်တယ်လို့ ကျုပ် ယူဆတယ်။ ဒါပေမဲ့ အိမ်ထောင်ပြုကြတယ်ဆိုရင်တော့ လင်ကလဲ လင်ရဲ့အလျောက် သူ့ဝေစုကလေးကို ယူလာရမယ်။ မယားကလဲ မယားအလျောက် သူ့ဝေစုကလေးကို ယူလာရမယ်၊ ကျုပ်မှာ ရာထူးရှိတယ်။ သူ့မှာဂုဏ်နဲ့ ငွေ ရှိတယ်၊ ဒီလို ကိုယ့်ဘက်နဲ့ကိုယ် ပါသင့်တာလေးတွေကတော့ ပါလာကြရပေမှာပေါ့ မဟုတ်ဘူးလား။ ဒါပေမဲ့ အဲဒါတွေအပြင် သူက လှလဲလှတယ်။ အထင်ကြီးစရာလဲကောင်းတယ်၊ ပြီးတော့ ကျုပ်ကိုလဲ ချစ်တယ်"

ဘာ့ဂ်သည် ခပ်အမ်းအမ်းဖြင့် ရယ်လိုက်၏။

"ပြီးတော့ ကျုပ်ကလဲသူ့ကို ချစ်တယ်။ အကျင့်သိက္ခာဆိုလဲ ပြောစရာမရှိဘူး။ အဲ သူ့ညီမကတော့

တစ်အူထုံ့ဆင်း ဖြစ်ပေမဲ့ သူ့လို မဟုတ်ဘူးဗျ။ အကျင့်သိက္ခာကလဲ သိပ်မကောင်းဘူးဗျ။ ပျံတန်တန် နန့်တန့်တန့်နဲ့။ ဆင်ခြင်တုံတရားကလဲ နည်းသေးတယ် သိလား။ ကျုပ်ဇနီးလောင်းကမှ တကယ့် မိန်းမမြတ်ဗျ။ ကဲ ရောင်းရင်း၊ ကျွန်တော်တို့ဆီလာပြီး" ဘာ့ဂ်သည် 'ထမင်းမကြာမကြာလာစားနော်'ဟု ပြောမည်ပြုပြီးမှ စိတ်ပြောင်းသွားကာ "လက်ဖက်ရည်လေး ဘာလေးလာလာ သောက်ရမယ်နော်" ပြောလိုက်လျက် လျှာကိုလိပ်၍ ဆေးပြင်းလိပ်မီးခိုးများကို အကွင်းလိုက် အကွင်းလိုက် ထွက်လာအောင် မှုတ်ရင်း စိတ်ကူးယဉ်လျက် ရှိလေသည်။

ဘာ့ဂ်၏ စေ့စပ်ကြောင်းလမ်းချက်ကို မြို့စားကြီး ရောစတော့ဗ်နှင့် မြို့စားကတော်တို့မှာခဏမျှသာ ခပ်အင်အင် ဖြစ်သွားကြပြီးနောက် အာလုံးချောမောသွားကာ ခါတိုင်းကဲ့သို့ပင် ရယ်ကြမောကြ တစ်အိမ်သားလုံး ပျော်မြူးလျက်ရှိကြ၏။ သို့ရာတွင် ထိုပျော်မြူးခြင်းမှာ အပေါ်ယံဟန်ပြ ပျော်မြူးခြင်းမျှသာဖြစ်လေသည်။ မြို့စားကြီး ရောစတော့ဗ်နှင့် မြို့စားကတော်ကြီးတို့သည် ဗီရာ၏ လက်ထပ်ထိမ်းမြားရေး ကိစ္စနှင့်ပတ်သက်လာလျှင် ခပ်အင်အင်ခပ်ဆိုင်းဆိုင်း ဖြစ်သွားလေ့ရှိကြ၏။ ၎င်းတို့သည် ၎င်းတို့၏ သမီးကြီးဗီရာ၏ မင်္ဂလာဆောင်ကို သိုက်သိုက်မြိုက်မြိုက် လုပ်မပေးနိုင်သည့်အတွက်ကြောင့်လည်းကောင်း၊ မိမိတို့၏ သမီးကြီးအား အိမ်ထောင်ချထားရန် အလွယ်တကူ သဘောတူလိုက်ရခြင်း အတွက်လည်းကောင်း အရှက်ရလျက်ရှိပုံရ၏။ မြို့စားကြီး ရောစတော့ဗ်ကား ပို၍ အရှက်ရလျက် ရှိလေသည်။ မြို့စားကြီး ရောစတော့ဗ်သည် မိမိဆုတ်ဆိုင်းဆိုင်း ဖြစ်ရခြင်းအကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း ပြုမည် မဟုတ်သော်လည်း ခပ်ဆိုင်းဆိုင်း ဖြစ်ရခြင်း၏ အကြောင်းရင်းကား အခြားမဟုတ်။ ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသကဲ့သို့ စီးပွားရေးအခြေအနေ ဆိုးရွားလျက်ရှိသောကြောင့် ဖြစ်လေသည်။ ယခုအချိန်၌ မြို့စားကြီး ရောစတော့ဗ်သည် မိမိ၌ ပစ္စည်းမည်ရွေ့မည်မျှ ရှိသည်ကိုလည်းကောင်း၊ အကြွေးမည်မျှ ရှိနေပြီကိုလည်းကောင်း၊ ဗီရာအား ခန်းဝင်ပစ္စည်း မည်ရွေ့မည်မျှ ပေးရ မည်ကိုလည်းကောင်း စဉ်းစား၍ မရနိုင်အောင် ဖြစ်လျက် ရှိလေသည်။ သမီးများ မွေးလာစဉ်ကမှ ခန်းဝင်ပစ္စည်း အဖြစ် တစ်ယောက်လျှင် မြေကျွန်သုံးရာနှင့်ပိုင်စားနယ် တစ်နယ်စီ ပေးမည်ဟု ကြံရွယ်ထားခဲ့သည်။ သို့ရာတွင် ပိုင်စားနယ်တစ်နယ်မှာ ရောင်းလိုက်ရပြီဖြစ်လျက် အခြား ပိုင်စားနယ်တစ်နယ်မှာလည်း ပေါင်နှံထားရကာ ပေါင်ကြေးမှာလည်း အတိုးများပေးရန် အမြောက်အမြား ကျန်ရှိနေသည့်အတွက် ရောင်းပစ်ရတော့မည် ဖြစ်နေသေးရာ ဗီရာအား ခန်းဝင်ပစ္စည်းအဖြစ် လက်ဖွဲ့ရန် မဖြစ်နိုင်တော့ချေ။ ငွေလည်း ပေးစရာ မရှိတော့ချေ။

စေ့စပ်ကြောင်းလမ်းပြီးသည်မှာ တစ်လခန့် ရှိသွား၍ လက်ထပ်ရန် ရက်သတ္တတစ်ပတ်ခန့်မျှသာ လိုတော့သော်လည်း မြို့စားကြီးမှာ ယခုတိုင် ခန်းဝင်ပစ္စည်း လက်ဖွဲ့ရေးကိစ္စကို ဆုံးဖြတ်၍ မရနိုင်သေးချေ။ ဤအကြောင်းကို မြို့စားကတော်ကြီးအားလည်း အသိမပေးသေးဘဲ တစ်ယောက်တည်းသာ ကျိတ်၍ စဉ်းစားနေမိသည်။ တစ်ခါတစ်ရံ၌လည်း ရာဇန်ပိုင်စားနယ်မြေကို လက်ဖွဲ့ရမည်လော သို့မဟုတ် သစ်တောတစ်တောကိုရောင်း၍ လက်ဖွဲ့ရမည်လောဟု စဉ်းစားမိသည်။ တစ်ခါတစ်ရံတွင်လည်း အာမခံဖြင့် ချေးငှား၍ လက်ဖွဲ့ရမည်လောဟု စဉ်းစားမိသည်။ လက်မထပ်မီ ရက်အနည်းငယ်အလို တစ်နေ့ နံနက်စောစောတွင်ကား ဘာ့ဂ်သည် မြို့စားကြီးထံသို့ ပြုံးရွှင်စွာဝင်ရောက်လာကာ ဗီရာအတွက် မည်သည့် ခန်းဝင်ပစ္စည်းမျိုးကို လက်ဖွဲ့မည်နည်းဟု ရှိသေစွာမေးမြန်းခြင်း ပြုလေသည်။ မြို့စားကြီးရောစတော့ဗ်ကလည်း ထိုမေးခွန်းကို မျှော်လင့်ပြီးဖြစ်၏။ မြို့စားကြီး ရောစတော့ဗ်သည် ထိုအမေးကြောင့် ခေါင်းရှုပ်သွားကာ ဘာကိုမျှ စဉ်းစားခြင်း မပြုတော့။ ခေါင်းထဲတွင် ပထမဆုံးပေါ်လာသည့်အဖြေကို ပေးလိုက်သည်။

"ကျုပ်က အဲဒီလို ပွင့်ပွင့်လင်းလင်းမေးတာ သဘောကျသကွယ့်၊ အားလုံး အဆင်ပြေရမှာပေါ့ကွယ်"

မြို့စားကြီး ရောစတော့ဗ်သည် ဘာ့ဂ်၏ ကျောကို သပ်လိုက်ပြီးနောက် စကားပြတ်သွားစေလိုသည့်အတွက် ထိုင်ရာမှ ထသွားမည်ပြုလိုက်သည်။ သို့ရာတွင် ဘာ့ဂ်ကမူ (ဂျာမန်လူမျိုးပီပီ) ခပ်ပြုံးပြုံးဖြင့်ပင် ဗီရာအတွက် မည်ရွေ့မည်မျှ ရမည်ကို မိမိအား အသိပေးသင့်ကြောင်း၊ ထို့ပြင် အချို့ကို ကြိုတင်ပေးထားသင့်ကြောင်း၊ ထိုသို့ မဟုတ်ပါက စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းရမည်ဖြစ်



www.burmeseclassic.com

ကြောင်း ပြောဆိုခြင်း ပြုလေသည်။

"ဦးရိုးတော် စဉ်းစားကြည့်ပါခင်ဗျာ။ ကျွန်တော့် ဇနီးကို ကျွန်ဝတ်ာ တင့်တောင့်တင့်တယ် ထားနိုင်ရေး အတွက် သေချာတဲ့ နည်းလမ်းများ မရှိဘဲနဲ့ မိန်းမတစ်ယောက်ကိုယူရင် ကျွန်တော့်လောက် မိုက်တဲ့ကောင် ရှိနိုင်ပါဦးတော့မလား ခင်ဗျာ"

မြို့စားကြီးသည် ရက်ရောခြင်းကို ပြလိုသည့် အတွက်ကြောင့်တစ်ကြောင်း၊ ရှေ့တွင် အကျယ်အကျယ် ပွားမည်စိုးသည့်အတွက်ကြောင့်လည်းကောင်း၊ စကား ဖြတ်လိုက်ကာ ခန်းဝင်ပစ္စည်းအဖြစ် ငွေဒင်္ဂါးရှစ်သောင်းကို စာချုပ်ဖြင့် ပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။ ဘာ့ဂ်သည် သကာလူးထားသည့်နှယ် မျက်နှာကို ချိုနိုင်သမျှ ချိုလျက် မြို့စားကြီး၏ပခုံးကို နမ်းလိုက်ပြီး မြို့စားကြီး၏ ကျေးဇူးမှာ များစွာကြီးလှကြောင်း၊ သို့ရာတွင် လက်ငင်း သုံးသောင်းလောက်မျှ မရဘဲနှင့် မိမိတို့အိုးသစ်အိမ်သစ် ထူထောင်ရေးမှာ ဖြစ်နိုင်မည် မဟုတ်ကြောင်း ပြောလိုက်သည်။

"အနည်းဆုံး နှစ်သောင်းလောက်ပဲ ဖြစ်ဖြစ်ပေါ့ ဦးရိုးတော်၊ ကျန်တဲ့ ခြောက်သောင်းကိုတော့ စာချုပ်နဲ့ လက်ဖွဲ့တာပေါ့"

"ကောင်းပါပြီ မောင်ရာ၊ ကောင်းပါပြီ" မြို့စားကြီးက ခပ်သွက်သွက်ပြောလိုက်၏။ "ကဲ လက်ငင်းနှစ်သောင်းပေးပါ့မယ်၊ စာချုပ်ထဲမှာလဲ ခြောက်သောင်းလို့ မရေးပါနဲ့တော့။ ရှစ်သောင်းပဲ ရေးလိုက်ပါ။ ကဲ၊ ကဲ ဟုတ်စ။ ကျုပ်ကို နမ်းစမ်းပါဦး"

## အခန်း ၁၂

နာတာရှာမှာ အသက်တစ်ဆယ့်ခြောက်နှစ် ရှိပေပြီ။ ထိုနှစ်မှာ ၁၈၀၉–ခုနှစ်ဖြစ်၏။ ဘိုးရစ်စ်က မိမိအား မှန်ခန်းဆောင်ထဲ၌ နမ်းရှုပ်သွားခဲ့သည့်ကာလကို လက်ချိုး၍ ရေတွက်လျှင် လေးနှစ်တာမျှ ကြာခဲ့လေပြီ။ ထိုအချိန်မှစ၍ နာတာရှာသည်ဘိုးရစ်စ်နှင့် တစ်ခါမျှ မတွေ့တော့ချေ။ မိခင်မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ရှေ့တွင် ဘိုးရစ်စ်အကြောင်း စကားစပ်မိသွားသည့်အခါများ၌ နာတာရှာသည် ထိုအကြောင်းကို ကလေးဆန်လှသော ယယ်ရွယ်စဉ်က အဖြစ်အပျက်တစ်ခုလောက်မျှသာ ဖြစ်သည်ဟူသော သဘောဖြင့် ခပ်ပေါ့ပေါ့ပြောတတ်၏။ သို့ရာတွင် နာတာရှာ၏ နက်ရှိုင်းသည့် အတွင်းသန္တာန်၌မူကား မိမိနှင့်ဘိုးရစ်စ်တို့ တစ်ဦးနှင့်တစ်ဦး ကတိသစ္စာပြုခဲ့ခြင်းများသည် အပြောင်အပြက်လော၊ အတည်လောဟု ခွဲခြားမရအောင် ဖြစ်လျက်ရှိလေသည်။

ဘိုးရစ်စ်သည် ၁၈၀၅–ခုနှစ်တွင် မော်စကိုမှထွက်ခွာကာ တပ်မတော်ထဲသို့ ဝင်ရောက်သွားသည့်အချိန်မှစ၍ မြို့စားကြီး ရော့စတော့ဗ်အိမ်သားများနှင့် မတွေ့တော့ချေ။ ဘိုးရစ်စ်သည် ဤအတောအတွင်းတွင် မော်စကိုသို့ အကြိမ်များစွာ ရောက်ရှိခဲ့ကာ အိုထရာနိုအနီးမှ အကြိမ်များစွာ ဖြတ်သန်းသွားခဲ့သော်လည်း မြို့စားကြီး ရော့စတော့ဗ်တို့ စံအိမ်သို့ တစ်ခေါက်မျှ မဝင်ခဲ့ချေ။

တစ်ခါတစ်ရံ၌လည်း ဘိုးရစ်စ်သည် မိမိအား မတွေ့လိုတော့ပြီလောဟု နာတာရှာ တွေးမိသည်။ လူကြီးမိဘများက ဘိုးရစ်အကြောင်း ဝမ်းပန်းတနည်း ပြောသံကို ကြားရသောအခါ၌လည်း မိမိအထင်သည် မှန်နေပြီဟု နာတာရှာ အောက်မေ့မိသည်။

"ကွယ်၊ ခုခေတ်က မိတ်ဟောင်းဆွေဟောင်း ကျေးဇူးရှင်ဟောင်းကို လှည့်ကြည့်ဖော်ရတဲ့ခေတ် မဟုတ်တော့ပါဘူး။ ကောင်းစားတော့ ဘဝင်မြင့်ကြတယ် ထင်ပါရဲ့" ဘိုးရစ်စ်အကြောင်းကို စကားစပ်မိတိုင်း မိခင်မြို့စားကတော်ကြီးက ဤသို့ ပြောတတ်၏။

ဘိုးရစ်စ်၏မိခင် မင်းသမီးကြီးဒရူဘက်စကားယားမှာလည်း ယခင်ကကဲ့သို့ မြို့စားကြီး ရော့စတော့ဗ်၏ အိမ်တော်သို့ ဝင်လာထွက်လာ မရှိလှတော့ဘဲသား၏ ရာထူးဂုဏ်ကြောင့် သွေးနားထင်ရောက်ကာ သား၏ အရည်အချင်းများ၊ ရှေ့တက်လမ်းများကို ပီတိဖြစ်လျက် စကားအမျှင်မပြတ်ပြောကာ ဂုဏ်ယူနေတတ်ပေသည်။ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစု ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်သည့်အခါကျတော့မှပင် ဘိုးရစ်စ်သည် သွားရောက်တွေ့ဆုံခြင်း ပြုလေသည်။

ဘိုးရစ်စ်သည် မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်သို့ မျက်နှာပူပူဖြင့် ရောက်လာခဲ့လေသည်။ နာတာရှာနှင့် တွေ့တော့မည်ဟု တွေးမိ၍လည်း ကြည်နူးသလိုလိုဖြစ်မိ၏။ သို့ရာတွင် ငယ်ငယ်တုန်းက နာတာရှာနှင့် ကလေး



www.burmeseclassic.com

ပီပီ ဆက်ဆံခဲ့ကြသည့် ကိစ္စသည် ယခုအချိန်၌ မရှိတော့ကြောင်း၊ ထိုဆက်ဆံရေးသည် မိမိအပေါ်၌လည်းကောင်း၊ နာတာရှာအပေါ်၌လည်းကောင်း မည်သို့မျှ သက်ရောက်ခြင်း မရှိတော့ပြီဖြစ်ကြောင်းကိုမူ နာရာရှာ၏မိဘများ သိအောင် အရိပ်အမြွက်မျှလောက်ဖြစ်စေ ပြမှဖြစ်မည်ဟု ခိုင်မာစွာ ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။ ဘိုးရစ်စ်မှာ မြို့စားကတော်လေး ဟယ်လင်မင်းသမီး၏ ကျေးဇူးဖြင့် အထက်တန်းလွှာ မင်းစိုးရာဇာ အသိုင်းအဝိုင်း၌ မျက်နှာပွင့်လျက်ရှိ၍ မိမိအား စိတ်ချယုံကြည်သော အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ကျေးဇူးဖြင့်လည်း အရေးပါ အရာရောက်သည့် ရာထူးတစ်ခုသို့ရောက်ရှိနေကာ ပီတာစဘတ်ရွှေမြို့တော်ရှိ အချမ်းသာဆုံးသော သူကြွယ်ကြီး တစ်ဦး၏ သမီးတစ်ဦးနှင့်လည်း မကြာမီပင် လက်ထပ်ထိမ်းမြားခြင်းပြုရန်စီစဉ်လျက် ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်ဧည့်ခန်းဆောင်သို့ ဘိုးရစ်စ်ရောက်သွားသည့် အချိန်၌ နာတာရှာမှာ ၎င်း၏အိပ်ခန်းထဲတွင် ရှိနေပေသည်။ ဘိုးရစ်စ်ရောက်သည်ကို ကြားသည်၌ နာတာရှာမှာ မျက်နှာကလေး နီရဲကာ ဧည့်ဝတ်ကြိုဆိုခြင်း သက်သက်မျှ မကသော အပြုံးမျိုးကို ပြုံးရင်း ဝမ်းသာအားရဖြင့် ဧည့်ခန်းဆောင်ထဲသို့ ကတိုက်ကရိုက် ဆင်းလာခဲ့ပေသည်။

ဘိုးရစ်စ်မှာ နာတာရှာအား လွန်ခဲ့သော လေးနှစ်ခန့်က အသွင်အပြင်အတိုင်း ဂါဝန်တိုတိုကလေး ဝတ်လျက် နဖူးပေါ်တွင် ဝဲကျနေသော ဆံပင်များအောက်မှ နက်မှောင်တောက်ပသော မျက်လုံးများဖြင့် ကလေးပီပီ ပေါ့လားဝါးလားရယ်မောနေသည့်ရုပ်ပုံကိုသာ မျက်စိထဲတွင် မြင်နေသည်။ ယခုတစ်ကြိမ်တွေ့သည့် အခါတွင်မူ ယခင်ကနှင့် အခြားနားကြီး ခြားနားနေသော နာတာရှာကို မြင်လိုက်ရသည့်အတွက် ဘိုးရစ်စ်မှာ အံ့အားသင့်သွားလျက် ၎င်း၏ မျက်နှာ၌လည်း ပီတိလွှမ်းသော အံ့အားသင့်ခြင်းကို ဆောင်လျက်ရှိလေသည်။ နာတာရှာသည် ဘိုးရစ်စ်၏ ဤမျက်နှာထားကို မြင်လိုက်ရသည့်အတွက် ကျေနပ်သွားမိသည်။

"အစ်ကိုကတော့ ငယ်ငယ်က ကစားဖော်၊ ရှူးပေါ ပေါကောင်မလေးကို အမှတ်ရတော့မှာ မဟုတ်ပါဘူးနော်" နာတာရှာက ပြောလိုက်သည်။

ဘိုးရစ်စ်သည် နာတာရှာ၏ လက်ကို နမ်းလိုက်၍ နာတာရှာ၌ အပြောင်းလဲကြီး ပြောင်းလဲသွားသည့် အတွက် အံ့သြမိကြောင်းဖြင့် ပြောလိုက်၏။

"နာတာရှာက သိပ်ချောပြီး သိပ်လှတာပဲနော်"

နာတာရှာ၏ ရယ်ပြုံးလျက်ရှိသော မျက်လုံးများက 'တကယ်ပဲလား'ဟု မေးနေသကဲ့သို့ရှိပေသည်။

"ဖေဖျားကော ကျမသွားဘူးလား' နာတာရှာက မေးလိုက်သည်။

နာတာရှာသည် မိခင်မြို့စားကတော်ကြီးနှင့် ဘိုးရစ်စ် တို့ စကားပြောနေသည်ကို ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ အနီးတွင်ထိုင်ကာ မိမိကလေးဘဝက ချစ်သူအား အသေးစိတ် စူးစိုက်ကြည့်နေမိသည်။ ဘိုးရစ်စ်သည် နာတာရှာ၏ ချစ်စဖွယ် အကဲခတ်ကြည့်လျက်ရှိခြင်းကို သတိထားမိရာမှ တစ်ချက်တစ်ချက်၌ နာတာရှာကို လှမ်းကြည့်လိုက်၏။

ဘိုးရစ်စ်၏ စစ်ဝတ်စုံ၊ ဖနောင့်သံဆူး၊ လည်စည်း၊ ဆံပင်ဖြီးပုံ စသည့်အပြင်အဆင်အားလုံးမှာ သပ်ရပ်ပြေပြစ်လျက် ခေတ်အမီဆုံး ရွှေမြို့တော်သား တစ်ယောက်၏ ဟန်ကို အပြည့်ဆောင်လျက်ရှိသည်။ နာတာရှာသည် ဤအခြင်းအရာကို မြင်ရာ၌ တစ်ခုစီ မြင်သည် မဟုတ်ဘဲ အားလုံးကို ချက်ချင်း မြင်လိုက်ခြင်း ဖြစ်သည်။ ဘိုးရစ်စ်မှာ မြို့စားကတော်ကြီးနှင့် ကပ်လျက်ရှိသော ထိုင်ဖုံပေါ်တွင် ဘေးတိုက်ထိုင်လျက် ရှိရင်းက ၎င်း၏လက်ဝဲဘက်လက်တွင် အသားနှင့် ကပ်ထားသကဲ့သို့ အံကိုက်ဖြစ်နေသော အသန့်ရှင်းဆုံး၊ အကောင်းဆုံး လက်အိတ်ကို လက်ယာဘက်လက်ဖြင့် ပြင်၍ ဖွပ်ရင်း ခပ်ငယ်ငယ် မော်စကိုတွင် နေစဉ်က ရှေးဟောင်းနှောင်းဖြစ်များနှင့် မော်စကိုမှ အသိမိတ်ဆွေများ အကြောင်းကို ရယ်စရာသဖွယ် ခပ်လှောင်လှောင်ကလေး ပြောပြီးနောက် ပီတာစဘတ်ရွှေမြို့တော်မှ မင်းစိုးရာဇာအသိုင်းအဝိုင်း၌ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းပုံများကို အထူးတလည် မဟာဆန်လှသော နှုတ်ခမ်းအနေအထား၊ နန်းဆန်လှသော လေယူလေသိမ်းဖြင့် ပြောပြလျက်ရှိ၏။ ဤသို့ ရွှေမြို့တော်ရှိ ထီးပေါက်နန်းပေါက် မင်းစိုးရာဇာ အသိုင်းအဝိုင်းအကြောင်းပြောရာ၌ မိမိတက်ရောက်ခဲ့ဖူးသော သံတော်ကြီးတစ်ဦး၏ ကပွဲ အကြောင်းများ၊ -- နှင့် --စသော မှူးမတ်ကြီးများ၏



www.burmeseclassic.com

www.burmeseclassic.com


ညှော်ခံပွဲသဘင်များအကြောင်းကို ထည့်သွင်းပြောဆိုသွားလေရာ ဤသို့ ထည့်သွင်းပြောဆိုသွားခြင်းမှာ မတော်တဆ စကားကြုံ၍ ထည့်သွင်းပြောဆိုသွားခြင်းမျိုး မဟုတ်ကြောင်းကို နာတာရှာ ရိပ်စားမိလိုက်သည်။

နာတာရှာသည် တစ်ချိန်လုံး တိတ်ဆိတ်စွာထိုင်ကာ ဘိုးရစ်စ်ကိုသာ စူးစိုက်ကြည့်လျက်ရှိ၏။ နာတာရှာ၏ အကြည့်ကြောင့် ဘိုးရစ်စ်မှာလည်း အနေရခက်သည်ထက် ခက်လာကာ တစ်ချက်တစ်ချက်၌ စကားစပြတ်သွားရာက နာတာရှာကို မကြာမကြာ ပြန်၍ ကြည့်နေမိသည်။ ဘိုးရစ်စ်သည် ဤသို့ဖြင့် ဆယ်မိနစ်ခန့် စကားပြောပြီးနောက် ထကာပြန်ရန် နှုတ်ဆက်လေသည်။ နာတာရှာ၏ စူးစမ်းသော၊ မခံချင်သော၊ လှောင်ပြောင်သော မျက်လုံးများကား ဘိုးရစ်စ်အား စူးစိုက်ကြည့်ဆဲပင် ဖြစ်လေသည်။ ဤသို့ ပထမအကြိမ် သွားရောက်လည်ပတ်ပြီးသည့်နောက်၌ နာတာရှာမှာ ယခင်ကကဲ့သို့ပင် ချစ်စရာကောင်းလျက်ရှိပေသည်ဟု ဘိုးရစ်စ် တွေးမိသည်။ သို့ရာတွင် ဘိုးရစ်စ်သည် နာတာရှာပေါ်သို့ စိတ်ပြန်၍ မလည်မိရန်ကိုကား အစဉ်အမြဲ ကိုယ့်ကိုယ်ကို သတိပေးလျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် နာတာရှာကဲ့သို့ ဥစ္စာပစ္စည်းချို့ငဲ့သည့် မိန်းကလေးတစ်ယောက်အား လက်ထပ်ခြင်းသည် မိမိ၏ တက်လမ်းကို ပိတ်ခြင်းမည်၍ လက်ထပ်ရန်မရည်ရွယ်ဘဲနှင့် ယခင်ကကဲ့သို့ သမီးရည်းစားအဖြစ် ပြန်၍ ဆက်ဆံခြင်းမှာလည်း ယောကျ်ားမပီသဟု ယူဆသောကြောင့်ပေတည်း။ သို့ဖြင့် ဘိုးရစ်စ်သည် နာတာရှာနှင့် မတွေ့မိရန် ရှောင်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ သို့ရာတွင် ဤသို့ ဆုံးဖြတ်သော်လည်း ရက်အနည်းငယ် ကြာသော် ဘိုးရစ်စ်သည် နောက်တစ်ခေါက်သွား၍ လည်ပတ်မိပြန်သည်။ ထိုနောက် မကြာခဏ သွားရောက်လည်ပတ်ကာ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်တွင် နေကုန်နေခန်းအချိန် ဖြုန်းနေတတ်ပြန်လေသည်။ ဘိုးရစ်စ်သည် နာတာရှာအား ယခင်တုန်းက အဖြစ်အပျက်များကို ရှင်းလင်းပြကာ ပြည်ဖုံးကား ချလိုက်ကြရတော့မည် ဖြစ်ကြောင်း ပြောပြမည်ဟုစိတ်ကူးထားခဲ့သည်။ နာတာရှာသည် မိမိ၏ဇနီး မဖြစ်နိုင်တော့ကြောင်း၊ မိမိမှာ ဂုဏ်အဆင့်အတန်း မမြင့်လှသေးကြောင်း၊ နာတာရှာ၏ မိဘများကလည်း မိမိနှင့် သဘောတူမည်မဟုတ်ကြောင်း စသဖြင့်ပြေရာပြေကြောင်း ရှင်းလင်းကာ ခပ်ယဉ်ယဉ်ကလေး ခွာပစ်ခဲ့မည်ဟု တွေးထားခဲ့သည်။ သို့ရာတွင် ဤကိစ္စကိုပါးစပ်က မထွက်ရဲအောင် ဖြစ်နေကာ မပြောဖြစ်ဘဲ ဖြစ်ခဲ့ရသည်။ သို့ဖြင့် ဘိုးရစ်စ်မှာ တစ်နေ့ထက်တစ်နေ့ပြန်၍ ငြိတွယ်လာခဲ့ပြန်သည်။ မြို့စားကတော်ကြီးနှင့် ဆွေမျိုးများကိုလည်း မြို့စားကတော်ကြီးနှင့် ဆွေမျိုးသားချင်းများကလည်း

ကြီးနှင့် ဆွေမျိုးသားချင်းများ

ကြီးနှင့် ဆွန်ယာတို့ကမူ ဘိုးရစ်စ်နှင့် နာတာရှာတို့မှာ ယခင်ကကဲ့သို့ ချစ်ခင်လျက်ရှိကြသည်ဟု ထင်မှတ်လျက်ရှိကြ၏။ နာတာရှာကလည်း ဘိုးရစ်စ်အား ၎င်းအကြိုက်ဆုံး တေးသီချင်းများကို ဆိုပြလေ့ရှိသည်။ ၎င်း၏ အမှတ်တရ စာအုပ်ကို ထိုးပြကာ ဘိုးရစ်စ်အား မှာတမ်းကလေးများ ရေးစေသည်။ ဘိုးရစ်စ်အား ယခင်ကအဖြစ်အပျက်များကို ပြန်၍ စခွင့်မပေးဘဲ ယခုကဲ့သို့ ခပ်ပျော်ပျော် နေခြင်းသာ ကောင်းသည်ဟူသော သဘောကို ပြလေ့ရှိသည်။ သို့ဖြင့် ဘိုးရစ်စ်သည် မိမိပြောလိုသော စကားကိုလည်းမပြောမိ၊ မိမိဘာလုပ်၍ ဘာ့ကြောင့်လာနေခြင်းကိုလည်း နားမလည်၊ မည်သို့အဆုံးသတ်မည်ကိုလည်း မသိဘဲရှိလေရာ ဘာကိုမျှ သဲကွဲစွာမမြင်ရသော မြူနှင်းထဲ၌ စမ်းတဝါးဝါး လမ်းလျှောက်၍ နေရခြင်းနှင့်တူလျက်ရှိလေသည်။ ဤအတွင်း၌ ဘိုးရစ်စ်မှာ မြို့စားကတော်ကလေး ဟယ်လင်မင်းသမီးထံ မရောက်သည်မှာ ကြာပြီဖြစ်သည့်အတွက် ဟယ်လင်မင်းသမီးကလေးထံမှ အပြစ်တင်သောစာများကိုလည်း နေ့တိုင်းရလျက်ရှိလေသည်။ သို့တိုင်အောင် ဘိုးရစ်စ်ကား မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်၌သာ နေကုန်နေခန်း အချိန်ဖြုန်းလျက် ရှိလေသတည်း။

## အခန်း ၁၃

တစ်ညသ၌ မြို့စားကတော်ကြီးသည် ညဝတ်အင်္ကျီကို ဝတ်ကာ အိပ်ရာဝင်အဝတ်ဦးထုပ်ပျော့ကို ဆောင်းလျက် ကော်ဇောပေါ်တွင် ဒူးထောက်၍ ထိုင်ပြီး ဘုရားဝတ်ပြုလျက်ရှိ၏။ မြို့စားကတော်ကြီးမှ ဆံပင်တုများကို ဖြုတ်ထားလေရာ ဦးထုပ်ဖြူအောက်မှာ ကျိုးတိုးကျဲတဲဆံစများသည် အပြင်သို့ ထွက်လျက်ရှိ၏။ ထိုအချိန်တွင် ကျွီခနဲမြည်၍ အိပ်ခန်းတံခါး ပွင့်လာကာ နာတာရှာ ပြေးဝင်လာလေသည်။ နာတာရှာမှာလည်း ညဝတ်အင်္ကျီကို

www.burmeseclassic.com


ဝတ်ထားလျက် လွှာဖိနပ်ကို စီးထားသည်။ ဆံပင်များတွင် ဆံပင်ကောက်သော စက္ကူများကို ကပ်ထားလေသည်။ မြို့စားကတော်ကြီးမှာ ဘုရားဝတ်ပြုနေရာမှ အာရုံပျက်သွားကာ မျက်မှောင်ကုတ်၍ လှည့်ကြည့်လိုက်၏။ နာတာရှာသည် ဘုရားဝတ်ပြုနေသော မိခင် မြို့စားကတော်ကြီးကို မြင်လိုက်တော့မှ ကိုယ်ရှိန်သတ်ကာ ထိုင်တော့မယောင်ပြုလျက်ရှိရာက မိမိ၏ လောကကြီးသောအဖြစ်ကို သတိရသွားသဖြင့် လျှာကလေး တစ်လစ်ထုတ်လိုက်မိသည်။ မိခင် မြို့စားကတော်ကြီးက ဆက်လက်၍ ဘုရားဝတ်ပြုနေသောအခါတွင် နာတာရှာသည် အိပ်ရာဆီသို့ ခြေဖျားထောက်လာခဲ့ကာ ခြေနှစ်ချောင်းကို ပွတ်၍ ဖိနပ်ကို ချွတ်လိုက်ပြီးနောက် အိပ်ရာပေါ်သို့ ခုန်တက်လိုက်သည်။ မြို့စားကတော်ကြီး၏ အိပ်ရာမှ ထုတော်တော်ထူသည့် ငှက်မွေးအိပ်ရာကြီးဖြစ်လျက် တစ်ခုထက်တစ်ခု ယောင်ယောင်မျှငယ်သော အုံးဝန်းငါးလုံးကို အဆင့်ဆင့်စီထားလေသည်။ နာတာရှာသည် အိပ်ရာပေါ်သို့ ခုန်တက်၍ အိခနဲနေအောင် လှဲအိပ်ချလိုက်ပြီး နံရံနားအထိ လိမ့်သွားကာ အိပ်ရာပေါ်မှ စောင်များကို ခွာလိုက်၍ ခြေနှစ်ချောင်းကို အထက်သို့မြှောက်ရင်း ကော့ကော်ကန်ကားပြုလျက်ရှိရာမှ ရယ်လိုက်၊ မိခင်မြို့စားကတော်ကြီးကို ကြည့်လိုက်ဖြင့်ရှိနေသည်။ မိခင်မြို့စားကတော်ကြီးသည် ဘုရားဝတ်ပြုပြီးနောက် မျက်နှာထားတင်းတင်းဖြင့် ထလာသည်။ သို့ရာတွင် မျက်နှာကိုဝှက်ထားလိုက်သော နာတာရှာအား မြင်လိုက်ရသည့်အခါ၌ ၎င်း၏ထုံးစံအတိုင်း ကြင်နာစွာပြုံးလိုက်သည်။

"ဒါက ဘယ်လိုများ ဖြစ်လာရပြန်တာလဲဟင်"

"မေဖျားနဲ့ စကားပြောချင်လို့နော် နော် မေဖျား"ဟု ဆိုကာ မိခင် မြို့စားကတော်ကြီးကို အငမ်းမရ နမ်းရှုပ်ပြီး "နေပါဦး၊ လည်ပင်းရော နမ်းရဦးမယ် ကဲကဲ"

နာတာရှာသည် မိခင်ကြီး၏လည်ပင်းကို သိုင်းဖက်ကာ နမ်းရှုပ်နေပြန်သည်။ နာတာရှာ၏အပြုအမူမှာ ကလေးပီပီ ကြမ်းတမ်းသည်ဟု ထင်စရာရှိသော်လည်း နာတာရှာမှာ ပွေ့ဖက်ရာ၌ ကျွမ်းကျင်သည့်အလျောက် မိခင်ကြီးအား အနည်းငယ်မျှ ကသိကအောင့် မဖြစ်စေရဘဲ ပွေ့ဖက်တတ်သဖြင့် မိခင်ကြီးမှာ တပြုံးပြုံးနှင့် သဘောကျလျက်ရှိလေသည်။

"ဆိုစမ်းပါဦး၊ ဒီနေ့ညမှာ ဘာများပြောစရာပေါ်တော်မူလာပြန်ပြီလဲ" မိခင် မြို့စားကတော်ကြီးက အုံးဝန်းများကို သပ်သပ်ရပ်ရပ် စီထားလိုက်ပြီး မိမိ၏ဘေးတွင် တောင်လှည့်မြောက်လှည့်လုပ်ကာ နေသားတကျဖြစ်အောင်ပြင်၍ ထိုင်နေသည့် နာတာရှာကို ကြည့်ရင်း မေးလိုက်၏။

မြို့စားကြီး ရေခဲစတော့ဗ် ကလပ်မှ ပြန်မရောက်မီ နာတာရှာသည် အိပ်ရာဝင်ခါနီး၌ မိခင်ကြီးနှင့် စကားစမြည်လာရောက်ပြောဆိုလေ့ရှိပေရာ သားအမိနှစ်ယောက်မှာ ဤသို့ပင် အိပ်ရာဝင် စကားမပြောရလျှင် မနေတတ်အောင်ဖြစ်၍ နေတတ်ကြသည်။

"ဒီနေ့ညလား၊ ဒီနေ့ည ပြောရမယ့် စကားက"

နာတာရှာက မိခင် မြို့စားကတော်ကြီး၏ ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး

"မေဖျား သိပြီးသားပါလို့တော့ မပြောနဲ့နော် ဒါပဲ"ဟု မာန်သလို မဲသလို လေသံကလေးဖြင့် ပြောလိုက်သည်။ "ဒီနေ့ည ပြောရမယ့် အကြောင်းက ဘိုးရစ်စ် အကြောင်း ပြောမလို့မေဖျားရဲ့၊ ဟင့်အင်း၊ ဟင့်အင်း၊ မေဖျားသိပြီးပါလို့တော့ မပြောနဲ့ ဒါပဲ၊ ဘိုးရစ်စ်က သဘောကောင်းတယ်နော် မေဖျား၊ နော် ကြည့်ပါလား၊ မေဖျားက ဘာမှလဲ မပြောဘူးနော်၊ မဟုတ်ဘူးလား မေဖျား"

နာတာရှာက လက်ကို မိခင်ကြီး၏ ပါးစပ်မှ ရုပ်လိုက်သည်။

"နာတာရှာ၊ နာတာရှာ မငယ်တော့ဘူး၊ ဆယ့်ခြောက်နှစ် ရှိနေပြီသိရဲ့လား၊ မေဖျားဆိုရင် သမီးရဲ့အရွယ်မှာ အိမ်ထောင်ကျပြီးနေပြီ၊ ဘိုးရစ်စ်က သဘောကောင်းတယ်လို့ သမီးထွေးက ပြောတယ်၊ မေဖျားလဲ သူ့ကို သားအရင်းလို ချစ်တယ်၊ ဒါပေမဲ့ ဘိုးရစ်စက သဘောကောင်းတော့ ဘာဖြစ်သလဲဟင်၊ ဘာတွေများ တွေးနေတာလဲသမီးထွေး၊ သမီးထွေးဟာ ဘိုးရစ်စ်ရှေ့မှာ ဆိုရင် လေ အင်း မေဖျား ရိပ်မိပါတယ်နော်၊ သမီးထွေး ကြပ်ကြပ် သတိထား ဟင်း"

မိခင်မြို့စားကတော်ကြီးသည် နာတာရှာကို ကြည့်လိုက်၏။ နာတာရှာကား ဘေးတွင် လဲလျောင်းလျက်ရှိရာမှ ခုတင်တွင် ထုထားသော မိန်းမခေါင်း ခြင်္သေ့ကိုယ်ရုပ်လုံး


www.burmeseclassic.com

www.burmeseclassic.com

များကို ငေးစိုက်ကြည့်နေလေရာ နာတာရှာ၏ မျက်နှာကို သေးစောင်းမြင်နေရ၏။ နာတာရှာ၏ မျက်နှာမှာ အထူးတလည် လေးနက်သော အသွင်ကို ဆောင်ကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိ၏။

"ဆိုလေ၊ သဘောကောင်းတော့ ဘာဖြစ်သလဲ"

နာတာရှာသည် နားထောင်ရင်း စဉ်းစားလျက်ရှိ၏။

"ဘိုးရစ်စ်အကြောင်း ဘာပြောချင်လို့လဲ၊ ပြောလေ၊ ဒီမှာ သမီးထွေး၊ သူ့ကို သွားပြီး၊ စိတ်ကူးနေလို့တော့ မဖြစ်ဘူးနော်၊ မေဖျား ပြောလိုက်ပါပေရဲ့"

"ဘာဖြစ်လို့လဲမေဖျား" နာတာရှာက ယခင်အတိုင်း လဲလျောင်းရာမှ မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူက ငယ်လဲငယ်သေးတယ်။ ဆင်းလဲ ဆင်းရဲတယ်၊ ဆွေမျိုးလဲ တော်နေတယ်။ ပြီးတော့ သမီးထွေးကိုယ်တိုင်ကလဲ သူ့ကို မချစ်ဘူး"

"နာတာရှာက မချစ်မှန်း မေဖျားက ဘာဖြစ်လို့ သိသလဲ"

"အို သိတာပေါ့၊ မဟုတ်ဘူးလား"

"ဒါပေမဲ့ တကယ်လို့ နာတာရှာက"

"တော်တော့ နာတာရှာ။ အဓိပ္ပာယ်မရှိတာကို မပြောစမ်းနဲ့" မြို့စားကတော်ကြီးက ပြောလိုက်သည်။

"ဒါပေမဲ့ တကယ်လို့ နာတာရှာက"

"နာတာရှာနော် ဟင်း၊ ပြောင်ချော်ချော်နဲ့"

နာတာရှာသည် မိခင်ကြီး၏စကားအဆုံးကိုမစောင့်တော့ဘဲ မိခင်ကြီး၏လက်ကို ဆွဲယူလိုက်၍ လက်ဖမိုးနှင့် လက်ဖဝါးတို့ကို နမ်းလိုက်၏။ ထို့နောက် အကြိမ်ကြိမ် အထပ်ထပ် နမ်းရှုပ်လျက်ရှိရင်း "ဒီလိုမပြောပါနဲ့ မေဖျားရယ် နော် နော်"ဟု တွတ်တီးတွတ်တာ ချွဲလျက်ရှိလေရာ မိခင်ကြီးမှာ ဘာကိုပြောရမည်ပင် မသိတော့ဘဲ နာတာရှာကို ကြင်နာစွာ ကြည့်နေမိလေသည်။

"မဖြစ်ဘူး သမီးထွေး၊ မဖြစ်ဘူး၊ ငယ်ငယ်တုန်းကတော့ ကလေးဘဝ ခင်မင်ခဲ့ကြပေမယ့် ဒီအရွယ်ရောက်လာသည်အထိ ဒီအတိုင်း ဆက်နေကြဦးမယ်ဆိုရင် အိမ်ကို လာလာလည်နေတဲ့ တခြားလူငယ်တွေကလဲ အထင်လွဲကုန်ကြလိမ့်မယ်၊ ပြီးတော့ သူကလဲ ဒီအကြောင်းတွေကို မေ့ပစ်လိုက်ဟန် တူပါပြီ၊ ခုလောက်ဆိုရင် သူ့မှာလဲ သူကြွယ်သမီးတစ်ယောက်ယောက်ကို တွေ့ပြီးရောပေါ့၊ သူကိုယ်တိုင်ကလဲ ဒီလောက် စွဲစွဲလမ်းလမ်း ဖြစ်ဟန်မတူတော့ပါဘူး"

"စွဲစွဲလမ်းလမ်း၊ ဟုတ်လား" နာတာရှာက မေးလိုက်သည်။

"သမီးတော်ကို မေဖျားအကြောင်း ပြောရဦးမယ် မေဖျားမှာ ဝမ်းကွဲမောင်တစ်ယောက် ရှိတယ်"

"ဟင့်အင်း၊ နာတာရှာ သိပြီးသားပါ၊ မက်ဗေးကို ပြောတာ မဟုတ်လား၊ မက်ဗေးကဖြင့် အသက်ကြီးလှပြီ"

"ဒီလောက် မကြီးသေးပါဘူး သမီးထွေးရယ်။ နေဦး မေဖျားလုပ်မယ့် ကိစ္စကို ပြောရဦးမယ်၊ မေဖျား ဘိုးရစ်စ်ကို တွေ့ပြီး နောင် အိမ်ကို ခဏခဏ မလာဖို့"

"ဟင်၊ လာပါစေ မေဖျားရယ်။ သူ့ခမျာ လာချင်လို့ ဟာပဲ"

"မဖြစ်ဘူး သမီးထွေး၊ ဒီလိုလာနေလို့ အကြောင်းမထူးဘူး"

"အကြောင်းမထူးဘူးလို့ ဘယ်ပြောနိုင်မလဲ မေဖျား။ သူ့ကို မလာနဲ့လို့တော့သွားမပြောပါနဲ့ မေဖျားရယ် နော်နော်"

နာတာရှာ၏အသံမှာ မိမိ၏ပစ္စည်းတစ်ခုကို အခြားသူတစ်ယောက်က ယူသွားသဖြင့် နမြောတသနေသူတစ်ဦး၏အသံမျိုးဖြစ်၏။

"နော် မေဖျား သူ့ကို မယူနဲ့ဆိုရင် နာတာရှာ မယူပါဘူး မေဖျားရဲ့။ ဒါပေမဲ့ သူ့ခမျာ လာချင်ရင်တော့ လာပါစေနော် မေဖျား၊ သူလာရင် နာတာရှာပျော်လို့ပါ၊ လက်မထပ်ပါဘူး၊ ဒီအတိုင်းပဲနေပါ့မယ်နော် မေဖျား" နာတာရှာက ပြုံး၍ ပြောလိုက်သည်။

"ဘယ်လို ဒီအတိုင်းလဲ"

"ဒီအတိုင်းပေါ့ မေဖျားရဲ့၊ နာတာရှာကလဲ သူ့ကို လက်ထပ်ဖို့ မလိုပါဘူး၊ ခုလိုအတိုင်းပဲနော် မေဖျား"

"ဒီအတိုင်းပဲ၊ ဒီအတိုင်းပဲ" မြို့စား ကတော်ကြီးသည် တတွတ်တွတ်ရွတ်ဆိုကာ ရယ်ချင်လာတော့လျက် ရတ်တရက် ရယ်လိုက်မိသည်။

"တကယ်ပါ မေဖျားရဲ့၊ မေဖျားကလဲ သူများကို ရယ်စရာများ အောက်မေ့နေသလားမသိဘူး၊ နာတာရှာ


www.burmeseclassic.com

www.burmeseclassic.com


ကိုပဲ အလကား ရယ်ရယ်နေတာပဲ၊ ကြည့်ပါဦး အိပ်ရာကို လှုပ်နေပြီ" နာတာရှာသည် ပြောပြောဆိုဆို မိခင်ကြီး၏ လက်ကိုဆွဲ၍ အကြိမ်ကြိမ် အဖန်ဖန် နမ်းရှုပ်နေပြန်သည်။

"မေဖျား၊ သူ နာတာရှာ့ကို တကယ်ချစ်သလား မသိဘူးနော်၊ မေဖျား ဘယ့်နှယ်ထင်သလဲဟင်၊ မေဖျား ကော ချစ်မယ့်သူ ရှိခဲ့ဖူးသလားဟင်၊ သူလေ၊ သူ သိပ် သဘောကောင်းတာပဲ မေဖျားရဲ့၊ သိလား၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ သူက စိတ်တော့ ကောက်တတ်တယ်၊ နာတာရှာတို့ ထမင်းစားခန်းဆောင်ထဲက နာရီကြီးလိုပဲ"

"နာတာရှာ ဘာတွေ ပြောနေတာလဲဟင်"

နာတာရှာက စကားဆက်ပြန်သည်။

"မေဖျား တကယ်နားမလည်ဘူးလား၊ ကိုကို ကတော့ နားလည်မှာပဲ၊ ပြီးတော့လေ သိလား မေဖျား မြို့စားလေး ပီယာသိတယ် မဟုတ်လား။ သူကလဲ လူ တစ်မျိုး မေဖျားရဲ့၊ ကြည့်ရတာ လူ့ခွစာကြီးနဲ့ တူတယ်"

"ဘာလဲ၊ သမီးထွေး သူ့ကို သဘောကျနေပြန် ပလား"

"အို မဟုတ်ပါဘူး မေဖျားကလဲ၊ ပီယာကလေ ညီအစ်ကိုတော်ဂိုဏ်းဝင်တဲ့ မေဖျားရဲ့၊ သူကမှ တကယ့် သဘောကောင်းတယ်ဆိုပဲ မေဖျားရဲ့"

"အို မြို့စားကတော်ကြီး အိပ်ပလားဗျ" အိမ်ရှေ့ ခန်းဆီမှ မြို့စားကြီး ရော့စတော့ဗ်၏ အသံကို ကြားသည်၌ နာတာရှာသည် ဖြုန်းခနဲထကာ ဖိနပ်ကို ကောက်ကိုင်ပြီး မိမိခန်းဆောင်သို့ ပြေးထွက်လာခဲ့သည်။

ထိုညဉ့် နာတာရှာသည် ရတ်တရက် အိပ်မပျော် ချေ။ မိမိစိတ်ထဲတွင် ရှိနေသမျှကို မည်သူမျှ နားမလည် နိုင်ပါတကားဟုလည်း နာတာရှာ စဉ်းစားမိ၏။ ၎င်း၏ စိတ်ထဲတွင်ကား ဝေဒနာပေါင်းစုံ ရောယှက်လျက်ရှိပေ၏။

"ဆွန်ယာ" နာတာရှာသည် ဆံထုံးကြီးကြီး ထုံးလျက် ကြောင်မကလေးသဖွယ် ခွေခွေကလေး အိပ် ပျော်နေသော ဆွန်ယာကို ကြည့်၍ ခပ်တိုးတိုးခေါ်မိသည်။ 'အင်း သူ့မှာတော့ စိတ်ကိုချမ်းသာလို့ ပျော်လို့ လောက ကြီးမှာ ဘာမှလဲ နားမလည်ဘူး၊ ဘာမှလဲ မသိချင်ဘူး၊ ကိုကို့ကို ချစ်ဖို့လောက်ပဲ နားလည်တယ်၊ မေဖျားလဲ နာတာရှာကို နားလည်ဘူး၊ နာတာရှာက ပါးတယ်၊ ဆွန်ယာကတော့ ချစ်စရာကောင်းတယ်'ဟု နာတာရှာသည် တွေးကာ သူ့အကြောင်းကို ကမ္ဘာတွင်အတော်ဆုံး၊ ပညာ အရှိဆုံး ယောက်ျားတစ်ယောက်က ပြောနေသည့်အသွင်ဖြင့် တစ်ယောက်တည်း ပြောနေလေသည်။ 'နာတာရှာဟာ အစစအရာရာပြည့်စုံတယ်၊ ခြောက်ပြစ်ကင်းတယ်၊ လိမ္မာ ရေးခြားရှိတယ်၊ ချစ်စရာကောင်းတယ်၊ လှတယ်၊ သူ တကာတွေထက် ချောတယ်၊ ဖျတ်လတ်တယ်၊ အသံကလဲ သာယာညင်းပျောင်းတယ်"

နာတာရှာသည် ချိုရှုဘီနိ၏ကဇာတ်မှ ၎င်းအကြိုက် ဆုံးတေးတစ်ပုဒ်ကို ပါးစပ်မှညည်း၍ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။ မကြာမီ အိပ်ပျော်တော့မည်ဟူသော စိတ်ကူးဖြင့် ကြည်နူးလျက်ရှိရာက အစေခံ မိန်းမကြီးအား ခေါ်၍ ဖယောင်းတိုင်ကို အငြိမ်းခိုင်းလိုက်သည်။ အစေခံ မိန်းမကြီး ဖယောင်းတိုင်များ ငြိမ်းပြီး၍ အပြင်ဘက်သို့ ထွက်ခွာမသွားမီမှာပင် နာတာရှာမှာ ပို၍လင်းသောပို၍ လှပသော ပို၍ ပျော်ရွှင်ဖွယ်ကောင်းသော စိတ်ကူးကမ္ဘာ ကြီးထဲသို့ ရောက်သွားတော့သည်။

နောက်တစ်နေ့၌ မြို့စားကတော်ကြီးသည် ဘိုးရစ်စ် အား လက်တို့ခေါ်သွားကာ အတန်ကြာမျှ စကားပြောပြ နေသည်။ ထိုနောက်၌ကား ဘိုးရစ်စ်သည် မြို့စားကြီး ရော့စတော့ဗ်၏စံအိမ်သို့ လာရောက်လည်ပတ်ခြင်း မရှိ တော့ချေ။

## အခန်း ၁၄

၁၈၁၀-ပြည့် ဒီဇင်ဘာလ ၃၁-ရက် နှစ်သစ်ကူးအကြိုနေ့ ညဉ့် ကက်သရင်း ဘုရင်မကြီး လက်ထက်တွင် အမှုတော် ထမ်းခဲ့သည့် မှူးမတ်ကြီးတစ်ဦးက ကပွဲကြီး တစ်ခုနှင့် ညလယ်စာ စားပွဲကြီးတစ်ခု ကျင်းပမည် ဖြစ်လေသည်။ ထိုနေ့ ညလယ်စာ စားပွဲသို့ အနိုင်နိုင်ငံမှ သံအဖွဲ့ဝင်များ နှင့် ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်မည် ဖြစ်လေသည်။

အင်္ဂလိပ်ဆိပ်ကမ်းသာ ဟူသော ရပ်ကွက်ရှိမှူးမတ် ကြီး၏နာမည်ကျော် စံအိမ်ကြီးမှာ မီးပဒေသာတို့ဖြင့် တထိန်ထိန်တလက်လက် တောက်ပလျက်ရှိ၏။ တောက် ပစွာထွန်းညှိထား၍ သက္ကလပ်ကော်ဇောကြီးများ ခင်းထား သည့် အိမ်တော်ဝင်းဝ၌ ရဲများစောင့်ကြပ်လျက် ရှိကြ၏။


www.burmeseclassic.com

ဆင်ဝင်ဝဒ္ဓမှ လက်နက်ကိုင်ရဲများသာမက အရာရှိများစွာနှင့် ရဲဝန်ချုပ်ကိုယ်တိုင် စောင့်ကြပ်လျက်ရှိလေသည်။ အနီရောင် ကိုယ်ကျပ်အင်္ကျီများ ဝတ်ထား၍ ဦးထုပ်တွင် ငှက်တောင်များ စိုက်ထားသည့် အဆောင်ကိုင်များ စောင့်ကြပ်လိုက်ပါလာကြသည့် ကရထားကြီးများသည် ဆင်ဝင်ရှေ့၌ တစ်စီးပြီးတစ်စီး ဆိုက်လာကြ၏။ ကရထားထဲမှ စစ်ဝတ်စုံများ၊ ရွှေကြယ်ပွင့်တံဆိပ်တော်များ၊ ရင်သိုင်းဘယက်များ၊ ရွှေစလွယ်များ ဝတ်ဆင်ထားသည့် မင်းယောကျာ်းများ၊ ပိုး၊ ဖဲ၊ ကတ္တီပါနှင့် သားမွေးများကို ဝတ်ဆင်ထားကြသော မင်းမိန်းမများသည် မိမိတို့အတွက် အဆင်သင့်အောက်သို့ ချပေးထားသော ကရထားခြေနင်းခုံများပေါ်မှ ဆင်းလာကာ သက္ကလပ် ကော်ဇောနီကြီးတစ်လျှောက်တွင် ခြေသံမျှပင် မကြားရဘဲ တိတ်ဆိတ်စွာ လျှောက်၍ လာကြသည်။

ကရထားတစ်စီး ဆိုက်လာတိုင်းလည်း အချင်းချင်း ဘုန်းတော်ကြီးသော ဘုရားလား၊ ဝန်ကြီးလား၊ မင်းသားကြီးလား၊ သံတော်ကြီးလား ဦးထုပ်မှာတော့ ငှက်တောင်တွေ စိုက်ထားတာပဲစသဖြင့် တီးတိုးပြောဆိုလျက် ရှိကြလေသည်။

ထိုအထဲ၌ အခြားသော မင်းပရိသတ်များထက် သားနားခန့်ထည်စွာ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးမှာ ကြွရောက်လာသူများအနက် မသိကျွမ်းသူ မရှိသလောက် ဖြစ်လျက် ထိုခေတ်က ထင်ရှားသောပုဂ္ဂိုလ်ကြီးများ၏ အမည်များကို ထုတ်ဖော်နှုတ်ဆက်လျက်ရှိလေသည်။

သို့ဖြင့် မင်းပရိသတ်သုံးပုံတစ်ပုံခန့်တို့သည် 'တော်ဝင်ကပွဲသဘင်ကြီး'သို့ ရောက်ရှိလာကြလေပြီ။ သို့ရာတွင် ကပွဲသဘင်သို့ တက်ရောက်မည့် မြို့စားကြီး ရော့စတော့ဗ် မိသားစုကား ယခုအချိန်ထိ ပြင်ဆင်ဖြီးလိမ်း၍ မပြီးနိုင်သေးဘဲ အလုပ်ရှုပ်လျက်ရှိလေသည်။

မြို့စားကြီး ရော့စတော့ဗ် မိသားစုသည် 'တော်ဝင်ကပွဲသဘင်ကြီး'သို့ တက်ရေးအတွက် အကြိမ်ပေါင်းများစွာ ဆွေးနွေးပြင်ဆင်ရသည်မှာလည်း အမောပင်ဖြစ်လေသည်။ ဖိတ်စာစောစောရပါမည်လော၊ ကပွဲအမီ အဝတ်အစားချုပ်၍ ပြီးပါမည်လော၊ စီစဉ်ထားသည့်အတိုင်း ချောချောမောမော ဖြစ်ပါမည်လော စသဖြင့် တွေးတောကာ စိတ်မအေးနိုင်အောင် ဖြစ်လျက်ရှိကြ၏။

နန်းမနီးရေဝေး ကျေးတောမှရောက်လာသည့် မြို့စားကြီး ရော့စတော့ဗ် မိသားစုကို 'တော်ဝင်ကပွဲသဘင်ကြီး'သို့ ခေါင်းဆောင်ခေါ်သွားမည့်သူမှာ မြို့စားကတော်ကြီးနှင့် ဆွေမျိုးနီးစပ်တော်သည့် မာယာပီရွန်စကားယားဆိုသူ အမျိုးသမီးကြီးဖြစ်၏။ မာယာပီရွန်စကားယားမှာ ပိန်ပိန်ပါးပါး၊ နွဲ့နွဲ့နှောင်းနှောင်းဖြစ်၍ ရွှေနန်းရှင် မယ်တော်ဖုရား၏ ရွှေလက်ထက်တော်၌ မှန်နန်း အပျိုတော်ကြီးတစ်ဦးအဖြစ် ခစားခဲ့ဖူးသူပီပီ ထီးမှုနန်းရာများ၌ ကောင်းစွာ ကျွမ်းကျင်သူဖြစ်လေသည်။

မြို့စားကြီး ရော့စတော့ဗ်မိသားစုသည် ဆယ်ချက်တီးအချိန်၌ တော်ရီဒါဥယျာဉ်တော်ထဲတွင် နေထိုင်သော မာယာပီရွန်စကားယားကို ဝင်ရောက်ခေါ်ငင်ရဦးမည် ဖြစ်၏။ သို့ရာတွင် ဆယ်ချက်တီးရန် ငါးမိနစ်အလိုအထိ မိန်းကလေးတစ်သိုက်ဖီမှာ ဖြီးလိမ်း ပြင်ဆင်၍ မပြီးသေးချေ။

နာတာရှာအဖို့ကား ဤအကြိမ်သည် 'တော်ဝင်ကပွဲသဘင်ကြီး'သို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်လေသည်။ ထိုနေ့နံနက် ရှစ်ချက်တီးအချိန်၌ နာတာရှာသည် အိပ်ရာမှလူးလဲထကာ တစ်နေ့လုံး ဂနာမငြိမ်ဖြစ်လျက်ရှိ၏။ အိပ်ရာကနိုးလာကတည်းက နာတာရှာသည် အခြားဘာကိုမျှ စိတ်မဝင်စားနိုင်ဘဲ မိခင် မြို့စားကတော်ကြီး၊ ဆွန်ယာနှင့်တကွ မိမိတို့အားလုံးအလှဆုံး၊ အခန့်ညားဆုံး၊ အကောင်းဆုံးဖြစ်အောင် မည်သို့ ဝတ်စားဆင်ယင်ရမည်ဆိုသည့် ကိစ္စကိုသာ တွေးနေမိသည်။ မိခင်မြို့စားကတော် ကြီးအား ကြက်သွေးရောင် ကတ္တီပါ ဝတ်စုံကို ဝတ်ရန်၊ ဆွန်ယာနှင့် မိမိတို့နှစ်ဦးက ပန်းဖျော့သွေးပိုးရင်စည်းခံ၍ အပေါ်မှ အဖြူရောင် ရွှေဇာပြင်ဝတ်စုံဝတ်ရန်၊ ရင်တွင် နှင်းဆီပွင့်ထိုးရန်၊ ဆံပင်ကို နောက်ဆုံးပေါ် ပြင်သစ်ထုံး ထုံးရန် စိတ်ကူးထားသည်။

သို့ဖြင့် အရေးကြီးသော အပိုင်းများကို ပြင်ဆင်၍ ပြီးကြလေပြီ။ ခြေထောက်များ၊ လက်များ၊ လည်ပင်းများနှင့် နားများကို စင်ကြယ်စွာ သုတ်သင်ဆေးကြောကာ အမွေးနံ့သာရည်များ ဆွတ်ဖျန်းပြီး ထို့နောက်မှ ပွဲတက်ပန်းပေါင်း နံ့သာနှစ်မှုန့်များကို လိမ်းကျံကြသည်။ ပိုးခြေစွပ်များနှင့် ဖဲကြိုးသိုင်းဖဲဖိနပ်ဖြူများကိုလည်း စီးထားပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ ဆံပင်ကိုပင် ပြင်ဆင်၍ ထုံးပြီးပေပြီ။ ဆွန်ယာနှင့် မိခင်မြို့စားကတော်ကြီးကား လုံးဝပြင်ဆင် ပြီးသလောက် ရှိပြီဖြစ်၏။ ၎င်းတို့အား ကူညီပြင်ဆင်ပေးရသည့် နာတာရှာသာလျှင် မပြင်ဆင်ရသေးဘဲ ကျန်တော့သည်။ နာတာရှာသည် သေးသွယ်သောပခုံးပေါ်တွင် ဝတ်စုံအင်္ကျီကို ခြုံထားလျက် မှန်ခုံရှေ့တွင် ထိုင်လျက်ရှိ၏။ ဆွန်ယာကား အခန်းလယ်တွင် ရပ်ရင်း နုနယ်သော လက်ချောင်းကလေးပေါက်ထွက်၍ သွေးစိုလာတော့မတတ် တွယ်အပ်ခေါင်းကို အတင်းဖိကာ ရင်ဘတ်တွင် ဖဲပွင့်တွယ်လျက် ရှိသည်။

"ဒီလို မဟုတ်သေးပါဘူး ဆွန်ယာရဲ့" နာတာရှာသည် အစေခံမိန်းမကြီး ထုံးပေးသောခေါင်းပေါ်မှ ဆံထုံးကို လက်ဖြင့် အုပ်ကိုင်၍ ဆွန်ယာ့ဘက်သို့ လှည့်ပြောလိုက်သည်။ "ဖဲပွင့်က အဲဒီနေရာ ထိုးရတာမှ မဟုတ်ဘဲ။ လာခဲ့ပါ။ နာတာရှာ လုပ်ပေးပါ့မယ်"

ဆွန်ယာအနားသို့ ရောက်လာတော့မှ နာတာရှာက ဖဲပွင့်ကို စနစ်တကျ ထိုးပေးသည်။

"သခင်မကလေးကမှ ငြိမ်ငြိမ်မနေတော့ ဆံပင်ထုံးလို့ မရဘူးဖျာ့"နာတာရှာ၏ဆံပင်ကို ကိုင်ထားသည့် အစေခံမိန်းမကြီးက ပြောလိုက်သည်။

"နေပါဦး၊ နာတာရှာ့ဘာသာ ထုံးပါ့မယ်၊ ကဲ၊ ဒီလို ထိုးရတယ် ဆွန်ယာရဲ့"

"ဟဲ့ သမီးထွေးတို့ မပြီးကြသေးဘူးလား ဟင်" မိခင် မြို့စားကတော်ကြီး၏အသံ ထွက်ပေါ်လာသည်။

"ပြီးပါတော့မယ် မေဖျားရဲ့၊ ခဏလေး၊ခဏလေး၊ မေဖျားကော ပြင်ပြီးပလား"

"မေဖျား ပြီးတော့မယ်။ ဦးထုပ်ကို ဖဲပွင့်တပ်ဖို့ပဲ လိုတော့တယ်"

"မေဖျား မလုပ်တတ်ဘဲနဲ့ မလုပ်နဲ့နော်။ နာတာရှာ လုပ်ပေးမယ်" နာတာရှာက အော်လိုက်သည်။

"ဆယ်ချက်တီးတောမယ်။ လုပ်ကြ မြန်မြန်"

မြို့စားကတော်ကြီးတို့ သားအမိတစ်သိုက်မှာ ဆယ်ချက်တီးခွဲအချိန်၌ ကပွဲသို့အရောက်သွားရမည် ဖြစ်သော်လည်း ယခုထက်ထိ နာတာရှာမှာ အဝတ်အစားလဲ၍ မပြီးသေးချေ။ ထို့ပြင် တော်ရီဒါ ဥယျာဉ်တော်သို့လည်း ဝင်ရဦးမည် ဖြစ်လေသည်။

ဆံပင်ထုံးပြီးသောအခါ၌ နာတာရှာမှာ ပွဲတက်ဖိနပ်ပေါ်နေသော အတွင်းခံဝတ်စုံကလေး ဝတ်ထားလျက်က ဆွန်ယာနှင့် မိခင် မြို့စားကတော်ကြီးတို့ ပြင်ဆင်ဝတ်စားထားသည်ကို ပြေး၍ ကြည့်လိုက်ရသေးသည်။ မိခင်မြို့စားကတော်ကြီး၏ ခေါင်းကို ထိုမှ ဤမှ လှည့်စေ၍ ဦးထုပ်ကို ဖဲပွင့်ထိုးပေးပြီးနောက် နမ်းရှုပ်လိုက်ကာ မိမိဝတ်ရန် ဝတ်စုံကို အနားပတ်သီနေသည့် အစေခံများထံသို့ ပြေးလာခဲ့ပြန်သည်။

ယခုကဲ့သို့ အချိန်ကြန့်ကြာနေရခြင်းမှာ နာတာရှာ၏များစွာ ရှည်လျားနေသောဝတ်စုံကြောင့်ဖြစ်၏။ အစေခံနှစ်ယောက်တို့သည် ဝတ်စုံကို အတွင်းဘက်သို့လှန်ကာ အပ်ချည်စများကို ကိုက်ဖြတ်နေကြသည်။ အခြားအစေခံတစ်ယောက်ကား တွယ်အပ်ကို ပါးစပ်တွင် ကိုက်လျက် မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ နှစ်ဦးကြားတွင် ဗျာများလျက်ရှိ၏။ အခြားတစ်ယောက်ကား ပင့်ကူမြှေး ဇာနုဝတ်စုံကို လက်တစ်ဖက်ဖြင့် မ၍ မြှောက်ကိုင်ထားသည်။

"ကဲ၊ လုပ်ကြစမ်းပါ မြန်မြန်။ နောက်ကျတော့မှာပဲ"

"သခင်မလေး အပ်ချုပ်တဲ့ လက်စွပ်အိပ်ကလေး တစ်ဆိတ်"

"ဘယ်နှယ်လဲ၊ ဘယ်အချိန်ကျမှ ပြင်လို့ဆင်လို့ ပြီးကြတော့မှာလဲ" မြို့စားကြီးက အခန်းဝမှမေးလိုက်သည်။ "အလို၊ တကတည်း မွှေးကြိုင်နေတာပါပဲကလား။ ပီရွန်စကားယားကတော့ လည်ပင်း တရှည်ရှည်နဲ့ စောင့်လှရောမယ်"

"ကဲ၊ ပြီးပြီ သခင်မကလေး" အစေခံ တစ်ယောက်က အပေါ်ရုံ ရွှေဇာပြင်ဝတ်စုံကို လက်ချောင်းနှစ်ချောင်းဖြင့် ရွရွကလေးကိုင်လာကာ မိမိကိုင်လာသောဝတ်စုံ၏ ပါးလွှာခြင်းနှင့် သန့်ရှင်းခြင်းကို ဂရုပြုကြောင်း ပြလိုသောသဘောဖြင့် ဝတ်စုံပေါ်မှ တစ်စုံတစ်ရာကို ပါးစပ်ဖြင့် မှုတ်နေသည်။

နာတာရှာမှာ ယခုမှပင် အဝတ်အစားလဲရတော့သည်။

"ပြီးတော့မယ် ဖေဖျား၊ ဖေဖျား အခန်းထဲမဝင်ခဲ့နဲ့ဦး" နာတာရှာက ပါးလွှာသောဝတ်စုံကို ခေါင်းကစွပ်၍ဝတ်ရင်း အခန်းတံခါးကို တွန်းလိုက်သော ဖခင်မြို့စားကြီးကို အော်ပြောလိုက်သည်။


www.burmeseclassic.com

ဆွန်ယာက တံခါးကို သွား၍ ပိတ်ထားလိုက်ပြီး တစ်မိနစ်ခန့်ကြာမှ တံခါးကို ဖွင့်ပေးလိုက်၏။ မြို့စားကြီး ရော့စတော့ဗ်မှာ နောက်မြီးနှစ်ဖက်ခွဲချ ပျံလွှားတောင်ဝတ်စုံ ခြေစွပ်ရှည်ဝတ်လျက် အမွှေးနံ့သာရည် ဖျန်းကာ ဆံပင်ကို ဆီမွှေးသပ်ထားသည်။

"အလို၊ ဖေဖျားက ဒီလိုပြင်လိုက်တော့လဲ တကယ့်ကို နုသွားတာပဲ"နာတာရှာက အပေါ်ရုံဇာဝတ်စုံ တွန့်ကျေနေသည်ကို ဖြန့်ချရင်း ပြောလိုက်၏။

"သခင်မလေး ခဏလေးဖျာ့"အစေခံတစ်ယောက်က ကြမ်းပြင်တွင် ဒူးထောက်ထိုင်လျက် နာတာရှာ၏ ကိုယ်ပေါ်မှ ဝတ်စုံအင်္ကျီရှည်ကို ဖြန့်ရာမှ တွယ်အပ်ကို လျှာဖြင့်တွန်း၍ ပါးစောင်တစ်ဖက်သို့ ပြောင်းရင်း ပြောလိုက်သည်။

"အိုကွယ်၊ နာတာရှာက ကြိုက်လိုသာပါ။ ခု ဖြတ်လိုက်တာတောင် ရှည်နေတုန်းပဲ" ဆွန်ယာက နာတာရှာကို ကြည့်၍ ပြောလိုက်၏။

နာတာရှာသည် နောက်သို့လှမ်းဆုတ်ကာ ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် ကိုယ့်ကိုယ်ကို ပြန်ကြည့်နေသည်။ ဝတ်စုံကား အတော်ပင် ဖားနေပေသည်။

"သိပ်မရှည်ပါဘူး သခင်မလေးရဲ့"ဟု မာဗရာဆိုသော အစေခံမကြီးက ပြောလိုက်သည်။

"အမလေးတော် ရှည်ရင်လဲ အလွယ်ကလေးပါ၊ တစ်မိနစ်အတွင်း ပြီးပါ့စေမယ်" ဒွန်ယာရှာဆိုသော အစေခံမကြီးက ၎င်း၏တဘက်တွင် ထိုးထားသည့်အပ်ကို နှုတ်လိုက်ပြီးနောက် ဒူးထောက်၍ အနားကိုထပ်၍ သီနေပြန်သည်။

ထိုအခိုက် မြို့စားကတော်ကြီးသည် ကတ္တီပါ ဝတ်ရုံကြီးကိုဝတ်လျက် ရှက်အမ်းအမ်းဖြင့် အခန်းထဲသို့ အသာအယာ ဝင်ရောက်လာလေသည်။

"အို၊ မြို့စားကတော်ကြီးက သိပ်လှနေတာကိုးဗျ။ ဖေဖျားရဲ့ မြို့စားကတော်ကြီးက သမီးတော်တို့ထက် အများကြီးလှတယ် သိရဲ့လား"

မြို့စားကြီး ရော့စတော့ဗ်သည် မြို့စားကတော်ကြီးကို ဖက်လိုက်တော့မည်အပြု၌ မြို့စားကတော်ကြီးမှာ မျက်နှာနီမြန်းကာ အဝတ်အစားတွေ ကျေကုန်မည်စိုးသည့်အတွက် တိမ်းရှောင်လိုက်သည်။

"မေဖျားရဲ့ ဦးထုပ်က ဟိုဘက်ကို နည်းနည်း စောင်းထားလိုက်စမ်းပါဦး။ ဖယ်ပါ။ နာတာရှာ လုပ်ပေးပါ့မယ်" နာတာရှာက မြို့စားကတော်ကြီးဆီသို့ရုတ်တရက် လျှောက်လာရာ နောက်တွင် ဒူးထောက်၍ အနားသီနေကြသော အစေခံများမှာ ချက်ချင်းထ၍ လိုက်မလာနိုင်ကြသဖြင့် ဆောင့်ဆွဲလိုက်သကဲ့သို့ ဖြစ်သွားကာ ဇာနုဝတ်ရုံအစွန်းမှာ ဗြိခနဲ ပြဲသွားလေသည်။

"ဟောတော့ ပြဲသွားပြီ၊ သခင်မကလေးက အတင်းသွားတာကိုး"

"အို ကိစ္စမရှိပါဘူး။ ချက်ချင်း ပြန်သီလို့ ရပါတယ်။ ဒီနေရာ ဘယ်သူမြင်ရတာ မှတ်လို့"ဟု ဒွန်ယာရှာက ပြောလိုက်၏။

"အလို သခင်မကလေးကတော့ တကယ့်ကို လှပေတာပဲ၊ ဘုရင်မလေးတစ်ပါး ကျနေတာပဲ" အခန်းဝသို့ ရောက်လာသော အထိန်းတော်တစ်ဦးက ပြောလိုက်၏။ "ကြည့်စမ်း၊ သခင်မလေး ဆွန်ယာကလဲ ချစ်စရာကလေးတော့်"

ဆယ်ချက်တီး၍ တစ်မတ်လွန်ပြီးအချိန်၌ အားလုံးပြီးစီးသွားကာ ကရေထားဖြင့် ထွက်လာခဲ့ကြလေသည်။ သို့ရာတွင် တော်ရီဒါ ဥယျာဉ်တော်သို့ဝင်၍ ပီရွန်စကားယားကို ခေါ်ရဦးမည် ဖြစ်လေသည်။

ပီရွန်စကားယားမှာ အဆင်သင့်စောင့်လျက် ရှိလေသည်။ ပီရွန်စကားယားမှာ အရွယ်လွန်ပြီဖြစ်၍ ခပ်ရိုးရိုးပင် ဝတ်စားထားသော်လည်း မြို့စားကတော်ကြီးတို့မိသားစုကဲ့သို့ပင် အထပ်ထပ်အပြန်ပြန် ဖြီးလိမ်းခြယ်သထားဟန်တူ၏။ သို့ရာတွင် ပီရွန်စကားယားမှာ ရွှေနန်းတော်တွင် ကြီးပြင်းခဲ့ရသူပီပီ ဤကဲ့သို့သော ပွဲမျိုးသို့ တက်ရောက်နေကျဖြစ်၍ များစွာတုန်လှုပ်ခြင်း မဖြစ်တော့ချေ။ မှန်နန်းအပျိုတော်ကြီး ပီရွန်စကားယားသည် ၎င်း၏ အိုမင်းအရုပ်ဆိုးလှပြီဖြစ်သော ခန္ဓာကိုယ်ကို သန့်စင်ဆေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ပန်းပေါင်းနံ့သာမှုန့်များ လိမ်းခြယ်ထား၏။ မှန်နန်းအပျိုတော်ကြီးသည် နားနောက်ကိုလည်း သေချာစွာ ပွတ်တိုက်ဆေးကြောထား၍ အဝါသွေး ပွဲတက်ဝတ်စုံကိုဝတ်လျက် မှန်နန်းအပျိုတော်ကြီးများ ဆင်ယင်လေ့ရှိသော တံဆိပ်တော်ကို ဆင်ယင်ကာ ဧည့်ခန်းဆောင်ထဲသို့ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com


လေရာ မြို့စားကတော်ကြီးတို့ မိသားစုအား ၎င်းတို့၏ အိမ်တော်အစေခံများက ကြည့်၍ နှစ်သိမ့်ကြည်နူးခြင်း ဖြစ်ကြသည့်နည်းတူ မှန်နန်းအပျိုတော်ကြီး၏ အိမ်တော် အစေခံများကလည်း ၎င်းတို့၏ သခင်မကိုကြည့်ကာ ကြည်နူးနှစ်သိမ့်လျက် ရှိကြလေသည်။

မှန်နန်းအပျိုတော်ကြီး ပီရွန်စကားယားက မြို့စား ကတော်ကြီး မိသားစု၏ ဆင်ယင်ထုံးဖွဲ့မှုကို ချီးကျူး၍ မြို့စားကတော်ကြီး မိသားစုကလည်း ၎င်း၏ ဆင်ယင် ထုံးဖွဲ့မှုကို အပြန်အလှန် ချီးကျူးကြပြီးနောက် ဆယ့်တစ် ချက်တီးသည်တွင် ပွဲတက် မင်းပရိသတ်တစ်သိုက်သည် မိမိတို့၏ ဆံထုံးများ၊ အဝတ်အစားများကို ပုံမပျက်စေရန် အထူးဂရုစိုက်လျက် မိမိတို့၏ ကရထားအသီးသီးတွင် နေရာယူကြကာ ထွက်ခွာ၍ လာခဲ့ကြလေသတည်း။

## အခန်း ၁၅

နာတာရှာမှာ နံနက်ကတည်းက စိတ်မအား လူမအား ဖြစ်ခဲ့ရသဖြင့် တော်ဝင်ကပွဲသဘင်ကြီး၌ မည်သို့သော အခြင်းအရာများကို တွေ့ရလေမည်နည်းဟုပင် တွေးတော ရန် အချိန်မရခဲ့ချေ။

အပြင်ဘက်မှ လေသည် အေးမြစွတ်စိုလျက် ရှိသော်လည်း လှုပ်ယမ်းလျက်ရှိသောကရထားထဲတွင်မူ လူတွေ ကျပ်လျက်ရှိသဖြင့် အိုက်စပ်စပ်ဖြစ်လျက် ရှိ၏။ နာတာရှာသည် ပြည့်ကျပ်လျက်ရှိသော ကရထားထဲတွင် ထိုင်၍ လိုက်ပါလာရင်း တေးဂီတသံ၊ ပန်းပွင့်များ၊ ကကွက်များ၊ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားနှင့် တကွ ပီတာစဘတ်ရွှေမြို့တော်ရှိ မင်းပျိုမင်းလွင် ရွှေနန်း တော်အရာရှိများဖြင့် ပြည့်နှက်လျက်ရှိကာ မီးရောင်တို့ဖြင့် တလက်လက် တထိန်ထိန်ရှိသော တော်ဝင်ကပွဲသဘင်ကြီး ကို ပထမဆုံးအကြိမ် စိတ်ကူးဖြင့် မှန်းဆကြည့်မိသည်။ နာတာရှာသည် ဤသို့သော ထီးဟန်၊ နန်းဟန်၊ ကြငှန်း ဟန်ဖြင့် တင့်တယ်လှသော ကပွဲသဘင်ကြီးကို ကြုံတွေ့ရ တော့မည်မှာ တကယ်မှ ဟုတ်ပါလေစဟုပင် တွေးမိကာ အေးမြ မှောင်မိုက်လျက်ရှိခြင်းကိုလည်းကောင်း၊ ကရထား ထဲတွင် ပြည့်ကျပ်နေခြင်းကိုလည်းကောင်း သတိမထား မိအောင် ဖြစ်နေသည်။ မှူးမတ်ကြီး၏ စံအိမ်တော်သို့ ရောက်ကြလျှင် အဝင်ဝ၌ သက္ကလပ်ကော်ဇောနီကြီးပေါ်မှ လျှောက်လာခဲ့ ပြီးနောက် ခန်းမဆောင်ထဲသို့ဝင်ကာ အပေါ်ရုံသားမွေး အင်္ကျီများကို ချွတ်၍ မိခင် မြို့စား ကတော်ကြီးရှေ့မှ ဆွန်ယာနှင့်အတူ ပန်းပွင့်၊ ပန်းခိုင်၊ ပန်းပဒေသာများကြား၌ တောက်ပစွာ ထွန်းညှိထားသော လှေကားထစ်များတစ်လျှောက် တက်လာခဲ့ကြသည်။ ထိုအခါတွင်မှ အိပ်မက်မဟုတ်၊ တကယ်ပါတကားဟု နာတာရှာ သဘောပေါက် လာတော့သည်။ ထိုအခါတွင် မှပင် နာတာရှာမှာ တော်ဝင်ကပွဲသဘင်တစ်ခု၌ မည်သို့ မည်ပုံ ပြုမူပြောဆို ရမည်ကို အမှတ်ရလာကာ ဤသို့သော မင်္ဂလာအခါမျိုးတွင် မိန်းကလေးတစ်ယောက်နှင့် ခွဲခွာမရ စကောင်းဟု ၎င်းဘာသာ၎င်း ယူဆထားသော တင့်တယ် သိမ်မွေ့ နူးညံ့သည့်အမူအရာမျိုးကို ဆောင်လိုက်သည်။ သို့ရာတွင် ကံအားလျော်စွာ နာတာရှာ၏မျက်လုံးများမှာ ပြာဝေကာ ဘာကိုမျှမမြင်ရဘဲ သွေးတိုးနှုန်းမှာ တစ်မိနစ် လျှင် အကြိမ် တစ်ရာလောက်ရှိနေသည်ဟု ထင်မှတ် ရလျက် နှလုံးမှာလည်း ပုစွန်ဆိတ်ခုန်သည့်နှယ် တဆတ် ဆတ် ခုန်လျက်ရှိ၏။ နာတာရှာသည် ရင်တထိတ်ထိတ် ဖိုလျက် ရှိခြင်းကြောင့် ယဉ်ကျေးသိမ်မွေ့ဟန်ကိုလည်း မဆောင်နိုင်တော့ချေ။ ထိုအချိန်တွင် ယဉ်ကျေးသိမ်မွေ့ ဟန်ကို ဆောင်လျှင်လည်း ယဉ်ကျေးဟန်မပေါက်ဘဲ ရယ်ဖွယ်သာ ဖြစ်နေပေလိမ့်မည်။ နာတာရှာသည် ခြေလှမ်း မလှမ်းတတ်လှမ်းတတ်ဖြင့် ဣန္ဒြေပျက်လျက်ရှိရာက မင်းပရိသတ်ကြားထဲသို့ လျှောက်လာခဲ့သည်။ သို့လျှောက် လာရင်းလည်း ဣန္ဒြေပျက်နေသော မိမိအဖြစ်ကို အစွမ်း ကုန် ကြိုးစားဖုံးကွယ် နေဟန်ရှိသည်။ သို့ဖြင့် ရှက်ရွံ့ဟန်၊ ရှက်ရွံ့ခြင်းကို ဖုံးကွယ်ရန် ကြိုးစားဟန်ကလေးသည် နာတာရှာနှင့် အလိုက်လျောဆုံး သော အမူအရာကလေး ဖြစ်နေသည်။ နာတာရှာဝင်လာသည်နှင့် နောက်၌ကား ပွဲတက်ဝတ်စုံကို ဆင်မြန်းထားသည့် မင်းပရိသတ်များသည် တဖွဲဖွဲရောက်လာလျက် ရှိကြကာ အချင်းချင်း တီးတိုး စကားပြောလျက် ရှိကြ၏။ လှေကားအတက်မှ ကိုယ်လုံး ပေါ်မှန်ကြီးများထဲ၌လည်း အဖြူ၊ အပြာ၊ အဝါ၊ အနီ စသည့် ဝတ်စုံများနှင့် ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော လည်တံ၊ လက်မောင်း စသည်တို့တွင် စိန်၊ ရွှေ၊ ပုလဲ စသည့် လက်ဝတ်တန်ဆာ ဘယက်ဒွါဒရာတို့ကို ဝတ်ဆင်


www.burmeseclassic.com

ထားသည့် မင်းမိန်းမများ၏ သဏ္ဌာန်တို့သည် အထင်းသား ပေါ်လျက် ရှိကြလေသည်။

နာတာရှာသည် မှန်များထဲသို့ လှမ်းကြည့်လိုက်ရာ မိမိမှာ အခြားသူများနှင့် ခွဲမရအောင် ဖြစ်လျက်ရှိခြင်းကို တွေ့ရ၏။ မှန်ထဲတွင်ကား အားလုံးရောထွေးကာ ပြုံးပြုံးပြက်ပြက် ထိန်ထိန်လက်သော လူစုလူဝေးကြီး တစ်စုကို မြင်ရ၏။ ပွဲတက်ဆောင်ထဲသို့ဝင်လိုက်သည်နှင့် ကြားရမြဲဖြစ်သည့် တီးတိုးစကားပြောသံ၊ နှုတ်ဆက်သံ၊ ဖိနပ်သံတို့မှာ ရောထွေးကာ အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိ၍ ပြောင်လက် ထိန်ညီးလျက်ရှိသော အရောင်အဝါများကလည်း မျက်စိကျိန်းမတတ် ဖြစ်လျက်ရှိလေသည်။ တံခါးဝ၌ နာရီတစ်ဝက်မျှရပ်၍ "တွေ့ရတာ ဝမ်းသာပါတယ်"ဟူသော စကားကို ကြွလာသော မင်းပရိသတ်များအား အဖန်ဖန်အလဲလဲရွတ်ဆို နှုတ်ဆက်နေကြသော အိမ်ရှင်မှူးမတ်ကြီးနှင့် မှူးမတ်ကတော်ကြီးတို့သည် မြို့စားကြီး ရော့စတော့ဗ် မိသားစုနှင့် မှန်နန်းအပျိုတော်ကြီး ပီရွန်စကားယားတို့ကိုလည်း အလားတူ ယဉ်ကျေးသိမ် မွေ့စွာ နှုတ်ဆက်ခြင်း ပြုကြလေသည်။

အဖြူရောင်ပွဲတက် ရွှေဇာပြင်ဝတ်ထား၍ နက်မှောင်သောဆံပင်တွင် နှင်းဆီပန်းတစ်ပွင့်စီ ဆင်မြန်းထားသည့် ဆွန်ယာနှင့် နာတာရှာတို့ကိုလည်း အိမ်ရှင်နှစ်ဦးက အရေးတယူ သိမ်မွေ့ယဉ်ကျေးစွာ နှုတ်ဆက်ကြလေသည်။ သို့ရာတွင်မှူးမတ်ကတော်ကြီး၏ မျက်လုံးများကမူ သေးသွယ် နွဲ့နှောင်းသည့် နာတာရှာကို အတန်ကြာမျှ စိုက်၍ကြည့်လျက်ရှိ၏။ မှူးမတ်ကတော်ကြီးသည် နာတာရှာကို ကြည့်ပြီးနောက် သာမန်အိမ်ရှင်မ၏ အပြုံးမျိုး အပြင် ထူးခြားသော အပြုံးမျိုးကိုလည်း နာတာရှာ တစ်ယောက်တည်းကိုသာ ပြုံးပြလိုက်၏။ မှူးမတ်ကတော်ကြီးမှာ နာတာရှာကို ကြည့်၍ မိမိ၏အပျိုဖော်ဝင်စ အရွယ်နှင့် ပထမဆုံးပွဲတက် အခမ်းအနားကိုလည်း ပြန်၍ သတိရလျက် ရှိဟန်တူလေသည်။ မှူးမတ်ကြီးကလည်း နာတာရှာအား အဝေးရောက်သည်အထိ မျှော်ကြည့်ပြီးနောက် ထိုနှစ်ယောက်အနက် မည်သူက သမီးဖြစ်ကြောင်း မြို့စားကြီး ရော့စတော့ဗ်အား မေးမြန်းလျက် ရှိလေသည်။

"တယ်ချစ်စရာကောင်းတဲ့ သူငယ်မလေး ပေပဲ"ဟု ဆိုကာ မိမိလက်ဖျားထိပ်များကို ပြွတ်ခနဲ နမ်းလိုက်၏။

ပွဲတက်ဆောင်တွင်ကား မင်းပရိသတ်များသည် အခန်းဝတွင် စုပြုံရပ်လျက် ဘုန်းတော်ကြီးမြတ်တော်မူသော ရွှေနန်းရှင်ဘုရားအား ဖူးမြော်ရန် စောင့်ဆိုင်းလျက် ရှိကြလေသည်။ မြို့စားကတော်ကြီးသည် ထိုလူစုထဲ၌ ရှေ့ဆုံးတန်းတစ်တန်းတွင် ဝင်ရပ်လိုက်သည်။ မင်းပရိသတ်များသည် နာတာရှာကို စူးစိုက်ကြည့်ကာ ၎င်း၏အကြောင်း မေးမြန်းပြောလျက်ရှိကြသည်ကို နာတာရှာ ကြားရလေရာ ထိုအခါကျတော့မှ မိမိကို မင်းပရိသတ်များက ဂရုတစိုက် ပြုစုကြပေသည်ဟု တွေးမိကာ နာတာရှာမှာလည်း အနည်းငယ် တည်ငြိမ်စ ပြုလာလေတော့သည်။

'သူတို့လဲ နာတာရှာတို့လောက်ပါပဲ။ သိပ်ပြီး မထူးလှပါဘူး၊ အချို့ကများ နာတာရှာတို့ထက်တောင် ဆိုးသေးတယ်'ဟု နာတာရှာ တွေးမိသည်။

မှန်နန်းအပျိုတော်ကြီး ပီရွန်စကားယားမှာ မင်းပွဲလာ ပရိသတ်များထဲမှ ထင်ရှားသည့် ပုဂ္ဂိုလ်များကို မြို့စားကတော်ကြီးအား ပြသလျက် ရှိလေသည်။

"အဲဒီ ဆံပင်ဖြူဖြူအဘိုးကြီးက ဒိန်းမတ်နိုင်ငံ သံတော်ကြီးလေ မြို့စားကတော်ကြီးရဲ့"ဘေးတွင် အမျိုးသမီးများ ဝိုင်းရံလျက် တစ်စုံတစ်ရာကို ရယ်မောပြောဆိုနေသော ငွေရောင်ဆံပင်များနှင့် အသက်ကြီးကြီးလူ တစ်ယောက်ကို ညွှန်ပြ၍ ပီရွန်စကားယားက ပြောလိုက်သည်။

"ဟောဟော အဲဒါက မြို့စားလေးပီယာရဲ့ ကြင်ယာတော် မြို့စားကတော် ဟယ်လင် မင်းသမီးကလေးလေ။ ရွှေမြို့တော်မှာတော့ အလှဘုရင်ထိပ်ခေါင်တင် တစ်ပါးပေပေါ့" ပီရွန်စကားယားက ပွဲတက်ခန်းဆောင်ထဲသို့ ဝင်ရောက်လာသည့် ဟယ်လင်မင်းသမီးကလေးကို ညွှန်၍ ပြောလိုက်သည်။ "ကြည့်စမ်း၊ ဘယ်လောက် ချစ်စရာကောင်းသလဲနော်။ မြောက်နန်းမတော် အန်တိုနီဗနာနဲ့ တော်တော် ရုပ်ချင်းဆင်တယ်၊ ကြည့်ပါဦး မြို့စားကတော်ကြီးရယ်။ လူကြီးတွေကရော၊ လူငယ်တွေကရော သူ့ကို အရေးတယူလုပ်လိုက်ကြတာ။ လှလဲ လှပါပေတယ်။ လှသလောက်လဲ လိမ္မာပါးနပ်ပါပေတယ်။ မင်းသား–– ကဖြင့် မင်းသမီးလေးကို အရူးအမူးဆိုပဲ မြို့စားကတော်ကြီးရဲ့၊ အလို ကြည့်စမ်းပါဦး။ ဟိုဝင်လာတဲ့ ကတော်နဲ့



www.burmeseclassic.com

သမီးဟာ ရုပ်ဒီလောက် မလှပေမယ့် ဝိုင်းဝိုင်းလည်လို့ မြို့စားကတော်ကြီးရေ့ သိလား"

ပီရှန်စကားယားက များစွာရိုးလှသော အဆင်အပြင်ရှိသည့် သမီးတစ်ယောက်နှင့်အတူ ဝင်လာသော ကတော်ကြီးတစ်ဦးကို ညွှန်ပြပြန်သည်။

"ဒီသမီးကို ရတဲ့လူတော့ ကံကောင်းပေတာပဲ။ ဥစ္စာပစ္စည်းလဲ ကုဋေကုဋာ ချမ်းသာလိုက်သေး"ဟု မုန်နန်းအပျိုတော်ကြီးက ပြောကာ "ဟော၊ ဟော ခု ဝင်လာတာတွေက စောစောက သူကြွယ်သမီးကို လိုချင် လွန်းလို့ ဝိုင်းဝိုင်းလည်နေတဲ့ လူတွေပေါ့"

"ခု ဝင်လာတဲ့လူက မြို့စားကတော် ဟယ်လင်မင်းသမီးလေးရဲ့ မောင်တော် မင်းသားကလေး အနာတိုလီကူရာဂင်" ပီရှန်စကားယားက မင်းမိန်းမပရိသတ်၏ ခေါင်းပေါ်မှကျော်ကာ တစ်စုံတစ်ခုကို ရှာဖွေသည့်ဟန်ဖြင့် ခေါင်းကိုမော့လျက် ဝင်လာသည့် ချောမောခန့်ညားသော မြင်းတပ်ကိုယ်ရံတော် ဗိုလ်တစ်ဦးကို ညွှန်ပြလိုက်သည်။

"လူကတော့ လူချောပဲ မြို့စားကတော်ကြီးရဲ့။ အဲဒါ ခုနက သူကြွယ်သမီးနဲ့ လက်ထပ်ဖို့ လူကြီးချင်းကြောင်းလမ်းထားကြသတဲ့။ သြော်၊ မြို့စားကတော်ကြီးရဲ့ တူတော်မောင် တစ်ဝမ်းကွဲ ဘိုးရစ်စ်ကလဲ အဲဒီသူကြွယ်သမီးဆီကို ဝင်ထွက်သွားလာနေတယ် ဆိုပါကလား။ သူကြွယ် သမီးကလဲ အမွေတွေ သန်းပေါင်းတော်တော်များများ ရမတဲ့။ သြော် အဲဒါလား။ အဲဒါက ပြင်သစ်သံတော်ကြီးလေ မြို့စားကတော်ကြီးရဲ့" ပီရှန်စကားယားက ပြင်သစ်သံတော်ကြီး ကောလိန်ကူးကို ညွှန်ပြ၍ မြို့စားကတော်ကြီး၏အမေးကို ဖြေလိုက်ပြန်သည်။

"ပြင်သစ်သံတော်ကြီး ကြည့်ရတာကတော့ ဘုရင်ငယ်ကလေး တစ်ဆူပမာ တယ်ခန့်ညားပေတာပဲ။ ပြင်သစ်လူမျိုးများဟာ ကြည့်လို့ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံပါပေတယ်၊ မင်းပရိသတ်အလယ်မှာ ပြင်သစ်လူမျိုးလောက် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ လူမျိုးကို အစ်မတော်ဖြင့် မတွေ့ဖူးသေးပါဘူး၊ ဟော ဟော၊ ပြောရင်းဆိုရင်း မြောက်နန်းမတော် ဖုရား မာယာအန်တိုနီဗနာ ကြွလာပြီ။ ကြွလာတဲ့ ပရိသတ်ထဲမှာဖြင့် အလှဆုံး၊ အတင့်တယ်ဆုံး ဖြစ်ပါတယ်။ ဝတ်စားဆင်ယင်ထားတော်မူပုံကလဲ ရိုးရိုးကလေးပဲ။ ဟော၊ အဲဒီ ခပ်ထွားထွား မျက်မှန်နဲ့လူကတော့ ရွှေမြို့တော် ညီအစ်ကိုတော် ဂိုဏ်းသားကြီးပေါ့" ပီရှန်စကားယားက ပီယာကို ညွှန်ပြ၏။

"သူ့ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးနဲ့များ ယှဉ်တွဲသွားရင် နည်းနည်းလေးမှ ရှေ့သွားနောက်လိုက် မညီဘူး။ တကယ်ဇာတ်ပွဲထဲလူပြက်ပဲ"

ပီယာသည် ၎င်း၏ ခိုင်မာတောင့်တင်းလှသော ခန္ဓာကိုယ်ကြီးကို လှုပ်ယမ်းကာ ပွဲဈေးထဲတွင် လျှောက်လာသကဲ့သို့ ဟန်ဆောင်ခြင်း အလျင်းမရှိဘဲ ဝဲယာရှိ မိတ်ဆွေရောင်းရင်းများအား ခေါင်းညွှတ်နှုတ်ဆက်လျက် မင်းပရိသတ်တွေကြားထဲတိုးဝှေ့လာရင်းက တစ်စုံတစ်ယောက်ကို ရှာဖွေလျက်ရှိလေသည်။

နာတာရှာသည် ပီရှန်စကားယားက 'လူပြက်'ဟု ခေါ်သော ပီယာ၏ မြင်နေကျ မျက်နှာကို ရွှင်လန်းစွာ ကြည့်ရာမှ ပီယာသည် မိမိတို့အား အထူးသဖြင့် မိမိအား ရှာဖွေနေခြင်းဖြစ်ကြောင်း သိလိုက်သည်။ ပီယာသည် ကပွဲသို့ လာမည်ဟုလည်းကောင်း၊ ကပွဲရောက်လျှင် နာတာရှာအား တွဲကာ မည်သူများနှင့် မိတ်ဆက်ပေးမည် ဖြစ်ကြောင်းဖြင့် နာတာရှာတို့ မိသားစုအား ကတိပေးထားပြီး ဖြစ်လေသည်။

သို့ရာတွင် ပီယာမှာ မိမိတို့ထံသို့ အလာ လမ်းတွင် အသားညိုညို၊ အလုံးအဖန်သင့်သင့်၊ ဝတ်စုံအဖြူ ဝတ်ထားသည့် အလွန်ရိုးသား၍ ယောကျ်ားပီသသူ လူငယ်တစ်ဦးနှင့်ရပ်ကာ စကားပြောနေပြန်သည်။ ထိုလူရွယ်မှာ ရွှေကြယ်ပွင့်တံဆိပ်တော်များ၊ ရွှေစလွယ်များ ဆင်ယင်ထားသည့် အရပ်မြင့်မြင့် ပုဂ္ဂိုလ်တစ်ဦးနှင့် ပြတင်းဝ၌ စကားပြောနေခြင်းဖြစ်လေသည်။ နာတာရှာသည် ဝတ်စုံအဖြူ အသားညိုညိုနှင့် လူရွယ်ကို ချက်ချင်း မှတ်မိလိုက်၏။ ထိုလူရွယ်ကား မင်းသားကလေး အင်ဒရေပေတည်း။ မင်းသားကလေး အင်ဒရေမှာ ယခင်ကထက် ပို၍ နုပျိုရွှင်လန်းလျက်ရှိကာ ပို၍ ယောကျ်ားပီသပြီး ခန့်ညားသော အသွင်ကို ဆောင်လျက်ရှိလေသည်။

"မေဖျား နာတာရှာတို့အသိထဲက မင်းသားကလေးအင်ဒရေလဲ လာတယ်ရှင့်။ မေဖျား တွေ့ရဲ့လား။ ဟိုပြတင်းဝနားမှာ ရပ်စကားပြောနေတယ်။ နာတာရှာတို့ အိုထရာနိမှာ နေတုန်းက တစ်ညတောင်လာပြီး တည်းခိုသွားဖူးသေးတယ်လေ" နာတာရှာက မင်းသားကလေး



www.burmeseclassic.com

အင်ဒရေကို ညွှန်ပြလိုက်သည်။

"အို တူမကြီးက သိသကိုး" ပီရွန်စကားယားက ပြောလိုက်၏။ "အရိုးတော်ဖြင့် ဒီမင်းသားကလေးကို နည်းနည်းမှ ကြည့်လို့မရဘူး။ အေးလေ၊ ခုတော့ ရာသီဥတု ကောင်းမကောင်းတောင် သူ့အပေါ်မှာ တည်နေသလောက် ဘုန်းတန်ခိုးကြီးပြီး စားထက်နေချိန်ပ။ သူ့ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီရဲ့သားလို့ မပြောရဘူး။ မာနကြီးလိုက်တာကလဲ လွန်ပါရော။ ပြည်ထဲရေး သက်တော်ရှည်ဝန် စပီရန်စကီနဲ့ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းလေ နိုင်ငံတော် အုပ်ချုပ်မှု အရပ်ရပ်ကိစ္စတွေ ပြောင်းလဲရေးအတွက် စိမ်ကိန်းဆွဲနေကြတယ် ဆိုလားပဲ။ ကြည့်စမ်းပါဦး။ မိန်းမတွေအပေါ် ဆက်ဆံပုံကလဲ ရိုင်းပျလိုက်ပါဘိ။ တော့၊ ဟိုကတော်တစ်ယောက်က နှုတ်ဆက်တာကိုတောင် ပြန်နှုတ်မဆက်ဘဲ တစ်ဖက်လှည့်သွားတယ်၊ အရိုးတော်ကိုများ ဒီလို ဆက်ဆံလို့ကတော့ ဘာရမလဲ ဟင်း" ပီရွန်စကားယားသည် မင်းသားကလေး အင်ဒရေကို ညွှန်ပြ၍ တတွတ်တွတ် ပြောလျက်ရှိသေည်။

## အခန်း ၁၆

ထိုအခိုက် မင်းပရိသတ်အားလုံးမှာလှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ ရှေ့သို့ ပြုံဆင်းသွားပြီးမှ တစ်ဖန် နောက်သို့ ပြန်၍ ဆုတ်လာကြပြန်ပြီးနောက် အလယ်တွင် မင်းလမ်း ချန်၍ ဘေးတစ်ဖက်တစ်ချက်တွင် တန်းစီ၍ ရပ်နေကြသည်။ တော်ဝင်နန်းသုံးပိုင်းတော်မှ တေးသံပေါ်ထွက်လာ၏။ ဘုန်းတော်ကြီးမြတ်သော ဘုရင်မင်းမြတ်သည် မင်းလမ်းမအတိုင်း ကြွလာတော်မူလေသည်။ အိမ်ရှင်မှုးမတ်ကြီးနှင့် မှုးမတ်ကတော်ကြီးတို့လည်း နောက်ပါးမှ လိုက်ပါလာကြ၏။ ဘုန်းတော်ကြီးသော ဘုရားသည် တော်ဝင်ညှိခံပွဲသဘင်ကြီး၏ မင်္ဂလာဦးအချိန် မြန်မြန်ပြီးဆုံးစေလိုသကဲ့သို့ ခပ်သွက်သွက်လှမ်းကြွတော်မူလာရင်းမှ ဝဲယာရှိ မင်းပရိသတ်များအား ခေါင်းညွတ်၍ နှုတ်ဆက်တော်မူသည်။ တော်ဝင်နန်းသုံးပိုင်းတော်မှလည်း မင်္ဂလာအချိန်အတွက် စာသားများ အထူးတလည် သီကုံးနှန်းဖွဲ့ထားသည့် ပိုလိုနေဆီတေးသီချင်းခံကြီးကို မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်လျက် ရှိလေသည်။ ဘုရင်မင်းမြတ်သည် မင်းလမ်းတစ်လျှောက်မှ အထူးသီးသန့် ပြင်ဆင်ထားသော ညှိခံဆောင်ထဲသို့ ကြွသွားတော်မူလေရာ နောက်မှ မင်းပရိသတ်များလည်း တံခါးဝသို့ စုပြုံလိုက်ပါသွားကြလေသည်။ ခဏအကြာ၌ မင်းပရိသတ်များသည် ညှိခံဆောင်တံခါးဝတွင် ရှဲသွားကာ ဘုရင်မင်းမြတ်သည် အိမ်ရှင်မှုးမတ်ကတော်ကြီးနှင့် အာလာပ သလ္လာပပြောဆိုလျက် ပြန်လည်ထွက်ပေါ်တော်မူလာလေသည်။ မျက်နှာထား တင်းလျက်ရှိသော မင်းလုလင်တစ်ယောက်သည် တံခါးနားတွင် စုပြုံနေသော မင်းမိန်းမများအား ဘေးသို့ ရှောင်ရန် ပြောကြားလျက် ရှိသည်။ အချို့ မင်းမိန်းမတို့ကား စောင့်စည်းအပ်သော ဣန္ဒြေသိက္ခာကို မေ့လျော့နေသည့် မျက်နှာထားများဖြင့် ရှေ့သို့ အတင်းတိုးလျက် ရှိကြလေရာ အဝတ်အစားများပင် တွန့်ကြေကုန်တော့သည်။ မင်းပရိသတ်များကား တွဲကမည့်သူများကို ရှာဖွေလျက် ပိုလိုနေဆီတေးသီချင်းခံကြီးအတိုင်း ကကွက်ကို စောင့်ဆိုင်းလျက်ရှိကြလေသည်။

ညှိခံဆောင် တံခါးဝ၌ လူရှဲသွားသည့်အခါတွင် ဘုန်းတော်ကြီးသော ဘုရားသည် အိမ်ရှင်မှုးမတ်ကတော်ကြီးကို လက်တွဲ၍ ညှိခံဆောင်မှ ထွက်တော်မူလာလေသည်။ သို့ရာတွင် ခြေလှမ်းကား နရီစည်းချက်မကိုက်ချေ။ နောက်၌ အိမ်ရှင်မှုးမတ်ကြီးက မြောက်နန်းမတော်ဖုရား မာယာအန်တိုနီဗနာကို လက်တွဲ၍ လိုက်ပါလာသည်။ ထိုနောက် နောက်မှ သံတော်ကြီးများ၊ ဝန်ကြီးများ၊ တပ်အသီးသီးမှ ဗိုလ်ချုပ်ကြီးများ စသည်တို့လိုက်ပါလာလေရာ မှန်နန်းအပျိုတော်ကြီး ပီရွန်စကားယားက မည်သူမည်ဝါစသည်ဖြင့် မြို့စားကတော်ကြီးအား ညွှန်ပြလျက်ရှိလေသည်။ မင်းမိန်းမ ပရိသတ် တစ်ဝက်ခန့်ကား မိမိတို့ အတွဲများနှင့် အဆင်သင့်ဖြစ်ကာ ပိုလိုနေဆီသီချင်းခံကြီးမှ ကကွက်အတိုင်းကရန် ပြင်ဆင်လျက်ရှိကြ၏။ တွဲကရန် ဖိတ်ခေါ်ခြင်း မခံရသည့် မင်းမိန်းမ ပရိသတ် လူနည်းစုကား နံရံအနီးတွင် ကပ်လျက်ရှိလေသည်။ ထိုအထဲ၌ နာတာရှာတို့ အသိုက်လည်း ပါဝင်ရာ မိမိနှင့်တကွ မိခင်မြို့ကစားကတော်ကြီးနှင့် ဆွန်ယာတို့မှာ ကရန် ဖိတ်ခေါ်သူမရှိဘဲ ထိုအထဲတွင် ကျန်ရစ်ခဲ့တော့မည်လောဟု တွေးရင်း နာတာရှာသည် အားငယ်လျက်ရှိလေသည်။ နာတာရှာသည် သေးသွယ်ပျော့ပျောင်းသော



www.burmeseclassic.com

လက်မောင်းများကို အောက်သို့ လွှတ်ချထားရင်း ရပ်လျက်ရှိ၏။ ကောင်းစွာ ပွံ့ဖြိုးခြင်း မရှိသေးသည့် ရင်အစုံမှာလည်း နရီစည်းချက်မှန်မှန်ဖြင့် နိမ့်မြင့်လှုပ်ရှားလျက်ရှိ၏။ နာတာရှာသည် အသက်ကို အနိုင်နိုင်ရှုရမှ တောက်ပစိုးရိမ်ထိတ်လန့်လျက်ရှိသော မျက်လုံးများဖြင့် တူရူသို့ စူးစိုက်ကြည့်နေလေရာ ၎င်း၏အမူအရာမှာ မိမိအား ဖိတ်ခေါ်ခြင်း ခံရပါက ဤညအဖို့ မိမိလောက် ပျော်ရွှင်မည့်သူ မရှိဟူသောသဘောမျိုးဖြင့် ကြည်နူးခြင်း ဖြစ်ရန်အတွက်သော်လည်းကောင်း၊ ဖိတ်ခေါ်ခြင်း မခံရပါက မိမိလောက် ဝမ်းနည်းစရာကောင်းသူ ရှိတော့မည် မဟုတ်ဟူသော သဘောမျိုးဖြင့် ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရန်အတွက်သော်လည်းကောင်း အဆင်သင့်ပြင်ထားသကဲ့သို့ပင် ရှိတော့သည်။ နာတာရှာမှာ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ကိုလည်း အရေးမထား၊ မှန်နန်းအပျိုတော်ကြီး ပြောပြနေသော ဝန်ကြီး၊ ဝန်ကလေး၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ ကတော်၊ မယား စသည်တို့ကိုလည်း ဂရုမပြုနိုင်ဘဲ တွဲကရန်ကိုသာ စိတ်စောလျက် ရှိလေသည်။ 'နာတာရှာ့ကို တွဲကဖို့ ဖိတ်ခေါ်မယ့်လူမှ ရှိပါဦးမလား၊ နာတာရှာတော့ တော်ဝင်ကပွဲသဘင်ကြီးမှာ ကရတော့မှာ မဟုတ်ဘူး ထင်ပါရဲ့၊ ဒီယောကျ်ားပရိသတ်တွေဟာ နာတာရှာကိုများ သတိမထားမိကြတော့ဘူးတဲ့လား။ နာတာရှာကို မမြင်မိကြတော့ဘူးလား။ မြင်တဲ့လူများကျတော့လဲ လာပြီး ဖိတ်ခေါ်ခြင်းမပြု။ စိတ်ရှုပ်လိုက်ပါဘိတော့တယ်။ ကြည့်စမ်းပါဦး။ နာတာရှာကို မြင်တော့လဲ သူတို့မျက်နှာကြီးတွေက 'ဒို့က ဒီလိုကလေးမမျိုးနဲ့ မကဘူး' လို့ပြောတဲ့ပုံကြီးတွေ။ ဟင်' နာတာရှာသည် သက်ပြင်းချလိုက်မိသည်။'နာတာရှာ စိတ်ထဲမှာ ဘယ်လောက်များ တွဲကချင်နေသလဲဆိုတာ သူတို့ မသိဘူး၊ နာတာရှာ ကတတ်ပါတယ် အစ်ကိုတို့ရဲ့။ နာတာရှာက ဒီအကမျိုးတွေကို ကောင်းကောင်းကတတ်ပါတယ်။ ကတတ်လွန်းလို့ နာတာရှာနဲ့ ကရရင် အစ်ကိုတို့တောင် အံ့သြသွားလိမ့်ဦးမယ်' နာတာရှာသည် ဤသို့တွေးလျက် ရှိလေသည်။

အချိန်အတန်ကြာကပင် စတင်တီးမှုတ်နေပြီဖြစ်သောမင်္ဂလာရှိသည့် ပိုလိုနေဆီ သီချင်းခံ့ကြီးမှ တေးသွားများသည်ရတ်တရက်ချက်ချင်း နာတာရှာ့စိတ်၌ မျောက်မင်းအူသံ တီးလုံးကဲ့သို့ ထင်မှတ်လိုက်မိ၏။ နာတာရှာသည် ရှိုက်ကြီးတငင် ငိုချလိုက်ချင်သည်။ ပီရွန်စကားယားမှာ မိမိတို့အပါးမှ ထွက်ခွာသွားလေပြီ။ ဖခင်မြို့စားကြီး ရှေ့စတော့ဗ်မှာ ခန်းမဆောင် တစ်ဖက်အစွန်သို့ ရောက်နေ၏။ မိခင် မြို့စားကတော်ကြီး၊ ဆွန်ယာနှင့် နာတာရှာတို့၏ အေးပတ်ပတ်လည်တွင် အသိမိတ်ဆွေ ဟူ၍ မရှိတော့ဘဲ သူစိမ်းတစ်ရံဆံများသာ ရှိကြတော့လျက် ထိုသူစိမ်းတစ်စုရံဆံများကလည်း ၎င်းတို့အား စိတ်ဝင်စားဟန်၊ အရေးလုပ်ဟန်မပြကြသဖြင့် ၎င်းတို့အဖို့ လူသူမနီးသည့် တောအုပ်ကြီးတစ်ခု၏ အလယ်တွင် ရောက်နေသကဲ့သို့ အထီးတည်းဖြစ်လျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် မိန်းမပျိုတစ်ဦးနှင့်တွဲ၍ ၎င်းတို့အနီးမှ ဖြတ်လျှောက်သွားသည်။ ၎င်းတို့ကိုကား မှတ်မိပုံမရချေ။ ချောမွေ့ခန့်ညားသော မင်းသားကလေး အနာတိုလီသည် ၎င်း၏လက်မောင်းတွင် မခို့တရိုတွဲ၍ လိုက်ပါလာသော မိန်းမပျိုတစ်ဦးအား ပြုံးရယ်၍ စကားပြောလာရာမှ နာတာရှာကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ၎င်း၏ ကြည့်ပုံမှာ နံရံတစ်ခုကို လှမ်းကြည့်သကဲ့သို့ ဘာမျှထူးခြားဟန်မပြချေ။ ဘိုးရစ်စ်သည် ၎င်းတို့အနားမှ နှစ်ကြိမ်မျှ ဖြတ်လျှောက်သွားသော်လည်း အနားသို့ရောက်တိုင်း တစ်ဖက်သို့ မျက်နှာလွှဲ၍ သွား၏။ ထိုအတောအတွင်း ဘာဂ်တို့ဇနီးမောင်နှံ အနားသို့ ရောက်လာလေသည်။

နာတာရှာသည် မင်းပွဲကြီးအလယ်တွင် အိမ်သားတွေချည်း လာဆုံနေရခြင်းကို စိတ်ပျက်သွားသည်။ မိသားစုတွေ့ဆုံဆွေးနွေးစကားပြောရန်မှာ ဤတော်ဝင်ကပွဲကြီး အပြင်အခြားနေရာမရှိတော့သကဲ့သို့ ထီးဆံနန်းဆံ မဟာဆံလှသော ထိုကပွဲကြီးမှ မိသားစုတွေချည်း လာဆုံနေရသည်ဟု တွေးမိ၍လည်း ရှက်သလိုလိုဖြစ်နေမိလေသည်။ နာတာရှာသည် အစ်မဖြစ်သူ ဗီရာကိုလည်း မကြည့်၊ မိမိ၏အစိမ်းရောင်ဝတ်စုံအကြောင်းကို ပြောပြလျက်ရှိသော ဗီရာ၏စကားများကိုလည်း နားမထောင်မိချေ။

နောက်ဆုံးတွင် ဘုရင်မင်းမြတ်သည် နောက်ဆုံးကမည့်သူ၏အနီးတွင် ရပ်လျက်ရှိလေသည်။ (ထိုအချိန်၌ ဘုရင်မင်းမြတ်မှာ သုံးယောက်နှင့်တွဲ၍ ကတော်မူပြီးပေပြီ။) ဝိုင်းတော်မှ တေးသံလည်း ရပ်သွားလေသည်။ များစွာ စိတ်ရှုပ်နေဟန်ရှိသည့် ကိုယ်ရံတော်တစ်ဦးသည် နာတာရှာ

တို့ မိသားစုအနားသို့ ရောက်လာကာ နောက်သို့ဆုတ်ရန် လာရောက်ပြောကြားပြန်သည်။ နောက်၌ကား ဆုတ်စရာ မရှိတော့ဘဲ နံရံသာ ကျန်တော့သည်။ ထိုစဉ် ဝိုင်းတော်မှ သာယာနာပျော်ဖွယ်သော ဗောလ်ခေါပြင်သစ်တေးသွားကြီး (အင်္ဂလိပ်ဝေါ့ဇ်)ကို တီးမှုတ်သံသည် ငြိမ့်ညောင်းစွာ ထွက်လာပြန်သည်။ ဘုန်းတော်ကြီးသော ဘုရားသည် ပြုံးရွှင်စွာဖြင့် ပွဲတော်ခန်းမဆောင်ကို လှမ်းကြည့်တော်မူ၏။ တစ်မိနစ်ခန့် ကြာသွားပြီ ဖြစ်သော်လည်း မည်သည့်အတွဲမျှ ဝင်ရောက်ကပြခြင်း မပြုကြသေးချေ။ တော်ဝင်ကပွဲသဘင်၏ အခမ်းအနားမှူးဖြစ်သော ကိုယ်ရံတော်ဗိုလ်တစ်ဦးသည် မြို့စားကတော် ဟယ်လင်မင်းသမီးကလေးထံ လျှောက်သွားကာ တွဲကရန် ဖိတ်ခေါ်ခြင်း ပြုလေသည်။ မြို့စားကတော် ဟယ်လင်မင်းသမီးကလေးသည် ကိုယ်ရံတော်ဗိုလ်ကို ကြည့်ခြင်းမပြုဘဲ ပြုံးလျက် လက်တစ်ဖက်ကို ကိုယ်ရံတော်ဗိုလ်၏ ပခုံးပေါ်သို့ တင်လိုက်သည်။ အကတွင်ကျွမ်းကျင်သော ကိုယ်ရံတော်ဗိုလ်သည် ဟယ်လင်မင်းသမီးကလေး၏ ခါးကို မြဲမြံစွာဖက်၍ မိမိကိုယ်ကို မိမိယုံကြည်စိတ်ချခြင်းဖြင့် အခန်းထောင့်အရောက် ညက်ညောသိမ်မွေ့စွာ တွဲကသွားပြီးနောက် ဟယ်လင်မင်းသမီးကလေး၏ လက်ဝဲဘက် လက်ကိုဆွဲလျက် လှည့်ယူလိုက်သည်။ ထိုအချိန်တွင် တေးသီချင်းသံမှအပ ကြားရသည့်အသံမှာ ကိုယ်ရံတော်ဗိုလ်၏ သွက်လက်စွာ လှုပ်ရှားနေသော ခြေထောက်တွင် စီးထားသည့် ဖိနပ်သံဆူးမှ နရီမှန်မှန် မြည်နေသော ချူသံများသာဖြစ်လျက် နရီသုံးချက် ဆုံတိုင်းဆုံတိုင်း ကိုယ်ကို လှည့်၍ကနေသော ဟယ်လင်မင်းသမီးလေး၏ ပိုးကတ္တီပါပွဲတက်ဝတ်စုံမှာလည်း လက်ခနဲလက်ခနဲ ဝဲလျက် ရှိလေသည်။

မြင်းတပ်ဗိုလ်မှူးကြီး၏ အဖြူရောင်ဝတ်စုံ၊ ခြေစွပ်ရှည်နှင့် ပွဲတက်ဖိနပ်များကို ဝတ်ဆင်ထားသည့် မင်းသားကလေးအင်ဒရေသည် နာတာရှာတို့ မိသားစုနှင့် မလှမ်းမကမ်းရှိ ရှေ့ဆုံးတန်း တစ်နေရာမှနေ၍ စိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိ၏။ အမတ်ကြီး ဖားဟော့ဖ်သည် နောက်တစ်နေ့တွင် ကျင်းပမည်ဖြစ်သော ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံဝန်ကြီးများအဖွဲ့ အစည်းအဝေးအကြောင်းကို မင်းသားကလေး အင်ဒရေအား ပြောဆိုလျက်ရှိလေသည်။ သက်တော်ရှည်ဝန် စပီရန်စကီနှင့် ရင်းနှီးလျက် တရားဥပဒေအရပ်ရပ် ပြဋ္ဌာန်းစီရင်ရေး ကော်မတီတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် မင်းသားကလေး အင်ဒရေမှာ ကောလာဟလ အမျိုးမျိုးဖြစ်နေသော ထိုအစည်းအဝေး၏ အကြောင်းကို ခိုင်လုံစွာ ပြောပြနိုင်သူဖြစ်၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေမှာ အမတ်ကြီး ပြောနေသော စကားများကို နားမထောင်မိဘဲ ဘုန်းတော်ကြီးသော ဘုရားကို လည်းကောင်း၊ ကရန်အဆင်သင့်ဖြစ်လျက် ကပွဲစည်းဝိုင်းထဲသို့ဝင်ရန် မရွဲ့မရဲဖြစ်လျက်ရှိသော မင်းပရိသတ်များကိုလည်းကောင်း ငေးမောကြည့်ရှုလျက် ရှိလေသည်။

ဤသို့ဖြင့် မင်းသားကလေး အင်ဒရေသည် ဘုန်းတော်ကြီးသောဘုရား၏ ရှေ့တော်မှောက်တွင် ကရန်မဝံ့ဘဲ ဖြစ်နေသော မင်းယောကျ်ားများနှင့် အသက်ပင်မှန်မှန် ရှူနိုင်ခြင်းမရှိဘဲ ကရန် ဖိတ်ခေါ်ခြင်းကို စောင့်ကြိုလျက် ရှိသည့် မင်းမိန်းမတို့ကိုသာလျှင် ကြည့်ရှုနေမိလေသည်။

ပီယာသည် သူ့အနားသို့ရောက်လာကာ လက်မောင်းကို ဆွဲယူလိုက်သည်။

"ဘယ့်နှယ် ရောင်းရင်း၊ ခါတိုင်း က ရက်သားနဲ့ ဒီတစ်ပွဲမှာ ငြိမ်ချက်သားကောင်းလှချေကလား၊ ကျွန်တော့် ညီမငယ်တစ်ဦး ရှိတယ်ဗျ၊ မြို့စားကြီး ရော့စတော့ဗ်ရဲ့ သမီး အထွေးဆုံးလေးလေ၊ လာဗျာ၊ သူနဲ့ တွဲကစမ်းပါ"

"ဘယ်မှာလဲဗျ" မင်းသားကလေး အင်ဒရေက မေးလိုက်၏။ "ခွင့်ပြုတော်မူပါခင်ဗျာ။ ဒီကိစ္စကို ကျွန်တော်တို့ နောက်အေးအေးဆေးဆေး ပြောကြတာပေါ့။ ပွဲတက်ဆောင်ထဲရောက်ရင်တော့ကဖို့ ဝတ္တရားရှိသေးတယ် ခင်ဗျ" မင်းသားကလေး အင်ဒရေသည် အမတ်ကြီးကို လှည့်၍ ပြောကာ ပီယာ ညွှန်ပြသည့်ဘက်သို့ လျှောက်လာခဲ့သည်။ မင်းသားကလေး အင်ဒရေသည် စိတ်ပျက် ညှိုးငယ်လျက်ရှိသော နာတာရှာ၏ မျက်နှာကလေးကို ချက်ချင်း မှတ်မိလိုက်၏။ နာတာရှာ၏ စိတ်၌ ဖြစ်ပေါ်နေသော ခံစားချက်များကိုလည်း အကဲခတ်လိုက်မိ၏။ ဤပွဲသည် နာတာရှာ့အဖို့ ပထမဦးဆုံး ကပွဲဖြစ်ကြောင်းကိုလည်း သတိပြုလိုက်မိ၏။ တစ်ပြိုင်တည်းမှာပင် ပြတင်းဝတွင် ပြောဆိုခဲ့သော နာတာရှာ၏ စကားများကိုလည်း ကြားယောင်လာလေသည်။ မင်းသားကလေး အင်ဒရေသည် ရွှင်လန်းသောမျက်နှာဖြင့် နာတာရှာ့အပါးသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com


လာခဲ့သည်။

"သမီးထွေးကို တူတော်မောင်နဲ့ မိတ်ဆက်ပေးခွင့်ပြုပါနော်"မြို့စားကတော်ကြီးက ပြောလိုက်သည်။ ၎င်း၏မျက်နှာမှာ နီရဲလျက်ရှိ၏။

"အကြီးတော်တို့ကို သိကျွမ်းပြီးသား ဖြစ်တဲ့အတွက် ဝမ်းသာလှပါတယ်ခင်ဗျာ။ အကြီးတော်ကျွန်တော့်ကို မှတ်မိပါသေးရဲ့လား ခင်ဗျာ" မင်းသားကလေး အင်ဒရေကား ပီရွန်စကားယား ပြောထားသကဲ့သို့ မဟုတ်ဘဲ ယဉ်ကျေးသိမ်မွေ့စွာ ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ထို့နောက် နာတာရှာ၏အပါးသို့ ကပ်လာကာ ဖိတ်ခေါ်ခြင်းမပြုမီ နာတာရှာ၏ သေးသွယ်သောခါးကျင်ကျင် ကလေးကို လှမ်းဖက်ရန် ပထမဟန်ပြင်လိုက်ပြီးမှ ဝေါ့ဇ် တစ်ပုဒ်ကရန် ဖိတ်ခေါ်ခြင်း ပြုလေသည်။ စိတ်ပျက်အား ငယ်ခြင်းဖြစ်ရန်သော်လည်းကောင်း၊ ပီတိဖြစ်ရန်သော် လည်းကောင်း အဆင်သင့်ဖြစ်လျက်ရှိသောနာတာရှာ၏ ခပ်မှုန်မှုန်မျက်နှာကလေးသည် ရွှင်လန်းကျေးဇူးတင်သော ကလေးငယ်၏အပြစ်ကင်းသည့် အပြုံးကလေးဖြင့် တစ်မုဟုတ်ချင်း ဝင်းထိန်တောက်ပလာ၏။

နာတာရှာသည် ၎င်း၏သွယ်ပျောင်းသော လက်ကလေးကို မင်းသားကလေး အင်ဒရေ၏ ပခုံးဆီသို့ လှမ်းတင်လိုက်သည်။ ထိုအခါ၌လည်း ထွက်လုထွက်ချင်ဖြစ်နေသော မျက်ရည်များနေရာတွင် ဝင်ရောက်လာသည့် ထိုအပြုံးကလေးကြောင့် ကြောက်လန့်စိတ်၊ ပျော်ရွှင်စိတ်တို့ ရောထွေးလျက်ရှိသည့် နာတာရှာ၏အမူအရာမှာ 'နာတာရှာလဲ အစ်ကို့ကို စောင့်နေတာ ကြာပါပြီ'ဟု ပြောနေသကဲ့သို့ ထင်မှတ်ရ၏။ ၎င်းတို့အတွဲမှာ ကပွဲစည်းဝိုင်းထဲသို့ ဒုတိယရောက်လာသော အတွဲဖြစ်လေသည်။ မင်းသားကလေးအင်ဒရေမှာ လူပျိုဘဝက အကကောင်းသူဖြစ်၍ နာတာရှာကလည်း လှပညက်ညောစွာ ကတတ်သူဖြစ်၏။ ဖဲပန်းဖောက် ပွဲတက်ခြေနင်းစီးထားသည့် နာတာရှာ၏ သေးငယ်လှပသော ခြေထောက်များသည် စေခိုင်းခြင်း မပြုရဘဲ သွက်လက်စွာ ရွေ့လျားလျက်ရှိကြကာ မျက်နှာကလေးမှာလည်း ပီတိဟုန်ကြောင့် ကြည်လင် ဝင်းထိန်လျက်ရှိ၏။ နာတာရှာ၏ ဟာလာဟင်းလင်းဖြစ်လျက်ရှိသော သေးသွယ်ပျော့ပျောင်းသည့် လက်တံများနှင့် လည်တိုင်မှာ အထူးလှပသည်ဟု မဆိုနိုင်ချေ။ ဟယ်လင်မင်းသမီးကလေး၏ အိစက်ပြည့်ဖြိုးသောပခုံးများနှင့် နှိုင်းယှဉ်သော် နာတာရှာ၏ ပခုံးများသည် အနည်းငယ်ကြုံလှီ၍ ရင်အစုံမှာလည်း ကောင်းစွာဖွံ့ဖြိုးခြင်း မရှိသေးချေ။ သို့ရာတွင် ဟယ်လင်မင်းသမီးကလေး၏ ချောပုံချောနည်းမှာ ၎င်း၏ ခန္ဓာကိုယ်ပေါ်၌ ထောင်ပေါင်းများစွာသော မျက်လုံးများအကြိမ်ပေါင်းများစွာ ခြေဆုံးခေါင်းဆုံးဖြတ်သန်းခဲ့ခြင်းကြောင့် ရွှေဘော်ထိုးပြီးသားဖြစ်နေသကဲ့သို့ရှိသော ချောပုံချောနည်းမျိုးဖြစ်၍ နာတာရှာ၏အလှမှာကား ဤသို့ ထောင်ပေါင်းများစွာသော မျက်လုံးများဖြင့် ရွှေဘော်ထိုးခံရခြင်းသည် မိန်းမတို့၏ မရှိမဖြစ်သောဂုဏ်ဒြပ်တစ်ခုဖြစ်သည်ဟု မသိသေးသမျှ အလွန်အမင်းရှက်ရွံ့ကြောက်လန့်နေမည်ဖြစ်သော ပထမဆုံးအကြိမ် မျက်စိစားပွဲပေါ်သို့ အထုတ်ခံရသည့် စိမ်းဆတ်ဆတ် ရှက်ရွံ့ရွံ့ အပျိုမကလေးတစ်ယောက်၏ ချောပုံချောနည်းဖြစ်လေသည်။

မင်းသားကလေး အင်ဒရေသည် ကရခြင်းကိုနှစ်သက်ရုံမျှမက မိမိအား မေးမြန်းပြောဆိုလေ့ရှိကြသောတိုင်းရေးပြည်ရေးစကားများ၊ လောကဝတ်စကားများမှ အမြန်နိုင်ဆုံး မြန်နိုင်သမျှ ထွက်ပြေးလိုသည့်ပြင် ဘုန်းတော်ကြီးသောဘုရား၏ ရှေ့တော်မှောက်ဖြစ်၍ ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေရသောအဖြစ်ကိုလည်း စက်ဆုပ်လှပြီဖြစ်သည့်အတိုင်း ဝင်ရောက်၍ကခြင်းဖြစ်၏။ ဤသို့ ကရာ၌လည်း ပီယာက ညွှန်ပြသည့်အတွက်ကြောင့်တစ်ကြောင်း၊ နာတာရှာမှာ ပထမဆုံး ၎င်း၏မျက်စိထဲသို့ ရောက်လာသည့်အချောဆုံး မိန်းကလေးဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ နာတာရှာကို အမှတ်မထင် ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင် သေးသွယ် နူးညံ့ပျော့ပျောင်းလှသည့် နာတာရှာ၏ ကိုယ်ကလေးကို ပွေ့ဖက်လိုက်ရလျက် မိမိအနီးတွင် ပြုံးရွှင်ကခုန်လှုပ်ရှားနေသောနာတာရှာကို မြင်လိုက်ရပြီးနောက်၌ကား နာတာရှာ၏ စွဲလမ်းနှစ်သက်ဖွယ်ကောင်းခြင်းဟူသော အရက်သည် ၎င်း၏ သွေးကြောများမှတစ်ဆင့် ခေါင်းထဲသို့ ဝင်ရောက်လာခဲ့လေပြီ။ ကပြီးသည့်အခါ၌ကား မင်းသားကလေးအင်ဒရေမှာ နတ်ရေကန်တွင်း ဆင်းလိုက်ရသကဲ့သို့ ရွှင်လန်းနုပျိုလာရင်းက အသက်ကို ပြင်းစွာရှူရင်း အခြားစုံတွဲများကို ငေးမောကြည့်ရှုလျက် ရှိလေသတည်း။



www.burmeseclassic.com

## အခန်း ၁၇

မင်းသားကလေး အင်ဒရေနှင့်တွဲကပြီးသည့်နောက်၌ ဘိုးရစ်စ်ထွက်လာ၍ တွဲကရန် နာတာရှာကို ဖိတ်ခေါ်ခြင်း ပြုလေသည်။ ထို့နောက် တော်ဝင် ကပွဲသဘင်ကို ဖွင့်လှစ်သည့် ကိုယ်ရံတော် ဗိုလ်ကလည်း တွဲကခွင့် ပြုပါရန် ခွင့်တောင်းပြန်သည်။ ထို့နောက် အခြားလူရွယ်အများ အပြားကလည်း တွဲကခွင့်ပြုရန် အသီးသီး ခွင့်တောင်းကြလေရာ နာတာရှာမှာ မျက်နှာကလေး နီမြန်းကာ ရွှင်မြူးလျက်ရှိရာက လက်မလည်နိုင်အောင် ဖြစ်နေသည့်အတွက် နောက်ကျ၍ ရောက်လာသော ခွင့်တောင်းသူများအား ဆွန်ယာနှင့် တွဲကစေကာ မိမိမှာမူ တစ်ညလုံး နားရသည် မရှိဘဲ ဆက်တိုက်ကလျက် ရှိလေသည်။ အခြားသူများ မည်သူနှင့်တွဲက၍ မည်သည့်အကြောင်းအရာများ ပြောဆိုနေကြသည်ကိုပင် နာတာရှာသည် မြင်လည်းမမြင်၊ သတိလည်း မထားမိတော့ချေ။ ထိုကပွဲသဘင်၌ ဘုန်းတော်ကြီးသော ဘုရားသည် ပြင်သစ်သံတော်ကြီးနှင့် အာလာပ သလ္လာပစကား အတန်ကြာမျှပြောဆိုတော်မူသည်ကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးအား အထူးအလေးပေး ဆက်ဆံတော်မူသည်ကိုလည်းကောင်း၊ မင်းသားကြီးများ အချင်းချင်း ထိုအရေး ဤအရေးများ ဆွေးနွေးကြသည်ကို လည်းကောင်း၊ မြို့စားကတော် ဟယ်လင်မင်းသမီးကလေးအား ထိုထို ဤဤသော ပုဂ္ဂိုလ်ကြီးများက အထူးအရေးပေး ဆက်ဆံသည်ကို လည်းကောင်း နာတာရှာ သတိပြုမိခြင်း မရှိရုံမျှမက ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ကိုပင် မမြင်မိရှိကာ အကထဲ၌သာ နစ်မြုပ်လျက်ရှိရာ ကပွဲသဘင် ပိုမိုရွှင်မြူးလာတော့မှ ဧွေနန်းတော်သို့ ဘုရင်မင်းမြတ် ပြန်လည် ကြွမြန်းသွားတော်မူခြင်းကို နာတာရှာ သတိပြုမိလေတော့သည်။ ညလယ်စာ မစားမီတွင် ကိုတီလီယွန်ခေါ် ပြင်သစ်အကတစ်မျိုးကို တစ်ချီကကြပြန်သည်၌ ထိုအချီတွင်လည်း မင်းသားကလေး အင်ဒရေနှင့် နာတာရှာတို့မှာ တွဲမိကြပြန်သည်။ ဤတစ်ချီ၌မူ မင်းသားကလေးအင်ဒရေက အိုထရာနီစ်အိမ် ရိပ်သာလမ်းပေါ်တွင် နာတာရှာအား ပထမဆုံးအကြိမ် မြင်ဖူးပုံ၊ လရောင် ရွှန်းမြသော ထိုည၌ နာတာရှာ အိပ်မပျော်နိုင်ဘဲဖြစ်နေပုံ၊ နာတာရှာပြောသည့် စကားကို ပြတင်းဝမှ ကြားရပုံတို့ကို ပြန်၍ ပြောပြလေသည်။ နာတာရှာမှာ ဤသို့ပြောပြလိုက်သည်၌ မျက်နှာကလေးနီမြန်းကာ ရှက်သွားရာမှ မင်းသားကလေးအင်ဒရေ ကြားသည့် စကားများထဲတွင် တစ်စုံတစ်ရာ ရှက်စရာကောင်းသည့် စကားလုံးများ ပါသကဲ့သို့ မိမိကို ခွင့်လွှတ်ပါရန် တောင်းပန်လိုက်မိသည်။

မင်းစိုးရာဇာ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် မွေးဖွားကြီးပြင်း လာခဲ့သူများသည် သမားရိုးကျ မင်းစိုးရာဇာ အထက်တန်းလွှာ အမျိုးအစား မဟုတ်သူမျိုးကို တွေ့ရန် နှစ်သက်တတ်ကြလေရာ မင်းသားကလေး အင်ဒရေမှာလည်း ထို့အတူပင် ဖြစ်ပေသည်။ နာတာရှာမှာ အံ့ဩလျှင်လည်း ပရိယာယ်မရှိ။ ဝမ်းမြောက်လျှင်လည်း မာယာမနှော။ ရှက်လျှင်လည်း ဖုံးဖိခြင်းမပြုတတ်။ ပြင်သစ်စကားကိုလည်း မပြောတတ် ပြောတတ်ဖြင့် ပြောသည့် ထီးနန်းဟန် မဖက်သည့် အရိုင်းသက်သက်ကလေးမျှသာ ဖြစ်၏။ မင်းသားကလေး အင်ဒရေသည် နာတာရှာ နှင့် တွေ့စဉ်တွင် အထူးကြင်နာယုယစွာ ဆက်ဆံ၍ သူ့အပါးတွင်ထိုင်ရင်း တိုင်းရေးပြည်ရေးစသည့် ပြဿနာကြီးများ မပါဝင်ဘဲ အရေးမကြီးဆုံး၊ အရှင်းလင်းဆုံး၊ အသေးအဖွဲဆုံး အကြောင်းအရာများကို ပြောဆိုရခြင်းအတွက်လည်း ဝမ်းသာ၏။ မိမိ၏စကားများကြောင့် မဟုတ်ဘဲ ယခုကဲ့သို့ လူပျိုလူရွယ်များ၏ တွဲကရန် ဖိတ်ခေါ်ခံရခြင်းကြောင့် ဝမ်းသာရွှင်လန်းခြင်းကို ဖော်ပြသော နာတာရှာ၏ တောက်ပထိန်လက်သည့် မျက်လုံးများနှင့် အပြုံးကိုလည်း မင်းသားကလေးအင်ဒရေ နှစ်သက်၏။ တစ်စုံတစ်ယောက်က လာရောက်၍ တွဲကခွင့်တောင်းသဖြင့် ခပ်ပြုံးပြုံး ကလေးထိုင်ရာမှ ထကာ ပွဲတက်ဆောင်ထဲတွင် လှည့်ပတ်ကနေသောအခါ၌လည်း မင်းသားကလေးအင်ဒရေမှာ နာတာရှာ၏ ရှက်စနိုးဟန်ရှိသော အလှကျက်သရေကို အထူးသဘောကျလျက်ရှိ၏။ ကိုတီလီယွန်တေးသွား အတိုင်း တစ်ကျော့လောက်က၍အပြီး၌ နာတာရှာမှာ အသက်ရှူမမှန်နိုင်တော့ဘဲ မောကြီးပန်းကြီးဖြင့် နေရာသို့ ပြန်ရောက်လာစဉ်မှာပင် နောက်တစ်ယောက်က ဖိတ်ကြားခြင်း ပြုပြန်သည်။ နာတာရှာမှာ မောပန်းနွမ်းနယ်ကာ ပြင်းစွာ အသက်ရှူလျက်ရှိ၍ လဲကျတော့မည်ဟုထင်ရသည့် တိုင်အောင် ငြင်းဆိုခြင်း မပြုဘဲ ရွှင်မြူးစွာဖြင့်ပင်တွဲကမည့်



www.burmeseclassic.com

 www.burmeseclassic.com 

သူ၏ပခုံးပေါ်သို့ လက်တင်၍ မင်းသားကလေးအင်ဒရေ အား ပြုံးပြုံးကလေး ကြည့်သွားတတ်လေသည်။

'နာတာရှာ အစ်ကို့အပါးမှာထိုင်ပြီး အပန်းဖြေချင်လှပါတယ် အစ်ကို။ မောလဲ မောလှပြီ။ ဒါပေမဲ့ လာပြီ ခွင့်တောင်းနေကြတော့လဲ မငြင်းရက်ဘူး။ ဝမ်းလဲသာတယ်။ ပျော်လဲပျော်တယ်။ နာတာရှာ အားလုံးကိုချစ်တယ်။ အို ဒါတွေ အားလုံးကို အစ်ကိုနဲ့ နာတာရှာနှစ်ယောက် သိပါတယ် အစ်ကို' နာတာရှာ၏အပြုံးမှာ ဤမျှထက် အနက်အဓိပ္ပာယ် ကျယ်ဝန်းသောစကားများကို ပြောဆိုလျက် ရှိသည်ဟုထင်ရ၏။ တစ်ကျော့ပြီးသွားသည့်နောက်၌ နာတာရှာသည် ပွဲတက်ဆောင်ကို ဖြတ်၍ နောက်တစ်ကျော့အတွက် လူရွေးရန် အမျိုးသမီးနှစ်ဦးထံ ပြေးလာပြန်သည်။

'သူ့အစ်မဝမ်းကွဲဆီကို ပထမသွားပြီး တခြား အမျိုးသမီးဆီကို ဒုတိယသွားရင် ငါနဲ့ နာတာရှာနဲ့ ရပါစေသား'မင်းသားကလေး အင်ဒရေသည် ကိုယ့်အဖြစ်ကို အံ့ဩလျက်ရှိရင်းက အဓိဋ္ဌာန်ပြုကာ နာတာရှာကို စောင့်ကြည့်နေသည်။ နာတာရှာသည် သူ့အစ်မဝမ်းကွဲ ဆွန်ယာ့ထံသို့ ပထမဆုံး သွားလေသည်။

'အင်း၊ တစ်ခါတလေ လူတွေရဲ့ခေါင်းထဲမှာ ဘယ်လိုရှူးရှူးနှမ်းနှမ်း အတွေးတွေ ရောက်လာမှန်း မသိပါဘူး'ဟု မင်းသားကလေး အင်ဒရေ တွေးမိသည်။ 'ဒါပေမဲ့ ဘာပဲပြောပြော နာတာရှာဟာ ချစ်စရာကောင်းတယ်။ ပကတိ ဖြူစင်ရိုးသားတယ်။ ဒီလို မိန်းကလေး မျိုးဟာ ဒီလိုသာ လိုက်ကနေရင်တော့ လူတိုင်းက သဘောကျပြီး မြန်မြန်ယောကျ်ားရသွားတော့မှာပဲ။ ဒီလို မိန်းကလေးမျိုးကို ဒီအသိုင်းအဝိုင်းမှာ တွေ့ဖို့က ရှားပါဘိသနဲ့' ရင်သိမ်းပန်းဖျော့ အင်္ကျီတွင် ထိုးထားသော နှင်းဆီပွင့်ကို နေရာပြင်၍ ထိုးရင်းက မိမိအပါးတွင် ဝင်ထိုင်လိုက်သော နာတာရှာကိုကြည့်ကာ မင်းသားကလေး အင်ဒရေ တွေးနေမိသည်။

ကိုတီလီယွန် တေးသွားကြီး ပြီးဆုံးသည့်နောက်တွင် အပြာရောင်အမြီးနှစ်ဖက်ခွ ပျံလွှားတောင် ဝတ်စုံကို ဝတ်ထားသည့် မြို့စားကြီး ရော့စတော့ဗ်သည် နာတာရှာတို့ အနားသို့ ပြန်ရောက်လာလေသည်။မြို့စားကြီးရော့စတော့ဗ်က မင်းသားကလေး အင်ဒရေအား မိမိထံသို့ အလည် အပတ်လာရောက်ရန် ဖိတ်ကြားပြီး သမီးထွေး နာတာရှာအား ပျော်မပျော် မေးမြန်းစုံစမ်းခြင်း ပြုလေသည်။ နာတာရှာသည် ရုတ်တရက် မဖြေသေးဘဲ 'မေးမှမေးပလေ ဖေဖျားရယ်'ဟု ပြစ်တင်သော အပြုံးမျိုးဖြင့် ကြည့်လိုက်ပြီး

"နာတာရှာဖြင့် ဒီလောက်တစ်ခါမှ မပျော်ဖူးဘူး" ဟု ပြောရာမှ သေးသွယ်ပျော့ပျောင်းသော လက်နှစ်ဖက်ဖြင့် မြို့စားကြီးရော့စတော့ဗ်အား ပွေ့ဖက်မည်ပြုပြီးမှ ပြန်၍ ရုပ်သိမ်းလိုက်သည်။ နာတာရှာအဖို့ ၎င်းဘဝတွင် ဤမျှလောက် တစ်ခါမျှ မပျော်ခဲ့ဖူးချေ။ လူများသည် အမြင့်ဆုံးသော ပျော်ရွှင်မှုကို ရောက်သည့်အချိန်မျိုး၌ တစ်ဖက်သားအပေါ်တွင် အလွန်အကျူး စိတ်သဘော ကောင်းကာ ကြင်နာသနားတတ်ကြလျက် ဆိုးယုတ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်မချမ်းသာခြင်းတို့ဟူ၍ လောကတွင် မရှိသည့်နှယ် ထင်မှတ်တတ်ကြလေရာ နာတာရှာမှာလည်း ပျော်ရွှင်ခြင်းအရာ၌ အထွတ်အထိပ်သို့ ရောက်လျက်ရှိသည်ဖြစ်၍ လောကတွင် ရှိရှိသမျှမျှ အရာအားလုံးကို အကောင်းနှင့်အကြင်နာတရားဘက်မှသာ မြင်၍ ဆိုးယုတ်ခြင်းနှင့် စိတ်မချမ်းသာခြင်း ဟူသမျှကို နားမလည်နိုင်အောင် ဖြစ်လျက်ရှိလေသည်။

တော်ဝင်ကပွဲသဘင်တွင် ပီယာမှာ မိမိ၏ကြင်ယာတော်ဟယ်လင်မင်းသမီးလေးနှင့် ရွှေနန်းတော် အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၏ ဆက်ဆံပုံကြောင့် ရက်လျက်ရှိလေသည်။ ပီယာသည် သုန်မှုန်လျက်ရှိကာ ပတ်ဝန်းကျင်ကို မေ့လျော့လျက်ရှိ၏။ ပီယာသည် နဖူးပေါ်တွင် အရေတွန့်များ နက်ရှိုင်းစွာ ထင်လျက်ရှိရင်းက ပြတင်းဝ အနီးတွင် ရပ်ကာ မျက်မှန်ထဲမှနေ၍ ကြည့်ရှုငေးမောလျက် ရှိလေသည်။ သို့ရာတွင် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲ မမြင်ရချေ။

ညလယ်စာ စားပွဲသို့ သွားသောအခါတွင် နာတာရှာသည် သူ့အနီးမှဖြတ်၍ လျှောက်သွားလေသည်။

နာတာရှာသည် သုန်သုန်မှုန်မှုန် ဖြစ်နေသော ပီယာကိုကြည့်၍ အံ့အားသင့်သွားမိကာ ပီယာ၏ရှေ့တွင် ရပ်လိုက်သည်။ နာတာရှာသည် ပီယာအား တတ်နိုင်လျှင် အကူအညီ ပေးလိုက်ချင်ပါသည်။ မိမိတွင် အလျှံပယ်ရှိနေသည့် ပျော်ရွှင်ခြင်း ဟူသမျှကို ခွဲဝေပေးလိုက်လိုပါသည်။



www.burmeseclassic.com

"တော်တော် ပျော်စရာ ကောင်းတယ်နော် အစ်ကို။ မပျော်ဘူးလား ဟင်" နာတာရှာက မေးလိုက်၏။

ပီယာသည် ရောယောင်၍သာ ပြုံးလိုက်ရသော်လည်း နာတာရှာမေးလိုက်သော မေးခွန်းကို ကောင်းစွာ နားမလည်လိုက်ချေ။

"ဟုတ် ဟုတ်ကဲ့၊ ပျော်ပါတယ်"ဟု ပြန်ဖြေလိုက်သည်။

'လူတွေမှာ ဘာ့ကြောင့်များ မကျေမနပ်ဖြစ်ရခြင်း ရယ်လို့ ရှိရပါလိမ့်'ဟု နာတာရှာ တွေးမိသည်။ 'အထူးသဖြင့် စိတ်သဘောကောင်းပြီး ဘာမှ လိုလေသေးမရှိတဲ့ အစ်ကိုတို့လို လူမျိုးမှာ မကျေနပ်စရာရယ်လို့ ရှိရသေးသလား'

နာတာရှာ၏ မျက်လုံးထဲ၌ကား တော်ဝင်ကပွဲသို့ လာရောက်သမျှသော ပရိသတ်တို့သည် စိတ်သဘောကောင်းသူ၊ ကြင်နာသူ၊ အထက်တန်းကျသူ၊ တစ်ဦးကို တစ်ဦး ချစ်ခင်ကြင်နာတတ်ကြသူများ ဖြစ်လျက်ရှိကြ၏။ ၎င်းတို့အားလုံးသည် တစ်ဦးကိုတစ်ဦး အန္တရာယ် မပြုတတ်ကြဘဲ ပျော်ရွှင်ချမ်းမြေ့လျက် ရှိကြလိမ့်မည် ဟုလည်း နာတာရှာ ထင်လျက်ရှိလေသတည်း။

## အခန်း ၁၈

နောက်တစ်နေ့တွင် မင်းသားကလေးအင်ဒရေသည် တော်ဝင်ကပွဲကြီးအကြောင်းကို တွေးတောလျက်ရှိလေသည်။ သို့ရာတွင် ၎င်း၏စိတ်သည် ထိုအကြောင်းကို ကြာရှည်စွာ အာရုံမပြုနိုင်ချေ။ 'ကပွဲကြီးကတော့ တကယ်ခမ်းနားတဲ့ ကပွဲကြီးပေပဲ၊ နာတာရှာကလေးကလဲ အင်မတန် နှစ်သက်စရာကောင်းပါပေတယ်၊ လန်းဆန်းတယ်၊ နုပျိုတယ်၊ ရိုးသားဖြူစင်တယ်၊ ရွှေမြို့တော်သူနဲ့ မတူတဲ့ အမူအရာကလေးတွေကိုက အများနဲ့မတူ ထူးခြားနေတဲ့အချက်ပဲ' နောက်ဆုံး၌ မင်းသားကလေးအင်ဒရေသည် ကပွဲအကြောင်းကို စဉ်းစားတိုင်း နာတာရှာ့အကြောင်းကိုသာ စဉ်းစားလျက်သား ဖြစ်နေတတ်လေသည်။ မင်းသားကလေးအင်ဒရေသည် နံနက် လက်ဖက်ရည်သောက်ပြီးနောက် လုပ်စရာအလုပ်များကို စတင်လုပ်ဆောင်ခြင်း ပြုလေသည်။

သို့သော်လည်း ပင်ပန်းနွမ်းနယ်နေသည့်အတွက် ကြောင့်လည်းကောင်း၊ အိပ်ရေးပျက်သည့် အတွက်ကြောင့် လည်းကောင်း အလုပ်တွင် စိတ်မဝင်စားနိုင်ဘဲ ဖြစ်လျက်ရှိသည်။ မင်းသားကလေး အင်ဒရေသည် မကြာခဏ ပြုံးပြုံးပြုံးစဉ်အတိုင်း မိမိ၏အလုပ်များကို ပြန်လှန်စစ်ဆေးလျက်ရှိစဉ် ဧည့်သည်တစ်ယောက် ရောက်လာသည့် အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်သွားလေသည်။

ဧည့်သည်မှာ ဘစ်စကီဆိုသူ ဖြစ်လေသည်။ ဘစ်စကီသည် ကော်မတီအမျိုးမျိုးတွင် ပါဝင်လျက်ရှိ၍ ရွှေမြို့တော် မင်းစိုးရာဇာအသိုင်းအဝိုင်း၌ ကျက်စားလေ့ရှိသည်။ ပြည်ထဲရေးဝန် စပီရန်စကီနှင့် ၎င်း၏ရွေးနှုန်းတွင်း အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲရေး အယူအဆသစ်များကို အားတက်သရော ထောက်ခံသူတစ်ဦးလည်းဖြစ်၍ ရွှေမြို့တော်လေးပြင်လေးရပ် အနှံ့သွားကာ သတင်းစုံကို ကြိုးစားပမ်းစားဖောက်သည်ချတတ်သော 'ခပ်တိုင်းငံ'တစ်ဦးလည်း ဖြစ်သည်။ ထိုမျှသာမကသေးချေ။ လောက၌ အဝတ်အစားကို ခေတ်နှင့်လိုက်အောင် 'ဖက်ရှင်'ကျကျ ပြောင်းလဲရွေးချယ်ကြသကဲ့သို့ မိမိ၏အယူအဆတစ်ရပ်ကိုလည်း ပေါ်ပင်နှင့်လိုက်အောင် မကြာခဏအပြောင်းအလဲလုပ်တတ်ကြသောမျောက်လွှဲကျော်လို လူစားများ ရှိသည်တွင် ဘစ်စကီမှာလည်း အဆိုပါ 'မျောက်လွှဲကျော်'လူစားမျိုး ဖြစ်လေသည်။ အယူအဆတစ်ရပ်ကို စွဲစွဲမြဲမြဲမရှိဘဲ ပေါ်ပင်လိုက်၍ ပြောင်းလေ့ရှိသူများသည် ခေတ်စားသော အယူအဆသစ်တစ်ရပ် ပေါ်လာတိုင်း ထိုအယူအဆသစ်ကို အလုအယက် ထောက်ခံတတ်ကြခြင်းမှာ ဓမ္မတာသာဖြစ်လေရာ ယခု ခေတ်စားလျက်ရှိသော ပြည်ထဲရေးဝန် စပီရန်စကီ၏ အယူအဆကို ဘစ်စကီ အားတက်သရော ထောက်ခံနေခြင်းမှာလည်း စင်စစ်၌ ဘာမျှဆန်းသည် မဟုတ်ချေ။ ဤသို့ ပေါ်ပင်လိုက်တတ်ခြင်းကြောင့်ပင် အဆိုပါ မျောက်လွှဲကျော်လူစားမျိုးသည် အယူအဆသစ်တစ်ရပ်ကို ထောက်ခံရာ၌ အကျယ်လောင်ဆုံး အော်ဟစ်၍ 'ငါသာလျှင် အဦးဆုံး'ဟူသော ပုံမျိုးကို ဆောင်တတ်ကြသည်သာဖြစ်လေသည်။ ဘစ်စကီသည် ဦးထုပ်ကို ဒရောသောပါး ချွတ်ထားခဲ့ပြီးနောက် မင်းသားကလေး အင်ဒရေ၏ ခန်းဆောင်ထဲသို့ ကတိုက်ကရိုက် ပြေးဝင်လာခဲ့ကာ ကရားရေလွှတ် ပြောလျက်ရှိလေသည်။ ဘစ်စကီ



www.burmeseclassic.com

www.burmeseclassic.com

သည် ယနေ့နံနက်ကျင်းပရန် ဘုရင်မင်းမြတ်ကိုယ်တိုင် ဖွင့်လှစ်ပေးသော ဘုရင်မင်းမြတ်၏ လွှတ်ရုံးတော် သက်တော်ရှည်ဝန်ကြီးများ အစည်းအဝေး၏ အကြောင်းအရာအသေးစိတ်ကို စိတ်အားထက်သန်စွာ ပြောပြလျက်ရှိလေသည်။ ကြားရသည့်အတိုင်းဆိုလျှင် ဘုရင်မင်းမြတ် မြွက်ကြားတော်မူသည့် မိန့်ခွန်းမှာ ထူးခြားသော မိန့်ခွန်းတစ်ရပ် ဖြစ်လေသည်။ ဘုရင်မင်းမြတ် မြွက်ကြားတော်မူသည့် မိန့်ခွန်းမှာ သက်ဦးဆံပိုင်ပြည့်ရှင် ဧကရာဇ်များ မြွက်ကြားတော်မူလေ့ရှိသော မိန့်ခွန်းမျိုးမဟုတ်ဘဲ တရားဥပဒေစနစ်ဖြင့် အုပ်ချုပ်သော ပြည့်ရှင်ဧကရာဇ်များသာ မြွက်ကြားတော်မူသည့် မိန့်ခွန်းမျိုး ဖြစ်ပေသည်။

"ဘုန်းတော်ကြီးသောဘုရား မိန့်မြွက်တော်မူတဲ့ မိန့်ခွန်းကဖြင့် ရှင်းပါပေတယ်ဗျာ။ အောက်လွှတ်တော်ရုံးများနဲ့ အထက်လွှတ်ရုံးတော်များဟာ နိုင်ငံတော်ရဲ့ မဏ္ဍိုင်များ ဖြစ်တယ်လို့ ဘွင်းဘွင်းကြီး မိန့်ကြားသွားတော်မူတယ်ဗျ။ ပြီးတော့လဲ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရဟာ အမိန့်အာဏာ စက်ပေါ်မှာ အမှီသဟဲမပြုရဘဲ အခြားခိုင်မာသော အခြေခံများပေါ်မှာ အမှီသဟဲပြုရမယ်လို့ မိန့်တော်မူတယ်ဗျ။ ဒါတွင် မကဘူး။ တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာတော်စနစ်ကိုလဲ ပြင်ဆင်ပြီး စာရင်းအင်းတော်များကိုလဲ အများပြည်သူ သိသာနိုင်အောင် ထုတ်ပြန်ကြေညာရမယ်လို့ မိန့်တော် မူသွားတယ်ခင်ဗျ" ဘစ်စကီသည် အချို့သော စကားလုံးများကို အလေးအနက်ထားကာ ပြောပြလျက်ရှိ၏။

"အိမ်း၊ ကနေ့မြွက်ကြားတော်မူတဲ့ မိန့်ခွန်းတော်ကဖြင့် ကျွန်တော်တို့ ရာဇဝင်မှာ ခေတ်ကြီးတစ်ခေတ်ကို ပြောင်းလိုက်ခြင်းဖြစ်သဗျ။ လွန်စွာ ဝိသေသထူးတဲ့ခေတ်ကြီးတစ်ခေတ်ကို ပြောင်းလိုက်ခြင်း ဖြစ်ပေတယ်'ဟု ဘစ်စကီက နိဂုံးချုပ်လိုက်သည်။

မင်းသားကလေး အင်ဒရေသည် လွှတ်ရုံးတော်ဝန်ကြီးများ အစည်းအဝေးကျင်းပသည့် အခြင်းအရာကို နားထောင်လျက်ရှိလေသည်။ လွှတ်ရုံးတော်ဝန်ကြီးများ၏ အစည်းအဝေးမှာ အရေးကြီးသည့် အစည်းအဝေးဖြစ်သည့် အလျောက် မင်းသားကလေး အင်ဒရေသည် ထိုအစည်းအဝေးကို စောင့်မျှော်လျက် ရှိခဲ့သည်မှာ ကြာပြီဖြစ်၏။ သို့ရာတွင် ယခုတကယ်ကျင်းပသည့်အခါ၌ကား ထိုကိစ္စကို ထင်သလောက် စိတ်ဝင်စားခြင်း မရှိရုံမျှမက မိမိအဖို့ အရေးမကြီးသည့် အပြစ်အပျက်တစ်ခုပမာဖြစ်လျက် ရှိခြင်းကို အံ့သြစွာ တွေ့ရလေသည်။ မင်းသားကလေး အင်ဒရေသည် ဘစ်စကီက စိတ်အားထက်သန်စွာ ပြောဆိုခြင်းကို ခပ်ပြုံးပြုံးဖြင့် နားထောင်နေရာမှ 'ဘုန်းတော်ကြီးသောဘုရား လွှတ်ရုံးတော်ဝန်ကြီးများအဖွဲ့ အစည်းအဝေးမှာ ဘယ်လို မိန့်ခွန်းတွေကို မြွက်တော်မူပေမယ့် ငါတို့ ဘစ်စကီတို့လို လူတွေအတွက် ဘာအရေးလဲ။ ဒါကြောင့် ငါတို့တစ်တွေမှာ ဘာများ အကျိုးထူးလာဦးမှာလဲ'ဟု တွေးတောလျက် ရှိလေသည်။

ဤအတွေးသည် ပြုပြင်ရေးကိစ္စအရပ်ရပ်ထဲ၌ နစ်မြုပ်နေသော မင်းသားကလေး အင်ဒရေ၏ စိတ်ဝင်စားမှုဟူသမျှကို ရုတ်တရက် ချေဖျက်ပစ်လိုက်လေသည်။ ယနေ့ညနေတွင် မင်းသားကလေးအင်ဒရေသည် စပီရန်စကီ၏အိမ်တော် ညစာစားပွဲသို့ သွားရောက်ရန်ရှိ၏။ စပီရန်စကီက မိမိအား ဖိတ်ကြားစဉ်က ညစာစားပွဲမှာ 'ရင်းနှီးသော ရောင်းရင်းအချို့'ကိုသာ ဖိတ်ကြားထားသည်ဟု ပြောသွားခဲ့၏။ ဖိတ်ကြားခြင်းခံရစဉ်က မင်းသားကလေး အင်ဒရေသည် ယခုကဲ့သို့ မိမိကြည်ညိုလေးစားသော စပီရန်စကီ၏ သီးသန့်ညစာစားပွဲသို့ သွားရန် စိတ်ဝင်စားလျက် ရှိခဲ့လေသည်။ အထူးသဖြင့် စပီရန်စကီကဲ့သို့ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏အိမ်တွင် နေထိုင်မှုဘဝကို တွေ့လို မြင်လိုသည့်အတွက်လည်း သွားရန် စိတ်ဝင်စားလျက် ရှိခဲ့လေသည်။ ယခုမူကား ထိုညစာစားပွဲသို့သွားရန်များစွာ စိတ်မပါတော့ပြီ။

သို့သော်လည်း ချိန်းဆိုထားသော အချိန်၌ မင်းသားကလေးအင်ဒရေသည် တော်ရီဒါဥယျာဉ်တော်၌ စပီရန်စကီ၏ အဆောင်အယောင် ကင်းမဲ့သော စံအိမ်သို့ ရောက်လာခဲ့၏။ အထူးတလည် သန့်ရှင်းခြင်းကြောင့် ထူးခြားသော အိမ်ငယ်လေးထဲရှိ သစ်သားတုံးကလေးများကို မှန်ကူကွက်ပုံဖော်၍ စီခင်းထားသော ထမင်းစားခန်းထဲသို့ မင်းသားကလေးအင်ဒရေ ရောက်သွားချိန်၌ အနည်းငယ် နောက်ကျလျက်ရှိလေပြီ။ စပီရန်စကီ၏ ရင်းနှီးသော မိတ်ဆွေရောင်းရင်းတစ်သိုက်မှာ ညနေ ငါးချက်တီးကတည်းက ရောက်ရှိပြီးဖြစ်နေသည်ကိုတွေ့ရ၏။ ညစာစားပွဲ၌ စပီရန်စကီ၏ သမီးငယ် (မျက်နှာရှည်ပုံမှာ ဖခင်ဖြစ်သူနှင့်


www.burmeseclassic.com

တစ်ထပ်တည်းဖြစ်သည်။)နှင့် သမီးငယ်၏ စာပြဆရာမတို့မှအပ အမျိုးသမီးဟူ၍ တစ်ယောက်မျှမပါချေ။ အခြားဧည့်သည်များကား ထင်ရှားသည့် ဧည့်သည်တော်ကြီးများဖြစ်သော ဂျာဗေး၊ မက်ဂနစ်စကီနှင့် စတိုလီပင်တို့ဖြစ်လေသည်။ အိမ်ဦးခန်းဘက်ဆီမှ ဇာတ်ခုံပေါ်တွင်သာ ကြားရတတ်သော အားပါးတရ ရယ်သံတစ်ခုကိုလည်း မင်းသားကလေးအင်ဒရေ ကြားလိုက်ရသည်။ ထိုအသံကား စပီရန်စကီ၏ အသံနှင့် ခပ်ဆင်ဆင်တူလေသည်။ မင်းသားကလေးအင်ဒရေသည် စပီရန်စကီ၏ဤသို့ကျယ်လောင်စွာ ရယ်မောသံကို ယခင်က တစ်ခါမျှ မကြားဖူးသေးချေ။ နိုင်ငံတော်ဦးစီးဦးကိုင် တစ်ယောက်က ဤသို့ အော်ကြီးဟစ်ကျယ် ရယ်မောခြင်းကို ကြားရခြင်းသည် မင်းသားကလေးအင်ဒရေအဖို့ အထူးအဆန်း ဖြစ်လျက်ရှိလေသည်။

စပီရန်စကီသည် ထမင်းစားခန်းဆောင်ထဲသို့ ဝင်လာလေသည်။ ဧည့်သည်များမှာ ပြတင်းနှစ်ပေါက်အကြား၌ ရပ်လျက်ရှိ၍ စားပွဲပေါ်၌ကား စားသောက်ဖွယ်များကို ခင်းကျင်းထားလေသည်။ စပီရန်စကီသည် မီးခိုးရောင်နောက်မြီးနှစ်ခွ ပျံလွှားတောင်ဝတ်စုံကို ဝတ်ဆင်ထားလျက် ရင်ဘတ်တွင် ရွှေကြယ်ဆုတံဆိပ်တစ်ခုကို ဆွဲထားသည်။ အတွင်းခံ လက်ပြတ်အင်္ကျီနှင့် ခြေအိတ်ရှည်မှာ ဘုရင်မင်းမြတ်၏ ဝန်ကြီးများအစည်းအဝေးတွင် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများပင် ဖြစ်၏။ စပီရန်စကီသည် ရွှင်ပျသော မျက်နှာထားဖြင့် စားပွဲတွင် ရပ်လိုက်၏။ ဧည့်သည်များသည် စပီရန်စကီ၏ အနီးသို့ ရောက်လာကြလေသည်။ မက်ဂနစ်စကီသည် ရယ်စရာတစ်ခုကို စတင်ပြောလျက် ရှိသည်တွင် စပီရန်စကီမှာ စကားမဆုံးမီကတည်းကပင် တဟားဟား ရယ်မောလျက် ရှိလေပြီ။ မင်းသားကလေး အင်ဒရေ ဝင်လာသည့်အချိန်၌ မက်ဂနစ်စကီ၏ ရယ်စရာစကားများမှာ ရယ်သံများအောက်၌ နစ်မြုပ်သွားလေသည်။ စတိုလီပင်ကား ပေါင်မုန့်နှင့် ဒိန်ခဲတစ်ခဲကို ဝါးလျက်က အသံသြကြီးဖြင့် ရယ်လျက်ရှိလေသည်။ ဂျာဗေးမှာ ကျိတ်၍ ရယ်လျက်ရှိပြီး စပီရန်စကီမှာမူ ခပ်ပြတ်ပြတ် ခပ်စူးစူးအသံဖြင့် ရယ်လျက်ရှိလေသည်။

စပီရန်စကီသည် ရယ်မောလျက်ရှိရာမှ နူးညံ့ဖြူဖွေးသည့်လက်ကို လှမ်း၍ မင်းသားကလေး အင်ဒရေအား နှုတ်ဆက်လိုက်သည်။

"မင်းသားကလေး လာတဲ့အတွက် ဝမ်းသာသဗျ။ ခဏလေးနော်"ဟုဆိုကာ မက်ဂနစ်စကီဘက်သို့ တစ်ဖန်ပြန်လှည့်သွားပြန်ကာ ကြားဖြတ်၍ "ဒီနေ့ည ညစာစားပွဲကတော့ ပျော်ဖို့ပါးဖို့ သက်သက်ဆိုတာ အားလုံးသဘောတူပြီး သားဗျ ဒီတော့ အလုပ်ကိစ္စတွေ မပြောကြစတမ်း။ ဟုတ်စ" စပီရန်စကီသည် မက်ဂနစ်စကီဘက်သို့ လှည့်၍ ရယ်ပြန်သည်။

မင်းသားကလေး အင်ဒရေသည် တဟားဟား ရယ်လျက်ရှိသော စပီရန်စကီကို အံ့အားသင့်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းဖြင့် ကြည့်လိုက်၏။ ၎င်း၏စိတ်၌ မိမိရှေ့တွင် ခွက်ထိုးခွက်လန် ရယ်မောလျက် ရှိသူသည် ရာဇဝင်တွင် လွန်စွာအရေးကြီးလှသော နန်းတွင်း အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကြီးများကို ဦးစီး ဆောင်ရွက်လျက်ရှိသည့် ပြည်ထဲရေးဝန် စပီရန်စကီ ဟုတ်ပါလေစဟု တွေးမိသေးသည်။ စပီရန်စကီ၌ ယခင်က ရှိခဲ့သော ခန့်ညားတည်ကြည်ခြင်း၊ လေးစားကြည်ညိုဖွယ်ကောင်းခြင်း ဟူသမျှတို့သည် တစ်မုဟုတ်ချင်း ပျောက်သွားကြကာ သူလိုကိုယ်လို အညတရ တစ်ဦး၏ ရုပ်လုံးသည် ဘွားခနဲပေါ်လာခဲ့လေပြီ။

၎င်းတို့သည် ညစာစားပွဲ၌လည်း စကားအမျှင်မပြတ် ကြသေးချေ။ ၎င်းတို့ ရယ်ပွဲဖွဲ့ကြပုံကား ရယ်ရွှင်ဖွယ် စာအုပ်တစ်အုပ် အကြောင်းကို ပြောဆိုနေကြခြင်းကဲ့သို့ ရယ်၍ မဆုံးနိုင်အောင် ဖြစ်လျက်ရှိကြ၏။ မက်ဂနစ်စကီ၏ ပုံဝတ္ထုမဆုံးမီမှာပင် အခြားတစ်ယောက်သည် ထို့ထက် ရယ်ဖွယ်ကောင်းသော ပုံပြင်တစ်ခုကို ပြောရန် ပါးစပ်တပြင်ပြင်ဖြစ်လျက် ရှိလေပြီ။ ၎င်းတို့၏ ရယ်ရွှင်ဖွယ် ပုံပြင်များမှာ ဘုရင့်အမှုတော်ထမ်းဘဝတွင် တွေ့ကြုံရသော အဖြစ်အပျက်များသော်လည်း ဖြစ်ရာ၏။ သို့မဟုတ်လျှင်လည်း ဘုရင့်အမှုတော်ထမ်း ပုဂ္ဂိုလ်များအကြောင်းသော်လည်း ဖြစ်ဟန်ရှိလေသည်။ လွှတ်ရုံးတော်ဝန်ကြီးများ၏ အသိုင်းအဝိုင်း၌ ရွှေနန်းတော် အမှုထမ်း ပုဂ္ဂိုလ်တို့မှာ 'ပါမွှား'များသာ ဖြစ်လျက်ရှိလေရာ အရာသွင်းခြင်းခံရသည်ဆိုလျှင်လည်း ၎င်းတို့အား အပျင်းပြေ ရယ်စရာ သတ္တဝါများအဖြစ် အရာသွင်းခံရခြင်းမျိုးသာ ဖြစ်လေသည်။ စပီရန်စကီကန့်နက်က ဘုရင်မင်းမြတ်၏ လွှတ်ရုံးတော်စံဝန်ကြီးများ အစည်းအဝေး၌ နားလေးသော



www.burmeseclassic.com

အမတ်ကြီးတစ်ယောက်၏ အဖြစ်ကို ပြောပြလျက် ရှိလေသည်။ ဂျာဗေးကမူ အမှုတော်ထမ်းများအား တာဝန်ဝတ္တရားကျေပွန်ခြင်း ရှိ မရှိ စစ်ဆေးသည့်အခါ၌ အမှုတော်ထမ်းများ မည်မျှဉာဏ်အမြော်အမြင် ကင်းမဲ့ကြောင်းကို ရှည်လျားစွာ ပြောဆိုလျက် ရှိလေသည်။ ထိုအခိုက် စတိုလီပင်က ယခင် အုပ်ချုပ်ရေး စနစ်အောက်တွင် ရှိခဲ့သော အာဏာအလွဲသုံးစားမှုများ၊ မှားယွင်းမှုများကို ပြင်းထန်စွာ ဝေဖန်လိုက်သဖြင့် စကားဝိုင်းမှာ လေးနက်သည့်သဘောကို ဆောင်လာလေသည်။ ဤတွင် မက်ဂနစ်စကီက စတိုလီပင်၏လေးနက်မှုကို ပျက်ချော်ချော်ဖြစ်အောင်လုပ်လိုက်ပြီး ဂျာဗေးက သောလုံးကလေးထိုးလိုက်သည်တွင် စကားဝိုင်းမှာ ပြန်လည်စိုပြည်၍ လာပြန်လေသည်။

စပီရန်စကီသည် အလုပ်ဝတ္တရားကုန်ဆုံးသည့်အခါ၌ ရင်းနှီးသော မိတ်ဆွေရောင်းရင်းများကို ဖိတ်ကြားကာ ဤသို့ နားနားနေနေ ရယ်စရာ မောစရာကလေးများ ပြော၍ နေလို၏။ ၎င်း၏ မိတ်ဆွေများကလည်း ဤသဘောကို နားလည်လျက် စပီရန်စကီလည်း စိတ်ကြည်လင်စေ၊ မိမိတို့လည်း အပျင်းပြေစေဆိုသည့် သဘောဖြင့် ဤသို့ ရယ်စရာမောစရာ ပြောနေကြခြင်း ဖြစ်လေသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေအဖို့ကား ၎င်းတို့၏ ရွှင်မြူးခြင်းမှာ ငြီးငွေ့စရာကောင်းလျက်ရှိ၏။ စပီရန်စကီ၏ ခပ်စူးစူးအသံသည် မင်းသားကလေးအင်ဒရေအား စိတ်မချမ်းမသာ ဖြစ်စေလျက် ၎င်း၏တဟားဟားရယ်မောသံကား ဌာန်မဝင်သော ဂီတသံကို ကြားလိုက်ရသကဲ့သို့ နားခါးဖွယ် ကောင်းလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် ရယ်လည်း မရယ်မိချေ။ ရွှင်မြူးလျက်ရှိသော မိတ်ဆွေများအားလည်း အနှောင့်အယှက်သဖွယ် ဖြစ်မည်ကို စိုးရိမ်လျက် ရှိလေသည်။ သို့ရာတွင် ရွှင်လန်းလျက်ရှိသော ပတ်ဝန်းကျင်၌ ဘက်ပဲ့ကာ ယောင်တီးယောင်နဖြစ်နေသော မင်းသားကလေးအင်ဒရေ၏အဖြစ်ကို မည်သူကမျှ သတိထားမိပုံ မရကြဘဲ ရွှင်မြူးလျက်သာ ရှိကြလေသည်။

မင်းသားကလေး အင်ဒရေသည် ၎င်းတို့၏ စကားဝိုင်းထဲသို့ ဝင်ရောက်ပြောဆိုရန် ကြိုးစားသော်လည်း ဖော့ဆို့တစ်ခုကို ရေထဲသို့ နှစ်လိုက်သည်တွင် မနစ်နိုင်ဘဲ ပြန်၍ ပေါ်လာသကဲ့သို့ ၎င်း၏စကားများမှာလည်း သူတို့နားထဲသို့မရောက်ဘဲ ဘေးသို့ ချော်ထွက်ကာ အရာမထင်ဖြစ်လျက်ရှိပေရာ နောက်ဆုံး၌ တိတ်ဆိတ်စွာသာ ထိုင်နေလိုက်ရလေတော့သည်။

အမှန်အားဖြင့် ၎င်းတို့ပြောသည့် စကားများမှာ မကြားဝံ့မနာသာ စကားများလည်း မဟုတ်ကြဘဲရယ်စရာမောစရာ သကီသက်မျှသာ ဖြစ်လေသည်။ သို့ရာတွင် ထိုရယ်စရာ မောစရာများထဲ၌ ဆားနှင့်တူသော လေးပင်သည့် ရွှင်မြူးခြင်းသဘော ကင်းမဲ့လျက်ရှိရုံမျှမက ၎င်းတို့အဖို့ လောက၌ လေးလေးပင်ပင်ရှိသော ရွှင်မြူးခြင်းဟူ၍ရှိကြောင်းကို မသိကြသည့်နှယ် အပေါ့အလွှင့်ရယ်စရာများလောက်ကိုသာ ပြောဆိုလျက် ရှိကြလေသည်။

ညစာ စားပြီးနောက်၌ စပီရန်စကီ၏ သမီးငယ်နှင့် စာပြဆရာမသည် ထလိုက်ကြ၏။ စပီရန်စကီသည် ဖြူဖွေးသောလက်များဖြင့် သမီးငယ်ကို ပွတ်သပ်၍ နမ်းရှုပ်လိုက်သည်။ ဤအပြုအမူသည်လည်း မင်းသားကလေး အင်ဒရေ၏ စိတ်ထဲ၌ သဘာဝကျသည်ဟု မထင်မိချေ။

ညှိသည်များကား စားပွဲမှမထကြသေးဘဲ အင်္ဂလိပ်ထုံးစံကို အတုယူကာ စပျစ်ချိုအရက်ကိုသောက်၍ ကျန်ရစ်ခဲ့ကြ၏။ ဤသို့ စပျစ်ချို အရက်သောက်ရင်း စကားပြောနေကြရာမှ စကားစပ်မိသွားကြကာ စပိန်ပြည်တွင် စပိန်ပြောက်ကျားတပ်များက နပိုလီယန်အား ခုခံတိုက်ခိုက်နေသည့်အကြောင်းများသို့ ရောက်သွားကြ၏။ ထိုကိစ္စကို ပြောဆိုကြရာတွင် ၎င်းတို့အားလုံးနှင့် မင်းသားကလေးအင်ဒရေမှာ ထင်မြင်ချက် တစ်မျိုးစီဖြစ်လျက်ရှိလေသည်။ စပီရန်စကီသည် ပြုံးလိုက်၍ အငြင်းအခုံဖြစ်ပွားခြင်းကို လမ်းလွှဲသည့်အနေဖြင့် ထိုအကြောင်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော ကိစ္စတစ်ရပ်ကို ကြားဖောက်၍ ပြောလိုက်သည်တွင် အတန်ကြာမျှ အားလုံးတိတ်ဆိတ်သွားကြလေသည်။

စားပွဲတွင် အတန်ကြာထိုင်နေကြပြီးနောက် စပီရန်စကီက အရက်ချိုတစ်ပုလင်းကို ဖွင့်လိုက်ရာမှ

"ခုခေတ်က အရက်ကောင်းကောင်း မရတော့ဘူးဗျ၊ အရက်ကောင်းကောင်းများကလဲ မြင်းနှစ်ကောင်ကတဲ့ ရထားကြီးများကိုစီးပြီးမှ ရောက်လာကြတော့တယ်" ဟုဆိုကာ ပုလင်းကို အစေခံသို့ လှမ်းပေးပြီး မတ်တတ်



www.burmeseclassic.com

ရပ်လိုက်သည်။ ဤတွင် အားလုံးမတ်တတ်ရပ်ကာ ဆူညံစွာ ပြောဆိုလျက် ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့ကြလေသည်။ မင်းချင်းလုလင်တစ်ဦး ယူဆောင်လာသည့် စာချွန် နှစ်စောင်ကို ဧည့်ခန်းတွင် အဆင်သင့် တွေ့သဖြင့် စပီရန်စကီသည် စာချွန်နှစ်စောင်ကိုကိုင်ကာ စာကြည့်ဆောင် ဘက်သို့ ထွက်သွား၏။ စပီရန်စကီထွက်သွားသည်နှင့် ရယ်မောရွှင်မြူးခြင်း ရပ်သွားကာ ဧည့်သည်များသည် အချင်းချင်း တီးတိုးစကား ပြောဆိုကျန်ရစ်ခဲ့ကြလေသည်။

"ကဲ စာလေး ကဗျာလေးရွတ်ကြလေဗျာ" စပီရန်စကီက စာကြည့်ဆောင်ဘက်မှ ပြန်လာ၍ ပြောလိုက်၏။

"ဟောဒီ ရောင်းရင်းကြီးက ကဗျာအရွတ်ကောင်းသဗျ"ဟု မက်ဂနစ်စကီကို မေးငေါ့၍ မင်းသားကလေး အင်ဒရေဘက်သို့ လှည့်ပြောလိုက်သည်။ မက်ဂနစ်စကီသည် ကိုယ်ဟန်ပြင်လိုက်၍ ထင်ရှားသောပီတာစဘတ်ရွှေမြို့တော်မှ ပုဂ္ဂိုလ်ကြီးများနှင့် စပ်လျဉ်း၍ ပြင်သစ်ဘာသာဖြင့် ၎င်းကိုယ်တိုင် ရယ်ရွှင်ဖွယ် ကဗျာတိုကလေးများကိုရွတ်၍ ပြလေသည်။ ဧည့်သည်များက လက်ခုပ်သြဘာပေးကြ၏။ ကဗျာရွတ်၍ ပြီးသောအခါ မင်းသားကလေး အင်ဒရေသည် ပြန်ရန် စပီရန်စကီကို နှုတ်ဆက်လိုက်သည်။

"စောလှချေကလားဗျ။ ဘာများ ကိစ္စရှိလို့လဲ"

"ဧည့်ခံပွဲတစ်ခုကို လာမယ်လို့ ကတိပေးခဲ့လို့ပါဝန်မင်း"

စပီရန်စကီသည် နောက်ထပ်မည်သို့မျှ မပြောတော့ချေ။ မင်းသားကလေးအင်ဒရေသည် စူးရှတောက်ပြောင်၍ ဖောက်ထွင်းမရနိုင်သော စပီရန်စကီ၏ မျက်လုံးများကို နီးကပ်စွာ စူးစိုက်ကြည့်ရင်း စပီရန်စကီအား မျှော်လင့်တကြီးဖြင့် ကြည်ညိုလေးစားခဲ့မိသည်မှာ ရယ်ဖွယ်ကောင်းစွတကား၊ စပီရန်စကီအား အထင်ကြီးခဲ့မိသည်မှာ မှားလေစွတကားဟု နောင်တရလျက် ရှိလေသည်။ စပီရန်စကီ၏ စံအိမ်မှ ထွက်လာသည့်နောက် ပြတ်တောင်း၍ ရွှင်မြူးခြင်းမရှိသော စပီရန်စကီ၏ ရယ်သံသည် မင်းသားကလေးအင်ဒရေ၏ နားထဲမှ တော်တော်နှင့် မထွက်တော့ချေ။

အိမ်သို့ ပြန်ရောက်သောအခါတွင်မင်းသားကလေးအင်ဒရေသည် ပီတာစဘတ်ရွှေမြို့တော်၌ လေးလကြာမျှ နေထိုင်ခဲ့သော မိမိ၏ဘဝကို အသစ်အဆန်းလုပ်ကာ ပြန်ပြောင်းတွေးတောနေမိလေသည်။ မိမိ၏ကြိုးပမ်းမှုများနှင့် မျှော်လင့်ချက်များကိုလည်းကောင်း၊ တပ်မတော်စည်းကမ်းဥပဒေများ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော မိမိရေးဆွဲသည့် စီမံကိန်း၏ ရာဇဝင်ကိုလည်းကောင်း စဉ်းစားမိသည်။ ယခုအချိန်အထိ မိမိ၏စီမံကိန်းကို စဉ်းစားရန် လက်ခံထားသော်လည်း မိမိ၏စီမံကိန်းထက် ညံ့ဖျင်းလှသော အခြားစီမံကိန်းတစ်ရပ်ကိုကား အတည်ပြုလျက် ဘုရင်မင်းမြတ်ထံသို့ တင်ပြထားကြကာ မိမိ၏ စီမံကိန်းကိုမူ တိတ်တဆိတ် ချောင်ထိုးထားကြလေသည်။ မင်းသားကလေးအင်ဒရေသည် ဘာ့ဂ်ပါဝင်သောကော်မတီတစ်ခု၏ အစည်းအဝေးကိုလည်း ပြန်ပြောင်းစဉ်းစားနေမိသည်။ ထိုအစည်းအဝေးတွင် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှည်လျားစွာ ငြင်းခုံဆွေးနွေးကြသလောက် ပြင်ပ အလုပ်စခန်းနှင့် ပတ်သက်လျှင်ကား အထူးဝါယမ စိုက်ထုတ်၍ လျင်မြန်နိုင်သလောက် လျင်မြန်စွာ ဘေးဖယ်ရှောင်ကွင်းသွားကြခြင်းကိုလည်း အမှတ်ရလာသည်။ မိမိက တရားဥပဒေ ပြဋ္ဌာန်းရေးဆိုင်ရာ ဓမ္မသတ်ကြီးတစ်စောင်ကို ကြိုးစားပြုစုကာ ရောမဓမ္မသတ်ကျမ်းကြီးများနှင့် ပြင်သစ်ဓမ္မသတ်ကျမ်းကြီးများကို ရုရှဘာသာသို့ အပတ်တကုတ် ပြန်ဆိုရေးသားရသလောက် အရာမထင်ဘဲ ရှိခြင်းကို ပြန်လည်စဉ်းစားမမိသောအခါ၌လည်း မင်းသားကလေးအင်ဒရေသည် ကိုယ့်သိက္ခာ ကိုယ်ရှက်လာလေသည်။ ထို့နောက် မိမိ၏ဒေသဖြစ်သော ဘိုဂူချာရိုဗိုကျေးတောကိုလည်းကောင်း၊ ကျေးလက်တွင် မိမိ၏လုပ်ငန်းဆောင်တာများကိုလည်းကောင်း၊ ရာဇန်ပိုင်စားနယ်မြေကြီးကိုလည်းကောင်း၊ လယ်သမားများကိုလည်းကောင်း၊ ကျေးရွာခေါင်းဒရွန်အမည်ရှိ အဘိုးကြီးကိုလည်းကောင်း အမှတ်ရလာကာ မိမိပြုစုစီရင်လျက်ရှိသော ဓမ္မသတ်ကျမ်းကြီးထဲမှ လူတို့၏ မူလပိုင်ခွင့်များကို မိမိ၏ပိုင်စားနယ်မြေများရှိ မြေကျွန်များအား လက်တွေ့ခံစားစေရလျှင် ကောင်းလေစွဟု တွေးနေမိသည်။ ဤသို့တွေးရာကလည်း မိမိသည် ဤသို့လက်တွေ့မပါသော အလုပ်တစ်ခု၌ ဤမျှကြာရှည်လေးမြင့်စွာ ဝင်ရောက်လုပ်ကိုင်နေနိုင်ခြင်းအတွက် မိမိကိုယ်ကိုအံ့သြလျက်ရှိလေသည်။



www.burmeseclassic.com

 www.burmeseclassic.com 

## အခန်း ၁၉

နောက်တစ်နေ့တွင် မင်းသားကလေး အင်ဒရေသည် မိမိသွားရောက် နှုတ်ဆက်ခြင်း မပြုရသေးသော အချို့အိမ်များကို သွားရောက် နှုတ်ဆက်လေသည်။ ထိုအထဲ၌ တော်ဝင်ကပွဲတွင် အသစ်တစ်ဖန်ပြန်၍ အသိအကျွမ်းဖြစ်ခဲ့သည့် မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစု၏ အိမ်လည်းပါဝင်၏။ ဤသို့ သွားရောက်လည်ပတ် နှုတ်ဆက်ခြင်းမှာ ယဉ်ကျေးမှုသက်သက်ကြောင့်သာ မဟုတ်ဘဲ မိမိ၏နှလုံးသားပေါ်တွင် တံဆိပ်ခတ်သကဲ့သို့ ထင်၍ ကျန်ရစ်ခဲ့သော ပကတိရိုးသားဖြူစင်အပြစ်ကင်းသည့် ကလေးမကလေးအား တွေ့မြင်လိုသောကြောင့်လည်း ဖြစ်လေသည်။

မြို့စားကြီး ရော့စတော့ဗ်အိမ်သို့ ရောက်လျှင် နာတာရှာကို ပထမဆုံးတွေ့ရ၏။ နာတာရှာသည် အိမ်တွင် နက်ပြာရောင်ဝတ်စုံကလေးကို ခပ်ရိုးရိုး ဝတ်ဆင်ထား၏။ မင်းသားကလေး အင်ဒရေအဖို့ကား ဤသို့ ခပ်ရိုးရိုး အဆင်အပြင်နှင့် တွေ့ရခြင်းမှာ ပွဲတက်ဝတ်စုံနှင့် တွေ့ရခြင်းထက်ပင် လှသည်ဟု ထင်မိသေးသည်။ နာတာရှာနှင့် တကွ မိသားစုအားလုံးကပင် မင်းသားကလေးအင်ဒရေအား မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ရိုးသားစွာ ဝမ်းသာအားရကြိုဆိုခြင်း ပြုကြ၏။ ယခင်က မိမိအထင်သေးခဲ့သော မြို့စားကြီးရော့စတော့ဗ် မိသားစုမှာ ရိုးသားကြင်နာ၍ စိတ်သဘောကောင်းသူများ ဖြစ်သည်ကိုလည်း မင်းသားကလေး အင်ဒရေတွေ့ရ၏။ ဤအထဲတွင် မြို့စားကြီး ရော့စတော့ဗ်၏ ဖော်ရွေပျူငှာခြင်းမှာ ပီတာစဘတ်ရွှေမြို့တော်တွင် တွေ့ရခဲ့သော ဖော်ရွေပျူ ငှာခြင်းမျိုးဖြစ်ရကား မင်းသားကလေး အင်ဒရေမှာ ညစာစားရန် ဖိတ်ခေါ်ချက်ကို ငြင်းဆိုခြင်းငှာ မတတ်နိုင်တော့ဘဲ လက်ခံလိုက်မိလေသည်။

'ဟုတ်တယ်။ သူတို့အိမ်သားတွေဟာ တော်တော်ရိုးကြတာပဲ။ နာတာရှာလို အင်မတန်အဖိုးတန်တဲ့ သမီးမျိုးကို ပိုင်ရတာတောင် သူတို့ဟာ ဂုဏ်ယူရမှန်း မသိကြရှာဘူး။ နာတာရှာရဲ့ အရည်အသွေးဟာ ဘယ်မျှတန်ဖိုးရှိတယ်ဆိုတာကို သူတို့ သိကြပုံ မရဘူး၊ သူတို့အိမ်သားတွေဟာ ရိုးပေမယ့် အင်မတန် ကြင်နာသိမ်မွေ့ကြပေတယ်၊ နာတာရှာဟာလဲ ထူးထူးခြားခြား ချစ်စရာကောင်းတယ်၊ ကဗျာဆန်တယ်၊ နှစ်လိုဖွယ်ကောင်းတယ်၊ ရိုးသားတယ်၊ မိုးဆမ်းထားတဲ့ ပန်းပွင့်ပမာ ရှင်လန်းအသက် ဝင်တယ်၊ ဒီလိုမိသားစု ပတ်ဝန်းကျင်နဲ့ နာတာရှာဟာ တကယ့်ကို အဆင်ပြေလိုက်လေ့ျာ ပေတာပဲ'

မင်းသားကလေး အင်ဒရေသည် ထိုသို့ တွေးမိ၏။

နာတာရှာ၌ မိမိကျင်လည်ကျက်စားသည့် ဟန်ဆောင်ကမ္ဘာလောကကြီးနှင့် ကွဲပြားခြားနားသော၊ သစ်လွင်သော၊ ပျော်ရွှင်ကြည်နူးဖွယ် အတိပြီးသော ကမ္ဘာလောကကလေးတစ်ခု တည်ရှိသည်ဟု မင်းသားကလေး အင်ဒရေထင်မိ၏။ အိုထရာနီ ကျေးလက်စံအိမ်အဝင် သစ်ပင်တန်းများပေါက်ရောက်လျက်ရှိသော ရိပ်သာလမ်းကလေးပေါ်၌ အပူအပင်ကင်းမဲ့စွာ ပျော်ရွှင်မြူးထူးကစားနိုင်သော ကမ္ဘာလောက၊ လရောင်ရွှန်းမြသောညကို ငေးမောကြည်နူးနိုင်သောကမ္ဘာလောကကို မင်းသားကလေးအင်ဒရေ မျှော်မှန်း တမ်းတခဲ့ဖူး၏။ ယခုသော် ထိုကမ္ဘာလောကသည် မိမိနှင့် ကွဲပြားခြားနားခြင်း မရှိတော့ပြီ။ မိမိသည် ထိုကမ္ဘာလောကထဲသို့ ဝင်ရောက်လာခဲ့လေပြီ။ ထိုကမ္ဘာလောကကို အဝေးမှမျှော်မှန်းတမ်းတနေစရာ မလိုတော့ပြီ။ မိမိသည် ထိုကမ္ဘာလောကသစ်ထဲသို့ ရောက်ကာ ပျော်ရွှင်ချမ်းမြေ့မှုသစ်တစ်မျိုးကို တွေ့ရလေပြီဟု မင်းသားကလေး အင်ဒရေ ခံစားမိလေသည်။

ညစာစားပြီးနောက်၌ မင်းသားကလေး အင်ဒရေ၏ တောင်းဆိုချက်အရ နာတာရှာသည် ရှေးစန္ဒရားကြီးကို တီးကာ သီချင်းဆိုပြ၏။ မင်းသားကလေးအင်ဒရေသည် ပြတင်းဝအနီးတွင် ရပ်၍ မိန်းမပိုင်းနှင့်စကားပြောနေရာမှ နာတာရှာ၏တေးသံကို နားထောင်နေကြသည်။ တေးသံကို နားထောင်ရာမှ စကားပြောရင်း မင်းသားကလေးအင်ဒရေ၏မျက်လုံးတွင် မျက်ရည်တွေရစ်ဝဲလာလေသည်။ မင်းသားကလေးအင်ဒရေအဖို့ ယခင်က ဤကဲ့သို့ တစ်ခါမျှမမြင်ဖူးခဲ့ချေ။ မင်းသားကလေးအင်ဒရေသည် သီချင်းဆိုလျက်ရှိသော နာတာရှာကို ကြည့်လျက်ရှိရာမှ ၎င်း၏စိတ်သည် သစ်လွင်လန်းဆန်းလာသည်ဟု ထင်မှတ်မိ၏။ ရင်ထဲတွင် ပျော်လည်းပျော်၍ ဝမ်းနည်းသလိုလည်း ခံစားရသည်။ အမှန်အားဖြင့် မင်းသားကလေးအင်ဒရေ၌ ဘာမျှ မျက်ရည်ကျစရာအကြောင်းမရှိသော်လည်း မျက်ရည်များသည် တွေ



www.burmeseclassic.com

တွေစီးကျလာကြလေသည်။ အဘယ်ကြောင့်မျက်ရည်ဝဲရပေသနည်း။ မိမိ၏အချစ်ဟောင်းအတွက်လော၊ ကွယ်လွန်သူကြင်ယာတော် မင်းသမီးကလေး လီဇာအတွက်လော၊ မိမိ၏စိတ်ပျက်ညစ်ကျုဖွယ်ကောင်းလှသောဘဝအတွက်လော၊ အနာဂတ်မျှော်လင့်ချက် အတွက်လော၊ မင်းသားကလေး အင်ဒရေသည် ဤသို့ ကိုယ့်ကိုယ်ကိုမေးမိသည်။ ဤအရာများအတွက် ဟုတ်လည်းဟုတ်သည်၊ မဟုတ်လည်း မဟုတ်ဟု အဖြေထွက်လာလေသည်။ မျက်ရည်ဝဲရသည့် အဓိက အကြောင်းရင်းကား အကန့်အသတ်မရှိ၊ တုန့်ကိုမရအောင် ထုထည်ကြီးမားလှသော မေတ္တာနှင့် ကန့်သတ်ချက် အနှောင်အဖွဲ့တို့ များပြားလှသော မိမိတို့နှစ်ဦး၏အဖြစ်ကြားတွင် တည်ရှိနေသော ခြားနားချက်ကို တွေးမိသောကြောင့် ဖြစ်လေသည်။ ဤကြောက်စရာ ခြားနားချက်ကြီးသည် ၎င်းကို ဖိစီးလျက်ရှိလေသည်။ ဤသို့ရှိရင်းကလည်း မင်းသားကလေး အင်ဒရေမှာ တေးဆိုလျက်ရှိသော နာတာရှာကို ကြည့်၍ကြည်နူးမိပြန်သည်။

သီချင်းဆိုပြီးသည့်အခါ၌ နာတာရှာသည် မင်းသားကလေးအင်ဒရေထံသို့ ရောက်လာကာ အသံကောင်းခြင်းရှိမရှိကို မေးမြန်းခြင်း ပြုလေသည်။ မေးပြီးသောအခါမှ ဤမေးခွန်းမှာ မမေးသင့်သောမေးခွန်းဖြစ်ကြောင်း သတိရသွားဟန်ဖြင့် ရှက်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေက ပြုံး၍ နာတာရှာကို ကြည့်လိုက်ပြီးနောက် နာတာရှာပြုသမျှ အပြုအမူတိုင်းကို ကြိုက်နှစ်သက်ပြီးသား ဖြစ်သကဲ့သို့ ယခုသီချင်းဆိုခြင်းကိုလည်း ကြိုက်နှစ်သက်ကြောင်း ပြင်ပြင် ပြန်၍ ပြောလိုက်သည်။

မင်းသားကလေးအင်ဒရေသည် ထိုနေ့ညဉ့် အတော်ညဉ့်နက်မှ အိမ်သို့ပြန်လာခဲ့၏။ အိမ်ရောက်၍ ထုံးစံဖြစ်၍သာ အိပ်ရာဝင်ခဲ့ရသော်လည်း ရတ်တရက် အိပ်မပျော်နိုင်ချေ။ မင်းသားကလေး အင်ဒရေသည် ဖယောင်းတိုင်ကို ထွန်းပြီးနောက် အိပ်ရာပေါ်တွင်ထထိုင်ပြန်သည်။ နောက်ထ၍ လျှောက်ပြန်သည်။ နောက်ပြန်၍ လှဲပြန်သည်။ အိပ်မပျော်နိုင်ခြင်းအတွက်ကား အနည်းငယ်မျှစိတ်အနှောင့်အယှက် မဖြစ်မိကျေ။ မည်းမှောင်မွန်းကျပ်လှသော အခန်းကျဉ်းကလေးထဲမှ လတ်ဆတ်သန့်ရှင်းသော လေထဲသို့ ထွက်လာခဲ့ရသကဲ့သို့ ၎င်း၏စိတ်သည်လည်း လန်းဆန်းရွှင်မြူးလျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် နာတာရှာအကြောင်းကို တွေးတောခြင်းမပြု၊ နာတာရှာအားချစ်ခင်စုံမက်ရန်ကိုလည်း စိတ်ကူးမထည့်မိသေးသော်ငြား နာတာရှာကို မြင်ယောင်လျက်ရှိရာမှ မိမိ၏ဘဝသည် ဘဝသစ်သို့ ရောက်ရှိလာသကဲ့သို့ ခံစားမိသည်။ 'လူ့ဘဝကြီးမှာ ပျော်စရာတွေ အများကြီးရှိသေးတာပဲ။ ဒီလောက် ပျော်စရာတွေ ပြည့်နှက်နေတဲ့ဘဝကြီးကို ရှေ့မှာမြင်နေရက်သားနဲ့ ဘာဖြစ်လို့အချုပ်အချယ်တွေ များလှတဲ့ ပေါင်ကျဉ်းကျဉ်းကလေးထဲမှာ အပန်းတကြီး ကြိုးပမ်းလုပ်ကိုင်နေရမှာလဲ' ဟု တွေးမိသည်။ မင်းသားကလေး အင်ဒရေသည် ကာလအတန်ကြာမျှ မိမိဘဝကို ရေစုံမျှော၍ ဖြစ်သလို နေခဲ့ရာမှ အနာဂတ်အတွက် ပျော်ရွှင်စရာများကို ပထမဆုံးအကြိမ်စိတ်ကူးလာမိသည်။ သားငယ်၏ ပညာရေးအတွက် စာပြတစ်ယောက်ကို ငှားပေးမည်ဟုလည်းကောင်း၊ အမှုတော်ထမ်းဘဝမှ နုတ်ထွက်ကာ အင်္ဂလန်၊ ဆွစ်ဇာလန်စသော နိုင်ငံခြားတိုင်း ပြည်များသို့လျှောက်လည်မည်ဟုလည်းကောင်း ဆုံးဖြတ် လိုက်လေသည်။ 'ငါ ကျန်းမာတုန်းနုပျိုတုန်းမှာ ငါ့ရဲ့လွတ်လပ်မှုကို အသုံးချရမယ်။ လူ့ဘဝမှာစိတ်၏ချမ်း သာခြင်းကို ရနိုင်တယ်လို့ယုံကြည်မှုလဲစိတ်ချမ်းသာတယ်လို့ ပီယာပြောသွားတဲ့စကားဟာသွေးထွက်အောင် မှန်ပေ တာပဲ၊ ဟုတ်တယ်၊ လူ့ဘဝမှာစိတ်၏ချမ်းသာခြင်းကို ရနိုင်တယ်လို့ ငါယုံတယ်၊ လူတွေဟာ တစ်နေ့မှာ မြေကြီးထဲ ရောက်ကြရမှာပဲ၊ ဒါပေမဲ့အသက်ထင်ရှား ရှိနေတုန်းမှာတော့ ပျော်ပျော်နေမယ်၊ စိတ်၏ချမ်းသာခြင်းခြင်းကို ရအောင်ရှာမယ်၊ အသက်ရှင်လျက် သေနေသူတစ် ဦးအဖြစ် ငါအရောက်မခံနိုင်ဘူး' မင်းသားကလေး အင်ဒရေသည် ဤသို့တွေးလျက်ရှိလေသည်။

## အခန်း ၂၀

ပီယာမှာ ပီတာစဘတ်ရွှေမြို့တော်နှင့် မော်စကိုတွင် လူတိုင်းနှင့်သိကျွမ်းသူဖြစ်၏။ တစ်နေ့နံနက် ပီယာနှင့် သိကျွမ်းသော ဗိုလ်မှူးကြီးဘာ့ဂ်သည် ပီယာ့ထံသို့ ရောက်လာလေသည်။ ဘာ့ဂ်မှာ အသစ်စက်စက် စစ်ဝတ်စုံကို ဝတ်လျက်



www.burmeseclassic.com

ဆံပင်ကို ဆီမွှေးသပ်၍ ဘုန်းတော်ကြီးသော အလက်ဇန်းဒရား ဘုရင်မင်းမြတ် ဖြီးထားသည့် ဟန်အတိုင်း နားထင်စပ်သို့ကျအောင် ဖြီးထားလေသည်။

"ကျွန်တော် မြို့စားလေးရဲ့ ကြင်ယာတော်ကို အခုပဲတွေ့လာခဲ့ပါတယ် မြို့စားကတော်လေးက ကျွန်တော် မေတ္တာရပ်ခံတဲ့အတိုင်း မဖြစ်နိုင်ဘူးလို့ ငြင်းပယ်လိုက်တဲ့အတွက် ကျွန်တော်ဖြင့် တော်တော်စိတ် မကောင်းဖြစ်မိတယ် ခင်ဗျာ။ ဒါပေမဲ့ မြို့စားလေးကတော့ လက်ခံလိမ့်မယ် ထင်ပါရဲ့"ဘာ့ဂ်က ပြုံး၍ ပြောလိုက်သည်။

"ဘာများလဲ ဗိုလ်မှူးကြီးရဲ့။ ကူညီတန်ရင် ကူညီရမှာပေါ့"

"ကျွန်တော်တို့ ခုအိမ်သစ်မှာ ပြောင်းနေကြ ပါတယ် မြို့စားလေး၊ (မြို့စားကလေးက မိမိ၏ဖိတ်ကြားချက်ကို လက်ခံလိမ့်မည်ဟု မျှော်လင့်သဖြင့် ဤသို့ ပြောလိုက်ခြင်း ဖြစ်၏။) ဒါကြောင့်မို့ အိမ်တက်မင်္ဂလာအဖြစ် ကျွန်တော်နဲ့ ကျွန်တော့်ဇနီးရဲ့ မိတ်ဆွေများကို ဖိတ်ပြီး ညှော်ခံပွဲလေး တစ်ခု လုပ်ချင်ပါတယ်။ (ဤနေရာ၌ ဘာ့ဂ်သည် ပို၍ ကျေနပ်စွာ ပြုံးလိုက်ပြန်သည်။) ဒီတော့ ကျွန်တော်တို့ လက်ဖက်ရည်ပွဲနဲ့ ညလယ်စာစားပွဲကို မြို့စားလေးနဲ့ကြင်ရာ တော်တို့ ကြွရောက်ချီးမြှင့်ဖို့ မေတ္တာရပ်ခံလိုပါတယ်"

ဘာ့ဂ်သည် အထူးတလည် လာရောက် ဖိတ်ကြားခြင်းဖြစ်၏။ ဘာ့ဂ်လိုလူမျိုးအား မိမိနှင့် အဖက်မတန်ဟု ယူဆလျက်ရှိသော မြို့စားကတော်လေး ဟယ်လင်ကသာလျှင် ဤသို့ ဖိတ်ကြားချက်မျိုးကို တူးတူးခါးခါးငြင်းရက်မည်သာဖြစ်ပေသည်။ ဘာ့ဂ်က မိမိအိမ်သို့သီးသန့်လူ အနည်းငယ်ကိုသာ ဖိတ်ကြားထားကြောင်း၊ ထိုသို့ ဖိတ်ကြား ညှော်ခံရသည့်အတွက် များစွာ ဝမ်းသာခြင်းဖြစ်ရကြောင်း၊ မိမိမှာ ဖဲကစားခြင်းနှင့် အန္တရာယ်ဖြစ်စေသော အခြားကိစ္စများ၌သာ စစ်စီသော်လည်း ဤလို ပုဂ္ဂိုလ်များအားညှော်ခံရသည့်အတွက်မူ အနည်းငယ်မျှ ဝန်လေးတွန့်ဆုတ်ခြင်း မရှိကြောင်းဖြင့် ရှင်းလင်းပြောဆိုလျက်ရှိသည့်အခါ၌ကား ပီယာမှာ မငြင်းသာတော့ဘဲ လာရောက်ပါမည်ဟု ကတိပေးလိုက်ရလေသည်။

"သြော် မြို့စားကလေးကို တစ်ခုတော့ တောင်းပန်ရဦးမယ် ခင်ဗျ၊ ခပ်စောစောကလေးတော့ ကြွခဲ့ပါနော်။ စောဆို ရှစ်ချက်မတီးခင် ဆယ်မိနစ်အလိုလောက်အရောက်ပေါ့ခင်ဗျာ။ ဖဲဝိုင်းတစ်ဝိုင်းလဲ ရှိမယ်ခင်ဗျ။ ကျွန်တော်တို့ဗိုလ်ချုပ်ကြီးလဲ ကြွလာပါလိမ့်မယ်။ ဗိုလ်ချုပ်ကြီးကဖြင့် ကျွန်တော့်ကို အတော်လေး ခင်ရှာ ပါတယ် ခင်ဗျာ။ ပြီးတော့မှ ညလယ်စာ စားကြတာပေါ့။ မြို့စားကေး ဆက်ဆက်ကြွခဲ့နော်"

ပီယာမှာညှော်ခံပွဲများတွင် အမြဲတမ်းနောက်ကျ၍ ရောက်လေ့ရှိသော်လည်း ထိုနေ့၌မူ ဘာ့ဂ်၏အိမ်သို့ ရှစ်ချက်မတီးမီ ဆယ်မိနစ်အလိုမျှမက ဆယ့်ငါးမိနစ်အလိုကတည်းက ရောက်လျက် ရှိလေသည်။

ဘာ့ဂ်နှင့်ဇနီးဗီရာတို့မှာ ညှော်ခံပွဲအတွက် အစစအရာရာ ပြင်ဆင်စီမံပြီးနောက် ညှော့်သည်များအား စောင့်မျှော်လျက် ရှိကြ၏။

ကိုယ်တစ်ပိုင်းရုပ်တုများ၊ ပန်းချီကားများနှင့် တကွ ပရိဘောဂအသစ်ကျပ်ချွတ်များဖြင့် ဆင်ယင်ထားသည့် သစ်လွင်သန့်ရှင်းသော ခပ်ကျဉ်းကျဉ်းစာကြည့်ဆောင်ထဲတွင်ဘာ့ဂ်နှင့် ၎င်း၏ဇနီးဗီရာတို့သည် ထိုင်လျက်ရှိကြ၏။ ဘာ့ဂ်မှာ စစ်ဝတ်စုံအသစ်ကို ကြယ်သီးအပြည့်တပ်၍ ဝတ်ထားကာ ဇနီးသည်ဗီရာ၏ အနီးတွင် ထိုင်ရင်း မိမိ၏အထက်က လူများနှင့် သိကျွမ်းထားသင့်ကြောင်း၊ သို့ သိကျွမ်းခြင်းဖြင့် အကူအညီ ရနိုင်ကြောင်းတို့ကို ဇနီးသည်အား ပြောပြလျက် ရှိလေသည်။

"သူတို့နဲ့သိထားတော့ ကိုယ့်မှာ အသိပညာလဲ တိုးတယ်၊ အကူအညီ တောင်းစရာရှိရင်လဲ တောင်းနိုင်တယ်၊ မောင့် ပထမရာထူး တိုးတာဟာ ဒီနည်းနဲ့တိုးလာတာပေါ့၊ (ဘာ့ဂ်သည် ၎င်း၏ အသက်ကို ရေတွက်ရာတွင် နှစ်ဖြင့် ရေတွက်ခြင်းမပြုဘဲ ရာထူးတိုးသောအကြိမ်ဖြင့် ရေတွက်လေ့ရှိ၏။) ကြည့်လေ၊ ဒါကြောင့်လဲ မောင်ရဲ့ မိတ်ဆွေရောင်းရင်းတွေက အညတရဘဝနဲ့ ရှိနေကြတုန်းမှာ မောင်ဟာတပ်မှူးကြီး ဖြစ်တော့မယ့်ဆဲဆဲ ဖြစ်နေပြီ။ ဟောဒီက မောင့်မယားအချစ်တုံးကြီးရဲ့လင်အဖြစ် စိတ်ချမ်းသာမှုရနေတာပေါ့။ (ဘာ့ဂ်သည် ထလာကာ ဗီရာ၏လက်ကို နမ်းလိုက်၏။ ဗီရာထံသို့ လျှောက်လာခဲ့ရာတွင် ဘာ့ဂ်သည် အနားလန်နေသည့် ကော်ဇောကို ဖြန့်ပစ်ခဲ့သေးသည်။) ဒီတော့ ဒီအရာတွေကို ဘယ်လိုရခဲ့သလဲဆိုတာကော သိရဲ့လား၊ ဘယ်လိုလူကို ဘယ်လိုပေါင်းရမယ်



www.burmeseclassic.com

ဆိုတာကို သိလို့ပေါ့ အချစ်ရဲ့၊ မိတ်ဆွေအပေါင်းအသင်းကို ရွေးချယ်တဲ့နေရာမှာ စဉ်းစားလဲစဉ်းစားရမယ်။ နည်းလမ်းလဲ ကျရမယ်"

ဘာ့ဂ်သည် အားနွဲ့သော မိန်းမသားတစ်ဦးထက် မိမိကတစ်ပန်းသာလျက် ရှိသည့်အဖြစ်ကို သတိထားလိုက်မိသဖြင့် ကျေနပ်စွာ ပြုံးလိုက်၏။ ထိုနောက် မိမိ၏ချစ်စွာသောဇနီးသည်မှာ ယောကျ်ားတို့၏ ဂုဏ်သိက္ခာ၌ မည်သို့သောအခြင်းအရာများ ပါရှိသည်၊ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ရန် မည်သည့်အရည်အချင်းများ လိုသည်ဆိုသည့် အချက်များကို နားမလည်နိုင်သော အားနွဲ့သူမိန်းမမျှသာ ဖြစ်သည်ကို တွေးမိလိုက်သဖြင့် စကားကို ဖြတ်လိုက်သည်။ သို့ရာတွင် ဗီရာကလည်း မိမိ၏ချစ်လင်သည် စိတ်နှလုံးကောင်းရှိသည့်တိုင် ယောကျ်ားတကာတို့၏ ထုံးစံအတိုင်း လောကကြီးအကြောင်းကို မှားယွင်းစွာ နားလည်သိမြင်နေရှာသူဖြစ်၍ မိမိကသာ သူ့ထက်သာပေသည်၊ နားလည်ပေသည်ဟူသော အတွေးဖြင့် ပြုံးလိုက်သည်။ ဘာ့ဂ်သည် ၎င်း၏ချစ်ဇနီးကို ကြည့်ကာ မိန်းမတို့မည်သည် စိတ်ထားပျော့ညံ့၍ မိုက်မဲကြသည်ဟု ထင်လျက်ရှိ၏။ ဗီရာကလည်း ၎င်း၏ချစ်လင်တစ်ဦးတည်းကိုသာ ကြည့်လျက် ယောကျ်ားဟူသည် နကန်းတစ်လုံးမျှ မသိဘဲနှင့် ကိုယ့်ကိုယ်ကို အထင်ကြီးလေ့ရှိကာ ကိုယ်ကျိုးလောက်ကိုသာ ကြည့်တတ်ကြပြီး ၎င်းတို့သာလျှင် ဉာဏ်အမြော်အမြင် ရှိသည်၊ မူပိုင်လုပ်ထားတတ်သူမျိုး ဖြစ်သည်ဟူ၍ တွေးလျက်ရှိလေသည်။

ဘာ့ဂ်သည် ထိုင်ရာမှထကာ မိမိကိုယ်တိုင် အဖိုးကြီးစွာပေး၍ ဝယ်ပေးထားသော စံပယ်ကြဲခြုံဇာပဝါကို တွန့်ကြေမသွားအောင် သတိကြီးစွာဖြင့် ဇနီးသည်ကို ပွေ့ဖက်လိုက်ပြီးနောက် နှုတ်ခမ်းများကို တအားစုပ်ယူလိုက်လေသည်။

"အရေးကြီးတာက မောင်တို့ ကလေးမြန်မြန် မရမှ ဖြစ်မယ်အချစ်ရဲ့"ဘာ့ဂ်က ၎င်းခေါင်းထဲမှ အမှတ်မထင်ကျန်နေသည့် အတွေးလက်စများကို ပြန်၍ ဆက်လိုက်ပြန်သည်။

"ဟုတ်တယ်မောင်။ ဗီရာလဲ ကလေးမလိုချင်ဘူး။ မင်းပွဲသဘင်တွေ လွတ်လွတ်လပ်လပ် သွားချင်တယ်"

"မင်းသမီးကလေး ယူဆူပိုဗာရဲ့ပဝါမျိုးက ဒီလိုပဝါမျိုးပေါ့ အချစ်ရဲ့"ဘာ့ဂ်က ရွှင်မြူးကြင်နာသော အပြုံးဖြင့် စံပယ်ကြဲ ခြုံဇာပဝါကို လက်ညှိုးထိုး၍ ပြောလိုက်ပြန်သည်။

ဤသို့စကားပြောနေကြစဉ် မြို့စားကလေးပီယာ ရောက်ရှိလာပြီဟု အစေခံတစ်ယောက်က လာရောက်ပြောဆိုခြင်း ပြုလေသည်။ လင်မယားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်ကြရင်းက မြို့စားကလေးပီယာ ဤသို့လာရောက်ချီးမြှင့်ခြင်းအတွက် ကိုယ့်စိတ်ထဲတွင်ကိုယ် အသီးသီးကျိတ်၍ ဂုဏ်ယူလျက် ရှိကြလေသည်။

'အဲဒါဟာ မိတ်ဆွေရောင်းရင်းကို ဘယ်လို ပေါင်းသင်းရမယ်ဆိုတာ သိတဲ့အတွက် ခံစားရတဲ့အကျိုး ကျေးဇူးပေါ့။ ကိုယ့်ကိုယ်ကို လူတောတိုးအောင် ဘယ်လိုနေတတ်ရမယ်ဆိုတာကို သိလို့ရတဲ့ အကျိုးကျေးဇူးပေါ့'ဟု ဘာ့ဂ်သည် တွေးလျက်ရှိ၏။

"ဒါပဲနော်မောင်။ ဧည့်သည်တွေကို အချစ် လက်ခံစကားပြောနေတုန်းမှာ မောင် ဝင်ပြီး မရှုပ်ရဘူး သိလား၊ ဘယ်ဧည့်သည် ဘာစိတ်ဝင်စားတယ်။ ဘယ် ဧည့်သည်ကို ဘာလို စကားပြောရမယ်ဆိုတာ အချစ်ကမှ သိတာမောင်ရဲ့" ဗီရာကပြောလိုက်သည်။

ဘာ့ဂ်က ပြုံးလိုက်ပြန်သည်။

"ဗျို့၊ ဒါတော့ မတတ်နိုင်ဘူးဗျ။ မောင်တို့ယောကျ်ားတွေလဲ တစ်ခါတလေယောကျ်ားစကားတော့ ပြောရဦးမယ်"ဘာ့ဂ်က ပြန်ပြောလိုက်သည်။

ဘာ့ဂ်တို့ လင်မယားနှစ်ယောက်သည် ပီယာအား ခပ်ကျဉ်းကျဉ်း ဧည့်ခန်းဆောင်အသစ်ကလေးထဲတွင် ဧည့်ခံကြ၏။ ထိုဧည့်ခန်းဆောင်ကလေးမှာ အချိုးအစားကျခြင်း၊ သန့်ရှင်းခြင်း၊ အဆင်အပြင် ပြေပြစ်ခြင်းတို့ဖြင့် ပြည့်စုံလျက် အလှပြသည့် အခန်းငယ်ကလေးတစ်ခုကဲ့သို့ သပ်ရပ်လှပေရာ ထိုအခန်းထဲတွင် လူတစ်ယောက် ဝင်ထိုင်လိုက်သည်နှင့် ခန်းဆောင်၏ အချိုးအစားကျခြင်း၊ သန့်ရှင်းခြင်း၊ အဆင်အပြင်ပြေပြစ်ခြင်း စသည်တို့မှာ တစ်ခုမဟုတ်တစ်ခု၊ တစ်နေရာမဟုတ် တစ်နေရာမှ ပျက်စီးအရုပ်ဆိုးသွားတော့မည်ဖြစ်သည့်အတွက် ထိုင်ရက်စရာမရှိအောင်ပင် ဖြစ်နေတော့သည်။ ထို့ကြောင့်လည်း ဘာ့ဂ်သည် မိမိဧည့်သည်အား ထိုင်ဖုံ၊ သို့မဟုတ် လက်တင်ကုလားထိုင်တစ်လုံး



www.burmeseclassic.com

စသဖြင့် ၎င်းကြိုက်နှစ်သက်သလို ထိုင်ရန် ရက်ရောစွာ ခွင့်ပြုထားသော်လည်း ရွှေပြောင်းထိုင်လျက် ဖရိုဖရဲဖြစ်ကာ အဆင်အပြင် ပျက်ကုန်တော့မည်လောဟု စိုးရိမ်လျက် ရှိဟန်၊ သို့စိုးရိမ်သော်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ ဧည့်သည်၏ သဘောအတိုင်း ကြိုက်သည့်နေရာတွင် ထိုင်ပစေဟု ပေယျာလကန် ပြုလိုက်ရဟန် ပေါ်လျက် ရှိလေသည်။ ပီယာသည် ရောက်ရောက်ချင်း ဆောက်နှင့် ထွင်းဆိုသကဲ့သို့ ကုလားထိုင်တစ်လုံးကို ရွှေ့ထိုင်လိုက်ခြင်း ဖြင့် အဆင်အပြင် ပြေပြစ်ခြင်ကို စတင်ဖျက်ဆီးလိုက်သည်။ ခဏအကြာတွင် ဘာ့ဂ်နှင့် ဗီရာတို့စုံတွဲသည် ဧည့်ခံပွဲကို စတင်ကာ ဧည့်သည်များအား ၎င်းတို့နှင့် ကိုက်ညီသော အကြောင်းအရာများကို ရွေးချယ်ပြောဆို၍ ဧည့်ခံရင်း တစ်ယောက်စကားကို တစ်ယောက်စွက်ဖက်၍ အလု အယက် ပြောဆိုလျက်ရှိကြလေသည်။

ဗီရာသည် ပီယာအား ပြင်သစ်သံရုံးတော်၏ အကြောင်းကိုပြောဆို၍ ဧည့်ခံသင့်သည်ဟု စိတ်ထဲတွင် ဆုံးဖြတ်လိုက်ပြီးနောက် ချက်ချင်းပင် ပြင်သစ်သံရုံးတော်၏ အကြောင်းကို ပြောဆိုလျက်ရှိလေသည်။ ဘာ့ဂ်ကမူ မိမိတို့ ယောကျ်ားချင်း ယောကျ်ားစကား ပြောသင့်သည်ဟု ယူဆကာ ဇနီးသည် ဗီရာပြောနေသည့်ကြားထဲမှ အတင်းဝင်ဖောက်၍ ဩစထြီးယားနှင့် ဖြစ်ပွားသော စစ်ပွဲအကြောင်းနှင့်တကွ ဩစထြီးယားနိုင်ငံသို့ စစ်ချီ ထွက်စဉ်က ပီယာအား လိုက်ပါအမှုထမ်းရန် ဆင့်ခေါ်ခြင်း ကို မည်သို့သဘောထားပုံ၊ အဘယ်ကြောင့် လိုက်ပါခြင်း မပြုဘဲ ငြင်းဆိုလိုက်ပုံ စသည့် ကိုယ်ရေးကိုယ်တာ ကိစ္စ များကို မေးမြန်းပြောဆိုလျက်ရှိ၏။ ဤသို့ဖြင့် စကားဝိုင်း မှာ အဆက်အစပ်မရှိဘဲ ရောက်ချင်ရာရောက်လျက်ရှိ၏။ ဗီရာသည် မိမိနှင့်ပီယာတို့ ပြောနေသည့်ကြား၌ စစ်စကား၊ တိုင်းရေးပြည်ရေး စသည့် ယောကျ်ားစကားများကို ကြား ဖောက်ပြောဆိုရပါမည်လောဟု သူ့ချစ်လင် ဘာ့ဂ်အား စိတ်ကောက်လျက်ရှိ၏။ သို့သော်လည်း လင်မယားနှစ် ယောက်စလုံး၏ စိတ်ထဲ၌ကား ဧည့်သည်တစ်ယောက် တည်း လာစေကာမူ မိမိတို့၏ ဧည့်ခံပွဲမှာ အခြားသော ဧည့်ခံပွဲများကဲ့သို့စကားဝိုင်း၊ လက်ဖက်ရည်ဝိုင်း၊ ဖယောင်း တိုင်မီးပဒေသာပွင့် စသည်တို့ဖြင့် ရွှေမြို့တော်ရှိ အခြားသော ဧည့်ခံပွဲ၌ ရှိအပ်သော အရာတို့ဖြင့် ပြည့်စုံပေသည်ဟု ကျေနပ်နှစ်သိမ့်လျက် ရှိကြလေသည်။

မကြာမီ ဘာ့ဂ်၏ သွေးသောက်တစ်ဦးဖြစ်သူ ဘိုးရစ်စ် ရောက်လာလေသည်။ ဘာ့ဂ်နှင့် ဗီရာတို့အား ဘိုးရစ်စ်က ဆက်ဆံပုံမှာ အထက်စီးမှင့်ကြည့်၍ ဆက်ဆံပုံ မျိုးဖြစ်၏။ ဘိုးရစ်စ်၏နောက်၌ ဗိုလ်မှူးကြီးတစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ထို့နောက် ဗိုလ်ချုပ်ကြီး၊ ထို့နောက် မြို့စားကြီး ရော့စတော့ဗ်မိသားစုများ စသည်ဖြင့် တဖွဲဖွဲ ရောက်၍လာကြလေရာ ဘာ့ဂ်တို့ လင်မယား၏ ဧည့်ခံပွဲ ကလေးမှာ အခြားသော ညနေခင်းဧည့်ခံပွဲများနှင့် တစ်ထပ် တည်း တစ်သားတည်း ရောသွားကာ စည်ကား သိုက်မြိုက် လျက် ရှိလေသည်။ ဘာ့ဂ်နှင့် ဗီရာတို့ လင်မယားကား ဧည့်ခန်းဆောင်တွင် လှုပ်ရှားသွားလာနေကြသော ပရိသတ် ကိုလည်းကောင်း၊အုတ်အုတ်ကျက်ကျက် စကားပြောသံများ ကို လည်းကောင်း၊ ပိုးဖဲကတ္တီပါများ တရှမ်းရှမ်းမြည်သံကို လည်းကောင်း၊ ဦးညွှတ်၍တစ်ဖုံ၊ လက်ဆွဲ၍တစ်မျိုး နှုတ်ဆက်ကြခြင်းကိုလည်းကောင်း ပီတိဖြစ်ကာ အပြုံး တွေကိုယ်စီနှင့် ရှိကြလေသည်။ အစစအရာရာမှာလည်း အဆင်ပြေလျက်ရှိလေရာ ဗိုလ်ချုပ်ကြီးမှာ ဘာ့ဂ်၏ပခုံးကို ပုတ်လျက် အိမ်၏အပြင်အဆင်ကို ချီးမွမ်းပြီးနောက် လူကြီးမိဘ၏လေသံမျိုးဖြင့် ဘော့စတွန် ဖဲကစားရန် အတွက် စားပွဲများပြင်ရန် ပြောလိုက်သည်။ ဗိုလ်ချုပ်ကြီးမှာ မိမိကလွဲလျှင် အရေးအကြီးဆုံးသော ဧည့်သည်ဖြစ်သည့် ဘာ့ဂ်၏ ယောက္ခမမြို့စားကြီး အီလျာရော့စတော့ဗ်နှင့် ကပ်၍ထိုင်၏။ ဤသို့ဖြင့် လူကြီးများက လူကြီးအချင်း ချင်း၊ လူငယ်များကလည်း လူငယ်အချင်းချင်း ထိုင်လျက် ရှိကြ၏။ အိမ်ရှင်မဖြစ်သူ ဗီရာမှာ အခြားလူရတတ်တို့၏ ဧည့်ခံပွဲများတွင် တည်ခင်းလေ့ရှိသော ငွေကိုတ်မုန့်ပန်းကန် ဖြင့် အကောင်းစားကိတ်မုန့်များ တည်ခင်းထားသည့် လက်ဖက်ရည်စားပွဲတွင် ရပ်လျက်ရှိ၏။ ဤသို့ဖြင့် ၎င်းတို့၏ ဧည့်ခံပွဲကလေးသည် အခြားသော ဧည့်ခံပွဲများ ထက် အဆင့်အတန်းမနိမ့်ဘဲ စည်ကား သိုက်မြိုက်လျက် ရှိလေသည်။



www.burmeseclassic.com

## အခန်း ၂၁

ပီယာမှာ အထူးညှော်သည်တော်တစ်ဦးဖြစ်သည့်အလျောက် မြို့စားကြီး ရော့စတော့ဗ်၊ ဗိုလ်ချုပ်ကြီး၊ ဗိုလ်မှူးကြီးတို့နှင့် အတူဆော့စတွန်ဖဲဝိုင်းတွင် တစ်အိမ်ဝင်၍ ထိုင်ရလေသည်။ ဖဲဝိုင်းထဲ၌ ၎င်း၏နေရာမှကြည့်လျှင် နာတာရှာ ထိုင်နေသည့်နေရာနှင့် မျက်နှာချင်းဆိုင်ဖြစ်လျက် ရှိလေရာ တော်ဝင်ကပွဲပြီးနောက် ထူးဆန်းစွာ ပြောင်းလဲသွားသော နာတာရှာ၏ အမူအရာကို ပီယာ သတိပြုလိုက်မိသည်။ နာတာရှာသည် တော်ဝင်ကပွဲတုန်းကလောက် မလှတော့သော်လည်း ဘေးပတ်ဝန်းကျင်ကို ခပ်ငေးငေးကလေး ကြည့်နေသဖြင့် ရိုးသားအပြစ်ကင်းသည့် အမူအရာဖြင့် တစ်မျိုး ချစ်စရာကောင်းလျက် ရှိလေသည်။

'ဒီကလေးမလေး ဘာဖြစ်နေပါလိမ့်' ပီယာသည် နာတာရှာကို လှမ်းကြည့်၍ တွေးလိုက်မိသည်။ နာတာရှာမှာ လက်ဖက်ရည်စားပွဲတွင် အစ်မဖြစ်သူ ဗီရာ၏ဘေးမှ ထိုင်လျက်ရှိ၍ မိမိ၏အနီးတွင်ထိုင်နေသော ဘိုးရစ်စ်အား မကြည့်ဘဲ တစ်စုံတစ်ရာကို မပြောချင်ပြောချင်ဖြင့် ပြောဆိုလျက်ရှိ၏။ ပီယာသည် တစ်ပွဲနိုင်ပြီးနောက် ငွေများကို သိမ်းကျုံးယူလိုက်ရင်း ခန်းဆောင်ထဲသို့ဝင်လာသောခြေသံများနှင့် နှုတ်ဆက်သံများ ကြားရသည့်အတွက် နာတာရှာကို လှမ်း၍ ကြည့်လိုက်ပြန်သည်။

"ဒီ ကလေးမလေးဟာ ဘာများ ဖြစ်နေပါလိမ့်'ဟု ထပ်၍ တွေးမိပြန်သည်။

မင်းသားကလေးအင်ဒရေသည် နာတာရှာ့ရှေ့တွင် ရပ်လျက် တစ်စုံတစ်ရာကို မျှော်လင့်တောင်းခံသည့် မျက်နှာထားမျိုးဖြင့် စကားပြောလျက်ရှိ၏။ နာတာရှာကလည်း မျက်နှာကလေးကို မော့ကာ မင်းသားကလေး အင်ဒရေအား စိုက်ကြည့်လိုက်ရာမှ မျက်နှာတစ်ခုလုံး ရဲသွားအောင် ရှက်သွေးများဖြာလျက်ရှိရာက အသက်ရှူမမှန်ဖြစ်နေသည်ကို ကြိုးစား၍ ထိန်းသိမ်းနေရဟန်တူသည်။ ရင်ထဲတွင် တငွေ့ငွေ့တောက်လောင်နေသော မီး၏အရောင်သည် နာတာရှာ၏ မျက်နှာကလေးပေါ်တွင် ထင်းခနဲ ပေါ်လာပြန်၏။ ထိုသည်နှင့် တစ်ပြိုင်နက် နာတာရှာသည်ရိုးသားသော ကလေးမ နာတာရှာအဖြစ်မှ တော်ဝင်ကပွဲတွင်ပီယာမြင်ခဲ့ရသော အပျိုပေါက်ကလေး နာတာရှာအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့ပြန်သည်။

မင်းသားကလေးအင်ဒရေသည် ပီယာ့ထံသို့ လျှောက်လာခဲ့လေရာ ၎င်း၏မျက်နှာပေါ်၌လည်း ယခင်က မရှိဘူးသော သစ်လွင်နုပျိုသည့်အသွင် သဏ္ဍာန်ကို ပီယာ သတိပြုမိလိုက်လေသည်။

ပီယာသည် ဖဲကစားရင်း နာတာရှာ့ဘက်သို့ ကျောပေးချည်တစ်ခါ မျက်နှာချင်းဆိုင်၍ တစ်လှည့် နေရာများစွာ ပြောင်းရွှေ့ကစားသော်လည်း ဖဲကစားနေသည့် ခြောက်ပွဲစလုံး၌ ပီယာသည် နာတာရှာကိုလည်းကောင်း၊ ၎င်း၏ရောင်းရင်း မင်းသားကလေးအင်ဒရေကိုလည်းကောင်း အကဲခတ်လျက် ရှိလေသည်။

'သူတို့နှစ်ယောက် တစ်ခုခုတော့ ဖြစ်နေကြပြီ ထင်တယ်' ပီယာသည် ဤသို့တွေးမိရာမှ ဝမ်းသာသလို ဝမ်းနည်းသလိုကြီး ဖြစ်ကာ ဖဲတွင်စိတ်မဝင်စားနိုင်အောင် ဖြစ်လျက် ရှိလေသည်။

ခြောက်ပွဲကစားပြီးသည်၌ ဗိုလ်ချုပ်ကြီးက ထွက်လိုက်သဖြင့် ကစားဝိုင်း ပျက်သွားလေသည်။ တစ်ဖက်တွင် နာတာရှာမှာ ဆွန်ယာ၊ ဘိုးရစ်စ်စသူတို့နှင့် စကားပြောလျက်ရှိ၍ ဗီရာမှာ သိမ်မွေ့သောအပြုံးဖြင့် မင်းသားကလေးအင်ဒရေနှင့် တစ်စုံတစ်ရာပြောဆိုလျက် ရှိလေသည်။ ပီယာသည် မင်းသားကလေးအင်ဒရေတို့ အနားသို့ လျှောက်သွားကာ လျှို့ဝှက်ကိစ္စများကို ပြောနေကြသလောဟု မေးမြန်းပြီးနောက် အနီးတွင် ဝင်၍ ထိုင်လိုက်၏။ ဗီရာကား မင်းသားကလေးအင်ဒရေသည် ညီမ နာတာရှာအား အထူးစိတ်ဝင်စားလျက် ရှိခြင်းကို သတိပြုမိသဖြင့် ဤကဲ့သို့သော ညနေခင်းညှော်ခံပွဲမျိုး၌ နူးညံ့သိမ်မွေ့သော ချစ်မေတ္တာအကြောင်းကို စောင်းပါးရိပ်ခြည် ပြောခြင်းမျိုးပါမှသာ ညနေခင်းညှော်ခံပွဲအရာမြောက်သည်ဟုဆုံးဖြတ်ကာ မင်းသားကလေးအင်ဒရေနှင့် နှစ်ယောက်တည်း စကားပြောနိုင်မည့် အခွင့်အလမ်းကို ရသည်နှင့်တစ်ပြိုင်နက် အပြောင်းအလဲမြန်တတ်သော လူ့စိတ်၏သဘာဝနှင့် ၎င်း၏ညီမထွေး နာတာရှာ၏ အကြောင်းကို ပြောဆိုလျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေမှာ ကျမ်းတတ်စာတတ် ပုဂ္ဂိုလ်တစ်ဦးဟု ဗီရာယူဆထားသည့်အတွက် ထိုအကြောင်းကို ပြောဆိုသည့်နေရာတွင် ပရိယာယ်ဖြင့်



www.burmeseclassic.com

ကျွမ်းကျင်စွာပြောမှ ဖြစ်မည်ဟုလည်း ဗီရာ အောက်မေ့လိုက်မိသည်။

ရင်းတို့အနီးသို့ ပီယာရောက်သွားသည့်အခါတွင် ဗီရာမှာ ပြောလိုရာပြောပြီး ဖြစ်သည့်အတွက်ကြောင့် ကျေနပ်နှစ်သိမ့်ဟန်ရှိသော်လည်း မင်းသားကလေးအင်ဒရေမှာ ရှက်စနိုးဖြစ်လျက် ရှိလေသည်။ ဤအဖြစ်မျိုးကား မင်းသားကလေးအင်ဒရေတွင် ဖြစ်ခဲလှသော အဖြစ်မျိုး ဖြစ်ပေသည်။

"ဘယ်လိုသဘောရပါသလဲအစ်ကို" ဗီရာက ပါးစပ်အနေအထားကို လေးကိုင်းသဏ္ဌာန်ဖြစ်အောင် တမင်ပြုံး၍ မေးလိုက်သည်။ "အစ်ကိုကတော့ စေ့စေ့စပ်စပ်လဲမြင်တတ်တယ်။ တစ်ခါမြင်ရုံနဲ့ လူတွေရဲ့ စိတ်နေသဘောထားကိုလဲ အကဲခတ်တတ်တယ် မဟုတ်လား။ ညီမတော်နာတာရှာကို ဘယ်လိုသဘောရပါသလဲ။ တစ်ခုခုကို စွဲစွဲမြဲမြဲရှိပုံရပါရဲ့လား။ တခြားမိန်းမများလို (တခြားမိန်းမ ဟူသည် သူ့ကိုယ်သူ ရည်ညွှန်းခြင်း ဖြစ်၏။) ယောကျ်ားတစ်ယောက်ကို စွဲစွဲမြဲမြဲ ချစ်ပြီး ထာဝစဉ် သစ္စာရှိမယ့် မိန်းကလေးမျိုး ဟုတ်ရဲ့လား။ ဗီရာကတော့ အချစ်ဆိုတာဟာ တစ်ယောက်ကိုတစ်ယောက် စွဲစွဲမြဲမြဲ ချစ်ပြီး ထာဝစဉ် သစ္စာရှိရမယ်လို့ ယူဆတယ်။ အစ်ကိုကော ဘယ်လို သဘောရပါသလဲ"

"ညီမနာတာရှာရဲ့အကြောင်းကို ကျွန်တော် သိပ်မသိပါဘူး ခင်ဗျာ" မင်းသားကလေး အင်ဒရေက မိမိရှက်အမ်းအမ်းဖြစ်နေခြင်းကို ဖုံးကွယ်လိုသဖြင့် တမင်ခပ်လှောင်လှောင်ပြုံး၍ ပြောလိုက်သည်။ "ဒီလောက်သိမ်မွေ့တဲ့ မေးခွန်းကို ဖြေနိုင်လောက်အောင်လဲ ညီမ နာတာရှာနဲ့ ကျွန်တော်နဲ့ မရင်းနှီးသေးပါဘူး၊ ဒါပေမဲ့ ရုပ်ရည်ရူပကာယ သိပ်မချောတဲ့ မိန်းမများဟာ ကိုယ့်ချစ်သူအပေါ်မှာ စွဲစွဲမြဲမြဲချစ်တတ်ကြတယ်၊ သစ္စာရှိတတ်ကြတယ်ဆိုတဲ့ အချက်ကိုတော့ ကျွန်တော် သတိပြုမိပါတယ်"

မင်းသားကလေးအင်ဒရေက မိမိတို့ဘက်သို့ လျှောက်လာသော ပီယာကို လှမ်း၍ ပြောလိုက်သည်။

"အို အစစ်ပဲအစ်ကို ခု ဗီရာတို့ခေတ်က" ဗီရာက စကားဆက်လိုက်၏၊ 'ဗီရာတို့ခေတ်က' ဆိုသည့် စကားလုံးများကို ပြောရာ၌ ဗီရာသည် မိမိတို့ခေတ်အကြောင်းကို မိမိတို့သာ သိသည်ဟုလည်းကောင်း၊ လူ၏စိတ်နေသဘောထားသည် ခေတ်နှင့်အညီလိုက်၍ ပြောင်းလဲနေသည်ဟုလည်းကောင်း ထင်မှတ်လေ့ရှိကြသော ဉာဏ်ပညာဗဟုသုတနည်းပါးသူတို့၏ ပြောလေ့ပြောထရှိသည့် လေသံမျိုးဖြင့် ပြောလိုက်၏။ "ဗီရာတို့ခေတ်က မိန်းကလေးတွေဟာ သိပ်ပြီး လွတ်လပ်လွန်းတယ်၊ လွတ်လပ်လွန်းတဲ့အတွက် စွဲစွဲမြဲမြဲ ချစ်တဲ့စိတ်ကို သိပ်အသားမပေးကြတော့ဘဲ အပိုးအပန်းခံရတာလောက်ကိုပဲ အရသာယူနေကြတယ်၊ ပြောလိုက်ရဦးမယ်၊ ကိုယ့်ညီမပဲ၊ နာတာရှာတောင် နည်းနည်းစိတ်လွယ်လွန်းတယ် ထင်တယ်"

နာတာရှာအကြောင်း ရောက်လာပြန်သည့်အတွက် မင်းသားကလေး အင်ဒရေမှာ စိတ်ထဲတွင် မသက်မသာဖြစ်လာပြန်ကာ မျက်မှောင်ကုတ်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် စကားပြတ်သွားစေရန် ထိုင်ရာမှ ထမည်ပြုလိုက်၏။ သို့ရာတွင် ဗီရာက ပို၍ သိမ်မွေ့သော အပြုံးဖြင့် စကားဆက်လိုက်ပြန်သည်။

"ဗီရာ့ အထင်တော့ နာတာရှာလောက် ဝိုင်းဝိုင်းလည်အပိုးအပန်းခံရလောက်အောင် စန်းပွင့်တဲ့ မိန်းကလေးမျိုး မရှိသေးဘူးထင်တယ်၊ ဒါပေမဲ့ ခက်တာက နာတာရှာကို ကြည့်ရတာ ခုတလောမှာ ဘယ်သူ့ကိုမှ လေးလေးနက်နက် စဉ်းစားပုံမရဘူး၊ ကိုယ့်အချင်းချင်းမို့ ပြောလိုက်ရဦးမယ်သိလား မြို့စားလေး" ဗီရာက အနားသို့ ရောက်လာသည့် ပီယာ့ဘက်သို့ လှည့်၍ ပြောလိုက်သည်။ "တခြားလူ မပြောနဲ့၊ ဗီရာတို့နဲ့ မောင်နှမဝမ်းကွဲတော်တဲ့ ဘိုးရစ်စ်တောင် အချစ်ရေးမှာ နယ်ကျွံလာတာကလား" (ဗီရာက ထိုစဉ်က ခေတ်စားလျက်ရှိသော ဥပစာစကားဖြင့် ပြောလိုက်သည်။)

မင်းသားကလေး အင်ဒရေမှာ မျက်မှောင်ကုတ်၍ တိတ်ဆိတ်လျက် ရှိ၏။

"အစ်ကို၊ ဘိုးရစ်စ်နဲ့ခင်တယ် မဟုတ်လား" ဗီရာက မေး၏။

"ဟုတ်ကဲ့၊ ကျွန်တော်နဲ့ သိပါတယ်"

"ဘိုးရစ်စ် ငယ်ငယ်တုန်းက နာတာရှာ့ကို ကလေးချစ် ချစ်ဖူးတယ်ဆိုတာကိုကော အစ်ကို့ကို ပြောပြဖူးမှာပေါ့နော်"

"အို၊ ကလေးချစ် ချစ်ဖူးတယ်ဟုတ်လား" မင်းသား



www.burmeseclassic.com

ကလေး အင်ဒရေမှာ ချက်ချင်း မျက်နှာနီရဲသွားရာက ရုတ်တရက် မေးလိုက်၏။

"ဟုတ်ပါတယ်၊ မောင်နှမဝမ်းကွဲများအချင်းချင်းရဲ့ ရင်းနှီးမှုဟာ ထောင့်ငါးရာအချစ်ကို ကူးပြောင်းသွားတတ်လေ့ရှိတယ်ဆိုတာ အစ်ကိုလဲ အသိသားပဲ အစ်ကိုရဲ့။ 'မောင်နှမ ဝမ်းကွဲဆက်ဆံရေးသည် အန္တရာယ်များသော အိမ်နားနီးချင်းတို့၏ ဆက်ဆံရေးနှင့် တူသည်'ဆိုတဲ့ ပြင်သစ်စကားပုံလဲ ရှိသားပဲ မဟုတ်ဘူးလား၊ အစ်ကိုကော ဘယ်လိုဘောရသပါသလဲ"

"အို ဟုတ်တာပေါ့ဗျာ" မင်းသားကလေး အင်ဒရေက ဖြေလိုက်သည်။ ထို့နောက်တွင် မင်းသားကလေး အင်ဒရေသည် တမင်ဟန်ဆောင်ရသည့် ရွှင်ပျခြင်းမျိုးဖြင့် ပီယာအား ၎င်း၏အသက်ငါးဆယ်ရှိပြီဖြစ်သော မော်စကိုမှ ဝမ်းကွဲ အစ်မတော်များနှင့် သတိထားဆက်ဆံခြင်း ပြုသင့်ကြောင်းနောက်ပြောင်ကာ စကားရောဖောရော ပြောဆိုလျက် ထိုင်ရာမှထပြီး ပီယာ၏ လက်မောင်းကို ဆွဲ၍ ထွက်လာခဲ့လေသည်။

"ဘာလဲဗျ ရောင်းရင်းရ" ပီယာသည် မင်းသားကလေးအင်ဒရေ ထူးထူး ဆန်းဆန်း နှုတ်သွက်နေခြင်းနှင့် ထိုင်ရာမှအထတွင် နာတာရှာဘက်သို့ ဖျတ်ခနဲလှမ်းကြည့်လိုက်ခြင်းကို သတိပြုမိရာက မေးလိုက်သည်။

"ရောင်းရင်းနဲ့ စကားတစ်ခွန်းလောက် ပြောချင်လို့" မင်းသားကလေး အင်ဒရေက ပြောလိုက်သည်။ "ခင်ဗျားတို့ ဂိုဏ်းဝင်တွေမှာ မိန်းမလက်အိတ်တစ်စုံကို သိမ်းထားရတဲ့ ထုံးစံရှိတယ် မဟုတ်လား။ (ဤနေရာတွင် မင်းသားကလေးအင်ဒရေသည် မိမိမြတ်နိုးသော မိန်းမအား ပေးရန် ညီအစ်ကိုတော်ဂိုဏ်းဝင်များ သိမ်းထားရသည့် လက်အိတ်ကို ရည်ညွှန်းပြောဆိုလိုက်ခြင်း ဖြစ်သည်။) ကျွန်တော်၊ ကျွန်တော် အေးဗျာ နေပါတော့။ နောက်ကျမှပဲ အေးအေးဆေးဆေး ပြောတော့မယ်"

မင်းသားကလေးအင်ဒရေသည် ထူးဆန်းစွာ တောက်ပလျက်ရှိသော မျက်လုံး၊ ဂနာမငြိမ်သော အမူအရာတို့ဖြင့် နာတာရှာအနီးသို့ ချဉ်းကပ်သွားကာ အပါးတွင် ထိုင်လိုက်သည်။ ထို့နောက် မင်းသားကလေး အင်ဒရေက တစ်စုံတစ်ရာပြောလိုက်သည့်အခါတွင် နာတာရှာမှာ မျက်နှာကလေးနီရဲသွားရာမှ တစ်စုံတစ်ရာ ပြန်ပြောလိုက်ခြင်းကိုလည်း ပီယာ မြင်လိုက်ရ၏။

ဤအတောအတွင်း ဘာ့ဂ်သည် ပီယာ့အနီးသို့ ရောက်လာကာ ဗိုလ်ချုပ်ကြီးနှင့်ဗိုလ်မှူးကြီးတို့သည် စပိန်ပြည်အရေးကိစ္စများကို ဆွေးနွေးငြင်းခုံလျက် ရှိကြသည့်အတွက် ထိုအထဲတွင် ဝင်ရောက်ငြင်းခုံပါမည့်အကြောင်း လာရောက် တိုက်တွန်းလျက် ရှိလေသည်။

ဘာ့ဂ်မှာ အားရကျေနပ်လျက် ရှိ၏။ ပျော်ရွှင်ကျေနပ်သောအပြုံးသည် ဘာ့ဂ်၏ မျက်နှာပေါ်မှ မပျောက်တော့ချေ။ ထိုနေ့ညနေ ဧည့်ခံပွဲမှာ ၎င်းမြင်ဖူးခဲ့သော ညနေခင်း အခြား ဧည့်ခံပွဲများကဲ့သို့ စည်ကားသိုက်မြိုက်အောင်မြင်လျက်ရှိခြင်းကို တွေ့ရသောအခါ ဘာ့ဂ်မှာ ဝမ်းသာ၍ မဆုံးတော့ချေ။ ၎င်း၏ ဧည့်ခံပွဲမှာ အခြားသော ဧည့်ခံပွဲများကဲ့သို့ မိန်းမချင်း လင်ရေးသားရေးကိစ္စပြောသည့် စကားဝိုင်းလည်း ပါသည်။ ဖဲဝိုင်းလည်းပါသည်။ ဖဲဝိုင်းတွင် ဗိုလ်ချုပ်ကြီး၏အသံကြောင့် စိုပြည်ခြင်းလည်း ရှိသည်။ လက်ဖက်ရည်နှင့် အကောင်းစား ကိတ်မုန့်လည်းပါသည်။ ဤသို့ဖြင့် သူ အတုယူလိုသော ညနေခင်း ဧည့်ခံပွဲများ၏ ဂုဏ်အင်္ဂါရပ်များ ပြည့်စုံလျက်ရှိသော်လည်း တစ်ခုလိုလျက် ရှိသည်ကို တွေ့ရ၏။ ၎င်းမှာ ယောကျ်ားဝိုင်းဘက်ဆီတွင် အရေးကြီးသော ကိစ္စရပ်များကို ကျယ်လောင်စွာ ငြင်းခုံ ဆွေးနွေးမှု မပြုသေးခြင်းပင်ဖြစ်သည်။ ယခုမူ ဗိုလ်ချုပ်ကြီးက စပိန်ပြည်အရေးကိစ္စများကို စတင်ပြောဆိုလိုက်သည်တွင် ဘာ့ဂ်သည် မိမိဧည့်ခံပွဲ၌ လိုနေသော ဂုဏ်အင်္ဂါ တစ်ရပ် ပြည့်စုံသွားလေပြီဟု ကျေနပ်သွားလျက် ပီယာအား ထိုစကားဝိုင်းဆီသို့ အတင်းဆွဲခေါ်သွားလေသည်။

## အခန်း ၂၂

နောက်တစ်နေ့တွင် မြို့စားကြီး ရော့စတော့ဗ်က ဖိတ်ကြားသည့်အတွက် မင်းသားကလေးအင်ဒရေသည် မြို့စားကြီး မိသားစုအိမ်၌ ညစာစားကာ တစ်ညနေလုံး ထိုအိမ်တွင် အချိန်ဖြုန်းလျက် ရှိလေသည်။

မင်းသားကလေးအင်ဒရေသည် မည်သူ့အတွက် လာခြင်းဖြစ်ကြောင်းကို အိမ်သားအားလုံးကပင် သဘောပေါက်ပြီး ဖြစ်ကြ၏။ မင်းသားကလေး အင်ဒရေကလည်း ဤအချက်ကို ဖုံးကွယ်ခြင်း မပြုတော့ဘဲ တစ်နေ့လုံး



www.burmeseclassic.com

နာတာရှာနှင့် နီးကပ်စွာ တွေ့နိုင်ရန် အခွင့်အရေးကိုသာ စောင့်လျက်ရှိလေသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်လျက်ရှိသော်လည်း ကြည်နူးရွှင်ပျလျက် ရှိသော နာတာရှာ၏ ရင်ထဲ၌သာမက အိမ်ကြီးတစ်အိမ်လုံး၌ပင် အရေးကြီးသော ကိစ္စကြီးတစ်ခု ဖြစ်တော့မည် ဟူသော ခံစားချက်သည် လွှမ်းခြုံထားသကဲ့သို့ ရှိပေ၏။ မြို့စားကတော်ကြီးသည် နာတာရှာနှင့် စကားပြောလျက်ရှိသော မင်းသားကလေး အင်ဒရေအား ဝမ်းနည်းကြေကွဲဟန်ရှိ၍ ခပ်မှုန်မှုန် ဖြစ်နေသော လေးနက်တည်ငြိမ်သည့်မျက်လုံးများဖြင့် စိုက်ကြည့်လျက် ရှိ၏။ မင်းသားကလေးအင်ဒရေက ပြန်ကြည့်လိုက်သောအခါ၌ကား မြို့စားကတော်ကြီးသည် အရေးမကြီးသော ကိစ္စအသေးအဖွဲကလေးများကို ဟန်လုပ်၍ ပြောဆိုလျက် ရှိလေသည်။ ဆွန်ယာကား နာတာရှာ့အနားကလည်း မခွာရဲ၊ ၎င်းတို့အနီးတွင် မိမိ ရှိနေလျှင်လည်း အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်လျက် ရှိ၏။ နာတာရှာမှာ မင်းသားကလေး အင်ဒရေနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါ၌ မျက်နှာ ဖြူဖပ် ဖြူရော်ဖြစ်ကာ ကတုန်ကယင်ကြီး ဖြစ်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေ၏ ခပ်ရွံ့ရွံ့အမူအရာကို ကြည့်၍လည်း အံ့အားသင့်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် နာတာရှာအား တစ်စုံတစ်ရာဖွင့်၍ ပြောလိုဟန်ရှိသော်လည်း မပြောရဲဘဲဖြစ်နေခြင်းကို နာတာရှာ သတိပြုလိုက်မိသည်။

ညဥ့်နက်၍ မင်းသားကလေးအင်ဒရေ ပြန်သွားသော အခါ၌ကား မိခင်မြို့စားကတော်ကြီးသည် နာတာရှာ အနီးသို့ ရောက်လာကာ

"ဘယ်နှယ်လဲ သမီးထွေး"

"မေဖျား၊ နာတာရှာကို ချစ်ရင် ခု ဘာမှ မမေးပါနဲ့ဦး မေဖျား။ နာတာရှာ ဘယ်လိုပြောရမှန်း မသိလို့ပါ" နာတာရှာက ပြန်ပြောလိုက်သည်။

ထိုညဥ့် နာတာရှာသည် ကြောက်သလိုရွံ့သလို စိတ်ချောက်ချားလျက်ရှိကာ မိခင်မြို့စားကတော်ကြီး၏ အိပ်ရာပေါ်တွင် လဲလျောင်းရင်း စိုက်မိစိုက်ရာကို ငေးကြည့်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေက မိမိအား ချီးကျူးပြောဆိုသွားပုံ၊ နိုင်ငံခြားသို့ သွားမည်ဟု ပြောသွားပုံ၊ ဤနှစ်နွေရာသီတွင် မည်သည့်အရပ်ဒေသသို့ သွားရောက်မည်နည်းဟု မေးမြန်းသွားပုံ၊ ဘိုးရစ်စ်အကြောင်းကို မေးမြန်းသွားပုံ စသည်တို့ကို မိခင်ကြီးအား ပြောပြ၏။

"ဒါပေမဲ့ နာတာရှာ့စိတ်ထဲမှာ တစ်မျိုး တစ်မျိုးကြီးပဲ မေဖျားရယ်။ နာတာရှာ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ သူ့ရှေ့ရောက်ရင် အလိုလိုကြောက်ပြီး ရင်ဖိုနေတယ်။ သူနဲ့ နှစ်ယောက်တည်း ကျန်ရစ်တုန်းမှာဆိုရင် အို လူကို တစ်ကိုယ်လုံး တုန်နေတာပဲ။ အဲဒါ ဘာဖြစ်လို့လဲ ဟင် မေဖျား။ ဒီလိုပဲ ဖြစ်တတ်သလားဟင် မေဖျား။ ဟုတ်လားဟင်။ မေဖျားကလဲ အိပ်နေပြီ ထင်တယ်"

"မအိပ်သေးပါဘူး သမီးထွေးရယ်၊ မေဖျားလဲ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကဲကဲ အိပ်ချေတော့"

"ဟင့်အင်း၊ နာတာရှာ အိပ်လို့ မပျော်ဘူး။ အိပ်လဲ မအိပ်ချင်ဘူး မေဖျား။ နာတာရှာလေ အရင်တုန်းက ဒီလို မဖြစ်ဖူးဘူး။ ခု ဘာဖြစ်လို့လဲဟင်" နာတာရှာသည် ၎င်း၏ရင်ထဲတွင် ခံစားနေရသော ဝေဒနာများကို သတိပြုမိကာ အံ့သြလည်းအံ့သြ၍ ထိတ်လန့်လျက်လည်း ရှိလေသည်။

"မေဖျားကော ဒီလို ဖြစ်ခဲ့ဖူးသလား ဟင်"

နာတာရှာသည် အိုထရာနို၌ မင်းသားကလေး အင်ဒရေအား စတင်တွေ့လိုက်သည့် အချိန်ကစ၍ မင်းသားကလေးအင်ဒရေအပေါ် တိမ်းညွတ်ခဲ့သည်ဟု ထင်မိလေသည်။ ထိုစဉ်ကတည်းက ရွေးချယ်ခဲ့သူ တစ်ဦး (နာတာရှာသည် ထိုစဉ်ကတည်းကပင် မင်းသားကလေးအင်ဒရေအပေါ်၌ တိမ်းညွတ်ခဲ့သည်ဟု ခိုင်မြဲစွာ ယုံကြည်လျက် ရှိပေပြီ။) ကို ယခု ပြန်လည်တွေ့ဆုံလိုက်ရသည့်အတွက် မမျှော်လင့်ဘဲ ရရှိသော ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် မင်းသားကလေးအင်ဒရေကလည်း အလားတူ သူ့အပေါ်တွင် တိမ်းညွတ်နေကြောင်း တွေ့ရခြင်းကို ကြောက်ရွံ့သလို ဖြစ်နေမိလေသည်။

"သိပ်ဆန်းကြယ်တာပဲနော် မေဖျား။ ကြည့်စမ်း၊ နာတာရှာတို့ ရွှေမြို့တော်မှာ ရှိနေတုန်း ချိန်းထားသလို သူကလဲ ရွှေမြို့တော်ကို ရောက်လာတယ်။ ပြီးတော့ တော်ဝင်ကပွဲမှာလဲ တိုက်တိုက်ဆိုင်ဆိုင် သွားပြီး ဆုံမိကြပြန်တယ်၊ ကံကြမ္မာအတိုင်း ဖြစ်ကြရတာပဲနော်၊ ကံကြမ္မာ ဖန်တီးပေးလိုက်ပြီ ဆိုမှဖြင့် အားလုံး ရှောင်လွှဲမရတော့ဘဲ တိုက်တိုက်ဆိုင်ဆိုင် လာဖြစ်ကြတော့တာပဲ၊ အဲဒီတုန်းက


www.burmeseclassic.com

နာတာရှာ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သိလား မေဖျား”

“သူက သမီးထွေးကို နောက်ထပ် ဘာတွေများ ပြောသေးသလဲ သမီးထွေး ဟင်၊ ဒီကဗျာတွေကကော ဘာတွေများ ရေးထားတာလဲ၊ မေဖျားကို ဖတ်ပြစမ်းပါဦး” မိခင်မြို့စားကတော်ကြီးက နာတာရှာ၏ အမှတ်တရ စာအုပ်ထဲတွင် မင်းသားကလေးအင်ဒရေ ရေးပေးသွားသည့် ကဗျာများကို ဖတ်၍ ပြခိုင်းလေသည်။

“မေဖျား၊ သူက မုဆိုးဖိုဖြစ်နေတဲ့အတွက် ကိစ္စတော့ မရှိဘူးထင်ပါရဲ့နော်”

“အို၊ ဘာဆိုင်လို့လဲ၊ နဖူးစာဆိုတာ ဘုရားသခင်က ရေးပေးတော်မူပေတာပဲ” မိခင်ကြီးက ပြောလိုက်၏။

“မေဖျား၊ မေဖျားကိုလေ နာတာရှာ သိပ်ချစ်တာပဲ မေဖျားရယ်၊ ပြီးတော့လေ နာတာရှာ ပျော်လဲပျော်တယ်။ အို၊ ရင်ထဲမှာ တစ်မျိုးကြီးပဲ မေဖျား” နာတာရှာသည် စိတ်တုန်လှုပ်ခြင်း၊ ကြည်နူးခြင်းတို့ကြောင့် မျက်ရည်များ ရစ်ဝဲလျက်ရှိရာမှ မိခင်ကြီးကို ပွေ့ဖက်လိုက်သည်။

ထိုအချိန်တွင် မင်းသားကလေးအင်ဒရေသည် ပီယာနှင့် အတူထိုင်လျက် နာတာရှာအား ချစ်နေမိပြီ ဖြစ်ကြောင်း၊ လက်ထပ်ရန် သန္နိဋ္ဌာန်ချလိုက်ပြီ ဖြစ်ကြောင်း ဖြင့် ပီယာအား ပြောပြလျက် ရှိလေသည်။

*

ထိုနေ့၌ မြို့စားကတော်ကလေး ဟယ်လင်သည် စံအိမ်တွင် ညှော်ခံပွဲတစ်ရပ် ကျင်းပလေသည်။ ထိုညှော်ခံပွဲသို့ ပြင်သစ်သံတော်ကြီး၊ ယခုတလော မြို့စားကတော်လေး ဟယ်လင်ထံသို့ မကြာခဏ လာရောက်လည်ပတ်ခြင်း ပြုတတ်သည့် နိုင်ငံခြားမျိုးနွယ်အိမ်ရှေ့ဥပရာဇာမင်းသားကလေးတစ်ဦးနှင့်တကွ အထက်တန်းကျသော မင်းယောက်ျား မင်းမိန်းမ အများအပြား ကြွရောက်လာကြလေသည်။ ပီယာသည် အောက်ထပ်သို့ ဆင်းလာခဲ့ပြီးနောက် တစ်ခန်းပြီးတစ်ခန်း ဝင်ထွက်လာခဲ့လေရာ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောလာသကဲ့သို့ ငိုင်တိငိုင်တိုင် မျက်နှာထားခပ်မှုန်မှုန်ဖြင့် သုညာကင်းမဲ့ဟန် ပေါက်လျက်ရှိသော ပီယာကိုကြည့်၍ အားလုံးကပင် အံ့အားသင့်လျက် ရှိကြ၏။

တော်ဝင်ကပွဲသဘင်ကြီး ပြီးသည့်နောက်မှစ၍ ပီယာမှာ အလိုလို စိတ်ပျက်အားငယ်လျက် ရှိသည့်အတွက် ထိုစိတ်ပျက်အားငယ်ခြင်းကို ဖျောက်ဖျက်ရန် ကြိုးစားလျက် ရှိခဲ့၏။ ကြင်ရာတော် မြို့စားကတော်ကလေးဟယ်လင်နှင့် အိမ်ရှေ့ဥပရာဇာ မင်းသားကလေးတို့ ရင်းနှီးစွာ ဆက်ဆံလာကြသည့်နောက် မကြာမီ၌ ပီယာမှာ မမျှော်လင့်ဘဲ လူပျိုတော်သားအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရလေရာ ထိုအချိန်မှစ၍ စိတ်ညစ်ကျုကာ ရွှေနန်းတော်အသိုင်းအဝိုင်းသို့ ဝင်ရခြင်းကို ရက်ရွံ့လျက်ရှိပြီး လောကီအမှုကိစ္စများ၏ အချည်းအနှီးအကျိုးမဲ့ဖြစ်ခြင်းကို ယခင်ကထက် ပို၍ သဘောပေါက်လာခဲ့လေသည်။ ထိုအထဲ၌ ညီမငယ်ကဲ့သို့ ခင်မင်တွယ်တာသူ နာတာရှာနှင့် မင်းသားကလေးအင်ဒရေ တို့၏ ဆက်ဆံပုံကို သတိပြုမိခြင်းကြောင့်လည်း ပီယာမှာ ပို၍ စိတ်နှလုံးမသာမယာ ဖြစ်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေမှာ ယခုအချိန်တွင် ရွှင်ပျကြည်နူးလျက် ရှိသလောက် ပီယာမှာကား ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်လျက် ရှိလေသည်။ ပီယာသည် ကြင်ရာတော် မြို့စားကတော်လေး ဟယ်လင်၏ အကြောင်းကိုလည်းကောင်း၊ နာတာရှာနှင့် မင်းသားကလေး အင်ဒရေ၏အကြောင်းကို လည်းကောင်း စဉ်းစားခြင်းမပြုမိရန် ကြိုးစား ဖျောက်ဖျက်ပစ်၏။ ထိုအခါ၌ ယခင်တစ်ကြိမ်ကဲ့သို့ပင် ထာဝရနိစ္စဖြစ်သော လောကနိယာမတရားကြီးနှင့် နှိုင်းစာလျှင် ကျန်အရာမှန်သမျှတို့သည် အသေးအဖွဲ့မျှသာတကားဟု ထင်မိလာပြန်သည်။ မိမိသည် မည်သည့်အတွက် အသက်ရှင်နေခြင်းပေနည်းဟု တွေးမိပြန်သည်။ သို့ဖြင့် ပီယာသည် တိမ်းတိမ်းပွေပွေဖြစ်ခြင်းကို ဖျောက်ဖျက်ပစ်ရန်အတွက် ညီအစ်ကိုတော် ဂိုဏ်း၏ လုပ်ငန်းများကို နေ့ရောညပါ ပြင်းထန်စွာ လုပ်ဆောင်လျက် ရှိလေသည်။ သန်းခေါင်အချိန်သို့ ရောက်သည်တွင် ပီယာသည် ကြင်ရာတော် ဟယ်လင်မင်းသမီး၏ ညှော်ခံပွဲမှ အပေါ်ထပ်သို့ တက်လာခဲ့ကာ စားပွဲတွင်ထိုင်၍ ညစ်နွမ်းသော ညဝတ်အင်္ကျီကို ဝတ်ကာ ဂျာမန်ညီအစ်ကိုတော်ဂိုဏ်းမှ စာပေများကို ကူးယူလျက် ရှိလေသည်။ ဤသို့ စာကူးနေခိုက် ဆေးလိပ်မီးခိုးများ ထောင်းထလျက်ရှိသော ပီယာ၏အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။ ထိုသူကား မင်းသားကလေးအင်ဒရေပေတည်း။

“ဩော်၊ ရောင်းရင်းကို” ပီယာက ကျေနပ်နှစ်မြို့ခြင်းမရှိသော အမူအရာဖြင့် ပြောလိုက်၏။ “ရောင်းရင်းမြင်

တဲ့အတိုင်း ကျွန်တော်တော့ ဒါတွေကို ဖိလုပ်နေရတော့တာပဲဗျို့"

ပီယာက ရှေ့မှ စာအုပ်များကို လက်ညှိုးထိုးပြလိုက်၏။ ၎င်း၏အမူအရာမှာ လူ့ဘဝ၏ စိတ်ညစ်ကျဖွယ်ရာများမှ ကင်းဝေးအောင် အလုပ်ကို ဖိလုပ်နေသည့် စိတ်ပျက်လက်ပျက် လူတစ်ယောက်၏ အမူအရာမျိုးဖြစ်၏။

မင်းသားကလေးအင်ဒရေ၏ မျက်နှာကား ပီတိလွှမ်းကာ ဝင်းထိန်လျက်ရှိ၏။ ၎င်း၏မျက်နှာသည် လန်းဆန်းလျက်ရှိ၏။ မင်းသားကလေးအင်ဒရေသည် ပီယာ၏ရှေ့တွင် ရပ်လိုက်ပြီး ပီယာ၏ မသာယာသောမျက်နှာကို အလျင်းသတိထားမိခြင်း မရှိဘဲ ခပ်ရွှင်ရွှင်ပြုံး၍ ကြည့်လိုက်သည်။

"ရောင်းရင်းရေ့၊ ခင်ဗျားကို မနေ့ကတည်းက ပြောချင်နေတာဗျ၊ ဒီနေ့တော့ ပြောဖြစ်အောင် ပြောမှပဲ ဆိုပြီး ခင်ဗျားဆီလာခဲ့တာပဲ၊ ကျွန်တော့်တစ်သက်မှာတော့ ဒီလို တစ်ခါမှ မခံစားရသေးဘူးဗျ၊ ပထမဆုံးအကြိမ်ပဲ၊ အရင်တုန်းက ဒီလိုခံစားမှုမျိုးကို တစ်ခါမှ မတွေ့ခဲ့သေးဘူး၊ ဒီမှာဗျ ရောင်းရင်းရ၊ ကျုပ်မှာချစ်တဲ့သူ တွေ့နေပြီဗျ၊ သိရဲ့လား"

ပီယာသည် သက်ပြင်းကြီးတစ်ချက်ကို ရုတ်တရက် ချလိုက်မိပြီးနောက် ၎င်း၏လေးလံလှသော ခန္ဓာကိုယ်ကြီးကို မင်းသားကလေးအင်ဒရေ၏ဘေး ထိုင်ဖုံပေါ်သို့ပစ်၍ ထိုင်ချလိုက်သည်။

"နာတာရှာ မဟုတ်လား" ပီယာက မေးလိုက်သည်။

"မှန်လိုက်လေဗျာ။ နာတာရှာကလွဲလို့ ဘယ်သူဖြစ်ရဦးမှာလဲ။ ကျွန်တော်ဖြင့် ဒီသူငယ်မလေးကို ဒီလောက် ချစ်မိလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ဒါပေမဲ့ ဒီတစ်ခါတော့ အချစ်က ကျွန်တော့်ကို နိုင်သွားပြီဗျ၊ ဒီအချစ်ဟာ ကျွန်တော့်ထက် ခွန်အားကြီးနေပြီ။ မနေ့ကများဗျာ တစ်နေ့လုံး စိတ်ထဲမှာ ဆင်းရဲပင်ပန်းလိုက်ရတဲ့ ဖြစ်ခြင်း၊ မပြောပါနဲ့တော့၊ ဒါပေမဲ့ အဲဒီလို စိတ်ဆင်းရဲပင်ပန်းရတဲ့ အရသာကလေးကိုပဲ ခုံမင်နေမိတယ်ဗျ၊ ခုံမင်လိုက်သမှ ဒီအရသာလေးကို ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်အရာနဲ့မှတောင် လဲလိမ့်မယ် မထင်ဘူး။ အရင်တုန်းက ဆိုရင် ကျွန်တော်ဟာ အသက်မရှိတဲ့လူလိုပဲဗျ။ ရောင်းရင် လဲမြင်တယ် မဟုတ်လား။ ခုတော့ အဲဒီ အချိန်ကစပြီး ကျွန်တော် အသက်ပြန်ရှင်လာပြီလေဗျာ။ ဒါပေမဲ့ သူမရှိ ဘဲနဲ့တော့ ကျွန်တော်ကြာကြာ အသက်ရှင်နိုင်ပေမယ် မဟုတ်ဘူးထင်တယ် ရောင်းရင်းရဘယ့်နှယ်လဲ၊ ကျွန်တော့်ကို သူပြန်ပြီး ချစ်နိုင်မယ့် အလားအလာရှိပါ့မလား။ ကျွန်တော်က သူနဲ့စာရင် အသက်ကြီးနေပြီထင်တယ် ရောင်းရင်းရ။ လုပ်စမ်းပါဦး။ ခင်ဗျား ထင်မြင်ချက်ကလေးဘာကလေး ကြားရအောင်"

"ဟင် ကျွန် ကျွန် ကျွန်တော် ပြောစရာမလိုပါဘူးဗျ" ပီယာသည် အထစ်ထစ် အငေါ့ငေါ့ ပြောကာ ထိုင်ရာမှထ၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ "ဘာမှ အထွေအထူး ပြောစရာမရှိပါဘူး။ ကလေးမလေးဟာ အင်မတန်အဖိုးထိုက်တဲ့ ရတနာကလေးတစ်ပါးပါပဲ၊ အဖိုးထိုက်ဆို ရှာမှရှားတဲ့ မိန်းကလေးမျိုးပဲ ဆိုပါတော့၊ ရောင်းရင်းနဲ့ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့၊ ဒီတော့ ရောင်းရင်းကို ကျွန်တော် တောင်းပန်ချင်တယ်၊ ဒီကလေးမလေးကို စဉ်းစားမနေနဲ့၊ သံသယဖြစ်မနေနဲ့၊ ခုချက်ချင်း လက်ထပ်၊ မြန်နိုင်သမျှ မြန်မြန်လက်ထပ်၊ လောကကြီးမှာ ခင်ဗျားထက် ပျော်တဲ့လူ၊ ခင်ဗျားထက် ကံကောင်းတဲ့လူ မရှိတော့ဘူးလို့သာ မှတ်လိုက်ပေတော့"

"အို၊ ကိုယ့်ဘက်ကနေချည်း သေချာနေလို့ မဖြစ်သေးဘူးလေဗျာ။ သူ့သဘောက ဘယ်လိုရှိမှန်းမှ မသိသေးဘဲ"

"ခင်ဗျားကို ချစ်ပါတယ်ဗျ။ သေချာပါတယ်"

"ခင်ဗျား ပြောသလောက်တော့လဲ မဟုတ်သေးဘူးနော်" မင်းသားကလေးအင်ဒရေက ပြုံး၍ ပီယာ၏မျက်လုံးများကို စိုက်ကြည့်လိုက်၏။

"အို ဟုတ်လိုက်သမှ ဟိုဘက်တောင် လွန်သေးတယ်" ပီယာက စိတ်မရှည်နိုင်တော့ဘဲ အော်၍ ပြောလိုက်သည်။

"ဒါပေမဲ့ နားထောင်ဦးဗျ" မင်းသားကလေးအင်ဒရေက ပီယာ၏လက်မောင်းကို ကိုင်၍ ပြောလိုက်၏။ "ကျွန်တော့်အခြေအနေကို ခင်ဗျားမသိသေးဘူး။ ဒီတော့ ခင်ဗျားကိုတော့ ဖွင့်တိုင်ပင်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ၊ ဒါဖြင့် ဆိုဗျာ ကျွန်တော်ကတော့ ဝမ်းသာတာပဲ" ပီယာက ပြောလိုက်သည်။ ပီယာ၏ မျက်နှာမှာ တကယ်ပင် ပြောင်းလဲသွားလျက် နဖူးမှ အရေတွန့်များသည် ပျောက်ကွယ်သွားကြကာ မင်းသားကလေး အင်ဒရေ၏ စကားကို ဝမ်းသာအားရ နားထောင်လျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေကား ယခင်ကနှင့်မတူ ပြောင်းလဲကာ လူသစ်ဖြစ်သွားဟန် ရှိပေသည်။ တကယ်လည်း လူသစ်ဖြစ်လျက် ရှိပေ၏။ ယခင်ကကဲ့သို့ စိတ်တိုခြင်း၊ လူ့ဘဝကို စိတ်ပျက်ခြင်း၊ အားငယ်ခြင်းတို့ မရှိကြတော့ချေ။ မင်းသားကလေးအင်ဒရေသည် မိမိ၏ကိစ္စကိုပီယာတစ်ယောက်ကိုသာ ဖွင့်၍ တိုင်ပင်မည်ဟု ဆုံးဖြတ်ပြီးသည့်အလျောက် ရင်ထဲတွင် ရှိသမျှကို ထုတ်၍ အံလိုက်သည်။ မင်းသားကလေးအင်ဒရေက မိမိမှာ မိမိ၏ရှေ့ရေးကို သာယာအောင် ဖန်တီးသွားရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ စိတ်အမျိုးမျိုး ပြောင်းနေသော ခမည်းတော်ကြီး၏ အလိုကို အနစ်နာခံ၍ မလိုက်နိုင်တော့ကြောင်း၊ နာတာရှာအား မေတ္တာသက်ဝင်မိ၍ လက်ထပ်တော့မည်ဖြစ်ကြောင်းဖြင့် ခမည်းတော်ကြီးအား ဖွင့်ပြောကာ သဘောတူညီချက်တောင်းခံမည်ဖြစ်ကြောင်း၊ သဘောမတူကလည်း မိမိသဘောဖြင့်ပင် လက်ထပ်တော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိ၏စိတ်အလိုဆန္ဒနှင့် ကင်းလွတ်၍ ထူးဆန်းစွာပေါက်ဖွားလာသော ချစ်မေတ္တာ၏ တန်ခိုးကို မိမိကိုယ်တိုင်ပင် အံ့အားသင့်မိကြောင်း စသဖြင့် ပြောပြလေသည်။

"ကျွန်တော်ဟာ အချစ်ရေးမှာ ဒီလောက်စွမ်းစွမ်းတမံ ရှင်းရှင်းပြတ်ပြတ် လုပ်ရဲလိမ့်မယ်။ ဒီလို ချစ်ခင်နှစ်သက်တဲ့စိတ်မျိုး ပေါ်နိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှကိုယ့်ကိုယ်ကို မထင်ခဲ့မိဘူးဗျာ။ တကယ်ပဲ" မင်းသားကလေးအင်ဒရေက ပြောလိုက်သည်။ "ဒီလိုခံစားမှုမျိုးကိုလဲ ကျွန်တော် တစ်ခါမှ နားမလည်ဖူးခဲ့ဘူး။ ခုတော့ ကျွန်တော့်အဖို့ ကမ္ဘာကြီးဟာ နှစ်ခြမ်းဖြစ်နေပြီဗျ၊ ကမ္ဘာတစ်ခြမ်းကတော့ နာတာရှာပဲ။ အဲဒီကမ္ဘာတစ်ခြမ်းမှာ ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်း၊ အလင်းရောင်တောက်ပခြင်း ဆိုတာတွေ ရှိတယ်။ တခြားကမ္ဘာတစ်ခြမ်းကတော့ နာတာရှာမရှိတဲ့၊ နာတာရှာမဟုတ်တဲ့ အရာတွေသာ ရှိနေတဲ့ ကမ္ဘာတစ်ခြမ်းပဲ။ အဲဒီကမ္ဘာတစ်ခြမ်းမှာတော့ စိတ်အားညှိုးငယ်ခြင်း၊ မှောင်မိုက်ခြင်းဆိုတဲ့ အရာတွေပဲရှိတယ်"

"စိတ်အားညှိုးငယ်ခြင်း၊ မှောင်မိုက်ခြင်း" ပီယာက လိုက်၍ ဆိုလိုက်သည်၊ "ဟုတ်ပြီ၊ ဟုတ်ပြီ။ ခင်ဗျားဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော်နားလည်ပြီ"

"ဒီတော့ ကျွန်တော်ဟာ အလင်းရောင်ကို မတောင့်တဘဲ မမြတ်နိုးဘဲ နေနိုင်မလားဗျာ၊ အလင်းရောင်ကို တောင့်တတာဟာ ကျွန်တော် လွန်သလားဗျာ၊ ကျွန်တော့်အပြစ်လားဗျာ။ ကျွန်တော်တော့ သိပ်စိတ်ချမ်းသာတယ်ဗျာ။ ကျွန်တော့်ရင်ထဲ ခံစားနေရတာကို ခင်ဗျားနားလည်သလား၊ မလည်သလားတော့ မသိဘူး၊ ကျွန်တော်တော့ သိပ်ပျော်တာပဲ၊ ကျွန်တော့်အစား ခင်ဗျားလဲဝမ်းမသာဘူးလား ဟင် ရောင်းရင်း"

"ဟုတ် ဟုတ်ကဲ့၊ သာတာပေါ့ဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်" ပီယာသည် ၎င်း၏ရောင်းရင်းအား ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင် ယှက်သန်းလျက်ရှိသော မျက်လုံးများဖြင့်ကြည့်၍ ပြောလိုက်သည်။ ပီယာ၏ စိတ်ထဲ၌ကား မင်းသားကလေးအင်ဒရေ၏ ဘဝသည် တောက်ပထိန်လင်းလျက် ရှိသလောက် မိမိ၏ဘဝကား ညစ်နွမ်းမှောင်မည်းလျက် ရှိသည်ဟု ထင်မိလေသတည်း။

## အခန်း ၂၃

မင်းသားကလေးအင်ဒရေအဖို့ မိမိ၏လက်ထပ်ရေးကိစ္စတွင် ခမည်းတော်ကြီး၏ သဘောတူညီချက်ရရန် အရေးကြီး၏။ ထို့ကြောင့် မင်းသားကလေးအင်ဒရေသည် နောက်တစ်နေ့တွင် ကျေးတောသို့ထွက်လာခဲ့လေသည်။

ခမည်းတော်ကြီးသည် သားတော်မင်းသားကလေးအင်ဒရေ၏ စကားကို အပြင်ပန်းအားဖြင့်သာ ဣန္ဒြေမပျက်နားထောင်နေရသော်လည်း အတွင်း၌ကား ဒေါသူပုန်ထလျက်ရှိလေပြီ။ မိမိ၏ဘဝမှာ မီးစာကုန်ဆီခန်းဖြစ်၍ ချုပ်ငြိမ်းလုဆဲဆဲဖြစ်၏။ ယခုသော် ဤအဖြစ်ကိုမှ စာနာထောက်ထားခြင်းမရှိဘဲ ကိုယ့်ဘဝကို အသစ်ထူထောင်မည်ဟု စိတ်ကူးရက်ကြသူကလည်း ကူးရက်ကြပါပေသည်ဟု နာကြည်းမိသည်။ 'အိမ်း၊ ဒင်းတို့ကလဲ ဒင်းတို့ကြိုက်သလို နေကြရင်ငါကလဲ မသေခင်မှာ ငါထင်သလို နေသွားရုံ ရှိတော့တာပေါ့'ဟု မင်းသားကြီး ဘိုလကွန်စကီ တွေးမိသည်။ သို့ရာတွင်သားတော် မင်းသားကလေး


www.burmeseclassic.com

www.burmeseclassic.com


အင်ဒရေနှင့် တွေ့သောအခါ၌မူကား အရေးကြီးသည့်အခါများတွင်သာ အသုံးချလေ့ရှိသော ပရိယာယ်ဖြင့် အသံကို အေးဆေးတည်ငြိမ်စွာထားကာ သားတော်၏ လက်ထပ်ရေးကိစ္စကို ဆွေးနွေးခြင်း ပြုလေသည်။

ပထမအချက်အားဖြင့် မင်းသားကလေး အင်ဒရေ၏ အိမ်ထောင်ဖက်ရွေးချယ်မှုမှာ မျိုးရိုးဇာတိအနေဖြင့် ကြည့်ကြည့်၊ ဥစ္စာပစ္စည်းအနေဖြင့် ပြောပြော၊ ရာထူးဂုဏ်ထူးအနေဖြင့် ဆိုဆို မည်သည့်ဘက်ကမှ အားရကျေနပ်လောက်သော ရွေးချယ်ခြင်းမျိုးမဟုတ်။ ဒုတိယအချက်အားဖြင့် မင်းသားကလေးအင်ဒရေ၏ အသက်မှာ မငယ်တော့သည်သာမက ကျန်းမာရေးမှာလည်း များစွာမကောင်းလှသည့်အပြင် (မင်းသားကြီး ဘိုလကွန်စကီသည် ထိုအချက်ကို အထူးအလေးထား၍ ပြောဆိုခြင်းပြုသည်။) အိမ်ထောင်ဖက် မိန်းကလေးမှာ အသက်ငယ်လွန်းလှသည်။ တတိယအချက်အားဖြင့် မင်းသားကလေးအင်ဒရေ၏ သားငယ် ကလေးအား မိထွေး မြီးကောင်ပေါက်မကလေးထံ ပုံအပ်ထားရန်မှာ အသနားအညှာတာ ကင်းမဲ့လွန်းရာ ရောက်သည်။

"အဲ စတုတ္ထနဲ့ နောက်ဆုံးအချက်ကတော့" မင်းသားကြီး ဘိုလကွန်စကီက သားတော်မင်းသားကလေး အင်ဒရေကို ခပ်လှောင်လှောင် ပြုံး၍ ကြည့်လိုက်သည်၊ "ဒီကိစ္စကို တစ်နှစ်လောက် ဆိုင်းထားစေချင်တယ်၊ ဒီအတောအတွင်းမှာ သားတော် နိုင်ငံခြားကိုသွားပါ၊ ဆေးကုပြီး ကျန်းမာရေးကို ဂရုစိုက်ပါ၊ ပြီးတော့ သားတော်စိတ်ကူးထားတဲ့အတိုင်း ကလေးအတွက် ဂျာမန်စာပြဆရာကောင်းကောင်း တစ်ယောက်ကို ရှာခဲ့ပါ၊ အဲ၊ တစ်နှစ်ပြည့်တဲ့အခါကျတော့မှ သားတော်ရဲ့အချစ် သို့မဟုတ် ရူးမူးခြင်း သို့မဟုတ် ခေါင်းမာမှု (ဒါကတော့ သားတော်ကြိုက်သလို နာမည်ပေးပေါ့။) ဟာ လျော့နည်းခြင်း မရှိဘဲ အရင်ကအတိုင်း ကြီးမားမြဲကြီးမားနေသေးတယ် ဆိုရင်တော့ ယူပေတော့၊ လက်ထပ်ပေတော့ အဲဒါ ခမည်းတော်ရဲ့ နောက်ဆုံးစကားပဲ၊ မှတ်ထားပေတော့၊ နောက်ဆုံး ဒါပဲပြောလိုတယ်" မင်းသားကြီး ဘိုလကွန်စကီက မိမိ၏ဆုံးဖြတ်ချက်ကို မည်သည့်အရာကမျှ ပြောင်းလဲခြင်း ပြုနိုင်လိမ့်မည်မဟုတ်ဟူသော လေသံမျိုးဖြင့် နိဂုံးချုပ်လိုက်၏။

ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် မိမိ၏အချစ် သို့မဟုတ် မိမိ၏ချစ်သူ နာတာရှာ၏ အချစ်သည် တစ်နှစ်တာမျှ စမ်းသပ်ခြင်းကို ခံနိုင်သော ရေရှည်အချစ်မျိုးမဟုတ်။ ပွဲပြီးမီးသေ အချစ်မျိုးဟု ထင်ဟန်ရှိခြင်းကိုလည်းကောင်း၊ မိမိ (ခမည်းတော်မင်းသားကြီး) သည်လည်း ထိုတစ်နှစ်အတွင်း၌ မျက်စိမှိတ်သွားတော့မည်၊ မိမိမရှိသည့်နောက်၌ကား ၎င်းတို့သဘောအတိုင်း ပြုလိုက ပြုလေဟု ယူဆထားဟန် ရှိခြင်းကိုလည်းကောင်း မင်းသားကလေးအင်ဒရေ သတိပြုလိုက်မိသည်။ ထို့ကြောင့် မင်းသားကလေး အင်ဒရေသည် ခမည်းတော်ကြီး စိတ်ချမ်းသာစေရန်အတွက် မိမိတို့လက်ထပ်ရေးကိစ္စကို တစ်နှစ်မျှ ရွှေ့ဆိုင်းထားရန် ဆုံးဖြတ်လိုက်လေသည်။

ဤသို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်ဟို့အိမ်တွင် နောက်ဆုံးလည်ပတ်ခဲ့ပြီးနောက် ရက်သတ္တ သုံးပတ်မျှ အကြာ၌ မင်းသားကလေးအင်ဒရေသည် ပီတာစဘတ်ရွှေမြို့တော်သို့ပြန်လာခဲ့လေသည်။

နာတာရှာသည် မင်းသားကလေးအင်ဒရေနှင့် မိမိတို့၏ကိစ္စကို မိခင်မြို့စားကတော်ကြီးအား ပြောပြပြီး နောက်တစ်နေ့တွင် မင်းသားကလေး အင်ဒရေကို တစ်နေ့လုံး စောင့်မျှော်နေမိသည်။ သို့ရာတွင် မင်းသားကလေးအင်ဒရေကားပေါ်မလာတော့ချေ။ ဒုတိယနေ့နှင့် တတိယနေ့များတွင်လည်း ထို့အတူပင်။ ပီယာလည်း ပေါ်မလာတော့ချေ။ နာတာရှာမှာ မင်းသားကလေး အင်ဒရေ တစ်ယောက် ခမည်းတော်ကြီးထံ ပြန်သွားသည်ကို မသိသည့်အလျောက် မင်းသားကလေးအင်ဒရေ မပေါ်လာသည်ကို စဉ်းစားမရအောင်ဖြစ်လျက် ရှိလေသည်။

ဤသို့ဖြင့် ရက်သတ္တသုံးပတ် ကုန်လွန်သွားခဲ့၏။ နာတာရှာသည် အပြင်သို့ ထွက်လိုသောဆန္ဒလည်း မရှိတော့ချေ။ ငြီးငွေ့ခြောက်ကပ်ကာ ဂနာမငြိမ်ဖြစ်လျက် ရှိပြီး အရိပ်တစ်ခုကဲ့သို့ တစ်ခန်းမှတစ်ခန်း ဝင်ထွက်ကူးလူးလျက်ရှိလေသည်။ ညည၌လည်း တိတ်တဆိတ်ကျိတ်၍ ငိုကာ မိခင်ကြီး၏အိပ်ခန်းဆောင်သို့ပင် မသွားတော့ချေ။ နာတာရှာ၏ မျက်နှာကလေးသည် အစဉ်သဖြင့် နီရဲလျက် ရှိကာ စိတ်ကလည်း ယောက်ယက်ခတ်လျက် ရှိလေသည်။ နာတာရှာအထင်၌ မိမိ၏စိတ် ညှိုးငယ်နေခြင်းကိုလူတိုင်း ရိပ်မိလျက်ရှိကာ မိမိကိုကြည့်လျက် ရယ်၍လည်း မဆုံး၊


www.burmeseclassic.com

သနား၍လည်းမဆုံး ဖြစ်နေကြသည်ဟု ထင်မှတ်မိသည်။ နာတာရှာသည် ရင်ထဲတွင် မချိအောင် ပူဆွေးလျက်ရှိလေရာ မိမိကို ရယ်စရာ၊ သနားစရာအဖြစ် သဘောထားဟန်ရှိကြသည်ဟူသော နာတာရှာ၏ အထင်သည် ၎င်း၏သောကမီးကို လေပင့်ပေးသကဲ့သို့ ရှိလေသည်။

နာတာရှာသည် မိခင်မြို့စားကတော်ကြီးအနီးသို့ ကပ်လာကာ တစ်စုံတစ်ခုကိုပြောရန် ကြိုးစားကြည့်သည်။ သို့ရာတွင် ပါးစပ်မှ တစ်လုံးမှထွက်မလာဘဲ မျက်ရည်များသာ ဖြိုင်ဖြိုင်စီးကျလာကြသည်။ နာတာရှာ၏မျက်ရည်များကား အကြောင်းမသိဘဲ အရိုက်ခံရသော ကလေးငယ်၏မျက်ရည်မျိုးနှင့်ပင် တူတော့သည်။

မိခင်မြို့စားကတော်ကြီးသည နာတာရှာအား ကြိုးစား၍ နှစ်သိမ့်၏။ နာတာရှာသည် မိခင်ကြီး၏စကားကို နားထောင်နေရာမှ ရုတ်တရက်

"တော်ပါတော့မေဖျား။ ဒီအကြောင်းကို နာတာရှာ တွေးလဲမတွေးဘူး။ တွေးလဲမတွေးချင်ဘူး။ အစက သူမလာရင် အကောင်းသား။ ခုတော့ သူကပဲ စပြီး သူက ဒီလို လုပ်သွားတော့"

နာတာရှာ၏အသံမှာ တုန်နေရာက ငိုသံပါလာပြန်သည်။ သို့ရာတွင် နာတာရှာသည် ချုပ်တီးလိုက်ကာ တည်ငြိမ်သောအသံဖြင့်

"တကယ်တော့ နာတာရှာလဲ အိမ်ထောင်မပြုချင်သေးပါဘူး မေဖျားရယ်။ နာတာရှာ သူ့ကို ကြောက်တယ်။ ခုတော့ နာတာရှာ စိတ်အေးအေးပဲ ထားတော့မယ်"

ဤသို့ပြောဆိုပြီးသည့် နောက်တစ်နေ့တွင် နာတာရှာသည် နံနက်ခင်းအခါများ၌ ဝတ်ဆင်လိုက်လျှင် ကိုယ့်ဘာသာကိုယ် ကျက်သရေတိုး၍ တစ်မျိုးလှလာသည်ဟု ထင်ရသော ဝတ်စုံဟောင်းကို ထုတ်ဝတ်၏။ ထိုအခါ၌ တော်ဝင်ကပွဲပြီး မတိုင်မီကကဲ့သို့ပင် အပူအပင်ကင်းမဲ့သည့် ဘဝဟောင်းသို့ ပြန်ရောက်လာလေသည်။ နံနက်လက်ဖက်ရည်သောက်ပြီးသောအခါ၌ နာတာရှာသည် ပွဲတက်ဆောင်ဘက်သို့ ထွက်လာခဲ့၏။ ထိုပွဲတက်ဆောင်မှာ အသံလုံသဖြင့် နာတာရှာ အထူးနှစ်သက်သော ခန်းဆောင်ဖြစ်လေသည်။ နာတာရှာသည် ပွဲတက်ဆောင်ထဲတွင် အတန်ကြာမျှ အသံကျင့်ပြီးနောက် ခန်းဆောင်၏ အလယ်တွင် ရပ်၍ မိမိအကြိုက်ဆုံးဖြစ်သော သီချင်းတစ်ပုဒ်ကို ဆိုလျက်ရှိသည်။ သီချင်းသံသည် ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော ခန်းမဆောင်ကြီး တစ်ခုလုံးကို ဖုံးလွှမ်းပဲ့တင်ထပ်ပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွားလေရာ နာတာရှာသည် ကိုယ့်အသံကိုယ် နားထောင်၍ ပီတိဖြစ်လျက်ရှိ၏။ စိတ်မှာလည်း ပေါ့ပါးရွှင်လန်းလာသည်ဟု ထင်မှတ်ရလေသည်။ 'ကြည့်စမ်း နာတာရှာဘာသာ နာတာရှာ သီချင်းဆိုနေရရင် အကောင်းသား။ ဘာကိုမှ ပူပင်တွေးတောနေစရာ မလိုဘူး'ဟုတွေးလျက် သစ်သားတုံးကလေးများ အကွက်ရိုက်၍ စီးထားသည့် ကြမ်းပြင်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိလေသည်။ သို့ရာတွင် ရိုးရိုးလျှောက်ခြင်း မဟုတ်ဘဲ(မိမိအကြိုက်ဆုံး ပွဲတက်ဖိနပ်အသစ်ကလေးကို စီးထားရင်းက) ဖနောင့်ကိုအရင်ချ၍ ခြေဖျားကို နောက်မှချကာ ဖနောင့်အကျနှင့် ခြေဦးအလှည့်တို့၌ အချက်ကျကျ ထွက်ပေါ်လာသော တကျွိကျွိမြည်သံကို နားထောင်ရင်းလျှောက်နေခြင်းဖြစ်၏။ ထိုအသံကို နားထောင်ရခြင်းသည် မိမိအသံကို ပြန်၍ နားထောင်ရခြင်းကဲ့သို့ နာတာရှာအား ရွှင်မြူးကြည်နူးခြင်း ဖြစ်စေ၏။ နာတာရှာသည် ဤသို့ လျှောက်ရင်း ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်အနီးသို့ရောက်လာသည်တွင် မိမိ၏ရုပ်ကို ကြည့်လိုက်မိသည်။ 'ကဲ၊ နာတာရှာအရုပ်မဆိုးပါဘူး။ နာတာရှာ လှပါသေးတယ်။ နာတာရှာအဖို့ ဘယ်သူ့ကိုမှ မလိုပါဘူး' မှန်ထဲက နာတာရှာ၏ မျက်နှာအမူအရာသည် ဤသို့ ပြောနေသကဲ့သို့ရှိပေ၏။

အစေခံတစ်ယောက်သည် ခန်းမဆောင်ထဲတွင် ရှင်းလင်းရန်အတွက် အခန်းဝသို့ရောက်လာ၏။ သို့ရာတွင် နာတာရှာသည် ဝင်ခွင့်ပေးဘဲ တံခါးကိုသွား၍ ပိတ်ထားလိုက်ပြီး ခန်းမဆောင်ထဲတွင် လျှောက်မြဲလျှောက်လေသည်။ ယနေ့နံနက်မှာ နာတာရှာသည် ယခင်ကကဲ့သို့ စိတ်လက်ကြည်လင် ရွှင်ပျလျက်ရှိ၏။ "ကြည့်စမ်း၊ နာတာရှာဟာ ချစ်စရာမကောင်းဘူးလား၊ လှလဲလှ၊ အသံလဲကောင်း၊ ငယ်လဲငယ်၊ သူ့ကိုသွားပြီး မနှောင့်ယှက်ရင် ဘယ်သူ့ကိုမှလဲ အန္တရာယ် မပြုတတ်ဘူး" နာတာရှာသည် တစ်စုံတစ်ယောက်က ပြောသလို မိမိကိုယ်ကို မိမိပြောကြည့်၏။ သို့ရာတွင် မိမိကို အားလုံးက အနှောင့်အယှက်မပြုဘဲ ချမ်းသာစွာ ထားကြသည့်တိုင် ယခုကား နာတာရှာ၏စိတ်သည် ငြိမ်းချမ်းခြင်းကို မရ



www.burmeseclassic.com

တော့ပြီ။ နာတာရှာသည် ထိုအချက်ကို ချက်ချင်းအမှတ်ရလာပြန်သည်။

ထိုအခိုက် ဧည့်ခန်းဆောင်ဘက်ဆီမှ တံခါးဖွင့်သံနှင့် အတူ"အိမ်မှာရှိသလား"ဟူသော မေးသံကို ကြားလိုက်ရပြီးနောက် ခြေသံကိုပါ ကြားလိုက်ရသည်။ နာတာရှာသည် မှန်ကြည့်လျက်ရှိသော်လည်း မှန်ထဲတွင် သူ့ရုပ်သွင်ကို မမြင်။ ခန်းမဆောင်ထဲမှ အသံများကိုသာ နားစွင့်နေမိသည်။ မှန်ထဲသို့ ကြည့်လိုက်သည့်အခါတွင် မိမိ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိ၏။ သူ ရောက်နေလေပြီ။ ခန်းမဆောင်ဘက်မှ အသံများကို သဲကွဲစွာ မကြားရသော်လည်း သူရောက်နေမှန်း နာတာရှာ သိပါပြီ။

နာတာရှာသည် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လျက် တုန်လှုပ်စွာဖြင့် မိခင်မြို့စားကတော်ကြီးရှိရာ ခန်းမဆောင်ဘက်သို့ ပြေးလာခဲ့သည်။

"မေဖျား၊ မေဖျား။ အင်ဒရေလာပြီ မေဖျား၊ နာတာရှာ ကြောက်တယ်မေဖျား။ ဟင်၊ နာတာရှာ နောက်တစ်ခါ စိတ်ဆင်းရဲ မခံချင်တော့ဘူး။ နာတာရှာ ဘယ်လို လုပ်ရမလဲဟင် မေဖျား"

နာတာရှာသည် အမောတကော မေးနေမိသည်။

မိခင်မြို့စားကတော်ကြီးက ပြန်၍ မဖြေရသေးမီ မင်းသားကလေး အင်ဒရေသည် လေးနက်တုန်လှုပ်သော မျက်နှာဖြင့် ခန်းဆောင်ထဲသို့ ဝင်လာလေသည်။ နာတာရှာကိုမြင်သည်နှင့် မင်းသားကလေးအင်ဒရေ၏ မျက်နှာမှာ ဝင်းထိန်သွား၏။ မင်းသားကလေးအင်ဒရေသည် မြို့စားကတော်ကြီး၏လက်နှင့် နာတာရှာ့လက်ကို နမ်းလိုက်၍ အနီးရှိထိုင်ဖုံပေါ်တွင် ဝင်ထိုင်လိုက်၏။

"မတွေ့ရတာ တော်တော်လေး" မြို့စားကတော်ကြီးကစ၍ ပြောလိုက်၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် မိမိပြောလိုသည့် စကားကို ကြာရှည်ဆိုင်းငံ့ထားနိုင်ဟန်မတူဘဲ မြို့စားကတော်ကြီး မေးမည့်မေးခွန်းကို ကြားဖြတ်၍ ဖြေလိုက်သည်။

"ဟုတ်ကဲ့၊ ခမည်းတော်ကြီးဆီ သွားနေတာနဲ့ အကြီးတော်တို့ဆီကို ကျွန်တော်မလာနိုင်ဘဲ ဖြစ်သွားပါတယ်။ ခမည်းတော်ကြီးနဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်စရာရှိလို့ ပြန်သွားပါတယ်။ မနေ့ညကပဲ ရွှေမြို့တော်ကို ပြန်ရောက်ပါတယ် အကြီးတော်"

မင်းသားကလေးအင်ဒရေက နာတာရှာကို လှမ်းကြည့်၍ ပြောလိုက်သည်။ အတန်ကြာမှ

"အကြီးတော်ကို စကားလေးတစ်ခွန်းလောက် ပြောလိုပါတယ် အကြီးတော်"

မြို့စားကတော်ကြီးသည် မျက်လွှာကိုချလျက် သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ပြောနိုင်ပါတယ် တူတော်မောင်"

နာတာရှာသည် ၎င်းတို့နှစ်ယောက်အား ရှောင်ပေးသင့်သည်ဟု နားလည်သော်လည်း အနားမှ မခွာနိုင်ဘဲ ဖြစ်လျက်ရှိ၏။ နာတာရှာသည် မင်းသားကလေးအင်ဒရေအား မျက်လုံးအဝိုင်းသားဖြင့် စိုက်ကြည့်နေရာမှ လည်ပင်းကို တစ်စုံတစ်ခုက ဖျစ်ညှစ်ထားသလို ခံစားနေမိသည်။

'ဘာတွေများ ပြောမလို့ပါလိမ့်၊ ဒီကိစ္စများလား၊ အို ဒီကိစ္စတော့ ဟုတ်မယ် မထင်ပါဘူး'ဟု နာတာရှာ တွေးနေမိပြန်သည်။

မင်းသားကလေးအင်ဒရေသည် နာတာရှာကို လှမ်း၍ ကြည့်လိုက်ပြန်သည်။ ထိုအကြည့်ကြောင့်နာတာရှာမှာ မိမိတွေးသည့်အတိုင်း မှန်လေပြီဟု ယူဆလိုက်သည်။ မှန်ပါသည်။ နာတာရှာ၏ ကံကြမ္မာကို တိုတောင်းလှသော ဤအချိန်ကလေးတွင် ဆုံးဖြတ်ကြပေတော့မည်။

"သမီးထွေး အပြင်ထွက်နေပါလား။ နောက်တော့ မေဖျားခေါ်လိုက်မယ်" မြို့စားကတော်ကြီးက လေသံကလေးဖြင့် ပြောလိုက်သည်။

နာတာရှာသည် မင်းသားကလေးအင်ဒရေနှင့် မိခင်မြို့စားကတော်ကြီးတို့အား၊ ကြောက်ရွံ့တိုးလျှိုးသော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး ထွက်လာခဲ့လေသည်။

"အကြီးတော် နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ။ ကိစ္စကတော့ အကြီးတော်ရဲ့ သမီးထွေးနဲ့ လက်ဆက်ဖို့ ကိစ္စပါပဲ" မင်းသားကလေး အင်ဒရေက ပြောလိုက်၏။

မြို့စားကတော်ကြီး၏ မျက်နှာမှာ ထူပူနီမြန်းသွား၏။ သို့ရာတွင် မည်သို့မျှ ပြန်မပြောမိ၊ အတန်ကြာမှ–

"တူတော်မောင်ရဲ့ ကမ်းလှမ်းချက်ကို"ဟု ခန့်ညားစွာ ပြောလိုက်သည်။ မင်းသားကလေးအင်ဒရေသည် တိတ်ဆိတ်စွာဖြင့် မြို့စားကတော်ကြီး၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ "တူတော်မောင်ရဲ့ ကမ်းလှမ်းချက်ကို (မြို့စားကတော်ကြီးမှာ မည်သို့ ဆက်ပြောရမည်မသိဘဲ



www.burmeseclassic.com

ဖြစ်နေ၏။) ငြင်းစရာမရှိပါဘူး။ လက်ခံပါတယ်။ ဝမ်းလဲ သာပါတယ်။ မြို့စားကြီးကလဲ ငြင်းလိမ့်မယ် မထင်ပါဘူး။ ဒါပေမဲ့ သမီးထွေးရဲ့ သဘောကလဲရှိသေးတယ် တူတော်မောင်ရဲ့"

"မှန်ပါတယ်ခင်ဗျာ၊ အကြီးတော်တို့ သဘောတူရင်တော့ ညီမကို ကျွန်တော့်ဘာသာကျွန်တော် မေးကြည့်ပါ့မယ်။ အကြီးတော်တို့ ခွင့်ပြုနိုင်ပါမယ်လား" မင်းသားကလေးအင်ဒရေက မေးလိုက်သည်။

"မေးကြည့်ပါလေ" မြို့စားကတော်ကြီးသည် မင်းသားကလေးအင်ဒရေအား လက်ကမ်းပေးလိုက်ပြီးနောက် မိမိ၏လက်ကို ကုန်း၍ နမ်းလိုက်သည့် မင်းသားကလေးအင်ဒရေ၏ နဖူးပြင်ကို ကြင်နာခြင်းနှင့် စိမ်းကားခြင်းတို့ ရောထွေးလျက်ရှိသောစိတ်ဖြင့် နမ်းလိုက်၏။ မြို့စားကတော်ကြီးသည် မင်းသားကလေးအင်ဒရေအား သားကဲ့သို့ချစ်လို၏။ သို့ရာတွင် မင်းသားကလေးအင်ဒရေမှာ မိမိနှင့် ဘာမျှသက်ဆိုင်ခြင်း မရှိသည့် ကြောက်စရာကောင်းသော လူစိမ်းတစ်ဦး ဖြစ်သည်ဆိုသည့်အသိကိုလည်း ဖျောက်ဖျက်၍ မရချေ။

"မြို့စားကြီးကလဲ သဘောတူလိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့ တူတော်မောင့် ခမည်းတော်ကြီးသဘောက" မြို့စားကတော်ကြီးက ပြောလိုက်သည်။

"ခမည်းတော်ကြီးကို ကျွန်တော်သဘော ဖွင့်ပြောပြီးပါပြီ အကြီးတော်၊ ခမည်းတော်ကြီးကလဲသဘောတူပါတယ်၊ လက်ထပ်မင်္ဂလာကို တစ်နှစ်လောက်တော့ ရွှေ့ဆိုင်းထားစေချင်တယ်လို့လဲ ပြောပါတယ်၊ ဒီအကြောင်းကို အကြီးတော်တို့ကို ပြောမလို့ပါပဲ"မင်းသားကလေး အင်ဒရေက ပြောလိုက်၏။

"အေး အေး၊ သင့်မြတ်ပါပေတယ်။ တကယ်တော့ သမီးထွေးကလဲ ငယ်ပါသေးတယ်။ ဒါပေမဲ့ တစ်နှစ်ဆိုတော့ သိပ်များ ကြာလွန်းနေမလား"

"ကိစ္စ အဝဝတွေနဲ့ဆိုတော့ တစ်နှစ်လောက်ကြာမှလဲ ဖြစ်ပါလိမ့်မယ် ထင်ပါတယ် အကြီးတော်"

"အေးလေ၊ ဒါဖြင့် အကြီးတော် မောင့်ညီမကို လွှတ်လိုက်မယ်၊ မောင့်ညီမနဲ့လဲ တိုင်ပင်ကြဦးပေါ့" မြို့စားကတော်ကြီးသည်အပြင်သို့ ထွက်သွားလေသည်။

မြို့စားကတော်ကြီးသည် နာတာရှာကို လိုက်ရှာရင်း "ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ ချောချောမောမော ဖြစ်အောင် စောင့်မတော်မူပါဘုရား"ဟု တတွတ်တွတ် ဆုတောင်းလျက် ရှိလေသည်။

နာတာရှာမှာ အိပ်ခန်းဆောင်ထဲတွင် ရှိသည်ဟု ဆွန်ယာကပြောလိုက်၏။ နာတာရှာသည် ဖြူဖပ်ဖြူရော် ဖြစ်လျက် အိပ်ရာပေါ်တွင် ထိုင်ရင်း မျက်ရည်ခန်းခြောက်သောမျက်လုံးများဖြင့် ဆင်းတုတော်ကိုကြည့်ကာ တစ်စုံတစ်ရာကို ဆုတောင်းလျက်ရှိလေသည်။ မိခင်ကြီးကို မြင်သည်တွင် ထခုန်ကာ ပြေးလာလေသည်။

"မေဖျား၊ ဘာတွေပြောလိုက်သလဲ၊ ဟင် မေဖျား၊ ဘာပြောလိုက်သလဲ"

"သွား သွား၊ သမီးထွေး သူနဲ့ သွားစကားပြောချည်ဦး။ သမီးထွေးနဲ့ လက်ဆက်ဖို့လာပြောတာ" မြို့စားကတော်ကြီးက ဣန္ဒြေဖြင့်ပြောလိုက်၏။ မြို့စားကတော်ကြီးသည် အခန်းပြင်သို့ ထွက်သွားသော နာတာရှာကို ကြည့်၍ သက်ပြင်းချလိုက်မိသည်။

နာတာရှာသည် ဧည့်ခန်းဆောင်ထဲသို့ မည်သို့မည်ပုံရောက်လာသည်ကိုပင် မသိလိုက်တော့ချေ။ ဧည့်ခန်းဆောင်ထဲသို့ရောက်၍ မင်းသားကလေးအင်ဒရေကို မြင်လိုက်သည်နှင့် နာတာရှာ၏ ခြေလှမ်းများသည် တုံ့သွားကြ၏။ 'သူဟာ နာတာရှာနဲ့ ဘာမှ သွေးသားတော်စပ်ခြင်းမရှိပါကလား၊ ဘာမှ သွေးသားတော်စပ်ခြင်း မရှိတဲ့ လူစိမ်းတစ်ယောက်ဟာ နာတာရှာ့အဖို့ အရာခပ်သိမ်း ဖြစ်ရတော့မယ်ဆိုတာ ဟုတ်နိုင်ပါ့မလား'ဟု ကိုယ့်ကိုယ်ကို မေးမိသည်။ 'အို၊ ဘာလို့ မဟုတ်နိုင်ရမှာလဲ၊ ဟုတ်တယ်။ သူဟာ နာတာရှာရဲ့ဘဝ၊ နာတာရှာရဲ့နှလုံး၊ နာတာရှာရဲ့ သည်းပွတ်၊ အို၊ နာတာရှာအဖို့ သူဟာ အရာခပ်သိမ်းပဲ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အရာတွေအနက် သူတစ်ယောက်သာ နာတာရှာအမြတ်နိုးဆုံး အခင်မင်ဆုံး၊ အတွယ်တာဆုံး၊ အချစ်ဆုံးပဲ'ဟု ကိုယ့်ဘာသာကိုယ် အဖြေပေးလိုက်သည်။ မင်းသားကလေး အင်ဒရေသည် မျက်လွှာကိုချလျက် နာတာရှာ့ထံသို့ လျှောက်လာခဲ့လေသည်။

"နာတာရှာ၊ နာတာရှာ့ကို ပထမဆုံး စတွေ့တွေ့ချင်းအစ်ကို နာတာရှာ့ကို ချစ်ခဲ့တယ်။ အစ်ကို့အတွက် မျှော်လင့်ချက် ရှိရဲ့လား ဟင်"

မင်းသားကလေး အင်ဒရေသည် နာတာရှာကို



www.burmeseclassic.com

ကြည့်လိုက်၏။ နာတာရှာ၏ မျက်နှာပေါ်ရှိ လေးနက်တည်ငြိမ်သောအသွင်အပြင်ကြောင့် မင်းသားကလေးအင်ဒရေသည် အံ့သြလျက် ရှိလေသည်။ နာတာရှာ၏ မျက်နှာကား 'ဘာဖြစ်လို့ မေးနေရသေးတာလဲ အစ်ကို၊ အစ်ကို မသိဘူးလား၊ သိရက်သားနဲ့ ဘာကြောင့် မေးနေရတာလဲ။ ခံစားချက်ဆိုတာမျိုးဟာ စကားလုံးနဲ့ ဖော်ပြလို့ရမယ့် အရာမျိုး မဟုတ်ဘူး အစ်ကို၊ အစ်ကို့ခံစားချက်တွေကို စကားလုံးနဲ့ ဖော်ပြလို့မရတဲ့အတူတူ ဘာကြောင့်များ ဒီစကားတွေကို ပြောနေရသေးတာလဲ'ဟု ဆိုသကဲ့သို့ရှိ၏။

နာတာရှာသည် မင်းသားကလေးအင်ဒရေ အနားတွင် ရပ်လိုက်၏။ မင်းသားကလေးအင်ဒရေသည် နာတာရှာ၏ လက်ကို ဆွဲယူ၍ နမ်းလိုက်သည်။

"အစ်ကို့ကို ချစ်ရဲ့လားဟင်"

"ချစ် ချစ်ပါတယ် အစ်ကို" နာတာရှာသည် စိတ်ရှုပ်လျက်ရှိသကဲ့သို့ ခပ်ညည်းညည်းကလေး ပြောလိုက်သည်။ ထိုနောက် နာတာရှာသည် သက်ပြင်းကြီး တစ်ချက်ချလိုက်ပြီး လျှင်မြန်စွာ အသက်ရှုရင်းက ရှိုက်၍ ငိုလိုက်သည်။

"အို ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲ"

"ဟင့်အင်း၊ နာတာရှာ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ သိပ်ပျော်တာပဲ" နာတာရှာသည် မျက်ရည်များကြားမှ ပြုံးလိုက်၍ အနားသို့ကပ်လာကာ လုပ်သင့် မလုပ်သင့်ကို စဉ်းစားနေသကဲ့သို့ ခေတ္တမျှ ရပ်နေပြီးနောက် မင်းသားကလေးအင်ဒရေကို နမ်းလိုက်သည်။

မင်းသားကလေးအင်ဒရေသည် နာတာရှာ၏ လက်ကို ကိုင်၍ နာတာရှာ၏ မျက်လုံးများကို စိုက်ကြည့်လိုက်သည်။ ၎င်း၏ရင်ထဲတွင် နာတာရှာအား ချစ်ခဲ့မိသော ယခင်က အချစ်မျိုးတွေ မရှိတော့ချေ။ ၎င်း၏စိတ်သည် ရုတ်တရက် ပြောင်းလဲ၍ သွားခဲ့လေပြီ။ ယခင်ကကဲ့သို့ စိတ်ကူးယဉ်သော ချစ်ခင်နှစ်သက်ခြင်းမျိုး၊ အသိရခက်သောတပ်မက်ခြင်းမျိုးတို့ မရှိတော့ဘဲ နာတာရှာ၏ မိန်းမဆန်သော၊ ကလေးဆန်သော အားနွဲ့ခြင်းကို သနားသည့်စိတ်၊ မိမိအား သူ့ဘဝကို ယုံကြည်စွာ အပ်နှံခြင်းအတွက် ကြင်နာသနားသည့်စိတ်၊ နာတာရှာအပေါ်၌ သေတပန် သက်တဆုံး စောင့်ရှောက်ထိန်းသိမ်းသွားရတော့မည်ဆိုသော တာဝန်ဝတ္တရား ကို သိမြင်သည့်စိတ်တို့သာလျှင် ပေါ်ပေါက်လာကြလေ တော့သည်။ ဤခံစားချက်များသည် ယခင်က ခံစားချက် များကဲ့သို့ ကဗျာဆန်ခြင်း၊ လှပခြင်း မရှိသော်လည်း ပို၍ ခိုင်မြဲကာ ပို၍ လေးနက်သည်ကား အမှန်ပင် ဖြစ်ပေသည်။

"အစ်ကိုတို့ လက်ထပ်မင်္ဂလာကို တစ်နှစ်လောက် ဆိုင်းထားဦးမယ်လို့ မေဖျားက မပြောဘူးလား" မင်းသားကလေးအင်ဒရေက နာတာရှာ၏ မျက်လုံးများကို စိုက်ကြည့်၍ မေးလိုက်၏။

'နာတာရှာကို လူတွေက မြီးကောင်ပေါက်မကလေးလို့ပဲ သဘောထားကြတယ်'ဟု နာတာရှာ တွေးနေမိသည်။ 'မြီးကောင်ပေါက်မကလေးလို့ ပြောကြတဲ့ နာတာရှာဟာ မေဖျားကတောင် မော်ကြည့်ရပြီး ဉာဏ်ပညာဗဟုသုတလဲကြွယ်၊ စကားပရိယာယ်လဲ ကျွမ်းကျင်၊ အသွင်အပြင်ကလဲ သိမ်မွေ့တဲ့ သွေးသားတော်စပ်ခြင်း မရှိသူတစ်ယောက်နဲ့ ဒီးတူပေါင်ဖက် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် နေရတော့မယ်ဆိုတာ ဖြစ်မှဖြစ်နိုင်ပါ့မလား။ တကယ်ကော ဟုတ်မှဟုတ်ရဲ့လား။ အရင်ကလို ပေါ့ပေါ့တန်တန် နေလို့ မရတော့ဘူးဆိုတာကော တကယ်လား။ နာတာရှာဟာ အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်လာပြီဆိုတာကော ဟုတ်ရဲ့လား။ နာတာရှာဟာ စကားပဲ ပြောပြော၊ အလုပ်ကိုပဲလုပ်လုပ် အရင်ကလို လက်လွတ်စပယ်ပြောလို့ လုပ်လို့ မဖြစ်တော့ဘဲ အိမ်ထောင်ရှင်ပီပီ တာဝန်နဲ့ပြော၊ တာဝန်နဲ့ လုပ်ရတော့မယ်ဆိုတာကော ဟုတ်ရဲ့လား။ အို၊ နေစမ်းပါဦး၊ သူမေးတာ ဘာပါလိမ့်"

"ဟင့်အင်း" နာတာရှာသည် မင်းသားကလေးအင်ဒရေ မေးနေသည့် မေးခွန်းကို မမှတ်မိတော့ဘဲ လွှတ်ခနဲဖြေလိုက်သည်။

"အစ်ကို့ကို ခွင့်လွှတ်ပါ နာတာရှာ။ နာတာရှာဟာ အသက်ငယ်သေးတယ်၊ အစ်ကိုကတော့ လူ့ဘဝမှာ တွေ့ခဲ့ကြုံခဲ့တာတွေ များလှပြီ၊ နာတာရှာ့အတွက် အစ်ကို သိပ်စိုးရိမ်တယ်၊ နာတာရှာဟာ ခုထက်ထိ ကိုယ့်ကိုယ်ကို မသိသေးဘူး"

နာတာရှာသည် အာရုံစိုက်၍ ကြိုးစားနားထောင်သော်လည်း မင်းသားကလေးအင်ဒရေ၏ စကားများကို နားမလည်နိုင်ဘဲ ဖြစ်နေမိသည်။

"တစ်နှစ် ဆိုင်းထားလိုက်ရတဲ့အတွက် အစ်ကို့အဖို့

တစ်နှစ်နောက်ကျပြီး ပျော်ရလို့ဒီတစ်နှစ်ဟာ တော်တော် စိတ်ဆင်းရဲရပေမယ့် နာတာရှာအတွက်တော့ ကိုယ့် အကြောင်းနဲ့တကွ လောကကြီးရဲ့ အကြောင်းကို ဒီ့ထက် ဒီရေရေလည်လည် နားလည်လာဖို့ အချိန်ရသွားတာ ပေါ့လေ။ ဒီတော့ ဒီတစ်နှစ်အတွင်းမှာ အစ်ကို့ကို စိတ် ဆင်းရဲအောင်တော့ မလုပ်ပါနဲ့နော် နာတာရှာ။ ဒါပေမဲ့ ဒီအတွင်းမှာ နာတာရှာ လွတ်လွတ်လပ်လပ် နေနိုင်ပါ တယ်။ အစ်ကိုတို့ စေ့စပ်ကြောင်းလမ်းတဲ့သတင်းကိုလဲ လျှို့ဝှက်ထားကြတာပေါ့။ ဒီအတွင်းမှာ နာတာရှာဟာ အစ်ကို့ကို မချစ်ဖူးလား ချစ်သလားဆိုတာကို နာတာရှာ သိလာမှာပေါ့ ဟုတ်လား၊ မင်းသားကလေး အင်ဒရေက ဟန်ဆောင်၍ ပြုံးလိုက်၏"

"ဒီလိုမပြောပါနဲ့ အစ်ကိုရယ်။ အိုထရာနီမှာ အစ်ကို့ကို ပထမဆုံးအကြိမ် မြင်လိုက်ရကတည်းက နာတာရှာ အစ်ကို့ကို ချစ်နေခဲ့တာပါ။ ဒါကို အစ်ကိုလဲ သိသားပဲ" နာတာရှာက ယုံကြည်စွာ ပြောလိုက်သည်။

"အေးလေ၊ တစ်နှစ်အတွင်း နာတာရှာ့ဘာသာ နာတာရှာ သိလာမှာပေါ့"

"ဘာ၊ တစ်နှစ်လုံးလုံးတောင်။ ဟုတ်လား" နာတာရှာသည် ယခုမှ ၎င်းတို့ လက်ထပ်မင်္ဂလာအား တစ်နှစ်ရွှေ့ဆိုင်းထားရမည်ကို သဘောပေါက်လာကာ ရုတ်တရက်မေးလိုက်သည်။ "ဟင် တစ်နှစ်ကြီးတောင် အစ်ကိုရယ်။ ဘာလို့ ဒီလောက်ကြာကြာကြီး ဆိုင်းထားရ တာလဲဟင်"

မင်းသားကလေးအင်ဒရေက ရွှေ့ဆိုင်းထားရသည့် အကြောင်းများကို ရှင်းလင်းပြောပြ၏။ နာတာရှာမှာ ၎င်း၏စကားများကို ကြားဟန် မတူချေ။

"မဆိုင်းလို့မဖြစ်တော့ဘူးလား အစ်ကို" နာတာရှာ က မေးလိုက်သည်။ မင်းသားကလေး အင်ဒရေက မည်သို့မျှ မဖြေသော်လည်း ၎င်း၏မျက်နှာမှာ ဆုံးဖြတ်ချက် ကိုပြောင်း၍ မဖြစ်တော့ကြောင်း ဖော်ပြလျက်ရှိလေသည်။

"ဒီလိုသာ ကြပ်ကြပ်လုပ်အစ်ကို။ နာတာရှာ သေမယ် သိရဲ့လား၊ နာတာရှာ သေလိမ့်မယ်" နာတာရှာ သည် မျက်ရည်များကို သွန်၍ ချလိုက်မိသည်။ ထိုနောက် ချစ်သူ၏ မျက်နှာကိုကြည့်လိုက်ရာ ၎င်း၏မျက်နှာတွင် လည်း ကြေကွဲဝမ်းနည်းလျက် ကြရာမရ ဖြစ်နေဟန်ပေါက် လျက်ရှိခြင်းကို တွေ့ရလေသည်။

"အစ်ကို စိတ်ရှုပ်သွားသလား ဟင်။ ကဲ နာတာရှာ မငိုတော့ပါဘူးအစ်ကို။ နာတာရှာ စောင့်ပါမယ်နော်။ နာတာရှာ ပျော်ပျော်နေပါ့မယ်နော် အစ်ကို" နာတာရှာ သည် မျက်ရည်များကို ချုပ်တည်း၍ ပြောလိုက်သည်။

မြို့စားကြီး ရော့စတော့ဗ်နှင့် မြို့စားကတော်ကြီး သည် ခန်းမဆောင်ထဲသို့ ဝင်လာကာ ချစ်သူနှစ်ဦးအား ကောင်းချီး ပေးကြ၏။

ထိုနေ့မှစ၍ မင်းသားကလေး အင်ဒရေသည် နာတာရှာ၏ ချစ်သူအဖြစ် မြို့စားကြီးရော့စတော့ဗ် မိသားစုထံသို့ မကြာခဏ လာရောက်လည်ပတ်လျက် ရှိပေသတည်း။

## အခန်း ၂၄

နာတာရှာနှင့် မင်းသားကလေးအင်ဒရေတို့၏ စေ့စပ် ကြောင်းလမ်းခြင်းကို ထုတ်ဖော်ကြေညာခြင်း မပြုတော့ချေ။ စေ့စပ်ကြောင်းလမ်းသည့် မင်္ဂလာအခမ်းအနား[illegible]လည်း ကျင်းပခြင်း မပြုတော့ချေ။ ဤသို့ လျှို့ဝှက်ထားခြင်းမှာ မင်းသားကလေးအင်ဒရေ၏ တိုက်တွန်းချက်ကြောင့် ဖြစ်၏။ မင်းသားကလေးအင်ဒရေက လက်ထပ်မင်္ဂလာကို ရွှေ့ဆိုင်းရခြင်းမှာ မိမိ၌ တာဝန်ရှိသည့်အလျောက် ထို တာဝန်ကို မိမိသာ ယူလိုကြောင်း၊ မိမိသည် ကတိပေးပြီး သည့်အတိုင်း ထိုကတိကို သေတပန်သက်တဆုံး စောင့်ထိန်း မည်ဖြစ်ကြောင်း၊ သို့ရာတွင် နာတာရှာကိုမူ ထိုကတိစကားကြောင့် အချုပ်အနှောင်မဖြစ်စေဘဲ လွတ်လပ်စွာနေစေလိုကြောင်း၊ အကယ်၍ နောက်ခြောက်လအတွင်း မိမိအား ချစ်ခင် နှစ်သက်ခြင်းမရှိကြောင်းကို တွေ့လာခဲ့ရလျှင် နာတာရှာ သည် မိမိအား ပစ်ပယ်နိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုလေ သည်။ နာတာရှာ၏ မိဘများသည်လည်းကောင်း၊ နာတာ ရှာသည်လည်းကောင်း ဤစကားမျိုးကို မကြားလိုကြသော် လည်း မင်းသားကလေး အင်ဒရေသည် ပြောင်းလဲခြင်း မရှိဘဲ ခေါင်းမာလျက်ရှိ၏။ မင်းသားကလေး အင်ဒရေ သည် မြို့စားကြီးရော့စတော့ဗ်အိမ်သို့ နေ့စဉ် တစ်ရက် မပြတ် လာရောက် လည်ပတ်ခြင်းပြုသော်လည်း နာတာရှာ အား စေ့စပ်ကြောင်းလမ်းပြီးသား ချစ်သူတစ်ဦးအနေဖြင့်



www.burmeseclassic.com

ဆက်ဆံခြင်းမပြု။ ချစ်သူတို့ဘာဝ ကယုကယင် နေခြင်းလည်းမရှိဘဲ နာတာရှာ၏ လက်ကိုသာ နမ်းရှုပ် နှုတ်ဆက်လေ့ ရှိသည်။ စေ့စပ်ကြောင်းလမ်းပြီးသည့်နောက် ၎င်းတို့နှစ်ဦး၏ ဆက်ဆံရေးမှာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲလာကာ ရင်းနှီး၍ သဘာဝကျသော ဆက်ဆံရေးမျိုးဖြစ်လာခဲ့လေသည်။ ၎င်းတို့နှစ်ဦးသည် ယခုမှ တစ်ဦးသဘောကိုတစ်ဦး နားလည်သဘောပေါက်လာခဲ့ကြသည်ဟု ထင်မှတ်လျက်ရှိကြ၏။ ၎င်းတို့နှစ်ယောက်သည် ယခုကဲ့သို့သော အခြေအနေသို့ မရောက်သေးစဉ်က တစ်ယောက်ကိုတစ်ယောက် မည်သို့ထင်မြင်ကြပုံကိုလည်း မကြာခဏ ပြန်၍ ပြောတတ်ကြသည်။ ယခုအား ၎င်းတို့နှစ်ဦးစလုံး သည် လုံးဝခြားနားသောလူသစ်များဖြစ်လာခဲ့ကြပေပြီဟု လည်း ထင်မှတ်လျက် ရှိကြလေသည်။ ယခင်က ၎င်းတို့ သည် တစ်ဦးကိုတစ်ဦး ဟန်ဆောင်ခဲ့ကြသလောက် ယခုမူကား ဟန်ဆောင်ခြင်းတို့ မရှိတော့ဘဲ တစ်ဦးပေါ် တစ်ဦး ရိုးသားပွင့်လင်းလာကြသည်။ ပထမ၌ နာတာရှာ တို့ မိသားစုတစ်သိုက်သည် မင်းသားကလေး အင်ဒရေအား ခပ်တန်းတန်း ဆက်ဆံကြ၏။ မင်းသားကလေး အင်ဒရေသည် ၎င်းတို့အဖို့ အခြားကမ္ဘာမှ လူသစ်တစ်ဦး ဖြစ်နေသည်။ သို့ဖြင့် နာတာရှာသည် ၎င်း၏ မိသားစုများအား မင်းသားကလေးအင်ဒရေနှင့် အကျွမ်းတဝင် ရင်းနှီးစွာ ဆက်ဆံရန်အချိန်အတော်ကြာမျှ ကျင့်ယူရသည်။ မင်းသားကလေး အင်ဒရေသည် အပြင်ပန်းအားဖြင့်သာ ခပ်စိမ်းစိမ်း၊ ခပ်ဆန်းဆန်း လူတစ်ယောက်ဖြစ်သော်လည်း တကယ် ရင်းနှီးစွာ ဆက်ဆံလာသောအခါ မိမိတို့ကဲ့သို့ပင် ဖြစ်ကြောင်း၊ ယခုမူ မိမိမှာ မင်းသားကလေး အင်ဒရေနှင့် ဆက်ဆံရာတွင် ရှက်ရွံ့ခြင်း မရှိတော့ကြောင်း၊ အခြားသူများကလည်း သူ့ကို ရှက်ရွံ့နေရန် မလိုတော့ကြောင်း၊ စသဖြင့် နာတာရှာက ခပ်ကြွားကြွားကလေး ပြောပြတတ်သည်။ ရက်အတန်ကြာသောအခါ နာတာရှာ၏အိမ်သားစုများသည် မင်းသားကလေး အင်ဒရေနှင့် တစ်စတစ်စ ရင်းနှီးလာခဲ့ကြလေသည်။ မင်းသားကလေး အင်ဒရေ၏ ရှေ့တွင် ရှိုးတိုးရှန့်တန့်မဖြစ်ကြတော့ဘဲ ယခင်ကကဲ့သို့ အနေအထိုင်အသားကျသွားလေရာ မင်းသားကလေး အင်ဒရေကလည်း ၎င်းတို့တစ်တွေနှင့် သဟဇာတဖြစ်အောင် လိုက်လျောနေထိုင်ခြင်း ပြုလေသည်။ မင်းသားကလေးအင်ဒရေသည် မြို့စားကြီးနှင့်တွေ့လျှင် ကျေးလက်ဒေသ စီးပွားရေးအကြောင်းတို့ကို ပြောပြတတ်သည်။ မြို့စားကတော်ကြီးနှင့်သော်လည်းကောင်း၊ နာတာရှာနှင့်သော်လည်းကောင်း တွေ့လျှင်အဝတ်အစား 'ဖက်ရှင်' အကြောင်းများကို ပြောဆိုတတ်သည်။ ဆွန်ယာနှင့် တွေ့လျှင် ဓာတ်ပုံထိုးကိုစ္စများနှင့် အမှတ်တရ စာတမ်းစာအုပ်ကလေးများအကြောင်းကို ပြောတတ်လေသည်။ တစ်ခါတစ်ရံ၌လည်း နာတာရှာတို့ အိမ်သားများသည် အချင်းချင်းသော်လည်းကောင်း၊ တစ်ခါတစ်ရံ မင်းသားကလေးအင်ဒရေရှေ့၌သော်လည်းကောင်း ယခုကဲ့သို့ နဖူးစာ ဆုံကြသည့်အတွက် အံ့သြခြင်းကို ဖော်ပြတတ်ကြသည်။ ထိုမျှမက အိုထရာနိကျေးတောသို့ မင်းသားကလေးအင်ဒရေရောက်လာပုံ၊ ပီတာစဘတ်မြို့တော်သို့မင်းသားကလေးအင်ဒရေ ရောက်လာပုံ၊ နာတာရှာနှင့် မင်းသားကလေးအင်ဒရေတို့၌ တူညီချက်များ ရှိကြကြောင်းကို ပထမအကြိမ် တွေ့စကတည်းက နာတာရှာ၏ အထိန်းတော်ကြီးက သတိထားမိပုံ၊ ၁၈၀၅–ခုနှစ်တွင် မင်းသားကလေးအင်ဒရေနှင့် ယောက်ဖလောင်းနီကိုလေတို့ တွေ့ခဲ့ကြပုံနှင့်တကွ ယခုကဲ့သို့ နဖူးစာဆုံရန် ဖန်တီးလာသော အကြောင်းအမျိုးမျိုးတို့ကို ပြောပြကာ ၎င်းတို့နှစ်ဦး နဖူးစာဆုံရေးအတွက် ဖြစ်ပေါ်လာကြသော ဆုံစည်းတိုက်ဆိုင်မှုများကို အံ့သြစွာ ပြောပြတတ်ကြ၏။

စေ့စပ်ကြောင်းလမ်းပြီးဖြစ်သော မင်းသားကလေးအင်ဒရေနှင့် နာတာရှာတို့နှစ်ယောက် ရှိသည့်အခါများ၌ စံအိမ်ကြီးတစ်ခုလုံးသည် စိတ်ယားယဉ်ဖွယ်ကောင်းသော တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် လွှမ်းခြုံလျက် ရှိတတ်၏။ ၎င်းတို့နှစ်ဦး အတူတကွ ထိုင်၍ စကားပြောနေကြသည့် အခါများတွင် အိမ်သားအားလုံး တိတ်ဆိတ်လျက် ရှိတတ်၏။ တစ်ခါတစ်ရံ အလိုက်သိစွာ ရှောင်ပေးသွားကြ၍ နှစ်ယောက်တည်း ကျန်နေသည့်အခါများ၌လည်း ၎င်းတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ တိတ်ဆိတ်နေတတ်ကြသည်။ ၎င်းတို့သည် ၎င်းတို့၏နောင်ရေးကိုလည်း မပြောကြချေ။ မင်းသားကလေးအင်ဒရေသည် ၎င်းတို့နောင်ရေးအကြောင်းကို ပြောရန် မဝံ့မရဲဖြစ်လျက် ရှိလေသည်။ မင်းသားကလေးအင်ဒရေ၏ ခံစားချက်များအားလုံးကို ခွဲဝေခံစားလေ့ရှိသော နာတာရှာ



www.burmeseclassic.com

သည် ဤအခါမျိုး၌လည်း မင်းသားကလေးအင်ဒရေနှင့် တစ်စိတ်တည်း တစ်သဘောတည်း ဖြစ်နေတတ်ပေသည်။ တစ်ခါ၌ နာတာရှာသည် မင်းသားကလေး အင်ဒရေအား ၎င်း၏ သားငယ်အကြောင်းကို မေးမြန်းမိသည်တွင် မင်းသားကလေးအင်ဒရေ၏ မျက်နှာမှာ ထုံးစံအတိုင်း နီမြန်းသွားကာ (နာတာရှာကမူ မင်းသားကလေး အင်ဒရေအား ဤသို့မျက်နှာနီမြန်းလျက် မြင်ရခြင်းကို များစွာ သဘောကျလေ့ရှိ၏။) သားငယ်ကို မိမိတို့နှင့်အတူ ထားမည် မဟုတ်ကြောင်း ပြောပြလိုက်သည်။

"အို ၊ ဘာဖြစ်လို့ အတူမထားရမှာလဲ အစ်ကို" နာတာရှာက စိုးရိမ်သည့် လေသံကလေးဖြင့် မေးလိုက်၏။

"ဟင့်အင်း အစ်ကို သူ့ကို သူ့ဘိုးအေကြီးနဲ့ ခွဲမထားချင်ဘူး။ ပြီးတော့လဲ"

"ပြီးတော့ ဘာဖြစ်သလဲ အစ်ကို။ နာတာရှာလေ သားသားလေးကို တွေ့ရင်သိပ်ချစ်မှာပဲ အစ်ကို။ သိလား" နာတာရှာက မင်းသားကလေးအင်ဒရေ၏ သဘောကို ရိပ်မိ၍ ကြားဖြတ်ပြောလိုက်၏။ "ဒါပေမဲ့ နာတာရှာ သိပါတယ် အစ်ကို။ ဒီကိစ္စကို အကြောင်းပြုပြီး နာတာရှာနဲ့ စိတ်ဝမ်းကွဲမှာ အကို စိုးရိမ်လို့လား၊ မစိုးရိမ်ပါနဲ့ အစ်ကို"

တစ်ခါတစ်ရံ၌လည်း မြို့စားကြီး ရော့စတော့ဗ် ရောက်လာတတ်ပြီး မင်းသားကလေးအင်ဒရေအား နမ်းရှုပ်ကာ ၎င်း၏သားငယ် ပိတာ၏ ပညာရေး၊ သားကြီး နီကိုလေ၏ အလုပ်အကိုင် စသည်တို့နှင့် စပ်လျဉ်း၍ အကြံဉာဏ်များ တောင်းခံတတ်၏။ မြို့စားကတော်ကြီးကား ၎င်းတို့နှစ်ဦးကို ကြည့်၍ သက်ပြင်းချနေတတ်သည်။ ဆွန်ယာမှာကား မိမိအတွက် ချစ်သူနှစ်ဦး အနေရခက်မည်ကို စိုးရိမ်ကာ မည်မျှပင်တားသော်လည်း အကြောင်း အမျိုးမျိုးပြ၍ မကြာခဏ ရှောင်ထွက်သွားတတ်လေသည်။ မင်းသားကလေးအင်ဒရေ စကားပြောသည့် အခါ၌ (မင်းသားကလေးအင်ဒရေမှာ များစွာ စကားပြောကောင်းသူဖြစ်သည့်အတိုင်း )နာတာရှာသည် ဂုဏ်ယူသည့်ဟန် ကြင်လင်ဝင်းပသော မျက်နှာကလေးဖြင့် နားထောင်နေတတ်၏။ နာတာရှာ စကားပြောသည့်အခါ၌ကား မင်းသားကလေးအင်ဒရေသည် မိမိအား အထူးအာရုံစိုက်ကာ လေ့လာ အကဲခတ်လျက်ရှိခြင်းကို နာတာရှာ သတိထားမိသည်။ ထိုအခါမျိုး၌ နာတာရှာသည် ကြောက်လည်း ကြောက်၍ ဝမ်းလည်းသာမိသည်။ 'သူ နာတာရှာကို ဘာဖြစ်လို့များ ကြည့်နေရတာပါလိမ့်၊ နာတာရှာရဲ့ စိတ်သဘောကို လေ့လာအကဲခတ်နေတာလား။ တကယ်လို့ သူလိုချင်တဲ့ အရည်အချင်းတွေများ မရှိရင် ဘယ်လိုများ ဖြစ်မလဲ'ဟု နာတာရှာသည် ဝေခွဲမရသောစိတ်ဖြင့် တွေးတောနေမိလေသည်။ တစ်ခါတလေ၌ နာတာရှာသည် မိမိ၏ပင်ကိုသဘာဝအတိုင်း ခပ်ပြောင် ပြောင်ခပ်ရွှတ်ရွှတ် လုပ်တတ်သည်။ ထိုအခါ၌ မင်းသား ကလေးအင်ဒရေသည် နာတာရှာကို သဘောကျ၍ ရယ်မောနေတတ်သည်။ ထိုအခါ၌ နာတာရှာကလည်း မင်းသားကလေးအင်ဒရေ၏ ရယ်သံကို သဘောကျကာ ၎င်းရယ်မောပုံကို ကြည့်နေတတ်ပြန်သည်။ မင်းသား ကလေးအင်ဒရေသည် ရယ်မောခဲလှသော်လည်း ရယ်မိ လျှင် အတားအဆီးမရှိ အားရပါးရ ရယ်တတ်သည်။ ဤသို့ မင်းသားကလေး အင်ဒရေ အားရပါးရရယ်ပြီးတိုင်းလည်း မိမိတို့နှစ်ဦးသည် ယခင်ကထက် ဆတက်ထမ်းပိုး ပို၍ ရင်းနှီးလာကြသည်ဟု နာတာရှာ ခံစားမိသည်။

မိမိတို့နှစ်ဦးသည် ကာလအတန်ကြာမျှ ခွဲခွာနေရဦးမည်ဟူသော အသိသည်လည်းကောင်း၊ ခွဲခွာရအံ့သော အချိန်သည် တဖြည်းဖြည်း နီးကပ်လာခဲ့လေပြီဟူသော အသိသည်လည်းကောင်း ၎င်းတို့နှစ်ဦးစလုံးအား ခြောက်လှန့်လျက် ရှိလေသည်။ နာတာရှာသည် ဤသို့ တွေးလိုက်မိတိုင်း တုန်လှုပ်ခြင်း ဖြစ်ရသည်။ မင်းသားကလေး အင်ဒရေမှာလည်း ဤသို့ တွေးလိုက်မိတိုင်း မျက်နှာဖြူရော်ကာ ငိုင်ကျသွားတတ်သည်။

မင်းသားကလေးအင်ဒရေသည် ပီတာစဘတ် ရွှေမြို့တော်မှ မပြန်မီတစ်နေ့တွင် ပီယာအား အလည်ခေါ်လာခဲ့လေသည်။ ပီယာမှာ တော်ဝင်ကပွဲပြီးသည့်နောက် မြို့စားကြီး ရော့စတော့ဗ်အိမ်တော်သို့တစ်ခေါက်မျှ မရောက်တော့ချေ။ ပီယာ့ကို ကြည့်ရသည်မှာ စိတ်ညစ်နေဟန် ရှိ၏။ ပီယာသည် မြို့စားကတော်ကြီးနှင့် စကားပြောလျက် ရှိ၍ နာတာရှာမှာ ဆွန်ယာနှင့်အတူ စစ်တုရင်ခုံအနီးတွင် ထိုင်လျက်ရှိ၏။ နာတာရှာက မင်းသားကလေးအင်ဒရေအား ၎င်းတို့အနားသို့ လှမ်းခေါ်လိုက်သဖြင့် မင်းသားကလေးအင်ဒရေလည်း လျှောက်လာခဲ့လေသည်။

"နာတာရှာ ပီယာနဲ့ သိတာကြာပြီ မဟုတ်လား"



www.burmeseclassic.com

မင်းသားကလေးအင်ဒရေက မေးလိုက်၏။ "ဘယ့်နှယ် သဘောရသလဲ"

"သိတာတော့ကြာပါပြီ။ လူကတော့ လူကောင်း ပါပဲ။ ဒါပေမဲ့ ခပ်ကြောင်းကြောင်းရယ်"

သို့ဖြင့် နာတာရှာသည် ပီယာ့အကြောင်းကို ပြောသည့်အခါတွင် ပြောလေ့ရှိသည့်အတိုင်း ပီယာ၏ သတိမေ့တတ်ခြင်းနှင့် စပ်လျဉ်း၍ ရယ်စရာအဖြစ်အပျက် ကလေးများ (အချို့မှာ ဆားလူများ၏ ထွင်လုံးကလေးများ ဖြစ်သည်။) ကို ပြောပြလျက် ရှိပေသည်။

"သြော်၊ နာတာရှာကို တစ်ခုတော့ ပြောထားရဦး မယ်၊ အစ်ကိုတို့ကိစ္စကိုတော့ သူ့ကို လျှို့ဝှက်မထားဘဲ ဖွင့်ပြောထားတယ်နော်၊ သူ့ကို အစ်ကို ငယ်ငယ်တုန်းက တည်းက သိလာခဲ့တာပဲ၊ ပီယာက စိတ်ကောင်းနှလုံး ကောင်း ရှိရှာပါတယ်ကွယ်၊ သူ့ကို အစစအရာရာ ယုံကြည်ပါ" မင်းသားကလေးအင်ဒရေ၏ မျက်နှာသည် ရုတ်ခြည်း လေးနက်သောအသွင်ကို ဆောင်လိုက်သည်။

"အစ်ကိုလဲ သွားရတော့မယ် နာတာရှာ။ ဘယ်လို ဖြစ်မယ်လို့ မပြောနိုင်သေးဘူး။ ဘုရားသခင်မှ သိတော်မူ ပေမှာပဲ။ ဒီအတွင်းမှာ နာတာရှာကများ အစ်ကို့ကို၊ အေးလေ၊ အစ်ကို ဒီစကားကို မပြောတော့ပါဘူး။ နာတာရှာ့ကို တစ်ခုပဲ မှာချင်တယ်။ အစ်ကိုမရှိတုန်းမှာ ဘာပဲဖြစ်ဖြစ် အကြောင်းတစ်စုံတစ်ခု ရှိရင်"

"ဘာအကြောင်းများ ရှိရမှာလဲအစ်ကိုရဲ့"

"အို ဘယ်လိုအကြောင်းမျိုး ဖြစ်ဖြစ်ပေါ့။ ဘယ် ပြောနိုင်မလဲ။ အကြောင်းတစ်စုံတစ်ရာရှိရင် ပီယာတစ် ယောက်တည်းကိုသာ ဖွင့်တိုင်ပင်ပြီး လိုအပ်တဲ့အကူအညီကို တောင်းပါ၊ ပီယာဟာ သတိအမေ့တတ်ဆုံး လူတစ် ယောက်၊ အကြောင်ဆုံးလူတစ်ယောက် ဖြစ်ချင်ဖြစ်ပေမယ့် သူ့နှလုံးသားဟာ ရွှေနဲ့သွန်းထားသလို အင်မတန် စိတ်သဘောကောင်းတဲ့လူတစ်ယောက်ပါ"

မိမိ၏ချစ်သူနှင့်ခွဲခွာနေရခြင်းအတွက် နာတာရှာ၌ မည်သို့မည်ပုံခံစားရမည်ကို ဖခင်မြို့စားကြီး ရော့စတော့ဗ် သော်လည်းကောင်း၊ မိခင်မြို့စားကတော်ကြီးသော်လည်း ကောင်း၊ ဆွန်ယာသော်လည်းကောင်း၊ မင်းသားကလေး အင်ဒရေ ကိုယ်တိုင်သော်လည်း ကြိုတင်သိမြင်ခြင်းငှာ စွမ်းနိုင်မည် မဟုတ်ချေ။ နာတာရှာသည် မျက်နှာနီမြန်းကာ ဂနာမငြိမ်နိုင်ဘဲ မျက်ရည်ခန်းခြောက်လျက်ရှိသော မျက်လုံး များဖြင့် တစ်နေ့လုံး တစ်ခန်းဝင် တစ်ခန်းထွက် ယောက် ယက်ခတ်လျက်ရှိလေသည်။ မင်းသားကလေးအင်ဒရေ ရှေ့မြို့တော်မှ ပြန်ခါနီး နာတာရှာ၏လက်ကို နောက်ဆုံး အကြိမ် နမ်း၍ နှုတ်ဆက်သောအခါတွင် နာတာရှာသည် ငိုလည်း မငိုမိချေ။ သို့ရာတွင် "မသွားလို့ဖြစ်ရင် မသွားပါ နဲ့လား အစ်ကိုရယ်"ဟု ဆိုမိသည်။ (ထိုအသံကလေးသည် မင်းသားကလေးအင်ဒရေ၏ နားထဲမှ မထွက်တော့ချေ။ မင်းသားကလေးအင်ဒရေသည် ဤစကားကြောင့် ရင်ဆို့ သွားကာ သွားချင်စိတ်များပင် ကုန်ခန်းသွားတော့သည်။) မင်းသားကလေး အင်ဒရေ ပြန်သွားသည့်နောက်၌လည်း နာတာရှာမငိုမိချေ။ သို့ရာတွင် နာတာရှာသည် မျက်ရည် ခန်းခြောက်သော မျက်လုံးများဖြင့် ရက်ပေါင်း များစွာ အခန်းအောင်း၍ နေရင်း "ဘာဖြစ်လို့သွားရတာလဲ အစ်ကို။ နာတာ့ရှာကို မသနားတော့ဘူးလား အစ်ကို" ဟုသာ မြည်တမ်းလျက် ရှိပေသည်။

သို့ရာတွင် မင်းသားကလေးအင်ဒရေ ထွက်သွား၍ ရက်သတ္တနှစ်ပတ်ခန့်မျှ ကြာသွားသည့်အခါ၌ နာတာရှာ ၏ စိတ္တဇရောဂါမှာ ရုတ်ခြည်းပျောက်သွားကာ ယခင်ကကဲ့ သို့ ရွှင်ရွှင်လန်းလန်း ဖြစ်လာလေရာ အားလုံးကပင် အံ့အားသင့်လျက် ရှိကြလေသည်။ ထိုအခါ၌ကား ကလေး တစ်ယောက်သည် နှစ်ရှည်လများ နာမကျန်းဖြစ်ပြီးသည့် နောက်၌ မျက်နှာအသွင်အပြင်ပြောင်းလဲ၍ နာလန်ထလာ သကဲ့သို့ နာတာရှာ၏ စိတ်နေစိတ်ထား အသွင်အပြင်မှာ လည်း ပြောင်းလဲလာခဲ့လေပြီ။

## အခန်း ၂၅

ထိုနှစ်အတွင်း သားတော် မင်းသားကလေးအင်ဒရေ ထွက်သွားပြီးနောက် ခမည်းတော်မင်းသားကြီး ဘိုလကွန် စကီ၏ကျန်းမာရေးမှာ ဆိုးသည်ထက်ဆိုးလာကာ စိတ် လည်း တိုသည်ထက် တိုလာလေသည်။ မင်းသားကြီး ဘိုလကွန်စကီမှာ မကြာခဏအလိုလိုစိတ်တိုနေတတ် လေရာ သမီးတော် မင်းသမီးကလေး မေရီသာလျှင် ၎င်း၏ဒဏ်ကို အလူးအလဲ ခံနေရလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော်မင်းသမီးကလေးမေရီ၏



www.burmeseclassic.com

ပျော့ကွက်များကို ရွေး၍ အပြစ်ရှာကာ တရိရိညဉ်းဆဲနေသည်နှင့်သာ တူတော့သည်။ မင်းသမီးကလေးမေရီမှာ လောကတွင် အခင်တွယ်ဆုံး၊ အမြတ်နိုးဆုံးအရာဟူ၍ တူတော်ဘိုးအေချစ် မင်းသားကလေးနှင့် ဘာသာတရားကိုင်းရှိုင်းခြင်းဟူ၍ နှစ်ခုသာ ရှိလေရာ မင်းသားကြီးဘိုလကွန်စကီသည် သမီးတော်အခင်တွယ်ဆုံး၊ အမြတ်နိုးဆုံးဖြစ်သော ထိုအရာနှစ်ခုအကြောင်းကိုမှ ရွေးချယ်၍ အသနားညှာတာခြင်းမရှိ လှောင်ပြောင်ပြောလေ့ရှိသည်။ မည်သည့်အကြောင်းကိုပင် ပြောစေကာမူ နောက်ဆုံးတွင် ခမည်းတော်မင်းသားကြီးသည် အပျိုကြီးများ အဓိပ္ပာယ်မရှိသောဥပါဒါန်များကို ယုံကြည်တတ်ပုံ၊ ကလေးများကို အလိုလိုက်၍ ဖျက်ဆီးတတ်ပုံတို့ဖြင့် နိဂုံးချုပ်လေ့ရှိပေသည်။

"ဟင်း သမီးတော်လုပ်ပုံမျိုးနဲ့တော့ ကြာရင် ကလေးလဲ သမီးတော်လို အပျိုဟိုင်းကြီး ဖြစ်သွားလိမ့်မယ် သိရဲ့လား။ ထွီ။ အင်ဒရေက မွေးထုတ်ထားတာက သားယောက်ျားလေး ခင်ဗျ၊ သားယောက်ျားလေး၊ သိရဲ့လား၊ အပျိုကြီးကို မွေးထုတ်ထားတာမဟုတ်ဘူး" ဟု မင်းသားကြီး ဘိုလကွန်စကီက ပြောလေ့ရှိသည်။ သို့မဟုတ်လျှင်လည်း ပြင်သစ်သူ ဘူရင်ဘက်သို့ လှည့်ကာ ဘုန်းတော်ကြီးများနှင့် ဆင်းတုတော်များကို ရစရာမရှိအောင် ချိုးချိုးဖွဲ့ဖွဲ့ ပြော၍ လှောင်နေတတ်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော် မင်းသမီးကလေးမေရီအား စိတ်ဆင်းရဲအောင်တရိရိညှဉ်းဆဲသော်လည်း မင်းသမီးကလေးမေရီမှာ ခမည်းတော်ကြီးအား အသာတကြည် ခွင့်လွှတ်နိုင်ပါသည်။ ခမည်းတော်ကြီးသည် ဝသီပါ၍ ပြောနေခြင်းဖြစ်သော်လည်း တကယ်တွင်မူ သမီးတော်အား အပြစ်ဆိုရက်ပါမည်လော။ ခမည်းတော်ကြီးသည် မိမိအား မည်မျှချစ်ကြောင်းကို မိမိအသိမဟုတ်လော။ သို့ဖြစ်လျှင် ခမည်းတော်ကြီးသည် မိမိအား တရားမျှတခြင်းမရှိ၊ နှိပ်စက်ကလူ ပြုပါမည်လော။ ထို့ပြင် လောက၌ တရားမျှတခြင်းဆိုသည်မှာလည်း မည်သည့်အရာနည်း။ မင်းသမီးကလေး မေရီသည် 'တရားမျှတခြင်း' မှုသော ဤကြီးကျယ်လှသည့် စကားလုံး၏အနက်အဓိပ္ပာယ်ကို မည်သည့်အခါမျှ တွေးတောလေ့ မရှိချေ။ မင်းသမီးကလေးမေရီ၏ အမြင်၌ကား လူ၏ ရှုပ်ထွေးဆန်းကြယ်သော နိယာမတရားတို့မည်သည့် အချုပ်၌များစွာရှင်းလင်း လွယ်ကူသည့် တစ်ခုတည်းသော နိယာမတရား၌ လာ၍အကျုံးဝင်ကြသည်ဟု ယူဆသည်။ ထိုတစ်ခုတည်းသော နိယာမတရားကား လူ့လောကကြီးတစ်ခုလုံးအတွက် မိမိ၏ ဘဝကို ရက်ရောကြည်ဖြူစွာ စွန့်လှူတော်မူခဲ့သော ဘုရားသခင်၏ ဒေသနာဖြစ်သည့် ချစ်ခင်ခြင်းနှင့် ကိုယ်ကျိုးစွန့်လွှတ်ခြင်းတည်းဟူသော တရား ဖြစ်ပေသည်။ သို့ဖြစ်ရကား ဤတရားကို သဘောပေါက်ပြီးသည့်နောက်တွင် လူတို့ကသာ ဆုံးဖြတ်သော တရားခြင်း၊ မတရားခြင်း စသည်တို့သည် မိမိအဖို့၌ မည်သို့အဓိပ္ပာယ်ရှိပါမည်နည်း။ ထို့ကြောင့် မင်းသမီးကလေးမေရီသည် အစစအရာရာကို သည်းခံ၍ လူသတ္တဝါဝေနေယျကို မေတ္တာသက်ဝင်ရမည်သာ မဟုတ်လော။ ဤသည်သာလျှင် ဘုရားသခင်၏ နှုတ်ကပါဌ်တော်များနှင့် ညီညွတ်သည် မဟုတ်ပါလော။ မင်းသမီးလေး မေရီသည် ဤအတိုင်းပင် ကျင့်သုံးလေသည်။

ဆောင်းရာသီ၌ မင်းသားကလေး အင်ဒရေသည် 'တောင်ကတုံး' သို့ ပြန်ရောက်လာ၏။ မင်းသားကလေးအင်ဒရေမှာ ယခင်ကထက် ရွှင်လန်းကာ တစ်ဖက်သားအပေါ်၌ ကြင်နာနူးညံ့သိမ်မွေ့လျက် ရှိလေသည်။ မင်းသမီးကလေးမေရီသည် ဤအဖြစ်ကို မြင်သည်၌ မင်းသားကလေးအင်ဒရေ တစ်စုံတစ်ခု ဖြစ်လာလေပြီဟု တွေးလိုက်မိ၏။ သို့ရာတွင် မင်းသားကလေးအင်ဒရေကမူကား မိမိ၏အချစ်ကိစ္စကို တစ်ခွန်းမျှ ပြောဆိုခြင်း မပြုချေ။ မင်းသားကလေး အင်ဒရေသည် မပြန်မီ၌ ခမည်းတော်ကြီးနှင့် ကိစ္စတစ်ခုကို အချိန်အတော်ကြာ တိုင်ပင်ပြောဆိုနေကြသည်ကိုတွေ့ရပြီး တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်းတိုက်ဆိုင်ပုံ မရကြောင်းကိုလည်း မင်းသမီးကလေးမေရီ အကဲခတ်မိ လိုက်၏။

မင်းသားကလေး အင်ဒရေ ပြန်သွားပြီးနောက် မင်းသမီးကလေးမေရီသည် ပီတာစဘတ်ရွှေမြို့တော်ရှိ သူ့မိတ်ဆွေ ဂျူလီကရာဂီနာနှင့် သူ့မောင်တော် မင်းသားကလေးအင်ဒရေတို့ လက်ထပ်ကြသည်ဟု အိပ်မက်မြင်မက်လေသည်၊ (ဤသို့သော အိပ်မက်မျိုးကို မက်ခြင်းမှာ အပျိုတို့ ဓမ္မတာဖြစ်သည်။) ထိုအချိန် ဂျူလီမှာ တူရကီတိုက်ပွဲတွင် ၎င်း၏မောင် ကျဆုံးသည့်အတွက် စိတ်လက်



www.burmeseclassic.com

မကြည်မသာ ဖြစ်လျက်ရှိသည့် အချိန်ဖြစ်၏။ မင်သမီးကလေးမေရီသည် ဂျူလီထံ စာတစ်စောင် ရေးလိုက်လေသည်။

## ချစ်လှစွာသော ညီမတော် ဂျူလီ။

ဝမ်းနည်းကြေကွဲရခြင်းဟာ ထိပ်ထားတို့ ဂျူလီတို့ လူသတ္တဝါတွေရဲ့ ကံကြမ္မာပေပဲထင်ပါရဲ့ ညီမတော်၊ ညီမတော်ရဲ့ ဆုံးရှုံးမှုဟာဖြင့် တယ်လို့လဲ ကြီးမားလှပါတယ်။ အေးလေ၊ နောက်ဆုံးတော့ လူသတ္တဝါ ဝေနေယျကို ချစ်မြတ်နိုးတော်မူလှတဲ့ ထာဝရ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဖန်ဆင်းတော်မူချက်ပဲလို့ ယူဆရတော့ပေမှာပေါ့ ညီမတော်ရေ။ အရင်းကို စစ်လိုက်တော့ ဘာသာတရားတစ်ခုတည်းသာလျှင် ထိပ်ထားတို့ လူသတ္တဝါ ဝေနေယျတွေကို စိတ်ပျက်အားငယ်ခြင်းဟူသော ညွှံဗွက်ကြီးထဲက ကယ်တင်နိုင် ပေတာပဲ။ (ဘာသာတရားဟာ လူတွေရဲ့စိတ်ကို နှစ်သိမ့်ပေးတဲ့ အရာလို့ ဆိုလိုတာ မဟုတ်ဘူးနော်။) ဘာသာတရားရဲ့ သွန်သင်ဆုံးမခြင်း မရှိဘဲနဲ့ လူတွေဟာ အမှားအမှန်ကို သိမြင်နိုင်စွမ်း မရှိဘူးဆိုတာကို ဘာသာတရားတစ်ခုတည်းကသာလျှင် ညွှန်ပြနိုင်ပေတယ်။ သူတစ်ပါးအား ထိခိုက်နစ်နာစေခြင်း မပြုရုံမျှမက သူတစ်ပါး၏ စိတ်ချမ်းသာမှုကိုရှာဖွေပေးတဲ့ ကြင်နာမြင့်မြတ်တဲ့ လူများဟာ ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်းကိုခံရပြီး ရက်စက်ကြမ်းကြုတ်စုတ်ပဲ့တဲ့ စိတ်နှလုံး ရှိသူများသာလျှင် လူ့ဘဝကြီးမှာ တဝဲလည်လည် သက်ရှင်ပြီး ကျင်လည်ကြရပေတာပဲ။ ထိပ်ထားဖြင့်လေ ထိပ်ထားရဲ့ ယောက်မတော် (မင်းသားကလေး အင်ဒရေ၏ ကြင်ရာတော်) ဇီဝိန်ချုပ်ငြိမ်းခြင်းကို ပထမဆုံးမြင်ဖူးပြီးတဲ့နောက်မှာ တရားလဲကျသံဝေဂလဲရလို့ မဆုံးတော့ဘူး။ ညီမတော်က ညီမတော်ရဲ့ မောင်ဟာ ဘယ်ကံကြမ္မာ ဝိပါက်ဖန်လာလို့ ယခုလို သေပွဲဝင်ရတာလဲလို့ မေးမိသလို ထိပ်ထားတစ်ယောက်လဲ 'ဩော်၊ ယောက်မတော် မင်းသမီးကလေး လီဇာဟာ မည်သူ့ကိုမျှ မကောင်းကြံ့မပြုခဲ့ရုံမျှမက အကြင်နာ ကင်းမဲ့ခြင်းဆိုလို့ မြူမှုန်ကလေးတစ်မှုန်လောက်မှ မရှိပါဘဲလျက် ဘာကြောင့်များ အသေစောရသလဲ'ရယ်လို့ တွေးခဲ့ မိသေးတယ်။ ဒါပေမဲ့ ခု ယောက်မတော် ကွယ်လွန် အနိစ္စရောက်လို့ ငါးနှစ်လောက်ကြာတဲ့ အခါကျတော့မှ ထိပ်ထားတစ်ယောက်လဲ မိမိရဲ့ တစ်ထွာ တစ်မိုက်မျှသာရှိသော ဉာဏ်ကလေးနဲ့ အကြောင်း ရင်းဇစ်မြစ်ကို ဖွေရှာလို့ ရပေတော့တယ်။ ခုမှပဲ အနိစ္စဆိုတဲ့ မမြဲသောသေခြင်းတရားဟာ ဖန်ဆင်း တော်မူတတ်သော ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအစမရှိသော ကြင်နာသနားမှုကို ဖော်ပြခြင်း တစ်မျိုးပါလားလို့ နားလည်လာတော့ တယ်။ ထာဝရဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြုသောအမှုတိုင်းဟာ ပုထုဇဉ်လူသားတို့ကသာ သိမြင်နိုင်စွမ်း မရှိပေမယ့် အချုပ်မှာတော့ သတ္တဝါဝေနေယျများအား အဆုံးအဆမရှိ မြတ်နိုးကြင်နာမှုကို အမြွက်သဏ္ဌာန် ထင်ရှားစေခြင်းမျှသာ ဖြစ်ပါကလားလို့ ထင်မြင်လာတော့တယ်။ တစ်ခါ တလေတော့လဲ ယောက်မတော် မင်းသမီးကလေး လီဇာဟာ တမန်တော်နတ်သမီးကလေးတစ်ပါးလိုအင်မတန် အပြစ်ကင်းလွန်းပြီး ရိုးသားဖြူစင်လွန်းတဲ့ စိတ်နှလုံးရှိခြင်းကြောင့် မိခင်တစ်ဦးရဲ့ တာဝန်ဝတ္တရားတွေကို ပြုနိုင်လောက်အောင် အင်အား မရှိရှာလို့ ခုလို လူ့လောကကြီးကို စွန့်ခွာသွားရရှာပေတာပဲလို့ တွေးမိတယ်။ ယောက်မတော်လေးဟာ ကြင်ရာဇနီးတစ်ယောက်အနေနဲ့ အပြစ်ဆိုစရာမရှိပေမယ့် ကလေးမိခင် တစ်ယောက်အနေနဲ့ မထိုက်တန်လေလို့ ခုလို စောစောစီးစီး ကံကုန်ရရှာလေသလားလို့လဲ တွေးမိတယ်။ ယောက်မတော်လေးဟာ ထိပ်ထားတို့တစ်တွေနဲ့တကွ တလွမ်းလွမ်း တသသဖြစ်နေ ရှာတဲ့ အင်ဒရေကို ခွဲခွာသွားပြီးဖြစ်ပေမယ့် ကောင်းကင်ဘုံမှာ ထိပ်ထားတို့တောင် မျှော်မှန်းနိုင်ခြင်း မရှိတဲ့ နေရာကို ရောက်ရှိခံစားနေရလိမ့်မယ်လို့ ထိပ်ထား ယူဆပါရတယ်။ ထိပ်ထားနဲ့တကွ အင်ဒရေဟာ



www.burmeseclassic.com

မင်းသမီးလေးလီဇာ ကွယ်လွန်ခြင်း အတွက် ပရိဒေဝသောကမီးတညီးညီး တရှိန်ရှိန် လောင်ကျွမ်းခြင်းကို ခံရပေမယ့် တရားသံဝေဂတော့ ယူတတ်ကြပါတယ်။ ကွယ်လွန်အနိစ္စ ရောက်တုန်းကတော့ အဆုံးကြီး ဆုံးပါပေါ့ကလားဆိုပြီး ဒီတရားကို မမြင်နိုင်ကြသေးပေဘူးပေါ့။ ပုထုဇဉ်တွေကိုး ညီမတော်ရဲ့။ အဲအချိန်ဆိုတဲ့ သမားတော်ကြီးက ကုပေးလိုက်တဲ့အခါကျတော့မှ ဒီပရိဒေဝသောကတွေ ငြိမ်းအေးသွားပြီး တကယ့်တရားစစ် တရားမှန်ကို ပြက်ပြက်ထင်ထင် မြင်လာ တော့တာပဲ။ ညီမတော်ထံကို ဒီအကြောင်းတွေ ရေးပြနေရတာကတော့ တခြားအကြောင်းကြောင့် မဟုတ်ပါဘူး။ ခုထိပ်ထားလေး ကိုယ်တိုင် ဘဝကျင့်စဉ်ကြီးအဖြစ် လက်ခံကျင့်သုံးနေတဲ့ ထာဝရ ဘုရားသခင်ရဲ့ သစ္စာတရားတော်ရဲ့ သဘောကို အနက်ထင်စေချင်လို့လဲ ဖြစ်ပါတယ်။ ထိပ်ထားတို့ သတ္တဝါဝေနေယျတွေရဲ့ ဖြစ်ခြင်းပျက်ခြင်းတို့မည်သည် ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်အတိုင်းသာ ဖြစ်ပျက်ကြရတာပေပဲ။ ဘုရားသခင်ရဲ့ အလိုတော်မပါရင် ဆံခြည်လေးတစ်မျှင်တောင် အလိုအလျောက် ကျွတ်မကျနိုင်ပေဘူး။ ဘုရားသခင်ရဲ့ အလိုတော်ဟာလဲ လူသတ္တဝါ ဝေနေယျများကို အဆုံးအစမရှိ ချစ်ခင်တော်မူခြင်းဆိုတဲ့ မြင့်မြတ်တဲ့ တရားတော်က လွှမ်းမိုးချုပ်ကိုင်နေတာ ဖြစ်လေတော့ ဖြစ်သည်ဖြစ်စေ၊ ပျက်သည်ဖြစ်စေ၊ ကြုံတွေ့ရသမျှတွေဟာ ထိပ်ထားတို့ ညီမတော်တို့ သတ္တဝါဝေနေယျတွေ ကောင်းဖို့အတွက်ချည်းပဲ မဟုတ်ပေဘူးလား။

ဒါထက် လာမယ့် ဆောင်းရာသီမှာ ထိပ်ထားတို့တစ်တွေ မော်စကိုမှာ တစ်ဆောင်းခိုကြမှာလားလို့ ညီမတော်က မေးလိုက်တယ် မဟုတ်လား။ ထိပ်ထားလဲ ညီမတော်နဲ့တော့ တွေ့ချင်ပါတယ်။ ဒါပေမဲ့ မော်စကိုမှာ ဆောင်းခိုနိုင်လိမ့်မယ် မထင်ဘူး ညီမတော်။ စိတ်ကလဲ သိပ်မပါလှဘူး။ မော်စကိုမှာ လာပြီး ဆောင်းမခိုနိုင်တဲ့အကြောင်း၊ ဆောင်းမခိုချင်တဲ့ အကြောင်းကိုတော့ ညီမတော်ကြားရရင် အံ့သြသွားမလားများ မသိဘူး။ အကြောင်းကတော့ ဘိုနာပတ်ကြောင့်ပဲ။ ဒီလို ညီမတော်ရဲ့။ ခမည်းတော်ကြီးရဲ့ ကျန်းမာရေးဟာ ခုတလော သိသိသာသာကြီး ဆိုးလာတယ်။ အငြင်းအခုံဖြစ်ပြီး စကားများများပြောရရင် ရောဂါဆိုးလာတော့တာပဲ။ စိတ်လဲ တိုလာတယ်။ အထူးသဖြင့် နိုင်ငံရေးပြဿနာများနဲ့ ပတ်သက်လာရင်သိပ်ပြီး စိတ်ထိခိုက်လွယ်တာပဲ။ ဘိုနာပတ်ဟာ ဥရောပမှာရှိတဲ့ ပြည့်ရှင် ဧကရာဇ်များ၊ အထူးသဖြင့် ရွှေနန်းရှင်ဘုရင်မကြီး ကက်သရင်းရဲ့ မြေးတော်ဖြစ်တဲ့ ဘုန်းတော်ကြီးသော ဘုရားနဲ့ တန်းတူရည်တူ ထားပြီး စေ့စပ်ဆွေးနွေးရတဲ့အဖြစ်ကို ခမည်းတော်ကြီး မခံမရပ်နိုင် ဖြစ်နေတယ်။ ညီမတော်သိတဲ့အတိုင်း ထိပ်ထားကတော့ နိုင်ငံရေးကိစ္စတွေကို တယ်ပြီး စိတ်မဝင်စားလှပါဘူး။ ဒါပေမဲ့ ခမည်းတော်ကြီးနဲ့ ဗိသုကာကြီးတို့ ပြောသံဆိုသံကို နိစ္စဓူဝ ကြားနေရလေတော့ ကမ္ဘာကြီးတစ်ခုလုံးမှာ ဖြစ်ပျက်နေတဲ့ အခြင်းအရာများနဲ့တကွ ဘိုနာပတ်ကို ဘွဲ့ထူးဂုဏ်ထူးတော်တွေ ချီးမြှင့်တော်မူတယ်ဆိုတဲ့ သတင်းတွေကို ကြားနေရတော့တာပေါ့။ ထိပ်ထားအထင်တော့ ဘိုနာပတ်ကို ပြင်သစ်နိုင်ငံရဲ့ ပြည့်ရှင်ဧကရာဇ်မပြောနဲ့၊ ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့တောင် အသိအမှတ် မပြုနိုင်တဲ့ နေရာဟာ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ထိပ်ထားတို့ရဲ့ 'တောင်ကတုံး' စံအိမ်တစ်ခုပဲ ရှိလိမ့်မယ်လို့ ထင်တယ်။ ခမည်းတော်ကြီးကဖြင့် ဘိုနာပတ်ကို ပြည့်ရှင်ဧကရာဇ်လို့ ပြောတာကို နည်းနည်းလေးမှ မခံနိုင်ဘူး။ ဒီလို နိုင်ငံရေးအမြင်ရှိနေတဲ့အတွက် ခမည်းတော်ကြီးဟာ မော်စကိုမှာ သွားနေဖို့ပြောတာကို သိပ်ကြိုက်ပုံမရဘူး ညီမတော်ရဲ့။ မော်စကိုရောက်လို့ သူ့ထင်မြင်ချက်ကို သူတွေ့ကရာမရှောင် လျှောက်ပြောမိလို့ရှိရင် အကြည်တော် မင်းဧကရာဇ်တစ်ပါးကို မချေမင်ပြောရပါမို့လားဆိုပြီး ရာဇဝတ်တော်ဘေးကိုလဲ



www.burmeseclassic.com

 www.burmeseclassic.com 

ကြောက်ရသေးတယ် မဟုတ်လား။ ခမည်းတော်ကြီးရဲ့ ကျိုးကြောင်းဆင်ခြင်မှုဟာ ဘယ်မျှ မှန်ကန်စေတော့ ခုအချိန်မှာ သူကပဲ အရှုံးပေးရပေမှာပဲ။ ဒါကြောင့် မော်စကိုမှာ ဒီနှစ် ဆောင်းခိုရေး မခိုရေးဟာ သိပ်ပြီး မသေချာသေးဘူး။ ဘာပဲဖြစ်ဖြစ်လေ မကြာခင်တော့ ခမည်းတော်ကြီးကိုယ်တိုင် သွားရေးမသွားရေးကို ဆုံးဖြတ်တော့မှာပေါ့။

ထိပ်ထားတို့ မိသားစုရဲ့ ဘဝကတော့ အင်ဒရေမရှိတာကလွဲရင် အရင်တုန်းက အတိုင်းပါပဲ။ သိပ်ပြီး မထူးခြားလှပါဘူး။ ထိပ်ထားတစ်ခါက ရေးခဲ့ဖူးတဲ့အတိုင်း အင်ဒရေလဲ ခုတလော အမူအရာတွေ တော်တော်ပြောင်းလဲနေတယ်။ ကြင်ရာတော်ဆုံးပြီးကတည်းကဟာ ဒီနှစ်ထဲကျမှပဲ ရှင်ရှင်လန်းလန်း မြင်ရပေတော့တယ်။ အရင်တုန်းကလို ကြင်နာသနားတတ်တဲ့စိတ်၊ ယုယ ခင်မင်တတ်တဲ့စိတ်၊ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့မရအောင် ကောင်းမွန်မြင့်မြတ်တဲ့ စိတ်တွေဟာ ခုမှပဲပြန်ပေါ်လာတော့တယ်။ ထိပ်ထားအထင်တော့ အင်ဒရေဟာ 'ဩော်၊ ငါဟာ ဘဝမဆုံးသေးပါကလား။ အချိန်အရွယ် ရှိပါသေးကလား'လို့ ခုမှပဲ စဉ်းစားသဘောပေါက်လာပုံ ရတယ်။ ဒါပေမဲ့ စိတ်ကသာ ပြောင်းလဲပြီး နုပျိုလာတယ်။ ခန္ဓာကိုယ်ကတော့ တဖြည်းဖြည်း အားနည်းလာတယ်။ အရင်တုန်းကထက် ပိန်ပြီး အရင်တုန်းကထက် ဂနာမငြိမ် ဖြစ်လာတယ်။ ထိပ်ထားဖြင့် သူ့ကျန်းမာရေးအတွက် သိပ်စိုးရိမ်တာပဲ။ သမားတော်ကြီးတွေ ကိုယ်တိုင်က နိုင်ငံခြားသွားပြီး အနားယူဖို့ အကြံပေးထားခဲ့တာကြာလှပြီ။ အကြံပေးချက်အတိုင်း နိုင်ငံခြားသွားပြီး အနားယူတော့မယ်ဆိုမှ ထိပ်ထားဖြင့် စိတ်အေးရတော့တယ်။ နိုင်ငံခြားသွား အနားယူလိုက်ရင်တော့ ကျန်းမာရေး တော်တော်ကောင်းလာလိမ့်မယ်လို့ ထင်ပါတယ်။ ပီတာစဘတ်ရွှေမြို့တော်မှာဖြင့် အင်ဒရေဟာ စာပေကျမ်းဂန်အနံ့စပ်ဆုံး၊ ဉာဏ်အထက်မြက်ဆုံး၊ လုပ်ရည်ကိုင်ရည်အရှိဆုံး လူရွယ်တစ်ယောက်လို့ သတင်းကြီးနေတဲ့အကြောင်း ညီမတော်က ရေးလိုက်တယ် မဟုတ်လား။ ဒီလိုကြားရတဲ့အတွက် အစ်မတော်တစ်ယောက်အနေနဲ့ ထိပ်ထား ဂုဏ်ယူပါရစေ ညီမတော်။ အင်ဒရေကတော့ ဒီမှာလဲ ဒီလိုပါပဲ။ ဒီနယ်မှာရှိတဲ့ လယ်သမားတွေကအစ မြို့စားနယ်စားမှူးမတ်သေနာပတိအဆုံး၊ လူတိုင်းရဲ့ အကျိုးကို ဆောင်ရွက်ခဲ့သမျှတွေဟာ အနတဂ္ဂမပါပဲ။ ပီတာစဘတ်ရွှေမြို့တော် ရောက်တဲ့ အခါကျတော့ ဒီကောင်းမှုတွေအတွက် ထိုက်တန်သော အကျိုးကျေးဇူးကို ခံစားရတာပဲလို့ ဆိုရတော့ပေမှာပေါ့။ ထိပ်ထားလဲ ပီတာစဘတ် ရွှေမြို့တော်ကနေပြီး မော်စကိုကို ရောက်လာတဲ့ ကောလာဟလသတင်းတွေကို ကြားရလို့ သိပ်ပြီး အံ့ဩနေတယ်။ အထူးသဖြင့်တော့ ညီမတော် ပေးပို့လိုက်တဲ့ သတင်းစကားတွေကြောင့် အံ့ဩခြင်း ဖြစ်ရတယ်ဆိုပါတော့။ နားရှုပ်သွား သလားညီမတော်။ အင်ဒရေနဲ့ မြို့စားကြီးရော့ စတော့ဗ သမီးနာတာရှာတို့ စေ့စပ်ကြောင်းလမ်းတယ်ဆိုတဲ့ သတင်းစကားကို ထိပ်ထား ဆိုလိုတာပါ။ ထိပ်ထားအထင်တော့ အင်ဒရေဟာ နောက်ထပ် ကြင်ဖက်သက်နှံရှာတော့မယ် မထင်တော့ပါဘူး။ တကယ်လို့ ရှာတောင်မှပဲ ဒီသူငယ်မလေးနဲ့တော့ ဟုတ်နိုင်မယ် မထင်ပါဘူး ညီမတော်ရယ်။ အကြောင်းကတော့ ဒီလို ညီမတော်ရေ့။ ပထမအချက်က အင်ဒရေဟာ ကွယ်လွန်သွားရှာတဲ့ သူ့ကြင်ရာတော်အကြောင်း ကို ပြောခဲလှသော်လဲ ဒီဆုံးရှုံးမှုကြီးဟာ သူ့နှလုံး သားထဲမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေတဲ့ အတွက် သူ့ကြင်ရာတော်ရဲ့ နေရာကို နောက်ထပ် ဆက်ခံမယ့်သူကို ရွေးချယ်ဖို့ မလွယ်တော့ဘူး။ အထူးသဖြင့် သားတော်လေးအတွက်မိထွေးတစ်ယောက်ကို ရွေးချယ်ပေးလိုပုံမရတော့ဘူး။ ဒုတိယ အချက်ကတော့ ထိပ်ထားသိသလောက် ပြောရမယ်ဆိုရင် ညီမတော်ပြောတဲ့ သူငယ်မလေးဟာ အင်ဒရေရဲ့ စိတ်ကို နှစ်သိမ့်မှုပေးနိုင်မယ့် သူငယ်မမျိုး မဟုတ်ပေဘူး။ အင်ဒရေဟာ ဒီလို



www.burmeseclassic.com

သူငယ်မလေးကို ကြင်ရာအဖြစ်ရွေးမယ်လို့ ထိပ်ထားမထင်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ထိပ်ထားကလဲ ဒီသူငယ်မမျိုးလေးကို မရွေးချယ်စေချင်ဘူး။ ကဲ ညီမတော်ရေ၊ စာလဲ အတော်ရှည်သွားလို့ ဒုတိယ စာရှက်တောင် ကုန်တော့မယ်။ တော်သေးပြီ ညီမတော်။ ဘုရားသခင်သည် မြင့်မြတ်၍ ကြီးမားသော မေတ္တာကရုဏာ၌ ညီမတော်အား ထိန်းသိမ်းစေသတည်း။

သြော်၊ ထိပ်ထားရဲ့ မိတ်ဆွေကြီး မတ်မိုင်ဖယ်ဘူရင်းကလဲ ညီမတော်ကို နှုတ်ဆက်လိုက်ပါသတဲ့။

မေရီ

## အခန်း ၂၆

နွေလယ်၌ မင်းသမီးကလေးမေရီသည် ဆွစ်ဇာလန် ပြည်သို့ရောက်ရှိနေသော မင်းသာကလေး အင်ဒရေထံမှ မမျှော်လင့်သော စာတစ်စောင်ကိုရရှိ၏။ ထိုစာ၌ ထူးဆန်းအံ့သြဖွယ်ကောင်းသော သတင်းများ ပါရှိလေသည်။ ထိုသတင်းကားအခြားမဟုတ်။ မင်းသားကလေးအင်ဒရေနှင့်နာတာရှာတို့ စေ့စပ်ကြောင်းလမ်းပြီးပြီဟူသော သတင်းဖြစ်၏။ မင်းသားကလေး အင်ဒရေသည် ထိုအကြောင်းကို စာထဲတွင် ရေးသားထား၏။ စာတစ်စောင်လုံးမှာ နာတာရှာအား ချစ်ခင်ခြင်း ပီတိရန့်နှင့်တကွ အစ်မတော် မင်းသမီးကလေး မေရီအား ယုံကြည်မြတ်နိုးခြင်းရနံ့များ မွှေးပျံ့ကြိုင်လှောက်လျက် ရှိသကဲ့သို့ပင်ထင်ရ၏။ ထိုစာ၌ မင်းသားကလေးအင်ဒရေက မိမိမှာ နာတာရှာကို ချစ်သကဲ့သို့ မည်သူ့ကိုမျှ မချစ်ခဲ့ဖူးသေးကြောင်း၊ ယခုမှ လူ့ဘဝ၏ အနက်အဓိပ္ပာယ်ကို သိနားလည်လာမိကြောင်း၊ ဤကိစ္စကို 'တောင်ကတုံး'သို့ မိမိနောက်ဆုံး လာရောက်စဉ်က ခမည်းတော်ကြီးအား ဖွင့်ဟပြောဆိုခဲ့ပြီး ဖြစ်သော်လည်း အစ်မတော်ကို အသိမပေးခဲ့မိသည့်အတွက် ခွင့်လွှတ်ပါမည့်အကြောင်း၊ ဤသို့မပြောခဲ့ခြင်းမှာလည်း အစ်မတော်မေရီ မင်းသမီးကလေးသည် မိမိကို သက်ညှာသောအားဖြင့် ခမည်းတော်ကြီးအား သဘောတူလိုက်ရန် တိုက်တွန်းမိမည်စိုးသည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ သို့ဖြင့် ခမည်းတော်ကြီးစိတ်တိုကာ အစ်မတော်အား ကြားထဲက ဆူပူကြိမ်းမောင်းမည်ကို စိုးရိမ်သည့်အတွက် ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားပေသည်။

အစ်မတော်ကို ဖွင့်မပြောရတဲ့အခြားအကြောင်းတစ်ခုကလဲ အဲဒီတုန်းက ကျွန်တော်တို့ ပြဿနာဟာ ခုလောက်ပြတ်ပြတ်သားသား မဖြစ်သေးလို့ ဖြစ်ပါတယ်။ အဲဒီတုန်းက ခမည်းတော်ကြီးက လက်ထပ်မင်္ဂလာကို တစ်နှစ်ရွှေ့ဆိုင်းထားဖို့ အကြံပေးလိုက်ပါတယ်။ ခုတော့ ခြောက်လရှိပြီး သတ်မှတ်ထားတဲ့ ကာလတစ်ဝက်ကျိုးလာပြီဖြစ်တဲ့အတွက် ကျွန်တော့်ဆုံးဖြတ်ချက်ဟာလဲ ခိုင်မာသည်ထက် ခိုင်မာလာပါတယ်။ အကယ်၍ သမားတော်များက ကျွန်တော့်ကို ဆွစ်ဇာလန် ရေပူစမ်းများမှာ အနားယူဖို့ မလိုတော့ဘူးဆိုရင် ကျွန်တော်လဲ ရုရှားကို ပြန်လာရတော့မှာပါပဲ။ ဒါပေမဲ့ ကောင်းစွာ ကျန်းမာတဲ့ အချိန်အထိဆိုရင် နောက်ထပ် သုံးလလောက်တော့ ကြာလိမ့်ဦးမယ်ထင်ပါတယ်။ အစ်မတော်ဟာ ကျွန်တော့်အကြောင်းကို ကောင်းကောင်းသိသူဖြစ်ပြီး ခမည်းတော်ကြီးနဲ့ ကျွန်တော့်ဆက်ဆံရေးကိုလဲ ကောင်းစွာ သိသူဖြစ်ပါတယ်။ ကျွန်တော်ဟာ ခမည်းတော်ကြီးထံမှ ဘာကိုမျှအလိုမရှိပါဘူး။ ကျွန်တော်ဟာ အရင်တုန်းက ဘယ်သူ့သြဇာကိုမှ မခံဘဲ လွတ်လွတ်လပ်လပ် နေခဲ့တာပဲ။ နောင်လဲ ဒီအတိုင်းပဲ နေသွားမှာပါပဲ။ ဒါပေမဲ့ ခုလို အိုကြီးအိုကာမှ သူ့သဘောကို ဆန့်ကျင်ပြီး၊ သူ့စိတ်ကို ဆန့်ကျင်ပြီး သူ့စိတ်ကို အနှောင့်အယှက်ဖြစ်အောင်လုပ်ရင် ကျွန်တော့်ရဲ့စိတ်ချမ်းမြေ့သာယာမှုကိုလဲ တစ်ဝက်တစ်ပျက် ဖျက်ဆီးသလိုဖြစ်မှာပဲ။ အခုလဲ ကျွန်တော် ဒီကိစ္စနဲ့ ပတ်သက်လို့ ခမည်းတော်ကြီးထံ စာတစ်စောင် ရေးလိုက်ပါသေးတယ်။ ခမည်းတော်ကြီး စိတ်လက်ကြည်ကြည်လင်လင် ရှိတဲ့အချိန် တစ်ချိန်ကိုစောင့်ပြီး ဒီစာကို အစ်မတော်ကိုယ်တိုင် ခမည်းတော်ကြီးထံ ပို့ပေးပါ။ ပြီးတော့ ခမည်းတော်ကြီး



www.burmeseclassic.com

က ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လို သဘောထား သလဲ ဆိုတာကိုလဲ ကျွန်တော် သိရရစေ။ နောက်ထပ်ခြောက်လ စောင့်ရမယ့်အစား လေးလ လောက်သာထားဖို့ သဘောတူရန် အလားအလာ ရှိမရှိကိုလဲ ကျွန်တော် သိပါရစေ အစ်မတော်"

မင်းသမီးကလေးမေရီသည် အချိန်အတော်ကြာမျှ စာကို မပေးသေးဘဲ ဆိုင်းငံ့ထား၏။ ကြိမ်းမောင်းခံရ ခြင်းမှ လွတ်ကင်းရန် အကြိမ်ပေါင်းများစွာ ဆုတောင်းခြင်း ပြု၏။ ထို့နောက် မင်းသားကလေးအင်ဒရေ၏ စာကို ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏လက်ထဲသို့ ထည့်လိုက်လေသည်။ နောက်တစ်နေ့တွင် မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော်မင်းသမီးကလေးမေရီကို ခေါ်၍ လေသံခပ်တိုးတိုးဖြင့် ပြောဆိုခြင်း ပြုလေသည်။

"ကဲ၊ သမီးတော်ရဲ့မောင့်ဆီကို စာပြန်လိုက် ခမည်းတော်သေအောင်တော့ စောင့်ပါဦးလို့။ သိပ် မကြာ တော့ပါဘူးလို့၊ သူ့သဘောနဲ့ သူ့စိတ်ကြိုက် လုပ်ရခါနီးပါ ပြီလို့"

မင်းသမီးကလေးမေရီက တစ်စုံတစ်ရာ ပြန်ပြော မည် ပြုသေး၏။ သို့ရာတွင် ခမည်းတော်ကြီးက အပြော မခံဘဲ ခပ်ကျယ်ကျယ်အော်လိုက်သည်။

"ဒီလောက်တောင် ပုလုတာယူချင်လဲယူပစေ၊ မြန်မြန်ယူ၊ ဒင်းတို့လဲ လုပ်ချင်ရာလုပ်ကြ၊ ငါလဲ လုပ်ချင်ရာလုပ်မယ်၊ ယူမယ့် သတို့သမီးလောင်းကလဲ ဘာမှ မက်စရာမရှိ၊ မျိုးရိုးရော၊ အပေါင်းအသင်းရော၊ အဆင့်အတန်းရော၊ ပစ္စည်းဥစ္စာရော ဘာမှ မက်လောက် စရာ မရှိဘူး၊ ကောင်းပေ့ဗျာ၊ ကလေးလေးအတွက် မိထွေးအရှာကောင်းပါပေရဲ့၊ သူ့ဆီကို စာပြန်ရေးလိုက်၊ သူ့သဘောအတိုင်းပဲလို့၊ ဒီလောက်တောင် လက်ထပ် ချင်ရင်လဲ မနက်ဖြန်ပဲ လက်ထပ်တော့လို့၊ သူက သူ့ကလေးဖို့ မိထွေးရှာရင် ငါလဲ ပြင်သစ်သူ ဘူရင်းကို ယူမယ်၊ ဟား ဟား၊ သူက သူ့ကလေးဖို့ မိထွေးရှာ ပေးရင် ငါကလဲ ငါ့ကလေးတွေဖို့ မိထွေး ရှာပေးရမှာပေါ့။ အေး တစ်ခုတော့ရှိတယ်၊ ငါ့အိမ်ရိပ်ထဲကို ဘယ်မိန်းမမှ အဝင်မခံဘူး၊ သူ့ဘာသာသူ မိန်းမယူပြီး သတ်သတ်နေ ပစေ၊ သမီးတော်လဲ သူနဲ့ လိုက်နေချင်သပဆိုရင် လိုက်နေ၊ မတားဘူး၊ မတားဘူး။ သွားကြ"

မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့စိတ်လိုက် မာန်ပါ ပြောဆိုပြီးနောက် ထိုကိစ္စနှင့်စပ်လျဉ်း၍ လုံးဝ မပြောတော့ချေ။ သို့ရာတွင် သားတော်မင်းသားကလေး အင်ဒရေအား မကျေနပ်သည့်စိတ်ကို မျိုသိပ်ထားရသမျှ ကုလားမနိုင် ရခိုင်မဲ ဆိုသကဲ့သို့ မင်းသမီးကလေးကိုသာ ဖိ၍ မဲနေတော့သည်။ မင်းသမီးကလေး မေရီအား နာလို ခံခက်ဖြစ်အောင် ပြောဆိုရာတွင် ယခင်ကကဲ့သို့ မင်းသမီး ကလေးမေရီ၏ ဘာသာတရားကိုင်းရှိုင်းပုံနှင့် ကလေးငယ် ကလေးအား ဆုံးမပဲ့ပြင်ပုံတို့ကို သာမကတော့ဘဲ မိထွေး များအကြောင်းနှင့်တကွ ပြင်သစ်သူဘူရင်း၏ တော်ကွက် ကောင်းကွက်ကလေးများလည်း ထည့်သွင်းပြောဆိုလာလေ တော့သည်။

"သမီးတော်ရဲ့ မောင်တောင် လက်ထပ်သေးရင် ခမည်းတော်ကော ဘာလို့ လက်မထပ်ရမှာလဲဟေ။ အံမယ် ဘူရင်းရဲ့ရုပ်က မင်းသမီးရုပ်မျိုးဗျ"ဟု မင်းသားကြီးသည် နာလိုခံခက်ဖြစ်အောင် ပြောတတ်သည်။

နောက်များမကြာမီ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီမှာ ပြင်သစ်သူ ဘူရင်းနှင့် တကယ်ပင် တပူးတွဲတွဲဆက်ဆံလာခြင်းကို မြင်ရသည်တွင် မင်းသမီး ကလေးမေရီမှာ အံ့အားလည်းသင့်၊ စိတ်လည်းညစ်လျက် ရှိလေသည်။ မင်းသမီးကလေးမေရီသည် စာနှင့်ပတ်သက်၍ ခမည်းတော်ကြီးက မည်သို့မည်ပုံ သဘောထားကြောင်းကို မင်းသားကလေး အင်ဒရေထံ စာပြန်လိုက်၏။ သို့ရာတွင် ခမည်းတော်ကြီး အေးအေးဆေးဆေး ရှိသည့်အချိန်တွင် တစ်လုံးသွင်းနှစ်လုံးသွင်း နားချလျှင် မျှော်လင့်ချက် ရှိသေးကြောင်းဖြင့်လည်း နှစ်သိမ့်လိုက်ရပေသေးသည်။

မင်းသမီးကလေးမေရီအဖို့၌ လောကတွင် ပျော်စရာဟူ၍ မရှိချေ။ လောကတွင် ပျော်စရာ၊ ဖြေသိမ့် စရာဆို၍ တူတော်မောင် ဘိုးအေချစ်မင်းသားကလေး၊ ၎င်း၏ ပညာသင်ကြားရေး၊ မောင်တော်မင်းသားကလေး အင်ဒရေနှင့် ဘာသာတရားတို့သာလျှင် ရှိပေသည်။ သို့ရာတွင် ဤမျှဖြင့် ၎င်း၏ဘဝသည် ပြည့်စုံခြင်းမရှိချေ။ လောကတွင် လူတိုင်းလူတိုင်း၌ ၎င်းတို့၏ ကိုယ်ပိုင်စိတ် ကူးများ၊ မျှော်လင့်ချက်များ ဟူ၍လည်းရှိရသေးသည့် အလျောက် မင်းသမီးကလေး မေရီ၏ နက်ရှိုင်းသော အသည်းထောင့် တစ်နေရာ၌လည်း မိမိ၏ဘဝကို



www.burmeseclassic.com

www.burmeseclassic.com


ကြည်နူးစဖွယ်ဖြစ်အောင် ဖန်တီးပေးသည့် စိတ်ကူးတစ်ခု၊ မျှော်လင့်ချက်တစ်ခုသည် ပုန်းကွယ်ခိုအောင်းလျက် ရှိလေသည်။ ဤသို့ မင်းသမီးကလေးမေရီ၏ဘဝကို သာယာကြည်နူးခြင်းဖြစ်အောင် ဖန်တီးပေးသည့်အရာကား အခြားအထွေအထူးမဟုတ်ချေ။ ၎င်းထံသို့ လာမြဲဖြစ်သော ဖုန်းတောင်းယာစကာများအား အလှူဒါနပြုခြင်းသာဖြစ်လေသည်။ စိတ်နှံ့သူ၊ စိတ်မနှံ့သူ ဖုန်းတောင်းယာစကာဟူသမျှသည် ခမည်းတော် မင်းသားကြီး မသိအောင် မင်းသမီးကလေးမေရီထံ လာရောက်မြဲ လာရောက်လျက်ရှိကြ၏။ မင်းသမီးကလေးမေရီသည် အရွယ်ကလေးထောက်လာသည်နှင့်အမျှ လူ့ဘဝ၏ အတွေ့အကြုံများ၊ အခြင်းအရာများကို ပို၍ သိမြင်လာခဲ့လေပြီ။ ထို့ကြောင့် မီးရောင်ကို တိုးသော ပိုးဖလံကဲ့သို့ လောကီကာမဂုဏ်စည်းစိမ်ချမ်းသာကို အဟုတ်မှတ်ကာ ပျော်မြူးကြည်မွေ့နေကြသော လောကီဘုံသားတို့ကို ကြည့်၍ အံ့သြခြင်းဖြစ်မိသည်။ ထိုလောကီဘုံသားတို့ကား တကယ်အဟုတ်မရှိသော၊ တံလှပ်မျှသာဖြစ်သော၊ ဒုစရိုက်ဖြင့်သာ ပြီးသောပျော်ရွှင်ချမ်းမြေ့ခြင်းကို ရရန်အတွက် အဝိဇ္ဇာ၏ အလိုသို့လိုက်ကြရသည်တကား၊ ဆင်းရဲဒုက္ခကို ခံကြရသည်တကား၊ တရိုရှားရှား ရန်းကန် ကြိုးပမ်းကြရသည်တကား၊ တစ်ဦးကိုတစ်ဦး ရန်သတ္တရုပြုကာ ဒေါသနိုင်ငံသို့ လိုက်ပါကြရသည်တကားဟု တွေးကာ ၎င်းတို့အတွက် မုဒိတာဖြစ်ရသည်။ မင်းသားကလေးအင်ဒရေသည် မြတ်နိုးလှသော ကြင်ရာတော် ကွယ်လွန်အနိစ္စရောက်သည့် နောက်မှာပင် တရားမရနိုင်သေးဘဲ တစ်ပင်လဲမှ တစ်ပင်ထူခြင်းဖြင့် ကာမဘောင်ရှုပ်အထွေးတွင် ဝင်ရောက်လိုသေးသည်တကား၊ ခမည်းတော်ကြီးမှာလည်း သားတော် မင်းသားကလေးအင်ဒရေအား တရားပြ၍ ကန့်ကွက်ခြင်း မပြုနိုင်ရှာဘဲ သတို့သမီးမှာ အဆင့်အတန်းနိမ့်သည်၊ ထို့ကြောင့် သည့်ထက်သည် အဆင့်အတန်းမြင့်သည့် သူဌေးသူကြွယ်သမီးနှင့်မှ သဘောတူမည်ဟူသော လောဘ တိမ်သလာတို့ဖုံးအုပ်နေရှာသည်တကား။ ဤသို့ဖြင့် ကာမဘုံသားတို့သည် တဒင်္ဂပဟာန်မျှသာဖြစ်သော ပျော်ရွှင် ချမ်းမြေ့မှုကလေးအတွက် တစ်ဦးကိုတစ်ဦး မနာလို ဝန်တိုဖြစ်ကြရသည်။ နှိပ်စက်ကလူ ပြုကြသည်၊ မိမိ၏စိတ်ကို ညှဉ်းဆဲကြရှာ သည်တကား၊ ဤအဖြစ်တို့သည် ကိုယ်တိုင်တွေ့မှ သိရသည်မဟုတ်၊ ထာဝရဘုရားသခင်၏သားတော် ခရစ်တော် ကိုယ်တိုင်မြေကြီးသို့ ဆင်းသက်ကာ လူ့ဘဝဟူသည် ရေပွက်ပမာမျှသာတကား၊ ယာယီမျှသာတကားဟု သင်ကြားတော်မူခဲ့သည် မဟုတ်ပါလောဟု မင်းသမီးကလေးမေရီ တွေးမိ၏။

'အင်း၊ လူတွေဟာ ဘာကြောင့်များ တရားသဘောကို မထင်မြင်နိုင်ကြပါလိမ့်နော်'ဟု မင်းသမီးကလေးမေရီ တွေးမိ၏။ 'ဒီတရားသဘောကို ထင်မြင်တဲ့သူများဟာ အလှူခံလာကြတဲ့ ဖုန်းတောင်းယာစကာများသာ ဖြစ်ပေတယ်၊ ဖုန်းတောင်းယာစကားများဟာ အိတ်ကလေးတွေ ထမ်းပြီး ခမည်းတော်ကြီး မမြင်အောင် နောက်ဖေးပေါက်က တိတ်တိတ်ကလေး ဝင်လာရှာကြတယ်။ ဒီလို တိတ်တဆိတ် ဝင်လာတာဟာ ခမည်းတော်ကြီးဆိုမှာ ဆဲမှာကြောက်လို့ မဟုတ်ဘူး၊ ဒီလိုဆိုခြင်း ဆဲခြင်းအားဖြင့် ခမည်းတော်ကြီးမှာ အကုသိုလ်များမှာစိုးလို့ ရှောင်ကြဉ်ကြခြင်းဖြစ်ပေတယ်၊ သူတို့ခမျှာ သားမယားကိုလဲ စွန့်၊ အိုးအိမ်ကိုလဲစွန့်၊ လောကီကိစ္စတွေကိုလဲ အားလုံးစွန့်ပြီး အစုတ်စုတ်အပြတ်ပြတ်နဲ့ ရွာတကာ ရပ်တကာ လှည့်လို့ ဆုတောင်းကြရှာတယ်။ သူတို့ကို မောင်းထုတ်သူကိုရော၊ စွန့်ကြဲလှူဒါန်းတဲ့ သူကိုရော သတ္တဝါဝေနေယျ အားလုံးအတွက် ဆုတောင်းပေးကြရှာတယ်။ အဲဒီဘဝ၊ အဲဒီသစ္စာတရားက လွဲလို့ တခြားဘဝ၊ တခြားသစ္စာတရားတို့သည် လောကဌ် မရှိပါကလား'

တစ်ခါတွင် ကျောက်ပေါက်မာသက်သက်ဖြင့် အသက်ငါးဆယ်ခန့်ရှိ သီအိုဒိုစီယာ အမည်ရှိ ဖုန်းတောင်းယာစကာ အဘွားအိုကြီးတစ်ဦး မင်းသမီးကလေးမေရီထံ ရောက်လာလေသည်။ ထိုဖုန်းတောင်းယာစကာ အဘွားအိုကြီးမှာ အဝတ်အစား စုတ်ပြတ်လျက် ဖိနပ်မပါဘဲ သံခြေကျဉ်းကြီးများဝတ်ကာ နှစ်ပေါင်းသုံးဆယ်မျှ လှည့်လည် ဘုရားဖူးခဲ့သူဖြစ်သည်ဟုဆို၏။ မင်းသမီးကလေးမေရီသည် ထိုအဘွားအိုကြီးအပေါ်၌ များစွာ သံယောဇဉ်ကြီးလှသည်။ တစ်ခါသော် ဆင်းတုတော်ရှေ့၌ ထွန်းညှိပူဇော်ထားသည့် မီးရောင်မှိန်မှိန်လင်းနေသည့် အခန်းထဲတွင် အဘွားကြီး သီအိုဒိုစီယာသည် ၎င်း၏ဘဝဖြစ်စဉ်ကို ပြောပြလျက် ရှိလေရာ နားထောင်သူ မင်းသမီးကလေးမေရီ၏စိတ်၌ သစ္စာတရားကို တွေ့ရှိသူမှာ ဤလောကဌ်

www.burmeseclassic.com



ဤအဘွားကြီးတစ်ယောက်သာ ဖြစ်တော့သည်ဟု ယုံကြည်သွားလျက် ၎င်းကိုယ်တိုင်ပင် ဝတ်ကြောင်ကို လွတ်အောင်ရန်း၍ ဖုန်းတောင်းယာစကာအဖြစ် ဘုရားများကို လှည့်လည်ဖူးမြော်တော့မည်ဟုပင် ဆုံးဖြတ်ချက်ချလိုက်မိ လေသည်။ အဘွားကြီး အိပ်ပျော်သွားသောအခါတွင် မင်းသမီးကလေးမေရီသည် အတော်ကြာမျှ စဉ်းစားလျက်ရှိကာ ဖုန်းတောင်းယာစကာအဖြစ် သွားလာလှည့်ပတ်နေတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ မင်းသမီးကလေးမေရီသည် ဤအကြောင်းကို မည်သူ့ကိုမျှ မပြောဘဲ သီလဆေးပေးသော ဘုန်းတော်ကြီးကိုသာ လျှောက်တင်ခြင်းပြုသည်။ ဘုန်းတော်ကြီးကလည်း မင်းသမီးကလေးမေရီ၏ အကြံကို သဘောတူလေသည်။ သို့ဖြင့် မင်းသမီးကလေးမေရီသည် ဖုန်းတောင်းယာစကာတစ်ဦးအား လှူဒါန်းရန်ဟုအကြောင်းပြကာ မိမိအတွက် ဖုန်းတောင်းယာစကာဝတ်စုံ တစ်စုံကို ချုပ်လျက်ရှိလေသည်။ ၎င်းတို့ကား ဖျင်ကြမ်းသီလရှင်ဝတ်စုံတစ်စုံ၊ ဖိနပ်ပြားတစ်ရန်၊ အပေါ်ရုံဝတ်စုံကြမ်းတစ်ထည်နှင့် ပဝါအနက် တစ်ထည်တို့ ဖြစ်လေသည်။ မင်းသမီးကလေးမေရီသည် ထိုပစ္စည်းများကို အဖိုးတန်ရတနာသဖွယ် အံဆွဲထဲတွင် သေချာစွာ သိမ်းထားပြီးနောက် မည်သည့်အချိန်ကျမှ ဝတ်ကြောင်ကိုစွန့်၍ ဤအဝတ်အစားများကို ဝတ်ဆင်ရပေမည်နည်းဟု တွေးတောလျက်ရှိလေသည်။

မင်းသမီးကလေးမေရီသည် ဖုန်းတောင်းယာစကာများ၏ အတ္ထုပ္ပတ္တိများကို နားထောင်ရင်း စိတ်အားထက်သန်လာကာ အားလုံးကိုစွန့်၍ အိမ်မှထွက်ပြေးလိုသော စိတ်များ မကြာခဏပေါ်ပေါက်မိသည်။ မိမိသည် စုတ်ပြတ်သော အဝတ်အစားများကို ဝတ်ဆင်၍ အိတ်ကိုကျောပိုးလျက် တောင်ဝေးတစ်ချောင်းဖြင့် သီအိုဒိုစီယာနှင့်အတူ ဘုရားတစ်ဆူပြီးတစ်ဆူ လှည့်လည်၍ ဖူးမြော်နေပုံကို မြင်ယောင်လာသည်။ ထိုအခါတွင် မနာလိုဝန်တိုခြင်း၊ လောကီကာမဂုဏ်ကို ခုံမင်ခြင်း၊ စွဲလမ်းခြင်းစသည်တို့မှ လွတ်မြောက်သည်ဖြစ်၍ နောက်ဆုံး၌ ဝမ်းနည်းခြင်းတို့ ကင်းမဲ့ရာထာဝရ ချမ်းသာသုခဘုံကို ရောက်လေတော့မည်ဟု တွေးမိလေသည်။

'တစ်နေရာက တစ်နေရာသွားပြီး ဆုတောင်းမယ်၊ အရပ်ဒေသတစ်ခုတည်းကို သံယောဇဉ် မတွယ်တော့ဘူး။ တစ်နေရာ သံယောဇဉ် မတွယ်ခင် တခြားတစ်နေရာကို ပြောင်းနေမယ်၊ နောက်ဆုံး လမ်းလုံးလုံးမသွားနိုင်တော့ဘဲ တစ်နေရာရာမှာ မထင်မရှားသေသွားပြီးတဲ့နောက်ဝမ်းနည်းပူဆွေးရခြင်း၊ နောင်တသံဝေဂဖြင့် ပူလောင်ခြင်းတို့ကင်းရာ နိဗ္ဗာန်ဘုံကို ရောက်အောင် အားထုတ်တော့မယ်'

မင်းသမီးကလေးမေရီသည် ဤသို့ စိတ်ကူးမိ၏။ သို့ရာတွင် ခမည်းတော်ကြီးနှင့်ကိုကို (ဘိုအေချစ် မင်းသားကလေး၏အမည်)ကို မြင်လိုက်ရသည့်အခါတွင်မူ ၎င်း၏ သန္နိဋ္ဌာန်သည် လျော့ရဲ၍ သွားပြန်သည်။ ထိုအခါ၌ကား မိမိသည် ဘုရားသခင်ထက် ခမည်းတော်နှင့် တူတော်တို့၏ သံယောဇဉ် ညွှတ်ကွင်းတွင် အစင်းသားမိနေသည့် ဒုစရိုက်ကောင်တစ်ကောင်မျှသာတကားဟု ယူကျုံးမရ ဖြစ်ရပြန်ကာ တိတ်တဆိတ် ကျိတ်၍ ငိုနေမိလေသတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com


# အခန်း ၁

ထာဝရဘုရားသခင်သည် ကမ္ဘာဦးသူတို့အား ပင်ပန်းဆင်းရဲသောအလုပ်မှ ကင်းဝေးခြင်း(ဝါ) သက်သောင့်သက်သာ နေထိုင်ရခြင်းဟူသော စည်းစိမ်ချမ်းသာကို ပေးသနားတော်မူခဲ့၏။ ထို့နောက် လူသည် ဒုစရိုက်များကို ကျူးလွန်ခဲ့၏။ ထိုအခါ ထာဝရဘုရားသည် စိတ်ဆိုးတော်မူ၍ လူ့အနွယ်ကြီးကို ဒဏ်ခတ်တော်မူ၏။ လူသည် မျက်နှာမှ ချွေးထွက်လျက်အစာကို ပင်ပန်းကြီးစွာ ရှာဖွေစားသောက်ရမည်၊ ပျင်းရိစွာ နေထိုင်ခြင်း (ဝါ)သက်သောင့်သက်သာ နေထိုင်ခြင်းကို ဒုစရိုက်အဖြစ် မှတ်ယူရမည်ဟု ပညတ်တော်မူခဲ့၏။ ဤသည်မှာ သမ္မာကျမ်းလာ ဒဏ္ဍာရီ၏အဆိုဖြစ်၏။ သို့ရာတွင် ဒုစရိုက်ဖြင့် ပြီးသောလူသားသည် ကမ္ဘာဦးကကဲ့သို့ပင် ပျင်းရိစွာနေထိုင်ခြင်းကို ခုံမင်မြဲ ခုံမင်လျက်ရှိလေသည်။

ပျင်းရိစွာ နေထိုင်ခြင်း (ဝါ) မည်သည့်အလုပ်ကိုမျှ ပင်ပန်းကြီးစွာ မလုပ်ဘဲ သက်သောင့်သက်သာ နေထိုင်ခြင်း (ဝါ)ဖိမ်ကျကျနေထိုင်ခြင်းသည် ခုံမင်အပ်သော အမှုအကျင့် မဟုတ်၊ ဒုစရိုက်သာဖြစ်သည်ဟု ကျွန်ုပ်တို့ ကိုယ်တွင်းမှ အသံတစ်သံက ပြော၏။

အကယ်၍ လူသည် ပျင်းရိစွာနေထိုင်ခြင်း(ဝါ) ဖိမ်ကျကျနေထိုင်ခြင်းပြု၍ ထိုသို့နေထိုင်ခြင်းသည်လည်း သုစရိုက်ဖြစ်သည် (ဝါ) ကမ္ဘာဦးက ထာဝရဘုရား၏ အလိုတော်နှင့်အညီ မိမိတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ယူဆနိုင်မည်ဆိုလျှင်ကား လူသည် ကမ္ဘာဦးသူတို့၏ စည်းစိမ်ကို ခံစားရမည်မုချ ဖြစ်သည်။

ဤလောက၌ ထိုသို့ ကမ္ဘာဦးသူတို့၏ စည်းစိမ်ချမ်းသာကို ခံစားလျက်ရှိသော လူတန်းစားတစ်ခုရှိ၏။ ထိုလူတန်းစားသည် မည်သည့်အလုပ်ကိုမျှ ပင်ပန်းကြီးစွာ မလုပ်ဘဲ ဖိမ်ကျကျနေထိုင်ခြင်း ပြု၏။ ထိုသို့နေထိုင်ခြင်းပြုသော်လည်း မိမိသည် လူ့လောကကြီး၏ တာဝန်ကို ထမ်းဆောင်လျက် ရှိသည်ဟု ကိုယ့်ဘာသာ အထင်ကြီးလျက်ရှိ၏။ ထိုသို့နေထိုင်ခြင်းကြောင့် မည်သူ၏ပြစ်တင်ခြင်းကိုမျှ မခံရသောအဖြစ်ကိုလည်း ရလျက်ရှိ၏။ ဤသို့ဖြင့် ထိုလူတန်းစားသည် ကမ္ဘာဦးသူတို့၏ စည်းစိမ်ကို ရလျက်ရှိလေသည်။ ထိုလူတန်းစားကား အခြားမဟုတ်၊ စစ်ဗိုလ်စစ်သားတည်းဟူသော စစ်လူတန်းစားပင် ဖြစ်သတည်း။

ဤသို့ မရှောင်မလွှဲသာ ဖိမ်ကျကျနေထိုင်ရခြင်း ဤသို့ နေထိုင်သော်လည်း မည်သူကမျှ အပြစ်ပြော၍ မရသောအဖြစ်ကိုရလျက်ရှိခြင်း စသည်တို့သည် စစ်မှုထမ်းတို့သာခံစားရသော အခွင့်ထူးကြီးဖြစ်ခဲ့ကြ၏။ နောင်တွင်လည်း ထိုအတိုင်း ဖြစ်နေပေလိမ့်ဦးမည်။

နီကိုလေသည် ၁၈၀၇–ခုနှစ်အလွန်၌ ပါဗလိုဂရက်မြင်းတပ်တွင် ဆက်လက်၍ အမှုထမ်းကာ ဒင်နီဆော့ဗ်၏ မြင်းတပ်ခွဲကို ဆက်လက်၍ ကွပ်ကဲရသည်၌ ယင်းသို့ စစ်လူတန်းစားများသာ ခံစားရသော ကမ္ဘာဦးသူတို့၏ စည်းစိမ်ကို အပြည့်အဝ ခံစားရလေသည်။

နီကိုလေသည် ယခင်ကကဲ့သို့ မဟုတ်တော့ချေ။ ၎င်း၌ စိတ်ကောင်းနှလုံးကောင်းရှိသည် မှန်သော်လည်း ဖြီးတတ်ဖြန်းတတ်သော အကျင့်ကို ရရှိခဲ့လေပြီ။ မော်စကိုရှိ ၎င်း၏မိတ်ဆွေ ရောင်းရင်းများကမူ ဤအခြင်းအရာမှာ မကောင်းသော အခြင်းအရာဖြစ်သည်ဟု ယူဆကြ၏။ သို့ရာတွင် တပ်တွင်းရှိ အထက်အရာရှိများနှင့်တကွ


www.burmeseclassic.com

www.burmeseclassic.com


အောက်လက်ငယ်သားများကမူကား ထိုအခြင်းအရာကို နှစ်သက်သဘောကျလျက် ရှိကြ၍ နီကိုလေကိုယ်တိုင်က လည်း မိမိ၏ဘဝကို မိမိကျေနပ်လျက် ရှိလေသည်။ ၁၈၀၉-ခုနှစ်ထဲသို့ ရောက်သည့်အခါ၌ကား အိမ်မှပေးသော စာများထဲတွင် မိမိတို့၏ စီးပွားရေးအခြေအနေမှာ များစွာ ဆိုးရွားလျက် ရှိကြောင်း၊ ထို့ကြောင့် မိအိုဖအိုကြီးများ အားတက်ရွှင်လန်းကာ စိတ်ချမ်းသာစေရန် အိမ်သို့ ပြန်လာ သင့်ကြောင်းဖြင့် မိခင်မြို့စားကတော်ကြီးက မကြာခဏ ထုတ်ဖော်ရေးသားခြင်းကို တွေ့ရလေသည်။

မိမိ၏ပတ်ဝန်းကျင်ကား လူ့ဘဝ၏ ရှုပ်ထွေးပွေလီသော ကိစ္စများမှ ကင်းဝေးသော ပတ်ဝန်းကျင်ဖြစ်၏။ ချမ်းအေးငြိမ်သက်စွာ နေထိုင်သော ပတ်ဝန်းကျင်ဖြစ်၏။ နီကိုလေသည် အိမ်မှလာသောစာများကိုဖတ်၍ မိဘနှစ်ပါးသည် မိမိအား ဤပျော်ရွှင် ချမ်းမြေ့ဖွယ်ကောင်းသော ပတ်ဝန်းကျင်ထဲမှ ဆွဲထုတ်လိုကြလေသလောဟု တွေး၍ စိုးရိမ်မိသေးသည်။ ဤအတိုင်းသာဆိုပါက မိမိသည် စာရင်းဒိုင်များနှင့် စာရင်းရှင်းရခြင်း၊ စကားများရခြင်း၊ ဆက်ဆံရခြင်း၊ အထက်တန်းလွှာ အသိုင်းအဝိုင်းနှင့် ပေါင်းသင်းဆက်ဆံရခြင်း၊ ဆွန်ယာအား ချစ်ခင်ရခြင်း၊ လက်ထပ်မည်ဟု ကတိပေးခြင်း စသည့် ရှုပ်ထွေးပွေလီလှသောအရာများဖြင့် ပြည့်လျက်ရှိသည့် လူ့ဘဝဝဲဩဃကြီးထဲသို့ သက်ဆင်းရချေဦးတော့မည်ဟု တွေး၍ စိတ်ပျက်မိသည်။ စစ်တပ်၏ အပြင်ဘက် လောကကြီးကား ရှုပ်ထွေး ကျဉ်းကျပ်လှ၏ဟုလည်း တွေးမိသည်။ သို့ဖြင့် နီကိုလေသည် မိခင်မြို့စားကတော်ကြီးဆီသို့ ပြင်သစ်ဘာသာဖြင့် ထုံးတမ်းစဉ်လာအတိုင်း စာပြန်လိုက်၏။ စာ၏ထိပ်တွင် 'ချစ်လှစွာသော မေဖျား'ဟု ရေးပြီး စာ၏ အောက်ဆုံး၌ 'မေဖျား၏ ကျေးဇူးနှံ့ရှိသေလှစွာသော သားတော်'ဟု ရေးသားထားသော်လည်း စာထဲ၌ကား မည်သည့်အချိန်၌ ပြန်လာခဲ့မည်ဖြစ်ကြောင်း တစ်လုံးမျှ မရေးလိုက်ချေ။ ၁၈၁၀-ခုနှစ်မိဘများထံမှ ရောက်လာသောစာများထဲ၌ နာတာရှာအား မင်းသားကလေးအင်ဒရေနှင့် စေ့စပ်ကြောင်းလမ်းပြီးစီးပြီ ဖြစ်ကြောင်း၊ မင်းသားကလေးအင်ဒရေ၏ ခမည်းတော်ကြီး ဆန္ဒအရ လက်ထပ်မင်္ဂလာပွဲကို တစ်နှစ်ရွှေ့ဆိုင်းထားကြောင်း ပါရှိလာလေသည်။ နီကိုလေသည် ဤစာကြောင့် များစွာ စိတ်မချမ်းမသာဖြစ်ခဲ့ရ၏။ ပထမအကြောင်းမှာ တစ်အိမ်လုံးတွင် မိမိအချစ်ဆုံး အကြင်နာဆုံးဖြစ်သော ညီမငယ် နာတာရှာအား ဆုံးရှုံးရတော့မည်ဖြစ်ခြင်းကြောင့် ဝမ်းနည်းမိခြင်းဖြစ်၏။ ဒုတိယအကြောင်းကား (မင်းသားကလေးအင်ဒရေနှင့် စကားများခဲ့ဖူးသူ ဖြစ်သည့် အလျောက်)မိမိကဲ့သို့ မြင်းတပ်ဗိုလ်တစ်ယောက်အဖို့ မင်းသားကလေး အင်ဒရေ လိုလူမျိုးနှင့် တစ်စုံတစ်ရာ ပတ်သက်ဆက်စပ်ခြင်း မရှိရ လျှင်လည်း ဂရုမစိုက်ဟူသော သဘောကို ၎င်း၏ရှေ့တွင် ပြခွင့် မရလိုက်လေခြင်း၊ နာတာရှာကို တကယ်ချစ်သည် ဆိုပါက ဇီဇာကြောင်လှသော အဘိုးကြီး၏ စကားလောက်ကိုမျှ မပယ်လှန်ရဲသလောဆိုသည်ကို မပြောလိုက်ရလေခြင်းဟု တွေးမိသည့်အတွက်လည်း ဝမ်းနည်းမိခြင်း ဖြစ်လေသည်။ နီကိုလေသည် ညီမငယ်နာတာရှာအား လက်မထပ်မီ အပျိုဘဝဖြင့် တွေ့ဆုံရန်အတွက် တပ်မှ ခွင့်ယူရမည်လောဟု စဉ်းစားမိသည်။ သို့ရာတွင် စစ်ရေး တာဝန်များ၊ အိမ်တွင်းရေးကိစ္စများ၊ ဆွန်ယာနှင့် မိမိတို့ ကိစ္စများကို တွေးလိုက်မိသောအခါတွင် နီကိုလေသည် ခွင့်မယူသေးဘဲ ဆိုင်းငံ့ထားလိုက်မိပြန်သည်။သို့သော်လည်း ထိုနှစ်နွေဦးပေါက်၌ကား ဖခင်မြို့စားကြီး မသိအောင် ရေးလိုက်သည့် မြို့စားကတော်ကြီး၏ စာတစ်စောင်ကို နီကိုလေ ရရှိလေသည်။ ထိုစာအရ နီကိုလေမှာ မပြန်၍ မဖြစ်တော့သော အခြေသို့ ဆိုက်လာလေပြီ။ မိခင်မြို့စားကတော်ကြီး၏စာ၌ အကယ်၍ နီကိုလေ ပြန်ရောက်လာခြင်း မပြုဘဲ ဤအတိုင်းသာ ပစ်ထားပါက မိမိတို့ ပစ္စည်းများအားလုံးမှာ လေလံတင်၍ ရောင်းချခြင်း ခံရဲတော့မည် ဖြစ်ကြောင်း၊ မိမိတို့မှာလည်း တောင်းစားဖို့သာ ရှိတော့ကြောင်း၊ မြို့စားကြီး ရှေ့စေတော့ဗ်မှာ စာရင်းဒိုင် မိတင်ကာကို များစွာ ယုံကြည်လွန်းကြောင်း၊ ထို့ပြင် သဘောကောင်းလွန်း၍ လူတိုင်းက အခွင့်ကောင်း ယူကြသည့် အတွက် မိမိတို့အခြေအနေမှာ များစွာ ဆိုးလျက်ရှိပြီ ဖြစ်ကြောင်းဖြင့် ရေးသားထား၏။ 'ဘုရားသခင် အလိုတော်ကျ သားတော်ပြန်လာဖို့ မေဖျား တောင်းပန်ပါတယ် ကွယ်။ မေဖျားနဲ့တကွ တစ်အိမ်သားလုံး ဒုက္ခရောက်တာ မမြင်ချင်ရင် မလာဘဲ မနေပါနဲ့။ ခုချက်ချင်း လာခဲ့ပါ'ဟု စာထဲတွင် ပါရှိလေသည်။

နီကိုလေသည် ထိုစာကို ဖတ်၍ များစွာ စိတ်ထိခိုက်


www.burmeseclassic.com

www.burmeseclassic.com


သွား၏။ တိကျစေ့စပ်သူများတွင် မိမိလုပ်ရမည့် အလုပ်ကို ညွှန်ပြတတ်သော စဉ်းစားဉာဏ်တစ်မျိုးရှိတတ်လေရာ ထိုစဉ်းစားဉာဏ်မျိုးသည် နီကိုလေအား ၎င်းပြုလုပ်ရမည့် အလုပ်ကို ညွှန်ပြခဲ့လေပြီ။

ယခုအချိန်၌ နီကိုလေ လုပ်ရမည့်အလုပ်မှာ တပ်မှ လုံးဝနုတ်ထွက်သွားခြင်း မပြုသည့်တိုင် မည်သည့် နည်းဖြင့်မဆို ခွင့်ယူ၍ အိမ်သို့အရောက်ပြန်ရေးပင် ဖြစ်၏။ နီကိုလေသည် မည်သည့်အတွက်ကြောင့် ပြန်ရမည်ကို ကောင်းစွာ မသိသေးသော်လည်း ညစာစား၍ တစ်ရေး တမော အိပ်ပြီးနောက်၌ များစွာ ဖွေဆိုးလှသည့်အတွက် အတန်ကြာမျှ စီးခြင်းမပြုခဲ့သော သောကြာဂြိုဟ်အမည်ရှိ စစ်မြင်းကြီးကို ကုန်းပြင်စေသည်။ မြင်းကို အမြှုပ်တစီစီ ထအောင် တစ်ပတ်လောက် ကုန်းကျင့်၍ ပြန်လာပြီးနောက် နီကိုလေသည် လာဗရူရှကာနှင့်တကွ (၎င်းမှာ ဒင်နီဆော့ဗ်၏ တပ်လုလင်ဖြစ်၍ ဒင်နီဆော့ဗ် မရှိသည့်နောက်တွင် နီကိုလေနှင့် ကျန်ရစ်ခဲ့သည်။) မိမိ၏သွေးသောက်များအား မိမိသည် ခွင့်ယူ၍ အိမ်သို့ ခေတ္တပြန်ဦးမည်ဖြစ်ကြောင်း ပြောလိုက်၏။ မိမိမှာ များမကြာသေးမီက စစ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ဖြစ်၍ ဗိုလ်ကြီး ရာထူးကို တိုးမြှင့်ခြင်း ခံရမည်လော၊ သို့တည်းမဟုတ် 'စိန့်အင်း' စလွယ်ကြီးကို ရတော့မည်လောဟု စောင့်မျှော်နေချိန်ဖြစ်ရာ စစ်ဦးစီးဌာနချုပ်မှ မည်သို့မျှ အမိန့်မထွက်သေးမီ ယခုကဲ့သို့ ရုတ်တရက် ပြန်သွားပါက ဖြစ်မှဖြစ်ပါမည်လော၊ ထို့ပြင် မန်ကျည်းစေ့ရောင်တွင် စာဥပြောက်များဖြင့် လှပလှသော မြင်းကြီးသုံးကောင်ကိုလည်း ငွေဒင်္ဂါး နှစ်ထောင်ဖြင့် ရောင်းရန် ပိုလန်မြို့စားကလေး ဂိုလူကော့စကီနှင့် စကားဆိုင်ထားသေးရာ ယခုအတိုင်း ထွက်သွား၍ ကောင်းပါမည်လော၊ ထို့မျှမက မိမိတို့မြင်းတပ်သားများကလည်း (မတ်မွိုင်ဇယ်ဘိုဇိုဇိုးစကားအမည်ရှိ ပိုလန်သူ အမျိုးသမီးတစ်ဦးအား အူလန်မြင်းတပ်သားများက ဂုဏ်ပြုပွဲကျင်းပသည်ကို အားကျမခံ) မတ်မွိုင်ဇယ်ပရာဇတ်ဇီးစကား အမည်ရှိ ပိုလန်သူ အမျိုးသမီးတစ်ဦးကို ဂုဏ်ပြုသောအားဖြင့် ကပွဲကြီးတစ်ခုကျင်းပရန် စီစဉ်ထားလေရာ ဤကပွဲကြီးကို အခြားသူတစ်ဦးအား စီမံရန် လွှဲအပ်ပစ်ခဲ့ပါက သင့်မှ သင့်ပါမည်လော စသဖြင့် နီကိုလေသည် တစ်သီတစ်တန်းကြီး တွေးမိ၏။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ မိမိမှာ တောက်ပရွှင်မြူးဖွယ်ကောင်းသော စစ်သားလောကကို ခွဲခွာကာ ရှုပ်ထွေးပွေလီမ်လှသော ပြင်ပလောကသို့ သွားရတော့မည်သာ ဖြစ်လေရာ နီကိုလေမှာ စိတ်မပါ့တပါဖြစ်လျက်ရှိ၏။ နောက်တစ်ပတ်ခန့်ကြာသောအခါ နီကိုလေ ခွင့်ရလေသည်။ နီကိုလေအတွက် ၎င်း၏တပ်ရင်းမှ မြင်းတပ်သား၊ တပ်ဗိုလ်များကသာမက တပ်မဟာတစ်ခုလုံးရှိ တပ်ဗိုလ်၊ တပ်သားများကပါ တစ်ယောက်လျှင် ငွေတစ်ဆယ့် ငါးကျပ်စီစု၍ နှုတ်ဆက်ညစာစားပွဲကြီးတစ်ခု ကျင်းပကြ၏။ ညစာစားပွဲ၌ တီးဝိုင်း နှစ်ဝိုင်းနှင့် အဆိုတော်များပင် ထည့်လိုက်ကြသေးသည်။ နီကိုလေကလည်း ဗိုလ်မှူးဘာဆော့နှင့် ထရီပတ်ခေါ် အကတစ်မျိုးကို ကလိုက်သေး၏။ ခပ်ထွေထွေဖြစ်နေကြပြီဖြစ်သော တပ်ဗိုလ်များက နီကိုလေကို ပွေ့ဖက်၍ အပေါ်သို့မြှောက်တင်ပစ်ကစားကာ နှုတ်ဆက်ကြ၏။ တတိယမြင်းတပ်ခွဲမှ တပ်သားများကလည်း နီကိုလေကို မြှောက်၍ ကစားကြပြီးနောက် ပထမဆုံး ချောထောက်စခန်းအထိ လိုက်၍ ပို့လိုက်ကြလေသည်။

နီကိုလေတို့ တပ်စခန်းချနေသည့် ကရီမင်ချူးဒေသနှင့် ကီယက်မြို့မှာ မိမိသွားရမည့်ခရီး၏တစ်ဝက် ဖြစ်၏။ ခရီးသွားလျက်ရှိသူများသည် ခရီး၏ ပထမတစ်ဝက်၌ မိမိထွက်ခွာလာသော နေရာအကြောင်းကို တွေးလေ့ရှိကြ၍ ခရီး၏ ဒုတိယတစ်ဝက်တွင်မူ မိမိဆိုက်ရောက်အံ့သော နေရာအကြောင်းကို တွေးတောစဉ်းစားလေ့ရှိကြရာ ကရီမင်ချူးနှင့် ကီယက်ကြား ပထမခရီးတစ်ဝက်အတွင်း၌ နီကိုလေ၏ အတွေးများမှာလည်း မိမိ၏တပ်ရင်းအကြောင်းတွင် ဝဲလှည့်လျက်ရှိ၏။ သို့ရာတွင် ခရီးတစ်ဝက်ကျော်လာသည့် အခါတွင်မူကား နီကိုလေသည် မန်ကျည်းစေ့ရောင်တွင် စာဥပြောက်ထနေသော မိမိ၏မြင်းကြီးသုံးကောင်ကိုလည်းကောင်း၊ မိမိတပ်ခွဲမှ တပ်ထောက်ဗိုလ် ဒိုဟွိုင်ဗေကိုလည်းကောင်း မေ့လျော့စပြုလာကာ မိဘများရှိရာ အိုထရာနိုဒေသအကြောင်းများနှင့်တကွ အိုထရာနိုတွင် တွေ့ရမည့်အခြင်းအရာများကို တွေးတောစပြုလာခဲ့လေပြီ။ အိမ်နှင့် တဖြည်းဖြည်းနီးလာသည်နှင့်အမျှ အိမ်၏ အကြောင်းကို တွေးတော စိတ်ကူးခြင်းသည်လည်း နီကိုလေ၏ရင်ထဲတွင် ထုထည်ပမာဏ ကြီးမားလာခဲ့လေပြီ။ ထိုအချိန်က နီကိုလေ၏ ရင်ထဲတွင်ဖြစ်ပေါ်နေသော


www.burmeseclassic.com

 www.burmeseclassic.com 

ခံစားမှုမှာ ပမာအားဖြင့် ဆိုရလျှင် ဝင်ရိုးစွန်းနှစ်ခုတို့ရှိကြသည့်အနက် ဝင်ရိုးစွန်းတစ်ခုစီ၏ ဆွဲငင်ခြင်းအားသည် ထိုဝင်ရိုးစွန်းနှစ်ခုတို့အကွာအဝေး နှစ်ထပ်ကိန်း၏ ပြောင်းပြန်အချိုးကို လိုက်၍ ကွဲပြားကြသည်ဟူသော နယူတန်၏ ရူပဗေဒဥပဒေသအတိုင်း ဖြစ်ပေါ်သကဲ့သို့ ၎င်း၏စိတ်ကူးများသည်လည်း အိမ်နှင့်နီးလာသည်နှင့်အမျှ မိမိ၏အကြောင်းများတွင်သာ ဝဲလှည့်ကျက်စားလာခဲ့ကြလေသည်။ အိုထရာနိုသို့မရောက်မီ နောက်ဆုံးချောထောက်စခန်းသို့ ရောက်သည်၌ နီကိုလေသည် စွတ်ဖားသမားများအား ငွေဒင်္ဂါးသုံးပြား ဆုပေးလိုက်ပြီးနောက် အိမ်ဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကလေးသူငယ်ကလေး တစ်ယောက်သဖွယ် အသက်ကိုမျှ ကောင်းစွာ မရှူနိုင်တော့ဘဲ အိမ်ပေါ်သို့ ပြေးတက်လာခဲ့လေသည်။

အိမ်သားများနှင့် တွေ့ဆုံရခြင်းအတွက် ပီတိဖြစ်ရခြင်း၊ 'အို သူတို့ပြောသလောက်လဲ အခြေအနေမဆိုးသေးဘဲနဲ့ ငါ့နှယ် ဘာဖြစ်လို့များ ဒီလောက် ရေးကြီးသုတ်ပျာ လာခဲ့မိပါလိမ့်'ဟု အထင်နှင့်အမြင် လွဲနေသည့်အတွက် မကျေမနပ် ဖြစ်သွားခြင်း စသည့်ဝေဒနာများကို ခဏမျှ ခံစားလိုက်ရသော်လည်း ခဏကြာသော် နီကိုလေသည် အိမ်သားစု၏ ကမ္ဘာလောကထဲတွင် အသားကျသွားလေတော့သည်။ ဖခင်မြို့စားကြီးနှင့် မိခင်မြို့စားကတော်ကြီးတို့မှာ အနည်းငယ်ကျသွားသည်မှအပ များစွာပြောင်းလဲခြင်း မရှိချေ။ နီကိုလေအဖို့ အသစ်အဆန်းဖြစ်နေသည့် အချက်တစ်ချက်ကားရှိ၏။ ယင်းမှာ ယခင်က အိမ်တွင် ဖြစ်လေ့ဖြစ်ထမရှိသော တစ်စုံတစ်ရာအတွက် စိတ်မချမ်းမသာဟန်ပေါ်နေခြင်းနှင့် တစ်ခါတစ်ရံ အချင်းချင်း စိတ်ဝမ်းကွဲတတ်ကြခြင်းတို့ဖြစ်၏။ ဤသို့ဖြစ်နေခြင်းမှာ အိမ်တွင်းစီးပွားရေးအခြေအနေ ဆိုးနေခြင်းကြောင့် ဖြစ်ကြောင်းကို မကြာမီ နီကိုလေသိရှိလာရလေသည်။ ဆွန်ယာမှာ အသက်နှစ်ဆယ်နားသို့ ကပ်လာပြီဖြစ်လျက် အလှကျက်သရေတိုးခြင်း ရပ်စဲစပြုကာ ရှေ့တွင် ယခုထက်ထူး၍ လှတော့မည့် နိမိတ်လက္ခဏာကိုလည်း မတွေ့ရတော့ချေ။ သို့ရာတွင် ယခုလောက်မျှဖြင့်လည်း ဆွန်ယာမှာ လှ၍ နေပေပြီ။ ဆွန်ယာမှာ နီကိုလေ ပြန်ရောက်လာသည့် အချိန်မှစ၍ ရွှင်လန်းခြင်းနှင့် ချစ်ခြင်းမေတ္တာ၏ အငွေ့အသက်များကို မှုတ်ထုတ်လျက် ရှိသကဲ့သို့ ဖြစ်လေရာ ဆွန်ယာ၏ ပြောင်းလဲခြင်းမရှိသော၊ မှန်ကန်သော၊ သစ္စာရှိသောအချစ်ကြောင့် နီကိုလေမှာ ကြည်နူးခြင်း ဖြစ်ရသေး၏။ ပီတာနှင့် နာတာရှာတို့ကိုကား နီကိုလေ အံ့သြ၍မဆုံးဖြစ်လျက်ရှိ၏။ ပီတာမှာ ကြီးကောင်ဝင်သံပေါက်လျက် ခပ်ရွှတ်ရွှတ်ခပ်နောက်နောက်ဟန်ရှိသော အသက်တစ်ဆယ့်သုံးနှစ်အရွယ် လူပျိုပေါက်ကလေး ဖြစ်နေလေပြီ။ နာတာရှာကို မြင်သောအခါတွင်မူကား နီကိုလေသည် အတန်ကြာ တအံ့တသြ ကြည့်နေမိပြီးမှ အားရပါးရ ရယ်လိုက်မိသည်။

"ဟေ၊ နာတာရှာက အရင်က နာတာရှာ မဟုတ်တော့ဘူးဟေ့" နီကိုလေက ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုကို၊ နာတာရှာက ပိုပြီး အရုပ်ဆိုးလာလို့လား"

"မဆိုးပါဘူးဗျာ။ မဆိုးတဲ့အပြင် ကျက်သရေတောင်ရှိလာသေး။ အေးလေ၊ ညီမက မင်းသမီးကလေး တစ်ပါးဖြစ်တော့မှာကိုး' နီကိုလေက နာတာရှာ့အနီးသို့ ကပ်၍ ခပ်တိုးတိုး ပြောလိုက်၏။

"ဟုတ်တယ်၊ ဟုတ်တယ်" နာတာရှာက ဝမ်းမြောက်ဝမ်းသာ ပြောလိုက်၏။

နာတာရှာက မင်းသားကလေးအင်ဒရေ အိုထရာနိုသို့ ရောက်လာပုံ၊ ၎င်းတို့နှစ်ဦး မည်သို့မည်ပုံ တွေ့ကြပုံတို့ကို ပြောပြရုံမျှမက မင်းသားကလေးအင်ဒရေထံမှ နောက်ဆုံးရောက်လာသော စာတစ်စောင်ကိုပါ ထုတ်၍ပြလိုက်သည်။

"ဝမ်းမသာဘူးလား ကိုကို ဟင်၊ နာတာရှာတော့ သိပ်ပျော်တာပဲ"

"သာပါ့ဗျာ၊ သာပါ့။ လူကတော့ လူကောင်းပါပဲ။ နေစမ်းပါဦး။ နာတာရှာကကော ချစ်ရဲ့လား"

"အို ကိုကိုကလဲ။ နာတာရှာ ဘယ်လိုဖြေရမလဲ" နာတာရှာက ပြောလိုက်သည်။ အတန်ကြာမှ

"နာတာရှာ ဘိုးရစ်စ်ကိုလဲ ချစ်ခဲ့ဖူးတာပဲ။ စာပြတဲ့ ဆရာကိုလဲ ချစ်ခဲ့ဖူးတာပဲ။ ဒင်နီဆော့ဗ်ကိုလဲ ချစ်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ ခုအင်ဒရေကို ချစ်တာက သူတို့ကို ချစ်တာနဲ့ မတူဘူး။ ခုတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ပျော်လဲပျော်တယ်။ နာတာရှာ့အထင်တော့ အင်ဒရေထက် ကောင်းတဲ့လူ တော်တဲ့လူ လောကမှာ မရှိတော့ဘူးလို့ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ခုလေ နာတာရှာ ငြိမ်ငြိမ်ကလေး နေနေပြီ ကိုကိုရဲ့။ အရင်ကလို မဟုတ်တော့ဘူး"

နီကိုလေက ယခုကဲ့သို့ လက်ထပ်မင်္ဂလာတစ်နှစ်ရွှေ့ဆိုင်းလိုက်ခြင်းကို မနှစ်သက်ကြောင်း ပြောပြ၏။ သို့ရာတွင် နာတာရှာက နီကိုလေအား ပြင်းထန်စွာ အပြစ်ဆိုကာ ဤသို့ မရွှေ့ဆိုင်းလျှင် မဖြစ်ကြောင်း၊ မိဘသဘောမတူဘဲ အိမ်ထောင်ပြုခြင်းမှာ ဆိုးရွားသော အလုပ်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း တစ်နှစ်လောက် ရွှေ့ဆိုင်းစေလိုကြောင်း စသည်ဖြင့် ပြောဆိုလျက် ရှိလေသည်။

"ကိုကို ဒါတွေ နားမလည်သေးပါဘူး' နာတာရှာက ပြောလိုက်၏။

နီကိုလေသည် မည်သို့မျှ ပြန်မပြောတော့ဘဲ နာတာရှာ ပြောသမျှကို သဘောတူလိုက်သည်။

နီကိုလေသည် နာတာရှာကိုကြည့်၍ စဉ်းစားနေမိသည်။ အမှန်အားဖြင့် နာတာရှာသည် ရည်ငံသူရှိနေသော မိန်းကလေးတစ်ယောက်နှင့်သော်လည်းကောင်း၊ စေ့စပ်ကြောင်းလမ်းပြီးဖြစ်သော ခင်ပွန်းလောင်းနှင့် ခွဲခွာနေရသည့် မိန်းကလေးတစ်ယောက်နှင့်သော်လည်းကောင်း မတူတော့ချေ။ မိန်းမကြီးတစ်ယောက်ကဲ့သို့ တည်ကြည်ငြိမ်သက်လျက် ရှိလေပြီ။ နီကိုလေသည် ဤအခြင်းအရာကို ကြည့်၍ အံ့အားသင့်လျက်ရှိကာ မင်းသားကလေးအင်ဒရေ၏ပိုးပန်းခြင်းကိုပင် သံသယရှိလာပေသည်။ အထူးသဖြင့် နာတာရှာအား မင်းသားကလေးအင်ဒရေနှင့် အတူတကွ နေကြသည်ကို မိမိကိုယ်တိုင် မမြင်ရသေးသည့်အတွက် နာတာရှာ၏ကံကြမ္မာမှာ ရေရေရာရာ မရှိသေးဟု ထင်မိသည်။ မင်းသားကလေးအင်ဒရေနှင့် နာတာရှာတို့၏ လက်ထပ်ထိမ်းမြားရေးကိစ္စတွင် မပြေပြစ်သော အရာတစ်ခု ရှိနေသည်ဟုလည်း နီကိုလေ ထင်နေမိသည်။

'ဘာဖြစ်လို့ တစ်နှစ်ရွှေ့ဆိုင်းထားရတာလဲ။ ဘာဖြစ်လို့ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းခြင်း မပြုတာလဲ'ဟုနီကိုလေ တွေးမိ၏။ တစ်ခါ၌ နီကိုလေသည် ဤကိစ္စနှင့်စပ်လျဉ်း၍ မိခင်မြို့စားကတော်ကြီးနှင့် စကားစပ်မိသည်တွင် မိခင်မြို့စားကတော်ကြီး ကိုယ်နှိုက်ကပင်လျှင် မိမိကဲ့သို့ ၎င်းတို့နှစ်ဦး၏ လက်ထပ်ရေးကိစ္စနှင့် စပ်လျဉ်း၍ သံသယများ ရှိနေသည်ကို နီကိုလေ တွေ့ရသောအခါ နီကိုလေ အံ့သြရပြန်သည်။ မိမိဘက်သား တစ်ယောက်တိုးလာသဖြင့် ကျေနပ်သလိုလည်း ဖြစ်သွားမိလေသည်။

"အဲဒါ အင်ဒရေ့ဆီက လာတဲ့စာပဲ သားရဲ့"မိခင်မြို့စားကတော်ကြီးက သမီးတစ်ယောက်၌ ကြုံတွေ့ရမည့် အိမ်ထောင်ရေးသုခနှင့် စပ်လျဉ်း၍ မိခင်တို့၏ ရင်တွင်း၌ ပုန်းလျှိုးကွယ်လျှိုး ဖြစ်ပေါ်တတ်သော မနာလိုဝန်တိုမှုမျိုးဖြင့် နီကိုလေအား စာတစ်စောင် ထုတ်ပြသည်။ "သူ့စာအလိုအရ ဒီဇင်ဘာလကျမှ နိုင်ငံခြားက ပြန်ရောက်မယ်တဲ့။ ဘာကြောင့်များ နိုင်ငံခြားမှာ ဒီလောက် နေသလဲတော့ မပြောတတ်ဘူး။ နေမျှား မကောင်းလို့လား မဆိုနိုင်ဘူး။ သူ့ကျန်းမာရေးကလဲ သိပ်မကောင်းဘူး။ နက နနယ်ပါဘိသနဲ့။ နာတာရှာကိုတော့ သွားမပြောလိုက်နဲ့နော်။ ပြီးတော့ သူ ဒီလောက်ရွှင်ရွှင်ပျပျ ဖြစ်နေတာကိုလဲ မသိလိုက်မတိဘာသာနေလိုက်။ သူ့ခမျာ အပျိုဘဝနဲ့ နောက်ဆုံးနေရခြင်း မဟုတ်လား။ အင်ဒရေ့ဆီက စာလာရင် သူ့ခမျာပျော်နေတာပဲ။ အေးလေ အစစအရာရာ ချောမောပြေပြစ်ပါစေလို့ ဘုရားသခင်ဆီကိုပဲ ဆုတောင်းရတော့မှာပဲ။ မြို့စားကတော်ကြီးသည် ဤစကားများဖြင့် အဆုံးသတ်လေ့ရှိ၏) တကယ်တော့ အင်ဒရေကလဲ လူကောင်းကလေးတစ်ယောက်ပါသားရယ်"

## အခန်း ၂

အိမ်သို့ပြန်ရောက်သောအခါ၌ နီကိုလေမှာ ထင်သလောက် ရွှင်လန်းခြင်း မရှိလှဘဲ ငြီးငွေ့လျက်ရှိ၏။ မိခင်ကြီး၏ဆန္ဒအတိုင်း အမိပွာယ်ကင်းမဲ့လှသော စီးပွားရေးကိစ္စများတွင် ဝင်ရောက် စွက်ဖက်ရမည်ဖြစ်၍လည်း စိတ်ညစ်လျက် ရှိလေသည်။ နီကိုလေသည် မိမိပခုံးပေါ်တွင် ရောက်ရှိနေသောထိုဝန်ထုပ်ကြီးကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ လျှော့ကျသွားစေရန်အတွက် အိမ်သို့ ပြန်ရောက်ပြီး တတိယနေ့၌ဘယ်သို့သွားမည်ဟူသော မေးခွန်းကိုပင် ပြန်လည်ဖြေကြားခြင်း မပြုဘဲ မျက်နှာထား ခပ်မှုန်မှုန်ဖြင့် စာရင်းဒိုင်မိတင်ကာ၏အိမ်သို့ ထွက်လာခဲ့ပြီးနောက် ကိစ္စအရပ်ရပ်ဆိုင်ရာ စာရင်းအင်းများကို တောင်းယူစစ်ဆေး ကြည့်သည်။ သို့ရာတွင် နီကိုလေသည် ကိစ္စအရပ်ရပ်နှင့်


www.burmeseclassic.com

ပတ်သက်သော စာရင်းအင်းများကို အထိတ်ထိတ်အလန့်လန့် ဖြစ်လျက်ရှိသည့် စာရင်းဒိုင်မိတင်ကာလောက်မျှ မသိချေ။ မိတင်ကာနှင့် စကားပြောဆိုခြင်း၊ စာရင်းအင်းများကို စစ်ဆေးခြင်းများမှာ များစွာမကြာလှချေ။ အပြင်ဘက်ခန်းတွင် စောင့်နေကြသည့် ရွာလူကြီးတစ်ဦး၊ လယ်သမားကိုယ်စားလှယ်တစ်ဦးနှင့် ဆယ်အိမ်ခေါင်းတို့ကား တဖြည်းဖြည်း ကျယ်လောင်သည်ထက် ကျယ်လောင်လာသော မြို့စားကလေး နီကိုလေ၏ ဆဲရေးတိုင်းထွာသံများကို ကြားကာ ကျောချမ်းလျက် ရှိကြလေပြီ။

"အလကားကောင်၊ စားပြ၊ သားရေပေါ်အိပ်သားရေနားစားတဲ့ကောင်။ ထွီ။ ငါကတော့ ငါ့အဖေလို မဟုတ်ဘူးမောင်။ ချမ်းသာပေးလိမ့်မယ်လို့ မထင်နဲ့။ အရေကို ဆုတ်ဖြဲပစ်မယ် သိလား။ ရှိသမျှ ပစ္စည်းတွေကို မင်းပဲ စားပြတိုက်နေတာ မဟုတ်ဘူးလားဟင်"

တစ်မျက်နှာလုံး နီမြန်းကာ မျက်ထောင့်ကြီးနီလျက်ရှိသော နီကိုလေသည် စာရင်းဒိုင်မိတင်ကာကို လည်ကုပ်မှ ဆွဲကိုင်၍ ထုတ်လာပြီး ပါးစပ်မှ ဆဲရေးကြိမ်းမောင်းလျက် ရှိရာမှ တစ်ချက်တစ်ချက်တွင် ဒူးရောဖနောင့်ပါ ပစ်၍ ပစ်၍ သွင်းလိုက်သည်ကို မြင်နေရ၏။

"သွား၊ ခွေးသား။ မင်းမျက်နှာကို နောက်တစ်ခါ မြင်ရရင်တော့အသေပဲ"

စာရင်းဒိုင်မိတင်ကာသည် ခြောက်ထစ်ရှိသော လှေကားကို တစ်လှမ်းတည်းဖြင့် ခုန်ဆင်းကာ ချုံတောကလေးများဘက်သို့ထွက်ပြေးလေသည်။ (ထိုချုံပုတ်တောကလေးမှာ အိုထရာနီတွင် အပြစ်ရှိသူများ ထွက်ပြေးပုန်းအောင်းတတ်သည့် နေရာကလေးဖြစ်၏။ မိတင်ကာသည် မြို့မှ အရက်မူး၍ ပြန်လာလျှင် ထိုချုံတောကလေးထဲတွင် ပုန်း၍ နေလေ့ရှိသည်။ အိုထရာနီမှ လယ်သမားများသည်လည်း မိတင်ကာ၏ဒဏ်ကိုမခံနိုင်၍ ဤချုံတောကလေးထဲသို့ ထွက်ပြေးပုန်းအောင်းလေ့ ရှိကြ၏။)

ထိုအချိန်တွင် စာရင်းဒိုင် မိတင်ကာ၏ မိန်းမနှင့် ခယ်မတို့မှာ ၎င်းတို့အိမ်ကလေးထဲတွင် လက်ဖက်ရည်အိုးတည်နေရာမှ တိတ်လန့်ကြောက်ရွံ့သော မျက်နှာများဖြင့် အပြင်သို့ ပြူ၍ ကြည့်နေကြ၏။

နီကိုလေသည် ၎င်းတို့အား အလျှင်းဂရုပြုခြင်း မရှိဘဲ ရှူးရှူးရှားရှားဖြစ်လျက် ရှိရင်းက ခြေလှမ်းကျဲကြီးများဖြင့် အိမ်ထဲသို့ ပြန်၍ ဝင်လာခဲ့၏။

မိတင်ကာအား ရိုက်နှက်ထိုးကြိတ်နေခြင်းကို အစေခံများထံမှ ကြားသိရသော မြို့စားကတော်ကြီးသည် ဤအတိုင်းသာဆိုပါက မိမိတို့အခြေအနေမှာ တိုးတက်လာတော့မည်ဟု စိတ်သက်သာရာ ရသွားသော်လည်း သားဖြစ်သူ လက်လွန်သွားမည်ကို စိုးရိမ်လျက်ရှိလေသည်။ မြို့စားကတော်ကြီးသည် နီကိုလေ၏ အခန်းဝသို့ ခြေဖျားထောက်၍ လျှောက်သွားကာ ချောင်းကြည့်လိုက်မိ၏။ နီကိုလေမှာ ဆေးတစ်ဆုံပြီး တစ်ဆုံထည့်၍ ဖွာလျက်ရှိလေသည်။

နောက်တစ်နေ့၌ မြို့စားကြီး ရှောစတော့ဗ်သည် သားကိုခေါ်ကာ ခပ်ရှက်ရှက်ပြုံးရာမှ

"သားက သိပ်စိတ်တိုတာကိုးကွယ့်။ မိတင်ကာက ဖေဖျားကို အကုန်ပြောပြလို့ ကြားပြီးပါပြီ"

'ငါဟာ ဟောဒီရှုသွပ်နေတဲ့ ကမ္ဘာလောကကြီးရဲ့ အကြောင်းကို ဘာမှမသိဘူး။ ဘာမှ မသိဘူး။ ဒီလောကကြီးနဲ့ ငါနဲ့ ဆက်ဆံဖို့မကောင်းဘူး'ဟု နီကိုလေ တွေးနေမိသည်။

"ငွေ ၇၀၀ စာရင်းထဲ မသွင်းရကောင်းလားဆိုပြီး သားက စိတ်ဆိုးတယ်ဆို။ ဒါပေမဲ့ ဒီငွေ ၇၀၀ ကို နောက်စာရင်းစာရွက်တစ်ဖက်ထဲမှာ သွင်းထားတာပဲ သားရဲ့။ သားက နောက်တစ်ဖက်မှာ လှန်မကြည့်ဘဲ အရမ်းစိတ်ဆိုးနေတာကိုး"

"ဖေဖျား ဘာပဲဖြစ်ဖြစ် ဒီကောင်ဟာ ကောင်းတဲ့ကောင်မဟုတ်ဘူး ဖေဖျား။ အလကားကောင်။ သူခိုးစားပြဆိုတာကျွန်တော်သိတယ်။ ဒီကောင်မျိုးကို ဒီလိုလုပ်ပေးမှ တော်ရုံကျမယ်။ ဒါပေမဲ့ ဖေဖျားက သူ့ကို သဘောကျနေသေးတယ်ဆိုရင် ကျွန်တော် နောက် သူ့ကို ဘာမှ မပြောတော့ပါဘူး"

"ဒီလိုလဲ မဟုတ်သေးပါဘူးလေ။ (မြို့စားကြီးမှာ မိမိဘက်က မှားသွားကြောင်းသိသဖြင့် ခပ်အစ်းအမ်းဖြစ်သွားသည်။ အမှန်အားဖြင့် ဤပစ္စည်းများမှာ မြို့စားကတော်ကြီးဘက်မှ ပါလာသော အမွေများဖြစ်ရာ ယခု မိမိ၏ အစီအမံ ညံ့ဖျင်းခြင်းအတွက် သားသမီးများရှေ့တွင် အနေရခက်လျက်ရှိသည်။ သို့ရာတွင် မည်သို့မျှလည်း မလုပ်တတ်ဘဲ ဖြစ်နေသည်။) ကဲ ကဲ ဒီလိုတော့ မလုပ်ပါနဲ့ သားရယ်။ စီးပွားရေးကိစ္စတွေကို သားပဲ ကြည့်ပြီးစီမံပါ။



www.burmeseclassic.com

www.burmeseclassic.com


ဖေဖျားလဲ အသက်ကြီးပြီ မဟုတ်လား။ ဒီတော့"

"ကျွန်တော် မလုပ်ပါရစေနဲ့ ဖေဖျား။ ကျွန်တော် ဒီလိုလုပ်တဲ့အတွက် ဖေဖျားစိတ်မချမ်းသာဘူး ဆိုရင်လဲ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဖေဖျားက ကျွန်တော့်ထက် ပိုပြီး နားလည်ပါတယ်"

'ဒီလယ်သမားတွေ၊ ငွေရေးကြေးရေး ကိစ္စတွေ စာရင်းလိမ်ပြတာတွေကို ရွံပါတယ်'ဟု နီကိုလေ တွေးမိသည်။ "ဖဲကစားတဲ့နေရာမှာ စာရင်းအင်းကို နားလည်ပေမယ့် ခုလို စာရင်းလိမ်တာတွေကိုတော့ ငါ နားမလည်ဘူး"ဟု လည်း ရေရွတ်မိ၏။ ထိုနောက်၌ကား နီကိုလေသည် စီးပွားရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့ချေ။ သို့ရာတွင် တစ်ကြိမ်၌ကား မြို့စားကတော်ကြီးက ဝမ်းကွဲအစ်မတော်ကြီး ဒရူဘက်စကားယားအား မိမိတို့က ငွေဒင်္ဂါးနှစ်ထောင် ချေးထားကြောင်း၊ ဒရူဘက်စကားယား ကိုယ်တိုင် အော်ဒီမန်စာချုပ်တွင် လက်မှတ်ထိုးထားကြောင်း ဖြင့်နီကိုလေအား ပြောပြလေသည်။

"ဒါလား" နီကိုလေက ပြောလိုက်သည်။ "ဒီငွေပြန်ယူသင့် မယူသင့် ကျွန်တော်ဆုံးဖြတ်ရမှာလား မေဖျား။ ကျွန်တော် သဘောတိုင်းဆိုရင်တော့ အကြီးတော် ဒရူဘက်စကားယားကို ကျွန်တော် သဘောမကျဘူး။ သူ့သား ဘိုးရစ်စ်ကိုလဲ ကျွန်တော် မကြိုက်ဘူး။ ဒါပေမဲ့ သူတို့ဟာ ကျွန်တော်တို့ရဲ့ ဆွေနီးမျိုးစပ်လဲ တော်တယ်။ ဆင်းလဲ ဆင်းရဲတယ်။ ဒီတော့"

နီကိုလေသည် မင်းသမီးကြီး ဒရူဘက်စကားယား ခံဝန် လက်မှတ်ရေးထိုးထားသော စာချုပ်ကို ဆွဲဆုတ်ပစ်လိုက်သည်။ မြို့စားကတော်ကြီးမှာ ဝမ်းသာ၍ မဆုံးဖြစ်နေပေ၏။ ထိုနောက်မှစ၍ နီကိုလေသည် စီးပွားရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့ဘဲ နောက်တိုးလာသော ဝါသနာသစ်တစ်ခုဖြစ်သည့် အမဲလိုက်ခြင်းကိစ္စ၌သာ နစ်မြုပ်လျက်ရှိလေရာ ဖခင်မြို့စားကြီးကလည်း အမဲလိုက်ကွင်းတစ်ကွင်း လုပ်ပေးထားသည့်အတွက် အံကိုက်လျက် ရှိလေသည်။

## အခန်း ၃

ရာသီမှာ ဆောင်းဘက်သို့ လုလာလေပြီ။ နံနက်ခင်းက ကျထားသောနှင်းခဲများသည် ဆောင်းဦးပေါက် မိုးဖွဲကလေးများ ပက်ဖျန်းလိုက်သည့်အခါ ပျစ်ခဲခဲဖြစ်လာကြ၏။ အစိမ်းရောင်သည် ပြောက်တိပြောက်ကျားရှိရာမှ ခပ်စိပ်စိပ်ဖြစ်လာကာ တစ်ပြေးတည်းယှက်သန်းစပြုလာပြီ ဖြစ်၏။ ကျွဲနွားများ နင်းချေထားသည့် ညိုမှိုင်းသော ဆောင်းဂျုံခင်းများ၊ နွေစိုက်သီးနှံခင်းမှ ဝါရွှေရွှေ ရိုးပြတ်တောများ၊ နီကြန်ကြန်ပြောင်းခင်းများ၏ နောက်ခံ၌ကား အစိမ်းရောင်သည် တလွင်လွင်တောက်လျက်ရှိ၏။ ဩဂုတ်လကုန်လောက်အထိ အနက်ရောင်ထနေသော ရိုးပြတ်တောများအလယ်တွင်ကျွန်းစုကလေးများသဖွယ်ဖြစ်နေသောစိမ်းစိမ်းစိုစိုတောအုပ်ကလေးများသည် ယခုအချိန်၌ စိမ်းနေသော ဆောင်းဂျုံခင်းများ အလယ်တွင် ရွှေဝါရောင်၊ နီညိုရောင်သန်းနေသော ကျွန်းစုကလေးများသဖွယ် ဖြစ်လာကြ၏။ ဤရာသီ၌ ယုန်များမှာ အမွေးလဲစပြုလျက် မြေခွေးပေါက်ကလေးများသည် အစာရှာထွက်စပြုကြပြီ ဖြစ်၏။ ဝံပုလွေငယ်များမှာ အိမ်ခွေးသာသာအရွယ်သို့ ရောက်လာကြပြီဖြစ်လေသည်။ ထိုအချိန်ကား အမဲလိုက်ရန် အကောင်းဆုံးသော အချိန်ပေတည်း။ အမဲလိုက် ဝါသနာပါလှသော နီကိုလေ၏တောလိုက်ခွေးများမှာ ဆောင်းဒဏ်ကို ကောင်းစွာမခံနိုင်သေးသည့်ပြင် အမောမခံနိုင်သေးသည့် အတွက် နီကိုလေသည် ၎င်းတို့အား သုံးရက်ခန့်မျှ အစာ ကောင်းစွာ ကျွေး၍ အနားပေးပြီးနောက် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ခရီးရှည်တောလိုက်ထွက်ရန် ဆုံးဖြတ် လိုက်၏။ တောလိုက်စထွက်မည့်နေရာမှာ ဝံပုလွေပေါက် ကလေးများ အစာရှာထွက်လေ့ရှိသော ဝက်သစ်ချတော ဖြစ်လေသည်။

ထိုနေ့တစ်နေ့လုံး တောလိုက်ခွေးများကို အိမ်တွင် အဆင်သင့်စုထား၏။ ထိုနေ့ကား နှင်းမှုန်မှုန်ကျလျက်ရှိ၍ လေမှာလည်း ရိုးတွင်းချဉ်ဆိခိုက်အောင် အေးမြနေသည်။ သို့ရာတွင် ညနေစောင်းလာသည်၌ ကောင်းကင်မှာ အုံ့မှိုင်းလာကာ နှင်းခဲများ အရည်ပျော်စပြုလာလေသည်။ စက်တင်ဘာလ ၁၅–ရက်နေ့၌ နီကိုလေသည် ညဝတ်အင်္ကျီကို ဝတ်ထားလျက်ရှိရင်းက ပြတင်းဝမှ ရပ်၍ ကြည့်လိုက်ရာ တောလိုက်ထွက်ရန်အတွက် ထိုနေ့နံနက်ထက် သင့်လျော်သော နံနက်ရှိနိုင်မည် မဟုတ်ကြောင်းကို တွေ့ရ၏။ ကောင်းကင်သည် အရည်ပျော်ကာ မြေကြီးသို့ နိမ့်ဆင်း


www.burmeseclassic.com

www.burmeseclassic.com

လာတော့မည်ကဲ့သို့ ထင်ရလျက် လေကလည်း တိတ်ဆိတ်လျက်ရှိသည်။ ပတ်ဝန်းကျင်လေထုထဲတွင် လှုပ်ရှားနေသည့်အရာဆို၍ မှုန်မှုန်ဖွဲဖွဲကလေးမျှ ကျဆင်းလျက်ရှိသောနှင်းပေါက်ကလေးများသာရှိ၏။ ခြံထဲရှိ အရိုးပြိုင်းပြိုင်းမျှသာကျန်သော သစ်ကိုင်းများပေါ်၌ မှန်သားကဲ့သို့ ကြည်လင်သောနှင်းပေါက်ကလေးများသည် တွဲလွဲခိုလျက်ရှိရာမှ မြေပြင်ရှိ ညှာညောင်း ရွက်ကျင်တို့ပေါ်သို့ ခုန်ဆင်းသွားကြ၏။ မြေကြီးသည် အနက်ရောင်ထကာ စွတ်စိုလျက်ရှိပြီး ဘိန်းစေ့ကြဲထားသည့်နှယ် တစ်ချက်တစ်ချက်တွင် ပြောင်လက်နေသော သဲပွင့်ကလေးများကို မြင်ရသည်။ အဝေးတွင်ကား နှင်းမြူကန့်လန့်ကာကြီး ဖုံးထားသကဲ့သို့ ဝိုးတဝါးသာ မြင်ရလေသည်။ နီကိုလေသည် စိုစွတ်လျက် ရွှံ့စပ်စပ်ဖြစ်နေသော မြေပြင်သို့ ဆင်းလာခဲ့၏။ ခြောက်သယောင်းနေသော ရွက်ဆွေးရွက်ဟောင်းနံ့သည် သင်းလျက်ရှိ၏။ တင်ပါးရိုးကျ ခပ်ကျယ်ကျယ်၊ တစ်ကိုယ်လုံး အနက်အပြောက်များထလျက် အနက်ရောင်မျက်လုံးများ ရှိသည့် ခွေးမကြီး မီလကာသည် သခင်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ဝပ်နေရာမှ ထကာ နောက်ခြေနှစ်ဖက်ကို ဆန့်လိုက်ပြီး နောက် ယုန်များကဲ့သို့ ဝပ်လိုက်ရာမှ သခင်၏ရင်ခွင်ထဲသို့ခုန်ဝင်လိုက်ပြီး မျက်နှာကို လျက်နေသည်။ ခွေးဝံပုလွေကြီး တစ်ကောင်သည် သခင်ကို ပန်းချုံကြားမှ မြင်လိုက်သည်နှင့် ခါးကို ကုန်းလိုက်ပြီးနောက် အမြီးထောင်၍ ပြေးလာကာ ခြေထောက်ကို ပွတ်နေလေသည်။

"အူဝေး"ဟူသော တောလိုက်မုဆိုး၏တောခေါ်သံ ပေါ်လာလေသည်။ ထိုအသံကား အကြီးဆုံး အသံအောကြီးနှင့် အစူးဆုံး အသံသေးကလေးကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အလျောက် တောလိုက်မုဆိုးများမှအပ အခြားမည်သူမျှ မအော်တတ်သည့်အသံမျိုးဖြစ်၏။ ထိုအသံနှင့် မရှေးမနှောင်း၌ တောလိုက်မုဆိုးခေါင်းနှင့် တောလိုက်ခွေးထိန်းဖြစ်သူ ဒင်နီယယ်ဆိုသည့် အဘိုးကြီး ပေါ်လာလေသည်။ ဒင်နီယယ်မှာ အသက်အတန်ငယ် ကြီးလေပြီ။ ပါးရေတို့ တွန့်လိပ်လျက်ရှိ၍ ဖြူဖွေးသော ဆံပင်များကို နဖူးပေါ်တွင် ဖြတ်ချထား၏။ ၎င်း၏လက်ထဲ၌ ယူကရိန်းနယ်သားတို့၏ဟန်အတိုင်း ကြိမ်လုံးကောက်ကြီးကို ကိုင်ထား၏။ ၎င်း၏မျက်နှာသည် မည်သည့်ချုပ်ချယ်မှုကိုမျှ မခံလိုသောဟန် မည်သည့်အရာကိုမျှ အမှုမထားသော အမူအရာတို့ ပေါ်လွင်လျက်ရှိလေရာ ထိုမျက်နှာထားမှာလည်း တောလိုက်မုဆိုးများတွင်သာ တွေ့ရတတ်သော မျက်နှာထားမျိုးဖြစ်ပေ၏။ တောလိုက်ခွေးထိန်းကြီး ဒင်နီယယ်သည် နီကိုလေအား ဦးထုပ်ချွတ်၍ အရိုအသေပြုပြီးနောက် ခပ်လှောင်လှောင်ကြည့်လိုက်သည်။ ဤသို့သော ခပ်လှောင်လှောင် အမူအရာကား နီကိုလေအဖို့ မဆန်းတော့ချေ။ ဒင်နီယယ်သည် လူတိုင်းကို ဤသို့ မထီမဲ့မြင် ဆက်ဆံတတ်ပြီး မိမိကိုယ်ကို လူတကာထက်သာသည်ဟု ယူဆထားသူဖြစ်ကြောင်း နီကိုလေ သိပြီးဖြစ်ရုံမက ၎င်း၏ ကျွန်ယုံကြီးနှင့် တောလိုက်မုဆိုးခေါင်းကြီးဖြစ်၍လည်း အစစအရာရာ ခွင့်လွှတ်ထားလေသည်။

"ဗျို့အဘိုးကြီး ဒင်နီယယ်" နီကိုလေသည် တောလိုက်ရန် အကောင်းဆုံးသော ရာသီဥတုကိုလည်းကောင်း၊ တောလိုက်ခွေးကြီးများကိုလည်းကောင်း၊ တောလိုက်မုဆိုးကြီး ဒင်နီယယ်ကိုလည်းကောင်း တစ်ချက်မျှ သိမ်းကျုံးအကဲခတ်၍ စိုးရိမ်တကြီးခေါ်လိုက်သည်။ ချစ်သူတစ်ယောက်သည် ရည်းစားနှင့်တွေ့သောအခါ၌ လောကကြီးတစ်ခုလုံးကို မေ့လျော့ခြင်း ဖြစ်သကဲ့သို့ လူတစ်ယောက်အား မိမိအကြံအစည်များ၊ စိတ်ကူးများကို မေ့လျော့ခြင်း ဖြစ်စေသော တောလိုက်ဝါသနာသည် နီကိုလေကို ရှုပိုးထိုးသကဲ့သို့ ရှိအောင် လှုံ့ဆော်လျက်ရှိလေပြီ။

"အမိန့်ရှိပါ သခင်လေး" တောလိုက်မုဆိုးကြီး ဒင်နီယယ်က တရားစာရွတ်သည့် ဘုန်းတော်ကြီး၏အသံအောမျိုးနှင့် တောခေါ်သည့်မုဆိုး၏ အသံစူးမျိုးတို့ရောထွေးလျက်ရှိသောအသံဖြင့် ပြောလိုက်ပြီးနောက် တောက်ပပြောင်လက်သည့် မျက်လုံးများဖြင့် တိတ်ဆိတ်လျက်ရှိသော သူ့သခင်ကို ကြည့်လျက်ရှိ၏။ ဒင်နီယယ်၏ မျက်လုံးများသည် နီကိုလေအား 'ဘယ့်နှယ် ဒီလောက်ကောင်းတဲ့ ရာသီဥတုမျိုးမှာ တောလိုက်မထွက်ဘဲ နေနိုင်ရိုးလား'ဟု ပြောနေသကဲ့သို့ ရှိလေ၏။

"ရာသီဥတုကတော့ အတော်ပဲဗျို့။ ဒုန်းရိုက်စီးပြီး တောလိုက်ထွက်လိုက်ရရင်တော့" နီကိုလေက တောလိုက်ခွေးမကြီး မီလကာ၏ နားရွက်ကို ပွတ်ရင်း ပြောလိုက်၏။

ဒင်နီယယ်သည် မည်သို့မျှ မပြောဘဲ မျက်တောင်


www.burmeseclassic.com

ခတ်နေသည်။ ခေတ္တကြာမှ အသံအောကြီးဖြင့်

"အရဏ်တက်စတုန်းကတော့ အူဗရာကာကို တောထဲ ခြေရာကောက် လွှတ်လိုက်တာပဲ သခင်လေး။ အူဗရာကာရဲ့ အပြောကတော့ အိုထရာနီတောရိုးထဲ ရောက်လာပြီတဲ့။ အူသံတွေတောင် ကြားခဲ့ရသတဲ့" (ဒင်နီယယ်က စံအိမ်မှ ငါးရာတွင်းခန့်ဝေးသော အိုထရာနီတောရိုးထဲသို့ ဝံပုလွေမကြီးနှင့်တကွ .သားအုပ်များ ပြောင်းလာခြင်းကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်သည်။)

"ဒီနေ့ထွက်ရရင် မကောင်းဘူးလားဗျ အဘိုးကြီး။ သွားစမ်းဗျာ၊ အူဗရာကာကို သွားခေါ်ချေစမ်း"

"ကောင်းပါပြီ သခင်လေး"

"တော်ပြီဗျို့၊ ခင်ဗျားခွေးတွေကို နောက်ထပ်ဘာမှ မကျွေးနဲ့တော့"

"ကောင်းပါပြီသခင်လေး"

နောက်ငါးမိနစ်ခန့်ကြာသောအခါ၌ ဒင်နီယယ်နှင့် အူဗရာကာတို့သည် နီကိုလေ၏ စာကြည့်ဆောင်ထဲသို့ ရောက်လာကြ၏။ ဒင်နီယယ်သည် ကိုယ်ပေါက်လက်ပေါက် ထွားကျိုင်းသူတစ်ယောက် မဟုတ်သော်လည်း ခန်းဆောင်ထဲတွင် ၎င်းကိုမြင်လိုက်ရခြင်းမှာ လူတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် အိမ်ထောင်ပရိဘောဂများ ခင်းကျင်းထားရာကြမ်းပြင်ပေါ်၌ ဝက်ဝံကြီးတစ်ကောင် ရောက်နေခြင်းနှင့် တူလှ၏။ တောလိုက်မုဆိုးပီပီ တောတောင်ဝန်းကျင်နှင့်သာ အဆင်ပြေသော မိမိ၏ပုံပန်းသဏ္ဌာန်သည် ခန်းဆောင်၏ပတ်ဝန်းကျင်နှင့် အပ်စပ်ခြင်းမရှိဟု ဒင်နီယယ်ကိုယ်တိုင်ကလည်း သတိပြုမိပုံရ၏။ ဒင်နီယယ်သည် တံခါးကြားတွင် ရပ်လျက် သခင်၏အခန်းထဲတွင် တစ်စုံတစ်ရာ ပျက်စီးသွားမည်ကို စိုးရိမ်သည့်နှယ် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်လျက်ရှိရာက ခပ်တိုးတိုးပြောလျက်ရှိ၏။ ဤသို့ပြောရာ၌လည်း ဒင်နီယယ်သည် ဖြည်းဖြည်းသက်သာ ပြောဆိုခြင်းမဟုတ်ဘဲ အိမ်ခေါင်မိုးမျက်နှာကြက်အောက်မှ မိုးကောင်းကင်လဟာပြင်ကြီး အောက်သို့ မြန်နိုင်သမျှ မြန်မြန် ပြန်ထွက်လာချင်သည့်အလား ပြောစရာရှိသမျှကို ရေးကြီးသုတ်ပျာ ပြောဆိုလျက်ရှိလေသည်။

မိမိသိလိုသမျှကို စုံစမ်းပြီးနောက် တောလိုက်ရန်အတွက် တောလိုက်ခွေးများမှာလည်း ကျန်းမာသန်စွမ်းလျက်ရှိကြောင်း ဒင်နီယယ်ထံမှ သိရှိရသည့်အခါ၌ (ဒင်နီယယ် ကိုယ်တိုင်ကလည်း တောလိုက်ထွက်လိုလျက်ရှိသည်။) နီကိုလေသည် မြင်းများကို ကုန်းနှီးအသင့်ပြင်ထားစေရန် အမိန့်ပေးလိုက်သည်။ ဒင်နီယယ်ပြန်တော့မည့်အပြုတွင် နာတာရှာသည် ဆံပင်ထုံး၍မှုမပြီးသေးဘဲ ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ် ဝင်လာလေသည်။ ၎င်း၏နောက်မှ ပီတာလည်း ပါလာလေသည်။

"ဘာလဲကိုကို။ ကိုကို တောလိုက်ထွက်မလို့လား။ ဆွန်ယာကတော့ ကိုကို မထွက်ဘူးပြောတာပဲ။ ဒါပေမဲ့ နာတာရှာ သိပါတယ်။ ဒီလိုနေ့မျိုးမှာ ကိုကိုတောလိုက်မထွက်ဘဲ မနေနိုင်ပါဘူး"

"အေး၊ ဟုတ်တယ်။ ကိုကိုတို့ ထွက်မလို့" နီကိုလေက မပြောချင်ပြောချင် ပြောလိုက်၏။ နီကိုလေမှာ အပျော်သဘောမဟုတ်ဘဲ သားကောင်းများများရရန် တောလိုက်ထွက်မည်ဟု စိတ်ကူးထားခြင်းဖြစ်သည့် အလျောက် နာတာရှာနှင့် ပီတာတို့ကို မခေါ်လိုချေ။

"ဒါပေမဲ့ အလကားပါကွာ။ ဝံပုလွေ လိုက်မလို့ပါ။ နာတာရှာတို့ ဝါသနာပါမှာ မဟုတ်ပါဘူး"

"အို ဝံပုလွေလိုက်ရတာက သာပျော်စရာကောင်းတာပေါ့။ ကြည့်စမ်း၊ ကြည့်စမ်း။ ကိုကို မတရားဘူး။ သူတစ်ယောက်တည်း တိတ်တိတ်ကလေးသွားမလို့ မြင်းပြင်ခိုင်းတယ်။ နာတာရှာတို့ကိုတော့ ဘာမှ မပြောဘူး"

"မရဘူး။ ကျွန်တော်တို့လဲ လိုက်မယ်။ ဒီမှာ ကိုကိုရ၊ ရုရှားလူမျိုးတစ်ယောက်ရဲ့လမ်းကို ဘယ်သူမှ တားဆီးလို့ မရဘူးဆိုတာ ကိုကိုသိတယ် မဟုတ်လား"

"အို နာတာရှာ မလိုက်ပါနဲ့ကွာ။ မေဖျားက ပြောထားတယ် မဟုတ်လား။ နာတာရှာ မလိုက်ရဘူးလို့" နီကိုလေက နာတာရှာကို ပြောလိုက်၏။

"ဟင့်အင်း၊ ဟင့်အင်း လိုက်မှာပဲ။ မနေရစ်ဘူး။ အဘိုးကြီး နာတာရှာတို့အတွက်ပါ မြင်းတွေပြင်ထားခိုင်းလိုက်။ ပြီးတော့နာတာရှာရဲ့ တောလိုက်ခွေးတွေလဲ ထုတ်ခဲ့လို့ မိုက်ကယ်ကို ပြောလိုက်" နာတာရှာက တောလိုက်မုဆိုးကြီး ဒင်နီယယ်ကိုလှမ်း၍ ပြောလိုက်သည်။

ဒင်နီယယ်ကား ခန်းဆောင်တစ်ခုထဲသို့ ဝင်လာရကတည်းက အနေရအထိုင်ရ ခက်လျက်ရှိစဉ် မိန်းကလေးတစ်ယောက် လိုက်ပါလာမည်ဆိုသောအခါ များစွာ



www.burmeseclassic.com

စိတ်ပျက်လျက်ရှိလေပြီ။ သို့ရာတွင် ထိုကိစ္စမှာ မိမိနှင့် သက်ဆိုင်သော ကိစ္စမဟုတ်သည့်အလျောက် မျက်လွှာကို ချလျက် နနယ်သော မိန်းမသားတစ်ယောက်အား မတော်တဆ ထိခိုက်မည်စိုးသည့်ဟန်ဖြင့် သတိကြီးစွာ ထား၍ ရှောင်ကွင်းကာ ထွက်သွားလေသည်။

## အခန်း ၄

မြို့စားကြီးရော့စတော့ဗ်သည် မြင်းများမွေးမြူခြင်း၊ တောလိုက်ခွေးများ မွေးမြူခြင်း၊ တောလိုက်မုဆိုးများ ထားရှိခြင်း စသည့် တောလိုက်လုပ်ငန်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ဆောင်ရွက်ခဲ့ဖူးရာ ယခုအခါတွင်မူ ထိုလုပ်ငန်းအဝဝကို နီကိုလေသို့ လွှဲထားလိုက်လေပြီ။ နီကိုလေ တောလိုက်ထွက်သည့် စက်တင်ဘာလ ၁၅-ရက်နေ့၌ကား မြို့စားကြီး ရော့စတော့ဗ်မှာလည်း စိတ်လက်ရွှင်ပျလျက် ရှိသည့်အလျောက် တောလိုက်ထွက်ရန် ပြင်ဆင်လျက် ရှိလေသည်။

တစ်နာရီခန့်အတွင်း၌ တောလိုက်ထွက်မည့်သူ အားလုံး အိမ်ရှေ့ဆင်ဝင်အောက်၌ ရောက်ရှိကြလေပြီ။ နီကိုလေသည် အသေးအဖွဲ့ကလေးများကို ဂရုစိုက်ချိန် မရလောက်အောင် အလုပ်များလျက်ရှိသော ဟန်မျိုးဖြင့် မိမိအား တစ်စုံတစ်ရာ ပြော၍နေသည့် နာတာရှာနှင့် ပီတာတို့စကားကို နားထောင်ခြင်းမပြုဘဲ ၎င်းတို့အနီးမှ ဖြတ်လျှောက်လာခဲ့၏။ နီကိုလေသည် တောလိုက်ထွက်ရန် အတွက် အသေးစိတ်ကိစ္စအဝဝကို စစ်ဆေးပြီးနောက် တောလိုက်မုဆိုးများကို တောလိုက်ခွေးအုပ်ကြီး တစ်အုပ်နှင့် အတူတောကောင်ရှာရန် ခပ်စောစောပင် လွှတ်လိုက်ပြီး ဖြစ်၏။ နီကိုလေသည် ၎င်း၏ဖောင်းဝတ်ရောင် ဒိုးနက်မြင်းကြီးပေါ်သို့ တက်လိုက်ပြီးနောက် မိမိ၏ခွေးဝံပုလွေများကို လေချွန်ခေါ်လိုက်ကာ ကောက်တလင်းကို ဖြတ်လျက် အိုထရာနိုတောရိုးစပ်သို့ ချဉ်းသွားသော ကွင်းပြင်ကြီးထဲသို့ ဖြတ်စီးလာခဲ့လေသည်။ မြို့စားကြီးရော့စတော့ဗ်၏ ဗီဖလျန်ကာအမည်ရှိ ရွှေပုပ်ရောင်မြင်းလားကြီးကိုမူ မြို့စားကြီး၏ မြင်းထိန်းက ဆွဲ၍ လာခဲ့လေသည်။ မြို့စားကြီး ကိုယ်တိုင် မှာမူကား မိမိစောင့်ရမည့်တာသို့ နှစ်ဘီးတပ် ရထားဖြင့် ထွက်ခွာသွားပြီး ဖြစ်လေသည်။

နီကိုလေတို့ အုပ်စုနှင့်အတူတောလိုက်ခွေးငါးဆယ့် လေးကောင်၊ တောလိုက်အစေခံနှင့် တောခြောက်မုဆိုး ခြောက်ဦးပါရှိ၏။ အိမ်သားများအပြင် ခွေးဝံပုလွေ အကောင် လေးဆယ်ကျော်နှင့် ခွေးဝံပုလွေထိန်း ရှစ်ဦး လည်း ပါရှိသေးရာ အိမ်သားများပိုင် ခွေးဝံပုလွေများနှင့် ဆိုပါလျှင် တောလိုက်အုပ်စုတွင် တောလိုက်ခွေးပေါင်း တစ်ရာသုံးဆယ်ခန့်နှင့် တောလိုက်သူပေါင်း နှစ်ဆယ်ခန့် ပါရှိလေသည်။

တောလိုက်ခွေးတိုင်း မိမိသခင်ကို ကောင်းစွာ သိကြ၍ ၎င်းတို့သခင်၏ ခေါ်သံကို မှတ်မိကြသကဲ့သို့ တောလိုက် သူတိုင်းမှာလည်း မိမိ၏အလုပ်၊ မိမိ၏တာ၊ မိမိ၏လုပ်ငန်းကို ကောင်းစွာသိပြီးဖြစ်ကြ၏။ တောလိုက် အုပ်စုသည် ခြံစည်းရိုးကို ကျော်မိသည်နှင့်တစ်ပြိုင်နက် လမ်းဘေးတစ် ဖက်တစ်ချက်ကွင်းထဲသို့ အုပ်စုခွဲ၍ အသီးသီးဖြန့်ဆင်းလာ ခဲ့ကြပြီးနောက် အိုထရာနိုတောရိုးဆီသို့ ရှေးရှုလာခဲ့ကြ လေသည်။

မြင်းများသည် ထူထဲလှသော ကော်ဇောကြီးပေါ်တွင် ပြေးနေသကဲ့သို့ စိမ်းလန်းလျက်ရှိသော ကွင်းပြင်ကြီးထဲ၌ ပြေးလျက်ရှိကြပြီး လမ်းကူးသို့ရောက်၍ ချိုင့်များ ကျင်းများ၊ ရေအိုင်များကို ဖြတ်ရသောအခါ၌ ရွှံ့ရေများသည် တဗွမ်းဗွမ်းစဉ်လျက်ရှိ၏။ နှင်းမှုန်တို့ဖြင့် မှိုင်းအုံ့နေသော ကောင်းကင်ကြီးမှာ မြေကြီးပေါ်သို့ တအိအိ ပြိုဆင်းလာနေသကဲ့သို့ထင်ရလျက် လေကလည်း ငြိမ်သက်လျက်ရှိ၏။ တစ်ခါတစ်ရံ၌ တောလိုက်မုဆိုးတို့၏ လေချွန်သံ၊ မြင်း၏ အသက်ရှူသံ၊ ကြာပွတ်ရိုက်သံ၊ တောလိုက်ခွေး အူသံများကို ကြားရတတ်၏။

ဤသို့ဖြင့် အိုထရာနိုတောရိုးဘက်သို့ စီးလာကြ၍ ငါးရာတွင်းခန့်အရောက်တွင် မိမိတို့တောလိုက် အုပ်စု အနီးသို့ ကပ်လာသော အခြားတောလိုက် အုပ်စုတစ်စုကို နှင်းများကြားမှ ဘွားခနဲမြင်လိုက်ရ၏။ ထိုအုပ်စုတွင် မြင်းကိုယ်စီဖြင့် လူငါးယောက်ပါရှိ၍ တောလိုက်ခွေး များလည်း ပါလာလေသည်။ ထိပ်ဆုံးတွင် ကျန်းမာ သန့်ရှင်းဟန်ရှိ၍ ရှည်လျားသော ငွေရောင်မုတ်ဆိတ်မွေး များဖြင့် ခန့်ညားသော လူကြီးတစ်ဦးက ခေါင်းဆောင် လာလေသည်။

"မင်္ဂလာနံနက်ပါ ဦးတော်ခင်ဗျာ" နီကိုလေက



www.burmeseclassic.com

ထိုလူကြီးကို လှမ်း၍ နှုတ်ဆက်လိုက်သည်။

"အို ဒီလိုမှပေါ့။ ဟုတ်လိုက်လေကွယ်။ လာ လာ။ ဦးတော် အထင်သားပဲ" ဦးတော်က ပြန်၍ ပြောလိုက်၏။ (ဦးတော်မှာ နီကိုလေတို့နှင့် ဆွေနီးမျိုးစပ် တော်လျက် အနည်းငယ် နွမ်းပါးသူ တစ်ဦးဖြစ်သည့်ပြင် အိမ်နီးနားချင်းလည်း ဖြစ်ပေ၏။) "ဒီလောက်ရာသီဥတု ကောင်းရင် တူတော်မောင် ဘယ်နည်းနဲ့မှ တောလိုက် မထွက်ဘဲ မနေနိုင်ဘူးလို့ ဦးတော်ယူဆပြီးသားကွယ့်။ ဟန်လိုက်လေကွယ်။ ဒီလိုမှပေါ့။ လာ လာ။ (ဤအသုံး အနှုန်းမှာ ဦးတော်မကြာခဏသုံးသည့် အသုံးအနှုန်းဖြစ် သည်။) လာ လာ တာရိုးကို မြန်မြန်ရောက်အောင်စီးမှ။ အီလျာဂင်တို့လူစုလဲ တောလိုက်ခွေးတွေ တစ်အုပ်နဲ့ ထွက်လာပြီ ပြောတယ်။ ဒီလိုမှပေါ့။ ဟုတ်လိုက်လေကွယ်။ ဦးတော်တို့ နောက်ကျရင်တော့ အီလျာဂင်တို့လူစုက ရှိသမျှတောကောင်တွေကို အကုန်သိမ်းသွားလိမ့်မယ်"

"အို ဟုတ်လား၊ ကျွန်တော်တို့လဲ အဲဒီဘက်ကွင်း ကို သွားမလို့ပဲ။ ကျွန်တော်တို့ အုပ်နဲ့ ပေါင်းလိုက်ပါလား ဦးတော်ရဲ့"

နီကိုလေ၏ တောလိုက်ခွေးများနှင့် ဦးတော်၏ တောလိုက်ခွေးများကို တစ်အုပ်တည်း ပေါင်းလိုက်ပြီး နောက် နီကိုလေနှင့် ဦးတော်သည် အတူယှဉ်၍ စီးလာ ခဲ့ကြသည်။ နာတာရှာသည် ခေါင်းကို ပဝါဖြင့်သိုင်းပြီး အစနှစ်ဖက်ကို လည်ပင်းတွင် ရစ်သိုင်းထား၏။ သို့ရာတွင် စိတ်အားထက်သန်လျက်ရှိသောမျက်နှာနှင့် တောက်ပ ပြောင်လက်သော မျက်လုံးများကိုမူကား ဖုံးကွယ်ထား နိုင်ခြင်း မရှိချေ။ နာတာရှာသည် နီကိုလေနှင့် ဦးတော်ထံ သို့ မြင်းကို ဒုန်းစိုင်း၍ စီးလာ၏။ ၎င်း၏နောက်မှ ပီတာ၊ ပီတာ၏နောက်မှ တောလိုက်မုဆိုးမိုက်ကယ်နှင့် ၎င်း၏နောက်တွင်မူ နာတာရှာ၏ မြင်းထိန်းတို့ အသီးသီး လိုက်ပါလာကြလေ၏။ ပီတာသည် ပြုံးလျက်ရှိရာမှ ၎င်း၏ မြင်းကို ဇက်သတ်၍ ရပ်လိုက်သည်။ နာတာရှာကား အာရပ်မြင်းနက်ကြီးပေါ်တွင် သက်သောင့်သက်သာ ထိုင် လိုက်လာကာ ဇက်ကို ခပ်မြဲမြဲဆုပ်၍ ကျွမ်းကျင်စွာ စီးလာလေသည်။

ဦးတော်သည် တောလိုက်ရာသို့ နာတာရှာနှင့် ပီတာလိုက်လာခြင်းကို မနှစ်သက်ဟန်ဖြင့် ကြည့်လိုက်၏။ ဦးတော်သည် ခက်ခက်ခဲခဲ အမဲလိုက်ရခြင်းကို အလုပ်ကိစ္စ ကြီးတစ်ခုအဖြစ် အရေးတကြီးထားသူ ဖြစ်သည့်အလျောက် ခပ်ပေါ့ပေါ့အပျော်အပါးကိစ္စသဖွယ် သဘောထားခြင်းကို မကြိုက်ချေ။

"မင်္ဂလာနံနက်ပါ ဦးတော်။ ကျွန်တော်တို့လဲ တောလိုက်မလို့ခင်ဗျ" ပီတာက နှုတ်ဆက်လိုက်သည်။

"အေး၊ မင်္ဂလာနံနက်ခင်းပဲကွ။ ဟော့ တောလိုက် ခွေးတွေရဲ့ ရှေ့ကတော့ ဖြတ်မစီးကြနဲ့နော်" ဦးတော်က မျက်နှာထားတည်တည်ဖြင့် သတိပေးလိုက်၏။

"ကိုကိုရေ ထရွန်နီလာကြီးက သိပ်လှတဲ့ခွေးကြီး နော်။ အံမယ် နာတာရှာကိုလည်း မှတ်မိတယ်ကိုကိုရေ့" နာတာရှာက ၎င်းအနှစ်သက်ဆုံး ခွေးကြီးကို ရည်ရွယ်၍ ပြောလိုက်၏။

အမှန်အားဖြင့် ထရွန်နီလာသည် အိမ်ခွေးမျိုး မဟုတ်ဘဲ ယုန်လိုက်ခွေးမျိုးဖြစ်၏။ နီကိုလေသည် နာတာရှာအားဘေးသို့ ရှောင်စေလိုသည့် သဘောဖြင့် မည်သို့မျှ ပြန်၍ မပြောဘဲ မျက်နှာထားတင်း၍ ကြည့်လိုက်သည်။ နီကိုလေ၏ စိတ်ကို နာတာရှာကလည်း ရိပ်မိလိုက်၏။

"နာတာရှာတို့ ဝင်မရှုပ်ပါဘူး ဦးတော်ရဲ့။ နာတာရှာတို့ တာထိပ်ကို သွားပြီးစောင့်နေမှာပါ" နာတာရှာက ဦးတော်ကို လှမ်းပြောလိုက်သည်။ "အေး ကောင်းတယ်။ မြင်းပေါ်ကလဲ လိမ့်ကျနေဦးနော်၊ ဒီလိုမှပေါ့။ ဟုတ်လိုက်လေကွယ်"

နီကိုလေတို့ တစ်သိုက်သည် သဲကန္တာရကြီး၏ အလယ်တွင်တည်ရှိသော အိုအေစစ်ကလေးတစ်ခုသဖွယ် ရိုးပြတ်ကွင်းများ အလယ်၌အထီးတည်းရှိနေသော အိုထရာ နီတောရိုးကလေးအနီးသို့ ရောက်လာခဲ့ကြလေပြီ။

နီကိုလေသည် တောလိုက်ခွေးများအား မည်သို့ နေရာချထားရမည်ကို ဦးတော်နှင့် တိုင်ပင်ပြီးနောက် နာတာရှာကို မည်သည့်သားကောင်မျှ လာနိုင်မည် မဟုတ် သောနေရာတွင် အစောင့်ခိုင်းပစ်ခဲ့ကာ ချောက်ကမ်းပါး လေးတစ်ခုပေါ်သို့ တက်လာခဲ့ကြ၏။

"ဘယ့်နှယ်လဲ တူတော်မောင်။ ဝံပုလွေမကြီးကို ဖမ်းမလို့လား။ တူတော်မောင့် တာကတော့ လွတ်ထွက် မသွားစေနဲ့ကွယ့်နော်" ဦးတော်က ပြောလိုက်သည်။



www.burmeseclassic.com

"ကြည့်သေးတာပေါ့ ဦးတော်" နီကိုလေက ပြန်ပြော၍ ၎င်း၏ ကာရေအမည်ရှိ ခွေးဝံပုလွေကြီးကို ခေါ်လိုက်သည်။ ကာရေကား အမွေးပွပွဖားဖားရှည်ရှည်နှင့် ခွေးကြီးတစ်ကောင်ဖြစ်၍ ဝံပုလွေကြီးများကို ခဲရာတွင် တစ်ကောင်တည်း အနိုင်ကိုက်နိုင်သည်ဟု နာမည်ကြီးလှ၏။ သို့ဖြင့် တောလိုက်သမားများသည် ကိုယ့်တာဝန်နှင့်ကိုယ် နေရာယူပြီး ဖြစ်ကြသည်။

မြို့စားကြီး ရော့စတော့ဗ်သည် သားနီကိုလေ၏ အမဲလိုက်ဝါသနာထုံခြင်းကို ကောင်းစွာ သိထားသူပီပီ မိမိ၏တာသို့ ခပ်စောစော ရောက်ရန်နှစ်ဘီးတပ် ရထားပက်လက်ကလေးကို အပြေးမောင်းလာခဲ့၏။ မိမိစောင့်ရမည့်တာသို့ မြင်းနက်ကြီးများဆွဲသော နှစ်ဘီးတပ်လှည်းကလေးရောက်ရှိ၍ လှည်းကလေးပေါ်မှ နီမြန်းသောမျက်နှာ တုန်ယင်နေသော ပါးစုန့်ကြီးများဖြင့် မြို့စားကြီး ရော့စတော့ဗ် ဆင်းလာသည့်အချိန်၌ တောလိုက်မုဆိုးများပင် ရောက် မလာကြသေးချေ။ မြို့စားကြီး စောင့်ရမည့်တာကား ဝံပုလွေ ထွက်လာနိုင်သည့်နေရာဖြစ်ပေ၏။ မြို့စားကြီးသည် တွန့်ကြေနေသော မိမိ၏ဝတ်စုံအင်္ကျီကို ဆွဲဆန့်ပြီးနောက် ခါးတွင် တောလိုက်ဓားကောက်နှင့် ခရာကို ချိတ်လိုက်၍ မိမိကဲ့သို့ မွေးဆံများ ဖြူစပြုပြီဖြစ်သော ပြောင်ချောဝဖီးနေသည့် ဗီဖလျန်ကာအမည်ရှိ အမျိုးကောင်းမြင်းကြီးပေါ် သို့တက်လိုက်၏။ နှစ်ဘီးတပ် ရထားကလေးနှင့်မြင်းများ ကိုကား စံအိမ်သို့ ပြန်ပို့ လိုက်ပြီဖြစ်လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ပင်ကိုအားဖြင့် ဝါသနာကြီးလှသော တောလိုက်သမားတစ်ဦး မဟုတ်သော်လည်း တောလိုက်ခြင်း၏ စည်းကမ်းဥပဒေများကို ကောင်းစွာ နားလည်သူ ဖြစ်၏။ မြို့စားကြီးသည် မိမိစောင့်ရမည့် တာရှိရာ တောစပ်ရှိ ဖြုတ်တောကလေးများအနီးသို့ စီးလာခဲ့ပြီးနောက် ဇက်များကို အဆင်သင့်ပြင်၍ ကိုင်ထားကာ ကုန်းနှီးပေါ်တွင် နေသားတကျဖြစ်အောင် ပြင်ထိုင်လိုက်သည်။ ရုတ်တရက် ပေါ်လာသော သားကောင်နောက်သို့ လိုက်ရန် မိမိကိုယ်ကို အဆင်သင့်ပြင်ဆင်ပြီးသည့်အခါကျမှ ကျေနပ် စွာပြုံးလျက် ဘေးပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လျက် ရှိလေသည်။

မြို့စားကြီးနှင့်အတူ လိုက်ပါလာသူမှာ မြို့စားကြီး၏ ကျွန်ယုံတော် ဆီမွန်ဖြစ်၏။ ဆီမွန်မှာ ငယ်ငယ်က မြင်းစီးကောင်းတစ်ယောက်ဖြစ်သော်လည်း ယခုအချိန်တွင်ကား ကုန်းနှီးပေါ်တွင် အလိုက်သင့်ပင် ထိုင်၍ မရတော့ဘဲ ခပ်တောင့်တောင့် ဖြစ်လျက်ရှိလေပြီ။ ဆီမွန်သည် ကြောက်စရာကောင်းလှသော ခွေးဝံပုလွေကြီးသုံးကောင်ကို ကြိုးဖြင့်ချည်၍ ဆွဲထား၏။ ခွေးဝံပုလွေကြီးများမှာလည်း ၎င်းတို့သခင်နှင့် ၎င်းတို့သခင်၏ မြင်းကြီးကဲ့သို့ ဝဖီးပြောင်ချောလျက်ရှိကြ၏။ ခွေးလိမ္မာနှစ်ကောင်ကိုကား ကြိုးမချည်ဘဲ လွှတ်၍ ထား၏။ တောစပ်အနီး ၎င်းတို့နှင့် အလှမ်းတစ်ရာလောက်ဝေးသည့်နေရာတွင်မူ မြို့စားကြီး၏ မြင်းထိန်းတစ်ဦးဖြစ်သော မစ်ကာ ရှိ၏။ မစ်ကာမှာ ဒုန်းစီးကောင်းသူဖြစ်လျက် တောလိုက်ခွေးအခြောက်ကောင်းသူတစ်ဦးလည်း ဖြစ်သည်။ တောလိုက်ခြင်းမပြုမီတွင် ရှေးထုံးစံအတိုင်း မြို့စားကြီး ရော့စတော့ဗ်က ငွေခွက်ဖြင့် ဂျုံအရက်တစ်ခွက်ကို သောက်လိုက်ပြီးနောက် ပေါင်မုန့်တစ်ချပ်ကို ဝါးလိုက်၏။ ထို့နောက်မှ ဘော်ဒိုးအမည်ရှိ ၎င်း၏အသည်းစွဲပြင်သစ်အရက်ချိုတစ်ပိုင်းဖြင့် မျှောချလိုက်သည်။

မြို့စားကြီးရော့စတော့ဗ်မှာ အရက်ရှိန်ကြောင့်တစ်ကြောင်း၊ ခရီးပြင်းနှင်လာသည့်အတွက်ကြောင့်တစ်ကြောင်း မျက်နှာနီရဲလျက်ရှိ၏။ မျက်လုံးများမှာ စွတ်စိုလျက်ရှိ၍ ခါတိုင်းထက်တောက်ပလျက်ရှိလေသည်။ ကုန်းနှီးပေါ်တွင်ထိုင်လျက် သားမွေးအင်္ကျီကို ဝတ်ထားသော မြို့စားကြီးကို ကြည့်ရသည်မှာ လေကောင်းလေသန့်ရရန် အပြင်သို့ထုတ်လာသော ကလေးငယ်တစ်ယောက်နှင့်ပင် တူလှပေ၏။

ခပ်ပိန်ပိန်၊ ပါးရိုးကျကျနှင့် ကျွန်ယုံတော်ကြီးဆီမွန်သည် အားလုံး အဆင်သင့်ဖြစ်သည်နှင့် တစ်ပြိုင်နက်နှစ်ပေါင်းသုံးဆယ်မျှ ခစားခဲ့သောမိမိ၏သခင်ကြီးကို လှမ်းကြည့်လိုက်ပြီးနောက် သခင်ကြီး၏ အရိပ်အကဲကို ကောင်းစွာနားလည်လိုက်ကာ ထွေရာလေးပါး စကားပြောရန် စောင့်ဆိုင်းလျက်ရှိ၏။ ဤအခိုက် တောအုပ်ထဲမှ သတိကြီးစွာဖြင့် မြင်းစီးလာသူတစ်ယောက် (သတိကြီးစွာ ထား၍ မြင်းစီးလာပုံကို ထောက်ခြင်းအားဖြင့် တောလိုက်ခြင်းတွင် ယဉ်ပါးနေသူတစ်ယောက်ဖြစ်ကြောင်း သိသာပေသည်။) ပေါ်လာကာ မြို့စားကြီး၏နောက်ပါး၌ ရပ်လိုက်သည်။ ထိုလူမှာ မိန်းမဝတ်ရုံကြီးကို ခြုံလျက် ဦးထုပ်ပြားကလေးကို ဆောင်းထားသော မုတ်ဆိတ်ဖြူဖြူနှင့် အသက်ခပ်ကြီးကြီး



www.burmeseclassic.com

 www.burmeseclassic.com 

လူတစ်ယောက်ဖြစ်၏။ ထိုသူကား နာစတာစယာ အိုင်ဗင်နိုဗာ ဟူသော မိန်းမအမည်ကို ခံယူထားသည့် ပျော်တော်ဆက်*တစ်ဦးဖြစ်လေသည်။

"အလို၊ အိုင်ဗင်နိုဗာပါလားဗျ။ နေကောင်းရဲ့နော်။ ခင်ဗျားကြောင့် တောကောင်တွေ ထွက်ပြေးကုန်ရင်တော့ ကျုပ်ရဲ့ တောလိုက်မုဆိုးဒင်နီယယ်က ခင်ဗျားကို ရန်ရှာလိမ့်မဗျ"မြို့စားကြီးက မျက်စိတစ်ဖက်မှိတ်၍ ပြောလိုက်၏။

"သိပါတယ် သခင်ကြီး" အိုင်ဗင်နိုဗာက ပြန်ပြောလိုက်သည်။

"ဗျို့၊ ခဏနေစမ်း" မြို့စားကြီးက ခပ်တိုးတိုး ပြောကာ ဆီမွန်ဘက်သို့လှည့်၍

"ဟေ့ ဆီမွန်၊ သမီးတွေး နာတာရှာကော၊ ဘယ်နားရောက်နေသလဲဟေ့"

"သခင်မကလေးဟာ ပီတာနဲ့အကူဇာရော့မြက်ရှည်တောနားမှာ ရှိပါတယ် သခင်ကြီး။ သခင်မကလေးက မိန်းကလေးသာ ဆိုရတယ်၊ တောလိုက်တော်တော် ဝါသနာပါတယ်နော သခင်ကြီး" ဆီမွန်က ပြုံး၍ ပြောလိုက်၏။

"သမီး မြင်းစီးတာကကော ကြည့်မကောင်းဘူးလားကွယ့်။ ယောကျ်ားကြီးတစ်ယောက်လောက် မြင်းစီးကောင်းတယ်နော" မြို့စားကြီးက ပြောလိုက်သည်။

"မှန်ပါ။ အံ့သြစရာပါပဲသခင်ကြီး။ သခင်မလေး မြင်းစီးပုံက ရဲလဲရဲတယ်။ သက်သောင့်သက်သာလဲရှိတယ်"

"နီကိုလေကော ဘယ်နားမှာလဲ။ ဟိုဘက်က လျာဒေါ့ကမူလေးနားမှာလားဟေ့"

"မှန်ပါတယ် သခင်ကြီး။ သခင်လေးကတော့ တောကောင် ဘယ်နေရာက ထွက်မယ်ဆိုတာ သိပြီးသားပါ သခင်ကြီး။ တစ်ခါတလေများ ဒင်နီယယ်တို့ ကျွန်တော်တို့တစ်တွေတောင် အံ့သြလောက်အောင်ကို တောလိုက်ကျွမ်းပါတယ် သခင်ကြီး" ဆီမွန်က သူ့သခင်မြို့စားကြီး၏ ကြိုက်လုံးကို ပြောလိုက်၏။

"မြင်းစီးကလဲ ကျွမ်းသကိုး။ မြင်းပေါ်ထိုင်ပုံက အစ လှတာပဲ"

"မှန်ပါ။ ကြည့်လို့ အလွန်ကျက်သရေရှိပါတယ် သခင်ကြီး။ တစ်နေ့တုန်းကများ ဇာဗရင့် တောစပ်မြက်ရှည်တောထဲက မြေခွေးတစ်ကောင်ကို လိုက်ဘာဟာ သခင်ကြီး မမြင်ရသေးလို့ခင်ဗျ။ အိုး၊ တောစပ်ကအထွက် ရှေ့က တောကောင်ကအပြေး၊ နောက်က သူက အလိုက်။ ကြည့်လို့ လှလိုက်ပုံများ ဘယ်ပြောကောင်းမလဲ။ မြင်းကလဲ ငွေဒင်္ဂါးကစ်ခထောင်လောက်ပေးရတဲ့ မြင်းကောင်း။ စီးတဲ့လူကလဲ တန်ဖိုးမဖြတ်နိုင်တဲ့ သခင်ကလေးဆိုတော့ ကြည့်လို့ ကယ်ပန်ရပေတာပဲ။ ဒီလို ပန်ရတဲ့ သခင်နဲ့ မြင်းတော့ ကမ္ဘာမှာ ရှာလို့တောင် တွေ့မယ် မထင်မိဘူး ခင်ဗျ"

"အိမ်း၊ ကမ္ဘာမှာရှာလို့ မတွေ့နိုင်ဘူးတဲ့" မြို့စားကြီးက လိုက်၍ ဆိုလိုက်သည်။ မြို့စားကြီးသည် ဤစကားလုံးကို နောက်တစ်ခါ ထပ်၍ ကြားချင်နေသည်။ "ကမ္ဘာမှာရှာလို့မတွေ့ဘူးတဲ့"မြို့စားကြီးသည် တစ်ယောက်တည်း ထပ်၍ ရွတ်လိုက်ပြီးနောက် ဝတ်စုံအင်္ကျီအိတ်ကို နှိုက်ကာ သူ့ဆေးဘူးကို စမ်းနေသည်။

"တစ်နေ့ကလဲ တပ်ဗိုလ်ဝတ်စုံနဲ့ မြင်လိုက်ရတာ" ဆီမွန်သည် စကားကို ဆုံးအောင် မပြောနိုင်တော့ချေ။ စကားပြောနေစဉ်၌ တောလိုက် အချက်ပေး ခရာသံသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောလေထုကို ဖောက်ထွင်း၍ ပေါ်လာ၏။ မရှေးမနှောင်းမှာပင် တောလိုက်ခွေးကြီးသုံးကောင်သည် လျှာကြီးတွေ ပြူတစ်ပြူတစ်နှင့် ပေါ်လာကြသည်။ ဆီမွန်သည် ခေါင်းကို အောက်စိုက်၍ နားစွင့်လိုက်ပြီးနောက် မြို့စားကြီးဘက်သို့လှည့်၍

"ဒီကောင်ကြီးတွေ ဝံပုလွေပေါက် အနံ့ရပြီ သခင်ကြီး။ လျာဒေါ့ကမူကလေး အနားတစ်ဝိုက်မှာ ရှိပုံရတယ်"

မြို့စားကြီးရော့စတော့ဗ်သည် မိမိ၏ မျက်နှာပေါ်မှ အပြုံးကြောကို ဖြေရန်ပင် သတိမရတော့ဘဲ ရှူဆေးဘူးကို ကိုင်ထားရာမှ မိမိရှေ့တူရူရှိ မြေနိမ့်လွင်ပြင်ကလေးကို စီး၍ ကြည့်နေသည်။ အဝေးဆီမှ တောလိုက်ခွေးများ၏ ဟောင်သံများနှင့်တကွ ဒင်နီယယ်၏ သားကောင်မြူသော ခရာသံကို ကြားရ၏။ ထို့နောက်၌ တောလိုက်ခွေးကြီးသုံးကောင်နောက်သို့ အခြားတောလိုက်ခွေးများလည်း တစ်အုပ်တည်းစုပြုံလိုက်လာကြပြီးနောက် အူသံပေးလာ

* ရုရှားမြေပိုင်ရှင်များသည် ၎င်းတို့ မိသားစုများအတွက် အပျင်းပြေရန် ပျော်တော်ဆက်များ ထားလေ့ရှိ၏။



www.burmeseclassic.com

ကြလေရာ ထိုအူသံကို ကြားရခြင်းအားဖြင့် တောလိုက်ခွေးများသည် ဝံပုလွေတစ်ကောင်၏နောက်သို့ လိုက်နေခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။ တောခြောက်သူများမှာလည်း တောလိုက်ခွေးများနောက်သို့ မလိုက်တော့ဘဲ တောခြောက်သံပေးစပြုကြလေသည်။ ဒင်နီယယ်၏အသံအောနှင့် အသံစူးပေါင်းစပ်ထားသောအသံကား အကျယ်ဆုံး ဖြစ်ပေ၏။ ဒင်နီယယ်၏အသံသည် တစ်တောလုံးကို လွှမ်းသွားရုံမျှသာမက ရိုးပြတ်ကွင်းပြင်ဘက်သို့ပင် ဟိန်း၍ ထွက်လာလေသည်။

မြို့စားကြီးရောစတော့ဗ်နှင့် ၎င်း၏တပည့်ဆိမွှန်တို့သည် အတန်ကြာမျှ တိတ်ဆိတ်စွာနားစွင့်လျက် ရှိကြ၏။ အတန်ကြာသောအခါ တောလိုက်ခွေးများသည် အုပ်စုနှစ်စုခွဲသွားသည်ကို မြင်လိုက်ရ၏။ ကောင်ရေများသော ခွေးအုပ်ကြီး၏အသံမှာ တဖြည်းဖြည်းဝေး၍ ပျောက်သွားပြီး အခြားအုပ်တစ်အုပ်မှာ တောစပ်မှ ထွက်လာကာ မြို့စားကြီးရောစတော့ဗ်တို့ ရပ်နေသည့်နေရာနှင့် မလှမ်းမကမ်းမှ ဖြတ်သွားလေသည်။ ဒင်နီယယ်သည် ထိုခွေးအုပ်ကို မောင်းလာ၏။ ခွေးအုပ်နှစ်အုပ်၏အသံသည် ရောထွေးသွားပြီးနောက် အတန်ကြာသောအခါ တခြားစီကွဲသွားကြပြီးအဝေးတွင် ပျောက်ကွယ်သွားလေသည်။

ဆိမွှန်သည် သက်ပြင်းကို ချလိုက်၍ ခွေးဝံပုလွေတစ်ကောင်တွင် ချည်ထားသည့်ကြိုးကို ခပ်တင်းတင်းကလေးဆွဲလိုက်သည်။ မြို့စားကြီးကလည်း သက်ပြင်းချလိုက်ရမှ မိမိလက်ထဲတွင် ကိုင်ထားသည့် ရှူဆေးဘူးကို သတိရလာကာ ရှူလိုက်သည်။ ဆိမွှန်သည် တောထဲမှ ထွက်လာသော ခွေးဝံပုလွေတစ်ကောင်ကို မြင်သည်နှင့် တောထဲသို့ပြန်၍ ခြောက်ထုတ်လိုက်ရ၏။ မြို့စားကြီးသည် လန့်ဖျပ်ကာ ရှူဆေးဘူးကို လွှတ်ချလိုက်လေရာ အိုင်ဗင်နီဗာက ဆင်း၍ ကောက်ပေးလိုက်၏။ မြို့စားကြီးနှင့် ဆိမွှန်သည် အိုင်ဗင်နီဗာကို ငေးကြည့်နေကြသည်။

ထိုအခိုက် တောလိုက်ရာတွင် မကြာခဏ ကြုံတွေ့ရတတ်သည့်အတိုင်း တောခြောက်သံများသည် ဝေးရာမှ နီး၍လာကြပြန်သည်။ ရှေ့နားဆီမှ ဒင်နီယယ်၏ တောပေးသံနှင့် တောလိုက်ခွေးများ၏အော်သံများ ပေါ်ထွက်လာ၏။

မြို့စားကြီးသည် လက်ယာဘက်တွင် ရပ်နေသော မစ်ကာကို ကြည့်လိုက်၏။ မစ်ကာသည် ဦးထုပ်ပြား ကလေးကို ကိုင်၍ ရှေ့ဆီသို့ ညွှန်ပြလိုက်ပြီး "ဒီဘက်ကို ဝင်လာပြီသခင်ကြီး။ ဒီဘက်ကိုဝင်လာပြီ"ဟု အားရဝမ်းသာအော်ကာ ခွေးဝံပုလွေကြီးကို ကြိုးမှဖြေ၍ လွှတ်လိုက်ပြီးနောက် မြို့စားကြီးထံသို့ ဒုန်းစိုင်း၍ လာလေသည်။ မစ်ကာကား တောကောင်ဝင်လာသည့်အတွက် ဝမ်းသာလျက်ရှိပေပြီ။

မြို့စားကြီးနှင့်ဆိမွှန်သည် တောစပ်မှ ထွက်၍ မြင်းကို ဒုန်းစိုင်းလာခဲ့လေရာ မိမိတို့၏လက်ဝဲဘက်ဆီ၌ ဝံပုလွေတစ်ကောင် မိမိတို့တာဆီသို့ ပြေးဝင်လာနေခြင်းကို မြင်လိုက်ရ၏။ မာန်ဖီလျက်ရှိသော ခွေးဝံပုလွေကြီးသည် ကြိုးမှဖြေ၍ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းများရှေ့မှဖြတ်ကာ ဝံပုလွေနောက်သို့ တစ်ဟုန်ထိုးပြေးလိုက်သွားလေသည်။

ဝံပုလွေသည် ရပ်တန့်လိုက်ကာ လည်ချောင်းရောင်ရောဂါဝေဒနာကို ခံစားနေရသူတစ်ယောက်ကဲ့သို့ ကြီးမားလှသောခေါင်းကြီးကို မလှည့်သာလှည့်သာ လှည့်၍ နောက်မှ လိုက်လာသောခွေးအုပ်ကြီးကို ကြည့်လိုက်ပြီးနောက် နှစ်ဆွသုံးဆွ ခုန်လိုက်ကာ အမြီးကို ယမ်းလျက် တောစပ်တွင် ဝင်ရောက်ပျောက်ကွယ်သွား၏။ ထိုခဏ၌ မျက်နှာချင်းဆိုင် တောအုပ်ထဲမှ တောလိုက်ခွေးအူသံ တစ်သံပေါ်လာကာ ထိုနောက်မှ တစ်ကောင်ပြီးတစ်ကောင် အူလိုက်သော တောလိုက်ခွေးများ၏အသံများမှာ တစ်တောလုံး ဆူညံသွားတော့လျက် များပြားလှသော တောလိုက်ခွေးအုပ်ကြီး တစ်အုပ်သည် ကွင်းပြင်ကြီးကိုဖြတ်ကာ ဝံပုလွေဝင်ရောက်ပျောက်ကွယ်သွားသော တောစပ်ဆီသို့ ထက်ကြပ်လိုက်၍ သွားသည်ကို မြင်ရပြန်သည်။ တောလိုက် ခွေးများသည် ချုံများကို တိုး၍ လိုက်သွားကြလေရာ ချုံများမှာ ဒိုးယိုပေါက်ကြီးဖြစ်လျက် ကျန်ရစ်ခဲ့ကြ၏။ ထိုခွေးအုပ်ကြီးနောက် မလှမ်းမကမ်းမှ ချွေးများစိုရွှဲ၍ ပြောင်လက်လျက်ရှိသော ဒင်နီယယ်၏ ဖောင်းဝတ်ရောင် မြင်းကြီးလိုက်လာလေသည်။ မြင်းကြီးပေါ်၌ကားဒင်နီယယ်သည် ဆံပင်ဖရိုဖရဲ ချွေးတလုံးလုံး မျက်နှာနီရဲလျက် လိုက်ပါလာ၏။

ဒင်နီယယ်က သံရှည်ဆွဲ၍ တောသံပေးလိုက်ပြန်သည်။ မြို့စားကြီးကို မြင်လိုက်သည်နှင့် ၎င်း၏မျက်လုံးများသည် ဝင်းဝင်းတောက်လာကြ၏။



www.burmeseclassic.com

"သခင်ကြီး၊ လိုက်ပါခင်ဗျ သခင်ကြီး" ဒင်နီယယ်က ကြာပွတ်ကိုမြှောက်၍ ပြောလိုက်သည်။

"ဟင်း၊ ဒါနဲ့များ တောလိုက်ချင်သေးတယ်။ ကိုယ့်တာထဲ ဝင်လာတဲ့ ဝံပုလွေတစ်ကောင်ကိုတောင် မိအောင်မဖမ်းနိုင်ဘူး" ဒင်နီယယ်သည် သားကောင် မိမိတာက ထွက်သွားသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်နေသော မြို့စားကြီးကို ကြည့်၍ မကြားအောင် ခပ်လျော့လျော့ကလေးပြောလိုက်ပြီးနောက် မြို့စားကြီးကို ဒေါပွပွဖြင့် ချွေးသံစို့ရွှဲကာ ပိန်လိုက်ဖောင်းလိုက် ဖြစ်နေသော ဖောင်းဝတ်ရောင်မြင်းလားကြီး၏ တင်ပါးကို တရွှမ်းရွှမ်းမြည်အောင် ကြိမ်သွင်းရင်း တောလိုက်ခွေးများနောက်သို့ ဒုန်းစီး၍ လိုက်သွားလေသည်။ မြို့စားကြီးသည် ဒဏ်ပေးခံရသော ကျောင်းသားသူငယ်ကဲ့သို့ ကြိုးစား၍ ပြုံးလိုက်ရင်း အကူအညီ တောင်းသည့်သဘောဖြင့် ဆီမွန်ကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ဆီမွန်မှာ နဂိုနေရာမှာ မရှိတော့ချေ။ အခြားတောလိုက်မုဆိုးများကဲ့သို့ ချုံတောများကို ကွေ့ပတ်ကာ ဒုန်းရိုက်စီးလျက် ဝံပုလွေ၏နောက်သို့ လိုက်သွားပြီ ဖြစ်လေသည်။ ဝံပုလွေမှာလည်း တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

## အခန်း ၅

ဤအတောအတွင်း၌ နီကိုလေသည် ၎င်း၏တာထိပ်တွင် ရပ်၍ ဝံပုလွေကိုစောင့်လျက်ရှိလေသည်။ နီးသွားချည်၊ ဝေးသွားချည် ရှိနေသော တောလိုက်သမားများ၏ တောခြောက်သံများ၊ မိမိ၏နားတွင် ယဉ်ပါးနေပြီဖြစ်သော ခွေးအုပ်ကြီးများ၏ အော်သံများနှင့်တကွ တောရိုးထဲ၌ တစ်ချီတစ်ချီပေါ်လာသော တောလိုက်သူများကို ထောက်၍ နီကိုလေသည် တောအုပ်ဘက်ဆီ၌ ဖြစ်ပျက်နေသော အခြင်းအရာကို မှန်းဆကြည့်မိသည်။ ထိုတောရိုးတစ်ဖက်၌ ဝံပုလွေကြီးများနှင့် ဝံပုလွေကောင်ပေါက်ကလေးများ ကျက်စားလေ့ရှိကြရာ ဒင်နီယယ်တို့လူသိုက် တောလိုက်ခွေးများကို နှစ်အုပ်ခွဲ၍ လိုက်နေကြသည်ကို ကြည့်ခြင်းဖြင့် ၎င်းတို့သည် ဝံပုလွေကိုတွေ့ကာ နောက်မှ ထက်ကြပ်လိုက်နေကြပြီဟုလည်းကောင်း၊ ထိုသို့ ထက်ကြပ်လိုက်ရာမှ မျက်ခြည်ပြတ်သွားသဖြင့်လိုက်ရှာနေကြပြီဟုလည်းကောင်း နီကိုလေ သိလိုက်၏။ ဒင်နီယယ်တို့လူစု ခြောက်ထုတ်လိုက်သော ဝံပုလွေသည် မိမိစည်းထဲသို့ ဝင်လာဖွယ်ရာ ရှိသည်ဟု နီကိုလေ ယူဆ၏။ ထို့ကြောင့် ဝံပုလွေသည် မည်သည့်ဘက်က ထွက်လာလေမည်နည်း၊ ထိုအခါတွင် မိမိက မည်သို့ဖမ်းလိုက်မည်နည်းဟု စိတ်ကူးထုတ်လျက် ရှိလေသည်။ တစ်ခါတစ်ရံ၌လည်း မျှော်လင့်ချက် ကုန်ခန်းသွားကာ စိတ်အပျက်ကြီးပျက်သွားပြန်သည်။ ဝံပုလွေသည် မိမိတာဘက်သို့ ထွက်လာပါစေဟုလည်း မကြာမကြာ ဆုတောင်းမိသည်။ အသေးအဖွဲ့ကိစ္စကလေးကြောင့် စိတ်လှုပ်ရှားလျက်ရှိသူ တစ်ယောက်သည် မိမိ၏အဖြစ်ကို ရှက်သော်လည်း ဖုံးကွယ်ခြင်းငှာ မစွမ်းနိုင်ဘဲ တုန်လှုပ်လျက် ရှိမြဲရှိသကဲ့သို့ နီကိုလေသည်လည်း ရှက်စိတ်၊ တုန်လှုပ်ချောက်ချားစိတ် ရောပြွမ်းလျက်ရှိရာကာ ဝံပုလွေမိမိတာမှ ထွက်လာပါမည့်အကြောင်း ဆုတောင်းလျက်ရှိလေသည်။ 'ကိုယ်တော်မြတ်ကြီးအဖို့ ဤမျှလောက် ဆုကို ပေးရန်ခဲယဉ်းမယ် မထင်ပါဘူး ဘုရား။ ဒီလို ဆုတောင်းခြင်းဟာ အပြစ်ရှိသော်လဲ ဒီဆုကိုတော့ ပေးသနားတော်မူပါဘုရား။ ဝံပုလွေမကြီး တပည့်တော် စည်းထဲကို ဝင်လာအောင် စောင်မတော်မူပါဘုရား။ ဦးတော်ဟာ သူ့တောလိုက်ခွေးကြီးကို သိပ်ချီးမွမ်းလွန်းတဲ့အတွက် တပည့်တော်ရဲ့ ခွေးကြီး ကာရေနဲ့ ပြိုင်ချင်လို့ပါဘုရား။ ဘုရား သိကြားမလို့ တပည့်တော်ရဲ့ခွေး ကာရေကြီးဟာ ဦးတော်ရဲ့ ရှေ့မှာတွင် ဝံပုလွေကြီးကို ခုန်အုပ်ပြပါစေဘုရား။ ဒါမှ ဦးတော် သူ့ခွေးအကြောင်း မကြွားဘဲ နေမှာမို့လို့ပါဘုရား'

နီကိုလေသည် ၎င်း၏တာထိပ်တွင် နာရီဝက်မျှ ရပ်နေရင်း ဤသို့ ဆုတောင်းမိသည်။ ဆုတောင်းရင်းကလည်း ထိုမှထွက်လာနိုးနိုး၊ ဤမှထွက်လာနိုးနိုးဖြင့် တောစပ်တစ်လျှောက်ကို ဂနာမငြိမ် ကြည့်မိသည်။ ရေစပ်စပ်ရှိသောကြောင့် ရေတိုက်စား၍ လိုဏ်ကမ်းပါးများ ဖြစ်လျက်ရှိသည့် ရိုးကလေးတစ်ခု၏ထိပ်၌ကား အရွက်ဖားဖားနှင့် ဝက်သစ်ချပင်အိုကြီးနှစ်ပင် ပေါက်လျက်ရှိ၏။ ထိုအပင်ကြီးနှစ်ပင်အောက်၌လည်း ချုံနွယ်ပင်ကလေးများ ပေါက်လျက် ရှိလေသည်။ ဦးတော်၏ ဦးထုပ်ဆောင်းထားသော ခေါင်း သည် ချုံနွယ်များထိပ်မှ ပေါ်လာလေသည်။

'ဝံပုလွေ ငါ့ဆီမလာတော့ဘူး ထင်ပါရဲ့' နီကိုလေ



www.burmeseclassic.com

သည် စိတ်ပျက်စပြုလာ၏။ 'ငါဟာ စစ်တိုက်တဲ့ နေရာမှာလဲကံမကောင်း၊ ဖဲရိုက်တဲ့နေရာမှာလဲ ကံမကောင်း၊ အမဲလိုက်တဲ့နေရာမှာလဲ ကံမကောင်းပါကလား'

နီကိုလေသည် ဤသို့တွေးရင်း သြစတားလစ်တိုက်ပွဲနှင့် ဒိုလိုကော့ဗ်ကို အမှတ်ရလာ၏။

'ဒီပြင်နေရာတွေမှာ ကံမကောင်းချင် နေပါဘုရား၊ တစ်သက်မှာ တစ်ခါလောက် ဝံပုလွေမကြီးတစ်ကောင်လောက်တော့ ရအောင်လုပ်ပေးပါ'

နီကိုလေသည် နားကိုစွင့် မျက်လုံးကိုဖွင့်၍ ဝဲယာကို လှည့်ကြည့်မိ၏။ တောလိုက်ခွေးများ၏ အော်သံမှာ အနည်းငယ်အသံပြောင်းသွားသည်ကို သတိပြုလိုက်မိ၏။

တစ်ဖန် လက်ယာဘက်သို့ ပြန်ကြည့်လိုက်မိပြန်သည်။ လူသူကင်းရှင်းလျက်ရှိသော ကွင်းပြင်ကြီးထဲ၌ မည်းမည်းသဏ္ဌာန်တစ်ခုသည် မိမိ၏တာဘက်သို့ ထွက်လာခြင်းကို မြင်ရ၏။ 'ဟုတ်မှဟုတ်ရဲ့လား' ဟုတွေးမိရာက တစ်စုံတစ်ရာကို ကြာရှည်လေးမြင့်စွာ စောင့်စားနေရသူ တစ်ယောက်သည် မိမိမျှော်လင့်နေသော အရာကို မြင်ရသည်၌ ဟင်းခနဲ သက်မကြီးချ၍ ဘဝင်ကျသွားသကဲ့သို့ နီကိုလေသည် သက်မကြီးတစ်လုံးကို ချလိုက်သည်။ ဝံပုလွေကို မြင်သည့် အခါ၌ နီကိုလေ၏ ပျော်ရွှင်ခြင်းကား ဆိုဖွယ်မရှိတော့ပြီ။ နီကိုလေသည် မိမိ၏မျက်စိများကိုပင် မယုံနိုင်ဘဲ တစ်စက္ကန့်မျှ ကြက်သေသေ၍ ကြည့်နေမိသည်။

ဝံပုလွေသည် ကွင်းပြင်ဘက်သို့ ပြေးလာရာမှ ရှေ့တွင်ရှိသော ချောက်ဦးတိုကလေးတစ်ခုကို ခုန်လိုက်၏။ ဝံပုလွေမှာ ကျောမွဲမွဲဝမ်းဗိုက်နီနီဖြင့် ဝံပုလွေအိုတစ်ကောင်ဖြစ်သည်။ ဤအချိန်၌ ဝံပုလွေမှာ အန္တရာယ်ကင်းပြီဟု ယူဆသည့်ဟန်ဖြင့် တစ်ဟုန်ထိုးမပြေးတော့ဘဲ ခပ်မှန်မှန်သာ ပြေးလျက် ရှိလေသည်။ နီကိုလေသည် အသက်ကိုမျှ ပြင်းပြင်းမရှူရဲဘဲ မိမိ၏ခွေးဝံပုလွေများကို လှမ်းကြည့်လိုက်၏။ ခွေးဝံပုလွေကြီးများကား ဝံပုလွေကို မမြင်၍လော၊ အလစ်ချောင်းနေကြ၍လောမသိ။ တုတ်တုတ်မျှမလှုပ်ကြသေးချေ။ ကာရေအမည်ရှိ ခွေးဝံပုလွေကြီးကား ခေါင်းနောက်ပြန်လှည့်ကာ ကိုယ်ပေါ်မှ သန်းများကို ရှာလျက်ရှိ၍ တစ်ချက်တစ်ချက်၌ ဝါထိန်သောသွားကြီးများကို ဖြဲကာ နောက်ခြေကို ဟပ်လိုက်သည်။

"အူ လျူ လျူ" နီကိုလေသည် နှုတ်ခမ်းကို စု၍ တောသံပေးလိုက်၏။ နီကိုလေ၏ အသံကြောင့် ခွေးဝံပုလွေများသည် ဖြုန်းခနဲရပ်ကာ နားရွက်များကို ပေထားလိုက်ကြသည်။ ကာရေသည် နောက်ခြေထောက်များကို ကုတ်ခြစ်ခြင်း မပြုတော့ဘဲမတ်တတ်ရပ်၍ နားစွင့်ထားလိုက်ပြီး အမွေးဖွားဖွားရှိသော အမြီးကြီးကို ယမ်းနေသည်။

ထိုအချိန်၌ကား ဝံပုလွေသည် တောစပ်မှထွက်ကာ နီကိုလေ၏ တာထဲသို့ တန်းလန်းကြီး ဝင်လာခဲ့လေပြီ။ နီကိုလေသည် ခွေးဝံပုလွေကြီးများကို ကြိုးဖြေပေးလိုက်ရတော့မည်လောဟု တွေးနေမိသည်။ ဤအခိုက်အတန့်ကလေးအတွင်း၌ စောစောက အေးအေးဆေးဆေးရှိလှသော ဝံပုလွေ၏ ပုံသဏ္ဌာန်မှာ ရုတ်ခြည်းပြောင်းသွားလေသည်။ ဝံပုလွေသည် တစ်သက်တွင် တစ်ခါမျှ မြင်ဖူးခြင်းရှိဟန်မတူသေးသော လူ၏မျက်လုံးနှစ်လုံးကို မြင်လိုက်သည်၌ တစ်ကိုယ်လုံး တုန်သွားပြီးနောက် ခေတ္တရပ်၍ နီကိုလေဘက်သို့ လှည့်ကြည့်လိုက်၏။ ဝံပုလွေသည် ပြန်လှည့်သွားရမည်လော၊ ဆက်၍ လာရမည်လောဟု ဝေခွဲမရသည့် လက္ခဏာဖြင့် ရပ်၍ တွေနေပြီးမှ ကိစ္စမရှိတန်ရာဟူသော ဟန်မျိုးဖြင့် ပတ်ဝန်းကျင်ကို မကြည့်တော့ဘဲ ခပ်မှန်မှန်ခုန်၍ ပြေးလျက်ရှိလေသည်။

"အူ လျူ လျူ"နီကိုလေက ပင်ကိုသံ မဟုတ်သော တောခြောက်သံကို ပြုလိုက်သည်နှင့် မြင်းကြီးသည် လျှိုကလေးများ၊ ချောက်ဦးတိုကလေးများကို လွှားခနဲ လွှားခနဲ ခုန်ကာ တောင်ကမူကလေးပေါ်မှ ဆင်းခဲ့၍ ဝံပုလွေရှိရာသို့ ပြေးလာခဲ့၏။ ခွေးဝံပုလွေများကလည်း နောက်က ပြေးလိုက်လာကြပြီး မြင်းကို ကျော်ဖြတ်သွားကြသည်။ နီကိုလေသည် မိမိ၏အသံကိုလည်း မကြား၊ ဒုန်းစီးနေသည်ကိုလည်း သတိမထားမိ၊ ပြေးလိုက်လာကြသော ခွေးဝံပုလွေများကိုလည်း မမြင်၊ မိမိအောက်က မြေကြီးကိုလည်း ဂရုမပြုမိတော့ဘဲ ရိုးတစ်လျှောက်တွင် ခြေကုန်သုတ်လျက် ရှိသော ဝံပုလွေကိုသာ မျက်ခြည်မပြတ်ကြည့်၍ လိုက်လာခဲ့၏။ ခွေးဝံပုလွေအုပ်သည် နီကိုလေ၏မြင်းကို ကျော်တက်လာလေရာ ရှေ့ဆုံးမှပြေးလာသော ခွေးဝံပုလွေမှာ အနက်ကွက်များထနေသော တင်ကျယ်ကျယ်နှင့် ခွေးဝံပုလွေကြီးမီလကာ ဖြစ်၏။ မီလကာမှာ ဝံပုလွေနှင့် **သိပ်** မကွာတော့ချေ။ တဖြည်းဖြည်း နီး၍နီး၍ လာခဲ့ကာ



www.burmeseclassic.com

နောက်ဆုံး၌ ဝံပုလွေနားသို့ရောက်သွားလေပြီ။ ဝံပုလွေသည် နောက်ပြန်လှည့်ကာ မိလကာကို မျက်နှာချင်းဆိုင်လိုက်ပြီး ခုခံရန်ပြင်လိုက်၏။ ခါတိုင်း၌ မိလကာသည် တစ်ဟုန်ထိုးဝင်၍ ကိုက်ခဲလေ့ရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ အရှိန်လျှော့လိုက်ကာ အမြီးကိုထောင်၍ ရှေ့ခြေနှစ်ချောင်းကို တောင့်ထားလိုက်တော့၏။

"အူ လျူ လျူ" နီကိုလေက တောသံပေးလိုက်ပြန်သည်။

လျူဘင်အမည်ရှိ နီကြန်ကြန် ခွေးဝံပုလွေကြီးသည် မိလကာ၏နောက်မှ တက်လာကာ ဝံပုလွေကို အရှိန်ပြင်းစွာဖြင့် ခုန်အုပ်လိုက်ပြီးနောက် ဝံပုလွေ၏တင်ပါးနောက်ပိုင်းကို ခဲထားလိုက်သည်။ သို့ရာတွင် လျူဘင်သည် အလန့်တကြားဖြင့် ချက်ချင်းဘေးသို့ ခုန်၍ ရှောင်လိုက်၏။ ဝံပုလွေသည် ရှေ့ခြေနှစ်ချောင်းကို ပစ်၍ ဝပ်နေလိုက်ပြီး သွားများကို ဖြဲထားရာမှ တစ်ဖန် ပြန်၍ ထလိုက်လျက် ရှေ့သို့ဆက်၍ ပြေးပြန်သည်။ ဤတစ်ကြိမ်တွင်ကား ခွေးဝံပုလွေများသည် အနီးကပ်၍ မလိုက်ရဲကြတော့။ ခပ်ဝေးဝေးမှသာ လိုက်လာကြလေသည်။

ဤအတိုင်းသာ ဆိုပါက ဝံပုလွေမှာ လွတ်သွားတော့မည်ဖြစ်၏။ သို့ရာတွင် နီကိုလေ အလွတ်မခံနိုင်။ သို့ကြောင့် နီကိုလေသည် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်ကာ အားအကိုးရဆုံးဖြစ်သော ခွေးဝံပုလွေကြီးကို ရှာပြီးနောက် "ကာရေ ကာရေ၊ အူ လျူ လျူ လျူ"ဟု အသံပေးလိုက်သည်။ ကာရေမှာ အသက်အတန်ငယ်ကြီးသော ခွေးဝံပုလွေကြီးတစ်ကောင် ဖြစ်သော်လည်း ဝံပုလွေနှင့် အနီးဆုံးနေရာမှ ကပ်လိုက်လာကာ ချက်ကောင်းတွင် ဝင်အုပ်ရန် အရိပ်အခြည်ကြည့်လျက်ရှိ၏။ သို့ရာတွင် ကာရေမှာ ခုန်အုပ်ချိန် မရတော့ချေ။ ဝံပုလွေတို့မည်သည် အလွှားမြန်သော သတ္တဝါမျိုးဖြစ်၍ ခွေးဝံပုလွေတို့မှာ ကောင်းစွာမပြေးနိုင်သော သတ္တဝါမျိုး ဖြစ်လေရာ ခဏအကြာတွင် ကာရေနှင့် ဝံပုလွေတို့မှာ အတန်ငယ်ဝေးသွားကြလေပြီ။ အရှေ့တွင်ကား တောစပ်တစ်ခုရှိ၏။ ထိုတောစပ်သို့ ရောက်လျှင် ဝံပုလွေကို မျက်ခြည်ပြတ်သွားတော့မည်မှာ သေချာလျက် ရှိလေပြီ။ ထိုအချိန်တွင် တစ်ဖက်မှ တောလိုက်သမားတစ်ဦးသည် မြင်းစီးကာ တောလိုက်ခွေးများ ခြံရံလျက်ပေါ်ထွက်လာပြီး ဝံပုလွေ၏နောက်သို့ တန်းတန်းကြီးလိုက်လာသည်ကို မြင်ရသဖြင့် နီကိုလေမှာ စိတ်သက်သာရာ ရသွား၏။ ထိုတောလိုက်သမား၏ ခွေးဝံပုလွေအုပ်ထဲမှ ဝါကျင့်ကျင့် ခွေးဝံပုလွေတစ်ကောင်သည် ဝံပုလွေကို ရှေ့တည့်တည့်မှ ဖိ၍ ခုန်အုပ်လိုက်ရာ ဝံပုလွေမှာ လဲကျသွား၏။ သို့ရာတွင် ဝံပုလွေသည် ချက်ချင်းပြန်ထကာ သွားများကို ဖြဲလိုက်ပြီးနောက် အံ့သြဖွယ် ကောင်းလောက်သော လျင်မြန်ခြင်းမျိုးဖြင့် ဝါကျင့်ကျင့် ခွေးဝံပုလွေကို ခုန်၍ကိုက်လိုက်လေရာ ခွေးဝံပုလွေသည် စူးစူးရှရှအော်၍ မြေကြီးပေါ်သို့ လဲကျသွားပြီးနောက် နံဘေးမှသွေးများ စီးကျလာလေသည်။

"ကာရေ၊ ကာရေ" နီကိုလေသည် ၎င်း၏ခွေးဝံပုလွေကြီး ကာရေကို လှမ်းခေါ်လိုက်ပြန်သည်။

ဤသို့ ဖြစ်နေသည့် အခိုက်အတန့်တွင် စောစောက ပြတ်ကျန်ရစ်ခဲ့သော နီကိုလေ၏ ခွေးဝံပုလွေကြီးကာရေသည် ငါးလှမ်းခန့်အကွာသို့ ရောက်လာလေသည်။ ဝံပုလွေသည် နောက်ထပ်ရောက်လာသော အန္တရာယ်ကို သတိထားမိဟန်ဖြင့် ကာရေကို လှမ်း၍ကြည့်လိုက်ပြီးနောက် အမြီးကို ခြေထောက်ကြားတွင် ကုပ်ထားလိုက်ကာ ယခင်ကထက်လျင်မြန်သော အဟုန်ဖြင့် ထွက်ပြေးလေသည်။ သို့ရာတွင် နောက်ကျခဲ့လေပြီ။ ကာရေသည် ဝံပုလွေအပေါ်သို့ ခုန်အုပ်မိရက်သားဖြစ်ကာ တစ်ကောင့်တစ်ကောင် လုံးထွေးရင်း ရှေ့က လျှိုကလေးထဲသို့ လိမ့်ကျသွားကြလေသည်။

နီကိုလေ ရောက်သွားသောအခါ၌ လျှိုကလေးထဲတွင် ဝံပုလွေနှင့် ခွေးများမှာ လုံးထွေးလျက် ရှိကြ၏။ ဝံပုလွေသည် ဝိုင်းဝိုင်းလည် ကိုက်ခဲနေကြသော တောလိုက်ခွေးများကြားမှ ရုန်းထွက်လျက်ရှိရာ ပြာမွဲမွဲအမွေးများကိုလည်းကောင်း၊ အားပြု၍နောက်သို့ ဆန့်ထောက်ထားသော နောက်ခြေနှစ်ဖက်ကိုလည်းကောင်း၊ နားရွက်ကုပ်လျက် အကြောက်ကြောက် အလန့်လန့် ဝှက်ထားသောခေါင်းကိုလည်းကောင်း မြင်ရလေရာ (ကာရေသည် ဝံပုလွေကို လည်ကုပ်မှ ခဲထားသည်။) ထိုအချိန်ကလေးမှာ နီကိုလေ အဖို့၌ ၎င်း၏ဘဝတွင် အပျော်ဆုံးသောအချိန်ဟုပင် ထင်မှတ်မိသေး၏။ နီကိုလေသည် ဝံပုလွေအား တောလိုက်ဓားကောက်နှင့်ဝင်ထိုးရန် ကုန်းဖျားကို လက်ဖြင့် လှမ်းကိုင်



www.burmeseclassic.com

ကာ ဆင်းမည်အပြုတွင် ဝံပုလွေသည် ဝိုင်းအုံနေကြသော တောလိုက်ခွေးများအလယ်မှခေါင်းပြူလျက် ရှေ့ခြေထောက်များဖြင့် လျှိုရိုးကမ်းပါးကို ကုတ်၍ တက်လိုက်သည်။ ထို့နောက် သွားကိုစေ့လိုက်ပြီး (ထိုအချိန်တွင် ဝံပုလွေသည် ကုပ်ကိုခဲထားသော ကာရေ၏ ပါးစပ်မှ လွတ်ထွက်လာခဲ့လေပြီ။) နောက်ခြေနှစ်ချောင်းကို အားပြုကာ လျှိုရိုးကမ်းပါးပေါ်သို့ ခုန်တက်၍ အမြီးကုပ်လျက် ဆက်လက်ထွက်ပြေးသွားပြန်သည်။ ကာရေကား ဒဏ်ရာရကျန်ခဲ့သည့် လက္ခဏာဖြင့် အမွေးများ စုတ်ဖွာထလျက် ရှိရာက လျှိုရိုးကမ်းပါးကို အနိုင်နိုင်ကုတ်ကတ်တက်၍ လိုက်သွားပြန်သည်။

'ဘုရား ဘုရား။ သွားပြီ၊ လွတ်သွားပြီ' နီကိုလေသည် အကြီးအကျယ် စိတ်ပျက်သွားသည်။

ထိုအခိုက် ဝံပုလွေ ဦးတည်ပြေးနေသည့် အရပ်ဆီမှ ဦးတော်၏ တောလိုက်သမားများနှင့် ခွေးဝံပုလွေအုပ်များ ပေါ်လာပြန်သဖြင့် ဝံပုလွေမှာ တန့်နေပြန်သည်။ ဝံပုလွေကား တစ်ချီ အဝိုင်းခံရပြန်ပေပြီ။

နီကိုလေနှင့် ၎င်း၏တောလိုက်တပည့်များသည်လည်းကောင်း၊ ဦးတော်နှင့်၎င်း၏တောလိုက်သမားများသည်လည်းကောင်း ဘေးပတ်လည်မှ ဝံပုလွေကို ပန်း၍စီးလာကြပြီး "အူ လျူ လျူ လျူ"ဟု တောသံပေးကာ ဝံပုလွေ ရပ်မည်ပြုတိုင်း မြင်းပေါ်မှဆင်းရန် ပြင်ကြသည်။ သို့ရာတွင် ၎င်းတို့ဆင်းမည်ပြုတိုင်း ဝံပုလွေက တောစပ်ဘက်သို့ ဆက်ပြေးပြန်သဖြင့် မဆင်းသာတော့ဘဲ ပန်း၍ လိုက်လာကြပြန်သည်။

နီကိုလေ၏တာဝန် ဤသို့ဖြစ်ပျက်နေစဉ်တွင် ဒင်နီယယ်သည် တောခြောက်သံများကို ကြားရသဖြင့် တောအုပ်ထဲမှ ပြန်ထွက်လာခဲ့သည်။ သို့ ပြန်ထွက်လာချိန်မှာ ကာရေက ဝံပုလွေ၏လည်ကုပ်ကို ခဲထားသည့် အချိန်ဖြစ်၏။ ဒင်နီယယ်သည် မြင်းဇက်ကိုသတ်ကာ ထိုအခြင်းအရာကို လှမ်းကြည့်နေသည်။ သို့ရာတွင် နီကိုလေတို့ လူသိုက်မှာ တန့်ချည်ပြေးချည်ဖြင့် ပရိယာယ်များလှသော ဝံပုလွေကြောင့် မြင်းပေါ်မှ မဆင်းသာကြဘဲ ရှိနေကြပြီး ဝံပုလွေတောစပ်ဘက်ဆီသို့ ထွက်ပြေးသည်ကို မြင်ရသည်တွင် ဒင်နီယယ်သည် မိမိ၏ဖောင်းဝတ်ရောင် မြင်းကြီးကို ဝံပုလွေဘက်သို့ ဦးလှည့်မပေးတော့ဘဲ တောဘက်သို့ကြို၍ စီးလာခဲ့သည့်အတွက် ဦးတော်၏ခွေး ဝံပုလွေကြီးများကြောင့် ကွင်းအလယ်တွင် ရပ်ချည်ပြုချည် နေသော ဝံပုလွေနှင့် ပက်ပင်းတိုးနေလေသည်။

ဒင်နီယယ်သည် လက်ဝဲဘက်လက်ထဲတွင် တောလိုက် ဓားကောက်ကို ကိုင်လျက် ပိန်လိုက်ဖောင်းလိုက်ဖြင့် ပြင်းစွာ အသက်ရှူလျက်ရှိသော ဖောင်းဝတ်ရောင်မြင်းကြီး၏နံဘေးကို တရှမ်းရှမ်းဖြစ်အောင် ကြိမ်သွင်း၍ ဒုန်းစိုင်းလာခဲ့သည်။

ဒင်နီယယ်၏ ဖောင်းဝတ်ရောင် မြင်းကြီးသည် နီကိုလေ၏အနီးမှ ရှူးရှူးရှဲရှဲ မြည်၍ ကျော်တက်သွားသည်ကို နီကိုလေမြင်လိုက်ရ၏။ ထို့နောက် မြင်းပေါ်မှ လူတစ်ယောက်ကျသွားသံကို ကြားလိုက်ပြီးနောက် တောလိုက်ခွေးများ၏ အလယ်ရှိ ဝံပုလွေ၏ ကျောကုန်းပေါ်၌ ဒင်နီယယ်သည် ခွလျက်သားဖြစ်နေပြီး ဝံပုလွေ၏ နားရွက်များကို မမိမကမ်းဖြင့် လှမ်းဆွဲနေသည်။ တောလိုက်ခွေးများအဖို့လည်းကောင်း၊ တောလိုက်သူများအဖို့ လည်းကောင်း၊ သားကောင်ဝံပုလွေအဖို့လည်းကောင်း အဆုံးသို့ ရောက်ချေပြီဟု ထင်ရ၏။ ကြောက်လန့်လျက်ရှိသော ဝံပုလွေသည် နားရွက်များကို ပေ၍ကုပ်ထားကာ အောက်မှလူးလဲထရန် ကြိုးစားနေသည်။ သို့ရာတွင် ခွေးဝံပုလွေများက အလွတ်မပေးဘဲ ခဲထားကြသည်။ ဒင်နီယယ်သည် ထလိုက်လျက် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ဝံပုလွေကို ခုန်အုပ်၍ ၎င်း၏ကိုယ်လုံးကြီးဖြင့် ဖိထားလိုက်ပြီး ဝံပုလွေ၏နားရွက်များကို မိမိရရကြီး ဆွဲထားလိုက်သည်။ နီကိုလေသည် ဝံပုလွေကို ဓားကောက်ဖြင့်ထိုးရန် ရွယ်လိုက်သည်။ သို့ရာတွင် ဒင်နီယယ်က လေသံကလေးဖြင့် "မထိုးနဲ့သခင်လေး၊ မထိုးနဲ့။ ကျွန်တော် အရှင်ဖမ်းမယ်"ဟု ဆိုကာ ဝံပုလွေ၏ လည်ပင်းကို ခြေဖြင့် နင်းထားသည်။ ဒင်နီယယ်သည် ဝံပုလွေ၏ အာခေါင်ထဲသို့ တုတ်တောက်၍ခံကာ ခေါင်းကို ကြိုးကွင်းဖြင့် စွပ်လိုက်ပြီးနောက် ခြေထောက်များကိုလည်း ကြိုးနှင့် ဖမ်းတုပ်လိုက်လျက် ဝံပုလွေ၏ ကိုယ်ပေါ်သို့ သုံးလေးခါလောက် လိမ့်၍ ချလိုက်သည်။

ထို့နောက်၌ကား ဒင်နီယယ်တို့ လူသိုက်သည် ကြိုးတုပ်ထားသော ဝံပုလွေကို တရှူးရှူးဖြင့် မောနေသော မြင်းကြီး၏ကျောကုန်းပေါ်သို့ တင်လိုက်ကြပြီး ပင်ပန်း


www.burmeseclassic.com

သော်လည်း ရွှင်ပျသော မျက်နှာထားဖြင့် တောလိုက်သူများ ပြန်တွေ့ရန် ချိန်းဆိုထားသည့်ခရီးသို့ ပြန်လာခဲ့ကြလေရာ ခွေးများမှာ မြင်းကျောကုန်းထက်က ဝံပုလွေကို ဟောင်၍ လိုက်လာကြလေ၏။ ထိုနေ့က တောလိုက်ကြရာ၌ အခြားတောလိုက်ခွေးများက ဝံပုလွေပေါက်ကလေးနှစ်ကောင်ကို ကိုက်သတ်ခဲ့ကြပြီး ခွေးဝံပုလွေများကလည်း ဝံပုလွေပေါက်သုံးကောင်ကို ကိုက်သတ်ခဲ့ကြ၏။ တောစခန်း၌ကား တောလိုက်သူ အသီးသီးသည် မိမိတို့ရရှိသော သားကောင်များကို ယူဆောင်ခဲ့ကြပြီးနောက် မိမိတို့ တောလိုက်ရပုံများကို ပြန်လည်ပြောဆိုလျက် ရှိကြ၏။ နီကိုလေတို့လူသိုက် ရောက်လာသောအခါ၌ အားလုံးစုဝေးလာကြကာ ဝံပုလွေကို ကြည့်ကြ၏။ ဝံပုလွေကား ကျယ်ပြန့်ရှည်လျားသော နဖူးပြင်ကြီးရှိသည့် ခေါင်းကြီးကို ငိုက်စိုက်ချလျက် အာခေါင်တွင် တုတ်ထောက်ထားသဖြင့် ပါးစပ်ကြီးဟနေရင်းက ဝိုင်းအုံကြည့်နေလျက်ရှိသော ခွေးများ၊ တောလိုက်သမားများကို စူးရှပြောင်လက်သော မျက်လုံးများဖြင့် ကြည့်လျက်ရှိလေသည်။ ဝံပုလွေမှာ သွား၍ တို့လိုက်သည်နှင့် တုပ်နှောင်ထားခြင်း ခံရသော ခြေထောက်နှစ်ချောင်းပူးကို ခုန်ဆွခုန်ဆွ လုပ်လျက် ပြူးကျယ်သော မျက်လုံးကြီးများဖြင့် လှမ်း၍ ကြည့်နေတတ်သည်။ မြို့စားကြီး ရော့စတော့ဗ်လည်း ရောက်လာ၍ ဝံပုလွေကို လက်ဖြင့်တို့ကြည့်၏။

"အလိုလေ၊ နည်းတဲ့ကောင်ကြီး မဟုတ်ပါလားကွ။ ဟေ ဒင်နီယယ်" မြို့စားကြီးက အနီးတွင် ရပ်နေသည့် တောလိုက်မှူးကြီး ဒင်နီယယ်ကို လှမ်းပြောလိုက်၏။

"မှန်ပါ" ဒင်နီယယ်က ဦးထုပ်ပြားကို ချွတ်၍ ဖြေလိုက်သည်။

မြို့စားကြီးသည် ဝံပုလွေ မိမိတာမှ ထွက်သွားပုံနှင့် ဒင်နီယယ်၏တာထဲသို့ဝင်၍ သွားပုံ မြင်ယောင်လာလေသည်။

"ငါ့လူ ဒင်နီယယ်ကတော့ တကယ် သန်လဲသန်တဲ့ ကောင်ကြီးပေပဲကွ။ ဟုတ်ဘူးလားဟေ့ ဒင်နီယယ်" မြို့စားကြီးက ပြောလိုက်သည်။

ဒင်နီယယ်၏အဖြေကား ရှက်နိုးဟန်ရှိ၍ ကလေးငယ်၏ ချိုသာနူးညံ့သော အပြုံးမျိုးသာတည်း။

# အခန်း ၆

မြို့စားကြီး ရော့စတော့ဗ်မှာ တောလိုက်စခန်းမှ အိမ်သို့ ပြန်သွားလေပြီ။ ပီတာနှင့် နာတာရှာတို့သည် မကြာမီပြန်၍ လာခဲ့မည်ဟု ဖခင်မြို့စားကြီးကို ပြောလိုက်သော်လည်း အချိန်စောသေးသည့်အတွက် မပြန်ကြသေးဘဲ တောလိုက်သူများနှင့် တောလိုက်ကျန်ရစ်ခဲ့ကြ၏။ မွန်းတည့်ချိန်၌ကား တောလိုက်ခွေးများ အားလုံးကို ပင်ပေါက်ကလေးများ ထူထပ်စွာပေါက်နေသည့် လျှိုရိုးတစ်ခု၌ စုထားလိုက်သည်။ နီကိုလေသည် ကော၍ ဖုန်းဆိုးမြေဖြစ်နေသော လယ်ကွက်ထဲတွင် ရပ်လျက်ရှိရာမှ ၎င်း၏ခွေးထိန်းများကို လှမ်းမျှော်ကြည့်နေသည်။

၎င်း၏ရှေ့တွင်ကား ဆောင်းဂျုံခင်းများကို တစ်မျှော်တစ်ခေါ်ကြီး မြင်ရလျက် ၎င်း၏အဖွဲ့မှ တောလိုက်သူတစ်ယောက်မှာ ချိုင့်ကလေးတစ်ခုထဲရှိ ချုံတစ်ချုံအကွယ်တွင် တစ်ယောက်တည်း ရပ်လျက်ရှိခြင်းကို မြင်ရ၏။ ခဏအကြာ၌ ဗော်တွန်အမည်ရှိ တောလိုက်ခွေးကြီး၏ ဟောင်သံကို ကြားရပြီးနောက် တောလိုက်ခွေးများ၏ ဆက်တိုက်ဟောင်သံများ ပေါ်ထွက်လာကာ မြေခွေးတစ်ကောင်ကို တွေ့နေပြီဟူသော အော်ပြောသံကို လျှိုရိုးကလေးဆီမှ ကြားလိုက်ရ၏။ မရှေးမနှောင်းမှာပင် ဂျုံခင်းများအလယ်တွင် လျှိုရိုးအတိုင်း ပြေးလိုက်နေကြသော တောလိုက်ခွေးအုပ်များကို မြင်ရသည်။

အနီရောင်ဦးထုပ်ပြားများကို ဆောင်းထားသည့် ခွေးထိန်းများသည် လျှိုရိုးကမ်းပါးတစ်လျှောက်အတိုင်း မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းလျက် ရှိကြ၍ အချို့တောလိုက်ခွေးများကား လျှိုရိုးတစ်ဖက်ရှိ ဂျုံခင်းများထဲမှ ပေါ်လာအံ့ဆဲဖြစ်သော မြေခွေးကို မဲနေကြသည်။

ထိုအခိုက်တွင် ချိုင့်ကလေးထဲရှိ ချုံတစ်ချုံတွင် ကွယ်၍ ရပ်နေသော တစ်ကိုယ်တော်တောလိုက်သမားသည် လှုပ်ရှားစပြုလာကာ ၎င်း၏ခွေးဝံပုလွေကြီးများကို ကြိုးဖြေ၍ လွှတ်လိုက်၏။ ထိုအခိုက်ခြေခွင်ခွင် အမြီးဖားဖားနှင့် အနီရောင် မြေခွေးတစ်ကောင် ဂျုံသီးခင်းများထဲသို့ ဖြတ်၍ ပြေးလာခြင်းကို မြင်ရသည်။ ခွေးဝံပုလွေများကား မြေခွေးနောက်မှ ထက်ကြပ်ကပ်၍ လိုက်လာကြသည်။



www.burmeseclassic.com

သို့ဖြင့် ခွေးဝံပုလွေများသည် တဖြည်းဖြည်း မြေခွေးနှင့် နီးသည်ထက်နီးလာကြလေပြီ။ မြေခွေးကလည်း အမြီးတန်းလျက် ရှေ့ကကွေ့ကောက်၍ပြေး၏။ ဤအတောအတွင်း အဖြူရောင် ခွေးဝံပုလွေတစ်ကောင်နှင့် အနက်ရောင် ခွေးဝံပုလွေတစ်ကောင်သည် ဘေးကဖြတ်၍ ဝင်လာကြကာ မြေခွေးနှင့် လုံးထွေးနေကြသည်။ ထို့နောက်၌ကား အလယ်က မြေခွေးတစ်ကောင်ကို ဘေးက ခွေးဝံပုလွေများ ခဲထားကြပုံမှာ ကြယ်ပွင့်သဏ္ဍာန် ဖြစ်နေတော့သည်။ တောလိုက်သမားနှစ်ယောက်သည် ထွေးလုံးရစ်ပတ်ဖြစ်နေရာသို့ မြင်းကိုယ်စီဖြင့် ရောက်လာကြ၏။ တစ်ယောက်မှာ အနီရောင်ဦးထုပ်ပြားကို ဆောင်းထားပြီး နောက်တစ်ယောက်ကား အစိမ်းရောင်ဝတ်စုံကို ဝတ်ထားလေသည်။ ၎င်းတို့နှစ်ဦးစလုံးမှာ နီကိုလေ မမြင်ဖူးသော လူစိမ်းများ ဖြစ်၏။

'အလို၊ ဘယ့်နှယ်ပါလိမ့်။ ဒီလူတွေက ဘယ်က ဖြတ်ဝင်လာကြတာလဲ။ ဦးတော်ရဲ့လူသိုက်ထဲကလဲ မဟုတ်ပါဘူး'ဟု နီကိုလေ တွေးလိုက်မိ၏။

ထိုလူသိုက်သည် မြေခွေးကို ရသွားကြ၏။ သို့ရာတွင် မြေခွေးကို မြင်းပေါ်သို့ မတင်ကြသေးဘဲ ထိုနေရာ၌ အတန်ကြာမျှရပ်၍ စကားပြောနေကြသည်။ ခပ်မြင့်မြင့်ကုန်းနှီးများ တင်ထားသော မြင်းကြီးများသည် ၎င်းတို့အနီးတွင် ရပ်လျက်ရှိကြပြီး တော်လိုက်ခွေးများမှာ ဝပ်နေကြသည်။ ထိုလူသိုက်သည် တစ်ယောက်ကိုတစ်ယောက် လက်ဟန်ခြေဟန်ပြကာ မြေခွေးကို တစ်စုံတစ်ရာ လုပ်နေကြသည်။ ထိုအခိုက် ထိုလူသိုက်ထဲမှ ခရာမှုတ်သံ ထွက်ပေါ်လာလေသည်။ ထိုခရာသံမှာ တောလိုက် အချက်ပေးခရာသံ မဟုတ်ဘဲ ရန်ဖြစ်ကြ၍ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြရန် သဘောတူသော အချက်ပေးခရာသံမျိုး ဖြစ်လေသည်။

"ကျွန်တော်တို့အထဲက အီဗန်နဲ့ အီလျာဂင်ရဲ့ တောလိုက်သမားတွေ ရန်ဖြစ်နေကြတယ် သခင်လေး" နီကိုလေ၏ မြင်းထိန်းက ပြောလိုက်၏။

နီကိုလေသည် မြင်းထိန်းကိုလွှတ်၍ ပီတာနှင့် နာတာရှာတို့ကို ၎င်းထံသို့ အခေါ်လွှတ်လိုက်ပြီးနောက် တောလိုက်ခွေးများကို စု၍သိမ်းနေသော ခွေးထိန်းများထံသို့ အသားကျစီးလာခဲ့၏။ အခြားတောလိုက်သူများသည်လည်း ရန်ဖြစ်နေသော နေရာသို့ မြင်းများကို ဒုန်းစိုင်း၍ ရောက်လာကြသည်။

မကြာမီ ပီတာနှင့် နာတာရှာတို့လည်း ရောက်လာကြ၏။ နီကိုလေသည် မြင်းပေါ်မှဆင်းလိုက်၍ တောလိုက်ခွေးအုပ်အနီးတွင် ရပ်ကာ အခြေအနေကိုစောင့်၍ အကဲခတ်နေသည်။ နီကိုလေ၏ တောလိုက်အုပ်စုထဲမှ ရန်ဖြစ်လာသော အီဗန်သည် မြေခွေးကို မြင်းကျောပေါ်တွင် တင်ကာ ချုံကြားထဲမှ တိုးဝှေ့ပြီး နီကိုလေထံသို့ ဒုန်းရိုက်၍ စီးလာသည်။ အီဗန်သည် အဝေးကြီးကတည်းက နီကိုလေအား ဦးထုပ်ချွတ်၍ အရိုအသေပေးလာ၏။ ၎င်း၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လျက်ရှိ၏။ အီဗန်သည် အသက်ကိုပင် မှန်မှန်မရှုနိုင်တော့ချေ။ ဒေါသလည်း ထွက်လျက်ရှိ၏။ ၎င်း၏မျက်လုံးတစ်ဖက်မှာ ညိုမည်းလျက်ရှိလေသည်။ သို့ရာတွင် အီဗန်သည် ဒဏ်ရာကို သတိထားမိဟန်မတူချေ။

"ဘာဖြစ်တာလဲဟေ့ အီဗန်" နီကိုလေက မေးလိုက်၏။

"ထုံးစံအတိုင်းပါပဲ သခင်လေး။ ကျွန်တော်တို့ ခွေးတွေလိုက်လို့ မိထားတဲ့ မြေခွေးကို သတ်ပစ်လိုက်ကြတယ်။ ဖမ်းမိတာကလဲ ကျွန်တော့်နက်ပြာမကြီးက ဖမ်းမိထားတာ။ တရားစွဲချင်လဲ စွဲပေစေတော့ သခင်လေး၊ သူက ကျွန်တော်တို့ ရထားတဲ့ မြေခွေးကို ဝင်လုတော့ ကျွန်တော်မခံနိုင်ဘူး။ ဒါနဲ့ ဟိုလူကို တစ်ချက်ထိုးပြီး မြေခွေးကို ပြန်ယူလာခဲ့တယ်။ 'ဟေ့ကောင်တွေ မင်းတို့ ငါ့ဓားကို မြည်းစမ်းကြည့်ချင်သလား' ဆိုပြီးပြတော့မှ မကျေမချမ်းနဲ့ ကျွန်ရစ်ခဲ့ကြတယ်" အီဗန်က တောလိုက်ဓားကောက်ကို ထုတ်ပြ၍ ခြိမ်းခြောက်ဟန် လုပ်ပြသည်။

နီကိုလေသည် အီဗန်ပြောသမျှကို နားထောင်ပြီးနောက် ပီတာနှင့် နာတာရှာအား ထိုနေရာ၌ နေရစ်ခဲ့ရန် ပြောကာ ရန်သူဖြစ်သော အီလျာဂင်၏ တောလိုက်သမားများ စတည်းချနေရာသို့ မြင်းစီး၍ ထွက်လာခဲ့၏။

အောင်ပွဲရလာသော အီဗန်သည် အခြားတောလိုက်သမားများ စတည်းချရာဆီသို့ စီးလာခဲ့၍ ပတ်ပတ်လည်ဝိုင်းအုံလျက်ရှိသော မိမိတို့ဘက်သားများအား အချင်းဖြစ်ပွားပုံကို ပြောပြလျက် ရှိလေသည်။

ဖြစ်ပုံကား ဤသို့တည်း။ မြို့စားကြီး ရော့စတော့ဗ်

www.burmeseclassic.com


တို့နှင့် မသင့်မမြတ်ဖြစ်၍ တရားတွေ့လျက်ရှိသော အီလျာဂင်ဆိုသူသည် မြို့စားကြီးရောစတော့ဗ်တို့ ဘိုးဘေးအစဉ်အဆက် တောလိုက်ခဲ့သော တောလိုက်ကွင်းထဲသို့ မကြာခဏဝင်ရောက်၍ အမဲလိုက်လေ့ရှိ၏။ ယခုတစ်ကြိမ်၌လည်း အီလျာဂင်သည် တမင်ရန်စသည့်နှယ် မြို့စားကြီးရောစတော့ဗ်တို့ အမဲလိုက်လျက်ရှိသော ကွင်းစပ်သို့ ၎င်း၏နောက်လိုက်များနှင့် ဝင်ရောက်လာခဲ့ကြ၏။ ထို့မျှမကမြို့စားကြီး ရောစတော့ဗ်တို့ လူသိုက်၏ ခွေးများလိုက်လာသောမြေခွေးကို လမ်းမှဆီး၍ ဖမ်းကြလေသည်။ ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် အချင်းများကြခြင်းဖြစ်လေသည်။

နီကိုလေသည် အီလျာဂင်ကို တစ်ခါမျှ မမြင်ဖူးသေးချေ။ သို့ရာတွင် နီကိုလေမှာ မည်သည့်အခါမျှ မှျမှျတတ စဉ်းစားတတ်သူမဟုတ်ဘဲ စိတ်ဆတ်သူတစ်ယောက်ဖြစ်သည့်အလျောက် အီလျာဂင်ကို ပြောသံကြားဖြင့်ပင် မုန်းတီးစက်ဆုပ်လျက်ရှိလေပြီ။ အီလျာဂင်သည် နိုင့်ထက်ကလူ ပြုတတ်သည်ဟု ကြားဖူးသည့်အတွက် မိမိ၏ အကြီးဆုံးရန်သူကြီးတစ်ဦးဟု ယူဆထားခဲ့လေပြီ။ နီကိုလေသည် ပြင်းစွာ ဒေါသထွက်လျက် မိမိ၏ရန်သူကို ပြင်းပြင်းထန်ထန် ဆုံးမအံ့ဟု စိတ်နှလုံး ဒုန်းဒုန်းချပြီးနောက် ကြာပွတ်ကို ခပ်တင်းတင်းဆုပ်ကာ အီလျာဂင့်ထံသို့ မြင်းကိုစီးလာခဲ့သည်။

သို့ဖြင့် တောစပ်ကလေးကို ကွေ့လိုက်သည်နှင့် ဖျံရေဖြင့် ချုပ်ထားသော ဦးထုပ်ပြားကလေးကို ဆောင်းလျက် တောကျီးကန်းရောင်လုပသော မြင်းနက်ကြီးကို စီးလာသည့် အရပ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက်နှင့် ပက်ပင်းတိုးနေလေသည်။ ၎င်း၏နောက်မှလည်း တောလိုက်တပည့်နှစ်ဦး ပါလာကြ၏။

နီကိုလေသည် အီလျာဂင်ကို မြင်လိုက်သည်နှင့် အကျိတ်အခဲတို့ ကျေပျောက်သွားကြလေပြီ။ အီလျာဂင်မှာ မိမိထင်သကဲ့သို့ မဟုတ်ဘဲ မိမိနှင့်အသိဖွဲ့လိုဟန်ရှိသော ယဉ်ကျေးဖွယ်ရာသည့် လူကြီးလူကောင်းတစ်ယောက်ဖြစ်နေခြင်းကို တွေ့ရ၏။ အီလျာဂင်သည် နီကိုလေထံသို့ စီး၍ လာခဲ့ပြီးနောက် ဖျံရေဦးထုပ်ပြားကလေးကိုချွတ်၍ ယခုကဲ့သို့ ဖြစ်ရသည့်အတွက် များစွာဝမ်းနည်းပါကြောင်း၊ တခြားသူ၏ တောခွေးများ လိုက်လာသည့်မြေခွေးကို ကြားဖြတ်ဖမ်းဆီးသည့် မိမိ၏တပည့်ကို သူကိုယ်တိုင်ဆုံးမမည်ဖြစ်ကြောင်းဖြင့် တောင်းပန်ပြောဆိုကာ မိမိတို့တောစခန်းသို့ အလည်အပတ် ကြွရောက်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ယဉ်ကျေးစွာ ဖိတ်ခေါ်လေသည်။

နာတာရှာသည် ၎င်း၏အစ်ကို နီကိုလေလက်လွန်ခြေလွန်ပြုမိမည်ကို စိုးရိမ်ကာ တထိတ်ထိတ်ဖြင့် နောက်ကလိုက်လာခဲ့သည်။ သို့ရာတွင် ၎င်းတို့နှစ်ဦးမှာ မိမိထင်သကဲ့သို့ မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးစွာ ပြောဆိုနေခြင်းကို မြင်ရသည်တွင် နာတာရှာသည် ၎င်းတို့ထံသို့ ခပ်သွက်သွက်စီးလာခဲ့၏။ အီလျာဂင်သည် ဖျံရေ ဦးထုပ်ပြားကလေးကို ခပ်မြင့်မြင့်မြှောက်ပြလိုက်၍ နာတာရှာကို နှုတ်ဆက်ပြီးနောက် မြို့စားကြီး၏သမီးထွေးမှာ လုပခြင်းနှင့် တောလိုက်ဝါသနာထုံခြင်းအရာတွင် ရောမဒဏ္ဍာရီများထဲ၌ ပါရှိသော လနတ်သမီး(ဝါ) တောလိုက်နတ်သမီး ဒိုင်ယာနာနှင့် တူသည်ဟု ထင်မိပါကြောင်းဖြင့် ချိုသာစွာ ပြုံး၍ ပြောလိုက်သည်။

အီလျာဂင်သည် မိမိတပည့်၏အမှားများကို တောင်းပန်သည့်အနေဖြင့် တစ်တိုင်ခန့်အကွာရှိ မိမိတို့စတည်းချနေရာ ကုန်းရိုးကလေးဘက်သို့ လိုက်ခဲ့ပါမည့်အကြောင်း၊ ထိုကုန်းကလေးတစ်ဝိုက်တွင်ယုန်များ အလွန်ပေါသဖြင့် အမဲလိုက်၍ များစွာကောင်းမည်ဖြစ်ကြောင်းဖြင့် ပြောဆိုကာ အတင်းဖိတ်ကြားလျက်ရှိ၏။ ဤတွင် နီကိုလေကလည်း လက်ခံလိုက်လေရာ တောလိုက်အုပ်စုနှစ်စုသည် တစ်စုတည်းပေါင်းလိုက်ကြပြီးနောက် ကုန်းရိုးကလေးဘက်သို့ ခရီးဆက်လာခဲ့ကြလေသည်။

အီလျာဂင်၏ ကုန်းရိုးကလေးသို့ သွားသောလမ်းမှာ ကွင်းများအလယ်မှ ဖြတ်သွားရ၏။ တောလိုက်တပည့်များသည် တစ်ဖက်တစ်ချက်က စီတန်း၍ လိုက်လာကြ၏။ ရှေ့၌ကား ဦးတော်၊ နီကိုလေ၊ အီလျာဂင်စသော သခင်များက ရင်ပေါင်တန်း၍ စီးလာကြကာ တစ်ဦး၏ခွေးများကို တစ်ဦးက မသိမသာ အကဲခတ်ကြည့်ရင်း စိတ်ထဲတွင် ခွေးချင်းပြိုင်နေကြသည်။

အီလျာဂင်၏ တောလိုက်ခွေးအုပ်ထဲတွင် အမျိုးသန့်သန့်၊ အနီပြောက်ကလေးများနှင့် ခွေးမတစ်ကောင်ပါ၏။ ထိုခွေးမမှာ အမြောင်းအမြောင်းထကာ သံမဏိကဲ့သို့ မာကျစ်သောကြွက်သားများ၊ နူးညံ့သော နှုတ်သီးနှင့်


www.burmeseclassic.com

ထူးခြားစွာ တောက်ပသော မျက်လုံးများရှိ၏။ နီကိုလေကား ထိုခွေးမကို သဘောကျလျက် ရှိလေသည်။ နီကိုလေသည် အီလျာဂင်၏တောလိုက်ခွေးများ လျင်မြန်ပုံကို ကြားဖူးခဲ့သော်လည်း မိမိ၏ခွေးမကြီး မီလကာနှင့် ယှဉ်သင့်သည် မထင်မိချေ။ သို့ရာတွင် ယခုခွေးနီပြောက်မကြီးကို တွေ့သည့်အခါ၌ကား ခွေးနီပြောက်မကြီးမှာ မိမိ၏ခွေးမကြီး မီလကာနှင့် တူလှပေသည်ဟု စိတ်ထဲတွင် အောက်မေ့လိုက်မိသည်။

အီလျာဂင်က ယခုနှစ် ကောက်ပဲသီးနှံ အထွက်ကို ပြောဆိုနေချိန်တွင်မှ နီကိုလေသည် အောင့်အည်းခြင်းငှာ မစွမ်းတော့ဘဲခွေးနီပြောက်မကြီးကို ညွှန်ပြလိုက်လျက်

"ခွေးမကြီးကဖြင့် တော်တော်လှတဲ့ ခွေးမကြီးပဲခင်ဗျ"ဟု အမှတ်မဲ့ ပြောသည့်ဟန်ဖြင့် ပြောလိုက်၏။ "အပြေးကော ဘယ့်နှယ်နေသလဲ။ တော်တော်မြန်ရဲ့လား"

"ဒီခွေးမကြီးလား။ ဟာ အင်မတန်ကောင်းတဲ့အမျိုးပေါ့ မြို့စားလေးရ။ တော်တော်တန်တန် သားကောင်တော့ သူလိုက်ရင် မှီတာချည်းပဲ" အီလျာဂင်က ၎င်း၏ခွေးနီပြောက်မကြီး အီဇာကို အမှတ်တမဲ့ ညွှန်ပြပြောလိုက်သည်။ အီလျာဂင်သည် ထိုခွေးနီပြောက်မကြီးကို မိမိ၏အိမ်နားနီးချင်းတစ်ဦးထံမှ ကျွန်သုံးအိမ်ထောင်ပေး၍ ဝယ်ယူခဲ့ခြင်း ဖြစ်၏။

"မြို့စားလေးတို့ လယ်တွေလဲ ဒီနှစ် သိပ်အထွက်ကောင်းမှာ မဟုတ်ပေဘူးနော်" အီလျာဂင်က စောစောကပြောနေသည့်စကားကို ပြန်ဆက်လိုက်၏။ ထို့နောက် အီလျာဂင်သည် နီကိုလေက မိမိ၏ခွေးနီပြောက်မကြီး အီဇာကို ချီးမွမ်းပြောလိုက်သည့်အတွက် မိမိကလည်း ယဉ်ကျေးသမှုပြုသည့်အနေဖြင့် နီကိုလေ၏ ခွေးများကို အတုံ့အလှည့် ချီးမွမ်းခန်းဖွင့်ဦးမှ တော်မည်ဟု ယူဆကာ နီကိုလေ၏ခွေးအုပ်ကြီးကို ကြည့်လိုက်သည်တွင် အလုံးအဖန် ထွားကျိုင်းလှသော ခွေးမကြီး မီလကာကို မြင်လိုက်၏။

"အလို၊ မြို့စားလေးရဲ့ အနက်ပြောက်နဲ့ ခွေးမကြီးကလဲ အတော်လှသားကလားဗျို့။ အလုံးအဆက်ကလဲ တော်တော်ကောင်းသားပဲ"

"ဟုတ်ကဲ့၊ အပြေးလဲ အင်မတန် မြန်တယ်ခင်ဗျ" ဟု နီကိုလေက ပြန်ပြောလိုက်၏။ အကယ်၍များ ယုန်ကြီးကြီးတစ်ကောင် ကွင်းထဲဖြတ်ပြေးနေစဉ်နှင့် ကြုံကြိုက်ပါက မီလကာ၏အကြောင်းကို ပြလိုက်ချင်စမ်းပါဘိဟုပင် အောက်မေ့လိုက်မိသေး၏။ နီကိုလေသည် မိမိ၏မြင်းထိန်းဘက်သို့ လှည့်ကာ ယုန်တစ်ကောင် တွေ့လျှင် တွေ့သူကို ငွေဒင်္ဂါး တစ်ပြားပေးမည်ဟု ပြောလိုက်သည်။

"တချို့ တောလိုက်သမားများဟာ ခွေးချင်းပြိုင်တတ်ကြတာတို့၊ အမဲအရ ပြိုင်ကြတာတို့ဆိုတဲ့ အကျင့်လေးတွေရှိတတ်ကြတယ်ဗျ။ ကျွန်တော်တော့ အဲဒီလိုပြိုင်ဆိုင်ကြတဲ့ အကြောင်းရင်းကိုနားမလည်ဘူး။ ကျွန်တော်တို့တော့ ဒါမျိုးတွေ သိပ်ပြိုင်မနေချင်ဘူး။ ခုလို သိုက်သိုက်ဝန်းဝန်းနဲ့ တပျော်တပါးကြီး မြင်းလျှောက်စီးရရင် ပျော်တာပဲ။ အမှန်ကတော့ ခုလို တောလိုက်ရင်း မြင်းစီးရတဲ့ အရသာလောက် ဘယ်အရသာမှ ကောင်းမယ်မထင်ဘူးခင်ဗျ။ (အီလျာဂင်သည် ဖျံရေဦးထုပ်ပြားကို ချွတ်၍ နာတာရှာကို အရိုအသေ ပေးလိုက်ပြန်သည်။) တချို့ကျတော့လဲ ရတဲ့တောကောင်ရဲ့ အရေကို ချိန်ပြီး သူက အရေ ဘယ်လောက်ရပြီ၊ ငါက ဘယ်လောက်စသဖြင့် ဂုဏ်ပြိုင်ကြတယ်ခင်ဗျ။ ကျွန်တော်ဖြင့် ဒါမျိုးတွေကိုလဲ နည်းနည်းလေးမှ စိတ်မဝင်စားပေါင် ခင်ဗျာ"

"မှန်ပါတယ် ခင်ဗျာ"

"တချို့ကျတော့လဲ ကိုယ့်ခွေးဝံပုလွေက အမဲမမိဘဲ သူများခွေးဝံပုလွေက အမဲမိသွားလို့ ဒေါသတကြီးဖြစ်လား ဖြစ်တတ်ကြတယ်ခင်ဗျ။ ကျွန်တော့်အဖို့ကတော့ မြင်းပေါ်ထိုင်လိုက်ပြီး သားကောင်နောက် ခွေးတွေလိုက်တာကို မြင်ရရင်ပဲ ကျေနပ်နေပြီခင်ဗျ။ ဘယ်သူ့ခွေးကပဲလိုက်လိုက်၊ သားကောင်နောက်ကို လိုက်တာ မြင်ရရင်ကို ကြည်နူးနေတာပဲ၊ မဟုတ်ဘူးလားခင်ဗျာ မြို့စားလေး။ ကျွန်တော့်အထင်တော့"

"အား တူ၊ အား တူ" ဟူသော ခွေးထိန်းတစ်ဦး၏ သံရှည်ဆွဲ၍ အချက်ပေးသံ ပေါ်လာသည်။ ထိုခွေးထိန်းသည် ရိုးပြတ်ကွင်းများ အလယ်ရှိ တောင်ပူစာကလေး တစ်ခုပေါ်တွင်ရပ်လျက် ကြာပွတ်ကိုမြှောက်၍ ကိုင်ထားပြီး "အားတူ"ဟု သံရှည်ဆွဲ၍ အော်နေပြန်သည်။ (ဤသို့ သံရှည်ဆွဲ၍ အော်သံပေးခြင်းနှင့် ကြာပွတ်ကို မြှောက်ပြခြင်းမှာ ယုန်တစ်ကောင်ကို တွေ့နေပြီဟူသော အဓိပ္ပာယ်ဖြစ်သည်။)



www.burmeseclassic.com

"အင်း၊ ယုန်တစ်ကောင်တော့ တွေ့နေပြီ ထင်တယ်ဗျို့" အီလျာဂင်က အမှတ်တမဲ့ ပြောလိုက်သည်။

"ဘယ့်နှယ်လဲ မြို့စားလေး၊ ယုန်လိုက်ကြဦးစို့လား"

"ကောင်းသားပဲ။ အဲဒီကို စီးသွားကြတာပေါ့" နီကိုလေက ပြန်ပြောလိုက်ရင်း အီလျာဂင်၏ ခွေးနီပြောက်မကြီးအီဇာနှင့် ဦးတော်၏ ရူဂေးအမည်ရှိ ခွေးနီကြီးကို လှမ်းကြည့်လိုက်၏။ မိမိ၏ခွေးနက်ပြောက်မကြီး မိလကာထက် သာသွားလေမည်လားဟု စိုးရိမ်သွားမိသည်။ သို့ဖြင့် နီကိုလေသည် အီလျာဂင်၊ ဦးတော်တို့နှင့်အတူ ယုန်ရှိရာ ကွင်းဘက်သို့ စီးလာခဲ့၏။

"ယုန်က တော်တော်ကြီးရဲ့လားဟေ့" အနီးသို့ အရောက်၌ အီလျာဂင်က ယုန်ကို ပထမဆုံးစ၍ မြင်သော ခွေးထိန်းကို လှမ်းမေးလိုက်ပြီးနောက် ခပ်အေးအေးဖြင့် ၎င်း၏ခွေးနီပြောက်မကြီးအီဇာကို လေချွန်၍ ခေါ်လိုက်လေသည်။

"ဘယ့်နှယ်လဲဗျို့ ရောင်းရင်း" အီလျာဂင်က ဦးတော်ကို လှမ်းမေးလိုက်၏။ ဦးတော်ကား သုန်မှုန်သော မျက်နှာထားဖြင့် အနားသို့စီး၍ လာလေသည်။

"ကျုပ်တို့ခွေးများတော့ ဝင်မပြိုင်နိုင်ပေါင်ဗျာ။ ခင်ဗျားတို့ ခွေးဝံပုလွေကြီးတွေက တစ်ကောင်ကို ရွာတစ်ရွာ ပေးဝယ်ထားရတော့ ကျုပ်တို့ခွေးများ ဘယ်ပြိုင်ဝံ့မလဲ ။ ဒီလိုမှပေါ့။ ဟုတ်လိုက်လေ။ ခင်ဗျားတို့ ခွေးတွေက တစ်ကောင်ကို တစ်ထောင်ဆိုလဲဟုတ်ရဲ့။ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ရဲ့ ခွေးတွေသာ ပြိုင်ကြပါ။ ကျုပ်တို့ကတော့ ပွဲကြည့်ပရိသတ်ပေါ့"

ဦးတော်က ပြောလိုက်ပြီးနောက် "ရူဂေး၊ ရူဂေး"ဟု ၎င်း၏ခွေးကြီးကို အော်၍ခေါ်လိုက်သည်။ ဦးတော်သည် ဤသို့ခေါ်ရုံဖြင့် အားရဟန်မရှိသေးဘဲ "ရူဂါ ယုဂျာ" ဟူသော ချစ်စနိုးအမည်ကို ထပ်၍ ခေါ်လိုက်ပြန်သည်။ ဦးတော်၊ အီလျာဂင်နှင့်တကွ နီကိုလေတို့ သုံးဦးစလုံးသည် ကိုယ့်ခွေးက သာမှသာပါမည်လော၊ ယုန်ကို မိမှမိပါမည်လောဟူသော စိုးရိမ်စိတ်ကို ကြိုးစားဖုံးကွယ်လျက် ရှိခြင်းကို နာတာရှာ မြင်လိုက်ရ၏။ ယခုအချိန်တွင် နာတာရှာကိုယ်တိုင်ကလည်း တထိတ်ထိတ် ဖြစ်လျက် ရှိလေပြီ။

အီလျာဂင်၏ တောလိုက်တပည့်သည် တောင်ပူစာထိပ်၌ ရပ်မြဲရပ်လျက်ရှိရာမှ ကြာပွတ်ကို မြှောက်၍ ပြထားလေရာ ဦးတော်၊ အီလျာဂင်နှင့် နီကိုလေတို့ သုံးဦးသည် မြင်းကို အသားကျစီး၍ လာခဲ့ကြလေသည်။ အဝေး၌ကား တောလိုက်ခွေးများသည် ပြေးလျက်ရှိကြ၏။ ၎င်းတို့သုံးဦးမှအပ တောလိုက်သမားများသည် ယုန်ရှိရာ ကွင်းဘက်ဆီသို့ စီးသွားကြလေပြီ။

"ယုန်က ဘယ်နားမှာလဲဟေ့" နီကိုလေက ယုန်ကို ပထမဆုံး မြင်လိုက်သည့် တောလိုက်သမားအနီးသို့ မြင်းကို အသော့နှင်လာ၍ မေးလိုက်သည်။

သို့ရာတွင် တောလိုက်သမားက မည်သို့မျှ ဖြေဆိုခြင်း မပြုရသေးမီ အဝေးတွင် ယုန်ကလေးတစ်ကောင် ခုန်နေသည်ကို မြင်လိုက်ရ၏။ ယုန်မှာ နောက်တစ်နေ့ နံနက်၌ နှင်းကျတော့မည်ဖြစ်သဖြင့် နှင်းနံ့ရသောကြောင့် ခုန်ပေါက်မြူးထူးနေခြင်း ဖြစ်လေသည်။ ကြိုးချည်ထားသည့်ခွေးအုပ်ကြီးသည် ယုန်ကို မြင်လိုက်သည်နှင့် ဆူညံစွာ ဟောင်လျက် တောင်ပူစာကလေးပေါ်မှ တစ်ဟုန်ထိုး ပြေးဆင်းသွားကာ ယုန်နောက်သို့ လိုက်သွားကြ၏။ ထိုအခိုက် ခွေးဝံပုလွေထိန်းများသည် ယုန်နောက်သို့ လိုက်နေသော တောလိုက်သမားများအား ရပ်ရန် အချက်ပေးလိုက်ပြီးနောက် တောလိုက်ခွေးများကို ပြန်၍ သိမ်းစေ၏။ ထို့နောက် ၎င်းတို့၏ ခွေးဝံပုလွေကြီးများကို ကြိုးဖြေပေးလိုက်ကြကာ ဒုန်းစီး၍ လိုက်သွားကြသည်။ အီလျာဂင်၊ နီကိုလေ၊ နာတာရှာနှင့် ဦးတော်တို့သည် ငြိမ်သက်နေရာမှ လှုပ်ရှားလာကြကာ မြင်းကို ဒုန်းရိုက်၍ စီးသွားကြပြီးနောက် ရှေ့ကပြေးနေသော ယုန်နှင့် နောက်က လိုက်နေသော ခွေးဝံပုလွေကြီးများကိုသာ ကြည့်၍ လိုက်ပါလာမိကြသည်။ ယုန်မှာ အလွန်သန်မာ၍ လျင်မြန်သော ယုန်ကြီးတစ်ကောင်ဖြစ်၏။ ယုန်သည် ရှေ့သို့ တစ်ချက်ခုန်လိုက်ပြီးနောက် ချက်ချင်းဆက်မပြေးသေးဘဲ ပွဲတင်ထပ်မျှဖြစ်နေသော အော်သံများ၊ နောက်မှ လိုက်လာသံများကို နားစွင့်နေသည်။ ထို့နောက် ဆယ်ကြိမ်ခန့်ခပ်မှန်မှန်လွှား၍ ခုန်ပြေးနေလေရာ ခွေးဝံပုလွေကြီးများမှာ ယုန်နှင့် တဖြည်းဖြည်း နီး၍ လာခဲ့ကြလေပြီ။ ထိုအခါကျတော့မှ ယုန်သည် နောက်ကကပ်လာသော အန္တရာယ်ကို သတိထားမိကာ မိမိသွားရမည့်လမ်းကို ရွေးချယ်ပြီး ဖြစ်ဟန်ဖြင့် နားရွက်နှစ်ဖက်ကို ကုပ်လျက် တအားစွတ်၍ ပြေးလေတော့သည်။ ထို့နောက် ယုန်သည် ရိုးပြတ်တောထဲတွင်ဝပ်နေ



www.burmeseclassic.com

လိုက်သည်။ ရိုးပြတ်တောတစ်ဖက်၌ကား မြေပျော့ဖြစ်သည့် ဆောင်းဦးပေါက်ဂျုံခင်းများရှိ၏။ ယုန်ကို ပထမဆုံး တွေ့မြင်လိုက်သည့် တောလိုက်သမား၏ ခွေးဝံပုလွေ နှစ်ကောင်မှာ ထိုအချိန်၌ ယုန်နှင့်အနီးဆုံး နေရာတွင် ရောက်နေကြသည်။ ခွေးဝံပုလွေကြီးနှစ်ကောင်သည် ရိုးပြတ်တောစပ်တွင် ဝပ်နေသည့် ယုန်ကို လှမ်းမြင်လိုက်သည်နှင့် နောက်က တရကြမ်းလိုက်လာခဲ့ကြ၏။ သို့ရာတွင် အီလျာဂင်၏ ခွေးနီပြောက်မကြီး အီဇာသည် ခွေးဝံပုလွေကြီး နှစ်ကောင်ကို ဖြတ်တက်သွားပြီးနောက် ယုန်နှင့်တစ်လျား ခုန်သို့ အရောက်တွင် လျင်မြန်စွာခုန်၍ ယုန်၏အမြီးကို ဆွဲလိုက်သည်။ ယုန်သည် ခါးကိုကုန်းကာ လျင်မြန်စွာ ထောက်၍ ခုန်လိုက်သဖြင့် လွတ်ထွက်သွားသည်။ ဤအတောအတွင်း၌ နီကိုလေ၏ တင်ကျယ်ကျယ်နှင့် ခွေးနက်ပြောက်မကြီး မီလကာသည် အီဇာကိုကျော်၍ တက်လာကာ ယုန်ကို မီလုမီဆဲ လိုက်လာပြန်သည်။

"မီလကာကွ မီလကာ" နီကိုလေက အားရဝမ်းသာ အော်လိုက်၏။ မီလကာသည် ယုန်ကို ခုန်၍ အုပ်လိုက်တော့မည်ပြုပြီးမှ ရှေ့သို့လွန်သွားလေရာ ယုန်မှာ ဆောင့်ကြောင့်ထိုင်၍ ကျန်ရစ်ခဲ့လေသည်။ ထိုအခိုက်မှာပင် အီလျာဂင်၏ ခွေးနီပြောက်မကြီး အီဇာသည် ယုန်အနီးသို့ ရောက်လာပြန်သည်။ အီဇာသည် ဤတစ်ချီတွင် အလွတ်မပေးတော့ဟု ဆုံးဖြတ်ထားသည့်အလား အနားသို့ ရောက်သည်နှင့် ယုန်၏ နောက်ခြေထောက်ကို ချိန်၍ ခုန်ဆွဲရန်ပြင်နေသည်။

"အီဇာကွ၊ ဖေ့သမီးကြီးကွ"အီလျာဂင်က အော်လိုက်၏။ သို့ရာတွင် အီဇာကား သခင်၏အော်သံကို မကြားဘဲ ယုန်ကိုသာ အာရုံစိုက်လျက် ရှိသည်။ သို့ဖြင့် ယုန်၏နောက်ခြေထောက်ကို ခုန်၍ဆွဲရန် အီဇာအား ယူနေခိုက် ယုန်သည် ရိုးပြတ်တောနှင့် ဆောင်းဦးပေါက်ဂျုံခင်းကြားရှိ ယာခရိုးအတိုင်း ထွက်ပြေးပြန်လေသည်။ ထိုအချိန်၌ကား အီလျာဂင်၏အီဇာနှင့် နီကိုလေ၏မီလကာတို့မှာ ရထားတွင်တပ်သည့်မြင်းနှစ်ကောင်သဖွယ် ရင်ပေါင်တန်းပြေးလျက်ရှိကာ ယုန်ကို မီလုမီခင် ဖြစ်နေပေပြီ။ သို့ရာတွင် ယာခရိုးတစ်လျှောက် ပြေးရခြင်းမှာ ခွေးဝံပုလွေများထက် ယုန်အဖို့ပို၍ လွယ်ကူသည့်အတွက် ရတ်တရက် မမိနိုင်ဘဲ ဖြစ်လျက်ရှိသည်။

ထိုအခိုက် "ရူဂေး ရူဂေး၊ အဖေ့သမီးကြီးလိုက်ကွ။ လိုက်"ဟူသောဦးတော်၏အသံ ပေါ်လာပြီးနောက် ဦးတော်၏အနီရောင် ခွေးဝံပုလွေကြီးရူဂေးသည် ရှေ့ကပြေးနေသော အီဇာနှင့် မီလကာတို့ကို ကျော်၍ တက်လာပြန်သည်။ ဤအကြိမ်၌မူ ယုန်သည် ယာခရိုးကို လျှောက်၍ ပြေးမနေတော့ဘဲ ဂျုံခင်းထဲသို့ ဆင်းပြေးလေသည်။ ရူဂေးသည် ဒူးဆစ်လောက်နက်သော ရွှံ့စပ်စပ်ရေထဲတွင်တစွက်စွက် လိုက်ဆင်းသွားလေရာ တစ်ကိုယ်လုံးမှာ ရွှံ့တွေပေကျံလျက် ရှိသည်ကို မြင်လိုက်ရပြီး ခဏအကြာ၌ ယုန်ကို ခုန်၍ အုပ်လိုက်လေသည်။ မရှေးမနှောင်းမှာပင် အခြားခွေးဝံပုလွေများလည်း အနီးသို့ ရောက်လာကြ၏။ ဦးတော်သည် မြင်းပေါ်မှဆင်း၍ ယုန်၏ခွာတစ်ဖက်ကို ဖြတ်ယူလိုက်ပြီးနောက် ယုန်ကို သွေးများစင်အောင် လှုပ်၍ခါလိုက်သည်။ ဦးတော်၏ဝမ်းသာခြင်းကား ဆိုဖွယ် မရှိတော့ပြီ။ ဦးတော်သည် စကားမပြောနိုင်အောင်ပင် ဖြစ်လျက်ရှိ၏။

"ဒီလိုမှ ပေါ့ကွ။ ဟုတ်လိုက်လေကွာ။ ဒါမှဖေ့သမီးကြီးကွ။ ဟေ ဟေ့။ တစ်ထောင်ပေးရတဲ့ ခွေးဝံပုလွေတွေတော့ နောက်က ဖုတ်တထောင်းထောင်းနဲ့ ကျန်ရစ်ခဲ့ပြီဟေ့။ ဟေဟေ့။ ဟုတ်လိုက်လေကွာ" ဦးတော်သည် အသက်ပင် မှန်မှန်မရှုနိုင်ဘဲ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြန်ကာ "တစ်ထောင်ပေးရတဲ့ ခွေးတွေထက် ဖေ့သမီးကြီးက သာတယ်ဟေ့။ ဟုတ်လိုက်လေကွာ။ ဒီလိုမှပေါ့"ဟု ဆိုလျက်ရှိ၏။

"ရော့၊ ဖေ့သမီးကြီးဖို့ယုန်ခွာတစ်ဖက်၊ ခွာတစ်ဖက်တော့ ဖေ့သမီးကြီး ရထိုက်တယ်။ ဒီလိုမှပေါ့။ ဟုတ်လိုက်လေကွာ"

နီကိုလေမှာမူ မည်သူ့ကိုမျှ သတိမထားနိုင်ဘဲ "တောက်၊ ငါ့ခွေးကြီးက အမောလွန်သွားတယ်။ သုံးခါလောက် မီရက်သားနဲ့ ကျော်ကျော်တက်သွားတာကိုး"ဟု ပြောလိုက်၏။

"သခင်လေး ခွေးကြီးက ဘာဖြစ်လို့ ကျော်ကျော်တက်သွားရတာလဲ သခင်လေး"ဟု အီလျာဂင်၏ မြင်းထိန်းက မေးလိုက်သည်။

"ယုန်ကို အမိလိုက်နိုင်ဖို့သာ အဓိကပါဗျ။ မိတဲ့နောက်မှတော့ ဘယ်ခွေးဖြစ်ဖြစ် ဖမ်းကိုက်နိုင်တာပဲ"ဟု အီလျာဂင်က ပြောလိုက်သည်။ အီလျာဂင်မှာလည်း



www.burmeseclassic.com

မြင်းကို ဒုန်းစီးလိုက်လာရသည့်အတွက် မောလျက်ရှိ၏။ ဤအခိုက်တွင် နာတာရှာကလည်း ယုန်ကိုမိသဖြင့် ဝမ်းသာအားရအော်လိုက်ရလေရာ ၎င်း၏အသံမှာ စူးထွက်သွားသည်။ တောလိုက်ရာ၌ မဟုတ်ဘဲ အခြားတစ်နေရာ၌သာ ဤသို့အော်လိုက်မိပါက အားလုံးကပင် အံ့အားသင့်ကြ၍ နာတာရှာ ကိုယ်တိုင်ကလည်း ရှက်နေမိမည် ဖြစ်၏။ သို့ရာတွင် ယခုအချိန်၌ကား အမဲရသဖြင့် ဝမ်းသာခြင်း အထွတ်အထိပ်သို့ ရောက်နေကြသည့်အတွက် မည်သူကမျှလည်း စူးစူးရဲရဲ အော်လှချည့်ဟု အံ့သြခြင်းမရှိ။ နာတာရှာကိုယ်တိုင်ကလည်း ရှက်ကြောက်ခြင်း မရှိတော့ချေ။ ဦးတော်သည် ယုန်ကောင်ကို ခြေထောက်မှပူး၍ ချည်လိုက်ပြီးနောက် များစွာဂုဏ်ယူသည့်ဟန်ဖြင့် ယုန်ကို မြင်းကျောကုန်းပေါ်သို့ တင်လိုက်၍ မြင်းပေါ်သို့ တက်စီးသွားလေသည်။ အခြားသူများမှာစိတ်လည်းပျက်၊ ရှက်လည်းရှက်သော မျက်နှာထားဖြင့်နောက်ကစီး၍ လိုက်လာခဲ့ကြသည်။ သို့ဖြင့် တောကောင်ဖမ်းမိသော ခွေးပိုင်ရှင်၏ အထင်သေးခြင်း၊ တောကောင်လက်လွတ်သော ခွေးပိုင်ရှင်၏ရှက်ခြင်း၊ မနာလိုခြင်း၊ စိတ်ပျက်ခြင်းတို့သည် အသီးသီး၏ ရင်ထဲတွင် ကိန်းအောင်းနေကြပြီးနောက် အချိန်အတော်ကြာတော့မှ ပြေပျောက်သွားကြကာ တစ်ယောက်နှင့်တစ်ယောက် ယခင်ကကဲ့သို့ မူမပျက် ဆက်ဆံလာနိုင်ကြလေတော့သည်။ ၎င်းတို့သည် တစ်ကိုယ်လုံး ရွှံ့စက်များ ပေကျံလျက်ရှိ၍ သံကြိုးကွင်းသံ တချွင်ချွင်ပေးကာ အောင်နိုင်သူ၏ ဝင့်ကြွားသောဟန်ဖြင့် ဦးတော်၏ မြင်းနောက်တွင် လိုက်ပါသွားသော ရှူဂေးကို ငေးကြည့်မိကြ၏။

'ကြည့်ကြပါဗျ။ အမဲ မလိုက်တဲ့အခါ ဆိုရင်တော့ ကျုပ်လဲ သူလိုကိုယ်လိုပါပဲ။ သိပ်မထူးပါဘူး။ ဒါပေမဲ့ အမဲလိုက်ကြပြီဆိုရင်တော့ နယ်နယ်မအောက်မေ့ကြနဲ့ဗျာ တို့' ရှူဂေး၏ဟန်ပန်မှာ ဤသို့ပြောပြနေသည် ထင်ရ၏။

အတန်ကြာသောအခါ ဦးတော်ရောက်လာ လေသည်။ ဦးတော်သည် ၎င်း၏ခွေးကြီးရှူဂေးက တောကောင်ကို မိလာသဖြင့် အထူးတလည် ဂုဏ်ယူလျက် ရှိရာမှ ရှုံးသူတစ်ဖက်သားကို အားပေးဦးမှ တော်ရာကျမည် ဟူသော ဟန်မျိုးဖြင့် စကားပြောဆိုခြင်း ပြုလေသည်။

## အခန်း ၇

ညနေစောင်းသောအခါ အီလျာဂင်သည် နီကိုလေတို့ကို နှုတ်ဆက်၍ ပြန်သွားလေသည်။ နီကိုလေတို့မှာ တောလိုက်စခန်းနှင့် အဝေးဆုံးပြန်ရမည်ဖြစ်၏။ ထို့ကြောင့် နီကိုလေသည် ထိုညအဖို့ မိမိတို့ရွာတွင် တည်းခိုရန် ဦးတော်၏ ဖိတ်ကြားချက်ကို လက်ခံလိုက်လေသည်။

"ရွာရောက်တော့ ဦးတော်အိမ်မှာပဲ တည်းတာပေါ့ကွယ်။ ဒီလိုမှပေါ့။ ဟုတ်လိုက်လေကွယ်။ လာ" ဦးတော်က ပြောလိုက်သည်။ "ရာသီဥတုက အေးတော့ ဦးတော်အိမ်မှာပဲတည်းပေါ့။ ဟုတ်စ။ ဟောဒီက တူမတော်ကိုတော့ နှစ်ဘီးတပ် လှည်းကတုံးလေးတစ်စီးနဲ့ ပြန်ပို့လိုက်တာပေါ့"

နီကိုလေကလည်း ဦးတော်၏ အကြံပေးချက်ကို လက်ခံလိုက်၏။ နီကိုလေသည် တောလိုက်တပည့်တစ်ယောက်ကို အိုထရာနီသို့ လှည်းကတုံးတစ်စီး အယူလွှတ်လိုက်ပြီးနောက် နာတာရှာ၊ ပီတာတို့နှင့်အတူ ဦးတော်၏ အိမ်သို့ မြင်းစီး၍ လာခဲ့ကြသည်။

ယောကျ်ားအစေခံ ငါးယောက်တို့သည် ဆင်ဝင်ပေါက်သို့ထွက်လာကာ ဦးတော်ကို ကြိုဆိုကြသည်။ မိန်းမအစေခံများကား တောလိုက်သမား တစ်စုအား နောက်ဖေးမှ ချောင်း၍ ကြည့်နေကြ၏။ ဂုဏ်သရေရှိမြို့စားကြီး၏သမီး နာတာရှာ မြင်းစီး၍ လိုက်ပါလာခြင်းကို မြင်ရသည့်အတွက် မိန်းမအစေခံများမှာ အထူးအဆန်းဖြစ်ကာ အချို့မှာ ရှေ့တည့်တည့်သို့ပင် လာရောက်ကြည့်ရှုကြပြီးနောက် သက်မဲ့အလုပ် ပစ္စည်းတစ်ခုကို ရှေ့ထား၍ ပြောနေကြဘိနှယ် နာတာရှာကို ရှေ့၌ထားကာ နာတာရှာ၏ အကြောင်းကို တစ်ယောက်တစ်ပေါက် ပြောဆိုလျက် ရှိကြသည်။

"ကြည့်စမ်းတော့။ သခင်မလေးက မြင်းပေါ်မှ တင်ပလွဲ ထိုင်နေတာတော့။ ဝတ်စုံက အောက်မှာ လျှောကျနေတယ်တော့။ အမယ် တောလိုက်ခရာလေးလဲ ပါသဟေ့"

"အေးတော့။ တောလိုက် ဓားကောက်ကလေး ကလဲ လှပါဘိသနဲ့"

"ကြည့်ရတာ မောင်ဂွတ်အနွယ် ထင်ပါရဲ့အေ"

"သခင်မလေး လိမ့်မကျဘူးလား ဟင်" ကျွန်မိန်းမထဲမှ ခပ်သွက်သွက် တစ်ယောက်က နာတာရှာကို



www.burmeseclassic.com

မေးလိုက်သည်။

ဦးတော်သည် ၎င်း၏သစ်သားအိမ်ရှေ့ ဆင်ဝင်အောက်၌ မြင်းပေါ်မှဆင်းလိုက်သည်။ ဦးတော်၏သစ်သားအိမ်လေးဘေးပတ်ပတ်လည်တွင်ကား သီးပင်စားပင်များဖြင့် စိုပြည်လျက်ရှိ၏။ ဦးတော်သည် ၎င်း၏အိမ်စေကျွန်များကို လှမ်းကြည့်လိုက်ပြီးနောက် လူပိုများ ထွက်သွားကြရန်လှမ်းအော်ထုတ်လိုက်ကာ ဧည့်သည်များကို ဧည့်ခံရန်အတွက် ပြင်ဆင်မှုများ အဆင်သင့်ပြုလုပ်ထားရန် အမိန့်ပေးလိုက်သည်။

အစေခံများသည် အလျှိုအလျှိုထွက်သွားကြ၏။ ဦးတော်သည် နာတာရှာကိုတွဲ၍ မြင်းပေါ်မှချပေးကာ ယိုင်နဲ့နေပြီဖြစ်သော သစ်သားလှေကားကလေးပေါ်သို့ ခေါ်လာခဲ့သည်။ အိမ်မှာ သစ်လုံးအိမ်ကလေးဖြစ်၍ အလွန်ကြီး သန့်ရှင်းလှသည် မဟုတ်သော်လည်း ညစ်ပတ်ပေရေခြင်းမရှိဘဲ သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ် ဖြစ်၏။ အိမ်ထဲသို့ ဝင်လိုက်သောအခါတွင် သစ်သော့သီးနံ့သည် တသင်းသင်း မွှေးလျက်ရှိ၏။ အိမ်ရှေ့ပိုင်း၌ ဝံပုလွေရေများ၊ မြေခွေးရေများကို အနံ့အပြား ချိတ်ဆွဲထားသည်။

ဦးတော်သည် ဧည့်သည်များကို အိမ်ဦးခန်းမှဖြတ်၍ ခပ်သေးသေးခန်းဆောင်ကလေးတစ်ခုထဲသို့ ခေါ်လာခဲ့၏။ ထိုခန်းဆောင်ထဲ၌ ခေါက်စားပွဲကလေးတစ်လုံးနှင့် ဆေးနီသုတ်ထားသော ကုလားထိုင်များရှိသည်။ ထိုအခန်းကို လွန်လျှင် သစ်ဖြူသား စားပွဲဝိုင်းကြီးတစ်လုံးနှင့် ထိုင်ဖုံများချထားသော ဧည့်ခန်းဆောင်ရှိ၏။ ထို့နောက်မှ ဦးတော်၏နားနေခန်းသို့ ရောက်လေသည်။ ဦးတော်၏ နားနေခန်းထဲတွင် စုတ်နေပြီဖြစ်သော ထိုင်ဖုံတစ်လုံး၊ ခပ်နွမ်းနွမ်းကော်ဇောတစ်ချပ်၊ ဗိုလ်ချုပ်ကြီး ဆူဗိုရော့ဗ်၏ ဓာတ်ပုံ၊ ဦးတော်၏မိဘနှစ်ပါး ဓာတ်ပုံနှင့် စစ်ဝတ်စုံ ဝတ်ထားသော ဦးတော်၏ဓာတ်ပုံတစ်ပုံတို့ရှိ၏။ ဦးတော်၏ အခန်းကား ဆေးရွက်နံ့နှင့် ခွေးနံ့ရောထွက်လျက် ရှိလေသည်။ ဦးတော်သည် ဧည့်သည်များကို ထိုင်စေ၍ အားမနာရန် ပြောဆိုပြီးနောက် အပြင်သို့ ထွက်သွားသည်။ ဦးတော်၏တောလိုက်ခွေးကြီးရူဂေးသည် ရွှံ့အလိမ်းလိမ်း ပေကျံလျက် ရှိရင်းက ထိုင်ဖုံပေါ်သို့ တက်ထိုင်လိုက်ပြီးနောက် ကိုယ်ကို လျှာဖြင့် လျက်နေသည်။ ဦးတော်၏ နားနေခန်းမှ လမ်းမြှောင်ကလေးအတိုင်း ထွက်သွားသော် ခပ်စုတ်စုတ် ကန့်လန့်ကာများကာထားသည့် အခန်းတစ်ခန်းကို မြင်ရ၏။ ထိုအခန်းထဲဆီမှ မိန်းမတစ်သိုက်၏ တီးတိုးစကားပြောသံ၊ ရယ်မောသံများကို ကြားရလေသည်။ နီကိုလေ၊ နာတာရှာနှင့် ပီတာ တို့သည် တောလိုက် အင်္ကျီကြီးများကိုချွတ်ကာ ထိုင်ဖုံပေါ်တွင် ဝင်ထိုင်လိုက်ကြ၏။ ပီတာကား ချက်ချင်း အိပ်ပျော်သွားလေသည်။ နာတာရှာနှင့် နီကိုလေတို့မှာလည်း တိတ်ဆိတ်လျက် ရှိကြ၏။ ၎င်းတို့နှစ်ဦး၏ မျက်နှာများမှာ နီရဲလျက် ရှိလေသည်။ တောလိုက်ခဲ့ရသည့်အတွက် ရွှင်လန်းလျက် ရှိကြသော်လည်း ဆာလောင်လှပေပြီ။ ၎င်းတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ (ယခုအချိန်တွင် တောလိုက်ပြီး၍ အိမ်ပြန်ရောက်နေကြပြီဖြစ်သည့်အတိုင်း နီကိုလေသည် နာတာရှာအပေါ်တွင် အားကြီးသူယောကျ်ားသား၏ ဩဇာပေးခြင်းမျိုးကို ပြုလုပ်ရန် မလိုတော့ဟု ယူဆပြီး ဖြစ်သည်။) နာတာရှာကလည်း နီကိုလေကို မျက်စိတစ်ဖက်မှိတ်၍ ပြလိုက်ပြီးနောက် အကြောင်းမရှိဘဲ ရယ်လိုက်သည်။

ခဏကြာသော် ဦးတော် ပြန်ရောက်လာလေသည်။ ဦးတော်သည် ဘောင်းဘီပြာနှင့် ကော့ဆက်လူမျိုးတို့ဝတ်လေ့ရှိသော အင်္ကျီကို ဝတ်ထားကာ ဒူးအထိရောက်သော ခြေစွပ်ဖိနပ်ရှည်ကြီးကို စီးထားသည်။ နာတာရှာသည် ဤအဆင်အပြင်မျိုးကို အိုထရာနီတွင်မြင်ခဲ့ရပါက ပုံပန်းမကျ နနယ်သော ရယ်စရာ အဆင်အပြင်မျိုးဟု သဘောထားလေ့ရှိသော်လည်း သူ့နေရာနှင့်သူ အဆင်အပြင်ကား လိုက်လျောပေသည်ဟု ယူဆလိုက်မိသည်။ ဦးတော်မှာလည်း လွန်စွာပျော်ရွှင်လျက် ရှိပုံရလေသည်။ ဦးတော်သည် နာတာရှာတို့ မောင်နှမနှစ်ယောက် ရယ်ကြသည့်အတွက် အနည်းငယ်မျှ ရှက်ပုံမရသည်သာမက (မိမိ၏ နေပုံထိုင်ပုံမျိုးကို ကြည့်၍ နာတာရှာတို့ မောင်နှမနှစ်ယောက်က ရယ်မောလှောင်ပြောင် ကြလိမ့်မည်ဟူသော အတွေးသည်လည်း ဦးတော်၏ ခေါင်းထဲသို့ တစ်ခါမျှ ဝင်မလာဖူးချေ။) သူကပါ ရော၍ ရယ်လိုက်သေးသည်။

“ဒီလိုမှပေါ့။ ဦးတော်ရဲ့ တူမတော်ကဖြင့် ဟန်လိုက်လေကွယ်။ ယောကျ်ားတွေနဲ့ တစ်နေ့လုံး မြင်းစီးနေတာတောင် ဘာမှမဖြစ်ဘူး။ လန်းနေတာပဲ။ ဟုတ်ပေ့ကွာ” ဦးတော်က နာတာရှာကို လှမ်းပြောလိုက်ပြီးနောက် နီကိုလေအား အရိုးရှည်ရှည်နှင့် ဆေးတံတစ်ချောင်းကို



www.burmeseclassic.com

လှမ်းပေးလိုက်လျက် ကျင့်သားရပြီးသော လက်ချောင်းသုံးချောင်းဖြင့် ၎င်း၏ဒန်တိုကို ကောက်ကိုင်လိုက်သည်။

ဦးတော် ပြန်ဝင်လာပြီးနောက် မကြာမီမှာပင် ထောင်ထောင်မောင်းမောင်း၊ နီရဲသော အသားအရေ၊ အစ်နေသော မေးနှစ်ထပ်ကြီးအထက်၌ ပြည့်ဖြိုးနီမြန်းသော နှုတ်ခမ်းများဖြင့် အသက်လေးဆယ်အရွယ်ရှိ မိန်းမကြီးတစ်ယောက်သည် စားဖွယ် သောက်ဖွယ်များကို လင်ပန်းတစ်ချပ်တွင် အပြည့်ထည့်၍ ဝင်လာလေသည်။ ထိုမိန်းမကြီး၏ အကြည့်နှင့် လှုပ်ရှားဟန်များမှာ များစွာရက်ရောဖော်ရွေသော သဘောကို ပြလျက်ရှိသည်။ ထိုမိန်းမကြီးသည် ချိုသာသော အပြုံးဖြင့် ဧည့်သည်များကို လှမ်းကြည့်လိုက်ပြီးနောက် ရိုသေစွာ ဦးညွှတ်နှုတ်ဆက်လိုက်၏။ မိန်းမကြီးမှာ သူမတူအောင် ထွားကျိုင်းလှသည် ဖြစ်ရကား ၎င်း၏ရင်နှင့် ဝမ်းဗိုက်တို့မှာ ရှေ့သို့ကော့လျက်ရှိ၍ ခေါင်းမှာ နောက်သို့ လန်လျက် ရှိလေသည်။ ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင် လမ်းလျှောက်ပုံမှာလည်း ညင်သာလှပေ၏။ (ထိုမိန်းမကြီးကား ဦးတော်၏ အိမ်ထောင်ထိန်းဖြစ်ပေသည်။) မိန်းမကြီးသည် စားပွဲဆီသို့ သွားကာ လင်ပန်းကို ချလိုက်ပြီးနောက် နနယ်ဖြူဖွေးသော လက်များဖြင့် လင်ပန်းထဲမှပုလင်းများ၊ စားသောက်ဖွယ် ပန်းကန်များနှင့် အော်ဒီဗွားခေါ် အမွေးအကြိုင်ခတ် စားသောက်ဖွယ် ပန်းကန်များကို သွက်လက်စွာ စီစဉ်နေရာချနေသည်။ အားလုံး ပြင်ဆင်ပြီးသည့်နောက်တွင် မိန်းမကြီးသည် ရွှင်ပြုံးသောမျက်နှာဖြင့် တံခါးဝတွင်ရပ်လျက် 'သခင်လေးတို့၊ ဦးတော်ရဲ့အကြောင်းကို သိကြရဲ့လား'ဟူသော မျက်နှာပေးမျိုးဖြင့် နီကိုလေဘက်သို့ ကြည့်နေသည်။ အဘယ်မှာလျှင် ဦးတော်၏အကြောင်းကို နားမလည်သူရှိနိုင်မည်နည်း။ ဦးတော်၏အကြောင်းကို နီကိုလေသာမက နာတာရှာလည်း နားလည်ပါသည်။ အိမ်ထောင်ထိန်းမိန်းမကြီး အနစ်စယာ ဝင်လာသည့်အချိန်၌ ဦးတော်၏ တွန့်လျက်ရှိသော နဖူးပြင်နှင့် ကျေနပ်နှစ်သိမ့်သောအပြုံးကို နာတာရှာ သတိထားလိုက်မိပေသည်။ လင်ပန်းထဲ၌ကား ဆေးအရက်ချိုတစ်ပုလင်း၊ ဗော့ဒကာအရက်အမျိုးမျိုး၊ မှိုသနပ်၊ မလိုင်နှင့် လုပ်ထားသော ဂျုံမုန့်ပြား၊ ပျားရည်တစိမ့်စိမ့်ထွက်နေသော ပျားလဘို့၊ ပျားရည်နှင့်ဖျော်သည့် ဖျော်ရည်၊ သစ်သော့သီးနှင့် သစ်သီး(အချို့မှာ အစိမ်းဖြစ်၍ အချို့မှာ မီးကင်ထားသည်။) နှင့် သစ်သီးချိုစသည်တို့ပါ၏။ ထိုနောက် မိန်းမကြီးသည် ကြက်သားကင်၊ ဝက်ပေါင်ခြောက်၊ သစ်သီးယိုတို့ကို ယူလာပြန်သည်။

ဤစားဖွယ်သောက်ဖွယ် အားလုံးကားအိမ်ထောင်ထိန်း အနစ်စယာ၏ လက်ရာများပေတည်း။ စားဖွယ်သောက်ဖွယ်များ အားလုံးမှာ ပြင်ဆင်တည်ခင်းသူကဲ့သို့ သန့်ရှင်းခြင်း၊ ဖြူစင်ခြင်း၊ လတ်ဆတ်ခြင်း၊ အရည်ရွှန်းစိုခြင်စသည့် အင်္ဂါရပ်များကို ဆောင်လျက်ရှိကြ၏။

"သခင်မလေး၊ ဒါကို သုံးဆောင်ကြည့်စမ်းပါ"

အိမ်ထောင်ထိန်း မိန်းမကြီးသည် နာတာရှာအား စားသောက်ဖွယ်များကို တစ်ခုပြီးတစ်ခု ထိုးပေးနေသည်။

နာတာရှာကလည်း ပေးလာသမျှကို အကုန်စားပစ်လိုက်၏။ နာတာရှာသည်ဤသို့ကောင်းသော ဂျုံမုန့်ပြားမျိုးကိုလည်းကောင်း၊ မွှေးကြိုင်သော ယိုကိုလည်းကောင်း၊ သစ်သီးပျားရည်စိမ်ကိုလည်းကောင်း၊ ကြက်ကင်ကိုလည်းကောင်း ဘယ်မှာမှ မစားဖူးသေးဟုပင် တွေးလိုက်မိသည်။

ညလယ်စာ စားပြီးနောက်တွင် ဦးတော်နှင့် နီကိုလေတို့သည် ချယ်ရီသီးအရက်တစ်လုံးဖြင့် မိမိတို့၏ တောလိုက် အတွေ့အကြုံများကိုလည်းကောင်း၊ အီလျာဂင်၏ခွေးများနှင့် ဦးတော်၏ခွေးကြီး ရူဂေးတို့၏ အကြောင်းကို လည်းကောင်း ပြောဆိုလျက်ရှိကြလေရာ နာတာရှာမှာ တဖျပ်ဖျပ် တောက်ပလျက်ရှိသော မျက်လုံးကလေးများအဝိုင်းသားဖြင့် နားထောင်လျက်ရှိလေသည်။ နာတာရှာသည် ပိတာအား စားသောက်ရန် နှိုးသေးသော်လည်း ပိတာမှာမနိုးဘဲ အိပ်မှုန်စုံမွှားဖြင့် ပြန်၍ထူးရင်း အိပ်ပျော်သွားပြန်လေသည်။ နာတာရှာသည် မိမိမရောက်ဖူးသေးသော ပတ်ဝန်းကျင်အသစ်တွင် ရောက်ရှိနေခြင်းကို ကြည်နူးကာ ရထားမြန်မြန်ရောက်လာမည်ကို စိုးရိမ်နေမိသည်။ အိမ်တစ်အိမ်သို့ ပထမဆုံးအကြိမ် ရောက်လာသောဧည့်သည်များကို ဧည့်ခံရာ၌ မကြာခဏ စကားစပြတ်သွားတတ်သည့် ထုံးစံအတိုင်း အတန်ကြာစကားပြတ်နေကြပြီးမှ ဦးတော်က ဧည့်သည်များ စိတ်ထဲတွင်ရှိနေသည့် မေးခွန်းတစ်ခုကို ပါးစပ်မှ ထုတ်ဖော်ပြောဆိုလိုက်သည်။

"အိမ်း၊ ဦးတော်လဲ တစ်နေ့တခြား သေတွင်းနီးလာပြီလေ။ ခုတော့ ကိုယ့်ဘဝရဲ့ နောက်ဆုံးအချိန်ကို ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com


ပျော်ပျော်ပါးပါးနေတော့မယ်။ ဒီလိုမှပေါ့။ မဟန်ဘူးလား။ သေသွားတဲ့နောက် ဘာလုပ်ဦးမှာလဲ။ ဘယ်သူ့ကိုမှလဲ အန္တရာယ် မပေးဘူး။ အေးအေးဆေးဆေးပဲ နေတော့တာပဲ"

ဤစကားများကို ပြောနေစဉ်၌ ဦးတော်၏ မျက်နှာမှာ ဝင်းထိန်တောက်ပလျက်ရှိပေ၏။ နီကိုလေကလည်း ဖခင်မြို့စားကြီးနှင့် အိမ်နီးချင်းများထံမှ ကြားဖူးသော စကားများအရ ဦးတော်၏ စိတ်ကောင်းနှလုံးကောင်း ရှိပုံများကို ပြန်လည်ပြောဆိုလျက် ရှိလေသည်။ ဦးတော်မှာ ထိုနယ်တစ်နယ်လုံးတွင် ရိုးသားသူတစ်ယောက်ဟု ကျော်ကြားကာ များစွာ လေးစားကြည်ညိုခြင်း ခံရသူတစ်ယောက် ဖြစ်၏။ သားချင်းဆွေမျိုးအချင်းချင်း စကားများလျှင်လည်း ဦးတော်ကို လာ၍တိုင်တည်ကာ ဦးတော်၏ အဆုံးအဖြတ်ကို တောင်းကြ၏။ သေတမ်းစာများ၊ စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးလျှင်လည်း ဦးတော်ကို သက်သေပြုကြ၏။ လျှို့ဝှက်ချက်များကိုလည်း ဦးတော်အား ဖွင့်ပြောတတ်ကြ၏။ ခုံသဘာပတိလူကြီးနှင့် အခြား ရာထူးများကိုလည်း ဦးတော်ကိုပင် တင်မြှောက်ကြသည်။ သို့ရာတွင် ဦးတော်သည် ရာထူးရာခံဟူသမျှကို ငြင်းပယ်ကာ ဆောင်းဦးပေါက်နှင့် နွေဦးပေါက်၌ ၎င်း၏မြင်းလှည်းကြီးတစ်စီးဖြင့် ကွင်းထဲတွင် အချိန်ကုန်တတ်၍ ဆောင်းရာသီတွင် အိမ်ထဲ၌ ကုပ်နေတတ်ပြီး နွေရာသီဆိုလျှင်ကား သီးပင်စားပင်များ ပေါက်ရောက်လျက်ရှိသော ခြံထဲတွင် အချိန်ကုန်တတ်ပေသည်။

"ဦးတော် ဘာဖြစ်လို့ အမှုတော်ထမ်းဘဝကို မဝင် တာလဲ"

"အိမ်း၊ အရင်တုန်းကတော့ ဝင်ပါတယ်။ ခုတော့ မဝင်တော့ပါဘူးကွယ်။ ခုတော့ အမှုတော်ထမ်းဘဝနဲ့လဲ မသင့်တော့ပါဘူး။ ဒီလိုမှပေါ့ကွယ်။ မဟုတ်ဘူးလား။ အမှုတော်ထမ်းဘဝကိုလဲ သိပ်ပြီး စိတ်မဝင်စားတော့ပါဘူး။ ဦးနှောက်ကလဲ မကောင်းတော့ဘူး။ အမှုတော်ထမ်းဘဝက တူတော်မောင်တို့လို လူငယ်တွေအတွက်ပဲ ကောင်းပါတော့တယ်။ အေး၊ တောလိုက်တဲ့အလုပ်ကတော့ ဦးနှောက်သိပ်သုံးရတဲ့အလုပ်မှ မဟုတ်ဘဲကိုး။ ဒီလိုမှပေါ့ကွယ်။ မဟုတ်ဘူးလား။ ဟေ့ တံခါးကို ဘာဖြစ်လို့ ပိတ်ထားတာလဲဟင်။ ဖွင့်လိုက်ကြစမ်းပါဟေ့"

လမ်းမြှောင်လေးအဆုံး၌ရှိသော တံခါးမှာ တောလိုက်သမားများ၏ အခန်းဖြစ်၏။

ထိုအခန်းထဲမှ ဖိနပ်မပါသော ခြေထောက်များ၊ ပြေးလွှားလှုပ်ရှားသံကို ကြားရပြီးနောက် တောလိုက်သမားများ၏ အခန်းတံခါးသည် ပွင့်လာကာ ဘာလာလေကာဟု ခေါ်သော ရုရှားဗျတ်စောင်းကို ကျွမ်းကျင်စွာ တီးခတ်လိုက်သံထွက်ပေါ်လာလေသည်။ နာတာရှာသည် ထိုဗျတ်စောင်းသံကို စောစောကတည်းက နားထောင်နေရာမှ ပို၍ပီသစွာ ကြားနိုင်ရန် လမ်းမြှောင်ကလေးဆီသို့ လာခဲ့သည်။

"အိမ်း၊ ဦးတော်ရဲ့ ရထားသမား မစ်ကာလေ။ ဒီကောင် ဗျတ်စောင်းအတီးကောင်းတာနဲ့ ဦးတော်က ဗျတ်စောင်းတစ်လက် ဝယ်ပေးထားတယ်။ ဗျတ်စောင်းသံကို ဦးတော် သိပ်သဘောကျတာပဲ"

ဦးတော် တောလိုက်က ပြန်လာပြီဆိုလျှင် မစ်ကာသည် တောလိုက်သမားအခန်းထဲမှနေ၍ ဗျတ်စောင်းကို တီးပြရမြဲဖြစ်၏။ ဦးတော်သည် ဗျတ်စောင်းသံကို နှစ်သက်လှသည်။

"တော်တော် ကောင်းတဲ့အသံပဲ"နီကိုလေက အမှတ်တမဲ့ ပြောလိုက်သည်။

"ကောင်းတာထက် သာယာတယ်လို့ ပြောရင် ပိုမှန်မယ် ကိုကိုရဲ့" နာတာရှာက ပြောလိုက်သည်။

ဦးတော်၏မှိုသနပ်၊ ပျားရည်နှင့် ချယ်ရီသီး အရက်တို့သည် စားသောက်ဖွယ်တို့အနက် ကမ္ဘာတွင် အကောင်းဆုံးဟု နာတာရှာ ထင်သကဲ့သို့ ထိုတေးသံသည်လည်း ယခု အခိုက်အတန့်၌ ဂီတတကာတို့တွင် အသာယာဆုံးဖြစ်သည်ဟု နာတာရှာ ယူဆမိလေသည်။

ဗျတ်စောင်းသံရပ်သွားသည်တွင် နာတာရှာက ထပ်၍ အတီးခိုင်းပြန်သည်။ မစ်ကာသည် အားတက်သွားကာ ဗျတ်စောင်းကို လက်ချောင်းကလေးများဖြင့် အပြေးဖွ၍ တီးလိုက်ပြီးနောက် 'မိုင်လေဒီ'ဆိုသော သီချင်းကို ခပ်ညင်းညင်းတီးလေသည်။ ဦးတော်သည် ခေါင်းတစ်ဖက်ကို စောင်းကာ ခပ်ပြုံးပြုံး နားထောင်နေသည်။ ဗျတ်စောင်းမှထိုသီချင်းသံသည် ကြိမ်ဖန်များစွာ ထွက်ပေါ်လာသော်လည်း နားထောင်သူများမှာ ငြီးငွေ့သည်ဟူ၍မရှိဘဲ ထပ်ပြန်တလဲလဲသာ နားထောင်ချင်နေတော့သည်။ အိမ်ထောင်ထိန်း အနစ်စယာသည် အခန်းထဲသို့ ဝင်လာကာ တံခါးကို



www.burmeseclassic.com

 www.burmeseclassic.com 

မှိန်၍ ရပ်နေ၏။

"သခင်မလေးက ဝါသနာပါသလား" အနစ်စယာက ဦးတော်နှင့် များစွာတူလှသော အပြုံးဖြင့် နာတာရှာကို မေးလိုက်၏။ "ကောင်လေးက ဗျတ်စောင်းတော်တော် အတီးကောင်းတယ် သခင်မလေးရဲ့"

"ဒီကောင်တီးတာ ဟိုအပိုဒ်နားမှာ မှားနေတယ်" ဦးတော်က နားထောင်နေရာမှ ရုတ်တရက်ပြောလိုက်သည်။ "အဲဒီနားကျရင် အုပ်မတီးရဘူးကွ၊ ဖွင့်တီးရမယ်။ ဒီလိုမှ ပေါ့ကွ၊ မဟုတ်ဘူးလား"

"ဦးတော်ကော တီးတတ်ပါသလား" နာတာရှာက မေးလိုက်သည်။

ဦးတော်သည် ပြန်မဖြေဘဲ ပြုံးနေ၏။

"အနစ်စယာ ငါ့ဂီတာကြိုး မတီးတာကြာပြီ။ သွား၊ ဂီတာကြိုးတွေ ကောင်းသေးရဲ့လား ကြည့်ချေစမ်း။ ဒီလိုမှပေါ့။ မဟုတ်ဘူးလား"

အနစ်စယာသည် သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားပြီးနောက် ဂီတာကြီးကို ယူလာသည်။

ဦးတော်သည် မည်သူ့ကိုမျှ မကြည့်ဘဲ ဂီတာပေါ်တွင် တင်နေသည့် ဖုန်များကို မှုတ်လိုက်ပြီးနောက် အရိုးငေါငေါထွက်နေသော လက်ချောင်းများဖြင့် ဂီတာအိုးကို ခေါက်လိုက်၍ ဂီတာကို ကြိုးညှိနေသည်။ ထို့နောက် လက်တင်ထိုင်ခုံ တစ်လုံးပေါ်တွင် အကျထိုင်လိုက်သည်။ ဦးတော်သည် ဝဲဘက်တံတောင်ကို ဂီတာသမားဟန်ပါပါ ချိုးလိုက်ပြီးနောက် ဂီတာလက်တံကို နှိပ်လိုက်လျက် အနစ်စယာကို မျက်စိတစ်ဖက်မှိတ်၍ပြကာကြိုးတစ်ချောင်း တည်းကိုခတ်လိုက်၏။ ထို့နောက် 'မိုင်လေဒီ'ကို မတီးဘဲ 'အပျိုကလေးတစ်ယောက် လမ်းမမှာ လျှောက်လာသည်' ဆိုသော ခေတ်စားသည့် သီချင်းတစ်ပုဒ်ကို ခပ်ညင်းညင်း ခပ်နန တီးခတ်သွားလေသည်။ ပီသသော အသံနှင့် နရီကိုက်အတိုင်း ထွက်ပေါ်လာသည့် တေးသွားကြောင့် နီကိုလေနှင့် နာတာရှာတို့မှာလည်း အိမ်ထောင်ထိန်းအနစ်စယာကဲ့သို့ ရွှင်ပျကြည်နူးလာကြ၏။ အနစ်စယာသည် သီချင်းကို နားထောင်ရာမှ မျက်နှာနီရဲလာကာ မျက်နှာကို ပဝါဖြင့် အုပ်၍ ရယ်ရင်း အခန်းအပြင်သို့ ထွက်ပြေးလေသည်။ ဦးတော်သည် ပို၍ စိတ်အားထက်သန်စွာဖြင့် အနစ်စယာ ရပ်နေသောနေရာကို ငေးစိုက်ကြည့်ရင်းသီချင်းကို ခပ်မှန်မှန်ဆက်၍ တီးလျက်ရှိသည်။ တေးသွားသည် သွက်၍ မြူးလာသည်နှင့်အမျှ ဦးတော်၏ ဖြူဖွေးသော နှုတ်ခမ်းမွေးများအောက်ရှိ နှုတ်ခမ်း တစ်ဖက်သည်လည်း ပြုံးစပြုလာရာမှ လက်ချောင်းကလေးများကလည်း ကြိုးများပေါ်တွင် ကူးလူးလျက် ရှိကြလေသည်။

"အို သိပ်နားထောင်လို့ ကောင်းတာပဲ ဦးတော်။ တီးပါဦး၊ ဆက်တီးပါဦး" ဦးတော်က သီချင်းဆုံး၍ ရပ်လိုက်သည်နှင့် နာတာရှာက ပြောလိုက်သည်။ နာတာရှာသည် ထကာ ဦးတော်၏ပခုံးကိုဖက်၍ နမ်းရှုပ်လိုက်သည်။ နီကိုလေမှာလည်း ဦးတော်၏ ဂီတာလက်သံ၌ ကြည်နူးလျက်ရှိ၏။ ဦးတော်သည် သီချင်းကို တစ်ကျော့ထပ်၍ တီးပြန်သည်။ အနစ်စယာသည် ပြုံးရွှင်သောမျက်နှာဖြင့် တံခါးဝတွင် ပေါ်လာပြန်သည်။

*"ချိုမြကြည်လင်သော ရေကို ခပ်၍လာ၊*

*ခဏရပ်ပါလို့ သူငယ်မကို ကျွန်တော် တောင်းပန်တာ"*

ဦးတော်သည် ကြိုးများကို လက်ချောင်းများဖြင့် ကျွမ်းကျင်စွာ တီးခတ်လိုက်ပြီးနောက် ရုတ်တရက် ရပ်လိုက်၏။

"တီးပါ ဦးတော်။ ဆက်တီးပါ" မိမိ၏အသက်သည် သီချင်းဆိုခြင်း၊ မဆိုခြင်းအပေါ်၌ တည်နေတော့သည့်အလား နာတာရှာသည် ဇွတ်အတင်း တောင်းပန်လျက်ရှိသည်။

ဦးတော်သည် ထိုင်ရာမှ ထလိုက်၏။ ဦးတော်မှာ လူတစ်ကိုယ် စိတ်နှစ်စိတ်ကွဲလျက် ရှိဟန်တူပေ၏။ ဦးတော်၏ တပည့်များသည် ရွှင်ပျမြူးထူးလျက်ရှိသော ဦးတော်ကို ပြုံး၍ ကြည့်နေလေသည်။ ဦးတော်မှာကား ကျေးလက်အကတစ်မျိုးကို ကရန် ဟန်ပြင်လျက် ရှိရာမှ

"ကဲ တူမတော်၊ ကစမ်းပါဦး" ဦးတော်သည် ဂီတာကြိုးတစ်ချောင်းကို ခတ်လိုက်ပြီးနောက် နာတာရှာအားလက်မြှောက်၍ ပြလိုက်သည်။

နာတာရှာသည် ပခုံးပေါ်မှခေါင်းစီးပဝါကို ဖြုတ်လိုက်ပြီးနောက် ဦးတော့အနားသို့ လျှောက်လာခဲ့ကာ လက်နှစ်ဖက်ကို မြှောက်လိုက်၍ ကရန် ပြင်လိုက်သည်။

နာတာရှာမှာ ပြင်သစ်စာပြဆရာမတစ်ယောက်၏ သွန်သင်မှုအောက်တွင် ကြီးပြင်းလာသူ ဖြစ်သော်လည်း

ဤသို့သော ကျေးလက်အကမျိုး၊ ကျေးလက်စိတ်ဓာတ်မျိုးကို မည်သို့မည်ပုံ သင်ကြားကိန်းဝပ်လာခဲ့သည် မသိချေ။ နာတာရှာ၏ ကဟန်မှာ ပဝါကခေါ် ပြင်သစ်ကျေးလက်အကမျိုးပင် လိုက်၍ မမီနိုင်အောင် ရှိ၏။ နာတာရှာ၏ စိတ်ဓာတ်နှင့် လှုပ်ရှားဟန်မှာလည်း အတုခိုးသင်ကြား၍ မရနိုင်သော တကယ့်ရုရှားစစ်စစ်အကမျိုး ဖြစ်လေသည်။ နီကိုလေနှင့်တကွ ကြည့်နေသူများသည် နာတာရှာ ကမှကတတ်ပါမည်လောဟု စိုးရိမ်တကြီး ဖြစ်နေကြသော်လည်း နာတာရှာက ကရန် ဟန်ပြင်လိုက်သည့်ခဏ နာတာရှာ၏ဟန်မှာ များစွာ အချိုးအစားကျလှရကား နီကိုလေတို့၏စိုးရိမ်မှုမှာ ပျောက်သွားကြလေပြီ။

နာတာရှာသည် အနည်းငယ်မျှ မှားယွင်းခြင်းမရှိဘဲ စနစ်တကျ ပဏာမ ကဟန်ကို ပြင်လိုက်လေရာ ပဝါက ကရန်အတွက် ပဝါကို လှမ်းပေးလိုက်သော အိမ်ထောင်ထိန်းကြီး အနစ်စယာမှာ များစွာ ကြည်နူးလွန်းသဖြင့် မျက်ရည်တွေပင် ဝဲကျလာပေသည်။ အနစ်စယာသည် ပိုး၊ ဖဲ၊ ကတ္တီပါတို့ ဝတ်ထားသော သေးသွယ်ကြော့ရှင်း၍ ကျက်သရေရှိလှသော နာတာရှာကို ငေးကြည့်နေမိရာက ဤမြို့စား၏သမီးကလေးကား ကျေးတောသူကျေးတောသားများ ကသော အကမျိုးကို ကောင်းစွာကတတ်ပေသည်တကားဟု ကြည်နူးလျက် ရှိပေသည်။

"ဒီလိုမှပေါ့ တူမတော်ရဲ့၊ မဟုတ်ဘူးလား။ ကြည့်လို့ကောင်းပါပေတယ်။ ကလဲ ကတတ်ပါတယ်။ တူမတော်အတွက် အကကောင်းတဲ့ ကြင်ယာတစ်ယောက်တော့ ရှာပေးဦးမှထင်ပါရဲ့" ဦးတော်က ချီးကျူးလိုက်သည်။

"သူ့မှာ ကြင်ရာလောင်းရှိနေပြီ ဦးတော်ရဲ့" နီကိုလေက ပြုံး၍ ပြောလိုက်၏။

"ဟေ၊ ဟုတ်လား" ဦးတော်က တအံ့တသြ ပြောကာနာတာရှာကို ကြည့်လိုက်၏။ နာတာရှာလည်း ရွှင်ပျသည့် အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလိုက်၏။

"သူလဲ နာတာရှာလို အကကောင်းတာပါပဲ ဦးတော်ရဲ့"ဟု နာတာရှာက ပြန်ပြောလိုက်သည်။ သို့ရာတွင် ပြောပြီးသည်နှင့် တစ်ပြိုင်နက် နာတာရှာ၏ခေါင်းထဲတွင် အတွေးများသည် အစီအရီ ပေါ်လာကြလေသည်။ 'သူ့မှာ ကြင်ရာလောင်း ရှိနေပြီလို့ ပြောတုန်းက ကိုကိုဘာဖြစ်လို့ ပြုံးလိုက်တာလဲ။ နာတာရှာလက်ထပ်တာကို သူသဘောကျသလား၊ မကျဘူးလား။ ကိုကိုဟာ အင်ဒရေကို သိပ်ကျေနပ်ပုံ မရဘူး။ ခုလောက်ဆိုရင် အင်ဒရေတစ်ယောက် ဘယ်ဆီများ ရောက်နေပါလိမ့်'ဟု တွေးရင်း နာတာရှာ၏ မျက်နှာသည် တည်ငြိမ်သော အသွင်ကို ဆောင်လာလေသည်။ သို့ရာတွင် ထိုတည်ငြိမ်မှုသည် ချက်ချင်းပျောက်ကွယ်သွားကာ 'အို ဒါတွေ မတွေးတော့ပါဘူး'ဟု ကိုယ့်ကိုယ်ကို အားတင်းလိုက်ပြီးနောက် ခပ်ပြုံးပြုံးဖြင့် ဦးတော်၏အနီးတွင် ဝင်ထိုင်လိုက်ကာ နောက်တစ်ပုဒ်တီးရန် ပြောပြန်သည်။

ဦးတော်က နောက်တစ်ပုဒ် တီးပြန်သည်။ ထိုနောက်ဦးတော်သည် လည်ချောင်းရှင်းကာ ၎င်းအနှစ်သက်ဆုံးဖြစ်သော တောလိုက်သီချင်းတစ်ပုဒ်ကို ကောက်၍ ဆိုလိုက်၏။

*"မနေ့ညက တစ်မိုးလုံး မှောင်ခဲ့သည်။*
*နှင်းပွင့်များကလဲ တဖွဲဖွဲကျလို့အတည်"*

ဦးတော်ကား တောလိုက်သီချင်းကို ဆိုရာတွင် တကယ့် ကျေးတောသားများနှင့် တူအောင် ဆိုနိုင်ပေ၏။ ထို့ပြင်မက သီချင်း၏ အဓိပ္ပာယ်ပေါ်အောင်လည်း စာသားကို ပီပီသသကြီး ဆိုပြသည်။ တီးကွက်သည် စာသားနောက်မှ ဝဲပျံ၍ လိုက်ပါလာလေရာ စာသား၏အဓိပ္ပာယ်ကို လေးနက်အောင် အားဖြည့်ပေးသကဲ့သို့ ရှိတော့သည်။ ထို့ကြောင့်လည်း တီးကွက်များသည် ကြိုတင်စဉ်းစားထားခြင်း မပြုရဘဲ ငှက်၏တေးသံကဲ့သို့ အလိုအလျောက် ပေါ်လာကြလေသည်။ နာတာရှာကား ဦးတော်၏ သီချင်းသံတွင် နစ်မျောလျက်ရှိလေပြီ။ နာတာရှာသည် ဗျပ်စောင်းကို ဆက်လက်သင်ကြားခြင်း မပြုတော့ဘဲ ဂီတာအတီးသင်တော့မည်ဟုပင် ဆုံးဖြတ်လိုက်လေသည်။ နာတာရှာသည် ဦးတော်ထံမှ ဂီတာကိုတောင်း၍ ခေါက်ကြည့်ရာ တီးကွက်များကို ချက်ချင်း ရသွားလေသည်။

ကိုးနာရီထိုးပြီးသောအခါ မြင်းရထားအခေါ်လွှတ်လိုက်သူ တောလိုက်သမားသုံးဦးနှင့် ရထားနှစ်စီး ရောက်လာလေသည်။ တစ်စီးမှာ နာတာရှာအတွက်ဖြစ်၍ နောက်တစ်စီးမှာ ပိတာ့အတွက်ဖြစ်၏။ တောလိုက်သမားများ၏ ပြောပြချက်အရ မြို့စားကြီးနှင့် မြို့စားကတော်ကြီးတို့မှာ စိတ်ပူနေကြသည်ဟု သိရလေသည်။



www.burmeseclassic.com

ပိတာကား အိပ်ရာမှ နိုး၍မရသဖြင့် ၎င်းကို သစ်တုံးကြီး ရွှေ့သကဲ့သို့ ရထားပေါ်သို့ တင်ရသည်။ နာတာရှာနှင့် နီကိုလေက တစ်စီးစီးကြသည်။ ဦးတော်သည် လမ်းဘေးတွင် အအေးမမိအောင် ဆို၍ နာတာရှာကို ကြင်နာယုယစွာ ထွေးပေးလိုက်သေး၏။ ဦးတော်သည် တံတားကူးကလေးအနားအထိ ၎င်းတို့ကို ခြေလျင်လိုက်ပို့၏။ ထိုသစ်သား တံတားကလေးမှာ ပျက်စီးစပြုပြီဖြစ်သဖြင့် ကူး၍မရတော့ရကား ချောင်းဖျား ရေတိမ်ပိုင်းမှ ကွင်း၍သွားရသည်တွင် ဦးတော်သည် ၎င်း၏တပည့်များကို မြင်းနှင့်ထည့်၍ လမ်းပြစေသည်။ လမ်းပြများသည် မှန်အိမ်ကလေးများကို ဆွဲ၍ ရှေ့က စီးသွားကြလေသည်။

"ကဲ သွားတော့တူမတော်" ဦးတော်၏ အသံသည် အမှောင်ထုထဲမှ ထွက်ပေါ်လာ၏။ သို့ရာတွင် ထိုအသံမှာ ခါတိုင်း နာတာရှာ ကြားနေကြ အသံမျိုးမဟုတ်ဘဲ 'မနေ့ညက တစ်မိုးလုံးမှောင်သည်' ဆိုသော သီချင်းကို ဆိုခဲ့စဉ်ကကဲ့သို့ လွမ်းဆွတ်ဖွယ်ကောင်းသော အသံဖြစ်ပေ၏။

၎င်းတို့တစ်သိုက် ရွာထဲသို့ ဖြတ်လာသောအခါ မီးရောင်ကလေးများကို မြင်ရလေသည်။

"ဦးတော်က ဂရုစိုက်ရှာတယ်နော်" ပေတစ်ရာ လမ်းကြီးပေါ်သို့ အရောက်တွင် နာတာရှာက ပြောလိုက်သည်။

"အင်း" နီကိုလေက ဖြေလိုက်၏။ "မချမ်းဘူးလား"

"ဟင့်အင်း၊ နာတာရှာ မချမ်းပါဘူး။ နွေးနေတာပဲ"နာတာရှာက ပြန်၍ဖြေလိုက်သည်။ နာတာရှာသည် အတွေးတွင် နစ်မြုပ်လျက်ရှိ၏။ ၎င်းတို့ မောင်နှမနှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြ၏။ ညမှာ ပိန်းပိတ်အောင် မှောင်ကာ နှင်းတို့ဖြင့် စွတ်စိုလျက်ရှိလေသည်။ ရထားတွင် ကထားသော မြင်းများကို မမြင်ရဘဲ ရွံ့ဗွက်ထဲတွင် တစွက်စွက်သွားနေသံများကိုသာ ကြားရ၏။

ကလေးငယ်၏ စိတ်ကဲ့သို့ နာယူမှတ်သားလွယ်သော နာတာရှာ၏စိတ်ထဲ၌ ယခုအချိန်တွင် မည်သည့်အရာတို့ထင်ဟပ်လျက် ရှိကြပေသနည်း။ ယခုအချိန် လူ့ဘဝ၏အဖြစ်အပျက်တို့သည် နာတာရှာ၏စိတ်၌ မည်သို့ အရောင်ရိုက်ခတ်နေကြသနည်း။ မည်သို့ရိုက်ခတ်သည်ဖြစ်စေ နာတာရှာမှာ ပျော်လျက်ရှိပါသည်။ အိမ်အနီးသို့ရောက်သည်တွင် နာတာရှာသည် 'မနေ့ညက တစ်မိုးလုံးမှောင်သည်'ဆိုသော သီချင်းကို ကောက်ကာငင်ကာ ဆိုလိုက်သည်။ နာတာရှာသည် ထိုတေးသွားကို တစ်လမ်းလုံးစဉ်းစားလာခဲ့ရာ အိမ်နားရောက်မှ ပေါ်လာခြင်းဖြစ်လေသည်။

"သီချင်းကို ရသွားပလား"နီကိုလေက မေးလိုက်၏။

"ကိုကိုကော ဘာတွေတွေးလာခဲ့သလဲဟင်" နာတာရှာက ပြန်မေးလိုက်သည်။ ၎င်းတို့ မောင်နှမနှစ်ယောက်သည် ဤသို့ တစ်ယောက်ကိုတစ်ယောက် မေးမြဲဖြစ်၏။

"ကိုကို တွေးတာလား" နီကိုလေက ပြန်ပြောလိုက်သည်။ အတန်ကြာမှ

"ကိုကို တွေးတာကတော့ ဦးတော်ရဲ့ တောလိုက်ခွေးနီကြီး ရူဂေးဟာ ဦးတော်လိုပဲလို့ စဉ်းစားလာတာ။ ရူဂေးသာ လူဖြစ်ရင် ဦးတော်ဟာ သူ့အနား အမြဲခေါ်ထားမှာပဲလို့။ ဦးတော်ဟာ တော်တော် သဘောကောင်းတယ်လို့ မထင်ဘူးလား နာတာရှာ။ ကဲ၊ နာတာရှာကော တစ်လမ်းလုံး ဘာတွေ တွေးလာသလဲ။ ဆိုစမ်းပါဦး"

"နာတာရှာ တွေးတာလား။ နေဦး၊ ခဏနေဦး။ သြော် ဟုတ်ပြီ။ နာတာရှာတို့ဟာ အိမ်ကို ပြန်မယ်ဆိုပြီး ရထားစီးလာကြပေမယ့် မှောင်ကြီးထဲမှာ လမ်းပျောက်ပြီး အိုထရာနီကို ပြန်မရောက်ဘဲ နတ်သမီးတိုင်းပြည်ရောက်သွားရင် သိပ်ကောင်းမှာပဲလို့။ ပြီးတော့၊ ပြီးတော့။ အို၊ ဘာမှမတွေးတော့ဘူး ကိုကိုရယ်။ ဒါပါပဲ"

"ကိုကို သိပါတယ်။ နာတာရှာ သူ့အကြောင်းကို တွေးလာတာ မဟုတ်လား" နီကိုလေက မေးလိုက်သည်။ မျက်နှာကို မမြင်ရသော်လည်း အသံကို ကြားရခြင်းအားဖြင့် နီကိုလေသည် ပြုံးလျက်ရှိကြောင်း နာတာရှာသိလိုက်သည်။

"မဟုတ်ပါဘူး ကိုကိုရယ်"ဟု နာတာရှာက ပြန်ပြောလိုက်၏။ အမှန်အားဖြင့်ကား နာတာရှာသည် မင်းသားကလေးအင်ဒရေအကြောင်းနှင့်တကွ မင်းသားကလေးအင်ဒရေသည်လည်း ဦးတော်ကို ခင်မင်နှစ်သက်ခြင်း ရှိပေလိမ့်မည်ဟု တွေးလာခဲ့ခြင်း ဖြစ်လေသည်။

"ပြီးတော့လေ၊ အနစ်စယာဟာ သူ့ခန္ဓာကိုယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို ဘယ်လိုလုပ်ပြီး ဒီလောက်ပေါ့ပေါ့ပါးပါး သယ်နိုင်သလဲ လို့လဲ တွေးမိတယ် ကိုကိုရဲ့” နာတာရှာက ပြော၍ ရယ်လိုက်သည်။ “နာတာရှာတော့ ဒီနေ့သိပ်ပျော်တာပဲကိုကို၊ သိလား။ နောက်တော့ ဒီလောက်ဘယ်တော့မှ ပျော်မယ် မထင်တော့ဘူး”.

“တော်စမ်းပါကွာ။ ညာမနေစမ်းပါနဲ ” နီကိုလေက ပြောလိုက်သည်။ နီကိုလေ၏ စိတ်ထဲ၌ကား ‘ညီမလေး နာတာရှာဟာ သိပ်ချစ်စရာကောင်းတဲ့ ကလေးမလေးပဲ။ နာတာရှာဟာ ငါ့မိတ်ဆွေဆိုလဲ ဟုတ်တာပဲ။ ငါ့မှာ နာတာရှာလောက် ကောင်းတဲ့ မိတ်ဆွေမရှိတော့ဘူး။ နာတာရှာ ဘာလို့ လက်ထပ်ရမှာလဲ၊ လက်မထပ်ရဘူး။ တို့မောင်နှမ ဒီလိုပဲ အမြဲတမ်းမခွဲဘဲနေကြမယ်။ လျှောက်လည်ကြမယ်”

ထိုအတူ နာတာရှာ၏ စိတ်ထဲ၌လည်း ‘နာတာရှာရဲ့ ကိုကို နီကိုလေဟာ တကယ် ခင်မင်စရာကောင်းတဲ့ လူတစ်ယောက်ပေပဲ’ဟု တွေးလျက်ရှိပေ၏။

“အံမယ်၊ ကိုကို။ ဧည့်ခန်းဆောင်ထဲမှာ မီးတွေ လင်းနေတုန်းပါကလား” နာတာရှာက ပြတင်းပေါက်များကို လက်ညှိုးထိုး၍ ပြောလိုက်၏။ ပြတင်းပေါက်မှ မီးရောင်များသည် ၎င်းတို့အား ဖိတ်ခေါ်နေသည့်နှယ် စိုစွတ်အေးမြ၍ ကတ္တီပါကဲ့သို့ နက်သော ညဉ့်အမှောင်ထုထဲသို့ ဖြာထွက်လျက် ရှိပေသတည်း။

## အခန်း ၈

မြို့စားကြီး အီလျာရော့စတော့ဗ်သည် ငွေကြေးအကုန်အကျများလှသည့်အတွက် ခရိုင်ရှိ သူကောင်းမျိုးနွယ်များ နာယကရာထူးမှ နုတ်ထွက်လိုက်လေသည်။ သို့သော်လည်း ၎င်း၏စီးပွားရေးအခြေအနေမှာ တိုးတက်လာခြင်း မရှိခဲ့ချေ။ နာတာရှာနှင့် နီကိုလေတို့သည် ဖခင်ကြီးနှင့်မိခင်ကြီးတို့မကြာခဏ တီးတိုးတိုင်ပင်နေကြခြင်းကို သတိပြုမိကြလျက် ရှေးဘိုးဘွားစဉ်ဆက် နေထိုင်လာခဲ့သော စံအိမ်ကြီးနှင့်တကွ မော်စကိုအနီးရှိ ပိုင်စားနယ်မြေများအား ထုခွဲရောင်းချရန် တိုင်ပင်နေသံကိုလည်း ကြားရ၏။ ယခုအချိန်တွင် သူကောင်းမျိုးနွယ်များ နာယကအဖြစ် အမှုထမ်းစဉ်ကလောက် ဧည့်လာစောင်လာ မများလှဘဲ အိုထရာနီတွင် ခပ်ကုပ်ကုပ် နေထိုင်လျက်ပင် ရှိသော်လည်း မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်မှာ အမြဲလိုလို လူပြည့်လျက်ရှိတတ်ပြီး နေ့စဉ် လူနှစ်ဆယ်ကျော်စာအတွက် ချက်ပြုတ်နေရဆဲပင် ဖြစ်၏။ ထိုသူများမှာလည်း လူစိမ်းသူစိမ်းများ မဟုတ်ကြဘဲ ဆွေမျိုးရင်းချာသဖွယ် ရင်းနှီး၍ စံအိမ်တွင် အမြဲတစေ နေထိုင်လျက် ရှိသူများ၊ မြို့စားကြီး၏ စံအိမ်တွင် မိမိတို့မရှိလျှင် မဖြစ်တော့သည့်နှယ် လာရောက်နေထိုင်လျက်ရှိသူများသာ ဖြစ်၏။ ၎င်းတို့ကား ပန်တျာနည်းပြဆရာဒင်းမလားနှင့် ဇနီး၊ အကနည်းပြဆရာဗိုဂဲနှင့် ၎င်း၏မိသားစု၊ မြို့စားကတော်ကြီး၏ အဖော် ဘီလိုဗာ အမည်ရှိ အဘွားကြီးတစ်ဦး၊ ပီတာ၏စာပြဆရာများ၊ နာတာရှာအတွက် သီးသန့်ငှားထားသော စာပြဆရာမနှင့်တကွ မိမိတို့အိမ်တွင် နေရသည်ထက်ဇိမ်ကျ၍ အကျိုးကျေးဇူးလည်း များသောကြောင့် လာရောက်နေထိုင်သူများ စသည်ဖြင့် ပြည့်လျက်ရှိ၏။ ဧည့်စိမ်းများမှာ ယခင်ကလောက် မများတော့ချေ။ သို့ရာတွင် မြို့စားကြီးနှင့် မြို့စားကတော်ကြီးတို့မှာ ယခင်က ခမ်းနားထည်ဝါစွာ နေထိုင်ခဲ့ကြသည့်အလျောက် ဝသီပါလျက်ရှိရကား ထိုဝသီကို ဖျောက်၍မရတော့ပြီ။ ထိုသို့ ခမ်းနား ထည်ဝါခြင်း မရှိလျှင် မနေတတ်သလောက် ဖြစ်လျက်ရှိပြီ။ သို့ဖြင့် ၎င်းတို့၏ စံအိမ်မှာ ဧည့်စိမ်းအလာနည်းသွားသည်မှအပ အနေအထိုင်မှာမူ ယခင်ကအချိုးအတိုင်းပင် ရှိလေသည်။ နီကိုလေ ရောက်လာသည့်အတွက်ကြောင့်လည်း တောလိုက်ပစ္စည်းကရိယာများမှာ ယခင်ကထက် များပြားလာခဲ့၏။ ယခင်ကကဲ့သို့ မြင်းကောင်ရေ ငါးဆယ်ထားရှိ၍ မြင်းထိန်း ဆယ့်ငါးယောက် ငှားထားရ၏။ ယခင်ကကဲ့သို့ပင် နာမကရဏ မင်္ဂလာနှစ်ပတ်လည်များတွင် တစ်နယ်လုံး ဖိတ်ကြား၍ ထမင်းစားပွဲကြီးများ ပြုလုပ်ခြင်း၊ လက်ဆောင်များကမ်းလှမ်းခြင်း စသည်တို့ကို ပြုလုပ်မြဲ ပြုလုပ်လျက်ပင်ရှိသေး၏။ မြို့စားကြီးကလည်း ယခင်ကကဲ့သို့ ဖဲကစားမြဲ ကစားလျက် ရှိသေး၏။ မြို့စားကြီးမှာ အိမ်နီးချင်းများကို ဖိတ်၍ ဖဲကစားလျှင် တစ်နေ့တစ်နေ့ ရာချီ၍ ရှုံးတတ်ရာ အိမ်နီးချင်းများကလည်း မြို့စားကြီးနှင့် ဖဲကစားရခြင်းကို ဝင်ငွေ အကောင်းဆုံးသော အလုပ်ကြီးတစ်ခုအဖြစ် သဘောထားကာ ငွေတွင်းနိုက်ရသကဲ့သို့ ဝမ်းသာလျက် ရှိကြ၏။


www.burmeseclassic.com

 www.burmeseclassic.com 

ဤသို့ဖြင့် မြို့စားကြီးရော့စတော့ဗ်သည် ယခင် အချိုး အတိုင်းနေလာခဲ့ရာ ၎င်း၏အဖြစ်မှာ ကြီးမားလှစွာသော ပိုက်ကွန်ကြီးတစ်ခုထဲသို့ ရောက်နေသူတစ်ဦးနှင့် တူလှ၏။ ထိုသူသည် ပိုက်ကွန်ကြီးထဲသို့ ရောက်နေသည့် အဖြစ်ကို ယုံကြည်နိုင်ခြင်းလည်းမရှိ၊ ပိုက်ကွန်ကြီးထဲမှ လွတ်အောင် လည်း မရုန်းနိုင်၊ ရှုပ်ထွေးရစ်ပတ်လျက်ရှိသည့် ပိုက်ကွန်ကြီးကိုလည်း မရှင်းနိုင်တော့ဘဲ နောက်ဆုံး၌ အင်အားကုန်ခန်းကာ လက်ပန်းကျ၍ စုံးစုံးမြုပ်ရတော့မည်သာ ဖြစ်သကဲ့သို့တည်း။

မြို့စားကတော်ကြီးမှာ များစွာပူပန်တတ်သူပီပီ မိမိ၏သားသမီးများလက်ထက်၌ နွမ်းပါးညှိုးငယ်ရခြင်း ဖြစ်ရလေသည်ဟု တွေးမိသော်လည်း ဤသို့ဖြစ်ရခြင်းမှာ ကြင်ယာတော် မြို့စားကြီး၏အပြစ်မဟုတ်၊ သူ့ခမျာမှာ လည်း သားသမီးများအတွက် ပူပန်ခြင်းဖြစ်ရရှာပေသည်ဟု တွေး၍ မြို့စားကြီးကိုပင် သနားခြင်းဖြစ်ရသေးသည်။ သို့ဖြင့် မြို့စားကတော်ကြီးသည် ဤအခြေအနေမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းလမ်းကိုသာ အစဉ်သဖြင့် ကြံဆတွေးတောလျက် ရှိ၏။ မိန်းမတွက်ဖြင့် တွက်ရလျှင် ဤအခြေအနေမှ လွတ်မြောက်ရန် တစ်နည်းသာရှိသည်ဟု မြို့စားကတော်ကြီး ယူဆ၏။ ထိုနည်းကား နီကိုလေအား သူကြွယ်သမီးတစ်ယောက်နှင့် ထိမ်းမြားပေးရန်ဖြစ်ပေသည်။ ဤနည်းသာလျှင် မျှော်လင့်ချက်ရှိသောနည်းဖြစ်လေရာ အကယ်၍ မိမိရှာဖွေပေးသော သတို့သမီးကို နီကိုလေက ငြင်းပယ်လိုက်လျှင်မူကား မိမိတို့၏ ပြဿနာများသည် မည်သည့်အခါမျှ ဖြေရှင်း၍ ရနိုင်တော့မည်မဟုတ်ဟု ယူဆထားလျက်ရှိလေသည်။ နီကိုလေအတွက် မိခင်မြို့စားကတော်ကြီး မြင်ထားသော သတို့သမီးလောင်းမှာ ဂျူလီကရာဂီနာ ဖြစ်၏။ မျိုးရိုးအနေဖြင့်လည်း ဆိုစရာမရှိသည့်ပြင် နီကိုလေနှင့်လည်း ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးလာသော သူငယ်ချင်းများ ဖြစ်ကြသည်။ ထိုမျှမက မွေးချင်းပေါက်ဖော်ဆို၍ မောင်နှမ နှစ်ယောက်သာ ရှိသည်တွင် မောင်ဆုံးသွားပြီဖြစ်သည့်အတွက် အမွေများကိုလည်း တစ်ဦးတည်း ဆက်ခံရသူ ဖြစ်ပေသည်။

မြို့စားကတော်ကြီးသည် လူငယ်ချင်း နေရာချထားလိုကြောင်းဖြင့် မော်စကိုရှိ ဂျူလီကရာဂီနာ၏ မိခင်ကြီးထံသို့ တိုက်ရိုက်စာရေးလိုက်ရာ မကြာမီပင် မျှော်လင့်ချက်ရှိသော ပြန်စာတစ်စောင်ကို ရရှိခဲ့လေသည်။ ထိုစာ၌ ဂျူလီ၏ မိခင်ကြီးက မိမိအနေဖြင့် ငြင်းစရာမရှိကြောင်း၊ သမီးဖြစ်သူဂျူလီ၏ သဘောတစ်ခုသာ ကျန်ကြောင်းဖြင့် စာပြန်လိုက်၏။ နီကိုလေလည်း မော်စကိုသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခြင်း ပြုလိုက်၏။

မြို့စားကတော်ကြီးသည် စကားကြုံလာတိုင်း သမီးနှစ်ယောက်အတွက် စိတ်အေးရပြီဖြစ်ကြောင်း၊ နီကိုလေကိုသာ အိမ်ထောင်ချထားလိုကြောင်း၊ မိမိတို့မျက်စိမှိတ်မသွားမီ သားသမီးသုံးယောက်စလုံး တင့်တောင့်တင့်တယ်နေသည်ကို မြင်လိုကြောင်း၊ ယခု နီကိုလေအတွက် မိန်းကလေးတစ်ယောက်ကို မြင်ထားကြောင်း မျက်ရည်လည်ရွဲဖြင့် ပြောဆိုကာ နီကိုလေ၏သဘောကို တီးခေါက်ကြည့်လေ့ရှိ၏။

တစ်ခါတစ်ရံတွင်လည်း မြို့စားကတော်ကြီးသည် ဂျူလီ၏အကြောင်းကို ချီးမွမ်းပြောဆိုပြီးနောက် အားလပ်ရက်အတွင်း အပျင်းပြေသဘောဖြင့် မော်စကိုသို့သွားရောက်လည်ပတ်ရန် နီကိုလေကို တိုက်တွန်းတတ်သည်။ မိခင်ကြီး၏ စကားများသည် ဤယုန်မြင်၍ ဤချုံထွင်ခြင်းဖြစ်ကြောင်းကို နီကိုလေကလည်း သဘောပေါက်ပြီးဖြစ်၏။ တစ်ကြိမ်၌မူ မြို့စားကတော်ကြီးသည် ထိုကိစ္စကို ဖြောင်းဖွင့်၍ ပြောဆိုခြင်း ပြုလေသည်။ မြို့စားကတော်ကြီးက မိမိတို့၏စီးပွားရေးအခြေအနေမှာ များစွာ ဆိုးလျက်ရှိကြောင်း၊ ဤပြဿနာကို ဖြေရှင်းရန် နည်းလမ်းမှာ နီကိုလေနှင့် ဂျူလီကို လက်ဆက်ပေးခြင်းသာ ဖြစ်ကြောင်းဖြင့် ပြောလိုက်သည်။

“တကယ်လို့ ကျွန်တော်က ဥစ္စာပစ္စည်း သိပ်မရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ချစ်နေပြီဆိုရင်ကော မေဖျား ဘယ်လို သဘောထားမလဲ။ ပိုက်ဆံအတွက် ကျွန်တော့် အချစ်နဲ့ ကျွန်တော့်ဂုဏ်သိက္ခာကို အဆုံးခံရတော့မှာလား မေဖျား”

နီကိုလေက မိခင်မြို့စားကတော်ကြီးကို မေးလိုက်၏။ နီကိုလေ၏ မေးခွန်းသည် မြို့စားကတော်ကြီး၏ အသည်းကိုအပ်နှင့် ဆွလိုက်သကဲ့သို့ နာကျင်စေ၏။ သို့သော်လည်း နီကိုလေကမူ ဤအချက်ကို သတိမထားမိဘဲ မိမိ၏စိတ်သဘောထား မြင့်မြတ်မှုကို ထုတ်ဖော်ပြသ



www.burmeseclassic.com

သည့်အနေဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုလဲ မဆိုလိုပါဘူးသားရယ်။ သားက မေဖျား ဆိုလိုတဲ့ သဘောကို နားမလည်သေးလို့ ဖြစ်ပါလိမ့်မယ်" မိခင်မြို့စားကတော်ကြီးကလည်း လိပ်ပတ်လည်အောင် မည်သို့ပြောရမည်ကို မသိဘဲ ဖြစ်နေ၏။ "မေဖျားကတော့ သားကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်တယ်။ ပြည့်ပြည့်စုံစုံ နဲ့စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိတာကို မြင်ချင်တာ တစ်ခုပါပဲ"

မိခင်မြို့စားကတော်ကြီးသည် မိမိ၏လှည့်စားပြော ဆိုနေသည့်အဖြစ်ကို သဘောပေါက်ကာ စိတ်မကောင်း ဖြစ်လာသဖြင့် မျက်ရည်တွေ စီးကျလာသည်။

"အို၊ မေဖျားကလဲ၊ ဘာလို့ငိုရတာလဲ။ မေဖျားရဲ့ သဘောကိုသာ ပြောပါ။ မေဖျား စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော်ဘာဖြစ်ဖြစ် လုပ်ပါ့မယ်။ ကျွန်တော်သဘောကျ တာ မကျတာကို မစဉ်းစားပါနဲ့။ မေဖျား စိတ်ချမ်းသာမယ် ဆိုရင် ကျွန်တော့်အချစ်ကို စွန့်ရမယ်ဆိုရင်လဲ စွန့်ပါ့မယ်"

မြို့စားကတော်ကြီးသည် နီကိုလေ၏ သဘောထား ကို လက်မခံနိုင်ချေ။ မိမိ၏စိတ်ချမ်းသာမှုအတွက် သားက အနစ်နာခံသောအဖြစ်မျိုး မရောက်စေလို။ သား၏စိတ် ချမ်းသာမှုအတွက် မိမိက အနစ်နာခံရသည်ဟူသော အဖြစ်မျိုးကိုသာ အလိုရှိပေသည်။

"အို၊ မေဖျားဆိုလိုတဲ့ အဓိပ္ပာယ်ကို သားနားမလည် သေးပါဘူးကွယ်။ ကဲ ကဲ၊ ဒီအကြောင်းကို မပြောပါနဲ့ တော့" မြို့စားကတော်ကြီးက မျက်ရည်သုတ်၍ ပြောလိုက် ၏။

"ငါဟာ မရှိနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက် ကို ချစ်နေမိပြီဆိုပါတော့။ ပိုက်ဆံအတွက် ငါ့အချစ်နဲ့ ငါ့ဂုဏ်သိက္ခာကို ငါစွန့်လွှတ်ရမှာလား။ အင်း၊ ဒီစကားမျိုး ပြောရက်ပါပေ့ မေဖျားရယ်၊ ပြောရက်ပါပေ့။ ဆွန်ယာခမျာ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက် ဖြစ်တဲ့အတွက် သူ့ကို ငါမချစ်ရတော့ဘူးလား။ ငါ့အပေါ်မှာသစ္စာရှိရှိနဲ့ ချစ်ခဲ့တဲ့ ဆွန်ယာရဲ့အချစ်ကို ဆင်းရဲတဲ့အကြောင်းတစ်ခု ကြောင့် ငါစွန့်ပစ်ရတော့မှာလား။ ယမင်းရုပ်ကလေးလို လှတဲ့ ဂျူလီနဲ့ နေရတာထက်တော့ ငါ့အဖို့ ဆွန်ယာနဲ့ နေရတာက ပိုပြီး ပျော်စရာကောင်းပေမှာပဲ။ မေဖျားတို့ရဲ့ သက်သာချောင်ချိရေးအတွက် ငါဟာ ငါ့အချစ်ကို ငါစွန့်လွှတ်နိုင်ပါတယ်။ ဒါပေမဲ့ အချစ်ဆိုတဲ့စိတ်ကို သြဇာပေးလို့မရဘူး။ ငါဟာ တကယ်လို့ ဆွန်ယာ့ကို ချစ်ခဲ့ရင် ဆွန်ယာကိုချစ်တဲ့ အချစ်စိတ်ဟာ တခြားစိတ်တွေ ထက် ခိုင်မာပြင်းထန်တဲ့စိတ်၊ တခြားစိတ်တွေထက် မြင့်မားတဲ့စိတ်သာ ဖြစ်တယ်' နီကိုလေသည် ဤသို့ တွေးမိ၏။

နီကိုလေသည် မော်စကိုသို့ သွားရောက်လည်ပတ် ခြင်း မပြုချေ။ မိခင်မြို့စားကတော်ကြီးကလည်း လက်ထပ် ရေးကိစ္စကို နီကိုလေအား မပြောတော့ချေ။ မြို့စားကတော် ကြီးသည် မိမိ၏သားနှင့် အခြေအနေမဲ့ ဆွန်ယာတို့ ပိုမိုရင်းနှီးလာကြသော လက္ခဏာများကိုသာ ဝမ်းလည်း နည်း၊ စိတ်လည်းဆိုးသည့်အမူအရာဖြင့် ကြည့်နေရတော့ သည်။ ဤသို့ ဖြစ်ရခြင်းအတွက် မြို့စားကတော်ကြီးသည် ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်မိသလို ဆွန်ယာအား မြည်တွန်တောက်တီးခြင်း၊ စိတ်ညစ်အောင် လုပ်ခြင်းတို့ ကိုလည်း မလုပ်ဘဲ မနေနိုင်ချေ။ မြို့စားကတော်ကြီးသည် ဆွန်ယာအား အကြောင်းမရှိ အကြောင်းရှာ၍ ဆူပူ တတ်ပြီး ခပ်စိမ်းစိမ်းဆက်ဆံတတ်သည်။ သို့ရာတွင် မြို့စားကတော်ကြီးမှာ နဂိုက ကြင်နာသနားတတ်သည့်ဖြင့် မျက်လုံးနက်နက်နှင့် သနားစရာ ကောင်းသည့် ဆွန်ယာမှာ လည်း တူမတစ်ဦးဖြစ်ရုံမျှမက စိတ်သဘောကောင်း၍ ကျေးဇူးရှင်ကို ကျေးဇူးသိတတ်သူ ကလေးတစ်ဦးဖြစ်လျက် နီကိုလေ့အပေါ်၌လည်း ပြောင်းလဲခြင်းမရှိဘဲ သစ္စာရှိသူ တစ်ဦးဖြစ်နေပြန်ရကား ဆွန်ယာကို အပြစ်ရှာရန် အကြောင်းရှာ၍ မရနိုင်လောက်အောင် ဖြစ်လျက်ရှိပေ သည်။

နီကိုလေသည် ခွင့်ရက်ကုန်ခါနီးရက်များအတွင်း အပြင်သို့မထွက်ဘဲ အိမ်၌သာ အချိန်ကုန်လေသည်။ နီကိုလေရှိနေသည့် အတောအတွင်း၌ အီတလီပြည် ရောမ မြို့သို့ ရောက်နေသော မင်းသားကလေးအင်ဒရေထံမှ စတုတ္ထစာတစ်စောင် ရောက်လာလေသည်။ ထိုစာထဲ၌ မင်းသားကလေး အင်ဒရေက မိမိမှာ ရုရှားပြည်သို့ ခပ်စောစောကပင် ပြန်လာရန်ဖြစ်ကြောင်း၊ သို့ရာတွင် မိမိ၏ဒဏ်ရာမှာ ပူနွေးသော ရာသီဥတုဒဏ်ကြောင့် ပြန်၍ ယဉ်းလာသဖြင့် နှစ်သစ်ကူးသည်အထိ စောင့်ဆိုင်း နေရကြောင်းဖြင့် ပါရှိလေသည်။ နာတာရှာမှာ မင်းသား



www.burmeseclassic.com

www.burmeseclassic.com


ကလေးအင်ဒရေအား ယခင်ကကဲ့သို့ပင် ချစ်ခင်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေအား ချစ်ရသည့်စိတ်ကြောင့် ယခင်ကကဲ့သို့ပင် ကြည်နူးလျက်ရှိ၏။ ယခင်ကကဲ့သို့ပင် လူ့ဘဝ၏ပျော်ရွှင်ချမ်းမြေ့စရာများကို ခံမင်မက်မောလျက်ရှိ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေနှင့် ခွဲပြီး၍ လေးလခန့်ကြာသွားသည့် အခါ၌ကား နာတာရှာသည် ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ စိတ်ပျက်အားငယ်စ ပြုလာလေသည်။ ကိုယ့်အဖြစ်အတွက် အလိုလိုဝမ်းနည်းစ ပြုလာလေသည်။ မိမိမှာယခုအရွယ်၌ ပျော်ပျော်ပါးပါး နေရမည့်အချိန်၊ တစ်ဦးကိုတစ်ဦး ချစ်ခင်ယုယကြရမည့်အချိန် ဖြစ်ပါလျက် ကွေကွင်းရလေခြင်းဟု စိတ်မကောင်းဖြစ်စပြုလာလေသည်။

ဤသို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်၏အိမ်တွင်းရေးမှာ စိတ်မချမ်းမြေ့ဖွယ် ဖြစ်လျက်ရှိပေသတည်း။

## အခန်း ၉

နာတာလူးပွဲတော်သို့ ရောက်လာခဲ့လေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ အိမ်တွင် ဘုရားဝတ်ပြုခြင်း၊ အိမ်နီးချင်းများ၊ တပည့်များက လာရောက်ကန်တော့နှုတ်ဆက်ကြသည်ကို ခံယူခြင်း၊ အဝတ်အစားသစ်များ ဝတ်ခြင်းလောက်မှအပ အခြားပွဲလမ်းသဘင်များ ကျင်းပခြင်း မပြုတော့ချေ။ ရာသီကား သုညအောက်တစ်ဆယ့်သုံးဒီဂရီအထိ ရောက်အောင် အေးမြသော်လည်း နေ့ဘက်တွင် နေပူ၍ ညဘက်တွင် ကြယ်ရောင်တို့ဖြင့် လင်းလျက်ရှိလေရာ ပွဲလမ်းသဘင်များကျင်းပရန် အကောင်းဆုံး အချိန်ပင်ဖြစ်၏။

နာတာလူးပွဲတော် တတိယရက်တွင် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများသည် နေ့လယ်စာ စားသောက်ကြပြီးနောက် မိမိတို့၏အခန်းအသီးသီးသို့ ဝင်ရောက်ကာ လူစုကွဲသွားကြလေသည်။ ထိုအချိန်ကား ပျင်းစရာ အကောင်းဆုံးသော အချိန်ဖြစ်၏။ နံနက်ခင်းက အိမ်နီးနားချင်းများထံ သွားရောက်လည်ပတ်ခဲ့သော နီကိုလေမှာ ဧည့်ခန်းထိုင်ဖုံပေါ်တွင် အိပ်ပျော်လျက်ရှိ၍ မြို့စားကြီးမှာ စာကြည့်ဆောင်၌ တစ်ရေးတစ်မောအိပ်လျက် ရှိသည်။ ဆွန်ယာကား ဧည့်ခန်းမကြီးထဲရှိစားပွဲဝိုင်းတစ်လုံးတွင်ထိုင်ကာ ရွှေချည်ထိုးပန်းပုံတစ်ပုံကို ကူးလျက်ရှိ၏။ မြို့စားကတော်ကြီးမှာ တစ်ယောက်တည်း ဖဲဖေဒင်တွက်နေသည်။ ပျော်တော်ဆက် မိန်းမလျာနာစတာစယာမှာ မရွှင်ပျသောမျက်နှာဖြင့် ပြတင်းဝအနီးတွင် အိမ်ဖော်နှစ်ဦး နှင့်ထိုင်လျက်ရှိသည်။ နာတာရှာသည် ဧည့်ခန်းဆောင်ထဲသို့ ဝင်လာ၍ ဆွန်ယာ့အနီးသို့ လျှောက်လာခဲ့ကာ ပန်းပုံကို ငုံ့ကြည့်ပြီးနောက် မိခင်မြို့စားကတော်ကြီးအနီးသို့ သွား၍ ရပ်နေသည်။ စကားတစ်လုံးမျှ မပြောချေ။

"ဘယ့်နှယ် သမီးထွေး၊ ဒီနေ့ ဂနာမငြိမ်ပါကလား။ ဘာဖြစ်တာလဲ" မိခင်မြို့စားကတော်ကြီးက မေးလိုက်၏။

"သူ မြန်မြန် ရောက်စေချင်လှပြီ မေဖျားရယ်။ နာတာရှာ သူ့ကို အမှတ်ရတယ်။ သူ့ကို လွမ်းတယ်" နာတာရှာက မပြုံးမရယ်ဖြင့် ပြောလိုက်သည်။ နာတာရှာ၏မျက်လုံးများသည် အရည်လဲ့ကာ ရွှန်းစိုလျက်ရှိ၏။

မြို့စားကတော်ကြီးသည် နာတာရှာကို မော့၍ကြည့်လိုက်မိသည်။ "မေဖျား၊ နာတာရှာကို မကြည့်ပါနဲ့မေဖျား။ နာတာရှာကို ဒီလိုမကြည့်ပါနဲ့၊ နာတာရှာ ငိုပစ်လိုက်မိလိမ့်မယ်"

"လာစမ်း၊ မေဖျားအနား လာထိုင်စမ်း" မြို့စားကတော်ကြီးက ပြောလိုက်၏။

"ဟင့်အင်း မေဖျား။ နာတာရှာ သူ့ကို လွမ်းတယ်။ နာတာရှာ ဒီလိုပဲ နေရတော့မှာလား မေဖျား ဟင်"

နာတာရှာ၏အသံသည် တိမ်သွားကာ မျက်ရည်များ စီးကျလာကြသည်။ နာတာရှာသည် မျက်ရည်များကို ထိန်းချုပ်၍ မရတော့ဘဲ အခန်းထဲမှ ပြေးထွက်သွားလေသည်။

နာတာရှာသည် ဧည့်ခန်းထဲသို့ ဝင်လာကာ အတန်ကြာမျှ ရပ်နေမိသည်။ ထိုနောက် အစေခံများ၏ အဆောင်ထဲသို့ ဝင်လာခဲ့လေသည်။ အစေခံများ၏အဆောင်၌ကား အသက်ကြီးကြီး အစေခံတစ်ဦးသည် နှင်းတောထဲမှပြေးလာသဖြင့် မောဟိုက်တုန်ယင်နေသော မိန်းကလေးတစ်ယောက်ကို ကြိမ်းမောင်းလျက် ရှိလေသည်။

"သိပ်ကစားမနေနဲ့။ အလုပ်တွေ လုပ်စရာရှိသေး

---

* နာတာလူးပွဲတော်အတွင်း ကြက်ကိုအစာကျွေး၍ ဗေဒင်မေးလေ့ရှိသည်။


www.burmeseclassic.com

တယ်မဟုတ်လား” အစေခံမိန်းမကြီးက အော်လိုက်သည်။

“ဆူမနေစမ်းနဲ့ ကွန်ဒရာတက်ဗနာ၊ သွားစမ်းပါစေ။ သွား၊ သွား” နာတာရှာက ကလေးမလေးကို ပြန်လွှတ်လိုက်ပြီးနောက် ပွဲတက်ဆောင်ကိုဖြတ်ကာ စမုတ်ဆောင်ဘက်သို့ ဝင်လာခဲ့သည်။ အိမ်ဖော်အဘိုးကြီးတစ်ယောက်နှင့် သူငယ်နှစ်ယောက်တို့သည် ဖဲကစားလျက်ရှိကြ၏။ နာတာရှာ ဝင်လာသည်တွင် ၎င်းတို့သည် လူစု ခွဲလိုက်ကြ၏။

‘သူတို့နဲ့ အပျင်းပြေ ကစားရကောင်းလေမလား’ ဟု နာတာရှာ တွေးလိုက်သည်။

“နီကီတာ” နာတာရှာက ခေါ်လိုက်၏။ “သွား၊ ခြံထဲက ကြက်ဖတစ်ကောင် ဖမ်းခဲ့စမ်း။ မစ်ရှာက ပြောင်းဆန် နည်းနည်းသွားယူချေ”*

“ပြောင်းဆန်နည်းနည်းပဲလား သခင်မလေး” မစ်ရှာက မေးလိုက်သည်။

“သွားပါကွယ်၊ စကားများမနေစမ်းပါနဲ့ ယူမှာသာ ယူချေပါ” အဘိုးကြီး နီကီတာက ပြောလိုက်၏။

“သီယိုဒိုက မြေဖြူတစ်ချောင်း သွားရှာချေစမ်း”

နာတာရှာသည် ဘက္ကာစိုး၏ရိက္ခာခန်းနားသို့ ဖြတ်လာခဲ့၏။ အချိန်မဟုတ်သော်လည်း နာတာရှာသည် ၎င်းအတွက် လက်ဖက်ရည်အိုး တည်ခိုင်းခဲ့သည်။

ဘက္ကာစိုး ဖိုးကာမှာ တစ်အိမ်လုံးတွင် စိတ်အတိုဆုံးဖြစ်၏။ နာတာရှာသည် မိမိ၏ စိတ်တန်ခိုးထက်မြက်မှုကို စမ်းလိုသဖြင့် ဘက္ကာစိုးအား လက်ဖက်ရည်အိုး အတည်ခိုင်းခြင်းဖြစ်သည်။ ဘက္ကာစိုး ဖိုးကာသည် အမိန့်ကို လွန်ဆန်ကာ လက်ဖက်ရည် တကယ်သောက်လို မသောက်လို မေးမြန်းစုံစမ်းခြင်း ပြုသည်။

“ဘယ်လိုများဖြစ်လာတာပါလိမ့်” ဖိုးကာက နာတာရှာကို မျက်မှောင်ကုတ်၍ တီးတိုးရွတ်ဆိုလိုက်၏။

တစ်အိမ်လုံးတွင် နာတာရှာလောက် အစေခံများအား ဒုက္ခပေးသူ မရှိချေ။ နာတာရှာကြောင့် မည်သူမျှ အနားမနေရ။ နာတာရှာသည် နေရာရွေးလေ့မရှိဘဲ တွေ့သမျှလူကို ခိုင်းလေ့ရှိသည်။ ယခုလည်း နာတာရှာသည် အစေခံများ၏စိတ်ကို စမ်းကြည့်နေဟန် တူပေသည်။ သို့ရာတွင် နာတာရှာခိုင်းလျှင် မည်သူမျှ မနေရဲကြဘဲ အလျင်အမြန် လုပ်ပေးကြရသည်သာ ဖြစ်ပေသည်။ နာတာရှာသည် လမ်းမြောင်ကြားတွင် လျှောက်ရင်း ဘာလုပ်ရမလဲ၊ ဘယ်သွားရမလဲဟု စဉ်းစားနေမိသည်။

“နာစတာစယာ၊ နာတာရှာ အိမ်ထောင်ကျရင် ဘယ်လို ကလေးတွေ မွေးမှာလဲ ဟင်” နာတာရှာက မိန်းမလို ဝတ်ထားသော မိန်းမလျှာ ပျော်တော်ဆက်ကို မေးလိုက်၏။

“ဘာဖြစ်လို့လဲ သခင်မလေး။ ခြင်ကောင်ကလေး တစ်ကောင်ရယ်၊ ပုရစ်ကလေးတစ်ကောင်ရယ်၊ နှံကောင်ကလေးတစ်ကောင်ရယ် မွေးမှာပေါ့” ပျော်တော်ဆက်က ဖြေလိုက်သည်။

ပျော်တော်ဆက်က သောလုံးကလေးများထုတ်၍ ပျော်တော်ဆက်သော်လည်း နာတာရှာ မပျော်နိုင်ချေ။ နာတာရှာသည် အပေါ်ထပ်တွင် နေကြသော အကသင်ဆရာဗိုဂဲလ်တို့ လင်မယားထံ တက်လာခဲ့ပြန်သည်။

အိမ်ပေါ်ထပ်၌ကား ဗိုဂဲလ်တို့လင်မယားနှင့် အတူ စာပြဆရာမနှစ်ဦးလည်း ထိုင်လျက်ရှိသည်။ စားပွဲပေါ်တွင် စပျစ်သီးခြောက်များ၊ သစ်ကြားသီးများ၊ ရှောက်သီး ထည့်ထားသော ပန်းကန်ပြားများရှိသည်။ စာပြဆရာမများသည် အော်ဒက်ဆာနှင့် မော်စကို နှစ်မြို့အနက် မည်သည့်မြို့တွင် နေထိုင်မှုစရိတ် ပိုကြီးကြောင်းကို ပြောဆိုလျက်ရှိကြ၏။ နာတာရှာသည် ၎င်းတို့အနားတွင် ဝင်ထိုင်ကာ လေးနက်တည်ငြိမ်သော အမူအရာဖြင့် နားထောင်နေပြီးမှ ပြန်၍ ထလိုက်သည်။

“သူ မာဒါဂါစကာကျွန်းမှာ ရောက်နေပြီတဲ့။ မာဒါဂါစကာတဲ့” နာတာရှာသည် တစ်လုံးချင်း ရွတ်ဆိုလျက်ရှိသည်။ နာတာရှာသည် မိမိအား မည်သည်ကို ရွတ်ဆိုနေသနည်းဟု စုံစမ်းမေးမြန်းခြင်းပြုသော စာပြဆရာမ၏ အမေးကိုပင် ပြန်၍ မဖြေတော့ဘဲ အခန်းထဲမှ ထွက်လာခဲ့သည်။

မောင်ငယ်ပီတာမှာလည်း အိမ်အပေါ်ထပ်တွင် ရှိနေသည်။ ပီတာသည် ၎င်း၏အစေခံတစ်ဦးနှင့်အတူ ထိုညလွှတ်ရန်အတွက် မီးရှူးမီးပန်းများ လုပ်လျက်ရှိ၏။

“ပီတာ၊ ပီတာ၊ နာတာရှာ့ကို အိမ်အောက်ထပ် လိုက်ပို့စမ်းပါဟယ်” နာတာရှာက ပြောလိုက်သည်။

ပီတာသည် အနီးသို့ ပြေးလာကာ ကျောကို ကုန်းပေးလိုက်သည်။ နာတာရှာသည် ပီတာ၏လည်ပင်းကို



www.burmeseclassic.com

www.burmeseclassic.com

သိုင်းဖက်လိုက်ပြီးနောက် ကျောကို ခွစီးလိုက်၏။ ပီတာသည် နာတာရှာကို ကုန်းပိုး၍ ပြေးလေသည်။

"ဟင့်အင်း၊ ပီတာ၊ နာတာရှာ ကုန်းမစီးချင်တော့ဘူး" နာတာရှာသည် ကျောပေါ်မှ ခုန်ဆင်းကာ အောက်ထပ်သို့ ဆင်းပြေးလာခဲ့သည်။

နာတာရှာသည် ဤသို့ဖြင့် မိမိ၏ပိုင်နက်ကို လှည့်လည်ကြည့်ရှုသကဲ့သို့ တစ်အိမ်လုံးကို လှည့်ကြည့်၏။ မိမိ၏စိတ်တန်ခိုးကို စမ်းသပ်၏။ လူတိုင်းက မိမိ၏စကားကို ရိုသေလေးစားခြင်း ရှိမရှိကို စစ်ဆေး၏။ သို့ရာတွင် အိမ်ကြီးမှာ ပျင်းရိငြီးငွေ့စရာ ကောင်းလျက်သာ ရှိပေသည်။ နာတာရှာသည် ပွဲတက်ဆောင်ထဲသို့ ပြန်၍ ဝင်လာခဲ့လျက် ဂီတာကို ကောက်ကိုင်လိုက်ပြီးနောက် စာအုပ်စင် တစ်ခုနောက်ကွယ်ရှိ အခန်းထောင့်ထဲတွင် ထိုင်ချလိုက်ကာ ဂီတာဒုန်းကြိုးကြီးများကို ခပ်ဖွဖွ စမ်းလိုက်ပြီးနောက် ပီတာစဘတ်ရွှေမြို့တော်တွင် ရှိစဉ်က မင်းသားကလေးအင်ဒရေးနှင့်အတူကြည့်ခဲ့သော ကဇာတ်တစ်ခုမှ သီချင်းတစ်ပုဒ်ကို ကောက်၍ တီးလိုက်သည်။ ဂီတာမှ ထွက်လာသောတေးသံသည် အခြားသူများအဖို့ အဓိပ္ပာယ်ရှိမည်မဟုတ်သော်လည်း နာတာရှာအဖို့ကား ဂီတာ၏ ကြိုးသံများထဲမှ မိမိနှင့်အင်ဒရေတို့၏ အချစ်ဇာတ်လမ်းကလေးများသည် အစီအရီ ခုန်ပျံထွက်ပေါ်လာကြသည်ဟု ထင်မှတ်ရ၏။ နာတာရှာသည် စာအုပ်စင်နောက်ကွယ်ရှိ အခန်းထောင့်ထဲတွင်ထိုင်ကာ ရိက္ခာခန်းတံခါးကြားမှ ထိုးကျလာသော အလင်းရောင်တန်းကလေးကိုသာ စူးစိုက်ကြည့်နေရာက မိမိ၏ဂီတာသံကို ပြန်၍ နားထောင်နေမိသည်။ နာတာရှာ၏ စိတ်သည် ဤသို့ဖြင့် အတိတ်သို့ ပြန်ရောက်လျက် ရှိလေသည်။

ဆွန်ယာသည် လက်ထဲ၌ ဖန်ခွက်တစ်ခွက်ကို ကိုင်၍ ရိက္ခာခန်းရှေ့မှ ဖြတ်လျှောက်လာ၏။ နာတာရှာသည် ဆွန်ယာကိုလည်းကောင်း၊ ရိက္ခာခန်းတံခါးကြားကိုလည်းကောင်း လှမ်းကြည့်လိုက်မိသည်။ ထိုအခါတွင် နာတာရှာသည် စောစောက ရိက္ခာခန်းကြားမှ ကျလာသော အလင်းရောင်တန်းနှင့် လက်ထဲတွင်ဖန်ခွက်ကိုင်၍ လျှောက်သွားသောဆွန်ယာကို သတိထားမိပြန်၏။ နာတာရှာ၏ စိတ်၌ ဤသို့ဖြင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အဖြစ်အပျက်များသည် ထပ်ပြန်တလဲလဲဖြစ်လျက်ရှိသည်ဟု ထင်လျက်ရှိလေသည်။

"ဆွန်ယာ၊ ဒါဘာသံလဲ၊ သိရဲ့လား" နာတာရှာသည် ဒုန်းကြိုးကြီးတစ်ချောင်းကို တီးလိုက်ရာမှ လှမ်း၍မေးလိုက်သည်။

"ဟင်၊ နာတာရှာ ဒီမှာ ရောက်နေသလား။ ဟင့်အင်း၊ ဆွန်ယာမသိဘူး။ မုန်တိုင်းတိုက်တာကို သရုပ်ဖော်တဲ့အသံလား" ဆွန်ယာက အနားသို့ လျှောက်လာခဲ့ရာမှ မရဲတရဲမေးလိုက်သည်။

'ဟော၊ ဒီလို မရဲတရဲမေးပုံမျိုး၊ ဒီလိုပြုံးပုံမျိုးကို တွေ့ရပြန်ပြီ။ ဒါမျိုးတွေကိုချည်း ထပ်တလဲလဲ မြင်ရလို့ နာတာရှာ ငြီးငွေ့လှပြီ။ နာတာရှာ ငြီးငွေ့လှပြီ။ သိကြရဲ့လား'ဟု နာတာရှာ တွေးလိုက်မိသည်။

"မဟုတ်ပါဘူး ဆွန်ယာရယ်။ ချိုရှုဘီနီရဲ့ ရေသည် ကဇာတ်ထဲက သီချင်းတစ်ပုဒ်ပါ။ ဆွန်ယာ နားထောင်မလား" နာတာရှာက စာသားကို ကောက်၍ ညည်းပြလိုက်သောအခါမှ ဆွန်ယာမှာ ထိုသီချင်းကို မှတ်မိတော့သည်။ "ဒါက ဘာလုပ်မလို့လဲဆွန်ယာ"

"ဖန်ခွက်ထဲက ရေကို လဲမလို့ပါ။ ဆွန်ယာ ပန်းပုံကူးနေတာ ပြီးတော့မယ် နာတာရှာရဲ့"

"အင်း၊ ဆွန်ယာကတော့ ဘယ်တော့ဖြစ်ဖြစ် အလုပ်လုပ်စရာ တွေ့နေတာပဲနော်။ နာတာရှာဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိပါဘူး ဆွန်ယာရယ်။ ဒါထက် ကိုကိုကော"

"အိပ်နေတယ် ထင်တယ်"

"ကိုကို့ကို သွားနှိုးချေပါလား ဆွန်ယာ။ သီချင်းဆိုပေးဖို့ နာတာရှာက ပြောနေတယ်လို့ သွားပြောပေးပါလား"

နာတာရှာသည် ထိုင်လျက်ရှိရင်း ဤသို့ တိမ်းတိမ်းပွေပွေ ဖြစ်ရခြင်းမျိုး ယခင်က မဖြစ်ဖူးပါလျက် ယခုမှ အဘယ့်ကြောင့် ဖြစ်ရလေသနည်းဟု တွေးမိသည်။ သို့ရာတွင် အကြောင်းကိုရှာ၍ မရချေ။ နာတာရှာ၏ စိတ်သည် မင်းသားကလေးအင်ဒရေးနှင့် အတူရှိစဉ်က အချစ်ရည်ရွှန်းသော မျက်လုံးများဖြင့် မိမိအား ကြည့်ခဲ့ဖူးပုံတို့ကို အမှတ်ရလာပြန်သည်။

'သူ မြန်မြန်ပြန်လာပါတော့၊ မြန်မြန်လာပါတော့။ သူ ပြန်မှလာပါဦးမလား။ နာတာရှာဟာ တစ်နေ့တခြား အသက်ကြီးလာပြီ။ ကိုယ့်ချစ်သူနဲ့ မြန်မြန်နေချင်လှပြီ။


www.burmeseclassic.com

နောက်ဆိုရင် နာတာရှာဟာ ခုလိုလှတော့မှ မဟုတ်တော့ဘူး။ အို ဒါပေမဲ့ သူ ဒီနေ့ ပြန်ရောက်ချင်လဲ ရောက်မှာပါ။ ခုပဲရောက်နေပြီး ဧည့်ခန်းထဲမှာ ထိုင်နေသလားမှ မသိဘဲ။ ဒါမှမဟုတ် မနေ့ကများ ရောက်လာသလား။ နာတာရှာ မေ့သွားသလားမှ မသိဘဲ' နာတာရှာသည် ဂီတာကိုချကာ ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့ပြန်သည်။

စာပြဆရာများ၊ ဆရာမများ၊ ဧည့်သည်များနှင့် တကွ အိမ်သူအိမ်သားများမှာ လက်ဖက်ရည်စားပွဲတွင် ထိုင်လျက်ရှိကြ၏။ အစေခံများသည် စားပွဲမှ ခပ်လှမ်းလှမ်းတွင် ရပ်နေကြသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေရောက်နေပြီလောဟု လှမ်း၍ ကြည့်မိသည်။ သို့ရာတွင် မင်းသားကလေးအင်ဒရေ မရှိပါ။ ယခင်ကကဲ့သို့ ပင် ငြီးငွေ့ဖွယ် ကောင်းလျက်ရှိပါသည်။

"အလို၊ သမီးထွေးက ခုမှ ပေါ်လာသကိုး။ ဖေဖျားက ဘယ်များ ပျောက်နေပါလိမ့်မလဲလို့။ လာ၊ ဖေဖျားနားလာထိုင်လှည့်" ဖခင်မြို့စားကြီးက ပြောလိုက်၏။ သို့ရာတွင် နာတာရှာသည် မိခင်မြို့စားကတော်ကြီး၏ အနီးတွင် ထိုင်လိုက်ပြီးနောက် တစ်စုံတစ်ယောက်ကို ရှာသလိုဖြင့် လှမ်း၍ ကြည့်နေမိသည်။

"မေဖျား၊ သူကော သူ၊ သူ့ကို ခေါ်ပေးပါ မေဖျားရယ်' နာတာရှာသည် စိတ်ထဲမှ ရေရွတ်လိုက်ပြီး နောက် မငိုမိစေရန် မနည်းကြီး ချုပ်တည်းထားရ၏။

နာတာရှာသည် စားပွဲတွင်ထိုင်ကာ လူကြီးများနှင့် နီကိုလေတို့ စကားပြောနေကြသည်ကို နားထောင်၏။ "အင်း၊ ဒီမျက်နှာတွေ၊ ဒီစကားတွေချည်းပဲထပ်တလဲလဲ မြင်နေကြားနေရပါကလား။ ဖေဖျားကလဲ အရင်တုန်းကလို လက်ဖက်ရည်ပန်းကန်ကို ကိုင်လို့။ အရင်တုန်းကလို တခွီးခွီး ချေဆတ်လို့" နာတာရှာသည် ပြောင်းလဲခြင်းမရှိသော မိမိတို့ အိမ်သူအိမ်သားများကိုကြည့်၍ စိတ်ပျက်ငြီးငွေ့ခြင်း ဖြစ်မိသည်။

ဆယ်ချက်တီးသောအခါ လက်ဖက်ရည်သောက်ပြီး ကြလေပြီ။ နီကိုလေ၊ ဆွန်ယာနှင့်နာတာရှာတို့သည် လူကြီးများ မသိစေလိုသောစကားမျိုးကို ပြောဆိုနေကျနေရာဖြစ်သည့် ဧည့်ခန်းဆောင်ထဲရှိ ထောင့်ကလေးတစ်ထောင့်သို့ ထလာခဲ့ကြလေသည်။

## အခန်း ၁၀

"ကိုကို ဧည့်ခန်းဆောင်ထောင့်ကလေးထဲသို့ ရောက်သည်တွင် နာတာရှာက ခေါ်လိုက်သည်။ "တစ်ခါတလေကျတော့ စိတ်ထဲမှာ ငြီးငွေ့သလို ဘာလိုလိုနဲ့ တစ်မျိုးကြီး မဖြစ်ဖူးဘူးလားဟင်။ ဟိုတုန်းကလို ပျော်ပျော်ရွှင်ရွှင်နေလို့ မရတော့ဘူး။ ငြီးငွေ့သလိုလို အားငယ်သလိုလို ဝမ်းနည်းသလိုလိုကြီးလေ"

"အင်း ဖြစ်ဖူးတယ် ထင်တယ်" နီကိုလေက ဖြေလိုက်၏။ "ကိုကို ဖြစ်တုန်းကမှ သိပ်ဆိုးတာ။ ဒို့ပြင်လူတွေက ပျော်ကြပါးကြလို့။ ကိုကို့စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ။ ဘယ်လိုကြီးဖြစ်နေမှန်း မသိဘူး။ ကိုကို့စိတ်ထဲမှာ အားလုံးကို ငြီးငွေ့နေတယ်။ ပြီးတော့ ဒို့အားလုံးဟာလဲ သေကြရမှာပါလားဆိုပြီး စိတ်ထဲမှာ အားငယ်သလိုကြီးပဲ။ အဲဒီတုန်းက တပ်ထဲမှာပေါ့။ ဒို့ပြင်တပ်သားတွေ၊ တပ်ဗိုလ် တွေကတော့ တီးကြ၊ မှုတ်ကြ၊ ဆိုကြ ကကြ။ ကိုကို့မှာ တော့ အလိုလို ဝမ်းနည်းနေတယ်"

"အို၊ ဟုတ်တယ် ကိုကို။ အစစ်ပဲ" နာတာရှာက ဝင်၍ ပြောလိုက်သည်။ "နာတာရှာလေ ငယ်ငယ်တုန်းက တည်းက ဒီလို မကြာမကြာ ဖြစ်ဖူးတယ်။ ကိုကိုမှတ်မိသေးသလား။ တစ်ခါတုန်းက ဆီးတော်သီးတွေ ခိုးစားလို့ နာတာရှာ အရိုက်ခံရတယ်လေ။ အဲဒီတုန်းက ကိုကိုတို့က ကလို့၊ နာတာရှာက စာသင်ခန်းထဲမှာ ငိုနေတယ်လေ။ အဲဒီအဖြစ်အပျက်ကလေးကို နာတာရှာ ဘယ်တော့မှ မမေ့တော့ဘူး ကိုကို။ အဲဒီတုန်းကလေ သိပ်ဝမ်းနည်းတာပဲ။ ဘယ်လိုဖြစ်မှန်း မသိဘူး။ ကိုယ့်ဘာသာကိုယ်လဲ ဝမ်းနည်းတယ်။ သူများအတွက်လဲ ဝမ်းနည်းတယ်။ အဲဒီတုန်းက နာတာရှာက ဘာမှမသိတတ်သေးတဲ့ အရွယ် မဟုတ်လား။ ကိုကို မှတ်မိသေးလားဟင်"

"မှတ်မိတာပေါ့" နီကိုလေက ဖြေလိုက်သည်။ "အဲဒီတုန်းက နာတာရှာ စိတ်ကျေနပ်အောင် ကိုကိုက လာချော့မလို့ လုပ်တော့ ကိုကိုလဲနာတာရှာကို မချော့ရဲဘဲ ဖြစ်နေတယ်လေ။ အဲဒီတုန်းကများ သိပ်ရယ်စရာ ကောင်းတာပဲနော်။ ကိုကို့မှာ ယမင်းရုပ်ကလေး ရှိတယ်လေ။ နာတာရှာကိုတောင် ပေးမယ် လုပ်သေးတယ်။ မှတ်မိသေးလား"



www.burmeseclassic.com

"မှတ်မိတာပေါ့ ကိုကို" နာတာရှာက ခပ်လေး လေးပြုံး၍ ပြောလိုက်သည်။ "နာတာရှာတို့ ငယ်ငယ် တုန်းကလေ၊ ဦးတော်က သူ့စာကြည့်ဆောင်ထဲခေါ်လို့ နာတာရှာတို့ ဝင်သွားတော့ စာကြည့်ဆောင်ထဲမှာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ကပ္ပလီကြီးတစ်ယောက် တွေ့ရတယ်လေ" နီကိုလေက ဝမ်းသာအားရ ပြောလိုက်၏။ "ကိုကို ခုထက်ထိ အမှတ်ရသေးတယ်။ ဒါပေမဲ့ ကိုကို့စိတ်ထဲမှာ တကယ်မြင်ခဲ့သလိုလို၊ အိပ်မက်ထဲမှာ တွေ့ခဲ့ရသလိုလို၊ တစ်ယောက်ယောက်က ပြောလို့သိရ သလိုလိုနဲ့ ဇဝေဇဝါ ဖြစ်နေတယ်"

"အသားကမည်းပြီး သွားတွေက ဖွေးလို့လေ။ အခန်းထဲမှာရပ်ပြီး နာတာရှာတို့ကို ကြည့်နေတယ်"

"ဆွန်ယာ မှတ်မိသေးသလားဟင်" နီကိုလေက မေးလိုက်၏။

"ဟုတ်တယ် ကိုကို။ မှတ်မိသလိုလိုပဲ" ဆွန်ယာက မရဲတရဲဖြေ၏။

"နာတာရှာကတောင် ဖေဖျားတို့ မေဖျားတို့ကို ကပ္ပလီကြီးအကြောင်း မေးသေးတယ်။ ဖေဖျားတို့ကတော့ ကပ္ပလီဆိုတာ မရှိဘူးတဲ့။ ဒါပေမဲ့ နာတာရှာတို့ကိုယ်တိုင် မြင်ရတာနော် ကိုကို"

"အစစ်ပေါ့။ သွားတွေကို ဖွေးနေတာပဲ။ ခုထက်ထိ မြင်ယောင်နေသေးတယ်"

"ခု ပြန်စဉ်းစားတော့ တစ်မျိုးကြီးပဲနော်။ အိပ်မက်ထဲမှာလိုလို ဘာလိုလိုနဲ့"

"ပြီးတော့ပွဲတက်ဆောင် ကြမ်းပြင်ပေါ်မှာ ကြက်ဥ ပြုတ်တွေကို လိမ့်ပြီး ကစားကြတာလေ။ အစေခံအဘွား ကြီးနှစ်ဦးက ကော်ဇောပေါ်ထိုင်ပြီး ဗိုင်းငင်လို့။ အဲဒီတုန်း ကများ ဘယ်လိုပျော်မှန်း မသိဘူး"

"ဟုတ်တယ်၊ သိပ်ပျော်တာပဲ။ ဖေဖျားက အင်္ကျီ အပြာကြီးနဲ့ ဆင်ဝင်အောက်ကိုဆင်းပြီး သေနတ်ဖောက် တာကော ကိုကိုမှတ်မိသေးလား"

ဤသို့ဖြင့် နာတာရှာတို့တစ်သိုက်သည် ရှေး ဟောင်း နှောင်းဖြစ်များကို စမြုံပြန်လျက်ရှိကြ၏။ သို့ရာတွင် စိတ်ညစ်စရာကောင်းသော ရှေးဟောင်းနှောင်း ဖြစ်များ မဟုတ်ကြဘဲ စိတ်ကူးနှင့် တကယ့်အဖြစ်အပျက်တို့ ရောထွေးလျက်ရှိသော ကလေးဘဝ၏ကြည်နူးစရာ အဖြစ် အပျက်များသာ ဖြစ်လေရာ ထိုအဖြစ်တို့ကို ပြန်ပြောင်းကာ ရယ်မောကြရ၏။

ဆွန်ယာသည် ဤအဖြစ်အပျက်များကို မှတ်မိ သော်လည်း ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ တိတ်ဆိတ်စွာ ထိုင်လျက်ရှိ၏။

ဆွန်ယာသည် နာတာရှာတို့ ပြန်ပြောင်းပြောဆိုနေ ကြသော ရှေးဟောင်းနှောင်းဖြစ်များကို စိတ်ဝင်စားခြင်း လည်းမရှိ၊ ၎င်းတို့နှစ်ဦးကဲ့သို့ ကြည်နူးခြင်းလည်း မဖြစ်မိ။ ကြည်နူးလျက်ရှိသည့် နာတာရှာတို့ မောင်နှမ ကိုသာ ငေးကြည့်နေသည်။

နာတာရှာတို့ မောင်နှမက ၎င်းတို့အိမ်သို့ ဆွန်ယာ ရောက်လာပုံကို ပြန်ပြောင်းပြောသည့်အခါကျတော့မှ ဆွန်ယာသည် ၎င်းတို့စကားဝိုင်းထဲသို့ ဝင်ရောက်ပြောဆို ခြင်းပြုလေသည်။ ထိုစဉ်က နီကိုလေမှာ အချိတ်ကြိုးတပ် အင်္ကျီကို ဝတ်ထားသည့်အတွက် နီကိုလေကို ကြောက်ခဲ့ပုံ၊ အထိန်းမိန်းမကြီးက မိမိကိုလည်း ချိတ်ကြိုးများဖြင့် သီချုပ်မည်ဟု ပြောပုံတို့ကို ဆွန်ယာက ပြန်၍ ပြောပြ၏။

"အဲဒီတုန်းကလေ ဆွန်ယာက မုန်လာရွက်တွေ အောက်မှာ မွေးလာတာလို့ သူတို့ကပြောတော့ နာတာရှာ လေ ဆွန်ယာ့ကို သနားလိုက်တာ။ သူတို့ပြောတာကိုလဲ ယုံလဲ မယုံဘူး။ မယုံဘဲလဲ မနေရဲဘူး" နာတာရှာက ပြောလိုက်၏။

ဤသို့ စကားကောင်းနေကြခိုက် အစေခံတစ်ဦး တံခါးဝမှ ခေါင်းပြူကာ "သခင်မလေး၊ ကြက်ဖတစ်ကောင် အရှာခိုင်းထားတာ ရောက်လာပါပြီ"ဟု ပြောလေသည်။

"နေပေစေတော့ပိုလျာ။ မလိုတော့ဘူး။ ပြန်ယူသွား တော့လို့ ပြောလိုက်"

သုံးယောက်သား စကားကောင်းနေကြခိုက် ပန်တျာနည်းပြဆရာ ဒင်းမလား ဝင်လာကာ အခန်းထောင့် တွင် ရှိသည့် ဗျတ်စောင်းကြီးဆီသို့သွား၍ ရပ်နေသည်ကို မြင်ရ၏။ ဒင်းမလားသည် ဗျတ်စောင်းကြီးပေါ်တွင်ဖုံးထား သည့် အဝတ်ကို ဆွဲချွတ်လိုက်လေရာ ကြိုးများမှ အသံ များသည် လုံးထွေး၍ ထွက်ပေါ်လာကြ၏။

"မစ္စတာဒင်းမလား။ ဖီးလ်ရေးတဲ့ ညဥ့်သုံးယံ ကြိုးကြီးတီးပြပါလား" မြို့စားကတော်ကြီးက ပြောလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒင်းမလားသည် ကြိုးတစ်ချောင်းကို ခတ်လိုက်ပြီးနောက် နာတာရှာတို့ဘက်သို့ လှည့်ကာ

"အလို၊ သုံးယောက်သား ငြိမ်ချက်ကောင်းလှချည်ကလား"

"ငြိမ်ချက်ကောင်းဆို နာတာရှာတို့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောပြီး အတွေးနယ်ချဲ့နေကြတာ ဆရာရဲ့" နာတာရှာက ဒင်းမလားကို လှမ်းကြည့်ပြီးနောက် သုံးယောက်သား စကားဆက်ကြပြန်ကာ အိပ်မက်များအကြောင်းကို ပြောဆိုနေကြပြန်သည်။

ဒင်းမလားသည် ညဥ့်သုံးယံကြိုးကြိုးကို စ၍ တီးလိုက်၏။ နာတာရှာသည် ခြေဖျားထောက်ကာ စားပွဲဆီသို့ လျှောက်လာခဲ့၍ ဖယောင်းတိုင်တစ်တိုင်ဖြင့် ထွက်သွားပြီးနောက် မကြာမီ ပြန်ရောက်လာကာ ယခင်နေရာတွင် ဝင်ထိုင်လိုက်သည်။ အခန်းထဲတွင် မှောင်လျက်ရှိ၏။ နာတာရှာတို့ထိုင်နေသည့် အခန်းထောင့်ကားပို၍ မှောင်နေလေသည်။ သို့ရာတွင် လပြည့်နေ့ညလဝန်း၏ ငွေရောင်တောက်နေသော ရောင်ခြည်များသည် ပြတင်းပေါက်မှ ကြမ်းပြင်ပေါ်သို့ ထိုးကျလျက်ရှိ၏။ ဒင်းမလားသည် ညဥ့်သုံးယံကြိုးကြိုးတီး၍ ဆုံးသွားပြီဖြစ်သော်လည်း ရပ်လိုက်ရမည်လော၊ အခြားတစ်ပုဒ်ကို ဆက်၍ တီးရမည်လောဟု ဝေခွဲမရဟန်ဖြင့် စောင်းကြိုးများကို ခပ်ဖွဖွစမ်းနေသည်။

နာတာရှာသည် နီကိုလေနှင့် ဆွန်ယာ့အနီးသို့ တိုးကာ လေသံကလေးဖြင့်

"လူတွေဟာ ကိုယ့်ရဲ့ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြန်ပြီး တွေးဖန်များလာတဲ့အခါကျတော့ လူ့ဘဝမရောက်ခင် ဟိုအရင်ဘဝတုန်းက အဖြစ်အပျက်တွေကိုပါ မှတ်မိလာတယ်ဆိုတာ ဟုတ်သလားဟင်"

"ဘဝကူးတယ်ဆိုတာ အဲဒါပေါ့။ ရှေးအီဂျစ်လူမျိုးတွေကတော့ လူတွေရဲ့ ဝိညာဉ်ဟာ တိရစ္ဆာန်ဘဝကလာပြီး သေတဲ့အခါကျတော့လဲ တိရစ္ဆာန်မှာ ပြန်ပြီး တွယ်တယ်လို့ ယူဆကြသတဲ့" ဆွန်ယာက ပြောလိုက်၏။

"နာတာရှာတော့ လူ့ဝိညာဉ်ဟာ တိရစ္ဆာန်တွေဆီကလာပြီး တိရစ္ဆာန်တွေဆီကို ပြန်သွားတယ်ဆိုတာ မယုံဘူး။ လူဟာ ကောင်းကင်ဟမန်နတ်တွေက ဆင်းသက်လာပြီး သေရင်လဲ ကောင်းကင်တမန်တွေ ပြန်ဖြစ်မှာပဲ ထင်တယ်"

"ဆရာကော ဝင်ပြောခွင့်ရှိသလား" ဒင်းမလားသည် ၎င်းတို့အနားသို့ လျှောက်လာကာ ဝင်၍ ထိုင်လိုက်၏။

"ကိုကိုတို့ဟာ ကောင်းကင်တမန် နတ်သားတွေက ဆင်းသက်လာတယ်ဆိုရင် ဘာဖြစ်လို့ နိမ့်ကျတဲ့ဘဝရောက်နေရမှာလဲ။ ဒါလဲ မဟုတ်သေးပါဘူး" နီကိုလေက ဝင်ပြောလိုက်၏။

"အို၊ ဘယ်မှာ နိမ့်ကျတဲ့ဘဝကို ရောက်လို့လဲ။ ကိုကိုကို ဘယ်သူက ပြောသလဲ။ ယုတ်ညံ့တဲ့ ဘဝရောက်ရင် ဘာဖြစ်လို့ အရင်တုန်းက အဖြစ်တွေကို သိနေရတာလဲ။ နာတာရှာ့အထင်တော့ လူ့ရဲ့ဝိညာဉ်ဟာ မသေနိုင်ဘူး၊ မပျောက်နိုင်ဘူးလို့ ထင်တယ်။ လူ့ရဲ့ဝိညာဉ်ဟာ နောင်မှာ မသေမပျောက်ဘဲရှိနေရင် အရင်တုန်းကလဲ မသေမပျောက်ဘဲ ရှိခဲ့မှာပဲ။ လူ့ဝိညာဉ်ဟာ အဆုံးမရှိတဲ့ ထာဝရဘုံကြီးထဲမှာ ရှိတယ်လို့ ထင်တယ်"

"အင်း၊ ဒါတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ နာတာရှာပြောတဲ့ အဆုံးမရှိတဲ့ ထာဝရကာလကြီးကို ဆရာတို့ ဘယ့်နှယ်လုပ် ထင်နိုင်မြင်နိုင်စွမ်း ရှိမှာလဲ" လူငယ်ဝိုင်းသို့ ဝင်လာသော ဒင်းမလားက ပြုံး၍ မေးလိုက်၏။

"အို ဘာဖြစ်လို့ထင်နိုင် မြင်နိုင်စွမ်း မရှိရမှာလဲ ဆရာ" နာတာရှာက ပြောလိုက်၏။ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးဟာ အဆုံးမရှိကြောင်းကို နာတာရှာတို့ မြင်နေရတာပဲ။ ခု ပြန်ကြည့်ရင် မနေ့က ဆိုတာ အတိတ်မှာ ကျန်ခဲ့ပြီး ယနေ့ဆိုတဲ့ ပစ္စုပ္ပန်ကို ရောက်နေကြရပြီ။ ပစ္စုပ္ပန် လွန်မြောက်ရင် မနက်ဖြန်ဆိုတဲ့ အနာဂတ်ကို ရောက်ကြရဦးမယ်။ အဲဒီအခါကျတော့လဲ ဒီနေ့ဟာ အတိတ်ဖြစ်၊ အဲဒီမနက်ဖြန်ဟာ ပစ္စုပ္ပန်ဖြစ်ပြီး အဲဒီနောက် မနက်ဖြန်ဟာ အနာဂတ်ဖြစ်ရပြန်ဦးတော့မယ်။ ဒီလိုပဲ အဆုံးမရှိသွားနေတာကို မြင်နေကြရတယ် မဟုတ်လား ဆရာ"

"သမီးထွေး၊ အခန်းထောင့်မှာစုပြီး ဘာတွေများ ကျိတ်တိုင်ပင်နေကြတာလဲ။ လာ၊ မေဖျားကို သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်း" မြို့စားကတော်ကြီးက ပြောလိုက်သည်။

"ဟင့်အင်း မေဖျား။ နာတာရှာ မဆိုချင်ဘူး"



www.burmeseclassic.com

နာတာရှာက ပြောလိုက်၏။ သို့ရာတွင် နာတာရှာမှာ ထိုင်ရာမှ ထပြီးသား ဖြစ်နေသည်။

နာတာရှာတို့တစ်သိုက်သည် အခန်းထောင့်တွင် ထိုင်ကာ စကားဆက်၍ ပြောချင်ကြ၏။ သို့ရာတွင် နာတာရှာထလိုက်သည့်အတွက် လူစုကွဲသွားကာ နီကိုလေကလည်း ရေးစန္ဒရားကြီးတွင် ဝင်ထိုင်လိုက်သည်။ နာတာရှာသည် ပွဲတက်ဆောင်ထဲ၌ အသံအလုံဆုံးနေရာဖြစ်သော ခန်းမအလယ်တွင် ရပ်လိုက်ပြီးနောက် မိခင်မြို့စားကတော်ကြီး အကြိုက်နှစ်သက်ဆုံးသော သီချင်းတစ်ပုဒ်ကို ကောက်၍ဆိုလိုက်သည်။

နာတာရှာသည် ပါးစပ်ကသာ မဆိုချင်ဟု ပြောသော်လည်း စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲကြီး ဆိုချလိုက်သည်။ ဤသို့ လှိုက်လှိုက်လှဲလှဲမဆိုဖြစ်ခဲ့သည်မှာ ကြာခဲ့လေပြီ။ နောင်တွင်လည်း အတော်ကြာမျှ ဤသို့ လှိုက်လှဲစွာ မဆိုဖြစ်တော့ချေ။ စာကြည့်ဆောင်ထဲတွင် စာရင်းဒိုင်ချုပ် မိတင်ကာနှင့် စကားပြောနေသော မြို့စားကြီးသည် နာတာရှာ၏သီချင်းသံကို ကြားသည်၌ ကစားချင်ဇောဖြင့် ပျာယာခတ်နေသော ကျောင်းသားကလေးတစ်ယောက်ကဲ့သို့ စာရင်းဒိုင်ချုပ်အား အလုပ်ကိစ္စများတွင် အမှားမှားအယွင်းယွင်း ပြောမိ၏။ နောက်ဆုံး၌ ဆက်၍ပင် မပြောနိုင်တော့ဘဲ ရပ်၍ နားထောင်နေလေရာ စာရင်းဒိုင်ချုပ် မိတင်ကာမှာလည်း မြို့စားကြီး၏ရှေ့တွင် ပြုံးပြုံးကြီးရပ်၍ နားထောင်လျက်ရှိလေသည်။ နီကိုလေသည် ညီမထွေးနာတာရှာကို မျက်တောင်မခတ် စိုက်ကြည့်လျက်ရှိ၍ စည်းချက်ဖြင့် အသက်ရှူလျက်ရှိ၏။ ဆွန်ယာမှာမူ နာတာရှာ၏ သီချင်းသံကို နားထောင်လျက်ရှိရာမှ မိမိနှင့် နာတာရှာတို့၏ တစ်ဦးနှင့်တစ်ဦး ကွာခြားလျက်ရှိသော အဖြစ်ကို စဉ်းစားနေမိရာက မိမိမှာ နာတာရှာကဲ့သို့ စွဲလမ်းနှစ်သက်စရာ မိန်းကလေးတစ်ယောက် ဖြစ်နိုင်ဖို့ အကြောင်း မရှိတော့ပြီဟု တွေးမိလျက် ဝမ်းနည်းလာမိလေသည်။ မြို့စားကတော်ကြီးကား ပီတိဖြစ်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ ရောထွေးလျက်ရှိသော အပြုံးဖြင့် မျက်ရည်များ ရစ်ဝဲကာ နားထောင်နေရာမှ တစ်ချက်တစ်ချက်တွင် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။ မြို့စားကတော်ကြီးသည် မိမိ၏အပျိုဘဝနှင့် နာတာရှာ၏ အပျိုဘဝကို နှိုင်းယှဉ်စဉ်းစားနေရာမှ နာတာရှာနှင့် မင်းသားကလေးအင်ဒရေတို့ လက်ထပ်ကြတော့မည့်အရေးကို ရောက်သွားကာ ဝမ်းနည်းလာပြန်သည်။

မြို့စားကတော်ကြီး၏ဘေးတွင် ထိုင်နေသည့် ပန်တျာနည်းပြဆရာ ဒင်းမလားသည် မျက်လုံးများကို မှိတ်၍ နားထောင်လျက်ရှိ၏။ နောက်ဆုံးတွင် ဒင်းမလားက မြို့စားကတော်ကြီးဘက်သို့ လှည့်၍

"နာတာရှာရဲ့ အသံကတော့ ဥရောပမှာ ရှာမှ ရှားတဲ့ အသံမျိုးပဲမြို့စားကတော်ကြီးရေ့။ နောက်ထပ် သင်ပေးနေစရာတောင် လိုမယ်မထင်တော့ဘူး။ အသံက နူးလဲနူးညံ့တယ်။ ပျော့လဲ ပျော့ပျောင်းတယ်။ လိုသလောက်လဲ ဆွဲလို့ရတယ်"

"သူ့အတွက် စိုးရိမ်တယ်၊ သူ့အတွက် သိပ်စိုးရိမ်တယ်" မြို့စားကတော်ကြီးသည် မိမိနှင့် စကားပြောနေသူကို မည်သူမည်ဝါဟု သတိမရတော့ဘဲ ပါးစပ်မှထုတ်၍ ညည်းလိုက်၏။ နာတာရှာသည် အများနှင့်မတူ ထူးခြားသောမိန်းကလေးတစ်ယောက်ဖြစ်ရာ ဤသို့ထူးခြားခြင်းသည်ပင် တစ်နေ့တွင် နာတာရှာအား ဒုက္ခပေးမည်ဖြစ်ကြောင်းကို မိခင်တို့၏ပကတိစိတ်က မြို့စားကတော်ကြီးအား ပြောလျက်ရှိလေသည်။ နာတာရှာသီချင်းဆို၍ မပြီးမီ၌ အသက်တစ်ဆယ့်လေးနှစ် ရှိပြီဖြစ်သော ပီတာသည် ပွဲတက်ဆောင်သို့ ပြေးဝင်လာကာ မိမိတို့၏တပည့်တပန်းများက အကအခုန်များဖြင့် လာရောက်ကန်တော့ကြောင်း ပြောကြားလေသည်။

"ပီတာ သိပ်ရှုပ်တာပဲ၊ အလိုက်ကန်းဆိုး ဘာမှမသိဘူး" နာတာရှာသည် မောင်ငယ်ကို အော်ထုတ်လိုက်ပြီးနောက် ထိုင်ဖုံတစ်လုံးတွင် ပြေးထိုင်၍ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

"နာတာရှာ ဘာမှမဖြစ်ပါဘူး မေဖျား၊ ဘာမှ မဖြစ်ပါဘူး။ ပီတာအော်လို့ ရုတ်တရက်မို့ လန့်သွားတာပါ" နာတာရှာက ကြိုးစား၍ ပြုံးရင်း ပြောလိုက်၏။ သို့ရာတွင် ငိုရှိုက်ခြင်းကို မရပ်သေးချေ။

ကန်တော့လာသူများမှာ (မြို့စားကြီး၏ကျွန်များ ဖြစ်သည်။) အချို့က ဝက်ဝံကဲ့သို့ ဝတ်၍လည်းကောင်း၊ အချို့က တူရကီလူမျိုးကဲ့သို့ ဝတ်၍လည်းကောင်း၊ အချို့က ထမင်းဆိုင်ရှင်ကဲ့သို့ ဝတ်၍လည်းကောင်း၊ အချို့က မိန်းမကဲ့သို့ ဝတ်၍လည်းကောင်း၊ ရယ်စရာ ကြောက်စရာ



www.burmeseclassic.com

ဖန်တီးလျက် အမျိုးမျိုး ပြင်ဆင်လာကြ၏။ အပြင်မှ အအေးဓာတ်နှင့် ရှင်မြူးခြင်းတို့သည် ၎င်းတို့နှင့် အတူ ပါလာကြ၏။ တပည့်တပန်းများသည် အစပထမ၌ စမုတ်ဆောင်ထဲတွင် မရဲတရဲ စုပြုံလျက် ရှိကြပြီးနောက် တစ်ယောက်တစ်ယောက် လူတောထဲသို့တိုးဝင်ကာ သူသာ ရှေ့ကသွားသင့်သည် စသဖြင့် ငြင်းခုံရင်း ပွဲတက်ဆောင်ဘက်သို့ တစ်ယောက်ကိုတစ်ယောက် အတင်းတွန်းထိုး လွှတ်နေကြသည်။ ဤသို့ဖြင့် ၎င်းတို့သည် ရက်ကြောက် သောမျက်နှာထားများနှင့် တစ်ယောက်ကိုတစ်ယောက် တွန်းထိုး၍ ဝင်လာခဲ့ကြပြီးနောက် အတန်ကြာသော်သီချင်း ဆိုခြင်း၊ ကပြခြင်း၊ နာတာလူးကစားနည်းများ ကစားပြခြင်းဖြင့် ရှင်မြူးလျက် ရှိကြလေသည်။ မြို့စားကတော်ကြီးသည် ရုပ်ဖျက်၍ ဝတ်စားထားသူများကို အမည်နာမ ခွဲခြား၍ သိရသည့်အခါတွင် အားရပါးရ ရယ်မောကာ ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့၏။ မြို့စားကြီး ရောစတော့ဗ်မှာ ပွဲတက်ဆောင်ထဲတွင် ထိုင်ကာ ၎င်း၏ တပည့်များကို နှုတ်ဆက်လျက် ရှိလေသည်။ နာတာရှာတို့ လူသိုက်သည် ပွဲတက်ဆောင်ထဲမှ ထွက်သွားကြ၏။

နာရီဝက်ခန့် ကြာသောအခါ ရုပ်ဖျက်၍ ကနေကြသော တပည့်တပန်းများအပြင် နောက်ထပ်လူများ တိုးလာလေသည်။ ၎င်းတို့အထဲ၌ အဘွားကြီးကဲ့သို့ ဝတ်ထားသူ တစ်ယောက်ပါလာ၏။ ထိုသူကား နီကိုလေဖြစ်လေသည်။ ပီတာမှာ တူရကီမလေးကဲ့သို့ ဝတ်ထား၏။ ဒင်းမလားသည် လူပြက်ကဲ့သို့ ဝတ်ထားသည်။ နာတာရှာမှာ မြင်းတပ်သားကဲ့သို့ဝတ်ထားကာ ဆွန်ယာမှာ နှုတ်ခမ်းမွေးတုနှင့် ဆက်ကပ်လူပြက်ကဲ့သို့ အသီးသီး ဝတ်ထားကြ၏။

ပွဲကြည့်ပရိသတ်မှာ နီကိုလေတို့ တစ်တွေ၏ ရုပ်ပြောင်းရုပ်လွဲကောင်းခြင်းကို အံ့သြချီးမွမ်း၍မဆုံး ဖြစ်နေကြသည့်အတွက် နီကိုလေတို့ လူသိုက်သည် ဤအဝတ်အစားဖြင့် ရွာနီးချုပ်စပ်သို့ တစ်ပတ်လောက် လှည့်လိုက်မည်ဆုံးဖြတ်လိုက်ကြသည်။

ထိုအချိန်၌ လမ်းများမှာ ကောင်းမွန်လျက် ရှိသော ရာ နီကိုလေသည် မိမိ၏မြင်းသုံးကောင်တပ် ရထားဖြင့် တစ်ဒါဇင်ခန့်ရှိသော ရုပ်ဖျက်လာကြသူများအား 'ဦးတော်'၏ရွာသို့ မောင်းပို့လိုသည်။

"မလုပ်ပါနဲ့ကွယ်၊ အဘိုးကြီးသွားပြီး အနှောင့် အယှက် မပေးကြပါနဲ့။ သူ့ဘာသာသူ အေးအေးနေပါစေ။ ပြီးတော့ သားတို့တစ်တွေက ကကြခုန်ကြဦးမှာနဲ့ဆိုတော့ သူ့အိမ်ကျဉ်းကျဉ်းကလေးထဲမှာ နေရာရှိမှာ မဟုတ်ပါဘူး။ သားတို့ သွားချင်သပဆိုရင် မီလျူကိုဗာအိမ်ကို သွားကပြချေကြ"

မီလျူကိုဗာမှာ ချမ်းသာသော မုဆိုးမကြီးတစ်ဦးဖြစ်၍ သားသမီးများ၊ စာပြဆရာ၊ ဆရာမများနှင့်အတူ မြို့စားကြီး ရောစတော့ဗ်တို့နှင့်သုံးမိုင်ခန့်ဝေးသော နေရာတွင် နေထိုင်လျက် ရှိလေသည်။

"အေး၊ ဟုတ်တယ်၊ ကောင်းတယ်။ ဖေဖျားလဲ သူတို့နဲ့အတူ လိုက်သွားပြီး မုဆိုးမကြီးကို သွားနောက်ချေဦးမယ်"

သို့ရာတွင် မြို့စားကတော်ကြီးက မြို့စားကြီး လိုက်မည်ကို သဘောမတူချေ။ မြို့စားကြီးမှာ အသက်ကြီးလာပြီဖြစ်၍ ခြေကောင်းကောင်းမသန် ဖြစ်နေသည်။ ထို့ကြောင့် မြို့စားကြီးအစား စာပြဆရာမ မဒမ်ရှော့စ်က လူကြီးအဖြစ် လိုက်ပါရန် ဝိုင်းဝန်းတောင်းပန်ကြသည်။ အထူးသဖြင့် ရက်တတ်ကြောက်တတ်သော ဆွန်ယာက မဒမ်ရှော့စ်အား လိုက်ပါရန် အတင်းတောင်းပန်လေသည်။

၎င်းတို့အားလုံးအနက် ဆွန်ယာ၏ အဆင်အပြင်မှာ အကောင်းဆုံးဖြစ်၏။ ဆွန်ယာ၏ နှုတ်ခမ်းမွေးတုနှင့် မျက်ခုံးမွေးတုတို့သည် ကြည့်၍လှ၏။ လူတိုင်းကပင် ဆွန်ယာမှာ ချစ်စရာကောင်းပါပေသည်ဟု ချီးကျူးကြ၏။ ဆွန်ယာ ကိုယ်တိုင်မှာလည်း ခါတိုင်းနှင့်မတူ ရွှင်လန်းလျက် ရှိကာ ခွန်သစ်အားသစ်တိုးလျက်ရှိသည့်နှယ် ဖျတ်လတ်လျက်ရှိလေသည်။ ယခုအချိန်သည် မိမိဘဝ အဆိုးအကောင်းကို ဆုံးဖြတ်ရမည့်အချိန်သို့ ရောက်လေပြီ။ ယခုမဆုံးဖြတ်လျှင်ကား မိမိ၏ကံကြမ္မာသည် မည်သည့်အခါတွင်မျှ ရေရာတော့မည် မဟုတ်ဟုလည်း ကိုယ်စောင့်နတ်က နှိုးဆော်လျက်ရှိလေသည်။ ဆွန်ယာသည် ယောကျာ်းအဝတ်အစားကို ဝတ်ထားသဖြင့် တစ်မျိုးဖြစ်လျက်ရှိ၏။ မဒမ်ရှော့စ်ကလည်း လိုက်မည်ဟု ကတိပေးလေရာ နာရီဝက်အတွင်း၌ပင် ချူကြီးချူငယ်အသွယ်သွယ် တပ်ဆင်ထားသော မြင်းသုံးကောင်တပ် စွတ်ဖားလေးစီးသည် ဆင်ဝင်ရှေ့တွင် အဆင်သင့် ဖြစ်နေကြ၏။ စွတ်ဖားမောင်းသူများသည် သံသေးသံကြောင် အော်လျက်၊



www.burmeseclassic.com

 www.burmeseclassic.com 

လေချွန်လျက် စွတ်ဖားများကို နှင်းခဲပြင်ပေါ်မှဖြတ်၍ ဆင်ဝင်ရှေ့သို့ မောင်းလာခဲ့ကြသည်။

နာတာရှာ အူမြူးလျက်ရှိပုံမှာကား ဆိုဖွယ်မရှိပြီ။ နာတာရှာ၏ ရွှင်မြူးခြင်းသည် တစ်ယောက်မှတစ်ယောက်သို့ ကူးစက်သွားကာ ထုထည်ကြီးသည်ထက် ကြီးလာခဲ့ရာ အိမ်ပြင်ဘက် နှင်းခဲပြင်သို့ ထွက်လာခဲ့ကြပြီးနောက် စွတ်ဖားများပေါ်သို့ ရောက်ကြ၍ စကားပြောကြ၊ တစ်ယောက်ကိုတစ်ယောက် အော်ခေါ်ကြ၊ ရယ်မောကြ၊ အော်ဟစ်လျှောင် ပြောင်ကြသောအခါ၌ကား ထိုရွှင်လန်းမြူးထူးခြင်းသည် အခေါင်အဖျားသို့ ရောက်ခဲ့လေပြီ။

မြင်းသုံးကောင်တပ် စွတ်ဖားလေးစီးအနက် နှစ်စီးမှာ အိမ်တွင်အများသုံးနေကျ စွတ်ဖားများဖြစ်၏။ တတိယအစီးမှာ မြို့စားကြီး ရှောစတော့ဗ်သုံးသည့် စွတ်ဖားဖြစ်ပြီး အသားကျ အပြေးကောင်းသော သားစပ်မြင်းလားကြီးကို အူတိုင်တွင် တပ်ထား၏။ စတုတ္ထအစီးကား နီကိုလေ၏ စွတ်ဖားဖြစ်၍ အူတိုင်တွင် ဒေါက်ခပ်နိမ့်နိမ့်၊ အမွေးအမှင်ဖားဖားမြင်းနက်ကြီးကို တပ်ထားသည်။ အဘွားကြီးအိုအဝတ်ကိုဝတ်၍ ထိုအပေါ်မှ မြင်းတပ်သားဝတ်ရုံကြီးခြုံထားသည့် နီကိုလေသည် စွတ်ဖားအလယ်တွင် မားမားကြီးရပ်၍ မြင်းဇက်ကို ဆွဲကိုင်ထားသည်။

ထိုညမှာ လသာသောညဖြစ်လေရာ လရောင်သည် မြင်းကကြိုးများမှ သတ္တုပြားများတွင်လည်းကောင်း၊ မြင်းများ၏ မျက်လုံးများတွင်လည်းကောင်း ပြိုးပြိုးပြက်ပြက် အရောင်ဟပ်လျက်ရှိလေသည်။ မြင်းများမှာလည်း ဆင်ဝင်အောက်၌ ရပ်လျက်ရှိရာမှ ဆူညံလျက်ရှိသော နာတာလူးပွဲတော် အပျော်ကြူးသူများကို လန့်လျက်ရှိကြလေသည်။

နာတာရှာ၊ ဆွန်ယာ၊ မဒမ်ရှောစ်နှင့် မိန်းကလေးအစေခံ နှစ်ယောက်တို့က နီကိုလေ၏ စွတ်ဖားပေါ်တွင် ထိုင်ကြ၍ ပန်တျာနည်းပြဆရာ ဒင်းမလား၊ ၎င်း၏ဇနီးနှင့် ပီတာတို့က မြို့စားကြီး၏ စွတ်ဖားကိုစီးကြ၏။ ကျန်လူများမှာ အခြားစွတ်ဖားနှစ်စီးတွင် မျှ၍ စီးကြလေသည်။

"ဟေ့ ဇာခါး၊ မင်းရှေ့က မောင်းဟေ့" နီကိုလေက ဖခင်မြို့စားကြီး၏ ရထားသမားကို အော်၍ ပြောလိုက်သည်။ နီကိုလေသည် လမ်း၌ ဇာခါး၏စွတ်ဖားကို ကျော်တက်ရန်အကြံဖြင့် ရှေ့က အသာပေးထားလိုက်ခြင်းဖြစ်၏။

ဒင်းမလားတို့ စီးနင်းလိုက်ပါလာသော မြို့စားကြီး၏စွတ်ဖားသည် ချုံသံ တချွင်ချွင်ပေးလျက် ရှေ့က နှင်းခဲများပေါ်တွင် တကျွိကျွိမြည်ကာ မောင်းထွက်သွား၏။ ဘေးတစ်ဖက်တစ်ချက်၌ တပ်ထားသော မြင်းကြီးနှစ်ကောင်သည် အတိုင်တွင် တပ်ထားသော မြင်းကြီးကို ညှပ်ရန် သကြားပွင့်များကဲ့သို့ ခြောက်သွေ့တောက်ပလျက်ရှိသော နှင်းခဲများကို ဘေးတွင်ဖွာထွက်စေကာ ဒုန်းစိုင်း၍ ထွက်သွားကြ၏။

နီကိုလေ၏ စွတ်ဖားမှာ ဒုတိယဖြစ်၏။ ထိုနောက်မှ အခြားစွတ်ဖားများ လိုက်ပါလာကြလေသည်။ အစ၌ လမ်းကျဉ်းသဖြင့် စွတ်ဖားများကို ခပ်မှန်မှန်သာ မောင်းလာကြ၏။ သစ်သီးခြံကို ဖြတ်မောင်းလာသောအခါတွင် အရွက်ကျိုးကျဲဖြစ်နေသော သစ်ပင်ရိပ်ကြီးများသည် လမ်းမပေါ်သို့ ထိုးကျနေသဖြင့် ဝင်းပသော လရောင်ကိုကောင်းစွာ မမြင်ရချေ။ သို့ရာတွင် သစ်သီးခြံကို ကျော်သည်နှင့် တစ်ပြိုင်နက် နှင်းခဲပြင်ကြီးကို မြင်ရလေပြီ။ နှင်းခဲပြင်ကြီးမှာ လရောင်တွင် ဖွေးဖွေးဖြူလျက်ရှိပြီး နှင်းပွင့်မှုန်ကလေးများသည် စိန်ပွင့်များသဖွယ် တောက်ပလျက် ရှိကြ၏။ ရှေ့မှစွတ်ဖားသည် နှင်းဖုံးနေသည့် လမ်းချိုင့်ထဲသို့ ကျသွားသည်၌ တဂျုန်းဂျုန်း အသံများ မြည်သွားလေသည်။ နောက်စွတ်ဖားများလည်း ထိုနည်းအတူ ချိုင့်ထဲသို့ကျသွားကြသည်။ ထိုနောက်၌ကား စွတ်ဖားများသည် တိတ်ဆိတ်လျက်ရှိသော နှင်းခဲပြင်ကြီးကိုဖြတ်ကာ တစ်စီးကိုတစ်စီး အပြိုင်မောင်းလျက် ရှိကြလေသည်။

"ဟယ် ကြည့်စမ်း၊ ကြည့်စမ်း။ ယုန်ခြေရာတွေ၊ ယုန်ခြေရာတွေ။ အများကြီးပဲ" နာတာရှာ၏ အသံသည် နှင်းထုဖုံးနေသော လေထဲတွင် ပျံ့လွင့်ကာ စူးထွက်လာ၏။

"လကြီးကလဲ သာလိုက်တာ ထိန်နေတာပဲနော် ကိုကို" ဆွန်ယာက ပြောလိုက်သည်။

နီကိုလေသည် ဆွန်ယာ့ဘက်သို့ လှည့်လိုက်ပြီးနောက် ဆွန်ယာ့မျက်နှာကို ငုံ့ကြည့်လိုက်၏။ နက်မှောင်သောနှုတ်ခမ်းမွေးတု၊ မျက်ခုံးမွေးတုတို့ဖြင့် အသစ်အဆန်းဖြစ်လျက်ရှိသော ဆွန်ယာ၏မျက်နှာ၊ ချိုပြုံးသောမျက်နှာ၊ နီးလျက်နှင့် ဝေးနေကြရသော ဆွန်ယာ၏မျက်နှာသည် မြွေပါမွေး ဝတ်ရုံကြီးကြားမှထွက်၍ လရောင်ရည်တွင်



www.burmeseclassic.com

ဝင်းဝင်းစက်စက်ကြီး ပေါ်လျက်ရှိလေသည်။

နီကိုလေသည် ဆွန်ယာ့ကို ပို၍နီးကပ်စွာ ကြည့်လိုက်သည်။

"ဘာလဲကိုကို"

"ဟင့်အင်း၊ ဘာမှမဟုတ်ပါဘူး" နီကိုလေက ပြန်ဖြေလိုက်ပြီးနောက် ရှေ့ကို ကြည့်လိုက်၏။

ပေတစ်ရာလမ်းမကြီးပေါ်သို့ ရောက်လာသော အခါတွင်မူကား မြင်းများသည် ကြိမ်မသွင်းရဘဲနှင့်၎င်းတို့ အလိုအလျောက် ဇက်ကိုဆွဲကာ မြန်သည်ထက်မြန်လာကြ၏။ ပေတစ်ရာလမ်းမကြီးမှာ စွတ်ဖားစွတ်ကြောင်းရာများ၊ မြင်းခွာရာများဖြင့် ဖုံးလျက်ရှိ၏။ အလှည့်ဘက်တွင် တပ်ထားသည့် မြင်းကြီးသည် ခေါင်းကိုစိုက်ကာ ကဆုန်စိုင်းစပြုလေပြီ။ အူတိုင်တွင် ကထားသည့် မြင်းကြီးကား အတိုင်နှင့် အလှည့်ဘက်သို့ တစ်ပြန်စီယိမ်းလျက် 'ဒီအချိန် ကဆုန်စိုင်းဖို့ အချိန်မဟုတ်သေးဘူးကွ'ဟု ပြောနေသကဲ့သို့ ရှိပေ၏။ ရှေ့မှစွတ်ဖားမှာ တဖြည်းဖြည်းဝေးသည်ထက် ဝေးသွားကာ ဇာခါး၏ မြင်းနက်ကြီးများကို နှင်းဖွေးဖွေးပေါ်တွင်ခပ်ရေးရေးသာ မြင်ရတော့သည်။ ရှေ့စွတ်ဖားမှ ရယ်သံ၊ အော်ဟစ်ပြောဆိုသံများကို ကြားရလေသည်။

"ကဲ၊ ဖေ့သားကြီးတို့။ ကြဲလိုက်ကြစမ်းဟေ့" နီကိုလေသည် ဇက်ကိုဆွဲကာ ကြာပွတ်ဖြင့် ရိုက်လိုက်သည်။

တဗိုးဗိုးတိုးလျက်ရှိသောလေနှင့် အတိုင်နှင့် အလှည့်ဘက်မှ မြင်းကြီးနှစ်ကောင်ခုန်လျက်ရှိခြင်းကို ထောက်ခြင်းအားဖြင့် စွက်ဖားမှာ တစ်ဟုန်ထိုး ပြေးလျက်ရှိကြောင်းကို သိရ၏။ နီကိုလေသည် နောက်သို့လှည့်၍ ကြည့်လိုက်မိသည်။ အော်သံများ၊ ညာသံများပေးလျက် နောင်ကစွတ်ဖားသည် ကပ်၍ လိုက်လာ၏။ အူတိုင်တွင် တပ်ထားသည့် မြင်းကြီးသည် ညာသံများကြောင့် အားတက်လာဟန်ဖြင့် တစ်ဟုန်ထိုး ပြေး၍ လာလေသည်။

နီကိုလေ၏စွတ်ဖားသည် ရှေ့ကဇာခါး၏ စွတ်ဖားကို မီ၍ လာခဲ့လေပြီ။ စွတ်ဖားနှစ်စီးသည် လမ်းအဆင်းတွင် တရကြမ်း မောင်းလာကြကာ မြစ်တစ်မြစ်အနီးရှိ မြက်ခင်းပြင်ကြီးပေါ်မှ လမ်းဖုံဖုံတစ်ခုသို့ ရောက်လာကြ၏။

'ဟေ၊ တို့ ဘယ်နေရာများ ရောက်နေပါလိမ့်' နီကိုလေ တွေးမိသည်။ 'ကေဗွ ကိုဆိုင်းစားကျက်ကြီးနား ရောက်လာကြပြီ ထင်တယ်။ မဟုတ်သေးဘူး။ ဒီနေရာကို ငါ တစ်ခါမှ မရောက်ဖူးသေးပါဘူး။ ကိုဆိုင်းစားကျက်ကြီးလဲ မဟုတ်ပါဘူး။ ဒင်ကင် တောင်ပူစာလဲ မဟုတ်ပါဘူး။ အင်း၊ ငါတော့ မရောက်ဖူးသေးဘူး' နီကိုလေသည် မြင်းများကို ရိုက်၍မောင်းလိုက်ပြီးနောက် ဇာခါး၏ စွတ်ဖားကို ကျော်တက်လာခဲ့သည်။

ဇာခါးသည် မြင်းများကို အရှိန်သတ်လိုက်ပြီးနောက် ဘေးကို လှည့်၍ ကြည့်လိုက်သည်။ ဇာခါး၏ မျက်နှာပေါ်တွင် နှင်းဖတ်တွေ ဖွေးလျက်ရှိ၏။ နီကိုလေက ၎င်း၏ မြင်းများကို ဇက်ကုန်လွှတ်လိုက်လေရာ ဇာခါးသည် လက်ကိုဆန့်၍ လျှာထုတ်ပြရင်း ရှောင်ပေးလိုက်၏။

"သခင်လေးကို ကျွန်တော် အမီလိုက်မယ်ခင်ဗျ"

ဇာခါး၏ စွတ်ဖားသည် ဘေးကယှဉ်၍ လိုက်လာလေသည်။ စွတ်ဖားများက မြန်လာသည်နှင့်အမျှ မြင်းများ၏ ခွာကျမှာလည်း သွက်လာကြသည်။ နီကိုလေ၏ စွတ်ဖားသည် ရှေ့နားသို့ ရောက်လာပြန်၏။ ဇာခါးသည် လက်ကိုဆန့်ထားရင်း အခြားလက်တစ်ဖက်ဖြင့် ဇက်ကို လွှတ်လိုက်သည်။

"သခင်လေးရဲ့ စွတ်ဖားကို အကျော်မခံဘူးခင်ဗျ"

နီကိုလေသည် မြင်းများကို ဒုန်းရိုက်လေရာ ဇာခါးရှေ့ ခပ်လှမ်းလှမ်းသို့ ရောက်လာလေသည်။ မြင်းခွာ ယက်သဖြင့် နှင်းပွင့်များသည် စွတ်ဖားပေါ်က လူများ၏ မျက်နှာများပေါ်တွင် ဖွေးဖွေးလှုပ်အောင် တင်နေကြ၏။ ချူသံများကလည်း မြင်းပြေးသည့်နှုန်းကို လိုက်၍ လျင်မြန်စွာမြည်လာကြ၏။ လှုပ်ရှားပြေးလွှားနေကြသော မြင်းခြေထောက်များနှင့် စွတ်ဖား၏အရိပ်သည် ရောထွေးလျက်ရှိ၏။ စွတ်ဖားဖင်နှင့် နှင်းခဲပွတ်သံ၊ စွတ်ဖားပေါ်မှ မိန်းကလေးများ၏ အော်သံများသည် ဆူညံလျက် ရှိပေ၏။

နီကိုလေသည် ရှေ့ဆုံးသို့ရောက်သည်နှင့် မြင်းဇက်များကို သတ်ကာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်မိလိုက်ပြန်သည်။ မိမိတို့စွတ်ဖား၏ ဘေးပတ်လည်တွင် လရောင်ပက်ဖျန်းထားသည့် ကွင်းပြင်ကြီးနှင့် ကြယ်တို့ဖြင့် အပြောက်ခတ်ထားသော ကောင်းကင်ကြီးကို မြင်ရ၏။

"ဘယ်ဘက်ချိုးရမယ်လို့ ဇာခါး အော်နေတယ်။ ဟုတ်မှဟုတ်ရဲ့လား။ မီလျူကိုဗာ့အိမ်သွားတဲ့ လမ်းမှ ဟုတ်ရဲ့လား။ ဘယ်ရောက်လို့ ရောက်မှန်းတော့ မသိဘူး။



www.burmeseclassic.com

ပျော်တော့ ပျော်စရာကြီးပဲ”

နီကိုလေသည် စွတ်ဖားထဲသို့ လှည့်ကြည့်လိုက်၏။

“ကြည့်စမ်း။ ဆွန်ယာရဲ့ နှုတ်ခမ်းမွေးတုတွေ၊ မျက်ခုံးမွေးတုတွေမှာ နှင်းဖတ်တွေတင်လို့ ဖြူဖွေးနေတာပဲ” နီကိုလေသည် ဆွန်ယာ့ကို ကြည့်လိုက်သည်။

“သိပ်ချမ်းနေသလား ဟင်” နီကိုလေက မေးလိုက်၏။

စွတ်ဖားပေါ်မှ ဘာမျှပြန်ဖြေသံမကြားရဘဲ ရယ်သံများကိုသာ ကြားရသည်။ နောက်ကစွတ်ဖားပေါ်မှ ဒင်းမလားသည် တစ်စုံတစ်ရာအော်၍ ပြောလိုက်၏။ ရယ်စရာတစ်ခုခုကို လှမ်းပြောလိုက်ခြင်း ဖြစ်ဟန်တူသည်။ သို့ရာတွင် ဘာမျှ သဲကွဲစွာ မကြားရချေ။

နောက်က စွတ်ဖားပေါ်မှလည်း ရယ်သံများ ကြားရသည်။

‘ဟိုတုန်းက နတ်သမီးတွေ နေတဲ့တောဆိုတာ ဒီလိုတောမျိုးနေမှာပဲ။ ကျောက်ဖြူသား လှေကားကြီးတွေနဲ့။ စိန်တွေ စီခြယ်ထားတဲ့ လေသာပြတင်းဝကြီးတွေနဲ့။ ငွေပြားတွေ မိုးထားတဲ့ နတ်သမီးတွေရဲ့ နန်းတော်ဆိုတာလဲ ဒီလိုနေရာမျိုးတွေမှာ ရှိခဲ့မှာပဲ’ နီကိုလေသည် တွေး၍ လာ၏။

သို့ရာတွင် တကယ်မြင်ရသော အရာကား နတ်သမီးပုံပြင်ထဲက နန်းတော်မျိုး မဟုတ်ဘဲ မီလျူကိုဗာ၏ အိမ်ဖြစ်လျက် အစေခံများက ဆင်ဝင်အောက်ဆင်း၍ ကြိုနေကြခြင်းဖြစ်သည်ကို တွေ့ရ၏။

“ဘယ်သူတွေလဲဗျို့” ဆင်ဝင်အောက်မှ အသံတစ်သံက မေးလိုက်၏။

“မြို့စားကြီး ရော့စတော့ဗ်အိမ်က ပွဲတော်လှည့်တဲ့လူတွေပါ။ မြင်းတွေကို ကြည့်ပါလား။ မြို့စားကြီးအိမ်က မြင်းတွေ မဟုတ်လား”

၎င်းတို့အထဲမှ အချင်းချင်း ပြောနေသံများကို ကြားရလေသည်။

## အခန်း ၁၁

မီလျူကိုဗာကား အလုံးအဖန် ခပ်ထွားထွား မိန်းမကြီးတစ်ယောက်ဖြစ်၏။ နီကိုလေတို့ ရောက်သွားသည့်အချိန်တွင် မျက်မှန်ကိုတပ်လျက် ခပ်ပွပွဝတ်စုံကြီးကို ဝတ်ကာ သမီးများ ခြံရံ၍ထိုင်ရင်း ရယ်စရာမောစရာများကို ဝိုင်းဖွဲ့ပြောလျက်ရှိလေသည်။ သမီးများမှာ နှင်းခဲများထဲတွင် ဖယောင်းပုံသွန်း၍ အရုပ်လုပ်နေကြကာ ဖယောင်းရုပ်များကို နံရံတွင် ထောင်လျက် အရိပ်ပြပွဲလုပ်နေကြ၏။

ဆင်ဝင်အောက်မှ ချောင်းဟန့်သံ၊ နှင်းပွင့်များ ခါသံကို ကြားရပြီးနောက် မြင်းတပ်သား၊ အဘွားကြီး၊ စုန်းမ၊ လူပြက်၊ ဝက်ဝံစသဖြင့် အမျိုးမျိုးဝတ်စားထားသူများသည် ပွဲတက်ဆောင်ထဲသို့ ဝင်လာကြ၏။ အစေခံများက ပွဲတက်ဆောင်ထဲမှ ဖယောင်းတိုင်များကို ထွန်းလိုက်ကြသည်။ လူရွှင်တော်ကဲ့သို့ ဝတ်ထားသူဒင်းမလားနှင့်အဘွားကြီးကဲ့သို့ ဝတ်ထားသူ နီကိုလေတို့သည် တွဲ၍ကကြ၏။ ရုပ်ဖျက်ဝတ်ထားသူများသည် မျက်နှာကိုကွယ်ကာ အသံဖျက်လျက် အိမ်ရှင်မီလျူကိုဗာကို ဦးညွတ်နှုတ်ဆက်ပြီးနောက် အခန်းထဲတွင် ဝင်ထိုင်လိုက်ကြ၏။

“ကြည့်စမ်း။ တစ်ယောက်မှ မမှတ်မိပါလားဟရို့။ နာတာရှာကကော ဘယ်လိုများ ဝတ်စားလာတာလဲ ဟင်။ အရီးတော်က တခြားလူ မှတ်နေတာ။ ဟိုမှာ ဒင်းမလားကိုလဲ ကြည့်ကြစမ်းပါဦး။ ကလိုက်တာ ကွေးနေတာပဲ။ အလို၊ ဆပ်ကပ်လူပြက်လို ဝတ်ထားတာက ဆွန်ယာပါလား။ ဟိုဟာကကော ဘယ်သူလဲ။ ဟော့ နီကီတာတို့၊ ဗန်ယာတို့၊ နေရာကျယ်သွားအောင် စားပွဲတွေ ဘေးဖယ်ပေးလိုက်ကြစမ်း။ နာတာရှာကတော့ တကယ့် မြင်းတပ်သားကျနေတာပဲဟော့”

ဤသို့ဖြင့် တစ်ယောက်တစ်မျိုး ပြောဆိုလျက်ရှိကြ၏။ မီလျူကိုဗာ့သမီးများ၏ အချစ်တော်ဖြစ်သော နာတာရှာသည် ၎င်းတို့နှင့်အတူ အနောက်ဆောင်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ မီလျူကိုဗာ၏ သမီးများသည် အနောက်ဆောင်ထဲသို့ ရောက်သည်၌ ဖော့အင်္ကျီ၊ ယောကျ်ားဝတ်ရုံစသည်တို့ကို အယူခိုင်းလိုက်ပြီးနောက် ၎င်းတို့လည်း ရုပ်ဖျက်ဝတ်ဆင်ကြကာ ဆယ်မိနစ်ခန့်အကြာတွင် အိမ်ရှေ့တန်းသို့ ရုပ်ဖျက်၍ ပြန်ထွက်လာခဲ့ကြသည်။

မီလျူကိုဗာသည် ဧည့်သည်များအတွက် အခန်းများကို အရှင်းခိုင်းလိုက်ပြီးနောက် သခင်များအတွက်လည်းကောင်း၊ လိုက်ပါလာသော တပည့်တပန်း ကျွန်များ



www.burmeseclassic.com

အတွက်လည်းကောင်း စားသောက်ဖွယ်ရာများကို ပြင်ဆင်စေ၏။ ထို့နောက် မျက်မှန်ကို မချွတ်ဘဲ ရပ်ဖျက်ဝတ်လာသူများကို ခပ်ပြုံးပြုံးဖြင့် တစ်ယောက်ချင်း လိုက်ကြည့်နေသည်။ သို့ရာတွင် မည်သူ့ကိုမျှ မမှတ်မိချေ။ ဒင်းမလားနှင့် နာတာရှာတို့ကိုသာမက ၎င်းတို့၏ ကွယ်လွန်ပြီးဖြစ်သော ဖခင်ကြီး၏ အဝတ်အစားများကို ရပ်ဖျက် ဝတ်စားလာသည့် မိမိ၏သမီးများကိုပင် မမှတ်မိတော့ချေ။

“ဒါက ဘယ်သူလဲ” မီလျူကိုဗာသည် ကာဇန်မောင်းဂွတ် လူမျိုးသဏ္ဍာန်ဝတ်လာသည့် မိမိ၏ သမီးတစ်ယောက်ကိုကြည့်၍ မေးလိုက်၏။

“မြို့စားကြီးရဲ့ သမီးလား။ ဘယ့်နှယ် မြင်းတပ်သားလေးကကော ဘယ်တပ်ရင်းကတုံးဟေ့” နာတာရှာကို မေးလိုက်ပြန်သည်။

တစ်ခါတစ်ခါ၌လည်း မီလျူကိုဗာသည် ရပ်ဖျက်လာကြသူများကိုကြည့်ကာ ကြီးမားတုတ်ခိုင်လှသော ခန္ဓာကိုယ်ကြီးကို လှုပ်ယမ်းလျက် ပါးစပ်ကို ပဝါဖြင့် ပိတ်ကာ အားရပါးရ ရယ်နေတတ်၏။

“အလို၊ သမီးရှာရှာကိုလဲ ကြည့်ကြစမ်းပါဦး”

ရုရှားကျေးလက်အက ကပြီးသည့်နောက်၌ မီလျူကိုဗာသည် သခင်များနှင့် ကျွန်များကို ဝိုင်းစေလျက် ကစားနည်းအမျိုးမျိုးကို ကစားစေသည်။

တစ်နာရီခန့်ကြာသောအခါတွင်ကား အဝတ်အစားများမှာ ကြေမွပျက်စီးကုန်ကြလေပြီ။ ချေးထွက်သောကြောင့် ဖော့မျက်ခုံးမွေးတုနှင့် ဖော့နှုတ်ခမ်းမွေးတုမှဆေးများမှာ မျက်နှာတွင် စွန်းထင်ကုန်ကြလေသည်။ ထိုအခါကျတော့မှ မီလျူကိုဗာသည် ရပ်ဖျက်လာသူများကို မှတ်မိတော့ကာ ၎င်းတို့၏ ရပ်ဖျက်ကောင်းခြင်းကို ချီးကျူးပြောဆိုလျက် ယခုကဲ့သို့ လာရောက်ကပြကန်တော့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုပြီးနောက် ဆုများပေးသည်။ ထို့နောက် ဧည့်သည်များကို ဧည့်ခန်းဆောင်ထဲတွင် ညလယ်စာ တည်ခင်းကျွေးမွေး၏။ ကျွန်များကိုမူ ပွဲတက်ဆောင်ထဲတွင် သတ်သတ် တည်ခင်းကျွေးမွေးလေသည်။

“ဟောဟို ခြံဝင်းထောင့်က ရေချိုးအိမ် အပျက်ထဲကို ဗေဒင်မေးတမ်း သွားမကစားကြနဲ့နော်။ သူရဲခြောက်တတ်တယ်” ညလယ်စာစားနေစဉ် မီလျူကိုဗာ၏အိမ်မှ အစေခံအဘွားကြီးတစ်ဦးက သတိပေးလိုက်သည်။

“ဘာဖြစ်လို့” မီလျူကိုဗာ၏သမီးအကြီးဆုံးက မေးလိုက်၏။

“အဲဒီ ရေချိုးအိမ်ပျက်ထဲကို တော်တော့သတ္တိနဲ့ မသွားရဲဘူး”

“ဆွန်ယာ သွားမယ်” ဆွန်ယာက ပြောလိုက်သည်။

“သွားလို့ အရင်တစ်ခါကမိန်းကလေးတစ်ယောက် ဘာဖြစ်သလဲဆိုတာ ပြောပြလိုက်လေ” မီလျူကိုဗာ၏ သမီးလတ်က ပြောလိုက်သည်။

“တစ်ခါတုန်းက ခုလိုပဲဗေဒင်မေးတမ်း ကစားကြတာ မိန်းကလေးတစ်ယောက် ကြက်ဖတစ်ကောင်ကို ယူပြီး နှစ်ယောက်စာ ညစာစားပွဲခင်းပြီး ထိုင်နေသတဲ့။ ထိုင်နေလို့ ခဏကြာတော့ အပြင်ဘက်က ချူသံ‘တချွင်ချွင်နဲ့ ဖွတ်ဖားတစ်စီး မောင်းလာသံကြားရပြီး ခြေသံတစ်သံကြားရသတဲ့။ နောက်တပ်ဗိုလ် အဝတ်အစားဝတ်ထားတဲ့ယောက်ျားတစ်ယောက် ဝင်လာသတဲ့။ တကယ့်လူအတိုင်းဆိုပဲ”

“ဟယ်” နာတာရှာမှာ မျက်လုံးကလေးပြူးကာ ကြောက်လျက်ရှိလေပြီ။

“အဲဒီသူရဲက စကားပြောတတ်သလား”

“လူလိုပဲ စကားကောင်းကောင်း ပြောတတ်သတဲ့။ ပြောတတ်ရုံ ဘယ်ကမလဲ၊ လူပျိုစကားပြောပါရောတဲ့။ မိန်းကလေးကလဲ ကြောက်ကြောက်နဲ့ မျက်နှာကို လက်ဝါးနဲ့ အုပ်ထားတော့တာပေါ့။ အဲဒီတင် ကိုရွှေသူရဲက အတင့်ရဲလာပြီး မိန်းကလေးကို အတင်းဝင်ပွေ့တော့တာပဲတဲ့။ ကံကောင်းလို့ပေါ့။ အဲဒီတုန်းက အစေခံတွေ ပြေးဝင်လာပေလို့ပေါ့”

“အစေခံတွေကကော မကြောက်ဘူးလား” မီလျူကိုဗာ၏ အကြီးဆုံးသမီးက မေးလိုက်၏။

“မေမေ။ မေမေကော အဲဒီလို ဗေဒင် မေးတမ်း မကစားဖူးဘူးလား”

“စပါးစည့်ထဲသွားပြီး ဗေဒင်မေးရင်ကော” ဆွန်ယာက မေးလိုက်သည်။

“အေး ဗေဒင်မေးတမ်း ကစားရင် စပါးစည့်ထဲ သွားမေးကြ။ တူထုသံနဲ့ တံခါးခေါက်သံ ကြားရင် မကောင်းဘူး။ စပါးတွေကို ချိန်တွယ်နေသံ ကြားရရင်



www.burmeseclassic.com

www.burmeseclassic.com


ကောင်းသတဲ့"

"ငယ်ငယ်တုန်းက မေမေစပါးစည့်ထဲသွားပြီး ဖေဒင် မေးတော့ ဘာတွေကြားခဲ့ရသလဲဟင်"

"မေမေ မေ့ကုန်ပါပြီကွယ်။ ဒီအထဲက ဘယ်သူမှ သွားမေးရဲကြမှာလဲ မဟုတ်ပါဘူးထင်ပါတယ်"

"ဆွန်ယာ သွားမေးမယ်လေ အရီးတော်" ဆွန်ယာ က ပြောလိုက်၏။

"မကြောက်တတ်ရင် သွားမေးချေလေ"

နီကိုလေသည် ကစားနည်း အမျိုးမျိုးကို ကစားရာ တွင်လည်းကောင်း၊ ညလယ်စာ စားရာတွင်လည်းကောင်း ဆွန်ယာ့အနီးမှ မခွာတော့ဘဲ ဆွန်ယာ၏ မျက်နှာကလေး ကိုသာ တစိမ့်စိမ့်ကြည့်လျက် ရှိလေသည်။ ထိုနေ့ညဥ့် ဆွန်ယာသည် ခါတိုင်းထက် လှ၍ ခါတိုင်းထက် ချစ်စရာ ကောင်းနေသည်ဟုလည်း နီကိုလေ ထင်မှတ်မိ၏။ 'ဩော် ဆွန်ယာ ဆွန်ယာ၊ စိတ်သဘောလဲကောင်း၊ ရုပ်ကလေးက လဲချောပါပေတယ်'ဟု နီကိုလေ တွေးမိသည်။ ဆွန်ယာ၏ မျက်လုံးများသည် တဖျတ်ဖျတ် တောက်ပလျက်ရှိကြ၍ နှုတ်ခမ်းမွေးတုအောက်မှ ပါးခွက်ကလေးများပေါ်အောင် ပြုံးတတ်သောအပြုံးကလည်း ချစ်စရာ ကောင်းလှသည်။

"ဟင့်အင်း၊ ဆွန်ယာ မကြောက်ပါဘူး။ အခု သွားရမလား" ဆွန်ယာက ထိုင်ရာမှ ထလိုက်သည်။

ဆွန်ယာအား စပါးစည့် မည်သည့်နေရာတွင် ရှိကြောင်း၊ စပါးစည့်နားတွင် တိတ်ဆိတ်စွာ ရပ်၍ အသံများကို နားထောင်ရမည်ဖြစ်ကြောင်း ပြောဆိုကာ သားမွေးဝတ်ရုံတစ်ထည်ကို ပေးလိုက်၏။ ဆွန်ယာသည် သားမွေးဝတ်ရုံကို ခြုံလိုက်ပြီးနောက် နီကိုလေကို လှမ်းကြည့် လိုက်သည်။

'တော်တော်ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ'ဟု နီကိုလေ တွေးလိုက်မိပြန်သည်။

ဆွန်ယာသည် လမ်းမြောင်ကြားမှနေ၍ စပါးစည့် ရှိရာဘက်သို့ ထွက်လာခဲ့၏။ နီကိုလေကား အထဲတွင် အိုက်သည်ဟုဆိုကာ အိမ်ရှေ့ဆင်ဝင်ဘက်သို့ ထွက်လာ ခဲ့လေသည်။ အိမ်ခန်းထဲတွင်ကား လူအုပ်ကြောင့် အိုက်စပ် စပ်ဖြစ်လျက်ရှိ၏။

အပြင်ဘက်တွင်ကား အေးမြလျက်ရှိ၏။ လရောင် ကား စောစောကထက် ရွှန်းလက်လျက် ရှိပေသည်။ လရောင်သည် နှင်းခဲပြင်ကြီးပေါ်သို့ ပက်ဖျန်းထားလေရာ နှင်းခဲမှ ပြိုးပြိုးပြက်လျက်ရှိသော အရောင်သည် မြေပြင် တွင် ကြယ်ပွင့်များကို ကြဲချထားသကဲ့သို့ရှိ၏။ ကောင်းကင် ကြီးက ပြာမှောင်လျက် ရှိသလောက် မြေပြင်က လင်းလျက် ရှိပေသည်။

နီကိုလေသည် အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက် သည်၌ အကြိတစ်ခုရကာ အိမ်ကို ကွေ့ပတ်နေသောလမ်း ကလေးအတိုင်း နောက်ဖေးဘက်သို့ လျှောက်လာခဲ့သည်။ ဆွန်ယာ စပါးစည့်ဘက်သို့ သွားလျှင် ဤလမ်းကလေး အတိုင်းသွားရမည်ဟု နီကိုလေ ယူဆ၏။ လမ်းတွင်နှင်းဖုံး လျက်ရှိသော ထင်းပုံများကို တွေ့ရသည်။ ရှောက်ပင်အို ကြီး၏အရိပ်များသည် လမ်းကလေးပေါ်သို့ထိုးကျလျက် ရှိ၏။ ထိုလမ်းကလေးမှာ စပါးစည့်ဘက်သို့ သွားသော လမ်း ကလေးဖြစ်လေသည်။ စပါးစည့်ကို ကာထားသော သစ်လုံးများနှင့် နှင်းဖုံးလျက်ရှိသော စပါးစည့်ခေါင်မိုးသည် လရောင်တွင် တလက်လက်တောက်ပလျက် ရှိလေသည်။ ခြံထဲရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်းတစ်ခုသည် နှင်းဒဏ်ကို မခံနိုင်၍ ဂျိုးဂျိုးဂွမ်းဂွမ်းမြည်ကာ ကျိုးကျသွား၏။ ထို့နောက်တွင်ကား တိတ်ဆိတ်လျက်ရှိလေသည်။ နီကိုလေ ၏ရင်သည် လေကို ရှူရှိုက်နေဟန် မရှိဘဲ ဝမ်းသာခြင်း နှင့် ပျိုရွယ်လန်းဆတ်ခြင်းကို ရှူရှိုက်လျက်ရှိသည်ဟု ထင်ရ၏။

နောက်ဖေးဆောင် လှေကားမှ ဆင်းလာသော ခြေသံများကို ကြားရ၏။ နှင်းခဲများ ဖုံးလျက်ရှိသော အောက်ဆုံးလှေကားထစ်နားသို့ အရောက်တွင် "ကဲ သခင်မလေး၊ ဒီလမ်းကလေးအတိုင်း တန်းတန်းသွား။ စပါးစည့်ကို ရောက်လိမ့်မယ်။ နောက်ကို ပြန်မကြည့်နဲ့ နော်"ဟု ပြောလိုက်သော အစေခံအဘွားကြီး၏ အသံကို ကြားရသည်။

"ဆွန်ယာ မကြောက်ပါဘူး"ဟု ဆွန်ယာ၏ ခြေသံ ပေါ်ထွက်လာပြီးနောက် နီကိုလေ လျှောက်လာခဲ့သော လမ်းကလေးအတိုင်း လျှောက်လာသံကိုကြား၏။ ဆွန်ယာ ၏ဖိနပ်သည် နှင်းခဲများကို ကြိတ်မိသဖြင့် တကျွိကျွိမြည် လျက် ရှိလေသည်။

ဆွန်ယာသည် သားမွေးဝတ်ရုံကြီးကို ခြုံ၍ လျှောက် လာခဲ့သည်။ အတန်ငယ်သွားမိသောအခါ ဆွန်ယာသည်


www.burmeseclassic.com

နီကိုလေကို လှမ်းမြင်လိုက်ရ၏။ ဆွန်ယာသည် နီကိုလေ့ ထံသို့ ပြေးလာခဲ့လေသည်။

နီကိုလေသည် လရောင်ဖြင့် ဝင်းပလျက်ရှိသော ဆွန်ယာ၏ မျက်နှာကို ငုံ့၍ ကြည့်လိုက် သည်။ ထို့နောက် သားမွေးဝတ်ရုံကြီးအောက်မှ လက်လျှိုကာ ပွေ့ဖက်လိုက်ပြီးနောက် နှုတ်ခမ်းမွေးတု တပ်လျက် ဖော့စော်နံနေသည့် ဆွန်ယာ၏ နှုတ်ခမ်းကို စုပ်ယူလိုက်မိသည်။ ဆွန်ယာက လည်း နီကိုလေ၏ ပါးနှစ်ဖက်ကို လက်ဖြည့်ကိုင်ကာ နှုတ်ခမ်းများကို တအားနမ်းစုပ်လိုက် မိသည်။

"ဆွန်ယာ"

"ကိုကို"

၎င်းတို့နှစ်ဦးသည် ဤမျှသာပြောကြ၏။ထို့နောက် စပါးစည့်ဆီသို့ သွားကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့ကြလေ သည်။ သို့ရာတွင် နီကိုလေက အိမ်ရှေ့မှဝင်လာခြင်း ဖြစ်လျက် ဆွန်ယာက နောက်ဖေးပေါက်မှ ဝင်လာခြင်း ဖြစ်ပေသတည်း။

## အခန်း ၁၂

မိလျူကိုဗာ၏အိမ်မှ ပြန်လာသောအခါ၌ ချက်ဆို နားခွက်က မိးတောက်သော နာတာရှာသည် ဆွန်ယာ၊ နီကိုလေနှင့် အစေခံများကို စွတ်ဖားတစ်စီးတွင် စီးစေပြီး မိမိကိုယ်တိုင် မှာမူ ဒင်းမလားတို့စီးသော စွတ်ဖားပေါ်သို့ တက်လိုက် လာခဲ့သည်။

နီကိုလေသည် အပြန်တွင် အသွားတုန်းကကဲ့သို့ စွတ်ဖားချင်း ပြိုင်မမောင်းတော့ဘဲ ခပ်မှန်မှန် မောင်းကာ ဝင်းပလျက်ရှိသော ဆွန်ယာ၏ မျက်နှာကိုသာ တစိမ့်စိမ့် ကြည့်၍ လိုက်ပါလာခဲ့၏။ မျက်ခုံးမွေးတုနှင့် နှုတ်ခမ်းမွေး တုများအောက်၌ ယခင်က ဆွန်ယာနှင့် ယခုဆွန်ယာတို့၏ ကွာခြားချက်ကို ရှာဖွေလျက်ရှိရင်း မိမိသည် ဆွန်ယာနှင့် ဘယ်တော့မှ မခွဲတော့ဟု ဆုံးဖြတ်လိုက်မိသည်။ နီကိုလေ သည် ဤသို့ကြည့်ရင်း ယခင်က ဆွန်ယာကိုလည်းကောင်း၊ ယခု ဆွန်ယာကိုလည်းကောင်း နှစ်သက်လျက်ရှိကာ ဖော့စော်နံနေသည့် ဆွန်ယာ၏ နှုတ်ခမ်းအတွေ့ကို သတိ ရလျက် ရှိ၏။ နီကိုလေသည် နှင်းမှုန်တို့ ဖုံးလျက်ရှိသော လေကို အားရပါးရ ရှူရှိုက်လိုက်ပြီးနောက် မြေပြင်ကို လည်းကောင်း၊ ကောင်းကင်ကြီးကိုလည်းကောင်း မော်ကြည့် ကာ နတ်သမီးတိုင်းပြည်သို့ ရောက်နေသည်ဟု ထင်မှတ် လျက်ရှိလေသည်။

"ပျော်ရဲ့လား ဆွန်ယာ" နီကိုလေက မေးလိုက်၏။

"ပျော်တယ်။ ကိုကိုကော"

လမ်းတစ်ဝက်သို့အရောက်တွင် နီကိုလေသည် ဇက်ကြိုးကို စွတ်ဖားသမားအားပေးကာ နာတာရှာတို့ စွတ်ဖားဆီသို့ ပြေးလိုက်သွားပြီးနောက် စွတ်ဖားပေါင်ပေါ် တွင် ခိုရပ်၍ လိုက်သွားရင်း

"နာတာရှာ၊ ကိုကိုတို့ ကိစ္စနဲ့ပတ်သက်လို့ ကိုကို ဆုံးဖြတ်ချက် ချပြီးပြီ"ဟု ပြင်သစ်လို ခပ်တိုးတိုးပြောလိုက် သည်။

"ဘာလဲကိုကို၊ ဆွန်ယာ့ကို ဖွင့်ပြောလိုက်ပြီးပြီ လား" နာတာရှာ၏ မျက်နှာမှာ ဝင်းထိန်သွားသည်။

"နာတာရှာ မပျော်ဘူးလား ဟင်"

"အို နာတာရှာ သိပ်ပျော်တာပဲကိုကို။ အရင်တုန်း ကဆိုရင် ကိုကိုတို့ကိစ္စကြောင့် နာတာရှာ သိပ်စိတ်ညစ်တာ ပဲ။ ကိုကို့ကို ကြည့်ရတာကလဲ အားမရစရာ သိပ်ကောင်း တာပဲ။ ခုတော့ အဆင်ပြေသွားတာပေါ့။ တကယ်တော့ ဆွန်ယာဟာ သဘောကောင်းရှာပါတယ်ကိုကို၊ ဆွန်ယာ စိတ်ညစ်နေတာမြင်ရရင် နာတာရှာလဲ ပျော်လို့မရတော့ ဘူး။ ခုလို ဟန်ကျသွားပြီဆိုတော့ နာတာရှာ သိပ်ပျော်တာပဲ ကိုကို။ ကိုကို ဆွန်ယာ့ဆီ သွားပါဦး။ စွတ်ဖားပေါ်မှာ ဆွန်ယာ တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ကြည့်စမ်း။ နာတာရှာ့ရုပ်လဲ ရယ်စရာကလေး ဖြစ်နေပြီ" နီကိုလေက နာတာရှာ၏ မျက်နှာကိုကပ်၍ ကြည့်လိုက်သည်။ နာတာရှာ၏ မျက်နှာမှာလည်း ယခင်က နှင့် မတူတော့ဘဲ ကြည်နူးရွှင်ပျလျက် ရှိပေ၏။

"သိပ် ပျော်စရာ ကောင်းတာပဲနော် နာတာရှာ"

"ဟုတ်တယ်ကိုကို။ နာတာရှာလဲ ဘယ်လိုပျော်မှန်း မသိဘူး။ ဒီနေ့ညမှာ ကိုကိုတို့ကိစ္စ ဟန်ကျတော့ပိုပြီး ပျော်သေးတယ်"

"နာတာရှာ ကိုကို လုပ်တာကို ထောက်ခံတယ် နော်"

"အို၊ နာတာရှာ ထောက်ခံပါတယ်။ တစ်ခါတုန်း က ဒီကိစ္စနဲ့ ပတ်သက်လို့ မေဖျားနဲ့တောင် စကားများ



www.burmeseclassic.com

ရသေးတယ်။ မေဖျားက ဆွန်ယာဟာ ကိုကို့ကို ထောင်ဖမ်းနေတယ်တဲ့။ သိလား ကိုကို။ မေဖျားဟာ ဉာဏ်မတော သိပ်ပြောရက်တာပဲ။ နာတာရှာကလဲ ဒီလိုပြောရမလား ဆိုပြီး မေဖျားကို နင်းကန်ဆူပစ်လိုက်တာပဲ။ ဆွန်ယာကို ဘယ်သူက မကောင်းပြောတာကိုမှ နာတာရှာ မခံဘူး။ သိလား ကိုကို"

"ဟုတ်တယ်။ နာတာရှာ ပြောတာလက်ခံတယ်" နီကိုလေသည် နာတာရှာ တကယ်ပြောခြင်း ဟုတ်မဟုတ် သိရန် မျက်နှာကို အကဲခတ်ကြည့်ပြန်၏။ ထို့နောက် နီကိုလေသည် နာတာရှာတို့ စွတ်ဖားပေါ်မှ ခုန်ချကာ မိမိစွတ်ဖားနောက်သို့ အပြေးလိုက်သွားလေသည်။ တောက်ပသောမျက်လုံး၊ ရွှင်ပြုံးသောမျက်နှာနှင့် ဆပ်ကပ်လူပြက်ကလေး ဆွန်ယာသည် စွတ်ဖားပေါ်တွင် ထိုင်လျက်ရှိ၏။ ဆွန်ယာသည် မိမိ၏ချစ်လှစွာသော ကြင်ရာဖြစ်ရတော့မည်ဟူသော အတွေးဖြင့် နီကိုလေသည် ရွှင်မြူးလျက်ရှိပေသည်။

အိမ်သို့ပြန်ရောက်၍ မီလျူကိုဗာ၏အိမ်သို့ သွားရောက်ကြပုံကို မြို့စားကတော်ကြီးအား ပြောပြပြီးနောက် နာတာရှာနှင့် ဆွန်ယာတို့သည် မိမိတို့အိပ်ခန်းဆောင်ထဲသို့ ဝင်ခဲ့ကြ၏။ အဝတ်အစားကိုလဲပြီးနောက် နှုတ်ခမ်းမွေးတု၊ မျက်ခုံးမွေးတုတို့ကို မဖြုတ်ကြသေးဘဲ ၎င်းတို့စိတ်ထဲတွင် ကြည်နူးကြပုံများကို အတန်ကြာမျှထိုင်၍ ပြောနေမိကြသည်။ မိမိတို့ အိမ်ထောင်ကျလျှင် မည်သို့နေထိုင်ကြမည်။ မိမိတို့၏ကြင်ရာများသည် မိတ်ဆွေကောင်းများလည်း ဖြစ်ကြလိမ့်မည်။ ထိုအခါ၌ မိမိတို့ဘဝသည်မည်မျှပျော်စရာကောင်းမည် စသည်တို့ကို စိတ်ကူးဖြင့် ကြည်နူးကာ ပြောဆိုလျက် ရှိကြ၏။ နာတာရှာ၏ စားပွဲပေါ်၌ကား အစေခံကြီး ဒွန်ယာရှာ အဆင်သင့်ပြင်ထားသော မှန်နှစ်ချပ်ကို တွေ့ရ၏။

'တို့စိတ်ကူးတွေက ဘယ်တော့များမှ အကောင်အထည်ဖြစ်လာပါ့မလဲ။ စိတ်ကူးထားသလိုများ ဖြစ်မလာခဲ့ရင် ဒုက္ခပဲ။ ဖြစ်လာရင်တော့ အတိုင်းထက် အလွန်ပျော်စရာ ကောင်းမှာပဲ' နာတာရှာသည် ဤသို့တွေးကာ ရုပ်ဖျက်ထားသော မိမိ၏မျက်နှာကို မှန်ထဲတွင် ကြည့်ရန် ထ၏။

"နာတာရှာ၊ မှန်ဗေဒင် မေးကြည့်ပါလား။ သူ့ကို မြင်ချင်မြင်ရမှာ" ဆွန်ယာက ပြော၏။

နာတာရှာသည် မှန်တစ်ဖက်တစ်ချက်တွင် ဖယောင်းတိုင်များကို ထွန်းလိုက်ပြီးနောက် မှန်ရှေ့တွင် ထိုင်လိုက်သည်။

"အမယ်၊ မှန်ထဲမှာ နှုတ်ခမ်းမွေးနဲ့ လူတစ်ယောက် မြင်ရတယ် ဆွန်ယာရေ့" နာတာရှာက မိမိမျက်နှာကို မှန်ထဲတွင် ကြည့်၍ ပြောသည်။

"သခင်မလေးက နောက်ရွှတ်ရွှတ်မလုပ်နဲ့လေ" အစေခံမကြီး ဒွန်ယာရှာက ဆို၏။

အစေခံမိန်းမကြီးနှင့် ဆွန်ယာ၏အကူအညီဖြင့် နာတာရှာသည် မှန်နှစ်ချပ်ကို ရှေ့နှင့်နောက်တွင် ထောင်လိုက်ပြီးနောက် မျက်နှာကိုတည်တည်ထားကာ ငြိမ်သက်စွာထိုင်နေသည်။ နာတာရှာသည် မှန်ထဲတွင် ယိမ်းနွဲ့လှုပ်ရှားနေသော ဖယောင်းတိုင်မီးတောက်များကို ငေးနေရာမှ မင်းသားကလေးအင်ဒရေ၏ ရုပ်ပုံထင်လာလေမည်လောဟု စောင့်ကြည့်၏။ သို့ရာတွင် မည်သည့်ရုပ်သွင်မှ ပေါ်မလာချေ။ နာတာရှာသည် မျက်လုံးကို ပေကလပ် ပေကလပ်လုပ်၍ မျက်နှာကို မှန်မှ ခွာလိုက်သည်။

"သူများတွေ မြင်ရတယ်ဆိုပေမယ့် နာတာရှာတော့ ဘာမှမမြင်ရပေါင်။ ဆွန်ယာ၊ နာတာရှာ့အစား မှန်ဗေဒင် မေးပေးပါလားကွယ် ဟင်။ ဒီနေ့ည စိတ်ထဲမှာ တစ်မျိုးကြီးပဲ ဆွန်ယာရယ်"

ဆွန်ယာသည် မှန်ရှေ့တွင် နေသားတကျ ထိုင်၍ မှန်ကို စိုက်ကြည့်နေသည်။

"သခင်မလေးက မှန်ကြည့်ရင်း ရယ်နေတော့ ဘယ်မှာ မြင်ရပါ့မလဲ။ သခင်မလေးဆွန်ယာ ဆိုရင်တော့ တစ်ခုခုကို မြင်ရမှာပဲ"

၎င်းတို့သုံးဦးသားသည် အတန်ကြာမျှ ငြိမ်သက်နေကြ၏။

"ဟုတ်တယ်နော်။ ဆွန်ယာဆိုရင် မနှစ်ကကြည့်တုန်းကလဲ မြင်ရသတဲ့" နာတာရှာက လေသံကလေးဖြင့် အစေခံမကြီးကို ပြောနေသည်။ ထိုအခိုက် ဆွန်ယာသည် မှန်ကို လက်ဖြင့် ရုတ်တရက် တွန်းဖယ်လိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

"နာတာရှာ" ဆွန်ယာက အော်လိုက်သည်။

"ဘာမြင်ရသလဲဟင် ဆွန်ယာ၊ ဘာမြင်ရသလဲ"



www.burmeseclassic.com

နာတာရှာက မှန်ကိုကောက်ကိုင်၍ အငမ်းမရ မေးလိုက်သည်။

အမှန်အားဖြင့် ဆွန်ယာသည် ဘာကိုမျှ မမြင်ရချေ။ နာတာရှာ၏ စကားသံကို ကြားလိုက်ရကတည်းက ဆွန်ယာမှာ အာရုံပျက်သွားကာ မျက်တောင်ခတ်ချင်လာပေပြီ။ ထိုင်နေရသည်မှာလည်း တစ်ကိုယ်လုံး တောင့်လာသည်။ ထို့ကြောင့် မည်သည့်အရာကိုမျှ မြင်ရခြင်းမရှိဘဲ ရုတ်တရက် အော်လိုက်မိခြင်းဖြစ်၏။

"ဆွန်ယာ၊ သူ့ကို မြင်ရသလားဟင်" နာတာရှာက ဆွန်ယာ၏လက်ကို ဆုပ်၍ မေးလိုက်၏။

"အင်း အင်း၊ မြင်မြင်ရတယ်" ဆွန်ယာက အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်၏။ 'သူ့ကို'ဟု နာတာရှာက မေးလိုက်သောစကားသည် မင်းသားကလေးအင်ဒရေကို ဆိုလိုခြင်းလော၊ နီကိုလေကို ဆိုလိုခြင်းလော ဆိုသည်ကိုလည်း ဆွန်ယာ သတိမထားလိုက်မိချေ။

ဆွန်ယာသည် လိမ်ပြောလိုက်မိသည့်အတွက် နောင်တရသားသည်။ သို့ရာတွင် နာတာရှာ စိတ်သက်သာရာရစေရန် အတွက်

"မြင်ရတယ် နာတာရှာ"

"ဘယ်လိုလဲ။ ရပ်နေသလား၊ အိပ်နေသလား"

"ပထမတော့ ဘာမှ မမြင်ရဘူးကွယ်။ နောက်တော့လေ၊ နောက်တော့ အိပ်နေတာကို မြင်ရတယ်"

"ဟင်၊ အင်ဒရေ အိပ်နေတယ်။ နေများမကောင်းလို့လားကွယ် ဟင်" နာတာရှာက အလန့်တကြား မေးလိုက်သည်။

"မဟုတ်ပါဘူး။ သူ့မျက်နှာက ပြုံးနေတာပဲ"

"ပြီးတော့ကော"

"ပြီးတော့ ဆွန်ယာဘက်ကို လှည့်ကြည့်တယ်။ နောက်တော့ ပျောက်သွားပြီး နီနီအစက်တွေ၊ ပြာပြာအစက်တွေသာမြင်ရတော့တယ်"

"ဆွန်ယာ၊ သူ ဘယ်တော့မှများ ပြန်လာမလဲ မသိဘူးနော်။ သူ ဘယ်တော့ ပြန်လာမလဲဟင် ဆွန်ယာ။ နာတာရှာ သူ့အတွက် သိပ်စိုးရိမ်တာပဲ ဆွန်ယာရယ်။ နေမှ ကောင်းရဲ့လား မသိဘူး"

နာတာရှာသည် ဆွန်ယာက နှစ်သိမ့်ဖျောင်းဖျပြောဆိုနေခြင်းကို နားမထောင်တော့ဘဲ အိပ်ရာသို့ ဝင်လာခဲ့သည်။ ဖယောင်းတိုင်မီးများကို ငြိမ်း၍ အတော်ကြာသည်အထိ နာတာရှာသည် မျက်လုံးကြောင်လျက် ရှိကာ နှင်းခဲငွေ့ရိုက်နေသော မှန်ပြတင်းပေါ်သို့ ထိုးကျလျက်ရှိသည့် လရောင်ကို ငေးကြည့်နေမိလေသည်။

## အခန်း ၁၃

နာတာလူးပွဲတော်ပြီး၍ များမကြာမီ၌ မိမိသည် ဆွန်ယာနှင့် ရည်ငံနေကြပြီဖြစ်ကြောင်း၊ ဆွန်ယာကို လက်ထပ်ယူရန်လည်း အပြီးအပိုင် ဆုံးဖြတ်ပြီး ဖြစ်ကြောင်းဖြင့် နီကိုလေသည် မိခင်မြို့စားကတော်ကြီးကို ဖွင့်ပြောလိုက်လေသည်။ မြို့စားကတော်ကြီးသည် နီကိုလေနှင့် ဆွန်ယာတို့၏ အရိပ်အကဲကို အမြဲတစေ စောင့်ကြည့်လျက်ရှိခဲ့ရာ တစ်နေ့တွင် နီကိုလေထံမှ ဤစကားမျိုး ထွက်လာလိမ့်မည်ဟု မျှော်လင့်ပြီးဖြစ်၏။ မြို့စားကတော်ကြီးသည် နီကိုလေ ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်ခြင်း ပြုပြီးနောက် နီကိုလေသည် ၎င်းနှစ်သက်သူကို သဘောကျ လက်ထပ်နိုင်ကြောင်း၊ သို့ရာတွင် ဤသို့သောလက်ထပ်ခြင်းမျိုးကို မိမိကသော်လည်းကောင်း၊ ဖခင်မြို့စားကြီးကသော်လည်းကောင်း သဘောတူမည် မဟုတ်ကြောင်းဖြင့် ပြောဆိုခြင်းပြုလေသည်။ ဤစကားကို ကြားလိုက်သည်၌ မိခင်မြို့စားကတော်ကြီးသည် မိမိအား ပထမဆုံးအကြိမ် မကျေမနပ်ဖြစ်လျက်ရှိခြင်းကိုလည်းကောင်း၊ မိမိကိုချစ်သည် မှန်သော်လည်း ဤကိစ္စတွင်မူ မိခင်မြို့စားကတော်ကြီးသည် မည်သည့်နည်းနှင့်မျှ လိုလ်လျောလိမ့်မည် မဟုတ်ခြင်းကိုလည်းကောင်း နီကိုလေ သိခဲ့လေပြီ။ မြို့စားကတော်ကြီးသည် နီကိုလေကိုပင် မကြည့်တော့ချေ။ ၎င်း၏ မျက်နှာထားမှာလည်း တင်းမာသုန်မှုန်လျက် ရှိလေသည်။ မြို့စားကတော်ကြီးသည် မြို့စားကြီးကို အခေါ်လွှတ်လိုက်သည်။ မြို့စားကြီး ရောက်လာသောအခါ၌ကား နီကိုလေ၏ရှေ့မှာပင် အကျိုးအကြောင်းကို အကျဉ်းချုပ်ပြောပြကာ ချုပ်တည်း၍မရတော့ဘဲ ငိုယိုလျက် ခန်းဆောင်ထဲမှ ထွက်သွားလေသည်။ မြို့စားကြီး ရှေ့စတော့ဗ်သည် သားဖြစ်သူ နီကိုလေကို မရဲတရဲဆုံးမစကားပြောကာ ဤအကြံအစည်ကို စွန့်လွှတ်ရန်တိုက်တွန်း၏။ နီကိုလေက မိမိစကားကို ပြန်၍ ရုပ်သိမ်းခြင်း မပြုနိုင်ကြောင်း၊ မည်သူက သဘော



www.burmeseclassic.com

မတူသည်ဆိုစေ မိမိသည် ဆွန်ယာကို လက်ထပ်မည်ဖြစ်ကြောင်း ပြောဆိုသည့်အခါ၌ကား မြို့စားကြီးရော့စတော့ဗ်သည် နောက်ထပ် ပြောစရာစကား ရှာမရတော့ဘဲ သက်ပြင်းချလိုက်ပြီးနောက် မြို့စားကတော်ကြီးနောက်သို့ ဝင်လိုက်သွားလေသည်။ မြို့စားကြီးရော့စတော့ဗ်သည် သားဖြစ်သူ နီကိုလေနှင့်တွေ့တိုင်း လိပ်ပြာမလုံဘဲဖြစ်လျက်ရှိသည်။ ဤသို့ လိပ်ပြာမလုံ ဖြစ်ရခြင်းမှာ အခြားကြောင့် မဟုတ်။ မိမိအသုံးအဖြုန်းအားကြီး၍ စီးပွားပျက်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆနေခြင်းကြောင့် ဖြစ်လေသည်။ ထို့ကြောင့် နီကိုလေက သူကြွယ်၏သမီးကို ငြင်းပယ်၍ ဆင်းရဲနွမ်းပါးသော ဆွန်ယာကို လက်ထပ်မည်ဟု ပြောလာသောအခါ ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေသဖြင့် နီကိုလေအား တားမြစ်ခြင်းငှာ မဝံ့အောင် ဖြစ်လျက် ရှိလေသည်။ ယခုကဲ့သို့ နီကိုလေ၏ ကိစ္စပေါ်လာသောအခါတွင်ကား မိမိတို့၌ ယခင်ကကဲ့သို့ အခြေမပျက် ရှိပါက နီကိုလေအဖို့ ဆွန်ယာ့ထက် မြတ်နိုးဖွယ်ကောင်းသော ကြင်ရာ မရှိနိုင်ပြီ။ ယခုမူ မိမိအသုံးအဖြုန်းကြီးခြင်းနှင့် စာရင်းဒိုင်ချုပ် မိတင်ကာတို့ကြောင့် သားဖြစ်သူ နီကိုလေမှာ ကြားထဲက ဓားစာခံ ဖြစ်ရချေပြီဟု တွေးမိကာ စိတ်မကောင်းဖြစ်လျက် ရှိလေသည်။

မြို့စားကြီးနှင့် မြို့စားကတော်ကြီးတို့သည် ဤကိစ္စနှင့် ပတ်သက်၍ နီကိုလေအား နောက်ထပ်တစ်စုံတစ်ရာ မပြောကြတော့ချေ။ သို့ရာတွင် ရက်အနည်းငယ်ကြာသောအခါ၌ကား မြို့စားကတော်ကြီးသည် ဆွန်ယာကို အခေါ်လွှတ်လိုက်ပြီးနောက် နီကိုလေအား ထောင်၍ ဖမ်းရပါမည်လော၊ သားရေပေါ်အိပ် သားရေနားစားသော အလုပ်မျိုးကို ဤမျှလောက် ခံမင်ရသလောဟု တူမဖြစ်သူ ဆွန်ယာကို ရင့်ရင့်သီးသီး ပြောဆိုခြင်း ပြုလေသည်။ မြို့စားကတော်ကြီးသည် ဤမျှရင့်သီးစွာ ပြောလိမ့်မည်ဟု မည်သူမျှ မထင်ခဲ့ကြချေ။ ဆွန်ယာသည် မျက်လွှာကိုချကာ မြို့စားကတော်ကြီး၏ ရင့်သီးလှသော စကားများကို ကြိတ်မှိတ်၍ နားထောင်သည်။ မြို့စားကတော်ကြီးသည် မိမိထံမှ မည်သည့်စကားမျိုးကို လို၍ ဤသို့ ပြောဆိုခြင်း ဖြစ်သနည်းဟုလည်း ဆွန်ယာတွေးမိသည်။ ဆွန်ယာသည် မိမိအား ငယ်စဉ်တောင်ကျေးကစ၍ ကျွေးမွေးစောင့်ရှောက်လာကဲ့သော ကျေးဇူးရှင်များကို ကျေးဇူးဆပ်ရန် အဆင်သင့် ရှိပါသည်။ ၎င်းတို့၏ ကျေးဇူးသည် မိမိအပေါ်တွင် လွန်စွာ ကြီးမားသည့်အလျောက် ၎င်းတို့အတွက်ဆိုလျှင် အစစအရာရာကို စွန့်လွှတ်အနစ်နာခံရန်လည်း အဆင်သင့် ရှိပါသည်။ ထိုမျှမက သူတစ်ပါးအတွက် မိမိက စွန့်လွှတ်အနစ်နာခံခြင်းသည် မြတ်သောအလုပ်ကြီးဖြစ်သည်ဟု ယူဆကာ ထိုစိတ်မျိုးကိုလည်း ဆွန်ယာအမြတ်တနိုးမွေးမြူပါသည်။ သို့ရာတွင် ဤကိစ္စ၌မူ မိမိသည် မည်သူ့အတွက် မည်သည့်အရာကို စွန့်လွှတ်ခြင်း ပြုရမည်နည်း။

ဆွန်ယာသည် ဝေခွဲမရဖြစ်လျက် ရှိလေသည်။ ဆွန်ယာသည် မြို့စားကြီးရော့စတော့ဗ်၏ မိသားစုများကိုလည်း ချစ်ခင်မြတ်နိုးသည်။ သို့ရာတွင် နီကိုလေကိုလည်း စွန့်လွှတ်ခြင်း မပြုနိုင်။ မချစ်ဘဲ မနေနိုင်ချေ။ နီကိုလေသည် မိမိ၏အချစ်ကြောင့် ပျော်ရွှင်နေခြင်းမဟုတ်ပါလော။ ဆွန်ယာသည် လွန်စွာဝမ်းနည်းလျက် ရှိသည်ဖြစ်၍ တိတ်ဆိတ်စွာ ရပ်နေမိသည်။ စကားဆို၍လည်း တစ်ခွန်းမျှ မပြောနိုင်တော့ချေ။ နီကိုလေသည် ဆွန်ယာ၏အဖြစ်ကို မကြည့်ရက်တော့ဘဲ အကျိုးအကြောင်း ရှင်းလင်းပြောဆိုရန် မိခင်မြို့စားကတော်ကြီးအနီးသို့ ရောက်လာလေသည်။ နီကိုလေသည် မိမိနှင့် ဆွန်ယာတို့အား ခွင့်လွှတ်ရန်၊ မိမိတို့ လက်ထပ်ရေးကိစ္စကို ခွင့်ပြုရန် တောင်းပန်ပြီးနောက် ဆွန်ယာကို နောက်ထပ်ဆူပူ ကြိမ်းမောင်းခြင်း ပြုပါက မိမိတို့သည် တိတ်တဆိတ် လက်ထပ်တော့မည်ဟုလည်း ခပ်လှန့်လှန့်ကလေး ပြောလိုက်လေသည်။

မြို့စားကတော်ကြီးသည် မိမိ၏သားက ဤသို့ တင်းတင်းမာမာ မပြောဘူးပါလျက် ယခုတစ်ကြိမ်တွင် တင်းတင်းမာမာ ဖြစ်နေခြင်းကို မြင်ရသောအခါ နီကိုလေမှာ အရွယ်ရောက်ပြီဖြစ်ကြောင်း၊ မင်းသားကလေးအင်ဒရေသည် ၎င်းခမည်းတော်၏ သဘောတူညီချက်ကို မရဘဲ လက်ထပ်သည်ဖြစ်ရာ နီကိုလေလည်း ဤအတိုင်းပြုလိုက ပြုနိုင်ကြောင်း၊ သို့ရာတွင် 'လင်ထောင်ဖမ်းသော' ဆွန်ယာကိုမူ မိမိ၏သမီးအဖြစ် အသိအမှတ် မပြုနိုင်တော့ကြောင်း ဖြင့် ပြောဆိုလေသည်။

နီကိုလေသည် 'လင်ထောင်ဖမ်းသည်' ဆိုသော စကားကို ကြားလိုက်သည်၌ ယမ်းပုံမီးကျ ဖြစ်လျက် 'မိမိ၏အချစ်ကို ရောင်းစားရန် မိခင်ကြီးက ဤသို့ အတင်းအဓမ္မ တိုက်တွန်းလိမ့်မည်ဟု မည်သည့်အခါကမျှ



www.burmeseclassic.com

မမျှော်လင့်ကြောင်း၊ မိခင်ကြီးသည် မိမိ၏အချစ်ကို ရောင်းစားရန် အဓမ္မတိုက်တွန်းပါက ထိုတိုက်တွန်းချက်ကို မည်သည့်အခါတွင်မျှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ဤအတိုင်းသာ အတင်းအဓမ္မတိုက်တွန်းနေမည်ဆိုပါက ဤအကြိမ်သည် နောက်ဆုံးအကြိမ်' နီကိုလေသည် စကားကို အဆုံးမသတ်နိုင်တော့ချေ။ မြို့စားကတော်ကြီးမှာ နီကိုလေ၏ ခက်ထန်တင်းမာသော အမူအရာကိုကြည့်၍ ထိတ်လန့်ကြောက်ရွံ့လျက်ရှိလေပြီ။ သို့ရာတွင် နီကိုလေသည် မိမိနှင့်တကွ မိခင်မြို့စားကတော်ကြီးတို့ နှစ်ဦးစလုံး ၏ သေတစ်ပန်သက်ဆုံး စိတ်ဆင်းရဲခြင်း ဖြစ်ကြရတော့မည့် ထိုစကားကို ဆုံးအောင် ပြောချိန် မရလိုက်ချေ။ အကြောင်းမူကား ခပ်စောစောကတည်းက တံခါးတွင် ချောင်းနားထောင်လျက်ရှိသော နာတာရှာသည် တင်းမာဖြူရော်သောမျက်နှာထားဖြင့် ဝင်ရောက်လာသောကြောင့် ဖြစ်လေသည်။

"ကိုကို၊ ဘာအဓိပ္ပာယ်မရှိတဲ့ စကားတွေ လျှောက်ပြောနေတာလဲကိုကို၊ တော်ပါတော့၊ မပြောပါနဲ့တော့။ နာတာရှာ ပြောတာ နားထောင်စမ်းပါဦး" နာတာရှာသည် နီကိုလေ၏ အသံကို ဖုံးလွှမ်းသွားအောင် အသံကုန်ဟစ်၍ ပြောလိုက်သည်။

"မေဖျား၊ နာတာရှာပြောတာ နားထောင်ပါဦး မေဖျား" နာတာရှာသည် နီကိုလေကို ထိတ်လန့်တကြား ကြည့်ကာ ပေါက်ကွဲလုဆဲဆဲ ဖြစ်နေသော မိခင်မြို့စားကတော်ကြီးကို ပြောလိုက်ပြန်သည်။ သို့ရာတွင် ထိုအချိန်၌ နှစ်ဦးစလုံးမှာ စိတ်လှုပ်ရှားလျက် ရှိကြသဖြင့် နာတာရှာ၏ စကားများမှာ အရာမရောက်လှချေ။

"ကိုကို၊ နောက်တော့ နာတာရှာရှင်းပြပါ့မယ်။ ခဏရှောင်သွားပါ။ မေဖျား၊ နာတာရှာ့ စကားကိုနားထောင်ပါဦး"

နာတာရှာမှာ နှစ်ဖက်စလုံးကို ဖျောင်းဖျတောင်းပန်နေမိသည်။ အတန်ကြာတော့မှ နှစ်ဖက်စလုံး ငြိမ်ကျသွားကြ၏။

မြို့စားကတော်ကြီးသည် မျက်နှာကို နာတာရှာ၏ ရင်ခွင်တွင် အပ်၍ ရှိုက်ကြီးတငင်ငိုလျက်ရှိသည်။ နီကိုလေကား ခေါင်းကို လက်နှစ်ဖက်နှင့်အုပ်၍ အခန်းထဲမှ ထွက်သွားလေသည်။

သို့ဖြင့် နာတာရှာသည် သားအမိနှစ်ယောက် ပြန်လည်သင့်မြတ်သွားရန် ကြိုးစားခဲ့လေရာ ဆွန်ယာအား နောက်ထပ် ဆူပူကြိမ်းမောင်းခြင်း မပြုဟူသော ကတိကို မိခင်ကြီးထံက ရခဲ့၍ မိဘနှစ်ပါးမသိအောင် ဘာမျှမလုပ်ပါ ဟူသော ကတိကို နီကိုလေထံမှ ရခဲ့သည့်အတွက် နှစ်ဦးနှစ်ဖက်ပြေလည်သွားကြ၏။

နီကိုလေသည် တပ်ထဲတွင် ရှင်းစရာကိစ္စများကို ရှင်းလင်းပြီးနောက် တပ်မှ နုတ်ထွက်ကာ ဆွန်ယာအား လက်ထပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ သို့ဖြင့် နီကိုလေသည် ဆွန်ယာကို ဆတက်ထမ်းပိုးတိုး၍ ချစ်လာခဲ့သော်လည်း မိဘများနှင့် စိတ်ဝမ်းကွဲကာ ဇန်နဝါရီလဆန်း၌ တပ်သို့ ပြန်လာခဲ့လေသည်။

နီကိုလေပြန်သွားသည့်နောက်၌ မြို့စားကြီး ရော့စတော့ဗ်၏ အိမ်တွင်းရေးမှာ ယခင်ကထက်ပင် စိတ်မချမ်းသာစရာ ကောင်းလာခဲ့၏။ မြို့စားကတော်ကြီးကား သားစိတ်ဖြင့် စိတ္တဇကပ်ကာ ဖုန်းဖုန်းလဲခဲ့လေပြီ။

ဆွန်ယာမှာ နီကိုလေနှင့် ခွဲခွာနေရခြင်းကြောင့် စိတ်ညစ်လျက်ရှိသည့်အထဲ၌ တစ်ခါတစ်ခါတွင် မြို့စားကတော်ကြီးက အော်ဟစ်ငေါက်ငမ်းတတ်သည့်အတွက် ပို၍ စိတ်ဆင်းရဲရပြန်သည်။ မြို့စားကြီးမှာလည်း စီးပွားရေး အခြေအနေကြောင့် စိတ်ဆင်းရဲလျက် ရှိသည့်အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချရတော့သည်။ ထိုဆုံးဖြတ်ချက်ကား မော်စကိုမြို့ရှိ စံအိမ်နှင့်တကွ မော်စကိုမြို့၏ပတ်ဝန်းကျင်တွင်ရှိသော ပိုင်စားနယ်မြေများကို ရောင်းချရန် ဖြစ်လေသည်။ သို့ဖြင့် ထိုကိစ္စကြောင့် မြို့စားကြီးမှာ မော်စကိုသို့ သွားရန်အကြောင်း ပေါ်လာလေသည်။ သို့ရာတွင် မြို့စားကတော်ကြီးမှာ ကောင်းစွာ မကျန်းမာသေးသည့်အတွက် ရုတ်တရက် မသွားဖြစ်သေးဘဲ တစ်ရက်ပြီးတစ်ရက် ရွှေ့ဆိုင်းနေရလေသည်။

နာတာရှာကား မင်းသားကလေးအင်ဒရေနှင့် ခွဲနေရသည့်အတွက် အစပထမတွင်သာ ဣန္ဒြေရရ နေနိုင်သော်လည်း ကြာသော်အမူအရာ ပျက်လာလေသည်။ မိမိဘဝ၏ ပျော်စရာအကောင်းဆုံးနေ့များ၌ မိမိသည် ချစ်သူနှင့် ရွှေလည်တွဲကာ ပျော်ပွဲဆင်နွှဲနေရမည့် အချိန်ဖြစ်ပါလျက် ယခုသော် တစ်ရွာစီနေ တစ်မြေစီခြားကာ ဝေးရလေပြီဟု တွေးမိတိုင်း စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com


မင်းသားကလေးအင်ဒရေထံမှ စာရောက်လာလျှင်ပို၍ စိတ်ဆင်းရဲရသည်။ မိမိက သူ့ကို လွမ်းဆွတ်တမ်းတ နေရချိန်၌ သူ့မှာ နိုင်ငံခြားသို့ရောက်ကာ အသစ်အဆန်း များကိုတွေ့၍ မေ့နေလောက်ပြီဟု တွေးလိုက်မိတိုင်း ရင်ထဲတွင် မချိတင်ကဲ ဖြစ်လာသည်။ မင်းသားကလေး အင်ဒရေ၏ စာများမှာ စိတ်ဝင်စားဖွယ်ကောင်းသလောက် နာတာရှာ ပို၍စိတ်ဆင်းရဲခြင်းဖြစ်ရ၏။ စိတ်ပြေလက် ပျောက် မင်းသားကလေးအင်ဒရေထံသို့ စာရေးသော်လည်း နာတာရှာသည် သူ့စာများကိုပင် သူငြီးငွေ့လျက်ရှိကာ ပြန်၍ မဖတ်ချင်လောက်အောင် ဖြစ်နေသည်။ မိမိ၏ စာသည် မိမိပြုံးသောအပြုံး၊ မိမိပြောသောအသံ၊ မိမိကြည့် သောအကြည့်၏အပုံတစ်ထောင်ပုံလျှင် တစ်ပုံမျှလောက်ပင် ထိရောက်ခြင်း မရှိဟု နာတာရှာ ယူဆလျက် ရှိသည့် အတွက် နာတာရှာသည်စာကိုလည်း မှန်မှန်မရေးနိုင်အောင် ဖြစ်နေသည်။ ရေးသမျှစာမှာလည်း ပျင်းရိငြီးငွေ့ဖွယ် ဖြစ်ကာ အသက်ကင်းမဲ့လျက် ရှိ၏။ နာတာရှာသည် ထိုစာများကိုလည်း များစွာ ဂရုမစိုက်တော့ချေ။ အကြမ်း ရေးထားသည့် စာများကို မြို့စားကတော်ကြီးက သတ်ပုံ ပြင်ပေးရသည်။

ဤအတောအတွင်း၌ မြို့စားကတော်ကြီး၏ ကျန်းမာရေးမှာလည်း တိုးတက်ကောင်းမွန်လာသည်ဟူ၍ မရှိချေ။ သို့ရာတွင် ကိစ္စအရေးကြီးလာပြီဖြစ်သည့် အလျောက် မော်စကိုသွားရန်ကိစ္စကို ရွှေ့ဆိုင်း၍ မရ တော့ပြီ။ နာတာရှာအတွက် သတို့သမီးအဝတ်အစားများကို အရန်သင့်မှာကြားထားရဦးမည်။ အိမ်ကိုလည်း ရောင်းရဦး မည်။ ထို့ပြင် ယခုအချိန်လောက်ဆိုလျှင် မင်းသားကြီး ဘိုလကွန်စကီမှာ မော်စကိုမြို့တွင် နေထိုင်လေ့ရှိရာ မင်းသားကလေးအင်ဒရေလည်း မော်စကိုသို့ရောက်ချင် ရောက်နေနိုင်သေးသည်။ နာတာရှာကမူ မင်းသားကလေး အင်ဒရေ မော်စကိုတွင် ရောက်လောက်ပြီဟု တစ်ထစ်ချ ယူဆထားလေသည်။

သို့ဖြင့် ဇန်နဝါရီလကုန်၌ မြို့စားကြီး ရော့စတော့ဗ် သည် နာတာရှာနှင့် ဆွန်ယာတို့ကိုခေါ်၍ မော်စကိုမြို့သို့ ထွက်လာခဲ့သည်။ မြို့စားကတော်ကြီးမှာကား ကျေးလက် စံအိမ်တွင် ကျန်ရစ်ခဲ့လေသတည်း။

*


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

မင်းသားကလေး အင်ဒရေနှင့် နာတာရှာတို့ စေ့စပ်ကြောင်းလမ်းပြီးသည့်နောက်၌ ပီယာသည် အကြောင်း မည်မည်ရရ ရှာ၍မရဘဲနှင့် ယခင်ကကဲ့သို့ နေထိုင်၍ မဖြစ်နိုင်တော့ကြောင်းကို ရုတ်တရက် သဘောပေါက်လာခဲ့လေသည်။ ပီယာသည် မိမိ၏ ဥပဇ္ဈာယ်ဆရာက သွန်သင် ပြသခဲ့သော ပရမတ်တရားများကို နှလုံးသွင်းခြင်း၊ မိမိ၏ အဇ္ဈတ္တ အတွင်းသန္တာန်ကို သန့်စင်အောင် ကြိုးစားခြင်းအားဖြင့် ပျော်ရွှင်ချမ်းမြေ့လျက်ရှိခဲ့၏။ မင်းသားကလေး အင်ဒရေနှင့် နာတာရှာတို့၏ စေ့စပ်ကြောင်းလမ်းခြင်း သတင်းနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းလောက်တွင် ရောက်ရှိလာသော ဥပဇ္ဈာယ် ဆရာ ဂျိုးဇက်အလက်ဇီဗစ် ကွယ်လွန် အနိစ္စရောက်ခြင်း သတင်းကို ကြားသိရပြီးသည့်နောက်တွင်ကား ပီယာ၌ လူ့ဘဝကို ခင်မင်တွယ်တာခြင်း ဟူသမျှတို့ ပျောက်ကွယ်ခဲ့ လေပြီ။ ပီယာ့အဖို့ လူ့ဘဝသည် အရွက်တို့ မရှိတော့ဘဲ အရိုးချည်းသာ ကျန်ရစ်ခဲ့သကဲ့သို့ ဖြစ်လျက်ရှိ၏။ မိမိ၏ စံအိမ်ကြီးနှင့်တကွ အရေးကြီးသည့်ပုဂ္ဂိုလ်ကြီး တစ်ယောက် ၏ မျက်နှာသာပေးခြင်းကို ခံရလျက်ရှိသော ဂုဏ်မက်သည့်မယား၊ ပီတာစဘတ်ရွှေမြို့တော်မှ အသိမိတ်ဆွေများ ငြီးငွေ့ဖွယ်ကောင်းသော အဆောင်အယောင်တို့ဖြင့် ပြွမ်း လျက်ရှိသည့် ရွှေနန်းတော် အမှုထမ်းဘဝ စသည်တို့သည် ပီယာ့အဖို့ အနှစ်မပါသောအရာများသာ ဖြစ်လျက် ရှိကြ ပေ၏။ ထိုပတ်ဝန်းကျင်နှင့် ထိုဘဝတို့သည် ပီယာ့အဖို့ စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်လာခဲ့၏။ ပီယာသည် ထိုအချိန်မှစ၍ နေ့စဉ်မှတ်တမ်းရေးသားခြင်း၊ ညီအစ်ကိုတော်ဂိုဏ်းဝင်များနှင့် တွေ့ဆုံနှီးနှောခြင်း စသည်တို့ကိုလည်း မပြုလုပ်တော့ဘဲ ကလပ်သို့သွားခြင်း၊ အလွန်အကြူး သောက်စားခြင်း၊ ရွှေမြို့တော် လူပျို အသိုင်းအဝိုင်းများနှင့်ပေါင်းဖော်ကျင်လည်ခြင်း စသည်တို့ကိုသာ ပြုလုပ်လျက်ရှိလေရာ နောက်ဆုံးတွင် ကြင်ရာတော် မြို့စားကတော်ကလေး ဟယ်လင်ကိုယ်တိုင်က ပြင်းပြင်းထန်ထန် ကန့်ကွက် ပြောဆိုခြင်း ခံရသောအခြေသို့ ဆိုက်လာခဲ့လေသည်။ ဤအချက်တွင် ကြင်ရာတော် မြို့စားကတော်ကလေး ဟယ်လင်၏ သတိပေးခြင်းသည် မှန်ကန်သည်ဟု ပီယာ ယူဆ၏။ သို့ရာတွင် ပီယာသည် ကြင်ရာတော် မြို့စား ကတော်ကလေး ဟယ်လင်၏ စိတ်ကြိုက်အတိုင်း ဆက်လက်နေထိုင်ခြင်း မပြုလိုတော့သည့်အတွက် မော်စကိုသို့ ထွက်လာခဲ့လေသည်။

မော်စကိုရှိစံအိမ်ကြီး၌ကား မှေးမှိန်ညှိုးနွမ်းရင့်ရော်လျက်ရှိပြီဖြစ်သော အစ်မတော် မင်းသမီးကြီးများသည် နောက်လိုက်နောက်ပါ အခြွေအရံတို့ဖြင့် ယခင်ကကဲ့သို့ ပြောင်းလဲခြင်းမရှိ နေထိုင်လျက် ရှိကြ၏။ မြို့ထဲသို့ရောက်လျှင် ရွှေရောင်တဝင်းဝင်းရှိသော ဆင်းတုတော်များရှေ့၌ မျှားပြားလှစွာသော ဖယောင်းတိုင်တို့ ထွန်းညှိပူဇော်ထားသည့်အီဗာရီယန်ဘုရားကြီးကိုလည်း ယခင်အတိုင်း ဖူးမြော်ရ၏။ ယာဉ်ရထားတို့ ဖြတ်သန်းခြင်းမရှိဘဲ နှင်းခဲတွေ ဖုံးလျက်ရှိသော ကရင်မလင်နန်းတော်ရှေ့က ကွက်လပ်ကြီးကိုလည်း ယခင်ကအတိုင်း တွေ့ရ၏။ ဆင်းရဲသားရပ်ကွက်ဖြစ်သော ရာဇော့ရပ်ကွက်မှ စွတ်ဖား မောင်းသမားများနှင့် တဲကုပ်ကလေးများ၌လည်း ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရ၏။ မည်သည့်အရာကိုမျှ လိုချင်မက်မောခြင်းမရှိ၊ အလောသုံးဆယ်ဖြစ်ခြင်းလည်းမရှိဘဲ မိမိတို့၏ နောက်ဆုံးအချိန်ကလေးကို အေးအေးလူလူ ကုန်လွန်စေလျက်ရှိသော



www.burmeseclassic.com

အဘိုးအို၊ အဘွားအိုများကိုလည်း ယခင်ကကဲ့သို့ပင် မြင်ရ၏။ ပီယာသည် ဤအခြင်းအရာများနှင့်တကွ မော်စကိုမြို့သူမြို့သားများကို လည်းကောင်း၊ မော်စကိုကပွဲများကိုလည်းကောင်း၊ အင်္ဂလိပ်ကလပ်ကိုလည်းကောင်း မြင်ရသည့်အခါ၌ မော်စကိုရောက်ရသည်မှာ ချမ်းမြေ့လှသော ရိပ်မြုံတစ်ခုထဲသို့ ရောက်သည်နှင့် တူလှချေသည်ဟုပင် ထင်လိုက်မိ၏။ မော်စကိုတွင် နေထိုင်ရခြင်းကား ညအိပ်ရာဝင် ဝတ်စုံဟောင်းကြီးကို ဝတ်ရခြင်းကဲ့သို့ ညစ်ထေးသည်မှန်သော်လည်း နွေးနွေးထွေးထွေးဖြင့် သက်သောင့်သက်သာ ရှိလှပါဘိသည်ဟု အောက်မေ့မိလေသည်။

မော်စကိုတွင်ကား အဘွားကြီးများကအစ ကလေးများအဆုံး အားလုံးကပင် ကြာရှည်လေးမြင့်စွာက မျှော်လင့်လျက်ရှိသော ဧည့်သည်တစ်ယောက် ရောက်လာသကဲ့သို့ ပီယာကို ဝမ်းသာအားရ ကြိုဆိုကြ၏။ မော်စကို မြို့သူမြို့သားများအမြင်တွင် ပီယာသည် စိတ်သဘောအကောင်းဆုံး၊ အကြင်နာဆုံး၊ ဉာဏ်အမြော်အမြင်အရှိဆုံး၊ အပျော်တတ်ဆုံး၊ အရက်ရောဆုံးသော လူ့ခွစာတစ်ယောက်ဖြစ်၍ ထုံးတမ်းစဉ်လာကို ဂရုမစိုက်တတ်သော ဖော်ရွေချစ်ခင်တတ်သည့် သမားရိုးကျ ရုရှားလူကြီးလူကောင်းတစ်ဦးဟုလည်း ယူဆကြသည်။ ပီယာသည် လူတိုင်းကို ပေးကမ်းစွန့်ကြဲလေ့ရှိသဖြင့် ၎င်း၏ပိုက်ဆံအိတ်မှာ အမြဲတမ်းဟာလာဟင်းလင်း ဖြစ်နေတတ်ပေသည်။

ရန်ပုံငွေကပွဲများ ကျင်းပခြင်း၊ ဆင်းတုတော်အလှူငွေ ကောက်ခံခြင်း၊ ပရဟိတအသင်းများက အလှူငွေကောက်ခံခြင်း၊ ဂျစ်ပစီဓမ္မသီချင်းသည်များအား ထောက်ပံ့ခြင်း၊ စာသင်ကျောင်းများ ဆောက်ခြင်း၊ ရန်ပုံငွေညစာစားပွဲများ ကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲများအတွက် အလှူကောက်ခံခြင်း၊ ညီအစ်ကိုတော် ဂိုဏ်းသားများအားထောက်ပံ့ခြင်း၊သုဓမ္မာဇရပ်များဆောက်လုပ်ခြင်း၊ ပိဋကတ်တိုက်များကို လှူဒါန်းခြင်း စသည့် ကိစ္စအဝဝ၌လည်း ပီယာသည် တွန့်တိုနှမြောခြင်းမရှိ၊ ရက်ရောစွာ လှူဒါန်းတတ်လေရာ ပီယာ့ထံသို့ သွားရောက်အကူအညီတောင်းသူတိုင်းကိုပင် ပီယာက ငြင်းပယ်သည်ဟု တစ်ခါမျှ မတွေ့ဖူးကြချေ။ ပီယာသည် ၎င်း၏ရောင်းရင်းနှစ်ဦးအား ငွေအမြောက်အမြား ချေးငှားလိုက်သဖြင့် ဆုံးခဲ့ဖူးရာ ဤအဖြစ်မျိုးသာ မကြုံခဲ့လျှင် ပီယာမှာ ရှိသမျှ စည်းစိမ်ဥစ္စာကိုပင် စွန့်ကြဲပေးကမ်းပစ်လိမ့်မည်လော မပြောတတ်ချေ။ အင်္ဂလိပ်ကလပ်၌လည်း ပီယာမပါဘဲ တည်ခင်းကျင်းပသော ညစာစားပွဲများ၊ ဧည့်ခံပွဲများဟူ၍ မည်သည့်အခါမျှ မရှိခဲ့ချေ။ ပီယာသည် ကလပ်များသို့ရောက်၍ ထိုင်ဖုံတွင် ထိုင်ပြီး မာဂေါပြင်သစ်အရက် နှစ်ပုလင်းကုန်သည်နှင့် တစ်ပြိုင်နက် စကားများစပြုလာကာ ငြင်းခုံနောက်ပြောင်နေတတ်သဖြင့် ၎င်း၏အနီးတွင် လူ အမြဲတမ်း ဝိုင်းအုံနေတတ်သည်။ ကလပ်တွင် အမူးလွန်၍ ရန်ဖြစ်ကြလျှင်လည်း ပီယာ၏ အပြုံးနှင့် ကွက်တိဝင်လာတတ်သော ပြက်လုံးကလေးများကြောင့် ရန်ဖြစ်သူများမှာ ကျေအေးသွားကြရသည်သာ ဖြစ်၏။ ပီယာ တက်ရောက်ခြင်းမရှိသည့် ညီအစ်ကိုတော်ဂိုဏ်းဝင်တို့၏ ညစာစားပွဲများမှာ ခြောက်သွေ့လျက် ရှိတတ်၏။

သားမယားမရှိသော လူလွတ်များသည် အင်္ဂလိပ်ကလပ်၌ တစ်ယောက်တစ်လှည့် တည်ခင်းကျွေးမွေးတတ်ကြလေရာ ပီယာမှာ ထိုပွဲများ၌ ပွဲတိုင်းကျော်ဖြစ်လျက်ရှိ၏။ ညလယ်စာ စားပြီးကြ၍ အရှိန်ကလေးဖြင့်ခပ်မြူးမြူးဖြစ်နေကြသော အပေါင်းအသင်းများသည် မိမိတို့နှင့်အတူမြို့ထဲသို့ ရထားလျှောက်စီးရန် ပီယာကို ဖိတ်မန္တက ပြုလေ့ရှိကြ၏။ ပီယာသည် ၎င်းတို့၏ တောင်းပန်ချက်အရ ကြင်နာနစ်လိုဖွယ်ရှိသော အပြုံးဖြင့် စားပွဲမှ ထလိုက်လေသည်။ ထိုအခါမျိုး၌ လူပျိုလူရွယ် တို့သည် ပီယာလိုက်ပါခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ငေ ားချီးဆေးလေ့ရှိကြသည်။ ကပွဲများ၌ မိန်းမပျိုများအဖို့ တွဲကဖက်တစ်ယောက် လိုနေလျှင်လည်း ပီယာသည် ၎င်းတို့ကို ကူညီသောအားဖြင့် ဝင်ရောက် ကပြတတ်သည်။ ပီယာသည် မိန်းမများနှင့် ဆက်ဆံရာ၌ မည်သူ့ကိုမျှ ပိုးပန်းခြင်း၊ အထူးအရေးပေးခြင်းမရှိဘဲ အားလုံးကို ဖော်ရွေချစ်ခင်စွာ ဆက်ဆံတတ်ခြင်းကြောင့် ပျိုပျိုအိုအိုမရွေး မိန်းမငယ် အပေါင်းကလည်း ပီယာကို ခင်မင်ကြသည်။ အထူးသဖြင့် ညစာစားပြီး၍ အရက်ကလေး ခပ်ထွေထွေဖြစ်နေပြီဆိုလျှင် ပီယာသည် မိန်းမတောတွင် ပွဲတောင်းခြင်းခံရသူ တစ်ယောက် ဖြစ်သည်။ "မြို့စားလေးဟာ ခင်မင်နှစ်လိုဖွယ်ကောင်းတယ်။ ဒီပြင် ယောကျ်ားတွေလို မိန်းမမြင်ရင် ငမ်းငမ်းတက်တဲ့ လူစားမျိုး မဟုတ်တဲ့အတွက် အန္တရာယ်လဲကင်းတယ်" ဟု ၎င်းတို့ အချင်းချင်း ကွယ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com


ပြောလေ့ရှိကြ၏။

ဘုရင့်လူပျိုတော်သားအဖြစ်မှ အငြိမ်းစား ယူလာသူများသည် ရာထူးမှ ထွက်ပြီးနောက် မော်စကိုမြို့သို့ လာရောက်ကာ အေးအေးလူလူ ပျော်ပျော်ပါးပါး နေထိုင်လေ့ ရှိကြ၏။ ပီယာကား ထိုသို့သော အငြိမ်းစားလူပျိုတော်တစ်ဦး ဖြစ်လေသည်။

နိုင်ငံခြားမှ ပီယာ ပြန်ရောက်လာခဲ့သည်မှာ ခုနစ်နှစ်ခန့်မျှ ကြာခဲ့လေပြီ။ ထိုစဉ်က ပီယာသည် မိမိ၏ အကြံအစည်ကို အောင်မြင်ထမြောက်အောင် မဖြစ်မနေ ကြိုးစားဆောင်ရွက်မည်ဟူသော စိတ်ဖြင့် အားမာန်ထားခဲ့သည်။ လောက၌ ကြိုးစားလျှင် ဘုရားဖြစ်နိုင်သည်ဟူသော မာနမျိုးကို ထားခဲ့သည်။ လောက၌ မည်မျှကြိုးစားအားထုတ်ကြသည်ဖြစ်စေ၊ မည်သည့်အရာမျှ ကြံစည်တိုင်းဖြစ်ကြသည်မဟုတ်၊ ကံကြမ္မာအတိုင်းသာ ဖြစ်ကြရသည်ဟူသော စကားမျိုးကို ထိုစဉ်က ပီယာအား ပြောခဲ့လျှင် ပီယာသည် ထိုစကားကို လားလားမျှ လက်ခံနိုင်လိမ့်မည်မဟုတ်ချေ။ ထိုစကားကို ယုံလည်း ယုံနိုင်လိမ့်မည် မဟုတ်ချေ။ ထိုစဉ်က ပီယာသည် ရုရှားနိုင်ငံကြီးအား သက်ဦးဆံပိုင် ဧကရာဇ်နိုင်ငံအဖြစ်မှ သမ္မတနိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ ထူထောင်လိုက်ရသော် ကောင်းလေစွဟု မျှော်မှန်းခဲ့သည်။ မိမိသည်လည်း နပိုလီယန်ကဲ့သို့ စစ်ဘုရင်ကြီးဖြစ်အောင် ကြိုးစားမည်ဟု အားခဲခဲ့သည်။ သို့မဟုတ်လျှင်လည်း လက်ဝါးပြင်တွင် မုံညင်းစေ့တင်၍ ကြည့်သည့်နှယ်ရှိအောင် လောကသဘာဝတ္တကို ပိုင်းပိုင်းခြားခြား သိမြင်နိုင်စွမ်းရှိသော အဘိဓမ္မာ ပညာရှင်ကြီးတစ်ဆူဖြစ်အောင် အားထုတ်မည်ဟု စိတ်ကူးခဲ့လေသည်။ သို့မဟုတ်လျှင်လည်း မိမိသည် စစ်ဖျူဟာအတတ်တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်၍ နပိုလီယန်ကို နှိမ်နင်းနိုင်သည့် သူရဲကောင်းကြီးတစ်ဦးဖြစ်အောင် စွမ်းဆောင်မည်ဟု မာနတက်ခဲ့သည်။ သို့မဟုတ်လျှင်လည်း အဝိဇ္ဇာပိတ်ကာဆို့၍ မိစ္ဆာမြို့ကြီးပြင်ပြင် ဖြစ်လျက်ရှိသော လူ့လောကကြီးကို အသစ်ပြန်လည် မွေးဖွားလာသကဲ့သို့ ဖြစ်အောင် ကြိုးပမ်းအားထုတ်မည်။ မိမိသည်လည်း လောကကြီးတွင် အကောင်းဆုံး လူတစ်ယောက်၊ ပြီးပြည့်စုံသော လူ တစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဟု စိတ်ကူးခဲ့သည်။ ကျောင်းများ၊ ဆေးရုံများကို ဆောက်လုပ်ခြင်း၊ ကျွန်တို့ကို ဘေးမဲ့ပေးခြင်းဖြင့် ဒါနပါရမီကို ဖြည့်ဆည်းမည်ဟု ကြံစည်ခဲ့သည်။

သို့သော်လည်း မိမိကြံစည်စိတ်ကူးခဲ့သော အရာတို့သည် တစ်ခုမျှ မဖြစ်လာကြချေ။ ပီယာသည် ထိုစဉ်က ၎င်းမျှော်မှန်းခဲ့သော လူစွမ်းကောင်းကြီး ပီယာ၊ စစ်ဘုရင်ကြီး ပီယာ၊ လောကကြီးကို ကယ်တင်မည့် ကယ်တင်ရှင်ကြီး ပီယာ၊ အဘိဓမ္မာပညာရှင်ကြီး ပီယာ သက်ဦးဆံပိုင်ဧကရာဇ်စနစ် ဆန့်ကျင်ရေးသမားကြီးပီယာ စသည်တို့အနက် မည်သည့်ပီယာမျှ ဖြစ်မလာဘဲ သစ္စာမရှိသော မယား၏ ချမ်းသာသော လင်ယောကျ်ားပီယာ၊ အငြိမ်းစားလူပျိုတော်သား ပီယာ၊ အစားကြူး၍ အသောက်ရမ်းသော ပီယာ၊ အင်္ကျီကြယ်သီးကိုဖြုတ်၍ ရင်ဘတ်ဟာပြဖြင့် အစိုးရကို ဆဲရေး တိုင်းထွာတတ်သော ပီယာ၊ မော်စကို အင်္ဂလိပ်ကလပ်ဝင်တစ်ဦးဖြစ်သော ပီယာ၊ မော်စကို အထက်တန်းလွှာ အသိုင်းအဝိုင်း၌ ထင်ရှားသော ပီယာသာ ဖြစ်လာခဲ့လေသည်။ သို့ဖြစ်လျှင် မိမိဘဝသည် သူလိုကိုယ်လို အငြိမ်းစား လူပျိုတော်သားတစ်ဦးနှင့် မည်သို့ခြားနားသေးသနည်း။ လွန်ခဲ့သည့် ခုနစ်နှစ်ခန့်က မိမိ အထင်သေး၍ မိမိ စက်ဆုပ်ခဲ့သော အငြိမ်းစားလူပျိုတော်သားများနှင့် မည်သို့ခြားနားသေးသနည်း။ ပီယာသည် ဤသို့ သူလိုကိုယ်လို အငြိမ်းစား လူပျိုတော်သားတစ်ဦးဖြစ်နေခြင်းအတွက် ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်လျက်ရှိလေသည်။

တစ်ခါတလေ၌လည်း မိမိသည် ဤလူ့ဘဝကြီးသို့ ခေတ္တမျှ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် မသေခင် ပျော်ပျော်နေတော့မည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ခြင်း ပြု၏။ သို့ရာတွင် ဤလောကကြီး၌ မိမိကဲ့သို့ပင် လောကကြီး၏ကောင်းကျိုးချမ်းသာကို မည်မည်ရရ ဆောင်ရွက်ခြင်းမရှိဘဲ ဆံပင်မွေးအပြည့် သွားအပြည့်ဖြင့် လူ့လောကကြီးနှင့် အင်္ဂလိပ်ကလပ်သို့ ခေတ္တခဏ ဝင်ရောက်လာကြပြီးနောက် ဆံပင်မွေးတစ်ချောင်း သွားတစ်ချောင်းမျှ မရှိတော့သည့်အချိန်ကျမှ လူ့လောကကြီးနှင့် အင်္ဂလိပ်ကလပ်ကို စွန့်ခွာသွားသူပေါင်း မည်မျှရှိလေပြီနည်းဟု တွေးမိသောအခါ၌ကား ပီယာသည် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိပြန်သည်။

တစ်ခါတစ်ရံ မာန်တက်လျက် ရှိချိန်မျိုး၌ မိမိ၏


www.burmeseclassic.com

အခြေအနေကို ပြန်စဉ်းစားမိပြန်လျှင်လည်း မိမိသည် မိမိစက်ဆုပ်ရွံ့ရှာသည့် အခြားသော အငြိမ်းစား လူပျိုတော်သားများနှင့်မတူ၊ ဝိသေသထူးသော ပုဂ္ဂိုလ်ဖြစ်သည်ဟုလည်း ထင်မိပြန်၏။ 'ထိုလူပျိုတော်သားတို့ကား ပေးလားဝါးလား နေတတ်ကြသူများသာတကား။ အစဉ်းစား အဆင်ခြင်ဉာဏ် ကင်းမဲ့ကြသူများသာတကား။ ၎င်းတို့၏ ဘဝကို အပှတ်ထင်လျက် ဖြစ်ရာဘဝတွင် ကျေနပ်တင်းတိမ် နေကြသူများသာတကား။ ငါတစ်မှုကား ၎င်းတို့နှင့်မတူပြီ။ ငါသည် ငါ၏ဘဝကို ကျေနပ်တင်းတိမ်သူ မဟုတ်။ လူ့လောကကြီး၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက် လိုသူဖြစ်သည်' ဟု ထင်မိသည်။ သို့ရာတွင် စိတ်အားငယ်၍ မာန်လျှော့နေသည့်အခါများ၌ကား '၎င်းတို့သည်လည်း ငါ့ကဲ့သို့ပင် ၎င်းတို့ဘဝ အသီးသီး၌ လမ်းသစ်လမ်းကောင်းကို ရှာဖွေနေကြပေလိမ့်မည်။ ယခု အခိုက်အတန့်၌သာ ပတ်ဝန်းကျင်၏ဩဇာ၊ အသိုင်းအဝိုင်း၏ဩဇာကို မလွန်ဆန်နိုင်၍ မျောပါနေကြခြင်း ဖြစ်ဟန်တူသည်။ လူသည် မူလအင်အားစုတည်းဟူသော ကံကြမ္မာ၏ စေခိုင်းရာကိုသာ လိုက်နာရတော့သည်။ ကံကြမ္မာဖိစီးနှိပ်စက်လာပြီဆိုလျှင် လူ၌ တန်ခိုးသတ္တိတို့ ကင်းမဲ့ရတော့သည်။ ယခု ငါလည်း ၎င်းတို့နည်းတူပင် ဖြစ်တော့သည်' ဟု ထင်မိပြန်လေသည်။ မော်စကိုတွင် အတန်ကြာနေမိလာသောအခါ၌ကား ပီယာသည် ကံကြမ္မာ၏သားကောင်များသာ ဖြစ်ကြသော ၎င်း၏မိတ်ဆွေရောင်းရင်းများအား အထင်သေးခြင်း၊ စက်ဆုပ်ခြင်း မဖြစ်တော့ပြီ။ ၎င်းတို့ကို နားလည်လာခဲ့လေ ပြီ။ ၎င်းတို့ကို သနားသည့်နည်းတူ မိမိကိုယ်ကိုလည်း သနားလာခဲ့လေပြီ။

ယခုအချိန်၌ ပီယာတွင် စိတ်ပျက်ခြင်း၊ စိတ်နောက်ကျခြင်း၊ လူ့ဘဝကြီးကို စက်ဆုပ်ခြင်း စသည်တို့ မရှိတော့ချေ။ သို့ရာတွင် ဤသို့သော ဝေဒနာများ ကပ်ရောက်လာတိုင်း ဖြစ်ပေါ်လာတတ်သော ပူလောင်မှုမျိုးကား ၎င်း၏ အသားအသွေးထဲ စိမ့်ဝင်လာခဲ့ပြီ ဖြစ်လေသည်။ 'မိမိတို့သည် မည်သည့်အရာအတွက် အသက်ရှင်နေကြရသနည်း။ မည်သည့်အတွက် အသက်ရှင်နေကြရသနည်း။ ကမ္ဘာကြီး၌ မည်သည့်အခြင်းအရာတို့ ဖြစ်ပျက်နေကြသနည်း' ဟူသော အမေးပုစ္ဆာများကို ပီယာသည် တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ မေးမိသည်။ လူ့ဘဝကြီး၏ အခြင်းအရာ အနက်အဓိပ္ပာယ်တို့ကို အသစ်တစ်ဖန်ပြန်၍ ဆင်ခြင်မိသည်။ သို့ရာတွင် လောက၌ ထိုအမေးပုစ္ဆာကို ပြေလည်အောင် ဖြေဆိုနိုင်သောအဖြေဟူ၍ တစ်ခုမျှ မရှိကြောင်းကို သိပြီးသည့်နောက်၌ကား ပီယာသည် ထိုကိစ္စများကို နောက်ထပ်စဉ်းစားခြင်း မပြုတော့ဘဲ စာအုပ်တစ်အုပ်ကို ကောက်ဖတ်နေတတ်သည်။ သို့မဟုတ်လျှင် ကလပ်သို့ ထွက်လာတတ်သည်။ ဤသို့မှ မဟုတ်သေးလျှင် နီကို လေဗစ်အမည်ရှိ ရောင်းရင်းတစ်ဦးအိမ်သို့ အလည်ထွက်ကာ အာလာပသလ္လာပ ပြောဆိုနေခြင်း ပြုတတ်သည်။

'ဟယ်လင်ဟာ သူ့ရဲ့ခန္ဓာကိုယ်အလှပျက်မှာက လွဲရင် လောကကြီးမှာ ဘာကိုမှ ဂရုစိုက်တဲ့ မိန်းမ တစ်ယောက် မဟုတ်ဘူး။ ဟယ်လင်ဟာ ကမ္ဘာပေါ်မှာ အယုတ်ညံ့ဆုံး မိန်းမတစ်ဦးပဲ'ပီယာသည် ဤသို့ တွေးမိ၏။ 'ဒါပေမဲ့ လူတွေကတော့ ဟယ်လင်ဟာ လိမ္မာယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်းအရာမှာ ပြိုင်ဘက်ကင်းသူလို့ ယူဆကြပြီး သူ့ကို ချီးကျူးထောမနာ ပြုနေကြတယ်။ နပိုလီယန်ဟာ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတုန်းမှာ လူတိုင်းရဲ့ စက်ဆုပ်မုန်းတီးခြင်း ခံခဲ့ရတယ်။ ဒါပေမဲ့ သုံးစားမရတော့တဲ့ လူပြက် ဖြစ်တဲ့အခါကျတော့ ဩစတြီးယား ပြည့်ရှင် ဖရန်စစ် ဧကရာဇ်ဘုရင်ဟာ သူ့သမီးတော်ကို ပဏ္ဏာဆက်ပြီး ချီးကျူးခြင်း ပြုပြန်တယ်။ စပိန်လူမျိုးတွေဟာ ဇွန်လ ၁၄-ရက်နေ့မှာ ပြင်သစ်တွေကို အောင်နိုင်လိုက်တဲ့အတွက် ဗရင်ဂျီ ဘုန်းကြီးတွေပင့်ပြီး ကျေးဇူးတော်ချီးမွမ်းပူဇော်ပွဲ လုပ်ကြတယ်။ ပြင်သစ်တွေကလဲ အဲဒီနေ့မှာပဲ ငါတို့သာလျှင် စပိန်လူမျိုးတွေကို အောင်နိုင်သူဖြစ်တယ်ဆိုပြီး ကျေးဇူးတော်ချီးမွမ်းပူဇော်ပွဲ လုပ်ကြပြန်တယ်။ ပြင်သစ်တွေရဲ့ ကျေးဇူးတော် ချီးမွမ်းပူဇော်ပွဲတွေကိုလဲ ဗရင်ဂျီ ဘုန်းကြီးတွေကပဲ ကမကထ ပြုလုပ်နေကြပြန်တယ်။ ငါတို့ရဲ့ ညီအစ်ကိုတော်ဂိုဏ်းဝင်တွေဟာ မိမိ၏အိမ်နီးချင်းအတွက် အစစအရာရာကို စွန့်လွှတ်မယ်လို့ လက်မောင်းသွေးဖောက်ပြီး သစ္စာဆိုခဲ့ကြပေမယ့် မရှိ ဆင်းရဲသားတွေအတွက် လှူဒါန်းကြပါဆိုတဲ့အခါကျတော့ ဒင်္ဂါးတစ်ပြားတောင် ထည့်ဝင်ခြင်း မပြုကြဘူး။ ဒါတွင် မကဘူး၊ သူတို့တစ်တွေဟာ တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်း ဆန့်ကျင် တိုက်ခိုက်နေကြပြန်တယ်။ သူ့ဂိုဏ်းသာလျှင်



www.burmeseclassic.com

မှန်တယ်၊ ငါ့ဂိုဏ်းသာလျှင် မှန်တယ်လို့ မာန်စောင်တက်နေကြတယ်။ ဘာမှအသုံးမဝင်တဲ့ စကော့ ညီအစ်ကိုတော်ဂိုဏ်းက ရေးသူကိုယ်တိုင် နားလည်ခြင်းမရှိတဲ့ ကော်ဇောတစ်ချပ်မှာ ရေးထားတဲ့ ညီအစ်ကိုတော် ဂိုဏ်းပဋိညာဉ်စာတမ်းတွေကို သူရသင့်၊ ငါရသင့် ငြင်းခုံနေကြတယ်။ ငါတို့တစ်တွေဟာ မိမိအား ထိခိုက်နစ်နာအောင်ပြုသူကို ခွင့်လွှတ်ခြင်း၊ အိမ်နီးချင်းကို ချစ်ခင်ခြင်း စတဲ့ခရစ်ယာန်အဆုံးအမတွေကို ယုံကြည်မယ်လို့ ပါးစပ်ကပြောကြတယ်။ ခရစ်ယာန်သာသနာကြီး အဓွန့်ရှည်ရေးအတွက် မော်စကိုမှာ သုဓမ္မာဇရပ် အဆောင်လေးဆယ်ကိုအကြိမ်ပေါင်းလေးဆယ် ဆောက်လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ ငါတို့တစ်တွေဟာ ဒီတရားတွေ ဒီဒေသနာတွေ ဒီအဆုံးအမတွေကို တကယ်လိုက်နာကြရဲ့လား။ မလိုက်နာဘူး။ ဘယ်သူမှ မလိုက်နာဘူး။ အိမ်နီးချင်းကို ချစ်ခင်ပါလို့တဖွဖွပြောနေတဲ့ လူတွေဟာ မနေ့ကပဲ စစ်တပ်ကထွက်ပြေးလာတဲ့ တပ်ပြေးတစ်ယောက်ကို ရိုက်သတ်လိုက်ကြပြီ မဟုတ်လား။ အိမ်နီးချင်းကို ချစ်ရင် ဘာ့ကြောင့်ရိုက်သတ်ကြရသလဲ။ မေတ္တာနဲ့ မုဒိတာကို လက်ကိုင်ပြုတယ်ဆိုတဲ့ သင်းအုပ်ဆရာဟာကော ဘာဖြစ်လို့ အသတ်ခံရခါနီး လူဆီသွားပြီး သရဏဂုံ တင်ပေးနေရသေးသလဲ။ မေတ္တာနဲ့ မုဒိတာတရားကို လက်ကိုင်ပြုရင် အသတ်ခံရမယ့်လူရှေ့သွားပြီး ဘာ့ကြောင့် သွေးအေးအေးနဲ့ သရဏဂုံတင်ပေးနေရသေးသလဲ။ ငါရူးသလား။ ကမ္ဘာကြီး ရူးနေသလား။ ဘယ်သူရူးသလဲ'

ပီယာသည် ဤသို့ တွေး၏။ လူတို့သည် တံလျှပ်ကို ရေထင်လျက်ရှိကြ၏။ လူတို့သည် ဤလိမ်လည်လှည့်ဖြားမှုများကို အစစ်ထင်လျက် ရှိကြ၏။ ထိုအဖြစ်ကိုတွေးလိုက်တိုင်း ထိုအဖြစ်သည် အသစ်အဆန်းတစ်ခုသဖွယ် ပီယာအား ကြီးစွာအံ့အားသင့်ခြင်း ဖြစ်စေ၏။

'ဟောဒီ လောကကြီးမှာမရှိတဲ့ တံလျှပ်တွေ၊ လိမ်လည်လှည့်ဖြားမှုတွေ၊ အရှုပ်အထွေးတွေကို ငါသိတယ်။ ငါမြင်တယ်။ ငါသိသလို၊ ငါမြင်သလို၊ တခြားလူတွေသိအောင်၊ မြင်အောင် ငါ ဘယ်လို လုပ်ရမလဲ။ ငါဟာ ဒီအခြင်းအရာတွေကို လူတွေသိအောင် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ငါကြိုးစားတိုင်း သူတို့တစ်တွေဟာလဲ ငါ့လိုပဲ ဒီအခြင်းအရာ၊ ဒီအဖြစ်တွေကို စိတ်ထဲမှာ သိနေကြပြီး မမြင်ချင်ယောင်၊ မသိချင်ယောင်ပြုနေခြင်း ဖြစ်တယ်ဆိုတာကို သိလာခဲ့ရတယ်။ မကောင်းမှုန်းကို စိတ်ထဲမှာသိနေကြပေမယ့်မသိချင်ဟန် ပြုနေကြတယ်။ မကောင်းမှန်းကို မြင်နေကြပေမယ့် မမြင်ချင်ဟန် ပြုနေကြတယ်။ ငါ ဘာလုပ်ရမလဲ။ ဒီလောကဘုံအနှမ်းကြီးထဲက ရုန်းထွက်နိုင်အောင် ဒီအရူးဘုံကြီးကို ပြောင်းလဲနိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲ' ပီယာသည် ထိုသို့တွေး၏။

အချို့လူများသည် လောက၌ ကောင်းမြတ်ခြင်းနှင့်ဆိုးယုတ်ခြင်း၊ မှန်ကန်ခြင်းနှင့် ဖောက်ပြန်ခြင်း စသည့်အရာတို့ ရှိသည်ဟူ၍ သိလည်းမသိ၊ မြင်လည်း မမြင်ကြဘဲမျက်စိကန်းတစ္ဆေမကြောက် ဆိုသကဲ့သို့ လူ့ဘဝတွင်ပျော်ပျော်ကြီးနေ၍၊ ပျော်ပျော်ကြီး သေသွားကြသောကံကောင်းသောသူများဖြစ်ကြပြီး အချို့လူများ (အထူးသဖြင့် ရုရှားလူမျိုးများ)ကား လောကတွင် ကောင်းမြတ်ခြင်းနှင့် မှန်ကန်ခြင်း စသည့် အရာတို့ရှိကြောင်း သိသော်လည်း လက်တွေ့ မလုပ်နိုင်ကြဘဲ 'ငါတို့ကား ဒုစရိုက်ဝဲဩဃတွင် လူးလာပျော်မွေ့နေကြသည့် ဒုစရိုက်ကောင်များသာတကား'ဟု တွေးကာ စိတ်ဆင်းရဲခြင်း ဖြစ်၍နေကြရသော ကံဆိုးသူများဖြစ်ကြရာ ပီယာမှာ ဒုတိယအမျိုးအစားထဲက လူတစ်ယောက် ဖြစ်လေသည်။

ပီယာ၏အမြင်၌ လောကကြီးသည် ဆိုးယုတ်မှု၊ လိမ်လည်မှုတို့ဖြင့် အတိပြီးလျက် ရှိသည်ဟု ထင်၏။ မည်သည့်အမှုကို ပြုသည်ဖြစ်စေ၊ ထိုအမှုသည် ဆိုးယုတ်မှုသာတကား၊ ဖောက်ပြန်မှုသာတကားဟု တွေးမိ၍စက်ဆုပ်ခြင်းဖြစ်၏။ ထိုအရာတို့ကို ရွံ့မုန်းခြင်း ဖြစ်၏။ ထိုအသိ ထိုအမြင်တို့သည် ၎င်းအား ဘာကိုမျှ မလုပ်ချင်အောင် ဟန့်တားလျက် ရှိကြ၏။ သို့ရာတွင် မိမိသည်အသက်ရှင်နေထိုင်ရခြင်းပြုရဦးမည် မဟုတ်လော၊ အလုပ်လုပ်ရဦးမည် မဟုတ်လော။ မိမိသည် ရှောင်ကွင်းခြင်းငှာမတတ်နိုင်တော့ဘဲ ဘဝဟူသော ဝန်ထုပ်ဝန်ပိုးကြီးကိုထမ်းနေရဦးမည် မဟုတ်လော။ ထိုသို့တွေးမိသည့်အခါ၌ပီယာသည် ကြီးစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိသည်။ ထို့ကြောင့် ပီယာသည် ဤအဖြစ်ကို မတွေးမိအောင်အမျိုးမျိုးကြိုးစားမေ့ဖျောက်ပစ်၏။ မင်းပွဲသဘင်များသို့တက်ခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်း၊ ပန်းချီကားများ ဝယ်ယူစုဆောင်းခြင်း၊ အဆောက်အအုံများ



www.burmeseclassic.com

ဆောက်လုပ် လှူဒါန်းခြင်း၊ စာပေကျမ်းဂန် လေ့လာခြင်း စသည့် နည်းလမ်းများဖြင့် ထိုအဖြစ်ဆိုးကြီးကို မေ့ပျောက်ရန် ကြိုးစား၏။

ပီယာသည် စာပေများကို သိမ်းကျုံး၍ ဖတ်သည်။ စံအိမ်သို့ပြန်ရောက်၍ လက်ပါးစေများက အဝတ်အစားများကို ချွတ်ယူလဲလှယ်ပေးနေစဉ်၌ပင် ပီယာသည် စာဖတ်၏။ စာဖတ်ခြင်းပြီးဆုံးလျှင် အိပ်ပျော်ခြင်းသို့ ရောက်၏။ အိပ်ရာမှနိုးလျှင် ကလပ်ဧည့်ခန်းဆောင်ထဲတွင် အာလာပသလ္လာပ ပြောဆိုခြင်းပြု၏။ အာလာပသလ္လာပ ပြောဆိုခြင်း ဆုံးလျှင် သူရာကိုမှီဝဲခြင်း၊ မိန်းမများနှင့် ပေါင်းဖော်ခြင်း ပြု၏။ သူရာကို မှီဝဲပြီးနောက် တစ်ဖန် အာလာပသလ္လာပ ပြောဆိုခြင်း၊ စာဖတ်ခြင်း၊ အရက်သောက်ခြင်းတို့ကို ပြု၏။ ဤသို့ဖြင့် သံသရာလည်လျက် ရှိလေရာ အရက်သောက်ခြင်းသည် ပီယာ့အဖို့ ကိုယ်ခန္ဓာအားဖြင့်လည်းကောင်း၊ စိတ်ဓာတ်အားဖြင့် လည်းကောင်း မရှိမဖြစ်သည့် အရာတစ်ခု ဖြစ်လာခဲ့လေသည်။ အလွန်အမင်း ဝဖြိုးသည့်အတွက် အရက်သောက်ခြင်းသည် များစွာအန္တရာယ်များကြောင်းဖြင့် သမားတော်များက သတိပေးသော်လည်း ပီယာသည် အလွန်အကြူး သောက်မြဲသောက်လျက် ရှိသည်။ ကြာသော် ပီယာသည် ကြီးမားလှသော သူ့ပါးစပ်ကြီးထဲသို့ စက်ဖြင့် လောင်းထည့်လိုက်သကဲ့သို့ အရက်ကို ခွက်ပေါင်းများစွာ လောင်းချပြီးမှ နေသာထိုင်သာ ရှိလာသောအဖြစ်၊ တစ်ကိုယ်လုံး ပူနွေးလာပြီးမှ မိတ်ဆွေ ရောင်းရင်းများအား ရင်းနှီးစွာ ဆက်ဆံနိုင်သောအဖြစ်၊ စကားကို ခပ်သွက်သွက် ပြောနိုင်သောအဖြစ်သို့ ရောက်လာလေတော့သည်။ ပီယာသည် တစ်ပုလင်းနှစ်ပုလင်းခန့် သောက်ပြီးသည့်အခါကျမှ ၎င်းအား ခြောက်လှန့်လျက်ရှိသော ကြောက်စရာကောင်းလောက်အောင် ရှုပ်ထွေးလှသည့် လူ့ဘဝ၏ ချည်ခင်ကြီးသည် မိမိထင်သလောက် ကြောက်စရာကောင်းခြင်း မရှိပါတကားဟု ခပ်ရေးရေး သဘောပေါက်လာတတ်၏။ ညစာစားပြီး သို့မဟုတ် ညလယ်စာ စားပြီးနောက်၌ ခပ်ထွေထွေဖြင့် စကားပြောစဉ် နားထောင်စဉ် စာဖတ်စဉ်၌လည်း ပီယာသည် ချည်ခင်ကြီးကဲ့သို့ ရှုပ်ထွေးလှသော လူ့ဘဝကြီး၏ အကြောင်းခြင်းရာတို့ကို တွေးနေမိသည်။ သို့ရာတွင် ထို့ထက်ပို၍ အရက်မူးလာသည့်အခါတွင်မူကား ပီယာသည် 'အို ဒါက သိပ်အရေးမကြီးပါဘူး။ ဒီအရှုပ်အထွေးကြီးကို ငါ ရှင်းမယ်။ ငါ့မှာ ဖြေရှင်းနိုင်တဲ့နည်းတွေ တွေ့နေပြီပဲ။ ခုတော့ အချိန်မရှိသေးဘူး။ ဒီပြဿနာကို နောက်မှစဉ်းစားပြီး ရှင်းမယ်' ဟု ကိုယ့်ဘာသာကိုယ် ပြောမိသည်။ သို့ရာတွင် ထို 'နောက်မှ'သည် မည်သည့်အခါမှ ရောက်မလာ တော့ချေ။

နံနက်အိပ်ရာကနိုး၍ အရက်ရှိန် ပြေသွားသောအခါ ပြဿနာဟောင်းများသည် အသစ်ပြန်ဖြစ်လာကြပြန်ကာ ယခင်ကကဲ့သို့ပင် ကြောက်စရာကောင်းသော အသွင်ကို ဆောင်လာကြပြန်သည်။ ထိုအခါတွင် ပီယာသည် စာအုပ်တစ်အုပ်ကို လျင်မြန်စွာ ကောက်၍ ဖတ်လိုက်ခြင်းဖြင့် စိတ်ကို ဖြေသည်။ ပီယာအဖို့ ဤအချိန်တွင် ဧည့်သည် ရောက်လာခြင်းလောက် ဝမ်းသာစရာကောင်းသော အရာကား မရှိတော့ချေ။

စစ်မြေပြင်ကတုတ်ကျင်းထဲ၌ ရန်သူတရကြမ်း ပစ်ခတ်မှုကိုခံရသည့် စစ်သားများသည် (အခြားဘာမျှ အလုပ် မရှိပါက) စိတ်ပြေလက်ပျောက် အလုပ်တစ်ခုကို ရှာဖွေ လုပ်ကိုင်ခြင်းဖြင့် အန္တရာယ်ကို ရင်ဆိုင်နိုင်အောင် အာရုံ ပြောင်းပေးကြရသည်ဟု ပီယာကြားဖူး၏။ ပီယာ၏ အမြင်၌ကား လူများသည် ထိုစစ်သားများနှင့် အလားသဏ္ဌာန်တူလေသည်။ ကတုတ်ကျင်းထဲတွင် ရန်သူ၏ ပစ်ခတ်မှုကို ခံရသည့် စစ်သားသည် တွေ့ရာအလုပ်တစ်ခုကို ကောက်လုပ်ခြင်းဖြင့် အန္တရာယ်မှ ခိုလှုံရာကို ရှာဖွေသကဲ့သို့ လူတို့သည်လည်း အမျိုးမျိုးသော နည်းလမ်းများဖြင့် လူ့ဘဝကြီး၏ ခိုကိုးရာမဲ့သောအဖြစ်မှ ထွက်ပြေးကာ ခိုလှုံရာကို ရှာကြသည်သာ ဖြစ်လေသည်။ စိတ်၏ သက်သာရာ သက်သာကြောင်းကို ရှာကြ ဖွေကြသည်သာ ဖြစ်လေသည်။ အချို့သည် အထွတ်အထိပ်ရောက်ရေးဟူသော ရည်မှန်းချက်ကြီးထားငြင်းဖြင့် စိတ်သက်သာရာကို ရှာကြ၏။ အချို့က လောင်းတမ်းကစားခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က ဥပဒေများ ရေးဆွဲခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က မိန်းမလိုက်စားခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က ကစားစရာအရုပ်ကလေးများ လုပ်ခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က မြင်းမွေးမြူခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က နိုင်ငံရေးလုပ်ခြင်းဖြင့် စိတ်သက်သာရာ ရှာကြ၏။ အချို့က ကစားခုန်စား လိုက်စား



www.burmeseclassic.com

ခြင်းဖြင့် စိတ်သက်သာရာ ရကြ၏။ အချို့က အရက်သောက်ခြင်းဖြင့် စိတ်သက်သာရာ ရကြ၏။ အချို့ကလည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခြင်းဖြင့် စိတ်သက်သာရာကို ခိုလှုံရာကို ရှာဖွေခြင်း ပြုကြလေသည်။ သို့ဖြစ်ရကား လူ့ဘဝမှ ထွက်ပြေးကာ နည်းအမျိုးမျိုးဖြင့် ခိုလှုံရာ စိတ်သက်သာရာကို ရှာဖွေနေကြသောလူများသည် ရန်သူ ပစ်ကွင်းထဲ၌ အလုပ်တစ်ခုခုဖြင့် စိတ်သက်သာရာကို ရှာဖွေနေကြသော စစ်သားများနှင့် မည်သို့ ခြားနားကြသေးသနည်း။

ပီယာသည် ဤသို့ တွေးမိလေသည်။

'ဟုတ်တယ်။ လောကကြီးမှာ အရေးကြီးတဲ့ အလုပ်ရယ်လို့လဲ မရှိဘူး။ သေးဖွဲတဲ့ အလုပ်ရယ်လို့လဲ မရှိဘူး။ အားလုံး အတူတူချည်းပဲ။ လောကကြီးမှာ မှီတင်းနေထိုင်သမျှသော အသီးသီးသော လူတွေရဲ့ အသီးသီးသော အလုပ်အကိုင်များဟာ လူ့ဘဝကြီးက ထွက်ပြေးပြီး စိတ်သက်သာရာ ခိုလှုံရာကို ရှာတဲ့ နည်းလမ်းများသာ ဖြစ်တယ်။ တခြားဘာမျှ မဟုတ်ဘူး။ လူအသီးသီးရဲ့ အလုပ်အသီးသီးဟာ ရှုပ်ထွေးလှတဲ့ လူ့ဘဝကြီး၊ ကြောက်စရာကောင်းလှတဲ့ လူ့ဘဝကြီးကို မမြင်အောင်၊ မတွေ့အောင် ရှောင်ပြေးတဲ့ နည်းလမ်းများသာ ဖြစ်ပေတယ်။ စိတ်သက်သာရာ ခိုလှုံရာကိုရှာတဲ့ နည်းလမ်းများသာ ဖြစ်ပေတယ်'

## အခန်း ၂

ဆောင်းအဝင်၌ မင်းသားကြီး ဘိုလကွန်စကီနှင့် သမီးတော် မင်းသမီးကလေး မေရီတို့သည် မော်စကိုသို့ ပြောင်းရွှေ့လာခဲ့ကြ၏။ ထိုအချိန်မှာ အလက်ဇန်းဒရားဘုရင်၏ ပြုပြင်ပြောင်းလဲမှုများကို တိုင်းသူပြည်သားများက စိတ်ဝင်စားမှု လျော့နည်းလာချိန်ဖြစ်လျက် ရုရှားလူမျိုးများကြား၌ ပြင်သစ်ဆန့်ကျင်ရေး စိတ်ဓာတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာချိန်လည်း ဖြစ်လေသည်။ မင်းသားကြီးဘိုလကွန်စကီမှာ နိုင်ငံအကျိုးကို ထမ်းရွက်ခဲ့ဖူးသော အတိတ်နောက်ကြောင်းရှိခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်း၊ မည်သူကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိမိဘာသာ လွတ်လပ်စွာ တွေးခေါ်တတ်ခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်သည့်အလျောက် ထိုအချိန်တွင် မော်စကိုမြို့သူမြို့သားများ၏ အထူးကြည်ညိုလေးစားခြင်းကို ခံရလျက်ရှိကာ မော်စကိုမြို့ရှိ အစိုးရ အတိုက်အခံဂိုဏ်းသားများ၏ မဏ္ဍိုင်ကြီးသဖွယ်ဖြစ်လျက် ရှိလေသည်။

မင်းသားကြီး ဘိုလကွန်စကီမှာ ထိုနှစ်၌ များစွာ အိုစာရင့်ရော် လာခဲ့လေပြီ။ သတိလစ်တတ်ခြင်း၊ မကြာသေးမီက အဖြစ်အပျက်များကို မေ့လျော့တတ်ခြင်း၊ ရှည်ဝေးသော အတိတ်ဖြစ်ရပ်များကို မှတ်မိတတ်ခြင်း၊ မော်စကိုမြို့ရှိ အတိုက်အခံ ဂိုဏ်းသားများ၏ ခေါင်းဆောင်အဖြစ် လက်ခံရာ၌ ကလေးစိတ်ဝင်ကာ ဂုဏ်ယူဝါကြွားတတ်ခြင်း စသည်တို့ဖြင့် ဇရာဒုဗ္ဗလ၏ လက္ခဏာများကို ထင်ရှားစွာ ပြစပြုလာခဲ့လေပြီ။ သို့သော်လည်း အဘိုးအိုကြီး ဘိုလကွန်စကီတွင် မြင်ရသူအပေါင်းတို့၏ စိတ်၌ မိမိအား ခန့်ညားရိုသေစိတ် ဖြစ်ပေါ်လာအောင် နိုးဆွပေးနိုင်သော တန်ခိုးသတ္တိကား ရှိပေသေး၏။ အထူးသဖြင့် ရှေးခေတ်ပုံ တစ်စုံဟောင်းကြီးကိုဝတ်၍ နံ့သာမှုန့်ဖြူးထားသော ဆံပင်တုဖြင့် ညနေလက်ဖက်ရည်ပွဲသို့ဆင်းလာကာ တစ်ယောက်ယောက်က စကားစပေးလိုက်သဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြတ်တောင်းပြတ်တောင်း ပြောဆိုခြင်း ပြုသည့် အခါများ၌ လည်းကောင်း၊ လက်ရှိအခြေအနေများကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသောအခါများ၌ လည်းကောင်း၊ မင်းသားကြီး ဘိုလကွန်စကီမှာ မြင်ရသူအပေါင်းတို့ ရိုသေခန့်ညားလောက်သည့် အမူအရာမျိုးကို ဆောင်လျက် ရှိလေသေးသည်။ ကြီးမားသော ကိုယ်လုံးပေါ်မှန်ကြီးများ ဆင်ယင်ထားသည့် ရှေးစံအိမ်ကြီးသည် လည်းကောင်း၊ ပြင်သစ်တော်လှန်ရေး မတိုင်မီကပေါ်ခဲ့သော ရှေးအိမ်ထောင် ပရိဘောဂများသည် လည်းကောင်း၊ ရှေးထုံးစံအတိုင်း နံ့သာမှုန့် လိမ်းကျံထားသော အဆောင်ကိုင်များသည်လည်းကောင်း၊ သုန်မှုန်လျက်ရှိသော မင်းသားကြီး ဘိုလကွန်စကီသည် လည်းကောင်း၊ (မင်းသားကြီးကိုယ်တိုင်မှာလည်း လွန်ခဲ့သော ရာစုနှစ်၏ အမှတ်လက္ခဏာသာ မဟုတ်ပါလော။) ခမည်းတော်ကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည့် စိတ်နှလုံးနူးညံ့သော မင်းသမီးကလေးမေရီနှင့် လှပသော ပြင်သစ်သူ ရံရွေတော် ဘုရင်းတို့သည် လည်းကောင်း၊ မင်းသားကြီး ဘိုလကွန်



www.burmeseclassic.com

စကီ၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် မြင်ရသူတို့အဖို့ ကြီးကျယ်ခမ်းနား၍ ကြည့်မငြီးနိုင်သော မြင်ကွင်းကြီး တစ်ခုသဖွယ်ဖြစ်လျက် ရှိလေသည်။

သို့ရာတွင် ဧည့်သည်များသည် မိမိနှင့် အိမ်သည် မင်းသားကြီး ဘိုလကွန်စကီတို့ အတူတကွ စကားပြောဆို နေကြသည့် နှစ်နာရီခန့်မျှလောက်သော အချိန်ပိုင်း ကလေးအတွင်း၌သာ စံအိမ်ကြီး၏ အပြင်ပန်းကြီးကျယ် ခမ်းနားပုံကို မြင်ကြရခြင်းဖြစ်၍ ကျန်နှစ်ဆယ့်နှစ်နာရီ အတွင်း စံအိမ်ကြီးထဲ၌ ဖြစ်ပျက်နေသည့် အိမ်တွင်းရေး ကိစ္စများကိုမူ ထည့်သွင်းစဉ်းစားမိကြပုံမရချေ။

ထိုနှစ်ဆယ့်နှစ်နာရီအတွင်း ဖြစ်ပျက်နေသော အိမ်တွင်းရေးဘဝကား အထူးသဖြင့် မင်းသမီးကလေး မေရီအဖို့ များစွာနောက်ကျူဖွယ်ကောင်းလှပေ၏။ မော်စကို မြို့သို့ ရောက်လာသည့်အချိန်မှစ၍ ဖုန်းတောင်းယာ စကာများကို လျှော့ချန်းစွန့်ကြခြင်း၊ ကျေးလက်စံအိမ်တွင် အထီးကျန် အေးချမ်းသာယာစွာ နေထိုင်ခြင်း စသည့် မင်းသမီးကလေးမေရီအား ပျော်ရွှင်ခြင်းဖြစ်စေသောအရာ တို့သည် ကွယ်ပျောက်ခဲ့ကြလေပြီ။ မြို့ကြီးပြကြီးတွင် နေထိုင်ရသည့် အရသာများ၊ အကျိုးတရားများသည်လည်း ၎င်းအဖို့ မရှိတော့ပြီ။ မင်းသမီးကလေးမေရီသည် မင်းပွဲ သဘင်များသို့လည်းတက်ရောက်ခြင်းမပြုချေ။ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် မိမိမပါဘဲ သမီးတော် အား အပြင်ထွက်ခွင့်ပြုလေ့ မရှိကြောင်းကို သိထားကြရုံမျှ မက မင်းသားကြီး ဘိုလကွန်စကီ ကိုယ်တိုင်မှာလည်း ကျန်းမာရေးချို့တဲ့သည့်အလျောက် အပြင်သို့ ထွက်ခဲလှပေ ရာ မည်သူကမျှ မင်းသမီးကလေးမေရီအား မင်းပွဲသဘင် များ၊ ညစာစားပွဲများသို့ ဖိတ်ကြားခြင်း မပြုကြတော့ချေ။ မင်းသမီးကလေးမေရီသည် အိမ်ထောင်ပြုရန် မျှော်လင့် ချက်ကိုလည်း လုံးဝ စွန့်လွှတ်လိုက်လေပြီ။ မင်းသားကြီး ဘိုလကွန်စကီသည် စံအိမ်သို့ လာရောက်၍ သမီးတော် အား ပိုးပန်းမည်ဟု ထင်ရသော လူပျိုလူရွယ်များကိုလည်း ဟက်ဟက်ပက်ပက် ဆက်ဆံလေ့ မရှိခြင်းကိုပါ မင်းသမီး ကလေးမေရီ သတိပြုမိ၏။ မင်းသမီးမေရီ၌ အပေါင်း အသင်းဟူ၍လည်း မရှိတော့ချေ။ ဤတစ်ခေါက် မော်စကို သို့ လာခဲ့ရာ၌ မင်းသမီးကလေး မေရီသည် မိမိနှင့်အရင်း နီးဆုံး မိတ်ဆွေနှစ်ယောက်ကိုလည်း စိတ်ပျက်သွားခဲ့ လေပြီ။ တစ်ယောက်မှာ မည်သည့်အခါမျှ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တိုင်ပင်၍ စိတ်မချရသည့် ပြင်သစ်သူဘုရင်း ဖြစ်၏။ ယခုတလော၌ ပြင်သစ်သူဘုရင်းသည် မင်းသမီး ကလေးမေရီကို ဆက်ဆံရာတွင် မချေမငံပြုလိုသည့် သဘောမျိုးကိုပြတတ်လေရာ မင်းသမီးကလေးမေရီသည် အကြောင်း အမျိုးမျိုးကြောင့် ပြင်သစ်သူဘုရင်းနှင့် မျက်နှာ ချင်းမဆိုင်တော့ဘဲ ဘာသိဘာသာပင်နေလေ့ရှိ၏။ အခြား တစ်ယောက်ကား မိမိနှင့်ငါးနှစ်တိုင်တိုင် စာချင်း အဆက် အသွယ် ပြုခဲ့သော မော်စကိုမြို့တွင် နေထိုင်လျက်ရှိသည့် ဂျူလီဖြစ်၏။ ဂျူလီသည် စာထဲ၌သာ အလွမ်းသယ်ခဲ့ သော်လည်း လူချင်းတွေ့သောအခါတွင်မူ လုံးဝခြားနားကာ သူစိမ်းပြင်ပြင်သဖွယ် ဖြစ်ခဲ့လေပြီ။ ထိုအချိန်က ဂျူလီမှာ မောင်များ သေဆုံးခဲ့ပြီဖြစ်သဖြင့် မော်စကိုမြို့တွင် အချမ်းသာဆုံးသော အမွေစား အမွေခံတစ်ဦး ဖြစ်လာကာ မင်းပွဲသဘင်များ၊ ပျော်မှု ပါးမှုများ၌ လှည့်လည်ကျက်စား လျက် ရှိလေသည်။ ၎င်း၏အနီး၌လည်း လူပျိုလူရွယ်များ ဝိုင်းဝိုင်းလည်လျက် ရှိကြ၏။ ဂျူလီ၏စိတ်၌ ထိုလူပျို လူရွယ်များသည် မိမိ၏ အဖိုးထိုက်တန်ခြင်းကို ယခုမှ မဟားတရား သဘောပေါက်လာကြကာ အလုအယက် ဖြစ်နေကြသည်ဟု ယူဆသည့်အလျောက် ငယ်ထိပ် ထိအောင် မာနတက်လျက်ရှိ၏။ မိန်းမတစ်ယောက်၏ ဘဝ၌ လက်ထပ်ထိမ်းမြားခြင်းပြုရန် အကောင်းဆုံးဟု ၎င်းကိုယ်တိုင် သဘောပေါက်လာသော အချိန်တစ်ချိန်၊ ထိုအချိန်တွင်မှ လက်ထပ်ခြင်းမပြုလျှင် မိမိသည် ဤဘဝ၌ အပျိုကြီးဘဝဖြင့် အရိုးထုတ်ရချေတော့မည်ဟု သဘော ပေါက်လာသော အချိန်တစ်ချိန်ဟူ၍ ရှိတတ်ရာ ဂျူလီမှာ ယခုအခါ၌ ထိုအချိန်ကာလမျိုးတွင် ရောက်လျက်ရှိလေပြီ။ မင်းသမီးကလေးမေရီနှင့် ဂျူလီမှာ ယခုအချိန်တွင် တစ်မြို့ တည်းရောက်ရှိနေကြပြီး တစ်ပတ်လျှင် တစ်ကြိမ်ကျ တွေ့ဆုံလျက် ရှိကြသည့်အတွက် (တွေ့မည်သာ တွေ့ရ သော်လည်း မင်းသမီးကလေး မေရီအဖို့ ထူး၍ ကြည်နူးခြင်း မရှိလှချေ။) ကြာသပတေးနေ့သို့ရောက်တိုင်း မင်းသမီး ကလေး မေရီမှာ မိမိ၌ စာရေးရမည့်သူမရှိတော့ပြီဟု စဉ်းစားမိရာက စိတ်လက်မကြည်မသာ ပြုံးမိသေး၏။ မိမိ ချစ်ခင်စုံမက်လှသော မိန်းမပျိုတစ်ဦးကို ညနေတိုင်း သွားရောက် ပိုးပန်းပြီးနောက် နှစ်ပေါင်းများစွာ ကြာသည့်



www.burmeseclassic.com

အခါတွင် ငြီးငွေ့သွားကာ ထိုမိန်းမပျိုကို လက်ထပ်ရန် စိတ်ကုန်ခန်း သွားသူတစ်ဦးကဲ့သို့ မင်းသမီးကလေး မေရီမှာလည်း တစ်ရွာစီနေ တစ်မြေစီခြားလျက်ရှိစဉ်က ဂျူလီကို အောက်မေ့ လွမ်းဆွတ်ခဲ့မိသော်လည်း ယခုအခါ တွင်မူ ဂျူလီနှင့် တွေ့ဆုံရခြင်းကို ငြီးငွေ့သွားခဲ့လေပြီ။ မင်းသမီးကလေးမေရီမှာ မော်စကိုတွင် စကားပြောရမည့်သူ လည်းမရှိ၊ မိမိ၏ စိတ်ဆင်းရဲမှုကို ထုတ်ဖော်ဖွင့်ပြရမည့် သူလည်း ကင်းမဲ့လျက်ရှိသည့်အတွက် စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းခြင်း တို့သည် တိုး၍တိုး၍သာ လာခဲ့လေသည်။ မင်းသားကလေးအင်ဒရေ ပြန်ရောက်လာမည့်အချိန်နှင့် လက်ထပ်မည့်အချိန်မှာလည်း တဖြည်းဖြည်း နီးလာခဲ့ ချေပြီ။ သို့ရာတွင် လက်ထပ်ရေးကိစ္စကို ခမည်းတော်ကြီး အား နားသွင်းထားရန် မင်းသားကလေး အင်ဒရေက မိမိကို တိုက်တွန်း ထားသည့် ကိစ္စနှင့် ပတ်သက်၍ကား မင်းသမီးကလေးမေရီသည် ယခုတိုင် ဘာမျှလုပ်ဆောင် ခြင်း မပြုရသေးချေ။ စင်စစ်၌ လက်ထပ်ရေးကိစ္စမှာ မျှော်လင့်ချက် မရှိသလောက် ဖြစ်လျက်ရှိလေပြီ။ မင်းသား ကြီး ဘိုလကွန်စကီသည် (နဂိုကမှ စိတ်တိုရသည့်အထဲ တွင်) နာတာရှာ၏အမည်ကို ထုတ်ဖော်ပြောဆိုသံ ကြား လိုက်ရတိုင်း ယမ်းပုံမီးကျ ဖြစ်နေတတ်လေသည်။ မင်းသမီး ကလေးမေရီအဖို့ နောက်ထပ်တိုး၍လာသော စိတ်မချမ်း သာစရာ အကွက်တစ်ခုမှာ ခြောက်နှစ်သားရှိပြီဖြစ်သော တူတော် မောင်ဘိုးအေချစ် မင်းသားကလေးကိုကိုအား စာသင်ပေးသည့်ကိစ္စနှင့် ပတ်သက်လျက်ရှိ၏။ မင်းသမီး ကလေးမေရီသည် တူတော်လေးအား သင်ခန်းစာများ သင်ကြားပေးသည့်အခါများ၌ မိမိကိုယ်တိုင် ခမည်းတော် ကြီးကဲ့သို့ စိတ်တိုလျက် ရှိတတ်ခြင်းကို တွေ့ရလေသည်။ မင်းသမီး ကလေးမေရီသည် ဤအဖြစ်ကြောင့် မိမိဘာသာ အံ့သြမိ၏။ တူတော်လေးကို စာပြပေးရာ၌ စိတ်တိုခြင်း မဖြစ်ရန် မိမိကိုယ်ကို အတန်တန်ဆုံးမသော်လည်း ကြိမ်လုံး ကို လက်တွင်ကိုင်လျက် တူတော်ကလေးအား ပြင်သစ် အက္ခရာများကိုသင်ပြရန် ထိုင်လိုက်သည့်အခါတိုင်း မိမိ သိသမျှကို ကလေးငယ်၏ခေါင်းထဲသို့ချက်ချင်းသွတ်သွင်း ပေးလိုသောဆန္ဒ အားကြီးလျက် (ထိုအချိန်တွင် တူတော် ကလေးမှာ အရီးတော်စိတ်ဆိုးမည်ကို ကြောက်တတ်နေ လေပြီ။) ကလေးက အနည်းငယ် အာရုံစိုက်မှု လျော့သွား

သည် ဆိုလျှင်ပင် မွန်ထူလာကာ ဒေါသတကြီး အော်ငေါက် ပစ်မိသည်။ တစ်ခါတစ်ရံ၌ကား ထိုမျှနှင့်ပင် အားမရဘဲ ကလေးကို လက်မှဆွဲခေါ်လာကာ ခန်းဆောင်ထောင့်တွင် အရပ်ခိုင်းပြီး ဒဏ်ပေးခြင်း ပြုတတ်သည်။ ဒဏ်ပေးပြီး သည့်အခါ၌မူ မင်းသမီးကလေးမေရီမှာ ကြင်နာတရား ခေါင်းပါးသော မိမိ၏အဖြစ်ကို တွေး၍ ယူကျုံးမရဖြစ်ကာ ချုံးချငိုမိပြန်သည်။ ဤအခါတွင် တူတော်ကလေးမှာ လည်း ဘုမသိ ဘမသိဖြင့် အရီးတော်ကဲ့သို့ လိုက်၍ငိုရာ မှ အနားသို့ ရောက်လာပြီး မျက်နှာကို အုပ်ထားသော အရီးတော်လက်ကို ဆွဲဖယ်၍ ချော့မော့တတ်သည်။ မင်းသမီးကလေးမေရီကို စိတ်အညစ်စေဆုံးသောအရာကား ခမည်းတော်ကြီး စိတ်တိုလွယ်ခြင်းပင် ဖြစ်၏။ ခမည်း တော်မင်းသားကြီး ဘိုလကွန်စကီသည် ထစ်ခနဲရှိလျှင် မင်းသမီးကလေးမေရီဘက်သို့သာ ဦးလှည့်လာတတ်၏။ ယခုတလောတွင်ကား ခမည်းတော်ကြီးသည် မင်းသမီး ကလေး မေရီကို ဆူပူမာန်မဲခြင်း ပြုရုံမျှသာမကတော့ဘဲ ရက်စက်ကြမ်းကြုတ်သော သဘောမျိုးကိုပင် ပြလာတတ် လေသည်။ ခမည်းတော်ကြီးသည် မိမိအား တစ်ညလုံး မြေကြီးပေါ်တွင် အိပ်စေလျှင်သော် လည်းကောင်း၊ ရိုက် နှက်ခြင်းပြုလျှင်သော် လည်းကောင်း၊ ထင်းခွေ ရေခပ် ဆန်ဖွပ် မောင်းထောင်း ကျီးမောင်း ကြက်နှင် စသည့် ဘဝမျိုးတွင်ထားလျှင်သော်လည်းကောင်း မင်းသမီး ကလေးမေရီအဖို့ ဘာမျှအပန်းမကြီး။ ဝမ်းမြောက် ဝမ်းသာ လုပ်ရန် အဆင်သင့် ရှိပါသည်။ ယခုကား ဤသို့မဟုတ်ပြီ၊ သမီးအား ချစ်မြတ်နိုးကြောင်းကိုပြရာ၌ သက်ဦးဆံပိုင် ဧကရာဇ်ဘုရင်တစ်ပါးကဲ့သို့ မညှာမတာ နှိပ်စက်ချုပ်ချယ် သည့် နည်းဖြင့်သာ ပြတတ်သော ခမည်းတော်ကြီးသည် (ခမည်းတော်ကြီးသည် သမီးကို ချစ်သည်နှင့်အမျှ ခက်ထန် ကြမ်းကြုတ်စွာ ဆက်ဆံလေ့ရှိသဖြင့် နှစ်ဦးစလုံး စိတ် ဆင်းရဲပင်ပန်းခြင်း ဖြစ်ကြရသည်။) သမီးတော်မေရီ စိတ်ထိခိုက်အောင် နှိပ်နှိပ်နယ်နယ် ပြောဆိုတတ်သည်။ မည်သို့ပြောလျှင် စိတ်ထိခိုက်မည်ဟုလည်း သိထားသည်။ ထိုမျှမက တစ်ဆိတ်ရှိလျှင် မင်းသမီးကလေးမေရီကိုသာ အပြစ်ဖို့တော့သည်။ ခမည်းတော်မင်းသားကြီး ဘိုလကွန် စကီသည် မကြာသေးမီ အတောအတွင်းကပင်လျှင် သမီး တော် မင်းသမီးကလေးမေရီအဖို့ အခြားသောအရာများ



www.burmeseclassic.com

ထက် နာလိုခံခက်ဖြစ်စေသော အပြုအမူတစ်ခုကို ဖြ ပြုလာခဲ့၏။ ၎င်းမှာ ပြင်သစ်သူဘုရင်နှင့် လက်ပွန်းတတီး ဆက်ဆံပြခြင်းပေတည်း။ သားတော်မင်းသားကလေး အင်ဒရေ၏ လက်ထပ်ရေးကိစ္စကို လာရောက်ပြောဆိုစဉ်က သားတော်လက်ထပ်လျှင် မိမိလည်း ပြင်သစ်သူဘုရင်ကို လက်ထပ်မည်ဟု ပြောခဲ့ခြင်းမှာ အစပထမ၌ အပြောင် အပြက် ပြောခဲ့ခြင်းမျှသာ ဖြစ်သော်လည်း ထို့နောက်၌ကား တကယ်စိတ်ပါလာကာ ကျေနပ်လျက် ရှိပုံရလေသည်။ ထိုမှစ၍ မင်းသားကြီးဘိုလကွန်စကီသည် ပြင်သစ်သူ ဘုရင်အား အထူးခင်မင်ကြင်နာသည့် အမူအရာများကို အမြဲတစေ ပြသတတ်လျက် ဘုရင်အား ချစ်ခင်ကြင်နာ ကြောင်းကို ပြခြင်းအားဖြင့်လည်း သမီးတော်အား မနှစ် သက်ကြောင်းကို ထုတ်ဖော်လာခဲ့လေသည်။ မင်းသမီး ကလေးမေရီကမူ ခမည်းတော်ကြီးက မိမိအား စိတ်ထိခိုက် အောင် တမင်လုပ်နေခြင်းဟုသာ ထင်လေသည်။

မော်စကိုရောက်ပြီး တစ်နေ့သ၌ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် မင်းသမီးကလေးမေရီ၏ ရှေ့တွင်ပင် ပြင်သစ်သူဘုရင်၏လက်ကို နမ်းရှုပ်၍ အနားသို့ဆွဲခေါ်ကာ ကြင်နာယုယစွာ ပွေ့ဖက်၏။ (မင်းသမီးကလေးမေရီကမူ သူ့ရှေ့ဖြစ်၍ တမင်လုပ်ခြင်း ဖြစ်သည်ဟု ယူဆသည်။) မင်းသမီးကလေးမေရီသည် မျက်နှာနီရဲကာ အခန်းထဲမှ ပြေးထွက်လာခဲ့၏။ မိနစ် အနည်းငယ်အကြာတွင် ပြင်သစ်သူဘုရင်သည် ခပ်ပြုံးပြုံး ဖြင့်ပင် မင်းသမီးကလေးမေရီ၏ ခန်းဆောင်ထဲသို့ ဝင်ရောက်လာပြီးနောက် များစွာ နှစ်သက်ကျေနပ်လျက် ရှိသော လေသံဖြင့် ရယ်စရာများကို ပြောလျက်ရှိ၏။ မင်းသမီးကလေးမေရီသည် မျက်ရည်များကို ကပျာကယာ သုတ်၍ ပြင်သစ်သူဘုရင်ထံ ဆောင့်ဆောင့်ဆောင့်ဆောင့် နှင့် ထလာခဲ့လျက် ဒေါသတကြီး ရန်တွေ့နေမိသည်။ မင်းသမီး ကလေးမေရီသည် သညာကင်းသူကဲ့သို့ဖြစ်လျက် ရှိ၍ အသံကလည်း တုန်ယင်လျက် ရှိလေသည်။

"ဟင် တယ်တော်တဲ့ မိန်းမပေါ့လေ။ ကြည့်စမ်း။ ချက်ကောင်းမိပြီဆိုပြီး အပိုင်ကြံတာပေါ့၊ ဟုတ်လား။ တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမ၊ တော်တော် ပက်စက်တဲ့မိန်းမ၊ မိန်းမယုတ်၊ သွားသွား၊ ထိပ်ထား ခန်းဆောင်ထဲကို မလာခဲ့နဲ့"

မင်းသမီးကလေးမေရီသည် ဆုံးအောင်ပင် မပြော နိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

နောက်တစ်နေ့၌ကား ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် မင်းသမီးကလေးမေရီအား စကား တစ်ခွန်းမျှ မပြောတော့ချေ။ သို့ရာတွင် ညစာစားချိန်၌ ပြင်သစ်သူဘုရင်အား အရင် တည်ခင်းကျွေးမွေးရမည်ဟု အမိန့်ပေးနေသံကို ကြားလိုက်ရ၏။ ညစာစားပြီး၍ အစေတော်က ကော်ဖီလာချသည့်အခါ ထုံးစံအတိုင်း မင်းသမီးကလေး မေရီရှေ့သို့ အရင်ချသောအခါတွင်မူ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီမှာ ယမ်းပုံမီးကျ ဖြစ်ကာ အစေတော်ဖိလစ်အား လက်ကိုင်တုတ်နှင့် လှမ်းပစ်လိုက်ပြီးနောက် ဖိလစ်ကို အလုပ်မှ ထုတ်ပယ်ကာ တပ်မတော်စစ်သည်စုဆောင်းသည့်အခါတွင် လိုက်ပါသွား ရမည်ဟု ချက်ချင်း အမိန့်ထုတ်လိုက်လေသည်။

"ဒီကောင်ဟာ ဘယ်တော့မှ စကားကို နားမ ထောင်ဘူး။ ငါ နှစ်ခါတိတိ ပြောထားရက်သားနဲ့ စကား ကို နားမထောင်ဘူး။ မှတ်ထားကြ၊ ငါ့အိမ်မှာ ဘုရင်ဟာ သခင်မပဲ။ ဘုရင်ဟာ ငါ့ရဲ့ အကောင်းဆုံးမိတ်ဆွေပဲ" မင်းသားကြီး ဘိုလကွန်စကီသည် သူငယ်တော်ကို ကြိမ်းမောင်းလျက် ရှိ၏။ ပြီးမှ ယခုအတောအတွင်း ပထမဆုံးအကြိမ် သမီးတော် မင်းသမီးကလေးမေရီဘက်သို့ လှည့်၍ ပြောလိုက်သည်။

"သမီးတော်လဲ မြဲမြဲမှတ်ထားပါ။ နောက် ဘုရင်း ကို မနေ့ကပြောသလို ပြောတာမျိုး မကြားပါရစေနဲ့။ ယောင်လို့တောင် မပြောပါနဲ့။ ပြောမိရင် ဒီအိမ်မှာ အရှင်သခင် ဘယ်သူလဲဆိုတာ သမီးတော်ကို သိအောင် ပြရလိမ့်မယ်။ သွား၊ သမီးတော့်မျက်နှာကို ကြာကြာ မကြည့်ချင်ဘူး။ ဘုရင်းကို သွားတောင်းပန်လိုက်"

မင်းသမီးကလေးမေရီသည် ပြင်သစ်သူ ဘုရင်းနှင့် တကွ ခမည်းတော်ကြီးကိုပါ တောင်းပန်ခြင်း ပြုသည်။ ဤသို့တောင်းပန်ရာ၌ မိမိတစ်ဦးတည်းအတွက် သာမဟုတ် ဘဲ အစေတော် ဖိလစ်ကပါ သူ့အတွက် တောင်းပန်ပေးပါ ဆိုသဖြင့် ဖိလစ်အတွက်ပါ တောင်းပန်လိုက်သည်။

ဤသို့တောင်းပန်ခြင်းပြုသည့်အချိန်၌ မိသည်။ မင်းသမီးကလေးမေရီသည် ပြင်သစ်သူ ဘုရင်းနှင့် အနစ်နာခံရသူဖြစ်သည်ဟူသော မာနစိတ်တစ်မျိုးသည်



www.burmeseclassic.com

မင်းသမီးကလေးမေရီရင်ထဲတွင် ပေါ်ပေါက်လာခဲ့လေသည်။ တစ်ခါတစ်ရံ၌လည်း မိမိ အလွန်ကြောက်ရွံ့သည့် ခမည်းတော်မင်းသားကြီးသည် သူ့ရှေ့၌ မမြင်မကန်းဖြင့် မျက်မှန်ကို စမ်းသပ်ရှာဖွေနေခြင်းမျိုး၊ သတိမေ့တတ်ခြင်းမျိုး၊ မစွမ်းမသန်နှင့် ခြေလှမ်းများကာ ချော်လဲခြင်းမျိုး၊ ဤသို့ ချော်လဲသည့်အခါတွင် ၎င်း၏ ဒုက္ခိတအဖြစ်ကို အခြားသူများ မြင်သွားမည်လောဟု စိုးရိမ်တကြီး လှည့်ကြည့်ခြင်းမျိုးနှင့်တကွ ဧည့်သည်များမလာ၍ အငြင်းအခုံ မလုပ်ရသည့်အခါများ၌ ထမင်းစားပွဲတွင် ပန်းကန်ထဲ ခေါင်းစိုက်လျက် အိပ်ပျော်နေခြင်းမျိုးတို့ကို မင်းသမီးကလေးမေရီ တွေ့ရတတ်သည်။ ထိုအခါမျိုး၌ကား မင်းသမီးကလေးမေရီသည် မိမိ၏ ပင်ကိုသဘာဝနှင့် ဖီလာဖြစ်သော ဆန့်ကျင်ဘက်ပြုလိုသည့် စိတ်များ ဝင်လာတတ်လျက် 'အင်း ခမည်းတော်ကြီးဟာ အိုကြီးအိုမနဲ့ ဒုက္ခိတကြီးတစ်ပိုင်းတောင် ဖြစ်နေပြီပဲ။ ငါ သူ့ကို ဘာဖြစ်လို့ မတော်လှန်ရဲရမှာလဲ' ဟူသော အတွေးမျိုး ပေါ်လာတတ်လေသည်။

## အခန်း ၃

၁၈၁၁-ခုနှစ်၌ မော်စကိုမြို့တွင် မက်တီးဗီးယား အမည်ရှိသော ပြင်သစ်လူမျိုး သမားတော်တစ်ဦး နေထိုင်လျက်ရှိ၏။ မက်တီးဗီးယားသည် ထိုအချိန်က မော်စကိုတွင် များစွာ ခေတ်စားလျက် ရှိလေသည်။ မက်တီးဗီးယားမှာ အရပ် ထောင်ထောင်မောင်းမောင်းဖြင့် မွန်ရည်ခန့်ညားသော ရုပ်ရည်ရှိလျက် ပြင်သစ်လူမျိုးများ၏ ထုံးစံအတိုင်း ချစ်ခင်နှစ်လိုဖွယ်ရှိသူတစ်ယောက်ဖြစ်၍ သူမတူအောင် ကျွမ်းကျင်လိမ္မာသော သမားတော်တစ်ဦးဖြစ်ပေသည်ဟု မော်စကိုတစ်မြို့လုံးက အသိအမှတ်ပြုထားကြ၏။ မော်စကိုမြို့ရှိ မှူးကြီးမတ်ရာတို့၏အိမ်များ၌ သမားတော်တစ်ဦး အဖြစ်သာမက ရောင်းရင်းမိတ်ဆွေတစ်ဦးအနေဖြင့်လည်း တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သူတစ်ဦးဖြစ်လေသည်။

မင်းသားကြီး ဘိုလကွန်စကီသည် ဆေးပညာကို အယုံအကြည်မရှိသူတစ်ယောက် ဖြစ်၏။ ဆေးပညာကို ရယ်သွမ်းသွေးလေ့ရှိသူ ဖြစ်၏။ သို့ရာတွင် နောက်၌ ပြင်သစ်သူဘုရင်၏ တိုက်တွန်းချက်အရ သမားတော် မက်တီးဗီးယားကို မိမိအား လာရောက် ကုသခွင့်ပြုခဲ့လေရာ ယခုအချိန်၌ မက်တီးဗီးယားနှင့် အတော်အတန်ရင်းနှီးနေပြီ ဖြစ်လေသည်။ မက်တီးဗီးယားကလည်း မင်းသားကြီး ဘိုလကွန်စကီအား တစ်ပတ်လျှင် နှစ်ကြိမ်ကျ လာရောက် ကြည့်ရှုလေ့ ရှိ၏။

ဒီဇင်ဘာလ ၆-ရက်နေ့မှာ မင်းသားကြီး ဘိုလကွန်စကီ၏ နာမကာရဏ နှစ်ပတ်လည်နေ့ဖြစ် သည့်အတွက် မော်စကိုမြို့သူမြို့သားတို့သည် မင်းသားကြီး ဘိုလကွန်စကီအား နှုတ်ဆက်ရန် အိမ်ဝသို့ လာရောက်စုရုံးလျက်ရှိကြ၏။ သို့သော် မင်းသားဘိုလကွန်စကီသည် မည်သူ့ကိုမျှဝင်ခွင့် မပြုရန် အမိန့်ပေးထားပြီးလျှင် ညစာစားပွဲသို့လည်း လူအနည်း ငယ်ကိုသာ ရွေးချယ်ဖိတ်ကြားရ မည်ဟုဆိုကာ ဖိတ်ကြားရမည့်လူစာရင်းကို သမီးတော် မင်းသမီးကလေး မေရီကို ပေးထား၏။

သမားတော် မက်တီးဗီးယားသည် မင်းသားကြီး ဘိုလကွန်စကီအား ရွှင်ပျသောအမူအရာဖြင့် နံနက်က တစ်ကြိမ် လာရောက်ကြည့်ရှုသွားပြီးဖြစ်သော်လည်း သမားတော်တစ်ဦးအနေဖြင့် တံခါးမရှိ ဓားမရှိ ဝင်ထွက်ခြင်းကို ကိစ္စမရှိတန်ရာဟု ယူဆလျက် (ဤသို့ယူဆကြောင်းကို မက်တီးဗီးယားသည် သမီးတော်မေရီမင်းသမီးကလေးအား ပြောပြသေးသည်။) မင်းသားကြီး ဘိုလကွန်စကီကို ဒုတိယ အကြိမ် ဝင်ရောက်ကြည့်ရှုလေသည်။ မင်းသားကြီး ဘိုလကွန်စကီမှာ မိမိ၏ နာမကာရဏ နှစ်ပတ်လည်နေ့ဖြစ်သော ထိုနေ့နံနက်တွင် အထူးစိတ်တိုလျက်ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် တစ်မနက်လုံး စံအိမ်ထဲတွင် အနှံ့လျှောက်သွားကာ တွေ့သမျှလူကို အပြစ်ရှာ၍ မာန်မဲလျက် ရှိသည်။ အကျိုးအကြောင်း ရှင်းလင်းပြောပြသည်ကိုလည်း နားလည်ပုံမရချေ။ သမီးတော်မင်းသမီးကလေး မေရီမှာကား ခမည်းတော်ကြီး ဤသို့ မြည်တွန်တောက်တီးတတ်ခြင်းသည် ဒေါသအမျက်ခြောင်းခြောင်းထ၍ ပေါက်ကွဲခြင်း၌ အဆုံးသတ်မည် ဖြစ်ကြောင်းကို သိထားသည့်အတွက် ယမ်းအပြည့်ထိုးထားသော သေနတ်ပြောင်းဝရှေ့တွင် ရပ်နေရသကဲ့သို့တစ်မနက်လုံး ဂနာမငြိမ် ဖြစ်လျက်ရှိကာ ပေါက်ကွဲမည့်အချိန်ကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်လျက်ရှိ၏။ ကံကောင်းထောက်မသဖြင့် မနက်ခင်းမှာ ချောချောမောမောဖြင့် လွန်မြောက်သွား၏။



www.burmeseclassic.com

ပြင်သစ်သမားတော် မက်တီးဗီးယားကို ဝင်ခွင့်ပေးလိုက်သည့်နောက်၌ကား မင်းသမီးကလေးမေရီသည် ညှော်ခန်းဆောင်ထဲတွင် ထိုင်၍ စာအုပ်တစ်အုပ်ကို ဖတ်လျက်ရှိ၏။ ထိုနေရာမှာ ခမည်းတော်ကြီးရှိရာ စာကြည့်ဆောင်ထဲမှ စကားပြောဆိုသံများကို ကြားနိုင်သောနေရာ ဖြစ်လေသည်။

အစပထမ၌ မက်တီးဗီးယား၏အသံကိုသာ ကြားရ၍ နောက်ကျမှ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ အသံကို ကြားရ၏။ ထိုနောက် နှစ်ယောက်သားအပြန်အလှန် ပြောဆိုနေသံများကို ကြားရပြန်သည်။ ခဏကြာသော် စာကြည့်ဆောင်တံခါးသည် ဖြုန်းခနဲပွင့်လာကာ ထိတ်လန့်တုန်လှုပ်ခြင်းကြောင့် ဆံပင်မွေးများထိုးထိုးထောင်ထောင်ဖြစ်လျက်ရှိသော မက်တီးဗီးယား၏သဏ္ဌာန် ပေါ်လာ၏။ ထို့နောက် ညဝတ်အင်္ကျီ၊ သံပရာခွဲဦးထုပ်တို့ကို ဝတ်ဆင်ထားလျက် ဒေါသအမျက်ခြောင်းခြောင်း ထွက်ခြင်း၊ သူငယ်အိမ်များ ပြူးထွက်နေခြင်းတို့ကြောင့် ပုံပျက်ပန်းပျက် ဖြစ်နေသော မျက်နှာတို့ဖြင့် ထွက်လာသော ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီကို မြင်လိုက်ရသည်။

"ခင်ဗျား နားမလည်ပေမယ့် ကျုပ်နားလည်တယ်ဗျ" မင်းသားကြီး ဘိုလကွန်စကီက အော်၍ ပြောလိုက်သည်။ "ခင်ဗျားဟာ ပြင်သစ်သူလျှို၊ ဘိုနာပတ်ရဲ့ကျွန်၊ သူလျှို၊ ကျုပ်သိတယ်။ သွား၊ ကျုပ်အိမ်ထဲက ခုထွက်သွား၊ ခုချက်ချင်းထွက်သွား"

မင်းသားကြီး ဘိုလကွန်စကီသည် ဒေါသတကြီး အော်ဟစ်ပြောဆိုပြီးနောက် တံခါးကို ဂျိမ်းခနဲမြည်အောင် ပိတ်လိုက်၏။

မက်တီးဗီးယားသည် ပခုံးကို တွန့်ကာ ဆူဆူညံညံအသံကြားသဖြင့် တစ်ဖက်ခန်းမှ ပြေးဝင်လာသော ပြင်သစ်သူ ဘူရင်းထံ လျှောက်လာခဲ့၏။

"ကိုယ်တော်ကြီးရဲ့အခြေအနေ ဒီနေ့ သိပ်မကောင်းဘူးဗျ၊ ခေါင်းထဲကို သွေးတိုးများပြီး စိတ် ဂယောက်ဂယက်ဖြစ်နေတယ်။ သူ့ကို ဘာမှ အနှောင့်အယှက် မပေးကြပါနဲ့။ မနက်ဖြန်ကျတော့ ကျွန်တော် တစ်ခေါက်လာကြည့်ဦးမယ်" ဟု မက်တီးဗီးယားက ပြောလိုက်၏။ မက်တီးဗီးယားသည် နှုတ်ခမ်းကို လက်ဖြင့်ထောင်၍ စုပ်ပြကာ ခပ်သုတ်သုတ် ထွက်သွားလေသည်။

"သူလျှိုတွေ၊ သစ္စာဖောက်တွေ၊ နေရာတကာ သစ္စာဖောက်တွေချည်းပဲ။ ငါ့အိမ်ထဲမှာတောင် ငါ အေးအေးဆေးဆေး မနေရတော့ဘူး" အော်ဟစ် ပြောဆိုနေသံများနှင့် ဒေါသတကြီး လမ်းလျှောက်နေသံသည် စာကြည့်ဆောင်ထဲမှ ပေါ်ထွက်လာ၏။

မက်တီးဗီးယားထွက်သွားပြီးနောက် မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော်မင်းသမီးကလေးမေရီကို စာကြည့်ဆောင်ထဲသို့ ခေါ်လိုက်၏။ မင်းသားကြီး ဘိုလကွန်စကီ၏ ဒေါသဟူသမျှသည် မင်းသမီးကလေးမေရီအပေါ်သို့ စုပြုံရောက်လာလေတော့သည်။ သူလျှိုတစ်ယောက်ကို ဝင်ခွင့်ပြုရမည်လော၊ ဝင်ခွင့်ပြုရမည့်သူများကို စာရင်းပြုလုပ်ထားရမည်ဟု ပြောထားသည် မဟုတ်လော၊ စာရင်းတွင် မပါသူကို ဝင်ခွင့်မပြုရဟု ပြောမထားသလော၊ ဤသို့ ပြောထားလျက်နှင့် မက်တီးဗီးယားလိုလူလိမ်လူကောက်ကို ဝင်ခွင့်ပြုရသလော စသဖြင့် ပြစ်တင်မောင်းမဲခြင်းပြုကာ 'ပိန်မခေါင်း' ပေါ်သို့ချည်း လွှဲချလေတော့သည်။ သမီးတော်ကြောင့် ၎င်းမှာ တစ်စက်ကလေးမျှ စိတ်ချမ်းသာစွာ မနေရကြောင်း၊ သေသော်မှ ချမ်းသာစွာ သေရမည် မဟုတ်ကြောင်းဖြင့် ပြောဆိုခြင်းပြုလေသည်။

"မဖြစ်ဘူး သမီးတော်၊ ဒီလိုနေသွားလို့တော့ မဖြစ်ဘူး။ ခွဲနေမှ ဖြစ်မယ်၊ ခွဲနေမှအေးမယ်။ အဲဒါကို မြဲမြဲမှတ်ထားပါ။ ခမည်းတော် နောက်ထပ် သည်းမခံနိုင်တော့ဘူး" မင်းသားကြီး ဘိုလကွန်စကီသည် ဆူပူကြိမ်းမောင်းပြီးနောက် စာကြည့်ဆောင်ထဲမှ ထွက်သွား၏။ သို့ရာတွင် မိမိထွက်သွားခြင်းကြောင့် သမီးတော်မင်းသမီးကလေး မေရီတွင် အသက်ရှူပေါက်ရကာ အနေရအထိုင်ရသက်သာသွားမည်ကို စိုးရိမ်သည့်အလား ပြန်ဝင်လာပြန်သည်။ ဤတစ်ကြိမ်၌ကား မင်းသားကြီး ဘိုလကွန်စကီသည် တည်ငြိမ်ဟန်ပေါ်အောင် ကြိုးစားလျက်

"ခမည်းတော် ပြောတဲ့စကားဟာ စိတ်လိုက်မာန်ပါ ပြောတဲ့စကား မဟုတ်ဘူး သမီးတော်။ ခမည်းတော် လေးလေးနက်နက် စဉ်းစားပြီးမှ ပြောတဲ့စကားပဲ။ ဒီအတိုင်း ကြာရှည်နေကြလို့တော့ မဖြစ်ဘူး။ ခွဲနေကြမှ ဖြစ်လိမ့်မယ်။ သမီးတော် ဘယ်မှာနေချင်သလဲဆိုတာ စဉ်းစားပေတော့"



www.burmeseclassic.com

မင်းသားကြီး ဘိုလကွန်စကီသည် ဒေါသပြေပြန် ဆောင်နေရသော်လည်း ကြာရှည်ချုပ်တည်း၍ မရတော့ဘဲ ကိုယ့်အဖြစ်ကို ကြိတ်မနိုင်ခဲမရ ဖြစ်လာဟန်ဖြင့် အချစ်ကြီးသူတို့တွင်သာရှိတတ်သော အမျက်ကြီးခြင်းမျိုးဖြင့် မင်းသမီးကလေးမေရီအား လက်သီးဆုပ်၍ ရွယ်လိုက်ပြီးနောက်

"ဒီလိုသမီးကိုယူမယ့် ယောက်ျားကလဲ ရှားပဲ ရှားလွန်းလှသဗျာ။ မြန်မြန် ယောက်ျားရသွားရင်လဲ အကောင်းသား" ဟု အော်ကာ တံခါးကို ပိတ်လိုက်ပြီးနောက် ပြင်သစ်သူ ဘူရင်းကို အခေါ်လွှတ်လိုက်သည်။

နေ့လယ် နှစ်ချက်တီး၌ကား သီးသန့်ဖိတ်ကြားထားသော ဧည့်သည်တော်ခြောက်ဦးတို့ ရောက်လာကြလေသည်။

ထိုဧည့်သည်တော်များကား နာမည်ကျော်ကြားလှသော မော်စကိုမြို့ဝန်မြို့စားကြီး ရော့စတော့ချင်၊ မင်းသားကြီး လိုပူခင်၊ မင်းသားကြီး ဘိုလကွန်စကီနှင့် စစ်ဘက်တွင် အမှုတော်ထမ်းခဲ့ဖူးသော ဗိုလ်ချုပ် ချာထရော့ (လိုပူခင်၏ တူတော်) နှင့် လူငယ်ထဲမှ မြို့စားကလေး ပီယာ၊ ဘိုးရစ်စ်တို့ ဖြစ်၏။ ဧည့်သည်များသည် ဧည့်ခန်းဆောင်ထဲတွင် စုဝေးကာ မင်းသားကြီး ဘိုလကွန်စကီကို စောင့်ဆိုင်းလျက် ရှိကြလေသည်။

ဘိုးရစ်စ်မှာ ရက်များ မကြာသေးမီကမှ အခွင့်ယူ၍ မော်စကိုသို့ ရောက်လာခဲ့ခြင်းဖြစ်၍ မင်းသားကြီး ဘိုလကွန်စကီနှင့် တွေ့ဆုံခွင့်ရရန် အာသီသပြင်းပြလျက် ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိ၏စံအိမ်၌ လူပျိုများကို လက်ခံခြင်းမပြုဟု စည်းကမ်းသတ်မှတ်ထားလေရာ ဘိုးရစ်စ်သည် ထိုစည်းကမ်းချက်၌ မိမိအား ခြွင်းချက်အဖြစ်ထား၍ လည်ပတ်ခွင့်ရအောင် အထူးကြိုးစားခဲ့ရလေသည်။

မင်းသားကြီး ဘိုလကွန်စကီ၏စံအိမ်သည် ရေပန်းစားသော အသိုင်းအဝိုင်းတွင် ပါဝင်ခြင်းမရှိသော်လည်း ၎င်း၏ အသိုက်အဝန်းကလေးသို့ ဖိတ်ကြားခံရခြင်းကို (အုတ်အော်သောင်းတင်းဖြင့် ကြွားမဆုံး မဖြစ်သည့်တိုင်) အခြားသော အသိုင်းအဝိုင်းများသို့ ဖိတ်ကြားခံရခြင်းထက် ဂုဏ်ယူလေ့ရှိတတ်ကြ၏။

ဘိုးရစ်စ်သည် ဤအခြင်းအရာကို လွန်ခဲ့သည့် ရက်သတ္တပတ်က သိရ၏။ ဘိုးရစ်စ်၏ ဗိုလ်ချုပ်ကြီးသည် မြို့ဝန်ရော့စတော့ချင်အား မိမိ၏ ညစာစားပွဲသို့ ဖိတ်ကြားသည်တွင် မြို့ဝန် ရော့စတော့ချင်က မိမိမှာ ထိုနေ့၌ မင်းသားကြီး ဘိုလကွန်စကီကလည်း ဖိတ်ကြားထားသည့်အတွက် တက်ရောက်နိုင်မည် မဟုတ်ကြောင်း ပြန်ပြောသံကို ဘိုးရစ်စ် ကြားလိုက်ရ၏။

"အဲဒီနေ့က မင်းသားကြီးဘိုလကွန်စကီရဲ့ နာမကာရဏ မင်္ဂလာနှစ်လည်နေ့ ဖြစ်နေတယ် ဗိုလ်ချုပ်ကြီးရ။ ကျွန်တော် မသွားလို့ မဖြစ်ပေဘူး။ ကျွန်တော်က နှစ်တိုင်း ဒီနေ့ဆိုရင် မင်းသားကြီးကို ဂါရဝပြုနေကျ ဖြစ်နေတယ်"

"အလို ဟုတ်ပါလား၊ ကြည့်စမ်း။ ကျွန်တော် မေ့နေတယ်။ နေစမ်းပါဦး။ မင်းသားကြီးကော ကျန်းခံ့သာတော်မူရဲ့လား" ဟု ဗိုလ်ချုပ်ကြီးက ပြန်မေးလိုက်သည်။

ရှေးဆန်သည့်အိမ်ထောင်ပရိဘောဂတို့ဖြင့် မွမ်းမံထားသော ခံ့ညားသည့် ရှေးဆံဆံ ဧည့်ခန်းဆောင်ကြီးထဲ၌ စုရုံးရောက်ရှိနေသည့် ဧည့်သည်တော်အစုအဝေးမှာ ပမာအားဖြင့် တရားရုံးတော်တစ်ခု၏ ရှေ့မှောက်သို့ လာရောက်သည့် အစုအဝေးတစ်ခုနှင့် တူလျက်ရှိ၏။ ဧည့်သည်တော်များ၏ မျက်နှာထားသည် ရင့်ကျက်လေးနက်သောအသွင်ကို ဆောင်ကာ တိတ်ဆိတ်လျက်ရှိ၍ စကားပြောလျှင် လေသံကလေးမျှသောက်ဖြင့်သာ ပြောကြ၏။ အတန်ကြာသော် မင်းသားကြီး ဘိုလကွန်စကီသည် လေးနက်တည်ငြိမ်သောမျက်နှာဖြင့် တစ်စုံတစ်ရာ ပြောဆိုနှုတ်ဆက်ခြင်း မရှိဘဲ ဝင်ရောက်လာ၏။ မင်းသမီးကလေးမေရီမှာ ခါတိုင်းထက် ပြားပြားဝပ်ကြောက်ရွံ့နေဟန်ရှိလေသည်။ ဧည့်သည်တော်များမှာလည်း မင်းသမီးကလေးမေရီသည် များစွာ စိတ်လက်ကြည်သာပုံမရဟု အထင်ရှိကာ စကား စတင်ပြောဆိုရမည်ကို ခပ်ရွံ့ရွံ့ ဖြစ်နေကြသည်။ မော်စကိုမြို့ဝန်မြို့စားကြီး ရော့စတော့ချင်မှာ မော်စကိုမြို့၏ နောက်ဆုံးသတင်းများ၊ နောက်ဆုံး နိုင်ငံရေးသတင်းများကို ပြောဆိုလျက်ရှိလေရာ စကားကို အမျှင်မပြတ် ပြောနေသူဟူ၍ ၎င်းတစ်ဦးတည်းသာ ရှိလေသည်။

မင်းသားကြီး လိုပူခင်နှင့် အငြိမ်းစား ဗိုလ်ချုပ်ကြီးတို့က တစ်ချက်တစ်ချက် ဝင်ရောက်ပြောဆိုကြ၏။ မင်းသားကြီးဘိုလကွန်စကီကား စွဲချက်တစ်ခုကို

www.burmeseclassic.com

နားထောင်လျက်ရှိသော တရားသူကြီးတစ်ယောက်သဖွယ် တိတ်ဆိတ်စွာ နားထောင်လျက်ရှိပြီး တစ်ချက်တစ်ချက်မှ သာလျှင် အမူအရာအားဖြင့် လည်းကောင်း၊ စကား တစ်လုံးစ နှစ်လုံးစ ဝင်ရောက်ပြောဆိုခြင်းဖြင့် လည်း ကောင်း မိမိသည် မိမိအား ပြောဆိုလျက်ရှိသည့် အကြောင်း များကို ဂရုတစိုက် နားထောင်လျက် ရှိသည်ဟူသော သဘောကို ပြလျက်ရှိ၏။ စကားပြောဆိုနေသည့် လေယူ လေသိမ်းမှာလည်း ဖြစ်ပျက်နေသော နိုင်ငံရေးကိစ္စများကို နှစ်သက်ကြခြင်းမရှိကြောင်း ညွှန်ပြနေသကဲ့သို့ ဖြစ်လေ သည်။ အခြေအနေအရပ်ရပ်မှာ တဖြည်းဖြည်း ဆိုးသည် ထက် ဆိုးလာကြောင်းကို ထုတ်ဖော်ပြောဆိုရာတွင် အဖြစ် အပျက်ကလေးများကိုလည်း သာဓကဆောင်၍ ပြောသွား ကြ၏။ သို့ရာတွင် မိမိ၏အယူအဆကို ထုတ်ဖော်ပြောဆို ရာတွင်ဖြစ်စေ၊ အဖြစ်အပျက်ကို သာဓကဆောင်ရာ၌ ဖြစ်စေ ဧကရာဇ်ဘုရင်မင်းမြတ်ကို ထိပါးနိုင်သည်ဟု ယူဆဖွယ်ရှိသော နေရာသို့ ရောက်လာသည့်အခါတွင်မူ စကားပြောလျက်ရှိသူသည် ဆက်၍ မပြောမိတော့ဘဲ ရပ်ထားလိုက်သည်။ သို့မဟုတ်လျှင် ဘေးမှ တစ်ယောက် ယောက်က ဝင်၍ဟန့်လိုက်သည်။

ထမင်းဝိုင်း၌ ဧည့်သည်တော်များသည် နောက်ဆုံး နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ စကားစပ်မိကြပြန်၏။ ထိုအကြောင်းများကား နပိုလီယန်က အိုဒင်ဘတ်နယ်စား ကြီး၏ နယ်များကို အတင်းသိမ်းယူသည့်ကိစ္စ၊ ဥရောပ ပြည့်ရှင် ဧကရာဇ်များ အားလုံးထံသို့ ပေးပို့လိုက်သော နပိုလီယန်အား ထိထိခိုက်ခိုက် ရေးသားထားသည့် ရုရှား ဘုရင် ဧကရာဇ်မင်းမြတ်၏ စာချွန်တော်ကိစ္စ စသည်တို့ ဖြစ်သည်။

"ဥရောပတစ်တိုက်လုံးကို ဘိုနာပတ် ဆက်ဆံနေပုံ ကဖြင့် သူ့လက်ထဲရောက်နေတဲ့ သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြက ဆက်ဆံနေပုံမျိုးပဲဗျ"

မြို့ဝန်မြို့စားကြီး ရှောစတော့ချင်သည် အကြိမ် ပေါင်းများစွာ ပြောဆိုပြီးဖြစ်သော စကားတစ်ခွန်းကို ထပ်ပြန်တလဲလဲ ပြောလျက်ရှိ၏။ မြို့စားကြီး ရှောစတော့ ချင်က စကားကို ဆက်လိုက်ပြန်သည်။

"ဥရောပမှာရှိတဲ့ သရဖူဆောင်းထားတဲ့ ခေါင်းတွေ ဟာ ဒီလောက် စော်ကားမော်ကား လုပ်တာကို ဘာကြောင့် များ ကြိတ်မှိတ်ခံနေကြသလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစား လို့ မရဘူးခင်ဗျ။ မျက်စိပဲ ကန်းနေကြသလား မဆိုနိုင် ပါဘူး။ ကဲ ခုကြည့်လေ။ ပြင်သစ်ကောင် ဘိုနာပတ်ဟာ ပုပ်ရဟန်းမင်းကြီးဘက်ကို လှည့်လာပြန်ပြီ။ ဒီကောင်ဟာ ဗရင်ဂျီသာသနာတော်တစ်ခုလုံးရဲ့ အကြီးအကဲ ခေါင်းပေါ် က သရဖူကို ဖြုတ်ချဖို့လဲ ဝန်လေးတဲ့ကောင်မျိုး မဟုတ် ပေဘူးခင်ဗျ။ ကြည့်စမ်း၊ ဒါတောင် ဥရောပမှာရှိတဲ့ ဗရင်ဂျီသာသနာဝင်မင်းတွေဟာ တုတ်တုတ်ကလေး မလှုပ်ကြဘူး။ ရိုင်းလိုက်လေဗျာ။ ပြီးတော့ အိုဒင်ဘတ် နယ်စားကြီးရဲ့ နယ်တွေကို အတင်းအဓမ္မဝင်သိမ်းတဲ့ ကိစ္စမှာလဲ ကျွန်တော်တို့ရဲ့ ဘုန်းတော်ကြီးလှသော ဘုရား တစ်ဦးတည်းသာလျှင် ပြင်းပြင်းထန်ထန် ကန့်ကွက်တော် မူတယ် မဟုတ်လား။ ဒါတွင် ကရိုးလား"

မြို့စားကြီးရှောစတော့ချင်သည် ဤထက်ပို၍ ပြင်းပြင်းထန်ထန် ရှုတ်ချပြောဆိုခြင်းပြုရန် မသင့်ဟု ယူဆသဖြင့် စကားကို ရပ်ထားလိုက်၏။

"လက္ခဏာကြည့်ရတာကတော့ ဘိုနာပတ်က အိုဒင်ဘတ်ပြည်နယ်ကြီးကို သူယူပြီး နယ်စားကြီးကိုတော့ တခြားနယ်တွေ အစားပေးလိုက်တာပလေ။ အိမ်း၊ ကျုပ် ကျွန်တွေကို တောင်ကတုံးပိုင်စားနယ်မြေက ရာဇန်ပိုင်စား နယ်မြေဘက်ကို အရွှေ့အပြောင်းလုပ်သလို ဘိုနာပတ်ကလဲ နယ်စားတွေကို သူ့ကျွန်တွေ အမှတ်ထားပြီး အပြောင်း အရွှေ့ လုပ်နေတာထင်ပဗျာ"

မင်းသားကြီး ဘိုလကွန်စကီက ပြောလိုက်၏။

"ဒါပေမဲ့ ဒီလောက် ဒုက္ခသုက္ခကြီးကို အိုဒင်ဘတ် နယ်စားကြီးက စိတ်ထားကြံ့ကြံ့ခိုင်ခိုင် သမာဓိရှိရှိနဲ့ ကြိတ်မှိတ်ခံပုံကတော့ ချီးကျူးလောက်ပါပေတယ်ခင်ဗျာ" ဘိုးရစ်စ်က ရိုသေစွာ ဝင်၍ ပြောလိုက်၏။

ဘိုးရစ်စ်မှာ တပ်မှ ခွင့်ယူ၍ ပီတာစဘတ်ရွှေမြို့ တော်သို့ လာခဲ့ရာတွင် အိုဒင်ဘတ်နယ်စားကြီးနှင့် တွေ့ခွင့်ရခဲ့သည့်အတွက် ဝင်ရောက်ပြောဆိုခြင်း ဖြစ်၏။ မင်းသားကြီး ဘိုလကွန်စကီသည် တစ်စုံတစ်ရာ ပြန်ပြော တော့မည့်ဟန်ဖြင့် ဘိုးရစ်စ်ကိုလှမ်း၍ ကြည့်လိုက်သေး၏။ သို့ရာတွင် ဘိုးရစ်စ်မှာ မလောက်လေး မလောက်စား အရွယ်မျှသာရှိသေးသည်ဟု စဉ်းစားမိသည့်အလား မပြော တော့ဘဲ ခပ်မဆိတ် နေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"အိုဒင်ဘတ်နယ်ကို အတင်းအဓမ္မ ဝင်သိမ်းတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဘုန်းတော်ကြီးသော ဘုရားက ဘိုနာပတ်ထံ ပေးပို့လိုက်တဲ့ စာချွန်တော်ကို ကျွန်တော် ဖတ်ခဲ့ရတယ် ခင်ဗျ။ စာချွန်တော်မှာပါတဲ့ စကားအသုံးအနှုန်းကတော့ဖြင့် အံ့ဩစရာကောင်းလောက်အောင် ညံ့တာပဲခင်ဗျာ" မြို့စားကြီး ရော့စတော့ချင်က သံတမန်ဆက်သွယ်ရေးကိစ္စများတွင် များစွာ ကျွမ်းကျင်လိမ္မာသူ တစ်ဦး၏ အမှတ်မထင် ပြောသံမျိုးဖြင့် ပြောလိုက်သည်။

ပီယာသည် မြို့စားကြီး ရော့စတော့ချင်အား တအံ့တဩဖြင့် ရိုးသားစွာ လှမ်းကြည့်လိုက်မိရာက မြို့စားကြီး ရော့စတော့ချင်သည် စာချွန်တော်တွင်ပါသည့် စကားအသုံးအနှုန်းကလေးမျှလောက်ကို အရာသွင်း၍ ထည့်ပြောနေရသေးသလောဟု နားမလည်နိုင်အောင် ဖြစ်နေသည်။

"စာချွန်တော်ထဲမှာပါတဲ့ အကြောင်းအရာက ပြင်းထန်နေတဲ့နောက်မှတော့ စကားအသုံးအနှုန်းက အရေးကြီးပါသေးသလား ဦးရီးတော်" ပီယာက မေးလိုက်သည်။

"အို ကြီးပါသော်ကော တူတော်မောင်ရဲ့။ ကျုပ်တို့ဘက်မှာ စစ်သည်တပ်သား ငါးသိန်းရှိပါရက်နဲ့ ဒီလို ခပ်ပျော့ပျော့ရေးလို့ ဘယ်သင့်ပါ့မလဲ။ ဒီထက် ခပ်ထိထိကလေး ရေးဖို့လဲအပန်းမကြီးသင့်ပေဘူးဗျ" မြို့စားကြီး ရော့စတော့ချင်က ပြောလိုက်သည်။

ပီယာသည် စာချွန်တော်တွင်ပါသည့် အသုံးအနှုန်းကို အဘယ့်ကြောင့် မြို့စားကြီး မကျေနပ် ဖြစ်နေရသည်ကို ယခုမှ နားလည်ပေတော့သည်။

"အိမ်း ခုခေတ်ကလဲ ကလောင်သမားတွေက မှိုလိုပေါက်နေတာကလားဗျ" မင်းသားကြီး ဘိုလကွန်စကီက ဝင်ပြောလိုက်၏။ "ပီယာစဘတ်ရွှေမြို့တော်ကို ကြည့်ပါလား။ ဟိုလူကလဲ ကလောင်ကလေးတစ်ချောင်းနဲ့၊ ဒီလူကလဲ ကလောင်လေး တစ်ချောင်းနဲ့၊ ကလောင်သမားတွေကို ပွစာကြဲနေတာပဲ။ အံမယ်၊ အဲဒီ ကလောင်သမားတွေ ရေးတာလဲ ကြည့်ကြဦးဗျ။ အတိုအထွာ စာချွန်လေးလောက်ကို သိပ်ရေးကြတော့တာ မဟုတ်ဘူး။ ဥပဒေလောက်ကိုမှ ရေးကြတော့တယ်။ ဒို့ပြင်လူမကြည့်နဲ့လေ၊ ကျုပ်သားတော် အင်ဒရေတို့တောင် ရုရှားနိုင်ငံကြီးကို စီရင်အုပ်ချုပ်ဖို့ ဥပဒေတွေ တစ်တွဲပြီး တစ်တွဲ ရေးနေပါပကောလားဗျ။ ခုခေတ်ကတော့ လူတိုင်း ကလောင်တံကလေးတစ်ချောင်းစီ ကိုင်ပြီး အရေးသမားတွေချည်း ဖြစ်ကုန်ပြီဗျ"

မင်းသားကြီး ဘိုလကွန်စကီက တမင်လုပ်၍ ရယ်လိုက်၏။

သို့ဖြင့် အတန်ကြာမျှ စကားပြတ်သွားကြ၏။ အငြိမ်းစားဗိုလ်ချုပ်ကြီးက ချောင်းဟန့်လိုက်ပြီးနောက်

"ရွှေမြို့တော်မှာ ဗိုလ်ရှုခံသဘင်တုန်းက နောက်ဆုံးဖြစ်တဲ့ ကိစ္စတစ်ခု ကြားပြီးကြပလား။ ခု နောက်ရောက်လာတဲ့ ပြင်သစ်သံတော်ကြီးရဲ့ ကိစ္စလေ"

"ဟုတ်တယ်ဗျ၊ သဲ့သဲ့တော့ ကြားလိုက်တယ်။ ဘုန်းတော်ကြီးသော ဘုရားရဲ့ ရှေ့တော်မှောက်မှာ ပြင်သစ်သံတော်ကြီးက မချေမင့် စကားဆိုတယ်ဆိုလားဘာလား"

"ဘုန်းတော်ကြီးသော ဘုရားက ဗိုလ်ရှုခံနေတုန်းမှာ လက်ပစ်ဗုံးကိုင် ရဲမက်တွေ ချီတက်အလေးပြုတဲ့ အလှည့်ရောက်တော့ ပြင်သစ်သံတော်ကြီးကို ကြည့်ရှုစေသတဲ့။ ပြင်သစ်သံတော်ကြီးဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ အမိန့်တော်ကို မကြားဟန်နဲ့ 'ကျွန်တော်မျိုးတို့ ပြင်သစ်နိုင်ငံမှာတော့ ဒီလို အသေးအဖွဲကလေးတွေကို ဂရုတစိုက် ကြည့်ရှုခြင်း မရှိကြပါဘူး ဘုရား' လို့ တင်လျှောက်လိုက်တယ်ဆိုပဲ။ ဘုန်းတော်ကြီးသော ဘုရားကတော့ ဘာမှ မိန့်မြွက်တော်မမူတော့ဘဲ ခပ်မဆိတ်ဘဲ နေလိုက်သတဲ့။ နောက်တစ်နေ့ ညီလာခံ ဝင်တော့သာ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားဟာ ပြင်သစ်သံတော်ကြီးကို နှုတ်ခွန်းဆက်စကားတောင် မိန့်မြွက်တော်မမူဘူးလို့ ကြားရတယ်ခင်ဗျ"

အငြိမ်းစား ဗိုလ်ချုပ်ကြီးက ဆက်၍ ပြောလိုက်၏။

အားလုံး တိတ်ဆိတ်သွားကြသည်။ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်၏ ကိုယ်တော်တိုင် ဆောင်ရွက်ချက်များကို မည်သူမျှ ဝေဖန်ခြင်းငှာမဝံ့ ဖြစ်နေကြ၏။

"တောက်၊ ရိုင်းလိုက်လေဗျာ" မင်းသားကြီး ဘိုလကွန်စကီက ပြောလိုက်၏။ "ပြင်သစ်ဆေးသမား မက်တီးဗီးယားကို ရောင်းရင်းတို့ သိကြတယ် မဟုတ်လား။ ဒီသတ္တဝါကို ဒီနေ့မနက်ပဲ ကျုပ်စံအိမ်က မောင်းထုတ်လိုက်တယ်ဗျ။ ဒီနေ့မနက် ကျုပ်ဆီကို ရောက်လာတယ်


www.burmeseclassic.com

လေ။ အိမ်း၊ ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုပါနဲ့လို့ ကျုပ်ပြောထားရက်နဲ့ ဝင်ခွင့်ပေးလိုက်တော့ မောင်းထုတ်ရတဲ့ အဖြစ် ရောက်ရတာပေါ့"

မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့ပြောရာမှ သမီးတော်မေရီမင်းသမီးကလေးကို စိတ်ဆိုးမပြေသေးသည့်ဟန်ဖြင့် လှမ်း၍ ကြည့်လိုက်၏။

ထိုနောက် မင်းသားကြီးဘိုလကွန်စကီသည် ပြင်သစ်သမားတော် မက်တီးဗီးယားနှင့် စကားပြောရပုံနှင့်တကွ မက်တီးဗီးယားအား ပြင်သစ်သူလျှိုဟု ယူဆရသော အထောက်အထားများကို ပြောပြလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် အထောက်အထားများစွာ ခိုင်လုံခြင်း မရှိလှသော်လည်း မည်သူကမျှ ငြင်းချက်ထုတ်ခြင်း မပြုကြချေ။

ကြက်ကင် ကျွေးပြီးသည့်နောက်တွင် ရှန်ပိန်အရက်များ ရောက်လာ၏။ ဧည့်သည်တော်များသည် မင်းသားကြီး ဘိုလကွန်စကီအား ဂါရဝပြုရန် မတ်တတ်ရပ်လိုက်ကြ၏။ သမီးတော် မင်းသမီးလေး မေရီသည်လည်း ခမည်းတော် မင်းသားကြီးအနီးသို့ ရောက်လာလေသည်။

ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော် မင်းသမီးကလေးမေရီအား ဒေါသထွက်လျက်ရှိသောအကြည့်ဖြင့် ကြည့်လိုက်ပြီးနောက် မုတ်ဆိတ်မွေးများ စင်ကြယ်စွာ ရိတ်လိုးထားလျက် ရှုံ့တွနေပြီဖြစ်သော မိမိ၏ပါးပြင်ကို သမီးတော် မင်းသမီးကလေးမေရီ နမ်းရှုပ်ရန် ထိုးပေးလိုက်၏။ မင်းသားကြီး ဘိုလကွန်စကီ၏ မျက်နှာ အမူအရာတစ်ခုလုံးမှာ မိမိသည် နံနက်ကစကားကို မမေ့သေးကြောင်း၊ သမီးတော်နှင့် ခွဲခွာ၍နေရန် ဆုံးဖြတ်ချက်သည်လည်း ပြောင်းလဲခြင်း မရှိကြောင်း၊ ဧည့်သည်များရှေ့တွင်ဖြစ်၍သာ ဤကိစ္စကို ဆက်၍မပြောသေးခြင်းဖြစ်ကြောင်း ဖော်ပြလျက် ရှိလေ၏။

ဧည့်ခန်းဆောင်ထဲသို့ ပြန်ဝင်လာခဲ့ကြ၍ ကော်ဖီတည်ခင်းသည့်အခါ၌ အားလုံး ဝိုင်း၍ ထိုင်လိုက်ကြ၏။

မင်းသားကြီး ဘိုလကွန်စကီမှာ စိတ်အားထက်သန်စ ပြုလာကာ ဖြစ်ပွားအံ့ဆဲဆဲ စစ်ပွဲကြီးနှင့်ပတ်သက်၍ ၎င်း၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုလျက် ရှိလေသည်။

ရုရှားသည် ယခုအချိန်တွင် တစ်လစစ် ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုထားလျက်ရှိသဖြင့် ထိုစာချုပ်အရ ဥရောပအရေးကိစ္စများတွင် ဝင်ရောက် စွက်ဖက်နေရခြင်းဖြစ်ကြောင်း၊ ဥရောပအရေးကိစ္စတွင် ယင်းသို့ ဝင်ရောက်စွက်ဖက်ကာ ဂျာမန်များနှင့် မဟာမိတ်ဖွဲ့လျက် ရှိသမျှကာလပတ်လုံး ဘိုနာပတ်နှင့်ဖြစ်သော စစ်ပွဲများ၌ မရှုမလှ အရေးရှုံးနိမ့်နေလိမ့်မည် ဖြစ်ကြောင်းနှင့် မင်းသားကြီး ဘိုလကွန်စကီက ပြောဆိုလျက် ရှိလေသည်။

"ကျုပ်တို့တစ်တွေဟာ ဩစတြီးယားဘက်က ကူပြီး မတိုက်သင့်သလို ဩစတြီးယားရဲ့ ရန်သူကိုလဲ အားမပေးသင့်ပေဘူးဗျ။ ကျုပ်တို့ရဲ့ နိုင်ငံအကျိုးစီးပွားဟာ ဥရောပတိုက်မှာ မရှိဘူးခင်ဗျ။ အရှေ့ဘက် (အာရှ အရှေ့ဖျား) မှာသာ ရှိပေတယ်။ ဘိုနာပတ်နဲ့ ပတ်သက်လို့ ကျုပ်တို့ရဲ့ တစ်ခုတည်းသောအလုပ်က မယိမ်းမယိုင် ခိုင်မြဲတဲ့ ကြားနေနိုင်ငံတော်ဝါဒကို ချမှတ်ထားပြီး လက်နက်ကိုင် စစ်သည်တွေ စောင့်ကြပ်တဲ့ လုံခြုံတဲ့ နယ်စပ်ထားရှိရေး ကိစ္စသာ ဖြစ်တယ်ဗျ။ ကျုပ်တို့ရဲ့ ကြားနေနိုင်ငံတော် ဝါဒကလဲ ခိုင်မြဲမယ်၊ နယ်စပ်ကလဲ လုံခြုံမယ်ဆိုရင် ခင်ဗျားတို့ ဘိုနာပတ်ဟာ ၁၈၀၇–ခုနှစ်တုန်းကလို ရုရှားနယ်စပ်ကို မဖြတ်ရဲသလို ခုလဲ ဖြတ်မလာရဲပါဘူးဗျ။ စိတ်ချပါ"

"ကျွန်တော်တို့အနေနဲ့ ပြင်သစ်ကို ခံတိုက်ဖို့တော့ မဖြစ်နိုင်တော့ဘူး ထင်တယ် ကိုယ်တော်ကြီးရေ့" မြို့စားကြီး ရှော့စတော့ချင်က ပြောလိုက်၏။ "ပြင်သစ်တွေက ကျွန်တော်တို့ ကိုးကွယ်တဲ့ဘုရားတွေ ဖြစ်နေပြီ ကိုယ်တော်ကြီးရဲ့။ ကိုယ် ကိုးကွယ်တဲ့ ဘုရားကို ကိုယ်ပြန်တိုက်ဖို့ဆိုတာ မလွယ်တော့ဘူး။ ကျွန်တော်တို့နိုင်ငံက ခေတ်လူငယ်တွေ၊ ခေတ်အမျိုးသမီးတွေ ဖြစ်နေပုံကို ကိုယ်တော်ကြီးပဲ ကြည့်တော့လေ။ ပြင်သစ်ကို ကိုးကွယ်ပြီး ပါရီမြို့ကို နိဗ္ဗာန်ဘုံ ထင်နေကြတယ်ခင်ဗျ"

မြို့စားကြီး ရှော့စတော့ချင်သည် လူတိုင်းကြားစေလိုဟန်ဖြင့် ခပ်ကျယ်ကျယ်ကလေး ပြောလျက်ရှိ၏။

"ဘယ်နေရာကြည့်ကြည့် ပြင်သစ်အဝတ်အစား၊ ပြင်သစ်အတွေးအခေါ်၊ ပြင်သစ်စိတ်ဓာတ်တွေချည်း လွှမ်းမိုးနေပြီ ကိုယ်တော်ကြီး။ ဒီပြင်ဟာမကြည့်နဲ့လေ၊ ကိုယ်တော်ကြီးကသာ မက်တီးဗီးယားကို ပြင်သစ်ကောင်၊ သူလျှိုဒလန်၊ လူလိမ် လူကောက်ဆိုပြီး ကုပ်ဆွဲ ထုတ်လိုက်



www.burmeseclassic.com

ပေမယ့် ကျွန်တော်တို့ အမျိုးသမီးတွေကဖြင့် မက်တီး ဗီးယားရှေ့မှာ ပြားပြားဝပ် ဒူးထောက်ခစားနေကြတယ် ခင်ဗျ။ ကျွန်တော် မနေ့ညက ဧည့်ခံပွဲတစ်ခုကို ရောက်သွားတော့ အမျိုးသမီးငါးဦးကို တွေ့တယ်ခင်ဗျ။ အဲဒီအထဲက သုံးယောက်ဟာ ဗရင်ဂျီဘာသာဝင်အမျိုးသမီးတွေ ခင်ဗျ။ ဗရင်ဂျီမှ သာမန်ဗရင်ဂျီ မဟုတ်ဘူးခင်ဗျ။ ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်က တနင်္ဂနွေနေ့များမှာ ဝတ်စုံများ ရက်ခွင့်ပေးခြင်း ခံရတဲ့ အမျိုးသမီးတွေပဲ။ ဒါပေမဲ့ခင်ဗျာ၊ ဗရင်ဂျီဘာသာဝင်တွေလို့သာ ဆိုတယ်။ ဝတ်စားထားလိုက်တာက ပြင်သစ်မများ ဝတ်သလို တစ်ကိုယ်လုံး ပေါ်မတတ်ပဲ ခင်ဗျ။ ဘုံရေချိုးအိမ်မှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်များလို မမြင်ချင်အဆုံးပဲ ဆိုပါတော့ခင်ဗျာ။ အဲဒီအမျိုးသမီးတွေဟာ မက်တီးဗီးယားအနားမှာ ကပ်ထိုင်လို့ ခင်ဗျ။ ခေတ်လူငယ်တွေကို ကြည့်လိုက်ရင်လဲ ဒီအတိုင်းပဲ ခင်ဗျ။ ဒီလောက် ပြင်သစ်အတု ခိုးရမလားဆိုပြီး ပြတိုက်တော်ထဲမှာ ရှိတဲ့ ပီတာဘုရင်ကြီး ကိုင်တော်မူတဲ့ သိုင်းတုတ်ကြီးနဲ့ စိတ်ရှိလက်ရှိ ရိုက်ပစ်ဖို့ပဲ ကောင်းတော့တယ် ခင်ဗျ"

အားလုံး တိတ်ဆိတ်လျက် ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် မြို့စားကြီး ရော့စတော့ချင်ကို ကြည့်၍ ထောက်ခံသည့်အနေဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ကဲ ပြန်ကြဦးမှပဲ။ ကိုယ်တော်ကြီး ကျန်းခံ့သာလို့ မာတော်မူစေခင်ဗျာ" မြို့စားကြီး ရော့စတော့ချင်က ၎င်း၏ ဟန်ဖြစ်သော သွက်လက်ဖျတ်လတ်ခြင်းဖြင့် ထလိုက်၍ လက်ကမ်းပေးလိုက်သည်။

"ကဲ ကြွပေဦးတော့ဗျ။ မြို့ဝန်ကြီးရဲ့ စကားနားထောင်ရတာကဖြင့် ဂီတသံလို သုတိသာယာ ရှိပါပေတယ်ဗျာ။ နားထောင်လို့ကို မငြီးနိုင်ပါဘူး" မင်းသားကြီး ဘိုလကွန်စကီက လက်ဆွဲ နှုတ်ဆက်ရင်း ၎င်း၏ပါးကို နမ်းစေသည်။

အခြားဧည့်သည်တော်များကလည်း မြို့ဝန် မြို့စားကြီးရော့စတော့ချင်၏ နမူနာကို လိုက်လျက် မတ်တတ်ထ၍ နှုတ်ဆက်လိုက်ကြလေသည်။

# အခန်း ၄

အဘိုးကြီးများ၏ တစ်ဖက်သားအား အပြစ်ရှာသည့် အမနာပ စကားများကို ထိုင်၍ နားထောင်လျက်ရှိသော မင်းသမီးကလေးမေရီသည် နားရှိ၍သာ ကြားနေရသော်လည်း မည်သည့်အရာကိုမျှ ကောင်းစွာ နားမလည်လှချေ။ မိမိအပေါ်၌ ခမည်းတော်ကြီးက နှိပ်စက်ကလူ ပြုခြင်းကို ဧည့်သည်များ သိမှသိကြပါလေစ ဟူ၍သာ တွေးတောနေမိ၏။ ထိုမျှမက မိမိတို့ထံသို့ တတိယအကြိမ်မြောက် လာရောက်လည်ပတ်ခြင်းပြုသော ဘိုးရစ်စ်က ထမင်းစားပွဲ၌ မိမိအား အထူးအရေးပေး ဆက်ဆံပြုမူနေခြင်းကိုလည်း မင်းသမီးကလေးမေရီ သတိမထားခဲ့မိချေ။

မင်းသမီးကလေးမေရီသည် အမှတ်သညာ ကင်းလျက်ရှိသော အကြည့်မျိုးဖြင့် ပီယာကို လှည့်၍ ကြည့်လိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် ဧည့်ခန်းဆောင်ထဲမှ ပြန်လည် ထွက်ခွာသွားပြီဖြစ်ရာ ကျန်ရစ်ခဲ့သော ဧည့်သည်တော်များသည် မင်းသမီးကလေးမေရီအား လာရောက်နှုတ်ဆက်ကာ တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြပြီ ဖြစ်သည့်အတွက် ဧည့်ခန်းဆောင်ထဲတွင် မင်းသမီးလေးမေရီနှင့် ပီယာတို့နှစ်ဦးသာ ကျန်တော့သည်။ ပီယာမှာ နောက်ဆုံး လာရောက်နှုတ်ဆက်သူဖြစ်လျက် မျက်နှာပေါ်တွင် အပြုံးယှက်သန်းလျက်ရှိပြီး လက်ထဲတွင် ဦးထုပ်ကို ကိုင်ထားလေသည်။

"ကျွန်တော် ခဏနေနိုင်ပါသေးသလား ထိပ်ထား" ပီယာက တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးကို မင်းသမီးကလေးမေရီ၏ ဘေးရှိ လက်တင်ထိုင်ခုံပေါ်တွင် ပစ်၍ချလိုက်ရင်း မေးလိုက်၏။

"အို နေနိုင်ပါတယ်၊ သဘောအတိုင်းပါ" မင်းသမီးကလေး မေရီက ပြန်ပြောလိုက်သည်။ မင်းသမီးကလေးမေရီ၏ မျက်လုံးများကမူ ခမည်းတော်ကြီး၏ ရက်စက်ပုံများကို မသိကြယောင်တကားဟု ပြောဆိုနေသကဲ့သို့ ရှိလေ၏။

ပီယာမှာ ညစာစားပြီးနောက် ဖြစ်ပေါ်လေ့ရှိတတ်သော ကြည်သာရွှင်ပျခြင်းမျိုးဖြင့် ရွှင်ပျလျက်ရှိ၏။ ပီယာသည် ရှေ့တူရူကို ကြည့်၍ ပြုံးနေလေသည်။

"ခုနက လုလင်ပျိုလေးနဲ့ သိကျွမ်းတာကြာပါပြီ



www.burmeseclassic.com

လား ထိပ်ထား” ပီယာက မေးလိုက်သည်။

“ဘယ်သူ့ကို ပြောလိုပါသလဲ မြို့စားလေး”

“ဘိုးရစ်စ်ပါ”

“ဟင့်အင်း၊ သိတာ သိပ်မကြာလှသေးပါဘူး”

“ဘယ်လို သဘောရပါသလဲ ထိပ်ထား”

“ဖော်ဖော်ရွေရွေရှိတဲ့ လူငယ်တစ်ယောက်ပါပဲ။ နေစမ်းပါဦး၊ မြို့စားလေး ဘာအကြောင်းကြောင့်များ ဒီမေးခွန်းကို မေးလိုက်ရတာပါလဲ” မင်းသမီးကလေးမေရီသည် နံနက်က ခမည်းတော်ကြီးနှင့် ပြောခဲ့သောစကားများကို စဉ်းစားလျက်ရှိရာမှ မေးလိုက်၏။

“ဘာကြောင့်လဲဆိုတော့ ပီတာစဘတ်ရွှေမြို့တော်က မော်စကိုကို ခွင့်ယူပြီး ရောက်လာကြတဲ့ လုလင်ပျိုများဟာ သူကြွယ်သမီး တစ်ယောက်ကို ကြင်ရာသက်ထားအဖြစ် ရာလေဦးမှပဲဆိုတဲ့ သိုက်တူးချင်တဲ့ ရည်ရွယ်ချက်ကလေးတွေနဲ့ လာတတ်ကြလို့ပါ ထိပ်ထား”

“သြော် မြို့စားလေးက သတိထားမိသကိုး” မင်းသမီးကလေးမေရီက မေးလိုက်၏။

“မှန်ပါတယ် ထိပ်ထား” ပီယာက ပြုံး၍ ဖြေလိုက်၏။ “ဒီလူရဲ့ အပြုအမူတွေ ကြည့်ရတာကတော့ အညွန်းရှိရာကို ရောက်တဲ့ သိုက်ဆရာများအတိုင်းပဲ ခင်ဗျ။ ချမ်းသာတဲ့ အမွေစားအမွေခံ အမျိုးသမီးတစ်ယောက်ရှိတယ်လို့ ကြားရင် အဲဒီနေရာကို သူ ရောက်လာတော့တာပဲ။ သူ့အကဲကို ကြည့်ရတာ စာအုပ်တစ်အုပ် ကောက်ဖတ်ရသလို လွယ်ပါတယ် ထိပ်ထား။ ကျွန်တော့်အထင်တော့ အဲဒီသူငယ်ဟာ မော်စကိုမှာရှိတဲ့ သိုက်နှစ်သိုက်အနက် ဘယ်သိုက်ကို တူးရမလဲဆိုတာ ဝေခွဲမရ ဖြစ်နေပုံရပါတယ်။ အစ်မတော်ရဲ့သိုက်ကို တူးမလား၊ သို့တည်းမဟုတ် ဂျူလီရဲ့သိုက်ကို ဖွင့်ရမလားလို့ စဉ်းစားနေပုံရပါတယ်။ ဂျူလီကိုလဲ တော်တော်လေး အရေးပေးနေတာတွေ့ရပါတယ်”

“သြော် သူက ဂျူလီတို့ အိမ်ကိုလဲ သွားတတ်သလား”

“မကြာခဏပဲ ဆိုပါတော့။ သြော် ဒါထက်၊ ခု မော်စကိုမှာ ခေတ်စားနေတဲ့ နောက်ဆုံးပေါ် လူပျိုလှည့်နည်းကိုကော အစ်မတော် သိပြီးပါပြီလား”

ပီယာက ရွှင်ပြုံးစွာမေးလိုက်၏။ ပီယာမှာ စိတ်ရွှင်လာပြီဆိုလျှင် တစ်ဖက်သားကို မထိတထိ ယားကျိကျိကလေးဖြစ်အောင် ခပ်လှောင်လှောင်ကလေး ပြောတတ်သည်။ ဤအကျင့်မှာ မကောင်းမှန်းသိသဖြင့် နေ့စဉ်မှတ်တမ်းထဲ၌ ထိုအကျင့်ကို ဖျောက်ရန် မကြာခဏသတိပေးရေးသားလေ့ ရှိပေသည်။

“ဟင့်အင်း၊ ထိပ်ထား မသိသေးပါဘူး”

“မော်စကိုသူတွေရဲ့ စိတ်ကို ဖယောင်းလို ပျော့ကျလာစေချင်ရင် သူတို့ရှေ့မှာ အင်မတန် ပူဆွေးသောကရောက်ပြီး ပူပုံပန်းရုပ်ကလေး ဖမ်းထားရတယ် ထိပ်ထားရဲ့။ ခု ဘိုးရစ်စ်ဟာ ဂျူလီရဲ့ရှေ့မှာ ပူပုံပန်း မင်းသားကလေးဖြစ်နေပြီလေ”

“အို ဟုတ်လား” မင်းသမီးကလေးမေရီက ပီယာ၏ ကြင်နာသော မျက်နှာထားကိုကြည့်၍ မေးလိုက်ပြီး မိမိ၏ ဝမ်းနည်းစရာ ကောင်းသည့်အဖြစ်ကို တွေးနေမိသည်။ ‘ငါ့ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာတွေကို ဖွင့်ပြောလိုက်ရရင်တော့ စိတ်သက်သာရာ ကောင်းပါရဲ့။ ပီယာကို ခမည်းတော်ကြီးကိစ္စ ဖွင့်ပြောလိုက်ရမလား။ ပီယာဟာ တစ်ဖက်သားကို သနားတတ်တယ်၊ ကူညီတတ်တယ်။ သူ့ကို ဖွင့်ပြောပြီး အကြံဉာဏ် တောင်းရလေမလား’ ဟု တွေးနေမိသည်။

“တကယ်လို့ သူက ကမ်းလှမ်းလာရင် ထိပ်ထား လက်ခံနိုင်ပါ့မလား”

“အို မြို့စားလေးရယ်၊ ထိပ်ထားကို ဒီအကြောင်း မမေးပါနဲ့။ တစ်ခါတလေများ ထိပ်ထားဟာ ဖြစ်ချင်ရာဖြစ်ဆိုပြီး တွေ့တဲ့လူကို ကောက်ယူလိုက်ချင်တဲ့ စိတ်တွေတောင် ပေါ်လာတယ်” မင်းသမီးကလေးမေရီ၏ အသံမှာ ငိုသံ ပါလာသည်။ “ဒါပေမဲ့ ထိပ်ထားမှာ သံယောဇဉ်နှောင်ကြိုးတွေ ပတ်နေတယ် မြို့စားလေး။ ထိပ်ထားမှာ သွေးသားသံယောဇဉ် သိပ်ကြီးတယ်။ ဒီသံယောဇဉ်နှောင်ကြိုးတွေကို ဘယ်လိုပင် ကြိုးစားဖြတ်ပေမယ့် မရဘူး။ တစ်ခါတလေတော့လဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး သံယောဇဉ် အကုန်ဖြတ်ပြီး လွတ်ရာကျွတ်ရာကို ထွက်သွားချင်တယ်။ ဒါပေမဲ့ မိန်းမသားဆိုတော့ ပြေးစရာကလဲ မြေမရှိဘူး။ ထိပ်ထား ဘယ်ကိုပြေးရမလဲဟင် မြို့စားလေး။ ထိပ်ထား ဘယ်ကိုပြေးရမလဲ”

“အို ဘာဖြစ်လို့ ပြေးရမှာလဲ ထိပ်ထား။ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com


လို့ လဲ"

မင်းသမီးကလေးမေရီသည် ချုပ်တည်း၍ မရတော့ဘဲ မျက်ရည်များကို သွန်ချလိုက်မိသည်။

"ဒီနေ့ ထိပ်ထား ဘာဖြစ်မှန်း မသိဘူး မြို့စားလေး။ ထိပ်ထား သိပ်ဝမ်းနည်းတယ်။ ကဲပါလေ၊ ထိပ်ထား ပြောတာတွေကို စိတ်ထဲမှာ အမှတ်ထားမနေပါနဲ့။ မေ့ပစ်လိုက်ပါ"

ပီယာ၏ ကြည်နူးရွှင်ပျခြင်းတို့သည် ပျောက်ကွယ်သွားကြလေပြီ။ ပီယာသည် စိုးရိမ်တကြီးဖြင့် မင်းသမီးကလေး မေရီအား အကျိုးအကြောင်းမေးမြန်းကာ မိမိကို စိတ်ချယုံကြည်စွာ ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ကြောင်း ပြောပြလျက်ရှိသည်။ သို့ရာတွင် မင်းသမီးကလေးမေရီကမူ မိမိပြောသည့်စကားများကို အမှတ်ထားခြင်းမပြုဘဲ မေ့ပျောက်ပစ်လိုက်စေလိုကြောင်း၊ မိမိမှာ မည်သည့်စကားများကို ပြောမိသည်ကိုပင် သတိမရတော့ကြောင်း၊ မိမိ မှတ်မိသလောက်ဆိုလျှင် မိမိ၌ မင်းသားကလေး အင်ဒရေ၏ လက်ထပ်ရေးကိစ္စကြောင့် ခမည်းတော်ကြီးနှင့် သားတော်တို့ အဆင်မပြေဘဲ အိုးစားကွဲကြတော့မည် ဖြစ်သည့်အတွက် ပူပင်သောက ဖြစ်ရသည့် ဒုက္ခတစ်ခုသာ ရှိကြောင်းဖြင့် ပြောဆိုလျက် ရှိလေသည်။

"မြို့စားကြီး ရော့စတော့ဗ်တို့မိသားစု သတင်းများကော မကြားမိဘူးလား" မင်းသမီးကလေးမေရီက စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။ "မော်စကိုကို လာကြလိမ့်မယ်လို့ ထိပ်ထား သတင်းကြားတယ်။ အင်ဒရေကလဲ ခုထက်ထိ ပြန်မရောက်လာသေးဘူး မြို့စားလေးရယ်။ ထိပ်ထားသဘောကတော့ အင်ဒရေနဲ့ သူတို့ မော်စကိုမှာ တွေ့သွားကြစေချင်တယ်"

"အင်ဒရေတို့ကိစ္စကို ခမည်းတော်ကြီးက ခု ဘယ်လို သဘောထားနေပါသေးသလဲ" ပီယာက မေးလိုက်၏။ မင်းသမီးကလေး မေရီသည် ခေါင်းကို ယမ်းလိုက်သည်။

"ထိပ်ထားလဲ စိတ်ညစ်လှပြီ မြို့စားလေး။ ဘယ်လို စီစဉ်ရမယ်ဆိုတာကို မပြောတတ်အောင် ဖြစ်နေပြီ။ တစ်နှစ်ဆိုင်းထားတာလဲ အချိန်စေ့တော့မယ်။ ခမည်းတော်ကြီးကလဲ ခေါင်းမာတုန်းပဲ။ ထိပ်ထားကတော့ ကိုယ့်မောင် စိတ်မချမ်းမသာ မဖြစ်စေချင်တာ တစ်ခုပါပဲ။ သူတို့ အားလုံး ဆုံမိသွားရင်လဲ အဆင်ပြေချင် ပြေသွားလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ ထိပ်ထားကတော့ ယောက်မတော်လောင်းကို ခင်ခင်မင်မင် ဆက်ဆံနိုင်လိမ့်မယ် ထင်ပါတယ်။ မြို့စားလေးကတော့ မြို့စားကြီးရော့စတော့ဗ်တို့ မိသားစုနဲ့ သိတာကြာပြီနော်"

မင်းသမီးကလေးမေရီကမေးလိုက်၏။

"ဒီမှာ မြို့စားလေး။ အမှန်ကို မခြွင်းမချန် ရိုးရိုးသားသား ထိပ်ထားကို ပြောပြပါလားဟင်။ ကလေးမလေးက ဘယ်လိုကလေးမမျိုးလဲ။ မြို့စားလေး ဘယ်လိုသဘောရသလဲ။ အမှန်ကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ မြို့စားလေးရယ်။ ဒီကိစ္စမှာ အင်ဒရေဟာ ခမည်းတော်ကြီးသဘောကို ဆန့်ကျင်ပြီး ဖွတ်နှစ်လုပ်ထားရတော့ ကလေးမရဲ့ အကြောင်းကို ထိပ်ထားသိထားသင့်တယ်လို့ ထင်ပါတယ်"

ခမည်းတော်နှင့်သားတော်တို့ လက်ထပ်ရေးကိစ္စနှင့် စပ်လျဉ်း၍ အဆင်မပြေဖြစ်နေကြပုံနှင့်တကွ ရော့စတော့ဗ်မိသားစု၏အကြောင်းကို မခြွင်းမချန် အမှန်အတိုင်း ပြောပြရန် ထပ်တလဲလဲ ပြောဆိုနေခြင်းကို ထောက်ခြင်းအားဖြင့် မင်းသမီးကလေးမေရီသည် ယောက်မတော်အပေါ်တွင် များစွာ ကျေနပ်လှပုံ မရသည့်အပြင် ပီယာကိုလည်း မိမိတို့ကဲ့သို့ပင် ဤကိစ္စ၌ သဘောမတူသည့်ဘက်က ရှိစေ ချင်ဟန် တူပေသည်။ ဤအခြင်းအရာကို ပီယာသည် အမျိုးအမည် တပ်၍မရသော ပကတိစိတ်တစ်ခု၏ စေ့ဆော်ချက်အရ သိလိုက်သည်။ သို့ရာတွင် ပီယာသည် ဤကိစ္စ၌ မိမိ၏ဦးနှောက်ဖြင့် စဉ်းစားမိသမျှကို ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ အသည်းနှလုံးဖြင့် ခံစားရသမျှကိုသာ ထုတ်ဖော်ပြောလိုက်သည်။

"ထိပ်ထားရဲ့ မေးခွန်းကို ကျွန်တော် မဖြေတတ်အောင် ဖြစ်နေပါတယ် ထိပ်ထား" ပီယာသည် မည်သည့်အတွက်ကြောင့်ဟု မသိဘဲ မျက်နှာနီရဲသွားကာ ပြန်၍ ပြောလိုက်သည်။ "အမှန်ပြောရရင်တော့ ဒီကလေးမလေးဟာ ဘယ်လိုကလေးမမျိုးဆိုတာ ကျွန်တော် မသိပါဘူး။ ခုထိ ကျွန်တော်တော့ သူ့ကို ခွဲခြားဝေဖန်ပြီး မပြောတတ်သေးပါဘူး။ ကလေးမလေးဟာ နှစ်လိုဖွယ်ကောင်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဘာကြောင့် နှစ်လိုဖွယ်ကောင်းသလဲဆိုတာတော့ ကျွန်တော်လဲ မသိပါဘူး။ သူနဲ့ပတ်သက်လို့


www.burmeseclassic.com

တော့ ကျွန်တော် ဒီလောက်ပဲ ပြောနိုင်ပါတယ်"

မင်းသမီးလေးမေရီသည် သက်ပြင်းချလိုက်၏။ ၎င်း၏မျက်နှာထားကား 'အစကတည်းက ဒီလိုဖြေလိမ့်မယ်လို့ ထင်ပါတယ် မြို့စားလေးရယ်။ ထိပ်ထားဖြင့် ဒီလို ဘုမသိ ဘမသိနဲ့ ယောက်မတော်ရမှာကို ရင်လေးလိုက်ပါဘိ' ဟု ပြောနေသကဲ့သို့ ရှိပေ၏။

"ကလေးမလေးက လိမ္မာရေးခြားကော ရှိရဲ့လား" ပီယာက စဉ်းစားနေ၏။

"လိမ္မာတယ်လို့တော့ မပြောနိုင်ဘူး ခင်ဗျ။ ဒါပေမဲ့ မလိမ္မာဘူးလို့လဲ မဆိုနိုင်ပါဘူး။ လက္ခဏာကတော့လိမ္မာရေးခြားရှိတဲ့ မိန်းကလေးမျိုး မဟုတ်ဘူးခင်ဗျ။ အို ဒီလိုလဲ ပြောလို့မရသေးပါဘူးလေ။ အဲ အမှန်ကတော့ ချစ်စရာ မိန်းကလေးတစ်ယောက်လို့ပဲ ဆိုပါတော့"

မင်းသမီးကလေး မေရီသည် ခေါင်းကို ယမ်းနေပြန်သည်။

"ထိပ်ထားကတော့ ကိုယ့်ယောက်မလောင်းနဲ့ သင့်သင့်မြတ်မြတ် ကြင်ကြင်နာနာ နေချင်လှပါတယ်။ မြို့စားလေးနဲ့များတွေ့ရင် ဒီအကြောင်းကိုတော့ ပြောလိုက်ပါနော်"

"ဟုတ်ကဲ့။ သူတို့လဲ မော်စကိုကို လာကြလိမ့်မယ်လို့ ကြားပါတယ် အစ်မတော်"

မင်းသမီးကလေးမေရီက ရော့စတော့ဗ်တို့မိသားစု မော်စကိုသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ယောက်မလောင်းနှင့် ရင်းနှီးခင်မင်လာအောင် မည်သို့ စီစဉ်ထားကြောင်း ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီနှင့်လည်း မျက်နှာနာအောင် မည်သို့ပြုလုပ်မည် ဖြစ်ကြောင်းတို့ကို ပီယာအား ပြောပြလျက်ရှိလေသည်။

## အခန်း ၅

ဘိုးရစ်စ်သည် ပီတာစဘတ်ရွှေမြို့တော်တွင် မိန်းမသိုက်တူးခဲ့သော်လည်း မအောင်မြင်ချေ။ သို့ရာတွင် အား မလျော့သေးဘဲ မော်စကိုသို့ ရောက်လာခဲ့ပြန်သည်။ မော်စကိုသို့ရောက်သော် ဘိုးရစ်စ်သည် အချမ်းသာဆုံး သမီးကညာနှစ်ဦးဖြစ်သည့် ဂျူလီနှင့် မင်းသမီးကလေး မေရီတို့နှစ်ဦးအနက် မည်သူ့ကို ရွေးချယ်ရမည်နည်းဟု ခွဲမရအောင် ဖြစ်လျက် ရှိ၏။ မင်းသမီးကလေးမေရီသည် ဂျူလီနှင့် စာလျှင် ရှိုးသည်ဟု ထင်ရသော်လည်း ဘိုးရစ်စ်၏အမြင်၌မူ ပို၍စွဲမက်ဖွယ်ကောင်းသည်ဟု ယူဆ၏။ သို့ရာတွင် မင်းသမီးကလေးမေရီအား ပိုးပန်းရမည့်အရေး၌ ဘိုးရစ်စ်သည် မရွံ့မရဲ ဖြစ်လျက် ရှိလေသည်။ အကြောင်းကိုကား ရှာမရချေ။ ၎င်းတို့နှစ်ဦးသည် မင်းသားကြီး ဘိုလကွန်စကီ၏ နာမကရဏမင်္ဂလာနှစ်ပတ်လည်နေ့က နောက်ဆုံး တွေ့ခဲ့ကြ၏။ ထိုစဉ်က ဘိုးရစ်စ်သည် စောင်းပါးရိပ်ခြည် လူပျိုစကားပြောရန် ကြိုးစားခဲ့သေးသော်လည်း မင်းသမီးကလေး မေရီသည် မကြားယောင်ပြုကာ ဝေ့လည်ကြောင်ပတ်လုပ်၍ လမ်းလွှဲခဲ့သည်ချည်းဖြစ်၏။

သို့ရာတွင် ဂျူလီကမူ ထူးဆန်းသည့် အမူအရာတစ်မျိုးဖြင့် ဘိုးရစ်စ်၏ အရေးပေးခြင်းကို ဝမ်းသာအယ်လဲ လက်ခံခဲ့သည်။

ဂျူလီမှာ အသက်နှစ်ဆယ့်ခုနစ်နှစ် ရှိခဲ့လေပြီ။ မောင်နှစ်ယောက် သေဆုံးပြီးသည့်နောက်၌ ကျိုကျိုတက် ချမ်းသာသည့်အဖြစ်သို့လည်း ရောက်ခဲ့လေပြီ။ အရွယ်တော် တဆိတ်ဟိုင်းပြီဖြစ်၍ ၎င်း၏အလှသည်လည်း ညှိုးမှိန်ရင့်ရော်စ ပြုခဲ့လေပြီ။ သို့ရာတွင် မိမိသည် ယခင်ကထက် လှမြဲလှလျက် ရှိရုံမျှမက ပို၍ပင် စွဲလမ်းဖွယ်ကောင်းလာသည်ဟု ဂျူလီ၏စိတ်တွင် အထင်ရောက်လျက်ရှိလေသည်။ စင်စစ်၌ ဤသို့ ဂျူလီ ထင်မှတ်နေခြင်းမှာလည်း ဘာမျှ အဆန်းမဟုတ်ချေ။ ဂျူလီသည် ကျိုကျိုတက် ချမ်းသာသော အမွေစားအမွေခံတစ်ဦး မဟုတ်ပါလော။ အသက်ကြီးလာသည်နှင့်အမျှ ယောက်ျားတကာတို့ကို အန္တရာယ်ပြုနိုင်သော တန်ခိုးသတ္တိတို့ လျော့နည်းလာခဲ့ကြပြီ မဟုတ်ပါလော။ အသက်ကြီးလာသည်နှင့်အမျှ ၎င်း၏ ညှိခံပွဲများ၊ ညစာစားပွဲများသို့ လာရောက်ကြသော ယောက်ျားများကလည်း ပိုးပန်းရမည့် မိန်းမတစ်ဦးဟု သဘောမထားကြတော့ဘဲ ရဲရဲတင်းတင်း ဆက်ဆံလာကြပြီ မဟုတ်ပါလော။ ယောက်ျားတို့ကို ညို့ယူဖမ်းစားနိုင်သော အစွမ်းသတ္တိတို့လည်း မရှိ၊ ယောက်ျားတကာတို့၏ ပိုးပန်းခြင်းကိုလည်း မခံရတော့သော ပစ္စည်းရှိ အပျိုဟိုင်းကြီးများသည် ၎င်းတို့ ကိုယ်ကို ၎င်းတို့လှသည် စွဲမက်ဖွယ်ကောင်းသည်ဟု အထင် ရောက်တတ်ကြသည်မှာ ဓမ္မတာ



www.burmeseclassic.com

သာ မဟုတ်ပါလော။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ယောက်ျားပျိုတစ်ယောက်သည် ပိုးလိမ့် ပန်းလိမ့်နိုး အထင် ခံရမည် စိုးသောကြောင့် လည်းကောင်း၊ တကယ်ပိုးပန်း မည်စိုးသောကြောင့် လည်းကောင်း၊ အသက်တစ်ဆယ့် ခုနစ်နှစ်အရွယ် မိန်းမပျိုကလေးတစ်ဦး ရှိသည့်အိမ်သို့ နေ့စဉ် သွားရောက် လည်ပတ်ရခြင်းကို ရှက်ကြောက်မိမည် ဖြစ်သော်လည်း ယခုအချိန်တွင်မူကား နေ့စဉ်နှင့်အမျှ ရဲတင်းစွာ ဝင်ထွက်သွားလာကာ ထိုမိန်းမပျိုအား ပိုးရပန်းရ မည့် မိန်းမတစ်ဦးအဖြစ် သဘောမထားတော့ဘဲ အာသဝေါ ကုန်ခန်းလျက်ရှိသည့် မိတ်ဆွေတစ်ဦးသဖွယ် ဆက်ဆံ တတ်ကြလေသည်။ သို့ဖြစ်ရကား ယောက်ျားတို့က ဤသို့ သဘောထားခြင်း ခံရ၍ ယောက်ျားတို့ကို အန္တရာယ် ပေးနိုင်သော အစွမ်းသတ္တိတို့ လျော့နည်းစ ပြုလာသော သူကြွယ်သမီး ဂျူလီက အပျိုဟိုင်းကြီးတို့ဓမ္မတာ မိမိကိုယ် မိမိ လှသေးသည်၊ စွဲမက်ဖွယ်ကောင်းသေးသည်ဟု အားတင်းထားခြင်းမှာလည်း သဘာဝကျသည်သာ ဖြစ်ပါ သည်။

ထိုနှစ်ဆောင်းရာသီ၌ ဂျူလီ၏အိမ်မှာ ညှော်ခံပွဲများ ခြိမ့်ခြိမ့်သဲလျက် မော်စကိုမြို့တွင် အစည်ကားဆုံးသော အိမ်တစ်ဆောင် ဖြစ်လျက်ရှိလေသည်။ ထုံးစံအတိုင်း ကျင်းပမြဲဖြစ်သော ညှော်ခံပွဲများ၊ ညစာစားပွဲများအပြင် နေ့စဉ်နှင့်အမျှ လူစုလူဝေးကြီးမှာ (အများအားဖြင့် ယောက်ျားများသာ ဖြစ်သည်။) ညလယ်စာစား၍ နံနက် သုံးချက်တီးအထိ လူစုမကွဲဘဲ ရှိနေတတ်သည်။ ဂျူလီကား ပြဇာတ်၊ ကပွဲ၊ အလှပြိုင်ပွဲ စသည်တို့ကို တစ်ခုမျှ အလွတ်ပေးသူ မဟုတ်ချေ။ ဂျူလီ၏ အဝတ်အစားများမှာ အမြဲတမ်း နောက်ဆုံးပေါ် အဝတ်အစားများသာ ဖြစ်၏။ သို့ရာတွင် ဂျူလီမှာ လောကကြီးကို ငြီးငွေ့ပုံရလျက် ရှိ၍ မိမိသည် ပေါင်းသင်းဆက်ဆံရေး၌ လည်းကောင်း၊ အချစ်ရေး၌လည်းကောင်း၊ လူ့ဘဝ၏အခြားသောချမ်းသာ သုခများကိုလည်းကောင်း နှစ်နှစ်ကာကာ ယုံကြည် ခြင်းမရှိဘဲ ဤသံသရာလောကကြီး၏ 'ထိုမှာဘက်ကမ်း' တွင်သာရှိသည့် ငြိမ်းချမ်းခြင်းမျိုးကိုသာ တောင့်တလျက် ရှိကြောင်းဖြင့် လူတွေ့တိုင်း ထုတ်ဖော်ပြောဆိုခြင်း ပြုတတ် လေသည်။ စကားပြောသည့်အခါ၌လည်း ဂျူလီမှာ မိမိ ချစ်သူကို ဆုံးရှုံးသော မိန်းကလေးတစ်ယောက်၊ သို့မဟုတ် ချစ်သူ၏ ရက်ရက်စက်စက် စွန့်ပစ် လှည့်စားခြင်းကို ခံရသည့် မိန်းကလေးတစ်ယောက်ကဲ့သို့ ပူပုံပန်းဟန်ဖမ်း၍ များစွာ ပူဆွေးသောက ရောက်လျက် ရှိသူတစ်ဦး၏ လေသံမျိုးဖြင့် ပြောတတ်သည်။ အမှန်အားဖြင့် ဂျူလီတွင် ပူဆွေးသောက ရောက်စရာဟူ၍ ဘာမျှ ပြောပလောက် အောင်မရှိသည် မှန်သော်လည်း လူတိုင်းက သူ့ကို သနားကရုဏာ သက်ဟန်ပြကြလေရာ ကြာသော် ဂျူလီ ကိုယ်တိုင်ပင် လူ့ဘဝ၏ ဒုက္ခ သုက္ခတွေကို ခံစားနေရပေ သည်ဟု ယုံကြည်သက်ဝင် လာလေတော့သည်။ ဂျူလီ သည် ဤမျှ ပူပုံပန်းဟန်ကို ပြလျက်ရှိသော်လည်း မိမိ ကိုယ်တိုင်မူကား အပျော်အပါးကို မလိုက်စားဘဲ မနေနိုင် ချေ။ မိမိအိမ်သို့ လူငယ်လူရွယ်များ လာရောက်၍ ပေါ့လားဝါးလားဖြင့် အချိန်ဖြုန်းနေခြင်းကိုလည်း တားဆီးခြင်းမပြုချေ။ ဂျူလီ ၏အိမ်သို့ ရောက်လာသော ဧည့်သည်သည် အိမ်ရှင် သခင်မလေး ဂျူလီ၏ ဝမ်းနည်းပူဆွေးခြင်းအဖြစ်ကို ချီးကျူးပြောဆိုပြီးနောက် အထက်တန်းလွှာ အသိုင်း အဝိုင်း၏ အတင်းအဖျင်းများကို ပြောဆိုခြင်း၊ ကခြင်း၊ စကားထာဝှက်ခြင်း၊ (ထိုစဉ်က ဂျူလီတို့အိမ်တွင် ခေတ်စားလျက်ရှိသော) ကဗျာလင်္ကာတို လေးများကို ရွတ်ဆိုခြင်း စသည့် နည်းအမျိုးမျိုးဖြင့် ပျော်ပါးမြူးထူးခြင်း ပြုကြသည်။ ၎င်းတို့အနက် အချို့သော လူငယ်များသာလျှင် (ဤအထဲ၌ ဘိုးရစ်စ်လည်း ပါသည်။) ဂျူလီ၏ ဝမ်းနည်းပူဆွေးခြင်း အဖြစ်ကို အလေးအနက် ထားတတ်ကြ၍ ဂျူလီကိုလည်း လူငယ်များနှင့်တွေ့လျှင် လောကီကိစ္စများ၏ အဓိပ္ပာယ် ကင်းမဲ့ပုံကို ဆွေးနွေးပြောဆို ကာ ဝမ်းနည်းဖွယ် သံဝေဂ ကဗျာကလေးများ၊ ဆောင်ပုဒ် ကလေးများ၊ ရုပ်ပုံကလေးများဖြင့် ပြည့်လျက်ရှိသော ၎င်း၏ မှတ်တမ်းစာအုပ်ကလေးများကို ထုတ်၍ ပြသတတ် လေသည်။

ဂျူလီသည် ဘိုးရစ်စ်ကိုကား သူတကာထက်ထူး၍ အခွင့်အရေးပေးလေ့ ရှိ၏။ ဘိုးရစ်စ်မှာ ငယ်ငယ်ရွယ်ရွယ် နှင့် တရားသံဝေ ယူတတ်လေသည်ဟု ကြင်နာသနား၍ မဆုံးရှိကာ မိမိ၏ အဖြစ်နှင့်စာနာနှိုင်းယှဉ်ပြီး အားပေး စကား ပြောကြား၍ ၎င်း၏ မှတ်စုစာအုပ်ကလေးများကို ထုတ်ပြတတ်သည်။ ဘိုးရစ်စ်က ဂျူလီ၏ မှတ်စုစာအုပ် ကလေးထဲတွင် သစ်ပင်နှစ်ပင်၏ပုံကို ရေးဆွဲပြီးနောက်



www.burmeseclassic.com

'အို၊ စုံတော်မြိုင်မှ ရွှယ်လူးတန်စို အပင်ပျိုတို့၊ သင်တို့၏ မည်းမှောင်ညိုဆိုင်းသော အခက်အလက်ကလေးများသည် ငါ၏အပေါ်သို့ စိတ်ညှိုးငယ်ခြင်းနှင့် ပူဆွေးခြင်းအရိပ်ကို မိုးယှက်ပေးကြသည်တကား' ဟု ရေးလိုက်၏။

အခြားစာမျက်နှာတွင်မူ ဘိုးရစ်စ်သည် အုတ်ဂူတစ်လုံး၏ ပုံကို ရေးဆွဲကာ ပြင်သစ်ဘာသာဖြင့် ရေးသားထား၏။

*'သေခြင်းသည်သာ၊ ခိုလှုံရာတည့်။*
*သေခြင်းသည်သာ၊ ငြိမ်းချမ်းရာတည့်။*
*ဝေဒနာမှ၊ လွတ်ရာလွတ်ကြောင်း*
*နည်းအပေါင်း၌၊ ထိုထက်ကောင်းသည့်*
*လမ်းမရှိ။'*

ထိုကဗျာလေးမှာ များစွာ နှစ်သက်ဖွယ်ကောင်းလှသည်ဟု ဂျူလီက ပြောပြ၏။

"စိတ်သောကရောက်တဲ့အထဲက ပြုံးလိုက်တဲ့အပြုံးကလေးဟာ တယ်ပြီး နှစ်လိုဖွယ် ကောင်းတာပဲနော်"ဟု ဂျူလီက ဘိုးရစ်စ်ကို ပြောလိုက်ပြီးနောက် စာအုပ်တစ်အုပ်မှ ကူးယူထားသော စာပုဒ်ကလေးတစ်ပုဒ်ကို ဂျူလီက တစ်လုံးမကျန် ရွတ်ပြ၏။

"စိတ်သောကကြားမှ ပြုံးသော အပြုံးသည် အမှောင်ထဲမှ အလင်း၊ ပူပန်ခြင်းနှင့် ညှိုးငယ်ခြင်းကို ခွဲခြားထားသောအရိပ်၊ စိတ်သက်သာမှုကို ပေးသောအရာ ဖြစ်သည်တဲ့"

ဘိုးရစ်စ်က ဂျူလီ၏ စကားကို အဖြေပေးသည့် အနေဖြင့် အောက်ပါ စာပုဒ်ကလေးကို ပြင်သစ်ဘာသာဖြင့် ရေးပေးလိုက်ပြန်သည်။

'သင်ကား အလွန်ထက်မြက်သော ဝိညာဉ်တစ်ခုကို အားဖြည့်ပေးသောအရာ ဖြစ်၏။ သင်မရှိဘဲ ကျွန်ုပ်၏ ပျော်ရွှင်ခြင်းသည် မဖြစ်နိုင်ပါတကား။ ကြင်နာသော သောကသည် ကျွန်ုပ်ကို လာ၍ နှစ်သိမ့်ပါလော့။ ကျွန်ုပ်၏ စိတ်ညစ်ဖွယ်ကောင်းသော ဆုံးရှုံးမှုကြောင့်ဖြစ်ရသော သောကတို့ကို ချုပ်ငြိမ်းစေပါလော့။ အံ့ဩဖွယ်ကောင်းသော ချိုမြိန်ခြင်းကို ပေးပါလော့။ ကျွန်ုပ်၌ကား မျက်ရည်တို့ စီးကျရတော့မည်တည်း'။

ဂျူလီသည် ဘိုးရစ်စ်အတွက် ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော ညဉ့်သုံးယံတေးကြီးများကို စောင်းဖြင့်တီး၍ ပြ၏။ ဘိုးရစ်စ်ကမူ 'သနားဖွယ်ကောင်းသော လီဇာ'အမည်ရှိ ဝတ္ထုကို ဂျူလီအား ဖတ်ပြတတ်လေသည်။ (ထိုဝတ္ထုမှာ မူးမတ်မျိုးနွယ်နှင့် ကြိုက်မိသော ကျေးတောသူမလေး၏ ဝတ္ထုဖြစ်၍ အဆုံး၌ ကျေးတောသူမလေးမှာ ရေထဲခုန်ဆင်း၍ သတ်သေသွားသည်။) ဘိုးရစ်စ်မှာ ထိုဝတ္ထုကို ဖတ်ပြရာ၌ လိုက်လိုက်လှဲလှဲ ဖြစ်လာသဖြင့် ဆက်၍ မဖတ်နိုင်ဘဲ မကြာခဏ ရပ်၍ထားရသည်။ အခြားဧည့်ခံပွဲများတွင် တွေ့ကြသည့်အခါများ၌ ဘိုးရစ်စ်နှင့် ဂျူလီတို့သည် မိမိတို့နှင့် ဇာတ်မတူသူများ၏ ကမ္ဘာလောကတွင် မိမိတို့နှစ်ယောက်သာလျှင် တစ်ဦးသဘောကို တစ်ဦးနားလည်သူများ ဖြစ်ကြဟန်ဖြင့် လှမ်း၍ ကြည့်တတ်ကြသည်။

ထိုအတောအတွင်း ဘိုးရစ်စ်၏မိခင်မင်းသမီးကြီး ဒရူဘက်စကားယားမှာ ဂျူလီတို့အိမ်သို့ မကြာခဏ လာရောက် လည်ပတ်တတ်၍ ဂျူလီ၏ မိခင်ကြီးနှင့် ဖဲကစားလေ့ရှိရင်း ဂျူလီလက်ထပ်ပါက ခန်းဝင်ပစ္စည်း မည်ရွေ့မည်မျှပါနိုင် ကြောင်းကို မသိမသာ စုံစမ်းခြင်း ပြုလေသည်။ (ဂျူလီမှာ ပင်ဇာရှိ ပိုင်စားနယ်မြေများနှင့် နစ်ဇီနီဂိုရော့သစ်တောများကို ရဦးမည်ဖြစ်သည်။) မင်းသမီးကြီးဒရူဘက်စကားယားသည် မိမိ၏သားဘိုးရစ်စ်နှင့် သူကြွယ်မလေး ဂျူလီအား ဖူးစာဆုံအောင် ဖန်တီးပေးသော ပူဆွေးသောက ရောက်ခြင်းကို ဘုရားသခင်၏ အလိုတော်ကျ ဖြစ်ရခြင်း ဖြစ်သည်ဟု ယူဆလေ့ ရှိသည်။

"အိမ်း၊ တူမတော်ဂျူလီကတော့ အမြဲတမ်း ကြေကွဲဝမ်းနည်းနေပုံရပြီး နှစ်သက်စဖွယ် ကောင်းလှပါပေတယ်" ဟု မင်းသမီးကြီး ဒရူဘက်စကားယားက ဂျူလီကို ပြောပြတတ်၏။ ဂျူလီ၏ မိခင်ကြီးကိုမူ "ထိပ်ထားကြီး၏ သားတော်ဘိုးရစ်စ်ကဖြင့် အစ်မငတော်တို့အိမ် သွားရတာ အင်မတန်စိတ်ချမ်းမြေ့တဲ့အကြောင်း တတွတ်တွတ် ပြောနေတော့တာပဲ။ ဘိုးရစ်စ်လဲ စိတ်ပျက်စရာတွေ တွေ့ရလွန်းအားကြီးတော့ လောကကြီးကို စိတ်ခပ်နာနာ ဖြစ်နေပြီ"ဟုပြောတတ်၏။ သားဖြစ်သူဘိုးရစ်စ်ကိုကား "သားရေ၊ မေမေကတော့ တူမတော်လေးဂျူလီကို တိုးလို့သာ သဘောကျသထက် ကျနေတော့တာပဲ။ ဂျူလီဆိုတာ တကယ့်ကို ရွှေမှုန်စားပြီး မွေးထားတဲ့ နတ်သမီးကလေး တစ်ပါး ကျနေတာပဲ။ အင်း၊ သား သား"ဟု ညည်းတွားတတ်သည်။ မင်းသမီးကြီး ဒရူဘက်စကားယားသည်



www.burmeseclassic.com

ခေတ္တရပ်၍နေသည်။ အတန်ကြာမှ

"မေမေတော့လေ ဂျူလီရဲ့ မိခင်ကြီးကို သနား လွန်းလှတယ်။ ဒီနေ့ပဲ ပင်ဇာပိုင်စားနယ်မြေကလာတဲ့ စာရင်းအင်းတွေနဲ့ စာတွေကို မေဖျားကို ပြလိုက်သေး တယ်။ ခများလဲ သနားစရာပါကွယ်။ သူ့ခများ မုဆိုးမဖြစ်ရ တဲ့အထဲ ကျားကျားလျားလျား ရပ်ပေးမယ့် သားတွေကလဲ မရှိတော့ စာရင်းအင်းတွေကအစ လူတကာ အလိမ်ကို ခံနေကြရတယ် ထင်ပါရဲ့"

ဘိုးရစ်စ်သည် မိခင်ကြီး၏ စကားကို နားထောင် လျက်ရှိရာမှ မသိမသာပြုံးလိုက်၏။ မိခင်ကြီး၏ ရိုးသား လှသော ပရိယာယ်ကို ကြည့်၍ရယ်ချင်လှ၏။ သို့ရာတွင် မိခင်ကြီး၏စကားကို ဆုံးအောင်နားထောင်ကာ ပင်ဇာ ပိုင်စား နယ်မြေများနှင့် နစ်ဇီနီဂိုရော့ ပိုင်စားနယ်မြေများ အကြောင်းကို မေးမြန်းခြင်းပြုလေသည်။

ဂျူလီသည် သောက၏ကျေးကျွန် ဘိုးရစ်စ်က ကမ်းလှမ်းခြင်း ပြုလိမ့်မည်လောဟု စောင့်စားလျက်ရှိကာ ကမ်းလှမ်းလာသည်နှင့် လက်ခံရန် အဆင်သင့်ဖြစ်လျက် ရှိ၏။ သို့ရာတွင် ဂျူလီကိုလည်းကောင်း၊ ဂျူလီ၏ အငမ်း မရ ဖြစ်နေခြင်းကို လည်းကောင်း၊ ဟန်ဆောင်ပလွှားခြင်း ကို လည်းကောင်း၊ အချစ်စစ်ခေါင်းပါးဟန် လက္ခဏာ ရှိခြင်းကို လည်းကောင်း နှစ်သက်ခြင်းမရှိသော ပုန်းခိုနေ သည့် စိတ်ကလေးသည် ဘိုးရစ်စ်ကို ဟန့်တားနေသကဲ့သို့ ရှိပေသည်။ ဘိုးရစ်စ်၏ခွင့်ရက်များမှာ ကုန်ဆုံးလု နီးလာ ခဲ့လေပြီ။ ဘိုးရစ်စ်သည် နေ့စဉ်နှင့်အမျှ ဂျူလီတို့အိမ်တွင် အချိန်ကုန်ခံလျက် နေ့စဉ်နှင့်အမျှလည်း ဂျူလီအား ဖွင့်ပြောရန်ကိစ္စကို စဉ်းစားကာ နံနက်ဖြန်ကျမှ ပြောမည်ဟု ရက်ရွှေ့လျက် ရှိလေသည်။ သို့ရာတွင် ဂျူလီ၏ ရှေ့သို့ ရောက်၍ ဂျူလီ၏ နီမြန်းသောမျက်နှာနှင့် မေးဖျားကို လည်းကောင်း၊ (၎င်းတို့မှာ အမြဲလိုလို နံ့သာမှုန့်တို့ လိမ်းကျံထားသည်။) အရည်လဲ့လျက်ရှိသော မျက်လုံးများ ကိုလည်းကောင်း၊ ပူဆွေးသောက ရောက်လျက်ရှိသော အနေအထားမှ အိမ်ထောင်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် နတ်ရေကန်ထဲ ခုန်ဆင်းလိုက်သကဲ့သို့ ချက်ချင်း ရွှင်ပျ လာမည့် ဟန်မျိုးကို အမြဲဖော်ပြလျက်ရှိသည့် မျက်နှာ ထားကို လည်းကောင်း မြင်လိုက်ရသည်နှင့် ဘိုးရစ်စ်မှာ ပြောမည့်စကားများကို မထွက်ရဲဘဲ ဖြစ်လျက် ရှိလေသည်။

စိတ်ကူးထဲ၌ကား သူ့ကိုယ်သူ ပင်ဇာပိုင်စားနယ်မြေများနှင့် နစ်ဇီနီဂိုရော့ ပိုင်စားနယ်မြေများကို ပိုင်ဆိုင်သူအဖြစ် သဘောထားလျက် ရှိကာ ထိုပိုင်စားနယ်မြေများမှ ရရှိသော အခွန်အကောက်များကို မည်သို့မည်ပုံ သုံးလိုက်မည်ဟူ၍ပင် တွက်ကိန်းချပြီး ဖြစ်ပေသည်။ ဂျူလီသည် ဘိုးရစ်စ်၏ ချီတုံချတုံ ဖြစ်နေခြင်းကို ရိပ်မိ၍ တစ်ခါတစ်ရံ ဘိုးရစ်စ် သည် မိမိအား တကယ်စွဲလမ်းခြင်းမရှိဟု ထင်မိသော်လည်း ကိုယ့်ကိုယ်ကို လှည့်စားတတ်သော မိန်းမတို့၏ သဘာဝ အတိုင်း ဘိုးရစ်စ်သည် ဖွင့်ပြောရမည်ကို ရှက်နေဟန်တူပေ သည်ဟု သက်သာအောင် တွေးလျက် ရှိလေသည်။ သို့သော်လည်း ဂျူလီ၏ ပူဆွေးခြင်းမှာ ယခုအချိန်တွင် စိတ်တိုခြင်းသို့ ကူးပြောင်းလာခဲ့လေပြီ။ ဘိုးရစ်စ် ခွင့်ကုန်၍ မပြန်မီတွင် ဂျူလီသည် ဘိုးရစ်စ်ကို စောင့်ဆိုင်းနေ၍ ဖြစ်မည်မဟုတ်တော့သည့်အတွက် တစ်ခုခုကိုလုပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ဘိုးရစ်စ် ခွင့်မကုန်မီကလေး တွင် အနာတိုလီကူရာဂင်သည် မော်စကိုမြို့သို့ ရောက်လာ လေသည်။ မော်စကိုမြို့သို့ လုလင်ပျိုတစ်ယောက် ရောက် လာလျှင်လည်း ထုံးစံအတိုင်း ဂျူလီတို့အိမ် ဧည့်ခန်းဆောင် သို့ ရောက်လာမြဲဖြစ်လေရာ အနာတိုလီ ရောက်လာသည် နှင့်ဂျူလီမှာ ယခင်ကကဲ့သို့ ပူဆွေးစိတ်ညစ်ဟန် မရှိတော့ဘဲ များစွာ ရွှင်လန်းလျက်ရှိကာ အနာတိုလီကို အထူးအရေး ပေးလျက် ရှိလေသည်။

"ကဲ သားရေ" မင်းသမီးကြီး ဒရူဘက်စကားယား က ၎င်း၏ သားဖြစ်သူဘိုးရစ်စ်ကို ပြောလိုက်၏။ "မင်းသားကြီး ဗာစီလီကဖြင့် သူ့သားတော်အနာတိုလီကို ဂျူလီနဲ့ လက်ထပ်ရအောင် မော်စကိုကို လွှတ်လိုက်တယ်လို့ ခိုင်လုံတဲ့ နေရာများက မေမေသတင်းကြားခဲ့ရတယ်။ အင်း၊ မေမေဖြင့် တူမတော် ဂျူလီအတွက် နည်းနည်း ကလေးမှ စိတ်မကောင်းပါဘူးကွယ်။ အနာတိုလီနဲ့သာ ဆိုရင်တော့ ခများ လင်ကံဆိုးတယ်လို့ ပြောရပေတော့မှာပဲ။ သားကကော ဘယ်လို ထင်သလဲဟင်"

မိခင်ကြီးက ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင် နက် ဘိုးရစ်စ်သည် မိမိ အရှုံးလုပ်ခံရလေခြင်း၊ ဂျူလီ့ ရှေ့တွင် ပူပုံပန်းဟန်ဖမ်းပြကာ တစ်လမျှ အလဟဿ အချိန်ကုန်ခံခဲ့ရလေခြင်း ဟူသော အတွေးနှင့်တကွ မိမိ၏ စိတ်ကူးထဲတွင် မည်သို့မည်ပုံ အသုံးပြုမည်ဟု တွက်ကိန်း

ချထားသော ပင်ဇာပိုင်စား နယ်မြေများနှင့် နစ်ဖီနီဂိုရော့ ပိုင်စားနယ်မြေများမှ အခွန်ကောက်မှုများမှာ အနာတိုလီ ကဲ့သို့ လူဆိုးလူသွမ်းတစ်ယောက်လက်ထဲသို့ ရောက်ချေ တော့မည် ဟူသော အချက်တို့သည် ဘိုးရစ်စ်၏ စိတ်ကို ဆွပေးလျက် ရှိလေပြီ။ ဤသည်နှင့်တစ်ပြိုင်နက် ဘိုးရစ်စ် သည် ဂျူလီအား ဖွင့်ပြောတော့မည်ဟု ပိုင်းပိုင်းပြတ်ပြတ် ဆုံးဖြတ်ကာ ဂျူလီတို့အိမ်သို့ ကရထားတစ်စီးဖြင့် ထွက်လာခဲ့လေသည်။ ဂျူလီသည် ရွှင်ပျသော မျက်နှာထား၊ အရေးမထားသည့် အမူအရာဖြင့် ဘိုးရစ်စ်ကို ဆီးကြိုလျက် မနေ့ညက ကပွဲတွင် မည်မျှပျော်စရာကောင်းကြောင်းကို အမှတ်မထင် ပြောဆိုကာ ဘိုးရစ်စ်ပြန်မည့်ရက်ကို မေးမြန်း စုံစမ်းခြင်း ပြုလေသည်။ ဘိုးရစ်စ်သည် မိမိ၏အချစ်ကို ဂျူလီအား ဖွင့်ပြောရန်အကြံဖြင့် လာခြင်းဖြစ်သည့် အလျောက် ကြင်နာသိမ်မွေ့သောစကားကို ဆိုသင့်သည် သာဖြစ်၏။ သို့ရာတွင် ဤသို့မပြောနိုင်တော့ဘဲ မိန်းမတို့ မည်သည် အရာတစ်ခုကို စွဲမြဲခြင်း မရှိကြောင်း၊ ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲတတ်ကြောင်း၊ ဝမ်းနည်းခြင်းမှ ဝမ်းသာခြင်းသို့ တစ်ထိုင်တည်း ပြောင်းနိုင်သော သတ္တဝါ မျိုး ဖြစ်ကြောင်း၊ ၎င်းတို့အား လာရောက်ပိုးပန်းသူ၏ စိတ်သဘောကိုလိုက်၍ မိန်းမများ၏ စိတ်သည်လည်း ပြောင်းလဲတတ်ကြောင်းဖြင့် စိတ်ဆိုးဆိုးနှင့် ဖွင့်ပြောလိုက် ၏။ ဂျူလီမှာ ဘိုးရစ်စ်၏စကားကြောင့် တဆတ်ဆတ် တုန်ကာ မိန်းမတစ်ယောက်အဖို့ အပြောင်းအလဲ အဆင် ကွဲလိုသည်မှာ ဓမ္မတာဖြစ်၍ တစ်ခါလာ မည်းပြာပုဆိုး ဆိုလျှင် ငြီးငွေ့ဖွယ်ရာ ကောင်းနေမည်ဖြစ်ကြောင်းဖြင့် ပြန်ပြောလိုက်၏။

"ဒါဖြင့် ဒီလောက်တောင် အပြောင်းအလဲ ကြိုက်ရင်လဲ" ဘိုးရစ်စ်သည် နာနာကြည်းကြည်း ပြောပစ် လိုက်မည်ဟု စိတ်ကူးလိုက်မိသေးသည်။ သို့ရာတွင် ဤသို့ ပြောလိုက်ပါက မိမိ၏ ကြိုးစားအားထုတ်မှု ဟူသမျှသည် အချည်းနှီးဖြစ်ကာ (ဘိုးရစ်စ်သည် မည်သည့်အခါကမျှ အကျိုးမဲ့ အချည်းနှီး အဖြစ်ခံခဲ့သူ မဟုတ်)။ ရည်ရွယ်ချက် အောင်မြင်ခြင်းမရှိဘဲ မော်စကိုမှ ပြန်ရတော့မည်ဟု တွေးလိုက်မိသည်။

ဘိုးရစ်စ်သည် စကားမဆုံးမီ ကိုယ့်ကိုယ်ကို ထိန်းလိုက်လျက် ဂျူလီ၏ စိတ်ဆိုးလျက်ရှိ၍ ဝေခွဲမရ ဖြစ်နေသော မျက်နှာကို မမြင်လိုသည့်အတွက် မျက်လွှာကို ချလိုက်ပြီးနောက်

"ကျွန်တော် ဂျူလီနဲ့ ရန်ဖြစ်ဖို့လာတာ မဟုတ်ပါ ဘူး ဂျူလီ။ ဒါတွင်မကဘူး"

ဘိုးရစ်စ်သည် ရှေ့မျက်နှာနောက်ထား၍ ပြော တော့မည့်ပုံမျိုးဖြင့် ဂျူလီကို လှမ်းကြည့်လိုက်သည်။ ဂျူလီ၏ မျက်နှာပေါ်မှ ဒေါသအရိပ်အယောင်များသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားကြကာ စိုးရိမ်လျက် ရှိသော မျက်လုံးများသည် အာသာငမ်းငမ်းဖြင့် ဘိုးရစ်စ်ကို စိုက်ကြည့်လျက် ရှိကြ၏။ ဘိုးရစ်စ်ကလည်း စမိတော့မှ မထူးပြီဆိုသည့်သဘောဖြင့် မျက်နှာနီမြန်းလျက်က ဂျူလီကို လှမ်းကြည့်လိုက်၍ စကားဆက်လိုက်သည်။

"ဂျူလို့အတွက် ကျွန်တော် ဘယ်လောက် ခံစား နေရတယ်ဆိုတာ ဂျူလီ သိတယ် မဟုတ်လား"

ထိုနောက်၌ကား မည်သို့မျှ ပြောစရာမလိုတော့ချေ။ ဂျူလီ၏မျက်နှာသည် အောင်မြင်ခြင်း ကျေနပ်ခြင်းဖြင့် ဝင်းထိန်လာ၏။ သို့ရာတွင် ဂျူလီသည် ဤစကားလောက် မျှဖြင့် မတင်းတိမ်နိုင်ချေ။ မိန်းကလေးတစ်ယောက်သည် ယောကျ်ားကလေးတစ်ယောက်၏ ရည်းစားစကားပြော ခြင်းကို ခံရသည့်အခါ၌ မိမိအား အသည်းနှင့်အောင်ချစ် ကြောင်း၊ မိမိမှလွဲ၍ ကမ္ဘာပေါ်၌ မည်သည့်မိန်းမကိုမျှ ဤမျှလောက် မချစ်ခဲ့မိကြောင်း စသည့် စကားများကို ကြားလိုတတ်ကြပေရာ ဂျူလီသည်လည်း ဘိုးရစ်စ်ထံမှ ဤသို့သော စကားမျိုးကို ကြားလိုပေသည်။ ထို့ကြောင့် ဂျူလီသည် ဘိုးရစ်စ်၏ပါးစပ်က ဤစကားထွက်လာ အောင် မေးလျက်ရှိ၏။ ဂျူလီသည် မိမိ၏ ပင်ဇာပိုင်စား နယ်မြေများနှင့် နစ်ဖီနီဂိုရော့ သစ်တောများအတွက် ဘိုးရစ်စ်ထံမှ ဤစကားလုံးကလေးမျှလောက်ကို တောင်းဆို ထိုက်သည်ဟု သိပြီးဖြစ်လေရာ နောက်ဆုံး၌ ဂျူလီသည် ၎င်း၏တောင်းဆိုချက်ကို ရလိုက်သည်သာ ဖြစ်လေသည်။

ဤသို့ဖြင့် ဘိုးရစ်စ်နှင့် ဂျူလီတို့သည် အုတ်ဂူပုံ ကလေးများ ရေးဆွဲပေးခြင်း၊ အလွမ်းအဆွေး ကဗျာလင်္ကာ တိုကလေးများ ရေးပေးခြင်း စသည့် ဝေ့လည်ကြောင်ပတ် အဆင့်မျိုးမှ ကျော်လွှန်လာခဲ့ပြီးနောက် ပီတာစဘတ်မြို့ တော်တွင် ခမ်းနားသော အိမ်ကြီးတစ်ဆောင် ဆောက်လုပ် ရန်စီမံခြင်း၊ မိတ်ဆွေသင်္ဂဟများထံ သွားရောက်လည်ပတ်

ခြင်း၊ မျက်နှာကြီး မင်္ဂလာဆောင်တစ်ခု ပိသရန် ပြင်ဆင်ခြင်း စသည်တို့ဖြင့် အလုပ်များလျက် ရှိလေသတည်း။

## အခန်း ၆

ဇန်နဝါရီလကုန်တွင် မြို့စားကြီး ရော့စတော့ဗ်သည် နာတာရှာနှင့် ဆွန်ယာတို့ကိုခေါ်၍ မော်စကိုမြို့သို့ ထွက်လာခဲ့လေသည်။ မြို့စားကတော်ကြီးမှာ ကောင်းစွာမကျန်းမာသေးသည့်အတွက် ခရီးသွားလာခြင်း မပြုနိုင်သေးချေ။ သို့ရာတွင် ၎င်းကျန်းမာလာသည်အထိ စောင့်ဆိုင်းနေ၍ မဖြစ်တော့ပြီ။ မင်းသားလေးအင်ဒရေးမှာ မော်စကိုသို့ ရောက်ချိန်တန်လောက်ပြီဖြစ်လျက် နာတာရှာအတွက် သတို့သမီးအဝတ်အစားများကို ကြိုတင်ချုပ်လုပ်ရဦးမည် ဖြစ်သည့်အပြင် မော်စကိုအနီးရှိ ပိုင်စားနယ်မြေကြီးကိုလည်း ရောင်းချရဦးမည် ဖြစ်၏။ ထို့ထက် မင်းသားကြီး ဘိုလကွန်စကီ မော်စကိုမြို့သို့ ရောက်ရှိနေသည့်အခိုက် ချွေးမလောင်းကို ဆွေပြမျိုးပြသဘောအဖြစ် သွားရောက်ပြသရန် အခွင့်အရေးကိုလည်း လက်လွှတ်မခံနိုင်ချေ။ ထိုနှစ် ဆောင်းရာသီတွင် မြို့စားကြီးရော့စတော့ဗ်၏ မော်စကိုစံအိမ်မှာ အပူငွေ့ ပေးထားခြင်း မရှိသည့်အတွက်ကြောင့် လည်းကောင်း၊ မိမိတို့မှာ ခေတ္တခဏ လာရောက်လည်ပတ်ခြင်းမျှသာ ဖြစ်သည့်အတွက်ကြောင့် လည်းကောင်း၊ မြို့စားကတော်ကြီး မပါသည့်အတွက်ကြောင့် လည်းကောင်း မြို့စားကြီး ရော့စတော့ဗ်သည် မိမိတို့အား မကြာခဏ ဖိတ်ကြားလျက်ရှိသော မာယာဒီမိထရိယက်ဗ်နာ၏အိမ်တွင် တည်းခိုရန် ဆုံးဖြတ်လိုက်လေသည်။

တစ်ညနေတွင် မြို့စားကြီးရော့စတော့ဗ်၏ စွတ်ဖားလေးစီးသည် ကွန်ယူရှယ်နီလမ်းဟောင်းရှိ မာယာဒီမိထရိယက်ဗ်နာ၏ အိမ်ဝင်းထဲသို့ ဝင်ရောက်လာခဲ့ကြ၏။ ထိုအချိန်တွင် မာယာဒီမိထရိယက်ဗ်နာမှာ တစ်ဦးတည်းသော သမီးကို နေရာချပေးပြီး ဖြစ်လျက် သားများမှာ တစ်ရပ်တစ်ကျေးတွင် အမှုတော်ထမ်းလျက် ရှိကြလေသည်။

မာယာဒီမိထရိယက်ဗ်နာသည် ရင်ကော့၍ ခေါင်းမော့ကာ ယခင်ကကဲ့သို့ပင် ပြောစရာရှိလျှင် ဘွင်းဘွင်းရှင်းရှင်း အတုံးလိုက် အတစ်လိုက် အာကျယ်ကျယ်နှင့် ပြောတတ်လျက် တစ်ဖက်သား၏ ချွတ်ယွင်းမှု၊ အားနည်းမှု၊ အစွဲအလမ်းကြီးမှု (မာယာဒီမိထရိယက်ဗ်နာသည် ဤသို့သောအရာများ မရှိရဟု ယူဆထားသူ ဖြစ်သည်။) တို့ကို တွေ့လျှင် အားမနာ ပါးမနာ ပြောမည့်ဟန်မျိုးကို ဖော်ပြလျက်ရှိ၏။ မာယာဒီမိထရိယက်ဗ်နာသည် နံနက်စောစောကတည်းကထ၍ အိမ်တွင်းမှုကိစ္စများကို ဆောင်ရွက်ပြီးလျှင် ကရထားတစ်စီးဖြင့် အပြင်သို့ ထွက်သွားလေ့ရှိ၏။ တနင်္ဂနွေနေ့များတွင်မူ အကျဉ်းထောင်များသို့ သွား၍ အလှူအတန်းပြုပြီးနောက် သုဓမ္မာဇရပ်သို့ သွားလေ့ရှိပေသည်။ အခြားနေ့များ၌မူကား ကိစ္စအမျိုးမျိုး အကြောင်းမျိုးမျိုးနှင့် ပတ်သက်၍ ဘုရင်မင်းမြတ်ထံသို့ တင်လျှောက်သွင်းကြသူများကို လက်ခံတွေ့ဆုံလေ့ ရှိသည်။ ထို့နောက် ကျနစွာ တည်ခင်းသော ညစာကို သုံးဆောင်သည်။ မာယာဒီမိထရိယက်ဗ်နာ၏ ညစာစားပွဲတွင် ဧည့်သည်သုံးလေးဦးကို အမြဲတမ်း ဖိတ်ကျွေးလေ့ရှိ၏။ ညစာစားပြီးနောက် ထိုဧည့်သည်များနှင့် ဘော့စတွန်ဖဲ ကစားလေ့ရှိသည်။ ညဘက်တွင်မူ တစ်ယောက်ယောက်က သတင်းလွှာများ၊ စာအုပ်သစ်များ ဖတ်ပြသည်ကို နားထောင်ရင်း တက်တင်းထိုးလျက် ရှိ၏။ မာယာဒီမိထရိယက်ဗ်နာသည် အအားနေသည် ဟူ၍ မရှိလှဘဲ၊ အပြင်သို့လည်း အလည်အပတ် ထွက်ခဲလှ၏။ အပြင်သို့ အလည်အပတ် ထွက်လျှင်လည်း မော်စကိုမြို့ထဲမှ အရေးအကြီးဆုံး ပုဂ္ဂိုလ်များထံသို့သာ သွားရောက် လည်ပတ်ခြင်း ပြုလေသည်။

မြို့စားကြီး ရော့စတော့ဗ်ရောက်လာ၍ မြို့စားကြီးနှင့် တကွ အစေခံများ အထဲသို့ ဝင်လာနိုင်ရန် အိမ်ရှေ့ခန်းမဆောင် တံခါးကြီးများ တကျိကျိမြည်၍ ပွင့်လာသည့်အချိန်၌ မာယာဒီမိထရိယက်ဗ်နာမှာ အိပ်ရာသို့ မဝင်သေးချေ။ မာယာဒီမိထရိယက်ဗ်နာသည် တံခါးဝတွင် ရပ်လိုက်လျက် မျက်မှန်ကို နှာခေါင်းပေါ်သို့ လျှောချရင်းက ခေါင်းကို နောက်သို့ လှန်ထား၍ သုန်မှုန်သောမျက်နှာဖြင့် ဧည့်သည်များကို လှမ်းကြည့်လိုက်၏။ ဧည့်သည်များနှင့် တကွ ၎င်းတို့၏ပစ္စည်းများကို နေရာချထားခြင်းပြုရန် အစေခံများအား အရေးတယူ ညွှန်ကြားခြင်းသာမရှိပါက မာယာဒီမိထရိယက်ဗ်နာ၏ အမူအရာမှာ ဧည့်သည် ရောက်လာခြင်းကို နှစ်မြို့ခြင်းမရှိဘဲ မောင်းထုတ်ပစ်လေ



www.burmeseclassic.com

မည်လောဟု ထင်စရာ ဖြစ်၏။

"ဒါက မြို့စားကြီးရဲ့ ပစ္စည်းတွေလားဟေ့။ ဒီဘက်ကို ယူခဲ့၊ ဒီဘက်ကိုယူခဲ့" မာယာဒီမီထရီယက်ဗ်နာက မည်သူကိုမျှ နှုတ်ဆက်ခြင်းမပြုဘဲ ခရီးဆောင်သေတ္တာကို ညွှန်ပြ၍ မေးလိုက်၏။ "ဒီပစ္စည်းတွေက ကလေးမတွေရဲ့ ပစ္စည်းလား၊ ဝဲဘက်ခန်းဆောင်ထဲ ယူသွား။ ဟော့ကောင်မတွေ ဘာငေးနေကြတာလဲ ဟင်။ သွား၊ လက်ဖက်ရည်ပွဲ ပြင်ထားနှင့်ကြ"

မာယာဒီမီထရီယက်ဗ်နာက အစေခံများကို လှမ်း၍ အော်လိုက်၏။ ထို့နောက်(အအေးဓာတ်ကြောင့် ပါးကလေးများ နီရဲလျက်ရှိသော) နာတာရှာ၏ဘက်သို့ လှည့်လိုက်၍

"တူမတော်ကတော့ ပိုလှပြီး ပိုဝလာတယ်" မာယာဒီမီထရီယက်ဗ်နာသည် မိမိ၏လက်ကို နမ်းရှုပ်ရန် လာသော မြို့စားကြီးဘက်သို့ လှည့်လိုက်ပြန်က

"အို မြို့စားကြီး ကြည့်ရတာ တော်တော်ချမ်းနေပြီ ထင်တယ်။ အဝတ်အစားတွေ လဲလိုက်စမ်းပါဦး။ ကြည့်စမ်း၊ တစ်ကိုယ်လုံး အေးစက်လို့ပါကလား။ ဟော့ လက်ဖက်ရည်စားပွဲမှာ ရမ်အရက်လဲပါပစေဟေ့။ တူမတော်ကြီး ဆွန်ယာကော နေထိုင်ကောင်းရဲ့နော်"

မာယာဒီမီထရီယက်ဗ်နာက ဆွန်ယာဘက်သို့ လှည့်၍ ပြင်သစ်ဘာသာဖြင့် နှုတ်ဆက်လိုက်ပြန်သည်။ မာယာဒီမီထရီယက်ဗ်နာ၏ ပြင်သစ်စကား အသုံးအနှုန်းကို ကြည့်ခြင်းအားဖြင့် မာယာဒီမီထရီယက်ဗ်နာသည် ဆွန်ယာ့အပေါ်တွင် အနည်းငယ် နှိမ့်ချလိုသော သဘောရှိသော်လည်း ချစ်ခင်မြတ်နိုးကြောင်း သိရ၏။

မြို့စားကြီး ရော့စတော့ဗ်တို့သည် အပေါ်ရုံ အဝတ်အစားများကိုချွတ်ကာ ကိုယ်လက်သန့်စင်ပြီး၍ လက်ဖက်ရည်ခန်းထဲသို့ ဝင်လာသည့်အခါမှ မာယာဒီမီထရီယက်ဗ်နာသည် ကြီးစဉ်ငယ်လိုက် နမ်းရှုပ်နှုတ်ဆက်ခြင်း ပြုလေသည်။

"အင်း၊ မြို့စားကြီးတို့တစ်တွေ ရောက်လာပြီး အစ်မတော်အိမ်မှာ တည်းခိုကြတဲ့အတွက် အစ်မတော် ဝမ်းသာတယ်။ ချိန်ရောက်လာတော့ ပိုပြီး အဆင်ပြေသွားတာပေါ့" မာယာဒီမီထရီယက်ဗ်နာက ဤသို့ ပြောကာ နာတာရှာကို အထူးသတိထား၍ ကြည့်လိုက်၏။ "မင်းသားကြီးလဲ မော်စကို ရောက်နေတယ်။ သူ့သားတော်လဲ နေ့ရောက်မလား၊ ညရောက်မလားပဲ၊ မကြာတော့ဘူး။ မြို့စားကြီးတို့တစ်တွေ မင်းသားကြီးကိုတော့ သွားနှုတ်ဆက်မှ ကောင်းပေလိမ့်မယ်။ ကဲ ဒီကိစ္စကို နောက်များမှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့"

မာယာဒီမီထရီယက်ဗ်နာက ဤကိစ္စကို ဆွန်ယာ၏ ရှေ့တွင် ပြောလိုခြင်း မရှိကြောင်းကို ဖော်ပြသည့် အကြည့်မျိုးဖြင့် ဆွန်ယာကို လှမ်းကြည့်၍ ပြောလိုက်သည်။ တစ်ဖန် မြို့စားကြီးဘက်သို့လှည့်၍

"ကဲ နားထောင် မြို့စားကြီး။ မနက်ဖြန်မှာ ဘာတွေ လုပ်စရာရှိသလဲ။ ဘယ်သူ့ကို တွေ့ချင်သလဲ။ ရှင်ရှင်ကို တွေ့မလား။ မိန်းမလည်မင်းသမီးကြီး ဒရူဘက်စကားယားကိုကော တွေ့ဦးမလား။ သူ့သားလဲ ရှိတယ်။ သူ့သားတောင် လက်ထပ်တော့မလို့တဲ့။ မြို့စားကလေး ပီယာနဲ့ကော တွေ့ချင်သေးသလား။ သူလဲ ကြင်ရာတော်နဲ့ အတူ မော်စကိုမှာ ရောက်နေတယ်။ မြို့စားကလေးပီယာကတော့ ကြင်ရာတော်လက်က လွတ်အောင် ရှန်းပြေးရှာပေမယ့် ကြင်ရာတော်က နောက်က ဒုန်းစိုင်းပြီး လိုက်လာတယ်လေ။ သူတောင် ဗုဒ္ဓဟူးနေ့ကပဲ အစ်မတော်အိမ်မှာ ညစာ စားသွားသေးတယ်။ သူတို့ကိုတော့"

မာယာဒီမီထရီယက်ဗ်နာက နာတာရှာတို့နှစ်ဦးအား ညွှန်ပြလိုက်သည်။

"သူတို့ကိုတော့ မနက်ဖြန်မှာ အစ်ဗာရီယန်ဘုရားကြီးကို လိုက်ပို့ရမယ်။ ပြီးတော့ အပ်ချုပ်ဆိုင်ကို လိုက်ပို့ရမယ်။ တူမတော်တို့ အကြိုက်တော့ တွေ့ကောင်းပါရဲ့။ အရီးတော်ရဲ့ အင်္ကျီပုံစံကိုကြည့်ပြီး ခေတ်မဆန်ဘူးလို့တော့ မဆုံးဖြတ်ကြနဲ့နော်။ ခုခေတ်က တစ်နေ့တစ်မျိုး ဖက်ရှင်အသစ်အဆန်းတွေ ပေါ်ပေါ်နေတာ။ ကဲ ဒီက မြို့စားကြီးကကော ဘာများ လုပ်ချင်ပါသေးသလဲ"

"ကျွန်တော့်ကိစ္စ အထူးအထွေတော့ မရှိပါဘူး အစ်မတော်။ ဒါပေမဲ့ သမီးထွေးအတွက် ဝတ်စုံချုပ်ဖို့ ကိစ္စရယ်၊ မော်စကိုက ပိုင်စားနယ်မြေကို ဝယ်တဲ့သူပေါ်လာလို့ သူနဲ့တွေ့ပြီး စကားပြောဖို့ ကိစ္စကလေးရယ်ပဲ ရှိတာပါပဲ။ ဒါပေမဲ့ အဲဒီကိစ္စနှစ်ခုကို ဘယ်သင်းအရင် လုပ်ရမှန်း မသိအောင် ဖြစ်နေတယ်ခင်ဗျ။ အစ်မတော်ကြီးက ကူညီမယ်ဆိုရင်ဖြင့် ဒီကလေးမနှစ်ယောက်ကို အစ်မတော်ကြီးထံမှာ ခဏထားခဲ့ပြီး ပိုင်စားနယ်မြေတွေကို



www.burmeseclassic.com

တစ်နေ့လောက် သွားကြည့်ရမလားလို့ စိတ်ကူးထားတယ်"

"အို သွားပါ၊ သွားပါ။ သူတို့နှစ်ယောက်အတွက်တော့ ဘာမှ စိုးရိမ်ကြောင့်ကြဖြစ်မနေပါနဲ့။ အစ်မတော်ဆီ အပ်ထားခဲ့ရတာ ရွှေတိုက်တော်မှာ အပ်ထားရတာထက် လုံခြုံပါတယ်။ စိတ်သာချပါ။ သူတို့ သွားချင်တဲ့နေရာကို အစ်မတော်ကိုယ်တိုင် လိုက်ပို့ပါ့မယ်။ မတော်တာတွေ့ရင်လဲ အရိုက်ပဲနော် သိလား"

မာယာဒီမီထရိယက်ဗ်နာက ၎င်းအချစ်ဆုံးဖြစ်သော နာတာရှာ၏ ပါးကလေးကို ကြီးမားသော လက်ချောင်းကြီးများဖြင့် တို့၍ ပြောလိုက်၏။

နောက်တစ်နေ့နံနက်တွင် မာယာဒီမီထရိယက်ဗ်နာသည် နာတာရှာနှင့် ဆွန်ယာအား မယ်တော်မာရီ၏ မွေတော်ကိန်းအောင်းသည့် အစ်ဗာရီယန်ဘုရားသို့ လိုက်ပို့ပြီးနောက် မိမိကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်သည့် နာမည်ကြီး ပြင်သစ်အပ်ချုပ်ဆိုင်သို့ လိုက်ပို့လေသည်။ မာယာဒီမီထရိယက်ဗ်နာသည် နာတာရှာအတွက် သတို့သမီး ဝတ်စုံတစ်စုံလုံး မှာလိုက်၏။ အိမ်သို့ ပြန်ရောက်ကြသောအခါတွင် မာယာဒီမီထရိယက်ဗ်နာသည် အခြားသူများအား ခန်းဆောင်ထဲသို့ ဝင်ခွင့်မပြုတော့ဘဲ နာတာရှာကို ခေါ်လိုက်သည်။

"ကဲ တူမတော်နဲ့ စကားပြောကြဦးစို့။ တူမတော်တို့ ကိစ္စကိုကြားရတဲ့အတွက် အရီးတော် အများကြီးဝမ်းသာတယ်။ တူမတော်ကြီး ကံကောင်းတယ် ဆိုရပေမှာပေါ့လေ။ အရီးတော်ကတော့ သူ အမြင့်ရောက်ပြီးကောင်းစားစဉ်ကတည်းက သူ့ကို သိခဲ့တာကလား"

မာယာဒီမီထရိယက်ဗ်နာက အမြင့်ကိုပြသည့်သဘောဖြင့် လက်ဝါးကို ကြမ်းပြင်မှ ခပ်ကွာကွာ မြှောက်ပြလိုက်၏။ နာတာရှာမှာ ကျေနပ်ရွှင်လန်းလျက်ရှိရာမှ မျက်နှာကလေး နီမြန်းလျက် ရှိပေသည်။

"အရီးတော်ကတော့ သူနဲ့ရော၊ သူ့အိမ်သားများနဲ့ရော အင်မတန် ရင်းနှီးပါတယ်။ ဒါပေမဲ့ သူ့ခမည်းတော် မင်းသားကြီးက လက်ထပ်တဲ့ကိစ္စကို သဘောမတူဘူးလို့ ကြားရတယ်။ အဘိုးကြီးကဖြင့် တော်တော်ဇီဇာကြောင်တဲ့ အဘိုးကြီးပဲ။ အင်ဒရေဟာ သူငယ်နှပ်စားကလေး တစ်ယောက် မဟုတ်တော့တဲ့အတွက် သူ သဘောမတူလဲ သိပ်တော့ အရေးမကြီးလှပါဘူး။ ဒါပေမဲ့ အိမ်ထောင်ဦးစီးတဲ့ အဖေတစ်ယောက်လုံးရဲ့ သဘောတူညီချက် မရှိဘဲနဲ့ အိမ်ထောင်စု တစ်ခုထဲကို ဝင်ရတာကတော့ သိပ်မကောင်းလှပေဘူးပေါ့။ ဒီလိုကိစ္စမျိုးမှာ ချောချောမောမော ဖြစ်သွားရင် အကောင်းဆုံးပေါ့။ ဒီတော့ တူမတော်လဲ လိမ္မာရေးခြားရှိတဲ့ မိန်းကလေးတစ်ယောက်ပေပဲ။ အဆင်ပြေအောင် ဘယ်လိုဆက်ဆံရမယ်ဆိုတာ နားလည်မှာပေါ့။ အစစအရာရာ ကိုယ်က သည်းခံပြီး ရှေ့နောက် ဆင်ခြင်တတ်ရမယ်။ တူမတော် လိမ္မာရင် အားလုံးအဆင်ပြေသွားပေမှာပဲ"

နာတာရှာမှာ တိတ်ဆိတ်လျက်ရှိ၏။ ဤသို့ဆိတ်ငြိမ်လျက်ရှိခြင်းမှာ ရှက်ခြင်းကြောင့်ဖြစ်သည်ဟု မာယာဒီမီထရိယက်ဗ်နာက ယူဆ၏။ အမှန်ကား နာတာရှာသည် မိမိနှင့်မင်းသားကလေး အင်ဒရေတို့၏ အချစ်ကိစ္စသည် လူသာမန်တို့ နားလည်သဘောပေါက်နိုင်သော အချစ်မျိုးမဟုတ်ဟု ယူဆသည့်အလျောက် မိမိတို့ကိစ္စ၌ ကြားလူဝင်စွက်ခြင်းကို မနှစ်သက်ဘဲဖြစ်လျက် ရှိလေသည်။ နာတာရှာသည် မင်းသားလေး အင်ဒရေအား ချစ်ရုံမျှမက ၎င်း၏အကြောင်း အဆိုးအကောင်းကိုလည်း သိပြီး ဖြစ်သည်။ မင်းသားလေးအင်ဒရေကမူ မိမိကို ချစ်ရုံသာ ချစ်တတ်၍ မကြာမီရောက်လာကာ ခေါ်ဆောင်သွားရုံသာ ရှိမည်ဖြစ်၏။ စင်စစ် နာတာရှာကလည်း ထိုထက်ပို၍ ဘာမျှမလိုချင်ပေ။

"အရီးတော်က သူ့ကို ငယ်ငယ်ကလေးထဲက သိခဲ့တာပဲ။ တူမတော်ရဲ့ ယောက်မတော်လောင်း ထိပ်ထားလေး မေရီကိုလဲ အရီးတော်က သိပ်ခင်တယ်။ 'လင်ဘက်က တော်ရတဲ့ ယောက်မများကို ပေါင်းရသင်းရတာဟာ ဖိနပ်ပေါက်သလို အခံရခက်တယ်' ဆိုတဲ့ စကားပုံ ရှိပေမယ့် တူမတော်ရဲ့ ယောက်မလောင်းကတော့ အေးရှာပါပေတယ်။ ယင်ကောင်ကိုတောင် အန္တရာယ်ပြုတတ်တဲ့ မိန်းမစားမျိုး မဟုတ်ပါဘူး။ သူကလဲ တူမတော်တို့ကို အလည်ခေါ်ခဲ့ပါလို့ မှာထားတယ်။ ဒီတော့ မနက်ဖြန်မှာ တူမတော်နဲ့ ဖေဖျားတို့ သူတို့ဆီကို အလည်သွားလိုက်ပါဦး။ ဟိုကျတော့ တူမတော်က ကောင်းကောင်းမွန်မွန် ရိုရိုသေသေ ဆက်ဆံနော်။ ကိုယ်က အငယ်ဖြစ်နေတယ် မဟုတ်လား။ အင်ဒရေ ပြန်လာတဲ့အခါကျတော့



www.burmeseclassic.com

သမီးယောက်မ ခမည်းခမက်တစ်တွေ ရင်းရင်းနှီးနှီး ဆက်ဆံတာ မြင်ရတော့ စိတ်ချမ်းသာတာပေါ့၊ မဟုတ်ဘူးလား ဟင်။ အရီးတော်ပြောတာ မသင့်မြတ်ပေဘူးလား”

“ဟုတ် ဟုတ်ကဲ့။ သင့်မြတ်ပါတယ် အရီးတော်” နာတာရှာက ခပ်ဆိုင်းဆိုင်း ဖြေလိုက်လေသည်။

## အခန်း ၇

မာယာဒီမီထရိယက်ဗ်နာ၏ အကြံပေးချက်အရ နောက်တစ်နေ့၌ မြို့စားကြီး ရော့စတော့ဗ်သည် မင်းသားကြီး ဘိုလကွန်စကီကို တွေ့ဆုံရန်အတွက် နာတာရှာကို ခေါ်၍ လာခဲ့လေသည်။ မင်းသားကြီး ဘိုလကွန်စကီထံသို့ အလည်သွားရာ၌ မြို့စားကြီးရော့စတော့ဗ်မှာ များစွာ ရွှင်လန်းခြင်းမရှိလှဘဲ စိတ်ခပ်လေးလေး ဖြစ်လျက်ရှိလေသည်။ စစ်သည်တော် စုဆောင်းရေးကာလအတွင်းက မြို့စားကြီးရော့စတော့ဗ်သည် မင်းသားကြီး ဘိုလကွန်စကီနှင့် တွေ့ခဲ့ဖူးရာ မိမိ၏စစ်သည်တော် စုဆောင်းရေးခရိုင်မှ စစ်သည်အချိုးကျ စုမပေးနိုင်သဖြင့် မင်းသားကြီး ဘိုလကွန်စကီက ဒေါသတကြီးဖြင့် မာန်မဲကြိမ်းမောင်းခဲ့ဖူးခြင်းကို မြို့စားကြီးရော့စတော့ဗ် အမှတ်ရလျက်ရှိ၏။ သို့ရာတွင် နာတာရှာကား အကောင်းဆုံးဝတ်စုံကို ဝတ်ထားကာ ရွှင်ပျလျက် ရှိလေသည်။

‘သူတို့ နာတာရှာကို သဘောမကျဘဲ မနေနိုင်ပါဘူး။ နာတာရှာဟာ လူတိုင်းရဲ့ ချစ်ခင်ခြင်းခံရတဲ့ မိန်းကလေးတစ်ယောက်ပါ။ နာတာရှာ သူတို့ စိတ်တိုင်းကျအောင် နေပြပါ့မယ်။ မင်းသားကြီးဟာ သူ့ခမည်းတော်ဖြစ်နေပြီး အစ်မတော် ထိပ်ထားကလဲ သူ့အစ်မတော်ဖြစ်နေလေတော့ နာတာရှာ သူတို့အကြိုက်ကို ဆောင်ပါ့မယ်။ ဒီလိုဆောင်ပြရင် သူတို့ နာတာရှာကို မခင်မင်ဘဲ မနေနိုင်ပါဘူး

နာတာရှာသည် ဤသို့တွေးလျက် ရှိလေသည်။

သို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်နှင့် နာတာရှာတို့သည် ဗော့ဇ်ဗီဇင်ကာ မြစ်ကမ်းနဖူးရှိ မှိုင်းညို့ မှောင်မည်းလျက်ရှိသော ရှေးစံအိမ်ဟောင်းကြီးသို့ ကရထားတစ်စီးဖြင့် လာခဲ့ကြ၍ စမုတ်ဆောင်ထဲသို့ ဝင်လာခဲ့ကြသည်။

“ဘုရားသိကြားမပါစေဗျာ” မြို့စားကြီးက အပြောင်အပြက် ပြောခြင်းတစ်ဝက်၊ အတည်ပြောခြင်းတစ်ဝက်ဖြင့် ပြောလိုက်၏။ သို့ရာတွင် စမုတ်ဆောင်သို့ ဝင်လိုက်သည့်အချိန်ကစ၍ ဂနာမငြိမ်ဖြစ်လျက်ရှိကာ မင်းသားကြီးနှင့် သမီးတော် ထိပ်ထားကလေးတို့စံအိမ်တွင် ရှိ မရှိ တိုးတိုးတိတ်တိတ် မေးလျက်ရှိခြင်းကို နာတာရှာ သတိပြုလိုက်မိလေသည်။

မြို့စားကြီးရော့စတော့ဗ်တို့ သားအဖ ရောက်လာကြောင်းကို ကြားရသည့်၌ စံအိမ်တော်ရှိ အစေခံများမှာ အမူအရာထူးလျက် ရှိကြ၏။ မြို့စားကြီး ရော့စတော့ဗ်တို့ ရောက်ရှိလာခြင်းကို သွားရောက် ပြောကြားသည့် အစေခံသည် ခန်းမဆောင်ကြီးထဲအရောက်တွင် အခြားအစေခံတစ်ဦးနှင့် တစ်စုံတစ်ရာကို တီးတိုးပြောဆိုလျက်ရှိ၏။ ထိုအခိုက် ခန်းမဆောင်ကြီးထဲသို့ မိန်းမအစေတော်တစ်ဦး ပြေးဝင်လာကာ မင်းသမီးလေးမေရီ၏ အမည်ကိုထုတ်ဖော်လျက် တစ်စုံတစ်ရာကို အရေးတကြီး ပြောဆိုနေပြန်သည်။ နောက်ဆုံး၌ အသက်ခပ်ကြီးကြီး အရုပ်ဆိုးဆိုး အစေတော်တစ်ဦး ရောက်ရှိလာပြီးနောက် မင်းသားကြီး ဘိုလကွန်စကီသည် မြို့စားကြီးတို့အား တွေ့ဆုံမည်မဟုတ်ကြောင်း၊ သို့ရာတွင် မင်းသမီးကလေးမေရီက လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်းနှင့် လာရောက်ပြောဆိုခြင်း ပြုလေသည်။ ဧည့်သည်များကို ပထမဆုံး လာရောက်နှုတ်ဆက်သူမှာ ပြင်သစ်သူဘုရင်း ဖြစ်၏။ ပြင်သစ်သူဘုရင်းသည် မြို့စားကြီးနှင့် နာတာရှာတို့ကို အထူးဖော်ရွေစွာ နှုတ်ခွန်းဆက်ပြီးနောက် မင်းသမီးကလေးမေရီ၏ ဧည့်ခန်းဆောင်သို့ လိုက်၍ ပို့လေသည်။ မင်းသမီးကလေးမေရီသည် မျက်နှာနီမြန်းလျက် စိုးရိမ်ချောက်ချားသော အမူအရာဖြင့် ဧည့်သည်များကို တွေ့ရန် ဧည့်ခန်းဆောင်ထဲသို့ ကပျာကယာ ထွက်လာခဲ့သည်။ မင်းသမီးကလေးမေရီသည် ဣန္ဒြေမပျက်ရန် ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်လေသည်။ မင်းသမီးကလေးမေရီကား နာတာရှာကို မြင်လိုက်လျှင် မြင်လိုက်ချင်း သဘောမတွေ့ဖြစ်လျက်ရှိချေပြီ။ မင်းသမီးကလေးမေရီ၏ စိတ်၌ နာတာရှာမှာ အဝတ်အစားတွင် ခေတ်ဆန်လွန်း၍ အပျော်အပါးလောက်ကိုသာ အာရုံထားသော မလိမ်မိုး မလိမ္မာ ကလေးမလေး တစ်ယောက်ဟု ထင်လျက်ရှိ၏။ နာတာရှာမှာ ရုပ်ချောခြင်း၊ အရွယ်ငယ်ခြင်း၊ အပူအပင် ကင်းမဲ့၍ ပျော်ပျော်ရွှင်ရွှင်

www.burmeseclassic.com


နေတတ်ခြင်းတို့ကြောင့် မနာလိုစရာကောင်းလျက်ရှိသည့် အထဲတွင် အင်ဒရေကလည်း ဤမျှစွဲလမ်းခြင်း ဖြစ်ရသလောဟူသော နှမတို့၏ သဝန်တိုစိတ်ကလေးကလည်း ပေါ်လာပြန်သောကြောင့် မင်းသမီးကလေး မေရီမှာ ယောက်မလောင်းကို မတွေ့ခင်ကတည်းကပင်လျှင် အာဃာတထားလျက် ရှိလေပြီ။ သို့ရာတွင် ကိုယ့်ကိုယ်ကိုကား သတိမထားမိချေ။ မင်းသမီးကလေးမေရီ၌ ဤသို့ ဖုံးဖိ၍မရအောင် မလိုမုန်းထားစိတ်များ ဖြစ်ပေါ်လျက်ရှိရုံမျှမက မြို့စားကြီးတို့ လာရောက်လည်ပတ်ခြင်းကို ကြားသည်၌ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီက တွေ့ဆုံဧည့်ခံခြင်း မပြုနိုင်ဟု အော်၍ ထုတ်လိုက်သည့်အပြင် မင်းသမီးကလေးမေရီကိုလည်း တွေ့လိုကတွေ့၊ မတွေ့လိုကနေ၊ မိမိထံသို့ကား ဝင်ခွင့်မပေးရဟု ပြောလိုက်သဖြင့် မင်းသမီးကလေးမေရီမှာ စိုးရိမ်ထိတ်လန့်လျက် ရှိလေသည်။ မင်းသမီးကလေးမေရီသည် နာတာရှာတို့အား လက်ခံတွေ့ဆုံမည်ဟုသာ ဆုံးဖြတ်ရသော်လည်း စိတ်ထဲကမူ မြို့စားကြီးတို့ အလည် လာရောက်ခြင်းကြောင့် စိတ်ဆိုးလျက်ရှိသည့် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ ရောက်လာ၍ မဖွယ်မရာ ပြောဆိုလေမည်လောဟု တထိတ်ထိတ်ဖြစ်လျက် ရှိ၏။

"ဦးရီးတော်ရဲ့ သမီးထွေးကို ခေါ်လာပါတယ် ထိပ်ထားလေး" မြို့စားကြီး ရော့စတော့ဗ်က မင်းသမီးကလေးမေရီကို ဦးညွှတ်၍ ပြောလိုက်ပြီးနောက် မင်းသားကြီး ဘိုလကွန်စကီများ ဝင်လာချေမည်လောဟု စိုးရိမ်သည့်လက္ခဏာဖြင့် ဘေးပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် လှမ်းကြည့်လိုက်၏။ "သမီးတော်ကို ထိပ်ထားလေးဆီကို ခေါ်လာခွင့်ရတဲ့အတွက် ဝမ်းသာလိုက်လေဗျာ။ ဒါပေမဲ့ ကိုယ်တော်ကြီးကောင်းကောင်း မကျန်းမာဘူးလို့ ကြားရတဲ့အတွက်တော့ ဦးရီးတော်လဲ စိတ်မကောင်းဘူးဗျ"

မြို့စားကြီးသည် ထုံးစံအတိုင်း မာကြောင်းသာကြောင်းလောက်ပြောဆို၍ ပြီးသည်၌ ထိုင်ရာမှ ထလိုက်လျက်

"ထိပ်ထားလေးအပါးမှာ သမီးတော်ကို နာရီတစ်မတ်လောက် နေခွင့်ပြုမယ်ဆိုရင်တော့ ဒီနားမှာနေတဲ့ ဦးရီးတော်ရဲ့မိတ်ဆွေ အင်နာဆီမြိုနိုဗနာတို့ထံ ခဏလောက်သွားပြီး နှုတ်ဆက်လိုက်ချင်သဗျ။ ဒီနားလေးက သုနက္ခပန်းခြံနားတွင်ပါ။ သိပ်မဝေးလှပါဘူး။ အပြန်ကျမှ သမီးတော်ကို ဝင်ခေါ်ရင် မကောင်းပေဘူးလား"

ဤနေရာ၌ မြို့စားကြီးသည် သမီးယောက်မလောင်း နှစ်ယောက် လွတ်လပ်စွာ စကားပြောခွင့်ရစေရန် ကျွမ်းကျင်ပါးနပ်စွာ ပရိယာယ်သုံး၍ ရှောင်ပေးခြင်းဖြစ်သည်။ (မြို့စားကြီးရော့စတော့ဗ်သည် နောင်၌ နာတာရှာအား ဤအတိုင်း ပြောပြ၏။) သို့သော် ဤသို့ ရှောင်ထွက်သွားရာ၌ အခြားအကြောင်းတစ်ခုလည်း ရှိသေး၏။ ယင်းမှာ မြို့စားကြီးသည် ၎င်းအင်မတန်ကြောက်ရွံ့သော မင်းသားကြီး ဘိုလကွန်စကီနှင့် ပက်ပင်းတိုးမည့် အန္တရာယ်ကို ရှောင်ကွင်းလိုက်ခြင်း ဖြစ်လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ထိုအကြောင်းကိုကား နာတာရှာကို ပြောပြခြင်း မပြုချေ။ သို့ရာတွင် နာတာရှာသည် ဖခင်မြို့စားကြီး၏ ဂနာမငြိမ်ဖြစ်နေခြင်းနှင့် စိုးရိမ်ထိတ်လန့်လျက် ရှိခြင်းကို သတိထားလိုက်မိသဖြင့် များစွာ စိတ်မကောင်း ဖြစ်လျက်ရှိလေသည်။ နာတာရှာသည် ဖခင်ကြီးအတွက် ရှက်လျက်ရှိသည့်ပြင် ဒေါသလည်း ထွက်လျက်ရှိသောကြောင့် မည်သူ့ကိုမျှ ဂရုထားဟန် မရှိသည့် ရဲရင့်ဝင့်ကြွားသော မျက်နှာထားမျိုးဖြင့် မင်းသမီးကလေးမေရီကို ကြည့်လိုက်သည်။ မင်းသမီးကလေးမေရီက နာတာရှာအား မိမိအနီးတွင် ထားခဲ့မည်ဆိုလျှင် များစွာ ဝမ်းသာမည်ဖြစ်ကြောင်း၊ ဆီမြိုနိုဗနာတို့အိမ်၌ အေးအေးဆေးဆေး နေနိုင်ကြောင်း ပြောဆိုလိုက်သည့်အတွက် မြို့စားကြီး ရော့စတော့ဗ်လည်း ထွက်သွားလေသည်။

မင်းသမီးကလေး မေရီသည် နာတာရှာနှင့် နှစ်ယောက်ချင်း စကားပြောလိုသည့်အတွက် အနီးတွင် ရှိနေသော ပြင်သစ်သူဘုရင်အား အလိုမကျသည့် မျက်နှာထားဖြင့် မကြာခဏ ကြည့်လျက်ရှိ၏။ သို့တိုင်အောင် ပြင်သစ်သူဘုရင်ကား အနားမှ ထသွားခြင်းမရှိဘဲ မော်စကိုရှိ ပျော်ပွဲရွှင်ပွဲများ ဇာတ်သဘင်များအကြောင်းကို ကရားရေလွှတ်သည့်ပမာ တဝွတ်ဝွတ် ပြောလျက် ရှိလေသည်။ နာတာရှာကား စမုတ်ဆောင်ထဲ၌ အစေခံများက ခပ်ဆိုင်းဆိုင်း ဖြစ်နေကြပုံ၊ ဖခင်မြို့စားကြီး ဂနာမငြိမ်ဖြစ်နေပုံ၊ မိမိအား ဧည့်ခံရာ၌လည်း မင်းသမီးကလေး မေရီ၏ အမူအရာမှာ (နာတာရှာ့အထင်၌) ယောက်မလောင်းဖြစ်၍


www.burmeseclassic.com

သာ မလွဲမရှောင်သာ ဧည့်ခံရဟန်ရှိပုံစသည်တို့ကို မြင်ရကတည်းက အခံရခက်လျက်ရှိကာ မကျေမနပ် ဖြစ်လျက်ရှိလေပြီ။ နာတာရှာကိုယ်နှိုက်ကလည်း မင်းသမီးကလေးမေရီကို သဘောမကျနိုင်ဘဲ ဖြစ်လျက်ရှိသည်။ နာတာရှာ၏ အမြင်၌လည်း မင်းသမီးကလေးမေရီမှာ နံနဲ့လွန်းအားကြီးသူ၊ ဟန်ဆောင်တတ်သူ၊ငြီးငွေ့စရာကောင်းသူတစ်ယောက်ဟု ထင်လျက်ရှိ၏။ ဤသို့ဖြင့် သမီးယောက်မလောင်းနှစ်ယောက်သည် စကားပြတ်တောင်း ပြတ်တောင်း ပြောဆိုလျက် ရှိကြ၏။ ငါးမိနစ်ခန့်အကြာတွင်ကား မိမိတို့ခန်းဆောင်ဘက်ဆီသို့ လာနေသော ကွင်းစွပ်ဖိနပ်သံတစ်ခုကို ကြားလိုက်ရလေသည်။ မင်းသမီးကလေးမေရီ၏ မျက်နှာတွင် ထိတ်လန့်သော အမူအရာ ဖြစ်ပေါ်လျက်ရှိလေပြီ။ ခဏကြာလျှင် ဧည့်ခန်းဆောင် တံခါးပွင့်လာ၍ မင်းသားကြီးဘိုလကွန်စကီသည် ညအိပ်ဝတ်စုံ၊ ဦးထုပ်ပျော့ အဖြူတို့ကို ဝတ်ဆင်လျက် ဝင်ရောက်လာလေသည်။

"အိမ်း၊ မြို့စားကြီးရော့စတော့ဗ်ရဲ့ သမီးတော် ထင်ရဲ့၊ ဟုတ်စ တူမတော်တို့ အလည်ရောက်နေမှန်း ဦးရီးတော် မသိဘူးကွ။ သမီးတော် တစ်ယောက်ထဲပဲဆိုပြီး အဝတ်အစားမလဲဘဲ ထလာခဲ့တာ ဦးရီးတော်ကို ခွင့်လွှတ်နော်။ ဘုရားစူးပါစေ့ကွယ်။ တူမတော်တို့ ရောက်နေမှန်း ဦးရီးတော်ဖြင့် လုံးလုံး မသိဘူး"

မင်းသားကြီး ဘိုလကွန်စကီသည် 'ဘုရားစူး' ဆိုသည့် စကားလုံးကို ပြောရာ၌ ရှောရှောရှူရှူမဖြစ်ဘဲ ထစ်အလျက် ရှိလေရာ မင်းသမီးကလေးမေရီမှာ မျက်နှာပူလှသဖြင့် ခမည်းတော်ကြီးကို လည်းကောင်း၊ နာတာရှာကို လည်းကောင်း မကြည့်ရဲဘဲ မျက်လွှာကိုချလျက် မတ်တတ်ရပ်နေလေသည်။

နာတာရှာမှာလည်း ထ၍အရိုအသေပေး နှုတ်ဆက်ပြီးနောက် မည်သို့ ပြုစုရမည် မသိဘဲ ဖြစ်လျက်ရှိ၏။ ပြင်သစ်သူ ဘူရင်းတစ်ဦးသာလျှင် အလိုက်အထိုက် ပြုံးလျက် ရှိလေသည်။

"ဦးရီးတော်ကို ခွင့်လွှတ်ကွယ့်နော်။ ဘုရားစူးရစေရဲ့၊ တူမတော်တို့ ရောက်နေတာကို ဦးရီးတော် မသိဘူး"

မင်းသားကြီး ဘိုလကွန်စကီက နာတာရှာကို ခြေဆုံးခေါင်းဆုံးကြည့်၍ ထပ်ပြောလိုက်ပြန်သည်။

တစ္ဆေခြောက်သကဲ့သို့ ဘွားခနဲပေါ်လာသော မင်းသားကြီး ဘိုလကွန်စကီကို ကြည့်၍ သုံးယောက်သား မှင်တက်မိလျက် ရှိကြသည့်အနက် ပြင်သစ်သူ ဘူရင်းက ပထမဆုံး သတိရကာ မင်းသားကြီး ဘိုလကွန်စကီ၏ ကျန်းမာရေး အခြေအနေကို ပြောဆိုလျက် ရှိလေသည်။ နာတာရှာနှင့် မင်းသမီးကလေး မေရီတို့ကား တိတ်ဆိတ်စွာဖြင့် တစ်ဦးကိုတစ်ဦး အကဲခတ်လျက် ရှိကြ၏။ ဤသို့ ၎င်းတို့အသီးသီး၏ ရင်ထဲရှိစကားများကို ပြောဆိုခြင်း မပြုရဘဲ တိတ်ဆိတ်စွာ နေရသည့် အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ တစ်ဦးကိုတစ်ဦး မထီမဲ့မြင်ပြုလိုသောစိတ်သည်လည်း ၎င်းတို့နှစ်ဦးစလုံး၌ တိုး၍ ဖြစ်ပေါ်လာခဲ့ကြလေပြီ။

မြို့စားကြီးရော့စတော့ဗ် ပြန်ရောက်လာသည့်အခါတွင်မူကား နာတာရှာမှာ ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာသွားကာ ပြန်ရန်ဟန်တပြင်ပြင် လုပ်လျက်ရှိ၏။ ထိုအချိန်၌ကား နာတာရှာသည် တစ်ဖက်သား အနေခက်လောက်အောင် ဆက်ဆံ၍ နာရီဝက်လုံးလုံး နေပါလျက် မင်းသားကလေးအင်ဒရေ၏ အမည်ကို တစ်ခါမျှထုတ်ဖော်ပြောဆိုဖော်မရဘဲ ဣန္ဒြေကြီးတစ်ခွဲသားနှင့် ရှိနေသော မင်းသမီးကလေး မေရီကို မုန်းတီးလျက် ရှိလေပြီ။

'အနားမှာ ပြင်သစ်သူဘူရင်းကလဲ ရှိနေတော့ နာတာရှာကစပြီး သူ့အကြောင်း မေးရမှာကလဲ ခက်လိုက်ပါဘိနော်' ဟု နာတာရှာသည် စိတ်ထဲက ညည်းမိ၏။ မင်းသမီးကလေးမေရီမှာလည်း ဤနည်းနှင်နှင် တွေးနေမိလေသည်။ မင်းသမီးကလေးမေရီအဖို့လည်း နာတာရှာအား မည်သည့်စကားများကို ပြောဆိုသင့်သည်ဟု သိသည့်တိုင် အနီးတွင် ပြင်သစ်သူဘူရင်းရှိသည့် အတွက် ကြောင့်လည်းကောင်း၊ မင်းသားကလေးအင်ဒရေ၏ လက်ထပ်ရေးကိစ္စကို ပြောဆိုရန် (အဘယ်ကြောင့် ဟူ၍ စဉ်းစားမရဘဲ) ခက်ခဲနေသည့်အတွက်ကြောင့်လည်းကောင်း မည်သည့်စကားကိုမျှ မပြောလိုက်ရချေ။ ပြန်ခါနီး၍ မြို့စားကြီး အပြင်သို့ အရောက်တွင်မူ မင်းသမီးကလေးမေရီသည် နာတာရှာအနီးသို့ ခပ်သုတ်သုတ်လျှောက်သွားကာ လက်ကိုဆွဲ၍ သက်ပြင်းချလိုက်ကာ

"ညီမတော် ခဏလေး"

နာတာရှာသည် မည်သည့်အတွက်ကြောင့် မသိ။



www.burmeseclassic.com

မင်းသမီးကလေး မေရီကို ခပ်လျှောင်လျှောင်ကလေး ကြည့်လိုက်၏။

"ညီမတော်" မင်းသမီးကလေးမေရီက ဆိုသည်။ "အစ်မတော် ထိပ်ထားရဲ့မောင် စိတ်ချမ်းသာမှုကို ရရှိတဲ့အတွက် အစ်မတော် ထိပ်ထားမှာ အင်မတန် ဝမ်းမြောက်ခြင်း ဖြစ်ရတယ်ဆိုတာကိုတော့ ညီမတော် သိစေချင်ပါတယ်နော်"

မင်းသမီးကလေးမေရီသည် ဟန်ဆောင်ပြောဆိုလျက်ရှိသော မိမိအဖြစ်ကို သတိထားမိသဖြင့် စကားကို ရပ်ထားလိုက်သည်။ ဤသည်ကို နာတာရှာကလည်း သတိထားလိုက်မိသည်။

"ဒီကိစ္စကို ဒီအချိန်မှာ ပြောဖို့ မသင့်မြတ်သေးဘူးထင်ပါတယ် အစ်မတော် ထိပ်ထား" နာတာရှာသည် ဣန္ဒြေဆည်၍ အေးစက်စွာ ပြောလိုက်သည်။ ရင်ထဲ၌ကားတလှိုက်လှိုက်ဖြစ်ကာ ငိုချင်လာပေပြီ။

နာတာရှာသည် ခန်းမဆောင်ပြင်ဘက်သို့ ရောက်သည်နှင့် မိမိ မည်သည့်စကားတွေကိုပြော၍ မည်သည့်အမှုတွေကိုများ ပြုခဲ့လေသနည်းဟု စဉ်းစားနေမိလေသည်။

ထိုနေ့၌ နာတာရှာသည် ညစာစားပွဲသို့ ရုတ်တရက် ဆင်းမလာတော့ချေ။ နာတာရှာသည် အခန်းထဲတွင် ထိုင်ကာ တစ်ယောက်တည်း ရှိုက်ကြီးတငင ငိုလျက်ရှိလေသည်။ ဆွန်ယာသည် အနီးတွင်ရပ်လျက် နာတာရှာ၏ ဆံပင်များကို နမ်းရှုပ်လျက် ရှိ၏။

"ဘာဖြစ်တာလဲ နာတာရှာ။ သူတို့က ဘာပြောလိုက်လို့လဲ။ နောက်တော့လဲ အဆင်ပြေသွားပါလိမ့်မယ်ကွယ်၊ တိတ်ပါ"

"ဘယ်လောက် စော်ကားရိုင်းပျတယ်ဆိုတာ ဆွန်ယာ မသိဘူး။ ဆွန်ယာသာသိရင်"

"မပြောပါနဲ့တော့ နာတာရှာရယ်။ တော်ပါတော့။ ကိုယ့်ဘက်ကမှ အမှားမရှိတဲ့ ကိစ္စပဲ။ ဒီလောက်လဲ စိတ်ထိခိုက်မနေပါနဲ့။ ကဲ ဆွန်ယာ့ကို မွှေးစမ်းပါဦး" ဆွန်ယာက ပြောလိုက်၏။

နာတာရှာသည် မော့ကြည့်ပြီးနောက် ဆွန်ယာ၏ နှုတ်ခမ်းကို နမ်းလိုက်လျက် မျက်ရည်တို့ စိုစွတ်လျက်ရှိသော မျက်နှာကို ဆွန်ယာ့ရင်ခွင်ထဲအပ်၍ ငိုချလိုက်မိလေသည်။

"နာတာရှာ မပြောချင်ဘူး ဆွန်ယာ။ နာတာရှာ ဘာမှလဲ မသိတော့ဘူး။ ဘယ်သူ့ကိုမှလဲ အပြစ်တင်စရာ မလိုဘူး။ အမှန်ကတော့ နာတာရှာရဲ့ အပြစ်ပါ။ ဒါပေမဲ့ နာတာရှာ သိပ်ငိုချင်တယ် ဆွန်ယာ။ အရေးထဲမှာ သူကလဲ ပြန်ရောက်မလာသေးဘူး။ သိပ်ခက်တာပဲ"

နာတာရှာသည် နီရဲလျက်ရှိသော မျက်လုံးများဖြင့် ထမင်းစားခန်းဆောင်သို့ ဆင်းလာခဲ့၏။ မင်းသားကြီးဘိုလကွန်စကီက မြို့စားကြီးတို့ သားအဖအား မည်သို့ပြုမူတုံ့ပြန်လိုက်သည်ကို သိပြီးဖြစ်သော မာယာဒီမီထရီယက်ဗ်နာသည် နာတာရှာ စိတ်ထိခိုက်လျက် ရှိခြင်းကို မသိဟန်ပြုလျက် မြို့စားကြီးနှင့်တကွ အခြားသော ဧည့်သည်များနှင့်အတူ ရယ်စရာ မောစရာများကို အော်ကျယ်ဟစ်ကျယ် ပြောဆိုလျက် ရှိလေသတည်း။

## အခန်း–၈

ထိုနေ့ည၌ မာယာဒီမီထရီယက်ဗ်နာသည် ပွဲကြည့်ဆောင်တစ်ဆောင်စာအတွက် လက်မှတ်ခံထားသဖြင့် မြို့စားကြီးရော့စတော့ဗ်တို့နှင့် နာတာရှာတို့တစ်သိုက်သည် ဇာတ်ရုံသို့ ထွက်လာခဲ့ကြလေသည်။

နာတာရှာမှာ ဇာတ်ပွဲသို့ မလိုက်ချင်လှချေ။ သို့ရာတွင် မိမိအတွက် တမင်စီစဉ်ထားသည်ဟု မာယာဒီမီထရီယက်ဗ်နာက ပြောသဖြင့် ၎င်း၏စေတနာကို မငြင်းသာတော့ဘဲ လိုက်လာခဲ့ရလေ၏။ နာတာရှာသည် အဝတ်အစားလဲပြီးနောက် ပွဲတက်ဆောင်သို့ ဆင်းလာခဲ့ကာ ဖခင်မြို့စားကြီးကို စောင့်လျက်ရှိသည်။ ဘေးပတ်ပတ်လည် မှန်ကြီးများထဲသို့ ကြည့်လိုက်မိသည်၌ လှချင်တိုင်း လှနေသော မိမိ၏ ရုပ်သွင်ကို မြင်ရသည့်အတွက် ရင်ထဲတွင် လှိုက်ဖိုလာကာ ဝမ်းနည်းလာလေသည်။

'တကယ်လို့ အစ်ကိုသာ ဒီမှာရှိရင် နာတာရှာ ဒီလို ပြုမူပြောဆိုမိမှာ မဟုတ်ဘူးနော်။ နာတာရှာရဲ့ အပြုအမူဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပဲ။ နာတာရှာဟာ ဒီလောက်လဲ မိုက်မှာ မဟုတ်ဘူး။ ဒီလောက်လဲ ကြောက်တတ်မှာ မဟုတ်ဘူး။ နာတာရှာလေ အစ်ကို့ရင်ခွင်ထဲမှာ မှီပြီး အစ်ကို့ကို ဖက်ပြီးတော့ အစ်ကို့ရဲ့ တောက်ပတဲ့ မျက်လုံးတွေနဲ့ နာတာရှာကို အကြည့်ခိုင်းနေမှာပဲ။ အစ်ကို့



www.burmeseclassic.com

မျက်လုံးတွေဟာ နာတာရှာကို စိုက်ပြီး ကြည့်နေတတ်တယ် မဟုတ်လား။ ပြီးတော့ နာတာရှာက ရယ်အပြုံခိုင်းမယ်။ အစ်ကိုက ရယ်တတ်တဲ့ လူမဟုတ်လား။ အင်း၊ အစ်ကို့ မျက်လုံးတွေကို နာတာရှာ အမှတ်ရလိုက်ပါဘိတော့တယ်'

နာတာရှာသည် ဆက်၍ တွေးနေမိပြန်သည်။

'တကယ်တော့ အစ်ကို့ခမည်းတော်ကြီးနဲ့ အစ်ကို့ အစ်မတော်ဟာ နာတာရှာအတွက် အရေးမကြီးပါဘူး။ နာတာရှာက အစ်ကိုတစ်ယောက်ကိုသာ ချစ်တာပဲ။ အစ်ကိုတစ်ယောက်သာ နာတာရှာအဖို့ အရေးကြီးပါတယ်။ အစ်ကို့မျက်နှာ၊ အစ်ကို့မျက်လုံး၊ အစ်ကို့အပြုံးတွေဟာ ကျက်သရေ ရှိတယ်။ ဖြူစင်အပြစ်ကင်းပါတယ်။ အို ရှုပ်ပါတယ်။ အစ်ကို့အကြောင်းလဲ မတွေးတာပဲ ကောင်းပါတယ်။ အစ်ကို့အကြောင်းကိုလဲ မတွေးတော့ဘူး။ မေ့လိုက်တော့မယ်။ ခုလောလောဆယ်မှာတော့ လုံးလုံးကြီး မေ့ထားလိုက်ဦးမယ်။ နာတာရှာ ဒီလောက် ကြာကြာကြီး စောင့်နေရတာကို စိတ်မရှည်နိုင်တော့ဘူး။ ငိုမိလိမ့်မယ်'

နာတာရှာသည် မငိုမိစေရန် အနိုင်နိုင် ချုပ်တည်းလျက် မှန်ကြည့်နေရာမှ မျက်နှာကို တခြားသို့ လွှဲလိုက်သည်။

'ဆွန်ယာကျတော့လဲ တည်ငြိမ်လိုက်ပါဘိနော်။ ကိုကို့အပေါ်မှာထားတဲ့ ဆွန်ယာရဲ့အချစ်ကတော့ တည်လဲ တည်ငြိမ်တယ်။ အေးလဲ အေးချမ်းတယ်။ ဆွန်ယာဟာ ဘာကြောင့်များ ဒီလောက်အကြာကြီး စောင့်နိုင်တာပါလိမ့်'

နာတာရှာသည် လက်တွင် ယပ်တောင်တစ်ချောင်းကို ကိုင်လျက် ပြင်ဆင်ဖြီးလိမ်း၍ ဆင်းလာသော ဆွန်ယာကို ကြည့်ရင်း တွေးမိပြန်သည်။

'အို၊ ဆွန်ယာ့အဖြစ်နဲ့ နာတာရှာ့အဖြစ်က တစ်မျိုးစီပဲလေ။ ဆွန်ယာ စောင့်နိုင်ပေမယ့် နာတာရှာ ဘယ်စောင့်နိုင်မလဲ"

ထိုအချိန်တွင် နာတာရှာ၏စိတ်သည် ဖယောင်းကဲ့သို့ နူးညံ့ပျော့ပျောင်းလျက် ရှိလေရာ မိမိက ချစ်နေရုံ၊ မိမိအား ချစ်နေသည်ဟု သိရုံမျှဖြင့် အားရကျေနပ်ခြင်း မရှိတော့ဘဲ ယခုချက်ချင်း မိမိချစ်သူ၏ ရင်ခွင်တွင် မှီကာ ချစ်သူနှင့် တွတ်တီးတွတ်တာ စကားပြောလိုစိတ်၊ ချစ်သူ၏ ယုယကြင်နာသော စကားတို့ကို ကြားလိုစိတ်တို့သည် ရင်ထဲတွင်တဖွားဖွား ပေါ်ပေါက်လျက် ရှိလေသည်။ နာတာရှာသည် ကရထားထဲ၌ ဖခင်မြို့စားကြီး၏ ဘေးတွင် တိတ်ဆိတ်စွာ ထိုင်လျက် နှင်းငွေ့ရိုက်ထားသည့် ကရထား မှန်တံခါးပေါ်တွင် လာ၍ထင်သည့် လမ်းမီးတိုင်များကို ငေးကြည့်လိုက်ပါလာရာမှ လွမ်းသလို ဆွေးသလို ဖြစ်လာကာ မိမိသွားလျက် ရှိသည့်နေရာကို လည်းကောင်း၊ မိမိနှင့်အတူ လိုက်ပါလာသူများကို လည်းကောင်း မေ့လျော့လျက် ရှိလေသည်။ မြို့စားကြီးရော့စတော့ဗ်တို့ စီးနင်းလာသည့် ကရထားသည် အခြားကရထားများနောက်မှ စီတန်း၍ လိုက်ပါလာခဲ့ကာ ဇာတ်ရုံရှေ့တွင် ဆိုက်လိုက်လေသည်။ ရထားဘီးများသည် နှင်းခဲကို ကြိတ်မိသဖြင့် တကျွိကျွိမြည်လျက် ရှိကြ၏။ နာတာရှာနှင့် ဆွန်ယာသည် ဝတ်စုံများကို ဖွ၍ မလိုက်ပြီးနောက် လျင်မြန်စွာ ခုန်ဆင်းလိုက်ကြသည်။ မြို့စားကြီးသည် အစေတော်တစ်ယောက်၏ အကူအညီဖြင့် ဆင်းလာလေသည်။ ထို့နောက် ၎င်းတို့ သုံးယောက်သားသည် ဇာတ်ရုံထဲသို့ ဝင်လျက်ရှိသော မိန်းမပရိသတ်၊ ယောကျ်ားပရိသတ်များနှင့်တကွ ဇာတ်ပွဲ အစီအစဉ် ရောင်းသူများကြားမှ ဖြတ်၍ ပွဲကြည့်ဆောင် ရှေ့ဆုံးတန်းသို့ သွားသော စင်္ကြံအတိုင်း လျှောက်လာခဲ့ကြ၏။ တံခါးပိတ်ထားသော ဇာတ်ရုံထဲမှ တီးမှုတ်သံကို ကြားနေရလေပြီ။

"နာတာရှာ ဆံပင်ပြင်လိုက်ဦးလေ" ဆွန်ယာက ပြောလိုက်၏။

ဇာတ်ရုံစောင့်တစ်ယောက်သည် နာတာရှာတို့ ရှေ့တွင် လျင်မြန်စွာ ပေါ်လာပြီးနောက် နာတာရှာတို့၏ ပွဲကြည့်ဆောင်တံခါးကို ဖွင့်ပေးလိုက်၏။ တံခါးဖွင့်လိုက်သောအခါတွင် တီးမှုတ်သံသည် ပို၍ ကျယ်လောင်လာ၏။ တံခါးကြားမှ ကြည့်လိုက်လျှင် ဖြူဖွေးသော လက်မောင်းသားများနှင့် ပခုံးသားများ ဖော်ထားသည့် မိန်းမများ ထိုင်လျက်ရှိ၍ ထိန်ထိန်လင်းအောင် မီးထွန်းထားသည့် ပွဲကြည့်ဆောင်များသည် လည်းကောင်း၊ စစ်ဝတ်စုံများ အမှုတော်ထမ်းဝတ်စုံများ စသည့် ဆိုင်ရာဆိုင်ရာ ဝတ်စုံများဖြင့် တောက်ပလျက်ရှိကာ စကားသံ သောသော ညံလျက်ရှိသော ဇာတ်စင်ရှေ့ပိုင်း ထိုင်ခုံတန်းများသည် လည်းကောင်း ပြိုးပြိုးပြက်ပြက် အရောင်လက်လျက် ရှိကြ၏။ ထိုအခိုက် မိန်းမတစ်ယောက်သည် နာတာရှာတို့ ပွဲကြည့်ဆောင်နှင့် ကပ်လျက်ရှိသော ပွဲကြည့်ဆောင်တစ်ခု



www.burmeseclassic.com

ထဲသို့ ဝင်တော့မည် ပြုရာက မိန်းမချင်းတစ်ဦးကိုတစ်ဦး အကဲခတ်ကြပြီးနောက် ဖြစ်ပေါ်တတ်သော မနာလိုဝန်တိုမှု မျိုးဖြင့် နာတာရှာအား လှမ်းကြည့်လိုက်ခြင်းကို မြင်ရ၏။ ကန့်လန့်ကာမှာ ချထားလျက်ရှိ၍ တီးဝိုင်းက ပဏာမ ဧည့်ခံတီးလုံးကို တီးလျက် ရှိလေသည်။ နာတာရှာသည် ဝတ်စုံကို သပ်ရပ်စေ၍ ဆွန်ယာနှင့် အတူ မိမိတို့၏ ပွဲကြည့်ဆောင်ထဲသို့ ဝင်ထိုင်လိုက်ပြီးနောက် မျက်နှာချင်း ဆိုင်ရှိ တောက်ပပြောင်လက်လျက်ရှိသည့် အထက်အောက် အဆင့်ဆင့်သော ပွဲကြည့်ဆောင်များကို လှမ်းကြည့်လိုက်၏။ ရာပေါင်းများစွာသော မျက်လုံးများသည် ဟာလာ ဟင်းလင်းဖြစ်လျက်ရှိသော မိမိ၏လက်မောင်းများ ပခုံး များနှင့်တကွ လည်တိုင်ကို ကြည့်ရှုလျက် ရှိကြသည်ဌ မိမိ၏ ကိုယ်ခန္ဓာကို ရာပေါင်းများစွာသော မျက်လုံးများက ဝိုင်းဝန်းကြည့်ရှုခြင်းကြောင့် ဖြစ်ပေါ်သော မြူးကြွသည့် ခံစားမှုတစ်မျိုးသည် နာတာရှာ၏ ရင်တွင်းတွင် ဖြစ်ပေါ် လာခဲ့လေသည်။ နာတာရှာတွင် ထိုခံစားမှုမျိုး ဖြစ်ပေါ်ခြင်း မရှိခဲ့သည်မှာ အတန်ကြာခဲ့လေပြီ။ ထိုခံစားမှုသည် နာတာ ရှာအား နှစ်သက်ခြင်းကို ဖြစ်စေသကဲ့သို့ မနှစ်သက်ခြင်း ကိုလည်း ဖြစ်စေ၏။ ထိုခံစားမှု ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ထိုခံစားမှုနှင့်အတူ တွဲ၍ ဖြစ်ပေါ်လာလေ့ ရှိသော စိတ်လှုပ်ရှားမှုများနှင့် ဆန္ဒများသည်လည်း တဖွားဖွား ပေါ်ပေါက်လာခဲ့လေသည်။

ကာလအတန်ကြာမျှ မော်စကိုမြို့မှ ပျောက်ကွယ် လျက်ရှိသော ထူးထူးခြားခြား လှပချောမောသည့် မိန်းမ ပျိုကလေးနှစ်ယောက်ဖြစ်သော နာတာရှာ၊ ဆွန်ယာနှင့် တကွ မြို့စားကြီးရော့စတော့ဗ်တို့ကို မြင်ရသည်တွင် ပရိသတ်ကလည်း အထူးအာရုံပြု၍ စိုက်ကြည့်လျက် ရှိကြလေသည်။ ထို့မျှမက နာတာရှာနှင့် မင်းသားကလေး အင်ဒရေတို့၏ စေ့စပ်ကြောင်းလမ်းထားခြင်းကိုလည်း သတင်းသဲ့သဲ့မျှ ကြားထားကြသည့်အပြင် မြို့စားကြီး ရော့စတော့ဗ် မိသားစုမှာလည်း ထိုစဉ်ကတည်းက ကျေးလက်တွင် နေထိုင်လျက်ရှိခြင်းကိုပါ သိထားကြသည့် အလျောက် ပရိသတ်များသည် ရုရှားပြည်တွင် အချမ်းသာ ဆုံးသူတစ်ဦးကို လက်ထပ်အံ့ဆဲဆဲဖြစ်သော သတို့သမီး လောင်းအား အထူးအဆန်းသဖွယ် ကြည့်လျက်ရှိကြ၏။

နာတာရှာ၏ ရုပ်ဆင်းသဏ္ဌာန်မှာ ကျေးတောသို့ ရောက်ခါမှ ပို၍ စိုပြည်တင့်ရှန်းလာခဲ့သည်ဟု လူတိုင်းက ပြောကြ၏။ ထိုနေ့ညတွင်ကား နာတာရှာမှာ စိတ်လှုပ်ရှား လျက် ရှိခြင်းကြောင့် အထူးတလည် လှပလျက် ရှိလေ သည်။

ရှန်းသစ်စိုပြည်ခြင်း၊ ချောမောလှပခြင်းနှင့်တကွ မိမိ၏ပတ်ဝန်းကျင်ကို အာရုံစိုက်ဟန်မရှိဘဲ ပိပိပြားပြား ရှိလှသော ဣန္ဒြေတို့ကြောင့် နာတာရှာကို မြင်ရသူ အပေါင်းမှာ ငေးလျက် ရှိကြ၏။ နာတာရှာ၏ နက်မှောင် သော မျက်လုံးများသည် တစ်စုံတစ်ယောက်ကို ရှာဖွေ သည့်နှယ် မျက်ကလဲဆန်ပျာ ကြည့်ဟန်မျိုးမရှိဘဲ ပရိသတ် ကြီးတစ်ခုလုံးကို လွှမ်းခြုံကြည့်လျက် ရှိ၏။ ပခုံးအထိ ဟာလာဟင်းလင်းဖြစ်နေသော နူးညံ့သွယ်ပျောင်းသည့် လက်မောင်းများမှာ ကတ္တီပါဖုံးထားသော ပွဲကြည့်ဆောင် ဝရန်တာပေါ်သို့ တင်လျက်ရှိ၏။ ဤသို့ရှိရင်းက နာတာရှာ သည် အစီအစဉ် စာရွက်ကလေးကို ခြေလျက် စည်းချက် အတိုင်း လက်ကို အမှတ်မထင် ဆုပ်ချည်ဖြန့်ချည် ပြုလျက် ရှိလေသည်။

"ဟိုမှာ အယ်လီနီနာတို့သားအမိ မဟုတ်လား နာတာရှာ" ဆွန်ယာက ပြောလိုက်၏။

"အလို မြို့စားလေး ပီယာလဲ ဝသထက် ဝလာ ပါကလားကွယ်ရို့" မြို့စားကြီး ရော့စတော့ဗ်က ပြော လိုက်သည်။

"မင်းသမီးကြီး ဒရူဘက်စကားယားကို တွေ့ရဲ့ လား။ သူ့ခေါင်းအုပ်ပဝါ အဆင်ကလေးက လှပါဘိသနဲ့ နော်"

"ဟိုဟာ ဂျူလီတို့ မိသားစု မဟုတ်လား။ ဂျူလီ လဲ ပါတယ်ကွယ့်။ အမယ် ဘိုးရစ်စ်လဲ သူတို့နဲ့အတူ ပါသကိုး။ ကေ့န္တ ကြောင်းလမ်းပြီးကြဟန် တူတယ်"

"ဘိုးရစ်စ်က ကမ်းလှမ်းပြီးပတဲ့လား ဖေဖျား"

"ကမ်းလှမ်းပြီးပြီလို့ ဒီနေ့ပဲ ကြားခဲ့ရသကွယ့်" မြို့စားကြီးတို့ ပွဲကြည့်ဆောင်ထဲသို့ ဝင်လာသော ရှင်ရှင်က ဖြေလိုက်သည်။

နာတာရှာသည် ဖခင်မြို့စားကြီး ကြည့်ရာဘက်သို့ လှမ်း၍ ကြည့်လိုက်သည်ဌ မျက်နှာပေါ်တွင် ရွှင်ပျသော အမူအရာကို ဆောင်ထားလျက် နီရဲတုတ်ခိုင်သော လည်ပင်းပေါ်ဌ (ဂျူလီသည် လည်ပင်းတွင် နံ့သာမှုန့်



www.burmeseclassic.com

www.burmeseclassic.com

ဖြူးသော အလေ့ရှိသည်ကို နာတာရှာ သိပြီးဖြစ်၏။) ပုလဲသွယ်တစ်ကုံးကို ဝတ်ဆင်လျက် မိခင်ကြီး၏ အနီးတွင် ထိုင်နေသော ဂျူလီကိုမြင်ရ၏။ ဂျူလီ၏နောက်၌ ဘိုးရစ်စ်သည် ကိုယ်ကို ရှေ့သို့ညွတ်ကာ ပြုံးရယ်လျက် ရှိရာမှ နှာတစ်ဖက်ကို ဂျူလီ၏ ပါးစပ်အနီးသို့ကပ်၍ တစ်စုံတစ်ရာကို ပြောဆိုလျက်ရှိလေရာ သေသပ်စွာ ဖြီးထားခြင်းကြောင့် တဖိတ်ဖိတ် လက်နေသော ဘိုးရစ်စ်၏ ခေါင်းကို မြင်ရ၏။ ဘိုးရစ်စ်သည် နာတာရှာတို့အား လှမ်းကြည့်လိုက်ပြီးနောက် ကြင်ရာလောင်း ဂျူလီကိုပြုံး၍ တစ်စုံတစ်ရာ ပြောနေသည်။

'သူတို့ နာတာရှာတို့အကြောင်းကို ပြောနေကြမှာပဲ။ နာတာရှာနဲ့ သူ့အကြောင်းကို ပြောနေကြမှာပဲ' ဟု နာတာရှာ တွေးလိုက်မိသည်။ 'ကြည့်ရတာကတော့ ဘိုးရစ်စ်က သူနဲ့ နာတာရှာတို့ ငယ်ငယ်ကအကြောင်းကို ပြောပြလို့ ဂျူလီက စိတ်ဆိုးတဲ့အတွက် ချော့နေဟန်တူရဲ့။ အို သူတို့ ဘာတွေပြောပြော နာတာရှာ ဂရုမစိုက်ပါဘူး။ မယ်မင်းကြီးမ ဒီလောက်လဲ စိတ်ပူနေတော်မမူပါနဲ့'

၎င်းတို့နောက်၌ကား ဘိုးရစ်စ်၏ မိခင် မင်းသမီးကြီး ဒရူဘက်စကားယားသည် အစိမ်းရောင် ခေါင်းအုပ်ပဝါကို အုပ်ထား၍ ထိုင်လျက်ရှိ၏။ မင်းသမီးကြီး၏ မျက်နှာပေါ်၌ကား ဘိုးရစ်စ်နှင့် ဂျူလီတို့ကို ကြည့်၍ နတ်ဖက်သောအတွဲ ဖြစ်ပါပေသည်ဟူသော ပီတိလွှမ်းသည့် အမူအရာမျိုး ပေါ်လျက် ရှိလေသည်။ ဘိုးရစ်စ်တို့ ပွဲကြည့်ဆောင်တစ်ခုလုံးမှာ ကြင်ဖက်မောင်နှံလောင်း တစ်စုံ၏ အရှိန်အဝါ လွှမ်းခြုံလျက်ရှိသည်ဟု ထင်ရပေရာ နာတာရှာသည် ၎င်းတို့ကိုကြည့်၍ အားကျလျက် ရှိလေသည်။ နာတာရှာသည် မျက်နှာကို တခြားသို့ လွှဲလိုက်သည်။ ဤသည်နှင့်တစ်ပြိုင်နက် နံနက်က ယောက္ခမလောင်း မင်းသားကြီး ဘိုလကွန်စကီထံ သွားရောက်နှုတ်ဆက်စဉ် မျက်နှာငယ်ခဲ့ရခြင်းကို သွား၍ အမှတ်ရလာပြန်လေသည်။

'ဒီအဘိုးကြီးက သူတို့ ဆွေမျိုးစုထဲကို နာတာရှာ ဝင်မလာစေချင်ရအောင် သူ့မှာ ဘာအခွင့်အရေး ရှိလို့တဲ့လဲ။ ဘာမို့လို့တဲ့လဲ။ အို ဒါတွေ မတွေးဘဲနေတာ ကောင်းပါတယ်။ အင်ဒရေ ပြန်မရောက်မချင်း ဒီကိစ္စတွေကို နာတာရှာ မစဉ်းစားတော့ပါဘူး' နာတာရှာသည် ကိုယ့်ကိုယ်ကို ဤသို့ ဆုံးမပြီးနောက် ဇာတ်စင်ရှေ့ထိုင်ခုံတန်းရှိ မိမိမြင်ဖူးသော မျက်နှာများ၊ မမြင်ဖူးသော မျက်နှာစိမ်းများကို ကြည့်ရှုလျက် ရှိလေသည်။ ဇာတ်စင်ရှေ့ထိုင်ခုံတန်း အလယ်ကောင်တည့်တည့်၌ကား ဒိုလိုကော့ဗ်သည် ပါရှန်းလူမျိုးဝတ်စုံကို ဝတ်ဆင်လျက် တီးဝိုင်းနေရာကို ကာရံထားသည့် ဝရန်တာကိုမှီလျက် ရပ်နေခြင်းကို မြင်ရ၏။ ၎င်း၏ ကောက်လိမ်လျက်ရှိသော ဆံပင်များသည် ရှေ့တွင် အမောက်သဖွယ် ဖြစ်လျက်ရှိ၏။ ဒိုလိုကော့ဗ်သည် အများပရိသတ် မြင်လောက်သည့်နေရာ၌ မားမားကြီးရပ်လျက်ရှိလေရာ ဤသို့ရပ်နေခြင်းဖြင့် မိမိအား ပရိသတ်များက အာရုံထားလျက်ရှိခြင်းကို သိသော်လည်း ဒိုလိုကော့ဗ်၏ အမူအရာမှာ မိမိ၏ အိပ်ခန်းအတွင်း၌ တစ်ယောက်တည်း ရပ်နေသကဲ့သို့ ရှိုးတိုးရှန့်တန့်ဖြစ်ခြင်း မရှိဘဲ သက်သောင့်သက်သာ ရှိလှပေ၏။ ဒိုလိုကော့ဗ်၏ အနီး၌ကား ၎င်း၏ နောက်လိုက်များဖြစ်သည့် မော်စကိုမြို့မှ မျက်နှာကြီး လုလင်ပျိုများသည် ဝိုင်းအုံလျက် ရှိကြလေသည်။

မြို့စားကြီး ရော့စတော့ဗ်သည် ရယ်လိုက်ရာမှ မျက်နှာတွင် ရှက်သွေးဖြန်းလျက်ရှိသော ဆွန်ယာကို တံတောင်ဖြင့် တွတ်လိုက်ကာ ဆွန်ယာအား ပိုးပန်းခဲ့ဖူးသူ ဒိုလိုကော့ဗ်ကို လက်ညှိုးထိုး၍ ပြလိုက်သည်။

"သူ့ကို မှတ်မိသေးရဲ့လား ဆွန်ယာ" ဟု မေးလိုက်ပြီးမှ တစ်ဖန် ရှင်ရှင့်ဘက်သို့ လှည့်၍

"နေစမ်းပါဦး။ ဒီသူငယ် ပျောက်ချက်သားကောင်းနေတာ ကြာပါပြီ။ ခုမှ ဘယ်ကပေါ်လာတာလဲဗျ။ အရင် ဒီမှာမရှိဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ ဒီမှာမရှိပါဘူး မြို့စားကြီး။ ကော့ကေးဆပ်နယ်မှာ နေပါတယ်။ နောက်တော့ ကော့ကေးဆပ်နယ်က ထွက်ပြေးပြီး ပါရှားပြည်က ပါရှန် အိမ်ရှေ့မင်းသားတစ်ပါးရဲ့ လူပျိုတော်သားအဖြစ် အမှုထမ်းတော်နေတယ်လို့ ပြောကြပါတယ်။ အဲဒီမှာ တစ်ခါ ပါရှားပြည်ရှားဘုရင်ရဲ့ ညီတော်ကိုသတ်ပြီး ထွက်ပြေးလာတယ်လို့ ကြားရပါတယ်။ ခုတော့ မော်စကိုမှာရှိတဲ့ လုံမပျိုကလေးတွေရဲ့ အသည်းကျော်ပဲ ခင်ဗျ။ ပါရှားပြန် ဒိုလိုကော့ဗ်ဆိုရင် လူတိုင်း သိပေတာပဲ။ လုံမပျိုကလေးတွေရဲ့ ပါးစပ်ဖျားက ထွက်လာတဲ့စကားတွေထဲမှာ သူ့နာမည်မပါဘဲနဲ့ ပြောတဲ့


www.burmeseclassic.com

 www.burmeseclassic.com 

စကားဆိုလို့ ကျွန်တော်ဖြင့် တစ်ခွန်းမှ မကြားဖူးသေးဘူး ခင်ဗျ။ ကျိန်တွယ်တဲ့ နေရာမှာတောင် ဒိုလိုကော့ဗ်နဲ့ ကျိန်တွယ်ကြသတဲ့။ စမဲဟင်းလျာနဲ့ ညှော်ဝတ်ပြုသလို ဒိုလိုကော့ဗ်နဲ့ ညှော်ဝတ်ပြုကြသတဲ့ ခင်ဗျ။ ဒိုလိုကော့ဗ်နဲ့ အနာတိုလီတို့ နှစ်ယောက်ကတော့ မော်စကိုက လုံမပျို ကလေးတွေရဲ့ခေါင်းကို ရုပ်သေးရုပ် ခေါင်းကလေးတွေ ဆွဲလှည့်သလို ဆွဲလှည့်နေကြတာပဲ မြို့စားကြီးရေ့"

ထိုအခိုက်အရုပ်မြင့်မြင့် ကျစ်ဆံမြီးထုံးထားကာ၊ ပခုံးသားများကို ရက်ရက်ရောရော ဖော်ထား၍ လည်တွင် အလုံးခပ်ကြီးကြီး ပုလဲသွယ်နှစ်ကုံးကို ဆင့်ဝတ်ထားသော အလွန်လှပသည့် မိန်းမတစ်ယောက်သည် လေးလံလှသော ပိုးဝတ်စုံကို တရှမ်းရှမ်း မြည်စေလျက် နာတာရှာတို့နှင့် ကပ်လျက် ပွဲကြည့်ဆောင်သို့ ဝင်လာပြီးနောက် ထိုင်ဖုံတွင် ထိုင်ရန် အချိန်အတော်ကြာမျှ ကိုယ်ကို သိမ်းဆည်း ပြင်ဆင်လျက် ရှိ၏။

နာတာရှာသည် ထိုမိန်းမ၏ လည်တိုင်ကို လည်းကောင်း၊ ပခုံးများကို လည်းကောင်း၊ ပုလဲသွယ်များကို လည်းကောင်း၊ ဆံပင်ထုံးဖွဲ့မှုကိုလည်းကောင်း အမှတ်မထင် ကြည့်လိုက်သည်တွင် ပုလဲသွယ်များနှင့် ပခုံးများ လှပချောမွေ့ပုံကို အံ့သြလျက်ရှိ၏။ နာတာရှာက ထိုမိန်းမကို ဒုတိယအကြိမ် ကြည့်နေသည့်အခါ၌ ထိုမိန်းမသည် လှည့်၍ကြည့်လိုက်ရာမှ မြို့စားကြီး ရော့စတော့ဗ်နှင့် မျက်လုံးချင်း ဆုံမိသွားကြကာ ခေါင်းညိတ်၍ ပြုံးပြလိုက်သည်။ ထိုမိန်းမကား ပီယာ၏ ကြင်ရာတော်မြို့စားကတော်ကလေး ဟယ်လင်ပေတည်း။ မြို့စားကြီး ရော့စတော့ဗ်မှာ မော်စကို အထက်တန်းလွှာ မင်းစိုးရာဇာပိုင်းတွင် ဝင်ဆံ့သူတစ်ယောက်ဖြစ်သည့်အတွက် ပွဲကြည့်ဆောင်ဘေးဝရန်တာကိုကျော်ကာ လှမ်း၍ နှုတ်ဆက်နေသည်။

"တူမတော် မြို့စားကတော်လေး မော်စကို ရောက်တာ ကြာပါပြီလား။ တူမတော် မြို့စားကတော်လေးကို ဦးရီးတော်လာပြီး နှုတ်ဆက်ပါဦးမယ်။ ဦးရီးတော်လဲ ကိစ္စလေးတစ်ခုရှိလို့ လာတာပါ။ သမီးတော်များလဲ ပါလာပါတယ်။ တူတော်မောင် မြို့စားလေး ပီယာနဲ့တော့ ဦးရီးတော်တို့ အင်မတန် ရင်းနှီးပါတယ်။ တူတော်မောင်ကော ပါပါသေးသလား"

"ဟုတ်ကဲ့ လာပါလိမ့်မယ်ထင်ပါတယ် ဦးရီးတော်" မြို့စားကတော်လေး ဟယ်လင်က ပြန်ဖြေလိုက်ပြီး နာတာရှာကို စူးစိုက်ကြည့်နေသည်။

မြို့စားကြီး ရော့စတော့ဗ်သည် ၎င်း၏နေရာ၌ ပြန်ထိုင်လိုက်၏။

"မချောဘူးလားသမီးထွေး" မြို့စားကြီးက နာတာရှာကို မေးလိုက်၏။

"သိပ်ချောတာပဲနော် ဖေဖျား။ ချစ်စရာလေး။ မျက်နှာမြင် ချစ်ခင်ပါစေဆိုတာ ဒီလိုမိန်းမမျိုးနေမှာပဲနော်"

ထိုအခိုက် ပဏာမသြင်ခံတီးလုံး နောက်ဆုံးအပိုဒ် တီးမှုတ်သံကို ကြားရပြီးနောက် တီးဝိုင်းခေါင်းဆောင်သည် လက်ထဲမှ တုတ်ချောင်းကလေးဖြင့် ခေါက်၍ အချက်ပေးလိုက်သည်။ နောက်ကျ၍ ရောက်လာသော ပရိသတ်များသည် ဇာတ်စင်ရှေ့တန်းထိုင်ခုံများ၌ နေရာယူလျက် ရှိကြ၏။ မကြာမီမှာပင် ကန့်လန့်ကာ ပွင့်လာလေသည်။

ကန့်လန့်ကာ ပွင့်လာသည်နှင့် တစ်ပြိုင်နက် ပွဲကြည့်ဆောင်များနှင့်တကွ ဇာတ်စင်ရှေ့ထိုင်ခုံတန်းများရှိ ပရိသတ်အားလုံး တိတ်ဆိတ်သွားကြလျက် အမှုထမ်းဝတ်စုံများ၊ ညနေခင်း ဝတ်စုံများကို ဝတ်ဆင်ထားကြသည့် ယောကျ်ားပရိသတ်များသည် လည်းကောင်း၊ ဟာလာဟင်းလင်းဖြစ်လျက်ရှိသည့် ရင်ညွန့်ပေါ်၌ ကျောက်မျက်ရတနာများကို ဆင်ယင်ထားကြသည့် မိန်းမပရိသတ်များသည်လည်းကောင်း ဇာတ်စင်ဘက်သို့ စိတ်အားထက်သန်စွာ စူးစိုက်ကြည့်လျက် ရှိလေသည်။ နာတာရှာသည်လည်း ဇာတ်စင်ဘက်သို့ ငေးကြည့်လျက် ရှိလေသည်။

## အခန်း ၉

ဇာတ်စင်မှာ ပြောင်လက်ချောမွတ်သော သစ်သားများ ခင်းထား၏။ ဘေးတွင် စက္ကူကတ်ပြားများကို သစ်ပင်များ သဏ္ဌာန် ဆေးခြယ်၍ ထောင်လျက်၊ နောက်တွင် နောက်ခံ ရှုခင်းကား တစ်ကား ချိတ်ဆွဲထား၏။ အနီရောင်ကိုယ်ကျပ်အင်္ကျီ၊ အဖြူရောင်ဂါဝန်တိုကလေးများ ဝတ်ထားကြသည့် ဇာတ်သမအချို့သည် ဇာတ်စင်အလယ်၌ ထိုင်လျက်ရှိကြ၏။ အဖြူရောင်ပိုးဝတ်ရုံကို ဝတ်ထားသည့် အလွန်ဆူဖြိုးသော မိန်းကလေးတစ်ဦးမှာ ခုံနိမ့်ကလေးတစ်ခုပေါ်တွင် သီးခြားထိုင်လျက်ရှိ၍ ၎င်းနောက်တွင်မှု အစိမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com


ခြယ်ထားသော စက္ကူကတ်ပြားတစ်ခု ထောင်ထားလေသည်။ ဇာတ်သမားများအားလုံးသည် သီချင်းတစ်ပုဒ်ကို ဆိုလျက် ရှိကြ၍ သီချင်းဆုံးသွားသည့်အခါ၌မူ အဖြူရောင် ပိုးဝတ်ရုံကို ဝတ်ထားသည့် မိန်းကလေးသည် ဇာတ်ထောက်များ ထိုင်လေ့ရှိသည့် ဇာတ်ခုံစွန်း တစ်နေရာသို့ ထလာခဲ့သည်။ သန်မာတုတ်ခိုင်သော ခြေထောက်များကို ထုပ်၍ထားသကဲ့သို့ဖြစ်အောင် ကျပ်နေသော ပိုးဘောင်းဘီကျပ်ကို ဝတ်ထားသည့် ယောကျ်ားတစ်ယောက်သည် ငှက်တောင်တစ်ချောင်းနှင့် ဓားမြှောင်တစ်လက်ကို လက်တွင်ကိုင်လျက် ပိုးဝတ်ရုံဖြူနှင့် မိန်းကလေးအနီးသို့ ရောက်လာကာ လက်များကို ဝှေ့ယမ်းရင်း သီချင်းတစ်ပုဒ် ဆိုလျက် ရှိလေသည်။

ပထမတွင် ထိုဘောင်းဘီကျပ်ဝတ်ထားသည့် ယောကျ်ားပျိုတစ်ယောက်တည်းသာသီချင်းဆိုလျက်ရှိသော်လည်း နောက်သော် မိန်းမပျိုနှင့် အချီအချ သီဆိုကြ၏။ အတီးအလှည့်သို့ ရောက်သောအခါ နှစ်ယောက်စလုံး သီချင်းဆိုခြင်းကို ရပ်၍ထားကြသည်။ ထိုခဏ၌ ယောကျ်ားပျိုသည် ပိုးဝတ်ရုံဖြူနှင့် မိန်းကလေး၏လက်ကို ဆွဲထားကာ အဆိုလှည့်ကို စောင့်လျက်ရှိပြီးနောက် အတီးလှည့်ဆုံးသည်နှင့် ပြိုင်တူ သီဆိုခြင်း ပြုကြပြန်သည်။ နှစ်ပါးသွားဆို၍ ပြီးဆုံးသောအခါ ဩဘာသံ၊ လက်ခုပ်သံများမှာ ဆူညံသွားလေသည်။ ချစ်သူနှစ်ဦး၏ သရုပ်ကို ဆောင်ထားသော ယောကျ်ားပျိုနှင့် မိန်းကလေးသည် ဇာတ်စင်ပေါ်မှနေ၍ ပရိသတ်ကိုပြုံးကာ အရိုအသေပေးလျက် ရှိလေသည်။

နာတာရှာသည် သဘာဝရှုခင်းတို့ဖြင့် သာယာသော ကျေးတောတွင် အနေကြာခဲ့ပြီဖြစ်သည့်အပြင် ယခုအချိန်တွင် လေးနက်စွာတွေးတော ဆင်ခြင်တတ်သော အလေ့ရှိပြီး ဖြစ်သည့်အလျောက် ဇာတ်ခုံပေါ်ရှိအခင်းကို ကြည့်ရသည်မှာ အချိုးအစားမကျဘဲ ကိုးရိုးကားရားနိုင်လှသည်ဟု အောက်မေ့မိသည်။ နာတာရှာသည် ကဇာတ်ကိုလည်း အဓိပ္ပာယ်နားမလည်၊ ဂီတသံကိုလည်း အာရုံမပြုမိဘဲ ဆေးခြယ်ထားသော စက္ကူကတ်ပြားများနှင့် ကြောင်တောင်တောင် အလင်းရောင်အောက်တွင် ပုံပန်းမကျ ဝတ်ဆင်ထားသော ဇာတ်သူဇာတ်သားများ ဆိုကြ ကကြ စကားပြောကြသည်ကိုသာ ကြည့်နေမိသည်။ နာတာရှာသည် ဇာတ်လမ်းကို နားလည်သလို ရှိသော်လည်း ကပြသရုပ်ဆောင်ပုံမှာ သဘာဝကျခြင်း ကင်းမဲ့၍ တမင်လုပ်ဟန်ပေါ်နေရကား ဇာတ်သူဇာတ်သားတွေကို ကြည့်ကာ ရယ်ချင်သလိုလို ဖြစ်လျက်ရှိပြီး ၎င်းတို့အစား ရှက်လျက်ရှိ၏။ ထို့ကြောင့် ပရိသတ်များသည်လည်း မိမိကဲ့သို့ ရယ်ချင်ပက်ကျိ ဖြစ်နေလိမ့်မည်လောဟု စူးစမ်းအကဲခတ်သည့်အနေဖြင့် ကြည့်လိုက်သည်။ သို့ရာတွင် ပရိသတ်ကြီးသည် ဇာတ်စင်ပေါ်မှ အခြင်းအရာများကို အာရုံစိုက်လျက်ရှိကာ ပီတိဖြစ်လျက် ရှိခြင်းကို မြင်ရ၏။ နာတာရှာ၏ စိတ်၌မူ ပရိသတ်ကလည်း ဟန်ဆောင်လျက်ရှိသည်ဟု ထင်မိလေသည်။ နာတာရှာသည် ဇာတ်စင်ရှေ့တန်းခုံများမှ ဆီမွှေးသထားသော ခေါင်းများနှင့် ပွဲကြည့်ဆောင်များထဲ၌ ရင်အုံနားထိ ဖော်ထားသဖြင့် ကိုယ်အထက်ပိုင်း ဗလာကျင်းလုမတတ်ရှိသော အမျိုးသမီးများကို ကြည့်မိ၏။ အထူးသဖြင့် မိမိတို့ဘေးမှကပ်လျက် ပွဲကြည့်ဆောင်ထဲ၌ ကိုယ်အထက်ပိုင်းတစ်ခုလုံး ဗလာကျင်းထားသည်ဟု ထင်ရလောက်အောင် အနည်းငယ်မျှသော အဝတ်အစားတို့ကို ဆင်ယင်ထားကာ တည်ငြိမ်သိမ်မွေ့လှသော အပြုံးကလေးဖြင့် မျက်လုံးများကို ဇာတ်စင်မှ မခွာတမ်း ကြည့်ရှုလျက်ရှိသော မြို့စားကတော် ဟယ်လင်မင်းသမီးကလေးကို ကြည့်နေမိသည်။ ဇာတ်ရုံတစ်ခုလုံးကို လွှမ်းခြုံထားသည့် ထိန်ထိန်လင်းလျက်ရှိသော မီးရောင်ကြောင့် လည်းကောင်း၊ ပူနွေးသော လူငွေ့များကြောင့်လည်းကောင်း ကာလအတန်ကြာမျှ ခံစားရခြင်း မရှိသော ခပ်မြူးမြူးစိတ်တစ်မျိုးသည် နာတာရှာ၏ ရင်တွင်း၌ တဖြည်းဖြည်း ဖြစ်ပေါ်လာ၏။ နာတာရှာသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိရောက်နေသည့်နေရာကို လည်းကောင်း၊ မိမိရှေ့တွင် မြင်ရသော အရာများကို လည်းကောင်း မေ့လျော့လျက် ရှိလေသည်။ ဤသို့တွေးတောလျက်ရှိရာမှ ထူးဆန်းသော စိတ်ကူးများသည် နာတာရှာ၏ စိတ်ထဲတွင် အဆက်အစပ်မရှိ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာကြ၏။ ဇာတ်စင်ပေါ်သို့ ခုန်တက်ကာ ဇာတ်သမကဲ့သို့ သီချင်းတစ်ပုဒ်လောက်ကို အားရပါးရ ဆိုချင်စိတ်၊ မိမိတို့နှင့် မလှမ်းမကမ်းတွင် ထိုင်နေသောအဘိုးကြီးတစ်ဦး၏ ခေါင်းပြောင်ကြီးကို ယပ်တောင်ဖြင့် လှမ်း၍ ရိုက်ပုတ်လိုက်ချင်သော စိတ်၊ မြို့စားကတော် ဟယ်လင်မင်းသမီးကလေးအား ကလိထိုးချင်စိတ်တို့သည် တရှူးရှူးဖြစ်၍ လာကြ၏။


www.burmeseclassic.com

www.burmeseclassic.com


ဇာတ်စင်ပေါ်မှ မင်းသား၊ မင်းသမီးသည် သီချင်းသစ်တစ်ပုဒ်ကို ဆိုတော့မည် ဖြစ်သည့်အတွက် ဇာတ်ရုံတစ်ရုံလုံးမှာ တိတ်ဆိတ်လျက် ရှိလေသည်။ ထိုအခိုက် နာတာရှာတို့ ပွဲကြည့်ဆောင်နှင့် ကပ်လျက်ရှိ၍ ဇာတ်စင်ရှေ့ခုံတန်းများဘက်သို့ထွက်သော တံခါးပေါက်တစ်ပေါက်သည် ကျွိခနဲ မြည်၍ ပွင့်လာပြီးနောက် နောက်ဝင်လာသော ပရိသတ်များ၏ ခြေသံများကို ကြားရ၏။

"မင်းသားကလေး အနာတိုလီပါ" ရှင်ရှင်က ခပ်တိုးတိုး ပြောလိုက်၏။ မြို့စားကတော်ကလေး ဟယ်လင်သည် နောက်ဝင်လာသူကို ပြုံး၍ လှည့်ကြည့်လိုက်၏။ မြို့စားကတော်ကလေး ဟယ်လင်ကြည့်ရာ တစ်ဖက်သို့ နာတာရှာ လှည့်ကြည့်လိုက်သောအခါ၌ကား တစ်ခါမြင်လျှင် နောက်တစ်ခါမကြည့်ဘဲ မနေနိုင်လောက်အောင် ချောမောခန့်ညားသည့် တပ်ရေးဗိုလ်တစ်ယောက်သည် ရဲတင်းသော်လည်း ယဉ်ကျေးသိမ်မွေ့လှသော အမူအရာမျိုးဖြင့် မိမိတို့ ပွဲကြည့်ဆောင် ဝရန်တာအနီးသို့ ချဉ်းကပ်လာခြင်းကို မြင်ရ၏။ ထိုသူမှာ (မင်းသားကြီး ဗာစီလီ၏ သားတော် မြို့စားကတော်ကလေး ဟယ်လင်၏ မောင်တော်) အနာတိုလီ ဖြစ်လေသည်။ နာတာရှာသည် အနာတိုလီကို ပီတာစဘတ်ရွှေမြို့တော် ကပွဲတစ်ခုတွင် မြင်ခဲ့ဖူးခဲ့သည့်အချိန်ကစ၍ သတိထားခဲ့မိ၏။ အနာတိုလီမှာ ပခုံးပန်းပွားတပ်ထားသည့် တပ်ရေးဗိုလ် စစ်ဝတ်စုံကို ဝတ်ထားလျက်ရှိ၏။ အနာတိုလီ၏ လမ်းလျှောက်ပုံမှာ လွန်စွာ ဆောင့်ကြွားကြွားနိုင်လှသည် ဖြစ်ရကား ချောမောခန့်ညားခြင်းနှင့် သန့်ရှင်းကြည်လင်သော မျက်နှာပေါ်၌ လောကကြီးတွင် ပျော်ပျော်နေမည်ဟူသော ရောင့်ရဲကျေနပ်ခြင်း၊ ရွှင်လန်းခြင်းတို့ကို ဖော်ပြခြင်းမျိုး မရှိပါက ၎င်း၏ လမ်းလျှောက်ပုံမှာ ရယ်စရာကောင်းမည်ဖြစ်သော်လည်း ၎င်း၏ ရုပ်ရည်နှင့်ကား အဆင်ပြေလျက် ရှိလေသည်။ ထိုအချိန်တွင် ဇာတ်ကလျက်ရှိပြီဖြစ်သော်လည်း အနာတိုလီသည် ဓားလွယ်နှင့် ဖိနပ်သံဆူးမှ ချူကလေးများကို အသာအယာ မြည်စေလျက် ဆီမွှေးသထားသော ခေါင်းကို မတ်မတ်ထား၍ ကော်ဇောခင်းထားသော အလယ်ကောင် မင်းလမ်းမကြီးအတိုင်း တမင်လျှောက်လာခဲ့လေသည်။ အနာတိုလီသည် နာတာရှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးလျှင် အစ်မတော် မြို့စားကတော်ကလေး ဟယ်လင်အနီးသို့ ကပ်လျက် ကျနသေသပ်စွာ လက်အိတ်စွပ်ထားသော လက်တစ်ဖက်ကို ပွဲကြည့်ဆောင် ဝရန်တာပေါ်သို့ တင်လိုက်၍ နာတာရှာဘက်သို့ ညွှန်ပြကာ တစ်စုံတစ်ရာကို မေးမြန်းလျက် ရှိလေသည်။

"ချစ်စရာကလေးပါလား အစ်မတော်ရဲ့" အနာတိုလီက နာတာရှာကို ရည်ညွှန်း၍ ပြောလိုက်၏။ နာတာရှာသည် အနာတိုလီ၏စကားများကို မကြားလိုက်သော်လည်း နှုတ်ခမ်းများ ဖွင့်ပိတ်လှုပ်ရှားပုံကို ကြည့်ခြင်းဖြင့် ဤစကားကိုပြောမှန်း သိလိုက်၏။ ထိုနောက် အနာတိုလီသည် ရှေ့ဆုံးထိုင်ခုံတန်းရှိ ဒိုလိုကော့ဗ်အေးက နေရာတွင်ဝင်၍ ထိုင်လိုက်ပြီးနောက် အခြားလူငယ်များက ခန့်ညားရသည့် 'ဆရာကြီး' ဒိုလိုကော့ဗ်ကို ရင်းရင်းနှီးနှီးဖြင့် အမှတ်မထင် တံတောင်ဖြင့် တွက်လိုက်သည်။ ထို့နောက် ဒိုလိုကော့ဗ်အား ခပ်ပြုံးပြုံးဖြင့် မျက်စိတစ်ဖက်မှိတ်ပြ လိုက်ပြီးနောက် တီးဝိုင်းကို ကာရံထားသည့် ဝရန်တာပေါ် သို့ ခြေထောက်လှမ်း၍ တင်လိုက်သည်။

"မြို့စားကတော်ကလေး ဟယ်လင်မင်းသမီးရဲ့ မောင်တော်က အစ်မတော်နဲ့ တစ်ထေရာထဲနော်။ နှစ်ယောက်စလုံး အချောတွေချည်းပဲ" မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်၏။ ရှင်ရှင်က မော်စကိုတွင် အနာတိုလီတို့ မည်မျှ သောင်းကျန်းလျက်ရှိကြောင်းကို ခပ်တိုးတိုး လှမ်းပြောလိုက်သည်။ နာတာရှာသည် မိမိအား 'ချစ်စရာကလေး' ဟု အနာတိုလီက ပြောထားသည့် အတွက် အနာတိုလီကို စိတ်ဝင်စားလျက် ရှိသဖြင့် ဖခင် မြို့စားကြီးနှင့် ရှင်ရှင်တို့၏ စကားကို နားစွင့်လျက် ရှိလေသည်။

ဤသို့ဖြင့် ကဇာတ် ပထမအခန်း ပြီးဆုံးသွားလေသည်။ ဇာတ်ရုံရှေ့တန်းများ၌ကား ပရိသတ်များသည် ဝင်လိုက်ထွက်လိုက်ဖြင့် လှုပ်ရှားလျက် ရှိကြ၏။

ဘိုးရစ်စ်သည် မြို့စားကြီး ရော့စတော့ဗ်တို့ ပွဲကြည့်ဆောင်ထဲသို့ ဝင်လာခဲ့ပြီးနောက် ၎င်း၏ စေ့စပ်ကြောင်းလမ်းခြင်းအတွက် ချီးကျူး နှုတ်ဆက်ကြခြင်းကို အထိုက်အလျောက် ပြန်လှန်ပြောဆိုပြီးလျှင် နာတာရှာနှင့် ဆွန်ယာတို့အား ရက်ပြုံးပြုံး၍ ကြည့်ကာ မိမိ၏ ကြင်ရာလောင်း ဂျူလီက ၎င်းတို့၏လက်ထပ်ပွဲသို့ နာတာရှာနှင့် ဆွန်ယာတို့အား ဖိတ်ကြားလိုက်ကြောင်းဖြင့် ပြောဆို၍ ပြန်ထွက်


www.burmeseclassic.com

သွားလေသည်။ နာတာရှာသည် ခပ်ညုညု အပြုံးကလေးဖြင့် ကျင်းပအံ့ဆဲဆဲ မင်္ဂလာပွဲအတွက် ဝမ်းမြောက်ကြောင်းဖြင့် မိမိ၏ ငယ်ချစ်ဦး ဘိုးရစ်စ်ကို ချီးကျူးနှုတ်ဆက်ခြင်း ပြုလေသည်။ ထိုအချိန်၌ နာတာရှာမှာ ရွှင်ပျမြူးထူးလျက် ရှိရကား မြင်မြင်သမျှ အရာတိုင်းသည် ၎င်းအဖို့ ရီးသား၍ သဘာဝကျလျက် ရှိလေသည်။

အဝတ်အစား မလုံ့တလုံ ဝတ်ထားသည့် မြို့စားကတော်ကလေး ဟယ်လင်သည် နာတာရှာနှင့် မလှမ်းမကမ်းနေရာတွင် ထိုင်လျက်ရှိရာမှ ပြောင်းလဲခြင်းမရှိသော အပြုံးဖြင့် တွေ့သမျှလူတိုင်းကို နှုတ်ဆက်လျက်ရှိ၏။ နာတာရှာကလည်း ဘိုးရစ်စ်ကို ထိုသို့သော အပြုံးမျိုးဖြင့် ပြုံးပြနှုတ်ဆက်ခဲ့ခြင်း ဖြစ်လေသည်။

မြို့စားကတော်ကလေး ဟယ်လင်၏ ပွဲကြည့်ဆောင်မှာ လူတွေပြည့်ကျပ်လျက် ရှိ၏။ မော်စကိုမြို့ရှိ အထင်ရှားဆုံး၊ ပညာအတတ်ဆုံး ထိတ်ထိတ်ကြဲဆိုသည့် လူရွယ်များသည် မြို့စားကတော်ကလေး ဟယ်လင်၏ အနီးတွင် ဝိုင်းအုံလျက် ရှိကြလေရာ ၎င်းတို့သည် မိုလ်ပုံပရိသတ်ရှေ့၌ ဟယ်လင်မင်းသမီးကလေးနှင့် သူက ပို၍ ရင်းနှီးသည်၊ ငါက ပို၍ ရင်းနှီးသည်ဟု ရင်းနှီးမှုချင်း ပြိုင်နေကြသကဲ့သို့ ရှိပေ၏။

အားလပ်ချိန်၌ အနာတိုလီသည် တီးဝိုင်းဝရန်တာ ရှေ့တွင် ဒိုလိုကော့ဗ်နှင့် အတူရပ်လျက်က နာတာရှာတို့ ပွဲကြည့်ဆောင်ဘက်သို့ လှမ်းကြည့်လျက် ရှိလေသည်။ နာတာရှာသည် အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့ မိမိ အကြောင်းကို ပြောဆိုနေကြမှန်းသိသည်၌ စိတ်ထဲက ကျိတ်၍ ကျေနပ်လျက်ရှိ၏။ မိမိ၏ ကိုယ်ဟန်အနေအထား အမျိုးမျိုးအနက် ဘေးတိုက်မြင်ရသည့် ကိုယ်ဟန်အနေအထားမှာ ကြည့်အကောင်းဆုံး အလှဆုံးဟု ထင်သည့် အတွက် နာတာရှာသည် အနာတိုလီတို့ဘက်က ဘေးတိုက်မြင်သာအောင် မျက်နှာကို တစ်ဖက်သို့ ပင့်လှည့် ထားလိုက်ချေသေး၏။ ဒုတိယပိုင်းမစမီတွင် ဇာတ်စင်ရှေ့ခုံတန်းများဆီ၌ ပီယာကို လှမ်းမြင်လိုက်ရသည်။ မြို့စားကြီး ရော့စတော့ဗ်မိသားစုသည် ယခုတစ်ခေါက် မော်စကိုသို့ ရောက်ကတည်းက တစ်ခါမျှ ပီယာနှင့် မတွေ့ရသေးချေ။ ပီယာမှာ ယခင်ကထက် ဝလာသည် ထင်ရ၏။ မျက်နှာကား မသာလှချေ။ ပီယာသည် မည်သူ့ကိုမျှ သတိထားမိ ဟန်မရှိဘဲ ရှေ့ဆုံးခုံတန်းများဆီသို့ လျှောက်လာသည်။ ထိုအခိုက် အနာတိုလီသည် ပီယာထံသို့ လျှောက်လာခဲ့ကာ နာတာရှာတို့ ပွဲကြည့်ဆောင်ဘက်သို့ လှမ်းကြည့်၍ လက်ညှိုးထိုးပြပြီးနောက် တစ်စုံတစ်ရာ ပြောဆိုလျက် ရှိ၏။ နာတာရှာကို မြင်လိုက်သည်၌ ပီယာ၏ မျက်နှာမှာ ဝင်းထိန်လာလေသည်။ ပီယာသည် ခုံတန်းများကြားမှ ဖြတ်လျက် နာတာရှာတို့ ပွဲကြည့်ဆောင်ဘက်သို့ လျှောက်လာခဲ့လေသည်။ နာတာရှာတို့ ပွဲကြည့်ဆောင်ဘက်သို့ ရောက်လျှင် ပီယာသည် ပွဲကြည့်ဆောင်ဝရန်တာပေါ်တွင် လက်ထောက်လျက် ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် နာတာရှာနှင့် အတန်ကြာ စကားပြောဆိုလျက် ရှိသည်။ ဤသို့ ပီယာနှင့် စကားပြောဆိုလျက် ရှိချိန်၌ မြို့စားကတော်ကလေး ဟယ်လင်၏ ပွဲကြည့်ဆောင်ဘက်မှ လူကြမ်းသံ တစ်သံကို နာတာရှာ ကြားလိုက်ရသည်။ ထိုအသံရှင်သည် အနာတိုလီဖြစ်ကြောင်း နာတာရှာ၏ စိတ်ထဲရှိ တစ်စုံတစ်ခု သောအရာက ပြောလျက်ရှိ၏။ နာတာရှာသည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်မိသည်တွင် ၎င်းတို့နှစ်ဦးသည် အကြည့်ချင်း ဆုံမိကြ၏။ အနာတိုလီသည် ခပ်ပြုံးပြုံးဖြင့် နာတာရှာ၏ မျက်လုံးများကို တည့်တည့်ကြီး စိုက်ကြည့်လျက် ရှိလေရာ ထိုအကြည့်သည် ပီတိဖြစ်ခြင်း၊ ကြည်နူးခြင်း၊ မြူချော့ခြင်းတို့ကို အထင်းသား ဖော်ပြလျက် ရှိကြ၏။ ထိုအကြည့်သည် နာတာရှာအား ရင်တဆတ်ဆတ် ခုန်စေ၏။ ကြက်သီးမွေးညင်း ထစေ၏။ ပြန်၍ မကြည့်လျှင် ကြည့်အောင် သွေးထိုးပေးလျက်ရှိ၏။ နာတာ ရှာအား ချစ်ခင်မြတ်နိုးကြောင်းကို ဖော်ပြလျက် ရှိ၏။ ထို့မှမက ၎င်းနှင့် ယဉ်ပါးခြင်း မပြုရန်လည်း နာတာရှာကို သတိပေးနေသကဲ့သို့ ရှိလေသည်။

ကဇာတ်၏ ဒုတိယယခန်း၌ သုသာန်တစပြင်ပုံ ရေးခြယ်ထားသော နောက်ခံကားတစ်ခုကို ချိတ်ဆွဲ ထားလျက် နောက်ခံပိတ်ကား အထက်ခပ်ကျကျတွင် ဝိုင်းဝိုင်း အပေါက်တစ်ခုကို ဖောက်ထားကာ ထိုအပေါက် နောက်မှ ခပ်မှိန်မှိန် မီးရောင်တစ်ခု ထားရှိသဖြင့် လပြည့်ဝန်း၏ သဏ္ဌာန်ပေါ်လျက် ရှိ၏။ ထိုအချိန်၌ ဇာတ်စင် အောက်ခြေ မီးပွင့်များကို အုပ်ဆောင်းအုပ်လျက်ရှိပြီး နံမှုတ်ကြေးဝိုင်းများမှ ခပ်လေးလေး တီးမှုတ်သံများ ပေါ်ထွက်လာကာ ဝတ်ရုံနက်ဝတ်ထားလျက် ဓားမြောင်များ



www.burmeseclassic.com

www.burmeseclassic.com


နှင့်တူသော အရာများကို ကိုင်ထားသည့် လူပေါင်းများစွာတို့သည် ဓာတ်စင်၏တစ်ဖက်တစ်ချက်မှ ထွက်လာကြ၏။ ထိုလူများသည် လက်များကို ဝေ့ယမ်းလျက် ရှိကြလေသည်။ ထို့နောက် လူများထပ်၍ ထွက်လာကြပြန်ကာ စောစောက ဝတ်ရုံဖြူကို ဝတ်ထားသည့် မင်းသမီးကို တရွတ်ဆွဲ၍ လာကြ၏။ ယခုအချိန်တွင် မင်းသမီး၏ ဝတ်ရုံမှာ ဓာတ်စင်အောက်ခြေမှ မီးရောင်ကြောင့် အဖြူရောင်မှ အပြာရောင်ဖျော့ဖျော့သို့ ပြောင်းသွားခဲ့လေပြီ။ ဓာတ်သမများသည် မင်းသမီးကို ချက်ချင်း ဆွဲမသွားကြသေးဘဲ သီချင်းတစ်ပုဒ်ကို အချိန်အတော်ကြာအောင် သီဆိုပြီးသည့်အခါကျမှ ဆွဲ၍ သွားကြ၏။ ကန့်လန့်ကာနောက်ကွယ်မှ သတ္တုကို တီးခတ်လိုက်သကဲ့သို့သော အသံတစ်ခုသည် သုံးကြိမ်ပေါ်လာပြီးနောက် ဓာတ်စင်ပေါ်ရှိ လူများအားလုံးသည် ဒူးထောက်ကာ ခမ္မတေးသီချင်းတစ်ပုဒ်ကို သီဆိုလျက် ရှိကြပြန်သည်။ ဤသို့ ကပြလျက်ရှိသည့် အချိန်တစ်လျှောက်လုံး၌ ပွဲကြည့်ပရိသတ်သည် မကြာခဏ သြဘာပေးလျက် ရှိကြ၏။

ထိုအခန်းကို ကပြလျက်ရှိစဉ် အတောအတွင်း နာတာရှာသည် ဓာတ်စင်ရှေ့ဆုံးခုံတန်းများဆီသို့ လှမ်းကြည့်လိုက်မိသည်တွင် လက်မောင်းတစ်ဖက်ကို ကုလားထိုင်သို့ နောက်ပြန်တင်ထားလျက် မိမိအား စူးစိုက်ကြည့်နေသော အနာတိုလီကို မြင်လိုက်လေသည်။ နာတာရှာသည် မိမိအား အနာတိုလီက ဤသို့ စွဲစွဲလမ်းလမ်း ဖြစ်နေခြင်းကို မြင်ရသည့်အခါ၌ များစွာ သာယာလျက်ရှိလေသည်။ ယောကျာ်းပျိုတစ်ယောက်က စွဲလမ်းခြင်းကြောင့် သာယာမိသည့်အတွက် အပြစ်တစ်စုံတစ်ရာမရှိဟုလည်း ယုံကြည်လျက် ရှိလေသည်။

ဒုတိယပိုင်းပြီးသည့်အခါ၌ မြို့စားကတော်ကလေး ဟယ်လင်သည် ထိုင်ရာမှထ၍ နာတာရှာတို့ ပွဲကြည့်ဆောင်ဘက်သို့ လှည့်ကြည့်လိုက်လေရာ မြို့စားကတော်ကလေး ဟယ်လင်၏ နုနယ်ရွှန်းစို၍ ပြုံကျတော့မည်ကဲ့သို့ ထင်ရသော ရွှေရင်အုံတစ်အုံလုံးကို မြင်ရ၏။ မြို့စားကတော်ကလေး ဟယ်လင်သည် လက်အိတ်စွပ်ထားသော လက်ချောင်းကလေးတစ်ချောင်းကို ကွေးချည်ဆန့်ချည်ပြု၍ မြို့စားကြီး ရောဇတော့ဗ်အား လှမ်းခေါ်လိုက်ပြီးနောက် မိမိ၏ ပွဲကြည့်ဆောင်ထဲသို့ ခေတ္တခဏ ဝင်ရောက်လာကြသူများအား အလျဉ်းဂရုပြုခြင်းမရှိဘဲ နှစ်လိုဖွယ်သော အပြုံးဖြင့်မြို့စားကြီးနှင့် စကားပြောဆိုလျက် ရှိလေသည်။

"ဦးရီးတော်ရဲ့ သမီးတော်လေးများကဖြင့် အင်မတန်ကို ချစ်စရာ ကောင်းပေတာပဲနော်။ ထိပ်ထားလေးနဲ့ မိတ်ဖွဲ့ပေးပါလား ဦးရီးတော်" မြို့စားကတော်ကလေး ဟယ်လင်က ပြောလိုက်၏။ "သမီးတော်များရဲ့ အလှကို တစ်မြို့လုံးက ဥက္ကောင့်ငွေယျ ပြောနေပါရက်နဲ့ ထိပ်ထားလေး ခုမှသိရတဲ့ အဖြစ်ကတော့ဖြင့် မကျေနပ်စရာ ကောင်းလိုက်ပါဘိတော့ ဦးရီးတော်ရယ်"

နာတာရှာသည် ထိုင်ရာမှထ၍ ချောမောလှသည့် မြို့စားကတော်ကလေးကို ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သည်။ နာတာရှာမှာ မြို့စားကတော်ကလေး ဟယ်လင်ကဲ့သို့ အလှဧကရီတစ်ပါးကိုယ်တိုင်က ချီးမွမ်းပြောဆိုခြင်းခံရသည့်အတွက် များစွာကျေနပ်လျက် ရှိရကား ဝမ်းသာလွန်းသဖြင့် မျက်နှာကလေး နီမြန်းလျက်ရှိလေသည်။

"သမီးတော်များရဲ့ အလှကို မြင်ရတဲ့အတွက် ခုမှားဖြင့် ထိပ်ထားလေးတောင် မော်စကိုမြို့တော်သူ ဖြစ်ချင်လာပြီ ဦးရီးတော်ရေ့။ ကြည့်စမ်းပါဦးတော့။ ဦးရီးတော်တို့များ ဒီလောက်လှ ဒီလောက်ချောတဲ့ ပုလဲရတနာကလေးတွေကို ကျေးလက်ဇနပုဒ်မှာ ဝှက်ထားရက်တယ်နော်။ သဝန်တိုလိုက်ပါဘိတော့"

မြို့စားကတော်ကလေး ဟယ်လင်မှာ တစ်ခါတွေ့ဖူးလျှင် မေ့၍ မရနိုင်လောက်အောင် စွဲလမ်းနှစ်သက်ဖွယ်ကောင်းသော မိန်းမတစ်ယောက်ဟု ကျော်ကြားလျက်ရှိရာ ကျော်ကြားမည်ဆိုကလည်း ကျော်ကြားထိုက်သည်သာ ဖြစ်လေသည်။ မြို့စားကတော်ကလေး ဟယ်လင်သည် မိမိ၏စိတ်ထဲ၌ မရှိသောအရာ (အထူးသဖြင့် တစ်ဖက်သားအား မြှောက်ပင့်ပြောဆိုခြင်း) ကို တကယ်ရှိလေဟန် သဘာဝကျကျ မှင်ကောင်းကောင်းနှင့် ပြောဆိုနိုင်သူတစ်ဦး ဖြစ်လေသည်။

"ဦးရီးတော်ရဲ့သမီးတော်များကိုတော့ မော်စကိုနေတုန်းမှာ ထိပ်ထားလေးရဲ့ လက်ထဲကိုအပ်ဖို့ တောင်းဆိုမှ ဖြစ်တော့မယ် ထင်တယ် ဦးရီးတော်။ ထိပ်ထားလေးလဲ ရောက်တုန်း ဦးရီးတော်တို့လဲ ရောက်တုန်းမှာ သူတို့ကို ထိပ်ထားလေးကပဲ လိုက်ပို့စရာရှိတဲ့ နေရာတွေကို လိုက်ပို့ဖို့



www.burmeseclassic.com

တာဝန်ယူပရစေလား ဦးရီးတော်။ ထိပ်ထားလေးကတော့ ပီတာစဘတ် ရွှေမြို့တော်မှာတုန်းကတည်းက ညီမတော်တို့ သတင်းကို ကြားထားတဲ့အတွက် တွေ့ဖူးမြင်ဖူးချင်နေတာ ကြာလှပြီ ညီမတော်ရဲ့ သိလား"

မြို့စားကတော်ကလေး ဟယ်လင်က နာတာရှာ ဘက်သို့ လှည့်လျက် ချစ်စဖွယ်ကောင်း၍ ထုံးစံဖြစ်သော အပြုံးမျိုးဖြင့် ပြောလိုက်၏။

"ညီမတော်တို့အကြောင်းကို ထိပ်ထားလေးရဲ့ လက်စွဲတော် ဘိုးရစ်စ်က ခဏခဏ ပြောပြပါတယ်။ ဘိုးရစ်စ်တစ်ယောက် လက်ထပ်တော့မယ်ဆိုတဲ့ သတင်းကိုကော ညီမတော် ကြားပြီးပါပြီလား။ ညီမတော်ရဲ့ အကြောင်းကို ထိပ်ထားလေး ကြင်ရာတော်ရဲ့ ရောင်းရင်း အင်ဒရေဆီကလဲ ကြားရပါတယ်။ မင်းသားကလေး အင်ဒရေ ဘိုလကွန်စကီလေ"

မြို့စားကတော်ကလေးဟယ်လင်က မင်းသားလေး အင်ဒရေနှင့် နာတာရှာတို့၏ သတင်းကို ကြားပြီးဖြစ်ပါသည်ဟူသောသဘောမျိုးဖြင့် မင်းသားကလေး အင်ဒရေ၏ အမည်ကို နှစ်ကြိမ်တိုင်တိုင်ထပ်၍ အလေးအနက် ပြောဆိုခြင်း ပြုလိုက်သည်။ မိမိတို့အချင်းချင်း ပိုမိုရင်းနှီးလာစေရန်အတွက် ဆွန်ယာနှင့် နာတာရှာတို့ နှစ်ယောက်အနက် မိမိ၏ ပွဲကြည့်ဆောင်ဘက်သို့ တစ်ယောက်လာ၍ ကြည့်ပါဟု ဖိတ်မန္တကပြုသည့်အတွက်ကြောင့် နာတာရှာမှာ မြို့စားကတော်ကလေး ဟယ်လင်၏ ပွဲကြည့်ဆောင်ဘက်သို့ ကူးလာခဲ့ရလေသည်။

တတိယပိုင်းပြကွက်မှာ နန်းတွင်းရှုခင်း ဖြစ်လျက် ပုပ္ပားဖယောင်းတိုင်ပေါင်းများစွာကို ထွန်းညှိထားပြီး နှုတ်ခမ်းမွေးကားကားနှင့် မှုးမတ်သူရဲကောင်းများ၏ ပုံကားကြီးများကို နံရံတွင် ချိတ်ဆွဲထားလျက် ရှိ၏။ နန်းတွင်းရှုခင်း အလယ်၌ ဘုရင်နှင့် မိဖုရားဟု ထင်ရသူနှစ်ဦးသည် ရပ်လျက်ရှိ၏။ ဘုရင်သည် လက်ယာလက်ကို ဝှေ့ယမ်းကာ သီချင်းတစ်ပုဒ်ကို ဆိုလိုက်ပြီးနောက် ကြက်သွေးရောင် တောက်ပလျက်ရှိသော ရာဇပလ္လင်တွင် ဝင်၍ ထိုင်လိုက်သည်။ စောစောက ပိုးဝတ်ရုံဖြူကို ဝတ်ထားသော မင်းသမီးသည် ယခုအချိန်၌ ဂါဝန်တိုကလေးကိုသာ ဝတ်ဆင်ထားလျက် ရာဇပလ္လင်အနီးတွင် ဆံပင်ဖားလျားဖြင့် မတ်တတ်ရပ်နေသည်။ မင်းသမီးသည် သီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင်သီဆိုလျက် မိဖုရားထံ တစ်စုံတစ်ခုကို အသနားခံ လျှောက်တင်လျက် ရှိ၏။ ဘုရင်မှာ အသနားခံချက်ကို ငြင်းပယ်သည့်သဘောဖြင့် လက်ကို တွင်တွင်ဝှေ့ယမ်းလျက် ရှိလေ၏။ ထိုနောက် ခြေထောက်တွင် ခြေအိတ်၊ ခြေစွပ် စသည်တို့ ဝတ်ဆင်ထားခြင်း မရှိသော မိန်းမယောကျ်ားများသည် ဇာတ်စင်တစ်ဖက်တစ်ချက်မှ ပြေးထွက်လာကြကာ ယိမ်းကလျက် ရှိကြသည်။ တီးဝိုင်းမှ တယောများကလည်း အသံသေးသေးကလေးများဖြင့် ခပ်သွက်သွက် တီးပေးလိုက်ကြသည်။ မိန်းမများအနက်မှ ခြေသလုံးတုတ်တုတ် လက်မောင်းသေးသေးနှင့် မိန်းမ တစ်ယောက်သည် အခြားမိန်းမများထဲမှ ခွဲထွက်လာကာ ဇာတ်စင်ထောင့်နားသို့ သွား၍ ကိုယ်ကျပ်အင်္ကျီကို ပြင်ဆင်ဝတ်ပြီးနောက် ဖွေ့ခနဲနေအောင် ခုန်၍ ကလျက် ရှိလေသည်။ ဇာတ်စင်ရှေ့ဆုံး ခုံတန်းများမှ သြဘာသံများ တစ်ခဲနက် ထွက်ပေါ်လာလေ၏။ ထိုနောက် ယောကျ်ားအုပ်ထဲမှ လူတစ်ယောက်သည်လည်း ဇာတ်စင်ထောင့်သို့ သွားကာ အဝတ်အစား ပြင်နေသည်။ တီးဝိုင်းထဲမှ နှဲသံ၊ လင်းကွင်းသံများသည် စောစောကထက် ဆူညံစွာ ထွက်ပေါ်လာသည်နှင့် ထိုလူသည်လည်း ဖွေ့ခနဲ ခုန်လိုက်ကာ ခြေထောက်များကို လေထဲတွင် ဝှေ့ယမ်းကပြလျက် ရှိ၏။ (ထိုမင်းသားကား ဤသို့သောအကမျိုးတွင် ထူးချွန်သည့်အတွက် ဘုရင်မင်းမြတ်၏ နှစ်စဉ်ရိက္ခာတော် ဒင်္ဂါးပေါင်း ခြောက်သောင်းရရှိသည့် နာမည်ကျော် ဇာတ်မင်းသား ဂျူးပို့ ဖြစ်လေသည်။) ဂျူးပို့ ကပြလျက်ရှိစဉ်တွင် ဇာတ်စင် ရှေ့ဆုံးခုံတန်းများ၊ နောက်တန်းများနှင့် တကွ ပွဲကြည့်ဆောင်များတွင်ရှိသည့် ပရိသတ်အားလုံးမှာ ဆူညံစွာ လက်ခုပ်တီးလျက် အသံကုန်ဟစ်၍ သြဘာပေးနေကြလေပြီ။ ဂျူးပို့သည် ဤသို့အတော်ကြာ ကပြပြီးနောက် ရပ်လိုက်၍ ပရိသတ်ကို ဦးညွတ်နှုတ်ဆက်လိုက်သည်။ ထိုနောက် ဇာတ်သူ ဇာတ်သားများက တစ်လှည့်ကပြန်သည်။ ဘုရင်မင်းမြတ်က စ၍ သီချင်းဆိုလိုက်သည်နှင့် အားလုံး ဝိုင်းဆိုကြလေသည်။ ထိုအခိုက်တွင် မိုးသက်မုန်တိုင်း တိုက်ခတ်လာကာ တီးဝိုင်းမှဆူညံသော တေးသံများကို တီးမှုတ်လိုက်သည်တွင် အားလုံး ကိုယ့်အတွဲနှင့် ကိုယ် ကစဉ့်ကရဲ ပြေးလွှားကာ ရှုန်းရင်းဆန်ခတ် ဖြစ်လျက်ရှိစဉ် ကန့်လန့်ကာ ကျလာလေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com


လက်ခုပ်သံများ၊ ဩဘာသံများကို ကြားရကာ 'ဂျူးပို့ကွ၊ ဂျူးပို့' စသည်ဖြင့် ဆူညံစွာ အော်ဟစ်လျက် ရှိကြလေ၏။ နာတာရှာသည် ကြည်လင်ရွှင်ပျလျက်ရှိသော အပြုံးဖြင့် မြို့စားကတော်ကလေး ဟယ်လင်ကို ကြည့်လိုက်၏။

"ဂျူးပို့ရဲ့အက က အံ့ဩစရာမကောင်းပေဘူးလား ညီမတော်" မြို့စားကတော်ကလေး ဟယ်လင်က မေးလိုက်၏။

"အို သိပ်ကောင်းတာပဲ အစ်မတော် ထိပ်ထား" နာတာရှာက ပြန်၍ ဖြေလိုက်သည်။

## အခန်း ၁၀

တတိယပိုင်း အားလပ်ချိန်အတွင်း၌ မြို့စားကတော်ကလေး ဟယ်လင်၏ ပွဲကြည့်ဆောင်ထဲသို့ အေးမြစူးရှလှသော အပြင်လေသည် သုတ်ဖြူးဝင်ရောက်လာ၏။ ပွဲကြည့်ဆောင်တံခါးသည် ပွင့်လာပြီးနောက် အနာတိုလီသည် မည်သူ့ကိုမျှ တိုက်မိခြင်း မရှိစေရန် ကိုယ်ကိုကုန်း၍ ခပ်ယို့ယို့ ဝင်ရောက်လာလေသည်။

"အစ်မတော် ထိပ်ထားရဲ့ မောင်တော်နဲ့ မိတ်ဆက်ပေးရဦးမယ်" မြို့စားကတော်ကလေး ဟယ်လင်က ပြောလိုက်ပြီးနောက် အနာတိုလီနှင့် နာတာရှာတို့ကို တစ်လှည့်စီ လှမ်းကြည့်လိုက်၏။

နာတာရှာသည် ၎င်း၏လှပသေးငယ်သော ခေါင်းကလေးကို တိမ်းငဲ့ကာ ခန့်ညားချောမောလှပသော မင်းပျိုမင်းလွင်အနာတိုလီဘက်သို့ လှည့်လိုက်ပြီးနောက် ဖြူဖွေးနူးညံ့၍ ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော ပခုံးပေါ်မှ ကျော်လျက် ပြုံးပြလိုက်သည်။ အဝေးကြည့် ချောသလောက် အနီးကပ်ကြည့်လျှင်လည်း ကျက်သရေရှိလှသော အနာတိုလီသည် နာတာရှာ၏ ဘေးတွင် ဝင်ထိုင်လိုက်လျက် နာတာရှာအား ပီတာစဘတ်ရွှေမြို့တော်ကပွဲတွင် တစ်ကြိမ်တွေ့ရကတည်းက ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရလျှင် ကောင်းလေစွဟု တောင့်တခဲ့မိကြောင်း၊ ယခု တောင့်တသော ဆုကြီးကိုရပြီ ဖြစ်သည့်အလျောက် များစွာ ဝမ်းသာ ခြင်း ဖြစ်ရကြောင်းဖြင့် ပြောပြလျက် ရှိ၏။ အနာတိုလီမှာ ယောကျ်ားအချင်းချင်းနှင့် ပေါင်းသင်းဆက်ဆံရခြင်းထက် မိန်းမများနှင့် ပေါင်းသင်းဆက်ဆံခြင်းတွင် ပို၍ကျွမ်းကျင် လိမ္မာသူတစ်ယောက် ဖြစ်၏။ အနာတိုလီသည် မိန်းမများနှင့် စကားပြောရာတွင် ရှိုးတိုးရှန့်တန့် အမူအရာမျိုးမရှိဘဲ သွက်သွက်လက်လက် သဘာဝကျကျ ပြောဆိုတတ်လေရာ လူပြောများလှသော အနာတိုလီ၌ ကြောက်စရာကောင်း သည့် အချက်ဟူ၍ တစ်ချက်မျှမတွေ့ရရုံမက အနာတိုလီ ၏ အပြုံးမှာလည်း ရိုးသားရွှင်လန်း၍ စိတ်သဘော ကောင်းခြင်း ကိုဖော်ပြသော အပြုံးမျိုးဖြစ်သည်ကို တွေ့ရ သည့်အတွက် နာတာရှာမှာ အံ့ဩရာမှ ကျေနပ်၍ပင် လာမိလေသည်။

အနာတိုလီသည် ပြဇာတ်ကောင်း မကောင်းကို နာတာရှာအား မေးမြန်းပြီးနောက် တတိယပြခန်းမှ ဇာတ်လိုက်မင်းသမီး၏ အမူအရာကို ချီးကျူးပြောဆိုလျက် ရှိလေသည်။

"ဩော် ညီမကို တစ်ခုပြောရဦးမယ်" အနာတိုလီက အလွန်ရင်းနှီးသော သိဟောင်းကျွမ်းဟောင်း တစ်ယောက်ကို ပြောသည့်လေသံမျိုးဖြင့် နာတာရှာ့ဘက်သို့ လှည့်၍ ရုတ်တရက်ပြောလိုက်၏။ "မကြာခင်ပဲ ဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲတစ်ပွဲ ကျင်းပလိမ့်မယ်။ အဲဒီပြိုင်ပွဲကို ညီမ ဝင်ပြိုင်ပါလား။ လူစုံလာကြမှာပဲ။ ဂျူလီတို့အိမ်မှာ ကျင်းပမယ်လေ။ ဆက်ဆက်လာဖြစ်အောင် လာနော် ညီမ"

ဤသို့ ပြောဆိုနေသည့်အချိန်တွင် အနာတိုလီသည် ၎င်း၏ ပြုံးလျက်ရှိသော မျက်လုံးများကို နာတာရှာ၏ မျက်နှာမှ လည်းကောင်း၊ လည်တိုင်မှလည်းကောင်း၊ ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော လက်မောင်းများမှ လည်းကောင်း မခွာတော့ချေ။ အနာတိုလီသည် မိမိ၏ အလှတွင် ယစ်မူးလျက်ရှိသည်ကို နာတာရှာ ကောင်းစွာ ရိပ်မိလျက် ရှိချေပြီ။ နာတာရှာမှာ မိမိအား စွဲလမ်းနှစ်သက်ခြင်းအတွက် ကျေနပ်လျက်ရှိသော်လည်း အနာတိုလီအနီးတွင် အနေရ အထိုင်ရခက်လျက် ရှိလေသည်။ နာတာရှာသည် မိမိက အနာတိုလီအား ကြည့်ရှုခြင်း မရှိသည့်အခါများ၌ အနာတိုလီက မိမိ၏ ပခုံးသားများကို စူးစိုက်၍ ကြည့်လျက် ရှိသည်ဟု ထင်မှတ်လျက်ရှိသည့်အတွက် ပခုံးသားများကို ကြည့်ခြင်းထက် မိမိ၏ မျက်လုံးများကို ကြည့်ခြင်းက တော်သေးသည်ဟု ယူဆကာ အနာတိုလီကို အမှတ်မထင် မျက်လုံးချင်း ဆိုင်ပေးလိုက်မိသည်။


www.burmeseclassic.com

သို့ရာတွင် မိမိနှင့် အခြားယောက်ျားပျိုများ တွေ့ဆုံလျှင် ဣန္ဒြေတံတိုင်းကြီးက မားမားကြီး ပေါ်လာ၍ ကာဆီးထားလေ့ ရှိသလောက် အနာတိုလီနှင့် မျက်နှာချင်းဆိုင်မိသောအခါတွင် ထိုဣန္ဒြေတံတိုင်းကြီး ပျောက်ကွယ်လျက်ရှိခြင်းကို တွေ့ရသည်တွင် နာတာရှာမှာ ကြောက်ရွံ့သလိုဖြစ်ကာ ရင်ဖိုလျက် ရှိလေသည်။ အနာတိုလီနှင့် တွေ့ဆုံစကားပြောခြင်းမှာ ငါးမိနစ်မျှလောက်ပင် ရှိသေးသော်လည်း ထိုငါးမိနစ်အတွင်း၌ မိမိမှာ အနာတိုလီနှင့် အံသြစရာ ကောင်းလောက်အောင် ရင်းနှီးလျက်ရှိခြင်းကို တွေ့ရလေရာ နာတာရှာမှာ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်ရကြောင်းကို စဉ်းစား၍ မရနိုင်အောင် ဖြစ်လျက်ရှိ၏။ မျက်နှာလွှဲလိုက်သည့်အခါ၌လည်း အနာတိုလီသည် မိမိ၏ ဟာလာဟင်းလင်းဖြစ်လျက်ရှိသော လက်မောင်းကို ဆတ်ခနဲ ဖမ်းဆွဲကာ လည်ကုပ်ပေါ်တွင် နမ်းရှုပ်လိုက်လေမည်လောဟု စိုးရိမ်လျက် ရှိလေသည်။ အနာတိုလီနှင့် နာတာရှာတို့သည် ပြောနေကျစကားများကို ပြောဆိုနေကြခြင်း ဖြစ်သော်လည်း နာတာရှာ၏စိတ်၌မူ အခြားယောက်ျားပျိုများနှင့် ရင်းနှီးခြင်းထက် ပိုမိုလျက်ရှိသည်ကို သတိထားမိလေသည်။ နာတာရှာသည် မည်သည့်အတွက် ဤသို့ ဖြစ်ရလေသနည်းဟု မေးသကဲ့သို့ မြို့စားကတော်ကလေးဟယ်လင်နှင့် ဖခင်မြို့စားကြီးကို လှမ်း၍ ကြည့်လိုက်မိသည်။ သို့ရာတွင် မြို့စားကတော်ကလေးဟယ်လင်မှာ ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် စကားလက်ဆုံကျလျက် ရှိသဖြင့် နာတာရှာ၏ အမေးကို ဖြေဆိုနိုင်ခြင်းမရှိသလို ဖခင်မြို့စားကြီး၏ မျက်လုံးများကလည်း ထုံးစံအတိုင်း 'သမီးတော်ကို ယခုကဲ့သို့ ရွှင်ရွှင်လန်းလန်းမြင်ရသဖြင့် ကျေနပ်ပါသည်' ဆိုသော အဓိပ္ပာယ်မျိုးမှအပ အခြား မည်သည့်အဓိပ္ပာယ်ကိုမျှ ဖော်ပြခြင်းမရှိဘဲ ဖြစ်လျက် ရှိ၏။

ဤသို့ ခပ်အမ်းအမ်းဖြစ်ကာ တိတ်ဆိတ်လျက်ရှိချိန်၌ အနာတိုလီ၏ တောက်ပသော မျက်လုံးများသည် နာတာရှာကို စိုက်၍ ကြည့်လျက် ရှိလေရာ နာတာရှာမှာ အနေရခက်လာသည့်အတွက် မော်စကိုမြို့တွင် နေထိုင်ရခြင်းကို မည်သို့ သဘောရပါသနည်းဟု အနာတိုလီကို လှမ်း၍ မေးလိုက်သည်။ ဤမေးခွန်းကို မေးစဉ်နာတာရှာ၏မျက်နှာမှာ ရှက်သွေးဖြန်းကာ နီရဲလျက်ရှိလေသည်။ နာတာရှာသည် အနာတိုလီအား စကားတစ်ခွန်းပြောတိုင်း မိမိသည် မပြုအပ်သော အလုပ်တစ်ခုကို လုပ်နေမိချေပြီဟု စနိုးစနောင့် ဖြစ်လျက်ရှိ၏။ အနာတိုလီက နာတာရှာကို အားပေးသည့်အနေဖြင့် ပြုံးပြလိုက်သည်။

"ရောက်စတုန်းကတော့ မော်စကိုကို တယ်ပြီးမကြိုက်ချင်လှဘူး ညီမရဲ့။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမချော မိန်းမလှကလေးများကသာလျှင် မြို့တစ်မြို့ကို သာယာအောင် ဖန်တီးနိုင်ပေသကိုး။ မဟုတ်ဘူးလား ညီမ။ ဒါပေမဲ့ ခုတော့ မောင်ကြီးဖြင့် မော်စကိုမြို့ကို သဘောကျနေပြီဗျ။ ခွာတောင် မခွာချင်တော့ဘူး" အနာတိုလီက အဓိပ္ပာယ်ရှိသော အကြည့်မျိုးဖြင့် နာတာရှာကို ကြည့်လိုက်ပြန်သည်။

"ဘယ့်နှယ်လဲ ညီမ။ ဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို လာမယ် မဟုတ်လား။ လာဖြစ်အောင် လာနော်" အနာတိုလီသည် နာတာရှာ၏ ခေါင်းတွင်ပန်ထားသည့် ပန်းပွင့်ကို ဖျတ်ခနဲ လှမ်းဖြုတ်ပြီးနောက် အသံခပ်တိုးတိုးဖြင့်

"ညီမသာလာရင် အဲဒီပွဲမှာ ညီမဟာ အလှဆုံးဖြစ်မှာပဲ။ လာဖြစ်အောင်လာနော်။ ဆက်ဆက်လာမယ်ဆိုတဲ့ အကြောင်းကို ကတိပေးတဲ့အနေနဲ့ မောင်ကြီးကို ဟောဒီပန်းပွင့်ကလေး ပေးခဲ့ရလိမ့်မယ်နော်။ ဟုတ်စ"

နာတာရှာသည် အနာတိုလီပြောလိုက်သည့် စကားများ၏အဓိပ္ပာယ်ကို ကောင်းစွာ နားလည်ခြင်း မရှိသော်လည်း ထိုစကားများ နောက်ကွယ်၌ မလျော်သော ရည်ရွယ်ချက်တစ်ခု ပါရှိသည်ဟု ထင်လိုက်၏။ နာတာရှာသည် မည်သို့ ပြန်ပြောရမည်ကို မသိဘဲ ရှိသည့်အတွက် အနာတိုလီ၏ စကားကို မကြားဟန်ပြုကာ မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။ သို့ရာတွင် တစ်ဖက်သို့ လှည့်လိုက်သည်နှင့် အနာတိုလီသည် မိမိကိုယ်နှင့် ထိတော့မတတ် ကပ်လျက်ရှိသည်ဟု ထင်လိုက်မိပြန်သည်။

'နာတာရှာက ခုလို တစ်ဖက်ကို မျက်နှာလွှဲလိုက်တော့ သူ ဘယ်လိုများ ဖြစ်သွားပါလိမ့်။ စိတ်များဆိုးသွားလေသလား။ နာတာရှာဟာ ရိုင်းရာရောက်နေမလား။ နာတာရှာ တောင်းပန်ရရင် ကောင်းလေမလား' ဟု တွေးလျက်ရှိရာမှ နာတာရှာသည် ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ အနာတိုလီဘက်သို့ ပြန်လှည့်လိုက်သည်။ နာတာရှာသည် အနာတိုလီ၏ မျက်လုံးထဲသို့

 www.burmeseclassic.com 

တည့်တည့်ကြီး စိုက်ကြည့်မိလေရာ အနာတိုလီက နီးကပ်စွာ ထိုင်နေခြင်း၊ ၎င်း၏ ကိုယ့်ကိုယ်ကို ယုံကြည်ခြင်းနှင့်တကွ နှစ်လိုဖွယ်ရှိသော အပြုံးတို့သည် နာတာရှာကို အနိုင်ယူ၍ သွားကြလေသည်။ နာတာရှာကလည်း ပြန်၍ပြုံးပြကာ အနာတိုလီ၏ မျက်လုံးများကို စိုက်၍ ကြည့်လိုက်မိပြန်သည်။ ထိုအချိန်၌ကား မိမိနှင့် အနာတိုလီတို့ကြားတွင် အတားအဆီးဟူ၍ မည်သည့် အရာမျှမရှိတော့ချေဟု နာတာရှာ ထင်မှတ်လျက် ရှိလေပြီ။

ထိုအခိုက် ကန့်လန့်ကာ ပွင့်လာပြန်သည်။ အနာတိုလီသည် ခန့်ညားရှင်ပျသော အမူအရာဖြင့် ပွဲကြည့်ဆောင်မှ ထွက်ခွာသွားလေသည်။ နာတာရှာသည်လည်း တစ်ဖက်ရှိ မိမိတို့ ပွဲကြည့်ဆောင်ဘက်သို့ ကူးလာခဲ့၏။ မြို့စားကတော်ကလေး ဟယ်လင်၏ ပွဲကြည့်ဆောင်မှ ပြန်လာချိန်၌ နာတာရှာမှာ မိမိတွေ့ကြုံနေရသော ပတ်ဝန်းကျင် လောကကို အရှုံးပေးလိုက်လေပြီ။ မိမိ၏ ရှေ့တွင် ဖြစ်ပျက်နေသော အရာဟူသမျှတို့သည် မဖြစ်ကောင်းသော အရာများ မဟုတ်ကြဘဲ သဘာဝတရား၏ ဖန်တီးမှုအရ ဖြစ်ကောင်းသောအရာ အဖြစ်ထိုက်သောအရာဟု ယူဆလျက် ရှိပေပြီ။ ယခုအချိန်တွင် မင်းသားကလေး အင်ဒရေသည် လည်းကောင်း၊ ယောက်မတော် မင်းသမီးကလေး မေရီသည် လည်းကောင်း၊ ကျေးလက်ဇနပုဒ်တွင် နေထိုင်ရခြင်းသည် လည်းကောင်း နာတာရှာ၏ အတွေးထဲတွင် လုံးဝမရှိတော့ဘဲ ဝေးလံသော အတိတ်မှ အခြင်းအရာများကဲ့သို့ မှုန်ဝါးလာခဲ့ကြလေပြီ။

စတုတ္ထအခန်း၌ နတ်ဆိုးကဲ့သို့ ဝတ်ဆင်ထားသော ဇာတ်သားတစ်ယောက်သည် လက်များကို ဝှေ့ယမ်းကပြလျက်ရှိ၍ နောက်ဆုံး၌ အောက်မှ ကြမ်းပြင်သည် ကွဲကျကာ ထိုနတ်ဆိုးသည် ပျောက်ကွယ်သွား၏။ စတုတ္ထအခန်းကို ဤမျှလောက်သာ နာတာရှာ သတိထားလိုက်မိလေသည်။ ကျန်အချိန်များ၌ နာတာရှာသည် စိတ်လှုပ်ရှားလျက်ရှိကာ အနာတိုလီကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်လျက်ရှိ၏။ ဇာတ်ပွဲပြီး၍ နာတာရှာတို့ ပြန်ခါနီးတွင် အနာတိုလီသည် နာတာရှာတို့အနားသို့ ရောက်လာပြန်ကာ နာတာရှာတို့ ကရထားကို ခေါ်ပေးပြီးနောက် နာတာရှာတို့ကို ဖေးမ၍ ကရထားပေါ်သို့ တက်စေသည်။ နာတာရှာကို ရထားပေါ်သို့ တွဲတင်သောအခါတွင် အနာတိုလီသည် နာတာရှာ၏ တံတောင်ဆစ် အထက်နားရှိ လက်မောင်းကို ခပ်ဖိဖိကလေး ဆုပ်ကိုင်ထားလိုက်သည်။ နာတာရှာသည် စိတ်လှုပ်ရှားကာ မျက်နှာကလေးများ နီရဲသွားရာမှ လှည့်၍ ကြည့်လိုက်၏။ အနာတိုလီကလည်း ကြင်နာစွာ ပြုံးကာ တဖျတ်ဖျတ် တောက်လျက်ရှိသော မျက်လုံးများဖြင့် ကြည့်လျက်ရှိလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ၌ နာတာရှာသည် ဇာတ်ရုံတွင် တွေ့ခဲ့သော အခြင်းအရာတို့ကို နဖူးပေါ်လက်တင် စဉ်းစားမိ၏။ ထိုအခါ၌ နာတာရှာသည် မင်းသားကလေး အင်ဒရေကို ရုတ်တရက် သတိရလာကာ ကြီးစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိသည်။ ဇာတ်ပွဲမှ ပြန်လာပြီးနောက် လက်ဖက်ရည်စားပွဲတွင် ထိုင်၍ လက်ဖက်ရည် သောက်ကြမည့်ဆဲဆဲ၌ နာတာရှာသည် လက်ဖက်ရည်ကိုပင် မသောက်တော့ဘဲ ထ၍ လာခဲ့လေသည်။

'ဘုရား ဘုရား။ နာတာရှာ မှားပြီ။ အစ်ကို့အပေါ်မှာ သစ္စာဖောက်မိပြီ' နာတာရှာသည် တစ်ကိုယ်တည်း ရေရွတ်လျက်ရှက်သွေးဖြာသောမျက်နှာကို လက်ဝါးဖြင့် အုပ်၍ တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို စဉ်းစားရင်း အတန်ကြာမျှ ထိုင်နေမိသည်။ ထိုခဏ၌ အရာအားလုံးသည် အမှောင်ထုကြီး ဖုံးကာ ကြောက်စရာကောင်းလျက်ရှိသည်ဟု ထင်ရ၏။ မီးရောင်တွေ ထိန်ထိန်လင်းလျက်ရှိသော ဇာတ်ရုံကြီးထဲ၌ ကခုန်လျက်ရှိသော ဇာတ်မင်းသားဂျူးပို့ကို လည်းကောင်း၊ ဇာတ်သမများကို လည်းကောင်း၊ ဇာတ်သမားများကို လည်းကောင်း၊ မလုံ့တလုံ ဝတ်ထားလျက် ဝင့်ကြွားသောအပြုံးကို ပြုံးထားသည့် မြို့စားကတော်ကလေး ဟယ်လင်ကို လည်းကောင်း မြင်ယောင်၍ လာ၏။ ဇာတ်ရုံထဲ၌ ဖြစ်ပျက်ခဲ့သော အခြင်းအရာတို့သည် မြို့စားကတော်ကလေး ဟယ်လင်ရှိစဉ်က မည်သို့မျှ ထူးခြားဆန်းပြားလှသော အခြင်းအရာများ မဟုတ်သော်လည်း မိမိတစ်ယောက်တည်းရှိသည့် အချိန်၌မူကား အဓိပ္ပာယ်ကို စဉ်းစား၍ မရနိုင်အောင် ခက်ခဲလှသော ပြဿနာကြီးတစ်ရပ် ဖြစ်လျက် ရှိလေသည်။ 'နာတာရှာ့စိတ်တွေ ဘယ်လိုဖြစ်နေတာပါလိမ့်နော်။ နာတာရှာသူ့ကို ဘာကြောင့်များ ကြောက်နေပါလိမ့်။ ဘာဖြစ်လို့ နာတာရှာရဲ့ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေပါလိမ့်'ဟု နာတာရှာ



www.burmeseclassic.com

တွေးနေမိသည်။

မိခင်မြို့စားကတော်ကြီး ရှိခဲ့ပါလျှင် နာတာရှာသည် မိမိစိတ်ထဲရှိ ခံစားချက်ဟူသမျှကို ထုတ်ဖော်ဖွင့်ဟ တိုင်ပင်နိုင်သေး၏။ သို့ရာတွင် ဆွန်ယာကို ဖွင့်ပြောလိုက်မည်ဆိုပါက စည်းကမ်းကြီး၍ ရိုးအလှသော ဆွန်ယာသည် နာတာရှာ၏ စိတ်ထဲတွင် ခံစားနေရသည့် ဝေဒနာကို နားမလည်ရုံမျှမက ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မည်သာ ဖြစ်၏။ သို့ဖြင့် နာတာရှာသည် စိတ်ပင်ပန်းစရာကောင်းလှသော ပြဿနာကြီးကို တစ်ယောက်တည်း ကြိတ်မှိတ်၍ ဖြေရှင်းရန် ကြိုးစားလျက် ရှိလေသည်။

'နာတာရှာဟာ အင်ဒရေရဲ့အပေါ်မှာ အချစ်ပြယ်သွားပြီလား၊ မပြယ်သေးဘူးလား' နာတာရှာသည် ဤသို့ ကိုယ့်ကိုယ်ကို ပြန်မေးမိ၏။ 'အို အဓိပ္ပာယ်မရှိတဲ့ မေးခွန်းကို ဘာကြောင့်များ မေးနေရတာပါလိမ့်။ နာတာရှာ ဘာဖြစ်လို့လဲ။ ဘာမှမဖြစ်ဘူး။ နာတာရှာ ဘာမှ မလုပ်သေးဘူး။ နာတာရှာ သူ့ကိုလဲ ဖြားယောင်းသွေးဆောင်တာ မဟုတ်ဘူး။ နာတာရှာ့စိတ်ထဲမှာ ဖြစ်နေတာတွေကို ဘယ်သူမှလဲ သိမှာမဟုတ်ဘူး။ နောင်လဲ နာတာရှာ သူ့ကို မတွေ့တော့ဘူး။ ဘာမှဖြစ်သေးတာ မဟုတ်တဲ့အတွက် ဘာမှလဲ နောင်တရစရာ မလိုသေးဘူး။ နောင်တရစရာ မလိုသေးရင် အင်ဒရေကလဲ နာတာရှာကို ယခုထက်တိုင် ချစ်နိုင်ဦးမှာပဲ။ အို ဘာဖြစ်လို့ ယခုထက်တိုင်ဆိုတဲ့ စကားကြီးကို ထည့်ပြောနေရတာပါလိမ့်။ အင်ဒရေကလဲ လာခဲလိုက်တာနော်' နာတာရှာသည် ဤသို့ ကိုယ့်ကိုယ်ကို ဖြေ၏။ သို့ရာတွင် ခဏကြာသော် ဇာတ်ရုံထဲ၌ အနာတိုလီနှင့် တွေ့စဉ်က ဖြစ်ပေါ်ခဲ့သော စိတ်လှုပ်ရှားမှုများသည် အိပ်မက်မဟုတ်၊ တကယ်အဟုတ်ဖြစ်သော အခြင်းအရာများသာ ဖြစ်ကြောင်း၊ မိမိသည် အနာတိုလီနှင့် ယဉ်ပါးခြင်း မရှိသည့်တိုင်အောင် မင်းသားကလေးအင်ဒရေအပေါ်တွင် ထားရှိသည့် မိမိအချစ်၏ ဖြူစင်သန့်ရှင်းခြင်းသည် ပျောက်ကွယ်ခဲ့ပြီဖြစ်ကြောင်းဖြင့် နာတာရှာ၏ ပကတိစိတ်တစ်ခုက ပြောလျက်ရှိလေသည်။ ဤသို့ တွေးမိရာက တစ်ဖန် နာတာရှာသည် အနာတိုလီနှင့် စကားပြောခဲ့ကြပုံတို့ကို ကြားယောင်လာပြန်သည်။ ထိုမှ တစ်ဖန် မိမိလက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည့် ရုပ်ချောသလောက် ဇက်ရဲလက်ရဲရှိသော အနာတိုလီ၏ မျက်နှာကို လည်းကောင်း၊ အမူအရာကို လည်းကောင်း၊ နှုတ်ခမ်းညွတ်သိမ်မွေ့သော အပြုံးကို လည်းကောင်း မြင်ယောင်လျက် ရှိပေသတည်း။

## အခန်း ၁၁

အနာတိုလီသည် ပီတာစဘတ်ရွှေမြို့တော်တွင် နေထိုင်ခဲ့ရာ၌ တစ်နှစ်လျှင် ငွေဒင်္ဂါးပေါင်းနှစ်သောင်း သုံးစွဲရုံမျှမက အကြွေးများလည်း ပတ်လည်ဝိုင်းလျက် ရှိ၏။ ကြွေးများ လွန်းမက များလာသည့်အခါ၌ ကြွေးရှင်များသည် ခမည်းတော်မင်းသားကြီး ဗာစီလီ့ထံ လာရောက် တောင်းခံခြင်း ပြုကြလေတော့သည်။ ဤတွင် မင်းသားကြီးဗာစီလီသည် သားတော်အနာတိုလီကို မော်စကိုမြို့သို့ ပို့လိုက်၏။ ဤသို့ဖြင့် အနာတိုလီသည် မော်စကိုသို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

မိမိသည် အနာတိုလီ၏ ကြွေးများအနက် တစ်ဝက်ကို ပေးဆပ်မည်ဖြစ်ကြောင်း၊ ဤအကြိမ်သည် နောက်ဆုံးဆပ်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အနာတိုလီသည်မော်စကိုသို့ သွားရောက်၍ စစ်သေနာပတိချုပ်၏ တပ်ရေးဗိုလ်အဖြစ်အမှုထမ်းရမည်ဖြစ်ကြောင်း (ခမည်းတော် မင်းသားကြီးဗာစီလီသည် ထိုရာထူးကိုရအောင် ဆောင်ကြဉ်းပေးလိုက်၏။) မော်စကိုသို့ ရောက်လျှင် သူကြွယ်တစ်ဦး၏ သမီးတစ်ယောက်ကို ကြင်ဖက်ရှာရမည် ဖြစ်ကြောင်း၊ သို့မှသာ ကြွေးတစ်ဝက်ကို ဆပ်မည်ဖြစ်ကြောင်းဖြင့် ပြောဆိုလျက် မင်းသားကြီး ဗာစီလီသည် အနာတိုလီကို မော်စကိုသို့ လွှတ်လိုက်လေသည်။ မင်းသားကြီးဗာစီလီက ဥစ္စာပေါသော ကြင်ရာကောင်းဟု ပြောခြင်းမှာ မင်းသမီးကလေးမေရီနှင့် ဂျူလီတို့ကို ရည်ရွယ်၍ ပြောခြင်း ဖြစ်၏။

အနာတိုလီသည် ခမည်းတော်ကြီး၏ စည်းကမ်းချက်ကို လက်ခံကာ မော်စကိုသို့ ရောက်လာခဲ့ပြီးနောက် (အစ်မတော်ဟယ်လင်၏ကြင်ရာ) ယောက်ဖတော် ပီယာ၏ထံတွင်တည်းခိုလျက် ရှိလေသည်။ ပထမသော် ပီယာသည် အနာတိုလီကို လက်ခံခြင်းမပြုလိုလှချေ။ အတန်ကြာသောအခါ၌ကား ပီယာသည် အနာတိုလီနှင့် အကြောင်းအပေါင်းသင့်သွားလျက် တစ်ခါတစ်ရံတွင် အနာတိုလီနှင့်



www.burmeseclassic.com

 www.burmeseclassic.com 

အတူ အလွန်အကြူးမူးယစ်သောက်စားရာသို့ လိုက်ပါသွားလေ့ရှိကာ ပိုက်ဆံများပင် ထုတ်ချေးလာခဲ့လေသည်။

ရှင်ရှင်ပြောသကဲ့သို့ပင် အနာတိုလီသည်မော်စကိုသို့ ရောက်လာသည့်အချိန်မှစ၍ မော်စကိုရှိ လုံမပျိုတို့၏ ခေါင်းများကို ရုပ်သေးရုပ်ကလေးများမှ ခေါင်းများသဖွယ် မိမိဘက်သို့ စောင်းငဲ့ကြည့်အောင် စွမ်းဆောင်ခဲ့သည်။ မော်စကိုမှ မိန်းမပျိုများက အနာတိုလီအား စောင်းငဲ့၍ ကြည့်ရှုကြခြင်းမှာ အခြားကြောင့်မဟုတ်။ အနာတိုလီသည် ထိုမိန်းမပျိုကလေးကို ရှိလေသည်ဟူ၍ပင် သဘောထားဟန်မပြဘဲ ဂျစ်ပစီအဆိုတော်များ၊ ပြင်သစ်ကချေသည်များကို တန်းတန်းစွဲနေခြင်းကြောင့် ဖြစ်လေသည်။ ၎င်းတို့အနက် နာမည်ကျော်ပြင်သစ်ကချေသည်တစ်ဦးဖြစ်၍ တစ်ခါက ဘိုနာပတ်၏အသည်းကျော် ဖြစ်ခဲ့ဖူးသော မတ်မွိုင်ဇာယ်ဂျော့နှင့်လည်း အဆက်ဖြစ်လျက် ရှိသည်ဟု သတင်းဖြစ်လျက် ရှိ၏။ အနာတိုလီသည် မော်စကိုမြို့ရှိ နာမည်အကြီးဆုံးသော သောက်ပွဲပွဲဟူသမျှသို့ ရောက်၏။ ညလုံးပေါက် အရက်ပြိုင်သောက်ခြင်းပြု၏။ အထက်တန်းလွှာ အသိုင်းအဝိုင်းမှ ကပွဲများ၊ ညေ့ခံပွဲသဘင်များသို့လည်း အမြဲတမ်းရောက်၏။ အချို့သော အထက်တန်းလွှာ အမျိုးသမီးများနှင့် အနာတိုလီတို့၏ သတင်းများမှာလည်း နားမဆံ့အောင် ကြားရတတ်၏။ အနာတိုလီသည် ကပွဲများ၌ ထိုအမျိုးသမီးများနှင့် ယဉ်ပါး၏။ သို့ရာတွင် အနာတိုလီသည် အပျိုစင်မိန်းကလေးများ၊ အထူးသဖြင့် သူကြွယ်သမီးများကိုကား စိတ်ဝင်စားခြင်း မရှိချေ။ (သူကြွယ်သမီးများမှာလည်း အများအားဖြင့် ရိုးရိုးအအ အရုပ်ဆိုး အကျည်းတန်သူများသာ ဖြစ်သည်။) ဤသို့ စိတ်ဝင်စားမှုမရှိခြင်းမှာလည်း အနာတိုလီ၌ အကြောင်းရှိ၏။ ထိုအကြောင်းကား အခြားမဟုတ်ချေ။ အနာတိုလီသည် လွန်ခဲ့သည့်နှစ်နှစ်က မိန်းမတစ်ယောက်နှင့် လက်ထပ်ခဲ့ခြင်းပင် ဖြစ်သည်။ (ဤအချက်ကို ရင်းနှီးသော မိတ်ဆွေရောင်းရင်းများသာ သိကြသည်။) အနာတိုလီသည် ထိုစဉ်က ပိုလန်ပြည်တွင် တပ်စခန်းချလျက်ရှိရာ ဆင်းရဲနွမ်းပါးသော ပိုလန်တောမြေပိုင်ရှင်တစ်ဦးသည် အနာတိုလီကို သမက်ဖမ်းခဲ့၏။ မကြာမီ အနာတိုလီသည် ပိုလန်သူမယားကို လျော်ကြေးပေး၍ ကွာရှင်းခဲ့လေသည်။ ထိုအချိန်မှစ၍ အနာတိုလီသည် လူပျိုဘဝသို့ တစ်ဖြစ်လဲခဲ့ပြန်လေပြီ။

အနာတိုလီသည် လောကကြီး၌ မိမိရောက်ရှိနေသော အခြေအနေကို ကျေနပ်၏။ မိမိကိုယ်ကိုလည်း ကျေနပ်၏။ အခြားသူများကိုလည်း ကျေနပ်နေတတ်သူတစ်ဦး ဖြစ်၏။ မိမိအဖို့ ယခုကဲ့သို့ သောက်စားပျော်ပါးနေထိုင်ခြင်းမှလွဲ၍ အခြားနေထိုင်ခြင်းမျိုးသည် ဤလောက၌ မရှိဟုလည်း စွဲမြဲစွာ ယုံကြည်၏။ မိမိတစ်သက်၌ ဆိုးယုတ်သောအမှုကို မည်သည့်အခါကမျှ မပြုခဲ့ဖူးဟုလည်း ၎င်း၏ ပကတိဉာဏ်ဖြင့် ရှင်းရှင်းကြီး ယုံကြည်လျက် ရှိ၏။ အနာတိုလီသည် မိမိ၏ အပြုအမူများကြောင့် အခြားသူများအား မည်မျှထိခိုက်နစ်နာစေလိမ့်မည်ဟုလည်း တွေးခေါ်နိုင်စွမ်းရှိသူ တစ်ယောက် မဟုတ်ချေ။ ဤသို့ပြုလျှင် ဤသို့ဖြစ်မည်၊ ထိုသို့ပြုလျှင် ထိုသို့ဖြစ်မည်ဟူ၍လည်း စဉ်းစားနိုင်စွမ်းရှိသူ မဟုတ်ချေ။ ဝမ်းဘဲတစ်ကောင်သည် ရေတွင် အသက်ရှင်နေနိုင်စေရန် သဘာဝအလျောက် ဖြစ်လာရသကဲ့သို့ မိမိသည်လည်း တစ်နှစ်လျှင် ငွေဒင်္ဂါး သုံးသောင်း သုံးစွဲ၍ လူကုံထံ အသိုင်းအဝိုင်းတွင် ထင်ရှားသော နေရာတစ်ခုကို ရစေရန် ဘုရားသခင်၏ အလိုတော်နှင့်အညီ မွေးဖွားလာခြင်းဖြစ်သည်ဟု အနာတိုလီ ယုံကြည်လျက် ရှိလေသည်။ အနာတိုလီသည် ဤအချက်ကို ခိုင်မြဲစွာ ယုံကြည်လျက် ရှိလေရာ၊ ၎င်းကိုကြည့်၍ အခြားသူများသည်လည်း ဟုတ်နိုးနိုး အထင်ရောက်လာကြလျက် အနာတိုလီအား လူကုံထံအသိုင်းအဝိုင်းတွင် ခေါင်းဆောင်နေရာ ပေးရန်ကိုသော်လည်းကောင်း၊ ပိုက်ဆံချေးရန်ကိုသော်လည်းကောင်း လက်နှေးခြင်း မရှိကြတော့ချေ။

အနာတိုလီသည် ကစားဝိုင်းတွင် မိမိအနိုင်ရရေးကို အဓိကထားသူ မဟုတ်သည့်အတွက် ကစားသမား စစ်စစ်တစ်ယောက် မဟုတ်ချေ။ လူများက မိမိအား မည်သို့ထင်သနည်း ဟူသော အချက်ကို ဂရုထားသူ မဟုတ်သည့်အတွက် ဝါကြွားလိုသူဟုလည်း မဆိုနိုင်ပြန်ချေ။ ကြီးမြင့်လိုသောဆန္ဒ၊ အထွတ်အထိပ်ရောက်လိုသော ဆန္ဒအားကြီးသူဟုလည်း မပြောနိုင်ချေ။ အနာတိုလီသည် မိမိတက်လမ်းပိတ်အောင် လုပ်ခဲ့ဖူးပေါင်းများလှပြီ ဖြစ်သဖြင့် ခမည်းတော်မင်းသားကြီး ဗာစီလီမှာ မကြာခဏ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပြီ မဟုတ်လော။ အနာတိုလီသည် ဂုဏ်ထူးဘွဲ့ထူး အဆောင်အယောင်တို့ကိုလည်း လှောင် ပြောင်ရယ်မောခဲ့သူ ဖြစ်၏။ ၎င်း၌ နှမြောတွန့်တိုခြင်း ဟူ၍လည်း



www.burmeseclassic.com

မရှိချေ။ မိမိထံ လာရောက်တောင်းခံသူမှန်သမျှကို မငြင်းမပယ် ပေးကမ်းပစ်လိုက်သည်သာ ဖြစ်၏။ ဤသို့ဖြင့် အနာတိုလီသည်ငွေကိုလည်းကောင်း၊ဂုဏ်ကိုလည်းကောင်း၊ ရာထူးကိုလည်းကောင်း မည်သည့်အရာကိုမျှ ဂရုမစိုက်သည့် လူမျိုးတစ်ယောက် ဖြစ်၏။ လောကကြီး တစ်ခုလုံး၌ အနာတိုလီ ဂရုစိုက်သောအရာမှာ မိန်းမနှင့် အပျော်အပါးဟူ၍ နှစ်ခုသာ ရှိလေသည်။ မိန်းမလိုက်စားခြင်းနှင့် အပျော်ကြူးခြင်းတို့၌ အပြစ်မရှိ၊ ဂုဏ်သိက္ခာ ညှိုးယုတ်ဖွယ် အကြောင်းမရှိဟု အနာတိုလီ ယူဆ၏။ အနာတိုလီသည် မိမိဝါသနာပါသော ထိုကိစ္စများကို လိုက်စားခြင်းကြောင့် အခြားသူများအား မည်သို့မည်ပုံ ထိခိုက်နစ်နာစေနိုင်ကြောင်းကို စဉ်းစားနိုင်စွမ်း မရှိသည့်အလျောက် သူ့ကိုယ်သူ အပြစ်ကင်းသည်ဟု ရိုးသားစွာ ယုံကြည်လျက် ရှိလေသည်။ လူဆိုးလူသွမ်းများကိုလည်း ရိုးသားစွာ စက်ဆုပ်မုန်းတီးလျက် ရှိလေသည်။ ဤသို့ဖြင့် အနာတိုလီသည် သူ့ကိုယ်သူ လူကောင်းတစ်ယောက်ဟု လိပ်ပြာသန့်သန့်ဖြင့် ထင်မှတ်ကာ ဦးခေါင်းကို မော့ထားတတ်သူ ဖြစ်လေသည်။

မျက်နှာများသော မိန်းမတို့၌ 'မိမိတို့မှာ ချစ်တတ်သနားတတ်သောကြောင့် ဤအဖြစ်မျိုး ရောက်ရသည်။ စင်စစ်၌ မိမိတို့တွင် အပြစ်မရှိ' ဟူသော စိတ်ကလေးသည် ပုန်းခိုကိန်းအောင်းလျက် ရှိတတ်၏။ အပျော်ကြူးသော ယောကျ်ားတို့၌လည်း ထိုအတူပင် ဖြစ်၏။ 'မိမိတို့မှာ အပျော်အပါး ဝါသနာကြီးသောကြောင့် ဤသို့ဖြစ်ကြရသည်။ စင်စစ်၌ မည်သည့်အပြစ်မျှ မရှိ' ဟူသော စိတ်ကလေးသည် ၎င်းတို့၏ ရင်တွင်း၌ ပုန်းခိုလျက် ရှိတတ်လေသည်။

ဒိုလိုကော့ဗ်သည် ပါရှားပြည်တွင် လည်းကောင်း၊ နယ်ခြားတွင်လည်းကောင်း ပေတေလေလွင့်ခဲ့ရာမှ ထိုနှစ်၌ မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ မော်စကို၌ ပီတာစဘတ် ရွှေမြို့တော်တုန်းက တဖေဖော် တဖက်ဖြစ်ခဲ့သည့် အနာတိုလီနှင့် ပေါင်းမိပြန်လျက် လောင်းကစားခြင်း၊ ဖြုန်းတီးခြင်းဖြင့် သောက်သောက် စားစား လူမင်းသားအချိုးမျိုးကို ချိုးလျက်ရှိကာ ၎င်း၏ ကိစ္စများ၌ အနာတိုလီကို အသုံးချလေ့ ရှိ၏။

ဒိုလိုကော့ဗ်၏ ပါးနပ်ချက်ချာခြင်း၊ ရဲတင်းခြင်းတို့ကြောင့် အနာတိုလီကလည်း ဒိုလိုကော့ဗ်ကို ရိုးသားစွာ ခင်မင်ခဲ့၏။ ဒိုလိုကော့ဗ်ကလည်း မော်စကိုမြို့ရှိ မင်းပျိုမင်းလွင်များ၊ အရွယ်ကောင်း သူဌေးသူကြွယ်ကလေးများအား ၎င်း၏ မလောင်းကဇာဂိုဏ်းထဲသို့ ဆွဲသွင်းရာ၌ အနာတိုလီ၏နာမည်၊ ဂုဏ်အဆင့်အတန်းနှင့် အသိုင်းအဝိုင်းတို့ကို ငါးစာအဖြစ် လိုအပ်သည့်အလျောက် အနာတိုလီကို အသုံးချလေ့ရှိကာ မြှောက်ပင့်၍ တစ်သွယ်၊ မြူဆွယ်၍ တစ်နည်း၊ အနာတိုလီ အိတ်ထဲမှ ပိုက်ဆံဖြင့် သောက်စား ပျော်ပါးတတ်သည်။ ဒိုလိုကော့ဗ်က အနာတိုလီအား ပေါင်းသင်းခြင်းမှာ ဤသို့သော အကျိုးအမြတ်များကို ချူရန်အတွက်မျှသာမက လူတစ်ယောက်၏စိတ်ကို အမြဲလွှမ်းမိုးချင်တတ်သော ဝါသနာကြောင့်လည်း ဖြစ်ပေသည်။ ဒိုလိုကော့ဗ်အဖို့တွင် လူတစ်ယောက်၏ စိတ်ကို လွှမ်းမိုး၍ တပည့်မွေးရခြင်းသည် ပျော်စရာ အလုပ်ကြီးတစ်ခု ဝါသနာတစ်ခုဖြစ်လာကာ နောက်ဆုံး၌ လူတစ်ယောက်ကိုမှ လွှမ်းမိုးခြင်းမပြုရလျှင် အိပ်မပျော် စားမဝင်သလောက် ဖြစ်လာခဲ့လေသည်။

အနာတိုလီမှာ နာတာရှာကို အစွဲကြီး စွဲလျက်ရှိလေပြီ။ ဇာတ်ပွဲမှပြန်လာပြီးနောက် ညလယ်စာ စားကြသည့်အခါတွင် အနာတိုလီက မိန်းမကျွမ်းကျင်သူတစ်ဦး၏ ဟန်မျိုးဖြင့် နာတာရှာ၏ လက်မောင်းများ၊ ပခုံးသားများ၊ ခြေထောက်များ၊ ဆံပင်များ မည်မျှ စွဲမက်စရာကောင်းပုံနှင့်တကွ နာတာရှာအား ချစ်ရေးဆိုတော့မည်ဖြစ်ကြောင်း ဒိုလိုကော့ဗ်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။ အနာတိုလီသည် မိမိ၏ အပြုအမူများမှ မည်သို့သော အကျိုးသက်ရောက်မှုများ ထွက်လာသည်ကို သိတတ်သူတစ်ယောက် မဟုတ်သည့်အတိုင်း နာတာရှာအား ချစ်ရေးဆိုခြင်းကြောင့် မည်သို့သော အကျိုးတရားများ ထွက်ပေါ်လာမည်ကို သိလည်းမသိ၊ သိအောင်လည်း စဉ်းစားခြင်း မရှိချေ။

"ကလေးမလေး ချောပုံကတော့ ပထမတန်းပဲဗျ။ ဒါပေမဲ့ ကိုယ့်လူရေ၊ ကျုပ်တို့အတွက်တော့ မဟုတ်ပေဘူးဗျ" ဒိုလိုကော့ဗ်က ပြန်ပြောလိုက်သည်။

"ကျုပ်အစ်မတော် ဟယ်လင်ကတစ်ဆင့် ကလေးမလေးကို ထမင်းစားဖိတ်ရရင် မကောင်းပေဘူးလားဗျ၊ ဟင်"

"မလုပ်ပါနဲ့ဗျ။ ကလေးမလေး လက်ထပ်ပြီး



www.burmeseclassic.com

 www.burmeseclassic.com 

အောင် စောင့်ပါဦး။ ခုတော့ မနူးမနပ်ကလေး၊ သနားပါတယ်၊ အအိုဆိုရင် တော်သေးရဲ့။ ခုတော့ အပျိုပေါက်ကလေး"

"အဲဒီလို မနူးမနပ်ကလေးတွေကိုမှ ကျုပ်က သဘောကျတာဗျ။ တစ်ချက်နှူးလိုက်ရင် တစ်ခါတည်း ပျော့ကျသွားပြီး အရှူးအမဲသားကျွေးမိသလို တန်းတန်းစွဲ ဖြစ်တတ်တယ် မဟုတ်လား" အနာတိုလီက ပြောလိုက်သည်။

"သတိထားနော် ကိုယ့်လူ။ တစ်ခါတုန်းကလဲ ခင်ဗျား ဒီလိုမနူးမနပ်ကလေး တစ်ယောက်ကို အမိဖမ်းလိုက်လို့ ကွဲခနဲ အမိခံခဲ့ရပြီ မဟုတ်လား"

ဒိုလိုကော့ဗ်က အနာတိုလီနှင့် ပိုလန်သူကလေးတို့၏အကြောင်းကို သိ၍ သတိပေးလိုက်၏။

"သတိတော့ထားရမှာပဗျာ။ ဒါပေမဲ့ ဒါမျိုးက တစ်ခါအပြင် နှစ်ခါတော့ ထပ်မဖြစ်နိုင်တော့ပါဘူးဗျ" အနာတိုလီက ခပ်ပြုံးပြုံးဖြင့် ပြောလိုက်သည်။

## အခန်း ၁၂

ကဇာတ်သို့သွားပြီး နောက်တစ်နေ့တွင် မြို့စားကြီးရော့စတော့ဗ်တို့မိသားစုသည် အပြင်သို့မထွက်။ မည်သည့်ဧည့်သည့်မျှလည်း လာရောက်တွေ့ဆုံခြင်းမရှိဘဲ အနားယူလျက် ရှိလေသည်။ အိမ်ရှင် မာယာဒီမီထရီယက်ဗ်နာသည် နာတာရှာ မသိစေလိုသော ကိစ္စတစ်ခုကို မြို့စားကြီးရော့စတော့ဗ်အား တိုးတိုးတိတ်တိတ် ပြောပြလျက် ရှိ၏။ မြို့စားကြီးရော့စတော့ဗ်နှင့် မာယာဒီမီထရီယက်ဗ်နာတို့သည် မင်းသားလေးအင်ဒရေ၏ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏အကြောင်းကို ပြောဆိုလျက် ရှိကာ တစ်စုံတစ်ရာကို ကျိတ်၍ ကြံစည်နေကြခြင်း ဖြစ်ကြောင်း ရိပ်မိသည်၌ နာတာရှာမှာ စိတ်လှုပ်ရှားလျက် ရှိလေသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေကိုသာ လည်ပင်း တရှည်ရှည်ဖြင့် စောင့်မျှော်လျက်ရှိရာက ထိုနေ့၌ ဗော့ဇ်ဗီ ဇင်ကာအရပ်ရှိ မင်းသားကြီး ဘိုလကွန်စကီ၏ စံအိမ်တော်သို့ အစေခံတစ်ယောက်ကို နှစ်ခေါက်တိုင်တိုင် စေလွှတ်ကာ မင်းသားလေး အင်ဒရေ ရောက်မရောက်ကို မေးမြန်းစုံစမ်း စေသည်။ မင်းသားကလေး အင်ဒရေကား မရောက်လာသေးချေ။ နာတာရှာမှာ မော်စကိုသို့ ရောက်ခါစကထက် ဆောက်တည်ရာမရ ဖြစ်လာခဲ့လေပြီ။ မင်းသားကလေး အင်ဒရေ မရောက်လာသေးသည့်အတွက် သောကဗျာပါဒ ဖြစ်ရခြင်း၊ လွမ်းဆွတ်ရခြင်းတို့အပြင် ယောက္ခမလောင်း၊ ယောက်မလောင်းတို့နှင့်အဆင်မပြေဖြစ်ခဲ့ရခြင်းကြောင့်လည်း စိတ်မချမ်းသာစရာများနှင့် တကွ အကြောင်းရှာ၍ မရသော စိုးရိမ်ကြောင့်ကြစိတ်များသည် တဖွားဖွား ပေါ်လာကြပြန်သည်။ မင်းသားကလေး အင်ဒရေ မည်သည့်အခါမျှ ပြန်မလာလျှင်သော်လည်းကောင်း၊ မင်းသားလေးအင်ဒရေ ပြန်မရောက်မီ မိမိ တစ်စုံတစ်ခု ဖြစ်သွားလျှင်သော် လည်းကောင်း၊ ထိုနှစ်ခု အနက် တစ်ခုခုဖြစ်လျှင်သော် လည်းကောင်း ကောင်းလေစွ ဟုပင် တွေးမိသေး၏။ နာတာရှာသည် ယခင်အခါများက မင်းသားကလေး အင်ဒရေ၏ အကြောင်းကို အခါခပ်သိမ်း တည်ငြိမ်စွာ ဆင်ခြင်တွေးတောနိုင်ခဲ့သော်လည်း ယခု ထိုကဲ့သို့ တည်တည်ငြိမ်ငြိမ် ဆင်ခြင်တွေးတောခြင်း မပြုနိုင်တော့ပြီ။ မင်းသားကလေးအင်ဒရေ၏အကြောင်းကို တွေးလိုက်သည်နှင့် မင်းသားကြီး ဘိုလကွန်စကီ၊ မင်းသမီးကလေးမေရီ၊ ဇာတ်ရုံထဲတွင် တွေ့ရသည့် ရှုခင်းနှင့်တကွ အနာတိုလီ တို့၏အကြောင်းများသည် သူ့အတွေးထဲတွင် ထွေးလုံး ရစ်ပတ် ပေါ်လာတတ်ကြလေသည်။ ထိုသည်နှင့် တစ်ပြိုင်နက် မိမိသည် အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိလေပြီလော၊ မင်းသားကလေးအင်ဒရေ၏အပေါ်၌ သစ္စာပျက်ချေပြီလောဟူသော ပြဿနာသည် တစ္ဆေခြောက်လျက်ရှိကာ မိမိ၏ရင်ထဲ၌ ဤမျှလောက် ယောက်ယက်ခတ်ဖြစ်အောင် တတ်နိုင်စွမ်းသော အနာတိုလီ၏ မျက်နှာထား၊ ဟန်အမူအရာ၊ စကားလုံးများနှင့်တကွ အသေးစိတ် အခြင်းအရာများကို တွေးမိလျက်သား ဖြစ်နေတတ်သည်ကို တွေ့ရသည်။ ပတ်ဝန်းကျင်အမြင်၌ နာတာရှာသည် ယခင်ကထက် ရွှင်လန်းဟန်ရှိသော်လည်း စိတ်ထဲ၌ကား ငြိမ်သက်ခြင်း ကင်းမဲ့ကာ နောက်ကျူရှုပ်ထွေးလျက် ရှိလေပြီ။

တနင်္ဂနွေနေ့နံနက်၌ အိမ်ရှင် မာယာဒီမီထရီယက်ဗ်နာသည် ဧည့်သည်များအား မိမိပိုင်စားနယ်မြေပေါ်တွင် ဆောက်ထားသော သုခမ္မာဇရပ်သို့ ဘုရားဖူးခေါ်၍ သွားလေသည်။ သုခမ္မာဇရပ်မှာ ပုလိပ်ရောဂါဖြင့် သေဆုံး



www.burmeseclassic.com

သူများ၏ သုသာန်ဝင်းထဲ၌ ဆောက်လုပ်ထားခြင်း ဖြစ်၏။

"အစ်မတော်က ခုခေတ်စားနေကြတဲ့ သုဓမ္မာဇရပ်တွေကို မကြိုက်ဘူး မြို့စားကြီးရဲ့" မာယာဒီမီထရီယက်ဗ်နာက မိမိ၏လွတ်လပ်စွာ တွေးခေါ်တတ်ခြင်းကို ဂုဏ်ယူလိုဟန်ဖြင့် ပြောလိုက်သည်။ "သုဓမ္မာဇရပ်ကို ဘယ်ပုံပဲ ပြင်ဆင်မွမ်းမံသည်ဖြစ်စေ ဘုရားကတော့ ဒီဘုရားပဲ မဟုတ်လား။ အစ်မတော်ရဲ့ သုဓမ္မာဇရပ်မှာ တရားစာ ကောင်းကောင်းချနိုင်တဲ့ ဆရာတော်တစ်ပါးကိုလဲ ပင့်ထားတယ်။ ဓမ္မသီချင်း ရွတ်ရာမှာ သီချင်းသည်တွေ ထည့်တာလဲ ဘာအဓိပ္ပာယ်ရှိသလဲ မြို့စားကြီးရယ်၊ တရားတော်နဲ့လဲ မညီပါဘူး။ ဒါတွေက ပကာသနတွေပါ။ အစ်မတော်တော့ မကြိုက်ဘူး"

မာယာဒီမီထရီယက်ဗ်နာသည် တနင်္ဂနွေနေ့များတွင် ကောင်းစွာ အချိန်ဖြုန်းလေ့ ရှိ၏။ စနေနေ့သို့ရောက်ပြီဆိုကတည်းက တစ်အိမ်လုံးကို သုတ်သင်လှည်းကျင်း၍ သန့်ရှင်းစေ၏။ မာယာဒီမီထရီယက်ဗ်နာနှင့် အစေခံများသည် တနင်္ဂနွေနေ့များတွင် မည်သည့်အလုပ်ကိုမျှ လုပ်ကိုင်ခြင်း မရှိတော့ဘဲ ဝတ်ကောင်းစားလှဝတ်၍ သုဓမ္မာဇရပ်သို့ သွားလေ့ရှိကြသည်။ ညစာစားပွဲ၌လည်း ဧည့်သည်များအတွက် ပွဲရုံများအဆင်သင့် ပြင်ထားလေ့ရှိသည်။ အစေခံများကိုလည်း ဗော့ဒကာ အရက်၊ ငန်းကင်၊ ဝက်ကောင်လုံးကင် စသည်တို့ဖြင့် ကျွေးလေ့ရှိသည်။ သို့သော်လည်း အားလပ်သောရက်တစ်ရက်၏ အနက်အဓိပ္ပာယ်ကို ထင်ရှားစေရာ၌ ထိုအရာများသည် သုန်မှုန်တင်းမာ၍ ပြားပြားခွက်ခွက်ရှိသော မာယာဒီမီထရီယက်ဗ်နာ၏ မျက်နှာပေါ်က အမူအရာကိုမူကား လိုက်၍ မမီချေ။ ထိုနေ့၌ မာယာဒီမီထရီယက်ဗ်နာ၏ မျက်နှာသည် လေးနက်သော ဣန္ဒြေနှင့်အတူ ကြည်နူးရွှင်မြူးခြင်းကို ဆောင်လျက် ရှိပေ၏။

သုဓမ္မာဇရပ်မှ ပြန်လာခဲ့ကြ၍ ထမင်းစားခန်းထဲတွင် ကော်ဖီသောက်လျက်ရှိစဉ် တနင်္ဂနွေနေ့များတွင် ပြုမြဲထုံးစံ အတိုင်း ဧည့်ခန်းဆောင်ထဲမှ ထိုင်ဖုံအစွပ်များကို လဲလှယ် လျက် ရှိကြ၏။ ထိုအခိုက် အစေခံတစ်ယောက် ဝင်ရောက်လာပြီးနောက် ရထားအဆင်သင့်ဖြစ်ပြီဟု လာရောက် ပြောဆိုလေသည်။ မာယာဒီမီထရီယက်ဗ်နာသည် ရေးကြီးသုတ်ပျာ အမူအရာမျိုးဖြင့် ရုတ်ခနဲထလိုက်သည်။ ထို့နောက် အပြင်သို့ ထွက်သည့်အခါတွင် အသုံးပြုတတ် သော ခြုံထည်ကို ကောက်၍ခြုံလိုက်လျက် နာတာရှာတို့ ကိစ္စနှင့် ပတ်သက်၍ စကားပြောစရာရှိသဖြင့် မင်းသားကြီး ဘိုလကွန်စကီထံ သွားမည်ဖြစ်ကြောင်း ပြောဆိုလေသည်။

မာယာဒီမီထရီယက်ဗ်နာ ထွက်သွား၍ မကြာမီမှာပင် နာတာရှာ၏ သတို့သမီးဝတ်စုံ အပ်ထားသော မဒမ်ရိုးဂျက်၏ အပ်ချုပ်ဆိုင် (ထိုခေတ်က နာမည်ကြီး အပ်ချုပ်ဆိုင်)မှ အပ်ချုပ်သည်တစ်ဦးသည် ဝတ်စုံကို အစမ်းဝတ်ဆင်ကြည့်စေရန် ရောက်ရှိလာလေရာ နာတာရှာမှာ အာရုံပြောင်းစရာတစ်ခု ပေါ်လာသည့်အတွက် ဝမ်းပန်းတသာဖြင့် ဧည့်ခန်းဆောင်နှင့် ကပ်လျက် အခန်းတစ်ခုထဲသို့ဝင်၍ ဝတ်စုံများကို စမ်းသပ်ဝတ်ဆင်လျက် ရှိသည်။ နာတာရှာသည် လက်ပြတ်ကိုယ်ကျပ်အင်္ကျီ တစ်ထည်ကို အစမ်းဝတ်၍ ကြယ်သီးတပ်ကာ ကျောပုံ ကျမကျကို ကြည့်ရှုရန် မှန်ဘက်သို့လှည့်၍ ကြည့်မည် အပြု၌ ဧည့်ခန်းဆောင်ဘက်ဆီမှ ဖခင်မြို့စားကြီးနှင့် မိန်းမတစ်ဦးတို့ ရင်းနှီးစွာ ပြောဆိုနေကြသံကို ကြားလိုက်ရသည်တွင် မျက်နှာကလေး နီရဲသွားလေသည်။ မိန်းမသံကား မြို့စားကတော်ကလေး ဟယ်လင်၏ အသံပေတည်း။ နာတာရှာ ကိုယ်ကျပ်အင်္ကျီကို ပြန်၍မချွတ်ရသေးမီ အခန်းတံခါးသည် ပွင့်လာကာ လည်ထောင်တပ် ကြက်သွေးရောင် ကတ္တီပါဝတ်စုံကို ဝတ်ထားသည့် မြို့စားကတော်ကလေး ဟယ်လင်သည် ချိုသာနှစ်လိုဖွယ်ရှိသော အပြုံးဖြင့် အခန်းထဲသို့ ဝင်ရောက်လာလေသည်။

"အလို မိုးကျနတ်သမီးလေးလားကွယ်" မြို့စားကတော်ကလေး ဟယ်လင်က ရက်သွေးဖြာလျက် ရှိသော နာတာရှာကို ကြည့်၍ ပြောလိုက်၏။ "ကြည့်စမ်း၊ ချစ်စရာကောင်းလိုက်ပါဘိ ညီမတော်ရယ်။ အို ချစ်စရာကောင်းရုံတွင် မကပါဘူးလေ။ ဦးရီးတော်ရဲ့ သမီးတော်ကတော့ ပြိုင်ဖက်ကင်းလောက်အောင်ကို ချောပါပေတယ်"

မြို့စားကတော်ကလေး ဟယ်လင်က နောက်မှ လိုက်ပါလာသော မြို့စားကြီး ရော့စတော့ဗ်ကို ပြောလိုက်၏။

"မော်စကိုကို ရောက်ပါရက်နဲ့ သမီးတော်များကို အိမ်ထဲမှာချည်း အိမ်တွင်းပုန်းအလုပ် ခိုင်းထားရသလား



www.burmeseclassic.com

ဦးရီးတော်။ ဒီလိုလုပ်တာကိုတော့ ထိပ်ထားတို့ ခွင့်မပြုနိုင်ဘူးနော်။ ဒီနေ့ည ထိပ်ထားလေးရဲ့ အိမ်တော်မှာ ညှော်ခံပွဲတစ်ခု လုပ်မလို့ ဦးရီးတော်ရဲ့၊ ညှော်သည်တွေလဲ တော်တော်များများ ဖိတ်ထားတယ်။ မတ်မွိုင်ဇယ်ဂျော့လဲ သီချင်းဆိုလိမ့်မယ်။ မတ်မွိုင်ဇယ်ဂျော့ထက် ဆယ်ပြန်လောက်ချောတဲ့ သမီးတော်များကို မခေါ်ခဲ့ရင်တော့ ဦးရီးတော်ကို စိတ်ဆိုးရလိမ့်မယ်နော်။ ထိပ်ထားရဲ့ ကြင်ရာတော်က ခရီးသွားနေတော့ အကြိုတော်လွှတ်စရာ လူတောင် မရှိတော့ဘူး။ နို့မို့ရင်လဲ သူ့ကို အကြိုလွှတ်ရရဲ့။ ဘာပဲဖြစ်ဖြစ် ဦးရီးတော် လာရမယ်နော်။ မလာလို့ မဖြစ်ဘူး။ ညရှစ်နာရီနဲ့ ကိုးနာရီကြားမှာ ဆက်ဆက်၊ ဟုတ်ပါပြီလား ဦးရီးတော်"

မြို့စားကတော်ကလေး ဟယ်လင်သည် မိမိအား ရှိသေစွာ နှုတ်ဆက်သည့် အပ်ချုပ်သည်ကို ခေါင်းညိတ်နှုတ်ဆက်လိုက်ပြီး ကတ္တီပါဝတ်ရုံကို လှပစွာသိမ်း၍ မှန်တင်ခုံဘေးရှိ လက်တင်ထိုင်ဖုံတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။ မြို့စားကတော်ကလေးဟယ်လင်သည် နာတာရှာ၏ ချောမွေ့လှပခြင်းကို ချီးမြှောက်ကာ ကရားရေလွှတ်တတွတ်တွတ် ပြောဆိုလျက် ရှိ၏။ တစ်ဖန် နာတာရှာ၏ ဝတ်စုံကိုကြည့်၍ ဝတ်စုံ၏ကောင်းခြင်းကိုလည်း ချီးမြှောက်ပြောဆိုပြန်သည်။ ထို့နောက် ပြင်သစ်ပြည်မှ လုပ်သော ငွေင်း၏ 'မှန်ပဒုမ္မာ' ဝတ်စုံအကြောင်းကို ပြောဆိုကာ နာတာရှာအားလည်း ယင်းသို့သော 'မှန်ပဒုမ္မာ' ဝတ်စုံတစ်စုံ ချုပ်လုပ်ရန် တိုက်တွန်းလျက် ရှိလေသည်။

"ဒါပေမဲ့ ညီမတော်အဖို့ကတော့ ဘာကိုပဲဝတ်ဝတ် လှတာပါပဲလေ" ဟု မြို့စားကတော်ကလေး ဟယ်လင်က ပြောလိုက်သည်။

နာတာရှာ၏မျက်နှာမှာ နှစ်သိမ့်သောအပြုံးဖြင့် ဝင်းထိန်လျက်ရှိ၏။ မြို့စားကတော်ကလေး ဟယ်လင်မှာ မာနကြီး၍ အလှမ်းကွာသူတစ်ဦးဟု ယခင်က ထင်ခဲ့ရသလောက် ယခုအချိန်၌ နာတာရှာ့အပေါ်တွင် ကြင်နာလျက်ရှိလေရာ နာတာရှာသည် မြို့စားကတော်ကလေး ဟယ်လင်၏ ချီးကျူးပြောဆိုခြင်းကြောင့် ပိုမိုအလှပန်းပွင့်လာသကဲ့သို့ ရှိလာကာ ကြည်နူးလျက်ရှိလေသည်။ နာတာရှာသည် ကြည်နူးရွှင်ပျလျက်ရှိရာက များစွာလှပချောမော၍ များစွာ ကြင်နာသနားတတ်သည့် မြို့စားကတော်ကလေး ဟယ်လင်ကို အစွဲကြီး စွဲလျက် ရှိလေသည်။ မြို့စားကတော်ကလေး ဟယ်လင်အနေဖြင့်လည်း နာတာရှာနှင့် တွေ့ရခြင်းကြောင့် တကယ်ပင် ဝမ်းသာလျက်ရှိကာ ကြုံတုန်းကြိုက်တုန်း ညှော်ခံပြုစုလိုစိတ်ဖြစ်ပေါ်လျက်ရှိ၏။ အနာတိုလီသည် နာတာရှာကို ဖိတ်ကြားရန်အတွက် အစ်မတော်အား ပူဆာလျက်ရှိသည်ဖြစ်ရာ နောက်ဆုံးတွင် မြို့စားကတော်ကလေး ဟယ်လင်သည် ထိုအကြောင်းကြောင့် မြို့စားကြီး ရော့စတော့ဗ်မိသားစုကို လာရောက် ဖိတ်ကြားရခြင်း ဖြစ်လေသည်။ မိမိ၏မောင်တော် အနာတိုလီနှင့် နာတာရှာတို့ကို တွေ့ဆုံပေးရတော့မည်ဟု တွေးလိုက်တိုင်းလည်း မြို့စားကတော်ကလေးဟယ်လင်မှာ ရွှင်မြူးလျက် ရှိလေသည်။

ပီတာစဘတ်ရွှေမြို့တော်တွင်ရှိစဉ်က မြို့စားကတော်ကလေးဟယ်လင်သည် မိမိနှင့် ဘိုးရစ်စ်တို့၏ကြား၌ ဝင်ရှုပ်ရပါမည်လောဟု နာတာရှာ့အပေါ် စိတ်ကွက်ခဲ့မိဖူးသော်လည်း ယခုအချိန်တွင်မူ ထိုကိစ္စကို မစဉ်းစားတော့ဘဲ ၎င်း၏ထုံးစံအတိုင်း နာတာရှာ့အပေါ် စိတ်လည်၍ လာပြီဖြစ်သည်။ မြို့စားကတော်ကလေး ဟယ်လင်သည် ပြန်ခါနီး၌ နာတာရှာကို အနားသို့ ခေါ်လိုက်သည်။

"မနေ့ညက အစ်မတော်ထိပ်ထားရဲ့ မောင်တော် အနာတိုလီတစ်ယောက် အစ်မတော် ထိပ်ထားနဲ့ ညစာလာစားတယ် ညီမတော်ရဲ့။ ညီမတော်အတွက် သက်ပြင်းကြီး တချချနဲ့ မစားနိုင်မသောက်နိုင်ဖြစ်နေလို့ အစ်မတော် ထိပ်ထားဖြင့် သူ့ကို ကြည့်ပြီး ရယ်ရသေးတယ်။ အနာတိုလီကတော့ ညီမတော်ကို မမြင်ရရင် မနေနိုင်လောက်အောင် ဖြစ်နေပြီ ညီမတော်ရေ့"

ဤစကားကို ကြားလိုက်ရသည်၌ နာတာရှာ၏ မျက်နှာမှာ ပန်းနုသွေး လျှမ်းသွားလေသည်။

"ကြည့်စမ်း၊ ကြည့်စမ်း။ ခုလို ရှက်သွေးဖြန်းသွားတာကလေးကိုက ချစ်စရာကောင်းလှပြီ။ ဒါပဲနော် ညီမတော်၊ အစ်မတော်ထိပ်ထားရဲ့ ညှော်ခံပွဲကို လာဖြစ်အောင်လာရမယ်။ ညီမတော်မှာ ချစ်သူရှိနေရင်လဲ ချစ်သူရှိတဲ့အတွက်ကြောင့် အိမ်တွင်းပုန်း လုပ်နေရမယ်လို့ စာဆိုမရှိပါဘူး ညီမတော်ရဲ့။ စေ့စပ်ကြောင်းလမ်းပြီးသူရှိနေရင်လဲ သူကိုယ်နှိုက်က ကိုယ့်ကြင်ရာလောင်းကို အိမ်တွင်းပုန်းလုပ်နေတာ ဘယ်ကြိုက်ပါ့မလဲ။ ညှော်ခံပွဲတွေ၊ မင်းပွဲ



www.burmeseclassic.com

သဘင်တွေကို သွားတာလာတာ မြင်ချင်ပေမှာပေါ့”

မြို့စားကတော်ကလေး ဟယ်လင်က ပြောလိုက်၏။

‘ဩော်၊ နာတာရှာ စေ့စပ်ပြီးဖြစ်နေပြီဆိုတာ သိနေပြီထင်တယ်။ ဟုတ်ပါတယ်။ သူနဲ့ သူ့ကြင်ရာတော် ပီယာတို့ နာတာရှာ့အကြောင်းကို ပြောပြီး ရယ်ကြမှာပဲ’ ဟု နာတာရှာ တွေးနေမိသည်။ မြို့စားကတော်ကလေး ဟယ်လင်၏ လွှမ်းမိုးခြင်းကို ခံရသည်နှင့် တစ်ပြိုင်နက် နာတာရှာ၏ စိတ်တွင် စောစောက ကြောက်စရာကောင်းသည်ဟု ထင်ခဲ့ရသော အရာများသည် ဘာမျှရှုပ်ထွေးခြင်း မရှိသောအရာ၊ သဘာဝကျသောအရာများ ဖြစ်လာကြပြန်လေသည်။ ‘အစ်မတော် ထိပ်ထားဟာ မိန်းမမြတ်တစ်ဦး ဖြစ်တယ်။ ကြင်နာတတ် ချစ်ခင်တတ်တဲ့ နှလုံးသားရှိသူလဲ ဖြစ်တယ်။ သူ့က ဂရုတစိုက် လာရောက်ဖိတ်ကြားခြင်း ပြုရက်နဲ့ နာတာရှာ ဘာကြောင့် မသွားဘဲ နေရမလဲ’ နာတာရှာသည် မြို့စားကတော်ကလေး ဟယ်လင်အား အငေးသားကြည့်၍ တွေးနေမိသည်။

ညစာစားချိန်၌ မာယာဒီမီထရီယက်ဗ်နာသည် မသာယာသော မျက်နှာထားဖြင့် ပြန်ရောက်လာလေရာ ၎င်း၏အမူအရာကို ကြည့်ခြင်းဖြင့် မင်းသားကြီး ဘိုလကွန်စကီနှင့် တွေ့ဆုံခဲ့ရာ၌ အရေးမလှခဲ့ကြောင်း သိနိုင်လေသည်။ မာယာဒီမီထရီယက်ဗ်နာမှာ များစွာ စိတ်ထိခိုက်လျက်ရှိသည့်အတွက် အကျိုးအကြောင်းကိုပင် ပြန်၍မပြောနိုင်အောင် ဖြစ်နေသည်။ မြို့စားကြီး ရော့စတော့ဗ်က မေးမြန်းစုံစမ်းခြင်း ပြုသောအခါ၌ အားလုံး ချောချောမောမောရှိကြောင်း၊ နက်ဖြန်မှ ရေရေလည်လည် ပြောပြမည်ဖြစ်ကြောင်းဖြင့် ပြန်ပြောလိုက်သည်။ မြို့စားကတော်ကလေးဟယ်လင် ရောက်ရှိလာပြီး ညဧည့်ခံပွဲသို့ ဖိတ်ကြားသွားကြောင်းကို ကြားရသည့်အခါတွင် မာယာဒီမီထရီယက်ဗ်နာက

“အစ်မတော်ကတော့ မြို့စားကတော် ဟယ်လင်နဲ့ သိပ်အဆက်အဆံ လုပ်လေ့လုပ်ထ မရှိဘူး။ ဒါကြောင့် သွားပါလို့ မတိုက်တွန်းလိုဘူး။ သို့သော် ကတိပေးလိုက်ပြီးသားဖြစ်ရင်တော့ သွားလိုက်ကြပေါ့။ တူမတော် နာတာရှာ လဲ စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့” ဟု နာတာရှာ့ဘက်သို့ လှည့်၍ ပြောလိုက်လေသည်။

## အခန်း ၁၃

မြို့စားကြီးရော့စတော့ဗ်သည် နာတာရှာနှင့် ဆွန်ယာတို့ကို မြို့စားကတော်ကလေး ဟယ်လင်၏ ဧည့်ခံပွဲသို့ ခေါ်လာခဲ့၏။ မြို့စားကတော်ကလေး ဟယ်လင်၏ ဧည့်ခံပွဲ၌ကား မင်းပရိသတ်များ ပြည့်ကျပ်လျက်ရှိ၏။ သို့ရာတွင် နာတာရှာအဖို့မှာကား လူစိမ်းများသာ ဖြစ်လျက်ရှိလေသည် မြို့စားကတော်ကလေး ဟယ်လင်၏ ဧည့်ခံပွဲသို့ ရောက်လာကြသူ မင်းမိန်းမ၊ မင်းယောက်ျား ပရိသတ်အားလုံး လောက်မှာ အနေအထိုင် လွတ်လပ်လွန်းခြင်းအတွက် သတင်းကြီးသူများ ဖြစ်လျက်ရှိခြင်းကို တွေ့ရသောအခါ၌ မြို့စားကြီး ရော့စတော့ဗ်သည် မိမိတို့ လာရောက်မိခြင်းအတွက် မှားလေပြီဟု နောင်တရလျက် ရှိလေသည်။ ပြင်သစ်အဆိုကျော် မတ်မွိုင်ဇယ်ဂျော့သည် အခန်းထောင့်တစ်ထောင့်၌ ရပ်လျက်ရှိ၍ ၎င်းအနီးတွင်လည်း မင်းပျိုမင်းလွင်များ ဝိုင်းအုံလျက်ရှိ၏။ မင်းပရိသတ်များထဲတွင် ပြင်သစ်လူမျိုးများကိုလည်း တွေ့ရလေရာ ၎င်းတို့အနက် မြို့စားကတော်ကလေး ဟယ်လင် မော်စကိုမြို့သို့ ရောက်လာကတည်းက မြို့စားကတော်ကလေးနှင့် လက်ပွန်းတတီးနေထိုင်လျက်ရှိသော ပြင်သစ်သမားတော် မက်တီးဗီးယားလည်း အပါအဝင် ဖြစ်လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ဖဲကစားခြင်းလည်းမပြု၊ သမီးပျိုများကိုလည်း မျက်စိအောက်က အပျောက်မခံတော့ဟု ပိုင်းဖြတ်ကာ မတ်မွိုင်ဇယ်ဂျော့ သီချင်းဆိုပြီးသည်နှင့် တစ်ပြိုင်နက် ပြန်ရန်ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

အနာတိုလီသည် တံခါးဝတွင်ရပ်လျက် မြို့စားကြီးရော့စတော့ဗ်တို့မိသားစုကို စောင့်မျှော်လျက် ရှိပုံရ၏။ မြို့စားကြီးရော့စတော့ဗ်ကို နှုတ်ဆက်ပြီးလျှင်ပြီးချင်း အနာတိုလီသည် နာတာရှာ့အနီးသို့ ကပ်သွားကာ နောက်က တကောက်ကောက် လိုက်ပါလျက် ရှိလေသည်။ နာတာရှာသည် အနာတိုလီကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဇာတ်ပွဲတုန်းက ဖြစ်ပေါ်ခဲ့ဖူးသကဲ့သို့ မိမိအား အနာတိုလီက စွဲလမ်းခြင်းကြောင့် ကျေနပ်နှစ်သိမ့်စွာ ဂုဏ်ယူလိုသည့်စိတ်၊ မိမိတို့နှစ်ဦး၏ကြားတွင် ကာဆီးလျက် ရှိသည့် ကိုယ်ကျင့်တရားတည်းဟူသော တံတိုင်းကြီး



www.burmeseclassic.com

ပြိုကျမည်ကို စိုးရိမ်ကြောက်လန့်စိတ်တို့သည် ပေါ်ပေါက်လာခဲ့လေပြီ။

မြို့စားကတော်ကလေး ဟယ်လင်သည် နာတာရှာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီးနောက် နာတာရှာ၏ လှပချော့မွေ့ပုံနှင့် ဆင်ယင်ထုံးဖွဲ့မှုတို့ကို လူကြားလောက်အောင် ချီးကျူးပြောဆိုလျက် ရှိလေသည်။ နာတာရှာတို့ရောက်၍ မကြာမီမှာပင် မတ်မ္ဗိုင်ဇယ်ဂျော့သည် အဝတ်အစားလဲရန် အခန်းထဲမှ ထွက်သွားလေသည်။ ဧည့်ခံဆောင်ထဲ၌ကား မင်းပရိသတ်များသည် ထိုင်ဖုံများကို ပြင်ဆင်ကာ နေရာယူလျက် ရှိကြ၏။ အနာတိုလီသည် နာတာရှာအတွက် ထိုင်ဖုံတစ်လုံးကိုဆွဲလာကာ ဘေးတွင် ဝင်ထိုင်မည်အပြု၌ သမီးကို မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ကြည့်လျက်ရှိသည့် မြို့စားကြီးရောက်လာကာ ထိုင်ဖုံတွင် ဝင်ထိုင်လိုက်သဖြင့် အနာတိုလီမှာ နာတာရှာ၏နောက်မှ ခုံတန်းတွင် ဝင်ထိုင်လိုက်ရလေသည်။

ခဏကြာလျှင် အဆိုကျော် မတ်မ္ဗိုင်ဇယ်ဂျော့သည် ဟာလာဟင်းလင်းဖြစ်၍ ပြည့်ဖြိုးလျက်ရှိသော လက်မောင်းများပေါ်တွင် အနီရောင်ပဝါတစ်ခုကိုသိုင်းခြုံကာ ဝင်ရောက်လာပြီးနောက် ၎င်းအတွက် သီးသန့် ထားသောနေရာ၌ ဇာတ်သမဟန်ဖြင့် ရပ်လိုက်၏။ မင်းပရိသတ်များကား အချင်းချင်း တီးတိုးဝေဖန်လျက် ရှိကြလေသည်။

အဆိုကျော် မတ်မ္ဗိုင်ဇယ်ဂျော့သည် ရီဝေမှုန်မှိုင်းသော မျက်နှာပေးဖြင့် ပရိသတ်ကို လှမ်းကြည့်လိုက်ပြီးနောက် အမေနှင့် သား မှောက်မှားကြသည့်အကြောင်းကို ဖွဲ့နွဲ့ထားသည့် ပြင်သစ်သီချင်းတစ်ပုဒ်ကို သီဆိုလျက်ရှိ၏။ တစ်ခါတစ်ရံ၌ မတ်မ္ဗိုင်ဇယ်ဂျော့၏ အသံသည် စူး၍ ထွက်လာပြီး တစ်ချီတစ်ချီ၌ ခေါင်းကို ခပ်ကြွားကြွား မော့လျက် ညှင်းညှင်းကလေး ဆိုသွား၏။ တစ်ခါတစ်ရံ၌လည်း မျက်လုံးများကို လှည့်ပတ်ကစားကာ ခပ်မြူးမြူး၊ ခပ်ကြွကြွကလေး သီဆိုသွားလေသည်။

ပရိသတ်များထဲမှ ချီးမွမ်းပြောဆိုသံများ ထွက်ပေါ်လာလေသည်။

နာတာရှာသည် ဆူဖြိုးသော အဆိုကျော်ကို ငေးကြည့်နေမိသည်။ သို့ရာတွင် မိမိ၏ရှေ့၌ ဖြစ်ပျက်လျက်ရှိသည့် အရာများကို ကြားလည်းမကြား၊ မြင်လည်းမမြင်တော့ဘဲ မိမိ၏ကမ္ဘာလောကနှင့် အခြားနားကြီး ခြားနားလှ၍ ကောင်းခြင်းနှင့် ဆိုးခြင်း၊ ဆင်ခြင်တုံတရားရှိခြင်းနှင့် ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းတို့ကို ခွဲခြားသိနိုင်ရန် ခက်ခဲလှသော ထူးဆန်း၍အဓိပ္ပာယ်ကင်းမဲ့လှသည့် ကမ္ဘာလောကကြီးထဲတွင် နစ်မျောလျက် ရှိလေပြီ။ အနာတိုလီသည် နောက်တွင် ထိုင်လျက်ရှိလေရာ နာတာရှာသည် အနာတိုလီနှင့် နီးကပ်စွာရှိနေခြင်းကို သတိပြုမိရာက ရင်ဖိုကာ အလိုလို ကြောက်လန့်လျက် ရှိလေသည်။

သီချင်းဆုံး၍ သွားသည့်အခါ၌ မင်းပရိသတ်များသည် ထလာကြကာ မတ်မ္ဗိုင်ဇယ်ဂျော့အနီးတွင် ဝိုင်းအုံလျက် ချီးမွမ်းပြောဆိုနေကြပြန်သည်။

"မတ်မ္ဗိုင်ဇယ်ဂျော့က လှတယ်နော် ဖေဖျား" လူအုပ်ထဲမှတိုး၍ အဆိုကျော်အနီးသို့ ထသွားရန် ဟန်ပြင်လိုက်သည့် ဖခင်မြို့စားကြီးကို နာတာရှာက ပြောလိုက်၏။

"ညီမနဲ့ ယှဉ်လိုက်ရင်တော့ မောင်ကြီးစိတ်ထဲမှာ လှတယ် မထင်မိပေါင်ဗျာ။ ညီမနဲ့ယှဉ်လိုက်ရင် မတ်မ္ဗိုင်ဇယ်ဂျော့ဟာ မျောက်အိုမကြီးလို့တောင် ထင်မိသေး" နောက်ပါးမှကပ်၍လိုက်လာသော အနာတိုလီက ပြောလိုက်၏။ အနာတိုလီသည် ဤစကားကို နာတာရှာတစ်ယောက်တည်း ကြားသာရုံ ခပ်တိုးတိုး ပြောလိုက်ခြင်း ဖြစ်၏။ "ညီမက လှလဲလှ၊ ယဉ်လဲယဉ်၊ နုလဲနု၊ ချစ်စရာလဲကောင်းဆိုတော့ မောင်ကြီးဖြင့် ဟောဒီက ညီမမျက်နှာလေးကို မြင်လိုက်ရတဲ့ အချိန်ကစပြီး"

"သမီးထွေး၊ လာ လာ ကြည့်လှည့်စမ်း။ တော်တော် လှသားကွယ့်" မြို့စားကြီး ရော့စတော့ဗ်က နောက်သို့ လှည့်၍ နာတာရှာကို ခေါ်လိုက်သည်။

နာတာရှာသည် အနာတိုလီကို မည်သို့မျှ ပြန်မပြောတော့ဘဲ ဖခင်မြို့စားကြီးအနီးသို့ ကပ်သွားကာ အံ့သြစူးစမ်းသော မျက်လုံးများဖြင့် အနာတိုလီကို ကြည့်နေမိလေသည်။

မတ်မ္ဗိုင်ဇယ်ဂျော့သည် သီချင်းများ ဆက်လက်သီဆိုအသုံးတော်ခံပြီးနောက် ပြန်သွားလေသည်။ ထိုနောက်တွင် မြို့စားကတော်ကလေး ဟယ်လင်က ဧည့်သည်တော်များအား ပွဲတက်ဆောင်သို့ ကြွရောက်ရန် ဖိတ်ကြားလေသည်။ မြို့စားကြီးရော့စတော့ဗ်မှာ အိမ်သို့ ပြန်ချင်လှပေပြီ။ သို့ရာတွင် မြို့စားကတော်ကလေး ဟယ်လင်က ဤကပွဲမှာ ရတ်ရက် ကောက်၍ စီစဉ်ရသော ကပွဲဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com


မြို့စားကြီးရှောစတော့ဗ် ပြန်သွားမည်ဆိုလျှင် ပွဲကို ဖျက်လိုက်ရသကဲ့သို့ရှိတော့မည်ဖြစ်ကြောင်း တောင်းပန်သဖြင့် ဆက်၍ နေရပြန်လေသည်။ အနာတိုလီနှင့် နာတာရှာအား တစ်ပွဲတွဲ၍ ကရန် တောင်းပန်လေရာ တွဲကလျက်ရှိသည့် အတောအတွင်း၌ အနာတိုလီသည် နာတာရှာ၏ ခါးနှင့် လက်ကို ဖိ၍ကိုင်ထားရာမှ နာတာရှာမှာ စွဲမက်စရာ ကောင်းကြောင်း၊ မိမိသည် နာတာရှာကို ချစ်မိလျက်ရှိပြီ ဖြစ်ကြောင်း ပြောဆိုလေသည်။ အိကိုဆေဆီ ပြင်သစ်တေး သီချင်းကြီးတီး၍ ကသည့်အခါတွင်လည်း နာတာရှာမှာ အနာတိုလီနှင့်ပင် တွဲကရပြန်သည်။ ယခုအကြိမ်၌မူ အနာတိုလီသည် မည်သို့မျှမပြောတော့ဘဲ နာတာရှာကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်လျက်ရှိ၏။ နာတာရှာသည် မျက်လွှာကိုပင့်၍ အနာတိုလီကို ကြည့်လိုက်မိသည်။ အနာတိုလီ၏ နှစ်လိုဖွယ်ရှိသောအကြည့်နှင့် အပြုံးတို့မှာ ညှို့ဓာတ်ပြင်းထန်၍ တန်ခိုးကြီးလွန်းရကား နာတာရှာသည် ပြောမည့်စကားများကို မေ့လျော့သွားကာ မျက်လွှာကို ချလိုက်ရသည်။

"ညီမကို ဒီစကားမျိုးတွေ မပြောပါနဲ့ မောင်ကြီး။ ညီမ တောင်းပန်ပါတယ်။ ညီမမှာ စေ့စပ်ကြောင်းလမ်း ပြီးပြီ။ ချစ်သူလဲ ရှိနေပြီ"

နာတာရှာသည် ခပ်သွက်သွက်ပြောချလိုက်၍ အနာတိုလီကို ကြည့်နေသည်။ အနာတိုလီကား နာတာရှာ၏ တောင်းပန်ချက်ကို အရေးထားဟန် မရှိချေ။

"အလိုဗျာ၊ မောင်ကြီးကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောနေရတာလဲ။ မောင်ကြီးနဲ့ ဘာဆိုင်တာ မှတ်လို့" အနာတိုလီက ဆို၏။ "ဘာကြီးပဲဖြစ်နေနေ မောင်ကြီးကတော့ ညီမကို ချစ်နေပြီဗျူ။ ချစ်သမှ ရူးမတတ်ချစ်နေပြီ၊ သိရဲ့လား။ ညီမဟာ ငေးကြည့်ရလောက်အောင် လှတယ်။ တုနှိုင်းမရအောင် ချောတယ်။ ဒီလောက်လှ၊ ဒီလောက် ချောတော့ မောင်ကြီးကလဲ မချစ်ဘဲမနေနိုင်ဘူး။ ဒီတော့ ညီမ လှတာဟာ မောင်ကြီးရဲ့ အပြစ်လား၊ လှလို့ ချစ်မိတာကော မောင်ကြီးရဲ့ အပြစ်လား ဆိုစမ်းပါဦး။ ကဲ မောင်ကြီးတို့ ကရမယ့် အလှည့်ရောက်ပြန်ပြီ"

နာတာရှာသည်စိတ်လှုပ်ရှားလျက်ရှိရာမှ ထိတ်လန့်စိုးရိမ်သော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို လှည့်၍ ကြည့်လိုက်၏။ နာတာရှာမှာ ခါတိုင်းထက် ရွှင်မြူးနေပုံရလေသည်။ မိမိပတ်ဝန်းကျင်ကိုလည်း သတိမထားမိချေ။ နာတာရှာနှင့် အနာတိုလီတို့သည် အီကိုဆေဆီနှင့် ဂရော့စ်ဗေတာအမည်ရှိ တေးသွားအတိုင်းတွဲ၍ ကကြပြန်သည်။ ဖခင်မြို့စားကြီးက အိမ်ပြန်ရန် လာခေါ်သောအခါတွင် နာတာရှာက တောင်းတောင်းပန်ပန် အစောင့်ခိုင်းထားလိုက်သေးသည်။ နာတာရှာသည် သွားလေရာ မြင်လေရာ၌ မိမိအား အနာတိုလီက စူးစိုက်ကြည့်လျက် ရှိသည်ဟုသာ ထင်လျက်ရှိလေသည်။ ထို့နောက်၌ကား မိမိ အဝတ်အစားများကို ပြင်ဝတ်ရန် အဝတ်လဲခန်းသို့ သွားဦးမည်ဟု ဖခင်မြို့စားကြီးအား ပြောခဲ့ပုံ၊ ထိုအခန်းထဲသို့ မြို့စားကတော်ကလေး ဟယ်လင် လိုက်လာကာ အနာတိုလီက သူ့ကို ချစ်နေပြီဖြစ်ကြောင်း ရယ်သလို မောသလိုနှင့် ပြောခဲ့ပုံ၊ အဝတ်လဲခန်းမှ အထွက်တွင် အနာတိုလီနှင့် ပက်ပင်းတိုးနေပုံတို့ကိုသာ နာတာရှာ သတိရတော့သည်။ ထိုအချိန်၌ မြို့စားကတော်ကလေး ဟယ်လင်သည် ၎င်းတို့နှစ်ယောက်ကို ရှောင်ပေးသွားပြီဖြစ်လေရာ ခန်းဆောင်ထဲတွင် ၎င်းတို့နှစ်ဦးသာ ကျန်ခဲ့ကြသည်။ အနာတိုလီသည် နာတာရှာ၏လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး လေသံကလေးဖြင့်

"ညီမဆီကို မောင်ကြီး အလည်လာနိုင်တော့မှာ မဟုတ်ဘူး ညီမ။ ဒါပေမဲ့ ညီမကို မတွေ့ရရင် မနေနိုင်ဘူး... ညီမကို ချစ်တယ်။ မောင်ကြီးကို"

အနာတိုလီသည် နာတာရှာ့ရှေ့က ဆီး၍ရပ်လိုက်ပြီးနောက် မျက်နှာကို နာတာရှာ့မျက်နှာအနီးသို့ ကပ်လိုက်၏။ ယောကျ်ားပီသ၍ ကြီးမားပြူးကျယ်ကာ တဖျတ်ဖျတ်တောက်လျက်ရှိသော အနာတိုလီ၏ မျက်လုံးများသည် နာတာရှာ၏ မျက်နှာအနီးသို့ တဖြည်းဖြည်း ကပ်လာခဲ့လေရာ နာတာရှာသည် ထိုမျက်လုံးများမှအပ အခြားမည်သည့်အရာကိုမျှ မမြင်ရတော့ချေ။

"နာတာရှာ" နာတာရှာသည် အနီးသို့ကပ်၍ ခပ်ညှင်းညှင်းကလေး ခေါ်လိုက်သံကို ကြားလိုက်ရပြီးနောက် သူ့လက်များအား ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်ကိုလည်း ခံစားလိုက်ရသည်။

'ဟင့်အင်းမောင်ကြီး၊ နာတာရှာ ဒါတွေ နားမလည်ဘူး။ နာတာရှာ မပြောတတ်ဘူး' ဟု နာတာရှာ၏ မျက်လုံးများက ပြောလျက်ရှိ၏။


www.burmeseclassic.com

ပူနွေးသော နှုတ်ခမ်းများက မိမိနှုတ်ခမ်းများကို တရကြမ်း ဖိထားပြီးနောက် အနာတိုလီက မိမိကိုယ်ကလေးအား ဖြေလွှတ်ပေးလိုက်သည်ကိုသာ နာတာရှာ သိလိုက်၏။ ထိုအခိုက် အခန်းဝမှ မြို့စားကတော်ကလေး ဟယ်လင်၏ ခြေသံနှင့် အဝတ်ချင်းပွတ်ထိသံကို ကြားလိုက်ရသည်။ နာတာရှာသည် မြို့စားကတော်ကလေး ဟယ်လင်ကို လှည့်၍ ကြည့်လိုက်မိပြီးနောက် မျက်နှာနီရဲလျက်ရှိရာမှ ကတုန်ကယင်ကြီး ဖြစ်လျက် အနာတိုလီကို ကြောက်ကြောက်ရွံ့ရွံ့ လှမ်းကြည့်လိုက်ကာ တံခါးဆီသို့ လျှောက်လာခဲ့လေသည်။

"ညီမ၊ ခဏနေပါဦး။ စကားလေးတစ်ခွန်းလောက် ပြောပါရစေဦး" အနာတိုလီက လှမ်းခေါ်လိုက်သည်။

နာတာရှာက ရပ်နေလိုက်၏။ အမှန်အားဖြင့်လည်း နာတာရှာကိုယ်နှိုက်က အနာတိုလီ၏စကားကို ကြားလိုလျက် ရှိလေပြီ။ အကျိုးအကြောင်း ရှင်းလင်းသောစကား တစ်ခွန်းလောက်ကို နားထောင်လိုလျက် ရှိလေပြီ။ မိမိကိုယ်တိုင်မှာလည်း ဤအဖြစ်မျိုးကို မည်သို့မည်ပုံ ရောက်ရှိလာကြောင်း စဉ်းစား၍ မရတော့ပြီ။

"နာတာရှာ၊ မောင်ကြီး စကားတစ်ခွန်းလောက် ပြောချင်လို့ပါ" အနာတိုလီကလည်း မည်သို့ပြောရမည်ကို မသိဘဲ ထိုစကားကိုသာ ထပ်တလဲလဲ ပြောလျက်ရှိလေရာ နောက်ဆုံး မြို့စားကတော်ကလေး ဟယ်လင်ဝင်လာတော့မှ ကိစ္စပြတ်သွားလေတော့သည်။

မြို့စားကတော်ကလေး ဟယ်လင်သည် နာတာရှာနှင့်အတူ ဧည့်ခန်းဆောင်ဘက်သို့ ပြန်ထွက်လာခဲ့၏။ နာတာရှာတို့တစ်သိုက်သည် ညလယ်စာ စားခြင်းမပြုတော့ဘဲ ပြန်လာခဲ့ကြလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ၌ နာတာရှာမှာ တစ်ညလုံး အိပ်၍ မပျော်တော့ချေ။ မိမိသည် အနာတိုလီကို ချစ်သလော၊ သို့မဟုတ် မင်းသားကလေး အင်ဒရေကို ချစ်သလော ဟူသော ဖြေရှင်း၍ မရနိုင်သည့် ပြဿနာကြီးသည် နာတာရှာကို ဖိစီးနှိပ်စက်လျက် ရှိလေသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေကို ချစ်၏။ မင်းသားကလေး အင်ဒရေအား မည်မျှအသည်းနှင့်အောင် ချစ်ရသည်ကို နာတာရှာ ကောင်းစွာ မှတ်မိ၏။ သို့သော် နာတာရှာသည် အနာတိုလီကိုလည်း ချစ်လျက် ရှိလေပြီ။ အနာတိုလီကို ချစ်မိခြင်းမှာလည်း အငြင်းထွက်စရာမလိုသော အချက်ဖြစ်သည်။ ဤအခြင်းအရာများသည် မည်သို့မည်ပုံ ဖြစ်လာကြလေသနည်းဟု နာတာရှာ စဉ်းစားမိသည်။ 'ပြန်ခါနီးတော့ ပြုံးနှုတ်ဆက်မိတာရယ်၊ နမ်းခွင့်ပေးလိုက်တာရယ်၊ ဒါတွေဟာ သူ့ကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကြင်နာတဲ့၊ ယုယတဲ့၊ စိတ်သဘောမြင့်မြတ်တဲ့ သူ့ကို နာတာရှာ မချစ်ဘဲ မနေနိုင်တော့ဘူး။ သူ့ကိုလဲ ချစ်တယ်။ ဟို တစ်ယောက်ကိုလဲ ချစ်တယ်ဆိုတော့ နာတာရှာ ဘယ်လိုလုပ်ရပါ့မလဲ' နာတာရှာသည် ကိုယ့်ကိုယ်ကို ဤသို့ ပြန်မေးမိကာ ကြောက်စရာကောင်းသော ဤပြဿနာများကို ဖြေရှင်း၍မရအောင် ဖြစ်လျက်ရှိလေသတည်း။

## အခန်း ၁၄

နံနက်လင်းသည်နှင့် မာယာဒီမီထရီယက်ဗ်နာ၏ အိမ်ကြီးမှာ လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။ အိပ်ရာမှ ထသူထ၊ အလုပ် လုပ်သူလုပ်၊ စကားပြောသူပြောဖြင့် လှုပ်ရှားလျက်ရှိလေသည်။ နာတာရှာအတွက် အပ်ချုပ်သူများလည်း ရောက်လာကြပြန်သည်။ မာယာဒီမီထရီယက်ဗ်နာလည်း အောက်ထပ်သို့ ဆင်းလာကာ အပ်ချုပ်သည်များကို နံနက်စာကျွေးလေသည်။ နာတာရှာသည် မိမိဘက်သို့ရောက်လာသော အကြည့်ဟူသမျှကို ကြားမှဖြတ်၍ တခြားသို့ လွှဲပစ်လိုသကဲ့သို့ မျက်လုံးလေးအကြောင်သားဖြင့် လှမ်း၍ ကြည့်နေတတ်သည်။ မိမိကိုယ်ကို မိမိလည်း ဣန္ဒြေမပျက်အောင် ကြိုးစားလျက် ရှိလေသည်။

နံနက်စာစားပြီးချိန်ကား မာယာဒီမီထရီယက်ဗ်နာအဖို့ စိတ်အကြည်လင်ဆုံးသောအချိန် ဖြစ်သည့်အတိုင်း မာယာဒီမီထရီယက်ဗ်နာသည် ၎င်း၏ လက်တင်ထိုင်ဖုံကြီးတွင် ထိုင်ကာ နာတာရှာနှင့် မြို့စားကြီးကို အခေါ်လွှတ်လိုက်၏။

"ကဲ မောင်တော်ကြီးရေ့။ တူမတော်လေးတို့ကိစ္စကိုတော့ အစ်မတော် အပြန်ပြန်အလှန်လှန် စဉ်းစားပြီးပြီ။ အစ်မတော်ကတော့ ဒီလို အကြံပေးချင်တယ်"

မာယာဒီမီထရီယက်ဗ်နာက စတင် ပြောဆိုလိုက်သည်။



www.burmeseclassic.com

"မြို့စားကြီး သိတဲ့အတိုင်း မင်းသားကြီးဘိုလကွန်စကီနဲ့ မနေ့ကပဲ အစ်မတော် သွားတွေ့တယ်။ တွေ့တော့ ထုံးစံအတိုင်း ပြောစရာရှိတဲ့ ကိစ္စကို ပြောတယ်ဆိုပါစို့လေ။ အစ်မတော်ပြောတာ နားထောင်ပြီး အစ်မတော်ကို အော်ပစ်တော့တာပဲ။ ဒါပေမဲ့ ဘာရမလဲ။ အစ်မတော်က အော်ပစ်ရုံနဲ့ ကြောက်တတ်တဲ့ မိန်းမစားမျိုးမဟုတ်မှ မဟုတ်ဘဲ။ ပြောစရာရှိတာတော့ စကားကုန် ပြောပစ်လိုက်တာပေါ့"

"သူ့သဘောက ဘယ်လိုပါလဲ အစ်မတော်" မြို့စားကြီး ရော့စတော့ဗ်က မေးလိုက်သည်။

"သူ့သဘောလား။ သူကတော့ ထုံးစံအတိုင်း ဇီဇာကြောင်တဲ့ လူပဲ။ ဒီလိုစကားမျိုးကို ဘယ်မှာ နားထောင်ချင်ပါ့မလဲ။ အစ်မတော်သဘောကတော့ သူ့နဲ့ အဆင်ပြေအောင် ဆိုပြီး ဒီက စောင့်မနေစေချင်ဘူး။ တူမတော်လေး ကြည့်ရတာလဲ စိတ်မကောင်း ဖြစ်နေပုံရတယ်။ ဒီတော့ မောင်တော်ကြီး အလုပ်ကိစ္စတွေကိုပြီးအောင် မြန်မြန်လုပ်ပြီး အိုထရာနီကိုပြန်၊ အိုထရာနီကနေပြီး အင်ဒရေအလာကို စောင့်တဲ့နည်းက ကောင်းလိမ့်မယ် ထင်တယ်"

"ဟင့်အင်း အရီးတော်ဘုရား" နာတာရှာက ဝင်ပြောလိုက်၏။

"ဟင့်အင်း လုပ်မနေနဲ့ တူမတော်။ အိုထရာနီကို ပြန်ပြီး အဲဒီကစောင့်။ ခုနေတုန်း အင်ဒရေ ဒီကိုရောက်လာရင်လဲ အဆင်မပြေဖြစ်မှာ အမှန်ပဲ။ သူတို့သားအဖ သူတို့ဘာသာ ပြေလည်အောင် အရင်ရှင်းပစေ။ ပြေလည်အောင်ရှင်းပြီး အိုထရာနီကို လိုက်လာလိမ့်မယ်"

မြို့စားကြီး ရော့စတော့ဗ်က ထိုအကြံပေးချက်ကို ယုတ္တိရှိသည်ဟုဆိုကာ လက်ခံလိုက်၏။ မင်းသားကြီး ဘိုလကွန်စကီ စိတ်ပြေချိန်လောက်တွင် မော်စကိုဦ၌ရှိစဉ် ဖြစ်စေ၊ တောင်ကတုံးတွင်ရှိစဉ် ဖြစ်စေ သွားရောက်သင့်သည်။ အကယ်၍ ထိုအချိန်တိုင်အောင် အဆင်မပြေဖြစ်နေသေးပါက မင်းသားကြီး၏ ဆန္ဒကို မစောင့်ဆိုင်းတော့ဘဲ နာတာရှာတို့ နေထိုင်ရာ အိုထရာနီတွင်ပင် လက်ထပ်မင်္ဂလာ ကျင်းပရန် ဖြစ်လေသည်။

"အစ်မတော်အကြံက အကောင်းဆုံးပါပဲ။ သမီးထွေးကို ခေါ်ပြီး ကျွန်တော်သွားလည်မိလို့များ ပိုဆိုးသွားလေသလား မသိဘူး"

"အို ဘာဖြစ်လို့ ဆိုးရမှာလဲ။ မော်စကို ရောက်မှတော့ သွားနှုတ်ဆက်ရမှာက ကိုယ့်ဝတ္တရားပေပဲ။ သူက ညှော်မခံဘူးဆိုရင် သူ့အဆိုးပေါ့" မာယာဒီမီထရီယက်ဗ်နာက ဝတ်စုံအိတ်ထဲသို့ နှိုက်၍ တစ်စုံတစ်ရာကို ရှာရင်း ပြောလိုက်၏။

"ပြီးတော့ သတို့သမီးဝတ်စုံကလဲ အရန်သင့် ချုပ်ပြီးပြီ မဟုတ်လား။ ဒီတော့ နောက်ထပ် ရက်ရွှေ့လားဘာလားတော့ လုပ်မနေနဲ့တော့။ ဒီအတွင်းမှာ အဆင်မပြေစရာအကြောင်းပေါ်လာရင်လဲ အစ်မတော်ဆီက လူလွှတ်လိုက်မယ်။ အစ်မတော်လဲ မောင်တော်ကြီးတို့ မပြန်စေချင်သေးပေမယ့် ခုအတိုင်းကတော့ ပြန်တာအကောင်းဆုံးပဲ။ အဲဒီတော့ စိတ်စနောင့်စနင်း ဖြစ်မနေကြနဲ့၊ အေးအေးဆေးဆေးသာ ပြန်ကြ"

မာယာဒီမီထရီယက်ဗ်နာသည် ၎င်းလိုချင်သော အရာကို အိပ်ကပ်ထဲမှ ရှာ၍တွေ့သောအခါ၌ နာတာရှာကို လှမ်းပေးလိုက်၏။ ထိုအရာကား ယောက်မလောင်း မင်းသမီးကလေး မေရီ့ထံမှ ပေးစာဖြစ်လေသည်။

"ထိပ်ထားလေးမေရီက ပေးလိုက်တဲ့စာပဲ။ သူ့ခမျာလဲ ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲနေတာ သနားစရာပဲ။ တူမတော်ကို မနှစ်သက်ဘူးလို့ တူမတော်က အထင်လွဲသွားမှာ စိုးရိမ်ပါတယ်တဲ့"

"စိုးရိမ်စရာ မလိုပါဘူး အရီးတော်။ တကယ်လဲ သူက နာတာရှာကို သဘောကျပုံ မရပါဘူး"

"တိတ် တူမတော်။ ဒီစကားတွေ မပြောစမ်းနဲ့" မာယာဒီမီထရီယက်ဗ်နာက အော်၍ ပြောလိုက်သည်။

"နာတာရှာတော့ ဘယ်သူ့ကိုမှ မယုံဘူး အရီးတော်။ နာတာရှာ့ကို အစ်မတော် မေရီထိပ်ထားကလဲ မနှစ်သက် ဘူးဆိုတာ နာတာရှာ သိပါတယ်"

နာတာရှာက စာကို လှမ်းယူလိုက်ရင်း ရဲဝံ့စွာ ပြောလိုက်သည်။ နာတာရှာ၏ မျက်နှာမှာ ဒေါသထွက်လျက်ရှိ၍ နောက်မဆုတ်တမ်းဟူသော အမူအရာမျိုးကို ဖော်ပြလျက် ရှိသည့်အတွက် မာယာဒီမီထရီယက်ဗ်နာက နာတာရှာကို စိုက်ကြည့်လိုက်ပြီး မျက်မှောင်ကုတ်လိုက်သည်။

"ဒီလိုမပြောပါနဲ့ ကလေးရယ်၊ လိမ္မာသားနဲ့။ အရီးတော်ပြောတာ တကယ်ပါ။ ထိပ်ထားလေး မေရီ့ဆီကို



www.burmeseclassic.com

စာတစ်စောင် ပြန်ရေးလိုက်ပါ”

နာတာရှာသည် မည်သို့မျှ ပြန်မပြောဘဲ မင်းသမီးကလေး မေရီ၏ စာကိုဖတ်ရန် မိမိ၏ ခန်းဆောင်သို့ ပြန်လာခဲ့လေသည်။

မင်းသမီးကလေး မေရီ၏ စာထဲ၌ မိမိတို့အချင်းချင်း အဆင်မပြေဖြစ်ခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်း၊ ခမည်းတော်ကြီးက မည်သို့ သဘောထားသည်ဖြစ်စေ၊ မိမိ၏ မောင်တော်မင်းသားကလေး အင်ဒရေ၏ ကြင်ရာလောင်း တစ်ဦးအနေဖြင့် မချစ်ဘဲ မနေနိုင်ရုံမျှမက မိမိသည် မင်းသားကလေး အင်ဒရေ၏ စိတ်ချမ်းသာမှုအတွက် အရာရာကို စွန့်လွှတ်ရန် အဆင်သင့် ရှိပါကြောင်းဖြင့် ရေးသားထားလေသည်။

‘ဘယ်လိုပဲဖြစ်ဖြစ်၊ ထိပ်ထားလေးရဲ့ ခမည်းတော်ကြီးဟာ စိတ်သဘောထား ပုပ်လှပါကလားလို့တော့ အထင်မလွဲလိုက်ပါနဲ့ ညီမတော်။ ခမည်းတော်ဟာ ဒုက္ခိတလူမမာကြီးဖြစ်တဲ့အပြင် အသက်အရွယ်ကလဲ ကြီးပြီဖြစ်တော့ သူ့ကို ခွင့်လွှတ်ပါလို့ အစ်မတော်ထိပ်ထား တောင်းပန်လိုပါတယ်။ တကယ်တော့ ခမည်းတော်ကြီးဟာ စိတ်သဘောကောင်းပြီး ရက်ရောတတ်သူတစ်ဦး ဖြစ်တဲ့အတွက် သူ့သားတော်ကို စိတ်ချမ်းမြေ့အောင် လုပ်ပေးတဲ့ ကြင်ရာတော်ကို ချစ်ရှာမှာပါပဲ’ ဟု ရေးသားထားကာ နောက်တစ်ကြိမ် တွေ့ဆုံကြဖို့ ရက်ချိန်းသတ်မှတ်ရန်လည်း ရေးသားထားလေသည်။

နာတာရှာသည် စာကို ဖတ်ပြီးနောက် မင်းသမီးကလေး မေရီ့ထံ စာပြန်ရန် စာရေးစားပွဲတွင် ထိုင်လိုက်လေသည်။

‘အစ်မတော် ထိပ်ထား’

နာတာရှာသည် သံပတ်ပေးထားသကဲ့သို့ ပြင်သစ်ဘာသာဖြင့် ခပ်သွက်သွက် ရေးလိုက်သည်။ ထို့နောက် ရပ်နေပြန်သည်။ နောက်ထပ် မည်သို့ရေးရဦးမည်နည်း။ ယမန်နေ့ ညနေက ဖြစ်ပျက်ခဲ့သော ကိစ္စအပြင် အခြားမည်သည့်ကိစ္စကို ရေးရဦးမည်နည်း။

‘ဟုတ်တယ်။ ဒီအကြောင်းတွေကိုပဲ ရေးရမှာပဲ။ ခုတော့ အားလုံး ပြောင်းလဲကုန်ပြီ။ နာတာရှာ သူနဲ့စေ့စပ်ကြောင်းလမ်းတာကို ဖျက်ပစ်လိုက်ရမလား။ ဖျက်ပစ်ရတော့မလား။ စိတ်ညစ်လိုက်ပါဘိနော်’

နာတာရှာသည် စာရှက်ကို ရှေ့၌ချကာ တွေးနေမိပြန်သည်။ နာတာရှာသည် စိတ်နောက်လာကာ စာကို ဆက်၍ မရေးနိုင်တော့ဘဲ မည်သို့မည်ပုံ စာပြန်သင့်ကြောင်းကို တိုင်ပင်ရန် ဆွန်ယာ့ထံသို့ ထွက်လာခဲ့လေသည်။

ညစာစားပြီးနောက်၌ နာတာရှာသည် မိမိ၏ ခန်းဆောင်သို့ ပြန်လာကာ မင်းသမီးကလေး မေရီ၏ စာကို တစ်ခေါက်ထပ်ဖတ်ပြန်သည်။ ‘ဒီကိစ္စတွေကို ပြည်ဖုံးကားချလိုက်ပြီဆိုတာ တကယ်ပဲလား။ နာတာရှာ တွေ့နေရတဲ့ အဖြစ်တွေဟာ ဒီလောက်ပြောင်းလွယ်ဖြစ်လွယ်တဲ့ အဖြစ်တွေလား။ အရင်တုန်းက အဖြစ်တွေကို ချေဖျက်ပစ်လိုက်ပြီလား’ ဟု နာတာရှာ တွေးနေမိပြန်သည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေအပေါ်တွင် ထားရှိခဲ့သော ယခင်ကအချစ်မျိုးကို ပြန်၍ စဉ်းစားကြည့်မိသည်။ ထိုသို့ စဉ်းစားလိုက်သည်နှင့်တစ်ပြိုင်နက် မိမိသည် အနာတိုလီအား ချစ်လျက်ရှိကြောင်းကို တွေ့ရလေသည်။ နာတာရှာသည် မိမိကိုယ်မိမိ မင်းသားကလေး အင်ဒရေ၏ ကြင်ရာတော် နေရာတွင်ထားရှိ၍ ကြည့်ပြန်သည်။ မင်းသားကလေး အင်ဒရေနှင့် နေရပါက မည်မျှ ပျော်ရွှင်လေမည်နည်းဟု မိမိ၏ စိတ်ကူးထဲတွင် မကြာခဏ ထင်မိတတ်သည့် ရှုခင်းများကို တွေးမိပြန်သည်။ ဤသည်နှင့် တစ်ပြိုင်နက် မနေ့က အနာတိုလီနှင့် တွေ့ခဲ့ရပုံတို့ကို အသေးစိတ် မြင်ယောင်ကာ စိတ်လှုပ်ရှားလာပြန်လေသည်။

‘ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေခြင်းမရှိဘဲ ဆုံးဖြတ်နိုင်ရင် ဘယ်လောက် ကောင်းမလဲနော်။ ဘယ်သူ့ကိုမှ မထိခိုက်ဘဲ ကိစ္စမပြီးနိုင်တော့ဘူးတဲ့လား’ နာတာရှာသည် စိတ်ရှုပ်ရှုပ်ဖြင့် ဤသို့ တွေးမိ၏။ ‘ခုတော့ တစ်ယောက်ယောက်ကို ရွေးရတော့မယ်။ သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက် မရှိရင်လဲ နာတာရှာ မပျော်နိုင်ဘူး။ အနာတိုလီနဲ့ ဖြစ်တဲ့ကိစ္စကို အင်ဒရေကို ပြန်ပြောလို့လဲ မဖြစ်ဘူး။ အင်ဒရေမသိအောင် ဖုံးထားလို့လဲမဖြစ်။ ဆုပ်လဲစူး စားလဲရူးဆိုတဲ့ ဘဝပါလား။ ဟိုလူမရှိရင်လဲ နာတာရှာ မနေတတ်ပြန်ဘူး။ နာတာရှာ ဒီလောက်အထိ အသက်ရှင်နေတာဟာ အစ်ကို့ရဲ့ အချစ်ကပေးတဲ့ ပျော်ရွှင်ခြင်းကြောင့် ဖြစ်ပေမယ့် ခုတော့ အစ်ကို့ကို စွန့်ရတော့မယ် ထင်တယ် အစ်ကို’



www.burmeseclassic.com

သခင်မလေး၊ လူတစ်ယောက်က ဒီစာကို ပေးခိုင်းလိုက်ပါတယ်” အစေတော် မိန်းမတစ်ယောက်သည် ခပ်ယို့ယို့ ဝင်ရောက်လာကာ နာတာရှာကို စာတစ်စောင် ပေးသည်။

နာတာရှာသည် အထွေအထူး မစဉ်းစားမိဘဲ စာအိတ်မှ ချိပ်ကိုခွာလိုက်ပြီးနောက် စာကို ဖွင့်လိုက်သည်။ ထိုစာကား အနာတိုလီထံမှ မေတ္တာစာပေတည်း။ သို့ရာတွင် နာတာရှာသည် စာတစ်လုံးမျှ မဖတ်ရသေးခင်ကတည်းက ထိုစာသည် သူ့ထံမှ၊ မိမိချစ်သော သူ့ထံမှ စာဖြစ်ကြောင်းကို နာတာရှာသိပြီး ဖြစ်နေလေပြီ။ မှန်ပါသည်။ နာတာရှာသည် သူ့ကိုချစ်လျက်ရှိလေပြီ။ မနေ့ကဖြစ်ခဲ့သော အဖြစ်အပျက်သည် နာတာရှာကိုယ်တိုင်က သူ့ကို ချစ်ခဲ့မိ၍ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် မဟုတ်ပါလော။ နာတာရှာ လက်ထဲသို့ မေတ္တာစာ ရောက်လာခြင်းသည်လည်း နာတာရှာကိုယ်တိုင်က သူ့ကိုချစ်ခဲ့မိ၍ ရောက်လာခဲ့ခြင်း မဟုတ်ပါလော။

နာတာရှာသည် တုန်ယင်လျက်ရှိသော လက်များဖြင့် အနာတိုလီအတွက် ဒိုလိုကော့ဗ်က ရေးပေးလိုက်သော အညှာ၊ အတာ၊ အခရာတွေ များလှသည့် မေတ္တာစာကို ဖတ်လျက်ရှိသည်။ ဖတ်ရင်း ဖတ်ရင်း မိမိ၏ စိတ်ထဲတွင် ခံစားနေရသမျှတို့သည် ထိုမေတ္တာစာထဲ၌ အရိပ်ထင်လျက် ရှိခြင်းကို တွေ့ရလေသည်။

'မနေ့ညနေကစပြီး မောင်ကြီးရဲ့ ကံကြမ္မာဟာဖြင့် တံဆိပ်ခပ်နှိပ်ထားသလို ထင်ထင်ရှားရှားကြီး ပြဋ္ဌာန်းဆုံးဖြတ်ပြီးသား ဖြစ်နေပါပြီ ညီမတော်။ ညီမတော်ရဲ့ ချစ်တုံ့ပြန်ခြင်းကို ရမလား၊ သေမလားဆိုတဲ့ လမ်းနှစ်လမ်းအနက် တစ်လမ်းကို ရွေးရပါတော့မယ်။ ဒီလမ်းနှစ်လမ်းကလွဲလို့ တခြားလမ်းမရှိပါ' ဟု အစချီထားလေသည်။ နာတာရှာ၏မိဘများသည် မိမိနှင့် မည်သို့မျှ သဘောတူကြလိမ့်မည် မဟုတ်ဟု မိမိသိကြောင်း၊ ဤသို့ သဘောမတူရခြင်းမှာလည်း လျှို့ဝှက်သော အကြောင်းများရှိ၍ ဖြစ်ကြောင်း၊ ထိုအကြောင်းများကို နာတာရှာတစ်ဦးတည်းမှအပ အခြားသူများကို ပြောပြ၍မဖြစ်ကြောင်း၊ သို့သော်လည်း နာတာရှာကသာ မိမိကို ချစ်ပါက ခေါင်းတစ်ချက်ညိတ်ပြဖို့သာ လိုကြောင်း၊ နာတာရှာ ခေါင်းတစ်ချက်ညိတ်လိုက်မည်ဆိုလျှင် မိမိတို့၏ အချစ်ရေးကို လူသားတို့က ဖန်တီးသော မည်သည့်တန်ခိုးအာဏာကမှ တားဆီး၍ ရမည်မဟုတ်ကြောင်း၊ အချစ်သည် အရာခပ်သိမ်းကို အောင်နိုင်ကြောင်း၊ မိမိသည် နာတာရှာအား ခိုးယူကာ မဟာပထဝီမြေအဆုံးအထိ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ရေးသားထားလေသည်။

'ဟုတ်တယ်၊ နာတာရှာ သူ့ကိုချစ်တယ်' ဟု နာတာရှာ တွေး၏။ နာတာရှာသည် အနာတိုလီ၏ မေတ္တာစာကို အကြိမ်နှစ်ဆယ်မြောက် ဖတ်ရင်း စာတစ်လုံးစီ တစ်လုံးစီ၏ အဓိပ္ပာယ်လေးနက်ခြင်းကို အရသာခံနေမိလေသည်။

ထိုနေ့ညနေ၌ မာယာဒီမီထရိယက်ဗ်နာသည် အိမ်တစ်အိမ်သို့ အလည်သွားမည် ဖြစ်၍ ဆွန်ယာနှင့် နာတာရှာတို့အား ၎င်းနှင့် အတူလိုက်ခဲ့ရန် ခေါ်သည်တွင် နာတာရှာသည် ခေါင်းကိုက်သည် ဟူသော အကြောင်းပြချက်ဖြင့် အိမ်တွင် နေရစ်ခဲ့လေသည်။

## အခန်း ၁၅

ဆွန်ယာသည် ထိုနေ့ညက ညဉ့်နက်မှ ပြန်ရောက်လာခဲ့ပြီးနောက် နာတာရှာအိပ်ခန်းဆီသို့ ထွက်လာခဲ့၏။ အဝတ်အစားမလဲဘဲ ဆိုဖာပေါ်တွင် အိပ်ပျော်နေသော နာတာရှာကို တွေ့ရသည့်အတွက် ရုတ်တရက် အံ့အားသင့်သွားမိသည်။ အနာတိုလီ၏ စာကိုလည်း အနီးရှိ စားပွဲပေါ်တွင် ဖွင့်လျက်သား တွေ့ရ၏။ ဆွန်ယာကား စာကို ကောက်ယူ၍ ဖတ်လိုက်သည်။

စာကိုဖတ်ရင်း ဆွန်ယာသည် အိပ်ပျော်လျက်ရှိသော နာတာရှာကိုကြည့်ကာ စာတွင်ပါသည့် အကြောင်းအရာများကို နာတာရှာ မည်သို့ သဘောထားလေမည်နည်း ဟု အကဲခတ်မိသည်။ သို့ရာတွင် နာတာရှာ၏ မျက်နှာတွင် ဣန္ဒြေပျက်သော အရိပ်အယောင်ကို မတွေ့ရချေ။ နာတာရှာ၏ မျက်နှာသည် တည်ငြိမ်လျက်ရှိ၏။ သိမ်မွေ့လျက်ရှိ၏။ ကျေနပ်လျက်ရှိ၏။ ဆွန်ယာသည် ရင်ထဲ၌ အလုံးကြီး ဆို့တက်လာသဖြင့် ရင်ကိုဖိလျက် စိုးရိမ်ခြင်း၊ ချောက်ချားခြင်းကြောင့် ကတုန်ကယင် ဖြူဖတ်ဖြူရော်ဖြစ်သွားမိရာက လက်တင် ထိုင်ဖုံတစ်ခုတွင် ဝင်၍ ထိုင်လိုက်ကာ မျက်ရည်များကို သွန်ချလိုက်မိသည်။



www.burmeseclassic.com

'ကြည့်စမ်း၊ ကြည့်စမ်း။ ငါဘာမှ မရိပ်မိခဲ့ပါကလား။ ဘယ်အခြေအထိများ ရောက်နေကြပြီလဲ မသိဘူး။ နာတာရှာဟာ အင်ဒရေ့အပေါ်မှာ အချစ်ပြယ်သွားလေပြီလား။ အနာတိုလီက ဒီလောက် အတင့်ရဲလာရအောင် နာတာရှာက ဘာများ သွားလုပ်လို့လဲ။ အနာတိုလီလို လူဆိုးလူသွမ်း လူရှုပ်လူပွေတစ်ဦးရဲ့ လက်ထဲများ ရောက်သွားရင် ခက်ရချည်ရဲ့။ ဘုရား၊ ဘုရား။ ဒီသတင်းကို နီကိုလေများ ကြားရင် ဘယ်လောက်များ စိတ်မကောင်းဖြစ်ရှာလေမလဲ။ ဒါကြောင့် ခုတလောမှာ နာတာရှာဟာ ဂနာမငြိမ် ယောက်ယက်ခတ်ပြီး အမူအရာ ထူးနေတာထင်တယ်။ အို မဖြစ်နိုင်ပါဘူး။ ဒီလူကိုတော့ နာတာရှာက ချစ်မှာ မဟုတ်ပါဘူး။ စာရောက်လာလို့ ဘယ်သူ့ဆီကစာမှန်းမသိဘဲ အမှတ်တမဲ့ ဖောက်ဖတ်လိုက်ဟန် တူပါတယ်၊ ဒီစာရလို့ စိတ်ထိခိုက်နေဟန် တူပါတယ်။ နာတာရှာဟာ ဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး'

ဆွန်ယာသည် ဤသို့တွေးမိ၏။ ထိုနောက် မျက်ရည်များကိုသုတ်ကာ နာတာရှာ အိပ်ပျော်လျက်ရှိသည့် နေရာသို့ ထလာ၍ မျက်နှာကို ကြည့်မိပြန်သည်။

'နာတာရှာ' ဆွန်ယာက ခပ်ကျယ်ကျယ်ကလေး ခေါ်၍ နှိုးလိုက်သည်။

နာတာရှာသည် နိုးလာ၍ ဆွန်ယာကို လှမ်းကြည့်လိုက်၏။

"ဟင် ဆွန်ယာ။ ပြန်လာကြပလား"

အိပ်ရာမှ နိုးလာစတွင် ဖြစ်ပေါ်လေ့ရှိတတ်သည့် နူးညံ့ချိုသာခြင်း၊ ကြည်လင်ရွှင်ပျခြင်းမျိုးဖြင့် နာတာရှာက ဆွန်ယာကို လှမ်းဖက်လိုက်၏။ သို့ရာတွင် ဆွန်ယာ၏ ညှိုးငယ်လျက်ရှိသော မျက်နှာကို မြင်လိုက်ရသည့်အခါ၌ နာတာရှာ၏မျက်နှာပေါ်တွင် ဝေခွဲမရသော အရိပ်အယောင်များ၊ စိတ်ရှုပ်သည့် လက္ခဏာများသည် ယှက်သန်းလာကြ၏။

"ဟိုစာကို ဖတ်ပြီးပလား ဆွန်ယာ" နာတာရှာက မေးလိုက်သည်။

"ပြီးပါပြီ" ဆွန်ယာက ခပ်တိုးတိုး ဖြေ၏။ နာတာရှာက ရွှင်လန်းစွာ ပြုံးလိုက်သည်။

"အစကတော့ ဆွန်ယာ့ကို ဖွင့်မပြောဘူးလို့ပဲ။ ဒါပေမဲ့ ဆွန်ယာကို ဖွင့်မပြောဘဲ မနေနိုင်ဘူး ဆွန်ယာ။ ဆွန်ယာ မသိအောင် ဘာမှ ဝှက်ထားလို့ မရဘူး။ ခုနာတာရှာနဲ့ သူနဲ့ ချစ်နေကြပြီ ဆွန်ယာ။ သူ့စာထဲမှာ"

ဆွန်ယာသည် ကိုယ့်နားကိုပင် မယုံနိုင်ဘဲ မျက်လုံးအပြူးသားနှင့် နာတာရှာကို ကြည့်လိုက်မိ၏။

"အင်ဒရေကိုကော"

"နာတာရှာ ဘယ်လောက် ပျော်သလိုဆိုတာ ဆွန်ယာ သိစေချင်တယ် ဆွန်ယာ။ အချစ်ရဲ့အဓိပ္ပာယ်ကို ဆွန်ယာ သိရင်လေ"

"နေပါဦး နာတာရှာ။ ဟိုကိစ္စကိုကော ဘယ်လိုလုပ်မှာလဲ။ ပြီးပြီးပျောက်ပျောက် မျက်နှာလွှဲခဲ့ပစ် သဘောမျိုး ထားတော့မှာလား"

နာတာရှာသည် ဆွန်ယာ၏ အမေးကို နားမလည်သကဲ့သို့ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လှမ်းကြည့်လိုက်၏။

"အင်ဒရေနဲ့ ကိစ္စကို ပြည်ဖုံးကားချလိုက်တော့မှာလားဟင်" ဆွန်ယာက ထပ်၍ မေးလိုက်ပြန်သည်။

"နေစမ်းပါဦးကွယ်၊ ဆွန်ယာကလဲ ပြောတာကိုဆုံးအောင် နားထောင်စမ်းပါဦး။ နာတာရှာပြောတဲ့ အဓိပ္ပာယ်ကို နားမလည်ဘဲ ဇွတ်မေးနေတော့ နာတာရှာ ဘယ်လိုပြောရမလဲ" နာတာရှာက စိတ်ရှုပ်လေဟန်ဖြင့် ညည်းလိုက်သည်။

"ဟင့်အင်း နာတာရှာ၊ ဆွန်ယာ နားမလည်ဘူး။ နားလဲ မလည်ချင်ဘူး။ ယုံလဲ မယုံနိုင်ဘူး။ နာတာရှာဟာ လူတစ်ယောက်နဲ့ တစ်နှစ်လုံးလုံး ချစ်ခဲ့ပြီးမှ နောက်တစ်ယောက်ကို မြုန်းစားပြီး ချစ်တယ်ဆိုတဲ့ သဘောကို ဆွန်ယာ နားမလည်ဘူး။ နာတာရှာပဲ စဉ်းစားကြည့်ပါဦး။ ဒီလူကို နာတာရှာ သုံးခါပဲ တွေ့ဖူးသေးတယ် မဟုတ်လား။ နာတာရှာ တကယ်ပြောနေတာလားဟင်။ သုံးရက်အတွင်းမှာ အနှစ်နှစ်အလလ ကိုယ်ချစ်ခဲ့တဲ့ လူတစ်ယောက်ကို မေ့ပစ်လိုက်ပြီး တခြားလူတစ်ယောက်ကို"

"သုံးရက်လို့ မပြောနဲ့ဆွန်ယာ။ နာတာရှာ့အဖို့တော့ သူ့ကိုချစ်ခဲ့မိတာဟာ သုံးရက်မကဘဲ အနှစ်တစ်ရာလောက်ကြာပြီလို့ ထင်နေတယ်။ ဘယ်သူ့ကိုမှ သူ့လောက် မချစ်ခဲ့ မတွယ်တာခဲ့မိဘူး ဆွန်ယာ တကယ်ပဲ။ ဆွန်ယာကတော့ နားလည်ချင်မှ နားလည်လိမ့်မယ်။ ဒီမှာ ခဏထိုင်ပါဦး ဆွန်ယာ။ နာတာရှာ ပြောပရစေဦး" နာတာရှာ



www.burmeseclassic.com

က ဆွန်ယာကို ဖက်၍ နမ်းလိုက်သည်။

"ဒီလိုအချစ်မျိုးကို အရင်တုန်းက သူများပြောသံသာ ကြားဖူးတယ်။ ဆွန်ယာလဲ လူပြောသူပြောပဲ သိမှာပေါ့နော်။ ဒါပေမဲ့ ခုတော့ ကိုယ်တွေ့ကြုံနေပြီ ဆွန်ယာ။ ခု အချစ်မျိုးဟာ အရင်တုန်းက အချစ်မျိုးတွေနဲ့ မတူဘူး ဆွန်ယာ။ သူ့ကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် သူဟာ နာတာရှာရဲ့ အရှင်သခင်၊ နာတာရှာဟာ သူ့ရဲ့ ကျေးကျွန်လို့ ထင်မိတယ်။ ပြီးတော့ မြင်မြင်ချင်း ချစ်ခဲ့မိတယ်။ ဟုတ်တယ်။ နာတာရှာဟာ သူ့ကျေးကျွန်မလေးပဲ။ သူအမိန့်ပေးရင် နာတာရှာ ဘာဖြစ်ဖြစ် လုပ်မှာပဲ။ ဆွန်ယာ ဒီလို အချစ် မျိုးကို မတွေ့ဖူးသေးဘူးနော်။ မတတ်နိုင်ဘူး။ ဆွန်ယာ အပြစ်ပြောရင်လဲ ခံရတော့မှာပဲ။ နာတာရှာ မတတ်နိုင်ဘူး"

နာတာရှာက ရွှင်ပျလျက်ရှိသော်လည်း စိုးရိမ်ထိတ်လန့်လျက်ရှိသည့် အမူအရာဖြင့် ပြောလိုက်၏။

"ဘာတွေ လုပ်နေသလဲဆိုတာ ကိုယ့်ကိုယ်လဲ ပြန်စဉ်းစားဦး နာတာရှာ။ ဆွန်ယာ ဒီအတိုင်း ကြည့်မနေနိုင်ဘူး။ မှားတာရှိရင် အမှန်ကိုရောက်အောင်လုပ်ဖို့၊ မတော်တာတွေ့ရင် တော်ရာကိုဖြစ်အောင်လုပ်ဖို့ ဆွန်ယာ့မှာ ဝတ္တရားရှိတယ်။ ခုတော့ နာတာရှာ့ကို မေတ္တာစာတောင် ပေးလာပြီ။ ဒီလောက် အတင့်ရဲလာတာကို သည်းခံနေရသလားဟင်"

ဆွန်ယာသည် နာတာရှာ၏ အပြစ်မျိုးကို ကြောက်လည်းကြောက်၊ စက်လည်း စက်ဆုပ်လှသဖြင့် မျိုသိပ်၍ မရတော့ဘဲ ပြောင်ပြောင်ပင် ပြောလိုက်၏။

"နာတာရှာဟာ သူ့ကို မငြင်းရက်ဘူးလို့ ပြောပြီးပါပကော။ ဒီလောက် ဒုံးဝေးရသလား ဆွန်ယာ။ နာတာရှာက သူ့ကို ချစ်တယ်။ မြတ်နိုးတယ် သိသလား"

"ဒီလိုဆိုရင် ဆွန်ယာ သဘောမတူနိုင်ဘူး နာတာရှာ။ ဆွန်ယာ ခွင့်မပြုနိုင်ဘူး။ လူကြီးတွေကို တိုင်ပြောရလိမ့်မယ်"

ဆွန်ယာသည် ပြောရင်း မျက်ရည်တွေ စီးကျလာလေသည်။

"ဘာ ဘာပြောတယ် ဆွန်ယာ။ လူကြီးတွေကို တိုင်မယ် ဟုတ်လား။ တိုင်ရင် ဆွန်ယာဟာ နာတာရှာရဲ့ သူငယ်ချင်း မဟုတ်ဘူး။ မိတ်ဆွေ မဟုတ်ဘူး။ ရန်သူ။ သိရဲ့လား။ နာတာရှာရဲ့ ရန်သူ။ သိပါတယ်။ ဆွန်ယာဟာ နာတာရှာကို မနာလိုနေတာ။ နာတာရှာ စိတ်ဆင်းရဲစေချင်နေတာ။ နာတာရှာတို့အချစ်ကို တမင်သက်သက် ဖျက်နေတာ"

နာတာရှာဟာ အော်လိုက်၏။ နာတာရှာ၏ ကြောက်လန့်ဒေါသထွက်လျက်ရှိသော မျက်နှာကို မြင်ရသည့်အခါ ဆွန်ယာသည် နာတာရှာအတွက် ရှက်လည်း ရှက်၏။ သနားလည်း သနားမိလေသည်။

"နေပါဦး နာတာရှာ၊ သူနဲ့ ဘယ်လိုဖြစ်ကြတာလဲ။ သူက နာတာရှာကို ဘယ်လိုပြောလို့လဲ။ အိမ်ကို ဘာကြောင့် မလာတာလဲ"

ဆွန်ယာက ထပ်၍ မေး၏။ နာတာရှာက မဖြေ။

"ရှိကြိုးခိုးပါရဲ့ ဆွန်ယာရယ်၊ ဘယ်သူ့မှ မပြောပါနဲ့နော်။ နာတာရှာ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ ဒီလိုကိစ္စမျိုးမှာ ဝင်ပြီး မဖျက်ကောင်းပါဘူး ဆွန်ယာရယ်နော်။ နာတာရှာ က ဆွန်ယာကို ယုံလို့ ပြောမိတာပါနော်"

နာတာရှာက တောင်းပန်ပြန်သည်။

"ခုလို ဘာလို့ ပုန်းလျှိုးကွယ်လျှိုး လုပ်နေရတာလဲ နာတာရှာ။ သူကကော အိမ်ကို ဘာ့ကြောင့် မလာတာတဲ့လဲ။ သူ တကယ်ချစ်ရင် အိမ်လာပြီး မိဘားဖသားပီပီ ပြောပါလား။ အင်ဒရေဟာ နာတာရှာနဲ့ စေ့စပ်ပြီးဖြစ်ပေမယ့် ဒီအတွင်းမှာ နာတာရှာကို လွတ်လပ်ခွင့်ပေးထားခဲ့တယ် မဟုတ်လား။ ဆွန်ယာတော့ မယုံနိုင်လောက်အောင် ဖြစ်နေပြီ နာတာရှာ။ ပြီးတော့ လျှို့ဝှက်အကြောင်းများလို့ သူ့စာထဲမှာ ရေးထားတာကကော ဘာအဓိပ္ပာယ်လဲ"

နာတာရှာသည် ဆွန်ယာ့ကို တအံ့တဩ ကြည့်လိုက်သည်။ ဤအချက်ကို ယခုမှ သတိထားမိခြင်းဖြစ်လေရာ နာတာရှာသည် မည်သို့ ပြန်ဖြေရမည်ကို မသိတော့ချေ။

"ဘယ်လိုအကြောင်းတွေလဲဆိုတာတော့ မသိဘူး ဆွန်ယာ။ ဒါပေမဲ့ အကြောင်းရှိလို့ ရေးတာဖြစ်မှာပေါ့"

ဆွန်ယာသည် သက်ပြင်းကို ချလိုက်၍ ခေါင်းကို တွင်တွင် ယမ်းနေမိသည်။

"တကယ်လို့ သူပြောသလို အကြောင်းတွေရှိရင်လဲ" ဆွန်ယာက ဆက်၍ ပြောလိုက်၏။ နာတာရှာသည် ဆွန်ယာ၏ စိတ်ထဲ၌ သင်္ကာမကင်းဖြစ်နေခြင်းကို ရိပ်မိလိုက်သည်။



www.burmeseclassic.com

 www.burmeseclassic.com 

"ဒီမှာ ဆွန်ယာ၊ သူ့ကိုတော့ ဒီလို တောင်ထင် မြောက်ထင် မထင်နဲ့။ သူ့ကို သက်မကင်းဖြစ်ရင် ဆွန်ယာ အမှားကြီး မှားလိမ့်မယ် သိလား" နာတာရှာက အော်လိုက်သည်။

"သူကကော နာတာရှာ့ကို ချစ်သတဲ့လား"

"မေးမှ မေးရက်ပလေ ဆွန်ယာရယ်" နာတာရှာက ဆွန်ယာ၏ စူးစမ်းဆင်ခြင်မှု နည်းလိုက်ပုံမှာ သနားစရာ ကောင်းပါဘိတော့သည်ဟူသော အပြုံးမျိုးဖြင့် ကြည့်လိုက်၏။ "ဆွန်ယာ သူ့စာကို ဖတ်ပြီးပြီ မဟုတ်လား။ စာထဲမှာ ပါသားပဲ"

"တကယ်လို့ သူဟာ အကျင့်သိက္ခာမရှိတဲ့ လူတစ်ယောက် ဆိုရင်ကော"

"ဘုရား၊ ဘုရား၊ ပြောရက်လိုက်တာ။ သူဟာ ဒီလိုလူစားမျိုး မဟုတ်ဘူး ဆွန်ယာ။ ဆွန်ယာ မသိဘဲနဲ့ အရမ်းအရမ်းတွေ ပြောမနေနဲ့"

"တကယ်လို့ သူသာ အကျင့်သိက္ခာရှိပြီး မိသားဖသားပီတဲ့ လူတစ်ယောက်ဖြစ်ရင် လက်ထပ်ယူမယ်ဆိုတာ ဖြောင်ဖြောင်ပြောရမယ် နာတာရှာ။ ဒီလိုမပြောနိုင်ဘူးဆိုရင်လဲ နာတာရှာကို ရှောင်သွားရမယ်။ ဒီအကြောင်းကို နာတာရှာ သူ့ကို မပြောချင်ရင် ဆွန်ယာကိုယ်တိုင် သူ့ကို ပြောရလိမ့်မယ်။ ဆွန်ယာ သူ့ဆီကို စာရေးရလိမ့်မယ်။ ဖေဖွားကိုလဲ ဖွင့်ပြောရလိမ့်မယ်" ဆွန်ယာက ဆုံးဖြတ်ပြီးသည့် ဟန်ဖြင့် ပြောလိုက်၏။

"နာတာရှာ သူမရှိဘဲ မနေတတ်ဘူး။ ဆွန်ယာ ဝင်မရှုပ်ပါနဲ့" နာတာရှာက အော်သည်။

"နာတာရှာ ဘယ်လိုဖြစ်နေတာလဲ။ ဘယ်လို စကားတွေ ပြောနေတာလဲ။ ဖေဖွားနဲ့ နီကိုလေတို့မျက်နှာကို မထောက်တော့ဘူးလား"

"ဟင်အင့်။ နာတာရှာ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားမနေနိုင်ဘူး။ သူကလွဲရင် နာတာရှာ ဘယ်သူ့ကိုမှလဲ မချစ်ဘူး။ တော်တော့ ဆွန်ယာ။ ဆွန်ယာ့စကားတွေ လွန်လှပြီ။ သူ့ကို အကျင့်သိက္ခာ တစ်ပြားသားမှ မရှိဘူးလို့လဲ ပက်ပက်စက်စက် ပြောလိုက် သေးတယ်။ ကြားထဲကလဲ ဝင်ဖျက်သေးတယ်။ နာတာရှာ သူ့ကို ချစ်တယ်။ ဘယ်သူဘာပြောပြော နာတာရှာ သူ့ကို ယူမယ်။ သွား ဆွန်ယာ နာတာရှာ့ အနားမလာနဲ့။ နာတာရှာ ရန်မဖြစ်ချင်ဘူး။ သွားကြ၊ မလာကြနဲ့" နာတာရှာသည် မျိုသိပ်ထားရသော ဒေါသသံဖြင့် အော်၍ ပစ်လိုက် သည်။ ဆွန်ယာသည် ရှိုက်၍ငိုကာ အခန်းထဲမှ ပြေးထွက် လာခဲ့လေသည်။

နာတာရှာသည် စာရေးစားပွဲသို့သွားကာ တစ်ချက်ကလေးမျှ တွေဝေ ဆုတ်ဆိုင်းခြင်းမရှိဘဲ တစ်မနက်လုံး မရေးဖြစ်ခဲ့သော မင်းသမီးကလေး မေရီ့ထံသို့ ပြန်ကြားစာကို ရေးလျက်ရှိ၏။ ထိုစာတွင် နာတာရှာက မိမိတို့ အချင်းချင်း အဆင်မပြေမှုများ နောက်ထပ်တွေ့စရာမလိုတော့ကြောင်း၊ မင်းသားကလေး အင်ဒရေက နိုင်ငံခြားသွားခါနီး၌ သဘောထားကြီးစွာဖြင့် လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ပေးထားခဲ့သည့်အတိုင်း မိမိသည် ထိုလွတ်လပ်ခွင့်ကို ရယူလျက် ကိစ္စအားလုံးကို ပြည်ဖုံးကားချလိုက်ပြီဖြစ်ကြောင်း၊ မိမိ၌ အပြစ်တင်စရာ တစ်စုံတစ်ရာ ရှိပါက ခွင့်လွှတ်ပါရန် မင်းသမီးကလေး မေရီအား တောင်းပန်လိုကြောင်း၊ မိမိအနေနှင့်မှ မင်းသားကလေး အင်ဒရေ၏ ကြင်ရာတော်အဖြစ် လက်မခံနိုင်တော့ကြောင်းဖြင့် ရေးလိုက်လေသည်။ ဤတစ်ကြိမ် စာရေးရာ၌မူကား နာတာရှာအဖို့ ထစ်ငေါ့ခြင်း၊ ဆုတ်ဆိုင်းခြင်းတို့ မရှိတော့ဘဲ ချောချောမောမော လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ဖြစ်လျက် ရှိလေပြီ။

*

မြို့စားကြီး ရော့စတော့ဗ်တို့မိသားစုသည် သောကြာနေ့တွင် အိုထရာနီသို့ ပြန်ရမည်ဖြစ်လေရာ ဗုဒ္ဓဟူးနေ့၌ ဖခင် မြို့စားကြီးမှာ ပိုင်စားနယ်မြေကြီးကို ဝယ်ယူမည့်သူနှင့် အတူ မော်စကိုအနီးရှိ ပိုင်စားနယ်မြေများဘက်သို့ ခရီးထွက်သွားလေသည်။

မြို့စားကြီးရော့စတော့ဗ် ထွက်သွားသည့်နေ့၌ နာတာရှာနှင့် ဆွန်ယာတို့မှာ ဂျူလီ၏ အိမ်တွင် ကျင်းပသည့် ကြီးကျယ်ခမ်းနားလှသော ညစာစားပွဲကြီးသို့ တက်ရောက်ရန်ရှိသဖြင့် မာယာဒီမီထရီယက်ဗ်နာက ၎င်းတို့ နှစ်ယောက်ကို လိုက်၍ ပို့လေသည်။ ညစာစားပွဲ၌ နာတာရှာမှာ အနာတိုလီနှင့် ဆုံမိပြန်သည်။ နာတာရှာနှင့် အနာတိုလီတို့ စကားပြောဆိုလျက်ရှိကြခြင်းကို ဆွန်ယာ သတိထားလိုက်မိသော်လည်း မမြင်ဟန်ပြု၍ အကဲခတ်လျက် ရှိလေသည်။ နာတာရှာမှာ ခါတိုင်းထက် အမူအရာ



www.burmeseclassic.com

ထူးလျက် ရှိသည်ကို မြင်ရ၏။ အိမ်သို့ ပြန်ရောက်သော အခါ နာတာရှာကပင် စတင်၍ ဖြေရှင်းချက် ထုတ်လေသည်။

"ကြည့်စမ်း၊ ဆွန်ယာတို့များ အဲဒီလောက် မကောင်းတာ။ သူ့အကြောင်း ဆွန်ယာပြောတာတွေဟာ တစ်ခုမှ မဟုတ်ဘူး။ ဒီနေ့ပဲ နာတာရှာ သူ့ကို မေးကြည့်ခဲ့ပြီးပြီ" ချီးမြှောက်ခြင်း ခံလိုသည့်အခါ၌ ကလေးငယ်များ ပြောလေ့ရှိသော လေသံကလေးဖြင့် နာတာရှာက မျက်နှာ ချိုသွေး၍ ပြောလိုက်သည်။

"ဆိုပါဦး၊ ဘာတွေမေးလို့ သူက ဘာတွေပြန်ဖြေလိုက်သလဲဟင်။ ဆွန်ယာ့ကို စိတ်မဆိုးဘူးနော် ဟုတ်လား။ ကဲ ဆွန်ယာ့ကို မှန်မှန်ပြောစမ်း။ သူက ဘာတွေ ပြောလိုက်သလဲ"

နာတာရှာသည် အတန်ကြာမျှ စဉ်းစားနေသည်။

"ဆွန်ယာက အကြောင်းမသိသေးလို့ပါကွယ်။ နာတာရှာ သိသလိုသိရင် ဆွန်ယာလဲ အထင်လွဲမှာ မဟုတ်ပါဘူး။ သူကလေ သူက အင်ဒရေကို ဘယ်လို ကတိပေးထားသလဲလို့ မေးတယ် သိလား။ နာတာရှာက အင်ဒရေနဲ့ ဘယ်လိုကတိမှ မလွန်သေးပါဘူး။ ခုနေမှာ ဖျက်ချင်ရင် ဖျက်နိုင်ပါတယ်လို့ ပြောလိုက်တော့လေ သူ့ခမျာ ဝမ်းသာလွန်းလို့ သိလား"

ဆွန်ယာက ဝမ်းပန်းတနည်းဖြင့် သက်ပြင်းချလိုက်၏။

"နို့ နာတာရှာက အင်ဒရေနဲ့ ကိစ္စကို ဖျက်ထားတာမှ မဟုတ်ဘဲ"

"ဖျက်လိုက်ပြီလို့ပဲ ဆိုပါတော့ ဆွန်ယာ။ နာတာရှာနဲ့ သူနဲ့ ကိစ္စပြီးကြပြီလို့ပဲ ပြောပါတော့။ နေစမ်းပါဦး။ နာတာရှာ့အပေါ်မှာ ဘာဖြစ်လို့ ဒီလောက် မကောင်းထင်နေရတာလဲ ဆွန်ယာ"

"အို ဆွန်ယာက ဘာမှ မထင်ပါဘူး။ နားမလည်တာ တစ်ခုပဲ ရှိပါတယ်"

"စောင့်ကြည့်ဦး ဆွန်ယာ။ ကြာတော့ အရေလည် လာလိမ့်မယ်။ အနာတိုလီဟာ ဘယ်လိုလူဆိုတာကိုလဲ သိလာလိမ့်မယ်။ နာတာရှာကိုဖြစ်စေ၊ သူ့ကိုဖြစ်စေ မကောင်းမထင်ပါနဲ့ဦး ဆွန်ယာ။ နာတာရှာလဲ ဘယ်သူ့ကိုမှ မကောင်းမထင်တတ်ပါဘူး။ နာတာရှာ လူတိုင်းကို ချစ်တယ်။ သနားတယ်။ မတတ်နိုင်တော့ဘူး။ နာတာရှာ သူ့ကို ချစ်နေပြီ"

နာတာရှာသည် အသံကို ချိုနိုင်သမျှ ချိုချိုထား၍ ပြောလျက်ရှိသော်လည်း ဆွန်ယာ၏ နားတွင်ကား ခါးသီးလှသည်။ နာတာရှာ၏ မျက်နှာထား ချိုသာနူးညံ့သည်နှင့် အမျှ ဆွန်ယာ၏ မျက်နှာထားက တင်းမာ ခက်ထန်လျက် ရှိသည်။

"ဒီမှာ နာတာရှာ" ဆွန်ယာက ခေါ်လိုက်သည်။ "ဒီအကြောင်းတွေကို မပြောပါနဲ့လို့ နာတာရှာက ပြောခဲ့တဲ့အတွက် ဆွန်ယာ ဘာတစ်ခွန်းမှ မပြောခဲ့ဘူး။ ဒါပေမဲ့ နာတာရှာက စပြောလာတော့ ဆွန်ယာ ပြောရလိမ့်မယ်။ ဆွန်ယာ ဒီလူကို မယုံဘူး နာတာရှာ။ ဘာဖြစ်လို့ ပုန်းလျှိုး ကွယ်လျှိုး လုပ်နေတာတဲ့လဲ"

"ဒီစကားကို ပြောပြန်ပြီလား"

"ပြောရလိမ့်မယ် နာတာရှာ၊ ပြောရလိမ့်မယ်။ နာတာရှာအတွက် ကြောက်လွန်းလို့ မပြောဘဲ မနေနိုင်ဘူး"

"ဘာကို ကြောက်တာလဲ"

"နာတာရှာ ပျက်စီးသွားမှာကို ကြောက်တယ် နာတာရှာ" ဆွန်ယာက ပြောင်ပြောင်တင်းတင်း ပြောလိုက်၏။ ထို့နောက်မှ မိမိစကားလွန်သွားလေပြီလောဟု စိုးရိမ်သွားမိသည်။

နာတာရှာ၏မျက်နှာ၌ ဒေါသ အရိပ်အယောင်များ ယှက်သန်းလာပေပြီ။

"အိုး မပူပါနဲ့။ နာတာရှာ့ဘာသာ နာတာရှာ ပျက်စီးလို့မကလို့ ဘာကြီးဖြစ်နေနေ အနေသာကြီးပါ။ ဖြဲနိုင်ရင် ခုချက်ချင်း ပျက်စီးတဲ့ဘဝတောင် ရောက်လိုက်ချင်သေးတယ်။ ပျက်စီးတော့ကော ဘာဖြစ်သလဲ။ ဆွန်ယာ့ အလုပ် မဟုတ်ပါဘူး။ ဆွန်ယာ ပျက်စီးတာ မဟုတ်ပါဘူး။ ခံရမယ့်သူက နာတာရှာပါ။ နာတာရှာ့ကို ဒီလိုစကားတွေ မပြောနဲ့။ နာတာရှာ မုန်းတယ်။ မကြည့်ချင်ဘူး။ သွားကြ သွားကြ"

"နာတာရှာ"

ဆွန်ယာက ခပ်တိုးတိုး ခေါ်လိုက်သည်။ ဆွန်ယာ၏ မျက်နှာသည် ဖြူရော်လျက်ရှိ၏။

"သွား မခေါ်နဲ့။ ဆွန်ယာ့ကို မုန်းတယ်။ ဆွန်ယာဟာ နာတာရှာရဲ့ ကမ္ဘာ့ရန်ပဲ။ မခေါ်နဲ့ မုန်းတယ်။ သိရဲ့

 www.burmeseclassic.com 

လား" နာတာရှာသည် အော်ဟစ်၍ အခန်းထဲမှ ပြေးထွက်သွားလေသည်။

နာတာရှာသည် ဆွန်ယာအား စကားမပြောတော့ဘဲ ရှောင်နေလေသည်။ ထိတ်လန့်အံ့သြသောအသွင်၊ ကြောက်ရွံ့စိုးရိမ်သော အမူအရာဖြင့် နာတာရှာသည် တစ်အိမ်လုံး ပြေးလျှောက်သွားလျက်ရှိကာ အလုပ်တစ်ခုကို ကောက်လုပ်လိုက်၊ ချထားလိုက်၊ နောက်တစ်ခု လုပ်လိုက်ဖြင့် ယောက်ယက်ခတ်လျက် ရှိပေသည်။

ဆွန်ယာမှာလည်း မိမိကို ရှောင်နေသည့်အတွက် နာတာရှာကို အဝေးမှသာ မျက်ခြည်မပြတ်စောင့်၍ အကဲခတ်လျက် ရှိလေသည်။

မြို့စားကြီး ရော့စတော့ဗ် တောမှ ပြန်မလာမီ တစ်နေ့၌ နာတာရှာ တစ်စုံတစ်ခုကို စောင့်လျက်နေသည့်နှယ်၊ တစ်မနက်လုံး ဧည့်ခန်းဆောင် ပြတင်းဝအနီးတွင် ထိုင်လျက် ရှိခြင်းကို ဆွန်ယာ သတိထားမိ၏။ ထို့နောက် လမ်းမပေါ်မှ ရထားဖြတ်မောင်းသွားသော အနာတိုလီဟု ထင်ရသည့် စစ်ဗိုလ်တစ်ယောက်အား တစ်စုံတစ်ရာ အချိန်းအချက် ပြုလိုက်သည်ကိုလည်း မြင်လိုက်ရသည်။

ထိုအခါမှစ၍ ဆွန်ယာသည် နာတာရှာကို တစ်နေ့လုံး မျက်ခြည်ပြတ် မခံတော့ဘဲ အထူးဂရုတစိုက် စောင့်ကြည့်လျက် ရှိခဲ့ရာ ညနေထမင်းစားပွဲ၌ နာတာရှာမှာ ခါတိုင်းထက် အမူအရာထူးခြင်းကို တွေ့ရ၏။ မေးခွန်းများကို ဖြေလျှင်လည်း ကပေါက်တိကပေါက်ချာ ဖြေ၍ စကားပြောလျှင်လည်း တောင်မရောက် မြောက်မရောက် ပြောကာ မြင်မြင်သမျှကို ကြည့်၍ ရယ်နေတတ်သည်။

လက်ဖက်ရည်သောက်ပြီးသော် နာတာရှာ၏ ခန်းဆောင်ဝ၌ ရပ်လျက်ရှိသည့် အစေတော် မိန်းမ တစ်ယောက်သည် အနီးမှ ဆွန်ယာ ဖြတ်လျှောက်လာသည်ကို မြင်သည်၌ အခန်းထဲသို့ ဝင်မည်ပြုပြီးမှ မဝင်သေးဘဲ ခပ်ယို့ယို့ ဆိုင်းငံ့နေလိုက်သည်။ ဆွန်ယာသည်အစေတော်မိန်းမအနီးမှ ဖြတ်ကျော်၍ ဣန္ဒြေမပျက် ဆက်လက် လျှောက်လာခဲ့သည်တွင် အစေတော်မိန်းမလည်း အခန်းထဲသို့ ဖျတ်ခနဲဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ထိုအခါကျမှ ဆွန်ယာသည် အခန်းဝမှ ချောင်းနားထောင်ကြည့်ရာ အနာတိုလီ့ထံမှ နောက်ထပ်စာတစ်စောင် အပို့ခိုင်းလိုက်ခြင်း ဖြစ်ကြောင်း သိရလေသည်။

နာတာရှာတွင် အရှက်တကွဲ အကျိုးနည်း ဖြစ်စေမည့် လျှို့ဝှက်အကြံအစည်တစ်ခု ရှိနေသည် ဟူသော အသိသည် ထိုခဏ၌ ဆွန်ယာ၏ ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာခဲ့လေပြီ။ ဆွန်ယာသည် နာတာရှာ၏ အခန်းတံခါးကို ခေါက်လိုက်၏။ နာတာရှာက ဖွင့်မပေးချေ။

'ကေန္တ နာတာရှာဟာ ဟိုကောင်နဲ့ ထွက်ပြေးတော့မှာပဲ။ နာတာရှာက တစ်ဖွတ်ထိုးလုပ်တတ်ပါဘိသနဲ့။ ဒီနေ့ သူ့မျက်နှာကြည့်ရတာကလဲ သိပ်အကဲမရဘူး။ ဖေဖျားး တောသွားခါနီးတုန်းကလဲ ငိုနှုတ်ဆက်တယ်။ ဟုတ်တယ်၊ သူ ဟိုကောင်နဲ့ ထွက်ပြေးမယ်ဆိုတဲ့ သဘောပဲ။ ငါ ဘာလုပ်ရမလဲ' ဆွန်ယာသည် နာတာရှာ၌ ကြောက်စရာကောင်းလှသော ရည်ရွယ်ချက်တစ်ခု ရှိကြောင်း ထောက်ခံ ဖော်ပြလျက်ရှိသော သက်သေသာဓကများကို တစ်ခုချင်း ပြန်၍ စဉ်းစားနေမိသည်။ 'ခက်တာပဲ။ ဖေဖျားလဲ မရှိဘူး။ ငါ ဘာလုပ်ရမလဲ။ အနာတိုလီကို အကျိုးအကြောင်း ဖြောင်ဖွင့်ပြီး စာရေးလိုက်ရမလား။ အို ဒီလူ့ဆီ ရေးနေလို့လဲ အပိုပါပဲ။ လူက အကျင့်သိက္ခာရှိတဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ။ အင်ဒရေကတော့ အရေးရှိရင် ပီယာ့ကို တိုင်ပင်ပါလို့ ပြောတယ်။ ပီယာ့ဆီ စာရေးလိုက်ရလေမလား။ နာတာရှာဟာ အင်ဒရေကို တကယ်ပဲ ငြင်းလိုက်ပြီလား။ မနေ့ကတော့ မေရီ့ဆီ စာရေးတာ မြင်တာပဲ။ ခက်လိုက်ပါဘိနော်။ ဖေဖျားကလဲ အရေးထဲမှာမှ တခြားသွားနေတယ်'

ဤကိစ္စကို မာယာဒီမီထရီယက်ဗ်နာအား ဖွင့်ပြောရန်မှာလည်း မာယာဒီမီထရီယက်ဗ်နာမှာ နာတာရှာကို ယုံကြည်လျက်ရှိသည့်အတွက် မိမိအား အထင်လွဲနေမည်လောဟု စိုးရိမ်ရသေးသည်။ ဆွန်ယာသည် အဆောင်ကူးစင်္ကြံတွင် ရပ်လျက် တွေးနေမိပြန်သည်။

'အို ဘာပဲဖြစ်ဖြစ်၊ ဖေဖျားတို့မိသားစု ကျေးဇူးတွေ ငါ့မှာ အများကြီးရှိတယ်။ နီကိုလေကိုလဲ ငါချစ်တယ်။ ဒီကျေးဇူး၊ ဒီအချစ်ကို ခုအချိန်မှ ပြန်မဆပ်လို့ရှိရင် နောင်ဆပ်ဖို့ အခွင့်ကြုံတော့မှာ မဟုတ်ဘူး။ သုံးရက်သုံးည မအိပ်ရရင်လဲ နေပစေတော့။ ငါ ဒီစင်္ကြံလေးထဲက ချောင်းပြီး စောင့်နေတော့မယ်။ တစ်ဆွေလုံး တစ်မျိုးလုံး အရှက်တကွဲ အကျိုးနည်း မဖြစ်ရအောင် ငါ နာတာရှာကို ပြန်ပြီး လုယူမယ်။ အတင်းအဓမ္မ တားမယ်'



www.burmeseclassic.com

## အခန်း ၁၆

အနာတိုလီသည် ဒိုလိုကော့ဗ်၏အိမ်သို့ မကြာမြင့်မီပင် ပြောင်းလာခဲ့လေသည်။ အနာတိုလီသည် နာတာရှာအား ခိုးယူရန်ကိစ္စကို အကွက်ချ စီမံလျက် ရှိလေ၏။ ၎င်း၏ ရောင်းရင်းကြီး ဒိုလိုကော့ဗ်ကလည်း ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ပြီး ဖြစ်လေရာ နာတာရှာ၏ ခန်းဆောင်ဝတွင် ဆွန်ယာ ချောင်းမြောင်း နားထောင်၍ နာတာရှာအား အကာအကွယ်ပေးရန် ဆုံးဖြတ်သည့်နေ့ကား ထိုအကြံအစည်ကို လက်တွေ့အကောင်အထည်ဖော်ရန် ချိန်းဆိုထားသည့်နေ့ ဖြစ်လေသည်။ အစီအစဉ်အရ နာတာရှာမှာ ညဆယ်ချက်တီးအချိန်တွင် အိမ်နောက်ဖေးသို့ ထွက်လာရန် ဖြစ်၏။ အနာတိုလီက ထိုနေရာမှ စောင်ကြိုခေါ်ယူပြီးနောက် အသင့်စောင့်နေသော မြင်းသုံးကောင် ကသည့် ရထားဖြင့် မိုင်လေးဆယ်ဝေးသော ကာမင်ကာရွာသို့ ထွက်ပြေးကြရန်၊ ကာမင်ကာရွာသို့ရောက်လျှင် စီစဉ်ထားသည့်အတိုင်း ၎င်းတို့ နှစ်ယောက်အား သင်္ကန်းမဆည်းသည့် ဘုန်းတော်ကြီးတစ်ပါး အကူအညီဖြင့် လက်ထပ်ရန်၊ လက်ထပ်ပြီးလျှင် စောင့်ဆိုင်းလျက်ရှိသော ချောထောက်ရထားကို လဲလှယ်စီးကာ ဝါဆောပေတစ်ရာ လမ်းမကြီးသို့ ထွက်၍ ထိုမှ ရထားတစ်ဆင့် ပြောင်းလျက် နိုင်ငံခြားသို့ ထွက်ပြေးကြရန် ဖြစ်လေသည်။

အနာတိုလီ၌ နိုင်ငံကူးလက်မှတ်တစ်စောင်၊ ချောစခန်းထောက်ရထားများ ငှားသည့်ပြေစာ၊ အစ်မတော်မြို့စားကတော်လေး ဟယ်လင်ထံမှ ယူထားသော ငွေဒင်္ဂါးတစ်သောင်း၊ ဒိုလိုကော့ဗ်၏ အကူအညီဖြင့် ချေးငှားထားသော နောက်ထပ် ငွေဒင်္ဂါးတစ်သောင်း စသဖြင့် အစစအရာရာ အဆင်သင့် ပြင်ထားပြီးလေပြီ။

အနာတိုလီနှင့် နာတာရှာတို့၏ ဟန်ပြလက်ထပ်ပွဲ၌ သက်သေအဖြစ် လက်မှတ်ရေးထိုးကြမည့်သူများကား တပ်မတော် ဗိုလ်ဟောင်း ခဗိုစတီကော့နှင့် မြင်းတပ်ဗိုလ်ဟောင်း မာကာရင်ဆိုသူတို့ ဖြစ်၏။ ခဗိုစတီကော့သည် ဒိုလိုကော့ဗ်၏ လောင်းကစားဂိုဏ်းတွင် အလံရှူးဖြစ်၏။ မာကာရင်မှာ စိတ်ဓာတ်ပျော့ညံ့၍ တစ်ဖက်သားကို သနားကြင်နာတတ်လျက် အနာတိုလီကို ဘုရားတစ်ဆူဂုတစ်လုံးသဖွယ် ကိုးကွယ်လျက်ရှိသူ ဖြစ်လေသည်။ သက်သေအဖြစ် ဆောင်ရွက်မည့် ၎င်းတို့နှစ်ယောက်သည် အိမ်ဦးခန်းတွင် လက်ဖက်ရည်သောက်လျက် ရှိလေသည်။

နံရံပတ်ပတ်လည်၌ ပါရှားကော်ဇောကြီးများ၊ဝက်ဝံရေများ၊ အမဲလိုက် လက်နက်များကို မျက်နှာကြက်အထိ ချိတ်ဆွဲထားသည်။ ကျယ်ပြန့်လှသော စာကြည့်ဆောင်ထဲရှိ အံဖုံးလှန်ထားသော စားပွဲစောင်းတစ်ခုအနီး၌ကား ဒိုလိုကော့ဗ်သည် ခရီးသွား ဝတ်ရုံကြီးနှင့် ဒူးစွပ် သားရေဖိနပ်ရှည်ကြီးကို ဝတ်ဆင်၍ ထိုင်လျက်ရှိလေသည်။ စားပွဲစောင်းပေါ်၌ တရုတ်ပေသီးတွက်ခုံတစ်ခုနှင့် ငွေစက္ကူအထပ်များ တင်ထားလျက် ရှိ၏။ အနာတိုလီသည် စစ်ဝတ်စုံကို ရင်ဘတ်ကြယ်သီးမတပ်ဘဲ ဝတ်ထားကာ သက်သေနှစ်ဦး ထိုင်လျက်ရှိသော အိမ်ဦးဆောင်၊ စာကြည့်ဆောင်နှင့် နောက်ဖေးခန်းဆောင် စသည့် ခန်းဆောင်သုံးဆောင်သို့ ထွက်တုံဝင်တုံပြုလျက် ရှိလေသည်။ နောက်ဖေးဆောင်၌ကား အနာတိုလီ၏ ပြင်သစ်လူမျိုးအစေခံနှင့် အခြားအစေခံများသည် အနာတိုလီ၏ ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးလျက် ရှိကြ၏။ ဒိုလိုကော့ဗ်သည် ငွေစက္ကူများကို ရေတွက်လိုက်ပြီးနောက် တစ်စုံတစ်ရာကို စာအုပ်ထဲ၌ ရေးမှတ်လျက် ရှိလေသည်။

"ကဲ ဒီကိစ္စအတွက် ခဗိုစတီကော့ကို ငွေဒင်္ဂါး နှစ်ထောင် ပေးရဦးမယ်နော်"

"ပေးရမယ်ဆိုလဲ ပေးလိုက်ပေါ့ဗျာ" အနာတိုလီက ပြောလိုက်၏။

"မာကာရင်ကတော့ ကိစ္စမရှိပါဘူး။ ခင်ဗျားအတွက်ဆိုရင် မီးကိုတွေ့တွေ့၊ ရေကိုဖြတ်ဖြတ်၊ အရိုးကြေကြေ အရေခန်းခန်း သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှာ ဖြစ်လေတော့ ပေးစရာ လိုမယ် မထင်ဘူးဗျ။ ဒီတော့ အားလုံး စာရင်းရှင်းသွားပြီနော်။မှန်ရဲ့လား။ ကြည့်စမ်းပါဦး" ဒိုလိုကော့ဗ်က စာရင်းစာရွက်ကို ထိုးပြလိုက်သည်။

"မှန်ပါတယ်ဗျာ။ ဒါတွေ အသာထားစမ်းပါ" အနာတိုလီက ဒိုလိုကော့ဗ်ပြသည့် စာရင်းများကို အလျင်းစိတ်ဝင်စားခြင်းမရှိဘဲ မျက်နှာပေါ်တွင် အမြဲတမ်း ရစ်ဝဲလျက်ရှိသည့်အပြုံးဖြင့် ရှေ့တူရူသို့ စိုက်ကြည့်နေသည်။

ဒိုလိုကော့ဗ်က စားပွဲစောင်းအံဖုံးကို ဒုန်းခနဲမြည်



www.burmeseclassic.com

www.burmeseclassic.com

အောင် ပိတ်ချလိုက်ပြီးနောက် လှောင်ပြောင်သော အပြုံးဖြင့် အနာတိုလီဘက်သို့ လှည့်ကာ

"ဆိုရေးရှိက ဆိုအပ်စွတည့်ဆိုတဲ့ စကားအတိုင်း ပြောတော့ ပြောလိုက်ရဦးမယ်ဗျ။ ကျုပ်သဘောကတော့ ဒီအကြံအစည်ကို လက်လျှော့လိုက်တာ အကောင်းဆုံးပဲလို့ ထင်တယ်။ လက်လျှော့မယ်ဆိုရင်တော့ အချိန်ရှိသေးတယ်"

"ဘာလဲ ကိုယ့်လူရ၊ ခင်ဗျား ရူးနေသလား။ ဘာလို့ လက်လျှော့ရမှာလဲ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့။ ခင်ဗျား ဘာမှ မသိပါဘူး"

"တကယ်ပြောနေတာ ကိုယ့်လူ။ လက်လျှော့လိုက်တာ ကောင်းလိမ့်မယ် ထင်တယ်။ ကျုပ် အတည်ပြောနေတာ၊ နောက်နေတာ မဟုတ်ဘူး။ ခင်ဗျား အကြံအစည်က ကလေးကစားတာ မဟုတ်ဘူး။

"ဗျို့လူ တော်ဗျာ၊ သွားခါနီး လာခါနီး နောက်မနေစမ်းနဲ့။ ဒီအချိန်ဟာ နောက်ပြောင်နေဖို့ အချိန်မဟုတ်ဘူး" အနာတိုလီက မျက်နှာထားတည်တည်ဖြင့် အော်ကာ အခန်းပြင်ဘက်သို့ ထွက်သွားသည်။

ဒိုလိုကော့ဗ်သည် သနားသည့်ဟန်၊ လှောင်ပြောင်သည့်ဟန်ဖြင့် အနာတိုလီ ထွက်သွားရာဘက်သို့ ပြုံးကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ

"ဗျို့လူ နေစမ်းပါဦးဗျ။ ခင်ဗျားကလဲ ဒေါချည်းပဲ။ ကျုပ်နောက်နေတာ မဟုတ်ဘူး။ တကယ်ပြောနေတာ၊ လာပါဦးဗျ၊ ပြောစမ်းပရစေဦး"

အနာတိုလီသည် အခန်းထဲသို့ ပြန်၍ဝင်လာကာ ဒိုလိုကော့ဗ်ကို လှမ်း၍ ကြည့်လိုက်သည်။

"ဒီမှာ ကိုယ့်လူ နားထောင်ဦး။ ခင်ဗျားကို ကျုပ်နောက်ဆုံးပြောခြင်းအနေနဲ့ ပြောဦးမယ်။ ကျုပ်က ခင်ဗျားကို ဘာကြောင့် နောက်နေရမှာလဲ။ ခင်ဗျားကို ဘယ်တုန်းက နှောင့်ယှက်ခဲ့ဖူးလို့လဲ။ ခင်ဗျားအတွက် အစီအစဉ်တွေကို ဘယ်သူလုပ်ပေးခဲ့သလဲ။ လက်ထပ်ဖို့ ဘုန်းကြီးကို ဘယ်သူ ရှာပေးခဲ့သလဲ။ နိုင်ငံကူးလက်မှတ်ရအောင်ကော ဘယ်သူ လုပ်ပေးခဲ့သလဲ။ ပိုက်ဆံကော ဘယ်သူ ရှာပေးခဲ့သလဲ။ ဒါတွေအားလုံး ကျုပ် လုပ်ပေးခဲ့တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ခင်ဗျားကို ကျေးဇူးအများကြီး တင်တာပေါ့။ ကျုပ်လဲ ကျေးဇူးကန်းတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူးဗျ" အနာတိုလီက သက်ပြင်းချလိုက်ပြီးနောက် ဒိုလိုကော့ဗ်ကို ဖက်ယမ်းနမ်းရှုပ်လိုက်သည်။

"ဒီကိစ္စမှာ ကျုပ်ဟာ ခင်ဗျားကို အကူအညီအများဆုံး ပေးခဲ့တာပဲဗျ။ ဒါပေမဲ့ ပြောစရာရှိတာကိုတော့ မခြွင်းမချန် ပြောရလိမ့်ဦးမယ်။ ခု ခင်ဗျားလုပ်နေတဲ့ အလုပ်ဟာ အလွန်အန္တရာယ်ကြီးတယ်ဗျ။ နဖူးပေါ် လက်တင် စဉ်းစားကြည့်လို့ရှိရင် အင်မတန် မိုက်ကန်းတဲ့ အလုပ်မျိုးလဲ ဖြစ်တယ်ဗျ။ ကဲ ခင်ဗျားက ကလေးမလေးကို ခိုးပြေးပြီ ဆိုပါတော့။ ဒီအထိတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ သူတို့ဘက်က ဒီအတိုင်း လက်ပိုက်ကြည့်နေမှာတဲ့လား။ တော်တော်ကြာ ခင်ဗျားမှာ မယားကြီးနဲ့ဆိုတာ ဘွားဘွားကြီး ပေါ်လာဦးမယ်။ ပြီးတော့ ရာဇဝတ်ရုံးတော်ကို တင်ပြီး တရားစွဲခံရဦးမယ်"

"ဟေ့လူ တော်ဗျ။ နမိတ်မရှိ နမာမရှိတွေ ပြောမနေစမ်းနဲ့" အနာတိုလီက မျက်နှာကို ရှုံ့မဲ့၍ အော်လိုက်သည်။ "ခင်ဗျားကို ကျုပ် ဘာပြောထားသလဲ မမှတ်မိဘူးလား"

စဉ်းစားဉာဏ်နုံနဲ့သူများသည် ၎င်းတို့၏ နုံနဲ့သော ဉာဏ်ဖြင့် စဉ်းစားဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်သာ လျှင် အမှန်ဟု တစ်ယူသန် ယူဆလေ့ရှိသည့်အတိုင်း အနာတိုလီသည်လည်း ၎င်း၏ ဆုံးဖြတ်ချက်သည် အစစအရာရာ မှန်ကန်သည်ဟု တစ်ထစ်ချ ယူဆလျက်ရှိကာ ဒိုလိုကော့ဗ်အား အကြိမ်ပေါင်းတစ်ရာခန့် ပြောပြီးသား စကားများကို ထပ်၍ ပြောဆိုနေပြန်သည်။

"ကျုပ် အစစအရာရာ စဉ်းစားပြီးမှ ဆုံးဖြတ်တာလို့ ကျုပ်ပြောပြီးပါကောလား။ အကယ်၍ ကျုပ်တို့နှစ်ဦးရဲ့ လက်ထပ်ခြင်းဟာ ဟန်ဆောင်လက်ထပ်ခြင်းမျှသာ ဖြစ်တဲ့အတွက် တရားမဝင်နိုင်ဘူး။ ဒီတော့"

အနာတိုလီက လက်တစ်ချောင်းကို ချိုးပြ၍ ပြောလိုက်သည်။

"တရားမဝင်တဲ့အတွက် ကျုပ်ဟာ ရာဇဝတ်ရုံးတော်ကို ရောက်ဖို့ အကြောင်းမရှိဘူး။ နောက်တစ်ချက်က တကယ်တရားဝင် ဖြစ်သွားရင်လဲ ကျုပ်အဖို့ အကြောင်းမဟုတ်ဘူး။ နိုင်ငံခြားမှာ ကျုပ်တို့အကြောင်းကို ဘယ်သူ



www.burmeseclassic.com

မှလဲ သိမှာ မဟုတ်ဘူး။ ကျုပ်ပြောတာ မဟုတ်ဘူးလား။ ဒီတော့ ခင်ဗျားကျုပ်ကို နောက်ထပ် မတားနဲ့ဗျာ။ တော်တော့၊ မပြောနဲ့တော့"

"ဗျို့လူ၊ ကျုပ် တကယ် ပြောနေတာဗျ။ ကျုပ်မှာ ပြောဖို့ဝတ္တရား ရှိတယ်။ ဒီကိစ္စကို ဖျက်ပစ်လိုက်ပါ။ ခင်ဗျား ဒုက္ခရောက်မယ်"

"ရောက်ရောက်ဗျာ။ တော်တော့၊ မပြောနဲ့တော့" အနာတိုလီသည် ခန်းဆောင်ထဲမှ ချာခနဲ လှည့်ထွက်သွား၏။ သို့ရာတွင် ချက်ချင်း ပြန်ဝင်လာကာ ဒိုလိုကော့ဗ်ရှေ့ရှိ လက်တင်ထိုင်ဖုံတစ်လုံးတွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်ပြန်သည်။

"ကျုပ်ကို၊ ဒုက္ခပေးနေတာက ဒီကောင်ဗျ၊ ဒီကောင်။ မှန်းစမ်း၊ ဒီကောင် ဘယ်လောက်ခုန်နေပြီလဲ ဆိုတာ ခင်ဗျား စမ်းကြည့်စမ်း" အနာတိုလီက ဒိုလိုကော့ဗ်၏ လက်ကို ဆွဲလျက် နှလုံးရှိရာ ရင်ဘတ်ပေါ်သို့ တင်ထားလိုက်သည်။ "ခြေထောက်ကလေးတွေကလဲလှ၊ ပခုံးကလေးတွေကလဲ လှ၊ မျက်လုံးကလေးတွေကလဲ လှ၊ တစ်ကိုယ်လုံး လှပြီး ဘုံကြိုးပြတ်တဲ့ နတ်မိမယ်လို လှတဲ့အလှကြောင့် ကျုပ် ရူးတော့မယ်ဗျ သိရဲ့လား"

အနာတိုလီက ပြင်သစ်ဘာသာဖြင့် ထပ်ပြောလိုက်၏။

ဒိုလိုကော့ဗ်က မထီမဲ့မြင် ပြုသောအပြုံး၊ မထီမဲ့မြင် ပြုသောအကြည့်တို့ဖြင့် အနာတိုလီကို လှမ်း၍ ကြည့်လိုက်၏။ ဒိုလိုကော့ဗ်၏ အမူအရာမှာ အနာတိုလီအား ရယ်စရာ သတ္တဝါတစ်ယောက်ကဲ့သို့ သဘောထားပုံမျိုး ဖြစ်လေသည်။

"ကဲ ဆိုပါတော့၊ ပါသွားတဲ့ ငွေလေးကုန်တော့ ခင်ဗျားတို့ ဘယ်လိုလုပ်နေကြမလဲ"

"ဘယ်လိုလုပ်နေကြမလဲ ဟုတ်စ" အနာတိုလီသည် ယခုမှ ထိုပြဿနာကို စဉ်းစားမိဟန်ဖြင့် ရုတ်တရက် အံ့အားသင့်သွားဟန် ရှိ၏။ "ဘယ်လိုလုပ်နေကြမလဲ ဆိုတာတော့ မသိဘူးဗျာ။ စဉ်းလဲ မစဉ်းစားဘူး။ အို ဘယ်လိုဖြစ်ဖြစ်ဗျာ၊ အရေးမဟုတ်ပါဘူး။ ကဲ ကျုပ်ကို အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေနဲ့ဗျာ ကြာတယ်။ အချိန်စေ့ပြီ"

အနာတိုလီသည် နာရီကို ငုံ့ကြည့်၍ ပြောလိုက်ကာ နောက်ဖေးခန်းထဲသို့ ဝင်သွားလေသည်။

"ဟော့ကောင်တွေ ခုထက်ထိ မပြီးသေးဘူးလားကွ။ ဒါလေးတွေ သိမ်းတာ ဒီလောက်တောင် ကြာရသလား"

အနာတိုလီသည် အစေခံများကို အော်ဟစ်လျက် ရှိ၏။

ဒိုလိုကော့ဗ်သည် ငွေစက္ကူများကို သိမ်းဆည်းပြီးနောက် အစေခံတစ်ယောက်ကိုခေါ်ကာ ခရီးမထွက်မီ စားသောက်ရန်အတွက် စားသောက်ဖွယ်ရာများကို အပြင်ခိုင်းလိုက်၍ ခဗိုစတီကော့နှင့် မာကာရင်တို့ရှိရာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့လေသည်။

အနာတိုလီသည် စာကြည့်ဆောင်ထဲရှိ ထိုင်ဖုံကြီးပေါ်တွင် တံတောင်ဆစ်ကို အားပြု၍ လဲလျောင်းလျက်ရှိရင်း ခပ်ပြုံးပြုံး စဉ်းစားလျက် ရှိ၏။ အနာတိုလီသည် လှပသော နှုတ်ခမ်းများကို လှုပ်လျက် တစ်ယောက်တည်း စကားပြောနေလေသည်။

"ဗျို့ အနာတိုလီ၊ လာဗျို့၊ တစ်ခုခု စားလှည့်ဦး။ နည်းနည်းလဲ သောက်ထားဦးဗျ" ဒိုလိုကော့ဗ်က တစ်ဖက်ခန်းဆောင်မှ အော်၍ ပြောလိုက်သည်။

"တော်ပြီဗျာ၊ ဘာမှ မစားချင်တော့ဘူး" အနာတိုလီက ပြန်ဖြေလိုက်ပြီး ပြုံးမြဲပြုံး၍ နေပြန်သည်။

"လာပါဦးဗျ။ ခင်ဗျား တပည့်ကျော်ကြီး ဗလဂါလဲ ရောက်နေပြီ"

အနာတိုလီသည် ထ၍ ထမင်းစားခန်းဆောင်ထဲသို့ ဝင်လာခဲ့သည်။ ဗလဂါကား မြင်းသုံးကောင် ကရထားများကို မောင်းနှင်ခြင်း၌ ထင်ရှားသူတည်း။ ဗလဂါသည် အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့ကို လွန်ခဲ့သည့် ခြောက်နှစ်ခန့်က သိခဲ့ပြီး ၎င်းတို့၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့သော တပည့်ကျော်ကြီး ဖြစ်၏။ တဗာအရပ်၌ အနာတိုလီတို့ တပ်စခန်းချနေစဉ် ဗလဂါသည် အနာတိုလီကို ရထားထက်၌တင်ကာ နေဝင်ရီသရောတွင် တဗာမှ ထွက်၍ အရုဏ်တက်တွင် မော်စကိုသို့အရောက် မောင်းခဲ့ပြီး နောက်တစ်နေ့ညနေ တဗာသို့ အရောက် မောင်းပို့ခဲ့ရသည့် အခေါက်ပေါင်းမှာလည်း တစ်ခေါက်မကတော့ပြီ။ ဒိုလိုကော့ဗ်အား ၎င်း၏ရန်သူများက ဝိုင်းလိုက်ကြသဖြင့် လွတ်အောင် မောင်းပြေးခဲ့ဖူးသည့် အခါပေါင်းမှာလည်း တစ်ခါမကတော့ပြီ။ မော်စကိုမြို့လယ်ကောင်၌ အနာတိုလီ



www.burmeseclassic.com

နှင့် ဒိုလိုကော့ဗ်တို့အား ဂျစ်ပစီကခြေသည်များ၊ ပြည့်တန်ဆာများ (၎င်းတို့ကို မိန်းမဆွေမျိုးဟု ဗလဂါ ခေါ်လေ့ရှိသည်။) နှင့်အတူ မောင်းပို့ခဲ့ရသည့် အကြိမ်ပေါင်းမှာလည်း တစ်ကြိမ်မကတော့ပြီ။ ၎င်းတို့နှစ်ဦး၏ အမှုတော်ကို ထမ်းဆောင်ရင်း မော်စကိုမြို့လယ်ကောင်တွင် ယာဉ်ရထားများ၊ လူများကို တိုက်ပစ်ခဲ့ဖူးသဖြင့် ၎င်း၏ လူကြီး လူကောင်းနှစ်ဦးက ကူညီစောင့်ရှောက်မှုကြောင့် ရာဇဝတ်ဘေးမှ သီသီကလေး လွတ်ခဲ့ရသည့် အလီပေါင်းမှာလည်း တစ်လီမကတော့ပြီ။ ၎င်းတို့၏ အမှုတော်ကိုထမ်းရင်း အမောဆို့၍ သေခဲ့ရသော မြင်းကောင်ရေပေါင်းမှာလည်း ဗလဂါ၌ တစ်ကောင်မကတော့ပြီ။ ဒိုလိုကော့ဗ်နှင့် အနာတိုလီတို့၏ အရိုက်အပုတ်၊ အထုအထောင်းကို ခံခဲ့ရသည့် အလှည့်ပေါင်းမှာလည်း တစ်လှည့်မကတော့ပြီ။ ၎င်းတို့ တိုက်သဖြင့် မိမိသည်းခြေခိုက်အောင် ကြိုက်လှသော ရှန်ပိန်အရက်နှင့် မဒီရာကျွန်းထွက် စပျစ်ရည်အရည်ကို ဗလဂါ သောက်ခဲ့ရသည့် အခါပေါင်းမှာလည်း တစ်ခါမကတော့ပြီ။ ထို့မျှမက ၎င်းတို့နှစ်ဦး ကျူးလွန်ခဲ့သော ပြစ်မှုအမျိုးမျိုးတို့အနက် သာမန်လူတစ်ယောက်အဖို့ဆိုလျှင် တစ်သက်တစ်ကျွန်း ခံရလောက်အောင် အပြစ်ကြီးသည့် ပြစ်မှုပေါင်းမှာလည်း ဗလဂါသိသလောက် တစ်မှုမကတော့ပြီ။ ၎င်းတို့၏ သောက်ပွဲများသို့ ခေါ်သွားကာ ဗလဂါအား အတင်း အရက်တိုက်၍ ဂျစ်ပစီမများနှင့် တွဲအကခိုင်းသည့် အချိပေါင်းမှာလည်း တစ်ချိမကတော့ပြီ။ ၎င်းတို့၏ ငွေဒင်္ဂါးများအနက် ဗလဂါလက်မှတစ်ဆင့် အခြားသို့ ရောက်သွားသော ငွေဒင်္ဂါးမှာလည်း တစ်ထောင်မကတော့ပြီ။ ၎င်းတို့နှစ်ဦး၏ အမှုတော်ကို ထမ်းရွက်ရာ၌ ဗလဂါသည် တစ်နှစ်လျှင် အသက်ကို ဖက်ရွက်နှင့် အခါနှစ်ဆယ်လောက် ထုတ်ထားခဲ့ရ၍ အရေခွံကို အဆုပ်ခံရန် အကြိမ်နှစ်ဆယ်လောက် အသင့်ပြင်ထားခဲ့ရ၏။ ၎င်းတို့၏ အမှုတော်ကို ထမ်းရွက်ရာ၌ ဗလဂါတွင် ၎င်းတို့ထံကရသော အခကြေးငွေဖြင့် ဝယ်နိုင်သည့် မြင်းကောင်ရေထက် ဆုံးရှုံးပျက်စီးခဲ့ရသော မြင်းကောင်ရေပေါင်းမှာလည်း များခဲ့လှလေပြီ။ သို့ရာတွင် ဗလဂါသည် ၎င်း၏ဆရာများကို သဘောကျ၏။ ကရထားကို တစ်နာရီ ဆယ့်နှစ်မိုင်နှုန်းဖြင့် ဒုန်းမောင်းရခြင်းကို နှစ်ခြိုက်၏။ အခြားရထားတစ်စင်းကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် တိုက်ပစ်လိုက်ရခြင်းကို ကျေနပ်၏။ လမ်းသွားလမ်းလာ တစ်ဦးဦးအား တိုက်လှဲ၍ ခါးဖြတ်နင်းလိုက်ရခြင်းကို ပီတိဖြစ်၏။ မြို့လယ်ကောင် လမ်းမကြီးပေါ်၌ နတ်မြင်းပျံစီးသည့်နှယ်ရှိအောင် မြင်းများကို ကဆုန်စိုင်း၍ မောင်းရခြင်းကို အားရ၏။ လမ်းသွားလမ်းလာ ထူထပ်ချိန်၌ ရထားပေါ်တွင် လိုက်ပါလာသော လူကြီးလူကောင်းနှစ်ဦး၏ "မောင်းဟေ့၊ တိုက်ဟေ့၊ ချဟေ့" ဟူသော အရက်မူးမူးနှင့် အော်ဟစ်သံများကို ခုံမင်၏။ မိမိမောင်းလာသော ရထားရှေ့မှ လန့်ဖျပ်ထွက်ပြေးကြသော (သို့ရာတွင် ထွက်ပြေးကြသူများအနက် အသက်ရှင်လျက် လွတ်ထွက်သွားကြသူဦးရေထက် အသက်နှင့် ခန္ဓာ အိုးစားကွဲပြီးမှ လွတ်သွားကြသူဦးရေက များပါသည်။ ကျေးတောသား၏ လည်ပင်းကို ကြာပွတ်ဖြင့် ဖြန်းခနဲ လှမ်းရိုက်လိုက်ရခြင်းကို လက်တွေ့၏။ ဤသို့လျှင် ဝိသေသထူးသော ရထားသမားဗလဂါသည် အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့အား တကယ့်လူကြီးလူကောင်းများဟု ထင်မှတ်လျက်ရှိချေသည်တမုံ့။

ဗလဂါ၏ ရထားမောင်းကျွမ်းကျင်ခြင်း၊ မိမိတို့နှင့် စရိုက်ချင်း ဝါသနာချင်း တူညီချင်းတို့ကြောင့် အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့ကလည်း ဗလဂါကို သဘောကျကြ၏။ အခြားသူများဆိုလျှင် ဗလဂါသည် နှစ်နာရီတွက် ငွေအစိတ်ထိ အဆမတန် ယူရုံမျှမက ၎င်းကိုယ်တိုင်ပင် မောင်းခြင်းမရှိဘဲ တပည့်များကိုသာ မောင်းစေသည်။ သို့ရာတွင် ၎င်း၏ ဆရာ လူကြီး လူကောင်းများကိုမူကား ကိုယ်တိုင် မောင်းပေးလေ့ရှိ၍ ရထားခကိုလည်း ပေးမှသာ ယူသည်။ ၎င်း၏ဆရာများတွင် ငွေကြေး ဖောဖောသီသီ ဖြစ်နေပြီဟု အစေခံများထံမှ သိရလျှင် တစ်နှစ် နှစ်ကြိမ်ခန့် အမူးပြေချိန် နံနက်စောစောရောက်လာကာ ခါးကိုညွတ်၍ အရိုအသေပြုပြီးနောက် အကူအညီ တောင်းတတ်သည်။ ထိုအခါ၌ ၎င်း၏ ဆရာများကလည်း ဗလဂါကို ရောင်းရင်းပမာ တန်းတူထား၍ ဆက်ဆံလေ့ရှိ၏။

"သခင်လေးတို့ ကျွန်တော့်ကိုတော့ ကူညီကြဦးမှပဲခင်ဗျ။ ရထားတွေလဲ မြင်းမရှိလို့ မထွက်နိုင်တော့ဘူး။ ပွဲဈေးကိုဆွဲ ချင်လို့ သခင်လေးတို့မှာ ငွေလွယ်ရင်"

ငွေကြေးဖောဖောသီသီ ရှိသည့်အခါများ၌ အနာတိုလီနှင့် ဒိုလိုကော့ဗ်သည် ရွှေဒင်္ဂါးတစ်ထောင်စ နှစ်ထောင်



www.burmeseclassic.com

စကို ရက်ရက်ရောရောကြီး စွန့်ကြဲလိုက်ကြသည်။

ဗလဂါမှာ ဆံပင်ကောင်းကောင်း၊ အရပ်ပြတ်ပြတ်၊ နှာခေါင်းပြားပြားနှင့် အသက်နှစ်ဆယ့်ခုနစ်နှစ်ခန့်ရှိ ကျေးတောသားတစ်ဦးဖြစ်သည်။ ၎င်း၏ မျက်နှာသည် နီရဲလျက်ရှိ၍ အစ်နေသော ကုပ်ပိုးကြီးများကလည်း နီမြန်းလျက်ရှိ၏။ သေးငယ်သော မျက်လုံးများမှာ တောက်ပြောင်လျက်ရှိ၏။ ဗလဂါသည် သူ့ဆရာများကို အားကျကာ နှုတ်ခမ်းမွေးရေးရေးကိုပင် ထားလိုက်ချေသေး၏။ ဗလဂါသည် ပိုးသားကင်းခြေလိုက်ထားသော နက်ပြာရောင် ဝတ်စုံကို ဝတ်ထားလျက် သိုးရေအင်္ကျီကို ခြုံထားသည်။

အခန်းထဲသို့ ဝင်လာသောအခါ၌ ဗလဂါသည် လက်ယှက်၍ ဆုတောင်းလိုက်ပြီးနောက် ဒိုလိုကော့ဗ်ဆီသို့ လျှောက်လာကာ သေးငယ်ညိုမည်းသောလက်ကို ကမ်းလိုက်လျက်

"သခင်လေး နေကောင်းရဲ့လား ခင်ဗျ" ဟု ဆိုကာ ဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။

"ကောင်းတယ်ဟေ့။ မင်းကော ကျန်းကျန်းမာမာပဲလား။ မင်းဆရာ လာလိမ့်မယ်"

"မင်္ဂလာနေ့ပါ သခင်လေး" ဗလဂါသည် နောက်ဝင်လာသော အနာတိုလီကိုလည်း လက်ကမ်း၍ နှုတ်ဆက်လျက် ရှေးနည်းတူ အရိုအသေပြုလိုက်ပြန်သည်။

"ဟေ့ ဗလဂါ"အနာတိုလီသည် ဗလဂါ၏ ပခုံးပေါ်တွင် လက်တင်ထားလိုက်၏။ "မင်း ငါ့အတွက်ဆိုရင် အရိုးကြေကြေ အရေခန်းခန်း အမှုတော်ထမ်းမယ် မဟုတ်လားဟေ့ တပည့်ကြီး။ ဒီတစ်ခါတော့ သက်စွန့် ကြိုးပမ်းကြရလိမ့်မယ်ကွနော်။ မင်းမြင်းတွေကကော ဘယ့်နှယ်လဲ"

"သခင်လေးရဲ့ တပည့်တွေကပြောလို့ သခင်အကြိုက် အကောင်းဆုံးမြင်းတွေချည်းပဲ ရွေးလာခဲ့တယ် ခင်ဗျ" ဗလဂါက ပြောလိုက်သည်။

"ရှေ့ နိပ်ပြီကွ၊ ဒီလိုမှပေါ့ တပည့်ကြီးရ။ ဒီမှာ ဗလဂါ၊ ငါပြောမယ်။ မင်း မြင်းတွေကို လမ်းတွင် ဖုန်းဖုန်းလဲပြီး သေချင်သေသွားပစေ။ မောင်းသာမောင်း။ ငါ သုံးနာရီအတွင်း ရောက်ချင်တယ်။ နားလည်လား"

"လမ်းမှာမြင်းတွေသေကုန်ရင် တပည့်ကြီး ဘယ့်နှယ်လုပ် ဆက်မောင်းတော့မလဲ သခင်လေး" ဗလဂါက မျက်စိတစ်ဖက်မှိတ်၍ ပြောလိုက်သည်။

"ခွေးသား၊ နောက်မနေစမ်းနဲ့ကွ။ မျက်ခွက်ကို ရိုက်ခွဲပစ်လိုက်မိလိမ့်မယ်" အနာတိုလီက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြိမ်းလိုက်သည်။

"တကယ်ပြောတာပါ သခင်လေး။ မနောက်ပါဘူး။ သခင်လေးအတွက်ဆိုရင် တပည့်ကြီး ရင်နှစ်ခြမ်းဖြန်းဖြန်းကွဲသွားပါစေ မလုပ်ဘဲ နေ့ဝံ့ပါ့မလား။ မြင်းတွေပြေးနိုင်သလောက် ခြေကုန်မောင်းမှာပဲ ခင်ဗျ။ စိတ်သာချ"

"အေး ဒီလိုမှပေါ့ကွ တပည့်ကြီးရ။ ကဲ ထိုင်စမ်း"

"ထိုင်၊ ထိုင်" ဒိုလိုကော့ဗ်က ဝင်ပြောလိုက်သည်။

"ကိစ္စမရှိဘူး သခင်လေး။ တပည့်ကြီး ရပ်နေမယ်"

"ထိုင်ပါကွ ခွေးသား၊ လာသောက်ဦး" အနာတိုလီက မဒီရာကျွန်းထွက် စပျစ်ရည်အရက်ကို ဖန်ခွက်ကြီးကြီးတစ်ခုထဲတွင် ငှဲ့၍ပေးလိုက်၏။

ဗလဂါ၏ မျက်လုံးများသည် မဒီရာအရက်ကို မြင်လိုက်သည်နှင့် တဖျတ်ဖျတ်တောက်၍ လာကြပေပြီ။ ဗလဂါသည် ဟန်ဆောင်၍ ငြင်းပြီးနောက် တစ်ခွက်လုံး မော့ချလိုက်ကာ ဦးထုပ်ထဲမှ ပဝါနီကို ထုတ်၍ ပါးစပ်ကို သုတ်လိုက်၏။

"ဘယ်အချိန်ထွက်မှာလဲ သခင်လေး"

"ဘယ်အချိန်လဲဆိုရင်" အနာတိုလီက နာရီကို ငုံ့ကြည့်လိုက်၏။ "အခုထွက်မှပဲကွ၊ ဟော့ကောင် ငါပြောတဲ့အချိန်ကို အရောက်မောင်းရမယ်နော်။ မှတ်မိရဲ့လား"

"အထွက်မှာ ချောချောမောမောသာဖြစ်ရင် ဘာဖြစ်လို့ မရောက်ရမှာလဲ သခင်လေး။ တဗာကို ခုနစ်နာရီနဲ့ အရောက်မောင်းခဲ့တာ မှတ်မိသေးတယ် မဟုတ်လား သခင်လေး"

"အေး၊ ဟုတ်တယ်။ တစ်ခါ နာတာလူးပွဲတော်မှာ ကျုပ်တို့ တဗာက ထွက်လာခဲ့တုန်းက ဒီကောင် မောင်းလိုက်ပုံများဗျာ၊ ကြောက်စရာတောင်ကောင်းတယ်" အနာတိုလီက မိမိအား မျက်လုံးအပြူးသားဖြင့် ပီတိဖြစ်လျက် ကြည့်နေသော မာကာရင်သို့ လှည့်၍ပြောလိုက်၏။ "မောင်းလိုက်တဲ့ကောင်၊ အသက်တောင် ဘယ်လိုရှူရမှန်းမသိဘူး။ လေထဲမှာ ပျံနေတဲ့အတိုင်းပဲ။ လမ်းမှာတွေ့သမျှ ရထားတွေ အကုန်ဖြတ်တက်ခဲ့တာပဲ။ ရထားနှစ်စင်းတောင် တိုက်ပြီး မှောက်ပစ်ခဲ့သေးတယ်"

"မြင်းတွေကလဲ မြင်းကောင်းတွေကိုး သခင်လေး



www.burmeseclassic.com

ရဲ့”ဗလဂါကစကားကို ဆက်၍ပြောလိုက်သည်။ “အဲဒီတုန်းက အတိုင်အလှည့် နှစ်ကောင်ကြားမှာ မြင်းနီမကြီးကို အူတိုင်က တပ်ထားတာကိုး။ သောက်ကျိုးနည်း ပြေးလိုက်တဲ့ ကောင်တွေ သခင်လေးရယ်၊ ယုံနိုင်စရာတောင် မရှိဘူး။ တစ်နာရီကို မိုင်လေးဆယ်ကျော်တယ်။ နှင်းတွေကလဲ သိပ်ကျလွန်းတော့ ကျွန်တော်မျိုးကြီးလဲ မြင်းဇက်ကို ကြာကြာမကိုင်နိုင်တော့ဘူးခင်ဗျ။ လက်တွေထုံကျင်လာတာပဲ။ ဒါနဲ့ ဘာပြောကောင်းမလဲ။ “သခင်လေးရေ့ မြဲမြဲသာ ကိုင်လိုက်ပေတော့” လို့ လှမ်းပြောပြီး မြင်းဇက်ကို မကိုင်တော့ဘဲ လုံးလုံးလွှတ်ပေးလိုက်ပြီး ကျွန်တော်မျိုးကြီးလဲ လိမ့်မကျအောင် စွတ်ဖားဝမ်းထဲဆင်းပြီး မှောက်လျားထိုး လိုက်လာရတယ်။ ဒီကောင်တွေ ပြေးလိုက်ကြတာ ရောက်သာရောက်ရော တစ်လမ်းလုံး တစ်ချက်ကလေး မငေါက်ရဘူး ခင်ဗျ။ ဇက်ဆွဲ မောင်းနေဖို့ဆိုတာ ဝေးရော။ တဗာကိုမောင်းတာ သုံးနာရီပဲမောင်းရတယ်ခင်ဗျ။ တဗာကိုရောက်တော့ အမောဆို့ပြီးသေတာ အတိုင်ဘက်က အကောင်ကြီး တစ်ကောင်ထဲရယ် ခင်ဗျ”

## အခန်း ၁၇

အနာတိုလီသည် အခန်းဆောင်ပြင်ဘက်သို့ ထွက်သွားပြီးနောက် မိနစ်အနည်းငယ်အကြာ၌ သားမွေးအင်္ကျီကိုဝတ်၍ ငွေခါးပတ်ကိုပတ်လျက် မြေပါမွေးနက် ဦးထုပ်ပြားကို ခေါင်းတွင် တစောင်းဆောင်းထွက်လာလေရာ ထိုအဆင်အပြင်သည် ၎င်း၏ ချောမွေ့သောမျက်နှာနှင့် လိုက်လျောလှပ၏။ အနာတိုလီသည် မှန်ကြည့်လိုက်ပြီးနောက် မှန်ရှေ့တွင် ရပ်နေသည့်အနေအထားမျိုးဖြင့်ပင် ဒိုလိုကော့ဗ်၏ရှေ့တွင်ရပ်လိုက်၍ မဒီရာအရက်ခွက်ကို ကောက်ကိုင်လိုက်သည်။

“ကဲ သွားမယ်ရောင်းရင်းရေ့။ အစစအရာရာ လိုလေသေးမရှိအောင် ကူညီတဲ့အတွက်လဲ ကျေးဇူးတင်တယ်” အနာတိုလီက ဒိုလိုကော့ဗ်ကို ပြောလိုက်၏။

“သွေးသောက်တို့၊ ရောင်းရင်းတို့”အနာတိုလီသည် မာကာရင်နှင့် အခြားလူများဘက်သို့လှည့်၍ နှုတ်ဆက်လိုက်ကာ ခေတ္တငုံ့နေသည်။

“ငါ၏ လူပျိုတော်ဘဝက သွေးသောက်တို့၊ ရောင်းရင်းတို့၊ အသင်တို့ကိုလည်း ငါ နှုတ်ဆက်ပါ၏”

မာကာရင်နှင့် အပေါင်းပါများသည် အနာတိုလီနှင့် အတူလိုက်ပါကြမည်ဖြစ်သော်လည်း အနာတိုလီမှာ မသွားခင်တွင် ၎င်း၏ရဲဘော်များ၊ ရောင်းရင်းများအား မှတ်မှတ်ရရ နှုတ်ဆက်စကား ပြောလိုပေသေးသည်။ အနာတိုလီသည် ရင်ကိုကော့၍ ခြေတစ်ဖက်ကို အနည်းငယ် ကားရပ်လျက် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

“ကဲ အားလုံး၊ ကျုပ်အတွက် အရက်သောက်ကြပါ။ ဟေ့ ဗလဂါ မင်းလဲသောက်ရမယ်။ အို ငါ၏လူပျိုဖော်ဘဝက ရဲဘော်ရဲဘက်တို့၊ သွေးသောက်တို့၊ ရောင်းရင်းတို့ ငါတို့သည် အစွမ်းကုန်သောင်းကျန်းခဲ့ကြလေပြီ။ မီးကုန်ယမ်းကုန် ပျော်ခဲ့ကြလေပြီ။ နံပါတ်ကုန် ရမ်းခဲ့ကြလေပြီ။ အင်း ပြီးတော့ ဘာပြောရပ့ါ။ ငါသည် ယခုတိုင်းတစ်ပါးသို့ သွားရချေတော့မည်။ ငါတို့သည် တစ်ဦးနှင့်တစ်ဦး ဘယ်အချိန် ဘယ်အခါကျမှ တွေ့ဆုံကြရမည်ကိုမသိ။ မည်သို့ဆိုစေ ငါတို့ကား ငါတို့၏လူပျိုဘဝကို အကျိုးရှိစွာကုန်ဆုံးစေခဲ့ကြလေပြီ။ ရဲဘော်ရဲဘက်တို့ကို ငါ နှုတ်ဆက်ပါ၏။ သွေးသောက်တို့ကို ငါနှုတ်ဆက်ပါ၏။ ရောင်းရင်းတို့ကို ငါ နှုတ်ဆက်ပါ၏။ ယနေ့မှစ၍ ငါတို့သည် မလျော့သောလုံ့လ၊ မလျော့သော ဝီရိယဖြင့် ဆတက်ထမ်းပိုးတိုး၍ သောင်းကျန်းကြကုန်အံ့၊ ပျော်ကြကုန်အံ့၊ ရမ်းကြကုန်အံ့။ ဟူရား”

အနာတိုလီသည် ဤသို့မိန့်ခွန်းခြွေ၍ ဆုတောင်းကာ မဒီရာအရက်ခွက်ကို တစ်ခွက်လုံးကုန်အောင် ဆက်တိုက် မော့ချလိုက်ပြီးနောက် ဖန်ခွက်ကို ကြမ်းပြင်ပေါ်သို့ ချွင်ခနဲမြည်အောင် ပေါက်ခွဲပစ်လိုက်၏။

“သခင်လေးရဲ့ ကျန်းမာရေးအတွက်” ဗလဂါက မဒီရာအရက်တစ်ခွက်လုံးကုန်အောင် မော့သောက်လိုက်ပြီး ပဝါဖြင့် ပါးစပ်သုတ်နေသည်။

မာကာရင်သည် အနာတိုလီကို ပွေ့ဖက်၍

“ရောင်းရင်းနဲ့ခွဲရမှာတော့ အလွမ်းသားဗျ”

“ကဲ သွားမယ်ဟေ့၊ သွားကြမယ်” အနာတိုလီက အော်လိုက်သည်။

ဗလဂါသည် အခန်းပြင်သို့ ထွက်မည်ပြုလိုက်၏။

“ဟေ့ ခဏနေကြဦး။ အခန်းတံခါးတွေ ပိတ်ပြီး ချောချောမောမောဖြစ်အောင် ဆုတောင်းရဦးမယ်” အနာ



www.burmeseclassic.com

www.burmeseclassic.com

တိုလီက ပြောလိုက်သည်။

ထို့နောက် တံခါးများကို ပိတ်လိုက်ပြီး အားလုံး ထိုင်၍ ဆုတောင်းကြသည်။*

"ကဲ ရဲဘော်တို့၊ အချိန်မရှိဘူး။ မြန်မြန်ချီတက်ကြမှ" အနာတိုလီက ထိုင်ရာမှထရင်း ပြောလိုက်သည်။

အနာတိုလီ တပည့်ဂျိုးဆက်သည် အနာတိုလီ၏ ဓားလွယ်နှင့် ဓားအိမ်ကို ယူလာ၏။ ထို့နောက် ဆင်ဝင်ရှေ့သို့ ထွက်လာလေသည်။

"ဟေး အစ်ညက်ကာ၊ သားမွေးဝတ်ရုံ ဘယ်မှာလဲဟေ့။ သွား မက်ထရီနာဆီမှာ မြွေပါမွေးနက်ဝတ်ရုံ သွားယူချည်ပါဦးဟ၊ မိန်းမခိုးတယ်ဆိုရင် မိန်းမအသုံးအဆောင်တွေ အဆင်သင့် ယူသွားရတယ်လို့ ကြားဖူးသဗျ" ဒိုလိုကော့ဗ်က မျက်စိတစ်ဖက် မှိတ်ပြ၍ ပြောလိုက်၏။ "တော်တော်ကြာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကတိုက်ကရိုက် ဆင်းလိုက်လာရတဲ့အတွက် နသားတော် ဝါဝါ ညက်ကို နှင်းပက်တဲ့အခါ မြတဘက်တရထည် ရွှေကတ္တီပါခြုံစရာမစုံတဲ့ အတွက်ကြောင့် ရွှေရင်အုံမလုံပန်းရင်ဖြင့် ကျုပ်တို့ ရောင်းရင်းကြီး ရင်နှစ်ခြမ်း ဖြန်းခနဲ ကွဲရချည့်ကွယ်ရို့။ ကဲ ရောင်းရင်းကြီး ခပ်မြန်မြန်လေး လုပ်ဗျ။ တော်တော်ကြာ နာရီညောင်းလို့ အချိန်နှောင်းသွားမှဖြင့် ထားနမပင်တိုင်စံမှာ ရွှေလည်တိုင်ဖော့ရိုး ကျိုးတော့မတတ်၊ တဖျတ်ဖျတ် ရွှေသည်းတုန်၊ ဘဝင်များခုန်တဲ့ပြီး၊ ဆောင်းလေဟုန် သရမ်းတဲ့အတွက်၊ ဖေဖျားရယ် ချမ်းလှချည့်၊ မေဖျားရယ် ချမ်းလှချည့်၊ မောင်တော်ရယ် ပန်းလှချည့်ဆိုပြီး နှင်းတောကြီး တင်းကြမ်းထဲမှာ မလှမ်းသာလှမ်းသာ ရွှေစိတ်တော် ခပ် ဟာဟာနဲ့ စံအိမ်ပေါ် ပြန်တက်သွားမှဖြင့် ခဲလေသမျှ သဲရေကျ ဖြစ်ရလိမ့်မယ်ဗျ။ ဒီတော့ အချိန်မနှောင်းမီ ဒုန်းမောင်းကြရလိမ့်မယ်။ ဟိုရောက်ရင်တော့ မခက်တော့ပါဘူး။ ရောင်းရင်းက အတင်းပြေးဆင်းတဲ့ပြီး ဝင်းဝင်းနုနု ထိလိုက်လျှင် သွေးခြည်ဥမတတ်ရှိတဲ့ ပခုံးသား အိအိကလေး ကို ခပ်ဖိဖိကိုင်၊ ဟောဒီသားမွေး ဝတ်စုံကို ခပ်ပိုင်ပိုင်ခြုံပေး။ ပြီးတော့မှ စွေ့ခနဲနေအောင်ပွေ့လို့ ရထားပေါ်တင်။ အဲဒီ အခါကျတော့မှ ခင်ဗျားရဲ့ထားခင်ခင်က အဟင့် မောင်မောင်ရယ် ချမ်းလှချည့်လေးဆိုရင် ရင်ခွင်မှာပွေ့ပြီး၊ ရင်ငွေ့နဲ့ နွေးအောင် ထွေးပေတော့"

အစေခံမိန်းမကြီးက မြေခွေးမွေးကွပ်ဝတ်ရုံကို ယူလာလေသည်။

"အို ဒီမိန်းမကြီးဟာ တော်တော်ခက်ပါကလား။ မြွေပါမွေးနက်ဝတ်ရုံကိုယူခဲ့ပါလို့ ပြောရက်သားနဲ့။ ဟေး မက်ထရီနာ။ ဒီဝတ်ရုံမဟုတ်ဘူးဟေ့။ မြွေပါမွေးနက်ဝတ်ရုံကိုပြောတာ" ဒိုလိုကော့ဗ်က အော်၍ ပြောလိုက်လေရာ သူ့အသံမှာ တစ်အိမ်လုံး ဟိန်းသွားလေသည်။

ကိုယ်လုံးသွယ်သွယ်၊ မျက်နှာခပ်ဖျော့ဖျော့၊ မည်းနက်တောက်ပြောင်သော မျက်လုံးများရှိ၍ လှိုင်းတွန့်ထလျက်ရှိသည့် ဆံပင်များဖြင့် လှပချောမောသော ဂျစ်ပစီမတစ်ယောက်သည် အနီရောင်ပဝါတစ်ထည်ကို ခြုံထားလျက် မြွေပါးမွေးနက် ဝတ်ရုံအင်္ကျီကို လက်မောင်းတွင် ပိုက်ကာ ပြေးထွက်လာသည်။

"ရော့ပါ အစ်ကို။ မနှမြောပါဘူး၊ ယူသာသွား" မက်ထရီနာက မြွေပါမွေးနက်အင်္ကျီကို လှမ်းပေးလိုက်၏။ သခင်ဖြစ်သူ ဒိုလိုကော့ဗ်ကို ကြောက်၍သာ ပေးလိုက်ရခြင်းဖြစ်သော်လည်း ဝတ်ရုံအင်္ကျီကို နှမြောလျက်ရှိလေ၏။

ဒိုလိုကော့ဗ်သည် တစ်စုံတစ်ရာပြန်၍ ပြောဆိုခြင်းမပြုဘဲ မြွေပါမွေးနက်ဝတ်ရုံကိုယူ၍ မက်ထရီနာ၏ ကိုယ်ပေါ်တွင် လွှမ်းခြုံပေးလိုက်ပြီးနောက်

"ဒီမှာကိုယ်လူ၊ ခြုံပေးရင် ဒီလိုဖြစ်အောင် ခြုံပေးရတယ်ဗျ။ ကြည့်ထား"

ဒိုလိုကော့ဗ်သည် သားမွေးအင်္ကျီ လည်ထောင်ကို မက်ထရီနာ၏ ခေါင်းတစ်ခုလုံးကို မြုပ်သွားအောင် ပတ်ပြလိုက်ပြီး ရှေ့က မျက်နှာကွက်ကွက်ကလေးမျှသာ ဖော်ထားသည်။

"ပြီးတော့ ဟောဒီလို ဟောဒီလို"

ဒိုလိုကော့ဗ်သည် အနာတိုလီ၏ခေါင်းကို ကိုင်လျက် သားမွေးအင်္ကျီကြားထဲမှ ကွက်ကွက်ကလေးမျှသာ ပေါ်နေသော မက်ထရီနာ၏မျက်နှာနားသို့တိုးကပ်၍ ပေးလိုက်၏။ မက်ထရီနာ၏ မျက်နှာသည် ပြုံးလျက်ရှိလေ၏။

"ကဲ... သွားမယ် မက်ထရီနာရေ့" အနာတိုလီက မက်ထရီနာကိုနမ်းလိုက်၏။ "မော်စကိုက ခဏ ဇာတ်မြှုပ်နေလိုက်ဦးမယ်၊ သွားမယ်နော်။ ချောချောမောမော ဖြစ်ပါစေဆိုတာ ဆုတောင်းပေးပါကွာ"

* ရုရှားလူမျိုးများသည် ခရီးမသွားမီ အခန်းတံခါးပိတ်၍ ဆုတောင်းလျှင် အန္တရာယ်ကင်းသည်ဟု ယူဆကြသည်။



www.burmeseclassic.com

 www.burmeseclassic.com 

"ချောချောမောမောဖြစ်အောင် ဘုရားသခင်မပါစေရှင်" မက်ထရီနာက ဂျစ်ပစီသံ ခပ်ဝဲဝဲဖြင့် ပြောလိုက်၏။

မြင်းသုံးကောင်တပ် စွတ်ဖားနှစ်စီးသည် ဆင်ဝင်ရှေ့တွင် အသင့်ရပ်လျက်ရှိကြ၍ ခပ်ရွှယ်ရွှယ် ရထားသမားနှစ်ယောက်တို့က မြင်းများကို ကိုင်ထားကြ၏။ ဗလဂါသည် ရှေ့ကစွတ်ဖားတွင် ဝင်ထိုင်လိုက်ပြီးနောက် ဖက်ကြိုးများကို ဟန်ပါပါ ကောက်ကိုင်လိုက်သည်။ အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့သည် ဗလဂါမောင်းသည့် စွတ်ဖားပေါ်သို့ တက်ကြ၏။ မာကာရင်၊ ခမိုစတီကော့နှင့် အစေခံတစ်ဦးတို့က နောက်ကစွတ်ဖားပေါ်တွင် ထိုင်ကြလေသည်။

"ကဲ အားလုံးအဆင်သင့် ဖြစ်ပြီနော်" ဗလဂါက မေးလိုက်သည်။

"ဟဲ့ ဖေ့သားကြီးတွေ" ဗလဂါသည် တစ်ချက်မျှ အော်လိုက်၍ ဖက်ကြိုးများကို လက်ကောက်ဝတ်တွင် ရစ်ပတ်လိုက်သည်၌ စွတ်ဖားသည် နီကစ်စကီရိပ်သာ လမ်းမကြီးတစ်လျှောက် ပြေးလျက် ရှိလေသည်။

"ဟေး ရှားကြနော်၊ ရှောင်ကြ။ ဟော့ ဖေ့သားကြီးကွ။ ကြိတ်လိုက်"ဗလဂါ၏အော်သံနှင့်ဆုံပေါ်တွင် ထိုင်လိုက်လာသော လက်ထောက်၏အော်သံကိုသာ ကြားရ၏။ အာရဗတ်ပန်းခြံအနီးသို့အရောက်တွင် ဗလဂါ၏ စွတ်ဖားသည် ကရထားတစ်စင်းကို ဝင်ရောက် တိုက်ပစ်လိုက်လေရာ ဂျိုးဂျိုးဂွမ်းဂွမ်းမြည်သံနှင့် အော်သံများကို ကြားလိုက်ရပြီးနောက် ထိုအသံများသည် အဝေးတွင် ကျန်ရစ်ခဲ့ကြ၏။ စွတ်ဖားမှာကား အာရဗတ်လမ်းတစ်လျှောက်တွင် လေဟုန်စီးသကဲ့သို့ ပြေးလျက်ရှိလေသည်။

ပေါ့ဒနော့ဗင်စကီရိပ်သာ လမ်းမတစ်လျှောက်မှ လမ်းချိုးတစ်ခုကို ကွေ့လိုက်ပြီးနောက်တွင် ဗလဂါသည် ဖက်ကုန်ဆွဲ၍ မောင်းခဲ့ကာ ကွန်ယူရှုနီလမ်းဟောင်းဘက်သို့ ကူးခါနီး၌ ရပ်လိုက်၏။

ခုံပေါ်တွင်လိုက်လာသည့် လက်ထောက်သည် ခုန်ဆင်းကာ မြင်းများကိုဆွဲထား၍ အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့ကလည်း စင်္ကြံအတိုင်းလျှောက်လာခဲ့ကြ၏။ စံအိမ်ကြီး၏ ဝင်းတံခါးမကြီးသို့အရောက်တွင် ဒိုလိုကော့ဗ်က လေချွန်၍အချက်ပေးလိုက်သည်။ အိမ်ဝင်းထဲမှ ပြန်၍ လေချွန်သံ ကြားရပြီးနောက် အစေခံမိန်းမ တစ်ယောက် ပြေးထွက်လာလေသည်။

"သခင်လေးတို့ ဝင်းထဲကို မြန်မြန်ဝင်ဖျာ့။ နို့မို့ရင် အိမ်ပေါ်ထပ်က လှမ်းမြင်နေရလိမ့်မယ်။ သခင်မလေးလဲ ချက်ချင်းဆင်းလာလိမ့်မယ်။ မြန်မြန်ဝင်ပါဖျာ့" အစေခံမိန်းမက ပြော၏။

ဒိုလိုကော့ဗ်သည် တံခါးဝတွင်အစောင့်အဖြစ် ကျန်ရစ်ခဲ့သည်။ အနာတိုလီသည် အစေခံမိန်းမနောက်သို့ လိုက်လာခဲ့၍ အိမ်ဘေးသို့ပြေးကပ်ပြီးနောက် ဆင်ဝင်အောက် မှောင်ရိပ်ထဲတွင် ရပ်၍စောင့်နေသည်။

ဆင်ဝင်အောက်၌ကား မာယာဒီမီထရီယက်ဗ်နာ၏အစေခံဖြစ်၍ ဘီလူးကြီးတစ်ကောင်ပမာ ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ကြီးရှိသည့် ဂေဗရီယဲနှင့် ပက်ပင်းသွားတိုးနေလေသည်။

"ကျေးဇူးပြုပြီး သခင်မကြီးထံ လိုက်ခဲ့ပါခင်ဗျာ" ဂေဗရီယဲက အနာတိုလီပြန်၍ မပြေးနိုင်အောင် အဆင်သင့်ပြင်ထားပြီး အသံသြသြကြီးဖြင့် ပြောလိုက်၏။

"ဘယ်က သခင်မကြီးလဲကွ၊ မင်းက ဘယ်သူလဲ" အနာတိုလီက လေသံကလေးဖြင့် ခပ်တိုးတိုး မေးလိုက်သည်။

"ကျေးဇူးပြုပြီး အထဲဝင်လိုက်ခဲ့ဗျာ။ ပြောစရာရှိနောက်မှပြော။ ခင်ဗျားကို ခေါ်ခဲ့ရမယ်လို့ အမိန့်ရှိထားတယ်"

"ဗျို့ အနာတိုလီ၊ ပြန်ထွက်ခဲ့တော့ဗျို့။ လူယုံသတ်ခံရပြီ။ မြန်မြန်ပြန်ထွက်ခဲ့" ဒိုလိုကော့ဗ်က အပြင်မှ လှမ်းအော်သည်။

အနာတိုလီ အိမ်ဝင်းထဲသို့ ဝင်သွားပြီးနောက်၌ ဒိုလိုကော့ဗ်သည် မလွယ်ပေါက်အနီးတွင် ကျန်ရစ်ခဲ့လေရာ အနာတိုလီ ပြန်မထွက်နိုင်ရန်အတွက် ဝင်းစောင့်သူက မလွယ်ပေါက်တံခါးကို ပိတ်ရန်လာသည်တွင် ဒိုလိုကော့ဗ်နှင့် ဝင်းစောင့်တို့ လုံးထွေးသတ်ပုတ်ကြရသည်။ ဒိုလိုကော့ဗ်သည် မလွယ်ပေါက်ကို ပိတ်အံ့ဆဲဆဲ ဝင်းတံခါးစောင့်အား တံခါးမပိတ်နိုင်ရန် အစွမ်းကုန် ခုခံတားဆီးလျက် ရှိကာ နောက်ဆုံးတွင် ဝင်းတံခါးစောင့်ကို တွန်းလှဲပစ်လိုက်နိုင်၏။ အနာတိုလီ ပြေးလာသောအခါ၌ အနာတိုလီကို လက်မောင်းမှဖမ်းဆွဲကာ မလွယ်ပေါက်မှဆွဲထုတ်ခဲ့ပြီး စွတ်ဖားဆီသို့ အနာတိုလီနှင့် အတူပြန်ပြေးလာခဲ့လေသည်။



www.burmeseclassic.com

# အခန်း ၁၈

မာယာဒီမီထရိယဖ်နာသည် အဆောင်ကူး စင်္ကြံကြား တွင် ငိုလျက်ရှိသော ဆွန်ယာကိုတွေ့သည်၌ အကျိုး အကြောင်းကို မရမက မေးမြန်းကာ နာတာရှာသို့ အချိန်း အချက်ပြုသောစာကို အစေခံမိန်းမထံမှ ဖြတ်ယူ ဖတ်ကြည့် ပြီးနောက် စာကိုယူဆောင်၍ နာတာရှာ၏ အခန်းထဲသို့ ဝင်လာခဲ့လေသည်။

"တယ်တော်တယ်ပေါ့လေ ဟင်။ ဘာပြောဦး မလဲ" မာယာဒီမီထရိယက်ဗ်နာက ပြောလိုက်၏။

မာယာဒီမီထရိယက်ဗ်နာသည် အံ့အားသင့်လျက်ရှိ ၍ မျက်ရည်ခန်းခြောက်လျက်ရှိသော မျက်လုံးများဖြင့် အငေးသားကြည့်နေသော နာတာရှာကို အခန်းထဲတွင် ပိတ်၍ သော့ခတ်ထားလိုက်သည်။ ထို့နောက် ညဥ့်အချိန် တွင် လူစိမ်းသူစိမ်းများရောက်လာခဲ့က ဝင်းတံခါးဖွင့်ပေး၍ ဝင်ခွင့်ပြုရန်၊ သို့သော်လည်း အထဲသို့ရောက်သည်နှင့် ထွက်ခွင့်မပေးဘဲ ဝင်းတံခါးကို ပြန်ပိတ်ထားရန် ဝင်းစောင့် အား အမိန့်ပေးကာ ထိုသူများရောက်လာက မိမိထံသို့ ခေါ်ဆောင်လာခဲ့ရန်ကိုလည်း မိမိ၏ ကျွန်ယုံကြီး ဂေဗရီ ယဲအား အမိန့်ပေးပြီးနောက် ဧည့်ခန်းဆောင်တွင် ထိုင်လျက် မိန်းမခိုးသူများအလာကို စောင့်ဆိုင်းလျက် ရှိလေသည်။

ဂေဗရီယဲ ရောက်လာ၍ အိမ်ဝင်းထဲသို့ဝင်ရောက် လာသူများ ပြန်ထွက်ပြေးကြပြီဖြစ်ကြောင်း ပြောဆိုသည့် အခါတွင် မာယာဒီမီထရိယက်ဗ်နာသည် မျက်မှောင်ကုတ် ၍ ထိုင်ရာမှထလိုက်ကာ မည်သို့ပြုရမည်နည်းဟု စဉ်းစား ရင်း အခန်းထဲတွင် အချိန်အတော်ကြာမျှ လက်နှစ်ဖက်ကို နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။ သန်းခေါင်ယံမရောက်မီ၌ မာယာဒီမီထရိယက်ဗ်နာသည် အိတ်ထဲမှ သော့ကိုစမ်းကာ နာတာရှာ၏အခန်းသို့ လာခဲ့ ၏။ ဆွန်ယာကား ဆောင်ကူးစင်္ကြံကြားတွင်ထိုင်ကာ တရှုပ်ရှုပ် ငိုလျက်ရှိလေသည်။ နာတာရှာ၏ အခန်းထဲသို့ လိုက်ခွင့်ပြုရန် တောင်းပန်သော်လည်း မာယာဒီမီထရိ ယက်ဗ်နာသည် အဖြေပြန်မပေးဘဲ သော့ဖွင့်ကာ အခန်းထဲ သို့ ဝင်သွားလေသည်။

'တော်တော်မိုက်တဲ့ကောင်မလေး ဟင်း။ မျက်နှာ ကို အိုးမည်းသုတ်တဲ့မိန်းမ။ ကြည့်စမ်းပါဦးတော် ကျုပ်အိမ် မှာ ကျုပ်တစ်ယောက်လုံးရှိရက်နဲ့ ခိုးရာလိုက်မလို့တဲ့။ တော်တော် စောက်ကမြင်းထတဲ့ကောင်မလေး။ ပြည့်တန် ဆာမလေး ဟင်း။ ငါ အဖေကြီးကိုသနားလို့၊ နို့မို့ရင်လား ဟင်း'

မာယာဒီမီထရိယက်ဗ်နာသည် စိတ်ထဲမှ တတွတ် တွတ်ရွတ်လျက် ဒေါသကို မနည်းကြီး ချုပ်တည်းထားရ ၏။

'အိမ်မှာလဲ ပါးစပ်ပေါက်တွေက များပါဘိသနဲ့။ အဖေကြီးများသိသွားရင် ဘယ်လောက် ရင်ကျိုးလိုက်မလဲ။ အိမ်ကဟာတွေ နှုတ်ပိတ်ထားဦးမှ'

မာယာဒီမီထရိယက်ဗ်နာသည် ခန်းဆောင်ထဲသို့ ခြေသံပြင်းပြင်း နင်း၍ဝင်လာ၏။ နာတာရှာသည် မျက်နှာ ကို လက်ဝါးဖြင့်အုပ်ကာ ထိုင်ဖုံပေါ်တွင် လဲလျောင်းလျက် ရှိသည်။ တုတ်တုတ်မျှ မလှုပ်ချေ။ မာယာဒီမီထရိယက်ဗ် နာ အခန်း လော့င်ပိတ်ထားစဉ်က အနေအထားအတိုင်းပင် ရှိလေသည်။

"တယ်တော်တဲ့ မိန်းကလေးပဲနော်။ တော်လှ တော်လှနဲ့ ခုတော့ ယောက်မမြင်းစီးထွက်သပေါ့၊ ဟုတ်စ။ တော်တော်ချီးမွမ်းဖို့ကောင်းတဲ့ မိန်းကလေးပဲ။ ကျုပ်အိမ်ထဲ မှာ ရည်းစားတွေနဲ့ ချိန်းတွေ့မလို့တဲ့ ဟုတ်စ။ ညည်း မုန်လာဥ လုပ်ချင်သေးသလား ဟင်။ ဟဲ့ မိန်းမ ပြောတာ မကြားဘူး လား ဟင်"

မာယာဒီမီထရိယက်ဗ်နာသည် နာတာရှာ၏ လက် မောင်းကို ပုတ်လိုက်၏။

"ပြောရင် နားထောင်စမ်းပါအေ့။ ညည်းလုပ်ပုံ ညည်းပြန်စဉ်းစားကြည့်စမ်း ဟင်။ ဘယ်လောက် ရှက် စရာကောင်းသလဲ ။ ပြည့်တန်ဆာတန်းက၊ ပြည့်တန်ဆာ မတွေ ကျနေတာပဲ ဟင်။ မရှက်ဘူးလား။ ငါလေ လုပ် လိုက်ပြန်ရော့မယ် ဟင်း။ အဖေကြီးကို သနားလို့ ဒီတစ် ခါတော့ ငါ ဒီကိစ္စကို ဖုံးထားမယ်၊ ကြားရဲ့လား မိန်းမ"

နာတာရှာကား အနေအထား မပြောင်းသေးချေ။ သို့ရာတွင် ကျိတ်၍ ငိုရှိုက်လျက်ရှိသည့်အတွက် နာတာရှာ ၏ ကိုယ်ကလေးသည် တသိမ့်သိမ့်လှုပ်ရှားလျက် ရှိ၏။ မာယာဒီမီထရိယက်ဗ်နာသည် အပြင်ဘက်က ဆွန်ယာကို ပြန်ကြည့်လိုက်ပြီးနောက် ထိုင်ဖုံပေါ်တွင် နာတာရှာ့ဘေး မှ ထိုင်လိုက်၏။



www.burmeseclassic.com

"သင်း ငါ့လက်က လွတ်သွားတာ တော်တော် ကံကောင်းတယ်။ ဒါပေမဲ့ သင်းကို မတွေ့ မနေသေးဘူး။ တွေ့အောင်ကို ရှာဦးမယ်" မာယာဒီမီထရိယက်ဗ်နာက ပြော၏။ "ဟဲ့ ပြောနေတာများ ကြားရဲ့လား"

မာယာဒီမီထရိယက်ဗ်နာသည် ၎င်း၏ ကြီးမားသော လက်ကြီးဖြင့် နာတာရှာ၏ မျက်နှာကိုဆွဲ၍ လှန်လိုက်သည်။ မာယာဒီမီထရိယက်ဗ်နာနှင့် ဆွန်ယာတို့သည် နာတာရှာ၏ မျက်နှာကို မြင်လိုက်ရသည့်အခါ၌ အံ့အားသင့်သွားကြသည်။ နာတာရှာ၏ မျက်လုံးများမှာ မျက်ရည်တို့ ခန်းခြောက်ကာ တောက်ပလျက်ရှိ၍ နှုတ်ခမ်းများ သွေ့ခြောက်ရှုံ့တွပြီး ပါးများချိုင့်ဝင်လျက် မေးရိုးငေါငေါပေါ်နေ၏။

"နာတာရှာ့ဘာသာ နာတာရှာ ခံမယ်။ ဖြစ်ချင်ရာဖြစ်စေတော့။ သေချင်လဲ သေပစေတော့" နာတာရှာသည် အော်၍ မာယာဒီမီထရိယက်ဗ်နာ၏လက်မှ ရုန်းထွက်ကာ ယခင်ကအတိုင်း မျက်နှာကို လက်ဝါးနှင့်အုပ်၍ မှောက်နေပြန်သည်။ မာယာဒီမီထရိယက်ဗ်နာသည် နာတာရှာကို သနားသွား၏။

"နာတာရှာ" မာယာဒီမီထရိယက်ဗ်နာက ခေါ်လိုက်၏။ "အရီးတော်က နာတာရှာကောင်းဖို့ ပြောတာပါကွယ်။ ကဲ ကဲ ငြိမ်ငြိမ်နေပါ။ အရီးတော် လက်ဖျားကလေးနဲ့တောင် မထိပါဘူး။ ဒါပေမဲ့ အရီးတော်ပြောတာ နားထောင်ပါဦးကွယ်။ ခုကိစ္စမှာ နာတာရှာ ဘယ်လောက်အပြစ်ရှိမယ်ဆိုတာကို အရီးတော် မပြောတော့ပါဘူး။ နာတာရှာ့ဘာသာ နာတာရှာသိပါတယ်။ ဒါပေမဲ့ မနက်ဖြန် ဖေဖျားပြန်လာတော့ အရီးတော် သူ့ကို ဘယ်လိုပြောရမလဲ။ ဘယ်လို မျက်နှာပြရမလဲ ဟင်"

နာတာရှာမှာ ရှိုက်လျက်ရှိပြန်သဖြင့် ကိုယ်ကလေး တသိမ့်သိမ့် တုန်လျက်ရှိသည်။

"ဖေဖျားသိသွားရင် ဘယ့်နှယ်လုပ်မလဲ နာတာရှာ။ နီကိုလေနဲ့ အင်ဒရေသိရင်ကော မခက်ပေဘူးလား"

"အင်ဒရေ သိတော့ကော ဘာဖြစ်သလဲ။ အင်ဒရေနဲ့ ဘာမှ မဆိုင်တော့ဘူး။ နာတာရှာ့မှာ စေ့စပ်ထားတဲ့လူ မရှိတော့ဘူး။ ဖျက်လိုက်ပြီ" နာတာရှာက ငို၍ ပြောလိုက်သည်။

"အေးလေ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို သူတို့သိသွားရင် အေးအေးဆေးဆေး ပြီးသွားလိမ့်မယ်ထင်သလား။ ဖေဖျားအကြောင်းကို အရီးတော် ကောင်းကောင်းသိတယ် နာတာရှာ။ တကယ်လို့ ဖေဖျား ဒီသတင်း ကြားသွားပြီး အနာတိုလီနဲ့ ချိန်းသတ်ရင် မခက်ပါလားဟင်"

"အို နာတာရှာ့ဘာသာ ဖြစ်ချင်ရာဖြစ်ပစေ။ ဘာဖြစ်လို့ ဝင်ပြီး နှောင့်ယှက်ချင်ကြတာလဲ။ ဘာဖြစ်လို့ ဝင်ရှုပ်ချင်ကြတာလဲ။ ဘယ်သူက ဝင်အပါခိုင်းလို့ ပါကြတာလဲ" နာတာရှာက အော်လိုက်ပြီးနောက် ထိုင်ဖုံပေါ်တွင် ထထိုင်ကာ မာယာဒီမီထရိယက်ဗ်နာကို ငြိုးသူရန်ဘက်သဖွယ် ကြည့်နေသည်။

"ဒီစကားကိုပြောပြန်ပလား" မာယာဒီမီထရိယက်ဗ် နာမှာ ဒေါသထွက်လာပြန်သည်။ "အခန်းထဲ ပိတ်လှောင်ခံထားရတာ မမှတ်သေးဘူးလား။ သူ့ကို ဒီအိမ်မလာနဲ့လို့ ဘယ်သူကတားလို့လဲ။ ပြီးတော့ ကြည့်စမ်းပါဦး။ တူမတော်ကို ဂျစ်ပစီကခြေသည်မတွေလို ပေါက်လွှတ်ပဲစားတွေများ အောက်မေ့နေသလား မသိဘူး။ ပက်ပက်စက်စက် ခိုးပြေးမလို့ကြံသတဲ့။ ကဲ ခိုးပြေးပါပြီတဲ့။ သူ့ကို ရှာလို့ မတွေ့တော့ဘူးတဲ့လား။ ဖေဖျားရယ်၊ နီကိုလေရယ်၊ အင်ဒရေရယ်က သူ့ကို ဒီအတိုင်းကြည့်နေမှာတဲ့လား ဟင်။ တော်တော်ယုတ်တဲ့ သူငယ်"

"အရီးတော် ဒီလိုမပြောပါနဲ့၊ မယုတ်ဘူး။ စိတ်သဘောထားပြည့်ဝတဲ့နေရာမှာ အရီးတော်တို့အားလုံးနဲ့ ဘာမှမဆိုင်ဘူး သိလား" နာတာရှာသည် ထိုင်ရာမှ ထလိုက်သည်။ "အရီးတော်တို့ ဝင်ရှုပ်လို့ ဒီလိုဖြစ်ရတာ။ အရီးတော်တို့ ဝင်မရှုပ်ရင်၊ ဟင်း သွားကြ သွားကြ"

မိမိပြုသောအမှုကြောင့် တစ်စုံတစ်ရာ ဥပါဒ်အန္တရာယ်ရောက်၍လာသည့်အခါတွင် ယူကျုံးမရဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ ဖြစ်ကြရသည့်အတိုင်း နာတာရှာမှာလည်း စိတ်ပျက်အားငယ်လျက် ဖြေဆည်၍မရနိုင်ဘဲ အားရပါးရ ရှိုက်ငိုနေမိသည်။ မာယာဒီမီထရိယက်ဗ်နာက စကားဆက်ပြောမည်ပြုလိုက်၏။ သို့ရာတွင် နာတာရှာသည် အပြောမခံတော့ဘဲ

"သွားကြ သွားကြ။ နာတာရှာ့အနားကို တစ်ယောက်မှ မလာကြနဲ့။ နာတာရှာ့ကို မုန်းနေကြတာ။ နာတာရှာ့ကို နှိပ်စက်နေကြတာ။ နာတာရှာ့ကို ညှဉ်းဆဲနေကြတာ"



www.burmeseclassic.com

နာတာရှာသည် ထိုင်ဖုံပေါ်တွင် ပစ်လှဲ ချလိုက်၍ အားရပါးရ ငိုနေပြန်သည်။

မာယာဒီမီထရိယက်ဗ်နာသည် အတော်ကြာအောင် နာတာရှာအား ဖျောင်းဖျောင်းဖျဖျ ဆုံးမလျက် ရှိ၏။ ဤကိစ္စအားလုံးကို ဖခင်ကြီး မသိဖို့ အရေးကြီးကြောင်း၊ ပြီးခဲ့သမျှကို နာတာရှာက မေ့မေ့ပျောက်ပျောက် သဘောထား၍ ဟန်မပျက် နေလိုက်ပါလျှင် မည်သူမျှ ရိပ်မိမည် မဟုတ်ကြောင်း၊ မိမိကလည်း ဤကိစ္စများ အားလုံးကို မည်သူမျှ မသိအောင် ဖုံးဖိထားရမည်ဖြစ်ကြောင်း ပြောဆိုလျက် ရှိလေသည်။ နာတာရှာသည် ဘာမျှပြန်ပြောခြင်းမရှိ။ ငို ကြွေးခြင်းလည်း မပြုတော့ချေ။ သို့ရာတွင် တစ်ကိုယ်လုံး အေးစက်ကာ ခိုက်ခိုက်တုန်စ ပြုလာလေသည်။ မာယာဒီမီ ထရိယက်ဗ်နာသည် နာတာရှာ၏ ခေါင်းအောက်တွင် မှီအုံးတစ်လုံးကိုခုပေးလိုက်၍ စောင်နှစ်ထည်ထပ်ခြုံပေး လိုက်ပြီး ကိုယ်တိုင် သံပရာရည်ဖျော်၍တိုက်၏။ သို့ရာတွင် နာတာရှာသည် တုတ်တုတ်မျှမလှုပ်တော့ချေ။

"အိပ်ပစေ အိပ်ပစေ" မာယာဒီမီထရိယက်ဗ်နာ သည် နာတာရှာ အိပ်ပျော်နေပြီဟု ထင်မှတ်ကာ အခန်း ပြင်သို့ ထွက်လာခဲ့လေသည်။

သို့ရာတွင် နာတာရှာမှာ အိပ်မပျော်သေးချေ။ နာတာရှာသည် ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိသောမျက်နှာ၊ ငေးကြောင်သော မျက်လုံးများဖြင့် ရှေ့တူရူကို ကြည့်လျက် ရှိ၏။ ထိုညတစ်ညလုံးပင် နာတာရှာသည် အိပ်လည်းမအိပ် ငိုလည်းမငို။ မိမိအိပ်ရာအနီးသို့ မကြာခဏ ရောက်လာ သည့် ဆွန်ယာကိုလည်း စကားတစ်ခွန်းမျှ မပြောတော့ချေ။

နောက်တစ်နေ့တွင် မြို့စားကြီး ရော့စတော့ဗ်သည် ပြောသွားသည့်အတိုင်း မော်စကိုအနီးတွင် ပိုင်စားနယ်မြေ မှ နေ့လယ်စာအမီ ပြန်၍ရောက်လာ၏။ မြို့စားကြီးရော့စ တော့ဗ်မှာ အထူးရွှင်ပျလျက်ရှိ၏။ မြေအရောင်းအဝယ် ကိစ္စမှာ ချောမောပြေပြစ်လျက်ရှိရာ ၎င်း၏ ချစ်လှစွာသော မြို့စားကတော်ကြီးနှင့် ခွဲ၍ မော်စကိုတွင် နောက်ထပ် ဆက်လက်နေထိုင်ရန် အကြောင်းမရှိတော့ချေ။ မာယာဒီမီ ထရိယက်ဗ် နာသည် မြို့စားကြီးရော့စတော့ဗ်ကို ကြိုဆို၍ နာတာရှာမှာ ယမန်နေ့က နေထိုင်မကောင်းဖြစ်သဖြင့် ဆရာဝန်ခေါ်ရကြောင်း၊ ယခုသက်သာသွားပြီဖြစ်ကြောင်း နှင့် ပြောထားနှင့်သည်။ နာတာရှာသည် ထိုနေ့တစ်မနက် လုံး အခန်းတွင်းမှာသာ အောင်းနေသည်။ ခြောက်သွေ့ရှုံ့တွ လျက်ရှိသော နှုတ်ခမ်းများ၊ အရောင်အဆင်းကင်း၍ လှုပ်ရှားခြင်းမရှိသော မျက်လုံးများဖြင့် နာတာရှာသည် ပြတင်းဝတွင် ငိုင်လျက်ရှိရာ လမ်းမပေါ်တွင် သွားလာ မောင်းနှင်နေကြသော ကရထားများကိုလည်းကောင်း အခန်းဝသို့ ရောက်လာသူများကို လည်းကောင်း မလှုံမလဲ ကြည့်နေတတ်၏။ နာတာရှာသည် အနာတိုလီ၏ သတင်း နှင့်တကွ အနာတိုလီသည် လူကိုယ်တိုင်သော်လည်း ကောင်း၊ ၎င်းထံမှ စာသော်လည်းကောင်း ရောက်လာချေဦး မည်လောဟု စောင့်မျှော်လျက် ရှိလေသည်။

မြို့စားကြီး ရော့စတော့ဗ် လာရောက်ကြည့်ရှုသည့် အခါတွင် နာတာရှာသည် ယောကျ်ားတစ်ယောက်၏ ဖိနပ်သံကို ကြားလိုက်ရသည့်အတွက် မျှော်လင့်ကြီးစွာဖြင့် နောက်ပြန်လှည့်ကြည့်လိုက်မိသည်။ ထိုနောက်တွင်ကား နာတာရှာ၏ မျက်နှာမှာ နဂိုဖြစ်သော အေးစက်တင်းမာ သည့် မျက်နှာထားအဖြစ်သို့ ပြန်ရောက်သွားလေသည်။

"ဘာဖြစ်လို့လဲ သမီးထွေး။ နေမကောင်းဘူးလား" ဖခင်မြို့စားကြီး ရော့စတော့ဗ်က မေးလိုက်၏။

နာတာရှာသည် ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ "ဟုတ်ကဲ့ ဖေဖျား"

ဖခင်မြို့စားကြီးက မည်သည့်အတွက်ကြောင့် နာ တာရှာ ဤမျှ စိတ်ဝမ်းညှိုးငယ်လျက်ရှိကြောင်းနှင့်တကွ မင်းသားကလေး အင်ဒရေနှင့် ပတ်သက်၍ တစ်စုံတစ်ရာ စိတ်မချမ်းသာဖွယ်သတင်းကို ကြားရလေသလောဟု မေးမြန်းစုံစမ်းခြင်း ပြုသည်တွင် နာတာရှာသည် မည်သို့မျှ ထူးထူးခြားခြား မဖြစ်ကြောင်း၊ မိမိအတွက် ဘာမျှ စိတ် အနှောင့်အယှက် ဖြစ်စရာမလိုကြောင်းဖြင့် ပြန်ပြောလိုက် ၏။ မာယာဒီမီထရိယက်ဗ်နာကလည်း နာတာရှာမှာ မည်သို့မျှ မဖြစ်ကြောင်းဖြင့် ထောက်ခံ ပြောဆိုလိုက်သည်။ သမီးထွေး နာတာရှာ နေမကောင်းဟု အကြောင်းပြခြင်း၊ နာတာရှာ ပူဆွေးသောကရောက်လျက်ရှိခြင်း၊ ဆွန်ယာနှင့် မာယာဒီမီထရိယက်ဗ်နာတို့ အခြေပျက်လျက်ရှိခြင်းတို့ကို ထောက်၍ မိမိမရှိစဉ်အတောအတွင်း တစ်စုံတစ်ခု ဖြစ် လေပြီဟု မြို့စားကြီး သိလိုက်သည်။ သို့ရာတွင် မိမိ၏ ချစ်မြတ်နိုးလှစွာသော သမီးထွေး နာတာရှာ၌ မဖွယ်မရာ တစ်စုံတစ်ခု ဖြစ်လေပြီဟု တွေးခြင်းငှာ မရဲဝံ့သည့်ပြင်



www.burmeseclassic.com

မိမိကိုယ်နှိုက်ကလည်း မိမိ၏ ရွှင်လန်းချမ်းသာစွာ နေရခြင်း အဖြစ်ကို စုံမက်တန်ဖိုး ထားသည့် အလျောက် နောက်ထပ် တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုမိအောင် ရှောင်ကွင်း၍ ထူးထူးခြားခြား ဘာမှမဖြစ်ဟုပင် ကိုယ့်ကိုယ်ကို ကြိုးစား၍ နှစ်သိမ့်လျက်ရှိ၏။ သို့ရာတွင် မြို့စားကြီးသည် နာတာရှာ မကျန်းမမာဖြစ်ခြင်းကြောင့် မိမိချစ်လှစွာသော မြို့စား ကတော်ကြီးရှိရာ ကျေးတောသို့မပြန်ရသေးဘဲ ဆိုင်းငံ့နေရ ခြင်းကိုကား မကျေမနပ်ဖြစ်လျက် ရှိလေသတည်း။

## အခန်း ၁၉

မိမိ၏ကြင်ရာတော် မော်စကိုသို့ ရောက်ရှိလာသည့် အချိန်မှ စ၍ ပီယာသည် ကြင်ရာတော်နှင့် ဝေးနိုင်သမျှ ဝေးရန် အတွက် အရပ်တစ်ပါးသို့ ရှောင်ခွာသွားရန် ကြံစည်စိတ်ကူး လျက် ရှိလေသည်။ မြို့စားကြီးရော့စတော့ဗ်တို့ မိသား တစ်စု မော်စကိုသို့ရောက်လာပြီးနောက် မကြာမီ၌ ပီယာ သည် နာတာရှာကိုတွေ့မြင်ခဲ့ရလေရာ ထိုသို့ တွေ့မြင်ခဲ့ခြင်း သည်ပင် ပီယာအား မော်စကိုမှ မြန်မြန်ထွက်ခွာဖြစ်အောင် ဖန်တီးပေးလိုက်သော အကြောင်းတစ်ရပ် ဖြစ်လာခဲ့ပြန် သည်။ မိမိဉပဇ္ဈာယ်ဆရာ၏ ဇနီးသည် မုဆိုးမသည် ကွယ်လွန်သူ ၎င်းခင်ပွန်း၏စာရွက်စာတမ်းများ၊ မှတ်တမ်း များကို ပီယာအားပေးမည်ဟု ကာလအတန်ကြာကပင် ကတိထားခဲ့သည့်အလျောက် ပီယာသည် ထိုမုဆိုးမနှင့် တွေ့ဆုံရန် တဗာသို့ ခရီးထွက်ခဲ့လေသည်။

မော်စကိုသို့ ပြန်ရောက်သောအခါ၌ ပီယာသည် မာယာဒီမီထရိယက်ဗ်နာထံမှ စာတစ်စောင်ကိုရရှိ၏။ မင်း သားကလေးအင်ဒရေနှင့် နာတာရှာတို့၏ကိစ္စနှင့် ပတ် သက်၍ အရေးကြီးသည့်အတွက် မိမိထံသို့ ချက်ချင်း လာရောက်တွေ့ဆုံစေလိုကြောင်းဖြင့် မာယာဒီမီထရိယက်ဗ် နာ၏စာတွင် ဖော်ပြထားလေသည်။ ပီယာသည် နာတာရှာ နှင့် မတွေ့လိုသည့်အတွက် ကာလအတော်ကြာမျှ ရှောင်နေ ခဲ့၏။ ထိုသို့ ရှောင်နေခဲ့ခြင်းမှာ နာတာရှာအပေါ်တွင် ထားရှိသော မိမိ၏ စေတနာသည် လက်ထပ်ပြီးသား ယောကျ်ားတစ်ယောက်က မိတ်ဆွေရောင်းရင်း၏ ကြင်ရာ လောင်းတစ်ဦးအပေါ်၌ ထားသင့်ထားအပ်သော စေတနာ ထက် ပိုမိုလွန်ကဲလျက်ရှိသည်ဟု အထင်ရောက်လျက် ရှိခြင်းကြောင့် ဖြစ်လေသည်။ သို့သော်လည်း ကံတရား သည် ၎င်းတို့နှစ်ဦးအား မတွေ့တွေ့အောင် အမြဲဖန်တီး လျက်ရှိချေပြီ။

'ဘာများဖြစ်ကြလို့လဲ။ ငါ့ကို ဘာကြောင့်များ တွေ့ချင်ရတာလဲ။ အင်ဒရေရောက်လာပြီး လက်ထပ် မင်္ဂလာပွဲကျင်းပတော့မှာမို့လိုလား" ပီယာသည် မာယာ ဒီမီထရိယက်ဗ်နာ၏ အိမ်သို့သွားရန် အဝတ်လဲနေစဉ်တွင် လည်းကောင်း၊ လမ်းတစ်လျှောက်တွင် လည်းကောင်း ဤသို့ တွေးလာခဲ့မိသည်။

ဗာစကွိုင်းရိပ်သာ လမ်းမကြီးပေါ်သို့ ရောက်သော အခါ၌ မိမိကို လှမ်းခေါ်လိုက်သည့် ရင်းနှီးသော အသံ တစ်သံကို ကြားရ၏။

"ဗျို့ ပီယာ၊ ဘယ်တုန်းက ပြန်ရောက်လာသလဲ ဗျို့" ထိုအသံက လှမ်း၍နှုတ်ဆက်၏။ ပီယာသည် ခေါင်းငိုက် စိုက်ချ၍ တွေးလာရာမှ မော့ကြည့်လိုက်၏။ အသားကျ ပြေးလျက်ရှိသော ဖောင်းဝတ်ကြီးနှစ်ကောင် ကထားလျက် ခြေနင်းခုံပေါ်တွင် နှင်းပွင့်တွေအပြောက် အပြောက်ထင်နေသော စွတ်ဖားတစ်စီးသည် မိမိစွတ်ဖား အနီးမှတစ်ဟုန်ထိုးဖြတ်သွား၏။ စွတ်ဖားပေါ်၌ အနာတိုလီ နှင့် ၎င်း၏အမြဲတမ်း အဖော်ဖြစ်သော မာကာရင်တို့ကို မြင်လိုက်ရ၏။ အနာတိုလီသည် ခေါင်းကို ခပ်စိုက်စိုက် ထားလျက် မျက်နှာအောက်ပိုင်းတစ်ဝက်ကို ဖုံးရေလည် ထောင်ဖြင့်ဖုံးထားကာ စစ်ဗိုလ်လူကြွားများ၏ ဟန်အပြည့် ဖြင့် ခပ်မတ်မတ်ထိုင် လျက်ရှိ၏။ ၎င်း၏မျက်နှာသည် နှင်းဆီသွေး နီမြန်းကာ ရွှင်လန်းလျက်ရှိ၍ ငှက်မွေးဖြူစိုက် ထားသော ဦးထုပ်ကို တစောင်းဆောင်းထားလေရာ စံပယ်ဆီမွှေးလိမ်းထားသည့် ဆံပင်ကောက်များပေါ်တွင် နှင်းပွင့်တွေ တင်လျက်ရှိလေ သည်။

'အင်း၊ အနာတိုလီတို့ပဲ အေးပါတယ်' ပီယာတွေး မိ၏။ 'သူ့အဖို့တော့ အချိန်ရှိသရွေ့ ပျော်နေပေတာပဲ။ ပျော်ဖို့ပါးဖို့လောက်မှအပ ဘာကိုမှသတိမရဘူး။ ဘယ်သူ့ အတွက်မှလဲ စိတ်မညစ်ဘူး။ သူ့ကိုကြည့်လိုက်ရင် အမြဲ တမ်း ရွှင်လန်းမြူးထူးပြီး လောကကြီးကို ကျေနပ်ရောင့်ရဲ နေတော့တာပဲ။ ငါ့နယ် သူ့လို ဖြစ်လိုက်ချင်စမ်းပါဘိ။ သူ့လို အပူအပင်ကင်းမဲ့စွာနေနိုင်မယ်ဆိုရင် တန်ဖိုး ဘယ် လောက်ပဲ ပေးရ ပေးရ၊ ပေးပါတယ်"



www.burmeseclassic.com

ပီယာသည် အနာတိုလီကိုကြည့်၍ အားကျလျက်ရှိ၏။

မာယာဒီမီထရီယက်ဗ်နာ၏ စမုတ်ဆောင်ထဲသို့ ရောက်သောအခါ၌ အစေခံတစ်ယောက်သည် ပီယာ၏ သားမွေးဝတ်စုံအင်္ကျီကြီးကို ကူ၍ချွတ်ပေးရာက သခင်မကြီး မာယာဒီမီထရီယက်ဗ်နာက အိပ်ခန်းဆောင်ထဲသို့ ဝင်လာရန် မှာကြားထားကြောင်းဖြင့် ပြောဆိုလေသည်။

ပီယာသည် ပွဲတက်ဆောင် တံခါးကို ဖွင့်ဝင်လိုက်သည်နှင့် ဖြူဖပ်ဖြူရော်ဖြစ်ကာ ဟောက်ပက်ချုံးကျ၍ အခဲမကျေသောမျက်နှာဖြင့် ပြတင်းတစ်ခုတွင် ထိုင်နေသော နာတာရှာကိုတွေ့ရ၏။ နာတာရှာသည် ပီယာကို တစ်ချက်မျှကြည့်လိုက်၍ မျက်မှောင်ကုတ်လိုက်ပြီးနောက် အရေးမထားသော မျက်နှာထားဖြင့် ထွက်သွားလေသည်။

"ဘာဖြစ်ကြတာလဲ အရီးတော်" မာယာဒီမီထရီယက်ဗ်နာ၏ အိပ်ခန်းဆောင်ထဲသို့ရောက်သည်တွင် ပီယာက မေးလိုက်၏။

"သတင်းကတော့ သတင်းကောင်းပဲ တူတော်မောင်" မာယာဒီမီထရီယက်ဗ်နာက ပြောလိုက်သည်။ "ဟောဒီ လူ့လောကကြီးထဲကို အရီးတော်ရောက်လာတာ ငါးဆယ့်နှစ်နှစ်ရှိပြီ။ ဒါလောက် ရှက်စရာကောင်းတဲ့အဖြစ်မျိုး တစ်ခါမှ မကြားဖူးသေးဘူး"

မာယာဒီမီထရီယက်ဗ်နာသည် မိမိ၏စကားများကို မည်သူတစ်ဦးတစ်ယောက်မျှ ပြောကြားခြင်းမပြုရန် ပီယာကို ကတိပြုစေပြီးနောက် နာတာရှာသည် မိဘများအား တစုံတစ်ရာအသိပေးခြင်းမရှိဘဲ မင်းကလေး အင်ဒရေနှင့် ကြောင်းလမ်းထားချက်ကို ၎င်းသဘောနှင့် ဖျက်သိမ်းလိုက်ကြောင်း၊ ထိုသို့ဖျက်သိမ်းခြင်းမှာလည်း ပီယာ၏ ယောက်ဖတော် အနာတိုလီကြောင့်ဖြစ်ကြောင်း၊ အနာတိုလီနှင့် နာတာရှာတို့ ရင်းနှီးအောင် ဆောင်ရွက်ပေးခဲ့သူမှာ ပီယာ၏ ကြင်ယာတော် ဟယ်လင်ဖြစ်ကြောင်း၊ နောက်ဆုံး၌ နာတာရှာသည် ဖခင်ကြီးမရှိခိုက် အနာတိုလီနှင့် ခိုးရာလိုက်ပြေးရန် ကြံ စည်ခဲ့သည်ကို လက်မတင်ကလေးအလိုမှာ အုပ်လိုက်မိကြောင်း စသဖြင့် စီကာပတ်ကုံး ပြောပြလေသည်။

ပီယာသည် ကြားလိုက်ရသောစကားကြောင့် ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်လျက်ရှိရာက ပခုံးကိုချီ၍ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေမိသည်။ မင်းသားကလေးအင်ဒရေ၏ အသည်းနှင့်အောင်ချစ်ရသော ကြင်ရာလောင်း နာတာရှာ၊ ဤမျှချစ်စရာကောင်းသော နာတာရှာသည် တိတ်တဆိတ် လက်ထပ်ပြီးဖြစ်၍ (ထိုအကြောင်းကို ပီယာသိပြီးဖြစ်သည်။) ဆိုးသွမ်းယုတ်ညံ့လှသော အနာတိုလီလို လူမျိုးတစ်ယောက်အတွက် အင်ဒရေကို စွန့်ပစ်လိုက်ပြီဆိုခြင်းနှင့် ခိုးရာလိုက်တော့မည်အထိ အနာတိုလီအား တန်းတန်းစွဲဖြစ်လျက်ရှိသည်ဆိုခြင်းမှာ ပီယာ့အဖို့ ယုံကြည်ဖို့မပြောနှင့် စိတ်ကူးထဲပင် မထည့်ခဲ့သည့်အရာဖြစ်သည်။

ပီယာသည် ငယ်စဉ်တောင်ကျေးကတည်းက နာတာရှာကို သိကျွမ်းခဲ့၏။ နာတာရှာ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းသည်လည်း ၎င်း၏ အသည်းနှလုံးတွင် တံဆိပ်ခတ်ထားသကဲ့သို့ရှိခဲ့၏။ ယခင်နာတာရှာ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းနှင့် ယခု နာတာရှာ၏ ယုတ်ညံ့ခြင်း၊ မိုက်မဲခြင်း၊ အကြင်နာတရားကင်းမဲ့ခြင်းတို့သည် ပီယာအဖို့ စပ်ဟပ်၍ မရနိုင်အောင်ဖြစ်လျက် ရှိ၏။ ဤသို့တွေးရာမှ ပီယာသည် ကြင်ရာတော် ဟယ်လင် မင်းသမီးကိုလည်း အမှတ်ရလာ၏။ 'မိန်းမတွေဟာ ဒီလိုချည်းပါပဲ' ဟုလည်း စိတ်ထဲမှ ရွတ်ဆိုမိ၏။ ယောက်ျားများစွာရှိသည့်အနက် ဆိုးယုတ်လှသော မိန်းမတစ်ယောက်နှင့် ရေစက်ဆုံရလောက်အောင် ကံဆိုးသောအခြားယောက်ျားဟူ၍ လောကကြီးတွင် မိမိတစ်ယောက်တည်းသာရှိသည်ဟု ထင်ခဲ့သော်လည်း ယခုမူ မိမိကဲ့သို့ ကံဆိုးသော အခြားယောက်ျားတွေလည်း ရှိပါသေးကလားဟု ပီယာ သဘောပေါက်လာခဲ့လေသည်။ ပီယာသည် မျက်ရည်တွေဝဲလာ၏။ ၎င်း၏ရောင်းရင်း မင်းသားကလေးအင်ဒရေကိုလည်း သနားခြင်းဖြစ်မိ၏။ ဂုဏ်သိက္ခာကို အစော်ကားခံလိုက်ရသော မင်းသားကလေးအင်ဒရေ၏အဖြစ်ကိုလည်း ကိုယ်ချင်းစာနာမိ၏။ ဤသို့ မင်းသားကလေးအင်ဒရေကို သနားခြင်းဖြစ်မိသည်နှင့်အမျှ ပွဲတက်ဆောင်ထဲတွင်တွေ့စဉ် မိမိအား နှုတ်ဆက်ဖော်မျှမရဘဲ မျက်နှာထားဖြင့် လှည့်ထွက်သွားသော နာတာရှာကိုလည်း အထင်သေးခြင်းဖြစ်မိ၏။ စက်ဆုပ်ရွံရှာခြင်း ဖြစ်မိ၏။ ထိုအချိန်၌ နာတာရှာ၏ ဝိညာဉ်ထဲတွင် စိတ်ပျက်အားငယ်ခြင်း၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်း၊ သိမ်ငယ်ခြင်းတို့ဖြစ်ပေါ်လျက် ရှိသည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com

ပွဲတက်ဆောင်ထဲတွင်တွေ့စဉ်က ပမာမခန့် တင်းမာအေးစက်သော မျက်နှာထားကို ဆောင်ထားခြင်းမှာလည်း ဆောင်လို၍မဟုတ်ကြောင်းကို ပီယာ မသိချေ။

"နေစမ်းပါဦး အရီးတော်။ ဘယ်လိုလုပ်ပြီး လက်ထပ်မှာတဲ့လဲ" ပီယာက မာယာဒီမီထရိယက်ဗ်နာကို မေးလိုက်၏။ "အနာတိုလီဟာ လက်မထပ်နိုင်တော့ဘူး။ သူ့မှာ တရားဝင်လက်ထပ်ပြီး သားကြီးမယားကြီး ရှိနေပြီ"

"အခြေအနေကတော့ တစ်နာရီထက် တစ်နာရီ ပိုပြီး ဆိုးဆိုးလာတော့တာပဲ တူတော်မောင်" မာယာဒီမီထရိယက်ဗ်နာက လွတ်ခနဲပြောလိုက်၏။ "အင်း တတ်လ တတ်နိုင်တဲ့ သူငယ်ပါပဲ။ ဒီလောက် ပက်စက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ခုတော့ ကြည့်ပါဦး။ ကလေးမလေးဟာ မနေ့ကတည်းက သူလာလိမ့်နိုးနဲ့ မျှော်တုန်းပဲရှိသေးတယ်။ ကဲ တူတော်မောင်၊ အနာတိုလီ့အကြောင်းကို သူ့ဖွင့်ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်။ အကြောင်းသိသွားရင် အနည်းဆုံး ဟိုသူငယ်အပေါ်မှာ မျှော်လင့်ချက်တော့ ကုန်သွားမှာပဲ"

အနာတိုလီ၌ လက်ထပ်ပြီး မယားကြီးရှိခြင်းကို ပီယာ့ထံမှ အပြည့်အစုံကြားသိရသည့်အခါ၌ကား မာယာဒီမီထရိယက်ဗ်နာသည် အနာတိုလီကို စိတ်ဆိုးဆိုးဖြင့် ဆဲရေးတိုင်းထွာခြင်းပြု၏။ မာယာဒီမီထရိယက်ဗ်နာသည် ဤသို့ဖြင့် မိမိ၏ချုပ်တည်းထားရသော ဒေါသကို ပေါက်ကွဲစေပြီးနောက် ပီယာအား မည်သည့်အတွက် အခေါ်လွှတ်ရကြောင်းကို ပြောပြလေသည်။ ဤကိစ္စကို မြို့စားကြီးရော့စတော့ဗ်နှင့် မကြာမီ ပြန်ရောက်လာတော့မည်ဖြစ်သော အင်ဒရေတို့ သိသွားခဲ့လျှင် (မသိအောင် ဖုံးဖိထားနိုင်လိမ့်မည်ဟု ယူဆကြောင်းဖြင့်လည်း ပြောပြ၏။) အနာတိုလီနှင့် ချိန်းသတ်ကြသည့်အဖြစ်သို့ ရောက်မည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်စား ပီယာက ၎င်း၏ယောက်ဖ အနာတိုလီကို ရွှေမြို့တော်မှထွက်သွားအောင် ပြောပေးစေလိုကြောင်း၊ မိမိအနေဖြင့်မူကား နာတာရှာအား မည်သည့်အခါကျမှ အနာတိုလီကို မြင်ခွင့်တွေ့ခွင့် ပေးရဲတော့မည် မဟုတ်ကြောင်းဖြင့် ပြောပြလေသည်။ ထိုအခါကျမှ ပီယာသည် မြို့စားကြီးရော့စတော့ဗ်၊ မင်းသားကလေး အင်ဒရေနှင့် နီကိုလေတို့အပေါ်တွင် ကျရောက်မည့် အန္တရာယ်ကို သဘောပေါက်လာက မာယာဒီမီထရိယက်ဗ်နာ ပြောသည့်အတိုင်း ဆောင်ရွက်ပေးပါမည်ဟု ကတိပေးလိုက်၏။ မာယာဒီမီထရိယက်ဗ်နာသည် မိမိ၏ ဆန္ဒကို ပီယာအား တိုတိုတုတ်တုတ် ရှင်းရှင်းပြတ်ပြတ် ဖွင့်ပြောပြီးနောက် ဧည့်ခန်းဆောင်ဘက်သို့ ပြန်လွှတ်လိုက်လေသည်။

"ဒီကိစ္စကို မြို့စားကြီး မသိသေးဘူးနော်။ ဒီတော့ တူတော်မောင်ကလဲ မသိဘာသာပဲ နေ[illegible]ာ်၊ ဟုတ်စ" မာယာဒီမီထရိယက်ဗ်နာက သတိပေးလိုက်၏။ "အရီးတော်တော့ ကလေးမလေးသိသွားပြီး ဒီကောင်ကို မျှော်လင့်နေလို့ အချည်းနှီးသာဖြစ်ကြောင်း သွားပြောချည်ဦးမယ်၊ တူတော်မောင်လဲ ဒီမှာပဲ ညစာစားသွား၊ ဟုတ်စ"

ပီယာသည် ဧည့်ခန်းဆောင်ထဲတွင် မြို့စားကြီး ရော့စတော့ဗ်နှင့် တွေ့လေသည်။ မြို့စားကြီး ရော့စတော့ဗ်မှာ စိတ်ထိခိုက်ကာ ဂနာမငြိမ်ဖြစ်လျက်ရှိ၏။ ထိုနေ့နံနက်၌ မိမိသည် မင်းသားကလေးအင်ဒရေနှင့် စေ့စပ်ကြောင်းလမ်းထားသောကိစ္စကို ဖျက်လိုက်ပြီဖြ[illegible]ာင်းဖြင့် နာတာရှာက ဖခင်မြို့စားကြီးရော့စတော့ဗ်ကို ဖွင့်ပြောခဲ့ပြီးလေပြီ။

"စိတ်ရှုပ်တယ် တူတော်မောင်၊ သိပ်စိတ်ရှုပ်တယ်" မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်၏။ "မိခင်ရဲ့ အုပ်ထိန်းမှုကင်းပြီဆိုရင် သမီးမိန်းကလေးများ ထိန်းကျောင်းရတာ တယ်စိတ်ရှုပ်စရာကောင်းတာပဲ။ ဒါကြောင့် သမီးတစ်ကောင် နွားတစ်ထောင်လို့ ဆိုပေတာပဲ၊ ဒီကိစ္စက ဦးရီးတော်အပြစ်ပဲ။ ဦးရီးတော် မော်စကိုလာမိတာ ငါးပါးမှောက်တာပဲ။ တူတော်မောင်ကိုတော့ ခပ်ရှင်းရှင်း ဖွင့်ပြောရတော့မှာပဲ ။ သမီးထွေးက ဦးရီးတော်တို့ကို မတိုင်ပင်ဘဲ စေ့စပ်ကြောင်းလမ်းထားတဲ့ကိစ္စကို ဖျက်ပစ်လိုက်ပြီဆိုတာ တူတော်မောင်ကြားပြီးပြီ မဟုတ်လား။ အမှန်ပြောရရင်တော့ သူတို့ကြောင်းလမ်းထားတဲ့ကိစ္စကို ဦးရီးတော် အစကတည်းကသဘောမကျခဲ့ပါဘူး။ အင်ဒရေဟာလူကောင်း တစ်ယောက်ပါပဲ။ ဒါပေမဲ့ သူ့ခမည်းတော်ကြီးကမှ သဘောမတူတဲ့နောက် သူတို့ရဲ့အိမ်ထောင်ရေးဟာလဲ ဘယ်မှာ သာယာတဲ့ အိမ်ထောင်ရေး ဖြစ်နိုင်ဦးမှာလဲ။ ခပ်ရိုင်းရိုင်း ပြောရရင် သမီးထွေးလဲ လင်တစ်ယောက်တော့ ရနိုင်ပါသေးတယ် တူတော်မောင်။ ဒါပေမဲ့ စေ့စပ်ကြောင်းလမ်းပြီးလို့ ခုလောက်အခြေရောက်လာပြီးတဲ့နောက်မှ ဦးရီးတော်တို့ လူကြီးတွေ ဘာမှမသိရဘဲ ခုလိုလုပ်လိုက်တယ်ဆိုတော့


www.burmeseclassic.com

အားလုံး ဒုက္ခဖြစ်မကုန်ပေဘူးလား။ ကြည့်လေ၊ လူလဲ စိတ်ထောင်းကိုယ်ကျေ ဘဝရောက်ပြီး အိပ်ရာထဲလဲနေပြီ။ နောက် ဘာဖြစ်ဦးမလဲမသိဘူး။ ခက်တယ် တူတော်မောင်၊ သိပ်ခက်တယ်။ မိခင်မျက်ကွယ်မှာ သမီးမိန်းကလေးများကို လုံအောင်ထိန်းရတဲ့ အလုပ်ဟာ သိပ်ခက်တယ်"

မြို့စားကြီးရော့စတော့ဗ်သည် အလွန်အမင်း စိတ်ထိခိုက်လျက်ရှိခြင်းကိုမြင်သည့်အခါ၌ ပီယာသည် အာရုံ ပြောင်းသွားစေရန် ကြိုးစားသေး၏။ သို့ရာတွင် မြို့စားကြီး ရော့စတော့ဗ်ကား ထိုအကြောင်းကိုပင် ပြောဆိုလျက် ရှိလေသည်။

ဆွန်ယာသည် ထိတ်လန့်သော မျက်နှာဖြင့် အခန်းထဲသို့ ဝင်လာ၏။

"နာတာရှာ ကောင်းကောင်းနေမကောင်း ဖြစ်နေပါတယ် အစ်ကို။ ခု သူ့အခန်းထဲမှာ ရှိပါတယ်။ အစ်ကိုနဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်။ အရီးတော်လဲ နာတာရှာ အခန်းထဲမှာ ရှိပါတယ်။ အရီးတော်ကလဲ လာခဲ့ဖို့ မှာလိုက်ပါတယ်"

"ဟုတ်တာပေါ့။ တူတော်မောင်က အင်ဒရေရဲ့ ရောင်းရင်းကြီးပေပဲ။ အင်ဒရေကို တစ်ခုခုပြောပေးစေချင်လို့ ထင်ပါရဲ့။ တစ်ဆိတ်သွားလိုက်စမ်းပါ တူတော်မောင်ရယ်၊ သွားလိုက်စမ်းပါ။ ဦးရီးတော်တော့ အားလုံးချောချော မောမောဖြစ်တော့မှ ရင်ထဲကအလုံးကြီး ကျသွားတော့မှာပဲ"

မြို့စားကြီးရော့စတော့ဗ်သည် နားထင်ပေါ်ရှိ ဖြူဖွေးသော ဆံစများကိုပွတ်သပ်၍ အခန်းထဲမှ ထွက်သွား၏။

အနာတိုလီမှာ သားကြီးမယားကြီးရှိသူတစ်ဦး ဖြစ်ကြောင်း၊ မာယာဒီမီ၊ ထရီယက်ဗ်နာက ပြောပြသည့် ... နာတာရှာမှာလက်မခံလိုသေးချေ။ ပီယာကိုယ်တိုင်က ပြောမှယုံမည်ဟု အကြောက်အကန် ပြောဆိုလျက် ရှိလေသည်။ ဆွန်ယာသည် ထိုအကြောင်းကို ပီယာအား ပြောပြ၍ စကြံအတိုင်း နာတာရှာ၏ အိပ်ခန်း ဆောင်သို့ ခေါ်လာခဲ့၏။

နာတာရှာသည် ဖြူရော်တင်းမာသော မျက်နှာဖြင့် မာယာဒီမီထရီယက်ဗ်နာ၏ အနီးတွင် ထိုင်လျက်ရှိ၏။ နာတာရှာ၏ အရောင်တဖျတ်ဖျတ်လက်၍ ခပ်ကြောင်ကြောင်ဖြစ်လျက်ရှိသော မျက်လုံးများသည် အခန်းထဲသို့ ဝင်လာသော ပီယာအား စူးစမ်းသည့်အကြည့်ဖြင့် ငေးစိုက်လျက်ရှိ၏။ နာတာရှာသည် ပြုံး၍ နှုတ်ဆက်ခြင်းလည်း မရှိ၊ ခေါင်းညိတ် နှုတ်ဆက်ခြင်းလည်း မပြုဘဲ ပီယာကိုသာ စိုက်ကြည့်လျက်ရှိရာမှတစ်ခုတည်းသော မေးခွန်းကိုသာ မေးမြန်းလျက်ရှိလေသည်။ ထိုအမေးကား ပီယာသည် အနာတိုလီနှင့် ပတ်သက်လာလျှင် အခြားသူများကဲ့သို့ စိတ်ဆိုးစိတ်ယုတ်ထားသော ရန်သူလော၊ သို့တည်းမဟုတ် စိတ်ကောင်းထားသော မိတ်ဆွေလောဟူသော မေးခွန်း ပေတည်း။ နာတာရှာအဖို့၌ ပီယာဟူ၍မရှိတော့ပြီ။ အနာတိုလီကို ရန်ပြုမည့်သူလော၊ အားပေးမည့်သူလော ဟူသော အမှတ်သညာသာ ရှိတော့သည်။

"ကဲ ဟောဒီက တူတော်မောင် အားလုံးသိတာပဲ" မာယာဒီမီထရီယက်ဗ်နာက ပီယာကိုညွှန်ပြ၍ ပြောလိုက်၏။ "အရီးတော်ပြောတာ မှန်သလား၊ မမှန်ဘူးလားဆိုတာ တူတော်မောင်ကို မေးကြည့်ပေတော့"

နာတာရှာသည် ၎င်းတို့အားလုံးကို တစ်ယောက်ပြီးတစ်ယောက် အထိတ်တလန့် ကြည့်လျက်ရှိ၏။ ၎င်း၏အကြည့်မှာ ဂြာသံပေး၍လိုက်ခြင်းခံရပြီး ဒဏ်ရာလည်း ပြင်းထန်စွာ ရရှိထားသော သားကောင်တစ်ကောင်သည် နောက်မှ ထက်ကြပ်လိုက်လာသော အမဲလိုက်ခွေးများနှင့် တောလိုက်မုဆိုးများကို လှည့်ကြည့်ပုံမျိုးနှင့်ပင် တူတော့သည်။

"နာတာရှာ" ပီယာက မျက်လွှာကိုချ၍ ခေါ်လိုက်သည်။ ထိုအချိန်၌ ပီယာသည် နာတာရှာကိုလည်းသနား၊ မိမိလုပ်ရမည့်အလုပ်ကိုလည်း စက်ဆုပ်လျက် ရှိလေသည်။

"ညီမကြားရတဲ့သတင်းတွေ မှန်သည်ပဲ ဖြစ်စေ၊ မှားသည်ပဲဖြစ်စေ၊ နာတာရှာအဖို့တော့ မထူးတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့"

"ဒါဖြင့် သူ လက်ထပ်ပြီးသားဆိုတာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ် နာတာရှာ လက်ထပ်ပြီးပြီ"

"လက်ထပ်ပြီးတာ ကြာပြီလားအစ်ကို။ အစ်ကို ဘုရားစူး" နာတာရှာ မေး၏။

ပီယာက ကျိန်ပြောလိုက်သည်။

"သူ ဒီမှာရှိသေးသလား အစ်ကို" နာတာရှာက ခပ်သွက်သွက် မေးလိုက်သည်။



www.burmeseclassic.com

"ရှိပါတယ် စောစောကပဲ တွေ့ခဲ့သေးတယ်"

နာတာရှာသည် မည်သို့မျှ မပြောနိုင်တော့ချေ။ ထို့နောက် နာတာရှာသည် ၎င်းတို့အားလုံး ထွက်သွားကြရန် လက်ကိုသာ ဝှေ့ယမ်းပြလိုက်လေသည်။

## အခန်း ၂၀

ပီယာသည် ညစာစားချိန်အထိ မနေတော့ဘဲ နာတာရှာ၏ ခန်းဆောင်ထဲမှ ထွက်လာပြီးနောက် ချက်ချင်းပြန်လာခဲ့၏။ ထို့နောက် အနာတိုလီကို စွတ်ဖားတစ်စီးဖြင့် တစ်မြို့လုံး အနှံ့အပြား လိုက်ရှာသည်။ အနာတိုလီအကြောင်း တွေးလိုက်သည်နှင့် သွေးများသည် နှလုံးထဲသို့ အလုံးလိုက်ဆောင့်တိုးလျက်ရှိသည်ဟုထင်ရကာ အသက်ရှူရန် ခက်ခဲလာ၏။ အနာတိုလီသွားနေကျဖြစ်သော ရေခဲကွင်းတွင်လည်းကောင်း၊ ဂျစ်ပစီကခြေသည်များ၏ အိမ်တွင်လည်းကောင်း၊ သောက်ဖော်သောက်ဖက် ကိုမိုနင်နို၏ အိမ်တွင်လည်းကောင်း လိုက်ရှာသော်လည်း မည်သည့်နေရာတွင်မျှ အနာတိုလီကို မတွေ့ရချေ။ နောက်ဆုံး၌ ပီယာသည် ကလပ်သို့မောင်းလာခဲ့၏။ ညစာလာရောက်စားသောက်ကြသော ကလပ်ဝင်များသည် ကိုယ့်အစုကလေးများနှင့်ကိုယ် ဝိုင်းဖွဲ့စကားပြောလျက် ရှိကြ၏။ ပီယာကို မြင်သောအခါ အားရဝမ်းသာ နှုတ်ဆက်ကြလျက် မြို့ထဲမှ ၎င်းတို့ကြားသော သတင်းစကားများကို ပြောကြားကြသည်။ ပီယာ၏ အလေ့အထများနှင့် ပီယာ၏ အသိုက်အဝန်းကို သိနေသော စားပွဲထိုးက ထမင်းစားခန်းဆောင်ငယ်ထဲတွင် ပီယာ့အတွက် စားပွဲတစ်လုံးချန်ထားကြောင်း၊ မင်းသား ဇကာရစ်မှာ စာကြည့်ဆောင်ထဲတွင်ရှိ၍ ပီယာ၏ မိတ်ဆွေတီမိုဖီဗစ်မှာ ရောက်မလာသေးကြောင်းဖြင့် ပြောပြ၏။ ဝိုင်းဖွဲ့စကားပြောလျက်ရှိကြသူများသည် ရာသီဥတုအကြောင်း ပြောဆိုနေကြရာမှ တစ်ယောက်က အနာတိုလီက နာတာရှာအား ခိုးပြေးသည့်သတင်းကို ကြားပြီးပြီလောဟု မေးမြန်းကာ ထိုသတင်း မှန်မမှန်စုံစမ်းလေသည်။ ပီယာက မိမိမှာ ယခုပင် မြို့စားကြီးရော့စတော့ဗ်ထံမှ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသတင်းမှာ မမှန်ကြောင်းဖြင့် ရယ်ရယ်မောမော ပြောလိုက်သည်။ ပီယာသည် အနာတိုလီ လာမလာကိုသာ တွေ့ရာလူကိုမေးမြန်းလျက်ရှိ၏။ တစ်ယောက်က မလာသေးဟုဆို၍ အခြားတစ်ယောက်က လာမည်ဟု ပြော၏။ ပီယာသည် မိမိ၏ စိတ်ထဲတွင် ယောက်ယက်ခတ်လျက်ရှိခြင်းကို သတိမမူမိကြဘဲ ထုံးစံအတိုင်း ဟေးလားဝါးလား လုပ်နေကြသူများကို ကြည့်ကာ စိတ်ပျက်လာလေသည်။ ဤသို့ဖြင့် ပီယာသည် ပွဲတက်ဆောင်ထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အနာတိုလီကို စောင့်လျက်ရှိလေသည်။ လူစုံသည့်တိုင်အောင် အနာတိုလီ ရောက်လာခြင်းမရှိသည့်အခါမှ ပီယာသည် ညစာကိုပင် မစားတော့ဘဲ အိမ်သို့ ပြန်လာခဲ့သည်။

ပီယာ အပူတပြင်း လိုက်လံရှာဖွေလျက်ရှိသော အနာတိုလီမှာ ထိုနေ့က ဒိုလိုကော့ဗ်နှင့်အတူ ညစာစားကာ မိမိတို့ မရှုမလှအရေးနိမ့်ခဲ့ခြင်းအတွက် မည်သို့မည်ပုံ စခန်းသွားကြမည်နည်းဟု တိုင်ပင်လျက်ရှိလေသည်။ အနာတိုလီအဖို့ အရေးကြီးဆုံးကား နာတာရှာနှင့် နှစ်ဦးချင်း တွေ့ဆုံရန်ဖြစ်သည်။ ညနေစောင်း၌ အနာတိုလီသည် နာတာရှာနှင့် တွေ့ဆုံနိုင်ရေးအတွက် အကြံဉာဏ်တောင်းရန် အစ်မတော် မြို့စားကတော်ကလေးဟယ်လင်ထံသို့ ထွက် လာခဲ့လေသည်။ ပီယာသည် မော်စကိုတစ်မြို့လုံး ပြုပြုစင်အောင် အနာတိုလီကို လိုက်ရှာခဲ့သော်လည်း မတွေ့ခဲ့သည့် အတွက် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လာခဲ့လေရာ အိမ်သို့အရောက်တွင် အနာတိုလီမှာ မြို့စားကတော်ကလေး ဟယ်လင်နှင့်အတူရှိနေကြောင်း အစေခံထံမှ ကြားသိရလေသည်။ မြို့စားကတော်ကလေး ဟယ်လင်၏ ဧည့်ခန်းဆောင်မှာ ဧည့်သည်တော်များဖြင့် ပြည့်ကျပ်လျက်ရှိပေ၏။

ပီယာသည် တာဗာမှပြန်ရောက်လာကတည်းက တစ်ခါမျှ မျက်နှာချင်းမဆိုင်ရသေးသော ကြင်ရာတော် မြို့စားကတော်ကလေးဟယ်လင်ကိုပင် နှုတ်မဆက်ဘဲ (ထိုအချိန်၌ ပီယာသည် ကြင်ရာတော် မြို့စားကတော်ကလေး ဟယ်လင်ကို ယခင်ကထက် စက်ဆုပ်လျက်ရှိပေပြီ။) ဧည့်ခန်းဆောင်ထဲသို့ ဝင်လာကာ အနာတိုလီကို မြင်သည်နှင့် ၎င်းထံသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။

"မောင်မောင်" မြို့စားကတော်ကလေးဟယ်လင်က ပီယာ့ကို လှမ်းခေါ်လိုက်၏။ "မောင်မောင် မသိသေးဘူးထင်တယ်၊ အနာတိုလီရဲ့ ကိစ္စက"



www.burmeseclassic.com

ပီယာသည် ခေါင်းကို ဆတ်ခနဲစင်းကာ တိုးလာ၏။ ၎င်း၏မျက်လုံးများသည် ဝင်းဝင်းတောက်လျက်ရှိကြ၏။ ခြေလှမ်းကျဲကြီးများဖြင့် ရဲရဲကြီး လျှောက်လာ၏။ ဤလက္ခဏာများကား အလွန်အမင်း ဒေါသထွက်ကာ တစ်ဖွတ်ထိုးလုပ်တော့မည်ဆိုသည့် လက္ခဏာများ ဖြစ်ပေသည်။ မြို့စားကတော်ကလေးဟယ်လင်သည် ဤလက္ခဏာများ၏အဓိပ္ပာယ်ကို နားလည်ရုံမျှမက ဒိုလိုကော့ဗ်နှင့် ချိန်းဆိုပြီးနောက် မိမိနှင့် စကားများစဉ်ကလည်း ကောင်းစွာ သိခဲ့ပြီးဖြစ်သည့်အတွက် စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။

"ဟင်း မင်းရောက်လေရာ အနိဋ္ဌာရုံနဲ့ ဒုစရိုက်က ဒွန်တွဲပါလာတာပဲ ဟင်"ပီယာက ကြင်ယာတော်ဟယ်လင်မင်းသမီးလေးကို ပြောလိုက်ပြီး အနာတိုလီဘက်သို့ လှည့်၍ ပြင်သစ်ဘာသာဖြင့်

"အနာတိုလီ ကျုပ်နဲ့ ခဏ လိုက်ခဲ့ပါ။ ခင်ဗျားကို ကျုပ် စကားပြောစရာရှိတယ်"

အနာတိုလီသည် အစ်မတော် မြို့စားကတော်ကလေး ဟယ်လင်ကို ကြည့်လိုက်ပြီး လွန်ဆန်ခြင်းငှာ မတတ်နိုင်ဘဲ ထမည် ပြုလိုက်၏။ ပီယာသည် အနာတိုလီ၏ လက်မောင်းကို ခပ်ကြမ်းကြမ်းကလေးဆွဲကာ အခန်းအပြင်သို့ ခေါ်ထုတ်သွားသည်။

"ဒါပဲနော် မောင်မောင်။ ဧည့်ခန်းဆောင်ထဲမှာ လူတွေသူတွေနဲ့" ကြင်ရာတော် ဟယ်လင်မင်းသမီးကလေးက ခပ်တိုးတိုး သတိပေးလိုက်၏။ သို့ရာတွင် ပီယာသည် မည်သို့မျှ ပြန်မပြောတော့ဘဲ အပြင်သို့ ထွက်သွားလေသည်။

အနာတိုလီသည် ထုံးစံအတိုင်း ဆောင့်ကြွားကြွား ခြေလှမ်းများဖြင့် ပီယာ့နောက်က လိုက်သွား၏။ သို့ရာတွင် ၎င်း၏မျက်နှာ၌ကား ထိတ်လန့်သည့် အမူအရာ ပေါ်လျက်ရှိလေပြီ။

ပီယာသည် စာကြည့်ဆောင်ထဲသို့ ဝင်လာခဲ့ပြီးနောက် တံခါးကို ပြန်ပိတ်လိုက်ကာ အနာတိုလီကို မကြည့်ဘဲ

"ဒီမှာ ကိုယ့်လူ။ ခင်ဗျား နာတာရှာကို လက်ထပ်မယ်လို့ ကတိပေးခဲ့ပြီး ခိုးထွက်ပြေးဖို့ ကြံတယ်လို့ ကြားတယ်။ အဲဒါ ပ,ုတ်သလား"

"ရော"အနာတိုလီကပြန်ပြောလိုက်သည်။ (၎င်းတို့နှစ်ဦးစလုံး ပြင်သစ်စကားဖြင့် ပြောနေကြခြင်း ဖြစ်သည်။) "ဒီလိုလေသံမျိုးနဲ့ မေးတဲ့ မေးခွန်းမျိုးကို ပြန်ဖြေဖို့ ကျုပ်မှာ ဝတ္တရားမရှိပေဘူး မှတ်တယ်ခင်ဗျ"

ဖြူဖတ်ဖြူရော်ဖြစ်လျက်ရှိသော ပီယာ၏ မျက်နှာမှာ အနာတိုလီ၏စကားကြောင့် ဒေါသဖြင့် ရှုံ့မဲ့လာခဲ့လေပြီ။ ပီယာသည် ၎င်း၏ ကြီးမားသောလက်ကြီးများဖြင့် အနာတိုလီ၏ စစ်ဝတ်စုံကို ကုပ်မှ ဆွဲကိုင်လိုက်ပြီး အနာတိုလီ၏မျက်နှာပေါ်တွင် စိုးရိမ် ကြောက်လန့်သော လက္ခဏာများ လုံလောက်စွာ ဖြစ်ပေါ်လာသည်အထိ အနာတိုလီကို ကိုင်လှုပ်လိုက်၏။

"ခင်ဗျားကို စကားပြောစရာရှိတယ်လို့ ကျုပ်ပြောနေတယ်ဗျ" ပီယာက ထပ်၍ ပြောလိုက်၏။

"ပြောစရာရှိရင်လဲ ပြောပေါ့ဗျ။ ဒီလို မလုပ်ပါနဲ့။ ဘာပြောမှာလဲ" အနာတိုလီက အင်္ကျီမှ ပြုတ်ထွက်လုနီးပါးဖြစ်သွားသော ကြယ်သီးတစ်လုံးကို စမ်း၍ ပြောလိုက်၏။

"ခင်ဗျား တော်တော်ယုတ်မာတဲ့ လူပဲ။ ကျုပ်ခင်ဗျားခေါင်းကို ရိုက်ခွဲပစ်လိုက်ချင်တယ် သိလား"

ပီယာသည် လေးလံလှသော စက္ကူဖိသည့် သံတုံးကြီးကို ကောက်၍ ရွယ်လိုက်ပြီးမှ ပြန်ချထားလိုက်သည်။

"ခင်ဗျား ကလေးမလေးကို လက်ထပ်ယူပါ့မယ်လို့ ပြောတယ်ဆိုတာ ဟုတ်သလား"

"မ မ မဟုတ်ပါဘူး။ ကျုပ် ကျုပ် ဒီစကားမျိုး ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့"

ပီယာက စကားဆုံးအောင် မစောင့်တော့ဘဲ ဝင်ပြောလိုက်၏။

"ခင်ဗျားဆီမှာ ကလေးမလေးဆီက စာရှိသလား။ ဟေ့လူ သူ့ဆီက စာတွေ ရှိသလားလို့ ကျုပ်မေးနေတယ်ဗျ" ပီယာသည် အော်၍မေးရာက ရှေ့သို့ တိုးလာ၏။

အနာတိုလီသည် ပီယာကိုကြည့်လိုက်၍ အိတ်ကပ်ထဲသို့ လျင်မြန်စွာ နှိုက်လိုက်ပြီး အိတ်ဆောင်စာအုပ်ကလေးတစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

ပီယာသည် အနာတိုလီ လှမ်းပေးသော စာကို ယူလိုက်ကာ အနီးရှိ စားပွဲတစ်လုံးကို ဘေးသို့ ရှားလိုက်၍ ထိုင်ဖုံပေါ်တွင် ပစ်ထိုင်လိုက်၏။

"ခင်ဗျားကို ဘာမှမလုပ်သေးပါဘူး။ ဒီလောက်လဲ



www.burmeseclassic.com

ကြောက်မနေပါနဲ့" ပီယာက အနာတိုလီ၏ ထိတ်လန့်ကြောက်ရွံ့လျက်ရှိသော အမူအရာကိုကြည့်၍ ပြောလိုက်သည်။ ထို့နောက် ပီယာသည် သင်ခန်းစာတစ်ခုကို ကျက်မှတ်နေသကဲ့သို့ အနာတိုလီဘက်သို့ လှည့်၍

"ပထမ ကလေးမလေးဆီက စာတွေမှန်သမျှ ကျုပ်လက်ကို အပ်ပါ။ ဒုတိယ" ပီယာသည် စကားကို ရပ်လိုက်၍ ထိုင်ရာမှထကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိ၏။

"ဒုတိယ ခင်ဗျား နက်ဖြန်ကျရင် မော်စကိုက ထွက်သွားပါ"

"ကျွန်တော့ ကိစ္စတွေမှ မပြီးသေးဘဲ ဘယ့်နှယ်လုပ်"

"တတိယ" ပီယာက အနာတိုလီ၏ စကားကို နားမထောင်ဘဲ ဆက်၍ပြောသည်။ "နာတာရှာနဲ့ ခင်ဗျားနဲ့ ဖြစ်တဲ့ကိစ္စကို ခင်ဗျား ပါးစပ်က တစ်လုံးမှ မထွက်ပါစေနဲ့။ ခင်ဗျားရဲ့ လွတ်လပ်စွာ ပြောပိုင်ခွင့်ကို ကျုပ်မတားနိုင်ဘူးဆိုတာ ကျုပ်သိတယ်။ ဒါပေမဲ့ ခင်ဗျားဟာ ကိုယ့်သိက္ခာကို ရှိသေတတ်တဲ့ လူတစ်ယောက်ဆိုရင် ဆင်ခြင်ပါ။ ဒါပဲ"

ပီယာသည် တိတ်ဆိတ်စွာဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ အနာတိုလီကား မျက်မှောင်ကုတ်ကာ နှုတ်ခမ်းကိုကိုက်ရင်း စားပွဲတစ်လုံးအနီးတွင် ထိုင်နေလေသည်။

"ခင်ဗျားတို့ဟာ ခင်ဗျားတို့ အလေလိုက်ဖို့ လောက်ကိုသာ ကြည့်နေကြတာပဲ။ တစ်ဖက်သားကို ဘယ်တော့မှ မငဲ့ညှာဘူး။ လောကကြီးဟာ ခင်ဗျားတို့ အလေလိုက်ဖို့တင် ဖြစ်လာတာ မဟုတ်ဘူးဗျ။ ဒီပြင် လူတွေရဲ့ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုဆိုတာတွေလဲ ရှိသေးတယ်ဗျ။ ဒီလောက်တော့ ကိုယ်ချင်းစာတရားရှိဖို့ ကောင်းတယ်။ ကြည့်စမ်း၊ ခင်ဗျားဘာသာ ခင်ဗျား အလေလိုက်ချင်တာနဲ့ တခြားလူတစ်ယောက်ရဲ့ဘဝ ပျက်စီးရတော့မယ်။ အလေလိုက်ချင်သပဆိုရင် လောကမှာ ကျုပ်ကြင်ရာ တော်လို မိန်းမမျိုးတွေ အများကြီးရှိတယ်။ သူတို့လို မိန်းမမျိုးတွေနဲ့ အလေလိုက်ပါ။ သူတို့လို မိန်းမမျိုးတွေနဲ့ အလေလိုက်ဖို့ ခင်ဗျားတို့မှာ အခွင့်အရေးရှိတယ်။ သူတို့ကလဲ ခင်ဗျားတို့လို အလေလိုက်တဲ့ လူမျိုးနဲ့တွေ့ရင် ဘာပေးရမယ်ဆိုတာသိတယ်။ သူတို့လို မိန်းမတွေအဖို့မှာ အလေလိုက်ခြင်း၊ အကျင့်စာရိတ္တပျက်ခြင်းဆိုတဲ့ ကိုယ်ခံ လက်နက်ကောင်း၊ အဆောင်ကောင်းတွေရှိပြီးသားဖြစ်လို့ ခင်ဗျားတို့လို လူတွေနဲ့ တွေ့တဲ့နေရာမှာ ဆေးပီးနေပြီ။ ဒါပေမဲ့ မနူးမနပ် မိန်းကလေးတစ်ယောက်ကို သွားပြီး လက်ထပ်ယူမယ်လို့ လိမ်တာမျိုး၊ သွေးဆောင်ဖြားယောင်း တာမျိုး၊ ခိုးပြေးဖို့ ကြံစည်တာမျိုးကတော့ မစွမ်းမသန်တဲ့ ဒုက္ခိတအဘိုးအိုတစ်ယောက်၊ ဘာမှ မလုပ်နိုင်တဲ့ ကလေးတစ်ယောက်ကို နိုင်ထက်စီးနင်း ရိုက်သလို ယုတ်မာပက်စက်ရာ ကျလွန်းတယ်။ ဒါကို ခင်ဗျားတို့ သိဖို့ကောင်းတယ်"

ပီယာသည် စကားကိုဖြတ်၍ အနာတိုလီကို ကြည့်လိုက်၏။ ပီယာ၏ မျက်လုံးတွင် ဒေါသအရိပ်အရောင်တို့ မရှိတော့ဘဲ စူးစမ်းအကဲခတ်သော အကြည့်မျိုးသာ ရှိတော့သည်။

"ဒီကိစ္စကို ကျွန်တော် မသိပါဘူး" ပီယာ ဒေါသပြေသွားခြင်းကို မြင်သဖြင့် အနာတိုလီမှာ အားတက်လာသည်။ အနာတိုလီ၏ မေးဖျားသည် မသိမသာ တုန်လျက် ရှိ၏။ "ဒီကိစ္စကို ကျွန်တော် သိလဲမသိလိုဘူး။ ဒါပေမဲ့ ကျွန်တော့်ကို ယုတ်မာတယ်၊ အလေလိုက်တယ် စတဲ့ စကားလုံးတွေသုံးပြီး ရင့်ရင့်သီးသီး ပြောတာမျိုးကိုတော့ ကိုယ့်သိက္ခာကိုယ်ထိန်းတဲ့ လူတစ်ယောက်အနေနဲ့ ကျုပ် ဘယ်သူ့ကိုမှ ခွင့်မပြုနိုင်ဘူး"

ပီယာသည် အနာတိုလီပြောသော စကားများ၏ ရည်ရွယ်ချက်ကို နားမလည်နိုင်ဘဲ တအံ့တသြဖြင့် လှည့်ကြည့်လိုက်မိ၏။

"ခင်ဗျားပြောတဲ့စကားတွေဟာ ကျုပ်နဲ့ ခင်ဗျား နှစ်ယောက်ချင်း ပြောတာဖြစ်ပေမယ့် ကျုပ် ကျုပ်" အနာတိုလီက ဆက်ပြောလိုက်ပြန်သည်။

"ဩ ခင်ဗျားမကျေနပ်လို့ ကျေနပ်အောင် လုပ်စေချင်တယ်ဆိုပါတော့" ပီယာက လှောင်၍ မေးလိုက်၏။

"ခင်ဗျားဆန္ဒအတိုင်း ကျုပ် မော်စကိုက ထွက်သွားစေချင်ရင် အနည်းဆုံး ခင်ဗျား စကားတွေလောက်ကိုတော့ ရုပ်သိမ်းဖို့ ကောင်းပါတယ်"

"ကောင်းလှပါပြီဗျာ။ ရုပ်သိမ်းပါတယ်၊ ရုပ်သိမ်းပါတယ်။ ကျုပ်ကို ခွင့်လွှတ်တော်မူပါလို့လဲ တောင်းပန်ပါတယ်" ပီယာက အနာတိုလီ၏ အင်္ကျီမှ ပြုတ်နေသော



www.burmeseclassic.com

ကြယ်သီးကို အမှတ်မထင်ကြည့်၍ ပြောလိုက်၏။ "ခင်ဗျား မော်စကိုက ပြန်ဖို့အတွက် ပိုက်ဆံ လိုသေးရင်လဲ"

အနာတိုလီက ပြုံးလိုက်၏။ အနာတိုလီ၏အပြုံးမှာ ပီယာ၏ ကြင်ရာတော် ဟယ်လင်မင်းသမီးကလေး၏ မျက်နှာတွင် မကြာခဏ မြင်တွေ့ရတတ်သော ကျက်သရေကင်းမဲ့၍ ဟီရိဩတ္တပ္ပ ကင်းမဲ့သော အပြုံးမျိုးဖြစ်လေရာ ထိုအပြုံးကို မြင်လိုက်သည်နှင့် စက်ဆုပ်ရွံရှာသော စိတ်တို့သည် ပီယာ၏ ရင်ထဲတွင် တဖွားဖွား ပေါ်လာကြပြန်သည်။

"ဟင်း မောင်နှမတွေ အကုန်လုံး အယုတ်တမာတွေချည်းပဲ။ ဘာမှ ကိုယ်ချင်းစာတရား မရှိကြဘူး" ပီယာသည် အော်၍ အခန်းအပြင်သို့ ထွက်လာခဲ့လေသည်။

နောက်တစ်နေ့၌ကား အနာတိုလီသည် ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်ခွာသွားလေသတည်း။

## အခန်း ၂၁

အနာတိုလီအား မော်စကိုမှ ထွက်ခွာသွားစေလိုသော မာယာဒီမီထရိယက်ဗ်နာ၏ ဆန္ဒအတိုင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်းကို ပြောဆိုရန်အတွက် ပီယာသည် မာယာဒီမီထရိယက်ဗ်နာ၏ အိမ်သို့ စွတ်ဖားကို မောင်းလာခဲ့၏။ မာယာဒီမီထရိယက်ဗ်နာ၏ အိမ်မှာ ယောက်ယက်ခတ်မျှ လှုပ်ရှားလျက်ရှိ၏။ မာယာဒီမီထရိယက်ဗ်နာ၏ တိုးတိုးတိတ်တိတ် ပြောပြချက်အရ အနာတိုလီ၌ သားကြီးမယားကြီး ရှိကြောင်းကို ကြားပြီးသည့်နောက် ညဘက်၌ နာတာရှာသည် တိတ်တဆိတ်ရှာထားသော စိန်နှင့် သံပရာသောက်၍ သေကြောင်းကြံသည့်အတွက် အပြင်းအထန် ဝေဒနာ ခံစားနေရသည်ဟု သိရ၏။ နာတာရှာသည် စိန်နှင့် သံပရာကို ရော၍ အနည်းငယ် သောက်ပြီးသည့်နောက် ကြောက်လန့်လာသည့်အတွက် ဆွန်ယာကို နှိုးကာ အကျိုးအကြောင်း ပြောပြသည်။ နာတာရှာကို ဖြေဆေးများ အချိန်မီ တိုက်ခဲ့နိုင်သည့်အတွက် ယခုအချိန်တွင် နာတာရှာမှာ စိတ်ချရသောအခြေသို့ ရောက်နေပြီဖြစ်၏။ သို့သော်လည်း များစွာ အားနည်းလျက်ရှိသောကြောင့် ကျေးတောသို့ ချက်ချင်းပြန်ရန် မဖြစ်နိုင်ဘဲရှိရကား မြို့စားကတော်ကြီးကို အမြန်လိုက်လာရန်

အခေါ်လွှတ်လိုက်ပြီဟုလည်း သိရပေသည်။ ပီယာသည် စိတ်ညစ်နေဟန်ရှိသည့် မြို့စားကြီးနှင့် မျက်ရည်စများ စိုရွှဲလျက် ငိုထားဟန်ရှိသော ဆွန်ယာတို့ကို တွေ့ရသော်လည်း နာတာရှာနှင့် မတွေ့ခဲ့ရချေ။

ထိုနေ့တွင် ပီယာသည် ညစာကို ကလပ်တွင် စားရာ နာတာရှာအား အနာတိုလီက ခိုးပြေးရန် ကြံစည်ခြင်းနှင့် စပ်လျဉ်း၍ သတင်းစကားအမျိုးမျိုးကို ကြားရ၏။ ပီယာသည် ဤသတင်းများကို ပြောင်ပြောင်တင်းတင်း ငြင်းဆန်ကာ မိမိ၏ယောက်ဖတော် အနာတိုလီက လူပျိုစကား ပြော၍ နာတာရှာက ငြင်းပယ်လိုက်ခြင်းမျှသာ ဖြစ်ကြောင်း၊ ထို့ထက် မပိုကြောင်းဖြင့် လူတွေ့တိုင်း ရှင်းလင်းပြောပြလျက် ရှိ၏။ ပီယာ့အဖို့၌ ထိုကိစ္စတစ်ခုလုံးကို လုံးဝဖုံးကွယ်ထားရန်နှင့် နာတာရှာ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်မှာ မိမိ၏ဝတ္တရားဖြစ်သည်ဟု ယူဆလျက် ရှိလေသည်။

ပီယာသည် ရင်တမမဖြင့် မင်းသားကလေး အင်ဒရေ ပြန်အလာကို စောင့်မျှော်လျက်ရှိကာ မင်းသားကြီး ဘိုလကွန်စကီ၏ အိမ်တော်သို့ နေ့တိုင်း သွားရောက်၍ မင်းသားကလေး အင်ဒရေ၏သတင်းကို စုံစမ်းမေးမြန်းလျက် ရှိလေသည်။

မင်းသားကြီး ဘိုလကွန်စကီသည် မြို့ထဲတွင် အုတ်အော်သောင်းတင်းဖြစ်လျက်ရှိသော ကောလာဟလဟူသမျှကို ပြင်သစ်သူ ဘူရင်းထံမှ ကြားသိပြီးဖြစ်လျက် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်းဖြင့် နာတာရှာက မင်းသမီးကလေး မေရီထံသို့ ပေးစာကိုလည်း ဖတ်ရှုပြီးဖြစ်၏။ မင်းသားကြီး ဘိုလကွန်စကီမှာ ခါတိုင်းထက်ရွှင်လန်းနေသည်ဟု ထင်ရလျက် သားတော် မင်းသားကလေး အင်ဒရေကို လည်ပင်းတရှည်ရှည်ဖြင့် စောင့်မျှော်လျက် ရှိပေ၏။

အနာတိုလီ မော်စကိုမှ ထွက်သွားပြီးနောက် ရက် အနည်းငယ်ကြာသောအခါ၌ ပီယာသည် မင်းသားကလေး အင်ဒရေထံမှ စာတစ်စောင်ကို ရရှိ၏။ ထိုစာထဲ၌ မင်းသားကလေး အင်ဒရေက မိမိ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း အကြောင်းကြားကာ မိမိထံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားထားလေသည်။

မော်စကိုသို့ ရောက်လျှင်ရောက်ချင်း မင်းသား



www.burmeseclassic.com

ကလေး အင်ဒရေသည် စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းကြောင်းဖြင့် နာတာရှာက မင်းသမီးကလေးမေရီသို့ ပေးသောစာကို ခမည်းတော်ကြီး ပေးသဖြင့် ဖတ်ရှုပြီး ဖြစ်၍ (ထိုစာကို ပြင်သစ်သူ ဘူရင်းက မင်းသမီးကလေး မေရီထံမှ တိတ်တဆိတ်ယူကာ မင်းသားကြီး ဘိုလကွန်စကီအား ပေးခြင်း ဖြစ်သည်။) နာတာရှာ ခိုးရာလိုက်ပြေးမည့် ကိစ္စကိုလည်း ဖြည့်စွက်ချဲ့ထွင်ချက်ကလေးများနှင့် တကွ ခမည်းတော်မင်းသားကြီးထံမှ ကြားပြီး ဖြစ်လေသည်။

မင်းသားကလေး အင်ဒရေ ညက ရောက်လာသည် ဆိုလျှင်ပင် နောက်တစ်နေ့နံနက်၌ ပီယာ ပေါက်လာလေသည်။ မင်းသားကလေး အင်ဒရေသည် နာတာရှာကဲ့သို့ စိတ်ညစ်နောက်ကျုလျက် ရှိလိမ့်မည်ဟု ပီယာထင်ခဲ့လေရာ ဧည့်ခန်းဆောင်ထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ပီတာစဘာတ်ရွှေမြို့တော်တွင် ပေါ်ပေါက်လျက်ရှိသည့် ပြဿနာများကို စိတ်အားထက်သန်စွာ အော်ကျယ်ဟစ်ကျယ် ပြောဆိုငြင်းခုံလျက်ရှိသော မင်းသားကလေး အင်ဒရေ၏အသံကို ကြားလိုက်ရသည်၌ များစွာ အံ့အားသင့်သွားမိလေသည်။ တစ်ချက်တစ်ချက်၌ မင်းသားကြီး ဘိုလကွန်စကီ၏အသံနှင့် အခြားအသံ တစ်သံကိုလည်း ကြားရ၏။ ပီယာအား မင်းသမီးကလေး မေရီက ဆီးကြို နှုတ်ဆက်ခြင်း ပြုလေသည်။ မင်းသမီး ကလေးမေရီသည် မင်းသားကလေး အင်ဒရေရှိနေသော ခန်းဆောင်ဘက်သို့ လှမ်းမျှော်ကြည့်ကာ စိတ်မကောင်းခြင်း၊ သနားကရုဏာ သက်ခြင်းကို ဖော်ပြသည့်ဟန်ဖြင့် သက်ပြင်းချလျက်ရှိ၏။ သို့သော်လည်း မင်းသမီး ကလေးမေရီ၏ မျက်နှာအမူအရာမှာ ယခုကဲ့သို့ စေ့စပ် ကြောင်းလမ်းမှု ပျက်သွားခြင်းနှင့် နာတာရှာ၏သတင်းကို ကြားရသည်၌ မင်းသားကလေး အင်ဒရေတွင် မည်သို့မျှ စိတ်ထိခိုက်ဟန် မရှိခြင်းတို့ကို မြင်ရသည်အတွက် ဝမ်းသာ လျက် ရှိကြောင်းကိုလည်း ဖော်ပြလျက် ရှိလေသည်။

"အင်ဒရေကတော့ ခပ်အေးအေးပဲ။ အစကတည်းက ဒီလိုဖြစ်လိမ့်မယ်လို့ ထင်သားပဲတဲ့။ အင်ဒရေဟာ ကိုယ့်သိက္ခာကို မထိန်းသိမ်းနိုင်လောက်အောင် ရှူးရှူးရှားရှားတော့ ဖြစ်မယ် မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ်လေ ထိပ်ထား မျှော်လင့်ထားသလောက်တော့ အခြေအနေ မဆိုးပါဘူး။ အများကြီး ကောင်းပါတယ်။ တကယ်တော့လဲ ဒီကိစ္စဟာ"

"နေပါဦး ထိပ်ထား။ ဒီကိစ္စဟာ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို တကယ်ပဲ ပြတ်ပြတ်တောင်းတောင်း ဖြစ်ကြတော့မှာလား"

ပီယာက မေးလိုက်၏။

မင်းသမီးကလေး မေရီသည် ပီယာကို တအံ့တဩ လှမ်းကြည့်လိုက်သည်။ ပီယာသည် မည်သည့်အတွက်ကြောင့် ဤသို့သော မေးခွန်းကို မေးရက်လေသနည်းဟု နားမလည်နိုင်အောင် ဖြစ်လျက်ရှိလေသည်။ ပီယာသည် စာကြည့်ဆောင်ထဲသို့ ဝင်လာခဲ့၏။ မင်းသားကလေး အင်ဒရေမှာ အကြီးအကျယ် ပြောင်းလဲသွားကာ စိုပြည်ကျန်းမာလာဟန်ရှိသော်လည်း မျက်ခုံးနှစ်ဖက်ကြား နှာရောင်ထိပ်၌ကား အရေတွန့်များ ပေါ်လာစပြုသည်ကို တွေ့ရ၏။ မင်းသားကလေး အင်ဒရေသည် အရပ်ဝတ်အရပ်စားကို ဝတ်ဆင်ထား၍ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၊ မင်းသားကြီး မက်ချားစကီနှင့် မျက်နှာချင်းဆိုင် ရပ်လျက် အပြင်းအထန် ငြင်းခုံလျက် ရှိလေသည်။ ထိုအချိန်က ပြည်ထဲရေးဝန်စပီရန်စကီအား သစ္စာဖောက်မှုဖြင့် နယ်ခြားသို့ ပို့သည့်သတင်းမှာ မော်စကိုသို့ ရောက်လာခါစရှိသေးရာ ၎င်းတို့သည် စပီရန်စကီ၏ အကြောင်းကို ပြောဆိုလျက် ရှိကြခြင်း ဖြစ်လေသည်။

"လွန်ခဲ့တဲ့ တစ်လလောက်တုန်းက စပီရန်စကီမှ စပီရန်စကီဆိုပြီး ဘုရားတစ်ဆူ ဂူတစ်လုံး လုပ်ခဲ့ကြသူတွေကရော၊ အစကတည်းက သူ့ကို ကဏ္ဍကောစ လုပ်ခဲ့ကြသူတွေကရော၊ ခုလို အိမ်နိမ့်စံရောက်တဲ့ဘဝကျတော့ နှစ်ပြားမှ မတန်အောင် ပြောကြတော့မှာပေါ့လေ။ ကံဇာတာ နိမ့်ပြီး မင်းပြစ်မင်းဒဏ်သင့်နေတဲ့ လူတစ်ယောက်ကို နှိပ်နှိပ်နယ်နယ် ပြောခြင်း၊ တခြားလူတွေရဲ့ အမှားဟူသမျှကို သူ့တစ်ယောက်တည်း ခေါင်းပေါ်ပုံချခြင်းဆိုတဲ့ ကိစ္စမျိုးကတော့ အင်မတန်လွယ်တဲ့ ကိစ္စပဲခင်ဗျ။ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ်။ ခု ဘုန်းတော်ကြီးသောဘုရားရဲ့ ရွှေလက်ထက်တော်မှာ တိုင်းပြည်တိုးတက်မှုရယ်လို့ ရှိခဲ့ရင်တော့ အဲဒီတိုးတက်မှုဟာ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူးခင်ဗျ။ စပီရန်စကီတစ်ယောက်တည်း သူတစ်ဦးတည်း လုပ်ခဲ့လို့ ဒီအခြေကို ရောက်လာခြင်း သာ ဖြစ်တယ်"



www.burmeseclassic.com

မင်းသားကလေး အင်ဒရေသည် ပီယာကို မြင်ရသည်၌ စကားကို ရပ်လိုက်၏။ ၎င်း၏ မျက်နှာသည် ရှုံ့သွားပြီးနောက် ချက်ချင်းပင် ရန်လိုသော အမူအရာကို ဆောင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ နောင်လာ နောက်သားများက တရားသဖြင့် ဆုံးဖြတ်ပါလိမ့်မယ်" မင်းသားကလေး အင်ဒရေက နိဂုံးချုပ်လိုက်ရင်း ပီယာ့ဘက်သို့ လှည့်လိုက်သည်။

"မာရဲ့နော် ရောင်းရင်း။ ရောင်းရင်းကတော့ တစ်နှစ်ထက်တစ်နှစ် ဝလာတာပဲဗျို့" မင်းသားကလေး အင်ဒရေက ရွှင်လန်းစွာ ပြောလိုက်၏။ သို့ရာတွင် နဖူးပေါ်မှ အရေတွန့်များသည် အထင်းသား ပေါ်လာကြသည်။ ပီယာက ပြန်လည် နှုတ်ဆက်သည့်အခါတွင်မှ မင်းသားကလေး အင်ဒရေက ပြုံးလိုက်လျက် ဖြေလိုက်သည်။

"ကျွန်တော်လား မာပါ့ဗျာ မာပါ့"

မင်းသားကလေး အင်ဒရေ၏ အပြုံးသည် 'အင်းကျန်းတော့ ကျန်းမာပါတယ်။ ဒါပေမဲ့ ခုတော့ ကျွန်တော့်ကျန်းမာရေးဟာ ဘယ်သူ့အတွက်မှ အသုံးမဝင်တော့ဘူးဗျ' ဟု ပြောနေသကဲ့သို့ ပီယာ့စိတ်ထဲတွင် ထင်မှတ်မိ၏။

ပိုလန်နယ်ခြားအကူး၌ လမ်းဆိုးပုံ၊ ဆွစ်ဇာလန်ပြည်၌ ပီယာ၏ အသိမိတ်ဆွေများနှင့် တွေ့ခဲ့ပုံ၊ မိမိ၏ သားငယ်အတွက် ဆွစ်ဇာလန်သူ စာပြဆရာ ဒီဆေးကို ငှားရမ်းလာခဲ့ပုံ စသည်တို့ကို ပီယာအား ပြောပြပြီးနောက် မင်းသားကလေး အင်ဒရေသည် အဘိုးကြီးနှစ်ယောက်နှင့် အတူ စပီရန်စကီ၏ အကြောင်းကို ဆက်လက် ငြင်းခုံနေပြန်သည်။

"တကယ်လို့ စပီရန်စကီဟာ ဘုန်းတော်ကြီးသော ဘုရားရဲ့ သစ္စာတော်ကို ဖောက်ဖျက်တယ်၊ နပိုလီယန်နဲ့ လျှို့ဝှက်ဆက်သွယ်တယ်ဆိုရင် လူသိရှင်ကြား ထုတ်ဖော်ကြေညာပါလား" မင်းသားကလေး အင်ဒရေက စိတ်အားထက်သန်စွာ ပြောလိုက်ပြန်သည်။ "စပီရန်စကီကို ပုဂ္ဂိုလ်အရ ကျွန်တော် ခုလဲ သဘောမကျဘူး။ ဘယ်တုန်းကမှလဲ သဘောမကျခဲ့ပါဘူး။ ဒါပေမဲ့ သူ့ကို မတရားသဖြင့် ဆုံးဖြတ်တာတော့ ကျွန်တော် လက်မခံနိုင်ဘူး။ တရားသဖြင့် ဖြစ်စေချင်တယ်"

မင်းသားကလေး အင်ဒရေသည် မိမိ၏ ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ စိတ်ရှုပ်စရာတွေ့လာလျှင် ကိုယ်ရေးကိုယ်တာ မဟုတ်သော ကိစ္စများကို အပြင်းအထန် ငြင်းခုံဆွေးနွေးခြင်းအားဖြင့် ထိုစိတ်ရှုပ်စရာများအား ဖျောက်ဖျက်ပစ်တတ်သော အလေ့ရှိခြင်းကို ထိုအခါကျမှ ပီယာ သတိရလာတော့သည်။

မင်းသားကြီး မက်ချားစကီ ပြန်သွားသောအခါ၌ မင်းသားကလေး အင်ဒရေသည် ပီယာ၏ လက်မောင်းကို ဆွဲကာ မိမိ၏ ခန်းဆောင်သို့ ခေါ်လာ၏။ မင်းသားကလေး အင်ဒရေ၏ ခန်းဆောင်ထဲ၌ ခုတင်တစ်လုံး ပြင်ထားလျက်ရှိပြီး ခရီးဆောင်သေတ္တာများ၊ ပစ္စည်းသေတ္တာများ ပြန့်ကြဲလျက် ရှိသည်။ မင်းသားကလေး အင်ဒရေသည် သေတ္တာတစ်လုံးကိုဖွင့်ကာ ကြုတ်ကလေး တစ်လုံးကိုယူ၍ ထိုအထဲမှ စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်၏။ မင်းသားကလေး အင်ဒရေသည် သေတ္တာကို ဖွင့်ရာကအစ စက္ကူထုပ်ကိုဖြေသည်အထိ မည်သည့်စကားကိုမျှ မပြောဘဲ လျင်မြန်စွာ ပြုလုပ်လျက်ရှိ၏။ ထို့နောက် မတ်မတ်ရပ်ကာ ချောင်းဆိုးလိုက်သည်။ ၎င်း၏ မျက်နှာသည် သုန်မှုန်လျက်ရှိကာ နှုတ်ခမ်းများသည် ခြောက်သွေ့ရှုံ့တွလျက် ရှိ၏။

"ဒုက္ခပေးတယ်လို့ မအောက်မေ့ပါနဲ့ဗျာ"

မင်းသားကလေး အင်ဒရေသည် နာတာရှာ့ အကြောင်းကိုပြောရန် အစပျိုးလိုက်ခြင်း ဖြစ်သည်ဟု ပီယာ သိလိုက်သည့်အတွက် ပီယာ၏ မျက်နှာပေါ်၌ ဝမ်းနည်းသည့်အရိပ်အယောင်၊ သနားကရုဏာသက်သည့် အရိပ်အယောင်များ ယှက်သန်းလာလေသည်။

မင်းသားကလေး အင်ဒရေသည် မိမိအား ပီယာက သနားကရုဏာသက်ဟန် ပြသည့်အတွက် မကျေမနပ်ဖြစ်သွားရာက စိတ်နှလုံး ဒုန်းဒုန်းချထားဟန် မချမ်းမြေ့သော လေသံဖြင့် စကားကို ဆက်လိုက်သည်။

"စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ပြီလို့ နာတာရှာ့ဆီက စာရတယ်။ ပြီးတော့ ခင်ဗျား ယောက်ဖတော်က နာတာရှာကို လက်ထပ်ဖို့ စကားကမ်းလှမ်းသလိုလို ဘာလိုလိုလဲ ကြားတယ်။ အဲဒါ အမှန်ပဲလား ရောင်းရင်း"



www.burmeseclassic.com

www.burmeseclassic.com


"မှန်လဲ မှန်တယ်၊ မမှန်လဲ မမှန်ဘူး ဆိုပါတော့" ပီယာက စတင် ပြောလိုက်၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေက ကြားဖြတ်၍

"ဒီလောက် သိရရင် တော်ပါပြီဗျာ၊ ဟောဒီမှာ သူ့စာတွေနဲ့ သူ့ဓာတ်ပုံ"

မင်းသားကလေးအင်ဒရေသည် စားပွဲပေါ်မှ စက္ကူဖြင့် ရစ်ပတ်ထားသည့် အထုပ်ကို ပီယာသို့ လှမ်းပေးလိုက်၏။

"နာတာရှာနဲ့ ခင်ဗျား တွေ့လို့ရှိရင် ဒီပစ္စည်းတွေကို ပြန်ပေးလိုက်ပါတော့"

"နာတာရှာ အသည်းအသန် ဖြစ်နေတယ်" ပီယာက ပြန်ပြောလိုက်၏။

"ဩော်၊ သူ ဒီမှာရှိသေးသကိုး။ အနာတိုလီ ကကော"

"အနာတိုလီတော့ မရှိတော့ပါဘူး။ ပြန်သွားပါပြီ။ နာတာရှာခမျာ တော်တော်မကျန်းမမာ ဖြစ်နေတယ် ရောင်းရင်း"

"အေးဗျာ။ မကျန်းမာဘူးလို့ ကြားရတဲ့အတွက် စိတ်မကောင်းဘူး" မင်းသားကလေး အင်ဒရေက ပြောလိုက်၏။ ထို့နောက် မင်းသားကလေးအင်ဒရေက ၎င်း၏ ခမည်းတော်ကြီးကဲ့သို့ မလိုတမာဟန်ဖြင့် စိတ်မချမ်းမြေ့စွာ ပြုံးလိုက်သည်။

"ဒါဖြင့် မင်းသားကလေး အနာတိုလီဟာ မြို့စားသမီးတော်ကလေး နာတာရှာကို စုလျားရစ်ပတ် လက်ထပ်ခြင်း ပြုတော်မမူတော့ဘူး ဆိုပါတော့" မင်းသားကလေး အင်ဒရေက ချောင်းဆိုးရာက ခပ်လှောင်လှောင်ကလေး ပြောလိုက်၏။

"သူ လက်ထပ်လို့ မရတော့ဘူး ရောင်းရင်း။ သူ့မှာ လက်ထပ်ပြီး သားကြီး မယားကြီး ရှိနေပြီးသားပဲ" ပီယာက ပြောလိုက်၏။

မင်းသားကလေး အင်ဒရေက မလိုတမာရယ်လိုက်ပြန်သည်တွင် ၎င်းခမည်းတော်ကြီး၏ အမူအရာမျိုး ပေါ်လာပြန်သည်။

"ဒါထက် မေးစမ်းပါရစေဦး။ ခင်ဗျာ့ ရွှေယောက်ဖတော်ကကော ဘယ်မှာလဲဗျ"

"သူ ပီတာစဘတ်ကို၊ ကျွန်တော်လဲ ကောင်းကောင်းမသိပါဘူးဗျာ" ပီယာက ပြန်ပြောလိုက်သည်။

"ထားပါတော့လေ၊ ဒါက အရေးမကြီးလှပါဘူး" မင်းသားကလေး အင်ဒရေက ပြောလိုက်၏။ "ကျွန်တော့်အနေနဲ့တော့ အစကရော၊ အခုရော လွှတ်လပ်ခွင့်ပေးထားတယ်ဆိုတာကိုသာ နာတာရှာကို ပြောလိုက်ပါ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်းလဲ ဆုတောင်းပါတယ်လို့"

ပီယာသည် စက္ကူဖြင့် ပတ်ထားသော အထုပ်ကို ကောက်ယူလိုက်၏။ မင်းသားကလေး အင်ဒရေသည် မိမိအနေဖြင့် နောက်ထပ်တစ်စုံတစ်ရာ ပြောစရာ ရှိသေးသလော၊ သို့မဟုတ် ပီယာ့အနေဖြင့် တစ်စုံတစ်ရာ ပြောစရာရှိသေးသလောဟု စဉ်းစားဟန်ဖြင့် ပီယာကို စူးစိုက် ကြည့်နေသည်။

"ဗျို့ ရောင်းရင်း၊ ပီတာစဘတ်ရွှေမြို့တော်တုန်းက ကျွန်တော်တို့နှစ်ယောက် ဆွေးနွေးခဲ့ကြတာကို မှတ်မိသေးသလား၊ ဒါမျိုးနဲ့ ပတ်သက်လို့"

"မှတ်မိပါတယ်" မင်းသားကလေး အင်ဒရေက ကြားဖြတ်၍ ပြောလိုက်၏။ "သစ္စာမဲ့တဲ့မိန်းမတစ်ယောက်ကို ခွင့်လွှတ်သင့်တယ်လို့ ကျွန်တော် ပြောခဲ့ဖူးတယ်လေ။ ဒါပေမဲ့ သူ့ကို ခွင့်လွှတ်နိုင်တယ်လို့တော့ ကျွန်တော် မပြောခဲ့ဖူးပါဘူး။ ခွင့်လဲ မလွှတ်နိုင်ဘူး"

"ဒါပေမဲ့ နှိုင်းယှဉ်ချက်အားဖြင့် ကြည့်ရင်" ပီယာက စကားဆက်လိုက်သည်။

မင်းသားကလေး အင်ဒရေသည် စိတ်တိုလာဟန်နှင့် ကြားဖြတ်၍ ခပ်ကျယ်ကျယ်ဖြင့်

"ဘာလဲ သူ့ကို သဘောထားကြီးစွာ ခွင့်လွှတ်၊ သူနဲ့ ပြန်ဆက်ဖို့ ပြောမလို့လား။ မှန်ပါတယ်။ ဒီလို သဘောထားကြီးစွာ ခွင့်လွှတ်ခြင်းဟာ မြင့်မြတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီလို ခွင့်လွှတ်နိုင်လောက်အောင် ပါရမီခံရင့်သန်တဲ့ လူတစ်ယောက် မဟုတ်ဘူးခင်ဗျ။ ဒီတော့ ကျွန်တော့်ကို မိတ်ဆွေရောင်းရင်းလို သဘောထားသေးရင် ဒီအကြောင်း ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်ကို ဘယ်တော့မှ မပြောပါနဲ့တော့။ ကဲ တွေ့ရတာ ဝမ်းသာတယ်ဗျာ။ အဲဒီအထုပ်ကလေးကိုသာ သူ့ကို ပေးလိုက်ပါ"

ပီယာသည် မင်းသားကလေး အင်ဒရေ၏



www.burmeseclassic.com

ခန်းဆောင်မှ ထွက်လာကာ မင်းသားကြီး ဘိုလကွန်စကီနှင့် မင်းသမီးကလေး မေရီထံသို့ လာခဲ့၏။

မင်းသားကြီး ဘိုလကွန်စကီမှာ ခါတိုင်းထက် ရွှင်လန်းပုံ ရလျက်ရှိ၏။ မင်းသမီးကလေးမေရီမှာ ခါတိုင်းကဲ့သို့ မထုံ့တထုံ့ အေးစက်စက်နှင့် ဖြစ်လေသည်။ သို့ရာတွင် မင်းသမီးကလေးမေရီသည် တစ်ဖက်က သူ့မောင် အင်ဒရေအား သနားကရုဏာသက်နေဟန် ရှိသော်လည်း ထိုကရုဏာ၏ နောက်ကွယ်ရှိ စေ့စပ်ကြောင်း လမ်းခြင်း ပျက်သွားသည့်အတွက် ကျေနပ်အားရလျက် ရှိဟန်ပေါ်လျက် ရှိခြင်းကိုလည်း ပီယာ သတိထား မိလေသည်။ ၎င်းတို့အားလုံးကို နီးနီးကပ်ကပ် တွေ့မြင်ရ သည့်အခါတွင်မှ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစု အပေါ်တွင် အထင်သေး အမြင်သေးဖြစ်ကာ မလိုမုန်းထား လျက် ရှိခြင်းကို လည်းကောင်း၊ အခြားလူတစ်ယောက် အတွက် မင်းသားကလေး အင်ဒရေကို စွန့်လွှတ်နိုင်သည့် နာတာရှာ၏ နာမည်ကိုမျှ မကြားချင်လောက်အောင် ဖြစ်လျက် ရှိခြင်းကိုလည်းကောင်း ပီယာ ပိုမို သဘောပေါက် လာခဲ့လေသည်။

ထိုအချိန်မှာ (ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားရာမှ တစ်ဖန်) စစ်ဖြစ်တော့မည့် အရိပ်အယောင်များ ယှက်သန်း လျက်ရှိချိန် ဖြစ်လေရာ ညစာစားပွဲတွင် စစ်အကြောင်းကို ပြောဆိုလျက် ရှိကြလေသည်။ မင်းသားကလေး အင်ဒရေ သည် ခမည်းတော် မင်းသားကြီးနှင့် တစ်လှည့်၊ ဆွစ် လူမျိုး စာပြဆရာ ဒီဆေးနှင့် တစ်လှည့် ဒိုင်ခံ၍ ငြင်းခုံ ကာ တမင် စိတ်အားထက်သန်လျက် ရှိယောင်ပြု၍ စကားကို အမျှင်မပြတ် ပြောဆိုနေလေသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေ ဤသို့ ထူးဆန်းစွာ စိတ်ထက် သန်ဟန် ပြုနေခြင်း၏ အကြောင်းရင်းကိုကား ပီယာ သိခဲ့လေပြီ။

## အခန်း ၂၂

ထိုနေ့ညနေတွင် ပီယာသည် မင်းသားကလေး အင်ဒရေက ပေးလိုက်သော စာထုပ်နှင့် ဓာတ်ပုံကို နာတာရှာအားပေးရန် မြို့စားကြီးရော့စတော့ဗ် တည်းခိုရာ မာယာဒီမီထရီ ယက်ဗ်နာ၏ အိမ်သို့ စွတ်ဖားတစ်စီးဖြင့် လာခဲ့လေသည်။ နာတာရှာမှာ အိပ်ရာထဲတွင်ရှိနေပြီး မြို့စားကြီးမှာ ကလပ် သို့ သွားလျက်ရှိလေရာ ပီယာသည် စာထုပ်ကို ဆွန်ယာအား ပေးခဲ့ပြီးနောက် မင်းသားကလေး အင်ဒရေ၏ သဘော ထားကို သိချင်စိတ်ပြင်းပြလျက်ရှိသော မာယာဒီမီ ထရီယက်ဗ်နာထံသို့ လာခဲ့၏။ ဆယ်မိနစ်ခန့် ကြာသော အခါ ဆွန်ယာ ရောက်လာလေသည်။

"နာတာရှာက အစ်ကိုနဲ့ တွေ့ချင်တယ်လို့ ပြောနေ ပါတယ်" ဆွန်ယာက ပြော၏။

"အို ဘယ်ဖြစ်မလဲ။ ခန်းဆောင်ထဲမှာက ရှုပ်ပွ နေတာ။ တူတော်မောင့်ကို အခန်းဆောင်ထဲ ခေါ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ခန်းဆောင်ထဲမှာ မဟုတ်တော့ပါဘူး အရီးတော်။ အဝတ်အစားလဲပြီး ဧည့်ခန်းဆောင်ထဲမှာ ဆင်းစောင့်နေပါ တယ်"

မာယာဒီမီထရီယက်ဗ်နာသည် မည်သို့မျှ မပြော တော့ဘဲ ပခုံးများကိုသာ တွန့်လိုက်၏။

"သူ့မယ်တော်ကြီးကလဲ ဘယ်တော့မှများ ရောက် လာမလဲ မသိဘူး။ အရီးတော်တော့ စိတ်ညစ်လှပြီ။ နာတာရှာကို အကုန်ဖွင့်မပြောလိုက်နဲ့ဦးနော် တူတော် မောင်။ အင်း၊ အရီးတော်ဖြင့် သူ့ကို ကြည့်ရတာနဲ့ ဆူဆူ ပူပူလဲ မလုပ်ရက်တော့ပါဘူးကွယ်။ သနားတာတစ်ခုပါပဲ"

မာယာဒီမီထရီယက်ဗ်နာက ပြောလိုက်သည်။

နာတာရှာသည် ဧည့်ခန်းဆောင်အလယ်တွင် ရပ်လျက်ရှိ၏။ ၎င်း၏မျက်နှာသည် ချုံးကျသွားကာ ဖြူဖပ်ဖြူရော် ဖေးကြောင်ကြောင်ဖြစ်လျက် ရှိသော်လည်း ပီယာထင်သကဲ့သို့ ရှက်ရွံ့သည့် ဟန်မျိုးမရှိချေ။ အခန်းဝသို့ ပီယာ ရောက်လာသောအခါတွင် နာတာရှာသည် ပီယာကို သွားရောက်နှုတ်ဆက်ရမည်လော၊ ပီယာ လာရောက် နှုတ်ဆက်သည်အထိ စောင့်နေရမည်လောဟု တွေးမရ ဖြစ်နေဟန် ရှိလေသည်။

ပီယာသည် နာတာရှာ့ထံ ခပ်သွက်သွက် လျှောက် လာခဲ့၏။ ပီယာ့အထင်၌ နာတာရှာသည် ခါတိုင်းကဲ့သို့ လက်ကမ်းနှုတ်ဆက်လိမ့်မည်ဟု ထင်သည်။ သို့သော်လည်း နာတာရှာသည် ပီယာ့ထံသို့ လျှောက်ရုံသာ လျှောက်လာ ခဲ့ပြီး ကပွဲတက်ဆောင်တွင် သီချင်းဆိုခါနီးရပ်သည့် အနေအထားမျိုးဖြင့် လက်နှစ်ဖက်ကို အရှပ်ကြိုးပြတ်



www.burmeseclassic.com

www.burmeseclassic.com


ချထားလျက် အသက်ပြင်းစွာရှူ၍ ရပ်လိုက်၏။ မျက်နှာ အသွင်အပြင်ကား တစ်မျိုးဖြစ်လျက် ရှိလေပြီ။

"အစ်ကို၊ အင်ဒရေဟာ အစ်ကို့ရောင်းရင်း ဖြစ်ခဲ့ဖူးတယ်နော်၊ အစ်ကို့ရောင်းရင်းနော်" နာတာရှာက သူ့စကားကို ပြင်လိုက်သည်။ (နာတာရှာ့အဖို့၌ အတိတ်ကဖြစ်ရပ်များသည် ပျောက်ကွယ်ခဲ့ကာ အစစအရာရာ အသစ်ပြောင်းလဲလျက် ရှိပြီဟု ထင်မှတ်လျက်ရှိ၏။) "အရေးကိစ္စကြုံရင် အစ်ကို့ကို တိုင်ပင်ပါလို့ သူ တစ်ခါက'

ပီယာသည် နာတာရှာကိုကြည့်၍ ရင်ထဲတွင် ဆို့လာလေသည်။ သို့ရာတွင် မည်သို့မျှ ပြန်မပြောချေ။ ပီယာသည် အသည်းထဲ နှလုံးထဲမှ နာတာရှာကို အပြစ်တင်ကာ စက်ဆုပ်သောစိတ်များ ဖြစ်ပေါ်စေရန် နှလုံးသွင်းလျက် ရှိသော်လည်း လက်တွေ့၌ကား နာတာရှာအားသနားကရုဏာဖြစ်သော စိတ်တို့သည် ရင်နှင့်အပြည့် ဖြစ်ပေါ်လျက်ရှိလေရာ ၎င်းရင်ထဲ၌ အပြစ်မြင်လိုသော စိတ်အတွက် နေရာမရှိတော့ချေ။

"သူ ပြန်ရောက်လာပြီနော် အစ်ကို၊ နာတာရှာကို ခွင့်၊ ခွင့်လွှတ်ဖို့ သူ့ကို ပြောပေးပါလား အစ်ကို"

နာတာရှာသည် စကားကို ရပ်လိုက်လျက် အသက်ကို ပို၍ ပြင်းစွာ ရှူနေပြန်သည်။ သို့ရာတွင် မျက်ရည်မထွက်တော့ချေ။

"ပြော၊ ပြောတာပေါ့ နာတာရှာ။ ဒါပေမဲ့"

ပီယာသည် မည်သို့ဆက်၍ ပြောရမည်ကို မသိဘဲ ဖြစ်နေသည်။ နာတာရှာကား မိမိပြောသောစကားကို ပီယာ မည်သို့များ ထင်သွားလေမည်နည်းဟု စိုးရိမ်လျက် ရှိသည်။

"နာတာရှာဆိုလိုတာက တစ်မျိုးပါ အစ်ကို။ ဒီကိစ္စဟာ ဒီဘဝဒီမျှနဲ့ပဲ ပြီးပြီဆိုတာ နာတာရှာ သိပါတယ်။ ဒီအဖြစ်ဟာ ဘယ်တော့မှ အသစ်ပြန်မဖြစ်တော့ဘူးဆိုတာကိုလဲ နာတာရှာ နားလည်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို ပြန်ကောက်ကြဖို့ နာတာရှာ မပြောလိုတော့ပါဘူး။ ပြည်ဖုံးကား ချလိုက်ပြီလို့ပဲ သဘောထားပါတယ်။ သူ့အပေါ်မှာ သစ္စာပျက်ခဲ့လေခြင်းလို့ ယူကျုံးမရတာ တစ်ခုပဲ ရှိပါတော့တယ်။ ဒါကြောင့် အမိုက်မ နာတာရှာရဲ့ အဖြစ်တွေကို ခွင့်လွှတ်ဖို့ အကြောင်းကိုပဲ ပြောပေးပါလို့ ဆိုလိုတာပါ"

နာတာရှာသည် ကတုန်ကယင် ဖြစ်လာသည့်အတွက် ထိုင်ခုံပေါ်တွင် ထိုင်လိုက်၏။ တစ်ခါဖူးမျှ မကြုံခဲ့ဖူးသော သနားကြင်နာခြင်းသည် ပီယာ၏ရင်ထဲတွင် လှုံ့တက်လာလေသည်။

'ကိစ္စမရှိပါဘူး နာတာရှာ။ အစ်ကို ပြောပါ့မယ်။ အဖြစ်အပျက်အားလုံးကို အကုန်လုံးပြောပြပါ့မယ်" ပီယာက ပြောလိုက်၏။ "ဒါပေမဲ့ အစ်ကိုသိချင်တာ တစ်ခုတော့ ရှိတယ် နာတာရှာ"

နာတာရှာ၏ မျက်လုံးများက "ဘာကိုသိချင်တာလဲ အစ်ကို"ဟု မေးမြန်းလျက်ရှိ၏။

"အစ်ကို သိချင်တာက နာတာရှာဟာ နာတာရှာဟာ ဟို ဟို" ပီယာသည် အနာတိုလီအား မည်သို့ရည်ညွှန်းပြောဆိုရမည်ကို စဉ်းစားမရဘဲ မျက်နှာ နီရဲလာလေသည်။ "ဟို၊ ဟို လူယုတ်မာကို တကယ် ချစ်သလားဆိုတာ သိချင်တယ်"

"လူယုတ်မာလို့ မပြောပါနဲ့ အစ်ကိုရယ်" နာတာရှာက ပြောလိုက်၏။ "မသိဘူး အစ်ကို၊ နာတာရှာ မသိဘူး။ နာတာရှာ ဘာမှမသိဘူး"

နာတာရှာသည် ငိုလျက်ရှိလေသည်။ ပို၍သနားသော စိတ်၊ ပို၍ကြင်နာသောစိတ်၊ ပို၍ချစ်သော စိတ်တို့သည် ပီယာ၏ရင်ထဲတွင် ဒီရေကဲ့သို့ လှုံ့လာပြန်သည်။ မျက်မှန်အောက်မှ မျက်လုံးများထဲ၌လည်း မျက်ရည်တွေ ဝဲလာသည်။

"အေးပါလေ၊ ဒီအကြောင်းကို အစ်ကို နောက်ထပ် မပြောတော့ပါဘူး" ပီယာက ချိုသာနူးညံ့သောအသံဖြင့် ပြောလိုက်လေရာ နာတာရှာပင် အံ့အားသင့်သွားမိလေသည်။

"ဒီအကြောင်းကို အစ်ကို နောက်ထပ် မပြောတော့ပါဘူး။ နာတာရှာ ပြောစေချင်တာတွေကိုလဲ အစ်ကို အကုန် ပြောပြပါ့မယ်။ စိတ်ချပါ။ ဒါပေမဲ့ အစ်ကို့ကိုတော့ မိတ်ဆွေတစ်ယောက်လို သဘောထားပါ။ အကူအညီဖြစ်စေ၊ အကြံဉာဏ်ဖြစ်စေ၊ ဒါမှမဟုတ် နာတာရှာ့ရင်ထဲမှာ ပြောချင်တဲ့စကားတွေ များနေလို့ ရင်ဖွင့်ချင်တဲ့အခါမှာဖြစ်စေ လိုအပ်လာရင် အစ်ကို့ကိုသတိရဖို့ တစ်ခုကိုတော့ အစ်ကို တောင်းပန်ချင်ပါတယ်။ ရင်ဖွင့်ဖို့ဆိုတာကလဲ အခု မဟုတ်ပါဘူး။ နောင် စိတ်လက် ကြည်ကြည်သာသာ


www.burmeseclassic.com

ရှိမှပါ” ပီယာက နာတာရှာ၏ လက်ခုံကို နမ်းလိုက်သည်။ “နာတာရှာ တောင်းတဲ့ အကူအညီဟာ အစ်ကို တတ်စွမ်းနိုင်တဲ့ အကူအညီမျိုးဆိုရင် အစ်ကို ဝမ်းမြောက်ဝမ်းသာ ပေးဖို့ အဆင်သင့် ရှိပါတယ်”

ပီယာ၏ရင်သည် တလှပ်လှပ် ခုန်စ ပြုလာလေသည်။

“နာတာရှာ့ကို ဒီလိုမပြောနဲ့တော့ အစ်ကို။ နာတာရှာဟာ ဒီလိုစကားမျိုးနဲ့ ထိုက်တန်တဲ့ မိန်းမ တစ်ယောက် မဟုတ်တော့ဘူး” နာတာရှာသည် ငို၍ ပြောရာက ခန်းဆောင်အပြင်သို့ ထွက်ရန် လှည့်လိုက်၏။ သို့ရာတွင် ပီယာက လက်ကို ဖမ်းဆွဲထားလိုက်သည်။ ပီယာသည် နာတာရှာအား ပြောစရာစကားတွေ ကျန်နေသေးကြောင်း ကိုယ့်ဘာသာကိုယ် သိ၏။

“နေဦး နာတာရှာ၊ နေဦး။ ဒီလို ကိုယ့်ကိုယ်ကို ပန်းကောင်းအညွှန့်ကျိုး စကားမျိုး မပြောပါနဲ့။ နာတာရှာဟာ ခုမှ ငယ်ငယ်လေး ရှိပါသေးတယ်။ ရှေ့မှာ အညွှန့်တလူလူနဲ့ နေရမယ့် အချိန်တွေ ရှိပါသေးတယ်”

“အညွှန့်တလူလူ ရှိသေးသလား။ မထင်နဲ့အစ်ကို၊ မရှိတော့ဘူး။ နာတာရှာ့အဖို့ ဘဝဆုံးပြီ။ ဘာမှမရှိတော့ဘူး” နာတာရှာသည် ရှက်လည်း ရှက်၏။ မိမိကိုယ်ကိုလည်း တန်ဖိုးမထားလိုတော့ပြီ။

“မဟုတ်သေးပါဘူး နာတာရှာ။ ဘာလို့ ဘဝဆုံးရမှာလဲ။ မဆုံးရဘူး။ အစ်ကိုဟာ ခုလိုမဟုတ်ဘဲ ကမ္ဘာပေါ်မှာ ယောကျ်ားအပီသဆုံးလူတစ်ယောက်၊ အမြော်အမြင်အရှိဆုံး လူတစ်ယောက်၊ အတော်ဆုံး လူတစ်ယောက် ဖြစ်ခဲ့ပြီး လွတ်လွတ်လပ်လပ် ရှိနေသေးတယ်ဆိုရင် နာတာရှာရဲ့ရှေ့မှာ ခုလိုထိုင်ပြီး နာတာရှာရဲ့ အသည်းနှလုံးနဲ့အချစ်ကို တောင်းလိုက်ချင်စမ်းပါဘိ နာတာရှာရယ်”

နာတာရှာသည် ထိုစကားများကို ကြားလိုက်သည်၌ ရက်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ကျေးဇူးတင်ခြင်း ဖြစ်မိ၏။ နာတာရှာသည် ထိုဝေဒနာတို့ကြောင့် မျက်ရည်များ ဝေ့လည်လာရာက အခန်းအပြင်သို့ ထွက်သွားလေသည်။

နာတာရှာ ထွက်သွားသည့်အခါ၌ ပီယာမှာလည်း အသက်ပင် ကောင်းကောင်းမရှူနိုင်ဘဲ ဖြစ်ရာက ဝမ်းမြောက်ခြင်း၊ ကြည်နူးခြင်းတို့ကြောင့် ဖြစ်သော မျက်ရည်တို့ဖြင့် စမုတ်ဆောင်သို့ ပြေးထွက်လာခဲ့ကာ သားမွေးဝတ်စုံအင်္ကျီကို ဝတ်သော်လည်း လက်ပေါက်ပင် ရှာမတွေ့နိုင်တော့ဘဲ ကိုယ်ပေါ်တွင် လွှားခနဲ ခြုံလိုက်ပြီး စွတ်ဖားပေါ်သို့ တက်လိုက်လေသည်။

“ဘယ်ကိုသွားမလဲ သခင်လေး” စွတ်ဖားမောင်းသမားက မေး၏။

‘ဘယ်ကိုသွားမလဲ’ ပီယာသည် ကိုယ့်ကိုယ်ကို မေးကြည့်၏။ ‘ငါ ခု ဘယ်သွားရမလဲ။ ကလပ်ကိုလဲ မသွားချင်ဘူး။ တခြားကိုလဲ မလည်ချင်ဘူး’

ထိုအချိန်၌ ပီယာ၏ရင်၌ ကြည်နူးခြင်း၊ ကြင်နာခြင်း၊ ချစ်ခင်ခြင်း စသည့် ဝေဒနာများသည် ရင်နှင့်အပြည့် ဖြစ်ပေါ်လျက်ရှိ၏။ ဤခံစားချက်နှင့် နှိုင်းယှဉ်လိုက်သောအခါ၌ ကမ္ဘာလောကကြီးတစ်ခုလုံးတွင် ရှိရှိသမျှသော အရာတို့သည် လွန်စွာ သေးနုပ်သောအရာ၊ လွန်စွာ သိမ်ဖျင်းသောအရာဟု ထင်မှတ်လျက်ရှိ၏။ ထို့မှမက မိမိပြန်ခါနီး၌ ကြင်နာသော၊ ကျေးဇူးတင်သော၊ မျက်ရည်ဖုံးသော မျက်လုံးများဖြင့် နောက်ဆုံးကြည့်လိုက်သော နာတာရှာ၏အကြည့်နှင့် နှိုင်းယှဉ်လိုက်လျှင် ကမ္ဘာလောကကြီး၌ ရှိရှိသမျှ လူသတ္တဝါအားလုံးတို့သည် လွန်စွာ သနားစရာကောင်း၍ လွန်စွာဆင်းရဲနွမ်းပါးသူများသာ ဖြစ်သည်ဟုလည်း ထင်လျက်ရှိလေသည်။

“အိမ်ကို မောင်းဟေ့” ပီယာက ပြောလိုက်သည်။ နှင်းမှုန်တို့ ထူထပ်စွာ ကျလျက် သုညအထက် ဆယ်ဒီဂရီ ရောက်အောင် ချမ်းအေးသော ညတစ်ည ဖြစ်သော်လည်း ပီယာသည် ၎င်း၏ကျယ်ပြန့်သော ရင်ဘတ်ကြီးကို ဖုံးထားသည့် ဝက်ဝံရေ အင်္ကျီကြီးကိုဖွင့်ကာ လေကို အားရပါးရ ရှူလိုက်မိ၏။

ထိုညမှာ နှင်းမှုန်တို့ တဖွဲဖွဲကျလျက် ရှိ၏။ ကြယ်ရောင်တို့ဖြင့် တလက်လက် တောက်ပလျက်ရှိသည့် ကောင်းကင်ကြီးသည် မီးမှိန်မှိန် လင်းလျက်ရှိ၍ ညစ်ပတ်ပေရေသော လမ်းများပေါ်တွင် လည်းကောင်း၊ မှောင်မည်းနေသော အိမ်ခေါင်မိုးများပေါ်တွင် လည်းကောင်း အုပ်ဆိုင်းလျက် ရှိ၏။ ယနေ့ညသို့ မိမိ၏ဝိညာဉ်သည် အမြင့်သို့ ရောက်လာခဲ့ပြီဟု ပီယာ၏စိတ်တွင် မှတ်ထင်လျက်ရှိ၍ ထိုသို့ အမြင့်သို့ ရောက်လျက်ရှိသော မိမိ၏ဝိညာဉ်နှင့် နှိုင်းယှဉ်လျှင် ရှိရှိသမျှသော မြေကြီးပေါ်က အရာမှန်သမျှ



www.burmeseclassic.com

သည် ယုတ်ညံ့သိမ်ဖျင်းသောအရာများသာ ဖြစ်ချေသည် တကားဟု တွေးလျက် လာခဲ့လေရာ ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်မိသည့်အခါကျမှ ထိုအတွေးသည် ပျောက်ကွယ်သွားတော့သည်။ အာရဗတ်ပန်းခြံဝသို့ ရောက်သောအခါ၌ နက်မှောင်လျက်ရှိသော်လည်း ကြယ်ရောင်တို့ဖြင့် တောက်ပလျက်ရှိသော ကောင်းကင်ပြင်ကြီးကို မျှော်မဆုံးနိုင်အောင် မြင်ရလေပြီ။ ပရီချီစတင်ကာရိပ်ပုံသာလမ်းမ အထက်ဆီလောက်၌မူ ဘေးတစ်ဖက်တစ်ချက်တွင် ကြယ်ပွင့်တို့ အပြွတ်လိုက် အခိုင်လိုက် ဝန်းရံလျက်ရှိခြင်း၊ မိုးကုတ်စက်ဝိုင်းနှင့် ထိစပ်လျက်ရှိခြင်း၊ ဖြူဖွေးသော အလင်းရောင်တန်းကြီး ပေါ်ထွက်လျက်ရှိခြင်း၊ ရှည်လျားကော့ထောင်သော အမြီးကြီးရှိခြင်းတို့ကြောင့် ထင်းထင်းကြီးပေါ်လျက် ရှိသော အရာကြီးတစ်ခုသည် ကောင်းကင်အလယ်တည့်တည့်ဆီလောက်တွင် တွဲလွဲဆိုင်းလျက်ရှိလေ၏။ ထိုအရာကြီးကား ကပ်အမျိုးမျိုးနှင့်တကွ ကမ္ဘာကြီး ပျက်သုဉ်းခြင်း၏ ရှေ့ပြေးနိမိတ်ဟု ဆိုကြသော ၁၈၁၂–ခုနှစ်တွင် ပေါ်ထွန်းခဲ့သည့် ကြယ်တံခွန်ကြီး ပေတည်း။

သို့သော်လည်း ရှည်လျား၍ ပြောင်ပြောင်ညီးညီး တောက်ပလျက်ရှိသော ကြယ်တံခွန်ကြီးသည် ပီယာကို ကြောက်ရွံ့ထိတ်လန့်စေခြင်းဟု မတတ်နိုင်ချေ။ ပီယာသည် ကြယ်တံခွန်ကြီးကို ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်ရုံမျှမက အနမတဂ္ဂရှိသော ကြယ်တာရာများအကြား၌ တောက်ပရှည်လျားသော အမြီးကြီးကို ထောင်ကာ ကောင်းကင်အလုံးကို တရဲရဲတလျှပ်လျှပ် တဖျတ်ဖျတ် တထိန်ထိန် ဖြစ်စေလျက် ပစ်လွှတ်လိုက်သော မြားတံသည် မြေပေါ်သို့ စိုက်ကျလာသကဲ့သို့ ၎င်း၏ လမ်းကြောင်းအတိုင်း တန်းတန်းမတ်မတ် အဟုန်ပြင်းစွာ သွားလျက်ရှိသော ကြယ်တံခွန်ကြီးကို မျက်ရည်စိုစွတ်လျက်ရှိသော မျက်လုံးများဖြင့် ရွှင်ပျအားရစွာ ကြည့်နေမိသည်။ ပီယာအဖို့ သော်ကား မိုးကောင်းကင်အမြင့်ရှိ ဘဝသစ်တစ်ခုထဲသို့ ဝင်ရောက်လျက်ရှိသော မိမိ၏ ဝိညာဉ်ထဲတွင် ဖြစ်ပျက်နေသည့် အခြင်းအရာတို့ကို ထိုကြယ်တံခွန်ကြီးက ကောင်းချီးသြဘာ ပေးလျက် ရှိသည်ဟု ထင်မှတ်လျက် ရှိပေသတည်း။



www.burmeseclassic.com

## စစ်နှင့်ငြိမ်းချမ်းရေး ပထမတွဲ [အပိုင်း-၁ မှ အပိုင်း-၈] တွင် ပါဝင်သော မှတ်စုများ

['စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီး ပထမတွဲတွင် ပါရှိသည့် အချက်အလက်များနှင့် တကွ အချို့သော ဇာတ်ဆောင်များမှာ ရာဇဝင်၌ ထင်ရှားရှိခဲ့သည့်အရာများ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့နှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို မှတ်စုအဖြစ် ဖော်ပြအပ်ပါသည်။ အလွယ်တကူ ကြည့်ရှု နိုင်ရန် သက်ဆိုင်ရာ စာမျက်နှာနံပါတ်များဖြင့် ပူးတွဲဖော်ပြ ထားပါသည်။ ဒုတိယတွဲတွင်လည်း ယခု ပထမတွဲတွင် ဖော်ပြခဲ့သည့်အတိုင်း အရေးကြီးသော အဖြစ်အပျက်များကို မှတ်စုများအဖြစ် ဆက်လက်ဖော်ပြသွားပါမည်။]

"ဘေးမှဂဏန်းများသည် စစ်နှင့်ငြိမ်းချမ်းရေး ပထမတွဲတွင် ပါရှိသည့် စာမျက်နှာနံပါတ်များ ဖြစ်ပါသည်။]

၃၀။ **မတ်မှိုင်ဇယ်ရော့**

ပြင်သစ်ကခြေသည်တစ်ဦးဖြစ်၍ နပိုလယန်၏ ကိုလုပ်တော်တစ်ဦး ဖြစ်ခဲ့ဖူးသည်။ ၁၈၀၈-ခုနှစ်တွင် မော်စကိုမြို့သို့ ရောက်လာ၍ ကခြေသည်အဖြစ် အသက်မွေးသည်။ ဤဝတ္ထုကြီးနောက်ပိုင်းတွင် ၎င်း၏ အကြောင်းကို တွေ့နိုင်သည်။

၃၂။ **ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်(၁၇၄၄-၁၈၁၃)**

ရုရှားစစ်သေနာပတိချုပ် ဖြစ်သည်။ ကက်သရင်းဘုရင်မကြီးလက်ထက် ရုရှား-တူရကီစစ်ပွဲတွင် ရုရှားစစ်သူကြီး ဆူဗိုရော့နှင့်အတူ တိုက်ခိုက်၍ နာမည်ကျော်တူရကီခံတပ်ကြီးဖြစ်သော အိုချာကော့ ခံတပ်ကြီးကို သိမ်းပိုက်ခဲ့သဖြင့် စစ်ဆင်စစ်တက်တွင် ထင်ရှားသူတစ်ဦးဖြစ်သည်။ ထိုတိုက်ပွဲတွင် ဒဏ်ရာရ၍ မျက်လုံးတစ်ဖက်ပျက်သွားသည်။ တူရကီစစ်ပွဲအပြီး ပီတာစဘတ်မြို့ မြို့ဝန်ချုပ်အဖြစ် ဆောင်ရွက်စဉ် ဘုရင်အမျက်တော်ရှ၍ ကျေးတောတွင် သွားရောက်နေထိုင်သည်။ နပိုလီယန်စစ်ဖြစ်ပွားသောအခါ ဩစထရီးယားရှိ ရုရှား စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၃၉။ **"အာဖရိကတိုက်မှာ အကျဉ်းသားတွေ သတ်တာကကော"**

အီဂျစ်ပြည် ပုန်ကန်ထကြွမှုတွင် သူပုန်များအား နပိုလီယန်က နှိမ်နင်းသတ်ဖြတ်သည့်ကိစ္စကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။

၅၆။ **မြို့စားကြီး အီလျာရော့စတော့ဗ်**

တော်လ်စတွိုင်းသည် မြို့စားကြီးရော့စတော့ဗ်နှင့် မြို့စားကတော်ကြီးတို့၏ သဘာဝတွက်ကို ဖွဲ့ရာ၌ ၎င်း၏ ဘိုးအေနှင့် ဘွားအေဖြစ်သူ မြို့စားကြီး အီလျာတောလ်စတွိုင်းနှင့် ဇနီးတို့ကို ကြည့်၍ ရေးသည်ဟု ဆိုသည်။

၆၀။ **မြို့စားကြီးရော့စတော့ဗ် သားသမီးများ၏ သဘာဝတ္တ**

ထိုသဘာဝတ္တများကို ဖွဲ့နွဲ့ရာ၌ ၎င်း၏ မိသားစုနှင့် ဇနီးသည်၏ မိသားစုများကိုကြည့်၍ ဖွဲ့သည်။ နီကိုလေသည် တော်လ်စတွိုင်း၏ဖခင်နှင့် ပုံသဏ္ဌာန်တူသည်။ (နာမည် ချင်းလည်း တူသည်။) ဆွန်ယာမှာ ၎င်း၏ ဒေါ်လေးနှင့် တူသည်။ နီကိုလေနှင့် ဆွန်ယာတို့၏ အဖြစ်အပျက်သည် တောလ်စတွိုင်း၏ ဖခင်နှင့် ဒေါ်လေးတို့၏ အဖြစ်အပျက်ဟု ဆိုသည်။ ဗီရာမှာ တော်လ်စတွိုင်း၏ မရီး။ နာတာရှာမှာ ၎င်း၏ခယ်မတို့၏ ပုံတူဖြစ်သည်။

၆၅။ **"သမီးထွေးက ဒုတိယဆလိုမိုနီဖြစ်မယ်ဗျ"**

ဆလိုမိုနီမှာ ၁၈၀၅-ခုနှစ်၌ မော်စကိုဂျာမန်ဇာတ်အဖွဲ့မှ နာမည်ကျော် အဆိုတော် ဖြစ်သည်။

၇၁။ **'မြို့စားကြီး ဩလော့ဗ်တောင် ဒီလောက်ခမ်းနားတဲ့ ညစာ စားပွဲမျိုးကို မတည်ခင်းဖူးသေးဘူး"**

မြို့စားကြီး ဩလော့ဗ်မှာ ၁၇၆၂-ခု ပီတာဘုရင်ကြီးအား သတ်ဖြတ်လုပ်ကြံခဲ့သော နန်းတွင်းတော်လှန်ရေးကို ခေါင်းဆောင်ခဲ့သူ ဖြစ်သည်။ များစွာ အသုံးအစွဲကြီးသူ၊



www.burmeseclassic.com

www.burmeseclassic.com


လက်ဖွာသူဖြစ်၍ ညစာ စားပွဲကြီးများ၊ ကပွဲကြီးများကို ကျင်းပခြင်း၌ ဝါသနာထုံသူ ဖြစ်သည်။ ၎င်း၏ ညစာ စားပွဲများတွင် အသုံးပြုသော ရွှေပန်းကန်၊ ငွေပန်းကန် စသည့် အသုံးအဆောင်များကို ယခု မော်စကိုမြို့ ကရင်မလင်အတွင်းရှိ ပြတိုက်တွင် တွေ့မြင်ခဲ့ရသည်။

၈၂။ **မာယာဒီမိထရီယက်ဗ်နာ**

ထိုခေတ်က မော်စကိုတွင် ထင်ရှားသော နှုတ်ကြမ်းလျှာကြမ်း အမျိုးသမီးကြီးဖြစ်၍ ပွင့်လင်းခြင်း၊ ရိုးသားခြင်းကြောင့် လူချစ်လူခင် များခဲ့သည်။

၁၁၆။ **သဘာဝ၏လျှို့ဝှက်ချက်များကို လေ့လာခြင်း။**

၁၈၀၅-ခုနှစ်က မော်စကိုတွင် ခေတ်စားခဲ့သည့် ဘာသာရေးကျမ်းတစ်စောင် ဖြစ်သည်။

၁၂၃။ **ရှေးစန္ဒရား**

စန္ဒရားမပေါ်မီက တူရိယာ ဖြစ်သည်။ ၎င်းကိုမှီ၍ ယခုခေတ် စန္ဒရားများကို ပြုလုပ်ခြင်းဖြစ်သည်။

၁၂၇။ **မင်းသားကြီးဘိုလကွန်စကီ ပြောဆိုနေသည့် စစ်ဆင်ရေး စီမံကိန်း။**

ဩစတြီးယားနှင့် ရုရှားတို့၏ စစ်ဆင်ရေးစီမံကိန်း ဖြစ်သည်။ ထိုစီမံကိန်းမှာ နပိုလီယန်ကို သုံးဖက်မှညှပ်၍ တိုက်ရန်ဖြစ်သည်။ ယင်းအရ ရုရှားဆွီဒင်နှင့် အင်္ဂလိပ်တို့က ဥရောပမြောက်ဘက်စစ်မျက်နှာတွင် ဘောလတန်ကမ်းခြေမှ နပိုလီယန်ကို ထိုးစစ်ဆင်ရန်၊ အလယ်ပိုင်းဥရောပ စစ်မျက်နှာတွင် ဩစတြီးယားနှင့် ရုရှားတပ်တို့က ထိုးစစ်ဆင်ရန်၊ ဥရောပတောင်ဘက်စစ်မျက်နှာတွင် ရုရှားနှင့် အင်္ဂလိပ်တပ်များက ထိုးစစ်ဆင်ရန် ဖြစ်သည်။

၁၄၄။ **ဓာရစ်ဆင် စစ်ရေးပြကွင်း။**

ပီတာစဘတ်မြို့ နီဗာမြစ်ကမ်းတွင် ရှိသည်။ ဗိုလ်ရှုခံသဘင်များ စစ်ရေးပြသဘင်များ ကျင်းပရာနေရာ ဖြစ်သည်။

၁၅၅။ **ဩစတြီးယားနယ်စားကြီး ဖာဒီနန်၏ စာချွန်။**

ရုရှားရာဇဝင်ဆရာ ဒင်နီလော့စကီ၏ ရာဇဝင်ကျမ်းလာ စာချွန်မှ ထုတ်နုတ်ထားခြင်း ဖြစ်သည်။ တော်လ်စတွိုင်းသည် ရာဇဝင်အဖြစ်အပျက်ကို ရေးသားရာ၌ ရုရှားဘက်မှ ဒင်နီလော့စကီ၏ ရာဇဝင်ကျမ်းကို လည်းကောင်း၊ ပြင်သစ်ဘက်မှ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းကို လည်းကောင်း၊ အခြားရာဇဝင်ကျမ်းများနှင့် နပိုလီယန်စစ်ပွဲတွင် ပါဝင်ခဲ့သည့် မိမိ၏ဘိုး၊ မိတ်ဆွေများ၏ ဘိုးများရေးသားခဲ့သော မှတ်တမ်းမှတ်စုများ၊ စာချွန်များကို လည်းကောင်း အကိုးအကားပြုသည်။ အချို့သော မှတ်တမ်းများကို ကိုးကား၍ အချို့ရာဇဝင်ကျမ်းပါ အမှားအယွင်းများကို ထောက်ပြခဲ့သည်။ ရာဇဝင်ကျမ်းများတွင် မပါသေးသောအချက်များကိုလည်း ထောက်ပြခဲ့သည်။

၁၇၁။ **အခန်း ၆ မှ ၇ အထိ ဖော်ပြထားသော စစ်အခြေအနေများ။**

ယင်းအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည်။ ဩစတြီးယား ဗိုလ်ချုပ်ကြီးမက်သည် အမ်းမြို့တွင် လက်နက်ချလိုက်ပြီးနောက်၌ ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ခံစစ်များလောက်ကိုသာ ဆင်နွှဲရင်း ဒင်ညူမြစ်ရိုးအတိုင်း ဗီယင်နာသို့ ဆုတ်လာခဲ့သည်။ ပြင်သစ်ဗိုလ်ချုပ်မူးရတ် ကွပ်ကဲသည့် ပြင်သစ်တပ်ဦးက နောက်မှ တရကြမ်း လိုက်လံတိုက်ခိုက်သည်။ အောက်တိုဘာလ ၂၃-ရက် (ပြက္ခဒိန်ဟောင်း) ၌ ရုရှားတပ်များသည် အမ်းမြစ်ကို ဖြတ်ကူးသည်။ မူးရတ်ကလည်း ရုရှားတပ်တို့ ထိုမြစ်ကို ဖြတ်ကူးခြင်း မပြုနိုင်အောင် တစ်နေ့လုံး တိုက်စစ်ပြုသည်။ ရုရှားတပ်များကို ဖြတ်တောက်ပစ်ရန် ကြိုးစားသည်။ သို့ရာတွင် မအောင်ပေ။ မူးရတ်သည် တံတားကို အလျင်သိမ်းမိရန် ကြိုးစားပြန်သည်။ မူးရတ်နှင့် ဗိုလ်ချုပ်ဘာဂရေးရှင်းတို့ ကွပ်ကဲသည့် ရုရှားတပ်များသည် အမ်းမြစ်တံတားသို့ ပြိုင်တူရောက်လာကြသည်။ ဤတွင် (ဝတ္ထု၌ ဖော်ပြထားသည့်အတိုင်း) အမ်းတံတား၌ တိုက်ပွဲဖြစ်သည်။

ပြင်သစ် ဗိုလ်ချုပ် မူးရတ်ကား အခြားသူမဟုတ်။ နပိုလီယန်၏ ယောက်ဖဖြစ်သည်။ လက်ရုံးကြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူလည်း ဖြစ်သည်။ ဤဝတ္ထုကြီးထဲ၌ မကြာမကြာ တွေ့မြင်ရမည့် ဇာတ်ဆောင်တစ်ဦးလည်း ဖြစ်သည်။ မူးရတ်သည် ထမင်းဆိုင်ရှင်တစ်ဦး၏ သားဖြစ်၍ သာမန်စစ်သားကလေးဘဝမှ ဗိုလ်ချုပ်ကြီးဖြစ်လာသူ ဖြစ်သည်။ ၁၇၉၅–ခု၌ ပြင်သစ်ဘုရင့်တပ်သားတို့က နပိုလီယန်ကို ထောင်ထားကြသည်တွင် မူးရတ်သည် ထိုပုန်ကန်မှုကို နှိမ်နင်းခဲ့သည်။ ထို့နောက်မှစ၍ နပိုလီယန်၏ မြှောက်စားခြင်းကို ခံရသည်။ အီတလီ တိုက်ပွဲစဉ်ကို အောင်မြင်စွာ တိုက်ခဲ့သည်။ နပိုလီယန်နှင့်အတူ မြင်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦးအဖြစ် အီဂျစ်ပြည်သို့ ချီတက်တိုက်ခဲ့သည်။ ၁၈၀၀–ခုနှစ်၌ မူးရတ်သည် နပိုလီယန်၏နှမ ကာရိုလင်းနှင့် လက်ထပ်သည်။ ၁၈၀၄–ခုတွင် ပါရီမြို့ဝန်အဖြစ် ဆောင်ရွက်နေစဉ် နယ်စားကြီး ဒီအင်ဂဟိန်းကို ခုံရုံးတင်၍ သတ်ပစ်ခဲ့သည်။ ၁၈၀၅–ခုနှစ်တွင် ဂျာမနီကို ချီတက်လုပ်ကြံအောင်မြင်သည်။ ၁၈၀၈–ခုနှစ်၌ ၎င်းအား နပိုလီယန်က နေပဲပြည်၏ဘုရင်အဖြစ် မြှောက်စားခြင်း ခံရသည်။ ဘုရင်ဖြစ်သည်နှင့် မူးရတ်သည် ဘုရင့်အဆောင်အယောင်အပြည့်ဖြင့် တစ်ထီးတစ်နန်း မင်းမူတော့သည်။ ဤသည်ကို နပိုလီယန် မြင်သည်၌ စိတ်နှလုံးမကြည်မသာဖြစ်လျက် "မူးရတ်သည် မင်းကဲ့သို့ မကျင့်မူ၍ မျောက်ကဲ့သို့သာ ကျင့်သည်တကား" ဟု မြည်တမ်းခြင်းပြုသည်။ ၁၈၁၂–ခု ရုရှားနိုင်ငံကို ချီတက်လုပ်ကြံသည့်အခါ၌ မူးရတ်သည် နပိုလီယန်၏ မြင်းတပ်ဗိုလ်ချုပ်ကြီးအဖြစ် လိုက်ပါလာရသည်။ သို့ရာတွင် စစ်ပြီးသည်အထိ မပါဘဲ နေပဲပြည်သို့ ပြန်ကာ ဘုရင်အဖြစ် အုပ်ချုပ်ပြန်သည်။ ၁၈၁၃–ခု၌ မူးရတ်သည် နပိုလီယန်၏ အစီအမံကို မကျေနပ်၍ နပိုလီယန်အား . ထောင်ထားခြားနားကာ ဩစတြီးယားနှင့်ပေါင်း၍ နေပဲဘုရင်အဖြစ် တည်တံ့ရန် အားထုတ်သည်။ ၁၈၁၄–ခုနှစ်၌ ဘုရင်အဖြစ်မှ နုတ်ပယ်ခြင်း ခံရသည်တွင် နပိုလီယန် လက်အောက်မှ ထွက်ပြေးတိမ်းရှောင်နေသည်။ နပိုလီယန်၏ ဆုငွေ ထုတ်ခြင်းခံရသည်။ ဝါတား စစ်ပွဲပြီးသည့်နောက်၌ မူးရတ်သည် နေပဲဘုရင်အဖြစ်ကို ရအောင် လုပ်ကြံပြန်သည်။ မအောင်မြင်ပေ။ အဖမ်းခံရကာ ခုံရုံးတင်၍ ပစ်သတ်ခြင်း ခံရလေသည်။ မူးရတ်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်သည်။ ရဲရင့်သည်။ တော်လှစွာသော စစ်သူကြီးဖြစ်သည်။ သို့ရာတွင် အသိဉာဏ်နုံနဲ့သူ ဖြစ်သည်။ အောင်မြင်မှုများကြောင့် လွန်စွာဘဝင်မြင့်တတ်သူ ဖြစ်သည်။ ဤဝတ္ထုထဲ၌ ဆရာကြီးတော်လ်စတွိုင်းသည် မူးရတ်၏ အသိဉာဏ်ခေါင်းပါးပုံ၊ မူးရတ် ဟိတ်ဟန် များတတ်ပုံ၊ တောက်တောက်ပပ ပြိုးပြိုးပြောင်ပြောင် အဝတ်အစားများကို သဘောကျတတ်ပုံ၊ သို့သော်လည်း အချိုးမတည့်ဘဲ ရယ်ဖွယ်ဖြစ်လျက် ရှိပုံတို့ကို ဖော်ပြထားသည်။

၁၉၀။ **ဘီလင်ဘင်။**

ဘီလင်ဘင်၏ အမူအရာ စိတ်နေသဘောထားစသည်ကို ဖွဲ့ရာ၌ ဆရာကြီးသည် ရုရှားနိုင်ငံရေးဌာနအရာရှိကြီးတစ်ဦးဖြစ်သူ မင်းသားကြီး ဂိုချာကော့ကို ကြည့်၍ ဖွဲ့သည်ဟု ဆိုကြသည်။ ဂိုချာကော့သည် ၁၈၅၆–ခုနှစ်လောက်မှစ၍ ရုရှားနိုင်ငံခြားရေးဝါဒကို ကြိုးကိုင်လာခဲ့သူ ဖြစ်သည်။ နိုင်ငံရေးကိစ္စများထက် နိုင်ငံရေး 'ပြက်လုံး' များထုတ်ခြင်း၌ စိတ်ဝင်စားသူ ဖြစ်သည်။

၁၉၄။ 'ဘာလင်ရွှေမြို့တော်မှာ ကျုပ်တို့ ဘုန်းတော်ကြီးသော ဘုရားနဲ့ ပရပ်ရှားဘုရင်တို့ရဲ့ မင်းနှစ်ပါး ဆုံစည်းဝေးပွဲက ဘယ်လိုအစီအမံတွေ ထွက်လာမလဲ ဆိုတာကိုပဲ အားထားရတော့မှာပဲ"

ဘီလီဘင်နှင့် မင်းသားကလေးအင်ဒရေတို့ ဤစကားကို ပြောဆိုခြင်းမပြုမီ ရက်အနည်းငယ်ခန့်က မင်းနှစ်ပါး စည်းဝေးတွေ့ဆုံကြသည်။ ရုရှားဘုရင်သည် ပရပ်ရှားကို စစ်ထဲသို့ ဆွဲသွင်းရန်အတွက် ပရပ်ရှားသို့ ကိုယ်တိုင်ကြွရောက် လည်ပတ်သည်။ နှစ်ပြည့်တစ်ပြည် မဟာမိတ်အဖြစ်ကို အခိုင်အမာ ပြုကြသည်။ ရုရှားဘုရင်ကိုယ်တိုင် ရှေးပရပ်ရှားမင်းများနှင့် စစ်ဘုရင်များ၏ သင်္ချိုင်းတော်သို့ သွားရောက်၍ အလေးပြုသည်။ ရုရှားဘုရင် မည်မျှ ကြိုးစားသော်လည်း ပရပ်ရှားမှာ မဟာမိတ်အဖွဲ့ထဲကိုလည်း မဝင်၊ စစ်ထဲတွင်လည်း မပါဘဲ ကြားနေသဖြင့် ရုရှားအဖို့ ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

 www.burmeseclassic.com 

**၂၀၈။ ဗီယင်နာမှ ဇနိမ်သို့ သွားရာလမ်း။**

ပြင်သစ်ဗိုလ် မူးရတ်ချီတက်လာသည့် လမ်းဖြစ်သည်။ ထိုလမ်းသည် ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ စစ်ဆုတ်လမ်းဖြစ်သော ကရင်-ဇနိမ်လမ်း၏ အရှေ့ဘက်တွင်ရှိသည်။ ထိုလမ်းနှစ်လမ်းသည် အောက်ခြေ၌ ကွာဝေးသော်လည်း ဇနိမ်နားသို့ ရောက်သည်နှင့် တဖြည်းဖြည်း နီးလာခဲ့ကြသည်။ ပမာဆိုရသော် ကရင်၊ ဗီယင်နာ၊ ဇနိမ်တို့၏အနေအထားသည် တြိဂံနှင့် တူသည်။ ကရင်-ဇနိမ် ပေတစ်ရာနှင့် ဗီယင်နာ-ဇနိမ်ပေတစ်ရာတို့သည် တြိဂံတစ်ခု၏အနား မျဉ်းများနှင့် တူ၍ ဇနိမ်တွင် သွားဆုံကြသည်။ ထိုလမ်းနှစ်လမ်းကြားရှိနယ်မြေမှာ တောတောင်များ ဖြစ်သည်။ ကရင်လမ်းမှ ဗီယင်နာလမ်းဘက်သို့ တောတောင်များကိုဖြတ်၍ ထွက်နိုင်သည့် ကန့်လန့်ဖြတ်လမ်းနှစ်လမ်းရှိသည်။ တစ်လမ်းမှာ ဗီယင်နာလမ်းပေါ်ရှိ ဟိုလာဘရွန်းရွာသို့ ပေါက်သွားသည်။ (မင်းသားကြီး ဘာဂရေးရှင်း ဖောက်ထွက်သောလမ်းမှာ ထိုလမ်းဖြစ်သည်။) အခြားတစ်လမ်းမှာ ဗီယင်နာလမ်းပေါ်ရှိ ရွှန်ဂရာဘန်ရွာသို့ ပေါက်သည်။ (ထိုလမ်းမှာ ပိုကောင်းသည်။) ဘာဂရေးရှင်းသည် ဟိုလာဘရွန်းရွာသို့ မူးရတ်ထက် အလျင်စောရောက်အောင် ဖောက်ထွက်လာခဲ့စဉ် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏ ရိက္ခာတင်လှည်းများကို ဇနိမ်ပေတစ်ရာ လမ်းမကြီးအတိုင်း ဇနိမ်သို့ လွှတ်လိုက်ပြီး ကိုယ်တိုင်ကမူ ဒုတိယလမ်းအတိုင်း ရွှန်ဂရာဘန်ရွာဘက်သို့ ဖောက်ထွက်လာကာ ဘာဂရေးရှင်း၏ တပ်များနှင့် ပေါင်းသည်။ ထို့နောက် ဝတ္ထုထဲ၌ ဖော်ပြထားသည့်အတိုင်း ရွှန်ဂရာဘန်တိုက်ပွဲ ဖြစ်ပွားသည်။

**၂၁၁။ မူးရတ်ထံ ပို့သည့် နပိုလီယန်၏ အမိန့်စာချွန်။**

ပြင်သစ်ရာဇဝင် ဆရာသိုင်းယာ့စ်၏ ရာဇဝင်ကျမ်းမှ ထုတ်နုတ်ကိုးကားထားခြင်း ဖြစ်သည်။

**၂၂၃။ ပတ်ဝန်းကျင်တစ်ခုလုံး ယမ်းခိုးများ ဖုံးအုပ်လျက်ရှိသည်။**

ဤစာပိုဒ်မှာ ထိုခေတ်က အသုံးပြုသော ကျည်တစ်လုံးထိုး သေနတ်များ၏သရုပ်ကို ဖော်ပြခြင်းဖြစ်သည်။ အချို့သော အင်္ဂလိပ်ဘာသာပြန်များ၌ ရိုင်ဖယ်ဟု သုံးထားကြသည်ကို တွေ့ရသည်။ ထိုခေတ်က ရိုင်ဖယ် မပေါ်သေး။ ထို့နောက် ၄၇-နှစ်အကြာ (၁၈၅၂-ခုနှစ်) မှ ရိုင်ဖယ်ကို အသုံးပြုကြခြင်း ဖြစ်သည်။ ထိုသေနတ်များ ပစ်ခတ်ပုံမှာ ပြောင်းဝထဲသို့ ယမ်းနှင့်ကျည်ကို ထည့်ပြီး ယမ်းထိုးတံနှင့် ဆောင့်သွင်းရသည်။ မောင်းဆွဲလိုက်သောအခါတွင် စိုင်ပေါင်က မီးခတ်ကျောက်ကို ထိ၍ မီးပွင့်သည်။ ထိုမီးက ယမ်းကိုလောင်၍ ယမ်း၏ တွန်းအားဖြင့် ကျည်ဆန် ထွက်သွားသည်။ မီးသေနတ်၊ သို့မဟုတ် တူမီးသေနတ်ဟု ခေါ်လျှင်လည်း ရမည်ထင်သည်။ သို့ရာတွင် တစ်လုံးထိုးသေနတ်ဟု ပြန်ဆိုထားပါသည်။

**၂၂၃။ နဒီစရဗျူဟာခေါ် ရင်ပေါင်တန်း ငှက်ကဲ့သို့ စစ်ခံခြင်း။**

တိုက်ရိုက်ပြန်လျှင် စတုရန်းပုံ စစ်ခံခြင်းဟု အနက်ထွက်ပါသည်။ မြန်မာ့ စစ်ပညာသဘောဖြင့် ကြည့်လျှင် အထက်ပါနှင့် နီးစပ်သည်ဟု ထင်ပါသည်။

**၂၈၉။ အစ်စမြိုလော့၏ ကိုယ်ရံတော်တပ်ရင်း။**

ဆရာကြီးသည် ခပ်စောစောက ဘိုးရစ်စ်အား ဆင်မြိုနော့ကိုယ်ရံတော်တပ်ရင်းတွင် အမှုထမ်းနေသည်ဟု ဖော်ပြထားသည်။ (အပိုင်း ၁၊ အခန်း ၁၀၊ စာမျက်နှာ ၅၆ တွင် ရှု) သို့သော် ယခု အစ်စမြိုလော့ ကိုယ်ရံတော် တပ်ရင်းဟု ဖော်ပြပြန်သည်။ အောက်စဖို့တိုက်ထုတ် အင်္ဂလိပ်ဘာသာပြန်မှ ပြန်ဆိုပါသဖြင့် ထိုအတိုင်းပင် ပြန်ဆိုလိုက်ပါသည်။ အခြား အင်္ဂလိပ်ဘာသာပြန်များ၌လည်း အမျိုးမျိုး ကွဲနေသည်။

**၃၁၇။ ဒွိဇာ ဒိပဗျူဟာ။**

တိုက်ရိုက်ပြန်လျှင် တောင်ပံလှုပ်ရှားမှုဟု အနက်ထွက်သည်။ မြန်မာ့သေနင်္ဂဗျူဟာ ကျမ်းထွက် ဒွိဇာဒိပဗျူဟာ သဘောနှင့် ဆင်သည်။

**၃၃၈။ ကူတူဇော့ဗ်နှင့် ရုရှားဘုရင်တို့ ပြောသောစကားများ။**

ယင်းစကားများကို ရေးရာ၌ ဆရာကြီးသည် ရုရှား ရာဇဝင်ဆရာ ဒင်နီလော့စကီ၏ ရာဇဝင်ကျမ်းမှ



www.burmeseclassic.com

ထုတ်နုတ်ကိုးကားထားခြင်း ဖြစ်သည်။ ဩစတား လစ်တိုက်ပွဲ အကြောင်းကိုလည်း ထိုရာဇဝင်ကျမ်းမှပင် ထုတ်နုတ်ကိုးကားထားခြင်း ဖြစ်သည်။

၃၇၃၆။ **အင်္ဂလိပ်ကလပ်။**

ထိုစဉ်က မော်စကိုမြို့ရှိ ကလပ်တစ်ခု၏ အမည် ဖြစ်၍ သူကြွယ်များ၊ မှူးမတ်များ လာရောက်လေ့ ရှိကြ သည်။ ကက်သရင်းဘုရင်မကြီး လက်ထက်မှ ၁၉၁၇-ခု အောက်တိုဘာလ တော်လှန်ရေးကြီးအထိ ရှိသည်။ (ယခု အောက်တိုဘာ တော်လှန်ရေးပြတိုက် လုပ်ထား သည်။) ထိုကလပ်ဝင်များမှာ အများအားဖြင့် ရွှေနန်း တော်ကြီး၏ ပြုပြင်ခြင်း ခံရသူများ၊ သို့မဟုတ် ရွှေနန်း တော်ကြီး၏ ဝါဒကို မကြိုက်သူများဖြစ်ကြ၍ ဓားနီးရာ ပီတာစဘတ်မှ ပြောင်းရွှေ့လာကြသူများ ဖြစ်သည်။ ထို့ကြောင့် 'အင်္ဂလိပ်ကလပ်' သည် ရွှေနန်းတော်ကြီး၏ ဝါဒကို အတိုက်အခံပြုသူတို့ လာရောက်စုဝေးရာဌာနကြီး တစ်ခုသဖွယ် ဖြစ်နေသည်။ ကလပ်၌ စားရင်းသောက်ရင်း မိမိတို့ မကျေနပ်ချက်များကို ဖွင့်အံလေ့ရှိကြသည်။

၄၀၃။ **၁၈၀၆-ခု ဆောင်းဦးပေါက်၌ကား နပိုလီယန်နှင့် စစ်ဖြစ်ပွားတော့မည့်အကြောင်းကို ပြောဆိုလျက် ရှိကြ လေသည်။**

ထိုနှစ် စက်တင်ဘာလတွင် နပိုလီယန်သည် ပရပ်ရှားကို တိုက်ခိုက်ရာ ဂျီနာနှင့် အောစတတ်စစ်ပွဲ များတွင် အောင်ပွဲရသည်။ ဘာလင်မြို့တော်ကိုလည်း သိမ်းလိုက်သည်။ ထို့နောက် နပိုလီယန်သည် ပိုလန်နိုင်ငံကို ဝင်ရောက် တိုက်ခိုက်ပြန်သည်။ ရုရှားက ပရပ်ရှားကို ဝင်ကူရန် စစ်ပြင်လျက်ရှိချိန်၌ နပိုလီယန်သည် ရုရှား နယ်စပ် ဗစ်စကြူလာ မြစ်တစ်ဖက်ကမ်းသို့ ရောက်လာ သဖြင့် ရုရှားမှာ နယ်စပ်ကိုပင် ကျော်ချိန်မရ လိုက်တော့ချေ။ ဤတွင် ရုရှားသည် အရေးပေါ်စစ်သည် စုများ ဖွဲ့ရသည်။ စစ်သည်စုဝင်ပေါင်း ခြောက်သိန်း ပါဝင်သည်။ သို့ရာတွင် ၎င်းတို့အားလုံးကို လက်နက်တပ်ဆင်ခြင်း မပြုနိုင်ဘဲ ငါးပုံတစ်ပုံကိုသာ တပ်ဆင်နိုင်သည်။ ကျန်စစ်သည်စု များမှာ ခက်ရင်းခွများ၊ ဝါးချွန် များကို ကိုင်ဆောင်ကြ ရသည်။

၄၂၇။ **ညီအစ်ကိုတော်ဂိုဏ်း။**

ဖရီးမေဆင်ဂိုဏ်းကို ပြန်ဆိုခြင်း ဖြစ်သည်။ မြန်မာတို့က 'ပသျှူးခေါင်းဖြတ်အသင်း' ဟု ခေါ်ကြသည်။ သို့ရာတွင် ဤအမည်သည် အလည်ကြူးသော ကလေး တို့ကို ခြောက်လှန့်ရန် လွယ်လွယ်ခေါ်သော အမည်ဖြစ်၍ ဆီလျော်သည် မထင်။ ဖရီးမေဆင်ဂိုဏ်း၏ အဆောင် အယောင် အခမ်းအနားတို့မှာ ခေါင်းခွံ၊ လူရိုး၊ ဓားမြှောင် စသည့် မနှစ်သက်ဖွယ်များ၊ လျှို့ဝှက်သော အပြုအမူများ ပါရှိသည် မှန်သော်လည်း ရည်ရွယ်ချက်ကောင်းသော အသင်းတစ်သင်း ဖြစ်သည်။ ရုရှား၌ ထိုဂိုဏ်းကို ၁၇၆၀-ခုနှစ်ခန့်တွင် တည်ထောင်သည်။ အင်္ဂလန် စကော့ တလန်ရှိ ဂိုဏ်းများ၏ နမူနာကို ယူသည်။ သို့ရာတွင် နိုင်ငံရေးစွက်ဖက်သည်ဟု ယူဆခြင်း ခံရသည့်အတွက် ကက်သရင်း ဘုရင်မကြီးလက်ထက်တွင် ထိုဂိုဏ်းကို နှိပ်ကွပ်ပစ်လိုက်သည်။ အလက်ဇန်းဒရားဘုရင်မှာ ပြုပြင် ပြောင်းလဲရေးကို လိုလားသူ ဖြစ်သည့်အတွက် ထိုဂိုဏ်း သည် အလက်ဇန်းဒရားမင်းလက်ထက်တွင် လှုပ်ရှားလာ ပြန်သည်။ သို့ရာတွင် ပထမမြောက် နီကိုလတ် ဘုရင် လက်ထက်၌ လျှို့ဝှက်အသင်းဟူသမျှကို နှိပ်ကွပ် ပစ်သည့် အတွက် ထိုဂိုဏ်းသည်လည်း ပျောက်ကွယ် သွားပြန်သည်။

၄၃၂။ **ဘာဇာဒီယက်။**

၎င်းမှာ ရုရှား ညီအစ်ကိုတော် ဂိုဏ်းခေါင်းဆောင် ပေါ့ဇဒီယက်၏ ပုံတူဖြစ်သည်။

၄၃၄။ **ညီအစ်ကိုတော် ဂိုဏ်းဝင်များ၏ အဆောင် အယောင်များ၊ အခမ်းအနားများ။**

ယင်းအခမ်းအနားများကို ရွှန်ယန်းဆက် ပြတိုက် ရှိ စာမူများ၊ မှတ်တမ်းများ၊ စာအုပ်စာတမ်းများမှ လေ့လာ၍ ရေးသားခြင်း ဖြစ်သည်။ ဆရာကြီးသည် ညီအစ်ကိုတော်ဂိုဏ်း၏ ရည်ရွယ်ချက်များကို သဘောကျ သော်လည်း အဆောင်အယောင်၊ အခမ်းအနားများမှာ အဓိပ္ပာယ်မရှိဟု ယူဆသည်။

၄၄၆။ **"စစ်ပြေငြိမ်းရေးနဲ့ ပတ်သက်လို့ တင်ပြထားတဲ့ စာချုပ်ပါ အခြေခံအချက်များကို ဘိုနာပတ်က လက်ခံဖွယ်**


www.burmeseclassic.com

မရှိဘူးလို့ မဟာမိတ် ဗိုလ်ချုပ်ကြီးက ယူဆ ထားတယ်ဗျ"

ယင်းစာချုပ်မှာ ရုရှားနှင့် ဩစတြီးယားတို့က ငြိမ်းချမ်းရေးလုပ်ရန်၊ နပိုလီယန်သို့ တင်ပြရန် ကြံရွယ်သည့် ဘာတင်စတိန်းစာချုပ်ကို ဆိုလိုခြင်း ဖြစ်သည်။ ဤစာချုပ်မှာ ရုရှားက ရေးဆွဲတင်ပြသောစာချုပ်ဖြစ်၍ တောင်းဆိုချက်များ ပြင်းထန်သောကြောင့် ဩစတြီးယားက လက်မှတ်ထိုးရန် သဘောမတူ။ ဤစာချုပ်ကိုသာ တင်ပြလျှင် နပိုလီယန်က ပယ်ချမည်ဟု ဩစတြီးယားက ယူဆသည်။ ဩစတြီးယားက မိမိတို့နှစ်ဦးအနေဖြင့် နပိုလီယန်သဘောကျ စာချုပ်တစ်ရပ် ချုပ်ဆို၍ နပိုလီယန်ကို တင်ပြလိုသည်။ သို့ဖြင့် မဟာမိတ်နှစ်ဦး သဘောမတူ၍ ဘာတင်စတိန်း စာချုပ်သည် အကောင်အထည် ဖြစ်မလာ။ ဤအတွင်း နပိုလီယန်ကလည်း အောင်ပွဲများ ရနေသည့်အတွက် နောက်ဆုံး၌ နပိုလီယန် သဘောကျ တစ်လဆစ်စာချုပ်ကို ချုပ်ဆိုလိုက်သည်။

၄၅၃။ **ဣလောအရပ်၌ ခမည်းတော်တို့ဘက်မှ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ခေါင်းဆောင်သောတပ်များက ဘိုနာပတ်၏ တပ်များကို အပြီးအပိုင် အောင်နိုင်လိုက်သည်ဆိုသော သတင်းပင် ဖြစ်သည်။**

ထိုတိုက်ပွဲမှာ ပရာဆစ်-ဣလောတိုက်ပွဲဖြစ်သည်။ ရုရှားများသည် ထိုတိုက်ပွဲ၌ နပိုလီယန်၏ စီမံကိန်းကို ခြေဖျက်ပစ်နိုင်ခဲ့သော်လည်း ဆက်လက် တိုက်နိုင်စွမ်း မရှိတော့ဘဲ ဆုတ်ခွာလာခဲ့ရသည်။ နပိုလီယန်မှာလည်း လွန်စွာ ··်ပန်းကာ ရှေ့သို့ ဆက်လက် ချီတက်ခြင်း မပြုနိုင်တော့ဘဲ စစ်နား၍ ဆုတ်ခွာသွားသည်။

၄၇၉။ **ဖုန်းတောင်းယာစကာ။**

တိုက်ရိုက်ပြန်လျှင် 'ဘုရားသခင်၏ တပည့်သားများ'ဟု အနက်အဓိပ္ပာယ်ထွက်သည်။ ၎င်းတို့မှာ အရပ်တကာလှည့်၍ ဘုရားဖူးရင်း အလှူခံစားနေကြသူ၊ တောင်းရမ်းစားနေကြသူများ ဖြစ်သည်။ အများအားဖြင့် ကိုယ်အင်္ဂါချွတ်ယွင်းသူ၊ စိတ်မနှံ့သူ၊ မစွမ်းသန်သူများ ဖြစ်ကြသည်။ ၎င်းတို့အား (မင်းသမီးကလေးမေရီကဲ့သို့) ဘာသာတရားကိုင်းရှိုင်းသူများက စွန့်ကြဲလှူဒါန်းလေ့ ရှိကြသည်။ ဆရာကြီးသည် ဖုန်းတောင်းယာစကာများ အကြောင်းကို ရေးရာ၌ ၎င်းနေထိုင်ရာ ယာစနာပိုလယာနာသို့ ရောက်လာသော ဖုန်းတောင်းယာစကာများကို ကြည့်၍ ရေးသားခြင်း ဖြစ်သည်။ ဆရာကြီး၏ အရီးသည် ဖုန်းတောင်းယာစကာများကို စွန့်ကြဲလှူဒါန်းလေ့ ရှိသည့်အလျောက် ဆရာကြီး ကလေးဘဝကတည်းက ၎င်းတို့ကို တွေ့မြင်ဖူးသည်ဟု ဆိုသည်။

၄၈၆။ တပ်သားများအတွက် စားနပ်ရိက္ခာနှင့် မြင်းများအတွက် မြင်းစာများ ထုတ်ပေးခြင်း မပြုခဲ့သည်မှာလည်း ကြာမြင့်ခဲ့လေပြီ။

'၁၈၀၆-၁၈၀၇ စစ်ပွဲများ' အမည်ရှိ ရာဇဝင်ကျမ်း၌ ရုရှား ရာဇဝင်ဆရာ ဒင်နီလော့စကီက အောက်ပါအတိုင်း ရေးခဲ့သည်။

'ထိုနှစ် နွေဦး၌ ကောက်နှံတို့ပျက်၍ စားရေရိက္ခာရှားပါးလေသောကြောင့် ရုရှားတပ်များသည် ၎င်းတို့တပ်မတော်ရိက္ခာထောက်ပံ့ရေးဌာနကို ဝင်ရောက်လုယက်ကြလေရာ အာဏာပိုင်တို့လည်း တားဆီးခြင်းငှာ မစွမ်းကြတော့ဘဲ လက်မှိုင်ချ၍ နေကြရလေ၏။ ရိက္ခာဆိုင်ရာ တပ်ထောက် အကြီးအကဲတို့သည် ဤအဖြစ်ကို ဗိုလ်ချုပ်ဘင်နစ်ဆန်ထံ အစီရင်ခံကြလေ၏။ ထိုအခါ 'သွားသောက်တို့၊ ငါတို့၌ ဆိုက်ရောက်သော ဒုက္ခကြန္တ ရကပ်ကို ကျော်လွှားရန် နည်းလမ်းကား ငတ်မွတ်ခေါင်းပါးခြင်း ဒဏ်ကို မည်သို့ ခံရမည်နည်းဟု နားလည် နှလုံးသွင်းခြင်းမှတစ်ပါး အခြားနည်း မရှိပြီ။ ငါပင်လျှင် ညစာစားရာ၌ ဟင်းခွက်သုံးခွက်သာ စားနိုင်တော့သည်' ဟု ဗိုလ်ချုပ်ဘင်နစ်ဆန် ဆို၏။

'တပ်မတော်အာဏာပိုင်တို့သည် တပ်သားများအား ရိက္ခာသယ်ယူစေနိုင်သောငှာ ပိုက်ဆံကြေးငွေများ ထုတ်ပေး၏။ သို့ရာတွင် အစာရေစာ မရှိရာ အရပ်၌ ထိုပိုက်ဆံကြေးငွေတို့သည်လည်း အချည်းနှီးသာတည်း။ သို့ဖြင့် ရုရှားစစ်ဗိုလ်ချုပ်များသည် အခြားတပ်များ၏ ရိက္ခာတင်လှည်းများကို အပြန်အလှန် လုယက်ကြလေ၏။ ဗိုလ်ချုပ်ဘင်နစ်ဆန်၏ ရှေ့ကြောင်းချီတပ်များကား ထိုကာလအတွင်း ပေါင်မုန့် မစားရသည့် ကာလကများလေရာ အစ ·ရစာဝတ်ပြတ်၍ ဖိန်းပြိုကိုယ်ရောင်



www.burmeseclassic.com

ရောဂါ စသည်တို့ စွဲကပ်လျက် တပ်သား အများအပြား သေဆုံးကြ၏။ ဆေးရုံများမှာလည်း အခြေအနေ ဆိုးလျက်ရှိချေပြီ'

၄၉၉။ **နပိုလီယန်နှင့် အလက်ဇန်းဒရားတို့၏ တစ်လဆစ် ဆွေးနွေးပွဲ။**

ယင်းအခန်းကို ဆရာကြီးသည် ရာဇဝင်ကျမ်းများ နှင့်ညှိ၍ ရေးသားထားခြင်း ဖြစ်သည်။

၅၁၉။ **"နာတာရှာတော့လေ ဒူးကိုပိုက်ပြီး ကွေးကွေး ကလေးထိုင်ရင်း ဟိုအဝေးကြီးကို ဟောဒီလို၊ ဟောဒီလို ပျံသွားလိုက်ချင်တာ"**

ဆရာကြီး တော်လ်စတွိုင်းသည် အသက် ၇–နှစ် အရွယ်ခန့်က ထိုစိတ်ကူးမျိုး ပေါ်ခဲ့ဖူးသည်။ ထိုစဉ်က ဆရာကြီးသည် စိတ်ရူးပေါက်ကာ အမြင့်ဆယ့်ရှစ်ပေရှိသော ပြတင်းပေါက်မှ ဤသို့ ပျံသန်းခဲ့ဖူးရာ မြေကြီးသို့ လိမ့်ကျ၍ သတိလစ်နေခဲ့ဖူးသည်။ ထိုဒဏ်ဖြင့် ဦးနှောက်ကို ထိခိုက်ခဲ့ဖူးသေးသည်။ သို့ရာတွင် နောင်၌ ထိုဒဏ်ရာမှာ ရှင်းရှင်းကြီး ပျောက်ကင်းသွားခဲ့သည်။

၅၂၃။ **ရုရှားအထက်တန်းလွှာတွင် တုန်လှုပ်ချောက်ချား သွားစေသော ထင်ရှားသည့် အမိန့်တော်ပြန်တမ်း နှစ်စောင် ကို ထုတ်ပြန်ရန် ပြင်ဆင်လျက် ရှိချိန် ဖြစ်သည်။**

ထိုပြန်တမ်းနှစ်စောင်မှာ ရုရှားရွှေနန်းတွင်း ဂုဏ်ထူးဘွဲ့များကို ဖျက်သိမ်းသည့် ပြန်တမ်းဖြစ်သည်။ သို့ရာတွင် ထိုပြန်တမ်းမှာ နောက်၌ အရာမရောက်ဟု ဆိုသည်။

၅၂၃။ **မြို့စားကြီး အာရက်ချေ့(၁၇၆၉–၁၈၃၄)**

၎င်းမှာ မူလက အမြောက်တပ်မင်းကြီး ဖြစ်သည်။ တပ်မင်းကြီးအဖြစ် အမှုထမ်းလျက်ရှိစဉ် ရုရှားအမြောက် တပ်ကို စနစ်တကျ ပြန်လည် ဖွဲ့စည်းခဲ့သည်။ ၁၈၁၂–ခု၊ နပိုလီယန်စစ်ပွဲတွင် ရုရှားတို့ နိုင်ခဲ့ခြင်းမှာ ရုရှား အမြောက်တပ်၏ စွမ်းဆောင်မှုသည် အဓိကအကြောင်း ရင်းကြီးတစ်ရပ် ဖြစ်သည်ဟု ရာဇဝင်ဆရာများက မိန့်ဆို ကြသည်။ အာရက်ချေ့သည် ၁၈ဝ၈–ခု၌ စစ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၈၁၂–စစ်ပွဲ၌ ဘုရင်၏ အတိုင် ပင်ခံဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

အာရက်ချေ့သည် ရက်စက်ကြမ်းကြုတ်သူ ဖြစ် သည်။ ခေတ်နောက်ပြန်ဆွဲ ဝါဒသမားဖြစ်သည်။ နန်းတွင်း ပြုပြင် ပြောင်းလဲမှုများကို ဆန့်ကျင်သူ ဖြစ်သည်။

ဆရာကြီး တော်လ်စတွိုင်းသည် အာရက်ချေ့ကို နှစ်သက်ခြင်း ရှိဟန်မတူ။ ဩစတားလစ်စစ်ပွဲအကြောင်း၌ လည်းကောင်း၊ အပိုင်း (၆) ၌ လည်းကောင်း အာရက်ချေ့ ကို ဖော်ပြရာ၌ နှစ်မြို့ခြင်း မရှိဟန်ကို တွေ့နိုင်သည်။

၅၂၈။ **စပီရန်စကီ၏အပေါ် မင်းသားကလေး အင်ဒရေ၏ သဘောထား။**

မင်းသားကလေးအင်ဒရေက စပီရန်စကီအပေါ် ထားသည့် သဘောထားမျိုးမှာ လုပ်ရည်ကိုင်ရည်ရှိသော လူငယ် ပညာတတ်တစ်ဦးက ထူးချွန်ထက်မြက်သည့် နိုင်ငံခေါင်းဆောင်တစ်ယောက်အပေါ်တွင် ထားသည့် သဘောထားမျိုး ဖြစ်သည်။ စပီရန်စကီနှင့် စပ်လျဉ်းသည့် မင်းသားကလေး အင်ဒရေ၏ အမြင်မှာ အဆိုးအကောင်း နှစ်ဖက်ဒွန်တွဲမြင်သည့် အမြင်မျိုး ဖြစ်သည်။ မင်းသား ကလေး အင်ဒရေသည် စပီရန်စကီ၏ ကိုယ့်ဒူးကိုယ်ချွန် အရည်အချင်းကို လေးစားသည်။ ကြည်ညိုသည်။ အားကျ သည်။ သို့ရာတွင် တစ်ဖက်ကလည်း သာမန် အညတရ ဘဝမှ ဝန်ကြီးဖြစ်လာသော စပီရန်စကီကို အထင်သေး သယောင်ရှိသည်။ စပီရန်စကီ၏ တစ်ဖက်သားကို အထင်သေးတတ်ခြင်း၊ အသည်းနှလုံးဖြင့် ခံစားခြင်းမရှိဘဲ ဆင်ခြင်တုံတရားကို အသားပေးလွန်းခြင်း စသည့် သဘော များကိုလည်း စက်ဆုပ်ဟန် ရှိသည်။

၅၃၆။ **ညီအစ်ကိုတော်ဂိုဏ်း ဘုံအိမ်အစည်းအဝေးတွင် ပီယာ မိန့်ခွန်းပြောကြားခြင်း ပြုလေသည်။**

ဆရာကြီး တောလ်စတွိုင်းသည် ဤနေရာ၌ ၎င်းကိုယ်တိုင် အစည်းအဝေးများတွင် ပြောကြားခဲ့ဖူးပုံတို့ကို မှီး၍ ရေးသည်ဟု ပညာရှင်များက ဆိုကြသည်။ တော်လ် စတွိုင်းသည် လူလယ်ကောင်၌ စကားများများ မပြောဖူး၊ ပြောလည်း မပြောတတ်။ တစ်ကြိမ်နှစ်ကြိမ် ပြောကြည့် သော်လည်း အောင်မြင်ခြင်း မရှိ။



www.burmeseclassic.com

**၅၄၁။ အကြီးဆုံးအုပ်စုမှာ နပိုလီယန်နှင့် မဟာမိတ်ဖွဲ့လိုသော အစုဖြစ်၍ မြို့စားကြီး ရွှန်ယန်းဆက်နှင့် ပြင်သစ်သံတော်ကြီး ကော်လိန်ကူးတို့ ခေါင်းဆောင်ကြ၏။**

**ကော်လိန်ကူး (၁၇၇၂–၁၈၂၇)**

ငင်းမှာ ပြင်သစ်ဗိုလ်ချုပ်တစ်ဦးဖြစ်၍ သံတမန်တစ်ဦးလည်း ဖြစ်သည်။ ၁၈ဝ၁–ခုနှစ်တွင် ရုရှားနှင့် ပြင်သစ်တို့ စေ့စပ်ရေးအတွက် ပီတာစဘတ်မြို့သို့ ပြင်သစ်ကိုယ်စားလှယ်အဖြစ် ရောက်လာသည်။ ၁၈ဝ၇–ခုနှစ်တွင် ရုရှားပြည် ပြင်သစ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၈၁၂–ခုနှစ် နပိုလီယန်က ရုရှားကို ဝင်ရောက်တိုက်ခိုက်သောအခါ ကော်လိန်ကူးသည် ရုရှားနှင့် စစ်တိုက်ခြင်း မပြုရန် နပိုလီယန်ကို အကြံပေးခဲ့သည်။ သို့ရာတွင် မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် နပိုလီယန်ရုရှားနိုင်ငံသို့ ဝင်တိုက်သောအခါ ငင်းမှာလည်း မနေသာတော့ဘဲ အတူလိုက်ပါလာရသည်။ ရုရှားတို့ စစ်နိုင်၍ သေဒဏ်ပေးမည့် ဗိုလ်ချုပ်များစာရင်းကို ကြေညာသောအခါ ကော်လိန်ကူး၏ အမည်လည်းပါသည်။ သို့ရာတွင် အလက်ဇန်းဒရားဘုရင်ကိုယ်တိုင် ကြားဝင်စွက်သဖြင့် ကော်လိန်ကူးအသက်ချမ်းသာရာ ရသည်။

**၅၄၁။ ရုရှားကေရာဇ်နှင့် နပိုလီယန်တို့ အားရ်ဖတ်မြို့တွင် တွေ့ဆုံတော်မူကြစဉ်က ဟယ်လင်မင်းသမီးကလေးသည် အားရ်ဖတ်မြို့၌ ရောက်ရှိနေခဲ့သည်။**

အားရ်ဖတ်မှာ ဂျာမန်မြို့ငယ်တစ်မြို့ ဖြစ်သည်။ ၁၈ဝ၈–ခု၌ မင်းနှစ်ပါးတို့သည် ထိုမြို့ငယ်ကလေးတွင် တွေ့ဆုံစည်းဝေးကြသည်။ ထိုစည်းဝေးပွဲမှာ ပျော်ပွဲ၊ ရွှင်ပွဲ၊ ကပွဲ စသဖြင့် ပွဲလမ်းသဘင် အမျိုးစုံလှသည်ဟု ဆိုသည်။

**၅၄၁။ ဘယ်လဂျီယန်မင်းသား ဒီ၊ လင်း (၁၇၃၅–၁၈၁၄)**

ဘယ်လဂျီယန်ပြည် ဘာရပ်ဆဲမြို့တွင် မွေးသည်။ စစ်သား၊ သံတမန်၊ စာရေးဆရာအဖြစ် ဘဝမျိုးစုံခဲ့သူဖြစ်သည်။ ငင်း၏ စာပေများကို ဘယ်လဂျီယန် ဘာသာဖြင့် အတွဲ ၃၄–တွဲ ထုတ်ဝေခဲ့ဖူးသည်။ '၇ နှစ်စစ်ပွဲ' တွင် ပါဝင်တိုက်ခိုက်ခဲ့ဖူးသည်။ ရုရှားပြည်၌ ခေတ္တလာရောက်နေထိုင်ဖူး၍ ကက်သရင်းဘုရင်မကြီးနှင့် အကျွမ်းဝင်ခဲ့ဖူးသည်ဟု ဆိုကြသည်။ ကက်သရင်းဘုရင်မကြီးလက်ထက်၌ ရုရှားစစ်သူကြီးအဖြစ် ခန့်အပ်ခြင်း ခံရခဲ့ဖူးသည်။ ထိုနောက် စာရေးဆရာတစ်ဦးအနေဖြင့် ရုရှားနိုင်ငံသို့ မကြာခဏ လာရောက်လေ့ ရှိသည်။

၅၄၅။ ရုပ်၏မူလဘူတအမတ်ကြီးသုံးပါးမှာ ကန့်၊ ပြဒါးနှင့် ဆားတို့ ဖြစ်သည်။

အချို့သော ညီအစ်ကိုတော်ဂိုဏ်းသားများသည် အဘိဓမ္မာကို လိုက်စားလေ့ ရှိကြသည်။ သို့ရာတွင် အဘိဓမ္မာကို လိုက်စားရာ၌ ငင်းတို့၏ နည်းမှာ ကမ္ဘာကြီး၏ မူလဘူတဓာတ်ကြီးများကို လေ့လာရာ၌ အဂ္ဂိရတ်အမြင်ဖြင့် လေ့လာကာ ဓာတ်စင်များ အသွင်ပြောင်းလဲပုံကိုသာ အသားပေးလေ့ ရှိကြသည်ဟု အဆိုရှိသည်။

**၅၄၉။ ဘာ့ဂ်သည် ဖင်လန်စစ်ပွဲအတွက် ဆုတံဆိပ်တော်နှစ်ခုကို ရထိုက်ပါသေးသည်ဟု အားလုံးက ယုံကြည်သွားကြပြန်လေသည်။**

၁၈ဝ၈–ခုနှစ်၌ ရုရှားသည် ဆွီဒင်နှင့် စစ်ဖြစ်သည်။ ကြားထဲက ဖင်လန်ပြည်မှာ စစ်မြေပြင် ဖြစ်ခဲ့ရသည်။ ဖင်လန်စစ်ပွဲဆိုသည်မှာ ဖင်လန်ရုရှားစစ်မဟုတ်။ ရုရှားဆွီဒင်စစ်ပွဲကို ဆိုခြင်းပင် ဖြစ်သည်။ ဖင်လန်စစ်မြေပြင်တွင် တိုက်သောကြောင့် ဖင်လန်စစ်ပွဲဟု ခေါ်ခြင်း ဖြစ်သည်။

**၅၆၂။ "မြောက်နန်းမတော်ဖုရား မာယာအန်တိုနိုဗနာ ကြွလာပြီ"**

ငင်းမှာ လွန်စွာချောမောသူဟု နာမည်ကြီးသော ရွှေနန်းသူတစ်ဦးဖြစ်၍ မင်းသမီးတစ်ဦး ဖြစ်သည်။ နောင်တွင် အလက်ဇန်းဒရား ဘုရင်က ကောက်ယူ၍ မြောက်နန်းစံအဖြစ် ချီးမြှောက်တော်မူသည်။

**၅၇၁။ မက်ဂနစ်စကီ။**

ငင်းမှာ နန်းတွင်းအရာရှိတစ်ဦးဖြစ်၍ စပီရန်စကီ၏ နန်းတွင်းအုပ်ချုပ်ပုံ ပြောင်းလဲမှုများကို ထောက်ခံသူဖြစ်သည်။ စပီရန်စကီ ရာထူးမှ နုတ်ပယ်ခြင်းခံရသည့်နောက်၌ မက်ဂနစ်စကီသည် စစ်ဝန်ကြီး အာရတ်ချေ့ (စပီရန်စကီ၏ရန်သူ) ၏ လူဖြစ်လာသည်။ နောက်၌ လာဘ်စားမှုဖြင့် ရာထူးမှ နုတ်ပယ်ခြင်း ခံရသည်။



www.burmeseclassic.com

၅၇၃။ **စပိန်ပြောက်ကျားများက နပိုလီယန်အား ခုခံတိုက်ခိုက်သည့်အကြောင်းကို စကားစပ်မိကြ၏။**

၁၈၀၈–ခုနှ်၌ နပိုလီယန်သည် စပိန်ကို ဝင်တိုက်ခဲ့ကာ ၎င်း၏ညီ ဂျိုးဇက်ကို စပိန်ဘုရင်အဖြစ် နန်းတင်ခဲ့သည်။ ၁၈၁၁–ပြည့်နှစ်တွင် စပိန်တို့ မကျေနပ်၍ ထောင်ထားခြားနားကြသည်။နပိုလီယန်သည် ပထမဆုံးအကြိမ် ပြောက်ကျားစစ်ကို ရင်ဆိုင်ခဲ့ရသည်။ ထိုစဉ်က အင်္ဂလိပ်သည် စပိန်ကို နောက်ပိုင်းမှ အားပေးသည်။

၅၇၉။ **ဘော်စတွန် ဖဲကစားရန် စားပွဲပြင်နိုင်းလိုက်သည်။**

ဘော်စတွန်မှာ အမေရိကန်ပြည် မာဆာချူးဆက်နယ် မြို့တစ်မြို့ ဖြစ်သည်။ အမေရိကန် လွတ်လပ်ရေးစစ်ပွဲ၌ 'ဘော်စတွန်တီးပါတီ' ဟု ထင်ရှားသော အဖြစ်အပျက် ပေါ်လာခဲ့သည့် နေရာမှာ ထိုမြို့ပင် ဖြစ်သည်။ ဘော်စတွန်ဖဲကစားနည်းမှာ အမေရိကန် လွတ်လပ်ရေးစစ်ပွဲအတွင်းက ဘော်စတွန်ရှိ ပြင်သစ်တပ်ဗိုလ်များ ကစားခဲ့သည့် ကစားနည်းကို ခေါ်ခြင်း ဖြစ်သည်။ ၎င်းမှာ အင်္ဂလိပ် 'ဘရစ်ချ်' ဖဲကစားနည်းနှင့် ဆင်သည်ဟု ဆိုသည်။

၅၈၄။ ထာဝရနိစ္စဖြစ်သော လောကနိယာမတရားကြီးနှင့် နှိုင်းစာလျှင် ကျုန်အရာမှန်သမျှတို့သည် အသေးအဖွဲသာ တကားဟု ထင်လာပြန်သည်။ မိမိသည် မည်သည့်ရည်ရွယ်ချက်ဖြင့် အသက်ရှင်နေခြင်းပေနည်းဟု တွေးမိပြန်သည်။

ပီယာ၏စိတ်တွင် ဖြစ်ပေါ်လာသော ဤအတွေးသည် ဆရာကြီး တော်လ်စတွိုင်းကို မကြာခဏ ခြောက်လှန့်လျက်ရှိသော အတွေးဖြစ်သည်။ ဤအတွေးမျိုးကို ဆရာကြီးသည် ၎င်း၏ 'ဖွင့်ဟဝန်ခံချက် စာတမ်း' တွင် ဖော်ပြခဲ့သည်။

၆၁၄။ **နီကိုလေ တောလိုက်ခန်း။**

ဤအခန်းသည် ရုရှားသူကောင်းမျိုးတို့၏ နေထိုင်မှုဘဝကို ဖော်ပြသောအခန်းဟု ဆိုနိုင်သည်။ တောလိုက်ခန်း၌ တောလိုက်ခွေးနှစ်မျိုး တွေ့နိုင်သည်။ တစ်မျိုးမှာ ခွေးသမင်ကြီးများဖြစ်၍ နောက်တစ်မျိုးမှာ ခွေးဝံပုလွေကြီးများ ဖြစ်သည်။ ခွေးသမင်မှာ အနံ့ခံ ကောင်းသည်။ သို့ရာတွင် ကောင်းစွာ မပြေးနိုင်။ ခွေးဝံပုလွေမှာ အပြေးမြန်သည်။ အနံ့ခံမကောင်း။ ခွေးဝံပုလွေတို့မည်သည် အနံ့မခံတတ်သော သတ္တဝါမျိုးဖြစ်သဖြင့် သားကောင်ကို မြင်မှ လိုက်လေ့ရှိသည်။ တစ်ခါတစ်ရံ သားကောင်ကိုမြင်၍ လိုက်ရင်းက မျက်ခြည်ပြတ်သွားလျှင် ဆက်မလိုက်တော့ဘဲ တန့်နေတတ်သည်။ ထို့ကြောင့် တောလိုက်ရာတွင် အနံ့ခံကောင်းသော ခွေးသမင်က အနံ့ခံပေး၍ အပြေးမြန်သော ခွေးဝံပုလွေက ဖမ်းပေးရသည်။

၆၁၇။ **မိန်းမလျာ ပျော်တော်ဆက် နာစတာစယာ အိုင်ဗင်နိုဗာ။**

ရုရှားသူကောင်းမျိုးများ၌ ပျော်တော်ဆက်များထားသော အလေ့ရှိသည်။ ထိုအလေ့သည် မြေကျွန်စနစ်ဖျက်သိမ်းပြီးခါမှ ပပျောက်သွားသည်။ ပျော်တော်ဆက်များနှင့် ပတ်သက်၍ တော်လ်စတွိုင်းသည် အယ်လီရှာ ဟူသော ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့သေးသည်။

၆၄၄။ **ပန်းတျာနည်းပြဆရာ ဒင်းမလား။**

'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲမှ ဇာတ်ဆောင်များစွာတို့အနက် အချို့မှာ ထိုခေတ်တွင် အသက်ထင်ရှားရှိခဲ့သူများ ဖြစ်သည်။ ယင်းတို့အနက် ပန်းတျာနည်းပြဆရာ ဒင်းမလားလည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ဒင်းမလားမှာ ထိုခေတ်က မော်စကိုတွင် နာမည်ကျော်ကြားသော ဂီတ ပညာသည်တစ်ဦး ဖြစ်သည်။

၆၄၄။ "ဖီးလ်ရေးတဲ့ ညဥ့်ရုံတော် ကြိုးကြိုးကို တီးပြပါလား"

ဖီးလ်သည် အိုင်းရစ်လူမျိုးဖြစ်၍ ညဥ့်ရုံတော်သီချင်းကြီးများကို ရေးစပ်လေ့ရှိသည်။ ၎င်းသည် ၁၈၀၄–ခုနှစ်တွင် ရုရှားပြည်သို့ လာရောက်နေထိုင်သည်။

၆၆၄။ "ပဋိညာဉ် စာတမ်းတွေ ရေးထားတဲ့ ကော်ဇောတစ်ချပ်ကို သူရသင့် ငါရသင့် ငြင်းခုံနေကြတယ်"

ညီအစ်ကိုတော် ဂိုဏ်းများသည် ၎င်းတို့၏ ပဋိညာဉ်စာတမ်းများကို ကော်ဇောပေါ်တွင် အရုပ်များ၊ အမှတ်အသားများဖြင့် မှတ်တမ်းတင်ထားလေ့ ရှိသည်။ ညီအစ်ကိုတော်ဂိုဏ်း ဘုံအိမ်များ၌ ဤသို့သော ပဋိညာဉ်စာတန်းရေးထားသည့် ကော်ဇောများ ရှိမြဲဖြစ်သည်။ ထိုကော်ဇောမရှိသော ဘုံအိမ်များကို အဆင့်အတန်းနိမ့်သည်ဟု ယူဆသည်။ အချို့ကော်ဇောများမှာ ရှေးညီအစ်ကိုတော်ဂိုဏ်း အစဉ်အဆက် ကိုင်ဆောင်လာသော ကော်ဇော



www.burmeseclassic.com

www.burmeseclassic.com


များ ဖြစ်သည်။ ထို့ကြောင့် ကော်ဇောရှိသော ဘုံအိမ် အချင်းချင်းလည်း 'ငါ့ကော်ဇောက ရှေးကျသည်။ သူ့ ကော်ဇောက ရှေးကျသည်' စသည်ဖြင့် ငြိုင်တတ်ကြသည်။

၆၇၂။ **မြို့စားကြီး ရော့စတော့ချင် (၁၇၆၃–၁၈၂၈)**

ငင်းမှာ ၁၈၁၂–ခုနှစ်တွင် မော်စကိုမြို့ဝန်၊ မော်စကို မြို့စောင့်တပ် သေနာပတိချုပ်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်၍ စိတ်အပြောင်းအလဲ မြန်သူဟု ဆိုကြသည်။

၆၇၄။ နပိုလီယန်က အိုဒင်ဘတ်နယ်စားကြီး၏ နယ်များကို အတင်းသိမ်းယူသည့် ကိစ္စ။

၁၈၁၀–ပြည့်နှစ်၌ နပိုလီယန်သည် ရုရှားပြည် ဘက်သို့ စစ်ချီလာခဲ့သည်။ အိုဒင်ဘတ် ပြည်နယ်ကြီးမှာ လမ်းတွင် ရှိသည်။ နပိုလီယန်သည် အိုဒင်ဘတ်ပြည်နယ် ကြီးကို အမွေသိမ်းပိုက်လိုက်သည်။ အိုဒင်ဘတ်နယ်စားကြီး (ငင်းမှာ ရုရှားဘုရင် အလက်ဇန်းဒရား၏ ဦးလေးဖြစ် သည်။) ကို ဂျာမနီပြည် အားရ်ဖတ်မြို့သို့ နယ်နှင်လိုက် သည်။

ဤတွင် အလက်ဇန်းဒရားဘုရင်က နပိုလီယန်ကို ကန့်ကွက်သည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ မင်းနှစ်ပါးတို့ အားရ်ဖတ်မြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။ သို့ရာတွင် ပြဿနာမှာ ပြေလည်ခြင်း မရှိခဲ့။ နပိုလီယန်က အလက် ဇန်းဒရား၏ နှမတော် အယ်လီဇဘက်ကို လက်ထပ်မည့် အရိပ်အယောင် ပြလိုက်သဖြင့် နှစ်ပြည်ထောင် ဆက်ဆံရေး ကောင်းမွန်လာသလိုလို ရှိသည်။ မကြာမီ အယ်လီဇဘက် မင်းသမီးသည် အခြားမင်းသားတစ်ပါးနှင့် လက်ထပ်သွား သဖြင့် ထိုကိစ္စ ပျက်သွားပြန်သည်။ ဤတွင် နပိုလီယန်က အလက်ဇန်းဒရား၏ နှမအထွေးဆုံး အန်းမင်းသမီးကို လက်ထပ်ရန် ကမ်းလှမ်းပြန်သည်။ အလက်ဇန်းဒရားက သဘောမတူယောင် ပြသည်။ သဘောမတူယောင်ပြခြင်းမှာ ပိုလန်ပြည်နှင့် စပ်လျဉ်းသော စာချုပ်တစ်ရပ်ကို နပို လီယန်က လက်မှတ်မထိုးသောကြောင့် ဖြစ်သည်။ ဤသို့ ဖြင့် မင်းဧကရာဇ်နှစ်ပါးသည် တစ်ပါးက နှမပေး၍ တစ်ပါးက ပိုလန်ပြည်ကို ပေးခြင်းဖြင့် နှမနှင့် ပြည်နယ်ကို အလဲအလှယ် လုပ်ရန် ဈေးဆစ်ကြသည်။ သူ့နှမကိုယူပြီးမှ နပိုလီယန်က စာချုပ်ကို လက်မှတ်ထိုးလိုသည်။ ရုရှား ဘုရင်ကလည်း စာချုပ်ကို နပိုလီယန် လက်မှတ်ထိုးပြီးမှ နှမပေးလိုသည်။ ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် ဈေးဆစ် ကာ တင်းခံနေကြသည်။ ဤတွင် နပိုလီယန်သည် 'ငါကဲ့သို့သော ဧကရာဇ်ကို စင်လျက် ဤသို့ မချေမင် ပြုရသလော' ဟု အမျက်တော်ထွက်စ ပြုလာသည်။ ဤအတောအတွင်း နပိုလီယန်ကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေသည့် ဩစတြီးယားဘုရင်က ငင်း၏ သမီး တော် မေရီလူစီကို ဆက်သ၍ နပိုလီယန်နှင့် မဟာမိတ် ဖွဲ့ရန် ကမ်းလှမ်းလာသည်။ နပိုလီယန်ကလည်း 'ချက် ကောင်း' ရပြီဆိုကာ ဩစတြီးယားဘုရင်၏သမီးကို လက်ထပ်၍ ဩစတြီးယားနှင့် မဟာမိတ်စာချုပ် ချုပ်သည်။ ရုရှားနှင့် မဟာမိတ်စာချုပ်ကိုလည်း ဖျက်သိမ်း လိုက်သည်။ ဤသို့ဖြင့် နပိုလီယန်သည် အိုဒင်ဘတ် ပြည်နယ်ကြီးကို အတင်းအဓမ္မသိမ်း၍ အိုဒင်ဘတ် နယ်စားကြီးကို နှင်ထုတ် လိုက်သည်။ ဤသည်မှာ ၁၈၁၂–ခု ပြင်သစ် ရုရှားစစ်ပွဲ၏ အကြောင်းတစ်ရပ် ဖြစ်သည်။ အခြားအကြောင်းတစ်ရပ်မှာ နပိုလီယန်၏ ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒ(ယင်းအရ ရုရှားမှာ အင်္ဂလန်နှင့် ကုန်ကူးမရ။) ကြောင့် ရုရှားပြည်၏ စီးပွားရေး ထိခိုက်လာခဲ့သည်။ ဤတွင် ရုရှားက နပိုလီယန် ၏ ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒကို တိတိကျကျ မလိုက်နာ နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဤသည်မှာ ၁၈၁၂–ခု စစ်ပွဲ၏ အခြားအကြောင်းတစ်ရပ် ဖြစ်သည်။ သို့ဖြင့် ရုရှားနှင့် ပြင်သစ်သည် ၁၈၁၀–ပြည့်နှစ်ကတည်းက တစ်ဖက်နှင့် တစ်ဖက် တင်းမာစပြုလာကာ စစ်ပြင်ဆင်မှုများကို ပြုလာ ကြသည်။ သို့ရာတွင် နှစ်ဖက်စလုံး စစ်မတိုက်နိုင်ကြသေး။ ၁၈၁၁–ခုနှစ်ထဲ၌ နပိုလီယန်သည် စပိန်တွင် စစ်ရှုံး နေသည်။ ရုရှား၌လည်း စစ်ပြင်၍ မပြီးသေး။ နှစ်ဖက်စလုံး ကျနစွာ ပြင်ဆင်ပြီးသည့် ၁၈၁၂–ခုနှစ်ကျမှသာ တစ်ဖက်ကို တစ်ဖက် စစ်ကြေညာကာ စစ်ပွဲကြီး စတင်ဖြစ်ပွားလာ ခဲ့ခြင်း ဖြစ်သည်။

၆၈၁။ **ထိုစဉ်က ဂျူလီတို့အိမ်တွင် ခေတ်စားလျက်ရှိသော ကဗျာလက်ဘတိုကလေးများကို ရွတ်ဆိုခြင်း။**

ဤသည်မှာ ထိုစဉ်က ခေတ်စားသော ကစားနည်း တစ်မျိုးဖြစ်သည်။ ပထမကောင်လေးက အသံကို ရွတ်ပြ သည်။ ကျန်လူများက အသံနှင့်အညီ စာသား ထည့်ပေး


www.burmeseclassic.com

ရသည်။ ဤသို့ဖြင့် ကဗျာကလေးတစ်ပုဒ် ဖြစ်လာသည်။

၆၈၂။ **သနားဖွယ်ကောင်းသော လီဇာ**

ရုရှားစာရေးဆရာ ကာရန်ဇင်းရေးသည့် ထိုခေတ်က နာမည်ကျော် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

၇၄၂။ ပြည်ထဲရေးဝန် စပီရန်စကီအား သစ္စာဖောက်မှုဖြင့် နယ်ခြားသို့ ပို့သည့်သတင်း။

၁၈ဝ၈–ခုဌ် ပြည်ထဲရေးဝန် စပီရန်စကီသည် နန်းတွင်း ပြုပြင်ပြောင်းလဲမှုများကို ခေါင်းဆောင်ခဲ့သူ ဖြစ်သည်။ ထိုစဉ်က ၎င်းကို အလက်ဇန်းဒရားဘုရင်ကလည်း ထောက်ခံအားပေးခဲ့သည်။ စပီရန်စကီသည် နပိုလီယန်၏ ပြင်သစ်ပြည်သစ်နှင့် ရင်ပေါင်တန်းလိုက်နိုင်ရန်အတွက် ပြင်သစ်ပြည်ကဲ့သို့ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဝဝကို ပြုလုပ်လိုသည်။ သို့ရာတွင် ခေတ်နောက်ကျသော ရုရှားပြည်သူတို့၏ စိတ်ဓာတ်သည် ပြင်သစ်တို့ကို မုန်းတီးသည်နှင့်အမျှ ပြုပြင်ပြောင်းလဲမှုများကိုလည်း မုန်းတီးလာခဲ့ကြသည်။ ပြုပြင်ပြောင်းလဲမှုများသည် ပြင်သစ်တို့ကို အတုယူခြင်း ဖြစ်သည်ဟု အထင်ရောက်လာကြသည်။ ပြုပြင်ပြောင်းလဲမှုများကို မုန်းတီးသည်နှင့်အတူ စပီရန်စကီကိုလည်း ဆန့်ကျင်လာခဲ့ကြသည်။ ဤတွင် အလက်ဇန်းဒရား ဘုရင်သည်လည်း ပြည်သူ့ဆန္ဒကို မလွန်ဆန်နိုင်တော့ဘဲ အယူအဆပြောင်းလဲလာခဲ့သည်။ တစ်ခါ စပီရန်စကီ၏ ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံခဲ့သော အလက်ဇန်းဒရားဘုရင်သည် ယခုအခါတွင် ပြည်သူတို့၏ ဆန္ဒကို မလွန်ဆန်သာတော့ဘဲ ပြုပြင်ပြောင်းလဲမှုများကို ဆန့်ကျင်လာခဲ့သည်။ အချို့မှူးမတ်များကလည်း စပီရန်စကီသည် 'ပြင်သစ်လူဖြစ်သည်' ဟု အဆင်းတွင် တွန်းကြသည်။ သို့ဖြင့် ရုရှားဘုရင်သည် ၁၈၁၂–ခုနှစ်၌ စပီရန်စကီကို အရာမှ နုတ်ပယ်ကာ နယ်နှင်ဒဏ်ပေးလိုက်သည်။

စပီရန်စကီသည် 'မဲဇာ' မှနေ၍ ဘုရင့်ထံ အသနားခံလွှာများ တင်သွင်းသည်။ ၁၈၁၆–ခုနှစ်တွင်မှ စပီရန်စကီနှင့် ပတ်သက်သည့်စွဲချက်များမှာ အခြေအမြစ်မရှိကြောင်း တွေ့လာရသည်။ ဤတွင် အလက်ဇန်းဒရားဘုရင်သည် စပီရန်စကီကို ပြန်၍ သူကောင်းပြုသည်။ ၁၈၂၁–ခုနှစ်၌ ဝန်ကြီးအဖြစ် ထပ်မံခန့်အပ်ခြင်း ခံရသည်။ သို့ရာတွင် စပီရန်စကီမှာ ယခင်ကကဲ့သို့ သြဇာ မရှိတော့ပြီ။

နောင်၌ စပီရန်စကီသည် အတွဲ ၃၂–တွဲရှိသော ရုရှား ဥပဒေပေါင်းချုပ်ကျမ်း အမည်ရှိ ကိုဓဥပဒေများကို ရေးသားပြုစုခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# ပထမ နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

ခုနစ်နှစ် ကြာခဲ့လေပြီ။ လှိုင်းတံပိုးတို့ ထကြွလျက်ရှိသည့် ဥရောပ ရာဇဝင်တည်းဟူသော ပင်လယ်သမုဒ္ဒရာကြီးသည် ကမ်းစပ်အနှံ့သို့ ရိုက်ခတ်ပြီးနောက် ငြိမ်သက်သွားပြီဟု ထင်မှတ်ရလေသည်။ သို့ရာတွင် လူ့လောကကြီးကို မောင်းနှင်လျက်ရှိသည့် ဆန်းကြယ်နက်နဲသော အင်အားစုများကား (ဆန်းကြယ်နက်နဲသည်ဟု ဆိုရခြင်းမှာ ထို အင်အားစုများ၏ လှုပ်ရှားမှု နိယာမများကို ကျွန်ုပ်တို့ မသိခြင်းကြောင့် ဖြစ်ပါသည်။) ဆက်လက် လှုပ်ရှားလျက်သာ ရှိလေသည်။

ရာဇဝင်သမုဒ္ဒရာပြင်၏ မျက်နှာပြင်သည် လှုပ်ရှားခြင်းမရှိဟု ထင်ရသော်လည်း လူ့လောကကြီး၏ လှုပ်ရှားမှုကား အချိန်၏ ရွေ့လျားမှုများနှင့်အတူ ဆက်လက်ဖြစ်ပေါ်လျက်သာ ရှိလေသည်။ လူများသည် အုပ်စုကလေးများ ဖွဲ့ကြ၏။ တစ်ဖန် ထိုအုပ်စုကလေးများသည် ပျောက်ကွယ်သွားကြပြန်၏။ အချို့သော ဧကရာဇ်၊ ပဒေသရာဇ်နိုင်ငံတို့သည် ပြိုလဲကြ၏။ အချို့သော လူမျိုးတို့သည် ပျောက်ကွယ်သွားကြ၏။ ၎င်းတို့နေရာ၌ အချို့သော ဧကရာဇ်၊ ပဒေသရာဇ်နိုင်ငံသစ်တို့သည် ပေါ်ထွန်းလာခဲ့ကြ၏။ အချို့သော လူမျိုးတို့သည် ပေါ်ပေါက်လာကြပြန်၏။ ဤသို့ဖြင့် လူ့လောကကြီးသည် လှုပ်ရှားမြဲ လှုပ်ရှားလျက်သာ ရှိလေသည်။

ရာဇဝင်သမုဒ္ဒရာကြီးသည် ယခင်ကကဲ့သို့ ဟိုမှာဘက်ကမ်းမှသည် ဤမှာဘက်ကမ်းသို့ အဟုန်ပြင်းစွာ ရိုက်ခတ်ခြင်း မပြုတော့ချေ။ ရာဇဝင်သမုဒ္ဒရာ၏ အောက်နက်ရှိုင်းသောနေရာ၌သာ ထကြွလှုပ်ရှားလျက် ရှိလေသည်။ ရာဇဝင် သမုဒ္ဒရာလှိုင်းတံပိုးတို့သည်လည်း ယခင်ကကဲ့သို့ ရာဇဝင်ကျော်ပုဂ္ဂိုလ်များကို တစ်ဖက်ကမ်းမှသည် အခြားတစ်ဖက်ကမ်းသို့ သယ်ဆောင်လာခြင်း မပြုကြတော့ချေ။ လှိုင်းတံပိုးတို့သည် တစ်နေရာတည်း၌ ဝဲလှည့်နေကြသကဲ့သို့ ရှိ၏။ စစ်တပ်ကြီးများကို ခေါင်းဆောင်ခဲ့သော ပုဂ္ဂိုလ်များသည် ပြည်သူလူထုများ၏ လှုပ်ရှားမှုကြီးကို ကိုယ်စားပြုခဲ့ကြရာ၌ စစ်ပွဲများ ဆင်နွှဲခြင်း၊ တိုက်ပွဲစဉ်များ ချမှတ်ခြင်း၊ တိုက်ပွဲများကို ဦးဆောင်ခြင်းစသည့် နည်းလမ်းများ၊ အပြုအမူများဖြင့် ယခင်က ကိုယ်စားပြုခဲ့ကြလေသည်။ ယခုကား ၎င်းတို့သည် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲခြင်း၊ သံတမန်ဆက်ဆံခြင်း၊ တရားဥပဒေများ စီရင်ပြဋ္ဌာန်းခြင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စာချုပ်များ ချုပ်ဆိုခြင်း စသည့် နည်းလမ်းများဖြင့် ပြည်သူလူထု၏ လှုပ်ရှားမှုကြီးကို ကိုယ်စားပြုကြပြန်လေသည်။

ရာဇဝင်ကျော်ပုဂ္ဂိုလ်များသည် အမှုကိစ္စဟူသမျှကို စစ်ပွဲဖြင့် ဖြေရှင်းခြင်းမပြုဘဲ သံတမန်နည်း၊ နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းကြ၏။ ဤသို့ ဖြေရှင်းခြင်းကို ရာဇဝင်ဆရာများက 'ဆုတ်ခေတ်' ဟု ခေါ်ကြလေသည်။

ဤ 'ဆုတ်ခေတ်' သမယကို ဖော်ပြခြင်းပြုရာ၌ ရာဇဝင်ဆရာများသည် ရာဇဝင်ကျော်ပုဂ္ဂိုလ်များအား ပြင်းထန်စွာ ဝေဖန်ရှုတ်ချကြခြင်းပြုကြလေသည်။ 'ဆုတ်ခေတ်' ဟု ခေါ်သော အဖြစ်မျိုးသည် ရာဇဝင်ကျော်ပုဂ္ဂိုလ်များကြောင့်ဖြစ်ရသည်ဟု ၎င်းတို့က ဆိုကြလေသည်။ အလက်ဇန်းဒရားဘုရင်နှင့် နပိုလီယန် အစ၊ မဒမ်ဒီစတေးလ်၊ ဖြိုးတီးယားစ်၊ ရှဲလင်း၊ ဖစ်ချ်တီ၊ ရှာတိုဘရိုင်ယန်း အဆုံး



www.burmeseclassic.com

ရှိသော ထိုခေတ်၏ အကျော်ဇေယျ ပုဂ္ဂိုလ်ဟူသမျှသည် ရာဇဝင်ဆရာဆိုသူများ၏ တင်းမာခက်ထန်သော တရားခွင်ရှေ့သို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာခဲ့ကြရလေသည်။ ထိုအခါ၌ ရာဇဝင်ဆရာတို့သည် တရားခွင်တွင် ထိုင်လျက် 'ဤသူကား 'ဆုတ်ခေတ်' ကို လိုလားသူဖြစ်သည်။ ခေတ်နောက်ပြန်ဆွဲသူ ဖြစ်သည်။ ထိုသူကား 'တက်ခေတ်' ကို ရှေးရှုသူ ဖြစ်သည်။ ခေတ်ကို တိုးတက်စေလိုသူ ဖြစ်သည်'ဟု ၎င်းတို့ဘာသာ ကောက်ချက်ဆွဲကာ ထိုသူတို့၏ ဆောင်ရွက်ချက်နှင့်အညီ တရားရှင်လွှတ်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း စသည်တို့ကို ပြုလုပ်ကြလေသည်။

ထိုခေတ်သမယက ရုရှားနိုင်ငံ၌လည်း 'ဆုတ်ခေတ်' တစ်ခု ဆိုက်လျက်ရှိသည်ဟု ရာဇဝင်ဆရာများက ရေးသားဖော်ပြကြ၏။ ထို 'ဆုတ်ခေတ်' ကို ဆိုက်ရောက်စေသည့် နံပါတ်တစ် တရားခံသည် အလက်ဇန်းဒရားဘုရင် ဖြစ်သည်ဟုလည်း ဆိုကြလေသည်။ ယင်းတို့က တစ် တရားခံအဖြစ် စွဲချက်တင်ခြင်းခံရသော အလက်ဇန်းဒရားဘုရင်ကား အခြားသူ မဟုတ်။ ရွှေနန်းတက်စ၌ နန်းတွင်းအုပ်ချုပ်ပုံ ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သူ၊ ရုရှားနိုင်ငံကြီးကို ကယ်တင်ခဲ့သူဟု ရာဇဝင်ဆရာတို့၏ ချီးကျူးထောမနာပြုခြင်းကို ခံခဲ့ရသော ပုဂ္ဂိုလ်ပင်တည်း။ ရာဇဝင်ဆရာတို့သည် ယင်းတို့ ချီးမြှောက်ခဲ့သူကိုပင် တစ်ဖန်ပြန်၍ စွဲချက်တင်လျက် ရှိကြပြန်လေပြီ။

ယခုအချိန်၌ကား စာစီစာကုံး ရေးသားသောကျောင်းသားငယ်မှအစ၊ ပညာရှိ ကဝိအမည်ခံ ရာဇဝင်ဆရာအဆုံး ရုရှားဂန္ထဝင်တစ်ခုလုံးတွင် ရှိရှိသမျှသော စာရေးဆရာအားလုံးတို့သည် အလက်ဇန်းဒရားဘုရင်အား အမှားများကို ကျူးလွန်ခဲ့သူဟု ညီညာဖျဖျ ဆဲရေးတိုင်းထွာကြလျက် ဝိုင်းအုံ၍ ကျောက်ခဲကလေးများဖြင့် ပေါက်လျက် ရှိကြပြန်လေသည်။

'အလက်ဇန်းဒရားဘုရင်သည် ဤနည်း ဤပုံ ဆောင်ရွက်သင့်သည်၊ ထိုနည်းထိုပုံ ဆောင်ရွက်သင့်သည်၊ ဤကိစ္စ၌ အလက်ဇန်းဒရားဘုရင်၏ ဆောင်ရွက်ချက်သည် မှန်ကန်၍ ထိုကိစ္စ၌ ၎င်း၏ဆောင်ရွက်ချက်သည် မှားသည်။ ရွှေနန်းတက်စ ကာလနှင့် ၁၈၁၂ ခု ကာလများတွင် အလက်ဇန်းဒရားဘုရင်၏ ဆောင်ရွက်ချက်တို့သည် ဂုဏ်ယူ ချီးကျူးဖွယ် ဖြစ်သည်။ သို့သော်လည်း ပိုလန်ပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးခြင်း၊ ကြီးမြတ်သော မဟာမိတ်အဖွဲ့ကို ထူထောင်ခြင်း၊ စစ်ဝန်ကြီး အာရက်ချေ့ကို အာဏာကုန် အပ်နှင်းခြင်း၊ ဂိုလစ်ဆင်နှင့်ပျောက်စေဂိုဏ်းကို မြှောက်စားခြင်း၊ ရှိရှကော့ဗ်နှင့် ဖြိုးတီးယာစ်တို့ကို သူကောင်းပြုခြင်းစသည့်ကိစ္စများကား ရှက်ဖွယ်လိလိပင်ဖြစ်သည်။ ထို့မှ တစ်ပါး တပ်မတော်ကြီး၏အရေးကိစ္စများ၌ ဝင်ရောက်စွက်ဖက်ခြင်း၊ ဆင်မြီနော့ဗ်တပ်ရင်းကို ဖျက်သိမ်းခြင်း စသည်တို့မှာလည်း အလက်ဇန်းဒရားဘုရင်၏ ကြီးစွာသောအမှားများ ဖြစ်ချေသည်' ဟု ၎င်းတို့က ဆိုကြသည်။

ရာဇဝင်ဆရာဆိုသူများသည် ဤသို့ပြစ်တင်ဝေဖန်ကြရာ၌ လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဟု ၎င်းတို့ဘာသာ နားလည်လက်ခံထားသော အသိတရားကို စံချိန်ပြု၍ ပြစ်တင်ဝေဖန်ကြခြင်း ဖြစ်ရာ ၎င်းတို့၏ ပြစ်တင်ဝေဖန်ချက်များကိုသာ ရေးပြရလျှင် စာမျက်နှာ တစ်ဒါဇင်ခန့် ရေးပြသော်လည်း ကုန်နိုင်ဖွယ် မရှိချေ။

ဤပြစ်တင် ဝေဖန်ချက်များသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။

ရာဇဝင်ဆရာများက အမွှန်းတင် ချီးကျူးရေးသားကြသော ဆောင်ရွက်ချက်များ (နန်းတွင်း အုပ်ချုပ်ပုံပြောင်းလဲခြင်း၊ နပိုလီယန်၏ ရန်စစ်ကို ခုခံခြင်း၊ ၁၈၁၂ ခု ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ပြတ်သားစွာ ပယ်ချခဲ့ခြင်း စသည်များ) ကို ပြုလုပ်ခဲ့သူမှာလည်း ထိုဇာတိ၊ ထိုပညာ၊ ထိုဘဝတို့ ရှိသည့် အလက်ဇန်းဒရားဘုရင်ပင် မဟုတ်လော။ ရာဇဝင်ဆရာများက နှာခေါင်းရှုံ့ကြသော ဆောင်ရွက်ချက်များ (ကြီးမြတ်သော မဟာမိတ်အဖွဲ့ဖွဲ့ခြင်း၊ ပိုလန်ပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးခြင်း၊ ၁၈၂၀ ပြည့်နှစ် ဆုတ်ခေတ်သမယကို ဆိုက်ရောက်လာခြင်း) ကို ပြုလုပ်ခဲ့သူမှာလည်း ထိုဇာတိ၊ ထိုပညာ၊ ထိုဘဝတို့ရှိသည့် အလက်ဇန်းဒရား ဘုရင်ပင် မဟုတ်လော။

ဤပြစ်တင်ချက်များ၏ အခြေခံသည် အဘယ်နည်း။ အဘယ်ကြောင့် ဤသို့ပြစ်တင် ဝေဖန်ကြသနည်း။

၎င်းတို့ ပြစ်တင်ဝေဖန်ခြင်းမှာ အခြားကြောင့် မဟုတ်။ အလက်ဇန်းဒရားဘုရင်သည် လူသတ္တဝါတို့တွင် အရှိနိုင်ဆုံးသော တန်ခိုးအာဏာ၏ အမြင့်ဆုံးသောအထွတ်



www.burmeseclassic.com

အထိပ်သို့ ရောက်နေသူ တစ်ဦး၊ မျက်စိကန်းလု မတတ် တောက်ပထိန်လင်းသော ရာဇဝင်မီးမောင်းကြီး၏ အောက်တွင် ရပ်နေသူ တစ်ဦး၊ ကုန်းချောမှုများ၊ မြှောက်ပင့်မှုများ၊ အာဏာ၏ ဖွားဖက်တော်ဖြစ်သော ဘဝင်မြင့်မှုများကို ထိတွေ့နေရသူ တစ်ဦး၊ ဥရောပတိုက်တွင် ဖြစ်ပေါ်နေသောအရေးအခင်းများအတွက် စက္ကန့်မိနစ်နှင့်အမျှ တာဝန်ရှိနေသူ တစ်ဦး၊ ကျောက်ရုပ်တစ်ရုပ် မဟုတ်မူ၍ အသွေးအသားဖြင့် ဖွဲ့စည်းထားသော လူတစ်ယောက် ဖြစ်သည့်အားလျော်စွာ ကိုယ်ပိုင်အကျင့်စရိုက်များနှင့် တကွ ကောင်းမွန်ခြင်း၊ လှပခြင်း၊ မှန်ကန်ခြင်းတို့ကို လိုလားသူ တစ်ဦး၊ မင်း ဧကရာဇ်တို့တွင် ရှိအပ်သော ကျင့်ဝတ်သီလများနှင့် ပြည့်စုံသူတစ်ဦး (မပြည့်စုံဟူ၍ မည်သည့်ရာဇဝင်ဆရာများက မပြောပါ။) ဤသို့သော အရည်အချင်းများ၊ ဂုဏ်ဒြပ်များနှင့် ပြည့်စုံသော ရာဇဝင်ဇာတ်ဆောင်တစ်ဦး စင်လျက် လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဟူသောအချက်ကို ကြည့်မြင်ရာ၌ အနှစ်ငါးဆယ်အတွင်း အဘယ်ကြောင့် အလက်ဇန်းဒရားဘုရင်သည် တစ်မျိုးတစ်ဖုံ အမြင် ပြောင်းလဲသွားရသနည်း။ လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဟူသော ကိစ္စ၌ အဘယ့်ကြောင့် အလက်ဇန်းဒရားဘုရင်သည် အမြင်အထင် တစ်သမတ်တည်း မရှိရသနည်း။ လွန်ခဲ့သော အနှစ်ငါးဆယ်က အလက်ဇန်းဒရားဘုရင်သည် လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဟူသော ကိစ္စ၌ ငယ်စဉ်တောင်ကျေးက စ၍ စာပေလေ့လာခြင်း၊ သင်ကြားခြင်း၊ မှတ်စုကူးခြင်း စသည့် သင်ကြားမှုအဝဝကို ပြုလုပ်လျက်ရှိသော ယနေ့ခေတ်ပါမောက္ခများနှင့် မည်သည့်အတွက်ကြောင့် အမြင်တစ်သားတည်း မဖြစ်ရသနည်း။ မည်သည့်အတွက်ကြောင့် ရှုမြင်ချက် ပြောင်းလဲသွားရသနည်း။

ရာဇဝင်ဆရာတို့သည် ဤသို့အမြင်ပြောင်းလဲသွားခြင်းကြောင့် အလက်ဇန်းဒရားဘုရင်ကို ပြစ်တင်ဝေဖန်နေကြခြင်း ဖြစ်လေသည်။

ကောင်းပြီ။ လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဆိုသည့်ကိစ္စကို ကြည့်မြင်ရာ၌ အလက်ဇန်းဒရားဘုရင်၏ အမြင်သည် (၎င်းတို့ပြစ်တင်ဝေဖန်ခြင်းပြုကြသကဲ့သို့) တစ်သမတ်တည်း၊ တစ်ဖြောင့်တည်း မရှိဟုပင် ထားပါဦး။ အလက်ဇန်းဒရားဘုရင်ကို ဤသို့ပြစ်တင်ဝေဖန်ကြသော မောင်မင်းကြီးသား 'ပညာရှိ' ရာဇဝင်ဆရာများ၏ အမြင်သည်လည်း တကယ်ပင် တစ်သမတ်တည်း၊ တစ်ဖြောင့်တည်း ရှိပါ၏လော။ ပြောင်းလဲခြင်း မရှိတော့ပြီလော။ လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဆိုသောအချက်ကို ကြည့်မြင်ရာ၌ ရာဇဝင်ဆရာတို့၏အမြင်သည်လည်း အချိန်နှင့်အတူ ပြောင်းလဲခဲ့ကြသည်သာ မဟုတ်လော။ ငြင်းရဲလျှင် ငြင်းကြလော့။ လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဆိုသည့်အချက်များသည် တစ်ယောက်တစ်မျိုး မြင်ကြ၍ ထိုအမြင်များ သည်လည်း နှစ်စဉ်နှင့်အမျှ ပြောင်းလဲနေကြသည် မဟုတ်လော။ ရာဇဝင်၏ လှုပ်ရှားမှုကို လေ့လာလျှင် ထိုအတိုင်းပင် တွေ့ရသည် မဟုတ်လော။ ဤသို့ဖြင့် ကောင်းသည်ဟု တစ်ချိန်က ကျွန်ုပ်တို့ထင်ခဲ့သောအရာများသည် နောင် ဆယ်နှစ်ကြာသောအခါ၌ ဆိုးသည်ဟု ကျွန်ုပ်တို့ စိတ်၌ ထင်လာတတ်ကြသည်ပင် မဟုတ်လော။ အလားတူပင် ဆိုးသည်ဟု တစ်ခါက ကျွန်ုပ်တို့ထင်ခဲ့သောအရာများ သည်လည်း နောင် ဆယ်နှစ်လောက်ကြာသောအခါ၌ ကောင်းသည်ဟု ကျွန်ုပ်တို့စိတ်၌ ထင်လာတတ်ကြသည်သာ မဟုတ်လော။ ဆယ်နှစ်မပြောနှင့် တစ်နှစ်တည်း တစ်ချိန်တည်းမှာပင် မည်သည့်အရာသည် ကောင်းသည်၊ မည်သည့်အရာသည် ဆိုးသည်ဟု ခွဲခြားခြင်းကိစ္စ၌ တစ်ယောက်တစ်မျိုး ကွဲပြားနေကြသည် မဟုတ်လော။ ထို့ကြောင့်ပင် ပိုလန်ပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခြင်းနှင့် ကြီးမြတ်သော မဟာမိတ်အဖွဲ့ ဖွဲ့ခြင်းတို့ကို တချို့က ကောင်းသည်ဟု ထင်ကြချိန်၌ အချို့က ဆိုးသည်ဟု ထင်ကြသည် မဟုတ်လော။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အလက်ဇန်းဒရားဘုရင်ကို အချို့က ချီးကျူးနေချိန်၌ အချို့က ပြစ်တင်ရှုတ်ချလျက် ရှိကြသည် မဟုတ်လော။ ရာဇဝင်၌ ဤသို့ တွေ့ရမြဲပင် မဟုတ်လော။ သို့ဖြစ်လျှင် လူ့လောကကြီးအတွက် မည်သည့်အရာသည် ကောင်းသည်ဟု ဆုံးဖြတ်ရာ၌ ရာဇဝင်ဆရာများ၏ အဆုံးအဖြတ်သည်လည်း မမှားတော့ပြီလော။ ၎င်းတို့က ကောင်းသည်ဟုဆိုတိုင်း ကျွန်ုပ်တို့က လက်ခံရတော့မည်လော။ မည်သို့သော တန်ခိုးဣဒ္ဓိပါဒ်ကို ပိုင်ဆိုင်၍ ဤသို့ဆုံးဖြတ်ခြင်း ပြုကြသနည်း။



www.burmeseclassic.com

လောက၌ မည်သည့်အရာသည် ကောင်း၏၊ မည်သည့်အရာသည် မကောင်းဟု ပြော၍မရချေ။ ထို့ကြောင့် အလက်ဇန်းဒရား၊ သို့မဟုတ် နပိုလီယန်၏ ဆောင်ရွက်ချက်များကိုလည်း ကောင်းသည်ဟု ကျွန်ုပ်မပြောလိုပါချေ။ ဆိုးသည်ဟုလည်း ကျွန်ုပ်မပြောနိုင်ချေ။ ကျွန်ုပ်တို့က ကောင်းသည်ဟု ထင်မြင်ထားသောစံချိန်နှင့် မကိုက်ညီလျှင် ကျွန်ုပ်တို့သည် ထိုအရာကို မကောင်းဟု ပြောကြစမြဲသာ ဖြစ်ပေသည်။ မော်စကိုမြို့ရှိ ကျွန်ုပ်ဖခင်၏အိမ်ကို ပြင်ဆင်၍ သားစဉ်မြေးဆက် ထိန်းသိမ်းထားခြင်းကို ကောင်းသည်ဟု ကျွန်ုပ် ထင်နိုင်ပေသည်။ ဆိုးသည်ဟုလည်း ထင်နိုင်ပေသည်။ ဘာမျှ ကိစ္စ မရှိချေ။ ထို့မှမက ရုရှားတပ်မတော်ကြီး၏ သူရသတ္တိအရာ၌ ပြောင်မြောက်ခြင်း၊ ပိုလန်ပြည်ကို ကိုယ်ပိုင် အုပ်ချုပ်ရေးပေးခြင်း၊ ရုရှားနိုင်ငံကြီး ဘုန်းလက်ရုံး ကြီးမားခြင်း၊ ဥရောပအာဏာစက်ကို ချိန်ခွင်လျှာကဲ့သို့ ညီအောင် ညှိခြင်းနှင့် တကွ 'တက်ခေတ်' ဟုခေါ်သော ဥရောပတိုက် ယဉ်ကျေးမှုတစ်ခုခု စသည်တို့ကိုလည်း ကောင်းသည်ဟု ကျွန်ုပ် ထင်နိုင်သည်သာ ဖြစ်လေသည်။ ဆိုးသည်ဟုလည်း ထင်နိုင်ပေသည်။ ကိစ္စ မရှိသေးချေ။ သို့ရာတွင် ထို့မှမက တော့ဘဲ ထိုထက် ကျယ်ပြန့်သော ရည်ရွယ်ချက်များကို ဆောင်လျက်ရှိသည့် ရာဇဝင်ဇာတ်ဆောင် ပုဂ္ဂိုလ်အသီးသီး၏ လှုပ်ရှားမှု၊ ဆောင်ရွက်မှုများကို ဆိုးသည် ကောင်းသည်စသည်ဖြင့် ဝေဖန် အကဲဖြတ်ရန်ကိုကား ကျွန်ုပ် ဉာဏ်မမီကြောင်းကို ဝန်ခံရမည်သာ ဖြစ်ပါသည်။

လာပြန်သေး၏။ သိပ္ပံပညာဟုခေါ်သော အရာသည် တိကျသောအဖြေကို ပေးနိုင်သည်။ ဖြူသည် မည်းသည်ကို အတိအကျ ဆုံးဖြတ်နိုင်သည်။ သိပ္ပံပညာသည် အကောင်းနှင့် အဆိုးကို ခွဲခြားရာ၌ ပြောင်းလဲခြင်း မရှိသော စံချိန်ဖြင့် ယှဉ်ထိုး၍ ပြသနိုင်သည်။ ထို့ကြောင့် ရာဇဝင်ဇာတ်ဆောင် ပုဂ္ဂိုလ်များနှင့် ရာဇဝင်အဖြစ်အပျက်များကိုလည်း သိပ္ပံပညာ၏ အကောင်းအဆိုး စံချိန်ဖြင့် ချိန်ထိုးကြည့်ရာသည်ဟု ဆိုကြပြန်သေး၏။ ၎င်းတို့ပြောဆိုသည့်အတိုင်း အကောင်းအဆိုးကို သိပ္ပံပညာ၏ စံချိန်ဖြင့် ခွဲခြားဆုံးဖြတ်နိုင်သည်ပင် ထားပါဦး။ အလက်ဇန်းဒရားဘုရင်သည်လည်း ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်း မပြုဘဲ တစ်မျိုးတစ်ဖုံ ဆောင်ရွက်ခဲ့သည်ပင် ထားပါဦး၊ အလက်ဇန်းဒရားဘုရင်သည် ၎င်းကို ပြစ်တင် ဝေဖန်နေသူများ၊ လူ့လောက လှုပ်ရှားမှုကြီး၏ အဆုံးစွန်သောရည်ရွယ်ချက်များကို နားလည်သူများ၊ ပညာရှိ ကဝိအကျော်အမော်ဟု ထင်နေကြသူများ စသည်တို့၏ အလိုကျအတိုင်း ဆောင်ရွက်ခဲ့သည်ပင် ထားပါဦး၊ အမျိုးသားရေး၊ လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ တိုးတက်ရေး စသည့်ကိစ္စများ၌ (ထိုကိစ္စများသည် အခြေခံဟု ကျွန်ုပ် ထင်ပါသည်။) အလက်ဇန်းဒရား ဘုရင်သည် ၎င်းတို့အလိုကျအတိုင်း ဆောင်ရွက်ခဲ့သည်ပင် ထားပါဦး။ တစ်ဖန် ၎င်းတို့၏ လမ်းညွှန်မှုသည် ဖြစ်လည်း ဖြစ်နိုင်၍ အလက်ဇန်းဒရားကလည်း တစ်သဝေမတိမ်း လုပ်ဆောင်ခဲ့ပြီဟုပင် ထားပါဦး။ ထိုအခါ၌ အလက်ဇန်းဒရားဘုရင်၏ ဆောင်ရွက်ချက်တို့ကို ဆန့်ကျင်ခဲ့သူတို့၏ ဆောင်ရွက်ချက်တို့သည် မည်သို့ ဖြစ်ကုန်ကြမည်နည်း။ ကောင်းပါလေသည်၊ မှန်မြတ်ပါပေသည်ဟု ရာဇဝင်ဆရာတို့က ချီးမြှောက်ခဲ့ကြသော ထိုသူတို့၏ ဆောင်ရွက်ချက်များသည် မည်သို့ ဖြစ်ကုန်ကြမည်နည်း။ ဤအတိုင်းသာဆိုလျှင် ၎င်းတို့၏ ဆောင်ရွက်ချက်ဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်ချေ။ ရာဇဝင်ဆရာများအဖို့လည်း အလုပ်ရှိတော့မည် မဟုတ်ချေ။ ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းစသည့် ခံစားမှုများ၏ စုဝေးရာ၊ အသက်ရှင်လှုပ်ရှားခြင်းတည်းဟူသော ဘဝဟူ၍လည်း ရှိတော့မည် မဟုတ်ချေ။ လောက၌ မည်သည့်အရာမျှ ရှိတော့မည် မဟုတ်ချေ။

လူ့ဘဝ၌ အစစအရာရာကို ဆင်ခြင်တုံတရား (ဝါ) သိပ္ပံပညာကသာ စိုးမိုးထိန်းချုပ်ထားသည်ဟူသော အချက်ကို ကျွန်ုပ်တို့ လက်ခံကြလျှင် လူ့ဘဝသည်လည်း မည်သို့မျှ အဓိပ္ပာယ် ရှိတော့မည် မဟုတ်ချေ။

## အခန်း ၂

ကြီးမြတ်သော ပုဂ္ဂိုလ်ကြီးများသည် လူ့လောကကြီးကို ဦးစီးဦးဆောင်ပြုလျက်ရှိသည်ဟု ရာဇဝင်ဆရာများက ယူဆကြ၏။ ရုရှားနိုင်ငံ သို့မဟုတ် ပြင်သစ်နိုင်ငံကြီး ဘုန်းလက်ရုံးကြီးမားခြင်း၊ ဥရောပအာဏာစက်ကို ချိန်ခွင်လျှာကဲ့သို့ အညီညှိခြင်း၊ တော်လှန်ရေးအတွေးအခေါ်များ ပေါ်ပေါက်ခြင်း၊ အဘက်ဘက်မှ တိုးတက်စေခြင်းစသည့်



www.burmeseclassic.com

အရာတို့ကို ထိုကြီးမြတ်သောပုဂ္ဂိုလ်ကြီးများက ဦးစီးဦးဆောင် ပြုကြသည်ဟု ရာဇဝင်ဆရာတို့က ယူဆကြ၏။ ရာဇဝင်ဆရာတို့၏ ဖော်ပြပါအဆိုအမိန့်အတိုင်းသာ မှန်ခဲ့လျှင် ရာဇဝင်အကြောင်းခြင်းရာများကို ဖော်ပြရာ၌ ကံအကြောင်းတရားနှင့် ဘုန်းတန်ခိုး ပါရမီဉာဏ်ဆိုသည့် အယူအဆများကိုလည်း ထည့်သွင်းတွက်ချက်ရတော့မည်သာ ဖြစ်လေသည်။

ဆယ့်ကိုးရာစုအစတွင် ဖြစ်ပွားခဲ့သော ဥရောပစစ်ပွဲများ၏ ရည်ရွယ်ချက်သည် ရုရှားနိုင်ငံကြီး ဘုန်းမီးနေလသဖွယ် တောက်ပထွန်းလင်းရေးအတွက် ဖြစ်သည်ဆိုလျှင် စစ်ပွဲများ၊ တစ်ပါးသောနိုင်ငံတို့ကို ကျူးကျော်မှုများ မပြုဘဲ အခြား အခြားသောနည်းများဖြင့် ကိစ္စပြီးနိုင်ပါသည်။ ထိုစစ်ပွဲများ၏ ရည်ရွယ်ချက်သည် ပြင်သစ်နိုင်ငံကြီး ဘုန်းမီးနေလသဖွယ် တောက်ပထွန်းလင်းရေးအတွက် ဖြစ်သည်ဆိုလျှင်လည်း ပြင်သစ်တော်လှန်ရေးဆင်နွှဲခြင်း၊ လက်နက်နိုင်ငံ ထူထောင်ခြင်းမပြုဘဲ အခြားအခြားသောနည်းများဖြင့် လိုသောရည်ရွယ်ချက် ပြည့်ဝနိုင်ပါသည်။ ထိုစစ်ပွဲများ၏ ရည်ရွယ်ချက်သည် အတွေးအခေါ်အယူဝါဒတစ်ခု ပြန့်ပွားရေးအတွက် ဖြစ်သည်ဆိုလျှင်လည်း စစ်တိုက်ခြင်းထက် စာပုံနှိပ်စက်က ပို၍ ခရီးရောက်လိမ့်မည် ထင်ပါသည်။ ထိုစစ်ပွဲများ၏ ရည်ရွယ်ချက်သည် လူ့ယဉ်ကျေးမှု တိုးတက်ရေးအတွက် ဖြစ်သည်ဆိုလျှင်လည်း အသက်၊ စည်းစိမ်၊ ဥစ္စာများကို ပျက်စီးစေသည့်နည်းလမ်းထက် ပို၍ကောင်းမွန်သော အခြားနည်းလမ်းများ အများအပြား ရှိပါသည်။

သို့ဖြစ်လျက် မည်သည့်အတွက် စစ်တိုက်သည့်နည်းလမ်းများဖြင့်သာ ပြုလုပ်ခဲ့ကြသနည်း။ မည်သည့်အတွက်ကြောင့် အခြား အခြားသောနည်းလမ်းများဖြင့် မပြုလုပ်ခဲ့ကြသနည်း။

အကြောင်းမူကား ဤအတိုင်းဖြစ်ချင်သောကြောင့် ဖြစ်လာခဲ့ခြင်း ဖြစ်ပေသည်။ 'ကံအကြောင်းတရားသည် အခြေအနေကို ဖန်တီးခဲ့၍ ဘုန်းတန်ခိုးပါရမီဉာဏ်သည် ထိုကံအကြောင်းတရားကို အသုံးချခဲ့သောကြောင့် ဖြစ်သည်' ဟု ရာဇဝင်က ဖြေဆိုခြင်းပြုလေသည်။

သို့ရာတွင် 'ကံအကြောင်းတရား' ဆိုသည်မှာ မည်သည့်အရာနည်း။ 'ဘုန်းတန်ခိုးပါရမီဉာဏ်' ဆိုသည်မှာလည်း မည်သည့်အရာနည်း။

'ကံအကြောင်းတရား' နှင့် 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသော စကားနှစ်လုံးသည် အဟုတ်ရှိ၊ တကယ်ရှိသော ရုပ်ဒြပ်ဝတ္ထုတစ်ခုကို ဆိုလိုခြင်း မဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြခြင်း မပြုနိုင်ချေ။ ထိုစကားနှစ်လုံးသည် တစ်စုံတစ်ခုသောအခြင်းအရာကို နားလည်သိမြင်ခြင်း၌ အဆင့်တစ်ဆင့်ဟူ၍သာ အဓိပ္ပာယ်ထွက်၏။ ဥပမာအားဖြင့် ကျွန်ုပ်သည် အဖြစ်အပျက်တစ်ခုကို မြင်၏။ သို့ရာတွင် အဖြစ်အပျက်သည် မည်သည့်အတွက်ကြောင့် ဖြစ်ပျက်ရကြောင်းကို ကျွန်ုပ်မသိချေ။ သိလည်း သိနိုင်သည်ဟု ကျွန်ုပ် မထင်ချေ။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအဖြစ်အပျက်အကြောင်းကို သိနားလည်ရန်လည်း ကြိုးစားခြင်း မပြုတော့ချေ။ ထိုအခါ၌ ကျွန်ုပ်သည် ဤကား 'ကံအကြောင်းတရား' သာတကားဟု ဆိုတတ်လေသည်။ ကျွန်ုပ်သည် အင်အားစုတစ်ခုကို မြင်၏။ ထိုအင်အားစုသည် သာမန်လူတို့ ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သော အရာတစ်ခုကို ပြုလုပ်၏။ ထို့အပြင် ကျွန်ုပ်သည် မည်သည့်အတွက်ကြောင့် ဤသို့ ပြုလုပ်နိုင်စွမ်းရှိကြောင်းကို နားမလည်ချေ။ ထိုအခါ၌ ကျွန်ုပ်သည် ဤကား 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ၏ အစွမ်းသာတကားဟု ဆိုတတ်လေသည်။

သိုးကျောင်းသားတစ်ယောက်သည် ညနေချိန်ရောက်တိုင်း သိုးတစ်ကောင်ကို အစာကျွေးရန်အတွက် သီးသန့်ခြံတစ်ခြံတွင်းသို့ သွင်း၏။ သို့ဖြင့် ထိုသိုးသည် အခြားသိုးများထက် နှစ်ဆ ဆူဖြိုးလာခဲ့၏။ အခြားသိုးများအဖို့၌ကား ထိုသိုးသည် ဘုန်းတန်ခိုး ပါရမီရှင်ကြီးတစ်ဦး ဖြစ်နေမည်သာ ဖြစ်လေသည်။ ထိုကဲ့သို့ အခြားသိုးများနှင့် အတူတကွ မနေရခြင်း၊ ညနေတိုင်း သီးသန့်ခြံအတွင်း နေရခြင်း၊ အစာရေစာ ဝလင်စွာ စားသောက်ရခြင်း၊ ဆူဖြိုးခြင်းစသော ထူးခြားသည့် ကံအကြောင်းတရားအဖြာဖြာတို့ ပြည့်စုံသော တန်ခိုး ပါရမီရှင် သိုးကြီးဖြစ်ပါလျက် အသားအလို့ငှာ သတ်ဖြတ်ခြင်းခံရသည် တကားဟုလည်း အံ့ဩခြင်းဖြစ်ကြမည် ဖြစ်ပေသည်။

အခြားသောသိုးများက ဆူဖြိုးသောသိုးကို ဤသို့မြင်နေကြခြင်းမှာ မိမိတို့သိုးခြံအတွင်းရှိ အခြင်းအရာများလောက်ကိုသာ မြင်နေကြခြင်းကြောင့် ဖြစ်၏။ မိမိ



www.burmeseclassic.com

တို့၌ ဖြစ်ပျက်သောအခြင်းအရာများသည် မိမိတို့ပြုသောကြောင့် ဖြစ်သည်ချည်း မဟုတ်။ သိုးခြံ အပြင်ဘက်ရှိ အခြားတစ်ပါးသော ပယောဂတစ်ခုကြောင့် ဖြစ်ခြင်းဖြစ်သည်ဟု မြင်လျှင်ကား ထိုဆူဖြိုးသော သိုး၏ သီးသန့်နေရသောအဖြစ်၊ အစာဝလင်စွာ စားရသောအဖြစ်၊ ဤသို့နေရလျှင် ဤသို့ သေရသည်ဟူသော အဖြစ်ကို သိမြင်လာကြမည်သာ ဖြစ်လေသည်။ မည်သည့်အတွက်ကြောင့် ၎င်းတို့အား အစာရေစာ ဝလင်စွာ ကျွေးခြင်းကို မသိသည့်တိုင် အနည်းဆုံး ထိုဆူဖြိုးသော သိုးကြီး၏ အဖြစ်သည် ရှောင်တခင် ဖြစ်ရခြင်း မဟုတ်၊ မတော်တဆ ဖြစ်ရခြင်း မဟုတ်၊ ဘုန်းတန်ခိုး ပါရမီဉာဏ်ရှိ၍ မဟုတ်၊ သားသတ်သမား၏ ဓားအောက်သို့ လည်စင်းပေးရန် ဤသို့နေရခြင်း ဖြစ်သည်။ အဆီအသား များများပေးနိုင်ရန် ဤသို့နေရခြင်း ဖြစ်သည်ဆိုသည့် အချက်လောက်ကိုကား သိကြလိမ့်မည် ဖြစ်ပေသည်။ ထိုသို့ သိသည်နှင့် တစ်ပြိုင်နက် 'ကံအကြောင်းတရား' နှင့် 'ဘုန်းကံ ပါရမီဉာဏ်' ဆိုသည်တို့ကိုလည်း ယုံကြည်ကြတော့မည် မဟုတ်ချေ။

လူ့လောကကြီး၏ အခြင်းအရာ၊ ရာဇဝင်၏အဖြစ်အပျက်တို့ကို ကြည့်မြင်သော ကျွန်ုပ်အဖို့လည်း ထို့အတူပင် ဖြစ်လေသည်။ ကျွန်ုပ်တို့ ရတ်တရက် ထင်မြင်လာသော ရာဇဝင် ရည်ရွယ်ချက် တစ်ခု နှစ်ခုကို ကြည့်၍ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ၊ တတ်လှပြီ ဟူသော အထင်မျိုးကို စွန့်လွှတ်ခြင်း၊ ကျွန်ုပ်တို့ နေထိုင်ရာ လောကခြံအိမ်၏ အပြင်ဘက်၌ (ဝါ) လူ့ဘုံခန်းဝါ၏ အပြင်ဘက်၌ ကျွန်ုပ်တို့ မမြင်နိုင်၊ မသိနိုင်သော အဆုံးစွန်သော ရည်ရွယ်ချက် ရှိသည်ဆိုသည့် အချက်ကို လက်ခံ အသိအမှတ်ပြုခြင်းဖြင့်သာလျှင် ရာဇဝင် ဇာတ်ဆောင်တို့၏ ဘဝ၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ၏ အကျိုးသက်ရောက်မှုများကို နားလည်နိုင်ပေလိမ့်မည်။ (လူသာမန်တို့ စွမ်းဆောင်နိုင်ခြင်း မရှိသော) အကျိုးသက်ရောက်မှုများ၏ အကြောင်းတရားကို တွေ့မြင်နိုင်ပေလိမ့်မည်။ ထိုအခါ၌ 'ကံအကြောင်းတရား' နှင့် 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသည့် စကားလုံးတို့သည် အလကား စကားမျှသာ ဖြစ်ကြောင်း သိမြင်လာကြလိမ့်မည် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အချင်းချင်း လူတတ် လုပ်စရာ မလိုပါ။ ဥရောပတွင် ပွက်လောရိုက်မျှ ဖြစ်ပေါ်ခဲ့သော လှုပ်ရှားမှုကြီးများ၏ ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ မသိ။ သို့ရာတွင် တကယ်ဖြစ်ပျက်ခဲ့သော အချက်အလက်များကိုမူ ကျွန်ုပ်တို့ သိသည်။ ပြင်သစ်၊ အီတလီ၊ အာဖရိက၊ ပရပ်ရှား၊ ဩစတြီးယား၊ စပိန်နှင့် ရုရှားနိုင်ငံများတွင် လူသတ်ပွဲကြီးများ ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်ခဲ့ခြင်းကို သိသည်။ အနောက်မှ အရှေ့သို့ လူများ ချီတက်လာခဲ့ခြင်းနှင့် အရှေ့မှ အနောက်သို့ လူများချီတက်လာခဲ့ခြင်းသည် ထိုအဖြစ်အပျက်များ၏ အနှစ်သာရနှင့် ရည်ရွယ်ချက် ဖြစ်ကြောင်းကို သိသည်။ ဤအချက်ကို မကွယ်မထောင့် ဝန်ခံဖို့ လိုသည်။ မသိကြောင်းကို မသိဟု ရိုးသားစွာ ဝန်ခံကြမှသာလျှင် နပိုလီယန်၌သော် လည်းကောင်း၊ အလက်ဇန်းဒရား၌သော် လည်းကောင်း ထူးခြားသည့် အရည်အချင်းဆို၍ ဘာမျှ မရှိ၊ 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသည် ဘာမျှ မဟုတ်ကြောင်းကို သိမြင်လာကြမည် ဖြစ်ပေသည်။ ထိုမျှမက နပိုလီယန်နှင့် အလက်ဇန်းဒရားသည် သူများ ထက် ထူး၍ နဖူးတွင် ချိပေါက်နေကြသော ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်များ မဟုတ်ဘဲ သူလို ကိုယ်လို လူမျှသာ ဖြစ်ကြောင်းကို သိမြင်လာကြမည် ဖြစ်ပေသည်။ ထိုအခါ၌ နပိုလီယန်နှင့် အလက်ဇန်းဒရားတို့ကို ဤအခြေသို့ရောက်အောင် ပို့ဆောင်ပေးလိုက်သော အဖြစ်အပျက်ကလေးများသည် 'ကံအကြောင်းတရား' ကြောင့် ရှောင်တခင် ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မရှောင်မလွှဲသာ ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း သိမြင်လာကြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အဆုံးစွန်သော မူလရည်ရွယ်ချက်ကို သိသည်ဟု 'ကြွားလုံး' ထုတ်ခြင်းကို ရပ်တန်းက ရပ်ဖို့ တော်ပါပြီ။ 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသည့် အရာကို သိသည်ဟု 'လူတတ်လုပ်ခြင်း' မျိုးကို ရပ်တန်းက ရပ်ဖို့ တော်ပါပြီ။ ဤသို့ 'ကြွားလုံးထုတ်ခြင်းမျိုး' 'လူတတ်လုပ်ခြင်းမျိုး' ကို ရပ်တန်းကသာ ရပ်ကြမည် ဆိုလျှင် ညောင်ပင်ကို ပေါက်စေလို၍ ညောင်ပင်ကို စိုက်ရာ၌ ထိုညောင်ပင်မှ ထုတ်လုပ်လိုက်သော ညောင်စေ့ထက် သင့်လျော်သော သစ်စေ့ဟူ၍ မရှိကြောင်းကို သိမြင်သည့်နည်းတူ ၎င်းတို့၏ ရည်ရွယ်ချက် ပြီးမြောက်စေလို၍ ထိုရည်ရွယ်ချက်ကို အသေးစိတ် အကောင်အထည်ဖော်ရာ၌ ၎င်းတို့ အကျိုးပေးနှင့် ၎င်းတို့ ဖြစ်လာကြသော နပို



www.burmeseclassic.com

www.burmeseclassic.com


လီယန်နှင့် အလက်ဇန်းဒရားတို့နှစ်ဦးထက် သင့်လျော်သူ ဟူ၍ မရှိကြောင်းကို ကျွန်ုပ်တို့ နားလည်သဘောပေါက်လာလိမ့်မည် ဖြစ်ပါသတည်း။

## အခန်း ၃

ဆယ့်ကိုးရာစုနှစ် အစဌ် ဥရောပတစ်ခြမ်းမှ လူများသည် အရှေ့ဥရောပတစ်ခြမ်းသို့ ရောက်လာခဲ့ကြ၏။ တစ်ဖန် အရှေ့ဥရာပတစ်ခြမ်းမှ လူများသည်လည်း အနောက်ဥရောပတစ်ခြမ်းသို့ ရောက်သွားကြပြန်သည်။ ဤသို့ အနောက်မှ လူများ အရှေ့သို့ ရောက်လာခြင်း၊ အရှေ့မှ လူများ အနောက်သို့ ရောက်ခြင်း စသည်တို့သည် ဆယ့်ကိုးရာစုနှစ်အစ ဥရောပအဖြစ်အပျက်များ၏ အခြေခံကျသော ထူးခြားချက်များ ဖြစ်လေသည်။ အရေးကြီးသော လက္ခဏာချက်များလည်း ဖြစ်ကြလေသည်။ အစပထမဌ် အနောက်မှ လူအုပ်ကြီးသည် အရှေ့ဘက်သို့ ရွေ့လျားလာခဲ့၏။ အနောက်ဘက်မှ လူများသည် မော်စကိုမြို့သို့ ဤနည်းဤပုံ စစ်ကြီး ယင်လာနိုင်ရေးအတွက် (၁) အရှေ့ဘက်ရှိ အလားတူ စစ်လိုလားသောအုပ်စုတစ်စုနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရန် ထုထည်ကြီးမားသော စစ်အုပ်စုကြီးတစ်ခုကို ဖွဲ့စည်းရသည်။ (၂) ၎င်းတို့၏ နေ့စဉ်ပြုမြဲ အစဉ်အလာများ၊ ထုံးစံဓလေ့များကို စွန့်လွှတ်ခဲ့ကြရသည်။ (၃) ဤသို့ စစ်ကြီးယင်လာစဉ်အတွင်း၌ မလွဲမရှောင်သာ ကျူးလွန်ရသည့်ကိစ္စများ ဖြစ်သော လိမ်ခြင်း၊ လုယက်ခြင်း၊ လူသတ်ခြင်း စသည့် အမှုများကို သူတစ်ပါးအား စေခိုင်းရ၍ ကိုယ်တိုင်လည်းလုပ်ရဲသော လူတစ်ဦးကို ခေါင်းဆောင်တင်ရမည်။

ပြင်သစ်နိုင်ငံတွင် တော်လှန်ရေးကြီး ဖြစ်ပွားလာသည့်အချိန်၌ ခေတ်နှင့် မလျော်တော့သော အုပ်စုဟောင်းသည် ပျက်စီးခဲ့၏။ အစဉ်အလာဟောင်းများ၊ ဓလေ့ထုံးစံဟောင်းများသည်လည်း ပျက်စီးခဲ့ကြ၏။ ဤအတွင်း၌ ပို၍အင်အားကောင်းသော အုပ်စုသစ်ကြီးတစ်ခုသည် အစဉ်အလာသစ်များ၊ ဓလေ့ထုံးစံသစ်များနှင့် တကွ ပေါ်ပေါက်လာခဲ့လေသည်။ ဤသို့ဖြင့် ပေါ်ပေါက်ဆဲ ပေါ်ပေါက်လတ္တံ့သော လှုပ်ရှားမှုကြီးကို ခေါင်းဆောင်မည့် လူတစ်ယောက်သည် ပေါ်ပေါက်ခဲ့လေသည်။ ကျူးလွန်ဆဲ ကျူးလွန်လတ္တံ့သောအမှုကိစ္စအဝဝကို တာဝန်ယူရမည့် လူတစ်ဦးသည် ပေါ်ပေါက်ခဲ့လေသည်။

ယုံကြည်ချက်လည်း မရှိ၊ ဟိရီဩတ္တပ္ပတရားလည်း မရှိ၊ အစဉ်အလာလည်း မရှိ၊ ထင်ပေါ်ကျော်ကြားခြင်းလည်း မရှိ၊ မည်သည့်နိုင်ငံရေးပါတီနှင့်မျှလည်း ဆက်သွယ်ခြင်း မရှိ၊ ထိုမျှမက ပြင်သစ်မျိုးနွယ်တစ်ဦးပင် မဟုတ်သော လူတစ်ယောက်သည် အုန်းအုန်းကျွက်ကျွက်ဆူပွက်လျက် ရှိသော ပြင်သစ်နိုင်ငံရေးပါတီများကြားမှ ပေါ်ထွက်လာခဲ့လေသည်။ ထိုလူသည် ထင်ရှားသည့်ရှေ့တန်းသို့ ရောက်လာခဲ့လေသည်။ ဤသို့ဖြစ်လာခြင်းသည် ရာဇဝင်ဆရာတို့ ပြောသကဲ့သို့ အဆန်းကြယ်ဆုံးသော ကံအကြောင်းတရားများကြောင့်ပင်ဟု ဆိုရတော့မည်သာ ဖြစ်ပေသည်။

လုပ်ဖော်ကိုင်ဖက်များ၏ အသိဉာဏ်တရား ခေါင်းပါးခြင်း၊ ဆန့်ကျင်ဘက် ရန်သူများ၏ ညံ့ဖျင်းခြင်းနှင့် အားနည်းခြင်း၊ ထိုလူ၏အရှက်အကြောက်မရှိ လိမ်ရဲခြင်း၊ မဟုတ် မမှန်သည်ကို ပြောင်ပြောင်တင်းတင်း လုပ်ရဲခြင်း စသည့် အရည်အချင်းများကြောင့် ထိုလူသည် ပြင်သစ်စစ်တပ်ကြီး၏ ခေါင်းဆောင်အဖြစ် ရောက်ခဲ့လေသည်။ အီတလီသို့ ချီတက်တိုက်ခိုက်ခဲ့သော ပြင်သစ်တပ်သားများ၏ သတ္တိကောင်းခြင်း၊ ရန်သူများ၏ သတ္တိကြောင်ခြင်း၊ အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်သဘောထား ကျဉ်းမြောင်းခြင်း၊ ဘဝင်မြင့်ခြင်း စသည်တို့ကြောင့် ထိုလူသည် စစ်ရေးစစ်ရာ၌ ကျော်စောခြင်းသို့ ရောက်ရှိလာခဲ့လေသည်။ ဤသို့ဖြင့် ကံအကြောင်းတရားဟုခေါ်သော များပြားလှစွာသောအရာတို့သည် ရောက်လေရာရာ၌ ထိုလူကို မျက်နှာသာပေးခဲ့ကြလေသည်။ ထိုလူသည် ပြင်သစ်အာဏာပိုင်များ၏ ငြိုငြင်မှုကို ခံခဲ့ရသော်လည်း ထိုငြိုငြင်မှုသည်ပင် ၎င်းအဖို့ အခွင့်ကောင်းကြီးတစ်ခု ဖြစ်လာခဲ့ပြန်လေသည်။ ထိုလူသည် ဘုရားသခင်က ပြဋ္ဌာန်းပေးလိုက်သော မိမိ၏ ဘဝလမ်းကြောင်းတစ်လျှောက်မှ ရုန်းထွက်ရှောင်ပြေးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ရုရှား မင်းမှုထမ်းဘဝသို့ ဝင်ရန် ကြိုးစားခဲ့သော်လည်း မရခဲ့ချေ။ တူရကီ မင်းမှုထမ်းအဖြစ် လျှောက်ထားခဲ့သေးသော်လည်း ခန့်အပ်ခြင်း မခံခဲ့ရချေ။ စစ်အတွင်းက အီတလီပြည်တွင် အကြိမ်ပေါင်းများစွာ သေဘေးကြုံခဲ့ရသော်လည်း မမျှော်


www.burmeseclassic.com

လင့်ဘဲ လွတ်မြောက်လာခဲ့သည်သာ ဖြစ်လေသည်။ ၎င်း၏ ဂုဏ်သိက္ခာကို ဖျက်ဆီးချေမှုန်းနိုင်သူမှာ ရုရှားစစ်တပ်ကြီး ဖြစ်သော်လည်း အမျိုးမျိုးသော သံတမန်ရေးရာအကြောင်း များကြောင့် ရုရှားစစ်တပ်ကြီးသည် ထိုလူ မရှိတော့သည့် အချိန်ကျမှသာ အခင်းဖြစ်သောနေရာသို့ ရောက်လာခဲ့ပေ သည်။

အီတလီနိုင်ငံမှ ထိုလူ ပြန်လာသည့်အချိန်တွင် ပါရီ ရွှေမြို့တော်၌ ပြင်သစ်အစိုးရသည် ယိမ်းယိုင်ပျက်စီး စ ပြုနေလေပြီ။ အစိုးရအဖွဲ့ဝင်အားလုံးတို့သည်လည်း ထိုအပျက်အစီးနှင့်အတူ ပျောက်ကွယ်လွင့်စဉ် ပျက်စီး သွားကြလေပြီ။ ဤတွင် ကံအကြောင်းတရားနှင့် အညီ အဓိပ္ပာယ်လည်း ကင်းမဲ့၊ ရည်ရွယ်ချက်လည်း ကင်းမဲ့သော အာဖရိကစစ်ပွဲကြီး ပေါ်ပေါက်လာကာ ပြင်သစ်စစ်တပ် ကြီးသည် အာဖရိကတိုက်သို့ ချီတက် တိုက်ခိုက်ခြင်း ပြု ပြန်လေသည်။ ဤသို့ဖြင့် ပြင်သစ်နိုင်ငံကြီးသည် ပျက်စီး လုဆဲအခြေမှ လက်မတင်ကလေး လွတ်မြောက်သွား ခဲ့လေသည်။ အာဖရိကတိုက်သို့ ရောက်သည့်အခါ၌လည်း ကံအကြောင်းတရားဟု ခေါ်သော အရာသည် ထိုလူကို မျက်နှာသာပေးခဲ့ပြန်လေသည်။ အနိုင်မခံ အရှုံးမပေးဟု ဆိုသော မော်လ်တာကျွန်းသည် သေနတ်တစ်ချက်မျှ မဖောက်ရဘဲ ထိုလူထံသို့ အနိုင်ခံ အရှုံးပေးလိုက်လေသည်။ ထိုလူ၏ မိုက်ရူးရဲ စီမံကိန်းတို့သည် အောင်မြင်ခြင်း သရဖူ ကို ဆောင်းခဲ့ကြလေသည်။ လှေတစ်စင်းသော်မှ ဖြတ်သန်း ခြင်း မပြုနိုင်အောင် အထပ်ထပ် ဝန်းရံပိတ်ဆို့ထားသည့် ရန်သူ ရေတပ်ကြီးသည် ထိုလူ၏ စစ်တပ်ကြီး တစ်တပ်လုံး ဖြတ်သန်းသွားခြင်းကို မသိလိုက်သည့်အဖြစ်မျိုးသို့ ရောက် ခဲ့လေသည်။ အာဖရိကတိုက်၌ ထိုလူ၏ စစ်တပ်ကြီးသည် လက်နက်မဲ့သော တိုင်းရင်းသားများအပေါ်တွင် ရက်စက် ကြမ်းကြုတ်မှုများကို တစ်မျိုးပြီး တစ်မျိုး ကျူးလွန်ခဲ့လေ သည်။ ဤရာဇဝတ်မှုများကို ကျူးလွန်သည့် ရာဇဝတ် ကောင်များနှင့် ထိုရာဇဝတ်ကောင်တို့၏ ဂိုဏ်းခေါင်း ဆောင် ထိုလူသည် ဤ ကြောက်မက်ဖွယ်ကောင်းလှသော ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခြင်းကို ဂုဏ်ယူခဲ့ကြ လေသည်။ 'ဤသည်ကား ငါတို့လူမျိုး၏ ဘုန်းလက်ရုံး တည်း။ ဤသည်ကား စစ်ဘုရင် ဂျူလီယက်ဆီဇာနှင့် မဟာအလက်ဇန်းဒရား ဘုရင်ကြီးတို့ကဲ့သို့သော ဘုန်းကံ ပါရမီရှိသူတို့သာ တတ်စွမ်းနိုင်သောအမှုမျိုးတည်း။ ကောင်း လေစွ' ဟု ဥဒါန်းကျူးရင့်ခြင်း ပြုခဲ့ကြလေသည်။

'ဘုန်းလက်ရုံး ကြီးမားခြင်း' နှင့် 'တန်ခိုးတေဇော် ကြီးကျယ်ခြင်း' ဟူသော စကားနှစ်လုံး၏ အဓိပ္ပာယ်ကား အခြား မဟုတ်။ 'ငါ လုပ်သမျှ မှန်သည်' ဟု ဘဝင်မြင့်ခြင်း ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို အဟုတ်ထင်ကာ 'ငါ့လို လူ ဇမ္ဗူ ရှိသေးသလော' ဟု မာနထောင်လွှားတတ်ခြင်း တို့ကို ခေါ်ခြင်းသာဖြစ်လေသည်။ ထိုအရာနှစ်ခုတို့သည် မြင်နိုင် ထင်နိုင်စွမ်း မရှိသော တန်ခိုးစွမ်းပကား တစ်ခုဟု လည်း ထင်မှတ်လျက် ရှိကြသည်။ ဤသို့ဖြင့် အဆိုပါ 'ဘုန်းလက်ရုံးကြီးမားခြင်း' နှင့် 'တန်ခိုးတေဇော်ကြီးကျယ် ခြင်း' ဆိုသော အရာနှစ်ခုကလည်း ထိုလူနှင့်တကွ ထိုလူ၏ နောက်လိုက် နောက်ပါများကို သူခိုးလမ်းပြလုပ်လျက် ရှိ ကာ အာဖရိကတိုက်သို့ ခေါ်ဆောင်သွားလေသည်။ ထို လူ ပြုသမျှသော အမှုတိုင်းသည် အောင်မြင်ခဲ့လေသည်။ ပုလိပ်ရောဂါသည် ထိုလူကို စွဲကပ်ခြင်း မပြုခဲ့ချေ။ သုံ့ပန်း များကို ရက်စက်စွာသတ်ဖြတ်ခြင်းသည်လည်း ထိုလူ့အဖို့၌ အပြစ်ရှိသည်ဟု မထင်ချေ။ ထိုလူ၏ 'ကလေးကလား' ခုတစ်မျိုး ခုတစ်မျိုး လုပ်တတ်ခြင်း၊ အာဖရိကမှ ဒရော သောပါး ဆုတ်ခွာ ထွက်ပြေးလာရခြင်း၊ မိမိ၏ ရဲဘော်များ အား အတိဒုက္ခ ရောက်လျက်ရှိသည့် ကြားထဲ၌ စွန့်ပစ်ခဲ့ ခြင်း စသည်တို့သည်လည်း ရိုးသားသည်၊ စစ်ဆုတ်ခြင်း၌ တော်သည်၊ ပြတ်သားစွာ ဆုံးဖြတ်နိုင်စွမ်းရှိသည်ဟူသော ဂုဏ်ပုဒ်များ ဖြစ်လာကြကာ ထိုလူကို ဂုဏ်တက်စေပြန် လေသည်။ အပြန်လမ်း၌လည်း အထပ်ထပ် ဝန်းရံပိတ်ဆို့ ထားသော ရန်သူရေတပ်ကြီးသည် ထိုလူအား လမ်းဖယ် ပေးလိုက်ပြန်လေသည်။ ရာဇဝတ်မှုများကို ဤမျှ အောင် မြင်စွာ ကျူးလွန်လာနိုင်ခဲ့ခြင်းကြောင့် သွေးနားထင်ရောက် လျက်ရှိသော ထိုလူသည် ဤသို့ဖြင့် ပါရီ ရွှေမြို့တော်သို့ ပြန်ရောက်လာခဲ့ပြန်လေသည်။ ထိုအချိန်၌ကား ထိုလူအား တစ်ခါက အန္တရာယ်ပြုခဲ့သော ပြင်သစ်နိုင်ငံ သမ္မတ ဂိုဏ်းသားအစိုးရ၏ ပျက်စီးခြင်းသည် အဆုံးစွန်သို့ရောက် လျက် ရှိလေပြီ။ ထိုလူသည် ဤသို့ ပျက်စီးယိုယွင်းလျက် ရှိသော နိုင်ငံကြီးသို့ ပြန်ရောက်လာခဲ့လေသည်။ ပါတီ နိုင်ငံရေးအရှုပ်အထွေးများမှ ကင်းစင်သော လူသစ်တစ် ယောက်အနေဖြင့် ဤသို့ ဖရိုဖရဲဖြစ်လျက်ရှိသော နိုင်ငံ



www.burmeseclassic.com

ကြီးသို့ ပြန်ရောက်လာခြင်းကြောင့် ထိုလူသည် အထွတ်အထိပ်သို့ ရောက်ခဲ့လေသည်။ ထိုလူ၌ နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်ဖြစ်ရန် မည်သည့်စိမ်ကိန်းမျှ မရှိသော်လည်း မရွယ်ဘဲနှင့် စော်ကဲမင်း ဖြစ်ခဲ့လေပြီ။ ထိုလူသည် ၎င်း၏ အခန်းသစ်ကို ကပြရန်အတွက် အဆင်သင့်ဖြစ်လျက် ရှိလေပြီ။

ထိုလူ၌ မည်သည့်စိမ်ကိန်းမျှ မရှိချေ။ ထိုလူသည် မြင်မြင်သမျှကို ကြောက်လန့်လျက် ရှိလေသည်။ သို့သော်လည်း နိုင်ငံရေးပါတီများသည် သူ့ထက်ငါ အလျင်ဦးအောင် ထိုလူကို ဆွဲလျက် ရှိကြလေသည်။ မိမိတို့ ပါတီအသီးသီးထဲသို့ ထိုလူကို သိမ်းသွင်းကြလေသည်။

ထိုလူသည် မိမိ၌ ဘုန်းလက်ရုံးနှင့် တကွ တန်ခိုးတေဇော်ကြီးကျယ်ခြင်းတို့ ရှိသည်ဟု ယုံကြည်၏။ ထိုလူသည် ရူးသွပ်လုဘနန်း မိမိကိုယ်ကို မိမိ အထင်ကြီး၏။ ထိုလူသည် ရာဇဝတ်မှု ကျူးလွန်ခြင်း၌ ရဲတင်း၏။ ထိုလူသည် လိမ်လည်ခြင်း၌ ပြောင်ကျ၏။ ဤသို့ဖြင့် ယိုယွင်းပျက်စီးလျက်ရှိသော နိုင်ငံတော်ကြီးကို ကယ်တင်ရန်မှာ ပိုထိုသော အရည်အချင်းတို့နှင့် ပြည့်စုံသော ထိုလူမှ တစ်ပါး အခြား မရှိပြီဟူသော အဖြစ်မျိုးသို့ ရောက်ခဲ့ရလေသည်။

ရာဇပလ္လင်ပေါ်တွင် ထိုင်ရန်အတွက် ထိုလူကို အလိုရှိကြ၏။ ရာဇပလ္လင်ကလည်း ထိုလူကို စောင့်လျက် ရှိ၏။ ဤသို့ဖြင့် စိတ်ဆန္ဒသော်လည်းကောင်း၊ ကြံစည်ချက်သော်လည်းကောင်း၊ အားထုတ်ချက်သော်လည်းကောင်း မည်သည့်အရာမျှ မပါဘဲ ထိုလူသည် နန်းတွင်းအာဏာသိမ်းပွဲနေ့၌ ရောယောင်၍ပါသွားခဲ့လေသည်။ ထိုနန်းတွင်းအာဏာသိမ်းပွဲသည်လည်း အောင်မြင်ခြင်းဖြင့် သရဖူဆောင်းခဲ့လေသည်။

ဤသို့ဖြင့် ထိုလူသည် အများတကာ တွန်းလွတ်လိုက်၍ ဥပဒေပြုအဖွဲ့သို့ ရောက်လာခဲ့လေသည်။ ဥပဒေပြုအဖွဲ့တွင်းသို့ ရောက်သော် ထိုလူသည် မိမိအရေးနိမ့်လေပြီဟု တွေးလျက် ကြီးစွာ ထိတ်လန့်သည်ဖြစ်၍ အခြားတစ်ပါးသောနိုင်ငံသို့ ထွက်ပြေးရန် စိတ်ကူးသေးသည်။ ထိုလူသည် သတိမေ့လဲကျဟန်ဆောင်ကာ အဓိပ္ပာယ်မရှိသော စကားကို ယောင်ယမ်းပြောဆိုဟန် ပြုခဲ့သေးသည်။ ထိုစကားများသည် သူ့အားကြီးစွာသော ဒုက္ခကို ဖြစ်စေနိုင်သော်လည်း တစ်ခါက မာနတံခွန်ထူခဲ့ကြသော ပြင်သစ်နိုင်ငံ အုပ်စိုးသူတို့မှာလည်း ရာဇဝင်၌ ၎င်းတို့၏ အခန်းကဏ္ဍသည် ပြည်ဖုံးကားချလေပြီဟု ယူဆကြသည်ဖြစ်၍ ထိုလူထက်ပင် ကြီးစွာ ထိတ်လန့်ခြင်း ဖြစ်ကြလေသည်။ ထို့ကြောင့် အုပ်စိုးသူတို့သည် ပြောသင့် ပြောအပ်သော စကားတို့ကိုလည်း မပြော။ ပြုသင့် ပြုအပ်သော အမှုတို့ကိုလည်း မပြု။ ထိုလူ၏ ရန်ကို ချေမှုန်းသင့်လျက်လည်း ချေမှုန်းခြင်း မပြုခဲ့ကြ။ မိမိတို့၏ အာဏာစက်ကို ပြန်၍ ထူထောင်သင့်လျက်လည်း ထူထောင်ခြင်း မပြုကြတော့ချေ။

ဤသို့ဖြင့် ‘ကံအကြောင်းတရား’ ဟု ဆိုသော သန်းပေါင်းများစွာသော ‘ကံအကြောင်းတရား’ တို့သည် ထိုလူကို ရာဇပလ္လင်ထက်သို့ တင်ပေးခဲ့လေသည်။ ထိုလူကို အာဏာအပ်နှင်းခဲ့လေသည်။ ထိုအခါ၌ အများပြည်သူတို့ကလည်း တိုင်ပင်ထားသည့်နှယ် ထိုလူ၏ အာဏာကို အညီအညွတ် ထောက်ခံခြင်း ပြုကြလေသည်။ ပြင်သစ်အုပ်စိုးသူများသည် ထိုလူ့ထံ အညံ့ခံ ဒူးထောက်ခဲ့ကြသည်။ ဤသို့ ဖြစ်အောင် ဖန်တီးသူမှာ ‘ကံအကြောင်းတရား’ ဟု ဆိုသော အရာသာ ဖြစ်လေသည်။ ရုရှားနိုင်ငံ၏ ပထမမြောက်ပေါလ်ဘုရင်သည် ထိုလူ၏ အစိုးရအဖွဲ့ကို အသိအမှတ် ပြုခဲ့၏။ ဤသို့ဖြစ်အောင် ဖန်တီးသူမှာလည်း ‘ကံအကြောင်းတရား’ ဆိုသောအရာသာ ဖြစ်လေသည်။ ထိုလူသည် အသက်အန္တရာယ်ကို လုပ်ကြံခြင်း ခံခဲ့ရ၏။ သို့သော်လည်း မသေခဲ့ရုံမျှမက ထိုလူ၏ အာဏာသည် ပို၍ပင် ခိုင်မြဲလာခဲ့၏။ ဤသည်ကို ဖန်တီးသူမှာလည်း ‘ကံအကြောင်းတရား’ ဆိုသော အရာ ဖြစ်လေသည်။ ထိုလူသည် နယ်စားကြီး ဒီအင်ဂဟိန်းကို ဖမ်းဆီးသတ်ဖြတ်ခဲ့၏။ ထိုအခါ၌ ပရမ်းပတာ လူအုပ်ကလည်း မောင်မင်းကြီးသားသည် အာဏာရှိသည့်အလျောက် သတ်ခွင့်ရှိပါပေသည်ဟု အခိုင်အမာ ယုံကြည်လာကြ၏။ ဤသို့ ဖန်တီးပေးလိုက်သူမှာလည်း ‘ကံအကြောင်းတရား’ ဆိုသော အရာသာ ဖြစ်လေသည်။ ထိုလူသည် အင်္ဂလန်ကျွန်းကို စစ်ကြီးယင်၍ တိုက်ခိုက်ရန် ကြံစည်ခဲ့၏။ (တိုက်ဖြစ်လျှင်လည်း ထိုလူသည် ပျက်စီးခြင်းသို့ ရောက်မည်ဖြစ်ပါသည်။) သို့သော်လည်း ကြံစည်သည့်အရာကို မည်သည့်အခါမျှ လုပ်ဆောင်ခြင်း မရှိသည့် ထိုလူသည် အင်္ဂလန်



www.burmeseclassic.com

ကျွန်းကို မတိုက်တော့ဘဲ ဩစတြီးယားကို ရုတ်တရက် ဝင်တိုက်၍ ဩစတြီးယား ဗိုလ်ချုပ်ကြီးမက်ကို အောင်နိုင်ခဲ့၏။ ဤသို့ ဖန်တီးသူမှာလည်း 'ကံအကြောင်းတရား' ဆိုသောအရာသာ ဖြစ်လေသည်။ ထိုလူသည် ဩစတားလစ် တိုက်ပွဲ၌ အောင်ပွဲရခဲ့၏။ ဤသို့ ဖန်တီးသူမှာလည်း 'ကံအကြောင်းတရား' နှင့် ဘုန်းတန်ခိုး ပါရမီ ဂုဏ်ဆိုသော အရာများသာ ဖြစ်လေသည်။ ဤသို့ဖြင့် (အင်္ဂလန်ကျွန်းမှ အပ) ပြင်သစ်နိုင်ငံနှင့် တကွသော ဥရောပတိုက်ကြီးသည် ထိုလူအား စက်ဆုပ်ရွံမုန်းခြင်း ဖြစ်ကြသည့်တိုင် ထိုလူ၏ အာဏာစက်ကို အသိအမှတ်ပြုခဲ့ကြ၏။ ၎င်းဘာသာ ၎င်း ပေးထားသေ ဧကရာဇ်ဟူသော ဘွဲ့နာမကို အသိအမှတ်ပြုခဲ့ကြ၏။ ၎င်း၏ဘုန်းလက်ရုံး ကြီးမားခြင်းနှင့် တန်ခိုး တေဇော်ကြီးကျယ်ခြင်းတို့ကို အသိအမှတ်ပြုခဲ့ကြ၏။ ဤအဖြစ်ကို ဖန်တီးပေးသူမှာလည်း 'ကံအကြောင်းတရား' ဟု ဆိုသောအရာသာ ဖြစ်လေသည်။

ဥရောပအနောက်ခြမ်းမှ အင်အားစုတို့သည် မိမိတို့၏အားကို စမ်းသပ်သောအားဖြင့် လည်းကောင်း၊ လာမည့် စစ်ပွဲကြီးအတွက် ဇာတ်တိုက်သောအားဖြင့် လည်းကောင်း အရှေ့ဘက်သို့ မကြာခဏ လာရောက်တိုက်ခိုက်ခဲ့ကြလေသည်။ ၎င်းတို့မှာ ၁၈၀၅–ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၀၆–ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၀၇–ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၀၉–ခုနှစ်တွင် တစ်ကြိမ် အသီးသီး ဖြစ်ကြ၏။ အားစမ်းရင်းဖြင့် ၎င်းတို့၏အင်အားသည် ကြီးထွားလာခဲ့၏။ အရေအတွက်သည် များပြားလာခဲ့၏။ ၁၈၁၁– ခုနှစ်၌ကား ပြင်သစ်နိုင်ငံတွင် ပေါ်ပေါက်လာခဲ့သော လူတစ်စုသည် ဥရောပအလယ်ပိုင်းမှ လူစုများနှင့် ပေါင်းမိသွားကာ အင်အားကောင်းသောလူစုကြီး ဖြစ်လာခဲ့လေသည်။ လူစုကြီး၏ အင်အားကြီးထွားလာခြင်းကို မြင်သည်၌ လှုပ်ရှားမှုကြီးကို ခေါင်းဆောင်လျက်ရှိသော ထိုလူ၏ မာနဟုံခွန်သည်လည်း ဘက်သို့ ရောက်လာခဲ့လေပြီ။ စစ်ပွဲကြီးအတွက် ဇာတ်တိုက်ပြင်ဆင်လျက်ရှိသော ဆယ်နှစ်အတွင်း ထိုလူသည် ဥရောပထီးဆောင်း ဘုရင်လောင်းတို့နှင့် ရွှေလမ်းငွေလမ်း ဖောက်ပြီးခဲ့လေပြီ။ ကမ္ဘာတစ်ဝှမ်းမှ သိက္ခာကျလျက်ရှိသော အစိုးရအဖွဲ့ အသီးသီးတို့သည်လည်း 'ဘုန်းလက်ရုံးကြီးမားခြင်း' နှင့် 'တန်ခိုးတေဇော်ကြီးကျယ်ခြင်း' ဟူသော ထိုလူ၏ မိုက်မဲသောမျှော်မှန်းချက်တို့ကို အမြော်အမြင်ရှိသော ရည်မှန်းချက်တို့ဖြင့် တားဆီးခြင်းငှာ မတတ်နိုင်ကြပြီ။ ဤသို့ဖြင့် ကမ္ဘာတစ်ဝှမ်းရှိ အုပ်ချုပ်သူအစိုးရတို့သည် ထိုလူ၏ခြေတော်ရင်းသို့ သူ့ထက်ငါ တိုးဝှေ့၍ အခစား ရောက်လာခဲ့ကြလေသည်။ ပရပ်ရှားနိုင်ငံ၏ ဘုရင်သည် မိဖုရားခေါင်ကြီးကို စေလွှတ်၍ ထိုလူထံ သနားခံ၏။ ဩစတြီးယားဧကရာဇ်သည် မိမိ၏သမီးကညာအား ထိုလူလ စက်ရာထဲသို့ ဆီးကြိုတွဲခေါ်သွားခြင်းကို ချီးမြှောက် သူကောင်းပြုခြင်းဟု ယူဆ၏။ လူမျိုးတကာတို့ အထွတ်အမြတ်ထားခြင်း ခံရ၍ သာသနာတော်စောင့်တစ်ဦး ဖြစ်သည်ဆိုသော ပုပ်ရဟန်းမင်းကြီးသည် ထိုလူ ဘုန်းမီးနေလသဖွယ် ထွန်းလင်းရေးအတွက် ဘာသာရေးကို အလွဲသုံးစားပြုခဲ့၏။ သို့ဖြစ်ရကား ထိုလူသည် သူ့အခန်းကို ကပြရန်အတွက် ကိုယ်တိုင် ဘာမျှပြင်ဆင်ခြင်း မပြုရ။ ၎င်းအား ဤအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးသူတို့ မှာ ၎င်းပတ်ဝန်းကျင်မှ လူများသာဖြစ်လေသည်။ ထိုလူ များကြောင့်သာ ဤမျှ သွေးနားထင်ရောက်ခဲ့ရခြင်း ဖြစ်လေသည်။ ဤသို့လျှင် နပိုလီယန်၏ပတ်ဝန်းကျင်မှ လူများသည် နပိုလီယန်၏ ခြေလှမ်းတိုင်း၊ ရာဇဝတ်မှုတိုင်း၊ လိမ်လည်မှုတိုင်းကို ကြီးကျယ်သော လုပ်ရပ်ကြီးများအဖြစ် ဝိုင်းဝန်းပြောဆိုခြင်း ပြုခဲ့ကြလေသည်။ ဂျိနာနှင့် ဩစတပ်တိုက်ပွဲ၌ ဂျာမန်တို့က အရှုံးပေး အညံ့ခံလိုက်သည့်အခါ၌ကား နပိုလီယန်သည် မိုးမမြင် လေမမြင် ဖြစ်ခဲ့လေပြီ။ ဤသို့ဖြင့် နပိုလီယန်တစ်ဦးတည်းသာ မကတော့ဘဲ ၎င်း၏ယောက်ဖများ၊ မယားပါသားများ၊ ညီများ၊ တူသားနောင်မယ်များ စသဖြင့် တစ်ဆွေလုံး တစ်မျိုးလုံး ကြီးမြတ်သော ပုဂ္ဂိုလ်ကျော်ကြီးတွေ နေ့ချင်းညချင်း ဖြစ်လာကြတော့သည်။ ထိုအချိန်၌ နပိုလီယန်တွင် အဆင်ခြင်ဉာဏ်တရား ဟူ၍ မရှိတော့ပြီ။ အကြွင်းအကျန်ကလေးမျှသာ ရှိသော အဆင်ခြင်ဉာဏ်တရားသည်ပင် 'အရှူးဘုံမြောက်' သော ပတ်ဝန်းကျင်ကြောင့် ပျောက်ကွယ်ခဲ့လေပြီ။ နပိုလီယန်အား ကြောက်မက်ဖွယ် ဇာတ်လမ်းကြီးကို ကပြရန်အတွက် ဝိုင်းဝန်းမြှောက်ပင့်လျက် ရှိကြလေပြီ။ ဤသို့ဖြင့် မင်းသားကြီး နပိုလီယန် အဆင်သင့်ဖြစ်သည်နှင့် ပွဲလည်း စလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


နပိုလီယန် ကျူးကျော်စစ်သည် အရှေ့ဘက်သို့ ချဲ့လာကာ နောက်ဆုံးပန်းတိုင်သို့ ရောက်ခဲ့လေသည်။ ထိုပန်းတိုင်ကား မော်စကိုမြို့တည်း။ မော်စကိုမြို့သည် နပိုလီယန်၏ ခြေဖဝါးအောက်သို့ ရောက်ခဲ့လေပြီ။ ရုရှားစစ်တပ်ကြီး၏အဆုံးအရှုံးမှာလည်း ဆိုဖွယ် မရှိပြီ။ ရုရှားစစ်တပ်ကြီး၏ အကျအဆုံးသည် နပိုလီယန် စစ်ပွဲများအားလုံးတွင် ကျဆုံးခဲ့သော မဟာမိတ် စစ်တပ်များအားလုံး၏ အကျအဆုံးထက် များပြားလျက် ရှိလေပြီ။ သို့သော်လည်း 'ကံအကြောင်းတရား' ဆိုသောအရာသည် နပိုလီယန်အား အမြဲ မျက်နှာသာပေးနေသည် မဟုတ်ချေ။ 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသောအရာသည်လည်း နပိုလီယန်တွင် အမြဲရှိနေသည် မဟုတ်ချေ။ မော်စကိုမြို့ကို သိမ်းပိုက်ပြီးသည့်နောက်၌ နပိုလီယန်အား ဆက်တိုက်အောင်ပွဲခံရန် ဖန်တီးခဲ့သော 'ကံအကြောင်းတရားဆိုသော အရာများသည် 'ကြက်ပျောက် ငှက်ပျောက်' ပျောက်သွားကြလေပြီ။ 'ကံအကြောင်းတရား' ဆိုသောအရာအစား 'ပြောင်းပြန် ကံအကြောင်းတရား' ဆိုသော အရာသည် ဘွားခနဲ ပေါ်လာခဲ့လေပြီ။ (ဘိုရိုဒီနိုတွင် နပိုလီယန် အအေးမိခြင်း၊ မော်စကိုမြို့ကို မီးလောင်ခြင်း၊ ဆီးနှင်းထူထပ်ခြင်းတို့ကို ဆိုလိုပါသည်။) 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသည့်အရာသည်လည်း နပိုလီယန်ကိုယ်မှ 'ခွေးပြေး ဝက်ပြေး' ပြေးလေပြီ။ 'ဘုန်းတန်ခိုး ပါရမီဉာဏ်' ဆိုသောအရာအစား မိုက်မဲခြင်းနှင့် အတိုင်းအဆမရှိ ယုတ်ညံ့သိမ်ဖျင်းခြင်းတို့သည် ဘွားခနဲ ပေါ်လာကြလေပြီ။

ကျူးကျော်သူ ပြင်သစ်တို့သည် ထွက်ပြေးကြ၏။ ပြန်လှည့်လာကြ၏။ ထို့နောက် ထွက်ပြေးကြပြန်၏။ ယခုအခါ၌ကား 'ကံအကြောင်းတရား' ဟု ဆိုသောအရာများသည် နပိုလီယန်၏ မိတ်ဆွေများ မဟုတ်တော့ဘဲ ရန်သူများ ဖြစ်လာခဲ့လေပြီ။

ထိုအခါ၌ အနောက်မှ အရှေ့သို့ ချီတက်လှုပ်ရှားမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည့်နည်းတူ အရှေ့မှ အနောက်သို့ တုံ့ပြန်လှုပ်ရှား ချီတက်မှုကြီးတစ်ခုသည် ပေါ်ပေါက်ခဲ့ပြန်လေသည်။ ၁၈၀၅၊ ၁၈၀၇၊ ၁၈၀၉ ခုနှစ်များ၌ အနောက်အင်အားစုများသည် အရှေ့အင်အားစုများကို အားစမ်းသည့်အနေဖြင့် အကြိမ်ကြိမ်ချီတက်တိုက်ခိုက်ကြသည့်နည်းတူ အရှေ့မှ အင်အားစုများသည်လည်း အနောက်မှ အင်အားစုများကို အကြိမ်ကြိမ် ချီတက် တိုက်ခိုက်ကြပြန်လေသည်။ ယခင်ကနည်းတူ လူမျိုးအသီးသီး ပါဝင်သည့် အုပ်စုကြီးတစ်စုသည် အရှေ့ဘက်မှ ဖြစ်ပေါ်လာခဲ့ပြန်သည်။ ယခင်ကနည်းတူ ဥရောပအလယ်ပိုင်းမှ လူများသည် အရှေ့အုပ်စုကြီးထဲသို့ ပါလာကြပြန်သည်။ ယခင်နည်းတူ လှုပ်ရှားချီတက်ရာ ခရီးတစ်ဝက်၌ တွေဝေဆုတ်ဆိုင်းခြင်း၊ ပန်းတိုင်သို့ ရောက်ခါနီး၌ လျင်မြန်ခြင်းတို့ကို ကြုံတွေ့ရပြန်လေသည်။

နောက်ဆုံး၌ အရှေ့မှ အနောက်သို့ တန်ပြန်လှုပ်ရှား ချီတက်မှုကြီးသည် ၎င်း၏ပန်းတိုင်သို့ ရောက်ခဲ့လေသည်။ ၎င်း၏ပန်းတိုင်ကား ပါရီမြို့တော်တည်း။ ဤတွင် နပိုလီယန်အစိုးရနှင့် နပိုလီယန်စစ်တပ်ကြီးသည် ပျက်စီးခြင်းသို့ ရောက်ခဲ့လေသည်။ နပိုလီယန်သည်လည်း အညတရ 'ပါမွား' အဖြစ်သို့ ရောက်ခဲ့ရလေသည်။ ၎င်း၏ ဆောင်ရွက်ချက်တို့သည်လည်း ယုတ်ညံ့သိမ်ဖျင်းခြင်း အဖြစ်သို့ ရောက်ခဲ့ကြလေသည်။ သို့ရာတွင် ဆန်းကြယ်သော 'ကံအကြောင်းတရား'ဆိုသည့်အရာသည် တစ်ပတ်ကျော့လာပြန်သေး၏။ မဟာမိတ်များသည် မိမိတို့အား ကြီးစွာ ဒုက္ခဖြစ်စေသူဟု အမှတ်ပြုလျက် နပိုလီယန်ကို စက်ဆုပ်မုန်းတီးခြင်း ဖြစ်ကြ၏။ ယခုကား နပိုလီယန်၌ အာဏာလည်း မရှိပြီ။ တန်ခိုးလည်း မရှိပြီ။ ၎င်း၏ ရာဇဝတ်မှုတို့သည်လည်း ဘွားဘွားကြီး ပေါ်ကြပြီ။ သို့ဖြစ်လျှင် နပိုလီယန်သည် (လွန်ခဲ့သည့် ဆယ်နှစ်အကြာနှင့် နောင်တစ်နှစ်အကြာတွင် ဖြစ်ရသည့်နည်းတူ) ဝရမ်းပြေး၊ လူဆိုးဓားပြအဖြစ် စခန်းသိမ်းရုံသာ ရှိ၏။ သို့သော်လည်း 'ကံအကြောင်းတရား'ဆိုသည့်အရာကြောင့် ၎င်းအား မည်သူကမျှ ဝရမ်းပြေး၊ လူဆိုးဓားပြအဖြစ် မမြင်ကြသေး။ နပိုလီယန်၏ စခန်းသည် မကုန်သေး။ ထိုလူသည် ပြင်သစ်နိုင်ငံမှ ရွက်လှေဖြင့် နှစ်ရက်ခရီးသွားရသော ကျွန်းကလေး တစ်ကျွန်းသို့ အပို့ခံရပြီးနောက် (မည်သည့်အတွက်ကြောင့် မသိ။) ထိုကျွန်းကလေး၏ နယ်ရှင်ပယ်ရှင်အဖြစ် မြောက်စားခြင်းခံရသေး၏။ ခြွေရံသင်းပင်းစသည့် အဆောင်အယောင်တို့ နှင်းအပ်ခြင်းခံရသေး၏။ ငွေဒင်္ဂါးသန်းပေါင်းများစွာ ထောက်ပံ့ခြင်း ခံရပြန်သေး၏တကား။


www.burmeseclassic.com

# အခန်း ၄

ဒီရေသည် ကမ်းအနှံ့တက်ပြီးသည့်နောက် ချောင်းငယ်၊ မြောင်းငယ်အသွယ်သွယ်သို့ ပြန်၍စီးဆင်းခြင်း ပြုလေသည်။ ထို့အတူ စစ်ပွဲတစ်ခု၌လည်း လူမျိုးအသီးသီးတို့သည် အနိုင်နိုင်ငံသို့ ရောက်ပြီးနောက် မိမိတို့နေရင်းနိုင်ငံသို့ ပြန်ရောက်ကြလေသည်။ ကြီးမားသောလှုပ်ရှားမှုကြီး၏ လှိုင်းတံပိုးသည် ငြိမ်သက်သွားခဲ့ကြလေပြီ။ ငြိမ်သက်လျက်ရှိသော မျက်နှာပြင်၌ ဝဲဂယက်ကလေးများသာ ကျန်ရစ်ခဲ့ကြ၏။ ထိုဝဲဂယက်ကလေးများထဲ၌ကား မိမိတို့၏အစွမ်းကြောင့် ဒီရေကျဆင်းသည်ဟု ဘဝင်မြင့်လျက်ရှိသော သံတမန်များသည် ကူးခပ်မျောပါလျက် ရှိကြလေသည်။

သို့ရာတွင် ငြိမ်သက်လျက်ရှိသော ပင်လယ်သမုဒ္ဒရာပြင်ကြီးသည် လှုပ်ရှားစ ပြုလာပြန်၏။ ဤတွင် သံတမန်များကလည်း မိမိတို့အနိုင်နိုင်ငံ သံတမန်များသဘောတူညီချက် မရကြခြင်းကြောင့် သဘာဝ၏အင်အားစုများဖြစ်သော လှိုင်းတံပိုးတို့ ထကြွခြင်းဖြစ်သည်ဟု ထင်ကြပြန်လေသည်။ သံတမန်များ၏စိတ်၌ မိမိတို့၏ပြည်ထောင်မင်း အချင်းချင်းတို့သည် ထပ်မံ၍ စစ်ခင်းကြတော့မည်လောဟု စိုးရိမ်လျက် ရှိကြလေသည်။ အကြံအိုက်လျက် ရှိကြလေသည်။ သို့သော် လည်း ယခုတစ်ကြိမ်ထကြွသော လှိုင်းတံပိုးကြီးသည် သံတမန်များ မျှော်လင့်ထားသောနေရာမှ ပေါ်ထွက်လာခြင်း မဟုတ်ချေ။ ယခင်လှိုင်းတံပိုးကြီး နည်းတူ ပါရီရွှေမြို့တော်မှ ထပ်မံပေါ်ထွက်လာခြင်း ဖြစ်လေသည်။ ထိုလှိုင်းတံပိုး ထကြွမှုကား အနောက်မှ အရှေ့သို့ ချီတက်ခြင်းတည်းဟူသော ဒီရေကြီးပင်လယ်တွင်းသို့ ပြန်ဆင်းရာ၌ နောက်ဆုံးဖြစ်သော လှိုင်းတံပိုး ထကြွမှုကြီးပေတည်း။ ဒီလှိုင်းတို့သည် ကမ်းစပ်ကို ရိုက်ခတ်ပြီးနောက် ပင်လယ်တွင်းသို့ ပြန်ဆင်းသည့်အခါ၌ အမှိုက်သရိုက်တို့ကို သယ်ဆောင်သွားသည့်နည်းတူ ပါရီရွှေမြို့တော်အရောက်၌ ငြိမ်သက်သွားသော [illegible] လှုပ်ရှားမှု လှိုင်းတံပိုးကြီးသည်လည်း သံတမန်ဆိုင်ရာ အခက်အခဲများ၊ ထိုရာဇဝင်ခေတ်၏ စစ်ရေးစစ်ရာ ဆောင်ရွက်ချက်များကို အပြီးသတ်ဆေးကြော ရှင်းလင်းပစ်လိုက်ပေသတည်း။

ပြင်သစ်နိုင်ငံကြီးကို ထောင်းလမောင်းကြေစေခဲ့သည့် ထိုလူသည် ပြင်သစ်နိုင်ငံသို့ အဖော်မပါ တစ်ယောက်ချင်း ပြန်လာခဲ့ရ၏။ ၎င်း၌ ခြွေရံသင်းပင်းလည်း မရှိတော့ချေ။ စစ်သည် ဗိုလ်ခြေတို့လည်း မရှိတော့ချေ။ ထိုလူ၏အခြေအနေသည် မည်သည့် အစောင့်တပ်သားကမဆို ဖမ်းဆီးနိုင်သောအခြေအနေ ဖြစ်၏။ သို့ရာတွင် ထူးခြားဆန်းကြယ်သည့် 'ကံအကြောင်းတရား' ဆိုသည့်အရာကြောင့် ဖမ်းဆီးခြင်း မခံရသေးချေ။ 'ပတ်စာခွာဖျာသိမ်းချိန်' သို့ မရောက်သေးချေ။ လူတို့သည် ထိုလူကို ယမန်နေ့က ကျိန်ဆဲခဲ့ကြသော်လည်း ယခု အုတ်အော်သောင်းနင်း ဆီးကြိုကြ၏။ နောင်တစ်လအကြာ၌မူ ထိုလူကို ထပ်မံကျိန်ဆဲကြလိမ့်ဦးမည် ဖြစ်သည်။

ထိုလူမရှိလျှင် မဖြစ်သေး။ ဇာတ်ပေါင်းခန်းကို ကပြရဦးမည်။

ထို့နောက်၌ကား ဇာတ်သိမ်းလေပြီ။

ထိုလူ၏အခန်းသည် ပြီးလေပြီ။ မင်းသားသည် အဝတ်အစားကို ချွတ်ရလေပြီ။ နံ့သာမှုန်၊ မျက်နှာချေစသည်တို့ကို ဖျက်ရလေပြီ။ ထိုလူကို မလိုတော့ပြီ။

နောင်နှစ်အနည်းငယ်ကြာသောအခါ၌ ထိုလူသည် ၎င်း၏ပိုင်စားနယ်ဖြစ်သော ကျွန်းကလေးပေါ်၌ သနားစရာကောင်းသော ရယ်ရွှင်ဖွယ်ဇာတ်ထုပ်ကို တစ်ယောက်တည်း ကပြလေသည်။ လျှောက်လဲချက် မလိုတော့သည့်အချိန်ကျမှ လုပ်ကြံ၍ လျှောက်လဲခြင်းပြုလေသည်။ လိမ်လည်၍ ထုချေခြင်းပြုခဲ့လေသည်။ ထိုအခါကျမှ ထိုလူသည် တကယ့်မင်းသား မဟုတ်ဘဲ မင်းသားပျက်ဖြစ်ကြောင်းကို ပွဲကြည့်ပရိသတ်တည်း ဟူ‌ေ   ကမ္ဘာကြီးက သိခဲ့လေသည်။

ကံဇာတ်ဆရာသည် ပွဲကိုသိမ်း၏။ မင်းသားကို အဝတ်လဲစေ၏။ ထို့နောက် မင်းသားကို ကျွန်ုပ်တို့ရှေ့သို့ ထုတ်ပြ၏။

'အချင်း ရွှေပွဲလာပရိသတ်တို့၊ သင်တို့ကား ယုံလွယ်လွန်းစွတကား။ ဤသူကား မင်းသားဝတ်ဖြင့် ကပြသွားသူတည်း။ သင်တို့အား ငိုအောင်၊ ရယ်အောင်ပြုသူကား ထိုသူမဟုတ်၊ ကျွန်ုပ်သာဖြစ်ကြောင်းကို ယခု သင်တို့မြင်ကြရပြီ မဟုတ်လော'

သို့သော်လည်း ပွဲကြည့်ပရိသက်မှာ မင်းသားသရုပ်



www.burmeseclassic.com

ဆောင်ကောင်းခြင်းကြောင့် ဇာတ်ဆရာ၏စကားများကို ရုတ်တရက် နားမလည်ကြသေးချေ။

အရှေ့မှ အနောက်သို့ တုံ့ပြန်ချီတက် လှုပ်ရှားမှုကြီးကိုခေါင်းဆောင်သော ရုရှားဘုရင် အလက်ဇန်းဒရားကို ကြည့်လျှင်ကား ရှောင်လွှဲခြင်းငှာ မစွမ်းနိုင်သော အကြောင်းတရား၏သဘောကို ပို၍ထင်ရှားစွာ မြင်နိုင်လေတည်း။ ဓမ္မတာ၏တရားသဘောကို ပို၍ထင်ရှားစွာ မြင်နိုင်လေသည်။

ရုရှားဘုရင် အလက်ဇန်းဒရားသည် အရှေ့မှ အနောက်သို့ ချီတက်လှုပ်ရှားမှုကြီး၏ ခေါင်းဆောင်ဖြစ်၏။ အခြားသူများအားလုံးကို ညွှန်ကြားပေးလျက် ရှိ၏။ ထိုသူ၌ မည်သည့်အရည်အချင်းများရှိရန် လိုသနည်း။

အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ရှိခြင်း၊ ဥရောပအရေးအခင်းများကို စဉ်းစားရာ၌ ငဲ့ညှာထောက်ထားတတ်သော မုဒိတာစိတ်ရှိခြင်း (မုဒိတာစိတ်ဆိုရာ၌ အသေးအဖွဲ့ကိစ္စကလေးများကြောင့် ပျက်ပြယ်သွားတတ်သော မုဒိတာစိတ်မျိုးကို မဆိုလိုပါ။ မိမိ၏အကျိုးကို ထိခိုက်သည်မှန်စေ၊ ပျက်ပြယ်ခြင်း မရှိသော တကယ့်မုဒိတာစိတ်မျိုးကို ဆိုလိုပါသည်။) မိမိ၏မဟာမိတ်ပြည်ထောင်မင်းများထက် စာရိတ္တအရာ၌ မြင့်မြတ်သန့်ရှင်းခြင်း၊ ချိုသာနူးညံ့၍ တင့်တယ်သောဥပမိရုပ် ရှိခြင်း၊ နပိုလီယန်ကြောင့် မိမိ၌ ပုဂ္ဂလဓိဋ္ဌာန် အကျိုးထိခိုက်နစ်နာမှုရှိခြင်းစသည့် အရည်အချင်းများရှိရန် လိုပါသည်။ သို့မှသာလျှင် နပိုလီယန်အား ခုခံတိုက်ခိုက်သော အဖြစ်မျိုး ပေါ်ပေါက်လိမ့်မည် ဖြစ်ပါသည်။ သို့ဖြစ်လျှင် အလက်ဇန်းဒရား ဘုရင်၌ နပိုလီယန်၏ရန်စစ်ကို ခုခံနိုင်အောင် အထက်ဖော်ပြပါအရည်အချင်းတို့ ရှိပါ၏လော။ မှန်ပါသည်။ ရုရှားဘုရင် အလက်ဇန်းဒရား၌ ဤအရည်အချင်းများအားလုံး ရှိပေသည်။ ဤအရည်အချင်းများအားလုံးကို ပြည့်ဝအောင် 'ကံအကြောင်းတရား' ဆိုသောအရာများစွာတို့က ဖန်တီးပေးခဲ့ပြီဖြစ်ပေသည်။ အလက်ဇန်းဒရားဘုရင်၏ ပညာသင်ကြားရေး၊ ၎င်း၏နန်းတွင်းပြုပြင်ပြောင်းလဲမှုများ၊ ၎င်း၏ပတ်ဝန်းကျင်တွင် ခစားလျက်ရှိသော သက်တော်ရှည်ဝန်များ၊ ဩစတားလစ်စစ်ပွဲ၊ တစ်လဆစ်မြို့တွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၊ အာရ်ဖို့သ်မြို့၌ မင်းနှစ်ပါးတွေ့ဆုံခြင်း စသော 'ကံအကြောင်းတရား' ဆိုသည့်အရာများက ဖန်တီးပေးခဲ့ပြီးဖြစ်ပေသည်။

အမျိုးသားစစ်ပွဲအတွင်း၌ ရုရှားဘုရင် အလက်ဇန်းဒရားသည် ရာဇပလ္လင်ထက်၌ မလှုပ်မယှက် ထိုင်နေခဲ့ပေသည်။ အကြောင်းမူကား ထိုစစ်ပွဲ၌ ၎င်းကို မလိုသေးသောကြောင့်ပင် ဖြစ်ပေသည်။ သို့ရာတွင် အထွေထွေဥရောပစစ်ပွဲကြီးတစ်ခု လိုအပ်လာသောအချိန်၌မူ ရုရှားဘုရင် အလက်ဇန်းဒရားသည် ၎င်း၏အလှည့်သို့ ရောက်လာပြီဖြစ်သည့်အားလျော်စွာ ကန့်လန့်ကာရှေ့သို့ ထွက်လာခဲ့လေတော့သည်။ ဥရောပနိုင်ငံများအားလုံးကို စည်းရုံးခေါင်းဆောင်ကာ ပန်းတိုင်သို့အရောက် ကပြသွားခဲ့ပေသည်။

နောက်ဆုံး၌ ပန်းတိုင်သို့ ရောက်၏။ ၁၈၁၅ ခုနှစ် နောက်ဆုံးစစ်ပွဲ ပြီးသည့်အခါ၌ အလက်ဇန်းဒရား ဘုရင်သည် အကြီးကျယ်ဆုံးသော တန်ခိုးအာဏာကို ရခဲ့လေသည်။ အလက်ဇန်းဒရားသည် ထိုတန်ခိုးအာဏာကို မည်သို့အသုံးချသနည်း။

ဥရောပတိုက်ကြီးကို ငြိမ်းချမ်းစေခဲ့သူ ပုဂ္ဂိုလ်ကြီး၊ ရွှေနန်းတက်စကတည်းက မိမိ၏တိုင်းသူပြည်သားများအား ရင်ဝယ်သားပမာ ကရုဏာထားကာ ပြည်သူများ၏အစီးအပွားကို ဆောင်ခဲ့သော ပုဂ္ဂိုလ်ကြီး၊ ရုရှားနိုင်ငံကြီးတွင် နန်းတွင်းအုပ်ချုပ်ပုံပြောင်းလဲမှုများကို စတင်ပြုလုပ်ခဲ့သည့် ပုဂ္ဂိုလ်ကြီး၊ ယခုအချိန်၌ အကြီးကျယ်ဆုံးသော တန်ခိုးအာဏာကို ရရှိပြီဖြစ်သည့်အတွက် ပြည်သူများ၏အစီးအပွားကိုဆောင်လိုလျှင် ယခင်ကထက် ဆယ်ဆမက သယ်ပိုးထမ်းဆောင်နိုင်စွမ်းသော ပုဂ္ဂိုလ်ကြီးစသည်ဖြင့် ကြီးစွာသောဂုဏ်ပုဒ်တို့ကို ဆောင်သော အလက်ဇန်းဒရား ဘုရင်သည် နပိုလီယန်ကို အောင်နိုင်ပြီး၍ တန်ခိုးအာဏာကြီးလျက်ရှိချိန်၌ အများပြည်သူတို့ အကျိုးအတွက် မည်သို့ပြုသည် ထင်ကြသနည်း။

အလက်ဇန်းဒရားဘုရင်သည် ၎င်း၏စစ်တိုက်ခြင်းအလုပ် ပြီးသည့်နောက်၌ ကြီးစွာသောသံဝေဂ ဖြစ်လျက် တန်ခိုးအာဏာရှိသော အရာ၏ အဓိပ္ပာယ်ကင်းမဲ့ခြင်းကို သိမြင်ကာ တန်ခိုးအာဏာကို စွန့်လွှတ်ခဲ့သည်တကား။ ထိုတန်ခိုးအာဏာကို ၎င်းကိုယ်တိုင် ဇက်ဆုပ်ရွံ့မုန်းသည့် လူဆိုး၊ လူသွမ်း၊ လူ့ဗာလတို့၏လက်သို့ လွှဲအပ်ခဲ့သည်



www.burmeseclassic.com

တကား။

"အချင်းတို့၊ ဤအမှုသည် ငါတို့ပြုသောအမှု မဟုတ်ကုန်။ ထာဝရဘုရားသခင်၏ အမည်နာမတော်က ပြုသောအမှုသာ ဖြစ်၏။ ငါကား သင်တို့ကဲ့သို့သော အညတရ လူတစ်ဦးသာတည်း။ ငါ့အား အညတရ လူတစ်ဦးအနေဖြင့် နေခွင့်ပေးကြပါကုန်"ဟု အလက်ဇန်းဒရားက ဆို၏။ သနားဖွယ်ကောင်းလေစွ။

*

သူရိယနေမင်းကြီးနှင့် တကွ ကမ္ဘာလောကကြီးကို ဖွဲ့စည်းအပ်သော အဏုမြူမှုန်အသီးသီးတို့သည် ၎င်းတို့ဘာသာ တစ်ခုချင်း၊ တစ်လုံးချင်း၊ တသီးတခြား တည်ရှိနေသော ရုပ်ဒြပ်များ ဖြစ်ကြ၏။ သို့သော်လည်း ၎င်းတို့သည်ပင် လူတို့ သိမြင်နားလည်နိုင်စွမ်း မရှိသော စကြဝဠာကြီး တစ်ခုလုံး၏ အစိတ်အပိုင်းများလည်းဖြစ်လျက် ရှိကြလေသည်။ အလားတူပင် လူအသီးသီးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များ ကိုယ်ပိုင် ထင်မြင်ချက်များဖြင့် ၎င်းတို့ဘာသာ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တသီးတခြားတည်ရှိနေသော သတ္တဝါများ ဖြစ်ကြ၏။ သို့သော်လည်း ၎င်းတို့သည်ပင် လူတို့ သိမြင်နားလည်နိုင်စွမ်း မရှိသော ယေဘုယျ ရည်မှန်းချက်ကြီးတစ်ရပ်ကို အကျိုးပြုရန်အတွက် လူ့လောကကြီးတစ်ခုလုံး၏ အစိတ်အပိုင်း ကလေးများလည်း ဖြစ်လျက် ရှိပေသည်။

ပန်းပွင့်တစ်ပွင့်ပေါ်တွင် နားလျက်ရှိသော ပျားတစ်ကောင်သည် ကလေးတစ်ယောက်ကို တုတ်၏။ ထိုအခါ၌ ကလေးသည် ပျားကို ကြောက်ရွံ့ခြင်းဖြစ်လျက် "အလိုလေး ပျားဆိုသည်ကား လူကို တုတ်ဖို့ အသက်ရှင်နေခြင်း ဖြစ်သည်တကား" ဟု ဆို၏။ လင်္ကာဆရာတစ်ယောက်သည် ပန်းပွင့်ထဲမှဝတ်ရည်ကို စုပ်သော ပျားကို မြင်သည်၌ များစွာ ကြည်နူးခြင်းဖြစ်လျက် "အလိုလေး ပျားဆိုသည်ကား ဝတ်ရည်စုပ်ဖို့ အသက်ရှင်နေခြင်း ဖြစ်သည်တကား" ဟု ဆို၏။ ပျားဖွပ်သမားတစ်ယောက်သည် ပန်းပွင့်များမှ ဝတ်ရည်များကို ပျားက စုပ်ယူပြီးနောက် ပျားအုံတွင်းသို့ သိုမှီးသိမ်းဆည်းသည်ကို မြင်သည်၌ များစွာ အားရခြင်း ဖြစ်လျက် "အလိုလေး ပျားဆိုသည်ကား ပျားရည်စုဖို့ အသက်ရှင်နေခြင်းသာ ဖြစ်သည်တကား" ဟု ဆို၏။ အခြား ပျားဖွပ်သမားတစ်ယောက်သည် ပျားအုံ၏သဘာဝကို သေချာစွာ လေ့လာပြီးသော အခါ၌ များစွာကျေနပ်ခြင်း ဖြစ်လျက် "အလိုလေး ပျားဆိုသည်ကား ပန်းဝတ်မှုန်တို့ကို စုဆောင်းတတ်သည်။ ထိုနောက် ထိုပန်းဝတ်မှုန်တို့ကို ပျားကောင်ပေါက်ကလေးများအား ကျွေးသည်။ ထို့နောက် ပျားဘုရင်မတစ်ကောင် တင်မြှောက်ကြသည်။ ဤသို့ဖြင့် ပျားသည် ၎င်း၏မျိုးနွယ်ကြီး မတိမ်ကောရေးအတွက် အသက်ရှင်နေခြင်း ဖြစ်သည်တကား" ဟု ဆို၏။ ရုက္ခဗေဒ ပညာရှင်တစ်ဦးသည် ပျားက အဖိုပွင့်မှ ဝတ်မှုန်တို့ကို သယ်ဆောင်ပြီးနောက် အမပင်သို့နားကာ ဝတ်မှုန်ကူးပေးခြင်းကို မြင်သည်၌ "ဤသည်ကား ပျားတို့ အသက်ရှင်နေခြင်း၏ ရည်ရွယ်ချက်သာတကား" ဟု ဆို၏။ အခြားရုက္ခဗေဒပညာရှင်တစ်ဦးသည် ပန်းပင်၊ သစ်ပင်များ ထိုမှ ဤမှ နေရာအနှံ့ပေါက်ခြင်းကို လေ့လာ၏။ ဤတွင် ပျားကောင်တို့က ဝတ်ဆံဝတ်မှုန်များကို ချပေးသောကြောင့် ဖြစ်သည်ဟု မြင်၏။ ထိုအခါ၌ "ပျားကောင်တို့သည် သစ်ပင် ပန်းပင်များ ကူးပြောင်းပေါက်ရေးအတွက် အသက်ရှင်နေရခြင်း ဖြစ်သည်တကား"ဟု ပြောဦးမည်သာဖြစ်လေသည်။ သို့သော်လည်း ပျားတို့ အသက်ရှင်နေခြင်း၏ ရည်ရွယ်ချက်ကို ပြောပါဆိုလျှင် ကလေး၏စကားသည်လည်း မပြည့်စုံသေးချေ။ လင်္ကာဆရာ၏အဆိုသည်လည်း မလုံလောက်သေးချေ။ ပျားဖွပ်သမား၏ ထင်မြင်ချက်သည်လည်း အကုန်အစင် မမှန်သေးချေ။ ရုက္ခဗေဒပညာရှင်၏ စကားသည်လည်း လုံးလုံးလျားလျား မမှန်သေးချေ။ ထို့မှုမက လူ၏စိတ်မျက်စိဖြင့် ထိနိုင်မြင်နိုင် စွမ်းသော အကြောင်းအမျိုးမျိုးကို ထပ်မံပြဆို၍ "ဤသည်ကား ပျားတို့အသက်ရှင်နေခြင်း၏ ရည်ရွယ်ချက်တကား" ဟု ပြောလျှင်လည်း အပြည့်အဝမှန်နိုင်ဦးမည် မဟုတ်ချေ။ လူ၏အသိဉာဏ်သည် ပျားများ အသက်ရှင်နေရခြင်း၏ အကြောင်းတရားများကို တစ်မျိုးပြီး တစ်မျိုး ပို၍ပို၍ တွေ့မြင်လာသည်နှင့် အမျှ ၎င်းတို့ အသက်ရှင်နေခြင်း၏ အကြောင်းတရားဟု ထင်ရသော အရာတို့သည်လည်း ပို၍ ပို၍ များပြားလာလိမ့်မည် ဖြစ်ပေသည်။ သို့သော်လည်း ပျားတို့အသက်ရှင်ရခြင်း၏အဆုံးစွန်သော မူလအကြောင်းတရားကြီးကိုမူ တွေ့လိမ့်မည် မဟုတ်ချေ။ ထို့မှုမက အဆုံးစွန်သော မူလအကြောင်းတရားကြီးကို လူတို့ ထင်မြင်နားလည်နိုင်ခြင်းငှာ မစွမ်းနိုင်



www.burmeseclassic.com

 www.burmeseclassic.com 

ဆိုသောအချက်သည် ပို၍ ပို၍ပင် ထင်ရှားလာလိမ့်ဦးမည်သာ ဖြစ်လေသည်။

လူတို့နားလည်နိုင်သော အချက်တစ်ချက်ကား ရှိပါသည်။ ယင်းမှာ အခြားမဟုတ်။ ပျား၏ဘဝသည် ကမ္ဘာလောကကြီးရှိ အခြားသော အခြင်းအရာများနှင့် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆက်စပ်ယှက်နွယ်လျက် ရှိသည်ဆိုသည့်အချက် ဖြစ်ပါသည်။ ရာဇဝင် ဇာတ်ဆောင်ပုဂ္ဂိုလ်များနှင့် လူမျိုးများ၏ ရည်ရွယ်ချက်များကို ကျွန်ုပ်တို့လိုက်လံရှာဖွေရာ၌လည်း ထိုအတူသာလျှင် ဖြစ်ပေသတည်း။

## အခန်း ၅

နာတာရှာနှင့် ပီယာကို့သည် ၁၈၁၃–ခုနှစ်တွင် လက်ထပ်ခဲ့ကြလေသည်။ နာတာရှာ၏ လက်ထပ်မင်္ဂလာ အခမ်းအနားသည် မြို့စားကြီး ရော့စတော့ဗ်၏ မိသားစုအဖို့ ပျော်ရွှင်ဖွယ်ကောင်းသည့် နောက်ဆုံးအဖြစ်အပျက် ဖြစ်လေသည်။ ထိုနှစ် နာတာရှာတို့ လက်ထပ်ပြီး၍ မကြာမီပင် မြို့စားကြီး ရော့စတော့ဗ် ကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။ ဖြစ်မြဲဓမ္မတာအတိုင်း အိမ်ထောင်ဦးစီး ကွယ်လွန်သည်၌ အိမ်ထောင်စုသည်လည်း ပြိုကွဲခြင်းအဖြစ်သို့ ရောက်ခဲ့လေသည်။

၁၈၁၂–ခုနှစ် စစ်ပွဲအတွင်း ဒုက္ခကြုံတွေ့ခဲ့ရခြင်း၊ မော်စကိုမြို့ကို မီးလောင်ခြင်း၊ မော်စကိုမြို့မှ ထွက်ပြေးရခြင်း၊ သမက်လောင်း မင်းသားကလေး အင်ဒရေ ကွယ်လွန်ခြင်း၊ နာတာရှာတွင် စိတ္တဇ စွဲကပ်ခြင်း၊ သားငယ် ပီတာ တိုက်ပွဲတွင် ကျဆုံးခြင်း၊ မြို့စားကတော်ကြီး ပရိဒေဝသောကမီး တောက်လောင်လျက် နာမကျန်းဖြစ်ခြင်း စသည်တို့ကို အိုမင်းလုပြီဖြစ်သော မြို့စားကြီး ရော့စတော့ဗ်၏ခေါင်းပေါ်သို့ တင်းပုတ်ချက်များကဲ့သို့ တစ်ချက်ပြီး တစ်ချက် ကျရောက်လာခဲ့ကြလေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် မည်သည့်အတွက်ကြောင့် ဤကြမ္မာဆိုးများ တစ်ခုပြီး တစ်ခု ဆက်တိုက်ဝင်ရောက်လာခြင်းကို နားလည်နိုင်ပုံမရဘဲ မိမိအဖို့လည်း မထူးတော့ပြီ။ သေလိုလည်း သေစေတော့၊ လည်စင်းခံတော့မည်ဟု မာန်လျှော့ထားသည့်နှယ် ၎င်း၏ အိုမင်းလုပြီဖြစ်သော ခေါင်းကို ကံကြမ္မာတင်းပုတ်၏ အောက်သို့ ထိုးပေးခဲ့လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် တစ်ခါတစ်ရံ၌ အလိုလို တိမ်းတိမ်းပွေပွေ ဖြစ်လျက် ရှိကာ တစ်ခါတစ်ရံ၌လည်း အကြောင်းမဲ့ ရွှင်လန်းတက်ကြွလျက် ရှိတတ်လေသည်။

မြို့စားကြီး ရော့စတော့ဗ်သည် သမီးဖြစ်သူ နာတာရှာ၏ မင်္ဂလာကိစ္စကို သူကိုယ်တိုင် စီစဉ်ရာ ထိုအခါ၌ အနည်းငယ် စိတ်သက်သာသယောင် ရှိ၏။ ညစာစားပွဲများ၊ ညလယ်စာစားပွဲများကို ၎င်းကိုယ်တိုင် စီမံ၏။ ရွှင်လန်းဟန် ပြ၏။ သို့ရာတွင် မြို့စားကြီး ရော့စတော့ဗ်၏ ရွှင်လန်းခြင်းသည် ယခင်အခါများကကဲ့သို့ တစ်ပါးသူများကို ကူးစက်နိုင်စွမ်း မရှိတော့ပြီ။ ထို့မျှမက မြို့စားကြီး ရော့စတော့ဗ်၏ သဘောကောင်းခြင်းကို သိ၍ မြို့စားကြီး ရော့စတော့ဗ်ကို ခင်မင်လေးစားကြသူများမှာ ၎င်း၏ရွှင်လန်းဟန်ဆောင်ခြင်းကို မြင်သည်၌ များစွာ စိတ်မကောင်းခြင်း၊ သနားခြင်း ဖြစ်ကြရလေသည်။

ပီယာနှင့် ၎င်း၏ဇနီး နာတာရှာတို့ အိမ်ခွဲသွားသည့်အခါ၌မူကား မြို့စားကြီး ရော့စတော့ဗ်သည် စကားနည်းလာကာ တိမ်းတိမ်းပွေပွေ ဖြစ်သည်ဟု မကြာခဏ ညည်းတတ်၏။ ရက်အနည်းငယ်ကြာသောအခါ မြို့စားကြီး ရော့စတော့ဗ်မှာ နာမကျန်းဖြစ်လျက် အိပ်ရာထဲတွင် လဲလေတော့သည်။ သမားတော်က မည်မျှပင် အားပေးစကားပြောသော်လည်း မိမိသည် ထိုအိပ်ရာထဲမှ ထရတော့မည်မဟုတ်ဟု မဆွကတည်းကပင် သိခဲ့လေပြီ။ မြို့စားကတော်ကြီးသည် မြို့စားကြီးရော့စတော့ဗ် အိပ်ရာဘေးတွင် ရက်သတ္တနှစ်ပတ်မျှ ထိုင်၍ကြပ်မတ်ပြုစုခဲ့၏။ အဝတ်အစားမျှ မလဲနိုင်။ တစ်ရေးမျှ မအိပ်ရ။ အနီးရှိ လက်တင်ထိုင်ခုံ၌သာ ငုတ်တုတ် အချိန်ကုန်ခဲ့ရသည်။ မြို့စားကတော်ကြီးက ဆေးတိုက်တိုင်း မြို့စားကြီး ရော့စတော့ဗ်သည် ငိုကြွေးတတ်သည်။ မြို့စားကတော်ကြီး၏ လက်ကို တိတ်ဆိတ်စွာ နမ်းတတ်သည်။ ဆုံးမည့်နေ့၌မူ မြို့စားကြီး ရော့စတော့ဗ်သည် မျက်ရည်တွေတွေ စီးကျရင်း ပစ္စည်းပျက်၍ ယခုကဲ့သို့ ပင်ပန်းဆင်းရဲသည့်အဖြစ်မျိုးသို့ ရောက်ရခြင်းအတွက် မိမိကို ခွင့်လွှတ်စေလိုကြောင်းဖြင့် မြို့စားကတော်ကြီးကို တောင်းပန်ခြင်းပြုလေသည်။ တပ်တော်ကြီးနှင့်အတူ လိုက်ပါသွားသည့် သားကြီး နီကိုလေကိုလည်း ခွင့်လွှတ်ရန် ပြောပို့ မြို့စားကတော်ကြီးကို မှာကြားခဲ့သည်။



www.burmeseclassic.com

မြို့စားကြီး ရော့စတော့ဗ်သည် မိမိလက်ဖွာ၍ ဤသို့ ဆင်းရဲနွမ်းပါးသည့် အဖြစ်မျိုး ရောက်ရကြောင်းကို သေသည်အထိ မမေ့နိုင်တော့ပြီ။ သရဏဂုံ တင်ပြီးနောက်၌ကား မြို့စားကြီးရော့စတော့ဗ်သည် ညင်သာစွာပင် အသက်ထွက်သွားရှာ၏။ နောက်တစ်နေ့၌ အသုဘ ရှုလာကြသည့် မိတ်ဆွေရောင်းရင်းများ၊ အသိအကျွမ်းများသည် မြို့စားကြီး ရော့စတော့ဗ် ငှားနေသော စံအိမ်တော်၌ ပြည့်ကျပ်လျက် ရှိ၏။ ထိုမိတ်ဆွေ ရောင်းရင်းများ၊ အသိအကျွမ်းများသည် ဤစံအိမ်ကြီး၌ မကြာခဏ လာရောက်၍ ညစာ စားခဲ့ကြ၏။ ကခဲ့ကြ၏။ မြို့စားကြီး ရော့စတော့ဗ်၏ အမူအရာ အပြောအဆိုတို့ကို ကြည့်၍ ရယ်မောခဲ့ကြ၏။ ယခုကား စိတ်မကောင်းဖြစ်လျက် မိမိတို့ ရယ်မောလှောင်ပြောင်ခဲ့ခြင်း အတွက် နောင်တရလျက် ရှိကြလေသည်။ "မြို့စားကြီး ဟာ ဘယ်လိုပဲ ရယ်စရာကောင်းပေမယ့် စိတ်ကောင်း နှလုံးကောင်းတော့ ရှိရှာပေတယ်။ ခုခေတ်မှာ မြို့စားကြီး လို ပုဂ္ဂိုလ်မျိုး ရှာတွေ့ဖို့ မလွယ်တော့ဘူး။ တကယ်တော့ ကျုပ်တို့တစ်တွေဟာလဲ မြို့စားကြီးလို အားနည်းချက်တွေ ပျော့ညံ့ချက်တွေ ရှိကြပေတာပဲ" ဟု ၎င်းတို့၏ မျက်နှာ အမူအရာများက ပြောပြလျက် ရှိလေသည်။

ထိုအချိန်က မြို့စားကြီး ရော့စတော့ဗ်၏ အခြေအနေမှာ များစွာဆိုးလျက်ရှိရာ နောက်တစ်နှစ်ဆိုလျှင်ပင် ကုန်း၍မှူ ကောက်စရာမရှိအောင် ချွတ်ခြုံကျအခြေအနေမျိုးသို့ ရောက်တော့မည်ဖြစ်ရကား ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခြင်းသည်ပင် ယင်းအဖို့ ခပ်ကောင်းကောင်းဟု ဆိုရမည်သာ ဖြစ်လေသည်။

နီကိုလေမှာ ရုရှားတပ်မတော်ကြီးနှင့် အတူ ပါရီ ရွှေမြို့တော်သို့ ရောက်လျက် ရှိလေသည်။ နီကိုလေသည် ဖခင် မြို့စားကြီး ရော့စတော့ဗ် ကွယ်လွန်အနိစ္စ ရောက်သည့်သတင်းကို ပါရီရွှေမြို့တော်မှပင် ကြားသိရခြင်း ဖြစ်လေသည်။ နီကိုလေသည် ထိုသတင်းကို ကြားသည်၌ တပ်မှ နုတ်ထွက်ခွင့် တောင်း၏။ ထို့နောက် နုတ်ထွက်ခွင့်နှင့် ပတ်သက်၍ အထက်မှ အမိန့်ကိုပင် မစောင့်တော့ဘဲ ခွင့်ယူကာ မော်စကိုမြို့သို့ ပြန်လာခဲ့လေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ စီးပွားရေးအခြေအနေမှာ ၎င်း ကွယ်လွန် အနိစ္စရောက်ပြီး တစ်လအကြာတွင် ဖုံးဖိ၍မရအောင် ပေါ်လာခဲ့လေပြီ။ မြို့စားကြီး ရော့စတော့ဗ်တွင် ဤမျှ ကြွေးထူလျက် ရှိခြင်းကို မြင်ရသည်၌ ပတ်ဝန်းကျင်ကပင် အံ့သြလျက် ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်က ပေးဆပ်ရန်ရှိသည့် ကြွေးမြီများမှာ ၎င်းပိုင် ပစ္စည်းများတန်ဖိုးထက် နှစ်ပြန်ခန့် များလျက် ရှိလေသည်။

မိတ်ဆွေ ရောင်းရင်းများနှင့် ဆွေမျိုးများက မြို့စားကြီး၏အမွေကို ဆက်ခံခြင်း မပြုရန် နီကိုလေကို တိုက်တွန်းကြ၏။ သို့ရာတွင် နီကိုလေသည် ဖခင်ကြီးကို ချစ်၏။ ဤသို့ ဖခင်ကြီး၏အမွေကို ဆက်ခံရန် ငြင်းပယ်ခြင်းသည် ကွယ်လွန်သူဖခင်ကြီးကို စော်ကားရာ ရောက်သည်ဟုလည်း နီကိုလေ ယူဆ၏။ ထို့ကြောင့် နီကိုလေသည် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေရောင်းရင်းများ၏ တိုက်တွန်းခြင်းကို နားမဝင်နိုင်ဘဲ ဖခင်ကြီး၏ ဘွဲ့မည် ရည်နှင့် တကွ ကြွေးမြီများပေးဆပ်ရန် တာဝန်ကိုပါ အမွေ ဆက်ခံလိုက်လေသည်။

စိတ်နှလုံးကောင်း၍ အပေးအကမ်း ရက်ရောသူများသည် ၎င်းတို့၌ ခနဂုဏ်၊ ရာထူးဂုဏ်စသည့်အရာများ မရှိသည့်တိုင် ပတ်ဝန်းကျင်၏ လေးစားချစ်ခင်မှုကို ခံကြရလေသည်။ ၎င်းတို့၌ မထင်ရှားသော်လည်း အလွန် ထက်မြက်သည့် အရှိန်အဝါတစ်မျိုး ရှိတတ်ကြလေသည်။ မြို့စားကြီး ရော့စတော့ဗ် အသက်ရှင်စဉ်ကလည်း ထိုအတိုင်းပင် ဖြစ်ပေသည်။ သို့ဖြစ်ရကား ထိုအရှိန်အဝါကြောင့် ကြွေးမြီကိစ္စနှင့်ပတ်သက်၍ ပါးစပ်ပိတ်နေကြသော ကြွေးရှင်များသည် မြို့စားကြီး ရော့စတော့ဗ် ကွယ်လွန် အနိစ္စရောက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ ကြွေးမြီများကို တောင်းဆိုလာကြလေတော့သည်။ ထိုအခါ၌လည်း ဖြစ်မြဲထုံးစံအတိုင်း 'သူ့ကြွေး အရင်ပေးရမည်၊ ငါ့ကြွေး အရင်ပေးရမည်'ဟု နားပူနားဆာ လုပ်လာကြလေတော့သည်။ မီတင်ကာကဲ့သို့ စာချုပ်စာတမ်း လက်ဝယ်ရှိနေသူများကား နားပူနားဆာအလုပ်ဆုံးသော ကြွေးရှင်များ ဖြစ်လာကြလေသည်။ ၎င်းတို့သည် နီကိုလေထံသို့ ရေထွက်မတတ်လာကာ တစာစာတောင်းလျက် ရှိကြသည်။ ၎င်းတို့သည် မြို့စားကြီး ရော့စတော့ဗ် ကွယ်လွန်ခြင်းအတွက် စိတ်မကောင်းဟန် ပြကြသော်လည်း (၎င်းတို့ ကြွေးများ ပြန်ရဖို့ လမ်းဝေးသွားသည့်အတွက်လည်း ဖြစ်နိုင်ပါသည်။) ဖခင်ကြီး၏ ကောင်းမွေ၊ ဆိုးမွေအားလုံးကို ၎င်း၏ စေတနာအလျောက်ဆက်ခံသည့် တရားဝင်မြီစား မဟုတ်



www.burmeseclassic.com

သူ နီကိုလေအား ညှာတာခြင်းအလျဉ်းမရှိဘဲ နောက်မှ တကောက်ကောက်လိုက်လျက် ရှိကြလေသည်။

နီကိုလေသည် ဖခင်ကြီး၏ ကြွေးများကို ပေးဆပ်ရန် အမျိုးမျိုးကြံဆ၏။ သို့ရာတွင် ၎င်း၏အကြံအစည်များသည် တစ်ခုမျှအထမမြောက်ခဲ့ချေ။ သို့ဖြင့် နောက်ဆုံး၌ မိသားစုပိုင် ပိုင်စားနယ်မြေကြီးကို တန်ဖိုးတစ်ဝက်ဖြင့် လေလံတင် ရောင်းချလိုက်ရလေသည်။ သို့တိုင်အောင် ကြွေးများမှာ တစ်ဝက်ခန့် ကျန်နေသေးသည်။ ဤတွင် ယောက်ဖဖြစ်သူ မြို့စားလေး ပီယာနှင့် နာတာရှာတို့က ကြွေးဆပ်ရန် ငွေဒင်္ဂါးသုံးသောင်းပေးရာ နီကိုလေမှာလည်း ငြင်းပယ်ခြင်းငှာ မတတ်နိုင်တော့ဘဲ လက်ခံလိုက်ရ၏။ ထိုအချိန်၌ ကျန်ရှိနေသော ကြွေးရှင်များက တရားစွဲရန် ခြိမ်းခြောက်လျက် ရှိလေပြီ။ ဤတွင် နီကိုလေမှာလည်း ထောင်ကျမည့် အရေးကြောင့် မတတ်သာတော့ဘဲ မင်းမှုထမ်းအဖြစ် ဝင်ရောက်အမှုထမ်းရပြန်သည်။

နီကိုလေသည် တပ်မတော်ထဲသို့ ပြန်ဝင်လျှင် မကြာမီ ဗိုလ်မှူးကြီး ရာထူးကို ရတော့မည်ဖြစ်၏။ သို့ရာတွင် မိခင် မြို့စားကတော်ကြီးမှာ တွယ်တာရမည့်သူဆို၍ နီကိုလေ တစ်ဦးတည်းသာ ကျန်တော့သည့်အလျောက် ၎င်းကို ငဲ့ကွက်သောအားဖြင့် တပ်မတော်ထဲသို့ ပြန်မရောက်တော့ချေ။ နီကိုလေသည် မျက်နှာသိ ပေါလှသော မော်စကိုမြို့တွင် ဆက်လက်နေထိုင်ရခြင်းကို လည်းကောင်း၊ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရသည်ကို လည်းကောင်း၊ စိတ်ပျက် စက်ဆုပ်လှပြီ ဖြစ်သော်လည်း မော်စကိုမြို့၌ အုပ်ချုပ်ရေးဘက် ရာထူးတစ်ခုသို့ ဝင်ရောက်အမှုထမ်းလိုက်ရလေသည်။ မိမိ နှစ်သက်လှသော စစ်ဝတ်ရုံကို ချွတ်၍ မိခင် မြို့စားကတော်ကြီး၊ နှမဝမ်းကွဲ ဆွန်ယာတို့နှင့် အတူ မော်စကိုမြို့ရှိ ဆင်းရဲသားရပ်ကွက် အိမ်ကလေးတစ်ဆောင်သို့ ပြောင်းရွှေ့လာခဲ့ရသည်။

ထိုအချိန်၌ နာတာရှာနှင့် ပီယာတို့မှာ ပီတာစဘတ် ရွှေမြို့တော်တွင် နေထိုင်လျက်ရှိကြသဖြင့် နီကိုလေ၏ အခြေအနေကို ကောင်းစွာ မသိကြချေ။ နီကိုလေသည် ယောက်ဖဖြစ်သူ ပီယာ့ထံမှ ငွေချေးပြီးနောက် မိမိ၏ ဆင်းရဲနွမ်းပါးသောအဖြစ်ကို ပီယာ မသိအောင် ကြိုးစား ဖုံးကွယ်ထား၏။ တစ်လလျှင် တစ်ထောင့်နှစ်ရာမျှနှင့် လူသုံးယောက် ထိုင်စားရသည့်အပြင် မိမိ၏အခြေအနေကို မိခင် မြို့စားကတော်ကြီး မသိအောင် ဖုံးကွယ်ထားရခြင်းကလည်း နီကိုလေအဖို့ တစ်ခက်ဖြစ်၏။ မိခင် မြို့စားကတော်ကြီးသည် ငယ်စဉ်ကတည်းက ဖောဖောသီသီသုံးကာ 'ဇိမ်'နှင့် နေလာခဲ့သူဖြစ်သည့်အလျောက် ယခုကဲ့သို့ 'အထည်ကြီးပျက်' ဘဝသို့ ရောက်သည့်တိုင်အောင် ယခင်ကကဲ့သို့ပင် နေထိုင်လျက် ရှိလေသည်။ မိခင်မြို့စားကတော်ကြီးသည် သားဖြစ်သူ နီကိုလေ၏ အခြေအနေကို ရိပ်မိပုံမရဘဲ အိမ်တွင် ကရထားတစ်စီးထားခြင်း (မထားနိုင်သည်မှာ ကြာပေပြီ။) မိတ်ဆွေများအား ဖိတ်ခေါ်ကျွေးမွေးခြင်း၊ ကောင်းပေ့ဆိုသော အစာမျိုးကိုမှ စားတတ်ခြင်း၊ နီကိုလေကိုလည်း ဈေးကြီးပေးရသော အရက်ချိုမျိုးကိုမှ သောက်စေခြင်း၊ သမီးဖြစ်သူ နာတာရှာ၊ တူမ ဆွန်ယာနှင့် နီကိုလေတို့အား အခါအားလျော်စွာ လက်ဆောင်ပစ္စည်းများဝယ်ပေးခြင်းတို့ကို ပြုလုပ်ဆဲဖြစ်သဖြင့် နီကိုလေရသမျှ လခကလေးမှာ ပေး၍မလောက်နိုင် ဖြစ်လျက် ရှိလေသည်။

ဆွန်ယာကား အိမ်မှုကိစ္စအဝဝကို ဆောင်ရွက်၏။ အရီးတော်မြို့စားကတော်ကြီးကို ပြုစု၏။ အိပ်ရာဝင်ချိန်တွင် စာဖတ်ပြ၏။ မြို့စားကတော်ကြီး တဖျစ်တောက်တောက် ရေရွတ်ခြင်း၊ မြည်တွန်တောက်တီးခြင်းကို ခံရ၏။ ၎င်းတို့၏အခြေအနေကို မြို့စားကတော်ကြီး မသိအောင် ဖုံးကွယ်ရာ၌ နီကိုလေနှင့်အတူ မသိတန်သည်ကို မသိအောင် လုပ်ရ၏။ ဤသို့ ဆွန်ယာက မိမိ၏မိခင် မြို့စားကတော်ကြီး ဗာဟီရကိစ္စအဝဝကို ဒိုင်ခံပြုလုပ်ပေးနေခြင်းကို မြင်ရသည့်အခါ၌ ဆွန်ယာ၏ကျေးဇူးသည် မိမိအဖို့ ဆပ်မကုန်နိုင်အောင် ကြီးပါပေသည်ဟု နီကိုလေ ထင်မိ၏။ မိခင် မြို့စားကတော်ကြီးအပေါ်၌ ဤမျှစိတ်ရှည်၍ ဤမျှ ဂရုစိုက်နိုင်ခြင်းအတွက် ဆွန်ယာ့ကို ကျိတ်၍ ချီးမွမ်းမိ၏။ သို့ရာတွင် ဆွန်ယာနှင့် ခပ်ကင်းကင်းဖြစ်အောင် ကြိုးစား၍ နေသည်သာ ဖြစ်လေသည်။

ဆွန်ယာသည် အစစအရာရာ၌ ပိပိပြားပြားရှိ၏။ မည်သည့်နေရာတွင်မျှ အပြစ်ဆိုစရာ မရှိသောအခါ၌ ဆွန်ယာသည် ဤမျှ စေ့စပ်သေချာလွန်းရသလောဟု နီကိုလေစိတ်ထဲက အပြစ်ဆိုချင်ပုံရ၏။ ဆွန်ယာ၌ လူတိုင်းက မြတ်နိုးလောက်သော အရည်အချင်းများ အားလုံးရှိသော်လည်း နီကိုလေ ချစ်လောက်သည့် အရည်အချင်းများ မရှိရှာချေ။ နီကိုလေသည် ဆွန်ယာကို မြတ်နိုးခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်က အလေးပိုလာသည်နှင့်အမျှ ချစ်ခြင်းဘက်က လျော့လာသည်ဟု စိတ်၌ ထင်မိလေသည်။ ဆွန်ယာသည် နီကိုလေအား ဖြတ်စာရေးပေးခဲ့ပြီဖြစ်ရာ ထိုအချိန်မှစ၍ နီကိုလေသည်လည်း မိမိတို့အတိတ်ကို မေ့ပျောက်ထားခဲ့လေသည်။ ထိုအတိတ်ကိုလည်း ပြန်၍ အသစ်မဖြစ်လိုတော့ပြီ။

နီကိုလေ၏အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာ၏။ မိမိ၏လစာထဲမှ တတ်နိုင်သမျှ ဖဲ့၍စုမည်စိတ်ကူးသေးသော်လည်း မစုနိုင်ခဲ့ချေ။ သို့ဖြင့် နီကိုလေမှာ စုမိဆောင်းမိခြင်း မရှိရုံမျှမက မိခင် မြို့စားကတော်ကြီး၏ အလိုကို လိုက်လျောနေရသည့်အတွက် နောက်ထပ်ကြွေးများပင် တင်လျက် ရှိလေသည်။ နီကိုလေ့အဖို့ ဤအခြေအနေမှ ရုန်းထွက်နိုင်မည့်လမ်း မမြင်ချေ။ နီကိုလေ၏ အရီးများ၊ အဒေါ်များက သူကြွယ်သမီးတစ်ဦးဦးကို လက်ထပ်ရန် တိုက်တွန်းကြသော်လည်း ငွေကြောင့် လက်ထပ်ရခြင်းမျိုးကို နီကိုလေ စက်ဆုပ်မိသည်။ မိခင် မြို့စားကတော်ကြီး ကွယ်လွန်ခဲ့ပါက အသက်ရှုချောင်သွားမည်ဖြစ်သော်လည်း ဤကိစ္စမျိုးမှာ တွေးကောင်းကြံကောင်း မျှော်လင့်ကောင်းသောကိစ္စ မဟုတ်ပြန်ချေ။ နီကိုလေသည် မည်သည့်အရာကိုမျှ တောင့်တခြင်း မရှိတော့ချေ။ မည်သည့်အရာကိုမျှလည်း မျှော်လင့်ခြင်း မပြုတော့ချေ။ ဆင်းရဲခြင်းဒဏ်ကို ဤမျှခံရပြီဖြစ်သည့်အတွက် ထုံလျက်ရှိလေပြီ။ သိဟောင်းကျွမ်းဟောင်းများသည် နီကိုလေအတွက် စိတ်မကောင်းသည့်အကြောင်း၊ ကူညီလိုကြောင်း စသည်တို့ကို အပေါ်စီးဖြင့် ပြောတတ်ကြ၏။ ထို့ကြောင့် နီကိုလေသည် သိဟောင်းကျွမ်းဟောင်းများကိုလည်း ခပ်ဝေးဝေးကပင် ရှောင်သည်။ အပျော်အပါး၊ အသောက်အစားတို့ကိုလည်း ရှောင်သည်။ အိမ်၌ပင်လျှင် ပိုက်ဆံကုန်မည့်အလုပ်များကို မလုပ်တော့ချေ။ ပျင်းလျှင် မိခင်မြို့စားကတော်ကြီးနှင့် အလကားတမ်းဖဲကစားခြင်း၊ အိမ်ထဲ၌ လမ်းလျှောက်ခြင်း၊ ဆေးတစ်ဆုံပြီး တစ်ဆုံ သောက်ခြင်းဖြင့်သာ အချိန်ဖြုန်းလေသည်။ လောက၌ ကြည်လင်ရွှင်လန်းခြင်း မရှိသော စိတ်မျိုးသာလျှင် ဆင်းရဲနွမ်းပါးခြင်းဒဏ်ကို ခံနိုင်စွမ်းရှိလေရာ နီကိုလေသည်လည်း ပင်ပန်းဆင်းရဲခြင်း၏ဒဏ်ကို ခံနိုင်ရန်အတွက် ကြည်လင်ရွှင်လန်းခြင်း မရှိသောစိတ်မျိုးကို တမင်မွေးမြူလျက် ရှိပုံရလေသည်။

## အခန်း ၆

ဆောင်းဦးပေါက်၌ မင်းသမီး မေရီသည် မော်စကိုမြို့သို့ ရောက်လာခဲ့လေသည်။ မော်စကိုမြို့တွင် ဖြစ်ပေါ်လျက်ရှိသည့် သတင်းများအရ နီကိုလေမှာ စီးပွားရေးအခြေအနေ ဆိုးရွားလျက်ရှိကြောင်း သိရ၏။ နီကိုလေခမျာ မိခင် မြို့စားကတော်ကြီး စိတ်ချမ်းသာရေးအတွက် အစစအရာရာ စွန့်လွှတ်ရသည်ဟု ပြောသံကိုလည်း ကြားရလေသည်။

'ငါ့ကစပြီး သွားလည်မှ ကောင်းမှာပါလေ။ သူ့ဆီက ဘယ်လိုမျှော်လင့်ချက်မျိုးမှ ထားခဲ့ဖူးတာ မဟုတ်ဘဲ'ဟု မင်းသမီးလေး မေရီ အောက်မေ့မိ၏။ နီကိုလေအား ချစ်သောစိတ်ဖြင့် ကြည်နူးခြင်းဖြစ်မိ၏။ မိမိနှင့် နီကိုလေ ရော့စတော့ဗ်တို့ အိမ်သားများမှာ နှစ်အိမ့်တစ်အိမ်သဖွယ် ရင်းနှီးလျက် ရှိသည့်အလျောက် သွား၍တွေ့ရန် ဝတ္တရားရှိသည်ဟုလည်း မင်းသမီးလေး မေရီ ယူဆသည်။ သို့ရာတွင် မိမိနှင့်နီကိုလေတို့မှာ ဗိုရိုနက်ဇ်တွင် တွေ့ခဲ့စဉ်က ခပ်အမ်းအမ်း ဖြစ်ခဲ့ကြဖူးသဖြင့် သွားရမည်ကိုလည်း ဆုတ်ဆိုင်းဆိုင်းဖြစ်လျက် ရှိ၏။ သို့ရာတွင် မင်းသမီးလေးမေရီသည် စိတ်တင်းကာ မော်စကိုသို့ ရောက်၍ ရက်သတ္တပတ် အနည်းငယ်အကြာ၌ နီကိုလေတို့အိမ်သို့ ထွက်လာခဲ့လေသည်။

အိမ်ထဲသို့ ဝင်သွားလျှင် မင်းသမီးလေး မေရီသည် နီကိုလေနှင့် ပထမဆုံး တွေ့ရလေသည်။ ဤသည်မှာလည်း မြို့စားကတော်ကြီး၏ ခန်းဆောင်သို့ သွားလိုလျှင် နီကိုလေ၏ခန်းဆောင်ကို ဖြတ်သွားရခြင်းကြောင့် ဖြစ်၏။ မိမိကို တွေ့လျှင် နီကိုလေသည် ဝမ်းသာအားရ နှုတ်ဆက်လိမ့်မည်ဟု မင်းသမီးလေး မေရီ ထင်ခဲ့သည်။ သို့ရာတွင် နီကိုလေ၏မျက်နှာထားမှာ အေးစက်တင်းမာ၍ မာနကြီးသောအသွင် ဆောင်လျက်ရှိခြင်းကို မင်းသမီးလေးမေရီ မြင်လိုက်ရလေသည်။ နီကိုလေ၏ ဤမျက်နှာထားမျိုးကို မင်းသမီးလေး မေရီသည် ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့ချေ။ နီကိုလေသည် မင်းသမီးလေးမေရီအား မာကြောင်း၊ သာကြောင်း မေးမြန်းနှုတ်ဆက်ပြီးနောက် မြို့စားကတော်ကြီး၏ ခန်းဆောင်ထဲသို့ ခေါ်သွား၏။ ခန်းဆောင်ထဲသို့

www.burmeseclassic.com


ရောက်၍ ငါးမိနစ်ခန့် ထိုင်ပြီးသည့်နောက်တွင် ပြန်ထွက်သွားလေသည်။

မြို့စားကတော်ကြီး၏ ခန်းဆောင်မှ မင်းသမီးလေး မေရီပြန်ထွက်လာသောအခါ၌ နီကိုလေသည် အပြင်ဘက်မှ ဆီးကြိုကာ မျက်နှာထား တည်တည်ကြီးနှင့်ပင် အိမ်ရှေ့ခန်းဆောင်သို့ လိုက်ပို့လေသည်။ မင်းသမီးလေး မေရီက မြို့စားကတော်ကြီး၏ ကျန်းမာရေးကို ဂရုစိုက်ရန် တဖွဖွပြောသည့်အခါ၌လည်း နီကိုလေသည် တစ်ခွန်းမျှ ပြန်မပြောချေ။ ၎င်း၏အမူအရာကား ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ကျုပ်ဘာသာ ကျုပ် အေးအေးနေပါရစေဟု ပြန်ပြောသကဲ့သို့ ရှိလေသည်။

"ဒီမိန်းမ ဘာလာရှုပ်တာလဲ၊ ဘာကိစ္စ လာတာတဲ့လဲ။ ငါ ဒီလိုမိန်းမတွေကို ကြည့်လဲ မကြည့်ချင်ဘူး။ အပေါ်ယံလောကွတ်တွေလဲ မကြိုက်ဘူး"

မင်းသမီးလေး မေရီ၏ ကရထား ထွက်ခွာသွားသည့်အချိန်၌ နီကိုလေသည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ဆွန်ယာကို လှမ်းပြောလိုက်သည်။

"အို ကိုကို ဘယ်လို ပြောလိုက်တာလဲ" ဆွန်ယာက လှမ်းပြောလိုက်၏။ စိတ်ထဲကမူ ကျိတ်၍ဝမ်းသာလျက် ရှိလေသည်။ "ထိပ်ထားဟာ စိတ်သဘောထားကောင်းပါတယ် ကိုကိုရယ်၊ မေဖျားကလဲ ထိပ်ထားကို ချစ်တယ် မဟုတ်လား"

နီကိုလေသည် မည်သို့မျှ ပြန်မပြောတော့ချေ။ မင်းသမီးလေး မေရီ့အကြောင်းကိုလည်း နောက်ထပ် မပြောမိအောင် သတိထားလျက် ရှိ၏။ သို့ရာတွင် မိခင် မြို့စားကတော်ကြီးမှာကား ထိုနေ့မှစ၍ မင်းသမီးလေး မေရီ့အကြောင်းကို တဖွဖွပြောလျက် ရှိလေသည်။

မြို့စားကတော်ကြီးသည် မင်းသမီးလေး မေရီ့အကြောင်းကို ချီးကျူးပြောဆိုကာ ၎င်းထံ သွားရောက်လည်ပတ်ခြင်းပြုရန် နီကိုလေကို မကြာခဏ တိုက်တွန်းလျက် ရှိလေသည်။ သို့ရာတွင် မင်းသမီးလေး မေရီ့အကြောင်းပြောတိုင်းလည်း စိတ်မချမ်းမသာဖြစ်ပုံရလျက် ရှိ၏။

မင်းသမီးလေး မေရီ့အကြောင်းကို မြို့စားကတော်ကြီးက ပြောသည့်အခါတွင် နီကိုလေသည် ဆိတ်ဆိတ်သာနေ၏။ သို့ရာတွင် နီကိုလေက ဤသို့ ခပ်မဆိတ်နေပြန်သောအခါ မြို့စားကတော်ကြီးမှာ ပို၍ စိတ်ထိခိုက်ရပြန်သည်။

"ထိပ်ထားလေးဟာ ချစ်စရာလဲ ကောင်းတယ်၊ သဘောလဲ ပြည့်ရှာပါတယ်ကွယ်၊ ထိပ်ထားလေးကို သား သွားတွေ့လိုက်ပါလား၊ သားလဲ အိမ်ထဲမှာကုပ်ပြီး ဒီအိမ်သားတွေကိုချည်း မျက်နှာချင်းဆိုင်နေရတာ ငြီးငွေ့လှရောပေါ့၊ အပြင်ထွက်ပြီး မိတ်ဆွေရောင်းရင်းတွေနဲ့ တွေ့ဦးမှပေါ့" မြို့စားကတော်ကြီးက ပြော၏။

"ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး မေဖျား"

"သားဟာ အရင်တုန်းကနဲ့ နည်းနည်းမှ မတူဘူး၊ အရင်တုန်းကတော့လဲ ပေါများလိုက်တဲ့ မိတ်ဆွေရောင်းရင်း။ ခုတော့လဲ တစ်ယောက်မှ မရှိဘူး။ မေဖျားတော့ နားမလည်နိုင်အောင် ဖြစ်နေပြီ။ အိမ်ထဲနေတော့လဲ ငြီးငွေ့၊ အိမ်ပြင်ထွက်ပါ ဆိုတော့လဲ မထွက်ချင်"

"အိမ်ထဲ နေရတာ ငြီးငွေ့တယ်လို့ ကျွန်တော် တစ်ခါမှ မပြောဖူးပါဘူး မေဖျား"

"အလို ဘယ့်နှယ် မပြောရမလဲ သားရယ်။ ထိပ်ထားလေးကိုတောင် မတွေ့ချင်ဘူးလို့ သားကိုယ်တိုင်ခုပဲ ပြောခဲ့တယ် မဟုတ်လား။ ထိပ်ထားလေးဟာ ချစ်စရာကောင်းပါတယ်ကွယ်။ အရင်တုန်းကဆိုရင် သားကိုယ်တိုင် ထိပ်ထားလေးကို သဘောကျခဲ့သားပဲ။ မှန်မှန် ပြောစမ်း။ သားမှာ ဒိုပြင်စိတ်ကူးတွေများ ရှိနေပြီလား။ သားဟာ မေဖျားကိုတောင် ဘာမှ အသိမပေးတော့ဘူးနော်။ အစစအရာရာ ကွယ်ကွယ်ဝှက်ဝှက် လုပ်နေတော့တာပဲ"

"မဟုတ်ပါဘူး မေဖျား"

"မေဖျားဟာ သား မကြိုက်တာကို အတင်းအဓမ္မ ခိုင်းနေတာ မဟုတ်ပါဘူးကွယ်၊ ကိုယ့်ဆီ အမှတ်တရ လာလည်တာကို ကိုယ်က ပြန်ပြီးတုံ့ပြန်ဖို့ ဝတ္တရားရှိကြောင်း ပြောပြတာပါ။ ယဉ်ကျေးသမှု အနေနဲ့တော့ ကိုယ်ကလဲ သွားတွေ့ဦးမှပေါ့ သားရဲ့။ အေးလေ မေဖျားကတော့ ပြောသင့်ပြောအပ်တယ်ထင်လို့ ပြောပြီးပြီ။ မသွားချင်ဘူးဆိုရင်လဲ သားသဘောပေါ့။ မေဖျားကိုတောင် သားက ဒီလောက်လျှို့ဝှက်နေရင် မေဖျားလဲ သားရဲ့ကိစ္စတွေမှာ ဘာမှ ဝင်မစွက်လိုတော့ပါဘူး"

"ကဲ မေဖျား။ မေဖျား ဒီလောက်တောင် သွားစေချင်ရင် ကျွန်တော်သွားမယ်"


www.burmeseclassic.com

"အို မေဖျားအတွက်က အရေးမကြီးပါဘူး။ သားအတွက် ပြောတာပါ"

နီကိုလေသည် သက်ပြင်းချ၍။ မေးပေါ်မှ မုတ်ဆိတ်မွေးကို ပွတ်လိုက်၏။ ထို့နောက် မိခင်ကြီး အာရုံပြောင်းသွားစေရန် ဖဲချပ်များကို လှန်လျက်ရှိလေသည်။

မိခင်မြို့စားကတော်ကြီးသည် နောက်နေ့၌လည်း အလားတူ ပြောပြန်၏။ ထို့နောက် တစ်နေ့။ ထို့နောက် တစ်နေ့တွင်လည်း အလားတူ ဆို၏။

မင်းသမီးလေး မေရီသည် နီကိုလေတို့ အိမ်သို့ သွားရောက်လည်ပတ်၍ ဝမ်းသာအယ်လဲမရှိသည့် နီကိုလေ၏အမူအရာကို မြင်ခဲ့ရပြီးသည့်နောက်၌ မိမိက စ၍ သွားရောက်လည်ပတ်မိသည်မှာ မှားလေပြီဟု နောင်တရလျက် ရှိလေသည်။

'အေးလေ၊ ငါက ဘယ်လိုမျှော်လင့်ချက်နဲ့မှ သွားလည်တာမှ မဟုတ်ဘဲ' မင်းသမီးလေး မေရီသည် မာနဖြင့် ကိုယ့်ကိုယ်ကို အားပေးပြန်သည်။ 'သူ့ဆီ သွားလည်တာမှ မဟုတ်ဘဲ။ အရီးတော်ကို တွေ့ချင်လို့ သွားတာပဲ။ သူက ဝမ်းသာအယ်လဲ မရှိတော့ကော ဘာဖြစ်သလဲ။ အရီးတော်ဟာ ငါ့အပေါ်မှာကောင်းတော့ ငါ့မှာ သွားတွေ့ဖို့ ဝတ္တရားရှိပေတာပဲ'ဟု အားတင်းသည်။

သို့ရာတွင် မည်မျှအားတင်းသော်လည်း စိတ်ထဲ၌ လိပ်ပဲခတည်းလည်းဖြင့်သာ ရှိလေသည်။ မိမိသွားလည်မိခြင်းကို နောင်တရလျက် ရှိလေသည်။ မင်းသမီးလေး မေရီသည် နီကိုလေအိမ်သို့ နောက်ထပ်သွားရောက်လည်ပတ်ခြင်း မပြုရန် ဆုံးဖြတ်လိုက်ပြီးသည့်နောက် ထိုအဖြစ်အပျက်ကို မေ့ပျောက်ထားလိုက်သည့်တိုင်အောင် ဘဝင်မကျနိုင်ဘဲဖြစ်လျက် ရှိလေသည်။ မည်သည့်အတွက်ကြောင့် ဘဝင်မကျဖြစ်လျက် ရှိကြောင်း ပြန်စဉ်းစားလိုက်သည့်အခါ၌လည်း အခြားကြောင့် မဟုတ်။ နီကိုလေနှင့် မိမိတို့၏ ဆက်ဆံရေးကြောင့်ဖြစ်ကြောင်းကို တွေ့ရှိရလေသည်။ နီကိုလေ မျက်နှာထားသုန်မှုန်လျက် ရှိခြင်းသည် မိမိပေါ်တွင် သုန်မှုန်ခြင်းမဟုတ်သော်လည်း (ဤအချက်ကိုမူ မင်းသမီးလေး မေရီ သိပါသည်။) အကြောင်းတစ်ခုခု ရှိရမည်ဟု မင်းသမီးလေးမေရီ ယူဆ၏။ ထိုအကြောင်းကို မသိရမချင်း ဘဝင်ကျနိုင်မည်မဟုတ်ဟု မင်းသမီးလေး မေရီ ထင်လျက် ရှိလေသည်။

ဆောင်းလယ်တစ်နေ့၌ မင်းသမီးလေး မေရီသည် စံအိမ်တော် စာသင်ခန်းဆောင်ထဲ၌ တူတော် 'ဘိုးအေချစ်' မင်းသားကလေးအား စာပြလျက် ရှိ၏။ ထိုအခိုက် နီကိုလေ အလည်လာကြောင်းဖြင့် အစေတော်တစ်ဦးက လာရောက်ပြောကြားခြင်း ပြုလေသည်။ မင်းသမီးလေး မေရီသည် ဣန္ဒြေပျက်ခြင်း မရှိရန်၊ တုန်လှုပ်ခြင်း မရှိရန်၊ ခိုင်မြဲစွာ ဆုံးဖြတ်ပြီးနောက် ပြင်သစ်သူဘူရင်းကိုခေါ်ကာ ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့သည်။

နီကိုလေ၏မျက်နှာကို လှမ်းကြည့်လိုက်သည်၌ နီကိုလေ၏အမူအရာမှာ လောကဝတ်အနေဖြင့် မလွှဲသာ၍ လာရောက်လည်ပတ်ခြင်း ဖြစ်ကြောင်းကို ဖော်ပြလျက် ရှိ၏။ ဤတွင် မင်းသမီးလေး မေရီကလည်း ဝတ်ကျေတမ်းကျေမျှသာ ဧည့်ခံရန် ဆုံးဖြတ်လိုက်သည်။

၎င်းတို့နှစ်ဦးသည် မြို့စားကတော်ကြီး၏ ကျန်းမာရေးအကြောင်း၊ မိမိတို့၏ အသိမိတ်ဆွေများအကြောင်း၊ နောက်ဆုံး စစ်သတင်းများအကြောင်းကို ပြောကြ၏။ ဝတ်ကျေတမ်းကျေ ပြောဆိုပြီး၍ ဆယ်မိနစ်ခန့်ကြာသော အခါ၌ကား ဧည့်သည်လုပ်သူအဖို့ ထပြန်၍လည်း တင့်တယ်ပေပြီ။ ထိုအခါ၌ နီကိုလေသည် နှုတ်ဆက်ရန် ထလိုက်သည်။

မင်းသမီးလေး မေရီသည် အပါး၌ ပြင်သစ်သူဘူရင်းရှိသဖြင့် တစ်လျှောက်လုံး ဟန်မပျက်စကားပြောနိုင်ခဲ့သော်လည်း နီကိုလေက ပြန်မည်ဟု ထလိုက်သော အခါ၌ကား မိမိစိတ်ဝင်စားခြင်း မရှိဘဲ ဝတ်ကျေတမ်းကျေ စကားပြောဆိုနေရခြင်းကို စက်ဆုပ်လာခဲ့လေပြီ။ လောကကြီး၌ မိမိသည် မည်သည့်အတွက်ကြောင့် ဤမျှ ပျော်ရွှင်ခြင်းကင်းရသော သတ္တဝါတစ်ဦး လာဖြစ်ရသနည်းဟု တွေးမိကာ နာကြည်းလျက် ရှိလေပြီ။ ဤသို့ဖြင့် မင်းသမီးလေး မေရီသည် တွေးမိတွေးရာတွေးလျက် ငုတ်တုတ်ထိုင်မြဲ ထိုင်လျက် ရှိလေသည်။ တောက်ပဝင်းလက်သော မျက်လုံးကြီးများသည် ရှေ့တည့်တည့်သို့ ငေးစိုက်ကြည့်နေကြသည်။ နီကိုလေက ပြန်ရန် မတ်တတ်ထလိုက်ခြင်းကိုပင် မင်းသမီးလေး မေရီ သတိမထားမိချေ။

နီကိုလေသည် မင်းသမီးလေး မေရီကို လှမ်းကြည့်၏။ မင်းသမီးလေး မေရီ ငေးလျက်ရှိခြင်းကို မသိဟန်ပြုလိုသည့်အတွက် ပြင်သစ်သူဘူရင်းနှင့် စကားအနည်းငယ်



www.burmeseclassic.com

ပြောဆိုပြီးနောက် မင်းသမီးလေးမေရီကို လှမ်းကြည့်လိုက်ပြန်၏။ မင်းသမီးလေး မေရီသည် ထိုင်မြဲ ထိုင်လျက်ပင်ရှိ၏။ ၎င်း၏နူးညံ့သိမ်မွေ့သော မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ယှက်သန်းလျက် ရှိလေသည်။ ဤတွင်မှ နီကိုလေသည် မင်းသမီးလေးမေရီအတွက် စိတ်မကောင်းဖြစ်သွားကာ မင်းသမီးလေး မေရီဝမ်းနည်းလျက်ရှိခြင်းမှာ မိမိကြောင့် ဖြစ်လိမ့်မည်ဟု ဝိုးတဝါး သတိပြုလိုက်မိသည်။ နီကိုလေသည် မင်းသမီးလေး မေရီကို အားပေးနှစ်သိမ့်စကားပြောရန် စိတ်ကူးမိ၏။ သို့ရာတွင် ပြောစရာစကားတစ်လုံးမျှ ရှာမရချေ။

"သွားခွင့်ပြုပါဦး ထိပ်ထား" နီကိုလေက ဆို၏။

မင်းသမီးလေး မေရီသည် လှုပ်ရှားစပြုကာ မျက်နှာနီရဲလာရာမှ သက်ပြင်းချလိုက်သည်။

"သြော် ဟုတ်ကဲ့၊ ပြန်တော့မလား မြို့စားလေး"

မင်းသမီးလေး မေရီသည် အိပ်ရာမှနိုးလာသူကဲ့သို့ ပြော၏။

"ထိပ်ထားကို ခွင့်လွှတ်ပါနော်၊ ကဲ ကြွပေဦးတော့။ သြော် အရီးတော်ဖို့ မှီအုံးတစ်လုံး ထိုးထားတာ ပေးလိုက်ရဦးမယ်"

"ခဏနေပါဦး မြို့စားလေး။ ကျွန်မ သွားယူလိုက်ပါမယ်" ပြင်သစ်သူ ဘူရင်းသည် ခန်းဆောင်ထဲမှ ထွက်သွားလေသည်။

နီကိုလေနှင့် မင်းသမီးလေး မေရီတို့ နှစ်ဦးသည် တစ်ဦးကို တစ်ဦး မကြာခဏ လှမ်းကြည့်ရင်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ကြသည်။ နောက်ဆုံး၌ နီကိုလေက မချိပြုံး ပြုံးလိုက်ရာက

"ကျွန်တော်တို့ နှစ်ယောက် ဘိုဂူချာရိုဗိုမှာ ပထမဆုံး စတွေ့ကြတာကို မှတ်မိပါသေးလား ထိပ်ထား။ ကျွန်တော်တို့တွေ့ကြတာဟာ သိပ်မကြာသေးဘူးလို့ ထင်ရပေမယ့် ကြာခဲ့ပြီနော်။ ဒီအတွင်းမှာ မြစ်ရေတွေဟာ ဘယ်လောက်များ စီးသွားကြပြီလဲ မသိဘူး။ အဲဒီတုန်းကများ ကျွန်တော့်မှာလဲ ဒုက္ခတွေ ပတ်ချာဝိုင်း၊ ထိပ်ထားမှာလဲ ဒုက္ခတွေ ပတ်ချာဝိုင်းလို့၊ ဒုက္ခတွေကြားထဲမှာ ကျွန်တော်တို့ နှစ်ယောက် ဆုံစည်းခဲ့ကြရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပျော်ခဲ့ကြတာပဲ။ ခု ဒီလို မပျော်တော့ဘူး ထိပ်ထား။ အဲဒီတုန်းကလိုပျော်အောင် ဘယ်လိုပဲ ကြိုးစားသော်လဲ မရတော့ဘူး"

နီကိုလေက ဤစကားများကို ပြောလျက်ရှိစဉ်၌ မင်းသမီးလေး မေရီသည် တောက်ပသော မျက်လုံးများဖြင့် နီကိုလေ၏ မျက်လုံးများထဲသို့ တမင်စိုက်ကြည့်လျက်ရှိသည်။ ထိုစကားများသည် နီကိုလေ၏ ရင်ထဲ နှလုံးထဲမှ ခံစားချက်များကိုဖော်ပြသော စကားများ ဖြစ်သဖြင့် ထိုစကားများ၏ နောက်ကွယ်မှ အဓိပ္ပာယ်ကိုလည်း စဉ်းစားလျက်ရှိပုံ ရလေသည်။

"ဟုတ်တော့ ဟုတ်တာပေါ့လေ" မင်းသမီးလေး မေရီက ဆို၏။ "ဒါပေမဲ့ ထိပ်ထား ထင်ပါတယ်လေ။ မြို့စားလေးအဖို့ အတိတ်ကို ဒီလောက်လွမ်းဆွတ်တသနေဖို့ အကြောင်းမရှိလှဘူးလို့၊ ထိပ်ထား မြင်ရသလောက်ဆိုရင် ခုလဲပဲ မြို့စားလေးရဲ့ဘဝဟာ ပျော်ပျော်ကြီး ကျေကျေနပ်နပ်ကြီးနေနိုင်တဲ့ ဘဝပါ။ မိခင်ကြီးကို စိတ်ချမ်းချမ်းသာသာဖြစ်အောင် ထားတယ်။ မိခင်ကြီး စိတ်ချမ်းသာရေးအတွက် ကိုယ့်ကိုယ်ကို အနစ်နာခံတယ်ဆိုတာဟာ မြတ်တဲ့အလုပ်တွေပါ။ ထိပ်ထားလေးမှာသာ"

"ထိပ်ထား ချီးမွမ်းတာကို ကျွန်တော် လက်မခံနိုင်ပါဘူး ထိပ်ထား" နီကိုလေက ကြားဖြတ် ပြောလိုက်၏။

"ထိပ်ထားကသာ ကျွန်တော့်ဘဝကို ပျော်စရာကျေနပ်စရာလို့ ထင်ပေမယ့် ကျွန်တော်ကတော့ ကိုယ့်ဘဝကို ကျေလဲ မကျေနပ်ဘူး။ ပျော်လဲ မပျော်ဘူး။ ထားပါလေ။ ဒီအကြောင်းတွေဟာ စိတ်ဝင်စားစရာ မကောင်းပါဘူး။ ပြောနေလို့လဲ အလကားပါပဲ"

နီကိုလေမျက်နှာသည် ယခင်ကကဲ့သို့ သုန်မှုန်အေးစက်သောအသွင်ကို ဆောင်သွားပြန်သည်။ သို့ရာတွင် ထိုခဏ၌ မင်းသမီးလေး မေရီအဖို့ မိမိ တစ်ခါက သိကျွမ်း၍ တစ်ခါက ချစ်ခဲ့ဖူးသော လူတစ်ယောက်၏ အသွင်သဏ္ဌာန်သည် နီကိုလေ၏ မျက်နှာအသွင်အပြင်၌ ရုတ်ချည်းပေါ်လာ၏။ ယခု မိမိသည် ထိုလူနှင့် စကားပြောနေခြင်း မဟုတ်လော။

"ထိပ်ထား တစ်ခုတော့ ပြောပါရစေ မြို့စားလေး။ ပြောခွင့်ပြုလိမ့်မယ်လို့လဲ ထိပ်ထား ထင်ပါတယ်" မင်းသမီးလေး မေရီက ဆို၏။ "ထိပ်ထားဟာ မြို့စားလေးနဲ့ ခင်မင်ပါတယ်။ မြို့စားလေးတို့ တစ်အိမ်သားလုံးနဲ့ ဆိုရင်လဲ အထူးပြောဖို့ မလိုတော့ပါဘူး။ ဒီတော့ ဒီအချိန်



www.burmeseclassic.com

မှာ ထိပ်ထားအနေနဲ့ လာရောက်လည်ပတ်ပြီး တတ်နိုင်သမျှ အားပေးကူညီဖို့ ဝတ္တရားရှိပါတယ်။ ဒီလို လာရောက်အားပေးခြင်းကိုလဲ မြို့စားလေး စိတ်ထဲမှာ မသိုးမသန့်ဖြစ်လိမ့်မယ်လို့ ထိပ်ထား နည်းနည်းလေးမှ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ ခုတော့ ထိပ်ထားထင်သလို မဟုတ်ဘူး။ ထိပ်ထား ခင်သလို မခင်ဘူး"

မင်းသမီးလေး မေရီသည် ဣန္ဒြေဆည်၍ စကားကို ဆက်ပြန်၏။

"မြို့စားလေးဟာ ထိပ်ထားအပေါ်မှာ စိမ်းကားတယ်။ အရင်ကနဲ့ မတူတော့ဘူး ပြီးတော့"

"ဟုတ်ပါတယ်။ ကျွန်တော်ဟာ အရင်ကနဲ့ မတူတော့ဘူး ထိပ်ထား။ ဘာကြောင့် မတူသလဲဆိုတဲ့ အကြောင်းတွေကတော့ တစ်ထောင်လောက် ရှိပါလိမ့်မယ်။ ပြောလို့တောင်ကုန်မှာ မဟုတ်ပါဘူး" နီကိုလေက ဘာကြောင့်ဆိုသောစကားများကို အလေးအနက်ပြု၍ ပြောသည်။ "ဒီလို လာရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ထိပ်ထား" နီကိုလေက ခပ်တိုးတိုး ပြော၏။ "တစ်ခါတလေကျတော့လဲ လောကကြီးကို နာကြည်းတယ် ထိပ်ထား"

"သြော် ဒါကြောင့်ကိုး" မင်းသမီးလေး မေရီ၏ ရင်ထဲက ဆိုမိ၏။ 'နီကိုလေဟာ တစ်ခါတုန်းက သဘောကောင်းတယ်။ ကြင်နာတတ်တယ်။ ပျော်တတ်တယ်။ ပွင့်လင်းတယ်။ သူ့ကို ငါချစ်ခဲ့တာဟာ သူ ရုပ်ချောလို့တင် မဟုတ်ဘူး။ အဲဒီအရည်အချင်းတွေကြောင့်လဲ ချစ်ခဲ့မိတာပဲ။ သူ့ရဲ့ မြင့်မြတ်တဲ့စိတ်၊ ယောကျ်ားပီသတဲ့ စိတ်၊ အနစ်နာခံတဲ့ စိတ်ကိုလည်း ငါ မြတ်နိုးတယ်' မင်းသမီး မေရီက တွေး၏။ 'ခုတော့ သူက ဆင်းရဲပြီး ငါက ချမ်းသာနေတယ်။ ဒါကြောင့် ဖြစ်မှာပါပဲ။ ဒီကွာခြားချက် မရှိခဲ့ရင်' မင်းသမီးလေး မေရီသည် ယခင် နီကိုလေ၏ နူးညံ့သိမ်မွေ့သောစိတ်ထားကို အမှတ်ရလာ၏။ မင်းသမီးလေး မေရီသည် နီကိုလေ၏ညှိုးငယ်သောမျက်နှာကို ကြည့်ရာက နီကိုလေ၏ အေးစက်ခက်ထန်ခြင်း အကြောင်းရင်းကို ရုတ်တရက် သဘောပေါက်လာခဲ့လေသည်။

"ဘာဖြစ်လို့ နာကြည်းရတာလဲ မြို့စားလေး ဟင်" မင်းသမီးလေး မေရီသည် ခပ်ကျယ်ကျယ်မေးရင်းက ရှေ့သို့ မသိမသာ တိုးလာမိ၏။ "ဘာဖြစ်လို့လဲ၊ ထိပ်ထား မသိရဘူးလား ဟင်။ ထိပ်ထားကို ပြောမပြနိုင်ဘူးလား"

နီကိုလေသည် တိတ်ဆိတ်လျက် ရှိ၏။

"မြို့စားလေး ဘာကြောင့် နာကြည်းနေတယ်ဆိုတာကို ထိပ်ထား နားမလည်ဘူး" မင်းသမီးကလေးမေရီက ဆို၏။ "တစ်ခါတလေတော့ ထိပ်ထားလဲ ဒီလိုပါပဲ။ လောကကြီးကို နာကြည်းမိတာပဲ။ ဒါပေမဲ့ မြို့စားလေးဟာ ထိပ်ထားတို့အပေါ်မှာ ဘာကြောင့် ဒီလောက် တစိမ်းပြင်ပြင်ကြီး ဖြစ်နေတယ်ဆိုတာကိုတော့ ထိပ်ထားလေး နားမလည်ဘူး။ ထိပ်ထား သိပ်ဝမ်းနည်းတယ်" မင်းသမီးလေးမေရီ၏ မျက်လုံးများ၌ မျက်ရည်တွေ ဝဲလာ၏။ အသံသည် တုန်လာ၏။ "ထိပ်ထားဟာ လောကကြီးမှာ ပျော်ရွှင်မှုဆိုလို့ ဘာမှ မရှိတဲ့ မိန်းမတစ်ယောက်ပါ။ ပျော်စရာတွေ ရှိပြီးသူတစ်ယောက်အဖို့ ပျော်စရာ တစ်ပိဿာလောက် လျော့သွားလို့လဲ အရေးမကြီးလှပါဘူး။ တခြား အစားထိုးစရာတွေ ရှိသားပဲ။ ထိပ်ထားတို့လို ပျော်စရာခေါင်းပါးတဲ့ သူတွေမှာသာ တစ်ပြားသားလျော့လဲ လျော့မှန်းသိသိဖြစ်ရတာပါ။ ကဲ ထိပ်ထားကို ခွင့်လွှတ်ပါ"

မင်းသမီးလေး မေရီသည် ရုတ်တရက် ငိုချလိုက်ကာ ခန်းဆောင်ထဲမှ ပြေးထွက်သွားလေသည်။

"ထိပ်ထား ထိပ်ထား" နီကိုလေက လှမ်းခေါ်လိုက်သည်။

မင်းသမီးလေး မေရီသည် တံ့ခနဲရပ်ကာ လှည့်ကြည့်၏။ ၎င်းတို့နှစ်ဦးသည် စက္ကန့်အတန်ကြာမျှ မျက်လုံးချင်းဆိုင်ကြည့်မိကြ၏။ မဖြစ်နိုင်ဟု ထင်ခဲ့ရသော အရာ၊ ဝေးလံသည်ဟု ထင်ခဲ့ရသောအရာ ကွာခြားသည်ဟု ထင်ခဲ့ရသောအရာတို့သည် ဖြစ်နိုင်သောအရာ၊ နီးစပ်သောနေရာ၊ ရောင်၍ မရသော အရာများအဖြစ်သို့ တစ်မဟုတ်ချင်း ပြောင်းလဲသွားကြပေသတည်း။

## အခန်း ၇

၁၈၁၇-ခုနှစ်၊ ဆောင်းရာသီ၌ နီကိုလေသည် မင်းသမီးလေးမေရီနှင့် လက်ထပ်လိုက်လေသည်။ ထို့နောက် မိမိ၏ကြင်ရာနှင့်တကွ မိခင် မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ကိုပါ ခေါ်၍ 'တောင်ကတုံး' သို့ ပြောင်းရွှေ့လာခဲ့သည်

နီကိုလေသည် မိမိ၏ ကြင်ရာဖြစ်သူ မင်းသမီးလေး



www.burmeseclassic.com

မေရီ၏ ပစ္စည်းများကို ထုခွဲရောင်းချခြင်း မပြုဘဲ လေးနှစ်အတွင်း ကျန်ကြွေးမြီများအားလုံးကို ဆပ်ခဲ့၏။ ထို့ပြင် ဝမ်းကွဲတစ်ဦး ကွယ်လွန်အနိစ္စရောက်သဖြင့် ရစရာရှိသော အမွေကလေးများ ရရှိလိုက်သဖြင့်လည်း ယောက်ဖဖြစ်သူ ပီယာ၏ ကြွေးများကို ပြန်ဆပ်နိုင်ခဲ့လေသည်။

နောင်သုံးနှစ်ကြာ၍ ၁၈၂၀-ပြည့်နှစ်သို့ ရောက်သောအခါ၌ နီကိုလေ၏ စီးပွားရေးအခြေအနေမှာ များစွာ ကောင်းမွန်လာခဲ့လေပြီ။ 'တောင်ကတုံး' နှင့် ကပ်လျက်တည်ရှိသော ပိုင်စားနယ်မြေကလေးတစ်ခုကို ဝယ်နိုင်ခဲ့ရုံမျှမက မိမိဖခင်ကြီးလက်ထက်က လက်လွှတ်ခဲ့ရသော အိုထရာနီ ပိုင်စားနယ်မြေကြီးကိုပင် ပြန်၍ ဝယ်ယူရန် စကားကမ်းလှမ်းလျက် ရှိလေပြီ။ နီကိုလေသည် အိုထရာနီ ပိုင်စားနယ်မြေကြီး၌ စိုက်ပျိုးရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်ရန် ငယ်စဉ်ကတည်းက စိတ်ကူးခဲ့သည် မဟုတ်လော။

သို့ဖြင့် နီကိုလေသည် စီးပွားရေးအခက်အခဲကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်ခဲ့ရာမှ ထိုလုပ်ငန်းသည် ၎င်း၏အနှစ်သက်ဆုံးသောလုပ်ငန်းနှင့် အဓိကအကျဆုံး လုပ်ငန်းတစ်ခု ဖြစ်လာခဲ့လေသည်။ နီကိုလေသည် စိုက်ပျိုးရေးသမားတစ်ဦးအနေဖြင့် မိရိုးဖလာ အစဉ်အလာသမားတစ်ဦးဖြစ်၏။ စိုက်ပျိုးရေးတွင် အသစ်တီထွင်မှုများကို မကြိုက်။ အထူးသဖြင့် ထိုစဉ်က ခေတ်စားစပြုနေသော အင်္ဂလိပ်တို့၏ လယ်ယာစိုက်ပျိုးရေးနည်းကို မနှစ်သက်ချေ။ ပိုင်စားနယ်မြေ အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသော သဘောတရားဆိုင်ရာ စာအုပ်စာတမ်းများကို ရယ်မောလှောင်ပြောင်တတ်၏။ စက်ရုံ အလုပ်ရုံများ ထွန်းကားလာခြင်းကို မုန်းတီး၏။ စရိတ်စကကြီးသော ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းကို ဆန့်ကျင်၏။ ဈေးကြီးသော မျိုးပြောင်းမျိုးများ ဝယ်ယူစိုက်ပျိုးခြင်းကိုလည်း မကြိုက်ချေ။ နီကိုလေသည် မိမိ၏ ပိုင်စားနယ်မြေပေါ်တွင် မြေစမ်းခရမ်းပျိုးသည့်နည်းဖြင့် အပျော်လုပ်ခြင်းကို မနှစ်သက်ချေ။ နီကိုလေသည် ပိုင်စားနယ်မြေကြီးတစ်ခုလုံးကိုစုကို ခြုံငုံစဉ်းစားခြင်း ပြု၏။ ခွဲခြားစဉ်းစားခြင်း မပြုချေ။ နီကိုလေအဖို့ မြေကြီးထဲ၌ ပါဝင်သည့် နိုက်ထရိုဂျင်ဓာတ်သည်လည်း အရေးမကြီး။ လေထဲတွင် ပါသော အောက်စီဂျင်ဓာတ်သည်လည်း အရေးမကြီး၊ မြေဩဇာသည်လည်း အရေးမကြီး၊ သိပ္ပံထယ်များသည်လည်း အရေးမကြီး။ အရေးကြီးသည်မှာ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်၊ မြေဩဇာ၊ သိပ္ပံထယ် စသည့်အရာများအားလုံး အကျိုးရှိအောင် အသုံးချပေးသည့် လယ်ယာအလုပ်သမား သာလျှင် ဖြစ်ပေသည်။ နီကိုလေသည် စိုက်ပျိုးရေးလုပ်ငန်းကို စတင်ခဲ့ပြီးနောက် အထိုက်အလျောက် နားလည်လာသည့်အခါ၌ မြေကျွန်များကို အထူးစိတ်ဝင်စားလာ သည်။ နီကိုလေ၏အမြင်၌ လယ်သမားဟူသည် ခိုင်းစရာ သတ္တဝါတစ်ဦးမျှသာမက လယ်ယာစိုက်ပျိုးရေး ကိစ္စအဝဝကို ရှိုင်းချိန်ဆုံးဖြတ်နိုင်သူ ခုံသမာဓိတစ်ဦး၊ အသက်ရှင်ရန်အတွက် လယ်လုပ်သူတစ်ဦး မဟုတ်ဘဲ လယ်လုပ်ရန်အတွက် အသက်ရှင်နေသူတစ်ဦးဟု ယူဆလေသည်။ အစပထမ၌ နီကိုလေသည် မြေကျွန်များကို အကဲခတ်ကြည့်၏။ ယင်းတို့၏ ရည်ရွယ်ချက်များ၊ စိတ်ကူးစိတ်သန်းများ၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားပုံများကို လေ့လာကြည့်၏။ နီကိုလေသည် ၎င်းတို့အား ညွှန်ကြားဟန်၊ အမိန့်ပေးဟန် ပြုနေသော်လည်း တကယ်၌ကား ၎င်းတို့၏နည်းနိသျများ၊ ၎င်းတို့ပြောပုံဆိုပုံများ၊ အဆိုးအကောင်း ၎င်းတို့ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားပုံများကို ၎င်းတို့ထံမှ လေ့လာ သင်ယူနေခြင်းသာ ဖြစ်လေသည်။ လယ်သမားများ၏ စိတ်ကူးမျှော်မှန်းချက်များ၊ နှစ်သက်မှုများကို နားလည်လာသည့်အခါ၌ကား နီကိုလေသည် ၎င်းတို့၏ဘာသာစကားကို ပြောတတ်လာခဲ့လေသည်။ ၎င်းတို့စကားများ၏ နောက်ကွယ်တွင် ရှိသော အဓိပ္ပာယ်များကို နားလည်လာခဲ့လေသည်။ ၎င်းတို့ကို ခင်မင်ရင်းနှီးလာခဲ့လေသည်။ ၎င်းတို့အား ဝတ္တရားနှင့် အညီ ရဲရဲရင့်ရင့် အုပ်ထိန်းစောင့်ရှောက်လာတတ်လေသည်။ ဤသို့ဖြင့် နီကိုလေ၏ ကျွမ်းကျင်သော အုပ်ချုပ်မှုသည် အောင်မြင်လာခဲ့လေသည်။

နီကိုလေသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဦးစီး လုပ်ကိုင်လာပြီးနောက် မကြာမီမှာပင် အလုပ်၌ လာဘ်မြင်လာခဲ့၏။ ပစ္စည်းထိန်းတစ်ယောက်ကို လည်းကောင်း၊ ရွာလူကြီးတစ်ယောက်ကို လည်းကောင်း ခန့်အပ်၏။ မြေကျွန်များ၌ ၎င်းတို့ ကိုယ်စားလှယ်ကို ရွေးချယ်တင်မြှောက်ခွင့်ရှိသည့်အလျောက် ၎င်းတို့၏ ကိုယ်စားလှယ်တစ်ဦးကိုလည်း ခန့်အပ်စေ၏။ ဤသို့ဖြင့် ၎င်းတို့ကို အမြဲတမ်းခန့်ထားလိုက်၏။ မြေဩဇာ၌ ပါဝင်



www.burmeseclassic.com

သည့် ဓာတ်များကို ခွဲထုတ်စစ်ဆေးခြင်း၊ ပင်ငွေ ထွက်ငွေ စာရင်းရှင်းတမ်း (နီကိုလေသည် ဤဝေါဟာရကို ပြောတိုင်း လှောင်ပြောင်သည့်လေသံဖြင့် ပြောတတ်၏။) ရေးမှတ်ခြင်း စသည်တို့ကို မပြုလုပ်မီ နီကိုလေသည် လယ်သမားများ၌ ကျွဲ၊ နွား၊ တိရစ္ဆာန် မည်မျှရှိသည်ကို စာရင်းကောက်စေ၏။ ကျွဲ၊ နွား တိရစ္ဆာန်ဦးရေနည်းလျှင် ဖြစ်သည့်နည်းဖြင့် မများ များအောင် ဖြည့်ပေး၏။ လယ်သမား အိမ်ထောင်စု များကိုလည်း အဖြစ်နိုင်ဆုံးသောနည်းများဖြင့် အစုကြီးများ ဖွဲ့၍ အုပ်စည်းမပျက် နေစေ၏။ အိမ်ထောင်အုပ်စုများကို သီးခြားနေခွင့်မပေးဘဲ ဘုံအဖွဲ့များအဖြစ် စုပေါင်းစေ၏။ နီကိုလေသည် ပျင်းရိသူ၊ အကျင့်မကောင်းသူများကိုမူ ပြင်းပြင်းထန်ထန် ဆုံးမကာ လယ်သမားဘုံအဖွဲ့မှ ထုတ်ပစ်စေခြင်း ပြုလေသည်။

လယ်သမားများ၏ ပြောင်းခင်းများနှင့် ကောက်နံ ခင်းများ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းစသည့် ကိစ္စများ၌ လည်း နီကိုလေသည် မိမိကိုယ်ပိုင်ပစ္စည်းကဲ့သို့ ဂရုတစိုက် အကြံပေးဆောင်ရွက်လေ့ ရှိ၏။ ဤသို့ဖြင့် နီကိုလေသည် စိုက်ပျိုးရေးကို ကိုယ်ဖိရင်ဖိ လုပ်ဆောင်လာခဲ့ရာ စောစွာ ပျိုးကြဲခြင်း၊ ကောက်နံ့အောင်ခြင်း၊ ကောက်ထွက်ကောင်း ခြင်းတို့၌ နီကိုလေကို မီသော မြေရှင် တစ်ယောက်မျှ မရှိ ချေ။

နီကိုလေသည် မြေကျွန်များပေါ်၌ သံယောဇဉ် ကြီးသလောက် အိမ်ကျွန်များကို မုန်းတီးသည်။ အိမ်ကျွန် များနှင့် အဆက်အဆံမပြုဘဲ ကင်းရှင်းစွာနေလိုသည်။ အိမ်ကျွန်ဟူသည် ပျင်းရိသောသတ္တဝါများဖြစ်သည့်အတွက် ၎င်းတို့ကို နီကိုလေက 'ပျားထီး' များဟု ခေါ်လေ့ ရှိလေ သည်။ အိမ်ကျွန်များ အကျင့်စာရိတ္တပျက်စီးရခြင်းမှာ နီ ကိုလေက ဤသို့ ဥပေက္ခာပြုလွန်းအားကြီးသောကြောင့် ဖြစ်သည်ဟု ဆိုကြ၏။ အိမ်ကျွန်တစ်ယောက်နှင့် ပတ် သက်၍ စဉ်းစားဆုံးဖြတ်ရန် အဘူးသဖြင့် အပြစ်ပေးရန် ရှိလာသည့်အခါများ၌ နီကိုလေသည် ဝေခွဲမရဖြစ်ကာ အိမ်ရှိလူကုန် တိုင်ပင်တတ်၏။ သို့ရာတွင် စစ်သည် စုဆောင်း၍ အချိုးပြုမည့်အခါများ၌ကား နီကိုလေ သည် မြေကျွန်ကို မည်သည့်အခါမှ မထည့်ဘဲ အိမ်ကျွန် များကို ရက်ရက်ရောရောကြီး ထည့်လိုက်တတ်လေသည်။ မြေကျွန်များနှင့် ဆက်ဆံရာ၌မူ နီကိုလေသည် ဆုတ်ဆိုင်း ခြင်း မရှိ။ ရဲဝံ့လှသည်။ မိမိဆုံးဖြတ်သော အရာတိုင်း ကို မြေကျွန်များအားလုံးက ကျိုးနွံစွာ လိုက်နာကြသည်ကို လည်း နီကိုလေ သိပြီး ဖြစ်လေသည်။

နီကိုလေသည် မြေကျွန်များနှင့် ဆက်ဆံရာတွင် တင်းလည်း မတင်းလွန်း၊ လျှော့လည်း မလျှော့လွန်း၊ ပြစ်ဒဏ်လည်း မပေး၊ ချော့လည်း မချော့၊ ခပ်မှန်မှန်သာ ဆက်ဆံသည်။ အလုပ်တစ်ခုကို မိမိပြုသင့် မပြုသင့် ဆုံးဖြတ်ရာ၌ မည်သည့်စံချိန်ဖြင့်တင်၍ ဆုံးဖြတ်သည်ဟု မပြောနိုင်သော်လည်း ၎င်း၏စိတ်ထဲ၌ကား သူ့စံချိန်နှင့် သူ အခိုင်အမာရှိပြီး ဖြစ်လေသည်။

တစ်ခါတစ်ရံ မြေကျွန်များ လုပ်ပုံ ကိုင်ပုံကို စိတ် တိုင်းမကျသည့်အခါများ၌ 'အင်း ငါတို့ ရုရှားလယ်သမား တွေနဲ့ အလုပ်လုပ်လို့တော့ ဖြစ်မယ်မထင်ပါဘူး'ဟု တွေးကာ ထွက်ပြေးချင်စိတ်များပင် ပေါ်၍ လာတတ်လေ သည်။

သို့သော်လည်း နီကိုလေသည် ထို 'ငါတို့ ရုရှား လယ်သမားတွေ'ကိုပင် ခင်တွယ်လျက် ရှိလေပြီ။ ၎င်းတို့၏ ဘဝကို လုံးလုံးလျားလျားကြီး သဘောကျလျက် ရှိလေပြီ။ ထို့ကြောင့်လည်း နီကိုလေသည် လယ်သမားများ၏ သမားရိုးကျ စိုက်ပျိုးနည်းတစ်ခုတည်းကိုသာ အပတ် တကုတ်လေ့လာ၍ ထိုနည်းအတိုင်း လုပ်ဆောင်ခဲ့သည် မဟုတ်လော။

မြို့စားကတော်လေး မေရီသည် မိမိ၏ကြင်ရာ နီကိုလေက ဤမျှ စိုက်ပျိုးရေးလုပ်ငန်းတွင် စိတ်အား ထက်သန်လျက်ရှိခြင်းကို မနာလိုဝန်တိုဖြစ်မိ၏။ ကြင်ရာ နီကိုလေနှင့် ဒိုးတူပေါင်ဖက် မလုပ်နိုင်ခြင်းတို့ကြောင့် လည်း ဝမ်းနည်းမိ၏။ မိမိနှင့် စိုက်ပျိုးရေးလုပ်ငန်းသည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သည်ဟု မြို့စားကတော် လေး မေရီ ယူဆ၏။ ဤသို့ စိတ်ဝင်စားစရာ မကောင်း သော စိုက်ပျိုးရေးလုပ်ငန်းကို နှစ်သက်ကြည်နူးလျက်ရှိ သော နီကိုလေကို ကြည့်၍ အံ့ဩမိ၏။ နီကိုလေသည် အရုဏ်တက်လောက်မှ ထွက်သွားတတ်ပြီး တစ်မနက် လုံး ယာတောထဲတွင်လည်းကောင်း၊ တလင်းထဲတွင်လည်း ကောင်း အချိန်ကုန်စေ၏။ ပျိုးကြဲခြင်း၊ ကောက်ရိတ် ခြင်း၊ ကောက်လှေ့ခြင်း စသည့်ကိစ္စများပြီး၍ လက်ဖက် ရည်သောက်ပြန်လာသည့်အခါများ၌ နီကိုလေသည် အထူး



www.burmeseclassic.com

ရှင်မြူးလျက် ရှိတတ်လေရာ ဤအချက်ကိုလည်း မြို့စားကတော်လေး မေရီမှာ နားမလည်နိုင်အောင် ဖြစ်မိ၏။ ကိုယ်ပိုင်လယ်ကို လုပ်သည့် လယ်သမားတစ်ဦးဖြစ်သည့် မက်သယူး အာမီရှင်ဆိုသူသည် ဇနီး၊ သားသမီးများနှင့်တကွ တစ်ညလုံး ကောက်သိမ်းကြောင်း၊ ၎င်း၏ စိုက်ပျိုးနည်းမှာ များစွာကောင်းမွန်ကြောင်း စသည့် အကြောင်းများကို နီကိုလေက အားတက်သရောပြောသည့်အခါ၌လည်း မြို့စားကတော်လေး မေရီသည် မည်သည့်အတွက်ကြောင့် နီကိုလေ ဤမျှ စိတ်အားထက်သန်ခြင်း ဖြစ်ရသည်ကို နားမလည်နိုင်အောင် ဖြစ်ရလေသည်။ ကောက်လှိုင်းစည်း ပြိုင်ပြဲရာ၌ ဖမိက အနိုင်ရကြောင်းကို နီကိုလေက ဝမ်းသာအားရ ပြောသည့်အခါ၌လည်း မြို့စားကတော်လေးသည် အရသာ မခံတတ်ချေ။ တစ်ခါတစ်ရံ၌ နီကိုလေသည် စံအိမ်ရှေ့စင်္ကြံသို့ ထွက်၍ ယာတောဘက်သို့ မျှော်ကြည့်တတ်သည်။ ခြောက်သွေ့၍ ရေငတ်လျက်ရှိသော အနံ့ထွက်စ ပြောင်းခင်းများပေါ်သို့ မိုးဖွားကလေးများသည် တဖွဲဖွဲကျလာတတ်ကြ၏။ ထိုအခါမျိုး၌ နီကိုလေသည် နှုတ်ခမ်းမွေးများအောက်မှ ပြုံးကာ မျက်စိတစ်ဖက် မှိတ်ပြလျက် အပျော်ကြီး ပျော်လျက် ရှိလေသည်။ မည်သည့်အတွက်ကြောင့် ကြင်ရာ နီကိုလေတစ်ယောက် ဤမျှ ပျော်နေရသည်ကိုလည်း မြို့စားကတော်လေး မေရီ နားမလည်ချေ။ သို့မဟုတ်လျှင်လည်း မြက်ခြောက်ရိတ်ချိန်၌ အုံ့မှိုင်းညို့ဆိုင်းသော တိမ်တိုက်များ လေဝှေ့ရာသို့ လွင့်ပါ ပြိုကွဲသွားသည့်အခါတွင် နီကိုလေသည် စပါးစည့်ဘက်ဆီမှ ချွေးသံအလိမ်းလိမ်းဖြင့် မောကြီးပန်းကြီး ပြန်လာတတ်၏။ ၎င်း၏မျက်နှာသည် နေလောင်သဖြင့် ရဲလျက်ရှိ၏။ ၎င်း၏ကိုယ်မှ မြက်ခြောက်နံ့၊ မြေဆွေးနံ့တို့သည် သင်းနေတတ်၏။ နီကိုလေသည် လက်နှစ်ဖက်ကို ဖုတ်ဖက်ခါရင်းက "မိုးမင်းရေ မရွာလိုက်နဲ့ဦးဗျ။ ဒါမှ ကျုပ်ကောက်နံ့တွေ သိမ်းချိန်ရမယ်"ဟု ဝမ်းသာခြင်း တစ်ဝက်၊ စိုးရိမ်ခြင်း တစ်ဝက်ဖြင့် ဆုတောင်းတတ်သည်။ ဤအခြင်းအရာမျိုးကိုလည်း မြို့စားကတော်ကလေး မေရီသည် ဝမ်းသာစရာလော၊ စိုးရိမ်စရာလော မဝေခွဲတတ်ချေ။

မြို့စားကတော်လေး မေရီ့အမြင်၌ နီကိုလေသည် သနားညှာတာတတ်သူ ဖြစ်၏။ မယား၏အလိုကို လိုက်သူ ဖြစ်၏။ တစ်ခါတစ်ရံ၌ လယ်သမားများ၊ လယ်သူမများသည် အလုပ်မှ ခွင့်ပေးရန် မြို့စားကတော်လေး မေရီထံ လာ၍ အသနားခံကြ၏။ မြို့စားကတော်လေး မေရီက နီကိုလေကို အကျိုးအကြောင်း ပြောပြရ၏။ ထိုအခါမျိုး၌ သနားကြင်နာတတ်၍ မယားအလိုကို လိုက်တတ်သော နီကိုလေသည် တရှူးရှူး တရှားရှားဒေါသဖြစ်တက်လေသည်။ ဤသည်ကိုလည်း မြို့စားကတော်လေး မေရီ နားမလည်ချေ။ မိမိကိုချစ်၍ မိမိကို အလိုလိုက်တတ်သော နီကိုလေသည် မည်သည့်အတွက်ကြောင့် မိမိစကားကို ငြင်းပယ်ခြင်း ပြုသနည်း။ မဆိုင်သောအလုပ်ကို ဝင်မစွက်နှင့်ဟု မည်သည့်အတွက်ကြောင့် ကောက်တောက်ခါးခါး ပြောသနည်း။ မြို့စားကတော်လေး မေရီ မစဉ်းစားတတ်ချေ။ နီကိုလေတွင် သီးခြားကမ္ဘာလောကတစ်ခု ရှိ၍ နီကိုလေသည် ထိုကမ္ဘာလောကကို အလွန်အမင်းနှစ်သက်သည်။ ထိုကမ္ဘာလောက၌ မိမိ နားမလည်နိုင်သော နိယာမတရားများ ရှိသည် ဟူ၍သာ မြို့စားကတော်လေး မေရီသည် မိမိကိုယ်ကို မိမိ နှစ်သိမ့်ရသည်။

တစ်ခါတစ်ရံ၌လည်း မြို့စားကတော်လေး မေရီသည် မိမိ၏ကြင်ရာ နီကိုလေကို နားလည်ရန် ကြိုးစားပါသည်။ မိမိကြင်ရာသည် မြေကျွန်များ၏ အကျိုးအတွက် မည်မျှဆောင်ရွက်ကြောင်းကို တတ်သမျှမှတ်သမျှ အလိုက်အထိုက် ပြောကြည့်ပါသေးသည်။ သို့ အလိုက်အထိုက် ပြောခြင်းဖြင့် နီကိုလေ သဘောကျမည်ဟု ထင်ပါသည်။ ဝေးစွ။ ထိုအခါ၌ နီကိုလေသည် နားမလည်သကဲ့သို့ မျက်မှောင်ကြီး ကုတ်လျက်

"အို့ မဆိုင်ပါကွယ်။ မောင် ဘယ်တုန်းကမှ စိတ်ကူးထဲ မထည့်ခဲ့ဘူး။ သင်းတို့ ကောင်းကျိုးအတွက် ဒါတွေကို မောင် လုပ်နေတာ မဟုတ်ပါဘူး။ ဒါတွေက ကဗျာတွေ ဝတ္ထုတွေထဲမှာ ပြောတဲ့ စကားမျိုး။ မိန်းမအိုကြီးတွေ အလိမ္မာလုပ်ပြောတဲ့ စကားမျိုးတွေပါ။ အိမ်နီးချင်းရဲ့ ကောင်းကျိုးကို လုပ်ရမယ်တဲ့။ ဘာဖြစ်လို့ လုပ်ရမှာလဲ။ မောင့်ရည်ရွယ်ချက်က မောင့်သားတွေ၊ သမီးတွေ သူများဆီသွားပြီး တောင်းစားရတဲ့အဖြစ်မျိုး မရောက်အောင် လုပ်တာ။ မောင့်သားသမီးတွေ မောင့်လို အောက်ကျနောက်ကျ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့်မို့ မောင် အသက်ရှင်နေသရွေ့ မောင့်စီးပွားရေးအခြေအနေ တောင့်တင်းအောင် လုပ်မယ်။ ကြီးပွားအောင် လုပ်မယ်။ မောင့်ရည်ရွယ်



www.burmeseclassic.com

ချက်က ဒါပဲ။ ဒီလိုကြီးပွားဖို့၊ ချမ်းသာဖို့အတွက် ဘာလိုတယ် ထင်သလဲ။ စနစ်နဲ့ ဇယား လိုတယ်ကွ။ စနစ်နဲ့ ဇယား လိုတယ်။ လောကမှာ အဲဒါ အရေးကြီးဆုံးပဲ” နီကိုလေသည် လက်သီးကို ဆုပ်၍ အားရပါးရ ပြော၏။

“ဒါပေမဲ့ မတရားသဖြင့်တော့ မလုပ်ဘူး။ တရားသဖြင့် စင်စင်ကြယ်ကြယ် လုပ်မယ်။ ဓမ္မိယလဒ္ဓ ဖြစ်ရမယ်။ လယ်သမားတစ်ယောက်ဟာ ထမင်းလဲ မစားရဘူး။ အဝတ်လဲ မဝတ်ရဘူး။ လယ်လုပ်ဖို့လဲ မြင်းအိုတစ်ကောင်ပဲ ရှိတယ်ဆိုရင် သူ့အတွက်လဲ ဘာမှ ကောင်းအောင် မလုပ်နိုင်ဘူး။ မောင့်အတွက်လဲ ဘာမှ ကောင်းကျိုးမပေးဘူး။ ဒါကြောင့် သူတို့ ကောင်းကောင်းဝတ်နိုင်အောင် ကောင်းကောင်း စားနိုင်အောင် လယ်လုပ်ဖို့ မြင်းကောင်းကောင်းရှိအောင် လုပ်ပေးနေတာ။ သူတို့ ကောင်းကျိုးအတွက် မောင်က ဒါနပါရမီတွေ ဖြည့်ဆည်းနေတာ မဟုတ်ဘူး။ မောင့် ကောင်းကျိုး၊ မောင့်သားသမီးတွေ ကောင်းကျိုးအတွက် လုပ်နေတာ။ သူတို့ ဝလင်လင်ရှိမှ ခိုင်းကောင်းမှာမို့လို့ သူတို့ကို ဝလင်အောင် လုပ်ပေးနေတာ”

နီကိုလေ လုပ်သမျှသည် အမြဲတမ်း အောင်မြင်တတ်၏။ ဤသို့ အောင်မြင်ခြင်းမှာ မိမိသည် စွန့်ခြင်းကြီး စွန့်၍ အများကောင်းကျိုးအတွက် လုပ်နေခြင်း မဟုတ်ဟု သူ့ဘာသာသူ မထင်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် နီကိုလေ၏ စီးပွားရေး တရိုန်ရိုန် တက်လာသည်ကား အမှန်ပင် ဖြစ်လေသည်။ အနီးပတ်ဝန်းကျင်ရှိ ပိုင်စားနယ်မြေများမှ မြေကျွန်များသည် နီကိုလေထံ လာရောက်၍ ၎င်းတို့ကိုယ်ကို ၎င်းတို့ လာရောက် ရောင်းချကြ၏။ မည်သို့ပင်ဖြစ်စေ နီကိုလေ၏ ဆောင်ရွက်ချက်များသည် သေပြီးနောက်မှာပင် မြေကျွန်များအဖို့ ပြောစမှတ်ပြု၍ ကျန်ရစ်ခဲ့လေသည်။

၎င်းတို့၏ စကားမှာ “သခင်လေးကမှ တကယ့် လူသူတော်ကောင်းဗျ။ လယ်သမားအကျိုးကို အရင်ကြည့်တယ်။ ပြီးမှ သူ့အကျိုးကို ဆောင်ရွက်တယ်။ အေးလေ၊ ဒီလောက် ပြောရုံနဲ့တောင် မလုံလောက်သေးဘူး။ လူသူတော်ကောင်းမှ တကယ့် လူသူတော်ကောင်း” ဟု သတည်း။

# အခန်း ၈

စိုက်ပျိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာ၌ နီကိုလေကို အနှောင့်အယှက်ပေးလျက်ရှိသော အရာတစ်ခု ရှိသည်။ ၎င်းမှာ အခြားမဟုတ်။ မိမိ၏ စိတ်မြန်ခြင်းနှင့် တကွ အရေးရှိလျှင် လက်သီးကို လက်လွတ်စပယ်သုံးတတ်သော မြင်းတပ်ဗိုလ်၏ စရိုက်ဟောင်း ဖြစ်လေသည်။ အစပထမသော် နီကိုလေသည် ဤအကျင့်ဆိုးကို အကျင့်ဆိုးဟု မမြင်သေးချေ။ သို့ရာတွင် လက်ထပ်ပြီးနောက် တစ်နှစ်အကြာ၌ကား ဤသို့ဆုံးမခြင်းကို အကောင်းမမြင်ကာ လုံးလုံးကြီးပြောင်းသွားခဲ့လေပြီ။

တစ်နှစ် နွေရာသီ၌ နီကိုလေသည် ဘိုဂူချာရိုဗိုရွာ လူကြီးကို အခေါ်လွှတ်လိုက်၏။ ထိုလူမှာ ရွာလူကြီးဟောင်း ဒရွန်သေဆုံးပြီးနောက် ဒရွန်၏ နေရာကို ဆက်ခံသူ ဖြစ်လေသည်။ ရွာလူကြီးသည် ရွာကို ကောင်းစွာမအုပ်ချုပ်၊ မရိုးမဖြောင့်ပြုသည်ဟု တိုင်ကြသဖြင့် ခေါ်ခြင်းဖြစ်သည်။ နီကိုလေသည် ဆင်ဝင်ဆောင်အောက်သို့ ထွက်၍ အကြောင်းအရာကို မေးမြန်းစစ်ဆေး၏။ ခဏကြာသော် အော်သံများ၊ ရိုက်သံများကို ကြားရ၏။ နေ့လယ်စာ စားချိန်၌ နီကိုလေသည် ခေါင်းငုံ့၍ ငွေချည်ထိုးလျက်ရှိသော ကြင်ရာမြို့စားကတော်လေး မေရီထံ လျှောက်လာကာ ထုံးစံအတိုင်း ယနေ့နံနက် မိမိလုပ်ခဲ့သည့် အလုပ်များကို ပြောပြသည်။ ဘိုဂူချာရိုဗို ရွာလူကြီးအကြောင်းကိုလည်း ပြောပြလေသည်။ မြို့စားကတော်လေး မေရီ၏ မျက်နှာသည် ရဲတက်သွားရာမှ တစ်ဖန် ဖြူရော်သွား၏။ သို့ရာတွင် မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ နှုတ်ခမ်းကို ကိုက်ကာ ခေါင်းငုံ့လျက် ငွေချည်ကို ထိုးမြဲ ထိုးလျက်ရှိသည်။

“ခွေးသား တော်တော်စော်ကားတဲ့ကောင်” နီကိုလေသည် အမှတ်ရလာဟန်ဖြင့် ဒေါသထွက်လာပြန်၏။ “တကယ်ဆို ကျွန်တော် အရက်မူးနေလို့ မကြည့်နိုင်ဘူး ဆိုပြီး ရေရေလည်လည် အလို၊ ဘာဖြစ်လို့လဲ မေရီ”

မြို့စားကတော်လေး မေရီသည် မော့ကြည့်လိုက်၏။ စကားပြောရန် ကြိုးစားသေးသော်လည်း မျက်လွှာကို ချက်ချင်းချလိုက်သည်။ မြို့စားကတော်လေးမေရီ၏ မျက်နှာသည် မဲ့လျက်ရှိ၏။



www.burmeseclassic.com

“ဘာဖြစ်တာလဲ မေရီ၊ နေမကောင်းဘူးလား”

မြို့စားကတော်လေး မေရီ၏ ရိုးသားသောမျက်နှာသည် ငိုသောအခါ၌ ပို၍လှလာတတ်၏။ မြို့စားကတော်လေး မေရီအဖို့ နာကျင်ခြင်း၊ စိတ်ညစ်ခြင်းတို့ကြောင့် ငိုရသည့်အခါဟူ၍ မရှိဖူးချေ။ ဝမ်းနည်းခြင်း၊ သနားခြင်း ဖြစ်သည့်အခါ၌ကား ငိုတတ်ပါသည်။ ငိုသည့်အခါများ၌ မြို့စားကတော်လေး မေရီ၏ တောက်ပဝင်းလက်သော မျက်လုံးများသည်လည်း ပို၍ စွဲမက်ဖွယ် ကောင်းလာကြပေသည်။

နီကိုလေက လက်ကို ဆွဲကိုင်လိုက်သည့်အခါ၌ကား ကြင်ရာမြို့စားကတော်လေးမှာ ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ ကြုံကြုံပါအောင် ငိုချလိုက်သည်။

“သူ့မှာ အပြစ်ရှိတာတော့ ဟုတ်ပါတယ် မောင်ရယ်။ ဒါပေမဲ့ အကုသိုလ် မပွားချင်စမ်းပါနဲ့” မြို့စားကတော်လေး မေရီသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။

နီကိုလေက မည်သို့မျှ ပြန်မပြောချေ။ နီကိုလေ၏ မျက်နှာသည် နီရဲလာ၏။ နီကိုလေသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ကြင်ရာမြို့စားကတော်လေး မေရီ မည်သည့်အတွက် ငိုရခြင်းကို နီကိုလေ သိ၏။ သို့ရာတွင် ငယ်စဉ်ကတည်းက ပြုရိုးပြုစဉ်ဖြစ်သော အပြုအမူတစ်ခုကို မှားသည်ဟု ကြင်ရာမြို့စားကတော်လေးက ယူဆနေခြင်းကိုကား သဘောမတူနိုင်ချေ။ “သနားဟန် ဆောင်နေကြတာလား။ မိန်းမအိုကြီးတွေလို အလိမ္မာစကား သုံးကြတာလား။ သူပြောတာပဲ မှန်သလား” နီကိုလေသည် ဤသို့ ကိုယ့်ကိုယ်ကို ပြန်၍ မေး၏။ စိတ်ထဲတွင် အဖြေမထွက်မီ နီကိုလေသည် ချစ်ခြင်း၊ နာကျင်ခြင်း စသည့် ဝေဒနာများကို ခံစားမိရာက မြို့စားကတော်လေး မေရီကို လှမ်းကြည့်လိုက်မိပြန်သည်။ ထိုအခါ၌ မြို့စားကတော်လေး မေရီ၏ စကားသည် အမှန်ဖြစ်၍ မိမိသည်သာ အကုသိုလ်တွေ ပွားနေခြင်းကို ချက်ချင်း သဘောပေါက်လာလေသည်။

“မေရီ” နီကိုလေက ခပ်တိုးတိုးခေါ်၍ အပါးသို့ ကပ်လာသည်။ “မောင် မှားသွားတယ် မေရီ။ နောင် ဒါမျိုး မဖြစ်စေရဘူးကွယ် နော်။ မောင် ကတိပေးပါတယ်။ ဒီလို မလုပ်တော့ပါဘူး” နီကိုလေသည် ကလေးငယ်တစ်ယောက်က တောင်းပန်သကဲ့သို့ တတွတ်တွတ် တောင်းပန်လျက် ရှိလေသည်။

မြို့စားကတော်လေး မေရီ၏ မျက်လုံးမှ မျက်ရည်ပေါက်များသည် ဖြိုင်ဖြိုင်စီးကျလာလေသည်။ မြို့စားကတော်လေး မေရီသည် နီကိုလေ၏လက်ကို ဆွဲယူ၍ နမ်းလိုက်သည်။

“အို မောင့်လက်စွပ်က မဟူရာကျောက်ကလေးလဲ ပဲ့သွားပါပကောလား” မြို့စားကတော်လေး မေရီက မဟူရာကျောက်စီလက်စွပ် ဝတ်ထားသည့် နီကိုလေ၏ လက်သူကြွယ်ကို ကြည့်၍ စကားလွှဲလိုက်သည်။ (လက်စွပ်ကျောက်တွင် လာဂွန်၏ရုပ်ပုံ ဖော်ထားသည်။)

“အဲဒီကောင်ကို ထိုးလို့ ပဲ့သွားတာလေ။ ဒီကောင့်အကြောင်း မပြောစမ်းပါနဲ့ မေရီ။ မောင် ဒေါသထွက်လွန်းလို့” နီကိုလေ၏မျက်နှာသည် နီရဲလာပြန်၏။ “ဒါပေမဲ့ မေရီ့ကို မောင် ကတိပေးပါတယ်ကွယ်။ နောင် ဒီလို အဖြစ်မျိုး မဖြစ်စေရတော့ပါဘူး။ စိတ်ချပါ။ ဒေါသထွက်တိုင်း ဒီကျောက်ကလေး ပဲ့သွားတာကို မောင် အမှတ်ရပါ့မယ်” နီကိုလေက လက်စွပ်ကို လက်ညှိုးထိုး၍ ပြောသည်။

ထိုနောက်၌ကား ရွာလူကြီးများ၊ စာရင်းဒိုင်များနှင့် စကားပြောအပေါက်အလမ်း မတည့်၍ ဒေါသထွက်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည့်အခါတိုင်း နီကိုလေသည် လက်မှ လက်စွပ်အပဲ့ကလေးကို ငုံ့ကြည့်ကာ မိမိကို ဒေါသထွက်စေသူများရှေ့၌ မျက်လွှာကို ချထားတတ်သည်။ သို့ရာတွင် ဆယ့်နှစ်လလျှင် တစ်ကြိမ်နှစ်ကြိမ်လောက်ကား သတိလက်လွတ် ဖြစ်တတ်ပေသေးသည်။ ထိုအခါ၌ နီကိုလေသည် ကြင်ရာမြို့စားကတော်လေးမေရီထံ သွား၍ အပြစ်ကို ဝန်ခံပြီးနောက် ဤအကြိမ်သည် တကယ်ပင် နောက်ဆုံးအကြိမ်ဖြစ်ကြောင်းနှင့် ကတိပေးတတ်ပြန်သည်။

“မေရီ မောင့်ကို မုန်းမှာပဲနော်။ မောင်က စိတ်ကြမ်း ကိုယ်ကြမ်း၊ မေရီက စိတ်နုကိုယ်နု”

“ဒီလောက်တောင် ကိုယ့်စိတ်ကို မချုပ်တည်းနိုင်ရင်လဲ သူတို့နဲ့ ဆက်ဆံရတဲ့အလုပ်တွေကို မလုပ်ပါနဲ့လား မောင်ရယ်။ အေးအေးဆေးဆေးပဲ နေပါတော့” မြို့စားကတော်လေး မေရီက နီကိုလေကို ဖျောင်းဖျောင်းဖျဖျ



www.burmeseclassic.com

ပြောတတ်သည်။

ထိုဒေသ တစ်ဝိုက်ရှိ မြေရှင် သူကောင်းမျိုးနွယ်များသည် နီကိုလေကို လေးစားကြသော်လည်း နှစ်သက်ခြင်းမှု မရှိကြချေ။ နီကိုလေသည် မြေရှင်များ၏အကျိုးစီးပွားကို များစွာဂရုစိုက်သူ မဟုတ်သည့်အတွက် တချို့က နီကိုလေကို မာနကြီးသည်ဟု ယူဆကြ၍ တချို့ကလည်း မိုက်ရူးရဲဟု ထင်ကြ၏။ နီကိုလေသည် နွေဦးပေါက်ပျိုးကြဲချိန်မှ ကောက်သိမ်းချိန်အထိ တစ်နွေလုံး ယာတောတွင် အလုပ်များလျက် ရှိတတ်သည်။ ဆောင်းဦးပေါက်တွင်လည်း တောလိုက်ခြင်းကို အလုပ်ကြီးတစ်ခုသဖွယ် အားသွန်ခွန်စိုက် လုပ်တတ်သည်။ တစ်ခါတစ်ရံ၌ တောလိုက်ထွက်သွားသည်မှာ တစ်လ နှစ်လ ကြာသည့်တိုင်အောင် အိမ်သို့ ပြန်မရောက်တတ်ချေ။ ဆောင်းရာသီ၌ကား မိမိ၏ ပိုင်စားရွာများသို့ လှည့်ပတ်ခြင်း၊ စာဖတ်ခြင်း စသည်တို့ဖြင့် အချိန်ကိုကုန်လွန်စေ၏။ နီကိုလေ ဖတ်ရှုသည့် စာအုပ်များမှာ အများအားဖြင့် ရာဇဝင်ကျမ်းများ ဖြစ်၏။ တစ်နှစ်တစ်နှစ်လျှင် စာအုပ်ဖိုးအတွက်လည်း ငွေ အတော်အတန်အကုန်အကျခံလေ့ ရှိ၏။ မိမိသည် ကျမ်းကြီး ကျမ်းခိုင်များကို စုဆောင်းလျက်ရှိသည်ဟု နီကိုလေ မကြာခဏ ပြောတတ်၏။ ဝယ်ပြီးသမျှ စာအုပ်များအားလုံးကိုလည်း အကုန်အစင် ဖတ်ရှုပြီးစေရန် အကျင့်တစ်ခု လုပ်ထား၏။ နီကိုလေသည် လေးနက်သောအမူအရာဖြင့် စာကြည့်ဆောင်တွင် ထိုင်၍ စာဖတ်လေ့ ရှိ၏။ ပထမ၌ နီကိုလေသည် စာဖတ်ခြင်းကို ဝတ္တရားကြီးတစ်ခုအဖြစ် မဖဟ်မနေ၊ အတင်းကြိုးစားဖတ်၏။ သို့ရာတွင် နောက်၌ကား စာဖတ်ခြင်းသည် နီကိုလေအဖို့ အကျင့်ကြီးတစ်ခု ဖြစ်လာခဲ့ကလေးနက်ခက်ခဲသော ပြဿနာများကို တွေ့ကြုံဖတ်ရှုရခြင်းကြောင့် နီကိုလေ၌ ကြည်နူးခြင်း ဖြစ်ခဲ့ရလေသည်။ ဆောင်းတွင်း၌ အလုပ်ကိစ္စဖြင့် ခရီး ထွက်ခြင်း မပြုလျှင် နီကိုလေသည် အိမ်တွင် နေထိုင်ကာ ဇနီး၊ သားသမီးများနှင့် ရင်းရင်းနှီးနှီး နေထိုင်လျက် သားသမီးများနှင့် ၎င်းတို့မိခင်၏ ဆက်ဆံရေးကိစ္စများကို လေ့လာအကြံပေးလေ့ရှိ၏။ နီကိုလေနှင့် ကြင်ရာ မြို့စားကတော်လေး မေရီတို့၏ စိတ်သဘောထားချင်း ညီညွတ်မှုမှာလည်း တမိမနေ့ဟခြား တိုး၍ လာခဲ့လေရာ နီကိုလေအဖို့၌လည်း မြို့စားကတော်လေးမေရီ၏ မြတ်နိုးစရာကောင်းသော စိတ်ထားများကို တစ်နေ့လျှင် တစ်မျိုး အသစ်အသစ် တွေ့လျက် ရှိလေသည်။

နီကိုလေ လက်ထပ်သည့်အချိန်မှစ၍ ဆွန်ယာသည် ၎င်းတို့နှင့် အတူနေထိုင်လျက် ရှိလေသည်။ နီကိုလေသည် မိမိနှင့် ဆွန်ယာတို့၏ကိစ္စကို ခပ်စောစောကတည်းကပင် ကြင်ရာမြို့စားကတော်လေး မေရီကို ဖွင့်ပြောခဲ့ပြီး ဖြစ်၏။ သို့ပြောရာ၌ မိမိကိုယ်ကို အပြစ်ဆို၍ ဆွန်ယာကို ချီးမွမ်းပြောဆိုခဲ့သည်။ ဆွန်ယာ့အပေါ်တွင် ညာညာတာတာဆက်ဆံရန်ကိုလည်း ကြင်ရာမြို့စားကတော်လေး မေရီကို တောင်းပန်ခဲ့သည်။ မြို့စားကတော်လေး မေရီသည်လည်း ဆွန်ယာ၏အချစ်ကို မိမိက ဝင်လုခဲ့ခြင်း ဖြစ်ကြောင်း သဘောပေါက်နားလည်၍ ဆွန်ယာနှင့် ပတ်သက်လာလျှင် မိမိကိုယ်ကိုသာ အပြစ်တင်လေ့ရှိ၏။ မိမိ၏ပစ္စည်းအရှိန်ကို မလွန်ဆန်နိုင်၍ နီကိုလေသည် မိမိကို ရွေးချယ်ခဲ့လေသလောဟုလည်း တစ်ခါတစ်ရံ ထင်မိ၏။ မြို့စားကတော်လေး မေရီ၏အမြင်၌ ဆွန်ယာသည် အပြစ်ကင်းသော မိန်းကလေးတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် ဆွန်ယာကို ခင်မင်စိတ်ပေါ်ရန် ကြိုးစားပါသည်။ သို့ရာတွင် ဆွန်ယာ့အပေါ်၌ အလိုမကျဖြစ်လျက် ရှိခြင်းကိုကား ဖျောက်ဖျက်၍ မရချေတကား။

တစ်ခါ၌မူ ဆွန်ယာ့အကြောင်းကို နာတာရှာကိုပင် ပြောမိသေး၏။ ဆွန်ယာ့အပေါ်၌ မိမိ မတရားကြောင်းကိုလည်း နာတာရှာထံ ဝန်ခံခဲ့သည်။

"အစ်မတော် ထိပ်ထားလဲ 'ခရစ်ဝင်ကျမ်း' ကို ဖတ်ဖူးသားပဲ" နာတာရှာက ဆို၏။ "အဲဒီကျမ်းထဲမှာ ဆွန်ယာနဲ့ ဟပ်မိတဲ့ အပုဒ်တစ်ပုဒ် ပါတယ် အစ်မတော် ထိပ်ထားရဲ့"

"ဘယ်အပုဒ်ပါလိမ့်" မြို့စားကတော်လေး မေရီက တအံ့တသြမေး၏။

"'ရှိသူကို ပေးကြရအံ့၊ မရှိသူထံမှ ယူကြရအံ့' ဆိုတဲ့ အပုဒ်လေ။ အစ်မတော်ထိပ်ထား မမှတ်မိဘူးလား။ တကယ်တော့ ဆွန်ယာဟာ မရှိသူပါ အစ်မတော်။ ဘာကြောင့်လဲဆိုတာတော့ နာတာရှာ မသိဘူး။ ဆွန်ယာမှာ မာန မရှိဘူးလို့ပဲ ခေါ်ရမလား။ အတ္တစိတ်မရှိဘူးလို့ပဲ ခေါ်ရမလားတော့ မသိဘူး။ ခုတော့ မရှိသူ ဆွန်ယာဟာ ပေးခဲ့ရရှာပြီ။ သူ့မှာ ရှိသမျှ တခြားသူကို ပေးလိုက်ရပြီ။



www.burmeseclassic.com

တစ်ခါတလေတော့လဲ နာတာရှာလေ ဆွန်ယာ့ကို သိပ် သနားတာပဲ။ အရင်တုန်းကတော့ ကိုကိုဟာ မိန်းမယူရင် ဆွန်ယာ့ကိုပဲ ယူဖြစ်ပါစေလို့ ဆုတောင်းမိတယ်။ ယူလဲ ယူစေချင်တယ်။ ဒါပေမဲ့ ယူဖြစ်မှာ မဟုတ်ဘူးလို့လဲ အလိုလို သိနေခဲ့တယ်။ တကယ်တော့ ဆွန်ယာဟာ 'ပန်းမြို့ပွင့်တစ်ပွင့်'ပါ အစ်မတော်ထိပ်ထား။ စထရော်ဘယ်ရီပွင့်များလိုပဲ အပွင့်သာပွင့်ပေမယ့် ဝတ်မှုန် မကူးနိုင်ရှာပါဘူး။ တစ်ခါတလေတော့လဲ ဆွန်ယာ့အတွက် စိတ်မကောင်းဘူး။ တစ်ခါတလေကျတော့လဲ ဆွန်ယာ့မှာ နာတာရှာတို့ အစ်မတော်တို့လို ခံစားတတ်တဲ့ အသည်းနှလုံးများ ရှိမှ ရှိပါရဲ့လားလို့ အောက်မေ့မိတယ်"

ထိုစဉ်က မြို့စားကတော်လေး မေရီက 'ခရစ်ဝင်ကျမ်း' တွင် ပါသည့် ဤအပုဒ်များသည် ဤသို့သော အဓိပ္ပာယ် မျိုး မဟုတ်ကြောင်းဖြင့် နာတာရှာကို ရှင်းပြခဲ့သော်လည်း ဆွန်ယာကို မြင်သည့်အခါ၌ကား နာတာရှာ၏ စကားကို အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သဘောတူမိလေသည်။ ဆွန်ယာသည် ၎င်း၏ဘဝကို ပင်ပန်းငြီးငွေ့ဖွယ်ကောင်းသည်ဟုလည်း ယူဆပုံ မရချေ။ ပန်းမြို့ပွင့်တစ်ပွင့်၏ဘဝ၌သာ ငြိမ်သက်စွာနေထိုင်ခြင်းပြုလေသည်။ ဆွန်ယာသည် သူ့မိသားစုကြီးကိုလည်း အလွန်အမင်း သံယောဇဉ်ရှိပုံ မရ။ မည်သူ့ကိုမျှလည်း အလွန်အမင်း ချစ်လှသည်ဟူ၍ ရှိပုံ မရချေ။ ဆွန်ယာသည် ကြောင်တစ်ကောင်ကဲ့သို့ပင် လူကို သံယောဇဉ်တွယ်တာခြင်းထက် အိမ်ကိုသာ သံယောဇဉ်ကြီးသူ ဖြစ်လေသည်။ ဆွန်ယာသည် မြို့စားကတော်ကြီးကို ပြုစု၏။ ကလေးများကို ဂရုစိုက်၏။ အလိုလိုက်၏။ ၎င်း၏ဝသီအတိုင်း မည်သူ့ကိုမဆို ဗာဟီရကူညီဆောင်ရွက်မှု အဆောင်သင့်ရှိနေတတ်၏။ သို့ရာတွင် ဆွန်ယာ တစ်ယောက် အစစအရာရာ ကူညီဖော်ရပေသည်ဟု မည်သူကမျှလည်း သိသိသာသာ အသိအမှတ် မပြုကြ။ မည်သူကမျှလည်း ရက်ရက်ရောရော ကျေးဇူးတင်ဖော် မရကြချေ။

နီကိုလေသည် 'တောင်ကတုံး'ရှိ ကျေးလက်စံအိမ်ကို အသစ်ပြင်ဆင်၍ ဆောက်လေသည်။ သို့ရာတွင် ယောက္ခမဖြစ်သူ မင်းသားကြီး ဘိုလကွန်စကီ လက်ထက်က ပုံစံမျိုး မဟုတ်တော့ချေ။

ရှင်းရှင်းလင်းလင်း ကြိုက်သော ခေတ်ပီပီ ထို ခေတ်အလျောက် ခပ်ရိုးရိုးပင် ဆောက်လုပ်ထား၏။ ယခင်က ရှိခဲ့သော အုတ်ဖိနပ်များပေါ်၌ သစ်သားအိမ်ကြီးတစ်ဆောင် ဆောက်လုပ်၍ အတွင်း၌သာ သရွတ်ကိုင်ထား၏။ ကြမ်းခင်းကို ထင်းရှူးသစ်ရိုင်းများ ခင်းထား၏။ 'တောင်ကတုံး' သစ်ဖြူတောတွက် အသားများဖြင့် ပြုလုပ်သော ထိုင်ခုံအမာများ၊ လက်တင်ထိုင်ခုံများ၊ စားပွဲများ စသည်တို့ကို ခင်းကျင်းထား၏။ ထိုပရိဘောဂများကို နီကိုလေ ပိုင်ကျွန်လက်သမားများအား ပြုလုပ်စေ၏။ စံအိမ်ကြီးမှာ ကျယ်ကျယ်လွင့်လွင့် ရှိ၏။ အိမ်ကျွန်များအတွက် အခန်းများ၊ ဧည့်သည်များအတွက် ခန်းဆောင်များကိုလည်း သီးခြားဖွဲ့ထား၏။ တစ်ခါတစ်ရံ၌ နီကိုလေ၏ ဆွေမျိုးများနှင့် မြို့စားကတော်လေး မေရီ၏ ဆွေမျိုးများသည် မြင်းဆယ့်ခြောက်စီး၊ အစေတော် ဒါဇင်ပေါင်းများစွာနှင့် 'တောင်ကတုံး' သို့ ရောက်လာကြကာ လပေါင်းများစွာ တည်းခိုနေတတ်ကြသည်။ လေးနှစ် တစ်ကြိမ် ကျင်းပမြဲ ဖြစ်သော အိမ်သားများ၏ နာမည်ပေး မင်္ဂလာအထိမ်းအမှတ်နေ့များ၊ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်နေ့များ၌လည်း ဧည့်သည်တစ်ရာခန့် လာရောက်၍ တစ်ရက်နှစ်ရက် စသည်ဖြင့် နေထိုင်သွားတတ်ကြသည်။ ကျန်အချိန်များ၌ကား 'တောင်ကတုံး' စံအိမ်ရှိ ဘဝသည် ပိုင်စားနယ်မြေ ထွက် သီးနှံများဖြင့် ချက်ပြုတ်သော နံနက်စာ၊ နေ့လယ်စာ၊ ညလယ်စာ စသည်တို့ဖြင့် လည်းကောင်း၊ ပြမြဲ စိုက်ပျိုးရေး ပုပ်ငန်းများနှင့် လည်းကောင်း သံသရာလည်လျက် ရှိပေသတည်း။

## အခန်း ၉

၁၈၂၀--ပြည့်နှစ် ဒီဇင်ဘာ ၅ရက်နေ့သည် ရှင်နီကိုလတ်ပွဲတော် အကြိုနေ့ ဖြစ်လေသည်။ နာတာရှာတို့ ဖနီးမောင်နှံနှင့် ကလေးများသည် ဆောင်းဦးပေါက်ကတည်းကပင် နာတာရှာ၏ အစ်ကိုဖြစ်သူ နီကိုလေ၏ 'တောင်ကတုံး' စံအိမ်သို့ လာရောက်နေထိုင်လျက် ရှိကြလေသည်။ ပီယာမှာ ကိစ္စရှိသည်ဟု ဆိုကာ ပီတာစဘတ်ရွှေမြို့တော်သို့ ရက်သတ္တပတ်သုံးပတ်ကြာမျှ ထွက်သွားခဲ့ရာ ရက်သတ္တခုနစ်ပတ်မျှပင် ရှိခဲ့ပြီ ဖြစ်သော်လည်း ပြန်မရောက်လာသေးသဖြင့် တစ်အိမ်သားလုံး တမျှော်မျှော်ဖြစ်လျက် ရှိကြ၏။

ဒီဇင်ဘာ ၅ ရက်နေ့၌ 'တောင်ကတုံး' တွင် လာ



www.burmeseclassic.com

ရောက်လည်ပတ်လျက်ရှိသူများမှာ ပီယာနှင့် နာတာရှာတို့ မိသားစုအပြင် နီကိုလေ၏ ရောင်းရင်းတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဟောင်း ဒင်နီဆော့ဗ်လည်း ပါဝင်၏။ ဒင်နီဆော့ဗ်မှာ တပ်မှ ထွက်လာခဲ့ပြီ။

ဒီဇင်ဘာ ၆-ရက်နေ့မှာ နီကိုလေ၏နာမည်ပေး မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်၏။ ထိုနေ့၌ 'တောင်ကတုံး' တွင် ဧည့်သည်များမည်ကို သိသည့်အတွက် နီကိုလေသည် ဝတ်နေကျဖြစ်သော တာတာအတွင်းခံအင်္ကျီကို ချွတ်၍ နောက်မြီးရှည် ဝတ်စုံအင်္ကျီ၊ ဦးချွန်ဖိနပ်ရှည်တို့ကို လဲလှယ်ဝတ်ဆင်လျက် မိမိ ဆောက်လုပ် လှူဒါန်းထားသော သုခမ္မာ ဇရပ်သို့ သွား၍ ဝတ်ပြု၏။ ထို့နောက် မိမိအား လာရောက်နှုတ်ဆက်ကြသည့် ဧည့်သည်များကို ဧည့်ခံကျွေးမွေးခြင်း၊ ၎င်းတို့နှင့် အတူ ဒေသန္တရ မှူးမတ် ကိုယ်စားလှယ် ရွေးကောက်ပွဲအကြောင်းကို ပြောဆိုခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၏။ သို့ရာတွင် နီကိုလေသည် ထိုနေ့မှာပင် အနားမယူနိုင်သေးဘဲ မိမိပြုနေကျအလုပ်ကိစ္စများကို လိုက်လံဆောင်ရွက်ရဦးမည်ဟု စဉ်းစားမိသဖြင့် ကြင်ရာမြို့စားကတော်လေး မေရီ၏ တူ 'ဘိုးအေချစ်' မင်းသားလေး ပိုင်ဆိုင်သော ရာဇန်ပိုင်စားနယ်မြေပေါ်ရှိ ပိုင်စားရွာမှ စာရင်းအင်းများကို သွားရောက်စစ်ဆေး၏။ အလုပ်ကိစ္စနှင့် ပတ်သက်သည့် စာနှစ်စောင် ရေး၏။ ညစာမစားမီ စပါးစည့်များ၊ နွားခြံများ၊ မြင်းဇောင်းများကို ခြေလျင်လျှောက်ကြည့်၏။ နက်ဖြန်မှာ ပွဲတော်နေ့ ဖြစ်၍ ရွာသားတို့ မူးယစ်သောက်စားကြမည် ဖြစ်သည့်အတွက် ၎င်းတို့မူးယစ်ဖျက်ဆီးခြင်း မပြုနိုင်အောင် ကာကွယ်ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်စေပြီးနောက် အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်ရောက်လျှင်ပင် ကြင်ရာ မြို့စားကတော်လေး မေရီနှင့် စကားပြောချိန် မရတော့ဘဲ ညစာ စားပွဲသို့ ဝင်ထိုင်ရ၏။ ညစာစားပွဲမှာ စားပွဲရှည်ကြီးတစ်ခု ဖြစ်၍ လူနှစ်ဆယ်အတွက် ပြင်ဆင်ထားလေသည်။ နီကိုလေ ရောက်သည့်အခါ၌ အိမ်သားအားလုံး ရောက်နေကြလေပြီ။ စားပွဲ၌ မိခင် မြို့စားကတော်ကြီး၊ မြို့စားကတော်ကြီး၏ မိန်းမဖော် ဘီလိုဗာ၊ ကြင်ရာ မြို့စားကတော်လေး မေရီ၊ မိမိ၏ကလေးသုံးယောက်နှင့် တကွ ၎င်းတို့၏ စာပြဆရာနှင့် ဆရာမ၊ ကြင်ရာမြို့စားကတော်လေး၏တူ 'ဘိုးအေချစ်' မင်းသားလေးနှင့် ၎င်း၏စာပြဆရာ ဒီဆေးလ်၊ ဆွန်ယာ၊ ဒင်နီဆော့ဗ်၊ နာတာရှာနှင့် ၎င်း၏ကလေးသုံးယောက်၊ ၎င်းတို့၏စာပြဆရာမ၊ မင်းသားကြီး ဘိုလကွန်စကီလက်ထက်က ဗိသုကာကြီး မိုက်ကယ်အိုင်ဗန်နိုဗစ်ချ် (၎င်းမှာ ယခုအခါ အငြိမ်းစားယူ၍ 'တောင်ကတုံး'တွင် နေထိုင်လျက် ရှိ၏။) တို့ ရောက်နေကြသည်ကို နီကိုလေ တွေ့ရလေသည်။

မြို့စားကတော်လေး မေရီသည် စားပွဲထိပ်တွင် ထိုင်လျက်ရှိ၏။ နီကိုလေသည် မိမိနေရာတွင် ဝင်ထိုင်လိုက်ပြီးနောက် ပဝါကို ဆတ်ခနဲကောက်၍ ပေါင်ပေါ်တွင် ခင်းလိုက်ပြီးလျှင် ရှေ့တွင်ရှိသော ကရားနှင့် အရက်ချိုခွက်ကို ဘေးသို့ တွန်းဖယ်ပစ်လိုက်သည်။ နီကိုလေသည် ယာတောမှ ညစာစားရန် တန်း၍ပြန်လာသည့်အခါများ၌ (အထူးသဖြင့် ဟင်းချိုရည်တစ်ပန်းကန် သောက်ပြီးချိန်အထိ) စိတ်တိုလျက်ရှိတတ်ရာ ဤဘစ်ကြိမ်၌လည်း နီကိုလေ စိတ်ဆိုးလာပြီဟု မြို့စားကတော်လေး မေရီ ယူဆလိုက်၏။ မြို့စားကတော်လေး မေရီသည် နီကိုလေ့အကြောင်းကို သိပြီးဖြစ်သည့်အလျောက် မိမိကိုယ်တိုင် စိတ်လက်ကြည်သာရှိနေသည့်အခါများ၌ နီကိုလေ ဟင်းချိုရည်တစ်ပန်းကန် ကုန်သည်အထိ စောင့်ဆိုင်းကာ နီကိုလေအား ဖျောင်းဖျချော့မော့တတ်၏။ ပြေရာပြေကြောင်း ပြောဆိုတတ်၏။ ထိုအခါ နီကိုလေမှာလည်း အလိုလို စိတ်တိုလာခြင်းကို ဖွင့်ဟဝန်ခံတတ်သည်။ ယနေ့၌မူ မြို့စားကတော်လေး မေရီသည် ခါတိုင်းကဲ့သို့ ဖျောင်းဖျပြောဆိုခြင်း မပြုမိဘဲ မေ့လျော့လျက် ရှိလေသည်။ နီကိုလေသည် မိမိအား အကြောင်းမဲ့ ငြိုငြင်လျက် ရှိသည်ဟု တွေးမိ၍လည်း စိတ်လက်မကြည်မသာဖြစ်မိသည်။ ယနေ့နံနက် မည်သည့်ယာတောဘက်သို့ ရောက်ခဲ့ကြောင်းဖြင့် မြို့စာကတော်လေး မေရီက နီကိုလေကို လှမ်းမေးသည့်တွင် နီကိုလေက သံပြတ်နှင့် ဖြေလိုက်သည်။ မြို့စားကတော်ကလေးမေရီက ယာတောကိစ္စများ အဆင်ပြေခြင်း ရှိမရှိကိုလည်း မေးမြန်းပြန်သည်။ မြို့စားကတော်လေး မေရီ၏ မှုမမှန်သောအသံကြောင့် နီကိုလေသည် မျက်တောင်တဖျပ်ဖျပ် ခတ်ယိုက်ရင်းက ခပ်ပြတ်ပြတ်ဖြင့် ဖြေလိုက်ပြန်သည်။

"ဟုတ်ပါပြီ။ ငါ ထင်တဲ့အတိုင်းပါပဲ။ သူ ငါ့ကို ဘာဖြစ်လို့များ စိတ်ဆိုးနေပါလိမ့်"ဟု မြို့စားကတော်



www.burmeseclassic.com

www.burmeseclassic.com

လေး မေရီ တွေးမိ၏။ နီကိုလေ၏ ခပ်ပြတ်ပြတ်အသံကြောင့်လည်း မိမိကို စိတ်ဆိုးလျက်ရှိသည်ဟု ယူဆလိုက်သည်။ မြို့စားကတော်လေး မေရီ့စိတ်၌ စကားလက်စပြတ်စေချင်လှပြီ။ မြို့စားကတော်လေး မေရီသည် မိမိ၏အသံ မှုမမှန်ကြောင်းကို သိ၏။ သို့သော်လည်း နောက်ထပ် မမေးဘဲ မနေနိုင်သေးချေ။

ဒင်နီဆော့ဗ်ကြောင့် စားပွဲမှ စကားဝိုင်းသည် စိုပြည်လျက် ရှိ၏။ ဤတွင် မြို့စားကတော်လေး မေရီသည်လည်း နီကိုလေကို နောက်ထပ် မေးမြန်းခြင်း မပြုတော့ချေ။ မြို့စားကတော်ကြီးကို နှုတ်ဆက်ရန် ထိုင်ရာမှ ထကြသည့်အခါ၌ မြို့စားကတော်လေး မေရီသည် နီကိုလေ၏လက်ကို ဖျပ်ခနဲ လှမ်းဆွဲ၍ နမ်းရှုပ်လိုက်ပြီးနောက် မိမိအား မည်သည့်အတွက် စိတ်ဆိုးနေကြောင်းကို မေးမြန်းခြင်း ပြုလေသည်။

"အို တော်တော်ခက်ပါလားကွ။ အမြဲတမ်း မင်းဘာသာ မင်း တွေးတွေးပြီး အဓိပ္ပာယ်ကောက်နေတာပဲ။ မဆိုင်ပါဘူး။ ဘယ်သူ့မှလဲ စိတ်မဆိုးပါဘူး" နီကိုလေက ဖြေ၏။

သို့ရာတွင် 'အမြဲတမ်း' ဆိုသော နီကိုလေ၏စကားလုံးများက 'အေး၊ ဟုတ်တယ်။ ငါ မင်းကို စိတ်ဆိုးတယ်။ ဘာကြောင့်လဲ ဆိုတာတော့ မင်းဘာသာ တွေးယူ' ဟူသော အဓိပ္ပာယ်ထွက်လျက် ရှိသည်ဟု မြို့စားကတော်လေး မေရီ ထင်မိသည်။

နီကိုလေနှင့် မြို့စားကတော်လေး မေရီတို့ ဇနီးမောင်နှံသည် အမြဲတမ်း ပျော်ရွှင်စွာ နေခဲ့ကြရကား မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ပင် မနာလိုဖြစ်ကာ ၎င်းတို့နှစ်ဦး စိတ်ဝမ်းကွဲကြပါစေဟု ဆုတောင်းမိခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့နှစ်ဦးကြား၌ စိတ်ဝမ်းကွဲစရာအကြောင်းဆို၍ တစ်ခုမျှ ရှာမရချေ။ သို့ရာတွင် စိတ်အခန့်မသင့်သည့်အခါ မရှိ မဟုတ်။ ရှိကြပါသည်။ တစ်ခါတစ်ရံ၌ အထူးသဖြင့် ၎င်းတို့ဇနီးမောင်နှံ အတူတကွ ပျော်ရွှင်ကြည်နူးခဲ့ကြပြီးသည့်နောက်၌ ၎င်းတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦး ငြိုငြင်လာတတ်ကြ၏။ ခပ်စိမ်းစိမ်း ဖြစ်လာတတ်ကြ၏။ အထူးသဖြင့် မြို့စားကတော်လေးမေရီ ကိုယ်ဝန်ရှိနေစဉ်ကာလများ၌မှု ဤအဖြစ်မျိုး မကြာခဏ ပေါ်ပေါက်ခဲ့တတ်ကြလေသည်။ ယခုလည်း မြို့စားကတော်လေး မေရီမှာ ကိုယ်ဝန်ဆောင်နေရဆဲကာလ ဖြစ်လေသည်။

"ကဲ ရောင်းရင်းတို့" နီကိုလေက ရွှင်ပျသည့်မျက်နှာထားဖြင့် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်၏။ (မြို့စားကတော်လေး မေရီကမူ မိမိ ပို၍စိတ်ဆင်းရဲခြင်းဖြစ်အောင် နီကိုလေက ရွှင်ပျသောမျက်နှာထားမျိုးကို တမင်ဆောင်ထားခြင်းဖြစ်သည်ဟု ထင်လိုက်၏။) "ကျွန်တော်တော့ မနက်ခြောက်ချက်တီးကတည်းက တမတ်တတ်တတ်နဲ့ အချိန်ကုန်ခဲ့တာပဲ။ မနက်ဖြန်တော့ တစ်ကိုယ်လုံးတောင့်နေတော့မှာပဲ။ ဒီတော့ ဒီနေ့ ကျွန်တော် အနားယူချင်တယ်ဗျာ။ ခွင့်လွှတ်ကြပါ"

ထို့နောက် နီကိုလေသည် ကြင်ရာမြို့စားကတော်လေး မေရီကို မည်သို့မျှ မပြောဘဲ ဧည့်ခန်းဆောင်ငယ်ထဲသို့ ဝင်သွားကာ ထိုင်ခုံပေါ်တွင် လှဲနေသည်။

'သူဟာ ဒီလိုချည်းပဲ။ ကြည့်စမ်း။ ဒီပြင် လူတွေနဲ့ကျတော့ ပြောလိုက်တဲ့စကား ရွှန်းရွှန်းဝေလို့။ မိန်းမနဲ့ကျတော့ အင်းမလှုပ် အဲမလှုပ်နဲ့။ ဟုတ်ပါတယ်။ ငါ့ကို သူ မချစ်ပါဘူး။ ငါ့ကို သူ စက်ဆုပ်နေဟန် တူပါတယ်။ ခုလို ကိုယ်ဝန်ရှိနေတုန်းဆိုရင် သူ ဒီလိုချည်းပဲ'

မြို့စားကတော်လေး မေရီသည် ဤသို့ တွေးကာ စူထွက်နေသော ဗိုက်ကို ငုံ့ကြည့်မိသည်။ ဖျော့တော့ပိန်ချုံးသော မျက်နှာကို မှန်ထဲတွင် ကြည့်မိသည်။ ၎င်း၏မျက်နှာသည် မျက်တွင်းဟောက်ပက်ဖြစ်ကာ မျက်လုံးများကလည်း ခါတိုင်းထက် ပြူးကျယ်နေသည်ဟု ထင်ရ၏။

မြို့စားကတော်လေး မေရီသည် ဤသို့ စိတ်ထဲတွင် မကြည်မလင်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် သူ့ကြောင့် ဤသို့ဖြစ်ရသည်ဟု ဆွန်ယာ့ကိုသာ အငြိုးဖွဲ့မိသည်။

ဤသို့ဖြင့် မြို့စားကတော်လေး မေရီသည် ဧည့်သည်များပြောသည့် စကားများကို တစ်လုံးမျှမကြားမိဘဲ အတန်ကြာ ထိုင်နေပြီးနောက် ခန်းဆောင်ထဲမှ ကလေးများခန်းဆောင်သို့ အသာထွက်လာခဲ့လေသည်။

ကလေးများမှာ ထိုင်ခုံများကို တစ်လုံးနှင့် တစ်လုံး ဆက်ကာ ကရထားဖြင့် 'မော်စကိုသွားတမ်း' ကစားလျက်ရှိကြ၏။ ၎င်းတို့၏မိခင် မြို့စားကတော်လေး မေရီကို မြင်သည့်အခါ၌ ၎င်းတို့နှင့် အတူ 'မော်စကို' သို့ လိုက်ခဲ့ရန် ခေါ်၏။ မြို့စားကတော်လေး မေရီသည် ကလေးများနှင့် ရောထိုင်၍ အတန်ကြာ ကစားနေသည်။ သို့သော်လည်း


www.burmeseclassic.com

www.burmeseclassic.com


ကြင်ရာနီကိုလေနှင့် တကွ မိမိအား အကြောင်းမဲ့ ပြုံးပြုံး နေခြင်းကို အမှတ်ရလိုက်သည့်အခါ၌ စိတ်ညစ်လာပြန် သည်။ မြို့စားကတော်လေး မေရီသည် ထိုင်ရာမှ ထ၍ ဧည့်ခန်းဆောင်ငယ်ထဲသို့ ခြေဖျားထောက် ဝင်လာခဲ့လေ သည်။

'သူ အိပ်များ ပျော်နေသလား။ အကျိုးအကြောင်း တော့ မေးကြည့်ဦးမှပဲ'ဟုလည်း စိတ်ထဲက အောက်မေ့ မိ၏။ မြို့စားကတော်လေး မေရီ၏ အကြီးဆုံးသား အင် ဒရူးရှာသည် မိခင်ကို အတုခိုးလျက် ခြေဖျားထောက်လျက် နောက်မှ လိုက်လာလေသည်။ မြို့စားကတော်လေး မေရီ ကမူကား အင်ဒရူး ရှာလိုက်လာခြင်းကို သတိမပြုမိချေ။

"အစ်မတော်ထိပ်ထား ကိုကို အိပ်ပျော်နေတယ် ထင်တယ်၊ တော်တော်ပင်ပန်းလာပုံပဲ"

ဧည့်ခန်းဆောင်ကြီးထဲသို့ အရောက်၌ ဆွန်ယာက ဆီး၍ ပြောလိုက်ခြင်း ဖြစ်၏။ (ဆွန်ယာသည် မိမိသွားမည့် လမ်း၌ နေရာတကာ လိုက်၍နှောင့်ယှက်နေသည်ဟု မြို့ စားကတော်လေးမေရီ စိတ်၌ ဖြစ်ပေါ်မိ၏။) "တော်တော် ကြာ အင်ဒရူးရှာက ဝင်နှိုးနေလို့ အိပ်ရေးပျက်နေဦးမယ်"

မြို့စားကတော်လေး မေရီသည် လှည့်ကြည့်လိုက် ၏။ မိမိနောက်က သားအကြီး အင်ဒရူးရှာ လိုက်လာသည် ကို မြင်သည့်အခါကျတော့မှ ဆွန်ယာ ပြောသည့်အတိုင်း အမှန်ဖြစ်ကြောင်းကို တွေ့ရ၏။ ထိုအခါကျမှ ပိုမို ဒေါပွ သွားကာ တစ်မျက်နှာလုံး နီရဲသွားလျက် တူးတူးခါးခါး ပြောလိုက်တော့မည် ပြုပြီးမှ စိတ်ကို မနည်းချုပ်တည်း ထားလိုက်ရသည်။ မြို့စားကတော်လေး မေရီသည် ဆွန်ယာ ကို မည်သို့မျှ ပြန်မပြောချေ။ သို့ရာတွင် ဆွန်ယာ ပြော သည့်စကားကို ဂရုမစိုက်သည့်ဟန်ဖြင့် အင်ဒရူးရှာကို အသာလိုက်ခဲ့ရန် လက်ပြ၍ ခေါ်လိုက်ပြီးနောက် အခန်းဝ သို့ ထွက်လာခဲ့သည်။ ဆွန်ယာသည် တစ်ဘက်သို့ ထွက် သွားလေသည်။ ဧည့်ခန်းဆောင်ငယ်ထဲမှ နီကိုလေ့အသက် ရှူသံသည် မှန်မှန်ထွက်ပေါ်လာ၏။ မျှင်းမျှင်းမျှ ကြားရ စေဦး၊ ထိုအသက်ရှူသံကို ကြင်ရာ မြို့စားကတော်လေး မေရီ မှတ်မိနေပါပြီ။ မြို့စားကတော်လေး မေရီသည် အသက်ရှူသံကို နားထောင်ရင်း နီကိုလေ၏ ခန့်ညားကျယ် ပြန့်သော နဖူး၊ နှုတ်ခမ်းမွေးနှင့် အတူ မျက်နှာတစ်ခုလုံး ကို မြင်ယောင်လာပါသည်။ အဘယ်မှာလျှင် မမြင်ယောင် ဘဲ ရှိမည်နည်း။ ထိုအသက်ရှူသံနှင့် တကွ ထိုမျက်နှာကို တိတ်ဆိတ်လျက်ရှိသော ညအခါ၌ မိမိဘေးတွင် မြင်ရ ကြားရမြဲ မဟုတ်လော။ နီကိုလေသည် ရုတ်တရက် လူး လွန့်ကာ ချောင်းဟန့်လိုက်၏။ ထိုအခါ သားကြီး အင်ဒရူ ရှာသည် အပြင်မှနေ၍ "ဖေဖေ၊ မေမေ လာနေပြီ"ဟု အော်၏။ မြို့စားကတော်လေး မေရီသည် ထိတ်လန့်သွား ကာ သားကြီးကို ငြိမ်ငြိမ်နေရန် အချက်ပြလိုက်သည်။ သားကြီး အင်ဒရူးရှာသည် နောက်ထပ်မအော်တော့ဘဲ တိတ် ဆိတ်သွား၏။ ထိုတိတ်ဆိတ်ခြင်းသည် မြို့စားကတော် လေးမေရီအဖို့ ကြောက်ဖွယ်ကောင်းလှ၏။ နီကိုလေသည် အိပ်နေရာသို့ လာနှိုးလျှင် စိတ်ဆိုးတတ်သည် မဟုတ် လော။ နီကိုလေ၏ချောင်းဟန့်သံ၊ လူးလွန့်လှုပ်ရှားသံ ပေါ်ထွက်လာပြန်သည်။ ထိုအသံများနှင့် အတူ စိတ်ဆိုး မာန်ဆိုး ပြောဆိုနေသံကိုလည်း ကြားရလေသည်။

"မေရီလား။ တစ်ခဏလေးလောက်မှ အေးအေး ဆေးဆေး မနေရတော့ဘူးလားကွ။ ဘာဖြစ်လို့ ကလေးကို ခေါ်လာရပြန်တာလဲ"

"မဟုတ်ပါဘူး မောင်။ မောင် အိပ်ပျော်နေသလား လို့ မေရီ လာကြည့်တာပါ။ မောင့်သားကြီး လိုက်လာ တာကို မေရီ မသိလိုက်လို့ပါ"

နီကိုလေသည် မည်သို့မျှ မပြောတော့ဘဲ ချောင်း ဆိုးလျက် ရှိလေသည်။ မြို့စားကတော်လေး မေရီသည် သားကြီးကို ကလေးများ ခန်းဆောင်သို့ ပြန်ခေါ်လာခဲ့၏။ ငါးမိနစ်အကြာ၌ကား သုံးနှစ်သမီး နာတာရှာလေးသည် ဧည့်ခန်းဆောင်ငယ်ထဲ၌ ဖခင် အိပ်ပျော်နေကြောင်းနှင့် တကွ မိခင်လည်း မရှိကြောင်းကို အစ်ကို အင်ဒရူးရှာက ပြောပြ၍ သိရသည်၌ ဖခင်ထံသို့ ပြေးလာခဲ့လေသည်။ မိခင်လုပ်သူပင် သူ ရောက်လာမှန်း မသိလိုက်ချေ။ နီကို လေသည် နာတာရှာလေးကို အချစ်ဆုံး ဖြစ်၏။ မျက်လုံး နက်နက်နှင့် ကလေးမ နာတာရှာသည် တံခါးကို အတင်း တွန်းဖွင့်၍ ဝင်လာခဲ့ပြီးနောက် တုတ်ခိုင်သန်မြန်သော ခြေထောက်ကလေးများဖြင့် ဖခင်အိပ်နေသည့် ထိုင်ဖုံဆီသို့ တဒေါက်ဒေါက် ပြေးလာခဲ့လေသည်။ ထိုအချိန်၌ နီကိုလေ မှာ နာတာရှာလေးကို ကျောပေး၍ အိပ်ပျော်လျက် ရှိ၏။ နာတာရှာလေးသည် ဖခင် အိပ်ပျော်နေပုံကို အသေအချာ ကြည့်ပြီးနောက် နီကိုလေ ခေါင်းအုံးထားသည့် လက်တစ်



www.burmeseclassic.com

ဖက်ကို နမ်းလိုက်၏။ နီကိုလေသည် ပြုံး၍ သမီး နာတာရှာလေးကို ကြည့်လိုက်သည်။

"သမီးလေး လာ၊ လာ။ ဖေဖေ အိပ်ချင်နေတယ် ထင်တယ်။ သွားရှုပ်မနေနဲ့" အပြင်ဘက်မှ မြို့စားကတော်လေး မေရီ၏ ခပ်အုပ်အုပ်ခေါ်သံကို ကြားရ၏။

"မဟုတ်ပါဘူး မေမေရဲ့။ ဖေဖေ မအိပ်ချင်ပါဘူး" နာတာရှာလေးက အသေအချာ ပြောလိုက်သည်။ "ဖေဖေ ရယ်နေတယ်"

နီကိုလေသည် ခြေထောက်များကို တွဲလွဲချ၍ ထထိုင်ပြီးနောက် သမီးငယ်ကို ပွေ့ချီလိုက်သည်။

"ဝင်ခဲ့ပါလား မေရီ" နီကိုလေက လှမ်းခေါ်လိုက်သည်။

မြို့စားကတော်လေး မေရီသည် အခန်းထဲသို့ ဝင်လာကာ နီကိုလေ၏အနီးတွင် ထိုင်လိုက်သည်။

"မောင့်သားကြီးက တိတ်တိတ်လိုက်လာတာ။ မေရီ မသိလိုက်ဘူး။ မောင် အိပ်ပျော်နေသလားလို့ လာကြည့်တာပါ။ စိတ်ဆိုးသလား မောင်" မြို့စားကတော်လေး မေရီက မရဲတရဲ မေးလိုက်သည်။

နီကိုလေသည် သမီးငယ် နာတာရှာလေးကို လက်တစ်ဖက်ဖြင့် ပွေ့ထားရာက ကြင်ရာ မြို့စားကတော်လေး မေရီကို လှမ်းကြည့်လိုက်သည်။ မြို့စားကတော်လေး မေရီ၏ မလုံမလဲ ဖြစ်နေသော မျက်နှာကို မြင်သည်တွင် သနားသွားကာ လက်တစ်ဖက်ဖြင့် မြို့စားကတော်လေး မေရီကို လှမ်းဖက်၍ ဆံပင်ကို နမ်းလိုက်သည်။

"မေမေ့ကို ဖေဖေ မွှေးမွှေးပေးရမလား ဟင် သမီးလေး" နီကိုလေက သမီးငယ်ကို မေး၏။

နာတာရှာလေးက ရှက်ပြုံး ပြုံးလိုက်လျက်

"နောက်တစ်ခါ မွှေးမွှေးပေးလိုက်ဦး ဖေဖေ" ဟု ခပ်စောစောက နီကိုလေနမ်းသည့်နေရာကို လက်ညှိုးထိုး ပြလိုက်သည်။

"ဆိုစမ်းပါဦး၊ မောင်ဟာ မေရီ့ကို စိတ်ကောက်နေတယ်လို့ မေရီက ဘာဖြစ်လို့ ထင်ရတာလဲ၊ မောင်ကကော မောင့်မယားကို ဘာဖြစ်လို့ စိတ်ကောက်ရမှာလဲတဲ့" နီကိုလေက မြို့စားကတော်လေး မေရီ၏ စိတ်ထဲတွင် လိပ်ခဲတည်းလည်းဖြစ်လျက် ရှိခြင်းကို သိသဖြင့် မေးလိုက်သည်။

"သိဘူးလေ မောင့်မျက်နှာကြီးက စူနေတာကိုး။ မောင့်မျက်နှာကြီး စူနေရင် မေရီ့မှာ နေစရာမရှိဘူး။ သိပ်စိတ်ညစ်တာပဲ။ မောင် ဒီလို မျက်နှာညိုတိုင်း မေရီ့ စိတ်ထဲမှာ"

"ကဲ၊ ကဲ တော်ပါတော့ မောင့်မယားရယ်၊ အဓိပ္ပာယ်မရှိ။ မရှက်ဘူးလား" နီကိုလေက ခပ်မြူးမြူး ပြောလိုက်သည်။

"ဟင့်အင်း တော်နိုင်သေးဘူး။ ပြောရဦးမယ်။ မောင် ဒီလိုမျက်နှာကြီး စူထားရင် မေရီ့ စိတ်ထဲမှာ မောင်ဟာ မေရီ့ကို တကယ်မချစ်ဘူးလို့ပဲ ထင်နေတယ်။ မေရီက သူများလို ယောကျ်ားကြိုက်အောင် မမူတတ်၊ မချွဲတတ် ရိုးရိုးကြီး။ ပြီးတော့ ဟို ဟို၊ ဟိုဒင်းကလဲ ရှိနေတော့"

"အမလေးလေး အတွေးခေါင်လိုက်ပါဘိ မောင့်မယားလေး၊ ဒီမှာ မေရီ မောင် ပြောမယ်။ လှလို့ ချစ်တာလား၊ ချစ်လို့ လှတာလားလို့မေးရင် မောင် ဖြေမယ်။ တကယ်က အလှကြောင့် အချစ်ဝင်လာကြတာ မဟုတ်ပါဘူး မေရီရဲ့။ အချစ်ကြောင့်သာ အလှကို မြင်လာကြတာပါ။ လောကမှာ အလှကြောင့် ချစ်ခင်မြတ်နိုးခြင်း ခံရတဲ့ မိန်းမမျိုးဟာ ခေါမပုံပြင်ထဲက အလှနတ်သမီး မာဝိန ဒေဝီတို့လို အလှအရာမှာ တုကျွန်းလွတ်တဲ့ မိန်းမမျိုးတွေ လောက်ပဲ ရှိပါတယ်။ ကဲ မေရီ မေးလို့ မောင် ပြောမယ်။ စိတ်မဆိုးနဲ့နော်။ ဝမ်းလဲ မနည်းနဲ့။ ဆုံးအောင် နားထောင်ဦး။ မောင့်မယားကို ချစ်ရဲ့လားလို့ မေးရင် မချစ်ဘူးလို့ မောင် ဖြေမှာပဲ။ ဒါပေမဲ့ အေးလေ၊ မေရီ နားလည်အောင် မောင် ပြောမပြတတ်ဘူး။ မချစ်ပေမယ့် မေရီ မရှိရင် မောင် နေလို့ မရဘူး။ မောင်နဲ့ မေရီနဲ့ ခုလို စိတ်အခန့်မသင့် ဖြစ်ကြပြီဆိုရင် မောင် ဘာမှ လုပ်လို့ ကိုင်လို့ မရတော့ဘူး။ မောင်ဟာ မောင့်လက်ညှိုးလေးကို ချစ်သလားလို့မေးရင် မချစ်ဘူးလို့ ဖြေရမှာပဲ။ မချစ်လို့ သူ မရှိရင် ဖြစ်သလား။ သူ့ကို ဖြတ်ပစ်လို့ ဖြစ်သလားဆို တော့လဲ မဖြစ်ပြန်ဘူး။ သူ မရှိရင် မောင့်ဘဝဟာ မပြည့်စုံဘူး"

"အမလေးလေး ကိုစကားတတ်ရဲ့။ တော်ပါတော့။ မေရီ နားလည်ပါပြီတဲ့။ ကဲ၊ ခုကော စိတ်ဆိုးတော်မူတုန်းပဲတဲ့လား။ ဆိုးဦးလေ"

"ဆိုးတယ်။ သိပ်ဆိုးတယ်" နီကိုလေက ပြုံး၍



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ထိုင်ရာမှ ထ... ဖြင့် ပြောလိုက်သည်။ သပ်ရင်း ခန်းဆောင်ထဲတွင် လမ်းလျှောက်နေသည်။

"မောင် ဘာတွေကို စဉ်းစားနေသလဲဆိုတာ သိရဲ့လား" ကြင်ရာမေရီ၏မျက်နှာကို မြင်လိုက်ရသည့်၌ စိတ်ပြေသွားကာ နီကိုလေက စကားစလိုက်သည်။

နီကိုလေသည် မြို့စားကတော်လေး မေရီအား နားထောင်ပါဟူ၍လည်းမပြော။ နားထောင်ခြင်း ရှိ မရှိကိုလည်း သတိမပြုမိချေ။ မိမိ၏ခေါင်းထဲတွင် အတွေးတစ်ခု ပေါ်လျှင် ထိုအတွေးသည် မိမိ၏ဇနီးသည် မေရီ၏ ခေါင်းထဲ၌လည်း ပေါ်လိမ့်မည်။ မိမိက ပြောလို၍ပြောလျှင် မေရီကလည်း နားထောင်လိုလိမ့်မည်ဟုသာ ထင်လျက်ရှိလေသည်။ မိမိခေါင်းထဲတွင် ပေါ်လာသည့် အတွေးတစ်ခုကို မေရီလည်း ပိုင်ဆိုင်သည်ဟု ယူဆသည်။ နီကိုလေက ပီယာကို နွေဦးပေါက်အထိ ၎င်းတို့နှင့် အတူနေထိုင်ဖို့ပြောရန် စိတ်ကူးထားကြောင်း ပြောပြ၏။

မြို့စားကတော်လေး မေရီသည် နီကိုလေ၏စကားဆုံးအောင် နားထောင်၏။ နောက် ထင်မြင်ချက်ကို ပြောပြ၏။ ထို့နောက် ၎င်း၏အလှည့်သို့ ရောက်သဖြင့် ၎င်း၏အတွေးကိုလည်း ထုတ်ဖော်ပြောပြ၏။ မြို့စားကတော်လေး မေရီ၏အတွေးမှာ ကလေးများကိစ္စ ဖြစ်လေသည်။

"မိန်းကလေးများ ဘယ်လောက်အကင်းပါးတယ်ဆိုတာ မောင့်သမီးကလေးကိုပဲ ကြည့်စမ်း" မြို့စားကတော်လေး မေရီက သမီးငယ် နာတာရှာလေးကို လက်ညှိုးထိုးပြရင်း ပြင်သစ်ဘာသာဖြင့် ပြောလိုက်၏။ "မောင်တို့ယောကျ်ားတွေက မိန်းမတွေဟာ ရှေ့နောက်ညီညွတ်အောင် မစဉ်းစားတတ်ဘူး၊ ယုတ္တိတန်အောင် မစဉ်းစားတတ်ဘူးလို့ သိပ်ပြောတတ်ကြတယ်။ ဟော၊ မိန်းမတွေ ဘယ်လောက် ယုတ္တိတန်တန် စဉ်းစားတတ်သလဲဆိုတာ ခုတွေ့ပြီမဟုတ်လား။ ကြည့်၊ မေရီက 'သမီးရယ် ဖေဖေ အိပ်ချင်ဟန် တူပါတယ်။ သွားမနှောင့်ယှက်ပါနဲ့' လို့ ပြောတော့ မောင့်သမီးက ဘာပြန်ပြောတယ် ထင်သလဲ။ 'ဖေဖေ မအိပ်ချင်ပါဘူး မေမေရဲ့။ ရယ်နေတယ်' တဲ့၊ သိရဲ့လား။ ရယ်တဲ့ရုပ်ဟာ အိပ်ချင်တဲ့ရုပ် မဟုတ်ဘူးဆိုတာ သူသိတယ်။ ဘယ့်နှယ်လဲ ဆရာကြီး။ မိန်းမတွေမှာ ယုတ္တိတန်အောင် စဉ်းစားနိုင်တဲ့ဉာဏ် မရှိဘူးဆို"

မြို့စားကတော်လေး မေရီက အနိုင်ယူသည့်အပြုံး

"ဟုတ်တယ်၊ ဟုတ်တယ်။ မောင့်သမီးလေးက သိပ်ပါးတာပဲ" နီကိုလေသည် သမီးငယ်နာတာရှာလေးကို သန်မာတောင့်တင်းသောလက်ဖြင့် ပွေ့ယူလိုက်ပြီး အထက်သို့ မြှောက်၍ ကုပ်ပေါ်သို့ ခွတင်ထားလိုက်သည်။ ထို့နောက် နာတာရှာလေးကို ခြေထောက်မှ ကိုင်၍ ထိန်းထားရင်း ခန်းဆောင်ထဲတွင် လျှောက်နေ၏။ ဖခင်နှင့် သမီးငယ်တို့နှစ်ဦးစလုံး၏ မျက်နှာများသည် ကြည်နူးသောအသွင်ကို ဆောင်လျက် ရှိကြလေသည်။

"မောင်က မတရားဘူးကွယ်။ အငယ်လေးအပေါ်မှာ အချစ်ပိုလွန်းတယ်" မြို့စားကတော်လေး မေရီက ပြင်သစ်ဘာသာဖြင့် ခပ်တိုးတိုး ပြောလိုက်၏။

"ဟုတ်တယ် မေရီ။ ဒါပေမဲ့ မောင် မတတ်နိုင်ဘူး။ အားလုံးကိုတော့"

ထိုအခိုက် အိမ်ရှေ့ခန်းဆောင်မှ တံခါးဆွဲ၍ ဖွင့်သံ၊ ဖိနပ်သံများ ကြားရ၏။

"ဧည့်သည်ထင်တယ် မေရီ"

"ပီယာပြန်လာပြီ ထင်တယ် မောင်။ မေရီ သွားကြည့်ဦးမယ်" မြို့စားကတော်လေး မေရီက ခန်းဆောင်ထဲမှ ထွက်သွားလေသည်။

ခန်းဆောင်ထဲ၌ ဖအေက မြင်းလုပ်၍ သမီးက စီးကာ ချာချာလှည့်၍ပြေးရင်း ကျန်ရစ်ခဲ့ကြ၏။ နီကိုလေသည် ဟောဟဲလိုက်အောင် မောပန်းလျက်ရှိရာက ရယ်မောလျက်ရှိသော သမီးငယ်ကို ပခုံးထက်မှ ဖျပ်ခနဲ ချကာ ရင်တွင် အပ်ထားလိုက်သည်။ ဤသို့ ခုန်ပေါက်မြူးထူးကစားရသည့်အခါ၌ နီကိုလေသည် ငယ်ငယ်က အကသင်ခဲ့ခြင်းကို သွား၍ အမှတ်ရမိ၏။ နီကိုလေသည် ပြုံးချိုဝိုင်းစက်လျက် ရှိသော မျက်နှာကိုကြည့်ရင်း မိမိ အဘိုးကြီးဖြစ်ချိန်တွင် သမီးလေး မည်သို့ရှိနေမည်ကို စိတ်ကူးကြည့်မိသည်။ သမီးလေး လူကုံထံအသိုင်းအဝိုင်း၌ မည်သို့ရှိနေမည်ကို မှန်းဆကြည့်သည်။ ဖခင် မြို့စားကြီး ရှော့စတော့ဗ်က သမီးနာတာရှာနှင့်အတူ 'ဒင်နီယယ် ကူးပါး' သီချင်းသွားအလိုက် အကသင်သကဲ့သို့ မိမိသည်လည်း သမီးငယ် နာတာရှာလေးကို မည်သို့ အကသင်ပေးမည်စသည်ဖြင့် တွေးလျက် ရှိလေသည်။

"မောင်ရေ၊ မောင်။ ပီယာ ပြန်လာပြီ" မိနစ်



www.burmeseclassic.com

အနည်းငယ်အကြာ၌ မြို့စားကတော်လေး မေရီသည် ဧည့်ခန်းဆောင်ထဲသို့ ပြန်ရောက်လာ၏။ "မောင့်ညီမ နာတာရှာတို့များ ပြုံးနေတာပဲ။ မောင့်ညီမ ဝမ်းသာပုံကို မြင်စေချင်တယ်။ ပီယာကလဲ ပီယာပဲ။ ခဏဆိုပြီး ထွက်သွားလိုက်တာ တော်တော်နဲ့ ပြန်မလာဘူး။ ကဲ၊ လာ၊ လာ။ မောင့်ရွှေယောက်ဖကို ထွက်နှုတ်ဆက်ဦး။ သမီး၊ ဒီလောက်ဆို တော်လောက်ပြီ။ မေမေ့ဆီ လာတော့"

မြို့စားကတော်လေး မေရီက နီကိုလေကို တွယ်နေသည့် နာတာရှာလေးကို လှမ်းယူလိုက်သည်။

နီကိုလေသည် ကလေးကို လက်ဆွဲ၍ ဧည့်ခန်းဆောင်သို့ ထွက်သွားလေသည်။

မြို့စားကတော်လေး မေရီသည် ဧည့်ခန်းဆောင်ငယ်ထဲတွင် ကျန်ရစ်ခဲ့၏။

"လောကကြီးဟာ ဒီလောက် ပျော်ရွှင်ချမ်းမြေ့စရာကောင်းလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မတွေးခဲ့မိဘူးနော်" ဟု မြို့စားကတော်လေး မေရီသည် တစ်ယောက်တည်း ခပ်တိုးတိုး ရွတ်ဆိုမိသည်။ ၎င်း၏မျက်နှာသည် အပြုံးဖြင့် ဝင်းထိန်တောက်ပလာ၏။ သို့ရာတွင် ဘာမျှမကြာ မြို့စားကတော်လေး မေရီသည် သက်ပြင်းချလိုက်မိပြန်သည်။ ထိုအခါ၌ တောက်ပသောမျက်လုံးများသည် ဝမ်းနည်းကြေကွဲသည့်အသွင်ကို ဆောင်လာကြပြန်သည်။ မြို့စားကတော်လေး မေရီ၏ စိတ်၌ လူ့ဘဝတွင် ဤသို့ လင်နှင့် သားနှင့် တင့်တောင့်တင့်တယ် ချမ်းမြေ့စွာနေထိုင်ရခြင်းသည် ပျော်စရာကောင်းသည် မှန်သော်လည်း ဤဘဝ ဤတစ်သက်တွင် မရနိုင်သော အခြားပျော်ရွှင်ချမ်းမြေ့ခြင်းတစ်မျိုး ရှိသေးသည်ဟု ထင်မှတ်လျက်ရှိကာ ထိုပျော်ရွှင်ချမ်းမြေ့မှုမျိုးကို အမှတ်မထင် စဉ်းစားမိလေသည်။

## အခန်း ၁၀

နာတာရှာသည် ၁၈၁၃-ခုနှစ် နွေဦးပေါက်တွင် လက်ထပ်ခဲ့ရာ ၁၈၂၀-ခုနှစ်၌ သမီးသုံးယောက် ရခဲ့လေပြီ။ ထို့မှမက နာတာရှာ တောင့်တခဲ့သော သားယောကျ်ားလေးတစ်ဦးလည်း ထွန်းကားခဲ့လေပြီ။ ယခုအချိန်၌ နာတာရှာသည် သားငယ်ကို ကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူလျက် ရှိလေသည်။ နာတာရှာမှာ တောင့်တင်းဝဖြိုးလာခဲ့လေပြီ။ ဤမျှ ဖွံ့ထွား၍ ဤမျှ ကျန်းမာသန်စွမ်းသော သားသည်အမေ မိန်းမကြီးသည် ငယ်ငယ်က သေးသေးသွယ်သွယ် ဖျတ်ဖျတ်လတ်လတ်ရှိသော နာတာရှာမှ ဟုတ်ပါလေစဟုပင် ထင်ရသည်။ နာတာရှာ၏ ကိုယ်နေကိုယ်ဟန် အချိုးအဆက်တို့သည်လည်း ပို၍ ပီသထင်ရှားလာခဲ့ကြကာ မျက်နှာသွင်ပြင်သည်လည်း တည်ကြည်နူးညံ့၍ ရင့်ကျက်ပြည့်ဝသည့်အသွင်ကို ဆောင်လာခဲ့လေသည်။ ငယ်စဉ်က နာတာရှာ၏ မျက်နှာသည် စိတ်အားထက်သန်ခြင်းဖြင့် လင်းထိန်တောက်ပလျက် ရှိ၍ ထိုလင်းထိန်တောက်ပခြင်းသည် နာတာရှာ၏ အလှ၊ နာတာရှာ၏ ဖွဲ့လမ်းနှစ်သက်ဖွယ် ဆွဲဆောင်မှုဖြစ်ခဲ့၏။ ယခုထိုသို့ တဖျပ်ဖျပ်တောက်ပခြင်းမျိုး မရှိတော့ပြီ။ နာတာရှာ့မျက်နှာနှင့် ကိုယ်ခန္ဓာကို မြင်ရသော်လည်း စိတ်ကို အကဲခတ်၍ မရတော့ပြီ။ ကြည့်သူ၏ မျက်စိထဲတွင် ပေါ်လာသော နာတာရှာ၏သဏ္ဌာန်ကား ငယ်ငယ်ကကဲ့သို့ ဟောဟောဒိုင်းဒိုင်း ပြောလိုရာကို ပြော၍ ရွှင်မြူးဖျတ်လတ်လျက်ရှိသော သေးသေးသွယ်သွယ် နာတာရှာ မဟုတ်တော့ဘဲ စိုပြည်ကြော့ရှင်း၍ သားသမီးရတနာများကို မနွမ်းမနယ် မွေးထုတ်ပေးနိုင်ခဲ့သော ကျန်းမာသန်စွမ်းသည့် မိန်းမတစ်ဦး၏သဏ္ဌာန် ပေါ်လျက် ရှိလေပြီ။ ငယ်ငယ်ကကဲ့သို့ ရွှင်မြူးဖျတ်လတ်ခြင်းမျိုးသည် တစ်ခါတစ်ရံ၌သာ နာတာရှာ၏ မျက်နှာပေါ်တွင် ပေါ်လာတတ်တော့သည်။ အထူးသဖြင့် အိမ်ဦးနတ်ဖြစ်သူ လင်ယောကျ်ား အိမ်သို့ ပြန်လာသည့်အခါ၊ ကလေးတစ်ဦး နာမကျန်းဖြစ်ပြီးနောက် နာလန်ထစ ပြုလာသည့်အခါ၊ မြို့စားကတော်လေး မေရီနှင့် မင်းသားကလေး အင်ဒရေအကြောင်းကိုကား စကားစပ်မိကြသည့်အခါ (နာတာရှာသည် မင်းသားကလေး အင်ဒရေအကြောင်းကို ပီယာ့ရှေ့တွင် ပြောလေ့မရှိချေ။ မင်းသားကလေးအင်ဒရေ့အကြောင်း ပြောလျှင် ပီယာ၏စိတ်၌ မနာလိုဝန်တိုခြင်း ဖြစ်သည်ဟု နာတာရှာ ထင်သည်။) သို့မဟုတ် အကြောင်းတစ်စုံတစ်ရာကြောင့် သီချင်းဆိုချင် စိတ်ပေါက်လာသောအခါမျိုး၌သာ ငယ်ငယ်က ကဲ့သို့ တောက်ပဝင်းလက်ခြင်းမျိုး၊ ရွှင်မြူးဖျတ်လတ်ခြင်းမျိုးသည် နာတာရှာ၏မျက်နှာပေါ်တွင် ပေါ်လာတတ်တော့သည်။ သို့ရာတွင် နာတာရှာသည် အိမ်ထောင်ကျ



www.burmeseclassic.com

ကတည်းက သီချင်းဆိုခြင်းကို လုံးဝစွန့်လွှတ်လိုက်လေပြီ။ ဤသို့ ရွှင်မြူးတောက်ပသောအခါမျိုး၌ကား အစွမ်းကုန် ဖူးပွင့်ဆဲ၊ အစွမ်းကုန် ဖွံ့ဖြိုးဆဲ၊ အစွမ်းကုန် အလှကျက်သရေ ရွှန်းဝေဆဲ နာတာရှာသည် အပျိုဘဝကထက်ပင် စွဲမက်ဖွယ် ကောင်းနေပေသေးသည်။

လက်ထပ်ပြီးသည့်အချိန်မှစ၍ နာတာရှာနှင့် ပီယာတို့သည် မော်စကိုတွင် တစ်လှည့်၊ ပီတာစဘတ်ရွှေမြို့တော်တွင် တစ်လှည့်၊ မော်စကိုအနီးရှိ ၎င်းတို့ပိုင်စားနယ်မြေပေါ်တွင် တစ်လှည့် နေထိုင်ခဲ့ကြ၏။ တစ်ခါတစ်ရံ၌လည်း နာတာရှာ၏မိခင် မြို့စားကတော်ကြီးနှင့် အတူ နီကိုလေ၏စံအိမ်၌ နေထိုင်ခဲ့ကြ၏။ မြို့စားကတော်လေး နာတာရှာသည် ယခင်ကကဲ့သို့ မင်းပွဲသဘင်များသို့လည်း တက်ရောက်ခြင်း မပြုတော့ချေ။ နာတာရှာနှင့် တွေ့သော မိတ်ဆွေရောင်းရင်းဟောင်းများကလည်း နာတာရှာနှင့် တွေ့ရခြင်းကို ယခင်ကကဲ့သို့ သာယာကျေနပ်ခြင်း မရှိကြတော့ချေ။ နာတာရှာသည် ယခင်ကကဲ့သို့ ချစ်စရာလည်း မကောင်းတော့၊ ခင်မင် နှစ်သက်စရာလည်း မကောင်းတော့ဟု ထင်ကြလေသည်။ နာတာရှာသည် ဤကဲ့သို့မင်းပွဲသဘင်များကို ရှောင်ကွင်းခဲ့ခြင်းမှာ 'ဘာသိဘာသာ' နေလို၍ မဟုတ်ချေ။ နာတာရှာသည် ဤသို့ 'ဘာသိဘာသာ' နေခြင်းကို မိမိနှစ်သက်သည် မနှစ်သက်သည်ကိုလည်း မသိချေ။ (သို့ရာတွင် မိမိသည် 'ဘာသိဘာသာ' နေတတ်သူတစ်ဦး မဟုတ်ဟူ၍ကား ထင်ပါသည်။) ပဋိသန္ဓေနေရခြင်း၊ သားဖွားရခြင်း၊ ကလေးထိန်းရခြင်း၊ လင်သည်၏ဘဝကို ပျော်ရွှင်ကြည်နူးဖွယ်ကောင်းအောင် ဖန်တီးပေးရခြင်း စသည့် အိမ်ထောင်သည်တို့၏ ဗာဟိရကိစ္စများကြောင့်သာ ဖြစ်ပေသည်။ နာတာရှာသည် အလုပ်နှင့် လက် မပြတ်အောင် ရှိနေခြင်းကြောင့် ပွဲလမ်းသဘင်များကို စွန့်လွှတ်ထားရခြင်း ဖြစ်ပေသည်။ နာတာရှာကို အပျိုဘဝကတည်းက သိကျွမ်းခဲ့သော မိတ်ဆွေရောင်းရင်းများသည် နာတာရှာ၏ပြောင်းလဲချက်များကို ကြည့်၍ အံ့သြခြင်းကြီးစွာ ဖြစ်ကြ၏။ နာတာရှာသည် ယခင်က မကြာခဏ ငိုလား ရယ်လား ဖြစ်ခဲ့၏။ ဤသို့ ဖြစ်ရခြင်းမှာ လင်သားနှင့် သားငယ် သမီးငယ်များ မရှိသေး၍ ဖြစ်ကြောင်းကို မိခင်မြို့စားကတော်ကြီးတစ်ဦးသာလျှင် မိခင်တို့၏ ပကတိဉာဏ်ဖြင့် သိရှိနားလည်ခဲ့၏။ ထို့ကြောင့်လည်း မြို့စားကတော်ကြီးသည် တစ်ခါက အိုထရာနိုတွင် နာတာရှာအား နောက်ပြောင်ကျီစယ်ဟန်ဖြင့် ဖွင့်မေးခဲ့သေးသည် မဟုတ်လော။ ထို့ကြောင့်လည်း နာတာရှာ၏ အကြောင်းကို မည်သည့်အခါကမျှ နားလည်ခြင်းမရှိသူများက နာတာရှာ၏ပြောင်းလဲချက်ကို ကြည့်၍ အံ့အားသင့်လျက် ရှိကြသောအခါ မြို့စားကတော်ကြီးသည် ၎င်းတို့ကိုကြည့်၍ပင် အံ့အားသင့်ခြင်း ဖြစ်မိသေး၏။ နာတာရှာသည် စံပြဇနီးသည်တစ်ဦး၊ စံပြမိခင်တစ်ဦး ဖြစ်လာမည်ကို မိမိသိကြောင်းဖြင့်လည်း တဖွဖွ ပြောဆိုတတ်၏။

"နာတာရှာ သူ့ယောကျ်ားနဲ့ ကလေးတွေကို ချစ်ပုံကဖြင့်တော်၊ တစ်ဆိတ် လွန်လွန်းတယ် ထင်ပါတယ်၊ ရူးမတတ်ပဲ" ဟု မြို့စားကတော်ကြီးက ပြောတတ်သည်၊

အိမ်ထောင်ရေး နီတိဆရာများ၊ အထူးသဖြင့် ပြင်သစ်များသည် အိမ်ထောင်သည်မိန်းမတို့၏ ကျင့်ဝတ်များကို ပြောဆိုကြရာ၌ မိန်းမတို့သည် လက်ထပ်ပြီးသည့်နောက် မိမိတို့၏အဆင်အပြင်ကို သတိပြုအပ်ကြောင်း၊ မိမိတို့၏အမွမ်းအမံကို လျစ်လျူရှုခြင်း မပြုအပ်ကြောင်း၊ အပျိုဘဝကထက်ပင် မိမိ၏အလှအပကို ပို၍ ဂရုစိုက်အပ်ကြောင်း၊ သမီးရည်းစားဘဝကထက် မိမိ၏ လင်ယောကျ်ားက စွဲလမ်းနှစ်သက်အောင် နေထိုင်အပ်ကြောင်းဖြင့် သြဝါဒပေးကြ၏။ နာတာရှာသည် အဆိုပါ အိမ်ထောင်ရေးနီတိဆရာများ၏ သြဝါဒများကိုလည်း တစ်ခုမျှ လိုက်နာခြင်း မပြုတော့ချေ။ လိုက်နာခြင်း မပြုရုံမျှသာမက နာတာရှာသည် ယောကျ်ားတို့အား ညှို့ယူဖမ်းစားတတ်သောအတတ်ပညာဟူသမျှကိုလည်း စွန့်လွှတ်လိုက်လေပြီ။ ယောကျ်ားတို့၏နှလုံးသားကို ညှို့ယူဖမ်းစားတတ်သော နာတာရှာ၏ အတတ်ပညာတို့ အနက် သီချင်းဆိုခြင်းသည် အရေးကြီးသောအစိတ်အပိုင်းမှ ပါဝင်လျက်ရှိရာ နာတာရှာသည် သီချင်းဆိုခြင်းကိုလည်း စွန့်လွှတ်လိုက်လေပြီ။ သီချင်းဆိုခြင်းသည် ယောကျ်ားတို့၏ တဏှာစိတ်ကို ထကြွစေသည်ဟု နာတာရှာ ထင်မှတ်လျက် ရှိလေသည်။ နာတာရှာသည် ကိုယ်ဟန်အမူအရာ တင့်တယ်ပြေပြစ်ခြင်းကိုလည်း ဂရုမစိုက်တော့ပြီ။ စကားအရာ၌ သိမ်မွေ့နူးညံ့ခြင်းကိုလည်း သတိမပြုတော့ပြီ။ မိမိ၏ကိုယ်ကို အမွှေးနံ့သာ လိမ်းကျံ မွမ်းမံခြင်းကိုလည်း အရေးမလုပ်တော့ပြီ။ အလှဆုံး၊ အကြော့ရှင်းဆုံး ပြင်ဆင်၍ လင်ယောကျ်ားရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com


အလှမပြုလိုတော့ပြီ။ လင်ယောကျ်ားစိတ်အနှောင့်အယှက်ဖြစ်မည် မဖြစ်မည်ကိုပင် မစဉ်းစားမိတော့ဘဲ အစစအရာရာ ဇေ့စပ်သေချာလွန်းလျက် ရှိလေပြီ။ နာတာရှာသည် ဤသို့ဖြင့် အိမ်ထောင်ရေးနိတိဆရာတို့၏ ဩဝါဒများနှင့် ဖီလာပြုလျက် ရှိ၏။ မိန်းမတို့၏ ဗီဇစိတ်သည် မာယာပရိယာယ် အသွယ်သွယ်ကို အသုံးချရန် သင်ကြားလိုက်သော်လည်း ထိုမာယာပရိယာယ်တို့သည် မိမိလင်ယောကျ်ား၏ မျက်စိထဲ၌ ရယ်ဖွယ်သာဖြစ်လျက် ရှိလိမ့်မည်ဟု နာတာရှာ ထင်မှတ်လျက် ရှိလေပြီ။ မိမိသည် မိမိလင်ယောကျ်ားထံတွင် တစ်ကိုယ်လုံး ပုံအပ်ခဲ့ပြီ မဟုတ်လော။ မိမိ၏ဝိညာဉ်ကို ပုံအပ်ခဲ့ပြီ မဟုတ်လော။ မိမိ၏ နှလုံးသား၊ မိမိ၏ဝိညာဉ်တွင်း၌ ဖုံးကွယ်ထားသောအရာဟူ၍ မရှိတော့အောင် ဖွင့်ပြခဲ့ပြီ မဟုတ်လော။ ဤအခြေအနေသို့ရောက်မှ မိန်းမတို့၏ဗီဇစိတ်က သင်ကြားပေးလိုက်သော ပရိယာယ်မာယာ သဲကိုးဖျာတို့ကို မိမိ၏လင်ယောကျ်ားအပေါ်တွင် အသုံးပြုနေခြင်းသည် အဓိပ္ပာယ်ရှိပါဦးတော့မည်လောဟူ၍လည်း နာတာရှာ ထင်မှတ်လျက် ရှိလေပြီ။ မိမိတို့နှစ်ဦးသည် စိတ်ကူးယဉ်ခံစားချက်ဖြင့် ဆုံစည်းခဲ့ကြသည်မှန်သော်လည်း အကြင်လင်မယားဟူ၍ ဖြစ်လာပြီးသည့်နောက်၌ကား မိမိတို့၏ဘဝနှစ်ခုသည် ယခင်ကကဲ့သို့ စိတ်ကူးယဉ်ခံစားချက်များဖြင့် ပေါင်းစပ်နေကြခြင်း မဟုတ်တော့ဘဲ လူတစ်ဦးတည်း၌ ခန္ဓာကိုယ်နှင့် အသက်ဝိညာဉ်တို့၏ ပေါင်းစည်းခြင်းမျိုးဖြင့် ပေါင်းစပ် ညီညွတ်လျက် ရှိသည်ဟု နာတာရှာ ထင်မှတ်လျက် ရှိလေပြီ။

နာတာရှာသည် မိမိယောကျ်ားက ချွဲလမ်းစေရန်အတွက် ဆံပင်များကို လှိုင်းတွန့်ကဲ့သို့ ဖြစ်အောင် ထုံးဖွဲ့ခြင်းလည်း မပြုလိုတော့ပြီ။ ခေတ်ဆန်သော အဆင်အယင်များကိုလည်း ဝတ်ဆင်ခြင်း မပြုလိုတော့ပြီ။ ထိုသို့ လင်ယောကျ်ားလုပ်သူက မိမိအား ချွဲလမ်းနှစ်သက်ခြင်းဖြစ်စေရန် မွမ်းမံခြယ်လှယ်ခြင်း၊ အလှပြင်ခြင်းသည် မိမိကိုယ်ကို မိမိပြန်၍ နှစ်သက်ချွဲလမ်းခြင်း ဖြစ်စေရန် မွမ်းမံခြယ်လှယ်ခြင်း၊ အလှပြင်ခြင်းကဲ့သို့ ရှုးနှမ်းသောအလုပ်မျိုးသာဖြစ်သည်ဟု နာတာရှာ ထင်လျက် ရှိလေပြီ။ မိန်းမတို့အလှပြင်ကြခြင်းမှာ မိမိတို့ကိုယ်ကို မိမိတို့ပြန်၍ ချွဲလမ်းနှစ်သက်အောင် အလှပြင်ကြခြင်း မဟုတ်ချေ။ အခြားသူတို့ချွဲလမ်းအောင်သာ အလှပြင်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် နာတာရှာအဖို့ အခြားသူများက ချွဲလမ်းနှစ်သက်ခြင်းဖြစ်အောင် အလှပြင်ဖို့ မွမ်းမံခြယ်လှယ်ဖို့ လိုကောင်းလိုမည်ဖြစ်သော်လည်း မိမိကိုယ်ကို မိမိပြန်၍ ချွဲလမ်းနှစ်သက်ခြင်းဖြစ်အောင် အလှပြင်ဖို့ မလိုတော့ပြီ။ မိမိကိုယ် မိမိပြန်၍ချွဲလမ်းအောင် အလှပြင်ဖို့ မလိုလျှင် မိမိနှင့် တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်ကိုယ်တည်း၊ တစ်စိတ်တည်း၊ တစ်ဘဝတည်းဖြစ်သည့် လင်ယောကျ်ားက ချွဲလမ်းနှစ်သက်ခြင်းဖြစ်အောင် အလှပြင်ဖို့လည်း လိုသေးသလော။ နာတာရှာသည် ဤသို့ တွေးလျက် ရှိလေပြီ။ အခြားသူများက ချွဲလမ်းနှစ်သက်ခြင်းဖြစ်အောင် အလှပြင်ဖို့လည်း လိုသေးသလော။ နာတာရှာသည် ဤသို့ တွေးလျက် ရှိလေပြီ။ အခြားသူများက ချွဲလမ်းနှစ်သက်ခြင်းဖြစ်အောင် မိမိကိုယ်ကို မွမ်းမံခြယ်လှယ်ဖို့၊ အလှပြင်ဖို့ လိုသည် မလိုသည်ကိုလည်း နာတာရှာ မစဉ်းစားတော့ပြီ။ လိုသည် ဖြစ်စေ မလိုသည်ဖြစ်စေ နာတာရှာသည် မွမ်းမံခြင်း၊ အလှပြင်ခြင်း မလုပ်လိုတော့ပြီ။ ထိုကိစ္စတွေကို အချိန်လည်း မပေးနိုင်တော့ပြီ။ သီချင်းဆိုခြင်း၊ အလှပြင်ခြင်း၊ ပီယာဝါစာ ဆိုခြင်း စသည့်ကိစ္စများကို နာတာရှာ ပစ်ပယ်ထားရခြင်း၏ အဓိကအကြောင်းမှာ ထိုကိစ္စများအတွက် အချိန်မပေးနိုင်ခြင်းလည်း ဖြစ်ပါသည်။

လူသည် မည်မျှသေးငယ်သော အကြောင်းအရာကိုဖြစ်စေ ထွေပြားခြင်း မရှိ၊ အာရုံဝင်စားနိုင်သော တန်ခိုးသတ္တိရှိသည်ဟု ဆိုကြ၏။ ယင်းသို့ ထွေပြားခြင်း မရှိ အာရုံဝင်စားခြင်း ပြုသောအခါ၌ မည်မျှသေးငယ်သော အကြောင်းအရာပင် ဖြစ်စေကာမူ အတိုင်းအဆမရှိ ကြီးမားသည့်အဖြစ်သို့ ရောက်လာတတ်သည် ဟူ၍လည်း ဆိုကြ၏။

ယခုအချိန်၌ နာတာရှာ အာရုံဝင်စားလျက် ရှိသောအကြောင်းအရာမှာ ၎င်း၏မိသားစုပင် ဖြစ်ပေသည်။ ၎င်း၏မိသားစုဆိုသည်မှာ အခြားမဟုတ်။ ၎င်း၏လင်ယောကျ်ားနှင့် ၎င်း၏သားသမီးများ ဖြစ်လေသည်။ နာတာရှာသည် ၎င်း၏လင်ယောကျ်ားကို မိမိတစ်ဦးတည်း၊ မိမိ၏မိသားစု တစ်စုတည်းကသာ လုံးလုံးလျားလျားပိုင်ဆိုင်အောင် ကြိုးစားရဦးမည်ဖြစ်၏။ သားသမီးများကို ပဋိသန္ဓေလွယ်ခြင်း၊ မွေးဖွားခြင်း၊ နို့ချိုတိုက်ကျွေးခြင်း၊


www.burmeseclassic.com

လူလားမြောက်အောင် ပြုစုစောင့်ရှောက်ခြင်း စသည်တို့ကို လုပ်ဆောင်ရဦးမည် ဖြစ်၏။

နာတာရှာသည် ၎င်း၏စိတ်ကို သာမက ဝိညာဉ်တစ်ခုလုံး၊ ဘဝတစ်ခုလုံးကိုလည်း မိမိ၏ မိသားစု တည်ဆောက်ရေးဟူသောကိစ္စထဲ၌ လုံးလုံးလျားလျား နှစ်မြှုပ်ထားလိုက်လေသည်။ ဤသို့ နှစ်မြှုပ်ထားသည်နှင့် အမျှ မိသားစု၏ ကိစ္စအဝဝတို့သည်လည်း ပမာဏကြီးထွားသည်ထက် ကြီးထွားလာကာ နာတာရှာ၏ စွမ်းအားတို့မှာလည်း နည်းသည်ထက် နည်းလာခဲ့လေသည်။ သို့ဖြင့် နာတာရှာသည် မိသားစု၏ အိမ်မှုကိစ္စအဝဝကို သိမ်းကျုံး၍ ဆောင်ရွက်ခဲ့သော်လည်း ဝန်နှင့် အားမမျှအောင် ဖြစ်လျက်ရှိလေသည်။ ဆောင်ရွက်၍ မပြီးနိုင်အောင် ဖြစ်လျက်ရှိလေသည်။

ယခုခေတ်တွင် အမျိုးသမီးများကို အခွင့်အရေးပေးသင့် မပေးသင့်၊ လင်နှင့်မယား အပေးအယူမျှတစွာဆက်ဆံခြင်း ပြုသင့် မပြုသင့်၊ ၎င်းတို့၌ အခွင့်အရေးတန်းတူရှိသင့် မရှိသင့် စသည့်ကိစ္စများကို ပြဿနာကြီးများအဖြစ် တင်ပြ၍ အချေအတင် ငြင်းခုံဆွေးနွေးလျက်ရှိကြသည့်နည်းတူ ထိုခေတ်ကလည်း (ယခုခေတ်မှာကဲ့သို့ ပြဿနာကြီးများအဖြစ် ယူဆခြင်း မပြုသည့်တိုင်) ငြင်းခုံဆွေးနွေးကြသည်သာ ဖြစ်၏။ သို့ရာတွင် နာတာရှာကား ထိုပြဿနာများကို စိတ်လည်း မဝင်စား၊ နားလည်း မလည်ခဲ့ချေ။

စင်စစ်၌ကား လင်နှင့်မယား အခွင့်အရေးတန်းတူ ရှိသင့် မရှိသင့်စသည့် ပြဿနာများသည် အိမ်ထောင်ပြုခြင်းကို ကာမဂုဏ်ခံစားဖို့လောက်သာဖြစ်သည်ဟု မြင်နေသူ တို့အတွက်သာ ဖြစ်လေသည်။ ထိုသူတို့အဖို့၌ကား အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်သည် လင်နှင့်မယားတို့ တစ်ဦးနှင့် တစ်ဦး အလဲအလှယ်ပြုရသော ကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားရန်သာဖြစ်လေသည်။ တစ်နည်းအားဖြင့် အိမ်ထောင်ဦး၌ ကြားက လေသွေးလျှင် ဝေးသည်ထင်ရသော အရသာမျိုးလောက်ကိုသာ အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်ဟု ထင်ကြလေသည်။ မိသားစု တည်ဆောက်ရေးတည်း ဟူသော အိမ်ထောင်ပြုခြင်း၏ တကယ့်အနက်အဓိပ္ပာယ်ကိုကား သိမြင်ခြင်း မရှိကြချေ။ ထိုသူ များအဖို့၌ကား လင်နှင့် မယားတို့၌ အခွင့်အရေးတန်းတူ ရှိသင့် မရှိသင့်ဆိုသော ပြဿနာများ ပေါ်ပေါက်မည် သာဖြစ်လေသည်။

အဆိုပါ လင်မယားအခွင့်အရေးနှင့် ပတ်သက်သည့်ပြဿနာများ၊ ငြင်းခုံမှုများသည် ထမင်းစားရာ၌ မိမိ၏အာသာဆန္ဒ အပြည့်ဝဆုံးဖြစ်စေရန် မည်သို့စားရမည်ဟု ငြင်းခုံနေခြင်းနှင့် တူပေသည်။ ထမင်းစားခြင်း၏ရည်ရွယ်ချက်သည် အာဟာရပြည့်စေရန် ဖြစ်သည်ဟူသောသဘောကို နားလည်သူအဖို့၌ ထမင်းကို မည်သို့စားရမည်ဟူသော ပြဿနာမျိုး မရှိနိုင်သကဲ့သို့ အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်သည် မိသားစုတစ်စု တည်ဆောက်ရန်ဖြစ်သည်ဟူသော အချက်ကို နားလည်သူတို့အဖို့၌လည်း အဆိုပါ လင့်အခွင့်အရေး၊ မယားအခွင့်အရေး စသည့် ပြဿနာများ၊ ငြင်းခုံမှုများသည် မရှိနိုင်ချေ။

ထမင်းစားခြင်း၏ ရည်ရွယ်ချက်သည် ခန္ဓာကိုယ်ကြီးအား အာဟာရဓာတ်ပြည့်ဝစေရန် ဖြစ်၏။ သို့ဖြစ်ရကား လူတစ်ယောက်သည် တစ်ကြိမ်တည်း၌ ထမင်းနှစ်နပ်စားခြင်းကြောင့် လျှာအရသာ တွေ့ကောင်းတွေ့မည် ဖြစ်သော်လည်း၎င်း၏ခန္ဓာကိုယ်ကြီးအား အာဟာရပြည့်ဖြိုးစေရေးဟူသော ထမင်းစားခြင်း၏ ရည်ရွယ်ချက်ကား ပြီးမြောက်မည်မဟုတ်ချေ။ အကြောင်းမူ ၎င်း၏ဝမ်းဗိုက်သည် တစ်ကြိမ်တည်း၌ ထမင်းနှစ်နပ်ကို ကျေညက်အောင် အစာချေခြင်း မပြုနိုင်သောကြောင့်တည်း။

အိမ်ထောင်ပြုခြင်း၌လည်း ထို့အတူပင် ဖြစ်လေသည်။ အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်သည် မိသားစုတစ်စု တည်ဆောက်ရန်ဖြစ်ရာ လူတစ်ယောက်သည် မယားအများအပြားယူခြင်း (မိန်းမဖြစ်လျှင် လင်အများအပြားယူခြင်း) ကြောင့် ကာမဂုဏ်အရသာကို ရရှိကောင်း ရရှိမည်ဖြစ်၏။ သို့သော်လည်း ၎င်း၌ မိသားစုတစ်စု ရှိနိုင်မည် မဟုတ်ချေ။

သို့ဖြစ်ရကား အစာစားခြင်း၏ ရည်ရွယ်ချက်သည် အာဟာရပြည့်ဝစေရန် ဖြစ်သည်ဆိုလျှင် ကျွန်ုပ်တို့သည် မိမိဝမ်းဗိုက်က အစာချေနိုင်သော စွမ်းအားထက် ပို၍စားသောက်ခြင်း မပြုရုံသာ ရှိ၏။ အလားတူပင် အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်သည်လည်း မိသားစုတည်ဆောက်ရေးဖြစ်သည်ဆိုလျှင် အိမ်ထောင်စုတစ်စုအတွက် လိုအပ်သော မယားတစ်ယောက် (သို့မဟုတ် လင်တစ်ဦး) ထက်



www.burmeseclassic.com

www.burmeseclassic.com

ပို၍ မထားရုံမျှသာ ဖြစ်ပါသည်။ ဤသို့ဖြင့် ပြဿနာ ပြေလည်နိုင်စေသည်။ အထူးတလည် ငြင်းခုံဆွေးနွေးစရာ မလိုချေ။ နာတာရှာအဖို့ကား လင်ယောကျ်ားတစ်ယောက် လို၏။ ယခု နာတာရှာသည် လင်ယောကျ်ားတစ်ဦး ရခဲ့လေပြီ။ ထိုလင်ယောကျ်ားသည် နာတာရှာကို မိသားစု တစ်စု ပေးခဲ့လေပြီ။ ထို့ကြောင့် နာတာရှာအဖို့ နောက်ထပ် လင်တစ်ယောက်၊ သို့မဟုတ် ပို၍ကောင်းသော လင်တစ်ယောက်ကို မလိုတော့ပြီ။ နာတာရှာသည် ၎င်း၏ ဝိညာဉ်တစ်ခုလုံးရှိ တန်ခိုးသတ္တိဟူသမျှဖြင့် ထိုလင်နှင့် ထိုမိသားစုကို အလုပ်အကျွေးပြုလျက် ရှိသဖြင့် နောက်ထပ် လင်စိတ် သားစိတ်လည်း မရှိတော့ပြီ။ ရှိလည်း မရှိလိုတော့ပြီ။

နာတာရှာသည် မင်းပွဲသဘင်များ၊ လူကုံထံအသိုင်းအဝိုင်း ပတ်ဝန်းကျင်များကိုလည်း ဂရုမပြုအားတော့ချေ။ သို့ရာတွင် မိမိဆွေမျိုးသားချင်း အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို ပို၍တန်ဖိုးထား၏။ မိခင် မြို့စားကတော်ကြီး၊ အစ်ကိုဖြစ်သူ နီကိုလေ၊ ယောက်မဖြစ်သူ မြို့စားကတော်လေး မေရီ၊ အစ်မဝမ်းကွဲ ဆွန်ယာ စသူတို့၏ ပတ်ဝန်းကျင်တွင် ပျော်မွေ့၏။ နာတာရှာသည် တခမ်းတနားဝတ်စားဆင်ယင်၍ ကြိုဆိုရသော ဧည့်သည်များကို မတွေ့ချင်တော့ပြီ။ ထိုသို့ ကြိုဆိုရသော ဧည့်သည်မျိုးထက် သူငယ်ဆောင်ထဲတွင် ကလေးနို့တိုက်နေရာမှ အဝတ်အစားဖိုသီဖတ်သီဖြင့် ထွက်၍ ကြိုဆိုဧည့်ခံနိုင်သော ဧည့်သည်မျိုးကို တန်ဖိုးထားလျက် ရှိလေပြီ။ ကလေး၏ ဝမ်း အစိမ်းသွားသည်၊ သို့မဟုတ် အဝါ သွားသည် စသဖြင့် ကလေး၏အနှီးကို ထုတ်ပြသည်အထိ ရင်းနှီးသောမိတ်ဆွေမျိုးကိုသာ တန်ဖိုးထားလျက် ရှိလေပြီ။ ကလေး၏ ကျန်းမာရေးအခြေအနေနှင့် စပ်လျဉ်း၍ စိတ်သက်သာဖွယ် အားပေးစကား ပြောနိုင်သူမျိုးကို ပို၍ တန်ဖိုးထားလျက် ရှိလေပြီ။

ယခုအချိန်၌ နာတာရှာသည် တစ်ပါးသူတို့က နောက်ပြောင်ကျီစယ်ခြင်း ပြုရလောက်အောင် ပစ်စလက်ခတ် နေထိုင်တတ်နေလေပြီ။ အဝတ်အစားကို ဖရိုဖရဲ ဝတ်ဆင်တတ်နေလေပြီ။ ဆံပင်ကို မသပ်မရပ် လျစ်လျူရှုတတ်နေလေပြီ။ စကားကို မစဉ်းမစား ပြောတတ်နေလေပြီ။ သူတစ်ပါးကို မနာလိုဝန်တို ဖြစ်တတ်နေလေပြီ။ နာတာရှာသည် ဆွန်ယာကို လည်းကောင်း၊ စာပြဆရာမကို လည်းကောင်း၊ ရုပ်ချောသည် ဖြစ်စေ၊ ရုပ်ဆိုးသည် ဖြစ်စေ မိန်းမဟူသမျှကို မနာလိုတတ်နေလေပြီ။ အများကမူ ပီယာကို မယားကြိုးဆွဲရာ ကရသူဟု ဆိုကြ၏။ တကယ်လည်း ဟုတ်ပါသည်။ လက်ထပ်ပြီးနောက် မကြာမီ၌ပင် နာတာရှာက ၎င်း၏တောင်းဆိုချက်များကို ပီယာ့ထံ တင်ပြလိုက်၏။ နာတာရှာ၏ သဘောထားများသည် ပီယာ့အဖို့ အသစ်အဆန်း ဖြစ်လျက် ရှိ၏။ ထိုသဘောထားများကြောင့် ပီယာသည် အံ့ဩခြင်းလည်း ဖြစ်ရ၏။ နာတာရှာ၏သဘောထားမှာ အခြားမဟုတ်။ ပီယာ့ တစ်သက်တာရှိ မိနစ်နှင့် အမျှ စက္ကန့်နှင့် အမျှသော အချိန်တိုင်းကို နာတာရှာနှင့်တကွ အိမ်ထောင်စုက ပိုင်ဆိုင်သည် ဟူသော အချက်ပေတည်း။ ပီယာသည် ဇနီးဖြစ်သူ နာတာရှာ၏ တောင်းဆိုချက်များကြောင့် အံ့ဩခြင် လည်း ဖြစ်၏။ ကြည်နူးခြင်းလည်း ဖြစ်မိပြီး မာနကြီးခြင်းလည်း ဖြစ်မိ၏။ ထိုတောင်းဆိုချက်များကို ပီယာသည် ဝမ်းမြောက်ဝမ်းသာ လိုက်လျောလိုက်လေသည်။

ထိုတောင်းဆိုချက်များကို ပီယာ အလျှော့ပေးလိုက်ပုံမှာလည်း ဆိုစရာ မရှိတော့ချေ။ ပီယာသည် မည်သည့် မိန်းမနှင့်မျှလည်း 'ပလူးပလဲ' မလုပ်ရဲတော့ချေ။ ထိုမျှမက ပြုံး၍ပင် စကားမပြောရဲတော့ချေ။ တစ်ခါတလေ အပျင်းပြေသဘောဖြင့် ကလပ်သို့ သွား၍လည်း ညစာ မစားရဲတော့ချေ။ ပိုက်ဆံကိုလည်း အရမ်း မသုံးရဲတော့ချေ။ အလုပ်ကိစ္စကြောင့် မှတစ်ပါး အခြားတစ်ပါးသောအကြောင်းကိစ္စ ဖြင့်လည်း အိမ်မှ ကြာကြာမထွက်ရဲတော့ချေ။ နာတာရှာသည် ပီယာ၏ စာပေဇဟုသုတ ရှာဖွေခြင်းကိစ္စများကိုလည်း အိမ်မှုအလုပ်ကိစ္စ ဟူသော ခေါင်းစဉ်ထဲ၌ ထည့်သွင်းထား၏။ နာတာရှာသည် ထိုကိစ္စများကို အနည်းငယ်မျှပင် နားလည်ခြင်း မရှိသော်လည်း အရေးတကြီးထား၍ စဉ်းစား၏။ ပီယာက ဤတောင်းဆိုချက်များကို လိုက်လျောသည့်အတွက် နာတာရှာကလည်း ပီယာအား အိမ်တွင် ၎င်းသဘောကျနေခွင့်ပေး၏။ မိသားစု၏ကိစ္စအဝဝကိုလည်း ပီယာ့သဘောကျစီစဉ်ခွင့်ပေးထား၏။ လင်ကို ပြုစုရာ၌လည်း နာတာရှာသည် ကျွန်မတစ်ယောက် ကဲ့သို့ပင် ကျိုးနွံစွာ ပြုစုလေသည်။ ပီယာ စာဖတ်နေသည့်အချိန်၊ စာရေးနေသည့် အချိန်များ၌ တစ်အိမ်လုံး ခြေဖျားထောက်၍ သွားကြ


www.burmeseclassic.com

www.burmeseclassic.com

ရန် နာတာရှာက အမိန့်ထုတ်ထား၏။ ပီယာက အရိပ် အယောင်ပြလိုက်ရုံဖြင့် လိုသောအရာသည် အမြဲတမ်း အဆင်သင့် ဖြစ်နေစေရ၏။ ပီယာက မိမိ၏ဆန္ဒကို ဖော်ထုတ်လိုက်သည်ဆိုလျှင်ပင် နာတာရှာသည် ကိုယ်တိုင် အဆင်သင့် ပြင်ဆင်ပေးတတ်၏။

အိမ်ထောင်စုကြီးတစ်ခုလုံးကို ပီယာ၏ 'အရိပ်ပြ' အမိန့်များဖြင့် အုပ်ချုပ်ခြင်းပြု၏။ 'အရိပ်ပြ' အမိန့်ဆိုသည်မှာ အခြားမဟုတ်။ ပီယာ၏အရိပ်အကဲပင် ဖြစ်လေသည်။ ထိုအရိပ်အကဲ ကိုကြည့်၍ 'ဤကား ပီယာ၏ဆန္ဒ ဖြစ်ဟန်တူသည်'ဟု နာတာရှာက အဓိပ္ပာယ်ပြန်ကာ ထိုဆန္ဒအတိုင်း အုပ်ချုပ်၏။ ၎င်းတို့အိမ်၌ မည်သည့်စနစ်ဖယားမျိုး ရှိသင့်သည်။ မည်သည့်အိမ်တွင် နေထိုင်မည်၊ ကလေးများကို မည်သို့မည်ပုံ ဆုံးမသင့်သည်၊ မိတ်ဆွေရောင်းရင်းများကို မည်သို့မည်ပုံ ပြုစု ဧည့်ခံသင့်သည်။ နာတာရှာက မည်သို့စီမံအုပ်ချုပ်သင့်သည်ဆိုသော ကိစ္စများ၌ နာတာရှာသည် ပီယာ၏ ညွှန်ကြားချက်အတိုင်းသာ တစ်သဝေမတိမ်း ဆောင်ရွက်ရုံမျှမက တစ်ခါတစ်ရံ စကားစပ်မိ၍ အမှတ်မထင် ပြောပြသွားသော ပီယာ၏ စိတ်ကူးများကိုလည်း ဘုရားဟော ဗျာဒိတ်သဖွယ် နာတာရှာ မှတ်သားထားလိုက်ကာ 'ထိုကား ပီယာ၏ဆန္ဒဖြစ်ဟန် တူသည်'ဟု နာတာရှာက ခန့်မှန်း၍ ထိုအတိုင်း ဖြစ်စေလေသည်။ နာတာရှာသည် ပီယာ၏ အရိပ်အကဲ၊ ပီယာ၏စိတ်ကူးများကို ခန့်မှန်းရာ၌လည်း အမြဲတမ်းမှန်သည်သာ ဖြစ်ပါသည်။ ပီယာဖြစ်စေလိုသော ဆန္ဒအတိုင်းလည်း မဖြစ်မနေ တစ်သမတ်တည်းလုပ်လေ့ ရှိပါသည်။ ပီယာ၏ စိတ်ကူးများ၊ ဆန္ဒများကို နာတာရှာ ဖြည့်စွမ်းအကောင်အထည်ဖော်ပေးပုံမှာ စွဲစွဲမြဲမြဲ ရှိလွန်းရကား တစ်ခါတစ်ရံ ပီယာက မိမိ၏စိတ်ကူးများ၊ ဆန္ဒများကို တစ်မျိုးတစ်ဖုံ ပြောင်းလိုသည့်အခါများ၌ အခက်အခဲပင် တွေ့ရသေးသည်။

တစ်ခါတွင် နာတာရှာက သူ့စကားများကို တရားသေစွဲမှတ်ထားခြင်းကြောင့် နာတာရှာကို မနည်းကြီး ဖျောင်းဖျရသည့် အဖြစ်တစ်ခုကို ပီယာ ယခုတိုင် မှတ်မိသေးသည်။ ထိုအချိန်က ပီယာတို့တွင် သမီးဦးလေးရခါစ ဖြစ်၏။ သမီးလေးမှာ များစွာ ချူချာ၏။ သမီးလေးကို နို့ထိန်းသုံးဦးလဲ၍ တိုက်ရ၏။ နာတာရှာမှာ နို့ထိန်းတစ်ယောက်ပြီး တစ်ယောက် လိုက်နေရသော သမီးဦးလေးကြောင့် စိတ်ပန်းလူပန်းဖြစ်ကာ အိပ်ရာထဲတွင် လဲလေတော့သည်။ တစ်နေ့သ၌ ကလေးကို နို့ထိန်းဖြင့် မွေးမြူခြင်းသည် သဘာဝမကျကြောင်း၊ ကလေးကို ဒုက္ခပေးနိုင်သည်ဟု ပြင်သစ်ပညာရှိကြီး ရူးဆိုးက ပြောဖူးကြောင်း၊ ရူးဆိုး၏စကားကို မိမိလည်း သဘောကျကြောင်းဖြင့် ပီယာက နာတာရှာကို အမှတ်တမဲ့ ပြောပြဖူး၏။ ဒုတိယသမီး မွေးဖွားသောအခါ၌ကား နာတာရှာသည် ထိုစကားကို မြဲမြဲကြီး မှတ်ထားကာ နို့ထိန်းမငှားတော့ဘဲ ကလေးကို သူ့ဘာသာသူ နို့ချိုတိုက်ကျွေးခြင်း ပြုလေသည်။ ဤသို့ ကိုယ်တိုင်နို့တိုက်ခြင်းသည် ထိုစဉ်က ခေတ်စားခြင်း မရှိသေးရုံမျှမက နာတာရှာ၏ကျန်းမာရေးကိုပါ ထိခိုက်စေသည်ဟုဆိုကာ မိခင်မြို့စားကတော်ကြီးနှင့်တကွ သမားတော်ကြီးများကိုယ်တိုင်က တားမြစ်သော်လည်း နာတာရှာသည် လက်မခံတော့ချေ။ နောက်ဆုံး ပီယာက တားမြစ်သည့်အခါ၌လည်း မနာယူတော့ချေ။ တစ်ကြိမ်က ပီယာပြောဖူးသောစကားသည် နာတာရှာ၏အသည်း၌ စွဲလျက်ရှိလေပြီ။ ထိုနောက်မှစ၍ နာတာရှာသည် ကလေးများကို ကိုယ်တိုင်နို့တိုက်ခြင်း ပြုခဲ့သည်။

စိတ်အခန့်မသင့်သည့်အခါများ၌ ပီယာနှင့် နာတာရှာတို့ လင်မယားသည် မကြာခဏ ရန်ဖြစ်တတ်ကြသည်။ သို့ရာတွင် အသားကျလာသောအခါ၌ကား နာတာရှာသည် တစ်ခါက သူကိုယ်တိုင် ကြိုက်နှစ်သက်ခြင်း မရှိသော အတွေးအခေါ်များ၊ အပြုအမူများကိုပင် တွေးခေါ်ပြုမူလာခဲ့လေသည်။ ထိုမျှမက ပီယာစိတ်တိုလာလျှင် အလျှော့ပေးလိုက်သည်ချည်းသာ ဖြစ်လေသည်။ ပီယာသည် ဤသည်ကိုကြည့်၍ အံ့အားသင့်ခြင်းလည်းဖြစ်မိ၏။ ဝမ်းမြောက်ခြင်းလည်း ဖြစ်မိလေသည်။

လက်ထပ်ပြီး ခုနစ်နှစ်ကြာသည့်အခါ၌ကား မိမိသည် လူဆိုးတစ်ယောက် မဟုတ်ကြောင်းကို ပီယာသည် ခိုင်ခိုင်မာမာ သဘောပေါက်လာခဲ့လေသည်။ ဝမ်းလည်းသာမိ၏။ ပီယာ လူဆိုးတစ်ယောက် မဟုတ်ကြောင်းကို ဇနီးသည် နာတာရှာသည် မှန်ကြေးမုံသဖွယ် ထင်ဟပ်ပြလျက် ရှိလေသည်။ ပီယာ၏ကိုယ်ထဲ၌ကား အဆိုးနှင့်အကောင်းဟူ၍ ဒွန်တွဲ ရှိနေပါသေးသည်။ သို့ရာတွင် နာတာရှာသည် ပီယာ၏ ကောင်းသောအရည်အချင်း



www.burmeseclassic.com

ဟူသမျှကိုသာ ထင်ဟပ်ပြ၍ မကောင်းသောအရည်အချင်းတို့ကိုကား ထင်ဟပ်ခြင်းမပြုဘဲ ဖုံးကွယ်ထားလေသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း နာတာရှာက ကောင်းခြင်း မကောင်းခြင်းကို ခွဲခြားနိုင်သောကြောင့် မဟုတ်ပါ။ အဆိုးကိုပယ်၍ အကောင်းကိုသာ ရွေးထုတ် အတုယူနိုင်သောကြောင့်လည်း မဟုတ်ပါ။ တစ်ကိုယ်တည်း တစ်စိတ်တည်း သဖွယ် ရှိကြသော လင်နှင့် မယားတို့ တစ်ဦးနှင့် တစ်ဦး အကြား၌ ကောင်းသောအရည်အချင်းတို့သည် အလိုအလျောက် လာရောက်ထင်ဟပ် ဖော်ပြကြသောကြောင့်သာ ဖြစ်ပါသတည်း။

## အခန်း ၁၁

လွန်ခဲ့သည့် နှစ်လလောက်ကတည်းက ပီယာနှင့် နာတာရှာတို့သည် နီကိုလေထံသို့ အလည်ရောက်လျက် ရှိလေသည်။ ထိုအတွင်း ပီယာသည် ပီတာစဘတ်ရွှေမြို့တော်ရှိ မင်းသားကြီးသီအိုဒိုထံမှ စာတစ်စောင် ရရှိခဲ့လေသည်။ ပီယာအမှူးပြု၍ တည်ထောင်ခဲ့သော အသင်းတစ်သင်းနှင့် ပတ်သက်၍ အရေးကြီးသောကိစ္စများကို တိုင်ပင်လိုသောကြောင့် ပီယာအား ပီတာစဘတ် ရွှေမြို့တော်သို့ လာရောက်စေလိုကြောင်းဖြင့် ထိုစာ၌ ရေးသားထား၏။

နာတာရှာသည် ထိုစာကို ဖတ်ပြီးနောက် (နာတာရှာသည် ပီယာ၏စာများကို အမြဲဖတ်လေ့ရှိသည်။) ပီတာစဘတ်ရွှေမြို့တော်သို့ သွားရောက်ရန် ကိုယ်တိုင် တိုက်တွန်းခဲ့၏။ ပီယာကို မိမိအပါးမှ တစ်စက္ကန့်တစ်ဖဝါးမျှ မခွာစေလိုသော်လည်း မတတ်နိုင်တော့ချေ။ နာတာရှာသည် ပီယာ၏ ဗဟုသုတ ရှာမှီးခြင်းကိစ္စများ၊ ဝါသနာများကို နားမလည်သော်လည်း အရေးတကြီး ထား၏။ ထိုကိစ္စများ၌ မိမိသည် အတားအဆီး အနှောင့်အယှက်သဖွယ် ဖြစ်နေမည်ကိုလည်း နာတာရှာ များစွာ စိုးရိမ်၏။ ပီယာသည် စာကို ဖတ်ပြီးနောက် နာတာရှာကို အသနားခံသော မျက်နှာမျိုးဖြင့် ကြည့်နေသည်။ ဤတွင် နာတာရှာကလည်း သွားခွင့်ပြုလိုက်၏။ သို့ရာတွင် ပြန်ရမည့် ရက်ကိုကား သတ်မှတ်ပေးလိုက်၏။ ဤသို့ဖြင့် ပီယာသည် နာတာရှာထံမှ ခွင့်တစ်လ ရခဲ့လေသည်။

တစ်လကြာ၍လည်း ပီယာ ပြန်ရောက်ခြင်းမရှိ။ နောက်ထပ် ရက်သတ္တနှစ်ပတ်မျှ ကြာသည့်တိုင် ပြန်ရောက်လာခြင်း မရှိသည့်အခါ၌ကား နာတာရှာမှာ နေမထိ ထိုင်မသာဖြစ်လျက် ရှိလေပြီ။

ထိုအတောအတွင်း၌ ဒင်နီဆော့ဗ်သည် နီကိုလေထံ အလည်ရောက်လာခဲ့လေသည်။ ဒင်နီဆော့ဗ်သည် ဗိုလ်ချုပ်ရာထူးကို ရရှိပြီးနောက် တပ်မှ ထွက်လိုက်၏။ ယခု ဖြစ်ပျက်လျက်ရှိသော တိုင်းရေးပြည်ရေးကိစ္စများကို မကျေမနပ် ဖြစ်လျက် ရှိသဖြင့် စိတ်ပြေ လက်ပျောက်ဆိုသကဲ့သို့ အလည်ရောက်လာခြင်း ဖြစ်လေသည်။ ဒင်နီဆော့ဗ်သည် နာတာရှာကို ကြည့်၍ အံ့ဩခြင်း၊ ဝမ်းနည်းခြင်း ဖြစ်မိ၏။ ဒင်နီဆော့ဗ်အကြည့်သည် မိမိ တစ်ခါက ချစ်ခဲ့ဖူးသူတစ်ဦးအား နမြောတသပုံမျိုးကို ဖော်ပြလျက် ရှိလေသည်။ ယခု နာတာရှာသည် ယခင်က မိမိ အသည်းစွဲ ချစ်ခဲ့သော နာတာရှာ မဟုတ်တော့ချေ။ ညှိုးငယ်လျက်ရှိသော နာတာရှာ၊ တဏှာဘဝ ပြုနေတတ်သော နာတာရှာ၊ စကားပြောလျှင်လည်း ကလေးများအကြောင်းလောက်ကိုသာ ပြောတတ်သော နာတာရှာဘဝသို့ တစ်ဖြစ်လဲခဲ့လေသည်။

ထိုအချိန်၌ နာတာရှာမှာ များစွာစိတ်ညစ်လျက်ရှိ၏။ စိတ်တိုလျက် ရှိ၏။ အထူးသဖြင့် မိခင်မြို့စားကတော်ကြီးနှင့် တကွ ယောက်မ ဖြစ်သူ မြို့စားကတော်လေး မေရီနှင့် အစ်မဝမ်းကွဲ ဆွန်ယာတို့က ကိစ္စ မပြီးသေး၍ ဖြစ်ဟန်တူကြောင်း၊ ပီယာကို စိတ်မဆိုးသင့်ကြောင်းဖြင့် အားပေးနှစ်သိမ့်ခြင်း ပြုသည့်အခါများ၌ နာတာရှာသည် ပို၍ စိတ်ဆိုးတတ်၏။

"အဓိပ္ပာယ် မရှိတာတွေ လျှောက်လုပ်နေတာပဲ။ တော်တော်ကြာ အသင်းကိစ္စ၊ တော်ကြာ ဆွေးနွေးပွဲနဲ့၊ အရည်မရ အဖတ်မရ။ အားအားယားယား ရှိတိုင်း လုပ်နေကြတာပဲ" ဟု နာတာရှာသည် အရေးကြီးသည်ဟု ၎င်းကိုယ်တိုင် တစ်ခါက ယုံကြည်ခဲ့သော ကိစ္စများကို ရှုတ်ချလျက် ရှိလေပြီ။

ဤသို့ ပြောဆိုပြီးနောက် နာတာရှာသည် တစ်ဦးတည်းသော သားငယ်ပက်တယာကို နို့တိုက်ရန် သူငယ်ဆောင်သို့ ထွက်လာခဲ့၏။ သုံးလသား ပက်တယာသည် မိခင်၏နို့ကို တပြွတ်ပြွတ်စို့လျက် ရှိလေသည်။ တပြွတ်ပြွတ်စို့နေသော သားငယ်၏နှုတ်ခမ်းမှ အထိအတွေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com

သားငယ်၏ ပူနွေးသော ထွက်သက်လေကို နာတာရှာ ခံစားမိ၏။ ဤသို့ သားငယ်ကို နို့တိုက်ရင်းလည်း လောကကြီး၌ ဤသုံးလ သားကလေးလောက် မည်သူမျှ မိမိအား နှစ်သိမ့်မှုကို မပေးစွမ်းနိုင်။ မည်သူမျှ ယုတ္တိတန်သော စကားကို ပြောဆိုခြင်းမပြုနိုင်ဟု ထင်လျက် ရှိ၏။ 'မေမေကလဲ သိပ်စိတ်တိုတတ်တာကိုးဗျ။ မနာလိုတတ်တာလဲ လွန်ပါရော။ ဖေဖေ ပြန်မလာမှာ ဒီလောက် စိုးရိမ်နေရသလားဗျ။ မစိုးရိမ်ပါနဲ့ မေမေရ။ သားသားကြီး ရှိပါတယ်ဗျ။ သားသားကြီးက ဖေဖေ့ကိုယ်ပွား မဟုတ်ဘူးလား'ဟု ကလေးငယ်က ပြောသကဲ့သို့ ရှိ၏။

နာတာရှာသည် ဤရက်သတ္တနှစ်ပတ်အတွင်း၌ ကလေးငယ်ကို ကြည့်၍ စိတ်ဖြေရ၏။ စိတ်ထဲတွင် 'ဟာ တာဘာ' ရှိလျှင် ကလေးကို နို့တိုက်ရင်း အချိန်ကုန်စေ၏။ ဤသို့ဖြင့် ကလေးကို အားအားရှိတိုင်း နို့ချိုတိုက်ကျွေးလျက် ရှိရာ ကြာသော် ကလေးမှာ ရင်ပြည့်ရင်ကယ် ဖြစ်လျက် နေထိုင်မကောင်းဖြစ်လေတော့သည်။ နာတာရှာသည် ကလေး နေထိုင်မကောင်းသဖြင့် ထိတ်လန့်လျက် ရှိ၏။ တစ်နည်းအားဖြင့်ကား ကလေး နေထိုင်မကောင်းခြင်းက တော်သေးသည်ဟု ဆိုရမည် ဖြစ်ပါသည်။ အကြောင်းမူကား ကလေးကို ပြုစုရသဖြင့် ပီယာ့အတွက် စိုးရိမ်ပူပန်စိတ်များ ပျောက်ပျက်လွင့်စဥ်ကုန်သောကြောင့်ပေတည်း။

ဤသို့ ကလေးကို ပြုစုနေစဥ် အိမ်ရှေ့မှ ပီယာ၏ စွတ်ဖားဆိုက်သံကို ကြားရခြင်းဖြစ်လေသည်။ သခင်မ ကျေနပ်အောင် မည်သို့ပြုစုမည်ကို သိသော ကလေးထိန်းအဘွားကြီးသည် ဝမ်းသာအားရဖြင့် ခန်းဆောင်ထဲသို့ ရောက်လာ၏။

"သူ ပြန်လာပလား အဘွားကြီး" နာတာရှာက ခပ်တိုးတိုး အလောသုံးဆယ် မေးမိသည်။ ကလေးနိုးမည်စိုးသဖြင့် လှုပ်လည်း မလှုပ်ရဲ။

"ပြန်လာပြီဖျာ့၊ ပြန်လာပြီဖျာ့" ကလေးထိန်းအဘွားကြီးက ဆို၏။

နာတာရှာ၏ မျက်နှာ၌ သွေးရောင်လျှမ်းလာ၏။ နာတာရှာ၏ ခြေထောက်များသည် အလိုလို လှုပ်ရှားလာကြ၏။ သို့ရာတွင် ခါတိုင်းကဲ့သို့ ထ၍မပြေးနိုင်သေးပါ။ ရင်ခွင်ထဲ၌ အိပ်ပျော်နေသော ကလေးက နိုးလာကာ နာတာရှာကို ကြည့်နေပါသည်။ ကလေးငယ်သည် 'ဟင် ဖေဖေလား'ဟု မေးမြန်းသကဲ့သို့ မော့ကြည့်ပြီးနောက် တပွတ်ပွတ် နို့စို့နေပြန်သည်။

နာတာရှာသည် သတိကြီးစွာဖြင့် နို့ကို ကလေးပါးစပ်မှ ချွတ်လိုက်ပြီးနောက် အတန်ကြာမျှ လှုပ်၍ သိပ်နေသည်။ ထို့နောက် ကလေးထိန်းအဘွားကြီးကို လှမ်းပေးကာ အပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့၏။ သို့ရာတွင် တံခါးဝအရောက်၌ ဤမျှ ဣန္ဒြေပျက်ရမည်လော၊ ကလေးကို ဤအတိုင်း ပစ်ထားခဲ့ရမည်လောဟု မိမိဘာသာ မိမိ မလုံမလဲ ဖြစ်သဖြင့် လှည့်ကြည့်မိပြန်သည်။ ကလေးထိန်း အဘွားကြီးသည် ကလေးကို ပွေ့၍ ပုခက်ထဲသို့ ထည့်နေသည်။

"သွားမှာ သွားစမ်းပါ သခင်မလေးရဲ့၊ ကလေးအတွက် စိတ်ချပါ" ကလေးထိန်းအဘွားကြီးက သခင်မ တစ်ယောက်နှင့် အစေတော်တစ်ဦးတို့ အချင်းချင်း ရှိတတ်သော ရင်းနှီးမှုမျိုးဖြင့် ပြုံး၍ဆိုသည်။

နာတာရှာသည် သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် အိမ်ရှေ့ခန်းဆောင်သို့ ပြေးလာခဲ့သည်။

ဆေးတံကို လက်တွင်ကိုင်လျက် စာကြည့်ဆောင်မှ ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့သော ဒင်နီဆော့ဗ်သည် နာတာရှာနှင့် ရင်ဆိုင်တိုးနေ၏။ ထိုအခါကျမှ ဒင်နီဆော့ဗ်သည် ယခင်က နာတာရှာ၏ပုံပန်းသဏ္ဌာန်ကို ပထမဆုံးအကြိမ် ပြန်၍ မြင်ရတော့သည်။ တောက်ပရွှင်မြူးသော အလင်းရောင်သည် နာတာရှာ၏ မျက်နှာပေါ်တွင် ယှက်သန်းလျက် ရှိပြန်လေပြီ။

"အစ်ကို ပြန်လာပြီတဲ့" နာတ ှာက ပြေးရင်းလွှားရင်း ပြောသွား၏။ ပီယာအား များစွာဂရုမထားသည့် ဒင်နီဆော့ဗ်ပင်လျှင် နာတာရှာကိုကြည့်၍ ဝမ်းသာရသေးသည်။

စမုတ်ဆောင်သို့ အရောက်၌ နာတာရှာသည် သားမွေးဝတ်ရုံဝတ်လျက် လည်စည်းကိုဖြေနေသော အရပ်မြင့်မြင့်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရ၏။ 'ဟုတ်တယ်၊ အစ်ကို ပြန်လာပြီ၊ အစ်ကို ပြန်လာပြီ' စိတ်ထဲက ပြောလျက် နာတာရှာသည် ပီယာထံသို့ တစ်ဟုန်ထိုး ပြေးလာခဲ့ကာ ပီယာကို ဖက်မိ၏။ ပီယာ၏ခေါင်းကို ရင်တွင် အပ်ထားမိ၏။ ထို့နောက် ပီယာကို နောက်သို့ တွန်းကာ


www.burmeseclassic.com

 www.burmeseclassic.com 

နှင်းမှုန်တို့ ၁က်ဖျန်းထားသော နီရဲရွှင်လန်းလျက်ရှိသည့် ပီယာ၏ မျက်နှာကို ကြည့်မိသည်။

"ဟင်း သူ့မှာတော့ ပျော်လို့။ သူများဖြင့်"

နာတာရှာသည် ဤသို့ တွေးရင်း လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်လုံးလုံး ပူပန်သောက ရောက်ခဲ့ရခြင်းကို အမှတ်ရလာ၏။ ထိုအခါ၌ နာတာရှာ၏ မျက်နှာသည် ဝင်းထိန်လျက်ရှိရာမှ ညှိုးကျသွား၏။ နာတာရှာသည် မျက်မှောင်ကုတ်လိုက်ရာက ပီယာကို ပြစ်တင်မောင်းမဲလျက် ရှိလေသည်။

"အစ်ကိုကတော့ သိပ်ဟန်ကျနေတာပေါ့လေ။ ဟုတ်လား။ ပျော်လို့ပေါ့။ တစ်ခါတည်း သားသမီးရော၊ မယားရော အကုန်မေ့လို့ပေါ့။ အင်း၊ သူများဖြင့် မျှော်လိုက်ရတာ။ တကယ်လို့ နာတာရှာ့ကို အမှတ်မရတောင် ကလေးတွေကိုတော့ အမှတ်ရဖို့ ကောင်းပါတယ်။ နာတာရှာလဲ စိတ်ညစ်ညစ်နဲ့ ကလေးကို နို့ချည်းဖိတိုက်တာပဲ။ ခုတော့ နို့တောင် မထွက်တော့ဘူး သိလား။ ကလေးလဲ ကံကောင်းလို့ပေါ့။ အကြီးအကျယ်နေမကောင်းဖြစ်လိုက်တာ။ အစ်ကိုကတော့ ရွှေမြို့တော်မှာ ပျော်လို့ပေါ့လေ။ ဟုတ်လား။ သိပ်ပျော်နေတာပေါ့"

ပီယာသည် ယခုကဲ့သို့ ချိန်းသည့်ရက်တွင် ပြန်မလာနိုင်ခြင်းကြောင့် မိမိ၌ အပြစ်မရှိဟု ယူဆ၏။ နာတာရှာသည် အကျိုးအကြောင်းမေးမြန်းပြီးမှ စိတ်ဆိုးသင့်သည်ကိုလည်း ပီယာ သိ၏။ တစ်မိနစ် နှစ်မိနစ်လောက်မျှ ကြိမ်းမောင်း မာန်မဲဦးမည်ကိုလည်း သိ၏။ ထိုအချိန်၌ ပီယာ၏စိတ်မှာ ကြည်လင်ရွှင်လန်းလျက် ရှိသဖြင့် ပီယာသည် ပြုံး၍ စပ်ဖြဲဖြဲ လုပ်နေဦးမည် စိတ်ကူးမိသေးသော်လည်း မလုပ်ရဲချေ။ လုပ်ဖို့လည်း မတွေးရဲချေ။ ထို့ကြောင့် ပီယာသည် သနားစဖွယ် ထိတ်လန့်ကြောက်ရွံ့သော အမူအရာကလေးဖြင့် ခေါင်းငုံ့ထား၏။

"တကယ်ပါကွယ်။ ကိစ္စ မပြီးသေးလို့ပါ။ သားလေးကော နေကောင်းသွားပလား"

"ကောင်းပါပြီ။ ခုမှ မေးမနေပါနဲ့။ ကဲ၊ လာ။ စကားများ မနေနဲ့။ ပြောပေမယ့် ရှက်လဲ မရှက်တတ်ဘူး။ ပြောပြောပဲ။ သူများမှာဖြင့် သူမရှိတုန်း လွမ်းလိုက်ရတာ၊ ဟင်း"

"နာတာရှာကော နေကောင်းတယ်နော်"

"ကောင်းပါတယ်။ အပိုတွေ မေးမနေစမ်းပါနဲ့။ လာ လိုက်ခဲ့။ နာတာရှာက ပီယာ၏လက်မောင်းကို မလွတ်တမ်း ဆွဲခေါ်သွားသည်။ နာတာရှာနှင့် ပီယာတို့သည် ၎င်းတို့ခန်းဆောင်ဆီသို့ ထွက်သွားကြလေသည်။

နီကိုလေနှင့် မြို့စားကတော်လေး မေရီတို့ ပီယာကို လာရောက်နှုတ်ဆက်ကြသောအခါ၌ ပီယာမှာ သူငယ်ဆောင်ထဲတွင် ကလေးချီလျက် ရှိ၏။ ယခုအချိန်၌ ကလေးမှာ နိုးလျက် ရှိလေပြီ။ ပီယာသည် ၎င်း၏ကြီးမားသော လက်ဖဝါးကြီးထဲ၌ ကလေးငယ်ကို ထည့်၍ လှုပ်ရှားလျက်ရှိ၏။ ကလေးငယ်၏ ဝိုင်းစက်သော မျက်နှာပေါ်တွင်လည်းကောင်း၊ သွားမပေါက်သေးသည့် ဟလျက်ရှိသော ပါးစပ်တစ်ဝိုက်၌ လည်းကောင်း ပြုံးရောင်သန်းလျက် ရှိလေသည်။ နာတာရှာသည် လင်သည်နှင့် သားငယ်ကို ကြင်နာစွာ စူးစိုက်ကြည့်လျက် ရှိ၏။ ဒေါသမုန်တိုင်းသည် နာတာရှာ၏ မျက်နှာပေါ်မှ ပျောက်ကွယ်လွင့်စဉ်သွားကာ ရွှင်မြူးထိန်လင်းသော အလင်းရောင်သည် ယှက်သန်းလျက် ရှိလေပြီ။

"မင်းသားကြီး သီအိုဒိုနဲ့ကော သေသေချာချာ စကားပြောခဲ့ရရဲ့လား အစ်ကို"

"ပြောခဲ့ရပါတယ်။ တဝကြီးပဲ"

"အမယ် ကြည့်စမ်း အစ်ကိုရေ။ အစ်ကို့သားလေးက တော်တော်တောင် ခေါင်းထူနိုင်နေပြီ။ အစ်ကို့သားလေး နေမကောင်းတုန်းကများ နာတာရှာဖြင့် ပူလိုက်ရတာကွယ်။ ဒါထက် အစ်ကို၊ သီအိုဒိုကိုယ်တော်ကြီးရဲ့ သမီးတော်လေးနဲ့ကော တွေ့ခဲ့ရရဲ့လား။ သူက ဟိုဒင်းနဲ့ ကြိုက်နေတယ်ဆို"

"ပြောတာပဲ"

ထိုအခိုက် နီကိုလေနှင့် မြို့စားကတော်လေး မေရီတို့ ရောက်လာကြ၏။ ပီယာသည် လက်ဖဝါးဖြန့်၍ ကလေးကို ပွေ့ထားရင်းက ၎င်းတို့နှစ်ဦးကို ငုံ့နမ်း၍ နှုတ်ဆက်၏။ ၎င်းတို့ မေးခွန်းများကို ဖြေကြား၏။ သို့ရာတွင် ပီယာမှာ ၎င်းတို့နှင့် စကားပြောနေရသော်လည်း များစွာ စိတ်ဝင်စားခြင်း မရှိလှချေ။ မခိုင့်တခိုင် ခေါင်းပေါ်တွင် ခေါင်းစွပ်ကလေး ဆောင်းထားသည့် သားငယ်ကိုသာ စိတ်ဝင်စားလျက် ရှိလေသည်။

"မောင်ရေ၊ ကလေးလေးက ချစ်စရာလေးကွယ်

www.burmeseclassic.com

နော်။ ကြည့်စမ်း" မြို့စားကတော်လေး မေရီက ကလေးကို ကြည့်၍ မြူရင်း နီကိုလေကို လှမ်းပြော၏။ "မောင်တစ်ယောက်ဟာ ဘာဖြစ်လို့ ဟောဒီလို ကလေးနီနီ ထွေးထွေးလေးတွေဆိုရင် မချစ်တတ်ရသလဲ မသိဘူး"

"ဟင့်အင်း မောင် မချစ်တတ်ဘူး" နီကိုလေက ကလေးကိုကြည့်၍ အေးစက်စက် ပြောလိုက်၏။ "အသားတစ်ကလေးတွေ ကြည့်ရသလို သိပ်ကြက်သီးထတာပဲ။ ကဲ ရောင်းရင်း။ လာဗျာ စကားပြောကြဦးစို့"

"အမလေး အခါလည်ကျော်လောက်ကျတော့လဲ ချစ်လိုက်ရတာ သူ့ချည်းပဲ" မြို့စားကတော်လေး မေရီက အပြစ်တင်သံကလေးဖြင့် ပြောလိုက်၏။

"အစ်ကို့ကျတော့လဲ ဒီလို ပေါက်စလေးတွေကို အချီတတ်သား အစ်မတော် ထိပ်ထားရဲ့" နာတာရှာက ပြောလိုက်သည်။ "သူ့လက်ဖဝါးက ကလေးတင်ပါးလေး ထည့်ဖို့ အံကိုက် ဖြစ်လာတာတဲ့ အစ်မတော် ထိပ်ထားရဲ့။ ကြည့်လေ၊ အတော်ပဲ"

"ကလေးတင်ပါးလေး ထည့်ဖို့တင် မကပါဘူး ညီမရဲ့" ပီယာက စပ်ဖြဲဖြဲလုပ်၍ဆိုကာ ကလေးကို ကလေးထိန်းအဘွားကြီးလက်သို့ လှမ်းပေးလိုက်လေသည်။

## အခန်း ၁၂

အိမ်ထောင်စုကြီးများထဲ၌ မိမိတို့ဘာသာ သီးခြားရပ်တည်လျက်ရှိသော အသိုက်အအုံကလေးများ ရှိတတ်ကြ၏။ ၎င်းတို့သည် သီးခြားကမ္ဘာလောက ကလေးများ ဖြစ်ကြ၍ အစိတ်အပိုင်းကလေးများအဖြစ် အိမ်ထောင်စုကြီးထဲ၌ ပေါင်းစပ်ဖွဲ့စည်းလျက် ရှိကြပေသည်။ သို့ရာတွင် ၎င်းတို့၌ ၎င်းတို့၏သီးခြားစရိုက်လက္ခဏာများ ရှိကြ၍ အခြားသော အသိုက်အအုံကလေးများနှင့် သဟဇာတ ဖြစ်အောင် အပေးအယူ မျှတစွာ နေထိုင်ကြရသည်သာဖြစ်၏။ 'တောင်ကတုံး' ဒေသရှိ 'နီကိုလေနှင့် မြို့စားကတော်လေး မေရီတို့၏ အိမ်ထောင်စုကြီး၌လည်း ထို့အတူပင် ဖြစ်လေသည်။ အိမ်တွင် ဝမ်းနည်းဖွယ် အဖြစ်အပျက် ပေါ်ပေါက်လျှင် ထိုအသိုက်အအုံ စုကလေးများသည် ခွဲဝေခံစားကြရ၏။ အိမ်တွင် ဝမ်းသာဖွယ် အဖြစ်အပျက် ပေါ်ပေါက်လျှင်လည်း ၎င်းတို့သည် မျှတခံစားကြရသည်သာ ဖြစ်၏။ သို့သော်လည်း ဤသို့ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း ဖြစ်ကြရာ၌ အခြေခံချင်း မတူကြချေ။ ကိုယ့်အကြောင်းနှင့် ကိုယ်သာ ဖြစ်လေသည်။

ဥပမာအားဖြင့် ပီယာ ပြန်ရောက်လာခြင်းသည် 'တောင်ကတုံး' စံအိမ်၌ ပျော်စရာ အဖြစ်အပျက် တစ်ခု ဖြစ်၏။ ထို့ကြောင့် အိမ်ရှိလူကုန် ပျော်ကြ၏။ အသီးသီးသော အသိုက်အအုံများ၌ ရွှင်မြူးခြင်း ဖြစ်ကြရ၏။

အစေခံများသည် ပီယာ ပြန်ရောက်လာခြင်းကို ဝမ်းသာကြ၏။ အကြောင်းမူကား ပီယာ ပြန်ရောက်လျှင် ၎င်းတို့၏သခင် နီကိုလေသည် ပိုင်စားနယ်မြေများကို နေ့စဉ် လှည့်လည် ကြည့်ရှု စစ်ဆေးခြင်း၊ အစေခံများကို အကြောင်းမဲ့ ဆူပူကြိမ်းမောင်းခြင်း စသည်တို့ကို ပြုလုပ်တော့မည် မဟုတ်သောကြောင့် ဖြစ်၏။ ထို့ပြင်မှမက ပီယာက ၎င်းတို့အတွက် လက်ဆောင်ပစ္စည်းများ ဝယ်လာတတ်သောကြောင့်လည်း ဖြစ်ပေသည်။ အစေခံများသည် ၎င်းတို့၏ ဝမ်းသာခြင်းကို စကားလုံးများဖြင့် ဖော်ပြခြင်း မပြုကြဘဲ အပြုအမူများ၊ အနေအထိုင်များဖြင့် ဖော်ပြတတ်ကြ၏။ အရှင်သခင်ကို ဆုံးဖြတ်ရာ၌ အစေခံများသည် အကောင်းဆုံးသော တရားသူကြီးများ ဖြစ်ကြလေသည်။

ကလေးများနှင့် စာပြဆရာမများကလည်း ပီယာ ပြန်လာခြင်းကို ဝမ်းသာကြသည်။ အကြောင်းမူကား ပီယာတစ်ဦးတည်းသာ ၎င်းတို့အား ဖက်လှဲတကင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်သောကြောင့် ဖြစ်၏။ ပီယာသည် ရှေးစန္ဒရားကြီးဖြင့် အီကိုဆေဆီသီချင်းခန့်ကြီးကို တီးပြတတ်၏။ (အမှန်အားဖြင့် ဤတစ်ပုဒ်သာ တီးတတ်ပါသည်။) ထိုသီချင်းခန့်ကြီးတစ်ပုဒ်ဖြင့် မည်သည့်ကကွက်ကကြိုးကိုမဆို ကနိုင်သည်ဟုလည်း ပြောပြတတ်၏။ ထို့ပြင်မှမက ပီယာသည် ၎င်းတို့အားလုံးအတွက်လည်း လက်ဆောင်ပစ္စည်းများ ဝယ်လာလိမ့်မည်ဟုလည်း စိတ်ချယုံကြည်လျက် ရှိကြလေသည်။

'ဘိုးအေချစ်' မင်းသားလေး နီကိုလတ်သည် ယခုအချိန်၌ သေးသေးသွယ်သွယ် ဆယ့်ငါးနှစ်ရွယ် လူပျိုပေါက်ကလေး ဖြစ်နေလေပြီ။ နီကိုလတ်သည် နှုးညံ့သိမ်မွေ့သလောက် အကင်းလည်း ပါး၏။ ၎င်း၏ဆံပင်များသည် အညိုရောင်လုကာ လှိုင်းထလျက် ရှိကြ၏။ မျက်လုံးများသည် တောက်ပရွှန်းလက်လျက် ရှိကြ၏။ နီကိုလတ်



www.burmeseclassic.com

သည်လည်း ဦးလေးပီယာပြန်လာခြင်းကို ဝမ်းသာ၏။ အကြောင်းမူကား နီကိုလတ်သည် ဦးလေးပီယာကို များစွာချစ်ခင်သောကြောင့်ဖြစ်၏။ နီကိုလတ်သည် ပီယာကို တစ်ခါတစ်ရံမျှသာ တွေ့ဆုံခြင်းဖြစ်သော်လည်း ပီယာကို အချစ်ဆုံးဖြစ်၏။ နီကိုလတ်အား ငယ်စဉ်တောင်ကျေးကတည်းက ပြုစုစောင့်ရှောက်လာခဲ့သော အရီးတော် မြို့စားကတော်လေး မေရီသည် ၎င်း၏ကြင်ရာ နီကိုလေအား တူဖြစ်သူ နီကိုလတ်က ချစ်ခင်နှစ်သက်ခြင်းဖြစ်စေရန် ကြိုးစားသော်လည်း နီကိုလတ်သည် သူ့ဦးလေးတော် နီကိုလေကို ချစ်ခင်နှစ်သက်ခြင်း မရှိချေ။ မုန်းသလိုလိုပင် ရှိသေးသည်။ သို့ရာတွင် ဦးလေးပီယာကိုမူ နီကိုလတ် မြတ်နိုး၏။ နီကိုလတ်သည် သူ့ဦးလေး နီကိုလေကဲ့သို့ပင် မြင်းတပ်ဗိုလ်ကြီးလည်း မဖြစ်လို။ စိန်ဂျော့သူရဲကောင်းဘွဲ့ထူးဂုဏ်ထူးကိုလည်း မရလို။ ဦးလေး ပီယာကဲ့သို့ အမြော်အမြင်ရှိသူတစ်ဦး ဖြစ်လို၏။ ပညာရှိသူတစ်ဦးလည်း ဖြစ်လို၏။ သနားကြင်နာတတ်သူတစ်ဦး ဖြစ်လို၏။ ဦးလေးပီယာ ရှိလျှင် နီကိုလတ်၏မျက်နှာသည် လင်းထိန်နေတတ်၏။ ဦးလေးပီယာက သူ့ကို ရင်းနှီးစွာစကားပြောလျှင် ရှက်သွေးတွေဖြာကာ ပျော်ရွှင်ခြင်း ဖြစ်၏။ အသက်ရှူ မေ့မတတ် ကြည်နူးရ၏။ နီကိုလတ်သည် ပီယာ၏စကားလုံးများကို တစ်လုံးမကျန် စူးစိုက်နားထောင်တတ်၏။ ထို့နောက် စာပြဆရာ ဒီဆေးလ်နှင့်သော်လည်းကောင်း၊ တစ်ယောက်တည်းသော် လည်းကောင်း ပီယာပြောသည့်စကားများကို အနှလုံ ပဋိလုံ စဉ်းစားနေတတ်သည်။ ပီယာ၏အတိတ်ဘ၀ ၁၈၁၂-ခု မတိုင်မီက ပီယာတွေ့ကြုံခဲ့ရသော စိတ်မချမ်းသာဖွယ်ကိစ္စများ (၎င်းတို့အကြောင်းကို နီကိုလတ်သည် ပီယာ့ပြောစကားများမှ တစ်ဆင့် ဝိုးတဝါးသိခြင်းသာ ဖြစ်သည်။) မော်စကိုမြို့တွင် ပီယာ၏ စွန့်စားမှုများ၊ ပီယာ သုံ့ပန်းအဖြစ် အဖမ်းခံရသည့်ကိစ္စ၊ ကာရာတာယက်၏ အဖြစ်အပျက် (ဤအကြောင်းကို ပီယာ ပြောပြ၍ သိရသည်။) ပီယာက နာတာရှာကို ချစ်ခင်စွဲလမ်းပုံ (နီကိုလတ်သည် နာတာရှာကိုလည်း အလွန်ချစ်၏)နှင့်တကွ အထူးသဖြင့် ပီယာနှင့် မိမိ၏ ကွယ်လွန်သူ ဖခင် မင်းသားကလေး အင်ဒရေတို့ ချစ်ကျွမ်းဝင်ကြပုံ (နီကိုလတ်သည် ဖခင် မင်းသားကလေး အင်ဒရေအကြောင်းကို ကောင်းစွာမမှတ်မိတော့ပါ။). စသည်တို့ကြောင့် ပီယာသည် နီကိုလတ်၏မျက်စိထဲ၌ လူစွမ်းကောင်းတစ်ဦး၊ သူတော်ကောင်းတစ်ဦး ဖြစ်လျက် ရှိလေသည်။

နာတာရှာနှင့် မိမိဖခင် ကွယ်လွန်သူ မင်းသားကလေး အင်ဒရေတို့ကိစ္စနှင့် ပတ်သက်၍ တစ်ပိုင်းတစ်စကြားသိရသော စကားများကြောင့်သော် လည်းကောင်း၊ ကွယ်လွန်သူ ဖခင်အကြောင်း ပြောပြသည့်အခါ၌ ပီယာ၏ စိတ်ထိခိုက်ဟန်ကြောင့် လည်းကောင်း၊ ကွယ်လွန်သူ ဖခင်၏အကြောင်းကို ပြောပြရာ၌ နာတာရှာ၏ ချူပ်တည်းသိုဝှက်ထားရသော လွမ်းဆွတ်ဟန်ကြောင့် လည်းကောင်း အချစ်၏အဓိပ္ပာယ်ကို ယခုမှ တွေးတတ်ခါစ ရှိသေးသည့် နီကိုလတ်၏စိတ်၌ ၎င်း၏ဖခင်သည် နာတာရှာကို အသည်းနင့်အောင် ချစ်ခဲ့ဖူး၍ ကွယ်လွန်သောအခါ၌ သူ့ချစ်သူကို သူ့ရောင်းရင်းလက်တွင် အပ်ခဲ့ခြင်းဖြစ်သည်ဟု ထင်လျက် ရှိလေသည်။ သို့ရာတွင် နီကိုလတ်သည် ကွယ်လွန်သူ ဖခင်ကို ကောင်းစွာ မမှတ်မိချေ။ ကွယ်လွန်သူဖခင်သည် စကြ္ဝာအာရုံထဲတွင် ထင်နိုင်မြင်နိုင်စွမ်း မရှိသော ဘုရားသခင်တစ်ပါးဟူ၍သာ အောက်မေ့မိသည်။ ကွယ်လွန်သူ ဖခင်၏အကြောင်းကို တွေးလိုက်တိုင်း ရင်နာခြင်း ဖြစ်ရသည်။ ဝမ်းနည်းခြင်းနှင့် ပီတိတို့ပေါင်းစပ်သော မျက်ရည်တို့သည် ဖြိုင်ဖြိုင် စီးကျလာတတ်လေသည်။ ထို့ကြောင့် ပီယာပြန်ရောက်လာသောအခါ နီကိုလတ် ဝမ်းသာခြင်းဖြစ်လေသည်။

'တောင်ကတုံး' တွင် ရောက်ရှိနေသော အခြားဧည့်သည်များကလည်း ပီယာကို ဝမ်းသာအားရကြိုဆိုကြ၏။ အကြောင်းမူကား ပီယာသည် ရောက်လေရာရာတွင် တစ်ဖက်သား၏ နှလုံးကို ရွှင်ပြုံးစေနိုင်သောကြောင့် ဖြစ်လေသည်။

အိမ်ထောင်စုရှိ လူကြီးများကလည်း ပီယာကဲ့သို့ မိတ်ဆွေကောင်းတစ်ဦး ပြန်ရောက်လာခြင်းကို ဝမ်းသာကြ၏။ ပီယာ ပြန်ရောက်လာခြင်းကြောင့် စိုစိုပြည်ပြည် ဖြစ်လာခဲ့လေသည်။ ဇနီးဖြစ်သူ နာတာရှာ၏ ဝမ်းသာခြင်းကိုကား ဆိုဖွယ် မရှိတော့ပြီ။

အဘွားကြီးများကလည်း ပီယာက လက်ဆောင်ပစ္စည်းများ ယူလာခဲ့သဖြင့် ကျေနပ်လျက် ရှိကြ၏။ အထူးသဖြင့် နာတာရှာကို ရွှင်ရွှင်လန်းလန်း တွေ့ရတော့မည် ဖြစ်သဖြင့် ဝမ်းမြောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ပိယာသည် ဤသို့ 'တောင်ကတုံး' အိမ်ထောင်စုကြီးထဲ၌ ကမ္ဘာလေးအသီးသီးက အကြောင်းအမျိုးမျိုးဖြင့် ဝမ်းသာအယ်လဲ ကြိုဆိုကြခြင်းကို နားလည်၏။ ထို့ကြောင့် ၎င်းတို့၏အလိုကျ ဖြစ်စေရန် အစွမ်းကုန် ကြိုးစား[illegible]သည်။

ပိယာသည် သတိမေ့သည့်အရာ၌ ပြိုင်ဘက်ကင်းသူတစ်ယောက် ဖြစ်သော်လည်း ဇနီးသည် နာတာရှာက စာရင်းလုပ်ပေးလိုက်ခြင်းကြောင့် မှာလိုက်သောပစ္စည်းမှန်သမျှ အကုန်အစင် ဝယ်လာခဲ့၏။ ယောက္ခမ မြို့စားကတော်ကြီးနှင့် ယောက်ဖ နီကိုလေတို့၏ ကိစ္စများကိုလည်း ဆောင်ရွက်ခဲ့၏။ မြို့စားကတော်ကြီး၏ မိန်းမဖော် အဘွားကြီး ဘီလိုဗာအတွက်လည်း လက်ဆောင်ပစ္စည်းအဖြစ် အင်္ကျီစများ ဝယ်ခဲ့၏။ ဇနီးနာတာရှာ၏ တူများ (နီကိုလေ၏ သားများ) အတွက်လည်း ကစားစရာများ ဝယ်ခဲ့၏။ လက်ထပ်ပြီးခါစကဆိုလျှင် ဇနီးသည်က ပစ္စည်းများ မှာတတ်၍ မှာသမျှကိုလည်း မေ့လျော့ခဲ့သည်ချည်း ဖြစ်သည့်အတွက် နာတာရှာ၏ ဆူပူကြိမ်းမောင်းခြင်းကို မကြာခဏ ခံခဲ့ရသည်။ သို့ရာတွင် ကာလကြာညောင်းလာသည့်အခါ၌ကား ပိယာသည် မမေ့မလျော့ ဝယ်ရကောင်းမှန်း သိလာခဲ့လေပြီ။ နာတာရှာသည် အခြားသူများအတွက်သာ မှာ၍ သူကိုယ်တိုင်အတွက်မူ မည်သည့်ပစ္စည်းကို ဝယ်ခဲ့ပါဟူ၍ တစ်ခွန်းမျှ မမှာချေ။ ယခုမူ မှာလိုက်သမျှပစ္စည်းကို အမေ့အလျော့မရှိ စေ့စေ့စုံစုံ ဝယ်လာနိုင်ခဲ့ရုံမျှမက မမှာဘဲနှင့်လည်း သင့်တော်မည်ထင်သော လက်ဆောင်ပစ္စည်းများကို အိမ်ရှိလူကုန်အတွက် ဝယ်လာနိုင်ခဲ့ခြင်းကြောင့် ပိယာသည် ကလေးငယ်တစ်ဦးသဖွယ် ဝမ်းမြောက်လျက် ရှိလေသည်။ ယခုအချိန်၌ နာတာရှာ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရလျှင် မှာသည့်ပစ္စည်းကို မဝယ်ခဲ့၍ မဟုတ်ဘဲ ပစ္စည်းအများအပြား ဝယ်လွန်းခြင်းနှင့် ဈေးကြီးသော ပစ္စည်းများကို ဝယ်ခြင်းကြောင့်သာ ဖြစ်လေသည်။ အိမ်ထောင်ကျပြီးနောက် နာတာရှာ၌ မိမိကိုယ်ကို မိမိ လျစ်လျူရှုခြင်း၊ သန့်ပြန့်စွာ ဝတ်စားဆင်ယင်မှု မပြုခြင်း စသည့် ချွတ်ယွင်းချက်များအပြင် (အခြားသူများကသာ ၎င်းတို့ကို ချွတ်ယွင်းချက်ဟု မြင်ပါသည်။ ပိယာကမူ ၎င်းတို့ကို အရည်အချင်းဟု သဘောထားသည်။) စေးနှဲခြင်းလည်း ပို၍ လာပါသည်။

အိမ်ထောင်ရှင် ယောကျ်ားတစ်ဦးအဖို့၌ အကုန်အကျများလှ၏။ ဤသည်ကို ပိယာသည် အိမ်ထောင်ကျစကတည်းက နားလည်ခဲ့သည်။ သို့ရာတွင် ယခုအခါ၌ကား ပိယာ၏အသုံးစရိတ်မှာ ယခင်ကထက် တစ်ဝက်လောက်မျှသာ ရှိခြင်းကို အံ့သြစွာ တွေ့ရလေသည်။ ယခင်ကမူကား ကွယ်လွန်သူ ကြင်ရာ ဟယ်လင်မင်းသမီးလေး၏ ကြွေးမြီများကို ပေးဆပ်နေရခြင်းကြောင့် ပိယာ၏ စီးပွားရေးအခြေအနေမှာ ဖရိုဖရဲဖြစ်လာခဲ့၏။ ယခု နာတာရှာနှင့် လက်ထပ်ပြီးသည့်နောက်၌မူ အခြေအနေ ကောင်းမွန်လာခဲ့သည်။

ပိယာတို့ အိမ်ထောင်စုသည် ရိုးရိုးကုပ်ကုပ်သာ နေသဖြင့် အကုန်အကျ သက်သာ၏။ လောက၌ လူသည် ရိုးရိုးကုပ်ကုပ် မြိုးမြိုးခြနေထိုင်တတ်သော အလေ့ကို ရရန် များစွာ အားထုတ်ကျင့်ကြံရသော်လည်း ငွေကို ရေလိုသုံးကာ ဇိမ်ခံနေထိုင်တတ်ရန်ကိုကား များစွာအားထုတ်ခြင်း မပြုရချေ။ ထိုဘဝမျိုးကို အလွယ်တကူ ပြောင်းသွားတတ်သည်သာ ဖြစ်လေသည်။ ယခုမူ ပိယာသည် ငွေကို ရေလိုသုံး၍ ဇိမ်ခံသောအကျင့်မျိုးကို အထူးတလည် အားထုတ်ခြင်း မပြုရဘဲ ရှောင်ကြဉ်တတ်ပေပြီ။ ထိုသို့လည်း နေထိုင်ခြင်း မပြုလိုတော့ပြီ။ မိမိသည် ဤသို့ မြိုးမြိုးခြစွာ နေထိုင်သောဘဝမျိုးဖြင့် သေတစ်ပန် သက်ဆုံး နေနိုင်သွားလိမ့်မည်ဟု ပိယာ ယုံကြည်လျက် ရှိလေသည်။ ထိုဘဝမျိုးကို မိမိ၏ တန်ခိုးသတ္တိဖြင့် ပြောင်းလဲစေခြင်းငှာ မတတ်နိုင်ဟုလည်း ထင်လျက် ရှိလေသည်။ မြိုးမြိုးခြစွာ နေထိုင်သောဘဝမျိုးသည် အကျိုးလည်း ဖြစ်ထွန်းစေသည်သာ ဖြစ်ပေသည်။

ပိယာသည် ရွှင်လန်းပြုံးချိုသော မျက်နှာဖြင့် ဝယ်လာသော လက်ဆောင်ပစ္စည်းများကို ရွေးချယ်လျက် ရှိ၏။

"ကဲ၊ ဆိုစမ်း ဒါ ဘာပစ္စည်းလဲ" ပိယာသည် ဈေးသည်တစ်ယောက်သဖွယ် ပစ္စည်းတစ်ခုကို ဖြန့်၍ မေးလိုက်၏။

သမီးအကြီးကို ပေါင်ပေါ်တင်၍ ပိယာနှင့် မျက်နှာချင်းဆိုင်လျက် ရှိသော နာတာရှာသည် တောက်ပရွှန်းလက်သော မျက်လုံးကြီးများဖြင့် ပိယာကို ကြည့်နေရာမှ ပိယာပြသည့် ပစ္စည်းများကို လှမ်းကြည့်လိုက်သည်။

"အမလေး အထူးအဆန်းလုပ်လို့။ အဘွားကြီး



www.burmeseclassic.com

ဘီလိုဗာဖို့ မဟုတ်လား။ အသားကောင်းသားပဲ” နာတာရှာက အထည်စကို ကိုင်ကြည့်၏။ “တစ်ကိုက်ကို ဒင်္ဂါးတစ်ပြားလောက်တော့ ပေးရမှာပဲနော်”

ပီယာက ဈေးနှုန်းကို ပြောပြ၏။

“အမလေး ဈေးကြီးလှချည်လား အစ်ကိုရယ်” နာတာရှာက ဆို၏။ “ကလေးတွေနဲ့ မေဖျားကတော့ သူတို့ဖို့ လက်ဆောင်တွေ ပါလာလို့ ဝမ်းသာနေကြမှာပဲ။ အစ်ကို ကလဲကွယ် သိပ်ခက်တာပဲ ။ နာတာရှာ့ဖို့ ဘာမှ မဝယ်ခဲ့ပါနဲ့လို့ ပြောလိုက်သားနဲ့” နာတာရှာသည် ထိုစဉ်က ခေတ်စားလျက်ရှိသော ပုလဲ ကျောက်စိ ရွှေဘီးကို ပြုံး၍ အမြတ်တနိုး ကြည့်နေသည်။

“အေဒဲလ်ကြောင့် ဝယ်ဖြစ်တာကွ။ နာတာရှာဖို့ ဝယ်သွားလို့ တဖွဖွပြောနေတာနဲ့” ပီယာက ဆို၏။

“အစ်ကို့ရွှေဘီးကြီးကို နာတာရှာ ဘယ်အချိန်ဆင်နေရဦးမှာလဲ အစ်ကိုရဲ့။ အချိန်မရှိပါဘူး” နာတာရှာက ရွှေဘီးကို ခေါင်းတွင် စမ်း၍ စိုက်ကြည့်သည်။ “သမီးကြီးတို့ကြီးလာမှ ဆင်ပေးရတော့မှာပဲ ။ သမီးကြီးတို့ အပျိုဖြစ်ချိန်လောက်ဆိုရင်တော့ ရွှေဘီးတွေ ပြန်ပြီး ခေတ်စားလာကောင်းပါရဲ့နော် အစ်ကို။ ကဲ၊ လာ သွားကြစို့”

ပီယာနှင့် နာတာရှာတို့သည် လက်ဆောင်ပစ္စည်းများကို စုဆောင်းသိမ်းဆည်းကာ သူငယ်ဆောင်သို့ ထွက်ခဲ့ကြ၏ ။ ထိုမှ တစ်ဖန် မြို့စားကတော်ကြီး၏ ခန်းဆောင်သို့ လာခဲ့ကြပြန်သည်။

ပီယာတို့နှစ်ဦး လက်ဆောင်ပစ္စည်းများ ပွေ့လျက် ခန်းဆောင်ထဲသို့ ဝင်ရောက်လာချိန်၌ မြို့စားကတော်ကြီးသည် ၎င်း၏ မိန်းမဖော် ဘီလိုဗာနှင့်အတူ ဖဲချပ်စာအတိုင်း ဖဲကစားလျက် ရှိသည်။

ယခုအချိန်၌ မြို့စားကတော်ကြီးမှာ အသက် ခြောက်ဆယ် ကျော်ခဲ့လေပြီ။ ဆံပင်များ ဆွတ်ဆွတ်ဖြူခဲ့လေပြီ။ မြို့စားကတော်ကြီးသည် ဇာနားတပ် ဦးထုပ်ပြားကလေးကို ဆောင်းထား၏ ။ မျက်နှာတွင် အရေတွန့်ကာ အပေါ်နှုတ်ခမ်းသည် အတွင်းသို့ လိပ်ဝင်လျက် ရှိ၏ ။ မျက်လုံးများကလည်း မှုန်မွဲစ ပြုကြလေပြီ။

ကြင်ရာမြို့စားကြီး ရော့စတော့ဗ်နှင့် သားငယ် ပီတာတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ပြီးသည့်နောက်၌ မိမိသည် ဤလောကကြီးတွင် မေ့လျော့ထားခြင်းခံရသော သတ္တဝါတစ်ဦးသာဖြစ်သည်ဟု မြို့စားကတော်ကြီး၏ စိတ်တွင် ထင်မှတ်လျက် ရှိလေသည်။ ဤလောကကြီးတွင် ဆက်လက်အသက်ရှင်နေရန်အတွက် မည်သည့်ရည်ရွယ်ချက်၊ မည်သည့်မျှော်မှန်းချက်မျှလည်း မကျန်တော့ဟု ထင်မိသည်။ မြို့စားကတော်ကြီးသည် အစာစား၏ ။ ရေသောက်၏ ။ အိပ်၏ ။ နိုး၏ ။ သို့ရာတွင် အသက်ရှင်နေထိုင်ခြင်း မဟုတ်တော့ပြီ။ လူ့ဘဝကြီးသည် မြို့စားကတော်ကြီးအား အသစ် အသစ်သော အတွေးအမြင် အသစ်အသစ်သော အကြံအစည်တို့ကိုလည်း ပေးနိုင်စွမ်း မရှိတော့ပြီ။ မြို့စားကတော်ကြီးသည် ငြိမ်းချမ်းခြင်းမှအပ အခြားမည်သည့်အရာကိုမျှ လည်း လူ့ဘဝမှ ရယူလိုသော ဆန္ဒ မရှိတော့ပြီ။ သို့ရာတွင် မြို့စားကတော်ကြီး အလိုရှိသော ငြိမ်းချမ်းခြင်းမျိုးကိုလည်း သေခြင်းတရားကသာလျှင် ပေးနိုင်တော့သည်သာ ဖြစ်ပါသည်။ သေခြင်းသို့ မရောက်မီကာလ၌ကား ဆက်လက် အသက်ရှင်နေရဦးမည်သာ ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အသက်ဓာတ်အားကို ဆက်လက်အသုံးပြုနေရဦးမည်သာ ဖြစ်ပါသည်။ လွန်စွာနုနယ်ငယ်ရွယ်သော ကလေးများနှင့် လွန်စွာအိုမင်းရင့်ရော်ပြီးသော လူအိုကြီးများ၌သာ တွေ့ရတတ်သည့် အသွင်သဏ္ဌာန်များသည် မြို့စားကတော်ကြီး၌ အထင်အရှား ပေါ်ပေါက်လျက် ရှိလေပြီ။ မြို့စားကတော်ကြီးဘဝ၌ အခြား မည်သည့်ရည်ရွယ်ချက်မျှ မရှိတော့ပြီ။ မိမိ၏ ခန္ဓာကိုယ်ရှိ အထူးထူးသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ အာရုံကြောများကို လေ့ကျင့်လှုပ်ရှားဖို့သာ ရှိပါတော့သည်။ မြို့စားကတော်ကြီးသည် အသက်နှင့် ခန္ဓာကိုယ် မြဲနေသေးသမျှ ထိုကိုယ်အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်လှုပ်ရှားမှု ပြုရဦးမည်သာ ဖြစ်ပါသည်။ သို့ရာတွင် ခံစားချက်ဟူ၍ကား မရှိတော့ပါ။ မြို့စားကတော်ကြီးအဖို့ အစာစားခြင်းသည် စားလို၍ မဟုတ်။ အိပ်ခြင်းသည်လည်း အိပ်လို၍ မဟုတ်။ စဉ်းစားခြင်းသည်လည်း စဉ်းစားလို၍ မဟုတ်။ ငိုခြင်းသည်လည်း ငိုလို၍ မဟုတ်။ အလုပ်လုပ်ခြင်းသည်လည်း အလုပ်လုပ်လို၍ မဟုတ်။ စိတ်ဆိုးခြင်းသည်လည်း စိတ်ဆိုးလို၍ မဟုတ်တော့ပါ။ ဝမ်းဗိုက်တစ်လုံး၊ ဦးနှောက်တစ်ခု၊ ကြွက်သားကစ်စိုင်၊ အကြောတစ်ထွေး၊ အသည်းတစ်ခုရှိ၍သာ ဖြစ်ပါသည်။ အသက်ဓာတ်အားကောင်းသူများသည် ငိုစရာအကြောင်းရှိ၍ ငို



www.burmeseclassic.com

www.burmeseclassic.com


ကြခြင်း ဖြစ်၏။ ရယ်စရာအကြောင်းရှိ၍ ရယ်ကြခြင်း ဖြစ်၏။ စဉ်းစားစရာအကြောင်း ရှိ၍ စဉ်းစားကြခြင်း ဖြစ်၏။ သို့ရာတွင် မြို့စားကတော်ကြီး၌ကား ဤသို့ မဟုတ်တော့ချေ။ မြို့စားကတော်ကြီး စကားပြောခြင်းမှာ ပြောစရာရှိ၍ မဟုတ်တော့ချေ။ မိမိ၏ လျှာနှင့် အဆုတ်များကို လေ့ကျင့်ခန်း ပြုလုပ်ရန် လိုခြင်းကြောင့်သာ ဖြစ်လေသည်။ ကလေးငယ် တစ်ဦးသဖွယ် မြို့စားကတော်ကြီး တအီအီ ငိုကြွေးလျှင်လည်း ငိုကြွေးစရာ အကြောင်းရှိ၍ မဟုတ်တော့ချေ။ အသက်ရှူလမ်းကြောင်းကို ရှင်းလင်းရန် လိုခြင်းကြောင့်သာ ဖြစ်လေသည်။ အခြားအပြုအမူများ ဖြစ်ပေါ်လာရခြင်းမှာလည်း ဤသို့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်ခြင်းကြောင့်သာဖြစ်လေသည်။ အသက်ဓာတ်အားကောင်းသူတို့အဖို့၌ ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ရသောအလုပ်များသည် မြို့စားကတော်ကြီးအဖို့ ၎င်း၏ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်လှုပ်ရှားရန်အတွက် ယိုးမယ်ဖွဲ့၍လုပ်ရသောအလုပ်များဖြစ်လျက် ရှိလေသည်။

သို့ဖြစ်ရကား မြို့စားကတော်ကြီးသည် ယမန်နေ့ညက အစားများသွားလျှင် ထိုသို့ အစားများသွားခြင်းကြောင့် နောက်တစ်နေ့နံနက်၌ ကိုယ်လက်မအီမသာဖြစ်နေတတ်၏။ ထိုအခါ၌ မြို့စားကတော်ကြီး၏ ကိုယ်ခန္ဓာဖွဲ့စည်းမှုက စိတ်လက် မအီမသာဖြစ်ရန် တောင်းဆိုလာပေပြီ။ စိတ်ဆိုးဖို့ လိုလာပေပြီ။ ထို့ကြောင့် စိတ်ဆိုးစရာအကြောင်းကို ရှာ၏။ ဤတွင် မိမိနှင့် အနီးဆုံးဖြစ်သော မိန်းမဖော်အဘွားကြီးဘီလိုဗာ နားလေးခြင်းသည် စိတ်ဆိုးစရာအကြောင်း ဖြစ်လာလေသည်။

မြို့စားကတော်ကြီးသည် အိပ်ရာထက်မှ နေ၍ အသံတိုးတိုးဖြင့်

"ဘီလိုဗာရေ၊ ဒီနေ့ နည်းနည်းအအေးသက်သာသလို ရှိတယ်တော့"

ထိုအခါ၌ ဘီလိုဗာက "ဟုတ်တယ်၊ ပြန်လာကြပြီ" ဟု တလွဲဖြေ၏။ ဤတွင် မအီမသာဖြစ်ခြင်းကြောင့် စိတ်ဆိုးဖို့ လိုအပ်နေသော မြို့စားကတော်ကြီးအတွက် စိတ်ဆိုးစရာအကြောင်း ရလေပြီ။

"တကတည်းမှပဲ တော်၊ ရွှေနားတော်ကလဲ ဒီလောက်တောင်ပဲ ပင်းရသတဲ့လား။ ကြုံကြုံဖူးပေါင်" ဟု ဆိုတတ်သည်။

အနားတွင် စိတ်ဆိုးရမည့်သူ အဘွားကြီး ဘီလိုဗာ မရှိလျှင် မြို့စားကတော်ကြီးသည် ရှုဆေးဘူးကို ယိုးမယ်ဖွဲ့ပြန်၏။ ရှုဆေးဘူး စိုထိုင်းလျှင် စိုထိုင်းလွန်းသည်ဟု အပြစ်ဆို၍ စိတ်ဆိုး၏။ ခြောက်သွေ့လျှင် ခြောက်သွေ့လွန်းသည်ဟု အပြစ်ဆို၍ စိတ်ဆိုး၏။ ပြောင်ပြောင်လက်လက် တိုက်ထားခြင်း မရှိလျှင် "ကောင်မတွေ ငါ့ကို ဘာမှ ဂရုမစိုက်ဘူး" ဟု မြည်တွန်တောက်တီး၏။ ပြောင်ပြောင်လက်လက်ဖြစ်အောင် တိုက်ထားလျှင်လည်း ပြောင်လက်လွန်းသည်ဟု အပြစ်ဆိုခြင်း၊ ဒေါသထွက်စေခြင်းဖြင့် ၎င်း၏အာရုံကြောများကို လှုပ်ရှားစေ၏။ ဤသို့ အကြောင်းတစ်ခုမဟုတ် တစ်ခုရှာ၍ ဒေါသထွက်ခြင်းဖြင့် ၎င်း၏အာရုံကြောများကို လှုပ်ရှားစေပြီးသည့်နောက်၌ မြို့စားကတော်ကြီး မျက်နှာသည် ဝါထိန်လာတတ်၏။ ဤသို့ဖြင့် ဘီလိုဗာ၏ နားလေးခြင်း၊ ရှုဆေးဘူး စိုလွန်းခြင်း၊ ခြောက်လွန်းခြင်း၊ မျက်နှာဝါထိန်လာခြင်း စသည့် လက္ခဏာများသည် မြို့စားကတော်ကြီး စိတ်ဆိုးဖို့ လိုအပ်ကြောင်းပြသည့် လက္ခဏာများဖြစ်ခြင်းကို အစေတော်များကအစ သိနေကြသည်။ မြို့စားကတော်ကြီးသည် မိမိ၏ကျောက်ကပ်၊ အသည်း၊ သရက်ရွက်၊ အူသိမ်အူမ စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်ခြင်းကြောင့် အကြောင်းတစ်ခုခုကို ယိုးမယ်ဖွဲ့၍ လှုပ်ရှားစေသည့်နည်းတူ တွေးခေါ်နိုင်စွမ်းရှိသေးသည့် ဦးနှောက်ကြောများကို လေ့ကျင့်ခန်းပြုလုပ်ရန်လည်း လိုအပ်သေး၏။ ထိုအခါ၌ ဖဲကစားခြင်းကို ယိုးမယ်ဖွဲ့၍ ဦးနှောက်ကြောများကို လေ့ကျင့်လှုပ်ရှား၏။ မျက်စိကြောများကို လေ့ကျင့်ခန်းလုပ်ရန်အတွက် ငိုဖို့ လိုအပ်လာလျှင် ကွယ်လွန်သူ မြို့စားကြီး ရော့စတော့ဖ်ကို ယိုးမယ်ဖွဲ့၏။ စိတ်ညစ်ဖို့ လိုလာလျှင် နီကိုလေ၏ ကျန်းမာရေးကို ယိုးမယ်ဖွဲ့၏။ သူတစ်ပါးကို မလိုတမာပြောဖို့ လိုအပ်လာလျှင် ချွေးမ မြို့စားကတော်လေး မေရီကို ယိုးမယ်ဖွဲ့၏။ အသံပြုသော အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်ခန်းလုပ်ရန် လိုအပ်လာလျှင် ညခုနစ်နာရီလောက်၌ ဧည့်ခန်းဆောင်တွင် ထိုင်လျက် အဖန်ဖန် နားထောင်ပြီးသားဖြစ်သော အိမ်သူအိမ်သားများရှေ့၌ အကြိမ်ကြိမ် ပြောပြီးသား ရှေးဟောင်းနှောင်းဖြစ်များကို ယိုးမယ်ဖွဲ့၏။


www.burmeseclassic.com

www.burmeseclassic.com


အိုမင်းလှပြီဖြစ်သော မြို့စားကတော်ကြီး၏ အခြေအနေကို တစ်အိမ်လုံးက သိကြ၏။ သို့ရာတွင် မည်သူကမျှ ၎င်း၏အကြောင်းကို စကားအရာထည့်၍ မပြောကြတော့ချေ။ ၎င်းစိတ်ကျေနပ်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလိုက်ကြသည်သာ ဖြစ်လေသည်။ နီကိုလေ၊ ပီယာ၊ နာတာရှာနှင့် မြို့စားကတော်လေး မေရီတို့သည် တစ်ခါတစ်ရံ၌သာ မသက်မသာပြုံး၍ တစ်ဦးကို တစ်ဦး လှမ်းကြည့်ကြ၏။ ဤသို့ မသက်မသာကြည့်ခြင်းဖြင့် မြို့စားကတော်ကြီး၏ အခြေအနေကို မိမိတို့အားလုံး နားလည်ကြောင်း ဖော်ပြကြလေသည်။

သို့ရာတွင် ထိုသို့ကြည့်ခြင်းသည် မြို့စားကတော်ကြီး၏ အခြေအနေကို မိမိတို့ နားလည်သည်ဟူသော အဓိပ္ပာယ်ကိုသာမက အခြားအဓိပ္ပာယ်ကိုလည်း ဆောင်သေး၏။ မြို့စားကတော်ကြီးသည် မီးစာကုန် ဆီခန်းဘဝသို့ ရောက်ခဲ့လေပြီ။ ယခု မြင်နေရသော မြို့စားကတော်ကြီးသည် ယခင်မြို့စားကတော်ကြီး မဟုတ်တော့ပြီ။ မိမိတို့လည်း တစ်နေ့၌ သူ့နည်းတူ ဖြစ်ကြရမည်သာ ဖြစ်သည်။ ထို့ကြောင့် ၎င်းအလိုသို့ လိုက်ကြအံ့။ တစ်ခါက မိမိတို့ အမြတ်တနိုးထားခဲ့သူ တစ်ဦးရှေ့၌ အလိုက်အထိုက် ကျင့်ကြံနေထိုင်ကြအံ့။ ယခင်ကမူ မိမိတို့ကဲ့သို့ အသက်ဓာတ်အား ကောင်းမွန်ခဲ့သော်လည်း ယခုမူ သနားစဖွယ်သာ တကား၊ အနိစ္စသာတကားဟု ထိုအကြည့်က ပြောဆိုလျက် ရှိလေသည်။

အိမ်သူအိမ်သားများအနက် အကြင်နာတရားကင်းမဲ့သူ၊ အစဉ်းစားဉာဏ်နည်းသူနှင့် ကလေးငယ်များသာလျှင် သခါရ၏ တရားသဘောကို နားလည်ခြင်းမရှိကြဘဲ မြို့စားကတော်ကြီးကို ရှောင်ကွင်းခြင်း ပြုကြလေသည်။

## အခန်း ၁၃

ပီယာနှင့် နာတာရှာတို့သည် ဧည့်ခန်းဆောင်ထဲသို့ ဝင်လာခဲ့ကြလေသည်။ ထိုအချိန်၌ မြို့စားကတော်ကြီးမှာ ၎င်း၏ ဦးနှောက်ကြောများကို လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်သည့်အလျောက် ဖဲကစားလျက် ရှိ၏။ သို့ရာတွင် ပီယာဖြစ်စေ၊ သားဖြစ်သူ နီကိုလေ ဖြစ်စေ ပြန်ရောက်လာလျှင် -နှုတ်ဆက်နေကျဖြစ်သည့် စကားလုံးများဖြင့် ပီယာကို လှမ်းနှုတ်ဆက်လိုက်၏။

"အတော်ပဲ တူတော်မောင်ရေ့၊ တူတော်မောင့်ကို မျှော်နေတုန်း ရောက်လာတာ အတော်ပဲ"

မြို့စားကတော်ကြီးသည် ဤသို့ နှုတ်ဆက်ပြီးနောက် ၎င်းအတွက် ဝယ်လာသော လက်ဆောင်ပစ္စည်းများကို လက်ခံ၏။ ထိုအခါ၌လည်း ပြောနေကျ စကားလုံးကို ရွတ်ဆိုခြင်း ပြုပြန်သည်။

"လက်ဆောင်ပစ္စည်း တန်ဖိုးရှိတာ မရှိတာက ပဓာန မဟုတ်ပါဘူးကွယ်။ အရီးတော်လို အဘွားကြီး တစ်ယောက်အတွက် အမှတ်တရ ဝယ်လာတယ်ဆိုတာကသာ ပဓာနပါ"

အမှန်အားဖြင့် ကား မြို့စား ကတော်ကြီးသည် ဦးနှောက်ကြောလေ့ကျင့်ခန်းဖြစ်သော ဖဲကစားခြင်း မပြီးမီ ပီယာ ရောက်လာခြင်းအတွက် များစွာ ကျေနပ်ပုံ မရချေ။

မြို့စား ကတော်ကြီးသည် ဖဲဝိုင်းသိမ်းလိုက်ပြီးနောက် လက်ဆောင်ပစ္စည်းများကို ကြည့်၏။ ၎င်းတို့မှာ အမျိုးကောင်း ဖဲထုပ်တစ်ထုပ်၊ ပတ်ပတ်လည်တွင် သိုးကျောင်းသမရုပ်ကလေးများ ရေးခြယ်ထားသည့် အဖုံးတပ် ဆေဗရိလက်ဖက်ရည်ပန်းကန် တစ်စုံ၊ အဖုံး၌ မြို့စားကြီး ရှော့စတော့ဗ်၏ ရုပ်လုံးဖော်ထားသော ရွှေဆေးဘူး တစ်ဘူးတို့ ဖြစ်သည်။ ပီယာသည် ရွှေဆေးဘူးအဖုံးမှ မြို့စားကြီး ရှော့စတော့ဗ်၏ ရုပ်ပုံကို ပီတာစဘတ် ရွှေမြို့တော် ပန်းထိမ်တော်များထံတွင် အပ်နှံ ပြုလုပ်စေခဲ့ခြင်း ဖြစ်၏။ မြို့စားကတော်ကြီးသည် ထိုသို့ လှပသော ရွှေဆေးဘူးတစ်ဘူးကို လိုချင်နေသည်မှာ ကြာလေပြီ။ သို့ရာတွင် မျက်စိကြောများကို လေ့ကျင့်ခန်းလုပ်ရန် မလိုသေးသည့်အတွက် ငိုကြွေးခြင်း မပြုသေးဘဲ ရွှေဆေးဘူးအဖုံး၌ မြို့စားကြီး ရှော့စတော့ဗ်၏ ရုပ်ပုံကို အမှတ်မဲ့ ငေးစိုက်ကြည့်လျက် ရှိလေသည်။ မြို့စားကတော်ကြီး အထူးစိတ်ဝင်စားသောအရာမှာ ဖဲထုပ် ဖြစ်လေသည်။

"ကျေးဇူးပါပဲကွယ်၊ တူတော်မောင့်ကို မြင်ရမှပဲ အရီးတော်ဖြင့် နေသာထိုင်သာ ရှိပေတော့တယ်" မြို့စားကတော်ကြီးသည် ရွတ်နေကျစကားကို ရွတ်ပြန်၏။ "ချောချောမောမောပဲ မဟုတ်လား။ ကောင်းပါလေရဲ့ကွယ်။ ကောင်းပါလေရဲ့။ တူတော်မောင့်မိန်းမလဲ ကြည့်ပြောဦးကွယ့်။ တကတည်း အရီးတော်တို့ဖြင့် ဘာလုပ်လို့


www.burmeseclassic.com

ဘာကိုင်ရမှန်း မသိဘူး။ တူတော်မောင်ထွက်သွားကတည်းက သူ့မှာ အရူးကြီးတစ်ပိုင်း ဖြစ်နေတာပဲ။ ဘာမှလဲ မမြင်၊ ဘာမှလဲ သတိရဟန် မတူတော့ဘူး။ ကြည့်စမ်း ဘီလိုဗာရေ၊ ကျုပ်သားက ကျုပ်ဖို့ ဖဲထုပ်ကလေးအသစ် တစ်ထုပ် ဝယ်လာတယ်တော့”

ဘီလိုဗာသည် ဖဲထုပ်ကို ချီးမွမ်းပြောဆိုပြီးနောက် ၎င်း၏အထည်စကို ကြည့်၍ ကြည့်နူးလျက် ရှိသည်။

ပီယာ၊ နာတာရှာ၊ နီကိုလေ၊ မြို့စားကတော်လေး မေရီနှင့် ဒင်နီဆော့ဗ်တို့သည် တွေ့တုန်းကြုံတုန်း၊ စကားဝိုင်းဖွဲ့လိုလှပြီ ဖြစ်သော်လည်း မြို့စားကတော်ကြီး ရှိနေသေးသဖြင့် စကားမပြောနိုင်ကြသေးချေ။ မြို့စားကတော်ကြီးရှေ့တွင် စကားဝိုင်းမဖွဲ့ကြခြင်းမှာ မြို့စားကတော်ကြီး မသိစေလိုသောအကြောင်းများ ပါရှိသောကြောင့် မဟုတ်ပါ။ မြို့စားကတော်ကြီးမှာ ခေတ်နောက်ကျလျက် ရှိပြီဖြစ်သဖြင့် စကားကောင်းတုန်း မကြာခဏ ကြားဖြတ်၍ မေးတတ်လေရာ ဖြေရသူကလည်း အကြိမ်ပေါင်းများစွာ ဖြေပြီး သားအကြောင်းအချက်များကို ထပ်တလဲလဲပြန်ဖြေခြင်း ပြုရသည်။ မည်သူသေပြီ၊ မည်ဝါ လက်ထပ်သွားပြီ စသည်ဖြင့် ပြောပြီးသားအကြောင်းအရာများကို မကြာခဏ ပြန်မေးတတ်သည်။ ထို့ကြောင့် သူ့ရှေ့တွင် တမင်စကား မပြောခြင်း ဖြစ်လေသည်။ သို့သော်လည်း ထုံးစံအတိုင်း ဧည့်ခန်းဆောင်လက်ဖက်ရည်ဝိုင်းတွင် စုမိကြသောအခါ၌ကား ပီယာသည် မတတ်သာတော့ဘဲ မြို့စားကတော်ကြီး၏မေးခွန်းများကို ဖြေကြားခြင်းပြုရပြန်လေသည်။ ထိုမေးခွန်းများမှာ ပီယာ၏ ယောက္ခမဟောင်း မင်းသားကြီး ဗာစီလီ ကျန်းမာသေး၏လော၊ မြို့စားကတော်ကြီး အယ်လက်ကဇီနာက မိမိတို့အား အမှတ်ရသေး၏လောစသည့် မည်သူမျှ စိတ်ဝင်စားခြင်းမရှိသော မေးခွန်းများဖြစ်၏။ မြို့စားကတော်ကြီးကိုယ်တိုင်လည်း အသံကိုပြုသော အင်္ဂါ အစိတ်အပိုင်းများကို လေ့ကျင့်ခန်းပြုရုံ မေးခြင်းမျှသာ ဖြစ်၍ စိတ်ဝင်စားသောကြောင့် မေးခြင်း ဟုတ်ဟန်မတူချေ။

ဤသို့သော အာလာပသလ္လာပ စကားများကို မည်သူမျှ စိတ်ဝင်စားခြင်း မရှိသော်လည်း ရှောင်လွှဲ၍ မရချေ။ လက်ဖက်ရည်ဝိုင်းတွင် လူစုမကွဲမချင်း ပြောနေကြရသည်သာဖြစ်၏။ အိမ်မှရှိ လူကြီးများအားလုံးသည် လက်ဖက်ရည်စားပွဲတွင် ဝိုင်းထိုင်ကြရသည်။ ဆွန်ယာကား လက်ဖက်ရည်ကရားအနီးတွင် ထိုင်ကာ ဒိုင်ခံ၍ လက်ဖက်ရည်ငှဲ့ပေးရသည်။ ကလေးများမှာ စာပြဆရာမများနှင့် အတူ လက်ဖက်ရည်သောက်လျက် ရှိကြ၏။ ၎င်းတို့၏အသံများသည် တစ်ဖက်ခန်းမှ ပေါ်ထွက်လာကြ၏။ လက်ဖက်ရည်သောက်ချိန် တစ်ချိန်လုံး အားလုံး မိမိတို့ထိုင်နေကျနေရာတွင် ထိုင်ကြ၏။ နီကိုလေသည် မီးလင်းဖိုအနီးရှိ စားပွဲဝိုင်းကလေးတွင် ထိုင်၏။ မီလကာအမည်ရှိ မီးခိုးရောင်ခွေးဝံပုလွေကြီး (နီကိုလေ၏ ခွေးဝံပုလွေမကြီး မီလကာကြီး၏ သမီးဖြစ်သည်) မှာ ၎င်း၏ခြေရင်းတွင် ဝပ်လျက် ရှိ၏။ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့ ဖြူစပြုပြီ ဖြစ်သော ဒင်နီဆော့ဗ်သည် ဗိုလ်ချုပ်များ ဝတ်လေ့ရှိသော အတွင်းခံအင်္ကျီကို ကြယ်သီးဖြုတ်ဝတ်ထားရင်း မြို့စားကတော်လေး မေရီ့အနီးတွင် ထိုင်၏။ ပီယာက ၎င်း၏ဇနီး နာတာရှာနှင့် မြို့စားကတော်ကြီးတို့ကြားတွင် ထိုင်၏။ ပီယာသည် မြို့စားကတော်ကြီး စိတ်ဝင်စားမည့်စကားများနှင့်တကွ မြို့စားကတော်ကြီး၏ ရောင်းရင်းမိတ်ဆွေများအကြောင်းကို ပြောပြခြင်းပြုသည်။ မြို့စားကတော်ကြီး၏ ရောင်းရင်းမိတ်ဆွေများသည် တစ်ခါက အသက်ရှင်တည်ရှိခဲ့ကြ၍ ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များဖြစ်ခဲ့ကြသည်မှာ မှန်ပါသည်။ သို့ရာတွင် ယခုကား သေသူသေ၊ ပြောင်းသူပြောင်းနှင့် တကွဲတပြားစီဖြစ်လျက် ရှိကြလေပြီ။ ၎င်းတို့သည်လည်း မြို့စားကတော်ကြီးကဲ့သို့ပင် ငယ်ရွယ်စဉ်က စိုက်ပျိုးခဲ့သောကောက်နှံများကို ရိတ်သိမ်းစားသုံးပြီး၍ အသစ်ပြန်လည်စိုက်ပျိုးရန်လည်း အချိန်မရတော့သည့်အတွက် ကောက်သင်းကောက်ရသည့် ဘဝသို့ ဆိုက်ရောက်လျက် ရှိကြလေပြီ။ သို့ရာတွင် မြို့စားကတော်ကြီးအဖို့၌ကား မိမိ၏ ရောင်းရင်း မိတ်ဆွေဟောင်းများကိုသာလျှင် တကယ့်လောကကြီး၊ တကယ့်ကမ္ဘာကြီးဟု ထင်လျက်ရှိလေသည်။ ၎င်းတို့သာလျှင် တကယ့်အသိုင်းအဝိုင်းဟု ထင်လျက်ရှိလေသည်။ ပီယာမှာ များစွာ စိတ်အားထက်သန်လျက် ရှိ၏။ ပီယာ၏ စိတ်အားထက်သန်မှုကို ထောက်ခြင်းဖြင့် ပီတာစဘတ်ရွှေမြို့တော်သို့ သွားရောက်ခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းကြောင်း၊ ပီယာ၌ စကားပြောစရာတွေ ရှိကြောင်း၊ သို့ရာတွင် မြို့စားကတော်ကြီးရှေ့တွင် မပြောရဲသဖြင့် မျို



www.burmeseclassic.com

www.burmeseclassic.com

သိပ်ထားရခြင်းဖြစ်ကြောင်းကို နာတာရှာ ရိပ်မိလိုက်သည်။ ဒင်နီဆော့ဗ်မှာကား ငြိမ့်သည်ဖြစ်သည့်အတွက် ပီယာ စိတ်အားထက်သန်ခြင်းကို သတိမပြုမိလိုက်ချေ။ သို့သော်လည်း ပီတာစဘတ် ရွှေမြို့တော်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ကျေနပ်လျက်ရှိသူပီပီ ဆင်မြီနော့ ကိုယ်ရံတော်တပ်ရင်းကို မည်သည့်အတွက် ဖျက်သိမ်းရကြောင်း၊ စစ်ဝန်ကြီးအာရတ်ချေ့ မည်သည့်အတွက်ကြောင့် ဤမျှ ဓားထက်နေရခြင်းဖြစ်ကြောင်း၊ သမ္မာကျမ်းစာအသင်း၏ ရည်ရွယ်ချက်များအကြောင်း စသည်တို့ကို မေးမြန်းလျက်ရှိလေသည်။ ပီယာသည် ပြောချင်ဇောအားကြီးဖြင့် တစ်ချက်တစ်ချက် လွတ်ခနဲ ပြောလိုက်မိသေးသည်။ သို့ရာတွင် နာတာရှာက မင်းသားကြီးအိဗန်နှင့် မြို့စားကတော်ကြီး အယ်လက်ကဇီနာတို့၏ ကျန်းမာရေးကို မေးရင်း စကားကို လွှဲပစ်လိုက်လေသည်။

"အေးဗျာ ရောင်းရင်းပြောလို့သာ ကြားရတယ်။ ယုံနိုင်စရာတောင် မရှိဘူး။ ဂိုစနာတို့၊ တာတာရီနိုဗာတို့ကလဲ သိပ်တန်ခိုးကြီးနေကြတာပေါ့။ ဟုတ်စ" ဒင်နီဆော့ဗ်က မေး၏။

"မယုံမရှိနဲ့ ရောင်းရင်းရေ့။ ခုတော့ သူတို့ပဲ ဓားထက်နေကြတာပဲဗျ။ ခုတော့ တိုင်းပြည်ကြီးကို အုပ်ချုပ်နေတာ ရွှေနန်းတော်ကြီး မဟုတ်ဘူးခင်ဗျ။ ရွှေနန်းတော်ကြီး မဟုတ်တော့ဘူး။ သမ္မာကျမ်းစာအသင်း ဖြစ်နေပြီ၊ သမ္မာကျမ်းစာအသင်းက အစိုးရ ဖြစ်နေပြီ"

"အနို့ နေစမ်းပါဦး တူတော်မောင်ရဲ့။ သမ္မာကျမ်းစာအသင်းဆိုတာက ဘယ်လိုလဲ" မြို့စားကတော်ကြီးက ဝင်မေးလိုက်၏။ ထိုအချိန်ကား မြို့စားကတော်ကြီး အစာစားပြီးချိန်ဖြစ်၍ ဒေါသထွက်ဖို့အတွက် အကြောင်းရှာနေချိန် ဖြစ်၏။

"နေစမ်းပါဦး တူတော်မောင်ရဲ့။ အစိုးရအဖွဲ့ အကြောင်း ပြောသံကြားလိုက်တယ် မှတ်ပါတယ်။ ဘာပြောလိုက်တယ်ကွယ့်"

"ဒီလိုပါ မေဖျားရဲ့"

မိခင်မြို့စားကတော်ကြီး နားလည်သည့်စကား.. ဖြင့် မည်သို့ ဘာသာပြန်ပြရမည်ကို သိသူဖြစ်သည့် အလျောက် နီကိုလေက ဝင်ပြောလိုက်သည်။

"ကိုယ်တော်ကြီး ဂိုလစ်ဆင်က အသင်းတစ်ခု ထောင်ထားတယ်။ အဲဒီအသင်းဟာ ရွှေမြို့တော်မှာ တယ်ပြီး တန်ခိုးကြီးတယ်တဲ့"

"ခုတော့ အာရတ်ချေ့နဲ့ ဂိုလစ်ဆင်က တိုင်းပြည်ကြီးကို အုပ်ချုပ်နေတာပဲ အရီးတော်ရေ့။ နေရာတကာ ခြယ်လှယ်နေတာပဲ" ပီယာက ပြောပြန်သည်။ "သူတို့ အုပ်ချုပ်ပုံကလဲ ကျောချမ်းစရာပဲ။ မြင်မြင်သမျှ လူကို သစ္စာဖောက်လို့ စွပ်စွဲ။ မည်းမည်းအရိပ်မြင်ရင် ကြောက်နေကြတာပဲ ခင်ဗျာ့"

"အို၊ ဒါကြောင့်တော့ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားကို အပြစ်မတင်ကြပါနဲ့ကွယ်ရို့။ ရွှေနန်းရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးကတော့ ရှာမှ ရှားပါတယ်။ ရွှေနန်းရှင်ဘုရားထံ အရီးတော်ကိုယ်တိုင် တစ်ခါ ဝင်ရောက်ခစားဖူးပါတယ်" မြို့စားကတော်ကြီးက စိတ်မကောင်းဟန်ဖြင့် ဆို၏။ သို့ဖြင့် အတန်ကြာ တိတ်ဆိတ်သွားကြသည်။ ခဏအကြာတွင် မြို့စားကတော်ကြီးက

"အိမ်း၊ ခုခေတ်ကာလများ တယ်ပြီး တရားလက်လွတ်ဖြစ်ကြသကိုးကွယ့်။ လောဘ၊ ဒေါသတွေနောက် တယ်ပြီး လိုက်များကြတာကိုးကွယ့်။ အသင်းထောင်တော့လဲ ဘာဖြစ်တာ မှတ်လို့။ ထောင်တဲ့လူ ရှိရင်လဲ ထောင်ကြပေါ့"

မြို့စားကတော်ကြီးသည် ထိုင်ရာမှ ထ၏။ (ဤတွင် အားလုံး ထကြသည်။) ထို့နောက် စိတ်မချမ်းမြေ့သော မျက်နှာထားဖြင့် ဧည့်ခန်းဆောင်ငယ်ထဲရှိ မိမိနေရာသို့ တုန်တုန်ယင်ယင် ထသွားလေသည်။

ဧည့်ခန်းဆောင်ထဲ၌ တိတ်ဆိတ် ကျန်ရစ်ခဲ့သည်။ ထိုအခိုက် တစ်ဖက်ခန်းဆောင်ထဲမှ ကလေးများနှင့် စာပြဆရာမများ၏ စီစီညံညံ ရယ်သံများ ပေါ်ထွက်လာလေသည်။ သူငယ်ဆောင်ဘက်၌ ကစားနေကြဟန် တူ၏။

"ပြီးပြီ၊ ပြီးပြီ" ဟူသော နာတာရှာလေး၏အသံသည် စူး၍ ထွက်လာ၏။

ပီယာသည် နီကိုလေနှင့် မြို့စားကတော်လေးတို့ကို လှမ်းကြည့်ပြီးနောက် ရွှင်လန်းစွာ ပြုံးလိုက်သည်။ (ဇနီးသည် နာတာရှာအား ကြည့်ကြောင်းကိုကား ပြောရန်မလိုတော့ပါ။)

"သူတို့လေးတွေရဲ့ ရယ်သံကမှ တကယ့်ဂီတသံပဲ" ပီယာက ဆို၏။



www.burmeseclassic.com

"ကလေးထိန်းအဘွားကြီး ခြေအိတ်ထိုးတာပြီး သွားလို့ ဝမ်းသာအားရအော်နေကြတာလေ"

မြို့စားကတော်လေး မေရီက ဆို၏။

"ကျွန်တော် သွားကြည့်လိုက်ဦးမယ်" ပီယာက ထိုင်ရာမှ ထသွား၏။ ခန်းဆောင်ဝသို့ အရောက်တွင် နောက်ပြန်လှည့်၍

"ကလေးတွေရဲ့ ဂီတသံကို ကျွန်တော် ဘယ်လိုချစ်မှန်း မသိဘူး။ သူတို့ရဲ့ ဂီတသံဟာ အိမ်မှာ အစစအရာရာ အဆင်ပြေ ချောမောနေတယ်ဆိုတာကို ပြတာပဲ။ ကျွန်တော်ဖြင့် အလာတုန်းက အိမ်နားရောက်ခါနီးလေလေ နေထိုင်မကောင်းကြလေရဲ့လားလို့ စိတ်ပူလေလေပဲ။ ဟော အိမ်ရှေ့ဆင်ဝင်အောက်ရောက်လို့ ကလေးတွေရဲ့ ရယ်သံ ကြားလိုက်တော့မှ အားလုံး ချောချောမောမောပဲဆိုပြီး စိတ်အေးသွားပေတော့တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်လဲ ဒီလိုပဲ" နီကိုလေက ဆို၏။ "ရောင်းရင်းရေ၊ ခြေအိတ်ကောင်းရဲ့လား ကြည့်ခဲ့ဗျို့။ ကျွန်တော်ဘို့ ထိုးနေတာဗျ"

ပီယာသည် ကလေးများထံသို့ လာခဲ့၏။ ရယ်သံများ အော်သံများသည် ပို၍ကျယ်လောင်လာလေသည်။

"အဘွားကြီး လာခဲ့၊ လာခဲ့" ပီယာ၏အသံပေါ်ထွက်လာ၏။ "လာ ကျွန်တော်က တစ် နှစ် သုံးလို့ အော်တာနဲ့ တစ်ပြိုင်နက် ကျွန်တော့်အနား အရောက်လာခဲ့။ လက်ဆောင်ပေးမယ်။ ကဲ၊ တစ် နှစ်" အတန်ကြာတိတ်ဆိတ်လျက် ရှိ၏။

"သုံး" ပီယာက အော်လိုက်၏။

"နှစ် နှစ်" ကလေးများ ဝမ်းသာအားရ အော်ကြ၏။

ကလေးများက နှစ်နံပါတ်အော်ကြခြင်းမှာ ကလေးထိန်းအဘွားကြီး ခြေအိတ်နှစ်စုံ ထိုးပြီးကြောင်းကို ပီယာအား ပြောကြခြင်းဖြစ်၏။ ကလေးထိန်းအဘွားကြီးသည် ခြေအိတ်တစ်ဖက်ထိုးလျှင် နှစ်ထပ်ထိုးတတ်သဖြင့် ခြေအိတ်နှစ်ဖက်ထိုးပြီးသား ဖြစ်နေတတ်သည်။ ထို့ကြောင့် ခြေအိတ်တစ်စုံလုံး ထိုးပြီးသောအခါ၌ နှစ်စုံထိုးပြီးသား ဖြစ်နေတတ်သည်။ ထိုအခါတွင် အဘွားကြီးသည် ကလေးများကို မျက်လှည့်ပြသည့်နှယ် ခြေအိတ်တစ်ဖက်ထဲမှ နောက်တစ်ဖက်ကို ဆွဲထုတ်ပြတတ်သည်။ ဤသည်ကို ရည်ရွယ်၍ ကလေးများက "နှစ် နှစ်" ဟု အော်ကြခြင်း ဖြစ်လေသည်။

## အခန်း-၁၄

ထိုနောက်၌ ကလေးများမှာ အိပ်ရာဝင်တော့မည် ဖြစ်သဖြင့် လာရောက်နှုတ်ဆက်ကြလေသည်။ ကလေးတို့သည် အားလုံးကို နမ်းရှုပ် နှုတ်ဆက်ကြ၏။ စာပြဆရာများ၊ ဆရာမများသည် ဦးညွတ်နှုတ်ဆက်၍ ထွက်သွားကြ၏။ 'ဘိုးအေချစ်' မင်းသားလေး နီကိုလတ်နှင့် ၎င်း၏ စာပြဆရာ ဒီဆေးလ်တို့သာလျှင် လူကြီးများနှင့် အတူကျန်ရစ်ခဲ့ကြသည်။ ဒီဆေးလ်က နီကိုလတ်၏ နားနားသို့ ကပ်၍ အောက်ထပ်အိပ်ခန်းဆောင်သို့ သွားရန် ခေါ်သည်။

"နေပါဦး ဦးတော်ရဲ့၊ အပေါ်ထပ် စကားဝိုင်းမှာ နေဖို့ အရီးတော်ထံ ကျွန်တော် ခွင့်တောင်းပါဦးမယ်" နီကိုလတ်ကလည်း လေသံကလေးဖြင့် ပြန်ပြော၏။

"အရီးတော်၊ ကျွန်တော် ခဏနေပါရစေဦးနော်" နီကိုလတ်က မြို့စားကတော်လေး မေရီထံသို့ သွား၍ ခွင့်တောင်းသည်။

နီကိုလတ်၏ မျက်နှာသည် တောင်းပန် အသနားခံခြင်း၊ မျှော်လင့်ခြင်း၊ ကြည်နူးခြင်းတို့ဖြင့် ဖုံးလွှမ်းလျက် ရှိ၏။ မြို့စားကတော်လေး မေရီက နီကိုလတ်ကို ကြည့်လိုက်ပြီးနောက် ပီယာ့ဘက်သို့ လှည့်လိုက်သည်။

"မြို့စားလေး ရှိရင်တော့ အနားက ခွာမှာ မဟုတ်တော့ဘူး"

"မွန်စီယာဒီဆေးလ်၊ သူ နေရစ်ခဲ့ချင်တယ်ဆိုရင် ထားခဲ့ပါဗျာ။ ပြီးတော့ ခင်ဗျားတို့ အိပ်ခန်းဆောင်ကို ကျွန်တော် လိုက်ပို့လိုက်ပါ့မယ်။ ကဲ အနားယူဦး။ အနားယူဦး" ပီယာက ဒီဆေးလ်ကို လက်ဆွဲနှုတ်ဆက်ပြီးနောက် နီကိုလတ်ကို ပြုံး၍လှည့်ကြည့်လိုက်သည်။ "ဦးလေးတို့ တူအရီးနှစ်ယောက် မတွေ့ရတာ တော်တော် ကြာပြီကွ။ ထိပ်ထားရဲ့ တူတော်မောင်က တော်တော့်ကို ထွားလာတာပဲနော်" ပီယာက မြို့စားကတော်လေး မေရီကို တစ်ဆက်တည်း ပြောလိုက်သည်။

"ဖေဖေနဲ့ မတူဘူးလား" နီကိုလတ်က မေးလိုက်သည်။ နီကိုလတ်က ပီယာကို တောက်ပကြည်လင်သော

မျက်လုံးများဖြင့် မော့ကြည့်လိုက်သည်။ ၎င်း၏မျက်နှာမှာ သွေးရောင်လျှမ်းလျက် ရှိလေသည်။

ပီယာက ခေါင်းညိတ်ပြပြီးနောက် ကလေးများလာရောက်နှုတ်ဆက်ကြသဖြင့် စကားပြတ်သွားရာမှ စကားကိုဆက်၍ပြောလျက် ရှိပြန်သည်။ မြို့စားကတော်လေး မေရီက တက်တင်းထိုးရင်း နားထောင်သည်။ နာတာရှာမှာ ၎င်း၏ယောက်ျားပီယာကိုသာ ရွှန်းရွှန်းစားစားကြည့်လျက် ရှိလေသည်။ နီကိုလေနှင့် ဒင်နီဆော့ဗ်သည် ထိုင်ရာမှထကာ ၎င်းတို့၏ဆေးတံများကို တောင်း၍မီးညှိပြီးနောက် လက်ဖက်ရည်ကရားအနီးရှိ ဆွန်ယာ့ထံသို့ သွား၍ လက်ဖက်ရည်သောက်ကြသည်။ ဆွန်ယာကား လက်ဖက်ရည်ကရားအနီးတွင် ဒိုင်ခံ၍ လက်ဖက်ရည်ငှဲ့ပေးရခြင်းကြောင့် ငြီးငွေ့လှပြီဖြစ်သော်လည်း ဖွဲကောင်းကောင်းဖြင့်ပင် ဆက်လက်ထိုင်လျက်ရှိကာ ပီယာကို မေးမြန်းလျက်ရှိ၏။ ဆံပင်ကောက်ကောက်နှင့် ရုပ်ရည်ချောမောသော နီကိုလတ်မှာ ခန်းဆောင်ထောင့်တွင် ခပ်ကုပ်ကုပ်ကလေး ထိုင်လျက် တစ်ယောက်တည်း တတွတ်တွတ် ရွတ်ဆိုနေသည်။ ဆံပင်လှိုင်းတွန့်ကလေးများထနေသည့် ခေါင်းကိုငဲ့၍ ပီယာ့ကို မကြာခဏလှမ်းကြည့်ရင်း ကြည်နူးလျက်ရှိသည်။ ပီယာ့ကို စောင်း၍ကြည့်လိုက်သည့်အခါတိုင်း ဖြောင့်စင်းသေးသွယ်သောလည်တံသည် ကော်လာအောက်ရှိ ဝတ်ရုံအင်္ကျီထဲမှ အထင်းသား ပေါ်လာလေသည်။

လူတို့သည် အာဏာကို ပြည်တွင်းနိုင်ငံရေးကိစ္စများ၏ အဓိကပြဿနာကြီးတစ်ရပ်အဖြစ် ထင်မှတ်လေ့ရှိကြရာ ပီယာတို့တစ်သိုက်သည်လည်း အာဏာရပုဂ္ဂိုလ်များ၏အကြောင်းကို စကားစပ်မိကြပြန်သည်။ ဒင်နီဆော့ဗ်ကား စစ်မှုထမ်းဘဝကိုလည်းကောင်း၊ အစိုးရကိုလည်းကောင်း မကျေမနပ်ဖြစ်လျက် ရှိသည့်အလျောက် ပီတာစဘတ်ရွှေမြို့တော်မှ သတင်းများကိုကြားသောအခါ၌ ပြင်းပြင်းထန်ထန် ဝေဖန်ခြင်းပြုလေတော့သည်။

"ခက်တယ် ရောင်းရင်း၊ ကျုပ်တို့ ရွှေနန်းတော်ကြီးမှာ နေရာတကာ ဂျာမန်တွေ လွှမ်းမိုးနေတော့တာပဲ။ ရွှေနန်းရှင်ဘုရားကလဲ ဂျာမန်တွေကို မြှောက်စားလွန်းသဗျ။ ကျုပ်တို့ ရွှေနန်းတော်ကြီးမှာ ဖြစ်နေပုံက ကြီးပွားချင်ရင် တခြား ဘာအရည်အချင်းမှ မလိုတော့ဘူး။ ဂျာမန်အက ကတတ်ဖို့ရယ်၊ ဂျာမန်စာပေကို ဖတ်တတ်ဖို့ရယ်၊ ဂျာမန်ဂီတကို နားလည်ဖို့ရယ်၊ ဒါလောက်ပဲ လိုတော့တယ်။ တောက်၊ ဆုတော့ မတောင်းကောင်းပါဘူး။ ဒါပေမဲ့ ခဏတဖြုတ်ဖြစ်စေ၊ ဘိုနာပတ် အုပ်စိုးစေချင်သဗျာ၊ ဘိုနာပတ်ဟာ ဒီလိုဟန်ရေးပြပြီး လူတွင်ကျယ်လုပ်တဲ့ ဂျာမန်ကောင်တွေကို မြှောက်စားခြင်းမပြုတာတော့ သေချာတယ်ဗျို့။ ကြည့်ကြပါဦးဗျာ။ ဆင်မြီနော့တပ်ရင်းကို ဖျက်ပြီး ရှာ့ဗ်ဆိုတဲ့ဂျာမန်ကောင်ကို တပ်မှူးခန့်ရတယ်လို့ပဲ၊ တောက်"

နီကိုလေသည် ဒင်နီဆော့ဗ်ကဲ့သို့ အစိုးရလုပ်သမျှကို မကျေမနပ်ဖြစ်နေသူတစ်ဦး မဟုတ်သော်လည်း အစိုးရအဖွဲ့ကိုဝေဖန်ခြင်းသည် လေးနက်ကြီးကျယ်သောပြဿနာကြီးတစ်ရပ်ဖြစ်သည်ဟု ယူဆ၏။ (က)ကို ထိုဌာန၏ဝန်ကြီးခန့်ခြင်း၊ (ခ)ကို ထိုမြို့၏ မြို့ဝန်ချုပ်ခန့်ခြင်း၊ ဘုန်းတော်ကြီးသောဘုရားက ဤသို့ ဤနှယ်မိန့်ကြားခြင်း၊ ထိုသို့သောဝန်ကြီးက ဤသို့ ဤနှယ် မိန့်ခွန်း မြွက်ကြားခြင်းစသည့်ကိစ္စများသည် နီကိုလေ၌ များစွာ အရေးကြီးသော ပြဿနာကြီးများဖြစ်သည်ဟု ထင်၏။ ထို့ကြောင့် နီကိုလေသည် ထိုပြဿနာများတွင် စိတ်ဝင်စားရန် လိုသည်ဟု ယူဆ၏။ ထိုပြဿနာများနှင့် စပ်လျဉ်း၍ ပီယာ့ကို မေးမြန်းကြည့်မည်ဟုလည်း စိတ်ကူးထား၏။ ပီယာတို့နှစ်ဦး ပြောဆိုနေကြသည့် ပြဿနာများသည် အထက်တန်းအစိုးရအရာရှိများနှင့် ပတ်သက်သည့် ကိစ္စများသို့ ရောက်သွားကြပြန်သည်။

ပီယာသည် အခြားစကားများကို လှီးလွှဲပြောလိုလှပြီဖြစ်၏။ ထို့ကြောင့် စကားလွှဲရန် ကြိုးစားသေးသော်လည်း မရချေ။ မိမိယောက်ျား၏ အယူအဆ၊ မိမိယောက်ျား၏အတွေးအခေါ်ကို နားလည်သည့် နာတာရှာကလည်း ဤအချက်ကို ရိပ်မိ၏။ ထို့ကြောင့် နောက်ဆုံးတွင် ပီယာက မတတ်သာတော့ဘဲ ပီတာစဘတ်ရွှေမြို့တော်ရှိ မင်းသားကြီး သီအိုဒိုထံသို့ မိမိမည်သည့်အတွက်ကြောင့် သွားရကြောင်းကို ဖွင့်အတင်း ပြောသည့်အခါ၌ကား နာတာရှာကလည်း ပီယာထွက်ပေါက်ရစေရန် ပီယာ့စကားကို လိုက်နင်း၍ မေးခွန်းထုတ်ပေး၏။ မင်းသားကြီး သီအိုဒိုနှင့် ကိစ္စပြီးပြတ်၏လောဟု ဝင်ရောက်မေးမြန်းခြင်း ပြု၏။



www.burmeseclassic.com

"ရောင်းရင်းကိစ္စက ဘာကိစ္စလဲဗျ" နီကိုလေက မေးသည်။

"ကိစ္စကတော့ အထူးအထွေ မဟုတ်ပါဘူး။ ထုံးစံအတိုင်းပါပဲ။ ပီယာက နားထောင်နေရသူများကို လှည့်ကြည့်ရင်း ဖြေသည်။ "နိုင်ငံတော်ကြီးရဲ့ အခြေအနေဟာ မကောင်းဘူး။ ဒါကြောင့် ဒီအခြေအနေကို လက်ပိုက်ကြည့်လို့ မဖြစ်ဘူးဆိုတာကတော့ အားလုံး သိနေကြတာပဲ။ ဒီအခြေအနေကို ကျော်လွှားတွန်းလှန်ဖို့က သမာသမတ်ရှိတဲ့ ပုဂ္ဂိုလ်တိုင်းရဲ့ တာဝန်ပဲ"

"သမာသမတ်ရှိတဲ့ လူတွေက ဘာတတ်နိုင်မှာမို့လဲဗျ" နီကိုလေက မျက်မှောင်ကုတ်၍ မေးသည်။ "သူတို့ကကော ဘာလုပ်နိုင်မှာလဲ"

"ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ ရောင်းရင်းရ"

"ကဲ လာ လာ။ ကျွန်တော့်စာကြည့်ဆောင်ထဲ သွားပြောကြရအောင်"

နာတာရှာမှာ ကလေးနို့တိုက်ချိန်ရောက်၍ ကလေးကို နို့တိုက်လိုလှပေပြီ။ ထိုအခိုက် ကလေးထိန်းအဘွားကြီး လာခေါ်သဖြင့် နာတာရှာသည် သူငယ်ဆောင်သို့ ထွက်လာခဲ့သည်။ မြို့စားကတော်လေး မေရီသည်လည်း နာတာရှာနှင့် အတူ ထွက်လိုက်လာခဲ့၏။ ပီယာတို့ ယောက်ျားတစ်သိုက်သည် စာကြည့်ဆောင်ဘက်သို့ ကူးလာခဲ့ကြသည်။ မင်းသားလေး နီကိုလတ်သည် နောက်က မယောင်မလည်နှင့် လိုက်လာပြီးနောက် ပြတင်းဝအနီးရှိ ခပ်မှောင်မှောင် စာရေးစာပွဲတစ်လုံးတွင် ထိုင်နေသည်။

"ကဲ၊ ဆိုစမ်းပါဦး။ ဘာလုပ်လို့ ရမှာတဲ့လဲ" ဒင်နီဆော့ဗ်က မေးသည်။

"အလကား စိတ်ကူးယဉ် စီမံကိန်းတွေနဲ့ အလုပ်ရှုပ်နေတဲ့လူပါဗျာ" ဟု နီကိုလေက ဆို၏။

"စိတ်ကူးမယဉ်ပါဘူး။ လက်တွေ့လုပ်လို့ ရပါတယ်" ပီယာက စာကြည့်ဆောင်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ပြောလျက် ရှိသည်။ "ပီတာစဘတ်ရွှေမြို့တော်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေက ဒီလိုရှိတယ်ဗျ။ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင်က တိုင်းပြည် အုပ်ချုပ်ရေးကိစ္စအဝဝတွေကို မျက်နှာလွှဲထားတယ်။ အုပ်ချုပ်ရေးကိစ္စအဝဝတွေကို စွန့်ပစ်ပြီး လောကီပညာရပ်များကိုသာ လိုက်စားနေတယ်ဗျ။ (ပီယာသည် ယခုအချိန်၌ လောကီပညာရပ်များကို ရွဲ့မှန်းနေပြီဖြစ်သည်။) ဘုန်းတော်ကြီးသော ဘုရားဟာ သူ့ရဲ့ စိတ်ငြိမ်းချမ်းတို့မှု လောက်ကိုသာ ကြည့်နေတယ်။ ယုံကြည်ချက်နဲ့ တရားမှန်ကန်မှုကို လက်ကိုင်မပြုတဲ့ မဂ္ဂနစ်စကီတို့၊ အာရတ်ချေ့ဗ်တို့စတဲ့ ကိုယ့်လည်ပင်း ကိုယ်ပြန်နင်းမယ့် လူတွေ လောက်ကိုသာ သူကောင်းပြုနေတယ်။ တိုင်းရေးပြည်ရေးကိစ္စကို ကိုယ်တော်တိုင် စီမံကွပ်ကဲခြင်းမရှိဘဲ လူဆိုးလူသွမ်းတွေရဲ့လက်မှာ ဝကွက်အပ်ထားခြင်းဟာ ဘာနဲ့ အလား သဏ္ဌာန်တူသလဲဆိုရင် စိတ်အေးအေးချမ်းချမ်းနေချင်လို့ ခင်ဗျားရဲ့ ပိုင်စားနယ်မြေ အုပ်ချုပ်မှုကိစ္စတွေကို ကိုယ်တိုင် ဝင်ရောက်စီမံခြင်း မပြုဘဲ စာရင်းဒိုင်ကို အာဏာကုန်လွှဲထားတာနဲ့ အတူတူပဲဗျ။ စာရင်းဒိုင်က အောက်လက်ငယ်သားတွေကို နိုင်တိုင်း ညှဉ်းဆဲတော့တာပဲ။ ခင်ဗျားအတွက်တော့ အကျိုးဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ" နီကိုလေက မေးလိုက်သည်။

"ဘာဖြစ်ရမှာလဲ။ တိုင်းပြည်ကြီးမှာ တစ်နေ့တခြား ယိုယွင်းလာပြီး မင်းမဲ့တိုင်းပြည်ကြီးလို ဖြစ်လာတာပေါ့။ ဒီပြင်ဟာကို မကြည့်နဲ့လေ။ ရွှေမြို့တော်တရားစီရင်တဲ့ လွှတ်ရုံးတော်ဝင်းတွေထဲမှာတောင် လုယက်မှုတွေ နေ့စဉ်နဲ့ အမျှ ပေါ်ပေါက်နေတယ် မဟုတ်လား။ တပ်မတော်ထဲမှာဆိုရင်လဲ ဇာတိသွေး ဇာတိမာန် မရှိတော့ဘူး။ ပါးရိုက် နားရိုက်လုပ်တာ၊ စစ်ရေးပြတာ၊ စစ်နယ်ကြီးတွေ ထူထောင်တာစတဲ့ ကိစ္စများလောက်ပဲ ရှိတော့တယ်။ လူတွေဆိုတာလဲပဲ သောက်သောက်လဲ ညှဉ်းပန်းနှိပ်စက်ခံရတယ်။ အသိဉာဏ် ဖွံ့ဖြိုးရေးလုပ်ငန်းဟူသမျှဟာလဲ ပိတ်ပင်တားဆီးခြင်း ခံရတယ်။ တိုင်းပြည်ရဲ့ အညွန့်အဖူးများဖြစ်တဲ့ နုနယ်ရိုးသားတဲ့လူငယ်လေးတွေ ဆိုရင်လဲ ပျက်စီးခြင်းမလှ ပျက်စီးကုန်ကြတယ်။ ဒီတော့ ဒီလိုအခြေအနေကြီးကို ဆက်လက် ခွင့်မပြုနိုင်ဘူး ရောင်းရင်း။ တားဆီးကြရမှာပဲ။ လူတွေက ကြိတ်ခံနေကြရတာ ရောင်းရင်း။ ခံနိုင်တဲ့အတိုင်းအတာ ကုန်ဆုံးအောင် ကြိတ်မှိတ်ခံနေကြရတာ။ ခံနိုင်တဲ့အတိုင်းအတာ ကုန်ဆုံးသွားတဲ့ တစ်နေ့မှာ ဝုန်းခနဲ ပေါက်ကွဲလာကြမှာ အမှန်ပဲ" ပီယာက (လူ့လောက၌ အစိုးရဟူ၍ ပေါ်ပေါက်လာသည့် အချိန်က



www.burmeseclassic.com

www.burmeseclassic.com

စ၍ အစိုးရအဖွဲ့အမျိုးမျိုးကို တဖွဖွ ဝေဖန်ပြောဆိုခဲ့သူ နိုင်ငံရေးသုခမိန်တို့၏ လေသံဖြင့်) ဆို၏။ "ကျွန်တော်ကတော့ ရွှေမြို့တော်မှာ တစ်ခုပဲ ပြောခဲ့တယ်"

"ဘယ်သူ့ကို ပြောခဲ့သလဲ"

"ဘယ်သူ့ကို ပြောရမှာလဲ" ပီယာက အခိပ္ပာယ်ပါသောအကြည့်ဖြင့် ကြည့်၍ဆို၏။ "ကိုယ်တော်ကြီးသီအိုဒိုတို့တစ်တွေကို ပြောခဲ့တာပေါ့။ ခုအချိန်မှာ ကျုပ်တို့ရဲ့ ယဉ်ကျေးမှုလုပ်ငန်းတွေနဲ့ ပရဟိတလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးရမယ်ဆိုတာကတော့ ကောင်းပါတယ်။ ရည်ရွယ်ချက်ကလဲ မှန်မြတ်ပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ ဒါလောက်နဲ့ တင်းတိမ်နေလို့ မဖြစ်တော့ဘူးဗျ။ ကျုပ်တို့ ဒီထက်အရေးပါအရာရောက်တဲ့ လုပ်ငန်းတွေ၊ တိုင်းပြည်ကြီးရဲ့ လက်ရှိအခြေအနေကို ပြောင်းပစ်ဖို့ လုပ်ငန်းတွေ ကျုပ်တို့လုပ်မှ ဖြစ်မယ်"

ထိုအခိုက် နီကိုလေသည် ၎င်း၏တူ မင်းသားလေး နီကိုလတ် ရောက်နေခြင်းကို သတိပြုလိုက်မိသည်။ နီကိုလေသည် မျက်နှာ ညိုမည်းသွားကာ မင်းသားလေး နီကိုလတ်အနီးသို့ လျှောက်လာခဲ့သည်။

"ဘာကိစ္စ လာတာလဲ။ ဆိုစမ်း"

"နေပါစေဗျ ရောင်းရင်းရ၊ ဘာဖြစ်လို့လဲ"

ပီယာက နီကိုလေ၏လက်မောင်းကို လှမ်းဆွဲလိုက်သည်။

"လက်ရှိအခြေအနေမှာ ဒီလို ပရဟိတလုပ်ငန်းကလေးတွေ၊ ယဉ်ကျေးမှုဖွံ့ဖြိုးရေး လုပ်ငန်းကလေးတွေနဲ့ မလုံလောက်တော့ဘူးလို့ ကိုယ်တော်ကြီးတို့တစ်တွေကို ပြောပြခဲ့တယ်ဗျ။ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မယ်ဗျ။ ကျုပ်တို့တစ်တွေဟာ တဖြည်းဖြည်း တင်းသည်ထက် တင်းလာတဲ့ ကြိုးကြီး ထောင်းခနဲ ပြတ်သွားမယ့်အချိန်ကို စောင့်ရင်း မြေကြီးလက်ခတ်မလွဲ ပေါ်ပေါက်လာမယ့် ပေါက်ကွဲမှုကြီးကို စောင့်ရင်း ဒီပေါက်ကွဲမှုကြီးရဲ့ ဒဏ်ကို ခံနိုင်အောင် အဆင်သင့်ပြင်ထားကြရမယ်ဗျ။ ခုတော့ ပျောက်စေဂိုဏ်းဟာ ရိုးသားတဲ့လူငယ်တွေ၊ ဇာတိသွေးဇာတိမာန်ထက်သန်တဲ့ လူငယ်တွေ၊ မဟုတ်မခံ စိတ်ဓာတ်ရှိတဲ့ လူငယ်တွေကို အကုန်လိုက်ပြီး ဖျက်ဆီးနေတယ်။ တချို့ကို မိန်းမနဲ့ ဖြားယောင်းဖျက်ဆီးတယ်။ တချို့ကို ရာထူးဂုဏ်ထူးနဲ့ ဖြားယောင်းဖျက်ဆီးတယ်။ တချို့ကို ငွေနဲ့ ပေါက်ပြီး ဖျက်ဆီးတယ်။ ဒီလိုနဲ့ ရိုးသားတဲ့လူတွေ သူတို့ဂိုဏ်းသားတွေ ဖြစ်သွားကြတယ်။ ခုဆိုရင် ခင်ဗျားတို့ ကျုပ်တို့လို လွတ်လွတ်လပ်လပ် တွေးခေါ်စဉ်းစားနိုင်တဲ့လူ ဆိုလို့ ရွှေမြို့တော်မှာ မရှိသလောက် ရှားနေပြီ။ အားလုံး သူတို့စက်ကွင်းထဲ ရောက်ကုန်ကြပြီ။ ဒီတော့ ကျုပ်ပြောချင်တာက ကျုပ်တို့ဂိုဏ်းရဲ့ရည်ရွယ်ချက်တွေ၊ လုပ်ငန်းစဉ်တွေကို တိုးချဲ့ရမယ်။ လွတ်လပ်စွာတွေးခေါ်မှုနဲ့ လွတ်လပ်စွာဆောင်ရွက်မှုကို အားပေးရမယ်"

နီကိုလေသည် တူတော်မောင် မင်းသားလေး နီကိုလတ်၏အနားသို့ မသွားတော့ဘဲ မကျေမနပ်ဖြင့် ပြန်လာကာ ထိုင်ဖုံတစ်လုံးကို ဆွဲယူလိုက်ပြီးနောက် ထိုင်ချလိုက်သည်။ နီကိုလေသည် ချောင်းတဟွတ်ဟွတ်ဆိုးရင်း မျက်မှောင်ကုတ်လျက် ပီယာ၏စကားများကို နားထောင်လျက် ရှိသည်။

"နေစမ်းပါဦး။ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လိုလုပ်ငန်းတွေကို လုပ်ရမှာလဲ" နီကိုလေကမေး၏။ "ပြီးတော့ အစိုးရအပေါ်မှာကော ဘယ်လို သဘောထားမျိုးထားမှာလဲ"

"အို ကျွန်တော်တို့က အစိုးရကို နှောင့်ယှက်ဖျက်ဆီးတဲ့သဘောထား မဟုတ်ပါဘူး။ အထောက်အကူဖြစ်စေတဲ့ သဘောထားပါ။ အစိုးရက ခွင့်ပြုတယ်ဆိုရင် ကျွန်တော်တို့ဂိုဏ်းဟာ လျှို့ဝှက်စရာ ဘာမှ မရှိပါဘူး။ ကျွန်တော်တို့ဂိုဏ်းဟာ အစိုးရကို အတိုက်အခံ မလုပ်တဲ့အပြင် အကူအညီပေးမယ်၊ ရှေးဟောင်းအစဉ်အလာတွေကို ထိန်းသိမ်းပေးမယ့်ဂိုဏ်းပါ။ တိတိကျကျ ပြောရမယ်ဆိုရင်တော့ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ လူကြီး လူကောင်းများသာ ပါဝင်တဲ့ ဂိုဏ်းလို့ပဲ ဆိုပါစို့။ ကျွန်တော့်ဂိုဏ်းဟာ နောင်လာနောက်သား ကလေးသူငယ်တွေ အလဟဿ မသေရအောင် စစ်ကိုတားဆီးမယ်။ ကျွန်တော်တို့တစ်တွေ အိုးပစ်အိမ်ပစ် စစ်ထွက်ရတဲ့ အဖြစ်မျိုး မရောက်ရအောင် ကြိုးပမ်းမယ်။ စစ်လိုလားတဲ့ ပူဂါရှေ့တို့လို လူ့သောင်းကျန်းတွေကြောင့် ကျွန်တော်တို့ရဲ့ သားသမီးတွေ အလဟဿ အသေခံရတဲ့အဖြစ်မျိုးကို မရောက်အောင် လုပ်မယ်။ စစ်ဝန်ကြီး အာရတ်ချေ့တို့လို ပုဂ္ဂိုလ်တွေကြောင့် ကျွန်တော်တို့တစ်တွေ စစ်မြေမှာ အကြောင်းမဲ့ အသေခံရတဲ့ဘဝမျိုးကို မဖြစ်အောင် တားဆီးမယ်။


www.burmeseclassic.com

ကျွန်တော်တို့ဟာ တိုင်းသူပြည်သားတွေရဲ့ ကောင်းကျိုး၊ တိုင်းသူပြည်သားတွေရဲ့ လုံခြုံရေးအတွက် လက်တွဲပြီး ဆောင်ရွက်ကြမယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ဂိုဏ်းက လျှို့ဝှက်ဂိုဏ်းဖြစ်နေတယ်ဗျ။ ဒါ့ကြောင့် အစိုးရကို အတိုက်အခံလုပ်ပြီး အန္တရာယ်ပေးမယ့်သဘော သက်ရောက်နေတယ်။ တကယ်တော့လဲ ခင်ဗျားတို့ဂိုဏ်းဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးနိုင်မှာပါ"

"မဟုတ်တာဗျာ။ ဥရောပကို ကယ်တင်ခဲ့တာဟာ တူဂျင်ဘန်းဆိုတဲ့ ဂျာမန်လျှို့ဝှက်အဖွဲ့ပဲ မဟုတ်လား ရောင်းရင်းရ။ (ဒီတုန်းက ဥရောပကို ကယ်တင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ပေါ်ပေါက်တဲ့လူဆိုလို့ ရုရှားနိုင်ငံမှာ တစ်ယောက်မှ မရှိခဲ့သေးဘူး။) ဂျာမန်တွေ မျိုးချစ်စိတ်ရင့်သန်လာအောင်၊ ဂျာမန်ယဉ်ကျေးမှု ဖွံ့ဖြိုးလာအောင်၊ ဂျာမန်စစ်တပ်ကြီး တောင့်တင်းလာအောင်၊ ပြင်သစ်ကျူးကျော်မှုကို မျက်ခြည်မပြတ်အောင် လှုံ့ဆော်ကြိုးပမ်းခဲ့တဲ့ဂိုဏ်းဟာလည်း တူဂျင်ဘန်းပဲ မဟုတ်လားဗျ။ တူဂျင်ဘန်းဟာ ကောင်းမြတ်သော မနသီစိတ်ထား မွေးခြင်း၊ ချစ်ခင်ခြင်း၊ ကတညုတ ကတဝေဒီတရားအတိုင်း ဆောင်ရွက်ခြင်းစတဲ့ အလုပ်တွေကို မလုပ်ခဲ့ဘူးလား။ မဆောင်ရွက်ခဲ့ဘူးလား။ တူဂျင်ဘန်းဂိုဏ်းရဲ့ လုပ်ငန်းတွေဟာကောသခင် ခရစ်တော်ကိုယ်တိုင် ကားစင်ပေါ်မှာ ဟောပြောမြွက်ကြားခဲ့တဲ့ တရားတော်များရဲ့ ကျင့်စဉ်လုပ်ငန်းတွေပဲ မဟုတ်ဘူးလား"

ပီယာ စကားပြောနေစဉ် နာတာရှာသည် စာကြည့်ဆောင်ထဲသို့ ပြန်ရောက်လာလေသည်။ နာတာရှာသည် ၎င်း၏ယောကျာ်း ကျမ်းကိုရွှင်လန်းကြည်နူးစွာ ကြည့်လျက်ရှိ၏။ နာတာရှာ ကြည်နူးလျက် ရှိခြင်းအကြောင်းမှာ ပီယာ၏စကားများကြောင့် မဟုတ်ချေ။ နာတာရှာသည် ပီယာ၏စကားများကိုလည်း စိတ်ဝင်စားခြင်း မရှိချေ။ ထို့မျှမက ထိုစကားများသည် နာတာရှာအဖို့ အလွန်ရိုးလျက်ရှိသည်ဟု ထင်မှတ်နေလေပြီ။ ကာလအတန်ကြာကပင် ထိုစကားများကို သိပြီးသားဖြစ်သည်ဟု ထင်လျက် ရှိလေပြီ။ (ဤသို့ထင်ခြင်းမှာ အခြားကြောင့် မဟုတ်။ ထိုစကားများသည် ပီယာ၏အသွေးအသားထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်းကို သိသောကြောင့်ဖြစ်၏။) နာတာရှာ ပီတိဖြစ်လျက်ရှိခြင်းကား ပီယာ၏ စိတ်အားထက်သန်လျက်ရှိသော အမူအရာကြောင့်သာ ဖြစ်လေသည်။

ကော်လာချဝတ်စုံအောက်မှ ဖြောင့်စင်းတောင့်တင်းသော လည်တံကို တင့်ခဲ့လုပ်၍ နားထောင်လျက်ရှိသော မင်းသားလေး နီကိုလတ်မှာ (ယခုအချိန်၌ အားလုံး၎င်းကို မေ့နေကြလေပြီ။) နာတာရှာထက်ပင် ပီတိလျှမ်းသော မျက်လုံးများဖြင့် ပီယာ့ကို ငေးစိုက်ကြည့်လျက်ရှိ၏။ ပီယာ၏ စကားလုံးတိုင်းသည် မင်းသားလေးနီကိုလတ်၏နှလုံးသားကို သံပူဖြင့် ထိုးလိုက်သကဲ့သို့ စွဲ၍ ကျန်ရစ်ခဲ့၏။ မင်းသားလေးနီကိုလတ်သည် ပီယာ၏ စကားများကိုနားထောင်ရင်း တုန်ယင်လျက်ရှိသော လက်များဖြင့် ဦးရီးတော်နီကိုလေ၏ စားပွဲပေါ်ရှိ စာအိတ်ပိတ်သော ချိပ်တောင့်များ၊ ငှက်တောင်တပ် ကလောင်တံများ စသည့် တွေ့ရာပစ္စည်းများကို အမှတ်မထင် ချိုးဖွဲ့နေမိသည်။

"အေးလေ၊ ခင်ဗျားတို့ သဘောတူသည် မတူသည်ကို အပထား။ အဲဒါတွေကတော့ တူဂျင်ဘန်းအသင်းရဲ့ လုပ်ငန်းတွေရဲ့ ကျွန်တော်လုပ်ချင်တဲ့ လုပ်ငန်းတွေပဲဗျ"

"ခင်ဗျားက တူဂျင်ဘန်းအသင်းကို အထင်ကြီးနေတာကိုးဗျ။ ဒီမှာ ရောင်းရင်းရ။ တူဂျင်ဘန်းအသင်းဆိုတာဟာ ဝက်အူချောင်းစားတဲ့ ဂျာမန်လူပျင်းတွေရဲ့ အသင်းပါဗျ။ ကျုပ်တို့ကတော့ အဲဒီအသင်းရဲ့လုပ်ငန်းတွေကို နားလည်လက်ခံခဲ့ဖို့ မပြောနဲ့၊ အသင်းရဲ့နာမည်ကိုတောင် မှန်အောင် အသံမထွက်တတ်ဘူးဗျ"

ဒင်နီဆော့ဗ်က ကျယ်လောင်သောအသံဖြင့် ဆို၏။

"ဟုတ်ပါတယ်။ ရောင်းရင်းပြောသလို ရုရှားနိုင်ငံကြီးရဲ့ အခြေအနေဟာ ပုပ်သိုးဆွေးမြည့်နေပြီ။ သုံးစားမရအောင်ပျက်စီးနေပြီဆိုတာ ကျုပ် လက်ခံပါတယ်။ ဒါပေမဲ့ ရောင်းရင်းပြောတဲ့ တူဂျင်ဘန်းအသင်းကိုတော့ နားမလည်ဘူးဗျ။ လက်ရှိအခြေအနေကို မကျေနပ်ရင် သူတို့တူဂျင်ဘန်း အသင်းမျိုးတော့ မဖွဲ့ဘူးဗျ။ ဘန်းချင်း ဘန်းရင်း ကျုပ်တို့နည်းနဲ့ ကျုပ်တို့ ဘန်းမှာပဲ။ ဟုတ်ဘူးလား" *

* ဘန်းဟူသော ဂျာမန်စကား၏အဓိပ္ပာယ်မှာ အသင်း၊ သမဂ္ဂဟု အဓိပ္ပာယ်ထွက်သည်။ ရုရှားဘာသာတွင်မူ ထိုအသံထွက်သည်။ 'အဓိကရုဏ်း' ဟု အဓိပ္ပာယ်ထွက်သည်။



www.burmeseclassic.com

ပီယာက ပြုံး၏။ နာတာရှာက အသံထွက်အောင် တခစ်ခစ် ရယ်လိုက်သည်။ သို့ရာတွင် နီကိုလေကမူ မျက်မှောင်ကုတ်လိုက်လျက် အခြေအနေမှာ ပီယာ ပြော သလောက် ဆိုးရွားခြင်း မရှိကြောင်း၊ ပီယာ၏ စိတ်ထဲ၌သာ ဆိုးသည်ဟု ထင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေများကို ပြောင်းလဲပစ်ရန်လည်း မလိုကြောင်း စသည်ဖြင့် ချေပလျက် ရှိလေသည်။ အငြင်းအခုံ ရှိလာ သောအခါ၌ ပီယာ၏ အာရုံများသည် ထက်မြက်လာတတ် ကြသည့်အတိုင်း ပီယာကလည်း အခြေအနေ ယိုယွင်းလျက် ရှိကြောင်းကို အထောက်အထား အမျိုးမျိုးပြ၍ ပြောဆို လျက် ရှိရာ နီကိုလေမှာ မငြင်းသာတော့ဘဲ ငိုင်နေလေ သည်။ ဤတွင် နီကိုလေသည် မိမိ၏ ထင်မြင်ချက်သာ အမှန်ဟု အပြည့်အဝ ယုံကြည်ချက် ရှိသဖြင့် (သို့ယုံကြည် ခြင်းမှာလည်း ဆင်ခြင်တုံတရားကြောင့် မဟုတ်ပါ။ မခံ ချင်စိတ်ကြောင့်သာ ဖြစ်ပါသည်။) ရှူးရှူးရှားရှား ဖြစ်လျက် ရှိလေသည်။

"ကဲ ရောင်းရင်း၊ ကျုပ် ပြောမယ်" နီကိုလေသည် ဒေါပွလျက်ရှိပြီဖြစ်သဖြင့် ဖျတ်ခနဲ ထိုင်ရာမှ ထလိုက်ပြီး နောက် ဒေါသကြောင့် တုန်ယင်လျက်ရှိသော လက်များ ဖြင့် ဆေးတံကို ထောင်လိုက်သည်။ သို့ရာတွင် ဆေးတံ မှာ ထောင်လိုက်တိုင်း လဲကျနေသဖြင့် နီကိုလေသည် ထပ်မံ ကြိုးစားခြင်း မပြုတော့ချေ။

"ကျုပ်က ခင်ဗျားလို သက်သေအထောက်အထား တွေတော့ မပြနိုင်ဘူး။ ရုရှားနိုင်ငံကြီးဟာ ပုပ်သိုးဆွေး မြည့်နေပြီ၊ အစစအရာရာ ယိုယွင်းပျက်စီးနေပြီ။ ဒါကြောင့် အစိုးရ အပြောင်းအလဲတစ်ခု လုပ်ရမယ်လို့ ခင်ဗျားက ဆိုတယ်။ ကျုပ်တော့ လက်မခံနိုင်ဘူး။ ရှင်းရှင်းပဲ။ ခင်ဗျား ပြောသလို ပုပ်သိုးဆွေးမြည့်နေပြီဆိုတာလဲ မဟုတ် ဘူး။ အစိုးရ အပြောင်းအလဲ လဲ မလိုသေးဘူး။ ဖြစ်လဲ မဖြစ်နိုင်သေးဘူး။ ပြီးတော့ ခင်ဗျားက အစိုးရ အပြောင်း အလဲ လုပ်ရမယ်လို့လဲ တစ်ဖက်က ပြောတယ်။ တစ်ဖက် ကလဲ အစိုးရရဲ့ သစ္စာတော်ကို ခံယူရဦးမယ်လို့လဲ ပြော တယ်။ ဒီတော့ ခင်ဗျားစကားဟာ ရှေ့နောက် မညီဘူး။ လေ့နံ့နှစ်ဖက်နင်းတဲ့ စကားမျိုးပဲ။ ကျုပ်ကတော့ လုံးဝ လက်မခံနိုင်ဘူး။ ရောင်းရင်းဟာ ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပဲ။ ဒါပေမဲ့ ရောင်းရင်းဟာ လျှို့ဝှက်တဲ့ဂိုဏ်း တစ်ဂိုဏ်းဖွဲ့ပြီး အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွေကို လုပ် လာမယ်ဆိုရင်တော့ ရင်းနှီးတာတွေ ဘာတွေကို ကျုပ် နားမလည်ဘူး။ ကျုပ်မှာ အစိုးရရဲ့ သစ္စာကိုခံဖို့ တာဝန် ရှိတယ်။ စစ်ဝန်ကြီး အာရက်ချေ့က ကျုပ်ကို တပ်ခွဲ တစ်ခွဲပေးပြီး ခင်ဗျားတို့ကို ပြတ်ပြတ်ပြုန်းအောင် နှိမ် နင်းချည့်လို့ အမိန့်ပေးရင် ကျုပ်ကတော့ ချရမှာပဲ။ လက် နှေးလိမ့်မယ်တော့ မထင်နဲ့။ ကဲ၊ ကျုပ်မှားတယ် မှန် တယ်ဆိုတာကိုတော့ ခင်ဗျား ကြိုက်သလို ထင်နိုင်တယ်"

ဤစကားများကြောင့် အားလုံး အံ့အားသင့်ကာ တိတ်ဆိတ်သွားကြသည်။ နာတာရှာသည် စတင်ကာ ၎င်း၏ယောကျ်ား ပီယာကို ကာကွယ်၍ နီကိုလေကို တိုက်ခိုက်ခြင်း ပြု၏။ နာတာရှာ၏ တိုက်ကွက်သည် များ စွာ ပြင်းထန်ခြင်း မရှိသော်လည်း အောင်မြင်ပါသည်။ ဤ သို့ဖြင့် စကား ဆက်မိသွားကြပြန်၏။ သို့ရာတွင် ခပ်စောစောက နီကိုလေ ပြောသည့် တင်းမာခက်ထန်သော လေသံ မျိုးဖြင့်ကား ပြောဆိုခြင်း မပြုကြတော့ချေ။

ညလယ်စာ စားချိန်ရောက်၍ အားလုံး ထလိုက် ကြသည့်အချိန်၌ မင်းသားလေး နီကိုလတ်သည် ပီယာထံ သို့ ထလာခဲ့၏။ ၎င်း၏ မျက်နှာသည် ဖြူရော်လျက် ရှိ၍ မျက်လုံးများသည် တဖျတ်ဖျတ် တောက်လျက် ရှိလေသည်။

"ဦးလေး ပီယာ၊ ဟို ဟို၊ ဖေဖေရှိရင် ဖေဖေက ဦးလေး ပီယာနဲ့ အယူအဆချင်း တူပါ့မလားဟင်"

ထိုအခါကျမှ မိမိတို့ စကားပြောဆိုလျက် ရှိစဉ် ထိုသူငယ်ကလေး၏ စိတ်ထဲ၌ ဖြစ်ပေါ်လျက်ရှိသည့် အတွေး များကို ပီယာ ခန့်မှန်းကြည့်မိသည်။ မင်းသားလေး နီကို လတ်၏ ရှေ့တွင် ဤစကားများကို ပြောဆိုမိခြင်းကြောင့် လည်း ပီယာ နောင်တရလျက် ရှိ၏။ မည်သို့ပင်ဖြစ်စေ မင်းသားလေး နီကိုလတ်က မေးခွန်းထုတ်လျက် ရှိလေပြီ။ ပီယာသည် သူ့မေးခွန်းကို ဖြေရပေဦးမည်။

"အေး ဦးလေးနဲ့တော့ သဘောထားချင်း တူပါ လိမ့်မယ် ထင်ပါရဲ့ကွာ" ပီယာသည် အနိုင်နိုင် အဖြေ ပေးကာ စာကြည့်ဆောင်မှ ထွက်လာခဲ့သည်။

မင်းသားလေး နီကိုလတ်သည် မိမိရှေ့က စားပွဲ ကို ငုံ့ကြည့်လိုက်မိ၏။ ထိုအခါကျမှ လူကြီးများ ပြော စကားကို နားထောင်ရင်း စားပွဲပေါ်ရှိ ချိပ်တောင့်များ၊ ငှက် တောင်တပ် ကလောင်များကို ချိုးပစ်ခြင်းကို သတိရမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မင်းသားလေးနီကိုလတ်သည် ကြောက်ရွံ့ထိတ်လန့်သောမျက်နှာထားဖြင့် ဦးရီးတော်သူ နီကိုလေအနီးသို့ ကပ်လာသည်။

"ဦးလေး၊ ကျွန်တော် မတော်တဆ လုပ်မိတာပါ။ ဦးလေး ကျွန်တော့်ကို ခွင့်လွှတ်ပါ" မင်းသားလေး နီကိုလတ်က ကျိုးပဲ့နေသော ချိပ်တောင့်များနှင့် ကလောင်တံများကို ညွှန်ပြ၍ ပြော၏။

နီကိုလေမှာ စိတ်ဆိုးလျက် ရှိလေပြီ။

"အေး အေး သွားတော့" နီကိုလေသည် အပိုင်းအစများကို စားပွဲအောက်သို့ လှည်းချနေသည်။

ထို့နောက် နီကိုလေသည် ဒေါသကို အနိုင်နိုင်ချုပ်တည်းလျက် မင်းသားလေး နီကိုလတ် မျက်နှာကို မကြည့်ဘဲ တခြားသို့ မျက်နှာလွှဲလိုက်၏။

"သွားတော့လို့ ဆိုနေ။ မင်း နေရာတကာ ပါချင်တယ်။ ကလေးပဲ ကလေးဘာသာ မနေဘူး"

## အခန်း ၁၅

ညလယ်စာ စားပွဲ၌ကား နိုင်ငံရေးအကြောင်းကို လည်းကောင်း၊ အသင်းအပင်းများ၊ ဂိုဏ်းများအကြောင်းကို လည်းကောင်း ပြောဆိုဆွေးနွေးခြင်း မပြုကြတော့ဘဲ ၁၈၁၂–ခုနှစ် စစ်ပွဲအတွင်းက အဖြစ်အပျက်များကို စားမြုံ့ပြန်လျက် ရှိကြလေသည်။ နီကိုလေသည် ထိုစစ်ပွဲအတွင်းက အဖြစ်အပျက်များကို စားမြုံ့ပြန်ရလျှင် အာဝဇ္ဇန်းရွှင်နေတတ်၏။ ထိုစစ်ပွဲတွင်းအဖြစ်အပျက်များကို စကားကြောင်းပေးသူမှာ ဒင်နီဆော့ဗ်ဖြစ်၏။ ထိုအခါ၌ ပီယာသည်လည်း ငြင်းခုံခြင်း မပြုတော့ဘဲ ရယ်ရယ်မောမောဖြင့် ဝင်ရောက် ပြောဆိုလျက် ရှိလေသည်။ သို့ဖြင့် အိပ်ရာဝင်ချိန်ရောက်သည်တွင် ပီယာတို့လူသိုက်သည် သာသာယာယာပင် လူစုခွဲလိုက်ကြ၏။

ညလယ်စာ စားသောက်ပြီးသည့်နောက် နီကိုလေသည် စာကြည့်ဆောင်ထဲသို့ဝင်၍ အဝတ်အစားလဲကာ မိမိ၏အမိန့်ကို စောင့်ဆိုင်းလျက်ရှိသည့် စာရင်းဒိုင်ကို ညွှန်ကြားချက်များ ပေး၏။ ထိုနောက် ညအိပ်ဝတ်ရုံဖြင့် အိပ်ခန်းဆောင်ထဲသို့ ဝင်လာခဲ့သည်။ အိပ်ခန်းဆောင်ထဲ၌ ကြင်ရာတော်မြို့စားကတော်လေး မေရီသည် စားပွဲတွင်ထိုင်၍ စာရေးလျက် ရှိသည်။

"ဘာတွေများ ရေးနေတာလဲ မေရီ။ မအိပ်သေးဘူးလား" နီကိုလေက မေး၏။

မြို့စားကတော်လေး မေရီ၏ မျက်နှာသည် ရှက်သွေးဖြာကာ နီရဲသွား၏။ ၎င်း၏စိတ်၌ မိမိရေးသော စာများကို ကြင်ရာနီကိုလေ နားမှ လည်ပါလေမည်လော၊ သဘောမှ ကျပါမည်လောဟု စိုးရိမ်လျက် ရှိလေသည်။

မြို့စားကတော်လေး မေရီသည် ထိုစာများကို ကြင်ရာနီကိုလေ မသိအောင် ဝှက်ထားဦးမည်ဟု စိတ်ကူးမိသေးသည်။ သို့ရာတွင် ယခုကဲ့သို့ နီကိုလေက မိမိအားတအံ့တသြ ကြည့်နေခြင်းအတွက်လည်း ဝမ်းသာသွားမိသည်။ ထို့ကြောင့် သို့ဝှက်ခြင်း မပြုတော့ဘဲ ထုတ်၍ပြရန် ဆုံးဖြတ်လိုက်၏။

"နေ့စဉ်မှတ်တမ်း ရေးနေတာ မောင်ရဲ့" မြို့စားကတော်လေး မေရီက ပြော၏။ ထို့နောက် လှပပီသစွာ ရေးထားသည့် အပြာရောင်စာအုပ်တစ်အုပ်ကို လှမ်းပေးလိုက်သည်။

"နေ့စဉ်မှတ်တမ်း၊ ဟုတ်စ" နီကိုလေက စာအုပ်ကို လှမ်းယူရင်း နောက်ပြောင်သံဖြင့် ဆို၏။

နေ့စဉ်မှတ်တမ်းမှာ ပြင်သစ်ဘာသာဖြင့် ရေးထားလေသည်။

"ဒီဇင်ဘာ ၄ ရက်နေ့။ ယနေ့ သားကြီး အင်ဒရူးရှာ အိပ်ရာမှ နိုးလာသည့်အခါ အဝတ်မလဲဟု ငြင်းဆန်နေသဖြင့် မတ်မွိုင်ဇယ်လူစီက သားကြီးကို လာပို့သွားသည်။ သားကြီးသည် စိတ်ကောက်တတ်၍ ခေါင်းမာသည်။ အဝတ်မလဲလျှင် ရိုက်မည်ဟု ခြိမ်းခြောက်သေး၏။ မရ။ ပို၍ ဆိုးလာသည်။ ထို့ကြောင့် အခြားနည်းတစ်နည်း သုံးရပြန်သည်။ သားကြီးကို နောက်ထပ် ဘာမျှမပြောတော့ဘဲ အခြားကလေးများကို ကလေးထိန်း အကူအညီဖြင့် ကိုယ်တိုင်အဝတ်အစား လဲပေးလိုက်သည်။ သူ့ကို မချစ်ဘူးဟူ၍လည်း ပြောလိုက်သည်။ သူ့ကို မချစ်ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သားကြီးသည် မည်သို့မျှ မပြောတော့ဘဲ ငေးငေးကြီး လုပ်နေသည်။ အတန်ကြာမှ အိပ်ရာထဲမှ ဝိုင်၍ထပြေးလာသည်။ သူ့ကို မချစ်ဘူးပြောသဖြင့် ဝမ်းနည်းလျက်ရှိသောကြောင့် စိတ်ပြေအောင် မနည်းကြီး ချော့ရသည်။ မအေ စိတ်ဆိုးအောင် လုပ်မိသည့်


www.burmeseclassic.com

အတွက်လည်း ဝမ်းနည်းနေပုံရသည်။ ညဥ့် သူတို့တစ်တွေကို လက်မှတ်ပေးသောအခါ၌လည်း သားကြီးသည် တစာစာငိုကြွေးကာ မအေကို နမ်းသည်။ သားကြီးသည် ခြောက်၍ မရ။ ချော့မှ ရသူမျိုး ဖြစ်သည်ဟု စိတ်တွင် မှတ်ထားလိုက်သည်”

“လက်မှတ်ဆိုတာက ဘာလက်မှတ်လဲ မေရီရ” နီကိုလေက မေး၏။

“ကလေးတွေပြိုင်ဆိုင်လိုတဲ့စိတ်ပေါ်အောင် မေရီ စနစ်တစ်ခု ထွင်ထားတယ် မောင်ရဲ့။ ကလေးကြီးတွေကို သူတို့ တစ်နေ့လုံး ကောင်းကောင်းမွန်မွန်နေခဲ့ရင် ကောင်းကောင်းနေတဲ့အတွက် အမှတ်ပေးတယ်။ ဥပမာ အဆူမခံရတဲ့ ကလေးကို ဘယ်နှစ်မှတ်၊ ဆော့တဲ့ကလေးကို ဘယ်နှစ်မှတ် စသဖြင့်ပေါ့လေ”

နီကိုလေသည် မိမိကို ကြည့်နေသည့် မြို့စားကတော်လေး မေရီ၏ တောက်ပသောမျက်လုံးများကို ရွှန်းရွှန်းစားစားကြီး ငုံ့ကြည့်လိုက်သည်။ ထို့နောက် စာရွက်များကို လှန်၍ ဆက်ဖတ်ပြန်သည်။ နေ့စဥ် မှတ်တမ်းထဲ၌ မိခင်တစ်ယောက်အနေဖြင့် သတိပြုရမည့် ကလေးတို့၏ အကျင့်စာရိတ္တများ၊ သင်ကြားမှု နည်းများ စသည်တို့နှင့် ပတ်သက်၍ အသေးစိတ် ရေးသားထား၏။ ၎င်းတို့မှာ အများအားဖြင့် အသေးအဖွဲကလေးများသာ ဖြစ်ကြသည်။ သို့ရာတွင် မိခင်တစ်ယောက်အဖို့ကား ထိုကိစ္စများသည် အသေးအဖွဲများ မဟုတ်ကြချေ။ ဖခင်တစ်ယောက်အဖို့လည်း အရေးကြီးသည်သာ ဖြစ်လေသည်။ ထို့ကြောင့် နီကိုလေသည်ပင် မိမိ၏သားသမီးများနှင့် ပတ်သက်သည့် နေ့စဥ် မှတ်တမ်းကို ပထမဆုံးအကြိမ် ဖတ်ရှုလေ့လာနေရပြီ မဟုတ်လော။

‘ဒီဇင်ဘာလ ၅–ရက်နေ့’ ဟူသော ရက်စွဲအောက်၌ အောက်ပါအတိုင်း ရေးသားထား၏။

‘ယနေ့ညစာစားပွဲတွင် မစ်တြာ စိတ်ကောက်နေသည်။ မောင်က သူ့ကို ပူတင်းမကျွေးရဟု ဆိုထားသဖြင့် မကျွေးဘဲ ထားလိုက်သောကြောင့် စိတ်ကောက်ခြင်းဖြစ်သည်။ မစ်တြာသည် တခြားသူများ စားသည်ကို စိတ်မချမ်းမသာနှင့် ငေးကြည့်နေသည်။ ကလေးများအား သရေစာမကျွေးဘဲ ထား၍ ပြစ်ဒဏ်ပေးသည့်နည်းသည် ကလေး၏လောဘစိတ်ကို ပို၍ပြင်းထန်လာစေသည်ဟု ထင်သည်။ နောင်တွင် ဤသို့ပြစ်ဒဏ်ပေးခြင်း မပြုရန် မောင့်ကို ပြောရဦးမည်’

နီကိုလေသည် နေ့စဥ်မှတ်တမ်းစာအုပ်ကို ချလိုက်၏။ ကြင်ရာ မြို့စားကတော်လေး မေရီ၏ မျက်နှာကို ငုံ့ကြည့်လိုက်၏။ မြို့စားကတော် မေရီ၏ တောက်ပသော မျက်လုံးများသည်လည်း မေးခွန်းထုတ်သည့်အနေဖြင့်၊ ၎င်းကို မော့ကြည့်လျက် ရှိလေသည်။ ထိုသို့ နေ့စဥ် မှတ်တမ်းရေးခြင်းကို နီကိုလေ သဘောကျပါ၏လောဟု မေးမြန်းနေဟန် ရှိ၏။ နီကိုလေသည် ကြင်ရာမြို့စားကတော်လေး မေရီ၏ နေ့စဥ်မှတ်တမ်းရေးခြင်းနှင့် တကွ ရေးပုံကို သဘောကျရုံမျှမက အမြတ်တနိုး ချီးမွမ်းလျက် ရှိလေသည်။

သို့ရာတွင် ကြင်ရာမြို့စားကတော်လေး မေရီ၏ ကလေးများကို ဆုံးမပုံမှာ စည်းစနစ်ကြီးလွန်းသည်ဟုကား နီကိုလေ့စိတ်ထဲတွင် ထင်မိ၏။ သို့တိုင်အောင် စည်းစနစ်ကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ ဤပြဿနာသည် အဓိက မဟုတ်ပါ။ ကလေးများ၏ အကျင့်စာရိတ္တ ကောင်းမွန်ရေးအတွက် ဤမျှ အပတ်တကုတ် မမေ့မလျော့ကြိုးစားဖော်ရခြင်းကိုပင် နီကိုလေ ကျေနပ်ဝမ်းသာလျက် ရှိပါပြီ။ နီကိုလေသည် မိမိ၏စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားချက်ကိုသာ သရုပ်ခွဲ၍ ကြည့်နိုင်မည်ဆိုပါက ဤကဲ့သို့ မိမိကြင်ရာအား ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ ကြင်နာခြင်း၊ ၎င်းအတွက် ဂုဏ်ယူခြင်းဖြစ်မိသည်မှာ အခြားကြောင့် မဟုတ်။ မိမိထက် အတွေးအခေါ် မြင့်မားရင့်သန်ခြင်းကြောင့်သာဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်လေသည်။

ကြင်ရာ မြို့စားကတော်လေး မေရီ၏ အတွေးအခေါ် ရင့်သန်ခြင်း၊ စိတ်သဘောထား မြင့်မြတ်ခြင်းတို့အတွက် နီကိုလေ ဂုဏ်ယူ၏။ အတွေးအခေါ်အရာ၌ ကြင်ရာနှင့် ယှဥ်လိုက်လျှင် မိမိသည် နောက်ကျ ကျန်ရစ်ခဲ့ကြောင်းကိုလည်း နီကိုလေ သိ၏။ ဤသို့သော မိန်းမတစ်ယောက်သည် မိမိ၏ ကာမပိုင်မယားဖြစ်ရုံမျှမက မိမိ ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ပိုင်း ဖြစ်နေခြင်းကြောင့်လည်း နီကိုလေ ဝမ်းသာမိလေသည်။

“မောင် သဘောကျပါတယ် မေရီ။ မောင် သဘောကျပါတယ်” နီကိုလေက ကြင်ရာမြို့စားကတော်လေး မေရီ၏ မျက်နှာကို စိုက်ကြည့်၍ ဆိုသည်။ “ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com

မောင် စကားပြောတာ နည်းနည်းလွန်သွားတယ် မေရီ။ အဲဒီတုန်းက မေရီ အနားမှာ မရှိဘူး။ မောင်နဲ့ ပီယာနဲ့ အငြင်းအခုံဖြစ်ကြတယ်လေ။ မောင်လဲ စိတ်ဆိုးဆိုးနဲ့ တော်တော်လေး ပြောပစ်လိုက်တယ်။ ပီယာဟာ တော်တော်ပြောရကျပ်တဲ့ လူပဲ။ တစ်ခါတလေလဲ ကလေးလိုပဲ။ နာတာရှာကသာ အထိန်းအသိမ်းမတတ်ရင် တော်တော်ခက်မယ်။ ခုကော ရွှေမြို့တော်ကို ဘာကိစ္စသွားတယ် ထင်သလဲ။ သူတို့ဂိုဏ်းဖွဲ့ဖို့တဲ့လေ၊ ဂိုဏ်းဖွဲ့ဖို့တဲ့"

"မေရီ သိပြီးပါပြီ မောင်" မြို့စားကတော်လေး မေရီက ဆို၏။ "မေရီ့ကို နာတာရှာ ပြောပြပြီးပါပြီ"

"ကဲ မေရီပဲ စဉ်းစားကြည့်ပါဦးကွာ" နီကိုလေသည် ၎င်းတို့ အငြင်းအခုံဖြစ်ခဲ့သည့်ကိစ္စကို ပြန်၍ အမှတ်ရလာပြန်ကာ စိတ်တိုလာပြန်သည်။ "ကြည့်စမ်းပါဦးကွာ၊ မောင့်ကို အစိုးရဆန့်ကျင်ရေးဂိုဏ်းထဲ ပါရမယ်တဲ့။ ရိုးသားမြင့်မြတ်တဲ့လူတိုင်းဟာ အစိုးရကို ဆန့်ကျင်ဖို့ ဝတ္တရားရှိတယ်တဲ့။ အစိုးရကို မဆန့်ကျင်တဲ့လူဟာ အလကားလူပဲတဲ့။ အို၊ အနားမှာ မေရီ ရှိစေချင်တယ်ကွာ။ နောက်ဆုံးတော့ ဒင်နီဆော့ဗ်ရော၊ နာတာရှာရော သူ့ဘက်က လိုက်ပြောကြတယ်လေ။ မောင့်ဘက်မှာ မောင်တစ်ယောက်တည်းပဲ ရှိတော့တယ်။ နာတာရှာကလဲ ဘာမှ နားမလည်ပဲနဲ့ နေရာတကာ ပါချင်တာပဲ။ ယောကျ်ားကိုလဲ သူပဲ ကြိုးကိုင်ခြယ်လှယ်နေတာပဲ။ ဒါပေမဲ့ သူ့ယောကျ်ားနဲ့ တခြားလူနဲ့ အငြင်းအခုံဖြစ်ကြည့်စမ်း၊ သူ့ကိုယ်ပိုင်အတွေး အခေါ်နဲ့ ပြောတဲ့ စကားလုံး တစ်လုံးမှ မပါဘူး။ သူ့ယောကျ်ားပြောတဲ့စကားကို သံယောင်လိုက် ပြောတော့တာပဲ" နီကိုလေသည် ဆန်ရင်းနာနာဖွပ် ဟူသကဲ့သို့ စိတ်ချင်ပေါက်တိုင်း နာတာရှာအကြောင်းကို ဖိ၍ ပြော၏။ နာတာရှာ၏ အကြောင်းကို ပြောရာ၌ စကားလုံးတိုင်းသည် မိမိနှင့် မိမိကြင်ရာ မြို့စားကတော်လေး မေရီတို့၏ ဆက်ဆံရေးနှင့်လည်း အကျုံးဝင်နေကြောင်းကိုကား နီကိုလေ သတိမထားတော့ချေ။

"ဟုတ်ပါတယ် မေရီလဲ သတိထားမိပါတယ်" မြို့စားကတော်လေး မေရီက ပြော၏။

"မောင်က လောကမှာ အရှင်ရဲ့ တာဝန်ကို ထမ်းရွက်ခြင်းနဲ့ အရှင်ရဲ့ သစ္စာတော်ကို ခံခြင်းဟာ အရေးကြီးဆုံးပဲလို့ ပြောတော့ ပီယာက ဘာပြန်ပြောတယ် ထင်သလဲ။ ... အခုဆိုရင်တော့ မောင့်အနားမှာ မေရီ ရှိစေချင်တယ်ကွာ။ မေရီရှိရင် သိပ်ကောင်းမှာပဲ။ မေရီလဲ မောင့်လိုပဲ ပြောမိမှာပဲ"

"ဟုတ်ပါတယ် မောင်၊ မောင် မမှားပါဘူး။ မှန်ပါတယ်။ နာတာရှာကိုလဲ မေရီ ဒီအတိုင်းပဲ ပြောလိုက်ပါတယ်။ လူတွေအားလုံး ဒုက္ခပင်လယ် ဝေနေတယ်။ နှိပ်စက်ကလူ အပြုခံနေရတယ်။ အကျင့်စာရိတ္တ ပျက်ပြားနေကြတယ်။ ဒါကြောင့်မို့ အိမ်နီးချင်းကို ကူညီစောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ပီယာက ပြောတယ်။ ဒီအထိတော့ ပီယာပြောတဲ့အတိုင်း မှန်ပါတယ်။ ဒါပေမဲ့"

မြို့စားကတော်လေးမေရီက ဆို၏။

"ဒါပေမဲ့ ဒီတာဝန်တွေအပြင် မေရီတို့မှာ ဒီထက် အရေးကြီးတဲ့ ဘုရားသခင် ကိုယ်တော်မြတ် ကိုယ်တိုင်က ညွှန်ပြတော်မူတဲ့ တာဝန်တွေ ရှိသေးတယ်။ မေရီတို့ဟာ မေရီတို့ရဲ့ အသက်ခန္ဓာတွေကို နှမြောတွန့်တိုခြင်း မရှိ။ စွန့်လွှတ်ချင်ရင် စွန့်လွှတ်နိုင်ပေမဲ့ သားသမီး ရတနာတွေကိုတော့ လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်အပ်တယ် အချက်ကိုတော့ ပီယာ မေ့သွားတယ်"

"ဟုတ်လိုက်လေဗျာ၊ အစစ်ပဲ။ မောင်လဲ သူ့ကို ဒီသဘောပဲ ပြောပြလိုက်တာပဲ" နီကိုလေက ဆို၏။ ထိုအတိုင်းလည်း တကယ်ပြောခဲ့သည်ဟု သူ့စိတ်တွင် ထင်လျက် ရှိလေသည်။ "ဒါပေမဲ့ ခက်သားပဲ။ ပီယာတို့လို လူတွေက တစ်ယူသန်တွေ မဟုတ်လား။ သူတို့ အယူအဆသာလျှင် မှန်တယ်ဆိုပြီး ဇွတ်ပြောနေကြတယ်။ ပြီးတော့ ဒီလို အစိုးရဆန့်ကျင်ရေးစကားတွေ စည်းမဲ့ကမ်းမဲ့စကားတွေကို တူတော် နီကိုလတ်ကလေးရှေ့မှာတောင် မရှောင်ဘူး။ တော်တော်ကြာ ကလေးခေါင်းထဲမှာ ဒီအယူအဆတွေ ဝင်သွားရင် ခက်ရချည်ရဲ့။ ကြည့်လေ။ ခုတောင် နီကိုလတ်ကလေးဟာ ထိန်းသိမ်းမရချင်တော့ဘူး။ ခုလဲ မောင့် စာကြည့်ဆောင်ထဲ ဝင်ပြီး စားပွဲပေါ်က ပစ္စည်းတွေ ဖျက်ဆီးသွားလိုက်တာ ရစရာ မရှိတော့ဘူး"

"အင်း၊ မေရီလဲ သူ့အတွက် ဒုက္ခပါပဲ မောင်ရယ်" မြို့စားကတော်လေး မေရီက ဆို၏။ "တူတော်လေး ခမျာ ကံဆိုးရှာပါတယ် မောင်။ မေရီလေ မေရီ့သားသမီးတွေကြောင့် သူ့အပေါ်မှာ လျစ်လျူပြုမိမှာ၊ ဝတ္တရား



www.burmeseclassic.com

ပျက်မှာ၊ ငြိငြင်မိမှာကို သိပ်စိုးရိမ်တာပဲ။ မောင်တို့ မေရီတို့မှာ ဆွေနဲ့ မျိုးနဲ့၊ သားတွေ သမီးတွေနဲ့။ သူ့ခမျာ တော့ ဘယ်သူမှ မရှိရှာဘူး။ တစ်ကောင်ကြွက် သက်သက် ပါ။ သူ့ခမျာ သူ့အတွေးတွေကို အဖော်ပြုနေရရှာတာပါ။ ကြည့်လိုက်ရင် အမြဲတမ်း စဉ်းစားနေတာပဲ”

“သူနဲ့ ပတ်သက်လို့တော့ မေရီ ဝတ္တရားမပျက် ပါဘူးကွာ၊ ဒီလောက်လဲ မစိုးရိမ်ပါနဲ့။ မေရီ သူ့အပေါ်မှာ ပြုစုတာဟာ မိခင်တစ်ယောက်က ကိုယ့်သားအရင်း တစ်ယောက်ကို ပြုစုခဲ့တာထက် မလျော့ခဲ့ပါဘူး။ ခုလဲ မလျော့ခဲ့ပါဘူး။ ဒီလို မေရီပြုစုတဲ့အတွက် မောင့်အနေနဲ့လဲ ဝမ်းသာပါတယ်။ နီကိုလတ်ကလေးဟာ တော်တော့ တော်ရှာပါပေတယ်။ ဒီနေ့ညဆိုရင်လဲ ပီယာပြောတဲ့ စကားတွေကို နားထောင်နေလိုက်တာ တုတ်တုတ်မျှ မလှုပ် ဘူး။ ပြီးတော့ စားပွဲပေါ်က မောင့်ပစ္စည်းတွေ ဖျက်ဆီး ပစ်တာကိုလဲ သူကိုယ်တိုင် ဝန်ခံပါတယ်။ နီကိုလတ် ကလေးဟာ တစ်ခါမှတော့ လိမ်မပြောရှာပါဘူး။ တော် ပါပေတယ်၊ တော်ပါပေတယ်”

နီကိုလေသည် မင်းသားလေး နီကိုလတ်ကို စိတ် ထဲမှ နှစ်သက်ခြင်း မရှိသော်လည်း ပါးစပ်ကမူ အကောင်း ချည်း ပြောတတ်သည်။

“မေရီက ကိုယ့်သားရင်းလို ဘယ်လိုပြုစုတယ် ဆိုပေမဲ့ သူ့အမေရင်းနဲ့တော့ ဘယ်တူနိုင်မလဲ မောင်ရယ်” မြို့စားကတော်လေး မေရီက ဆို၏။ “မေရီဟာ အမေ ရင်းနဲ့ မတူနိုင်ဘူးလို့ တွေးမိတိုင်း သူ့အတွက် စိတ် မကောင်း ဖြစ်ရတယ်။ သူ့ရှေ့ရေးအတွက်လဲ စိုးရိမ်တယ်။ အပေါင်းအသင်းရယ်လို့ ရှိရင်လဲ တော်သေးရဲ့။ ခုတော့ သူ့ခမျာ အပေါင်းအသင်းလဲ မရှိ”

“အပေါင်းအသင်းက မကြာခင် ရှိတော့မှာပါကွာ။ ရှေ့နှစ် နွေရာသီကျရင် မောင် သူ့ကို ရွှေမြို့တော် ခေါ် သွားမယ်လေ။ မဟုတ်ဘူးလား” နီကိုလေက ဆို၏။ “မဟုတ်ပါဘူး။ မောင့်စိတ်ထဲမှာ ပီယာပြောတဲ့ စကား တွေချည်း ကြားနေတယ်။ တော်တော်ခက်တဲ့လူ ပဲ။ အမြဲ တမ်း စိတ်ကူးယဉ်နေတာပဲ။ နောင်လဲ မသေမချင်း ဒီလိုပဲ နေမှာပဲ” နီကိုလေက စိတ်ထဲတွင် မကျေမနပ် ဖြစ်လျက် ရှိခြင်းကြောင့် ခပ်စောစောက စကားကို ပြန် ဆက်သည်။ “ကဲ၊ တိုင်းပြည်ကြီး ပျက်နေတော့ကော မောင်တို့က ဘာအရေးတဲ့လဲကွ။ အာရက်ချေ့က ဆိုးရဲ့ မကလို့ ဟိုဘက် ဆယ်ဘူတာလောက် လွန်နေတော့ကော မောင်နဲ့ ဘာဆိုင်သလဲ။ မောင် လက်ထပ်တုန်းက မောင့်မှာ ကြွေးတွေ ပတ်လည်ဝိုင်းလို့ ထောင်ချမယ်လို့ ခြိမ်းခြောက် တာလဲ မောင် ဂရုမစိုက်ခဲ့ဘူး။ လောကကြီးမှာ မောင် ဘာကိုမှ ဂရုမစိုက်ဘူး။ မောင့်အဖို့ အရေးကြီးဆုံးက မောင့်မယား၊ မောင့်ကလေးတွေနဲ့ မောင့်စီးပွားရေးပဲ။ မနက်နေထွက်ကနေပြီး နေဝင်မိုးချုပ်ထိ ယာထဲမှာတကုန်း ကုန်းလုပ်နေတာလဲ ပျော်လို့ မဟုတ်ဘူး။ မောင့်အမေကြီး ကို ကောင်းကောင်းမွန်မွန်ထားဖို့။ မောင့်မယားရဲ့ကြွေးဖူး တွေကို ဆပ်ဖို့၊ မောင့်သားသမီးတွေ မောင့်လို သူတောင်း စားမဖြစ်ဘဲ တင့်တောင့်တင့်တယ်နေနိုင်ဖို့”

လောက၌ လူသည် ‘ပေါင်မုန့်’ တစ်ခုတည်းဖြင့် အသက်ရှင်နေသည် မဟုတ်ချေ။ နီကိုလေအဖို့ကား အိမ်ထောင်ကိစ္စ၊ သားရေးသမီးရေးကိစ္စများကို အထူး အာရုံစိုက်လွန်းသည်ဟု ထင်သည်။ မြို့စားကတော်လေး မေရီသည် ဤအကြောင်းကို ကြင်ရာနီကိုလေကို ပြောမည် စိတ်ကူးမိသေးသည်။ သို့ရာတွင် ပြောလျှင်လည်း အချည်း နှီးသာဖြစ်မည် ဖြစ်သဖြင့် မပြောတော့ချေ။ နီကိုလေကို သာ သနားခြင်းကြီးစွာ ဖြစ်မိသည်။ ထို့ကြောင့် နီကိုလေ၏ လက်တစ်ဖက်ကို ဆွဲယူ၍ ငုံ့နမ်းလိုက်သည်။ ဤသို့ နမ်းရှုပ်ခြင်းသည် မိမိ၏ကြင်ရာက မိမိ၏အယူအဆများ ကို ထောက်ခံခြင်းဖြစ်သည်ဟု နီကိုလေက ယူဆ၏။ နီကိုလေသည် အတန်ကြာငြိမ်နေပြီးနောက် အသံထွက်၍ စဉ်းစားပြန်သည်။

“ဒီနေ့ ပိုင်စားနယ်မြေက ဗိသုကာကြီး ရောက် လာတယ် မေရီရဲ့။ သူ့ကို တန်ဘော့ပိုင်စားနယ်မြေဘက် လွှတ်လိုက်တာ ဒီနေ့ပဲ ပြန်ရောက်လာတယ်။ တန်ဘော့ ပိုင်စားနယ်မြေပေါ်က သစ်တောတွေကို ငွေဒင်္ဂါးရှစ် သောင်းနဲ့ လာဝယ်နေကြသတဲ့”

ထို့နောက် နီကိုလေသည် မိမိဖခင်မြို့စားကြီး ရော့စတော့ဗ်လက်ထက်က ရောင်းပစ်ခဲ့ရသော အိုထရာနိ ပိုင်စားနယ်မြေကြီးကို ပြန်လည်ဝယ်ယူရေးနှင့် ပတ်သက် ၍ စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိလေသည်။

“နောင် ဆယ်နှစ်လောက်ကြာတဲ့အခါမှာ မောင့် သားသမီးတွေအားလုံး လိုလေသေးမရှိ ပြည့်စုံတဲ့အခြေ



www.burmeseclassic.com

www.burmeseclassic.com

ကိုရောက်အောင် မောင်ကြိုးစားမယ်။ [illegible] တွေအားလုံး မတောင့်မတ နေရတဲ့ ဘဝမျိုးကို ရောက်အောင် ကြိုးစားမယ်”

မြို့စားကတော်လေး မေရီသည် ကြင်ရာ နီကိုလေ၏စကားများကို နားထောင်၏။ ၎င်း၏စကားများအားလုံးကိုလည်း နားလည်၏။ နီကိုလေသည် ဤသို့ အသံထွက်၍ စဉ်းစားခြင်းပြုသည့်အခါများ၌ မိမိ ပြောနေသည့်စကားများကို မြို့စားကတော်လေး မေရီအား မေးမြန်းတတ်သည်။ ထိုအခါ၌ မြို့စားကတော်လေးမေရီက ပြန်၍မပြောနိုင်ဘဲ တခြားသို့ စိတ်ရောက်နေကြောင်းတွေ့လျှင် စိတ်ဆိုးတတ်သည်။ ထို့ကြောင့် မြို့စားကတော်လေး မေရီသည် နီကိုလေ၏စကားများကို စိတ်ဝင်စားခြင်း မရှိသော်လည်း ၎င်း၏စကားများကိုမူ ကြိုးစားအားတင်း၍ နားထောင်ရသည်။ မြို့စားကတော်လေး မေရီသည် နီကိုလေကို ကြည့်နေမိသည်။ ကြည့်ရင်း မိမိနှင့် နီကိုလေတို့ အသွင်အပြင်၊ စိတ်နေသဘောထားတို့ အကွာကြီး ကွာခြားကြပုံကို စဉ်းစားမိသည်။ စင်စစ်၌ မြို့စားကတော်လေး မေရီနှင့် နီကိုလေတို့သည် အသွင်မတူကြချေ။ မြို့စားကတော်လေး မေရီ နားလည်သောကိစ္စများကို နီကိုလေ နားမလည်ချေ။ သို့ရာတွင် မြို့စားကတော်လေး မေရီသည် ယခုကဲ့သို့ မိမိထက် အသိဉာဏ် ပညာနည်းပါးသောကြောင့်ပင် နီကိုလေကို ပို၍ချစ်ရပါသည်။ ချစ်ရုံမျှမက သနားခြင်းလည်း ဖြစ်ရသေးသည်။ မြို့စားကတော်လေး မေရီသည် ဤသို့ မိမိတို့နှစ်ဦး၏ ထူးခြားသောဘဝကို စဉ်းစားလျက်ရှိခြင်းကြောင့် ကြင်ရာနီကိုလေ၏စကားများကိုပင် ကောင်းကောင်း မမှတ်မိလိုက်ကြချေ။ နီကိုလေက ၎င်း၏စီမံကိန်းများကို ပြောပြချိန်၌ မြို့စားကတော်လေး မေရီကလည်း ၎င်းအတွေးနှင့်၎င်း ဖြစ်နေသည်။ မြို့စားကတော်လေး မေရီသည် တူတော်မောင် မင်းသားလေး နီကိုလတ်အကြောင်းကို တွေးမိပြန်သည်။ ပီယာ စကားပြောနေစဉ်၌ တူတော်မောင် မင်းသားလေး နီကိုလတ် မည်မျှစိတ်ဝင်စားကြောင်းကို နီကိုလေမှ တစ်ဆင့် ကြားသိခဲ့ရရာ မြို့စားကတော်လေး မေရီသည် ထိုအကြောင်းကိုသာ တွေးလျက် ရှိလေသည်။ တူတော်မောင် မင်းသားကလေးနီကိုလတ်၏ နူးညံ့သောစိတ်နှင့် ဉာဏ်ပညာထက်မြက်ပုံကိုလည်း စဉ်းစားမိသည်။ တစ်ဖန် တူတော်မောင် [illegible] နီကိုလတ်အကြောင်းကို တွေးရာမှ မိမိ၏ သားသမီးများအကြောင်းကိုလည်း တွေးမိပြန်သည်။ မြို့စားကတော်လေးမေရီသည် မိမိ၏သားသမီးများအကြောင်းကို တွေးရာ၌ တူတော်မောင် မင်းသားလေး နီကိုလတ်နှင့် နှိုင်းယှဉ်၍ တွေးတောခြင်း မပြုချေ။ မိမိ၏သားသမီးများအပေါ်တွင် မိမိထားရှိသော မေတ္တာနှင့် တူတော်မောင် မင်းသားလေး နီကိုလတ်၏အပေါ်တွင် မိမိထားရှိသော မေတ္တာတို့ ကွာခြားပုံကိုသာ နှိုင်းယှဉ်မိသည်။ အချစ်ချင်း နှိုင်းယှဉ်လိုက်သော် မင်းသားလေး နီကိုလတ်အပေါ်တွင် ထားရှိသောအချစ်သည် သားသမီးများအပေါ်တွင် ထားရှိသော အချစ်လောက် လေးနက်ခြင်းမရှိသည်ကို တွေ့ရသောအခါ၌ မြို့စားကတော်လေး မေရီသည် စိတ်မကောင်းဖြစ်လျက် ရှိလေသည်။

တစ်ခါတစ်ရံ၌လည်း ဤသို့ အချစ်ခြင်း ကွာခြားခြင်းမှာ တူတော်မောင် မင်းသားလေး နီကိုလတ်က အသက်ကြီး၍ မိမိသားသမီးများက အရွယ်ငယ်သောကြောင့် ကွာခြားခြင်းလောဟု တွေးမိပြန်သည်။ သို့ရာတွင် မည်သည့်အတွက်ကြောင့် ဖြစ်စေကာမူ အချစ်ချင်းကွာခြားသည်မှာကား အမှန်ပင် ဖြစ်လေသည်။ ဤတွင် မြို့စားကတော်လေး မေရီသည် မိမိကိုယ်ကို မိမိ အပြစ်တင်မိသည်။ မိမိသည် တူတော်မောင် မင်းသားလေး နီကိုလတ်အပေါ်တွင် မတရားဟု ယူဆမိသည်။ ထို့ကြောင့် နောင်တွင် တူတော်မောင် မင်းသားလေး နီကိုလတ်ကို မိမိသားသမီးများနှင့်မခြား ချစ်ခင်ရန်၊ မဖြစ်နိုင်သည်ကို ဖြစ်အောင်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ခရစ်တော်သည် လူ့လောကကြီးတစ်ခုလုံးကို ကျောသားရင်သား မခွဲခြား ချစ်ခင်သကဲ့သို့ မိမိသည်လည်း မိမိ၏တစ်သက်တာ၌ မိမိ၏ လင်၊ မိမိ၏ သားသမီးများ၊ တူတော်မောင် မင်းသားလေး နီကိုလတ်နှင့် အိမ်နီးချင်းများ အားလုံးကို ညီတူညီမျှ ချစ်ခင်ရန် ဆုံးဖြတ်မိသည်။ မြို့စားကတော်လေး မေရီသည် ဤသို့ဖြင့် ထာဝရဖြစ်သော၊ အဆုံးအစ မရှိသော၊ အကြွင်းမဲ့ ဖြစ်သော ပြည့်စုံသောအရာကိုသာ ရှာဖွေလျက် ရှိခြင်းကြောင့် ၎င်း၏စိတ်သည်လည်း ငြိမ်းချမ်းခြင်းကို မရနိုင်တော့ချေ။ ခန္ဓာတည်းဟူသော ဝန်ထုပ်ကြီးကို ထမ်းထားရသော စိတ်၏ ဝေဒနာတို့သည် မျက်နှာတွင် အထင်းသားပေါ်လာကာ ၎င်း၏မျက်နှာသည် အမြဲတမ်း လေးနက်သည့်အသွင်ကို



www.burmeseclassic.com

ဆောင်နေတတ်သည်။ နီကိုလေသည် ကြင်ရာ မြို့စားကတော်လေးမေရီ၏ မျက်နှာကို ကြည့်မိ၏။ 'ဘုရား၊ ဘုရား၊ မေရီရဲ့ ဒီမျက်နှာထားကို မြင်လိုက်ရရင် ငါ့မှာ အနိစ္စတရားကိုသာ ထင်လာတော့တာပဲ။ မေရီများသေသွားရင် ငါ ဘယ်လိုလုပ်ပြီး နေရစ်ခဲ့ရပါ့မလဲ' နီကိုလေသည် ဤသို့ တွေးရင်း ဆင်းတုတော်ရှေ့ ထိုင်ကာ ဘုရားဝတ်ပြုလျက် ရှိလေသည်။

## အခန်း ၁၆

ညှိခန်းဆောင်ထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ၌ ပီယာနှင့် နာတာရှာတို့သည်လည်း လင်နှင့်မယားတို့နှစ်ဦးသာလျှင် ပြောနိုင် ပြောတတ်၍ လင်မယားတို့သာလျှင် ပြောလေ့ရှိကြသော စကားများကို ပြောဆိုကျန်ရစ်ခဲ့ကြလေသည်။ လောက၌ လင်နှင့် မယားတို့၏ စကားပြောပုံသည် အတော်ထူးဆန်းလေသည်။ လင်နှင့် မယားတို့ စကားပြောကြခြင်းသည် အထူးပြတ်သား ရှင်းလင်းခြင်း၊ အလျဉ်မပြတ်ခြင်း၊ တစ်ဦးသဘောကို တစ်ဦး နားလည်ခြင်း၊ တစ်ဦးအတွေးကို တစ်ဦးသို့ မခြွင်းမချန် ထုတ်ဖော်ပြောဆိုခြင်းစသည့် ထူးခြားသောဂုဏ်ဒြပ်များကို ဆောင်လေရာ ဤသို့ ပြောပုံနည်းမျိုးကို လင်နှင့်မယားမှအပ အခြားမည်သူမျှ ပြောနိုင်မည်မဟုတ်ချေ။ စကားတစ်ရပ်၌ စကားပလ္လင်ခံခြင်း၊ စကား၏အနက်ကို ဖွင့်ဆိုခြင်း၊ နိဂုံးချုပ်ခြင်းစသည့် အင်္ဂါရပ်များ ရှိရ၏။ လင်နှင့်မယား စကားပြောရာ၌ စကားပလ္လင်ခံခြင်း၊ ကောက်ချက်ဆွဲခြင်း၊ နိဂုံးချုပ်ခြင်းစသည့် စကားတစ်ရပ်၌ ရှိအပ်သော သမားရိုးကျ စည်းကမ်းများ၊ အင်္ဂါရပ်များ၊ တန်ဆာဆင်ခြင်းများ စသည်တို့သည်လည်း မရှိကြတော့ချေ။ ကျိုးကြောင်းညီညွတ်ခြင်း၊ မညီညွတ်ခြင်း၊ ယုတ္တိရှိခြင်း မရှိခြင်းစသည့် ယုတ္တိဗေဒ၏ စည်းမျဉ်းဥပဒေသတို့လည်း ပဓာန မဟုတ်တော့ချေ။ နာတာရှာသည် မိမိ၏ယောကျာ်းနှင့် ဤသို့ အချုပ်အချယ် မရှိ၊ အတားအဆီး မရှိ၊ အဆင်အခြင် မရှိ၊ အစဉ်အစား မရှိ၊ စကားပြောရခြင်းကို များစွာ အကျင့်ပါလျက် ရှိလေပြီ။ ဤသို့ ပြောလေ့ရှိခြင်းကြောင့် တစ်ခါတစ်ရံတွင် ပီယာက စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် ပြောစပြုလာသည်နှင့် တစ်ပြိုင်နက် ထိုအခြင်းအရာသည် မိမိတို့ လင်မယားအကြား၌ မပြေမလည်စရာ အရိပ်လက္ခဏာများ ပေါ်ပေါက်လျက် ရှိလေပြီဟု ရိပ်မိလိုက်သည်။ ပီယာက ဤသို့ ယုတ္တိယုတ္တာအထောက်အထားတွေ တင်ပြ ပြောဆိုလာသည့်အခါမျိုး၊ မပြုံးမရယ် မျက်နှာထားတည်တည်ကြီးဖြင့် အကျိုးအကြောင်း ဝေဖန်ပြောဆိုလာသည့်အခါမျိုး၌မူ နာတာရှာကလည်း သူ့လိုပင် အထောက်အထားတွေ အကျိုးအကြောင်းတွေနှင့် ပြန်၍ ပြောဆိုတတ်၏။ ထိုသို့ ပြောလာသည့်အခါမျိုး၌ကား မိမိတို့ လင်မယားသည် မကြာခင် စိတ်ကောက်ကြတော့မည်ဖြစ်ကြောင်းကို နာတာရှာ သိပြီး ဖြစ်လေသည်။

၎င်းတို့နှစ်ဦးတည်း ကျန်ရစ်ခဲ့သောအခါ၌ နာတာရှာသည် တောက်ပပြုံးရီလျက်ရှိသော မျက်လုံးများဖြင့် ပီယာ့အပါးသို့ ထလာခဲ့ကာ ပီယာ၏ခေါင်းကို ဆတ်ခနဲ လှမ်းကိုင်လိုက်ပြီး မိမိရင်ခွင်ထဲတွင် အပ်ထားလိုက်လေသည်။ "အစ်ကို၊ အစ်ကိုဟာ နာတာရှာရဲ့ အစ်ကို၊ သိလား။ နာတာရှာ ပိုင်တယ်။ ဒီတစ်ခါ ဘယ်မှ မသွားရတော့ဘူး။ သိလား" ဟု တဖွဖွ ဆိုမိသည်။ ထို့နောက်၌ကား လင်နှင့်မယားတို့သည် ယုတ္တိဗေဒ၏ စည်းမျဉ်းဥပဒေများနှင့် ဆန့်ကျင်လျက် တတွတ်တွတ်စကားဖောင်ဖွဲ့ကြတော့သည်။ ယုတ္တိဗေဒ၏ ဥပဒေများနှင့် ဆန့်ကျင်ခြင်းမှာ အခြားကြောင့်မဟုတ်။ ၎င်းတို့နှစ်ဦး ပြောကြသော အကြောင်းအရာသည် တစ်ခုတည်း မဟုတ်မူ၍ အကြောင်းအရာများစွာကို တစ်ပြိုင်နက်တည်း တစ်ချိန်တည်း ပြောကြသောကြောင့် ဖြစ်လေသည်။ ၎င်းတို့၏ စကား၌ အစလည်း မရှိ၊ အလယ်လည်း မရှိ၊ အဆုံးလည်း မရှိသောကြောင့် ဖြစ်လေသည်။ ၎င်းတို့၏စကားတွင် နိဒါန်းလည်း မရှိ၊ စာကိုယ်လည်း မရှိ၊ နိဂုံးလည်း မရှိသောကြောင့်ဖြစ်လေသည်။ အကြောင်းအရာများစွာကို ထိုသို့ တစ်ပြိုင်တည်းပြောဆိုခြင်း ပြုကြသော်လည်း တစ်ဦးကို တစ်ဦး နားလည်ရာ၌ကား လျော့၍ မသွားရုံမျှမက တိုး၍ပင် လာပေသည်။ ဤသို့ အကြောင်း အရာများစွာကို တစ်ပြိုင်တည်း ပြောဆိုကြခြင်းသည် ၎င်းတို့ နှစ်ဦးကြား၌ တစ်ဦးကို တစ်ဦး နားလည်ရေးကို အတားအဆီး မပြုရုံမျှမက ဤသို့ ပြောဆိုခြင်းမျိုးသည်ပင် လင်နှင့်မယားတို့ တစ်ဦးကို တစ်ဦး ပြည့်ဝစွာ နားလည်ကြောင်းကိုပြသော အမှတ်အသားကြီးသဖွယ် ဖြစ်လျက် ရှိလေသည်။



www.burmeseclassic.com

လင်နှင့်မယား စကားပြောခြင်းသည်ပင် အိပ်မက် မက်ခြင်းနှင့် တူလေသည်။ အိပ်မက်မက်ခြင်း၌ မည်သည့် အရာမျှ ရေရာခြင်း မရှိ၊ မည်သည့်အရာမျှ ကျိုးကြောင်း ညီညွတ်ခြင်း မရှိ၊ တစ်ခါတစ်ရံတွင် တစ်ခု တစ်ခုပင် ဆန့်ကျင်လျက်ရှိနေခြင်းကို တွေ့ရ၏။ ကျိုးကြောင်းညီ ညွတ်ခြင်း၊ ယုတ္တိရှိခြင်းတို့သည် အိပ်မက်မြင်မက်ရာ၌ ပဓာန မဟုတ်ချေ။ အိပ်မက်၌ ပဓာနဖြစ်သောအရာမှာ ထိုအိပ်မက်ကို ဦးဆောင်သော စိတ်ခံစားမှုသာ ပဓာန ဖြစ်လေသည်။ လင်မယား စကားပြောခြင်း၌လည်း ထို့အတူပင် ဖြစ်လေသည်။ လင်မယားစကား၌ ကျိုးကြောင်း ညီညွတ်ခြင်း၊ ယုတ္တိရှိခြင်းစသည်တို့သည် အဓိက မဟုတ်ချေ။ စကားများသည် ရှင်းလင်းပြတ်သားခြင်း ရှိ မရှိသည်လည်း အဓိက မဟုတ်ချေ။ လင်မယား စကားပြောခြင်း၌ အဓိက ဖြစ်သောအရာမှာ ၎င်းတို့နှစ်ဦးကို စေ့ဆော်လျက်ရှိသော စိတ်ခံစားချက်များသာ ဖြစ်လေသည်။

နာတာရှာသည် ၎င်း၏အစ်ကို နီကိုလေ၏ အကြောင်း၊ ၎င်း၏လုပ်ငန်းများ အကြောင်း၊ ပီယာမရှိ သည့်အချိန်၌ မိမိ မည်မျှ လွမ်းရကြောင်း၊ မြို့စားကတော် လေးမေရီကို ယခင်ကထက် ပို၍ချစ်ကြောင်း၊ မြို့စား ကတော်လေး မေရီသည် မိမိထက် အဘက်ဘက်က သာ လွန်ကြောင်းစသဖြင့် အကြောင်းအရာများစွာကို အလျဉ် မပြတ် ပြော၏။ နာတာရှာသည် မြို့စားကတော်လေး မေရီက မိမိထက် သာလွန်ကြောင်းကို ပြောပြရာ၌ ရိုးသား စွာ ဝန်ခံပြောဆိုခြင်း ဖြစ်သော်လည်း ထိုသို့ပြောသည်နှင့် တစ်ပြိုင်တည်းမှာပင် မည်သူက မည်မျှသာစေ၊ မိမိမှ တစ်ပါး မြို့စားကတော်လေး မေရီကို ဖြစ်စေ၊ အခြား မည်သည့် မိန်းမကိုဖြစ်စေ စိတ်နှင့်ပင် မပြစ်မှားရ၊ မချစ်ရ ဟု တောင်းဆိုခြင်း ပြုလေသည်။ အထူးသဖြင့် ပီယာသည် ပီတာစဘတ် ရွှေမြို့တော်သူများကို မြင်တွေ့ခဲ့ပြီး ဖြစ် သည့်တိုင်အောင် မိမိကို ချစ်သည်ဟု ပီယာ့နှုတ်ဖျားမှ ပြောသံကို ကြားလိုကြောင်းဖြင့် တောင်းဆိုလေသည်။

ပီယာကလည်း နာတာရှာ၏ တောင်းဆိုချက်ကို လိုက်လျော၏။ ထိုမျှမက ရွှေမြို့တော်ညစာ စားပွဲများ၊ ကပွဲများတွင် တွေ့ခဲ့ရသော မိန်းမများကို ကြည့်၍ မရ တော့ကြောင်းဖြင့်လည်း ပီယာက ပြောပြခြင်းပြုလေ သည်။

"ခု အစ်ကို ဘယ်လိုဖြစ်နေမှန်း မသိဘူး နာတာ ရှာရဲ့။ အစ်ကို တခြားမိန်းမတွေနဲ့ သိပ်စကားပြောလို့ မရတော့ဘူး" ပီယာက ဆို၏။ "သူတို့နဲ့ စကားပြောရ တာကိုလဲ ငြီးငွေ့တယ်။ အားလဲ မအားပါဘူးကွယ်"

နာတာရှာက ပီယာ့ကို စိုက်ကြည့်လိုက်ပြီးနောက် "အစ်မတော်ထိပ်ထား မေရီဟာ တော်တော်အမြော်အမြင် ရှိတယ်နော် အစ်ကို။ ကလေးတွေရဲ့သဘောကိုလဲ နား လည်တယ်။ အို၊ ကလေးတွေရဲ့စိတ်ကို ထိုးဖောက်မြင် နိုင်စွမ်း ရှိသလားလို့တောင် အောက်မေ့ရတယ်။ ဥပမာ မနေ့ကဆိုရင် မစ်တြာက စိတ်ကောက်တော့"

"မစ်တြာကသူ့အဖေနဲ့တော့ တစ်ထေရာတည်းပဲ"

မစ်တြာကို နီကိုလေနှင့် တူသည်ဟု ပြောရာ၌ ပီယာသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောကြောင်းကို နာတာရှာ သိ၏။ ပီယာသည် နီကိုလေနှင့် စကားများခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်လျက်ရှိရာ ထိုကိစ္စတွင် နာတာရှာက မည်သို့သဘောထားသည်ကို သိလို၍ အကဲ စမ်းလိုက်ခြင်း ဖြစ်လေသည်။

"ကိုကိုကလဲ တစ်မျောင့်ပဲ အစ်ကို။ ကိုကိုဟာ ဘယ်သူက ဘာပြောပြော တစ်ဖက်သတ် ငြင်းဖို့လောက်ပဲ သိတယ်။ နာတာရှာတော့ သူ့အတွက် သိပ်စိတ်ညစ်တာ ပဲ။ ဒါပေမဲ့ အစ်ကိုကတော့ တစ်ဖက်သားက ငြင်းခဲ့တာ မျိုးကို သဘောကျတဲ့လူမို့ တော်ပါသေးရဲ့လေ။ ဒီပြင်လူ ဆိုရင်"

နာတာရှာက ပီယာ တစ်ခါက ပြောဖူးသော စကား ကို ကိုးကား၍ ၎င်း၏အစ်ကိုဘက်မှ ဖေးမ၍ ပြောဆိုခြင်း ပြုလေသည်။

"မဟုတ်ပါဘူး။ အစ်ကိုကလဲ ငြင်းခဲ့တာကို အပြစ် မပြောပါဘူး။ ဒါပေမဲ့ ခက်နေတာက အယူအဆတို့၊ အတွေးအခေါ်တို့ ဆွေးနွေးခြင်းတို့ဆိုတာတွေဟာ အားအား ယားယား ရှိလို့ အပျင်းပြေလုပ်တဲ့ လုပ်ငန်းတွေလို့ နီကိုလေ ထင်နေတယ်" ပီယာက ဆို၏။ "ကြည့်လေ၊ အခုဆိုရင် နီကိုလေဟာ ကိုယ်ပိုင်စာကြည့် ပိဋကတ်တိုက်တစ်ခု ထောင်နေတယ်။ ဝယ်ပြီးသားစာအုပ်ကို ဖတ်လို့မပြီးမချင်း နောက်ထပ်စာအုပ်သစ် မဝယ်ဘူးဆိုတဲ့ စည်းမျဉ်းတစ်ခုကို လဲ ချမှတ်ထားတယ်။ ဝယ်တဲ့စာအုပ်တွေကိုလဲ ကြည့်ဦး၊ စစ္စမွန်ဒီရဲ့ ကျမ်းတွေ၊ ရူးဆိုးရဲ့ ကျမ်းတွေ၊ မွန်တက်ကျူ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ကျမ်းတွေ၊ တကယ့်ကျမ်းကြီး ကျမ်းခိုင်တွေချည်းပဲ” ပီယာက ခပ်ပြုံးပြုံး ပြောလိုက်၏။ “အစ်ကိုကတော့ တစ်မျိုးပဲလေ”

ပီယာက အသံကို နှိမ့်ပြောလိုက်၏။ သို့ရာတွင် ပီယာ့စကားမဆုံးမီ နာတာရှာက ကြားဖြတ်၍

“ဒါဖြင့် ကိုကိုဟာ အယူအဆတို့၊ အတွေးအခေါ်တို့ ဆိုတဲ့ ကိစ္စတွေကို အပျင်းဖြေစရာလို့ပဲ သဘောထားတယ်ပေါ့။ ဟုတ်လား”

“ဟုတ်တယ်။ အစ်ကိုနဲ့တော့ ပြောင်းပြန်ပဲ။ အစ်ကို့အဖို့ကတော့ အတွေးအခေါ်၊ အယူအဆ စတဲ့ကိစ္စတွေဟာ လောကမှာ အရေးကြီးဆုံးပဲ။ ဒီကိစ္စတွေနဲ့ နှိုင်းယှဉ်ရင် ကျန်ကိစ္စဟူသမျှဟာ အလကားပဲ။ ဘာမှ အရေးမကြီးဘူး။ ပီတာစဘတ် ရွှေမြို့တော်ကို ရောက်တုန်းက ဆိုရင် လူတွေကို အစ်ကို ကြည့်လို့ မရဘူး။ သူတို့ သွားပုံလာပုံ၊ နေပုံ ထိုင်ပုံ၊ ပြောပုံဆိုပုံတွေဟာ အစ်ကို့အဖို့ အိပ်မက်ထဲမှာ မြင်ရတဲ့အရာတွေလိုပဲ။ အစ်ကို့မှာ အယူအဆတစ်ခုကို စွဲလမ်း ယုံကြည်မိတာနဲ့ တစ်ပြိုင်နက် ကျန်ကိစ္စတွေဟာ ဘာမှ အရေးကြီးတယ်လို့ မထင်တော့ဘူး။ အပေါ်ယံကိစ္စတွေ၊ အပျော်ကိစ္စတွေလို့ပဲ ထင်တော့တယ်”

“အေးကွယ် အစ်ကိုနဲ့ သားတွေသမီးတွေ သူငယ်ဆောင်ထဲမှာ တွေ့ကြတုန်းက နာတာရှာ မရှိတာ သိပ်နာတာပဲ” နာတာရှာက ဆို၏။ “အစ်ကို သားတွေ သမီးတွေထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ။ လီဇာကို အချစ်ဆုံး ထင်ကယ်။ ဟုတ်လား”

“တကယ်ပဲ” ပီယာက နာတာရှာ၏အမေးကို မပြောဘဲ ၎င်း၏စကားကို ဆက်ပြောသည်။ “နီကိုလေက ပြောတယ်။ လူတွေဟာ တွေးတောစဉ်းစားဖို့ မလိုဘူးတဲ့။ သူတော့ မတွေးဘဲ ဘယ်လို အသက်ရှင်နေသလဲဆိုတာ အစ်ကို မသိဘူး။ အစ်ကိုကတော့ မတွေးဘဲ မနေနိုင်ဘူး။ ပြီးတော့ ပီတာစဘတ် ရွှေမြို့တော်မှာတုန်းကဆိုရင် အစ်ကို မရှိရင် အစ်ကိုတို့ကိစ္စတွေ အားလုံး ဖရိုဖရဲဖြစ်တော့မှာပဲလို့ အစ်ကို့စိတ်ထဲမှာ ထင်မိတယ်။ (ကိုယ့်ကိုယ်ကို အထင်ကြီးလို့ ပြောတာ မဟုတ်ပါဘူး။ ကိုယ့်မယားရှေ့မှာမို့လို့ ပြောရဲတာပါ။) အားလုံး တစ်ယောက်တစ်ပေါက် လုပ်ချင်တာ လုပ်နေကြတာပဲ။ ဟော အစ်ကို ရောက်သွားတော့ အားလုံးကို လိုက်ဆွေးနွေးလို့ ညီညီညွတ်ညွတ် ဖြစ်သွားကြပြီ။ အစ်ကိုရဲ့ အယူအဆက ဘာမှ ဒီလောက်ကြီးကျယ်ခက်ခဲတဲ့ အယူအဆ မဟုတ်ပါဘူး။ ရိုးရိုးလေးပါ။ အစ်ကိုက ဘယ်သူ့ကို အတိုက်အခံ လုပ်ရမယ်။ ဘယ်သူ့ကို တိုက်ဖျက်ရမယ်လို့ အဖျက်သဘောနဲ့လဲ ဘယ်တော့မှ မပြောဘူး။ အစ်ကိုရဲ့ အယူအဆက အပြုသဘောပါ၊ အဲဒီအယူအဆက ဘာလဲဆိုတော့ ‘တရားမှန်ကန်ခြင်းကို လိုလားတဲ့လူတိုင်း လက်တွဲကြ။ အပြုသဘောဆောင်သော ကောင်းမြတ်ခြင်းဆိုတဲ့ တစ်ခုတည်းသောအောင်လံတော်အောက်မှာ စုဝေးကြ’ ဆိုတဲ့ သဘောပါ။ အစ်ကိုနဲ့ မင်းသားကြီး ဆာဂျီနဲ့တော့ စိတ်သဘောထား ကိုက်ညီတယ်။ မင်းသားကြီး ဆာဂျီဟာ အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ နာတာရှာ”

နာတာရှာသည် ပီယာ၏အတွေးအခေါ် ရင့်သန်ခြင်း၊ အယူအဆအရာ၌ ထူးချွန်ခြင်းကို သံသယ မရှိပါ။ သို့ရာတွင် နာတာရှာ့စိတ်ထဲ၌ သံသယဖြစ်လျက်ရှိသော အချက်တစ်ချက်ကား ရှိပါသည်။ ဤသံသယမှာ အခြားမဟုတ်။ မိမိ၏ယောကျ်ားသည် လောကကြီးအတွက် ဤမျှအရေးကြီးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သလော၊ ဤမျှအရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သလော ဆိုသည့်အချက် ဖြစ်လေသည်။ နာတာရှာသည် ဤသံသယကို ပီယာ့အား ထုတ်ဖော်ပြောပြလိုက်ချင်၏။ တစ်ဖန် ပီယာသည် အခြားသူများထက် အမြော်အမြင်ကြီးမားသူတစ်ဦး ဟုတ်မဟုတ်ကို မည်သူက ဆုံးဖြတ်နိုင်သနည်းဟုလည်း နာတာရှာသည် မိမိဘာသာ မိမိ မေးခွန်းထုတ်မိ၏။ ဤသို့ မေးခွန်းထုတ်မိရင်း ဤသို့ အဆုံးအဖြတ်ပေးနိုင်မည့်သူကို လိုက်ရှာမိ၏။ ဤအချက်ကို အဆုံးအဖြတ်ပေးနိုင်မည့်သူများမှာ ပီယာ ချစ်ခင်လေးစားသော ပုဂ္ဂိုလ်များသာဖြစ်ကြောင်းကိုလည်း တွေးမိသည်။ နာတာရှာသည် ပီယာ ချစ်ခင်လေးစားသောပုဂ္ဂိုလ်များကို စဉ်းစားကြည့်ရာတွင် ကာရာတာယက်သည် ထိပ်ဆုံးမှ ပေါ်လာလေသည်။ ပီယာကိုယ်တိုင်က လောက၌ ကာရာတာယက်ကို အလေးစားဆုံး၊ အချစ်ခင်ဆုံးဟု ဖွင့်ပြောခဲ့ဖူးသည် မဟုတ်လော။

“နာတာရှာ ဘာတွေ စဉ်းစားနေသလဲဆိုတာ အစ်ကို သိရဲ့လား” နာတာရှာက မေး၏။ “နာတာရှာလေ၊ ကာရာတာယက်အကြောင်းကို စဉ်းစားနေတာ အစ်ကိုရဲ့၊ အစ်ကို ခဏ ခဏ ပြောဖူးတဲ့ ကာရာတာယက်


www.burmeseclassic.com

www.burmeseclassic.com

လေ။ အခုနေများ ကာရာတာယက်တစ်ယောက် ရှိနေသေးရင် အစ်ကို့ရဲ့အယူအဆတွေ၊ အစ်ကို့ရဲ့လုပ်ငန်းတွေကို ထောက်ခံပါ့မလား ဟင်။ အစ်ကို ဘယ်လိုထင်သလဲ"

ပီယာသည် နာတာရှာ၏ မေးခွန်းကို အံ့ဩခြင်းမဖြစ်တော့ချေ။ ဇနီးသည် နာတာရှာ၏ တွေးပုံခေါ်ပုံကို ပီယာ နားလည်လိုက်သည်။

"ကာရာတာယက်လား" ပီယာသည် ခဏကြာမျှ စဉ်းစားနေ၏။ ကာရာတာယက်က မိမိ၏ လုပ်ငန်းများကို မည်သို့ထင်မြင်ချက်ပေးမည်နည်းဟု စဉ်းစားနေဟန်ရှိလေသည်။ "ကာရာတာယက်က အစ်ကိုတို့လုပ်ငန်းတွေကို နားလည်ချင်မှ နားလည်မှာပါကွာ။ အေးလေ၊ နားမလည်ဘူးလို့လဲ အတပ်တော့ ပြောလို့ မရဘူး။ နားလည်ချင်လဲ နားလည်မှာပဲ"

"အစ်ကို၊ အစ်ကို့ကိုလေ နာတာရှာ သိပ်ချစ်တာပဲ၊ သိလား" နာတာရှာက ရုတ်တရက် ပြောလိုက်၏။

"သိပ်ကို ချစ်တာပဲ"

"ဟင့်အင်း၊ ကာရာတာယက်ဟာ အစ်ကို့ရဲ့လုပ်ငန်းတွေကို သဘောကျချင်မှလဲ ကျမှာပဲ" ပီယာက ၎င်း၏စကားကို ဆက်ပြန်သည်။ "ဒါပေမဲ့ ကာရာတာယက်ဟာ အစ်ကိုတို့ရဲ့ အိမ်ထောင်ရေးဘဝကိုတော့ သဘောကျမှာ အမှန်ပဲ။ ကာရာတာယက်ဟာ ဘယ်အရာမှာပဲဖြစ်ဖြစ် ပြေပြစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းစတဲ့ အရာတွေကို မြင်ချင်ရှာတယ်။ ခု အစ်ကိုတို့ရဲ့ အိမ်ထောင်ရေးဘဝကိုသာ သူမြင်ရရင် ဘယ်လောက်ဝမ်းသာရှာမလဲ မသိဘူး။ ကဲ၊ ဒါတွေ ထားပါတော့လေ၊ နာတာရှာက အစ်ကိုမရှိတုန်း အစ်ကို့ကို သိပ်လွမ်းတာပဲလို့ ဆိုတယ် မဟုတ်လား။ အစ်ကိုကကော ခုလို ခွဲခွာနေရပြီး ပြန်တွေ့ရတဲ့အခါကျတော့ ဘယ်လောက် ပျော်တယ် မှတ်သလဲ။ ပြောရင် ယုံမှာတောင် မဟုတ်ဘူး။ သိရဲ့လား"

"အမလေးလေး၊ ယုံပါသတဲ့ရှင်၊ ယုံပါသတဲ့" နာတာရှာက ဆို၏။

"အဟုတ်ပြောတာ။ အစ်ကိုဟာ နာတာရှာ့အပေါ်မှာ ဘယ်တော့မှ အချစ်မပြယ်ဘူး။ လောကမှာ လင်ယောကျ်ားများစွာတို့ဟာ သူတို့ရဲ့မိန်းမတွေကို ဘယ်လိုပဲ ချစ်ကြတယ်ဆိုပေမယ့် အစ်ကိုက အစ်ကို့မယားကို ချစ်တာလောက်တော့ ဘယ်သူမှ လိုက်လို့မိနိုင်မယ် မထင်ဘူး။ အစ်ကို့လောက် ဘယ်သူမှ ချစ်နိုင်ကြမယ် မထင်ဘူး။ အစ်ကို့အချစ်ဟာ သာမန်အချစ်မျိုး မဟုတ်ပါဘူး နာတာရှာရဲ့။ အစ်ကို့အချစ်ဟာ... " ပီယာသည် စကားကို အဆုံးမသတ်ချေ။ အကြောင်းမူ အကြည့်ချင်းဆုံလျက် ရှိသော သူတို့နှစ်ဦး၏ မျက်လုံးများက ကျန်စကားလုံးများကို ဆက်လက်ပြောပြလျက်ရှိခြင်းကြောင့် ဖြစ်လေသည်။

"လူတွေဟာ တော်တော် ရယ်စရာကောင်းတယ်နော် အစ်ကို။ လက်ထပ်ပြီးစမှာ မင်္ဂလာဦး ခရီးထွက်ကြတဲ့ကိစ္စတွေဟာ တကယ်တော့ ဘာအဓိပ္ပာယ်မှ မရှိဘူး။ အိမ်ထောင်ရေးရဲ့သုခဟာ ညားခါစမှာ ရှိတယ်လို့ သူတို့စိတ်ထဲမှာ ထင်နေကြတယ်။ နာတာရှာကတော့ ဒီလို မထင်ဘူး။ ခုလို လင်မယား အကြာကြီးခွဲခွာပြီး ပြန်တွေ့ရတဲ့အချိန်ဟာ အိမ်ထောင်ရေးမှာ သုခ ချမ်းသာနဲ့ အပြည့်ဝဆုံးအချိန်၊ ပျော်စရာအကောင်းဆုံး အချိန်လို့ ထင်တယ်။ တကယ်လို့သာ အစ်ကို ခရီးမထွက်ဘဲ နေရင် နာတာရှာတို့ လင်မယားဟာ တကျက်ကျက်ပဲ မဟုတ်လား။ အမှန်ကတော့ ခုလို တကျက်ကျက် ဖြစ်ရတာကလဲ နာတာရှာ့အပြစ်ပါ အစ်ကိုရယ်။ အမြဲတမ်း နာတာရှာက မှားတာပါ။ ပြီးတော့ ဘာမှ ဟုတ်တာ မဟုတ်ဘူး။ ဘာကြောင့် ရန်ဖြစ်တယ်ဆိုတာတောင် နာတာရှာ စဉ်းစားလို့ မရတော့ဘူး"

"ဘာကြောင့်ရမှာလဲ" ပီယာက ပြုံး၍ဆို၏။

"တစ်ခါလာ မနာလို"

"အစ်ကို တော်တော့ကွယ်။ နာတာရှာ့ကို ဒီလို မပြောနဲ့။ နာတာရှာ မခံနိုင်ဘူး။ သိလား" နာတာရှာက အော်လိုက်သည်။ မျက်လုံးများတွင်လည်း မျက်ရည်တွေ ဝဲလာလေသည်။ "မှန်မှန်ပြောစမ်း၊ ခုကော သူနဲ့ တွေ့ခဲ့သေးလား"

"မတွေ့ခဲ့ပါဘူးကွ။ တွေ့တောင်မှ အစ်ကို သူ့ကို မမှတ်မိတော့ပါဘူး"

၎င်းတို့နှစ်ဦးသည် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"ဟင်း၊ သူများကတော့ သူ့ကို ချစ်လိုက်ရတာ။ စာကြည့်ဆောင်ထဲမှာ စကားပြောနေတုန်းကလဲ သူ့မျက်နှာကိုပဲ ကြည့်နေမိတာပဲ" နာတာရှာက မိမိတို့နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကောက်ကြတော့မည်ကို သိသဖြင့် စကားလွှဲလိုက်သည်။ "အစ်ကိုနဲ့ သူလေးနဲ့ တစ်ထေရာတည်းပဲ။ ချွတ်စွပ်ထားလား အောက်မေ့ရတယ်။ (သားအငယ်ဆုံးလေးကို ဆိုလိုခြင်းဖြစ်၏။) ဟောတော့၊ သားလေးတောင် နို့တိုက်ချိန် ရောက်လာပြီ။ နို့တွေ သက်ကုန်ပြီ။ အစ်ကို့အနားက မခွာနိုင်သေးဘူးကွယ်။ ဒုက္ခပဲ"

၎င်းတို့နှစ်ဦးသည် စက္ကန့်အတန်ကြာမျှ ငြိမ်သက်လျက် ရှိကြပြန်သည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် ပြိုင်တူကြည့်လိုက်မိကြရာက စကားဆက်ကြပြန်သည်။ ပီယာက ကြည်နူးထက်သန်လျက်ရှိ၍ နာတာရှာက ရွှင်ပြုံးလျက် ရှိသည်။ စကားပြောရင်းလည်း တစ်ယောက်ကို တစ်ယောက် လုပြောကြ၏။ တစ်ဖန် လုပြောမိမှန်း သတိထားမိသဖြင့် တစ်ယောက်ကိုတစ်ယောက်က ဆက်ပြောရန် တိုက်တွန်းကြပြန်သည်။

"ဟင့်အင်း နာတာရှာ အရင်ပြော။ အစ်ကို နောက်မှ ပြောမယ်"

"ဟင့်အင်း၊ အစ်ကို အရင်ပြော။ နာတာရှာ နောက်မှ ပြောမယ်။ နာတာရှာပြောတဲ့ စကားတွေက ဘာမှ အရာရောက်တာ မဟုတ်ဘူး" နာတာရှာက ဆို၏။

ပီယာက ပြောလက်စ စကားကို ဆက်ပြော၍ နိဂုံးချုပ်၏။ ပီယာ၏စကားများမှာ ပီတာစဘတ် ရွှေမြို့တော်သို့ သွားရောက်ဆောင်ရွက်သည့် ကိစ္စများ အဆင်ပြေသည့်အကြောင်း၊ ဝမ်းသာစရာကောင်းကြောင်း စသည်တို့ ဖြစ်၏။ ထိုသို့ ပြောရင်းလည်း ရုရှားနိုင်ငံကြီးနှင့် ကမ္ဘာလောကကြီးကို ပြုပြင်ရန် မိမိအား ဘုရားသခင်က စေလွှတ်လိုက်သည်ဟု ပီယာ့စိတ်၌ ထင်လျက် ရှိလေသည်။

"လောကမှာ အင်မတန် လွယ်ကူရှင်းလင်းတဲ့ အတွေးအခေါ် အယူအဆတွေကသာ ကြီးကျယ်မြင့်မြတ်တဲ့ ဆောင်ရွက်ချက်ကြီးတွေကို ပေါ်ပေါက်စေနိုင်တယ်လို့ အစ်ကို ထင်တယ်။ အစ်ကို ဆိုလိုတဲ့သဘောက ဒီလိုလေ။ မကောင်းတဲ့လူတွေက သူတို့အချင်းချင်း ညီညွတ်ပြီး အာဏာကို စိုးမိုးခြယ်လှယ်နေကြတယ်ဆိုရင် ကောင်းတဲ့ လူတွေကလဲ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသလို အချင်းချင်းပူးပေါင်းပြီး အာဏာကို စိုးမိုးကြိုးကိုင်ရမယ်။ ကဲ၊ အဲဒီအယူအဆဟာ ဘာများ ကြီးကျယ်ခက်ခဲတဲ့ အယူအဆလဲ။ လွယ်လွယ်လေး မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ အစ်ကိုရဲ့"

"ဆိုပါဦး နာတာရှာ ဘာပြောမလို့လဲ"

"ဟင့်အင်း နာတာရှာ့စကားက အရေးမကြီးပါဘူး"

"ဒီစကားမျိုးပဲ မဟုတ်လား"

"ဟင့်အင်း နာတာရှာပြောမယ့်စကားက တကယ့် အသေးအဖွဲလေးပါ အစ်ကိုရဲ့" နာတာရှာက ပိုမို ရွှင်လန်းစွာ ပြုံး၍ဆို၏။ "နာတာရှာ ပြောမယ့်စကားက သားလေး အကြောင်းပါ အစ်ကိုရဲ့။ ဒီနေ့ သားလေးကို နာတာရှာ နို့တိုက်လို့ပြီးတော့ ကလေးထိန်းအဘွားကြီးက လာခေါ်တယ် အစ်ကိုရဲ့။ ဒီတော့ အစ်ကို့သားလေးက ဘာလုပ်တယ်မှတ်သလဲ၊ သိလား။ ရယ်ပြီးတော့ မျက်စိကို စုံမှိတ်ပြီး နာတာရှာ့ကို အတင်းဖက်ထားတယ် အစ်ကိုရေ့။ အဘွားကြီး မခေါ်ရအောင် ပုန်းတာလေ။ မောင့်သားလေးလေ သိပ်တတ်တာပဲ၊ သိလား။ ဟောတော့ ပြောရင်းဆိုရင်း ငိုနေပြီ။ ကဲ အစ်ကို၊ သားလေးကို သွားပြီး နို့တိုက်လိုက်ဦးမယ်နော် အစ်ကို၊ နော်"

နာတာရှာသည် ဧည့်ခန်းဆောင်ထဲမှ ထွက်သွားလေသည်။

ထိုအချိန်၌ စံအိမ်အောက်ထပ်ရှိ မင်းသားလေး နီကိုလတ်၏အိပ်ခန်းဆောင်၌ကား မီးအိမ်ကလေးတစ်လုံးသည် ခါတိုင်းကဲ့သို့ ခပ်မှိန်မှိန်လင်းလျက် ရှိလေသည်။ (မင်းသားလေး နီကိုလတ်မှာ အမှောင်ကို ကြောက်တတ်သည်။ သမားတော်များနှင့် ကုသသော်လည်း မရချေ။) စာပြဆရာ ဒီဆေးလ်သည် မှီအုံးလေးလုံးထပ်ကို မှီ၍ အိပ်နေသည်။ ၎င်း၏ ရောမတိုင်းသားဆန်သော နှာခေါင်းမှ ဟောက်သံသည် မှန်မှန်ကြီး ထွက်ပေါ်နေသည်။ မင်းသားလေးနီကိုလတ်သည် ချွေးစေးတွေပြန်၍ အိပ်ရာမှ လန့်နိုးလာကာ အိပ်ရာပေါ်တွင် ဆတ်ခနဲ ထထိုင်ပြီးနောက် ရှေ့တည့်တည့်ကို မျက်လုံးအဝိုင်းသားဖြင့် စိုက်ကြည့်လျက် ရှိလေသည်။ မင်းသားလေး နီကိုလတ်သည် အိပ်မက်မက်ရာမှ လန့်နိုးလာခြင်းဖြစ်လေသည်။ အိပ်မက်ထဲ၌ ၎င်းနှင့် ဦးလေးပီယာတို့သည် ခေါ်မစစ်သူကြီး ပလူးတပ်ချ်ဆောင်သော သံခမောက်မျိုးကို ဆောင်းကာ စစ်တပ်ကြီးတစ်တပ်၏ ရှေ့မှ ချီတက်လိုက်ပါလာကြ၏။ ၎င်းတို့ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

လာသော စစ်တပ်ကြီးမှာ လူစစ်တပ်ကြီး မဟုတ်ဘဲ ဖြူဖြူ ဖွေးဖွေး ဆွေဆွေစောင်းစောင်း အမျှင်တန်းများ ဖြစ်၏။ ၎င်း အမျှင်တန်းများသည် ဆောင်းဦးပေါက်တွင် မြင်ရသော ပင့်ကူအိမ်များကဲ့သို့ လေထုနှင့် အမျှ ပြည့်ကျပ်လျက် ရှိ၏။ ၎င်းအမျှင်တန်းများရှေ့၌ ဘုန်းလက်ရုံး အမည်ရှိ အမျှင်တန်းကြီးတစ်ခု ရှိ၍ ၎င်းအမျှင်တန်းကြီးသည် အခြား သောအမျှင်တန်းများထက် ပို၍ကြီး၏။ ပီယာနှင့်မင်းသား လေး နီကိုလတ်တို့သည် ပန်းတိုင်ဖြစ်သော ထိုအမျှင်တန်း ကြီးအနီးသို့ တဖြည်းဖြည်းကပ်လာခဲ့ကြသည်။ ၎င်းတို့၏ နှလုံးသားများသည်လည်း တဒိတ်ဒိတ်ခုန်လျက် ရှိကြ၏။ ထိုအခိုက် မိမိတို့ဦးစီးကွပ်ကဲသည့် အမျှင်တန်းများသည် တဖြည်းဖြည်းလျော့လာ၍ ရှုပ်ထွေးပွေလိမ်စ ပြုလာကာ ၎င်းတို့နှစ်ဦးသည် ထိုအမျှင်တန်းကြီးထဲတွင် မလှုပ်နိုင် မရှားနိုင်ဖြစ်လျက် ရှိကြလေသည်။ ထိုစဉ် ဦးလေး နီကို လေသည် တင်းမာခက်ထန်သော မျက်နှာထားကြီးဖြင့် ဘွားခနဲ ပေါ်လာ၏။

"ဟော့၊ ဒါ မင်းလုပ်တာလား" ဦးလေး နီကိုလေ က တစ်ပိုင်းတစ်စစီဖြစ်နေသော ချိပ်တောင့်နှင့် ကလောင် တံများကို လက်ညှိုးထိုး၍ မေးသည်။ "မင်းကို ငါ ချစ် ပါတယ်။ ဒါပေမဲ့ ငါ့မှာ စစ်ဝန်ကြီး အာရတ်ချေ့ရဲ့ အမိန့် ပါတယ်။ ဒါကြောင့် မင်းတို့ ရှေ့မတိုးကြနဲ့။ တိုးတဲ့လူ ကို သတ်ရလိမ့်မယ်။ ဒါပဲ" ဟု ဆို၏။ မင်းသားလေး နီကိုလတ်သည် ပီယာ့ကို လှည့်ကြည့်လိုက်၏။ သို့ရာ တွင် မိမိအနီး၌ ပီယာ မရှိတော့ချေ။ ပီယာ့နေရာ၌ ကွယ်လွန်သူ မိမိ၏ဖခင် မင်းသားကလေး အင်ဒရေရောက် နေသည်ကို တွေ့ရလေသည်။ မင်းသားကလေး အင်ဒရေ ၌ ပုံပန်းသဏ္ဌာန် အလုံးအထည်ဟူ၍ မရှိသော်လည်း ကိုယ်ထင်ပြလျက် ရပ်နေလေသည်။ မင်းသားလေး နီကို လတ်သည် ဖခင်ကို မြင်လိုက်သည်၌ မေ့မြော၍ လဲကျ သွားသည်။ ၎င်းကိုယ်၌လည်း ပုံပန်းသဏ္ဌာန် အလုံး အထည်ဟူ၍ မရှိတော့ချေ။ တန်ခိုးသတ္တိဟူ၍ မရှိတော့ ချေ။ ဤတွင် ဖခင် မင်းသားကလေး အင်ဒရေက ၎င်းကို ပွေ့ချီ၍ ယုယ၏။

သို့ရာတွင် ဦးလေးနီကိုလေမှာ တဖြည်းဖြည်း ၎င်းတို့အနီးသို့ ရောက်လာခဲ့လေပြီ။ မင်းသားလေး နီကို လတ်မှာ အကြီးအကျယ် ထိတ်လန့်လျက် ရှိလေပြီ။ ဤ နေရာသို့အရောက်တွင် နီကိုလတ်သည် လန့်နိုးလာခဲ့ခြင်း ဖြစ်လေသည်။

'ဖေဖေပါလား' မင်းသားလေး နီကိုလတ် တွေး မိ၏။ (စံအိမ်၌ မင်းသားကလေး အင်ဒရေ၏ ဓာတ်ပုံ ကောင်းဟူ၍ နှစ်ပုံသာ ရှိလေသည်။ မင်းသားကလေး နီ ကိုလတ်သည် ၎င်း၏ဖခင်ကို လူကိုယ်တိုင် တစ်ခါမျှ မမြင်လိုက်ရချေ။) 'ဖေဖေဟာ ငါ့အနားရောက်လာပြီး ငါ့ကို ပွေ့ချီယုယတယ်။ ငါနဲ့ ဦးလေးပီယာ့ကို ထောက် ခံတယ်။ တို့ဘက်မှာ ရှိတယ်။ ဖေဖေ ခိုင်းသမျှ ငါ လုပ် မယ်။ ဖေဖေပြောသမျှ ငါ လုပ်မယ်။ မိမိရဲ့ယုံကြည်ချက် အတွက် မျိုးစီးယားစကေဗိုလာတို့တောင် ကိုယ့်လက် ကိုယ် မီးနဲ့ ရှို့ပြသေးတာပဲ။ ငါကော ငါ့ယုံကြည်ချက် အတွက် ဒီလို ဘာဖြစ်လို့ မလုပ်ရဲရမှာလဲ။ လူကြီးတွေက ငါ့ကို ပညာသင်စေချင်တယ်။ ငါ ပညာသင်မယ်။ ပညာ ရှာမယ်။ ပညာသင်ကြားလို့ပြီးတဲ့ တစ်နေ့ကျရင် လောက ကြီးရဲ့ကောင်းကျိုးအတွက် ငါ တစ်ခုခု လုပ်မယ်။ 'အို အရှင်ဘုရား၊ ပလူးတပ်ချ်ရဲ့ တပ်သားများကဲ့သို့ ကျွန်ုပ် သည်လည်း အောင်မြင်ခြင်းကို ရရပါလို၏ဘုရား။ ၎င်း တို့ကဲ့သို့ လောကအကျိုးကို သယ်ပိုးနိုင်သောကိုယ် ဖြစ်ရ ပါလို၏ ဘုရား။ ထို့ထက် စွမ်းစွမ်းတမံ ဆောင်ရွက်ပါမည် ဘုရား။ လူအားလုံးက ကျွန်ုပ်ကိုသိသော အဖြစ်၊ ချစ်ခင် သောအဖြစ် ကျွန်ုပ်နှင့် ရှင်လန်းနှစ်သိမ့်ခြင်းအဖြစ်သို့ ရောက်ရှိအောင် ကျွန်ုပ်ကြိုးပမ်းပါမည် ဘုရား'

မင်းသားလေး နီကိုလတ်သည် ဤသို့တွေးကာ ရှိုက်၍ ငိုချလိုက်မိသည်။

"ဟင်၊ ကိုယ်တော်လေး နေမကောင်းဘူးလား" စာပြဆရာ ဒီဆေးလ်၏အသံကို ကြားရသည်။

"နေကောင်းပါတယ် ဦးတော်" မင်းသားလေး နီကိုလတ်က ဖြေ၏။ ထို့နောက် မှီအုံးပေါ်သို့ လှဲချ၍ အိပ်လိုက်သည်။

'ဒီဆေးလ်ဟာ သဘောကောင်းတယ်။ ကြင်နာ သနားတတ်တယ်။ ငါ ဒီဆေးလ်ကို ချစ်တယ်' မင်းသား လေးနီကိုလတ် တွေး၏။ 'ဦးလေး ပီယာ၊ ဦးလေး ပီယာ ကတော့ အံ့သြစရာကောင်းတဲ့ လူတစ်ယောက်ပါ။ ဖေဖေ ကော၊ ဖေဖေ၊ ဖေဖေ။ ဟုတ်တယ်။ ဖေဖေ၊ ဖေဖေ ကျေနပ်သည်အထိ လူ့လောကကြီးရဲ့ ကောင်းကျိုးကို ကျွန်တော်ဆောင်ရွက်ပါ့မယ် ဖေဖေ။ ကျွန်တော် ဆောင် ရွက်ပါ့မယ်'



www.burmeseclassic.com